www.burmeseclassic.com

အတွဲ (၁၆) အမှတ် (၁)
၂၀၁၆ခုနှစ် ဇန်နဝါရီလ

ဓာတ်ပြား

မဂ္ဂင်း



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္ဒဋ္ဌေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
မုဒ္ဒေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
မုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC .com

အရှင်ဘုရား

မဂ္ဂင်း

အတွဲ (၁၆) အမှတ် (၁)
ကဝေါခုနှစ် ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘာသာရေးဆောင်းပါးများ

၅ အားလွန်ရောဂါသိစရာ
မှတ်ပါသည်မှာရှိ
မဟာဗောဓိပြိုင်ဆရာတော်ဘုရားကြီး

၆ သုဒ္ဓိအသုဒ္ဓိကထာ
မဟာဗောဓိပြိုင်ဆရာတော်ဘုရားကြီး

၀၄ မြန်မာနိုင်ငံတွင်းမှ
ဗုဒ္ဓပူဇနိယဘုရားပွဲတော်များ
တက္ကသိုလ်ဝင်းမြင့်

၀၇ မှတ်ထိန်းပြိုဟောင်းမှ
အရှေးပျောက်ဘုရားကြီး
မောင်စိမ်းလွေး(ထားဝယ်)

၁၃ အင်းလေးရွှေခေါင်းတောင်
ဆရာတော်ဘုရားကြီးအမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၁၈ ဗုဒ္ဓမြတ်စွာဟောကြားခဲ့သော
မြတ်တရားစု
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၂၉ မမင်းပေါ်တည်ခဲ့သောဆင်းတုတော်
စောထွဋ်သျှင်(မြောက်ဦး)

၃၃ မွေတော်ရှစ်စရွတ်ကြွင်းတယ်ကို
ဥာဏ်မြင့်

၃၇ တောနေသတ္တဝါနှင့်နမောတေဂါထာ
ကိုစနေ

၃၉ ခရီးသွားအန္တရာယ်ကင်းမဲ့နှံ့
မင်းမြတ်သီဟ

၄၁ တန်ဖိုးထိုက်သည့်အလှတရားများ
အပိုင်း(၃)
ခင်(တောင်ကြီး)

၄၈ ရွှေတိဂုံပုံတော်တူစေတီသုံးဆူ
ယောနကဘိုးထောင်

၅၁ ကိုးကွယ်ရာ
ဗျာပုံတင်နိုင်ဝင်း

၅၃ ရာသက်ပန်ကျောမခင်းဆရာတော်
ဘဒ္ဒန္တကိတ္တိဝရ
အောင်သာကျော်

၆၁ လယ်တီဆရာတော်ဘုရားကြီးကိုယ်
တော်တိုင် နေ့စဉ်ဝတ်ထား၍ ရွတ်ပွား
တော်မူသော အထူးမေတ္တာပို့ကြီး
မြဝင်း(ဒဿန)

၆၃ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၃)
ကဝင်း

၇၀ အဓိဌာန်ဖြင့်ဘုရားရှိခိုးကြပါ
ပျုံနန်းသွေး

၇၃ ရွှေကံကူလေပျံသင်တော်ရုပ်ရှင်တော်
မြတ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် မန္တလေးမြို့
ဗဟိုပြု ဒေသစာရီခရီးစဉ်များမှ
ထူးခြားမှုများ
ဘိုဘို(ရွှေကံကူ)

၈၃ ကျေးဇူးတော်ရှင်
ရွှေပေါက်ကျွန်းဆရာတော်
နှစ်(၂၀)မြောက်အလွမ်း
ဦးသိန်းထွန်းကြည်(အင်းဝ)

၈၅ ရှင်းပြည်နယ်မြောက်ပိုင်း သိန်းနှံပြိုကျ
ဝင့်ကြွေးပြေစေတီတော်
မောင်မောင်ချစ်ဦး(မုံရွာ)

၈၉ လေးပါးစွာ ပထမဓါတ
မျိုးအောင်(အောင်မြေ)

၉၂ ဘေးရန်ဟူသမျှဝေးရောင်ကြ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၉၃ ဘိုးမင်းခေါင်ဘုရားမှ
ပရလောကသားဇာသာဓုခေါ်သံ
အဘဝ(သာသနာ့အလင်းရောင်)

၁၀၂ ကျွန်တော်တို့ဝန်းမောင်နှံ
ဝတ်ရွတ်စဉ်
မောင်ပွင့်ဥာဏ်(မောရ)

၁၀၅ ရာဇဝင်ထင်ရှား
သမိုင်းအထောက်အထားများရှိရာ
သာဂရစံပြရွာက
တန်ခိုးကြီးရွှေမုဋ္ဌောဘုရား
အာကာသ(သာစည်)

၁၁၂ ကျွန်တော်သိသောဝိပဿနာ
ချစ်ဖို့(မော်ကွန်း)

၁၁၅ မြန်အောင်ဂူကိုးလုံးဆရာတော်ကြီး
ကြည်ညိုဖွယ်အမှတ်တရ
နေဝင်းဝင်း(လွှန်ဆေး)

၁၂၅ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၏
သမိုင်းဝင် ကြီးလေးကြီးအဓိဌာန်ပြည့်
တန်ခိုးကြီးဘုရားလေးဆူ
ရောမြေ-ကျော်ဝေ

၁၃၀ ညီတော်အာနန္ဒာ၏
ပါရမီတာတ်လမ်းများ
ဝဏ္ဏသီရိ

၁၃၆ သေမင်းကိုရက်ချိန်းတောင်းခြင်း
ဦးကောဝိဒ(မြိတ်)

၁၄၁ စလင်းမြို့က ရှင်ပင်မြသိန်းတန်ဘုရား
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)

၁၅၂ ဘုရားအလိုမကျတဲ့ပကာသန
ကိုရွှေမြသန်း(သမိုင်း)

၁၆၅ ငပလီကမ်းခြေပြိုရှိ မြပြင်ရပ်ကွက်
မြရတနာတောင်မှ အဓိဌာန်အောင်
မြရတနာဆုတောင်းပြည့်စေတီတော်
ရွှေချီအောင်(ငပလီ)

သုတရသဆောင်းပါး

၁၂၀ အရက်နှင့်အသက်
ထုံးတောင်-အရှင်ဓမ္မဝိယ(မြောင်)

၁၂၄ တီးခေါက်တတ်ခြင်းအယူ
အောင်သိန်းဝင်း(ပွင့်ဖြူ)

၁၆၁ အက်ဒမင်ပင်လယ်ထဲက
ကျေးရွာများသို့တစ်ခေါက်
မောင်ခိုင်မင်း(လေးတောင်)

၁၇၄ ဂျပန်ခေတ်
မြိတ်သူမြန်မာနိုင်ငံစစ်ပြေးအစိုးရ
လွှမ်းထက်

၁၈၇ သူဖို့ကိုယ့်ဖို့
ချောင်းဆုံအုန်းသွင်

၁၈၉ ဘဝခြားသော်လည်း
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၉၅ ဒါရိုက်တာဦးချင်းစိန်
(ရွှေသာမောင်)၏ကေလာသဘင်
ကိုတိုး(ရန်ကင်း)

၂၀၁ သွားမကျိုးသော အသက်(၈၀)အတိုး
ခင်ခင်ဝင်း(မောရမြတီ)

www.burmeseclassic.com

www.burmeseclassic.com

ရေးလွန်လေပြီးသောအခါက
သုတဝင်း
ကကြိုးကရွပ်လူဇာတ်ထုပ်
ဆက်လိုင်မျိုး(စက်မှုတက္ကသိုလ်)
ဘုန်းကံကြီးမားမင်းကောင်းများနှင့်
အစီအရင်အဆောင်ဂါထာများ(၁၂)
သစ္စာဝါဒီ-ဦးမြင့်အောင်
မေ့လျော့နေသောနန်းကျင်းမျိုးဖြူတံ
သုတ်သင်ရေးအဖြစ်ဆန်း
ထုမိုး(ပညာရေး)
အရိပ်မဒ္ဒနာပြည်မှ
အပျိုတော်ဆွေတော်မျိုးတော်များ
မောင်နန္ဒ(နန္ဒင်းတော)
ရောက်လေရာမေတ္တာပို့အမျှဝေပါ
ချင်းတွင်းရေလိုင်း
နန်းတော်တံတိုင်းကုန်း
**ပန်းချီထူးလု
(ရွှေဟောင်းသုတေသန)**
တံဆိပ်ခေါင်းအသင်းဥက္ကဋ္ဌကြီးနှင့်
တွေ့ဆုံခြင်း
ကြည်ထွဋ်
မြန်မာ့ရိုးရာ
နတ်ယုံကြည်မှုလေ့(၇၅)
မောင်သန်းဆွေ(ထားဝယ်)
ကျေးငှဲးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဝိဇ္ဇာဒျုပ်
ပါရဂူရှင်ဆရာကြီးဦးထွန်းမြိုင်(၁၀)
ပထမံဆရာဦးအေးရွှေ
မြန်မာ့ရိုးရာအရုဏ်တက်ချိန်
သတ်မှတ်ချက်လေ့
လှမြင့်(ရန်ကုန်တက္ကသိုလ်)

သူရဇ္ဇဝတ္ထုတို

ပေါက်ထမ်းဆေး
နေပြည်တော်ကျော်ကျော်စိုး
အရှုးဆရာနှင့်ထူးဆန်းသောကျာပွတ်
**မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆုရ)**
စိတ်ရိုင်းဝင်တဲ့ဆင်မတ္တာ
ရွှစ်ခွင်ကျော်-ဖောင်တော်သီ
မျောက်ညိုသွေးအရက်နှင့်
မိုဟင်းတစ်ခွက်
ဒွေစိုး(ရွှေကြန့်မြေ)
သုတေသီကစ္စနားနှင့်
နပန်းသမား
စိုးထွန်း(ဥပဒေ)
စွဲမိစွဲရာ
ဂျီဦးနွန်းကို
၂၁၄ တံခွန်တိုင်အနီးမှခြေရာကြီးနှစ်ခု
ငြိမ်းဝေ(ပြည်)
၂၂၀ ဓားနှင့်တူသောစကားရှင်
မောင်ဇော(ရာမည)
၂၃၈ ကံရေစီးကြောင်းနှင့်အတူ
မောင်စိန်ဝင်း(ရွှေမိုးညို)
၂၅၀ နတ်ဝုက်သည့်သည်
အောင်ကြည်သန်း(ဖောင်တော်သီ)
၂၆၂ ကားသမားလူမှန်းနှင့်
ကျတ်ပေးတဲ့လက်ဆောင်
မောင်မောင်တိုးမြင့်(မုံရွာ)
၂၇၀ ကျွန်းညီတောကနတ်မိမယ်
သပိတ်ကျင်း-ကျော်ကျော်ထွန်း
၂၇၄ မြွေနဂါး
စိုးလင်းအောင်(မြန်အောင်)
၂၇၈ မီးသွေးခဲနှင့်သဘက်ကြီး
ထက်ကောင်းလတ်(မင်းဘူး)
၂၉၀ လိုင်းတံပိုးများကြားက
လှေငယ်ရှင်သားအမိ
**ကျွန်းစဉ်မြေ-စောခက်
(အမျိုးသားစာပေဆုရ)**
၃၁၄ နတ်နဂါးကြီးတို့နှင့်
ပတ်သက်ဆက်နွယ်သူ
**ကိုဆောင်းဦး
(အလိန်လည်ကျေးရွာ)**
၃၄၄ တမလွန်ကအဘိုး၏အမွေ
ထောင်မှူးကြီးသိန်းဝင်း
၃၅၀ ရွှေမင်းဝံဒီပါစေတီတော်
ထီးတော်တင်လှူပွဲနှင့်
အဘအောင်မင်းခေါင်
သာသနာပြုမှတ်တမ်း
အဏ္ဏဝါလှိုင်း
၃၈၆ မေတ္တာခရီးသည်
သန့်ဇင်
၃၉၈ ထွက်ပေါက်
ရွှေပြည်စိုး(မိုးကုတ်)

သူရဇ္ဇအခန်းဆက်ဝတ္ထုရှည်

၃၂၆ ပညာရှင်
**ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)**
၃၆၂ ဂန္ဓာရီသမားအယူများသော
ဖိုးကျော့



၁၁၉ ကိုယ်တွေ့ဂုဏ်ဖျားပျောက်ဆေး
တက္ကသိုလ်ဝင်းမြင့်
၂၆၁ ဆေးဖက်ဝင်မှ
ကျယ်ပြန့်ထိရောက်သည့်
ခင်ပုပ်ဆေးမြစ်
နေဝင်းဝင်း(ထွန်ဆေး)
၂၈၈ မျက်စိကြည်တေဆေး
နေပြည်တော်ကျော်ကျော်စိုး
၃၁၂ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၃၄၀ ဆီးအောင့်တာကြောက်စရာမဟုတ်ပါ
သန်းလိုင်ထွဏ်း(အမြင့်)
၃၄၈ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၁၂)
ရွှေနဝင်း(ပုသိမ်)
၄၀၅ အာခံတွင်းနှံ့မကောင်းလှုံများအတွက်
ဆေးနည်း
တင်နိုင်ဝင်း(လယ်ငယ်ရွေးပြို့)

www.burmeseclassic.com

www.burmeseclassic.com





သူရဇ္ဈလက်တွေ့အသုံးချ

၁၃၉ ထူးခြားတဲ့နတ်တော်လမှာ
အဓိဋ္ဌာန်ဝင်စေချင်
ဘုန်းခေါင်

၃၀၁ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွက်
နေသီဒွိန္နကွတ်မင်္ဂလာအခါတော်
ရွှိန်းအောင်(ကဋ္ဌရ)

၃၃၆ ပြည်ပြန်မာန်
၂၀၁၆ ခုနှစ်၊ မကာရရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၃၃၇ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးပြစေသား)

၃၄၁ မြန်မာ့လွတ်လပ်ရေးဇာတာနှင့်
၂၀၁၆ ခုနှစ်
ရွှိန်းအောင်

၃၆၈ လိုသူများသုံးစေဖို့
မုဒိတာ(ကဋ္ဌိက်လတ်)

၃၇၃ ဥု-စာယတိုင်
(နှတ်ဝိတ်-အာစေးထည့်နည်း)
ဆရာဦးစိန်လှိုင်(ကဋ္ဌိက်လတ်)

၃၉၇ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွက်
စီးပွားရေးပေဒင်ဟောကိန်း
မင်းရှိန်အောင်

၄၁၀ ဆန္ဒပြည့်ဝသူဇ္ဈလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးပြစေသား)

၄၁၆ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ
ကောင်းကျိုးဝေမြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)

၄၁၈ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၂၁ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးပြစေသား)

သူရဇ္ဈ ပညာရပ်

၂၃၁ ဝိဇ္ဇာရေပြန်မှာအဂ္ဂိရတ်ပညာ(၅၈)
ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

၂၄၃ တားရော့ပြန်ခင်းပုံနည်းစနစ်
ဆရာကြီး

၂၉၇ မဟာကိန်းကဏန်းများ
ကိုးနဝင်း

၃၀၂ ဟိတ်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးပြစေသား)

၃၂၂ ကဋ္ဌိရက္ခထောင့်မှ
သဘာဝတ်ဝန်းကျင်
အပျက်သဘောဆောင်
မင်းရှိန်အောင်

၃၃၈ အညွှန်ရှင်သန်ခြင်းမြင့်
မင်းပြည့်

၃၅၈ ချိန်ညှိရန်လိုအပ်သောဗေဒပညာ
ဝင်းထွန်းအောင်
(မြင်းခုံ)

၃၆၉ အမည်ပေးမင်္ဂလာ
အမည်ပေးသည်
ဦးကြည်ဝင်း
(ရွှေစင်)ချောက်

၃၇၉ ဘဝရှင်သန်ရာသင့်လက်မှာ
ဦးအောင်မင်း

၃၈၃ နာမည်များနှင့်ပြင်းခုံခြင်း(၄)
နေဝိဇ္ဇာ

၃၀၆ တရုတ်ဂဋ္ဌိရဖုန်းရွှေပညာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးပြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိခိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလဲလဲထွဋ်း

ဥပဒေကြေငြာ
ဦးထွန်းရွှေ
B.A (Law);L.L.B
လွတ်တော်ချုပ်ရုံးရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇)

မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သူရဇ္ဈစာဆုံးဖြိုင်း
ကိုကျော်မင်းမောင်
အတွင်းဇာတ်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၄၈) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

မြန်မာစီရေးပုံစံ
အောင်မြင့်သန်း

ကွန်ပြူတာစီစဉ်
စုစုလှိုင်၊ ချမ်းမြေကျော်၊
အိမွန်ထွန်း နင်းသန္တာကျော်၊ စန်းထွန်းမြင့်

မှုံအဖွဲ့
သဲယုလှိုင်၊ အေးအေးစန်း
စုမွန်၊ စုစုဝါ၊ နန္ဒ၊ ပြုံးရတနာ၊
စာတည်းအဖွဲ့ရုံးခန်းနှင့်မြန်မာစီရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
မြန်မာစီရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၀၈၇၁၀
မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရွှမ်းတောင်ကယား-ဂျိုးနီ၊ ဝီလျံမှာ
ပဲခူး- သင်းစာပေ
ဟသံတဇ-ဘာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေငြိမ်း
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လူထုမေဇ္ဈာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ဝေရေး
(၃၀၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အားလွန်စရောဂါသီစရာ
မှတ်ပါသည်မှာရှိ

- ဝီရိယလွန် ထိုသူမွန်ကား
  မွန်ထွန်ဖွာကြဲ ပေါ့ဟဲဟဲနှင့်
  ကွက်ထဲမဝင် နှုတ်ခမ်းတွင်
  မေးတင်နေတတ်လှ။
- သမာဓိလွန် ထိုသူမွန်ကား
  အလွန်သိမ်မွေ့ ထိပ်တိုက်တွေ့ဖြင့်
  တမေ့မြောမြော ထိုင်မိုင်းတော
  မျောပါနေတတ်လှ။
- သဒ္ဓါလက်လွန် တစ်ခုချွန်ကား
  တံခွန်နိမိတ် ကင်းပျောက်ဆိတ်လျက်
  အရိပ်မသီ အကြည်သက်သက် ထိုပြချက်
  မက်၍နေတတ်လှ။
- ပညာလက်လွန် တစ်ခုချွန်လည်း
  ရှေ့လွန်နောက်ချန် စိတ်ဝေဖန်နှင့်
  သကန်သရုပ် ပညတ်ဘုတ်
  ထုတ်ကြည့်နေတတ်လှ။

(၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊
ပဋ္ဌိပတ်တောကျောင်း)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



၂ အတ္တနာဟိ ကတံ ပါပံ၊ အတ္တ နာဝ
ကိလိဿတိ၊
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ
ဝိသုဇ္ဈတိ၊
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ အညော
နညံ် ဝိသောဓယေ။ ။
မိမိပြုသော မကောင်းမှုသည် မိမိ
ကိုယ်ကိုသာ ညစ်နွမ်းစေလိမ့်မည်။
မိမိပြုသောကောင်းမှုသည်လည်း
မိမိကိုသာ သပ်ရပ်သန့်လင်စေလိမ့်မည်။
သို့ ... ကိုယ်ပြုသောအမှု
ကောင်းမှု၊ မကောင်းမှု နှစ်ခုရှိရာတွင်
ကောင်းမှုကလည်း မကောင်းမှုကို
သုတ်သင်နိုင်ခွင့်မရှိဘိသို့၊ မကောင်းမှု
ကလည်း ကောင်းမှုကို သုတ်သင်ပိုင်ခွင့်

www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ချေ။

■ ဓာတ်နှင့်ဇာတ်တို့၏သတ်ပုံကြီးများ

လူသည် ကံအကျိုးပေးအလှည့်ကို လက်ခံရယူရာ၌ မိဘတို့ကိုမှီ၍ (မိဘအကူညီဖြင့်) လူဘဝကို လက်ခံကြရခြင်း . . ။

သို့လက်ခံရာတွင် ဘဝခေါ်ဖြစ်ခင်းကို လူဇာတ်ဖြင့် ရယူပြီး ခန္ဓာခေါ်အုပ်စုကြီး ငါးခုကိုကား ဓာတ်မှတစ်ဆင့် ရယူခဲ့ရသည်။

ဓာတ်ကိုကား ဘုတ်ဟုခေါ်သည်။ ဇာတ်ကိုကား လူဟု ခေါ်သည်။

သို့မဟုတ် ဘုတ် (ဓာတ်လေးပါး) တို့ တည်ဆောက်ပေးထားသော ခန္ဓာအိမ်ပေါ်သို့ . . .

ရန်ကုန်သို့ နယ်မှလာသော စီးပွားရေးသမားသည် သူဌေးများ တည်ဆောက်ထားသော (အငှားထား) တိုက်ပေါ်သို့ လခပေးတက်နေသည်ပမာ . . . လူသဏ္ဌာန်ဖြင့်လည်း ဝင်ရောက်နေ၏။ လူအမူအရာဖြင့်လည်း အသုံးချ၏။ သည့်အတူ လူလိုခံစားခြင်း၊ လူလို မုတ်သားခြင်း၊ လူလို စေတနာ စသည်ပြဋ္ဌာန်းခြင်း၊ လူလိုအသိလုပ်ခြင်းများဖြင့်လည်း စီမံဖန်တီး၏။

သို့ လူက ဘုတ်အဖွဲ့ပိုင် ခန္ဓာအိမ်ပေါ်တက်နေ၍ လူအလုပ်လုပ်ရာတွင် ထိုဘုတ်အဖွဲ့၏ မနောသွေးအကူအညီဖြင့်ပြုလုပ်ရရာ . . . သည်မှာတွင် ဓာတ်နှင့်ဇာတ် သတ်ပုတ်လျက်က အမြတ်ထွက်ရန် ကြိုးစားကြတော့သည်။ ဓာတ်အမြတ်ထုတ်ခြင်းက အခြေခံဓာတ်ကောင်များ တိုးပွားလာကြရန်ကို။ ဇာတ်အမြတ်ထုတ်ခြင်းက အထက်တန်းစားဘဝများဖြင့် ဓာတ်မှ အလွတ်ထွက်ရန်ကို။

ဓာတ်နှင့် ဇာတ်တို့၏ သဘာဝသဘောထားကား မိုးနှင့်မြေပမာ။ သို့ဖြင့် ဓာတ်ဘက်က အနိုင်ရစဉ် စေတနာဦးစီးသော သခ်ါရလုပ်သားများက ဓာတ်ဘက်လိုက်ကာ စွမ်းဆောင်ပေးရာ ငရဲကောင်၊ ပြိတ္တာကောင်၊ အသူရကာယ်ကောင်၊ တိရစ္ဆာန်ကောင် ဤလေးမျိုးတို့ကမ္ဘာပေါ် ကမ္ဘာ့အောက် မှီလိုပေါက်ခဲ့ပြီ။ တစ်ဖန် ဇာတ်ဘက်က လက်ဦးမည်စေတနာ ဦးဆောင်သော ထိုသခ်ါရလုပ်သားများက ဇာတ်ဘက်လိုက်၍ ကြိုးစားပေးကြပြန်ရာ မူလလူ၊ နတ်ဖြစ်လူ၊ ပြဟ္မာလူဆိုသော ဉာဏ်ရှင်အထက်တန်းစားများ ကမ္ဘာနှင့်အထက်ပွက်ပွက်ညံနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



❑ သုဒ္ဓိဂုဏ်း အသုဒ္ဓိဂုဏ်း

ဘုတ်ဓာတ်သည် အသုဒ္ဓိဂုဏ်း တည်ထောင်သဖြင့် လူဇာတ်ကလည်း (တန်ပြန်) သုဒ္ဓိဂုဏ်း တည်ထောင်ပြန်ရာ ဓာတ်စီမံရာ နာခံသော အသုဒ္ဓိဂုဏ်း တွင် . . .

(က) နိဝရဏတရား ၅-ပါး
(ခ) ဒုစရိုက်တရား ၁၀-ပါး
(ဂ) အကုသိုလ်စေတသိက် ၁၄-ပါး
. . .

စသည်များ ပါဝင်ကြသည်။

ဇာတ်စီမံရာ လိုက်နာသော သုဒ္ဓိဂုဏ်းတွင်လည်း . . .

(က) ဈာန်တရား ၅-ပါး
(ခ) ပုညကရိယဝတ္ထု ၁၀-ပါး
(ဂ) သောဘဏစေတသိက် ၁၃-ပါး

စသည်တို့ ပါဝင်ကြသည်။

မှတ်ချက် ။ ။ အညသမန်းစေတသိက် ၁၃-ပါးတို့သည် ခန္ဓာမှီ၍ဖြစ်ပွင့် နေခြင်းကြောင့် ခန္ဓာအလုပ်မှန်သမျှတွင် လိုက်ပါကူညီကြမည်။

တစ်ဖန် အထက်ပါ အသုဒ္ဓိ သုဒ္ဓိဂုဏ်းဝင် သံးမျိုးစီတို့အပြင် သိက္ခာမဂ္ဂင်များလည်း မိန္ဓာ သမ္မာ အမည်ဟူ၍ ပံ့ပိုးကြဦးမည်။

❑ သွားရဲ့ သွားကြည့် အတားထိမည်

(က) နိဝရဏဟူသည် ဓာတ်လမ်းမှဖဲ့သွားသည်များကို တားဆီးမည်။

ထိုစဉ် . . .

၁။ ကာမစ္ဆန္ဒကစိတ်မတည်ငြိမ်အောင် ဆွဲ၍ တားဖျက် ဖျက်ပေးမည်။

၂။ ဗျာပါဒက ဓမ္မ၌ နှစ်လိုအားရသဘောကျဖြစ်မလာရန် ဖျက်ပေးမည်။

၃။ ထိန၊ မိဒ္ဓိတို့က စိတ်အကြံမအောင်စေရန် တားဖျက်ဖျက်ပေးမည်။

၄။ ဥဒ္ဓစ္စ ကုက္ကုစ္စတို့က စိတ်ချမ်း

www.burmeseclassic.com

www.burmeseclassic.com

သာမှု မရရန် ခြောက်လှန့်၍ ဖျက်ပေးသည်။

၅။ ဝိစိကိစ္ဆာက အာရုံတစ်ခုခု ပိုင်နိုင်စွာ မဝင်စားနိုင်ရန် စိတ်ကိုကစားပေးသည်။

သို့ အတားဘက်က(အကွက်စေ့) ဖောက်ထုတ်ဖို့စီမံထားပြီးရှိရာ . . . ထိုငါးပါး စလုံးပင် ဓာတ်သွေးကို ခြေကုပ်ယူထားကြသည်။ ထိုစဉ် . . .

(က) ဝေဒနာ ရုံးစိုက်ရာ သုက် သွေးသည် သဘာဝဓာတ်ငွေ့သုံး ဓာတ်သွေး၊

(ခ) သညာ ရုံးစိုက်ရာ သည်းခြေသွေးလည်း ထို့အတူ၊

(ဂ) သင်္ခါရ ရုံးစိုက်ရာ လည်ပတ်သွေးလည်း ထိုနည်းလည်းကောင်း၊

(ဃ) ဝိညာဉ် ရုံးစိုက်ရာ မနောသွေးလည်း ထိုနည်းမခြားပင်။

တစ်ဖန် ထိုဓာတ်အုပ်စုလေးစု (ဝေဒနာ စသည်) တို့က (ဓာတ်ဖမ်းရန်) မြင်ပ၌ တပ်ဆင်ထားသော မျက်စိ စသည် အကြည်ဓာတ်ခွက်ငါးမျိုးနှင့်အတွင်းလက် ခံမနောဓာတ်ကြည်တို့လည်း သဘာဝ ဓာတ်ငွေ့သုံး ကိရိယာများချည်းသာ။

အထက်ပါ ဝေဒနာ စသည်အုပ်စုကြီးလေးစုတို့သည် ခန္ဓာ၏ အစိုဓာတ်ရှိရာ တလွင်တပြင်လုံး၌ပင်ဖြန့်ကြက်ထားကြရာ . . . ဖဝါးသို့ အာရုံလာအထိ ဖဝါး၌ပင် လေးစုလုံး ရုံးထိုင်နေကြပြီ။ ဆဲဗျာသို့ လာထိလည်း လေးစုလုံးပင် ရုံးထိုင်နေကြပြီ။ သို့မဟုတ် ခန္ဓာအိမ် ဘယ်မှာထိထိ အာရုံမိပြီးသား။

မိသည့်အလျောက်လည်း ခံစားခြင်း၊ မှတ်တမ်းပြုစုခြင်း၊ ကြောင့်ကြစိုက် အကောင်ထည်ဖော်ခြင်း၊ အသိမှတ်ပြုခြင်းတို့ဖြင့် တာဝန်ကိုယ်စီထမ်းဆောင်ကြပြီးသား။ ထိုထမ်းဆောင်ခြင်းကား ခန္ဓာဆိုသောသူဓာတ်ကောင်ကြီးအတွက် ဓာတ်စာပေးဆက်ရသောတာဝန်။ ယင်းတာဝန်နှင့်အတူ သူတို့အကောင်ကြီးနှင့် ဓာတ်မတည့်က ချက်ချင်းတားဖြစ်၍ နောင်လာထိက လက်မခံရန် မှတ်တမ်းပြုစုခြင်းပါပါ၏။ ဓာတ်တည့်က တစ်မျိုး။

ရုပ်ခန္ဓာသည် ဘုရင့်သားတော်လေးတစ်ပါးနှင့် အတူတူ။

နာမ်စု လေးစုသည် အထိန်းတော်ကြီးများနှင့် အတူတူ။

ဤနာမ်စုလေးမျိုးတို့တာဝန်ကိုယ်စီ ထမ်းဆောင်ကြရာ၌ အာရုံကိုအလွယ်တကူ ဖမ်းယူခံစားနိုင်ကြစေရန် ခန္ဓာဝယ် အကြောမကြီးနှင့်အတူ အကြောကြီး၊ အကြောငယ်၊ အကြောမျှင်သေးသေးလေးတို့မှတစ်ဆင့် သွေးလွှတ်ပေးထား၏။

ဘော ဗသာဒ ဇိဝိတ သုက္က သွေး သညးခြေ . . .၊

အစိုကာယ ဟူသမျှ မုချ ပျံ့ နှံ့ နေ . . . (အလင်္ကာအတိုင်း)

မိန်းမ၌ မိန်းမသဘာဝသွေးတစ်ကိုယ်လုံး ပျံ့နှံ့နေ၏။ သို့ကြောင့် ဝိသဘာဂ (ဆန့်ကျင်ဘက်လိင်) အာရုံဘယ်ကမိမိ ယားကိုကို။ (ယောကျ်ားဌ လည်းနည်းတူ)။ သည်အတိုင်းပင် ပသာဒရုပ် အသက် သုက် သွေး သည်းခြေတို့လည်း တစ်ကိုယ်လုံး၌ တပ်ဖြန့်နေချေရာ . . . လာ ထိရဲထိကြည့် မလွတ်တမ်းဖမ်းပြီးသား။

သည်သို့ ရုပ်ခန္ဓာကလည်း ဓာတ်ကောင်၊ နာမ်ခန္ဓာလေးပါးကလည်း ဓာတ်ကောင်အတွက် ဝန်ထမ်းများ ဖြစ်နေတော့ရာ . . .

အာရုံခို လိုချင်ဆန္ဒသည် အခြားကမဟုတ် ဓာတ်သွေးက ထအလုပ်လုပ်ပေးနေခြင်း။

အကြိုက်မပြ ဒေါသူပုန်ထပြနေခြင်းလည်း ဓာတ်သွေးက ထအလုပ်လုပ်ခြင်းပင်။

ခန္ဓာပင်ပန်း နွမ်းရိထိုင်းမှိုင်း ပျင်းရိခြင်းသည်လည်း ထိုနည်းလည်းကောင်းပင်။

သွေးပူ စိတ်လှန့် ပြင်ပသို့ ပူပျံနေခြင်းလည်း ထိုနည်းလည်းကောင်း။

အာရုံသက် မိတစ်ချက် မမိတစ်ချက်လည်း ထိုနည်းလည်းကောင်း . . . ။

ဓာတ်သွေးမှထဖြစ်သော သဘာဝအတားများ . . . သို့ဖြစ်ရာ နိဝရဏတရားငါးပါးတို့သည် အိမ်ရှင်နေရာကကြိုနေကြမည်။ ဆန့်ကျင်ဘက်စွာနှင်းပါးတို့ကား ည့ဲသည်မျှသာ။ သို့မဟုတ် တပ်မဌာနချုပ်ကြီးသို့ သူပုန်အဖြစ် ဝင်စီးမည့်သူများပမာ . . . ။

❑ ကာမမြို့မှ လိုက်လံစွာ ကြိုဆိုပါ၏

စရိတသည် ကျင့်ကြံခြင်း၏ စကား။

ထိုစဉ် ကိုယ့်နှင့်နှုတ်တို့က ကျင့်၍ စိတ်က အကြံပေးမည်ဖြစ်ရာ . . . ထိုစိတ်ကပေးသော အကြံမှန်သမျှ ဓာတ်အတွက်ချည်းသာ။ ထိုစိတ်ကပေးသော အကြံမှန်သမျှ ဓာတ်အလိုကျချည်းသာ။ ယင်းအလိုကို ကာမဟူ၍ စကားတစ်လုံးသုံးကာ ဓာတ်ကြိုက်အာရုံများကို နာမ်စုက ပုံဖမ်းတန်းစစ် အာရုံရှင်အား ရုပ်စုက ဖမ်းညှပ်ဖမ်းဖျစ်ကြမည်။

ထိုစဉ် သည်အာရုံငါးကြိုက်သမျှ ဘုတ်အဖွဲ့က ခေါင်းညိတ်ပြလိုက်သော် . . .

(က) ကာယအုပ်စုကသတ်ပြမည်၊ မတရားအနိုင်ယူမည်၊ မတရားပြုကျင့်မည်။ ယင်းကို ကာယဒုစရိုက်သုံးပါးခေါ်သည်။

(ခ) နှုတ်အုပ်စုကလည်းလိမ်လည်လှည့်ဖြားမည်၊ တုန်းခောမည်၊ ဆဲရေးတိုင်းထွာမည်၊ နှမ်းနထူးတို့ သွေးမြူကြွလာရန် နှူးစကား ပြောကြားပေးမည်။ ယင်းတို့ကိုဝစီဒုစရိုက်လေးပါးခေါ်သည်။

(ဂ) စိတ်အုပ်စုကလည်း သွေးမဆူ ဆုံအောင် အလိုကိုချည်း အကြံပေးနေသည်။ စိတ်အလိုကျ မရသမျှ တသသဖြင့်ဒေါထပြနေပြန်သည်။ သွေးဆူလာခိုန် ဘာဖြစ်ဖြစ်စိတ်ရှိင်းသွင်းပေး၍ ကွင်းဆင်းစေတော့သည်။ ယင်းတို့ကိုကား မနောဒုစရိုက်သုံးပါးခေါ်သည်။

မနော - စိတ်အကြံဖြင့်၊ ဒုစရိတ - မကောင်းကျင့် ကျင့်ကြံနေခြင်း။

သို့ဖြင့် ကာမသတ္တဝါ ကာမရွာဝယ် အထက်ပါ ဆယ်ပါးတို့ဖြင့် စည်ကားနေကြ၏။

ဓာတ်သတ္တဝါ ဓာတ်စာရ၍လည်း ကျေနပ်နေကြ၏။

ဓာတ်ချင်းနှယ် သွေးချင်းဖလှယ်ခွင့်ရ၍လည်း အားရနေကြ၏။

အကြိုက်ဖြင့်ကြို ဘဝအစိုဖြစ်နေခြင်းကြောင့်လည်း စွဲလမ်းနေကြ၏။

ဖျက်ပေးမှုပျက်သောအရသာများ အပေါ် တမ်းတမ်းတတလည်းဖြစ်နေကြ၏။

တစ်ဖက်က အကြိုက်ပေး၍ လာမဖျက်ဆီးက စိတ်ပင်ဆိုးပြတတ်ကြသေး။ သို့ဖြစ်ရာ လူသားတိုင်း ဓာတ်ကမွေး၍ ဓာတ်သွေး၊ ဓာတ်သံက်များဖြင့် အသက်ရှင်သူချည်းဖြစ်နေကြခြင်းကြောင့် ကာမသည် မြို့တော်အရာဝင်၏။ ထိုစဉ် ကာမလူသားတို့၏ နောက်ဆုံးပန်းတိုင်ကား မေထုန်။ ဓမ္မဇာတ်သားတို့၏ နောက်ဆုံးပန်းတိုင်ကား နိဗ္ဗာန်။ နိဗ္ဗာန်ကား ဓာတ်သွေးလွတ်မေထုန်မဲ့သောနေရာ။ မေထုန်က ဓာတ်သွေးသွက် ဉာဏ်ကင်းမဲ့သောနေရာ . . . ။ သို့ကြောင့် မေထုန်နှင့် နိဗ္ဗာန်ကား လက်ဝါးတစ်ခုတည်း။ အမှောက်နှင့် အလှန်ပမာ ပြောင်းပြန် ဆန့်ကျင်နေကြသည်။ ဓာတ်သက်ဇင်လူသားပရိသတ်ကား . . .

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်သွေးတောင်းရာ ကာမမုန်မေထုန်ကိုသာ အရယူကြမည်ကောန်။

ဓာက်ဆောင်ရာ ဓာတ်ကောင်အချင်းချင်း ခွဲခွာလိုကြမည်လည်း မဟုတ်ချေ။

❑ ပို့လက်ထဲကကြိုး လာခိုး ထိုးချိုးလွှတ်မည်

စိတ်သည် မသိနိုးနား ကလေးပမာဆင်သည်။ ထိုသည့်စိတ် ပထမမိခင်နို့ကိုစို့၍ အသက်ရှင်ခွင့်ရနေသည့် ပမာဆင်၏။ ဒုတိယ မိခင်ဝါးဖတ်အခွံဖြင့် အသက်ရှင်ခွင့်ရစေသည့်ပမာဆင်၏။ ထိုစဉ် အထိန်းတော်ပမာသော (ဝေဒနာ စသည့်) နာမ်စုလေးပါးတို့သည် ထမင်းယူပေးခြင်း၊ ဝါးပေးခြင်း၊ ခွံ့ပေးခြင်း၊ လို၊ မလိုကြည့်ပေးခြင်း လေးမျိုးတို့ဖြင့် ကလေးအား ပြုစုလုပ်ကျွေးနေကြရာ. . . အခွံတာဝန်ခံသခ်ါရစ္ဆသည် အရေးပါအရာရောက်လှသည်။

ယင်း သခ်ါရစ္ဆ ၅၂ - တို့တွင် ဝေဒနာသညာတို့က တစ်ထီးတစ်နန်း ခွဲထူနေကြ၍ လက်လွတ်ထားရ၏။ သောဘဏ ၂၅-တို့ကလည်း အတိုက်အခံများဖြစ်နေကြ၍ ကာခြားထား၏။ သို့ကြောင့် ထိုသခ်ါရစ္ဆကို အညသမန်း-၁၁နှင့် အကုသိုလ်- ၁၄၊ ပေါင်း ၂၅-တို့ကသာ အဓိကနေရာ ဝင်ယူပေးကြမည်။

အညသမန်းက ခန္ဓာအတွက် တာဝန်ယူမည်။ ယင်းသည် ခန္ဓာမှီ၍ ဖြစ်ထွန်းလာခြင်းကြောင့်။ တစ်ဖန် အကုသိုလ်တို့က ဓာတ်အတွက် တာဝန်ယူသည်။ ယင်းတို့သည် ဘုတ်မှီ၍ ဖြစ်ထွန်းလာခြင်းကြောင့်။

အထက်ပါ ၂၅-ပါးတို့သည် မသိနိုးနား ကလေးမျှသာသော စိတ်ကိုကြိုးကိုင် ထိန်းကျောင်းပေးကြ၍ စိတ်မှတစ်ဆင့် ဆိုင်ရာ ကိုယ်၊ နှုတ်တို့သို့ခိုင်းစေသောကြောင့် စေတသိက်အမည်ရကြသည်။

စေတသိက - စိတ်ကြိုးကိုင်၍ ဓာတ်အလိုက္ခ တာဝန်ထမ်းပေးကြသူများ။

အထက်ပါ ၂၅ - ပါးနှင့် ဝေဒနာသညာပေါင်း- ၂၇ ပါးသော စေတသိက်တို့သည် ဘုတရုပ်ပိုင်ရှင်တိုင်းကို ကြိုးကိုင်ခွင့်ရကြ၏။ တိရစ္ဆာန်အားလုံး၏ စိတ်ကိုလည်း ဤ ၂၇-ပါးတို့ကသာကြိုးကိုင်၏။ လူဖြစ်ရုံမျှတို့၏ စိတ်ကိုလည်း ဤ၂၇ - ပါးတို့ကသာ ကြိုးကိုင်၏။ သို့ကြောင့် တိရစ္ဆာန်များ အဓိဋ္ဌာန်ဖြင့် ကျင့်၍ နိဗ္ဗာန်ရောက်သူမရှိ။ ဘာ့ကြောင့် တိရစ္ဆာန်များ၌ ဉာဏ်မပါခြင်း၊ သောဘန စေတသိက်များ စိတ်၌ ကြိုးကိုင်ခွင့်မရခြင်းများကြောင့်။ (လူဖြစ်ရုံမျှလည်း နည်းတူ)

တစ်ဖန် ဘူတရုပ်ပိုင်ရှင်များ၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာများကို ဓာတ်ငွေ့သုံးသွေးများဖြင့် အသက်ရှင်စေခြင်း၊ အကုသိုလ်စေတသိက်များကလွှမ်းမိုးထားခြင်း၊ ဓာတ်အလို ကိုယ်၊ စိတ်တို့ကလိုက်ပါနေရခြင်းများကြောင့်. . .

စိတ်ကောင်းဖြစ်ဖို့ အလွန်ခဲယဉ်းကြမည်။ ဓာတ်မှ ဇာတ်သို့ ပြောင်းဖို့လည်း အလွန်ခဲယဉ်းကြမည်။ ဓာတ်တည်ဆောက်ထားသည့် ကမ္မာ့လောက ခေါ် ၃၁ - ဘုံမှ အလွတ်ထွက်ဖို့ကား ခဲယဉ်းသည်ထက် ခဲယဉ်းကြမည်။

❑ လောကပတ်ယာဉ်ကြီး တီထွင်စီးနင်း၍

မဂ္ဂင်သည် သမ္မာ၊ မိစ္ဆာ နှစ်မျိုးကဲ့၏သို့ သိကျာလည်း ထို့အတူပင် မူကွဲရှိသည်။

ထိုစဉ် မိစ္ဆာ မဂ္ဂင်ရှစ်ပါးနှင့် မိစ္ဆာသိကျာသုံးပါးတို့ကား ဓာတ်ကောင်များအသုံးပြုလေ့ရှိကြသော မဂ္ဂင်နှင့် သိကျာများပင်။

ဓာတ်၏အလေ့များကို ဓလေ့ဟုခေါ်သည်။

ဓာတ်သုံး အကျင့်များကိုကား ထုံးစံဟုခေါ်သည်။

သို့ဖြစ်ရာ မဂ္ဂင်သည် ဓာတ်အလေ့ကို အကောင်ထည်ဖော်၍ သိကျာကား ထုံးစံကို အကွက်ချပေးမည်။ ဤ၌ ဓာတ်အလေ့ကျ မဂ္ဂင်ကို ဦးစွာပြမည်။

မဂ္ဂင်တွင် (မိစ္ဆာမဂ္ဂင်တွင်) -

ဓာတ်ဉာဉ်က အမြင်ပေါက်ထားသော ပညာမဂ္ဂင်နှစ်ပါး။

ဓာတ် ကိုယ်၊ နှုတ်၊ စိတ်တို့က ပြုကျင့်သော သီလမဂ္ဂင်သုံးပါး။

ဓာတ်ဉာဉ်က တည်ကျင်းပေးထားသော သမာဓိမဂ္ဂင်သုံးပါး။

မဂ္ဂင် = မဂ္ဂ + အင်္ဂ

ထို့စဉ် . . . မဂ္ဂကား ခရီး၊ အင်္ဂကား ထိုခရီး၏ အစိတ်အပိုင်းများ. . . ။

သို့ဖြစ်ရာ လောကခေါ် သံသရာကိုပတ်ရာ၌ အကုသိုလ်စေတသိက် ၁၄-လုံး (လောဘ ၅-ပါး၊ ဒေါသ ၄-ပါး၊ မောဟ ၅-ပါး၊ ပေါင်း ၁၄-ပါး) တို့ စိတ်ကိုကြိုးကိုင် ဆွဲဝင်ခိုင်းစေသောအတိုင်းပတ်ရမည်ဖြစ်ရာ. . .

ဓာတ်ဉာဉ်သည် ပညာရှင်အဖြစ် ဦးဆောင်မည်။

ဓာတ်ဉာဉ်ကပင် အခြေခံ အစိတ်အပိုင်းများ ပိုင်းဝေပေးမည်။

ဓာတ်ဉာဉ်ကပင် အပိုင်းလိုက် ဖြည့်ကျင့်ပေးမည်။

ထိုစဉ် မိစ္ဆာဒိဋ္ဌိနှင့် မိစ္ဆာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးတို့သည် ဤလောကတွင်း၌ အတွေးအခေါ် ပညာရှင်အမည်ခံမှတ်တမ်းပြုစု၍ ဉာဏ်ကို တိုးမြှင့်တတ်သော သညာရှင်သည် . . .

ပထမ သည်ကိစ္စဆောင်ရွက်လျှင် အထမြောက်နိုင်သည်ဟု ယုံသည်။

သည့်နောက် ယုံကြည်ချက်အတိုင်း ဆောင်ရွက်ရန် ဆန္ဒပြင်းပြလာသည်။

သို့ဖြင့် ကြံစည်ခြင်းအရင်းတည်၍ စမ်းသပ်ခြင်းပြုလုပ်၏။

အတွေးအခေါ် အမြင်ထည့်၍ ကြံစည်ခြင်းက မိစ္ဆာဒိဋ္ဌိ။

အတွေးအမြင်အတိုင်း စမ်းသပ်ခြင်းက မိစ္ဆာသင်္ကပ္ပ။

ကမ္ဘာ့သတ္တဝါများအပေါ် တိုက်ရိုက်၊ သွယ်ဝိုက်နှစ်မျိုး တစ်မျိုးမျိုးတို့ဖြင့် အကျိုးသက်ရောက်စေမည့် အလုပ်ကို သရုပ်ဖော်နေသောကြောင့်. . . ။ ယင်းကို ဓာတုဗေဒသညာရှင်တို့က အစွမ်းပြနေကြပြီ။ လက်နက်သညာရှင် စသည်တို့ကလည်း အစွမ်းပြနေကြပြီ။ ထိုမှနေ စမ်းသပ်မှု အောင်မြင် ပြီးစီးသွားသော် အကောင်ထည်ဖော် (ထုတ်လုပ်) ရေးအဆင့်သို့ခြေတစ်လှမ်းတိုးတော့ရာ. . .

၁။ မိစ္ဆာဝါစာ - အကုသိုလ်စေတသိက် ၁၄-မျိုး တစ်မျိုးမျိုးသွေးတိုးသော စကားများဖြင့် ပြောဆိုခြင်း၊ ညွှန်ကြားခြင်းများ ဆက်လုပ်တော့မည်။

၂။ မိစ္ဆာကမ္မန္တ- အကုသိုလ်စေတသိက် ၁၄-မျိုး တစ်မျိုးမျိုး သွေးတိုးသော အလုပ်များကိုသာ တွင်တွင်ပြုလုပ်တော့မည်။

၃။ မိစ္ဆာအာဇီဝ - ယင်းမှရသော အကျိုးခံစားခွင့်များဖြင့်သာ အသက်မွေးဝမ်းကျောင်းမှုပြုတော့သည်။

ဤအကောင်အထည်ဖော်အဆင့်နှင့် ထိုအတွေးအမြင် စမ်းသပ်ချက်တို့အကြားတွင်ကား -

၁။ မိစ္ဆာဝါယမ - ကိုယ်စိုက် စိတ်စိုက် ဝီရိယလိုက်၍ အရှက်ကြောက်မဲ့စွာ ကြိုးစားခြင်း၊

၂။ မိစ္ဆာသတိ - လုပ်ကိုင်ရာ (နေထိုင်စားသောက်ရာတို့၌ပင်) တို့၌ အမှတ်မလွတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

၃။ မိစ္ဆာသမာဓိ - စားစားသွားသွား နားနားနေနေ ထိုအလုပ်၌သာ စိတ်ဝင်စားနေခြင်း။

ဤမိစ္ဆာသမာဓိသုံးမျိုးတို့က ပေါင်းဖူးပေးနေကြမည်။

လူဝတ်ကြီး၊ လူဝတလေး အမည်ပေးထားသော အဏုမြူငုံးကြီးနှစ်လုံးကို မိစ္ဆာမဂ္ဂင်ရှစ်ပါး တစ်ဆင့်ချင်း တစ်လှမ်းချင်းသွား၍ အိုင်းစတိုင်း (မှတ်တမ်းဖြင့် အကောင်အထည်ဖော်သူသညာရှင်ကြီး) တီထွင်ပြသွားခဲ့ပြီ။

ယခုလည်း သညာရှင် အများအစား (ဆင့်ပွားကျန်များက) တီထွင်နေကြဆဲ။ သည့်အတူ ဓာတုဗေဒ အဆိပ်သတ်နက်၊ ရိုးရိုးလူသတ်လက်နက် သေဉာဏ်များကိုလည်း ယနေ့ တိုး၍တိုး၍ တီထွင်ကြံဆနေကြဆဲ. . . ။

သို့ မိစ္ဆာမဂ္ဂင်များဖြင့် ကြိုးစားကြရာတွင်. . .

(က) မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပနှစ်ပါးတို့က ပညာသိက္ခာ၌ နေရာဝင်ယူနေသည်။

(ခ) မိစ္ဆာဝါစာ စသည်သုံးပါးတို့က သီလသိက္ခာ၌ နေရာဝင်ထမ်းကြသည်။

(ဂ) မိစ္ဆာဝါယမ စသည် သုံးပါးတို့က သမာဓိသိက္ခာ၌ နေရာဝင်ပေးကြသည်။

မိစ္ဆာမဂ္ဂင်ယာဉ်ကြီးပေါ် ဉာဉ်ပါစီးတို့ တင်ဆောင်၍ သိက္ခာတင်ပေးကြရာတိုင်းတို့၌ ဓာတ်သွေးဖွား အကုသိလ်စေတသိက် ၁၄-လုံးတို့ကား မပါမဖြစ်သောနေရာကဇင်ပေးထားကြသည်။ ဓာတ်သွေးကဖွားသော ထိုအကုသိလ်စေတသိက် ၁၄-လုံးတို့တွင် . . .

တဏှာ၊ မာန၊ ဒိဋ္ဌများနှင့် ထိနမိဒ္ဓကိုကား လောဘအုပ်စုဖွဲ့နေကြသည်။ ဒေါသ၊ ကုက္ကုစ္စ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ကား ဒေါသအုပ်စုဖွဲ့နေကြသည်။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ ငါးမျိုးတို့ကား မောဟအုပ်စုဖွဲ့ကြမည်။ အကုသိလ် (၃၀ရိုက်) ခေါင်းဆောင်အုပ်စုကြီးများငင်။

ထို့စဉ် . . .

(က) လောဘအုပ်စု (တဏှာ၊ မာန၊ ဒိဋ္ဌ) ကား . . .

အစိုးရအဖွဲ့၏ အကြီးအကဲကြီးများနှင့်လည်းတူသည်။ ကုန်သည်ပွဲစားအသင်းသူအသင်းသားများနှင့်လည်းတူသည်။ တန်ခိုးအာဏာဘာမဆိုထို့အုပ်စုဘောင် ခြယ်လှယ်တတ်သောကြောင့်။

(ခ) တစ်ဖန် ဒေါသအုပ်စု ဒေါသ၊ ကုက္ကုစ္စ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ကား . . .

လုံခြုံရေး၊ ကာကွယ်ရေးတာဝန်ခံတပ်ဖွဲ့ကြီးများနှင့်တူသည်။ ထိုအုပ်စုသည် လွှဲသွားပမာ ကြမ်းတမ်းစွာ တို့ပြန်ဆက်ဆံလေ့ရှိသောကြောင့်။

(ဂ) တစ်ဖန် မောဟအုပ်စု မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ ငါးမျိုးတို့ကား . . . မသိနိုးနားမေ့မေ့မက်မက်ဖြင့် ကျက်စားတတ်ကြသောကြောင့် -

မိစ္ဆာတိုင်းပြည်တွင်းဖွား သားဆိုး၊ သမီးမိုက်များနှင့် တူလှသည်။ ထိုစဉ် . . . အဟိရိက မောဟသည် ရာဂထန်မာန်ဝင်လာရာမှ ပေါက်ဖွားလာသည့် သဘာဝမွေဖြစ်ရာ အစိုးရအရာရှိမင်းကြီးများ၏ သားသမီးများပမာ . . . ။

အနောတ္တပ္ပမောဟသည် ဒေါသထန် မာန်ဝင်လာရာမှ ပေါက်ဖွားလာသည့်သဘာဝမွေဖြစ်ရာ လုံခြုံရေးတပ်ဖွဲ့တာဝန်ခံအရာရှိကြီးများမှ မွေးဖွားသော သားသမီးများပမာ . . . ။

ကျန် မောဟ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ သုံးမျိုးတို့ကား ဗီဇဓာတ်သွေးမှပါသော သဘာဝမွေဖြစ်ရကား သာမန်ပြည်သူများက မွေးဖွားသော သားသမီးများပမာ. . . ။

▫ ဓာတ်သွေးကြီးတော့ ပုထုဇဉ်

ဘုတ်အဖွဲ့သည် သူတို့တည်ဆောက်ထားသော ခန္ဓာအိမ်ခေါ် ခန္ဓာပူရမြို့တော်ကြီးကို သူတို့၏ သား၊ သမီးများကသာ အုပ်ချုပ်စေလို၏။ အရာရာစီမံခန့်ခွဲစေလို၏။ ဓာတ်ဖွားသဘွဝါမျိုး တိုးသည်ထက်သာတိုးစေလိုကြ၏။ ဓာတ်ကောင်ဆို သွေးကြီးမွေးကြီးများချည်းဖြစ်စေလိုကြ၏။

သို့ဖြစ်ရန်မှာ ဓာတ်မများက ဓာတ်သွေးများများစား၍ ဓာတ်သား ဓာတ်သမီး များများမွေးပေးမှ ဖြစ်ပေလိမ့်မည်။ တစ်ဖန် . . . ဓာတ်ဖိုတို့ကလည်း ဓာတ်သွေးများများရှာဖွေ၍ ဓာတ်မများသို့ ဓာတ်သန္ဓေများများသွင်းပေးနိုင်မှ ဖြစ်ပေလိမ့်မည်။ ထိုအခါ . . .

အာသဝ၊ သွေးပျို သားပျို ဓာတ်မ ဓာတ်ဖိုလေးများ တိုးပွားဆင်းသက်လာကြမည်။

ဩဃ - သွေးဝီးကြောင်၌ ဓာတ်မ၊ ဓာတ်ဖိုလေးများ စီးမျောလိုက်ပါကြမည်။ သည့်အတူ ယောဂ၊ ဂန္ထ စသည်များအထိ ခရီးလှည့်ကြပေဦးတော့မည်။

ပုထု - အများကြီး အားကြီး ဓာတ်သွေးတို့ ပွားစီးနေသော . . .

ဇန - သွေးဆူနေသည့် (လူက မွေးဖွား) ဓာတ်သားများဖြစ်လာကြရမည်။ အထက်ပါများသည် ဘုတ်အဖွဲ့၏ ရည်မှန်းချက်ပန်းတိုင်များဖြစ်ကြသည်။

ထိုရည်မှန်းချက်အတိုင်းလည်း. . ထိုဘုတ်အဖွဲ့သည် ပူအိုက်စွတ်စိုသော ရာသီကို ရာသီသွေးအရာထား၍ ဓာတ်ဖို၊ ဓာတ်မတို့ ဆုံတွေ့ကြကာ ဓာတ်ကောင်များ အမြဲမွေးထုတ်ပေးနေကြ၏။ ဓာတ်ကောင်များကို ဓာတ်သင်္ကပ္ပများသွင်းပေးကြ၏။ ထိုဓာတ်သင်္ကပ္ပမှပင် ဓာတ်ဉာဉ်ကို အထူးသိဝိညာဉ်(စိတ်)အဖြစ်အင်္ဂေပေးကာ ထိုဝိညာဉ်မှပင် ခံစားခြင်းဝေဒနာ အုပ်စုကိုလည်း ဖန်တီးပေး၏။ မှတ်တမ်းယူ သညာအုပ်စုကိုလည်း ဖန်တီး၏။ ကြောင့်ကြစိုက် သခါရ-၂၅ပါး (သောဘ ဏပယ်) ကိုလည်း ဖန်တီး၏။

ထိုဝိညာဉ်မှတစ်ဆင့် ဖန်တီးပေးထားသော ဤအုပ်စုများက ဓာတ်ကောင်ချင်း၊ အာရုံချင်းတိုက်မိကြတိုင်း အလုပ်ဆင်းကြသည်။ ရုပ်ကိုယ်ကြီးနှင့် တည့်သောအရာဖြစ်က အတွင်းသွင်းပေးလိုက်ကြသည်။ ရုပ်ကိုယ်ကြီးနှင့် မတည့်က အပြင်ဖယ်ထုတ်ပေးကြသည်။

အကယ်တိတိ အာရုံချင်းကိုက်၍ ရုပ်ကိုယ်ချင်းပိုက် အကြိုက်ကျကာ ပေါင်းမိကြပါမူကား . . . ဓာတ်မျိုးဖောက် အကုသိုလ်စေတသိက် ၁၄-လုံးတို့လည်းဖွားလာကြပြီ။ ဓာတ်ခန္ဓာထိန်းအညသမန်း စေတသိက် ၁၃ - လုံးတို့လည်း တိုးလာကြပြီ။ ယင်းတို့နှင့်အတူ အလိုမဆိတ်ရာမှထဖြစ်ကြသော ယိုစိတ်မျောစိတ်စသည်များလည်း (သား၊ သမီးများမွေးသော မြေးလေးများပမာ) ပွားစီးလာကြပြီ။ လောကပတ်မည့် မြေးမြစ်ကလေးများတည်း။

တစ်ဖန် ယင်းတို့နှင့် တစ်နွယ်ငင်ရာ တစ်စင်ပါနှုန်းအတိုင်းလည်း အကုသိုလ်၊ ကိလေသာ သံယောဇဉ် စသည့် အယုတ်တရား အားလုံးတို့လည်း. . . ဓာတ်အလုပ် စုတ်စုတ်ပြတ်ပြတ်လုပ်ရန် ရုပ်လုံးပေါ် လာကြပြီ။ ဓာတ်သွေးဝင် ဓာတ်ဉာဉ်ခိုင်းက ထင်တိုင်းကျဲရန် တွဲပါလာကြပြီ။ သူတို့မှ ကိလေသာမများဘယ်သူတွေများဖို့ရှိပါတော့မည်နည်း။

စိတ်ကစားတိုင်း သွေးပူ. . . ။
သွေးဆူတိုင်း အာရုံပူချင်းတိုက်၊
အာရုံချင်းတိုက်တိုင်း လှုပ်ချင်း

www.burmeseclassic.com

လိုက်တွဲ. . . ။

သည်သို့သော ဓာတ်ကောင်ပုထုဇဉ် (ငကဲ)တို့ကို မိဘတို့က မောင်တိုး၊ မိပွား အမည်ပေးလိုက်ကြပြီး၊ သဘာဝကား ဥမ္မတ္တက အရူးဘွဲ့ပေးအပ်သည်။

အရူးသည် အတွင်းသိအစဉ်းသိ မရှိ။ ထင်မိထင်ရာ၌သာစိတ်ရှိသည်။

အရူးသည် တစ်နေရာတွင်အတည် မရှိ။ ထင်မိထင်ရာ၌သာလှည့်လည်သည်။

အပါယ ဘူမိ ပုထုဇန ဂေါစရော။

အပါယ်လေးဘုံတို့သည် ပုထုဇဉ် အရူးများ ကျက်စားရာနေရာ . . . ။

အာရုံတိုက် အကြိုက်မိ ပြိတ္တာ ဘက် စိတ်လှည့်မည်။

အာရုံလိုက် အကြိုက်မမိ ငရဲဘက် စိတ်လှည့်သည်သည်။

အာရုံမှာ သညာသိ တိရစ္ဆာန် ဘက် စိတ်လှည့်သည်။

သညာတွင် ဉာဉ်ပါဖို အသူရကာယ် ဘက် စိတ်ရှိသည်။

ပုထုဇဉ် ဥမ္မတ္တကတို့၏ တစ်နေ့ တစ်နေ့ ခရီးလှည့်လှည်နေပုံများ။

ဤဆိုခဲ့ပြီးသော ပုထုဇဉ်ဥမ္မတ္တက များသည် ဘုတ်အဖွဲ့ ခိုင်းရာ အလုပ်ဝင် ကြသောကြောင့် အသုဒ္ဓိဂိုဏ်းသားများ အဖြစ် မှတ်ပါကုန်။

(အသုဒ္ဓိဂိုဏ်း ညစ်ညစ်ပတ်ပတ် အုပ်စုဖွဲ့ ထင်တိုင်းကျနေသည့်ဂိုဏ်း)

(က) အတားကြားက သွားပြီးမည့် ဈာန် အသင်းသားများ

ဓာတ်သွေးမှ ထဖြစ်နေသော နိဝရဏအတား ငါးပါးတို့သည် အကုသိလ် စေတသိက် ၁၄-လုံးတို့၏ အားကိုယူ၍ တားရန် အဆင်သင့်ရှိနေကြသည်။

တစ်ဖန် လူတွင်ရှိအပ်သော အသိမှု ဖြစ်ပွင့်လာသော ဈာန်ငါးပါးတို့က လည်း သဒ္ဓါ သတိ စသော သောဘဏ စေတသိက် ၂၅-လုံးတို့၏ အားကိုယူ ကာ သွားရန် အဆင့်ဖြစ်နေကြလေပြီ။

ထိုစဉ်. . . တားရဲလျှင် တားစမ်း ငါတို့မှာ စွမ်းအားပြည့်ရှိနေကြတယ်။ (ဈာန်တို့က)ကြွေးကြော်လှုပ်က ချီတက် လာနေကြပြီ။

သွားရဲသွားကြည့်စမ်း ငယ်နိုင်ကိုင် အပိုင်တားပြလိုက်မယ်သိလား (နိဝရဏ) တို့ကလည်း ရဲရဲတောက် လှမ်း တောက်နေကြသည်။

ဤ၌ ကလေးတို့ကစားလေ့ရှိသော ထုပ်ဆီးတိုးတို့သွားမြင်မိ၏။ ထုပ်ဆီး သည် ထုပ်ပေါ်ကနေ တက်ရောက်စဉ်း တားရသည်၏ အဓိပ္ပာယ်။ ထုပ်ဆီးသည် ထုပ်ကိုစဉ်းအရာထား တားရသည်၏ သင်္ကေတ။ ထို ထုပ်ဆီးတိုး ကစားရာ၌ တစ်ဖက်နှင့်တစ်ဖက် အားညီသော ကစား သမားများ ငါးယောက်ကျစီ ပါကြရ၏။ (နိဝရဏစျာန်တို့ပမာ) ယင်းတို့ အတိုး အဖမ်း အားစမ်းရန် အတွက်ကိုကား ဦးစွာ အေားတစ်ဖက်တစ်ချက်ဆီမှ (လို သလို အကွာအဝေးအလိုက်) အလှူး လိုက် စဉ်းနှစ်ဖက် ခြစ်သား သားရ သည်။ ယင်းကား အိမ်များတွင်ထား သော လျှောက်ပမာဆင်၏။ တစ်ဖန် ထိုစဉ်းနှစ်ဖက်အတွင်းဝယ် (ကန့်လန့်) စဉ်း ငါးချက်ခြစ်သားရ၏။ ယင်းကား အိမ်အခန်းဖွဲ့ရာ၏ထုပ်များပမာဆင်၏။

ဤ၌ စဉ်းငါးခု (ထုပ်ငါးခု) သား ထားသည်ကိုထောက်၍ အိမ်အခန်းဖွဲ့ သည့် (ငါးပင်) လေးခန်းဖြစ်နေသည်ကို သတိပြုလေ. . . ။

အာရုံငါးပါး ပင်တိုင်ထား လိုက် စားခြင်းသည် ငါးပင်တည်း။

ဝိုလ်ငါးပါး ပင်တိုင်ထား လိုက်စား ခြင်းကလည်း ငါးပင်တည်း။

သို့စဉ်းသားပြီးသောအခါ ငါး ယောက်စီ ပါဝင်ကစားကြရသည်။ တစ်ဖက်က အတိုးဘက်ကနေလျှင် တစ်ဖက်ကား အတား။ သို့ပမာ. . .

ဤစျာန်နှင့် နိဝရဏနှစ်သင်းတို့ သည်လည်း. . . အကယ်တိတိ ဓာတ် ပဉ္စဉ်သွေးများအားကြီးနေခဲ့ဖြစ်သော် စျာန်တို့ဘက်က သတိ အသိ အရာဝင် ဝိတက် ဝိစာရ စသည်တို့ဖြင့်တား။ အကယ်၍များ ဓာတ်ပွင့် ဉာဏ်သွေးတို့ ဘက်က ထက်မြက်နေသော် နိဝရဏတို့ ဘက်က ကာမစ္ဆန္ဒဗျာပါဒ စသည်များ ဖြင့် တား။

ထိုစဉ် အတိုးတို့ဘက်ကသန်လျှင် အတားလန်မည်။

အတားများဘက်ကထန်လျှင် အတိုးလန်မည်။

ထိုစဉ် ထုပ်မည်သည် ငါးတန်း လေးခန်းဖြစ်ခြင်းကြောင့် . . . အကယ် တိတိ အတားသန်၍ အသွားလန်ခဲ့ သော် သွားကြလေ အပါယ်ဘုံ။အကယ် တိတိ အသွားထန်၍ အတားလန်သော် ကား နားကြလေ မင်္ဂလေးခန်း။ သည်သို့ အရှုံး၊ အနိုင်ပေါ်မှ အဖြေထွက်မည်။ မပေါ်သေး မျှော်လေဝေးဝေးပင်။

ဈာန် ဟူသည် ကိလေသာတို့ကို ရှိမြဲကိုက်ဖျက်ဆီးပစ်ခြင်း၏ အဓိပ္ပာယ် . . . ။

ငါတို့ ငယ်ငယ်တုန်းက . . . ငါတို့ ဇာတိရွာ၏မင်းကုန်းဘောကြီးကျောင်း ဝယ် ဆောင်းခါ မန်ကျည်းပင်များမှ တဖွားဖွား ကြွေကျလာနေကြသော မန်ကျည်းရွက်ဟောင်းများကို တံမြက် လှည်း၍ ပုံပေးသူက ပုံပေးကြ၏။ အပုံ များကို မီးရှို့သူကရှို့ပစ်ကြ၏။ ၎င်းကို သတိရမိ၏။

သို့ပမာ ဈာန်တို့သည် ဓာတ်ပွင့် သွေးလေတို့ကြောင့်ဖြစ်သော အတွေး များကို ဝိတက်က ဝင်သည် ထွက်ပြီ စသည်ဖြင့် ဘယ်ပြန်ညာပြန်လှည်းကျင်း လျက်နေ၏။ ဝိစာရက ဝင်ဘယ်လို ထွက်ဘယ်သို့ စသည်ဖြင့် ဝိတက်ပေး ထားသည့် အာရုံတစ်ခုကို လွတ်မသွား အောင် သုံးသပ်ပေးလျက်ကနေ၏။

ဝိတက် ထိုးဝင်အားကောင်း၍ ဝိစာရ ကပ်လိုက်အား ကျွမ်းကျင်လာ သော် . . .

ဝိတိက မိမိအလုပ်အပေါ် နှစ်သက် အားရမှုပြု၍ နောက်ကလိုက်လာမည်။

သုခက ကိုယ်မပင်ပန်း စိတ်ချမ်း သာစွာဖြင့် နောက်က လိုက်ပါလာမည်။

ဧကဂ္ဂတာကလည်း သူဆိုမှသူ တစ်တည်း စွဲစွဲမက်မက် ဖယ်ထားမည်။

သို့ဆိုသော် ခေါင်မှုန် အနောက် တောက်လျှောက်ပေါက်လာခဲ့ပြီ။ သည် သို့သော ခေါင်လျှောက် တစ်ခေါက်ပြီး တစ်ခေါက် အပေါက်တိုးနိုင်စွမ်းရှိကြ သော် . . . အတွေးကြောင့် ပူနေသော သွေးအေးစေမည်။ သွေးပူလှုန့်သဖြင့် ပျံဝဲနေသောစိတ်လည်း တည်လာစေ မည်။

ဤတည်သောစိတ်ဖြင့် ထိုခဲနေ သော ဓာတ်ငွေ့များကို ထိုးဖောက်နိုင် စွမ်း အားရှိလာသောအခါ. . . ဓာတ် ဉာဉ်ပြောသော ငါ ကွာကျသွားတော့ ၏။ ဓာတ်ဉာဉ်ပြောသော မြူ၊ ကောင်း၊ ဝိုင် ယိုင်ကျသွားတော့၏။ ဓာတ်တည် ဆောက်ထားသော ခန္ဓာအိမ် အလိမ်ပေါ် တော့၏။ သို့ဖြင့် စိတ်သည်လည်း စုပြီး၊ ပုံပြီးသားဖြစ်နေပြီ။ သဏ္ဌာန်ကိန်း ဆိုင်ရာ ကိလေသာများလည်း စုပြီးပုံပြီး သားဖြစ်နေပြီ။

ထိုစဉ် လူတွင်ရှိ ဇာတ်ဖြစ် ဉာဏ် သိက ဆိုင်ရာမင်္ဂဖြင့် အပြီး မီးတင်ရှို့ပစ် လိုက်သည်။ (ဝင်ချင်ဦးဟဲ့ နိဝရဏ ပြာကျသွားလေပြီ။) လိမ်ချင်ဦးဟဲ့ ဥဒ္ဓစ္စ အလျင်ပြတ်တောက်ပြီ။ ဆွဲချင်ဦးဟဲ့ သွေး။ အခွင့်ရေးလက်လွှတ်ပြီ။ ကိန်း

www.burmeseclassic.com

ချင်ဦးဟဲ့ ငုတ်၊ နုတ်ချွတ်ပစ်လိုက်ပြီ။

ဈာန်သည် (ဓာတ်လွှမ်းခြုံညစ်နွမ်းနေသောစိတ်ကို ကယ်တင်သောအားဖြင့်) ကိလေသာအငွေ့အသက်အားလုံးကို ရှိုမြိုက်ပစ်တတ်သောအရာ. . . ။

အတားကျော်လွှားခြင်း အတားရှိရာသို့ အရောက်သွားလိုသူများ. . . ဤဈာန်နှင် (ဈာန်)ငါးပါးတို့က အဆင်သင့်ကြိုဆိုနေကြပါသည်။ ကိုယ်ကိုယ်တိုင်က အတားခံချင်နေကြသူများအား ဤဈာန်များက လုံးဝမကြိုဆိုပါ။

(ခ) ဆိုးပင်ဖယ်ရှား ကောင်းပင်အစားထိုးပျိုးထောင်မည်

ပုညကြိယ။ ပုည - ကောင်းမှု၊ ကြိယာ - ပြုသင့်ပြုထိုက်သည်များ။ လူနှင့် ထိုက်တန်စွာ ပြုသင့်ပြုထိုက်သော အမှုအကျင့်များ။

တစ်ဖန်. . . ပုညကရိယ။ ပုည - ကောင်းဖို့၊ ကိရိယာ - ပြင်ဆင်ပေးသောတန်ဆာပလာများ။ ဓာတ်ဉာဉ်မှနေ ဓာတ်ဉာဏ်ပြောင်းရွှေ့ပြင်ဆင်ပေးသည့် လက်နက်များ. . . ။

ဘုတ်အဖွဲ့က တည်ဆောက်ပေးထားသော ဤခန္ဓာအိမ်ကို အသက်ဝင်စေရန် ဓာတ်လေးပါးတို့က ခုတ်မောင်းထေနေကြရ၏။ ထိုအထဲ ကြီးထွားရင့်ကျက်စေရန်လည်းပါ၏။ ရိကျုပုပ်ကျသွားစေရန်လည်း ပါ၏။ ဤဖြင့်ပင် ဘုတ်အဖွဲ့တည်ဆောက်ပေးထားသော ဤဓာတ်ခန္ဓာအိမ်ကြီး ထီးထီးမားမား ထိုးထိုးထောင်ထောင် တစ်ဆောင်တစ်ယောင်ဖြစ်ထွန်းနေချေရာ. . . ဓာတ်ဉာဉ်ကား အိမ်ရှင်တည်း။ ဓာတ်ဝမ်းစာဟူ ဒုစရိုက်ဆယ်ပါးကား အိမ်ရှင်သုံးလက်နက်တည်း။ အကုသိုလ်စေတသိက်ဒေါ့-လုံးတို့ကား စိတ်ကြီးကိုင်များတည်း။

ထိုအုပ်စုထဲက ဒုစရိုက်ဉာဉ်ဆိုးကို အစားထိုးရန် ဤ (ယခုတင်ပြမည့်) ပုညကြိယာဝတ္ထုဆယ်ပါး။ ယင်းဆယ်ပါးသည် ဒါန၊ သီလ၊ ဘာဝနာ သုကောင်းပြုသုံးစုတို့၏ ဆက်ပွားများဖြစ်ကြသည်။

တက္ကာ၊ မာန၊ ဒိဋ္ဌိတို့၏ အစားထိုးသည် ဒါန၊ သီလ၊ ဘာဝနာ. . . ။

ဒါန၊ သီလ၊ ဘာဝနာတို့၏ ဆက်ပွားသည့် ပုညကြိယဝတ္ထုဆယ်ပါး. . . ။

ထို့စဉ် . . .

ဒါန - ဒိဋ္ဌိတို့၏ ငါဝိုင်စွဲကို နှဲ့ပစ်သည့် ပုညကရိယာ။

သီလ - မာန၏ယှဉ်ပြိုင်ပွဲကိုရပ်စဲစေသည့် ပုညကရိယာ။

ဘာဝနာ - တဏှာ၏တပ်စွဲမှုကို ထုခွဲပစ်သည့် ပုညကရိယာ. . . ။

တစ်ဖန် ထိုသုံးမျိုးတို့အထဲသို့ ဒါနတွင် ပတ္တိဒါနာပတ္တာနုမောဒနာ ထည့်သွင်းလိုက်သောအခါ သီလတွင် အပစာယနဝေယျာဝစ္စ ထည့်သွင်းလိုက်သောအခါ၊ ဘာဝနာတွင် ဓမ္မသဝန ဓမ္မာဒေသနာ ဒိဋ္ဌုကမ္မထည့်သွင်းလိုက်သောအခါ . . . အကျဉ်းကား သုံးပါး၊ အကျယ်မှာ ဆယ်ထွေဖြစ်လာကြတော့သည်။ ဆိုပါစို့. . . .

ဥယျာဉ်ကြီးအတွင်းဝယ် ဂုဏ်ပြုထိုက်သူတစ်ဦး၏ ရုပ်တုကြီးကို အုတ်၊ အင်္ဂတေတို့ဖြင့် ခုံလည်းလုပ် အရုပ်လည်း စိုက်ထူထားရာတွင်. . . ငှက်အမျိုးမျိုးတို့ကလည်း နားခိုရင်း အညစ်အမျိုးမျိုးစွန့်ချသွားကြရာ၊ ကွဲ နွား ခွေး စသည်တို့ကလည်း လှည့်ပတ်ရင်း အညစ်အမျိုးမျိုးစွန့်ချသွားကြရာ. . . အရုပ်ကား ရုပ်ပျက်ဆင်းပျက်ဖြစ်ကျန်နေခဲ့ပြီ။ အရောင်များလည်း မှေးမှိန်မှန်ကွဲစွာ မည်ဆူမည်ဝါဟူ၍ပင် မခွဲခြားနိုင်ပြီ။ ယင်းကို ဂုဏ်သိတတ်သူ၊ လေးစားလိုက်နာသူက သန့်ရှင်းရေးလုပ်လိုသောအခါ. . . လှည်းကျင်းစရာကိရိယာများလည်းယူလာသည်။ ကော်ခြစ်စရာကိရိယာများလည်းယူလာသည်။ ကျွံးထည့်စရာကိရိယာများလည်းယူလာသည်။. . . သုံးမျိုး။

သို့ မူရင်းက သုံးမျိုးဖြစ်သော်လည်း လှည်းကျင်းစရာတွင်လည်း တံမြက်စည်း၊ တံမြက်နု စသည် အစုံ၊ ကော်ခြစ်စရာတွင်လည်း ဂေါ်ပြား၊ လက်ခြစ်ခုံ စသည်အစုံ၊ ကျွံးစရာတွင်လည်း ခြင်းတောင်း၊ ဓား စသည်အစုံ. . . ပမာ. . .

ဤဥမ္မလည်း. . .

(က) ငါစွဲ ဒိဋ္ဌိ အညစ်အကြေးမှထဖြစ်သော မကောင်းကျင့် ဓာတ်ဉာဉ်များ ပယ်ရန်အတွက် ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒနာ သုံးမျိုးတို့ဖြင့် ပွဲတိုးပေးရ၏။

၁။ ဒါနကား ငါဝိုင်အဖြစ် သိမ်းကျုံးထားပြီးကို စွန့်ချပစ်ခြင်း၊

၂။ ပတ္တိဒါနကား သဝန်တိုစိတ်ကို ချိုးလွှင့်ပစ်ခြင်း၊

၃။ ပတ္တာနုမောဒနာကား မနာလိုစိတ်ကို နှိမ့်ချပစ်ခြင်း။

(ခ) မာနအညစ်အကြေးမှ ထဖြစ်သော မကောင်းကျင့် ဓာတ်ဉာဉ်များ ဖယ်ရှားရန်အတွက် သီလ၊ အပစာယန၊ ဝေယျာဝစ္စသုံးမျိုးတို့က တိုးဝင်ကြ၏။

၁။ သီလကား အာရုံသွင်းနှင့် စိတ်ကမြင်း အကြေးကြေးဝင်စောင့်စည်းပေးခြင်း။

၂။ အပစာယနကား အရွယ်၊ ဂုဏ်ကြီးသူတို့အား အရိုအသေပေးခြင်း။

၃။ ဝေယျာဝစ္စကား အရွယ်ဂုဏ်ကြီးသူတို့အား အလုပ်အကျွေးပြုပေးခြင်း။

အထက်ပါသုံးမျိုးက ဖက်ပြိုင်မှုမာနကို တားဆီးဖျက်ဆီးပစ်ကြသည်။

(ဂ) တဏှာအညစ်ကြေးမှထဖြစ်သော မကောင်းကျင့် ဓာတ်ဉာဉ်များဖယ်ရှားရန်အတွက် ဘာဝနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌုကမ္မတို့က အစားဝင်ပေးကြမည်။

၁။ ဘာဝနာကား စိတ်အထိုင်ချခိုင်း၍ အပြစ်များကို ရှာဖွေဖော်ထုတ်သည်။

၂။ ဓမ္မသဝနကား အထိုင်ချနည်းဖော်ထုတ်နည်းများကို နာခံမည်။

၃။ ဓမ္မဒေသနာကား လူအဆင့်မြင့်နည်းကို တစ်ဆင့်ဖြန့်ဖြူးပေးမည်။

၄။ ဒိဋ္ဌုကမ္မကား သိက္ခာမကွင်တို့ဖြင့် သမ္မာအယူ ထူထောင်မည်။

ထိုဆယ်ပါးတို့ကို စွဲစွဲမြဲမြဲကျင့်နေက. . . ကိုယ်မှထဖြစ်နေသော ဉာဉ်ဆိုးအသက် ကာယဒုစရိုက် သုံးမျိုး။ နှုတ်မှထဖြစ်နေသော ဉာဉ်ဆိုးအကျိုးပြု ဝစီဒုစရိုက်လေးမျိုး၊ စိတ်မှထဖြစ်နေကြသော ဉာဉ်ဆိုးအကျိုးပြု မနောဒုစရိုက်သုံးမျိုး ဆယ်မျိုးတို့ တိုးရာမည်၊ ညှိုးရာမှဆုတ်၊ ဆုတ်ရာမှပုပ်အထိ မြှုပ်ကျသွားကြမည်။

အကယ်တိတိ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ အားပြည့်လာခြင်းများကြောင့် ဓာတ်သွေးတိတ်၊ ဓာတ်စိတ်ငြိမ်၊ လူစိတ်ဂ္ဂနွေအပြည့်ရလာခဲ့သော် . . . တွဲဖက်များ အားညီညီ ပင့်ထမ်းထမ်းလိုက်သည်နှင့်တစ်ပြိုင်နက် မင်္ဂလာဖိုလ်ဝင်နိဗ္ဗာန်မြင်သော ဓာတ်လွန်ခေတ်ထွန်းသစ်လာတော့ရာ သွေးသွားရာအငွေ့အဖြစ် အသက်ပါနေသော အနုသယငုတ် ပြုတ်ကျန်နေခဲ့ပြီ။ စိတ်ဝေ့ကိုယ်တိုး ဓာတ်သွေးတိုး အကျင့်များလည်း လွင့်ပျောက်သွားကြပြီ။

ဓာတ်ဉာဉ် (ဓာတ်သွေး) ဖျက်လက်နက်ဆယ်မျိုးတို့၏ အစွမ်းတည်း။

(ဆက်ရန်)

မဟာဓမ္မဝိဇ္ဇာဒွဇ
ဆရာတော်သာဓုခေါ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်းမြင့်

မြန်မာနိုင်ငံတွင်းမှ ဗုဒ္ဓပူဇနိယဘုရားပွဲတော်များ

တစ်နေ့သဒ္ဒ ကျွန်တော့်ထံသို့ မိတ်ဆွေတစ်ဦးရောက်လာပါသည်။

"ဟာ - ကိုဇော်မောင်သန့်ပါလား။ လာဗျာ၊ ကော်ဖီသောက်ရင်းစကားပြော ရအောင်"

ကိုဇော်မောင်သန့်သည် နယ်လှည့် ဘုရားဖူးကားများကို ရာသီအလိုက် သူ၏ ညီအစ်ကိုများနှင့် ဆောင်ရွက်နေသူ ဖြစ်ပါသည်။

"ဒီနှစ် ကျွိုက်ထီးရိုးသွားရင် ဦးဝင်း မြင့်လိုက်ဦးမလား"

နှစ်စဉ် ကျွိုက်ထီးရိုးဘုရားပွဲတော် ချိန်ရောက်တိုင်း သူတို့၏ဘုရားဖူးကား ကြီးများဖြင့် ကျွန်တော့်ကို အခမဲ့စားစရိတ် ငြိမ်းခေါ် သွားလေ့ရှိသည်။

"ကောင်းတာပေါ့ဗျာ၊ လိုက်မှာပေါ့။ ဒါတင်ပဲလားဗျာ၊ ဘုရားစုံဖူးရ အောင်လည်း စီစဉ်စမ်းပါဦး"

"အဲဒါပေါ့။ ဦးဝင်းမြင့်ဆို ကျွန်တော်လာတဲ့အကြောင်းက ဒီနှစ်က စပြီး ကျွန်တော်တို့ဘုရားဖူးယာဉ်ခရီးစဉ် တွေ တိုးချဲ့ပြေးဆွဲကြဖို့ စီစဉ်ထားကြ တယ်။ ဒါပေမယ့် အနယ်နယ်အရပ်ရပ် က ဘုရားပွဲတော်တွေ ဘယ်နေ့ကဘယ် နေ့အထိကျင်းပလေ့ရှိသလဲဆိုတာလည်း သိထားဖို့လိုအပ်တာပေါ့ဗျာ။ ဒါကြောင့် စုစုဆောင်းဆောင်း မှတ်သားတတ်တဲ့ ဦးဝင်းမြင့်ဆီလာခဲ့ရတာပဲဗျို့"

"ကောင်းပါလေ့ဗျာ၊ ကျွန်တော် ကုသိုလ်ပြုရဦးတော့မှာပေါ့။ ကျွန်တော် မှတ်သားထားတာလေးတွေပေးလိုက်ပါ မယ်။ကော်ဖီလည်းသောက်ပါဦး။ ဘုရား ဖူးခရီးတွေထွက်ရင်လည်း ကျွန်ုပ်ကို ခေါ်ပါဦးဗျာ"

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ကျွန်တော်သည် နှစ်စဉ် တန်ခူးလမှ တပေါင်းလထိ မြန်မာနိုင်ငံတွင်းမှ ဗုဒ္ဓပူဇနီယဘုရားပွဲတော် ကျင်းပလေ့ရှိသည့်စာရင်းကိုပေးလိုက်ပါသည်။

□ တန်ခူးလ

၁။ ပဲခူးရွှေမော်ဓောစေတီတော်။
နှစ်စဉ် တန်ခူးလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၄ ရက်အထိ။
မှတ်ချက် - ခရစ်နှစ် ၂၀၁၅ တွင် (၂၅၇၇) ကြိမ်မြောက် ဘုရားပွဲတော်ကို ကျင်းပခဲ့ပါသည်။

၂။ ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာ ဆုတောင်းပြည့် ရောင်တော်ပြန်။
တန်ခူးလဆန်း ၁၃ ရက်နေ့မှ လပြည့်နေ့အထိ။

□ နယုန်လ

၃။ ပခုက္ကူ သီဟိုဠ်ရှင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်။
နယုန်လဆန်း ၈ ရက်မှ လပြည့်ကျော် ၁၄ ရက်ထိ။

၄။ မုံရွာခရိုင် ချောင်းဦးမြို့နယ် ရတနာကြဉာန်း ရွှေဂူကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်
နယုန်လဆန်း ၈ ရက်မှ လပြည့်နေ့အထိ။

□ ဝါခေါင်လ

၅။ ပခုက္ကူခရိုင် တန်ကြည်တောင်စွယ်တော်မြတ်စေတီ။
ဝါခေါင်လပြည့်နေ့။

၆။ မန္တလေး ရတနာဂူဘုရားပွဲတော်
ဝါခေါင်လပြည့်ကျော် ၈ ရက်မှ လကွယ်နေ့ထိ။

□ တော်သလင်းလ

၇။ စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်စေတီတော်ကြီး။
တော်သလင်းလဆန်း ၄ ရက်မှ ၈ ရက်ထိ။

၈။ မိတ္ထီလာ ဖောင်တော်ဦးစေတီတော်။
တော်သလင်းလဆန်း ၈ ရက်မှ လပြည့်နေ့ထိ။
မှတ်ချက် - ခရစ်နှစ် ၂၀၁၅တွင် (၁၃၂) ကြိမ်မြောက်။

၉။ ဝါခေါင်းတည်မြတ်စွယ်တော်ပွဲတော်
တော်သလင်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။

၁၀။ ဗုဒ် - မြင်းကပါ မန္တဟာဘုရားပွဲတော်အရုပ်သွင်းပွဲ။
တော်သလင်းလဆန်း ၁၄ ရက်။

၁၁။ ရွှေဘိုမြို့ထောင့်စေတီတော်
တော်သလင်းလပြည့်ကျော် ၁၀ ရက်မှ လကွယ်နေ့ထိ။

□ သီတင်းကျွတ်လ

၁၂။ အင်းလေး ဖောင်တော်ဦး ဘုရားပွဲတော်။
သီတင်းကျွတ်လဆန်း ၁ ရက်မှ လပြည့်ကျော် ၃ ရက်ထိ။

၁၃။ မင်းကွေးမြသလွန်စေတီတော်။
သီတင်းကျွတ်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။
(ပွဲတွေးတန်းများကို လဆန်း၁ရက်မှစ၍ခင်းကျင်းကြသည်။)

၁၄။ မန္တလေး ကျောက်တော်ကြီး ဘုရားပွဲတော်။
သီတင်းကျွတ်လဆန်း ၁၃ ရက်မှ လပြည့်ကျော် ၇ ရက်ထိ။

၁၅။ မုဒုမြို့ သမိုင်းဝင် ကန်တော်ကြီးစေတီ
သီတင်းကျွတ်လဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ။
မှတ်ချက် - ခရစ်နှစ် ၂၀၁၅တွင် (၁၄၁)ကြိမ်မြောက် ဖြစ်ပါသည်။

၁၆။ ကျိုက္ခမီရေလယ်စေတီထော်။
သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်ထိ။

၁၇။ ကျိုက်ထီးရိုးဆံတော်ရှင်။
သီတင်းကျွတ်လပြည့်မှ စတင်၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့ထိ။

□ တန်ဆောင်မုန်းလ

၁၈။ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်။
တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်နေ့ထိ။

၁၉။ ပြည်မြို့ ရွှေဆံတော်စေတီတော်။
တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက်ထိ ပြည်မြို့ ဗုဒ္ဓမြတ်စွယ်တော်လည်ပွဲကို သုံးနှစ်တစ်ကြိမ် လဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်ထိ ကျင်းပသည်။

၂၀။ ဖိုလ်ဝင်တောင်ဘုရားပွဲတော်။
တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ။

၂၁။ ရေစကြို့မြို့နယ် ရှင်မတောင်ဘုရားပွဲ။
တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။

၂၂။ တောင်ငူမြို့ မဟာမုနိကေလဇာတီဘုရားပွဲ။
တန်ဆောင်မုန်းလဆန်း ၁၃ရက်မှ လပြည့်ထိ။

၂၃။ သနပ်လျင်ကျိုက်ခေါက်စေတီတော်
တန်ဆောင်မုန်းလဆန်း ၁၄ရက်မှ လပြည့်ထိ။

၂၄။ ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး။
တန်ဆောင်မုန်းလပြည့်နေ့။

၂၅။ ပုဏ္ဏားကျွန်းမြို့နယ် ဘဲငါးရာတောင်တက်ပွဲ။
တန်ဆောင်မုန်းလပြည့်နေ့။

၂၆။ သထုံရွှေစာရဲစေတီတော်။
တန်ဆောင်မုန်းလပြည့်နေ့။

၂၇။ မော်လမြိုင်မြို့ ကျိုက်သလ္လစေတီတော်။
တန်ဆောင်မုန်းလပြည့်နေ့။
မှတ်ချက် - ခရစ်နှစ် ၂၀၁၅ တွင် (၂၃၂၃) နှစ်မြောက် ဖြစ်ပါသည်။

□ နတ်တော်လ

၂၈။ ပုဂံအလိုတော်ပြည့်ဘုရားပွဲတော်။
နတ်တော်လဆန်း ၁၄ ရက်နှင့် လပြည့်နေ့။

□ ပြာသိုလ

၂၉။ ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်။
ပြာသိုလဆန်း ၉ ရက်မှ လပြည့်ကျော် ၁ ရက်နေ့ထိ။

၃၀။ ပုဂံအာနန္ဒာစေတီတော်။
ပြာသိုလပြည့်နေ့။

၃၁။ သံးခွမြို့ အောင်မြေလောကသွန်းဘုရားကြီး။
ပြာသိုလပြည့်ကျော် ၁၃ ရက်မှ တပို့တွဲလဆန်း ၆ ရက်ထိ။

□ တပို့တွဲလ

၃၂။ မန္တလေးမြို့ မဟာမုနိဘုရားကြီး
တပို့တွဲလဆန်း ၁ ရက်မှ လပြည့်ကျော် ၅ ရက်အထိ။

၃၃။ မင်းဘူး မန်းရွှေစက်တော်။
တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်ထိ။

၃၄။ ရန်ကုန်မြို့ သယ်န်းကျွန်း ကျိုက္ကဆံဆံတော်ရှင်စေတီတော်။
တပို့တွဲလဆန်း ၇ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။

၃၅။ ပုသိမ်မြို့ သမိုင်းဝင် နီကြောဓာဒီတံမေးဘုရား လှည့်လည်ပူဇော်ပွဲ။

www.burmeseclassic.com

www.burmeseclassic.com

တပို့တွဲလဆန်း ၇ ရက်။

၃၆။ ပုဂံ-ညောင်ဦးထီးလိုမင်းလိုဘုရားပွဲတော်။
တပို့တွဲလဆန်း ၈ ရက်။

၃၇။ ကျောက်ပန်းတောင်းမြို့ဦးအောင်စေတီတော်။
တပို့တွဲလဆန်း ၈ ရက်မှ လပြည့်ကျော် ၈ ရက်ထိ။

၃၈။ လောကချမ်းသာအဘယလာဘမုနိ။
တပို့တွဲလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။

၃၉။ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်။
တပို့တွဲလဆန်း ၉ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။
မှတ်ချက် - ခရစ်နှစ် ၂၀၁၅တွင် (၆၅) ကြိမ်မြောက် ဖြစ်ပါသည်။

၄၀။ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ကိုးတိုက်နယ် ဒီပင်္ကရာမဟာစေတီတော်မြတ်(သီရိမဂ္ဂာသောကတည်ထား) တပို့တွဲလဆန်း ၁၀ ရက်မှလပြည့်နေ့ထိ။

၄၁။ မိုးပြဇွေတော်ဓာတ်စစ် စေတီတော်
တပို့တွဲလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။

၄၂။ သာခုကန်ဆံတော်ရှင်စေတီတော်
တပို့တွဲလဆန်း ၁၃ ရက်မှလပြည့်ကျော် ၅ ရက်ထိ။

၄၃။ စစ်ကိုင်းအနောက်ပိုင်း မြေဝတီရပ် ဇိနမာန်အောင် လောကချမ်းသာ ကြေးဘုရားကြီး။
တပို့တွဲလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ။

၄၄။ ရန်ကုန်မြို့ စမ်းချောင်း ရှင်စောပုစေတီတော်။
တပို့တွဲလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် (၃) ရက်နေ့ထိ။

၄၅။ ဖြူး-မြသိန်းတန်စေတီတော်။
တပို့တွဲလပြည့်နေ့။

၄၆။ ဒေးစွန်ပါဘုရားပွဲတော်။
တပို့တွဲလပြည့်မှ လပြည့်ကျော် ၇ ရက်ထိ။

၄၇။ ညောင်ဦးမြို့ သမိုင်းဝင် ပြန်ကြည့်ဂူဘုရားပွဲတော်။
တပို့တွဲလပြည့်ကျော် ၈ ရက်။

၄၈။ ရန်ကုန်မြို့ မရမ်းကုန်း အပရာဇိတဆံတော်ရှင်ကျိုက်ပိုင်းစေတီတော်

တပို့တွဲလပြည့်ကျော် ၈ ရက်မှ လကွယ်နေ့ထိ။

□ တပေါင်းလ

၄၉။ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ မြတ်မော်တင်တောင်ထိပ် မဟာမကုဋရံသီဆံတော်ရှင်ပွဲတော်။
တပေါင်းလဆန်း ၁ ရက်မှ လပြည့်အထိ။

၅၀။ မိုးညှင်းမြို့နယ် အင်းတော်ကြီးရေလယ်ရွှေမဏ္ဍူဘုရားပွဲ။
တပေါင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။

၅၁။ ပင်းတယ တပေါင်းပွဲတော်။
တပေါင်းလဆန်း ၆ ရက်မှလပြည့်ကျော်ထိ။

၅၂။ ခမဲပြင်(ပဲခူး)ဘုရားပွဲတော်။
တပေါင်းလဆန်း ၆ ရက်မှ ၈ရက်ထိ။

၅၃။ ရွှေတိဂုံစေတီတော်။
တပေါင်းလဆန်း ၆ ရက်မှ လပြည့်နေ့ထိ။

၅၄။ ဘော်ကြွပွဲတော်။
တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။

၅၅။ ရွှေတောင်မြို့နယ် ရွှေနတ်တောင်စေတီတော်။
တပေါင်းလဆန်း ၈ ရက်မှလပြည့်နေ့ထိ။

၅၆။ ဖျာပုံမြို့ သက်လွတ်ချမ်းသာလိပ်ဥကုန်းစေတီပွဲတော် (ကျိုက္ကမ္မမြို့)
တပေါင်းလဆန်း ၈ ရက်မှ လပြည့်နေ့ထိ။

၅၇။ ဇလွန်ပြည်တော်ပြန်ဘုရား။
တပေါင်းလဆန်း ၉ ရက်မှ လပြည့်နေ့ထိ။

၅၈။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ခင်ဦးမြို့နယ် ရောဝတီမြစ်အတွင်းမှအညာသီဟတောဘုရားပွဲတော်။
တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့ထိ။

၅၉။ ရမည်းသင်းမြို့ သမိုင်းဝင် ရွှေမြင်တင်ဘုရားပွဲတော်။
တပေါင်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်ထိ။
မှတ်ချက် - ကောဇာ ၁၂၆၁ က စတင်ရာ ကောဇာ ၁၃၇၇ တွင် (၁၁၆) နှစ်မြောက် ဖြစ်ပါသည်။

၆၀။ ပုဏ္ဏားကျွန်းမြို့ ကင်းချောင်းတစ်ဖက်ကမ်း ဦးရာဇတော်ဓာတ်စေတီပွဲတော်။
တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်နေ့ထိ။

၆၁။ ထားဝယ်မြို့ ရွှေတောင်စားစေတီ တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၂ ရက်ထိ။

၆၂။ နောင်ချိုမြို့ အနောက်ဘက်သဖန်းကိုင်းကျေးရွာ အနော်ရထာမင်းတည်ခဲ့သော တဲနန်းတော်ဘုရား။
တပေါင်းလပြည့်နေ့။

၆၃။ ပုသိမ်ကြီးမြို့နယ် ရွှေစာရံဘုရားပွဲတော်။
တပေါင်းလပြည့်မှ လပြည့်ကျော် ၈ ရက်နေ့အထိ။

၆၄။ လွိုင်လင် သမိုင်းဝင် မွေတော်ဘုရားပွဲတော်။
တပေါင်းလပြည့်နေ့။

၆၅။ ရန်ကုန်မြို့ ဒို့လ်တထောင် ရွှေဘုန်းပွင့်စေတီတော်။
တပေါင်းလပြည့်နေ့။

၆၆။ မိုးညှင်းမြို့ ရန်အောင်မြင်ဘုရား
တပေါင်းလပြည့်ကျော် ၄ ရက်မှ ၈ ရက်ထိ။

ထို့နောက် ကိုဇော်မောင်သန့်က-

"ဟာ - တယ်လည်းပြည့်စုံလှချေရဲ့ဗျာ။ ဒီပွဲတော်တွေထဲက အဆင်ပြေအောင်ရွေးထုတ်ပြီး ဘုရားဖူးခရီးစဉ်တွေပြေးဆွဲလို့ရပြီပေါ့။ ကျေးဇူးပါပဲ ဦးဝင်းမြင့်ရယ်"

တက္ကသိုလ်ဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

မုတ်ထိုးမြို့ဟောင်းမှ အရှူးပျောက်ဘုရားကြီး

မောင်စိမ်းတွေး (ထားဝယ်)

❑ လူထူးလူဆန်း

ရတနာပူရအင်းဝနေပြည်တော်ကို သီးဖြူအုပ်မင်းလုပ်စိုးစံသော မင်းခေါင်ကြီး (ကောဇာ ၇၆၃ - ၇၈၄) သည် ညတစ်ည၌ -

"အသင်မင်းကြီး၊ လက်ဝယ်ဝတ်ထားသည့် နဝရတ်လက်စွပ်ကား မုချသွေ ဒုက္ခပွေလိမ့်။ ရွှေနောက်အရေးမှော်တွေးဆင်ခြင်၍ တစ်ထိုးတစ်နန်းကို အသင်မင်းကြီးစိမ်ပြုလော့"

ဟူ၍ အိပ်မက်သည်။

အရူးငမဲက -

"ဒူရကတိုင်းမြို့နယ်ဆီက၊ လာပုံထူးသမို့၊ ပြေးကြစို့လေး . . . ပေးပါမှ ဗ်. . . ဗ. . . ဗ်"

ဟူ၍ အင်းဝမြို့တွင်းမြို့ပြင်လမ်းတကာလုည့်လည်၍ တဘောင်လိုလို အော်ကြီးဟစ်ကျယ်သီဆိုသည်။

နန်းတွင်းမင်းချင်းတစ်ယောက်ကသည်း အရူးအသွင် မြို့တွင်းလျှောက်၍ 'ယူကြီးတစ်ယောက်ကို လူငယ်တစ်ယောက် တက်စီးလာသည်' ဟု မဖွယ်ရာပြောဆို ခြိမ်းခြောက်တဘောင်ကို သူအများကြားရသည့်အခါ အုတ်အုတ်ကျက်ကျက် ထိတ်လန့်ခြင်းဖြစ်ကြသည်။

သို့နှင့် မင်းခေါင်ကြီးက ပျားတစ်စက်နှင့်ပြည်ပျက်ရသကဲ့သို့ စကား ဖျက်၍လည်း ပြည်ပျက်တတ်သည်ဆိုသော ဆိုရိုးစကားရှိသည်နှင့်အညီ အာဃာတသို့သော အခင်းဖြစ်ပေါ် လိမ့်ဆိုသည်ကို ပုရောဟိတ်ပညာရှိအား သံတော်ဦးတင်စေလျှင် အိပ်မက်နှင့်တဘောင်သံအလိုအရ လူထူးလူဆန်းတစ်ယောက်ပေါ် ပေါက်လာမည့်နိမိတ်ဖြစ်ကြောင်း လျှောက်တင်လေသည်။

နေ့စွယ်ညှိုးခိုန် အိမ်ရှေ့မင်းသားကလေး၏ အိမ်တော်ဝင်းအတွင်း တစ်ခုသောကြက်ပွဲ၌ မိမိကြက်နိုင်သဖြင့် ဝမ်းသာအားရ ကြက်ပိုင်ရှင်က ခါးတောင်းကျိုက်ကာ လက်ခမောင်းတဖြောင်းဖြောင်းခတ်ပြီး ထားဝယ်သံခပ်ဝဲဝဲနှင့် 'ဆန်းခိုသူ ဆဲရှည်မသား၊ ငါမင်းခေါင်ကြီးသား' ဟု ကြုံးဝါးပြီး ထိုင်ရာမှ ထခုန်လိုက်ရာ (၁၀) တောင်မြောက်တက်ပြီး မတ်ရပ် မြေသို့ကျ၏။ ထိုလူထူးလူဆန်းအား မြို့ဝန်နှင့် မင်းချင်းတို့က မင်းကြီးထံသို့ ခေါ်ဆောင်သွားလေသည်။

❑ မုတ္တသုခနာဂရန့်မင်းတရား

အင်းဝရှင်ဘုရင်မင်းကြီးစွာစော်ကဲသည် သားတော်ကြီး တရဖျား မနှိပ်စက်နိုင်ရန် သားတော်ငယ် မင်းဆွေအား



ဘုရားပရိဝုဏ်ရွှေမှ မုခ် (၄) ခုပါ စေတီတော်



ရှင်ဥပဂုတ္တမထေရ်

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့် အရှူးပျောက်ဘုရားကြီးအား အနီးကပ်ဖူးမြော်ရစဉ်

ပင်လယ်ကျေးသယ်ရာဇာဆရာတော်ထံ ပါး အပ်နှံထားသည်။ မင်းဆွေသည် အတတ်ပညာများ သင်ယူလေ့လာတတ်မြောက်ပြီး၍ ဒုရကတိုင်း ထားဝယ်သို့ ထွက်ခွာတိမ်းရှောင်နေရင်း ဆန်းခိုသူ ဆံရှည်မနှင့် ဖူးစာဖက်သည်။ အင်းဝနေပြည်တော်သို့ မင်းဆွေ ပြန်ခါနီး နဝရတ်လက်စွပ်သက်သေပေးခဲ့သည်။ နန်းစံ(၇)လတွင် နောင်တော် ဆင်ဖြူရှင် တရဖျားမင်းလွန်သော် မင်းဆွေက မင်းခေါင်ကြီးအမည်နှင့် နန်းတက်၏။ မင်းခေါင်ကြီး၏ တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီး၌ သားတော်တစ်ပါး ထွန်းကားသဖြင့် အရွှယ်ရောက်လျှင် အိမ်ရှေ့အရာပေးအပ်သည်။

ဆံရှည်မသားက မင်းခေါင်ကြီးထံ နဝရတ်လက်စွပ်ကို ဆက်သသောအခါ သားအရင်းမှန်းသိရပြီး -

"သားတော်သည် အင်းဝ၌အရေးမလှ။ ဒုရကတိုင်းသို့ပြန်သွား၍ မြို့ရွာတည်ထောင် စိုးစံလေ"

အမိန့်ရှိကာ ရွှေ့ ငွေပစ္စည်းများနှင့် မှူးမတ်ပညာရှိတို့ကိုပါထည့်ပေး၏။ ပေါက်တိုင်းချောင်း၊ စော်ချောင်း၊ ကံဘောက်ချောင်း (ယခု ထားဝယ်မြစ်) စက် (၄) ပါးကြဲ၊ ချောင်း (၃) ချောင်းဆုံရာဒေသ၌ ဘူမိနက်သန်မြေကြန်အင်သင့်လျော် လျောက်ပတ်သဖြင့် မြို့နန်းတည်ရန် ရွေးချယ်သတ်မှတ်ပြီး ကောဇာနှစ် ၇၉၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ကြာသပတေးနေ့နံနက် နေဝန်းပေါ်ကို အချိန်ကောင်းသမယ အမြတ္တရက်အခါတွက်၍ နန်းတော်၊ ပဟိုရ်စည်၊ စွယ်တော်စင်၊ မြို့ရိုး၊ တံခါး၊ ကျုံး၊ ဆင်ကျုံး တည်းဟူသော (၇) ဌာနနေရာတစ်ပြိုင်နက် ပန္နက်ချကာ မုတ္တာသုခနာဂရ မြို့တည်ပြီး မင်းတရားဘွဲ့ ခံယူစိုးစံသည်။

❑ အရှူးပျောက်ဘုရား

ဘုရင်မင်းခေါင်၏ မိဖုရားကြီး



လက်ယာဘက် ရပ်တော်မူဘုရား



လက်ဝဲဘက် ရပ်တော်မူဘုရား

www.burmeseclassic.com

www.burmeseclassic.com

သည် မိမိ၏သားတော် အိမ်ရှေ့စံကို သီးပြုင်နန်းပြုင်အုပ်ချုပ်ခွင့်မပေးသဖြင့် အိသိက်သွန်းလောင်းရန် အကြောင်းပြုလျက် အင်းဝမှ ပုဏ္ဏား (၈) ယောက်စေလွှတ်၍ မင်းတရားကို အဆိပ်ခတ်စေသည်။ မင်းတရားသည် ခမည်းတော်မင်းခေါင်ကြီး အတွင်းကျိတ်စကားမှာလိုက်၍ စီးရေကိုသာ သုံးဆောင်နေရာမှ ပုဏ္ဏားတို့က အသက်ရှည်ပြီး ဘုန်းတန်ခိုးကြီးခြင်းရန် စီးရေသောက်ခြင်းကို ရပ်ပြီး ချိုးရေကိုသာ သုံးဆောင်ရမည်ဟု အမည်းတော် မိန့်ကြား လိမ်ညာ တင်လျှောက်သည်နှင့် နန်းတော်အနီး ရေတွင်းငယ်ကို အမြန်တူးဖော်စေ၍ သုံးဆောင်လေသည်။ ရက်အနည်းငယ်ကြာသော် ပုဏ္ဏားများ သောက်ရေတွင်း၌ မုတ်ဆိုး (ရူးစေတတ်သောဆေး) ခတ်ပြီး ထွက်ပြေးကြ၏။ မင်းတရားသည် မုတ်ဆိုးခတ်တွင်းရေကိုသောက်မိသဖြင့် သွက်သွက်ခါရူးလေတော့သည်။

ဝေဒဗြိုစား စောသီလ သိမ်းပိုက်ပြီးသော်မှ တိမ်းရှောင်ထွက်ပြေးရင်း ဖမ်းမိသည့်ဘုရင်မစောပညာက မိန်းမသားဖြစ်သဖြင့် ထီးနန်းပြန်အပ်သောကြောင့် မင်းလောင်းရှာသောအခါ ပေဒင်ကိန်းအရ မင်းလောင်းလျာမှာ စိတ်နောက်နေကြောင်း သိရလေသည်။ စောပညာက ဆေးသစ္စာတော်ရေစိမ်၍ အိုးဌဲသည်ပြီး ရွှေပေလိပ်နှင့်တကွ သင်္ဘောတစ်စင်းပေါ် တင်လျက် ရူးသွပ်ခြင်းဟောက်ကင်းစေပါကြောင်း သန္ဓသေလတောင် (ရှင်မော်တောင်) ဘုရားထံတွင် အခိဌာန်ပြု၍ မျှော်၏။ အိပ်မက်အရ မင်းတရားက အခိဌာန်နှင့်ဆယ်ယူပြီး သောက်လျှင် ရောဂါပျောက်ကင်းလေသည်။

ထိုကဲ့သို့ ဆေးသစ္စာတော်ရေကြောင့် မင်းတရားအရူးရောဂါပျောက်ကင်းသဖြင့် ယင်းနေရာ၌ ကောဇာ ၇၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၈ ရက်နေ့တွင် ခုပ်မွားတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်ဟုဆို၏။ မုတ္တသုခနာဂရမြို့(ယခု ရွှေမုတ်ဆိုး)တောင်ဘက် နှစ်ဖာလုံသာသာစော်ဝရွာထိပ်၌တည်ရှိသည်။ မင်းတရားအရူးပျောက်ခြင်းအထိမ်းအမှတ်အဖြစ် ထည်သောဘုရားဖြစ်၍ 'အရူးပျောက်ဘုရား'ဟု တွင်သည်။ (မင်းတရားမုတ်ဆိုးထိသည်ကို အစွဲပြု၍ မုတ္တသုခနာဂရအမည်ပျောက်ပြီး မုတ်ထီးမှ ယခုရွှေမုတ်ဆိုးခေါ်၏။ စာရေးသူ)



ဘုရားကုန်းညောင်ပင်ရင်းဆင်းတု (အရှေ့ယုဉ်)

ဘုရားကုန်းညောင်ပင်ရင်းဆင်းတု (အနောက်ယုဉ်)



ရှင်သီဝလိမထေရ်

www.burmeseclassic.com

www.burmeseclassic.com

၁ကုသိုလ်ရှင်အဆက်ဆက်

ဆူတောင်းပြည့် အရှူးပျောက်ဘုရားကြီးသည် နှစ်ပေါင်း (၄၈၀) ခန့်မှ အမိုးအကာပြည့်ပြည့်ဝဝလုံခြုံမှုမရှိ၊ သိမ်ပျက်ကျောင်းပျက်ပြုပြင်သူကင်းမဲ့လျက် ဆင်းရဲပင်ပန်းစွာ စံပယ်တော်မူရရှာသည်။ ၁၂၅၉ ခုနှစ်တွင် ထားဝယ်မြို့ ဆေးကုန်သည်ကြီး ဦးသံကုန်နှင့် သဒ္ဓါကြည်လင်ပါရမီရှင်များက ဘုံ(၄)ဆင့်ပါရှစ်မြောင့်သဏ္ဌာန် ဂန္ဓကုဋိကျောင်းဆောင်ကြီးကို ဆောက်လုပ် လှူဒါန်းရာ (၂) နှစ်ကြာ ၁၂၆၁ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်နေ့တွင် ပြီးစီးအောင်မြင်သည်။ ထိုမှ နောက်ထပ် နှစ် (၃၀) ကြာသောအခါ ထားဝယ်မြို့ တလိုင်းထိန်ရပ် ဆန်စက်ပိုင်ရှင် ဦးယူလူယား၊ ဒေါ်စိန်မြသားသမီးတစ်စုတို့က ရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်သည်။ အောက်ခံပလ္လင်တော်နှင့် တံကဲတော်တို့ကို မှန်စီရွှေချ၏။ ၁၃၄၇ တွင် ထားဝယ်မြို့ ကရပ်ပြင်ရပ်နေဦးစံဖေ၊ ဒေါ်မာရီတို့က မူလမျက်လုံးတော်တစ်စုံအား ကာလပေါ် မျက်ကြည်တော်တစ်စုံဖြင့် အစားထိုးလဲလှယ်ပူဇော်ပါသည်။

အရှူးပျောက်ဘုရားကြီး မြောက်ဘက်ကပ်လျက်တည်ရှိသော သစ်ဆိမ့်ပင် ကျောင်းဆရာတော်များဖြစ်သည့် ဦးသောမ၊ ဦးစန္ဒ၊ ဦးရေဝတအဆက်ဆက် ဂန္ဓကုဋိအပြင်ဘက် နံရံမှန်စီရွှေချခြင်း၊ အတွင်းနံရံမှန်စီခြင်း၊ ဂန္ဓကုဋိကျောင်းဆောင် ထီးတော်သစ်တင်လှူခြင်း၊ အုတ်နံရံသံလုံးစိုက်ထူကာရံခြင်း၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တကျောင်းဆောင်ဆောက်လုပ်ခြင်း၊ ဆေးသစ္စာတော်ရေအိုးအဆောင်ဆောက်လုပ်ခြင်း၊ ဘုရားကြီး၏ဝတ္တကမြေကြွေပြားခင်းခြင်းတို့ကို ပြုပြင်ထိန်းသိမ်းလာပေသည်။ ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့် ဝေယျာဝစ္စအသင်းဝင်တို့က အလှည့်ကျတာဝန်ယူစောင့်ရှောက်လာခဲ့သဖြင့် ယခုအခါ ဘုရားဖူးများအဖို့ ရေကန်အသင့်ကြာအတင့် ကိုယ်စိတ်နှစ်ပါးချမ်းသာစွာ ဘုရားဖူးနိုင်ကြပေပြီ။ နှစ်စဉ် တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ အရှူးပျောက်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပပြီးလျှင် သံဃာတော်အရှင်သူမြတ်တို့အား အများဒကာစုပေါင်းဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းကုသိုလ်ဒါနပြုကြမြဲ ဖြစ်ပါသည်။



ဘုရားကုန်းညောင်ပင်ရင်း ရှင်ဥပဂုတ္တကျောင်းဆောင်

ရွှေထီပ်၊ ငွေထီပ် ညီအစ်ကို

ဆေးသစ္စာတော်ရေအိုး

www.burmeseclassic.com

www.burmeseclassic.com



အရှေးပျောက်ဘုရားကြီးမုခ်ဦး

အရှေးပျောက်ဘုရားကျောင်းဆောင်ကြီးအား ဂုဏ်သို့ တင့်တယ်ခံညားစွာ တွေ့ရပုံ

ဂန္ဓကုဋိသို့အဝင်

ပစာရေးသူအတွေး

အရှေးပျောက်ဘုရားကြီး သီတင်းသုံးတော်မူသော မုတ်ထီးမြို့ဟောင်း နေရာတစ်ဝိုက်တွင် ကျောလဲခေါ် လဲကျောဘုရား၊ ရွှေဂူတောင်ဘုရား၊ ရှင်မုတ္ထိုးဘုရား၊ ဘုရားပုပုဆင်းတုဘုရား စသော ရှေးဟောင်း သမိုင်းဝင် ဘုရားအဆူဆူတို့ ဝန်းပတ်သီတင်းသုံးလျက်ရှိပေသည်။ ကျွန်တော်ငယ်စဉ် ဆယ်ကျော်သက် အရွယ် ဩဂုတ် ၁၄-လ-ကဌ ပညာသင်ကြားသောအခါကပင် ကျောင်းပြေးရင်း အတန်းဖော်များရှိရာ လည်ပတ်ရင်း အခေါက်ခေါက်အခါခါ ရောက်ဖူးသော ဘုရားများ ဖြစ်၏။ ထိုစဉ်က မြို့ဟောင်းတာရိုးနှင့်ကျုံးဘေးတစ်လျှောက် ရှင်မုတ္ထိုးဘုရားကြီးပရိဝုဏ်နှင့်ကပ်၍ အုတ်ဂူဖွေးဖွေးသချိုင်းတည်ရှိသည်။

အရှေးပျောက်ဘုရားလမ်း (စော်ဝရွာဝင်လမ်း) မှာ ဝါးရုံအုံ့အုံ့ မြေနီလှည်းလမ်း ဖြစ်သည်။ ကျွန်တော်တို့သူငယ်ချင်းတစ်စု အရှေးပျောက်ဘုရားအနီး ဘုရားကုန်းဟုခေါ်သော တွက်လပ်မြေအလယ်ရှိ သိမ်ပျက်ကြီးကို ပတ်ကာပတ်ကာ ဘောလုံးကန်ကြသည်။ မြို့ဟောင်းသင်္ကေတ ကုန်းမြို့တာရိုးတန်းကျုံးချိုင့်ချိုင့်နေရာများအပေါ် ရည်ရွယ်မဲ့လမ်းသလားကြသည်။ ရုပ်ပွားတော်ကြီး၏ ကျောင်းဆောင်ရှေ့တွင် ထမင်းထုပ်ဖြေကာ ပိုင်းထိုင်စားကြသည်။ ရှူးခနဲ ရှူးခနဲ လွန်းထိုးထမျဲသော လင်းနို့ငှက်တို့ကို လက်ခုပ်လက်ဝါးတီးခြောက်လှန့်ကြသည်။ လင်းနို့ချေးနံ့ဟောင်ဟောင်နှင့် လွယ်အိတ်ခေါင်းခုံ တစ်ရေးတစ်မော အိပ်လိုအိပ်ကြသည်။ အဖော်မပါလျှင် မောင်မောင်မည်းမည်း ကျောင်းဆောင်ပျက်ကြီးအလယ် ထီးထီးမားမား အရှေးပျောက်ဘုရားကြီးထံပါး နီးနီးနားနားမကပ်ဝံ့ပေ။ မိမိကို နေရာမလပ် စူးစူးရဲရဲလိုက်လံကြည့်နေသယောင်ထင်မှတ်ပြီး ရင်ထိတ်ခံစားရသည်ကို ဝန်ခံပါသည်။ ရှေးဘုရား

ထိုင်တော်မူအမြင့်	(၂၈) ပေ၊	နှုတ်ခမ်းတော်	(၂) ပေ၊ (၈) လက်မ၊
ဝဲခုံးတော်အကျယ်	(၁၁) ပေ၊ (၈) လက်မ၊	လည်တိုင်တော်	(၆) ပေ၊ (၁၀) လက်မ၊
နားရွက်တော်အရှည်	(၅) ပေ၊ (၆) လက်မ၊	လက်မောင်းတော်	(၇) ပေ၊ (၄) လက်မ၊
သင်းကျစ်တော်	(၁၀) ပေ၊	လက်ညှိုးတော်လုံးပတ်	(၂) ပေ၊
မျက်နှာတော်	(၆) ပေ၊	လက်မတော်လုံးပတ်	(၂) ပေ၊ (၃) လက်မ၊
မျက်ခုံးတော်	(၂) ပေ၊ (၈) လက်မ၊	လက်ဖဝါးတော်အလျား	(၃) ပေ၊ (၈) လက်မ၊
မျက်လုံးတော်အကျယ်	(၂) ပေ၊	ခြေဖဝါးတော်	(၆) ပေ၊ (၈) လက်မ၊
နှာခေါင်းတော်အရှည်	(၂) ပေ၊ (၂) လက်မ၊	ဒူးတော်နှစ်ဖက်အကျယ်	(၁၆) ပေ၊ (၆) လက်မ၊
နှာခေါင်းဝအကျယ်	(၁)ပေ၊ (၇) လက်မ၊		

ဘုရားကြီး၏ဂုဏ်တော်အတိုင်းအထွာ

www.burmeseclassic.com

www.burmeseclassic.com

တာရိုးနှင့်လူသွားလမ်း

မုတ်ရေတွင်း (ရွှင်မတ္ထိုးဘုရားကြီးမင်း)

ခေါင်းထောင်းကြီး

ကြီးဟူသော အသိကလည်း ပို၍ချောက်ချားစေဟန်တူသည်။

ကျွန်တော်သည် နှစ်ပေါင်း (၃၀) ကျော် မင်းခယောကျ်ားတာဝန်နှင့် အရပ်တကာ နယ်တကာသွားလာပြီး နောက် ယခုအရွယ်ပျော်ဘုရားကြီးခြေတော်ရင်းသို့ ပြန်လည်ဝပ်တွားသည့် အချိန်တွင် ဘုရားပရိဝုဏ်တစ်ခုလုံး သစ်လွင်ပြောင်းလဲနေသည်။ အဟောင်းအဟောင်းတို့ ကွယ်ပကုန်ပေပြီ။

ဘုရားဝတ္ထုကမြေသန့်သန့်၌ ဂန္ဓကုဋီအာရုံခံတန်ဆောင်းကျောင်းဆောင်ကြီးတစ်ခုလုံး ယိုးဒယားပန်း၊ ကနုတ်ပန်း ခွေပန်းပိုင်း ပန်းဆွဲပန်းတွဲများနှင့် မှန်စီရွှေချထားသောကြောင့် တလက်လက်တောက်ပလျက် ခဲ့ညားထည်ဝါလှပေသည်။ ဂန္ဓကုဋီအတွင်း ကွမ်းစင်တိုင်လုံးကြီးများကို ရွှေပိန်းချထား၏။ ပုဂံခေတ် အင်္ဂေအသက်မကင်းသော်အင်းဝခေတ် လက်ရာ အင်္ဂတေရုပ်ပွားတော်မြတ်ကြီးနှင့် အင်္ဂတေတံကဲတော်တို့သမိုင်းမှာ တန်ဖိုးကြီးမားလှသည်ကို ဆင်ခြင်ရင်းဖူးမြော်၍ မဝနိုင်ပေ။ လက်ယာရပ်တော်မူ၊ လက်ဝဲရပ်တော်မူနှစ်ဆူတို့ကိုလည်း ကြည်ညိုမဆုံးရှိခဲ့ပါသည်။ ဘုရားပရိဝုဏ် ရှေ့တည့်တည့်တွင် မုခ် (၄) ခုပါ စေတီတစ်ဆူ၊ ဘုရားကုန်းညောင်ပင်ရင်းတွင် ဆင်းတုနှစ်ဆူနှင့် ရှင်ဥပဂုတ္တ ကျောင်းဆောင်တို့ကို အသစ်ဖူးတွေ့ရ၏။ ယခင်ကတည်းကရှိသော လက်သီးဆုပ်အရွယ် ပုတီးလုံးကြီးများသီထားသည့်သစ်သားပုတီးကုံးကို ဘုရားကြီး၏ နောက်တွင် ခိုတ်ဆွဲထားဆဲ ဖြစ်သည်။ ခြင်းကလေးကိုယ်စီ ကျောပေါ်ပိုးပြီး ကျောင်းဆောင်အတွင်း လှည့်ပတ်အလှူခံထွက်နေသော ရွှေလိပ်/ငွေလိပ်ညီအစ်ကိုတို့ကိုလည်း ကြည်နူးစဖွယ်မြင်တွေ့ရသည်။ အရပ်ထဲမှ ကလေးတစ်ဦးက ဘုရားကုန်းဘုရိုးချုံစပ်မှ ဖမ်းယူလာကြောင်း၊ ထမင်း၊ အသီးအရွက်စားပြီး ပန်းမုန်လာကိုအသေအလဲကြိုက်ကြောင်း သိရသည်။ တစ်ခါတုန်းကလည်း ဤဘုရားကုန်းတော်တစ်နေရာမှာပင် တောင်လိပ်မကြီးတစ်ကောင်ကို မမျှော်လင့်ဘဲတွေ့ရှိရဖူးသည်ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

အရှူးပျော်ဘုရားကို ဒေသခံတို့က ပသျှူးကြောက်ဘုရားဟုလည်း ခေါ်ကြသေး၏။ ပသျှူးအချို့လုယက်တိုက်ခိုက်ရန် ရောက်လာကြရာ ရုပ်ပွားတော်အား ကွေ့မြင်သောအခါ၌ အရုပ်ပင်လျှင် သည်မျှကြီးမားပါက လူဆိုလျှင် ပြောဖွယ်ရာမရှိပြီဟု ထိတ်လန့်တကြားဖြစ်ပြီး တစ်ချိုးတည်းပြန်လှည့်ပြေးကြသဖြင့် ပသျှူးကြောက်ဘုရားတွင်ကြောင်းပါးစပ်ရာဇဝင်တစ်ခုကဆိုပါသည်။

ပုထုဇနော ဥမ္မတကော ဆို၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ပုထုဇဉ် ကျွန်တော်တို့သည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာအကျိုးအတွက် ဆုတောင်းပြည့် အရှူးပျော်ဘုရားကြီးထံပါးဝယ် ပူဇော်ဦးခိုက် အဓိဋ္ဌာန်ဝင်၍ ဆုတောင်းကြရမည် မဟုတ်ပါလား။

မောင်စိမ်းထွေး (ထား၀ယ်)

www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)
အင်းလေးရွှေဒေါင်းတောင်ဆရာတော်ဘုရားကြီး
ဂါမဏိတရ

၉ - ၄ - ၁၉၆၉။ တနင်္ဂနွေနေ့ နံနက် (၉) နာရီ။

ဖခင်စာရေးဆရာကြီးဦးရန်အောင်နှင့် ကျွန်တော်တို့သည် ရှမ်းပြည်နယ် ဟောပိုင်း အင်းလေးဒေသရှိ ရွှေဒေါင်းတောင်ဆရာတော်ဘုရားကြီး ဦးဂုမာရ ရှေ့မောက်တွင်ရောက်ရှိနေသည်။ ဆရာတော်ကြီးကို ကျွန်တော်တို့ဝတ်ဖြည့်ပြီး နောက် ဆရာတော်ကြီးက အဖေ့ကိုကြည့်ပြီး -

"ဒကာကြီးက မြန်မာပြည်ကိုစိတ်ဓာတ်ရွှင်ကြည်နူးစွာနဲ့ပြန်ရလိမ့်မယ်"

မှတ်ချက် - ရှမ်းပြည်နယ်မှလူများသည် မြေပြန့်ဖြစ်သော ရန်ကုန်/မန္တလေးဒေသကို မြန်မာပြည်ဟုခေါ်လေ့ရှိသည်။

ဆရာတော်ကြီးက ကျွန်တော့်ကိုကြည့်ပြီး -

"ဒုကာလေးကတော့ ပညာတတ်ကြီးဖြစ်မှာပဲ"

ဟုမိန့်တော်မူလေသည်။

၁၉၆၆ ခုက အဖေသည် မြဝတီမဂ္ဂဇင်းတိုက်မှ အယ်ဒီတာပင်စင်လစာ (၈၀)တျပ်(၃၉)ပြား (လုပ်သက် ၁၄ နှစ်သာရှိ၍) ရရှိပြီး ရှမဝမဂ္ဂဇင်းတိုက်တွင် အယ်ဒီတာအဖြစ် တစ်လ (၂၀၀) ကျပ်ဖြင့် လုပ်ကိုင်ရပြန်သည်။ ထိုစဉ်က သားသမီးငါးယောက်စလုံးမှာ ကျောင်းနေအရွယ်များဖြစ်ကြသည်။ ၁၉၆၈ ခုနှစ်တွင် သမီးကြီးကြူကြူအောင် ဆယ်တန်းအောင်၍တောင်ကြီးကောလိပ်သို့ပို့လွှတ်ရာ ရွှေဂုံတိုင်ရှိအိမ်လေးကို ငါးသောင်းကျပ်နှင့်ရောင်းပြီး အဖေသည် သမီးကြီးနှင့်အတူ ရှမ်းပြည်နယ်သို့လိုက်သွားလေသည်။ အဖေ ရှမ်းပြည်နယ်၌ နှစ်ရှည်လများနေနေစဉ် ကျွန်တော်သည် ခြောက်ဘန်းစာမေးပွဲဖြေအပြီး နွေရာသီကျောင်းတက်ရုတ်တွင် အဖေ့ထံသို့လိုက်သွားလေသည်။ အဖေသည် ကျွန်တော့်ကို ရှမ်းပြည်နယ်တောင်ပိုင်းရှိ ထင်ရှားသောနေရာအနှံ့ကိုလိုက်ပို့ရာ ကျွန်တော်တို့သားအဖသည် ရွှေဒေါင်းတောင်ဆရာတော်ကြီးထံရောက်ရှိနေခြင်း ဖြစ်သည်။

ရွှေဒေါင်းတောင်သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင်ရှိပါသည်။ ညောင်ရွှေပြို့မှ အင်းလေးကန်အနောက်ဘက်ကမ်း အင်းတိမ်ရွာသို့ စက်တပ်ပုံချိတ်မော်တော်ဖြင့်သွားရာ (၁၃) မိုင်ကွာဝေးသည်။ လူတစ်ဦးလျှင် မော်တော်ခ (၁၃) ကျပ်ပေးရသည်။ ထိုကမ်းခြေမှ ရွှေဒေါင်းတောင်ရောက်သည်အထိ နှစ်မိုင်ခန့်ခြေကျင်လျှောက်ရသည်။ ရွှေဒေါင်းတောင်တွင် တစ်ချိန်က လူသူအရောက်အပေါက်နည်းခဲ့သည်။ ထို့နေရာသည် တောခေါင်၍ တောင်ကြမ်းသည်။ ဥဒေါင်းငှက်များနေထိုင်ကျက်စားသည်ကို အစွဲပြု၍ ရွှေဥဒေါင်းတောင်ဟု အမည်တွင်ခဲ့ခြင်း ဖြစ်လေသည်။

ဆရာတော်ကြီး မိန့်တော်မူသည့် အတိုင်း အဖေသည် ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ၌ စာပေဗိမာန်မှ ကြီးမှူးကျင်းပသော 'အမျိုးသားစာပေဆုနှစ်ဆုရရှိကာ ရန်ကုန်သို့ပြန်လာရသည်။ အဖေဆုရရှိသော စာအုပ်များမှာ 'မြတ်ပန်းဥယျာဉ်' (ဝတ္ထုရှည်-ဒုတိယဆု) နှင့် 'ရန်အောင့်စာရန်အောင့်ဘဝ' (စာပဒေသာ၊ စတုတ္ထဆု) တို့ ဖြစ်လေသည်။ ကျွန်တော်မှာ ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၈၀ ပြည့်နှစ်တွင် မာဟုအင်ဂျင်နီယာတွဲ့ကို ရရှိခဲ့လေသည်။

ယခုတင်ပြမည့် အကြောင်းအရာမှာ ဆရာကြီးမင်းသိခ်ကျွန်တော့်ကိုပြောပြချက် ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်က ဆရာကြီးမင်းသိခ်သည် အောင်မြင့်ကျော်ကြားမှု မရရှိသေးပေ။ ထိုအချိန်ကာလက ဆရာကြီးသည် တောင်ကြီးမြို့

www.burmeseclassic.com

www.burmeseclassic.com

တွင် ဗေဒင်ဆရာဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်ခဲ့သည်။ တစ်နေ့သ၌ လွန်စွာဥပဓိရုပ်ကောင်းလှသည့်ဆရာတော်ကြီးတစ်ပါးသည် ဆရာကြီး၏အလုပ်ခန်းရှေ့သို့ ဆွမ်းခံကြွတော်မူလာသည်။ ဆရာကြီးမှာ ဆွမ်းလောင်းလှူရန် အဆင်မပြေသဖြင့် မိမိ၌ရှိသော ပဇ္ဈာဏ်းဖောင်တိန်ကလေးကို လှူဒါန်းလိုက်လေသည်။

ဖောင်တိန်ကလေးကို လှူဒါန်းစဉ် အတွင်း -

'ဤကဲ့သို့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်အား ဖောင်တိန်လှူဒါန်းရသော အကျိုးကြောင့် နိုင်ငံကျော် စာရေးဆရာကြီးဖြစ်ရပါလို၏'

ဟူ၍ စိတ်ထဲမှ ဆုတောင်းလိုက်မိသည်။

ထိုကဲ့သို့ ဆရာကြီးသည် စိတ်ထဲမှ ဆုတောင်းပြီးနောက် ဝတ်ပြုသည့် အခါ ဆရာတော်ကြီးက -

"ဒကာ၊ ဒီဖောင်တိန်ကို စေတနာသုံးတန်ပြတ်ပြီးလှူတာဟုတ်ပါတယ်နော်"

ဟု မေးတော်မူသည်။

ဆရာမင်းသိခ်ကလည်း စေတနာသုံးတန်ပြတ်ပါကြောင်းပြန်လည်လျှောက်ထားသည်။

ထို့အခါ ဆရာတော်ကြီးက -

"ဒါဆိုရင် ဒီဖောင်တိန်လေးဟာ ဘုန်းကြီးရဲ့ ဖောင်တိန်ဖြစ်သွားပြီ။ ဒီအတွက် ဘုန်းကြီးက ဒီဖောင်တိန်ကို တစ်ခါပြန်လှူရင်ရတာပေါ့"

ဟူ၍ မိန့်တော်မူပါသည်။

ဆရာကလည်း -

မည်သူ့ကိုမဆို ပြန်လှူနိုင်ပါကြောင်း ရှိသေစွာ လျှောက်ထားလိုက်သည်။

ထိုအခါ ဆရာတော်ကြီးက -

"ဒါဆိုရင် ဒီဖောင်တိန်လေးကို ဘုန်းကြီးက ဒကာ့ကိုပြန်ပြီးလှူလိုက်မယ်။ ဒီဖောင်တိန်လေးနဲ့ နိုင်ငံကျော် စာရေးဆရာဖြစ်အောင်ရေးပေတော့"

ဟူ၍ လေးလေးနက်နက်မိန့်ကြားတော်မူလေသည်။

ဆရာကြီးသည် ကြက်သီးတဖြန်းဖြန်းထမျှခံစားရပြီးနောက် ဆရာတော်ကြီးမိန့်တော်မူသည့်အတိုင်း ထိုဖောင်တိန်ဖြင့် စာရေးလေတော့ရာ အောင်မြင်ကျော်ကြားသည့် စာရေးဆရာကြီးဖြစ်လာလေသည်။ ထိုစဉ်က ဆရာလှူဒါန်းခဲ့သော ဆရာတော်ကြီးကား ရဟန္တာဟု ကျော်ကြားသော အင်းဇေးရွှေဒေါင်းဆရာတော်ကြီးပင်ဖြစ်လေသည်။ ဆရာမင်းသိခ် ဖောင်တိန် လှူဒါန်းစဉ်က ရွှေဒေါင်းတောင်ဆရာတော်ကြီးဟု သိ၍ လှူခြင်းမဟုတ်ချေ။ ကြည်ညိုဖွယ်ရာ သံဃာတော်တစ်ပါးအနေဖြင့် လှူဒါန်းခြင်းဖြစ်သည်။ ဤကား ရွှေဒေါင်းတောင်ဆရာတော်ကြီးနှင့် ပတ်သက်၍ ဆရာမင်းသိခ် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုပါတည်း။

ဆက်လက်၍ တင်ပြလိုသည့် ဖြစ်ရပ်တစ်ခုမှာ နိုဝင်ကျော် မန်းပုဆရာကြီး ဦးဟန်တင်နှင့် ရွှေဥဒေါင်းတောင်ဆရာတော်ကြီးတို့ ဆံစည်းတွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်ဆန်းပင်ဖြစ်ပါသည်။ ပန်းပုဆရာကြီး ဦးဟန်တင်သည် ထိုအချိန်က နိုင်ငံတော်မှ ခြံမြင့်မြောက်စားခြင်းမခံရသေးဘဲ စီးပွားရေးအဆင်မပြေချိန်ဖြစ်သည်။ တစ်နေ့တွင် ဆရာကြီးတို့လင်မယားသည် ရွှေတိဂုံစေတီတော်သို့တက်ရောက် ဖူးမြော်ခဲ့ကြသည်။ သူတို့လင်မယားသည် ဘုရားဝတ်ပြုရန် ပန်းများ ဝယ်သောအခါ ဆရာကြီးသည် အခြားပန်းများကို ဘုရားတင်ချင်သည့်ဆန္ဒမရှိဘဲ ကြည်ညြာပန်းများကိုသာ ဘုရားတင်ချင်ကြောင်း သူ့ဇနီးအား ပြောပြလေသည်။ ဆရာကြီးကလည်း သူတင်လိုသည့် ကြည်ညြာပန်းများကိုသာ ပန်းဆိုင်မှားတွင် ရှာဖွေခဲ့ပါသည်။ သို့သော် မည်သည်ဆိုင်မှ ရှာမရချေ။ သို့ဖြစ်၍ ရင်ပြင်ပေါ် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ရောက်လာသည်။ ကြည်ညြာပန်းမှမရလျှင် ဘယ်ပန်းကိုမျှမတင်ဟူ၍ခေါင်းမာမာဆုံးဖြတ်ခဲ့သော ဆရာကြီးဦးဟန်တင်သည် ဘုရားကိုလက်အုပ်ချီကာကန်တော့မည်အပြုတွင် သူတို့လင်မယားအနားသို့ ဆရာတော်ကြီးတစ်ပါး ရုတ်တရက်ကြွရောက်လာခဲ့သည်။ ဆရာတော်ကြီးမှာ ဥပဓိရုပ်လွန်စွာကောင်းမွန်၍ ကြည်ညိုဖွယ်ကောင်းသောပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ ဆရာတော်ကြီး၏လက်ထဲ၌ ဆရာကြီးဦးဟန်တင်ဘုရားတင်ချင်သည့်ကြည်ညြာပန်းတွေ့ တစ်ပွေ့တစ်ပိုက်ကြီးနှင့်။

ကိုင်း - ဒကာကြီးလှူချင်နေတဲ့ ကြည်ညြာပန်းတွေ ရော့"

ဟူ၍ ပေးလိုက်သည်။

ဆရာကြီး ဦးဟန်တင်ကလည်း အံ့သြဝမ်းသာစွာဖြင့် ဆရာတော်ကြီးပေးသော ကြည်ညြာပန်းများကို တရိုတသေလှမ်း၍ ယူလိုက်သည်။ ဆရာတော်ကြီးက ပန်းပေးပြီး ဆက်လက်မိန့်ကြားပြန်သည်။

"ဒကာကြီးတို့လင်မယားက တယ်ရန်ဖြစ်ကြတာကိုး။ အမြဲတမ်းကျက်ကျက်နဲ့၊ ဟုတ်တယ်မဟုတ်လား။ နောက်ကို ရန်မဖြစ်ကြပါနဲ့တော့။ ဒီနေ့ကစပြီး ဒကာကြီးတို့ စီးပွားရေးအခြေအနေ အံ့သြလောက်အောင် ကောင်းလာလိမ့်မယ်။ ဘာမှမပူနဲ့"

ဟု မိန့်ကြားတော်မူခဲ့သည်။

ဆရာကြီးတို့ လင်မယားသည် ဆရာတော်ကြီးအား ရှိသေစွာ ရှိခိုးကန်တော့ကြသည်။ အံ့သြလွန်းသဖြင့်လည်း ဆရာကတော်မျက်ဝန်းအိမ်မှ မျက်ရည်များစီးကျလာသည်။ ဦးသုံးကြိမ်ကန်တော့ပြီး ပြန်မော့လိုက်သောအခါ ထူးခြားဆန်းကြယ်စွာပင် ပျောက်ကွယ်သွားလေသည်။ ဆရာကြီးတို့လင်မယားမှာ အံ့သြစွာဖြင့် ရင်ပြင်ပေါ် တွင်လှည့်ပတ်ရှာကြည့်သော်လည်း ဆရာတော်ကြီး၏ အရိပ်အယောင်ပင် မတွေ့ရတော့ပေ။ လင်မယားနှစ်ယောက် လွန်စွာ အံ့သြဝမ်းသာလျက် နေအိမ်သို့ပြန်လာခဲ့သည်။ အိမ်သို့ရောက်သည်နှင့် လွန်စွာထူးဆန်းအံ့သြဖွယ်ကောင်းသော အဖြစ်အပျက်နှင့် ထပ်မံကြုံတွေ့ရပြန်လေသည်။

အိမ်တွင် ဧည့်စိမ်းတစ်ယောက် စောင့်နေသည်ကို တွေ့ရသည်။ ထိုဧည့်စိမ်းမှာ မြန်မာလူမျိုးမတုတ်ဘဲ အိန္ဒိယတိုင်းရင်းသားဖြစ်သည်။ ထိုဧည့်သည်က ဆရာကြီး၏ကားရောင်းမည်ဟုသတင်းကြားရ၍လာခဲ့ကြောင်း၊ ထိုကားကိုဝယ်လိုကြောင်းပြောပြလေသည်။

ဆရာကြီး၏ကားမှာ မကြာခဏ ပျက်နေသဖြင့် ရောင်းလိုသည်မှာ ကြာနေသည်မှာ ကြာပြီဖြစ်သော်လည်း မည်သူမျှ ဝယ်မည့်သူမရှိချေ။ သို့နှင့် ချောင်ထိုးထားရသည်မှာ ကြာပြီဖြစ်သည်။ ဆရာကြီးက ထိုကားအားပြလိုက်သောအခါ ဧည့်သည်မှာ လွန်စွာသဘောကျသွားဟန်ဖြင့် ဈေးပင်မဆစ်တော့ဘဲ တစ်ခါတည်း စာချုပ်ချုပ်၍ဝယ်ယူသွားလေသည်။ ထိုဧည့်သည်သည် ဆရာကြီးတို့ရှေ့မှာပင် ကားစုတ်လေးကိုမောင်း၍ ထွက်သွားလေသည်။ ဆရာကြီးတို့လင်မယားမှာ အံ့သြလွန်းသဖြင့် _ပါးစပ်အဟောင်းသားဖြစ်ကာနေကြလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုကားကလေးမှာ ပျက်နေသည့်အပြင် ကားထဲသို့ ဆီမထည့်သည်မှာလည်း နှစ်ချီရှိကြာနေပြီ ဖြစ်သည်။ ကားစုတ်ကလေးရောင်းထွက်သွားပြီးနောက်ပိုင်း ဆရာကြီး ဦးဟန်တင်တို့မှာ စီးပွားရေးချောင်လည်

www.burmeseclassic.com

www.burmeseclassic.com

ပြီး အလုပ်အကိုင်မှာလည်း အဆင်ပြေလာခဲ့သည်။

တစ်နေ့တွင် ဆရာကြီးနေအိမ်သို့ အမျိုးသမီးကြီးတစ်ဦးရောက်လာပြီး ဆရာတော်ကြီးတစ်ပါး၏ ရုပ်တုထုခွင့်တောင်းအပ်လာပါသည်။ ဆရာတော်ကြီး၏ ဓာတ်ပုံကို မြင်လိုက်သည့် ဆရာကြီးမှာ ကြက်သီးတဖြန်းဖြန်းထအားသြဇာသွားခဲ့သောဆရာတော်ကြီးဖြစ်နေသောကြောင့်ပင်။ တရုတ်မကြီးပြောပြသဖြင့် ထိုဆရာတော်ကြီးမှာ အင်းလေးဝန်းဒေါင်းတောင်ဆရာကြီးဘဒ္ဒန္တကုမာရဖြစ်ကြောင်းသိလိုက်ရသည်။ ဆရာကြီးဘဒ္ဒန္တမှာ ထိုပုံကိုတွေ့လိုက်ရသည်နှင့် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်လိုစိတ်တဖွားဖွားဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်၍ ဇနီးသည်နှင့်အတူ ရန်ကုန်ပြည်နယ်တောင်ပိုင်းသို့သွားရန် အစီအစဉ်ထုတ်ခဲ့လေသည်။ ဆရာတော်ကြီးကို ဖူးမြော်လိုသည့်စိတ်ဆန္ဒလွန်ကဲနေသဖြင့် ဆရာကြီးသည် ရထားလက်မှတ်မဝယ်မီ ဘဲ ရန်ကုန် - ရွှေညောင်ရထားနားသို့ ဆောက်သွားလေသည်။ ရထားနားသို့ ဖျော်တက်မိသည်နှင့် လူတစ်ယောက်က ဆရာကြီးတို့လင်မယားအား -

"ဒီကိုကြွပါ ခင်ဗျာ"

ဟူ၍ လှမ်းခေါ်သဖြင့်တက်သွားရာ အထူးတန်းတွဲဖြစ်နေသည်။ ခေါ်ယူသူတစ်ဝင် -

"ဒီမှာထိုင်ပါ"

ဟူ၍ ညွှန်ပြသဖြင့် ဝင်ထိုင်မိကြသေးသည်။ လက်မှတ်မဝယ်မိဘဲ ရထားစီးခဲ့ရသဖြင့် ဆရာကြီးစိတ်ထဲတွင် လက်မှတ်စစ်တော့မှာပဲ အကျိုးအကြောင်းရှင်းပြတော့မည်ဟု တွေးတောထားခဲ့သေးသည်။ သို့သော် ရွှေညောင်ဘူတာသို့ရောက်ခဲ့သည်။ ဘူတာတွင် သူငယ်ချင်းဖြစ်သူ အရာရှိတစ်ဦး၏ ကားနှင့် လွှတ်လင့်ဘဲတွေ့ရသဖြင့် ကားကြုံစီးရသော ညောင်ရွှေမြို့သို့ရောက်ရှိခဲ့သည်။ ညောင်ရွှေရောက်တော့လည်း အင်းလေးတန်းထဲတွင် ပဲ့ချိတ်စက်လေ့ကျင့်ရန်လာကြိုနေသူတ အဆင်သင့်။

(လာကြိုနေသည့်ပဲ့ချိတ်သမားမှာ ဆရာကြီး၏အစ်ကိုလင်မယားအထင်ဖြင့် ခေါ်တင်သွားခြင်းဖြစ်ကာ အင်းတိမ်ရွာရောက်သည့်အထိ ပို့ဆောင်ပေးပြီး ပြန်ဆတစ်ပြားတစ်ချပ်မျှမယူချေ။)

ဤသို့ဖြင့် ဆရာကြီးဦးဟန်တင်တို့ဇနီးမောင်နှံသည် ရွှေဒေါင်းတောင်ဆရာကြီးရှေ့တော်မှောက်သို့ ခရီးစရိတ်လုံးဝကုန်ကျခြင်းမရှိဘဲ ဆိုက်ရောက်သွားခဲ့ရသည်။

ဆရာကြီးဦးဟန်တင်သည် စီးပွားရေးအခြေအနေ ပြေလည်လာသဖြင့် လှုက်ရှိနေအိမ်ကို ပြင်ဆင်ဆောက်လုပ်သည်။ နှစ်ထပ်အိမ်ကြီးကြီးမားမားဆောက်လုပ်ဖြစ်သွားသဖြင့် ဆောက်လက်စတန်းလန်းနှင့်ငွေပြတ်သွားသည်။ သို့နှင့် အိမ်အပေါ် ထပ်မပြီးသေးဘဲ ရပ်ဆိုင်းထားလိုက်ရသည်။ ထိုအချိန်တွင် ဆရာတော်ကြီး ရန်ကုန်သို့ကြွတော်မူလာပြီး ဦးဟန်တင်အိမ်တွင် တစ်ရက်တည်းခို သီတင်းသုံးမည်ဟု ကြားရသော အခါ ဆရာကြီးမှာ အတော်လေးပင်ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့ရလေသည်။ အပေါ် ထပ်မပြီးသေးဘဲ ဆရာတော်ကြီးတည်းခိုကျိန်းစက်ရန် အားနာသောကြောင့် ဖြစ်လေသည်။ သို့သော်လည်း ဆရာတော်ကြီး ကြွရောက် တည်းခို သီတင်းသုံးမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာလည်းဖြစ်မိလေသည်။

ဆရာတော်ကြီးကြွလာပြီး အိမ်တွင်ဆွမ်းကပ်ပြီးသောအခါ ဆရာတော်ကြီးက -

"ဘာမှမပူနဲ့ ဒကာကြီး။ မကြာခင်မှာ ဒကာကြီးရဲ့အိမ်ပြီးပြတ်သွားလိမ့်မယ်။ အိမ်လက်စသတ်ဆောက်လုပ်ပြီး တဲ့အခါ ဟောဒီပြတင်းပေါက်လေးနားမှာထိုင်ပြီး ဒကာကြီးတို့ဇနီးမောင်နှံ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးပြုံးမိကြလိမ့်မယ်"

ဟု မိန့်တော်မူပါသည်။

တစ်နေ့တွင် ဆရာကြီးဦးဟန်တင်သည် ဆောက်လုပ်ရေးလုပ်ငန်းမှ သူငယ်ချင်းတစ်ဦးနှင့် မမျှော်လင့်ဘဲ ပြန်ဆုံရသဖြင့် ထိုသူငယ်ချင်းအကူအညီဖြင့် အိမ်ဆောက်ပစ္စည်းအချို့ကို အကြွေးစနစ်ဖြင့် ဝယ်ယူခွင့်ရလိုက်၏။ ထို့ကြောင့် ဆရာကြီး၏အိမ်မှာ မကြာခင်မှာပင် အပြီးသတ်ဆောက်ဖြစ်သွား၏။ ငွေကြေးပြေလည်၍ အကြွေးပြန်ဆပ်ရန် ဖုန်းဆက်ကြည့်သောအခါ ဆောက်လုပ်ရေးမှူးသူငယ်ချင်းက ပြီးခဲ့သောအပတ်ကပင် ရှမ်းလိုလိုဝတ်စားထားသည့်လူတစ်ယောက်ရောက်လာပြီး ပေးဆပ်သွားပြီဖြစ်ကြောင်း၊ မောင်ရင်ကပေးခိုင်းလိုက်တာဟုပြောကြောင်း၊ ဘောက်ချာတောင်ပေးလိုက်ကြောင်းပြောပါသည်။

သူငယ်ချင်းစကားကြောင့် ဆရာကြီးမှာ လွန်စွာအံ့ဩသွားပြီး အကြောင်းစုံကို ဇနီးသည်အား ပြန်၍ပြောပြခဲ့သည်။ ထိုအခါ ဇနီးမောင်နှံနှစ်ယောက်သားအံ့ဩသွားပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးမိကြလေ၏။ ပြုံးမိကြသည့်နေရာခွာလည်း ဆရာတော်ကြီးမိန့်ကြားသွားသည့်အတိုင်း အပေါ် ထပ်ပြတင်းပေါက်လေးအနားထိုင်၍ ပြုံးမိကြခြင်း ဖြစ်လေသည်။

(မှတ်ချက် - ဆရာကြီးတို့မိသားစုသည် ပထမတွင် ရွှေဂုံတိုင်ဘာကျော်ဂျီကုန်း (ယခု ရွှေဂုံရိပ်မွန်အိမ်နေရာ) တွင်နေခဲ့ကြပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် မြောက်ဥက္ကလာပ ကျောက်ရေတွင်းရိပ်ကွက်တွင် နေထိုင်ခဲ့ကြသည်။ ဆရာကြီး၏ သမီးအကြီးဆုံးဖြစ်သူ ဒေါ်လှလှသိန်းသည် ခရိုင်တရားသူကြီးဖြစ်ပြီး စာရေးသူနှင့် အ-ထ-က (၃) ကမာရွတ်ကျောင်းတွင် တစ်တန်းတည်း၊ တစ်ခန်းတည်း ကျောင်းနေဖက်ဖြစ်ပါသည်။ ဆရာကြီးတို့ဇနီးမောင်နှံ၏နာရေးသို့ စာရေးသူကိုယ်တိုင် လိုက်ပါပို့ဆောင်ခဲ့ပါသည်။)

ရွှေဒေါင်းတောင်ဆရာတော်ဟု ထင်ရှားကျော်ကြားခဲ့သော ဆရာတော် ဘဒ္ဒန္တကုမာရကို ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့မြောက်ဘက် နောင်ရဲကျေးရွာဇာတိ တောင်ယာလုပ်ကိုင်စားသောက်သည့် ရှမ်းတရဲအမျိုးသား ဦးခိုင်နှင့် ပင်ခင်ကျေးရွာဇာတိ ပအို့ဝ်အမျိုးသမီး ဒေါ်အွတ်တို့မှ အေဒီ၁၈၉၂ ခု၊ ဇန်နဝါရီ ၁၁ ရက်၊ (မြန်မာနှစ် ၁၂၅၃ ခု၊ ပြာသိုလဆန်း ၁၃ ရက်) တနင်္လာနေ့အကူး၊ ညဉ့်သန်းခေါင်ကျော်(၂)ချက်တီးကျော်တွင် ပင်ခင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ပင်ခင်ရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် တီကျစ်မြို့အနောက်ဘက် ငါးမိုင်အကွာတွင် တည်ရှိသည်။ ဆရာတော်လောင်းလျာကား ဦးခိုင်၊ ဒေါ်အွတ်တို့မွေးသောသား သမီးများအနက် ကိုးယောက်မြောက် အငယ်ဆုံးနှင့် အထွေးဆုံးဖြစ်သည်။

မိခင်ဝမ်းတွင်းမှ မီးရှူသန့်စင်ဖွားမြင်လာစဉ်ကပင် ရဟန်းလောင်းလျာ၏ ဦးခေါင်းတစ်ခုလုံး ဆံပင်များဖွေးဖြူနေခြင်း၊ ခြေဖဝါးနှစ်ဖက်စလုံးတွင် ထူးခြားသောရေစီးကြောင်းလက္ခဏာများပါလာသည်။

ငယ်မည်မှာ မောင်ကြာအောင်ဖြစ်သည်။ ငယ်စဉ်ကပင် ပင်ခင်ကျေးရွာ

www.burmeseclassic.com

ကျောင်းဆရာတော် ဦးသာဂရထံတွင် ပညာစတင်သင်ကြားခဲ့သည်။ အသက် (၁၂) နှစ်အရွယ်တွင် ရသေ့ကြီးဦးခန္ဓိ၏ အကူအညီဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သိမ်ကုန်းကန်ထောင့် ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးစာရိတ္တာဘိဝံသထံသို့ ရောက်ခဲ့ပြီး ပရိယတ္တိစာပေများ သင်ကြားခဲ့သည်။ ထိုမှ ရမည်းသင်း အနောက်ဘက် ကုန်းတောသက်ကယ်ခြံကျောင်းစာသင်တိုက် ဆရာတော် ဦးဝဏ္ဏိတဉာဏထံ ပြောင်းရွှေ့၍ ပရိယတ္တိစာပေများ ဆက်လက် ဆည်းပူးခဲ့သည်။ ထို့နောက် ပင်လောင်းနယ်ပင်မှီလယ်ကြီးကျောင်း တိုက်ဆရာတော်ဦးဂုဏထံ စာပေသင်ကြားကာ တစ်ဝါဆို၍ နေရင်း ဇာတိပင်ခင်ရွာကျောင်းသို့ပြန်ခဲ့လေသည်။

သက်တော်(၂၀)အရွယ်တွင် မိဘများနှင့် ဒါယကာလေးဦးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ပင်ခင်တောရကျောင်း နန်းနိမ်ဆရာတော်ဦးနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ပန်းတောင်းကျောင်းဆရာတော် ဦးစန္ဒ၊ ကျောက်ဆင်ကျောင်းဆရာတော် ဦးပညာဇောတ၊ လွယ်အယ်ကျောင်း ဆရာတော် ဦးအာလောက အပါအဝင် ကာရကသံဃာတော် (၂၁) ပါးဖြင့် ရှင်ကုမာရဘွဲ့အမည်ရင်းဖြင့် မြင့်မြတ်သော ရဟန်းအဖြစ် ရောက်ရှိတော်မူသည်။

ရဟန်းဘဝ၌ တောင်ငူမြို့လယ်ကလေးစာသင်တိုက်ဆရာတော် ဦးဥာဏစာရထံတွင် သုတ္တန်၊ ပါဠိတော်၊ အဋ္ဌကထာနှင့်သမ္မောဟဝိနောဒနီအဋ္ဌကထာတို့ကို သင်ကြားတော်မူသည်။ ထို့နောက် အသက် (၂၂) နှစ်တွင် မန္တလေးမြို့ တောင်ပြင်ဒဏ္ဍိကာရာမဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးဥက္ကံသာဘိဝံသ၊ ဆရာတော်ဦးပုခန်းနှင့် ဆရာတော်ဦးကြည် တို့ထံ၌ ပဋိကတ်ကျမ်းစာများကို ငါးဝါကြာမျှသင်ကြားနာယူခဲ့သည်။ ၁၂၈၂ ခုတွင် မန္တလေးမှ မွေးရပ်မြေဖြစ်သော ပင်ခင်ရွာကျောင်းသို့ပြန်လည်ကြွရောက်တော်မူသည်။ သာမဏေဘဝတည်းက မိမိမွေးရပ်မြေနှင့် ဆွေမျိုးသားချင်းများကို စွန့်ခွာ၍ စာပေပရိယတ္တိများသင်ကြားဆည်းပူးရန် မြန်မာနိုင်ငံအတွင်းရှိ ထင်ရှားသောစာသင်တိုက်များသို့လှည့်လည်ရွှေ့ပြောင်း၍ ပညာသင်ယူခဲ့သည်မှာ အသက် (၂၉) နှစ်အထိ (၁၅) နှစ်ကျော်ကြာမြင့်ခဲ့သည်။

ဦးကုမာရသည် သက်တော် (၃၀) အရွယ်တွင် မိမိဇာတိနယ်မြေ ပင်ခင်ကျောင်းတွင် စာဝါများပို့ချနေတော်မူစဉ် ပင်လောင်းမြို့ နောင်ကား ဆရာတော်ကြီး၏တိုက်တွန်းချက်အရ နောင်ကားကျောင်းသို့ တစ်နှစ်ခန့်သွားရောက်၍ စာဝါများပို့ချပေးရသည်။ ထို့နောက် ပင်လောင်းကျေးရွာမှ ကျောင်းဒါယကာများဖြစ်ကြသော ဦးဖူး၊ ဦးရန်နှင့်ဗန်းပြင်ကျေးရွာမှ ဦးမောင်မောင်၊ ဒေါ်ခွန်းတို့က ပင့်လျှောက်ကြသောကြောင့် ဗန်းပြင်ကျောင်းတွင် သီတင်းသုံး၍ ပရိယတ္တိစာပေများ သင်ကြားပို့ချပေးပြန်သည်။

ဤသို့ စာဝါများပို့ချပေးတော်မူစဉ် တစ်နေ့တွင် မည်သို့မျှအဆက်အသွယ်လည်းမရှိ၊ မျှော်လင့်ထားခြင်းလည်းမရှိသော လုံးပိုကျေးရွာမှ ဒါယကာ၊ ဒါယကာမများ၏ ပင့်လျှောက်ချက်အရ ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာကျောင်းသို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူသည်။ ထိုကျေးရွာမှာ အင်းလေးကန်၏အနောက်ဘက် တောင်တန်းတောင်ခြေတစ်နေရာ၌ရှိသောရွာတစ်ရွာ ဖြစ်သည်။ ကျားတွန်ကျောင်းကား ရွှေဒေါင်းတောင်အနောက်ဘက် နှစ်မိုင်ကျော်ဝေးသော ကျားတွန်ရွာ၏အရှေ့မြောက်ဖျားရွာဦးတောင်ခြေချိုင့်ဝှမ်းထဲတွင်ရှိသည်။ ရှေးအခါက ကျားတွန်ရွာသည် ယခုလောက်မစည်ကားမဖွံ့ဖြိုးသေးချေ။ အိမ်ခြေ(၈၀)ခန့်ရှိ၍ ဆင်းရဲနွမ်းပါးကြသည်။

ဆရာတော်ဦးကုမာရသည် ကျားတွန်ကျောင်းသို့ရောက်သောအခါ ပထမရွာတွင်းမှ စာရိတ္တယိုယွင်းနေသူများကို တရားဟောပြဆုံးမ၍ မကောင်းသောအကုသိုလ်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရန် ဆုံးမတော်မူသည်။ ဆရာတော်သည် ကျားတွန်ရွာတွင် စာသင်တိုက်ဖြစ်မြောက်ရန် ရွာရှိလူကြီးများနှင့်ညှိနှိုင်းစီစဉ်ဆောင်ရွက်ခဲ့ရာ မကြာမီမှာပင် စာသင်တိုက်ဖွင့်လှစ်နိုင်ခဲ့၏။ ထိုအချိန်မှစ၍ ဆရာတော်အား 'ကျားတွန်ဆရာတော်' ခေါ်ဝေါ်ခဲ့ကြသည်။ ဆရာတော်သည် တပည့်ရဟန်းသာမဏေတို့အား ကိုယ်တော်တိုင် စာပေပို့ချပေးတော်မူသည်။ ထို့ပြင် ညောင်ရွှေမြို့၌ နှစ်စဉ်နယုန်လတွင် ကျင်းပပြုလုပ်လေ့ရှိသော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဓိဋ္ဌာယကစာပြန်ပွဲတော်တွင် ဝင်ရောက် ဖြေဆိုတော်မူခဲ့သည်။

ဆရာတော်သည် ၁၂၉၂ ခုနှစ်မှစ၍ ညောင်ရွှေမြို့ ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဓိဋ္ဌာယကစာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး မဟာသံဃနာယကအဖွဲ့ချုပ်တွင် မဟာနာယက အဖြစ် လည်းကောင်း၊ အင်းလေးဒေသ ဆိုင့်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲကြီး မဟာနာယက ဆရာတော်ကြီးအဖြစ် လည်းကောင်း၊ လွယ်မောဂိုဏ်းအုပ် ဝိနည်းဓိရ်ဆရာတော်ကြီးအဖြစ် လည်းကောင်း၊ တောင်ကြီးခရိုင် ဝိနိစ္ဆယဌာန တာဝန်ခံ ဆရာတော်ကြီးအဖြစ် လည်းကောင်း သာသနာ့တာဝန်များထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၂၉၃ ခုတွင် ရမည်းသင်းခရိုင် ညောင်လွန်တောရဆရာတော်ကြီး ဦးမေဓာဝီ (နောင်တွင် ရဟန္တာဟု ကျော်စောထင်ရှားခဲ့သည်။) ထံတွင်သွား၍ သမထ၊ ဝိပဿနာအား ထုတ်ပုံအားထုတ်နည်းများနှင့် နည်းနီးသမျှခံယူခဲ့လေသည်။ ညောင်လွန်တောရဆရာတော်ကလည်း ပရိယတ်တွင်သာမက ပဋိပတ္တိကျင့်စဉ်လုပ်ငန်းဖြင့် အောင်မြင်နိုင်စရာအလားအလာရှိသောဆရာတော်အား မေတ္တာကမ္မဋ္ဌာန်းထိုင်နည်းမှအစ ကျနသေချာညွှန်ပြပေးတော်မူခဲ့သည်။ ဆရာတော်သည် ညောင်လွန်တောရတွင် ရှစ်လကြာနည်းနာနီသံယခံယူပြီးနောက် ရှမ်းပြည်နယ် အင်းလေးဒေသ ကျားတွန်ရွာကျောင်းသို့ ပြန်ကြွလာခဲ့သည်။

ထိုကျောင်း၌ ရှစ်နှစ်ခန့် ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်လက်သီတင်းသုံးတော်မူရင်း တိတ်ဆိတ်သောညအခါများတွင် ကျားတွန်ရွာသုသာန်သို့သွားကာ သုသာန်ဓူတင်ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်တော်မူသည်။ ထို့နောက် ၁၃၀၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့ညတွင် သီတင်းသုံးနေသည့် ကျားတွန်ကျောင်းနှင့်နှစ်မိုင်ကျော်ဝေးသော ရွှေဒေါင်းတောင်ပေါ်သို့ ပြောင်းရွှေ့ ထွက်ကြွတော်မူလေသည်။ ရွှေဒေါင်းတောင်ကား ကျားသစ်၊ မြွေဆိုးများနှင့် ဥဒေါင်းငှက်တို့ ခိုအောင်းနေထိုင်ကြသည်။ ဆရာတော် ရွှေဒေါင်းတောင်သို့ ရောက်သွားသည့်အချိန်က တောင်ထိပ်ပေါ်တွင် ဘုရားငုတ်တိုတစ်ဆူနှင့် အမိုးအကာမရှိသောဇမ္ဗုဋ္ဌာန်းတဲကျောင်းငယ်တစ်လုံးသာရှိသည်။ တောထွက်လာသည့်အချိန်က သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်သာ ယူဆောင်လာခဲ့သည်။ တောင်ပေါ်ရောက်သည့်ညဦးယံအချိန် မိမိပြုလုပ်သောအဝိဇ္ဇာနိုပြုပြီးသည့်အချိန်မှစ၍ သိမ်နေရာကျောက်ဆောင်တစ်ခုဘေးသို့ ထိုင်လျက်

www.burmeseclassic.com

www.burmeseclassic.com

ဝါလာသော သင်္ကန်းတစ်ထည်လွှမ်းခြုံ၍ ကျွင်ကြံ အားထုတ်ရာလမ်းစဖြစ်သည့် 'စတုရာရက္ခလေးပါး' တရားကို ပွားများအားထုတ်သည်။

ထို့နောက် ဆရာတော်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အလိုတော်ကျဖြစ်သော ရဟန်းတို့ကျင့်ကြံပွားများအားထုတ်ရသည့် ခူတင် (၁၃) ပါးအနက် (၁)တိစီဝရိတ်ခူတင်၊ (၂)ပိဏ္ဍပါတိတ်ခူတင်၊ (၃)သပဒါနစာရီခူတင်၊ (၄)ဧကာသနိက်ခူတင်၊ (၅) ပဏ္ဏုပိဏ်ခူတင် (၆) အရညာတင်ခူတင်နှင့် (၇) သုသာန်ခူတင်တို့ကို ကျင့်ဆောင်သည်။ ထို့အပြင် ဆရာတော်သည် မိမိခန္ဓာကိုယ်နှင့်စိတ်၊ မိမိခွဲနာမ်နှစ်ခုစလုံး တရားမရသမျှကာလပတ်လုံး အမိုးကြေကြေအရေခန်းခန်း မြတ်စွာဘုရားရှင်ထံ လျှဒါန်းပူဇော်ထားသည့် ရဟန်းတစ်ပါးဖြစ်သည်နှင့်အညီ ရွှေဒေါင်းတောင်ပေါ် သို့ ရောက်ရှိချိန်မှစ၍ မိမိကျင့်ကြံအားထုတ်ရမည့် နေ့စဉ် နိစ္စဘတ်ဝတ်ကို အချိန်ဇယားအတိုင်း တိကျစွာ ဆောင်ရွက်တော်မူသည်။နံနက်ပိုင်းဆွမ်းကိစ္စပြီးလျှင် ဘုရားဝတ်၊ တန်ဆောင်းပြင်၊ သာသနာ့ဝေယျာဝစ္စ ဆောင်ရွက်တော်မူသည်။ ပြီးလျှင် ရွှေဒေါင်းတောင်နှင့် အနီးဆုံး နားဌောင်းကျေးရွာသုသာန်၊ အင်းတိမ်ရွာသုသာန်၊ နွားကြီးသုသာန်၊ တောင်ပို့နိ်သုသာန်၊ ကားပေါခုံသုသာန်များသို့ ညဉ့်ဦးယံ ထွက်သွားရောက်၍ ဆုသာန်ခူတင်အသုဘကမ္မဋ္ဌာန်းတရား ပွားများအားထုတ်တော်မူလေသည်။

ဆရာတော်သည် အင်းလေးကန်၊ ကန်ကျွင် သုသာန်များတွင် ခူတင်ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်နေသည့်အခါ၌ ဆားဌောင်းကျေးရွာ သုသာန်အရိုးစုတစ်ခုမှ ကလေးငိုသံမျိုးကဲ့သို့၊ သုသာန်ငှက်လိုလိုမှာ ညည်းညူသံများ၊ သိတ်လန့်တကြား အော်ဟစ်ကြသည့် အသံတို့။ မိန်းမသံများ မကြာခဏ ကြားရတတ်သည်။ ရဲဖန်ရဲခါ ယင်းသုသာန်တို့၌ မကျွတ်မလွတ်ကြသော ဆုသာဘဝဝိဓာဘာဝတို့က ဆရာတော်အား ရွှမ်ဆင်းသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ဆွဲငင်ယူတ်ခြင်း၊ ကြောက်မက်ဖွယ် သဏ္ဌာန်ဖန်ဆင်းခြင်း၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ရှိ-မရှိပြခြင်း၊ နတ်သမီးအလောင်းကောင်၊ မကောင်းဆိုးဝါးများ၏ အဆောအလုပ်ပြခြင်းများ ကြုံတွေ့ခဲ့ရသည်။

ဆရာတော်သည် မိမိဆောက်တည်ထားသော သီလ၊ သမာဓိ၊ ပညာ၊ ခန္ဓိနှင့် မေတ္တာဓောတ်တို့ စုပေါင်း၍ 'မည်သည့်အနှောင့်အယှက်၊ အခက်အခဲ၊ အခြောက်အလှန့်များ ကြုံတွေ့ရသည်ဖြစ်စေ ငါဤနေရာမှမထ' ဟူသော ဇွဲအဓိဋ္ဌာန်ဖြင့် ကြွကြွခိုင်ခိုင် ခုခံတွန်းလှန်လိုက်သောအခါ သုသာန်မှနာနာဘာဝတို့သည် ဆရာတော်နှင့်မိတ်ဆွေများဖြစ်လာကာ နေရာထိုင်ခင်းရှင်းလင်းပေးခြင်း၊ သုသာန်မှအပြန်၌ အလင်းရောင်ဖြင့် လမ်းပြပေးကြသည်။ ဆရာတော်သည် သုသာန်ခူတင်အသုညကမ္မဋ္ဌာန်းရှုပွားခြင်းကို တောထွက်လာသည့် ၁၃၀၀ ပြည့်နှစ်မှ ၁၃၁၀ပြည့်အထိ (၁၀) နှစ်တိတိ ညစဉ်မယွင်းကျင့်ကြံအားထုတ်တော်မူခဲ့သည်။ မိုးတွင်းမိုးရွာလျှင် သစ်စေးတစ်ဖက်သုတ်ထားသော သင်္ကန်းခြုံ၍ တရားထိုင်ခဲ့သည်။ မိုးကြောင့်၊ လေကြောင့် အဓိဋ္ဌာန်အယှက်မခံခဲ့ပါပေ။ ဆရာတော်ကြီးသည် တောထွက်သည့် အချိန်မှစ၍ (၁၂) နှစ်တိတိ သင်္ကယံကျောင်းနှင့် သီတင်းသုံး နေထိုင်ခဲ့သည်။ ၁၃၁၂ ခုတွင် ပထမအုတ်တိုက်ကျောင်း ဆောက်၍ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ယခု တောင်ပေါ်တွင်ရှိ ပထမကျောင်းနေရာအဆောက်အအုံဖြစ်သည်။ ဆရာတော်ကြီးရွှေဒေါင်း တောင်ပေါ် ရောက်လာစဉ်က သောက်မရ၊ သုံးရေအတွက် ရေမရှိချေ။ ရွှေဒေါင်းတောင်နှင့် နှစ်မိုင်ကျော်ဝေးသော ကျားတွန်ရွာမှ ဆရာတော်ကြီးအား ကြည်ညိုကြသော ဒါယကာ၊ ဒါယကာမများက အလှည့်ကျ အထမ်းဖြင့် ရေတို့သယ်၍ တောင်ပေါ် သို့ပို့လျှကြသည်။

ဆရာတော်ကြီးသည် သက်တော် (၆၅) နှစ်က ရန်ကုန်သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ မြန်မာ၊ သီဟိုဠ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအို ငါးနိုင်ငံ ကြီးမှူးကျင်းပသော ဆဋ္ဌသင်္ဂီယနာတင်ပွဲတော်သို့ ရှုမ်းပြည်နယ်သံဃာတော်များကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။

ရွှေဒေါင်းတောင်ဆရာတော်ကြီး နာမည်ကြီးလာသောအခါ ဆရာတော်ကြီးထံ လာရောက်ဖူးမြော်သူ ပရိသတ်တို့ကို တစ်နေ့နေ့တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် လက်ခံတွေ့ဆုံကန်တော့ခဲ့၍ ငါးပါးသီလ၊ ရှစ်ပါးသီလ ပေးလေ့ရှိသည်။ ပြီးလျှင် အဓိဋ္ဌာန်သီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါးကို မမှားယွင်းဘဲ ထိန်းသိမ်းစောင့်ရှောက်ကြီးစား အားထုတ်၍ အောင်မြင်တော်မူခဲ့သော ဆရာတော်အရှင်မြတ်ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ဖူးမြော်ကန်တော့ရသောအကျိုးကြောင့်' ဟူ၍ မိန့်တော်မူရင်းဆုပေးလေ့ရှိသည်။

အဓိသီလသည် လူတို့၏ ငါးပါး၊ ရှစ်ပါးတို့ထက် သာလွန်သော ရဟန်း၏ 'ပါတိမောက္ခသံဝရသီလ' ဟုခေါ်သည်။

အဓိစိတ္တ ဟူသည် ထူးကဲမွန်မြတ်သော သမာဓိတရားကို ဆိုသည်။

အဓိပညာ ဟူသည် ဝိပဿနာဉာဏ်မှစ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကို ဆိုသည်။ ဆရာတော်ကြီးသည် ပုထုဇဉ်လူအများကို ကြင်နာသနားသောအားဖြင့် အစဉ်အမြဲ ဟောပြောလေ့ရှိသော တရားတော်မှာ 'အရှိနှင့် အသိ၊ အဖျားမှာ နိဗ္ဗာန်ရှိ' ဟူသောတရား ဖြစ်၏။

ဆရာတော်ကြီးသည် ဇရာပိုင်းရောက်လာသည့်တိုင် နေ့စဉ် တစ်နေ့ (၄) ကြိမ်၊ (၄) နာရီ တရားထိုင်တရားရှုမှတ်နေဆဲ၊ မေတ္တာဘာဝနာစီးဖြန်းနေဆဲဖြစ်သည်။ ရဲဖန်ရဲခါ ညဉ့်ပရိသတ်ရှင်းနေသည့်အချိန်မျိုးတွင် 'ကိုယ့်ကိုယ်ကိုယ် ဖြစ်မှန်းသိရဲ့လား၊ ပျက်မှန်းသိရဲ့လား၊ မသိရင် အကန်းပဲ' ဟူ၍ မိမိကိုယ်ကို ပြန်လည် ဆုံးမတော်မူလေ့ရှိသည်။

ဤသို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်ဝတော်မူသော အင်းလေးရွှေဒေါင်းတောင်ဆရာတော် ဘုရားကြီးသည် သက်တော် (၉၄) နှစ်၊ သိဂ္ဂါတော် (၇၀) ဓါအရ ၁၃၄၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၃-၁-၁၉၈၅ နေ့၊ ညဉ့် (၁၀)နာရီ၊ (၄၅) မိနစ်အချိန်တွင် ဘဝနတ်နန်းစံမြန်းတော်မူခဲ့ပါလေသည်။

ဤဆောင်းပါးဖြင့် ရွှေဒေါင်းတောင်ဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့ကို ဦးခိုက်လျက်။

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ ရဟန္တာနှင့်ရဟန်းထူးများ ဆရာမောင်ပန်းမွှေးပြုစုသည်။ (တော့်ဝင်မြို့မစာအုပ်တိုက်)

၂။ ရွှေဒေါင်းဆရာတော်ဘုရားကြီး၏ထူးခြားဆန်းကြယ်မှုများ (ဆရာလင်းရောင်တင်)

၃။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အမှတ်ရဖွယ်ရဝတ္ထုများ (တင်အောင်သွင်)

(တိုးတက်စီစဉ်၍ ရန်အောင်အပေမှတုတ်ဝေသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဝိန်လှိုင် (ကျိုက်လတ်)

ဗုဒ္ဓမြတ်စွာဟောကြားခဲ့သော မြတ်တရားစု

(သင်မြတ်ရေးသားပုံတွင် ဓမ္မသာရကျင့်ကြံနားလည်ပုံဖြင့်)

၁။ ဝိပဿနာတရားအားထုတ်သောပုဂ္ဂိုလ်၌ လိုအပ်သော အင်္ဂါငါးပါးသည်ကား မြတ်စွာဘုရားကို ယုံကြည်မှုသဒ္ဓါ၊ ကျန်းမာခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ ဝီရိယရှိခြင်းနှင့် ပညာရှိခြင်း ဖြစ်၏။

(မဇ္ဈိမနိကာယ် ကဏ္ဏကတ္ထလသုတ်)

၂။ တရားကိုမြင်သောသူသည် ငါဘုရားကိုမြင်သည်မည်၏။ ငါဘုရားကိုမြင်သောသူသည် တရားကိုမြင်မည်၏။

(သံယုတ်နိကာယ် ခန္ဓသံယတ္တ ဝက္ကလိသုတ်)

၃။ ငါဘုရားသည် တန်ခိုးပြာဋိဟာရိယ ဝန်လေး၏။ ရှက်၏။ စက်ဆုပ်၏။

(ဒီဃနိကာယ် ကေဝဋ္ဋသုတ်)

၄။ သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် လမ်းမှန်ကိုသာ ညွှန်ကြားရုံမျှသာ ဖြစ်၏။

၅။ ရဟန်းတို့၊ သင်တို့သည် သူတစ်ပါးက ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာကို ကဲ့ရဲ့စကား သို့မဟုတ် ချီးမွမ်းစကားပြောလျှင် နလုံးမသာယာခြင်း သို့မဟုတ် စိတ်တက်ကြွခြင်းမဖြစ်ဘဲ အကြောင်းအကျိုး၊ အကောင်း၊ အဆိုးသိရှိရန် အားထုတ်ကြရာ၏။

(ဒီဃနိကာယ် ပြဟ္မဇာလသုတ်)

၆။ ဒုက္ခသည်လည်းကောင်း၊ ဒုက္ခ၏အစသည် လည်းကောင်း၊ ဒုက္ခ၏အဆုံးသည်လည်းကောင်း၊ ဤခန္ဓာကိုယ်၌ သိစေရမည်။

(သံယုတ်နိကာယ်၊ [illegible])

၇။ အကြင်သူသည် မိမိ၏ အပြစ်ကိုမြင်၍ အပြစ်အားလျော့စွာတရား၏ နှစ်သောဝိစိကိစ္ဆာလည်း ထိုအပြစ်ကို ထပ်မံမကျူးလွန်မိရန် စောင့်စည်း၏။ ဤ

(ဒီဃနိကာယ် [illegible])

[illegible]

သည်ကား ဘုရား အစရှိသော သူတော်ကောင်းတို့၏အဆုံးအမ၌ ထိုသူ၏ ကြီးပွားကြောင်း ဖြစ်၏။

(သံယုတ်နိကာယ် သုသိမသုတ်)

၈။ သတ္တဝါသည် သေပြီးသည့်တိုင်နောက်၌ရှိသည်ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း ငါဘုရားမဟော။ အဘယ်ကြောင့်ဆိုသော် ထိုတရားများသည် နိဗ္ဗာန်ရောက်ကြောင်းတရားများမဟုတ်။

(ဒီဃနိကာယ် ပေါဋ္ဌပါဒသုတ်)

၉။ ငါသည် သူထက်မြတ်၏။ ငါသည် သူနှင့်တူသည်၊ သို့မဟုတ် ငါသည် သူ့အောက်ယုတ်၏ဟူသော မာနသုံးမျိုးကို ပယ်ရန် အရိယာမဂ်ကို ပွားများအပ်၏။

(သံယုတ်နိကာယ် ဝိဓာသုတ်)

၁၀။ မြတ်စွာဘုရားသည် ဟုတ်မှန်သော၊ အကျိုးစီးပွားနှင့်စပ်သော၊ သူတစ်ပါးနှစ်သက်သောစကားမျိုးကိုသာ အခါအားလျော်စွာပြော၏။

(မဇ္ဈိမနိကာယ် အဘယရာဇကုမာရသုတ်)

၁၁။ ဘုရားတရားစကားကိုများစွာပြောသော်လည်း မကျင့်ကြံသောသူသည် နွားကို ထိန်းကျောင်းပါလျက် နွားနို့အရသာကို မခံစားရသော နွားကျောင်းသားနှင့်တူ၏။ ဘုရား၊ တရားစကားကို အနည်းငယ်သာပြောသော်လည်း ကျင့်ကြံသောသူက ပို၍မြတ်၏။

(ခုဒ္ဒကနိကာယ် ဓမ္မပဒဂါထာ ၁၉)

၁၂။ အကြင်သူသည် သူတစ်ပါးကျေးဇူးကို ချေဖျက်တတ်၏။ သူတစ်ပါး၏ကြွေးမြီးကို မပေးဆပ်၊ အိုမင်းသော မိဘများကိုလည်းကျွေးမွေးပြုစုနိုင်စွမ်းရှိပါလျက် မပြုစု၊ မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချ၏။ ထိုသူသည် [illegible] ဖြစ်၏။

[illegible]

(သတ္တနိပါတ် ဓေသလသုတ်)

၁၃။ သိမ္ဘဝိဇ္ဇာသည် ကုသိုလ်တရားတို့၏ရှေ့သွားဖြစ်၍ ရှက်ကြောက်မှုသည် နောက်လိုက်ဖြစ်၏။ ကုသိုလ်တရားအားလုံးသည် မမေ့မလျော့မှု ဒုပ္ပမာဒတရားသာလျှင် အခြေခံရှိ၏။

(အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အပ္ပမာဒသုတ်နှင့် ဒသကနိပါတ် ဝိဇ္ဇာသုတ်)

၁၄။ အတိတ်ကာလဖြစ်ပျက်ခဲ့သောတရားစုသည် ချုပ်ပျောက်ကြလေပြီ။ အနာဂတ်တရားစုသည်လည်း မရောက်လာသေးချေ။ သို့ဖြစ်၍ အတိတ်ကို အောက်မေ့စွဲလမ်းခြင်း၊ အနာဂတ်ကို တောင့်တစွဲလမ်းခြင်းမပြုရာ။

(မဇ္ဈိမနိကာယ် ဆဒ္ဒေကရတ္တသုတ်)

၁၅။ ဘဂီယ၊ သင်သည် မြင်ရာကြားရာ သိရာ၌ မြင်ကာမျှ၊ ကြားကာမျှ သိကာမျှသာ ကျင့်အပ်၏။ ဤသို့ကျင့်ပါက သင်သည် ရာဂမဖြစ်၊ တွေဝေမှုမဖြစ်၊ မျက်မှောက်တမလွန်ဘဝ၌မဖြစ်ဘဲ ဒုက္ခချုပ်ငြိမ်းလတ္တံ့။

(ဥဒါန်းပါဠိတော် ဘဂီယသုတ်)

၁၆။ မြစ်ကို ဖောင်ဖြင့်၊ ဖြတ်ကူးသောသူသည် တစ်ဖက်ကမ်းသို့ရောက်သောအခါ ဖောင်ကို စွန့်ပစ်သကဲ့သို့ သင်တို့သည် သီလ၊ သမာဓိ၊ ဝိပဿနာတရားတို့၌သော်လည်း ဆန္ဒရာဂကို စွန့်အပ်၏။

(မဇ္ဈိမနိကာယ် အလဂဒ္ဒူပမသုတ်)

ဆင်ခြင်သုံးသပ်၍ ကျင့်ကြံပွားများအားထုတ်ပြီး သူတော်ကောင်းတရားများနှင့်ပြည့်စုံကြပါစေ။

ဆရာဦးဝိန်လှိုင် (ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

ဒေယျကြဉာန်း၊ စိုးစံမြန်းသည်၊ ရွှေနန်းရှင်၊ ဂုဏ်ကိုးအင်မင်းတို့မှာ၊ တရားမစောင်း၊ ထီးဖြူဆောင်းတို့၊ အကြောင်းကိရိယာကား၊ သတ္တဝါပေါင်းတို့အား၊ အနီးအဝေး၊ မရွေးဗညာများကို၊ လက်သုံးလက်ဒါး ပမာ၊ ထက်အောင်သွေး၍၊ ဆိုရေးရှိလတ်ရာလည်း၊ ယုတ္တိယုတ္တာ၊ ဂတိဧလိုက်၊ တိမ်တိုက်ခွန်းလွှား၊ မိုးလင်းကြွေးသွားသို့၊ စကားတည်ကြည်၊ အရှည်ထွန်းလင်းဘိအောင်၊ ကတိသုသမွာ၊ ကြားသော်လည်းနှစ်မြို့၊ သမ်းမည်သည်၊ မင်းတို့လက္ခဏာတည်၊ ရတနာစုံပြည့်ဖို့၊ နာတရတ်ဂုဏ်ကိုးပါးချဲ့သည်၊ လောက်လုံမင်းကောင်းမျိုးတို့၊ ကျင့်ဂိုးဖြည့်အင်္ဂါ၊ အပရိဟာနိ၊ ကျေးလူးရှိသည်၊ သတိမလွတ်သာတည့်၊ ကျမ်းအမှာသင်္ဂဟ၊ မခွစေလို၊ ငြဟ္မစိရံမှု၊ နှလုံးဖြူ၍၊ အယူခတည့်မတ်ရာ၏၊ ဗဟုသုတဆိုသည်မှာ၊ စကားနိဿိ၊ ကြားတိုင်သိစေရာသား၊ မေးပုစ္ဆာလာသမျှ၊ ရွရွပြီးပြေ၊ သူ့အနေကို၊ ရွှေလက်မြှောက်ပို၍၊ ခရိုင်တိုင်းတစ်ပါး၊ စကားနှုတ်ဆက်၊ မေတ္တာရက်အောင်၊ အမျက်မလွန်၊ ထုံးနည်းညွှန်လျက်၊ မတ်မွန်စေလွတ်ထားရှင့်၊ မိုက်မှားအဝိဇ္ဇာ၊ မိစ္ဆာဖုံးလွှမ်း၊ မင်းကြမ်းမင်းဆိုး၊ နည်းကိုခိုး၍၊ စစ်ထိုးမပြုရာတည့်၊ လုပ်စာသီးပွင့်မျိုး၊ ဆယ်ဘို့တဘို့၊ မင်းတို့အခွန်၊ မလွန်ခံစားရိုးလာ၊ တိုး၍မယူသာ၊ သူလျောင်လျှောက်ထား၊ ကုန်းစကားကြောင့်၊ အမှားမဆိုရာသည်၊ မဟာဓမ္မရာဇဝင်တို့စောစစ်။

(မဟာပညာကျော်လျှောက်ထုံးမှ)

သက္ကရာဇ်ကောဇာ ၉၅၅ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့တွင် မင်းရာဇာသည် မျောက်သားတော်ဝိဇယာနှင့် ပြည်စည်းစိမ်အုပ်စိုးတော်

စောထွဋ်သျှင်(မြောက်ဦး)

မမင်းပေါ်တည်ခဲ့သောဆင်းတုတော်

မင်းမပေါ်ဘုရားကို ရွေ့တည့်တည့်မှ ဖူးမြော်ရုပ်



ဘုရားပေါ်ဘုရားကြီးကြီး

မမင်းပေါ်ဘုရားကို အနောက်ဘက်မှ မြော်ရုပ်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားပေါ်ဘုန်းတော်ကြီးကျောင်းရှိ
ထိုင်တော်မူ ယွန်းဘုရား

ဘုရားပေါ်ဘုန်းကြီးကျောင်းရှိ
ရပ်တော်မူ ယွန်းဘုရား

ဘုရားပေါ်ကျောင်းမှူန်ဝိရိုအတွင်းရှိ
ဝဲဘက်မှ ရွေးဟောင်းဘုရားတစ်ဆူ

ဘုရားပေါ်ကျောင်းမှူန်ဝိရိုအတွင်းရှိ
ယာဘက်မှ ရွေးဟောင်းဘုရားတစ်ဆူ

ရွှေကြာသိမ်ဘုရား

မူလေ၏။ သက္ကရာဇ် ၉၆၅ ခုနှစ်တွင် ရွှေဆည်းဝ၏ကမ်းထိပ်အနီး ရေပြင်ဝယ် မြတ်စွာဘုရား၏ရုပ်တုတော်သည် အလိုလိုပေါ်လတ်သည်ဟု ကျော်စောလေလျှင် ဘဝရှင်မင်းရာဇာသည် ဆန်းကြယ်စွာသောပွဲလမ်းသဘင်ကို စီရင်တော်မူလျက် မှူးတော်မတ်တော်တို့နှင့် သိန်းသန်းမက သောဗိုလ်ပါတို့နှင့် စုံရုံးညီညွတ်စွာဆွဲငင်ပင့်ဖိတ်ပါသော်လည်း ရုပ်တုတော်သည် ရေပေါ်သို့ မကြွမတက်ဘဲရှိသော် ဘုရင်မင်းရာဇာသည် လက်ဝဲမြန်အမတ်ကြီး ကောင်းကျော်ထင်၏လျှောက်ထားချက်အရ ဘုရင်မင်းကြီးတွင် မွေးဖွားသော သမီးတော်မ မင်းပေါ်(ပန်းသန္နာ)မှာ ဝေသာလီခေတ်က မဟာတိုင်းစန္ဒြားမင်းကြီး၏မိဖုရား သူပဘာဒေဝီဖြစ်ကြောင်း လျှောက်ထားလေသည်။ ထိုမမင်းပေါ်ကိုယ်တိုင် ဒါယိကာမအဖြစ် ခံယူ၍ မြပုခက်တင်လျက် ရွှေတမုတ်ကြိုးမျှင်ကို သမီးတော်၏ ညာလက်ဝယ်တစ်စ၊ ဘုရားဆင်းတုတော်၏ပလ္လင်၌ တစ်စရစ် ပတ်ပြီး ဇယင်ကျူး၍ ပုခက်လွှဲကာ ပင့်ဆောင်သောအခါဝယ် ယင်းဆင်းတုတော်မှာ ရေထဲမှတရွေ့ရွေ့ကြွတော်မူခဲ့သည်။ ထိုဆင်းတုတော်အား ကမ်းနဖူးဝယ် မြေကိုဖို့စေပြီး လိုက်ဂူကြွေးဆောက်၍ ကိန်းစပ် စံပယ်တော်မူလေသည်။ ဆင်းတုတော်မှာ ရေထဲမှပေါ်လာသဖြင့် ရခိုင်တို့က ဘုရားပေါ်ဘုရားဟု ယနေ့တိုင်ခေါ်ဝေါ်ခဲ့ကြသည်။ ဆင်းတုတော်မှာ နှစ်ပေါင်း (၁၂၇၆) နှစ်တိုင်အောင် ရေထဲ၌ ကိန်းဝပ်စံပယ်ခဲ့ရသည်။

ဘုရားပေါ် ဘုရားကြီး၏အနောက်ဘက်မနီးမဝေးတွင် ဘုရားပေါ်ဘုန်းကြီးကျောင်းရှိလေသည်။ ထိုကျောင်းပေါ်တွင် မြောက်ဦး ဒုတိယခေတ် ယွန်းရပ်တော်မူဘုရား၊ ထိုင်တော်မူဘုရားနှစ်ဆူ (ကြေးသွန်း)နှင့် ထိုင်တော်မူယွန်းဘုရားတစ်ဆူတို့ရှိကြလေသည်။ ထိုကျောင်း၏အနောက်တောင်ဘက်မနီးမဝေး၌ ကယ်ပါစေတီနှင့် ထိုမှအနည်းငယ်ခန့်အကွာ ကယ်ပါသိမ်တို့ရှိကြလေသည်။ ခင်မနှောင်း (သျှင်မနှောင်း) မှာ ပုဂိုးဖြူမင်းသမီး (ပဲခူးမင်းသမီး) ဖြစ်သည်နှင့်အညီ မင်းရာဇာအား ဆက်သလိုက်သော မင်းသမီးတစ်ပါး မြောက်ဦးသို့ရောက်လျှင် တန်ဆောင်းမိဖုရားအရာကို ချီးမြှင့်မြောက်စားခြင်းခံရလေသည်။ သမီးဖြစ်သူ မမင်းပေါ်ခေါ် ပန်းသန္နာမှာ ပုဂိုးဖြူမိဖုရား၏ သမီးရတနာဖြစ်၍ ငယ်စဉ်ကစ၍ မိဖုရားကြီး၏ သွန်သင်ဆုံးမမှု

www.burmeseclassic.com

www.burmeseclassic.com

အောက်ဝယ် တစ်သဝေမတိမ်းလိုက်နာခဲ့လေ၏။ မင်းမပေါ်မှာ အရွယ်မရောက်မီတောင် ဘာသာတရားကို အလွန်ကိုင်းရှိုင်းခဲ့သေလေ၏။ မမင်းပေါ်မှာ ဘုရားညည်လိုစိတ် အလွန်ပြင်းပြလေ၏။(၁၆) နှစ်အရွယ်ရောက်လာသော် ဘုရားပေါ် ဘုရားကြီး၏အနောက်ဘက် (၁)မိုင်ခွဲခန့် အကွာ ကင်းဆိပ်ရွာ၏ အနောက်ဘက် (၂) ဖာလုံခန့်အကွာ၌ တဲနန်းဆောင် ဆောက်လုပ်ပြီးနေထိုင်လေသည်။ မမင်းပေါ်မှာ ဘာသာရေးကိုအရွယ်နှင့်မလိုက်အောင် ငယ်စဉ်ကစတင်၍လေးစား၏။ ဘခမည်းတော်မှစ၍ မမင်းပေါ် အပေါ် ပြုပြင်ဆုံးမသွန်သင်လေသည်။ မမင်းပေါ်လည်း ဘခမည်းတော်၊ မယ်တော်တို့၏ ဆုံးမသွန်သင်မှုကို တစ်စမကျန် ကိုက်နာ၏။ သူမဆန္ဒကား ဘုရားတစ်ဆူဆည်ရန်မှအပ အခြားဘာဆိုဘာမှမရှိပေ။ သူမ၏ဆန္ဒကား ပြည့်ဝလေပြီးသည်။ သက္ကရာဇ် ကောဇာ ၉၈၁ ခုနှစ်တွင် ဘုရားပေါ်ရွာ၏ အနောက်ဘက် ဘုရားပေါ် ဘုရားကြီးနှင့် မလှမ်းမကမ်းတွင် ဘုရားတည်ရန် အုတ်မြစ်ချခဲ့လေသည်။ (ထိုဘုရားမှာ ဦးစံရွှေသာ (ကွယ်လွန်)၏မြောက်ဘက်အနီးတွင်ဖြစ်လေသည်။)

ဆင်ဆာတော်၏မှုခြာနှင့် အတိုင်းအတာ

ပုံတော်မှာ လက်ဝဲဘက်လက်တော်သည် မှောက်လျက် မဟာပထဝီအကြီးကို လက်ဖျားနှင့်ထိနေဟန် ပဇၨ်ပြာဖြစ်လေသည်။

ထိုင်နေတော်မူဟန်မှာ လက်ဝဲခြေပေါ်သို့ လက်ယာဘက် ခြေဖဝါးကို တင်၍တင်ထားသော ဝီရသနထိုင်တော်ဟန်ဖြစ်သည်။ ဦးခေါင်းတော်တွင် ဘုရားရှင်၏သရီရဓာတ်တော်မွေတော်များ ဌာပနာထားသည်။ ဝိုင်းစက်သောဆံနာတော်၊ ဆန်းသစ်စပမာ နူတ်ခမ်းတော်အစုံမှ ပြုံးတော်မူဟန်၊ ခံညားရှည်သောနားပြီး ပခုံးတော်တွင်ထိခြင်းမရှိသော ဆံချွန်တော်များ၊ လည်ပင်းပေါ်တွင် ဘိုးလိခေါ် အိုးနားရေသဏ္ဌာန်လည်ရစ်(၃)ချစ်နှင့် ကိုယ်ပေါ်တွင် ပါးလွှာသော ဆင်နန်းလွှမ်းခြုံထားဟန်တို့မှာ ရခိုင်ပုဒ္ဓရူပညာဟန်ဖြစ်ချေ၏။ ပါးလွှာသော ဆင်နန်းအောက်မှ မဟာပုရိသ၏ ဗဟုဇာကြီးငယ်တို့ကို အထင်ရှားမြော်မြင်နိုင်ပါလေသည်။ ဆင်းတုတော်၏ ဦးခေါင်း လူး၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏

မမင်းပေါ်၏ ဘုရားစေတီ

ဘုရားပေါ်ရပ်ကွက်အတွင်းရှိ ကယ်ပါစေတီ

ဘုရားပေါ်ရပ်ကွက်အတွင်းရှိ ကယ်ပါသိမ်

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်အထူးကိုခံနေတော်မူဟန်ထုဆစ်ထားလေသည်။

ဒုတိယမြောက်ဦးခေတ်၏ သတ္တုရူပဓိသုကာကျမ်းနှင့်အညီ -

၁။ အရှည်တော် (၅) ပါး
၂။ အတောင်တော် (၅) ပါး
၃။ အထွာတော် (၂၂) ပါး
၄။ မိုက်တော် (၁၃) ပါး
၅။ လက်သစ်တော် (၂၈) ပါး
၆။ မုယောတော် (၁၅) ပါး
၇။ အဖြိုးတော် (၇) ပါး
၈။ အဝန်းတော် (၂၃) ပါး

စသည်တို့နှင့်အညီ ပြုလုပ်ထားပါသည်။

ဤအဂီရပ် (၁၁၈) ပါးနှင့်ပြည့်စုံသောဆင်းတုတော်မှာ အလွန်သပ္ပာယ်၍ ဖူးမြော်ရသူများကို သဒ္ဓါတရားအလွန်ထက်သန်စေပါသည်။

ဆင်းတုတော်၏အတိုင်းအတာပမာဏ

ဆင်းတုတော်၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဉာဏ်တော်အမြင့်
(၄) ပေ၊ (၄) လက်မ
၂။ မျက်နှာတော် (မေးစေ့မှဆံစတိ)
(၁၂) လက်မ၊
၃။ နားတော်ရှည် (၉. ၂) လက်မ၊
၄။ နှာခေါင်းတော် (၃. ၄) လက်မ၊



သီရိသုခမူရာစာ ပြောက်ဦးခေတ်တွင် တိုင်းမန်းထုဆည်ထားပုံ

၅။ ပခုံးတော်အကျယ်
(၂) ပေ၊ (၃) လက်မ၊
၆။ ဦးခေါင်းတော်အဝန်း
(၃) ပေ၊ (၃. ၄) လက်မ၊
၇။ ခါးတော်အကျယ်
(၃) ပေ၊ (၄) လက်မ၊
၈။ ပခုံးတော်အကျယ်
(၂) ပေ၊ (၂) လက်မ၊
၉။ လက်မောင်းတော်လုံးပတ်
(၁) ပေ၊ (၃. ၄) လက်မ၊
၁၀။ ရင်ဘတ်တော်အကျယ်
(၁) ပေ၊ (၈) လက်မ၊
၁၁။ လည်ပင်းတော်အကျယ်
(၂) ပေ၊ (၃. ၄) လက်မ၊
၁၂။ ဒူးစွန်းနှစ်ဖက်အရှည်
(၃) ပေ၊ (၃) လက်မ၊
၁၃။ ခြေဖဝါးအရှည်
(၁) ပေ၊ (၂) လက်၊
၁၄။ ခြေဖဝါးအကျယ် (၇. ၄) လက်မ၊
၁၅။ ပလ္လင်အမြင့်
(၂) ပေ၊ (၁၀) လက်မ
ခန့်ရှိလေသည်။

သို့သော် စေတီပြုပြင်ခြင်းမရှိဘဲ ပျက်စီးချင်တိုင်းပျက်စီးနေလေ၏။

အချုပ်အားဖြင့် ဤဆင်းတုတော်၏ဒူးစွန်းနှစ်ဖက်အကျယ်မှာ မျက်ခုံးမွေးနှစ်ခုကြား ကျော်လွန်နေပြီး နဖူးသင်းကျစ်တော်တိုင်ရောက်ရှိနေသဖြင့် မင်းဗိုးရာဇာတို့ထုလုပ်ကိုးကွယ်ခဲ့သောဆင်းတုတော်ဆိုသည်မှာ ထင်ရှားနေပါသဖြင့် မမင်းပေါ် တည်ထား ကိုးကွယ်ခဲ့သော ဘုရားဆိုသည်မှာ သေချာနေပါသတည်း။

စာပေမေတ္တာသစ္စာဖြင့်
စောထွဋ်သျှင် (မြောက်ဦး)

၁။ ဦးမောင်ဖြူချေ (ဘုရားပေါ် ဘုရားဂေါပကအတွင်းရေးမှူး) ၏ ပြောပြချက်များ
၂။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ

www.burmeseclassic.com

www.burmeseclassic.com

ဥာဏ်မြင့်
မွေတော်ရှစ်စရွတ်ကြွင်းတယ်ကို

ဤစာရေးသူနှင့်စာပေအကြောင်း၊ ရေးအကြောင်းဆွေးနွေးဖော်မိတ်ဆွေဖြစ် မျှော်လင့်ဘဲရောက်လာသည်။ သူ ကောင်းထိုက်သလည်း သီတဂူဆရာတော်ဟော ကြားတော်မူသည့် 'ဓာတုဝိဘင်္ဂသုတ္တန် ရေးတော်' စာအုပ် ပါလာသည်။ ဆရာဘုရားသခင်၏ ဓာတ်တော်မွေ တော်များနှင့်ပတ်သက်ပြီး ဟောကြား ထားသည့်စာအုပ်ဖြစ်၏။ ယင်းစာအုပ် ကို မိမိလည်းဖတ်ရှုဖူးသည်။ မိတ်ဆွေ တစ်ဦးက ဓာတ်တော်မွေတော်များ အကြောင်းကို မိမိအား မေးမြန်းဖူးရှိ ဖြစ်သည်။ သို့ကြောင့် မွေတော်ဓာတ် တော်များအကြောင်းကို လေ့လာဖတ်ရှု ခဲ့ရာ စာအုပ်တော်တော်များ ဖတ်ရှုခွင့်ရ ရှိခဲ့သည်။

ဆွေး ။ ။ ဆရာတော်ဟောထားတဲ့ ဟောကြားချက်ကို ဆွေးနွေးရအောင် တဲ့မင်သက်သက်လာခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com

နုပ်။ ။ ဘာများမရှင်းလို့လဲ။

ဆွေး ။ ဆရာတော်က မွေတော်ရှစ်စိတ်ကြွင်းတယ်ဆိုပြီး လယ်တီဆရာတော်ကြီး ခုနစ်နေ့လက်ာနဲ့ မဟာပရိဗွာနသုတ္တန်ကလာတဲ့ 'အဋ္ဌဒေါဏ' စကျွမ္မတောသရီရံ' ကိုမူထားပြီး ဟောထားတယ်။

နုပ်။ ။ အဲဒါဟုတ်သားပဲဗျ။

ဆွေ။ ။ မဟုတ်ဘူးလေ၊ အဋ္ဌဒေါဏ ပါဠိသဒ္ဒါအရ ရှစ်စိတ်ကောက်ပြီးယူလိုက်တော့ ဓာတ်တော်က ပြည်အားဖြင့် (၃၂)ပြည်၊ တင်းအားဖြင့် (၂) တင်းဖြစ်နေတယ်။

နုပ်။ ။ အဲဒါဘာဖြစ်လဲ။

ဆွေ။ ။ အဲဒါဘာဖြစ်ရမလဲ။ ဓာတ်တော် (၂) တင်းဖြစ်နေတဲ့အတွက် ဒေါဏသဒ္ဒါမော တစ်စိတ်မယူတော့ဘဲ (၂) ပြည်ယူပြီး (၁၆) ပြည်တစ်တင်းနဲ့ တစ်ပြည်ထောင်ကို ဓာတ်တော်(၂)ပြည် ဝေထားတယ်ဗျ။ ခင်ဗျားလည်းဒီစာအုပ်ကို ဖတ်ဖူးသားနဲ့။

နုပ်။ ။ အမှန်အတိုင်းပြောရရင် အဲဒီအကြောင်းကို မဂ္ဂဇင်းတစ်စောင်မှာ ဆောင်းပါးရေးပို့ထားတယ်။ အဲဒါစောင့် ဖတ်ဗျာ။

ဆွေ။ ။ ခင်ဗျားဆောင်းပါးက် ဆောက်ဖြစ်မှ ကျောင်းဒကာပါဗျာ။ မဂ္ဂဇင်းထဲပါ၊ မပါမသေချာဘူး။ ဘယ်လောက်ကြာဦးမယ်လဲမသိဘူး။

နုပ်။ ။ ဒီအကြောင်းက အလွန်ကျယ်ဝန်းတယ်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းတွေနဲ့ ကျမ်းတတ်ပေတတ် ဆရာတော်များမှစွမ်းနိုင်မှာ။ ကျုပ်က သာမန်စာဖတ်ပရိသတ်ပါ။

ဆွေ။ ။ ခင်ဗျားလည်း ဒါနဲ့ပတ်သက်ပြီး စာအုပ်တော်တော်များများ ဖတ်ရှုလေ့လာထားတယ် မဟုတ်လား။ ခင်ဗျားတွေ့သိထားတာကို ဆွေးနွေးပါ။

နုပ်။ ။ အဲဒါ မဟာပရိနိဗ္ဗာနသုတ်တော်ကြီးမှာပါတဲ့ အဋ္ဌဒေါဏ်စကျွမတောဆိုတဲ့ ပါဠိတော်အရ ဆရာတော်က ဟောတော်မူတာ။

ဆွေ။ ။ ဟုတ်ပါတယ်။

နုပ်။ ။ အဋ္ဌဒေါဏ်စကျွမတောသရီရံ ဆိုတာ အမွေတော်ရှစ်စိတ်ကြွင်းကျန်တယ်လို့ဟောထားတာ။ ပါဠိတော်ကိုက အဲဒီလို။

ဆွေ။ ။ ရှင်းစမ်းပါဦးဗျ။

နုပ်။ ။ အဋ္ဌဒေါဏ် ဆိုတာ ရှစ်စိတ်၊ ဒေါဏသဒ္ဒါက စိတ်ဟောတယ်။ ရှင်းအောင်ပြောမယ်။ (၄) ပြည်ဟော

တယ်ဗျ။ စရွတ်လို့လည်း ဟောတယ်ဗျ။ ဒီတော့ ရှစ်စိတ်၊ ရှစ်စရွတ်ပေါ့။ ဒါကြောင့် လယ်တီဆရာတော်ကြီးက 'မွေတော်ရှစ်စိတ်ကြွင်းတယ်ကို' လို့ စပ်တော်မူတာ။

ဆွေ။ ။ အဲဒီတော့ မွေတော်ရှစ်စိတ်၊ ရှစ်စရွတ်လို့ မှတ်ရမှာပေါ့နော်။

နုပ်။ ။ ဖြေရခက်ပဲဗျ။ ဘာလို့လဲဆိုတော့ ပါဠိတော်စကားကို ပယ်လို့မရဘူးမဟုတ်လား။

ဆွေ။ ။ အဲဒီလိုဆိုရင် ဘယ်လို မှတ်သားရမလဲ။

နုပ်။ ။ အဲဒါကြောင့် အချိန်ပေးပါလို့ပြောတာပေါ့။ ကျမ်းနှစ်အဆိုအမိန့်တွေက တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေတာ ညှိနှိုင်းယူဖို့ခက်နေတယ်။

ဆွေ။ ။ ခင်ဗျားလေ့လာမိသလောက်ပြောပါ။

နုပ်။ ။ ပထမဆုံးအဓိကထားပြီး ဖတ်ရှုမိတာကတော့ မဟာဗုဒ္ဓဝင်(ပဉ္စမ)တွဲပေါ့။ အဲဒီကျမ်းကြီးမှာကလည်း တစ်မျိုးတွေ့ရတယ်။ (၁၆) ပြည် ကြွင်းကျန်တယ်လို့ တွေ့ရတယ်။

ဆွေ။ ။ အဲဒီဗုဒ္ဓဝင်ကြီးမှာ ဆရာတော်ကြီးက ဘယ်ကျမ်းအဆိုအမိန့်ကို ကိုးကားပြီးရေးထားသလဲ။

နုပ်။ ။ မင်းကွန်းဆရာတော်ကြီးက အထောက်အထားကျမ်းဂန်နဲ့ ရေးပါတယ် အသေးစိတ်လည်း ဖော်ပြထားပါတယ်။

၁။ အငယ်ဆုံး ဓာတ်တော်က မှန်ညင်းစေ့ပမာဏရှိပြီး မုလော်ပန်းငုံ အဆင်းရှိလျက် (၆)ပြည်သားခန့် ကြွင်းကျန်ရစ်သည်။

၂။ အလတ်စား ဓာတ်တော်က ဆန်ကျိုးပမာဏရှိပြီး ပုလဲအဆင်းရှိလျက် (၅) ပြည်သားခန့် ကြွင်းကျန်ရစ်သည်။

၃။ အကြီးစား ဓာတ်တော်က ပဲနောက်စေ့ခန့်ပမာဏရှိပြီး ရွှေအဆင်းရှိလျက် (၅) ပြည်သားခန့် ကြွင်းကျန်ရစ်သည်။

(ဤအကြောင်းအရာများကား သုတ်မဟာဝါအဋ္ဌကထာနှင့် ဗုဒ္ဓဝင်ပါဠိတော် စာမျက်နှာ (၃၈၄)၊ ဓာတုဘာဇနိယခဏ်း၌လာရှိသည်။)

ဆွေ။ ။ ဆရာတော်ကြီးကလည်း ဗုဒ္ဓဝင်(ပဉ္စမတွဲ)မှာ သုတ်မဟာဝါအဋ္ဌကထာနဲ့ ဗုဒ္ဓဝင်ပါဠိတော်တို့မှာလာတဲ့ အတိုင်း ယူဆပုံရတယ်နော်။

နုပ်။ ။ ဒီလိုယူဆလို့မရဘူးထင်တယ်။ ဒီဗုဒ္ဓဝင် (ပဉ္စမတွဲ) စာမျက်နှာ (၅၅၂)ပါတဲ့စကားက တစ်မျိုးထူးခြားနေသလိုပဲ။

ဆွေ။ ။ ဘယ်လိုမိန့်ထားလို့လဲ။

နုပ်။ ။ လယ်တီဆရာတော်ကြီးရဲ့ ခုနစ်နေ့လက်ာ သတ္ထာမမြောက်အပိုဒ်မှာ 'မွေတော်ရှစ်စိတ်ကြွင်းတယ်'လို့ပါတယ်။ အဲဒီဟာကို 'မွေတော်ရှစ်စရွတ်' ဟုသာ မှတ်ယူရာ၏လို့ မှာတော်မူထားတယ်။

ဆွေ။ ။ ဘယ်လိုထူးခြားတာလဲ။

နုပ်။ ။ ဘယ်လိုထူးခြားလဲဆိုရင် ရှစ်စိတ်ဆိုသော်လည်း ရှစ်စိတ်ယူလို့မရဘူး။ ရှစ်စရွတ်ယူမှရတယ်လို့ မိန့်မှာသလို ယူဆမိလို့ပါ။

ဆွေ။ ။ အဲဒီလိုဆိုရင်လည်း ဆရာတော်ကြီးက အနုဒီပနီဖွင့်ပြီးမှာ မှာပါဗျာ။

နုပ်။ ။ ဆရာတော်ကြီး အနုဒီပနီဖွင့်ဖို့သင့်ပါတယ်။ ဒါပေမယ့် ဖွင့်တော်မမူတာက အကြောင်းရှိမှာပါ။

ဆွေ။ ။ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်လာ အဋ္ဌဒေါဏရှစ်စိတ်ဆိုတာကို ပါဠိတော်စကားမို့ ပယ်မရလို့ မဖွင့်ဘူးလို့ ဆိုလိုတာလား။

နုပ်။ ။ ဟုတ်ပါတယ်၊ ပါဠိတော်စကားကိုပယ်ဖို့ခက်တယ်။

ဆွေ။ ။ အခြားကျမ်းတွေကကော ဘယ်လိုပြောလဲ။

နုပ်။ ။ ဗုဒ္ဓဝင်ပါဠိတော်မှာတော့ 'ကွမ်းစား' ဆိုတဲ့ အသုံးအနှုန်းတွေ့ရတယ်။ မြန်မာ့အသုံးအနှုန်း အချင့်အတွယ် မဟုတ်ဘူး။

ဆွေ။ ။ သတ္တိပြုမိပါတယ်။

နုပ်။ ။ အဲဒီဗုဒ္ဓဝင်ပါဠိတော်မှာ

www.burmeseclassic.com

www.burmeseclassic.com

ဆွေး။ ။ ဒီဗုဒ္ဓဝင်ပါဦးတော်ကျတော့ (၁၆) ဒေါ်ဇာဖြစ်နေတယ်။

နုပ်။ ။ ဟုတ်ပါတယ်။ စောစောက အကြီးဓာတ်တော်က ပဉ္စနာဦးယော-(၅)ကွမ်း၊ အလတ်ဖြစ်သောဓာတ်တော်က ပဉ္စနာဦးယော-(၅)ကွမ်းစား၊ အငယ်ဖြစ်သောဓာတ်တော်က ဆနာဦးဧစဝ-(၆)ကွမ်းစားလို့ဆိုလာပြီးတော့မှ သောဋ္ဌသဒေါ်ဇာမတ္တိကာ-(၁၆)စရွတ်ရှိကုန်၏လို့ဆိုလိုက်တာ ရှေ့ နောက်စကားမညီဖြစ်သွားတယ်။

ဆွေး။ ။ ဟုတ်တာပဲ။ အားလုံးကြီးလတ်ငယ်ဓာတ်တော် (၃)မျိုးပေါင်းလိုက်ရင် (၅+၅+၆) = (၁၆) ကွမ်းစားပဲဗျ။ ဘယ့်နယ် (၁၆)စရွတ်ဖြစ်သွားရတာလဲ။

နုပ်။ ။ ဟုတ်ပါတယ်။ ဖြစ်သင့်တာက (သောဋ္ဌသနာဦးယောမတ္တိကာ) လို့ဖြစ်ရမှာ။ ပုံနှိပ်အမှားဖြစ်မယ်ထင်တယ်။ နောက်ပြီးတော့ အငယ်ဆုံးဓာတ်တော်ကို စောစောက မကုလဝဏ္ဏာစလို့ဆိုပြီး နောက်တော့ ဗကုလဝဏ္ဏာ-ချရားငံ့အဆင်းလို့ဖြစ်သွားပြန်တယ်ဗျ။

ဆွေး။ ။ ယုခင်ဆွေးနွေးချက်အရ ဓာတ်တော်မွေတော်က ဗုဒ္ဓဝင်ပါဦးတော်အရ 'သောဋ္ဌသဒေါ်ဇာမတ္တိကာ' (၁၆) စရွတ်(၁၆×၄=၆၄)ပြည်လို့ဆိုရာရောက်နေတယ်နော်။ (၄)တင်းတောင်ဖြစ်နေပြန်ရော။

နုပ်။ ။ ပုံနှိပ်အမှားအတိုင်းယူရင် ဟုတ်ပါတယ်။ အမှန်အတိုင်း ဖြစ်သင့်တဲ့အတိုင်းယူရင်တော့ (၁၆) ကွမ်းစားပဲ ဖြစ်သင့်ပါတယ်။

ဆွေး။ ။ ဆွေးနွေးရင်းနဲ့ ငယ်ငယ်က ဘုရားရှိခိုးထဲမှာ (၁၆)ကွမ်းလို့ရွှိခိုးခဲ့ရတာ သတိရလာတယ်ဗျာ။

နုပ်။ ။ ခင်ဗျားလိုပြောစတမ်းဆို ကျုပ်လည်းပြောချင်ပါရဲ့။ လူထုဒေါ် အမာရေတဲ့ ဆောင်းပါးတစ်ပုဒ်မှာလည်း (၁၆) ကွမ်းစားလို့တွေ့ဖူးတယ်ဗျ။ အမေ့ရေးစကားထဲမှာ -

> ❑ ဓာတ်တော်သုံးပါး၊ ကြီးစားပဲနောက်၊ ရောင်တောက်ရွှေသား။ ငါးကွမ်းစားမှတ်။ အလတ်ရိုးဆန်၊ ရောင်လျှံပုလဲ၊ မြင်ငါးကွမ်းပေး၊ ငယ်သွေးမုန်ညင်း၊ အဆင်းမြတ်လေး၊ ပေး့ဆကွမ်းစား၊ သင်ယူထားသည့် နောက်ကားကိုယ်ဖို့ အရင်းတည်း -

လို့ တွေ့ရတယ်ဗျ။

ဆွေး။ ။ အခုအတိုင်းဆို ဓာတ်တော်က (၁၆) ကွမ်းစားပဲကြွင်းကျန်တဲ့သဘောလား။

နုပ်။ ။ ဒီလိုယူဆနိုင်တဲ့သာဓက ပြစရာ ကျမ်းအခိုင်အမာလိုသေးတယ်။

ဆွေး။ ။ ခင်ဗျားပြစရာကျမ်းတွေ့သလား။

နုပ်။ ။ တွေ့ပါတယ်၊ ခိုင်လည်းခိုင်မာတဲ့ကျမ်းထောစ်ကျမ်းပါ။ ကျွန်တော်တို့ အမရပူရမဟာဝန္ဓာရုံကျောင်းတိုက်ကြီးက နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာခမ္မကထိက ဗဟုဇနဟိတခရ အရှင်ကုဏ္ဍလာဘိဝံသ၏ 'သဂါထာဝဂ္ဂသံယုတ် မြန်မာဘာသာဋီကာ' ကျမ်းပါ။

ဆွေး။ ။ အဲဒီကျမ်းအဆိုအမိန့်ကို အမိန့်ရှိပါဗျာ။

နုပ်။ ။ အဲဒီကျမ်းက (တိုတိုပဲပြောကြစို့။)

ဘုရားသခင်၏ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ပြီးတဲ့အခါမှာ 'ဓာတ်တော်ရှစ်စိတ်လောက်ရ၏' လို့ပြောဆိုရိုးရှိ၏။ သို့သော် မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာဋ္ဌကား 'သဗ္ဗာပိ ဓာတုယော ပါကတိကာ နာဠိယာသောဋ္ဌသနာဠိယော' ရိုးရိုးကွမ်းစားအားဖြင့် (၁၆)ကွမ်းစား၊ (၁၆) စလယ်၊ တစ်စိတ်သားလို့ ဖွင့်ပြထားတာကို တွေ့ရတယ်ဗျ။

ဆွေး။ ။ ဟာ - ဟုတ်ပါပြီ။ ဒီကျမ်းအဆိုက စောစောက ဗုဒ္ဓဝင်ပါဦးတော်အဆို (၁၆)ကွမ်းစားနဲ့ညီနေတယ်ဗျ။ ဒီအဆိုဟာ သမာနဝါဒဖြစ်လောက်တယ်နော်ဗျာ။

နုပ်။ ။ အများလက်ခံနိုင်ဖို့ ဒေါ်ဇာသဒ္ဒါအကြောင်းရှင်းဦးမှကောင်းမယ်ဗျ။

ဆွေး။ ။ ခင်ဗျားတွေ့မိတာ ဆွေးနွေးပါဦးလေ။

နုပ်။ ။ ဒီလိုဗျာ၊ သဂါထာဝဂ္ဂသံယုတ်မြန်မာဘာသာဋီကာကျမ်းအဆို အမိန့်အတိုင်း (၁၆) ကွမ်းစား၊ (၁၆) စလယ်၊ တစ်စိတ်လို့ဆိုတော့ တစ်စိတ်ဆိုတာ (၄) ပြည် မဟုတ်လား။ ဒါမှမဟုတ် ရှစ်စရွတ်လို့လည်းပြောလို့ရမယ် မဟုတ်လား။ ရနိုင်တာကိုပြောမယ်။

(၈) စရွတ်မှာ - (၁၆) ကွမ်း (၁၆ စလယ်) ဆိုတော့ -

(၁) စရွတ်မှာ ဘယ်နှကွမ်းစား (ဘယ်နှစလယ်) ဆိုတာတွက်လို့ရတယ်။ တစ်စရွတ်မှာ (၂) ကွမ်းစား (၂) စလယ် ရတယ်။ နှစ်စလယ်ဆိုတာ (၄) လမယ် ခေါ်ပါတယ်။ (၂) ကွမ်းဆိုတာလည်း (၄) လမယ်ခေါ်နိုင်ပါတယ်။ သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

(၁)စရွက်လို့ခေါ်နိုင်ပါတယ်။

ဝိမတိဋီကာမှာ -

စတသော မုဋ္ဌယော ဇကော ကုဉ္ဇဝေါ၊

စတ္တာရော ကုဉ္ဇဝါ ဇကော ပတ္တော' လို့ တွေ့ရတယ်။

စတသောမုဋ္ဌယော - လက်လေးဆုပ်တို့သည်၊ **ဇကော ဇကော ကုဉ္ဇဝေါ** - တစ်ကုဋ်ဖည်၏ (၀၂) လက်တစ်လက်တစ်ခုပ်မည်၏၊ **စတ္တာရာ ကုဉ္ဇဝါ** - လက်လေးခုပ်တို့သည်၊ **ဇကောပတ္တော** - တစ်ကွမ်းစား၊ တစ်စလယ်မည်၏' လို့ ဆိုပါတယ်။တစ်စလယ်ဆိုတာ (၂)လမယ်ပါ။ (၄)လမယ်ဆိုတော့ (၂)ကွမ်းစားဖြစ်ပါတယ်။ အဲဒီ (၂)ကွမ်း၊ (၂)စလယ်ဆိုတာ တစ်စရွက်ဖြစ်ကြောင်း တွေ့ရပါတယ်။

ဆွေး။ ။ ဒီလိုဆိုတော့ မွေတော်မာတ်တော်ဟာ တစ်စိတ်သား (၄)ပြည်ပဲ ကြွင်းကျန်တယ်လို့ ပြောရမှာပေါ့နော်။

နုပ်။ ။ ဟုတ်တယ်ဗျ။ မာတ်တော် (၄) ပြည်ကို (၈) ပြည်ထောင်ဝေမှာဆိုတော့ (၄) ပြည်ကို လမယ်ဖွဲ့ (၃၂) လမယ်ရမယ်။ (၈) ပြည်ထောင်နဲ့စား၊ (၃၂)နှစ်-၄) လမယ် ရတယ် မဟုတ်လား။ တစ်နည်းအားဖြင့် စရွက်လို တစ်စရွက်ရတယ်။ ဆိုလိုတာက တစ်ပြည်ထောင်ကို တစ်စရွက် (၄လမယ်) စီရပါတယ်လို့ ပြောလိုတာပါ။ အဲဒါကြောင့် မွေတော် ရှစ်စိတ်ကို ရှစ်စရွက်ဟု မှတ်သားရာ၏ ဆိုတဲ့စကား ထူခြေးတယ်လို့ပြောတာပါ။

ဆွေး။ ။ ဟောဗျာ - မာတ်တော် မွေတော်က (၂) တင်းလည်းမဟုတ်၊ (၁) တင်းလည်း မဟုတ်တော့ဘူး။ အဲဒီ (၈) စရွက်ဆိုတာ (၄)ပြည်ပဲရှိတယ်ဆိုရတော့မှာပေါ့ ဟုတ်လားဗျ။

နုပ်။ ။ အဲဒီလိုယူဆရတာပဲ။ ဒီအယူအဆတွေ့ရှိချက်ကို ထောက်ခံထွက်ဆိုမယ့်ကျမ်းလည်း ခိုင်ခိုင်လုံလုံ တွေ့ထားပါတယ်။

ဆွေး။ ။ ဘယ်ကျမ်းများလဲဗျာ။

နုပ်။ ။ ဒီကျမ်းကြီးက A4 ဆိုက်နဲ့ စာမျက်နှာ (၈၄၆)မျက်နှာရှိတဲ့ကျမ်းကြီး၊ အကြောင်းအရာကလည်း စုံသလားမမေးနဲ့၊ စုံပါပေ့ဗျာ။ 'ကမ္မာဂန္ထဝင် သာသနာ့သင်ခန်းစာကျမ်း'ဗျ။ နဝဓုတင်၊ စာရမထေရ်ရဲ့ကျမ်းပါ။

ဆွေး။ ။ အဲဒီကျမ်းက ဘယ်လို ပြောလဲ။

နုပ်။ ။ အဲဒီကျမ်းကြီးက တစ်ပြည်ထောင်ကို (၁)စရွက်စီနဲ့ (၈)ပြည်ထောင်ဝေထားပါတယ်။ မာတ်တော် (၈) စရွက်

ကို (၁)စရွက်စီဝေငှထားတဲ့သဘောပါ။ မာတ်တော်ဝေတဲ့ ဒေါဏပုဏ္ဏားကြီးကတော့ မာတ်တော်ချင့်တဲ့ခွက်ပဲရသွားတယ်လို့ ဆိုပါတယ်။

ဆွေး။ ။ ဒေါဏပုဏ္ဏားကြီးရသွားတဲ့ခွက်က ပြည်တောင်းလား၊ ခွက်တောင်းလား၊ စလယ်တောင်းလား ရှင်းပါဦးဗျာ၊ ရှင်းသွားအောင်လို့ပါ။

နုပ်။ ။ ခင်ဗျားတော်တော်စပ်စပ်စုစုနိုင်တဲ့လူပဲနော်။စလယ်တောင်းလည်း မဟုတ်ဘူး၊ ပြည်တောင်းလည်းမဟုတ်ဘူး၊ ခွက်တောင်းဗျ။ (၄လမယ်) ဝင်တဲ့ခွက် စရွက်ခွက်ဗျ။

ဆွေး။ ။ တချို့ကျမ်းတွေမှာတော့ ပြည်တောင်းလို့တွေ့ရလို့ ရှင်းအောင်မေးတာဗျ။ ခုတော့ ရှင်းသွားပါပြီ။

နုပ်။ ။ ဟုတ်မှာပေါ့။ တုမွသဒ္ဒါက ပြည်တောင်းဟောတာကို။ ဗုဒ္ဓဝင် (ပဌမတွဲ) မှာတောင် ပြည်တောင်းလို့ပဲဆိုပါတယ်။

ဆွေး။ ။ (၄)ပြည်ကို (၄)လမယ်ဝင်တဲ့စရွက်ခွက်နဲ့ချင့်ပြီးဝေတဲ့သဘောပေါ့။ ယုတ္တိတန်ပါတယ်။

နုပ်။ ။ ယုတ္တိတန်တယ်လို့ စွတ်ပြောမနေနဲ့ဦးဗျ။ ကျပ်တို့က သာမန်စာဖတ်သူအဆင့်ပဲရှိတာ။ ဒီကိစ္စက ဗုဒ္ဓစာပေတတ်ကျွမ်းတော်မူကြတဲ့ ဆရာတော်များမှ အဆုံးအဖြတ်ပေးနိုင်မှာ။

ဆွေး။ ။ ဒီလိုဆိုရင်လည်း ပါဠိဝိဋ္ဌကတ်စာပေတတ်ကျွမ်းတော်မူကြတဲ့ ဆရာတော်ကြီးတွေကို အသနားခံလျှောက်ထား တောင်းပန်ရမှာပေါ့။

နုပ်။ ။ ဟုတ်ပါတယ်။ ဒီလိုပါဠိစာပေ တတ်ကျွမ်းတော်မူကြတဲ့ ဆရာတော်ကြီးများက ဖြေရှင်းပေးလို့ မဂ္ဂဇင်းတစ်စောင်မှာ ရေးပို့ထားတဲ့ ဆောင်းပါးမှာ -

> 'သုံးဖြာပိဋကတ်၊ မုခပါဠိနှင့်၊
> အဋ္ဌကထာ၊ ဋီကာဂဏ္ဌိ၊
> ကျမ်းစုံညှို့၍ သတိချပ်ချပ်
> ဉာဏ်ချွန်းတပ်၍၊
> ကြွတ်မတ်သုတ်သင်
> ငြမ်းကောင်းဆင်ကာ
> သင်္ဂီယနာတင်ပေးကြပါရန်'
> ဂါရဝတရား ဦးထိပ်ထားလျက်
> ပန်ကြားအပ်ပါသည်. . .
> ဆိုပြီး ရေးပို့ထားပါတယ်။

ဆွေး။ ။ အများသူငါ ယုံမှားဖွယ်သံသယဖြစ်နေတာဆိုတော့ ခင်ဗျားပန်ကြားလျှောက်ထားတာ ကောင်းပါတယ်။

နုပ်။ ။ ကောင်းပါတယ်လုပ်မနေနဲ့ကိုယ့်လူ။ ပါဠိတော်ကတစ်မျိုး၊ အဋ္ဌကထာတစ်မျိုးဖြစ်နေတော့ အဋ္ဌကထာစကားကိုပယ်လို့ရပေမယ့် ပါဠိတော်ကိုဝယ်လို့မရဘူး။ 'ကျမ်းကြည့်မခက်၊ ကျမ်းညှိခက်' ဖြစ်နေကြလို့ ဆရာတော်များအနေနဲ့ ရေငုံနှုတ်ပိတ်ဆိတ်ဆိတ်နေကြပုံတူတယ်။ ဒါကိုလည်း တွန်တော်တို့ထည့်သွင်းစဉ်းစားပြီး နားလည်သဘောပေါက်ဖို့လိုတယ်ဗျ။

ဆွေး။ ။ ဟုတ်ပါပြီ။ အရင်ကကျမ်းညှိခက်ပေမယ့် အခုတော့ ညှိလို့ရပြီမဟုတ်လား"

ဟု ဆိုကာ မိတ်ဆွေသည် ကောက်ကာငင်ကာထပြန်သွားပါတော့သည်။

ဉာဏ်မြင့်

ရှင်းပြမှု -

၁။ ခုနစ်နေဘုရားရှိခိုးလက်လယ်တီဆရာတော်ကြီး

၂။ သမန္တစက္ခုဒီပနီ မုံရွေးဆရာတော်ကြီး

၃။ ဗုဒ္ဓဝင် (ပဌမတွဲ) မင်းကွန်းဆရာတော်ကြီး

၄။ သဂါထာဝဂ္ဂသံယုတ် မြန်မာဘာသာဋီကာ ဘဒ္ဒန္တကုဇ္ဇလာဘိဝံသ၊ မဟာဂန္ဓာရုံ

၅။ ကမ္မာဂန္ထဝင် သာသနာ့သင်ခန်းစာ နဝဓုတင်၊ စာရမဟာထေရ်

၆။ ဓာတုဝိဘင်္ဂသုတ္တန်တရားတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ သဲကုန်းဆရာတော်

၇။ အမေ့ရွှေစကား လူထုဒေါ်အမာ

www.burmeseclassic.com

www.burmeseclassic.com

ကိုစနေ
တောနေသတ္တဝါနှင့် နမောတဂါထာ



တန်ခူးလကုန်လုပြီ။ နယုန်လ ထယ်လောက်ဆိုလျှင် မိုးဦးကျတတ်သည်။ တစ်နည်းအားဖြင့် မိုးအတန်အသင့်မှန်တတ်သည်။ တွက်ကြည့်လျှင် တစ်လကျော်ကျော်လောက်သာ လူရောနားပါ နားရက်ရှိတော့သည်။ လယ်လုပ်ခြံနီးပြိုမို့ ထင်းတော၊ ဝါးတောမသွားဘော့ဘဲ ထွန်၊ ထယ်ပြင်ရင်းနားမည်ဟု ဆုံးဖြတ်ထားသည်။ ထိုသို့ ဆုံးဖြတ်ထားတာမှ ညီဖြစ်သူ ကိုဖူးညိုက တစ်စခန်း ထလာလေသည်။

"အစ်ကိုကြီး ဝါးတောတစ်ခေါက် လောက်လိုက်ခဲ့ပါဦး"

ကျွန်တော် သူ့ကို စေ့စေ့ကြည့်ရင်း-

"ဒီနှစ်နေအတော်ပြင်းတယ်နော်။ ကိုယ့်ကိုယ်ကိုယ်လည်းသနား၊ နွားတွေကိုလည်းသနားပါဦးကွာ။ မိုးကျရက်နီးပြီဆိုတော့ လူရောနွားပါအနားပေးပြီး အားမွေးဦးမှပေါ့ကွ"

ကျွန်တော့်စကားကြောင့် ညီဖြစ်သူခေါင်းကုတ်ကာ -

"တစ်ခေါက်တည်းပါ အစ်ကိုကြီးရာ။ အိမ်အတွက်နည်းနည်းလိုနေလို့ပါ။ ပထမတန်းက ကိုယ့်ဟာနဲ့ကိုယ်လောက်တယ်။ မြို့ကသူငယ်ချင်းက အသုံးလိုလို့ဆိုပြီး လှည်းတစ်စီး (ဝါးငါးဆယ်ခန့်) အတင်းဝယ်သွားလို့"

အကြောင်းပြချက်က ခိုင်လုံလှသည်မဟုတ်သော်လည်း ညီဖြစ်သူ့ကို အလျှော့ပေးကာ နောက်တစ်ရက်ကျော်တွင်သွားမည်ဟု ကတိပေးလိုက်ရ၏။ တကယ်တော့ သည်လိုနေပြင်းသည့်ရက်မျိုးတွင် ထင်းတော၊ ဝါးတောတက်ရန်မသင့်။ အကြောင်းမှာ နေပူဒဏ်မခံနိုင်၍ မနက်(၁၀)နာရီထက်ပိုပြီး အလုပ်မလုပ်နိုင်။ နားနေချိန်သာများသဖြင့် အလုပ်မတွင်။ ထင်းဆိုလျှင် တော်သေး၏။ သစ်တစ်ပင်တည်းနှင့်လည်း လှည်းတစ်စီးစာရနိုင်သည်။ ဝါးက ထိုသို့မဟုတ်။ တစ်နေရာတည်းတွင် လှည်းတစ်စီးစာမရနိုင်။ ဟိုဟိုဒီဒီပြေးလွှားခုတ်ရသည်။ အလုံးရေများသည်။ ဝါးရုံပြင်တိုင်းလည်း ခုတ်၍မရ။ အသုံးတည့်မည့် ဝါးအမျိုးအစားရှာ၏။ အနုအခင့်အကွေး

www.burmeseclassic.com

www.burmeseclassic.com

အကောက်ရွေးရေး။ အရေးကြီးသည့် တစ်ချက်မှာ လှည်းထားသည့်နေရာနှင့် ခုတ်ငုတ် (ဝါးခုတ်မည့်နေရာ) နီးနိုင်သမျှ နီးကပ်ဖို့လိုခြင်းပဲ ဖြစ်ပါသည်။ ဝေးလျှင် လမ်းမရှိသည့်ချဲတော့၊ နွယ်အကြား ဝါးထမ်းရသည်မှာ စိတ်ပျက်ဖွယ်ကောင်းလှ၏။ အချိန်ကုန်လှသည်။ နေမြင့်လေ ချွေးထွက်လေ၊ ချွေးထွက်လေ ဝါးမွေးကပ်လေဖြင့် ယားရှ်ကုတ်ရသည့်ဒုက္ခက လည်းမသေးလှ။ ထို့ကြောင့် နေနုသည့် ပြာသို၊ တပို့တွဲများတွင် ဝါးကိုလောက်ငအောင်ခုတ်ထားပြီးမှ ထင်းတောဘက် လှည့်ခြင်းဖြစ်၏။ ထို့ပြင် ခုလို တန်ခူး၊ ကဆုန်လများတွင် ရေစမ်းများ၊ ရေအိုင်များခန်းခြောက်မြဖြစ်ရာ တောင်ပေါ်တွင်ကျက်စားလေ့ရှိသည့် တောဆင်ရိုင်းများက ရေရှိရာ မြေပြန့်၊ တောင်စပ်ထိ ဆင်းလာတတ်၏။

ရိုးမအတွင်း ထင်း၊ ဝါးခုတ်သူများ တဲမြက်စည်းဖူးချိုးသူများနှင့် နည်းမျိုးစုံဖြင့် ရုန်းကန်ရှာဖွေနေရသူများအား တောဆင်ရိုင်းများ၏ အန္တရာယ်ပေးမှုကြောင့် နှစ်စဉ် လေး၊ ငါးဦးထက်မနည်း အသက်ဆုံးရှုံးနေရသည်မှာ သည်လိုလမျိုးဖြစ်၏။ ထို့ကြောင့် သည်လသည် ရာသီတွင် လူရောနွားပါ တောနှင့်ကင်းနိုင်သမျှကင်းအောင် ကြိုတင်စီမံဆောင်ရွက်ထားခြင်းဖြစ်၏။

နောက်တစ်ချက်မှာ တောထဲတောင်ထဲသွားခြင်းကိစ္စအား ခပ်ပေါ့ပေါ့ သဘောထား၍မရ။ အစစသတိရှိရသည့်အလျောက် သောက်သောက်စားစားသူများနှင့်တွဲသွားတွဲလာမိ၍ မှားမှားယွင်းယွင်းဖြစ်ပါက လွန်စွာအန္တရာယ်ကြီးလှ၏။ ထို့ကြောင့် အခြားသူများနှင့် သွားလေ့မရှိဘဲ ကိုယ့်စကားနားထောင်မည့်ဦဝမ်းကွဲတော်သူ ကိုဖူညို၊ ကိုဘိုးတို့နှင့်သာ သွားမြဲဖြစ်ပါသည်။ ထို့နည်းတူစွာ ညီနှစ်ဦးကိုလည်း ပြောဆိုညွှန်ပြကာ နှစ်စဉ် တန်ခူးလမကုန်မီ ထင်းတောဝါးတောတက်ခြင်းကိစ္စအား အပြီးအစီးဆောင်ရွက်ထားစေခြင်းဖြစ်သည်။ သို့သော် ခုတော့ အငယ်ဖြစ်သူ ကိုဖူညိုကြောင့် မလွဲမရှောင်သာ တောသို့ဝင်ရပေဦးမည်။

❑

ချိန်းဆိုထားသည့်ရက် နေ့လယ် (၂)နာရီခန့်တွင် ညီအစ်ကိုသုံးဦး လှည်းကိုယ်စီဖြင့် ရိုးမတောသို့ချီတက်ခဲ့ကြ၏။ နေပြင်းရက်ဟုလည်းဆိုသေး။ နေ့လယ် (၂)နာရီ လှည်းထွက်ရကောင်းလားဟု အပြစ်ဆိုဖွယ်ရာရှိပါသည်။ သို့သော် လည်း သွားရမည့်ခရီးအကွာအဝေးနှင့် ရောက်မည့်အချိန်ကို တွက်ချက်ပြီးမှ ထွက်ခွာချိန်သတ်မှတ်ရခြင်း ဖြစ်သည်။

ကျွန်တော်တို့ရွာနှင့် ရိုးမတောစပ်မှာ လေးမိုင်သာသာခန့်ရှိ၏။ တောစပ်နှင့် နွားရေတိုက်ပြီး ခေတ္တနားရမည့်နေရာမှ ခုနစ်မိုင်ခန့်ရှိကာ ထိုနေရာမှ ခုတ်ငုတ်(ဝါးခုတ်မည့်နေရာ)ထိ ခြောက်မိုင်ခန့်ရှိမည်ဖြစ်၏။ ထို့ကြောင့် နွားနားချိန်ပါထည့်တွက်ပါက ငါးနာရီကျော်ခန့် ကြာမည်ဖြစ်၍ ခုတ်ငုတ်သို့ ည(၇)နာရီခန့်မှရောက်မည်ဖြစ်ပါသည်။ ထို့ကြောင့် နေပူ၍ကောင်းတုန်းဖြစ်သည့် နေ့လယ် (၂)နာရီခန့် စတင်ထွက်ရခြင်းဖြစ်သည်။ ခုတ်ငုတ်သို့ရောက်လျှင် ညအိပ်နားနေပြီး နောက်တစ်နေ့ စောစောအလုပ်လုပ်ရန် ကြိုတင်ရောက်ရှိရခြင်းဖြစ်ပါသည်။

ခပ်မှန်းမှန် မောင်းနှင်လာသော ကျွန်တော်တို့ လှည်းသုံးစီး တောစပ်ရှိ ပျဉ်းမပင်လှည်းစခန်းသို့ရောက်ရှိချိန်တွင် အဖာက်လှည်း (ထင်းဝါးခုတ်ရန် တော်ထဲသို့သွားမည့်လှည်း) အတော်များများ ရပ်ထားသည်ကိုတွေ့ရ၏။ ပျဉ်းမပင်စခန်းသည် တောထဲမှပြန်ထွက်လာသည့် ဝန်တင်လှည်းများသာနားနေလေ့ရှိပြီး အတက်လှည်းများ မည်သည့်အခါမျှမနား။ ယခုဘော် အဖာက်လှည်းများအစုလိုက်ရပ်နားထားသည်မှာ ဆူးခြားသလိုရှိသော်လည်း ခုတ်ငုတ်သို့ အချိန်မနှောင်းဦးရောက်လိုဇောဖြင့် အသေအမောင်းနှင်ခဲ့ကြသည်။ ထို့ပြင် လမ်းတစ်လျှောက်လုံး အဆင်းလှည်း (တောပြန် ဝန်တင်လှည်း) တစ်စီးတလေကိုမျှ မတွေ့ရ။ သို့သော်လည်း အလေးအနက် မထားဘဲ ခရီးဆက်ခဲ့ကြ၏။

ထိုသို့အသော့နှင့်ခဲ့ကြရာ ခရီး၏ သုံးပုံနှစ်ပုံဖြစ်သော နွားရေတိုက်ရင်း ခေတ္တနားလေ့ရှိသည့် ရှားဖြူပင်ပြွန့်သို့ ရောက်လေမှ ပင့်သက်ရှူကိန်းနှင့် ကြုံရလေတော့သည်။ အကြောင်းမှာ ရှားဖြူပင်ပြွန့်အရောက်တွင် လှည်းရပ်ပြီး နွားများဖြုတ်၍ ရေတိုက်ရန် မလှမ်းမကမ်းရှိ ရိုးချောင်းသို့မောင်းရာ နာမှုတ်၊ နားရွက်ထောင်ကာ လုံးဝရှေ့သို့မတိုးဘဲနေလေသည်။ ခါတိုင်း ဒီနေရာအရောက် လှည်းမှဖြုတ်ဇိုက်သည်နှင့်တစ်ပြိုင်နက် ရိုးချောင်းသို့ ရေသောက်ရန် အပြေးအလွှားသွားတတ်သည့်နွားများမှာ ယခုတော့ ဘယ်လိုမှမောင်း၍မရ၊ ပေကတ်နေသည်မှာ ထူးခြားလှ၏။

အတွေ့အကြုံအရ နွားများသည် အန္တရာယ်တစ်ခုခု၏အနံ့အသက်ကိုရနေကြောင်း ခန့်မှန်းမိ၏။ ထို့ကြောင့် အနီးဝန်းကျင်အား လှည့်ပတ်လေ့လာသော်လည်း မည်သည့်အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် တွေးရခက်လှလေသည်။ နွားများသည် မည်သို့သောသတ္တဝါ၏ အနံ့အသက်ကိုရရှိနေသနည်း။ နှစ်ချို့မွေကြီးများလော သို့မဟုတ် တောဆင်ရိုင်းလော၊ ဟင်းမျိုးလော၊ ဟင်းမျိုးဟုခေါ်သောကျားမှာ ဤတောတွင်မရှိ။ သို့ဆိုလျှင် မည်သို့သောအန္တရာယ်မျိုးဖြစ်လေသနည်း။ အန္တရာယ်နှင့်နီးကပ်နေသည်ဆိုခြင်းကိုတော့ သေချာပေါက် ပြောနိုင်သည်။

ညီနှစ်ယောက်မှာလည်း နွားများ၏အမူအရာကိုကြည့်ကာ မျက်နှာပျက်နေကြလေပြီ။ ကျွန်တော်မှ ကိစ္စမရှိကြောင်း၊ အစိုးရိမ်မလွန်ကြရန် အားပေးပြီး ထင်း၊ ဝါးတစ်ချောင်းမျှမရလျှင်လည်း ရှိစေတော့။ မည်သည့်အန္တရာယ်တစ်စုံတစ်ရာမျှ မဖြစ်လျှင်ပြီးရောဟု ဆိုကာ နောက်ကြောင်းပြန်ရန်သာ အလောတကြီးစီစဉ်ရတော့သည်။ ပြောပြောဆိုဆို ကိုယ်တိုင် နွားများအား အလျှင်အမြန် ထပ်ပြီး ရှေ့ဆုံးမှမောင်းနှင်ကာ နောက်ကြောင်းသို့ပြန်ခဲ့၏။ ညီနှစ်ယောက်ကိုလည်း မျက်ရိပ်ပြ၊ ကိုယ်ကိုယ်တိုင်လည်း လှည့်အား အမြန်မောင်းနှင်ခဲ့ရာ ဝါးလေး၊ ငါးဆယ်ပြန်ခန့်အရောက် ကျီခနဲအော်သံနှင့်အတူ လှည်းလမ်းအလယ်တည့်တည့်တွင် မားမားကြီးရပ်နေသည့် တောဆင်ရိုင်းကြီးတစ်ကောင်အား တွေ့လိုက်ရလေသည်။ ကျွန်တော့်နည်းတူ နွားများမှာလည်း ဆင်ကြီးအားမြင်ပုံရပြီး တိခနဲရပ်သွားရုံမက နောက်သို့ပင်တရွေ့ရွေ့ဆုတ်နေတော့၏။

ထိုအချိန်မှာပင် ကျွန်တော်တို့ လှည်းသုံးစီး၏ ရှေ့နောက်ဝဲယာတော အတွင်းမှ ဝါးချိုးသံများ၊ နှာမောင်းရိုက်သံများ၊ ခွာရုပ်သံများ၊ တောတိုးသံများ အဆက်မပြတ်ကြားနေရသည်။ တိုယခင် အခါများက ကိုယ့်ကိုယ်ကိုယ်မကြောက်တတ်ဟု အထင်ရောက်ခဲ့သော်လည်း ယခုအခါ ဘယ်ကဘယ်လိုရောက်လာသည်မသိသော ချွေးစေးထန်းထန်းများကြောင့် တစ်ကိုယ်လုံးတုတ်တုတ်ကျနေလေပြီ။ ငယ်ရွယ်သူညီများအဖို့ပြောဖွယ်ရာမရှိတော့ပေ။

ကျွန်တော်သည် ညီများအား ဘာမှမစိုးရိမ်နဲ့ဆိုသော်သော်ပြီး ခြေ

www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်သိဟ
ဒဂုံးသွားအန္တရာယ်ကင်းမဲ့ခန့်

ဘုန်းတော်ကြီးဦးဥက္ကံသရေ့တွင် ကျောင်းသူကျောင်းသားများစုပေါင်း၍ ရောတ်ရှိနေကြ၏။

လောကဓာတ်ကျောင်းခေါ် အတန်းကျောင်းပညာမသင်နိုင်သူများ ရွာဦးရွာဖျားထိပ်မှ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူကြရ၏။

ဘုန်းတော်ကြီးကျောင်းတွင် ညအိပ်ညနေကျောင်းသားလေးများက ငါးဆောက်မျှသာရှိ၏။ ကျန်ကျောင်းသားကျောင်းသူများဖြစ်ကြ၏။

ရွာထဲမှ ကျောင်းသားကျောင်းသူများတို့သည်နံနက်စာကို မိမိတို့အိမ်မှာပင် စားသောက်ပြီးမှ ဘုန်းတော်ကြီးကျောင်းသို့လာကြ၏။

ဘုရားရှိခိုး၊ ငါးပါးသီလယူ၊ မေတ္တာပို့၊ သောက်တော်ရေကပ်၊ ပန်းကပ်၊ ဆွမ်းကပ်စသည်တို့ကို ကျောင်းသူကျောင်းသားတိုင်း တတ်မြောက်နေကြ၏။

အတန်းကြီးသူများတို့က ပရိတ်ကြီး၊ ဓမ္မစကြာ၊ ပဋိစ္စသမုပ္ပာဒ်ပါဠိတော်များကိုပါ အလွတ်ရကြ၏။

ဘုန်းတော်ကြီးကျောင်းမှာ မြန်မာစာကို အဓိကထား၍ သင်ကြားပေး၏။ မြန်မာစာကို ကောင်းစွာ ဖတ်တတ်မှ၊ ဂဏန်းသင်္ချာကိုသင်ပေး၏။ အလိုကို အလွတ်ကျက်ရ၏။

ဘုန်းတော်ကြီးက သူ့ရှေ့တွင် ရောက်ရှိနေကြသော ကျောင်းသားကျောင်းသူများအား ကျောင်းခြံထွက်ငှက်ပျောသီးတစ်လုံးစီကိုပေး၏။

"တာတီး၊ ကောက်လိုင်း၊ ကျေးတော၊ မိနှင်းတို့ မနေ့က ငါးဖမ်းပေးထားတာ ရရဲ့လားဟဲ့"

ဘုန်းတော်ကြီး၏ အမေးအဆုံးတွင် -

"ရပါတယ်ဘုရား"

ဟု ကျောင်းသူကျောင်းသားများက ညီညီညာညာဖြေဆိုကြပါ၏။

"ဘုတ်ဆုံမတို့၊ သပြေမတို့၊ ခရေဆိတ်မတို့ကော ရကြပြီလား"

"ရပါတယ် ဘုရား"

"ကဲ - ဒါဆိုရင် အတန်းတစ်တန်းလုံးညီညီညာညာနဲ့ သံပြိုင်ဆိုကြစမ်းကွယ့်"

ဘုန်းတော်ကြီး၏ စကားအဆုံးတွင် ကျောင်းသူကျောင်းသားလေးများက သံပြိုင်ဆိုကြပါတော့၏။

"ဦ ဗုဒ္ဓမြတ်စွာ၊ ရဟန္တာ၊ ထိပ်မှာ မြတ်ဘုရား၊ ခြေတော်ထား၊ နားမှာ ပြန်သွားကြပြီဖြစ်ကြောင်း သိရ၏။

"သူတို့ဘာမှမရဘဲ (သစ်ဝါးမခုတ်ဘဲ) ပြန်သွားကြတာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ။ ဒီလောက် ဆင်တွေသောင်းကျန်းနေတာ ဘယ်သူကအသက်နဲ့လဲပြီး သစ်ခုတ်၊ ဝါးခုတ်မှာလဲဗျ။ ခင်ဗျားတို့လူည်းသုံးစီးတက်သွားတုန်းက သတိပေးဖို့ လှမ်းခေါ်သေးတယ်။ မကြားဘဲ ဆက်မောင်းသွားကြတာ"

ထိုအခိုက်အန့်မှ ပျဉ်းမပင်လိုအပြန်စခန်းတွင် အတက်လှည်းများနားနေခြင်း၊ အတက်လမ်းတစ်လျှောက် ဝန်တင်လှည်းတစ်စီးတစ်လေကိုမျှ ရှောင်တိမ်းပေးရသည်မရှိခြင်း၊ တစ်တောလုံး တစ်တောင်လုံး လူသံသူသံ၊ သစ်ဝါးခုတ်သံများမကြားရခြင်းမှာ အန္တရာယ်တစ်ခုခုကြောင့် ဖြစ်နိုင်သည်တဲ့ ထိုစဉ်က တွေးမိဖို့တောင်းပါလျက် အလေးမမူဘဲ ဆင်ကန်းတောတိုးပြုခဲ့မိခြင်းကို ပြန်လည်တွေးမိကာ ကြက်သီးတဖြန်းဖြန်းထနေမိလေသည်။ ဗုဒ္ဓ၏ ကျေးဇူးကြောင့်သာလွတ်မြောက်ခဲ့ခြင်း ဖြစ်၏။ ထို့အတူ ရှင်တော်ဗုဒ္ဓအား ရည်မှန်း၍ အကြိမ်ကြိမ် ဦးနှိမ်ခဲ့ကာ နမောတေဝါထာတော်ကြီးအား ရွတ်ဆိုမိပြန်၏။ ဒီတစ်ခါ အဘိုးကို သတိရသည့်စိတ်က ခါတိုင်းနှင့်မတူ ပါကလားဆိုသည်ကိုလည်း သတိသားလိုက်မိပြန်ပါသည်။

ကိုစနေ

ဆန်လက်ဟန်ပြ၍ အားပေးနေရသော်လည်း တိုယ်တိုင်မှာမူ ဒီတစ်ခါဖြင့် သေပြီလေပြီဟု စိတ်ကိုတုံးတုံးချကာလျှောမိမိကိုယ်ကို ဘုရားရှင်ထံအပ်နှံသတ်ပါသည်။ စောစောကကြောက်စိတ်များဖြင့် ထူပူပြီး ဘာကိုမျှသတိမရနိုင်အောလည်း ရှင်တော်ဗုဒ္ဓအား သတိရခြင်းခြင်းတွင် စိတ်အနည်းငယ်တည်ငြိမ်သွားခဲ့၏။ ထို့နောက် ငယ်စဉ်ကပင် အထူး နှုတ်တိုက်သင်ကြားပေးခဲ့သော အဖောတေဝါထာတော်ကြီးအား မျက်စိစုံမှိတ်၍ ရွတ်ဖတ်နေမိသည်။ ပြေးမလွှတ်သည့်နောက် ဖြစ်လိုရာဖြစ်စေတော့တု သဘောထားကာ ဂါထာတော်ကြီးသာ အာရုံစိုက်ပြီး ရွတ်ဖတ်နေမိတော့၏။

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဓ ပဋိပန္နောသ္မိ၊
ဘဿ မေ သရဏံ ဘဝ။ ။

ထိုသို့ဂါထာတော်ကြီးအား အာရုံစူးစိုက်ဖတ်နေခြင်းကြောင့်လားမသိ၊ အိပ်မက်ဆိုးတစ်ခုလုံးအား တစ်ခဏအတွင်း မေ့လျော့သွားသလို လက်ရှိအခြေအနေသည့် အန္တရာယ်ကိုလည်း သတိမရတော့။ အဆက်မပြတ် ရွတ်ဖတ်နေသည်မှာ အခေါက်ရေမည်မျှ၊ အချိန်ကြာမြင့်သည်ကိုလည်း မခန့်မှန်းတတ်တော့။

ဘုရားရှိခိုးပြီးသောအခါ ဆရာတော်ကြီးက ကျောင်းသူကျောင်းသားများအား ဆွမ်းခံသွားရန် ခွင့်ပြုတော်မူ၏။ ကျောင်းသူကျောင်းသားများသည် ဆရာတော်ကြီးအား ဦးခိုက်ပြီးနောက် ဆွမ်းခံသွားကြ၏။

ဆွမ်းခံသွားကြသည်မှာ ကျောင်းအနီးအနားရှိ ရွာများသို့ မဟုတ်ပေ။ ကျောင်းမှ ကီလိုမီတာ ၂၀ ခန့်ဝေးသော ရွာများသို့ သွားကြရ၏။ ကျောင်းမှ ရွာများသို့ ကားလမ်းမရှိသဖြင့် ကျောင်းသူကျောင်းသားများသည် ခြေလျင်သာ သွားကြရ၏။

ကျောင်းသူကျောင်းသားများသည် ဆွမ်းခံသွားကြရာတွင် ဆရာတော်ကြီးက ပေးလိုက်သော ဆွမ်းခံစာရင်းအတိုင်း ဆွမ်းခံသွားကြရ၏။ ဆွမ်းခံစာရင်းတွင် ရွာအမည်၊ အိမ်အမှတ်များ ပါရှိသည်။ ဆွမ်းခံသွားကြသည့်အခါ ဆွမ်းခံစာရင်းတွင် ပါရှိသည့်အတိုင်း ဆွမ်းခံသွားကြရ၏။

ဆွမ်းခံသွားကြသည့်အခါ ကျောင်းသူကျောင်းသားများသည် ဆွမ်းခံစာရင်းတွင် ပါရှိသည့်အတိုင်း ဆွမ်းခံသွားကြရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်တို့နှင်း ခင်သိမ်းလိုရာအရပ်၊ ကာယစီး၊ နေရာချို သုံးလိုသြဇာသ

တော်သူတော်သားလေးများ

စာ ညီညီညာညာ သံပြိုင် (၃) ခေါက် တိတိဆိုလိုက်ကြ၏။

"အေး - အဲဒီမန္တန်ကို အလွတ်ရ အောင်ကျက်ထားကြကွယ့်"

"မှန်လှပါဘုရား"

"လမ်းခရီးသွားတဲ့အခါ၊ ရေကြောင်းခရီးလေ၊ သမုဒ္ဒန်၊ မော်တော်၊ ဘောက်တူတို့နဲ့ပဲဖြစ်ဖြစ်၊ ကုန်းလမ်းခရီး၊ မီးရထား၊ မော်တော်ကား၊ ဆိုက်ကား၊ မြင်းလှည်း၊ နွားလှည်း စက်ဘီး၊ ဆိုင်ကယ် ဘာပဲစီးသွားစီးသွား ဒီမန္တန်ကိုရွတ်ရမယ်ကွယ့်"

"မှန်လှပါ ဘုရား"

"ခုလို ကျောင်းသားဘဝကတည်းက ဗဟုသုတရှိထားတာမကောင်းဘူးလားကွယ့်"

"ကောင်းပါတယ် ဘုရား"

"ကဲ - ကိုယ့်အတန်းကိုယ်သွားပြီး ထိုင်ကြတော့။ စာလည်းကြိုးစားကြနော်"

"မှန်လှပါဘုရား"

ဘုန်းတော်ကြီးက နေ့စဉ်နေ့တိုင်း ကျောင်းသူကျောင်းသားများအား ယဉ်ကျေးလိမ္မာရန် ဩဝါဒပေး၏။

ရဲဖန်ရဲခါ ဗဟုသုတအဖြစ် ပုံပြင်များကိုပြောပြ၏။

ဗုဒ္ဓဝင်ဘုရားဖြစ်တော်စဉ်ကိုတော့ ကျောင်းသားကျောင်းသူတိုင်း နားရည်ဝနေကြပြီဖြစ်၏။

လယ်တီဆရာတော်ဘုရားကြီး၏ သုံးလှုရှုပင်၊ ကျွန်ုပ်ထိပ်တင် ကဗျာကိုလည်း နေ့စဉ်နေ့တိုင်းသီဆိုကြရပါသဖြင့် ကျောင်းသူကျောင်းသားတိုင်း အလွတ်ရနေကြပါ၏။

နှစ်စဉ်နှစ်တိုင်း တံကူး(တန်ဆူး)လနှင့် ကဆုန်လ(၂)လဘုန်းတော်ကျောင်းကို ပိတ်ထားပေးရ၏။ ထိုကာလတွင် ဘုန်းတော်ကြီးကျောင်းမှာ ရှင်ပြု၊ ရဟန်းခံ အလှူအတန်းများပြုလုပ်လေ့ရှိကြ၏။

ဘုန်းကြီးကျောင်းသား တာတီးသည် (၁၅) နှစ် အရွယ်ခန့်ရှိနေလေပြီ။ လူကောင်ကလည်းထွားသည်။ အရပ်အမောင်းကလည်းကောင်း၏။

တာတီး၏အဖေသည် ဖောင်စီးသမားဖြစ်၏။ ဖောင်စီးသမားဆိုသည်မှာ ဝါးပိုးဝါးများကို ဖောင်ဖွဲ့၍ တောင်ပေါ် ဥယျာဉ်မှထွက်သော သီးနှံများကို သယ်ဆောင်ရသောအလုပ် ဖြစ်၏။

ရွှေကျင်မြို့လေးသည် တောင်စဉ်နှင်မြို့လေးဖြစ်၏။ အေးချမ်းသာယာလှ၏။ ဤဒေသအဝါတ ရွှေကျင်သူရွှေကျင်သားများသည် ဥယျာဉ်ခြံမြေအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြ၏။

တောင်ပေါ်ဒေသမှာ ကိုယ်ပိုင်ရောက်သီးခြံ၊ ဘိတ်ရောက်သီးခြံ၊ တညင်းသီးခြံ၊ ပိန္နဲသီးခြံ၊ ငှက်ပျော်သီးခြံ၊ ကွမ်းခြံတို့ကို စိုက်ပျိုးကြ၏။

ထွက်ကုန်များကို မြို့သို့သယ်ဆောင်၍ ရောင်းချစားရ၏။

ရွှေကျင်မြို့လေး၏ တောင်ဘက်တွင် မြို့လေးနှင့်ကပ်လျက် တောင်ပေါ်ကျချောင်းလေးတစ်ချောင်းရှိ၏။ ရွှေကျင်ချောင်းဟု အမည်တွင်ပါ၏။ ထိုချောင်းလေးသည် ရေစီးညင်ညင်သာသာဖြင့် စစ်တောင်းမြစ်ကြီးထဲသို့စီးဝင်ပါ၏။

ကမ္ဘာ့ထော်ဆိုသောတောင်ပေါ်ရွာတစ်ရွာတွင် ရောက်သီးခြံများအများက်အမြောက်ထွက်ရှိ၏။ ကရင်တိုင်းရင်းသားများ စုဝေးနေထိုင်ကြ၏။

ထိုကမ္ဘာ့ထော်ရွာလေးမှ တောင်ပေါ် ကျချောင်းကလေးတစ်ချောင်းသည် ရွှေကျင်မြို့ဆီသို့ ဦးတည်ပြီး စီးဆင်းနေ၏။ ထိုချောင်းလေးကို မယ်ဒမချောင်းဟုခေါ်ဆိုကြ၏။

မယ်ဒမချောင်းလေးသည် တောင်ဘက်အရပ်မှ မြောက်ဘက်အရပ်သို့ အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းနေ၏။ ရွှေကျင်မြို့နားအရောက်တွင် ရွှေကျင်ချောင်းလေးထဲသို့စီးဝင်ပြီး ရွှေကျင်ချောင်းနှင့်ပေါင်းသွား၏။

ထိုမှတစ်ဆင့် ရွှေကျင်ချောင်းလေးနှင့် မယ်ဒမချောင်းလေးတို့ပူးပေါင်းပြီး စစ်တောင်းမြစ်ကြီးထဲသို့စီးဆင်းသွားပါတော့၏။

ထိုရွှေကျင်ချောင်းလေးနှင့်မယ်ဒမချောင်းလေးတို့သည် ဥယျာဉ်ခြံမြေလုပ်စားသူများ၊ ဝါးခုတ်သူများ၊ သစ်ခုတ်သူများအတွက် သဘာဝကပေးထားသော ချောင်းလေးနှစ်ချောင်းဖြစ်ပါ၏။

ရွှေကျင်ချောင်းက ညင်ညင်သာသာရေစီးသော်လည်း မယ်ဒမချောင်းလေးက ဝါးလုံးထိုးစီးဆင်းသဖြင့် ရေစီးကြမ်းလှ၏။ ချောင်းလေးထဲတွင်လည်း ကျောက်ဆောင်ကျောက်တုံးကြီးများက အများအပြား။

ကဆုန်လတွင် တာတီးသည် သူ့အဖေကို ကူညီဆောင်ရွက်ရန် ဝါးဖောင်စီးအလုပ်ကိုလိုက်လုပ်ပါ၏။

တာတီးတို့သားအဖသည် ကမ္ဘာ့ထော်တောင်ပေါ် ရွာကြီးမှ ရောက်သီးများကို ဝါးပိုးဝါးဖောင်ကြီးနှင့် ရွှေကျင်မြို့သို့ သယ်ဆောင်သောအလုပ်ကိုလုပ်ကြ၏။

တစ်နေ့သ၌ ရောက်သီးများအပြည့်တင်ပြီး ဝါးပိုးဝါးဖောင်ကြီးသည် မယ်ဒမချောင်းအတိုင်း စုန်ဆင်းလာကြ၏။

တာတီး၏အဖေက ဝါးဖောင်ကြီးနောက်ပိုင်းမှတက်မကိုကိုင်၏။ တာတီးက ဝါးဖောင်ကြီးရှေ့ပိုင်းမှ ထိုးဝါးတစ်လုံးဖြင့် ဝါးဖောင်ကြီးကျောက်ဆောင်များနှင့်မတိုက်မိစေရန် ဆောင်ရွက်ရ၏။

ကဆုန်လ၏နောက်ဆုံးပတ်ရက်များ ကောင်းကင်တွင် မိုးသားတိမ်လိပ်တို့က အနည်းငယ်သာတက်လျက်ရှိ၏။ နံနက်ပိုင်းက နေကပူလှ၏။

မယ်ဒမချောင်းအတွင်း ဝါးဖောင်ကြီးစီးဆင်းလာသောအခါ လေကတိုက်လာ၏။ မိုးပေါက်မိုးဖွားလေးများကရွာချလိုက်၏။

ရောက်သီးများအပြည့်တင်ထားသော ဝါးဖောင်ကြီးသည် အရှိန်အဟုန်ပြင်းစွာနှင့်စီးဆင်းနေပါတော့၏။

တစ်နေရာအရောက်တွင် ဝါးဖောင်ကြီးသည် မယ်ဒမချောင်းလေးထဲမှ ကျောက်ဖျာ (ကျောက်အင့်) ကြီးတစ်ခုကို ဝင်တိုက်မိပါတော့၏။ ရောက်သီးများတင်လာသော ဝါးဖောင်ကြီးသည် ချောင်းလေးအတွင်း ကန့်လန့်ကြီးဖြစ်သွားရ၏။

တာတီး၏ဖခင်ကြီး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်သွားရ၏။

ထိုအချိန်တွင် တာတီးသည် ဘုန်းကြီးသင်ကြားပေးထားသည့်

"ဥံ - ဗုဒ္ဓမြတ်ဘုရား၊ ရဟန္တာ၊ ထိပ်မှာ မြတ်ဘုရား၊ ခြေတော်ထား၊ နားမှာ ကိုယ်တော်ကျိန်း၊ ခပ်သိမ်းလိုရာအရပ်၊ ကာယဝစီ၊ မနောချီ၊ သုံးလိုသြဇာသ"

ဟု မန္တန်ကိုအသံထွက်၍အထပ်ထပ်အခါခါရွတ်ဆိုပါတော့၏။

ကံအားလျော်စွာပင် ဝါးဖောင်ကြီးသည် ကျောက်ဖျာကြီးနှင့် ငြိနေရာမှ လွတ်သွားရ၏။ မယ်ဒမချောင်းလေးထဲတွင် ကန့်လန့်ဖြတ်ကြီးဖြစ်နေသော ရောက်သီးတင်ဝါးဖောင်ကြီးသည် အနေအထားအမှန်အတိုင်းဖြစ်သွားရပါတော့သတည်း။

မင်းကြော်သီဟ

www.burmeseclassic.com

www.burmeseclassic.com

ခင်(တောင်ကြီး) အပိုင်း (၇)
တန်ဖိုးထိုက်သည့်အလုတရားများ

ပန်းတမော့လက်ရာ အင်တေပန်းများအပြည့်ဖော်၍ ထားသော အုတ်နံရံပြင်ကျယ်တစ်ခုကို ရှာရှာပါးပါးတွေ့လိုက်ရ၍ စိတ်ဝင်စားစွာ အသေအချာလေ့လာမိပါသည်။ ကြည့်ရသည်မှာ ရွှေသာလျောင်းဘုရားတစ်ဆူ၏ကျောက်နံရံဘက်နေရာလိုမျိုးဖြစ်ပါ၏။ ရိုးရိုးလျောင်းတော်မူတစ်ဆူပုံစံတော်မျိုးထက် ခပ်နိဒ္ဒာနစ်တော်မူသည့် ပုံသဏ္ဌာန်မျိုးဖြင့်ထုပုံဖော်ခဲ့လေသည်လားဟုလည်း တွေးတောမိပါသည်။ ဆင်းတုတော်မှာ ဘောင်အရပ်သို့ခေါင်းပြုကာရှိနေတော်မူဟန်ဖြစ်ပြီး မျက်နှာမှာမူ အရှေ့အရပ်သို့ရှိနေတော်မူခဲ့ဟန်ပါ၏။ ဦးပဉ္စင်းကြီးက ပုဂံခေတ်လက်ရာနှင့် အလွန်တူကြောင်းမိန့်တော်မူပါသည်။ သို့ဆိုပါက ဤလျောင်းတော်မူလျက်မြောက်အရပ်သို့ခြေတော်ပြုနေဟန်ဖြစ်ရာ ထူးခြားသည်ဟုဆိုနိုင်လေသည်ပဲလားဟု တစ်ချက်ပြုံးစားလိုက်မိပါလေသည်။

"ဦးပဉ္စင်းတို့က ဒီသာသနာ့မြေကို ပြန်ဖော်ထုတ်ကြမယ်ဆိုပြီး လုပ်အားဒါန၊ ဒေါ်နှင်း အလှူခံတော့ ရွာကလူတွေဆိုပေးနိုင်တာသာနဲ့ပေါ့။ ပြန်ဖော်ပေးခဲ့ကြတာ။ ပေါ်လာသမျှမြေကြီးတွေယက်ဖယ်ကြတဲ့အတွက် အတတ်နိုင်ဆုံး နဂိုအနေအထားအတိုင်း ကြိုးစားပေးကြတာပါပဲ။ နှစ်ကာလကြာပြီဆိုတော့ တချို့ဆိုဆွေးကုန်ကြတာမျိုးကြီး။ ဒီလျောင်းတော်မူကြီးရဲ့ ကျောဘက်နေရာမှာ အဆောက်အအုံကြီးတစ်ခုခုရှိနေခဲ့ပုံပါပဲ။ ဒါမှမဟုတ် ဆင်းတုတော်ကြီးကြီးတစ်ဆူရှိနေခဲ့လိမ့်မယ်ထင်တယ်"

ဦးပဉ္စင်းကြီး၏မိန့်ဆိုချက်အရ တူးဖော်ကြရာ၌ တွေ့ရှိကြရပုံများမှာ နတ်ဆိုးလေးများက ဘုရားရှင်အား ဆွမ်းကပ်လောင်းလှူရန် ဟန်ပြင်နေသည့်ပုံသဏ္ဌာန်မျိုးတို့ဖြင့် တွေ့မြင်ရကြောင်း၊ ဘုရားရှင် ဆွမ်းခံကြွလာသည့်နောက် ဘုန်းကြားပါလိုက်ပါလာတော်မူသည့် ပုံသဏ္ဌာန်များဖြစ်နိုင်ကြောင်းပြောပြကြပါ၏။

ဤနေရာသူတို့ မုခဒေါက်တစ်ခုအတွင်းသို့ ခေါင်းကို အတန်ငယ်ငုံ့၍ဝင်ရောက်မိပြီးကြသည့်နောက် အုံ့သြဖွယ်ရာ ပန်းတမော့လက်ရာများကို တွေ့မြင်လိုက်ကြရသည်။ စာရေးသူမှာ ဝင်ပေါက်၏နံဘေးဘက်တို့မှ ပစ္စသီခနတ်သားရုပ်များနှင့် စောင်းတို့ပိုက်ထားဟန်များကို ကြည့်နေရင်းဝင်သွားခဲ့ခြင်းဖြစ်ရာ ရုတ်တရက် ထိုမျှလောက်များပြားလှသော အင်တေပန်းဖော်ထားဟန်များ၊ ရုပ်ကြွရုပ်လုံးများလှပလှသည့် ရွေးကနုတ်နွယ်များကို တွေ့လိုက်ရသောအခါ တအံ့တသြဖြစ်မိကာ စိတ်များဝင်လှုပ်ရှားသွားမိရပါသည်။

တစ်နေရာ၌ ဂဠုန်ရုပ်တစ်ခုကို တောင်ပံများ ကျိုးကွာကျလျက်ရှိနေဟန်ကိုလည်း တွေ့လိုက်ရပါ၏။ ထောင့်ချိုးနေရာများ၌ အနုစိတ်ဖော်ထားသော ပန်းလက်ရာများကလည်း ယခုခေတ်လက်ရာများနှင့် ကွာခြားလှပါသည်။ အရွက်ဖတ်ကြီးများသဏ္ဌာန်အင်တေပန်းဖော်ထားပုံများ၏ နွဲ့လျသောညွှတ်ပျောင်းဟန်များကလည်း အနုပညာမြောက်လှပါသည်။ ထိုမှ ရှေ့သို့ဆက်၍သွားသောအခါ မှုးကြီးမတ်ရာတို့လို အဝတ်အဆင်၊ ပေါင်းဦးထုပ်များနှင့်

ဌာပနာဘုရားများတွင် နှစ်ပေါင်းတစ်ရာကျော်အထိ ရှိနေနိုင်သေးသည့် ပျဉ်ပျရေးရေး ရွှေမင်များ



နှစ်ပေါင်းများစွာ တောချုံကြားတွင် ဤသို့ ဤနယ် စေတီပေါင်းများစွာတို့ ပျက်စီးခဲ့ရသည်မှာ

ယွန်လိုင်းဟူ၍နှစ်လုံးကည်းသာထင်ရှားနေသော ရွေးက ရွှေရောင်အပြည့်နှင့်ရှိခဲ့တန်တူသော ရွေးက နီဘုရားတော်ကြီးဆင်တစ်ပိုင်းဘင်စီ

www.burmeseclassic.com

www.burmeseclassic.com

ကြေးလက်ရာဆင်းတုတော်တစ်ဆူ



ပဒေသာပင်ကြီးငယ်တို့၏အောက်ဘက်မှ သမုဒ္ဒရာလှိုင်းများအကြား ငါးတို့ကူးခပ်နေပုံ (ရွေးက အရောင်အဆင်းများအတိုင်း ဖြစ်သည်)

ရွှေမျက်နှာစာ၌ ပလ္လင်တောင်ပေါ်ရှိ ဘုရားရှင်နှင့် တံကဲအလုအပြင် နံဘေးမှ ရဟန္တာ ဖူးမြော်နေဟန်

ကျောဘက်မျက်နှာ၌ စေတီပုံနှင့် ရဟန္တာတစ်ပါးတို့ကို တွေ့ရ၏

ကျောင်းဆောင်ပုံ ထွင်းထုထားသော ကြုတ်၏ လက်ရာမြောက်ပုံမှာ

လက်အုပ်ချီနေဟန်ရုပ်တုများကိုလည်း တွေ့မြင်ရပါသည်။ နံရံများတစ်လျှောက်တွင် ဒေါင်းမြီးကော့များသဏ္ဌာန်ပုံဖော်ထားသောလက်ရာများကလည်း လှပစွာ မြင်တွေ့နေရပါသည်။

ဝမ်းနည်းစရာကောင်းလှသောမြင်ကွင်းတစ်ခုမှာ ညောင်မြစ်ကြီးများကြားကွေးကွေးကောက်ကောက် ကုပ်တွယ်လျက် ပြုံးရွှင်စွာရှိနေသော ရုပ်တုများဖြစ်ပါသည်။ မည်သည့်ပုံသဏ္ဌာန်၊ မည်သည့်အသွင်များဖြစ်ကြောင်း ခန့်မှန်းရခက်နေသည်ကို တွေ့မြင်ရပါ၏။

ထိုမှတစ်ဖက်တွင် တွေ့မြင်လိုက်ရသည်မှာ နံရံခွင်အပြည့်သရုပ်ဖော်ထားသော ပဒေသာပင်ကြီးများ ဖြစ်သည်။ အမျိုးအမည်ပေါင်းများစွာတို့ဖြင့် သီးပွင့်ခိုင်ဖြိုးနေကြသော ပဒေသာပင်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com

အလီးပေါင်းစုံတို့ဝေဆာဖွံ့ထွားနေသော ပဒေသာပင်ကြီးများ

ထူသားဖိန်းမတစ်ဦးမှ ထိုအင်ရာများကို ပဒေသာပင်ကြီးမှ ဆွတ်ယူနေဟန်

ပဒေသာပင်အကိုင်းအခက်တို့ကြားမှ တွဲရွဲကျနေသော အဝတ်အစားများ

ပဒေသာပင်အကိုင်းထိပ်တွင် ဆွဲရွဲကျနေသော ထူပဒေသာများ



နှစ်ပေါင်းများစွာ အင်နှင့်အားနှင့် မင်းမှုခဲ့၍ ထေရာင်းတော်မူကြီး ထုံးဝ ပျက်စီးခဲ့ရသည်



ပဒေသာပင်အကိုင်းတို့၌ သပိတ်၊ ယပ်၊ ရေစင်အိုး စသည်တို့ကိုလည်း တွေ့ရှစ်ဦ

ပြန်ပြုပြင်၍ ရနိုင်တော့ဟန်မတူသော ဌာပနာပစ္စည်းများမှာ

ကြီးကြီးငယ်ငယ်အရွယ်စုံလှပန်းဆေးရောက်နေကြပုံများကို ဖော်ပြထားကြပါ၏။ ပဒေသာပင်တိုင်းသည် အကြီးအငယ်ကွာခြားကြသော်လည်း တုတ်တုတ်ခဲခဲတို့ဖြင့် သန်မာစွာ ဆေးရောက်နေကြဟန်များကို ထင်ထင်ရှားရှားဖော်ပြထားခဲ့ကြပါသည်။

သမိုင်းသုတေသီ ဆရာဦးသိန်းဝင်းမြင့်၏အဆိုအရ ထိုပဒေသာပင်အုပ်စုအား စံကားနယ် မော်ဘီကျေးရွာ ဈေးတီစုများတွင်လည်း တွေ့မြင်နိုင်ကြောင်း ပြောပြဖူးသည်များကိုလည်း ကြားရပါသည်။ ပထမဆုံးတွေ့ရသော ပဒေသာပင်ကြီးမှာ အလွန်ကြီးမားခန့်တုပါသည်။ ယခုလက်ရှိတွင်မူ ထိပ်ပိုင်းကိုတော့ မမြင်နိုင်ကြရတော့ပြီသည်မှာ နှမြောစရာကောင်းလှပါသည်။ ထိုပဒေသာပင်၏ အောက်ခြေအပိုင်းဆုံးအပိုင်း၏အောက် အပင်ရင်း

www.burmeseclassic.com

www.burmeseclassic.com

အပင်၏အရွက်အခက်များကို တစ်ပင်နှင့်တစ်ပင် မတူအောင် ဖော်ပြထားသောလက်ရာတည်း

ရှေးအထွန်ကျသော လက်ရာ ဟူ၍ တတ်သိနားလည်သူတို့က ခန့်မှန်းကြသော ငှက်ရုပ်ပုံမှာ

ပဒေသာပင်ကြီးငယ် စုစုပေါင်း ရုစ်ပင်ကို လက်ရာမြောက်စွာ
အဓိပ္ပာယ်ပေါင်းများစွာတို့ဖြင့် ပုံဖော်ထားသော ရှေးအင်္ဂတေလက်ရာ

နှင့်ကပ်လျက် အကိုင်းရင်းနေရာတွင် ရဟန်းသံဃာတော်တို့ အသုံးပြုသော ယပ်တော်တစ်ခုကို တွေ့မြင်ရပါသည်။ ထိုခေတ်ကာလပုံစံမျိုး ထုံးရွက်ယပ်နှင့် ထမ်းရွက်ရိုးတို့ကိုပေါ်လွင်အောင် အင်္ဂတေအနုစိတ်ဖြင့် တွေ့မြင်ကြရပါသည်။

ထိုမှ အောက်ပိုင်းအခက်အလက်တို့ဖြာကျနေသည်တွင် အဖူးများ၊ အညွှန့်များဖြင့်ရှိနေသည်မျိုး ပုံဖော်ထားပါ၏။ ထိုမှအောက်ဘက်ကိုင်းတစ်ခု၏အဖျားတွင် သပိတ်နှင့်သပိတ်ဖုံးကဲ့သို့ ပုံဖော်ထားဟန်များ ဘယ်တစ်ကိုင်း၊ ညာတစ်ကိုင်းရှိနေပါလေသည်။ ထိုမှ အောက်ဘက်တွင် အရွက်ဖားလျားကျနေဟန် ပုံစံများက အထည်စ၊ ပိတ်စများကဲ့သို့ ထင်မှတ်ရပါသည်။ ထိုမှ အောက်တွင်

လူယောကျ်ားတစ်ဦးမှ ထိုအင်္ဂါရာများကို ပဒေသာပင်ကြီးမှ ဆွတ်ယူနေဟန် အပေါ်ဘက်တွင် စားဖွယ်အပြည့်အစောက်နှင့် ဓေါင်းလန်းကြီး
ရေတကောင်းစသည်တို့ကိုလည်း တွေ့ရပုံ

ထန်းပင်၊ အုန်းပင်နှင့် ငှက်ပျောပင်တို့ကို ဖော်ပြဟန်

www.burmeseclassic.com

www.burmeseclassic.com



နမြောဖွယ်ရာ ရှေးက အလှတရားများ



ဒေသောပင်ကြီးငယ်တို့၏အောက်ဘက်မှ သမုဒ္ဒရာထိုင်းများအကြား ငါးတို့ကူးခပ်နေပုံ
(ရှေးက အရောင်အဆင်းများအတိုင်း ဖြစ်သည်)

ဘုရားတို့၌ ကပ်လှူပူဇော်ခဲ့ကြသော ဆည်းလည်းများမှ ရွာရွာငါးပါးပါးတစ်ခုကို တွေ့ရသည်မှာ

အိုးငယ်များ၊ သေတ္တာငယ်များ၊ အပွင့်ဖတ်ပုံစံများကိုလည်းတွေ့မြင်ရပါသည်။

ထိုမှ အောက်ဘက်တွင် ခေါင်းလောင်းပုံစံများ၊ ကြေးခုံချပ်ပုံစံများ၊ လိပ်ခွံဘီးကဲ့သို့ ခေါင်းဘီးပုံစံများ၊ ရေတာကောင်းပုံစံများ၊ ရွှေခြေချင်း၊ ရွှေလက်ကောက်ပုံစံများတို့ကိုလည်း သူနေရာနှင့် သူ အပင်မှသီးနေပွင့်နေကြတန် ရုပ်လုံးဖော်ထားခဲ့ကြသည်မှာ အလွန်မှပင် လက်ရာမြောက်လွန်းလှပါလေသည်။ ကိုင်းတစ်ခုအစွန်နေရာ၌ ဒေါင်းလန်းကြီးတစ်ခုအပေါ်တွင် ထုမင်းဟင်းများ အပြည့်အမောက်ရှိနေသည့်ဟန်တို့ဖြင့် ဖော်ပြထားသည်ကိုလည်း ရှားရှားပါးပါး တွေ့ရပြန်ပါ၏။

ထိုမှာ၏အပင်ခြေအောက်ဆုံးဆင့်တွင် လူယောကျ်ားတစ်ဦးမှ ငှက်ပျောဥိုင်များ၊ လိုအပ်ရာရာများကို ဆွတ်နေခူးနေဟန်သရုပ်ဖော်ထားပါသည်။ထိုပဒေသာပင်၏ အခြားတစ်ဖက်တွင်မူ လူမိန်းမတစ်ဦးမှ သူမဝတ်ဆင်လိုသောအဝတ်အထည်များကို ပဒေသာပင်မှခူးဆွတ်ဖြုတ်ယူနေဟန် သရုပ်ဖော်ထားသည်ကိုလည်း တွေ့မြင်နေရပါသည်။ သူတို့၏ သရုပ်ဖော်ဟန်များလည်း ရိုးစင်း၍ လက်ရာမြောက်လှပါ၏။ ရှေးရှေးအယူအဆအရ လူတို့ဘဝ၌ ရှေးကမ္ဘာဦးက နတ်ဗြဟ္မာတို့ ဖန်ဆင်းပေးခဲ့ကြ၍ ကမ္ဘာ့ပဒေသာပင်တို့ မို့လိုပေါက်ခဲ့ကြရာတို့ကို ဖော်ပြဆုတောင်းခဲ့ကြလိုရင်းဖြစ်ဟန်တူပါသည်။

ထို့ထက်ပို၍ စာရေးသူ နှစ်ခြိုက်စွာ တွေ့မြင်ရသည်မှာ နောက်ပဒေသာပင်ကြီးတစ်ခုဖြစ်ပါ၏။ ဤတစ်ခါ၌ ပဒေသာပင်ကြီးသည် လူများစွာသီးနေကြသောအပင်ဖြစ်သည်။ လူယောကျ်ား၊ လူမိန်းမ၊ ကလေးငယ်လေးများပါမကျန် အညွှာကိုယ်စီတို့ဖြင့် အပင်မှ တွဲရရွဲရွဲနေကြပုံများမှာ ပုံပြင်တစ်ပုဒ်ဖတ်နေရသည်ကဲ့သို့ ဖြစ်နေပါသည်။ ထိုအပင်၌ လူတို့သာမက လူတို့ဝတ်ဆင်ရန် ဝတ်စုံများကိုလည်း အညွှာများဖြင့် ချိတ်တွဲလျက်ရှိနေကြပါသည်။ ထိုပဒေသာပင်မှာလည်း အတော်ပင် ကြီးမားတုတ်ခိုင်ကြောင်း တွေ့မြင်ရပါသည်။

ကျန်ပဒေသာပင်များမှာ မြေမှ ပေါက်ခါစအရွယ်များကဲ့သို့ ငယ်သောအပင်များဖြစ်ကြကာ ငှက်ပျော၊ သရက်၊ မာလကာ၊ ညြာ၊ အုန်း၊ ထန်းစသည်ကဲ့သို့ အသီးမျိုးစုံတို့သီးနေကြဟန် သရုပ်ဖော်ထင်ရှားစေလျက်ရှိသည်။ ပဒေသာ

www.burmeseclassic.com

www.burmeseclassic.com

အရွက်နှင့် အသီးကြီးများအကိုင်းပြည့်ရိနေကြပုံ

* ပတ္ထင်တစ်ခုကို ထုဆစ်ပုံတော်ထားခဲ့ဟန်

အားလုံးတို့ကို ကုတ်တွယ် ချေမှုန်းခဲ့သော ဧည်ာပင်ကြီး



ထုပသော ရွှမ်းတောင်ဒေသ၏ မြင်းမထီတောင်အလုအပ

ထိုက်ပါရင်းပြတော်မူသော ဦးပဉ္စင်းကြီး ဦးဂန္ဓာမာကို ပဒေသာပင်ကြီးများနောက်ခံဖြင့်

ပင်များမှာ တစ်ပင်နှင့်တစ်ပင်ထွက်ရှိသောအရွက်ပုံစံ၊ အကိုင်းဖြာပုံစံများမတူကြအောင် ဖော်ပြထားသည်ကိုလည်း တွေ့ကြရပါ၏။ အချို့အပင်တို့၌ ထန်းရွက်ပုံစံများ၊ အချို့၌ ငှက်ပျောညွှန့်ဖြာထွက်သကဲ့သို့ ပုံစံများ၊ အချို့၌ အုန်းရွက်နှင့်တူသယောင်ယောင်အရွက်ဖြာပုံစံများတို့ဖြင့် အမျိုးစုံလွန်းလှပါသည်။

ထိုနံရံတစ်ပြင်တစ်ပြားလုံးတွင် ပေါက်ရောက်နေကြဟန် ပဒေသာပင်များမှာ စာရေးသူ မည်သို့ပင် ရေတွက်ရေတွက် အပင်စုစုပေါင်းရှစ်ပင်ဖြစ်နေ၍ မဂ္ဂင်ရှစ်ပါးတို့အား ဖော်ညွှန်းလေသည်လားဟုလည်း တွေးမိပါလေသည်။

ဦးပဉ္စင်းကြီးမှ -

"ဒီနေရာမှာလာပြီးလိုချင်တာဆုတောင်းကြတာတွေရှိတယ် ဒကာမကြီး"

"အခုကိုလား ဘုရား"

"အခု အခုကို။ ဘာတုံးဆို ပဒေသာပင်ကြီးတွေမှာ ပစ္စည်းအမျိုးအမည်အစုံတွေ၊ လူမိန်းမ၊ လူယောကျ်ားတွေအစုံမဟုတ်လား။ ဘယ်သူကဘယ်လိုစတယ်ဆိုနိုင်ဘူး။ သူတို့လိုတာ သူတို့အဓိဋ္ဌာန်နဲ့လာဆုတောင်းကြတယ်။ ဆုတောင်းပြည့်လို့ဆိုပြီး လာပူဇော်ကြတယ်လေ။ သားသမီးရတနာလိုချင်လို့ လာဆုတောင်းကြတာရလို့ဆိုပြီး ဝမ်းသာအားရလာရှိခိုးကြပူဇော်ကြနဲ့ တစာယ်သာဓကတွေ့ရှိတယ်"

"အို - အဲသလိုလားဘုရား"

"အေး - ဒါကလည်း သူတို့ဘာသာသူတို့ သိလာကြတာမျိုးကိုး။ ဘုရားရဲ့တန်ခိုးဟာ ဘယ်ကလောက်ဟိတ်ရှိတယ်ဆိုတာ မသိနိုင်ကြဘူးလေ။ ဟုတ်တယ်မဟုတ်လား ဒကာမကြီး"

"ဟုတ်ပါတယ်ဘုရား၊ တန်ခိုးတော်အနန္တပါ"

လိုက်လံပြသရင်း ရှင်းပြမိန့်ဆိုနေသော ဦးပဉ္စင်းကြီး ဦးဂန္ဓာမာ၏ မျက်နှာသွင်ပြင်တော်အတွင်း တက်ကြွသောသာသနာ့အားမာန်တို့၏ အရိပ်အငွေ့များကို အတိုင်းသား မြင်တွေ့နေကြရပါပေသည်။

"အေး-ဒီနေရာမှာပဲပေါ့။ တူးရင်းတူးရင်း ဌာပနာဘုရားတွေတွေ့လာခဲ့တာ။ရှေးရှေးက ဆည်းလည်းလေးတစ်ခုလည်း ပါခဲ့သေးတယ်"

"တင်ပါ့။ ဒါနဲ့ အရှင်ဘုရား ခုနက အရှင်ဘုရားမိန့်တဲ့လူတွေက တကယ်ပဲသူတို့ ဆုတောင်းပြည့်ကြတယ်တဲ့လားဘုရား"

"ဟာ - တကယ်ပေါ့။ တချို့ဆို အိမ်ထောင်ကျပြီး နှစ်တော်တော်ကြာထိသားသမီးမရလို့ လာဆုတောင်းကြ၊ အဓိဋ္ဌာန်ကြလုပ်ကြတာ။ တကယ်လည်း ဆုတောင်းပြည့်ပြီး သားသမီးလည်းရရော ဒီနေရာမှာလာပြီးကန်တော့ပွဲတွေ

www.burmeseclassic.com

www.burmeseclassic.com

နဲ့ ကန်တော့ကြတာများ"

"ဟုတ်လား ဘုရား"

"တချို့ခါကျတော့ တစ်မျိုးပဲပါ။ သမီးချည်းရနေလို့ သားလိုချင်ပြန်ထယ်ဆိုပြီး ဒီပဒေသာပင်ကြီးနားလာဆုတောင်းကြတယ်ဆိုပဲ။ ရယ်ပြန်ပါရော။ အဲဒါနဲ့ တစ်ခါလာပြီးလျှကြပြုကြနဲ့ပေါ့လေ။ ဦးပဉ္စင်းတို့က အစကသတိဘယ်ထားမိကြမှာတုံး။ သူတို့ကြောင့်သာဆိုပြီး - ဒီလိုဆုတောင်းလို့ရတာပဲလို့ သဘောပေါက်ကြရတာ"

"ကုန်သည်တွေကော သူတို့ဦးပွားရေးတွေအတွက် လာဆုတောင်းကြသေးလားဘုရား"

"လာပါ့ ဒကာမကြီး လာပါ့။ မြေပဲအောင်ဖို့၊ အာလူး၊ ချင်းအောင်ဖို့လာဆုတောင်းကြတာပဲ။ အစုံ၊ အစုံပေါ့။ သူတို့တွေရဲ့ ရောင်းရေးဝယ်တာကိစ္စရပ်တွေကိုပေါ့နော။ ကျောင်းသားတွေစာမေးပွဲအောင်ဖို့ဆိုပြီးလည်း ကလေးတွေက ဆုတောင်းနေကြတာတွေလည်း ရှိတာပေါ့"

"ဩော် -ဒါဆိုတကယ်ဆုတောင်းပြည့်တယ်ထင်တယ်ဘုရား။ တပည့်တော်တို့လည်း ဆုတောင်းခဲ့လိုက်ဦးမယ်ဘုရား"

"တောင်းပေါ့ ဒကာမကြီး"

ဤသို့ဖြင့် ရှေ့သို့လျှောက်လာကြသူ ထိုင်းရုပ်ကလေးများကူးခပ်နေကြတာကို အင်တေဖြင့်ပုံဖော်ထားသောနေရာသို့ရောက်ရှိလာခဲ့သဖြင့် -

"အရှင်ဘုရား၊ ဒီငါးရုပ်လေးတွေဟာ အရပ်မျက်နှာတစ်ခုတည်းကိုပဲကူးသွားနေကြသလိုပဲနော် ဘုရား"

စာရေးသူသည် ထိုငါးရုပ်များကို စိတ်ဝင်စားလှသဖြင့် အသေအချာကြည့်နေမိသည်။ ရေလိုင်းသဏ္ဌာန်အင်တေပုံထားသောအထပ်ထပ်သမုဒ္ဒရာလိုင်းအကြားတွင် ငါးလေးများသည် ဆူးတောင်များကို ဖြန့်ထားကားကာ အားတမ်း ကူးခပ်နေကြ၏။ ရေလိုင်းတွန့်များသည် အထပ်ပေါင်းခြောက်ထပ်ဖြင့် ဖော်ထားလေရာ စာရေးသူစိတ်တွင်းမှ ဝိညာဉ်ခါတပင် သမုဒ္ဒရာကြီးခြောက်စင်းကြီးဟူယူဆခဲ့ကြလေသည်လားဟူ၍ ရယ်ချင်စရာမိမိပါသည်။

နောင်ခါမှ ဆရာကြီးဦးသိန်းသန်းအား ပြောပြမိသောအခါ ထိုငါးတို့ကို သေပုံဖော်ထားဟန်မှာ ရေဆန်ကို ဆန့်ဆန့်နှင့် ဆန်တက်နေကြသော အခြင်းအရာများအဖြစ် ဖော်ပြထားကြဟန်တူကြောင်း ပဒေသာပင်အောက်ခြေနေရာတွင် ပြထားသည်ဖြစ်၍ ရေနေငါးမျိုးပေါင်းစုံတို့ကိုလည်း လိုသလိုမဖမ်းယူစားသုံးနိုင်ဟန် ဆိုလိုခြင်းဖြစ်နိုင်ကြောင်း ရှင်းပြပေးခဲ့ပါသည်။ ထိုသို့ဆိုပါက ထိုစဉ်အခါက လူတို့သည် စားရေရိက္ခာ၊ အသုံးအဆောင်၊ လိုအပ်ရာရာဖစ္စည်းပစ္စယတို့အားလုံးကို ပဒေသာပင်ကြီးမှ ဆွတ်ယူရရှိနိုင်သကဲ့သို့ ရရှိစေနိုင်ရန် ဆုတောင်းကြလေ့ရှိသည့် အယူအဆရှိခဲ့ကြဟန်ရှိမည်ဖြစ်ကြောင်း စာရေးသူယူဆမိပါသည်။

တစ်နေရာ၌ မြတ်စွာဘုရားရှင် ကြွတော်မူလာခဲ့ရာ ခြေတော်အစုံအောက်တွင် ကြာပွင့်ကြီးများပွင့်ကြဟန် ပုံဖော်ထွင်းထုထားပြီး ထိုမှအောက်တွင် ရဟန္တာတစ်ပါးမှ ဖူးမြော်နေဟန်တွေ့ရှိရပါသည်။ သို့သော် မြတ်စွာဘုရားရှင်ကိုမူ သင်္ကန်းတော်အနားသားနှင့် ခြေတော်အစုံကိုသာ တွေ့နိုင်တော့ပြီး ရဟန္တာရုပ်တုကိုမူ သင်္ကန်းတော်ခွံထားဟန် ပခုံးတော်အထိနှင့် လက်အုပ်ချီထားဟန်၊ ဒူးတုတ်ထိုင်နေဟန်တို့ကိုသာ တွေ့ရပါတော့၏။ ရဟန္တာတွင် ဦးခေါင်းတော်ကိုလည်း မတွေ့မမြင်ရတော့ပါပေ။

တစ်နေရာတွင်မူ ရှေးကအသုံးပြုလေ့ရှိခဲ့ကြရာ သဘာဝဆေးဒန်းအနီရောင်မျိုးနှင့် မြေကြီးထုံးရောင် သို့မဟုတ် မြေဖြူဟု ယူဆရသော အဖြူရောင်တို့ကိုပါ တွေ့မြင်ရပါသည်။ သဘာဝတွင်းထွက် သို့မဟုတ် ရုက္ခဗေဒဆိုင်ရာတို့မှ ရရှိသော အရောင်စပ်ဟန်တို့ဖြစ်ပြီး အရောင်အသွေး ဆင်တူဟန်ရှိသော်လည်း အသုံးချအကွက်ဖော်ဟန်တို့မှာမူ ထူးခြားခြားနားလွန်းလှသည်။ ထို့ကြောင့် ဤဒေသ၏အနုပညာအမွေအနှစ်များ၊ လက်ရာအနုစိတ် တင်ပြတတ်ဟန်များသည် တန်ဖိုးမဖြတ်နိုင်သောအလှတရားများပင် ဖြစ်ကြပါလေသည်။

ထို့ထက် ပို၍ စာရေးသူခံစားမိရသည်မှာ ရှေးကလူတို့၏တောင်းဆုပြုမှုအယူအဆများသည် ရိုးသားမှုကို အခြေခံ၍ ဖြစ်ပေါ်လာသောအချက်များဟု ထင်မှတ်မိပါ၏။ ထိုခေတ်ထိုကာလ၏ အသုံးအဆောင်များ၊ ပစ္စည်းများ၊ ဝတ်ဆင်ခဲ့ကြသော အဝတ်အထည်ဒီဇိုင်းပုံစံများ၊ ထိုခေတ်ကာလကလူဒါန်းခဲ့ကြသော သာသနဝတ္ထုဆိုင်ရာအထောက်အပံ့ပစ္စည်းများ အစုစတို့ကို နားလည်သိရှိနိုင်ကြခြင်းပင် ဖြစ်လေသည်။ ပဒေသာပင်တို့၌ ပါရှိသော ရေစင်အိုးများ၊ ကလပ်များကလည်း ထိုခေတ်ထိုအခါ၏ လူနေမှုအဆင့်အတန်းတို့ကို ဖော်ပြနေခြင်း ဖြစ်လေသည်။

အထူးသဖြင့် ထိုပဒေသာပင်တွင် တွေ့ရှိရသော ဒေါင်းလန်းကြီးကို ထမင်းဟင်းစားဖွယ်ရာအပြည့်အမောက်တို့ဖြင့် ရှိနေဟန်ကိုတွေ့ရပြန်လေရာ စာရေးသူ၏စိတ်အထင်အားဖြင့် ထိုစဉ်ကာလဤနေရာဤဒေသတို့၌ ရှိခဲ့ဖူးကြသော လူအပေါင်းတို့သည် ထမင်း၊ ဟင်းတို့ကို ထိုကဲ့သို့ပင် ဒေါင်းလန်းကြီးအလယ်ထား၍ မိသားစုဝိုင်းထိုင်ကာ စားသုံးခဲ့ကြလေသည်ပဲလား ဟူသော အတွေးကို တွေးမိလိုက်ပါလေသည်။

ထို့လူတို့သည် သူတို့ယုံကြည်လက်ခံသော ဘာသာရေးအယူအဆတို့ကို သူတို့တတ်မြောက်ကျွမ်းကျင်သော အင်တေပန်းလက်ရာပန်းတမော့ပညာတို့ဖြင့် ဖော်ထုတ်ပြသ ပူဇော်ထားခဲ့ကြခြင်းပင် ဖြစ်ပါလေ၏။ အနုအလှလက်ရာများတို့၏ ဖော်ပြမှုများအားလုံးသည် ချစ်စဖွယ်၊ အတုယူဖွယ်၊ လေးစားဖွယ်အနေအထားများတို့ဖြင့် နှစ်ပေါင်းများစွာ တည်တံ့နိုင်ခဲ့ခြင်းပင် ဖြစ်ပါလေသည်။ ယခုခေတ် ယခုဝိုင် နှစ်ပေါင်းတစ်ရာကျော်ကာလ ယခုအချိန်အထိ သူတို့၏လက်ရာများကို တစ်စုနှင်းတစ်စအက်ဖြတ်လေ့လာနိုင်ခွင့်ရနိုင်ကြသေးသည်ကလည်း တန်ဖိုးအားဖြင့်မဖြတ်နိုင်သည်ပဲ ဖြစ်ပါ၏။ ထို့ကြောင့် ယခု ပြန်လည်တွေ့ရှိ၍ ရှေးကအုတ်ချပ်များကဲ့နေသည်ဖြစ်ပါစေ၊ ရုပ်တုများကျိုးပြတ်နေသည်ဖြစ်ပါစေ၊ ကိုယ်စားတော်များအက်ကွဲပြုံကျနေသည်ဖြစ်ဝါစေ ဤနေရာဤဒေသ၏အကြောင်းသည် ရှေ့ဆက်၍ သမိုင်းတွင်နိုင်သောအဖြစ်ဖြင့်သာရှိနေတော့မည်ပင် ဖြစ်ပါလေသည်။

စာရေးသူအနေနှင့်မူ တီကျစ်ဒေသ ရှေးဟောင်းဘုရားအဆူဆူတို့နှင့် ရှေးကျောင်းပရဝဏ်အဆောက်အအုံ၊ စေတီပုထိုးများ၊ ရှေးရုပ်တု၊ ရှေးပန်းအလှများ အားလုံးအားလုံးတို့အတွက် တောင်ပိုင်းရှမ်းပြည်နယ်ဒေသခံတစ်ဦးအနေဖြင့် ဖော်ပြခွင့်ရခဲ့နိုင်၍ အထူးလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ထပ်လောင်း၍ နေသားတင်ပြလိုက်ရပါလေသည်။

ခင် (တောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



ယောနကတိုးတော်
ရွှေတိဂုံပုံတော်တူစေတီသုံးဆူ

၂၀၁၅ အောက်တိုဘာ ၁၀ ရက်၊ စနေနေ့တွင် ကျွန်တော် နံနက်စောစော နိုးထနေမိသည်။ အင်းစိန်မှ (၄၈)အထူးကားစီးပြီး လှည်းတန်းမှတံတိုင်မှာဆင်းလိုက်သည်။ နံနက်ခင်းလေးအချိန်ဖြစ်၍ လူသူရှင်းနေ၏။ လှည်းတန်းခုံးကျော်တံတားအနီးမှ နေ့စဉ်ထုတ် စံတော်ချိန်၊ Daily Eleven သတင်းစာဝယ်လိုက်သည်။ သတင်းထူးသတင်းဦးများကိုဖတ်၍လမ်းလျှောက်လာခဲ့သည်။ တက္ကသိုလ်များ (ရန်ကုန်) ဓမ္မာရုံကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေမိသည်။ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်လှည်းတန်းသည်ယခင်နှင့်မတူတော့။ ခုံးကျော်ကံတားကြီးနှင့် မိုးပျံတိုက်တာများအကြား လှပတင့်တယ်နေ၏။ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ် သံဖောင်ဒေးရှင်းမှ ရွှေတိဂုံပုံတော်တူစေတီသုံးဆူ ဗုဒ္ဓါဘိသေကနှင့်ရေစက်ချမင်္ဂလာပွဲသို့ ကျွန်တော် ပါဝင်ဆင်နွှဲနေခြင်းဖြစ်သည်။ နံနက် (၅) နာရီ (၃၀) မှ (၉)နာရီ အထိ အခမ်းအနားကျင်းပခဲ့ဆည်။ ကျွန်တော် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံကြီးအတွင်းမှာ နာယကဒေါက်တာဒေါ်ခင်မေအုန်းနှင့် ဥက္ကဋ္ဌဦးမျိုးသန့်အမှုဆောင်များကို အပြုံးပန်းကိုယ်စီနှင့်တွေ့ရမြင်ရသည်။

နံနက်(၇)နာရီ၊ (၁၅)မိနစ်အချိန်တွင် တရားတော်နာရေစက်ချပွဲစတင်ကျင်းပသည်။ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်နှင့် ပန်နန်ဒင်မြို့နယ်ခွဲရှိ ခါကာဘိရာဇီတောင်ခြေ တိဗက်ကျေးရွာသုံးရွာ၌ ရွှေတိဂုံပုံတော်တူ စေတီ (၃) ဆူ တည်ထားကိုးကွယ်မည် ဖြစ်သည်။ ခါကာဘိရာဇီတောင်ခြေရှိ တဘွန်ဒမ်း၊ ဂူဘားနှင့် မဒိန်းကျေးရွာသုံးရွာ၌ တည်ထားမည့် ရွှေရောင်စတီးစေတီတော်သုံးဆူဖြစ်၏။ စေတီတော်ဂန္ဓကုဋိတိုက်များမှာ သီတင်းသုံးမည့် ကြွေးဆင်းတုတော်များ၊ ဌာပနာပစ္စည်းများနှင့် တိဗက်ဗုဒ္ဓဘာသာဝင်အိမ်များအတွက်လျှဒါန်းမည့် ဗုဒ္ဓရုပ်ပွားတော်များဖြစ်သည်။

တက္ကသိုလ်များဓမ္မာရုံတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ရေစက်ချပွဲပြီးလျှင် ရွှေတိဂုံစေတီတော်ရင်ငွေ့လှုံခြင်းကို ၂၀၁၅ ခု၊ အောက်တိုဘာ ၁၁ ရက်၊ တနင်္ဂနွေနေ့ နံနက် (၆) နာရီ (၄၅)မိနစ်တွင်ကျင်းပခဲ့သည်။ ရွှေတိဂုံစေတီတော်အနောက်မြောက်ထောင့်အောင်မြေရေမှ အခမ်းအနားဖြင့် စတင်ပင့်ဆောင်၍ ရွှေတိဂုံစေတီတော်မြတ်အား လက်ယာရစ်သုံးပတ် လှည့်လည် ပူဇော်ပါသည်။ ထို့နောက် ပုံတူစေတီတော်သုံးဆူသည် အောင်မြေရင်ပြင်တွင် ထားရှိအပူဇော်ခံ၍ ရင်ငွေ့လှုံပါသည်။ ရုပ်ပွားတော်တို့ကို ချမ်းသာကြီးတန်ဆောင်းတွင် ကိန်းဝပ်ခုနစ်ရက်တာ ရင်ငွေ့တော်လှုံခဲ့သည်။ ရင်ငွေ့တော်လှုံစဉ်အတွင်း ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်မှ ၁၇ရက်အထိ ညစဉ် (၆) နာရီ (၄၅) မိနစ်တွင် ဝတ်အဖွဲ့အသင်းများက တရားတော်များရွတ်ဖတ်ပူဇော်ကြမည်။

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဥက္ကဋ္ဌကြီးဦးမျိုးသန့်ပါမောက္ခ(ဌာန်း)က စေတီတော်သုံးဆူမှာ တန်ဆူလျှင် အကျယ် (၆) ပေနှင့် အရှည် (၁၅) ပေ

www.burmeseclassic.com

www.burmeseclassic.com



ခန့်ရှိပါသည်။ တခြားရုပ်ပွားတော်များနှင့်အတူ ပွင့်လင်းရာသီ ၂၀၁၆ ခုနှစ် နေ့နဝါရီလမှာ ကချင်ပြည်နယ်ကို ပင့်ဆောင်ပူဇော်မှာ ဖြစ်ပါသည်။ ဗုဒ္ဓရုပ်ပွားတော်များကို ပူတာအိုသို့ အရင်ဆုံးပင့်ဆောင်ပါမည်။ ပူတာအိုကတစ်ဆင့် မိုင် (၁၇၀) ခန့်ကွာဝေးတဲ့ မြန်မာနိုင်ငံ ဗိုင်နက်ရှိ တိဗက်ကျေးရွာများသို့ ဖြတ်သွားပြီး ဂူအား၊ တအွန်ဒမ်း၊ မဒိန်းရွာသို့ ဒေသခံပြည်သူများနှင့် ခြေလျင်ဆောင်တက်အသင်းဝင် (၁၅) ဦး ပင့်ဆောင် ပူဇော်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့သည်။

မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းသို့ ခရစ်နှစ် ၁၈၉၂ ခုခန့်မှစ၍ တိဗက်ဒေသမှ ဗုဒ္ဓဘာသာဝင်များ စတင်ရွှေ့ပြောင်း အခြေချခဲ့ကြသည်။ ယခုအခါ ဧရာတီမြစ်၏မြစ်ဖျားပိုင်း တဟွန်းဒမ်းရွာ၊ တအွန်ဒမ်းရွာ၊ ဂူဘားရွာနှင့် မဒိန်းရွာတို့တွင် နွားမွေးမြူခြင်း၊ ဂျုံ၊ ပြောင်း၊ အာလူး၊ လူး၊ ဆတ် စသည်တို့ကို စိုက်ပျိုး၍ မဟာယာနဗုဒ္ဓဘာသနာတော်ရော ထေရဝါဒဗုဒ္ဓဘာသနာကိုပါ သက်ဝင် ယုံကြည် ကိုးကွယ် နေထိုင်ကျင့်ကြံကြသည်။ ဤရွာများသည် မြန်မာ့မြောက်ဖျားရှိ ဗုဒ္ဓဘာသာ ဘာသနာ ခံတပ်ကျေးရွာများဖြစ်ကြသည်။ ထိုရွာများအနက် မြောက်ဘက်အဆုံးဆုံး နောက်ဆုံး လူနေရွာဖြစ်သော တဟွန်းဒမ်းရွာတွင် ထေရဝါဗုဒ္ဓဘာသာ ဘုန်းဆရာတော် အရှင်တိလောကာဘိဝံသ ဆောင်၍ 'တိလောကမုနိကူစေတီတော်' ကို လွန်ခဲ့သောနှစ် (၃၀) ကျော်က စတင်ထူထား ကိုးကွယ်ခဲ့သည်။ ကျန်တိဗက်ကျေးရွာများတွင် ဘုရားကျောင်းတော်များရှိသော်လည်း ထေရဝါဒစေတီတော်များမရှိသေးသဖြင့် ကျေးရွာလူထုက စေတီတော်များတည်ထားရန် ဆန္ဒရှိနေကြသည်။

၂၀၁၅ နှစ်ဦးပိုင်း တတ္တသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ် သံဖောင်ဒေးရှင်း (ION) နာယကသမားတော်ကြီး ဒေါက်တာဒေါ်ခင်မေအုန်းနှင့် ဥက္ကဋ္ဌဦးမျိုးသန့်တို့ဦးဆောင်၍ 'ခါကာဘိသူရဲကောင်းညီနောင် အောင်မြင့်မြတ်နှင့် ဝေယံမင်းသူတို့အား ဂုဏ်ပြု၍ ဤညီနောင် (၂) ဦး ရှာဖွေရေးခွဲ ပါဝင်ကူညီခဲ့ကြသော ကျေးရွာလူထုကို ကျေးဇူးတင်ပြန်သည့် ဆေးကုသမှု လူထုအကျိုးပြုခရီးစဉ်တွင် နာယကဆရာမကြီး၏ ကမကထပြုမှုဖြင့် ဂူဘားရွာအတွက် ဘုရားမွေတော်ဓာတ်တော်နှင့် ဌာပနာပစ္စည်းများ ပင့်ဆောင်သွားခဲ့ကြသည်။ ဒေသခံ တိဗက်မြန်မာတို့က ဂူဘားရွာသာလျှင်မက တအွန်ဒမ်းရွာနှင့် မဒိန်းရွာတို့တွင်ပါ စေတီတော်များ တည်ထားပေးရန် မေတ္တာရပ်ခံကြသဖြင့် ပူတာအိုမြို့နယ် သံဃနာယက ဩဝါဒိစရိယ သာယာကုန်းကျောင်းဆရာတော် ဦးတိလောက (တဟွန်းဒမ်းဆရာတော်) နှင့် လျှောက်ထားညှိနှိုင်း၍ စေတီတော်များ တည်ထားကိုးကွယ်ရန် စီစဉ်ခြင်း ဖြစ်သည်။

တိဗက်ကျေးရွာများတွင် တည်ထား ကိုးကွယ်မည့် စေတီတော်ရုပ်ပွားတော်များကို ကချင်ပြည်နယ်တွင် မိုးပြတ်သွားမည့် ၂၀၁၅၊ ဒီဇင်ဘာလကုန်ပိုင်းနှင့် ၂၀၁၆ ခု၊ ဇန်နဝါရီလဦးပိုင်းအတွင်း ပင့်ဆောင်ရန် လျာထားခဲ့ပါသည်။ တို့အခြိန် တိဗက်ကျေးရွာများတွင် ဂျုံခင်းများရိတ်သိမ်းပြီးခြိန် ဖြစ်သည်။ ကုသိုလ်ပြုပွဲအတွက် အားစိုက်ဆောင်ရွက်နိုင်မည့်အခြိန်လည်း ဖြစ်သည်။ အသေးစိတ်စီစဉ်နိုင်ရန် ရှေ့ပြေးအဖွဲ့က ပဏာမသွားရောက် စီစဉ်မည် ဖြစ်၏။

၂၀၁၅ နှစ်ဦးပိုင်း ပူတာအိုမှ မြောက်ဘက် မိုင် (၃၀) ကျော်ခန့်အကွာ ကော်လဲထုရွာအထိ ကားလမ်းကြမ်းဖောက်ထားပြီးဖြစ်ပါသည်။ မိုးရာသီတွင် ကားလမ်းများပျက်စီးလေ့ရှိသော်လည်း စေတီတော်များ ပင့်ဆောင်သည့်အခြိန်တွင်ပြင်ဆင်ပြီးဖြစ်မည်ဟု မျှော်လင့်ရပါသည်။ စေတီတော်များပင့်ဆောင်ခြိန်တွင် တိဗက်ကျေးရွာများမှ ပူတာအိုသို့ တက်လာမည့် အမျိုးသားများနှင့် ပူတာအိုမှ ထပ်မံဖော်ဆောင်ရမ်းရမည့် အထမ်းဝန်ထမ်းများ၊ တောင်တက်အဖွဲ့ဝင်များက ကားလမ်းပေါက်သည်အထိ ကားများဖြင့်သွား၍ ကားသွား၍မရတော့သည့် နေရာမှ ကျေးရွာများသို့ စေတီတော်များ၊ အခြံအရံပစ္စည်းများ၊ ရုပ်ပွားတော်များ၊ အခြားလျှုဖွယ်ပစ္စည်းများ၊ ရိက္ခာများကို အထမ်းဖြင့် ပင့်ဆောင်သယ်ယူရမည် ဖြစ်သည်။

လမ်းတစ်လျှောက်တွင် ရေစီးသန်သော မြစ်ချောင်းများ၊ ကြိုးတံတားများ၊ တောအထပ်ထပ်၊ တောင်အသွယ်သွယ်များကို ဖြတ်ကျော်ရမည် ဖြစ်သည်။ ပန်နန်းဒင်မြို့နယ်ခွဲမှစ၍ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးအတွင်းဖြတ်သန်းရမည်ဖြစ်သည်။ ပူတာအိုမှ တိဗက်ကျေးရွာများအထိ မိုင် (၁၇၀) မျှဝေးကွာ၍ အသွား၊ အပြန် မိုင် (၃၄၀) နီးပါးရှည်လျားမည်ဖြစ်သည်။ ဆောင်းကာလဖြစ်၍လည်း အပူချိန်မှာ နေ့ဘက်တွင် ပျမ်းမျှ (၇) ဒီဂရီစင်တီဂရိတ်ခန့်ရှိ၍ ညဘက်တွင် သုည ဒီဂရီမှ အနုတ် (၂) ဒီဂရီ (၂-ဒီဂရီစင်တီဂရိတ်) အထိရှိနိုင်ပါသည်။ ယေဘုယျခန့်မှန်းချက်ဖြစ်သည်။ စေတီတော်တည်ရာသို့ ဘာသာရေးဆိုင်ရာကိစ္စရပ်များ ဦးစီးဆောင်ရွက်တော်မူမည့် ထေရဝါဒသာသနာပြု ဆရာတော်အချို့လည်း လိုက်ပါကြွရောက်ကြမည် ဖြစ်သည်။

စေတီတော် ပင့်ဆောင်ခြိန်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပူတာအိုစစ်ဗျူဟာနှင့် စစ်ဘက်နယ်ဘက်မှ ဘာဝန်ရှိပုဂ္ဂိုလ်များ၊ ပူတာအိုရှိ ဗုဒ္ဓဘာသာဝင်များက ပိုင်းဝန်းပုံပိုးကူညီကြမည်ဟု သတင်းရရှိထားသည်။ ကြိုးအသင်းသည် ခြေလျင်တောင်တက်ခြင်း၊ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ပါဝင်ခြင်း (Mountaineering, Humanitarian, Conservation) လုပ်ငန်းသုံးရပ်ကို ဆောင်ရွက်လျက်ရှိသည်။ တောင်တက်ခရီးကြမ်းများထွက်ခွာသည့်အခါတိုင်း ပါဝင်လာသည့် ဆေးအဖွဲ့များက တိုင်းရင်းသားပြည်သူတို့အား လူမျိုးဘာသာမရွေး ဆေးကုသပေးခြင်း၊ လမ်းတံတားပြုပြင်ရေးနှင့် လူမှုရေး၊ ပညာရေးကိစ္စများအတွက် လှူဒါန်းခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပညာပေးခြင်း၊ သစ်ပင်စိုက်ပျိုးပေးခြင်း စသည့် လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ခရစ်ယာန်ကျေးရွာများသို့ရောက်လျှင် ဘုရားကျောင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် လှူဒါန်းသကဲ့သို့ ဗုဒ္ဓဘာသာကျေးရွာများသို့ ရောက်ပါက လည်း ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လှူဒါန်းခဲ့ကြသည်။

၁၉၉၇ ခုနှစ် ပဲခူးတိုင်းရေဘေးကြီးတွင်လည်း ရန်ကုန်တက္ကသိုလ်ခြေလျင်တောင်တက်အသင်းနှင့်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ကယ်ဆယ်ရေး၊ ကူညီရေးလုပ်ငန်းများ၌ လိုက်ပါကူညီခဲ့ကြသည်။ ၂၀၀၈ ခုနှစ် နာဂစ်ရေဘေး၊ လေဘေးကြီးတွင်လည်း ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးအနှံ့ ကယ်ဆယ်ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၊ သံဖိုပ်မြစ်ဝကျေးရွာများတွင် အခြေချ၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နှစ်နှစ်ဆက်တိုက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့သည်။ ရိက္ခာ၊ ဆေးဝါး၊ ငါးဖမ်းပိုက်များ၊ အင်စိစတွင်းများ၊ ရေငန်တားတာတမံ၊ စာသင်ကျောင်း စသည်တို့ကို ပံ့ပိုးလှူဒါန်းခဲ့သည်။ ယနေ့အထိ ပညာရေးထောက်ပံ့မှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။ ကွမ်းခြံကုန်းမြို့နယ် ဘန်ဘွေးကုန်းရွာတွင် ကျောင်းတိုက်တစ်ခုလုံး ပြိုကျပျက်စီးခဲ့သည့်အတွက် ဘုန်းကြီးကျောင်းကို ကမကထပြု၍ ပြန်လည်တည်ဆောက်လုပ်ပေးခဲ့သည်။

၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဘေးဒုက္ခအတွက်လည်း ရခိုင်ပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်း၊ ချင်းပြည်နယ်မြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆန်၊ ရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည် စသည်တို့ကို လှူဒါန်းခဲ့ကြသည်။ ထောင်တက်အသင်းနာယကကြီး ဒေါက်တာဒေါ်ခင်မေအုန်းနှင့် ဆေးအဖွဲ့က ရခိုင်ပြည်နယ် မင်းပြား၊ မြောက်ဦး ကျောက်တော်မြို့နယ်များ၊ ကလေးခရိုင် မင်းကင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၊ အင်္ဂပူမြို့နယ်တို့တွင် ရေဘေးသင့်ပြည်သူရာပေါင်းများစွာကို ကျေးရွာများအထိကွင်းဆင်း၍ ဆေးကုသပေးခဲ့ကြသည်။

တိဗက်ကျေးရွာများတွင်တည်ထားမည့်နေရာမြတ်တွင် ကွန်ကရစ် (၁) ပေ အထူရှိ ကျောက်ပြားခင်းထားသော ရင်ပြင်တော်အလယ်ဟွင် အမြင့် (၆) ပေ ရှိသော ဂန္ဓကုဋိတိုက်တည်ထားပါမည်။ ဂန္ဓကုဋိတိုက်၏လေးမျက်နှာတွင် လိုက်မုခဲဖောက်၍ (၉)လက်မမြင့်သော ပလ္လင်တော်ပေါ်တွင် အမြင့် (၁) ပေရှိ ကြေးဆင်းတုတော်များ သီတင်းသုံးပါမည်။ ဖိနပ်တော်မှ စိန်ဖူးတော်အထိ အမြင့် (၇) ပေရှိသော ရွှေရောင်စတီးစေတီတော်ကို ဂန္ဓကုဋိတိုက်ပေါ် သို့ပင့်ဆောင်တည်ထားလိုက်သောအခါ ရင်ပြင်တော်မှ စိန်ဖူးတော်အထိ အမြင့် (၁၅) ပေရှိသွားပါမည်။

စေတီတော်မြတ်များ တည်ထားသည့်အခါ ဗုဒ္ဓမွေတော်၊ ဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များ၊ ရုပ်ပွားတော်များ၊ သတ္တဋ္ဌာနကြေးပုံတော်များ၊ စတီးပြားများပေါ်တွင် ရေးထွင်းထားသော ဓမ္မစကြာ၊ ပဋ္ဌာန်း၊ အနေကဇာ၊ ပဋိစ္စသမုပ္ပာဒ် အစရှိသော ဓမ္မစေတီတော်များ၊ ရွှေ၊ ငွေ၊ ရတနာပစ္စည်းများ ဌာပနာသွင်းပူဇော်မည် ဖြစ်သည်။ ကြေး



ဆင်းတုတော်များကို လစဉ်ရောင်တော်ဖွင့်နိုင်ရန် ဘရာဇိကြေးတိုက်ဆေးများကိုလည်း ရွာတိုင်းသို့ ပေးပို့ထားမည်ဖြစ်သည်။ (၁၀) နှစ်မှ (၁၅) နှစ်အတွင်း စတီးစေတီတော်များကို ရွှေရောင်ဆေးပူဇော်ရန်၊ ဂန္ဓကုဋိတိုက်များကို ပြင်ဆင်မွမ်းမံရန်နှင့် စေတီတော်အာရုံခံတန်ဆောင်းနှင့် တံခွန်တိုင်များကိုလည်း ဆက်လက်တည်ထားရန် စီစဉ်ထားရှိပါသည်။

ကျေးရွာဓမ္မာရုံများတွင် ပူဇော်ရန် ကြေးဆင်းတုတော်များနှင့် ကျေးရွာများသို့ အိမ်တိုင်းစေ့လှူဒါန်းနိုင်ရန် မိုသွန်းထားသော ဗုဒ္ဓရုပ်ပွားတော်များကိုပါ ပင့်ဆောင်သွားပါမည်။ လူမှုရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူများသည်လည်း လိပ်စာများအတိုင်း စုံစမ်းဆက်သွယ်နိုင်ပါသည်။

. တိဗက်ကျေးရွာများတွင် စေတီတော်တည်ထားခြင်းအပါအဝင် ကုသိုလ်ပြုမူအစုစုအတွက် ဆက်သွယ် မေးမြန်းစုံစမ်းလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်လိပ်စာများထံ ဆက်သွယ်နိုင်ပါသည်။

၁။ နာယကကြီး ဒေါက်တာဒေါ်ခင်မေအုန်း (၀၉-၇၃၁၇၆၀၃၁)

၂။ ဥက္ကဋ္ဌဦးမိုးသန့် အခန်း ၂၀၈- A၊ တောင်ဥဆောင် မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် (၀၉-၅၁၁၀၇၅၄)

၃။ ဒုတိယဥက္ကဋ္ဌဦးဝင်းကို (၀၉-၄၄၈၀၁၃၁၆၂)

၄။ အတွင်းရေးမှူးဦးထွန်းလှအောင် (၀၉-၇၉၇၇၉၅၀၇၇)

၅။ အမှုဆောင်ဦးကျော်နိုင် (Living Color) (၀၉-၄၂၀၀၁၅၅၀)

၆။ စည်သူအောင်ဆေးခန်း၊ ဗဟန်း (၃) လမ်း (၀၉-၅၀၉၇၂၉၃)

၇။ ဘဏ္ဍာရေးမှူး ဒေါ်အိမ့်အိမ့်သူ (၂၃၆)၊ မြေညီထပ်၊ (၃၅) လမ်း (အထက်) (၀၉၅၀၉၄၁၈၁)

နှလုံးစိတ်ဝမ်းအေးမဲ့ကြပါစေ

ပေဟနကဘိုးထောင်

www.burmeseclassic.com

www.burmeseclassic.com

ဗျာပုံတင်နိုင်ဝင်း

ကိုးကွယ်ရာ

ကမ္ဘာဦးလူတို့သည် တောမီးလောင်ခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ဖျားနာသေဆုံးခြင်းဟူသည့် ဘေးအန္တရာယ်အမျိုးမျိုးကို တွေ့ကြုံတွေ့ကြော်ရှိကြသဖြင့် ၎င်းဘေးအန္တရာယ်များမှလွတ်မြောက်လိုလွတ်မြောက်ငြားအကြံဖြင့် အားကိုးရာခဲ့ကြပါသည်။ ဘေးအန္တရာယ်များသည် သဘာဝတရားများဖြစ်ပေါ်လာသည်ကိုတွေ့မြင်ကြသဖြင့် သာတာ၊ တောင်၊ ရေ၊ မြေ စသော သဘာဝတရားများကို ပူဇော်တောင်းပန်လျှင် ဘေးဆိုးများမှ လွတ်မြောက်နိုင်မည်ဟု အားကိုးယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် ရှေးဦးလူတို့က သဘာဝတော၊ တောင်၊ ရေ၊ မြေတို့ကို ကိုးကွယ်ရာအဖြစ် သက်ဝင်ယုံကြည်ခဲ့ကြပါသည်။ သို့သော် တော၊ တောင်၊ ရေ၊ မြေ သဘာဝတရားတို့သည် သွေးအန္တရာယ်ကို အမှန်တကယ် ကာကွယ်ပေးနိုင်ခြင်းမရှိသည်ကို အတွေ့အကြုံအရ သိရှိကြပြီးနောက် ကိုးကွယ်ရာအသစ်ကို ရှာကြံကြလေသည်။

သဘာဝအင်အား ပိုမိုကြီးမားသော ပင်လယ်သမုဒ္ဒရာကြီးများ၊ အလွန်မြင့်မားသောတောင်ကြီးများ၊ ရှည်လျားကျယ်ပြန့်၍ ရေစီးကြမ်းသောမြစ်ကြီးများသည်တို့ကသာ မိမိတို့၏ ဘေးအန္တရာယ်ကို တားဆီးပေးနိုင်မည့် စွမ်းအားရှိကြသည်ဟု ကြံဆမိကြလေသည်။ ဤသို့ဖြင့် သဘာဝအင်အားကြီးသောအရာများကို ကိုးကွယ်ရာအဖြစ် သက်ဝင်ယုံကြည်ခဲ့ပါသည်။ သို့သော် သဘာဝတရားတို့မှာ အင်အားသာကြီး၍ အန္တရာယ်ကို အမှန်တကယ် ကာကွယ်မပေးနိုင်ကြောင်း နောက်ပိုင်းတွင်သိလာကြသောအခါ တစ်ဆင့်တက် ခြေတိုးတွယ်ရာကို ရှာကြံကြပြန်သည်။

ထိုအခါ ခွန်အားကြီးမားသော ကျား၊ ဆင်၊ မြွေ စသော တောသားတွေဝါကြီးများကသာ မိမိတို့၏ အသက်ဆုံးရှုံးလွယ်သော အန္တရာယ်များမှ ကာကွယ်ပေးနိုင်မည်ဟု ယုံကြည်လျက် ကိုးကွယ်ရာအဖြစ် အသိအမှတ်ပြုခဲ့ကြပြန်သည်။ သို့သော်လည်း ၎င်းတောသားတွေဝါကြီးများက အန္တရာယ်ကို ကာကွယ်မပေးနိုင်မှန်းသိရှိလာပြန်သောအခါတွင်လည်း ဘေးအန္တရာယ်ကိုအမှန်တကယ်ကာကွယ်ပေးနိုင်မည့်အားကိုးရာသို့ တစ်ဖန်ရှာကြံကြပြန်သည်။

ယင်းသို့ ရှာကြံကြရာတွင် မိမိတို့နှင့် အလွယ်တကူ ထိတွေ့နေကျ အနီးအပါးမှ သဘာဝတောတောင်နှင့်သက်ရှိများထက် အလွန်တရာ ဝေးလံသော နေရာဌာနများမှ အရာဝတ္ထုများကသာ ဘေးအန္တရာယ်ကို ကာကွယ်ပေးနိုင်လိမ့်မည်ဟု ကြံဆကာ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်စသည်တို့ကို ကိုးကွယ်ရာအဖြစ် အားကိုးတကြီး ပူဇော်ခဲ့ကြပြန်သည်။ သို့သော်လည်း ၎င်းတို့သည် ဝေးလံသောသဘာဝတရားများသာဖြစ်၍ အန္တရာယ်ကိုဇကာနှုန်းမျှ ကာကွယ်ပေးနိုင်မည်မဟုတ်ဟု လူအချို့က ယုံကြည်မှုကင်းလာသဖြင့် ကိုးကွယ်ရာကို အသစ်တစ်ဖန်ရှာကြပြန်လေသည်။

ဤအခါတွင်မူ မြင်တွေ့နေရသောအရာမှန်သမျှထက် မမြင်မတွေ့နိုင်သောတန်ခိုးရှင်များကသာ အန္တရာယ်ကို ကာကွယ်ပေးနိုင်မည်ဟု ကြံဆယုံကြည်ကြပြန်သည်။ ယုံကြည်ကြသည့် အားလျော်စွာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ မီးနတ်၊ ရေနတ်၊ လေနတ်စသည်ဖြင့် မမြင်အပ်သောပုဂ္ဂိုလ်သတ္တဝါတို့အပေါ် အားကိုးသမှုပြု၍ ကိုးကွယ်ရာရှာကြရာမှ နတ်ကိုးကွယ်မှုစနစ်တစ်ရပ် စတင်ပေါ်ပေါက်လာခဲ့ပါသည်။ ပထမတွင် နတ်ဒေဝါတို့ကို တစ်ဦးချင်း၊ တစ်ယောက်ချင်း တိုင်တည်ကြရာမှ နောင်အခါ လူစုလူဝေးဖြင့် တိုင်တည်ကြရင်း နတ်ကိုးကွယ်မှုများ ပိုမိုအားကောင်းလာခဲ့ပါသည်။

နတ်များကိုလည်း နည်းမျိုးစုံဖြင့် တီထွင်ကြံဆပူဇော်ကြပြီး တစ်ခါတစ်ရံမျှပူဇော်ရာမှ နောင်တွင် နှစ်စဉ်ရာသီအလိုက် နတ်ပူဇော်ပွဲများ ပြုလုပ်လာခဲ့ပြန်ပါသည်။ သစ်သီးဝလံ၊ အသားငါးစသည်တို့ဖြင့် တင်မြှောက်၍ စကားဖြင့် တတွတ်တွတ် ခယတောင်းပန်ကြရာမှ ကြာသော် နတ်ပူဇော်ရာ တေးကဗျာများ (ဝါ) မန္တန်များဖြစ်လာရသည်။ ထို့အချိန်၌ လူတို့၏အသိဉာဏ်နှင့်စွမ်းရည်များ တိုးတက်လာပြီဖြစ်ရာ စားဝတ်နေရေးကိစ္စအဝဝကို လူသားတို့ကိုယ်တိုင် ဖန်တီးလာနိုင်ပေပြီ။ သို့သော် နတ်ကိုးကွယ်မှု၌သာ စိတ်အစဲ့လွန်သောလူအချို့က ဤသို့ စားဝတ်နေရေးကိစ္စအဝဝတို့ ဖူလုံကြွယ်ဝလာခြင်းမှာ နတ်ဒေဝါများဖန်ဆင်း၍ဖြစ်ရသည်ဟု ယူဆယုံကြည်ကြရာမှ ဖန်ဆင်းရှင်ဝါဒတစ်ရပ်ထပ်မံ ပေါ်ပေါက်လာခဲ့ပြန်ပါသည်။ ထိုအချိန်တွင် လူတို့၏ ကူးလူးဆက်ဆံမှုမှာ များပြားလာချိန်ဖြစ်သဖြင့် ၎င်းနတ်

www.burmeseclassic.com

www.burmeseclassic.com

ဒေဝါကိုးကွယ်မှုနှင့် ဖန်ဆင်းရှင်ဝါဒမှာ ကမ္ဘာအန္ဓပြန့်ရောက်သွားတော့သည်။

ထို့နောက်တွင်လည်း လူတို့သည် အသိဉာဏ်ရင့်ကျက်လာခြင်းတို့နှင့်အတူ အတွေးအခေါ် အယူအဆ၊ ယဉ်ကျေးမှုတို့ကလည်း အလွန်တိုးတက်မြင့်မားလာကြလေသည်။ ထိုအခါ နတ်ကိုးကွယ်မှုထက် အဆင့်မြင့်မည်ဟု ယူဆရသော နတ်ဘုရားများ၊ တန်ခိုးရှင်များ၊ ထိုမှတစ်ဆင့် ဗြဟ္မာများအထိ ကိုးကွယ်ရာအသစ်များကို ကြဲဆတီထွင်သက်ဝင်ယုံကြည်ကြပြန်လေသည်။ ၎င်းနတ်ဗြဟ္မာတန်ခိုးရှင်များသည် မိမိတို့ထက်မြင့်မြတ်၍ အန္တရာယ်ကို ကာကွယ်ပေးနိုင်မည့်အပြင် မိမိတို့လိုရာဖန်ဆင်းပေးနိုင်သည်ဟု ယုံကြည်လျက် ၎င်းတို့အား အထူးသဖြင့် ပူဇော်ရန် နတ်ကွန်းများတည်ဆောက်ခဲ့ကြပြန်ပါသည်။ ရှေးဦးနတ်ကွန်းများသည် သစ်များ၊ ဝါးများ၊ ကျောက်တုံးများဖြင့်သာ သင့်လျော်သလို တည်ဆောက်ပူဇော်ခဲ့ကြသော်လည်း နောက်ပိုင်း အင်္ဂတေသရိုးများတိတ်ထွင်ပြုလုပ်လာနိုင်သောအခါ နတ်ကွန်းကြီးများကို အုတ်၊ အင်္ဂတေတို့ဖြင့် အခိုင်အခဲ့တည်ဆောက်ကြလေသည်။ ၎င်းနတ်ကွန်းကြီးများကို ပူဇော်ရာမှ အဓိပ္ပာယ်ရသည့် စေတီယဟု ခေါ်တွင်ခဲ့ကြလေသည်။

ယနေ့ အိန္ဒိယနိုင်ငံ ဝေသာလီမြို့၊ တစ်ဝိုက်ရှိ သာရန္ဒဒ၊ ဂေါတမက၊ ဗဟုပုတ္တ၊ စာပါလ၊ ဥဒေန၊ သတ္တမွ ဟူသော နတ်ကွန်းစေတီယကြီးများမှာ ယနေ့တိုင် အထင်အရှားရှိနေပါသေးသည်။ ၎င်းနတ်ကွန်းစေတီယကြီးများသည် ယနေ့ ဗုဒ္ဓဘာသာဝင်တို့ တည်ထား ကိုးကွယ်နေကြသော်စေတီတော်များ၏ မူလအစလည်းဖြစ်သည်။ ယခင်စေတီယကြီးများတည်ဆောက်၍ နတ်၊ ဗြဟ္မာများကို ပူဇော်နေရာမှ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူလာသောအခါ ဘုရားရှင်၏ဩဝါဒတော်အတိုင်း စေတီတော်များကို တည်ဆောက်လာခဲ့ကြပါသည်။

ဗုဒ္ဓဘုရားရှင်က (၁) သာရီရိကစေတီ၊ (၂) ပရိဘောဂစေတီ၊ (၃) ဥဒ္ဒိသိကစေတီဟူ၍ စေတီ (၃)မျိုးအား တည်ထား ကိုးကွယ်နိုင်ကြောင်းခွင့်ပေးတော်မူခဲ့သဖြင့် ကြည်ညိုသူလူအများက ဗုဒ္ဓကိုယ်စား စေတီတော်များကို တည်ထား ကိုးကွယ်လာကြပြန်၏။ သို့သော် ဗုဒ္ဓဘာသာတွင် စေတီတော်ကိုးကွယ်မှုထက် သရဏဂုံကိုးကွယ်မှုက ပို၍အခြေခံကျပါသည်။

သရဏဂုံဆိုသည်မှာ သရဏ ဂမန ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာပြီး **သရဏ** - ကိုးကွယ်ရာအား၊ **ဂမန** - ဆည်းကပ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ ဗုဒ္ဓဘာသာတွင် ဘုရား၊ တရား၊ သံဃာဟူသော ဆည်းကပ်ကိုးကွယ်ရာ ရတနာသုံးပါး ရှိ၏။ ၎င်းကိုးကွယ်ရာရတနာသုံးပါးတို့တွင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တည်းဟူသော ဂုဏ်အင်္ဂါများ ရှိကြ၏။ ယင်းဂုဏ်အင်္ဂါများကြောင့် ကိုးကွယ်ဆည်းကပ်သူတို့အား ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်စေပါသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတွင် သရဏ-ကိုးကွယ်ရာကို ဘေးရန်ဖယ်ရှား၊ ကောင်းကျိုးများအောင်၊ ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်အောင် စောင့်ရှောက်တတ်သဖြင့် အမြတ်ဆုံးကိုးကွယ်ရာ ဟူ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးတို့၏ ဘေးရန်ပယ်ဖျောက်ပုံ၊ အန္တရာယ်မျိုးစုံမှ လွတ်မြောက်ပုံကား (၁) မြတ်စွာဘုရားသည် သတ္တဝါတို့အား မကောင်းမှုဒုစရိုက်များကို ရှောင်ရှား၍ ကောင်းမှုသုစရိုက်တို့ကို လိုက်နာဆောင်ရွက်ရန် ဟောကြား ဆုံးမတော်မူသဖြင့် သတ္တဝါအပေါင်းတို့ အကုသိုလ်ဒုစရိုက်မှပေးသောဘေးရန်အန္တရာယ်များမှလွတ်မြောက်ရကုန်၏။ သံဃာရဟန်းတော်များ ပြတ်ကြောင်းတို့ကို ဟောကြားပြသဖြင့် သံသရာလုံး ကျင်လည်ခဲ့ရသော ဒုက္ခအပေါင်းမှ လွတ်မြောက်ရကုန်သည်။ လောဂီလောကုတ်ကောင်းကျိုးချမ်းသာများကို ရရှိခံစားကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် စစ်မှန်သောကိုးကွယ်ရာ (သရဏ) မည်ပေ၏။

(၂) တရားတော်ကို နာယူမှတ်သားကျင့်ကြံပွားများမည်ဆိုပါကလည်း မကောင်းသောအကုသိုလ်နှင့်အကုသိုလ်ကြောင့်ဖြစ်ပေါ် လာမည့် ဘေးအန္တရာယ်အပေါင်းမှ လွတ်မြောက်ရ၏။ တရားတော်ကို ကျင့်သုံးရာတွင် ဒါန၊ သီလ၊ ဘာဝနာဟူ အဆင့်သုံးဆင့်ရှိရာ ဒါနနှင့် သီလတို့ကို ကျင့်သုံးမည်ဆိုလျှင် လက်ရှိဘဝနှင့်နောင်တမလွန်ဘဝများအတွက်ပါ လောဂီစည်းစိမ်ချမ်းသာများကို ခံစား စံစားရမည်ဖြစ်ပြီး ဘာဝနာတရားကို ကျင့်ကြံပွားများမည်ဆိုပါက လောဂီချမ်းသာပါမက လောကုတ္တရာချမ်းသာဖြစ်သော ဒုက္ခဘေးအန္တရာယ်အပေါင်းမှ အပြီးတိုင်ချေပြတ်၍ သံသရာသို့ပြန်မလာသော သန္တိသုခ - တည်ငြိမ်သော ချမ်းသာအစစ်ကို ထာဝစဉ်ပိုင်ဆိုင်ရရှိမည် ဖြစ်သည်။ ထိုသို့ ဘေးအပေါင်းချုပ်ပျောက် ချမ်းသာရောက်စေတတ်ရာ အမှန်ဖြစ်သော တရားတော်မြတ်သည် ကိုးကွယ်ရာအစစ် (သရဏ) မည်၏။

(၃) သံဃာသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို မဖျောက်မပျက်အောင်ထိန်းသိမ်းလျက် ဘုရားရှင်ကိုယ်စား သတ္တဝါတို့အား ပြန်လည်ဟောကြားပေ၏။ ဆည်းကပ် ကိုးကွယ်သူအပေါင်းအား အကျိုးစီးပွားတိုးပွားအောင်၊ ဘေးရန်အန္တရာယ်အပေါင်းမှကင်းဝေးရန် ဘုရားရှင်ဆုံးမသည့်အတိုင်း ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်လျက် မြတ်သော အလျှုံခံပုဂ္ဂိုလ်ကောင်းဖြစ်ရန်ကြိုးစား၏။ ထိုသို့ ဆောင်ရွက်တော်မူသောကြောင့် သတ္တဝါတို့ ဘေးအန္တရာယ်အပေါင်းမှလွတ်မြောက်ရကုန်၏။ ထို့ကြောင့် သံဃာတော်တို့ကို ကိုးကွယ်ရာအမှန်(သရဏ)မည်ကုန်၏ဟု ကျမ်းဂန်တို့၌ပြဆို၏။

ထိုသို့ ပြဆိုအပ်သည့်အတိုင်း ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြသောသတ္တဝါအများမှာ ကောင်းကျိုးချမ်းသာများရရှိလျက် ဘေးအန္တရာယ်အပေါင်းမှ လွတ်မြောက်ခဲ့ကြပါသည်။ လက်ရှိဘဝတွင် ကြုံတွေ့နေရသော ကိုယ်၌ဖြစ်သောဒုက္ခ၊ စိတ်၌ဖြစ်သော ဒုက္ခတို့ကို ပယ်ဖျောက်စေလျက် ဘုရားမပွင့်မီ ဘယ်သောအခါကမှ ရှာမတွေ့ခဲ့ဘူးသော သမာဓိ၏အရသာ၊ စွာန်သမာပတ်၏အရသာ၊ မဂ်အရသာ၊ ဖိုလ်အရသာ၊ နိဗ္ဗာန်အရသာတို့ကို ခံစားစံစားကြရပါသည်။

ကိုးကွယ်ရာအစစ်အမှန်မည်သည့် ကိုးကွယ်ခံပုဂ္ဂိုလ်တို့ကလည်း မြင့်မြတ်ဖြူစင်၍ ကိုးကွယ်သူတို့အားလည်းအမှန်တကယ်အကျိုးရှိရမည်ဖြစ်သည်။ ဘုရား၊ တရား၊ သံဃာတို့သည် အမှန်တကယ် မွန်မြတ်သန့်စင်၍ ကိုးကွယ်သူအပေါင်းအားလည်း ဘေးဒုက္ခအန္တရာယ်အမျိုးမျိုးမှ ဇောကန်လွတ်မြောက်နိုင်စွမ်းရှိပါသည်။

ထို့ကြောင့် စစ်မှန်ရာကို ကိုးကွယ်ခြင်းဖြင့် မိမိတို့၏ တွေ့ကြုံခဲ့၊ တွေ့ကြုံလတ္တံ့သော ဘေးအန္တရာယ်များမှ လွတ်မြောက်စေလျက် ချမ်းသာအစစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တို့၏ အမြိုက်အရသာကို ခံစားနိုင်ကြပါစေ။

ဗျာပုံဆရာနိုင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

အောင်သောကျော်
ရာသက်ပန်ကျောမခင်းဆရာတော် ဘဒ္ဒန္တကိတ္တိဝရ

ဩဂုတ်လ ၃၀ ရက်နေ့ ဝေလီဆေးရုံးကာလလေးမှာပင် ဝိဇ္ဇာလမ်းသွားကျောက်လှမ်းနေသည့် အဘပထမံဆရာ ဦးလေးခိုင်ထံမှ ဖုန်းဝင်လာခဲ့သည်။ ရင်ထဲက အုံ့ဆြိုမိခြင်းနှင့်အတူ နမြာတသဖြစ်မိခြင်းတို့က နေရာယူမိသွားရှိနေမိပြီပင်။ ရာသက်ပန်ကျောမခင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တကိတ္တိဝရ ဘဝနတ်ထံ ပျံလွန်တော်မူရာပြီဆို သည့် အဘပထမံဆရာဦးလေးခိုင်၏ စကားကြောင့်ပင်ဖြစ်သည်။ ရာသက်ပန်ကျောမခင်းဆရာတော်ကြီး ဘဒ္ဒန္တကိတ္တိဝရမှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် မိချောင်းကြီးမြို့နယ်တို့တွင် ဘာသာရေးဆိုင်ရာဟောင်း ယခုအခါ အမှတ် (၁) ရန်ကုန်ဟုတွင်သည့်နေရာတွင် တည်ရှိသောနိဗ္ဗိန္ဒကျောင်းတိုက်၏ဦးစီးနာယကဟောနနာယဆရာတော်ကြီးပင် ဖြစ်၏။ သက်တော်(၈၅)နှစ်၊ ဝါတော်(၄၁)ဝါရှိနေပြီဖြစ်သည့် ရာသက်ပန်ကျောမခင်းဆရာတော်ဘုရားကြီးသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ည (၁၁) နာရီ၊ (၂၂) မိနစ်တွင် ခန္ဓာဝန်ချကာ ဘဝနတ်ထံပျံလွန်တော်မူခဲ့ခြင်းပင် ဖြစ်သည်။

ဆရာတော်၏ဘုရားကျောင်းဆောင်

ဆရာတော်သည် သာမန်ယူဇုဂိုလ်တို့ ကျင့်ဆောင်နိုင်ခဲသော သီလငါးပါး ကျောမခင်း တုံးလုံးမလွဲရသော နေ့ဒဿဓုတင်ကို အဓိဋ္ဌာန်တင်ကာ ၁၉၈၈ ခုနှစ်မှ စတင်ကျင့်ဆောင်တော်မူခဲ့သည်။ ထို့သို့ အဓိဋ္ဌာန်တင်ကာကျင့်ဆောင်နေခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ရှိခဲ့ပြီ ဖြစ်သည်။ ကျောမခင်း၍ မအိပ်စက်သော နေ့ဒဿဓုတင်ကို ရာသက်ပန်အဓိဋ္ဌာန်ဖြင့် ကျင့်ဆောင်တော်မူထားကြောင့်သိရသည်။ ဓုတင်ကို စတင်ကျင့်ဆောင်စဉ်က ဆရာတော်ဘုရားကြီးသည် တရားရှုမှတ်ရင်းဖြင့် တဝုန်းဝုန်းပစ်လဲကြောင်း သိရသည်။ ဆရာတော်ဘုရားကြီး နေထိုင်မကောင်းသဖြင့် ပြုစုကြသော ဆရာဝန်များက ဓုတင်ကိုခေတ္တချ၍ ကျောခင်းအိပ်စက်ပါရန် လျှောက်ထားကြသော်လည်း ဆရာတော်ဘုရားကြီးက အသက်မသေသရွေ့ အဓိဋ္ဌာန်ကိုမဖျက် ဓုတင်ကိုမချနိုင်။ အသက်သေမှသာ အဓိဋ္ဌာန်ချမည်ဟု မိန့်တော်မူခဲ့သည်။

ကျောမခင်းဓုတင်ကိုဆောင်နေသော်လည်း ဆရာတော် ဘုရားကြီး၏ ကိုယ်ခန္ဓာသည် သာမန်ကျန်းမာရေးကောင်းသူတစ်ဦးနှင့် မည်သို့မျှထူးခြားမှုမရှိဘဲ ကြည်လင်သောမျက်နှာထား၊ ဝါဝင်းသောအသားအရေနှင့်ကျန်းကျန်းမာမာ လန်းလန်းဆန်းဆန်းရှိနေကာ ကြည်ညိုအလေးထားဖွယ် ကောင်းလွန်းလှသည်ကို ဆရာတော်ဘုရားကြီးသက်တော်ထင်ရှားရှိနေခဲ့စဉ်က အကြိမ်ကြိမ် အခါခါ ဖူးတွေ့ခဲ့ရဖူးပါသည်။ ဖူးခွင့်ကြုံ

ဆရာတော် ဦးကိတ္တိဝရ ရုပ်ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတိုက်အတွင်း ရုပ်ခန္ဓာအား မြင်ဆင်ထားစဉ်

ဘဒ္ဒန္တကိတ္တိဝရ ရုပ်ခန္ဓာ အနီးကပ်

ဆရာတော်၏စံကျောင်း

ဆရာတော်ပုံပန်းချီကား

ဝိဇ္ဇာကျောင်းဆိုင်ရာ ကြောကန်တွင် . . .

စဉ်က ဆရာတော်ဘုရားကြီးအား ပြုစုစောင့်ရှောက်မှုပေးနေကြသည့်ဆရာဝန်များ ကျန်းမာရေးစစ်ဆေးနေသည်နှင့် ကြုံရသည်။ ဆရာတော်ဘုရားကြီး၏ နှလုံးခုန်နှုန်းမှာ (၇၂) ကြိမ် ပုံမှန်အတိုင်း ရှိနေပြီး သွေးပေါင်ချိန် အပေါ်သွေး (၁၂၀)၊ အောက်သွေး(၈၀)ပုံမှန်အတိုင်း ရှိနေသည်ကို သိခွင့်ရခဲ့သည်။

ဆရာတော်ဘုရားကြီး၏ ထူးခြားသောဂုဏ်ရည်တို့မှာ ဆရာတော်ဘုရားကြီးသည် လူဘဝကတည်းကပင် ၁၉၄၂ ခုနှစ်က အစပြုပြီး သတ္တဝါတို့အပေါ် မေတ္တာထားကာ ငှဲ့ညှာသနားသောအားဖြင့် ရာသက်ပန်သက်သက်လွတ်အမိဌာန်ကို ဆောက်တည်ခဲ့သည်။ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီးသည့်နောက် ဓုတင်အသီးသီးကို ကျင့်ဆောင်ခဲ့ကာ တည်တော်မူနေခဲ့ပြီး ယခုအခါ ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com

ရေဝေးတွင် ပြင်ဆင်ထားသည့် ထောင်တိုက်မဏ္ဍာပ်

ပီးယဂြိုဟ်က ထည့်ရန် အဖွေးနုံသားများ ပြင်ထားစဉ်

အဂိုးနှင့်ပြာ ကောက်ယူရန် ဆီးများ

ဆရာတော်ဆင်ခြေဖံုးကထာ

ဆရာတော်ရုပ်တုတော်

ထူးထူးခြားခြား
ထောင်တိုက်မဏ္ဍာပ်အထက်တွင်
တိမ်ပြာကွက်ကြီး ဖွဲ့စည်းနေစဉ်

ထမင်းနှင့် ဆွမ်းဟင်းများကို မဘုဉ်းတော့ဘဲ သစ်သီးဆွမ်းကို သပိတ်တစ်လုံးတည်းဖြင့် တစ်ခွက်တည်းဘုဉ်းပေးသော ပတ္တပိဏ်ခုတင်၊ တစ်နေ့လျှင် တစ်ကြိမ်သာ ဆွမ်းတစ်ထပ်တည်းဘုဉ်းပေးသော ဧကာသနိတ်ခုတင်၊ ညွှန်ပြသောကျောင်း ညွှန်ပြသောနေရာတွင်သာ သီတင်းသုံးသည့် ယထာသန္ထတိခုတင်တို့ကို ဈာန်ဆောင်တော်မူခဲ့သည်အပြင် ၂၀-၆ ၂၆ ခုနှစ်မှစတင်ကာ ဝစီပိတ်အဓိဋ္ဌာန်ကျင့်ဆောင်တော်မူခဲ့သည်။

ခုတင်အကျင့်သည် လွန်စွာမြင့်မြတ်လှပါသည်။ ကောင်းမှုကုသိုလ်မပြုလျှင် သုဂတိဘုံသို့ မလားနိုင်သကဲ့သို့ ခုတင်မကျင့်လျှင် သစ္စာတရားမသိမြင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်။ ဓုတင်အကျင့်မြတ်သည် နိဗ္ဗာန်လိုလားသူတို့၏ တည်မြဲရာအကျင့်ဟု သိရပါသည်။ ဆရာတော်ဘုရားကြီး ဦးကိတ္တိဝရမှာ သရက်ခရိုင် မင်းဇုန်းမြို့အုပ်ချုပ်ရာ ရွာလယ်လမ်းမကြီးအလယ်ဗဟိုတွင် ကုန်ရောင်းကုန်ဝယ်လုပ်နေသည့် ခမည်းတော် ဦးကိုလေး၊ ဒေါ်ဖွားတင်တို့၏ သားလတ်ဖြစ်သည်။ သားသမီး ငါးယောက်ရှိသည့်အနက် သားလတ် မောင်ခင်ရွှေ (ဦးကိတ္တိဝရလောင်းလျာ)မှာ ငယ်စဉ်ကတည်းက လုံဝတ်ကြောင် နှင့်မပျော်ပိုက်ဘဲရှိနေခဲ့၏။ ခန္ဓာကိုယ်မှထွက်သော ခွေးအညစ်အကြေးကို အမျိုးမျိုးသုတ်သင်ပါသော်လည်း မမြဿောသတောကိုသိနေ၍ ဘဝခန္ဓာလွတ်ကြောင်းအကျင့်ကို ရဟန်းဘဝဖြင့် ပရိယတ်၊ ပဋိပတ်ကိုကျင့်၍ ပရိဝေဓအကျိုးအား တောင့်တမိသူဖြစ်ခဲ့သည်။

မိဘားစု ပေါင်းဆုံတိုင်းလည်း တချိန်ချိန်ခွဲခွာရမည်ဆိုသည့်အသိဝင်နေမိသည်။ ထိုသို့ဖြင့် ဟော်ရွှင်နှစ်သက်ခြင်းကို လိုလားနှစ်သက်မှုမရှိဘဲဖြစ်နေခဲ့သည်။ ငယ်စဉ်ကတည်းက ရဟန်းပြုမှုကို စိတ်အားထက်သန်နေမိခဲ့သော်လည်း ပညာသင်ကျောင်းအားချိန်တွင် ကုန်ရောင်းကုန်ဝယ်၊ ပန်းထိမ်ပညာသင်၊ ဖိနပ်ချုပ်၊ ပွဲလမ်းသဘင်များတွင် ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်ဖွင့်ရောင်းချကာ မိဘများအား လုပ်ကျွေးပြုစုခဲ့၏။ ထို့နောက် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းခဲ့ပြန်သည်။ ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ စနေနေ့တွင် တပ်ရင်းမှူး၏ ခွင့်ပြုချက်ဖြင့် လစာကိုပင် ထုတ်မယူတော့ဘဲ တပ်မတော်မှ ထွက်ခဲ့သည်။ ဆာဂျင်အောင်သိန်းက နောက်မှနေအပြေးအလွှားလိုက်လာကာ သက်နှံးတစ်စုံလှူသည်။ နိဗ္ဗာန်သို့ရောက်ရာရောက်ကြောင်း အထောက်အပံ့ဖြစ်စေကြောင်း ဆုမွန်ကောင်းတောင်းရှိပိန္နကုန်းဦးမဲကျောင်းတိုက်တွင် သီတင်းသုံးတော်မူနေသည့် ဦးပညာဝရထံတော်ပါးသို့ အရောက်သွားခဲ့သည်။

၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ၇-၁၂-၁၉၇၄ ညနေ (၄) နာရီ (၅၇) မိနစ်အချိန်တွင် အင်းစိန်ပေါက်တောကျောင်းတိုက် ခဏ္ဍသိမ်တော်ကြီးတွင် ခမ်မြဲကခေါင်းဆောင်သော သံဃာတော်အရှင်သူမြတ်ကိုးပါးတို့၏ ချီးမြှင့်မှုဖြင့် ဦးကိတ္တိဝရ မည်သော ရဟန်းတော်တစ်ပါးအဖြစ် ရောက်ရှိခဲ့ရခြင်းပင် ဖြစ်သည်။ ရဟန်းဟော်ဘဝ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိသည်နှင့် အကျင့်ထူးအကျင့်
မြတ်တို့ကို ကျင့်ကြံပွားများ အားထုတ်
ဟော်မူခဲ့ရာက ဓမ္မတင်များကို ကြိုးပမ်း
ကျင့်ဆောင်တော်မူခဲ့ခြင်းပင် ဖြစ်သည်။
ဆရာတော်ဘုရားကြီးဦးကိတ္တိဝရသီတင်း
သုံးနေတော်မူခဲ့ရာ နိဒ္ဒိန္ဒကျောင်းတိုက်
သည် ရွှေပြည်သာမြို့သစ်တည်စတွင်
အမှတ် (၁) ရပ်ကွက်အဖြစ် သတ်မှတ်
ထားခဲ့သည့် မိချောင်းအိုင်ရွာဟောင်း
နေရာတွင်တည်ရှိသည်။ မိကျောင်းအိုင်
ရွာဟောင်းဆီသို့ ဆရာတော်ဘုရားကြီး
ကြွရောက်တော်မူကာ သီတင်းသုံးစဉ်
အလက ကွင်းထီးထီးတွင်တည်ရှိသည့်
အုပ်အုပ်ဆိုင်းဆိုင်းတောအုပ်ငယ်လေး
အတွင်း တည်ရှိကာ သွားလာမှုခက်ခဲပြီး
အနှောင့်အယှက်များစွာလည်း ကြုံတွေ့
လာခဲ့ကြရသည့် နေရာတစ်နေရာ
ဖြစ်သည်။

ထိုနေရာသည် ငပိုးရိပ်မိကျောင်း
ကြီးခဲ့ရာနေရာကို အစွဲပြုကာ မိချောင်း
အိုင်ရွာဟု တွင်နေခဲ့ခြင်းပင် ဖြစ်သည်။
ထိုနေရာတွင် ရှေးရှေးကာလများက
ရွာသားများကို လျှောက်လှမ်းနေကြသည့်
ဆောင်စသူမြတ်လောင်း ပုဂ္ဂိုလ်ထူး
ပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ်တရားထိုင်
ခဲ့ကြသော အဓိဋ္ဌာန်ဝင်လေ့ဝင်ထရှိခဲ့ကြသည့်
ဘုရားမြတ်မြမှန်ရာနေရာတစ်နေရာပင်ဖြစ်
သည်။ ထိုကာလများတွင် သူတော်စင်
ကြီးတော်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်
များ ပြည်လုံးကျိုးနဝင်းစေတီတော်
ကြီးတို့ တည်ထားခဲ့ကြသည်။ ဆရာ
တော်ဘုရားကြီး ဦးကိတ္တိဝရ မိချောင်း
အိုင်ရွာဟောင်းရှိလာစဉ်တွင် စေတီတော်
ကြီးတော်မြေခ ဌက်ပျောဖူးညောင်
ပင်ကြီးခဲ့သဖြင့် ကွဲကျနေကာ ပြုပြင်သူ
မရှိသည်။ ထိုသို့ရှိနေစဉ် ယခု ဖူးတွေ့
ရသော ပြည်လုံးကျိုးနဝင်းဆေတောင်း
စေတီတော်မြတ်အား ဆရာတော်
ဘုရားကြီး ဦးကိတ္တိဝရ၏ ဦးဆောင်ဦး
ရွက်မှုဖြင့် ပြန်လည်ပြုပြင်မွမ်းမံ
ကိုးကွယ်ထားခဲ့သည်။

ပြည်လုံးကျိုးနဝင်းဆုတောင်းပြည့်
တော်မြတ် ဌာပနာပြုသောအခါ
ကူးဆို့လိမ့်မြတ်ရဟန်းရှင်လူတို့ ကြွ
ရောက်ကြီး ဓာတ်တော်များဌာပနာ
ပူဇော်ခဲ့ကြသည်။ ထိုသို့သွင်းထား
သော စေတီတော်၏ ရှေ့ဟောင်းမှတ်
တိုင် တို့သို့ ဖော်ပြထားရှိသည်ကို
တွေ့ရသည်။ ထိုဓာတ်တော်တို့က လူ
မြင်ကွင်းရလေ့အောင် နေ့
ရောင်ခြည်တော်လွှတ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ခန္ဓာ မီးသဂြိုဟ်စဉ်

ရုပ်ခန္ဓာ မီးသဂြိုဟ်စဉ်

ရုပ်ခန္ဓာ မီးသဂြိုဟ်စဉ် ညွှဲထယ်အချိန်

မီးမှောင်ပြိမ်းသက်စပြုစဉ်

လူအများဖူးတွေ့ကြရလိမ့်မည်။ လူမျိုးကွဲတို့လည်း အထူးလာရောက်ဖူးမြော်ကန်တော့လိမ့်မည်။ ထိုစာသားက စေတီတော်မှတ်တမ်းတွင် အထင်အရှားရှိနေသည်ကိုတွေ့ရသည်။

ဆရာတော်ဘုရားကြီး နိဗ္ဗိန္နကျောင်းတွင် သီတင်းသုံးနေတော်မူစဉ်အတွင်း ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စွမ်းပကားတို့ကို ကြည်ညိုလေးစားအလေးထားကြသည့် ဒကာ၊ ဒကာမများ အနယ်နယ်အရပ်ရပ်မှ စဉ်ဆက်မပြတ်ရောက်လာကြကာ ပူဇော်သမှုပြုနေကြလေရာ ရာသက်ပန်ကျောမခင်းအဓိဋ္ဌာန် ဝစီပိတ်အဓိဋ္ဌာန်တို့တင်ကာ ကျင့်ကြံပွားများအားထုတ်သမှုပြုနေသည့် ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းမှာ မြန်မာပြည်အနှံ့ ကျော်ကြားလျက်ရှိနေခဲ့ရသည်။ ထူးခြားသည်မှာ လင်းနို့၊ ကြွက်ဝမ်းဖြူ မွေ့ စသည့် သတ္တဝါသုံးကောင်တို့ ဆရာတော်ဘုရားကြီး၏ ဘုရားဝတ်ပြုသံ၊ ပရိတ်ရွတ်သံတို့ကို လာရောက်ကြားနာကြကာ လင်းနို့သည် အတောင်နှစ်ဖက်ကိုဖြန့်ကားလျက် ကြမ်းပြင်နှင့်ထိကာ ရှိခိုးခြင်း၊ ကြွက်ဝမ်းဖြူသည် ထိခြင်းငါးပါးပုံစံဖြင့် ကန်တော့ခြင်း၊ မွေ့သည် ပါးပျဉ်းခွက်လျက် ငြိမ်သက်စွာ တရားနာယူကာ အလေးဂရုပြုခြင်းများရှိနေခဲ့လေရာ ထိုတိရစ္ဆာန်သုံးကောင်တို့ အာရုံပြုခဲ့ရာနေရာများတွင် သင်္ကေတဆေးဖြင့် ပုံတူများရေးဆွဲမှတ်တမ်းတင်ထားခဲ့သည်။ ထိုသို့ရှိခိုးပြီး မိမိတို့နေရာသို့အပြန်တွင်ပင် ဘုံဘဝပြောင်းသွားကာ ခန္ဓာကိုယ်ကို စွန့်ခွာသွားခဲ့ကြခြင်းပင်ဖြစ်သည်။ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ဥရားတရား၊ သံဃာရှိခိုးပူဇော်ရမှန်းသိသူသည် အပါယ်ဘုံရောက်နေပါက အမြန်ဆုံး လွတ်မြောက်ခြင်းအကျိုးရရှိ၍ သုဂတိဘုံဘဝသို့ရောက်ရှိသွားနိုင်သည်။ သုဂတိဘုံဘဝရရှိထားသူဖြစ်ပါက အပါယ်မကျနိုင်ဘဲ သုဂတိနတ်ဘုံသို့သာ တစ်ဆင့်တစ်ဆင့် တက်သွားနိုင်သည်။

ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ ပညာဂုဏ်တို့ကို အစုံအလင်နီးပါးခန့် သိခွင့်ရထားမိခဲ့သည့် စာရေးသူ ဝိဇ္ဇာလမ်းလျှောက်လှမ်းနေသည့် ပထမဆရာဦးလေးခိုင်ထံမှဖုန်းဝင်လာပြီးသည့်နှင့် နံနက်စာပင်စားချင်စိတ်မရှိဖော့ဘဲ ဆရာတော်ဘုရားကြီးရုပ်ခန္ဓာလျှောင်းကာနေပြီဖြစ်သည့် နိဗ္ဗိန္နကျောင်းတိုက်ဆီသို့ သုတ်ခြေတင်မိဖြစ်သည်။ ကျောင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

အတွင်းဝင်မိသည်နှင့် ခြေလှမ်းကပိုသွက်နေမိသည်။ မိမိရှေ့မှ ဒရော်ဇော်သာပါး သွပ်ရှားနေကြသူများကိုပင် ဖြတ်ကျော်နေမိပြီပင်။ ဆရာတော်ဘုရားကြီးသည် ဆခင်က ကျောင်းဝင်း၏ မြောက်ဘက်တွင်ရှိသည့် နှစ်ထပ်တိုက်ကျောင်းကြီး၏ အပေါ်ထပ် အရှေ့မြောက်ထောင့်က ဧကသရေခန်းတွင် သီတင်းသုံးနေတော်မူခဲ့သော်လည်း ယခုအခါ ကျောင်းဝင်း၏ အရှေ့တောင်ထောင့်တွင် ဒကာ၊ ဒကာမများ ဆောက်လုပ် လှူဒါန်းထားသည့် တိုက်ကျောင်းတွင် သီတင်းသုံးလျက်ရှိနေခဲ့သည်မှာကြာပြီပင်ဖြစ်သည်။

ကျောင်းဝင်းအတွင်းဝယ် ဧည့်ဧရိယတ်များ စည်ကားလျက်ရှိနေသကဲ့သို့ ဆရာတော်ဘုရားကြီး၏ ရုပ်ခန္ဓာလျောင်းစက်ရာ ဆရာတော်ကြီး ကျင့်ကြံပွားများ အားထုတ်ရင်း သီတင်းသုံးတော်မူသည့် တိုက်ကျောင်းအတွင်းတွင်သည်း ဆရာတော်ဘုရားကြီးရုပ်ခန္ဓာအား လာရောက် ဦးချကန်တော့လျက်ရှိနေကြသည့် ဒကာ၊ ဒကာမများကများပြားလွန်းလှသည်ကို တွေ့ရသည်။ ဆရာတော်ကြီး ရုပ်ခန္ဓာလျောက်စက်ရာ အနီးသို့ရောက်သွားမိသည်တွင် ဆရာတော်ဘုရားကြီး၏ ရုပ်ခန္ဓာတော်သည် ဆက်တော်ထင်ရှားပင်ရှိနေသည့်အလား ထင်မှတ်မှားစရာပင်။ မျက်နှာတော်မှာ ငင်းဝါစိုပြည်လျက် ပြုံးယောင်သန်းနေသည့်အလား ဖူးတွေ့လိုက်ရသည်။ ဆရာတော်ဘုရားကြီး၏ရုပ်ခန္ဓာလျောင်းစက်ရာတိုက်ကျောင်းအတွင်း ဆရာတော်ဘုရားကြီး၏ရုပ်တုတော်ရှိနေလေရာ ဆရာတော်ဘုရားကြီး၏ နာမ်ဓာတ်ကိုးအောင်နေလေသလား ထင်မှတ်မှားမိရသည်။

ဆရာတော်ဘုရားကြီး၏ အန္တိမရာဇသာဇကိုဋ္ဌနပူဇာသဘင်ကို ၁၃၇၇ခု၊ ဝါဆိုလဆန်း ၃-၉-၂၀၁၅၊ နေ့လယ် (၁) နာရီအချိန်တွင် စည်ကားသိုက်မြိုက်စွာ ပူဇော်သမ္ဘပြုပြီး ကျင်းပခဲ့သည်။ အခမ်းအနားတွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည် ဓမ္မာစရိယ-ဘီအေ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်ကို တွေ့ရသည်။ အခမ်းအနားဖွင့်ဂါထာ ဆွေးဆိပ်ဆရာတော်သံရှင်တင်ဦးလှိုင်က ဓာတ်ကြားခဲ့သည်။ ထိုးဖြူတော်ဖွင့်ပေးသူကို ဦးမင်းကြည်က ဖတ်ကြားပေးသော ဆောက်ရှိလာသော ဒကာ၊ ဒကာမအခေါင်းတို့က ရန်ကုန်ကျောင်းတိုက် ဆရာတော်က ငါးပါးသီလများ ခိုင်မြဲခြင်း

ပီးများ ပြိမ်းထွားပြီးနောက်

ပြာများ။ အရိုးများကို မှတ်တမ်းပြုနေစဉ်

ပြာများ။ အရိုးများကို မှတ်တမ်းပြုနေစဉ်

ပြာများ။ အရိုးများကို မှတ်တမ်းပြုနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ဩဝါဒကထာ

ပေးတော်မူသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဦးကိတ္တိဝရ၏ ထေရုပတ္တိကို ဇီးကုန်းရွှေမြို့ဝင်ဆရာတော်က ဖတ်ကြားကာ ဦးမင်းကြည် ရေးသားစပ်ဆိုသည့် သံဝေဂလင်္ကာရတုကို တေးသံရှင် တင်ဦးလှိုင်က ဖတ်ကြားပေးခဲ့သည်။ ဦးမင်းကြည်က သံဝေဂလင်္ကာတို့ကိုတိုင်ပေးရာ ဧည့်ပရိသတ် ဒကာ၊ ဒကာမများက သောသောညံမျှ လိုက်လံဆိုကာ သံဝေဂသံလွှမ်းလောက် အောင် ဖော်ဆောင်ခဲ့ကြသည်။

နိဝိဋ္ဌကျောင်းတိုက်အုပ်ဆရာတော် အရှင်လာသမဏ္ဍ၏က အပြစ်များရှိခဲ့ပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လွှာကိုတိုင်ပေးခဲ့ရာ ပရိသတ်များကလိုက်လံ ရွတ်ဆိုရင်း ပူဇော်ကန်တော့သမ္ဘပြုကြသည်။ အခမ်းအနားအစီအစဉ်များ ညနေ (၃) နာရီတွင် ပြီးဆုံးသွားခဲ့ပြီး တိုက်ကျောင်းအတွင်း လျောင်စက်တော်မူနေသည့် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို နိဗ္ဗာန်ယာဉ်ပေါ် သို့ အဓေါက် ဆွေတော်မြီးတော်များ၊ တပည့်ရဟန်းများက တစ်ဆင့်တစ်ဆင့် လက်ကမ်းသယ်ဆောင်ကာ တင်ပို့ပေးခဲ့ကြသည်။ ရုပ်ကလာပ်တော်· နိဗ္ဗာန်ယာဉ်ပေါ် ရောက်ရှိသွားပြီးသည်နှင့် နိဗ္ဗာန်ယာဉ်၏နောက်ပါးတော်မှ ဆွေမျိုးများ၊ ရဟန်းတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက် ပို့ဆောင်ကြသူများက ကား အစီးရေ (၁၀၀) ကျော်ကျော်ဖြင့် လိုက်ပါလာခဲ့ကြသည်။

ရေဝေးသုသာန်မီးသင်္ဂြိဟ်စက်အနီး သီးခြားပြင်ဆင်ထားသော 'အန္တိမ အဂ္ဂိစျာပနပူဇာသဘင်မဏ္ဍပ်၌ ထင်းရှူးဆီ၊ ပရုတ်၊ ကရမက်၊ အကျော်၊ ခဲပါ၊ နုံသာဖြူ နုံသာနီတို့ကို အသင့်စီစဉ်ထားပြီး နုံသာတုံးတို့ ပြင်ပြင်ဆင်ဆင်ထားရှိသည့်လောင်တိုက်ကအသင့်ရှိနေသည်။ ပြင်ဆင်ထားသည့် မဏ္ဍပ်ဓာဆောင်အတွင်း ရောက်သည်နှင့် ရုပ်ကလာပ်တော်ကို သယ်မကြကာ လောင်တိုက်အား လက်ယာရစ် (၅) ကြိမ်ပတ်ကာ ပူဇော်သမ္ဘပြုကြသည်။ ထို့နောက်တွင်မှ ရုပ်ကလာပ်တော်ကို လောင်တိုက်စင်၌ နေရာတကျ တင်ထားကာ တပည့်ရဟန်းတော်များနှင့် ဆွေမျိုးများက လောင်တိုက်ကို စတင်မီးကူးစက်စေခဲ့တော့သည်။

ညနေ (၄) နာရီကျော်ကျော်ခန့်တွင် လောင်တိုက်ပြင်ဆင်ထားရာ မဏ္ဍပ်၏ အထက်ကောင်းကင်တစ်ခွင် ဝယ် မိုးသဲသဲမဲရွာသွန်းတော့မည့် အဆင်အပြင် အရိပ်အယောင်များ ဖြစ်ထွန်းပေါ် ပေါက်လာခဲ့သော်လည်း မိုးရွာသွန်းခြင်းမရှိခဲ့ပေ။ မိုးသားမိုးတိမ်အဖြူရောင်များဖြင့် ကောင်းကင်တစ်ပြင်လုံး ပြည့်နှက်နေပါလျက် လောင်တိုက်နေရာ အထက်တည့်တည့်တွင်ကား အပြာရောင် မိုးကောင်းကင်အဖြစ် တိမ်အပြာကွက်ကြီးက ဖုံးလွှမ်းအုပ်မိုးလျက်သားရှိနေခဲ့သည်။ သဘာဝအတိုင်း မီးလောင်နေခြင်းကို စောင့်ဆိုင်းကြည့်ရှုနေမိဖြစ်ခဲ့ရာ ၄-၉-၂၀၁၅ နံနက် (၆) နာရီအချိန်တွင်မှ မီးငြိမ်းသွားခဲ့သည်။ မီးလောင်ကျွမ်းနေစဉ် ရုပ်ကလာပ်တော်၏ နှလုံးတော်နေရာမှ ရွှေရောင်အဆင်းထွက်ပေါ်ခြင်းများရှိခဲ့ပြီး အရိုးတော်များ၊ ထူးခြားစွာကြွင်းကျန်ရစ်သော အရိုးပြာများကို သီးခြားအိုးငယ်များဖြင့် စုစည်းသိမ်းဆည်းခဲ့ကြသည်။

ဆရာတော်ဘုရားကြီးရုပ်ကလာပ်တော် မီးသင်္ဂြိဟ်ရာမှ ထူးခြားစွာကြွင်းကျန်ရစ်သောပြာများနှင့် ထူးခြားအံ့ဖွယ်ဓာတ်စုအချို့တို့ကို ကျောင်းတိုက်အတွင်းရှိ ဆရာတော်ဘုရားကြီးရုပ်တုတော်ရှေ့တော်မှောက်တွင် ဖန်ဘူးငယ်များဖြင့် အပူဇော်ခံထားရှိမည်ဟု သိခွင့်ရခဲ့ပါသည်။ အကျင့်စရာဏတို့ဖြင့် ပြည့်ဝလွန်းလှသည့် ဆရာတော်ဘုရားကြီး အောင်လမ်းသို့မြန်းကြွသွားတော်မူခဲ့ပြီပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဆရာတော်ဘုရားကြီး မိန့်မှာတော်မူခဲ့သည်။

တပည့်တို့ -

၁ ယုံကြည်ထိုက်သူဖြစ်အောင်ရိုးသားရမည်။

၂ အားကိုးထိုက်သူဖြစ်အောင်ကြိုးစားရမည်။

၃ လေးစားထိုက်သူဖြစ်အောင် ဖြူစင်ရမည်။

၄ ကောင်းသမျှတွေကို ရွေးလုပ်တာထက် လုပ်သမျှကို ကောင်းအောင်ကြိုးစားရမည်။

ဆိုသည့် ဩဝါဒကထာကတော့ စားရေးသူရင်ထဲ ပဲ့တင်ထပ်နေမိပင် ဖြစ်ပါသည်။

ကြည်ညို အလေးထားမိသော တပည့် ဒကာအရင်းတစ်ဦးအနေဖြင့်

အောင်ဘာကျော်

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရား(ဒသမနှောက်)

လယ်တီဆရာတော်ဘုရားကြီးကိုယ်တော်တိုင် နေ့စဉ်ဝတ်ထား၍ရွတ်ပွားတော်မူသောအထူးမေတ္တာပို့ကြီး

၁။

ကျွန်တော်သည် ဘုရားရှိခိုးပြီးသောအခါ (၃၁) ဘုံ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်းထို့အား အမျှပေးဝေ၍ မေတ္တာပို့ပါသည်။ မေတ္တာပို့ရာတွင် ဒီဇာမေတ္တာပို့ဖြင့်လည်း မေတ္တာပို့တတ်ပါသည်။

တစ်နေ့တွင် မိတ်ဆွေတစ်ဦးက ဤသို့မေးပါသည်။

"ဆရာမေတ္တာပို့ပုံက ဆန်းတယ်နော်။ ဘာမေတ္တာပို့လဲ ဆရာ"

"ဝိဇ္ဇာမေတ္တာပို့ပါဗျာ"

"ဘယ်သူနေးတဲ့မေတ္တာပို့လဲဆရာ"

"ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရေးတဲ့မေတ္တာပို့ပါဗျာ"

"လယ်တီဆရာတော်ဘုရားကြီး ဖီလင်တဲ့ ဒီပနီကျမ်းတွေထဲမှာ အဲဒီမေတ္တာပို့ပါသလား ဆရာ"

"လယ်တီဆရာတော်ဘုရားကြီး ဖီလင်တဲ့ ဒီပနီကျမ်းတွေမှာတော့ အဲဒီမေတ္တာပို့ကို မတွေ့မိဘူးဗျ"

"ဒါဖြင့် ဆရာ အဲဒီမေတ္တာပို့ကို ဆရာဘယ်ကရခဲ့ကာလဲ"

"ပြည်မြို့ အောင်မြင်ဗဟုရွှေကျင်တောရဆရာတော်ဘုရားကြီးထံက ရခဲ့တာပါ"

"ရခဲ့ပုံကိုပြောပြပါဦးဆရာ"

"အောင်မြင် ဗဟုဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ကျွန်တော် အောင်မြင်ဗဟုရွှေကျင်တောရတိုက်ကို မကြာမကြာရောက်ပါတယ်။ ရောက်တဲ့အခါ ဆရာတော်ဘုရားကြီးကို ဖူးမြင်ပြီး ကျွန်တော်သိလိုသမျှကို မေးလျှောက်ပါတယ်။ ဆရာတော်ဘုရားကြီးတလည်း ကျွန်တော်မေးလျှောက်တဲ့ အချက်တွေကိုရှင်းပြပြီး လယ်တီဆရာတော်ဘုရားကြီးရေးတဲ့ ဝိဇ္ဇာမေတ္တာပို့ဆိုတာရှိတယ်။ ဆရာကြီးတွေ့ဖူးသလားလို့ မေးပါတယ်။ ကျွန်တော်က မတွေ့ဘူးပါဘုရားလို့လျှောက်တော့ ဆရာတော်ဘုရားကြီးက အဲဒီဝိဇ္ဇာမေတ္တာပို့ကိုရွတ်ပြပါတယ်။ ရွတ်ပြပြီးတော့ ဝိဇ္ဇာတွေ ထားယ်ရှိတယ်ဆိုတာ ဒီမေတ္တာပို့က အခိုင်အမာ သက်သေပြနေတယ်လို့ ယူဆနိုင်ပါတယ်။ ကျွန်တော်က အဲဒီမေတ္တာပို့ကို လိုချင်ပါတယ်ဘုရားလို့ လျှောက်တဲ့အခါ ဘုန်းကြီးရေးတဲ့ 'မဟာအဓိဋ္ဌာန်တော်ကြီးဗုဒ္ဓဝင်ဘုရားရှိခိုးကျမ်းပါဠိနိဿယ' စာအုပ်ကြီး မကြာခင် ထွက်မယ်။ အဲဒီစာအုပ်ကြီးထဲမှာ ဝိဇ္ဇာမေတ္တာပို့ကြီးကိုထည့်ထားတယ်။ စာအုပ်ထွက်တော့ ဆရာကြီးဆီပို့လိုက်မယ်။ အဲဒီတော့ အဲဒီမေတ္တာပုဒ်ရရောပေါ့လို့ မိန့်ပါတယ်။ စာအုပ်ထွက်လာတော့ ဆရာတော်ဘုရားကြီးက ကျွန်တော့်ဆီကို စာအုပ်ပို့ပေးပါတယ်။ စာအုပ်ရတာနဲ့ အဲဒီမေတ္တာပို့ကိုရှာပါတယ်။ စာအုပ်နောက်ပိုင်းမှာ အဲဒီမေတ္တာပို့ကိုတွေ့ပါတယ်။ တွေ့တာနဲ့ ကျွန်တော်အရက္ခကျက်တော့တာပဲ။ ရလည်းရပါပြီ။ အဲဒီမေတ္တာပို့နဲ့လည်း မေတ္တာပို့နေပါပြီ"

"ဒါထက် အဲဒီမေတ္တာပို့ကို ဓမ္မဒါနပြုပါလား ဆရာ"

"ကျွန်တော် ဒါနပြုဖို့စိတ်ကူးရှိပါတယ်။ အောင်မြင်ဗဟုဆရာတော်ဘုရားကြီးက ဒီမေတ္တာပို့က ထူးခြားတယ်။ ဝိဇ္ဇာတွေကိုပို့တဲ့မေတ္တာပို့မို့ သိုသိုသိပ်သိပ်သိမ်းထားပါလို့မှာထားခဲ့လို့ ဓမ္မဒါနမပြုဖြစ်ခဲ့ဘူးဗျာ။ အတော်များများကလည်း ဒီမေတ္တာပို့နဲ့ပတ်သက်ပြီးမေးကြပါတယ်။ တစ်လောက ကျွန်တော် အောင်မြင်ဗဟုရွှေကျင်တောကို ရောက်သွားတယ်။ အောင်မြင်ဗဟုရွှေကျင်တောရမှာ လက်ရှိပမာနနာယက ဆရာတော်က အရှင်သုန္ဒရာဓိပတိဖြစ်ပါတယ်။ ဆရာတော်က မူလအောင်မြင်ဗဟုဆရာတော်ဘုရားကြီးရဲ့ တူပါ။ အောင်မြင်ဗဟုရွှေကျင်တောရသာသနာကို ထိန်းသိမ်းစောင့်ရှောက်နေသူပါ။ အောင်မြင်ဗဟုရွှေကျင်တောရကို ရောက်ခိုက် ဆရာတော်အရှင်သုန္ဒရာဓိပတိအား အတော်များများက ဝိဇ္ဇာမေတ္တာပို့ကို စိတ်ဝင်နေကြကြောင်း၊ ဓမ္မဒါနပြုဖို့တိုက်တွန်းကြောင်း လျှောက်ထားခဲ့တယ်။ ဆရာတော်အရှင်သုန္ဒရာဓိပတိကလည်း အများကအလိုရှိတယ်ဆိုရင် ဓမ္မဒါနပြုပါ။ ဒါပေမယ့် ခိုရိုသေသေ ထိန်းသိမ်းစောင့်ရှောက်ဖို့ တိုက်တွန်းပါလို့ မှာပါတယ်။ ဒါကြောင့် ဒီမေတ္တာပို့ကို သူရဇ္ဈမဂ္ဂဇင်းကနေ ဓမ္မဒါနပြုပါတော့မယ်"

"သာဓုပါဗျာ၊ သာဓု၊ သာဓု"

၂။

ဓမ္မမိတ်ဆွေကို ကတိပေးခဲ့သည့်အတိုင်း ကျွန်တော်သည် လယ်တီဆရာတော်ဘုရားကြီးအထူးစီရင်သော အထူးမေတ္တာပို့ကြီးကို တင်ပြအပ်ပါသည်။

မုံရွာမြို့ ပထမလယ်တီတောရဆရာတော်ဘုရားကြီးကိုယ်တော်တိုင် (သာသနာပြု လောကီဝိဇ္ဇာမိုရ်တို့အတွက်) နေ့စဉ်ဝတ်ထား၍ မေတ္တာဘာဝနာရွတ်ပွားတော်မူသော အထူးမေတ္တာပို့ကြီး မူရင်း (ပါဠိနိဿယ) စာတမ်းဟု ဖော်ပြထားပါသည်။

နမောတဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပုရတ္ထိမဒိသာ

(ပုရတ္ထိမာယဒိသာယ) သဗ္ဗေ အမနုဿာ သဗ္ဗလောကိယ ဝိဇ္ဇာရော၊ မမပုညံ ဂဏ္ဟန္တု (၃)၊ အနုမောဒန္တု (၃) အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ ဝဏ္ဏဝန္တော ဟောန္တု၊ ဗလဝန္တော ဟောန္တု၊ ယသသိနော

www.burmeseclassic.com

www.burmeseclassic.com

ဟောန္တ။ ဣန္ဒ္ဒိမန္တောဟောန္တ။ သိရီမန္တော ဟောန္တ။ ကာမကာမိနောဟောန္တ။ ဣန္ဒ္ဒ တေဇာဟောန္တ။ မဟာရာဇတေဇာဟော န္တ။ မမမာတုဋ္ဌာနိယာဟောန္တ။ ပိတုဋ္ဌာနိ ယာဟောန္တ။ ဘာတုဋ္ဌာနိယာဟောန္တ။ ဉာတိဋ္ဌာနိယာဟောန္တ။ မိတ္တဋ္ဌာနိယာ ဟောန္တ။ မာတာ ဧက ပုတ္တ ရက္ခတိ ဣဂ မမဉ္စ တေ သဒ္ဒါ ရက္ခန္တု။ မမ ဣန္တိတ သမ္မာ သင်္ပေ့ပူရေန္တု။

၁။ အရှေ့လောကောတ်အရပ်

၁။ **ပုရတ္ထိမာယဒိသာယ** - အရှေ့ လောကဓာတ်အရပ်ဌာန၌။ **(ဝသန္တာ-** နေထိုင်ကြကုန်သော) **သဗ္ဗေ** - အလုံးစုံ ကုန်သော။ **အမနုဿ** - လူမဟုတ်ကုန် သောဘီလူး၊ ပြိတ္တာ၊ နတ်အပေါင်း သူတော်ကောင်းတို့သည်လည်းကောင်း။ **သဗ္ဗလောကိယဝိဇ္ဇာရော** - အလုံးစုံသော အရိယာဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ အလုံးစုံ သော လောကီယဝိဇ္ဇာဝိုရိုအမျိုးမျိုးတို့ သည် လည်းကောင်း။ **မမ** - အကျွန်ုပ်၏။ **ပုညံ** - ယခုဘဝ ပြုပြုသမျှ ကုသလအစုံ ကောင်းမှုအဖုံဖုံတို့၏အဖို့ကို၊ **ဂဏ္ဍန္တု** - ကောင်းစွာ ခံယူကြပါကုန်လော့။

(၃-ကြိမ်)

အနုမောဒန္တု - ဝမ်းမြောက်တော်မူ ကြပါကုန်လော့။ (၃-ကြိမ်)

အဝေရော - ဘေးရန်ခပ်သိမ်းကင်း ငြိမ်းကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါ စေကုန်သတည်း။ **အဗျာပဇ္ဈော** - ကြောင့် ကြခပ်သိမ်း ကင်းငြိမ်းကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။ **အနီဃာ** - ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြ ကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေကုန် သတည်း။ **ဝတ္ထဂဂ္ဂေ** - တစ်နေ့တခြား တိုးပွားတောက်ထွန်းသော အရောင်အ ဆင်းရှိကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါ စေကုန်သတည်း။ **ဗလဝန္တေ** - တစ်နေ့ တခြား တိုးပွားသန်စွမ်းသော ကာယဗလ၊ ဉာဏဗလရှိကြကုန်သည်၊ **ဟောန္တု** - ဖြစ် ကြပါစေကုန်သတည်း။ **ယသဿိနော** - တစ်နေ့တခြား တိုးပွားပြန့်ပွားသောအခြံ အရံ အကျော်အစောရှိကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။ **ဣန္ဒ္ဒိမန္တေ** - တစ်နေ့တခြား တိုးပွား တောက်ထွန်းသော ဘုန်းတန်ခိုးရှိကြ ကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေကုန် သတည်း။ **သိရိမန္တေ** - တစ်နေ့တခြား တိုးပွားပွင့်လင်းသော ဘုန်းကျက်သရေ ရှိကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေ ကုန်သတည်း။ **ကာမံကာမိနော** - ကောင်းမြတ်မှန်ကန်စင်ကြယ်သောအလို ခပ်သိမ်းနှင့်ပြည့်စုံကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။ **ဣန္ဒ္ဒတေဇာ-** တာဝတိံသာနတ်ပြည်ကို အစိုးရတော်မူ သော သိကြားမင်းကြီး၏ ဘုန်းတန်ခိုး ကဲ့သို့ ကြီးမြတ်သော ဘုန်းတန်ခိုးရှိကြ ကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေကုန် သတည်း။ **မဟာရာဇတေဇာ-** ဤမြတ်စွာ ဘုရားသခင်၏ သာသနာတော်မြတ်ကြီး ကို အမြဲမပြတ် စောင့်ရှောက်တော်မူကြ ပေကုန်သော ဝေဿဝဏ္ဏနတ်မင်းကြီး၊ ဓတရဋ္ဌနတ်မင်းကြီး၊ ဝိရူဠ္ဟကနတ်မင်းကြီး၊ ဝိရူပက္ခနတ်မင်းကြီး၊ ကုဝေရနတ်မင်း ကြီးတို့၏ ဘုန်းတန်ခိုးကဲ့သို့ ကြီးမြတ် သော ဘုန်းတန်ခိုးရှိကြကုန်သည်။ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။ **မမ** - အကျွန်ုပ်၏၊ **မာတုဋ္ဌာနိယာ** - အမိ ရင်းအရာ၌ ကောင်းစွာတည်ရှိကြကုန် သည်၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း။ **မမ** - အကျွန်ုပ်၏၊ **ပိတုဋ္ဌာနိယာ** - အဖ ရင်းအရာ၌ ကောင်းစွာတည်ရှိကြကုန် သည်။ **ဟောန္တု** - ဖြစ်ကြပါစေကုန်သ တည်း။ **မမ** - အကျွန်ုပ်၏၊ **ဘာတုဋ္ဌာ နိယာ** - အစ်ကိုအရင်း၊ အစ်မအရင်း၊ ညီ အရင်း၊ နှမအရင်းအရာ၌ ကောင်းစွာ တည်ရှိကြကုန်သည်။ **ဟောန္တု** - ဖြစ်ကြ ပါစေကုန်သတည်း။ **မမ** - အကျွန်ုပ်၏၊ **ဉာတိဋ္ဌာနိယာ** - ဆွေရင်းမျိုးရင်းအရာ၌ ကောင်းစွာ တည်ရှိကြကုန်သည်။ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။ **မမ** - အကျွန်ုပ်၏၊ **မိတ္တဋ္ဌာနိယာ** - မိတ် ကောင်းဆွေကောင်းအရာ၌ ကောင်းစွာ တည်ရှိကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါ စေကုန်သတည်း။ **မာတာ** - မွေးသည့် မိခင်သည်၊ **ဧကပုတ္တံ-** တစ်ယောက်တည်း သာလျှင်ရှိသော သားငယ်ကို၊ **ရက္ခတိ ဣဂ** - အစဉ်မပြတ် ကြည့်ရှုစောင့်ရှောက် ဘိသကဲ့သို့၊ **မမဉ္စ** - အကျွန်ုပ်ကိုလည်း၊ **တေ** - အရှင်၊ လူမဟုတ်ကုန်သော ဘီလူး၊ ပြိတ္တာ၊ နတ်အပေါင်းသူတော် ကောင်းတို့နှင့်တကွ အလုံးစုံသော အရိယဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါး ဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ သိဒ္ဓိဆယ်ပါးတို့ကို ပြီးစီးထမြောက် ပေါက်ရောက်အောင်မြင်တော်မူကြကုန် ပြီးသော အလုံးစုံသော ဝိဇ္ဇာဝိုရိုအမျိုးမျိုး တို့သည်၊ **သဒ္ဓါ** - အခါခပ်သိမ်း၊ **ရက္ခန္တု** - ကြည့်ရှုစောင့်ရှောက်တော်မူကြ ပါစေကုန်သတည်း။ (၃-ကြိမ်)

မမ - အကျွန်ုပ်၏၊ **ဣန္ဒ္ဒိတေဇော** **သင်္ကေပ္ပေ** - အလိုရှိအပ်သဖြင့် ကောင်း မြတ်မှန်ကန်စွာ အကြံအစည်ဟူသမျှ အပေါင်းတို့ကို၊ **ပူရေန္တု** - ကုညီမှိုင်းမ ဖြည့်စွမ်းတော်မူကြပါစေကုန်သတည်း။ (၃-ကြိမ်)

□ အထူးမှတ်ချက်

ကျန်သော အရပ် (၉) မျက်နှာကို လည်း (အရပ်မျက်နှာတစ်ခုစီတစ်ခုစီ အစားထိုး၍) အထက်ပါအတိုင်းနည်းပို့ ပါလေ။

၂။ **ပစ္ဆိမာယဒိသာယ** - အနောက် လောကဓာတ်အရပ်၌။

၃။ **ဒက္ခိဏာယဒိသာယ** - တောင် လောကဓာတ်အရပ်၌။

၄။ **ဥတ္တရာယဒိသာယ** - မြောက် လောကဓာတ်အရပ်၌။

၅။ **ပုရတ္ထိမာယအနုဒိသာယ** - အရှေ့တောင်ထောင့်လောကဓာတ်အရပ် ၌။

၆။**ပစ္ဆိမာယအနုဒိသာယ**-အနောက် မြောက်ထောင့်လောကဓာတ်အရပ်၌။

၇။ **ဒက္ခိဏာယအနုဒိသာယ** - အနောက်တောင်ထောင့်လောကဓာတ် အရပ်၌။

၈။ **ဥတ္တရာယအနုဒိသာယ** - အ ရှေ့မြောက်ထောင့် လောကဓာတ်အရပ် ၌။

၉။ **ဟေဋ္ဌိမာယဒိသာယ** - အောက် လောကဓာတ်အရပ်၌။

၁၀။**ဥပရိမာယဒိသာယ**-အထက် လောကဓာတ်အရပ်၌။

ဤမေတ္တာပို့နှင့် စပ်လျဉ်း၍ အောင်မြင်ဖာဟုရွှေကျင်တောရဗဟုဓာန် ဆရာတော်ဘုရားကြီး အရှင်မဟာဝေရ ဝိဇယမထေရ်ကျော်က ဤသို့တိုက်တွန်း ခဲ့ပါသည်။

ဤလောကီ၊ လောကုတ္တရာဝိဇ္ဇာ ဓိုရိအထူးမေတ္တာပို့ကြီးသည် လွယ်တီ ဆရာတော်ဘုရားကြီး တောရဆောက် တည်တော်မူစဉ်အခါက ကိုယ်တော်တိုင် အထူးမေတ္တာပွားများ ပို့သတော်မူပြီးမှ ရေးသားတော်မူလေသည်။

သို့ဖြစ်လေသော်ကြောင့် ဤ အထူးမေတ္တာပို့ကြီးကို စ၊ လယ်၊ ဆုံး တိုင်အောင် သေချာကျနစွာဖတ်ရှုကြပါ။ မှန်ကန်ပီသအောင် ရွတ်ဖတ်ပူဇော်ကြ ပါ။ နှုတ်တက်အာဂုံမရရှိသေးပါလျှင် စာကိုကြည့်ပြီး မေတ္တာပို့ကြပါကုန်"

အောင်မြင်ဗဟု ရွှေကျင်တောရ ဆရာတော်ဘုရားကြီး တိုက်တွန်းသည့် အတိုင်း အထူးမေတ္တာပို့ပြီး သေချာကျန် စွာ ဖတ်ရှုရှု မေတ္တာပို့နိုင်ကြပါစေ သတည်း။

မြင့်း (ဒဿန)

www.burmeseclassic.com

www.burmeseclassic.com



ဆူးလေစေတီတော်သို့ ညအခါ ဖူးမြင်ရပုံ

ဆူးလေစေတီတော်ကို မြောက်ဘက်အရပ်မှ ဖူးမြင်ရပုံ

ကံဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ စင်ကြားကျော်ကြား စေတီဘုရားများ

အပိုင်း(၃)

ရန်ကုန်မြို့၏နှလုံးသား ဆူးလေဘုရား



မြေတ်ဆူးလေရောင်ရှိန်တင့်
အောင်သိန်ဝင့် တန်ခိုးစည်။
မြို့ရန်ကုန် အသည်းနှလုံး
ရွှမဆုံးခဲ့ထည်။
ဘုဒ္ဓ၏ ရွှေစေတီ
မွေသရီ တရားအမြိုက်၊
နေ့စဉ်ပင်ကြည်ညိုအထူး
ဖူးကြဦးခိုက်။

မုံရွာဝင်းဖေ

ရန်ကုန်တိုင်းဒေသကြီးအတွင်း စင်ကြားကျော်ကြား တန်ခိုးကြီးစေတီ ဘုရားများသည် တည်ရှိနေတော်မူပါ ဆိုထင်ရှားကျော်ကြားစေတီ ဘုရားများတွင် 'ကျိုက်အသုတ်' စေတီ အပါ ဆိုတော်မူခဲ့သော 'ဆူးလေ' စေတီတော်မြတ်သည် ထင်ရှားသော စေတီတော်တစ်ဆူ အပါအဝင်ဖြစ်တော် မူပါသည်။

မဟာဇန္ဓလပန်းခြံ၊ မြို့တော်ခန်းမ၊ ရန်ကုန်ဆိပ်ကမ်းနယ်မြေ၊ သိမ်ကြီးဈေး စသည်တို့နှင့် ရန်ကုန်မြို့၏ အထင်အရှား နေရာများ၏ အလယ်ဗဟိုမှာ တည်နေ ကြောင်းသည်မှာ ဆူးလေစေတီတော် ကြီးကိုးကွယ်ရာဘုရားဖြစ်တော်မူပါသည်။ သက်

www.burmeseclassic.com

www.burmeseclassic.com

ရှိထင်ရှား လူသားတို့၏ နှလုံးသားသို့ သွေးတို့သည် စီးဝင်ပြီး ပြန်ထွက်ကာ လှည့်လည်နေသကဲ့သို့ ဆူးလေစေတီတော်မြတ်ကိုမဏ္ဍိုင်ထား၍ ဆူးလေမှ မြောက်ဥက္ကလာ၊ မြောက်ဥက္ကလာပမှ ဆူးလေ၊ ဆူးလေမှ အင်းစိန်၊ အင်းစိန်မှ ဆူးလေ၊ ဆူးလေမှ မင်္ဂလာဒုံ၊ မင်္ဂလာဒုံမှ ဆူးလေ၊ ဆူးလေမှ တောင်ဥက္ကလာ၊ တောင်ဥက္ကလာမှ ဆူးလေ၊ ဆူးလေမှ ကြည့်မြင်တိုင်၊ ကြည့်မြင်တိုင်မှ ဆူးလေ စသည်ဖြင့် မော်တော်ယာဉ်လိုင်းများသည် ဆူးလေရင်ခွင်တော်သို့ အမြဲတမ်း ဝင်ထွက်နေ့စဉ်သက်ဝင်လှုပ်ရှားနေကြသည်ဖြစ်ရာ ဆူးလေစေတီတော်၊ ဆူးလေဘုရားသည် မုံရွာဆရာဦးဝင်းဖေ၏ ကဗျာထဲကကဲ့သို့ ရန်ကုန်မြို့၏ အသည်းနှလုံး သို့မဟုတ် နှလုံးသားပင် ဖြစ်ပါပေတော့သည်။

စာရေးသူတို့ငယ်စဉ်က ဇရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မြစ်ဝကျွန်းပေါ်ဒေသမှနေ၍ ကိုင်းသိမ်းချိန်များတွင် နှစ်စဉ်နှစ်တိုင်းနီးပါး ရန်ကုန်မြို့တက် ဘုရားဖူးထွက်ကြ၏။ ထိုစဉ်က ယခုကဲ့သို့ ကားလမ်းများမရှိသေး။ သင်္ဘောရေလမ်းခရီးတစ်ခုသာရှိသည်။ ဗမာကြယ်၊ ဝင်းစိန်၊ မင်းစိန်သင်္ဘောကြီးများနှင့် ရန်ကုန်မြို့သို့ လာကြ၏။ ရန်ကုန်ရောက်သောအခါ မိမိတို့မိသားစုအစုအဖွဲ့များနှင့် ရန်ကုန်မြို့ထဲလည်ပတ်ကြ၏။ စျေးဝယ်ကြ၏။ တချို့က ရုပ်ရှင်ကြည့်ကြ၏။ ရွာသူရွာသားများစုရပ်အဖြစ် ရန်ကုန်မြို့၏ အလယ်ဗဟို ဆူးလေဘုရားပေါ်မှာ သတ်မှတ်ထားသည်ဖြစ်ရာ ညနေစောင်းတွင် ဆူးလေဘုရားပေါ်မှာ ပြန်ဆုံကြစမြဲဖြစ်ပါသည်။ ငယ်စဉ်က ဆူးလေစေတီတော်ကို ကျိုက်အသုတ်စေတီဟုလည်း ခေါ်ဆိုတော်မူကြသည်ကို သတိပြုမိပါသည်။

❑ ဆူးလေစေတီတော် (သို့မဟုတ်) ကျိုက်အသုတ်စေတီ

ဆူးလေစေတီတော်တွင် ဘုရားဒါယကာနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တည်သောခုနှစ်များအရကြောင့်လည်းကောင်း နှစ်မျိုးနှစ်စားကွဲပြားနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွှေတိဂုံစေတီတော်နှင့် ဗိုလ်တထောင်စေတီသမိုင်းများက ဆူးလေစေတီတော်ကို ဥက္ကလာပမင်းကြီးတည်သည်ဟု ညွှန်းဆိုကြ၏။ ကျိုက္ကဆံစေတီတော်သမိုင်းက ဆူးလေစေတီတော်ကို သန်လျင်ရာဇဝင်နှင့်

ကကုသန္ဓမြတ်စွာဘုရား

ကောဏာဂမနမြတ်စွာဘုရား



ဆူးလေစေတီတော်အရံစေတီတော်



ကဿပမြတ်စွာဘုရား

အတုလမာန်အောင်ဘုရား

ဆူးလေဘုရားပေါ်မှ နေလောင်းချိန်

www.burmeseclassic.com

www.burmeseclassic.com

ကရင်ဂေါင်တော်ပြင် ဘွဲ့သာဂိန်းကပ်ထူနိုင်

ယက္ကန်းဂေါင်ဆရာတော်ပဲ

ဝုဏ်းသတင်းကြီးတဲ့ ဆူးလေတိုးတိုးကြီး

သာသနာ့ဂရုဆောင် ဘဝင်းခေါင်

ဆူးလေတိုးတိုးကြီး အဆင်တန်ဆာများ ဝတ်ထားပုံနှင့် ပကတိပုံ တွေ့ရစဉ်

သာသနာတော်နှစ် ၂၃၉၉ ခုတွင် သီဟိုဠ်ကျွန်းမှ ရဟန္တာ (၈) ပါးသည် သီဟိုဠ်ကျွန်းအား ရေတိုက်စားခြင်းမှကာကွယ်နိုင်သောပတ္တမြားကို ယူဆောင်ရန် သဝဏ်မြို့သို့ ကြွတော်မူလာကြ၏။ ထိုပတ္တမြားသည် သန်လျင်မြို့သို့ ရောက်ရှိနေသည့် အတွက် တစ်ဖန် ရဟန္တာ(၈)ပါးသည် သန်လျင်မြို့သို့ ဆက်လက်ကြွတော်မူပြီး ယူဆောင်ကြလေ၏။ ရဟန္တာအရှင်မြတ် (၈)ပါးသည် ပတ္တမြားကို ရှိရှိတော်မူပါသဖြင့် သန်လျင် ဘောဂသေနမင်းအား ကျေးဇူးတုံ့ပြန်သောအားဖြင့် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်ထော်မူလာသည့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ဆံတော်ဓာတ်တော်များကို ပေးအပ်တော်မူပါသည်။

ဦးစွာပထမ သိဂိုဏ်တွာရကုန်း၏ အရှေ့မြောက်ဘက်ယွန်းယွန်းအနောက်တွင်

www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်များ ဝန်းရံနေသော မြင်ကွင်း (ယခု မတွေ့မြင်နိုင်တော့ပါ)

ဆံတော်(၆)ဆူနှင့် ဓာတ်တော်အချို့ကို ဌာပနာ၍ ကျိုက္ကဆံစေတီတော်တည်တော်မူကြပါသည်။

ရွှေတိဂုံဘုရားကြီး၏ တောင်ဘက်မုခ်အနီးတွင် ရဟန္တာသိမ်တော်ကြီးတစ်ခု တည်ဆောက်တော်မူပြန်ပါသည်။ ထိုသိမ်တော်ကြီးတည်ဆောက်စဉ်ကာလတွင် ရဟန္တာအရှင်မြတ်တစ်ပါး ပျံလွန်တော်မူပါသည်။ သိမ်တော်ကြီးတည်ဆောက်ဆဲကာလတွင် ဦးစီးဦးဆောင်သော ရဟန္တာ(၈)ပါးမှ တစ်ပါး ပျံလွန်တော်မူသဖြင့် ဘောဂသေနမင်းသည် ဆက်လက် တည်တော်မူမည့် ဆူးလေစေတီတော်တည်ရန် ကိစ္စအဝဝကို မိမိ၏လက်ရုံးတပည့်ကြီး 'အသုတ်' သို့ ဦးဆောင်ဦးရွက်တည်တော်မူပါရန် အမိန့်တော်ချ တာဝန်များလွှဲအပ်တော်မူခဲ့ပါသည်။ အသုတ်အမတ်ကြီးမှ စေတီပြီးစီးအောင်မြင်သည်အထိ ဆက်လက် တည်တော်မူခဲ့ခြင်းကြောင့် စေတီတော်၏ ဘွဲ့အမည်တော်ကို 'ကျိုက်အသုတ်' စေတီတော်ဟု တွင်ခဲ့ပါသည်။ ဤသည်ကား သန်လျင် ဘောဂသေနမင်းနှင့် အမတ်ကြီးအသုတ်တို့ တည်တော်မူခဲ့ကြောင်း သမိုင်းလမ်းကြောင်းတစ်ခု ဖြစ်ပါသည်။

နောက်သမိုင်းတစ်ခုက ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဆက်စပ်နေသော သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပါသည်။ 'ဆူးလေ' ဟူသော အမည်သည် 'စုဝေး' ဟူသော စကားရပ်မှဆင်းသက်လာသည်ဟု ယူဆမိပါသည်။ တပုံသန့်ဘလွိကညီနောင်တို့သည် မြတ်စွာဘုရား ပေးသနားတော်မူလိုက်သော ဆံတော်ရှစ်ဆူတော်မြတ်ကို ဥက္ကလာပမင်းကြီးထံ အရောက်ပင့်ဆောင်တော်မူလာကြ၏။ ထို့နောက် ဘုရားစေတီတည်တော်မူရန် ဘူမိနက်သန်နေရာမှန်ဖြစ်သော သိဂုံတွင်ရဇုန်းကို ရှာဖွေကြလေ၏။ ကြိုးစားရှာဖွေသော်လည်း ရှာမတွေ့နိုင်ဖြစ်နေသောအခါ သိကြားမင်းလည်း မနေနိုင်တော့ပါသဖြင့် ဝိသကြံနှင့်သား ကိုစေလွှတ်၍ တောရင်းရှာဖွေစေသောအခါ သိဂုံတွင်ရဇုန်းတော်မြတ်ကို ရှာဖွေတွေ့ကြတော့၏။ ကုန်းတော်မြတ် ရှာ

ဖိုက်(ချ်)စကွဲယားပန်ပြကို ဆူးလေစေတီတော်၊ ယခင် ပြီးတော်ခန်းမ နောက်ခံထားလျက် မြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com

မဟာဓမ္မလပန်းဖြဲ့ ကုန်လည်ထမ်းထောင်ဝှ ဖူးမြင်ရသော ရှေးဟောင်း ဆူးလေစေတီတော်ဝန်းကျင်

ဆူးလေစေတီတော်နှင့် ယခင် ပြုပြင်ဆန်းမြင်ကွင်း

ဆူးလေဘုရားမှ အဘယဆောင်းခေါင်း၊ ဘတိုးမင်းခေါင်

ဆူးလေဘုရားမှ အဘယထမံတိုးအောင်

ဆူးလေဘုရားပေါ်မှ သူရဿတီမယ်တော်ရုပ်၊ ထိုင်းဘုရားဖူးတစ်ဦးနှင့် ကန့်တော့ဆုအောင်ဆု

ချောင် ရွာတွေ့ပြားသော်လည်း ပွင့်လင်းသော ရေးဘုရားရှင်သုံးဆူတို့ ရင်ဘောဂတော်များ တည်ရှိရာနေ အပြီးတွင် ဥက္ကလာပမင်းကြီးသည် နောက်ကြိုးအပါအဝင် နတ်မင်းကြီး ကိန်းဝပ်သောနေရာသိရပါ ထိုနေရာ၌ နတ်တို့စုဝေးကြသည် စုဝေးစေတီတော်တည်ခဲ့ ရွှေတိဂုံသမိုင်းနှင့်ဆက် ဖော်ဖူးမှတ်ဖူးပါသည်။ စုဝေး အမည်မှခေတ်ကာလရွှေ့လျော ဆူးလေဟု ဘွဲ့အမည် ထင်ပေါ်တော်မူပါသည်။ စေတီ ခိုင်းများ၌လည်း သိဂုံတွဂရုန်း သိကြားမင်းက နတ်အ ဝေါင်းတို့အား စုလေဟု အမိန့်ပေးခဲ့ သည့်နေရာဌာနဖြစ်၍ နောင် ထိုနေရာ သည့် ဆူးလေဟု ခေါ်တွင်ကြောင်း ညွှန်းဆိုကြပြန်သေး၏။

ဆူးလေစေတီတော်သည် စူဠ စေတီဘွဲ့အမည်တော်မှ ရွှေလျောသည် ဟု သုတေသီပညာရှင်တချို့ကလည်း ဆို ကြပြန်ပါသေးသည်။ စူဠစေတီဟူသည် စေတီငယ်ကို ဆိုလိုရင်းဖြစ်ပါသည်။ လေးဆူဓာတ်ပုံရွှေတိဂုံသည် ကြီးမြတ် သောမဟာစေတီဖြစ်တော်မူ၍ ဆူးလေ စေတီတော်သည် ရွှေတိဂုံစေတီတော် ထက်ငယ်သဖြင့် စူဠစေတီ ဟူ၍ ခေါ် တော်မူပါသည်။ ကာလရွှေ့လျောလာ သောအခါ ဆူးလေစေတီဟု ဘွဲ့အမည် တော်ဖြစ်တော်မူခဲ့ပါသည်ဟု ဆိုကြပြန် ၏။ ထိုထိုသော အဆိုအမိန့်များကို ထောက်ရှုရသော် ဆူးလေစေတီတော် ကို ဥက္ကလာပမင်းကြီးတည်ထားတော်

www.burmeseclassic.com

မူကြောင်း မှတ်ယူရန်ဝိပါသည်။

□ ဆူးလေစေတီတော်ဘုရားတော်

ဆူးလေစေတီတော်ကို ကျွိုက်အသုတ်ဘုရားဘွဲ့တော်ဖြင့် သက္ကရာဇ် ၇၀၀ ကျော် ဗညားဦးမင်းလက်ထက်မှစ၍ မြန်မာ့မှတ်တမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရှိသော်လည်း စေတီသွင်ပြင်သဏ္ဌာန် ဘုရားတော်အမြင့် စသည်တို့ကိုမူ သိနိုင်ခွင့်မရခဲ့ကြ၀ါ။

ဟံသာဝတီဘုရင်မ ရွှင်စောပုသည် ဆူးလေစေတီတော်တိုင်း၍ ဘုရားတော်မြင့်တင်မွမ်းမံပြင်ဆင်မူများပြုလုပ်ခဲ့ကြောင်းသိရသော်လည်း မှတ်တမ်းများတွင် မည်ရွေ့မည်မျှဘုရားတော်မြင့်တော်မူကြောင်း မသိကြ၊ပုံ။ သက္ကရာဇ် ၁၁၇၈ ခုနှစ်က ရန်ကုန်မြို့သို့ ကြွတော်မူလာသော လောကမုနိကင်းဆရာတော်ကြီးသည် ဆူးလေစေတီတော်ယိုယွင်းနေမှုများ ပြုပြင်တော်မူ၍ ဘုရားတော်ကို (၆၇) တောင်အမြင့် ပြုလုပ်တော်မူကြောင်းသိရပါသည်။ ယုံးတော်ပြည့်ရွှေချတော်မူခဲ့၍ ရွှေချအပြီး ရက်ပေါင်းလေးဆယ်တိတ်အောင် ရောင်ခြည်တော်ကွန့်မြူးတော်မူခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

လောကမုနိကင်းဆရာတော်ကြီး ဆူးလေစေတီတော် ပြန်လည်ပြုပြင်စဉ် အခါကာလမတိုင်မီကပင် ဆူးလေစေတီတော်သည် အလွန်တရာအချိုးအစားသေသပ်လှပသော ရှစ်မြောင့်ပုံစေတီတော်အဖြစ် ဖူးမြင်ရကြောင်း ရှေးမှတ်တမ်းစာအုပ်များတွင် ရေးသားထားကြပါသည်။ လောကမုနိကင်းဆရာတော်စေတီတော်ကိုင်း၍ ဘုရားတော်မြင့်တင်ရာတွင် ရှစ်မြောင့်ပုံအချိုးအတိုင်း ပြုပြင် ရွှေချလှူဒါန်းတော်မူခဲ့ကြောင်း ခန့်မှန်းရပါသည်။

မှတ်တမ်းများအရ ဆူးလေစေတီတော်ကို စစ်ကဲမောင်ထော်လေးကလည်း ပြုပြင်ခဲ့ကြောင်းသိရပါသည်။ သက္ကရာဇ် ၁၂၂၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့တွင် ရေသားပြီးစီးခဲ့သော မော်လမြိုင်ဘုရားကြီးကျောင်းဆရာတော်ဦးဝံသအဂ္ဂ၏ရွှေတိဂုံသမိုင်းသစ်ပေမူတွင် စစ်ကဲမောင်ထော်လေး ဆူးလေစေတီတော်ပြုပြင်ပုံကို ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဆူးလေကိုယ်တော်မြတ် မြတ်ဘုရားလည်း အမြင့်အား တက်ဆောင်လျှင် သံတောင် ရှစ်ဆယ်ခန့်၊ မှတ်စေ

ပစ်တိုင်းထောင်ရပ်များနှင့် ထန်းတောင်ဆူးလေတိုးဘိုးကြီး

ရစ်တစ်သီး' ဟူသော စကားအရ -

ဆူးလေစေတီတော်ကို ဘုရားတော် (၈၂)တောင်အမြင့်သို့ မြှင့်တင်ခဲ့ကြောင်း သိရပါသည်။ (၈၂) တောင်ကို ပေဖွဲ့လျှင် ၈၂ × ၁½ = ၁၂၃ ပေ ရပါသည်။ ယနေ့ဖူးမြင်ရသော ဆူးလေစေတီတော် ဘုရားတော်မှာ စေတီရင်ပြင်တော်မှတိုင်းလျှင် (၁၂၃) ပေ (၈) လက်မရှိပါသည်။ စေတီတော်ကုန်းအမြင့်မှ (၁၀) ပေရှိ၍ ကတ္တရာလမ်းပေါ်မှ တိုင်းပါလျှင် (၁၃၃) ပေ၊ (၈) လက်မ ဘုရားတော်အမြင့် တည်ရှိပါသည်။ ထိုဘုရားတော်အမြင့်အထိ ပြုပြင်တော်မူခဲ့သည်မှာ စစ်ကဲမောင်တော်လေးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မှတ်ချက် - ယနေ့ခေတ်ဂဲပါက အဖွဲ့မှထုတ်ဝေ၍ ဆရာဦးအေးချို(မဟာ



ဆူးလေဘုရားပေါ်သို့ ပိုးပျံထွေးကားဖြင့် တက်ရောက်ပူးပေါင်းနိုင်သည်

ဝိဇ္ဇာ) ဦးဆောင်ပြုစုသော သမိုင်းစာတွင် စေတီတော်ပုံတော်ဆွဲသားထုများမှတ်တမ်းပုံတွင် စေတီတော်ဘုရားတော်အမြင့်မှာ ရင်ပြင်တော်မှ စိန်ဖူးတော်အထိ (၁၅၆) ပေ၊ (၁၀) လက်မဟု ပါရှိပါသည်။

□ ဂုဏ်သတင်းကြီးတဲ့ဆူးလေတိုးဘိုးကြီး

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူ အတော်များများတို့သည် ဆူးလေစေတီတော်၊ ဆူးလေးဘုရားဖူးပြီးကြလျှင် ဆူးလေဘိုးဘိုးကြီးထံပါးသို့ ရောက်လာကြပါသည်။

ဆူးလေဘိုးဘိုးကြီး၏ ဂုဏ်သတင်းများကလည်း အလွန်ကြီးလှသည်။ လူလောကဌ အခက်အခဲတစ်ရပ် အကျပ်တည်းဆိုက်နေလျှင် ဆူးလေဘိုးဘိုးကြီးရှေ့တော်မှောက် အရောက်သွား ပွဲလှူပွဲကပ်လှူဒါန်းသောအခါ အစစအရာရာ အဆင်ပြေသွားကြ၏။ ပွဲမလှူနိုင်သူများလည်း မိမိတို့နိုင်ရာဝန်ဖြင့် ဖယောင်း၊ အမွေးတိုင်နှင့် ပန်း၊ ရေသန့်ဘူး စသဖြင့် ကပ်လှူတောင်းဆုယူသောအခါ အဆင်ပြေကြရ၏။ အိုးပိုင်အိမ်ပိုင်မရှိသူများ အဓိဌာန်စခန်းအဖြစ် ဆူးလေဘုရားတွင် အဓိဌာန်ဝင်၊ ဘိုးဘိုးကြီးထံ ဆုတောင်း၊ မကြာမီလပိုင်းအတွင်း ငွေရွှေထီပေါက်၊ မြေဝယ်တိုက်ဆောက်နှင့် အဆင်ပြေသွားကြကြောင်း ကြားဖူးပါ၏။ ဆူးလေဘုရားတွင် အဓိဌာန်ဝင်၊ ဘိုးဘိုးကြီးထံ ဆုတောင်း၊ ဘုရားပေါ် တွင်ပြုသောကောင်းမှုကုသိုလ်၊ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုဟူသောလုပ်ငန်းများက အတိတ်ဘဝ၌ မိမိတို့စိုက်ခဲ့ဖူးသော ဒါနမျိုးစေ့ကို ရေလောင်းသကဲ့သို့ ရှင်သန်လာပြီး ကုသိုလ်ကံအခွင့်ပန်းလိုပွင့်ခဲ့ကြလေ၏။

ထို့သို့ အဆင်ပြေချောမွေ့အောင် ဆုနှင့်ပြည့်ဝစေသော ကောင်းခြင်းများစွာနှင့် ကောင်းသတင်းများသည် မြန်မာပြည် ရန်ကုန်မြို့ပင်မက နိုင်ငံရပ်ခြားအထိ ဂုဏ်သတင်းများပြန့်နေလေ၏။ အထူးသဖြင့် အာရှတိုက်ကဘာလှည့်များတရုတ်၊ ထိုင်းဘုရားဖူးများ၊ ဆူးလေဘုရားနှင့် ဆူးလေဘိုးဘိုးကြီးထံပါး ရောက်အောင်လာကြလျက် လှူဒါန်းဆုတောင်းမှုများပြုကြကြောင်း ကြားသိရပါ၏။

ဆူးလေဘုရားမြောက်မှခံမှတက်ခဲ့သောမြောက်ဘက်အာရုံခံတန်ဆောင်းတွင် ဂေါတမမြတ်စွာဘုရားရှင်ပွားတော်ကို ဦးစွာဖူးမြင်ရပါသည်။ မြောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com

စာစွင် အယ်ဒီတာဘကြီးဘဘေက စီးပွားရေးနှင့် နိုင်ငံရေးအခန်းကဏ္ဍကို နတ်ကြီး ဟူသော ကလောင်နာမည်နှင့် နတ်ကြီး(၃)ပါးဆွေးနွေးခန်း အခန်းဆက် ရေးသားခဲ့ပါသည်။ သူရိယသတင်းစာသည် နာမည်ကြီးသတင်းစာဖြစ်သည့် အပြင် နတ်ကြီးသုံးပါး ဆွေးနွေးခန်းမှာလည်း အလွန်ကောင်းလှသည်ဖြစ်ရာ နေ့စဉ်စောင့်ဖတ်ရသော သတင်းစာတစ်စောင်ဖြစ်ပါသည်။ ထိုနတ်ကြီးသုံးပါး ဆွေးနွေးခန်းသည် ဆူးလေဘိုးဘိုးကြီးနတ်၊ မော်ဘီဘိုးဘိုးကြီးနတ်၊ ဗိုလ်တထောင်ဘိုးဘိုးကြီးနတ် စသည်ဖြင့် ပါဝင်ခဲ့သည်ဖြစ်ရာ ဘိုးဘိုးကြီးများသည် လူတွေ၏ပါးစပ်များတွင် ရေပန်းစားလာ၏။

ဆူးလေဘိုးဘိုးကြီးထံပါးသို့သည်း လူတို့သည် လောဘဒေါသမောဟစွဲရပ်များကို တန်ဖိုးရှင်အလားသတ်မှတ်၍ ဆုတောင်းလာကြသောအခါ ဆုတောင်းပြည့်ကြပါသည်။ ဆုတောင်းလျှင် အလိုပြည့်စုံသည်ဟု ယုံကြည်ကြပါသဖြင့် ရွေးယခင်ကပင် ယခုထက်တိုင် ပွဲလျှပွဲကပ်ဆုတောင်းသူများ အမြဲတမ်းစည်ကားနေသည်ကို တွေ့မြင်ရပါသည်။ ဆူးလေဘိုးဘိုးကြီး၏ ဂုဏ်သတင်းသည် မြန်မာနိုင်ငံပင်မက နိုင်ငံရပ်ခြားတိုင်းပြည်များမှာပင် ထင်ရှားကျော်ကြားနေသည်ဖြစ်ရာ စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် ဆူးလေစေတီ ဆူးလေဘုရားသို့ ဘုရားဖူးမြော်ရောက်ကြပါလျှင် ဂုဏ်သတင်းကြီး ဆူးလေဘိုးဘိုးထံအရောက်သွားကာ ဆုမွန်ကောင်းတောင်းကြည့်ပါ ထူးပါလိမ့်မည်ဟုညွှန်းဆိုရင်း။

မေတ္တာများစွာဖြင့်

ကံဝင်း

ကျမ်းကိုးစာအုပ် -

၁။ ရွှေတိဂုံဂေါပကအဖွဲ့.ထုတ် ရွှေတိဂုံစေတီတော်၏ (၂၆၀၀)ပြည့် စာအုပ်

၂။ ဆရာဦးအေးချို (မဟာဝိဇ္ဇာ) ရေး ဆူးလေစေတီတော်ကျိုက်အသုတ် စေတီတော်

၃။ ဆရာမင်းသော်တာရေး ရွှေတိဂုံအောင်မြေစာအုပ်

၄။ ဆရာမုံရွာဝင်းဖေ၏ ဆူးလေစေတီတော်(ကဗျာ)

၅။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု

www.burmeseclassic.com

အချို့ခဲတန်ဆောင်းမှ ဆူးလေဘုရားကြီးကို လက်ယာရစ် ပူဇော်လာပါက ရွေးသင့်က ဘိုးဘိုးကြီးဘုရားဟု ဘွဲ့တော်သတ်မှတ်ခဲ့သည့်ဘုရားရုပ်ပွားတော်တစ်ဆူကိုင်ရပါလိမ့်မည်။ ထိုရုပ်ပွားဘုရားသင်းတုတော်ကို 'အတုလမာရ်အောင်' ဆုတောင်းပြည့်ရုပ်ပွား မြတိဘုရားဟု ခေါ်ဆိုသမတ်ခဲ့ကြပါသည်။ အတုလတန်းအောင်ဆုတောင်းပြည့်ဘုရားဖူးမြော်ကြသော ဆူးလေဘိုးဘိုးကြီးအဆောင်သို့ ရောက်ပါသည်။ ဆူးလေဘိုးဘိုးကြီးသည် ကမ္ဘာအုံချီးမကုန် မြတ်ရွှေတိဂုံစေတီနှင့် အနီးစပ်ဆုံး ဆက်စပ်နေသည်ကို ဆောင်းပါးအစဉ် တင်ပြနိုင်ခဲ့ပြီးပါပြီ။ ဆူးလေဘိုးဘိုးကြီး၏ ညာဘက်လက်သည် ရွှေတိဂုံစေတီတော်တည်ရှိရာဌာနသို့ သိဂုံတွဂရကုန်းတော်ဘက်ဆီသို့ ညွှန်နေပါသည်။

ဆူးလေဘိုးဘိုးကြီး၏ အတိတ်ဘဝတစ်ကြောင်းကလည်း အလွန်တရာမှ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ထိုသန္တမြတ်စွာဘုရားသခင်လက်ထက်အခါက ဆူးလေနတ်ကြီးသည် အလွန်အစားကြူသောဘိလူးကြီးဖြစ်ခဲ့ပြီး တစ်နေ့တွင် ဆင်တစ်စီးတစ်စီးကုန်ဆောင်စား၏။ ရက်များကြာလာသော် ဆင်ကို ရှာဖွေစားသောက်ရန် အခက်အခဲဖြစ်လာလေ၏။ တစ်နေ့သဋ္ဌီဘာရှာဖွေနေစဉ်အခိုက်အတန့်တွင် ထိုသန္တမြတ်စွာဘုရား ဆွမ်းခံကြွလာသည်နှင့် ကြုံကြိုက်သွားလေ၏။ အစာအာဟာရလောင်ခြင်းနှင့်အတူ ဘာဆို ဘာမျှ အပြု အမည်းကွဲစွာ ဝေဖန်နိုင်အဆုံးနေလျက် မြတ်စွာဘုရားအား အထင်ဖြင့် နောက်မှလိုက်တော့၏။ သန္တမြတ်စွာဘုရားရှင်သည် ထိုအခြင်းအရာကို ဘာဝနာစွမ်းသိမြင်သဖြင့် ငဲ့ညှာ၍နေတော်မူပါသည်။ အနားသို့ရောက်သောအခါ ဘိလူးသည် မြတ်စွာဘုရားမှန်းသိသောအခါ အရှိအသေပြုလျက် သန္တမြတ်စွာဘုရား ဆုံးမညြှာဓိဒအပြီး ပဉ္စသီလကို ခုနစ်ရက်တိုင်တိုင် စောင့်ပါမည်ဟု ကတိသစ္စာပြုလေ၏။ ထိုသို့ ဝန်ခံပြီးဆဋ္ဌဝင်ပင် ဘိလူးကြီးအစွယ်လေးချောင်းတို့သည်ကျွတ်ထွက်ပြီး သောတာပန်အဖြစ်ဖြစ်သွားလေသည်။

မြတ်စွာဘုရားရှင်မှလည်း ကိုယ်တော်အဖြစ် ကိုးကွယ်စိမ့်သောဌာနတို့ကို ခေါ်ခေါ်ရေစစ်တော်ကို ကိုးကွယ်ခဲ့တော်မူပါသည်။ ဆူးလေနတ်ကြီးသည် ထိုရေစစ်တော်ကို သိဂုံတွဂရတောင်ထိပ်ကုန်းတော်ပေါ်ရှိ ကညင်ပင်ကြီးအောက်တွင်မြှုပ်ကာ ကိုးကွယ်ထားရှိခဲ့ပါသည်။

ဆူးလေဘိုးဘိုးကြီးသည် နတ်ဘီလူးဘဝ၌ ကကုသန္ဓမြတ်စွာဘုရား လက်ထက်တော်အခါ သိဂုံတွဂရကုန်းကညင်ပင်ကြီးအောက် မြှုပ်နှံထားတော်မူသောသမိုင်းဖြစ်ရပ်မှန်များကို ထောက်ရှုရသော် ရွှေတိဂုံစေတီတော်သမိုင်းနှင့် အလွန်တရာမှ ဆက်စပ်နေသည်ကို အထင်အရှား တွေ့မြင်ပါသည်။ ထို့ကြောင့် ဆူးလေစေတီတော်မြတ်ကြီးကို ရွှေတိဂုံဘုရားတည်တော်မူအပြီး နောက်တွင် ဥက္ကလာပမင်းကြီးမှ ဘုရားဒါယကာအဖြစ်တည်တော်မူခဲ့သည်ကို ရွှေတိဂုံသမိုင်းနှင့် ဗိုလ်တထောင်စေတီသမိုင်းများက ညွှန်းဆိုခဲ့ပြီးဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ကြာလာသောအခါ ဆူးလေစေတီတော်ကုန်းတွင် ဆူးလေချုံနွယ်ပိတ်ပေါင်းတို့ လွှမ်းအုပ်ပေါက်ရောက်နေသဖြင့် ဆူးလေကုန်းဟု ခေါ်တော်မူပါသည်။ ထိုဆူးလေကုန်းရှိ ဆူးလေပင်များနှင့် ဆူးလေချုံများ၊ ဆူးလေတောများကို ခုတ်ထွင်ရှင်းလင်းသောအခါ မူလစေတီငယ်ပေါ် ထွန်းလာ၍ ဆူးလေစေတီတော်ပေါ် ထွန်းလာပါသည်။

ကျိုက္ကဆံစေတီတော်သမိုင်းအရ ဆူးလေစေတီတော်သည် သန်လျင်ရာဇဝင်နှင့် ဆက်စပ်နေပြန်သည်ဖြစ်ရာ သန်လျင်ဘုရင် ဘောဂသေနမင်းသည် ဆူးလေစေတီတော် တည်ခဲ့သည်ဟု အဆိုလည်းရှိပြန်သည်။ ဘောဂသေန သန်လျင်မင်းမှ အသုတ်အမင်းကြီးကို ဘုရားတည်ရန် တာဝန်တစ်ရပ်ပေးရင်းမှ အသုတ်စေတီ၊ ကျိုက်အသုတ်စေတီဟု ဘွဲ့အမည်တော် ခေါ်တော်မူခဲ့ကြလေ၏။ သမိုင်းသုတသီတစ်စု၏ ထင်မြင်ကြဆမှုက ဆူးလေဘိုးဘိုးကြီးအကြောင်းပြု၍ ဥက္ကလာပမင်းကြီး စတင်တည်တော်မူ ဆူးလေစေတီကို သန်လျင် ဘောဂသေနမင်းနှင့် အမတ်ကြီးအသုတ်တို့မှ ဉာဏ်တော်အမြင့် အသစ်တစ်ဖန် ပြုပြင်ခဲ့ကြောင်း ထင်မြင်ယူဆခဲ့ကြပါသည်။

ဆူးလေဘိုးဘိုးကြီးဟု ထင်ရှားကျော်ကြားလာသော အကြောင်းတစ်ခုလည်းရှိပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကာလက သူရိယသတင်းစာသည် လူကြိုက်များသော ထင်ရှားသော သတင်းစာတစ်စောင်ဖြစ်ခဲ့၏။ ထိုသတင်း

www.burmeseclassic.com

ပျိုနှိုးသွေး

အဓိဋ္ဌာန်ဖြင့်ဘုရားရှိခိုးကြပါ

အဓိဋ္ဌာန် ဟူသည် -

❑ အဓိဋ္ဌာနန္တိ ကုသလသမာဒါနာဓိဋ္ဌာန်၊ သမာဒိန္နေသု ကုသလသု အစလတာ 'အဓိဋ္ဌာန်' နာမ။ ။
(ဓမ္မသင်္ဂဏီမူလဋီကာ ဆဋ္ဌမု-၂၈)

မိမိဆောင်ရွက်မြဲဖြစ်သောကုသိုလ်အရပ်ရပ်တို့ကို နေ့စဉ်အပျက်မခံဘဲပြုလုပ်သွားနိုင်ခြင်းသည် အဓိဋ္ဌာန်မည်၏။

ယင်းအဆိုအဓိပ္ပာယ်အရ နေ့စဉ်ရက်မှန်မှန် ပဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃဂုဏ်ဟုဆိုအပ်သော ရတနာသုံးပါး၏ကိစ္စရပ်တို့ကို အမြဲမပြတ် ဆောင်ရွက်နေခြင်းသည် အဓိဋ္ဌာန်အလုပ်ပင် ဖြစ်ပေသည်။ စိတ်ကူးရသည့်အခါတွင် ဆောင်ရွက်ခြင်းမျိုးသည် အဓိဋ္ဌာန်အလုပ်ဟု မခေါ်ဆိုနိုင်ပေ။

ထို့ကြောင့် -

❑ သမာဒိန္နေသု ကုသလေသု အစလတာ အဓိဋ္ဌာန်နာမ။ ။
ဟူသော အထက်ပါ စကားအရ ကောင်းစွာ ဆောက်တည်ထားအပ်ပြီးသည့် ကုသိုလ်ရေးကိစ္စတို့၌ အချိန်မှန်ဆောင်ရွက်နေခြင်းကို အဓိဋ္ဌာန်အလုပ်ဖြစ်ကြောင်း ကျမ်းဂန်၌ ဖော်ပြအပ်သည်ကို တွေ့ရှိနိုင်ပေသည်။ သို့ဖြစ်လျက် နေ့စဉ်ကုသိုလ်ဝတ် မပျက်ကွက်သူတို့သည်သာ အဓိဋ္ဌာန်အလုပ်၏ အကျိုးတရားကို ခံစားရပေလိမ့်မည်။

ဥပမာ ကျောင်းတက်မှန်သော ကျောင်းသားတို့သည်သာလျှင် အတန်းတင်စာမေးပွဲကို အောင်မြင်ခွင့်ရှိနိုင်ဘိအတူ နေ့စဉ် မပျက်မကွက် ဆောင်ရွက်နေသော (အဓိဋ္ဌာန်)ကုသိုလ်ရှင်တို့သည်သာလျှင် အဓိဋ္ဌာန်မှပေးအပ်သောအကျိုးထူးဝိသေသကို ခံစားခွင့်ရှိနိုင်ပါသည်။

အဓိဋ္ဌာန်ကုသိုလ်ရှင်အပါယ်မလား

ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်းတို့၌ နေ့စဉ် အဓိဋ္ဌာန်ကုသိုလ်ရှိသူပုဂ္ဂိုလ်တို့အတွက် အာမခံချက်တစ်ရပ်မှာ ဤသို့ပင်တည်း။

❑ ယေသံ နိဗ္ဗဒ္ဓပုညာနိ အတ္ထိ တေသံ ဂတိသောဘာပန္န သုဂ ယေဝ။
(ဝိသုဒ္ဓိမဂ္ဂဋီကာ-ဒုအုပ်-နှာ၅၇)

www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်ကုသိုလ်ရှင်ပုဂ္ဂိုလ် ဟူသည် နေ့စဉ် အဓိဌာန်ကုသိုလ်ဝတ် ပြည့်စုံသူများကို ခေါ်ပေသည်။ ကုသိုလ်ရှင်ကွယ်လွန်လျှင် လူဘုံ၊ နတ်ဘုံသော (သုဂတိ) ဘဝ၌ဖြစ်ရ၏။ အပါယ်လေးပါးသို့ မရောက်နိုင်ပေ။ ဘုရားပန်ပုဂ္ဂိုလ်သည် အပါယ်လေး ဘုံသို့မရောက်နိုင်သကဲ့သို့ နေ့စဉ် အဓိဌာန်ဝတ် ဆောက်တည်ထားသော ကုသိုလ်တို့သည်လည်း သောတာပန် ပုဂ္ဂိုလ်နှင့်တန်းတူဖြစ်၏။

ကြီးထွားအားကြီးသူပုဂ္ဂိုလ်တို့နှင့်သာလျှင် နှိုင်းတန်သောဘုရားရှိခိုးအလုပ်

ယေသံ ယေသံ ဟိပညာမဟတိ၊
တေသံ တေသံ ဘဂဝတိ ဖေမဋ္ဌ
ဝါရဝေါစ မဟာ ဟောတိ။
(သမန္တပါသာဒိက
ဝိနယ အဋ္ဌကထာ၊ ဆဋ္ဌမ ၂၂၀)

အသိဉာဏ်ပညာကြီးကျယ်ဖွံ့ဖြိုးသူပုဂ္ဂိုလ်သည် မိမိ၏ဉာဏ်ပညာမြင့်မားတိုင်းတာချက်အရ ဘုရားကြည်ညိုသဒ္ဓါပေမ ဂါရဝတရားသည်လည်း ကြီးကျယ်ပြန့်ရလေသည်။ ဤတိရိက်နည်းဖြင့် ဝေဖန်သော်ကား ပညာအင်အားနည်းပါးသူများ၌ နေ့စဉ် ဘုရားကြည်ညိုရိုသေခြင်း ဟူသော ဗုဒ္ဓဂါရဝနှစ်ရပ်ခန်းခြောက်နိုင်သည်ထိ ဖြစ်တတ်ယူနိုင်ပါသည်။

အထက်တန်းပညာရှိသူပုဂ္ဂိုလ်တို့သည် ဘုရားအကြည်ညိုဆုံးဖြစ်ပါသည်။ ထိုပညာရှိပုဂ္ဂိုလ်သည် အကြီးဆုံးသော အကျိုးထူးကို ကောန်ရသင့်ပါသည်။

အလတ်တန်းပညာရှိသူပုဂ္ဂိုလ်တို့သည် အလတ်တန်းစားမျှသာ ဘုရားကြည်ညိုသူဖြစ်ပါသည်။ ထိုပညာရှိသည် အလယ်အလတ်ဖြစ်သော အကျိုးကိုသာကောန်ရနိုင်ပါသည်။

အောက်ဆုံးတန်း ပညာရှိသူဖြစ်လျှင် သာမညအနိမ့်ဆုံးအဆင့် ဘုရားကြည်ညိုသူဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် အဆင့်အနိမ့်ဆုံးအကျိုးကိုသာ ကောန်ရနိုင်ပါသည်။

အကျိုးပေးမှုသက်သေပြုစရာ

အရှင်သာရိပုတ္တရာမဟာထေရ်ကြီးသည် မြတ်စွာဘုရားသခင်၏ ဟောတော်တွင် ပညာတံခွန်စိုက်ဘွဲ့ထူးကို ရရှိနိုင်ခဲ့သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တော်မူ၏။

ဘုရားကြည်ညိုရှိခိုးသော တပည့်သာဝကများတို့တွင် အရှင်သာရိပုတ္တရာသည်ကား အသာလွန်ဆုံး၊ အထူးကဲဆုံး ဘုရားကြည်ညိုရှိခိုးသူ ရဟန္တာကြီးတစ်ဆူဖြစ်တော်မူသည်ဟု ကျမ်းဂန်တို့၌မှတ်တမ်းတင်ထားကြပေသည်။ အရှင်သာရိပုတ္တရာသည် ဘဝအဆက်ဆက်တို့တွင်လည်း နေ့စဉ်နေ့တိုင်း ပထမတန်း အဆင့်မြင့် အစွမ်းကုန် ဘုရားရှိခိုးကြည်ညိုခဲ့သော အဓိဌာန်တော်ကုသိုလ်ကို အကြောင်းပြု၍ နောက်ဆုံးဖြစ်သော ဘဝတွင် အစွမ်းကုန်အောင် မညာဉာဏ်ကြီးကျယ်သူပုဂ္ဂိုလ်မြတ်ဖြစ်ခဲ့ရပေသည်။ ထို့ကြောင့် ဘုရားရှင်၏ထံတော်မှ တစ်ဦးတည်းပိုင်ဆိုင်သည့် ပညာတေဇဂ်ဘွဲ့ထူးကို ရယူနိုင်ခြင်းသည်ကား ထိပ်တန်းအဆင့်မှနေ၍ အစွမ်းကုန် ဘုရားရှိခိုးကြည်ညိုခြင်း၏ အကျိုးရင်းပေတည်း။ သို့ဖြစ်၍ ပညာဉာဏ်ကြီးကျယ်လာသည်နှင့်အမျှ ဘုရားရှင်အား ကြည်ညိုမြတ်နိုးရှိခိုးမှုတို့သည်လည်း အထူးတိုးတက်လာရပေသည်ဟု အထက်ပါဝိနည်းအဋ္ဌကထာအဖွင့်မှ သက်သေပြလျက်ရှိကြောင်း မှတ်တမ်းတင်နိုင်ကြရာ၏။

ယခုအခါတွင် ထိုအရှင်မြတ်ကြီး၏ ဘုရားကြည်ညိုနည်းနိဿရဏ်းကို ပုံစံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာဖြင့် တစ်နည်း မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို ပွားများခြင်းဖြင့် လည်းကောင်း၊ ရွတ်ဆိုပူဇော်ခြင်းဖြင့် လည်းကောင်း နေ့စဉ်ဝတ်ထားကြည်ညိုလျက် ဘဝအဆက်ဆက်တို့၌ ပထမတန်းတံခွန်စိုက်အကျိုးပေးများကို ရယူနိုင်ကြရန် အထူးကြိုးစားအားထုတ်သင့်ကြပေသည်။

အဓိဌာန်တန်ခိုးသိလိုသော နေ့စဉ်ဘုရားရှိခိုးမှုမပျက်နှင့်

ဒီဃနိကာယ် အာဋာနာဋိယသုတ် အဋ္ဌကထာ (ဆဋ္ဌမ စာမျက်နှာ ၁၅၀) တွင် နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်အပ်သော အဓိဌာန်ကုသိုလ်ဝတ်ရှိသူတို့၌ သာလျှင် မိမိတို့လိုအပ်သော သိဒ္ဓိစခန်းတို့ကို ထက်ထက်မြက်မြက် တန်ခိုးထွက်စေနိုင်ပေသည်။ အရေးပေါ်လာသည့် အခါတွင် ယင်းအရေးပေါ်အောင်မြင်ရေးကိစ္စရပ်အတွက် ရွတ်ဖတ်အပ်သည့် 'ခလုတ်ထိမှ အဓိတ' သော သရဏ္ဂမဂ်ယ်မှ ကုသိုလ်ဝတ်သည်လည်း အကြောင်းမမှန်၍ အကျိုးပေးမထက်သန် နတေဇဝန္တိ ဟူသော မှတ်ချက်တစ်ရပ်ရှိဆားသည်ကို အထူးသတိရှိရန်လိုအပ်လှပေသည်။

အထက်ပါ အဋ္ဌကထာ၏ မှတ်ချက်ဖြင့် သုံးသပ်ပါမူ နေ့စဉ်အဓိဌာန်ကုသိုလ်ပန်ကိုဝတ်မပျက်ကြကုန်သော ပုဂ္ဂိုလ်တို့၌ သာလျှင် မိမိတို့အပြောင့်တနေသော လောကီ၊ လောကုတ္တရာသိဒ္ဓိနှစ်ရပ်တို့ကို ရရှိအောင်မြင်နိုင်ပေလိမ့်မည်။

မှန်ပေသည်။

မြန်မာပြည်၌ နေ၊ လအတူ ထင်ရှားကျော်စောတော်မူခဲ့ကြကုန်သော ကျေးဇူးရှင် မုဏ္ဍာမြို့ လယ်တီတောရ ဆရာတော်ဘုရားကြီး၊ သမ္မဒ္ဓေမိုးညင်း တောရဆရာတော်ဘုရားကြီး၊ မန္တလေးမြို့ ရသေ့သုမြတ် အရှင်ဥာန္တိ၊ ယင်းသူတော်စင်ကြီးသုံးပါးတို့သည် ရှေးဦးစွာ တောထွက်တော်မူကြ၍ နေ့စဉ်အဓိဌာန်ကုသိုလ်ဝတ်တစ်ခုကို မပျက်မကွက် အားထုတ်ခဲ့သည်။ နေ့စဉ်အပျက်မခံဘဲ ဆောက်တည်ခဲ့သောအဓိဌာန်တန်ခိုးများကြောင့် ယင်းပုဂ္ဂိုလ်သူမြတ်သုံးဦးတို့တွင် အံ့သြဖွယ်ရာဖြစ်သော ဘုန်းထူးကံထူးကြီးများကို ရပိုင်ခွင့်ရှိခဲ့ကြသဖြင့် ၎င်းတို့၏ ရည်မှန်းချက်ထားကြသည့်အတိုင်း သာသနာပြုကိစ္စရပ်များကို ကုဋေချီ၍ အကုန်မခံနိုင်အောင် ပြီးစီးခဲ့ကြခြင်းများ၏ မြစ်ဖျားခံချက်မှာ အဓိဌာန်မပျက်အောင် ထိန်းသိမ်းဆောက်တည်မှုပင် ကောန်ဖြစ်ပါသည်။

အထက်ပါ အဓိဌာန်သိဒ္ဓိပေါက်ပုဂ္ဂိုလ်မြတ်ကြီး သုံးဦးစလုံးတို့သည် သက်ဆိုင်ရာသို့ တစ်ကိုယ်ရေတစ်ကာယ ထွက်ခွာတော်မူကြ၍ အဓိဌာန်ဆောက်တည်ခြင်းသည် ပတ်ဝန်းကျင်အပေါင်း အဖော်ဖျက်စီးမှုအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန်ဖြစ်ရုံမျှမက ခံယူချက်ပြင်းထန်မှုမှာလည်း အသက်စွန့်စရာ အကြောင်းပေါ်လျှင် အသက်ကိုသာစွန့်မည်။ ဆောက်တည်ချက်ထားရှိအပ်သော အဓိဌာန်သစ္စာကုသိုလ်ဝတ်ကို အပျက်မခံပေဟု ဆုံးဖြတ်ပြီးဖြစ်ကြပေသည်။

သို့မဟုတ်တန်သောအဓိဌာန်ပြုချက်ဖြစ်၍ ပြိုင်ဘက်မရှိသော အောင်မြင်ချက်အကျိုးတရားကို ကောန်ရရှိသွားကြသည်မှာ နည်းယူ အားကျစရာဖြစ်ပေသည်။ ယခုမျက်မှောက်တွင်လည်း သဒ္ဓံ နယ်နိမိတ် ဘီးလင်းမြို့နယ် အရက်သည်မကျေးရွာ. ဝေပုလ္လတောင်ထိပ်၌ သီတင်းသုံး နေထိုင်သွားသော ရှေ့ကျင် နိကာယ ဘုန်းဘုရားကြီး ဦးတောသလ္လ အရှင်သူမြတ်သည် ဓမ္မစကြာမဟာဗုဒ္ဓ ရွတ်ဖတ်ပူဇော်မှုအဓိဌာန်ဝတ်တို့ကို မပျက်

www.burmeseclassic.com

www.burmeseclassic.com

မကွက်အောင်မြင်ထော်မူခဲ့သော လောကီသိဒ္ဓိရှင်ဆရာတော်ဘုရားကြီးတစ်ပါးဖြစ်တော်မူပေသည်။ နေ့စဉ်သတ်မှတ်ထားသော အချိန်၌ မမွှာသနပလ္လင်ထက်သို့ တက်၍ ဓမ္မစကြာဒေသနာတော်ကို နေ့စဉ် ရွတ်ဖတ် ဟောကြား ပူဇော်သည့်ကာလမှာ နှစ်ပေါင်း(၄၀)နှစ် ကျော်လွန်ပေတ်မူခဲ့ပေသည်။ နေ့စဉ်အဓိဋ္ဌာန်ဝတ်ပြုသည့်အချိန်တိုင်း ဘုမ္မာဒေဝနတ်များ၊ ရုက္ခဒေဝနတ်များ၊ ဝိဇ္ဇရရသေ့သူတော်စင်များ အမြဲတရားနာလာရောက်သည်ကို မျက်မြင်တွေ့ခဲ့ရသည့်ရပ်ဝေး၊ရပ်နီး ပရိသတ်များ ယနေ့ထက်တိုင် ထင်ရှားရှိနေသေးသည်ဟု ၎င်း၏ ထေရပ္ပတ္တိ၌ တပည့်ရင်းဖြစ်သူ မဟာပညာဇလ-သာသနာ့ဥယျာန်ကြားနေဝန်ဟောင်း ပထမကျော် ဆရာကြီး ဦးကြီးဖေကလည်း သမိုင်းတင်ခဲ့သည်ကို တွေ့ရှိနိုင်ပေသည်။

ဆရာတော်ဘုရားကြီး၏ဓမ္မစကြာအဓိဋ္ဌာန် သစ္စာတော်အောင်မြင်ပေါက်ရောက်မှုကို မျက်မြင်တွေ့လိုသေးလျှင်လည်း အသွားအလာအခါခပ်သိမ်းမလွယ်ကူသော တောရိပ်တောင်ဆွယ်များဝန်းရံအပ်သည့် ဝေပုလ္လတောင်ထိပ်၌ တိုက်တာ ကျောင်းကန်၊ ဇရပ်၊ ပုထိုးစေတီများ သိန်းသန်းခြိုရှိ ဆောက်လုပ်လျှုဒါန်းထားသော (၆၄) အကျိုးရလဒ်များမှာ ယင်းဆရာတော်ဘုရားကြီး၏ မဟာအဓိဋ္ဌာန်ကုသိုလ်ကြောင့်ဖြစ်ပေါ်၏။ ဓမ္မစကြာအဓိဋ္ဌာန် ရွတ်ဖော်ပူဇော်မှုကြောင့် နတ်အမျိုးမျိုးတို့နှင့်တကွ ဝိဇ္ဇာဓိရိမ်များ၏ ကြည်ညိုကူညီမှုကြောင့် ကျွန်တော်သယ သိဒ္ဓိရှင် ဘုန်းဘုရားကြီး ဦးကောသလ္လဟူ၍ ဝေး၊ နီးကျော်ကြားခဲ့ရသည်ကား အဓိဋ္ဌာန်သစ္စာကုသိုလ်တို့၏ အာနိသံသအကျိုးတရားပင် ဖြစ်ပေသည်။

ထူးခြားသောပုဂ္ဂိုလ်ထူးတစ်ပါးကို ထပ်မံ၍ဖော်ပြရပါမူကား ပြည်မြို့နှင့် ခုနစ်မိုင်ခန့်ကွာဝေးသော တောရကြီးတွင် ပြည်တောင်တန်းပေါ်ရှိ အမြင့်ဆုံးတောင်တော်တောရကြီး၌ သီတင်းသုံးလျက်ရှိတော်မူသော မဟာအဓိဋ္ဌာန်ဘုဒ္ဓဝင်ပါဠိနိဿယကျမ်းပြုပုဂ္ဂိုလ်ကျော်ဖြစ်တော်မူသော အကျွန်ုပ်တို့၏ကျေးဇူးတော်ရှင် မဟာအဓိဋ္ဌာန်ဘုဒ္ဓဝင်ဓမ္မသိဒ္ဓိရှင် ရန်အောင်မြင်ဆရာတော်ဘုရားကြီးသည် (ညီတော်) မဟာဓမ္မဝိဇ္ဇ၊ (ညီမတော်) မဟာသိရိသုဓမ္မနန္ဒီ ထိုမောင်နှမနှစ်ဦးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ထိုတောရကြီး၌ ၁၃၁၉ ခုနှစ်မှစ၍ တစ်ပါးတည်း ဧကစာသီတင်းသုံးတော်မူခဲ့ပါသည်။ ကျေးဇူးတော်ရှင် ရန်အောင်မြင်ဆရာတော်ဘုရားကြီးသည် သစ္စာတော်ပြန်တမ်း သိဒ္ဓိလမ်းခေါ် မဟာအဓိဋ္ဌာန်တော်ကြီး ဘုဒ္ဓဝင်ဘုရားရှိခိုးကျမ်းဖြင့် တစ်နေ့သုံးကြိမ် အဓိဋ္ဌာန်ဝတ်ထားကာ အနှစ် (၄၀) ကျော် ရွတ်ဖွားပူဇော်ခဲ့ပါသည်။ အချိန်အားဖြင့် နံနက်(၇)နာရီ၊ နေ့လယ် (၂) နာရီ၊ ည(၇)နာရီတစ်နေ့သုံးကြိမ်အဓိဋ္ဌာန်ချိန်ဖြစ်ပါသည်။ အထူးသဖြင့် ဆရာတော်ဘုရားကြီးသည် ဖူးမြော်ရန်ရောက်ရှိလာသော ဒကာ၊ ဒကာမအပေါင်းတို့အား လွှဲမရှဲနည်းဖြစ်သော ငါးပါးသီလတရားတော်နှင့်ရဟန်းဝိနည်းကိုအမိကထားရှေ့ဟောကြားသည့်အပြင် သီလဖြူစင်၊ ဘုဒ္ဓဝင်ပူဇော်ညောင်ရေတော်သွန်း၊ ရည်ညွှန်းသစ္စာ၊ ပေးဝေကာ အမျှငါးဌာနခေါ် အဓိဋ္ဌာန်ကျင့်စဉ်တော်ကို နေ့စဉ်နှင့်အမျှ ကိုယ်တော်တိုင်လည်း အားထုတ်တော်မူ၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားလည်း ဟောကြားဆုံးမကာ အားထုတ်စေခဲ့ပါသည်။

ကျေးဇူးတော်ရှင် ရန်အောင်မြင်ဆရာတော်ဘုရားကြီး ဤတောရကျောင်းကြီးသို့မကြွရောက်သေးမီ ယခင်ကဆိုလျှင် ဤနေရာ၌ မြတ်စွာဘုရားစေတီတော်နှင့်၊ ရဟန္တာသိမ်တော်၊ ဒေါ်ဖော်ကျောင်း၊ ဒေါ်တုတ်ဆွမ်းစားဇရပ်၊ ကြို့ရပ်သာရွာဇရပ်သုံးလုံးတို့သာလျှင်ရှိခဲ့ပါသည်။ ယခုအခါ ဆရာတော်ဘုရားကြီး၏အဓိဋ္ဌာန်ကျင့်စဉ်ငါးခု၏အကျိုးအာနိသင်ကြောင့် အသစ်ပြုပြင်မွမ်းမံပူဇော်ထားသော စိန်ဖူးတော်၊ ဌက်မြတ်နားနှင့်တကွ၊ ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးသော မဟာစေတီတော်ကြီး၊ စကျင်ကျောက်ကြွေပြားခင်းထားသော ရင်ပြင်တော်ကြီး၊ မဟာရံတံတိုင်းတော်ကြီး၊ နံကြောဓာရုံမဟာအဓိဋ္ဌာန်ဘုဒ္ဓဝင်သာသနာ့ဒီပကာန်တော်ကြီး၊ အသစ်ပြုပြင်လှူဒါန်းပူဇော်ထားသော ရဟန္တာအောင်မြင်သိမ်တော်၊ အရံစေတီတော်များ အစရှိသည်ဖြင့် တောင်တော်သုံးရပ်စလုံးရှိ သာသနိကအဆောက်အအုံတို့မှာ အံ့သြစရာကောင်းလောက်အောင် တိုးတက်များပြားလာပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရကာကွယ်တော်(၁၆၄၀)ကေဆရာတော်ဘုရားကြီးအား နိုင်ငံတော်မှ လှူဒါန်းထားသော ဝိသုဒ္ဓါဓမ္မောဇဇက(၂၉၅၊ ၆၁)ဧက၊ အခွန်လွတ်သာသနာမြေနှင့်ရာသက်ပန်နိုင်ငံတော် လုံခြုံရေးရဲကင်း၊ တောင်ထိပ်ပေါ်တွင် နိုင်ငံတော်မှတူးပေးထားသော အုဝိစိစက်ရေတွင်းသုံးတွင်း၊ လျှပ်စစ်မီးတို့ဖြင့် ဤတောင်တော်တောရကြီးသည် ဘုန်းမီးနေလထွန်းတောက်လျက်ရှိနေပါတော့သည်။ ထို့ပြင် တောင်တော်တောရကြီးသို့ တောင်ခြေမှ ကွန်ကရစ်ကားလမ်းဖြင့် ရဟန်းရှင်လူအပေါင်းတို့ချမ်းချမ်းသာသာသွားလာနိုင်ရန် သိန်းပေါင်းသုံးထောင်ကျော် အကုန်ကျခံ၍ ပူဇော်ထားသည်မှာလည်း ထိုဆရာတော်ဘုရားကြီး၏ အဓိဋ္ဌာန်တန်ခိုးတော်ကြောင့်ပင်ဖြစ်သည်။

ရတနာသုံးပါးသီတင်းသုံးရာဌာနဖြစ်သောတောင်ပေါ် တောရကြီး၌ ယခုလို ဘုန်းတော်၊ ကံတော်ကြီးမားလာရခြင်းအကြောင်းရင်းမှာ ကျေးဇူးတော်ရှင် ရန်အောင်မြင်ဆရာတော်ဘုရားကြီး၏ နေ့စဉ်အဓိဋ္ဌာန်တော်ထား၍ဆောင်ရွက်သော 'အဓိဋ္ဌာန်ကျင့်စဉ်' ငါးခုတန်ခိုးတော်နှင့် သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ ကရုဏာတော်တို့ကြောင့်ပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သူတော်ကောင်းအပေါင်းတို့သည် လောကီသိဒ္ဓိ၊ လောကုတ္တရာ သိဒ္ဓိနှစ်ဖြာသောသိဒ္ဓိ၊ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ နှစ်ဖြာသောချမ်းသာကို ရရှိခံစားလိုပါလျှင် 'အဓိဋ္ဌာန်ဖြင့်ဘုရားရှိခိုးကြပါ' ဟု စေတနာ၊ မေတ္တာ အရင်းခံ၍ တိုက်တွန်းနှိုးဆော် ရေးသားအပ်ပါသည်။ အထက်ပါ အဓိဋ္ဌာန်ဝတ်ထား၍ သာသနာပြုကြကုန်သော -

က။ ကျေးဇူးတော်ရှင် မိုးညှင်းသမ္မဒ္ဓေ ဆရာတော်ဘုရားကြီး၊
ခ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၊
ဂ။ ကျေးဇူးတော်ရှင် ရသေ့ကြီးဦးခန္တီ၊
ဃ။ ကျေးဇူးတော်ရှင် မဟာအဓိဋ္ဌာန် ဘုဒ္ဓဝင်ဓမ္မသိဒ္ဓိရှင် ရန်အောင်မြင်ဆရာတော်ဘုရားကြီးတို့ကို အတုယူအားကျကာ အဓိဋ္ဌာန်ဝတ်ထားနိုင်ကြပါစေကုန်သတည်း။

ပျူနန်းသွေး

ပဋိပက္ခမ်း -

ကျေးဇူးတော်ရှင် ရန်အောင်မြင်ဆရာတော်အရှင်မြတ်စီစဉ်ရေးသားရွက်ပွားအပ်သည့် သစ္စာတော်ပြန်တမ်း သိဒ္ဓိလမ်းခေါ် မဟာအဓိဋ္ဌာန်တော်ကြီးဘုဒ္ဓဝင်ဘုရားရှိခိုးကျမ်း

www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေကံကူ)
ရွှေကံကူလေးပုံသစ်တော်ရုပ်ရှင်တော်မြတ်၏
၂၀၁၂-၂၀၁၃ ခုနှစ် မန္တလေးမြို့တဟိုပြု
ဒေသစာရိုးရိုးစဉ်များမှ ထူးခြားမှုများ

(ဆက်လမ်းအဆက်)

၃။ ဒီဒီယိုဓာတ်ပုံကြည့်ပြန် တန်ခိုးတော်အမှုံ့

စာရေးသူတို့အိမ်တွင် ဘုရားရှင်သီတင်းသုံးတော်မူစဉ် မျက်လုံးတော်သာစွာပွင့်တော်မူခြင်း၊ နှုတ်တော်မှ ဗုဒ္ဓဘာန်အမျိုးမျိုးဖြင့် ပြုံးတော်မူခြင်း၊ ရွှင်တော်မှာပင် မကိုဋ်တော်နှင့် မဏိဆော် အနောက်မြောက်ဘက်သို့ (၂၀) ဒီဂရီခန့် ရွှေပြောင်းစံမြန်းသီတင်းသုံးနေတော်မူခြင်း၊ ခန္ဓာကိုယ်မှရောင်ခြည်တော် (၅) သွယ်စလုံးကို ဖူးတွေ့ရခြင်းတို့ကို မျက်မြင်ထင်ထင် ဖူးတွေ့ခဲ့ရပါသည်။ မျက်မြင်သိရှိကြည့်ရှုလိုသူများမှာ စာရေးသူထံ ဖုန်းနံပါတ် ၀၉-၄၀၀၄၆၃၃၄၄၄၃ နှင့် အောင်ကမ္ဘာဒီဒီယိုရိုက်ကူးရေးရွာသစ်ကြီး စစ်ကိုင်းမြို့ ဖုန်း-၀၉၄၀၀၄၁၁၂ ၂၆၁ သို့ လာရောက် ကြည့်ရှုနိုင်ပါကြောင်း။

၄။ အနေကဇာတင်ပွဲ

နောက်တစ်နေ့နံနက်တွင် ရွှေကံကူလေးပုံသစ်တော်ရုပ်ရှင်တော်မြတ်အား အနေကဇာတင်မင်္ဂလာပွဲ ပြုလုပ်ကျင်းပသည်။ 'ငါတရော်ဆရာတော်ဘုရားကြီးကြွရောက်မီ ဓာတ်ပုံဆရာကိုတိုးညွှန့်မှ အမြဲအဝင်၀ ပူဇော်ပွဲဆိုင်းဘုတ်ကို ဓာတ်ပုံရိုက်ထားရာ ရဟန္တာဟု ယူဆရသော ပုံရိပ်တော် ထင်ရှားသိသာစွာပေါ်လာခြင်း၊ ထင်းရှူးအလှပင်မှ အပင်ဖွားလာခြင်း၊ အိမ်ခြံဝင်းအတွင်းရှိ ပိန္နဲပင်အောက်မှ ပင်စည်ပျောက်ပြီး အရွက်များဝေဆာစွာပေါက်ရောက်နေခြင်း စသောထူးခြားမှုများဖြစ်ပွားပေါ်ပေါက်လာကြပါသည်။

ရုပ်ရှင်တော်မြတ်သည် ရွာသစ်ကြီးတွင် (၅) ရက်တာ သီတင်းသုံးစံပယ်တော်မူရာ၌ ပါမောက္ခချုပ်၏နေအိမ်နှင့် ဆရာမ ဒေါ်ခင်စန်းတင့်တို့၏နေအိမ်များတွင်လည်း ကြွရောက်တော်မူပါသည်။ ဆရာမ ဒေါ်ခင်စန်းတင့် (ယခုဖွဲ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခ)သည် မန္တလေးမြို့သူဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် ခန့်က စဉ့်ကိုင်မြို့နယ် မြောင်းဆုံကြီး အ-မ-ကတွင် တာ၀န်ထမ်းဆောင်ခဲ့ဖူးသော်လည်း သိရှိခဲ့ခြင်းမရှိပါ။ ယခုပင့်



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်များဖြင့်ရှိနေကြပါသည်။

ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသော ပါမောက္ခချုပ်နှင့်တကွ ဆရာမကြီးများမှာ ဤဆရာတော်(၂)ပါး စလုံး၏တပည့်များ ဖြစ်ကြပါသည်။ ဆရာတော်ကြီးမှာမူ အရိယာလိုင်းဖြစ်၍ စကားများစွာမိန့်တော်မူခြင်းမရှိ၊ ပင့်ဆောင်ခြင်းမရှိဘဲလည်း ကြွရောက်လေ့မရှိ။ ဦးပဉ္စင်းအောင်သည် ငယ်ရွယ်သူလည်းဖြစ်၊ ဂန္ဓာရီလမ်းစဉ်လည်းဖြစ်၍ အထက်ပါနေအိမ်များသို့ ဆန္ဒဖြစ်ပေါ်ပါက ကြွရောက်လေ့ရှိပြီး မိမိတို့၏ လောကီရေးရာကိစ္စအဝဝတို့ကိုလျှောက်ထားကာ အကြံဉာဏ်တောင်းခံနိုင်၍ လမ်းညွှန်မိန့်ကြားမှုများလည်းရှိရာ လူအများနှင့် ပိုမိုရင်းနှီးသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဆရာမကြီးဒေါ်မြရွှေတို့၏နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသောညမှာပင် ညဉ့် (၂) နာရီအချိန်တွင် ဦးပဉ္စင်းအောင် ကြွရောက်လာပါသည်။ နံနက် (၅) နာရီအထိ ရုပ်ရှင်တော်မြတ်အား မဟာသမယသုတ်တော်ဖြင့် ပူဇော်လိုပါ၍ မယ်တော်ကြီးတို့နှင့် ဆရာမကြီးတို့ထံ ခွင့်တောင်းပါသည်။ အားလုံးမှ ဝမ်းပန်းတသာဖြင့်ခွင့်ပြုကြသောအခါ ဦးပဉ္စင်းအောင်သည် ရုပ်ရှင်တော်မြတ်အား ရှည်လျားလှသော ကန်တော့ချီးတို့ဖြင့် အချိန်ကြာမြင့်စွာ ပူဇော်ကန်တော့ရာ နံဘေးမှ နာယူကြရသူတို့အားလုံး ပီတိဖြစ်၍မဆုံးအောင်ရှိကြရပါသည်။ ဆရာတော်သည် (၅) နာရီအထိဟုသာ ခွင့်တောင်းခဲ့သော်လည်း နံနက် (၇) နာရီမှသာ ပူဇော်မှုပြီးဆုံးပါသည်။ ဆရာမကြီးတို့မှ ဆရာတော်ကို အရုဏ်ဆွမ်းကပ်ပါသည်။ ထိုအချိန်တွင် ဆရာတော်မှ ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်၍ ဤကဲ့သို့ မိန့်ကြားတော်မူပါသည်။

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်တွင် တန်ခိုးကြီးသော နတ်နဂါးများနှင့် တန်ခိုးကြီးသော နတ်တို့စောင့်ရှောက်လျက်ရှိသည်။ ကြွရောက်တော်မူရာ ဌာနများတွင်လည်း နတ်များလာရောက် ဖူးမြော်လျက်ရှိကြသည်။ ရုပ်ရှင်တော်မြတ်အား ယုံကြည်လေးနက်စွာဖြင့် စွဲစွဲမြဲမြံကိုးကွယ်ပူဇော်သွားကြသူများတွင် ရာထူးဆိုလျှင် ထိပ်ဆုံးသို့ စီးပွားရေးဆိုလျှင်လည်း ထိပ်ဆုံးသို့ ဂုဏ်သတင်းဆိုလျှင်လည်း ထိပ်ဆုံးသို့၊ အောင်မြင် ကျော်ကြားမှုဆိုလျှင်လည်း ထိပ်ဆုံးသို့၊ ပညာရေးဆိုလျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com

သိပ်ဆုံးသို့ ရောက်ရှိလျက်ရှိကြသည်မှာ ရပ်ရွာတော်မြတ်တွင်ကိန်းအောင်းလျက် ရှိသောဓာတ်တော်မှာ ဂေါတမမြတ်စွာဘုရားရှင်၏ ဥဇ္ဈာလုံမွေးရှင်တော်မုကြင်း သောဓာတ်တော်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ဘုရားရှင်တွင် ဤကဲ့သို့ ဥဇ္ဈာလုံ မွေးရှင်တော်ပေါ် ပေါက်တော်မူရခြင်းမှာ မြတ်စွာဘုရားရှင်သည် အလောင်းတော် သဖွယ်ရွာ၌ ဘဝတိုင်းမှာပင် မှန်သော စကားကိုသာဆိုတော်မူခဲ့ခြင်းကြောင့်ဖြစ်ရာ ရပ်ရွာတော်မြတ်ထံတွင် ဆုတောင်းကြမည်ဆိုပါက သစ္စာဆို၍ ဆုတောင်းကြပါ။ တောင်းသောဆုများထဲမှကောင်း သောဆုများနှင့်အပြစ်လွတ်ကင်းသော ဘုရားပြည့်ဝကြပါလိမ့်မည်ဟူ၍ ဖြစ်ပါသည်။

ဤဆရာမကြီးတို့နေအိမ်တွင် ရပ်ရွာတော်မြတ်အား အနေကဇာတင် ပူဇော်ရာ၌ ငါတရော်ဆရာတော်ဘုရားကြီးကို ပင့်ဆောင်ခဲ့ကြပါသည်။ ဆရာတော်ကြီးသည် သက်တော်ကြီးရင့် ကျက်သရီပြုဖြစ်သော်လည်း ပင့်ဆောင်သူ ဒါယကာများ၊ ဒါယိကာများ ကျေနပ်အားရ ရိုသေကြစေရန် - အခြားရဟန်းတော်များ ပါရှိသော်လည်း ဆရာတော်ကြီးမှပင် ဘုရားဟောတော်မူ၍ ရေစက်ချပေးပါ သည်။ အားလုံး အမျှဝေ၊ သာဓုခေါ်ဆို ကြသောအခါ ဆရာတော်ကြီးမှ ဤ ကဲ့သို့ ဆက်လက် မိန့်ကြားတော်မူပါ သည်။

စဉ့်ကိုင်မြို့တွင် ရွှေကံကူရပ်ရွာ တော်မြတ်ပွင့်ထွန်းတော်မူခဲ့သည်မှာ နှစ် ပေါင်းမနည်းကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ၂၀၂၂ ခုနှစ်တွင်မှ ရွာသစ်ကြီးသို့ ကြွ ရောက်တော်မူလာခြင်းမှာ အကြောင်းမဲ့ တော့။ အကြောင်းရှိ၏။ သူတော်စင် ဦးတော်ကောင်းကြီးများ၏ မိန့်ကြား ချက်၊ သိပ္ပံပညာရှင်များ၏ တိုင်းတာ ဆုံဖြတ်အရ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း (၅) နှစ်တာကာလတွင် ကြာမွှာကြီး၌ သဘာဝဘေးအန္တရာယ် များနှင့် ကပ်ကြီးများဆိုက်ရောက်လိမ့် မည်။ ရတနာ(၃)ပါးကို ကိုးကွယ်ဆည်း ကပ်ကြသူများမှာ ကပ်များအတွင်းမဖြစ် ဘဲ လွတ်မြောက်ကာ ကျန်မြဲသာဖြစ် လိမ့်မည်။ ရပ်ရွာတော်မြတ်အား ဖူးမြော် ကြည်ညိုကြရသူတို့သည် ထူးခြားလှ သော တန်ခိုးတော်တို့ကို ဖူးတွေ့ကြရ ကာ သတ်တော်ထင်ရှားဘုရားရှင်တို့၏ သတ်တော်များကို အောက်မေ့လာကြပြီး ရတနာ (၃) ပါးကို ပိုမိုယုံကြည်အားကိုး လာကြလိမ့်မည်။ ထိုအခါ ထိုသူတို့သည် ရတနာ (၃) ပါး၏ဂုဏ်တန်ခိုးတို့ကြောင့် ဘေးအန္တရာယ်နှင့် ကပ်အပေါင်းမှ လွတ် မြောက်ကြရပေလိမ့်မည်။ ဤသို့ တန်ခိုး တော်ကြီးများတော်မူသော ရှုပ်ရှင်တော် မြတ်အား အနေကဇာတင်ပူဇော်ခွင့်ရရှိ ၍ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ရပ်ရှင် တော်မြတ်အား ပင့်ဆောင်ပူဇော်သော မိသားစုနှင့်ရွှေကံကူသာသနာပြုဓိသားစု တို့အား အထူးပင်ကျေးဇူးတင်ရှိပါသည် ဟူ၍ ဖြစ်ပါသည်။

ရွာသစ်ကြီးမြို့လေးတွင် ပင့်ဆောင် ပူဇော်ရာဌာနတိုင်း၌ ဖူးမြော်ကြည်ညိုကြ သူတို့ များပြားလှပါသည်။ ဤနယ်တွင် ဘုန်းတန်ခိုးကြီးမား ကျော်စောတော်မူ လှသော ဆရာတော်ဘုရားကြီး(၂)ပါး၏ မိန့်ကြားချက်များကို ကြားသိရသော အခါ ရပ်ရှင်တော်မြတ်အား မြို့သူမြို့သား အားလုံးတို့ မလွတ်တမ်း လာရောက်ဖူး မြော်ကြပါသည်။ ဆရာမကြီးသည် ရွာ သစ်ကြီးတွင် ပင့်ဆောင်ပူဇော်မည့်သူတို့ များပြားသဖြင့် စာရေးသူထံ (၁၀) ရက် သို့မဟုတ် (၁၅) ရက်ခန့် တောင်းခံထား ခဲ့ခြင်းဖြစ်သော်လည်း အခြားမြို့ရွာများ ကိုလည်း ရက်များခွဲဝေရမည်ဖြစ်၍ (၅) ရက်သာပေးနိုင်ခဲ့ခြင်းဖြစ်ရာ ပင့် ဆောင်ပူဇော်ရန် စာရေးပေးသွင်းထားပြီး သူများကို နားလည်ပေးပါရန် မေတ္တာ ရပ်ခံကြရပါသေးသည်။

၁၇/၁၈-၁၀-၂၀၂၂ နေ့များတွင် ရွာသစ်ကြီးမှ ဆက်လက်၍ စစ်ကိုင်းမြို့ ဈေးကြီးအနီး ပွင့်သစ်စ ကြက်စာဆိုင် မိသားစု ဦးစမ်းမောင်၊ ဒေါ်စန်းစန်းဌေး မိသားစုနေအိမ်သို့ကြွမြန်းရောက်ရှိတော် မူပါသည်။ ဤမိသားစုသည် အောင်မြေ သို့ (၂) ကြိမ်တိုင်တိုင် လာရောက် လျှောက်ထားကာ ရက်ချိန်းရယူထားကြ ရသူများ ဖြစ်ပါသည်။ ယခင်တစ်ခေါက် က စစ်တိုင်းတောင်ရိုး ငွေသံကြားချောင် တွင် ဘုန်းကြီးကျောင်းမှ ပင့်ဆောင် ပူဇော်ဖူးသော်လည်း ထိုအချိန်က ရပ်ရှင် တော်မြတ်သည် တန်ခိုးတော်ကြီးများ တော်မူစဖြစ်၍ လူသိနည်းပါးသေးရာ လာရောက်ဖူးမြော်သူနည်းပါးလှပါသည်။ ယခုစာစီကြိမ်တွင်တော့ ရပ်ရှင်တော် မြတ်၏တန်ခိုးတော်သည်လည်း ထင်ရှား ကျော်ကြားလျက်ရှိနေပြီဖြစ်သည့်အပြင် ပွင့်သစ်စမိသားစုသည်လည်း မိတ်ဆွေ သင်္ဃာ ပေါများလှသည်ဖြစ်၍ (၂) ရက် လုံးလုံး အချိန်ပြည့် ဘုရားဖူးဝရိုသတ်တို့ စည်ကားလျက်ရှိပါသည်။ ဦးစမ်းမောင် နှင့် ဒေါ်စန်းစန်းဌေးတို့သည်လည်း စေတနာသဒ္ဓါတရား ထက်သန်သူများ ဖြစ်ရာ လာရောက်သမျှသော ဘုရားဖူး ဧည့်ပရိသတ်တို့အား အချိန်ပြည့်အကွေး အမွေးများဖြင့်ဧည့်ခံပြီး ဝမ်းသာပီတိဖြစ် ၍ မဆုံးနိုင်အောင်ရှိကြပါသည်။

ဤနေအိမ်မှ ပင့်ဆောင်ပူဇော်စဉ် ရပ်ရှင်တော်မြတ်သည် တခြားနေအိမ် များနှင့်မတူ တစ်မူထူးခြားစွာပြုံးတော်မူ ခြင်း၊ မျက်လုံးတော်ပွင့်တော်မူခြင်း၊ နူတ် တော်ဖွင့်ဟတော်မူခြင်း အစရှိသော တန်ခိုးတော်တို့ကို ဖူးတွေ့ကြရပါသည်။ ဦးစမ်းမောင်၊ ဒေါ်စန်းစန်းဌေးတို့သည် ရပ်ရှင်တော်မြတ်၏ ထူးခြားမှုများကို မှတ်တမ်းတင်ပုံများ ရိုက်ကူးဖို့ဇော်၍ ဘုရားဖူးဧည့်ဖရိသတ်များကို ဒါနပြု ဝေငှပါသည်။ (ထို့နောက်ပိုင်းကာလများ တွင်လည်း စာရေးသူတို့ အောင်မြေတွင် လာရောက်ကြသော ဘုရားဖူးဧည့်သည် များအား ဝေငှရန် ထိုပုံတော်များကို အမျှအပြား လာရောက် ပို့ဆောင်ခဲ့ သည်မှာလည်း ယခု ဤဆောင်းပါးရေး သားချိန် ၂၀၁၃ (၆) လပိုင်းအထိတွင် (၃) ကြိမ်ခန့် ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။) ထိုမိသားစုသည် ရပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ပြီးသောအချိန်မှစ၍ ရပ်ရှင်တော်မြတ် အောင်မြေတွင် ကြွမြန်း ရောက်ရှိတော်မူသည်ဟု ကြားသိသည် နှင့် ရပ်ရှင်တော်မြတ်အား အေးအေး ဆေးဆေး ဖူးတွေ့ရရန်၊ မယ်တော်ကြီး တို့နှင့် အေးအေးဆေးဆေး စကားပြော နိုင်ရန်အတွက် ညဉ့်ဦးအချိန်များတွင် လာရောက် ဖူးမြော်ခဲ့ကြသည်မှာ ဤ ယနေ့တိုင် ဖြစ်ပါသည်။

ထို့နောက် ၁၉/၂၀-၁၀-၂၀၂၂ နေ့များတွင် ရပ်ရှင်တော်မြတ်အား မန္တလေးမြို့ လမ်း (၈၀) × (၇၉) လမ်းကြား နှင့် (၁၇) လမ်း × (၁၈) လမ်းကြားဝင်း အတွင်းရှိ ဦးစောဟန်၊ ဒေါ်စိန်စိန် (သမီး) မောင်မျိုးမင်းထက်၊ မန္တလေးရှိ မိသားစုတို့မှ ပင့်ဆောင်ပူဇော်ပါသည်။ ယခုတစ်ကြိမ် ပင့်ဆောင်ပူဇော်မှုမှာ ဤ မိသားစု၏ တတိယအကြိမ် ပင့်ဆောင် ပူဇော်မှုဖြစ်ပါသည်။ ဤမိသားစု ရပ်ရှင် တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ် ပုံမှာ ဤသို့ဖြစ်ပါသည်။

စာရေးသူ၏ သံသရာတစ်ကွေ့ ဝယ်နှင့် ဘယ်ဆီဘယ်ဝယ်ဘယ်သို့ရယ် ဝတ္ထုတို့တွင် ဖော်ပြပါရှိခဲ့သည့်အတိုင်း စာရေးသူသည် ၁၉၉၅ မှ ၁၉၉၈ ခုနှစ် တိုင် နို့ဆီကုန်ဆည်လုပ်ငန်းတွင် ဘို

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါသည်။ ထိုအခါ ဦးစောဟန်၊ ဒေါ်စိန်စိန်တို့သည် ငွေခြေသေ့အမှတ် တံဆိပ်ဖြင့် နို့ဆီထုတ်လုပ်ရောင်းချလျက် ရှိ၍ လုပ်ငန်းဆက်လက်မှုဖြင့် ခင်မင်သိကျွမ်းခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် စာရေးသူ အုန်းတကူးသို့ရောက်ရှိပြီး ဘ/က ကျောင်းဆရာ (ဘုန်းတော်ကြီးသင်ပညာရေး) စတင်ချိန်မှစ၍ ဤမိသားစုနှင့် နှစ်ပေါင်းများစွာ ကွဲကွာခဲ့ခြင်း ဖြစ်ပါသည်။ ဝတ္ထုများတွင် ဖော်ပြပါရှိခဲ့သည့်အတိုင်း စာရေးသူသည် ရုပ်ရှင်ဇော်မြတ် ပွင့်ထွန်းတော်မူပြီး အောင်မြေတွင် ပြန်လည်ရောက်ရှိနေထိုင်ခဲ့သည့်တိုင် အုန်းတကူးတောင်တော်ဘခင်မနှင့်ပတ်သက်၍ အုန်းတကူး (သပိတ်ကျင်းမြို့နယ်) သို့ တစ်နှစ်လျှင် တစ်ကြိမ်မှ နှစ်ကြိမ်၊ သုံးကြိမ်ခန့်အထိ သွားရောက်ခဲ့ရပါသည်။

စာရေးသူသည် အုန်းတကူးသို့ သွားရောက်သည့်အခါတိုင်း သဘော်တန်းကားဝင်းသို့ သွားရောက်လေ့မရှိပါ။ စာရေးသူ အုန်းတကူးသို့ ပထမဦးဆုံး အခေါက် သွားရောက်စဉ်ကကဲ့သို့ (၁၂) လမ်း ကျူးထောင့်မှ ကြဲသေ့လိုင်းကားကို တားရ၍လိုက်ပါခြင်း ဖြစ်ပါသည်။ ထိုသို့သွားရောက်သည့်အခါတိုင်း ကျူးထောင့်နှင့် မျက်နှာချင်းဆိုင်လမ်းမြောက်ဘက်ထောင့်မှ စတိုးဆိုင်တွင် ဆေးလိပ်ဘူး၊ သနပ်ခါး၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ကလစ်၊ ဆံညှပ်၊ ဖဲပြား အစရှိသော မိန်းကလေးအလှပြင် အသုံးအဆောင်တို့ကို ဝင်ရောက် ဝယ်ယူလေ့ရှိပါသည်။ ထိုပစ္စည်းများမှာ လူမိန်းကလေးတစ်ဦး တစ်ယောက်အတွက် မဟုတ်ပါ။ အုန်းတကူးတောင်တော်ပေါ်ရှိ အစ်မတော်အတွက် ဖြစ်ပါသည်။ ဆိုင်ရှင်ကောင်လေးကို ကျွန်တော်မသိပါ။ သို့သော် (၃) ခေါက်မြောက်တွင် ကောင်လေးမှ ၎င်းမှာ ဦးစောဟန်၏သားဖြစ်ကြောင်း ပြောသောအခါမှ ပြန်လည်မှတ်မိသွား၍ စာရေးသူ အုန်းတကူးသို့ သွားရောက်ရသောအကြောင်းများ၊ ရုပ်ရှင်တော်မြတ်ပွင့်ထွန်းတော်မူသောအကြောင်းများကို ပြောပြရာမှ မိတ်ဆွေဟောင်းများ ပြန်လည်ဆုံတွေ့ကြရပြီး ဤယနေ့တိုင် ရွှေကံကူ သာဝကအဖြစ် ခိုင်မြဲနေသော မိသားစုများ ဖြစ်ပါသည်။

ဤနေအိမ်သို့ ဘုရားဖူးလှည့် ပရိသတ်များစွာ လာရောက်ကြပါသည်။ ရုပ်ရှင်တော်မြတ်သည် ဤနေအိမ်မှာလည်း မျက်လုံးတော်ပွင့်တော်မူခြင်း၊ ပြုံးတော်မူခြင်း၊ ရောင်ခြည်တော်ပွင့်တော်မူခြင်း အစရှိသော ထူးခြားမှုတို့ကို ဖူးမြော်ကြရပါသည်။ ပင့်ဆောင်ပူဇော်သူမိသားစုနှင့် ဘုရားဖူးလှည့် ပရိသတ်တို့ ဝမ်းသာကျေနပ် အားရလျက်ရှိကြပါသည်။ ထိုစဉ် ဘုရားဖူးလှည့်သည်များအတွင်းမှ အသက် (၄၀) ဝန်းကျင်ခန့် အမျိုးသမီးတစ်ဦးသည် ၎င်း၏လည်တွင်ဆွဲထားသော ဆွဲကြိုးကိုဖြုတ်၍ ရုပ်ရှင်တော်မြတ်အား လှူဒါန်းလိုကြောင်း ပြောပါသည်။ ထိုအခါ မယ်တော်ကြီးမှ အလှူရှင်အမျိုးသမီးကို အား ယခုအခါတွင် ရုပ်ရှင်တော်မြတ်၌ ရွှေသားအတိပြီးသော အသုံးအဆောင် လှူဖွယ်ဝတ္ထုတို့ ပြည့်စုံလျက်ရှိနေပြီဖြစ်သော်လည်း အနေကထိုင်လိုအပ်လျက်ရှိပါ၍ ဤဆွဲကြိုးကို အနေကထိုင်ပြုလုပ်လျှင် သဘောတူပါမည်လားဟု မေးမြန်းရာ ထိုအမျိုးသမီးကလေးမှ မယ်တော်ကြီးတို့ သဘောဆန္ဒရှိသလို မိမိကျေနပ်နှစ်သက်ပါမည်ဟုဆိုလျှင် မယ်တော်ကြီးသည် အချိန်မဆိုင်းဘဲ အိမ်ရှင်မနွဲ့နွဲ့ရီကို ပန်ထိမ်ဆရာခေါ်ယူစေ၍ ချက်ချင်းလက်ငင်း ချိန်တွယ်အပ်နှံလိုက်ပါသည်။ (ထိုအလှူရှင်သည် ၂၀၁၃ (၄) လပိုင်းတွင် အောင်မြေသို့ရောက်ရှိလာပါသည်။ ထီပေါက်၍ ငွေ (၁) သိန်းကျပ် လာရောက် လှူဒါန်းခြင်း ဖြစ်ပါသည်။ စာရေးသူသည် ဤအမျိုးသမီးကလေးကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးပါ။ ၎င်းမှ မိတ်ဆက်ပြောကြားသောကြောင့် ရွှေအနေကထိုင်အလှူရှင်ဖြစ်ကြောင်းသိရပါသည်။

"ကျွန်မက ဘုရားကြီးနှားနေတာ။ မိအိုဖအိုတွေရှိပါတ်တယ်။ မြေကွက်ဝယ်ရောင်းလုပ်ပါတယ်။ ဒါကြောင့် ဆိုင်ကယ်တစ်စီးနဲ့ သွားလာနေရတာဆိုတော့ ဒီဆွဲကြိုးကို မသမာသူတွေက လုယူမှာတို့၊ ရန်သူမျိုးငါးပါးနှောင့်ယှက်ဖျက်ဆီးမှာတို့ကို စိုးရိမ်မိတယ်။ အဲဒီလိုဖြစ်ပြီး ဆုံးရှုံးသွားခဲ့ရင် ဘာမှရလိုက်မှာမဟုတ်ဘူး။ ဒါကြောင့် ဘုရားကိုလှူမယ်လို့ ဆုံးဖြတ်ပြီး အောင်မြင့်မြတ်နိဗ္ဗာန်ကုန်ဆိုင် မမြင့်မြင့်ဌေးကုတစ်ဆင့် စုံစမ်းမေးမြန်းခဲ့တယ်။ အဲဒီနေ့က (၁၇) လမ်းမှာဆိုလို့ အဲဒီကို လိုက်ပြီး ဆွဲကြိုးလှူခဲ့တာပါ"

ဟု ပြောပါသည်။

ထိုအခါ စာရေးသူလည်း ဤအမျိုးသမီး၏ အမည်၊ နေရပ်လိပ်စာတို့ကို မယ်တော်ကြီးတို့ ရယူထားရှိပြီးဖြစ်ပေမည်။ ဤအမျိုးသမီးသည် ငွေ (၁) သိန်းကျပ် လှူဒါန်းသော်လည်း အမည်၊ နေရပ်လိပ်စာတို့ကို ပြောကြားလိုဟန်မရှိ၍ စာရေးသူလည်း မေးမြန်းလိုက်ခြင်းမရှိပါ။ ဤဆောင်းပါးကို ရေးသားသောအခါမှ မယ်တော်ကြီးထံထိုအလှူရှင်အမည်ကို မေးမြန်းရာ မယ်တော်ကြီးတို့လည်းမသိရှိပါ။ အောင်မြင့်မြတ်မှ မမြင့်မြင့်ဌေးကို မေးကြည့်ပါဟု ပြောပါသည်။ ထို့ကြောင့် စာရေးသူလည်း မမြင့်မြင့်ဌေးကို ဆက်လက်မေးမြန်းပြန်ရာ လူမြင်လျှင်တော့ သိပါသည်။ သို့သော် အမည်နှင့် နေရပ်တို့ကို မသိရှိပါဟု ပြောပြန်ပါသည်။ ထို့ကြောင့် ယခုလက်ရှိ ရွှေကံကူရုပ်ရှင်တော်မြတ် သီတင်းသုံးတော်မူလျက်ရှိသော ရွှေနေကထိုင်အလှူရှင်၏ အမည်ကို မဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။)

ထို့နောက် ၂၁/၂၂-၁၀-၂၀၁၂ နေ့တွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇော်မင်းအောင်၊ တူမလေး မဖြူနွဲ့ ၎င်း၏ခင်ပွန်း သမီးလေးမြင့်မြတ်တို့မှ ကျူးမြောက်ဘက် (၁၁) လမ်း၊ (၁၂) လမ်းကြား၊ (၇၈) × (၇၇) လမ်းကြား ပဘာဒမျက်စိအထူးကုဆေးခန်းမှ ပင့်ဆောင်ပူဇော်ပါသည်။

ဆရာကြီးဦးဇော်မင်းအောင်သည် ၂၀၀၀ ပြည့်နှစ်ခန့်က စာရေးသူတို့၏ မိခင်ကြီးအမေကောင်း၏ မျက်စိဝေဒနာကို ကုသပေးခဲ့ရာမှ စာရေးသူတို့မိသားစုနှင့် ခင်မင်သိကျွမ်းခဲ့ကြရခြင်း ဖြစ်ပါသည်။ ဆရာကြီးသည် မန္တလေးမြို့မှ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံကြီးမှ အငြိမ်းစားယူပြီးသောအခါ ဇာတိဖြစ်သော ရန်ကုန်မြို့ သို့ပြန်လည်သွားရောက်နေထိုင်ခြင်းမပြုတော့ဘဲ မန္တလေးမြို့မှာပင် အခြေချခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကြီးသည် လွန်ခဲ့သော (၃) (၄)နှစ်ခန့်၌ အောင်မြေသို့တစ်ကြိမ်ရောက်ရှိလာပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးလျှင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရန် ပြောကြားထားပြီးဖြစ်ပါသည်။ ပြီးခဲ့သောနှစ်က အောင်မြေသို့ တစ်ဖန် ရောက်ရှိလာပြန်ကာ အဆောက်အအုံဆောက်လုပ်ပြီးစီးပြီဖြစ်ပါ၍ ပင့်ဆောင်ပူဇော်ပွဲပြုပါရန် ထပ်မံလျှောက်ထားခဲ့ကြသူများ ဖြစ်ပါသည်။

ထို့ကြောင့် ယခုကဲ့သို့ ၂၀၁၂ ခုနှစ် မန္တလေးမြို့ ဒေသစာရီခရီးစဉ်တွင် ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုနေ့ညက ဆရာကြီးဦးဇော်မင်းအောင်နှင့် မဖြူတို့၏ ဖိတ်ကြားချက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

စားရေသူလည်း မန္တလေးသို့ သွားရောက်ခဲ့ပါသည်။ လေးထပ်အဆောက်အအုံဖြစ်၍ အဖြူရောင်ကြွေပြားများကပ်ထားပြီး ပါကေးများခင်းထားသည်မှာ ခမ်းနားသည်ဝါလှပါသည်။ စာရေးသူတို့သည် (၈) နာရီခန့်တွင် ရောက်ရှိ သွားခြင်းဖြစ်သော်လည်း ဘုရားဖူးဧည့်ပရိသတ် စည်ကားလျက်ရှိနေပါသေးသည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် ပြီးတော်မူ၍ မျက်လုံးတော်များပွင့်နေတော်မူလျက်ရှိသောကြောင့် ဓာတ်ပုံရိုက်သူတို့ များပြားလျက်ရှိ၍ မယ်တော်ကြီးမှ ရုပ်ရှင်တော်မြတ်အား မထိမိကြစေရန် သတိပေးပြောကြားလျက်ရှိပါသည်။

မကြာမီက ရွာသစ်ကြီးတွင် ဖြစ်ခဲ့သော မောင်သုတကိုကိုလွင် ရိုက်ကူးဖော်ခဲ့သည့် ရုပ်ရှင်တော်မြတ်၏ ယိတော်ပွားနေတော်မူပုံဗီဒီယိုတော်ကြီး ခြိတ်ဆွဲထားရာ ထိုပုံတော်ကြီးကို ဘုရားဖူးဧည့်ပရိသတ်တို့ ဖူးမြော်ကြည်ညိုခွင့်အဖြစ်ဖန်ဆင်းဖြစ်နေကြပြီး ထိုပုံတော်ကြီးကို ဖုန်းကင်မရာများဖြင့် ဓာတ်ပုံရိုက်ကူးလျက်ရှိကြပါသည်။ ထိုပုံတော်ကို အင့်တာနက်တွင်တင်ရန် မန္တလေးမြို့ (၈၃) × (၈၄) လမ်းကြား (၂၂) လမ်း ယု-အော့ဖ်ဆက် (ယခု ၈၄ လမ်း ၃၂ × ၃၁ လမ်းကြားသို့ ပြောင်းရွှေ့) မှ မောင်အောင်ကိုကို (တရုတ်ကြီး)သည်လည်း အများနည်းတူထိုဗီဒီယိုတော်ကြီးကိုပင် ၎င်း၏ ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်ကူးပုံတော်များတွင်ထူးခြားသော ပုံတော်၏ အပေါ်ပိုင်းယာဘက်ဘက် ထိုင်ကိုယ်ထိုးစေတီတော်မော်ပေါက် ရောဘဲပြန်ပါသည်။ ဤနေအိမ်တွင်သည်း ပလ္လင်တော်များစွာလျှဒါန်းပူဇော်ထားရှိသည်ကို ဝမ်းမြောက်ဝမ်းသာအားခေါ် ဆိုဖွယ် တွေ့မြင်ရပါသည်။ စာရေးသူ ရောက်ရှိလာ၍ ဆရာကြီး ဒေါ်မင်းအောင်နှင့် မဖြူတို့လည်း ဆုံတွေ့သော်လျက်ရှိကြပြီး ကျေးဇူးတင်ရှိကြောင်းပြောကြပါသည်။ ထိုည(၉)နာရီ ခန့်တွင် စာရေးသူတို့ စဉ်ကိုင်သို့ ပြန်ခဲ့ကြပါသည်။

၂၃/၂၄-၁၀-၂၀၁၂ ရက်နေ့တွင် မန္တလေးမြို့ (၇၈) လမ်း မျက်ပါးရပ်သာယာမန္တလေးမှ အုပ်ချုပ်ရေးမှူး ဦးခင်အောင်၊ ဒေါ်အေးအေးပြုံး မိသားစုတို့ ရုပ်ရှင်တော်မြတ်အား အနေကဇာတင်ပူဇော်ကြသည်။ ဤနေရာသို့ကြွရောက်တော်မူမည့်သတင်းကို ဆုတောင်းပုံနေ့စဉ်တွင် ဖော်ပြပါရှိထားသဖြင့် ဘုရားဖူးဧည့်ပရိသတ်တို့ အထူးစည်ကားလှုပ်ရှားကြပါသည်။ ဂုဏ်သရေရှိပုဂ္ဂိုလ်များနှင့် မန္တလေးတိုင်းဒေသကြီးရှိ အာဏာပိုင်ပုဂ္ဂိုလ်များပါ လာရောက်ဖူးမြော်ကြပါသည်။ ဤနေရာဤဌာနသို့ စာရေးသူတို့ ညပိုင်းတွင် သွားရောက်ခဲ့ကြ ပါသည်။ အမှန်အတိုင်းဝန်ခံရလျှင် စာရေးသူသည် ဤဟိုတယ်မန္တလေးသို့ တစ်ကြိမ်တစ်ခါမျှ မဝင်ရောက်ဘူးပါ။ အပြင်မှ ဖြတ်သန်းသွားလာရင်း မြင်ဖူးခြင်းသာရှိပါသည်။ ခြံဝင်းတံခါး၊ ပန်းခြံ၊ ကားပါကင်၊ ညှော်ကြိုကောင်တာခန်းမ စသည်တို့မှာ ကြီးကျယ်ခမ်းနားထည်ဝါလှပါသည်။ ရုပ်ရှင်တော်မြတ်ကို အပေါ်ဆုံးထပ်တွင် ပူဇော်ထားရှိခြင်းဖြစ်ပါသည်။ စာရေးသူတို့အား ဟိုတယ်ဝန်ထမ်းလေးတစ်ဦးမှ ဓာတ်လှေကားဖြင့် ခေါ်ဆောင်၍ ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိရာခန်းမသို့ ပို့ဆောင်ပေးပါသည်။

အပေါ်ဆုံးထပ်မှာပင် အတော်အသင့်ကျယ်ဝန်းသောပန်းခြံနှင့်မြက်ခင်းတို့ ဖန်တီးထားရှိရာ မြင့်မားလှသော ထိုနေရာမှ ဘေးဘီနှင့် အောက်ဘက်သို့ ငုံ့ကြည့်လျှင် လျှပ်စစ်မီးရောင်များဖြင့် ထိန်ညီးလျက်ရှိသော မန္တလေးမြို့ ညအလှရှုခင်းမှာ နတ်ဘုံနတ်နန်းကဲ့သို့ ထင်မှတ်ရကာ သာယာလှပလွန်းလှပါသည်။

စာရေးသူတို့ ရောက်ရှိသွားသောအခါ ဦးခင်ဇော်အောင်နှင့် ဒေါ်အေးအေးပြုံးတို့မှ လှိုက်လဲ့ဖော်ရွေစွာ ခရီးဦးကြိုပြုကာ နှုတ်ဆက်ကြပါသည်။ ဒေါ်အေးအေးပြုံးတွင် မောင်နှမ (၇) ယောက်ရှိသည်။ မြန်မာနိုင်ငံတွင် ဒေါ်အေးအေးပြုံးနှင့် အကြီးဆုံးအစ်ကို ကြီးသာ ကျန်ရှိတော့ကြောင်း ပြောပြပါသည်။ ထိုအစ်ကိုကြီးမိသားစုလည်း ဟိုတယ်မန္တလေးတွင် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ရန်အတွက် ရန်ကုန်မြို့မှ ရောက်ရှိ၍နေကြောင်း သိရပါသည်။ စာရေးသူတို့ရှိနေဆဲမှာပင် ဒေါ်အေးအေးပြုံး၏ အစ်ကိုကြီး ဦးဘော်ထင်၊ ဇနီး ဒေါ်တင်တင်ရွှေတို့ ဘုရားခန်းအတွင်းသို့ ဝင်ရောက်လာကြပါသည်။ ဦးဘော်ထင်တို့က ရုပ်ရှင်တော်မြတ်ကို မကိုင်ရတော်၊ စလွယ်တော်တို့ လျှဒါန်းချင်သဖြင့် အဆင်ပြေရာ ပန်းထိမ်နှင့် မိမိတို့ စိတ်တိုင်းကျ အုပ်နှံပါဆို၍ ပန်းတိမ်ဆရာခေါ်လာပြီး အတိုင်းအထွာယူကြမှာဟု မယ်တော်ကြီးမှဆိုပါသည်။

ဦးဘော်ထင်တို့ မိသားစုသည် ရန်ကုန်မြို့နေအိမ်တွင် ပင့်ဆောင်ပူဇော်ရန် ရက်ချိန်းလျှောက်ထားကြပြီး မကိုင်ရတော်၊ စလွယ်တော်တို့ကို ထိုရက်အမီ ပြီးစီးအောင် ပြုလုပ်ပေးပါရန် ပန်းထိမ်ဆရာကြီးကို မှာကြားကြပါသည်။ မယ်တော်ကြီးမှ ဦးဘော်ထင်မိသားစုကို ၁၉/၂၀-၄-၂၀၁၃ နေ့တွင် ရန်ကုန်မြို့ ခရီးစဉ်အတွင်း ပင့်ဆောင်ပူဇော်ခွင့်ရက် ချိန်း စီစဉ်ပေးလိုက်ပါသည်။ (၁၉-၄-၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ်ကို မကိုင်ရတော်၊ စလွယ်တော်တို့ ဦးဘော်ထင်၊ ဒေါ်တင်တင်ရွှေမိသားစုမှ လျှဒါန်းကပ်လှူခဲ့ပြီးဖြစ်ပါသည်။) ဤဆောင်းပါးရေးသားစဉ် (၂၀၁၃-၇လပိုင်း) အထိ ထိုမကိုင်ရတော်၊ စလွယ်တော်တို့ဖြင့် အပူဇော်ခံလျက်ရှိပါသည်။

ဟိုတယ်မန္တလေးတွင် (၂)ရက်တာ အပူဇော်ခံယူတော်မူစဉ် ဦးခင်အောင်ဇော်၊ ဒေါ်အေးအေးပြုံးမိသားစုမှ ကြွရောက်လာသော ဘုရားဖူးဧည့်ပရိသတ်များကို မုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံရာ တစ်နေ့လျှင် မုန့်ဟင်းခါးဖတ်ပိသာခွဲခန့်(၅၀)ကျော်သည်ဟုဆို၍ လာရောက်သောဧည့်ပရိသတ်မည်မျှများပြားကြောင်း တွက်ဆနိုင်မည် ဖြစ်ပါသည်။ ၂၅/၂၆-၁၀-၂၀၁၂ နေ့တွင် အမရပူရမြို့ (၁၀၃) သစ်စက် အရှေ့ဘက် S-K-Wood သစ်အချောထည် စက်ရုံမှ ခင်ပွန်းသည်နှင့် ဒေါ်ခင်မျိုးမြင့်သားသမီးတစ်စုတို့မှနေ၍ ပင့်ဆောင် ပူဇော်ကြပါသည်။ ဤမိသားစုသည် ရန်ကုန်ဇာတိများဖြစ်ကြပြီး ၂၀၀၇ ခုနှစ်တွင် (၁၀၃) သစ်စက် မန္တလေးတိုင်းဒေသကြီး ရောင်း/စက်မန်နေဂျာဖြစ်သူ ဦးထင်အောင်လင်း၊ ဒေါ်ကြည်ကြည်သင်းမိသားစုပင့်ဆောင်ပူဇော်စဉ်ကတည်းက မိမိတို့စက်ရုံသို့လည်း ပင့်ဆောင်ပူဇော်ရန် အဓိဋ္ဌာန်ပြုဆုတောင်းခဲ့ကြရသည်ဟု ဆိုပါသည်။

ဤနေအိမ်တွင်လည်း စက်ရုံဝန်ထမ်းများ၊ ပင့်ဆောင်ပူဇော်သူမိသားစုနှင့် ဝန်ထမ်းမိသားစု၏ ဆွေမျိုးမိတ်သင်္ဂဟများ၊ အနီးဝန်းကျင်မှ သတင်းစကားဖြင့် လာရောက်ကြသူများနှင့် အထူးစည်ကားလှုပ်ရှားကြောင်းသိရပါသည်။

၂၆-၁၀-၂၀၁၂ နေ့တွင် ရုပ်ရှင်တော်မြတ်အား အနေကဇာတင်ပူဇော်ရာ၌ ကမ္ဘာကျော် နိုင်ငံကျော် ပုသိမ်ကြီးမှ အတုလမြကျောက်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူ၏။ မြကျောက်ဆရာတော်ဘုရားကြီးသည် ရုပ်ရှင်တော်မြတ်အား အနေကဇာတင်ပူဇော်ပြီးသော

www.burmeseclassic.com

www.burmeseclassic.com

အခါ ရုပ်ရှင်တော်မြတ်ကို အကြောင်းပြု၍ ဤကဲ့သို့ မိန့်ကြားတော်မူပါသည်။ ဤလောကတွင် ဗုဒ္ဓဘုရားရှင်တို့၏ တန်ခိုးတော်တို့သည် လူတို့၏ လူတို့၏ စိတ်ကူးနှင့် ကြံစည်တွေးတောခြင်းမရအောင်၊ လူတို့၏ဉာဏ်ဖြင့် လိုက်၍မမီလောက်အောင် ထူးခြားဆန်းပြားအံ့မခန်းဖွယ်ပင် ဖြစ်ပါသည်။ ထိုအကြောင်းများကို ကြုံတွေ့ဖူးသူတို့မှ ပြောပြလျှင် ဗုဒ္ဓအပေါ် ယုံကြည်သက်ဝင်မှုနည်းပါးသူတို့အဖို့ ယုံတမ်းစကားလော၊ ပုံပြင်လောဟု ထင်မှတ်ကြပေလိမ့်မည်။ တကယ်တော့ အဖြစ်မှန်များသာ။ သို့သော် ကိုယ်တိုင်ကြုံတွေ့ရန်လည်း ခဲယဉ်းပြီး ကြုံတွေ့ရသူတို့မှာလည်း ကံထူးသူများသာဖြစ်၍ အရေအတွက်အားဖြင့် နည်းပါးလွန်းသောကြောင့်လည်းဖြစ်သည်ဟု မိန့်ကြားတော်မူပါသည်။

အထက်ပါခရီးစဉ်တစ်လျှောက်လုံးတွင် အန်တီအေးနှင့် မယ်တော်ကြီးတို့ လိုက်ပါခြင်းဖြစ်၍ သစ်အချောထည် စက်ရုံပြီးလျှင် စာရေးသူနှင့် မယ်တော်ကြီးတို့ လူချင်းလဲလှယ်ရမည် ဖြစ်ပါသည်။ ထိုနေ့(၁၁)ရာခရီခန့်တွင် ကလေးမြို့သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခဲ့သူ ဆရာမကြီး ဒေါ်ခင်အုန်းမြင့်ရောက်ရှိ၍လာပါသည်။ ဆရာမကြီးသည် ၎င်း၏ မတ်တော်စပ်သူ မန္တလေးတိုင်းဒေသကြီး လွတ်တော်တရားရေးဒုဝန်ကြီး ဦးကြည်သိန်းအောင် ပင့်ဆောင်ပူဇော်စဉ်က အစစအရာရာ စီစဉ်ဆောင်ရွက်ပေးခဲ့သူဖြစ်၍ ယခုလည်း တရားရေးဒုဝန်ကြီးတစ်ဦးဖြစ်သူ ဒေါ်လေးလေးမွန်မှ ပင့်ဆောင် ပူဇော်ရာတွင်လည်း လိုက်ပါကူညီဆောင်ရွက်ရပြန်၍ စာရေးသူအား လာရောက် ခေါ်ဆောင်ခြင်း ဖြစ်ပါသည်။

မကြာမီ စာရေးသူတို့လည်း စဉ့်ကိုင်မြို့မှထွက်ခွာခဲ့ကြပါသည်။ ၁၀၃ သစ်စက်အနီးဟုသာ အကြမ်းဖျင်းလိပ်စာသိရှိထားခြင်းဖြစ်ရာ တကယ်တမ်းမှာ (၁၀၃) သစ်စက်နှင့် အတော်ပင်ကွာဝေးပြီး မရောက်ဘူးသောနေရာဖြစ်၍ ရှာဖွေရသည်မှာ မလွယ်ကူပါ။ နောက်ဆုံးတွင် အိမ်ရှင်မှ ဝန်ထမ်းတစ်ဦးကို လာရောက်ကြိုဆိုစေသဖြင့် အဆင်ပြေသွားပါသည်။ ပုဂ္ဂလိကစက်ရုံဟုဆိုသော်လည်း စက်ရုံဝင်ကြီးမှာ ကျယ်ဝန်းလှပြီး စက်ရုံအဆောက်အအုံကြီးများမှာလည်း ကြီးမားလှပါသည်။ စာရေးသူတို့ရောက်ရှိသွားသောအခါ မယ်တော်ကြီးမှ လျှပ်ဒါန်းသမ္မာအစုစုတို့အတွက် ရေစက်ချ၍ နေပြီဖြစ်ပါသည်။ ဤစက်ရုံတွင်လည်း ဟိုတယ်မန္တလေးမှာကဲ့သို့ ခုနစ်ရက်သားသမီးတို့လျှပ်ဒါန်းထားရှိသော ပလ္လင်တော်များစွာကို တွေ့ရှိရပါသည်။ စက်ရုံပိုင်ရှင် အမျိုးသားကြီးမှာ အသားဖြူဖြူ ပိန်ပိန်ရှည်ရှည် မျက်နှာသွယ်သွယ်ဖြင့် ဥပဓိရုပ်ကောင်းမွန်လှပြီး ဒေါ်ခင်မျိုးမြင့်မှာလည်း ချောမောခဲ့ညားလှပါသည်။ ၎င်းတို့၏ သမီးကလေးတစ်ဦးမှာ စာရေးသူ၏ဆေးသိဒ္ဓိသစ္စာရေဖြင့် ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းထူးခဲ့ဖူး၍ ယခု ကြုံကြိုက်တုန်း ကုသမှုခံယူလိုပါသေးကြောင်း ပြောကြားသဖြင့် စာရေးသူမှ ကုသပေးခဲ့ရပါသေးသည်။

ခဏအကြာတွင် တရားရေး ဒုဝန်ကြီး ဒေါ်လေးလေးမွန်လည်း တပည့်မိသားစုနှင့် ရောက်ရှိ၍လာပါသည်။ ဒေါ်လေးလေးမွန်သည် စာရေးသူအား ကောင်းစွာမသိရှိ၍ အကျိုးအဖြူးလက်ရှည်၊ ယောလုံချည်အနက်ဝတ်ဆင်ထားသော စက်ရုံပိုင်ရှင်ကို ဘုရားဒါယကာဟု ထင်မှတ်မိကြောင်း ပြောပြပါသည်။ ပစ္စည်းများအားလုံး တင်ဆောင်ပြီးသော အခါ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်၍ စာရေးသူတို့ S-K-Wood သစ်အချောထည် စက်ရုံမှ ထွက်ခွာခဲ့ကြပါသည်။ အန်တီအေးနှင့် မယ်တော်ကြီးတို့သည်လည်း ဤစက်ရုံမိသားစုမှ စဉ့်ကိုင်သို့ ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

ဒေါ်လေးလေးမွန်၏ နေအိမ်တိုက်ခန်းသည်လည်း ယခင်တစ်ကြိမ် ပင့်ဆောင်ပူဇော်ခဲ့ဖူးသော တရားရေးရိပ်သာအတွင်းမှာပင် ဖြစ်ပါသည်။ အဝင်စ တိုက်ကြီး၏အလယ်ခန်းအပေါ်ထပ် ဖြစ်ပါသည်။ ဤနေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်အား တီဝီကင်မရာဖြင့် ချိတ်ဆက်ထားရှိ၍ မျက်နှာတော်ပြောင်းလဲတော်မူခြင်းနှင့်မျက်လုံးတော်ဝွင့်တော်မူခြင်းတို့ကို ထင်ရှားပြတ်သားစွာ မြင်ကြည့်ညှိကြရ၍ အိမ်ရှင်မိသားစုနှင့် ဧည့်ပရိသတ်တို့မှာ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြပါသည်။

ဤနေအိမ်တွင်လည်း ပလ္လင်တော်လျှပ်ဒါန်းသူတို့များပြားလှပါသည်။ စာရေးသူထံ ဆေးသိဒ္ဓိသစ္စာရေဖြင့် ဆေးကုသခံယူသူတို့လည်း များပြားပါသည်။ ဒေါ်လေးလေးမွန်တို့သည် ညောင်လေးပင်ဇာတိများဟုသိရပြီး ဒေါ်လေးလေးမွန်၏ခင်ပွန်းမှာ ဇာတိရွာမှာပင် လယ်ယာလုပ်ငန်းလုပ်ကိုင်လျက် နေထိုင်လျက်ရှိကာ ယခု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခြင်းကြောင့်လာရောက်ခြင်းဖြစ်ကြောင်း သိရပါသည်။

စာရေးသူမှ ဒေါ်လေးလေးမွန်အား ညောင်လေးပင်ဇာတိဖြစ်သော ကျော်ဂက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးထွန်း၊ ဇနီး ဒေါ်စန်းရင်မိသားစုတို့လည်း ရုပ်ရှင်တော်မြတ်အား ၂၀၀၅ ခုနှစ်က ပင့်ဆောင်ပူဇော်ဖူးကြောင်း ပြောပြသောအခါ ဒေါ်လေးလေးမွန်သည် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဒိုလ်ချုပ်ကြီးရဲမြင့် (ယခု-မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်မဟုတ်ပါ)နှင့် ဒုတိယရဲမှူးကြီးအေးထွန်းညီအစ်ကိုတို့နှင့် တစ်ကျောင်းတည်းအတူနေခဲ့ကြသူ အသိမိတ်ဆွေများဖြစ်သည်ဟု ပြောပြပါသည်။

စာရေးသူသည် ပိဋကတ်ကျမ်းတော်များကိုပူဇော်ရွတ်ဖတ်လျက်နေခဲ့ဖြစ်၍ ယခုလည်း ဖတ်လက်စ ကျမ်းစာအုပ်ကို ယူဆောင်လာခဲ့ပြီး စာရေးသူအတွက် ပြင်ဆင်ထားရှိသော အခန်းအတွင်း၌နားနေရင်း ရွတ်ဖတ်ပူဇော်ပါသည်။ တကယ်တော့ စာရေးသူသည် စဉ့်ကိုင်မြို့အောင်မြေတွင် ပိဋကတ်တော်များကို ပူဇော်ရသည်မှာ ခရီးတွင်ကျယ်မှုမရှိပါ။ အောင်မြေတွင် ဘုရားဝေယျာဝစ္စ (ရုပ်ရှင်တော်မြတ်ဒေသစာရီကြွမြန်းတော်မူလျက်ရှိသော်လည်း သန့်ရှင်းရေးနှင့်တကွ ဆွမ်း၊ ပန်း၊ ရေချမ်းသစ်သီးတင်လျှူပူဇော်မှုတို့ကို ဝတ်မပျက်ဆောင်ရွက်ကြရပါသည်။) အိမ်ဇာဟိရဘုရားဖူးခေါ်သည်၊ ဆေးကုသခံယူသူအခြားအကြောင်းအရာကိစ္စများအတွက် အကူအညီ တောင်းခံကြသူတို့အပြင် ရုပ်ရှင်တော်မြတ်၏ သမိုင်းစဉ်နှင့် ဝတ္ထုများ ရေးသားရခြင်း စသည်တို့ကြောင့် ပိဋကတ်ပူဇော်မှုအတွက် အချိန်လုံလောက်မှုမရှိဘဲဖြစ်ရပါသည်။ ယခုကဲ့သို့ ဒေသစာရီခရီးစဉ်တွင် လိုက်ပါသော အခါတွင်မူ ထိုကဲ့သို့သော ဇာတိရပ်မရှိတော့ပြီဖြစ်၍ ပိဋကတ်တော် ပူဇော်ချိန်များစွာရရှိ၍ အဆင်ပြေလှပါသည်။

ပင့်ဆောင်ပူဇော်ရာ နေအိမ်သို့ ရောက်ရှိသည်နှင့် ရုပ်ရှင်တော်မြတ်နှင့်တကွ ရဟန္တာများ၊ နတ်မင်းကြီးများနှင့် အခြံအရံများကိုနေရာချထားမည်။ များ၊ ပန်းများလှူဒါန်းမည်။ ထို့နောက် အိမ်ရှင်များကို နှုတ်ဆက်စကားပြောကြားမည်။ ပြီးလျှင် မိမိအခန်းသို့ပင်

www.burmeseclassic.com

www.burmeseclassic.com

ရောက်နိုင်မည်ဖြစ်၍ တရားစာများရွတ်ဖတ်နိုင်မည် ဖြစ်ပါသည်။ ဘိုးဘေးဘီဘင်များ ဆွမ်းကပ်ခဲ့ခြင်းတွင် ဆွမ်းကပ်ခဲ့ပါမည်။ ဘိုးဘေးဘီဘင်များ ရေချိုး၊ ထမင်းစားမည်။ ဘိုးဘေးဘီဘင်များ မိမိအခန်းသို့ ပြန်လည်ဝင်ရောက်ပြီး ပိဋကတ်တော်များကို ပူဇော်နိုင်မည် ဖြစ်ပါသည်။ စာရေးသူ၏ ဝေယျာဝစ္စများကို အိမ်ရှင်များမှ ပါရမီဖြည့်ဆောင်ရွက်ပေးသကဲ့သို့ဖြစ်နေ၍ စာရေးသူတွင် အဆင်ပြေလုပါသည်။ စာရေးသူ၏ ဝေယျာဝစ္စများကို အိမ်ရှင်များမှ ပါရမီဖြည့်ဆောင်ရွက်ပေးသကဲ့သို့ဖြစ်နေ၍ စာရေးသူတွင် အဆင်ပြေလုပါသည်။ စာရေးသူ၏နေအိမ်တွင်ဆိုပါစို့ ထမင်း၊ ဟင်းကို သာဝကများမှပေးပို့၍ ချက်ပြုတ်ရေးတာဝန်အေးသော်သည်း ရေနွေးတည်၊ ဆူးခပ်၊ ဆေးကြောသည်တို့ကို လုပ်ဆောင်ရသေးသော်သည်း ရုပ်ရှင်တော်မြတ်နှင့်အတူ လိုက်ပါလျှင် ထိုကိစ္စတို့အားလုံးငြိမ်း၍ သက်သောင့်သက်သာနားနေနေဖြင့် ပိဋကတ်တော်များကို ပူဇော်နိုင်ခွင့်ရရှိခြင်း ဖြစ်ပါသည်။

ဒေါ်လေးလေးမွန်တို့၏ နေအိမ်တွင် ပိဋကတ်တော်ကို စာမျက်နှာများစွာ ပူဇော်ပြီးမြောက်ခဲ့ပါသည်။ ဤနေအိမ်တွင်လည်း ပလ္လင်တော်လျှောခါနီးသူတို့ များပြားပါသည်။

ညပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းတော်မူရာ တရားရေးဒုဝန်ကြီး (မန္တလေးဦးဒေသကြီး) ဦးကြည်သိန်းအောင်သားစုနှင့် အခြားမိသားစုအပါအဝင် တရားရေးကဏ္ဍပါဝင်ခံုသုံးစီးဖြင့် ပြန်လည် ပင့်ဆောင်ပေးပို့ပါသည်။ စာရေးသူသည် ဦးကြည်သိန်းအောင်သားစုနှင့် နောက်ဆုံးကားမှ လိုက်ပါ၍ ရုပ်ရှင်တော်မြတ်၏ ဘုန်းတန်ခိုးကြောင့် စာရေးသူတို့၏ မူလဘဝအခြေအနေနှင့် မည်သို့မျှမရရှိနိုင်သော အနေအထားကိုတွေးမိကာ ရုပ်ရှင်တော်မြတ်၏ ကျေးဇူးတော်တို့ကို ဦးခိုက်၍ ကန်တော့နိုင်အောင်ရှိမိပါသည်။ အရာရှိကြီးများ သွေ့ဒေါ့သွကြွယ်ကြီးများသည် စာရေးသူတို့ကို ၎င်းတို့၏ နေအိမ်သို့ဖိတ်ခေါ်၍ လိုလေသေးမရှိ ဧည့်ခံကျေးမွေးပြုစုကြသည်။ နေအိမ်သို့ ၎င်းတို့ကိုယ်တိုင်လိုက်ပါ၍ စာရေးသူတို့အား ကားရှေ့ခန်းမှထိုင်စေကာ လိုက်ပါပို့ဆောင်ပေးခြင်းခံရသည်မှာ စိတ်ကူးယဉ်အိုပ်မက်ထက်ပင် ခန့်ကြွယ်လွန်းလှပါသည်။

စဉ့်ကိုင်မြို့အောင်မြေသို့ ရောက်ရှိသောအခါမှ စာရေးသူကိုယ်စား မယ်တော်ကြီးမှ ဒေါ်လေးလေးမွန်မိသားစု၏ ပင့်ဆောင်ပူဇော်ခြင်းနှင့် လျှုဒါန်းသမ္မအစုစုတို့အတွက် ရေစက်သွန်းချအမျှဝေပေးပါသည်။ ထို့နောက် လိုက်ပါပို့ဆောင်သူမိသားစုတို့ အောင်မြေမှ ပြန်လည် ထွက်ခွာသွားကြပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် ၂၈/၂၉/၃၀-၁၀-၂၀၁၂ နေ့များတွင် ရန်ကုန်မြို့သို့ လည်းကောင်း၊ ၃၁-၁၀-၂၀၁၂မှ ၂-၁၁-၂၀၁၂အထိ ပျော်ဘွယ်မြို့သို့ လည်းကောင်း၊ ၃-၁၁-၂၀၁၂မှ ၅-၁၁-၂၀၁၂အထိ မြင်းခြံမြို့သို့လည်းကောင်း ကြွမြန်းတော်မူပြီး ၆-၁၁-၂၀၁၂ နေ့တွင် အောင်မြေသို့ ပြန်လည်ကြွမြန်းတော်မူကာ ၇-၁၁-၂၀၁၂ နေ့မှစတင်၍ နေပြည်တော်၊ သံတွဲ၊ ရန်ကုန်၊ ပုသိမ်၊ မြောင်းမြ၊ ပြည်၊ မကွေး၊ ညောင်ဦး၊ ပခုက္ကူ အစရှိသောမြို့များသို့ ဆက်တိုက်ကြွမြန်းတော်မူခဲ့ရာ ၁၇-၅-၂၀၁၃ နေ့တွင်မှ စဉ့်ကိုင်မြို့အောင်မြေသို့ ပြန်လည် ကြွမြန်းတော်မူခဲ့ပါသည်။ ဤခရီးစဉ်သည်ကား (၆) လနှင့် (၁၀) ရက်ကြာမြင့်သော ဒေသစာရီခရီးစဉ် ဖြစ်ပါသည်။ ထိုရက်မတိုင်မီက ၁၃-၁၄-၁၅ ရက်နေ့များတွင် မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ရောက်မည်ဟု ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှမုန်တိုင်းသတိပေးနှိုးဆော်ချက်များ မပြတ်တမ်း ထုတ်လွှင့်လျက်ရှိ၍ လူအများတို့ စိုးရိမ်ထိတ်လန့်လျက်ရှိပါသည်။ (၁၇) ရက်နေ့တွင် လေဆိပ်သို့ ရုပ်ရှင်တော်မြတ်အား ကြိုဆိုပင့်ဆောင်ရန်အတွက် မန္တလေးမြို့နှန်းတွင်း ၁၂၁ ထောက်/ပို့တပ်မှ အစိုက်ကြီး ဦးမောဝ်မောင်၏သမက် မော်တော်ယာဉ်တပ်မှူး ဗိုလ်မှူးထွန်းထွန်းလွင်အား ကြိုတင်ပြောကြားထားရာ ဗိုလ်မှူးသည် မုန်တိုင်းဘေးကယ်ဆယ်ရေး လုပ်ငန်းအတွက် အချိန်ပြည့် အဆင်သင့်အနေအထား တာဝန်ကျရောက်နေ၍ လာရောက်ကြိုဆိုနိုင်မည်မဟုတ်ကြောင်း ၁၅ ရက်နေ့တွင် အကြောင်းပြန်ကြားသော်လည်း ထူးဆန်းအံ့ဩဖွယ် မုန်တိုင်းသည် လမ်းကြောင်းပြောင်းလဲရွေ့လျားသွား၍ ၁၆ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား ကြိုဆိုပင့်ဆောင်ပေးနိုင်ပြီဖြစ်ကြောင်း ဖုန်းဖြင့် ပြောကြားပါသည်။

ထိုနေ့ နံနက် (၈) နာရီခန့်တွင် အစ်ကိုကြီးဦးမောင်မောင်နှင့် ဗိုလ်မှူးထွန်းထွန်းလွင်တို့ ရောက်ရှိလာပါသည်။ စာရေးသူ၏ အစ်ကိုတစ်ဦးဖြစ်သော ကိုဝင်းကိုနှင့် ဇမ္ဗူထိပ်တင်ဆိုင်ကယ် ဝပ်ရွှေ့မှ တပည့်လေး အောင် ၃လင်းတို့က ကျစ်ကားဖြင့် လိုက်ပါကြပါသည်။

ရုပ်ရှင်တော်မြတ်သည် လေယာဉ်ဖြင့် ကြိမ်ဖန်များစွာ ဒေသစာရီခရီးများကြွမြန်းတော်မူခဲ့ပြီဖြစ်ခြင်း၊ လေဆိပ်လုံခြုံရေးတာဝန်ကျနေသော CID ခဲအုပ်ကိုသက်နောင်၊ ဒု-ခဲအုပ်ကိုမိုးမြင့်သိန်းတို့သည် ရွှေကံကူသာဝကဖြစ်ကြခြင်း၊ လေကြောင်းလိုင်းအခြို့မှအရာရှိကြီးများသည် ရုပ်ရှင်တော်မြတ်အား ကိုးကွယ်ယုံကြည်သူများဖြစ်ကြခြင်း၊ ပင့်ဆောင်ပူဇော်ရန်လာရောက်ကြသူများတွင် ဗိုလ်မှူးတစ်ဦးပါရှိခြင်းတို့ကြောင့် စာရေးသူထို့အား ကောင်းမွန်စွာ နေရာပေး၍ ကြိုဆိုကြပါသည်။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ဟု ဆိုရပါမည်။ CID လေကြောင်းထိန်းသိမ်းရေးရဲတပ်ဖွဲ့အရာရှိအရာရှိသူများက ရုပ်ရှင်တော်မြတ်ကိုကြို ဆိုပင့်ဆောင်ပေးကြ၍ အဆင်ပြေလုပါသည်။ လေဆိပ်ထိန်းသိမ်းရေးတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီးမှ ၎င်း၏ရုံးခန်းတွင် ခေတ္တ အပူဇော်ခံပါသေးသည်။ ဤရက်ပိုင်းများတွင် လေယာဉ်ခရီးစဉ်လိုင်းများကျပ်နေ၍ လေယာဉ်လက်မှတ်များ ဝယ်ယူရန် ခက်ခဲနေပါသည်။ သို့သော် မယ်တော်ကြီး၏ သာဝက လေကြောင်းအရာရှိ တစ်ဦးမှ စီစဉ်ပေး၍ လက်မှတ်ရရှိခဲ့ပါသည်။ မန္တလေးလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်ပြီးမှ လေယာဉ်လက်မှတ်ဖိုးရှင်းရပါသည်။ လေယာဉ်လက်မှတ်အကြွေးဖြစ်လာသော်ပုံစံဖြစ်နေ၍ ထိုကိစ္စမျိုးမရှိဘူးသောကြောင့် ငွေလက်ခံသောကောင်တာစာရေးမလေးများပင် အံ့သြ၍နေကြပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် လေဆိပ်မှ အောင်မြေသို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။ အောင်မြေတွင် ၂၁ ရက်နေ့အထိ (၄) ရက်တိုင်တိုင် သီတင်းသုံးစပယ်တော်မူပါသည်။ ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့သို့ ဒေသစာရီခရီးရှည်ထွက်ကြွတော်မူစဉ်အတောအတွင်း စာရေးသူတို့သည် ရုပ်ရှင်တော်မြတ်သီတင်းသုံးစပယ်တော်မူရာ စာရေးသူတို့၏ မူလနေအိမ်ကို မွမ်းမံ ပြုပြင်ထားသော ကျောင်းတော်ကို ထိုနေရာမှ ဖယ်ရှားလိုက်ပြီး ထိုကျောင်းတော်မှ ပစ္စည်းများကို အသုံးပြု၍ နောက်ဖေးအုတ်ဟိတ်တိုင်းတွင်ကပ်၍ နှစ်ထပ်ကျောင်းတစ်ဆောင် ဆောက်လိုက်ပါသည်။ ဤ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆောင်သည် ရုပ်ရှင်တော်မြတ်ထာဝစဉ် သီတင်းသုံး စံပယ်တော်မူရန် အတွက် မဟုတ်သေးပါ။ ယခု ဖယ်ရှား လိုက်သောမူလနေရာမှာပင် ကျောင်း ဆောင်တော်ကြီး ထပ်မံဆောက်လုပ်ဦး မည် ဖြစ်ပါသည်။ ထိုကျောင်းတော်ကြီး ဆောက်လုပ်ဆဲကာလတွင် ရုပ်ရှင်တော် မြတ် သီတင်းသုံး စံပယ်တော်မူရန်နှင့် နောင်တစ်ချိန် ကျောင်းတော်ကြီးပြီးစီး သွားလျှင် (၉) ရက်၊ (၉) လ ရွှေကံတူ ဝုဒ္ဓပူဇနီယပွဲတော်ရက်တွင် ညအိပ်လာ ရောက်ကြသောရွှေကံတူသာဝကအရင်း အချာများ တည်းခိုရန်အတွက်လည်း ရည်ရွယ်ထားရှိခြင်းလည်း ဖြစ်ပါသည်။

ယခုနှစ် ၂၀၁၃ (၉) ရက်၊ (၉)လ ဝုဒ္ဓပူဇနီယပွဲတော်ပြီးစီး၍ (၁၂) လပိုင်း၌ ရုပ်ရှင်တော်မြတ် မြန်မာပြည်အောက် ပိုင်းသို့ ဒေသစာရီ ရက်ရှည်ခရီး ကြွမြန်း တော်မူလျှင် ရုပ်ရှင်တော်မြတ် သီတင်း သုံးစံပယ်တော်မူရန် ကျောင်းဆောင် တော်ကြီးကို ဆောက်လုပ်တော့မည်ဖြစ် ပါသည်။

ယခု လက်ရှိ ပြီးစီးခဲ့ပြီးသော ကျောင်းတော်ကြီးကို ၃-၁၂-၂၀၁၂ နေ့ တွင်မှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ မယ်တော်ကြီးကို အောင်မြေမှ ထွက်ခွာ စဉ်က မူလအတိုင်းသာရှိခဲ့သေး၍ မယ် တော်ကြီးတို့ပြန်လည်ရောက်ရှိလာသော အခါ မူလကျောင်းဆောင် ကွယ်ပျောက် သွားပြီး နှစ်ထပ်ကျောင်းဆောင်အသစ် ကြီးပေါ် ပေါက်လျက်ရှိရာ မယ်တော်ကြီး တို့မှာ အမြင်ဆန်းသစ်လျက် အံ့သြမဆုံး ဖြစ်ကြရပါသည်။မယ်တော်ကြီးတို့ရောက် ရှိလာသောအခါ ထိုနေ့ညနေတွင် ခေတ်ဆန်သူစားဥယျာဉ်မှမပေါင်းပေါင်း ရောက်ရှိနေပါသည်။ ထိုအချိန်က စဉ့်ကိုင်၊ မန္တလေးတစ်ဝိုက်တွင် မိုးခေါင် ပြီး အပူရှိန်ပြင်းထန်လျက်ရှိချိန် ဖြစ်ပါ သည်။ ရုပ်ရှင်တော်မြတ်မကြွရောက်လာ မီရက်များတွင်မှ မိုးများသဲသဲမဲမဲရွာချ ထားသဖြင့် အပူရှိန်သက်သာလျက်ရှိ သော်လည်း နေဝင်ချိန်တွင် မီးရောင်ရှိ ရာသို့ ပလူနှင့်ပုရွက်ဆိတ်တို့လာရောက်ကြ သဖြင့် စာရေးသူသည် အတွင်းမီးများကို ပိတ်ထားလိုက်ပါသည်။ သို့သော် အတွင်းတွင် ပိန်းပိတ်အောင်မမှောင်ပါ။ မှန်ပြတင်းနှင့် ဖန်ဘလောက်တုံးများမှ အလင်းရောင်များဝင်ရောက်လျက်ရှိ၍ မြင်မြင်ထင်ထင် သွားလာနိုင်ပါသည်။

ထိုအချိန်တွင် စဉ့်ကိုင်မြို့၏ အရှေ့ဘက် (၁) မိုင်ခန့်သာ ကွာဝေး သော စံပြရွာတွင်နေထိုင်သည့် ကိုဝင်းကို ရောက်ရှိလာသဖြင့် ကိုဝင်းကို၏ ဆိုင်ကယ်နှင့် ကိုစိုးအောင်၏ ဆံပင်ညှပ် ဆိုင်ကို လိုက်ပို့စေပါသည်။ ကိုစိုးအောင် သည် စာရေးသူ၏ဆံပင်ကို ထာဝစဉ် အခမဲ့ညှပ်၍ ကုသိုလ်ယူလျက်ရှိသူ ဖြစ် ပါသည်။ စာရေးသူသည် ငယ်ရွယ်စဉ် အခါများတွေ့ ဆံပင်ညှပ်ဆိုင်တွင် ဆံပင်ညှပ်သော်လည်း အသက်(၁၅)နှစ်၊ (၁၆) နှစ်ခန့် နောက်ပိုင်းတွင် စိတ်မှ အလိုလိုဖြစ်ပေါ် သောဆန္ဒအရ ဆံပင် ညှပ်ဆိုင်တွင် ဆံပင်မညှပ်လိုတော့ပါ။ ထို့ကြောင့် အဖေမှ ညှပ်ပေးပါသည်။ ထို့နောက် မယ်တော်ကြီးမှ ညှပ်ပေးပါ သည်။ လွန်ခဲ့သော (၅) နှစ် နောက်ပိုင်း တွင် မယ်တော်ကြီးတို့သည် ဒေသစာရီ ခရီး တစ်ခါကြွလျှင် (၅) လခန့်အထိ ကြာမြင့်လေ့ရှိရာ စာရေးသူလည်း မယ် တော်ကြီးအားစောင့်၍မရနိုင်ပြီ။ ဆံပင် တို့ရှည်လာပြီဖြစ်၍ ကိုစိုးအောင်၏ဆံပင် ညှပ်ဆိုင်သို့ထပဆုံးအကြိမ်သွားရောက် ခဲ့ရာ ကိုစိုးအောင်သည် စာရေးသူအား ဆံပင်ညှပ်ပေးပြီးသောအခါ၌ -

ဆရာ - ကျွန်တော့်ကို ကုသိုလ် ယူခွင့်ပြုပါ။ နောင်လည်းအမြဲလာပါ။ မလာနိုင်ရင်လည်း ကျွန်တော့်ကို ဖုန်း ဆက်ပါ။ ကျွန်တော်လာခဲ့ပါမယ်"

ဟု ပြောကြားခဲ့ပါသည်။ ထို အချိန်မှစ၍ ဤယနေ့တိုင် ကိုစိုးအောင် မှ စာရေးသူကိုဆံပင်ညှပ်ပေးခဲ့ပါသည်။

ကိုစိုးအောင် ဆံပင်ညှပ်ဆိုင်မှ အပြန်တွင် မယ်တော်ကြီးထံမှ လည်း ကောင်း၊ မပေါင်းပေါင်းထံမှ လည်း ကောင်း ဖုန်းခေါ် ဆိုထားမှုများ ဆက် တိုက် တွေ့ရပါသည်။ (စဉ့်ကိုင်မြို့သည် GSM ဖုန်းများ လိုင်းကျပ်ပြီးခေါ် ရခက် ပါသည်။) ထို့ကြောင့် မည်သည့် အကြောင်းကိစ္စရှိပါသနည်း။ စိတ်ပူမိ၍ လက်ဖက်ရည်ဆိုင်သို့ မသွားတော့ဘဲ အိမ်သို့တန်းပြန်ခဲ့ပါသည်။အိမ်သို့ရောက် သောအခါ မယ်တော်ကြီးသည် လှေကား ပေါ်မှ ခြော်ကျ၍ ခြေထောက်နာလျက်ရှိ ကြောင်းသိရ၏။ ဖြစ်ပုံမှာ ပေါင်းပေါင်း က သူ့ဆိုင်သို့ပြန်တော့မည်ဖြစ်၍ အပေါ် ထပ်သို့တက်၍ ဘုရားကန်တော့ရာ မယ်တော်ကြီးကပါ တက်လိုက်သွားပြီး စကားတပြောပြောနှင့် လှေကားမှပြန် ဆင်းလာကြသောအခါ အတွင်းမီးများ ပိတ်ထား၍ အလင်းရောင်အားနည်းနေ သောကြောင့် မယ်တော်ကြီးသည် လှေ ကားထစ်ကို ကျော်နင်းလိုက်ခြင်း ဖြစ် ကြောင်း သိရပါသည်။

ထို့ကြောင့် အောင်နေလင်း၏ ကျစ်ကားဖြင့် ကိုဝင်းကို၊ စာရေးသူနှင့် မပေါင်းပေါင်းတို့ လိုက်ပါ၍ ကျောက် ဆည်မြို့ သုခချမ်းသာတိုယ်ပိုဖ်ဆေးရုံ သို့ သွားရောက်ပြသ၍ ဓာတ်မှန်ရိုက်ကူး စစ်ဆေးကြည့်ရှုရာ ခြေသန်းအထက် ခြေဖမိုးအတွင်း၌ အရိုးတစ်ချောင်းအက် သွားသည်ဟု သိရပါသည်။ ဆေးရုံမှ ကျောက်ပတ်တီးစည်းပေးလိုက်ပြီး (၁)လ ပြည့်သောနေ့တွင် ကျောက်ပတ်တီးဖြေ ရမည်ဟု မှာကြားလိုက်ပါသည်။ ထိုသို့ ကျောက်ပတ်တီးဖြေသောအခါ ဤဆေးရုံ သို့ ပြန်လည် လာရောက်ရမည်ဟု မဆို လိုပါ။ ကြုံကြိုက်သော ဆေးရုံ၊ ဆေးခန်း တို့တွင်ဖြေနိုင်သည်ဟု မှာကြားလိုက်ပါ သည်။

၂၂-၅-၂၀၁၃ နေ့တွင် ရုပ်ရှင် တော်မြတ်သည် ဒေသစာရီ ပြန်လည် ကြွမြန်းတော်မူမည်ဖြစ်ရာ ထိုခရီးစဉ် တွင် မယ်တော်ကြီးနှင့် အနီတီအေး လိုက်ပါရန် စီစဉ်ထားပြီးဖြစ်သော်လည်း မယ်တော်ကြီးတွင် ခြေထောက်ဒဏ်ရာ ရရှိသွားသောကြောင့် စာရေးသူလိုက်ပါ ရန် အကြောင်းဖြစ်ပေါ် လာခဲ့သည်။

၂၂-၅-၂၀၁၃ နေ့တွင် မန္တလေး မြို့ ကျွဲဆည်ကန်ရပ်ကွက် (၁၁) လမ်း၊ လမ်းသွယ် (၂)၊ အိမ်အမှတ် (၇၅) နေ ကိုသိန်းလင်း၊ မခင်စုမာ သား မောင် ယဿတို့မှ ပင့်ဆောင်ပူဇော်ပါသည်။ ပထမဆုံး စတင်ကြွရောက်သောနေ့တွင် ဘုရားဖူးစည့်ပရိသတ်အနည်းငယ်သာ လာရောက်ပါသည်။ ၂၃-၅-၂၀၁၃ နေ့ တွင်မှ ဧည့်ပရိသတ်အများအပြားလာ ရောက်ကြပါသည်။ ကိုသိန်းလင်း၊ မခင် စုမာတို့သည် ရတနာပုံသတင်းစာ၌ စာရေးသူ၏ 'ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်'၏ ဖြစ်တော်စဉ်သမိုင်း မှတ်တမ်း'စာအုပ်ကြီး ထွက်ပေါ် လာခြင်း နှင့် သကြိန်အတက်နေ့တွင် ရွှေကံကူ သာသနာပြုမယ်တော်ကြီး၏ နဝင်္ဂသီလ ဆောက်တည်ခြင်း (၁၀)နှစ်ပြည့်မင်္ဂလာ တို့အတွက် ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ် ဆိုပါကြောင်း၊ မိမိတို့၏နေအိမ်မင်္ဂ လာသို့ ဘယ်နေ့ဘယ်ရက်တွင်ပင့်ဆောင် ပူဇော်မည်ဖြစ်၍ လာရောက်ပူဇော်ကြည် ညိုနိုင်ပါကြောင်း ကြော်ငြာထည့်သွင်း ထားသဖြင့် လူအများသိရှိကာ လာရောက် ဖူးမြော် ကြည်ညိုကြခြင်း ဖြစ်ပါသည်။

ကိုသိန်းလင်း၊ မခင်စုမာတို့သည် ရုပ်ရှင်တော်မြတ်အား ပထမဦးဆုံး

www.burmeseclassic.com

ဒါန်းသူတို့ ပေါများ၍ မန္တလေးမြို့မှ သပိတ်ကျင်းမြို့နယ် ရပ်ကွင်းကျေးရွာတွင် တာဝန်ကျလျက်ရှိသော မန္တလေးမြို့သူဆရာမလေးမှ ကျောက်မျက်များ လှူဒါန်းပါသည်။

ကိုသိန်းလင်းတို့အိမ်တွင် ထူးခြားမှုမှာ ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မှ၍ အစိမ်းရောင်များ ယှက်သန်းလျက်ရှိသည်ကို ဖူးတွေ့ရပါသည်။ ကိုသိန်းလင်းတို့ အိမ်ရှေ့ကည့်တည့်တွင် တမာပင်ရှိပါသည်။ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မမူမီ တစ်လခန့်တွင် ပျားအုံလာရောက်စွဲပါသည်။ ရုပ်ရှင်တော်မြတ် တခြားနေအိမ်မှ ဆက်လက်ပင့်ဆောင်သွားသော နောက်တစ်နေ့မှာပင် ထိုပျားအုံသည် ဘယ်ကိုပြောင်းရွှေ့သွားပြီမသိ၊ ပျောက်ကွယ်သွားပါသည်။ ပျားတို့သည် ရုပ်ရှင်တော်မြတ်အား ကြိုဆိုနှင့်သောသဘောအဖြစ် မှတ်ယူနိုင်ပါသည်။

ရုပ်ရှင်တော်မြတ်သည် ဤနေ့အိမ်၌ ၂၂၊ ၂၃၊ ၂၄ (၃) ညတိတိ သီတင်းသုံးစံပယ်တော်မူပါသည်။ ရုပ်ရှင်တော်မြတ် ပြန်လည် ကြွမြန်းတော်မူမည်ဖြစ်သောအခါ ပင့်ဆောင်ပူဇော်သူ ကိုသိန်းလင်း၊ မခင်စုမာတို့မှအစပြု၍ မခင်စုမာ၏ မိဘများဖြစ်သော တရားရုံးချုပ်ရှေ့နေကြီး ဦးစိန်သန်း၊ ဆရာမကြီး ဒေါ်မြမြ၊ မခင်စုမာ၏အစ်မ မခင်ငုဝါနှင့် သားသမီးတစ်စု၊ မခင်စုမာ၏ ညီမ မိသားစုဖြစ်သော မောင်လင်းလင်းနှင့် မခင်ဖြူပြာမိသားစုတို့မှ ကိုယ်စီကိုယ်စီ ဝတ္ထုဥစ္စာများလှူဒါန်းကြပါသည်။

ဆရာဘိုဘို၊ တွန်တော် အရင်တုန်းက ငွေကစုလို့ကိုမရဘူး။ ရလိုက်တာနဲ့ ရတာထက်မက ထွက်စရာလမ်းတွေကပေါ်လာတော့တာပဲ။ မနှစ်က (၉) ရက်၊ (၉) လ ပွဲတော်မှာ ဖျစ်ညှစ်ပြီး တော့ငွားတော်ကြီးအတွက် ငွေငါးသောင်းလှူလိုက်တယ်။ အဲဒီကတည်းက ရသမျှ ငွေအဖတ်တင်တော့ပဲ"

ဟု မောင်လင်းလင်းမှ ပြောပါသည်။

မောင်လင်းလင်းသည် ခေတ်လူငယ်တစ်ဦးမျှသာဖြစ်၍ ဤမျှအထိ ဘာသာတရားအပေါ်တွင် ယုံကြည်ကိုးကွယ်သည်ကို သိရှိရသောအခါ စာရေးသူတွင် ဝမ်းသာပီတိဖြစ်မိပါသည်။

၂၅-၅-၂၀၁၃ နေ့တွင် မန္တလေးမြို့ (၁၉) လမ်း နန်းရွှေစွေးအနောက်ဘက် စံအိမ်တော်ကဖေး (၁၆-လမ်းမေးတင်၊ မြောက်ဘက်မျက်နှာပြူ) ၏ တောင်ဘက် နောက်ကျောရှိ ဗဟို တရားရုံးရှေ့နေကြီး ဦးသိန်းထွန်း၊ မြင့်ခြံတက္ကသိုလ်ပါမောက္ခဆရာမကြီး ဒေါ်ခင်စန်းမြင့် (၀၉-၄၃၁၃၅၂၂) ၏ နေအိမ်မှ ပင့်ဆောင်ပူဇော်ပါသည်။ ဆရာမကြီး ဒေါ်ခင်စန်းမြင့်သည် ညီမဖြစ်သူ ရွာသစ်ကြီးဖွဲ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခဆရာမကြီး ဒေါ်ခင်စန်းတင့်မှ ဆက်နွယ်သိရှိခြင်းနှင့် သူ့ရင်မင့်ဇင်းတွင် စာရေးသူ၏ ဆောင်းပါးတို့ကို ဖတ်ရှုခြင်းတို့ဖြင့် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ဖြစ်ခြင်း ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ပင့်ဆောင်ပူဇော်ခဲ့ကြပြီးဖြစ်ပါသည်။ ထိုအကြိမ်တွင်လည်း စာရေးသူလိုက်ပါခဲ့ခြင်းဖြစ်၍ ရှေ့နေကြီးဦးထွန်းသိန်း၊ ဆရာမကြီးဒေါ်ခင်စန်းမြင့်နှင့် မိသားစုအားလုံးတို့သည် စာရေးသူနှင့် ခင်မင်ရင်းနှီးလျက်ရှိနေကြပြီ ဖြစ်ပါသည်။ ပြီးခဲ့သောနှစ်က ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူသောနေ့တွင် ရုပ်ရှင်တော်မြတ် မကြွရောက်လာမီ (၃) နာရီခန့်အလိုတွင် ဦးသိန်းထွန်းတို့အိမ်၏နောက်ဖေးရှိ အဝေရာပင်တွင် ချက်ချင်းလက်ငင်း ပျားများရောက်ရှိလာပြီး စွဲကပ်အုံဖွဲ့ပါသည်။ ပျားတို့မည်သည်မှာ မွန်မြတ်သန့်စင်သော ပန်းဝတ်ရည်နှင့် ပန်းဝတ်မှုန်တို့ကိုသာ စားသုံးစုဆောင်းကြ၍ ငွေ၊ လုံလ၊ ဝီရိယအရာတွင် စံပြုအတုယူထိုက်သော သတ္တဝါအဖြစ် စာပေများတွင် ရေးသား ဖော်ပြကြပါသည်။ ပျားတို့သည် ပန်းများကို မဖျက်ဆီးပါ။ ပန်းများကို ဝတ်မှုန်ကူးခြင်းအမှုကို ဆောင်ရွက်၍ ကူညီအကျိုးဆောင်ပေးကြသူများသာ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာမကြီးတို့နေအိမ်တွင် ပျားအုံလာရောက်ဖွဲ့ခြင်းမှာ ကောင်းသော သမ္မာအာဇီဝဖြင့် ပစ္စည်းဥစ္စာများ

www.burmeseclassic.com

www.burmeseclassic.com

စုဆောင်းမိမည်ဟု မဇ္ဈတော်ကြီးမှ အတိတ်ကောက်ယူပေးပါသည်။

ဧရာမကြီးနှင့်ရှေ့နေကြီးတို့သည် သက်ဆိုင်ရာ မိတ်ဆွေ၊ ဆွေမျိုး၊ တပည့်များပေါများလှ၍ ဘုရားဖူးခွင့်ပရိသတ်တို့ စည်ကားလှပါသည်။ ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်ကို (၄၂) လက်မ Flat တီဗွီကြီးဖြင့် ချိတ်ဆက်ပြသထား၍ ရုပ်ရှင်တော်မြတ်၏အမှုအရာပြောင်းလဲမှုနှင့် မျက်လုံးတော်ဖွင့်တော်မူခြင်းတို့ကို ထင်ရှား ပြတ်သားစွာ ဖူးမြော်ကြရပေသည်။ ပလ္လင်တော်လှူဒါန်းသူများပေါများလှပါသည်။ စာရေးသူအား မနှစ်ကကဲ့သို့ပင် အပေါ်ထပ်၌ သီးသန့်အခန်းစီစဉ်ပေး၍ အဆင်ပြေလှပါသည်။ ဤနေအိမ်တွင်လည်း ပိဋကတ်တော်ကျမ်းစာတို့ကို များစွာပူဇော်ခွင့်ရရှိပါသည်။ စာဖတ်ပရိသတ်များစွာ ရောက်ရှိလာကြ၍ မကြာခဏ အောက်သို့ဆင်းပြီး နှုတ်ဆက်ရပါသေးသည်။ ဆရာမကြီးသည် ပလ္လင်တော်လှူဒါန်းသူတို့များပြားသောကြောင့် တစ်ဦးတည်း တစ်ယောက်ချင်း ကပ်လှူပေးခြင်းမျိုးမပြုတော့ဘဲ (၄)၊(၅) ဦးခန့် စုပေါင်းပြီးမှသာ လှူဒါန်းပေးစေပါသည်။

ညနေခင်းတွင် ရှေ့နေကြီးဦးသိန်းထွန်းနှင့်အတူ စံအိမ်တော်ကဖေးသို့ လက်ဖက်ရည်သောက်ထွက်ခဲ့ကြပါသည်။ လက်ဖက်ရည်ဆိုင်တွင် ထိုင်မိသောအခါ ဦးသိန်းထွန်းမှ -

"ဆရာ၊ ကျွန်တော်တို့အိမ် မနှစ်က နဲ့ ဒီနှစ် တိုးတက်မှုတွေရှိတယ်၊ ဆရာသတိထားမိရဲ့လား။ ပြီးတော့လည်း မနှစ်က ဘုရားပင့်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်လည်း နယ်အမှုတွေအများကြီးလိုက်ရတယ်။ ငွေရေးကြေးရေး အများကြီးအဆင်ပြေသွားတယ်"

ဟု မေးပြောပြောပါသည်။

စာရေးသူမှ ကောင်းကောင်း သတိမထားမိကြောင်းပြောရာ မနှစ်က ပျားစွဲတဲ့နေရာမှာ အဆောက်အအုံခပ်သေးသေးတစ်လုံး မရည်ရွယ်ဘဲမပင်မပန်း ဆောက်လုပ်လိုက်ရကြောင်းနှင့် မြေကွက်နေရာလွတ်များကို သမံတလင်းခင်းလိုက်နိုင်ကြောင်းတို့ကို ပြောပြပါသည်။ စာရေးသူလည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ကြသူတို့၏ ဘဝများ အောင်မြင် တိုးတက်သည့် အကြောင်းကြားသိရသောအခါ ဝမ်းသာကြောင်း ပြန်လည်ပြောပြလိုက်ပါသည်။ စာရေးသူထံသို့ ရွှေမန္တလေးနှင့် အထက်မြန်မာ ဂျာနယ်ထုတ်ဝေသူ ကိုမျိုးမင်း၊ ယုအေဖွဲ့ဆက်မှ မောင်အောင်ကိုကို (ခေါ်) တရုတ်ကြီးတို့လည်း လာရောက်ကြပါသေးသည်။

ဤနေအိမ်တွင် တစ်ညတာသာ သီတင်းသုံး စံပယ်တော်မူပြီး ၂၆-၅-၂၀၁၃ နေ့တွင် ဆရာမကြီး ဒေါ်ခင်စန်းမြင့်၏မိဘများနေအိမ်သို့ ဆရာမကြီး၏ ညီမများဖြစ်သော ဆရာမကြီး ဒေါ်ခင်စန်းတင့်နှင့်ဆရာမကြီးဒေါ်ဆွေဆွေသန်းတို့မှ ပွဲကုန်းအဲလယ်တောင်ရပ်သို့ ပင့်ဆောင်မူဇော်ပါသည်။ ဤမိသားစုသည်လည်း ပြီးခဲ့သောနှစ်က ဤကဲ့သို့ ဒေါ်ခင်စန်းမြင့်နေအိမ်မှ ၂၀-၅-၂၀၁၂ နေ့တွင် ပင့်ဆောင် ပူဇော်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်နှစ်တိုင်းလည်း ဤကဲ့သို့ ဤနှစ်အိမ် ရက်ဆက်ပင့်ဆောင်ပူဇော်ခွင့်ပြုရန် လျှောက်ထားခဲ့ကြသူများ ဖြစ်ပါသည်။

ပထမရက်ခိုန်းပေးခဲ့စဉ်အခိုန်က (၂၆) ရက်တစ်ညအိပ်ရန်ဖြစ်သော်လည်း ဆရာမကြီး (၂) ဦးစလုံးမှာ ခွင့်မရရှိပါ။ ထိုနေ့ နေ့လယ်မှာပင် တာဝန်ကျရာ တက္ကသိုလ်များသို့ သွားရောက်ရန် ခရီးထွက်ကြရပါမည်။ ထို့ကြောင့် နေ့လယ် (၁၂) နာရီနောက်ပိုင်းတွင် အခြားတစ်ဦးသို့ ပေးပေးပါဟု ကြိုတင်ပြောကြားကြသဖြင့် စာရေးသူလည်း အခြားတစ်ဦးကို ထိုနေ့ (၁၂) နာရီမှ နောက်တစ်နေ့နံနက်အထိ ရက်ပေးလိုက်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ပင့်ဆောင်ပူဇော်ခွင့်ရရှိရန် စရင်းပေးသွင်းထားသူတို့ များပြားလှသည်ဖြစ်ရာ တစ်ညတစ်ပိုင်းသော်မှ အခိုန်သည် အရေးကြီးလှက်ရှိပါသည်။ ပင့်ဆောင်ပူဇော်လိုသူတို့အဖို့ တစ်ခဏတာ နာရီပိုင်းမျှ ပင့်ဆောင်ပူဇော်ခွင့်ရရှိလျှင်ပင် ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ကြရပါသည်။ ဆရာမကြီးများဖြစ်သော ဒေါ်ခင်စန်းတင့်နှင့် ဒေါ်ဆွေဆွေသန်းတို့၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်ရောက်ရှိသော်အခါမှ ဆရာမကြီးများက -

"ဆရာ ကျွန်မတို့ခွင့်ရပြီ။ အဲဒါကြောင့် ဒီကနေ့ည ကျွန်မတို့အိမ်မှာ ညအိပ်သီတင်းသုံးပေးပါ"

ဟု ပြောကြသော်အခါ ယခုမှ ထိုသို့ပြုလုပ်၍ မဖြစ်နိုင်တော့ပါ။ နောက်ထပ် ပင့်ဆောင်မည့်သူမှာ ဝမ်းသာပျော်ရွှင်လျက် ဖိတ်စာများပင် ဝေငှပြီး ဖြစ်ပါသည်။ ဖိတ်စာတွင် နေ့လယ် (၁၂) နာရီမှ စတင်အပူဇော်ခံပါမည်ဟု ထည့်သွင်းထား၍ (၁၂) နာရီတွင် လာရောက်ပင့်ဆောင်ကြတော့မည်ဟု ပြောပြရပါသည်။ ထိုအခါ ဆရာမကြီးများက ညနေ (၅) နာရီအထိတော့ အခိုန်ဆွဲပေးပါဟု တောင်းပန်ကြပြန်ပါသည်။ ထို့ကြောင့် စာရေးသူလည်း ဆက်လက်ပင့်ဆောင်ပူဇော်မည့် သူများထံ ညနေ (၅) နာရီမှသာ လာရောက်ပင့်ဆောင်ကြရန် ထပ်ဆင့်တောင်းပန်ရပြန်ပါသည်။ သို့ဖြင့် ညနေ (၅) နာရီအထိ ဤနေအိမ်တွင် အပူဇော်ခံခွင့် ရရှိသွားပါသည်။

ဤနေအိမ်တွင့်လည်း ဘုရားဖူးခည့်ပရိသတ်တို့များပြားပြီး ပလ္လင်တော်လှူဒါန်းသူများနှင့် ဆေးသိဒ္ဓိသစ္စာရေတောင်းခံသူတို့ များပြားလှပါသည်။ ဤနေအိမ်တွင် ထူးထူးခြားခြား လေးစားခြိုးကျူးထိုက်သူ ဘုရားဖူးခည့်သည် ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိ၍ လာပါသည်။ ထိုပုဂ္ဂိုလ်မှာ ရန်ကုန်မြို့မှ လေယာဉ်ဖြင့် လာရောက်မည်ဖြစ်ပြီး အခြား အကြောင်းကိစ္စများမပါရှိပါ။ ရုပ်ရှင်တော်မြတ်အားဖူးတွေ့ရန်လာရောက်ခြင်းသက်သက်ဖြစ်၍ ရုပ်ရှင်တော်မြတ်အားဖူးမြော်ကြည်ညိုပြီးပါက နေ့ချင်းလေယာဉ်ဖြင့်ပင် ရန်ကုန်မြို့သို့ ပြန်မည်ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်မှာ ရန်ကုန်မြို့မှ ဆရာဦးခေါ် ဆရာဦးစိုးအောင်မြင့် ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ရွာသစ်ကြီးခရိုးစဉ်တွင် ဆရာဦးစိုးအောင်မြင့်သည် ထိုအခိုန်တဖွဲ့ဖြိုးရေးတက္ကသိုလ်တွင် ပါမောက္ခတာဝန်ထမ်းဆောင်လျက်ရှိ၍ ပင့်ဆောင်ပူဇော်ခဲ့ပါသေးသည်။ ၂၀၁၃ ရန်ကုန်ခရိုးစဉ်တွင် ဦးစိုးအောင်မြင့်သည် ဌာနအငြိမ်းစားယူ၍ ဇာတိ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိနေပြီဖြစ်၍ ရုပ်ရှင်တော်မြတ်အား ရန်ကုန်မြို့ နေအိမ်တွင် ပင့်ဆောင်ပူဇော်ခဲ့ပါသေးသည်။ နောက်ဆာဝစဉ် နှစ်စဉ်နှစ်တိုင်းလည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လျှောက်ထားပြီးလည်း ဖြစ်ပါသည်။ ဆရာစိုးသည် စာရေးသူအား ယခုတစ်ကြိမ်သာ တွေ့ဆုံဖူးခြင်းရှိသော်လည်း လေးစားလှိုက်လှဲစွာ ခင်မင်လှသည်။ ရုပ်ရှင်တော်မြတ်အထံတော်တွင် (၃) နာရီမျှနေ၍ ပူဇော်ကန်တော့လေဆိပ်သို့ ပြန်လည် ထွက်ခွာသွားသည်။ စာရေးသူ ရန်ကုန်မြို့သို့ရောက်ရှိလျှင်လည်း ဖုန်းဆက်ပါ။ လာရောက်တွေ့ဆုံပါမည်ဟု မှာကြားသွားပါသည်။

(ဆက်)

ဘိုဘို (ရွှေကံ)

www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းတွန်းကြည် (အင်းစ)

ကျေးငှဲးတော်ရှင်ရွှေပေါ်ကျွန်းဆရာတော် နှစ်(၂၀)မြောက်အလွမ်း

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းရွာ ဆရာတော်ဝင်ကျောင်းအတွင်းရှိ ကျေးဇူးတော်ရှင် ဇေယျသိဒ္ဓိဓမ္မဉာဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး ဝန်ခန်ချသွားသည်မှာ -

၂၀၁၅ ခု၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္လာနေ့ (၁၃၇၆ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့) ဆိုလျှင် အနှစ်(၂၀) ပြည့်ခဲ့ပြီဖြစ်သည်။ စာရေးသူ၏ ရင်ထဲတွင် အနှစ်(၂၀)ခန့်ကြာမြင့်ပြီဖြစ်သော်လည်း နေ့တစ်နေ့ကလိုပင် ဆရာတော်ကြီးကို နေ့ဦးသတိရတမ်းတလွမ်းလျက်ရှိသဖြင့် ဤဆောင်းပါးကို 'အနှစ် (၂၀) မြောက် အလွမ်း' ဟု ရေးသားခြင်း ဖြစ်သည်။

ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တော်တို့ကို ကြာလေကြာလေ ဂုဏ်တော်ကျေးဇူးတော်တို့ကို စာရေးသူ ခံစားသိရှိလာသည်။

ဆရာတော်ကြီးသည် ရွှေပေါ်ကျွန်းသာသနာနှင့်ပတ်သက်ပြီး သာသနာတည်ရာ (၁၅) ဌာနမှ သထုံ၊ ပုဂံ၊ ပေါက္ကံ၊ အင်းဝ၊ ရွှေဘိုရှိ ပါရမီဆက် ပဌာန်းဆက် ဆုပန်ချက်ရှိသော ဝေနေယျ (၇) သားသမီးတို့ကို ကြီးမားသည့် မေတ္တာဖြင့် စရဏကျင့်စဉ်များ မေတ္တာပို့နည်းစနစ်များ၊ ဂါထာတော်များ စသည်တို့ကို အချိန်ပိုင်းကာလအားလျော်စွာ ချီးမြှင့်စေခဲ့ပါသည်။

ယခု စာရေးသူ ရေးသားမည့် ဆရာတော် ချီးမြှင့်သည့် သာသနာအခြေခံ စရဏကျင့်စဉ်မှာ (၂၇) ရက်ကျင့်ဆောင်ရမည် ဖြစ်ပါသည်။ ထူးခြားပြီး တောင်းသောဆုများပြည့်ဝသဖြင့် (၇) ရက်သားသမီး စာဖတ်ပရိသတ်များ အတွက်ပေးပို့မိခြင်း ဖြစ်ပါသည်။

ကျင့်စဉ်မှာ -

မိမိတို့အိမ်၌ ဘုရားပန်းအိုး(၂)လုံး သာထားပါ။ ထို (၂) လုံးတွင် တစ်လုံးမှာ ရတနာ (၃) ပါးတို့၏ ဂုဏ်ကျေးဇူးကို ရည်မှန်း၍ လျှဒါန်းထားပါ။ ကျန်သော တစ်လုံးမှာ အမိ၊ အဖ၊ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကိုရည်မှန်း၍ လျှဒါန်းထားပါ။ ထိုဘုရားပန်းအိုးများကို နေ့စဉ် နံနက် (၁) ကြိမ်၊ ညနေပိုင်း (၁) ကြိမ် အားဖြင့် တစ်နေ့တစ်နေ့လျှင် (၂) ကြိမ်၊ (၂) ကြိမ်လှယ်ပါ။

နေ့စဉ် အရုဏ်လာချိန်တိုင်း ကုန်းသတ္တဝါအလွတ် ဆွမ်းတော်(၂)ပွဲ၊ (၂)ပွဲနှင့် ရေတော် (၂) ဖလား၊ (၂) ဖလားတို့ကို ဆက်ကပ်လျှဒါန်းပါ။ ထိုဆွမ်းတော်ပွဲတို့ကို လျှဒါန်းပြီး (၁) နာရီခန့် အကြာစွန့်ပါ။

နံနက်အိပ်ရာထချိန်တိုင်း ဘုရားမျက်နှာသစ်တော်ရေဆက်ကပ်ပါ။ထိုသို့ဆက်ကပ်ရာ၌ မိမိမျက်နှာသစ်မည့်ရေကိုပင် လက်နှစ်ဖက်ဖြင့်ကိုင်၍ -

- ဘုရားတပည့်တော်သည် ကြည်လင်သန့်ရှင်းသော ဤမျက်နှာသစ်တော်ရေကို သက်တော်ထင်ရှား မြတ်စွာဘုရားကြီးအား လျှဒါန်းပါ၏။ဘုရား . . .

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၍ မြတ်စွာဘုရားထံမှ ထိုရေကိုအလျှဲခံ၍ မျက်နှာသစ်တော်မူဟန် မိမိစိတ်က အာရုံပြုပါ။

ပြီးလျှင် -

- ဤမျက်နှာသစ်တော်ရေကို ဘုရားတပည့်တော်အား စွန့်တော်မူပါ ဘုရား . . .

ဟု ဆို၍ မိမိကိုယ်တိုင် မျက်နှာသစ်ပါ။ သောက်လည်းသောက်ပါ။

နံနက်တိုင်း ဖယောင်းတိုင် (၂) တိုင်၊ (၂) တိုင်နှင့် ညဉ့်ဦးပိုင်းအချိန်တိုင်း ဖယောင်းတိုင် (၂) တိုင်၊ (၂) တိုင်တို့ကို ညှိထွန်းပူဇော်ပါ။ ဆက်၍ညှိထွန်းပူဇော်လိုပါက ပူဇော်နိုင်ပါသည်။

မိမိတို့အိမ်ရှိ ဘုရားခန်းများကို နေ့စဉ်သန့်ရှင်းပါ။ မိမိတို့မွေးနေ့ရောက်တိုင်းရောက်တိုင်း ဖယောင်းတိုင်(၅)တိုင်၊ (၅) တိုင် ညှိထွန်းပူဇော်ပါ။ ယခင်ထွန်းနေကျ ဖယောင်း (၂) တိုင်တို့ကို ထပ်၍ထွန်းရန် မလိုတော့ပါ။ (၅) တိုင်ထွန်းလျှင် ဖြစ်နိုင်ပါသည်။

နံနက်အိပ်ရာထ၊ မိမိမျက်နှာသစ်ပြီးသောအချိန်တိုင်း အရှေ့သို့မျက်နှာမူပါ။ ခြေစုံရပ်၍ -

- သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပဘာသံ၊ သုဟုဠ်ဒိတံ။
  သုခနော၊ သုမုဟုတ္တော စ၊ သုယိဋ္ဌံ၊ ဗြဟ္မစာရိသု။ ။

ဟု မိမိတို့သက်စေ့ထက်(၁)ခေါက်ပို၍ရွတ်ပါ။

အထက်ပါ ပါဠိဂါထာ၏ အနက်မှာ -

သုနက္ခတ္တံ - ကောင်းသောနက္ခတ်သည် လည်းကောင်း၊ **သုမင်္ဂလံ**-ကောင်းသောမင်္ဂလာသည် လည်းကောင်း၊ **သုပဘာသံ** - ကောင်းသော ပိုးသောက်ခြင်းသည်လည်းကောင်း၊ **သုဟုဠ်ဒိတံ** - ကောင်းစွာထရခြင်းသည် လည်းကောင်း၊ **ဟောတု** - ဖြစ်ပါစေသတည်း။

သုခနော - ကောင်းသောခဏသည် လည်းကောင်း၊ **သုမုဟုတ္တောစ** - ကောင်းသောမုဟုတ်သည်လည်းကောင်း၊ **ဗြဟ္မစာရိသု** - မြတ်သောအကျင့်ကိုကျင့်လေ့ရှိသောပုဂ္ဂိုလ်တို့၌၊ **သုယိဋ္ဌံ**-ကောင်းစွာ ပူဇော်ခြင်းသည် လည်းကောင်း၊ **ဟောတု** - ဖြစ်ပါစေသတည်း။

(ပါဠိကိုရွတ်နေခိုက် အနက်ကိုသိရှိထားရန် ဖြစ်ပါသည်။ တစ်ခေါက်တန်သည်၊ နှစ်ခေါက်တန်သည် အနက်ကိုပါထည့်ရွတ်နိုင်လျှင် သာ၍ကောင်းပါသည်။)

မိမိတို့ ပြုလုပ်ဆည်းပူးသမျှသော ကုသိုလ်ကောင်းမှုတို့၏ အဖို့ဘဝကို အမိ၊ အဖ၊ ဆရာသမားတို့အားလည်းကောင်း၊ ဘိုးကြီး၊ ဘွားကြီး၊ မိကြီး၊ မိထွေးစသော ဆွေကြီးမျိုးကြီးအပေါင်းတို့အားလည်းကောင်း မိမိတို့၏ ကိုယ်စောင့်နတ်ကစ၍ သမ္မာဒေဝနတ်အပေါင်းတို့အားလည်းကောင်း အမျှပေးဝေပါ။ အမျှ၊ အမျှဟု ထပ်ကာထပ်ကာပေးဝေပါ။ အမျှပေးဝေသည်နှင့် တစ်ဆက်တည်း 'ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ၊ ဒုက္ခဒေါမနဿတွေကင်းရှင်းကြပါစေ'ဟု မေတ္တာပွားပါ။

ပြီးစီးပါက -

- ဤလောကုတ္တရာ (၉) ပါးအား လျော်သော ဓမ္မပဋိပတ်အကျင့် မြတ်ဖြင့် သက်တော်ထင်ရှား မြတ်စွာဘုရားကြီးကို ပူဇော်ပါ၏ ဘုရား။
- ဤလောကုတ္တရာ (၉) ပါးအား လျော်သော ဓမ္မပဋိပတ်အကျင့် မြတ်ဖြင့် တရားတော်မြတ်ကြီးကို ပူဇော်ပါ၏ ဘုရား။
- ဤလောကုတ္တရာ (၉) ပါးအား လျော်သော ဓမ္မပဋိပတ်အကျင့် မြတ်ဖြင့် သံဃာတော်မြတ်ကြီးကို ပူဇော်ပါ၏ ဘုရား။

ဤကား မိမိတို့ ပြုလုပ်ဆည်းပူးကြသော ဓမ္မပဋိပတ်အကျင့်မြတ်ကို ရတနာမြတ် (၃) ပါးတို့အား ပူဇော်လှူဒါန်းခြင်း ဖြစ်ပါသည်။

- ဇိနပဉ္ဇရမဏ္ဍိမှိ၊ ဝိဟရန္တံ မတိ တလေ။
  သဒါပါလေန္တု မံ သတ္ထေ၊ ထေ မဟာပုရိသာ သဘာ။ ။

အထက်ပါ ပါဠိ၏အနက်မှာ -

ဇိနပဉ္ဇရမဏ္ဍိမှိ - လွန်စွာတင့်တယ်ဘုရားတည်းဟူသော ရတနာရွှေချိုင့်အလယ်၌၊ **ဝိဟရန္တံ** - အမြဲမသွေနေတော်မူသော၊ **မံ** - ငါ့ကို၊ **မဟီတလေ** - ပတ်ချာဝန်းကျင် မြေအပြင်၌၊ **သတ္ထေ** - ရှိသမျှ ဥဿုံ ခပ်သိမ်းကုန်သော၊ **ထေ မဟာပုရိသာ သဘာ** - ထိုသူတော်အပေါင်း ယောကျ်ားမြတ်၊ ယောကျ်ားကောင်းတို့သည်၊ **သဒါ** - အခါမပြတ်၊ **ပါလေန္တု** - ကြည်သာရွှင်ပျ ချမ်းမြေအောင် စောင့်ရှောက်ကြစေကုန်သတည်း။

အထက်ပါ ပါဠိ၏ဂါထာ၌ -

'ပါလေန္တု' ကို 'ပါလင်တု'၊ 'ဇိနပဉ္ဇရမဏ္ဍိမှိ' ၌ 'ဇိနပင်စရမစ်ဇိမှိ' ဟု ဖတ်ပါ။

ဆရာတော်ညွှန်ပြခဲ့သောအခြေခံကျင့်စဉ်ကို လုပ်ဖြစ်အောင်လုပ်ပါ။ ကောင်းကျိုးပေးမှုစေတနာအနေအထားအရ ဖြစ်ပေါ်လာပါလိမ့်မည်။

ကြိုးစားအားထုတ်နိုင်ကြပါစေ။ ကြိုးစားအားထုတ်ကြသည့်အတိုင်း ဓမ္မသီဒွိအောင်ပန်းကို ဆွတ်လှမ်းနိုင်ကြပါစေ။

ဒီယာ ယုကော သုခံ ဘဝေ

ဦးသိန်းထွန်းကြည် (အင်းစ)

www.burmeseclassic.com

www.burmeseclassic.com

ရှေးပျာနယ်မြောက်ပိုင်း သိန်းနှီမြို့က ဝဋ်ကြွေးပြေစေတီတော်

မောင်မောင်ချစ်ဦး(မုံရွာ)

ဝဋ်ကြွေးတော်ပြေစေတီတော်



www.burmeseclassic.com

ရှေးအစပထမ

ရှမ်းပြည်မြောက်ပိုင်း သိန်းနှီမြို့မှ အရှေ့မြို့သို့အထွက် ဘယ်ဘက်ရှိ တောင်တန်းသည် မနိမ့်မမြင့်ဘဲ ထီးထီးကြီးတော်ရှိသည်။ အဆိုပါ တောင်ကုန်းကြီးသည်လိုက်လျှင် သိန်းနှီမြို့တစ်မြို့လုံးဆာမက အတော်ခပ်ဝေးဝေးတွင်ရှိသော်ငြားအားလုံးအား သာယာလှပစွာ မြင်တွေ့ရသည်က ကြည်နူးစရာပင်ကောင်းသည်။

အရပ်လေးမျက်နှာရှိ ညီညီညွတ်ညွတ်ပင်းတောအုပ်၊ သစ်တော၊ သစ်ပင်ကောင်းစဉ်တောင်တန်းများကြောင့်လည်း ဤတောင်ကုန်းပေါ်သို့ လာရောက်၍ အပန်းဖြေကြသူများရှိခဲ့ပါသည်။

သို့သော် ဤတောင်ကုန်းသည် ချုံနွယ်ပိတ်ပေါင်းများကြောင့် ခြေခင်းလက်ခင်းမသာယာသလို မြေပြင်လည်း ညီညာပြန့်ပြူးခြင်းမရှိပေ။ မြွေပါးကင်းပါးပင် ကြောက်စရာကောင်းနေပါသည်။ ထို့ပြင် တိုက်ပွဲများဖြစ်ပွားလျှင် ပုန်းအောင်းနိုင်ရန် ပြုလုပ်ထားသော ဗုံးခိုကျင်းများပင်ရှိ၍ နေပါသည်။

ဤသို့သော တောင်ကုန်း၏ သဘာဝအလှစာရားနှင့် အခြေအနေအရပ်ရပ်ကိုသုံးသပ်၍ ဤတောင်ကုန်းပေါ်တွင် ဘုရားတစ်ဆူတည်ရလျှင် အလွန်ကောင်းမည်ဟု စိတ်ကူးရလိုက်သည်က ကဆုန်ပြည့်နေ့ ဖားကန့်မြို့ရှိ စည်းစိမ်ကျောက်မျက်ကုမ္ပဏီပိုင်ရှင် ဦးအောင်ကြီးပင် ဖြစ်ပါသည်။

ဦးအောင်ကြီးသည် ယခုလို ကျောက်မျက်ကုမ္ပဏီပိုင်ရှင် သူဌေးဘဝသို့မရောက်မီက ဆင်းရဲသူဖြစ်ပါသည်။ ဆင်းရဲ၍လည်း မိဘများကို ထောက်ပံ့နိုင်ခြင်းအားနည်းခဲ့ရပါသည်။ သို့သော် အတိတ်ဘဝကုသိုလ်ကံကြောင့် ကြွယ်ဝချမ်းသာသော ကုမ္ပဏီပိုင်ရှင်ဘဝသို့ ရောက်ခဲ့၍ မိဘများကို အနီးကပ်ပြုစု

www.burmeseclassic.com

ဝဋ်ကြွေးပြေစေတီတော်စပယ်ရာ ရင်ပြင်တော်ပေါ်မှ နဂါးရုံဘုရား

သိန်းနှိ-မူဆယ်သွားကားလမ်းပေါ်မှ မြင်တွေ့ရမြော်ရသည့် ဝဋ်ကြွေးပြေစေတီတော်

ဝဋ်ကြွေးပြေစေတီတော်ကို အနီးကပ် စောင့်ရောက်နေသော ဦးပဉ္စင်း ဦးဝဏ္ဏသဇ

ပိန်းဆွယ်မမှမိုဝ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်နန္ဒဝံသ

ဝဋ်ကြွေးပြေစေတီတော်စပယ်ရာ ရင်ပြင်တော်ပေါ်မှ တံဆိပ်ခေါင်

စောင့်ရှောက်လိုသော်လည်း မိဘများက မရှိကြတော့ပေ။

ဦးအောင်ကြီးသည် မိဘများကို အလုပ်အကျွေးမပြုလိုက်ရ၍ များစွာမပင် ယူကျုံးမရဖြစ်မိလိုက်သည်။ ဤသို့ဖြစ်ရသည်မှာလည်း အတိတ်ဘဝက ဝဋ်ကြွေးကြောင့်ဟု ယူဆမိသည့်အတွက် တွင်ရှိနေသော ဝဋ်ကြွေးများပြေစေရန် တစ်မြို့မြို့တစ်နေရာရာတွင် ဘုရားတစ်ဆူတည်ရန် စိတ်ကူးရှိလျက်ရှိနေခဲ့ပါသည်။

ကံအားလျော်စွာပင် ရှမ်းပြည်နယ် မြောက်ပိုင်း သိန်းနှိမြို့သို့ရောက်ခိုက်တွင် သိန်းနှိမြို့မှ မူဆယ်မြို့သို့အထွက် သာယာလှပသည့်တောင်ကုန်းကို မြင်တွေ့ရပြီး ဘုရားတစ်ဆူတည်ရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် ဘုရား၏ ဘွဲ့ကိုလည်း 'ဝဋ်ကြွေးပြေစေတီတော်' ဟူ၍ ခေါ်တွင်သမုတ်ရန် ဆုံးဖြတ်လိုက်သည်။

ယခုလို 'ဝဋ်ကြွေးတော်ပြေစေတီတော်' ဟူ၍ ဘွဲ့အမည်ပေးမည့် စေတီတော်တစ်ဆူတည်ရန် အဓိကရည်ရွယ်ချက်မှာ မိမိကဲ့သို့ ကျေးဇူးကြီးလှသည့် မိခင်ဖခင်ကို မလုပ်မကျွေး မပြုစုလိုက်ရသည့် (တစ်နည်းအားဖြင့်) ကျေးဇူးဆပ်ခွင့်မရလိုက်ကြသည့် မြန်မာပြည်သူပြည်သားများမျာ၊ ထို့ပြင် ကျေးဇူးခွင့်များကို ကျေးဇူးဆပ်ခွင့်မရလိုက်ကြသည့် ပုဂ္ဂိုလ်များအတွက် ဝဋ်ကြွေးများအတတ်နိုင်ဆုံး ပြေပျောက်စေရန် ဟူသော စေတနာအရင်းခံဖြင့် စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

သိန်းနှစ်-မူဆယ်သွားကားလမ်းမှ နေ၍ ဝဲဘက်ခြမ်းပြေစေတီတော်စံပယ်ရာ ကုန်းဆတ်ပေါ်ဒို့ အတက်၊ အဆင်းထေကား

သဘွတ်ဝါအားလုံး လောက သံသရာ
ဆင်းရဲမှု၊ ခက်ခဲမှု၊ မလွတ်ကင်းမှု၊
မချောင်ရှားနိုင်မှု၊ ရုန်းမထွက်နိုင်မှု၊
ပူဆွေးငိုကြွေးမှုနှင့်၊
ဝဋ်ကြွေးအပေါင်း၊ ပြေပျောက်
ကြောင်းကို ထပ်လောင်းသမ္မ
ရည်ရွယ်ပြု၏။
ဟူ၍ဖြစ်ပါသည်။

ဘုရားဆည်ပြီ

ဤတောင်ကုန်းပေါ်တွင် 'ဝဋ်ကြွေးပြေစေတီတော်' တည်ရန်အတွက် မြို့သူမြို့သားများ၊ ရွာသူရွာသားများစုပေါင်း ချီးနွှဲယပိတ်ပေါင်းများရှင်းလင်းခြင်း၊ ညီညာသောမြေကမူများကို ညီညာစေရန် မြေညှိပြုပြင်ခြင်းများကို ဦးစွာ ဆောင်ရွက်ခြင်းပြုပါသည်။ ဤသို့ ချီးနွှဲယပိတ်များကို ရှင်းလင်းကြစဉ် လူကြီးများ၏ဆောင်းအရွယ်ခန့်ရှိ ဆွေကြီးများကို တွေ့ရပါသည်။ သို့သော် မြွေကလည်း အားဒါနပေးနေကြသူများကို အန္တရာယ်ပြုသလို လုပ်အားပေးနေကြသူ

ချီးနွှဲယရှိပ်သာပေနှုတ်ယကဆရာတော် အရှင်နန္ဒဝံသမှ ဆောက်ထုပ်ရန် လက်ဆုံဆေးကြိစ်သော အောင်မြတ္တာဝေယျာဝစ္စ ကျောင်းဆောင်သစ် နှုန်းနှုတ်ပုံစံ

ဝဲဘက်ခြမ်းပြေစေတီတော်စံပယ်ရာ ဆိုင်ပြင်တော်ပေါ်မှ ဒုက်ပေးပုတင်

သိန်းနှစ်-မူဆယ်သွားကားလမ်းပေါ်မှ မြင်တွေ့ရမြော်ရသည့် ဝဲဘက်ခြမ်းပြေစေတီတော်

များမှာလည်း ဓါးမြွေများကို သတ်ဖြတ်ခြင်း မပြုကြပေ။ (ဘုရားတည်ပြီးစီးသောနောက်ပိုင်းလည်း မြွေများမကြာခဏဆိုသလို စေတီတော်သို့လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရှိရပါသည်။)

တောင်ကုန်းပေါ်တွင် ရှင်းလင်းပြီးသည်နှင့် ၂၁-၁၁-၂၀၁၁ ရက်နေ့တွင် ဘုရားတည်ရန် အုတ်မြစ်ချတော်မူပါသည်။ ဦးစီးနာယကဆရာတော်သည် ဤတောင်ကုန်းမြေနှင့် တစ်ဆက်တည်း ရှိနေသော 'ပိန်းအွယ်ဓမ္မရိပ်သာကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်နန္ဒဝံသ' ဖြစ်ပါသည်။

စေတီတော်ကို ငွေအား၊ လူအား နှင့်တည်တော်မူခဲ့၍ ၂၀၁၁ ခုနှစ် နှစ်ဦးပိုင်းတွင်ပင် ပြီးစီးခဲ့ပါသည်။ စေတီတော်၏ ဘဏ်တော်အမြင့်မှာ (၂၇) တောင် ဖြစ်သည်။

စေတီတော်၌ ဌာပနာသည့် ရတနာပစ္စည်းများမှာ -

၁။ ရွှေသားအစစ် ဘဏ်တော် (၂) လက်မရှိဘုရားဆင်းတုတော်များ၊
၂။ ပတ္တမြားအစစ် ဘဏ်တော် (၂) လက်မရှိ ဘုရားဆင်းတုတော်များ၊
၃။ ငွေသားအစစ်ဘဏ်တော် (၂) လက်မရှိဘုရားဆင်းတုတော်များ၊
၄။ ဓာတ်တော်မွေတော်များ

ဖြစ်ကြပါသည်။

ထီးတော်တင်ပွဲ

စေတီတော်ပြီးစီးသည့် ၂၀၁၁ ခုနှစ်အတွင်းမှာပင် ထီးတော်တင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပခဲ့ပါသည်။ ထီးတင်ပွဲတွင် သိန်းနှီမြို့နယ်အတွင်းမှ ဝတ်အသင်းများကို ပင့်ဖိတ်၍ ရွတ်ဖတ်သရဇ္ဈာယ်စေခြင်း၊ ရဟန်းသံဃာ(၁၀၈)ပါး၊ သာမဏေ (၁၀၈)ပါး နှင့် သီလရှင် (၁၀၈) ပါးတို့ကို ပင့်ဖိတ်ကာ ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်း၊ လှူ

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့စည်းပုံအခြေခံဥပဒေများကို လူဒါန်းခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။ ထိုးတော်တင်လျှောနှင့် အထွေထွေတုန်ဟူစရိတ်ကို ဘုရားဒကာ ကျောက်မျက်ကုမ္ပဏီပိုင်ရှင် ဦးအောင်ကြီး၊ ဇနီး ဒေါ်နန်းတိုးတိုးရွှေနှင့် သားဖြစ်သူ မောင်တင်ထွန်းအောင်တို့မိသားစုမှအကုန်အကျခံပြီး စုစုပေါင်းကုန်ကျငွေမှာ သိန်း (၆၀၈) ဟု နာယကဆရာထော်၏ မွှက်ကြားအရ သိရှိရပါသည်။

□ ထူးခြားဆန်းကြယ်မှုများ

ဝဋ်ကြွေးပြေစေတီတော်မြတ်သည် ဘွဲ့ကသာ ဆန်းကြယ်သည်မဟုတ်၊ လက်တွေ့တွင်လည်း ဆန်းကြယ်မှုများနှင့်ပြည့်နေပါသည်။ ဟင်ပြုရလျှင် -

၂၀၁၁ ခုနှစ်၊ တော်သလင်းလပြည့်နေ့ နံနက် (၃) နာရီခန့်တွင် စေတီတော်မှ ရောင်ခြည်တော်လွှတ်သည်ဟု စွေးပတ်(စွေးနေ့)သွားသော စွေးသည်အများ၏ပြောကြားချက်အရ သိရှိရပါသည်။

စေတီကော်အနီး ရပ်ကွက် (၄) မှ ဆင်းရဲလှသော မိန်းမကြီးတစ်ယောက်သည် နေ့စဉ်နေ့တိုင်း မပျက်မကွက် စေတီတော်သို့ လာရောက်၍ သောက်တော်ရေများကပ်လှူခြင်း၊ ဘုရားပန်းများ လဲလှယ်ခြင်း၊ ဘုရားရင်ပြင်တော်သန့်ရှင်းရေးများ ပြုလုပ်ခြင်းများကို ပြုလုပ်လေ့ရှိပါသည်။

ထိုသို့ နေ့စဉ် ဝတ္တရားမပျက် ပြုလုပ်သော ကုသိုလ်ကောင်းမှုများကြောင့်ပင် မကြာမီမှာပင် ငွေအမြောက်အများ ဝင်လာခဲ့သည်ဟုလည်း သိရှိရပါသည်။

ထို့ပြင် ရှေ့တန်းထွက်မည့် တပ်မတော်သားများ၊ ခရီးထွက်ကြမည့်ပုဂ္ဂိုလ်များသည် ဤဝဋ်ကြွေးပြေစေတီတော်သို့ လာရောက်၍ ဖူးမြော်ဆုတောင်းပါက အန္တရာယ်ကင်းသည်ဟု ဆိုသည်။

ထို့အပြင် ရာထူးတိုးချင်သည့် ဝန်ထမ်းများ၊ စီးပွားရေးသမားများ၊ တိုးတက်ချင်သောပုဂ္ဂိုလ်များ၊ စာမေးပွဲအောင်မြင်ချင်သောကျောင်းသူကျောင်းသားများသည် ဤဝဋ်ကြွေးပြေစေတီတော်သို့ လာရောက် ဖူးမြော်ကန်တော့ခြင်း၊ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများ ပြုလုပ်ပါက ရာထူးတိုးခြင်း၊ စီးပွားရေး၊ စာမေးပွဲများအောင်မြင်သည် ဟူ၍ သိရှိရပါသည်။

စိတ်တိုဒေါသထွက်နေသောပုဂ္ဂိုလ်များ၊ ရန်လိုနေသောသူများ၊ မနာလိုဝန်တို

ဝဋ်ကြွေးပြေစေတီတော်အထူးရှုခင်မိသားစု (ဦးအောင်ကြီး၊ ဇနီး ဒေါ်နန်းတိုးတိုးရွှေ၊ သား မောင်တင်ထွန်းအောင်)

ဝဋ်ကြွေးပြေရင်ပြင်တော်ပေါ်ရှိ ဒေါင်းထောင်းတော်နှင့် စာရေးသူတို့မိသားစု

ဖြစ်နေကြသူများ၊ လောဘဇောတက်နေကြသူများသည် ဤဝဋ်ကြွေးပြေစေတီတော်ကုန်းပေါ် သို့ရောက်ရှိလာသည်နှင့် စိတ်ကြည်လင်လန်းဆန်း၍ ဒေါသ၊ မောဟ၊ လောဘများ ပြေပျောက်ကွာသည်ဟုလည်း ကြားရပါသည်။

ထူးခြား ဆန်းကြယ်လှသော ဝဋ်ကြွေးပြေစေတီတော်ပင် ဖြစ်ပါသည်။

□ ပွဲတော်များ

အခြေအနေအမျိုးမျိုးတို့ကြောင့် ဘုရားပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ မကျင်းပမပြုလုပ်နိုင်လင့်ကစား သီတင်းကျွတ်လပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့များတွင် ဘုရားရင်ပြင်တော်ပေါ်၌ ဆီမီး (၁၀၀၀) ပူဇော်ခြင်း၊ ဝတ်အသင်းများပင့်ဖိတ်၍ ရွှတ်ဖတ်သရဇ္ဈာယ်ခြင်းများပြုလုပ်ခဲ့ပါသည်။

နောင်တစ်ချိန်တွင် ဘုရားပွဲတော်ကို ငွေကုန်ကြေးကျခံ၍ပြုလုပ်နိုင်သော ပုဂ္ဂိုလ်ပေါ် လာပါက ကြီးကျယ်သော ဘုရားပွဲတော်ကို ကျင်းပပြုလုပ်သွားရန် စိတ်ကူးရှိပါကြောင်း ပိန်းအွယ်မွေရိပ်သာကျောင်းတိုက် ပမာနနာယကဆရာတော်အရှင်နန္ဒာဝံသ၏ မွှက်ကြားချက်အရ သိရှိရပါသည်။

တစ်နေ့နေ့တစ်ချိန်ချိန်တွင်တော့ ဆရာတော်ဘုရား၏ ဆန္ဒပြည့်ဝလိမ့်မည်ဟု စာရေးသူတော့ ယုံကြည်ထားပါသည်။

□ ပိန်းအွယ်မွေရိပ်သာကျောင်း

သိန်းနှိုပြို့ ပိန်းအွယ်မွေရိပ်သာကျောင်းတိုက်မှ ပမာနနာယကဆရာတော် အရှင်နန္ဒဝံသသည် သက်တော် ၀၊တော်ငယ်လင့်ကစား ဘာသာ၊ သာသနာရေးကို လွန်စွာမှပင် အလေးထားသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးပင် ဖြစ်ကြောင်း အောက်ပါလုပ်ရပ်များတသက်သေခံ၍ နေပေသည်။

ပိန်းအွယ်မွေရိပ်သာကျောင်းတိုက်တွင် နှစ်စဉ် ဝါတွင်းဝိပဿနာတရားစခန်းကို -

၁။ ဝါခေါင်လဆန်း ၁ ရက်နေ့မှ လပြည့်နေ့အထိ၊

၂။ တော်သလင်းလဆန်း ၁ ရက်နေ့မှ လပြည့်နေ့အထိ၊

၃။ သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှ လပြည့်နေ့အထိ

စုစုပေါင်း (၃) ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။

ထို့ပြင် ယဉ်ကျေးလိမ္မာသင်တန်းကိုလည်း အပတ်စဉ် စနေနေ့၊ တနင်္ဂနွေနေ့များတွင် နံနက် (၈) နာရီမှ (၁၀း၃၀) ထိ လည်းကောင်း၊ နေ့လယ် (၁) နာရီမှ (၃)နာရီအထိ လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပါသည်။

ထို့အပြင် ပိန်းအွယ်မွေရိပ်သာကျောင်းပရိဝုဏ်အတွင်းမှပင် ကြီးကျယ်သော အောင်မေတ္တာဘဝနာရုံ (၂) ထပ်ကျောင်းဆောင်ကိုလည်း ဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်းနှင့် ရပ်ဝေး၊ ရပ်နီးမှ လှူဒါန်းလိုကြသော စေတနာကုသိုလ်ရှင်များအနေဖြင့် ပိန်းအွယ်ကျောင်းသို့ တိုက်ရိုက်လှူဒါန်းနိုင်ကြောင်းလည်း ဆရာတော်ဘုရား၏ မွှက်ကြားချက်အရ အများတကာမှ လှူဒါန်းပါဝင်နိုင်ရန် နိုးဆော်ရပါသည်။

(ကျောင်းဆောင်သစ်နမူနာပုံစံကို လေ့လာနိုင်ပါသည်။)

□ ဖိတ်ခေါ်ပါသည်

လွန်စွာမှပင် သာယာလှပသော သိန်းနှိုမြို့မှ မူဆယ်မြို့သို့အထွက် တောင်ကုန်းပေါ်တွင် သပ္ပာယ်စွာ စံပယ်နေသည့် ဝဋ်ကြွေးပြေစေတီတော်သို့ စာရှုသူများ၏ တင်ရှိနေသော ဝဋ်ကြွေးများပြေပျောက်နိုင်ရန် တစ်ခေါက်တစ်ခါ အရောက်လာ ဖူးမြော်လှည့်ကြပါ ဟူ၍ နှိုးဆော်လိုက်ရပါသည်။

လူတိုင်းဝဋ်ကြွေးများ ပြေပျောက်ကြပါစေ

မောင်မောင်ချစ်ဦး (ပုဏ္ဏ)

www.burmeseclassic.com

www.burmeseclassic.com

ပထမံဂါထာတော်

...ဒ္ဓမံ သကလက္ခဏာ မေကပဒံ၊
...တိယာဒီ ပဒဿ နိဒဿနတော၊
...ဒ-ဓ-နီ၊ ဒု-နိ-မာ၊ သ-မ-ဒ္ဓူ သ-နိ-ဒ္ဓူ၊
...ဒီဘာဒ္ဓေ ကမတော ပဌမေန ဝိနာ။

အဘိဓမ္မတ္ထသင်္ဂဟအဖွင့် သဒ္ဒေပ ဝတ္ထုနာဒီကာ (၂၉၆) လာ ဂါထာတော် ဖြစ်ပါသည်။ ရွှေတောင်မြို့ ကျီးသဲလေး ထပ်ဆရာတော်ဘုရားကြီးမှ ဦးကာလာ အရာရာသိဒ္ဓိပေါက်အဆောင်ဂါထာဟု ဆိုထားခဲ့ပါသည်။ ပထမံဦးအောင်အမြဲ ရွတ်ပွားသောဂါထာဟုလည်း ဆိုကြပါသည်။ ထို့အပြင် ဤပထမံဂါထာတော်ကို သစ္စာအနက် (၁၆) ချက်ဂါထာ ယူ၍ ခေါ်ဝေါ်မှုလည်းရှိပါသည်။

ဂါထာအနက်အဓိပ္ပာယ်ကို အရင်ရေးသား ဖော်ပြပါမည်။

မျိုးဆောင်
(ဆောင်မြေ)

လေးပါးသစ္စာ ပထမံဂါထာ

www.burmeseclassic.com

www.burmeseclassic.com

ဗဟု-ဒေဠိ-ဓနာ၊ မေဏ္ဍပ-တစ်ခုသောအနက်သည်၊ သကလကမ္ဘဏ-မိမိ၏မူလသဘောလက္ခဏာဖြစ်သော အနက်သည်၊ ဟောတိ-ဖြစ်၏။ ခုတိယာဒိ ပဒဿ - ဒုတိယအနက်မှစ၍ ကျန်သုံးပါးသောအနက်တို့ကို **သမနိ**-ဒုက္ခသစ္စာ၌ သမုဒယ, မဂ္ဂ, နိရောဓသစ္စာတို့ကို လည်းကောင်း၊ **ဒုနိမာ** - သမုဒယသစ္စာ၌ ဒုက္ခ, နိရောဓ, မဂ္ဂသစ္စာတို့ကို လည်းကောင်း၊ **သမဒု** - နိရောဓသစ္စာ၌ သမုဒယ, မဂ္ဂ, ဒုက္ခသစ္စာတို့ကို လည်းကောင်း၊ **သနိဒု** - မဂ္ဂသစ္စာ၌ သမုဒယ, နိရောဓ, ဒုက္ခသစ္စာတို့ကို လည်းကောင်း၊ **နိဿသနတော** - ထောက်ထား၍ ခြင်အပ်သောကြောင့်၊ **ပဌမေန** - ပထမမူလအနက်နှင့်၊ **ဝိနာ** - ကင်းလွတ်၍၊ **ကမတော** - အစဉ်အတိုင်း၊ **ဝိဘာဒွေ**-သိအပ်သောအနက်များတည်း၊ (ဝေဖန်ရာ၏)။

နိဿယမြန်မာပြန်ကို ဖော်ပြပြီးနောက် အဓိပ္ပာယ်ရှုပ်ထွေးမှုများရှိမည်စိုးသောကြောင့် ထပ်မံပြီး ရှင်းလင်းဖော်ပြပါမည်။

ဓမ္မာသင်္ဂဏိရာဇ် ၁၀၃ ခု, ဝါဆိုလပြည့်နေ့မှာ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မိဂဒါဝုန်တော၌ သို့ကြွတော်မူပြီး ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို ရွေးဦးစွာ ဟောကြားတော်မူပါသည်။ ဗုဒ္ဓဘုရားရှင်သည် ဗုဒ္ဓသာသနာကို ဓမ္မစကြာနှင့် စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

သစ္စာ၏ အဓိပ္ပာယ်မှာ အမှန်တရားဟု ဆိုလိုပါသည်။ **စတ္တာရိသစ္စာနိ ဗုဒ္ဓ ဟိတိ ဗုဒ္ဓေါ** - အမှန်တရားကို သိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။

မြတ်စွာဘုရား (၄၅) ဝါ ကာလပတ်လုံး ဟောကြားသမျှသည်လည်း **စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ** - သစ္စာလေးပါး မြတ်တရားမှ ကင်းလွတ်သည်တရားဟူ၍မရှိ။ သစ္စာလေးပါးဆိုသည်မှာ -

၁။ ဒုက္ခသစ္စာ
၂။ သမုဒယသစ္စာ
၃။ နိရောဓသစ္စာ
၄။ မဂ္ဂသစ္စာတို့ ဖြစ်ကြပါသည်။

၁။ ဒုက္ခသစ္စာဆိုသည်မှာ ဆင်းရဲခြင်းအမှန်တရားကို ဆိုလိုပါသည်။ **ခန္ဓာကိုယ်နှင့် စိတ် (တရားစကားအရပြောရလျှင် ရုပ်နှင့်နာမ်) တို့ ဖြစ်ပါသည်။** ရုပ်နှင့် နာမ်သည် မပြတ်ဖြစ်ပြီး ယှက်ယှက်နေပါသည်။

ဒုက္ခသစ္စာမှာ -

၁။ သတ္တဝါတို့ကိုအဖန်ဖန်နှိပ်စက်တတ်သောအနက် - ပိဠနဋ္ဌ။ မူလသဘောအနက် ဖြစ်ပါသည်။

(သ-မ-နိ)

၂။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးတို့၏ အမြဲပြုပြင်စီရင်ချက်ဖြစ်သောအနက် - သန်တဋ္ဌ။

ဆင်းရဲခြင်းဖြစ်ပေါ်စေတတ်သော အကြောင်းဖြစ်သည့် လိုချင်တပ်မက်နှစ်သက် ထွယ်တာတတ်သော တဏှာလောဘ (သမုဒယသစ္စာ) ကို ထောက်ထား၍ သိအပ်သောအနက်တည်း။

၃။ သတ္တဝါမှန်သမျှကို ပို့ပင်စေတတ်သောအနက် - သန္ဓာပဋ္ဌ။

ဆင်းရဲငြိမ်းရာသို့ရောက်ကြောင်း အကျင့်လမ်း (မဂ္ဂသစ္စာ) ကို ထောက်ထား၍ သိအပ်သောအနက်တည်း။

၄။ သတ္တဝါမှန်သမျှ တွေ့ကြုံရမည့် ဖောက်ပြန်တတ်သောအနက် - ဝိပရိဏာမဋ္ဌ။

ဆင်းရဲခြင်း ချုပ်ငြိမ်းမှုအကျိုး (နိရောဓသစ္စာ) တစ်နည်း မဖော်ကပြန်သောသဘောကိုထောက်ထား၍ သိအပ်သောအနက်တည်း။

၂။ သမုဒယသစ္စာ ဆိုသည်မှာ ဒုက္ခသမုဒယသစ္စာကို ရှေ့၌ဒုက္ခပါပြီး သောကြောင့် ဖြုတ်ထားသည်ဖြစ်၍ သမုဒယသစ္စာဟုခေါ်ခြင်း ဖြစ်သည်။ ဆင်းရဲဖြစ်ခြင်းအကြောင်းအမှန်တရားဟု ဆိုလိုခြင်း ဖြစ်သည်။

သမုဒယသစ္စာကို ယာယ်တဏှာပေါ်နေဘုဝိကာ နန္ဒီရာဂသဟဂတာ စာတြတတြာဘိနန္ဒိန်။ သေယျထိဒံ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟု မြတ်ဗုဒ္ဓ မိန့်တော်မူပါသည်။ လိုရင်းအချက်က တဏှာသည် သမုဒယသစ္စာဟု ဆိုလိုရင်း ဖြစ်ပါသည်။

တဏှာသည် ဆင်းရဲဖြစ်ခြင်း၏ အကြောင်းတရား ဖြစ်ပါသည်။ တဏှာ၏အဓိပ္ပာယ်မှာ လိုချင်တပ်မက်နှစ်သက်တွယ်တာခြင်း ဖြစ်ပါသည်။ တဏှာနှင့် လောဘ အဓိပ္ပာယ်အတူတူပင် ဖြစ်ပါသည်။ ထို့ကြောင့် တဏှာရှိလျှင် ဆင်းရဲဖြစ်မည်။ တစ်နည်းအားဖြင့် တဏှာရှိလျှင် ရုပ်ခန္ဓာရှိပါမည်။ တဏှာမရှိလျှင်တော့ ဆင်းရဲခြင်းမဖြစ်တော့ပါ။

သမုဒယသစ္စာမှာ -

၁။ သံသရာမှဓလွတ်ကင်းအောင် သွေးဆောင်တတ်သောအနက်-အာယူဟနဋ္ဌ မူလသဘောအနက် ဖြစ်ပါသည်။

(ဒု-နိ-မာ)

၂။ ဆင်းရဲ၏အကြောင်းဖြစ်သောအနက် - နိဓါနဋ္ဌ။

ဆင်းရဲခြင်းအကျိုးဖြစ်ထွန်းသော (ဒုက္ခသစ္စာ) ကို ထောက်ထား၍ သိအပ်သောအနက်တည်း။

၃။ သံသရာ၌ကျင်လည်ရသော အကြောင်းဖြစ်သောအနက် - သံယောဂဋ္ဌ။

ဆင်းရဲခြင်းချုပ်ငြိမ်းမှုအကျိုးနိဗ္ဗာန်သို့ရောက်စေသော (နိရောဓသစ္စာ) ကို ထောက်ထား၍ သိအပ်သော အနက်တည်း။

၄။ နိဗ္ဗာန်ကို အမှန်မြင်စေတတ်သော မဂ္ဂသစ္စာကိုပိတ်ဖုံးကွယ်စေတတ်သောအနက် - ပလိဃောဋ္ဌ။

ဆင်းရဲငြိမ်းရာသို့ရောက်ကြောင်း အကျင့်လမ်း(မဂ္ဂသစ္စာ)ကိုထောက်ထား၍ သိအပ်သောအနတ်တည်း။

၃။ နိရောဓသစ္စာ ဆိုသည်မှာ ချုပ်ငြိမ်းခြင်း, မရှိဘဲဖြစ်သွားခြင်းနောက်ထပ်မဖြစ်ပေါ်တော့ခြင်း စသည့် အဓိပ္ပာယ်ရှိပါသည်။ ဆင်းရဲခြင်းချုပ်ငြိမ်းမှုအကျိုးပါ။ ဆင်းရဲဖြစ်ခြင်းအကြောင်း နောက်ထပ်မဖြစ်ပေါ်တော့ခြင်းဆိုသည်မှာ ဆင်းရဲခြင်းကို ဖြစ်ပေါ်စေတတ်သောတဏှာ ပယ်သတ်ထားခြင်းကိုဆိုလိုရင်းဖြစ်ပါသည်။ အကြောင်းတဏှာ မရှိတော့သောကြောင့် အကျိုးဆင်းရဲခြင်းမဖြစ်ပေါ်တော့ဘဲ ချုပ်ငြိမ်းသွားသောကြောင့် ခမ်းသာနေသော သဘောပင် ဖြစ်ပါသည်။ ဆင်းရဲပြန်မဖြစ်ပေါ်လာခြင်းကို သန္တိသုခဟု ခေါ်ပါသည်။

နိရောဓသစ္စာမှာ -

၁။ သတ္တဝါတို့ အို၊ နာ၊ သေနေ ဒုက္ခဘေးမှ ကင်းဝေးစေတတ်သောအနက် - နိဿရဏဋ္ဌ။ မူလသဘောအနက်ဖြစ်ပါသည်။

(သ-မ-ဒု)

၂။ သတ္တဝါတို့အား ပြုပြင်ရာအမှန် သဒ္ဓါရုနယ်မှ ကင်းလွတ်၍ ဆိတ်ငြိမ်ရာသို့ရောက်စေတတ်သောအနက် - ဝိဝေကဋ္ဌ။

ဆင်းရဲခြင်းဖြစ်ပေါ်စေတတ်သော အကြောင်းဖြစ်သည့် လိုချင်တပ်မက်နှစ်သက် တွယ်တာတတ်သော တဏှာလောဘ (သမုဒယသစ္စာ) တစ်နည်း

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာတော်သောသဘောကိုထောက်၍ သိအပ်သောအနက်တည်း။

၃။ ပြုပြင်ခြင်းကင်းဝေးစေတတ်သော တစ်နည်း မပြုပြင်အပ်ဆော - အာမိတဋ္ဌ။

ဆင်းရဲငြိမ်းရာသို့ရောက်ကြောင်းဖြစ်သဖြင့် (မဂ္ဂသစ္စာ) ဖြင့် ပြုပြင်ခြင်းငှါ သောက်ထားရ၍ သိအပ်ဓာတုအနက်တည်း။

၄။ သေရခြင်းဘူကွမ္မ ကင်းငြိမ်းခြင်းသော စေတတ်သောအနက် - အမ

ဆင်းရဲခြင်းအမှန်တရား (ဒုက္ခသစ္စာ) တစ်နည်း သေတတ်သော သဘောကိုထောက်ထား၍ သိအပ်သော အနက်တည်း။

၄။ မဂ္ဂသစ္စာ ဆိုသည်မှာ ဆင်းရဲခြင်းလွှင့် တဏှာကိုပယ်ရပါမည်။ ပယ်ချင်လျှင် ဒုက္ခသစ္စာကို သိအောင်လုပ်ရပါမည်။ ဒုက္ခသစ္စာကို သိအောင်လုပ်ရာတွင် သိချင်လျှင် မဂ္ဂသစ္စာကို ပွားများရပါမည်။ မြတ်ဗုဒ္ဓက မဂ္ဂသစ္စာကို ဆင်းရဲငြိမ်းရာသို့ရောက်ကြောင်းအကျင့်အမှန်တရားဟုဟောပါသည်။ မဂ္ဂသစ္စာဆိုသည်မှာ မဂ္ဂင်ရှစ်ပါးကိုဆိုလိုပါသည်။ ခန္ဓာကိုယ်မှာဖြစ်သမျှစိတ်မှာဖြစ်သမျှသောတွေ့ကို ဖြစ်နေ၊ ရှိနေသောအတိုင်း သတိကပ်၍ မပြတ်စောင့်ကြည့်နေခြင်းမှာ သတိပဋ္ဌာန်ဝိပဿနာ ဖြစ်ပါသည်။ သတိပဋ္ဌာန်ဝိပဿနာတွင်သည်ပင်လျှင် မဂ္ဂင်ရှစ်ပါးဖြစ်ပါသည်။

မဂ္ဂသစ္စာမှာ -

၁။ သံသရာ ဇာည်းဟူသော ကြာမှလွတ်မြောက်ကြောင်းဖြစ်သော အနက် - နိယျာနိတဋ္ဌ။ မူလသဘောအနက် ဖြစ်ပါသည်။

(သ-နိ-ဒု)

၂။ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောအနက် - ဟေတုဋ္ဌ။

ဆင်းရဲခြင်းဖြစ်ပေါ်စေတတ်သော အကြောင်းဖြစ်သည့် လိုချင်တပ်မက်မှုတဏှာ တွယ်တာတတ်သော တဏှာသာ (သမုဒယသစ္စာ) တစ်နည်းသာရှာ၍ နစ်မွန်းကြောင်းဖြစ်သော သဘောကို ထောက်ထား၍ သိအပ်သောအနက်တည်း။

၃။ နိဗ္ဗာန်ကို ဧကန်အမှန်မြင်စေတတ်သောအနက် - ဒဿနဋ္ဌ။

ဆင်းရဲခြင်း ချုပ်ငြိမ်းမှုအကျိုး (နိရောဓသစ္စာ) တစ်နည်း မြင်နိုင်ခဲသော သဘောကိုထောက်ထား၍ သိအပ်သော အနက်တည်း။

၄။ သစ္စာလေးပါးကို အမှန်အစိုးရသော တစ်နည်း အကြီးအကဲဖြစ်သော အနက် - အဓိပတေယျဋ္ဌ။

ဆင်းရဲခြင်း အမှန်တရား (ဒုက္ခသစ္စာ) တစ်နည်း အစိုးမရသော သဘောကိုထောက်ထား၍ သိအပ်သော အနက်တည်း။

အထက်ဖော်ပြမှုများသည် ဓမ္မစကြာဋ္ဌကထာသော သစ္စာလေးပါးတရား၏ တစ်ခုချင်းအဓိပ္ပာယ်များနှင့် ပထမဝိဂါထာတော်လာ (သ-မ-နိ၊ ဒု-နိ-မာ၊ သ-နိ-ဒု) အဓိပ္ပာယ်ရှင်းလင်းချက်များ ဖြစ်ကြပါသည်။

တချို့ ဝိဇ္ဇာမယပညာရှင်များကတော့ ဂါထာတစ်ပုဒ်လုံးကို ၁-၁-၂၊ ၁-၁-၂၊ ၁-၁-၂၊ ၁-၁-၂ အစီအစဉ်အတိုင်း ဖွဲ့စည်းထားသောကြောင့်ဟု ဆိုကာ **သ-မ-နိ** ကို **သ-မ-နီ** ဟု လည်းကောင်း၊ **ဝိဘင္ဂေ** ကို **ဝိဘဂေ** ဟူ၍ လည်းကောင်း၊ သံတိမှ သဒ္ဒတ္ထအဖြစ် ပြောင်းလဲရွတ်ဆိုရေးသားလေ့ရှိကြပါသည်။

ဆန်းဂိုဏ်းခွဲလျှင် သုလေ့သွာဆိုသော သ-ဂိုဏ်းဖြစ်ပြီး (၁၅) လုံးမြောက် သွာတိနကွတ်ဖြစ်သောကြောင့် လေနတ်သားစောင့်သ-ပ်ဟု ဆိုကြပါသည်။ ထို့ကြောင့် ဝျင်္ဂမြန်သောအကျိုးကို လည်းပေးစေတတ်ပါသည်။

ဤမျှ ထူးခြားလှသော ပထမဝိဂါထာကို လောကီဂဗ္ဘီရပညာရပ်နယ်ပယ်တွင် ဝိဇ္ဇာမယပညာရှင်ကြီးများက ခုနှစ်ကွက်ပတ်လည်အင်း (၇×၇×=၄၉ ကွက်၊ အလယ်တွင် နေ့နံတစ်ကွက် ချန်) အဖြစ် မြင်းသေမြင်းကိုက်တော်မူကြ၍ သိုက်ဝင်ဆေးတော်များ၊ ပထမရုပ်မူနှိုင်းများနှင့် ပထမဆေးတော်ကြီးဟု စီမံ၍ လောကီသိဒ္ဓိဆယ်ပါး တို့ကို တစ်ဖက်ကမ်းခပ် တတ်မြောက် အောင်မြင်တော်မူကြကြောင်း ပင်မ အနှစ်ချုပ်မဟာ အင်းမြတ်ကြီး၌ တွေ့ရှိရပါသည်။

ထို့အပြင် မဟာပထမဝိဇ္ဇာရပ်လမ်း ဟူ၍ ပထမ (၄၉) အင်းနှင့် ဇာကွ ပညာရပ်များကို သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီးက အကျယ်တဝင့် ရေးသား ဖော်ပြထားခဲ့ပါသည်။ ပညာလိုလားကြသူများ ဆက်လက်၍ လေ့လာ လိုက်စားနိုင်ပါသည်။

စာရေးသူအနေဖြင့် ဤမျှထူးခြားပြီး ထွက်ရပ်လမ်းသို့ရောက်နိုင်သော ပထမဝိဂါထာတော်၏ အကြောင်းကို တစ်စွန်းတစ်စ ဖော်ထုတ် ရေးသားလိုက်ရပါသည်။

မျိုးအောင် (အောင်မြေ)

ကိုးကားစာအုပ်များ -

၁။ မဟုစတ္တမဝတ္တနသုတ်နှင့် အနတ္တလက္ခဏသုတ် ပါဠိနိဿယ၊ ပဌမ. အကြိမ်၊ ၁၉၆၂ အောက်တိုဘာ၊ ဟံသာဝတီ။

၂။ ပင်မအနှစ်ချုပ်မဟာအင်းမြတ်ကြီး၊ သတ္တမမြောက်ကျော်အောင်စံထား ဆရာတော်အရှင်ဝါယာမာဘိဝံသ။

၃။ ဦးတင်သန်း၊ ဒေါ်ခင်ဦးမေ၊ သား မောင်နေဝင်းထွန်း၊ သမီး မသဏ္ဌီး တို့၏မွေးနေ့မင်္ဂလာမြတ်ဓမ္မာ။

၄။ ပုဒ္ဓပရိတ်ဂါထာမန္တန်တော်ပေါင်း ချုပ်၊ မင်းလပြည့်၊ ဒုတိယ၊ ၂၀၁၁၊ မတိလ၊ သုဝဏ္ဏာသျှမ်စာပေ။

၅။ ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့၊ A.I.T တက္ကသိုလ်တွင် ၂၀၀၅ ခု၊ မတ်လ ၆ ရက်နေ့၌ ဟောကြားသော သစ္စာလေးပါးတရားတော်၊ ချမ်းမြေ့ဆရာတော်၊ ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လိုင်(ကျိုက်လတ်)

ဘေးရန်ဟူသမျှ ဝေးရှောင်ကြ

သုံးလောကထွတ်တင် သဗ္ဗညု မြတ်စွာရှင်၏ အဆုံးအမသြဝါဒ လမ်းညွှန်တရားတော်များကို လေးစားလိုက်နာ ယုံကြည်သက်ဝင်ခံယူကျင့်သုံးနေကြသည့် ဗုဒ္ဓဘာသာဝင် ဝေနေယျပုဂ္ဂိုလ် အပေါင်းတို့ကို မြတ်ဗုဒ္ဓ၏သာသနာဝင်များဟူခေါ်၏။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများနှင့် ဘာသာခြားပုဂ္ဂိုလ်များပင် ဖြစ်စေ မိမိတို့၏ဘဝအသက်ရှင်သန်နေထိုင်နိုင်ရေးအတွက် အရေးသုံးပါး (စား-ဝတ်-နေ) အလို့ငှာ သွားလာလှုပ်ရှားလုပ်ကိုင်နေကြရသည်။ ထိုသို့သွားလာလှုပ်ရှားလုပ်ကိုင်နေကြရင်း မမျှော်လင့်သော ဘေးဥပဒ်ရန်အန္တရာယ်များနှင့် ကြုံကြရသည့် အဖြစ်အပျက်ဆိုးများကို မကြာခဏ မြင်တွေ့ကြားသိနေကြရ၏။ ဥပမာ နိုင်ငံခြားမှာ လေယာဉ်များပျက်ကျခြင်း၊ သင်္ဘောများမြုပ်ခြင်း၊ မီးရထားတိုက်ခြင်း၊ ကားတိုက်ခြင်းများနှင့် မြန်မာနိုင်ငံအတွင်း နေပြည်တော်လမ်းမကြီးမှာ ကားမောက်ခြင်း၊ ဒေသအသီးသီးမှ ယာဉ်တိုက်မှုများ၊ ဆိုင်ကယ်၊ မော်တော်ကားအန္တရာယ်ကြောင့် ကျိုးပဲ့အသက်ဆုံးရှုံးမှုများဖြစ်ပွားနေကြသည်ကို ကြားသိနေကြရသည်။

ထိုအဖြစ်ဆိုးများမှ လူပုဂ္ဂိုလ်များအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး၊ ဘေးဥပဒ်ရန်အန္တရာယ်အပေါင်းမှ လွတ်ကင်းကြပါစေဟု မေတ္တာပို့ဝေရင်း -

လောကအလုံးဌဲ့ အမြတ်ဆုံးဖြစ်သော (ရတနာမြတ်သုံးပါး) တို့ကို သဒ္ဓါပညာမျှတစွာဖြင့် ယုံယုံကြည်ကြည် ပူဇော်ဆည်းကပ် ရွတ်ဖတ်ပြီး အလေးအမြတ်ပြုကာ ဆောင်ရွက်နိုင်ကြပါစေ၊ ချမ်းသာသုခနှင့် မိသားစုများအားလုံး ပြည့်စုံကြပါစေဟု မွန်မြတ်သောစေတနာတရားနှင့် ဝေနေယျအပ္ပများအား မေတ္တာပို့သလိုက်ပါသည်။

အောက်ဖော်ပြပါ ရတနာသုံးပါး ကန်တော့လွှာကို နေ့စဉ်ရွတ်ဆိုပူဇော်ပါ။ ခရီးသွား၊ ခရီးပြန်လျှင် အနည်းဆုံး (၃) ခေါက်ရွတ်ဆိုပူဇော်ပြီးမှ သွားပါ။

၁။ သုံးပါးရတနာမှာကန်တော့လွှာ

ဥိ - တဏှင်္ကရာ အစ၊ ဂေါတမ အဆုံး၊ ပတ်ကုံးကြေညာ၊ စိန္တေယျာလျှင်၊ ငါလျှင်ရှိခိုး၊ ကိုးကွယ်ရာလျှင်ကတည်း။

ဥိ - မဟာသမုဒ္ဒရာတသီး၊ မြစ်ကြီးငါးသွယ်၊ မြစ်ယေဉ်းရာ၊ သီတာခုနစ်တန်၊ ငါကိုရံခဲ့လော့၊ တောင်စဉ်ခုနစ်ထပ်၊ ငါကိုပတ်လော့၊ နှစ်သိန်းလေးသောင်းအထူရှိသော မဟာပထဝီ ဤမြေကြီးသည် ဖျာလိုလိပ်ကာ ဖုံးပိတ်ကာလော့၊ တစ်ရာ့ရှစ်လုံး ဂြိုဟ်ကြီးဖုံးလော့၊ ရသေ့ရှစ်သောင်း၊ ကာတုံရှောင်းလော့။

ဥိ - ငါ၏ဆရာသည်ကား၊ သဗ္ဗညုတမြတ်စွာဘုရားသခင်တည်း။

လက်ယာဘက်က အရှင်သာရိပုတ္တရာကို ကိုးကွယ်ပါ၏။

လက်ဝဲဘက်က အရှင်မောဂ္ဂလ္လာန်ကို ကိုးကွယ်ပါ၏။

ရှေ့က ပဋိဂတ်သုံးပုံကို ကိုးကွယ်ပါ၏။

နောက်က ညီတော် အာနန္ဒာကို ကိုးကွယ်ပါ၏။

ပတ်လည် ရဟန္တာကို ကိုးကွယ်ပါ၏။

ကြမ္ဘာမကောင်း၊ ပယ်တုံရှောင်းလော့၊ ဒသာမကောင်း ဝေတုံရှောင်းလော့။

အိပ်မက်မကောင်း၊ နှင်တုံရှောင်းလော့။

ဥိ - ဗုဒ္ဓ စကြဝဠာ ဟုရံဝဲ၊ ဥိ မွေ့စကြဝဠာ ဟုရံဝဲ။ ဥိ သံဃစကြဝဠာ ဟုရံဝဲ။

ဥိ - ဘုရားဟူက မောက္ကလူ နှစ်ဆယ့်လေး၊ ဥိ - တရားဟူက ဗာလည်ကွေး လေးဆယ့်ငါး၊ ဥိ-သံဃာတံသော သံချပ်ဝတ် ခြောက်ဆယ့်ခုနစ်၊ မူတင်တေရဿ။

အရှင်မဟာကဿပ ကိန်းဝပ်တော်မူသည်။

မကောင်းဘေးဒဏ်၊ ရန်မာန်ခပ်သိမ်း၊ အပေါင်းတို့သည် -

ဖယ်လေ ရှားလေ ဆုတ်လေ ခွာလေ ဝေးလေ ရဲလေ ဝေးလေစေ။

မောက္ကလူ နှစ်ဆယ့်လေး၊ ဗာလည်ကွေး လေးဆယ့်ငါး၊ သံချပ်ဝတ် (၆၇)

၁။ ဘုရားဟူက မောက္ကလူ နှစ်ဆယ့်လေး ဆိုသည်၊ ဒီပင်္ကရာဘုရားမှစ၍ ကဿပဘုရားတိုင်အောင် (၂၄) ဆူသော ဘုရားရှင်တို့ထံ (၂၄) ကြိမ်တိုင် နိယတဗျာဒိတ်ခံယူခြင်းတို့အကြောင်းပြု၍ မောက္ကလူနှစ်ဆယ့်လေး ဖြစ်၏။

၂။ တရားဟူက ဗာလည်ကွေး ဆိုသည်မှာ ဘုရားဖြစ်သည်မှ (၄၅) ဝါပတ်လုံး၊ တရားပဋိဂတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟောကြားခဲ့ခြင်းကို ရည်ရွယ်သည်။

၃။ သံဃာဟူက သံချပ်ဝတ်ခြောက်ဆယ့်ခုနစ် ဆိုသည်မှာ မဂ္ဂင်္ဂန် (၄) ဖလင်္ဂန် (၄) ပေါင်းလျှင် အရိယာသံဃာ (၈) ပါး။ (သဒ္ဓါဓုရ (၁) ပါး၊ ပညာဓုရ (၁) ပါး) - (၂) ပါး။ (၈×၂) - ၁၆ ပါး။

အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် (၃) ပါးနှင့် မြောက် (၁၆ × ၃) - (၄၈) ပါး။ သံဃာဂုဏ်တော် (၉) ပါးနှင့် ပေါင်း - (၄၈ + ၉) - (၅၇) ပါး။

ပထုဇ္ဇဉ်သံဃာ (၁) ပါးနှင့် သံဃာဂုဏ်တော်(၉) ပါးပေါင်းသော် (၁၀) ပါး ရ၏။

(၅၇ ပါး + ၁၀ ပါး) - သံချပ်ဝတ် (၆၇)။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

ယခု ရေးသားမည့် အကြောင်းအရာများသည် ကျွန်ုပ်ကိုယ်တိုင်ကြုံတွေ့ခဲ့သော ဖြစ်ရပ်မှန်များဖြစ်ပါသည်။ ဤကြောင့် ဟိုတယ်အမည်နှင့် ဘန်ဂလိုအမှတ်နံပါတ်ကိုတော့ စောင့်ထိန်းရမည့် တာဝန်ရှိသူတို့ဖြစ်သည်ဟုကျွန်ုပ်ယူဆသောကြောင့် ဖော်ပြရေးသားခြင်းမပြုတော့ပါကြောင်း ဆုံးဖြတ်လိုက်ပါသည်။

ယနေ့သည် ဝါတွင်းကာလ ဥပုသ်နေ့ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ိန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်တွင် တည်ထားကိုးကွယ်ထားသော ဥက္ကလာဦးစေတီသာသနာ့အလင်းရောင်မြတ်စွာဘုရားကြီး၏ တန်ဆောင်းအတွင်း၌ ကျွန်ုပ်တို့ဇနီးမောင်နှံနှင့်အတူ ဂေါပက ဥက္ကဋ္ဌဦးသိန်းအေး၊ စာရင်းစစ်ဦးမြင့်ဝင်း၊ စာရေးကြီးဦးထွန်းမြင့်နှင့် သီလခံယူကာ ဥပုသ်သီတင်း ဆောက်တည်ကြမည့်သူများလည်းရောက်ရှိနေကြပါသည်။ သီလပေးမည့် ဆရာတော်ရောက်ရှိရန် အချိန်(၁) နာရီခန့်လိုသေးသဖြင့် ကျွန်ုပ်မှ ဂေါပကဥက္ကဋ္ဌ ဦးသိန်းအေးအား -

"ဥက္ကဋ္ဌ၊ သီလပေးမယ့်ဆရာတော်ကြွရောက်လာဖို့ကာအချိန်(၁)နာရီလောက်လိုသေးလို့ ကျွန်တော် ဥက္ကလာဦးစေတီဘုရားရင်ပြင်နဲ့ ဘုရားဝင်းထဲမှာရှိသမျှလေ့လာမှတ်သားစရာအားလုံးကို ဓာတ်

ဘိုးမင်းခေါင်ဘုရားမှ ပရလောကသား၏သာဓုခေါ်သံ

အဘဝ (သာသနာ့အလင်းရောင်)

ထမ္ဘာထုံးဘုရားပုံတော်

ထမ္ဘာတော်တိုင်စေတီပုံ



ဘိုးတော်အောင်မင်းခေါင်ကြီးအဖိန်ဖြင့် တည်ထားခဲ့သော ဥက္ကဋ္ဌဦးစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

သာသနာ့အထင်းဈေးမြက်စွာဘုရားကြီး



အောင်မြေပေါင်းစု သမ္မဉ္ဇာစေတီ (စေတီအောက်ရှိ သိကြားဝူ)

ပုံရိုက်ပြီး မှတ်တမ်းတင်ဖို့အတွက် စာရင်းစစ်ဦးမြင့်ဝင်းကို ခေါ်သွားပြီး လေ့လာကြည့်ရှုလိုက်ဦးမယ်"

ဟု ပြောလိုက်သောအခါ ဂေါပက ဥက္ကဋ္ဌမှူ ကျွန်ုပ်အား -

အေး၊ အေး - မောင်မြင့်ဝင်းကို ပါခေါ်သွားတော့ ပိုပြီးတော့ ပြည့်ပြည့်စုံစုံသိရပြီး မှတ်တမ်းတင်လို့ရတာပေါ့။ ဆရာတော်ကြွလာဖို့ကလည်း အချိန်လိုသေးတာပဲ။ တကယ်လို့ ဆရာတော်ကြွလာပြီဆိုရင် မင်းတို့သိရအောင် စာရေးကြီးဦးထွန်းမြင့်ကို အသံကျယ်ကျယ်နဲ့ အော်ခိုင်းလိုက်မယ်။ ရတယ်၊ ရတယ်သွား၊ သွား

ဟု ဆိုသဖြင့် ကျွန်ုပ်သည် စာရင်းစစ်ဦးမြင့်ဝင်းနှင့်အတူ သာသနာ့အလင်းရောင် မြက်စွာဘုရားကြီး တန်ဆောင်းထဲမှ ဥက္ကလာဦးစေတီရှိရာ ဘုရားရင်ပြင်သို့ ထွက်လာခဲ့ပါသည်။ ဦးစွာပထမတင်ပြလိုသည်မှာ ယခုကျွန်ုပ်တို့ရောက်ရှိနေသော ဥက္ကလာဦးစေတီတော်သည် မဟိဒ္ဓိဝင်္ဂခုရိဘုံတော်အောင်မင်းခေါင်ကြီးမှ သာသနာတော်ကြီး အစွန့်ရှည်စွာ တည်တံ့နိုင်ရေးနှင့် မြန်မာပြည်ကြီး၏ နေရာအနှံ့အပြား၌ ရောင်စုံသူပုန်များ သောင်းကျန်းနေသော အချိန်ကာလဖြစ်သဖြင့် ခုနစ်ရက်သားသမီးအပေါင်း ဘေးအန္တရာယ်ကင်းရှင်းပြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ဖို့ရန်အတွက် ၁၃၁၂ ခုနှစ်တွင် သာသနာ့ဓာတ်ပန်တိုက်ရိုက်ရန် အမိန့်ချမှတ်ကာ ခိုင်းစေလိုက်သဖြင့် ဘုရားဒါယကာကြီးဦးဘဦးတို့မိသားစုနှင့်အတူ အဘဦးအင်ကြီးကိုယ်တိုင် အနီးကပ်ကြပ်မတ်ကွပ်ကဲ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့သောစေတီဖြစ်ပါသည်။ ဤစေတီတော်ကြီးပုံသဏ္ဌာန်မှာ အခြားသောစေတီများနှင့် ပုံစံမတူဘဲ ကွဲပြားခြားနားနေပါသည်။ ဗုဒ္ဓ၏ သာသနာ့အလင်းရောင်များထွန်းလင်းတောက်ပစေရန်နှင့်မြန်မာပြည်ကြီးတစ်ခုလုံးကို အေးချမ်းသာယာစေရန်အတွက် 'ဓာတ်ပေါင်းစုဘုရား တည်လို့ထား ပြီးရင် အနှံ့အေးလတ္တံ့' ဟူသော စာဘောင်စကားအတိုင်း မြန်မာပြည်ကြီး၏ နေရာအနှံ့အပြား၌ ဓာတ်ပေါင်းစုဘုရားများကို တည်ထား ကိုးကွယ်စေကာ သာသနာ့ဓာတ်ပန်တိုက်များကိုရိုက်ခဲ့သော သူတော်ကောင်းကြီးများပေါ့စံရာ ပုပ္ပားတောကလပ်ကြီး၌ ဗဟိုသာသနာ့ပြုန်းခန်းအဖြစ်ဓာတ်စခန်းဖွင့်လှစ်ကာ ဝင်ရောက်နေသော သတ္တဝါအများကို ကယ်တင်နေသော

www.burmeseclassic.com

www.burmeseclassic.com

သီကြာရက်တွင် တရားအားထုတ်ကာ
အဓိဌာန်အောင်မြင်သွားသော
ဟားဗော်ပြိုင်ဆရာတော်ဘုရားကြီး
ဝန်းသီဥယျဓမ္မသာမိထေရ်



မြောင်းမြပြိုမြတိဂုံစေတီတွင်
သီတင်းသုံးနေသော
မြစိမ်းရောင်တောင်ဆရာတော်ကြီး



ဆင်ဖြူပေါ်တွင် ထီးဖြူဆောင်းပြီး
သန့်ထူးကိုင်ထားသော ဆင်ဖေါ်ဒုဆရာတော်

သူတော်စင်ဗိမာန်ထဲမှ ဆရာတုပ်ပန်းချီကား



ဆရာအောင်မင်းခေါင်စာတန်းရှိ
ဆရာအောင်မင်းခေါင်ပုံ

ဘိုးတော်အောင်မင်းခေါင်ကြီးကိုယ်တိုင်
ရေးဆွဲလိုက်သော ဆွမ်းအုပ်ကြီးကို
ဆရာတော်၏ထိပ်ဆုံး၌ ဌာပနာထားပြီး
ဦးခွံမအုပ်ကြီး၏အပေါ်ဆုံးတွင် ထီး
ဆောင်တင်ထားသဖြင့် အခြားသောစေတီ
များနှင့်ပုံစံမတူဘဲ ထူးခြားနေသောစေတီ
ဖြစ်သည်။စေတီ၏ပုံသဏ္ဌာန်မှာ လေး
ထောင် လေးမျက်နှာ၊ လေးထောင့်ပုံသဏ္ဌာန်
ဖြစ်ပြီး ဗုဒ္ဓဂယာမှ မဟာဗောဓိစေတီ
သဏ္ဌာန်တည်ထားပါသည်။စေတီတော်
၏ မျက်နှာလေးဖက်စလုံးတွင် နှစ်ကျိပ်
ရှိသည့် ဗုဒ္ဓဆင်းတုတော်များလည်းရှိပါ
သည်။စေတီ၏အောက်ပစ္စယာလေးဖက်
တွင်လည်း နတ်မင်းကြီးလေးပါးပုံရုပ်တု
များရှိပြီး ဥက္ကလာဦးစေတီဟု ခေါ်သား
သားသည်ကိုတွေ့ရှိရပါသည်။ထူးခြားနေ
သည်မှာ ဥက္ကလာဦးစေတီ စနေထောင့်
၏ အနောက်ဘက်စေတီ၏ ထောင့်စွန်း
၌ ဖြွေနဂါးရုပ်တုကို မထင်မရှားတွေ့ရပြီး
ထိုရုပ်တုနှင့်ပတ်သက်သမျှ အကြောင်း
အရာများကို သိလိုသဖြင့် စာရင်းစစ်
ဦးမြင့်ဝင်းကို မေးကြည့်လိုက်သောအခါ
ကျွန်ုပ်အား သူသိသမျှအကြောင်းအရာ
များကို ဤကဲ့သို့ ရှင်းပြပါသည်။

"ဒီလိုဗျ၊ ဒီမြွေနဂါးရုပ်တုဟာ
သာမန်မဟုတ်ဘူး။ ဒီမြွေနဂါးဟာ ခုနစ်
ရက်သားသမီးတွေကို ဒုက္ခပေးခဲ့တယ်လို့
သိရတယ်။ ဒါကြောင့် ဒီမြွေနဂါးကို
ဘိုးတော်အောင်မင်းခေါင်ကြီးက ခုနစ်
ရက်သားသမီးများကိုဒုက္ခပေးခဲ့တဲ့ အပြစ်
ကြောင့် ဒီဥက္ကလာဦးစေတီကိုခေါ်ဆောင်
လာပြီး စေတီအား ကြည့်ရှုစောင့်ရှောက်
ရန် ဘိုးတော်အောင်မင်းခေါင်ကြီးက
တာဝန်ပေးခဲ့တယ်လို့ အဲဒီအချိန်တုန်း
က ဂေါပကအဖြစ် တာဝန်ထမ်းဆောင်
ခဲ့တဲ့ ဆရာဦးဘလွင်ထံမှတစ်ဆင့် ပြန်
လည်ကြားသိခဲ့ရပါတယ်"

ဟု စာရင်းစစ်ဦးမြင့်ဝင်းမှ ကျွန်ုပ်
အား ဒဏ္ဍာရီဆန်ဆန်ပုံစံမျိုးဖြင့် ရှင်းပြ
ပါသည်။ ထိုစနေထောင့်အနီး၌ပင်
သူရဿတီမယ်တော်ကြီး၏အဆောင်ကို
လည်း တွေ့ရှိရပါသည်။ ထို့ပြင် ဥက္ကလာ
ဦးစေတီကြီး၏တန်ဂွေထောင့်၌ ရေချမ်း
အိုးကြီးကိုတွေ့ရှိရပြီး ထိုရေချမ်းအိုးကြီး
၏အောက်ခြေ၌ -

'ဘုန်းတော်ကြီးလို့ သက်တော်
ရှည် ဒို့တတွေရေချမ်းအိုးကြီး ဘုရား
ခုနှစ်'

www.burmeseclassic.com

www.burmeseclassic.com

ဟု နေသားထားကာ ဝိဇ္ဇာတို့၏ ပြောစကားများအတိုင်း မသိသူကျော်သွား၊ သိသူဖော်စားနိုင်အောင် ခုနစ်ရက်သားသမီးများ၏ ဖြတ်ကျော်ရမည့် ဘဝတစ်လျှောက်လုံးတွင် အေးအေးချမ်းချမ်းဖြင့် ဘုန်းကံကြီးမားပြီးအသက်ရာကျော်ရှည်အောင် အစီအမံပြုလုပ်ကာ ရေးသားထားခဲ့သည်ကို တွေ့ရှိရပါသည်။ စေတီရင်ပြင်၏ အပြင်ဘက်၌ အဘဘိုးဘိုးအောင်၏ ဓာတ်ခန်းရှိပါသည်။ ထိုဓာတ်ခန်း၏ဘေးကပ်ရက်၌ ဘိုးတော်အောင်မင်းခေါင်ကြီးဓာတ်ခန်းကိုလည်း တွဲလျက်တွေ့ရှိရပါသည်။ အဘအောင်မင်းခေါင်ကြီး၏ဓာတ်ခန်းထဲတွင် လုံသုံးချောင်းကို နံရံ၌ကပ်၍ထောင်ထားသည်ကို ထူးခြားစွာတွေ့ရှိရပြီး ထိုလုံသုံးချောင်းထောင်ထားခြင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်သဘောပေါက်သူများရှိကြလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။ အဘအောင်မင်းခေါင်ဓာတ်ခန်းဘေး၌ ကမ္ဘာဓာတ်တိုင်စေတီတော်ရှိပါသည်။ ထိုကမ္ဘာဓာတ်တိုင်စေတီ၏ ထူးခြားချက်တို့ကို စာရင်းစစ်ဦးမြင့်ဝင်းအား မေးကြည့်သောအခါ ဦးမြင့်ဝင်းမှ ကျွန်ုပ်ကို ဤကဲ့သို့ ရှင်းပြပါသည်။

"ဒီလိုဗျ ဒီကမ္ဘာဓာတ်တိုင်စေတီရဲ့ ထူးခြားချက်ကို ဥက္ကလာဦးစေတီရှိရာ နေရာဌာနကို အဓိဌာန်လာဝင်နေတဲ့ မဟာဂန္ဓာရီခရိုးလမ်းကိုလျှောက်လှမ်းခဲ့ဖြစ်တဲ့ ဘရသေ့ကြီးက ဒီကမ္ဘာဓာတ်တိုင်စေတီနေရာကနေပြီး အထက်ထွက်ရပ်ပေါက် ဆရာသခင်သူတော်စင်ကြီးများကို ဤနေရာမှအဓိဌာန်ပြုကာ မှန်ကန်သောသစ္စာတိုင်တည်မှုပြုလုပ်၍ လိုအပ်သော ဆုအားတောင်းလျှင် တိုင်တည်သော သစ္စာမှန်ကန်မှုရှိခဲ့သော် ဆရာသခင်များကြားသိရသဖြင့် မိမိလျှောက်လှမ်းရမည့် ဂန္ဓာရီခရိုးလမ်း၌ အနှောင့်အယှက် အမှောင့်ပယောဂများကင်းရှင်း၍ ကိစ္စအလုံးစုံပြီးမြောက်အောင်မြင်ပါသည်"

ဟု ဘရသေ့ကြီးမှ ပြောပြသွားကြောင်းကို စာရင်းစစ်ဦးမြင့်ဝင်းမှ ကျွန်ုပ်အား တစ်ဆင့်ပြန်လည်ရှင်းပြပါသည်။ တစ်ဆက်တည်းမှာပင် ကမ္ဘာဓာတ်တိုင်စေတီ၏ဘေး၌ 'အောင်မြေပေါင်းစုသဗ္ဗညုစေတီ' ကို ဖူးတွေ့ရပါသည်။ ထိုစေတီ၏အောက်ခြေ၌ သိကြားဂူကို



ဂုကွစိုးနတ်နန်းနှင့် ဂုကွစိုးကြီး

အဘတိုးဘိုးအောင်



အဘဦးအပ်ကြီးပဲ

အဘအောင်မင်းခေါင်ဓာတ်ခန်းထဲရှိ လုံသုံးချောင်းပဲ



ဥက္ကလာဦးစေတီတည်ထားခဲ့စဉ်က အဘဦးအပ်ကြီးနေထိုင်ခဲ့သောအခန်း



ဥက္ကလာဦးစေတီနှင့် ဌေတိုက်စိုးခြံကို အပိုင်စားရသော ဌေတိုက်စိုးစံဘိုးကြီး

www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့ရှိရပြီး ထိုသိကြားဂူ၏အဝင်၌ အမျိုးသမီးများမဝင်ရဟု ရေးသားထားပါသည်။ သိကြားဂူသည် အဓိဋ္ဌာန်ပုဂ္ဂိုလ်တစ်ဦးဦးမှ စိတ်ကြိုက်မိမ်းအေးချမ်းမှုကို အပြည့်အဝရရှိစေသော မြေအောက်လိုဏ်ဂူငယ်ဖြစ်ပါသည်။ ဤလိုဏ်ဂူတွင် ယခု ပစ္စုပ္ပန်ကာလ၌ပင် ရဟန္တာဟု လူအများလက်ခံယုံကြည်ထားသော လူအမည် ဦးငြိမ်းသာန်ဘွဲ့တော် ဝနဝါသီဥရေ ယျမ္မေသာမိအမရမဟာဗောဓိမြို့ဆရာတော်ဘုရားကြီးသည် လူဝတ်ကြောင်ဘဝဖြင့်လည်းကောင်း၊ ရဟန်းဝတ်ဖြင့်လည်းကောင်း ဆရာတော်ဘုရားကြီးကိုယ်တိုင် တရားအားထုတ်ခဲ့ပြီး အဓိဋ္ဌာန်အောင်မြင်သွားသော ဘုမိနက်သန်နေရာမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် သာမန်ဂူမဟုတ်ပါ။ အဓိဋ္ဌာန်ပါရမီရရှိရန် ကျင့်ကြံအားထုတ်သူများအတွက် အဓိဋ္ဌာန်အောင်မြေပင်ဖြစ်ပါသည်။ သိကြားဂူ၏ဘေးကပ်ရပ်၌သည်း ကမ္ဘာလုံးပေါ်တွင် သပွာယ်စွာနေထိုင်နေသော ကမ္ဘာလုံးဘုရားလည်းရှိသည်။ ဥက္ကလာဦးစေတီတော်ကြီး၏အတိုင်းအနီး၌လည်း ဆင်ဖြူကြီးပေါ်တွင် ထီးဖြူဆောင်းကာ သန်လျက်ကိုင်သောဆင်ပေါ်မှ အဘဲအောင်မင်းခေါင်ခုတုကြီးကိုလည်း ထပ်မံတွေ့ရှိရသည်။ အဘဲအရုပ်တုကြီး၏ ဘေး၌ မားကိုင်သော မြင်းစီးသူငယ်ပုံကိုလည်း အနှီးယှဉ်လျက် တွေ့ရှိရပါသည်။ ဘုရားနောက်ဘေးဖက်တွင်လည်း ရုက္ခစိုက်နှန်းကို သပ်ရပ်စွာထားရှိသည်ကို တွေ့ရှိရပြီး ရုက္ခစိုးနတ်နန်း၏ အရှေ့ဘက်အရပ်၌ ဤဥက္ကလာဦးဘုရားအပါအဝင် ငွေတိုက်စိုးခြံအားလုံးကို စောင့်ရှောက်အုပ်ငှိစားရသော ငွေတိုက်စိုးခြံဘိုးဘိုးကြီးနတ်နန်းကိုပါ တွေ့ရှိရပါသည်။ ငွေတိုက်စိုးခြံဘိုးဘိုးကြီးနတ်နန်းနှင့်သာသနာ့အလင်းရောင်မြတ်စွာဘုရား ဇာန်ဆောင်းဘေးသို့ ကျွန်ုပ်တို့ဆက်လက်ဝင်ရောက်သွားသောအခါ အဘဲအောင်မင်းခေါင်ကြီးကိုယ်တိုင် ဥက္ကလာဦးစေတီနှင့်သာသနာ့အလင်းရောင်မြတ်စွာဘုရား တန်ဆောင်းအားလုံးတို့ကို စောင့်ရှောက်ကြည့်ရှုရန် အဘဲအောင်မင်းခေါင်အမိန့်ဖြင့် ဘုရားတည်စဉ်ကာလကတည်းက အဘဲဦးအပ်ကြွေးကိုယ်တိုင် တာဝန်ပေးအပ်ထားသော ဘုရားတန်ဆောင်းရှိ ကျောက်တိုင်ဆဲမှ အပြင်သို့ထိုးထွက်နေသော နတ်ဘီလူးကြီးဘယကမ္ဘကြီး၏ မျက်နှာနှင့်အသစ်ပြန်လည်တည်ဆောက်ကာ လှူဒါန်းထားသော ဘယကမ္ဘရုပ်တုနှင့် နန်းဆောင်တို့တွေ့ရှိရပါသည်။ ထို့နတ်ဘီလူးဘယကမ္ဘကြီးကို ကျွန်ုပ်တွေ့ရှိရသောအခါ စာရင်းစစ်ဦးမြင့်ဝင်းကို ထုတ်ပိမံ၍ ဘယကမ္ဘကြီးက ဤဘုရားဝင်းကို မည်ကဲ့သို့စောင့်ရှောက်သနည်းဟု မေးလိုက်သောအခါ စာရင်းစစ်ဦးမြင့်ဝင်းမှ -

"ဒီဘုရားကို စပြီးတည်ပြီးတုန်းကပေါ့။ ဒီနေ့ရာတစ်ဝိုက်က တောကြီးအတိုင်းပဲ၊ သစ်ပင်ကြီးတွေနဲ့အပြည့်။ ဒီလိုနဲ့ တစ်နေ့မှာ ဒီအနီးအနားပတ်ဝန်းကျင်က လူတစ်ယောက် အရက်သေစာသောက်စားထားပြီး မူးရူးကာ ဖင်ပေါ်ခေါင်းပေါ်နဲ့ ဘုရားတန်ဆောင်းထဲမှာ

အဘဲအောင်မင်းခေါင်ကြီးမှ မြေနဂါးကြီးအား ဖမ်းယူနေပုံ

ဘုရားတန်ဆောင်းအုတ်တိုင်မှ ကျောက်ဘီလူးကြီးဘယကမ္ဘကို နတ်ဘီလူးကြီးဘယကမ္ဘပုံ

ဘိုးတော်အောင်မင်းခေါင်ကြီးအဖိန့်ခြင့် ဘုရားဝင်းကို စောင့်ရှောက်နေသော နတ်ဘီလူးကြီးဘယကမ္ဘပုံ

ဥက္ကလာဦးစေတီတော်စေနေထောင် စေတီတော်ထောင့်အနှံ့အပြားရှိသော မြေနဂါးရုပ်တု

www.burmeseclassic.com

www.burmeseclassic.com

လာဦးအိပ်နေတယ်။ ဒါတိုမြင်တွေ့ရတော့ ဂေါပကအဖွဲ့က မသင့်တော်ဘူး၊ တစ်နေရာမှာသွားပြီးအိပ်ပါလို့ မေတ္တာရပ်ခံတော့ သူကမချေမငံပြန်ပြီးပြောတယ်။ ဒါနဲ့ ဂေါပကအဖွဲ့ကလည်း ဘုရားဝင်းထဲမှာ အကုသိုလ်များမှာစိုးလို့ ဒီအတိုင်းပဲထားလိုက်တယ်။ ဒီလိုဖြစ်ပြီး သိပ်မကြာခင်မှာပဲ တော်တော်ကြီးတဲ့ ခွေးနက်ကြီးတစ်ကောင် ဘယ်ကနေရောက်လာမှန်းလဲမသိဘူး။ တန်ဆောင်းထဲကိုပြေးဝင်လာပြီး ဖင်ပေါ် ခေါင်းပေါ် နဲ့ မူးပြီးအိပ်နေတဲ့လူရဲ့ မျက်နှာကို တစ်ခါတည်းပြေးဝင်ပြီးကိုက်လိုက်တာ အဲဒီအချိန်ကျမှ အိပ်နေတဲ့ အရက်သမား သွေးသံရဲရဲနဲ့ အော်ပြီးပြေးတော့တာပဲ။ ဒုတိယအကြိမ်ကျ ဘုရားတန်ဆောင်းထဲမှာ အောက်တန်းကျတဲ့ အစီအရင်တွေ လာပြီးလုပ်ဆောင်နေတဲ့ ယောဂီဝတ်နဲ့ အောက်လမ်းဆရာကြီးက သူ့ကို လူခန္ဓာကိုယ်လောက်ရှိတဲ့ ခြင်ထောက်ကြီးနှစ်ချောင်းက ကိုယ်လုံးကိုမမြင်ရဘဲ လိုက်ပြီးကန်ထုတ်လို့ ပုဆိုးမနိုင်ပဝါမနိုင်ဘဲ ထွက်ပြေးရတဲ့အကြောင်း ဘယ်ကြီး ဘုရားကိုစောင့်ရှောက်ခဲ့တာတွေကို သိမိလိုက်ရတဲ့ ဟိုးအရင် ဂေါပက ဥက္ကဋ္ဌဆရာဦးဘလွင်ဆံက ကြားသိခဲ့ရတယ်

ဟု စာရင်းစစ်ဦးမြင့်ဝင်းမှ ပြောပြပါသည်။ ထို့နောက် သီလယူမည့် သာသနာ့အလင်းရောင် မြတ်စွာဘုရားကြီး တန်ဆောင်းနှင့်တွဲလျက်ရှိသောသူတော်စင်ဗိမာန်သို့ လမ်းလျှောက်ကာဝင်လာခဲ့ပါသည်။ ထိုဗိမာန်ကြီးအတွင်း၌ရှိသော ဘိုးတော်အောင်မင်းခေါင်ကြီးကို ကန်တော့လိုက်ပြီး အဘခန်းနှင့်ကပ်လျက်ရှိသောအခန်းတွင် ဤဘုရားကြီးကို တည်ထားနေစဉ် အချိန်ကာလ၌ အဘဦးအပ်ကြီးနေထိုင်သွားသောအခန်းခုတင်နှင့်ပရိဘောဂအသုံးအဆောင်များကို ဓာတ်ခန်းဖွင့်ပေးထားပါသည်။ ထို့ပြင် ဤဥက္ကဋ္ဌလာဦးစေတီသို့ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣသိရိယ မဟာမထေရ်မြတ် ကျေးဇူးရှင် မြစိမ်းရောင်တောင်ဆရာတော်ဘုရားကြီး မြောင်းမြမြို့မှ ကြွရောက်လာပြီး ဤသူတော်စင်ဗိမာန်ဓာတ်ခန်းထဲ၌ တစ်ညတာလာရောက်၍ သီတင်းသုံးသွားပါသည်ဟု သိရပါသည်။ ထို့နောက် ကျွန်ုပ်သည် ဓာတ်ခန်းထဲတွင် ခိုတ်ဆွဲထားသော မဟာဗောဓိမြင်ဆရာတော်ဘုရားကြီး၏ ဓာတ်ပုံ၊ မြောင်းမြမြို့ မြစိမ်းရောင်တောင်ဆရာတော်ဘုရားကြီး၏ဓာတ်ပုံ၊ အဘအောင်မင်းခေါင်ကြီးမှ မြွေနဂါးကြီးအား နှိမ်နင်းနေသောပုံ၊ အဘဦးအပ်ကြီးပုံ စသည်တို့ကို ဓာတ်ပုံရိုက်ကာ မှတ်တမ်းတင်နေစဉ် သာသနာ့အလင်းရောင် မြတ်စွာဘုရားကြီးတန်ခေါင်းထဲမှ -

"သီလပေးမယ့်ဆရာတော်ကြွလာပါပြီ ခင်ဗျား"

ဟု စာရေးကြီးဦးထွန်းမြင့်၏အသံကို ကြားလိုက်ရသဖြင့် မှတ်တမ်းယူနေမှုကို အပြီးသတ်လုပ်ဆောင်လိုက်ပြီး သီလယူမည့်နေရာသို့ ကျွန်ုပ်သည် စာရင်းစစ်ဦးမြင့်ဝင်းနှင့်အတူ ပြန်လည် ထွက်ခွာလာခဲ့ပါသည်။ ထို့နောက် သာသနာ့အလင်းရောင် မြတ်စွာဘုရားကြီး၏ တန်ဆောင်းထဲ၌ ဆရာတော်ဘုရားထံမှ ကျွန်ုပ်အပါအဝင် ပရိသတ်အားလုံးတို့သည် သီလခံယူကာ ဥပုသ်သီတင်းဆောက်တည်လိုက်ပါသည်။ ထို့နောက် သီလပေးသည့်ဆရာတော်အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေကာ ပရိသတ်အားလုံးမှ သာဓုသံကြိမ်ခေါ်ဆိုပြီး သီလဆောက်တည်မှုပြီးဆုံးသွားသဖြင့် သီလပေးသည့်ဆရာတော်လည်းပြန်၍ကြွသွားပါသည်။ဆရာတော်ပြန်၍ကြွသွားသောအခါမှ ဂေါပက ဥက္ကဋ္ဌ ဦးသိန်းအေးက ကျွန်ုပ်အား -

"မင်းမနက်ဖြန်ခရီးသွားမလို့ဆို။ ဘယ်ကိုသွားမှာလဲ"

ဟု မေးလေသည်။

ထိုအခါ ကျွန်ုပ်မှ ဥက္ကဋ္ဌအား -

"ဟုတ်ကဲ့၊ ချောင်းသာကိုသွားမလို့ပါ။ ချောင်းသာမှာရှိတဲ့ ကျွန်တော့်ရဲ့ မြေကွက်ကို အဆောက်အအုံဆောက်ဖို့ ဘယ်လိုမျိုးစာရွက်စာတမ်းတွေနဲ့ပြည့်စုံအောင် လျှောက်ထားရမလဲဆိုတာသိချင်လို့ သွားပြီးစုံစမ်းမလို့ပါ"

ဟုပြောလိုက်သောအခါ ဂေါပက ဥက္ကဋ္ဌမှ -

"အေး၊ အေး - ကောင်းတာပေါ့ကွာ။ ဘာသာရေးကိုလည်းလက်မလွတ်နဲ့။ စီးပွားရေးကိုလည်း မျက်ခြည်မပျက်စေနဲ့။ နှစ်ခုစလုံးကို ဟန်ချက်ညီညီနဲ့ လုပ်ဆောင်သွားတာ အကောင်းဆုံးပေါ့ကွာ"

ဟု ပြောသဖြင့် ကျွန်ုပ်သည် ဥက္ကဋ္ဌ ဦးသိန်းအေးအား -

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌ"

ဟု ပြောလိုက်ပြီး နှုတ်ဆက်ကာ ဘုရားမှပြန်လာခဲ့ပါသည်။အိမ်သို့ရောက်ရှိသောအခါ ကျွန်ုပ်သည် ဇနီးနှင့်အတူ အဝတ်အစားများကို ခရီးဆောင်အိတ်အတွင်းသို့ ကူညီ၍ ထည့်ပေးပြီး မနက်ဖြန်နံနက် ခရီးထွက်ရန်အတွက် အဆင်သင့်ပြင်ဆင်လိုက်ပါသည်။ ဤသို့ဖြင့် နံနက်လင်းသောအခါ ကျွန်ုပ်တို့ဇနီးမောင်နှံသည် ကားဖြင့် ချောင်းသာကမ်းခြေသို့ ခရီးထွက်လာခဲ့ပါသည်။ နေ့လယ် (၁၂) နာရီအကျော်တွင် ချောင်းသာကမ်းခြေသို့ရောက်ရှိခဲ့ပြီး အမြဲတမ်းတည်ခိုနေကျဟိုတယ်ရှိရာသို့ ကားကို ချိုးကွေ့ကာဝင်လိုက်ပါသည်။ထိုဟိုတယ်၌ပင် လေကောင်းလေသန့်ရရှိစေရန် ပင်လယ်ဘက်သို့ မျက်နှာမူထားသော (sea view) လုံးချင်းအခန်းကို ငှားရမ်းလိုက်ပါသည်။ ထိုအခန်းသို့ရောက်ရှိသောအခါ အဝတ်အစားအထုပ်အပိုးများကို ကားပေါ်မှချ၍ ရေပိုးချိုးပြီး သန့်စင်လိုက်ပါသည်။ ရေချိုးသန့်စင်ပြီးသည်နှင့် ကျွန်ုပ်တို့ဇနီးမောင်နှံသည် အဆောက်အအုံ ဆောက်လုပ်မည့် မြေကွက်တည်ရှိရာ ချောင်းသာရဲစခန်းအရှေ့သို့ ကားဖြင့်ထွက်လာခဲ့ပါ သည်။ ခြံရှေ့သို့ရောက်သည်နှင့် လုပ်ကိုင်ဆောင်ရွက်ရမည့် အချက်အလက်များ၊ လိုအပ်မည့်စာရွက်စာတမ်းများကို ပတ်ဝန်းတွင်ရှိ တည်ခိုခန်းများတွင် မေးမြန်းစုံစမ်းလိုက်ပြီး လိုအပ်ချက်များကိုမှတ်သားရှာဖွေပြီးသည့်နောက် ပြန်လာခဲ့ပါသည်။ ဟိုတယ်သို့ ရောက်သောအခါ ညနေ (၆) နာရီထိုးတော့မည်ဖြစ်သောကြောင့် ညစာကို ဟိုတယ်၌ပင် မှာယူစားသုံးလိုက်ပြီး ညစာစားသုံးပြီးသောအခါ ဝိုက်တင်းဦးမအိမလည်ဖြစ်နေသောကြောင့် ပင်လယ်ကမ်းစပ်သို့ဆင်းကာလမ်းလျှောက်လိုက်ကြပါသည်။

လမ်းလျှောက်ပြီး ဟိုတယ်သို့ပြန်လည်၍ရောက်ရှိသောအခါ ည (၉း၃၀) အချိန်သို့ရောက်ရှိနေပြီဖြစ်သောကြောင့် ကျွန်ုပ်၏ဇနီးမှ အိပ်ရာဝင်တော့မည်ဟု ဆိုကာ သွားအိပ်ပါသည်။ ကျွန်ုပ်သည် အိပ်ချင်စိတ်မရှိသေးသဖြင့် ဘန်ဂလိုအရှေ့ဘက်တွင် တွဲလျက်ပါရှိသော ဝရန်တာရှိ ပက်လက်ထိုင်ခုံ၌ထိုင်လိုက်ပြီး လေညင်းခံကာ ပင်လယ်ထဲမှကြဲခြေရှိရာသို့ အလိမ့်လိုက်တက်လာသော လှိုင်းရိုက်သံ ဝုန်းဝုန်းဆိုသောအသံထူးကို မျက်စိမှိတ်ကာ နားဆင်ပြီးအရသာခံလိုက်ပါသည်။ အချိန်မည်မျှကြာသည်မသိ၊ ထိုကဲ့သို့ ကျွန်ုပ်အနားယူနေစဉ် ကျွန်ုပ်၏ပခုံးကို လှုပ်ခတ်လှုပ်

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို၊ အစ်ကို"

ဟု ခေါ်သံကြားလိုက်ရသဖြင့် သူသည် ချက်ချင်းပင်မျက်စိဖွင့်လိုက်တော်၏။ သို့သော် ပတ်ဝန်းကျင်တစ်ခုလုံးမှောင်မည်းနေပြီး ပင်လယ်လှိုင်းသံများမှလွဲ၍ မည်သူတစ်ဦးမျှ အရိပ်အယောင်တောင် မတွေ့ရချေ။ထိုအခါ ကျွန်ုပ်လည်း စိတ်ထင်မှားဖြစ်မှာပါဟု စိတ်ထဲမှဆုံးဖြတ်ကာ လက်တွင်ပတ်ထားသောနာရီကို ကြည့်လိုက်သောအခါ ည (၁၂) နာရီထိုးမည်ဖြစ်သောကြောင့် ထိုင်နေရာမှထိုင်ခုံမှထလိုက်ပြီး အိပ်ခန်းထဲသို့ ခုတင်ပေါ်တွင်ပက်လက်လှန်ကာ လှဲလိုက်ပြီး အိပ်စက်အနားယူရန် ပြင်ဆင်လိုက်ပါသည်။ ကျွန်ုပ်အိပ်ရာပေါ်တွင် ဇနီးသည်လည်း အောက်နေပါသည်။ ဒီလိုနှင့် အိပ်ပျော်တော့ရှိနေခိုက် အမှတ်မထင် သူ၏ခြေရင်းဘက်ရှိ ကျွန်ုပ်၏ခြေဆီသို့ အကြည့်ကရောက်ရှိသွားသည်။

ထိုအခါ -

"ဟိုက် - ဗုဒ္ဓါ"

ဟု အံ့သြဩဇာဖြင့် ကျွန်ုပ်၏ပါးစပ်အသံထွက်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ခြေထောက်သည် ဘယ်၊ ညာနှစ်ချောင်းရှိရာ အစား ခြေထောက်သုံးချောင်းဖြစ်နေသည်ကို ကျွန်ုပ်မြင်တွေ့လိုက်ရသဖြင့် သူသည် -

'ငါ့ရဲ့ခြေထောက် ဘာဖြစ်လို့ သုံးချောင်းဖြစ်နေတာလဲ'

ဟု စဉ်းစားပြီး ပထမအနေဖြင့် သူ၏ခြေထောက်ကို အရင်ဆုံးရေတွက်လိုက်ပါသည်။ ထိုအခါ ဘယ်ဘက်အစွန်ဆုံးရှိ ခြေထောက်သည် သို့ကြွတက်လာပါသည်။ သို့သော် ခြေထောက်နှစ်ချောင်းကျန်နေသေး၏။ ကျွန်ုပ်သည် စဉ်းစားမိပြန်သည်။

'ဘယ်ဘက်ကတော့ပုံတ်သွားပြီ၊ ဘယ်ဘက်ခြေထောက်က နှစ်ချောင်းရှိနေတယ်။ ထပ်ပြီးမကြည့်ဦးမယ်'

ဟု တွေးမိကာ ကျွန်ုပ်သည် နောက်တကြိမ် ညာဘက်ခြေထောက်ကို ရေတွက်ပါသည်။ ထိုအခါ ညာဘက်အစွန်ဆုံးခြေထောက်သည် အပေါ်သို့ ကြွတက်လာသည်ကို ပက်လက်အနေအထားမှပင် ကျွန်ုပ်မြင်တွေ့လိုက်ရပါသည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တွေဝေသွားသည်။ ပထမနည်းတူ စိတ်ထဲမှပင် -

'ငါ့ရဲ့ခြေထောက်နှစ်ချောင်းစလုံးကို မှပြီးစမ်းသပ်ပြီးသွားပြီ။ ဒါဆို အလယ်ကောင်မှာ အခုမြင်နေရတဲ့ခြေထောက်တစ်ချောင်းက ဘယ်သူ့ခြေထောက်လဲ။ ငါထထိုင်ပြီးကိုင်ကြည့်မှပဲ'

ဟု စဉ်းစားဆုံးဖြတ်လိုက်ကာ တစ်ဆက်တည်းမှာပင် ကျွန်ုပ်သည် ပက်လက်အနေအထားမှ ငေါက်ခနဲချက်ချင်း ထထိုင်လိုက်သောအခါ ခုနတုန်းကမြင်တွေ့လိုက်ရသော အလယ်ကောင်မှခြေထောက်ကိုမတွေ့ရ၍ဘာဝါ အရှင်းသားကြီးပျောက်ကွယ်သွားပါသည်။ ကျွန်ုပ်သည် စဉ်းစားရခက်သွားပြီး လက်ဖြင့် ခေါင်းကိုကုတ်လိုက်ကာ ပါးစပ်မှ -

"ဘာလဲဟ၊ ငါလည်းအိပ်မပျော်သေးပါဘူး၊ အရှင်းကြီးပဲ အိပ်မက်လည်း မဟုတ်ပါဘူး"

ကျွန်ုပ်၏ လက်နှစ်ဖက်ကိုယှက်၍ ဦးခေါင်းနောက်သို့ထားလိုက်ပြီး အိပ်ရာပေါ် သို့ ပြန်လဲအိပ်လိုက်ပါသည်။ ခဏအကြာ၌ ပထမနည်းအတိုင်းပင် ကျွန်ုပ်၏ဝမ်းဗိုက်ပေါ် သို့ လက်နှစ်ဖက်သည် ဘယ်ညာယှက်၍တင်ထားသည်ကိုတွေ့ရပြန်ပါသည်။

"ဒီတစ်ခါတော့ မဟုတ်တော့ဘူး"

ဆိုပြီး ကျွန်ုပ်၏လက်ကို ပြန်လည်၍ ရှာဖွေရပြန်သည်။ ဦးခေါင်းအောက်ရှိ လက်နှစ်ဖက်အားလုံးပ်ကြည့်ရာ လှုပ်ရှားသဖြင့် ဦးခေါင်းအောက်ရှိလက်နှစ်ဖက်သည် ကျွန်ုပ်၏လက်အမှန်ပင်ဖြစ်သည်ကို သိရှိလိုက်ပါသည်။ ကျွန်ုပ်၏ဝမ်းဗိုက်ပေါ် သို့ ယခုလာတင်ထားသော လက်နှစ်ဖက်သည် ဘယ်သူ့ရဲ့လက်လဲဟု စဉ်းစားကာ ထိုလက်နှစ်ဖက်ကို လှမ်းပြီးဖမ်းလိုက်ပါသည်။ သို့သော် ၎င်းလက်နှစ်ဖက်သည်လည်း ပထမနည်းအတိုင်းပင် ပျောက်ကွယ်သွားပါသည်။ ထိုအခါ ကျွန်ုပ်သည် အခြေအနေအရပ်ရပ်ကို သုံးသပ်မိလိုက်ပြီး အိပ်ရာထက်မှချက်ချင်းထ၍ထိုင်လိုက်ရာ အခန်းထဲရှိပတ်ဝန်းကျင်အခြေအနေကို လေ့လာအကဲခတ်လိုက်ပါသည်။ အိပ်ခန်းထဲတွင် ကျွန်ုပ်တို့ဇနီးမောင်နှံ နှစ်ဦးတည်းသာရှိ၍ မည်သူတစ်ဦးတစ်ယောက်မျှ အရိပ်အယောင်တောင်မတွေ့ရှိရပေ။ထို့ကြောင့် ကျွန်ုပ်သည် ဆုံးဖြတ်ချက်ချလိုက်ပြီး-

"ငါ့ကိုအိပ်လို့မရအောင်အနှောင့်အယှက်ပေးနေတာ ဘယ်သူလဲကွ။ အခုထွက်ခဲ့စမ်း"

ဟု အော်ဟစ်သံပါသောစကားသံနှင့် ပြောလိုက်သောအခါ ကျွန်ုပ်အိပ်နေသောအိပ်ရာခုတင်အောက်မှ လူတစ်ယောက်သည် လေးဖက်ထောက်၍အပြင်သို့ထွက်လာပါသည်။ ခုတင်အောက်မှထွက်လာသောသူသည် အသက် (၃၀) ခန့်ရှိ ယောကျ်ားတစ်ယောက်ဖြစ်ပါသည်။ ထိုသူ၏ပုံသဏ္ဌာန်မှာ ဆံပင်ကတိုတိုနှင့် အင်္ကျီတမပါ ကိုယ်ခန္ဓာအပေါ်ပိုင်းကို သူ၏ပုဆိုးဖြင့် မိန်းမများကဲ့သို့ ရင်ဖုံးဝတ်ဆင်ထားပြီး ပိန်ပိန်ပါးပါးနှင့် အရပ်အမောင်းက (၅) ပေ ကျော်ကျော်လောက်ရှိပြီး ထိုသူသည် ကျွန်ုပ်၏ အရှေ့၌ မတ်တတ်ရပ်၍ ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြီးကြည့်နေပါသည်။ ထိုကဲ့သို့ ဖြင်တွေ့ရသောအခါ ကျွန်ုပ်က -

"မင်းကဘယ်သူလဲ၊ ဘယ်မှာနေတာလဲ။ ဘာကိစ္စနဲ့ ငါအိပ်နေတာကို လာပြီးအနှောင့်အယှက်ပေးရတာလဲ"

ဟု မေးလိုက်သောအခါ ထိုကဲ့သို့ မတ်တတ်ရပ်နေသောသူက ကျွန်ုပ်ကို -

"ကျွန်တော့်နာမည် စိုးမင်းဟန်လို့ခေါ်ပါတယ်။ ကျွန်တော်က အခုအစ်ကို့တို့တည်းခိုနေတဲ့ အိပ်ရာခုတင်အောက်က မြေနေရာမှာနေပါတယ်။ အခုဘန်ဂလိုနေရာက အရင်တုန်းက ကျွန်တော့်ရဲ့အိမ်နေရာအဟောင်းပါ"

ဟု ပြောလိုက်သည်နှင့် ကျွန်ုပ်သည် ရုပ်ရှင်ကြည့်သလိုမျိုး ယခင်တုန်းက သူတို့နေထိုင်ခဲ့သောရွာနှင့် သူ၏အိမ်ကိုမြင်တွေ့ရပါသည်။ သူ့ရဲ့အိမ်တွင် (၃၇) မင်းနတ်ရုပ်တုများကို အစီအရီတန်းစီကာ စနစ်တကျ ကိုးကွယ်ထားပြီး သူ့ကို လူဘဝတုန်းက နတ်ကတော်ဖြစ်မည်ဟု ကျွန်ုပ်ခန့်မှန်းသိရှိလိုက်ပါသည်။ ထိုအခါ ကျွန်ုပ်မှ ဆက်လက်၍ -

"အေး - ဒါတွေကိုငါသိရမြင်တွေ့ရတော့ မင်းကို ဘာလုပ်ပေးရမှာလဲ"

ဟုပြောလိုက်သောအခါ ပြိတ္တာဘုံဘဝကိုရောက်ရှိနေတဲ့ ပရလောကသားစိုးမင်းဟန်က ကျွန်ုပ်ကို -

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော်က ဒီကိစ္စတွေပြောပြပြီး အစ်ကို့ဆီက အကူအညီတောင်းချင်လို့ပါ"

ဟု ပြောသောအခါ ကျွန်ုပ်မှ ပရလောကသားကို ဆက်လက်၍ -

"မင်းက တခြားကလာပြီးတည်းခိုတဲ့နည်းသည်တွေကိုကျတော့ အကူအညီမတောင်းဘူးလား။ ဒါကျမှ ဘာဖြစ်လို့ အခုလိုမျိုးပုံစံနဲ့ အကူအညီတောင်းရတာ

www.burmeseclassic.com

www.burmeseclassic.com

လဲ။ ငါကကော မင်းအတွက် ဘာတွေ လုပ်ပေးနိုင်မှာမို့လို့လဲ"

ဟု မေးလိုက်သောအခါ ပရလောကသား စိုးမင်းဟန်မှ -

"ဟုတ်ကဲ့ပါ အစ်ကို၊ တခြားသူတွေကို အကူအညီမတောင်းဘူးဆိုတာ ကျွန်တော်တို့လိုအင်နေတဲ့အကူအညီကို ပေးနိုင်တဲ့သူကို ရှာဖွေရတယ်။ ဒီလိုမျိုး ရှာဖွေပြီးတော့ အကူအညီပေးနိုင်တဲ့လူကိုတွေ့ပြီဆိုရင် ကျွန်တော်တို့ကိုအုပ်ချုပ်တဲ့ဘိုးဘိုးဆီကို တင်ပြရသေးတယ်။ အဲဒီဘိုးဘိုးကခွင့်ပြုမှ အခုလိုမျိုးပြုလုပ်ပြီး အကူအညီတောင်းရတာပါ"

ဟု ပြောပါသည်။

ထိုသို့ပြောသောအခါ ကျွန်ုပ်မှ-

"အေး - ဒါဆိုရင် ငါက မင်းအတွက် ဘယ်လိုမျိုးအကူအညီတွေကို လုပ်ပေးရမှာလဲ"

ဟု ပြောလိုက်သောအခါ ပရလောကသား စိုးမင်းဟန်မျက်နှာသည် ပျော်ရွှင်သွားသည့်အမူအရာကို တွေ့ရှိလိုက်ရပါသည်။ ထို့နောက် ဆက်လက်၍ ကျွန်ုပ်အား -

"အစ်ကို တကယ်ပြောတာနော်။ ကျွန်တော်ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်တို့လို ပြိတ္တာဘုံဘဝကိုရောက်ရှိနေကြတဲ့သူတွေက အစ်ကို့လိုမျိုး သူတစ်ပါး အကျိုးအတွက် မေတ္တာစေတနာအပြည့်နဲ့ကူညီတတ်တဲ့ လူပုဂ္ဂိုလ်မျိုးကိုတွေ့ကြုံတော့မှ ဒီဘဝကနေကျွတ်တမ်းဝင်ရမှာ အစ်ကို့ရဲ့ ကျွန်တော်ကတော့ စောင့်ရကျိုးနပ်သွားပါပြီဗျာ။ ကျေးဇူးအရမ်း တင်တယ် အစ်ကိုရာ"

ဟု ပျော်ရွှင်သောမျက်နှာထားနှင့် ကျွန်ုပ်ကိုပြောပြပြီး ဆက်လက်၍ပင် ပရလောကသားစိုးမင်းဟန်မှ -

"အစ်ကိုက ကျွန်တော့်အတွက် ရည်စူးပြီးတော့ ဘုန်းကြီးငါးပါးကိုပင် ဖိတ်ပေးပါ။ ပင့်ဖိတ်ထားတဲ့သံဃာတွေကို သက်နံးပရိက္ခရာအစုံအလင်နဲ့ဆွမ်းကပ်ပြီး လှူဒါန်းလိုက်ပါ။ အဲဒီလှူဒါန်းမှုအစုစုအားလုံးကို အမျှဝေလိုက်ပြီး ကျွန်တော်က သာဓုခေါ်လိုက်ရင် ဒီဘဝက ကျွန်တော်လွတ်မြောက်ပြီ အစ်ကို့ရဲ့ ဒါတွေအားလုံးကို အစ်ကိုကလုပ်ပေးနိုင်စွမ်းရှိပါတယ်။ ကျွန်တော့်ကိုကူညီမယ်မှတ်လား ကူညီပါဗျာ"

ဟု သနားစဖွယ် အမူအရာဖြင့် ပြောသောအခါ ကျွန်ုပ်သည် ကရုဏာသက်စွာဖြင့် သနားသွားပြီး ပရလောကသားစိုးမင်းဟန်ကို -

"အေး၊ အေး- ရပါတယ်ကွာ။ မင်း ဒီဘဝကကျွတ်လွတ်မယ်ဆိုရင် ငါ မင်းပြောတဲ့အတိုင်းလုပ်ပေးမယ်။ မင်းသာဓုခေါ်နိုင်ဖို့အတွက်အမျှဝေပေးမယ်။ ဒီလို လုပ်ပေးရင် မင်းဒီဘဝကနေ တကယ် လွတ်မြောက်ပြီလား"

ဟု မေးလိုက်သောအခါ ပရလောကသား စိုးမင်းဟန်မှ -

"အစ်ကိုကျွန်တော်ပြောတဲ့အတိုင်း အလှူအတန်းပေးပြီး အမျှဝေလိုက်တာနဲ့ ကျွန်တော်က သာဓုခေါ်နိုင်ပြီး တကယ်ကျွတ်လွတ်ပြီလို့ ဘိုးဘိုးက ပြောတယ်"

ဟု ပြောသောအခါ ကျွန်ုပ်မှ -

"ဒါနဲ့ နေပါဦး။ မင်းပြောတဲ့စကားထဲမှာ ဘိုးဘိုးဆိုပြီးထောပါတယ်။ အဲဒါ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဘိုးဘိုးလို့ခေါ်တာလဲ"

ဟု ဆိုပြီး မေးလိုက်ပါသည်။

ထိုအခါ ပရလောကသား စိုးမင်းဟန်က -

"ဩော် - ဟုတ်တယ်၊ အစ်ကို့ကို ပြောပြဖို့မေ့နေတယ်။ ကျွန်တော်ပြောနေတဲ့ ဘိုးဘိုးဆိုတာ ကျွန်တော်တို့လို လောကသားတွေကိုအုပ်ချုပ်နေတဲ့ပုဂ္ဂိုလ်ကြီးပေါ့။ အဲဒီဘိုးဘိုးကလည်း အစ်ကို့ဒီကိုလာလိမ့်မယ်၊ မင်းသွားပြီး အကူအညီတောင်းကြည့်လိုက်ပါလို့ သူကပြောလို့ ကျွန်တော်က သူ့ရဲ့ခွင့်ပြုချက်နဲ့ အခုလိုမျိုးလုပ်ရတာပါ"

ဟု ကျွန်ုပ်အား ပြောပြပါသည်။

ထိုအခါ ကျွန်ုပ်မှ -

"အေးအေး- ဒါတွေထားလိုက်ပါတော့။ ငါက မင်းအတွက် ရည်စူးပြီး တော့ပြုလုပ်ပေးမယ့်အလှူကိုတော့ ဒီချောင်းသာမှာလုပ်ပေးဖို့အတွက် ငါ့မှာ အခွင့်မရှိ၊ အဲဒီလောက်မရဘူး။ ပြီးတော့ အခု မင်းနဲ့ငါပြောတဲ့စကားတွေကိုလည်း ဘယ်သူကမှယုံကြည်မှာမဟုတ်ဘူး။ ငါ့ကို ယဉ်ယဉ်လေးနဲ့ရူးနေတယ်လို့ပြောမှာတော့ သေချာတယ်။ ဒါကြောင့် ငါ့အတွက်လည်း အဆင်ပြေအောင်၊ မင်းလည်း သာဓုခေါ်နိုင်အောင် ရန်ကုန်မှာရှိတဲ့ ဘိုးတော်အောင်မင်းခေါင်ကြီးအမိန့်နဲ့တည်ထားတဲ့ ဥက္ကလာဦးစေတီ သာသနာ့အလင်းရောင်မြတ်စွာဘုရားတန်ဆောင်းထဲမှာ မင်းအတွက် ရည်စူးပြီးတော့ မင်းပြောတဲ့အတိုင်းပဲ၊ လှူဖွယ်ပစ္စည်းတွေနဲ့ ကုသိုလ်ကောင်းမှုပြုလုပ်ပေးပြီး မင်းနာမည်ကိုခေါ်ပြီး အမျှအတန်းပေးမယ်။ ဒါဆိုရင် အဆင်ပြေမလား၊ မင်း သာဓုခေါ်လို့ရမလား"

ဟု မေးလိုက်သောအခါ ပရလောကသားစိုးမင်းဟန်က ကျွန်ုပ်အား-

"သာဓုခေါ်လို့ရပါတယ် အစ်ကို။ ဘိုးဘိုးက ကျွန်တော့်ကိုကြိုတင်ပြီး ပြောပြပြီးသားပါ။ တကယ်လို့ အစ်ကိုက ကျွန်တော့်ကိုအကူအညီပေးခဲ့ရင် ရန်ကုန်မှာရှိတဲ့ ဘိုးတော်အောင်မင်းခေါင်ကြီးဘုရားမှာ သူက မင်းအတွက် အလှူပေးလိမ့်မယ်လို့ပြောထားတယ်အစ်ကို့။ ဒါကြောင့် အစ်ကိုက ချောင်းသာကနေပြီး ရန်ကုန်ကိုပြန်တာနဲ့ အပြန်လမ်းခရီးတစ်လျှောက်လုံးမှာ မင်းပြောသလိုမျိုးခွင့်တောင်းလိုက်ရုံနဲ့ ရန်ကုန်ကိုလိုက်လာလို့ရတယ် ဆိုရင် ငါ မင်းကိုကတိပေးတယ်။ မင်းအတွက် ရည်စူးပြီးတော့ပြုလုပ်ပေးတဲ့ အလှူအတွက် ပြည့်ပြည့်စုံစုံဖြစ်စေမယ်"

ဟု ကတိပေးစကားပြောလိုက်သည်။

"အခုလိုမျိုးမေတ္တာစေတနာထား

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့တီပေးတဲ့အတွက် အစ်ကိုကျေးဇူး
ကို ဘယ်လိုဆပ်ရမှန်းတောင်မသိတော့
ဘူး အစ်ကိုရယ်။ အခုတော့ ကျွန်တော်
ပြန်ရတော့မယ်၊ အချိန်မရတော့ဘူး။
ကျွန်တော့်ကိုလာခေါ်နေတဲ့တိုးတိုးလည်း
ဆော်နေပြီ။ အစ်ကိုပေးတဲ့ ကတိတည်
အောင်လို့ ကျွန်တော်ဆုတောင်းလိုက်ပါ
အုံး"

ဟု ဆိုကာ ကျွန်ုပ်၏အရှေ့မှ မြူ
ဆွေးများပုံသဏ္ဌာန်အဖြစ်သို့ ချက်ချင်း
ပြောင်းလဲသွားကာ ပျောက်ကွယ်
သွားပါသည်။ ထိုအခါ ကျွန်ုပ်မှ လက်
ဆွဲပတ်ထားသောနာရီကို ကြည့်လိုက်
သောအခါ နံနက် (၅)နာရီပင်ထိုးသွားပါ
သည်။ဘေးတွင်ရှိနေသော ကျွန်ုပ်၏ဇနီး
ကို လှုပ်ကြည့်လိုက်သောအခါ ခုတင်
ပေါ်တွင်ပင် အိပ်မောကျနေပါသည်။
ထို့နောက် ကျွန်ုပ်သည် အိပ်ရာမှထ
ထပြီး ရေမိုးချိုးသန့်စင်လိုက်ကာ
နံနက်စာမြို့ရှိ ရွှေတိဂုံစေတီတော်ကြီးကို
အာရုံပြု၍ ရှိခိုးဦးချကန်တော့လိုက်ပြီး
ရေလောကသား စိုးမင်းဟန် ရန်ကုန်မြို့
ရှိ လွယ်ကူအဆင်ပြေစွာလာရောက်နိုင်
ရန်အတွက် ဆိုင်ရာပိုင်ရာများထံကို
ဆက်သွယ်ကာ ခွင့်တောင်းလိုက်ပါသည်။
နံနက်မိုးလင်းသောအခါ ကျွန်ုပ်
သည် ဥတ္တလာဦးစေတီတော် ဂေါပက
ဥဿဒ ဦးသိန်းအေးထံသို့ဖုန်းဆက်ကာ
အကူအကြောင်းစုံလင်အောင် ပြောပြ
ထားပါသည်။ ထိုသို့ပြောပြလိုက်သော
အခါ ဥတ္တလာမှ ရန်ကုန်တွင်ကြုံတင်၍
စီစဉ်စရာကိစ္စများကို ဆောင်ရွက်လုပ်
ဆောင်ထားမည်ဟုပြောပါသည်။ ထိုကဲ့
သို့ ဂေါပကဥတ္တဋ္ဌနှင့် ကျွန်ုပ် စကား
ပြောနေစဉ် ကျွန်ုပ်၏ဇနီးသည် အိပ်ရာ
ထနေပြီး -

"အစ်ကိုမနက်စောစောစီးစီးဘယ်
သူနဲ့ ဖုန်းဆက်စကားပြောနေတာလဲ"
ဟုမေးလေသည်။

ထိုအခါ ကျွန်ုပ်သည် ညကဖြစ်
ပျက်ခဲ့သမျှအားလုံးကို ပြောပြလိုက်
သောအခါ ဇနီးဖြစ်သူမှ -

"အင်း - တော်တော်ထူးဆန်းတာ
ပဲ၊ ဒါကြောင့် ညတုန်းက အိပ်ချင်နေတဲ့
မျက်စိတို့ ဘယ်လိုမှထိန်းလို့မရဘူး။ အိပ်
ရာပြင်တော့ မိုးလင်းတစ်ရေးပဲ။ သူတို့ရဲ့
သဘောကလည်း သနားစရာပဲနော်။ ဒါ
ကြောင့် ဗုဒ္ဓမြတ်စွာဘုရားကဟောကြား
ခဲ့ဖူး၊ မသေခင်ကကြိုတင်ပြီး ဒါန၊
သီလ၊ ဘာဝနာပွားများထားရမယ်ဆို
တာမှန်နေတာပဲ။ အခုကြည့်လေ၊ သေ
တော့သူများကို အားကိုးတကြီးနဲ့အကူ
အညီတောင်းနေရတယ်။ အကူအညီက
ရမယ်မရဘူးဆိုတာ လုံးဝမသေချာဘူး။
ဒါကြောင့် အသက်နဲ့ခန္ဓာကိုယ်မြဲနေတဲ့
အချိန်မှာ ကောင်းမှုကုသိုလ်တွေများ
များလုပ်ပြီး ဥပုသ်သီလတွေများများ
ဆောက်တည်ထားရမယ် အစ်ကိုရေ။
သံဝေဂရစရာပဲ"

ဟု ပရလောကသား စိုးမင်းဟန်
အတွက် ကရုဏာစိတ်ဖြင့်ပြောပါသည်။

ဒီလိုနှင့် ဟိုတယ်မှ နံနက်စာစား
ပြီးသည်နှင့် ချောင်းသာမှ ရန်ကုန်သို့
ပြန်လာခဲ့ကြပါသည်။ အပြန်လမ်းခရီး
တစ်လျှောက်လုံးတွင် ဖြတ်ကျော်မောင်း
နှင်လာသော မြို့ဝင်၊ မြို့ထွက်များတွင်
ပရလောကသားစိုးမင်းဟန် ရန်ကုန်သို့
လွယ်ကူစွာလာရောက်နိုင်စေရန်အတွက်
မြို့တော်ရှင်၊ ရွာတော်ရှင်များနှင့် မြို့
စောင့်နတ်များပါမကျန် ဆိုင်ရာပိုင်ရာ
အားလုံးကို ကားဆေးမှုနေ့ ပရလောက
သားစိုးမင်းဟန်အတွက် ဖြတ်သန်းခွင့်
တောင်းခဲ့ပါသည်။ ရန်ကုန်သို့ရောက်ရှိ
သောအခါ ဥတ္တလာဦးစေတီတော်
ဂေါပကဥတ္တဋ္ဌဦးသိန်းအေးနှင့် တိုင်ပင်
ဆွေးနွေးကာ သယ်န်းကျန်းမြို့နယ်
၈/တောင်ရပ်ကွက် သံဃနာယကဥတ္တဋ္ဌ
စန္ဒိမရာမကျောင်းတိုက်မှ ကျောင်းထိုင်
ဆရာတော် ဦးစန္ဒိမာ အပါအဝင် စုစု
ပေါင်း ပင့်သံဃာ (၅) ပါးကို စိုးမင်းဟန်
အားရည်စူး၍ လှူဒါန်းမည့်အလှူအတွက်
ရက်သတ်မှတ်ကာ ပင့်ဖိတ်လိုက်ပါသည်။

သို့ဖြင့် အလှူနေ့သို့ရောက်သော
အခါ ကျွန်ုပ်သည် ဆရာတော်များကို
ခွင့်တောင်းလိုက်ကာ စိုးမင်းဟန်အတွက်
နေရာထိုင်ခင်းအား သီးသန့်ပေးထား
လိုက်ပါသည်။ ထို့နောက် ကျွန်ုပ်သည်
တရားနာကြားတော့မည်ဖြစ်ပါသဖြင့်
တရားမနာခင် ဥတ္တလာဦးစေတီအဝင်
မှခံဦးရွှေသို့သွားပြီး ဝရလောကသား
စိုးမင်းဟန်လာရောက်၍ သာဓုခေါ်ဆို
နိုင်စေရန်အတွက် ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်
အသီးသီးနှင့် ဘုရားအတွင်း၌ရှိကြကုန်
သော ပုဂ္ဂိုလ်အသီးသီးတို့အား လည်း
ကောင်း၊ ဖွေတိုက်စိုးခြဲဘိုးဘိုးကြီးအား
လည်းကောင်း၊ ဤဘုရားဝင်းတွင် အဘ
အောင်မင်းခေါင်ကြီးလက်ထက်မှစ၍
အဘ၏အမိန့်ဖြင့် ယနေ့ထိတိုင် ဘုရား
ဝင်းကိုစောင့်ရှောက်ရန် တာဝန်ယူထား
သော နတ်ဘီလူးဘယက္ခကြီးအားလည်း
ကောင်း၊ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ၊ ဓာတ်ပိုင်း
ဆိုင်ရာ နတ်ပိုင်ဆိုင်ရာ၊ သိုက်ပိုင်းဆိုင်
ရာများပါ အားလုံးမကျန် ပရလောက
သားစိုးမင်းဟန် သာဓုခေါ်ဆိုနိုင်ရန်
ဘုရားဝင်းအတွင်းသို့ ဝင်ခွင့်တောင်း
လိုက်ပါသည်။ ထိုသို့ပြုလုပ်ပြီးသည်နှင့်
ကျွန်ုပ်သည် တရားနာရန်အတွက် သာ
သနာ့အလင်းရောင်ဘုရားတန်ဆောင်း
အတွင်းသို့ ပြန်၍ဝင်ရောက်လာခဲ့ပါ
သည်။ဆက်လက်၍ ကျွန်ုပ်မှ ကြွရောက်
လာကြသော ဆရာတော်သံဃာတော်
များကို သက်ိန်း၊ ပရိက္ခရာအစုံအလင်နှင့်
လှူဖွယ်ဝတ္ထုပစ္စည်း အားလုံးတို့သည်
ချောင်းသာကမ်းခြေမှ ပရလောကသား
စိုးမင်းဟန်အတွက်ရည်စူး၍ လှူဒါန်း
ခြင်းဖြစ်သည်ဟု ပြောပြလိုက်ပါသည်။
ထို့နောက် ကြွရောက်လာသော ဆရာ
တော် သံဃာတော်တို့မှ စိုးမင်းဟန်
အတွက် မေတ္တာသုတ်များကို ရွတ်ဖတ်
သရဇ္ဈာယ်ပေးပြီး တရားရေအေးတိုက်
ကျွေးကာ ရေစက်ချ၍ ပရလောကသား
စိုးမင်းဟန်၏နာမည်ကိုခေါ်ကာ အားလုံး
ကြားကြသမျှ အမျှ အမျှ အမျှယူတော်
မူကြပါကုန်တော်ဟုဆိုကာ သာဓုသာဓု
သာဓုဟု တရားနာပရိသတ်များမှ ပြိုင်
တူသုံးကြိမ်ရွတ်ဆိုလိုက်ပြီး ဘိုးမင်းခေါင်
ဘုရားမှ ပရလောကသားစိုးမင်းဟန်၏
သာဓုခေါ်သံပါ ပျံ့လွင့်သွားပါသည်ဟု
ကျွန်ုပ်၏ စိတ်အာရုံ၌ ခံစားမိလိုက်ပါ
သည်။ ထိုကဲ့သို့ ရေစက်ချတရားနာပြီး
ဆုံးသွားသောအခါ ရေစက်ခွက်မှရေများ
ကို ကျွန်ုပ်သည် ဘုရားဝင်းအတွင်းရှိ
ဗောဓိညောင်ပင်ကြီး၏အပင်ခြေရင်းသို့
သွားရောက် သွန်းလောင်းသောအခါ
ကျွန်ုပ်၏ဘေးပတ်ပတ်လည်တွင် အမွှေး
ရနံ့များ မွှေးကြိုင်နေသည်ကို အံ့ဩစွာ
ဖြင့် ရနံ့များရရှိပါသည်။ ကျွန်ုပ်သည် ပရ
လောကသား စိုးမင်းဟန်တစ်ယောက်
သာဓုခေါ်ဆိုပြီး ပြိတ္တာဘုံဘဝမှကျွတ်
လွတ်ကာ ကောင်းမွန်ရာဘုံဘဝဆီသို့
ချက်ချင်းပင် စံစားရရှိသွားပါသည်ဟု
သိရှိလိုက်ပါသည်။

သတ္တဝါမှန်သရွေ့ တရားတွေ့
အေးငြိမ်းချမ်းသာရှိကြပါစေ။

ဗုဒ္ဓမြတ်စွာသာသနာ
ရှောင်ဝါနေသို့လင်းစေသော်

အဘဝ (သာသနာ့အလင်းရောင်)

www.burmeseclassic.com

www.burmeseclassic.com

(မောရ) မောင်ပွင့်ဘုရား

ကျွန်တော်တို့နေ့နိုးမောင်နှံ ဝတ်ရွတ်စဉ်

ဝတ်တက် - ဘုရားရှိခိုးခြင်း၊ ပရိတ် ရွတ်ခြင်း စသည်ကို အချိန်မှန် ပြုမြဲပြုသည်။

ဝတ်ရွတ် - ပရိတ် စသည်ကို အချိန်မှန်ရွတ်သည်။ (ဝတ်တစ်ခုထားပြီးရွတ်ခြင်း)

ဝတ်ရွတ်စဉ်- ဝတ်တက်သည့်အခါတွင် အစီအစဉ်သတ်မှတ်ရွတ်ဆိုသော ပရိတ်၊ တရား စသည်။

ကျွန်တော့်အိမ်သူက အဖေရော အမေပါ တရုတ်ဖြစ်လို့ ရေမရောတဲ့ တရုတ်အစစ်ဖြစ်ပါတယ်။ ကျွန်တော်နဲ့ အိမ်ထောင်ကျတော့ ဩကာသဘုရားရှိခိုးနဲ့ ငါးပါးသီလခံယူဆောက်တည်တာကလွဲလို့ ဘာသာရေးဗဟုသုတနည်းပါတယ်။

မနက် အိပ်ရာထတိုင်း ဘုရားရှိခိုးတော့ မှန်ပါတယ်။ ဘုရားရှိခိုးတဲ့အခါ ဘုရားဟောပါဠိတော်တွေကို ရွတ်ဖတ်ပူဇော်ဖို့ ကျွန်တော်က စည်းရုံးတော့ ပါဠိဟာ ဖတ်ရ ကျက်ရခက်တယ်လို့ ပြောပါတယ်။

ဒါနဲ့ ကျွန်တော်က ပါဠိတော်တွေကို စာရွက်ပေါ် မှာရေးပေးပြီး ဘုရားရှိခိုးတဲ့အခါတိုင်း စာရွက်ကြည့်ပြီးလိုက်ရွတ်စေပါတယ်။ သူက စိတ်ဝင်တစားနဲ့လိုက်ရွတ်ရုံမက အားတဲ့အချိန်တွေမှာလည်း စာရွက်ကြည့်ပြီးရွတ်ပါတယ်။ ဒီလိုနဲ့ အသံထွက်မှန်ပြီး စာရွက်မကြည့်ဘဲဆိုလာနိုင်တဲ့အခါ ကျွန်တော်က နောက်ထပ်ပါဠိတော်တစ်ပုဒ်ကို ရေးပေးပါတယ်။

ဒီလိုနည်းနဲ့ ပါဠိတော်အတော်များများကို အလွတ်ရွတ်သွားနိုင်တာမို့ ကျွန်တော်တို့လင်မယားမှ မနက်ဘုရားဝတ်တက်တိုင်း ရွတ်ဆိုပူဇော်တဲ့ ဝတ်ရွတ်စဉ်တစ်ခုရလာပါတယ်။ စာဖတ်သူများကိုလည်း စာတန်းထိုးပရိတ်တရားတော်စီဒီခွေတွေဖွင့်ပြီးလိုက်ရွတ်ခြင်း၊ စာအုပ်ကြည့်ပြီး မှန်မှန်ဖတ်ရင်းနဲ့အလွတ်ရသွားပါမယ်လို့ အာမခံပါတယ်။

ကိုယ်စိတ်သန်ရာ ပရိတ်ကြီး (၁၁) သုတ် အားလုံးမဟုတ်တောင် မေတ္တသုတ်၊ မင်္ဂလသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ပုဗ္ဗဏှသုတ်တွေအပြင် မွေစကြာ၊ အနတ္တလက္ခဏသုတ်၊ မဟာသမယသုတ်၊ မဟာသရဏဂုံတော်ကြီး စသည်ဖြင့် ရွတ်ဆိုနိုင်ကြပါတယ်။ တချို့ဆိုရင် ရွတ်ဖတ်ပူဇော်ချင်တဲ့ ဘုရားရှင်ရဲ့နှုတ်ကပါဠိတော် (နှုတ်ထွက်စကား) တွေများလွန်းလို့ ရက်သတ်မှတ်ခွဲတမ်းချပြီး ရွတ်ဖတ်ကြပါတယ်။

ပါဠိတော်တွေရဲ့အနက်အဓိပ္ပာယ်နဲ့ ရွတ်ဖတ်ရကျိုးတွေကိုသိရင် ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ လေးလေးစားစား ရွတ်ဖတ်ချင်လာပါလိမ့်မယ်။ ကျွန်တော်တို့ ဝတ်ရွတ်စဉ်မှာမပါတဲ့ ပါဠိတော်တွေရဲ့အနက်အဓိပ္ပာယ်တွေကို အောက်ကရည်ညွှန်းစာအုပ်တွေနဲ့ တခြားပရိတ်တရားတော်များစာအုပ်တွေမှာ ရှာဖတ်ကြဖို့ တိုက်တွန်းပါတယ်။ ရည်ညွှန်းစာအုပ်တွေကို အိမ်တိုင်းမှာထားပြီး မိသားစုတွေ ဖတ်ရွတ်ကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

(၁) ရတနာသုံးပါးဂုဏ်တော်များ

လောကအမြတ်ဆုံး သုံးပါးရတနာ ဘုရား၊ တရား၊ သံဃာရဲ့ဂုဏ်တော်တွေကို ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားရှိခိုးတိုင်း ရွတ်ဆိုအာရုံပြုသင့်ကြပါတယ်။ ဂုဏ်တော်တစ်ခုချင်းရဲ့အနက်အဓိပ္ပာယ်ကိုပါ သိအောင် လေ့လာထားရပါမယ်။ ဘုရားဂုဏ်တော်ကိုးပါးကိုသာ နှုတ်တက်ရကြသူ များမယ်ထင်ပါတယ်။ရတနာသုံးပါးရဲ့ဂုဏ်တော်တွေကို ဆင်ခြင်တာဟာ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိဆိုတဲ့ ဘာဝနာတွေကို ပွားများရာရောက်ပါတယ်။ အရဟံဂုဏ်တော်တစ်ခုတည်းကို နေ့ညမပြတ် သတိရတိုင်း အမှတ်ရတဲ့ကုသိုလ် တစ်ခုတည်းနဲ့တင် နတ်ပြည်ရောက်နိုင်ပါတယ်။ ဒါကြောင့် ရတနာသုံးပါးရဲ့ဂုဏ်တော်တွေကို အဦးအစထားပြီး ရွတ်ဆိုပါတယ်။

ဘုရားဂုဏ်တော် (၉) ပါး

- ကွတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ ဝိဇ္ဇာစရဏသမ္ပ

www.burmeseclassic.com

www.burmeseclassic.com

နွှော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါ။ (သတ္ထာဒေဝ-မဟုတ်)

တရားဂုဏ်တော် (၆) ပါး

သွက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ (ပစ်စတ်တံဝေဒိတဝ်ဗော်ဝိန်ညူ တိ-ဟုဖတ်ရန်)

သံဃာဂုဏ်တော် (၉) ပါး

သုပ္ပဋိပန္နော ဘဂဝတော သံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ယဒိဒံစတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံလောကဿ။ (ပုန်ညတ်ခစ်တံလောကတ်ဿ-ဟုတော်ရန်)

ဩဝါဒပါတိမောက်သုံးဂါထာ

ဩဝါဒ-ဆုံးမခြင်း+**ပါတိ**-ကျရုံး **မောက္ခ**-လွတ်မြောက်ခြင်း။

သူရော ရဟန်းပါ မျက်မှောက်တော်ရော ဘဝသံသရာမှာပါ အောက်မေ့တဲ့ဘဝကို ကျရုံးခြင်းသို့မရောက်အောင် ဘဝတစ်ဆင့်ပြီးတစ်ဆင့် မြင့်မြင့်သွားစေဖို့ အဆူဆူသော ဘုရားရှင်တော်ကရုဏာတော်နဲ့ ဟောကြားတော်မူတဲ့ ဆုံးမစကားကို ဩဝါဒပါတိမောက္ခလို့ ခေါ်ပါတယ်။

နံပါတ် (၂) ဂါထာကို ဆရာတော်ဟောကြားတော်မူလို့ 'မကောင်းကောင်း၊ ကောင်းမူဆောင်၊ ဖြူအောင်ကိုယ်ထား၊ ဘုရားရှင်တို့၏ဆုံးမစကား' ဗုဒ္ဓဘာသာဝင်အတော်များ သိကြပြီးသားကြပါတယ်။ ဒီဂါထာဟာ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို ထွန်းထားလို့ ပိဋကတ်သုံးပုံအနှစ် (The Essence of Tipiṭaka) ဖြစ်ပါတယ်။ အနောက်တိုင်းသားတွေက ဗုဒ္ဓဘာသာဆိုတာဘာလဲ (What is Buddhism?) လို့မေးလာရင် ဒီဂါထာကိုပဲ ပြောပြလိုက်ပါ။ ဘာသာပြန်ပြီး ဖြေနိုင်ပါတယ်။

To refrain from all evil, To do what is good.

To purify the mind, This is the teaching of the Buddhas.

၁။ ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

၂။ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။ (ကုသလဿုပသမ္ပဒါ) သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

၃။ အနုပဝါဒေါ အနုပဃာတော၊ ပါတိ မောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ၊
(မတ်တင်ညုတာ စ ဘတ်တသမိန်-ဖတ်)
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

(၃) ပဋိစ္စသမုပ္ပါဒ်တရားတော်

- ဘုရားရှင်တိုင်းဟာ ဒီပဋိစ္စသမုပ္ပါဒ်တရားတော်ကို အပြန်အလှန်ဆင်ခြင်ပြီးမှ ဘုရားဖြစ်တော်မူကြတယ်။
- ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အသေအချာ လေ့လာမှတ်သားပြီးမှ တရားအားထုတ်ရင် ပိုပြီး တရားရလွယ်တယ်လို့ ဆရာတော်ကြီးများ မိန့်ကြားတော်မူကြတယ်။

ပဋိစ္စသမုပ္ပါဒ်တရားတော်မှာ အနုလုံနဲ့ ပဋိလုံ (အသွားနဲ့အပြန်) ဆိုပြီး တရားတော်နှစ်ပုဒ်ရှိပါတယ်။ တစ်ပုဒ်ရရင် နောက်တစ်ပုဒ်က ကျက်မှတ်ရပိုလွယ်သွားပါတယ်။

□ ပဋိစ္စသမုပ္ပါဒ်အနုလုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနာ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(ဒေါမနတ်သုပါယာသ သံဘဝန်တိ/ဒုတ်ခက်ခန်ဓတ်သ-ဟု ဖတ်)

□ ပဋိစ္စသမုပ္ပါဒ်ပဋိလုံ

အဝိဇ္ဇာ ယတ္တွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊

ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော။

သဠာယတန နိရောဓာ ဖဿ နိရောဓော၊ ဖဿ နိရောဓာ ဝေဒနာ နိရောဓော။

ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊ တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝ နိရောဓော၊ ဘဝ နိရောဓာ ဇာတိ နိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ (ဒေါမနတ်သုပါယာသ နိရုတ်ဇန်တိ)

(၄) အနေကဇာတင်ပါဠိတော်

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဟာ ဗောဓိပင်ရင်းမှာ မာရ်ငါးပါးကို အောင်တော်မူပြီး ဘုရားအဖြစ်ကို ရောက်တာနဲ့ စိတ်တော်က 'အနေကဇာတိသံသာရ' အစချီတဲ့ ဥဒါန်းကို ထမ်းရွက်တော်မူပါတယ်။ ဒီဥဒါန်းဂါထာဟာ ကျွန်တော်တို့ အိမ်သစ်တက်တိုင်း၊ ဘုရားစေတီ အသစ်တည်ထားတိုင်း ဘုရားအနေကဇာတင်တဲ့အခါ ရွတ်ဆိုတဲ့ ပါဠိတော်ဖြစ်ပါတယ်။ ဒါကိုပဲ တချို့က ဘုရားကို အသက်သွင်းတယ်လို့ဆိုပါတယ်။

အနေကဇာတင်

(အနေကဇာတိ သံသာရံ အစချီသော ပါဠိကို ရွတ်ဆို၍) ဗုဒ္ဓရုပ်တုတော်ကို ဘုရားအမှတ်ဖြင့် ကိုးကွယ်ရန် သိဒ္ဓိတင်သည်။

ဆင်းတုတော်၊စေတီတော်အသစ်တွေကို အနေကဇာတင်ပြီးမှ ရှိခိုးပူဇော်ကောင်းတယ်လို့တော့ မမှတ်ယူသင့်ပါ။ မိမိစိတ်က ဘုရားဂုဏ်တော်ကို အာရုံပြုပြီး ရှိခိုးကန်တော့ခြင်းသာ လိုရင်း ဖြစ်ပါတယ်။

၁။ အနေကဇာတိသံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခဇာတိ ပုနပ္ပုနံ။

www.burmeseclassic.com

www.burmeseclassic.com

၂။ ဂဟကာရက ဒိဋ္ဌောသိ၊
ပုနေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာဘဝိ၊
ဂဟ ကူဋ ဝိသခ်တ်။
ဝိသခ်ီရ ဂတံ စိတ္တံ၊
တဏှာန် ခယမဇ္ဈဂါ။

(၅)သဗ္ဗဇေယမဂ္ဂါလာဒိဝါတပသိနစ်ဂါထာ

ဘုရားဟောပါဠိတော်မှာ ဒီဂါထာကို ရွတ်ပြီးပြီးချင်း အသပြာတစ်ထောင် ရရှိတာကို အကြောင်းပြုပြီး အသပြာတစ်ထောင်ထိုက်တန်သော ဂါထာလို့ အမည်တွင်ပါတယ်။ နေ့ရောညပါ အခါခပ်သိမ်း ဘုန်းတန်ခိုးကျက်သရေအဖြာဖြာနဲ့ ထွန်းလင်းတောက်ပတော်မူတဲ့ ဘုရားရှင်ကို အာရုံပြုပြီး ရှိခိုးတဲ့ဂါထာဖြစ်ပါတယ်။

၁။ ဒိဝါတပသိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓော် ခတ္တိယော တပသိ၊
ဈာယီ တာဝိသိ ဗြဟ္မဏော။
၂။ အထ သဗ္ဗ မဟောရတ္တိ၊
ဗုဒ္ဓေါ တပသိ ဇေသော။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရံ နုဘာဝေန၊
သဗ္ဗေပူရေန္တု သက်ပ်ံ။
(သပ်ဗေပူရင်တုသင်ကပ်ပံ-ဟုဖတ်)

နေမင်းသည် နေ့အခါ၌သာထွန်းလင်းတောက်ပ၏။ လမင်းသည် ည အခါ၌သာ ထွန်းလင်းတောက်ပ၏။ ပြည့်ရှင်မင်းသည် မင်းဇတ်တန်ဆာဆင်ယင်မှသာ တင့်တယ်၏။ ကိလေသာကင်းကွာ ရဟန္တာသည်လည်း ဈာန်ဝင်စားမှသာ ကျက်သရေတင့်ထွန်း၏။

ဘုရားရှင်သည်ကား နေ့ည၊မလပ် အခါခပ်သိမ်း ပါရမီရှိန်စော် ဘုန်းတန်ခိုးတော်ဖြင့် အဖြင့်ကျက်သရေထွန်းလင်းတော်ပတော်မူပါပေသည်။ ထိုသို့တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကို ရှိသေစွာ လက်အုပ်မိုး၍ ရှိခိုးပါ၏။ အရှင်ဘုရား။

ဤသို့ ရှိခိုးရသောအကျိုးအားကြောင့် ကြံစည်သမျှ အရာအားလုံး အောင်မြင်ပါစေသတည်း။

(၆) ပဋ္ဌာန်း ၂၄-ပစ္စည်းအကျဉ်း

ပဋ္ဌာန်းတရားတော်ဟာ တန်ခိုးကြီးပြီး ဘေးရန်အန္တရာယ်အသွယ်သွယ်ကို တားဆီးကာကွယ်နိုင်တယ်လို့ ဗုဒ္ဓဘာသာဝင်တွေက ယုံကြည်စွာရွတ်ဖတ်ကြပါတယ်။ ကျွန်တော်တို့က ဆရာ

တော်ကြီးတစ်ပါးပေးတဲ့ နည်းအတိုင်း အရပ်တစ်မျက်နှာကို သုံးပစ္စည်းနဲ့ အရပ်ရှစ်မျက်နှာ အာရုံပြုရွတ်ဖတ်အပြီးမှာ တစ်ပတ်အပြည့်ပိတ်သွားအောင် အရှေ့အရပ်မှာ အစ သုံးပစ္စည်းကို ပြန်ရွတ်ပါတယ်။

- ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော။ (အရှေ့အရပ်)
- အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော။ (အရှေ့တောင်)
- အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော။ (တောင်)
- ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော။ (အနောက်တောင်)
- ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော။ (အနောက်)
- ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော။ (အနောက်မြောက်)
- သမ္ပယုတ္တပစ္စယော၊ ဝိပယုတ္တပစ္စယော၊ အတ္ထိပစ္စယော။ (မြောက်)
- နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော။(အရှေ့မြောက်)
- ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော။(အရှေ့အရပ်)

□ သူတော်ကောင်းများသို့မေတ္တာပို့

နောက်ဆုံးအနေနဲ့ မေတ္တာပို့တဲ့ သုံးဂါထာကို ရွတ်ဆိုပါတယ်။ ဘုရား၊ တရား သံဃာ ရတနာသုံးပါးဂုဏ်ကို အာရုံပြုသစ္စာဆိုပြီး သူတော်စင်သူတော်ကောင်းအပေါင်းကို မေတ္တာပို့ခြင်းအားဖြင့် သူတော်စင်သူတော်ကောင်းအပေါင်းတို့ ပို့သော မေတ္တာကိုလည်း မုခ်ကောန်ခံယူရရှိနိုင်တယ်လို့ ယုံကြည်စွာနဲ့ ရွတ်ဖတ်ပါတယ်။

၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
နိရောဂါ ဟောန္တု သာဓဝေါ။
၂။ ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
နိရောဂါ ဟောန္တု သာဓဝေါ။
၃။ သံဃော လောကေ သမုပ္ပန္နော၊
ပုညာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
နိရောဂါ ဟောန္တု သာဓဝေါ။

- သတ္တဝါ အားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ ဤလောက၌ ဘုရားရှင် ပွင့်ထွန်းတော်မူလာ၏။

ဤမှန်သော သစ္စာစကားတော်ကြောင့် သူတော်ကောင်းအပေါင်းတို့ အနာရောဂါကင်းရှင်းကြပါစေ။

- သတ္တဝါအားလုံးတို့၏ချမ်းသာခြင်းအလို့ငှာ ဤလောကသို့ တရားတော် ပွင့်ထွန်းတော်မူလာ၏။

ဤမှန်သော သစ္စာစကားတော်ကြောင့် သူတော်ကောင်းအပေါင်းတို့ အနာရောဂါကင်းရှင်းကြပါစေ။

- သတ္တဝါအားလုံးတို့၏ကုသိုလ်တရား တိုးပွားဖို့အလို့ငှာ ဤလောကသို့ သံဃာတော်ပွင့်ထွန်းတော်မူလာ၏။

ဤမှန်သော သစ္စာစကားတော်ကြောင့် သူတော်ကောင်းအပေါင်းတို့ အနာရောဂါကင်းရှင်းကြပါစေ။

မောင်ပွင့်ဥဉ္ဇာ(မောင်)

ရည်ညွှန်း -

၁။ အခြေခံသာသနာရေးကျမ်း၊ တိုင်းရင်းသား ဗုဒ္ဓဘာသာဂါရိက အရှင်ကောသလ္လ၊ ရန်ကုန်မြို့၊ ရန်တင်သာသနာ့ဝိဓာန်၊ ၁၉၇၉၊ ဒုတိယ ပထမအကြိမ်။

၂။ သူတော်ကောင်းလက္ခဏာသြဝါဒတရားတော်၊ မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၀၊ အောက်ဆာ (ပထမအကြိမ်)

၃။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ၁၉၉၂ (ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ရာဝေဍင်ထင်ရှား သမိုင်းအထောက်အထားများရှိရာ

သာဂရစံပြရွာက တန်ခိုးကြီးရွှေမဇ္ဈောဘုရား

အကာသ(သာစည်)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိသော သာစည်မြို့နယ်သည် သမိုင်းဝင်ရွာဟောင်းမြို့များတည်ရှိရာနယ်မြေဖြစ်၍ ထူးခြားသောမြို့နယ်ဟုဆိုလျှင် မှားမည် မဟုတ်ပေ။ ပုဂံပြည့်ရှင် အနော်ရထာဘုရင်လက်ထက်က ကင်းမြို့ပေါင်း (၃၂) မြို့ကို တည်ထားခဲ့ရာ ညောင်ရမ်း၊ ပိုင်းတက်၊ သာဂရမြို့များ ပါဝင်ကြ၍ ထိုင်းမြို့ဟောင်းများသည် သာစည်မြို့နယ်အတွင်း၌ရှိကြလေသည်။

သာဂရမြို့ဟောင်းကား သာစည်မြို့၏ အရှေ့မြောက်ယွန်းယွန်း (၁၀) မိုင်အကွာအဝေးသောနေရာတွင်ရှိသည်။ မြို့ဟောင်းနှင့် မနီးမဝေးတွင် စံပြရွာကြီးတစ်ရွာရှိ၍ ရှေးကရှိခဲ့ဖူးသောနာမည်အတိုင်း 'သာဂရ' ဟူ၍သာ ခေါ်ကြပါသည်။

ဟိုးရှေးက မြို့တော်အင်္ဂါ(၇)ရပ်နှင့် တယောင်တဆောင်ရှိခဲ့သော်လည်း ယခုမှောက်ကာလတွင် အုတ်ကျိုးအုတ်ပဲ့နှင့် မို့မောက်သော မြေခုံကြီးများသာ မြင်ရတော့သည်။ ကျုံးပတ်လည်မြို့ဝိုင်းဟောင်းနှင့် နန်းမြို့ဦးထိပ်တည့်တည့်တွင် ရှေးမင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ကြသော မုဒ္ဓောစေတီတည်ရှိလေသည်။

ရှေးဟောင်းအမွေအနှစ်များ မျက်မြင်ထင်ရှားရှိနေသေးပြီး သမိုင်းကြောင်းကလည်း စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိအကြောင်းပြောကြလျှင် အနာ



ရင်ပြင်တော်ဈာဂါထောင့်ရှိ ပထမဗိနသကျွေစေတီတော်



စေတီရင်ပြင်တော်ပေါ်က တံခွန်တိုင်နှင့်ဆောက်စာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းထောင့်စေတီနှင့်အတူ ကျွန်းဟောင်းတစ်နေရာ



ရွှေဟောင်းသမိုင်းဝင် ဓမ္မပုဂ္ဂိုလ်စေတီတော် မဟာရံတံတိုင်းများနှင့် အဝင်မုခ်ဦး

သာဂရမြို့ဆရာတော် ဦးနန္ဒာဘိသ (သာသနာ့ဝန်ထမ်းစရိယ)

ထပိဏ်သူဌေးကြီးမပါဝင်က မပြီးသတဲ့သို့ မြန်မာ့ရာဇဝင်ပြောမည်ဆိုလည်း အနော်ရထာမင်းကြီးမပါက ပြီးပြည့်စုံမည်မထင်ပေ။

ပုဂံပြည်ကြီးကို အရိမဒ္ဒနဟု လည်းကောင်း၊ အနော်ရထာမင်းကြီး လက်ထက်တော်တွင် သာသနာတော်လွန်စွာ စည်ပင်ဝပြောခြင်းကြောင့် ပုဂံရာမဟု လည်းကောင်း ခေါ်ကြ၏။ ပေါက္ကာရာမ၊ သီရိပစ္စယာ၊ တမ္ဗဝတီ အစရှိသည်လည်း ခေါ်ဝေါ်ကြသည်။

ပုဂံကို အေဒီ ၁၀၇ တွင် သမ္မဒ္ဒရာဇ်မင်းက ရွာပေါင်း (၁၉) ရွာကို စုစည်းပြီး ယုန်လွတ်ကျွန်းအရပ်တွင် စတင်တည်ထောင်ခဲ့၏။ ထိုမင်းမှစတင်၍ စောမွန်နှစ်မင်းအထိ ပုဂံမင်း (၅၅) ဆက်ရှိခဲ့ရာ (၄၂) ဆက်မြောက်ဖြစ်သော အနော်ရထာမင်းသည် သက္ကရာဇ် ၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့တွင် နန်းတက်တော်မူသည်။

အနော်ရထာမင်း၏ခမည်းတော်သည် သက္ကရာဇ် ၃၂၆ ခုနှစ်တွင် နန်းတက်သော ကွမ်းဆော်ကြောင့်ဖြူမင်းဖြစ်၏။ သိကြား စသောသာသနာတော်စောင့်နတ်တို့ ကွမ်းဆော်အားမ,စ၍ ပုဂံပြည်တွင် မင်းလောင်းပေါ်မည်ဟူ၍ ကျော်စော၏။ 'မည်သည့်နေ့ရက်ကို မင်းလောင်းရောက်လတ်မည်၊ မင်းလောင်းကို ပူဇော်အံ့၊ ကြည့်ကြအံ့' ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြင့် တူးရွင်းတောင်သို့ သွားကြကုန်သည်။

ကွမ်းဆော်လည်း မင်းလောင်းကို ကြည့်ချင်သဖြင့် သူမယ်တော်အား စားမြိန်စာကို စောစောထုပ်ပေးပါဆိုကာ စားမြိန်စာထုပ်ကိုယူ၍ ညဉ့်ကသွားလေ၏။ သိကြားမင်းလည်း သူအိုယောင်ဆောင်ကာ မြင်းကိုစီးလာပြီး မြင်းထက်ကနေ၍ ကွမ်းဆော်ကို -

"လုလင်၊ ငါစီးသောမြင်းကို ပုဂံပြည်သို့ယူနှင့်ပါလေ။ ငါမူကား သည်တွင်အခွင့်ရှိပါသည်"

ဆို၏။

ကွမ်းဆော်လည်း -

"မင်းလောင်းကို ကြည့်မိအောင် သွားပါမည်၊ အဘိုးမြင်းကိုမဆောင်နိုင်"

ဟု ဆို၏။

သူအိုမြင်းရှင်လည်း -

"လုလင်၊ ခြေလျင်သွားသောထက် မြင်းနှင့်သွားသော် ခရီးမလျင်ပါလေ။ သည်မြင်းကိုလည်းစီးလေ။ သည်ပုတ်မြားဦးသော့ကျင်၊ သည်ပတ္တမြားလက်စွပ်

www.burmeseclassic.com

www.burmeseclassic.com

ကို့လည်းဝတ်ဆင်လေ။ သည်လုံ၊ သည်ဘားကိုလည်းဆွဲကိုင်လေ။ သည်မြင်းကို စီး၍ မင်းရင်ပြင်သို့အရောက်သွားလေတော့"

ဟု ဆို၏။

ကွမ်းဆော်သည် သိကြားပေးသောလက်စွပ်ကို ဝတ်ဆင်ပြီးသော် ဦးသျှောင်ကျင်ကိုတပ်၍ သီလဝံသား၊ အရိန္ဒမာလုံတို့ကိုစွဲကိုင်ပြီး မင်းလောင်းလာသည်ကို ကြည့်မိအောင်ဟု မြင်းကို အပြင်းနှင်လေ၏။

အမှူအမတ်၊ ကလန်၊ သံပျင်အစရှိသော ပြည်သူတကာအပေါင်းတို့သည် ကွမ်းဆော်မြင်းစီးလာသည်ကိုမြင်လျှင် သိကြားပေးသောတန်ဆာနှင့်တကွဖြစ်၍ အရောင်အဝါသည် တက်သစ်သောနေလုလင်ကဲ့သို့ထင်၍ ဦးထိုက်ကြကုန်၏။ ကွမ်းဆော်လည်း ငါကိုပင်ဖြစ်ချေသည်။ အထက်ကလည်း စောင်ချမ်းပင်စောင့်နတ်ဆိုဖူးလေသည်ဟု နှလုံးထားပြီး နန်းတွင်းတိုင်အောင် မြင်းနှင့်ဝင်လေ၏။

စောရဟန်းမင်းလည်း -

"ငါရှိလျက်ကို အဘယ်သူဝံသနည်း"

ဟု နန်းဦးကရပ်၍ ဆိုနှင့်၏။

ထိုအခါ တံခါးဝယ်ထားသော ကျောက်သူရဲပွတ်တန်းချ၍ စောရဟန်းမင်း နန်းဦးကကျပြီးလျှင် အနိစ္စရောက်၏။

ကွမ်းဆော်မင်းဖြစ်လျှင် စောရဟန်းမင်း၏ မိဖုရားသုံးဦးစလုံးကိုပင် မိဖုရားဆက်လက်မြောက်တော်မူ၏။ ညီမအရင်းတော်သူများဖြစ်၍ အကြီးဆုံးတောင်ပြင်သည် အမည်တွင်သောမိဖုရားက ကျည်စိုးကို ပဋိသန္ဓေကိုးလပါလာ၏။ အလယ်ပြင်သည်အမည်တွင်သူ မိဖုရားက စုကွတေးကို ပဋိသန္ဓေခြောက်လပါလာ၏။ ကွမ်းဆော်မင်းနှင့်ကား မြောက်ပြင်သည် မိဖုရားသည် အနော်ရထာစောကို ဖွားမြင်တော်မူလေ၏။

ကျည်စိုးနှင့် စုကွတေးတို့အရွယ်ရောက်လျှင် နန်းဦးက ဦးဇောက်ကျ၍ အနိစ္စရောက်သွားသော စောရဟန်းမင်းသာလျှင် ခမည်းတော်အစစ်ဖြစ်ကြောင်း၊ ကွမ်းဆော်ကြောင်ဖြူမင်းမှာ ခမည်းတော်အစစ်မဟုတ်ကြောင်း သိရှိလေသဖြင့် ထီးနန်းကိုရရန် အစဉ်မပြတ်ကြံစည်နေကြ၏။ နောက်ဆုံးတွင် သာယာလှပသောကျောင်းကို ဆောက်လုပ်ပြီး ကွမ်းဆော်မင်းအား ကျောင်းရေစက်ချ သာဓုအနုမောဒနာပြုရန် ပင့်မိတ်လျှောက်ထားကြလေ၏။

ကွမ်းဆော်မင်းလည်း မစုံးမစမ်းမဆင်မခြင် ယုံကြည်တော်မူလေ၏။ ကျည်စိုးနှင့် စုကွတေးလည်း မင်းကြီးကို ဖမ်းပြီးသော် ခြိမ်းခြောက်၍ ရဟန်းပြုစေ၏။ မင်းကြီးကား သံသရာကို ချစ်မြတ်နိုးတော်မူသဖြင့် ရဟန်းပြုလေသည်ဟု ကောလာဟလဖြစ်စေလေ၏။

သက္ကရာဇ် ၃၄၈ ခုတွင် ကျည်စိုးမင်းဖြစ်တော်မူ၏။ ထိုမင်းကား ချင်း

ပွဲကြည့်ရန် နေ့ခင်းကတည်းက နေရာဦးနေကြသည်



ကမ္ဘည်းကျောက်စာ



သူနိုင် ကိုယ်နိုင် ဆင်ပြိုင်ကန်နေသော ဘောမွဲ

www.burmeseclassic.com

www.burmeseclassic.com

တွင်းညွှန်အရပ်တွင် မင်းတဲဆောက်၍ ဗန်ကီဆယ်ရွာတိုက်သို့ မပြတ်သွားကာ သမင်ကစားတော်မူ၏။ အခါတစ်ပါးသော် သမင်ရေသောက်ဆင်းသည်ကို စောင့်သောမုဆိုးသည် မင်းကြီးကို သမင်မြင်လျှင် လန့်၍ပြေးသည်ကို မင်းမှန်းမသိသဖြင့် လေးနှင့်ပစ်သောကြောင့် မင်းကြီးအနိစ္စရောက်တော်မူ၏။

သက္ကရာဇ် ၃၅၄ ခုနှစ်တွင် ထိုမင်း၏ညီ စုက္ကတေးမင်းဖြစ်၏။ ထိုမင်း၀ယ် အနော်ရထာစော ခစားလေ၏။ အနော်ရထာ၏ မယ်တော်ကား ခမည်းတော်ကြောင်ဖြူမင်းကို လုပ်ကျွေး၍နေ၏။ အနော်ရထာစောလည်း ခမည်းတော် မယ်တော်တို့နှင့်အတူနေတော်မူ၏။

အခါတစ်ပါးသော် နောင်တော် စုက္ကတေးသည် ညီတော် အနော်ရထာ ခစားရာ၀ယ် ညီသားနောင်မယ်ဟုခေါ်၏။ ထိုသို့ခေါ်လေသောအကြောင်းကို ခမည်းတော်ကြောင်ဖြူမင်းအားလျှောက်ထားလေရာ ခမည်းတော်လည်း -

"အမောင့်အမိကိုယူလို၍ဆိုသည်"

ဟု မိန့်တော်မူ၏။

အနော်ရထာစောလည်း ကြီးစွာသောအမျက်ထွက်ကာ ခမည်းတော်ထံတွင် သိကြားဆောင်နှင်းသော မြင်းအစရှိသော လက်နက်ကိရိယာတို့ကိုတောင်းလေသည်။

ခမည်းတော်လည်း အရိန္ဒမာလှ၊ သိလဝံသမား၊ ပတ္တမြားလက်စွပ်နှင့် ပတ္တမြားဦးသျှောင်ကျင်တို့ကို သားတော်အားပေးလေ၏။

"ငါ့မြင်းမူကား ငါနန်းကျကတည်းက လွတ်၍ရှိလေသည်။ - ငါ၀တ်တော်မူသောလက်စွပ်ကိုပြလျှင် အဖမ်းခံလိမ့်မည်။ ရလျှင်လည်း မြင်းကိုယူ၍ ပုဗ္ဗားအရပ်၌ အလုံးအရင်းများအောင် ဆည်းပူးလေ။ အင်အားနှင့်ပြည့်စုံမှ အမောင့်နောင်တော်ကိုလုပ်ကြံလေ"

ဟူ၍ မိန့်တော်မူ၏။

အနော်ရထာစောသည် ခမည်းတော်မြင်းကို လက်စွပ်ပြ၍ရပြီးလျှင် ပုပ္ပားအရပ်သို့သွား၍ အလုံးအရင်းကို စုစည်းနေစဉ် မယ်တော်ကိုလည်း စုက္ကတေးမင်းယူကာ မိဖုရားမြောက်လေ၏။ လူသူအင်အားတို့တောင့်တင်းလာသော အနော်ရထာစောသည် ပုဂံသို့ချီလာ၍ နောင်တော်ကို -

"နန်းကိုတည်းပေးမည်လော၊ စစ်တည်းပြုမည်လော"

ဟူ၍ စေတော်မူလိုက်သည်။

သဝိုင်းထက်ကမ္ဘံပြစ်သော ကျိုးတော်

ဘောပွဲကြည့်ထားကြသော ပရိသတ်များ

ပြေမှုံ၊ ဆုတ်ကျိုးဆုတ်ပဲ့များ၊ ယားစင်းများသော မြင်ရသော ပြိုးဟောင်းဓနရာ

နောင်တော်စုက္ကတေးလည်း ညီတော်စေသော်စကားကို ကြားလေလျှင် ပြင်းစွာသောအမျက်ထွက်သည်ဖြစ်၍ -

"ချင်းမျှတည်း၊ ခံတွင်းမှန်ဖို့အစ်မစင်သေးသည်သူသည် ငါ့ကိုတိုက်မည်ဆို သော် အမတ်ဗိုလ်ပါတို့ကြည့်သာနေစေ၊ ငါနှင့်မြင်းတစ်စီးချင်းတိုက်မည်"

ဟူ၍ မှာတော်မူလိုက်၏။

အနော်ရထာစောသည် ခနာဝင်တော်ပြန်ကြားလိုက်သောစကားကိုကြား

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကရုန်_ခင်းကျင်းထားသော သစ္စာနန်းတော်အဖွဲ့

ထောမူသော် ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ခြိန်းချက်သောနေ့သို့ ရောက်လေလျှင် နတ်မြင်းကိုစီးကာ ခမည်းတော်ဝေးသော ဓား၊ လှံကိုယူပြီးသော် သမထီးခေါင်းသို့သွားတော်မူလေ၏။

စုက္ကတေးလည်း ညီတော်မြင်းလာသည်ကိုမြင်လျှင် ဆီးချကြိုနှင့်၏။

အနော်ရထာစောက -

"နောင်တော်၊ ငါထက်ကြီးသူဖြစ်သည် အလျင်ထိုးလေ"

ဟုဆို၏။

နောင်တော် စုက္ကတေးလည်း ညီတော်ကိုလုံဖြင့်ထိုးရာ ညီတော် အနော်ထာသည် သိကြားလက်နက်ဖြစ်သော အရိန္ဒာလုံဖြင့်ဆီးကာ၍ ကိုယ်တော်သို့ ရောက်ဘဲ မြင်းကဦးကိုထိုးမိလေ၏။

စုက္ကတေးလည်း မိမိထိုးသောလုံ ချက်သည် ညီတော်ထံသို့ မရောက်ဘဲ မြင်းဘဦးကိုမြင်လျှင် အလွန်ကြောက်ရွံ့ခြင်းဖြစ်၍ တုန်တုန်ခိုက်ခိုက်မော်မူလေ၏။

ထိုအခါဝယ် ညီတော်အနော်ရထာက -

"နောင်တော့်အလှည့်ကုန်လေပြီ။ ယခုအခါသော် ညီတော်အလှည့်သာရှိတော့သည်။ ခံနိုင်အောင်ခံလေ"

တူ အရိန္ဒမာလုံဖြင့်ထိုးလျှင် ရှေ့မသွားသည် နောက်သို့ထွင်း၍ထုတ်ချင်းခတ်သကဲ့သို့ အနိစ္စရောက်လေ၏။

အနော်ရထာစောမတ်တော်လည်း ဓားတော် လုံဖြင့်ထိုး၍ စုက္ကတေးအနိစ္စရောက်ပြီဟူ၍ ကြားတော်မူလေသော် ရင်ဝတ်မှမကပဲ ပုတ္တလင်၊ ပုတ္တဘင် တူ ခေါ်ဝေါ်မြည်တမ်း၏။ မယ်တော် ပူဆွေးသောကရောက်သော ထိုအရာတွင် ဘုရားတည်ကာ 'ရင်ဝတ်ကျောက်ဘုရား' ဟု ခေါ်တွင်လေ၏။

အနော်ရထာမင်းစောသည် နောင်တော်ကိုလုပ်ကြံပြီးသော် ခမည်းတော်ကျောင်းသို့သွား၍ မင်းပြုပါဟုတောင်းပန်တော်မူ၏။ ခမည်းတော် ကြောင်ဖြူကသည်း -

"ငါအသက်အရွယ်ကြီးပြီ အမောင်ပြုတော့"

တူ မိန့်တော်မူသဖြင့် အနော်ထာစောနန်းတက်ခဲ့လေသည်။

အနော်ရထာမင်းစောသည် ထီးဖြူကိုရသော်လည်း နောင်အော်တို့ သတ်ပြီမလေပြီဟူ၍ စားတော်မဝင်၊ အိပ်တော်မခေါ်နိုင်ဘဲ ခြောက်လကိုင်ခဲ့လေ၏။

ထိုအခါ သိကြားမင်းလာ၍ အိပ်မက်ပေး၏။

"မင်းကြီးသည် နောင်တော်ကိုပြစ်မှားမိသော မကောင်းမှုက ခေါင်းပါးစေလိုသော် ဘုရား၊ ဥကျောင်း၊ ဇရပ်တို့ကို များစွာပြု၍ နောင်တော်အား အမျှပေးဝေလေ။ ထိုမှတစ်ပါးလည်း ရေတွင်း၊ ရေကန်၊ ဆည်မြောင်း၊ လယ်ခွောင်းတို့ကို များစွာစီရင်၍ နောင်တော်အားပေးဝေရာသည်"

ဟူ၍ အိပ်မက်ပေးလာ၏။

အနော်ရထာမင်းစောတွင်ရှိသော အလုံးအရင်းကား ဆင်ဖြူသုံးဆယ့်ရှစ်စီး၊ ဆင်မည်းရှစ်သိန်း၊ မြင်းရှစ်သိန်း၊ စစ်သည်သူရဲတစ်ဆယ့်ရှစ်ကုဋေ၊ ကြွေးလေ့၊ ကြွေးကားသားလေ့၊ ငှက်လေ့ ရှစ်သိန်းရှိသောဟူ၏။ ထိုသို့ ဆင်လုံးမြင်းရင်းနှင့် တိုင်းခွင်လှည့်လည်တော်မူ၍ မြန်မာပြည်အလုံးဥဿာ ဘုရား၊ ဥကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ကိုတည်ထားတော်မူလေ၏။ ဆည်မြောင်းကန်ချောင်းဖြစ်ကောင်းသောအရာတို့ကိုလည်း ဆည်တာတမံများ တည်ဆောက်တော်မူ၏။

အနော်ရထာမင်း နန်းတက်တော်မူ၍ တစ်ဆယ့်ခြောက်နှစ်မြောက်သော အခါ ကမ္ဘောဇထိုင်းနှင့် တမ္မဒီဗတိုင်းတို့ နှစ်ဖက်စပ်ကြား မရောမစပ်သိမ့်သောငှာ မြို့များတည်လေသည်။ သက္ကရာဇ် ၃၉၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ သောကြာနေ့တွင် မြို့ပေါင်း (၄၃) မြို့ကို တစ်ပြိုင်တည်း တစ်ချက်တည်းစ၍တည်သည်ကား -

ကောင်းစင်၊ ကောင်းတို့၊ ငရုန်း၊ ငရင်း၊ ရွှေဂူ၊ ယွင်းခဲ၊ မိုးတား၊ ကထာ၊ ထီးကျဉ်း၊ မြတောင်၊ တကောင်း၊ ဟင်းမဟော်၊ ကြဲညှပ်၊ စမွာယ်နဝိုး၊ ငစဉ့်ကူး၊ ကန်သာယာ၊ မကွေးတရာအောင်၊ အုတ်၊ ရေနံ့သာ၊ နဂါးမောက်၊ ယင်းမာတဲ၊ စုန်းမြို့၊ တုံပုံ၊ မတ္တရာ၊ သက္ကယ်ကျင်း၊ ဝါးရင်းတုတ်၊ တောင်ပြုံးကြီး၊ မြို့တင်၊ လဟေး၊ ရှဉ့်မတက်၊ မက္ခရာ၊ တအုံ၊ မြင့်စိုင်း၊ မြစ်သား၊ ဟိုင်းတက်၊ သာဂရာ၊ ညောင်ရမ်း၊ ရွှေမြို့၊ ပက်ပါ၊ မြို့လှ၊ ကဲ့လင်း၊ ဆွာ၊ ဗာရာဏသီ ဟူ၍ဖြစ်၏။

သာဂရရွှေမုဋ္ဌော ဘုရားသမိုင်းကျောက်စာ၌လည်း သက္ကရာဇ် ၃၉၅ခု၊ တပေါင်းလဆန်း ၁၂ ရက်၊ သောကြာနေ့တွင်တည်ထားသည်ဟူ၍ ရေးထိုးထား၏။ ဤသို့ဆိုလျှင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကိုလည်း မြို့တည်ချိန်နှင့်အံကိုက်တည်ထားတော်မူခြင်းဖြစ်သည်။ သာဂရမြို့ကို မြို့စား(၅)ဆက်တို့ အစဉ်အတိုင်း အုပ်ချုပ်ခဲ့ရာ ပုဏ္ဏရာဇ်၊ မင်းရဲသီဟာ၊ မင်းရဲကျော်ခေါင်၊ မင်းရဲကျော်ထင်နှင့် စလေဝန်ဟောင်း သာကွန်းတို့ ဖြစ်ကြသည်ဟု ပါရှိလေသည်။

သက္ကရာဇ် ၇၀၄ တွင် နန်းတက်သော ငါးစီးရှင်ကျော်စွာမင်းတွင် အတုလစန္ဒာဒေဝီစံ အောင်မိဖုရားနန်းလုံးမယ်နှင့် အတုလမဟာဒေဝီညီမတော်ချောက်နန်းမွေးမယ်တော် ဟူသော မိဖုရားတို့ ရှိ၏။ မိဖုရားကြီးအတုလစန္ဒာဒေဝီက ဥဇနောပြောင်၊ ညီတော်ကျော်စွာ၊ ညီတော် နရသူနှင့် နှမတော်ပုထိုးနီကတော်၊ ညီမတော် မြင်စိုင်းသက်တော်ရှည်နှင့်သင့်သည်တစ်ပါး၊ ညီစံတော် ရွှေအိမ်သည်ဟူ၍ သားတော်သုံးပါးနှင့် သမီးတော်သုံးပါးရှိ၏။ သမီးတော် ပုထိုးနီကလေးကား ညောင်ရမ်းနှင့်သာဂရကိုစားသော

www.burmeseclassic.com

www.burmeseclassic.com

ဂုဏ္ဍန္တရာဇဝင်ကြီးနှင့် စုံဖက်လေသည်။

ထိုမင်းလက်ထက်တွင် သစ္စာခံမြို့စားများသည် အခါအားလျော်စွာ ခစားကြလေရာ သာဂရမြို့စားကြီး ဂုဏ္ဍန္တရာဇဝင်းပါရှိ၏။ မင်းကြီးရှေ့တော်ဝယ် မြို့စားများခစားကြသောအခါ ရွှေဖလားတွင် ငါးစီးရှင်ကိုယ်တော်တိုင် ဖက်ဝန်းလှီး၍ ထည့်ပြီးသော် နေ့တိုင်း လက်ဖက်တည်တော်မူ၏ဟု ဆိုသည်။

သက္ကရာဇ် ၇၆၃ ခုနှစ်တွင် နန်းတက်သော အင်းဝဘုရင်မင်းခေါင်လက်ထက်တော်တွင် သာဂရမြို့ဆည်ရဲမက် စစ်သည်တော်အင်အားနှင့် တောင့်တင်းခိုင်မာသောမြို့ဖြစ်၏။ သက္ကရာဇ် ၇၆၆ ခုနှစ်တွင်လည်း မွန်မင်းရာဇာဓိရာဇ်သည် ရာမညတိုင်းကို အုပ်ချုပ်စိုးစံလျက်ရှိ၏။ ရာဇာဓိရာဇ်သည် ဗိုလ်တစ်သိန်းခြောက်သောင်း ပါဝင်သော စစ်သူကြီးအမတ် ဒိန်မဂီရွှတ်၊ သမိန့်ပြတ်ဇ၊ သမိန်အဓနိုင်၊ သမိန်ဇိပ်ပြတို့နှင့် သားသမက် ပေါင်းခြံရံလျက် ကရဝိက်ရွှေဖောင်စီး၍ အင်းဝသို့ရေကြောင်းဆန်လာ၏။

အင်းဝဘုရင်မင်းခေါင်ကြားလျှင် မြို့စားပြစားတို့ကို ဆင်မြင်းအလုံးအရင်းနှင့် အခိုင်အမာနေစေ၏။ အဝမြို့တော်တွင်လည်း အလုံးအရင်းဆင်မြင်းအများသွင်း၍ ကတုတ်၊ ရင်တား၊ တပ်တောင် သာခိုင်ခံ့အောင်လုပ်စေလေသည်။

ရာဇာဓိရာဇ်သည် အဝသို့ရောက်လျှင် အဝကိုမထိပါးဘဲ စစ်ကိုင်းမြို့ရေဝန်းအရပ်တွင် တပ်ချကာနေ၏။

ဘုရင်မင်းခေါင်လည်း ဆရာတော်ရဟန်းသံဃာမှစ၍ မှူးကြီးမတ်ခိုင်အပေါင်းတို့ကို ခေါ်ယူတော်မူ၍ တိုင်ပင်တော်မူ၏။ ယခု မွန်မင်းရာဇာဓိရာဇ်လာသည်ကို နှုတ်ရေးဖြင့်လည်းကောင်း၊ လက်ရေးဖြင့်လည်းကောင်း သူပြန်လေအောင် ပသို့စီရင်ရသော်သင့်မည်နည်း ဟူ၍မိန့်တော်မူ၏။ ဆရာတော်တို့မှစ၍ မှူးကြီးမတ်ခိုင်အပေါင်းတို့လည်း တိတ်တိတ်နေကြကုန်လေ၏။

ပင်းယတွင် သီတင်းသုံးတော်မူသော ပိဋကတ်ပေဒင်တတ်တော်မူသော စကြိုသူမြတ်သည် -

မွန်မင်းရာဇာဓိရာဇ်ကိုမဆိုနှင့်ဦး။ ဇမ္ဗူဒီပံမြေပြင်ဝယ်ရှိသော မင်းအပေါင်းတို့လာရောက်သော်လည်း နှုတ်ရေးဖြင့် ပြန်လေအောင် ငါစွမ်းနိုင်၏"

ဟု မိန့်တော်မူ၏။

ဘုရင်မင်းခေါင်လည်း အလွန်အားရတော်မူသည်ဖြစ်၍ -

"ငါဆရာ၊ ရာဇာဓိရာဇ်ကိုနှုတ်ရေးဖြင့်ပြန်လေအောင်မိန့်တော်မူပါ"

ဟူ၍ တောင်းပန်တော်မူ၏။

စကြိုသူမြတ်လည်း ဘုရင်မင်းခေါင်ထံက လက်ဆောင်ပဏ္ဏာများယူ၍ အဝမြစ်ငယ်ကိုကူးပြီး ရွှေကြက်ယက်မြောက် အိုးထိန်းမော်သို့ရောက်လျှင် ရာဇာဓိရာဇ်က ရွှေလောင်းနှင့်ကူး၍ စောင့်၏။ ရာဇာဓိရာဇ်စီးသောရွှေဖောင်သို့ရောက်လေသော် လက်ဆောင်ပစ္စည်းများကိုဆက်သလေရာ -

"ငါဆရာ၊ လက်ဆောင်ပစ္စည်းကများလှသည်"

ဟု ကျီစယ်ပြီးမှသိမ်း၏။

ရာဇာဓိရာဇ်လည်း -

"ငါဆရာ၊ အဘယ်ကကြွတော်မူခဲ့သနည်း"

ဟု မေးလျှောက်တော်မူ၏။

စကြိုသူမြတ်က အထူးထူးသော စကားတို့ကို မြွက်ကြားတော်မူ၏။

"သာသနာ့ဝါဃကာ တရားမင်းမြတ်သည် ရှေးဦးဆုတောင်းပတ္ထနာပြုသောအခါ မွန်ပြည်ဟံသာဝတီကိုသာ ဆုတောင်းဆုယူပြုဖူးသောကြောင့် ဟံသာဝတီပြည်ကြီးကို မင်းပြုတော်မူရသည်။ သူ၏တိုင်းကား နိုင်ငံစည်းစိမ်ချမ်းသာကို ဖျက်ဆီးလုယူမည်ခြံတော်မူရာ စိတ်တော်အတိုင်းဖြစ်ခြံမ့်မည်လော။ ရတနာပုရ အင်းဝနေပြည်တော်ကြီးသည်လည်း ဖြစ်ဆန်းမဟုတ်။ ဘုရားသခင်ဗျာဒိတ်တော်ရသောပြည်ဖြစ်၍ သာသနာတော်၏တန်ရာပြည်ဖြစ်သည်။

တစ်ကြောင်းလည်း အလုံးအရင်းဆင်မြင်းဗိုလ်ပါထူထပ်ပေါများလှသည်။ တောင်ငူမြို့၊ တောင်တွင်းမြို့၊ ရမည်းသင်းမြို့၊ ဝတီးမြို့၊ ယင်းတော်မြို့၊ ပင်လယ်မြို့၊ လိုင်းတက်မြို့၊ ညောင်ရမ်းမြို့၊ မြင်စိုင်းမြို့၊ မက္ခရာမြို့၊ ပင်းတလဲမြို့၊ ပြင်စည်မြို့၊ ကျောက်ပန်းတောင်းမြို့၊ ပဉ္စနဂိုရ်မြို့၊ နတ်မောက်မြို့၊ သာဂရမြို့ ဤသို့တောင် ဘက်ဝယ်ရှိသော ပြည်ကြီးမြို့ကြီးများလည်း ဆင်၊ မြင်းအလုံးအရင်းများနှင့် ချည်းဖြစ်သည်။

တောင်ဘက်တွင်ရှိသော မြို့ကြီးများဆိုသည်မှာ တောင်ငူမြို့၊ တောင်တွင်းမြို့၊ ရမည်းသင်းမြို့၊ ယင်းတော်မြို့၊ သာဂရမြို့တို့ ဖြစ်ကြသည်။ သာဂရမြို့သည် ဆင်မြင်းအလုံးအရင်းခိုင်မာတောင့်တင်းခဲ့သည်က ထင်ရှားလှ၏။ စကြိုသူမြတ်မိန့်ကြားသောစကားကြောင့် ရာဇာဓိရာဇ်လည်း မိမိစီးသောရွှေဖောင်တော်ငါးဆက်ကိုဖျက်၍ ရွှေကြက်ယက်ဘုရားရင်ပြင်တွင် ဇရပ်တစ်ဆောင်ဆောက်၏။ စကြိုသူမြတ်နှင့်တကွသော သံဃာတော်တစ်ရာပင့်၍ ဆွမ်းကပ်လုပ်ကျွေးတော်မူပြီး ဖောင်ဦးလှည့်ကာ စုန်တော်မူလေသည်။

သက္ကရာဇ် ၈၆၃ ခုနှစ်တွင်လည်း ရွှေနန်းကြော့ရှင် နရပတိသည် အင်းဝထီးနန်းတက်တော်မူ၏။ သက္ကရာဇ် ၈၆၄ ခုနှစ်တွင် စလင်းမြို့နှင့်ဆယ်မြို့ကိုစားသည့် ဘထွေးတော် သတိုးခမ္မရာဇာကနရပတိမင်းကို ပုန်ကန်ခြားနားတော်မူ၏။ သက္ကရာဇ် ၈၆၅ ခုနှစ်တွင် ညောင်ရမ်းစားမင်းကျော်ထင်အနိစ္စရောက်လျှင် ညောင်ရမ်း၊ သင်းကြီး၊ ယင်းတော်၊ မိတ္ထီလာ၊ မြစ်ညောင်နှင့် သာဂရခြောက်မြို့နှင့်တကွ မင်းကြီးကျော်ထင်သား ဘယကျော်ထင်၊ မင်းတုံးတာ၊ မင်းပြည့်ဝတို့ သစ္စာခံလာ၏။

ရွှေနန်းရှင်နရပတိကြားလျှင် ဆင်လုံးမြင်းရင်းအများနှင့် ရာဇသင်္ကြိတို့ ဗိုလ်မှူးခန့်ကာ မြစ်ညောင်၊ သာဂရတို့ဝန်းရံလေ၏ဟူ၍ သမိုင်းတင်ထားလေသည်။

သာဂရမြို့သည် ပုဂံပြည့်ရှင် အနော်ရထာဘုရင် လက်ထက်တော်က စ၍ နှစ်ပရိစ္ဆေဒကြာမြင့်စွာတည်ရှိလာခဲ့၏။ မြို့စားပြစားတို့လည်း အဆက်ဆက်ရှိခဲ့သည်ဖြစ်ရာ ရဲမက်စစ်သည်ဆင်မြင်းအလုံးအရင်းနှင့် ရာဇသွေးရာဇမာန်များပြခဲ့ကြ၏။ အနိုင်မခံအနှိုးမပေးလိုသော စိတ်ဓာတ်များနှင့် ဓားရေး၊ လှံရေးများလေ့ကျင့်၍ ဆင်၊ မြင်းအတတ်များကိုလည်း မပြတ်တမ်း စမ်းသပ်နေကြပေလိမ့်မည်။

ကျွဲးတော်အတွင်း ငွားငွားစွင့်စွင့် ဖူးပွင့်နေကြသော ကြာစွယ်ကြာရိုးတို့သည်လည်း ရေခပ်ဆင်းလာကြသော သာဂရမြို့ကြီးသူ အပျိုတစ်သိုက်နှင့် သွေးထက်ငါ အလှချင်းပြိုင်နေကြမည်။ ထိုးကွင်းမင်ကြောင်များပေါ်အောင် ခါးတောင်းကျိုက်၍ ခြင်းခတ်နေကြသော မြို့ကြီးသား ကိုလူပျိုများကလည်း ထွေငေါ့ပြောဆိုကျီစယ်နေကြမည်ထင်၏။

စစ်ခြီထွက်ရန် ဆင်၊ မြင်းတပြင်ပြင်ဟန်ရေတပြပြရှိနေသောမောင်တော်များကို အသီးသီးသောဇနီးမယားး၊ သားသမီးများက စားမြိန်စာထုပ်ကွမ်းအစရှိသည့် အသုံးအဆောင်များ လိုက်ပါပို့ဆောင်ပေးရင်း တတွတ်တွတ်မှာကြား

www.burmeseclassic.com

www.burmeseclassic.com

ကြမည်။ ဓား၊ လှံ၊ လက်နက်များ ဆောင်ကိုင်ပြီး ဆင်မြင်းများပေါ်က နူတ်ဆက်မှာကြားနေကြသော ရဲမက်စစ်သည်များကိုလည်း မြင်ယောင်နေမိလေသည်။

ပဟိုရ်စည်တီးခတ်သံ၊ ဆင်အော်သံ ကြားတိသံ၊ မြို့သူမြို့သားတို့ စကားသံဆိုသံများက မကြားရတော့ဘဲ တုတ်ပုံမကျစည်ကားခဲ့သော သာဂရတိုက်ပွဲတွေ တိတ်ဆိတ်ငြိမ်သက်လျက်သာရှိတော့၏။

မြို့တော်ဟောင်းကြီးတစ်ခုလုံးမှာ ခဲနှယ်ပိတ်ပေါင်းများဖုံးလွှမ်းနေခဲ့ကြပုံးထွန်းယက်လုပ်ကိုင်ကြသော အုတ်ကြီးများဖြစ်နေ၏။ မြို့ရိုးတစ်လျှောက်လုံးလည်း မြေခုံမှိုမြို့ကြီးများနှင့် ဆင်တူအုတ်ပုံများသာရှိတော့၏။

မြို့ဦးထိပ်တည့်တည့်တွင် ဆည်းသံတချွင်ချွင်နှင့် မြေပေါက်စေတီဆူရှိ၏။ ပုဂံခေတ်ကတည်းက မင်းဆက်ဆက်တို့ တည်ထား ကိုးကွယ်သာရာ ရွှေမုဋ္ဌောစေတီတော်မြတ် ဖြစ်နှစ်ပေါင်းတစ်ထောင်မျှ ရဟန်းရှင်ကို ကိုးကွယ် ဆည်းကပ်လာသောစေတီတော်မြတ်ဖြစ်သည်။ သမိုင်းဝင်ဟောင်း ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးမှာ တင့်တယ်သပ္ပာယ်လှပ်ရှိနေသည်။

သာဂရမြို့ဟောင်း၏အရှေ့ဘက်အစွန်းတွင် အထက်တန်းကျောင်းရှိသာဂရစံပြရွာကြီးတည်ရှိ၏။ဘုန်းတော်ကြီး (၄) ကျောင်းရှိ၍ မြို့မဘုန်းတော်ကြီးကျောင်းက မြို့ဟောင်းရွှေမုဋ္ဌောစေတီတော်နှင့် နီးကပ်စွာရှိပြီး အနီးဆုံး ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။

မြို့မကျောင်းဆရာတော်ကား ဓမ္မာဘာသ (သာသနဇဂမ္ဘာစရိယ) ဒဏ်ရွှန်းတက်ကြွပြီး ဗဟုသုတ ကြွယ်ဝစိတ်ပြင်းပြသော ရဟန်းတစ်ပါး ဖြစ်၏။ ဆရာတော်သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် သိက္ခာသုံးစုံနှင့် ပြည့်စုံ၍ ဝိနည်းတရားလေးစားတော်မူသည်။

ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးမှာ အဆက်ဆက်က ထိန်းသိမ်းမွမ်းမံလာကြသော်လည်း အသရေဆုံးနွမ်းလျက်ရှိနေ၏။ ဆရာတော်သည် စေတီတော်မြတ်ကြီးကို ဘက်စုံပြန်အတွက် သံဃာတော်မထေရ်ကြီးများထံက ဩဝါဒခံယူတော်မူသည်။

မြန်မာနှစ် ၁၃၆၅ ခုနှစ်၊ တပို့တွဲလကစတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့၏။ ဆရာတော်က ကြပ်မတ်ပြီး အငြိမ်းစားကျောင်းဆရာများဖြစ်သော ဆရာဦးထွန်းကြည်နှင့် ဆရာဦးညွန့်အောင်ဂေါပကအဖွဲ့များ ဦးဆောင်လုပ်ကိုင်ကြ၏။ ရပ်နီး၊ရပ်ဝေးရှိ ပုဂ္ဂလိကဒကာများ၊ အများဝေနေယျများ ထည့်ဝင်သောငွေကြေးဒါန၊ လုပ်အားဒါန၊ အာဟာဒါန အစရှိသည်တို့နှင့် ဆောင်ရွက်ခဲ့လေ၏။

စေတီမုတ်၏ အထက်ပစ္စယ်ထောင့်အသီးသီးတွင် အရံစေတီငယ်ရှစ်ဆူတည်၍ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်ခွံနှင့်ရွှေထီးတော်တင်လှူခြင်း၊ စွန်ကုပ်တပ်ဆင်ခြင်းများပြုလုပ်၏။ ရင်ပြင်တော်ပေါ်တွင် နဂိုကတည်းကရှိသော ရွှေဟောင်းအရံစေတီနှစ်ဆူကိုလည်း တစ်ချိန်တည်း ထီးတော်တင်မွမ်းမံခြင်းများ ပြုလုပ်ခဲ့သည်။

ရွှေမုဋ္ဌောဘုရားကြီး၏ စာရေးတံဆွမ်းလောင်းပွဲကို နှစ်စဉ်ဝါခေါင်လပြည့်နေ့တိုင်း ကျင်းပကြ၏။ သံဃာတော်တစ်ရာကျော်တို့ကို ပင့်ဖိတ်၍ စည်ကားသိုက်မြိုက်စွာဖြင့် လောင်းလှူကြ၏။ အကျဉ်းအကျပ် အခက်အခဲမည်မျှရှိစေကာမူ ပျက်ကွက်သည်မရှိခဲ့ချေ။ ထိုစာရေးတံဆွမ်းလောင်းပွဲကြီးကို ဘယ်ခေတ် ဘယ်ကာလက စတင်ခဲ့သည်ကို သိမီပြောပြနိုင်သူဟူ၍ မရှိကြပေ။

ဘုရား၏ တန်ခိုးတော်ကြောင့် ဆွမ်းမလောင်းမီနှင့် ဆွမ်းလောင်းပြီး ခုနစ်ရက်အတွင်း ပလ္လင်ဆေးမိုးရွာသည်ဟူ၍ ယုံကြည်ကြ၏။ ရွေးပဝေသဏီတည်းကရှိခဲ့ဖူးသော်အစဉ်အလမ်းအတိုင်း ယုံကြည်သည့်အလျောက် အမှန်တကယ်လည်း မိုးရွာလေ့ရှိ၏။ အနည်းဆုံး စတီသဘောတော့ မရွာမရှိရွာခဲ့လေသည်။ သာဂရရွှေမုဋ္ဌောဘုရားဆွမ်းလောင်းရက်ကို ရွာနီးချုပ်စပ်ရှိတောင်သူလယ်သမားတို့က အာရုံစိုက်ကြသည်။ ထိုနေ့မတိုင်မီ ငရုတ်စိုက်ပျိုးရန် ပေါင်တန်းများဆွဲထားခြင်း၊ မိုးကြိုးပျိုးခင်းများ ကြပက်ခြင်းအစရှိသဖြင့် ကြိုတင်ဆောင်ရွက်ထားကြသည်။

ဘုရားကြီးဘက်စုံမွမ်းမံခြင်းဆောင်ရွက်ပြီးခါနီးမှစ၍ တပို့တွဲလပြည့်နေ့တိုင်း သံဃာတော်အပေါင်းဆယ်ကျော်တို့နှင့် ဗုဒ္ဓါဘိသေကမင်္ဂလာ နှစ်စဉ်ကျင်းပလာခဲ့၏။ပင့်သံဃာတော်များကို ဆွမ်းခံဖွယ်များ ဆက်ကပ်လှူဒါန်း၍ ဆွမ်းဆန်စိမ်းလောင်းလှူကြလေသည်။

ဘုရားပူဇော်ပွဲကိုခြိမ့်ခြိမ့်သဲကျင်းပကြ၏။ ဘုရားဖူးလာမင်းပရိသတ်များကို ဇာတ်ကပွဲ၊ တောပွဲ၊ နွားပြိုင်ပွဲများနှင့် ဖျော်ဖြေဧည့်ခံရာ ပူးပန်းခပ်မှုစည်ကားလှ၏။ ရိုးရာမပျက်ကျင်းပသောနွားပြိုင်ပွဲကား ဒေသသားများအကြိုက် ကြိတ်ကြိတ်တိုးလျက်ရှိသည်။

စေတီတော်၏ ရင်ပြင်ပေါ်က ကြည့်လှုင် ငြိမ်သက်ဝပ်စင်းလျက်ရှိသော အထီးတည်းဖြစ်နေသည့် မြို့ဟောင်းကြီးကိုမြင်နေရ၏။ မြေခုံမှိုမှိုနှင့်ပြိုကျပျက်စီးကုန်သောမြို့ ရိုးနေရာ၊ တိမ်ကောပျောက်ကွယ်လုမတတ်ဖြစ်နေသော ကျုံးတော်နေရာတို့သည် အထင်အရှားရှိနေဆဲဖြစ်၏။

ဟိုးရှေးက ရွှေအိမ်နန်းနှင့် ကြဉာန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာနှင့် နေထိုင်လာသော နေရာကြီးဖြစ်၏။သမုဒ္ဒရာရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာပါလား။

သက္ကရာဇ် ၅၃၆ ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းလက်ထက်တော်က အနန္တသူရိယအမတ်ကြီး၏ မင်းထံဆက်သသော လက်ံလေးအား သတိရမိလိုက် သည်။

မည်သို့ပင်ဖြစ်စေ သာဂရသမိုင်းကား အထင်အရှားရှိနေဆဲဖြစ်၏။ပါးစပ်ရာဇဝင်တွင်၍ ခေါ်ဝေါ်ဆဲရှိသော နန္ဒာကန်၊ ကင်းထောက်ကန်၊ ဗောင်းတော်လဲကန် အစရှိသည်တို့ကလည်း မပျောက်မပျက်ရှိလျက်ပင် ဖြစ်၏။ သမိုင်းလက်ကျန်ဖြစ်သော ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးနှင့်တကွ မျက်မြင်အထောက်အထားများကလည်း မျက်မှောက်တွင်ရှိနေသေးလေ၏။ တကယ်ဆို သာဂရရွှေးဟောင်းမြေနေရာကား အောက်မေ့လွမ်းဆွတ်ဖွယ်ရာကောင်းသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

အောကာသ (သာစည်)

ကိုးကား -

စာသူကြီးတိုက်ထုတ်
မှန်နန်းမဟာရာဇဝင်တော်ကြီး
သုံးတွဲပေါင်း
သာဂရရွှေမုဋ္ဌော
ဘုရားသမိုင်းကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

ချစ်ပို့(မော်ကွန်း)
ကျွန်တော်သိသောဝိပဿနာ



ကျွန်ုပ်သည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမဒေသနာများကို လွန်ခဲ့သော ၁၉၉၄ ခုနှစ်ခန့်က ဦးလေးတော်စပ်သူတစ်ဦး၏ ကူညီမှုကြောင့် စတင်နာကြားခွင့်ရရှိခဲ့သည်။ ဆရာတော်ဘုရားကြီး၏ အဆုံးအမတော်များသည် နားထဲသို့ ကန့်လန့်ကြီးဝင်သွား၏။ ကန့်လန့်ကြီးဝင်သွားသဖြင့်လည်း ပြန်ထွက်ဖို့ ခဲယဉ်းသွား၏။ အဝင်ခက်သလို ပြန်ထွက်ရန်ခက်ခဲကြသောဒေသနာများဖြစ်ပေ၏။ ကျွန်ုပ်၏စရိုက်နှင့်ကိုက်သဖြင့်လည်း အကြိုက်တွေ့သွား၏။ ရဟန္တာပုဂ္ဂိုလ်မြတ်ဧကန်ဖြစ်သည်ဟူ၍လည်း ကျွန်ုပ်ဉာဏ်မီသမျှယုံကြည်မိ၏။ ကိလေသာကုန်စင်ပြီးသောရဟန္တာပုဂ္ဂိုလ်များ၏ နှုတ်ထွက်သစ္စာစကာများသည် အများအပြားမရှိသောသစ္စာတရားများဖြစ်သည်ဟု အကြွင်းမဲ့ယုံကြည်၏။ ထိုသို့ယုံကြည်သည့်အလျောက် ဆရာတော်ဘုရားကြီး၏ အသံတရားတော်များကို နားဖြင့်နာကြားသလို ပုံနှိပ်သစ္စာတရားတော်များကိုလည်း မျက်စိဖြင့်လက်လှမ်းမီသမျှနာကြားခဲ့ပေသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာကို အခြေခံသည့် တရားတော်များသည် ကျွန်ုပ်အဝအတွက် သိပ်ပြီးစိမ်းလှသည်မဟုတ်ပေ။ ကျွန်ုပ် ငယ်ရွယ်စဉ် ကလေးဘဝက ကျွန်ုပ်၏ဖခင်နှင့် သူ၏မိတ်ဆွေများ အချင်းချင်းပြောကြသော တရားစကားများတွင် ကြားရလေ့ရှိခဲ့ဖူး၏။ ဘုန်းကြီးကျောင်းသို့ရောက်သည့်အခါတွင်လည်း မြားတွေ့အကန်တွေနှင့်ရေးဆွဲထားသော စက်ဝိုင်းကြီးကို မြင်တွေ့ဖူးသော်လည်း စိတ်ဝင်စားမှုမရှိခဲ့ပေ။ ကိုယ်နှင့်မဆိုင်သလိုနေခဲ့သည်များကို အမှတ်ရမိ၏။ အသိဉာဏ်ပါရမီနှံသေးသဖြင့် ထောင်နှိုင်သောနားကမကြီးသေးပေ။

ကျွန်ုပ်အသက်(၄၀)ကျော်အရွယ် ရောက်မှ ပါရမီဓာတ်ခံရင့်သန်ပြီး သစ္စာတရားများကိုထောင်နှိုင်သည့်နားကြီးလာသဖြင့် စိတ်ဝင်တစားရှိလာပေ၏။ ဆရာတော်ဘုရားကြီး၏ဥပနိဿယကိုခံယူပြီး ပဋိစ္စသမုပ္ပာဒ် လည်ပုံပြတ်ပုံစက်ဝိုင်းဒေသနာကိုထင်ဟပ်ပြီး ဟောကြားလေ့ရှိသောတရားတော်များကို ပိုပြီးစိတ်ဝင်စား၏။ အဝိဇ္ဇာမှ ဝိဇ္ဇာသို့တရားဒေသနာဖြန့်ဖြူးသည့်လုပ်ငန်းခွဲကို ဓမ္မမိတ်ဆွေတစ်စုနှင့်အတူ လုပ်ကိုင်ခွင့်ရသဖြင့် တရားတော်များကို အများဆုံးနာကြားခွင့်ရရှိခဲ့သည့်အတွက်လည်း သစ္စာတရားဗဟုသုတများ တိုးပွားခဲ့ရပေသည်။

မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ် (၈၅) အကျိုးဆောင်အဖွဲ့၊ တွဲဖက်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်စဉ် ၁၉၉၇ ခုနှစ် တရားစခန်းပွဲတစ်ခုၦ ကမ္မဋ္ဌာနာစရိယ ဆရာတော်နှင့်အတူ ဓမ္မကထိကဆရာကြီး ဦးတင်ဝေ လိုက်ပါလာ၏။ ဆရာကြီးထံမှ သတင်းစကားအရ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ ကျွန်းကုန်းကျေးရွာတွင် ဦးမြင့်ဆွေဆိုသူ ပဋိဂ္ဂါလိကစ်ဦးက မ,တည်၍ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တည်ထောင်ထားကြောင်း၊ အမြဲတမ်းတရားစခန်းအဖြစ် ဖွင့်လှစ်ထားကြောင်း သတင်းကောင်းများကြားရသဖြင့် စိတ်ဝင်စားခဲ့သည်။ တည်ထောင်သူ ဦးမြင့်ဆွေအား မမြင်တွေ့ဘူးသော်လည်း ယင်းပုဂ္ဂိုလ်၏ ဆောင်ရွက်နိုင်စွမ်းများကို ကြည်ညိုသဒ္ဓါပွားၦ လေးစားမိ၏။ တစ်နေ့နေ့တစ်ချိန်ချိန် အခွင့်သာပါက အရောက်သွားပြီး လေ့လာလိုစိတ်များဖြစ်ပေါ်ခဲ့၏။ ရွှေကုန်းနှင့်ပတ်သက်သည့် သတင်းစကားများကို နားစွင့်နေပြီး ရသမျှသတင်းအချက်အလက်များကိုလည်း ရနိုင်သမျှ ရှာဖွေစုဆောင်းထားမိ၏။ ကျွန်ုပ်၏ဆန္ဒများ ပြည့်ဝလိမ့်မည်ဟူ၍လည်း ယုံကြည်နေမိ၏။ ကျွန်ုပ်၏ အဝနေဝင်ချိန်တွင် တစ်ထောက်နားခိုရာစခန်းအဖြစ်လည်း မျှော်လင့်မိ၏။

ထိုသို့ ယုံကြည်သည့်အလျောက် မိုးကုတ်ဝိပဿနာအလုပ်ပေးတရားများကို လက်လှမ်းမီသမျှ ရှာဖွေနာကြား၏။ ထို့အထဲတွင် ဆရာတော်ဦးပညိန္ဒာမိဝံသ၏အလုပ်ပေးတရားများကိုလည်း ဦးစားပေးနာကြားမိ၏။ ဥပနိဿယအတိုင်းလက်တွေ့ အားထုတ်ကြည့်၏။ အားထုတ်ရာမှ ခံယူတွေ့မြင်သိရှိလာသည့်အတွေ့အကြုံများကို ကျွန်ုပ်နားလည်မိသမျှ မှတ်တမ်းတင်ထားပါသည်။

❑

ထိုင်ပြီး တရားရှုမှတ်တော့မယ်ဆိုတော့ သီလခံယူလိုက်တယ်။ မိုးကုတ် ဥပနိဿယအတိုင်း ပရိကံပြုလိုက်တယ်။ သက်သောင့်သက်သာ အနေအထားအတိုင်း အကြောတွေတင်းမနေအောင်၊ ခါးကုန်းမနေအောင်၊ ငိုက်မနေအောင် စိတ်တိုင်းကျပြင်လိုက်တယ်။ အဝတ်တွေကိုလည်း လျော့နေစေသလို မျက်နှာကစပြီး တစ်ကိုယ်လုံးအကြောတွေ လျော့ချထားလိုက်တယ်။ အဓိဋ္ဌာန်ချိန်အတွင်း ညောင်းလည်းမပြင်၊ ယားလည်းမကုတ်တော့လို့ သိန္နိဋ္ဌာန်ချလိုက်တယ်။ အသက်ရှူတာကိုတော့ ရှူနေတဲ့အတွေ့အထိကို ဦးစွာထင်ရှားစေဖို့ အနည်းငယ် အားစိုက်ပြီး ပုံမှန်ထုတ် အနည်းငယ်တင်ပြီးရှူခြင်း၊ ရှိုက်ခြင်းတို့ လုပ်တယ်။ ဥပနိဿယအတိုင်း ဦးစွာပထမသမာဓိကိုထူထောင်တယ်။ နှာသီဖျားမှာ ရှူသွင်းထုတ်တိုင်း ထိ-ထိသွားတဲ့ညှင်သာတဲ့အထိအတွေ့ကို အာရုံပြုပြီး သိနေတာ။ သတိထားပြီး ဝိရိယနှင့်ဉာဏ်စိုက်လိုက်ရင် ထိထိသွားတဲ့အတွေ့သဘောကလေးကိုသိနေရတယ်။

အပါးမဝင်ခင်က နှာသီဖျား၊ နှာခေါင်းပုံစံ၊ ရင်အုံကြီးနိမ့်သွားလိုက် မောက်လာလိုက်တွေကို အာရုံပြုမိနေတာပေါ့။ ဆရာတော်ရဲ့ ဩဝါဒအရ ပုံဟန်နိမိတ်တွေ၊ အမေးမှေးတဲ့ကိုယ်ခန္ဓာအစိုင်အခဲကြီးကိုမပေါ် စေနဲ့လို့ဆိုတော့ ကြိုးစားပြီးဖျောက်ကြည့်တယ်။ ဖျောက်ပါတယ်ဆိုမှ ပြန်ပြန်ပေါ် လာတယ်။ စိတ်ကို လျော့သည်လည်းမဟုတ်၊ တင်းသည်လည်းမဟုတ် ပုံမှန်ပြန်ထားပြီး ထိုသဘောအထိအတွေ့အာရုံကလေးတို့ အောင် ကြိုးစားကြည့်တာ၊ တစ်ချက်တလေ သတိထားမိလာတယ်။ ထားမိသတိအနေအထားမှသိနေတဲ့အသိလေးကို မိနေအောင် ဝိရိယထားပြီး ခန့်မှိုထိ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာတော့မှ အာရုံဆိုတဲ့သဘောကို သိစေမိလာတယ်။

ယခင် အလုပ်တစ်ခုလုပ်နေစဉ်၊ ကြိုးနေစဉ် ထိတွေ့မှတ်သားမိသော အထိအတွေ့ကြမ်းတမ်းတဲ့အာရုံသဘော ရှင်းယှဉ်ပြီး ယခုထိ တွေ့နေတုန်းရှိသည့် အထိအတွေ့နှင့် နှိုင်းယှဉ်ပုံဖော်ကြည့်ရာမှ သိတယ်ဆိုတဲ့သဘောကို ပိုမို သိစေလာတယ်။ သိတယ်ဆိုတာ၊ သိစိတ်လေးဆိုတာ အာရုံနဲ့ ဒွါရတိုက်လို့ ပေါ်လာတဲ့သဘောသိစိတ်ပါလားဆိုတာ တွေ့နဲ့ဟပ်ပြီး သဘောပေါက်လာသည်။

နှာသီးဖျားမှာထိနေတဲ့အထိအတွေ့လေးကို သိတယ်၊ သိတယ်လို့ စိတ်ထဲမှာ ရွတ်နေမိတယ်။ နောက်တော့ အဲဒီလို ထိမှာရွတ်နေရတာ ပင်ပန်းတယ်လို့ ထင်လာတယ်။ စိတ်ထဲမှာလည်း အသံထွက်နေသလိုခံစားမိတယ်။ အဲဒါနဲ့ သိတယ်၊သိတယ်ဆိုတာကို စိတ်အသံမထွက်တော့ဘဲ တိုက်ရိုက်ခံစားပြီး သိအောင်ကြိုးစားကြည့်တယ်။ ရတယ်။ အဲဒီလိုအခိုန်မှာငြိမ်သွားခြင်းဖြစ်စေမိတယ်။

ကျွန်ုပ်မှာ ထိနမိဒွါဆိုတဲ့ ငိုက်မျဉ်းနစ်နည်းသော်လည်း ဥဒ္ဓစ္စဆိုတဲ့ ကြွေးကြော်အဖြစ်များလေ့ရှိပါတယ်။ အကြိုးများသူ၊ ဝိရိယလွန်ကဲသူဖြစ်ပေမယ်။

အတွေးတွေ၊ အကြံတွေ၊ စိတ်ကူးအတိတ်ကအာရုံတွေ၊ ပြင်ပကတွေ့နောက်ကို လှစ်ခနဲလှစ်ခနဲ သွားလေ့ရှိတယ်။ ထွက်သွားတာ ဆွဲခေါ်မသိလိုက်တဲ့အခါလည်းရှိ၊ ထွက်သွားမှန်းသိပြီး သတိထားသည့်အခါ မူလကအာရုံပေါ်ကို ပြန်ရောက်လေ့ရှိတယ်။ စိတ်ရဲ့သဘောအာရုံရှိမှုနေတတ်တာ၊ စွဲမက်စရာအာရုံရှိရင် အခြားအာရုံနောက်ကို လိုက်လေ့ရှိတယ်လို့ ကြားနာရဖူးတယ်။ ထင်ရှားရင် ထင်ရှားတဲ့အာရုံကိုပါသွားလေ့ရှိတယ်။ အာရုံတစ်ခုပေါ်မှာ စွဲတည်နေဖို့အတွက် အလေ့အကျင့်ဖြင့် လွယ်ကူစွာ

ပြင့် အတန်အသင့်တည်ငြိမ်ဖို့ ထင်မှတ်လာပါတယ်။

ဆရာတော်ဩဝါဒအရ အဲဒီလို အတင့်ငြိမ်လာပြီဆိုရင် နှာသီးထိနေတဲ့စိတ်ကို မနောဒွါရဘက်ကို ရွှေ့လှည့်လိုက်ပါတဲ့။ အိမ်သည် စိတ်ဖြစ်တဲ့လေကိုရှုသောလေကိုထုတ်သောစိတ်ကို မနောဒွါရမှာတွေ့ရပါလိမ့်မယ်တဲ့။ မနောဒွါရက သူ့အလုပ်သူလုပ်နေပါလိမ့်မယ်။ ရှုတဲ့စိတ်နဲ့ထုတ်တဲ့စိတ်ကြားမှာ သိတယ်၊ သိတယ်ဆိုတဲ့ အသိကလေးနဲ့ဉာဏ်ကြားထိုးလိုက်ပါလို့ ဥပနိဿယပေးထားပါတယ်။ ဤအချက်ကို ကျွန်ုပ်ဉာဏ်မရှင်းပါ။

ကျွန်ုပ်ရဲ့အတွေ့အကြုံအရ မှတ်တမ်းတင်ရမယ်ဆိုပါရင်-

အဲဒီလိုနှာသီးဖျားမှာ ထိထိနေတဲ့နူးညံ့တဲ့အတွေ့အထိကလေးကို စူးစိုက်သိမှတ်နေရာကနေ ရှုတယ်ရှိုက်တယ်လို့ သိသိနေတဲ့ အသိကလေးကို သတိထားမိလာပါတယ်။ အဲဒီလိုသိနေတာလည်း တစ်ဆက်တည်းသိနေတာမဟုတ်ဘဲ သိသိသိသိသိသဘောကလေးတွေလိုက်ပြီးရေတွက်လို့မရအောင် အဆုံးမရှိတော့ဘဲ သိသိနေပါတယ်။ သိနေတဲ့သဘောမှတစ်ပါး တခြားဘာမှမရှိပါလားလို့လဲ မှတ်ချက်ချမိပါတယ်။ ရှေ့က အသိတစ်ခု၊ နောက်တစ်ခါအသိတစ်ခု၊ ရှေ့ကအသိတစ်ခု၊ နောက်တစ်ခါအသိတစ်ခု၊ ရှေ့ကအသိကိုသိတယ်၊ သိလိုက်တယ်ထင်နေတုန်းမှာပဲ နောက်ကတစ်ခါထပ်သိနေတယ်။ ကြည့်ရင်ကြည့်သလောက်၊ မိရင်မိသလောက်မဆုံးနိုင်တော့ပါ။ အစတုန်းကထင်တာက အရှုခံကလေးတွေကသာမရှိတော့တာ၊ အစားထိုးလာတာ၊ အဲဒါကိုသိနေတဲ့အသိကပင့်တိုင်စောင့်ပြီးကြည့်နေ၊ သိနေတာလို့ ထင်တာ။ ဆိုလိုတာက အရှုခံကသတ်သတ် ရှုသိနေတဲ့ဉာဏ်အသိကတခြားသတ်သတ်လို့ ထင်နေမိတယ်။ နောက်ပိုင်းဂရုစိုက်လိုက်တာမှ သဘျိပ်စိတ်ပိုင်းမှာလာတဲ့ ဝိထိစိတ်အစဉ်ဆိုတာ သတိရလာတယ်။ သိတဲ့စိတ်ကသိပြီး အဲဒါကလေးကို နောက်ကထပ်ပြီးသိနေတဲ့ သိသဘောကလေးကပ်သိထပ်သိနဲ့ ရှေ့အသိနေရာမှာ နောက်အသိကအစားထိုးပြီး အစဉ်တန်းနေတဲ့သဘောပါလားလို့ ရိပ်စားမိလာတယ်။ ဘယ်တော့များမှ အဲဒီလိုသိသိသိနေတဲ့အသိအစဉ်တန်း

ကြိုးဆုံးသွားမှာလဲလို့လည်း အတွေးဝင်လာတယ်။

အဲဒီလိုသိတတ်တဲ့သဘောလေးကိုလည်း စိတ်ဝင်စားလာတယ်။ ခန္ဓာငါးပါးထဲက ဝိညာဏက္ခန္ဓာဆိုတာ ဒီသဘောကိုပြောတာပဲ။ ဒါနာမ်ခန္ဓာလေးပဲ သိတတ်တဲ့သဘောကလေးပဲရှိတယ်။ သိရုံသိပြီးပျောက်သွား၊ နောက်တစ်သိအစားထိုး၊ အစားထိုးတယ်လို့သိလိုက်တဲ့ အသိကလေးလည်းမမြဲပြန်ဘူး။ နောက်ထပ်အသိက အစားထိုးလိုက်ပြန်ရော၊ ဒါကိုပဲ ခန္ဓာဆက်၊ခန္ဓာသံသရာလို့ခေါ်တာလား၊ လို့လည်း သုံးသပ်မိတယ်။

ကျွန်ုပ်စိတ်ထဲဝင်ခွဲမရဖြစ်နေတာက ယခု ကျွန်ုပ်သိတဲ့ အသိအမြင်ကနည်းလမ်းမှန်ရဲ့လား။ ဖြစ်ပျက်မြင်တယ်ဆိုတာ ဒီလောက်မြင်သိရုံနဲ့ ဖြစ်ပျက်မြင်တယ်လို့ ပြောနိုင်ပါ့မလား။ စာပေထဲမှာဖတ်ရှုနာကြားမိတာက အပျက်မြင်တယ်။ တစ်နည်းအားဖြင့် ဝိပဿနာမဂ်ဆိုတာ ဒီထက်ပိုပြီးအနုစိတ်မယ်၊ လေးနက်မယ်လို့ ထင်တာပဲ။ ကျွန်ုပ်မြင်ရတဲ့ အပျက်သဘော မမြဲတဲ့သဘောက ပရမတ်ဆိုက်တဲ့ရုပ်၊ နာမ်ဖြစ်ပျက်မဟုတ်သေးဘဲ အကြမ်းစားသိတဲ့ ပညတ်အပျက်၊ ပညတ်အနိစ္စလောက်ပဲလား။ အပျက်တွေဆိုတာ ဒီထက်မြန်တယ်လို့ ကြားနာရဖူးတယ်။ ဒါကြောင့် ဝိပဿနာမဂ်လို့ခေါ်တဲ့ ဖြစ်ပျက်မြင်အောင် ဉာဏ်မြင်ခန္ဓာအဆင့်ထိရောက်အောင် ထပ်ပြီးကြိုးစားရပေဦးမယ်လို့ သုံးသပ်မိတယ်။ ဒီလိုအသိအမြင်မှန်ကန်စေဖို့၊ သမ္မာဒိဋ္ဌိဉာဏ်မြင်မှန်ကန်စေဖို့အနီးကပ်ကြီးကြပ်ပြီးညွှန်ကြားပြသပေးမယ့် ဆရာကောင်းသမားကောင်းထံ နည်းနာခံယူလေ့ကျင့်ရဦးမယ်လို့လည်း သုံးသပ်မိပါတယ်။

ငယ်ရွယ်စဉ်အခါ အတွေ့အကြုံဗဟုသုတနည်းပါးစဉ်အခါတုန်းက တရားရှုမှတ်တယ်ဆိုတာ လူကလည်း မလုပ်မရှားငြိမ်နေသကဲ့သို့ စိတ်ကလည်းငြိမ်ပြီးနေတယ်။ ဘာမှမသိတော့ဘဲ၊ အာရုံတွေနဲ့မရောတော့ဘဲ တစ်ခုတည်းသော အာရုံထဲမှာနစ်ပြီး အိပ်မွေ့ချခံထားရသလို၊ အိပ်မောကျနေသလိုထင်ခဲ့တာ။

နောက်ပိုင်း တရားအဆုံးအမတွေကို များများနာကြားပြီး ကိုယ်တိုင်ကျင့်သုံးကြည့်တော့မှ ဝိပဿနာဆိုတာ မိမိစိတ်ကိုစောင့်ကြည့်တာ၊ မိမိရုပ်နာမ်ခန္ဓာအပေါ်မှာ ပကတိအခြေအနေကို စောင့်ကြည့်တာဆိုတာ သဘောပေါက်ပြီး သိလာရတယ်။

www.burmeseclassic.com

www.burmeseclassic.com

အပြောအရသာ မိမိစိတ်လို့ပြော ရတာ တကယ်နှလုံးသွင်းမှန်နဲ့ ရှူလိုက်တဲ့အခါ သိတတ်တဲ့သဘောကလေးမျှ သာပဲ။ အာရုံကို သိတတ်တဲ့သဘောမျှ သာပဲဆိုတာ ထင်ရှားလာတယ်။ တရား ထိုင်တဲ့အခိုန်မှာမဟုတ်ဘဲ ကျန်အခိုန်များမှာလည်း နှလုံးသွင်းကြည့်လို့က်တဲ့ အခါ တစ်စုံတစ်ရာကို လှုပ်ရှားလုပ်ကိုင် ဆောင်ရွက်တော့မယ်ဆိုရင် ဦးစွာပထမ ဆောင်ရွက်တော့မယ်ဆိုတဲ့ နာမ်ဓမ္မ ကလေးက ဦးစွာပေါ်လာတယ်။ ပြီးမှ ရုပ်ကလိုက်ပြီး လှုပ်ရှားဆောင်ရွက်ရတာ ပါလားဆိုတာ ရိပ်မိသိရှိလာတယ်။

ဥပမာအားဖြင့် တစ်ခုခုကိုကိုင် တော့မယ်ဆိုရင် ကိုင်ချင်တဲ့စိတ်ကလေး ဆန္ဒက်လေးပေါ်လာတယ်။ မကိုင်သေး ဘူး၊ သိနေတယ်။ နောက် တကယ်ကိုင် တော့မယ်၊ ကိုင်မယ်လို့ဆုံးဖြတ်ပြီး ကိုင် လိုက်တော့တာကို သိလိုက်တယ်။

အဲဒီလိုနဲ့ စိ တ်ရဲ့သဘောကလေး တွေကိုကြည့်တဲ့အလေ့အကျင့်လေးရလာ တယ်။ ကြမ်းတဲ့အာရုံတွေကို ပိုပြီးသိ လွယ်ပါတယ်။ သိထယ်ဆိုတာလည်း နာမ်ဓမ္မလေးပါလားလို့လည်း သဘော ပေါက်လာတယ်။ တွေးပြီးမှသိတဲ့အသိ ထက် အာရုံကိုတိုက်ရိုက်သိမှ ပိုပြီးလေး နက်တယ်လို့လည်းခံစားမိတယ်။

အဲဒီလို တတ်နိုင်သမျှ အသိကပ် ပြီး သွားလာလှုပ်ရှားတဲ့အခိုန်များတဲ့နေ့ တွေမှာ ည့ာက် တရားထိုင်ပြီဆိုရင် သမာဓိထူထောင်ရတာလွယ်တယ်။ စိတ် တည်ငြိမ်မှုကို အခိုန်ကြာကြာထိန်းထား နိုင်တဲ့တယ်။ တစ်ခါတလေဆိုရင် ရှူနေ တဲ့သဘောကလေးကို သိနေတာ။ ငါသိ နေတယ်လို့မထင်ဘူး။ သိနေတဲ့သဘော ကလေးက သိနေတာဆိုပြီး ဆင်ခြင်မိ တယ်။ အဲဒီလို ကြည့်နေ၊ သိနေရင်းနဲ့ ပြင်ပဥ္စည့်သည်စိတ်တွေဖျတ်ခနဲဝင်လာ ရင်လည်း သတိကပ်ပြီးသိလိုက်တယ်။ ပျံ့လွင့်ရင်လည်း ပျံ့လွင့်မှန်းသိလိုက် တယ်။ အဲဒီအာရုံအပေါ်မှာ အကြာကြီး လိုက်ပါမျောမနေတော့ဘဲ မူလအာရုံ ပေါ်ကို အသာပြန်ဆွဲတင်လိုက်တယ်။

ဒီလိုနဲ့ တစ်နာရီဆိုတဲ့ အခိုန်ကုန် သွားတယ်။ သိတယ်ဆိုတဲ့နာမ်သဘော တလေးကလည်း တစ်ခုသိတစ်ခုချုပ် ပျောက်၊ နောက်တစ်သိထပ်ပေါ် ပေါ် တာကို၊ မခိုတော့တာကို သိလိုက်တယ်။ စိတ်ဝင်စားလာတယ်။ ဒီထက်ပိုပြီး တိုး တက်သိချင်လာတယ်။ အခိုန်ကြာကြာ ထိုင်ပြီး ကြည့်ချင်လာတယ်။

ဒါပေမယ့် (၁) နာရီလောက်ဆို တင်ပါးကပူလာပြီ။ အဲဒီအပူသဘောကို လည်း စိတ်ကိုကြည့်တဲ့အတိုင်း ဝေဒနာ လေးပါလား၊ ခံစားတဲ့သဘောပါလား။ ဝေဒနာက စိတ်နဲ့ဖြစ်တူချုပ်တူလို့ဟော ထားတယ်။ ဘယ်လိုသဘောလဲ၊ ခံစား တယ်ဆိုတာ သိတာတစ်မျိုးပဲ။ အဲဒီ တော့ အဲဒီဝေဒနာဆိုတာ ဘယ်လို သဘောလဲဆိုပြီး စောင်ပြီးကြည့်ချင်လာ တယ်။ မလှုပ်ချင်ဘူး၊ မပြင်ချင်ဘူး၊ အသက်ကိုတောင်ပြင်းပြင်းမရှူချင်တော့ ဘူး။ ပြုပြင်လိုက်ရင်လှုပ်လိုက်ရင် အဲဒီ သိနေတဲ့အသိလေးပျက်သွားမှာ စိုးရိမ် သလိုဖြစ်လာတယ်။ သိချင်စိတ်လေး ပြောင်းသွားမှာ စိုးရိမ်သလိုဖြစ်လာ တယ်။

အခုခံစားနေရတဲ့ ဝေဒနာဟာ သေခါနီးခံစားရမယ့် ဗျာဓိဒုက္ခဝေဒနာနဲ့ မနှိုင်းသာပါဘူးဆိုပြီးတော့လည်း အား ပေးပြီး စောင့်ကြည့်နေမိတယ်။

ကျွန်ုပ်ဘဝမှာ ပထမဦးဆုံးအကြိမ် တရားအားထုတ်စအခြေအနေကို မှတ်မိ နေပါတယ်။ တစ်ခါမှမထိုင်ဘူးတဲ့ အရိုင်း အစိုင်းဆိုတော့ တစ်နာရီမပြည့်ခင်မှာ ခံလိုက်ရတဲ့ဒုက္ခဝေဒနာသေလုမျောပါး ပဲ။ မပြင်ရဘူးဆိုလို့ လုံးဝမပြင်၊ မလှုပ်ဘဲ ပေတေပြီးထိုင်နေတာ၊ စိတ်ကိုလည်း တင်းထားတော့ အကြောတွေပြတ်ထွက် ပြီးလား အောက်မေ့ရတယ်။ တစ်နာရီ ပြည့်လို့ ဣရိယာပုထ်တွေပြင်နိုင်ပါပြီဆို တဲ့ ဆရာတော်ရဲ့အသံကြားမှ ဝမ်းသာ ပြီးပြင်လိုက်တဲ့အခါ မရှိတော့ပါလာ။ သေခါနီးကျရင် ဒီထက်ပြင်းထန်တဲ့ ဒုက္ခ ဆင်းရဲတွေကြုံရမှာလားဆိုတဲ့အတွေးဝင် လာတယ်။ ဒီဆင်းရဲဒုက္ခတွေကို ခံနိုင် ရည်ရှိဖို့ တရားနဲ့အလေ့အကျင့်လုပ်ထား ရမယ်ဆိုတဲ့ သတိသံဝေဂဉာဏ်ရလာပြီး နောက်ပိုင်း တရားထိုင်အားထုတ်ရတာ စိတ်ဝင်စားလာတယ်။ထိုင်ရမှာမကြောက် တော့ဘူး။

အသက်(၆၀)ကျော်လာတဲ့အခိုန် သေခြင်းသဘောကို မကြာခဏသတိရမိ ပါတယ်။ သေတယ်ဆိုတာကို စိတ်ဝင် စားတယ်။ မိုးကုတ်သာဝကများအဖို့ စုတိ၊ မရဏာကို အကြိမ်ကြိမ်ကြားနာနေ ဖူးလို့လည်း အဆန်းတကြယ်မဟုတ်။ မရဏာ ဟူသောသေခြင်းကို သိပ်ပြီးစိုးရိမ် တကြီးမထိတ်လန့်သော်လည်း ဗျာဓိ ဟူသော နာခြင်းဆင်းရဲကို စိုးရိမ်မိတယ်။ ဗျာဓိ နှိပ်စက်ခြင်းကို အချိန်ကာလ ကြာမြင့်စွာမခံစားလို။ ကြုံတွေ့ရင်လည်း ခံနိုင်ရည်ရှိချင်တယ်။ မိမိအရိုးကို မိမိ သယ်နိုင်သေးတဲ့အရွယ်မှာ မရဏာကိုကြုံ တွေ့လိုပါတယ်။ သူတစ်ပါးကို အားကိုး အားထားပြုရတဲ့အဖြစ်မျိုး၊ အများဘေး လူ ငြိုငြင်တဲ့ဘဝမျိုးကို ကြားသိရရင် ကြောက်လန့်မိပါတယ်။ မိမိသည်လည်း မည်သူ့ကိုမျှန္တုတ်မဏောက်ဘဲ ရုတ်တရုတ် ထွက်ခွာလိုပါတယ်။

ဒါပေမယ့် မိမိရဲ့အတိတ်ကာလ ဘဝများစွာသံသရာကဘယ်လိုဝဋ်ကြွေး များရှိခဲ့သလဲဆိုတာမသိနိုင်တော့ ဝဋ် ကြွေးရှိရင် ပေးဆပ်ရပေဦးမယ်။

ဒီလို ခံယူချက်၊ ယုံကြည်ချက်များ ကြောင့် ဝိပဿနာတရားကို အတိုင်း အတာတစ်ခုအထိ၊ အရိယာမဂ်အထိ မဆိုက်နိုင်သေးသော်မှ အနည်းဆုံးဖြစ် ပျက်ကိုမြင်၊ ဖြစ်ပျက်ကိုမုန်း၊ ဖြစ်ပျက် မဆုံးသော်မှ ဝိပဿနာမဂ်အထိ ဉာဏ် တွင်ကိန်းလို့၏။ ဤအဆင့်ကိုရရှိဖို့ ရွာ ထဲရပ်ထဲမှာ စားဝတ်နေရေးအတွက် ရုန်းကန်ရင်း တစ်နေ့တစ်နာရီလောက် ရှုမှတ်ပွားများရုံနဲ့ ရနိုင်မှာမဟုတ်။ နာရီ ရှည်ရက်ရှည်ကိုလေသာကြားမခိုရအောင် ကြိုးစားပွားများနိုင်ရမှာ ဖြစ်ပါတယ်။ အခြေအနေပေးလို့ ဖြစ်နိုင်ပါက ကျွန်ုပ် ဘဝနေဝင်ချိန်ကို ရွာထဲရပ်ထဲမှာကုန် ဆုံးစေမယ့်အစား ရိပ်သာတစ်ခုကနေ ပြီး သေခြင်းတရားကို ရင်ဆိုင်လိုပါ တယ်။ ဗျာဓိနှိပ်စက်ခြင်းကို အပြုံးမပျက် ကြုံတွေ့လိုပါတယ်။ ကိုယ်သာနာပြီးစိတ် မနာစေဘဲ မဂ္ဂါနုဟန်း၏သေခြင်းမိုး ဖြင့် သေခြင်းကို အမှန်ပင် တောင့်တမိ ပေတော့သည်။

တရားထူးရဟိစေ

ချစ်ပို့ (မော်ကွန်း)

www.burmeseclassic.com

www.burmeseclassic.com



နေဝင်းဝင်း(လွန်ဆေး)

မြန်အောင် ဂူကိုးလုံးဆရာတော်ကြီး

ဟံသာဝတီပျဉ်ဖွဲ့ဓာတ်လာရာ

မြန်အောင်မြို့ အနောက်တောင် (၁) မိုင်ခန့်ကွာဝေးသည့် ဂူကိုးလုံး ကျောင်းတိုက်အနီးရှိ ဂူကိုးလုံးစေတီ တောင်ကြီးသို့ စုပေါင်းသန့်ရှင်းရေး လုပ်ပြုရန် ရောက်ရှိခဲ့ပါသည်။ သန့်ရှင်းရေးပြုလုပ်ပြီးနောက် ဂူကိုးလုံး ကျောင်းတိုက်အတွင်း လှည့်လည် လေ့လာဖြစ်ခဲ့ပါသည်။

ဂူကိုးလုံးဘုန်းတော်ကြီးကျောင်း သည် (၈)ကောဇန်အကျယ်အဝန်း ရှိသော ကျောင်းအတွင်း ကျောင်းတိုက် ဥပုသ်ဇရပ်၊ ဓမ္မာရုံများ (၁၄) ကျောင်းမွှေရှိသည်။ ကျောင်းမြေကျယ် ဝန်းသည့်အလျောက် အင်ကြင်းပင်၊ သရက်၊ တွန်း၊ ပျဉ်းကတိုးနှင့် အမျိုးမျိုး သော ဝနုန်း၊ ခတ္တာ၊ မာလာပင်များပေါ် ပေါက်ရောက်လျက်ရှိသည်။ ထိုအောင် ဂူကိုးလုံးကျောင်းတိုက်၏ ရင်းရှိ ကျောင်းထိုင်ဆရာတော်မှာ ဦးနန္ဒိယဖြစ်ပါသည်။

၁၂၅၅ ခုနှစ်ကပင် စတင်တည် ထားခဲ့သော မြန်အောင်ဂူကိုးလုံး ကျောင်းတိုက်သည် ယနေ့ကာလတွင် နှစ်ပေါင်း (၁၅၀) ကျော်နေပြီ ဖြစ်သည်။ ထိုဂူကိုးလုံးကျောင်းတိုက်ကြီးကို အစဦး မူလတည်ထောင်ခဲ့သောပုဂ္ဂိုလ်မှာ ဆရာ တော်ကြီး ဦးနန္ဒိယ ဖြစ်ပါသည်။

❑

ဦးနန္ဒိယဆရာတော်လောင်းလျာ ကို မြန်အောင်မြို့နယ် တာခွတဲကြီးကုန်း ကျေးရွာအုပ်စု ချခီးကုန်းကျေးရွာ (မူကွဲ ဘုရားကုန်းရွာ၊ ချခီးကုန်းနှင့် ဘုရားကုန်း ရွာမှာ နှစ်ရွာတစ်ရွာ တစ်ဆက်တည်း တည်ရှိသည်) ဇာတိ ဖြစ်ပါသည်။ ခမည်း တော် ဦးမှဲ့၊ မယ်တော် ဒေါ်ပျောင်းတို့ မှာ ၁၁၉၇ ခုနှစ်၊ (မူကွဲ-၁၁၉၆) တွင် ဖွားမြင်ပါသည်။ သားသမီး (၈) ယောက် အနက် တတိယမြောက်ဖြစ်ပါသည်။

ဆရာတော်လျောင်းလျာ အရွယ် ရောက်လာသည့်အခါ တာခွတဲကြီးကုန်း

ဂူကိုးလုံးဘုရားဝင်းရှိ စေတီငယ်နှစ်ဆူတွင် ရောင်ခြည်တော်ကွန့်ပြုနေသည့်မှတ်တင်းဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



မြန်အောင်ဂူကိုးလုံးဆရာတော်ကြီးဘဏ္ဍာအရိုးဓာတ်တော်



၂၄-၁၀-၂၀၁၅ ရက်နေ့ စာရေးသူနှင့်အတူ ဂူကိုးထုံးဘုရားတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ

ကျောင်းရှိ ခေတ္တသီတင်းသုံးတော်မူသော ဣန္ဒသာလ တောရဆရာတော်ထံတွင် ရှင်သာမဏေပြုသည်။ ထို့နောက် ဘုရားကုန်းကျောင်းဆရာတော်ဖြစ်သော ဦးအရိယထံတွင် ရှင်သာမဏေပြုသည်။ ထို့နောက် ဘုရားကုန်းကျောင်းဆရာတော် ဦးအရိယထံတွင် အောက်ခြေစာများကို (၂) နှစ်ကျော်ခန့် သင်ယူခဲ့ရာ ဆရာတော်ကြီးဦးအရိယက ဆရာတော်လျောင်းလျာ ရှင်နန္ဒိယ၏ ဉာဏ်ရည်ဉာဏ်သွေးကို နှစ်သက်အားရတော်မူ၍ ပုဂံမင်းလက်ထက် အမရပူရမြို့ သာသနာပိုင် ဗားကရာဆရာတော်ကြီးထံ ကိုယ်တိုင် လိုက်လံပို့အပ်ပညာသင်ကြားစေခဲ့ပါသည်။ ဆရာတော်လောင်းလျာသည် နောင်တွင် ကျမ်းတတ်သာသနာပြုပုဂ္ဂိုလ် ဖြစ်မည်ဟု ယုံကြည်၍ ပညာသင်ကြားသည့်ကာလတစ်လျောက် ဆရာတော် ဦးအရိယကိုယ်တိုင် လိုက်ပါစောင့်ရှောက်တော်မူပါသည်။

ထို့ကြောင့်ပင် ရှင်နန္ဒိယသည် ဗားကဆရာတော်ထံ၌ (၂) နှစ်ခန့် ရွှေဘိုမြို့ သီးလုံးတော်ရဆရာတော်ကြီးထံတွင် တစ်ဆောင်းတစ်နွေမှ ရဟန်းဖြစ်သည်အထိ သင်္ဃာဆရာတော်ကြီးထံ၌ (၂) နှစ်ခန့်၊ မန္တလေးမြို့ ရွှေကျင်ဆရာတော်ကြီးထံ၌ (၈) နှစ်ခန့်အထိ ပရိယတ္တိစာပေများ သင်ယူတတ်မြောက်တော်မူပါသည်။

ရဟန္တာပုဂ္ဂိုလ်ဟုကျော်ကြားသော ရွှေဘိုမြို့ သီးလုံးတောရဆရာတော်ထံတွင် တစ်ဆောင်းတစ်နွေစာပေကျမ်းဂန်သင်ယူခဲ့ရာ သီးလုံးဆရာတော်ကြီးသည် ရှင်နန္ဒိယသာမဏေ၏ စာအရအမိမျာ ခြင်း၊ လုံ့လဝီရိယရှိခြင်း၊ သဒ္ဓါတရားရှိခြင်း၊ အမူအကျင့်ကောင်းခြင်းတို့ကို သဘောကျတော်မူပါသည်။ သီးလုံးဆရာတော်ကြီးကပင် ဥပဇ္ဈာယ်ပြု၍ ရှင်နန္ဒိယအား ၁၂၀၅-၁၂၀၆ ခုနှစ်ခန့်၌ ရဟန်းပြုပေးတော်မူပါသည်။ ရဟန်းပြုပေးပြီးနောက် ဆရာတော်အလောင်းအလျာကို သီးလုံးဆရာတော်ကြီးကိုယ်တိုင် သင်္ဃာဆရာတော်ကြီးထံ ပို့အပ်လျက် ဆက်လက်ပညာသင်ကြားစေခဲ့ပါသည်။

သာသနာပိုင်ဗားကရာဆရာတော်၊ ရွှေဘိုသီးလုံးဆရာတော်၊ သင်္ဃာဆရာတော်နှင့် မန္တလေးမြို့ ရွှေကျင်ဆရာတော်ကြီး စသော သာသနာ့အာဇာနည် အကျော်ဇေယျဆရာတော်ကြီးများထံမှ စာပေကျမ်းဂန်များသင်ယူတတ်မြောက်ပြီး ၁၂၂၄ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ဇာတိရပ်ရွာ ဘုရားကုန်းကျောင်းတိုက်သို့ ပြန်လည် ကြွရောက်ခဲ့ပါသည်။ ဘုရားကုန်းကျောင်းတိုက်တွင် ခေတ္တသီတင်းသုံးပြီးနောက် မြန်အောင်မြို့သို့ ကြွရောက်၍ ရှေးဟောင်းသမိုင်းဝင် ဂူကိုးလုံးဘုရား တောင်ဘက် ပေ (၁၀၀၀) ခန့်ဝေးသောအရပ်၌ ကျောင်းတိုက်ကို စတင် တည်ထောင်တော်မူပါသည်။ (၈) ဧကခန့်ကျယ်ဝန်းသည့်အာရာမ်အတွင်း၌ တိုက်ကျောင်း (၃) ကျောင်း၊ ဓမ္မာရုံ (၁) ရုံ၊ သိမ် (၁) သိမ်၊ ဥပုသ်ဇရပ်နှင့် စုစုပေါင်း ကျောင်း (၁၄) ကျောင်းရှိသည်။ ထို (၁၄) ကျောင်းတွင် ဒေါ်တူကျောင်း၊ အနောက်ဘက်တွင် ဦးမြဆိုင်ကျောင်း၊ တောင်ဘက်တန်းတွင် ယွန်းယွန်းကျောင်း၊ အရှေ့ဘက်တွင် လေးထပ်ကျောင်းများ ပါရှိပါသည်။ ကျောင်းတိုက်အရှေ့ဘက်၌ သိမ်ဟောင်း၊ စေတီဟောင်း၊ ရေကန်ဟောင်း၊ ရေကန်သစ်များလည်းရှိသည်။

အင်ကြင်းကျွန်းပြည် ဂူကိုးလုံးတည် လက်ာအမှတ်သားအရ သက္ကရာဇ် ၁၂၂၅ ခုနှစ်တွင် မြန်အောင်ဂူကိုးလုံးကျောင်းတိုက်ကို စတင်တည်ထောင်တော်မူပါသည်။ ဂူကိုးလုံးဘုရားအနီးတွင် တည်ရှိသောကြောင့် ဂူကိုးလုံးကျောင်းတိုက်ဟုအမည်တွင်ခဲ့ခြင်းလည်း ဖြစ်သည်။ ကျောင်းတိုက်တည်ထောင်စဉ်အခါက ထိုနေရာတစ်ဝိုက်သည် တောကြီးမျက်မည်းဖြစ်ခဲ့သည်။ ကျောင်းတိုက်အနောက်ဘက် (၁) မိုင်ခန့် တောင်းမြောက်စီတန်း၍ ရွာငယ်ပေါင်းများစွာရှိသည်။

ကျောင်းတိုက် တည်ထောင်သည်နှင့် အနယ်နယ်အရပ်ရပ်မှ ရောက် ပညာသင်ယူကြသည့် တပည့်သံယာများစွာတို့အား ခန္ဓာဝန်ချုပ်သည်အထိ စာပေပရိယတ္တိများ သင်ကြားပို့ချသာသနာပြုတော်မူခဲ့ပါသည်။

❑

ဆရာတော်ကြီးသည် ပရိယတ္တိစာပေများ သင်ကြားပို့ချရုံး တစ်ဖက်မှလည်း ဝိနည်းအဆုံးအဖြတ်ကျမ်းများကို ပြုစုတော်မူခဲ့ပါသည်။ အာပတ်ကောဝိဒဆေကနီ၊ သမုဒ္ဒဉာနကောဝိဒဆေကနီ၊ ဝိသုဒ္ဓိဆေကနီ စသောကျမ်း (၈) ကျမ်း ပြုစုခဲ့သည်။ ဆရာတော်ထံ ရဟန်း၊ သာမဏေများသာမက လူပုဂ္ဂိုလ်များကပင် လာရောက်ကြလျက် ဝိနည်းအဆုံးအဖြတ်များ မေးလျှောက်ထားသည်။ ထိုအခါမျိုးတွင် ဝိနည်းအဆုံးအဖြတ်စကားရပ်များကို ပါဠိနှင့်အဋ္ဌကထာ

www.burmeseclassic.com

www.burmeseclassic.com

ဦးကာစာအုပ်ပေထုပ်များ၌ ရှာဖွေခြင်းပြုဘဲ တပည့်ရဟန်းငယ် (၂) ပါးကို သံသယရှိသူအချို့က မူရင်းကျမ်းစာအုပ်များနှင့် တိုက်ဆိုင်ကြည့်သည်တွင် မှန်တန်ကြောင်းသိကြရ၍ ကျေနပ်အားရကြသည်ဟု သိရပါသည်။

ဂါထာပေါင်း (၁၂၂၁) ဂါထာပါရှိသော အဘိဓာန်ကို တစ်နေ့တည်းဖြင့် အစုံဆောင်နိုင်သည်အထိ ထူးထူးခြားခြား ဉာဏ်အားကောင်းသည်ဟု စကားအစဉ်အဆက်ရှိပါသည်။

ပထမရွှေကျင်ဆရာတော်ကြီးမရှိတော့သည့်နောက်ပိုင်း ရွှေကျင်ဂိုဏ်း၏ အောက်ဖော်ပြပါ နာယက (၆) ပါးတွင် ဘွဲ့မြောက် ဆရာတော်အဖြစ် ပါဝင်ခဲ့ပါသည်။ ဘုရားသုံးဆူနှင့်ဂူကိုးလုံးဆရာတော်ကြီး (၂) ပါးသည် ရွှေကျင်ဂိုဏ်း၏ ဦးမီးနာယကဆရာတော်ကြီးများမှာ -

၁။ ရေစကြိုမြို့ ဂူဖြူတောရ ပုခမ်းဆရာတော်ကြီး၊

၂။ အလုံမြို့ ခင်မွန်တောရ သုံးဂိုဏ်းချုပ်ဆရာတော်ကြီး၊

၃။ ပဲခူးတောရ ဆရာတော်ကြီး ဦးသီလ၊

၄။ မြန်အောင် ဘုရားသုံးဆူဆရာတော်ကြီး၊

၅။ မြန်အောင် ဂူကိုးလုံးဆရာတော်ကြီး၊

၆။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး တို့ ဖြစ်ကြသည်။

ဂူကိုးလုံးကျောင်းတိုက်တည်ရာ၏ အရှေ့ဘက် ပေ (၅၀၀) ခန့်အကွာ၌ ရေဖြူတန်သို့သွားရာ ရေဖြူကန်လမ်းရှိသည်။ ရေဖြူကန်လမ်း၏ အရှေ့ဘက်ဝင်္ကပ္ပက်တွင် ရေကန်သစ်၊ ရေကန်ဟောင်းနှင့် ရွှေဟောင်းခြေတော်ရာဝိမ် (၁) သိမ်ရှိသည်။ ရေကန်ဟောင်း၏ အရှေ့ဘက်ပေ (၃၀၀) ခန့်ဝေးသောနေရာ၌ ရွှေဟောင်းတိုက်ကျောင်းပျက်ကြီးရှိသည်။ ဂူကိုးလုံးဆရာတော်ကြီးသည် ယခင်ဘဝက ထိုတိုက်ကျောင်းကြီး၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဖူးသည်။ ထိုတိုက်ကျောင်းမှာပင် ဘိုရင်ဘဝနှင့် ဘွဲ့နှံတော်မူရသည်။ ထိုနေရာတစ်ဝိုက်တွင် နှစ်ခြိုက်ပျော်ရွှင်စွာ နေချင်စိတ်ရှိကြောင်း အမိန့်ရှိဖူးသည်ဟု သိရသည်။ ဂူကိုးလုံးဆရာတော်ကြီး ဦးနန္ဒိယ ၁၂၆၈ ခုနှစ် ဘဝနတ်နန်းစံမြန်းပြီးနောက် အရိုးတော်တည်ထားပူဇော်ရာတွင် ရွှေဘဝနေခဲ့ဖူးသော တိုက်ကျောင်းအုတ်များနှင့် ယခုဘဝအရိုးစေတီတည်ထားခဲ့ခြင်းသည် ဆရာတော်ကြီး၏မိန့်မှာချက်အရ တပည့်သံယာနှင့် ဒကာများက တည်ထားခြင်းသာဖြစ်မည်ဟု ယူဆမိပါသည်။

မြန်အောင်ဂူကိုးလုံးဆရာတော်ကြီး ဦးနန္ဒိယ

❑

ဆရာတော်ဘုရားကြီးကိုယ်တိုင် ပရိယတ္တိ နှံ့စပ်ကျွမ်းကျင်တတ်မြောက်တော်မူသကဲ့သို့ တပည့်သံယာများစွာသည်လည်း ထူးချွန်တတ်မြောက်ကြသည်။ဆရာတော်ကြီးသည် သဒ္ဒါတရားအားကြီးသည့်အလျောက် ဝိနည်း၊ ပါဠိ၊ အဋ္ဌကထာတို့ကို အလေးဂရုပြုပို့ချမြဲဖြစ်သည်။ ဓမ္မာဂရုကသက်သက် သူတော်ကောင်းစစ်စစ် ဖြစ်သည်။ ဝိနည်းဂါးကျမ်းပါဠိတော်နှင့် အဋ္ဌကထာကို အရဆောင်ထားသည်ဟု ဂျိတ္တောဆရာတော်ကြီးမှ အမိန့်ရှိဖူးသည်။ ဆရာတော်ကြီး၏ တပည့်များစွာတို့အနက် အချို့မှာ ဂဏာဓရိယ၊ ပဏာဂါမောဂ္ဓဆရာတော်များအဖြစ် ဝေဠုဝဂ်နိကာယပထမဂဏာဓိပတိ တောင်းတွင်းဆရာတော်ဦးဝိသုဒ္ဓ၊ ဒုတိယဂဏာဓိပတိဦးပဏ္ဍိစ္စ၊ တတိယဂဏာဓိပတိ သထုံမြို့ ဓမ္မာရုံတိုက်ဆရာတော်အရှင်သူမြတ်တို့မှာ မြန်အောင် ဂူကိုးလုံးကျောင်းထွက်ဆရာတော်ကြီး၏ တပည့်များဖြစ်ပါသည်။

မြန်အောင်ဂူကိုးလုံးကျောင်းတိုက်၏ ဆရာတော်ကြီးဦးနန္ဒိယသည် ပရိယတ္တိ၊ ပဋိပတ္တိခုရန္ဒစ်ဖြာကျင့်ဆောင်သင်ကြားပို့ချသာသနာပြုတော်မူလျက် ၁၂၆၈ ခုနှစ်၊ သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါအရွယ်တွင် ဘဝနတ်နန်းစံမြန်းတော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ ကြွင်းကျန်သော ရုပ်ကလာပ်တော်အား မီးသင်္ဂြိဟ်၍ အရိုးစေတီတော်ကို ၁၂၇၀ ပြည့်နှစ်တွင် ဂူကိုးလုံးကျောင်းဝင်းအနီး၌ တည်ထား ပူဇော်ထားရှိပါသည်။

❑

ဆရာတော်ကြီး ဦးနန္ဒိယသည် ဝိနည်းကို အထူးအလေးအမြတ်ပြုတော်မူပါသည်။ ခေတ်ပြိုင် ဒွါရ၊ ရွှေကျင်၊ သင်္ဃာနွယ်ဝင် ဆရာတော်ကြီးကပင် ဝိနည်းအရဆောင်ရွင်ဥပါလိဟု တင်စားဂုဏ်တင် ခေါ်တွင်ခဲ့သည်ဟု သိရှိရပါသည်။ ဆရာတော်ကြီး၏ ဝိနည်းအရာတွင် အသက်ကိုဖင် မငဲ့သည်အထိ စောင့်ထိန်းလိုက်နာသည့်သာဓကများစွာ ထင်ရှားရှိခဲ့ပါသည်။

ဆရာတော်ကြီး၏ဝိနည်းလိုက်နာကျင့်ကြံသည့် ကြည်ညိုဖွယ်ရာဖြစ်စဉ်များစွာထဲမှ အချို့ကိုကောက်နုတ်ပူဇော်တင်ပြအပ်ပါသည်။

❑ ဆရာတော်ကြီး၏ ခြေထောက်တွင် သုတ်ကိုင်းပိခံရခြင်း

ဆရာတော်ကြီး ဘိတင်းသုံးရာဂူကိုးလုံးကျောင်းတိုက်သည် ယခုအခါ ညောင်မြစ်ကျေးရွာအုပ်စု ပြည်တော်သာရွာအနီးတွင် တည်ရှိပါသည်။ ထိုစဉ်ကမူ ပြည်တော်သာရွာဟူမရှိသေး။ မီးရထားလမ်းတစ်ခုသာရှိသည်။ ကျောင်းတိုက်၏ အနောက်ဘက်တွင် ကြံခင်း-မြန်အောင်-ဟင်္သာတ-ပုသိမ်မီးရထားလမ်းရှိသည်။ ကျောင်းဝန်းကျင်သည် တောရိပ်တောင်ရိပ်များနှင့်အေးချမ်းတိတ်ဆိတ်လှသည်။ တောင့်တိရစ္ဆာန်မျိုးစုံ မြူးထူးကျက်စားရာလည်း ဖြစ်သည်။ အနီးဝန်းကျင်ရွာနီးချုပ်စပ်များသို့ တောလမ်းကလေးအတိုင်း နေ့စဉ် ဆွမ်းခံကြွတော်မူလေ့ရှိသည်။ မြန်အောင်မြို့တွင်းသို့ ဆွမ်းခံကြွတာမျိုးလည်းရှိသည်။

တောထူထပ်ပြီး သားရဲတိရစ္ဆာန်ပေါများသည်မို့ အနီးအပါးရွာများမှ ရွာသားအချို့က ယုန်၊ ချေ၊ ဆတ်၊ တောကြောင် စသည့် တောတိရစ္ဆာန်တို့ကို သုတ်ကိုင်းထောင်ကြသူများရှိသည်။ ပုံမှန်အားဖြင့် သုတ်ကိုင်းထောင်သူများက ညဉ့်ပိုင်းထောင်၍ မနက်စောစောလာဖြုတ်သိမ်းကြမြဲ ဖြစ်သည်။ တစ်နေ့တော့ သုတ်ကိုင်းထောင်ကြသူများ ဖြုတ်သိမ်းရန် မေ့လျော့နေကြသည် ဖြစ်မည်။

တောလမ်းခရီးဆိုသည်မှာလည်း ခြေကျင်လျှောက်သာရုံလေးပဲရှိသည်။ ဘေးပတ်ဝတ်လည်မှာ သစ်ပင်ချုံနွယ်

www.burmeseclassic.com

www.burmeseclassic.com

မှားယွင်းထပ်ပေါက်ရောက်နေတတ်သည်။ ဆရာတော်ကြီးသည် နံနက် (၈) နာရီ ဆိုလျှင် ကျောင်းတိုက်မှစတင်ထွက်ခွာလျက် ဆွမ်းခံကြွတော်မူပါသည်။ ထိုနေ့က ကျောင်းမှ ဆွမ်းခံထွက်ကြွအလာတောလမ်းဖြတ်စဉ် ရွာသားတို့ထောင်ထားသော မဖြုတ်သိမ်းရသေးသည့် သုတ်ကိုင်းတစ်ခုတွင် ဆရာတော်ကြီး၏ခြေတစ်ဖက် သုတ်ကိုင်းမိနေခဲ့ပါသည်။

သုတ်ကိုင်းမိနေသည်ကိုဖြုတ်ဖယ်ခြင်းပြုတော်မမူ။ သပိတ်ပိုက်၊ မျက်စိစုံမှိတ်လျက် ရပ်နေတော်မူပါသည်။ အတန်ကြာမှ ရွာသားနှစ်ယောက်ရောက်ရှိလာ၍ သုတ်ကိုင်းမိနေသည်ကို ဖြုတ်ပေးမည်ပြုရာ ဆရာတော်ကြီးက လက်မခံပါ။ သို့အတွက် ထိုရွာသားနှစ်ဦး ရွာတွင်း အပြေးသွားရောက်လျက် သုတ်ကိုင်းထောင်သူများကို စုံစမ်းခေါ်ဆောင်ပေးရသည်။ သုတ်ကိုင်းထောင်သူများ အနားရောက်လာသည့်အခါ ချက်ချင်း အဖြုတ်မခံပါ။ ထို့နောက် ဆရာတော်ကြီးက သုတ်ကိုင်းထောင်သူများကို မိန့်ကြားသည်။

"နင်တို့ အစာမိနေပြီ၊ စားလေ့ယူလေ့"

"ဖြုတ်ပေးပါပြီဘုရား"

ဒကာများက လျှောက်ထားပြီး သုတ်ကိုင်းကို မြန်မြန်သွက်သွက်ဖြုတ်ပေးကာ ဆရာတော်ကြီးအား တောင်းပန်ကန်တော့ကြသည်။

"လွတ်ပြီလား၊ ကျွတ်ပြီလားဟဲ့"

"လွတ်ပါပြီဘုရား၊ ကျွတ်ပါပြီဘုရား"

ဟု ဒကာများက မြန်လည်ဖြေကြားကာမှ ရှေ့သို့ ဆက်လက်ကြွမြန်းတော်မူပါသည်။

❑ ဆရာတော်ကြီး၏ ဝတ်ရုံလက်နှိုက်ဆူးကိုင်းငြိတွယ်ခြင်း

တစ်နေ့တွင် ဆရာတော်ကြီးသည် ကျောင်းတိုက်မှ အနောက်ဘက်ရှိ မောင်ပေါက်ကုန်းရွာသို့ ဆွမ်းခံကြွပါသည်။ မောင်ပေါက်ကုန်းရွာသည် ရထားလမ်းအနောက်ဘက်တွင်ရှိသည်။ ဆွမ်းခံကြွသည့်အခါ ရထားလမ်းကို ဖြတ်ကျော်ပြီးမှ ရွာသို့ရောက်သည်။ ရထားလမ်းဘေးမှ ဆွမ်းခံကြွနေစဉ် တစ်နေရာရှိဆီးပင်မှ ဆူးကိုင်းများနှင့် ဆရာတော်၏သင်္ကန်းချိတ်ငြိနေပါသည်။ သင်္ကန်းနှင့် ဆူးကိုင်းငြိတွယ်သည်ကို ဖယ်ရှားခြင်းမပြုဘဲ သည်အတိုင်းပင် ရပ်နေတော်မူပါသည်။ မကြာမီ မြန်အောင်မှ ဟသ်ဘသို့ ထွက်သွားသော မီးရထားမောင်းနှင်လာလျက် ရှိသည်။ ထိုရထားဆရာတော်အကြိုးနီးမှ ဖြတ်သန်းသွားရမည်ဖြစ်ရာ မီးရထား၏လေစုပ်အားနှင့် ဆရာတော်ကြီး မလွတ်မကင်းရှိနေမှုတို့ကြောင့် အသက်အန္တရာယ်နှင့် လွန်စွာနီးကပ်နေပါသည်။ သို့ရာတွင် ဆရာတော်ကြီးက တုတ်တုတ်မျှမလှုပ် ရပ်မြဲရပ်နေတော်မူပါသည်။ ဆရာတော်ကြီး၏ဖြစ်အင်ကို အဝေးကပင် မြင်နေရသော မီးရထားစက်ခေါင်းဗိုလ်က ရထားကို အရှိန်လျော့ရပ်တန့်ပေးလျက် မီးရထားပေါ်မှ ဆင်းလာကာ ဆရာတော်ကြီး၏သင်္ကန်းနှင့်ငြိနေသော ဆူးကိုင်းကို ဖယ်ရှားပေးသည်မှ သာဓုသံကြိမ်ခေါ်လျက် ဆက်လက် ကြွလှမ်းတော်မူခဲ့ပါသည်။

❑ ဆရာတော်ကြီးအား ခွေးရူးကိုက် မည်ပြုခြင်း

တစ်ခါတစ်ရံ ဒကာ၊ ဒကာများကို ချီးမြှောက်သောအားဖြင့် မြန်အောင်မြို့အတွင်းသို့ ဆွမ်းခံကြွတော်မူပါသည်။ မြို့အတွင်းဆွမ်းခံကြွသည့် တစ်ရက်တွင် ရူးနေသော ခွေးတစ်ကောင်သည် ပရိက္ခရာလမ်းတစ်လျှောက် ဂနာမငြိမ်ပြေးလွှားကာ တွေ့သမျှလူတွေကို လိုက်ကိုက်နေချိန် ဖြစ်သည်။ နံနက်ပိုင်း လူစည်ကားသည့်စျေးရပ်ကွက်ဖြစ်သော်လည်း လမ်းပေါ်တွင် လူသူလေးပါးကင်းရှင်းနေ၏။ အိမ်တိုင်း အိမ်တံခါး၊ ဝင်းတံခါးများ ပိတ်ကာ အိမ်အတွင်းမှာနေကြရသည့် အချိန်။

ထိုအချိန် ဆရာတော်ကြီး မြို့တွင်း ဆွမ်းခံကြွချီရာ ပရိက္ခရာလမ်းသို့ပင် ရောက်ရှိလာနေပါသည်။ ဆရာတော်ကြီးဆွမ်းခံကြွလာသည်ကို ဆရာတော်ကြီး၏ ဆွမ်းဒကာဖြစ်သူ ဦးဘိုးကျောက အဝေးကပင် လှမ်းမြင်ရ၏။ သို့အတွက် ခြံတွင်းမှပင် ဆရာတော်ကြီးအား လှမ်းအော်လျှောက်ထားပါသည်။

"ဆရာတော်ကြီးဘုရား၊ ခွေးရူးတစ်ကောင်လိုက်ကိုက်နေပါတယ်။ လွတ်ရာကြွတော်မူပါ ဘုရား"

ဦးဘိုးကျော၏အော်ဟစ်လျှောက်ထားသံကို မကြားမသိသည့်နှယ် ဆွမ်းခံကြွမြဲကြွတော်မူပါသည်။ ဦးဘိုးကျောတိုက်အိမ်အနီးအရောက်တွင် ဆရာတော်ကြီးကို လှမ်းမြင်သော ခွေးရူးက မြောက်ဘက်မှ တောင်ဘက် ဆရာတော်ကြီးရှိရာ တစ်ဟုန်ထိုးပြေးခဲ့လာသည်။ မြင်ရသူအပေါင်း မကြည့်ဝံ့မမြင်ရက်နှင့် ရင်ဘတ်ဖိနေကြရသည်။ ဆရာတော်ကြီးကမူ ဣန္ဒြေရရရပ်လျက် ဒုန်းစိုင်းပြေးလာနေသော ခွေးရူးကြီးကို မမှိတ်မသုန် စူးစူးစိုက်စိုက်ကြည့်နေ၏။ တစ်ဟုန်ထိုးပြေးလာနေသော ခွေးရူးကြီးသည် ဆရာတော်ကြီးအနားမရောက်တရောက်တွင် သိသိသာသာ အပြေးလျော့သွားလျက် အနားသို့ရောက်လာပါပြီ။ သွားရည်တများများနှင့် ဟောဟဲလိုက်နေသော ခွေးရူးကြီးအနားကိုရောက်လာသည်နှင့် ဆရာတော်ကြီးက လက်ကာပြတားတော်မူလျက် လက်ညှိုးဒေါက်ဒေါက်ထိုးကာ ခပ်ဆတ်ဆတ်မိန့်ကြားတော်မူပါသည်။

"ဟဲ့-နင့် ခုထိ မိုက်လုံးကြီးနေတုန်းလား၊ လိမ္မာတော့ဟဲ့"

ဆရာတော်ကြီး၏ စူးစူးစိုက်စိုက်ကြည့်နေသည့်အမူအရာ၊ မာမာထန်ထန် မိန့်မြွက်စကားသံသည်နှင့် ဆိုးသွမ်းဟော့ရမ်းနေသော ခွေးရူးကြီးမှာ နေရာတွင်ပင် ခေါင်းငုံ့ပျပ်ဝပ်လျက်ရှိနေသည်ကို လူအပေါင်းတို့ မျက်မြင်ဒိဋ္ဌတွေ့မြင်ကြရသည်။ ခွေးရူးအန္တရာယ် ငြိမ်းကာမှပင် အိမ်အသီးသီးမှ တံခါးများပွင့်လာကာ ဆွမ်းလောင်းလှူနိုင်ကြပါသည်။

ဆရာတော်ကြီးညဘက်ကျိန်းစက်ချိန်နှင့် နံနက် (၄) နာရီ အမြဲရွတ်ဆိုလေ့ရှိသောဂါထာဖြင့် ဆရာတော်ကြီးအား ကြည်ညိုပူဇော် ဖော်ပြအပ်ပါသတည်း။

❑ အာရဇ္ဇထ နိက္ကမထ၊
ယုဥ္ဇထ ဗုဒ္ဓ သာသနေ။
ဓုနာထ မစ္စုနော သေနံ၊
နဠာဂါရံဝ ကုဥ္ဇရော။

နေဝင်းဝင်း(လွန်ခေး)

ကျမ်းကိုး -

၁။ မြန်အောင်မြို့ ဂူကိုးလုံးဆရာတော် ဘဒ္ဒန္တနန္ဒိယ မဟာထေရ် ပြုစုသည့် ဆပဥ္စကဆဆေကနိကျမ်း (၁၂၆၆ ခုနှစ်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကပုံနှိပ်တိုက်ထုတ်)

၂။ မော်လမြိုင်မြို့နယ် ချောင်းဆုံမြို့ မရမ်းကွမ်သဲရွာ စမ်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဝိမလာစာရပြုစုသည့် ဝေဠုဝန်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိ (ရန်ကုန်ဂါရိလ၊ ၁၉၈၆ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်းမြင့်
ကိုယ်တွေ့ကြုံများပျောက်ဆေး

ရှမ်းပြည်နယ်သို့ အစိုးရဝန်ထမ်းအဖြစ် ၁၉၈၁ ခုနှစ်တွင် ရောက်ရှိခဲ့ပါသည်။ငယ်စဉ်ကတည်းက တိုင်းရင်းသားညီကျေးမှုရိုးရာလေ့တို့ကို ချစ်မြတ်နိုးခဲ့သော ကျွန်တော်သည် ရှမ်းတောင်နန်း၏ သာယာလှပပုံများ၊ ရှမ်းမောင်းနှင်း ရှမ်းအိုးစည်တေးသံများကြောင့် ရှမ်းပြည်ကို လွမ်းမောတသဖြစ်ခဲ့ရပါသည်။

၁၉၈၆ ခုနှစ်တွင် ကွမ်းလုံမြို့သို့ ပြောင်းရွှေ့ ဆောင်ရွက်ရပါသည်။ ဝါးမောတ်စောက်သော တောင်တန်းများနှင့်နက်ရှိုင်းသောချောက်ကမ်းပါးများသည် ရာသီဥတုရုတ်ခြည်းပြောင်းလဲတိုင်း ဖြစ်ပေါ် စေပါသည်။ အေးရာမှ ပူ၊ ပူရာမှ မိုးရွာ၊ မိုးရွာပြီးအေး စသည်တို့ကြောင့် ကျွန်တော်မကြာခဏဖျားတတ်ပါသည်။ ဌက်ဖျားရောဂါအဖြစ်များသည်နယ်မြေဖြစ်၍ ကျွန်တော်ဌက်ဖျားဆေးစွဲတတ်လာပါသည်။

သို့နှင့် ဆေးရုံသို့ မကြာခဏတက်ဆေးခြင်းများရှိပါသည်။ သက်သာဆေးရုံမှပြန်ဆင်းလာရသည့်တိုင် ကိုယ်ခန္ဓာကိုယ်ရှင်းရှင်းကြီး မပျောက်နိုင်ဘဲ အမြဲတမ်း စိတ်ညစ်စရာဖြစ်နေပါတော့သည်။

ငယ်စဉ်က အမေပြောပြဖူးသည့် ဆေးစရာလေးတစ်ခုကို ပြန်သတိရသည်။ အမေနှင့် ကျွန်တော်အသက်ကွာခြင်း (၃၆) နှစ်ခန့်ကွာခြားပါသည်။ ငယ်ငယ်က အဖေ၏အလုပ်တာဝန်ကြောင့် ကျွန်တော့်ကို မမွေးသေးခင်း အမေဌက်ဖျားဝေဒနာခံစားရသည့် နေ့ရက်များစွာ ရောဂါစွဲကပ်ခဲ့ရသော တစ်နေ့တွင် ကချင်ဆေးဆရာတစ်ဦးနှင့် တွေ့ရပြီး အမေ့ကိုဆေးကုခဲ့ကြောင်း၊ ထိုဆရာကြီး၏ကုသမှုကြောင့်ပင် အမေ့ဌက်ဖျားဝေဒနာသက်သာပျောက်ကင်းခဲ့ပြီး ဘဝတစ်လျှောက် ဌက်ဖျားရောဂါထပ်မဖြစ်တော့ဘူး ဆို၍ အမေက နှေးဖြေးဟောင်းအသက်အရွယ်ရောက်မှုများကို လွမ်းလွမ်းဆွတ်ပြောပြပါသည်။

ဆေးဆရာကြီးက အမေ့ကို ရှောက်သီးနှင့် ကချင်ဂရုတ်သီးစပ်စပ်ရောရှ၍ သုပ်ထားသည့် ရှောက်သီးသုပ်ကို မွန်းတည့်ခါနီးတွင် တစ်ပန်းကန်နီးပါးစားခိုင်းပါသည်။ ဆရာကြီးက ဘေးကနေထိုင်ကြည့်နေစဖြင့် အမေ့မှာ ရှောက်သီးသုပ်စားကောင်းသော်လည်း ဂရုတ်သီးစပ်လွန်းသည့်ဒဏ်မခံနိုင်သည့်တိုင်မစားဘဲမနေရဲပါ။ ဆရာကြီးက တွင်တွင်စားခိုင်းနေပါသည်။ ခေါင်းတွေပူထူ၊ မျက်ရည်တွေစီးကျ၊ ပါးစပ်ပိတ်၍မရဘဲ အားလားလားဖြစ်သော အော်နေရပါတော့သည်။ ထို့နောက်တွင်ကား ဆရာကြီးသည် ဘာမပြောညာမပြောဘဲ ရေပုံးကြီးဖြင့် အမေ့ခေါင်းပေါ်ကနေ တစ်ကိုယ်လုံးရွှဲရွှဲအောင် လောင်းချလိုက်သဖြင့် အမေလည်း အမလေးတော့ဟုသာအော်လိုက်ရှာ ပါသည်။ သို့သော် ထိုအချိန်ကစ၍ အမေ့ဌက်ဖျား ပျောက်သွားသည်မှာ ကွယ်လွန်ချိန်ထိ ပြန်မဖြစ်ပေါ် တော့ပါ။

ကျွန်တော် ထိုသို့ လုပ်ရကောင်းမလားဟု ကြိမ်ကြိုက်ရာတွေးကြည့်ပါသည်။ သို့သော် မစားရဲပါ။ ရေလည်းအလောင်းမခံရဲပါ။ ငယ်စဉ်က အမေပြောပြသမျှသာနားထောင်ခဲ့ရပြီး အမေ့ကို ပြန်မမေးမိခဲ့သဖြင့် ထိုနည်းနှင့် တွဲဖက်ပေးသောဆေးတစ်မျိုးမျိုးရှိသလား၊ မရှိလားလည်း ကျွန်တော်မသိပါ။ သို့နှင့်ပင် ဌက်ဖျားရောဂါ လုံးဝပျောက်ကင်းသွားနိုင်မည့် နေ့ရက်ကိုသာ စောင့်မျှော်နေခဲ့မိပါသည်။

သို့နှင့် တစ်နေ့တွင် ဆေးဆရာတစ်ဦးကို ကျွန်တော် တွေ့ရပါသည်။ ကုသိုလ်ကံကောင်း၍သာ ထိုဆေးဆရာကြီးနှင့် မမျှော်လင့်ဘဲတွေ့ရသည်ဟုယူဆပါသည်။

ဆေးဆရာကြီးက ကျွန်တော့်ကို ဌက်ဖျားရောဂါပျောက်ကင်းရန် ဆေးနည်းတစ်ခုပေးပါသည်။ ရောဂါနှုန်းတစ်ကြိမ်တည်းဖြင့်၊ ရောဂါရင့်လျှင် သုံးကြိမ်ဖြင့် ပျောက်ကင်းစေသည်ဟု ဆိုပါသည်။ ဘေးလုံးရှိလျှင်ပင် ဘေးလုံးပါမကျန် ပျောက်ကင်းစေသည်ဟု ဆိုပါသည်။

ကြက်ဥတစ်လုံးကို ထိပ်ဝဲလေးအနည်းငယ်ဖောက်၍ အနှစ်ကိုဖယ်ထုပ်ပစ်ရပါသည်။ အကာရည်သာ ဥအတွင်းရှိနေရပါမည်။ လွယ်မယောင်နှင့်ခက်ပါသည်။ ကျွန်တော်ကတော့ ကြက်ဥထဲမှ အကာအနှစ် (၂) မျိုးလုံးကို ပန်းကန်ထဲအသာအယာသွန်လိုက်ပြီး အနှစ်ကို စိတ်ရှည်လက်ရှည်ဖယ်ရပါသည်။ ပြီးမှ အကာရည်သာရှိသော ကြက်ဥခွံအတွင်းသို့ ဂရုတ်ကောင်းမှုန့်များအပြည့်ထည့်ရပါသည်။ ထို့နောက် ကြက်ဥကို ထင်းမီးဖို သို့မဟုတ် မီးသွေးမီးဖိုအတွင်းရှိမီးထဲ၌ ထားပြီး မီးဖုတ်ရပါသည်။ မွှေးသောအနံ့များနှင့်အတူ ကြက်ဥထိပ်ဝမှ ဂရုတ်ကောင်းနှင့် အကာရည်ရောသောအခဲများ လျှံကျနေတတ်ပါသည်။ မီးဖိုထဲမှထုတ်ယူ၍ အပူလျှော့ကျသွားအောင် စောင့်ပြီး ဇွန်းငယ်လေးနှင့်စားရပါသည်။ သို့သော် တစ်ကြိမ်တည်းနှင့်အကုန်မစားနိုင်ပါ။ မွှေးသာမွှေးသော်လည်း စားသောအခါ အရသာမရှိဘဲစပ်သည်။ သို့သော် ဂရုတ်သီးလောက်မဆိုးပါ။ စားနိုင်သလောက်စားလိုက်၊ ရသောက်ပြီးနားနေလိုက်၊ ထပ်စားလိုက်ဖြင့် ကုန်သည်အထိစားရန်ဖြစ်ရာ တစ်နေကုန်သွားမှကြက်ဥကုန်ပါသည်။ ထို့နောက် တစ်ရက်၊ နှစ်ရက်ခန့်နေလျှင် နောက်ကြက်ဥတစ်လုံးကို အထက်ပါအတိုင်းစားရပါသည်။

ကျွန်တော်ကတော့ တစ်လုံးလောက်စားပြီးသည်နှင့် အတော်ပင်သက်သာသွားပါသည်။ နှစ်လုံးစားပြီးသောအခါ ဆက်လက်စားသုံးရန် မလိုအပ်ဟု ယူဆပြီး မစားတော့ပါ။ ယနေ့တိုင် ကျွန်တော် ဌက်ဖျားပြန်မဖြစ်တော့ပါ။

နောင်သောအခါ ဌက်ဖျားရောဂါခံစားရသူများကို ကျွန်တော် ထိုသို့ကြက်ဥနှင့် ဂရုတ်ကောင်းမီးဖုတ်၍စားခိုင်းခဲ့ရာ ထိုသို့စားသုံးသူများ ပျောက်ကင်းကြကြောင်း တွေ့ရှိရပါသည်။

တစ်ကြောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်ပါ၏။ အခြားဆရာကြီးများ၏နည်းများကိုလည်း ကျွန်တော်မှတ်သားခဲ့ရပါသည်။ ဌက်ဖျားမိ၍ဘေလုံးစွဲနေလျှင် ရှားစောင်းကြီးအနုကို ပါးပါးလွှာကာ ညှစ်ပိုင်းတွင် ဆန်ဆေးရည်နှင့် စိမ်၍ထားပြီး နံနက်ရောက်သော် ထန်းလျက်နှင့် ယိုထိုးစားက မကြာမီ ရောဂါပျောက်ကင်းပြီး ဘေလုံးလည်းမရှိတော့ကြောင်း မှတ်သားရပါသတည်း။

တက္ကသိုလ်ဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

တိုးတောင်(မြောင်)-အရှင်ဓမ္မပိယ

အရှက်နှင့်အလက်

(၁)

အရှက်နှင့် အကြောက်တရား (၂) ပါး (ဟိရိနှင့် ဩတ္တပ္ပ) သည် လောကကြီး ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်သော လောကပါလတရား များဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာဟောတော်မူခဲ့၏။

အရှက်မရှိ၊ အကြောက်မရှိသူတို့မှာ မကောင်းမှု အကုသိုလ် ဒုစရိုက်များကို ပြောင်ပြောင်တင်းတင်းပင် ပြောဆို ပြုလုပ်ကျူးလွန်လေ့ရှိကြသည်။ထို့ကြောင့်ပင် ယုတ်ညံ့နိမ့်ကျသူများအဖြစ် ကိုယ်၊ စိတ်နှစ်ပါး ပူလောင်ပင်ပန်းဆင်ရဲကြရ၏။ သူတို့နှင့် ပတ်သက်ဆက်ဆံယှဉ်ရာ ပတ်ဝန်းကျင်တစ်ခုလုံး ဆိုးကျိုးအမျိုးမျိုး ခံစားရလေ့ရှိကြသည်။ မိမိတို့ကိုယ်တိုင် အရှက်အကြောက်ကင်းမဲ့သလို တစ်ပါးသူ၏ အရှက်နှင့်သိက္ခာကို အကြောင်းမဲ့ စော်ကားတတ်ကြခြင်းကြောင့် ဝမ်းနည်း ကြေကွဲစရာဖြစ်ရပ်ဆိုးများကြုံတွေ့ရတတ် လေ့ရှိသည်။ ထိုသို့ ဖြစ်ရပ်များစွာထဲမှ အများသူငါ သံဝေဂယူစရာဖြစ်ရပ်တစ်ခုကို တင်ပြချင်ပါသည်။

မော်ဘီ - ထန်းတပင်သွား ကားလမ်းကြားတွင် ရွာကလေးတစ်ရွာရှိ၏။

ထိုရွာကလေးရှိ ရွာသူရွာသားများမှာ လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသောက် နေထိုင်ကြသည့် ဗုဒ္ဓဘာသာ မြန်မာ လယ်သမားများသာ ဖြစ်ကြသည်။

တောနေလယ်သမားအများစုဖြစ် ကြသည့်အလျောက် စိတ်ခံစားမှု၊ အနွံ့ အလမ်းအလွန်ကြီးတတ်ကြ၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာကဖြစ်ခဲ့သော အဖြစ်အပျက်မှန်သော်လည်း ယနေ့တိုင်အောင် မမေ့မျော်က်နိုင်ကြသေးပေ။ တစ်ဆင့်စကားဖြင့် နှောင်းလူငယ်တို့ပါ သိရှိနေကြပြီး သံဝေဂယူ၍ မဆုံးနိုင်သော ဖြစ်ရပ်တစ်ခု ဖြစ်လေသည်။

ဤဖြစ်ရပ်၏နောက်ခံ လောဘ၊ ဒေါသ၊ မာန်မာနတရားတို့၏ ကြောက်မက်ဖွယ်ကောင်းပုံကို ဆင်ခြင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ကြီးဒေါ်ဆုံ၏ တစ်ဦးထည်းသောသား။ ရိုးသား ဖြောင့်မတ်၍ အလုပ်အကိုင် ကြိုးစားသော ကိုချန်ထွန်းကို မသန်းရင်၏မိဘဆွေမျိုးများကလည်း သဘောတူကျေနပ်နေကြ၏။ နေနှင့်လ၊ ရွှေနှင့်မြေ ပမာ နှစ်ဖက်မိဘသဘောကျကျေနပ်၍ နှစ်ကိုယ်တူနီးစပ်ကြဖို့ပဲရှိ၏။

သို့သော် ပြည်ပန်းညိ ချိုချင်ပါလျက် ဆားကဖျက်၏။ တို့နှစ်ကိုယ် ကြည်ဖြူပါလျက်၊ မိဘဆွေမျိုးများ ကျေနပ်နှစ်သက်ကြပါလျက်နှင့် ကြားမှ သူတစ်ယောက်၏ နှောင့်ယှက်မှုက ချစ်သူနှစ်ဦးအတွက် အခက်ကြုံလာကြရသည်။

ထိုတစ်ယောက်သောသူကား မသန်းရင်တို့အိမ်နှင့်မျက်စောင်းထိုးအိမ်မှ ကုန်စုံရောင်းစားသော ဒေါ်မယ်သက်ကြီးပင် ဖြစ်သည်။ ဒေါ်မယ်သက်ကြီးမှာ သမီးတစ်ယောက်နှင့် မုဆိုးမကြီးဖြစ်ပြီး ရွာတောင်ပိုင်း၏ နာမည်ရ မိန်းမကြီးတစ်ယောက်လည်း ဖြစ်လေသည်။ သူနှင့်ယှဉ်၍ မည်သူမျှ စကားဖက်ပြိုင်၍ မပြောဝံ့ကြပေ။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ အထူးကြမ်းတမ်းသည့် အတွက် တောင်ပိုင်းရွာသားများ သူ့ကို အထူးရှောင်ကြဉ်ကြသည်။ အရွက်အ ကြောက်ကင်းမဲ့သော သူမကို အားလုံး က ရွံကြောက်ကြီးဖြစ်နေကြသည်။ ထိုသို့ ရွာသူရွာသားများက သူမကို အထူးတလည် ကြောက်ရွံ့ပါသည်ဆိုမှ ဒေါ်မယ်သက်ကြီးက ပို၍အစွမ်းပြတတ်သေးသည်။

ယခုလည်း အားလုံးအဆင်ပြေ နေသော မသန်းရင်နှင့် ကိုချန်ထွန်းတို့ နှစ်ယောက်ကြားတွင် ဝင်ရောက်နှောင့်ယှက်ဖျက်ဆီး၍ သူ၏အစွမ်းအစကိုပြ ရန် ဒေါ်မယ်သက်ကြီး ကြံစည်နေလေသည်။

'ဒီကောင်က ပိုက်ဆံရှိတယ်ဆိုပြီး တို့တောင်ပိုင်းကိုလာလွှမ်းခြုံတာပေါ့။ ချန်ထွန်းနဲ့ရရင် မိသန်းရင်တို့ ခေါင်းမော့ နေမှာ မြင်ယောင်သေးတယ်'

ဒေါ်မယ်သက်၏ အတွေးများ တွင် သူတစ်ထူး ကောင်းစားခြမ်းသာမှာ ကို မနာလို မရှုဆိတ်။ မိမိရပ်ရွာအပေါ် သူတစ်ပါးလွှမ်းမိုးလာမှာစိုးသော ထွန့်တို စိတ်များ တစ်နေ့တခြားတိုးပွားလာလေ သည်။ ထိုသို့ မနောဒုစရိုက်များ တစ်နေ့ ထက်တစ်နေ့ ပွားများလာရာမှ တစ်နေ့ မှာ ဒေါ်မယ်သက်၏ စိတ်မှတစ်ဆင့် ဝစီ ဒုစရိုက်အဖြစ် ကျူးလွန်လာတော့သည်။

"ရွာထဲကို ခွေးရူးဝင်လာတယ်ဟေ့၊ ကလေးတွေအိမ်ပေါ် တက်နေကြ"

ကိုချန်ထွန်း ရွာတောင်ပိုင်းသို့ ဝင်လာသည်ကို မြင်လျှင်မြင်ချင်း ဒေါ်မယ်သက်ကြီးမှ ဤသို့ အော်ကြီး ဟစ်ကျယ်ပြောဆိုတော့သည်။ ဒေါ်မယ် သက်၏ စကားကြောင့် ကလေးများက လည်း ကြောက်လန့်တကြား ကိုယ့်အိမ် ပေါ်သို့ အသီးသီးပြေးတက်ကြ၏။ မိဘ များကလည်း တကယ်ပင် ခွေးရူးလာ သည်အထင်နှင့် 'ဟဲ့- ခွေးရူးလာတယ် တဲ့၊ အိမ်ပေါ် တက်နေကြစမ်း' ဟု မိမိတို့ သားသမီးများကို ထိန်းသိမ်းပြီး ရွာလယ် လမ်းကို စောင့်ကြည့်နေကြသည်။

ဒေါ်မယ်သက်၏ စကားကြောင့် ကိုချန်ထွန်းပင်လျှင် ခွေးရူးကို သတိထား ကြည့်ရင်း မသန်းရင်တို့အိမ်ရှိရာသို့ လျှောက်လာခဲ့ရသည်။ မသန်းရင်တို့အိမ် ရောက်သည့်တိုင်အောင် ခွေးရူးမဆိုထား ဘိ၊ ခွေးတစ်ကောင်တလေပင် မတွေ့ရ ၍ ကိုချန်ထွန်း အထူးအံ့သြမိသည်။ မသန်းရင်တို့ အိမ်သားများကိုလည်း ပြောပြမိ၏။

"ဒေါ်မယ်သက်ကြီးက ဘာဖြစ် နေလဲမသိပါဘူး။ ခွေးရူးမလာဘဲ လာ တယ်လို့ ထအော်နေတယ်"

"မိန်းမကြီးစိတ်ထဲမှာတစ်ယောက် ယောက်ကို မကျေမနပ်ဖြစ်နေတယ် ထင်ပါရဲ့ ကိုချန်ထွန်းရယ်"

မသန်းရင်က ပြန်ပြော၏။ သည် မိန်းမကြီး ကိုယ်ကြမ်းစိတ်ကြမ်းကြောင်း၊ အစောင်းအမြောင်း အထွေအငေါ့ အင်မတန်ဝါသနာပါကြောင်း၊ မခံချင် သူများနှင့်တွေ့ပါက ရန်ဖြစ်တတ် ကြောင်းများကိုလည်း ပြောပြသည်။

"ဒါဖြင့် မသန်းရင်တို့ တောင်ပိုင်း က မိန်းမလူစွမ်းကောင်းတွေလည်း ရှိသကိုး"

ဟု ကိုချန်ထွန်းက အံ့သြသံနှင့် ပြော၍ မသန်းရင်တို့ ညီအစ်မတစ်တွေ သဘောကျစွာ ပိုင်းရယ်ကြလေသည်။

(၃)

"အရှူးဟေ့၊ အရှူး. . . အရှူး"

ကိုချန်ထွန်း မသန်းရင်ဆီလာ တိုင်း ဒေါ်မယ်သက်ကြီးလှမ်းလှမ်းအော် လေ့ရှိသည်။

"ကလေးတွေ အရှူးဖမ်းသွားလိမ့်မယ်"

ဒေါ်မယ်သက်၏ စကားများမှာ မည်သို့မျှ အကောင်အထည်မတွေ့လာ

www.burmeseclassic.com

www.burmeseclassic.com

ရသောအခါ ကိုချန်ထွန်း သံသယဝင်လာသည်။ သူ ဒီဘတ်ပိုင်းကိုလာတိုင်း အဘွားကြီး ထထအော်တတ်သည်မို့ 'ငါတို့များစောင်းတာလား' ဟု တွေးမိလာသည်။

သို့သော် 'မဟုတ်နိုင်ပါဘူး၊ ဒီမိန်းမကြီးနဲ့ ငါတို့သားအမို ဘာအဆက်အသွယ်မှလည်းမရှိ၊ ဘာရန်ငြိုးရန်စမှ ရှိခဲ့တာမဟုတ်ဘဲ'

ကိုချန်ထွန်းစိတ်ကို ဖြေရှင်းတွေး၏။ ရိုးဖြောင့်အေးဆေးသောသူမို့လည်း သူတစ်ပါးအပေါ် မကောင်းစိတ်မထားတတ်ပေ။ ထိုသို့ ကိုချန်ထွန်းစိတ်ကောင်းထားလေ ဒေါ်မယ်သက်ကြီးက ပို၍ဆိုးလာလေဖြစ်သည်။ ကိုချန်ထွန်းဝင်လာတိုင်း 'အရူးဟေ့ အရူး၊ ခွေးရူးလာတယ်ဟေ့ ခွေးရူး' ဟူ၍ တစ်မျိုးမျိုးအော်ဟစ်တတ်ပြီး ကိုချန်ထွန်းကို စူးစူးဝါးဝါးစိုက်ကြည့်နေတတ်သည်။

ထိုသို့ ဒေါ်မယ်သက်ကြီး၏အပြုအမူများကြောင့် ကိုချန်ထွန်းမှာ သူနှင့် မသန်းရင်တို့ကိစ္စကို အဘွားကြီးမနှစ်သက်ကြောင်း ရိပ်မိလာသည်။

'ငါသူအမြင်ကတ်လောက်အောင် တောင်ပိုင်းကိုလည်း ခဏခဏမလာပါဘူး။ ဘာလို့များ ငါ့ကိုမုန်းနေပါလိမ့်' ဟု တွေးမိရင်း ပြဿနာကို အေးအေးဆေးဆေး စကားပြော၍ ဖြေရှင်းသည်က အကောင်းဆုံးဟုယူဆပြီး တစ်နေ့မှာ ဒေါ်မယ်သက်အိမ်ရှိရာသို့သွားပြီး ရင်ဆိုင်စကားပြောကြည့်လေသည်။

"ကျွန်တော့်ကို ဘာမကျေနပ်စရာရှိလို့ပါလဲ အဒေါ် ရယ်။ အဒေါ် မကြိုက်တာရှိရင် တူရင်းသားရင်းလိုသဘောထားပြီး ဆုံးမပါခင်ဗျာ"

"အို- ကြံကြီးစည်ရာကွယ်။ မင်းနဲ့တို့က ဘာဆိုင်လို့ မင်းကို အဒေါ်က ဘာမကျေနပ်ရမှာလဲ"

ဒေါ်မယ်သက်က မျက်ကလဲဆန်ပျာအမူအရာဖြင့် ရင်ဘတ်ကို လက်နှင့်ဖိ၍ ပြန်ပြော၏။

"မကျေနပ်တာ မရှိဘူးကြားရလို့ ဝမ်းသာပါတယ် အဒေါ် ရယ်။ ဒါပေမယ့် ကျွန်တော်လာတိုင်း အဒေါ် နောက်ပြောင်တာတော့ မကောင်းပါဘူး။ သိပ် ရှက်စရာကောင်းပါတယ်"

ကိုချန်ထွန်းက အေးအေးသက်သာ ပြန်ပြော၏။

"နေပါဦးကွယ်၊ မင်းကို ငါက ဘာများ နောက်ပြောင်နေလို့လဲ။ ငါ့အရွယ်က နောက်ပြောင်ရမယ့်အရွယ်မှ မဟုတ်တာ"

"ဒါဖြင့် ဘာခွေးတစ်ကောင်ကြောင်တစ်မြီးမှမရှိဘဲ ကျွန်တော်လာတိုင်း ခွေးရူး ခွေးရူး၊ အရူး အရူးလို့ ထအော်နေတာ ဘာသဘောလဲ"

"အဲဒါ မင်းကို ပြောတာမှမဟုတ်ဘဲ။ မင်းက ခွေးမှမဟုတ်တာ၊ ခွေးရူးဖြစ်နိုင်ပါ့မလား။ လူရူးဖြစ်ရအောင်လည်း မင်းစိတ်မနံ့သေးတာမှမဟုတ်လာ။ စကားပြောလို့ရအောင် စိတ်အကောင်းကြီးရှိသေးတဲ့ဥစ္စာပဲ ဟား ဟား ဟား"

ဒေါ်မယ်သက်ကြီးသည်သူ့စကားသူ သဘောကျသလို ရယ်မောရင်း ထိတပါးရိကပါးပြန့်ပြောင်လိုက်သေးသည်။ ကိုချန်ထွန်းလည်း ဒေါ်မယ်သက်ကြီးကို နှုတ်ဆက်လိုက်သည်။

"သွားပါဦးမယ် အဒေါ်"

"သွားပါ၊ သွားပါ မသန်းရင်တို့ အိမ်ကို"

(၄)

"ရွာထဲ ခွေးရူးဝင်လာတယ်ဟေ့"

ဒေါ်မယ်သက်၏ အော်ကြီးဟစ်ကျယ်အသံကို ကြားကြလျှင် ကိုချန်ထွန်းတစ်ယောက် ရွာတောင်ပိုင်းက မသန်းရင်တို့အိမ်ရှိရာသို့ ရောက်လာပြီဆိုသည်ကို ရွာသားများအားလုံးသိနေကြပြီဖြစ်သည်။ သည်မိန်းမကြီး ကိုချန်ထွန်းကို အရှက်တကွဲ အကျိုးနည်းအောင်ပြုနေသည်ကိုလည်း ရိပ်မိကြ၏။ မသန်းရင်တို့ ညီအစ်မတစ်တွေမှာလည်း စိတ်မကောင်းဖြစ်ရုံမက လွဲ၍ ဒေါ်မယ်သက်ကြီးကို ရင်မဆိုင်ဝံ့ကြပေ။

မျက်နှာချင်းဆိုင် စကားပြောထားပြီးသည့်တိုင် သူလာလည်တိုင်း 'ခွေးရူး၊ ခွေးရူး' အော်နေ၍ ကိုချန်ထွန်း အတော်အရှက်ရနေပြီဖြစ်၏။ ထို့ကြောင့်လည်း ချစ်သူ မသန်းရင်ရှိရာ ရွာတောင်ပိုင်းကို ရှေးကထက် အလာကျဲသွားသည်။

အတော်ကလေးကြာမှ မနေနိုင်၍ ချစ်သူဆီ စာရေးလာပြန်လျှင်လည်း 'အရူးပြန်လာပြီဟေ့၊ အရူးပြန်လာပြီ' ဟု သူ့ကိုမြင်သည်နှင့် ဒေါ်မယ်သက်ကြီးအော်တော့သည်။ ကိုချန်ထွန်းလည်း မဆီမဆိုင်နောင့်ယှက်နေသော ဒေါ်မယ်သက်ကြီးအပေါ်၌ စိတ်ဆိုးအမျက်ထွက်စပြုလာသည်။

ထို့ကဲ့သို့ နောက်ပြောင်သရော်မှုမှာ သည်မိန်းမကြီး သေမှသော်လည်းကောင်း၊ သူသေမှသော်လည်းကောင်း အေးမည်ဟု တွေးမိ၏။ သည်အဘွားကြီးမသေသမျှ သူတို့အချစ်ရေးလည်း စိတ်မချမ်းသာနိုင်ပေ။ သူလည်း ခွေးရူးလူရူးဖြစ်နေပေတော့မည်။ မသန်းရင်တို့ညီအစ်မတစ်တွေကတော့ သူ့ကိုဝိုင်းဝန်းဖျောင်းဖျကြ၏။

ဂရုစိုက်မနေပါနဲ့ ကိုချန်ထွန်းရယ်။ ခွေးရူးနဲ့ ခွေးကောင်းကိုက်ရင် ခွေးကောင်းပဲ နာတာပဲ။ ဒီမိန်းမကြီး မကောင်းတာ အားလုံးသိနေတာပဲ။ သူ့ကို အလေးထားမနေပါနဲ့"

"ခွေးရူးနဲ့ ဖက်ပြိုင်တယ်ပဲပြောပြော၊ ကိုချန်ထွန်းတော့ သည်းမခံနိုင်တော့ဘူး မသန်းရင်။ ကျောက်ဆောင်တွေတောင် လှိုင်းပုတ်ခံရဖန်များရင် ကျသေးတာပဲ။ ကိုယ်ကတော့ ကျောက်ဆောင်လောက် မာတဲ့လူသားမဟုတ်ဘူး"

ကိုချန်ထွန်း၏ အရှက်နှင့်ဒေါသတို့သည် ဆင်ခြင်တုံတရားကို ကျော်လွန်သွားခဲ့ပေပြီ။ မသန်းရင်တို့အိမ်မှ ပြန်လာသောအခါ ဒေါ်မယ်သက်ကို ဝင်တွေ့၏။

"ဟ - ခွေးရူး၊ အို မဟုတ်ပါဘူး မောင်ချန်ထွန်းပါလား"

ကိုချန်ထွန်းကို တွေ့လျှင်တွေ့ခြင်း ဒေါ်မယ်သက်သည် စကားများဟန်ဖြင့် နှုတ်ဆက်လိုက်၏။ နောက်မှ လေသံမာမာဖြင့်-

"ဘာကိစ္စရှိလို့လဲ၊ ဘာပြောစရာရှိလို့လဲ"

"ကိစ္စလည်းရှိတယ်၊ ပြောစရာလည်းရှိတယ်။ ဒါပေမယ့် ကိစ္စကနောက်မှ၊ ပြောစရာက အခုပဲ"

ကိုချန်ထွန်း၏ ခပ်မှန်မှန်စကားကြောင့် ဒေါ်မယ်သက်ကလည်း ခပ်မာမာဖြင့်-

"ကဲ- ပြောစရာရှိ ပြော"

"ကျုပ်ပြောချင်တာက ခင်ဗျားကြီး (၇) ရက်အတွင်း ထမင်းဝတ်စား

www.burmeseclassic.com

www.burmeseclassic.com

ားဆိုတာ ပြောချင်တာပဲ"

ထိုစကားကို ပြောပြီးလျှင်ပြီးချင်း ကိုချန်ထွန်း ဒေါ်မယ်သက်ကြီးအနီးမှ ထွက်ခွာခဲ့၏။ သူခြေလှမ်း၍ လေး၊ ငါး ချောက်လှမ်းလောက်အရောက်မှာတော့ ဒေါ်မယ်သက်ကြီးအော်သံကို အများကြားလိုက်ကြရသည်။

"ငါ့အိမ်ကို ခွေးရူးမဲသွားတယ်"

ကိုချန်ထွန်းသည် အံကိုကြိတ်၍ သီးများကို ကျစ်ကျစ်ပါအောင် ဆဲထားလိုက်မိသည်။

(၅)

ရွာတောင်ပိုင်းမှ ပြန်ရောက်လျှင် ကိုချန်ထွန်းတစ်ယောက် ကြီးတောင်ဓားကြီးတစ်ချောင်းကို သွေးတည်းသွေးနေလေတော့သည်။ အသံသည် သူ့သား ဓားသွေးနေပုံကို ကြားယောင်နိုင်ဖြစ်နေ၏။ သူ၏သား ဦးသာစွာ အေးအေးဆေးဆေး ဆောက်သူတစ်ယောက် ဖြစ်သည်။

"ဒီဓားကြီးကိုသွေးပြီး ဘာများ လုပ်မှာပါလိမ့်"

ဟု တွေးနေမိသည်။

နေ့စဉ်ရက်ဆက် ဓားသွေးနေ တာစနေ့တွင် စိုးရိမ်စိတ်ဖြင့် မေး ခဲ့၏။

"သားရယ်၊ ဓားတသွေးသွေးနဲ့ ပြုစုနေတာလဲကွယ်"

အရေးကြုံရင် အသုံးလွယ် အောင်လို့ပါ အမေရဲ့"

ကိုချန်ထွန်း၏ ယခုကဲ့သို့ အဖြေမျိုး အမေအံ့ စိတ်သက်သာရာ ရသည်။

ဆီမှာရှိသော ငှက်ပျောပင်များ ကို ကိုချန်ထွန်း ဓားစမ်းကြည့် ငှက်ပျောပင်ကို ဓားနှင့် အသာ ခုတ်ကြည့်၏။အလွန်ထက်နေသော ဓားကြောင့် ငှက်ပျောပင်များ ခုတ်နှုန်းပင် ရုတ်တရက်မသိသာ တော့ပေ့ါလိုက်မှ လဲပြိုကျ သွား၏။

ကိုချန်ထွန်း သူ့ဓားကို တသသ ဆောက်သဘောကျနေ၏။ သီချင်း တဖြင့် ဓားသွေးလိုက်၊ စမ်း (၇) ရက်ပြည့်သောနေ့မှာ ရွာ ထဲမှ တောင်ပိုင်းသို့ အမေအံ့ ကြောင့် ထူးသွားသည်။ သည်တစ် ခေါက်ခြင်းမှာ ချစ်သူမသန်း ပေတော့ပေ။ ဒေါ်မယ်သက် ထံသို့ တမင်သက်သက်လာခဲ့ခြင်းဖြစ် သည်။ သူစိတ်ထဲမှာ လွန်စွာစိတ်နာ မုန်းတီးရွံရှာနေသော ဒေါ်မယ်သက်ကြီး ခေါင်းနှင့်ကိုယ်အိုးစားကွဲတော့မည်ကို တွေး၍ လမ်းတစ်လျှောက်လုံး တိုချန် ထွန်းပျော်နေ၏။

ဝင်လုဆဲဆဲနေမင်း၏ ရောင်ခြည် တို့သည် ဖျော့တော့တော့ဖြင့် ရွာနှင့် လယ်တောများကို လွှမ်းခြုံထား၏။ အိပ် တန်းတက်တော့မည်ဖြစ်သော ငှက် တစ်အုပ်သည် သူတို့အိပ်တန်းရှိရာသို့ ကိုချန်ထွန်း၏ ခေါင်းပေါ်မှ ဖြတ်ပျံသွား ကြသည်။

ကိုချန်ထွန်းသည် ဒေါ်မယ်သက် အိမ်ရှိ နောက်ဖေးခြံစည်းရိုးနားသို့ အသာတိုးကပ်သွားသည်။ သစ်ပင်တစ် ပင်ကိုကွယ်၍ အခြေအနေကိုကြည့်လိုက် သောအခါ ဒေါ်မယ်သက်တစ်ယောက် တည်း မီးဖိုဆောင်၌ ထမင်းစားနေသည် ကို တွေ့ရ၏။ ကိုချန်ထွန်းဝုတ်၍ယူလာ သော ဓားကို ကျစ်ကျစ်ပါအောင်ဆုပ် ကိုင်ပြီး ဒေါ်မယ်သက်၏ အနားသို့ တိတ်ဆိတ်စွာတိုးကပ်သွား၏။ဒေါ်မယ် သက်မှာ အေးအေးဆေးဆေးထမင်းစား မပျက်။ သူနောက်ဘက်ဆီမှ သူ့ကိုသတ် ရန်လာသော အန္တရာယ်ကို သူမမြင်။ ကိုချန်ထွန်း၏အသံကို သတိမထားမိ ချေ။

ကိုချန်ထွန်းသည် မီးဖိုဆောင်ပေါ် သို့ လျင်မြန်စွာ ခုန်တက်လိုက်ပြီးလျှင် ဒေါ်မယ်သက်၏ ဇက်ကို ဓားနှင့်တအား သွဲ့၍ ပိုင်းချလိုက်သည်။ ပါးစပ်အတွင်း သို့သွင်းရန် ဟန်ပြင်နေသော ထမင်း လုတ်သည် လွင့်စဉ် ပြန့်ကျဲကုန်တော့ ၏။ အသံထွက်ချိန်ပင် မရလိုက်ဘဲ ဒေါ်မယ်သက်တစ်ယောက် ခေါင်းပြတ် လုနှင့် အသက်ထွက် ကျန်ရစ်၏။

ဒေါ်မယ်သက်၏ အိမ်ရှေ့မှ ကိုချန်ထွန်း ဂျန္ဒေါရရနှင့်ထွက်လာခဲ့ သည်။ မသန်းရင်တို့အိမ်ဘက်ကို လှမ်း ကြည့်လိုက်ပြီးလျှင် ရွာလယ်လမ်းမ အတိုင်း လယ်ကွင်းတွေဘက်ထွက်သွား လေသည်။

သွေးလူးနေသော ဓားကြီးကိုဆုပ် ကိုင်၍ ရွာလမ်းမအတိုင်း လယ်ကွင်း တွေဆီထွက်သွားသောသူကို မသန်းရင် တို့ ညီအစ်မတွေနှင့် ရွာသားများပါ မြင် တွေ့ကြရပြီး အထိတ်တလန့် အုံဩနေ ကြသည်။

"အမယ်လေး - လာကြပါဦး၊ ကျွန်မအမေကို ခွေးရူးကိုက်သွားပါ တယ်။ ကိုချန်ထွန်းကြီး သတ်သွားပါ တယ်"

စူးစူးရှရှ အော်ဟစ်ငိုကြွေးလိုက် သော ဒေါ်မယ်သက်၏ သမီးအသံ ကြားကြရမှပင် တောင်ပိုင်းရွာသူရွာ သားများအားလုံး လှုပ်လှုပ်ရှားရှားဖြစ် သွားကြသည်။ ထိုအချိန်မှာ ကိုချန်ထွန်း သည် ရွာနှင့်အတော်ဝေးဝေး လယ်ကွင်း ထဲသို့ ရောက်နေလေပြီ။

နေဝင်သွားပြီဖြစ်၍လည်းအမှောင် သည် လွှမ်းမိုးလာပြီ ဖြစ်လေသည်။

(၆)

ရွာသူရွာသားများသည် ကြားသာ၊ မစ္ဆရိယ၊ အာဃာတတရားများကိုအခြေ ခံလျက် ပေါက်ဖွားလာသော ဒေါသ တရား၏ ကြောက်စဖွယ်ကောင်းပုံကို တွေ့မြင်လာကြသည်။

လောကကြီးကို သာယာငြိမ်းချမ်း အောင် စောင့်ရှောက်တတ်သော (ဟိရီ သြတ္တပ္ပ) တရားများ ပျောက်ကွယ်ပြီး မကောင်းသော အတွေးအကြံများကို တွေးကြံမိရာမှ နှုတ်ကြောင့် အသက်ဆုံး ရှုံးရသည့် ဒေါ်မယ်သက်နှင့် နောက် တစ်နေ့နံနက်တွင် လယ်ကွင်းထဲရှိ သစ်ပင်တစ်ပင်မှာ မိမိကိုယ်ကို ကြိုးဆွဲချ ၍ အဆုံးစီရင်သွားသော ရွှက်ဒေါသ အားကြီးခဲ့သည့် ကိုချန်ထွန်းတို့နှစ် ယောက်၏ ကြောက်စရာဖြစ်ရပ်ကို လွန်စွာထိတ်လန့်တုန်လှုပ်မိကြသည်။

သူတစ်ဖက်သားကို ညှဉ်းပန်း နှိပ်စက်လိုသောအတွေး၊ ထိခိုက်နစ်နာ စေလိုသောအတွေး၊ လောကကြီးကို အကျိုးမပြုသည့် အတွေးအကြံ၊ အပြော အဆို၊ အပြုအမူမျိုးကို ရှောင်ကြဉ်သင့် ကြောင်း သံဝေဂဉာဏ်များ ဖြစ်ပွားကြ ရ၏။

သူတစ်ပါး၏ အရွက်နှင့်သိက္ခာကို စောင့်ကားမိသော နှုတ်ကြောင့်သေခဲ့ရ သည့် ဒေါ်မယ်သက်ကြီးနှင့် ဒေါသအ လျောက် ရွှက်ရမ်းရမ်းမိသည့်လုပ်ရပ် ကြောင့် နောက်ဆုံးမှာ မိမိအသက်ကိုပါ ပေးလျော်ခဲ့ရသည့် ကိုချန်ထွန်းတို့၏ ဖြစ်ရပ်မှာ အများသူငါ သင်ခန်းစာယူ စရာအဖြစ် ရေးသား တင်ပြလိုက်ရပေ သည်။

ထုံးတောင်-အရှင်မွေဝီယ (မြောင်)

စာကိုး -

ရှမဝမဂ္ဂဇင်း
ပုလဲ၏ဆောင်းပါးမှ

www.burmeseclassic.com

www.burmeseclassic.com

အောင်သိန်းဝင်း (ပွင့်ဖြူ)
တီးခေါက်တတ်ခြင်းအယူ

မြန်မာလူမျိုးတို့သည် အယူသီးကြသည်၊ အစွဲအလမ်းကြီးလွန်းသည်ဟုဆိုကြမည်။ အမှန်လည်းတွေ့ဖူး၊ ကြုံဖူးကြ၍ လိုက်နာဆောင်ရွက်ကြသည်လည်းရှိသည်။

'တစ်ကျောင်း တစ်ပညာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ တစ်ကျမ်း တစ်ဂါထာ' ဆိုသကဲ့သို့ မူကွဲများရှိနိုင်သည်။

သို့သော် အနယ်နယ်အရပ်ရပ် ဤသဘောတရား၊ ဤအပြုအမူများကို လက်ခံယုံကြည်နေကြမြဲရှိသည်။ ရှောင်ကြည်ကြမြဲဖြစ်သည်။

စွေးသည်တစ်ဦးသည် စွေးဦးစွေးဖျား မိမိဗန္ဓုဇဉ်းရောင်းထွက်ခဲ့သော်ကံကောင်းသည်ယူဆ၍ ငွေစက္ကူရွက်ကိုင်ပြီး စွေးဗန်းခေါက်ကာ ဖွဖွဲ့ လာဘ်၊ လာဘ် နှင့်အဖော်တစ်ထောင်ခေါ်' ဟု ဆိုတတ်သည်။ စွေးဦးလန်ခြင်းကိုတော့ မလိုလား။

ရုံးဌာန၊ ရဲစခန်းစာပွဲ၊ ဆေးရုံလူနာကုတင်တို့ကို လက်အငြိမ်မနေနိုင်ဘဲ အမှုမဲ့အမှတ်မဲ့ တီးခေါက်ခြင်းကို မကြိုက်ကြ။ တားမြစ် ဝိတ်ပင် ဟန့်တားသည်။

တစ်ခါက အထက်တန်းကျောင်းအုပ်ကြီးတစ်ဦးသည် မိမိကျောင်းမှ တပည့်တစ်ဦးဆေးရုံတက် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေခိုက် လူမမာသွားမေးသည်။

ဆရာကြီးက တပည့်အနီးရှိ ဆေးရုံကုတင်လွတ်တွင်ထိုင်ရင်း စကားစမြည်ပြောနေ၏။ စကားပြောရင်း အမှုမဲ့အမှတ်မဲ့နှင့် မိမိထိုင်နေသောကုတင်ကိုခေါက်နေမိ၏။

ထိုအခါအနီးရှိ လူနာစောင့်က -

"ဆရာကြီး၊ ဆေးရုံကုတင်မှာ မခေါက်ပါနဲ့။ လူနာသစ်ရောက်လာတတ်တယ်ဗျ"

ဟု သတိပေးဟန့်တား၏။

ဆရာကြီးက -

"ခင်ဗျားတို့က အလွန်အယူသီးလွန်းတယ်ဗျာ"

ဟု မကျေမနပ်နှင့် ပြန်ပြောနေသည်။

မကြာမီ ဆရာ့ကျောင်းမှကျောင်းသူတစ်ဦး စက်ဘီးနှင့် ကားခိုက်မိပြီး အရေးပေါ်လူနာအနေဖြင့် ဆေးရုံရောက်လာသည်။

ထိုအခါ လူနာစောင့်က -

"ကဲ-ဆရာကြီး၊ ကျွန်တော်မပြောဘူးလား"

ဟု ပြောပြသောအခါ ဆရာကြီးက -

"ဒါက အကြောင်းတိုက်ဆိုင်မှုနေမှာပါဗျာ"

ဟုပြောရင်း လူနာကျောင်းသူဆီထွက်သွားခဲ့သည်။

တစ်ခါတွင် ဆရာကြီး၏မိတ်ဆွေတစ်ဦးဆေးရုံတက်နေသဖြင့် လူနာသွားမေးရင်း သူထိုင်သောခုတင်ကို မသိမသာခေါက်စမ်းသပ်လိုက်သည်။

မကြာပါ။ ဆရာကြီးကျောင်းမှကျောင်းသားတစ်ဦးကားတိုက်မိ၍ ဆေးရုံသို့ အရေးပေါ်လူနာအဖြစ်ရောက်လာသည်။ ယခု စမ်းသပ်ချက်လည်း ဆရာကြီးက လက်မခံသေး။ မယုံကြည်သေး။ တိုက်ဆိုင်မှုဟုသာ လက်ခံထားသည်။

နောင်အခါ ဆရာကြီးကျောင်းမှ ဆရာမတစ်ဦးဆေးရုံတက် မီးဖွားနေခိုက် ဆရာကြီးက လူမှုရေးဝတ္တရားအရ သွားရောက် တွေ့ဆုံ အကူအညီပေးသည်။

ထိုသို့သွားရင်း အရင်တစ်ခါလို ဆေးရုံကုတင်ကို မသိမသာခေါက်စမ်းသပ်လိုက်သည်။

မကြာမီ ဆရာကြီးကျောင်းမှ ကျောင်းသားတစ်ဦး ဆိုင်ကယ်တိုး၍ လက်ကျိုးပြီး ဆေးရုံရောက်လာသည်။ ဒီတစ်ခါအတွေ့အကြုံတွင် ဆရာကြီးဖြို့ သွားပြီ။ မစမ်းသပ်ခဲ့တော့။ မြို့မြို့မြ မြက်ခံစားလိုက်ရသည်။ အကြောင် တိုက်ဆိုင်မှုကြောင့်ဟု မပြောရဲ၊ မပြော ဝံ့တော့။ အဘယ်ကြောင့်ဆိုသော် ဆေ ရုံအရေးပေါ်ဌာနရောက်လာသမျှသူ သူကျောင်းသူကျောင်းသားတွေချည်း နေသောကြောင့်တည်း။

ဤအတွေ့အကြုံမျိုး ရုံးဌာ ရဲစခန်းများတွင် ကြုံဖူးသူများလည်း စာရှည်မည်စိုး၍ ရေးသားမပြတော့ပြီ။

ရဲစခန်းစာပွဲ လက်ဖြင့် ပုတ်ခ ပြောမိ၍ လူသတ်မှု၊ မားပြမှု၊ မုဒိမ်း တိရစ္ဆာန်ဒုံးမှုစသော အမှုကြီးများတ ခဲ့သည်။

အထက်ဖော်ပြပါ ဆရာကြီးတ ပြောမယုံ၊ ကြုံဖူးမှသိကြသူတွေလည ဒုနှင့်ဒေး။ တချို့က မယုံအကြည် အများစု လက်ခံယုံကြည်သည်ကို စွဲလ သည်၊ အယူသီးလွန်းသည်ဟု ထင် သည်။ ကဲ့ရဲ့ထူသည်။ အပြစ်တင်သ

စာရှုသူများလည်း ဤအ အကြုံမျိုး ကြုံဆုံဖူးကောင်းကြုံ မည်ထင်ပါသည်။ ယုံသည်၊ မယုံသ အပ,ထား။ ဆင်ခြင်တုံတရားနှင့်စဉ်း ဝေဖန် လိုက်နာသင့်ကြောင်း၊ သ တရားထားသင့်ကြောင်း စေတနာ ထား ရေးသား တင်ပြလိုက်ရပေသည်

(ဤအကြောင်းအရာများ ပြော ခဲ့သော ပွင့်ဖြူ အ-ထ-က မှ ဆရာမ ဒေါ်မြအုန်းခင်အား အမှတ်တရ)

အောင်သိန်းဝင်း (ပွင့်ဖြ

www.burmeseclassic.com

www.burmeseclassic.com

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၏ သမိုင်းဝင်

ကြီးလေးကြီးအဓိဋ္ဌာန်ပြည့်တန်ခိုးကြီးဘုရားလေးဆူ

ဇရာမြေ-ကျော်ဝေ

ဧရာဝတီတိုင်းဌာနီသည် မြန်မာ့သမိုင်းတွင် အားထားရာ စပါးကျီတိုင်းဒေသအဖြစ်ခေါ်ဝင်ခဲ့ဖြစ်သည်။ ထိုဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းကို မေးတင်ပြီး သရေမဂ်လာရှိစွာ ကျန်ခဲ့ရစ်ရှင်ရုပ်တည်နေသည့် ဟင်္သာတလေးသည် ဘာသာသာသနာတို့ ဆွေးနွေးပစည်ကားလှုပါပေသည်။

'ဟင်္သာတ' အမည်နာမက ကဗျာဆန်သည်။ ဟင်္သာငှက်တို့ ပျော်စံရာမြေ၊ ဟင်္သာငှက်ကို ငှက်အပေါင်းတို့၏ မင်းဟုဆိုခဲ့လေတော့ ဟင်္သာတကိုလည်း ငှက်မင်းတို့၏ မြို့တော်ဟု ဆိုရသော်မှားနိုင်အံ့မထင်ပါ။ ဆိုရပါလျှင် ဤမြစ်ပြင်ဤသောင်းကမ်းသည် ဟင်္သာငှက်တို့ ပျော်မြူးရာဌာနီပင်တည်း။ သို့ကြောင့် ဤမြေ၊ ဤရေ၊ ဤဌာနီကို ရှေးယခင်က ဟသာပတ်၊ ဟံသပတမှသည် (၀)အက္ခရာကြေ၍ ဟံသတ၊ ထို့နောက်လရွေ့လျားလာသည့်အခါ ဟင်္သာတသို့ ခေါ်ဆိုမည်တွင်ခဲ့ကြပေသည်။

ပါးစပ်ရာဇဝင်အရ တချို့ကလည်း သဲသောင်ပေါ် ထွန်းလျက်ရှိသော ကမ်းခြေတွင် ဟင်္သာငှက်များကျက်စားမြူးထူးရာဒေသဖြစ်သောကြောင့် ဟင်္သာတဟူ၍လည်းကောင်း၊ ဟင်္သာဖို့နှင့်ဟင်္သာမတို့ ကွဲကွာသွားသောကြောင့် ဟင်္သာဖို၊ ဟင်္သာမတို့၏ တမ်းတမ်းတတလွမ်းဟန်ကို မြည်တမ်းဖော်ကျူး၍ ဟင်္သာတဟုခေါ်ကြသည်ကိုလည်း မှတ်သားထားမိပါသည်။

တစ်ဖန် သက္ကရာဇ် ၆၀၂ ခုနှစ်



ကျောက်တော်ကြီး



ချမ်းသာကြီးစေတီတော်



မြိုသူကြီးစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

နရသီဟပတ္တေမင်းသည် တရုတ်တို့၏ ရန်ကြောင့် အောက်အရပ်သို့စုန်ဆင်းလာရာ ပုသိမ်တွင် (၅) လနေ၍ အပြန်တွင် ပုဏ္ဏဝတီမြစ် (ယခု ဝေန်မြစ်) နှင့် ဧရာဝတီမြစ်တို့ဆုံရာ ဖောင်တော်ပေါ်တွင် ဟင်းခွက် (၃၀၀) မပြည့်သဖြင့် မိမိဆင်းရဲလှသည်ဟုဆိုကာ ဟင်းလျာ,တ၍ငိုသည်ကို အကြောင်းပြု၍ ဟင်းလျာတမှ တစ်ဆင့် ဟင်္သာတဟု ခေါ်ဆိုခြင်းဖြစ်သည်ဟု ရာဇဝင်ကဆိုပြန်ပါသည်။

နောက်တစ်မျိုးမှာ ပထဝီ၊ ရေ၊ မြေ အနေအထားအရ သောင်ပေါ်ထွန်းစဉ် ဤဌာနတွင် ရေ၊ မြေကိုလိုက်၍ ပေါက်ရောက်သော ဓနုန်းပင်များပေါများရာဒေသဖြစ်ခဲ့သည်။ မွန်တိုင်းရင်းသားတို့၏ ဘာသာစကားအရ ဟန်ဇဒါးဟုခေါ်ကြသည်။ ကာလကြာသော် ဟန်ဇဒါးမှ ဟန်းဇဒါး (Henzada)၊ ထို့မှ ဟန်းသဒ၊ ဟင်းဒသ၊ ဟင်္သာတဟူသောစကားလုံးဝေါဟာရသို့ ပြောင်းလဲမည်တွင်လာခဲ့ရကြောင်း ပညာရှင်တို့၏အဆိုကိုလည်း လေ့လာသိရှိခဲ့ရပြန်ပါသည်။ မည်သို့ပင်ဆိုစေ ဟင်္သာတသည် အေးချမ်းစည်ပင်သာသနာရောင်ပါ ထွန်းလင်းစေသော မြို့တစ်မြို့ဖြစ်သည်ကိုတော့ မည်သူမှငြင်းဆိုနိုင်မည်မဟုတ်ပါပေ။

ဟင်္သာတမြို့၏ စတုဒိသာအရပ်လေးမျက်နှာတွင် အထင်ကရ ဘုရားလေးဆူကို တည်ထားခဲ့ပါသည်။ အရှေ့အရပ်တွင် မြို့သူကြီးဘုရား၊ အနောက်အရပ်တွင် ဆယ်ထပ်ကြီးဘုရား၊ တောင်အရပ်တွင် ကျောက်တော်ကြီးဘုရား မြောက်အရပ်တွင် ချမ်းသာကြီးဘုရား ဟူ၍ ကြီးလေးကြီးဘုရားဖြင့် ဝန်းရံထားသည်သို့ရှိနေပါပေသည်။

ကြီးလေးကြီးမည်သော ဘုရား

ကျောက်တော်ကြီးရုပ်ပွားတော်

မြို့သူကြီး နီဘုရား

ချမ်းသာကြီးမတ်ရပ်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

သေးဆူသည် နေ့နံအလိုက် ထူးထူးခြားခြား အကွရာဂဏန်းပေါင်းခြင်းများမှာ အစဉ်လိုက်ဖြစ်နေသည်ကိုလည်း အံ့သြစရာဖြစ်နေပြန်ပါသည်။ အကွရာဂဏန်း သင်္ချာစဉ်ကြီးလိုက် (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃) ဟူသော ကြီးလေးကြီးဘုရားလေးဆူတို့ သမိုင်းအကျဉ်းနှင့်ပူဇော်ပါမည်။

၁။ ခွန်သောကြီးဘုရား -

ရှေးအခါက မုဆိုးတစ်ဦးသည် ဆောဝက်ကို ဟသ်ာတတစ်ဖက်ကမ်းတွင် မီးကင်လိုသည်။ သို့သော် မီးကား မရှိပေ။ သို့သော် အခြားတစ်ဖက်ကမ်းမှ မီးရောင်ကိုမြင်နေရပေ၏။ ထိုအခါ မုဆိုးမှာ မှန်ကန်သောသစ္စာကိုပြု၍သော် ငါအလိုရှိအပ်သောအရာသည် ပြီးမြောက်ခြင်းသို့ဖြစ်တန်ရာသည်



ဆယ်ထပ်ကြီးခုနှစ်ထောင်မြတ်

ဟူသောအတွေးဖြင့်အဓိဋ္ဌာန်လေရာ -

"ငါသည် ယခင်အခါက မင်းသားတစ်ပါးဖြစ်ခဲ့ပါ၏။ ရတနာပုံနန်းတွင်း အနေတော်ပုံဖြင့် ထွက်ပြေးပုန်းရှောင်ခဲ့ရာတွင် ယခု ဟသ်ာတနယ်ဘက်ရောက်လာခဲ့ရပြီး မုဆိုးအဖြစ် မထင်မရှားခိုလှုံပုန်းအောင်းနေခဲ့ရပါသည်။ ငါသတ်ခဲ့သော သားကောင်များသည်လည်း များလှချေပြီ။ ငါသည် အကုသိုလ်များလွန်းသောမုဆိုးဘဝမှလည်း ကျွတ်လွတ်ချင်လှပါပြီ။ ဤသစ္စာစကားမှန်ကန်ခဲ့ပါက ငါ့အဓိဋ္ဌာန်သည် ပြည့်ဝပါစေသတည်း"

ဟူသောအဓိဋ္ဌာန်ဖြင့် ဝက်လက်ကို တစ်ဖက်ကမ်းမှမီးရောင်ဖြင့်ကင်လေရာ အံ့သြစွာပင် ဝက်လက်မှာကျက်ခဲ့လေသည်။ မုဆိုးတစ်ဖြစ်လဲ မင်းသားသည် သူ၏အဓိဋ္ဌာန်အောင်မြင်ခဲ့သဖြင့်



ကျောက်တော်ကြီးစေတီ



မြို့သူကြီး နဂါးနဲ့ဘုရား

ကျောက်တော်ကြီးတန်ဆောင်း

ဆယ်ထပ်ကြီးဆဝင်မုခ်ဦး



ဆယ်ထပ်ကြီးကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးဘဝမှကျွတ်လွတ်၍ ရဟန်းပြုခဲ့လေတော့သည်။ မင်းကျောင်းတွင် ရဟန်းတရားအားထုတ်နေစဉ်မှာပင် (၁၈)တောင်စေတီတော်တစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့ပေသည်။ထိုအမည်မသိသော မင်းသားမုဆိုး တစ်ဖြစ်လဲ ရဟန်းတစ်ပါးမှ အစပြု၍ တည်ထားခဲ့သော ဘုရားစေတီကို ၁၁၈၁ ခုနှစ်တွင် လှေသူကြီးဦးချမ်းသာက ပြန်လည်၍ ပြုပြင်မွမ်းမံပြီး အမြင့် (၄၂) တောင်ဖြင့် 'ချမ်းသာကြီးဘုရား' ဟူ၍ ဘွဲ့အမည်တော်ပေးပြီး တည်ထားခဲ့လေသည်။ ထို့နောက် ချမ်းသာကြီးဘုရားကို မင်းကျောင်းဆရာတော် ဦးပဏ္ဍိတမမွသည် ၁၃၂၈ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်အသစ်တင်လျှပြီး စေတီတော်ကိုလည်း ရွှေသင်္ကန်းကပ်လှူခဲ့ပေသည်။ ဝိဇ္ဇာတို့စောင့်ရှောက်သည့် ထူးကဲသော ဘုရားစေတီတော်တစ်ဆူဖြစ်၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြီးချင်သူများ အဓိဋ္ဌာန်ဝင်ဆုတောင်းပြည့်စေပါသည်။

ချမ်းသာကြီးကို နေ့နံ့အက္ခရာ ဂဏန်းသင်္ကေတအလိုအားဖြင့် 'ချမ်း' သည် တနလ်ာနံ (၂) ဂဏန်း၊ 'သာ' သည် သောကြာနံ (၆) ဂဏန်း၊ 'ကြီး' သည် တနလ်ာနံ (၂) ဂဏန်း၊ စုစုပေါင်းလျှင် ချမ်းသာကြီးသည် (၁၀) ဂဏန်းရသဖြင့် ကြီးလေးကြီးအဓိဋ္ဌာန်ဝင်လျှင် ပထမဦးဆုံးဝင်ရမည့် ဆုတောင်းပြည့် ဘုရားတစ်ဆူဖြစ်ပါသည်။

၂။ ကျောက်တော်ကြီးဘုရား

ကျောက်တော်ကြီးဘုရားသည် မြန်မာနိုင်ငံ ကိုလိုနီလက်အောက်ကျရောက်ခဲ့စဉ်ကာလတွင် တည်ထားကိုးကွယ်ခဲ့သောဘုရား ဖြစ်၏။ ၁၂၇၃ ခုနှစ်တွင် ပထမဘုရားကြီးဆရာတော် ပျံလွန်တော်မူရာ နိဗ္ဗာန်စံကျောင်းသို့ပင် ဆောင်တော်မူကြသည်။ ထိုနှစ်ထဲတွင် တိုက်အုပ်ဆရာတော်က တပည့်ဒါယကာ၊ ဒါယိကာမများအား စည်းဝေးတိုင်ပင်ပြီးလျှင် ဘုရားကြီးကို ပင့်ဆောင်ပူဇော်ရန် အဓိဋ္ဌိန်ရှိလေသည်။ ပရိသတ်၏ကိုယ်စား ဦးမောင်မောင်ခက ဘုရားကြီးကိုပင့်ဆောင်ပူဇော်ရန် အခက်အခဲရှိလိမ့်မည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားရာ တိုက်အုပ်ဆရာတော်က သဒ္ဓါတရားရှေ့ထား၍ ဆောင်ရွက်လျှင် မဖြစ်နိုင်စရာအကြောင်းမရှိဟု အဓိဋ္ဌိန်ရှိလေသည်။ ဆရာတော်၏ မိန့်ကြားချက်အရ ဦးမောင်မောင်ခက ဘုရားကြီးကိုထုလုပ်ကိုးကွယ် ပူဇော်နိုင်ရန်အတွက် စရိတ်စကအဖြစ် ဆရာခိုင်အမှူးရှိသောပုဂ္ဂိုလ်များအား ငွေနှစ်ထောင်ရိုက်ထုတ်ပေးသည်။ ဆရာခိုင်တို့သည် စက္ကူတောင်သို့သွား၍ ၁၂၇၄ ခုနှစ်၊ တော်သလင်းမှစ၍ ရုပ်ပုံတော်ကို အကြမ်းပုံဖော်ခဲ့ကြသည်။ ထိုနှစ် တန်ဆောင်မုန်းလတွင် တောင်ခြေမြေညီသို့ ရောက်လာကြသည်။ ဆရာခိုင်တို့အား နောက်ထပ်ငွေအမြောက်အမြားပေးခဲ့သည်။ ၁၂၇၅ ခု၊ ဝါခေါင်လတွင် စက္ကူတောင်မြောင်းတော်မှထွက်ခဲ့ရာ မန္တလေးသရက်မော်ဆိပ်သို့ ရောက်လာသည်။ တော်သလင်းလတွင် ဖောင်တော်ဖြင့် စုန်ဆင်းလာခဲ့သည်။

တော်သလင်းလဆုတ် ၄ ရက်၊ သောကြာနေ့၌ ဟင်္သာတမြို့ဆိပ်ကမ်းသို့ ဖောင်တော်ကပ်သည်။ သီတင်းကျွတ်လဆုတ် ၅ ရက်နေ့တွင် ကုန်းပေါ်သို့ပင့်ဆောင်ခဲ့သည်။ တပို့တွဲလတွင် ပလ္လင်တော်ပန်ဆက်ချသည်။ မြေတူးသောအခါ ပလ္လင်တော်နေရာအလယ်ချက်အောက်တည့်တည့်၌ သံသပိတ်တစ်လုံးကိုတွေ့ရသည်။ အောက်ဘက်သို့ ဆက်လက်တူးသောအခါ ကမ္ဘာလိပ်ကြီးအရှင်တစ်ကောင်ရသည်။ ဆက်လက်၍ တူးကြည့်ပြန်သောအခါ (၇)ကျပ်သားရှိသော ရွှေလက်ကောက်တစ်ကွင်းရခဲ့သည်။

၁၂၇၅ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် အမိန့်တော်ပြန်ရန် သေနတ်အချက်ပေါင်းများစွာ ပစ်ဖောက်၏။ ထို့နောက် ပလ္လင်တော်၌ ဆရာတော်ကြီး၏ ပရိဘောဂသက်နှံနှင့်သပိတ်တို့ကို ဌာပနာသည်။ ၁၂၇၅ ခု၊ နှောင်းတန်ခူးလဆန်း



ကျောက်တော်ကြီးဘုရား၏သပိတ်းအသေးစိတ်

www.burmeseclassic.com

www.burmeseclassic.com

ရက်နေ့တွင် ရွှေပြောင်ပြောင်စံ ကျောင်းတော်မှ ပလ္လင်တော်ပေါ် သို့ ပင့် ဆောင်သည်။ ၁၂၇၆ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့မှစ၍ ဘုရားကြီးကို အချော ထိုးရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးနှာတော်ဖွင့်ပွဲ ကျင်းပခဲ့ပါသည်။ ၁၂၇၅ ခု၊ နယုန်လဆုတ် ၅ ရက်နေ့တွင် ဘုရားရှိတိုက်အားပန်းတော်ချခဲ့သည်။ ဘုရားတော်ကြီးဘုရား၏ ဥာဏ်တော် အမြင့် (၁၁) တောင်၊ (၂) မိုက်ရှိသည်။ ရွှေသင်းကျစ်တော်အလျား(၃)တောင်၊ (၁)လက်မ။ သင်းကျစ်တော်အပြန့်(၈) လက်မ၊ လက်ယာဘက်ချလက်တော် (၆) တောင်၊ (၇)လက်မ။ လက်ရုံးတော် အထပ် (၃) တောင်။ လက်ညိုးတော် အရှည် (၁)တောင်၊ (၆)လက်မ။ လက် သန်းတော်အရှည် (၁) တောင်၊ (၂) လက်မ။ လက်ဝဲဘက်ပိုက်လက်တော်မှာ လက်ယာဘက်နှင့်အတူတူရှိတော်မူ၏။ ခြေတော်အလျား(၂)တောင်(၇)လက်မ။ ခြေတော်အပြန့် (၁)တောင်။ ထက်ဝယ် ဘွဲ့၏ ဒူးစွန်းနှစ်ဖက်တော်မှာ (၆) တောင်၊ စမ္မခဏ်လုံးပတ်တော် (၁၇) တောင်ရှိတော်မူကြောင်း ဘုရားကြီး၏ ဘုဉာဏ်စာ၌ တိကျစွာ ဖော်ပြထား သည်ကို တွေ့ရှိရပါသည်။

ဟင်္သာတမြို့၏ ကြီးလေးကြီး ဘုရားများထဲတွင် ပေါင်းခြင်းအကွာရာ အနည်းဆုံးကော်တအလိုအားဖြင့် ကြီးလေး ကြီးတွင် ဒုတိယအဓိဋ္ဌာန်ဝင်ရမည့်ဘုရား ဖြစ်သည်။ ကျောက်တော်ကြီး ဟူသော ဘုရားကြီး၏ နွေနံသင်္ကေတဂဏန်းအရ ဂဏန်းတော် သည် စနေနံ (၇) ဂဏန်း၊ 'ကြီး' သည် တနင်္လာနံ (၂) ဂဏန်းဖြစ်၍ ပေါင်းလျှင် (၁၁)ဂဏန်းရသည်။ အဓိဋ္ဌာန်ဝင်ဆုတောင်းလျှင် ဆုတောင်း ပြည့်သော ဘုရားတစ်ဆူ ဖြစ်ပါသည်။

၂။ ဆယ်ထပ်ကြီးဘုရား

ဟင်္သာတမြို့၏ ကြီးလေးကြီး ဘုရားများထဲတွင်ပါဝင်သော တန်ခိုးကြီး ဘုရားတစ်ဆူမှာ ဆယ်ထပ်ကြီးခေါ် ဆရာတော်ကြီး (သို့) ရုပ်ရှင်တော်မြတ် ဆယ်တော်ကြီး ဖြစ်သည်။ ရန်ကုန်မြို့၌ ဆယ်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား ကြီးခင်းမြို့တွင် ခြောက်ထပ်ကြီး ဘုရား ဆယ့်တစ်ထပ်ကြီးဘုရားများရှိ သည်။ ဟင်္သာတမြို့တွင် အထင်ကရ ဆယ်ထပ်ကြီးဘုရားတစ်ဆူ သပွတ်စွာ ဘုရားထား ကိုးကွယ်လျက်ရှိပါသည်။

ဆယ်ထပ်ကြီးဘုရားကို ၁၂၇၁ ခု၊ တပို့တွဲလပြည့်ကျော် (၂)ရက် ဗုဒ္ဓဟူးနေ့ ညနေ (၄)နာရီ၊ (၄၀)မိနစ်၊ (၃၇)စက္ကန့် အချိန်တွင် ပန်းတော်တင်သည်။ အုတ် မြစ်ကို အနက် (၉) ပေ၊ အလျား (၆၄) ပေ၊ အနံ (၄၉) ပေ အခြေခံ၍ ဖောက် ထွင်းပြီးလျှင် ကလပ်ခြေကဲ့သို့ တဖြည်း ဖြည်းဆုတ်လျက် သရွတ်ပြည့်စီ၍ တက် သည်။ ဒုက္ကရစရိယာ(၆)နှစ်ကျင့်တော်မူ သည်ကို ရည်စူး၍ ပုလွင်တော်မှာ (၆) တောင်ဖြစ်သည်။ ဥာဏ်တော်မှာ (၄၅) တောင်အမြင့်တည်သည်။

၁၂၇၄ ခုနှစ်၊ နယုန်လဆန်းတွင် ဘုရားတည်ပြီးခဲ့သည်။ ၁၂၇၅ ခု၊ တန်ခူး လဆုတ် ၅ ရက်၊ သောကြာနေ့နံနက် (၉) နာရီအခိုင်တွင် အင်တေအချောကိုင်ပြီးသည်ဖြစ်၍ သံယာတော်အရှင် သူမြတ်များသည် တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ဆန်ပန်းပေါက်ပေါက်တို့ဖြင့် ပရိတ်အနေကဇာ ပထမဗုဒ္ဓဝစဋ္ဌ စသည် တို့ကို ရွတ်ဖတ်ပူဇော်ကြသည်။ စေတီ တော်ကြီး၏ စွယ်တော်ဓာတ်တော်၊ စိန်၊ ရွှေ၊ ငွေ၊ ဆင်းတုတော်နှင့် မမ္မကွန္ဓာမ စ၍ ရတနာအမျိုးမျိုးတို့ကို ခမ်းနားကြီး ကျယ်စွာ မင်္ဂလာသဘင်ဆင်ယင်ကျင်းပ ပြီးလျှင် ဌာပနာသွင်းယူ၍ ပူဇော်ခဲ့ကြ သည်။ဆယ်ထပ်ကြီးဘုရားသည် ကိုလိမ္ဘ ခေတ်တွင် တည်ထားသော ဘုရားကြီး ဖြစ်သည်။ အက္ခရာသခ်ၤာဂဏန်းပေါင်း ခြင်းအလိုအားဖြင့် ကြီးလေးကြီးဘုရား လေးဆူအနက် တတိယအဓိဋ္ဌာန်ဝင် ရောက်ရမည့်ဘုရားကြီးဖြစ်ပါသည်။

ဆယ်ထပ်ကြီးဟူသောဘုရားကြီး ၏ နွေနံသင်္ကေတဂဏန်းအလိုအားဖြင့် 'ဆယ်'သည် အင်္ဂါနံဖြစ်၍ (၃) ဂဏန်း၊ 'ထပ်'သည် စနေနံဖြစ်၍ (၇) ဂဏန်း၊ 'ကြီး'သည် တနင်္လာနံဖြစ်၍ (၂)ဂဏန်း ဖြစ်သဖြင့် ပေါင်းခြင်းအလိုအားဖြင့် (၁၂) ဂဏန်းဖြစ်သည်။ ကြီးလေးကြီးဘုရား စာရင်းဝင် ဆယ်ထပ်ကြီးဘုရားတွင် အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်သူများအတွက် ပုတီးအဓိဋ္ဌာန်များလည်း အောင်မြင်ကြ ပါသည်။ ရတနာသုံးပါးကို ရည်စူး၍ သရဏဂုံဆောက်တည်ပြီး ပုတီးစိပ်ပါက ဝိဇ္ဇာများစောင့်ရှောက်ပြီး သမထအောင် သော တန်ခိုးကြီးဘုရားတစ်ဆူလည်းဖြစ် ပါသည်။

၄။ မြို့သူကြီးဘုရား

ဟင်္သာတမြို့၏ ကြီးလေးကြီး ဘုရားလေးဆူထဲတွင် စတုတ္ထနေရာ၌ရှိ သော တန်ခိုးကြီးဘုရားမှာ မြို့သူကြီး ဘုရား ဖြစ်သည်။ မြို့သူကြီးဘုရားကို သက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် ဘိုးတော် မင်းတရားနန်းတက်သောနှစ်၌ ဟင်္သာတ မြို့ မြို့သူကြီးမင်း ဦးမြတ်သာထွန်း ကိုးကွယ်တည်ထားသော စေတီတော် ဖြစ်သည်။ ဘုရားဒါယကာ မြို့သူကြီးကို အစွဲပြု၍ ဘုရား၏ အမည်ကိုလည်း မြို့သူကြီးဘုရားဟု အမည်တွင်စေခဲ့ သည်။ ထို ဘုရားတည်ခဲ့သော ခုနှစ် ၁၁၄၈ ခုနှစ်ကို 'အေးအောင်လာရွှတည် ဘန်ပြု ကောင်းမှုမြို့သူကြီး' ဟုလည်း မှတ်သားမှုလွယ်ကူစေရန် စာကာရန်ဖြင့် စပ်ဆိုထားသည်ကိုလည်း လေ့လာသိရှိရ ပါသည်။

ဘုရားရင်ပြင်အကျယ်ပတ်ဝန်း ကျင် အတောင် (၄၀၀)၊ စေတီဖိနပ် တော် (၄၀) တောင်၊ စေတီဥာဏ်တော် အမြင့် (၄၉) တောင်ရှိသည်။ ကြီးလေး ကြီး ဘုရားများထဲတွင် အက္ခရာသခ်ၤာ ဂဏန်းအလိုအားဖြင့် နံပါတ် (၄)နေရာ ဖြစ်ပြီး တန်ခိုးကြီးဘုရားတစ်ဆူလည်း ဖြစ်ပါသည်။ အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ကြသူ များ အဓိဋ္ဌာန်အောင်မြင်ကြပါသည်။ ဘုရားကြီးပရိဝုဏ်အတွင်းတွင် တိလော ကမှန်ကူ ဆုတောင်းပြည့် နိဗ္ဗာန်ဘုရားကြီး တစ်ဆူလည်း ကိန်းဝပ်စံပယ်တော်မူ လျက်ရှိပါသည်။ ဧရာဝတီမြစ်ကမ်းနဖူး တွင်တည်ထားသောဘုရားဖြစ်၍ လေ ကောင်းလေသန့်ရှိပြီး ရှုခင်းသာဆိတ် ငြိမ်သည့်ဘုရားဖြစ်ပါသည်။ မြို့၏ ကျက်သရေဆောင်ဘုရားဖြစ်သည်နှင့် အညီ ဘုရားဖူးများဖြင့် စည်ကားလျက် ရှိနေပေသည်။ မြို့သူကြီးဘုရားကို နွေနံသင်္ကေတအက္ခရာ ဂဏန်းအလိုအားဖြင့် 'မြို့' သည် ကြာသပတေးနံ (၅) ဂဏန်း၊ 'သူ' သည် သောကြာနံ (၆) ဂဏန်း၊ 'ကြီး' သည် တနင်္လာနံ (၂) ဂဏန်းဖြစ်ပါ သည်။ ပေါင်းခြင်းအလိုအားဖြင့် (၁၃) ဂဏန်းရပါသည်။ သို့ကြောင့် ကြီးလေး ကြီးဘုရားလေးဆူတွင် စတုတ္ထမြောက် အဓိဋ္ဌာန်ဝင်ဆုတောင်းပြည့်ဘုရားတစ်ဆူ ဖြစ်ကြောင်း ပါရမီဖြည့်လိုသူမမွမိတ်ဆွေ များအတွက် ရှာဖွေစုဆောင်း၍ ဖော်ပြ လိုက်ရပါသည်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ - တရားစောင့်သူကို တရားကယ်စောင့်ပါ လိမ့်မည်။

ရောမြေကျော်အေး

www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီး သည် ငါးရာငါးဆယ် တိသနိပါတ် ကုမ္မဇာတိတော်၌ သမ္မမိတ္တမင်းအဖြစ်ဖြင့် သုရာရေသောက်ပွဲကြီးကျင်းပမည်ပြုစဉ် ဘုရားအလောင်းတော် သိကြားမင်းကလာရောက် သတီပေးသဖြင့် အမြန်မှန်ရရှိခဲ့ဖူးပေသည်။

ထိုဇာတ်တော်၌ အဓိကအကျဆုံးပစ္စည်းမှာ သုရာရည်ဖြစ်၏။ ဟိမဝန္တာတောတွင်းတစ်နေရာ၌ အကိုင်းသုံးခွဆိုင်သစ်ပင်ကြီးတစ်ပင်ရှိခဲ့၏။ တစ်လံမျှလောက်မြင့်သောနေရာ၌ အကိုင်းကြီးသုံးခုဖြာထွက်နေလေရာအလယ်ကောင်တွင် ရေအိုးကြီးတစ်လုံးစာလောက် ချိုင့်ခွက်ဖြစ်နေ၏။ မိုးရွာသောအခါ ထိုချိုင့်ခွက်ထဲမှာ ရေတင်နေ၏။ ထိုအပင်နားတွင် သဖန်းခါးပင်၊ သျှိသျှားပင်နှင့်ဝရုတ်ကောင်းပင်တို့လည်းရှိနေကြရာ ထိုအပင်

ချို ဇော် အာ နန္ဒာ၏ ဖိ ရုမိ ဇာ တ် လ မ်း မျာ း

ဝရုတ်ရိ

သုရာသောက်စား အများတစ်ထောင်

www.burmeseclassic.com

www.burmeseclassic.com

များ၏အသီးတို့သည် ထိုချိုင့်ခွက်ထဲသို့ ကြွေကျလာကြ၏။ ထိုသစ်ပင်နှင့်မနီးမဝေးမှာလည်း အလေ့ကျပေါက်ရောက်ရှင်သန်နေသော သလေးစပါးခင်းရှိနေ၏။ ငှက်မျိုးစုံတို့သည် ထိုသလေးစပါးနုံတို့ကို ကိုက်ခဲလာပြီးလျှင် ထိုသစ်ခွချိုင့်ခွက်၏ နှုတ်ခမ်း၌နား၍ သလေးစပါးနုံကိုခွေ့၍စားကြရာ အချို့အဝက်မှာ ချိုင့်ခွက်ထဲသို့ကျလာ၏။ ချိုင့်ခွက်ထဲက အရည်သည် နွေရာသီ၏ နေပူရှိန်ကျရောက်လာသောအခါ အနီရောင်သန်းလာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါ သုရာဟူအမည်တွင်သော မုဆိုးတစ်ယောက်သည် ထိုအရပ်သို့ရောက်လာ၏။ သူသည် တောသတ္တဝါတို့ကို ပစ်ခတ်သတ်ဖြတ်၍ အသက်မွေးသူမဟုတ်ဘဲ ဆင်စွယ်၊ စမရီသားမြီး စသော အဖိုးတန်ပစ္စည်းများကိုရှာဖွေရန် တောထဲသို့ဝင်လာခဲ့ခြင်း ဖြစ်၏။ ချိုင့်ခွက်ရှိသောသစ်ပင်အနားသို့ရောက်လာသောအခါ သူသည် ချိုင့်ခွက်ထဲကအရည်နှိုနှိုကိုမြည်းစမ်းကြည့်လိုက်၏။ သို့ရာတွင် ကိုယ့်စိတ်ကိုထိန်းချုပ်ထားကာ တစ်နေရာမှနေ၍ ထိုချိုင့်ခွက်ထဲကအရည်၏အခြေအနေကို အကဲခတ်နေလေသည်။

မုဆိုးအကဲခတ်နေဆဲမှာပင် ငှက်မျိုးစုံတို့သည် ထိုချိုင့်ခွက်ထဲကအရည်ကိုသောက်ပြီးလျှင် ထိုသစ်ပင်ရင်းမှာပင် ဖြုတ်ခနဲကျ၍ တုံးလုံးပက်လက်ဖြစ်နေကြ၏။ ထို့အတူပင် သစ်တက်ခွေး၊ ရှဉ့်နှင့်မျောက်တို့သည်လည်း ထိုအရည်ကိုသောက်ကာ ထိုအနားမှာပင် တုံးလုံးပက်လက်ဖြစ်ကုန်ကြ၏။

ထိုအဖြစ်ကိုကြည့်ရှုကာ သုရာမုဆိုးမှာ အထိတ်တလန့်ဖြစ်သွားရ၏။ ထိတ်ထိတ်လန့်လန့်နှင့် ကြည့်နေဆဲမှာပင် တုံးလုံးပက်လက်ဖြစ်နေကြသော ငှက်မျိုးစုံနှင့် သတ္တဝါတို့သည် အမူးပြေကာ ဘာသာသဘာဝ မြည်ကြွေးကုန်လျက် အားရရွှင်လန်းစွာ မြူးထူးပျော်ပါးလျက် ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

ဤတွင်မှ သုရာမုဆိုးသည် အဖြစ်မှန်ကိုသိရှိကာ ချိုင့်ခွက်ထဲက အရည်ကို လက်တစ်ခုပ်စာခပ်၍ သောက်၏။ အရသာမှာ ခါးသက်သက်ပြင်းရှရှဖြစ်နေ၏။ လျှာပေါ်မှာ ခံစားလိုက်ရသောအရသာထက် အသွေးထဲအသားထဲမှာပေါ် ပေါက်လာသော ရှိန်းတိန်းဖိန်တိန်းအရသာက ပို၍စွဲမက်ဖွယ်ဖြစ်နေ၏။ အရည်ခါးသက်သက်ကိုတဝကြီးသောက်လိုက်လျှင်ပင် အရွှင်ဓာတ်များကြီးစိုးလာကာ ကချင်ခုန်ချင်စိတ်များ ဖြစ်ပေါ်လာကြ၏။ ထိုစိတ်များနှင့် အတူပင် အသားစားချင်စိတ်ကလည်း ထက်ထက်သန်သန်ကြီး ပေါ် ပေါက်လာ၏။ အသားစားချင်သည့်အတွက်တော့ လုံးဝအခက်အခဲမရှိပါ။ အရည်ဖယ်မူး၍ တုံးလုံးပက်လက်ဖြစ်နေကြသော ငှက်များထဲမှ ကြိုက်ရာအကောင်များကို မီးကင်၍ စားလိုက်ရုံသာရှိပါတော့သည်။

တစ်မူထူးခြားနေသည့်ထိုအရည်ကို သုရာမုဆိုးက စတင်တွေ့ရှိခဲ့သည်ကို အစွဲပြုကာ နောင်အခါတွင် သုရာရည်ဟု အမည်တွင်လာခဲ့ပေသည်။

သုရာမုဆိုးသည် သုရာရည်ခွက်ကို လက်တစ်ဖက်ဖြင့်ကိုင်၍သောက်ရင်း အခြားလက်တစ်ဖက်ကမူ ငှက်သားကင်၊ သားကောင်အကင်များကို အားပါးတရကိုက်စားလျက် ပျော်ချင်တိုင်းပျော်၍နေလေသည်။

ရက်အတန်ကြာမျှ ဤကဲ့သို့စည်းစိမ်ယစ်မူး၍နေပြီးမှ သုရာမုဆိုးသည် ဤမျှလောက် ထူးထွေဆန်းပြားလှသော အရသာကို မိမိတစ်ယောက်တည်း ခံစားနေရုံနှင့် မကျေနပ်တော့ဘဲ အခြားသူတစ်ယောက်ယောက်ကိုလည်းမျှဝေပေးချင်လာ၏။ ထို့ကြောင့် ဝါးကျည်တောက်တစ်ခုၵဲ့ သုရာရည်ကို အပြည့်ထည့်ပြီးလျှင် ေ လာလောလတ်လတ်ကင်ထားသောအသားကင်ကိုပါ ယူဆောင်၍ ဝရုဏရသ့ေထံ ချဉ်းကပ်လာ၏။ ဝရုဏရသ့ေကလည်း ပါရမီဥာဏ်မရင့်သန်သေးသည်ဖြစ်၍ သုရာရည်ကိုသောက်ကာ အမဲကင်ကိုကိုက်စားပြီးလျှင် မုဆိုးနှင့်အတူတကွ ကကြိုးစုံအောင်ကခုန်နေပါတော့သည်။

ထိုမှတစ်ဖန် ရသ့ေနှင့်သုရာမုဆိုးတို့သည် အခြားသူများကိုလည်း အဖော်ညှိချင်ကြသေးသဖြင့် ဝါးကျည်တောက်အကြီးစားကြီးများ၌ သုရာရည်ကိုအပြည့်ထည့်၍ ထမ်းပိုးဖြင့်ထမ်းလျက် ဟိမဝန္တာတောကြီးမှထွက်လာခဲ့ကြ၏။ ဟိမဝန္တာတောကြီးနှင့်စပ်လျက်တည်ရှိသောနယ်မြေတစ်ခုသို့ ရောက်သောအခါ ထိုနယ်မြေ၌ကြီးမျူးအုပ်ချုပ်နေသော ပဒေသရာဇ်မင်းထံ သုရာရည်ကို ဆက်သကြ၏။ တစ်ခါ နှစ်ခါသောက်မိရုံနှင့်ပင် ထိုမင်းသည် သုရာရည်၏အရသာကို စွဲမက်သွား၏။ ထို့ကြောင့် ထပ်ကာထပ်ကာသောက်နေလေရာ ပါလာခဲ့သည့် သုရာရည်များကုန်သွားကြပါတော့သည်။

ဤတွင် ပဒေသရာဇ်မင်းက -

"မောင်မင်းတို့ ဒီသုရာရည်ကို နောက်ထပ်ဘယ်နေရာကရနိုင်ပါဦးမလဲ"

ဟု မေးမြန်းလေရာ ရသ့ေနှင့် သုရာမုဆိုးတို့ကလည်း-

"ဟိမဝန္တာအရပ်မှာ ရနိုင်ပါသေးတယ် ဘုရား"

ဟု လျှောက်တင်ကြသဖြင့် ပဒေသရာဇ်မင်းကသွား၍ယူခဲ့ရန် အမိန့်ချမှတ်လိုက်လေသည်။

အမိန့်အရ ရသ့ေနှင့်သုရာမုဆိုးတို့က ဟိမဝန္တာတောကြီးသို့ဝင် သုရာရည်ကို သယ်ဆောင်ပေးကြရ၏။ ပဒေသရာဇ်မင်းကလည်း သောက်လေသောက်လေတစ်မပြေဖြစ်ကာ နောက်တစ်ခါထပ်၍အယူခိုင်းလိုက်ပြန်လေသည်။

နှစ်ကြိမ်မြောက် သုရာရည်အယူလာခဲ့ကြရသော ရသ့ေနှင့်သုရာမုဆိုးတို့သည် နောက်ထပ်တစ်ဖန် စေခိုင်းဦးမည့်အရေးကို တွေးမြင်မိကြသဖြင့် သုရာရည်ဖြစ်ပေါ်လာစေသည့် အဖက်အစပ်အရာဝတ္ထုများကို အသေအချာလေ့လာမှတ်သားလာခဲ့ကြ၏။ နယ်စပ်မြေသို့ရောက်သောအခါ ဟိမဝန္တာတောထဲတွင် သယ်ဆောင်လာခဲ့သောပစ္စည်းများဖြင့် သုရာရည်ကို ကျိုချက်ကြ၏။ ထိုသုရာရည်ကလည်း တောထဲမှသယ်လာခဲ့သော သုရာရည်နှင့် ထပ်တူထပ်မျှအာနိသင်ရှိလှ၏။ သို့ဖြစ်၍ ပဒေသရာဇ်မင်းမှအစပြုကာ နယ်သူနယ်သားအားလုံးတို့ သုရာရည်စွဲမက်ကာ အသက်မွေးမှုအလုပ်တို့ကို ဘေးဖယ်ထားလိုက်ကြပြီးလျှင် သုရာရည်သောက်စားမူးယစ်ရေးကိုသာ အလေးထားလာကြ၏။

ဤတွင် နယ်သူနယ်သားတို့စားဝတ်နေရေးများ ချို့တဲ့လာကြ၍ အသေးစားခိုးယူလုယက်မှုများမှစကာ အကြီးစားပြစ်မှုကြီးများကိုပင် ထင်ဟဲကျူးလွန်လာကြ၍ ထိန်းမနိုင်သိမ်းမရဖြစ်ကုန်ကြ၏။ ထိုအခါ သုရာမုဆိုးနှင့် ရသ့ေတို့သည် ထိုနယ်မြေမှ တိတ်တဆိတ် ထွက်ပြေးလာခဲ့ကြပြီးလျှင် ဗာရာဏသီမြို့တော်သို့ ရောက်လာကြ၏။ သူတို့နှစ်ဦး၏လက်ချက်ဖြင့် ဗာရာဏသီမြို့တော်ကြီးနှင့်တကွ နယ်မြို့ဟူသမျှ ပျက်စီးကုန်ကြသောအခါ သာကေတမြို့သို့ ရောက်လာကြပြန်၏။ သာကေတမြို့၏ အရှင်သခင်နှင့်တကွ နောက်လိုက်နောက်ပါအားလုံးတို့ သုရာရည်သောက်၍မှောက်မှောက်မှားမှားကုန်သောအခါ သာဝတ္ထိမြို့တော်သို့ ရောက်လာကြလေသည်။

ထိုအချိန်၌ ညီတော်အာနန္ဒာအလောင်းလျာသည် သဗ္ဗမိတ္တာဟူသောဘွဲ့နာမတော်ဖြစ် သာဝတ္ထိတော်၌ ထီးနန်းစိုးစံနေ၏။ သဗ္ဗမိတ္တာသည် နယ်မြေရပ်ခြားမှရောက်လာခဲ့သော ထိုဧည့်သည်နှစ်ယောက်ကို ကောင်းသူကောင်းထင်မှတ်၍ ကြည်ညာသာသာဖူးတွေ့ခွင့်ပေးပြီးလျှင် -

"ဘယ်လို့အတတ်ပညာများ မြောက်ပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com

တဲ့ မေးမြန်း၏။

သည့်သည်နှစ်ယောက်တို့ကလည်း တစ်မြောက်ထားသောအတတ်ပညာ လျှောက်တင်ကြလေသည်။

ဤတွင် သဗ္ဗမိတ္တမင်းက -

"သင်တို့ တတ်မြောက်ထားတဲ့ အတတ်ပညာကို ငါကိုယ်တော်မြတ်ရှေ့ ပြနိုင်မည်လား"

တဲ့ မေးမြန်းသဖြင့် -

"မှန်လှပါ။ လိုအပ်တဲ့ပစ္စည်းအား ကိုရိုကာ လုပ်ပြနိုင်ပါတယ်ဘုရား"

တဲ့ သည့်သည်တို့အား လျှောက်ထားကြရာ -

"လိုအပ်တာမှန်သမျှ ဆိုင်ရာက ထုတ်ပေးစေ"

ဤသို့ သဗ္ဗမိတ္တမင်းက အမိန့်ရှိသဖြင့် သက်ဆိုင်ရာအမှုထမ်းတို့က သူရာရည်ချက်ရာတွင်အသုံးပြုရန်တည် ဆောင်းရာနှင့်တကွ သူရာရည်ချက် ရန် အဖက်အစပ်ပစ္စည်းအမျိုးစုံ အလုံအလောက်ထုတ်ပေးကြရလေ သည်။

ရသေ့နှင့် သူရာမုဆိုးတို့သည် တော်ရင်ပြင်မှာပင် ရရှိလာသော တိရိစ္ဆာန်တို့ဖြင့် သူရာရည်များချက်လုပ် ကြွေးလျှင် သူရာရည်ကို ကြွက်များဝင် တိုက်ခြင်းမရှိစေရန် သူရာရည်အိုးများပေါ် သို့ မွှန်းတည့် ဆောင်ထားရောက်လာသောအခါ အပူ ကြောင့် သူရာရည်များပွက်ထကာ အိုးတိုးများ၏နှုတ်ခမ်းမှလျှံ၍စီးကျ ၏။ အမြဲပဝါတစီစီနှင့်စီးကျလာ သူရာရည်တို့ကို ကြောင်များက လျှာနှင့်လျက်ကြ၏။ ထိုအခါ ကြောင် တို့မူးယစ်ကာ အတုံးအရုံးဖြစ် ကြပါတော့သည်။

ဤတွင် မင်းမှုထမ်းတို့က -

"သူရာရည်ကိုသောက်လို့မို့ ကြောင် အားလုံး သေကုန်ကြပါပြီဘုရား"

တဲ့ သဗ္ဗမိတ္တမင်းထံ လျှောက်တင် ကြ၏။

ဤတွင် သဗ္ဗမိတ္တမင်းက အမျက် ဒေါသဖြင့် ထွက်ကာ -

"လောလောလတ်လတ် သေစေ ချင်တဲ့ အဆိပ်ရည်ချက်သူများကိုသတ် ပါ။ အဆိပ်ရည်အိုးများကိုလည်းခွဲစေ"

တဲ့ အမိန့်ပေးလိုက်၏။

ထိုသူနှစ်ယောက်တို့သည်လည်း ကြောက်အားကလာသားတို့၏ လက်ချက် အသက်ထွက်တော့မည့်ဆဲဆဲလေး မှာပင် -

"အရှင်မင်းကြီး၊ သုရာရည်က အင်မတန်အရသာရှိလှပါတယ်ဘုရား"

ဟု မြည်တမ်း၍သွားလိုက်ကြပါ သေးသည်။

ရာဇဝတ်သားနှစ်ယောက်စလုံးကို အဆုံးစီရင်၍ပြီးတော့မှ စောစောက တုံးလုံးပက်လက်ဖြစ်နေခဲ့သော ကြောင် များသည် အမူးပြေကာ စောစောက ထက်ပို၍ စိတ်ရွှင်လန်းစွာ မြူးထူးပြေး ခုန်ကြလေသည်။

ဤတွင်မှ အိုးကြီးများကိုရိက်ခွဲရန် ဟန်ပြင်နေကြသော မင်းမှုထမ်းတို့သည် ဤအကြောင်းကို သဗ္ဗမိတ္တမင်းထံ လျှောက်တင်ကြ၏။ ဤတွင် သဗ္ဗမိတ္တ မင်းက စဉ်းစားကြည့်၏။

"တကယ်လို့များ ဒါတွေက အဆိပ်ရည်ဆိုရင် ကြောင်တွေသေကုန် လောက်ပြီ။ ကြောင်တွေမသေကြတာ ထောက်တော့ ဒီသုရာရည်က အရသာ ထူးကဲနေလို့သာဖြစ်ရမယ်"

ဤသို့စဉ်းစားပြီးလျှင် သုရာရည် သောက်ပွဲကြီးကျင်းပရန် သာဝတ္ထိမြို့ တော်ကြီးတစ်ခုလုံးကို တန်ဆာဆင်စေ ၏။ နန်းရင်ပြင်မှာပင် မဏ္ဍပ်ကြီးဆောက် စေ၏။ ထိုမဏ္ဍပ်ကြီး၏အလယ်တွင် ရာဇပလ္လင်ကိုချထားစေ၏။ထိုရာဇပလ္လင် ကို ထီးဖြူတော်အုပ်မိုးထားစေ၏။ ဤသို့ တခမ်းတနားပြင်ဆင်ပြီးမှ ရာဇပလ္လင် ထက်သို့တက်ပြီးလျှင် မှူးကြီးမတ်ရာ ပရိသတ်အစုံအလင်ရှေ့မှောက်၌ သုရာ ရည်သောက်ပွဲကြီးကျင်းပရန် အစပျိုး လိုက်၏။

ထိုတစ်ခဏမှာပင် သဗ္ဗမိတ္တမင်း ၏ ရှေ့မျက်နှာကောင်းကင်ယံ၌ ပုဏ္ဏား တစ်ယောက်၏ရုပ်ပုံက ဘွားခနဲပေါ် လာ၏။ သူ၏လက်ထဲတွင် အိုးတစ်လုံး ပါလာ၏။ သူ၏နှုတ်ဖျားမှာလည်း -

"ဒီအိုးတို့ဝယ်ကြစမ်းပါ။ ဒီအိုးကို ဝယ်ကြစမ်းပါ"

ဟုပြောဆို၏။

ဤတွင် သဗ္ဗမိတ္တမင်းက -

"အို-ပုဏ္ဏား၊ သင်ဘယ်အရပ်က လာခဲ့တာလဲ။ တာဝတိ်သာနတ်ပြည်က ဆင်းလာပြီးတော့ ကောင်းကင်ယံမှာရပ် နေတာပါလား။ သင်ရဲ့ကိုယ်ရောင်ကိုယ် ဝါတို့ကလည်း ညအချိန်မှာထွက်မေ့ပါ လာတဲ့လမင်းကြီးလိုထွန်းလင်းတောက်ပ လို့နေပါကလား။ သင်က ကောင်းကင် ထက်မှာ ရပ်လည်းရပ်နိုင်ပါပေတယ်။ သွားလည်းသွားနိုင်ပါပေတယ်။ သင့်နှုတ် ဖျားကလည်း ဒီအိုးကိုဝယ်ကြစမ်းပါ။ ဒီ အိုးကိုဝယ်ကြစမ်းပါလို့ တဖွဖွပြောနေ တော့တယ်။ သင်ကဘယ်သူပါလဲ။ အဲဒီ အိုးထဲမှာ ဘာတွေများရှိနေပါသလဲ"

ဤသို့ သိလိုရေးနှင့်မေးမြန်းလိုက် ၏။ ကောင်းကင်ထက်မှာရှိနေသော ပုဏ္ဏားသည် မိမိမည်သူမည်ဝါဖြစ် ကြောင်းကိုမပြောသေးဘဲ မိမိကိုင်ထား သောအိုးထဲက ပါလာသည့်ပစ္စည်းအ ကြောင်းကိုသာပြောပြလို၍ -

"အရှင်မင်းကြီး၊ ဒီအိုးက ထော ပတ်အိုးလည်းမဟုတ်ပါ။ ဆီအိုးလည်း မဟုတ်ပါ။ တင်လဲအိုးလည်းမဟုတ်ပါ။ ပျားရည်အိုလည်းမဟုတ်ပါ။ ဒီအိုးရဲ့ အပြစ်တွေက အများကြီးရှိနေပါတယ်။ အဲဒါတွေကို စိတ်ရှည်လက်ရှည်နား ထောင်ကြစမ်းပါ။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည် ကိုသောက်ပြီးလမ်းလျှောက်သွားမယ်ဆို ရင် ခြေလှမ်းတိုင်းခြေလှမ်းတိုင်းမှာ ဗိုင်း ခနဲလဲကျတတ်ပါတယ်။ ကမ်းပါးပြတ် များ၊ ရေတွင်းများ၊ လိုဏ်ခေါင်းများ၊ ရွံ့ ဗွက်များ၊ တံစည်းတွင်းများထဲသို့လည်း လိမ့်ကျတတ်ပါတယ်။ မစားသင့်တဲ့ အစားအစာများကိုလည်း တနှင့်တပိုးစား မိအောင် သွေးဆောင်တတ်ပါတယ်"

ဤသို့သောစကားတို့ကိုထောက်ရှု ၍ ဤပုဏ္ဏားသည် ဤလူဘုံက မနုဿ လူသားတစ်ယောက်မဟုတ်။ အထက် နတ်ဘုံက သမ္မာဒေဝစာရင်းဝင် တန်ခိုး ရှင်တစ်ဦးဦးသာဖြစ်မည်။ မင်းနှင့်တကွ သောပြည်သူတို့အား လမ်းမှားသို့မလွဲက် မိုးကြရန် အချိန်မီတားဆီးလာခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မည်။ ဤသို့စဉ်းစားမိကြ၍ သဗ္ဗမိတ္တ မင်းနှင့်တကွ ပရိသတ်အားလုံးက ရိုသေလေးစားစွာ နားဆင်လျက်ရှိကြရာ အထက်ကောင်းကင်ကပုဂ္ဂိုလ်ကလည်း ဆက်လက်ပြောပြနေလေသည်။

"အရှင်မင်းကြီး ဒီအိုးထဲကအရည်တွေသောက်မိတဲ့သူဟာ စားမြဲပြန်နေတဲ့နွားကြီးလို ကိုယ့်စိတ်ကိုအစိုးမရဖြစ်နေတတ်ပါတယ်။ အခြေအနေမဲ့တစ်ယောက်လို ရောက်တတ်ရာရာသွားနေတတ်ပါတယ်။ ကိုယ့်အသက်အရွယ်နဲ့ ကိုယ့်ဂုဏ်သိက္ခာကိုမှ ငဲ့ကွက်ရကောင်းမှန်းမသိဘဲ ပေါက်တတ်ကရသီချင်းတွေ အော်ပြီးအော်မိတတ်ဝါတယ်။ ကိုးရိုးကားရားလည်း ကမိတတ်ပါတယ်။

အရှင်မင်းကြီး ဒီအိုးထဲကအရည်ကိုသောက်မိတဲ့သူဟာ တက္ကတွန်းကြီးများလို ကိုယ်တုံးလုံးကြီးနဲ့ ရပ်ထဲရွာထဲမှာ လျှောက်လည်နေတတ်ပါတယ်။ လမ်းတကာလျှောက်သွားနေတတ်ပါတယ်။ အချိန်ပြည့်မူးယစ်ထိုင်းမှိုင်းနေတဲ့အတွက် အိပ်သင့်တာထက်ပိုပြီးတော့ အအိပ်ကြီးနေတတ်ပါတယ်။

အရှင်မင်းကြီး၊ စောစောကကျွန်တော့နဲ့ဂုဏ်သိက္ခာနဲ့နေလာခဲ့တဲ့ ယောကျ်ားတစ်ယောက်ဟာ ဒီအရည်ကိုသောက်မိတဲ့အခါမှာတော့ ခေါင်းတုန်တုန်၊ လက်တုန်တုန်နဲ့ ပုံပျက်ပန်းပျက် ရုပ်သေးရုပ်တစ်ရုပ်လို ကတတ်ခုန်တတ်ပါတယ်။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည်ကိုသောက်မိတဲ့အတွက် အချို့မှာ မီးပုံကြီးထဲကို ခေါင်းထိုးပြီးအိပ်မိတတ်ပါတယ်။ မလှုပ်နိုင်မရှားနိုင်ဘဲ မြေကြီးပေါ်မှာလဲနေတာကြောင့် အရှင်လတ်လတ် ခွေးတွေကိုက်စားတာကို ခံရတတ်ပါတယ်။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည်ကိုသောက်မိတဲ့အတွက် ပရိသတ်ဗိုလ်ပုံအလယ်မှာ မဖွယ်မရာပြောမိဆိုမိတတ်ပါတယ်။ တချို့များဆို ကိုယ်အင်္ကျီတွဲထဲမှာ ကိုယ်တုံးလုံးနဲ့လဲကျပြီးတော့ အန်ဖတ်ဗလပွနဲ့အိပ်ကြရပါတယ်။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည်ကိုသောက်မိတဲ့သူဟာ သိပ်ပြီးတော့ ဘဝင်မြင့်နေတတ်ပါတယ်။ ငါသာလျှင် အတော်ဆုံး အတတ်ဆုံး၊ ငါသာလျှင် အရဲရင့်ဆုံးသူရဲကောင်း၊ ငါလိုလူ ဇမ္ဗူမှာမှာမရှိဘူးလို့ မျက်လုံးနီနီကြီးနဲ့ ကြုံးဝါးတတ်ပါတယ်။ ကမ္ဘာမြေကျယ်လေသမျှ သူအစိုးရတာဒဲ့ခြည်းလို့ ထင်နေတတ်ပါ

နဂိုမူလတုန်းက အရှက်အကြောက်ကြီးလာခဲ့တဲ့ သူများဟာ ဒီအိုးထဲကအရည်ကိုသောက်လိုက်ရုံနဲ့ပဲ အရှက်တွေရော အကြောက်တွေရော လျှောကျွတ်သွားကြပါတော့တယ်ဘုရား

သမ္မာဒိဋ္ဌိစာပေစင်းကုံးထုတ်ခဲ့ငြီး ခတ္တအောင် ဝိုးမိုးအုပ်ချုပ်နေတဲ့ မင်းကောရာဇဝင်ကြီးများကိုတောင် သူအလောတ်ဘုန်းတန်ခိုးမကြီးသေးဘူးလို့ ထင်နေတတ်ပါတယ်။

အရှင်မင်းကြီး၊ ဒီအရည်ကိုသောက်မိပြီဆိုသျှင် မာန်မာနတွေတက်လာတတ်ပါတယ်။ မာန်စွယ်တင်ငေါငေါနဲ့ လူတကာနဲ့ငြင်းခုံတတ်ပါတယ်။ ကုန်းတိုက်စကားပြောကြားဖို့လည်း ဝန်မလေးပါဘူး။ ကိုယ်ဝတ်ပုဆိုးကျွတ်ကျသွားလို့လည်း ရှက်ရကောင်းမှန်းမသိပါဘူး။ သူဘက်က မာန်တွေတင်းထားခဲ့ပေမယ့် သူထက်သာပြီးဆိုးတဲ့သူနဲ့အတွေ့မှာတော့ သူကပြေးရပါတော့တယ်။ ဒါကြောင့် ဒီအရည်ဟာလူဆိုးသူခိုးတွေအသောက်ကြူးသူတွေရဲ့ လက်သည်ဖြစ်ပါတယ်။

အရှင်မင်းကြီး၊ လူဘုံလောကမှာ စည်းစိမ်ဥစ္စာရတနာမျိုးစုံ ကုံလုံကြွယ်ဝတဲ့အိမ်ထောင်ကြီးတွေရှိနေကြပါတယ်။ အဲဒီအိမ်ထောင်ကြီးများရဲ့ဦးစီးဦးကိုင်များဟာ ဒီအိုးထဲကအရည်ကိုသောက်မိတာကြောင့် သားထောက်သမီးခံမကျန်ရစ်တော့ဘဲ အထီးကျန်ဘဝနဲ့ သေဆုံးသွားကြရပါတယ်။

အရှင်မင်းကြီး၊ ကောင်းရာကောင်းကြောင်းလုပ်ကိုင်စားသောက်လာခဲ့တဲ့မိသားစုများမှာ ဆန်စပါးတွေ၊ ရွှေငွေလယ်ယာခြောင်းမြောင်းတွေပြည့်စုံလာခဲ့ကြပါတယ်။ ကောင်းရာကောင်းကြောင်းလုပ်ငန်းနဲ့ ရရှိလာခဲ့တဲ့ အဲဒီစည်းစိမ်ဥစ္စာများဟာ ဒီအိုးထဲက အရည်ကြောင့် ပျက်စီးဆုံးရှုံးပြီးတော့ အမျိုးပါတုံးသွားကြရပါတော့တယ်။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည်ကိုသောက်မိတဲ့ယောကျ်ားဟာ စိတ်မိုက်စိတ်ရိုင်းတွေဝင်လာပြီးတော့ ကျေးဇူးရှင်မိဘများကိုတောင် ရိုင်းရိုင်းစိုင်းစိုင်းဆဲမိဆိုတတ်ပါသေးတဲ့ယ်။ ယောကျ်ားမမိန်းမသူနဲ့ ချွေးမတို့ကို မတော်မလျော်စိတ်ထားနဲ့ ဆွဲလားကိုင်လားလုပ်မိတတ်ပါသေးတယ်။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည်ကိုသောက်မိတဲ့မိန်းမဟာ စိတ်မိုက်စိတ်ရိုင်းတွေဝင်လာပြီးတော့ ယောကျ်ားမနဲ့ လင်သားကိုတောင် ဆဲရေးတတ်တယ်။ ကိုယ့်အိမ်မှာ အစေအပါးခံနေရတဲ့ ယောကျ်ားပျိုများကိုတောင် ကိုးကီးလေသာစိတ်နဲ့ ဆွဲမိကိုင်မိတတ်တယ်။

အရှင်မင်းကြီး နဂိုမူလတုန်းက သူတော်သူမြတ်များကို လေးစားကြည်ညိုပြီး ကြီးထွားလာခဲ့တဲ့ ယောကျ်ားတော်ယောက်ဟာ ဒီအိုးထဲက အရည်ကိုသောက်မိတဲ့အခါ သူတော်သူမြတ်များကိုစော်စော်ကားကားပြုမိတတ်ပါတယ်။ အဲဒီအကုသိုလ်ကံကြောင့် အပါယ်လေးပါးသို့ ကျရောက်ရပါတယ်။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည်ကိုသောက်မိတဲ့သူဟာ ကိုယ်နဲ့ဖြစ်စေ နှုတ်နဲ့ဖြစ်စေ၊ စိတ်နဲ့ဖြစ်စေ ဒုစရိုက်အမျိုးစုံကို ပြုမိတတ်ပါတယ်။ မပြုထိုက်တဲ့ဒုစရိုက်အမှုများကြောင့် အပါယ်လေးသို့ ကျရောက်ရပါတယ်။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည်ကို မသောက်မိသေးတဲ့ ယောကျ်ားတော်ယောက်ကို ရွေတွေအများကြီးပိုပေးတော့ မဟုတ်မမှန် လုပ်ကြံဖြားယောင်းဖို့ တောင်းပန်လာမယ်ဆိုရင် အဲဒီယောကျ်ားဟာ ဘယ်နည်းနဲ့မှတော့ ပန်လို့ မရနိုင်ပါဘူး။ တဏှာယ်လို့ အဲဒီယောကျ်ားဟာ ဒီအိုးထဲကအရည်ကိုသောက်မိသွားရင်တော့ အလကားသာသာ မုသားဆိုဖို့တောင်ဝန်မလေးတော့ပါ။

အရှင်မင်းကြီး၊ ဒီအိုးထဲကအရည်ကို သောက်ထားတဲ့လူတစ်ယောက်ဟာ အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် တကယောက်ယောက်က အလျင်အမြန်လွှတ်လိုက်ရင် လွှတ်လိုက်တဲ့ဆီကိုတော့ ရောက်အောင်သွားနိုင်ပါရဲ့။ ဒါပေမဲ့ခိုင်းလိုက်တဲ့အမှုကိစ္စကိုတော့ သူလုံးဝကြီးသတ်မရနိုင်တော့ပါ။

အရှင်မင်းကြီး၊ နဂိုမူလတုန်းက အရှက်အကြောက်ကြီးလာခဲ့တဲ့သူများဟာ ဒီအိုးထဲကအရည်ကိုသောက်လိုက်ရုံနဲ့ပဲ အရှက်တွေရော အကြောက်တွေရော ပျောက်ကွယ်သွားကြပါတော့တယ်။ အသိပညာကြွယ်ဝပြီးဖြောင့်မတ်ပုဂ္ဂိုလ်ကြီးများတောင်မှ ရောက်တတ်ရာရာပြောချင်တာတွေကို ပြောမိဆိုမိတတ်ကြပါသေးတယ်။

အရှင်မင်းကြီး၊ မျိုးရိုးအားဖြင့် မြတ်ခဲ့တဲ့သူများမှာ ဒီအရည်ကိုသော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အမျိုးယုတ်သူများနဲ့အတူ အိပ်ကြရပါတယ်။ သူတို့မှာအစား အနှုန်မှန်မစား၊ အိပ်ရပြန်တော့ မြေကြီးပေါ် မှာဆိုတော့ ကြည့်လို့ မကောင်းအောင် အရုပ်ဆိုးကုန်ကြတယ်။ သူတကာတွေတံတွေးမှာ ပက်လက်မျောကြရပါတော့တယ်။

အရှင်မင်းကြီး၊ ဒီအရည်ကို သောက်မိပြီဆိုရင် ကိုယ့်ဇက်ကိုခိုင်အောင်ထိန်းနိုင်တော့ပါဘူး။ လည်ပင်းယားနာစက်တပ်ဆင်ထားတဲ့ နွားကောင်လို ဇက်ကျိုးကျပြီး အိပ်ရပါလိမ့်မယ်။ သူတွေလို အသရေပျက်အောင် ကျည်ဉီးပန်းတော်တဲ့ဆရာတွေထဲ ဒီအရည်က အစွမ်းအထက်ဆုံးပါပဲ။

အရှင်မင်းကြီး၊ ဒီအရည်တွေ့ပြီး မူးယစ်ရမ်းကားနေတဲ့သူကို ထိန်းကျောင်တပ်ခွင့်လုံးက ဝိုင်းပယ်ထားတယ်။ ဒီအရည်ဟာ လောလော သတ်သေစေတတ်တဲ့ အဆိပ်တစ်မျိုးပါတယ်။

အရှင်မင်းကြီး၊ အန္ဓကဝေဏှုရဲ့သားဖြစ်တဲ့ ဝါသုဒေဝညီနောင်တစ်ကျိပ်တို့ဟာ ဒီအရည်ကို သောက်မိတာကြောင့် သမုဒ္ဒရာကမ်းစပ်ကို သိမ်းအချင်းချင်း တင်းပုတ်နဲ့ရိုက်ကြလို့ အတုံးအရုံးသေခဲ့ကြရပါတယ်။

အရှင်မင်းကြီး၊ တာဝတိံသာနတ်နေရာမှာ ပထမဦးစွာ အသူရာတို့ နေထိုင်ခဲ့ကြပါတယ်။ အချိန်ကာလကြာမြင့်စွာနေလာခဲ့ကြရတဲ့အတွက် အတွက် ဒီဘုံဌာနဟာ အမြဲရှိနေတဲ့ ထင်ထားခဲ့ကြတယ်။ ဒါပေမယ့် ဒီအရည်ကိုသောက်မိတာကြောင့် သူတို့ရဲ့သားမယားများနဲ့အတူ ထီးသာနတ်ဘုံက မရှုမလှကျဆင်းခဲ့ကြရပါတယ်။

သဒ္ဓမိတ္တဘွဲ့မည်တော်ရတဲ့ အရှင် ဒီအိုးထဲမှာရှိနေတာတွေက နို့သည်းမဟုတ်ပါ။ ပျားရည်လည်း မဟုတ်ပါ။ သောက်မိတဲ့လူအားလုံးကို သေစေတတ်တဲ့၊ နစ်နာစေတတ်တဲ့၊ ယုတ် ပျက်စီးသွားစေတတ်တဲ့ အရည်များသာဖြစ်ပါတယ်။ ဒီအရည်သောလက္ခဏာကိုလည်း အကျယ်ပြည့်ပြည့်စုံစုံကြီးဟောကြားပြီးပါပြီ။ ဒါကြောင့် ဒီအရည်ကိုသည်းထားတဲ့ အရှင်မင်းကြီးဝယ်ယူလိုက်စမ်းပါ"

ဤသို့အားဖြင့် သုရာရည်သောက်စားခြင်း၏ အပြစ်များကို စုံတကာ့ရှေ့အောင် ပုဏ္ဏားကပြောပြလိုက်သည်တွင် သဒ္ဓမိတ္တမင်းသည် ထိုပြောစကားတို့ကို အားရနှစ်သက်လှသဖြင့်-

"အို - ပုဏ္ဏား၊ သင်ဟာ ငါ့အမိလည်းမဟုတ်ပါဘူး။ငါ့အဖလည်းမဟုတ်ပါဘူး။ ငါ့အမိ၊ အဖများကတောင်မှ ဒီလောက်တောင်အကျိုးများတဲ့စကားမျိုးကို မပြောခဲ့ကြပါဘူး။ သင်ကတော့ ငါ့ကောင်းကျိုးကို လိုလားပါပေတယ်။ ငါ့စီးပွားကို အလေးထားတတ်ပါပေတယ်။ ဒါကြောင့် ငါက သင်ပြောကြားခဲ့တဲ့ စကားတွေကို လက်ခံပါတယ်။ လိုက်နာပါ့မယ်။

အို - ပုဏ္ဏား၊ သင်ပုဏ္ဏားက ငါ့အပေါ် မှာမေတ္တာထားခဲ့တဲ့အတွက် သင်ပုဏ္ဏားကို ဆုတော်လာဘ်တော်များပေးပါ့မယ်။ အခွန်အတုပ်ကောင်းတဲ့ ရွာကြီးငါးရာ၊ ကျွန်ယောကျ်ားကျွန်မိန်းမတစ်ရာ၊ ခိုင်းနွားကြီးခုနစ်ရာ၊ အာဇာနည်မြင်းများဆွဲတဲ့ရထားကဆယ်စီး ဒီပစ္စည်းတွေအားလုံးကို ဆုပေးပါတယ်။ ဒီနေ့ကစပြီးတော့ သင်ဟာငါ့ဆရာဖြစ်ပါတော့၊ ငါ့ကိုဆုံးမသွန်သင်ပေးပါတော့"

ဤကဲ့သို့ သဒ္ဓမိတ္တမင်းက ရက်ရက်ရောရောကြီး ဆုတော်လာဘ်တော်တွေပေးလိုက်သော်ငြားလည်း ပုဏ္ဏားကလက်မခံလိုက်ဘဲ -

"အရှင်မင်းကြီး၊ အရှင်မင်းကြီးပေးအပ်တဲ့ ဆုတော်လာဘ်တွေဟာ အရှင်မင်းကြီးအတွက်သာဖြစ်ပါစေ။ ငါတို့အတွက် ဒီလိုဆုတော်လာဘ်တော်တွေ မလိုအပ်ပါ"

ဤသို့ ညင်ညင်သာသာတုံ့ပြန်ပြောဆိုလိုက်သဖြင့်-

"ဒီလိုဆိုရင် သင်က အဘယ်လို ပုဂ္ဂိုလ်မျိုးပါလဲ"

ဤသို့ သဒ္ဓမိတ္တမင်းက တအံ့တသြနှင့် မေးလိုက်ရာ၏။ ဤသို့မေးလိုက်သည့်စကားအဆုံးတွင် ကောင်းကင်ယံမှာတည်ရှိနေသောပုဏ္ဏားသည် ပုဏ္ဏားတစ်ယောက်၏ အသွင်အပြင်များ ပျောက်ကွယ်သွားပြီးလျှင် ကိုယ်ရောင်ကိုယ်ဝါများနှင့်တကွ လက်ဝတ်တန်ဆာရတနာမျိုးစုံတို့၏ အရောင်အဝါတို့ဖြင့် တောက်ပထိန်လင်းနေသော သိကြားမင်းအဖြစ်ဖြင့် ကိုယ်ထင်ပြလိုက်၏။ ထိုသိကြားမင်းမှာ ဘုရားလောင်းတော်ဖြစ်ပြီး မိမိနှင့်အတူတကွ ဘဝဘဝပေါင်းများစွာ ပါရမီဖြည့်လာခဲ့သောပုဂ္ဂိုလ်တစ်ယောက် မှောက်မှောက်မှန်းမှန်းဖြစ်သွားတော့သည့်အရေးကို တွေ့မြင်လိုက်ရသဖြင့် အချိန်မီလာရောက်၍ ကယ်တင်လိုက်ခြင်း ဖြစ်ပေသည်။

သိကြားမင်းသည် ပါရမီဖြည့်ဖက်ဖြစ်သူ၏ ဆုတော်လာဘ်တော်တို့ကို ငြင်းပယ်ပြီးလျှင် လိုရင်းအကျဆုံးဆုံးမစကားကိုပြောကြားလိုး၍ -

"အရှင်မင်းကြီး၊ သားငါးဟင်းလျာမျိုးစုံနဲ့ ဖွယ်ဖွယ်ရာရာ ပြင်ဆင်တည်ခင်းထားတဲ့ပွဲတော်စာကို မြိန်ရှက်စွာသုံးဆောင်ပါ။ ဒါမှမဟုတ် နို့ယနာထမင်းကိုလည်း အားပါးတရသုံးဆောင်ပါ။ ပျားရည်နဲ့တကွ အချိုမုန့်များကိုလည်း စားလိုသလောက်စားသောက်ပါ။ ဒါပေမယ့် သုရာရည်ကိုတော့ လုံးဝမသောက်ပါနဲ့။ အသောက်အစား ဒုစရိုက်တရားတွေကို ရှောင်ကြဉ်ပြီးတော့ သူတော်ကောင်းတရားကို ပွားများအားထုတ်ပါ။ လူရောရှင်ပါ အကဲ့ရဲ့ခံရတတ်တဲ့အပြုအမူများကို ရှောင်ကြဉ်ပါ။ နတ်ရွာသုဂတိရောက်ရာရောက်ကြောင်းကောင်းမှုကုသိုလ်တို့ကို ရှာသက်ပန် ကြိုးစားအားထုတ်ပါတော့"

ဤသို့ပြောဆိုပြီးသည်နှင့်တစ်ပြိုင်နက် သိကြားမင်း၏ရုပ်သွင်ကွယ်ပျောက်သွားလေသည်။

ထို့နောက်တွင်ကား သဒ္ဓမိတ္တမင်းသည် စောစောက ချမှတ်ထားခဲ့သော အစီအစဉ်အားလုံးကို ပယ်ဖျက်ပြီးလျှင် သုရာရည်အိုးကြီးများကို ရိုက်ကွဲပစ်ရန် အမိန့်ချမှတ်လိုက်လေသည်။

ဝဏ္ဏသိဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com

ဦးကောဝိဒ
(မြို့တော်)
သေမင်းကိုရက်ချိုင်းဝေခြင်း

တစ်နေ့ ရက်လည်ဆွမ်းကျွေး အတွက် ရေစက်ချအပြီး ကာယကံရှင် ဒကာမက

"အရှင်ဘုရား အခုကွယ်လွန်သွားတဲ့သူက တပည့်တော်ရဲ့ အဘွားပါ ဘုရား။ တကယ်လို့ သင်္ကြန်စွင်းသေဆုံးတယ်ဆိုရင်တော့ သင်္ကြန်အတက်နေ့ နေ့ကဆုံးထားပြီး သင်္ဂြိုဟ်ရမယ်။ ဒီဘက်နှစ်မှာကွယ်လွန်တဲ့အသုဘ နှစ်ဆန်းတစ်ရက်ဘက်အကူးခံလို့မရဘူးဘုရား။ ချက်ချင်းအသုခချရပါတယ်။ နှစ်ကူးသွားမယ်ဆိုရင်တော့ ဒီပတ်ဝန်းကျင်မှာရှိတဲ့ သူ့အများခိုက်အတတ်ဆယ် (အသေအ ပျောက်များတတ်တယ်) တဲ့ ဘုရား။ တကယ်လို့ နှစ်ဆန်းတစ်ရက်ကစလို့ နောက်ပိုင်းမှ ကွယ်လွန်တဲ့သူဆိုရင် ဘယ်လောက်ပဲထားထားရတယ်လို့ပြော ပါတယ် ဘုရား"

"ဘယ်သူကပြောလိုက်တာလဲ"

လို့ စာရေးသူဖေးရာ ဒကာမ က -

"အရှင်ထဲမှာ အသုဘကိစ္စအဝဝ ကို စေတနာနဲ့ ကူညီဆောင်ရွက်ပေးနေ တဲ့သူပါဘုရား"

လို့ ပြောပြပါတယ်။

ဩော- ယနေ့တိုင်အောင်ပဲ ဒီ အယူအစွဲတွေကရှိနေသေးပါကလား အတွေးနယ်ချဲ့မိပြန်ပါတော့တယ်။ တယ်ထင်လို့ အများကလက်ခံကျင့် နေရုံနဲ့အမှန်ဖြစ်လာနိုင်ပါ့မလား။ ဘာ ဟောကျမ်းဂန်လာဓရ လက်မခံသင့် အရာဆိုရင် လက်ခံဖို့မလိုသလို လက် သင့်တဲ့အရာဆိုရင်တော့ လက်ခံရမှာ

အသုဘဆိုတာ ဘယ်အချိန်ပဲ ဖြစ် သုသာန်ကို ပို့လို့ရပါတယ်။ စ စပ်လို့ စာရေးသူတို့ဒေသတစ်ဝိုက် ထင်ရှားတဲ့ ဆရာတော်ကြီးတစ်ပါး စာယ်။ တစ်နေ့ တပည့်ဒကာ၊ ဒ တွေက အသုဘကို အိမ်မှာထား စပ်လို့ မေးလျှောက်တဲ့အခါမှာ အ ကို ဘယ်အချိန်ပဲပို့ပို့ (၃) ရက်ပဲ ထား၊ (၇) ရက်ပဲထားထား ပြဿနာ ပါဘူး။ အဆင်ပြေတဲ့ရက်ကို သုသာ လို့ရတယ်လို့ ဆရာတော်ကြီးက ရှိခဲ့တယ်လို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဟောင်းကုန်ခါနီးမှ သေတဲ့အသုဘကို နှစ်ကူးမှသုသာန်ပို့ရင် မိမိနဲ့အတူ ပတ်ဝန်းကျင်ပါ ထိခိုက်တတ်တယ်လို့ဆိုပါတယ်။ဒါကလည်း သဘာဝအတွဲ့ အယူတစ်ခုမဟုတ်တဲ့အတွက် သေချာနိုင်စရာမရှိပါ။ ဘာကြောင့်ဆိုရင် သူတို့ပြုလုပ်တဲ့ ကံတရားဆိုတာရှိတယ်လေ။ ဒါနှစ်ပတ်လို့ ဘုရားရှင်က သတ္တဝါတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်။ ကံကပေးအပ်တဲ့အမွေကို ခံရတယ်။ ကံသာလျှင် ဆွေမျိုးရှိတယ်ဆိုပြင့် ဟောတော်မူထားပါတယ်။

သတ္တဝါတွေဟာ ကိုယ်ပြုတဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံတရားများရဲ့ အစေအပေါ်အတိုင်း ဘဝတွေမှာ ကျင်လည်ကြရတာပါ။ အကြောင်းအကြောင်းကြောင့် အသုဘကို နှစ်ကူးအောင်ထားမိနဲ့ ခိုက်စရာအကြောင်းမရှိပါဘူး။ အနှစ်က ထိုအသုဘအိမ်မှာကိုယ်ပြုလုပ်ထိုက်တဲ့ ကောင်းတဲ့အလုပ်၊ မကောင်းအလုပ်တွေသာ မိမိကို စိမံသွားမှာပါ။

ဆိုပါစို့၊ အသုဘနဲ့စပ်လို့ သံယာတော်များကိုပင့်ပြီး တရားနာကြမယ်ဆိုရင် ကောင်းတဲ့ကံတရားတွေထာဖြစ်သွားမှာပါ။ အရက်သောက်၊ ဖဲရိုက်စတဲ့ ကောင်းတာတွေကိုလုပ်နေမယ်ဆိုရင်တော့ မလိုလားအပ်တဲ့ မကောင်းကျိုးဆွေရလာမှာဖြစ်တယ်။ အဲဒါမှ မိမိအတွက် ထိခိုက်စရာတွေဖြစ်ကုန်တော့တာပါ။

အသုဘနဲ့စပ်လို့ သဘာဝမကျတဲ့ အယူအစွဲတွေကို သတိရတုန်းပြောရဦးမယ်။ အသုဘအလောင်းကို အိမ်မှာထားတဲ့အခါ ခေါင်းရင်းဘက်မှာ မီးညှိရတယ်။ ဒါကလည်း ဘယ်တုန်းကစခဲ့တဲ့ အယူအစွဲလည်းမသိပါ။ [illegible] မြင်ခဲ့ရတုန်းကလည်း [illegible] အသုဘ ဦးခေါင်းရင်းဘက်မှာ ဘာကြောင့် မီးထွန်းကြရတာလဲလို့မေးကြည့်ဖူးလည်း အရပ်ထုံးစံအတိုင်းလုပ်ကြတာပါ။ သူတို့လည်းဘာမှမသိဘူးဆိုတဲ့အဖြေပဲထွက်လာပါတယ်။

ပြီးတော့ရှိသေးတယ်။ အသုဘခေါင်းရင်းမှာ ညှိထွန်းထားတဲ့မီးကို သေမီးငြိမ်းသွားလို့မရဘူး၊ မီးမငြိမ်းအောင် သတိထားပြီးကြည့်နေရပါတယ်ဗျ။ ဒါဆိုရင် အိမ်မှာသေတဲ့ အသုဘကို ဆေးမီးထွန်းရတယ်ထားလိုက်ပါတော့။ ရှိကြီးတွေမှာသေတဲ့ အသုဘဆိုရင် သေပြီးတာနဲ့ မကြာဘူး၊ ရေခဲတိုက်ပို့

ဆောင်ရပါတယ်။ အဲဒီရေခဲတိုက်ထဲရောက်ကြရတဲ့ အသုဘတွေကတော့ မီးမထွန်းလို့ ဘယ်လိုပြောကြမလဲ။

အမှန်တော့ မီးညှိထွန်းရုံနဲ့ ဘာမှအကျိုးသက်ရောက်မှုမရှိပါ။ အခန့်မသင့်ရင် ထိုမီးကြောင့် အိမ်မီးလောင်နိုင်ပါသေးတယ်။

အသုဘမီးထွန်းထားရင် မီးငြိမ်းစေလို့မရဘူးဆိုတာဟာ ရှေးခေတ်အယူဝါဒထုစုံမှု ဖြစ်လာဟန်တူပါတယ်။ ရှေးခေတ်က အိမ်ရှိယမှာ ဒီလိုမီးကိုလုပ်ကျွေးကြတဲ့ အယူဝါဒတစ်ခုရှိပါတယ်။

ဒီနေရာမှာ ဗဟုသုတဖြစ်ဖွယ်မီးနဲ့စပ်လို့ ပြောပါဦးမယ်။ ရှေးခေတ်အိန္ဒိယနိုင်ငံ မိသားစုတစ်စုမှာ ကလေးမွေးလာတယ်ဆိုပါစို့။ ကလေးမွေးလာကတည်းက မီးတောက်တစ်ခုပြုလုပ်ပြီး မီးမငြိမ်းအောင် မီးကိုအမြဲတမ်းပူဇော်ရတယ်။ ကလေးက အသက် (၁၆)နှစ်အရွယ်ရောက်ပြီဆိုရင် မိဘများက [illegible] ဒုံးသားလည်း အရွယ်ရောက်ပြီ။ အိမ်ရာစည်ထောင် လူတို့အောင်မှာ နေမယ်ဆိုရင် ညှိထွန်းခဲ့မီးကိုငြိမ်းသတ်ရမယ်။ တကယ်လို့ တောထဲသွားပြီး [illegible] ကြောင်းအကျင့်ကို ကျင့်မယ်ဆိုရင်တော့ ညှိထွန်းထားတဲ့မီးကို မငြိမ်းသတ်ဘဲ တောထဲသို့ မိမိနဲ့အတူပါထွည်း ဆောင်ယူပြီး မီးကို ဆက်လက်ပူဇော်လုပ်ကျွေးပါ့လို့ ပြောကြတာရှိပါတယ်။ ဒါကစတာနဲ့ပတ်သက်ပြောလိုက်ခြင်းပါ။

စတီးစဉ်က မြင်ကွင်းတစ်ခု ယနေ့ကိုင်အောင် မှတ်မိနေဆဲပါ။ အသုဘအိမ်တစ်ခုမှာ အသုဘကို ခေါင်းထဲထည့်တဲ့အခါ ဒီအတိုင်းထည့်လို့မရ။ ခေါင်းရဲ့ ပတ်ပတ်လည်မှာ လူတွေရပ်နေရပါတယ်။ လက်ထဲမှာ ခွက်တစ်လုံးကိုကိုင်ထားကာ တုတ်လေးတစ်ချောင်းနဲ့ တစ်ချက်ရိုက်လိုက်ပြီး ထိုအသုဘရဲ့ အသက်ရှင်စဉ်က နာမည်ကိုခေါ်ကာ-

"ဦး×××ဘယ်ကိုသွားမယ်"

လို့ မေးရပါတယ်။ ကျန်တဲ့သူတွေက-

"ဘုရားရှိရာ ကျောင်းရှိရာကို သွားမယ်"

ဆိုပြီး ပြန်ဖြေကြရပါတယ်။ ဒီလိုမျိုး ဘယ်နှကြိမ်ပြောရသလဲဆိုတာတော့ မမှတ်မိတော့ပါ။ ပြီးတဲ့အခါ အသုဘကို ခေါင်းထဲသို့ထည့်ရပါတယ်။

ဒီလိုဘာ့ကြောင့်လုပ်ရတာလဲလို့ မေးကြည့်တော့ ဘုရားရှိရာ ကျောင်းရှိရာဆိုတာက ကျေးရွာတွေမှာ ရွာဦးဘုန်းတော်ကြီးကျောင်းနဲ့ ဘုရားစေတီရှိရာကို သွားမယ်။ ဆိုလိုတာက ကောင်းရာမွန်ရာကို သွားမယ်ဆိုတဲ့သဘောနဲ့ အသုဘကို လမ်းညွှန်လိုက်တဲ့သဘောပါပဲ။ သေသွားတဲ့သူများဟာ နောက်ဘဝ ဘယ်ကို ရောက်နေတယ်ဆိုတာ ဘယ်သူမှ သေချာမသိနိုင်ပါ။ သူတို့အထင်က သေသွားသူဟာ အလောင်းကောင်အနီးရှိဦးမယ်လို့မှတ်ထင်နေဟန်တူပါတယ်။ အသက်မရှိတော့တဲ့ အလောင်းကောင်ကို ဘယ်လိုပဲ လမ်းညွှန်မှုပြုပြု လုံးဝမသိနိုင်တော့ပါ။

တစ်ဖန် အသုဘနဲ့စပ်လို့ ရှေးလူကြီးများပြောတဲ့အတိုင်း အခုအချိန်အထိ ပြုလုပ်နေကြတာတွေလည်းရှိပါသေးတယ်။

၁။ မကြာသေးမီက ကွယ်လွန်ခဲ့တဲ့ ရုပ်အလောင်းကိုရေချိုးပေးခြင်း။

၂။ သေသူရဲ့ ရုပ်အလောင်းနားမှာ ထမင်းနဲ့ရေ စားနိုင်ရန်ချထားပေးခြင်း။

၃။ ရုပ်ကွဲက်တစ်ခုမှာ လူနှစ်ဦးဟာ အရှေ့ဆက်နောက်ဆက် သေဆုံးသွားကြမယ်ဆိုရင် နောက်မှသေတဲ့အသုဘကို အရင်မီးသင်္ဂြိုဟ်ရပြီး ပထမသေတဲ့ အသုဘက နောက်မှ မီးသင်္ဂြိုဟ်ရခြင်း။

၄။ အသုဘအား သုသာန်ကိုပို့ဆောင်တဲ့နေရာမှာ ခြေရင်းဘက်ကို အရှေ့ကထားပို့ဆောင်ရခြင်း။

၅။ မြို့မှာဆိုရင်တော့ မီးသင်္ဂြိုဟ်ခါနီး ရွာမှာဆိုရင်တော့ မြေတဲ့ချခါနီး

www.burmeseclassic.com

www.burmeseclassic.com

မှာ အုန်းသီးကိုခွဲပြီး အုန်းရည်ဖြင့် အသုဘကို မျက်နှာသစ်ပေးခြင်း။

၆။ အသက်ရှိစဉ်က ဝတ်ခဲ့တဲ့ အင်္ကျီ အချို့နဲ့ ကူးတို့ခဆိုပြီး အကြွေစေ့ လေးတွေခေါင်းထဲထည့်ပေးလိုက်ရခြင်း။

၇။ အလောင်း၏ခြေမ၊ လက်မများမှာ အပ်ချည်ကြိုးဖြင့် ချည်ထားရခြင်း။

၈။ ဆွေမျိုးတွေရဲ့ အရပ်ကိုတိုင်းထားတဲ့ အပ်ချည်များကို သေသူရဲ့ ခေါင်းထဲသို့ ထည့်ပေးလိုက်ရခြင်း

၉။ အသုဘအိမ်တွင် ခွဲတ်ဆွဲထားတဲ့ ဓာတ်ပုံ၊ မှန် စသည်တို့ကိုနောက် ခိုင်းထားရခြင်း။

၁၀။ အသုဘကို သချိုင်းသို့ပို့ဆောင်ရန် အိမ်မှထွက်တာနှင့် ရေထည့်ထားတဲ့ သောက်ရေအိုးကို ရိုက်ခွဲလိုက်ရခြင်းတို့ ဖြစ်ပါတယ်။

ထိုအကြောင်းအရာတွေကို စာရေးသူသိရှိသမျှတင်ပြရခြင်းပါ။ အသုဘနဲ့ပတ်သက်ပြီး ရှေးနည်းထုံးအတိုင်း ပြုလုပ်ကြရတဲ့အရာတွေ များစွာရှိဦးမှာပါ။ ဒါတွေအားလုံးကို မလုပ်ရင်ကောမဖြစ်ဘူးလားလို့ဆိုတော့ မလိုက်နာရင်တော့ မိသားစုနဲ့ ရပ်ကွက်မှာပါ ထိခိုက်ကြလိမ့်မယ်လို့ ပြောပါတယ် ။ ယနေ့ခေတ် သဘာဝဘေးအန္တရာယ်ကြောင့် သောင်းချီပြီးသေဆုံးကြရတဲ့ အလောင်းကောင်တွေကိုကျတော့ ဘယ်လိုလုပ်ကြမလဲ။ စာရေးသူတွေးသလို စာဖတ်သူများလည်း လွတ်လပ်စွာ တွေးနိုင်ယူဆနိုင်ပါတယ်။

လူတွေမှာ ခိုက်တတ်တယ်ဆိုတဲ့ ဒီရှေးရိုးစွဲထွေကြောင့် ပြုလုပ်နေကြဟန်တူပါတယ်။ အမှန်တကယ် ထိခိုက်စေတာက မိမိပြုတဲ့ မကောင်းမှုကံကသာ မိမိကိုယ်ကို ထိခိုက်စေနိုင်တယ်ဆိုတာ အမြင်ရှင်းဖို့ပါ။

'ရှေးထုံးကိုလည်းမပယ်နဲ့ စျေးသုံးကိုလည်းမလွယ်နဲ့' ဆိုတဲ့ ဆိုရိုးစကားရှိတယ်ဆိုပေမယ့် အတုယူလိုက်နာသင့်တဲ့ ရှေးထုံးဆိုရင်တော့ လက်ခံကျင့်သုံးပေးရမှာဖြစ်ပြီး အဓိပ္ပာယ်မရှိ၊ အကျိုးသက်ရောက်မှုမရှိတဲ့ရှေးထုံးများကိုတော့ ပယ်သင့်ရင်ပယ်ရမှာပါ။

ဆိုရေးရှိက ဆိုအပ်စွ ဆိုတာကို ကြုံတုန်းပြောရဦးမယ်။ လူတစ်ယောက် အသုဘအိမ်သွားဖို့ လမ်းမသိဖြစ်နေတဲ့အခါ အဲဒီလူက အနီးရှိအိမ်တစ်အိမ်က လူအား 'အသုဘအိမ် ဘယ်နားမှာလဲ'



လို့ မေးလိုက်တဲ့အခါ အိမ်ထဲရှိလူက 'အသုဘအိမ် ဟောဟိုနားမှာ' စသဖြင့် အသုဘအိမ်ကိုလမ်းညွှန်ပေးလိုက်မယ်ဆိုရင် ထိုလမ်းညွှန်တဲ့သူဟာ မကြာခင် သေရတော့တာပဲလို့ ပြောကြတယ်။

ဒါဟာ ဗုဒ္ဓဝါဒရှုထောင့်ကနေ တွေးကြည့်ရင် ဆန့်ကျင်နေပါတယ်။ အမှန်က လမ်းမသိတဲ့လူတစ်ယောက် လမ်းညွှန်လိုက်တယ်ဆိုတာ ကောင်းတဲ့ကုသိုလ်လုပ်ငန်းတစ်ခုဖြစ်လို့ ကုသိုလ်တောင်ရပါသေးတယ်။ သေသွားတယ်ဆိုတာက အကြောင်းတိုက်ဆိုင်လို့သာ သေသွားရခြင်းဖြစ်ပါလိမ့်မယ်။ လမ်းညွှန်လိုက်တဲ့အတွက် သေတယ်ဆိုတာကတော့ လုံးဝမဟုတ်ပါဘူးဆိုတာလည်း ပြောလိုက်ရပါ့စေ။

ဒါကြောင့်လည်း ကံနဲ့ကံရဲ့အကျိုးကုသိုလ်၊ အကုသိုလ် ခွဲခြားတတ်ဖို့ (ကမ္မဿကထာ သမ္မာဒိဋ္ဌိအမြင်ရှိဖို့) ဆိုတာတွေကို ဘုရားရှင်ဟောကြားခဲ့တာပါ။ တစ်ဖန် ရက်လည်ဆွမ်းလောကပ်တဲ့ ဒကာမ ဆက်လက် လျှောက်ထားလာပြန်ပါတယ်။

"အရှင်ဘုရား တပည့်တော် တစ်ခု လျှောက်ချင်ပါသေးတယ်ဘုရား။အဘွားဖြစ်သူအသက်ထွက်ခါနီးတုန်းက သင်္ကြန်အတက်နေ့ရဲ့ ညဘက်မှာပါ ဘုရား။ တကယ်လို့ နှစ်ဆန်းတစ်ရက်နေ့ မရောက်ခင် သေဆုံးမယ်ဆိုရင်တော့ တပည့်တော်တို့ အသုဘကို ညကြီးချရမယ့် အနေအထားမှာရှိပါတယ်။ ဒါကြောင့် အဘွားဖြစ်သူ ည (၁၂) နာရီလွန်ပြီး နှစ်ဆန်းတစ်ရက်နေ့ထဲရောက်မှ အသက်ထွက်နိုင်အောင် ဆေးတွေနဲ့ ထိန်းထားလို့ရရင် ထိန်းပေးပါလို့ တပည့်တော်က ဆရာဝန်များကို ပြောလိုက်ပါတယ်ဘုရား၊ ကံအားလျော်စွာပဲ တပည့်တော်ရဲ့အဘွား နှစ်ဆန်းတစ်ရက်ဘက် ရောက်မှပဲ ကွယ်လွန်သွားလို့ စိတ်အေးရတော့တယ်ဘုရား"

လို့ လျှောက်ထားပြန်ပါတယ်။

သင်္ကြန်အတက်နေ့ညမှာ သေမှာစိုးလို့ ဆေးနဲ့ထိန်းထားပြီး ညသန်းခေါင် (၁၂) နာရီလွန်မှ အသက်ထွက်အောင် လုပ်တာတို့ဟာ မဖြစ်သင့်တဲ့ကိစ္စတွေပါ။ ဒီလိုအကြောင်းအရာများ ဖြစ်လာတာဟာ အမှန်တော့ အထက်ကပြောခဲ့သလို 'ခိုက်တတ်တယ်၊ ခိုက်မယ်' ဆိုတဲ့ သွေးလန့်စရာစကားတွေကြောင့် ဒီလို မလုပ်သင့်တာတွေကို လုပ်မိကြတာပါ။ အခုဆိုရင် အဘွားဖြစ်သူကို သေစေချင်တဲ့အချိန်မှာ သေဖို့အတွက် သူ့ခမျာ စိတ်အလွန်ပင်ပန်းခဲ့ရတဲ့အကြောင်းပြောပါတယ်။

ပြောရရင်တော့ လူနာကိုအသက်မထွက်အောင် ပဋိဇီဝဆေးတို့ဖြင့်ထိန်းထားပြီး ကိုယ်သေစေချင်တဲ့အချိန် ရောက်မှသေစေဖို့ဆိုတဲ့ အပြုအမူဟာ သေမင်းဆီမှာ ရက်ချိန်းယူလိုက်တာနဲ့ အတူတူပါပဲ။ ဒီလိုမျိုး တကယ်ရနိုင်ဝါ သလားလို့မေးရင် အရင်ကလည်း မရနိုင်သလို အခုလည်းမရနိုင်၊ နောင်လည်း ဘယ်တော့မှ ရနိုင်လိမ့်မှာမဟုတ်ပါ။ သေခြင်းတရားဆိုတာ မသေအောင် ဆေးထားလို့လည်းမရသလို သေအောင်လည် လုပ်ပေးလို့မရပါ။

ဩော် - ဘယ်အချိန်မှာသေပါ့၊ ဘယ်အချိန်မသေနဲ့ဦးလို့ သေမင်းတ်အမိန့်ပေးလို့မရနိုင်သလို တံဒိုးလက်ဆောင်ပေးပြီး အချိန်းအချက်ပြုလို့လည်း မရနိုင်ပါဘူး။

❑ အဇ္ဈေဝ ကိစ္စမာတပ်ပဲ ဟော
ဇညာ မရဏာသုဝေ။
နဟိ နော သင်္ကံရဲတေန မဟာ
သေနေန မစ္စုနာ။
(ဥပရိပဏ္ဏာသပါဠိတော်-
နှာ (၃)၊ ဘဒ္ဒေကရတ္တသုတ္တန်)

အဓိပ္ပာယ်က ယနေ့ပြုလုပ်သင့်ပြုလုပ်ထိုက်တဲ့ ကုသိုလ်ကိစ္စမှန်သမျှကို ယနေ့ပဲပြုလုပ်ကြပါတော့။ မနက်ဖြန်မှာ သေမယ်ဆိုတာ ဘယ်သူမှမပြောနိုင်ဝါ။ ဘာကြောင့်ဆိုရင် သေမင်းကို တံဒိုးလက်ဆောင်ပေးပြီး အချိန်းအချက်ပြုလုပ်လို့ မရတဲ့အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်လို့ ဘုရားရှင်ဟောတော်မူခဲ့တာကို မှတ်သားကြပြီး အမြင်မှန်ရကြပါစေလို့ ပြောရင်း . . . နားပါဦးမည်။

ဦးကောဝိဒ (မြိတ်)

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

ထူးခြားတဲ့နတ်တော်လမှာအဓိဌာန်ဝင်စေချင်

တစ်နေ့သဘွဲ့ -

ကျွန်ုပ်ထံသို့ ဂျာနယ်တစ်စောင် ရောက်ရှိထုတ်မည်ဖြစ်၍ အပ်တစ်စဉ်စာ ဖတ်ရှုရန်ပေးပေးရန် တာဝန်ခံအယ်ဒီတာ သာရောက်မေတ္တာရပ်ခံပြီး တောင်းဆို လာတော့သည်။ ကျွန်ုပ်မှာလည်း မွန်စွာ ခင်မင်ရင်းနှီးရသူဖြစ်နေသဖြင့် ငြင်းပယ်ပြီးရေးပေးပါမည်ဟု ပြောလိုက် ရသည်။

ကျွန်ုပ်သည် ပါချုပ်၏ ဟောစဉ် တရားတို့ နာကြားနေခဲ့ပါသည်။ ထို့စဉ် ယင်း ကျွန်ုပ်၏တပည့်တစ်ယောက် ဆုတ်လာပြန်ပါတော့သည်။ အမှန် အတိုင်းတင်ပြမည်ဆိုလျှင် ကျွန်ုပ်မှာ ဘာသာသာသက်ရောက်မှုကို ခန္ဓာကိုယ် သည်တိုင် နေရချိန်ဖြစ်သည့်အတိုင်း ဝေဒ နာတရားနေရသာဖြင့် ထားလို့ရသည့်လုပ် ငန်းများကိုထားပြီး ပါချုပ်၏ဟောစဉ် တရားတို့ပဲနာယူပြီး နားနားနေနေ လေးတဲ့ ဆုံးဖြတ်ထားသည့်အချိန်ကျမှ ရေးသည်က တစ်ဦးထွက်တစ်ဦးဝင်ဖြစ် နေမှာပါသည်။ ကျွန်ုပ်တို့၏ သုံးလောက သောင်ဖြစ်သော မြတ်စွာဘုရားရှင်က ဟောပြခဲ့ပြီးသားဖြစ်သော ဘာကိုမှ အသစ်အဆန်းရ 'သဗ္ဗေမွှာအနတ္တာ' ဟူသော သာသနာလာစကားကို သတိရနေမိပါ တော့သည်။

စာချစ်သူများနှင့် ရင်းနှီးပြီးသား ဖြစ်မည်ဟုထင်ပါသည်။ ဘယ်သူလဲဆို သော် မောင်စောလှမြင့်အမည်ရှိသော သည်ဖြစ်ပါသည်။ ကျွန်ုပ်ထံကို မကြာ ခဏဆိုသလိုရောက်လာမြဲဖြစ်ပါသည်။ ဆက်လာတိုင်းလည်း အမြဲတမ်း အဆက်တစ်ထုပ်တော့ ပွဲ့လာမြဲဖြစ်လေ သည်။

ယခုရောက်လာသည်နှင့် ကျွန်ုပ် အောက်ပါအတိုင်းပြောပြပါတော့ သည်။

"ဘိုးတော်၊ ဒီနေ့မနက်မှ ပြက္ခဒိန် ဖြည့်ပြီးကြည့်မိလို့ပါ။ ပြက္ခဒိန်မှာ အကြမ် ကိုးစနေကို ၂၀၁၅ ခုနှစ် ၂၈ ရက်၊ ၁၃၇၆ ခုနှစ်၊ နှောင်း ဆန်းလဆန်း ၉ ရက်၊ စနေဆိုတော့ ၂၀၁၅ ခုနှစ်မှာ ကိုးစနေ (၃) ကြိမ်ပေမယ့် ကောဇာနှစ်၁၃၇၇ခုနှစ် အတော့ (၂) ကြိမ်ပဲယူရမှာပေါ့နော်။ ဒီတော့ -

၁ ဒုတိယအကြိမ်က ၁၃၇၇ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ စနေနေ့။

၂ တတိယအကြိမ်က ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်း ၉ ရက်၊ စနေနေ့ဖြစ်လို့ (၂) ကြိမ်ပဲတွေ့ရပါတယ်။

ဆရာရေးတဲ့ ကိုးစနေကျင့်စဉ် တွေလည်းများလာပြီဆိုတော့ ကိုယ်နဲ့ အကျိုးပေးတဲ့ကျင့်စဉ်အတိုင်း ပြန်ဝင်နိုင် အောင်လို့ ပြက္ခဒိန်ပြန်ကြည့်လိုက်တာ ပါ။

တန်ဆောင်မုန်းလဆန်း ၉ ရက်၊ စနေနေ့က ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်ဖြစ်နေတော့ ဒီဇင်ဘာ ၁၂ ရက် နေ့က မြန်မာလ နတ်တော်လဆန်း ၁ ရက်ဖြစ်နေပြန်တယ်။ တိုက်ဆိုင်ပြန် တာက နတ်တော်လဆန်း ၁ ရက်က စနေနေ့ဖြစ်လို့ပါ။

နတ်တော်လကိုကြည့်လိုက်တော့ ၂၀၁၅ ခု၊ ဒီဇင်ဘာလ ၁၂ ရက်နေ့။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်မှာ နတ် တော်လကွယ်ရက်ဖြစ်နေပါတယ်။ နတ် တော်လကွယ်ရက်ကလည်း စနေနေ့ဖြစ် နေပါတယ်။

ဒါနဲ့ပဲ ဘိုးတော်ဆီမှာ 'နတ်တော် ဆန်း စနေနဲ့ လကွယ်စနေကြုံနေတာမို့ ကျင့်စဉ်တစ်ခုတောင်းဖို့လာခဲ့တာပါ"

ဟု ရှည်လျားစွာပင် ပြောပြလေ သည်။

"ဟုတ်ပါပြီဗျာ၊ ဂန္ဓိရသုတေသန လုပ်နေတဲ့ ငါ့တပည့်မောင်စောလှမြင့် တောင်းဆိုတဲ့အတိုင်း ကျင့်စဉ်ပေးပါ မယ်။

မင်းတွေ့ထားတဲ့ နတ်တော်လ ဟာ အတော်ကိုကြုံခဲ့တဲ့ကိန်းကြုံဖြစ်နေ တယ်။ ကောဇာနှစ်ရဲ့သိဒ္ဓိစွမ်းအားတွေ ကြွယ်ဝနေတာကို ကောက်ပြခဲ့ဖူးပြီးသား မို့ ထပ်မရှင်းတော့ပါဘူး။ ဒါပေမယ့်လို့ ဒီလ နတ်တော်လဟာ လဆန်း ၁ ရက် မှာ စနေနေ့ဖြစ်သလို နတ်တော်လပြည့် နေ့ (လဆန်း (၁၅) ရက်) မှာလည်း စနေ နေ့အဖြစ်ကြုံပြန်တယ်။ နတ်တော်လ ကုန်ရက်ဖြစ်တဲ့ (လကွယ်နေ့) မှာလည်း စနေနေ့နဲ့ပဲ ပြန်ပိတ်ထားပြန်တယ်။

အတော်ထူးတယ်လို့ပြောရမှာပါ။ ဒီထက်ပိုပြီး တိုက်ဆိုင်လာတာရှိသေး တယ်ကွ။ အဲဒါက သူရလမဂ္ဂဇင်းကြီးရဲ့ ဒီဇင်ဘာလမှာ (၁၅) နှစ်မြောက် အထူး ထုတ်နဲ့လည်းကြုံနေပြန်လို့ပေါ့"

ဟု ပြောပြလိုက်ပါသည်။

နတ်တော်လ၏ဝိသေသလက္ခဏာ တွေကတော့ အများကြီးပါပဲ။ အခု ၁၃၇၇ ခုနှစ်၊ နတ်တော်လ 'ဆန်း၊ ပြည့်၊ ကွယ်' အဂါသုံးရပ် တစ်ညီတညွတ်ထပ်တဲ့ စနေနေ့အခါမို့ ကျင့်စဉ်တစ်ခုကို ထိထိ ရောက်ရောက်ဝင်စေချင်ပါသည်။ကျွန်ုပ် ၏တပည့် မောင်စောလှမြင့်၏တောင်း ဆိုမှုကိုလည်း ဝမ်းမြောက်ကြည်နူးမိပါ တယ်။

ဝိဇ္ဇာရေဂမ္ဘီရပညာနယ်မှ ပထမံ လမ်း၊ သိဒ္ဓိစွမ်းအားရှိသော့နေ့များတွင် အထူးအားဖြင့် ပါပဲရက်ဟုခေါ်ကြသော ၂ အင်္ဂါနေ့၊ စနေနေ့နှင့် တနင်္ဂနွေနေ့တို့ ကို ပြဆိုထားပါသည်။ ယခု နတ်တော် လသည် လဆန်းစနေနေ့၊ လပြည့်စနေ နေ့နှင့် လကွယ်စနေနေ့ကြုံနေသဖြင့် ဝိဇ္ဇာရေဂမ္ဘီရပညာနယ်မှ ပထမံသိဒ္ဓိလမ်း ကိုယူလျှင် လွန်စွာသိဒ္ဓိမဟီဒ္ဓိအားကြီး စေသောလဖြစ်နေပါသည်။

၂ စနေနေ့ကို အလုံးစုံကုန်သော တောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာ တို့နှင့်ပြည့်စုံစေ၏ ဟု ဖွင့်ဆိုထားသဖြင့် ကျွန်ုပ်တို့ကျင့်စဉ်တစ်ခု (အဓိဌာန်တစ်ခု) ဝင်ရောက်ရန် အကောင်းဆုံးဖြစ်နေပါ ပြီ။ ကျင့်စဉ်အဓိဌာန်ကိုဝင်မည်ဆိုလျှင် နတ်တော်တစ်လလုံးလုံးဝင်ရမည်ဖြစ်ပါ သည်။ နတ်တော်တစ်လလုံးဟု ဆိုရ သော်လည်း (၂၉) ရက်သာဖြစ်ပါသည်။

နတ်တော်လ၏ (၂၉) ရက်ကို သခ္ခါကိန်းအရ ဝေဖန်ရမည်ဆိုလျှင် (၂ နှင့် ၉) ကိုပေါင်းပါ။ ပေါင်းလဒ်မှာ (၁၁) ဖြစ်ပါသည်။ တစ်လုံးတည်းအရ ပေါင်းလျှင် (၂) ဂဏန်းကို ရရှိနေပါ သည်။ (၂)ဂဏန်းသခ္ခါ၏ဂမ္ဘီရသဘော တရားက လွန်စွာနက်ရှိုင်းလှပါသည်။

ကျွန်ုပ်၏ အယူအဆတစ်ခုကို တင်ပြလိုသည်မှာ ယခုနတ်တော်လကျင့် စဉ်အဓိဌာန်ကို ဝင်ရောက်ခြင်းကို အောက်တွင် ဖော်ပြထားသည့်အတိုင်း ဖွင့်ဆိုလိုပါသည်။

၂ ထူးကဲသူများ အဓိဌာန်ကျင့်စဉ်ကို ဝင်ကြမည်ဖြစ်သည်။ အဓိဌာန်ကျင့် စဉ်ကိုဝင်ကြသူများမှာလည်းထူးမည် ဖြစ်ပါသည်။

ဝိဇ္ဇာရေဂမ္ဘီရပညာနယ်မှ စနေ ဆန်းပြည့်ကွယ်ကြုံသော နတ်တော်လ ကို မည်ဘည့်အဓိဌာန်ကိုဝင်ရမည်ကို

www.burmeseclassic.com

www.burmeseclassic.com

စိစစ်ကြည့်ရန် လိုလာပြန်ပါသည်။ အဓိဋ္ဌာန်ရမည့်အကြောင်းကောင်းကို စာဖတ်သူ (စာချစ်သူ) မိတ်ဆွေများ သိထားကြပြီးသားအကြောင်းပင် ဖြစ်ပါသည်။ ထုတ်ဖော်ရမည်ဆိုပါလျှင် ဒေသနာတော်လာ ပရိတ်တော်တွင်း ကျွန်ုပ်တို့၏ သုံးလောကမင်းဖြစ်သော မြတ်စွာဘုရား သခင် နုဋ္ဌကာလ ဥဒေါင်းမင်းဘဝကြုံတွေ့ခဲ့သောအကြောင်းပင် ဖြစ်ပါသည်။

မြတ်စွာဘုရား၏အလောင်းတော် ဥဒေါင်းမင်းသည် ကာမဂုဏ်ကြောင့် ညွတ်ကွင်းအတွင်း သက်ဆင်းရ၏။ နောက် လောကသမုတိနတ်ဖြစ်သော ဘုရင်မင်းမြတ်၏ပူဇော်ခြင်းကို ခံစားရလေသည်။

နံနက်အရုဏ်တက်တွင်တစ်ကြိမ်၊ ညနေဆည်းဆာနေဝင်ချိန်တွင်တစ်ကြိမ် ရွတ်ဆိုခဲ့သော (၂) ဂါထာစီသည် မည်သည့် ဘေးဥပဒ်အန္တရာယ်အပေါင်းမှ မကျရောက်ဘဲ ချမ်းသာစွာနေရလေသည်။ ထို့ဂါထာ (၂) ပုဒ်၏ တန်ခိုးတော်ကြောင့်ပင် အကျပ်အတည်း၊ အခက်အခဲတို့မှ ခေတ္တမျှနေရသော်လည်း ကြီးစွာသောစည်းစိမ်ချမ်းသာတို့ကို ပိုင်ဆိုင်ရကြောင်း ဒေသနာလာအကြောင်းကောင်းများကို သိရှိကြရပြီးဖြစ်ပါသည်။

သို့အတွက် ယခု နတ်တော်လ၏ ထူးမြတ်သော သိဒ္ဓိမဟိဒ္ဓိအစွမ်းရှိသည့်လတွင် မောရဇုတ်မှ (၂) ဂါထာစီကို ရွတ်ဖတ်ပူဇော်ပြီး အဓိဋ္ဌာန်ဝင်ရန်ပင်ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်ရုံ အပြည့်အစုံကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

□ နတ်တော်လအဓိဋ္ဌာန်ကျင့်စဉ် □

၁။ အဓိဋ္ဌာန်စရမည့်ရက်နှင့် ကာလသတ်မှတ်ခြင်း

(က) အဓိဋ္ဌာန်ကို နတ်တော်လ ဆန်း ၁ ရက်၊ စနေနေ့တွင် စတင်ရပါမည်။

(ခ) အဓိဋ္ဌာန်ကာလမှာ **နတ်တော်လတစ်လလုံးဖြစ်သည်။**

၂။ တစ်လလုံး အဓိဋ္ဌာန်ကာလတွင် နေ့စဉ်ဆောင်ရွက်ရမည့်အကြောင်းအချက်များ

(က) ကနဦး အောက်ပါ ပုဂ္ဂိုလ်များကိုဖိတ်ထားပါ။

စတုလောကပါလ နတ်မင်းကြီးလေးပါး၊

သိကြားမင်း၊

ဗြဟ္မာမင်း၊

ပါရမီဖြည့်ဖက်များ၊

အမြဲစောင့်ရှောက်နေကြသော ပုဂ္ဂိုလ်များ။

(ခ) ဒါနခန်း -

ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်များ ကပ်လှူပါ။

(ဂ) ကန်တော့ခန်း -

ဘုရားရှိခိုးခြင်း၊

သီလခံယူခြင်း၊

ဆုမွန်တောင်းခံ

မေတ္တာပို့သခြင်း။

(ဃ) အဓိဋ္ဌာန်ဝင်ရောက်ရမည့် ဂါထာတော်များ -

၁။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော၊
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ
ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဝုတ္ထာ ဝိဟရေမု ဒိဝသံ။
ယေ ဗြဟ္မာဏာ ဝေဒဂူ သဇ္ဈ ဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ၊ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္တာ၊
မောရော စရတိ ဧသနာ။

၂။ အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ
ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဝုတ္ထာ ဝိဟရေမု ရတ္တိံ။
ယေ ဗြဟ္မာဏာ ဝေဒဂူ သဇ္ဈ ဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမောဝိမုတ္တာနံ နမောဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္တာ၊
မောရော ဝါသ မ ကပ္ပယိ။

(သီရိမင်္ဂလာဝတ်ရွတ်စဉ်)

ထိုဂါထာတော် (၄) ပုဒ်ကို မနက်ပိုင်းတွင် တစ်ကြိမ်၊ ဥဒေတယံဂါထာမှစပြီး ဒုတိယဂါထာအထိ ဂါထာ (၂) ပုဒ်ကိုရွတ်ဆိုပြီး ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈) လုံး ပုဏ္ဏော်ပုတီးတစ်ပတ်စိပ်ရန် ဖြစ်ပါသည်။

ညပိုင်းတွင် အပေတယံ အစခံသောဂါထာနှင့် ဒုတိယဂါထာ ပေါင်း ဂါထာ (၂) ပုဒ်ကိုရွတ်ဆိုပြီး ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈) လုံး ပုတီးတစ်ပတ်စိပ်ရန် ဖြစ်ပါသည်။

၃။ ဘစ်နေ့တာအပြီးသတ်ဆောင်ရွက်ရခြင်း။

(က) မနက်တွင်တစ်ကြိမ်၊ ညတွင်တစ်ကြိမ် ပုတီးစိပ်ပြီးတိုင်း သစ္စာပြုပြီးဆုတောင်းခံပါ။ မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။

(ခ) ဖိတ်ထားသူများအား အရုဏ်ဒါနပြန်ပို့ပါ။

(ဂ) မိမိအပေါ် ပြစ်မှားကျူးလွန်သူများအား ခွင့်လွှတ်ပါ။ မိမိကမသိမှား၍ ကျူးလွန်ခဲ့သူများရှိခဲ့ကလည်း ခွင့်လွှတ်ရန် ဆုတောင်းခံပါ။

ဤအဓိဋ္ဌာန်ကျင့်စဉ်ကို သာမန်သိသူများသာ များကြမည်ထင်ပါသည်။ လွန်စွာမှသိမ်မွေ့နက်နဲပြီး အကျိုးထေသန်သော၊ အမွမ်းထက်သော၊ အလုံးခံပြီးမြောက်စေသော ကျင့်စဉ်တစ်ခုပြုကြောင်းကိုလည်း ထပ်လောင်းသတိပေးပါသည်။

ဤအဓိဋ္ဌာန်ကျင့်စဉ်ကြီး၏နောက်ဆုံး (၉) ရက်တွင် မမျှော်လင့်သော အဖျက်အဆီးအလွန်အားကြီးလုပါသည်။ အဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ရောက်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ယောဂီများအနေဖြင့် သတိထားနိုင်ကြရန်ကို အသိပေးလိုက်ရပါသည်။

တပည့် မောင်စောလှမြင့်နှင့် ကျင့်စဉ်ဝင်လိုသူများအတွက် ရေးသားတင်ပြလိုက်ပါ သည်။

ဤနေရာတွင် သူရဇ္ဈမဂ္ဂဇင်းကြီး၏ ပင်တိုင်စာဖတ်သူမိတ်ဆွေများအား လုံးနှင့် ကျွန်ုပ်ရေးသားတင်ပြခဲ့သော အဓိဋ္ဌာန်ကျင့်စဉ်များကို ဝင်ရောက်နေကြသော မိတ်ဆွေအပေါင်းလည်း အောင်မြင်ကြပါစေဟု ဆုမွန်တောင်းလိုက်ပါသည်။

အပြီးမြို့မှ ကျွန်ုပ်ထံ တယ်လီဖုန်းဖြင့်ဆက်သွယ်ကြသောမိတ်ဆွေအပေါင်းလည်း ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းလိုက်ပါသည်။

သူရဇ္ဈမဂ္ဂဇင်းကြီး၏စာတည်းချုပ်နှင့်တကွ မဂ္ဂဇင်းတိုက်တစ်ဖွဲ့သားလုံး သူရဇ္ဈမဂ္ဂဇင်းကြီး၏ စာဖတ်သူအားလုံးတို့ကိုလည်း ၂၀၁၆ ခုနှစ် နှစ်သစ်တွင် ရတနာခုနစ်ပါးနှင့် သန်းပေါင်းများစွာကြွယ်ဝချမ်းသာကြပြီးသကာလ ဘာသာသာသနာအကျိုး သယ်ပိုးနိုင်ကြသော ပုဂ္ဂိုလ်များဖြစ်ကြပါစေဟု ထပ်လောင်းဆုတောင်းမေတ္တာပို့သလိုက်ပါကြောင်း

ပညာတိုးပွားရှိ အကျိုးများကြပါစေ

ဘုန်းခင်

www.burmeseclassic.com

www.burmeseclassic.com

စလင်းမြို့က ရှင်ပင်မြသိန်းတန်ဘုရား

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)

အညာဒေသရဲ့ ပူပြင်းလှတဲ့ နွေနှောင်းရက်တွေမှာ မင်းဘူးခရိုင်က အာသနိုက အဆောက်အအုံတွေကို လေ့လာဖို့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်က စလင်းမြို့ကို ရောက်ရှိနေပါတယ်။ အောက်ပြည်အောက်ရွာက အာသူအဖို့ နွေနေပူပူကြောင့် အပြင်ထွက်ရတာဟာ စွန့်စားမှုတစ်ရပ်ဖြစ်ပေမယ့် တစ်ခုကောင်းတာက စလင်းမှာ သစ်ပင်ကြီးတွေအုပ်အုပ်ဆိုင်းဆိုင်းရှိနေလို့ အရိပ်ထဲရောက်ရင်တော့ နေသာထိုင်သာရှိရဲ့။

ဒီလိုနဲ့ပဲ ရောက်တဲ့အခိုက်မှာ ရသလောက်ယူဖို့ စလင်းမြို့က လက်ညှိုးထိုးမလွဲရှိနေတဲ့ဘုရားတွေကို မနားမနေ သွားရောက် ဖူးမြော် လေ့လာမှတ်တမ်းတင်ခဲ့ပါတယ်။ စလင်းမှာ ဘုရားစေတီနဲ့ ဘုန်းကြီးကျောင်းတွေလည်း ပေါများလှရဲ့။ စေတီပုထိုးတော်ပေါင်း (၁၀၀၀) ကျော်ရှိသတဲ့။ အသားကျောင်း၊ အုတ်တိုက်ကျောင်း (၆၀) အပြင် သစ်ထွင်းပန်းပုရုပ်လုံးရုပ်ကြွ၊ ပန်းခက်ပန်းနွယ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ကွမ်း (၅) ဆင့် ကျောင်းတော်ကြီး (၁၂) ကျောင်းရှိပါတယ်။ ဘုရားတွေနဲ့အတူ ဘုန်းကြီးကျောင်းတွေလည်းများပေမယ့် ရက်ကွက်အလိုက် သူ့လ၊ သူ့ရက်နဲ့သူ ခွဲဝေတာဝန်ယူပြီး ဆွမ်းသပိတ်လောင်းလှူပွဲတွေကို တစ်နှစ်ပတ်လုံး ကျင်းပနေကြလို့ ရဟန်းသံဃာတွေအတွက် ဆွမ်းကွမ်းအဆင်ပြေခဲ့ပါတယ်။



စလင်းမြို့က ရှင်ပင်မြသိန်းတန်စေတီတော်



မြသိန်းတန်ဘုရားကြီးလိုထင်အတွင်းက ကြည်ညိုဖွယ်ရာဆင်းတုတော်

စလင်း မြသိန်းတန်ဘုရား ဘုန်းကြီးကျောင်းက ဆင်းတုတော်များ

www.burmeseclassic.com

www.burmeseclassic.com



စလင်းမြို့ရှေး ရွှေပင်မြသိန်းတန်စေတီတော်

မြသိန်းတန်ဘုရားကြီးထိုထဲအတွင်းက
ကြည်ညိုဖွယ်ရာဆင်းတုတော်

စလင်း မြသိန်းတန်ဘုရား
ဘုန်းကြီးကျောင်းက ဆင်းတုတော်များ

တစ်ခုသော မွန်းလွဲပိုင်းလောက်မှာတော့ စလင်းမြို့က ရွှေပင်မြသိန်းတန်ဘုရားကိုသွားကြတယ်။ ဘုရားဝင်းထဲကိုဝင်တဲ့မုခ်ဦးက ဘာဂျာတံခါးတော်သော့ခတ်ထားတာတွေ့ရလို့ မလမ်းမကမ်းမှာရှိနေတဲ့ ဘုန်းကြီးကျောင်းကို အရင်ဝင်ရတယ်။ ညီညီညွတ်မှောင်မောသစ်သားကျောင်းအိုကြီးပေမယ့် တစ်စင်းတည်းရှိနေတဲ့ အတက်၊ အဆင်းအလှေကားကတော့ အခိုင်အခဲ့ကြီးနဲ့ပ

လက်ရှိကျောင်းထိုင်ဆရာတော်က လူလတ်ပိုင်းဖြစ်ကာ အတော်သေးသားပြေပြစ်ပြီး ဖော်ရွေလှပါတယ်။ စိတ်ရှည်လက်ရှည်နဲ့ ဘုရားခန်းတွေ၊ ဆောင်းဆင်းတုတော်တွေကို ကိုယ်တိုင်လိုက်ပြပြီး ဖူးမြော်လေ့လာခွင့်ပေးခဲ့သလို မက သူ့ကျောင်းမှာရှိတဲ့ ပေစာ၊ ပုရပိုစာတွေကိုပါ ထုတ်ပြရှာတယ်။

ကျွပ်တို့ကတော့ ဘာမှသိပ်

www.burmeseclassic.com

www.burmeseclassic.com

ဘာမဟုတ်ဘူးလေ”

လို့လည်း နှိမ့်နှိမ့်ချချစကားကို ဆာခဏဆိုပါတယ်။ ကိုယ်တို့ ကျောင်းပြန်အထွက် ဘုရားစေတီဘက်ပြန်ဝင်ဖူးတော့လည်း လိုက်ပါလာပြီး ဆောင်ပေးရင်း သိလိုသမျှကို ရှင်းပြပါသေးတယ်။

ထုံးစံအတိုင်းပဲ ဘုရားခန်းကြီးဟာ ကျွန်းသားတိုင်လုံးကြီးတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ပါပဲ။ကျယ်ဝန်းသလောက်လည်း အထဲမှာ ယွန်းဆွမ်းအုပ်တွေ၊ မှန်စီရွှေချထိုက်ကြီးတွေ၊ ရှေးဘုရားဆင်းတုတော်အမျိုးမျိုးတွေ၊ ရဟန္တာရုပ်တုတော်တွေ၊ နတ်-သိကြားရုပ်တုတွေက အများကြီးရယ်ပါ။ ကျွန်းလုံးတိုင်ကြီးကိုမှီထောင်ထားတဲ့ ‘၁၉၂၀ ခု’ လို့ အင်္ဂလိပ်လို ရေးသွင်းထုထားတဲ့ ဗီရိုတစ်ခုရဲ့ထိပ်ပိုင်းက ကနုတ်ပန်းတွေကြားမှာတော့ ပြာသိုလတို့ရဲ့ ဖောင်းကြွကြွသရဖူနဲ့ အလံပွတို့ မြင်းရုပ်၊ ခြင်္သေ့ရုပ်တွေကြားမှာ တွေ့လိုက်ရပါတယ်။

ဗျာဒိတ်ပေးရပ်တော်မူ၊ လျောင်းတော်မူ၊ ထိုင်တော်မူ စသဖြင့် အနေအထားအမျိုးမျိုး၊ မုဒြာအထွေထွေနဲ့ ရှေးခေတ်လက်ရာ ဘုရားဆင်းတုတော်တွေကို ဖူးတွေ့ရပါတယ်။ မင်းဝတ်အဆင်တန်ဆာ၊ မကိုင်၌ ဘယက်ဒွါရရာ အပြည့်အစုံနဲ့ထိုင်တော်မူစကျင်ကျောက်သားဆင်းတုတော်တစ်ဆူကတော့ လက်ယာဘက်လက်တော်ကို ဘူမိဖဿမုဒြာလို ပလ္လင်တော်ကိုထိမထားဘဲ လက်ဖဝါးတော်က အပေါ်ကိုလှန်ပြီး ဒူးတော်ပေါ်မထိဘဲ အလွတ်မြောက်ထားတာလည်း ဖူးတွေ့လိုက်ရတယ်။



စဝင်း မြသိန်းတန်ဘုရား ဘုန်းကြီးကျောင်းက ဆင်းတုတော်များ





စဝင်း မြသိန်းတန်ဘုရား ဘုန်းကြီးကျောင်းက ဆင်းတုတော်များ

မြသိန်းတန်ဘုန်းကြီးကျောင်းက ထူးထူးခြားခြား အံဝုက်များနဲ့ ဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com



စထင်း မြသိန်းတန်ဘုရား
ဘုန်းကြီးကျောင်းက ရေးဟောင်းပစ္စည်းများ

မြသိန်းတန်ဘုန်းကြီးကျောင်းက ထူးထူးခြားခြား အံဝုက်များနဲ့ ဆင်းတုတော်

မြသိန်းတန်ဘုရားကြီးရဲ့ ထိုထိအဝင်က မုခ်ပေါက်ကြီး

ဥာဏ်တော်တစ်ထွာသာသာရှိတဲ့ ဒက္ခိဏာသာခါလို မေးတော်နဲ့ ရင်ဘတ်တော်ထိလုလု၊ ဦးခေါင်းတော်ငုံထားတဲ့ ဆင်းတုတော်လေးတစ်ဆူကိုတော့ ဖန်ပေါင်းချောင်နဲ့အုပ်ထားပါတယ်။ဆင်းတုတော်တစ်ဆူလုံးဟာ တြိဂံပုံတွေကိုဆက်ထားသလိုမျိုးမို့ လက်ရာလည်း ထူးဆန်းပါတယ်။ မို့ကိုးချက်လိုမျိုး စို့ချက်တွေလည်း ဆင်းတုတော်နေရာအနှံ့မှာတွေ့ရရဲ့။ ဆရာတော်က ဖန်ပေါင်းချောင်ကို ဖွင့်ပြီး ဆင်းတုတော်ကို မ,ပြလိုက်တဲ့အခါ ပလ္လင်တော်နဲ့ ကျွတ်ထွက်သွားပြီး ပလ္လင်တော်ကို မ,လိုက်ပြန်တဲ့အခါ အောက်ခံခုံနဲ့လည်း လွတ်ထွက်သွားပါတယ်။ ပြန်တပ်ဆင်လိုက်တဲ့အခါတော့ အားလုံးနေသားတကျမို့ ဆင်းတုတော်အစိတ်အပိုင်းတွေဟာ တစ်ဆက်တည်းမဟုတ်ဘဲ အရှင်ဖြစ်နေရဲ့။ ဆင်းတုတော်ကို အပိုင်းလိုက်ဖြုတ်ပြတုန်းကလည်း အတွင်းပိုင်းပေါ် လာတဲ့နေရာတွေမှာ စို့ချက်တွေအများကြီးတွေ့ရလို့ တစ်ခုခု အစီအမံလုပ်ထားသလိုထင်ရပါတယ်။

ဦးခေါင်းတော်ဥဏှိသအထက်မှာ ကြာဖူးခွန်နဲ့ လျှောင်းတော်မူလေးတစ်ဆူဟာ အတော့်ကိုအချိုးကျပြီး သင်္ကန်းတော်တွေကျနေပုံက လှပလှပါတယ်။ မြေထဲပင်လယ်ဝန်းကျင်က ပြင်သစ်ပိုင်နီး(စ်)မြို့ကိုရောက်တုန်းက ဒီလိုလှောင်တော်မူ ဆင်းတုရှည်ရှည်လေးကို နီးပင်လယ်ဆိပ်ကမ်း ရေချိုးဆိပ်နားထိုင်း-တရုတ်စားသောက်ဆိုင်မှာ အ

www.burmeseclassic.com

www.burmeseclassic.com

ဆင်တဲ့အနေနဲ့ စားသောက်ခန်းအဝမှာ ကြွေတစ်ခုပေါ် တင်ပြထားတာ သတိထိမိတယ်။ ရှေးဟောင်းပစ္စည်းစုဆောင်းခဲ့ရှောင်း-ဝယ်သူတွေလက်ထဲ ဒီလိုတွေ့တော်လေး ပါမသွားတာဘဲ ဆောင့်ရွောက်ထားတဲ့ ဘုန်းကြီးတွေကို ကန်လှူးတင်ရရဲ့။

ဘုရားဆင်းတုတော်တွေ အပြင် ဆရာတော် ဘဒ္ဒန္တသောဘဏ (ဓမ္မဝါသီ) ဆက်တော် (၇၁) နှစ်၊ သိင်္ဂါလာ (၅၁) နှစ် ဆိုတဲ့ ပန်းချီကားကြီးလည်း သစ်သားနံရံမှာ ချိတ်ဆွဲထားတာ တွေ့ခဲ့ရပါတယ်။ တစ်ချိန်သောအခါ ဒီကျောင်းမှာ ကျောင်းထိုင်သွားတဲ့ ဆရာဘုန်းကြီးထင်ပါရဲ့။

ပေစာ၊ ပုရိုက်စာနဲ့ အမှုတွဲမှတ်တမ်း ကြွေစာရင်းမှတ်တမ်းများ

"ကိုယ်တို့က မှတ်တမ်းမှတ်ရာ ပေစာကျမ်းစာတွေများ မရှိဘူးလား ဘုရား"

လို့မေးတော့ ဆရာတော်က ဖုန်အလိမ်းလိမ်းတက်နေတဲ့ ရှေးဟောင်းကျမ်းစာတွေ၊ ပေစာထုပ်တွေ၊ ပုရိုက်တွေကိုလည်း စာတိုက်သေတ္တာတွေထဲကထုတ်ယူလာပြီးပြရှာပါတယ်။ အနက် ရောင်ပုရိုက်အခေါက်ခေါက်တွေကိုဖြန့်ဖတ်ကြည့်တဲ့အခါ ပေးစာ၊ တရားစာ၊ ဘုရားသမိုင်း၊ စာချုပ်စာတမ်း၊ အမှုတွဲမှတ်တမ်း၊ ကြွေးစာရင်းမှတ်တမ်းများ၊ ရက်ချုပ်အမှတ်အသားများနဲ့အတူ ဆေးမြီးတိုတွေ့ မှတ်ထားတာကိုလည်း တွေ့လိုက်ရပါတယ်။ နေ့စဉ်မှတ်တမ်းဒိုင်ယာရီလိုမျိုးနေသားထားတဲ့ ပုရိုက်တွေလည်းရှိရဲ့။ ပုရိုက်တစ်ခုထဲမှာတော့ အပြန်အလှန် အမှာစာနေနေတာမျိုးလည်း လက်နေတွေ့မတူဘဲ နေထားတာမျိုးကို တွေ့ရပြန်ပါတယ်။ 'လောကသာရပျို့' ဆုံးမစာတွေကို အပြည့်အစုံ နေထားတဲ့ပုရိုက်တွေလည်း တစ်ထပ်ကြီးရှိနေပါတယ်။ ဆရာတော်ကတော့ ကိုယ်တို့အဖွဲ့ တက်ကြွစွာဖတ်ရှုလေ့လာမှတ်တမ်းတင်နေတာကြည့်ပြီး သူလည်း အားပါလာတာ အတော့်ကိုသဘောကျနေပြီး -

"ကျွဲပတို့ဖြင့် တစ်ခါမှ စာတိုက်သေတ္တာတွေထဲက ထုတ်မဖတ်မိပါဘူးရယ်"

လို့ ရယ်ကျဲကျဲလေးနဲ့ တအံ့တသြပြောရှာပါတယ်။

ပုရိုက်နက်နက်မှာ ဇာတာခွင်၊ အိမ်ပုံ၊ ကျောင်းပုံ၊ အမျိုးသား, အမျိုးသမီးပုံ၊ မြင်းရုပ်၊ ဒေါင်းရုပ်၊ နဂါးရုပ်၊ ကျားရုပ်၊ သမင်ရုပ်လေးတွေကို အပြုံရောင်ကညစ်ဆန်နဲ့ ရေးဆွဲထားတာမျိုးလည်း တွေ့ရပါတယ်။ လက်ရေးတွေကတော့ ရှည်မျောမျောနဲ့ဖြစ်ပြီး အသတ်

ဆောင်း မြသိန်းတန်ဘုရား
ဘုန်းကြီးကျောင်းက ဆင်းတုတော်များ

မြသိန်းတန်ဘုရားကြီးထိုထဲအတွင်းက
ကြည့်ညီဖွယ်ရာဆင်းတုတော်

ဆောင်း မြသိန်းတန်ဘုရား
ဘုန်းကြီးကျောင်းက ဆင်းတုတော်များ

ဆောင်း မြသိန်းတန်ဘုရား
ဘုန်းကြီးကျောင်းက ဆင်းတုတော်များ

မြသိန်းတန်ဘုန်းကြီးကျောင်းက
ပေစာ၊ ပုရိုက်စာများ

မြသိန်းတန်ဘုန်းကြီးကျောင်းက
ပေစာ၊ ပုရိုက်စာများ

www.burmeseclassic.com

www.burmeseclassic.com

တွေကလည်း ရှည်ရှည်တွေများပေမယ့် ခပ်ဝိုင်းဝိုင်းနဲ့ လှနေအောင် ရေးထားတာမျိုးလည်း တွေ့ရတယ်။ ပုရပိုက်အတော်များများက ဖတ်လို့ရအောင် ကောင်းနေသေးပြီး တချို့မှာတော့ ပိုးကိုက်ရာအပေါက်တွေနဲ့ပါ။

ဆရာတော်စာ -

"ဖတ်တတ်တဲ့သူတွေ၊ ဖတ်နိုင်တဲ့သူတွေ၊ လေ့လာသူတွေယူသွားတာ အကျိုးရှိပါတယ်"

ဆိုပြီး ကိုယ်တို့အဖွဲ့ထဲက မာလာအောင့်ကို ပုရပိုက်တစ်အုပ်ပေးလိုက်ပါသေးတယ်။ ကိုယ်ကတော့ သက်ဆိုင်သူတွေဆီမှာ၊ သက်ဆိုင်ရာနေရာတွေမှာသာ ရှေးဟောင်းပစ္စည်းတွေကိုရှိစေချင်လို့ မယူခဲ့ပါဘူး။ ထုတ်ပြတာ၊ ဓာတ်ပုံရိုက်ခွင့်ပေးတာကိုပဲ ဆရာတော်ဘုန်းကြီးလေးကို ကျေးဇူးတင်ရရဲ့။

ပုရပိုက်ဆိုတာ

ပုရပိုက် ဆိုတဲ့ ဝေါဟာရဟာ သက္ကတဘာသာစကား 'ပရိဋ္ဌ' ကနေ ဆင်းသက်လာပြီး 'ပရိဇ'၊ အဲဒီကနေ ပုရပိုက်ဖြစ်လာတာလို့ ယူဆကြပါတယ်။ အနော်ရထာမင်းစော သထုံပြည်ကိုသိမ်းပိုက်အောင်နိုင်ပြီးတဲ့အခါ သက္ကတနဲ့ မွန်ဘာသာ နှစ်ခုရောပြီး ပုရပိုက်ဆိုတဲ့ အခေါ်အဝေါ် ဖြစ်ပေါ်လာဟန်ရှိရဲ့။ တကယ်တော့ ပုရပိုက်ဆိုတာ ရှေးက သုံးတဲ့ ပြည်တွင်းဖြစ် လက်လုပ်စာရေးစက္ကူတစ်မျိုးပါပဲ။ ပုရပိုက်ကိုခေါက်ထားရင် အရှည် (၁၇) လက်မခန့်နဲ့ အနံ (၇) လက်မ၊ (၈) လက်မခန့်ရှိလို့ ဒီနေ့ခေတ်စာရင်းစာအုပ်အရှည်နဲ့ ပုံသဏ္ဌာန်ချင်း တူပါတယ်။ အငယ်ဆုံးပုရပိုက်ကတော့ အလျား × အနံ (၃) လက်မ × (၁) လက်မခွဲလောက်ရှိရဲ့။ ပုရပိုက်ကို အလျားလိုက်ခေါက်ထားတာမို့ တစ်ရွက်ချင်းဆွဲဆန့်ဖတ်တဲ့အခါ လက်ဆွဲတာကျသဏ္ဌာန်ဖြစ်နေပါတယ်။

ပုရပိုက်တစ်ခုမှာ ခေါက်လျက် အလွှာ (၂၄) လွှာရှိလို့ စာမျက်နှာအား ဖြင့် (၄၈) မျက်နှာရှိတယ်။ ပုရပိုက်တစ်လွှာတည်းကို လွှာချင်း ဒါမှမဟုတ် တစ်ရေစီးလို့ခေါ်ပါတယ်။ အလွှာတစ်လွှာချင်းကဲ့သို့ အလွှာမျိုးပူးလျက်ကို (၂) ရေစီး၊ (၃) ရေစီးမှ (၅) ရေစီးကို လွှာထပ်ကလေး၊ (၆) ရေစီးမှ (၁၀) ရေစီးကို လွှာထပ်ကြီး၊ (၁၂) ရေစီးမှ (၁၆) ရေစီးအထိကို ဆုဝက်နဲ့ (၃၂) ရေစီးကို တစ်ဆူလို့ ခေါ်ကြပါတယ်။ ပုရပိုက်



မြသိန်းတန်ဘုရားကြီးရဲ့ အာရုံခံတန်ဆောင်းအတွင်း

မြသိန်းတန်ဘုရားကြီးရဲ့ အာရုံခံတန်ဆောင်းအတွင်း

မြသိန်းတန်ဘုရားကြီးရဲ့ အာရုံခံတန်ဆောင်းအတွင်း

www.burmeseclassic.com

www.burmeseclassic.com

စထင်း မြသိန်းတန်တုရား ဘုန်းကြီးကျောင်းက ဆင်းတုတော်များ



စထင်း မြသိန်းတန်တုရား ဘုန်းကြီးကျောင်းက ရေးဟောင်းပစ္စည်းများ

တစ်မျက်နှာမှာ စာ (၁၂) ကြောင်း လောက်သာ ရေးသားလေ့ရှိပါတယ်။ စာရေးတဲ့အခါလည်း ပုရိုက်ရဲ့အလျား လိုက်အတိုင်းရေးကြလေ့ရှိတယ်။

ပုရိုက်တို့ ရွှေ၊ ငွေ၊ ကြေးနီ စတဲ့ သတ္တုတွေနဲ့လုပ်နိုင်သလို သားရေ၊ သစ်ပင်ဝါးပင်နဲ့ တောက်ရိုး စတဲ့ သဘာဝပစ္စည်းတွေနဲ့လည်း ပြုလုပ်ယူလို့ရပါတယ်။ သင်္ကြန်ကာလမှာ မကောင်းမှုလုပ်တဲ့သူတွေကို သိကြားမင်းကြီးက ဆင်းလာပြီး ခွေးသားရေပုရိုက်နဲ့ ရေမှတ်သွားတယ်ဆိုတဲ့အပြောမျိုးလည်း ကိုယ်တို့ငယ်ငယ်ကကြားဖူးခဲ့တယ်လေ။ သင်္ကြန်တွင်းများ ငယ်ငယ်တုန်းက အချင်းချင်းဆဲမိဆိုမိရင် 'ခွေးသားရေပုရိုက်မှာပါသွားမယ်နော်' လို့ လူကြီး

စထင်း မြသိန်းတန်တုရား ဘုန်းကြီးကျောင်းက ဆင်းတုတော်များ

စထင်း မြသိန်းတန်တုရား ဘုန်းကြီးကျောင်းက ရေးဟောင်းပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com

မြသိန်းတန်ဘုရားကြီးထိပ်ဆောင်းက ကြည်ညိုဖွယ်ရာဆင်းတုတော်



မြသိန်းတန်တုန်းကြီးကျောင်းက
ဆရာတော်ဘုန္ဓသောဘာဏ(ဓမ္မာစရိယ)ပုံတော်



တွေက ခြောက်လှန့်ကြလို့ မဆဲမဆိုမိအောင်နေခဲ့ကြဖူးပါရဲ့။ သဘာဝပစ္စည်းအရွက်၊ အခေါက်တွေနဲ့လုပ်စဲ့ပုရိုက်တွေမှာ ပုရိုက်ဖြူနဲ့ ပုရိုက်နက်ရယ်လို့ နှစ်မျိုးရှိပါတယ်။ ပုရိုက်အဖြူမှာ မျိုးကွဲတွေမရှိပေမယ့် ပုရိုက်အနက်မှာတော့ (၄) မျိုးရှိတယ်။ ရှမ်းစက္ကူနဲ့ပြုလုပ်တဲ့ ရှမ်းပုရိုက်၊ သစ်ပင်အမည်ကိုစွဲပြီးခေါ်တဲ့ သရက်ချဉ်ပုရိုက်၊ ဝါးကနေလုပ်ယူတဲ့ ဝါးလျှောထိုးပုရိုက်နဲ့ ဝါးရိုးရှိုးပုရိုက်လို့ ဖြစ်ပါတယ်။

စလင်းမြို့မြောက်ဘက်အရပ် (၄) မိုင်၊ (၄) ဖာလုံအကွာမှာရှိတဲ့ ပုရိုက်တန်းရွာလေးမှာ တစ်ချိန်တုန်းက ပုရိုက်တွေထုတ်လုပ်ခဲ့ကြပါသတဲ့။ အဲဒီရွာမှာ ကောက်ရိုးကို ကျီချက်လုပ်ထဲ့ပုရိုက်နဲ့ အုန်းနဲ့ခေါက်ကို ခုတ်စင်းကျီချက်လုပ်တဲ့ပုရိုက်လို့ နှစ်မျိုးလုပ်ကြပါသတဲ့။ ကောက်ရိုးပုရိုက်အတွက် ကောက်ရိုးကိုရေဆေး၊ ခုတ်စင်း၊ ထောင်းထုပြီး မီးဖိုပေါ်က ဒယ်အိုးကြီးထဲ ထမင်းရည်နဲ့ရောပြီး အကြာကြီးကျီချက်ရပါတယ်။ အတော်ပျစ်ရင် ပုံသွင်းပြီး နေပူလှန်းရပြန်တယ်။ နေလှန်းပြီးရင်တော့ တလိမ့်တုံးနဲ့လိမ့်ကြရတယ်။ အဲဒီနောက်မှာ ပန်းချီကားတွေ ပေါင်ကြက်သလို ကြက်ရပြန်တယ်။ စိတ်ကြိုက်အနေအထားရောက်တဲ့အခါ မျက်နှာပြင်အထူအပါးညီအောင် ပြောင်ချောနေတဲ့အုတ်ခဲနဲ့ အကြိမ်များစွာပွတ်တိုက်ရပါတယ်။ အဲဒီနောက်မှာတော့ အလှူးတန်းတောင်အနံတစ်တွဲလောက်ဖြတ်ပြီး (၈) ခေါက်ခေါက်ရတယ်။ အားလုံးပြီးတဲ့အခါ ပုရ

www.burmeseclassic.com

ခြင်းဖူတစ်နှာပြင်မှာ စာရေးလို့ရအောင် သွားတို့ မှုန့်ညက်နေအောင်ထောင်း ပြီး ထမင်းရည်နဲ့ကျိုကာ ဖြတ်ထားတဲ့ ရေခဲတစ်ပေါ်မှာ ညီညီညာညာသုတ်ရပါ သည်။ အဲဒါကို နေပူလှန်းလိုက်ပြီးတဲ့ အခါ ပုရိုက်ကိုရတယ်။ အုန်းနဲ့ခေါက် ထားတဲ့ပုရိုက်ကိုတော့ အုန်းနဲ့ခေါက် ပြီး၊ ဓားနဲ့ပါးပါးနုပ်နုပ်စဉ်းပြီး အမှုန့် ထောင်း၊ ထမင်းရည်နဲ့ရောကာ မိုးပြာ သဲကြီးထဲမှာ ပျစ်ခဲနေအောင်ကျိုပြီး အောက်ရိုးနဲ့လုပ်သလိုပဲလုပ်ရပါတယ်။

အုန်းနဲ့ပုရိုက်က ကောက်ရိုး ဆိုက်ထက် ပိုမိုခိုင်ပြီး စွေးလည်းပိုကြီး သတဲ့။

ပုရိုက်က အနက်မို့ စာရေးတဲ့ အခါ တံတူဆန်နဲ့ရေးရပါတယ်။ အဲဒါမှ အနက်ခဲပေါ်မှာ အဖြူရောင်စာတွေထင် နေမှာပါ။ ပုရိုက်စာ အဌားရေးသူတွေ၊ ဆက်ရေးလုံသူတွေကို အခပေးပြီး ရေး ခိုင်းရတာမျိုးလည်းရှိပါတယ်။

ကိုယ်တို့တွေ ပုရိုက်တစ်ပုံနဲ့ အ လုပ်ရှုပ်နေတုန်းမှာ ဘုန်းကြီးနဲ့ ဦးပဉ္စင်း တွေ ဆွမ်းစားကြပါတယ်။ ရဟန်းသံဃာ တွေ ဆွမ်းဘုဉ်းတဲ့ကိစ္စပြီးတော့ -

"နေပူပါတယ်၊ ထမင်းစားဖို့ အိမ် တစ်ခေါက်မပြန်ကြပါနဲ့"

လို့ ကျောင်းထိုင်ဆရာတော်လေး ကမိန့်တော့ ကိုယ်တို့လည်း ဘုန်းကြီး စွန့်ပြီးကျွေးတဲ့ ထမင်းပွဲကို စွန့်-စားကြ

မြသိန်းတန်ဘုရားကြီးရဲ့ အာရုံခံတန်ဆောင်းအတွင်း

မြသိန်းတန်ဘုန်းကြီးကျောင်းက ပေစာ၊ ပုရိုက်စာများ

မြသိန်းတန်ဘုန်းကြီးကျောင်းက ပေစာ၊ ပုရိုက်စာများ

www.burmeseclassic.com

www.burmeseclassic.com

စံလင်းမြို့ ရွှင်ပင်မြသိန်းတန်ဘုရားက ဘုန်းကြီးကျောင်းကြီး

တယ်။ ဒါတင်မျှမကဘဲ ဘုန်းကြီးက ကော်ဖီမစ်ထုပ်တွေနဲ့ပါ အချိုပွဲနဲ့ ည့်ခံလိုက်ပါသေးတယ်။ ဒါကြောင့်လည်း မြန်မာပြည်မှာဘယ်နေရာရောက်ရောက် စားရေး၊ နေရေး မပူရဘူး။ ဘုန်းကြီးကျောင်းတွေရှိတယ်လို့ပြောကြတာကိုး။

❑ ခေါင်းလောင်းစာတွေနဲ့ ကြေးခေါင်းလောင်းကြီး

တစ်ကျောင်းလုံးလေ့လာစရာကုန်တဲ့နောက်ဆုံးမှာတော့ ကျောင်းဝရန်တာမှာထိုးဖို့ ချိတ်ဆွဲထားတဲ့ ကြေးခေါင်းလောင်းကြီးကို လေ့လာကြပါတယ်။ ခေါင်းလောင်းကြီးမှာ စာတွေရေးထိုးထားတာ ပါရှိနေတာ တွေ့ရတဲ့အပြင်၊ ခေါင်းလောင်းခွိတ်ကလည်း အံတော်လက်ရာမြောက်တဲ့ မရူသိဟရုပ်၊ နတ်ရုပ်၊ မကန်းရုပ်တွေနဲ့ပါ။ ဒါပေမယ့် အညာဒေသဖြစ်လို့ ဖုန်မှုန့်တွေ၊ ပင့်ကူအိမ်တွေ ရောထွေးပြီး မလှမပဖြစ်နေရှာရဲ့။ အဲဒါနဲ့ပဲ ဘုန်းကြီးကျောင်းမှာ တစ်နပ်စာစားထားတဲ့အပြစ်လည်းကျေအောင် ဖုန်တွေကို သွားပွတ်တံအဟောင်းနဲ့ ပွတ်တိုက်ခါထုတ်ပြီး သန့်ရှင်းရေးလုပ်ပေးခဲ့တယ်။ အညာဖုန်တွေနဲ့ ပြီးမျှင်တွေ တင်းကျမ်းပြည့်နေလို့ မပေါ်လွင်တဲ့ကြေးရုပ်လေးတွေလည်း လှပစွာပေါ်လာခဲ့ပါတယ်။

❑ ရှင်ပင်မြသိန်းတန်စေတီ

အဲဒီနောက်မှာတော့ ဆရာတော်ပါ ထိုက်ပါပြီး ရှင်ပင်မြသိန်းတန်စေတီဝင်းရဲနောက်ပေါက်ကနေဝင်ခဲ့ကြပါတယ်။ စလင်းနယ်တစ်ဝိုက်မှာ စေတီပုထိုးတွေရဲ့ဘွဲ့တော်တွေမှာ ရှေ့ကနေ ရှင်ပင်တပ်ခေါ်တွင်လေ့ရှိကြတယ်။ ရှင်ပင်မြသိန်းတန်ဘုရားဟာ ဂူခဲထားတဲ့ စေတီတော်ပါ။ စေတီတော်ရဲ့ဗိသုကာဟာ ထူးခြားပါတယ်။ ပစ္စယာတွေမှာ စိန်တောင်တွေတပ်ဆင်ထားလို့ပါ။ ရှေးအခါကတော့ စိန်တောင်ကိုစေတီတိုင်းမှာတပ်ခွင့်မပေးဘဲ မင်းမျိုးမင်းနွယ်တွေရဲ့ ကုသိုလ်တော်တွေမှသာတပ်ခွင့်ရပါတယ်။ စေတီတော်ဟာ သိပ်အကြီးကြီးမဟုတ်ပေမယ့် အောက်က ဂူခဲထားလို့ အနည်းငယ်တော့ ညောတ်တော်မြင့်နေသလိုပါပဲ။ အောက်ခံဂူရဲ့ထောင့်တွေမှာတော့ ချစ်စဖွယ်ကောင်းလှတဲ့ ခြင်္သေ့ဖြူဖြူတုတ်တုတ်လေးတွေကို ခပ်ပြုံးပြုံးတွေ့လိုက်ရတယ်။

နေပူလွန်းလို့ ရှင်ပင်မြသိန်းတန်စေတီတော်ကိုပတ်ပြီး ရှေ့ကအာရုံခံ

www.burmeseclassic.com

www.burmeseclassic.com

စထင်း မြသိန်းတန်ဘုရား
ဘုန်းကြီးကျောင်းက ဆင်းတုတော်များ



မြသိန်းတန်ဘုန်းကြီးကျောင်းက ထက်ရာမြောက်ကိုင်းနဲ့ ကြေးခေါင်းလောင်းကြီး

တော်ကတော့ ပုဂံခေတ်ဟန် ရေစိုသက်နံးတော်ဖြစ်ပေမယ့် ညာဘက်ပခုံးတော်မှာ သက်နံးတော်တစ်စွန်းတစ်စ အုပ်ထားတာကတော့ နှောင်းခေတ်အဆင်အယင်ပါ။ ဦးခေါင်းတော်ထက်မှာ ကြာဖူးပုံမကိုတော်ဥဇ္ဈိသပါရှိတဲ့ ဘုမိဖဿမုဒြာဟန် ဆင်းတုတော်ဖြစ်ပါတယ်။ လည်ရေးသုံးဆင့်၊ နားရွက်တော်ပခုံးထိပြီး ဥဇ္ဈာလုံမွေးရှင်တော်လည်းပါရှိရဲ့။ ထုလုပ်သူ ဗိသုကာဟာ ခြေသလုံးတောင်နှစ်ဖက်က သက်နံးတော်နှစ်စကို ပလ္လင်တော်ထက်အလယ်တည့်တည့်မှာ ချွန်ကော့ပြီးဆုံနေအောင် ဂရုတစိုက်လည်းလုပ်ထားပါတယ်။ ဦးခေါင်းတော်နောက်က အုတ်နံရံမှာ ရောင်စုံမှန်ပြားရှည်လေးတွေနဲ့ ရောင်ခြည်တော်စက်ဝန်း တပ်ဆင်ထားတာကတော့ နောက်ပိုင်းမှဖြည့်စွက်ချက်လို့ထင်ပါရဲ့။

နွေနေ့လယ် နေပူပူမှာပဲ ရှင်ပင်မြသိန်းတန်ဘုရားကို ကန်တော့ပြီး သုတေသနခရီးဆက်လက်ဖို့ စလင်းမြို့ရဲ့ 'စေတီပုထိုး မြေကြီးကျိုးမှု' လို့ ဆိုရအောင် များပြားလှတဲ့ ဘုရားတွေထဲက နောက်ထပ် ဘုရားစေတီတစ်ဆူကို သွားရောက် ဖူးမြော် လေ့လာကြဖို့ ခရီးနှင်ရပြန်ပါတယ်။ ရှင်ပင်မြသိန်းတန် တန်ဆောင်းကပြန်မထွက်ခင် ဂူထဲမှာ စံပယ်ကျန်ရစ်နေတဲ့ဆင်းတုတော်ကို တစ်ချက်ပြန်ဖူးလိုက်မိတယ်။ တကယ့်ကို အပြစ်ကင်းတဲ့ ကလေးငယ်လေးလို သပ္ပာယ်လှတဲ့ ဆင်းတုတော်ပါပဲ။ ဘုရားရှင်ရဲ့ ကြည်စင်ဝင်းပတဲ့မျက်နှာတော်ကို အာရုံပြုရင်းနဲ့ပဲ နွေအပူတောထဲကို တိုးဝင်လိုက်ရပြန်ပါတော့တယ်။

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရွှေ-သု)

ဘန်ဆောင်းထဲကို အရင်ဆုံး ပြေးဝင်ဖို့ရပါတယ်။ အာရုံခံတန်ဆောင်းဟာ သိပ်မကြီးပေမယ့် မှန်စီရွှေချရွေချွန်းတိုင်လုံးကြီးတွေနဲ့ပါ။ တန်ဆောင်းတော်ရဲ့မျက်နှာကြက်ကိုလည်း ရွှေလက်ရာအတိုင်း သစ်သားထုပ်တန်းကြီးတွေ၊ သစ်သားပေါင်းကွက်တွေနဲ့ ဆောက်လုပ်ထားပါတယ်။ မျက်နှာကြက်ပတ်လည်ကို သစ်သားပေါင်းတွေကွပ်ထားပြီး ဆင်းတွက်လေးတွေတစ်ခုချင်းရဲ့အလယ်ဗဟော့ သစ်ထွင်းကြာပွင့်ပုံတွေနဲ့ တန်ဆာဆင်ထားရဲ့။ ကြာပွင့်တွေရဲ့ အလယ်ကနေ ကြာဖူးပုံပွတ်လုံးအချွန်းလေးတွေကျနေပုံကလည်း ရှေးခေတ်ကအထူးပြုလုပ်ချက်တွေပါ။

တန်ဆောင်းအဆုံးမှာတော့ စေတီတော်အောက်ခံဂူပေါက်ဝပါပဲ။ ဂူဝင်ပေါက်ထိပ်မှာ ဆင်ယင်ထားတဲ့ ဂဠုန်ဆင်တို့ ခွတင်ထူလုပ်ထားတဲ့ အစောင့်နတ်သားနှစ်ပါးရုပ်တုတွေနဲ့ အင်္ဂတေဆင်းတုကြီးကလည်း လက်ရာမြောက်လှပါတယ်။ ဝင်ပေါက်တစ်ဖက်တစ်ချက်မှာတော့ မုခ်ကပ်ကြီးနှစ်ခုရှိပြီး ဘယ်ဘက်မုခ်ကပ်ထဲမှာ ဘုမိဖဿမုဒြာဟန် 'သကျရဲသီဘုရား' ဆင်းတုတော်နဲ့ ညာဘက်မုခ်ကပ်ထဲမှာတော့ ဘုမိဖဿမုဒြာဟန်နဲ့ပဲ 'လောကမာန်အောင်ဘုရား' ဆင်းတုတော်တွေ စံပယ်နေတော်မူကြတယ်။

ဂူအတွင်းမှာတော့ အုတ်အင်္ဂတေပလ္လင်တော်ပေါ်မှာ လက်ရာကောင်းတဲ့ ဆင်းတုတော်ကြီးတစ်ဆူရှိပါတယ်။

နွေလယ်နေ့ခင်း ဘုရားဖူးတွေ ရှင်းနေပေမယ့် နေပူဒဏ်ကိုရှောင်ပြီး အရိပ်ရတဲ့ဂူပေါက်ဝမှာ သမီးငယ်လေးနဲ့အတူ လာအိပ်နေတဲ့ လူလတ်ပိုင်း ဖခင်တစ်ဦးကို ကျော်ခွနင်းကာ ဂူထဲကို ဝင်ခဲ့တယ်။

ဂူထဲက ဆင်းတုတော်ရဲ့ မျက်နှာတော်ဟာ အပြစ်ကင်းတဲ့ ကလေးငယ်လေးလို နုနုပျိုပျိုနဲ့ အလွန်သပ္ပာယ်လှပြီး နဖူးတော်ထက်က သရဖူလို စိန်တောင်လေးတွေနဲ့ အဆင်တန်ဆာကလည်း ကွဲကွဲပြားပြားရှိပါတယ်။ သက်နံး

www.burmeseclassic.com

www.burmeseclassic.com

(ဆရာဇော်)
ကိုရင်မြသန်း
ဘုရားအလိုမကျတဲ့ ပကာသန

ပကာသနတွေများလာသည့်အခါ အညတရဖြစ်သွားတတ်သလို အညတရတွေများလာသည့်အခါ ပကာသနဖြစ်လာတတ်၏။

ထိုဖြစ်လာသော ပကာသနသည်ကား -

ဘယ်သောအခါမှ မပြိုကွဲ မပျောက်ကွယ်သော ပကာသနတည်း။

အထက်ပါစာစုသည် ဖတ်ခဲ့ဖူးသော စာအုပ်အညွှန်းမှ မှတ်မိသရွေ့ကို နားလည်သရွေ့ ပြန်လည်ရေးသားထားခြင်း (စာအုပ်အညွှန်းအမည်မမှတ်မိ၍ ဖော်မပြနိုင်ခြင်းကို ခွင့်လွှတ်ပါရန်) ဖြစ်ပြီး ယခုရေးသားတင်ပြမည့်အကြောင်းအရာမှာလည်း ဖော်ပြပါ ပကာသနနှင့် အညတရတို့ တွဲစပ်နေသောသဘောရှိနေ၍ ဖြစ်ပါသည်။

❑

လောကလူသားအားလုံးတို့သည် များသောအားဖြင့် ထင်ပေါ်ခြင်းဟူသော ပကာသနကိုလိုလားတတ်ကြလေသည်။ အမှန်မှာ ပကာသနထက် အကျိုးရှိမှုကိုသာ လိုလားသင့်ပေသည်။

ပင် ကျောင်းသားတစ်ယောက်ယောက်မှာ ထိုကိုရင်၏ ဧစေခိုင်းချက်အရ မြို့မှ ကျောင်း၊ ကျောင်းမှ မြို့ပြန်ချည်သွားချည် လုပ် နေရလေသည်။

တစ်နေ့သ၌ ထိုကျောင်းသားကလေး ဤသို့အသွားအပြန်လုပ်နေသည်ကိုမြင်သော ဂန္ဓာရုံဆရာတော် ဘုရားက လမ်းမှစောင့်ကာ မြို့မှကျောင်းသို့ ပြန်လာသော ကျောင်းသားကလေးကို -

"ဟဲ့-ကျောင်းသား၊ ဘယ်ကလာသလဲ"

ဟု မေးတော်မူလျှင် -

"မြို့ထွေးထဲကလာပါသည်ဘုရား"

ဟု လျှောက်၏။

"မင်းလက်ထဲကဘာအထုပ်လဲ"

ဟု မေးလျှင် -

"အာလူးထုပ်ပါ ဘုရား"

"ဘယ်သူ့ဖို့လဲ"

"သက်သက်လွတ်စားတဲ့ ကိုရင်ဖို့ပါဘုရား"

ဟု လျှောက်ထားသည်များကို မှတ်သားတော်မူသော ညဦးယံ ဘုရားဝတ်တက်ချိန် သံယာများစုံညီသောအခါ ဤသို့ မိန့်တော်မူလေသည်။

"ရဟန္တာတွေ့သမျှနှင့်စားသောက်ရောင့်ရဲခြင်းကား သန္တုဋ္ဌိမဂ််လာဖြစ်တယ်။ သက်သက်လွတ်စားတယ်ဆိုတာ ကိုယ့်ဟာကိုယ်ဝယ်ခြမ်းစားသောက်နိုင်တဲ့လူများအတွက်တော့ ကောင်းတယ်လို့ဆိုသင့်ပါရဲ့။ သူများလျှူသမျှနှင့် အသက်မွေးရတဲ့ ရဟန်းများအတွက် ဆော့ အကျိုးမများလှပါဘူး။ လူသိရှုပ်ရှိတယ်။ အာလူးပြေးဝယ်ရ၊ ကြက်သွန်ပြေးဝယ်ရ ပဲဆီပြေးဝယ်ရနဲ့ ဒုက္ခအလွန်ပိုတယ်။ ကုသိုလ်ရ၊ မရတော့ မပြောဘတ်ဘူး။ ရှာရဖွေရနဲ့ ဒုက္ခတော့အလွန်များတယ်။ လူလည်းတယ်သိတယ်။ သိတဲ့သူများကတော့ သက်သက်လွတ်ကိုယ်တော်ဆိုပြီး ခိုးပွဲမ်းကြမှာပဲ။ ကိုယ့်မှာ သက်သတ်နဲ့မတဲ့ မသင့်တဲ့ရောအနာရှိနေမယ်ဆိုရင်တော့ စားတာဒေါ့စားသင့်ပါတယ်။

လောကမှာ စိန်ကုန်သည်နဲ့ ပုတ်ကုန်သည်ဆိုပြီး နှစ်မျိုးရှိတယ်။ စိန်ကုန်သည်ဆိုတာ သူ့အိပ်ကပ်ထဲမှာ အနီးတန်စိန်တွေထည့်လာတာကို သူတစ်ပါးမမြင်ရဘူး။ ရောင်းချတဲ့အခါမှာလည်း

ဓနုဖြူမြို့ ဂန္ဓာရုံကျောင်းတိုက်၌ ဂန္ဓာရုံဆရာတော်ဘုရားရှိတော်မူစဉ်က သံယာ (၅၀) ကျော်မျှ သီတင်းသုံးရာ စာသင်တိုက်ဖြစ်ခဲ့လေသည်။ ပရိယတ္တိကို ကြိုးကြိုးပမ်းပမ်း အားထုတ်နေကြသော စာသင်သားတို့အနက် ကိုရင်ကြီးတစ်ပါးသည် ထူးထူးချွန်ချွန် သက်သက်လွတ်စားသောအကျင့်ကို ကျင့်လျက်ရှိရာ နံနက် (၁၀) နာရီမတိုင်မီ နေ့တိုင်းလို

www.burmeseclassic.com

www.burmeseclassic.com

အမြတ်တွေအများကြီးရနိုင်တယ်။ ကျစ်သွားပြီး အမြတ်များများရတဲ့ကုန်သည်လေ။ ပုတ်ကုန်သည်ဆိုတာ ပုတ်တစ်လုံးမြောက်မှုံးသုံးမတ်လောက်တန်တယ်။ ဒင်းပိုးနဲ့ ရေနောက်လျှိုထမ်းမှ (၆) လုံးသောက်ပါနိုင်တယ်။ ရောင်းလိုက်တော့လည်း ဘာမှအမြတ်မများဘူး။ ဖုံးလို့ဝှက်လို့လည်းမရဘူး။ လူလည်း အင်မတန်ပင်ပန်းတယ်။

အဲဒီဥပမာအတိုင်းပဲ။ သက်သက်သတ်စားတယ်ဆိုတာ ပကာသနတွေကများများ ကုသိုလ်ကျတော့ အရန်သင့်တဲ့အတွက် ပုတ်ကုန်သည်လို့ ဆိုရမယ်။ အသင်္ခချိန်မှာ ကုပ်ကုပ်ရုတ်ရုတ်စာသင်၊ ဆယ်မှစား၊ ဘုရားရှိခိုး၊ ပုတီးစိပ်၊ လူခြေတိတ်တဲ့အခါ ကိုယ်ကြိုက်တဲ့ဘာဝနာသူတစ်ပါးကိုလည်း ဒုက္ခမပေးဘဲ ချစ်ကျွမ်းလျစ်လျဉ်နေထိုင်ကျင့်ကြံခြင်းအားလွန်ကုသိုလ်ရပြီး ပကာသနမပါအတွက် စိန်ကုန်သည်နဲ့တူတယ်။ ထို့ကြောင့် ပကာသနအလုပ်တွေကို ကြဉ်ကြဉ်ရှောင်ကြဉ်ရမယ်။ မိမိ၊ သူတစ်ပါး အကျိုးများများအလုပ်များများ ရွေးရွေးသားသားအားထုတ်ကြရမယ်။

ဤသို့ ဆုံးမသြဝါဒပေးတော်မူခြင့် သက်သတ်လွတ်ကိုရင်လည်း သောပေါက်ပြီး ထိုနေ့မှစ၍ အာလူး၊ ကြာသွန်၊ပဲ၊ဆီရှာရသောဒုက္ခအေးငြိမ်းခံရသမျှနှင့် ရောင့်ရဲလေတော့သည်။ သူတော်ဘုရားကြီးကိုလည်း အထူးကြည်ညိုတင်ကြောင်း မကြာမကြာပြောတတ်ကြသည်တို့ ကြားဖူးခဲ့ရပါသည်။

❑

ပကာသနသည် လူကို အလွန်ဆုံးပေးသော သဘောမျိုးပေတည်း။ သူတစ်ပါးအထင်ကြီးအောင် မဟုတ်မမှန်ပြောကြံ၍ ပြောရခြင်း၊ သင်္ကြန်အမြောက်အဆိုအဆန်မပါ အသံသာမြည်လျက် အဆိုးမများ ကြားလုံးဝါးလုံးတွေထုတ်ခြင်း မိမိကိုယ်ပိုင်ပစ္စည်းမရှိဘဲ ထင်ကျော်စောလိုသဖြင့် သူတစ်ပါးထံမှ ချေးယူကာ အလှူမင်္ဂလာပြုလုပ်ခြင်း၊ ဆုံးဆန်တတ်သိ ပညာရှိမဟုတ်ဘဲ ပညာရှိကြီးထင်အောင် အာပေါင်အာရင်းသန်သန်နှင့် ပြောဆိုရေးသားခြင်း၊ မိမိသန္တာန်၌ သူတော်ကောင်းတို့ ခီးမှမ်းလောက်သော တရားတို့ဘဲ ရှိသယောင်ယောင်အရိပ်အယောင်ပြကာ ပြောဆိုရေးသားခြင်း၊ ဤသို့သော အပြုအမူ အပြောအဆိုအရေးအသားမှန်သမျှတို့မှာ ပုတ်ကုန်သည်အလုပ်မျိုးတို့သာ ဖြစ်ချေသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့လောက လူသားအားလုံးတို့သည် မြတ်စွာဘုရားအလိုတော်ကျ ပကာသနမဖက်သော သဘောဆောင်သည်များကို ကျင့်ကြံဆောင်ရွက်ကြပြီး ပကာသနအမှုများကို ဝေးနိုင်သမျှဝေးအောင် ရှောင်ရှား၍ တကယ်အကျိုးများသောသဘောဆောင်သည်များကိုသာ ကျင့်ကြံကြိုးစားအားထုတ်သင့်ကြောင်းနှင့် ကျွန်ုပ်တို့အားလုံး၏နှလုံးသားအမြဲတေနှင့် ပရဟိတအမြဲတေကို တစ်ပေါင်းတည်း ထပ်တူပြုထားကြမည်ဆိုပါက ကျွန်ုပ်တို့၏ အညတရမှသည် မပြိုကွဲ မပျက်စီးသော ပကာသနဆီသို့ ဦးတည်ရောက်ရှိ ပိုင်ဆိုင်ခွင့်ရရှိကြမည်မှာ အသေအချာပင် ဖြစ်ပါချေတော့၏။

❑ ပရဟိတအမြဲတေ

၁။ ပရဟိတလုပ်ငန်းသည် ဗောဓိသတ္တလမ်းစဉ် (တစ်နည်း) ဘုရားအလောင်းသူတော်ကောင်းတို့ လုပ်ရိုးလုပ်စဉ် ဖြစ်သည်။

၂။ ဘာသာရေးနှင့် လူမှုရေးဝန်ထမ်းလုပ်ငန်းသည် လူအများထင်သည်ထက် ပို၍ ခွဲခြားမရအောင် နီးစပ်လေသည်။

၃။ ခေတ်ပေါ်လူမှုဝန်ထမ်းလုပ်ငန်းအတော်များများ၏ လှုပ်ရှားမှုသည် ဘာသာရေး သက်ဝင်ယုံကြည်ချက်အရလက်တွေ့ဆောင်ရွက်ရာမှ ပေါက်ဖွားလာသည်။

၄။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် သူကျိုးပြုလုပ်ငန်းအမျိုးမျိုးသည် ဘာသာတရားက လှုံ့ဆော်ပေးသော တွေးခေါ်မြော်မြင်မှုကြောင့် ဖြစ်ပေါ်လာခဲ့သည်။

၅။ ပီတိသောမနဿမဖြစ်ဘဲ (တစ်နည်း) လူထုအား မျက်လှည့်ပြရန် ဆောင်ရွက်သော အကျိုးပြုလုပ်ငန်းသည် အောင်မြင်မှုကို ထိခိုက်စေသည့်အပြင် မိမိ၏စိတ်ဓာတ်ကိုလည်း ချေမှုန်းဖျက်စီးပစ်သည်။

၆။ စိတ်မပါဘဲ ဆောင်ရွက်သော ဝန်ထမ်းလုပ်ငန်းသည် ဆောင်ရွက်သူအားလည်းကောင်း၊ ဒုက္ခသည်အားလည်းကောင်း အထောက်အပံ့မဖြစ်နိုင်။

၇။ သူကျိုးပြုလုပ်ငန်းကို ရွှင်လန်းဝမ်းမြောက်စွာဆောင်ရွက်နိုင်သောအခါ အခြားသောကိုယ်ရေးကိုယ်တာချမ်းသာမှုအားလုံးသည် အနှစ်သာရမရှိ မပြောပလောက်ကြောင်း သဘောပေါက်လေသည်။

၉။ ဘဝပြဿနာမပြေလည်သူများအား မိတ်သင်္ဂဟလောက်သဘောထားကာမျှနှင့် ရင့်ကျက်သောပရဟိတမဖြစ်နိုင်။

၁၀။ လူသားတို့ ခံစားနေရသောဒုက္ခအပေါင်းကို မိမိကိုယ်တိုင်ခံစားနေရသလို သဘောပေါက်ရမည်။ သို့မှသာ လူသားလောကအား ချစ်ခင်ရာရောက်ပြီး တစ်ဖက်သား မနစ်နာစေလိုသောစိတ် ဖြစ်ပေါ်နိုင်သည်။

၁၁။ ငြဟ္မဝိဟာရတရားလေးပါးသည် တွေးခေါ်မှု၊ ပြောဆိုမှုနှင့် ဆောင်ရွက်မှုအားလုံး၌ အကျုံးဝင်ရန်လိုသည်။

၁၂။ လူသားလောကရပ်တည်မှုအတွက် အကြီးဆုံးလုပ်ငန်းမှာ တဏှာလောဘကိုဖြိမ်းသတ်ရန် အရေးကြီးဆုံးဖြစ်၏။ တဏှာလောဘကို မထိန်းသိမ်းနိုင်သမျှလူသားသည် မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှုမရှိ။

၁၃။ လောဘကိုမချိုးနှိမ်နိုင်သော ပရဟိတပုဂ္ဂိုလ်သည် ထူထောင်ရေးလုပ်ငန်းဟူသမျှ၌ အကျိုးပြုနိုင်စွမ်းရှိရန်မမျှော်လင့်နိုင်။

၁၄။ တဏှာလောဘ၏လှည့်စားမှုကြောင့် မိမိဆောင်ရွက်သော အကျိုးပြုလုပ်ငန်းကိုပင် ကိုယ်ကျိုးအတွက်လုပ်သည်ဟု အမှတ်မှားတတ်သည်။

၁၅။ သမုဒယ တွယ်တာစွဲလမ်းခြင်းမှ ကင်းလွတ်အောင် စွဲမြဲသောဇွဲသတ္တိဖြင့်ပယ်ရှားရ၍ အောင်မြင်မှု၊ ဆုံးရှုံးမှုတို့တွင် မတုန်လှုပ်သူသည်သာ စစ်မှန်သော ပရဟိတပုဂ္ဂိုလ်မည်၏။

၁၆။ တုံ့ပြန်မည့်ကိုယ်ကျိုးစီးပွားကို မမျှော်လင့်ဘဲ ရန်သူရော မိတ်ဆွေကိုပါ မုန်းချစ်စိတ်ပယ်ရှားလျက် အကျိုးဆောင်နိုင်မှပရဟိတပန်းတိုင်သို့ရောက်မည်။

ဤသို့ဖော်ပြခဲ့ပြီးသော ပရဟိတအမြဲတေကို ကျွန်ုပ်တို့၏နှလုံးအိမ်အမြဲတေနှင့် တစ်ပေါင်းတည်း ထပ်တူပြုပြီး ဘုရားအလိုမကျသည့် ပကာသနတို့ကို ရှောင်ရှားကာ ဘဝခရီးကို လျှောက်လှမ်းကြမည်ဆိုပါက စကားဖြင့်တောင် ပြောပြမစွမ်းသာသည့် စွမ်းအင်ပီတိတို့ကို ပိုင်ဆိုင်ခွင့်ရရှိကြမည်မှာ အမှန်ကောင်းပင်။

ကိုရွှေမြသန်း(သင်္ဘိုး)

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျောက်စိုး

ပေါက်ထမ်းဆွေ



❑ ဝေါဟာရအသစ်

ဝေါဟာရ ဆိုတာ အဟောင်း အဟောင်းတွေပျောက်ကွယ်ပြီး အသစ် အသစ်တွေပေါ်လာတတ်တာ ထုံးစံပါ။ အဲဒီဝေါဟာရအသစ်ဟာ တစ်တိုင်းပြည် လုံးပမာဏနဲ့ရှိနိုင်သလို ဒေသတစ်ခု အနေနဲ့လည်းရှိတတ်ပါတယ်။

မိုးကုတ်ပတ္တမြားမြေမှာ တော်လှန် ရေးအစိုးရလက်ထက်မှာ ပေါ်ချောင် ကောင်းဆိုတဲ့ ဝေါဟာရပေါ်ခဲ့ဖူးတယ်။ ကျောက်စေးနားမလည်ကြတဲ့တိုင်းသမား တွေဆီကနေပြီးတော့ ကျောက်ကောင်း ကောင်းကို စေးပေါပေါနဲ့အချောင်ဝယ် ရတတ်တာကို ကုန်သည်လောကမှာ ပေါ်ချောင်ကောင်းလို့ ခေါ်ကြပါတယ်။

ဒါပေမယ့် အဲဒီပေါ်ချောင်ကောင်း ဆိုတဲ့ဝေါဟာရဟာ ခေတ်စနစ်ကြောင့် ပြန်လည်ပျောက်ကွယ်သွားရပြန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူပိုင်ဆိုတဲ့ ခေတ်ကြီးဟာ တော်လှန်ရေးအစိုးရဆို တဲ့ခေတ်နဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ခေတ်မှာသာပေါ်ခဲ့တာပါ။

ပြည်သူပိုင်ဆိုတဲ့အတိုင်း ဘယ် အရင်းရှင်ကမှ ဖက်စပ်လိုင်စင်တွင်းတွေ လုပ်ခွင့်မရှိတာကြောင့် သာမန်လက်လုပ် လက်စားတွင်းသမားအများစုဟာ ကြိုက် တဲ့နေရာတွေမှာ လွတ်လပ်စွာ ကျောက် တူးကြတာပါ။ ဘယ်နေရာတူးတူး နိုင်ငံတော်ကျောက်မျက်စီမံကိန်းကလွတ် ရင်ပြီးရော ကြိုက်တဲ့နေရာမှာတူးကြတာ ပါ။ ပြည်သူပိုင်ပစ္စည်းပေကိုး။ ပြည်သူ တွေ ဥပဒေကိုကျောခိုင်းကာတူးကြတာ ပါပဲ။ ကျောက်မှမတူးရင်လည်း အလုပ် ကမရှိဘူးလေ။ဥပဒေအရဆိုရင် ပြည်သူ ပိုင်ပစ္စည်းဖျက်ဆီးမှုနဲ့ ထောင် (၉) လ ကျခံရတာပါ။ အဲဒီတော့ ဖမ်းဆီးရေး လာရင် ဖနောင့်နဲ့တင်ပါးတစ်သားတည်း ကျအောင်ပြေးကြရတယ်။ မိသွားရင် မချောင်ဘူးလေ။ ဒီတော့ မာရသွန်ပြေး သလိုပြေးရတာ။

နောက်မှာ အရေးအခင်းကြီးပေါ် လာတယ်။ နောက်တော့ ပါတီစုံဒီမိုက

www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီးပေါ်လာတော့ ဒီမိုကရေစီနှစ်ဆိုတာ ပြည်သူပိုင်တွေဖျက်ပြယ်ပြီး အရင်းရှင်စနစ်တစ်ကျော့ပြန်ဆုတ်လာပြန်တယ်။ အဲဒီမှာ ပတ္တမြားတစ်ခွင်လုံး ဖက်စပ်တွေလုပ်ကိုင်ခွင့်ရသေးလိုက်တယ်။

မည်သူမဆို ဖက်စပ်ဆွဲပိုင်ခွင့်ရှိသည်ဆိုပေမယ့် အဲဒီဖက်စပ်ရင်းနှီးမြှုပ်နှံဆဲ့ ငွေပမာဏဆိုတာ လက်လုပ်လက်စားတွင်းသမားတွေအနေနဲ့မလွယ်ဘူး။ ဒီအခါ ချမ်းသာကြွယ်ဝတဲ့လူတွေသာ ဖက်စပ်တွေဆွဲကုန်တယ်။ လက်လုပ်လက်စားတွင်းသမားတွေဆိုတာလုပ်ရာမြေမကျန်တော့ပါဘူး။

ပြီးတော့ ဖက်စပ်တစ်ခုရယ်လို့ ဆွဲတိုက်ရင် အနားမှာ လက်လုပ်လက်စားတွင်းသမားတွေမကပ်နိုင်အောင် အာရက္ခာင်းလို ခဲ့ချင်တိုင်းခဲ့ကြလေ့ရှိသည်။ သူတို့က ဥပဒေဘောင်တွင်းကဆိုတော့ သူတို့ကမောင်းထုတ်ရင် ချက်ချင်း ဇယ်ပေးရတော့တာပါ။ ဒီတော့ အနှစ်တွင်းသမားတွေဟာ လုပ်စရာမရှိလောက်အောင် အခက်ကြုံရတာပဲ။

တောက်ကြီးမဆိုထားနဲ့၊ ထမင်းအောက်တောင်မှ မလွယ်တော့တဲ့အခါ တွင်းသမားတွေဆီက ပေါချောင်ကောင်းဆိုတာ လုံးဝမရှိတော့ပါဘူး။ အဲဒီမှာ ပေါချောင်ကောင်းဆိုတဲ့ အသုံးအနှုန်း ပျောက်ကွယ်ရတော့တာပါပဲ။

ပေါချောင်ကောင်းဆိုတာ အတိတ်မှာကျန်ရစ်ခဲ့ပါပြီ။ အဲဒီဝေါဟာရဟာ ကာလအတန်ကြာရင်ပျောက်ကွယ်သွားတော့မှာပါပဲ။

❑ ပေါက်ထမ်းဆေး

ပတ္တမြားမြေဟာ အကျယ်ကြီးပါ။ ဒါပေမယ့် ကျောက်မထွက်တဲ့ကျောက်ချပ်တောင်တွေဆိုတာရှိတယ်။ ကျောက်မထွက်တဲ့မြေတွေရှိတယ်။ လူတွေစုံပြုံခဲ့ပြတ်ပြီးလုပ်ကြတဲ့ ကျောက်ထွက်တဲ့နေရာတွေမှာသာ တွင်းလုပ်ကြရတာ။ အဲဒီမြေတွေ၊ သူဌေးတွေက ဖက်စပ်ဆွဲကုန်ကြတော့ကာ လုပ်စရာမြေမရှိတော့ပါဘူး။

လုပ်စရာမရှိဘူးဆိုပြီးထိုင်နေလို့လည်းရတဲ့အမျိုးမဟုတ်ဘူး။ သမုဒ္ဒရာဝမ်းတစ်ထွာတွေကရှိသေးတယ်။ဒီတော့ လုပ်သလိုမဖြစ်တော့တဲ့ဘဝမှာ ဖြစ်သလိုလုပ်ကြရတယ်။ အဲဒါက ရွှေတုန်းက တောတွေ၊ တောင်တွေ၊ လျှိုတွေ၊ မြောင်တွေမှာ ရွှေလူတွေမျှောတိုက်သွားကြတာတွေရှိတယ်။ အဲဒီမြောင်းမြိုးတွေထဲမှာ ကျန်ရစ်ခဲ့တဲ့သဲတွေကို ဆန်ခါချပြီး သဲစစ်တွေထမ်းကာ ရေရှိရာမှာ ဝိုင်းဆန်ခါနဲ့ဆေးကြတယ်။ အချို့ကသဲဖတ်ခုံဟောင်းတွေရှာပြီး သဲဖတ်ဟောင်းတွေထမ်းကာဆေးကြတယ်။ အချို့ကတော့ ကိုယ်ထင်တဲ့အပေါ်ယံမြေလွှာလေးတွေပေါက်ယူတယ်၊ နောက်ထမ်းတယ်၊ နောက်ဆေးတယ်။ ဒီရဲ့ အလွယ်တကူလုပ်ငန်းလေးကို ပေါက်-ထမ်း-ဆေးလို့ခေါ်လာကြတယ်။

ဒီပေါက်ထမ်းဆေးဝေါဟာရကို ဘယ်သူက စတင်တီထွင်လိုက်သလဲဆိုတာမသိပေမယ့် ဒီရဲ့လုပ်ငန်းရော ဒီရဲ့ဝေါဟာရပါ မိုးကုတ်ပတ္တမြားမြေတွင်းသားလောကမှာ တောမီးလို လျင်မြန်စွာပျံ့နှံ့သွားခဲ့ပါတယ်။

အလုပ်က သေးသိမ်လှပါတယ်။ တွင်းသမားတွေမှာ တွင်းအလုပ်ကို ကြိုးကြိုးကျယ်ကျယ် ထည်ထည်ခဲ့ခဲ့လုပ်ကိုင်ခဲ့ရာကနေ လုပ်စရာမရှိတော့လို့ ပေါက်ထမ်းဆေးလုပ်ကြရတဲ့အခါ အမှန်ပဲသိမ်ငယ်စိတ်ဝင်ကြရတာပါ။

သိမ်ငယ်မယ်ဆိုရင်လည်း သိမ်ငယ်စရာပါ။ ဘာလို့လဲဆိုတော့ ပေါက်ထမ်းဆေးဆိုတာ ဟိုရှာဒီရှာ၊ ဟိုပြေးဒီပြေးနဲ့ စိတ်မောလူမောဖြစ်ပြီး ကွန်ဖြေမရတဲ့အလုပ်ပါ။

အလုပ်မရှိရင် ဖက်စပ်ထဲ တွင်းသားဝင်လုပ်ကြပါလားလို့ပြောစရာရှိတယ်။ မိုးကုတ်သားမာနရယ်၊ လောလောဆယ် မိသားစုစားဝတ်နေရေးရယ် ဆိုတာရှိနေလေတော့ တွင်းသားဝင်မလုပ်ကြပါဘူး။ ဖက်စပ်နဲ့လွတ်ရာကျွတ်ရာမှာ ပေါက်ထမ်းဆေးလုပ်ကြတာများပါတယ်။

❑ တစ်ယောက်တည်းပါနော်

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၀ ပြည့်လောက်မှာ လုပ်စရာ တွင်းနေရာ မရှိတော့တာကြောင့် ကျွန်တော့်ဆီမှာ မှီခိုလုပ်ကိုင်နေတဲ့ တွင်းသားတွေ သူဌေးသူပြန်ကုန်ကြပါတော့တယ်။ အဲဒီမှာ ကျွန်တော်တစ်ယောက်တည်းကျန်နေပါတော့တယ်။

ဇာတ်ဆရာ စိန်နေအောင်မင်း သွင်းထားတဲ့ ချင်းဖဝေးမာတ်ပြားဇာတ်ထုပ်ထဲက ငိုချင်းလိုပေါ့လေ 'တစ်ယောက်တည်းပါနော်×××ချောက်ထဲမှာတအော်အော်နဲ့×××ဆိုပြီး ငိုချင်းချရမဲ့လိုဖြစ်နေတာပေါ့။

ဒါပေမယ့်မချပါဘူး။ ကျွန်တော်လည်း အလွန်လွယ်တဲ့ ပေါက်ထမ်းဆေးအလုပ်ကိုလုပ်ရတာပေါ့။ ပေါက်ထမ်းဆေးဆိုလို့ အထင်မသေးပါနဲ့။ သူလည်းရတနာအလုပ်ဖြစ်လေတော့ ကံပေးရင်ရတတ်တာပါပဲ။ ထိုင်နေအလကားထသွားရင် အကျိုးရှိနိုင်တဲ့ ပတ္တမြားမြေမဟုတ်လား။

ကျွန်တော် ပေါက်ထမ်းဆေးလုပ်တော့မယ်ဆိုတော့ အဲဒီသတင်းလည်းကြားရော ကျောက်ဖျာရွာက အပျိုမလေးတွေ ကျွန်တော်နဲ့လိုက်ပါရစေဆိုပြီး လာစပ်ကြပါတယ်။ စုစုပေါင်း (၄) ယောက်ပါ။ ကျွန်တော်နဲ့က ရင်းနှီးကြတာကိုး။

ဒါနဲ့ပဲ ကျွန်တော်အဖွဲ့ပြန်တောင့်သွားပြန်ပါတယ်။ ကျွန်တော်က တူးပြီး အိတ်တွေထဲထည့်ပေး၊ သူတို့ကပိုးပေါ့ဗျာ။ မိုးကုတ်မှာ အိတ်ဖျားကို ခေါင်းနဲ့စွပ်ပြီး ကုလားမပိုးပိုးရတာဆိုတော့ ဖြူနှံပိုးတယ်လို့ခေါ်ကြတယ်။

မိန်းကလေးဆိုပြီး အထင်မသေးကြပါနဲ့။ တောသူမတွေဟာ ကန့်ကလျတွေမဟုတ်ဘူး။ အလွန်အားကောင်းကြတယ်။ ဖြူနှံပိုးရင် ယောကျ်ားတွေနဲ့ယှဉ်ပိုးနိုင်တယ်။ ထင်းလည်း ယောကျ်ားတွေနဲ့တန်းတူရည်တူထမ်းနိုင်ကြတယ်။ ပျော့ရင်ဖယောင်း၊ မာရင်သံချောင်းဆိုတဲ့ဟာမျိုးတွေ။

ယောကျ်ားတစ်ယောက်နောက်ကို မိန်းမပျိုလေးတွေလိုက်လုပ်တဲ့အခါ သူတို့မိဘတွေက မတားဘူးလားလို့ မေးစရာရှိတယ်။ မတားကြပါဘူး။ ယုံကြည်တော့ကာ ကြည်ကြည်ဖြူဖြူထည့်ကြတာပါ။ ရတနာအလုပ်ပေကိုး။

မိန်းကလေးတွေနဲ့လုပ်ရတာ ပျော်စရာကောင်းပါတယ်။ သူတို့ဟာ သူတို့ရဲ့တာဝန်ကိုပြောစရာမလိုဘဲ ကျေပွန်အောင်လုပ်ဆောင်ကြတယ်။ တွင်းသားတွေလို အားလုံးကလုပ်တတ်နေကြတာဆိုတော့ ပြောစရာမလိုအောင် အဆင်ပြေပါတယ်။ တစ်ရွာလုံး ဘယ်သူနောက်ကိုမှ ကျွန်တော့်ဆီလိုမလိုက်ကြပါဘူး။ ကျွန်တော်သာ မိန်းကလေးတစ်အုံတစ်မနဲ့ ပေါက်ထမ်းဆေးလိုက်လုပ်နေတာပါ။ ရင်းနှီးမှုဆိုပါတော့။

မိန်းကလေးအများစု ယောကျ်ားတွေနဲ့ မျှောတွင်းဖောက်တွင်းတွေလိုက်လုပ်လေ့ရှိတာ ဘောလုံးကြီးရွာက ပလောင်မတွေပါ။ ဘယ်လောက်တော်လဲဆိုရင် ဖောက်တွင်းမှာ တွင်းဆရာလုပ်နိုင်တဲ့ မိန်းကလေးတွေတောင်ရှိတယ်။ အာဂမိန်းကလေးတွေပါ။ မိန်းကလေးက တွင်းဆရာဆိုမှတော့ ယောကျ်ားတွေက နောက်လိုက်လုပ်ရတာပေါ့လေ။ အဲဒီဘောလုံးကြီးရွာက ပလောင်မတွေကျတော့ ညီမောင်းမောင်းတွေနဲ့ တစ်မျိုးတစ်ဘာသာကြည့်ကောင်းတယ်။အများစုက ညီမောင်းမောင်းတွေပါ။

❑ အဖမ်းခံရပြီ

မိန်းမတွေစုမိတော့ အတင်း၊ ယောကျ်ားတွေစုမိတော့အဖျင်းတဲ့။ဖြူနှံပိုးပြီးလို့ တောင်ပေါ်ကိုတစ်ခေါက်ပြန်တက်လာရင် အရိပ်မှာနားပြီး တတွတ်တွတ်တဟီးဟီးနဲ့ ရွာထဲကအတင်းတွေ၊ သတင်းတွေထိုင်ပြောတတ်ကြတယ်။ ဒီတော့ မကြားချင်လည်းကြား၊ ကြားချင်လည်းကြားပေါ့လေ။

မိန်းကလေး (၄) ယောက်ရဲ့အားဟာနည်းမှတ်လို့။ ပွက်ပွက်ကိုညည်နေအောင်ပြောဆိုရယ်မောကြတာ။ အသံကြောင့်ဖားသေ ဆိုတဲ့စကားရှိတယ်။ အဲဒီအသံတွေကို နယ်မြေလုံခြုံရေးတာဝန်ထမ်းနေတဲ့ လုံထိန်းရဲတွေကြားသွားရင် ဘယ်ချောင်မှာလဲ။ ဖက်စပ်ခေတ်မှာ လုံထိန်းရဲက တစ်ကျော့ပြန်နယ်မြေကိုစောင့်ရှောက်တာပါ။ လိုင်စင်မရှိတဲ့ဦးတွင်းတွေကိုဖမ်းဆီးပါတယ်။ ဒီတော့ သူတို့အသံတွေဟာ အန္တရာယ်အမှန်ရှိနေပါတယ်။

အဲဒါကြောင့် ကျွန်တော်က -

"မင်းတို့ ဒီလိုဆူညံနေလို့ကတော့ တို့တွေ အဖမ်းခံရမှာ သေချာတယ်။ စကားကိုတိုးတိုးပြောကြကွ"

လို့ မကြာမကြာသတိပေးရပါတယ်။ ဒါပေမယ့် ပြောတုန်းခဏပဲငြိမ်တာပါ။ ခွေးမြီးကောက်ကျည်တောက်စွပ်သလိုပေါ့လေ။ စွပ်ထားတုန်းဖြောင့်တာပါ။ ကျည်တောက်ဖြုတ်တာနဲ့ ကောက်မြဲကောက်သလိုပေါ့လေ။ စီညံစီညံနဲ့ တဟေးဟေးတဟားဟားပြောနေပြန်တာပါပဲ။

သူတို့က မိန်းကလေးတွေလေ၊ ဘယ်ကြောက်မှာလဲ။ အများအားဖြင့် ယောကျ်ားတွေကိုသာဦးစားပေးပြီး ဖမ်းတာကိုး။ ဒီတော့ ကျွန်တော်ကကြောက်ပါတယ်။ သွားလမ်းလာလမ်းနဲ့ဝေးရင် တော်သေးတယ်။ နီးရင် ဖြတ်သွားဖြတ်လာတွေရှိနေတော့ အတော်ကြောက်ရတာပါ။ ဖက်စပ်မဆွဲနိုင်လို့ ပေါက်ထမ်းဆေး ဖြစ်သလိုလုပ်နေရပါတယ်ဆိုမှ အဖမ်းခံရရင် မတန်ဘူးလေ။ တူတူတန်တန်တွင်းလုပ်လို့ အဖမ်းခံရတယ်ဆိုရင် ဖြေသာသေးတာပေါ့။

ဒီလိုနဲ့ ကျွန်တော်နဲ့ အပျိုမ (၄) ယောက်ဟာ ဟိုရောက်ဒီရောက်နဲ့ လှည့်လည်လုပ်ကိုင်ရင်း ကျောက်ဖျာရွာရဲ့ အနောက်ဘက် သူရိန်တောင်တန်းကြီးရဲ့ အရှေ့ဘက်အခြေက ရှေးဟောင်းမြောင်းမြီးထဲက အောက်ခံသဲတွေတူးယူပြီး သဲတွေကို ငပုန်းချောင်းရေမုန်ထဲထမ်းထည့်နေကြပါတယ်။

အဲဒီမျှောမြောင်းမြီးဟာ ကျောက်ပြဿဒ်နဲ့ သစ်ဆိမ့်ကုန်းသွားတဲ့လမ်းနဲ့ သိပ်မဝေးဘူး။ အန္တရာယ်နဲ့လက်တစ်ကမ်းပဲရှိနေတဲ့အနေအထားမို့ စကားတိုတိုးတိုးပြောဖို့ သတိပေးပေမယ့် မချော တွေက စပီကာကိုလုံးဝမလျှော့ဘဲ အသံတစာစာနဲ့ပြောမြဲပြောနေကြတာကိုး။ သိတယ်မဟုတ်လား၊ မိန်းကလေးအသံက ယောကျ်ားတွေထက်လွင်ပြီး ပိုမြည်တယ်။ ပြီးတော့ ဆွဲဆောင်မှုရှိတယ်ပေါ့။ အဝေးကလည်းကြားရတယ်။ ပြီးတော့ လမ်းမပေါ်က အသေအချာရပ်ကြည့်ရင် တလှုပ်လှုပ်နဲ့မြင်နေရတဲ့အနေအထားပါ။ ဒီတော့ စိုးရိမ်စရာပါပဲ။

အင်း - ဒီပုံအတိုင်းဆိုရင်တော့ ဒီနေ့ငါတို့တွေအဖမ်းခံရမယ့်ကိန်းဆိုတ်ပြီထင်တယ်လို့တွေးရင်း ကျွန်တော်တာသဲတွေရရှိရေး ရှေ့မှကုန်းရုန်းလုပ်နေရတာပေါ့။ သူတို့တွေ သဲအိတ်(၃)ခေါက်စီထမ်းပြီး ကမ်းပါးရိပ်မှာခိုကာ ထုံးစံအတိုင်း တွတ်ထိုးနေကြပါတယ်။ အဲဒီအချိန်မှာပဲ စကားတွတ်ထိုးသံရုတ်တရက်ငြိမ်သွားတယ်။

"တစ်ယောက်မှမပြေးနဲ့"

ဆိုတဲ့အသံပေါ် လာတာကြောင့် ကျွန်တော် နောက်ပြန်လှည့်ကြည့်တဲ့အခါမှာ တာဝန်ရှိ လုံထိန်းရဲက မရောက်နေပါပြီ။ ကောင်မလေးတွေသာဦး မျက်

www.burmeseclassic.com

www.burmeseclassic.com

ဆုတွေခြောက်နေတြပါပြီ။ ဟုတ်ကဲ့ - ရန်မှာကလည်း မျှောတိုက်ထားတဲ့ ကမ်းပါးနီနီကြီးက ကာဆီးထားတာကြောင့် ပြေးကွင်းပြေးလွတ်က လုံးဝမရှိတဲ့။

"ကဲကဲ - ပစ္စည်းတွေထုမ်းပြီးစခန်းသွားခဲ့ကြပါ"

ဆိုတော့ ကျွန်တော်တို့တွေအားလုံးက မဖမ်းဖို့အမျိုးမျိုးပြောဆိုကြောင်းရန်ရတာပေါ့လေ။ တကယ်ဆို ထွင်းထားတွေရဲ့ လက်ရှိဘဝကို သူတို့လည်း နားလည်နေကြတာပါ။ တွင်းရယ်အခြေတကျ လုပ်ကိုင်စရာမရှိဘဲသာခံတွေ ပေါက်ထမ်းဆေးလုပ်နေရတာကိုလည်း သူတို့မြင်တွေ့နေရတာပါ။ အဲဒီတော့ ဖက်စပ်တွေနဲ့လည်း အလေးကြီးအဲဒါကြောင့် ကောင်မလေးတွေကလည်း ရှိုးလုမတတ် တောင်းပန်နေကြတာပါ။ အဲဒီမှာ တစ်ရစ်လျှော့သွားပြီး တစ်အနေအထားကနေ ထိုင်လာတယ်။

ဒါဆို အခြေအနေမဆိုးတော့ဘူး သဘောပေါက်လိုက်ပါတယ်။ ကောင်မလေးတွေကလည်း (၁၆)၊ (၁၇)၊ (၁၈) ချောချောလှလှ အရွယ်ကောင်းတွေဆိုတော့ မျက်စိစားပွဲထိုင်ချင်ကြတူပါတယ်။ အဲဒီမှာ ကောင်မလေးတွေနဲ့စကားဖောင်ဖွဲ့လိုက်တာ နာရီဝက်လောက်ကြာသွားတယ်။ စကားပြောလို့

"ကဲကဲ- ခင်ဗျားတို့ပြန်ကြ၊ ဒီလိုညဉ့်မှာလုပ်တာကတော့ အတင့်ရဲသွားတယ်။ နောက်ဒီနားမှာမလုပ်ပါနဲ့"

လို့ စေတနာမေတ္တာနဲ့မှာကြားပြီး ပြန်ထွက်သွားပါတယ်။

တော်သေးတယ်၊ ပြည်သူအပေါ်ကြောထားတတ်တဲ့ လုံထိန်းလေးနဲ့ မတွေ့လို့ပေါ့။ နို့မို့ရင် မချောင်လှပါဘူး လုံထိန်းထွက်သွားပြီးတာနဲ့ ကောင်မလေးတွေရဲ့မိဘတွေ ရောက်လာကြတယ်။ ရွာနဲ့မှမဝေးဘဲကိုး။

"ငင်းတို့အဖမ်းခံရတာ လမ်းကသွားသူတစ်ဦးကမြင်လို့ ရွာကိုဝင်ပြီး ကြောင်းကြားတာနဲ့ ငါတို့လိုက်လာတော်သေးတာပေါ့ကွာ။ သူတို့ကိုခေါ်မသွားလို့"

ဆိုပြီး ပြောပါတယ်။

ကျွန်တော်တို့ကတော့ အန္တရာယ်ကင်းဝေးပြီဆို ရယ်နိုင်မောနိုင်ကြပါပြီ။ ထိုနေ့ကစပြီး ကောင်မလေးတွေ ကျွန်တော့်နောက်မလိုက်ရဲကြတော့ပါဘူး။ ကျွန်တော်လည်း တစ်ယောက်တည်း ပေါက်ထမ်းဆေးလုပ်ဖြစ်တော့ပါဘူး။ သူက အများကြီးထမ်းရတာဆိုတော့ ထမ်းအားကောင်းမှ အဆင်ပြေတာပါ။ တစ်ယောက်တည်းဆိုတော့ အဆင်မပြေပါဘူး။ ဒါနဲ့ ကျွန်တော့် မောင်အေးတို့နဲ့ ဖက်စပ်ထဲမှာ ကိုယ့်တွင်းကိုယ်ဖောက် ထက်ဝက်စားဝင်ရောက်လုပ်ကိုင်ဖြစ်ပါတယ်။ ပေါက်ထမ်းဆေးဘဝကဝင့်ကျွတ်သွားပါတယ်။

❑ လက်သမားဆရာ

ဦးပိုင်လိမိတက်တွေဟာ တော်လှန်ရေးအစိုးရလက်ထက်ကနေပြီး ဖက်စပ်ခေတ်အထိ နှစ်ရှည်လများလုပ်ကိုင်လာခဲ့တာပါ။ ဒါပေမယ့် ကာလကြာတဲ့အခါ လုပ်စရာနေရာကုန်သွားတာကြောင့် နားလိုက်ကြရတာချည်းပါပဲ။

ပတ္တမြားရတနာဖြစ်ဖို့ဆိုတာ နှစ်သန်းပေါင်းများစွာ ထုံးမှစကျင်၊ စကျင်မှ ပတ္တမြား အဆင့်ဆင့်အသွင်ပြောင်းပြီးဖြစ်ပေါ်လာရတာပါ။ အဲဒါကြောင့် ရှိတဲ့ဖြုန်းကုန်သွားရင် နောက်ထပ်ဖြစ်မလာတော့ဘဲ ကုန်သွားတော့တာပါ။ အဲဒီအခါ ဦးပိုင်လိမိတက်ကြီးတွေလည်း နားလိုက်ရတော့တာပါပဲ။

လိမိတက်ကြီးတစ်ခုမှာ လက်သမားတာဝန်အမြဲထမ်းရတဲ့ လက်သမားဆရာလေး မောင်မြင့်သန်းဟာ တာဝန်ထမ်းနေရင်း ဒေသခံကောင်မလေးဖြစ်တဲ့ မထွေးခင်နဲ့ အိမ်ထောင်ကျပါတယ်။ အထက်အရာရှိတွေပြောပြီး အဲဒီအဆောင်လေးမှာ မထွေးခင်နဲ့နေပါတယ်။ နောက်သားသမီးတွေပွားစီးလာတဲ့အထိဆိုပါတော့။

မောင်မြင့်သန်းတို့ တာဝန်ထမ်းနေတဲ့ ဦးပိုင်လိမိတက်ကြီးဟာလည်း နားရတော့မယ့်အခြေအနေကိုရောက်နေပါပြီ။ နှစ်အတန်ကြာလုပ်ကိုင်လာလိုက်တာ ဖြုန်းက ပြောင်တလင်းခါနေပါပြီ။

အဲဒီမှာ တိုက်တိုက်ဆိုင်ဆိုင် အလုပ်သမားဆောင်ကြီးမီးလောင်သွားပါတယ်။ အသစ်ဆောက်မနေတော့ဘဲ ဦးပိုင်ကြီးနားလိုက်ပါတယ်။ အဲဒီလိုနားလိုက်တော့ကာ ဌာနဆိုင်ရာ ကျောက်မျက်ဝန်ထမ်းတွေလည်း ဌာနအသီးသီးပြောင်းရွှေ့ကုန်သလို နေ့စားလစားအလုပ်သမားတွေလည်း ဆိုင်ရာဒေသအသီးသီးပြန်ကုန်ကြပါပြီ။

မောင်မြင့်သန်းကတော့ မိုးကုတ်သူနဲ့ အိမ်ထောင်ကျထားတော့ကာ မောင်ကြီးမပြန်နိုင်ဖြစ်ပြီး သူ့အဆောင်လေးမှာပဲ ပိုနေမြကျားနေမြကျန်ရစ်သလို အလုပ်သမားတစ်ဦးကလည်း မီးလောင်ကွင်းပြင်မှာ အိမ်ငယ်လေးဆောက်ပြီးနေနေပါတယ်။ သူတို့ဦးပိုင်က ရွာနဲ့သိပ်မဝေးတော့ တော်ထဲပေမယ့် နေရတာအဆင်ပြေပါတယ်။ သူတို့နှစ်အိမ်စည်းစည်းလုံးလုံးနေနေကြတာပါ။ နေတတ်တော့လည်း ကျေနပ်စရာကြီးပါပဲ။

❑ နေရာချင်းလဲကြပြီ

"မောင်မြင့်သန်းရေ"

"ဗျာ - ကိုချက်ဖောင်း ဘာတုံးဗျ"

"ငါမင်းကိုပြောစရာရှိတယ်"

"ပြောလေဗျာ"

"ဦးပိုင်ကြီးသိမ်းသွားတော့ မင်းနဲ့ငါပဲ တောထဲမှာကျန်ရစ်တာ"

"ဟုတ်တယ်လေ၊ ဒါမျှားအဆန်းလုပ်ပြီးပြောနေရတယ်လို့ ကိုချက်ဖောင်းရာ"

"မဟုတ်ဘူးကွ၊ ငါပြောချင်တာက အဲဒါမဟုတ်ဘူး။ မင်းနေရာလေးက ကျဉ်းတယ်။ သီးပင်စားပင်စိုက်လို့မရဘူး။ ကလေးတွေဆော့ကစားဖို့ ကွင်းလည်းမရှိဘူး။ ငါကျတော့ ကွင်းကလည်းကျယ်၊ စိုက်ဖို့ပျိုးဖို့လည်း ဝါသနာပါ။ မိန်းမနဲ့ကလေးလည်းမရှိဆိုတော့ အဲဒီဝင်းအကျယ်ကြီးနဲ့ ငါက သဟဇာတသိပ်မဖြစ်ဘူး။ မင်းနဲ့ဆိုအတော်ပဲကွ။ အဲဒီတော့ မင်းနေရာနဲ့ ငါ့နေရာလဲနေရအောင်လို့ပြောမလို့"

"တကယ်လား ကိုကြီးချက်ဖောင်း"

"ဩော် - မောင်မြင့်သန်းရာ၊ ငါအရက်သောက်မထားပါဘူးကွာ။ မင်းအိမ်လေးက တစ်ယောက်တည်းသမား ငါနဲ့တော်သူလို ငါ့ခြံနဲ့အိမ်ကလည်း မင်းမိသားစုနဲ့တော်တယ်လို့ ငါထင်တယ်။ အဲဒါကြောင့်ငါပြောတာ"

"တဲ့လဲမှာနော်၊ ကျွန်တော့်မှာလိုက်စရာပိုက်ဆံမရှိဘူး"

"အေးပါ - ကောင်လေးရ၊ နှင့်မိသားစုကိုကြည့်ပြီး ငါလဲချင်စိတ်ပေါက်လို့လဲတာပါ။ အလိုက်ငါးပြားပေးစရာမလိုပါဘူး"

"ဒါဆို လဲမယ်ဗျာ"

"ဟာ - မင်းမိန်းမကိုမတိုင်ပင်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"ဩော် - ကိုကြီးချက်ဖောင်းကလည်း၊ ကျုပ်မိန်းမက ငါးခြောက်ဆိုတာနဲ့ ဖုတ်ပြီးသား၊ ဆီဆမ်းပြီးသားဖါဗျ"

"ဒါဆို ကောင်းပါလေဗျာ၊ နက်ဖြန်ရွှေကြမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

❑ ဝိုင်းစကာ

သဲပြားနဲ့ပြုလုပ်တဲ့ ဝိုင်းစကာ(ဆန်ခါ) ဟာ မိုးကုတ်မှာ ၁၉၇၈ နှစ်လောက်မှ စပြီးအသုံးပြုလာပါတယ်။ အဲဒီရဲ့ နောက်မှာတော့ ဝိုင်းဇကာဟာ တွင်းလုပ်ရာမှာ မပါမပြီးဖြစ်လာတယ်။ ဝိုင်းစကာဆိုက်တွေက ပွိုင့်၊ ဇီးရိုး၊ ဝမ်းကွဲတူဆို ပြီးတော့ (၄) မျိုးရှိပါတယ်။ ပွိုင့်က အစိပ်ဆုံးဖြစ်ပြီး တူးက အကျဲဆုံးဖြစ်ပါတယ်။

ရွှေတုန်းက မျှောတွင်း၊ ဖောက်ထွင်းဆေးသမျှ သဲကိုစုပုံပြီးဒီအတိုင်းရွှေကြပါတယ်။ ဝိုင်းဇကာပေါ် လာတော့ သဲကို ဝိုင်းစကာနဲ့လှည့်ပြီးမှ ကျောက်ကို ရွှေကြပါတယ်။ သဲကို ဒီအတိုင်းရွှေရင် ကျောက်ကျန်တတ်ပေမယ့် ဝိုင်းစကာနဲ့ လှည့်ပြီးမှရွှေရင် မကျန်တတ်ပါဘူး။

ကျောက်နီမှုန်မှုန်ညှာညှာလေးတွေပါရချင်ရင်၊ ကျောက်မှုန်ကျောက်မွှားပေါများရင် အလွန်စိပ်တဲ့ ပွိုင့်စကာနဲ့လှည့်ရပါတယ်။ သူက မှန်ညင်းစေ့အရွယ်လေးတောင် စကာစိပ်တော့တင်ပါတယ်။ ဇီးရိုးဆိုရင် အဲဒီအရွယ်လေးတွေ့ မပါတော့ဘူး။ နှမ်းစေ့လောက် ကျောက်တော့ပါတယ်။ ဝမ်းဆိုရင် (၄) လုံးတင်၊ (၃)လုံးတင်ကျောက်တွေ့ မပါနိုင်တာမို့ မသုံးကြတာများတယ်။ တူးဆိုတာကတော့ ဇကာအလွန်ကြဲသွားပါပြီ။ သူကျတော့ ပေါက်ထမ်းဆေးတွေက အထမ်းရသက်သာအောင် မှန်တွေ၊ သဲတွေ၊ မြေတွေကို တူးဇကာနဲ့ချပြီး သဲစုကာ အိတ်ထဲထည့်ပြီးထမ်းကြတဲ့နေရာမှာသုံးပါတယ်။ တွင်းဆေးတဲ့နေရာမှာ လုံးဝသုံးမရပါဘူး။

အတော်အတန်သဲလောက်၊ ဖြူန်းလောက်ကို ရေမှန်ထဲထည့်ပြီးဆေးစရာမလိုဘဲ ဝီပါပြတ်ထဲ ရေထည့်ကာလှည့်ဆေးလို့ရတာကြောင့် ဝိုင်းစကာဟာ ပေါက်ထမ်းဆေးတွေအတွက် အလွန်ပဲ အရေးပါလှပါတယ်။ ဝိုင်းစကာလုပ်တဲ့ စကာတွေဟာ ကြောင်အိမ်သုံးတဲ့စကာတွေပါ။ လူတွေ ဉာဏ်ကွန့်ပြီးတီထွင်လာတာကြောင့် ရတနာရွာဖွေရေးတွေမှာ လွန်စွာအသုံးတည့်တဲ့ပစ္စည်းဖြစ်ပါတယ်။ ရောင်းအားလည်းအလွန်ကောင်းပါတယ်။

ရွှေတုန်းကဆိုရင် ကနဲ (ကနယ်) ဆေးသမတွေဟာ နှီးနှဲရက်တဲ့ပုတ်တောနဲ့ ကနဲဆေးကြေပေမယ့် ခုခေတ်ထဲမှာ ပုတ်တောတိမ်ကောလာပြီး ဝိုင်းစကာနဲ့ ကနဲဆေးကြလေ့ရှိတယ်။

ဝိုင်းစကာလှည့်တယ် ဆိုတာ ကျောက်တွေချည်း အလယ်မှာစုနေအောင်လှည့်ရတာ။ လှည့်ဖန်များတော့လည်း တတ်သွားကြတာပါပဲ။ပုတ်တောမှာ အထာရှိသလို ဝိုင်းစကာမှာလည်း အထာရှိပါတယ်။ အထာသိရင် လှည့်တတ်တာပါပဲ။

စပြီးထွက်လာတုန်းက လူးဇကာဆိုပြီး မြေအောက်ကမ္ဘာလူးတွေထဲမှာ ရေအိုင်လေးရှိရင်လှည့်ဆေးလို့ရအောင် တီထွင်ပြီးထွက်လာတာပါ။နောက်တော့ အားလုံး အသုံးပြုတဲ့အခါ လူးဇကာ အမည်ပျောက်ပြီး ဝိုင်းဇကာအမည် ရောက်လာခြင်းပါပဲ။ ခုခေတ်မှာ တွင်းသုံးပစ္စည်းတွေမှာ ဝိုင်းဇကာဟာ မပါမပြီးပစ္စည်းဖြစ်နေပါပြီ။

မိုးကုတ်မှာသာ မဟုတ်ပါဘူး။ ဝိုင်းရွာရတနာမြေတစ်ခွင်လုံးမှာလည်း ဝိုင်းစကာက နေရာတကာမှာမပါမပြီး အသုံးပြုနေဆဲရှိပါတယ်။

ပေါက်ထမ်းဆေးတစ်ယောက်ဟာ ဆာလာအိတ်ထဲ ပေါက်ပြားတို့၊ သဲချောင်းတို့၊ ဝိုင်းဇကာတစ်ချပ်ထည့်ပြီး ကြိုက်တဲ့နေရာမှာ ပေါက်ထမ်းဆေးလုပ်လေ့ရှိပါတယ်။

သဲဖတီခုဖောင်းတွေ၊ မြောင်းဟောင်းသဲတွေ၊ မြေမည်းတွေကြုံရာကို ပေါက်ထမ်းဆေးတတ်ကြတာပါ။

❑ အလေ့အကျင့်

ဦးပိုင်ကြီးသိမ်းသွားကတည်းက လက်သမားလခစားလည်းပြုတ်တော့ကာ မောင်မြင့်သန်းဟာ တစ်ယောက်တည်း လုပ်လို့ရတဲ့ ပေါက်ထမ်းဆေးဘဝနဲ့ မိသားစုရပ်တည်လာတာပါ။

သူက ဝေးဝေးကြီးသွားလုပ်နေတာမဟုတ်ပါဘူး။ ဦးပိုင်ဇရီယာအတွင်းမှာပဲ ဟိုနားကပေါက်ထမ်း၊ ဒီနားကပေါက်ထမ်းနဲ့လုပ်ရင်း မိသားစုရဲ့ဝမ်းရေးကို ဖြေရှင်းနေရသူပါ။ သူတို့ဦးပိုင်က အရင်က ကျောက်ပေါတော့ကာ အမှုန်အညှာလေးတွေရနေတာကြောင့် ဘဝရပ်တည်နိုင်ခြင်းပါပဲ။

ခုလည်း ကိုချက်ဖောင်းက တွင်းသားအလုပ်သမားဆောင်ကြီးနေရာတို့ သူ့ကိုပေးပြီး ကျဉ်းမြောင်းတဲ့သူ့ခြံဝင်းမှာ တစ်ယောက်တည်းသွားနေပါတယ်။ ကွင်းကကျယ်တော့ကာ နေရတာ အဆင်ပြေလှပါတယ်။

ဒီလိုနဲ့ မိုးကျွတ်ရာသီမှာ ဒေသခလေ့အရ မုန်ညင်း စတဲ့သီးပင်စားပင်လေးတွေစိုက်ဖို့ ပေါက်ပြားနဲ့မြေကိုဆွရပါတယ်။ မုန်ညင်းဆိုတဲ့အမျိုးကလည်း ဆောင်းရာသီမှာ နှင်းသောက်ရလို့ကတော့ ကြောက်စရာကောင်းလောက်အောင် သန်မာထွားကျိုင်းတာပါ။ တစ်အိမ်ထောင်ဆိုရင် စားလို့တောင်မနိုင်ပါဘူး။ အဲဒါကြောင့် မုန်ညင်းအခြောက်ချဉ်၊ မုန်ညင်းဖုပ်၊ ဆွန်ထန် စတာတွေ လုပ်ပြီး နှစ်ပတ်လည်စားလို့ရအောင် အိမ်ရှင်မတွေက ဖန်တီးတတ်ကြတယ်။ မိုးကုတ်တောရွာတွေတိုင်း မြေအနည်းငယ်ရှိရင် အိမ်နောက်ဖေးဈေးဆိုင်တည်ကြတာထုံးစံပါ။

သည်မြေဟာ ကျောက်အလွန်ပေါတဲ့မြေဆိုတာ မောင်မြင့်သန်းကသိတယ်။ မြေကို ပေါက်ပြားနဲ့ဆွတဲ့အခါ သဲတွေတချောက်ချောက်ခုတ်မိတယ်။ ပြီးတော့ မီးလောင်ထားတာကြောင့် ဧည့်သွေးခဲတွေလည်းရောနေတယ်။ ဒါတွေ့ မြင်ရတော့ မောင်မြင့်သန်းဟာ အလေ့ယဲမြေလွှာပေါ်က မြေမည်းတွေကို ပေါက်ထမ်းဆေးလုပ်ချင်စိတ်ပေါက်လာတယ်။ ဘာလို့လဲဆိုတော့ ပေါက်ထမ်းဆေးအလေ့အကျင့်ကရှိနေပြီကိုး။ မြေမည်းသဲတရှုပ်ရှုပ်နေရင် ကျောက်တန်းတက်တာကိုး။ ဒါနဲ့ သူမိန်းမနဲ့တိုင်ပင်တယ်။

"သွားမလုပ်ပါနဲ့ ကိုမြင့်သန်းရယ်၊ မုန်ညင်းပျိုးပင်တွေက အသင့်ဖြစ်နေပြီ ရွှေစိုက်ရတော့မှာ။ တော်ကြော ပေါက်ထမ်းဆေးလုပ်လိုက်တာနဲ့ မုန်ညင်းမလေးရဲ့နေပါဦးမယ်။ တော်လုပ်ချင်ရင် မုန်ညင်းတုံးမှလုပ်"

လို့ မထွေးခင်က အမိန့်ချလိုက်တော့ လုပ်ချင်ပေမယ့် မလုပ်ရတော့ပါဘူး။ နွေဦးပေါက်မှလုပ်ရတော့မှာပါ။ လိုနဲ့ ပျိုးပင်တွေရွှေစိုက်၊ ဖရဲရွက်တွေ့ နေဒဏ်ကိုကာတွယ်၊ ညနေ နံနက်လောင်းလို့က်တော့ကာ မုန်ညင်းတွေ့ စတင်ရှင်သန်လာပါတယ်။ သုံးလေးရက်နေတော့ ရေသောက်မြစ်စွဲပြီမို့ ဖုံးထားတဲ့ဖရဲရွက်တွေဖယ်ပေးရပါတယ်။ ကစပြီး တရွေ့ရွေ့ကြီးပြင်းတော့ဟာ ဧည့်နှင်းသောက်ရပြီဆိုလို့ကတော့

www.burmeseclassic.com

www.burmeseclassic.com

ပေးပြီးတော့ကိုထကြတာ အလွန်ပဲ ကြိုဆိုထွန်းသန်စွမ်းလှပါတယ်။

အရွက်တစ်ရွက်ရဲ့အရိုးပြားဟာ သစ်သုံးလုံးလောက်ရှိပြီး ရွက်ပြားဟာ ဆေးရွက်ကြီးလောက်ရှိကြပါတယ်။ဟင်း ချည်ချက်ရင် နှစ်ရွက်၊ သုံးရွက် ခြိုးထည့် ဆိုတ်ရုံနဲ့ အိုးတစ်လုံးအပြည့်ရတယ်။ ဒါ ကလည်း နှစ်စဉ်စိုက်ပျိုးကြတဲ့ခရေ တစ်ခုပါ။

ကဲပေးတဲ့အခါ

လူတိုင်းလို့မဆိုလိုပေမယ့် မိုးကုတ် နေတဲ့လူတွေဟာ တစ်သက်မှာတစ်ခါ ဟာ့ အကျိုးပေးတဲတတ်ပါတယ်။ပတ္တမြား ကျမှာနေ၊ ပတ္တမြားရေသောက်ပြီး ပတ္တ မြားကို ဖင်ခုထိုင်ထားကြသူတွေဖြစ်တာ ကြောင့် ဘယ်သူကမှ ဘယ်သူ့ကိုအထင် သေးလို့မရပါဘူး။ ဒီနေ့ဆင်းရဲနေပေမယ့် နောင်ဖြန်မှာ ကျောက်ကြီးရပြီး သူဌေးထ ကြွစ်ရင်ထဖြစ်နေကြတာ အများအပြား ပဲ။ လိမ္မာရင်တစ်ဘဝပေမယ့် မလိမ္မာ ရင်တော့ ခရေနဲ့ မူလဘဝကိုပြန်ရောက် သတ်ကြပါတယ်။

မောင်မြင့်သန်းအံနေနဲ့ သူ့ခြံထဲ ဟာ မုန်ညင်းစိုက်တဲ့နေရာတွေကို ပေါက် ထမ်းဆေးအလွန်လုပ်ချင်နေတာပါ။ မုန် ညင်းတွေဖူးပွင့်ပြီး အသီးတွေက နောက် နှစ်အတွက် မျိုးစေ့ရတာနဲ့တစ်ပြိုင်နက် မုန်ညင်းပင်တွေ အကုန်လိုက်နုတ်ပစ်ပါ တယ်။ ထားမယ်ဆိုရင် သားတက်က လေးတွေက ရွက်နုတွေခူးစားလို့ရပါ သေးတယ်။ ဒါပေမယ့် တစ်ဆောင်းလုံး မုန်ညင်းကို ဇ ရလဲနဲ့ချက်ပြုတ်စားသုံးခဲ့ ဟာ ဝအိနေထာကြောင့် သံလောဇဉ် နွယ်မနေဘဲ နုတ်ပစ်ခြင်းပါ။

နုတ်ပြီးတာနဲ့ အပေါ်ယံမြေမည်း တွေပေါက်ပြားနဲ့ခြစ်ပြီး တူးစကာနဲ့မြေ မုန့်တွေချပစ်ပါတယ်။ မြေမှုန့်က အပင် စိတ်ရိုးမှာမို့ သဲတွေ၊ ကျောက်စရစ်တွေ ပေါ်ထူခြင်းပါ။ မြေမည်းမှုန့်တွေမလျော့ပါ ဘူး။ ကိုယ့်အိမ်ကွက်ထဲမှာဆိုတော့ ဇနီး ဖြစ်သူ မထွေးခင်ကလည်းကူညီပါတယ်။ ဒါကြောင့် သဲအိတ်(၁၀)အိတ်လောက် ရလာတယ်။ ဒါတောင် အကုန်မဟုတ်ပါ သေး မြေကွက်တစ်စိတ်တစ်ပိုင်းပါ။ လုပ် စရာမြေတွေအများကြီးကျန်နေပါသေး တယ်။

မောင်မြင့်သန်းက အိမ်ဝိုင်းထဲမှာ ရေထည့်ထားတဲ့ ပိပါပြတ်မှာ စကာ လှည့်ပါတယ်။ မထွေးခင်က ကျောက် ခွေပါတယ်။ ပတ္တမြားမြေမို့ ကျောက်မှုန် ကျောက်မွားလေးတွေ ပါပါတယ်။ ကျောက်စေ့းက မိုးထိုးနေတဲ့ခေတ်ကြီး မှာ ဘာကျောက်မဆိုရောင်းစားနေရ တော့ အဆင်ပြေပါတယ်။ နေ့တွက် တော့ ရတာတ်တာပါပဲ။

(၃)စကာမြောက်စကာအမှောက် မှာ ထုံးစံအတိုင်း 'လာလေ့ကျောက်ကြီး' ဆိုပြီး မောင်မြင့်သန်းက ဇကာကို ဂွမ်း ခနဲမှောက်လိုက်တဲ့အခါ အလယ်သဲစု ရဲ့ဗဟိုမှာ (၁၀) ကာရက် လောက်ရှိတဲ့ နီလာကြီးက ပြာလဲ့လဲ့ပြောင်ပြောင်ကြီး ပေါ်လာပါတော့တယ်။ အဲဒီမှာ လင် ရော မယားပါ ဟင်ခနဲဖြစ်သွားပါတော့ တယ်။

"ဟယ် - နီလာကြီးတော့"

ဆိုပြီး မထွေးခင်ကကောက်ပြီး ပါးစပ်ထဲငုံထားလိုက်ပါတယ်။ ပြောပြော ကောက်ကောက်ပါ။

"နင်ကလည်း လက်မြန်လိုက်တာ ဟာ၊ နီလာကစစ်ကောစစ်ရဲ့လား"

"နေဦး၊ သူများမြင်သွားဦးမယ်။ ကျွန်မတော့ အစစ်လို့ထင်တာပဲ။အရည် ကတော့ပြောစရာမလိုဘူး။ အိမ်ထဲကျ မှကြည့်"

"အေးပါဟာ၊ အေးပါ"

"ကျောက်ဖြန်းတွေလွှင့်ပစ်တဲ့အခါ အသေအချာကြည့်ဦး။နီလာတွေပါသွား ဦးမယ်။ အနီကတော့ထင်ပေါ်တယ်။ နီလာက ကျောက်ခဲမှည်းမည်းတွေနဲ့ဆင် တူတယ်"

"ထွေးခင်ရယ်၊ ပေါက်ထမ်းဆေး လုပ်တာ အံတောင်တိုနေပြီ။ မျက်စိက လျင်မှလျင်သိလား"

"အေးပါ အေးပါ။ ဒီကစိုးရိမ်လို့ ပြောတာ"

မောင်မြင့်သန်းက တဟားဟား ရယ်သလို မထွေးခင်ကလည်း ပြုံးနိုင်ပါ ပြီ။ ကျောက်ကြီးက ပါးစပ်ထဲရောက်နေ ပြီလေ။ ခဲယဉ်နိုင်ပြုံးနိုင်ကြပြီပေါ့။ကျောက် ကြည့်ချင်စိတ်ကြောင့် ခရေမှာပဲအိမ်ထဲ ဝင်ခဲ့ကြပါတယ်။

၁ နောက်တစ်ခါလာပြန်ပြီဟေ့

နေသာနေတဲ့ပြတင်းဝမှာထိုင်ပြီး ကျောက်ကို ထာထဲထည့်ကာ ဖင်ပြန် ခေါင်းပြန် အကြိမ်ကြိမ်ကြည့်နေကြပါ တယ်။ ကျောက်က နီလာကတ္တီပါရည် ဖြစ်ပြီး အပြစ်ဆိုတာမြူမျှတောင်မပါတဲ့ ကျောက်စစ်ကျောက်ကောင်းတစ်ပွင့်ပါ ပဲ။ ပုံစံကလည်း ပေါက်စီပုံဆိုတော့ကာ ပြောစရာမရှိအောင် အရည်အသားပုံစံ ပြည့်စုံလှပါတယ်။ ကုန်သည်တိုင်း မျက်စိ စွဲမယ့်ကျောက်ပါ။

"ထွေးခင်၊ ဒါဘယ်လောက်ထင်လဲ"

"ရာကျောက်တော့အနည်းဆုံးဖြစ် တယ်။ ဘယ်နှရာဆိုတာတော့ ကျွန်မ မခန့်မှန်းတတ်ဘူး"

ရာဆိုတာ သိန်းရာချီကိုဆိုလိုတာ ပါ။

"ပြကြည့်တာပေါ့ဟာ၊ တစ်လက် နဲ့လက်မလွှတ်နဲ့ပေါ့။ ဒါမျိုး ကျောက်က ထားကောင်း၊ ရောင်းစွဲကျောက်မျိုးပဲ။ ခရာနေရင် ကျန်တဲ့သဲလေးပြန်ဝိုင်းကြရ အောင်။ ကျောက်ကို သေတ္တာထဲထည့် ဖြီး သော့ခတ်သိမ်းနော်။ ကလေးတွေ ဆော့ပစ်မှာစိုးရတယ်"

"စိတ်ချပါတော်၊ တစ်သက်မှာ ဒါ မျိုးကျောက် ဒီတစ်ခါပဲရဖူးတာ။ ကံမိုး ထိုးလို့ရတာ။ မျှော်တောင်မမျှော်ရဲတဲ့ ကျောက်မျိုးပါ။ ကျွန်မစို့အဖေ မျှော တွင်းက နီလာကြီးရလာတုန်းက ပိန့်စေ့ လောက်ရှိတယ်။ ချောင်းကျောက်ဆို တော့ အရည်အသားပြောစရာမလိုဘူး၊ ဒီလိုအရည်အသားပဲ။ အဲဒီကျောက်ကြီး ရမှ ကျွန်မတို့အိမ်ကောင်းကောင်းနဲ့နေ နိုင်ကြတာ။ အဖေရတဲ့ကျောက်သာ ခု ခေတ်မှာရရင် သိန်းထောင်ချီတန်မှာ သေချာတယ်"

လို့ပြောပြီး အခန်းထဲဝင်ကာ သေတ္တာထဲသော့ခတ်သိမ်းလိုက်ပါတယ်။ ခရာနားပြီး ကလေး(၂)ယောက်နဲ့ နေ့ လယ်စာစားပြီးတာနဲ့ ကျန်တဲ့သဲတွေ ဆက်လှည့်ပါတယ်။ အပျော်ဓာတ်တွေ စီးဝင်နေတော့ လုပ်ရကိုင်ရတာ ဖျတ် ဖျတ်လတ်လတ်ရှိလွန်းလှပါတယ်။

သဲတွေမှာ အထိုက်အလျောက် ကျောက်ကလေးတွေပါနေတာကြောင့် လင်မယားနှစ်ယောက် ပျော်မဆုံးမော် မဆုံးဖြစ်နေကြပါတယ်။ ဒီလိုနဲ့ သဲက နောက်ဆုံး တစ်ဆန်ခါပဲကျန်ပါတော့ တယ်။

အဲဒီမှာ မောင်မြင့်သန်းက -

"နောက်ဆုံးစကာ ကျောက်ကြီးပါ ဟေ့"

လို့ပြောပြီး ဂွမ်းခနဲမှောက်လိုက်ပါ တယ်။

"အို့"

နှစ်ယောက်စလုံး အထိတ်တလန့် ကိုဖြစ်သွားပါတော့တယ်။ ဖြစ်မယ်ဆို လည်း ဖြစ်စရာပါ။ နောက်ထပ် နီလာ ကြီးတစ်ပွင့်က သဲစုအလယ်မှာ ခြေပြီး

www.burmeseclassic.com

www.burmeseclassic.com

ကြီးပေါ်လာလို့ပါပဲ။ လက်သွက်တဲ့ မထွေးခင်က ပါးစပ်ထဲဆတ်ခနဲကောက် ငုပြားသားဖြစ်သွားပါတယ်။ ဖြန်လိုက်တဲ့ ဖြစ်ခြင်း။

"နင့်ဟာကလည်း မြန်လိုက်တာ လွန်ပါရော၊ ဘယ်သူမှမရှိပါဘူးဟာ။ သဲ စုထဲမှာ ဝအောင်ကြည့်ပြီးမှ ကောက်တာမဟုတ်ဘူး"

"ဩော် - ကျောက်စစ်ကျောက် ကောင်းပဲထွက်သွားရင် ဘယ်လိုလုပ်မလဲ။ လက်သွက်မှတော်ရုံရယ်၊ ပါးစပ်ထဲ ရောက်မှ ကျောက်ဆိုတာ စိတ်ချရတာ"

"ဒါတော့ ဒါပေါ့ဟာ၊ နင့်ဟာက သူများလာလုမယ့်အတိုင်းပဲ ဟားဟား၊ နင့်ပုံကြည့်ပြီး ငါကရယ်ချင်တာ"

ရယ်ချင်ရယ်လေမတတ်နိုင်ဘူး။ တစ်ရက်တည်းနဲ့ ကျောက်ကြီးကျောက် ကောင်း နှစ်ပွင့်ရတယ်ဆိုတာ ကျွန်မတို့ ကံအလွန်ကောင်းလို့ရတာ။ **ထောမူးရွှေ** ပြီးလိုက်မပြောနဲ့နော်"

"မိန်းမရာ၊ မြင့်သန်း ဒီ**လောက်** တော့မအပါဘူးဟာ။ လျှောက်ပြောလို့ ကတော့ လောကမှ ငါ့ထက်မိုက်တဲ့လူ ဇမ္ဗူမှာရှိမှာမဟုတ်ဘူး။ အဓိကကတော့ ကိုချက်ဖောင်းကြီးပဲဟ။ ငါတို့ရတာများ သိလို့ကတော့ သူခမျာ စိတ်မကောင်း ဖြစ်နေရှာမှာ"

"ကဲ - သဲလွှာပြီးရင် နားကြမယ် ယောကျ်ားရေ"

"ဘယ်လိုခေါ်လိုက်တယ်၊ ထပ် ခေါ်ပါဦး မိန်းမရဲ့"

"အောင်မာ သေနာကောင်၊ ထပ် ကြားချင်သေးတယ်ပေါ့လေ ဟုတ်လား။ ဒီက စိတ်ကောင်းဝင်လို့ခေါ်လိုက်တာ၊ နောက်ဆို ဝေလာဝေးပဲ"

"ဟား ဟား ဟား"

ဒီနေ့ဟာ သူတို့အပျော်ဆုံးနေ့ တစ်နေ့ပါပဲ။

❑ သူဌေးဖြစ်သွားကြပြီ

ဒုတိယရတဲ့ကျောက်ကျတော့ အ ရွယ် (၁၅) ကာရက်လောက်ရှိတဲ့ နီလာ ကြီးဖြစ်ပေမယ့် အရည်သာကောင်းပြီး အပြစ်တစ်ချက်ရှိတာကြောင့် အစစ် မဖြစ်တော့ပါဘူး။ အပြစ်တစ်ချက် ကျောက်စွေးတစ်ဝက်လို့ ဆိုထားတယ် မဟုတ်လား။ ဒီတော့ တန်ဖိုးတစ်ဝက် လျော့သွားတော့မှာပါ။ အစစ်မဖြစ်ဘဲ အစားဖြစ်သွားလို့ပါပဲ။

အမှန်တော့ ကျောက်က လုံးဝန်း တဲ့ပုံစံရှိတာကြောင့် အပြစ်က အလယ် တည့်တာည့်မှာရှိနေတာပါ။ အဲဒီကျောက် ကို အပြစ်ကနေ နှစ်ခြမ်းခွဲဖြတ်လိုက်ရင် (၇) ကာရက်အရွယ်အစစ်နှစ်ပွင့်ဖြစ်လာ ပြီး အဆင့်မြင့်တန်ဖိုးကြီးနားကပ်ထိပ်စုံ သို့မဟုတ် လက်စွပ်နှစ်ကွင်းလုပ်နိုင်တဲ့ ကွင်းသီးတွေဖြစ်လာမှာပါ။ တွင်းသမား ဖြစ်ကြတဲ့ မောင်မြင့်သန်းတို့ဟာ ဒါကို နားလည်နိုင်စွမ်းမရှိခဲ့ပါဘူး။ ကျောက်က အပြစ်ကြီးပါသွားတယ်လို့သာသိတာပါ။

ဒါကြောင့် အပြစ်ပါတဲ့ကျောက် ကို ကုန်သည်ခေါ်ပြီး ဦးစွာပြပါတယ်။ ကုန်သည်က သိန်းတစ်ရာပေးပါတယ်။ မရောင်းလိုက်ပါဘူး။ အဲဒီကုန်သည်ဟာ ဒုတိယတစ်ကျော့ပြန်ဝင်လာကာ သိန်း တစ်ရာငါးဆယ်ပေးပါတယ်။ လက်လွတ် မခံနိုင်တာကြောင့် တစ်ရာငါးဆယ် ထက် နည်းနည်းပိုပေးကာ တည့်သွားခဲ့ ပါတယ်။

ပထမရတဲ့ကျောက်ကိုလည်း အဲဒီ ကုန်သည်ကိုပဲပြတာပါ။ အလွန်လှတဲ့စံ ကျောက်လိုဖြစ်နေပေမယ့် ကျောက် စွေးနားမလည်တဲ့ တွင်းသမားတွေဆီက သိန်း (၂၅၀)နဲ့ ရှားရှားပါးပါး ပေါချောင် ကောင်းရသွားခဲ့ခြင်းပါ။ ကျောက်အလွန် ရှားပါးတဲ့ခေတ်မှာ ကျောက်ရသူရော ဝယ်ရတဲ့ကုန်သည်ပါ ကံထူးရှင်များဖြစ် ကြပါတယ်။

မောင်မြင့်သန်းတို့မိသားစု သူဌေး ဖြစ်သွားခဲ့ကြပါပြီ။ ရရစားစား ဝါးဝါးမျိုရ မျိုဘဝကနေ သိန်း (၄၀၀)ကျော်တောင် ရလိုက်တာဆိုတော့ ဘဝင်လေဟပ်ကုန် ကြပါပြီ။

မထွေးခင်ရဲ့အစ်မတွေက သူတို့ရဲ့ ညီမလေး ကျောက်ရတယ်ဆိုတော့ ရွာ ထဲမှာ အိမ်မြေဝယ်ပြီး အိမ်တစ်လုံး ဆောက်ဖို့ အကြံပေးကြပါတယ်။

မောင်မြင့်သန်းက -

"မိန်းမရာ၊ ခုအိမ်လေးလည်းနေ ဖြစ်နေတာပဲ။ အလကားပိုက်ဆံကုန် အောင်လုပ်မနေနဲ့။ တို့နေတဲ့နေရာဟာ ရွာနဲ့ဘာဝေးတာမှတ်လို့။ နောက်ဆို ရွာ က တို့ဆီပြန့်ကားထွက်လာပြီး ရွာနဲ့တစ် ဆက်တည်းဖြစ်မှာ"

ဆိုတော့ မဆောက်ဖြစ်ပါဘူး။ ရွှေတွေညွတ်နေအောင် မထွေးခင်က ဝယ်ဝတ်သလို မောင်မြင့်သန်းကလည်း ဆိုင်ကယ်တစ်စီးနဲ့ အပေါင်းအသင်း တွေကြားမှာ ဒကာအမြဲတမ်းခံတဲ့ သူဌေးလေးကိုမြင့်သန်းဖြစ်လာပါတယ်။ အလုပ်တောင် လုံးဝမဆင်းတော့ဘဲ ဟိုယောင်ယောင်ဒီယောင်ယောင်လုပ် လာ ပါတယ်။

ဒါပေမယ့် သာရေးနာရေးဘာသာ ရေးကိစ္စတွေမှာကျတော့ သူတို့က ရက်ရက်ရောရောထည့်ဝင်လှူဒါန်းမှုလေး တွေတော့ပြုပါတယ်။ ပြီးတော့ ဖက်စပ် တွေထဲမှာ ထက်ဝက်စားတွင်းတွေလိုက် ထောင်ပါတယ်။ ကုန်လိုက်တာ သောက် သောက်လဲပေမယ့် ကျောက်ကောင်းဆို တာ မမြင်ရပါဘူး။ ပေါလဲမြင့်သန်းဆိုပြီး နာမည်တစ်လုံးနဲ့ပါ။ ကျောက်အလုပ်ဆို တာ အကျိုးပေးမှ အကြောင်းထင်တာ ပါ။

ဒီလိုနဲ့ နှစ်နှစ်ကျော် သုံးနှစ်အရ မှာတော့ တွင်းတွေကရှုံး၊ မောင်မြင့်သန်း ကလည်း အပေါင်းအသင်းတွေနဲ့ အိမ်မှာ ဘီယာဖောလိုက်မကြာမကြာ သောက်နေတော့ကာ ရှိရှိသမျှကလေး တွေရဲ့ လက်ဝတ်လက်စားတွေပါမကျန် အကုန်ပြောင်ပြီး ခုံရင်းလက်မဲ့ဘဝပြန် ရောက်ကြပါတယ်။

❑ ပေါက်ထမ်းဆေးဘဝ

ငါဝမ်းပူဆာမနေသာတာကြောင့် မောင်မြင့်သန်းဟာ ပေါက်ထမ်းဆေးပြန် လုပ်ရပြန်ပါတယ်။ မုန့်ညင်စိုက်မြေသဲ ထဲက ကျောက် (၂) ပွင့်ရလိုက်တဲ့အခါ ကျောက်တွေ မြေမည်းထဲမှာရှိနေဦးမယ် လို့ထင်ခဲ့ပေမယ့် ကျယ်ဝန်းတဲ့အိမ်ဝင်း မြေတွေသာကုန်သွားတယ်။ ကျောက် ကြီးက ပါမလာတော့ပါဘူး။

အဲဒီကျောက်(၂)ပွင့်ဟာ နတ်တွေ ကထည့်ပေးလိုက်တာလား။ ပကတိမြေ မည်းထဲမှာရှိနေတာလား။ ဒါမှမဟုတ် တွင်းသားတွေလုပ်စဉ်ကခဲပြီးဖွက်ထား တဲ့အခါ အဆောင်ကြီးမီးလောင်ပြီး ပျောက်ဆုံးသွားတဲ့ ကျောက်လားဆိုတာ တော့ ဘယ်သူမှသိမှာမဟုတ်ပါဘူး။ ဒါက အဖြေမရှိတဲ့ ပဟေဠိပါပဲ။

ဒါပေမယ့် သူဌေးလေးမြင့်သန်း ပေါလဲမြင့်သန်း တစ်ဖြစ်လဲ ပေါက်ထမ်း ဆေးသမားလေး မောင်မြင့်သန်းကတော့ ဖက်စပ်တွေနဲ့ ကင်းဝေးရာ ချောင်း မြောင်းတွေမှာ ဆာလာအိတ်ထဲ ပေါက် ပြားတို့၊ သံချောင်းတို့နဲ့ ဝိုင်းစကာလေး ထည့်ကာ ကျောမှာထမ်းပြီး လှည့်လည် သွားလာကာ ပေါက်ထမ်းဆေးလုပ်ကိုင် နေဆဲပါပဲ။

ချမ်းမြေ့ကြယ်ပေ

နေပြည်တော်ကျောင်းကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂဒမင်ပင်လယ်ထဲက ကျေးရွာများသို့တစ်ခေါက်

မောင်ခိုင်မင်း(လေးတောင်)

❑ မြို့ကြီးမှသည် အစချီ၍

ဒီဇင်ဘာလပေမယ့် နံနက်စောစော နှင်းတွေမဝေတဲ့ မြို့ကြီးမှ ဥတုရာသီက အအေးဆိုရှာမရ။ လူတွေကများပန်းခပ်မာ လူလာနေကြတာကြောင့် ဆိပ်ကမ်းတစ်လျှောက် သက်ဝင်လှုပ်ရှားနေတော့သည်။ ဒေသအသီးသီးဆီသို့ ထွက်ခွာဆောင်မောင်းကြမည့် သင်္ဘောကြီး၊ ငယ်တွေက ဆိပ်ခံတံတားမှာ ကြိုးချည်ပြီး အဆင်သင့်။ ဤမှသည် တနင်္သာရီမြို့ဆီသို့ ဤမှသည် ကျွန်းစုမြို့ဆီသို့။ ဤမှသည် ကော်ဇော (ချောင်းကြီးဝ) ဆီသို့။ မြို့ကြီး၏အလှအပကား ညနေပိုင်းနှင့် နံနက်စောစော ဆိပ်ကမ်းတစ်လျှောက်အခြားအချိန်တွေထက် သာ၍ပင် အလှပိုနေသလိုလိုထင်ရသည်။

တက်သူ၊ ဆင်းသူတွေကတသဲသဲ။ ရောသည်တွေကလည်းတည်ည။ တန်ဖိုးကြီးရှိ ပထော်ပထက်ကျွန်းသို့ ဖြတ်ကူးကြမယ့် ပဲ့ထောင်စက်လှေအသံတွေက အဘုတ်ဘုတ်နှင့် ဆူညံနေကြသည်။ နံနက်(၈)နာရီခန့်မှာတော့ ကျွန်တော်နှင့်အတူ အဖော်စီမံကိန်းဝန်ထမ်းနှစ်ဦးသာအမြန်ရေယာဉ်ဖြင့် ပထမဆုံးခရီးစဉ်တစ်ခုကိုစတင်လိုက်ကြ၏။ သင်္ဘောဆောင်ခုတ်မောင်းစဉ် ပထော်ပထက်ကျွန်းကို တွေ့ပတ်လိုက်သည်နှင့် အဆိုပါကျွန်းအလှအပများက ဆီးကြိုနေကြသည်။ ထော်တောင်နှင့် ပထက်တောင်အစွန်းတို့ရှိတောင်ထိပ်ပေါ်မှ ဘုရားစေတီများ မပီမပြင်နှင်းမှုန်ကြားမှာ မှိုင်းပျပျ။ ဆောင်ကြိုးနှစ်ခုရဲ့အလယ် မြေပြန့်နေရာတစ်လျှောက်လုံး အအေးခန်းစက်ရုံ၊ သစ်အချောထည်အလုပ်ရုံနှင့် ရေလုံသင်္ဘောဒေါက်ကျင်း၊ ကဏန်းပျော့မွေးကန်၊ စာသင်ကျောင်း လူနေအိမ် စတာတွေတွေ့နေရာယူထားကြ၏။ ကျွန်းနံဘေးတနင်္သာရီမြစ်ကမ်းနဖူးမှာ တည်ထားတဲ့အဆောက်အဦးထားတဲ့ လျောင်းတော်မူဘုရားကြီးကို မထမဦးဆုံး တမိတမော ဖူးမြော်ကိုးရသလို မျှားပြားလွန်းတဲ့ အမျိုးစုံလင်လှသည့် ငါးဖမ်းစက်လှေကြီးငယ်များ၊ သင်္ဘောများ တနင်္သာရီမြစ်တစ်လျှောက် လေနှင့်အတူပါလာသည့် အပုပ်နံ့ကြောင့် ခံစားနေရတဲ့ အလှအပတွေ ခံစားချင်းပျောက်ကွယ်သွားခဲ့ရတာက နှမြောစရာတစ်ခုလိုလို။ သည်ကျွန်း၏တခြားတစ်ဖက်သို့ သင်္ဘောကွေ့ပတ်လိုက်သည့်အခါမှာတော့ သစ်လုံးကြီးတွေတင်နေတဲ့ သင်္ဘောကြီးတစ်စီးဆိုက်ကပ်ထားသလို ကမ်းပေါ်က သစ်လုံးကြီးတွေ ဘယ်နှိုင်ငံဗီဇာရထားတယ်ဆိုတာ မပြောတတ်။ တနင်္သာရီတောင်တန်းထွက်သစ်လုံးတွေကမ္ဘာပတ်ကြပေတော့မည်ဟုသာ တွေးမိလိုက်ပါတော့သည်။

❑ အသွယ်သွယ်သောကျွန်းတွေကြားမှာ

ကျွန်တော်တို့ စီးနင်းလိုက်ပါလာကြတဲ့ အမြန်သင်္ဘောဟာ ကျွန်းကြီး၊ကျွန်းငယ်အသွယ်သွယ်ကြားတွေက ဖြတ်သန်းမောင်းနှင်နေတာကြောင့် ပင်လယ်ပြင်ရှမျှော်ခင်းတွေက အစီအရီပြည့်နေကြတာကို အားပါးတရမြင်နေရ၏။ ကျွန်းတွေအားလုံး လူနေထိုင်ကြပုံမပေါ်ပေ။ အားလုံးမှာ စိမ်းလန်းတဲ့ တောင်အမြင့်ကြီးနှင့် တန်ဆာဆင်ထားတဲ့ကျွန်းတွေဖြစ်နေကြတာ သဘာဝက အလှအပကို



ကျွန်းစုဒေသ ကျေးရွာတစ်ရွာ၏အလှ



www.burmeseclassic.com

www.burmeseclassic.com

ဖန်တီးပေးထားသလား ထင်ရသည်။ ခန်းပစေး ကျွန်းတွေကြားမှာ တစ်ခါတစ်ရံတွေ့ရတဲ့ ငါးဖမ်းစက်လေ့တချို့တာ ကျွန်းအလှကိုနောက်ခံထားပြီး ပန်းချီကားတစ်ခုကို ပုံဖော်နေကြသလိုရှိနေကြပြန်၏။

ကျွန်တော်တို့ ခရီးစဉ်က ကံမော်ရွာသို့ "ထိုမှတစ်ဆင့် ခရီးဆက်ရန်က ကျန်သေးသည်။ သင်္ဘောလမ်းခရီးထက် ဝက်ခန့်အရောက်မှာတော့ ရွာအရောက် ဆိပ်မကပ်ဘဲ ကယ်ရီလေ့ငယ်ဖြင့် ဆင်းကြ၊ တက်ကြသည်က စခန်းသစ်ရွာ။မြင့်သာမြင့်မကြင့်ရသည့်အလား။ ရွာတန်းက အတော်ရှည်ရှည် ပင်လယ်ကမ်းနဖူးတစ်လျှောက်လုံး ရွာတည်ထား၏။ သူ့အနီး ပင်လယ်အော်မှာ ကျောက်ငါးမွေးဖောင်တွေကလည်းအစီအရီ။ စခန်းသစ်ရွာက ကျော်ဖြတ်မောင်းနှင်လာခဲ့မှာတော့ ပင်လယ်က ပို့ကျယ်လာသလိုလို လှိုင်းကလည်း ပိုကြွလာနေသလိုလို။ စီးနင်းလာတဲ့အမြန်ယာဉ်ကတော့ လှိုင်းတွေကို တရှဲရှဲထိုးဖောက်ပြီး သွက်လက်စွာ ပြေးလွှားနေလေသည်။ ဘေးတစ်ဖက်တစ်ချက်က မှုန်ဝိုးမှုန်ဝါးမြင်နေရတဲ့ ကျွန်းတွေရဲ့ အလှအပကို မိန်းမောရင်းစိတ်ထဲမှာ ပန်းချီကားတစ်ချပ်ကို ရေးဆွဲနေမိတော့၏။

ဟိုတစ်လောက သတင်းတစ်ခုမှာ ဖတ်မိပါသည်။ကျွန်းစုဒေသကို အင်ဒိုက ဘာလီကျွန်းလို၊ မလေးက ဘန်ကာဝီလို၊ ထိုင်းက ဖူးခက်လို ခရီးသွားလုပ်ငန်းတွေ ဖော်ဆောင်ဖို့ လေ့လာနေတယ်ဆိုထားပါသည်။ နောက်တစ်ခုက "အက်ဒမင် ပင်လယ်ထဲက ကော့သောင်းအနီးရှိ အသည်းပုံရေကန်ကြီး တည်ရှိရာကြက်မောက်ကျွန်းအကြောင်းကိုလည်း သတင်းတစ်ပုဒ်မှာ ဖတ်ရပြန်ပါသည်။ ပြီးတော့ ဆလုံခေါ် မော်ကဲလူမျိုးတစ်မျိုးလည်း ဒီအက်ဒမင်ပင်လယ်ထဲက ကျွန်းဝတွေအနီးတစ်ဝိုက် လှည့်ပတ်နေထိုင်ကျက်စားနေကြတာကလည်း စိတ်ဝင်စားစရာကောင်းပြန်သည်။ ပြောရမည်ဆိုရင်တော့ အက်ဒမင်ကျွန်းစုတွေမှာ ဖြူဖွေးလှပတဲ့ ပုလဲရတနာတွေ၊ အားသစ်အင်သစ်တိုးပွားစေဖို့အားဆေးဖော်စပ်တဲ့သဘာဝဂျက်သိုက်တွေ၊ ကိုယ်တွင်းရောဂါတွေပျောက်စေနိုင်တဲ့ ကမ်းဇော်သီးနဲ့ ကမ်းဇော်ဆီဆိုတာရယ် အားလုံးက ဒီဒေသထွက်ကုန်တွေ။ ပြီးတော့ လူမသိသူမသိ တောတောင်တွေထဲမှာ သဘာဝသစ်မွေးပင်တွေကလည်းရှိနေကြပြန်၏။

❑ တောတွင်းကခရီးသည်

နေ့လယ် (၃) နာရီခန့်အချိန်။ အိမ်ကောင်းအိမ်သန့် မြို့ငယ်တစ်ခုလို လို အငေးမှလှမ်းမျှော်မြင်နေသည်။ သူကလည်း ပင်လယ်ကမ်းခြေအနှံ့ အိမ်တွေအပြည့်။ ဆိပ်ခံတံတားက ကွန်ကရစ်။

"ကံမော်ရွာဆိုတာ ဒါပါပဲဆရာ"

ဆိုပြီး ပြောလိုက်သည့် အတူပါတပည့်တစ်ဦးရဲ့အသံကြောင့် ရှည်မျှောနေတဲ့ ကပ္ပလီပင်လယ်ထဲက အလှအပခံစားမှုအတွေးတွေပြတ်သွားရလေတော့၏။ ကျွန်တော်တို့ (၃) ဦးထဲက သူတစ်ဦးတည်းကတော့ ဒီခရီးကို တစ်ခေါက်ရောက်ဖူးပြီးဖြစ်တာကြောင့် သူ့ကိုပဲ ဆရာတင်ထားရ၏။ ကံမော်ဆိပ်ကမ်းကို ကျွန်တော်တို့တက်ပြီးခါမှာတော့ စီးလာသည့် အမြန်ယာဉ်လည်း ဆူညံသောစက်သံနှင့်အတူ - ချောင်းကြီးဝကွာဘက် ဆီသို့ ခရီးဆက်လေတော့သည်။ ဆာလောင်နေလွန်းသည်ကြောင့် ထမင်းဆိုင်ရှာရ၏။ သိပ်မကြာ ပါလာတဲ့အထုပ်အပိုးတွေ ခေကာချပြီးနားရင်း နေ့လယ်စာထမင်းစား။ ကြက်သားအရိုးရောအသားရောတုံးငယ်နှစ်တုံး၊ ငရုတ်သီးစိမ်းကသုံးတောင့်၊ ဆားကတစ်ခွက်။ ဟင်းရည်သောက်က ရေနွေး။ လိုက်ပွဲကတစ်ယောက်တစ်ပွဲ။ ဆာနေပေမယ့် စားမကောင်း။ ကျသင့်ငွေက (၃၆၀၀)။ မတန်လိုက်လေခြင်းဟုသာ မှတ်ချက်ပြုကျေနပ်လိုက်ရတော့သည်။

ခရီးရှည်က ခုမှစရမည်ကြောင့် ဆိုင်ကယ်ကယ်ရီသုံးစီးခေါ်ရ၏။ ကံမော်မှသည် ပဒဲကောဆီသို့ ဆိုင်ကယ်တစ်စီးကို (၁၅၀၀၀) ကျပ်။ နှစ်ယောက်တစ်စီးထက်ပိုစီးနိုင်တဲ့ခရီးမဟုတ်။ ကံမော်ရွာမှအထွက်လမ်းတွေကကောင်းမှကောင်း။ (၁၀)မိုင်ခန့်ထိ လမ်းဘေးဝဲယာရော်ဘာခြံကြီးတွေကအစီအရီ။ ဤမှမျှော်သည့် အခါတွင်ကား ကျဉ်းမြောင်းသောလမ်းချွန်ယွန်သစ်ပင်တွေကထူထူ။တောတောင်တွေကအထပ်ထပ်။မည်မျှကြာကြမ်းတမ်းသောလမ်းမှာ စခန်းသွားနေရလေတော့သည်။ တစ်ခါတစ်ခါ လမ်းဘေးက သစ်ကိုင်း၊ သစ်ရွက်တွေ မျက်နှာကို နှုတ်ဆက်အနမ်းတွေပေးလိုက်တာခံလိုက်ရသေးရဲ့။ လမ်းတစ်လျှောက် ရေချိုစမ်းချောင်းတွေလည်းမနည်းသလို သာမန်အဆင့်ရှိတဲ့သစ်သားဓာတ်တားတွေကလည်းခပ်များများ။ တောကြီးတောင်ကြီးဂနိုင်ကြီးဖြစ်တာကြောင့် ရေချိုစမ်းတွေပေါနေကြသည်ထင်ရ၏။ ဒါကမှ မယျက်စီးသေးကျန်နေသည့် သဘာဝပတ်ဝန်းကျင်စစ်စစ်။ ကယ်ရီမောင်းသူတွေရဲ့ ကျွမ်းကျင်မှုကလည်းစံတင်စရာ။ သည်လိုလမ်းကို မောင်းတတ်ကြပေမို့ စိတ်ထဲကကျိတ်ပြီး ချီးမွမ်းမိပြန်သည်။ ခရီးကဘယ်ထိဝေးသည်ကိုကား မှန်းမဆနိုင်တော့။ လမ်းပေါ်မှာ ရွာတစ်ရွာနှစ်ရွာခန့်ဖြတ်ခဲ့သလိုလို အားလုံးက ဝေဝေးနေဆဲ။ ညနေခင်းရောက်ချိန် ပဒဲကောရွာသို့ ဆိုက်ရောက်လေတော့သည်။ ကရင်ကျေးရွာတစ်ရွာ။ တစ်ခါရောက်ဖူးသည့် တပည့်ဖြစ်သူအစီအစဉ်အရ ခရစ်ယာန်သင်းအုပ်ဆရာအိမ်မှာပဲ စခန်းချလိုက်ရ၏။ တစ်အိမ်နှင့် တစ်အိမ်က ခပ်ဝေးဝေး ဥယျာဉ်တောကြီးထဲကရွာတစ်ရွာ။ သည်ညတော့ မောမောနှင့်သာအိပ်ချလိုက်ရတော့သလို ဆောင်းရာသီအေးအေးဂတ်ကိုလည်း သည်နေရာရောက်ပါမှထိတွေ့ခံစားရတာ အရသာတစ်မျိုးဆိုရပေတော့မည်။

တောဝက်တွေပေါတဲ့ဒီရွာဒီဒေသတစ်ခွင် တောဝက်နှင့် အိမ်ဝက် အိမ်ထောင်ကျပြီး အိမ်ဝက်မက မွေးထားတဲ့ဝက်ကလေးတွေဟာ အဖေရုပ်အတိုင်းရွာထဲမှာ အဲသလို တောဝက်တူမိသားတစ်စုကို တွေ့ခဲ့ရ၏။ ပြီးတော့ နာမည်ကြီး ဆေးဖက်ဝင် ကမ်းဇော်ဆီဆိုတာလည်း ဒီနေရာတွေမှာသာရနိုင်ကြတာရယ်၊ ကမ်းဇော်သီးပေါ် တဲ့ပိုးဦးရာသီမှာ ကမ်းဇော်ပင်အောက် ညအိပ်စောင့်ပြီး မြွေဟောက်နဲ့လူလုကြရတယ်ဆိုတာရယ်၊ ဒီအသီးကိုမြွေဟောက်တွေအရမ်းကြိုက်တယ်ဆိုတာရယ်၊ ကမ်းဇော်သီးကောဆုံးရင်း မြွေဟောက်အပေါက်ခံလို့ သေဆုံးရသူလည်းရှိကြတယ်ဆိုတာရယ် တအုံတသြ နားထောင်ခဲ့ရပြန်ပါသေးသည်။ နာမည်ကြီးစေးကောင်းရလာတော့ အလုအယက်ရှာကြတာ အဆွန်းတော့မဟုတ်ပါ။ ဒေသခံကရင်တိုင်းရင်းသားတွေတဲ့ ဘုရားပေးတဲ့ဆေးဆိုပြီး ယုံကြည်ကြသလို ဝမ်းဗိုက်ထဲ ရောဂါမှန်ရင် ယုံကြည်ကြည်နဲ့သောက်ရင် ပျောက်ပျောက်ရမယ်ဆိုပါတယ်။ မြိတ်မြို့ရောက်မ်းဇော်ဆီလေးဆယ်ဝင်တစ်ပုလင်းတစ်သိန်းဖြစ်နေတဲ့ခေတ် ထူးထူးခြားခြားမြင့်မားနေလွန်းတဲ့ ကမ်းဇော်ပင်အောက်အရောက်သွားဖြစ်ခဲ့တာကိုလည်း မပျောက်နိုင်ပါဘူး။ ကျွန်တော်တို့ပါဝင်ရင်းကိစ္စ ကမ္ဘာ့ဘဏ်ရဲ့ CDD ဂေါ်လူထု

www.burmeseclassic.com

www.burmeseclassic.com

ဟိုပြုစိမ်ကိန်း' အကြောင်းကို ရှင်းပြဖို့ ရွာတလူတွေ့စုကြရမှာတော့ သင်းအုပ်ဆရာနှင့် မူလတန်းကျောင်းက ဆရာ၊ ဆရာမတွေကမကထပြုလုပ်ပေးပါသည်။ ဘုရားရှိခိုးကျောင်းခန်းမအတွင်းက ရွာလုံးကျွတ်အစည်းအဝေးလုပ်ကြတော့ ဗမာစကားကို ရည်ရည်လည်လည်ပြန်းမလည်သူတွေပါနေတာကြောင့် သင်းအုပ်ဆရာတာ စကားပြန်လုပ်ပေးလို့ တော်ကာကျ ဆယ်ဆိုရပေတော့မည်။ ရွာတစ်ရွာ၏ ဒေသိယအကျယ်အဝန်းက ခန့်မှန်းရခဲ့သလို ဥယျာဉ်သစ်တောကြီးတွေပဲ ဖြစ်ကြပါတော့၏။ တစ်အိမ်နှင့်တစ်အိမ်က ခပ်ဝေးဝေး။ နောက်တစ်နေ့နှံနက် ပဒေသာရွာမှ ဆိုင်ကယ်ယမ်းရီဌားပြီး ထုံးစံအတိုင်း နောက်တစ်ရွာ ကလန့်အော်သို့ ခရီးဆက်နှင်ကြလေ၏။ လမ်းကတော့ ပြောမပြချင်သလောက်ဟုသာ ဆိုရပေတော့မည်။ ဆိုးသထက်သာ ဆိုးလာနေ၏။ တချို့နေရာ လဲမ်းဆိုတာသတ်သတ်မှတ်မှတ်မရှိ။ အဆင့်ပြေသလိုသာသွားနေရသည်။ အားလုံးက တောင်လဲမ်းတောလမ်းတွေ။ ဆိုင်ကယ်ထက်ကဆင်းခါဆင်းလျှောက်လှိုက်၊ ပြန်တက်ခါတက်လိုက်၊ တွန်းခါတွန်းလိုက်လုပ်ကြရ၏။ ဆိုင်ကယ်သမားတွေက သူတို့ဒီလိုပဲသွားနေကြတာတဲ့။ မိုးတွင်းကာလဆိုတော့ကြည့်စရာလုံးဝမရှိနိုင်။ လုပ်ရမယ့်ခွဲဖြိုးရေးအလုပ်က ဒီဒေသအတွက် အထူးသင့်တော်ပါသည်။ CDD စီမံကိန်းသတ်မှတ်ဘဲ့အထဲမှာ ဆေးပေးခန်း၊ ကျေးရွာမီးလင်းရေး၊ ရေရရှိရေး၊ စာကြည့်တိုက်၊ ရွာချင်းဆက်လမ်း၊ တံတားဆိုတာပါပေမယ့် လက်ရှိခွင့်ပြုငွေရှိနေသည့် ဘတ်ဂျတ်အရဆိုလျှင်တော့ လမ်းအကြောင်းကို မစဉ်းစားတာကကောင်းဖေါ်ထင်ပါသည်။ လမ်းတွေကမရှိ။ ဧည့်သည်ရေးဂန်မှ်။ တစ်ရွာလုံးနီးပါး မူလတန်းအဆင့် ပြီးစီးအောင်မြင်သူတွေ ရှားရှားပါးပါး။ ဒီတော့လည်း တိုယ့်ရပ်ရွာတိုးတက်ရာတိုးတက်ကြောင်းအတွက် ဆက်သွယ်ညှိနှိုင်းဦးဆောင်နိုင်သူတွေက ခပ်ရှားရှားရှိနေရပြန်သည်။

ကလန့်အော်ရွာ။ သူကလည်း ခရစ်ယာန်ကရင်ရွာ။ ဒီရွာရောက်ခါတော့ သင်းအုပ်ဆရာလည်း ရှာမတွေ့။ အဖ်အိမ်ကို ကြွခိုရမယ်မှန်းကို မှန်းဆရေး ယောင်ချာချာဖြစ်ခဲ့ရသေးသည်။ ကျေးရွာတာဝန်ရှိသူ ဥပမာ ဆယ်အိမ်မှူးဆိုတာတွေလည်း ဆေးလိုက်တိုင်းမရှိတာက ခပ်များများ။ နောက်ဆုံးတော့ မူလတန်းကျောင်းက ဆရာ၊ ဆရာမတွေကိုပဲ အပူကပ်ရလေတော့သည်။ ကျွန်တော်တို့ခရီးစဉ်တစ်လျှောက်လုံး ရွာတိုင်းလိုလို ကျောင်းဆရာ၊ ဆရာမများ၏ ကျေးဇူးကား အထူးပြုရမည်ဟုဆိုရမည်သာ။ ကျေးရွာအစည်းအဝေးအတွက် ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာ ချိန်းဆိုထားတဲ့ အချိန်ဘယ်သူမှ ရောက်မလာကြတာကို ထောက်လျှင် ကျွန်တော်တို့ကို တစ်ခုခု သံသယရှိနေကြတယ်ဆိုတာ မှန်းဆမိပါသည်။ အချင်းချင်းပြောဆိုဆက်ဆံရမှာလည်း ဘာသာစကားအခက်အခဲက အားနည်းချက်တစ်ခု။ အားလုံးက ကရင်တိုင်းရင်းသားတော်သူတော်သူတွေဖြစ်ရာ ဘာမှလုပ်မရလေတော့ လက်လျှော့ပြီး တခြားရွာ ရွာတစ်ရွာဖြစ်တဲ့ ရေကန်တောင်သို့ ခြေကျင်ခရီးကြွချီမြန်းရလေတော့သည်။ လမ်းတစ်လျှောက် သီဟိုဠ်တောတွေအများကြီး။ ဒီကကျော်ဖြတ်ပြီးခါတော့ ချောင်းသွယ်တစ်ခုခြားတဲ့ ပင်လယ်ကမ်းစပ်တစ်နေရာ။ ရေလက်ကြားခြားနေတဲ့ ချောင်းတစ်ခုကို ကူးတို့လှေဖြတ်သန်းပြီး ကျောက်ငါးဖောင်ဆိပ်ခေါ် သည့်အိမ်ခြေအနည်းငယ်နှင့်ရွာငယ်တစ်ရွာကိုရောက်သည်။ သည်နေရာက အတော်အတန် သာယာပြီး ပင်လယ်ခရုခွံ၊ ဂုံးခွံပေါ်သည့် ပင်လယ်ကမ်းခြေခြိုင်တစ်နေရာတစ်ခု။ သည်ကနေဆိုင်ကယ်ကယ်ရီထပ်ငှား၊ မိနစ် (၃၀) ခန့်သွားပြီးမှသာ အင်မတန်လူနေထူထပ်ပြီး စည်ကားနေတဲ့ ရေကန်တောင်ရွာသို့ရောက်ရှိလေတော့သည်။

ပင်လယ်အော်နဖူးကမ်းခြေတစ်လျှောက်က ရွာတစ်ရွာ။ ကရင်၊ ဗမာ၊ မွတ်စလင်အရောရော။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကတစ်ကျောင်း၊ ဗလီကတစ်ခု။ အိမ်ခြေပေါင်း (၃၀၀၀) ခန့်ဆိုပြီး ခန့်မှန်းပြောကြပါသည်။ စျေးဆိုင်တွေကအစီအရီ။ ရောင်းနေသည့်ပစ္စည်းအားလုံးလိုလို ထိုင်းနိုင်ငံထွက်။ ဒီဒေသထွက်ကုန်တွေအားလုံး ဟိုဘက်ကမ်းကို သွားရောင်း၊ လိုတာအားလုံး ဟိုဘက်ရှမ်းကမ်းကပြန်သယ်ကြတယ်ဆိုပါတယ်။ သူတို့ပြောတဲ့ ရှမ်းကမ်းဆိုတာ ထိုင်းနိုင်ငံ။ အသွားအလာက ညနေသွားမနက်ရောက်၊ ညနေပြန်လာ နောက်နေ့မနက်ပြန်ရောက်ဆိုတော့ နီးနီးလေးဆိုရတော့မည်။ သည်ကဲ့သို့သောလုပ်ငန်းနှင့် ဆက်စပ်သူတွေအားလုံး စီးပွားဖြစ်နေကြတယ်ထင်၏။ သူကလည်း Small City ကလေးတစ်ခု။ ရွာဆိပ်ခံတံတားပေါ်က လှမ်းမျှော်လိုက်ပြန်လျှင် ပင်လယ်ပြာလဲ့လဲ့ထဲက ဟိုကျွန်းသည်ကျွန်းတွေက မြိုင်းပျပျ မှုန်ရီရီ။ ငှက်သိုက်ကျွန်းဆိုတာလည်း သိပ်မဝေးသလို မှုန်ဖျပျလှမ်းမြင်နေရသည်။ မြိတ်မြို့ဈေး တစ်ကျပ်သားနှစ်သောင်းခွဲ အားဆေးဖော်စပ်တဲ့ ဇီဝဇိုင်ငှက်သိုက်ဆိုတာ နာမည်ကြီးလို့ စိတ်ဝင်စားပေမယ့် မသွားရောက်နိုင်ခဲ့ပေ။

ရွာလုံးကျွတ်အစည်းအဝေးမကျင်းပနိုင်ခဲ့တဲ့ ကလန့်အော်ရွာအကြောင်းကို စကားစပ်မိရာက သိကျွမ်းခဲ့ရသူ ရေကန်တောင်ရွာနေ ကရင်တိုင်းရင်းသားလူကြီးတစ်ယောက်၏ အကူအညီကြောင့် တစ်ကျော့ပြန်လည်ပြီး အစည်းအဝေးကျင်းပခဲ့ရာမှာ များစွာအောင်မြင်ခဲ့ရပါတော့သည်။ ယုံကြည်မှုဆိုတာ ဘယ်လောက်အထိ အရေးကြီးကြောင်း ကောင်းကောင်း နားလည်လိုက်ရသလို ရေကန်တောင်မှ ကလန့်အော်ရွာကို သုံးရက်အတွင်း နှစ်ကြိမ်လုံးလာခတ်သွားလိုက်ရတာကြောင့် မထင်ထားတဲ့အချိန်တွေကုန်လွန်ခဲ့ရပြန်ပါသည်။

❑ ထူးထူးခြားခြားမမေ့နိုင်စရာ

ရေကန်တောင်ကျေးရွာအုပ်စုလုံး ကျွတ်ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှာ ကျင်းပတဲ့အခါ ရေမြားမြေခြား (၁၃) ရွာ အသီးသီးက ကော်မတီဝင်ဆွေ ခက်ခက်ခဲခဲနှင့် လိုင်းလေတွေအကြား ခရီးကြမ်းက တက်ရောက်လာကြတာကို အလွန်လေးစားဂုဏ်ယူဝမ်းသာရပါ၏။ အစည်းအဝေးပြီး ညနေစောင်းရောက်တဲ့အခါ တစ်ခုတည်းသောဘုန်းတော်ကြီးကျောင်းကို သွားရောက်ပြီး ဆရာတော်ကို သွားရောက်ဖူးမြော်ဂါရဝပြုပါသည်။ ဆရာတော်နှင့် စကားစမြည်ပြောမိရင်း ဆရာတော်နှင့် ကျွန်တော် ဒီနေရာကနေ မိုင်ပေါင်းထောင်ချီဝေးကွာလှတဲ့ မြန်မာနိုင်ငံအနောက်ဘက်ခြမ်း တစ်ရပ်တည်း၊ တစ်နယ်တည်း မွေးရပ်မြေတူနေကြတာကြောင့် အံ့ဩခြင်းများစွာနှင့်အတူ မှင်တက်မိရလေတော့သတည်း။ အတူပါလာသူ လုပ်ဖော်ကိုင်ဖက်တပည့်နှစ်ဦးလည်း ဆရာတော်နှင့် ကျွန်တော့်အဖြစ်ကို အံ့ဩကြီးသင့်စေပြန်၏။ ရခိုင်ပြည်နယ်က လေးတောင်သားများဖြစ်နေကြခြင်းပင်။ ဆရာတော် ဒီရွာကိုရောက်နေတာ နှစ်ပေါင်း (၄၀) ကျော်နေသလို သက်တော်(၈၄)၊ ဝါတော် (၆၄) ကိုဩနေ

www.burmeseclassic.com

www.burmeseclassic.com

ပါပြီ။ ကြုံတောင့်ကြုံခဲလှစွာသော ယခုလိုအဖြစ်မျိုးကို ဘယ်သောအခါမှ မမေ့မျော်နိုင်မည်လည်း မဟုတ်တော့ပါတကား။

□ လှေငယ်လေးနှင့်ပင်လယ်ခရီးသည်

နောက်ထပ်ခရီးစဉ်တစ်ခုကတော့ ခရစ္စမတ်နေ့မတိုင်မီ နှစ်ရက်အလို ရေကန်တောင်ရွာကတစ်ဆင့် လှေငယ်တစ်စီးနှင့် နံနက် (၉) နာရီခွဲနှီး ပင်လယ်ကွေ့တစ်ခုကို ဖြတ်ကျော်မောင်းနှင်ပြီး မော်ရွှတ်ဆိုသည့် နောက်ထပ် ကရင်ကျေးရွာတစ်ရွာသို့ ခရီးဆက်ရပြန်သည်။ ပင်လယ်အော်ဆိုတော့ လိုင်းတွေက ခပ်ကြွကြွ။ တစ်ခါတစ်ခါ ကမ်းခြေနှင့် နီးနီးကမောင်းပေမယ့် တစ်ခါတစ်ခါလည်း ကမ်းနှင့်ခပ်ခွာခွာကမောင်း၏။ ပင်လယ်ကွေ့တစ်ခုကို ဖြတ်သန်းမောင်းနှင်ရာမှာတော့ အဝေးက သဲသောင်ဖြူဖြူလွှလွှကမ်းခြေပင်လယ်ချိုင်တစ်ခုလှမ်းမြင်ရတာ အင်မတန်သာယာနေသလိုလို။ ရစ်ဝဲပတ်သီနေတဲ့ပင်လယ်ရေစီးကြောင်းသဏ္ဌာန်အရ ရေအောက်ကျောက်ဆောင်အများအပြားရှိနေမှာကတော့ သေချာသလောက်။ လိုင်းကြက်ခွပ်တွေကြောင့် တစ်ခါတစ်ခါလှေနီကိုလိုင်းဝင်ခိုက်ပြီး ရေဝင်တာ၊ လှေဝမ်းထဲကရေကို အမြဲမပြတ်ခပ်ထုတ်ပေးနေရတာကလည်းရှိသေး။ ရင်ထဲကတထိတ်ထိတ်ဖြစ်ခဲ့ရ၏။ စိတ်ထဲကဟော့ ငါအက်ဒမင် ပင်လယ်ထဲရောက်နေပါရောလားဟူ၍။ လှေကြုံလိုက်လာသူကလည်း ငါးဦး။ ကျွန်တော်တို့ရယ်၊ လှေသမားရယ်ဆိုရင် အားလုံးက ဆယ်ဦး။ လှေငယ်လေးက ခပ်သေးသေး၊ ရေပေါ်မှာ အနည်းငယ် ခန့်သာပေါ်နေတာကြောင့် မတော်တဆဆိုတဲ့ ဝေါဟာရစကားကို ထည့်မတွက်ခဲ့သလို မစဉ်းစားခဲ့မိတာလည်း အမှန်ပါ။

ကြီးကြီးကျယ်ကျယ်ပြောရလျှင် 'ကမ္ဘာဘက်စီမံကိန်း'ဆိုပေမယ့် စီမံကိန်းဝန်ထမ်းတွေ အသက်အာမခံစနစ်တောင် မရှိရှာကြပါ။ သူတို့ရွာက ငါးဖမ်းလေ့ကလေးအင်ဂျင်က ငါးကောင်အား။ (၃) နာရီခန့်မောင်းပြီးကာမှ သာယာလှပနေသည့် ပင်လယ်ကမ်းခြေတစ်ခုနှင့် မလှမ်းမကမ်းရှိ မော်ရွှတ်ရွာဆိုတာ ရောက်ခဲ့ရသည်။ ကမ်းခြေရောက်တော့ အားလုံးက ရယ်ရမယ့်ငိုရမယ့်မျက်နှာလေးနဲ့ သက်ပြင်းချခဲ့ဆိုပါတော့။ သူတို့ပြောပြလို့သိရတာက အခုရောက်နေတဲ့နေရာဟာ ဘုတ်ပြင်းမြို့နယ်အနီးဆိုတာသိရ၏။ ဒီရွာရောက်တဲ့အခါ ခရစ်ယာန်ဘုန်းတော်ကြီး ဖားသာရဲ့မွေးနေ့ပွဲကြုံတာကြောင့် ဆာဆာနဲ့ စားတော်ပွဲမှာ အားပါးတရခဲလိုက်တဲ့အရသာကိုလည်း မမေ့နိုင်စရာတစ်ခုပါ။ ခရစ္စမတ်ပွဲတော်ကို ဒေသတစ်ခုလုံးက ဒီရွာမှာပဲ စုပေါင်းကျင်းပဖို့ စီစဉ်နေကြတာမို့ တစ်ရွာလုံး လှုပ်လှုပ်ရှားရှားရှိနေကြသည်။ ဒီရွာဟာ တခြားရွာတွေနှင့်သွားလာမှုအခက်ခဲဆုံးရွာလည်းဖြစ်နေပေမယ့် ကျွန်တော်တို့လာရင်းအလုပ်ကိစ္စ ပူးပေါင်းပါဝင်မှုကောင်းနေကာကြောင့် ချောချောမောမော ပြီးဆုံးအောင်မြင်ခဲ့ရသည်။ ဒါကလည်း တစ်ခါနာဖူးခဲ့တာကြောင့် ဩဇာကိတ္တိမကြီးသူတစ်ဦးကို ကြိုတင်အကူအညီတောင်းခံထားခြင်းရဲ့ အကျိုးရလဒ်တစ်ခုဆိုပါက မှားအံ့မထင်။

ရွာသားတွေပြုလို့ မြင်ခဲ့ရတဲ့ ရွာလယ်လမ်းမကြီးနံဘေးမှာ (၅) ပေပတ်လည်ခန့်ရှိနေတဲ့ သဘာဝပေါက်သစ်မွေးပင်တစ်ပင်။ မကြာခင်ကပဲ ကုမ္ပဏီတစ်ခုကလာပြီးဆေးသွင်းတယ်။ ပိုင်ရှင်နှင့်စာချုပ်သံညှိတဲ့။ သူတို့ပြောစကားအရဆိုရင် အဆိုထုတ်တဲ့အခါ ပိုင်ရှင်က သိန်းသုံးဆယ်ခန့်တောင်ရမည်ဆိုပါလား။ ဒါတစ်ပင်တည်းရှိသေးသည်။ ဒီတောဒီတောင်ထဲမှာ အလေ့ကျပေါက်နေတာတွေ အများကြီးရှိသည်ဆိုသော ဒေသခံကရင်လူကြီးတစ်ဦး၏ အပြောကြောင့် ထပ်ပြီးအုံ့သြရပြန်သလို အုံ့သြစရာတွေ ထပ်ပြီးရင်းထပ်နေကြလေတော့သည်။

ခရစ္စမတ်ပွဲတော်ကျခါနီး ရွာမှာ ဧည့်သည်တွေနှင့် အရမ်းစည်ကားနေတော့၏။ တစ်ခုထူးဆန်းတာက ဒီရွာအနီး ပင်လယ်ဆိပ်ခံကမ်းခြေကောင်းတွေရှိနေပေမယ့် ပင်လယ်တံငါအလုပ်နှင့် အသက်မွေးလုပ်ကိုင်သူက မရှိသလောက်။ ငါးမျှားကြတာ အနည်းအကျဉ်းမျှသာ။ ဒေသခံအများစုဟာ ဥယျာဉ်လုပ်ငန်းကိုသာ အများဆုံးလုပ်ကိုင်ကြပြီး အေးအေးလူလူနေထိုင်ကြခြင်းကြောင့် အေးချမ်းနေကြသလို ကရင်တိုင်းရင်းသားတွေ၏နေထိုင်ပုံစနှိုက်ကို ချစ်စဖွယ် သဘောတွေ့မိပါတော့၏။ ကမ္ဘာ့ဘဏ်၏ CDD ခေါ် လူထုဗဟိုပြုစီမံကိန်း။ ကျေးရွာတွေအားလုံးရရှိတဲ့ ဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ကြမည်ဆိုတော့ လိုအပ်ချက်နှင့် ဘတ်ဂျက်က ဘာမှမဆိုင်ပေ။ လိုအပ်ချက်က တစ်ရာ၊ လုပ်ပေးနိုင်တာက တစ်ခု။ ဘတ်ဂျက်ငွေကမစို့မပို့။ ဘာပဲဖြစ်ဖြစ် (၃) နှစ်ဆက်တိုက်ရသည့် အကူအညီကို လုပ်ကြကိုင်ကြတော့မှာဖြစ်သလို ရလဒ်ကောင်းတွေလည်း ပေါ်ထွန်းလာနိုင်ပါစေဆိုတာလည်း ဆုတောင်းမိပါသည်။ ဒါပေမယ့် စိတ်မကောင်းဖြစ်မိတာကတော့ -

□ ကျိန်စာသင့်ခြင်းနှင့်အတူ အတွေးလွှင့်မျောခြင်း

ဒီဒေသတစ်ဝိုက် ပေါများနေတဲ့ သဘာဝသစ်တောကြီးတွေ၊ အားဆေးဖော်စပ်တဲ့ သဘာဝဂုဏ်သိက်၊ မသေဆေးကမ်းဇော်ဆီ၊ တန်ဖိုးကြီးသစ်မွေးပင်၊ ကျယ်ပြောတဲ့ပင်လယ်၊ ရေအောက်က ပုလဲရတနာ စတဲ့ ပေါကြွယ်လှတဲ့ သယံဇာတ။ သူ့အနီး မလှမ်းမကမ်းက တိုးတက်မှုဆိုတာ ဘာမှရှာမတွေ့နိုင်လောက်အောင် ဆင်းရဲမှုအတိုနဲ့ နောက်ကျကျန်နေရစ်လွန်းတဲ့ ဟောဒီကျေးရွာတွေဟာ ခေတ်အဆက်ဆက် အမှောင့်ပဟေဠာဂတွေအမြဲနီးနီးအောက်မှာ ကျိန်စာမိခြင်းခံနေကြရလေသလားသာတွေးနေမိသလို ထင်သာမြင်သာမရှိသည့် နိုင်ငံရေး၊ စီးပွားရေးစနစ်ဆိုးများ၏ ဆိုးကျိုးအမွေအနှစ်တွေကြောင့်လေလား။

ကျွန်တော့်အဖို့ မြင်မြင်သမျှအရာအားလုံးကို အကြောင်းအကျိုးဆက်စပ်မစဉ်းစားဘဲမနေနိုင်။ ကမ္ဘာ့ဘဏ်မှထောက်ပံ့သော CDD ခေါ် လူထုဗဟိုပြု စီမံကိန်းဝန်ထမ်းဘဝဖြင့် မထင်မှတ်ဘဲ ရောက်လာရခြင်းသာ ဖြစ်၏။ သည်ခရီးနှင့် သည်ဒေသ၊ နောက်တစ်ခေါက်ပြန်ရောက်နိုင်ကိန်းဆိုတာကတော့ အမှန်ပင် မလွယ်ကူပါ။ မြင်နေရ၊ ကြားနေရသမျှအားလုံးက ကျွန်တော့်အတွက် အိပ်မက်မက်နေသည့်ပမာသာရှိနေတော့သည်။ အပြောကျယ်လှသော ပင်လယ်ပြင်ပြာလဲ့လဲ့ကို ငေးမောရင်း အေးမြသန့်ရှင်းလှသော ကပွလီပင်လယ်ထဲတလေပြည်လေညင်းများနှင့်အတူ ကျွန်တော်၏ ရည်လျားသော အတွေးစိတ်များသည်လည်း ကစဉ့်ကလျားလွင့်မျော၍နေကြလေတော့သတည်း။

မောင်ခိုင်မင်း (လေးတောင်)

ယခုရေးသားတင်ပြသောဆောင်းပါးမှာ ၂၀၁၃၊ ဒီဇင်ဘာလအတွင်း လူထုဗဟိုပြုစီမံကိန်းကာလ ခရီးသွားအဖွဲ့အကြုံတစ်ခု ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေချိုအောင်(ပေလီ)
ပေလီကမ္ဘာ့ဓမ္မဓိ၌ မြဝပ်ရက်လွတ် မြရတနာတောင်စွဲ
ဘဝဓိဋ္ဌာန်ရောင်
မြရတနာဆုတောင်းပြည့်စေတီတော်

စာရေးသူ၏ဘဝတစ်လျှောက်ဝယ် အထက်တန်းကျောင်းသားဘဝထိ မိရိုးဖလာပုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် နေခဲ့ပါသည်။ အခြေခံပညာအထက်တန်းဆင့်အောင်မြင်ပြီးနောက် ရန်ကုန်တွင် ဥပဒေကျောင်းသားအဖြစ် ရန်ကုန်တက္ကသိုလ်တွင်တက်ရောက်ရသည့်အခါကမှသာ စာရေးသူအဖို့ ဘဝတစ်ဆစ်ကူးပြောင်းလဲစေခဲ့ပါသည်။ စာရေးသူတို့ ကျေးစာယူဥပဒေကျောင်းသားအဖြစ် ကာလမနှစ်တွင် သထုံဆောင်၌ အဆောင်နေကျောင်းသားဖြစ်ခဲ့ပါသည်။ ဒုတိယနှစ်ရောက်သောအခါ လိုင်တက္ကသိုလ်ကျောင်းသားများနေထိုင်ခဲ့ရသည်မှာ ကျောင်းဆောင်နေခွင့်မရတော့ပါ။ ကျောင်းဆောင်တွင်ဌာနရမ်းနေထိုင်ကျောင်း

ရွှေထီးတော်တင်ရန် ပြင်ဆင်ထားပုံ

www.burmeseclassic.com



ရွှေထီးတော်အား ဖူးတွေ့ရပုံ



ကျောင်းတွင်းမှ ဆင်းတုတော်



တန်ဆောင်းအတွင်းမှ ရုပ်တုတော်များ

တက်ရန် အဆင်မပြေသဖြင့် စမ်းချောင်းမြို့နယ် ပန်းတနော်လမ်းထဲရှိ အဒေါ်ဒေါ်ရင်နု၏နေအိမ်တွင် တည်းခိုဖြစ်ခဲ့ပါသည်။

ထိုအခါ စာရေး၊ စာကျက်လွတ်လပ်စေရန် အဒေါ်က ကြည့်မြင်တိုင် ဘူတာအနီးရှိ လင်းလွန်းပင်ကျောင်းတိုက်ဆရာတော်ထံခွင့်ပန်၍ သိမ်ကျောင်းတွင် ထားပေးပါသည်။ အဒေါ်တို့အိမ်တွင် ထမင်းစား၍ လင်းလွန်းပင်သိမ်ကျောင်းထဲတွင် ငါးနှစ်တာစာကျက်ရင်း ဥပဒေဘွဲ့တစ်ခုကိုရရှိခဲ့ပါသည်။ မိသားစုဝင်တမျှ ရင်းနှီးလာသော အဒေါ်ရင်နုသည် စမ်းချောင်း ဗားကရာရှိ ကိုးထပ်ကြီးဘုရားတွင် အမြဲဘန်ဝင်တိုင်း စာရေးသူကိုခေါ်သွား၍ ပုတီးစိပ်အမြဲဘာန်ဝင်စေခဲ့ပါသည်။ အဒေါ်ရင်နုမိသားစုနှင့် အတူ ရွှေတိဂုံစေတီတော်သို့လည်း တနင်္ဂနွေနေ့တိုင်း သွားရောက်ဖူးမြော်အမြဲဘာန်ဝင်လေ့ရှိကြပါသည်။ အဒေါ်၏မောင်ဦးကျော်နိုင်၏ ဇနီးဖြစ်သူ မမမြင့်က ရွှေတိဂုံရှိ အမြဲဘာန်ဝင်ရန် နေရာအသီးသီးသို့ လိုက်ပို့အမြဲဘာန်ဝင်စေခဲ့ပါသည်။ အထူးသဖြင့် ဝိဇ္ဇာဇော်ဂျီဘုရား၊ ရှင်အရဟံဘုရား၊ ရှင်စောပုဘုရား၊ ဘိုးဘိုးအောင်ဂူဘုရား၊ နေလဘုရား၊ ပြဒါးရွှေဘုရားနှင့် ရွှေတိဂုံအောင်မြေတို့တွင် အမြဲဘာန်ဝင် ပုတီးစိပ်စေခဲ့ပါသည်။ အဒေါ်နှင့် မမမြင့်တို့အခန်းတွင် ဘုရားကျောင်းဆောင်ကြီးမှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် အမြဲဝေဆာနေပါသည်။ နေ့စဉ် နံနက်၊ ညဆိုသည် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာထွန်းညှဘုရားရှိခိုးပူဇော်လေ့ရှိပါသည်။ လင်းလွန်းပင်သိမ်ကျောင်းထဲရှိ ခန်းနေရှင်ဆရာတော်၏ ဆုံးမပဲ့ပြင်မှုဖြင့် နေ့စဉ် နံနက်နှင့်ည ဘုရားရှိခိုးဖြစ်ခဲ့ပါသည်။

ရန်ကုန်မြို့သူမြို့သားများတို့သည် ဗုဒ္ဓဘာသာမှန်လျှင် တိုက်ခန်း၊ အိမ်ခန်းဘယ်လောက်ပင်ငယ်ငယ် အိမ်ဦးခန်းဘုရားကျောင်းဆောင်ကြီးများက အလွန်တင့်တယ်လှပစွာ ပြင်ဆင်ထားလျက် မနက်ဆိုလျှင် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ သစ်သီးဆွမ်း၊ မုန့်ဆွမ်း ဆွမ်းတော် စသည်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် လျှဒါန်း ကပ်လှူပူဇော်လေ့ရှိကြသည်။ ဗုဒ္ဓဘာသာဝင်တို့သည် နေ့ကြီးရက်ကောင်း အခါတော်ရက်များနှင့် စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်များဆိုလျှင် ရွှေတိဂုံမြို့သား

www.burmeseclassic.com

www.burmeseclassic.com

ရွှေထီးတော်တင်လှူပွဲအခမ်းအနား



မြရတနာဆရာတော်ကြီး ဦးဝိမလ



စိန်ဖူးတော်ကို ကိုင်ဆောင် ထုည်ထည်စဉ်



မြရတနာကျောင်းဆောင်

ပိုက်သွား၍ ဘုရားဖူးသူများ၊ ပန်း၊ ရေ ခွံး ဆီမီး၊ အမွေးနံ့သာ၊ ဆွမ်းကပ်လှူ သူများ၊ အုန်းငှက်ပျောကန်တော့ပွဲဆက် ကပ်လှူဒါန်းသူများ၊ အဓိဋ္ဌာန်ဝင်ပုတီး စိပ်သူများ၊ အောင်မြေနင်းအဓိဋ္ဌာန်ပြုသူ များဖြင့် အမြဲပင်စည်ကားလျက်ရှိနေပါ သည်။ ဗိုလ်တထောင်စေတီတော်နှင့် ရွှေဘုန်းပွင့်စေတီတော်များတွင်လည်း ဘုရားဖူးများဖြင့် အမြဲစည်ကားလျက်ရှိ ပါသည်။

ထိုကဲ့သို့ ရန်ကုန်တွင် ငါးနှစ်တာ ကာလတိုအတွင်းဖြင့် ဘုရားရှိခိုးခြင်း၊ ပုတီး စိပ်ခြင်း အဓိဋ္ဌာန်ဝင်ခြင်းအလေ့အကျင့် ကောင်းများကို စာရေးသူရရှိခဲ့ပါသည်။ ဤကဲ့သို့ ကောင်းမှုကုသိုလ်လုပ်ငန်းများ အတွက် လမ်းညွှန်ပေးခဲ့ကြသည့် ကွယ် လွန်သူ အဒေါ်ဖြစ်သူ ဒေါ်ရင်နှင့်တကွ ဦးကျော်နိုင်(ကွယ်လွန်)၏ဇနီး မမမြင့် အား လည်းကောင်း၊ မညွှန့်၊ မနီလာ၊ မဌေးဌေးနှင့် မမြင့်ရီတို့အား လည်း ကောင်း အထူးပင် ကျေးဇူးကြီးလှပါ ကြောင်း မှတ်တမ်းတင် ရေးသားအပ်ပါ သည်။ စာရေးသူသည် အိမ်ထောင်ကျ ပြီးနောက် ပညာရေးဝန်ထမ်းဘဝတွင် မိမိနေအိမ်ရှိ ဘုရားကျောင်းဆောင်ကို သေသပ်လှပတင့်တယ်အောင်ပြင်ဆင်၍ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွေးနံ့သာ၊ သစ် သီးဆွမ်း၊ မုန့်ဆွမ်းနှင့် ဆွမ်းတော်ကို အမြဲကပ်လှူပူဇော်၍ နေ့စဉ်ဘုရားရှိခိုး ခြင်းအလေ့အကျင့်ကို အမြဲပြုလုပ်လေ့ ရှိလာခဲ့ပါသည်။ ထို့ပြင် ကျန်းမာရေး ကောင်း၍ စိတ်ကြည်လင်နေသည့်အချိန် အခါသမယကိုလိုက်၍ ဂုဏ်တော်တစ် ထောင်ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ကိုးနဝင်း ပုတီးစိပ်ခြင်း၊ ခန္ဓိဓေတီတော်ပုတီးစိပ် ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။ အဘ ဘိုးဘိုးအောင်နှင့်အဘဘိုးမင်းခေါင်ပုတီး စိပ်နည်း၊ ဆရာကြီးဦးဆန်းထွန်း (မန်း တက္ကသိုလ်) ၏ (၂၇)လုံးပုတီးစိပ်နည်း၊ ဆရာကြီးမင်းသိခ်ု၏ မနောမယကျင့်စဉ် ပုတီးစိပ်နည်းများဖြင့်လည်း အဓိဋ္ဌာန် ဝင်ခဲ့ဖူးပါသည်။ ထိုအခါ အဓိဋ္ဌာန်ပျက် ဖူးသည်လည်းရှိသလို အဓိဋ္ဌာန်အောင် မြင်ခဲ့သည်လည်းရှိပါသည်။ ပုတီးစိပ် အဓိဋ္ဌာန်ဝင်တိုင်း အဖျက်အမှောင့်အမြဲ ကြုံလေ့ရှိပါသည်။

သို့ရာတွင် မှတ်မှတ်ရရအဖြစ် အသက်(၄၆)နှစ်အရွယ်တွင် လေးဆယ် ကျော်မှ ကံပေါ် ဆိုသကဲ့သို့ အဓိဋ္ဌာန် အောင်စေတီတော်တစ်ဆူကို ထူးဆန်း အံ့ဩဖွယ်ရာ သာသနာပြု တည်ကားကိုးကွယ်ခွင့်ရရှိခဲ့ပါသည်။ ခုနှစ်သက္ကရာဇ်

www.burmeseclassic.com

www.burmeseclassic.com

ရာဇ်အားဖြင့် တိတိကျကျ ရေးသား ဖော်ပြရလျှင် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်၊ မြန်မာနှစ် ၁၃၆၂ ခုနှစ်ပင် ဖြစ်ပါသည်။ စာရေးသူသည် ဂျီတွော်ရွာလမ်းဆုံရှိ အ-မ-က ကျွဲသောက်ကုန်းတွင် အလယ် တန်းပြကျောင်းဆရာအဖြစ် တာဝန် ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလဆန်းတွင် သံတွဲ မြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု ဆုတောင်းပြည့် သဒ္ဓါကျောက်တောရ သာသနာ့အောင်မြေမှ အလှူခံတစ်ဖွဲ့ ရောက်ရှိလာပါသည်။ သဒ္ဓါကျောက်တော် ကြီးပေါ်တွင် တည်ထားကိုးကွယ်မည့် ဘုရားတော်(၂၁)တောင်အမြင့်ရှိ ရွှေထီး တော်ဘုံနှစ်ဆင့်ဖြင့် အနောက်ကျိုက် ထီးရိုးစေတီတော်မြတ်ကြီး တည်ထား ကိုးကွယ်ရန် ဖြစ်ပါသည်။ ကွမ်းဝိုင်းရွာမှ စာရေးသူ၏မိတ်ဆွေဖြစ်သူ စာရေးဆရာ ကိုကျော်သန့် (အဏ္ဏဝါဓနခ) လည်း ပါပါ သည်။ ကိုကျော်သန့်ကိုယ်တိုင် ရေးစပ် ထားသည့် သဒ္ဓါကျောက် သာသနာ့မြေ တေးသီချင်းသည် မယ်ဒလင်အသံနှင့် အတူ နားဝင်ချိုစွာ စာရေးသူ၏ဦးနှောက် ထဲတွင် ယနေ့တိုင် စွဲမြဲလျက်ရှိနေခဲ့ပါ သည်။ သူကဲ့သို့ ဘုရားတည်ချင်စိတ်၊ ဗုဒ္ဓ ပူဇော်သီချင်းရေးစပ်လိုစိတ်များ ရင်ထဲ တွင် တဖွားဖွားဖြစ်ပေါ်စေခဲ့ပါသည်။ သာသနာပြုစိတ်ကို စတင်နှိုးဆော်ပေးခဲ့ သည့် ကွင်းဝိုင်းမြေမှအစ်ကိုကြီးကိုကျော် သန့်အား အထူးပင်ကျေးဇူးတော်အနန္တ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါ သည်။

ကိုကျော်သန့်၏ဖိတ်ခေါ်ချက်အရ စာရေးသူသည် သဒ္ဓါကျောက်တောရ အောင်မြေသို့ အနောက်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးထီးတင်ပွဲသို့ရောက် ရှိသွားခဲ့ပါသည်။ ထိုစဉ်က ရောင်ပြန် နှင့် လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းများတွင် ဘာသာရေးဆောင်းပါးများ၊ မုဆိုးဝတ္ထု များ ရေးသားနေချိန်လည်း ဖြစ်ပါသည်။ ဓာတ်ပုံမှတ်တမ်းတင်ရန်အတွက် အဖြူ အမည်းကင်မရာလေးကိုလည်းယူသွားခဲ့ ပါသည်။ ထိုအခါမှ သဒ္ဓါကျောက်တောရ သာသနာ့အောင်မြေဆရာတော်ဖြစ်သော ဦးအာစာရလင်္ကာသီရန့်နှင့် ဆရာဒကာ ရင်းနှီးသွားခဲ့ပါသည်။ ဆရာတော်မှာ ကိုကျော်သန့်၏ ဖိတ်ခေါ်ရေးသားချက် ကို မြတ်ကြေးမုံမဂ္ဂဇင်းတွင် ဖတ်ရှုရပြီး နောက် အလွန်တရာ ခက်ခဲကြမ်းတမ်း သည့် သဒ္ဓါကျောက်တော်ကြီးပေါ်တွင် သာသနာပြုအဓိဋ္ဌာန်အောင်ဘုရားတည်



မြရတနာတောင်တော်မြင့်ကွင်း



ဆရာတော်ကြီးမှ စိန်ဂူးတော်ပင့်ဆောင်လာစဉ်

မြရတနာစေတီကျောက်စာ



ရွှေထီးတော်ကို တင်ဆောင်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com

နေခြင်းဖြစ်ပါသည်။သင်္ခါကျောက်တောရ နယ်မြေသည် အစောင့်အရှောက်များ ကြီးတမ်းသည့် သိုက်နန်းဝင်သာသနာ့ နယ်မြေဖြစ်သဖြင့် တော်ရုံတန်ခိုးပုဂ္ဂိုလ်များ သာသနာပြုမနေထိုင်နိုင်သောနယ် မြေဖြစ်ကြောင်း စာရေးသူ အမြဲကြားသိ နေရပါသည်။ ဆရာတော်သည် ၁၉၉၇ ခုနှစ်မှစတင်၍ ထန်းတစ်ဖျားမျှ မြင့်မား သည့် သင်္ခါကျောက်လုံးကျောက်တော် ကြီးပေါ်တွင် အနောက်ရွှေတိဖို့စေတီ တော်ကို စတင်တည်ထားကိုးကွယ်သာ သနာပြုခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် အနောက်ကျိုက်ထီးရိုးစေတီတော်ကို ထပ်မံတည်ထားခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဝတ်ထွင်းတော်မူကြီးတစ်ဆူကိုလည်း ထပ်မံ တည်ထား ကိုးကွယ်ခဲ့ပါသည်။

ထိုနေ့က အနောက်ကျိုက်ထီးရိုး စေတီတော် ရွှေထီးတော်တင်လှူခြင်း အခမ်းအနား ဓာတ်ပုံမှတ်တမ်းကလေး ကို ရိုက်ကူးခဲ့ပါသည်။ ထို့နောက် ဆရာ တော်ဦးအာစာရလင်္ကာသီရိနှင့် ဆရာ တာဝကားပြောဆိုနေစဉ် ရောတ်မတော် ရေးပေါ်နှင့်ဆယ်ယူရေးတပ်ဖွဲ့တပ်သား နှစ်ဦးရောက်ရှိလာကြပါသည်။ ထိုပုဂ္ဂိုလ် နှစ်ဦးသည် အနောက်ကျိုက်ထီးရိုးစေတီ တော်ကြီး၏ဌာပနာအလှူရှင်များဖြစ်ကြ ပါသည်။ ဆရာတော်က စာရေးသူနှင့် သူတို့ကို 'အမိဌာန်' အောင် ဘုရားအကြောင်း ပြောဆိုကြပါ သည်။ စာရေးသူအားလည်း စမ်းသပ် သည့်သဘောဖြင့် အမိဌာန်ဝင်ရန်လည်း ဆိုတ်တွန်း၍ အမိဌာန်တင်နည်းကိုပါ ပြောပြသွားခဲ့ကြသည်။ ၎င်းတို့အမိဌာန် အောင်ဘုရားမှာ သင်္ခါကျောက်တော်ကြီး ရှေ့ရှင်း သိုက်နန်းရှင်များ၊ နဂါးမယ်တော် နှင့်သိုက်ချုပ်ဘိုးဘိုးကြီးတော်နန်းမြောက် ဘက်ရှိ 'မရှိမခင်ကမဟာမုနိဆုတောင်း ပြည့် ရုပ်ရှင်တော်မြတ်' ပင် ဖြစ်ပါသည်။ ဆရာတော်သင်္ခါကျောက်နယ်မြေစရောက် လျှင် ထိုဆင်းတုတော်မှာ ဦးခေါင်းတော် ကိုနေခဲ့ပါသည်။ ထိုဒေသအခေါ် ဝေါဟာရကြီးဆိုသူက ပြန်လည်ဆက်စပ် ပေးခဲ့ပါသည်။ ဆရာတော်၏အိပ်မက် အရ ထိုဆင်းတုတော်မှာ နေ့ချင်းညချင်း ပျောက်အလှူရှင်၊ ဂန္ဓကုဋိအလှူရှင်၊ မကိုဋ် ဆယ်လွယ်တော်အလှူရှင်များပေါ် ပေါက် ခဲ့ ဆရာတော်က 'မရှိခင်ကမဟာမုနိ ဆုတောင်းပြည့်ရုပ်ရှင်တော်' ဘွဲ့မည် တော် ခီးမြှင့်ပူဇော်ခဲ့ပါသည်။ ဆရာ တော်နှင့် ထိုပုဂ္ဂိုလ်နှစ်ဦး၏ တိုက်တွန်း ချက်ဖြင့် စာရေးသူ အမိဌာန်ဝင်ဖြစ်ခဲ့ပါ သည်။ အမှန်တကယ်လည်း အမိဌာန် အောင်မြင်ခဲ့ပါသည်။

စာရေးသူသည် မရှိခင်ကမဟာမုနိ ဆုတောင်းပြည့်ရုပ်ရှင်တော်မြတ်အား ဆီမီးကိုးတိုင်နှင့် အမွှေးနံ့သာကိုးတိုင် ပူဇော်ပါသည်။ ဘုရားရှိခိုးပြီးနောက် ငါးပါးသီလခံယူကာ ဗုဒ္ဓဂုဏ်တော်များ ကို ရသမျှရွတ်ဆိုပူဇော်ပါသည်။ ဂုဏ် တော်ကိုးပါးပုတီး(၉)ပတ်စိပ်၍ သင်္ခါရှင်၊ မဟိဒ္ဓိရှင်နှင့်သိုက်နန်းရှင်တို့အား မေတ္တာ ပို့သပါသည်။ မေတ္တာသုတ်အားရွတ်ဆို၍ အမျှအတန်းဝေ၊ သာဓုခေါ်ဆိုပါသည်။ ထို့နောက် အမိဌာန်တင်ဆုတောင်းခဲ့ပါ သည်။ ဘုရားတပည့်တော်သည် တပည့် တော်နေထိုင်ရာ မြပြင်ရွာရှိ မြတောင် တွင် 'မြရွှေတိဂုံစေတီတော်' အား တည် ထား ကိုးကွယ်ရပါလို၏ဘုရားဟု အမိ ဌာန်ဝင်အမိဌာန်တင်ခဲ့ပါသည်။

ထိုသို့ဆုတောင်းပြီးနောက် ရက် သတ္တပတ်နှစ်ပတ်ခန့်အကြာတွင် ဂျီတော့ ကျေးရွာအတွင်း စာသင်ဝိုင်းများတွင် လှည့်လည်၍ စာသင်ပြနေပါသည်။ ကိုကျော်ဝင်းအိမ်၌ တပည့်မ အိခိုင်လေး နှင့် မောင်ဖိုးတုတ်တို့အားစာသင်နေစဉ် ကိုကျော်ဝင်း၏ဇနီး မကျော်လေးမှ စာရေးသူကို သုံးလုံးထီဂဏန်းအား တွက် နည်းတတ်လာပေးပါသည်။ကံစမ်းဥာဏ် စမ်းထိုးလိုက်ရာ တစ်ရာဖိုးပေါက်၍ ငွေ ငါးသောင်းကျပ်ရရှိပါသည်။ စာရေးသူ ၏ အလွန်ထူးခြားသည့် အတွေ့အကြုံ ပင် ဖြစ်ပါသည်။

ထိုရက်ပိုင်းအတွင်း စာရေးသူတို့ ၏ မြပြင်ရွာတွင် ဘုရားတည့်မည့် ကောလာဟလများ အတိတ်တဘောင် လိုလို ပေါ်ထွက်လာပါသည်။ မြတောင် တွင် ဘုရားတည့်မည်ဟုလည်းကောင်း၊ မတည်အလှူရှင်၊ မြေအလှူရှင်များက မည်သူတွေဟု လည်းကောင်း သတင်း အမျိုးမျိုးကြားနေရပါသည်။ စာရေးသူ က မြပြင်ဆရာတော်ကြီး ဘဒ္ဒန္တဦးဝိမလ အား မေးမြန်းလျှောက်ထားရာ ဆရာ တော်က လူတွေပြောသမျှကိုသူမကြားမိ ပါကြောင်း၊ ဘုရားတည်ရန် အစီအစဉ် မရှိကြောင်းပြောလိုက်သဖြင့် ထည့်မည့် အလှူငွေများကို ပြန်ယူလာခဲ့ရပါသည်။ ဤသို့ဖြင့် တစ်လခန့်ကြာမြင့်သွားပါ သည်။ မြပြင်ဘုန်းကြီးကျောင်းတွင် ဘုရားတည်ရန် အစည်းအဝေးလုပ်ကြ သည်။ ဂေါဝကအဖွဲ့လူကြီးအချို့ သဘော မတူ၍ အစည်းအဝေးပျက်သွားပါသည်။ ဆရာတော်ကြီးက ဘုရားတည်ရန် ဒုတိယ အကြိမ် အစည်းအဝေးထပ်ခေါ်သည်။ ဘယ်သူသဘောတူတူ၊မတူတူ မြတောင် တွင် ဘုရားဖြစ်အောင်တည်မည်ဟု ဆရာ တော်ကြီးက ဆိုလာပါသည်။ မြတောင် ပိုင်ရှင် ကိုလှကျော် (တပ်-အငြိမ်းစား) နှင့် မောင်တင်ဝင်းတို့က မြေလှူကြ သည်။ ဆရာတော်ကြီးက ဘုရားတည် ရန် ရက်သတ်မှတ်လေသည်။ စာရေးသူ အဖို့ အတိုင်းမသိဝမ်းသာသွားပါသည်။ စာရေးသူ အမိဌာန်အောင်၍ မြတောင် တွင် တကယ်ဘုရားတည်ခွင့်ရပေတော့ မည် မဟုတ်ပါလား။

ဤသို့ဖြင့် ဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ဦးပဉ္စင်း ဦးကေလာသ ကြီးကြပ်ကာ ဂေါဝကအတွင်းရေးမှူး ဦးကျော်ညွှန့်၏စည်းရုံးမှုဖြင့် ၁၃၆၂ ခု တပို့တွဲလဆန်းတွင် မြတောင်ထိပ်၌ မြေညှိ၊ မြေပြင်ခြင်းလုပ်ငန်း စတင် ဆောင်ရွက်ခဲ့ပါသည်။ တောင်ပေါ်တွင် လှုပ်လှုပ်ရှားရှား စည်စည်ကားကားဖြင့် ကုသိုလ်ယူသူများ နေ့စဉ်စုရုံးရောက်ရှိ လာပါသည်။ ၁၃၆၂ ခုနှစ်၊ တပို့တွဲလ ဆန်း (၉) ရက်နေ့ နံနက်(၉)နာရီအချိန် တွင် မြပြင်မြရတနာဆရာတော်ကြီး ဘဒ္ဒန္တဦးဝိမလ ဦးဆောင် အမှူးပြု၍ မြရတနာတောင်ထိပ်တွင် ဆရာတော် ကြီး ဦးသုဒ္ဓရ (ဓမ္မကထိကဘွဲ့တံဆိပ် တော်ရ ပဲခူးတိုင်းဒေသကြီး ဦးပဉ္စင်း ဦးကေလာသနှင့်သံဃာတော်ပေါင်း(၁၈) ပါးတို့သည် ဘုရားတည်ပန္နက်တင်မင်္ဂ လာအခမ်းအနားကို အောင်စည်အောင် မောင်းထိုး၍ စတင်ကျင်းပပြုလုပ်ခဲ့ကြ သည်။ စာရေးသူမှာလည်း နွေရာသီ ကျောင်းပိတ်ရက်နှင့် ကြုံကြိုက်သဖြင့် စေတီတော် ပန္နက်တင်မင်္ဂလာမှသည် ရွှေထီးတော်ကိုတင်လှူပြီးစီးသည်အထိ နေ့စဉ်ရက်ဆက် ပါဝင်ကုသိုလ်ယူနိုင်ခဲ့ လေသည်။ စာရေးသူ၏ ဖခင်ဖက်ဇနီး သည် မမြင့်မြင့်ရည်နှင့် သား မောင်ချမ်း မြေသူ၊ မောင်ဝင်းသူအောင်တို့လည်း နေ့စဉ်ရက်ဆက် လုပ်အားဒါနပြုကုသိုလ် ယူ၍ ဘုရားတည်ဆောက်ရေးတွင် ကုသိုလ်ယူခဲ့သည်။ ဦးကျော်ညွှန့်၊ ဦးလှ ကျော်နှင့် စာရေးသူတို့ တိုင်ပင်ကာ သံတွဲမြို့မှ ဗိသုကာပညာရှင်ဦးထွန်းကြည် (ရန်ကုန်ပန်းချီပန်းပုကျောင်းဆင်း)အား တည်ဆောက်စေခဲ့သည်။ ဖဇင်္ဂသား ပန်းချီကျော် ဦးထွန်းကြည်သည် (Fine Art) ပန်းချီဆရာတစ်ဦးဖြစ်သည့်ပြင် ရန်ကုန်မြို့ ကနဇောရှိကြီး ကရဝီပျံ အပါအဝင် ပြည်တွင်းပြည်ပဘုရားဗဟ်ည်

www.burmeseclassic.com

www.burmeseclassic.com

အတွေ့အကြုံရင့်ကျက်သူတစ်ဦး ဖြစ်ပါသည်။ ဦးထွန်းကြည်သည် စာရေးသူနှင့် အလွန်ရင်းနှီးလှပေရာ ဘုရားတည်ဆောက်ရေး လုပ်ငန်းကိစ္စအဝဝတို့ကို စာရေးသူအား အမြဲတိုင်ပင်လေ့ရှိပါသည်။ ရွှေတိဂုံပုံစံတူတည်မည့်အတွက်၊ စေတီတော် အချိုးကျ သပ္ပာယ်စေရန် အတွက် ရန်ကုန်မြို့ရှိရွှေတိဂုံစေတီတော် စာအုပ်ကြီးအား မှာကြားဝယ်ယူပေးခဲ့ရသည်။ ကိုထွန်းကြည်က စေတီတော်ကို ပုံစံတူစကေးကိုက် အချိုးကျကျသပ္ပာယ်အောင် ကြိုးစားတည်ပေးခဲ့သည်။

မြတောင်ထိပ်မှာ မေ (၁၈၀) ခန့် မြင့်မားလှရာ အုတ်၊ ကျောက်၊ သဲ၊ ဘိလပ်မြေနှင့်ရေကိုတောင်ပေါ် သို့ ကား၊ လှည်းများဖြင့် သယ်ပို့နိုင်ရန် မြောက်ဘက်တောင်ခြေမှ ကားတက်လမ်းကို ရွာသူရွာသားစုပေါင်းအားဖြင့် ဖောက်လုပ်နိုင်ခဲ့ကြသည်။ ကားတက်လမ်းအတွက် မူလ မြေပိုင်ရှင် ဦးထွန်းရွှေက မေတစ်ထောင်ခန့်ရှည်လျားသည့် ကားတက်လမ်းကို လျှဒါန်းပေးခဲ့သည်။ ဤသို့ဖြင့် ဘုရားတည်ဆောက်ရန် အုတ်၊ သဲ၊ ဘိလပ် မြေ၊ ကျောက်နှင့်ရေတို့ကို ကား၊ လှည်းတို့ဖြင့် အလျှင်းသင့်သလို သယ်ယူနိုင်ခဲ့ကြသည်။ တောင်စောင်းတွင် (၂၅) ကောင်မီးစက်တပ်ဆင်၍ လုပ်ငန်းခွင်အတွင်း မီးပေးခဲ့သည်။ ရေလောင်အုတ်ကန်ကိုလည်းတည်ဆောက်၍ ရေအလှူရှင်များ အချိန်မရွေးလာရောက်၍ ရေဖြည့်လှူနိုင်ရန် စီမံခဲ့ကြသည်။ စာရေးသူ အပါအဝင် ဦးအောင်ကျော်ဝင်း၊ ဦးလှမြင့်၊ ဦးလှပူ၊ ဦးညွန့်မောင်၊ ဦးမှတ်ကြီး၊ ဦးအောင်မြင့်၊ ဦးမဲလေး၊ ဦးတင်အောင်၊ ဦးကျော်ထွန်းဦးတို့က နေ့စဉ်တောင်ပေါ် တွင် တစ်နေ့တာဘုရားတည်ဆောက်ရေးကိစ္စအဝဝကိုလုပ်ဆောင်ခဲ့သလို အသံချဲ့စက်ဖွင့်၍ အလှူခံဌာနကိုလည်း နေ့စဉ်မဟူလက်ခံစေခဲ့ကြ၏။ ဘုရားတည်ဆောက်ရေးကိစ္စအဝဝတို့အတွက် ဆရာတော်ကြီးဘဒ္ဒန္တဦးဝိမလနှင့်ဦးပဉ္စင်း ဦးကေလာသတို့က တောင်ပေါ် တွင် အမြဲကြီးကြပ်လျက်ရှိပေရာ စာရေးသူ၏ ဇနီးဒေါ်မြင့်မြင့်ရည်နှင့်တကွ ဒေါ်မငယ်ကြီး၊ ဒေါ်မြန်၊ ဒေါ်ညွှတ်တာ၊ ဒေါ်ကြည်အေး၊ ဒေါ်ခင်သိန်းနှင့် ဒါယကာမများက နေ့စဉ် ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စကို ဘုရားတည်ဆောက်၍ ပြီးစီးသည်အထိ တာဝန်ယူ လျှဒါန်းခဲ့ကြသည်။

ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့ဖြင့် အုတ်မြစ်တော်စိမင်္ဂလာအခမ်းအနားကို ပင့်သံဃာ(၄၅)ပါးဖြင့် ဆောင်ရွက်တော်မူခဲ့ရာ ရပ်နီး၊ ရပ်ဝေး အလှူရှင်များဖြင့် မြတောင်ပေါ် တွင် ပွဲတော်တမျှ စည်ကားသိုက်မြိုက်စွာ လာရောက် လှူဒါန်းခဲ့ကြသည်။ စာရေးသူ သတိထားမိသော မြရတနာတောင်၏ထူးခြားချက်မှာ မြတောင်ပေါ် မှအသံချဲ့စက်စတင်ဖွင့်၍ အလှူခံလိုက်သည်နှင့် မည်သည့်ဒေသမှရောက်ရှိလာသော အမည်မသိပုဂ္ဂိုလ်များ လာရောက်၍ အမြဲအလှူပါဝင်ကြခြင်း ဖြစ်ပါသည်။ ဘုရားပြီးစီးသည်အထိ နေ့စဉ် အလှူခံမဏ္ဍပ်သို့ လာရောက် လှူဒါန်းသူများမှာ တစ်ခါတစ်ရံမှပြတ်လပ်သည်မရှိခဲ့ပေ။ မြပြင်ရွာတွင် လယ်သမားများ ဘာဖြစ်သဖြင့် ငွေကြေးပြည့်စုံလုံလောက်မှုမရှိကြသော်လည်း ရပ်နီး၊ ရပ်ဝေးအလှူရှင်များနေ့စဉ်လှူဒါန်းပါဝင်မှုဖြင့် မြရတနာဆုတောင်းပြည့်၊ စေတီတော်မြတ်ကြီးသည် သုံးလအတွင်း တည်ဆောက်ပြီးစီးခဲ့လေသည်။ဘုရားတည်သည့် အလှူငွေစုစုပေါင်းကုန်ကျမှုမှာ ကျပ်ငွေသိန်းသုံးဆယ်ကျော်ကုန်ကျခဲ့လေသည်။

စာရေးသူတို့၏ မြပြင်ရွာအရှေ့ဘက်ရှိမြတောင်ကြီးမှာ သာမညတောင် မဟုတ်ဘဲ ရှေးခေတ်အဆက်ဆက်ကပင် သိုက်နန်းတောင်အဖြစ် ထင်ရှားခဲ့သည်။ ထိုမြတောင်ကြီးကိုအစွဲပြု၍ စာရေးသူတို့မွေးရပ်မြေပြင် မြပြင်ရွာကိုလည်း မြတောင်ကြီး၏အပြင်ဘက်တွင် ဘဉ်ရှိသောကြောင့် မြပြင်ရွာဟုအမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။ မြတောင်ကြီးသည် စုန်းကြီးနတ်ကြီးသည်ဟု လည်းကောင်း၊ သိုက်နန်းတော်ဟု လည်းကောင်း ရွေးဘိုးဘွားအစဉ်အဆက်ပင် ယနေ့တိုင် ယုံကြည်ခဲ့ကြသည်။ နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်အတွက် ရည်မှန်း၍ သိုက်နန်းရှင်များတည်ရှိရာ တောင်ဟုလည်း ယုံကြည်ကြပါသည်။ မြတောင်နှင့်ပတ်သက်၍ ရွေးဘိုးဘွားများ တွေ့ကြုံပြောပြခဲ့ကြသည့် အတွေ့အကြုံများသည် ယခုအခါ ဒဏ္ဍာရီဆန်ဆန် အိပ်ရာဝင်ပုံပြင်များသဖွယ် စာရေးသူတို့မှတ်သားခွင့်ရရှိခဲ့ပါသည်။မြတောင်ကြီးတွင် မြခလောက်(မြခေါင်းလောင်း) ရှိသည်ဟုလည်းကောင်း၊ မြသိုက်နန်းရှင် (မြတောင်ရှင်မ)ရှိနေသည်ဟု လည်းကောင်း၊ မြတောင်ကို လာရောက် သိုက်တူးသည့် သိုက်တူးသမားများမှာ သိုက်တူးမှု မအောင်မြင်သဖြင့် အကြိမ်ကြိမ် ထွက်ပြေးကြရပုံ၊ မြေပြင်ကို ရေထင်မှတ်၍ သွေးသံရဲရဲ ပေါင်၊ လက်များစုတ်ပြဲသည်ထိ ကူးခပ်နေကြရပုံ၊ သိုက်ပေး၍ သိုက်တူးကြပုံ၊ အလွန်ကြီးမားသော သိုက်မြွေကြီးများ မကြာခဏတွေ့ရှိရပုံစသည်ဖြင့် စုံလင်လှပေသည်။

မြတောင်သည် သိုက်နန်းရှင်တို့ နေထိုင်ရာ ဂန္ဓိရမြတောင်ဖြစ်၊ မဖြစ်တော့မသိပါ။ စာရေးသူ အသက်လေးဆယ်ကျော်အရွယ်တွင် မြတောင်၌ဘုရားတည်ခဲ့စဉ် ထူးဆန်းထွေလာဖြစ်ရပ်များကိုဖြင့် ကိုယ်တွေ့ကြုံခဲ့ရဖူးသည် အမှန်ပင်ဖြစ်သည်။ မြတောင်ရှင်မ၏မြတောင်သိုက်နန်းရှင်သည် လူဘဝနှင့် ဂိုဏ်ထောင်စုတွင်နေထိုင်ခဲ့သည်။ အမည်မှာ ကိုရွှေခဲဖြစ်ပါသည်။ ကိုရွှေခဲသည် အလွန်ခြားဖြူစင်သူဖြစ်သဖြင့် လူအချို့တို့ကို လူနုံလူအဲ့ဟု သတ်မှတ်ခဲ့ကြသည်။ ကိုရွှေခဲသည် အရိုးသားလွန်သူတစ်ဦးဖြစ်သည်ဟု စာရေးသူ ကောက်ချက်ချမိပါသည်။ သူသည် မြတောင်သိုက်နန်းရှင်မှလာသူဖြစ်၍ အိမ်ထောင်ကျနေပြီဖြစ်သော်လည်း မြတောင်သိုက်နန်းရှင်က သူကိုပြန်၍ ဆက်သွယ်ခဲ့၏။ စာရေးသူ သူနှင့် တွေ့ဆုံမေးမြန်းချက်အရ ကိုရွှေခဲက စာရေးသူကို ဤသို့ပြောပြပါသည်။

ဂိုဏ်ထောင်ရွာအုန်းဆံကြိုးစက်ရုံတွင် ညစောင့်လုပ်သားအဖြစ် ကိုရွှေခဲ ညစောတာဝန်ထမ်းဆောင်နေစဉ် နန်းဝတ်နန်းစားနှင့် စစ်သူကြီးများ ညသန်းခေါင်ကျော်လျှင် လာရောက်၍ ခစားလျှောက်ထားလေ့ရှိသည်။ သူတို့သိုက်နန်းရှင်သခင်မကအခေါ် တော်လွတ်သည်ဟုဆိုကြပါသည်။ သုံးရက်မြောက်နေ့တွင် သူက လိုက်ရန် သဘောတူလိုက်သည်လာခေါ် သူမျှားက သူမျက်နှာကို ၀တ်စည်း၍ အုန်းဆံကြိုးစက်ဝန်းပြင်ဝင်ခေါ် ယူသွားကြသည်။ ထို့နောက် သူခန္ဓာကိုယ်မှာ လေထဲတွင် လွင့်မြို့သလို ခံစားနေရသည်။ ခဏအကြာတွင် သူ့ခြေထောက်များ မြေပြင်နှင့်ထိတွေ့ရပြန်သည်။ လရောင်မှန်ဝင်းအောက်တွင် မြတောင်ထိပ်အရှေ့ဘက်ရှိ လှည်းလမ်းသုံးခွဆုံသို့ သူရောက်ရှိကြောင်း သူသတိထားမိလိုက်သည်။ ထို့နောက် မြပြင်တောင်ပိုင်း လှည်းလမ်းအတိုင်း သူတို့ကခေါ် သွားခဲ့ကြသည်။ မြပြင်သောက်ရေထွင်း ညီနောင်ကုန်းအထက် မြတောင်ရေစမ်းရှိရာလျှို့ထဲခေါ် သွားကြသည်။ မကြာမီ တောကမ်းပါးယံမှ တံခါးကြီးပွင့်လာသည်။ သူကိုအထဲသို့ခေါ် သွားကြပြီး မှန်နှင့် သူ့ရုပ်အလောင်းကိုပြကြသည်။ အထဲတွင် နန်းတော်တမျှ ခမ်းနား

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းမဓိသံအခြေအရံသင်းပင်းစုံလင်
ဘုန်နှင့် မြန်နန်းရှင်က စိုးစံလျက်ရှိသည်။
သူမြည်ရောက်နေသည့် မောင်တော်ကို
သတိရသဖြင့် ယခုလို ခေါ်ယူရကြောင်း
ပြောပြသည်။ အတီးအမှုတ်အဆိုအက
အပြင့် ဖျော်ဖြေတင်ဆက်၍ စားစရာ
များဖြင့် တည်ခင်းကျွေးမွေးခဲ့သည်။ မြ
နန်းရှင်မကျွေးမွေးသည့်အစားအစာများ
ကို စားသောက်ပြီးနောက် သူခန္ဓာကိုယ်
မှာ တစ်ခြမ်းအေး၍ တစ်ခြမ်းပူသလို
ခံစားရသည်ဟုဆိုပါသည်။

နောင်သောအခါ မြန်နန်းရှင်မြ
ဘောင်ရှင်မ၏ ဖြားယောင်းသွေးဆောင်
မှုဖြင့် သူတို့ချစ်ကြိုက်သွားကြသည်ဟုဆို
ပါသည်။ သူသည် မြတောင်ကို အခါခါ
အခေါက်ခေါက်ရောက်ရှိ၍ မြန်နန်းရှင်မ
နှင့်ချစ်ပွဲဝင်ခဲ့ရာ သားတစ်ယောက်ပင်
ရခဲ့သည်ဟုဆိုပါသည်။ မြန်နန်းရှင်သည်
သူသွားလေရာနောက် အမြဲတကောက်
ဆောက်လိုက်ပါလေ့ရှိပြီး သူ့ကို လူဘဝ
နှစ်ချီခွာ၍ သိုက်နန်းရှိရာပြန်လာစေရန်
သိမ်းသွင်းခဲ့သည်။ မြတောင်ထိပ်တွင်
ချွေးပိသာပေး၍ ဘုရားတည် အလှူ
ပြုပါဟု ဆိုခဲ့သည်။ မြဲတောင်ရှင်မ
ဘုရားတည်ရန်ပြောခဲ့သောတောင်ထိပ်
သည် ယခု စာရေးသူတို့ဘုရားတည်ရာ
နေရာမြေတွင် ဆယ်တောင်ခန့်ကွာဝေး
ကြောင်း တွေ့ရှိရပါသည်။ စာရေးသူက
ကိုရွှေခဲကိုမေးသည့်အခါ သူ့ကိုပေးတာ
ဟုတ်၊ ဘုရားတည်ဖို့ပေးတာဖြစ်လို့ သူ
ရွှေတွေမယူခဲ့တာဟု စာရေးသူကို
ရှင်းမှုအရင်းခံဖြင့် ပြောပြခဲ့ပါသည်။
မြန်နန်းရှင်မက သူ့ကိုမရအရဖြင့် သူကျေး
ကျွန်များကိုလွှတ်၍ အခေါ်ခိုင်းရာ သူမှာ
ညအိပ်စရာမရှိဘဲ ညတိုင်းရှောင်တိမ်း
ထွက်ပြေးနေခဲ့ရကြောင်းပြောပြပါသည်။
ထိုဘာလက သူမှာ စိတ်ဓာတ်ပြန်ရှူး
သွပ်သူပမာခံစားခဲ့ရသည်ဟုဆိုပါသည်။
မြတောင်ရှင်မကို အိမ်ရိပ်တံစက်မြိတ်
အစွန်တွင် တွေ့မြင်ရသည်ဟု သူဇနီး
သည်ကပါ ပြောပြပါသည်။ နောင်သော
အခါ ကိုရွှေခဲကို ဆရာပင့်ခေါ်၍ သိုက်
ကြမြတ်လိုက်မှသာ ပကတိအတိုင်းပြန်
ဖြစ်ခဲ့ပါသည်။ ကံကောင်းထောက်မ၍
သူဘဝကိုပြန်ရခဲ့သည်ဟု စာရေးသူကို
ကိုရွှေခဲက ရယ်မောရင်းပြောပြပါသည်။
ကိုရွှေခဲသည် ယခုအခါ ငပလီမြို့ ဂိုဏ်တော
ရပ်တွက် အကွက်အမှတ် (၇)တွင် မိသားစု
နှင့်အတူနေထိုင်ဆဲဖြစ်ပါသည်။

မြတောင်တွင် စေတီတော်တည်
ခဲ့စဉ်အတွင်း တစ်ရပ်ကွက်စီမှ အလှည့်
ကျနေ့စဉ် ရွာသား(၇)ဦးကျစီ ပစ္စည်းပစ္စ
ယများကို ညအိပ်စောင့်ကြရပါသည်။
ထိုနေ့ညက စာရေးသူတို့အလှည့်ကျပါ
သည်။ စာရေးသူ အပါအဝင် ရွာသား
(၇) ဦး ညစောင့်နေကြသည်။ မြတောင်
အရှေ့ဘက် ကားတက်လမ်းညာဘက်
တွင် အလှည့်ကျအိပ်စောင့်ရင်း ထူးဆန်း
သောအဖြစ်အပျက်တစ်ခု ဖြစ်ပေါ်ခဲ့ပါ
သည်။စာရေးသူတို့က ညဉ့်ဦးယံအလှည့်
ကျ၍ သန်းခေါင်ယံကျော်သည့်အခါ
မြောက်ပိုင်းမှအဖွဲ့ကိုစောင့်စေ၍ အိပ်
ကြပါသည်။ နံနက်လေးနာရီခန့်တွင်
ကြောက်မက်ဖွယ်ရာ အော်သံကြောင့်
စာရေးသူတို့ လန့်နိုးလာကြပါသည်။ လူ
တစ်ယောက်၏ ကြောက်လန့်တကြား
အော်သံကြောင့် စမ်းချောင်းကမ်းပါးသို့
ဓာတ်မီးများထိုး၍ ပြေးလိုက်သွားကြ
သည်။ မြောက်ပိုင်းမှ ကိုမောင်ထွန်းတစ်
ယောက် ခြေလက်များတဆတ်ဆတ်
တုန်ယင်ကာ ချွေးစေးများထွက်၍ ထိတ်
လန့်တုန်လှုပ်နေပါသည်။ အားလုံးက
ဝိုင်းဝန်းမေးမြန်းကြသည်အခါ အပေါ်
သွားချင်၍ စမ်းချောင်းနံဘေးတွင်ထိုင်
လိုက်စဉ် သူသည် မမျှော်လင့်ဘဲ မြွေကြီး
တစ်မြို့သို့ ရောက်ရှိသွားခဲ့ပါသည်။ ကိစ္စ
ပြီး၍ပြန်မည်လုပ်သည့်အခါ တိုက်တာ
ကြီးများပိတ်ဆို့ကာ လမ်းပျောက်သွား၍
ပြန်လမ်းကိုမတွေ့ရဘဲ ကြောက်လန့်တ
ကြားအော်မိပါသည်ဟု ပြောပါသည်။
သူ့ကိုရေတစ်ခွက်တိုက်၍ နှစ်သိမ့်စကား
ပြောသည့်အခါမှ ကိုမောင်ထွန်းတစ်
ယောက် အကြောက်ပြေသွားပါသည်။
စာရေးသူအထင်မှာ မြတောင်သိုက်နန်း
ရှင်က မြတောင်မြို့တော်အား ကိုမောင်
ထွန်းကို ဖန်ဆင်းပြသည်ဟုသာ မှတ်ယူ
မိပါသည်။

ကမ်းခြေတွင် ဟိုတယ်များ
ဆောက်လုပ်လာခဲ့ရာ ကမ်းခြေဘက်မှ
ရောင်းချသူများ မြတောင်ခြေရင်း နွား
စားကျက်မြေကိုဝယ်၍ရွာတည်ပါသည်။
စာရေးသူလည်း ပြောင်းရွှေ့လာသူများ
ထဲတွင် ပါဝင်ခဲ့သည်။ မြပြင်ဆရာတော်
ကြီးက လမ်းများကိုကြီးကြပ်ဖောက်လုပ်
ပေး၍ မြရတနာဘုရားကို အစွဲပြုကာ
မြရတနာကွက်သစ်ဟု အမည်ပေးခဲ့ပါ
သည်။ ဆရာတော်ကြီး ဦးဆောင်၍
သံဃာတော်များနှင့် ရွာမြေသမုတ်ပါ
သည်။ ထိုအခါ လုပ်ထုံးလုပ်နည်းနှင့်ညီ
စေရန် ပရိတ်ပဌာန်းရွတ်ဖတ်၍ ကွက်
သစ်ရွာ၏ အရှေ့၊ အနောက်၊ တောင်
မြောက်နယ်ပယ်သတ်မှတ်ကာ ရွာနယ်
နိမိတ်၊ ပန္နက်တိုင်များရိုက်၍ ရွာသတ်
မှတ်ခဲ့ပါသည်။ နောက်တစ်နေ့တွင် မြ
တောင်ခြေရင်းအနောက်ဘက် သစ်ဆိပ်
ပင်ကြီးအောက်တွင် မောင်ငကိုးသည်
ရွာပန္နက်တိုင်များရိုက်ထားခဲ့ရာ ညဘက်
တွင် အိပ်မက်လာပေးပါသည်။ ရွာပန္နက်
တိုင်သည် သူ၏ဦးခေါင်းတွင် စူးဝင်နေ
သည့်အတွက် ပြန်နုတ်ပေးပါရန်တောင်း
ဆိုသည်ဟု ပြောပါသည်။ ထို့ကြောင့်
ရွာလူကြီးများနှင့်တိုင်ပင်ကာ ပန္နက်တိုင်
ကို ရွှေ့ပြောင်း၍ နေရာသစ်စိုက်ပေးခဲ့ရ
ဖူးလေသည်။ နောက်တစ်ခုမှာ အဆိုပါ
သစ်ဆိပ်ပင်ကြီးအထက် တောင်စောင်း
ထွင် မောင်စန်းအောင်၏ဖခင်သည် ချဲ့
တောကိုထွင်၍ တောင်ယာမီးရှို့ရန်ပြင်
ဆင်ခဲ့ပါသည်။ အိပ်မက်အကြိမ်ကြိမ်ပေး
၍ လူနီကလေးများက တားမြစ်ခဲ့သည်
ဟုဆိုပါသည်။ သို့ရာတွင် ဂရုမစိုက်ဘဲ
ထိုနေရာကိုမီးရှို့ရာ နေ့လယ်ဘက်တွင်
တောင်စောင်းကျောက်ခဲကြီးမှ လူနီပု
ကလေးများကထွက်လာပြီး ဝိုင်းလိုက်
ကြသောကြောင့် ကြောက်လန့်တကြား
ဖြင့် ထွက်ပြေးရကာ နောက်နေ့များတွင်
ကြောက်စိတ်ဖြင့် အပြင်းဖျားကာ သေ
ဆုံးသွားရပါသည်။

နောက်အဖြစ်အပျက်တစ်ခုမှာ မြ
ရတနာကွက်သစ်နေ မတင်အောင်သည်
နေဝင်စအချိန် မြတောင်ခြေရင်းတွင်
သွားရောက်၍ တပိုတပါးသွားခဲ့ပါသည်။
ထိုစဉ် သူသည် သတိလစ်ချင်သလို
မူးမေ့သွားကာ လေထဲသို့မြောက်တက်
သွားသည်။ သတိပြန်ရလာသည့်အခါ
မြတောင်တောင်စောင်းအလယ်ရှိ မင်္ဂ
ဩဝသစ်ပင်ကြီး၏ခွဆုံ၌တင်ထားခြင်း
ကိုသိရှိ၍ ကြောက်လန့်တကြားအော်
ဟစ်နေခဲ့ပါသည်။ စာရေးသူ အပါအဝင်
ရွာသားများပိုက်သွားသည့်အခါ သာမန်
လူပင်တက်ရန်မလွယ်သည့် သစ်ပင်ခွ
ကြားမှ အော်ဟစ်နေခြင်း ဖြစ်ပါသည်။
သစ်ပင်တက်ကျွမ်းကျင်သူက တက်သွား
ပြီး မတင်အောင်ကို ပုဆိုးကွင်းဖြင့်စွပ်
ကာ ကြိုးဖြင့်အောက်ဘက်သို့ပြန်ချပေး
ရပါသည်။ သူခမျာ ကြောက်လွန်း၍
ဆီးတွေဝမ်းတွေပါထွက်ကျမိသည်ဟုဆို
ပါသည်။ အလွန်ထူးဆန်းသောဖြစ်ရပ်
တစ်ခုလည်း ဖြစ်ပါသည်။

မြတောင်နှင့်ပတ်သက်၍ စာရေးသူ
တို့ငယ်စဉ်က မြပြင်ဘုန်းတော်ကြီး
ကျောင်းတွင် ကပ္ပိယကြီးဖိုးတွတ်နီရှိပါ
သည်။ ၎င်းမှာ စိတ်မပြည့်သူဖြစ်၍
ကျောင်းဝေယျာဝစ္စများကို ကျောင်းအိပ်
ကျောင်းစားဘဝဖြင့် နေထိုင်ပါသည်။
ကျောင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘောင်း
ရှာထင်းခွဲ၍ အကြမ်းဘိုးတည်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

သောက်သုံးရေခပ်ပေးခြင်းတို့ကို အမြဲပြုလုပ်လေ့ရှိသည်။ တစ်နေ့ နေ့လယ်ခင်း ဘက်တွင် မြတောင်ခြေရင်း သောက်ရေတွင်းသို့ သောက်ရေသွားခပ်ရာ ရေတွင်းကို ရှာမတွေ့ဘဲ ကြာမျိုးစုံပေါက်ရောက်၍ သီးပင်စားပင်များခြံရံပေါက်ရောက်နေသည့် ရေကန်ကြီးတစ်ကန်ကို တွေ့ရသည်ဟု ဆိုပါသည်။ ဘိုးတွတ်နီကြီးသည် အုံဩဖွယ်သာစွာဖြင့် ရေကို မခပ်သေးဘဲ ကန်ပတ်ပတ်လည်ရှိ အသီးအနှံများကို အားပါးတရ ဆွတ်ခူးစားသောက်လေသည်။ စားရွံ့ဝသောအခါ အချို့ကို ခါးပိုက်ဆောင်ထဲတွင်ထည့်၍ ယူခဲ့လေသည်။ ရေကန်ပတ်လည်ရှိ ဥယျာဉ်ထဲတွင် စားပင်သောက်ပင်များက စုံလင်လှပေသည်။ မဟာမြိုင်ငှက်ပျော၊ ရွှေငှက်ပျော၊ သရက် (ဗန္ဓုလသရက်)၊ ‘ရှောက်ချို၊ လိမ္မော်၊ ကနစိုး၊ ကတ္တပ်၊ သဖန်း၊ ဖန်ခါး၊ မာလကာ၊ ဇမ္ဗူသပြေ၊ သံစိမ့်ပေး စသည်ဖြင့် အချိန်အခါမဟုတ်ဘဲ အသီးမှည့်တဝင်းဝင်းနှင့် ပြွတ်ခဲစွာသီးနေကြသည်ဟု ဆုံပါသည်။ ထို့နောက် ဘိုးတွတ်နီကြီးက ရေတွင်းကို ရှာမတွေ့သဖြင့် ကန်ထဲသို့ဆင်း၍ရေခပ်ခဲ့ရလေသည်။ ရေပုံးကိုချ၍ အလွန်လှပမွှေးကြိုင်သော ကြာပန်းအမျိုးမျိုးကိုလည်း ဘုရားတင်ရန်ရည်မှန်း၍ နုတ်ယူခဲ့သေးသည်။ နွေရာသီခေါင်ခေါင် ကြာပန်းတွေတစ်ထွေးကြီးကို မြတောင်ခြေရင်းမှနုတ်ယူလာသည့် ဘိုးတွတ်နီကြီးကို ရွာသားတွေက စပ်စုလာကြသည်။

ဘိုးတွတ်နီကြီးက ဆရာတော် ဦးပန္နဝံသကို လျှောက်ထားသည်။ မြတောင်ခြေရင်းတွင် ရေကန်တစ်ကန် တွေ့သဖြင့် အသီးအနှံများကို ဆွတ်ခူးစားသောက်ခဲ့ကြောင်း၊ အချို့ကို ခူးယူလာခဲ့ကြောင်း၊ သူ့ခါးပိုက်ကိုဖြေပြလိုက်ရာ သစ်သီးများထွက်ကျလာကြပါသည်။ စိတ်ပေါ့သွပ်သည့် ဘိုးတွတ်နီကြီးစကားကို မယုံလိုကြသော်လည်း အချိန်အခါမဟုတ်ဘဲ မှည့်ဝင်းနေသည့်အသီးစုံရရှိလာခဲ့သည်ကိုတော့ဖြင့် မည်သူမျှမငြင်းနိုင်ကြချေ။ ဆရာတော်ကြီးဦးပန္နဝံသက မြတောင်ရှင်မက ဘိုးတွတ်နီကို ဖန်ဆင်းပြသည့် မြတောင်ရှင်မနတ်ရေကန်ဖြစ်နိုင်သည်ဟု ဆိုပါသည်။ ဤသို့ဖြင့် မြတောင်ခြေရင်းတွင် မြတောင်ရှင်မနတ်ရေကန်ရှိသည်ဆိုသည့် စကားသည် မြပြင်ရွာသားအဖို့ ယနေ့တိုင် ဒဏ္ဍာရီသဖွယ် အမှတ်ရနေကြဆဲဖြစ်ပါသည်။ မြတောင်တွင် မြတောင်ရှင်မသိုက်နန်းရှိမရှိကို စာရေးသူမသိနိုင်သော်လည်း ငွေကြေးရှားပါးသည့် မြပြင်သားများအဖို့ ဝင်လာမစဲအလှူရှင်များတသဲသဲကြောင့် သုံးလအတွင်း ကျပ်ငွေသိန်းသုံးဆယ်ကျော်ဖြင့် မြရတနာဆုတောင်းပြည့်စေတီတော်ကြီးကို တည်ထား ကိုးကွယ်ခွင့်ရရှိခဲ့ကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

မြတောင်မှဥစ္စာပေးသည်ဆိုသော ဒဏ္ဍာရီများထဲမှ အထင်အရှားတစ်ခုကို ရေးသားတင်ပြလိုပါသည်။ မြပြင်ကျေးရွာအလယ်ပိုင်းတွင် ဦးဖိုးနွဲ့ တို့မိသားစု နေထိုင်ကြသည်။ ဦးဖိုးနွဲ့တွင် သားတစ်ယောက်၊ သမီးသုံးယောက်ရှိရာ မတင်နွဲ့မှာ အငယ်ဆုံးဖြစ်သည်။ ဦးဖိုးနွဲ့၏လယ်မှာ ရွာနှင့်အလွန်ဝေးသည်။ ခြေကျင်ခရီး (၄၅)မိနစ်ခန့်သွားမှရောက်သည်။ အဘဲရွာနှင့်မလှမ်းမကမ်းတွင်ရှိသည်။ တစ်နေ့ သားအဖနှစ်ယောက် နံနက်ဝေလီဝေလင်းတွင် နွားတစ်ရှဉ်းနှင့်လယ်တောသို့ထွက်လာခဲ့ကြသည်။ မြတောင်ခြေရင်း သောက်ရေတွင်းညီနောင်ရှိရာ သရက်ပင်ကြီးနားတွင် တောင်ပို့တစ်ခုရှိသည်။ ယခုအခါတွင် မရန်းပင်တစ်ပင်ပေါက်ရောက်ကြီးထွားလျက်ရှိနေသည်။ သူ့အဖေက နွားတွေကို ခပ်သုတ်သုတ်မောင်းသွားသည်။ မတင်နွဲ့က နောက်မှ လိုက်ရင်း တောင်ပို့တွင်ဆွမ်းအုပ်အပေါ်ဖုံးသဏ္ဌာန် ရွှေစေတီလေးကို အံ့ဩောင်ဝင်းလက်စွာ မြင်တွေ့ရသဖြင့် ကလေးပီပီ ကစားရန်ခို့ယူလိုက်သဖြင့် တစ်ထွာသာသာခန့် လက်ထဲတွင်ကျိုးပါလာသည်။ လယ်ထဲသို့ရောက်သည့်အခါ သမီးလက်ထဲမှ စေတီအထွတ်ပုံသဏ္ဌာန်ကို မြင်တွေ့ရလေသည်။ သမီးကို ဘယ်ကရသလဲဟု မေးသည့်အခါ မြတောင်ခြေရင်းမှတွေ့၍ ခို့ယူခဲ့သည်ဟု ပြောပြလေသည်။ ထိုအခါ ဖခင်ကြီးဦးဖိုးနွဲ့က ဘုရားစေတီတော်ကို ခို့ယူလာသည့် အထင်ဖြင့် မူလတွေ့ရှိရာနေရာတွင် ပြန်ထားခိုင်းလေသည်။ ဥစ္စာပေးသည့် မူလအုတ်(ရွှေဆွမ်းအုပ်)ကို မတွေ့ရသော်လည်း ထိုနေရာတွင်ချထားခဲ့လေသည်။ နောင်သောအခါမှသာ လူတွေက ဝိုင်းဝန်းပြောဆိုကြသဖြင့် ဥစ္စာပေးမှန်းသိကြလေသည်။ ထိုအုတ်ထိပ်ပိုင်းအချွန်အတက်ကို ပြန်၍သွားရှာသော်လည်း မတွေ့ကြရတော့ပေ။ ရှေးခေတ်လူကြီးများသည် ဤမျှရိုးသားဖြူစင်ကြလေသည်။ ထို့ကြောင့်လည်း ရိုးသားလွန်းသည့်သူများကို ဥစ္စာပေးလေ့ရှိပြီး လောဘသားများကိုမူ ဘယ်သောအခါမျှပေးလေ့မရှိပေ။

မြတောင်တွင် မြရတနာဆုတောင်းပြည့်စေတီတော်ကြီးကို သုံးလနှင့် အပြီးအစီးတည်ဆောက်နိုင်ခဲ့ကြသည်။ စာရေးသူမှာလည်း ထိုအခါမှစတင်၍ စေတီတော်တစ်ဆူကို အောက်ခံအုတ်ပန္နက်ခံခြင်း၊ အုတ်ဖိနပ်တော်ခင်းခြင်း၊ ပန်းတင်ခုံတည်ဆောက်ခြင်း၊ ဖောင်းရုပ်ငတ်အဆင့်ဆင့်တည်ဆောက်ခြင်း၊ ရှစ်မြောင့်ပုစွာယာများ၊ ကျည်းဝန်းတော်၊ ခေါင်းလောင်းပုံတော်၊ ရင်စည်းတော်၊ ကြာလန်းကြာမှောက်၊ ခွေလုံးတော်၊ သပိတ်မှောက်၊ ငှက်ပျောဖူး စသည်ဖြင့် စေတီတော်တစ်ဆူ၏ တည်ဆောက်ပုံအဆင့်ဆင့်ကို ဂဏသေချာစွာ သိခွင့်ရခဲ့လေသည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှထုတ်ဝေသည့် ကိုထွန်းကြည်မှာယူသော ရွှေတိဂုံစေတီတော်ဖွဲ့စည်းတည်ဆောက်ထားပုံအဆင့်ဆင့်ကိုလည်း လေ့လာ ဖတ်ရှုခွင့်ရရှိခဲ့ပါသည်။ ဗုဒ္ဓသမိုင်းမှတ်တမ်းများအရ လေးဆူမြတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကမ္ဘာတွင် ပထမဦးဆုံးတည်ထားခဲ့သောစေတီတော်မြတ်ကြီးလည်း ဖြစ်လေသည်။ ပွင့်တော်မူပြီးဖြစ်ကြသည့် ဘုရားရှင်လေးဆူတို့၏ ကိုယ်စားကိုယ်ပွားတော်၊ ပရိဘောဂမွေတော်၊ ဆံတော်၊ မောတ်တော်များဖြစ်သည့် ကကုသန်ဘုရားရှင်၏ တောင့်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်၏ ရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနပ်သင်္ကန်းတော်၊ ဂေါတမဘုရားရှင်၏ဆံတော်မြတ်တို့ကိုထည့်သွင်းဌာပနာ၍ တည်ဆောက်တော်မူထားသည့် ကမ္ဘာ့အံ့ဩဖွယ်ရာ လေးဆူမောတ်ပုံရွှေတိဂုံ ရွှေစေတီတော်မြတ်ကြီးမှာ ရွှေတောင်အလား မြန်မာပြည်တွင် ထင်ရှားလျက်ရှိနေပေသည်။

စာရေးသူ၏မြရတနာဆုတောင်းပြည့်စေတီတော်ကို အနီးကပ်ကြုပ်မတ်တည်ဆောက်ခဲ့စဉ် အတွင်းထူခြားသည့် ဖြစ်စဉ်များစွာကို ကြုံတွေ့ခဲ့ရဖူးပါသည်။ စေတီတော်ကို တည်ဆောက်နေစဉ် အတွင်း လိုအပ်သည့်ကိစ္စအဝဝကို ပြည့်စုံနိုင်ခဲ့သည်ကို အံ့ဩဖွယ်ကြုံတွေ့ခဲ့ရပါသည်။ မြရတနာတောင်သည် မြင့်မားလှပေရာ ကားတက်လမ်းမှာ မတ်စောက်လွန်းသဖြင့် တော်ရုံတန်ရုံ ကားသမားများ မောင်းမတက်ဝံ့ပါ။ သို့ရာတွင် တည်ဆောက်နေစဉ်အတွင်း သဲလိုလို၊ ကျောက်လိုလို၊ ရေလိုလို၊ ဘီလုပ်မြေလိုလို၊ အုတ်လိုလို တည်ဆောက်ရေးပြတ်လပ်သွားခဲ့ပါက နောက်တစ်နေ့တွင် အလိုလိုအလှူရှင်များ ပေါက်၍

www.burmeseclassic.com

www.burmeseclassic.com

ရောက်လျှုဒါန်းကြခြင်း ဖြစ်ပါသည်။ ရွာသာရှစ်မြောင့်များ တည်ဆောက်ပြီး ဆောက် ခေါင်းလောင်းဗောဓိကြီးထက် နန်းတွင်တစ်ဝက်ကို တည်ဆောက်ပြီး ဆောက် သဲများဖြည့်သွင်းကာ ပြီးစီးသမျှ ရောဝသွန်းလောင်းရန် လိုအပ်လာပါ သည်။ ရေငါးလန့်ပေါင်းများစွာလိုသည် ဟန်းရန်ဆရာ ကိုထွန်းကြည်က ပြော သည်။ စာရေးသူနှင့် ဦးပဉ္စင်းကေသာ တို့တိုင်ပင်၍ အဓိဋ္ဌာန်ပြုဆုတောင်းခဲ့ ကြပါသည်။ တပေါင်းလပင်ဖြစ်သော် သည်း နောက်နေ့တွင် အနောက်တောင် အရပ်ဆီမှ မိုးရိပ်မိုးသားများတက်လာ သည်။ ထို့နောက် အချိန်အခါမဲ့ နှစ် ဆယ်ကိုက် မိုးရွာသွန်းခဲ့ပါသည်။ သို့ဖြင့် ရေရှားပါးခြိုင်းတွင် စေတီတော် သည်ဆောက်ရေးအတွက် မိုးရေသွန်း ဆောင်းရရှိခဲ့သည်မှာ အလွန်ပင်ထူးခြား သည်ဟု ဦးပဉ္စင်းကေလာသက မိန့်ဆို သည်။

စာရေးသူအနေဖြင့် စေတီတော် သည်ဆောက်စဉ်ကာလအတွင်း နေ့ အပတ်ည်းမနေ ဆောင်ရွက်ခဲ့ရသောဖြစ် ရပ်စဉ်ခုရှိမိပါသည်။ ပထမဖြစ်စဉ်မှာ စေတီတော်ပန္နက်တင်မင်္ဂလာအခမ်းအ နားပြီးစီးပြီးနောက် ရတနာရွှေအုတ်တို့ အုတ်မြစ်ချမင်္ဂလာပြုလုပ်မည့်ရက် ဖြစ်ပါသည်။ မနက်ဖြန်နံနက်တွင် စေတီတော်အုတ်မြစ်ချပွဲကို ကျင်းပပြု သည် ဖြစ်ပါသည်။ သို့သော် ထိုအုတ် ချပွဲအတွက် ဂေါပကအဖွဲ့မှမည်သည့် အဆောင်အယောင် အခမ်းအနားကိုမျှ ပြုလုပ်သေးပါ။ စာရေးသူက ကြားဖူး ခဲ့မြင်ဖူးသည်ရှိသဖြင့် ကိုမှတ်ကြီးကို ပြောပြပါသည်။ အမှန်မှာ အုတ်မြစ်မချ စေတီတော်အရပ်လေးမျက်နှာတွင် ရတနာတန်ဂဏ်ကာရံ၍ ထောင့်ရှစ် ထောင့်တွင် ဌက်ပျော်ပင်များစိုက်ရပါ သည်။ စေတီတော်ပန္နက်အလယ်မှ စေတီတော်၏ ဉာဏ်တော်ကို မှန်းဆ၍ ကျင်ဝန်းလုံးတစ်လုံး စိုက်ထူရပါသည်။ အသနားအလံငယ်များကို အပ်ချည်ကြိုး ဖြင့်ချီ၍ မဏ္ဍိုင်အထက်ဆီမှ ထောင့်ရှစ် ထောင့်သို့ ကြိုးသွယ်တန်းချည်နှောင်၍ စေတီပုံသဏ္ဌာန်ဖော်ဆောင်ရပါသည်။ ပန်းဆရာ ကိုထွန်းကြည်က သူပြော ပြနေခဲ့ပါသည်။ ညရှစ်နာရီတွင် ဆရာတော်ကြီးကို လျှောက်ထားသည့် အခါ

"မင်းကောင်းသလိုကြည့်လုပ်လိုက်"

တုသာ မိန့်ကြားပါသည်။

ထို့ကြောင့် ရှိသမျှလူအားဖြင့် ညတွင်းချင်း အပြီးပြင်ဆင်ရပါသည်။ ဦးမောင်ကျော်၊ ဦးကျော်တင်၊ ဦးအောင်မြင့်၊ ဦးလှအုံး၊ ကိုမဲဃေး၊ ကိုကျော်ထွန်း ဦးတို့က ချက်ချင်း ဝါးရှာ၍ နှီးဖြာကာ ရာဇမတ်ကွက်ရက်ကြပါသည်။ ကိုမှတ်ကြီးက ဌက်ပျော်ပင်များကို ညတွင်းချင်း ရှာဖွေထူးယူကြရသည်။ ကျွန်တော်နှင့် ကိုသန့်တို့က အလယ်မဏ္ဍိုင်ပန္နက်စိုက်ရန် တွင်းတူးရပါသည်။

တွင်းတူးရာတွင် မျှားစွာအခက် အခဲရှိခဲ့ပါသည်။ အောက်ခံမြေက မြေသားသက်သက်မဟုတ်ဘဲ ကျောက်သားကျောက်နုဖြစ်နေပါသည်။ ထို့ကြောင့် ဆံတူးရွင်းဖြင့် တဖြည်းဖြည်းချင်း ခွင်ခွိုနှိ ဆဖဲ့ထုတ်ကာတူးကြရပါသည်။ မြေအနက်နှစ်တောင်ရရှိရန် နာရီပေါင်းများစွာ ကြာမြင့်ခဲ့ပါသည်။ လူနှစ်ယောက် ခွေးတလုံးလုံးဖြင့်တူးကြရာ နံနက် (၃) နာရီတွင်မှ ပြီးစီးပါသည်။ သံတူးရွင်းကို အဝတ်စုတ်ပတ်ကာ တူးပါသော်လည်း လက်များတွင်ပေါက်ပြဲ၍ ရောင်ကိုင်းသည်အထိဖြစ်ခဲ့ရပါသည်။ ဌက်ပျော်စိုက်၊ ရာဇမတ်ကာ၊ သဲဖြူခင်း၍ မဏ္ဍိုင်ထူကာ ထောင့်ရှစ်ထောင့်ကိုသာ သာသနာ့ အလံများ တပ်ဆင်ပြီးသည့်အခါ နံနက် (၅) နာရီထိုးပြီဖြစ်၍ တစ်နေ့မှမအိပ်လိုက်ရပါ။ ဒုတိယဖြစ်စဉ်မှာ ရွှေထီးတော်တင်လှူမည့်ရက်သို့နီး၍ ဂေါပက အတွင်းရေးမှူး ဦးကျော်ညွှန့်မှ ကိုညွှန့်မောင် (အ-ထ-ပြ အငြိမ်းစား) အား (ပ-လ-တ) ဌာနတွင် ထီးဇင်ရန် ပန်းရထားနှင့်စတီးကြိုးများငှားရမ်းစေခဲ့ပါသည်။ သို့ရာတွင် ထီးတော်အဝန်းနှင့် ပန်းရထားမဆံ့ဖြစ်နေသည်ကို မည်သူမျှ သတိမထားမိကြပါ။ မနက်ဖြန်နံနက် ရွှေထီးတော်တင်လှူမည့် အကြိုနေ့ညဦးတွင်း ဂေါပကအဖွဲ့ ပန်းရထားတွင် ထီးတော်အောက်ဆင့်ကို ထည့်သွင်းရာ မတန်ဘဲရှိနေပါသည်။

ထိုအခါ ဆရာတော်က -

"ကျောင်းဆရာ၊ မင်းညတွင်းချင်း ပြီးအောင်လုပ်။ ငါမအိပ်ဘဲစောင့်ကြည့် နေမယ်"

ဟု မိန့်ကြားလာပါသည်။

စာရေးသူလည်း မတွဲမဆိုင်းပင် ကိုမောင်ထီးအောင်နှင့် လက်သမားအဖွဲ့ကို ပန်းရထားဖရိန်ကို တည်ဆောက်စေပါသည်။ ကိုအောင်ကျော်ဝင်းနှင့် ကိုညွှန့်မောင်တို့က (×××) ဟိုတယ်တွင် သွားရောက်အလှူခံရာ ပန်းရထားပုံဖော်မည့် သွပ်ပြားပလိန်းချပ်ကြီးနှစ်ချပ်ရရှိခဲ့သည်။ သွပ်ပြားရရှိသည်နှင့် ချက်ချင်း ခဲဖြင့် ပုံဖော်ကာ လက်သမားသုံးဆောက်ဖြင့် သွပ်ပြားကို ပန်းရထားဖောက်ရပါတော့ တ်။ ပန်းဖောက်ပြီးသည့်အခါ ည(၉)နာရီ ရှိနေပေပြီ။ ထို့ကြောင့် အောက်ခံ ဆေးခြယ်ရန်အတွက် သားနှစ်ယောက်ဖြစ် သည့် မောင်ချမ်းမြေသူနှင့် မောင်ဝင်းသူ အောင်တို့ကို 'အကူအညီတောင်းခဲ့ရပါ သည်။ သင်္ဘောဆေးဖြစ်၍ ဆေးခြောက် အောင် ခေတ္တစောင့်ဆိုင်းပြီးမှ အရောင် အဆင့်ဆင့်ခြယ်ယူရပါသည်။ ထိုသို့ တဖြည်းဖြည်းချင်း ဆေးအိပ်သည်ထိ စောင့်ဆိုင်း၍ ဆေးခြယ်ခဲ့ရာ နံနက် (၂) နာရီတွင် ပြီးစီးခဲ့ပါသည်။ ထိုနေ့က လည်း လုံးဝညမအိပ်လိုက်ရပါ။

စေတီတော်အလုံးစုံပြီးမြောက်၍ ရွှေဆေးသုတ်နေစဉ်အတွင်း ရန်ကုန်မြို့ ကြည့်မြင်တိုင် ဗားကရာချောက်အနီးမှ မှာယူထားသည့် ရွှေထီးတော်နှင့်ဘုရား ကျောက်စာများ ရောက်ရှိလာပါသည်။ ရွှေထီးတော်တင်လှူပွဲအတွက် စိန်သန်း ညီဆိုင်းအဖွဲ့ကို ငှားရမ်းခဲ့သလို စာရေး သူက 'မြရတနာစေတီတော်' အမည်ရှိ သီချင်းတစ်ပုဒ်ကို ဓမ္မပူဇာရေးစပ်သီကုံး ၍ နိုင်ငံတော်အဆင့် ရွှေတံဆိပ်ရအဆို တော် မနှင်းအေးခိုင်အား သီဆိုစေခဲ့ပါ သည်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် နံနက်ကိုးနာရီအချိန်တွင် မြရတနာ ဆုတောင်းပြည့်စေတီတော်ရွှေထီးတော် တင်လှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။ စေတီတော်တည် ထားခဲ့ပြီး တစ်လခန့်အကြာတွင် စေတီ တော်ကြီးမှ ရောင်ခြည်တော်များကွန့်မြူ ထွက်ပေါ်ခဲ့ပါသည်။ ပထမရက်တွင် စာရေးသူနှင့် ဇနီးမြင့်မြင့်ရည်တို့ ဦးစွာ ဖူးခွင့်ရရှိပါသည်။ ညနေဘက် (၅)နာရီ တွင် ရေချိုးရန်ပြင်ဆင်နေကြစဉ် စိန်ဖူး တော်မှ ပင်ပေါင်သီးအရွယ်ပမာဏရှိ အဖြူရောင်အလုံးများ ထွက်ပေါ်လာ သည်ကို ဖူးမြင်ရပါသည်။ သို့သော် အတွေ့အကြုံမရှိသဖြင့် ရိုးရိုးပဲနေလိုက် ကြပါသည်။ သို့ရာတွင် နောက်သုံးရက် အကြာတွင် စေတီတော်ရွှေထီးတော်မှ ရောင်ခြည်တော်များ ကွန့်မြူခြင်းကို တစ်ရွာသားလုံးနီးပါးမျှ ထင်ထင်ရှားရှား ဖူးမြော်ခွင့်ရရှိခဲ့ကြလေသည်။ ပေလိုမြို့ သို့ရောက်ရှိခဲ့ပါက စာရေးသူနှင့်ဆက် သွယ်၍ မြရတနာဆုတောင်းပြည့်စေတီ တော်အားဖူးမြော်လှည့်လည်ကြပါဟု ကောင်း မှုသဒ္ဓါတရားဖြင့် ရေးသားဖိတ်ခေါ်လိုက် ရပါတော့သည်။

ရွှေချိုအောင် (ငပလီ)

www.burmeseclassic.com

www.burmeseclassic.com

ကျပန်ခေတ်
ပြိတိသျှမြန်မာနိုင်ငံစစ်ပြေးအစိုးရ

လျှမ်းထက်

၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ။

အိန္ဒိယနိုင်ငံ ဆင်းမလားမြို့၏ အအေးဒဏ်မှာ ရက်စက်လှပါသည်။ ဆင်းမလားဘုတာရုံမှ ပြိတိသျှမြန်မာနိုင်ငံစစ်ပြေးအစိုးရ ဘုရင်ခံဆာဒေါ်မန်စမစ်၏ အိမ်တော်သို့အသွား လမ်းတစ်လျှောက်တွင် နှင်းများသည် အရည်ပျော်ဆင်းနေကြသည်။ ချမ်းလွန်းသဖြင့် ခိုက်ခိုက်တုန်နေကြပြီး စောင်ထူကြီးများကို ခြုံထားကြသော လန်ချားသမားများအနက် တစ်ဦးကိုခေါ်ယူကာ မြန်မာနိုင်ငံစစ်ပြေးအစိုးရတုရင်ခံရုံးတော်သို့ လာခဲ့ကြ၏။

နံနက် (၉) နာရီ၊ (၁၅) မိနစ်ခန့်တွင် ကျွန်တော်ရောက်သွားသောအခါ၌ ကျပန်ပြေးမင်း ဘုရင်ခံဆာဒေါ်မန်စမစ်မှာ သူ့ရုံးခန်းတွင်မရှိပါ။ သို့သော် မကြာမီ သူရောက်လာခဲ့သည်။ ရောက်လျှင်ရောက်ချင်း ကျွန်တော့်အား သူ့ရုံးခန်းအတွင်းသို့ခေါ်သွားပြီးနောက် အတွင်းဝန်တစ်ယောက်ကိုခေါ်ယူကာ စစ်ပြေးမြန်မာအစိုးရအဖွဲ့အတွင်းမှ ကျွန်တော်နှင့်တွေ့လိုသောသူထိုင်းနှင့် အလျင်အမြန်တွေ့နိုင်ရန်အတွက် အစီအစဉ်လုပ်မေးဖို့ ပြောလေသည်။

ဘုရင်ခံဆာဒေါ်မန်စမစ်၏အခန်းတွင်းမှ မီးလင်းဖိုအားမကောင်းလှပါ။ အေးလိုက်သည်မှာပြောစရာမရှိပြီ။ နှင်းများထူထပ်စွာကျလာသဖြင့် ကျွန်တော့်မှာ ဒေလီမှဝယ်ထားသော ရိုးရိုးယူနီဖောင်းကိုသာဝတ်ထား၏။ မီးဖိုမှာ အားနည်းသဖြင့် ဘုရင်ခံက ကျွန်တော့်ကို တောင်းပန်ပါသည်။

"ဆင်းမလားမှာ အစစအရာရာ သိပ်ရှားတယ်။ ကျွန်တော်ရောက်မှ မီးဖိုခိုင်းရတယ်။ ပုံမှန်အတိုင်းဆို ဆောင်းတွင်းတစ်လျှောက်လုံး ဒေလီသွားနေဖို့ပဲ။ ဒါပေမယ့် နေရာထိုင်ခင်းရှားပါးလို ဘာပဲဖြစ်ဖြစ် ဒီမှာပဲတွယ်ကပ်နေဖို့ ဆုံးဖြတ်ခဲ့ရတယ်ဗျာ"

ကျွန်တော်လည်း ပြောစရာရှိသမျှကို ချက်ချင်းစတင်မိ၏။ ဒေလီမှာ ကြာကြာမနေလိုသောကြောင့်တာကြောင်း၊ အေးမြသော ဆင်းမလားအတွေ့အကြုံကြောင့်တစ်ကြောင်း ဖြစ်လျှင် ယနေ့ည နေပိုင်း၌ ပြန်လည်ထွက်ခွာရန် ဆုံးဖြတ်ထား၏။

"မြန်မာနိုင်ငံကိုပြန်လည်သိမ်းပိုက်နိုင်ရင် မြန်မာနိုင်ငံရဲ့အဆင့်အတန်းဘယ်လိုဖြစ်မလဲ"

လို့ မေးလိုက်ပါသည်။

"ဒီကိစ္စက ကျွန်တော်တို့နဲ့မဆိုင်ပါဘူး။ အင်္ဂလန်က ဘုရင်မင်းမြတ်ရဲ့အစိုးရအဖွဲ့က ဖြေရှင်းပေးရမယ့်ကိစ္စပြီးတော့ မြန်မာတွေက ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

လိုက်လိုက်လဲလဲ ခရီးဦးကြိုကြလိမ့်မယ်လို့လည်း မထင်ပါဘူးဗျာ။ ဂျပန်တွေ မြန်မာနိုင်ငံကထွက်သွားတာကို လိုလားတောင်းလိုလားကြမယ်။ ဒါပေမယ့် သူတို့ ထွက်သွားတာကို လိုလားတာနဲ့ ကျွန်တော်တို့ပြန်ဝင်လာဖို့ လိုလားတာတော့ တသီးတခြားစီချည်းပါပါဗျာ”

❑

အထက်ဖော်ပြပါစာစိုဝ်မှာ ကမ္ဘာ့စာရေးဆရာကြီး ဝီ(လ်)ဖရက်ဂို့ဘာချက် ရေးသားသော မြန်မာနိုင်ငံပေါ် သို့ကြဲချခဲ့သောဗုံးများ (Bombs Over Burma) စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို ထုတ်နုတ်၍ မြန်မာဘာသာပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့တောင်အာရှသို့ကူးစက်လာသည်နှင့် မြန်မာနိုင်ငံသည် ဂျပန်ဖက်ဆစ်ဝါဒီတို့၏ ဖစ်မှတ်ဖြစ်ခဲ့ရသည်။ ၁၉၄၂ ခုနှစ် မေလတွင်မူ ဘုရင်ခံ ဆာဒေါ် မန်စမစ် ခေါင်းဆောင်သော ဂျပန်စစ်ပြေးအစိုးရသည် ဗြိတိသျှတပ်များ၊ တရုတ်တပ်အချို့နှင့်အတူ အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာထွက်ပြေးခဲ့ရသည်။ ဘုရင်ခံဆာဒေါ် မန်စမစ်နှင့် ဗြိတိသျှမြန်မာအစိုးရအဖွဲ့ဝင် ခန့်ကြီးအချို့ ဗြိတိသျှအလိုတော်ရိ အိုင်စီအက်(စ်)အရာရှိကြီးအချို့တို့သည် အထက်ဖော်ပြပါ အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်စခန်းပြုဖြစ်သော ဆင်မလားတွင် အဝေးရောက်မြန်မာအစိုးရအဖြစ် ဖွဲ့စည်းထားကြပြီး ကျွန်တော်တို့မြန်မာနိုင်ငံကို ပြန်လည် သိမ်းပိုက်ပြီးလျှင် ဦးဆီမည်ဟုပုံအုပ်ချုပ်မည်ဟူသော ထင်တစ်လုံးနှင့် စီမံကိန်းများရေးဆွဲခဲ့ကြသည်။

ဤသို့ အဝေးရောက်ဂျပန်ပြေး ဗြိတိသျှမြန်မာနိုင်ငံအစိုးရ ပေါ် ပေါက်လာရခြင်း၏ နောက်ခံအခြေအနေကို စကားပလ္လင်ခံရန် လိုအပ်လာပါသည်။ ဗြိတိသျှနယ်ချဲ့သမားသည် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် တတိယအင်္ဂလိပ် - မြန်မာစစ်ပွဲကို ဆင်နွှဲခဲ့ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံ၏ဒေသန္တရပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး အိန္ဒိယပြည်သူ့ဝန်ထမ်းများဖြင့် အုပ်ချုပ်ခဲ့၏။ ထိုစဉ်က ကော်မရှင်နာ (မဟာမင်းကြီး)က အုပ်ချုပ်ခဲ့၏။ မဟာမင်းကြီးမှာ အိန္ဒိယဘုရင်ခံချုပ်၏လက်အောက်ခံဖြစ်သည်။ အစိုးရအဖွဲ့တွင် မြန်မာနိုင်ငံသားများ ပါဝင်ခွင့်မပြုခဲ့။

မြန်မာနိုင်ငံသားများကို လေ့ကျင့်သင်ကြားပေးပြီး အုပ်ချုပ်ရေးတွင် အောက်တန်းအရာရှိများအဖြစ် ခန့်အပ်ခဲ့၏။ ၁၉၂၃ ခုနှစ်တွင်မူ မြန်မာ့အမျိုးသားများအားကိုယ်စားပြုသော အစိုးရအဖွဲ့ဖွဲ့စည်းရန် ပထမဦးဆုံးခြေလှမ်းကို စတင်လှမ်းခဲ့၏။ ဤပထမခြေလှမ်းလှမ်းပြီး (၁၂) နှစ်အကြာတွင် မြန်မာပြည်သူအများ၏ အုံကြွတောင်းဆိုမှုကြောင့် နောက်ခြေလှမ်းတစ်လှမ်းထပ်တိုးခဲ့ရ၏။ ၁၉၃၅ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သော အက်ဥပဒေအရ မြန်မာနိုင်ငံသည် အိန္ဒိယပြည်မှခွဲထွက်လျက် လွတ်တော်နှစ်ရပ်ထူထောင်ကာ ဝန်ကြီးအဖွဲ့ကို လည်း ဖွဲ့စည်းခဲ့လေသည်။

သို့ရာတွင် ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် ဘဏ္ဍာရေးတို့ကိုမူ ဗြိတိသျှဘုရင်ခံက ချုပ်ကိုင်ထားခဲ့သည်သာမက မြန်မာအစိုးရအဖွဲ့က ဥရောပတိုက်သားများကို အရေးယူနိုင်ခြင်းမရှိခဲ့။ မြန်မာနိုင်ငံတောင်တန်းဒေသများအုပ်ချုပ်ရေးဘက်တွင်လည်း ဝင်ရောက်စွက်ဖက်နိုင်ခြင်းမရှိခဲ့။

ဂျပန်စစ်ပြေးဘုရင်ခံ ဆာဒေါ် မန်စမစ် မြန်မာနိုင်ငံသို့ ဘုရင်ခံအဖြစ် ဆိုက်ရောက်လာသောအခါ ဦးစောမှာ နန်းရင်းဝန်(ဝန်ကြီးချုပ်)ဖြစ်နေပြီဖြစ်၏။ ပထမဆုံး မြန်မာအစိုးရ၏ နန်းရင်းဝန်မှာ ဒေါက်တာဘမော်ဖြစ်၏။ ဤအချိန်တွင် ကမ္ဘာကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ်ပြောင်းလဲလျက်ရှိနေလေပြီ။ ဥရောပတိုက်တွင် နာဇီဂျာမနီ ခေါင်းဆောင်သော ဝင်ရိုးတန်းစစ်မဟာမိတ်အဖွဲ့နှင့် ဗြိတိသျှတို့ ခေါင်းဆောင်သော စစ်ရေးမဟာမိတ်အဖွဲ့များသည် လက်နက်အပြိုင်အဆိုင်တပ်ဆင်ခဲ့ကြပြီး ဒုတိယကမ္ဘာစစ်ဖြစ်ပွားရန် ပြင်ဆင်နေကြပြီဖြစ်၏။

မြန်မာနိုင်ငံတွင်လည်း ထိုကာလအပိုင်းအခြားနှစ်များသည် အရေးတော်ပုံခေတ်ဟု ဆိုနိုင်လောက်သော အခြေအနေအရပ်ရပ်ဖြစ်ခဲ့ရသည်။ ကုလား - ဗမာ ဒုတိယအရေးအခင်း၊ ရေနံမြေအလုပ်သမားများအရေးအခင်းနှင့် တတ္တသိုလ်ကျောင်းသားများ၏ သပိတ်အရေးအခင်းများဖြစ်ပွားလာခဲ့ပြီး ဗြိတိသျှအစိုးရအဖို့ အထွေထွေအကျပ်အတည်းကြုံလာရ၏။ မြန်မာသခင်လူငယ်များခေါင်းဆောင်သောပြည်သူလူထုကလည်း မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန်တောင်းဆိုခဲ့၏။

တရုတ်နိုင်ငံတွင်မကြေညာသော စစ်ဆင်နွှဲနေသော စစ်ဝါဒီဂျပန်တို့က အာရှတိုက်သည် အာရှတိုက်သားများအတွက်ဖြစ်ရမည်။ အာရှတိုက်အားလာရောက်ကျူးကျော်ခဲ့သော် ဥရောပတိုက်သား နယ်ချဲ့သမားများအားတိုက်ထုတ်ရန်ဟု ကြွေးကျော်ခဲ့သည်သာမက

www.burmeseclassic.com

www.burmeseclassic.com

ဥရောပတိုက်တွင် ဖွဲ့စည်းထားသော နာဇီဂျာမနီ ဖက်ဆစ် အီတလီတို့၏ဝင်ရိုးတန်းမဟာမိတ်အဖွဲ့ဖြစ်လာ၏။ တရုတ်ပြည်ကွန်မင်တန်အစိုးရအား မြန်မာနိုင်ငံတွင် လျှို့ဝှက်စွာ ဖောက်လုပ်ထားသော တရုတ် - မြန်မာလမ်းမကြီးမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံသို့ စစ်ရေးအကူအညီများပေးခဲ့သဖြင့် ဗြိတိသျှနှင့် အမေရိကန်တို့မှာ ဂျပန်စစ်ဝါဒီများ၏ ပစ်မှတ်ဖြစ်လာခဲ့သည်။

၁၉၃၉ ခု၊ စက်တင်ဘာလတွင် ဥရောပတိုက်၌ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့သော်အခါ ၊ နေမဝင်သော ဗြိတိသျှအင်ပါယာကြီးထဲတွင်ပါဝင်သော မြန်မာနိုင်ငံသည် အလိုအလျောက် စစ်ထဲပါဝင်လာခဲ့၏။သခင်လှဌေးအများကမူ အင်္ဂလိန်နိုင်ငံ အားနည်း၍အကျပ်အတည်းတွေ့နေစဉ်တွင် တစ်မျိုးသားလုံး ပုန်ကန်ထကြွ၍ လွတ်လပ်ရေးပေးရန် တောင်းဆိုကြရမည်ဟု လှုံ့ဆော်လျက်ရှိ၏။ ထိုစဉ်က နန်းရင်းဝန်ဖြစ်သော ဦးစောကမူ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပါက မြန်မာနိုင်ငံအား ဒိုမီနီယန်အဆင့်အတန်းပေးမည်ဟု ကတိရပါက ဤစစ်ကြီးတွင်ပါဝင်မည်ဟု ကြွေးကြော်ပြီး ဘုရင်ခံ၏ သဘောတူညီချက်နှင့် အင်္ဂလန်နိုင်ငံသို့သွား၍ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးရန် ထွက်ခွာသွားခဲ့သည်။

ထိုအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီးအောင်ပွဲခံရန် နာဇီဂျာမနီနှင့် မဟာမိတ်တို့မှာ သေချာသလောက်ဖြစ်နေသည်။ ဥရောပတိုက်တစ်တိုက်လုံး နာဇီဂျာမနီတို့က သိမ်းပိုက်နိုင်ခဲ့ပြီး ဗြိတိသျှတို့အား ဥရောပတိုက်မှမောင်းထုတ်ခဲ့၏။ တစ်ကောင်ကြွက် အင်္ဂလန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးဒဏ်ခံးစည်းခံနေရပြီဖြစ်ရာ အရှေ့တောင်အာရှရှိ သူ၏ကိုလိုနီနိုင်ငံများအား ကာကွယ်ရေးကို မြန်မကြည့်နိုင်တော့။

ထိုစဉ်က အင်္ဂလိပ်တို့သည် ဂျပန်နိုင်ငံအား ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရုတ်တရက် ဝင်ရောက်လာမည်ဟု ထင်မှတ်ထားခြင်းမရှိခဲ့။ သို့သော် ဂျပန်နိုင်ငံသည် လူအများထင်မှတ်ထားသည်ထက်မြင့်စော၍ အရှေ့တောင်အာရှရှိ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဒစ်(ချ်)ကိုလိုနီနိုင်ငံများ ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းအား အလစ်ဝင်ရောက်ပုံးကြတိုက်ခိုက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်မီးကြီးသည် အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့တော့၏။

၁၉၄၁ ခု၊ ဒီဇင်ဘာလ ဒုတိယရက်သတ္တပတ်အတွင်းမှာပင် ယိုးဒယားနယ်မြေ (ယခု-ထိုင်း) ကရာကျွန်းဆွယ်ကိုဖြတ်လျက် ဂျပန်ဘုရင်တပ်များ ခြိုတက်လာကာ မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်း ဝိတိုရိယအင်္ဂကို သိမ်းပိုက်ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံမှ ဗြိတိသျှတပ်များအဖို့ ဂျပန်တပ်များကို မောင်းထုတ်ရန် တပ်အင်အားမရှိ။ ယိုးဒယား (ထိုင်း)နိုင်ငံတွင် စုရုံးနေသော ဂျပန်ဒိဝိဇံတပ်များအား ပုံးကြတိုက်ခိုက်ရန် လေယာဉ်ပျံအလုံအလောက်လည်းမရှိ။ ထိုစဉ်ကမှတ်တမ်းများအရ လေယာဉ်တပ်ခွဲနှစ်ခွဲသာရှိသည်ဟုသိရ၏။ မြန်မာနိုင်ငံရှိ ဘားမားရိုင်ဖယ်တပ်ရင်း(၈)တပ်မှာလည်း အများအားဖြင့် စစ်သားသစ်များသာဖြစ်ကြ၏။ အရာရှိများမှာလည်း ဝါမရင့်၊ အတွေ့အကြုံမရှိ။ အချို့တပ်များတွင်လည်း သယ်ယူပို့ဆောင်ရေးလုံးဝမရှိပေ။ ထို့ချို့ယွင်းချက်များကို ပြန်လည်ပြုပြင်နိုင်ရန် အချိန်မရှိတော့။ တရုတ်ပြည် ကူမင်တန်အစိုးရကပေးပို့သည့် တရုပ်တပ်များမှာလည်း အတွေ့အကြုံရှိသော၊ အင်အားကြီးမားသော ဂျပန်ဘုရင်တပ်များကို မယှဉ်နိုင်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် မြန်မာလူထုကလည်း ဂျပန်တပ်များကို အကူအညီပေးခဲ့ရာ နောက်ဆုံးတွင် ဗြိတိသျှတပ်များအဖို့ တံတားခိုး၊ လမ်းဖျက်ခြင်းဖြင့်သာ မြန်မာနိုင်ငံအား ဂျပန်များလက်သို့ ထိုးအပ်ခဲ့ရ၏။

မြန်မာနိုင်ငံအစိုးရနှင့် ဗြိတိသျှနှင့် မဟာမိတ်တပ်များသည် အိန္ဒိယသို့ဆုတ်ခွာခဲ့ကြရ၏။ မုတ်သုံမိုးလည်းကျလာပြီဖြစ်သည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ အကြားရှိ တောင်တန်းများမှာ မိုးရာသီတွင်ဖြတ်ကျော်ရန် ခက်ခဲလှပေသည်။ သို့ဖြစ်၍ ဂျပန်ဘုရင်တပ်မများသည် ဗြိတိသျှနှင့်မဟာမိတ်တို့အား ချက်ချင်းထိုးစစ်မဆင်နှဲနိုင်တော့။

မြန်မာနိုင်ငံဘုရင်ခံဒေါ်မန်စမစ်နှင့် စစ်ပြေးအစိုးရအဖွဲ့ဝင်များသည် ၁၉၄၂ ခု၊ မေလ ၄ ရက်နေ့တွင် အိန္ဒိယသို့ဆိုက်ရောက်လာခဲ့သည်။ ထိုစစ်ပြေးအစိုးရအား အိန္ဒိယဘုရင်ခံချုပ်က ခေတ္တနေရာထိုင်ခင်းအဖြစ် စီစဉ်ပေးထားခဲ့သည်။ ဆင်းမလားမြို့မှာ ဟိမဝန္တာတောင်တန်းပေါ်တွင် ပေ (၇၀၀၀) မျှသောနေရာ၌တည်ရှိသဖြင့် အတော်ပင်အေးမြေ၏။ ဆောင်းရာသီတွင် အရိုးကွဲမတတ်အေးသည်ဟုသိရ၏။ဆင်းမလားရောက်နေသော ဆာဒေါ်မန်စမစ်၏ ဂျပန်ပြေးအစိုးရအတွက် ပြဿနာတစ်ခုပေါ်လာသည်။ ၎င်းတို့အုပ်ချုပ်စရာ တိုင်းပြည်မကျန်ရစ်တော့သည့်နောက်တွင် ထိုတိုင်းပြည်ကိုအုပ်ချုပ်ရန် ဘုရင်ခံနှင့်မင်းတိုင်းပင်အမတ်များ (ယခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမတ်များ) ဆက်လက်ထားရှိရန် လိုပါဦးမည်လော။ ဒေါ်မန်စမစ်သည် စစ်ဘေးဒဏ်ခံးစည်းခံနေရသည့် အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ ယင်းကိစ္စကို ဗြိတိသျှဘုရင်အစိုးရနှင့် တိုင်ပင်ဆွေးနွေးသည်။

ဗြိတိသျှဘုရင်အစိုးရက မြန်မာနိုင်ငံအစိုးရ ဆက်လက်ထားရှိသင့်သည်ဟု ဆုံးဖြတ်သည်။ သို့မှသာ မြန်မာနိုင်ငံအား ဆုံးရှုံးရခြင်းသည် ယာယီသာဖြစ်သည်ဆိုသော သဘောထားအား ကမ္ဘာသို့ပြနိုင်ပေမည်။ မြန်မာနိုင်ငံအား ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်နေသောတာလအတွင်း အဝေးရောက်အစိုးရသည် မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်ခိုင်အတွက် စီမံချက်များရေးဆွဲခွင့်ကို ဆာဒေါ်မန်စမစ်အားပေးခဲ့၏။

ဤတွင် ဂျပန်ခေတ် ဗြိတိသျှမြန်မာစစ်ပြေးအစိုးရသည် အရှေ့တောင်အာရှနိုင်ငံရေးဇာတ်ခုံပေါ်တွင် ပေါ်ပေါက်လာခဲ့ရ၏။ မြန်မာနိုင်ငံနေ အိန္ဒိယသို့ လက်ချည်းသက်သက် တိမ်းရှောင်လာခဲ့ရာ ဆာဒေါ်မန်စမစ်၏ အစိုးရအဖွဲ့သည် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဆင်းမလားမြို့တွင်နေထိုင်ကြကာ ယင်းအတိုင်း မိမိတို့ဌာနအလိုက် စီမံချက်များကို ရေးဆွဲကြရ၏။

သာဓကအားဖြင့် မြန်မာနိုင်ငံ မြို့ပြပုလိပ် (ရဲအဖွဲ့) (ဗြိတိသျှ မြန်မာနိုင်ငံအစိုးရလက်ထက်က ရဲအဖွဲ့နှစ်ထားရှိခဲ့၏။ ရန်ကုန်မြို့မပုလိပ် (ရဲ)အဖွဲ့နှင့် မြန်မာနိုင်ငံမြို့ပြရဲအဖွဲ့တို့ဖြစ်၏။ ပုလိပ်(ရဲ)မင်းကြီး မစ္စတာပရက်စတော်နှင့်အတူ ထွက်ပြေးတိမ်းရှောင်လာသော ပုလိပ်(ရဲ)အရာရှိများအား ဗြိတိသျှဘုရင်တပ်မတော်၏ အရာရှိအရာခံများက အဆောင်အယောင်များ ပေးထားကာ ဗြိတိသျှနှင့်မဟာမိတ်တို့ မြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

ပြန်သိမ်းခဲ့သော် မည်သူကို ချက်ချင်း ရာဖွေဖမ်းဆီးရမည်၊ မည်သူ့ကို တရားစွဲ ရမည်၊ မည်သူ့ကိုစောင့်ကြည့်ရမည့် စာရင်းများကို ပြုစုကြရသည်။

စစ်ပြေးအစိုးရ၏ ထောင်မင်းကြီး (ယခု အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူး ချုပ်) နှင့်အဖွဲ့ကလည်း ရုံးဖွင့်ကာ မြန်မာ နိုင်ငံအား ဖက်ဆစ်ဂျပန်များလက်မှ ပြန် လည်သိမ်းမိသည်နှင့် ချက်ချင်းထောင် များဖွင့်နိုင်ရေး၊ ပျက်စီးနေသောထောင် များကို ပြန်လည်ပြင်ဆင်ရေး၊ အကျဉ်း ထောင်များအား စစ်ကြိုခေတ်ထက် လုံခြုံရေးစနစ်ကျရေး စသော စီမံချက် များကို ရေးဆွဲကြရသည်။

ယခင် ဗြိတိသျှမြန်မာနိုင်ငံ မြို့ပြ ကျေးလက်အုပ်ချုပ်ရေးဌာန (အထွေ ထွေအုပ်ချုပ်ရေးဌာန) မှ အတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ အတွင်းဝန်ကလေး များအားလုံးအတွက်လည်း ရုံးများဖွင့် ဖေးထား၍ အသီးသီးအလုပ်ပေးထား ခဲ့။ သူတို့အား မြန်မာနိုင်ငံသိမ်းပိုက်ပြီး သည့်နှင့် ဆောင်ရွက်မည့် ကျေးရွာ အုပ်ချုပ်ရေးစီမံချက်၊ ဒေသန္တရအုပ်ချုပ် ရေးစီမံချက်၊ ကျေးရွာအုပ်ချုပ်ရေးစီမံ ချက်၊ ကျေးရွာသူကြီးများအားအဆောင် အယောင်ပေးမည့်စီမံချက်၊ ကျေးရွာများ အတွက် အထူးပုလိပ်(ရဲ)များခန့်ထား ရေး စသည်များကို ရေးဆွဲစေသည်။ အဖေးရောက်အစိုးရအဖွဲ့သို့ ရောက်ရှိ နေသော ဗြိတိသျှမြန်မာနိုင်ငံပညာရေး ဌာနပညာမင်းကြီး (ပညာညွှန်ကြားရေး ဝန်ချုပ်) မစ္စတာကင်ဘဲ(လ်)ကိုလည်း ဗြိတိသျှဘုရင်တပ်မတော်မှ အရာရှိကြီး တစ်ယောက်၏အဆောင်အယောင်ပေး အား ဆက်လက်၍ တပ်မတော်ပညာရေး ဌာနအတွက် စီမံချက်များရေးဆွဲစေ၏။ ထို့အတူ ဆင်းမလားရောက်နေသော ရန်တုန်တက္ကသိုလ်မှ ဗြိတိသျှအမျိုးသား ပါမောက္ခတစ်ဦးအား ဆင်းမလားအစိုးရ ၏ ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးမှူး အဖြစ် ခန့်ထား၏။

ထိုစဉ်က ဆင်းမလားရောက် စစ်ပြေးအစိုးရအဖွဲ့တွင် ထင်ရှားသူများ ကား အိုင်စီအက်(စ်)ဦးတင်ထွဋ် (နောင် အခါ စစ်ပြီးခေတ် ပိုလ်ချုပ်အောင်ဆန်း ကြီးဖြတ်အစိုးရတွင် ဝန်ကြီးဖြစ်လာ သူ) နှင့် အိုင်စီအက်(စ်) ဦးကျော်မင်းတို့ ဖြစ်သည်။ ဆင်းမလားတွင် ရေးဆွဲလျက် ရှိသော စီမံကိန်းအများတွင် သူတို့ပါဝင် ကြ၏။ အခြားမြန်မာနိုင်ငံမှတိမ်းရှောင် နေသော အထင်ကရပုဂ္ဂိုလ်များမှာ ဗြိတိသျှမြန်မာနိုင်ငံအစိုးရဝန်ကြီးများဖြစ် သော ဆာထွန်းအောင်ကျော်၊ ဆာပေါ် ထွန်းနှင့် ဗြိတိသျှဝါဒဖြန့်ချိရေးဌာန (ပြန် ကြားရေးဌာန) အထူးအရာရှိဒေါ်မြစိန် တို့ဖြစ်ကြ၏။ သစ်တောဘက်မှ၊ ဆည် မြောင်းဘက်တို့မှ အရာရှိအချို့လည်း ဆင်းမလားရောက်ရှိနေကြ၏။ အရာရှိ အများမှာ ညီးညီးငယ်ငယ်နှင့်နေကြရ သော်လည်း ဗြိတိသျှအစိုးရသည် ဂျပန် ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်ကိုမူ အဆောင်အယောင်အပြည့်အစုံနှင့်ထား သည်ဟုဆိုကြသည်။ ထိုစဉ်က သတင်း မီဒီယာအချို့၏ မှတ်တမ်းများအရဆိုရ လျှင် ဘုရင်ခံဆာဒေါ်မန်စမစ်သည် အုပ်ချုပ်ရေးစီမံကိန်းများကို ရေးဆွဲရာ တွင် အထင်ကရ လူသိနတ်ကြားဦးစီး ဦးဆောင်လုပ်လျက် ပါဝင်ခဲ့သည်။

သို့သော် အချို့လျှို့ဝှက်ပြုလုပ် ထားသောလုပ်ငန်းများရှိခဲ့၏။ ထိုလုပ် ငန်းများကို သူ့အဝေးရောက်အဖွဲ့တွင် ယခင်ဗြိတိသျှမြန်မာနိုင်ငံအစိုးရခေတ် က နေလိုလိုလိုထင်ရှားခဲ့သော ဝန်ကြီး ချုပ်ဟောင်း ဆာပေါ်ထွန်းကိုပင် သိခွင့် မပေးခဲ့။ ဆာပေါ်ထွန်းမှာ အတိတ်က ဆောင်းခဲ့ရသော ရွှေထီးကြီးကို တမ်းတ ၍နေခဲ့သည်။ သူကား အငြိမ်းစားအရာ ရှိကြီးတစ်ဦးကဲ့သို့နေရသည်ဟု ထိုစဉ်က မှတ်တမ်းများအရ သိရသည်။

ဆာဒေါ်မန်စမစ်ကိုယ်တိုင် ဦး ဆောင်၍ မြန်မာအစိုးရဝန်ကြီးများနှင့် အရာရှိကြီးအချို့သိခွင့်မရသောလုပ်ငန်း များမှာ မြန်မာနိုင်ငံအား ပြန်လည် သိမ်းပိုက်ခဲ့သည့်အခါ ပြန်လည်ထူ ထောင်ရမည့် စီးပွားရေးလုပ်ငန်းများ ဖြစ်၏။ သာမကအားဖြင့် ဗြိတိသျှတို့ မြန်မာနိုင်ငံမှ အောင်မြင်ဆုတ်ခွာခဲ့စဉ်က တစ်ချိန်က နိုင်ငံတကာမှော့ကြည့်ရခဲ့ သော ဧရာဝတီဖလော်တီလာကုမ္ပဏီ ပိုင် ပြည်တွင်းရေးကြောင်းသွားလာရေး သင်္ဘောအစင်းပေါင်း(၆၀၀)ကိုဖောက်ခွဲ နှစ်မြှုပ်ပစ်ခဲ့ရသည်။ ထို့အတူ မြန်မာ ရေနံထုတ်လုပ်ရေး ဘီအိုစီကုမ္ပဏီမှာ လည်း သန်လျင်မြို့ရှိ ရေနံချက်စက်ရုံနှင့် ရေနံချောင်း၊ ရေနံမြေမှ ရေနံတွင်းများ၊ ရေနံလှောင်ကန်များ စသော စက်ရုံ၊ အလုပ်ရုံများ ရာခိုရှု မီးရှို့ဖျက်ဆီးခြင်း ခံရ၏။

နမ့မတူဘားမားကော်ပရေးပိုင်သတ္တု တွင်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ စက်ရုံများမှာလည်း ဆုတ်ခွာသွားခဲ့ သော ဗြိတိသျှတပ်မတော်က ဂျပန် ဖက်ဆစ်ဝါဒီတို့ အသုံးပြု၍မရအောင် စနစ်တကျ မြေလှန်ဖျက်ဆီးခဲ့ခဲ့၏။

စစ်ကြိုခေတ်ကာလက စတီး ဘာရားသားကုမ္ပဏီသည် မြန်မာသွင်း ကုန်၊ ထုတ်ကုန်မှန်သမျှ လက်ဝါးကြီးအုပ် ခဲ့သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ အဓိကရဆန်စက်ကြီးများနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ယင်းကုမ္ပဏီပိုင် ဝါစက် ကြီးများ၊ ဘိလပ်မြေစက်ရုံများကိုလည်း ပြန်လည်ပြင်ဆင်ထုတ်လုပ်ခြင်းမပြုနိုင် အောင် မီးရှို့ဖောက်ခွဲဖြစ်ခဲ့ကြ၏။ အလားတူ ဘုံဘောဘားမား၊ ဖုကား၊ မက္ကရိကားစသော သစ်ထုတ်လုပ်ရေးကုမ္ပဏီ ကြီးများပိုင် သစ်စက်များ အခြားသစ် လုပ်ငန်းနှင့်ပတ်သက်သော သို့လှောင်ရုံ များ၊ သစ်ဆွဲသင်္ဘောများလည်းဖျက်ဆီး ခဲ့၏။ရန်ကုန်မြို့ရှိ အာအီးတီးကုမ္ပဏီ ပိုင် စက်ရုံ၊ အလုပ်ရုံအားလုံးကိုလည်း ပြာကျအောင် ဖောက်ခွဲဖျက်ဆီးခဲ့၏။

ထိုကုမ္ပဏီများမှ တာဝန်ရှိသူများ အားဖိတ်ကြား၍ ထိုကုမ္ပဏီများပြန်လည် ထူထောင်ရေးအတွက် ပရိုဂျက်များကို ရေးဆွဲစေခဲ့ သည်။

သို့ဖြစ်၍ ဆာဒေါ်မန်စမစ်သည် အထက်ဖော်ပြပါလုပ်ငန်းများအတွက် ပရိုဂျက်များရေးဆွဲရန်အတွက် ငွေများ ကို ဒလဟောသုံးခဲ့သည်။ ထိုပရိုဂျက် များရေးဆွဲရသည့် အရာရှိများအတွက် ခရီးစရိတ်၊ နေ့တိုင်းစားသောက်စရိတ် များမှာလည်း သောက်သောက်လဲကုန်ခဲ့ ရသည်သာမက ငွေအလေအလွင့်များ လည်းရှိခဲ့၏။

အိန္ဒိယရောက် စစ်ပြေးဒုက္ခသည် များအား ငွေထုတ်ပေးရာတွင်လည်း ပျောက်ဆုံးမှု၊ အလေအလွင့်ရှိမှု၊ လာဘ် စားမှုမျှားရှိခဲ့ရာ ဗြိတိသျှအမျိုးသား အိုင်စီအက်အရေးပိုင်တစ်ယောက်နှင့် အိန္ဒိယအမျိုးသား အိုင်စီအက်(စ်) တစ် ယောက်တို့မှာ တရားဥပဒေအရ အရေး ယူခဲ့ရသည်ဟုဆိုကြပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး -

Bombs Over Burma.
By - W.G Burchett
Last and First in Burma.
စစ်အတွင်းခရီးသည်
(သိန်းဖေမြင့်)

www.burmeseclassic.com

www.burmeseclassic.com

ညီအစ်ကိုတော်စပ်သူ ဖြစ်လေသည်။ ကျွန်တော်က အကြီးဖြစ်သည်။ ကျွန်တော်တို့ဇာတ်အဖွဲ့ကို ပိုင်ရှင်ဒေါ်အေးကြည်က ဆန်းချီရပ်ကွက် ခြံကျယ်ကြီးအတွင်းရှိ နှစ်ထပ်ရွှေဟောင်းပျဉ်ထောင်အိမ်ကြီးတွင် နေရာချထားပေးခဲ့သည်။ အိမ်ကြီးမှာ လေးပင်သုံးခန်းဖြစ်ပြီး နောက်ဖေးဘက်တွင် တစ်ထပ်အိမ်နှစ်လုံးမျက်နှာချင်းဆိုင် တည်ဆောက်ထားသေးသည်။ အိမ်ကြီးအပေါ်ထပ်တွင် ကျွန်တော်နှင့် မင်းသား စကင်းစိန်၊ လူရွှင်တော် လိပ်ဖူး၊ ကျောက်စိမ်းတို့နေကြသည်။ အပေါ်ထပ်နေသူအားလုံး အိမ်ထောင်သည်များ ဖြစ်သော်လည်း ပွဲခွင်တစ်ရာသီအတွက်သာ ထားဝယ်သို့ ရောက်လာခြင်းဖြစ်၍ မိသားစုများ ခေါ်မလာကြပါ။ လူလွတ်များသာဖြစ်သည်။ အိမ်ကြီးအောက်ထပ်တစ်ခြမ်းတွင် ဇာတ်ပစ္စည်းထားကာ တစ်ခြမ်းတွင် ယောကျ်ားများသာ နေရာချထားပေးသည်။ နောက်ဖေးရှိ အိမ်နှစ်လုံးအနက် တစ်လုံးတွင် မင်းသမီးများ၊ အပျိုများကို နေရာပေးထားသည်။ ကျွန်တစ်လုံးတွင် အိမ်ထောင်သည်များကို နေခွင့်ပြုထားသည်။

လာမည့်သီတင်းကျွတ်အဖိတ်နှင့် လပြည့်ညများတွင် ရှင်မုတ်ထီးဘုရားပွဲနှစ်ညပွဲခွင်ကပြရမည် ဖြစ်လေသည်။ ကျွန်တော်ကိုယ်တိုင် ရေးသား စီစဉ်ခဲ့သော နောက်ပိုင်းဇာတ်ထုပ်ဖြစ်သည့်

အချိန်ကာလမှာ ၁၉၅၇ ခုနှစ်၊ သီတင်းကျွတ်လဆန်းရက်အချိန် ဖြစ်သည်။ မော်လမြိုင်မှ ကျွန်တော်တို့ စကင်းစိန် ဇာတ်အဖွဲ့ ထားဝယ်မြို့သို့ ရောက်နေသည်မှာ သုံးပတ်ခန့်သာရှိသေးသည်။ မော်လမြိုင်မှ စကင်းစိန် ဇာတ်သဘင်အဖွဲ့ကို ထားဝယ်မြို့မှ သူဌေး ဒေါ်အေးကြည်ဆိုသူက တစ်နှစ်အတွက် ဇာတ်ထောင်လို၍ ထားဝယ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။ ကျွန်တော်က ဇာတ်စီးဖြစ်သလို ခေါင်းဆောင် မင်းသား စကင်းစိန်နှင့်လည်း ဝမ်းကွဲ

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်မိုးအောင်

(စာပေဗိမာန်ကမ္ဘာ့ခရီး)

အရွှေးဆရာနှင့်ထူးဆန်းသောကျောပွတ်

ဆန်ပဲမောင်တင့်တယ်ဇာတ်ထုပ်ကိုလည်း အပြုမည်ဖြစ်သည်။ ဇာတ်ဝင်ခန်းငိုချင်း တစ်ပုဒ်ကို ကျွန်တော်က မင်းသား စားစိန်အား နှုတ်တိုက်ချပေးနေချိန် ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်ရေးသား သော်ဆိုသည့် ငိုချင်းဖြစ်သည်။ ပတ္တလား ကိုခေါက်ကာ မင်းသားကို ဆိုခိုင်သည်။ အနီးတွင် ဇာတ်ပိုင်ရှင် ဒေါ်အေးကြည် သည်းရှိနေသည်။ ကျွန်တော်တို့က ဒေါ် တပ်ခေါ် သော်လည်း ဇာတ်ပိုင်ရှင် အသက်မှာ လေးဆယ်ကျော်ရုံသာရှိ သေးသည့် မုဆိုးမ ကလေးလေးယောက် အမေဖြစ်သည်။

ခုနစ်သံနော်၊ ဒီအသံကိုမီအောင် အော်"

ဟု ဆိုကာ ကျွန်တော်က ပတ္တ လားကိုခေါက်သည်၊ မင်းသားကဆို သည်။ ပန်းပဲမောင်တင့်တယ်က ညီမ ခင်ဦးဖြစ်သည့် ဒွေးဖြူနှင့် မြလှတို့ကို အသိမြင့်ရိုက်ပြီးဆုံးမသည့်ဇာတ်ဝင်ခန်း ဖြစ်သည်။ မင်းသားစကင်းစိန်က ပန်းပဲ မောင်တင့်တယ်အဖြစ် သရုပ်ဆောင် သည်။

"တအားရိုက်မယ်ဒီဖေကြာ××× ရွှေ အိမ်စံ ကရမက်တုံးလေးရယ်××× မျက် လုံးလေးကလယ်ကလယ်နဲ့ ××× တုတ် ရွှယ်ရင် သေစလုပေမို့××× အမလေး××× မောင်ကြီးပြုနိုင်ပါ့မလား"

"အေး- ဟုတ်ပြီ။ ပြီးရင် ငိုချင်းချ မယ်။ အသံမမီသေးဘူး။ နည်းနည်းထပ် တင်ဦး"

မင်းသားနှင့် ကျွန်တော်ငိုချင်း ဇာတ်တိုက်နေစဉ် အိမ်ရှေ့လမ်းမပေါ်မှ ရွှမ်းရွှမ်းအသံများ ကြားလိုက်ရသည်။ ဇာတ်အဖွဲ့တည်ရှိရာအိမ်ကြီးမှာ ထား ဝယ်မှ ကန်ပေါက်သို့သွားသည့် လမ်းမ ဘေးတွင်ရှိသည်။ တရွှမ်းရွှမ်းအသံ ကြောင့် ကျွန်တော်တို့ လမ်းမဘက်လှမ်း ကြည့်လိုက်မိသည်။ အသက်ငါးဆယ်ခန့် ရှိ တုတ်တုတ်ခိုင်ခိုင်လူကြီးတစ်ဦးက လွယ်အိတ်ကြီးတစ်လုံး ပခုံးစလွယ်သိုင်း လွယ်ထားပြီး ကျာပွတ်တစ်ချောင်းကိုင် ထားသည်။ ထိုသူရှေ့တွင် လူဆယ်ဦးခန့် တောင်း၊ ခြင်းတောင်း၊ လွယ်အိတ်ထည့်စရာများကို ကိုယ်စီ ကိုင်ပြီး သွားနေကြသည်။ ထူး ဆန်းသည့်မြင်ကွင်း ဖြစ်သည်။ ရှေ့မှသွားနေသူများမှာ ယောကျ်ား ချည်းများသာဖြစ်ပြီး အဖြူရောင် အင်္ကျီ၊ ဘောင်းဘီ ဆင်တူဝတ်ဆင် ထားသည်ကိုလည်း တွေ့ရသည်။ ကျွန်တော်တို့ကြည့်နေစဉ် ရှေ့မှသွား နေသူများအနက်မှ တစ်ယောက်က လမ်းတစ်ဖက်သို့ကူးသွားသည်ကို တွေ့ လိုက်ရသည်။ နောက်တစ်ယောက်က လည်း လမ်းအခြားတစ်ဖက်သို့ ကူး သွားပြန်သည်။ ရှေ့၊ နောက် တန်းစီ သွားနေရာမှ ဖောက်ထွက်သွားခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ကျာပွတ်ကိုင်ထားသူက ကျာပွတ်ကို တရွမ်းရွမ်းလေထဲရိုက်ပြီး အသံပေးလိုက်သည်။

"ဟိုနှစ်ယောက်ဘာလို့ထွက်သွားရတာလဲ။ ကိုယ့်နေရာကိုယ်ပြန်နေစမ်း"

ဟု ပါးစပ်မှပြောရင်း လက်ထဲမှ ကျာပွတ်ကို လေထဲရိုက်လိုက်သည်။ ကျာပွတ်သံကြားရသည်နှင့် တန်းစီသွားနေရာမှ ဖဲထွက်သွားသူနှစ်ဦး ကိုယ့်နေရာကိုယ်ပြန်နေလိုက်ကြသည်။ ထူးဆန်းသည်မြင်ကွင်းမို့ မင်းသားနှင့်ကျွန်တော် တအံ့တသြဖြစ်နေကြသည်။ ကျွန်တော်တို့အနီးတွင်ရှိသော ဒေါ်အေးကြည်ကို ကျွန်တော် မေးလိုက်သည်။

"ရှေ့ကသွားနေတဲ့ ဝတ်စုံအဖြူနဲ့ ယောကျ်ားတွေက ထောင်သားတွေလား။ နောက်က ကျာပွတ်ကိုင်ထားတဲ့သူကကော ဘာလဲ။ ကျာပွတ်ကို တရွမ်းရွမ်းနဲ့ လေထဲရိုက်နေတာ"

"အဲဒီလူကို ကျာပွတ်ဆရာလို့ခေါ်တယ်။ အရှူးဆရာလို့လည်းခေါ်တယ်။ ရှေ့ကသွားနေတဲ့သူတွေက ထောင်သားတွေမဟုတ်ဘူး။ အားလုံးက စိတ်ရောဂါသည်တွေ"

"ဘာ- ရှေ့ကသွားနေသူတွေဟာ အားလုံးစိတ်ရောဂါသည်တွေဟုတ်လား"

"ဟုတ်တယ်၊ ကျာပွတ်ဆရာနဲ့ သူတပည့်စိတ်ရောဂါသည်တွေ။ ကြာပွတ်ဆရာက သူတို့တွေကို ထိန်းသိမ်းစောင့်ရှောက်ထားတာ။ အားလုံးဦးနှောက်ပုံမှန်မဟုတ်တဲ့သူတွေနဲ့စိတ်ဝေဒနာသည်တွေပါ။ လူတွေက လွယ်လွယ်နဲ့ အရှူးတွေလို့ခေါ်ကြတာ"

"ခု သူတို့ ဘယ်ကိုသွားနေတာလဲ"

"သူတို့တွေ စားသောက်စရိတ်အတွက် တစ်လတစ်ခါလောက် အလှူခံထွက်နေကျပါ။ ကျာပွတ်ဆရာနဲ့ သူ့လူတွေကို ထားဝယ်တစ်နယ်လုံး မသိသူမရှိသလောက်ဘဲ။ ဇာတ်ဆရာတို့ကရောက်ခါစမို့ သူတို့အကြောင်းမသိသေးတာပါ"

"သူတို့တွေစားသောက်စရိတ်အတွက် အလှူခံထွက်တာ ဟုတ်လား"

"စိတ်ဝေဒနာသည် ဆယ်ယောက်ကျော်လောက်ကို ထိန်းသိမ်းကျွေးမွေးရတာ ဘယ်လွယ်ပါ့မလဲ။ တစ်ဖက်တစ်လမ်းကအထောက်အပံ့ရဖို့အလှူခံထွက်တာ။ သူတို့ကိုသနားပြီး လူတွေက ဆန်၊ ငွေနဲ့ စားစရာတွေ လှူကြပါတယ်။ လမ်းသွားရင်း စိတ်ဖောက်လာတော့ သွားချင်ရာထွက်သွားကြတာ၊ ကျာပွတ်သံကြားလို့ကရမှ နေရာမှန်ပြန်လာကြတာ"

"စိတ်ဝင်စားဖို့ကောင်းလိုက်တာ။ ကျာပွတ်နဲ့လူကိုရိုက်တာလည်းမတွေ့ရဘူး။ ကျာပွတ်သံကြားရတာနဲ့ အရှူးတွေက သူတို့ဆရာအမိန့်နာခံကြတယ်နော်"

"အဲဒီကျာပွတ်မှာ စွမ်းအားတစ်ခုခုရှိနေသလိုပဲ။ ဆရာက ပယောဂလည်းကုတယ်လေ။ ဟိုမှာ သူတို့သွားကြပြီ။ နောက်မှ သူတို့အကြောင်းပြောပြတော့မယ်။ ကဲကဲ- သီချင်းတိုက်မှာသာ ဆက်တိုက်ကြတော့"

ပြောပြောဆိုဆို ဒေါ်အေးကြည် ကျွန်တော်တို့အနားမှထွက်သွားသည်။

"ဒေါ်အေးကြည်ပြောတာနဲ့ အဲဒီကျာပွတ်ဆရာအကြောင်း တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်။ နောက်မှ မေးကြည့်ရမယ်။ ဒါနဲ့ မင်းအသံဒီနေ့ ဘယ်လိုဖြစ်နေတာလဲ။ နဂိုအသံကို မရောက်ဘူးဖြစ်နေတယ်"

"မနေ့က ငါဝက်သားဟင်းစားလိုက်မိတယ်။ ဒါကြောင့် အသံကို လိုသလိုဆွဲလို့မရဘူးဖြစ်နေတယ်"

"ဇာတ်ထဲမှာ ဝက်သားဟင်းမှ မချက်တာ၊ မင်းဘယ်ကဝယ်စားတာလဲ"

"ဟိုနားမှာထမင်းရောင်းတဲ့ဆိုင်ရှိတယ်။ ဝက်သားဟင်းနာမည်ကြီးပဲတဲ့"

မင်းသားညွှန်ပြရာသို့ ကျွန်တော် ကြည့်လိုက်သည်။ မလှမ်းမကမ်းတွင် ထမင်းဆိုင်တစ်ဆိုင်ကိုလှမ်းတွေ့ရသည်။ မင်းသားနှင့် ကျွန်တော်က ဝက်သားကြိုက်သူများဖြစ်သည်။ ဇာတ်စည်းကမ်းအရ ဝက်သားမချက်ရ၊ မစားရပါ။ ပြင်ပတွင်သာစားနိုင်သည်။ ညနေဘက်တွင် ကျွန်တော် ထိုထမင်းဆိုင်ရောက်သွားပြီး ဝက်သားဟင်းတစ်ပွဲ မှာလိုက်သည်။ ကျွန်တော်ဝက်သားဟင်းဝယ်စဉ် ဆိုင်ရှင်အဒေါ်ကြီးက စူးစမ်းသည့်သဘောဖြင့် ကျွန်တော်ကိုမေးလိုက်သည်။

"ဒီကငါ့ကို အရင်က မတွေ့ဖူးပါဘူး။ ဘယ်ကလာဝယ်တာလဲ"

"ဟိုနားကအိမ်ကြီးကပါ"

"ဩော် - မအေးကြည် ဒီနှစ်မှ ထောင်ထားတဲ့ဇာတ်အဖွဲ့ကထင်တယ်။ မနေ့ကတောင် ခေါင်းဆောင်မင်းသားဟင်းလာဝယ်သွားသေးတယ်"

"ကျွန်တော်က ဇာတ်ဝီးပါ"

"ဒါနဲ့ အဲဒီအိမ်ကြီးမှာနေရတာ အဆင်ပြေရဲ့လား။ တစ်ခုခုထူးခြားတာ မဖြစ်ဘူးလား"

"ပြေပါတယ်။ ဘာမှထူးထူးခြားခြားမဖြစ်ပါဘူး။ ဘာဖြစ်လို့မေးတာလဲ"

"မအေးကြည်ပိုင်တဲ့ အဲဒီခြံမှာ လူမနေတာကြာပြီ။ အဲဒီခြံက မြေကြမ်းတော့ ဘယ်သူမှမနေရဲကြဘူး။ မင်းတို့ ဇာတ်အဖွဲ့နေဖို့ မအေးကြည်က သနှံ့ရှင်းရေးလုပ်ပြီး ပြန်လည်ပြင်ဆင်ထားတာကွယ့်။ အဲဒီအိမ်ကြီးအကြောင်း နောက်တော့သိလာမှာပါ"

ထမင်းဆိုင်မှအဒေါ်ကြီးပြောလိုက်သောစကားများက ကျွန်တော့်အတွေးထဲ လွှမ်းမိုးနေခဲ့သည်။ အဲဒီခြံမှာ လူမနေတာကြာပြီ။ မြေကြမ်းတော့ ဘယ်သူမှမနေရဲကြဘူးဟု ပြောခဲ့သောစကားများကိုကြားယောင်နေမိ၏။ ဒေါ်အေးကြည်ကိုယ်တိုင်ပင်လျှင် ဤအိမ်ကြီးတွင် ညအိပ်ညနေမနေခဲ့ပါ။ ထားဝယ်ဇာတ်ကြီးအနီး သူ့အိမ်တွင်ပင်နေခဲ့သည်။ မနက်ရောက်လာပြီး ဇာတ်စီးကျွန်တော်၊ ခေါင်းဆောင်မင်းသားတို့နှင့် ဆွေးနွေးတိုင်ပင်ပြီး ညနေဘက်ပြန်သွားလေ့ရှိ၏။ လာမည့်သီတင်းကျွတ်အဖိတ်နေ့ ရှင်မုတ်ထီးဘုရားပွဲအတွက်ပြင်ဆင်နေချိန်လည်းဖြစ်သည်။ ထားဝယ်တွင် ပထမဆုံးပွဲခွင်ဖြစ်၍ နာမည်ကောင်းရရန်အရေးကြီးလှသည်။ ဟာကွက်မရှိအောင် ပြင်ဆင်စီမံနေရသည်။

တစ်နေ့ ညနေစောင်းအချိန်တွင် နောက်ဖေးဘက် အပျိုများသာနေသောအိမ်မှ ဆူဆူညံညံအသံများကြားလိုက်ရသည်။ ယိမ်းသမတစ်ဦး ဇာတ်ဆရာ ဇာတ်ဆရာဟု ကျွန်တော့်ကိုခေါ်ရင်း အပေါ်ထပ်သို့တက်လာ၏။ အကြောင်းမဲ့ အပေါ်ထပ်သို့ တက်ခွင့်မရှိသည်ကို သိလျက်နှင့် တက်လာသည်မှာ အရေးကြီးကိစ္စရှိ၍ဖြစ်ကြောင်း ကျွန်တော်သိလိုက်သည်။

"လုပ်ပါဦး ဇာတ်ဆရာ၊ ဟိုမှာ မစန်းရီ ဘာဖြစ်နေလဲမသိဘူး။ သနဲ့တစ္ဆေဝင်ပူးနေလားမသိဘူး။ ကြောက်လိုက်တာ လာကြည့်ပါဦး"

"ဟင် - ဟုတ်လား။ ငါလိုက်မယ်"

ကျွန်တော် နောက်ဖေးဘက်အိမ်သို့ ကပျာကယာလိုက်သွားခဲ့သည်။ ယိမ်းသမ ခင်စန်းရီကို ထူးဆန်းသည့်ပုံဖြင့်တွေ့လိုက်ရသည်။

"ဘယ်လိုဖြစ်နေတာလဲ"

"ညနေဘက်ချက်တဲ့ ဟင်းမကောင်းဘူးဆိုပြီး ဟင်းသွားဝယ်ပြန်လာပြီး မကြာခင် ခုလိုဖြစ်တာ"

ကျွန်တော့် စန်းရီကိုသေချာကြည့်လိုက်သည်။ မျက်နှာသုန်မှုန်ကဲထန်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ပြီး ပါးစပ်တွင် ဟင်းများပေကျံနေသည်ကို တွေ့ရသည်။

"စန်းရီ သတိထားဦးလေ။ ဘာဖြစ်နေတာလဲ"

"ဘာစန်းရီလဲ၊ နင်တို့က လူအုပ်များတယ်ဆိုပြီး ဂရုမစိုက်တာလား။ ဟိုဘုန်းက ဒေါ် အေးကြည်ကိုယ်တိုင် ကျွေးထွေးခဲ့တာ၊ ခု နင်တို့ရောက်လာမှ ငါတို့ကို တက်နေတာ။ ဒါကြောင့် ဝင်လုပြီးစားတာ"

ယိမ်းသမစန်းရီ ပုံမှန်မဟုတ်တော့ပါ။ တစ်စုံတစ်ခုဝင်ရောက်ပူးကပ်နေသည်မှာ သေချာသည်။ ထမင်းဆိုင်မှ အဒေါ်ကြီး ပြောပြခဲ့သည်ကိုလည်း သတိရလိုက်မိသည်။

"ရောက်စမို့ ဒီခြံကြီးအကြောင်း သိသေးလို့ပါ။ နောက်တော့ ကျွေးပါ့မယ်။ ဘယ်နေရာမှာကျွေးရမှာလဲ"

"ဟောဒီဥဿစ်ပင်ရင်းမှာ လာတွေ့ပေါ့"

စန်းရီညွှန်ပြရာသို့ ကျွန်တော် ကြည့်လိုက်သည်။ နောက်ဖေးဘက် အိမ်နှစ်အိမ်အလယ်တွင်နားတွင် ကြီးမားသော ဥဿစ်ပင်ကြီးကို တွေ့ရသည်။ ထင်ရက အမှုမဲ့အမှတ်မဲ့ပင်နေခဲ့မိသည်။

"ကောင်းပါပြီ၊ အသားဟင်းချက်နဲ့ ဇာကွေးပဲ့မယ်။ နောက်ကိုမငိုနှောင့်ယှက်ပါနဲ့တော့"

"အေးလေ၊ ပေးထားတဲ့ကတိတော့ ဟုတ်ပါစေနော်။ ဒါဆိုသွားတော့မယ်"

ထိုသို့ ပြောဆိုပြီးသည်နှင့် မင်းသား စန်းရီ ကြမ်းပြင်ပေါ် သို့လဲကျသွားသည်။ အဖော်များက ထွေးပွေ့ထူမပေးဆိုတိုက်ကြသည်။ ခဏအကြာမှာ စန်းရီ ပုံမှန်ပြန်ဖြစ်လာသည်။

"ဟင်-လူတွေအများကြီးပါလား၊ ဇာတ်ဆရာလည်း ရောက်နေတယ်။ ငွေနိမ့်ဘာဖြစ်လို့လဲ"

"ဘယ်လိုဖြစ်တာလဲ၊ ငါ့ကိုပြောပြစမ်းလား"

ယိမ်းသမကလေး စန်းရီသည် ကျွန်တော့်ကို ချစ်ကြောက်လေးစားသူသည်း ဖြစ်သည်။ ခေတ္တမျှစဉ်းစားပြီး ကျွန်တော့်ကိုပြောပြသည်။

"ဒီနေ့ ဟင်းမကောင်းလို့ ဟိုခပ်ချင်လှမ်းမှာရောင်းနေတဲ့ဆိုင်က အမဲသားဟင်းဝယ်ဖြီးပြန်လာတာ။ ဒီနားက ဥဿစ်ပင်ကြီးအောက်ကဖြတ်အလာမှာ ဆယ်ယောက်ယောက်က ကျွန်မကိုင်ထားသောဆီနွှင့်ကိုဆွဲယူလိုက်သလိုပဲ။ မှောင်ပြီလေ၊ နောက်ကိုလှည့်ကြည့်တော့ လည်း ဘာမှမတွေ့ဘူး။ ကြောက်ကြောက်နဲ့ အိမ်ပေါ် ပြေးတက်ခဲ့တာကိုပဲ မှတ်မိတာ။ ကျွန်မသတိရတော့ ခုအခြေအနေရောက်နေပြီ"

"အင်း - ထမင်းဆိုင်ကအဒေါ်ကြီး ပြောတာမှန်နေပြီထင်တယ်။ ဒီခြံကမြေကြမ်းတယ်လို့ပြောတယ်။ နင်တို့လည်း ရတနာသုံးပါးမမေ့ကြနဲ့"

ဇာတ်အဖွဲ့သားများ ကြောက်ရွံ့သွားမည်စိုး၍ ကျွန်တော်စကားဖြတ်လိုက်သည်။

"ကဲကဲ - သွားကြတော့။ စန်းရီပါးစပ်မှာပေကျံနေတဲ့ဟင်းတွေဆေးပေးလိုက်ဦး။ ဟင်းတွေလည်းမှောက်ကျနေပါလား။ နောက်ကို ခုလိုမဖြစ်အောင် ဆိုင်ရာတွေကို ငါတောင်းပန်ထားပြီးပြီ။ ဘုရားရှိခိုး၊ ဇမတ္တာပို့ကြ"

မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်သတ္တဝါများ ဤခြံကြီးထဲရှိနေမည်ထင်သည်။ မစန်းရီကို တစ္ဆေသရဲဝင်ပူးခဲ့သည်ဟု ထင်ခဲ့ကြ။။။ ဆန်းခ်ီရပ်ကွက်ရှိ ဒေါ် အေးကြည်အိမ်ကြီးတွင် ပထမဆုံးသော အနှောင့်အယှက်နှင့်ကြုံခဲ့ရခြင်းဖြစ်သည်။ ဤကိစ္စမျိုး ကျွန်တော် အယုံအကြည်မရှိခဲ့ပါ။ သို့သော် မယုံ၍လည်းမဖြစ်သေးပေ။ စိတ်ထဲရှင်းသန့်သွားအောင် အသားဟင်းဝယ်တိုင်း ဥဿစ်ပင်ရင်းတွင် စတီသဘောမျိုး ကျွန်တော်ကျွေးခဲ့သည်။ ဇာတ်အဖွဲ့သားများ စိတ်ကျေနပ်အောင်ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

နောက်တစ်နေ့ မနက်စောစော ဒေါ် အေးကြည်ရောက်လာသည်။ မနေ့ညကအဖြစ်အပျက် ဒေါ် အေးကြည်ကို ပြောပြမေးမြန်းမည်ဟု ကြံကာရှိသေးသည်။ ဒေါ် အေးကြည်က -

"ဇာတ်ဆရာက ဟိုနေ့ကတွေ့ခဲ့တဲ့ ကျာပွတ်ဆရာအကြောင်းသိချင်နေတယ် မဟုတ်လား။ ပြောပြမလို့ပဲ၊ ဇာတ်ဆရာနဲ့ မင်းသား သိချင်းတိုက်နေဆဲဖြစ်လို့ မပြောခဲ့တာ၊ ခုပြောပြမယ်"

"တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်။ ပြောပါ ဒေါ် အေးကြည်"

"အဲဒီကျာပွတ်ဆရာက စိတ်မနံ့သူတွေ၊ ဦးနှောက်ပုံမှန်မရှိသူတွေ၊ စိတ်ဝေဒနာသည်တွေကို စေတနာ့ဝန်ထမ်းထိန်းသိမ်း စောင့်ရှောက်နေတဲ့သူပါ။ တစ်ဖက်ကလည်း ပယောဂရောဂါတွေကုတယ်။ ဗီနွှောဆရာလည်း ဟုတ်တာပဲ။ ပထမတော့ ဝေဒနာသည်သုံး၊ လေးယောက်လောက်ပဲ ထိန်းသိမ်းထားခဲ့တာ နောက်တော့ တဖြည်းဖြည်းများလာတယ်။ သက်ဆိုင်ရာမိဘဆွေမျိုးတွေကိုယ်တိုင် မထိန်းသိမ်းနိုင်တော့လို့ လာအပ်ထားကြတာ။ ဒီလိုနဲ့ ဝေဒနာသည်တွေများလာတာပေါ့"

"ကျာပွတ်ဆရာဆေးကုလိုက်ရင် စိတ်ဝေဒနာသည်တွေကောင်းသွားရောလား"

"လုံးဝ ပျောက်သွားတာတော့ မကြားမိဘူး။ ဒါပေမယ့် ကြမ်းတမ်းလွန်းတဲ့သူတွေ နည်းနည်းသိမ်မွေ့လာတာလောက်တော့ရှိတယ်"

"ဆရာက သူတို့တွေကို ဘာဆေးတွေနဲ့ကုနေထာလဲ"

"သိရသလောက်တော့ သူကိုင်နေကျ ကျာပွတ်ပဲ။ ကျာပွတ်ခဲကြားရင် သူတို့တွေငြိမ်သွားတယ်။ ဆရာ့စကားကို နားထောင်တာလည်းတွေ့ရတာ။ ဟိုနေ့က ဇာတ်ဆရာတို့ လက်တွေ့မြင်ခဲ့တာပဲ။ အဲဒီကျာပွတ်က တော်တော်ထူးဆန်းတယ်။ ကျာပွတ်မှာ မမြင်နိုင်တဲ့စွမ်းအား တစ်ခုခုရှိအောင် စီရင်ထားသလိုပဲ"

"ဒီဆရာက ဘယ်မှာနေတာလဲ"

"ကန်ပေါက်ဘက်သွားတဲ့လမ်းမှာပဲ။ ဒီခြံနဲ့သိပ်မဝေးပါဘူး။ နောက်တော့ ကျာပွတ်ဆရာနဲ့ သူတပည့်တွေ အလှူခံထွက်တာရော့ဦးမှာပါ"

ကျာပွတ်ဆရာအကြောင်း အသေးစိတ်သိရပြီ။ မနေ့ညနေက ယိမ်းသမစန်းရီဝင်ပူးခံရသည့်အကြောင်း ဒေါ် အေးကြည်ကို ပြောမည်ပြင်လိုက်စဉ်မှာပင် -

"သန်ဘက်ခါ ရှင်မုတ်ထီးဘုရားပွဲအတွက် ကားစီစဉ်ထားပြီးပြီ။ ဇာတ်ဆရာပြောတဲ့အတိုင်း ကားကြီးသုံးစီးစီစဉ်ထားတယ်။ ပထမဆုံးပွဲခွင်မို့ ဝရိယတ်သိအောင်ပြရမယ်။ စကင်းစိန်ဇာတ်သဘင် ဒီနယ်တစ်ဝိုက်မှာ ကျော်ကြားသွားစေချင်တယ်"

"စိတ်ချ ဒေါ် အေးကြည်၊ ဒီနှစ် ဒေါ် အေးကြည် အမြတ်အစွန်းများများ ရမှာသေချာပါတယ်"

စကားဆုံးသည်နှင့် ဒေါ် အေးကြည်ထွက်သွားသဖြင့် စန်းရီဝင်ပူးခံရသည့်အဖြစ်အပျက် မပြောလိုက်ရတော့ပါ။

သီတင်းကျွတ် အဖိတ်နေ့ညမှစ၍ ကျွန်တော်တို့ စကင်းစိန်ဇာတ်သဘင် အဖွဲ့ ကပြဖျော်ဖြေရသည်။ ရှင်မုတ်ထီးဘုရားပွဲမှာ ထင်သည်ထက်ပို၍ စည်ကားနေသည်။ ပရိသတ်တိုးမပေါက်အောင်စည်လှုသည်။ နှစ်ညပွဲခွင်ဖြစ်သော်လည်း သက်ဆိုင်ရာပွဲဦးနယ်မှား

www.burmeseclassic.com

www.burmeseclassic.com

ထပ်မံတောင်းဆိုချက်အရ သုံးညတိတိ ကပြခဲ့ရသည်။ ပထမဆုံးညတွင်တင် ဆက်ခဲ့သည့် နောက်ပိုင်းဇာတ်ထုပ်ပန်းဝဲမောင်တင့်တယ်မှာ တတိယညတွင် ထပ်မံကပြရသည်အထိ အောင်မြင်ခဲ့သည်။ ကျွန်တော်ကိုယ်တိုင် ရေးဖွဲ့တင်ဆက်ခဲ့သော နောက်ပိုင်းဇာတ်ထုပ်များဖြစ်သည့် ဝစီဘေဒထိတိုင်းရှု ပန်းပဲမောင်တင့်တယ်ဇာတ်ထုပ်များ အထူးကျော်ကြားအောင်မြင်ခဲ့သည်။စာကင်းစိန်ဇာတ်သဘင်အဖွဲ့ နာမည်ကျော်ကြားခဲ့ပါတော့သည်။ ရှင်မုတ်ထီးဘုရားပွဲအပြီးတွင် ကျွန်တော်တို့ဇာတ်အဖွဲ့ ပွဲခွင်အတော်များများငှားရမ်းခြင်းခံခဲ့ရသည်။ ဇာတ်ပိုင်ရှင် ဒေါ်အေးကြည်မှာလည်း ပျော်တပြုံးပြုံးနှင့်ဖြစ်နေပါတော့သည်။ ကျွန်ုပ်တော်တို့ဇာတ်အဖွဲ့အောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ဇာတ်ပိုင်ရှင် ဒေါ်အေးကြည်က ကြက်သားဟင်းချက်ကျွေးခဲ့သည်။ စိတ်ကြိုက်အဝစားဖြစ်သည်။ လိုသလောက်စားသုံးနိုင်အောင် စီစဉ်ပေးသည်။

ထိုညက ညကိုးနာရီနီးမှ ကြက်သားဟင်းကျက်သည်။ ကျွန်တော်တို့ ထမင်းစားနေကြစဉ်မှာပင် ဒေါ်အေးကြည်ပြန်သွားသည်။ ခင်မင်ရာလေးငါး ယောက်တစ်စုပိုင်းဖွဲ့စားသောက်နေကြသည်။ ဇာတ်အဖွဲ့ ပွဲချီစိပ်စိပ်လက်ခံခဲ့ရသဖြင့် ညကြေးလည်းတိုးပေးမည်ဟုသိရသည်။ အားလုံးပျော်ရွှင်နေကြ၏။ ဆိုင်းသမားအုပ်စုက အရက်သောက်လို ကြောင်း ခွင့်တောင်းသဖြင့် ကျွန်တော် ခွင့်ပြုခဲ့ရသည်။ ဇာတ်ပိုင်ရှင်ကိုယ်တိုင် ပင်လျှင် စိတ်ကြိုက်စားသောက်နိုင်ရန် ရှောင်ထွက်သွားခဲ့သည်။ အရက်ကိစ္စ ကျွန်တော် မဟန့်တားတော့ပါ။မင်းသားစကင်းစိန်ကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် အရက်တစ်ခွက်၊ နှစ်ခွက်အတင်းဝိုင်းတိုက်ကြသည်။ အရက်မသောက်သူမှာ ကျွန်တော်နှင့်လူပြက်လိပ်ဖူးတို့နှစ်ဦးသာကျန်သည်။ ယောကျ်ားအားလုံးလိုလို မူးယစ်ပျော်ရွှင်နေခဲ့သည်။ စားသောက်ပြီး မူးမူးဖြင့် အိပ်ရာဝင်သွားကြသည်။ ကျွန်တော် ရုတ်တရက် အိပ်မပျော်ဘဲရှိနေသည်။ ဇာတ်အဖွဲ့အောင်မြင်မှုရရှိသဖြင့် ဝမ်းသာကြည်နူးဝိတိဖြစ်နေမိသည်။ အတွေးများဖြင့် အိပ်ရာထက်တွင် လူးလှိမ့်နေမိသည်။ အပေါ်ထပ်တွင် ကျွန်တော်နှင့်မင်းသားနှစ်ဦးတည်းသာရှိသည်။ ခါတိုင်း အပေါ်ထပ်တွင်အိပ်သူများ ယခုည အရက်မူးရင်း အောက်ထပ်တွင်ပင်အိပ်နေကြသည်။

ကျွန်တော် မေးခဲ့အိပ်ပျော်သွားစဉ် တဒုန်းဒုန်းနှင့် လေ့ကားမှ အပေါ်ထပ်သို့တက်လာသောခြေသံများကြားလိုက်ရသည်။ ထိုခြေသံကြောင့် ကျွန်တော် အိပ်ရာမှနိုးလာခဲ့သည်။ အောက်ထပ်တွင် အိပ်နေသူတစ်ဦးဦး မူးမူးရွဲရွဲနှင့် အပေါ်ထပ်သို့တက်လာသည်ဟု ထင်ခဲ့သည်။လေ့ကားထိပ်သို့ ကျွန်တော်ကြည့်လိုက်သည်။ မှောင်မည်းနေ၍ သဲသဲကွဲကွဲ မမြင်ရပေ။ တက်လာသောခြေသံများ အပေါ်ထပ်အရောက်တွင် ခြေသံပျောက်သွားသည်။ မည်သူကိုမျှလည်း မတွေ့ရပေ။ ကျွန်တော် ပြန်အိပ်လိုက်သည်။ မိနစ်အနည်းငယ်အကြာတွင် ခြေသံများကြားရပြန်သည်။ အိပ်ရာနံဘေးတွင် အသင့်ရှိနေသော လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"ဘယ်သူလဲ၊ အပေါ်ထပ်တက်လာတာ"

တိတ်ဆိတ်နေသောအချိန်တွင် ကျွန်တော့်အသံက ကျယ်လောင်စွာ ထွက်သွားသည်။ ထိုစဉ်မှာပင် ထမင်းသည်အဒေါ်ကြီးပြောခဲ့သောစကားများကို အမှတ်ရပြီး ကြောက်စိတ်ဝင်လာမိသည်။ နံဘေးမှ မင်းသားစကင်းစိန်ကို နှိုးလိုက်သည်။

"ဘာဖြစ်လို့နှိုးရတာလဲ အပါ"

"လေ့ကားက အပေါ်ထပ်တက်လာတဲ့ခြေသံတွေကြားရလို့ကွ။ နှစ်ခါရှိပြီ။ လူလည်းမတွေ့ဘူး"

"မင်းစိတ်ထဲကထင်နေလို့ဖြစ်မယ် ထင်တယ်"

"မဟုတ်ဘူး စကင်း၊ ငါသေသေချာချာကြားခဲ့တာ"

မင်းသားက ကျွန်တော့်ကို အမါဟုခေါ်ပြီး ကျွန်တော်က သူ့ကို စကင်းဟုသာခေါ်လေ့ရှိသည်။

"ကဲပါကွာ၊ ပြန်အိပ်ကြစို့"

တစ်အိမ်လုံး ပြန်လည်တိတ်ဆိတ်သွားသည်။ အောက်ထပ်မှ ဆိုင်းသမားများ ဟောက်သံကိုပင် ကြားနေရသည်။ ညဉ့်နက်သန်းခေါင်ကျော်ခဲ့ပြီဖြစ်သည်။ ထိုအခိုက်မှာပင် အောက်ထပ် ဇာတ်ပစ္စည်းများထားရာဘက်မှ ကြေးနောင်ကိုတီးလိုက်သည့် နောင်နောင်အသံနှစ်ချက် ကြားလိုက်ရသည်။

"ဟော - အောက်ထပ်ဇာ ကြေးနောင်တီးသံပဲ။ ကြားလား စကင်း"

"အေး- ကြားတယ်။ ဘယ်သူလဲလို့သိရအောင် တိတ်တိတ်နေဦး။ လက်နှိပ်ဓာတ်မီးအသင့်လုပ်ထား"

မင်းသားက လေသံဖြင့် ကျွန်တော့်ကိုပြောသည်။ ထိုအခိုက်မှာပင် ကြေးနောင်တီးသံ နှစ်ချက်ထပ်ကြားရပြန်သည်။

"ကဲ- အပါ၊ ကြေးနောင်တွေရှိတဲ့ဘက် လက်နှိပ်ဓာတ်မီးထိုးစမ်း။ ကြည့်ရအောင်"

စကင်း၏ စကားဆုံးသည်နှင့် ကျွန်တော် လက်နှိပ်ဓာတ်မီးဖွင့်လိုက်သည်။ ဇာတ်ပစ္စည်းများထားသည့်ဘက်တွင် မည်သည့်လှုပ်ရှားမှုမျှမတွေ့ရသဖြင့် မည်သူ့ကိုမျှလည်း မတွေ့ရပေ။ ဆိုင်ဝိုင်း၊ ဝုံများ၊ ပတ္တလားများနှင့် ဇာတ်ပစ္စည်းများကိုသာ တွေ့ရသည်။

"ဒီညတော်တော်ထူးတယ်။ ခြေသံတွေလည်းကြားရတယ်။ ကြေးနောင်တီးသံလည်းကြားရတယ်။ ဒါပေမယ့် ဘာတွေ့မတွေ့ဘူး။ ဘယ်လိုဖြစ်တာလဲ တစ္ဆေခြောက်တာများလား"

"အောက်ထပ်ကကောင်တွေ မူးနဲ့အိပ်နေကြတာ ဘာမှသိမှာမဟုတ်ဘူး ဟောက်သံတောင်ထွက်နေတာ၊ လာကွာ ပြန်အိပ်ကြစို့"

ကျွန်တော်တို့နှစ်ယောက်ပြန်အိပ်ကြပြန်သည်။ မင်းသားက ကျွန်တော့်အနားတိုးကပ်ပြီးလာအိပ်သည်။ အိပ်ရာမပျော်မီမှာပင် အောက်ထပ်မှ ဝုံတီးကြားလိုက်ရပြန်သည်။ ကျွန်တော်တို့စကားဆိုစွာ စောင့်ဆိုင်းနေစဉ်မှာပင် ဝုံတီးသံကြားရပြန်သည်။

"နောင့်ယှက်သူရှိနေပြီ စကင်း။ မှောင်မည်းနေတော့ ဘာမှမတွေ့ရဘူး ဒီတော့ မှန်အိမ်တွေ၊ ဖယောင်းတိုင်တွေထွန်းထားရအောင်"

ကျွန်တော်တို့နှစ်ယောက်အောက်ထပ်ဆင်းသွားပြီး ဖယောင်းတိုင်၊ မှန်များထွန်းလိုက်ကြသည်။ တစ်ခန်းလုံးလင်းလာသည်။ မီးလင်းနေတော့မှ ဘာများတိတ်သွားတော့သည်။

"ခုမှအနောင့်အယှက်ကင်းထင်အိပ်ရတော့မယ်။ သန်းခေါင်တောင်သွားပြီထင်တယ်"

နှစ်ယောက်သား စောင်ခြုံပြီး အိပ်ကြသည်။မီးလင်းနေသဖြင့်ထွေစိတ်များလျော့ပါးခဲ့သည်။ အိပ်တော်လုအချိန် အိမ်နောက်ဖေးဘက် အသံသာနေသောအိမ်ဘက်မှဆူဆူညံညံများကြားလိုက်ရသည်။ အသံများပြီးမကြာမီ ကျွန်တော့်အမည်ကိုခေါ်ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဇာတ်ဆရာ၊ ထပါဦး။ ဟိုမှာ ထွေးထွေး ဘာဖြစ်နေလဲမသိဘူး။ ဘဝလောကစန်းရီဖြစ်သလိုပဲ၊ ဝင်ပူးနေပြီး။ ဒီတစ်ခါတော့ဆိုးတယ်။ သောင်းကျန်းနေတယ်"

"ကဲ - စကင်းရော၊ ဒီညတော့ ဒီခြံဘယ်လိုဟာတွေနှောင့်ယှက်နေတာသေသိဘူး။ အိပ်လို့ရတော့မှာမဟုတ်ဘူး။ မင်းပါလိုက်ခဲ့ကွာ"

ကျွန်တော်တို့နှစ်ယောက် နောက်ဆောတ်သို့ ထွက်ခဲ့ကြသည်။ အပျိုများအနေထိုင်သည့်အိမ်ပေါ် သို့တက်လိုက်သည်နှင့် -

"နင်တို့ကတော့ စားသောက်နေကြတာ၊ တို့ကိုတော့ ကျွေးဖို့သတိရဘူး။ ကျွေးမယ်လို့ကတိပေးထားပြီး ငတ်ပို့ကတိမတည်ဘူး။ ဒါကြောင့် သိဘောင်အသိပေးရတာ"

ယိမ်းသမ ထွေးထွေးထံမှ ကြားရသောအသံဖြစ်သည်။အသံက ထွေးထွေးဝင်တိုအသံမဟုတ်မှန်း သိသာသည်။

"ဘယ်ကနေဘယ်လို အချိန်မတော်ကြီးမှာ ထွေးထွေးခုလိုဝင်ပူးခံရတာလဲ"

"သူအပေါ်အပါးသွားချင်လို့ကျွန်မ ဝင်ပူးတယ်။ အိမ်သာကဝေးတော့ အနီးအနားမှာပဲ အလွယ်သွားလိုက်မိတယ်"

"ဥသျှစ်ပင်နားသွားခဲ့သေးလား"

"ဟုတ်တယ်၊ ဥသျှစ်ပင်နားက ရောက်လာပြီး ခုလိုပေါက်ကရတွေပြောဆိုတာပဲ။ အစိမ်းသရဲဝင်ပူးနေတာသတ်တယ်။ထွေးထွေးမျက်နှာကကြောက်ရွံစရာ အသံကလည်းသူ့အသံမဟုတ်ဘူး ထူးဆန်းလိုက်တာ"

ကျွန်တော်က ယိမ်းသမလေးထွေးကိုမေးလိုက်သည်။

"ခုပြောနေတာ ဘယ်သူလဲ၊ သတ်ကလဲ၊ ဘာဖြစ်ချင်လဲ။ ခဏခဏဆောင့်ယှက်နေတာမကောင်းဘူး"

"ငါ ဘယ်သူလဲဆိုတာ နင်တို့သိသင့်ပါတယ်ဟူး။ ဒီခြံထဲမှာနေခဲ့တာကြာလှပြီ။ ဒီကနေ နင်တို့ကစားနေလိုက်ကြတာ၊ ကျွေးမယ်လို့ပြောထားပြီးတော့ မကျွေးသေးသောအောင်၊ သတိရအောင်လို့ အိမ်ပေါ်ကလည်း အချက်ပြအသိပေးခဲ့သေးသော် မသိကြဘူးလား"

စန်းရီကိုဝင်ပူးခဲ့စဉ်က ကျွန်တော် ကြားလိုက်ခဲ့သည်။အသားဟင်းချက်လျှင် ကျွေးမည်ဟုပြောခဲ့သည်။ ယနေ့ည အသားဟင်းချက်သည်။ ဟင်းများယူသွားသည့် ဥသျှစ်ပင်အောက်မှ ဖြတ်သွားဖြတ်လာပြုခဲ့ကြမည်ထင်သည်။

"မေ့သွားလို့ပါ။ ကျွေးပါ့မယ်။ မနှောင့်ယှက်ပါနဲ့တော့"

"ယုံရမှာလား၊ ခုကျွေးလေ"

"ကဲ - စကင်း၊ ကြက်သားဟင်းကျွန်ဦးမယ်ထင်တယ်။ တစ်ပန်းကန်လောက်ထည့်ပြီး ဥသျှစ်ပင်အောက်မှာသွားချပေးလိုက်ပါလား"

"ဟာ - ငါမလုပ်ရဲဘူး အပါ"

"ဒါဆိုလည်း ငါပဲသွားလုပ်မယ်"

ကျွန်တော် အိမ်ပေါ်ပြန်ရောက်ချိန် ထွေးထွေး ပုံမှန်အနေအထားပြန်ရောက်နေသည်ကို အံ့သြဖွယ်ရာတွေ့လိုက်ရသည်။ ထွေးထွေးမှာ သူဘာဖြစ်ခဲ့သည်ကို လုံးဝသိပုံမရပါ။ ကြံခဲ့ဖူးသောကိစ္စမို့ ကျွန်တော် ထွေထွေထူးထူးမေးမနေတော့ပါ။

"သူတို့ဆန္ဒအတိုင်း ကျွေးခဲ့ပြီးပြီ။ ငါကလည်း ကတိပျက်ခဲ့တာကိုး။ ဘာမှမဖြစ်တော့ဘူး။ လာ - သွားအိပ်ကြစို့"

မင်းသားစကင်းစိန်က အံ့သြသောအမူအရာဖြင့် ပြောလိုက်သည်။

"အပါ၊ မင်းဟာ ဇာတ်ထုပ်ရေးတဲ့ပညာသာမကဘူး၊ ပယောဂကုတဲ့ပညာလည်း တတ်နေပါလား"

"ဘယ်က ပယောဂကုတဲ့ပညာတတ်ရမှာလဲ။ စန်းရီကိုတစ်ခါဝင်ပူးပြီးပြီ။ အသားဟင်းချက်ရင် ကျွေးမယ်လို့ ကတိပေးခဲ့တယ်။ ဒီနေ့ ကြက်သာဟင်းချက်တယ်လေ။ ကတိအတိုင်းမကျွေးမိလို့ သတိပေးခြောက်လှန့်တာ မင်းအမြင်ပဲလေ။ ဥသျှစ်ပင်အောက်သွားကျွေးလိုက်တော့ ချက်ချင်းကောင်းသွားတာ လက်တွေ့ပဲ"

"ဒီခြံကြီးထဲနေရတာ ငါတောင် ကြောက်လာပြီကွာ"

"ကိစ္စတွေပြီးသွားပြီ။ ဘာမှ မကြောက်နဲ့တော့။ စိတ်ချလက်ချအိပ်နိုင်ပြီ"

ထိုညက မိုးလင်းသည်အထိ မည်သည့်ပြဿနာ နှောင့်ယှက်မှုမျိုးမျှ မကြုံတွေ့ရတော့ပါ။ ညက အိပ်ရေးပျက်ခဲ့သဖြင့် မိုးလင်းသည်အထိ ကျွန်တော် အိပ်နေခဲ့သည်။ နေမြင့်မှ အိပ်ရာကနိုးလာသည်။ အိပ်ရာမှနိုးစမှာပင် အောက်ထပ်မှ ခေါ်သံကြားလိုက်ရသည်။

"ဇာတ်ဆရာ၊ ဒီမှာဈေးသည်ရောက်နေတယ်။ နိုးပြီလား၊ ဆင်းခဲ့ပါဦး"

ပွဲဌားလာသူဖြစ်မည်ဆင်သည်။ ကပျာကယာ မျက်နှာသစ်ပြီး ကျွန်တော် အောက်ထပ်သို့ဆင်းလာခဲ့၏။အောက်ထပ်တွင် လုံးဝမမျှော်လင့်ထားသူတစ်ဦးကို တွေ့လိုက်ရသည်။ ကျွန်တော့်ည့ည့်သည်ဆိုသူသည် တွေ့တုတ်ခိုင်ခိုင်နှင့် ကျာပွတ်ဆရာ၊ အန္ဆးဆရာကိုယ်တိုင်ဖြစ်နေသည်။

"ဟာ-ဆရာ၊ ဘာကိစ္စရှိလို့လဲ"

"ဒေါ်အေးကြည်ဆီ အကူအညီလာတောင်းတာ ဒေါ်အေးကြည်မတွေ့တာနဲ့ ဇာတ်ဆရာကိုခေါ်ပေးကြတာ။ ဒီလိုပါ ဆရာ၊ အိမ်တစ်ဖက်ခန်း မီးသွယ်ချင်လို့ပါ။ နှစ်ခန်းအနက် တစ်ခန်းပဲမီးရှိတယ်။ ဒီဇာတ်အဖွဲ့မှာ လျှပ်စစ်မီးကျွမ်းကျင်သူရှိတယ်လို့သိရတယ်။ အဲဒါ အကူအညီတောင်းချင်လို့ပါ"

"ဒါလား ရပါတယ်။ မီးသမားရှိပါတယ်။ ဘယ်တော့လိုက်လုပ်ပေးရမလဲ"

"ဓာတ်နိုင်ရင် ခုပဲလိုက်လုပ်ပေးစေချင်တယ်။ နောက်ဆို ဇာတ်အဖွဲ့က ဇာတ်ကထွက်နေမှာဆိုတော့ အားဖို့မလွယ်တော့ဘူးလေ"

ကျွန်တော်တို့ဇာတ်အဖွဲ့ ပွဲခွင်စိပ်စိပ်လက်ခံရရှိထားသည်ကို ကျာပွတ်ဆရာသိနှင့်နေခဲ့သည်။

"ဖြစ်ပါတယ်။ ခုပဲ လိုက်လုပ်ပေးပါ့မယ်"

တစ်ဆက်တည်း ကျွန်တော်က မီးသမားထွန်းပေါက်ကို လှမ်းခေါ်လိုက်သည်။ ထွန်းပေါက် ချက်ချင်းရောက်လာသည်။

"ထွန်းပေါက်ရေ၊ ဒီဆရာအိမ်ခန်းမှာ မီးတပ်ချင်လို့ပါ။ လိုအပ်တဲ့ပစ္စည်းတွေယူပြီး ငါနဲ့လိုက်ခဲ့"

ကျွန်တော်နှင့်မီးသမားထွန်းပေါက်တို့ ကျာပွတ်ဆရာအိမ်သို့ လိုက်ခဲ့ကြသည်။ ကိုယ့်ဇာတ်အဖွဲ့ အခြေအနေသိချင်၍ ဆရာ့ကိုမေးကြည့်မိသည်။

"ကျွန်တော်တို့ ဇာတ်အဖွဲ့အခြေအနေကောင်းရဲ့လားဆရာ။ ထားဝယ်ကပရိသတ်လက်ခံရဲ့လား"

"ပွဲတော်နေထာကြာတော့ ရှင်မုတ်ထီးဘုရားပွဲကိုယ်တိုင်သွားကြည့်ခဲ့တာ၊ သိပ်ကိုကောင်းပါတယ်။ စကင်းစိန်ဇာတ်သဘင်အဖွဲ့သတင်းကတော့ ရှင်မုတ်ထီးဘုရားပွဲပြီးကတည်းက နာမည်ကြီးသွားတော့တာပဲ။ နာမည်ကြီးသင့်ပါတယ်လေ။ ရှေ့ပိုဒ်းပြဇာတ်ရော နောက်ပိုင်းဇာတ်ထုပ်တွေပါ ကောင်းမှကောင်းပဲ"

"ဆရာ့အမြင်လေးပြောပြပါလား။ ပြင်သင့်တဲ့အပိုင်းရှိရင်ပြင်ချင်လို့ပါ"

"ပြဇာတ်မှာတော့ 'ရွှေစမ်း ဘယ်လမ်းလို့ကမလဲ' ပြဇာတ် လူတိုင်း စွဲမက်သွားကြတာ၊ ရင်ထဲစွဲကျန်ခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ပြဇာတ်အဖွင့်မှာကို ရာဇဝင်နောက်ခံ ဇာတ်လမ်းလေးနဲ့ဖွင့်ခဲ့တာ။ ဘုရင့်သမီး တော်နဲ့ ချစ်ကြိုးသွယ်မိတဲ့ ပိုးကုန်သည် လုလင်ဇာတ်လမ်းက ဆွဲဆောင်မှုအား ကောင်းခဲ့တာပဲ။ သမီးတော်လေး ပိုးကုန် သည်လုလင်နဲ့ ချစ်ကြိုက်နေတာ ဖခမည်းတော် ဘုရင်မပီးမြတ် သိသွားခဲ့ တယ်။ နှစ်ယောက်စလုံး သတ်ဖြစ်စီစဉ်ခဲ့ တယ်။မူးကြီးမတ်ကြီးတွေက သမီးတော် ကို အသက်ချမ်းသာပေးဖို့ ပိုင်းပြီး တောင်းပန်ကြတယ်။ အဲဒီမှာ ဘုရင်ကြီး က ပညာရှိအမတ်နဲ့တိုင်ပင်ပြီး လှောင် အိမ်နှစ်ခုတည်ဆောက်တယ်။ လှောင် အိမ်တစ်ခုမှာ အသားစားကျားဆိုးတစ် ကောင်ထည့်ပြီး ကျန်တဲ့လှောင်အိမ်မှာ သမီးတော်ကို ထည့်ထားခဲ့တယ်။ ပိုးကုန် သည်လုလင်က ကြိုက်နှစ်သက်ရာ လှောင်အိမ်တစ်ခုထဲ မလွဲမသွေဝင်ရမှာ ဖြစ်တယ်။ သမီးတော်ရှိရာ လှောင်အိမ် ထဲဝင်ခဲ့ရင် တစ်ညတာ သမီးတော်နဲ့ ပေါင်းဖက်ရမယ်။ ဒါပေမယ့် မနက်လင်း တာနဲ့ နှစ်ယောက်စလုံးကို သတ်မယ်။ ကျားလှောင်အိမ်ထဲဝင်ရင်တော့ သမီး တော်လေး အသက်ချမ်းသာရမယ်။ ပိုး ကုန်သည်လုလင်ကတော့ ကျားစားခံရ မှာဖြစ်တယ်။ သမီးတော်လေးကတော့ သူရှိတဲ့လှောင်အိမ်ထဲကို ပဝင်စေချင် တယ်။ နှစ်ယောက်စလုံး အသေခံမယ် ဖေါ်ပြီးပိုးကုန်သည်လုလင်က ကျားလှောင် အိမ်ထဲကိုပဝင်မယ်။ သမီးတော်ကို မသေ စေချင်ဘူးလေ။ ပိုးကုန်သည်လုလင် ကျားလှောင်အိမ်ထဲဝင်မယ်လို့ ခြေလှမ်း ပြင်လိုက်တိုင်း မင်းသမီးလေးက ငိုယိုပြီး တားတယ်။ ပိုးကုန်သည်လုလင်လေး လှောင်အိမ်ရွှေ့ချယ်ရခက်ခဲနေပုံကို ပြ တယ်။ ချီတုန်ချတုန်ဖြစ်နေပုံကိုပေါ် အောင်ပြတယ်။ ရွှေးချယ်ဖို့အချိန်စေ့လို့ အတင်းဝင်ခိုင်းချိန်မှာ ကန့်လန့်ကာချပြီး ဇာတ်ကိုရပ်စဲလိုက်တယ်။ပရိသတ်တွေ မချင့်မရဲနဲ့ ကျန်ရစ်ခဲ့တယ်။ ပြီးတော့မှ ရာဇဝင်ဇာတ်လမ်းမဟုတ်တဲ့ဇာတ်နဲ့ပြန် ပြီး ချိတ်ဆက်ပြတယ်။ လူရွယ်တစ်ဦးက ချစ်သူနှစ်ဦးရှိတယ်။ ဘယ်သူ့ကိုရွေးရ မလဲဆိုတာ မဆုံးဖြတ်နိုင်ဘူးဖြစ်နေ တယ်။ အဲဒီမှာ သူငယ်ချင်းဖြစ်သူက ပိုးကုန်သည်လုလင်လို အရွေးရခက်နေ သလားလို့မေးပြီး ရာဇဝင်နဲ့ခေတ်ပေါ် ဇာတ်လမ်းချိတ်ဆက်ထားတုံးတယ်။ သိပ် ကောင်းတာပဲဘယ်သူရေးတဲ့ဇာတ်လမ်း လဲ”

“ကျွန်တော်ရေးတဲ့ဇာတ်လမ်းပါ။ ကျွန်တော်က ဇာတ်စီးတက္ကသိုလ် ဦးပါ လို့ခေါ်ပါတယ်”

“ဟာ - ငါ့ညီက ဇာတ်စီးတက္က သိုလ်ဦးပါဆိုသူလား။ နောက်ပိုင်း ပန်းပဲ မောင်တင့်တယ်ဇာတ်ထုပ်လည်းကောင်း လိုက်တာ။ အဲဒီဇာတ်ထုပ်ကော ငါ့ညီ ရေးတာပဲလား”

“ဟုတ်ပါတယ် ဆရာ”

စကားပြောရင်း ကျွန်တော်တို့ လျှောက်လာခဲ့ကြရာ ခြံကြီးတစ်ခြံရှေ့သို့ ရောက်လာသည်။ ခြံရှေ့တွင် ကျာပွတ် ဆရာ ရပ်တန့်လိုက်သည်။

“ဒါ-ကျွပ်ခြံပဲ။ အထဲဝင်ရအောင်”

ခြံဝတွင် ‘ကျာပွတ်ဆရာ’ ဟူသော ဆိုင်းဘုတ်ကို တွေ့လိုက်ရသည်။ ခြံထဲ တွင် ကြီးမားသော နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးကို တွေ့ရသည်။

“ဆရာက အရွှေးသည်တွေကို ဆေးကုပေးနေတာလား”

“ဆေးကုပေးတာ ဇာတ်ပါဘူး။ ကျွပ်က ထိန်းသိမ်းစောင့်ရှောက်ထား တာပါ။ အရွှေးလို့ဆိုတာထက် ဦးနှောက် ပုံမှန်မရှိတဲ့ စိတ်ဝေဒနာသည်တွေဆိုရင် ပိုပြီးမှန်မယ်ထင်တယ်။ ပထမတုန်းက တော့ လေး၊ ငါးဦးလောက်ပဲ လက်ခံပြီး စောင့်ရှောက်ထားခဲ့တာ၊ နောက်တော့ သက်ဆိုင်ရာ ဆွေမျိုးမိဘတွေကိုယ်တိုင် မထိန်းသိမ်းနိုင်တော့လို လာအပ်ထားကြ တာ။ ပြီးတော့ လမ်းဘေးမှာ ဖြစ်သလို အိပ်၊ ဖြစ်သလိုစားနေတဲ့ စိတ်ဝေဒနာ သည်တွေကိုလည်း ခေါ်ယူစောင့်ရှောက် ခဲ့တယ်။ ဒီလိုနဲ့ တဖြည်းဖြည်း လူများ လာတာ”

“မိဘဆွေမျိုးတွေတောင်မစောင့် ရှောက်နိုင်တာ ဆရာက ဘယ်လိုဆေး တွေကျွေးပြီး ထိန်းသိမ်းစောင့်ရှောက်နေ တာလဲ”

“ကျွပ်ရဲ့လက်စွဲတော် ကျာပွတ်နဲ့ ထိန်းသိမ်းခဲ့တာပါ”

“ကျာပွတ်နဲ့ရိုက်ပြီး ဆုံးမစောင့် ရှောက်ခဲ့တာလား”

“ဒီနေ့အထိ ဘယ်သူ့ကိုမှ ကျာ ပွတ်နဲ့ တစ်ချက်မှမရိုက်ခဲ့ဖူးဘူး။ ကျာ ပွတ်သံနဲ့ သူတို့ကိုထိန်းခဲ့တာ။ ကျာပွတ် သံကြောင့် ကျွပ်စကားကိုနားထောင်ကြ တာ”

“ကျာပွတ်သံက တော်ရဲတော် အစွမ်းထက်ပါလား။ ဒီကျာပွတ်မှာ မမြင် နိုင်တဲ့ စွမ်းအားတစ်ခုခုရှိအောင် စီရင် ထားတာလား”

“ထင်ချင်သလိုထင်လို့ရပါတယ်။ ကျွပ်က ငါးပါးသီလလုံအောင်ထိန်း တယ်။ မေတ္တာပို့တယ်။ ကျွပ်အလုပ်က သာမန်လူတွေ၊ ဆရာတွေမလုပ်နိုင်ဘူး။ စိတ်မူမမှန်တဲ့သူတွေနဲ့ အတူတူနေရတာ အန္တရာယ်ကြီးပါတယ်။ကျွပ်သူတို့အပေါ် မေတ္တာထားတယ်။ အင်မတန်မွန်မြတ် တဲ့အလိုပ်လို့ ကျွပ်ခံယူထားတယ်။ မေတ္တာရောင်ပြန်ဟပ်တယ်ထင်ပါရဲ့။ ဒီနေ့ အထိ ဘာပြဿနာမှ ကြီးကြီးမားမား မတွေ့ခဲ့ရဘူး။ ကျွပ်ကျာပွတ်က စိတ် ဝေဒနာသည်တွေသာမက ပယောဇ ကုသရာမှာလည်းသုံးခဲ့တာပဲ”

ကျွန်တော်တို့ အပေါ်ထပ်သို့ တက်လာကြသည်။ ဆူညံလှုပ်ရှားနေ သော ဝေဒနာသည်များကိုတွေ့ရသည်။

“သူတို့က နည်းနည်းပိုဆိုးတယ်။ ယဉ်ယဉ်လေးနဲ့ရူးနေတဲ့သူတွေကိုတော့ အောက်ထပ်မှာထားတယ်”

“ငြိမ်ငြိမ်နေကြစမ်း။ မင်းတို့နေတဲ့ အခန်းကို မီးဆင်ပေးမလို့၊ သူတို့က မီး ဆင်ပေးမယ့်သူတွေ”

ကျာပွတ်ဆရာက တစ်ဆက် တည်း သူတပည့်များကို လှမ်းပြောလိုက် သည်။ပြီးသည်နှင့် ဆရာက ကျာပွတ်ကို လှမ်းဟူပြီး လေထဲရွှမ်းခနဲတစ်ချက်ရိုက် လိုက်သည်။ ဆူညံလှုပ်ရှားနေသူများ ငြိမ်သွားသည်ကို တွေ့လိုက်ရသည်။

“လူများလို့အခန်းခွဲထားရတယ်။ ဒီဘုက် အခန်းမီးမရှိသေးဘူး။ ဟိုဘက် အခန်းနဲ့ ဝါယာကြိုးဆက်လိုက်ရုံပါ”

“လွယ်လွယ်လေးပါ။ ကဲ - ထွန်း ပေါက် ဆရာပြောသလိုသာလုပ်လေး လိုက်”

ထွန်းပေါက်က မီးသွယ်တန်းလေ ဆောင်ရွက်နေစဉ် ကျွန်တော်က ကျာပွတ် ဆရာနှင့် စကားဆက်ပြောနေသည်။ စကားစပ်မိ၍ ကျွန်တော်တို့ခြံကြီး ဥယျာဉ်ပင်ကြီးအကြောင်း၊ အသားဟင်း ဝယ်ပြီးဖြတ်သွားစဉ် ဝင်ပူးပြီးပြောသည့် အကြောင်း၊ ကြက်သားဟင်းချက်စား သည့်ညက ခြောက်လှန့်ခံရပုံများအစရှိ စိတ် ဆရာ့ကိုပြောပြလိုက်သည်။

“ဒေါ် အေးကြည်ပိုင်တဲ့ ခြံကြီး လူမနေတာကြာပြီ။ မြေကြီးမိုးလေ ဘယ်သူမှမနေရဲကြဘူး။ မြင်အင်၊ မြင် အပ်ပုဂ္ဂိုလ်သတ္တဝါတွေ၊ ပရလောက သားတွေရှိချင်ရှိနေမှာပေါ့။ သူတို့နေ နေရာ လူတွေရောက်လာတော့ ဘာ ကြောက်ပုံါမလဲ။ ဇာတ်ဆရာတို့က လူ စုနဲ့မို့ သူတို့က ဒီလောက်ပဲခြောက်လို့ ရတာ။ လူနည်းလို့ကတော့ ခုလို့ရှင်

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ဘူး။ ဇာတ်ဆရာပြောပြပုံအရဆို ရှင်တော့ သူတို့ရှိကြောင်း အသိပေးတဲ့ သဘောလောက်ပဲရှိသေးတာ။ ဒီကိစ္စ ဟာ ပိုင်ရှင်ဒေါ်အေးကြည်သိပြီးပြီလား"

"ပြောဖို့ကြံတိုင်း စကားလမ်း ပြတ်ကြောင်း ပြတ်ပြတ်သွားတယ်။ ဒီနေ့ ဒေါ်အေးကြည်လာတော့ ပြောရတော့ ဟေ။ ပြီးတော့ ဆရာက ပယောဂတွေ သည်းကုန်တော့ ဆရာ့ကို အကူအညီ တောင်းချင်တယ်"

"ဘာအကူအညီလဲ။ ကျွပ်လုပ် ပေးနိုင်တာဆို လုပ်ပေးမယ်။ ပြောသာ ပြောပါ"

"ကျွန်တော်တို့ဇာတ်အဖွဲ့ ဒီနှစ် အပြတ်အစွန်းများရင် နောင်နှစ်ဆက်နေ ရမယ်။ ခုလိုနှောင့်ယှက်နေတာတွေရှိရင် ဇာတ်သမားတွေ နေရဲမှာမဟုတ်ဘူး။ နောင့်ယှက်နေတာတွေ ဆရာ့ပညာနဲ့ ဖယ်ရှားပေးပါလား၊ ဆရာ့ကိုယုံပါတယ်"

"လုပ်ပေးပါ့မယ်။ စောစောက ဇာတ်ဆရာပြောပြခဲ့သလို ဝင်ပူးတာဟာ တစ်ခုခု ထူးခြားတာတွေဖြစ်တာနဲ့ လာ ခေါ်ပါ"

"ကျေးဇူးတင်ပါတယ် ဆရာ"

ထိုအခိုက် မီးသမား ထွန်းပေါက် ရှင်ပြီးသွားပြီဖြစ်၍ ကျွန်တော်တို့ နှစ်ယောက် ကျာပွတ်ဆရာအိမ်မှ ပြန် လာခဲ့ကြသည်။ ကျွန်တော်တို့ အိမ်ပြန် ရောက်ခိုက်တွင် ဒေါ်အေးကြည် ရောက် နေသည်ကိုတွေ့ရသည်။ ရောက်ရောက် ချင်းပင် ကြုံခဲ့ရသောအဖြစ်အပျက်အား လုံး ဒေါ်အေးကြည်ကို ပြောပြလိုက် သည်။

"ဒီအိမ်မှာ ဇာတ်ဆရာတို့နေဖို့ ပြင်ဆင်ကတည်းက ပသဒေါင်းပန်ခဲ့ ပြီပဲ။ ဒါတောင် နှောင့်ယှက်တာ ကြုံ နေရသေးလား"

"ဟုတ်တယ် ဒေါ်အေးကြည်၊ မင်းသမီးနှစ်ယောက်ကိုဝင်ပူးပြီး သူတို့ ကိုတွေ့ဖို့ပြောခဲ့တယ်။ ကြက်သားဟင်း ချက်တွေ့းတဲ့ညမှာလည်း အခြောက်ခံရ သေးတယ်"

"ဒုက္ခပါပဲ။ ဒီသတင်းပျံ့နှံ့သွားလို့ ကတော့်ဘူး။ တစ်ခုခုလုပ်မှဖြစ်တော့မယ်"

"ဒီမနက်ပဲ မီးသွားပြင်ရင်း ကျာ ပွတ်ဆရာကို အကူအညီတောင်းခဲ့သေး သေး"

"ဟင်-ဟုတ်လား၊ ကျာပွတ်ဆရာ သိပ်စွမ်းတာ။ သူဆိုရင်တော့လုပ်နိုင် ပေါ့။ ကျာပွတ်ဆရာက ဘာပြောလိုက် သေးလဲ"

"သူ့ဆောင်ရွက်ပေးမယ်တဲ့။တစ်ခု ခုထူးခြားရင်လာခေါ်ပါတဲ့"

"ဇာတ်ဆရာကောင်းမယ်ထင်သလို သာလုပ်ပါ။ ကျာပွတ်ဆရာရဲ့ ကျာပွတ် နဲ့တွေ့ရင်တော့ အားလုံးအေးချမ်းသွား မှာပါ။ ခြောက်လှန့်တာတွေမရှိတော့ရင် သူ့တပည့်တွေအတွက် ကျွန်မအလှူငွေ ထည့်မယ်လို့ပြောလိုက်ပါ"

ထိုနေ့ညနေဘက်တွင် ဇာတ်ပိုင် ရှင်ဒေါ်အေးကြည်၊ မင်းသားစကင်းစိန် နှင့် ကျွန်တော်တို့သုံးဦး တိုင်ပင်ဆွေးနွေး ခဲ့ကြသည်။ ဇာတ်ကိစ္စများ အဓိကထား တိုင်ပင်ခဲ့ကြသည်။ ဤခြံထဲတွင်ဖြစ်ပျက် နေသော နောင့်ယှက်နေမှုများ ကင်းရှင်း သွားအောင်ပြုလုပ်မည့်ကိစ္စလည်း ပြော ဖြစ်ခဲ့ကြသည်။ ပွဲခွင်များအရ ညကြေး များလည်း တိုးမြှင့်ပေးမည်ဟုသိရသည်။ မီးချုပ်မှောင်မှ ဒေါ်အေးကြည် ပြန်သွား သည်။ ညကြေးတိုးပေးမည့်သတင်း ကြောင့် ဇာတ်အဖွဲ့သားများ အားတက် ပျော်ရွှင်နေကြသည်။

ထိုသို့ ပျော်ရွှင်ဝမ်းသာနေသည့် ညကိုးနာရီခန့်တွင် ပြဿနာစပါသည်။ နောင့်ယှက်သည့်ပြဿနာပင်ဖြစ်သည်။ ဥသျှစ်ပင်ကြီးရှိရာအနီး အပျိုဆောင်မှ ပင် ဖြစ်သည်။ လာခေါ်သူနှင့်အတူ ကျွန်တော်နှင့် မင်းသား၊ အပျိုများနေ ထိုင်ရာအိမ်သို့လိုက်သွားသည်။ ယခုတစ် ကြိမ်ဝင်ပူးခံရသူမှာ ခေါင်းဆောင်မင်း သမီး ရွှေမြိုင်ကျင်သန်းကိုယ်တိုင်ဖြစ်နေ သည်။

"နင်တို့က လူများတယ်ဆိုပြီး မလေးမခန့်နေကြတယ်။ ပြီးတော့ တို့ကို ဒီခြံထဲကနှင်ထုတ်ဖို့လည်း ကြံစည်နေကြ တယ်။ နင်တို့ပဲဆက်နေနိုင်မလား၊ ငါတို့ ပဲ ထွက်သွားရမလားဆိုတာ အကြောင်း သိရမှာပေါ့"

ယခုဝင်ပူးခံရသူမှာ ယခင်အခါ များထက် ကြမ်းတမ်းနေသည်။ မင်းသမီး ရွှေမြိုင်ကျင်သန်းက တွေ့ရာနီးစပ်ရာ ပစ္စည်းများဖြင့်ပစ်ပေါက်နေသည်။ ဝိုင်း ဝန်းထိန်းချုပ်နေကြရသည်။

"သူတို့ကိုနှင်ထုတ်ဖို့ တို့ကြံစည်ခဲ့ တာတွေတောင်သိနေပါလား။ တောင်း ပန်နေလို့မထူးတော့ဘူး။ ကျာပွတ်ဆရာ ကိုသာသွားခေါ် ပေတော့။ အပါ။ မင်း ကိုယ်တိုင်သွားမှဖြစ်မယ်"

မင်းသားစကင်းစိန်က ပြောလိုက် ခြင်းဖြစ်သည်။ ချက်ချင်းပင် ကျွန်တော် အပြေးတစ်ပိုင်းဖြင့် ကျာပွတ်ဆရာ ခြံ ဘက်သို့ထွက်လာခဲ့သည်။ ခြံထဲသို့ဝင်ပြီး အိမ်ပေါ် သို့တက်သွားသည်။ ဘုရားခန်း တွင်ဝတ်ပြုနေသောဆရာ့ကိုအဆင်သင့် တွေ့ရသည်။ ကျွန်တော့်ခြေသံကြောင့် ဆရာအာရုံပျက်သွားပုံရသည်။

"ရေကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ် လာတာလဲ ဇာတ်ဆရာ၊ ဒီအချိန်ကျမှ"

"ဟိုမှာ ခေါင်းဆောင်မင်းသမီးကို ဝင်ပူးပြီး သောင်းကျန်းနေလို့ပါ။ ကျွန် တော်တို့ကြံစည်တာတွေတောင်သိနေ တယ်ဆရာ"

"ဟာ - ဟုတ်လား၊ နှင်ထုတ်ဖို့ကြံ စည်တဲ့သိသွားတော့ သောင်းကျန်း ထော့မှာပေါ့ ကျွပ်လိုက်ခဲ့မယ်။ နေဦး၊ ကျာပွတ်ယူလိုက်ဦးမယ်"

ဆရာက ကျာပွတ်ယူပြီး ကျွန် တော်နှင့်လိုက်ခဲ့သည်။ ကျွန်တော်တို့ ရောက်ရှိလာချိန်တွင်လည်း ဝင်ပူးခံရသူ မင်းသမီးရွှေမြိုင်ကျင်သန်းမှာ ကြမ်းကြမ်း တမ်းတမ်းနှင့် သောင်းကျန်းနေဆဲဖြစ် သည်။ ကျာပွတ်ဆရာက အားလုံးကို ဘေးသို့ဖယ်ခိုင်းလိုက်သည်။ မင်းသမီး ရွှေမြိုင်ကျင်သန်းမျက်နှာကို စေ့စေ့ကြည့် လိုက်သည်။ မင်းသမီးမျက်နှာမှာ ခက် ထန်ကြမ်းတမ်းနေသည်။

"မနောင့်ယှက်ဖို့ ဒေါ်အေးကြည် ကိုယ်တိုင်ပဲ သပြီး တောင်းပန်ထားတာ မဟုတ်လား။ ဥသျှစ်ပင်ရင်းမှာလည်း ကြုံရင်ကြုံသလိုကျွေးနေတာမဟုတ်လား။ ဘာဖြစ်လို့ ခဏခဏနှောင့်ယှက်နေရ တာလဲ"

"တို့ကို ဒီခြံထဲကနှင်ထုတ်ဖို့လုပ် နေတာ ဒီအတိုင်းကြည့်မနေနိုင်ဘူး"

"ဒီခြံမှာနေမယ့်သူတွေရောက်လာ ပြီလေ။ ဘယ်လိုမှနေလို့မဖြစ်တော့ဘူး။ လွတ်ရာကျွတ်ရာသွားကြပါတော့"

"တို့နှစ်ပေါင်းများစွာနေလာခဲ့တဲ့ နေရာက ဖယ်မပေးနိုင်ဘူး"

"ကဲ- တောင်းပန်လို့မရတော့ ဖြစ် တဲ့နည်းနဲ့နှင်ရတော့မှာပဲ"

ပြောပြောဆိုဆို ကျာပွတ်ဆရာ က ဘုရားဆောင်ထက်မှ သောက်ရေတော် ရေခွက်တစ်ခွက်ယူလိုက်ပြီး နှုတ်မှတစ်ခုခု ရွတ်ဖတ်လိုက်သည်။ ထို့နောက် ခွက်ထဲ မှရေဖြင့် မင်းသမီးမျက်နှာကို တောက် တောက်ပေးသည်။

"သင်တို့ကို မေတ္တာရပ်ခံပါတယ်။ လွတ်ရာကျွတ်ရာသွားကြပေတော့။ နေ ထိုင်မည့်သူများရောက်လာပြီဖြစ်၍ သင် တို့နေရန်မသင့်တော့ပေ။ ထေရာသို့သွား ကြတော့။ ကျွပ်ကျာပွတ်ဆရာ မေတ္တာ ရပ်ခံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြုလုပ်ပြီးနောက် ဆရာက သူကျာပွတ်ကို လေထဲတွင်ရွမ်းခနဲရိုက်လိုက်သည်။ ဝိုင်းကြည့်နေသူများ အံ့သြထိတ်လန့်နေကြသည်။ မင်းသမီးကို ကျာပွတ်ဖြင့်ရိုက်မည်ကို စိုးရိမ်နေမိသည်။ ဆရာ နောက်ထပ်တစ်ချက် ကြာပွတ်ကိုရိုက်ရန် လွယ်လိုက်ပြန်သည်။ ရွှမ်းခနဲအသံထွက်မလာမီ မင်းသမီးမှာ ချွေးပွဲချင်ပါတော့သည်။

"သိပါပြီ၊ သွားပါတော့မယ်။ ဒီခြံထဲမှာအနေကြာလာတော့ သံလောဇဉ်ဖြစ်နေဖို့ပါ။ ခုတော့သိပါပြီ။ စွားပါမယ်။ ကျာပွတ်နဲ့မရိုက်ပါနဲ့။ ကျာပွတ်သံကိုကြောက်လို့ပါ"

သရဲဝင်ပူးသလိုလို၊ စုန်းဝင်ပူးသလိုလိုဖြစ်နေသော မင်းသမီးရွှေမြိုင်ကျင်သန်းမှာ ငိုနေရင်းမှပင် လဲကျသတိမေ့သွားတော့သည်။

"အမှောင့်ပယောဂတွေထွက်သွားပါပြီ။ ဇာတ်ဆရာ ကျေးဇူးလိုက်ခဲ့ပါ"

ဆရာက သောက်တော်ရေခွက်ကိုင်ကာ အိမ်ပေါ်မှဆင်းသွားသည်။ ကျွန်တော် နောက်မှလိုက်သွားသည်။ အိမ်ပေါ်မှလည်း အံ့သြစိတ်ဝင်စားသူအချို့ ကျွန်တော်တို့နောက်သို့လိုက်လာကြသည်။ ဥသျှစ်ပင်ကြီးအရောက်တွင် ဆရာက ခွက်ထဲမှရေဖြင့် ဥသျှစ်ပင်ကို ပက်ဖျန်းလိုက်သည်။ နှုတ်မှလည်းဂါထာလိုလို၊ မန္တန်လိုလို တစ်ခုခုရွတ်ဖတ်နေသည်။ ပြီးနောက် လက်ကျန်ရေများကို သစ်ပင်ရင်းသို့ လောင်းချလိုက်သည်။ နောက်ဆုံး ဆရာက ကျာပွတ်ဖြင့် သုံးချက်တိတိ ဥသျှစ်ပင်ပင်စည်ကို ရိုက်လိုက်သည်။ ရွှမ်းရွှမ်းအသံများက တိတ်ဆိတ်နေဆောညတွင် ကျယ်လောင်စွာကြားရသည်။ ထိုအခိုက်မှာပင် လေမတိုက်ပါဘဲလျက် ဥသျှစ်ပင်သစ်ကိုင်းများလှုပ်ခါသွားပြီး သစ်ရွက်အချို့ကြွေကျလာသည်ကို အံ့သြဖွယ်တွေ့လိုက်ရသည်။

"ဒီအပင်မှာမှီခိုနေတဲ့ အမှောင့်ပယောဂတွေမရှိတော့ဘူး။ ဒီခြံထဲမှာရှိနေခဲ့တဲ့ မြင်အပ်၊မမြင်အပ်ပုဂ္ဂိုလ်သတ္တဝါတွေလည်း ကင်းစင်သွားပါပြီ။ လွတ်ရာကျွတ်ရာကိုသွားကြပါပြီ။ ကျေးဇူးနဲ့ အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ပြီးပြီ။ ဇာတ်အဖွဲ့သားတွေအားလုံး သံသယရှင်းသွားအောင် ဖြစ်နိုင်ရင် သံယောတော်တွေပင့်ဖိတ်ပြီး ဆွမ်းကျွေးပါ။ အန္တရာယ်ကင်းပရိတ်ရွတ်ပါ။ ပရိတ်ရေ၊ ပရိတ်ကြိုးနဲ့ ဒီဥသျှစ်ပင်ကို ပက်ဖျန်းပါ၊ ချည်နှောင်ပါ။ ပြီးတော့ ဇာတ်ပစ္စည်းကိရိယာတွေပေါ်လည်း ပရိတ်ရေပက်ဖျန်းပေးပါ"

"စိတ်ချပါ ဆရာ၊ ဒေါ်အေးကြည်နဲ့တိုင်ပင်ပြီး အမြန်ဆုံးဆောင်ရွက်ပါ့မယ်"

"ကဲကဲ- စိတ်ချလက်ချသာနေကြပေတော့။ ကျေးဇူးမယ်"

ဆရာ့စကားအတိုင်း ထိုညက စိတ်ချလက်ချ အိပ်ရာဝင်နိုင်ခဲ့သည်။ မည်သည့်အနှောင့်ယှက်မှုမျိုးမျှ မတွေ့မကြုံရတော့ပေ။ နောက်တစ်နေ့နံနက် ဒေါ်အေးကြည်ရောက်လာသည်။ ညက အဖြစ်အပျက်များပြောပြပြီး သံယာတော်များ ဆွမ်းကျွေး၊ ပရိတ်တရားရွတ်ဖတ်ရေးကိစ္စပြောပြလိုက်သည်။

"ကောင်းတာလုပ်တာပဲ ဇာတ်ဆရာကြိုက်သလိုစီစဉ်ပါ။ ကုန်ကျစရိတ် အားလုံးကျွန်မပေးပါ့မယ်။ ပ,သတောင်းပန်တာလောက်ပဲလုပ်ခဲ့တာ၊ အန္တရာယ်ကင်းပရိတ်ရွတ်မယ့်ကိစ္စ မလုပ်ဖြစ်ခဲ့ဘူး။ နောက်ဆို ပွဲချီစိပ်နေတော့ ဇာတ်ဆရာအချိန်ရမှာမဟုတ်ဘူး။ခုရက်ပိုင်းအတွင်း အမြန်လုပ်ပေတော့"

မင်းသားစကင်းစိန်နှင့်တိုင်ပင်ပြီး ချက်ချင်းပင်စီစဉ်ခဲ့သည်။ နောက်တစ်နေ့မှာပင် သံယာငါးပါးပင့်ဖိတ်ပြီး ဆွမ်းကျွေးဒါနပြုသည်။ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခဲ့သည်။ဆွမ်းကျွေး၊ ပရိတ်ရွတ်အမျှအတန်းပေးဝေပြီးနောက် တစ်နေ့မှာပင် ကျွန်တော်တို့ဇာတ်အဖွဲ့ပွဲကထွက်ခဲ့ရသည်။ နှစ်ညပွဲခွင်ဖြစ်သည်။ အိမ်တွင် ဇာတ်အဖွဲ့မှ မိသားစုဝင်အချို့သာ ကျန်ရစ်ခဲ့သည်။ ခြံထဲတွင် လူအနည်းငယ်သာကျန်ခဲ့သဖြင့် တစ်ခုခုဖြစ်မည်ကို ကျွန်တော် စိုးရိမ်နေမိခဲ့သည်။ ပွဲကနေရသော်လည်း စိတ်ကအိမ်ကြီးဆီရောက်နေသည်။ ပြန်ရောက်ရောက်ချင်းပင် မေးကြည့်လိုက်သည်။ မည်သည့်ပြဿနာမျှမဖြစ်ခဲ့ကြောင်းသိရတော့မှ သက်ပြင်းချနိုင်ခဲ့သည်။ ကျွန်တော်တို့ ဇာတ်သဘင်အဖွဲ့လည်း ထင်ရှားကျော်ကြားနာမည်ရလာသည်။ ပွဲခွင်ဆက်နေတော့သည်။ ဤသို့ဖြင့် တစ်လနီးပါး နယ်အနှံ့ ပွဲကထွက်နေရပြီးမှ ရက်အနည်းငယ်အနားရ၍ ဆန်းချိရပ်ကွက်ရှိ အိမ်ကြီးသို့ ပြန်လာရသည်။ ပြန်နားသည့် အချိန်တွင်လည်း ယခင်လို သရဲတစ္ဆေဝင်ပူးသလိုမျိုးမဖြစ်တော့ပေ။ အိမ်ကြီးပေါ်တွင်လည်း မည်သည့်ခြောက်လှန့်မှုမျိုးမျှမကြုံခဲ့ရတော့ပါ။ ကျွန်တော်တို့ ပွဲနားနေစဉ် တစ်နေ့ အိမ်ရှေ့တွင် ကျာပွတ်ဆရာနှင့် သူတပည့်များအလှူခံထွက်လာသည်ကို တွေ့လိုက်ရသည်။ ကျာပွတ်သံတရွှမ်းရွှမ်းဖြင့် သူတပည့် အနုများကိုထိန်းသိမ်းရင်း ကျွန်တော်တို့အိမ်ကြီးရှေ့ရောက်လာသည်။ကျွန်တော် ကြည့်နေစဉ် ကျာပွတ်ဆရာကျွန်တော့်ကိုတွေ့သွား၍ ပြုံးပြုန္နတ်ဆက်သည်။ ကျွန်တော် လမ်းမပေါ်ဆင်းသွားပြီး ဆရာ့ကို နှုတ်ဆက်စကားပြောလိုက်သည်။

"ဆရာ့ကျာပွတ်က သိပ်စွမ်းပါတယ်။ ကျွန်တော်တို့အိမ်မှာဘာပြဿနာမှမရှိတော့သူး"

"ကျာပွတ်ကြောင့်လို့ပြောချင်ပြောလို့ရတယ်။ ကျေးဇူး မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်တွေနဲ့ ပရလောကသားတွေတို့ မေတ္တာပို့ အမျှအတန်းပေးဝေပြီး မနှောင့်ယှက်ဖို့ တောင်းပန်ခဲ့တာလေ"

"ဆရာ့ကျာပွတ် ဘယ်လောက်စွမ်းတယ်ဆိုတာ ကျွန်တော်တို့ကိုယ်တွေ့ပါပဲ။ ဦးနှောက်မှုမှန်မရှိတဲ့ ဝေဒနာသည်တွေ ဆရာ့ကျာပွတ်သံကြားရင် ဆရာခိုင်းသလို နာခံနေကြတာပဲ"

"ကျေးဇူးတပည့်တွေကို မရိုက်ဘူးပေါ့ဘူး။ မေတ္တာနဲ့ ကူညီစောင့်ရှောက်ထိန်းသိမ်းထားတာ၊ သက်ဆိုင်ရာ ဆွေမျိုးမိဘတွေ မထိန်းသိမ်းနိုင်လို့ ကျေးဇူးထိန်းသိမ်းကျွေးမွေးထားတာပါ"

ထိုစဉ် ဒေါ်အေးကြည်ဆင်းလာပြီး ဆရာ့ကိုပြောလိုက်သည်။

"ဆရာ့ ကျာပွတ်အစွမ်းကြောင့် ကျွန်မခြံကြီးမှာ ဘာအနှောင့်အယှက်မှ မဖြစ်တော့ဘူး။ ဒီမှာ ဆရာ့တပည့်ထွေအတွက် ကျွန်မဒါနပါ"

ဒေါ်အေးကြည်က ငွေစက္ကူထုတ်ထုပ်ကို အနီးဆုံးရှိ စိတ်ဝေဒနာသည် တစ်ယောက် ခြင်းတောင်းထဲသို့ ထည့်ပေးလိုက်သည်။ ထိုစဉ်မှပင် ရွှမ်းခနဲ ကျာပွတ်သံကြားလိုက်ရသည်။ ကျာပွတ်ဆရာက ထူးဆန်းသော ကျာပွတ်တရွှမ်းရွှမ်းအသံပြုရင်း တပည့်များကို စောင့်ရှောက်ကွေးမွေးရန်အတွက် အလှူခံဆက်ထွက်သွားသည်။ ကျာပွတ်ဆရာနှင့် ထူးဆန်းသော ကျာပွတ်အကြောင်းကို တွေးနေမိရင်း သူတို့အုပ်စုကို မျက်တစ်ဆုံးလိုက်ကြည့်နေမိပါသည်။

မောင်မောင်ဦးအေး

(စာပေဗိမာန်စာနယ်ဆရာ)

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာကြီးနှင့် တပည့်ကြီး



နေလည်းသာ၊ လူလည်း နေကောင်းသောနေ့များတွင် ကျွန်တော် နေထိုင်ရာ ရေအရင်းအမြစ်ဦးစီးဌာန ဝန်ထမ်းအိမ်ရာ၌ ခြောက်ထပ်ကြီးဘုရား သို့သွားပါသည်။ လူကောင်းဖြည်းဖြည်း လျှောက်သော်မှ (၁၅) မိနစ်ခန့်လျှောက် ရသောခရီးကို ကျွန်တော် (၄၅) မိနစ်ခန့် လျှောက်ရပါသည်။ အိမ်မှ မနက် (၆) နာရီ (၁၅) မိနစ်ထွက်သော် (၇) နာရီ ရောက်ပါသည်။

ကျွန်တော် ဘုရားတန်ဆောင်းအဝ ရောက်သည်နှင့် တန်ဆောင်းအတွင်းမှာ လမ်းလျှောက်ပြီး ပုတီးစိပ်နေသူ မောင်အောင်မြင့်ဦးက ကျွန်တော်ထိုင်ဖို့ ဖျာ (သို့) အခင်းတစ်ခုခုရှာပြီး တိုင်တစ်တိုင် နားတွင်ခင်းပေးပါသည်။တိုင်မှာ တောင်ဘေးထောင်ထားရန်နှင့် ထသည့်အခါ ထွယ်ထရန်ဖြစ်ပါသည်။

မောင်အောင်မြင့်ဦးက ကျောက် မြောင်း သတိမဌာန်လမ်းတွင် နေပါသည်။ နေ့စဉ်မပျက်(သလောက်) ဘုရား သို့ (၆) နာရီခွဲရောက်ပြီး (၈) နာရီ ပြန်သည်။ (၁) နာရီ ပုတီးစိပ်ပြီး နာရီဝက် ထားမှတ်သည်။ အလွန်ကြည်ညိုဖွယ် ကောင်းသည့်အသက်(၃၀)ကျော်လူငယ် ဖြစ်ပါသည်။

တစ်ခါတစ်ရံ မောင်အောင်မြင့်ဦးက ဖျာပေါ်တွင် အဝတ်အခဲင်း၊ ပလတ်စတစ်အခင်း စသည် တစ်ခုခုပါခင်းပေးတတ်သည်။ ကျွန်တော်က ထပ်ခင်းထားသည်များကို ဘေးတွင်ဖယ်ပြီး တစ်ခုတည်းဖြင့်သာထိုင်ပါသည်။

မောင်အောင်မြင့်ဦးက -

"အဘ၊ ဘာလို့ဖယ်လိုက်တာလဲ" ဟု မေးပါသည်။

ကျွန်တော်က -

"နောက်လူခင်းဖို့လေ သားရဲ့။ ထိုင်စရာတွေကရှားတယ်။ အလှူရှင်တွေက ဘယ်လောက်လှူလှူ။ ဘုရားဝတ်ပြုတဲ့နေရာမှာမရှိဘူး"

ဟု ပြန်ဖြေတော့ သူက -

"ဟုတ်တယ် အဘ၊ ခဏပဲ အများကြီးတွေ့ပြီးတော့ ပျောက်ကုန်တယ်။ အချို့ နှစ်ခု၊ သုံးခု ထပ်ခင်းပြီး ထိုင်ကြတယ်။ သစ်သားခုံပေါ် သုံးခု လောက်ထပ်ခင်းလိုက်သေးတယ်။ အချို့ကတော့ တစ်ချောင်ချောင်မှာ သွားအိပ်ဖို့ ယူသွားကြတယ်"

ဟု ပြောပါသည်။

မှန်ပါသည်။ ဘုရားတွင် လာအိပ်သူများလည်းရှိပါသည်။ ဘုရား၏ ခြေတော်ရင်းဘက်၊ တန်ဆောင်း၏အနောက်ဘက်တွင် ရှင်ဥပဂုတ္တရဟန္တာတော်ကြီး တော်ရှိပါသည်။ အလျား (၆၀) ပေ၊ အနံ (၂၀) ပေခန့် ရှိပါသည်။ ရဟန္တာ၏ ရှေ့တည့်တည့်တွင် အလျား (၆) ပေ၊ အနံ (၆) ပေခန့်ရှိကော်ဇောတစ်ချပ်ခင်းထားပါသည်။ ကော်ဇောပေါ် အတက်တွင်ခြေသုတ်ဖုံများရှိပါသည်။ ထို့ကြောင့် ကော်ဇောက သန့်ပါသည်။ ကော်ဇောပေါ်တွင် မျှမျှတတထိုင်က (၄)ယောက်ကောင်းကောင်းထိုင်နိုင်ပါသည်။အလယ်တည့်တည့်တွင် တစ်ဦးတည်းထိုင်လိုက်က ကျန်လူများအထိုင်ခက်သွားပါသည်။

တစ်ခါတစ်ရံ အလယ်တည့်တည့်တွင် တစ်ဦးတည်း ထိုင်ရုံမက (၄) ပေ ပတ်လည်ခန့်ရှိ ဖျာ (သို့) အခင်းတစ်ခုခုခင်းထိုင်ပြီး ပုတီးကိုင်စိပ်နေသည်ကိုလည်း တွေ့ရပါသည်။

ကျွန်တော်က ဘုရားကြီးရှေ့တွင် ဆီမီးပူဇော်၊ ဘုရားရှိခိုး၊ မေတ္တာပို့ပြီး နောက် လက်ယာရစ်ပတ်ပြီး ရှင်ဥပဂုတ္တကျောင်းတော်ပေါ် သို့တက်ပြီး နာရီဝက်ခန့် တရားမှတ်ပါသည်။ တက်ရောက်ဖူးမြော်သူနည်းပါသည်။ (၃) ယောက်ထက်ပိုသည်နှင့် မဆုံတတ်၊ ဖူးသူများ

www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဖူးပြီး (ဦးချပြီး) သည်နှင့် ပြန်ဆင်းသွားတတ်ပါသည်။ တစ်ခါတစ်ရံ တစ်ဦးတလေသာ အကြောကြီးပုတီးထိုင်စိပ်တတ်ပါသည်။

သို့သော် ကျောင်းတော်ပေါ်တွင် သစ်သားခုံ (၆) ခု၊ (၇) ခု၊ ဖျာ (၁၀) ချပ်လောက်နှင့် ပလတ်စတစ်အခင်း (၁၀) ချပ်လောက်ရှိပါသည်။ တစ်ခါက သစ်သားခုံတစ်ခုပေါ်တွင် ဖျာအားလုံးနှင့် ပလတ်စတစ်အခင်းအားလုံးထပ်ပြီး ပုထိုးထိုင်စိပ်နေသူတစ်ဦးကိုလည်း တွေ့ဖူးပါသည်။ ဘုရားလာပြီး ကုသိုလ်ပြုရာတွင်ပင် ဤမျှ အတွေကြီးမားနေလျှင်၊ ကိုယ့်ဖို့သာကြည့်တတ်နေလျှင် အပြင်လောကဆက်ဆံရေးတွင် မည်သို့ရှိမည်နည်း။

တစ်ခါတစ်ရံ သစ်သားခုံမှလွဲပြီး ကျန်သည့်အခင်းများ ပျောက်နေတတ်သည်။ အိပ်သူများက ဖွက်ထားခြင်းကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ ခုံ(၃)ခု၊ အခင်း (၃) ခုစီလောက် ဆက်ခင်းပြီး အိပ်နေကြသည်ကိုလည်း တွေ့ရတတ်သည်။ သူတို့က ကုသိုလ်ရေးအတွက် ဘုရားလာခြင်းမဟုတ်။ သက်သက်လာအိပ်ခြင်း ဖြစ်သည်။

အပြင်လောကတွင် ကိုယ့်ဖို့သက်သက်ကြည့်သည့် အတွေသမားများကို ဘတ်(စ်)ကားစီးတိုင်းလိုလို တွေ့ရတတ်သည်။ နှစ်ယောက်ထိုင်ခုံကို ဘေးတွင်ပစ္စည်းချပြီး တစ်ယောက်တည်းထိုင်နေသူ၊ အနားတွင် ဒွန်းရပ်လျှင်လည်း မသိဟန်ဆောင်သည်။ စပယ်ယာကပြောလျှင် ပစ္စည်းဖယ်ပြီး သုံးပုံတစ်ပုံစာလောက်နေရာကိုဖယ်ပေးတတ်သည်။

လွတ်လပ်ရေးရပြီးစက ကျွန်တော် ရန်ကုန်စာတိုက်ကြီးတွင် အလုပ်လုပ်ပါသည်။ အိမ်တစ်အိမ်တွင် ထမင်းလခ ပေးစားသည်။ ကျွန်တော်နှင့်အလုပ်တူ အခြားတစ်ယောက်လည်း အတူပေးစားသည်။ အိမ်ရှင်အဒေါ်ကြီးက ကျွန်ထော်တို့နှစ်ယောက်အတွက်ဆိုပြီး သားငါးဟင်းများကို အရည်အနှစ်များဖြင့် နှစ်တုံးတစ်ပန်းကန်တည်း ဖယ်ထားတတ်ပါသည်။ ကျွန်တော် နောက်ကျပြီး အခြားတစ်ယောက်က အလျင်ရောက်၍အလျင်စားလိုက်လျှင် အသား၊ ငါးသာ တစ်တုံးကျန်ပြီး အရည်အနှစ်ကမကျန်သလောက် စားလိုက်ပါသည်။ ကျွန်တော် ဘာမှ မပြောပါ။ သို့သော် အဒေါ်ကြီးက မြင်သွားသဖြင့် တစ်ယောက်တစ်ပန်းကန်စီခွဲလိုက်ပါခဲ့သည်။

ထိုသူသည် အတွေသမား၊ ကိုယ့်ဖို့သက်သက်သမားဖြစ်သဖြင့် အလုပ်တွင်လည်း အခြားလုပ်ဖော်ကိုင်ဖက်များ၏ ဝိုင်းပယ်ခြင်းကိုခံရပါသည်။ ကိုယ့်ဖို့သက်သက် အတွေလွန်ကဲသူကို တစ်ပါးသူများ မဆက်ဆံလိုကြပါ။

"ဟေ့ကောင်-သံလုံးကိုကြည့်စမ်း၊ လည်ကုပ်မှာ ဘိုကြီးနဲ့။ ဘိုက တစ်လုံးတည်း။ သူ့ဘေးက နွားအိုကြီး ကြံစုံကျတော့ သင်းလည်းသင်းကွပ်ထားပြီး အိုလည်းအိုနေတဲ့အတွက် ဘိုမရှိတော့ဘူး၊ ကျသွားပြီ။ သူလည်း နွားသိုး (မည်သင်းကွပ်ရသေးသော နွားထီး)ဘဝက သံလုံးလိုပဲ ဘိုတစ်လုံးနဲ့၊ တစ်ဘို့တည်းပဲ။ ဆိုလို့က်တာက နွားမှာ ဘို့တစ်ဘို့ပဲရှိတယ်ဆိုတာပဲ"

ကျွန်တော်တွင် ရှင်လိုင်ပြန်ပြီးစ (၁၆) နှစ်သားခန့်က အိမ်နောက်ဖေးတံခါးဝ အလယ်မကျတကျတွင်ထိုင်နေသည်ကို အခန်းတွင်းမှ နောက်ဖေးသို့ထွက်လာသော အဖေက နွားတင်းကုပ်ထဲ မြက်စားနေသော အိမ်က နွားတစ်ရှဉ်းကို လက်ညှိုးထိုးပြပြီး အထက်ပါအတိုင်းပြောလိုက်ပါသည်။

ကျွန်တော်က အဖေ ဘာပြောချင်မှန်းမသိသဖြင့် ငြိမ်ပြီးနားထောင်နေလိုက်ပါသည်။ အဖေက ဆက်ပြီး -

"အခု သူတို့နှစ်ကောင်အတွက် ငါမြက်တစ်ခြင်း ထည့်ပေးထားတယ်။ တကယ်လို့ ကြံစုံမရှိရင် သံလုံးက ကြံစုံအတွက် တစ်ဝက်စားပေးမယ်လို့ ထင်သလား၊ ဘယ်စားလိမ့်မလဲ။ သူက နွားပဲ။ ဘို့တစ်ဘို့ပဲရှိတာ။ သူ့ဘို့ (ဖို့) ပဲ သူသိတာပေါ့။ မကုန်မှ ကျန်ရင်ကျန်မယ်။ အခုတောင်ကြည့်-ကောင်းတဲ့မြက်နုတွေကို ကြံစုံဘက်ကပါ တိုးစားတယ်။ ကြံစုံက သူ့ကိုကြောက်လို့ ဖယ်ပေးရတယ်။

နွားမှာ မြင်ရတဲ့ 'ဘို့တစ်ဘို့' ရှိတယ်။ လူနဲ့တူတဲ့လူမှာ မမြင်ရတဲ့ဘို့ (ဖို့) နှစ်ဘို့ရှိတယ်။ နွားနဲ့တူတဲ့လူမှာတော့ တစ်ဘို့ (ဖို့) ပဲရှိတယ်။

ဘို့နှစ်ဘို့ဆိုတာ သူ့ဖို့ကိုယ့်ဖို့ကို ပြောတာ။ အမြဲတမ်း ဖို့နှစ်ဖို့ထားပြီး ပြောဆိုလုပ်ကိုင်နေထိုင်ရတယ်။

အခု ဒီတံခါးပေါက်ဟာ တစ်ယောက်ဘေးတစ်ဖက်စီကပ်ပြီးဆုံမယ်ဆိုရင် ချောင်ချောင်ချိချိ လွယ်လွယ်ကူကူဆုံနိုင်တယ်။ အခြားထွက်ဝင်မယ့်လူအတွက်ပါတွေးပြီး ကိုယ့်ဖို့သူ့ဖို့ နှစ်ဖို့တွေးပြီး မင်းဘေးတစ်ဖက်ကပ်ထိုင်နေရင် ငါ လွယ်လွယ်ကူကူ ထွက်လို့ရမယ်။ မင်းက အလယ်မကျ၊ ဘေးမကျထိုင်ပြန်တော့ တစ်ဖို့တည်းသမားဖြစ်နေတော့ ငါ မင်းကို ဖယ်ခိုင်ရင်ခိုင်း မခိုင်းရင် ကတ်သီးကတ်သတ်ထွက်ရမယ်။ တိုက်မိချင်လည်း တိုက်မိမယ်။ မှသင့်မြတ်သူချင်းဆိုရင် ရန်တောင်ဖြစ်နိုင်တယ်။

တကယ်လို့ မင်းဖို့နှစ်ဖို့ထားရင် အချိန်မကုန်၊ လူမပန်း၊ စကားမများ၊ ရန်မဖွားဘဲ အလွယ်တကူ ပြီးမြောက်ခြင်းဆိုတဲ့ ကောင်းကျိုးကို ရရှိမယ်။ ဖို့တစ်ဖို့တည်းထားရင် မလိုအပ်ဘဲစကား ပြောရတယ်။ အချိန်ပိုကုန်တယ်။ မသင့်မြတ်သူချင်း ဒါမှမဟုတ် ဒီအခိုက်အတန့်မှာ အခြားအကြောင်းခံနဲ့ ဒီအကြောင်းပေါင်းပြီး ဒေါသဝင်ခြင်း စတာတွေ ဖြစ်လာရင် ဆိုးကျိုးက အတိုင်းအဆမရှိဘူး။

လောကနယ်ပယ်မှာ လူဟာ တစ်ယောက်တည်းနေလို့မရဘူး။ မှန်ကန်တဲ့နည်းလမ်းနဲ့ ကြီးပွားချမ်းသာဖို့ဆိုရင် သာတောင်မရဘူး။ အဲဒီလို ဆက်ဆံတဲ့နေရာမှာ နွားနဲ့တူတဲ့လူ တစ်ဘို့ (ဖို့) တည်းရှိသူကို နှစ်ဘို့ (ဖို့) ရှိသူများထက် ရှောင်ကြတယ်။ မဆက်ဆံချင်ကြဘူး။ အဲဒီတော့ နှစ်ဘို့(ဖို့)ရှိသူများနဲ့ အပေါင်းအသင်းမရဘူး။ တစ်နည်းပြောရင် မိတ်ကောင်းဆွေကောင်း မရနိုင်ဘူး၊ မိတ်ကောင်းဆွေကောင်း မရှိသူများချမ်းသာသုခကို မရနိုင်ဘူး။

လို့ လောကနီတိကျမ်းမှာ ပြဆိုထားတယ်။ ဒါကြောင့် မိတ်ကောင်းဆွေကောင်းရဖို့အတွက် ဘို့ (ဖို့) နှစ်ဘို့ထားရတယ်။

ဘို့တစ်ဘို့ချင်းသမား အချင်းချင်းဆိုရင်လည်း လုံးဝပေါင်းသင်းလို့ မရဘူး။

ဒီစကားကို အသည်းစွဲအောင် ရွတ်၊ တစ်သက်လုံး လက်ကိုင်ထား"

အဖေက အထက်ပါအတိုင်း အကျယ်တဝင့် ဆုံးမပါသည်။

ထိုအချိန်မှစပြီး ယနေ့အင်္ကျွန်တော် ဘို့နှစ်ဘို့ဆိုသည်ကို အသိတရပြီး ကြံ-ပြော-လုပ်ရာတွင် အလေးလက်ကိုင်ထားပါသည်။

ဘို့နှစ်ဘို့ဖြင့် မှန်ကန်သော ကြီးပွားချမ်းသာမှုကိုရရှိကြပါစေ။

ချောင်းဆုံအဉ္ဇင်

www.burmeseclassic.com

www.burmeseclassic.com

ဘဝခြားသော်လည်း

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

(ဖျာပုံခရိုင် ဘုန်းကြီးသောင်အည်ရှိသောရွာ၏ ပင်လယ်ပိုင်းမှ တကယ်ဖြစ်ပျက်ခဲ့သည့် တကယ့်ဖြစ်ရပ်မှန်း)

ဖျာပုံမြို့အပိုင် ကံသာကျေးရွာမှ ဆွေအရောင်းအဝယ်ဖြင့် ငှက်ပျောသီးများတင်ဆောင်ရင်း သားအဖနှစ်ယောက်သည် ရေကြောင်းခရီးဖြင့် ဦးတလေးမြို့နယ်ရှိ ဘုန်းကြီးသောင်ရွာသို့ ခရီးထွက်ခဲ့ကြသည်။ ဘုန်းကြီးသောင်မှာရှိသော သူငယ်ချင်းဖြစ်သူ ကိုကျော်ထံသို့ ဝင်ရောက်သွားသောအခါ သူငယ်ချင်းဖြစ်သူ ကိုကျင်သည် အနီစွယ်ရောက်သွားကြောင်းကို ကိုကျင့်မိန်းမဖြစ်သူက ဆီးကြိုရှု၍ပြောကြားလေတော့သည်။

ကိုကျင်၏ဇနီးမှ -

"ကိုညွှန့်လှရဲ့ သူငယ်ချင်းမရှိတော့ဘူး။ ဆုံးသွားပြီ။ ကျွန်မတို့ချည်းပဲ သားအမိတွေနေကြရတယ်။ ရောက်ချင်းရောက်ခိုက် တစ်ညလောက်အိမ်မှာအိပ်သွားပါ"

ဟု ပြောသည့်အခါ ကိုညွှန့်လှတို့သားအဖနှစ်ယောက်သည် မိမိတို့လှေကို အိမ်၏တံတားဆိပ်တွင် ဆိုက်ကပ်ထားခဲ့ကြသည်။

ညရောက်သည့်အခါ ကိုကျင့်ဇနီးနှင့်သမီး၊ မိန်းမဖော်တစ်ဦးနှင့် ကိုညွှန့်လှတို့သားအဖ အိမ်ခန်းကျဉ်းထဲတွင် အားဝိုင်းဖွဲ့၍ပြောဆိုနေကြရာ ကိုညွှန့်လှတို့ သူငယ်ချင်း ကိုကျင်ဘာကြောင့် သေဆုံးရကြောင်းကိုမေး၏။

ကိုကျင်၏ ဇနီးက ပင်လယ်ကျားဆောင်သို့ အလုပ်လုပ်ရင်းမှ အိမ်သို့ပြန်လာခါနီး ဖောင်မှာ (ရွှေကရင်လေး)အား ဆောင်မှ ဆက်သထားသော အရက်ကို သောက်၍ ကိုကျင်က ၎င်းအရက်ကို အိမ်ပြန်ရောက်လျှင် (ရွှေကရင်လေး)အား ပြန်ဆက်,သပါမည်ဟု ပြော၍ သောက်ခဲ့ရာ အိမ်မရောက်မီ ပိုက်ဖောင်ပေါ်တွင်ပင် သတိမရဘဲဇက်ကျိုးကျသွားခဲ့ သေဆုံးသွားတော့သည့်အကြောင်း ကိုကျင်နှင့်လုပ်ဖော်ကိုင်ဖက်တစ်ဦးက ပြောပြ၍ သူတို့သိရှိရကြောင်းပြော၏။

အိမ်ထဲမှ လက်ဖက်ရည်ဗန်းယူလာပြီး ကိုညွှန့်လှက မစားသေးဘဲ စကားကိုပြောနေစဉ် လက်ဖက်ရည်ဗန်းထဲမှ ကြမ်းပြင်ပေါ်သို့ လက်ဖက်ခွက်ခွပ်ခနဲကျလာသောအခါ ကိုညွှန့်လှလန့်သွား၍ ကိုညွှန့်လှ၏သမီးဖြစ်သူက အဖေကြီးဟုခေါ်ပြီး ကြောက်လန့်သွားသောအခါ ဖခင်ဖြစ်သူက သမီးဖြစ်သူအား စောင်ပေးပြီး ခေါင်းမြီးခြုံထားဟု ပြောသည်။ ထို့နောက် လက်ဖက်ခွက်သည် တခွပ်ခွပ်နှင့် သုံး၊ လေးကြိမ်ခန့် ကိုညွှန့်လှဘက်သို့ မည်သူမျှမကိုင်ဘဲ ကျရောက်လာသည့်အခါ ကိုကျင်၏ဇနီးဖြစ်သူက သူယူလာတဲ့ ပုစွန်ခြောက်ကို သူ့သူငယ်ချင်း ကိုညွှန့်လှကို စားစေချင်လို့ဖြစ်မှာပါ။ စားလိုက်ပါဟု ပြောသည်။

ကိုညွှန့်လှက -

"အစ်မရယ်၊ လက်ဖက်ပန်းကန်ကို လက်ဖက်ရည်ဗန်းထဲ ပြန်ထည့်ထားလိုက်ပါ။ စားပါ့မယ်"

ဟုပြောပြီး လက်ဖက်ရည်ပန်းကန်ဗန်းထဲရောက်မှ ကိုညွှန့်လှက လက်ဖက်တစ်ဇွန်းကိုစားလိုက်သည်။ ပုစွန်ခြောက်အကောင်ကြီးများထဲမှ တစ်ကောင်ကို ဇွန်းနှင့်ခပ်စားလိုက်သည်။

ထိုအချိန် လက်ဖက်ရည်ပိုင်းအနီးမှအိပ်နေသောကလေးထ၍ငိုသည့်အခါ ခေါင်းရင်ဘက်မှထရံကို တဗုန်းဗုန်းရိုက်နေသည့်အသံကို ကြားရတော့သည်။ ကိုကျင်ဇနီးက ကလေးကိုယူ၍ ချီလိုက်သည်။ လက်ဖက်ရည်ပိုင်းတွင်ထိုင်နေသော ကိုကျင်ဇနီး၏ မိန်းမအဖော်က ကိုညွှန့်လှကို -

"ဦးလေး ဟိုမှာကြည့်ပါဦး"

ဟု အိမ်ပေါက်ဝကို လက်ညှိုးထိုးပြလိုက်ရာ ကိုညွှန့်လှကလည်း ချက်ချင်းအိမ်ဝကိုကြည့်လိုက်သည်။

အိမ်ပေါက်ဝမှာ လူပုံသဏ္ဌာန်မည်းမည်းကြီးကိုတွေ့ရသည်။ ကိုညွှန့်လှလည်း ကြောက်လာသဖြင့် စောင်ကိုယူ၍ ခေါင်းမြီးခြုံလျက် ချွေးများနှင့်ရွှဲနေသည်။ ကိုကျင့်ဇနီးနှင့် ထိုမိန်းမဖော်သည်လည်း ကြောက်ကြောက်နှင့် အိမ်ခန်းကျဉ်းလေးထဲတွင် စောင်ကို တစ်ကိုယ်လုံးခြုံ၍ပုနေကြတော့သည်။ မကြာမီ အားလုံးအိပ်ပျော်သွားကြ၏။

နံနက်မိုးလင်းသောအခါ ကိုညွှန့်လှတို့သားအဖက ဈေးရောင်းထွက်ကြမည်ဟု ပြင်ဆင်နေချိန်တွင် ကိုကျင့်ဇနီးက အိမ်ခေါင်းရင်းထရံတွင် စိုက်ထားသောဓားတစ်လက်ကိုယူလာ၍ ကိုညွှန့်လှ သူငယ်ချင်းပေးထားခဲ့တဲ့ပစ္စည်းကို ကိုညွှန့်လှအား ပေးလိုက်ပါမည်ဟုပြော၍ ဓားကိုပေးလိုက်သည်။

ကိုညွှန့်လှတို့သားအဖလည်း ပါလာသောကုန်များကိုရောင်းချပြီးနောက် မိမိတို့ရွာ ကံသာသို့ ပြန်လာခဲ့ကြတော့သည်။ ကိုကျင်ဇနီးပေးလိုက်သော ဓားကိုလည်း မိမိအိပ်ခန်းထဲတွင်ထောင့်ထဲ၌ ထောင်ထားလိုက်၏။ ၎င်းဓား ကိုညွှန့်လှအိမ်သို့ ရောက်ပြီး ငါးရက်အကြာ၌ ထိုဓားထားရာအခန်းထဲ၌ တစ်စုံတစ်ခုလကျသံများကြား၍သွားကြည့်ရာ ထောင်ထားသောဓားမှာ လဲကျနေသည်ကိုတွေ့ရသည်။ ကိုညွှန့်လှလည်း ဓားကိုယူ၍ ထိုအခန်းထောင့်လေးတွင် ပြန်ထောင်ထားလိုက်သည်။ ညရောက်သည့်အခါ ထိုဓားမှာ ယခင်နည်းတူ တဒုန်းဒုန်းနှင့် အသံများကို ကြားနေရ၏။ ကိုညွှန့်လှလည်း ဒီဓားကို ဘာလုပ်ရမှန်းမသိ။

ကိုညွှန့်လှဇနီးက ဗေဒင်သွားမေးသောအခါ ဗေဒင်ဆရာက -

"ညည်းတို့ အိမ်မှာ စနေနံဓားတစ်ချောင်းရောက်နေတယ်။ အဲဒီစနေနံနဲ့ အိမ်က လူတစ်ယောက် အမှုအခင်းပြဿနာနဲ့ ကြုံလိမ့်မယ်။ ဒီဓားကို အိမ်မှာမထားနဲ့"

ဟု ပြောဆိုလိုက်သည်။

ကိုညွှန့်လှဇနီးလည်း အိမ်သို့ပြန်လာပြီး ကိုညွှန့်လှ မသိအောင် ဓားကိုယူ၍ ရွာချောင်းနှင့်ဝေးရာ မြစ်ထဲသို့ သွားရောက်စွန့်ပစ်ပြီး အိမ်သို့ပြန်လာခဲ့တော့သည်။

ကိုညွှန့်လှ၏သူငယ်ချင်းကို ဆုံးသွားသည့်တိုင် သူငယ်ချင်း ကိုညွှန့်လှအား သတိရနေသည်မှာ သူငယ်ချင်းသံယောဇဉ်ကြီးမားလှကြောင်း သက်သတ်တစ်ခုဖြစ်သည်။

ဘဝခြားသော်လည်း သူငယ်ချင်းအပေါ် သံယောဇဉ်ကြီးမားသူ ကိုကျင်တစ်ယောက် ကျွတ်လွတ်၍ ကောင်းရာသုဂတိရောက်ပါစေ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်းခံစစ်စခန်းတွေမှာ တပ်တစ်တပ်နဲ့တစ်တပ် အချိန်းအပြောင်းလုပ်တဲ့အခါ ရိက္ခာလက်ကျန် ခံစစ်နယ်နိမိတ်ရန်သူသတင်းနဲ့ အလေ့အထ၊ နယ်မြေအခြေအနေ၊ ဒေသခံတွေရဲ့သဘောထားစတာတွေကို စာရင်းဇယားအသေးစိတ်ကအစ နောက်တာဝန်ယူရမယ့် စစ်ခေါင်းဆောင်ကို လက်မှတ်ထိုးလွှဲပြောင်းပေးရတဲ့ထုံးစံရှိပါတယ်။

ကျွန်တော့် စစ်မှုထမ်းသက်တစ်လျှောက် လုပ်ရိုးလုပ်စဉ်မရှိတဲ့ လွှဲပြောင်းလက်ခံခြင်းအပိုဆောင်းတစ်ခုလက်မှတ်

ရှစ်ခွင်ကျော်-ဟောင်တော်သီ

စိတ်ရိုင်းဝင်တဲ့ ဆင်မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

ထိုးပြီး လက်ခံရတာ ကြုံဖူးပါတယ်။

၁၉၆၇ ခုနှစ် ကချင်ပြည်နယ် စစ်ဆင်ရေးထွက်စဉ်က ရှမ်း၊ ကချင်၊ ဗမာ တိုင်းရင်းသားပေါင်းစုံ အခြေချနေထိုင်တဲ့ မရမ်းအမည်ရှိတဲ့ရွာစစ်စခန်း ထိုင်စဉ်က လတရ(၁)တပ်ခွဲမှူးဆီက ချစ်ပို အမည်တွင်တဲ့ ဆင်ပေါက်ကြီး တစ်ကောင်ကို လက်ခံရခြင်းပဲ ဖြစ်ပါတယ်။

❑

ကျွန်တော်တို့တပ်ရင်း (၈၉) ရဲ့ ရှေ့တန်းဌာနချုပ်ကတော့ မိုးကောင်းမှာ ထိုင်ပြီး ဆားမှော်ခွင်၊ ကာမိုင်းခွင်၊ ဘားကန့်ခွင်၊ မရမ်းခွင်၊ မိုးကောင်းခွင်တွေမှာ တပ်ခွဲတစ်ခွဲစီတပ်ဖြန့်ထားပါတယ်။

ကျွန်တော့်ဦးစီးတပ်ခွဲ(၄)ခွင်ကတော့ မရမ်းခွင်ပါ။

၁၉၆၇ ခုနှစ်ဝန်းကျင် လမ်းပန်းဆက်သွယ်ရေးကတော့ မန္တလေး - မြစ်ကြီးနား စာပို့ရထားနဲ့ မြစ်ကြီးနား - နဘား လော်ကယ်ရထားပဲ ရှိပါတယ်။ ရထားလမ်းတစ်မျိုးနဲ့ပဲခရီးသွားရကြောင်း ဆိုလိုတာပါ။ ကားလမ်းတွေရှိပေမယ့် နယ်မြေအေးချမ်းလို့ရော လမ်းဟောင်း လမ်းကြမ်းဖြစ်နေလို့ရောကြောင့် အသုံးမပြုပါဘူး။

ဒုတိယတပ်ခွဲမှူးဦးစီးတပ်စိတ်တစ်စိတ်လျှောတပ်ခွဲကို မရမ်းရွာမှာရှိတဲ့ လတရ (၁) တပ်ခွဲမှူးဆီက စခန်းကို အကြမ်းဖျင်းလက်ခံထားဖို့ တစ်ရက်ကြို လွှတ်လိုက်ပြီး ကျွန်တော်နဲ့တပ်စိတ်တစ်စိတ်ကတော့ မြစ်ကြီးနားရှိ တပ်မဟာ (၇)မှူးကိုယ်တိုင် လာရောက် တွေ့ဆုံ စစ်ဆင်ရေးမိန့်ခွန်းပြောမှာကို နာခံဖို့ အတွက် စောင့်ဆိုင်းပြီး နောက်တစ်နေ့ စာပို့ရထားနဲ့မှလိုက်ဖြစ်ပါတယ်။

မရမ်းဘူတာကို ရထားဆိုက်တယ် ဆိုရင်ပဲ မျက်စိနောက်စရာ အမြင်ကတ်စရာနဲ့ ထိပ်တိုက်ကြုံတွေ့ရတော့တာပါပဲ။

ကျွန်တော်က တိရစ္ဆာန်တွေဆိုလို့ အိမ်မွေးကြောင်၊ ခွေးတောင်မချစ်တတ်ပါဘူး။ တိရစ္ဆာန်မချစ်တတ်တဲ့ကျွန်တော့်ကိုမှ ကျွန်တော် လက်ခံထိန်းကျောင်းရမယ်ဆိုတဲ့ ဆင်ပေါက်ကြီးချစ်ပိုက နောက်တန်းပြန် လတရ(၁)ရဲဘော်တွေလိုက်ပါမယ့် ဒီဇယ်ရထားကြီးရှေ့က ပိတ်ဆို့တားဆီး၊ ဒီဇယ်ရထားကြီးက တဘူဘူ တဘော်ဘော် ဥဩဆွဲမောင်းထုတ်၊ စက်ခေါင်းမောင်းတွေ အောက်ဆင်းချိန် လတရ(၁)ရဲဘော်တွေရှိရာ စစ်တွဲကိုသွား၊ ပြတင်းပေါက်ကနေ နှာမောင်းကြီးထိုးတင်၊ ရဲဘော်တွေက လူသားမိတ်ဆွေချင်း လက်ဆွဲနှုတ်ဆက်သလို နှာမောင်းကြီးကို ပွင့်ဆွဲနှုတ်ဆက်၊ ရထားကြီးဘီးလှိမ့်ပြီဆို ဒီဇယ်ခေါင်းရှေ့ပြေးပြီး လမ်းပိတ်ဆို့နေလို့ပဲဖြစ်ပါတယ်။

"ဗိုလ်ကြီး၊ ခဏစောင့်ဗျာ"

ကျွန်တော့်ကို အမှာစကားပြောနေတဲ့ လတရ(၁) တပ်ခွဲမှူးဗိုလ်ကြီးသိန်းဝင်းဦးဟာ စကားဖြတ်ပြီးထွက်သွားပါတယ်။ ဆင်ပေါက်ကြီးကိုခေါ် စက်ခေါင်းမောင်းတွေကို မိနစ်ပိုင်းစောင့်ဖို့သွားပြောတာပါ။

ဗိုလ်ကြီးသိန်းဝင်းဦးနဲ့ကပ်ပါလာတဲ့ ဆင်ပေါက်ကြီးဟာ စောစောကလိုပဲ ရထားပြတင်းပေါက်ကတစ်ဆင့် နှာမောင်းကြီးထိုးသွင်း ရဲဘော်တွေက နှုတ်ဆက်ရင်း -

"ချစ်ပို၊ ကံမကုန်ရင် ပြန်ဆုံတာပေါ့ကွာ"

"လိမ်လိမ်မာမာနေနော်"

"နောက်ရောက်တဲ့ရဲဘော်တွေနဲ့ အဆင်ပြေအောင်ပေါင်းပါ ချစ်ပိုရယ်"

ဆင်ပေါက်ကြီး မျက်ရည်တွေယိုစီးရင်း ခေါင်းညိတ်ပါတယ်။ ရဲဘော်တွေ မျက်ဝန်းမှာလည်း မျက်ရည်စတွေနဲ့ပါ။

"ချစ်ပို၊ သားကြီးအတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအကုန်လုံး ဒီကဗိုလ်ကြီးကိုမှာခဲ့တယ်။ ငါ့သားကြီး ဘာမှမပူနဲ့။ တို့တွေမျက်ရည်မကျချင်ဘူး"

ဗိုလ်ကြီး သိန်းဝင်းဦးဟာ ဆင်ပေါက်ကြီးခေါင်းကိုပွတ်သပ်ရင်း သူ့သားသမီးကို အမှာစကားပြောသလိုပြောနေချိန်မှာတော့ ဆင်ပေါက်ကြီးဟာ လေးကန်တဲ့လှုပ်ရှားမှုနဲ့ ခေါင်းညိတ်ပါတယ်။

တိရစ္ဆာန်မချစ်တတ်တဲ့ကျွန်တော်ဟာ လူနဲ့ တိရစ္ဆာန်အပြန်အလှန်ထားရှိတဲ့သံယောဇဉ်ကိုတော့ အသိအမှတ်ပြုရပါတော့တယ်။

ကျွန်တော့်တာဝန်က ဒီဆင်ပေါက်ကြီးကို စစ်ဆင်ရေးကာလတစ်လျှောက် စားရေးသောက်ရေးတာဝန်ယူရတော့မှာဖြစ်လို့ လတရ(၁)က ရဲဘော်တွေလို ကျွန်တော့်ရဲဘော်တွေကိုသံယောဇဉ်ထားရင်တော်ရဲ့။ အခန့်မသင့်လို့စိတ်ရှိုင်းဝင်ရင် ကိုယ့်ဆင်ဦးစီးကိုတောင် နင်းသတ်တဲ့အစဉ်အလာကို သတိထားမိတော့လည်း ဝန်ထုပ်ဝန်ပိုးကြီးရွက်ရ

www.burmeseclassic.com

www.burmeseclassic.com

တော့မှာပါလား။ အသိစိတ်ကြောင့် စိုးရိမ်မိတာတော့မှန်ပါပဲ။

❑

ဆင်ပေါက်ကြီးကို လွန်ခဲ့တဲ့ငါးနှစ်လောက်က ဗိုလ်မှူးကြီးလှအောင်ဦးစီးတဲ့ဆင်ဖမ်းအဖွဲ့က မေ့ဆေးသေနတ်နဲ့ပစ်ခတ်ဖမ်းဆီးခဲ့တာပါ။ အရိုင်းကို ဆင်ယဉ်တွေနဲ့ယဉ်ပါးအောင်သင်၊ ရုန်းကန်လို့ပေါက်ပြဲတဲ့အနာတွေပျောက်၊ ဆင်ယဉ်ဖြစ်လာတဲ့အချိန်မှာတော့ လုပ်ငန်းခွင်အသုံးမဝင်တဲ့ဆင်ဖြစ်နေပါတယ်။

ကနဦးတော့ သဘာဝအတိုင်းနေစဉ်က သစ်ငုတ်စူးခံထားရတာကြောင့် ပိုးတွယ်၊ လောက်ကိုက်၊ အနာရင်း၊ ရောဂါဟောင်းက ခြေတစ်ဖက်သိမ်းနေ၊ ဆတ်တောက် ဆတ်တောက်ဖြစ်နေလို့ စခန်းထိုင်တပ်ခွဲမှူးကိုအပ်နှံရာမှပြန်မတောင်းတော့ဘဲ ရဲဘော်တွေရဲ့ချစ်ခင်ကြင်နာခြင်းသံယောဇဉ်တွေရှည်လျားပြီး ကျွန်တော့်လက်ထက်ထိတိုင်အောင် ဝင်းမှူး၊ ဝင်းပိုင်ကြီးရာထူးဆက်ခံနေခြင်းပဲဖြစ်ပါတယ်။

ကျွန်တော် မရမ်းစခန်းကို လက်ခံပြီး တစ်ပတ်ကြာအထိ လတရ(၁)က ရဲဘော်တွေနဲ့ဆင်ပေါက်ကြီးဘာကြောင့် ဒါလောက် သံယောဇဉ်ကြီးရလဲဆိုတာ စဉ်းစားပါတယ်။ မရမ်းရွာခံတွေဆီက လည်းမေးမြန်းပြီး အဖြေရှာပါတယ်။

ဖြစ်နိုင်ခြေရှိတာတွေသိရသလို ယုတ္တိမတန်တာတွေလည်းသိရပါတယ်။

နောက်တန်းပြန် လတရ (၁)မှာ မရမ်းရွာသူ (၅)ယောက်ပါသွားပါတယ်။ အဲဒါ ဆင်ပေါက်ကြီးအောင်သွယ်ပေးတာပါတဲ့။

ကျွန်တော်တို့ မရမ်းရွာတပ်စခန်းဟာ မရမ်းရွာကြီးရဲ့တောင်ဘက်မန္တလေး - မြစ်ကြီးနားရထားလမ်းရဲ့အနောက်ဘက်မှာတည်ရှိပါတယ်။ ကျွန်တော်တို့စခန်းနဲ့ ရထားလမ်းကြား ကျေးရွာချင်းဆက် ကျောက်ခင်းလမ်းရှိပါတယ်။

နံနက်ခင်းဆို ဈေးသွားဈေးလာတွေမပြတ်တမ်းမြင်တွေ့ရပါတယ်။

"ချစ်ပို၊ ဟိုဘက်အစွန်ဆုံးက အသားဖြူဖြူ။ ဆံပင်ရှည်ရှည်၊ အကျီအဖြူရောင်နဲ့မိန်းမကို ဒီစာသွားပေး"

လို့ ရဲဘော်ကခိုင်း၊ ဆင်ပေါက်ကြီး ချစ်ပိုက နှာမောင်းဖျားမှာ ရည်းစားစာကိုညှပ်ပြီးလိုက်ပေး အဲဒီအချိန်မှာ စာပေးတဲ့ရဲဘော်က သူပေးတာမှန်းသိအောင် တပ်စခန်းရှေ့မှာ လမ်းသလားပြ စာပေးခံရတဲ့အမျိုးသမီးက ကြောက်တာရော၊ ရှက်တာရော၊ မယူမချင်း တကောက်ကောက်လိုက်နေတာကိုရောကြောင့် ပေးစာကိုယူ၊ အဲလိုနဲ့ သုံးလေးကြိမ်မြောက်တော့ သမီးရည်းစားဖြစ်ရဲဘော်တွေနဲ့ညား၊ နောက်တန်းပြန်တော့ လိုက်ပါကုန်ရောလို့သိရပါတယ်။

ရဲဘော်တွေဘက်ကကော ဆင်ပေါက်ကြီးကို ဘာအကျိုးပြုလဲ။

ကချင်ပြည်နယ် ဆားမော်ရွာနဲ့ နမ္မတီးရွာကြီးတွေမှာ သကြားစက်တွေရှိပါတယ်။ သကြားချက်ဖို့ ကုန်ကြမ်းကတော့ကြံပါ။ ဟိုပင်တောင်နီ၊ ပင်းဘော၊ ပင်းကုန်းရထားပေါ်ကကြည့်ရင် ကြံစိုက်ခင်းတွေမှ မျက်စိတစ်ဆုံးပါ။

ရထားလမ်းတစ်လျှောက်ရှိတဲ့တပ်တွေဟာ နေ့စဉ်ရက်ဆက်ဆိုသလို လမ်းလုံခြုံရေးယူရပါတယ်။ တာဝန်ပြီးဆုံးလို့ စခန်းပြန်တဲ့အခါ ရဲဘော်တစ်ယောက်ကြံလေးငါးချောင်းပါလာတတ်ပါတယ်။ အဲဒီကြံတွေဟာ ဆင်ပေါက်ကြီးကိုကျွေးဖို့ပဲဖြစ်ပါတယ်။

ဆင်ပေါက်ကြီးကလည်း ရဲဘော်တွေကိုချစ်၊ ရဲဘော်တွေကလည်း ဆင်ပေါက်ကြီးကိုချစ်လို့ ချစ်ပို အမည်ပေးထားကြောင်းသိခွင့်ရပါတယ်။

❑

"ဟ- ဟော့ကောင်တွေ၊ ငါ့ရဲဘော်တွေ၊ မင်းတို့ သူများစီးပွားပျက်ဆီးအောင်လုပ်တဲ့ရဲဘော်တွေပဲကွ"

မြစ်ကြီးနားဘက် မီးရထားလမ်းလုံခြုံရေးတာဝန်ပြီးဆုံးလို့ စခန်းပြန်လာတဲ့ရဲဘော်တွေ ကြံတွေထမ်းလာတာမြင်လို့ အပြစ်တင်စကားဆိုလိုက်ခြင်းပါ။

"ကြံခင်းပိုင်ရှင်တွေကိုယ်တိုင်ပေးလိုက်တာပါ"

"ဒါလောက်အများကြီးဟုတ်ကောဟုတ်ကြဲ့လားကွာ"

ကျွန်တော် ရဲဘော်အားလုံး ခြံငုံပြောနေစဉ်မှာ တပ်စုမှူး ဒုဗိုလ်ဝင်းအောင်က -

"ဟုတ်ပါတယ် တပ်ခွဲမှူး၊ ကျွန်တော်တို့စခန်းအပြန် ကြံခင်းပိုင်ရှင်တစ်ယောက်က ရဲဘော်တွေ ခင်ဗျားတို့စခန်းက ချစ်ပိုအတွက် ကြံတွေယူသွားပေးကြပါဆိုပြီး သူကိုယ်တိုင်ခုတ်ပေးလိုက်တာပါ"

"ချစ်ပိုက အသိအကျွမ်းတွေများလှချေလား"

တပ်စုမှူး ဒုဗိုလ်ဝင်းအောင်စကား လက်ခံယုံကြည်လို့ ကျွန်တော်လေသံပြောင်းလိုက်ပါတယ်။

အဲဒီနေ့က ချစ်ပို ဂိတ်ဝမှာဘာဖြစ်လို့ပေရပ်နေတာပါလိမ့်လို့ အတွေးစရဲ့အဖြေကတော့ ရဲဘော်တွေကိုမျှော်တာပါ။ ရဲဘော်တွေပြန်လာပြီဆိုတော့လည်း ခေါင်းတခါခါ၊ နှာမောင်းတယမ်းယမ်းနဲ့ပျော်ပါးနေတာမြင်ရသူ ကျွန်တော့်အတွက် ကြည်နူးစရာပါ။

တစ်ရက်ကနေ တစ်ပတ်၊ တစ်လဆိုတဲ့အချိန်ကာလကျော်လွန်လာတဲ့အခါ ကျွန်တော်ကိုယ်တိုင် ချစ်ပိုအပေါ် သံယောဇဉ်ဖြစ်ပြီး ချစ်ပိုမစားရမသောက်ရမှာ ပူပင်လာတတ်ပါတယ်။

တစ်ရက်မှာတော့ -

"မီးပုံပွဲမှာစုကာဝေးကာ အပေါင်းအဖော်များနဲ့ပျော်ပါတယ်×××"

ကျွန်တော့်တပ်ခွဲရုံးပိုင် နေရှင်နယ်ပင်နာဆိုစစ်ရေဒီယိုက ရုပ်ရှင်မင်းသားကြီးဝင်းဦးရဲ့မီးပုံပွဲသဲ့ချင်းလာနေလို့ ကျွန်တော့်တပ်ခွဲရုံး ရဲဘော်တွေကပါ သံပြိုင်လိုက်ဆိုနေကြစဉ်မှာ စခန်းဂိတ်ဝ ကင်းတာဝန်ကျရဲဘော်က -

"ချစ်ပိုကြီး၊ ကနေတယ်ဟေ့"

လို့ အော်ပြောလိုက်လို့ စခန်းရှိ ရဲဘော်အားလုံးလိုလိုထွက်ကြည့်ပါတယ်။ လက်ခုပ်လက်ဝါးတီးပြီး သီချင်းဆိုရင်း အားပေးမှန်းသလို့ ချစ်ပိုကြီးခေါင်း နှာမောင်း၊ လက်တွေ စည်းဝါးကိုက်လှုပ်ယမ်းကပြမှုဟာ ပိုပြီးသွက်လက်လာပါတယ်။

မိဝေး၊ ဖဝေး၊ ဇနီးသားသမီးတွေနဲ့ကွဲကွာကင်းဝေးနေတဲ့ကျွန်တော့်ရဲ့ ရဲဘော်တွေ ပျော်ရွှင်မှုရစေဖို့ ကပြအသုံးတော်ခံတဲ့ချစ်ပိုကို ကျွန်တော့်ရဲဘော်တစ်ယောက်လို သံယောဇဉ်စတွယ်တော့တာပါပဲ။

❑

ချစ်ပိုဟာ ကျွန်တော့်ရဲဘော်တွေကိုစိတ်ချမ်းသာအောင်၊ ပျော်ရွှင်အောင် ဖန်တီးပေးနိုင်ပေမယ့် ကျွန်တော့်ကိုတော့ စိတ်ချမ်းသာမှုရအောင် မစွမ်းဆောင်နိုင်တဲ့အပြင် စိတ်သောကရောက်အောင် ဖန်တီးနေသလိုပါပဲ။

ကျွန်တော် မရမ်းရွာထဲ ဘာကိစ္စနဲ့ပဲသွားသွား နောက်ကနေတကောက်ကောက်လိုက်ပါတတ်ပါတယ်။ ပြန်ပါခိုင်းလို့လည်း မပြန်ပါဘူး။

ချစ်ပိုဟာ စကားမပြောတတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

စားလွဲလို့ သူ့အသိစိတ်ဟာ ကျွန်တော်တို့ သူသားတွေနဲ့အပြိုင် ပျော်ရွှင်တတ်၊ ဝမ်းနည်းပူဆွေးတတ်၊ ချစ်တတ်၊ မုန်းတတ်၊ စိတ်ဒေါသဖြစ်တတ်တယ်လို့ ဆိုချင်ပါတယ်။

~ မရမ်းရွာလယ်မှာ ကုန်စုံဆိုင်ကြီး တစ်ဆိုင်ရှိပါတယ်။ ပိုင်ရှင်ကတော့ တင်မေချစ်နဲ့ တင်မေစစ် အမြွာညီအစ်မ အပျိုကြီးတွေပါ။ ကျွန်တော် တင်မေချစ်နဲ့အပြန်အလှန်ချစ်ကျွမ်းဝင်နေပြီဆိုတာ သိနေသလိုပါပဲ။

ချစ်သူတို့သဘာဝ ကျွန်တော် တင်မေချစ်ရဲ့ လွှက်ကိုကိုင်ချင်ပါတယ်။ တင်မေချစ်ရဲ့ သွယ်လျတဲ့ကိုယ်လေးကို သွေ့ဖက်ချင်ပါတယ်။ တင်မေချစ်ပါးပြင်ကို အနမ်းပိုးတွေရွာချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဆန္ဒမပြည့်ဝပါဘူး။ ပြောရရင် တင်မေချစ်ရဲ့အနားကပ်ခွင့်တောင် မရပါဘူး။ ချစ်ပိုကနှောင့်ယှက်နေလို့ပါ။ တင်မေချစ်အနားကပ်ရင် နှာမောင်းနဲ့ ကွန်းပြီးခွာထုတ်ပါတယ်။

ကျွန်တော့်အဆင့်၊ ကျွန်တော့်အသက်၊ တင်မေချစ်ရဲ့အရွက်၊ သူ့ရဲ့ အသိကွာအရ ကျွန်တော်တို့နှစ်ယောက်ဟာ မမြင်ကွယ်ရာမှာ ခိုန်းတွေ့ဖို့မသင့်ပါဘူး။ သိကွာရှိရှိရဲ့ လူမြင်ကွင်းမှာတွေ့ ချိန်းတော့လည်း ချစ်ပိုနှောင့်ယှက်တာနဲ့ ချစ်စကားလှလှလေးတောင် တုံ့လှယ်ပြောဆိုခွင့်မရှိပါ။

ရက်မှလ အုလီလီပြောင်းပြီး ချစ်သက်တမ်းလေးတွေ ရှည်ကြာလာတဲ့ထိ ချစ်ပို့အခြေအနေကိုရိပ်စားမိလာပါတယ်။ ချစ်ပို့ တင်မေချစ်ကို ချစ်နေပြီဆိုတာပါ။

တစ်မိပေါက်မောင်နှမအရင်းအချာအချစ်မျိုးအသည်းနှင့်အောင်ချစ်ရတဲ့ အစ်မ သို့မဟုတ် ညီမလေးတို့၊ အစ်ကို သို့မဟုတ် ဘယ်ယောကျ်ားသားကိုမမချစ်ဆန်ခင်တဲ့ မောင်ချစ်နှမချစ် (၅၂၈) လောသောကင်းစင်တဲ့အချစ်မျိုးလား။

ကျွန်တော့်လိုပဲ ရယူပိုင်ဆိုင်လိုတဲ့ (၁၅၁၀) အချစ်မျိုးလား။

"တို့၊ ချစ်ချစ်သဘောကိုသိချင်တယ်"

"ဘာကိုလဲ ကိုကို"

အရင်းမရှိအဖျားမရှိ ကျွန်တော့်စကားကြောင့် တင်မေချစ် မျက်လုံးအိမ်သားနဲ့ ကျွန်တော့်ကို အတန်ကြာကြည့်နေပါတယ်။

"ချစ်ချစ်၊ ချစ်ပို့အပေါ် ထားရှိတဲ့ သဘောထားကိုပြောတာပါ"

"ကိုကိုဘယ်လိုထင်လို့လဲ"

ကျွန်တော်ပြုတ်ပြုတ်သားသားပဲသိချင်ပါတယ်။

"ချစ်ပို့ဟာ အစ်ကို့လိုပဲ ချစ်ချစ်ကို ချစ်နေသလားလို့ပါ"

"ဩော် - ကိုကိုရယ်၊ ဟုတ်ရင်လည်းဟုတ်မှာပေါ့။ ဒါများစိုးရိမ်စရာလား။ ချစ်ချစ်က မနှံသလူသား၊ ချစ်ပို့က တိရစ္ဆာန်။ မဖြစ်နိုင်တာမတွေးစမ်းပါနဲ့"

"တကယ်လို့ ချစ်ပို့ဟာ လူဖြစ်နေရင်ကော"

"ကိုကိုနော်"

ကိုကိုနော်. . . လို့ပြောတဲ့လေသံ ခပ်စူးစူးနှတ်ခမ်း၊ ခပ်စွေစွေမျက်စောင်းတစ်ချက်ဟာ ကျွန်တော့်အပေါ် သဝန်တိုရန်ကောလို့ အဓိပ္ပာယ်သက်ရောက်စေပါတယ်။

သဝန်တိုတာ အချစ်လို့ခေါ်ရင် တင်မေချစ်အပြစ်ဆိုမှုကို ကျွန်တော် ကြည်ဖြူကျေနပ်စွာ လက်ခံပါတယ်။

ကျွန်တော်အမျိုးမျိုးတွေးပါတယ်။ ချစ်ပို့ဟာ တိရစ္ဆာန်ပါ။ စိတ်ရိုင်းဝင်ပြီဆို သူ့သခင် ဆင်ဦးစီးကိုတောင် နင်းသတ်တဲ့အထိ - အသိဉာဏ်ကင်းမဲ့တဲ့အသိကြောင့် အချိန်ဆွဲလို့မဖြစ်တာကြောင့် နားလည်လာပါတယ်။

ကျွန်တော်တို့ စစ်ဆင်ရေးကာလ ကုန်ဆုံးဖို့ တစ်လတောင်မလိုတော့ပါ။

❑

ကျွန်တော်နဲ့ တင်မေချစ် သူက ပိုချစ်တယ်၊ကိုယ်ကပိုချစ်တယ်လို့ အချစ်တွေအပြိုင်အဆိုင်ကဲနေချိန် အချစ်ရဲ့ အထွတ်အထိပ်ကိုရောက်နေချိန် နောင်ရေးအတွက် စိုင်းပြင်းနေချိန်မှာတော့ ချစ်ပို့ဟာ ကျွန်တော်နဲ့ တင်မေချစ်ကို ခပ်စိမ်းစိမ်းဖြစ်သွားပါတယ်။

ကျွန်တော် မရမ်းရွာထဲသွားရင် ကျွန်တော့်နောက်ကတကောက်ကောက်လိုက်တတ်တဲ့ချစ်ပို့ ခုတစ်လောမလိုက်တော့ပါဘူး။

ရဲဘော်တွေကင်းအိပ်ရင် ကျွန်တော့်ကိုလာနှိုး၊ ရဲဘော်ချင်းစကားများရန်ဖြစ်ရင် ကျွန်တော့်ကိုလာတိုင်၊ ရဲဘော်တွေ အစာမစကျွေးရင် ကျွန်တော်နားမှာ နှာမောင်းကြီးနဲ့ ပွတ်သီးပွတ်သပ်နဲ့ သတင်းပို့၊ ရေဒီယိုက မြူးမြူးကြွကြွ သီချင်းလာရင် ကျော့ကျော့မော့မော့ ကခုန်တတ်တဲ့ချစ်ပို့ဟာ လေးလံထိုင်းမှိုင်းလို့နေပါတယ်။ လူလိုဆိုရင် စိတ်ဖိစီးမှုခံစားနေရသလိုပါ။

ချစ်ပို့ရဲ့ဝေဒနာကို ကျွန်တော်မျှဝေခံစားတတ်ပြီဖြစ်လို့ မနေတတ်တော့ပါဘူး။ ချစ်ပို့ကိုချော့ပါတယ်။ မပြောပါဘူး။ ချစ်ပို့ကိုမြှောက်ပါတယ်။ မမြှောက်ပါဘူး။ လတ်ဆတ်တဲ့ကြံတွေကို ကျွန်တော်ကိုယ်တိုင် ခုတ်ပိုင်းကျွေးပါတယ်။ မစားပါဘူး။

အဆိုးဆုံးကတော့ မမြိတ်မသုန်မှက်လုံးအစုံက ကျွန်တော့်ကိုစိုက်ကြည့်နေခြင်းဟာ ကောင်းသော လက္ခဏာမဟုတ်ပါဘူး။ ဆင်ကြဲကြဲနေတဲ့သဘောပါ။

❑

စစ်ဆင်ရေးကာလ ပြီးဆုံးပြီး နှောက်တန်းပြန်နားမှ နောက်တစ်ခေါက်လာပြီး စေ့စပ်ကြောင်းလမ်းဖို့ကိစ္စ၊ မင်္ဂလာဆောင်ဖို့ကိစ္စဟာ မသေချာမရေရာတဲ့အလုပ်ပါ။ ကျွန်တော်တို့စစ်သားဘဝဟာ ခုံအမိန့်ရ ချချက်ချင်း တာဝန်ကျရာကို အချိန်မဆိုင်းသွားရတဲ့ဘဝပါ။

ကျွန်တော် တင်မေချစ်နဲ့ညီပါတယ်။ကျွန်တော့်သဘောဆိုတာကြောင့် မိုးကောင်းရွေ့တန်းဌာနချုပ်ကိုသွားကာ ကျွန်တော့်တပ်ရင်းမှူးကို အကျိုးအကြောင်းတင်ပြပြီး လက်ထပ်ခွင့်တောင်းခံတာ အလွယ်တကူပဲ ခွင့်ပြုပါတယ်။ အခြေအနေပေးရင် တပ်ရင်းမှူးကိုယ်တိုင် ကြွရောက် ချီးမြှင့်မယ်လို့လည်း ပြောပါတယ်။

ဝိုလ်ကြီးမောင်ဘိုကြီး - မတင်မေချစ်။

မင်္ဂလာမဏ္ဍပ် နမူးစီးစာတန်းကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် လိပ်ပြာမလုံပါ။ စိတ်မသန့်ပါ။ တကယ်တော့ ကျွန်တော်တင်တောင်းတဲ့ငွေကြေးပမာဏဟာ မည်ကာမတ္တပါ။ ကျွန်တော်တင်တောင်းငွေကို နှစ်ဆတိုးနားဖော်ချိန်က လူလည်ကောင်ထုတ်ပြတဲ့ တင်မေချစ်ရဲ့လုပ်ရပ်ဟာ ကျွန်တော့်ဂုဏ်သိက္ခာကိုမြှင့်တင်ပေးသလို သူ့အသိုင်းအဝိုင်းရဲ့ ခီးကျူးထောမနာပြုခံချင်တဲ့သဘောဖြစ်တာကြောင့် လိပ်ပြာမလုံတာပါ။

မင်္ဂလာပွဲအစီအစဉ်ကုန်ကျစရိတ်အားလုံး မတင်မေချစ်တာဝန်ယူတာဖြစ်လို့ ကျွန်တော် မိန်းမရက်ကောင်းတယ်လို့ဆိုနိုင်ပေမယ့် အထုပ်ပြေ သတင်းပေါက်သွားရင်တော့ အရှက်ရစရာပါပဲ။

မင်္ဂလာဆောင်ကိစ္စ ကျွန်တော် အတတ်နိုင်ဆုံး အကျဉ်းချုံးချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် မတင်မေချစ်ဟာ ငွေကြေးပြည့်စုံတဲ့မျက်နှာကြီးတောသူဌေးဖြစ်တာကြောင့် အကျယ်ချဲ့ပါတယ်။ ရွာဧလေ့အတိုင်း ဝတ်သားဟင်းနဲ့ည့်ခံကျွေးမွေးပါတယ်။

မတင်မေချစ်ဟာ ဂုဏ်ပကာသန၊ ငွေကြေးကြွယ်ဝသလို မိတ်သင်္ဂဟလည်း ပေါမါတယ်။ မနက်(၇)နာရီမှ (၁၁)နာရီ အထိလို့ကြေညာထားပေမယ့် မနက်မိုးလင်းပြီဆိုကတည်းက ဧည့်ခံကျွေးမွေးလာတာ (၈) နာရီကျော် (၉) နာရီထိုးချိန်မှာတော့ ဧည့်ခံမဏ္ဍပ်တောင်မဆုံဘဲ ပရိသတ်ပြိုဆင်းလာပါတယ်။

"အခါတော်မေးတာ×××နတ်ရေး ငယ်ရွှေစာ"

ကျယ်လောင်လှတဲ့အသံချဲ့စက်ဆီက မင်္ဂလာအခါပေးသီချင်းသံဟာ လာကြပါ၊ ကြွရောက် သုံးဆောင်ကြပါလို့ ဖိတ်ကြားနေသလိုပါပဲ။ မရမ်းရွာကြီးရဲ့ မျက်နှာကြီးမင်္ဂလာပွဲအရှိန်ကြောင့်လို့ပဲ ဆိုရမှာပါ။ နေမြင့်လို့ အချိန်ရင့်ပေမယ့် မင်္ဂလာပွဲလာပရိသတ်ဟာ ကျဲပါးမသွားဘဲ မဏ္ဍပ်တွင်း အိမ်ကြီးပေါ် ဘေးအိမ်နီးချင်းအိမ်တွေမှာပါ ပြည့်လျှံလို့ တောင်နေပါတယ်။ မရမ်းရွာကြီးရဲ့ အစည်ကားဆုံးသောမင်္ဂလာပွဲလို့တောင် ပြောစမှတ်ပြုရမယ့်ပွဲပဲလို့တောင် မှတ်ချက်ပြုခံရတဲ့ပွဲပါ။

"တပ်ထဲက ဆင်ပေါက်ကြီးချစ်ပို ပြေးလာတယ်ဗျို့"

ချစ်ပိုလာတာ အဆန်းမဟုတ်ပေမယ့် အော်ဟစ်ပြောဆိုသူရဲ့လေသံမှာ ထိတ်လန့်တုန်လှုပ်တဲ့ စိုးရိမ်မှုသဘော ဆောင်နေလို့ ကျွန်တော်ရော မတင်မေချစ်ပါ မဏ္ဍပ်အပြင်ထွက်ကြည့်ပါတယ်။ ဟုတ်ပါတယ်။ ပုံမှန်ခြေလှမ်းနဲ့လာခြင်းမျိုးမဟုတ်ဘဲ စိတ်ခိုင်းဝင်ပြီး ကမူးရှူးထိုးနဲ့အပြေးလာခြင်းပါ။

"မီးဖိုထဲဝင်သွားပြီ"

"ပြေးကြ၊ ပြေးကြ"

ပွက်လောရိုက်သံတွေနဲ့အတူ ချက်ပြုတ်ရေးအဖွဲ့တွေ ဘေးလွတ်ရာကို ထွက်ပြေးချိန်မှာတော့ မီးဖိုပေါ် က ပွက်ပွက်ဆူနေတဲ့ ဝက်သားဟင်းမိုးခြဲဒယ်အိုးကြီးကို နှာမောင်းနဲ့ထိုးလှန်ဖြစ်ပါတယ်။ မီးဖိုပတ်လည်မှာတော့ အဆီတဝင်းဝင်း၊ အငွေ့တထောင်းထောင်းထနေတဲ့ဝက်သားတုံးတွေပြန့်ကျဲကုန်ပါတယ်။

"ချစ်ပို၊ ချစ်ပို"

"ချစ်ပို မလုပ်ပါနဲ့၊ ဘောင်းပန်ပါတယ်"

ကျွန်တော့်အသံကြားရင် စိတ်ပြေတန်ကောင်းရဲ့လို့ အသံပေးကြည့်ပါတယ်။မတင်မေချစ်ကလည်း သူတောင်းပန်ရင် ရတနာကောင်းရဲ့လို့အထင်နဲ့ တောင်းပန်ပေမယ့် ကျွန်တော်နဲ့ မတင်မေချစ်ကို တစ်ချက်စွေကြည့်ပြီး ထမင်းတွေထည့်ထားတဲ့တောင်းတွေကိုမှောက်၊ ထမင်းတွေကိုနင်းခြေပါတယ်။

"ချစ်ချစ် ပြေး ပြေး အိမ်ပေါ် တက်ပြေး"

ချစ်ပိုဟာ ထမင်းတောင်းတွေကို သွန်မှောက်နင်းချေပြီးလို့လည်း စိတ်မပြေနိုင်ဘဲ ကျွန်တော်တို့ဘက် ဦးတည်လာလို့ မတင်မေချစ်ကို တွန်းလွှတ်ပါတယ်။ အရေးထဲ မတင်မေချစ် လဲကျသွားလို့ ဆွဲထူနေစဉ်မှာ ချစ်ပိုဟာ ကျွန်တော်တို့နှစ်ယောက်ကိုရန်မူဘဲ မင်္ဂလာမဏ္ဍပ်ဘက်ထွက်သွားပါတယ်။ မဏ္ဍပ်ထဲက ဧည့်ပရိသတ်တွေ အစုအပြုံလိုက်အလဲလဲ အပြိုပြိုနဲ့ ထွက်ပြေးကြပါတယ်။

"ချစ်ပို၊ စိတ်လျှော့ပါ"

"ချစ်ပို၊ ငါတို့ကိုမသနားတော့ဘူးလား"

ကျွန်တော်နဲ့ မတင်မေချစ် အသံပေးကာ တောင်းပန်ပေမယ့် မရပါဘူး။ မင်္ဂလာသီချင်းတွေသီကြွေးနေတဲ့ အသံချဲ့စက်ဟွန်းကြီးနှစ်လုံးကိုဆွဲဖြုတ်၊ လမ်းမပေါ် က ကျောက်တုံးတွေနဲ့ထုခြေ၊ ခြေထောက်နဲ့ထပ်နင်း။ ပြီးတော့ မဏ္ဍပ်တိုင်တွေဆွဲနုတ်ဖြိုဖျက်ပစ်လို့ ဖရိုဖရဲဖြစ်နေပါပြီ။

သတို့သားကျွန်တော်နဲ့သတို့သမီး မတင်မေချစ်ကလွဲလို့ အနီးဝန်းကျင်မှာ တစ်ယောက်မှမရှိတော့ပါ။

နံနက်ပိုင်းက ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ပြည့်စုံနေတဲ့ ကျွန်တော်တို့ မင်္ဂလာပွဲဟာ မြင်မကောင်းရှုမကောင်း အပျက်အစီးတွေနဲ့အတူ ကျက်သရေကင်းမဲ့တဲ့ တစပြင်ကြီးလို့ပါပဲ။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ဘယ်သူကပြေးပြီးသတင်းပို့လို့ကတယ်မသိ။ ကျွန်တော့်ရဲဘော်ဆယ်ယောက် သေနတ်ပစ်ဖောက်ခြောက်လှန့်ပြီးပြေးလာကြပါတယ်။ ဖြစ်ပျက်နေတဲ့အပျက်အစီးတွေမြင်ပြီး ချစ်ပိုကို ပစ်သတ်ကြတော့မှာပါ။

"ဗိုလ်ကြီး၊ ကျွန်တော်တို့ဘက်ကို လာခဲ့ပါ"

"မမချစ်၊ ဗိုလ်ကြီးနဲ့အတူ ဒီဘက်ကိုလာခဲ့ပါ"

ကျွန်တော့်ရဲဘော်တွေ ကျွန်တော်နဲ့ မတင်မေချစ်ကို အော်ခေါ် ရင်း သေနတ်နဲ့ချိန်တဲ့လူကချိန် မိုးပေါ် ထောင်ပစ်ခတ်ရင်း ခြောက်သူကခြောက်ပါတယ်။ အဲဒီအချိန်မှာ ချစ်ပိုပါ ရဲဘော်တွေရှိရာဘက် ခေါင်းလှည့်ထားပါတယ်။ နဖူးတည့်တည့်ချိန်ရွယ်ပြီးပစ်လိုက်ရင် ဗိုင်းခနဲလဲပြီးသေပွဲဝင်တော့မှာပါ။

"ကျွန်မ တောင်းပန်ပါတယ် မပစ်ကြပါနဲ့ရှင်"

"ချစ်ချစ်"

မတင်မေချစ်ဟာ ရဲဘော်တွေကို တောင်းပန်ရင်း ချစ်ပိုရှေ့ပြေးထွက်သွားလို့ ကျွန်တော်လိုက်ဆွဲတာမမီလိုက်ဘဲ ချစ်ပိုရှေ့က ကာလိုက်ပါတယ်။ နောက်ဆုံး ချစ်ပိုနဲ့အတူ ကျွန်တော်တို့ပါအသေခံမယ်ဆိုပြီး ရဲဘော်တွေရဲ့ပစ်ကွင်းကို ကာကွယ်လိုက်ပါတယ်။

"ဗိုလ်ကြီး၊ မမချစ်၊ မစွန့်စားချင်ပါနဲ့။ တိရစ္ဆာန်တစ်ကောင်အတွက်နဲ့ အသက်အဆုံးရှုံးမခံပါနဲ့"

"ဖယ်. . ဖယ် ပစ်တော့မယ်နော်"

"ဝူး. . . "

ကျွန်တော်နဲ့မတင်မေချစ်မျက်လုံးစုံမှိတ်လိုက်ပါတယ်။ ကျွန်တော့်နှစ်ယောက်ရဲ့ နောက်ဆုံးအခြေအနေတ်ရင်ဆိုင်လိုက်တော့မယ်ဆိုတဲ့သဘောပေါ့။

စက္ကန့်၊ မိနစ်ငြိမ်သက်နေပါတယ်။ ဒါပေမယ့် ကျွန်တော်မျှော်လင့်သလိုပြီးမလာလို့ ချစ်ပိုရှိရာ နောက်ကျောလှည့်ကြည့်ခိုင်မှာတော့ ရင်နင့်အောင် ခံစားရပါတယ်။

ချစ်ပို မြေပြင်မှာ ပြားပြားဝပ်နေလို့ပါ။

တဟုန်းဟုန်းတောက်လောင်နေတဲ့ချစ်ပိုရဲ့ဒေါသမီးကို ကျွန်တော်တို့နှစ်ယောက် မေတ္တာရေနဲ့ငြိမ်းသတ်လိုက်ပြီ။

ဩော် - ချစ်ပို မျက်ရည်တွေတွေ့လို့ပါလား။

"ချစ်ပိုရယ်၊ နောက်ဘဝဆိုတာမျှားရှိခဲ့ရင်. . . "

မတင်မေချစ်ဟာ ချစ်ပိုဦးကင်းပွတ်သပ်ရင်း ဝမ်းနည်းကြေကွဲစွာ စကားဆိုပါတယ်။ အသံတိမ်ဝင်သွားဘာမှမကြားရတော့ပေမယ့် ရင်ထဲတဲ့ စကားလက်ကျန်ကိုတော့ ကျွန်ခန့်မှန်းလို့ရ အဓိပ္ပာယ်ဖော်လို့ရပါတ

ချစ်ပိုနဲ့အပြိုင် မတင်မေချစ်မျက်ရည်တွေကြောင့်ပါ။ -

ရှစ်ခွင်ကျော်-ဇော်ဝင်းတော်

www.burmeseclassic.com

www.burmeseclassic.com

တိုတိုး (ရန်ကင်း)

ဒါရိုက်တာဦးချင်းစိန် (ရွှေညာမောင်)၏
ကေလာသသမိုင်း



ကေလာသတေးထပ်

မြန်မာဆွေ ဝမ်းဖလင့်က နှန်းပလွင့်ရိပ်ဖြူ။ မန်းယခင့်အတိတ်မှုကို၊ နိမိတ်ယူသလော။ နှန်းတွင်းဇာတ်တော်မဟေကို၊ ကျော့ပစေကူးရိုက်ရာသော၊ ကေလာသပြည်လှဲကျော်အောင်။ ရည်လှဲ့ဆော်သဘော သမိုင်းဂုဏ်ဝိုင်းအုံပြောလောက်ကဲ့၊ သိုင်းခြံနှောဇေဘန်။ ဦးချင်းစိန်ဘန်စီပြု၊ ကြံစည်မှုကြီးတဲ့ရွှေညာဏ်၊ ရှုစားဖို့ခိုန်ခါတန်ပြီ၊ စိန်ကြာရံ မြပြတင်းဆီက၊ ပြသတင်းကြောင့်ကြတာမှု၊ စောင့်ကြအတူ။ ။ မေနှုန့် မောင်းအားကြ။ ဆောင်သွေးမြှုခြစ်ခဏ်းနှင့်လေး။ ။

၁၉၃၉ ခု၊ ဖေဖော်ဝါရီလထုတ် ဒဂုန်မဂ္ဂဇင်းအမှတ်(၂၂၂)၌ ထည့်သွင်းဖော်ပြခဲ့သည့် စာရေးဆရာဒဂုန်ရွှေဂျပ်၏ မြစိမ်းရောင်ဝတ္ထုကို ဒါရိုက်တာဦးတင်နွယ်က ဇာတ်ညွှန်းဖွဲ့ပြီး ဒါရိုက်တာ ဦးချင်းစိန် (ရွှေညာမောင်) ရိုက်ကူး



သော ကေလာသသမိုင်းဇာတ်ကားတော်ကြီးမှ ကေလာသဘွဲ့တေးထပ် ဖြစ်ပါသည်။

□ တလိုင်းဘာသာ-သမိုင်းစာမှ

ကွန်ပ်ကြားသိရသမျှ မြသိန်းတန်ဘုရားကြီးကို မြစိမ်းရောင်မင်းသမီးတည်ထားခဲ့၍ ဘုရားပြီးလျှင် မင်းသမီးသည် ငြမ်းပေါ်မှ လိုဝ်ချသေဆုံးရှာလေ၏ ဖြစ်ပါသည်။ ဤမျှနှင့်ပင် မကျေနပ်နိုင်သဖြင့် တစ်နေ့တွင် ဘုရားရင်ပြင်တော်၌ အသက် (၈၀) ကျော်ရှိ အဘိုးကြီးတစ်ဦးနှင့်တွေ့၍ မေးမြန်းရာတွင်မဂ္ဂင်းက အမိန့်ရှိသည်မှာ ထိုဘုရားသမိုင်းဟောများ တလိုင်းဘာသာဖြင့်ရှိကြောင်း မိမိငယ်ဆရာတော် ဘုန်းတော်ကြီးက ဘာသာပြန်၍ အမိန့်ရှိဖူးသည်ကို ငယ်စဉ် သာမဏေဘဝက ကြားနာခဲ့ရဖူးကြောင်း၊ ဆရာတလိုင်းဘုန်းတော်ကြီး ပုံလွန်တော်မူသောအခါ မည်သူမျှ မသိတတ်၍ အိမ်အိုကြီးထဲသွားရှာဖွေးရ

www.burmeseclassic.com

www.burmeseclassic.com

လုတတ်ပေရဲ့ မောင်အေးကြူ
ပြုစုစိန်နှင့် ထွန်းအောင်မူ

မပြုမပြင် ပင်ကိုရောဂါ
အကြောမှုရာကြွေဖယ်

ကြောက်ဇလိုရက်သွေးနှင့် မျက်နှာပေးရွှန်းထ
ထက်ကလေးပြန်ကားသည် ထန်ရာတော်မူဆင်

ကြောင်း မောင်ရင်သိလိုကသွားကြည့်ပါ
လေဟု အဓိန့်ရှိသောကြောင့် ကျွန်ုပ်
သည် ထိုအဘိုးကြီးညွှန်ပြရာ အိမ်အိုကြီး
သို့သွား ရောက်ရှာတွေ့ခဲ့လေပြီ။ မိုးမလုံ
၍ မှိုတက်ကာခြစ်းထားသော တလိုင်း
မူပေစာသမိုင်းများကို ကျွန်းသေတ္တာကြီး
တစ်ခုမှတွေ့ရှိရပါ၏။ ရှေးဟောင်းပေစာ
များ မတိမ်ကောစေခြင်းငှာ စကား
တန်ဆာဆင်ကျက် မြစိမ်းရောင်ဝတ္ထု
အမည်ဖြင့် ဖော်ပြလိုက်ရပါသတဲ့ဦး
ဟူ၍ ကျွန်ုပ်တို့၏စာရေးဆရာကြီးဒဂုန်
ရွှေဂူနှင်က ဆိုထားပါသည်။

ယခုအခါ တလိုင်းဘာသာသမိုင်း
စာလာဖြစ်သော မြစိမ်းရောင်မင်းသမီး
ရာဇဝင်ဇာတ်တွဲကိုနှင့်တကွ ကေလာသ
သမိုင်းတော်ကြီးကို ဒါရိုက်တာ ဦးချင်း
စိန် ရိုက်ကူးလျက် ရှေဟောင်းဇာတ်ဖြစ်
ထွေကို ခေတ်သစ်ဉာဏ်ဖြင့် အမွမ်းတင်
ပြသလျက်ရှိနေပါပြီ။ ကြွေလာရွှေစားတော်
မူကြပါဟု ကျိုက်ထီးရိုးသမိုင်း၊ ကေလာသ
သမိုင်းပါဝင်သော ကေလာသဇာတ်
တော်လက်ကမ်းကြော်ငြာတွင် ဖော်ပြ
ထားသည်။

❑ ကေလာသ

ကျိုက်ထီးရိုးသမိုင်းသည် ကေလာ
သသမိုင်းနှင့် ဆက်စပ်လျက်ရှိပါသည်။
ကျိုက်ထီးရိုးသမိုင်းကို သိပြီးသူတိုင်း
ကေလာသကိုပါ သိသင့်သိထိုက်လုပါ
သည်။ ကျိုက်ထီးရိုးဘုရားကိုဖူးမြော်ကြ
ရသူတိုင်း၊ ကေလာသဘုရားကို ဖူးမြော်
သင့်ကြလေသည်။

❑ ဆုတောင်းပြည့်

ဆုထူးရွှယ်သူတိုင်း ကေလာသ
စေတီတော်ကြီးကို အာရုံညွှတ်နှုးဖူးမြော်
ကန်တော့ခြင်းအားဖြင့် ဆုတောင်းပြည့်
စေနိုင်ပါသည်။ ယခုမှသာလျှင် ဆု
တောင်းပြည့် အဓိဋ္ဌာန်မြောက်သည်
မဟုတ်၊ ရှေးယခင်နှစ်ပေါင်းများစွာက
စ၍ ဆုတောင်းပြည့် အဓိဋ္ဌာန်မြောက်
တတ်ကြောင်းကို ရာဇဝင်သမိုင်းခင်း
ထားရာ မည်ကဲ့သို့ ဆုတောင်းပြည့်
ကြောင်း ကေလာသဇာတ်တော်ကြီး
ဆက်ဆက်ကြွေလာရွှေစား၍ အာရုံမူ
မြင်ဖူးတွေ့တော်မူကြပါကုန်။

❑ ဒါရိုက်တာဦးချင်းစိန်၏သဝဏ်လွှာ

ကေလာသဇာတ်တော်ကြီးကို
ရိုက်ကူးသူ ဒါရိုက်တာ ဦးချင်းစိန်က
ပြည်သူမေတ္တာမလွန်သာသည့်အလျောက်
ကျွန်တော်သည် ရှုပ်ရှင်နယ်အတွင်း
ပြန်လည် ဝင်ရောက်လျက် ဇာတ်ကား
တစ်ကားရိုက်ကူးရန် စဉ်းစားသည့်အ
ကာလဇာတ်ကားထက် ဘုရားမိုး

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းတစ်ခုခုကို ရိုက်ကူးရလျှင် အကျိုးရှိမည်ဟု တထစ်ချယုံကြည်မိသည့်အတိုင်း ကွန်တော်ကိုယ်တိုင်ဖူးမြော်ဘန်လျှောကန်တော့ခဲ့ရ၍ ဗုဒ္ဓရှင်တော်ဘုရား၏ ဆံတော်စစ်နှစ်ဆူကို ဌာပနာပြုလုပ် တည်ထား ကိုးကွယ်ခဲ့ကြသော ကေလာသဇာတ်သမိုင်းကို ဆတိရကာ ဇာတ်လမ်း ရေးသား ရိုက်ကူးရပါတော့သည်။

ယင်းသို့ရိုက်ကူးရာတွင် ကျိုက်ထီးရီးသမိုင်းနှင့်တကွ ကေလာသ့သမိုင်းနှင့် ဆက်စပ်လျက်ရှိသော မြသိန်းတန်သမိုင်းကိုပါ အခြေအမြစ်လိုက်စိစစ်ရှာဖွေ၍ စေ့ငသေချာစွာရိုက်ကူးထားသည်ဖြစ်ရာ မေတ္တာရှင်အပေါင်းတို့ နှစ်ထောင်းရ ရှုစားနိုင်တော်မူကြရမည် ဖြစ်ပါကြောင်း။

အထူးသဖြင့် ဗုဒ္ဓသာသနာတော်ထွန်းကားရာဖြစ်သော မြန်မာပြည်နှင့် တကွ ပြည်သူပြည်သားအပေါင်းတို့အား လေးစားသမ္မူပြုကာ စေတနာသဒ္ဓါတရားရှိလှစွာဖြင့် ရိုက်ကူးဆက်သသော ဇာတ်တော်ကြီးဖြစ်ရာ ရှုစားကြရသူ အပေါင်းတို့ နှစ်သိမ့်ကြည်နူးရွှင်မြူးချမ်းမြေ့လိုအင်ဆန္ဒပြည့်ဝကြပါစေကုန်သတည်းဟု ဆုတောင်းပတ္ထနာပြုရပါကြောင်း။

၁ မြစိမ်းရောင်

မြစိမ်းရောင်မင်းသမီးကလေးကား သထုံဘုရင်ကြီး၏သမီးကလေးဖြစ်တော့သည်။ ဗညားသမိန်မင်းသားကား ထိုဘုရင်ကြီး၏ တူတော် ဖြစ်သည်။ အိမ်ရှေ့မင်းသည် ထိုဘုရင်၏တူတော်ပင်ဖြစ်ပေသည်။ အချစ်စစ်ခင်းချစ်တင်းပြိုင်ရာတွင် ကံသာသူ ဗညားသမိန်သည် မြစိမ်းရောင်၏ အချစ်ရည်ရယ်ကို လျက် အနိုင်ရခဲ့၏။ အိမ်ရှေ့မင်းသည် ဗညားသမိန်ကို ရန်မူလျက် အကောက်ကြံဆဲတွင် ခမည်းတော်၏ ကတိသစ္စာမိဒ္ဒာန်ပြုချက်တစ်ချက်သည် မြစိမ်းရောင်အား မမျှော်လင့်ဘဲ အမှောင်ကြီးမှောင်ခဲ့လေပြီ။ မြစိမ်းရောင်မင်းသမီး၏ မယ်တော်တော်ငဉာစဲဒေဝီ မဟေသီမိဖုရားကြီးနှတ်ရွာမလားမီ သိန်းတန်မြလက်ဝတ်တော်ကို မြစိမ်းရောင်၏ခမည်းတော်အား သစ္စာကတိပြုစေလျက် အပ်နှံထားခဲ့လေသည်။ ကတိသစ္စာထားရပုံကား -

ဤသိန်းတန်မြလက်ဝတ်တော်နှင့် သင့်လျော်သသူသာလျှင် တောင်ညာစံဖြစ်ထိုက်စေသား။

တင်မောင်

ခင်မောင်

နိုင်ထင်

မေဘွန်

မေရွှင်

သာကျော်

www.burmeseclassic.com

www.burmeseclassic.com



မောင်တော့် သစ်သီးရွာသွားတော့ မြကလေး အားငယ်ရွာရုပ်ထေတယ်

ထို့ကြောင့် ဤလက်ဝတ်တော်တို့နှုန်းတော်သူပျိုကညာများဝတ်ဆင်ကြသည့်ကြရာတွင် တော်၍ချောင်နေသူ၊ မထော်ဘဲကျပ်သူများသာလျှင်ဖြစ်နေတော့ရကား ဘုရင်ကြီးလည်းကြံကုန်သဖြင့် သမီးတော်အား အပ်နှံစေရာ သမီးတော်လည်း အမှတ်တမဲ့ဝတ်ဆင်လိုက်သည့်အခါ ချွတ်မရတော့ဘဲရှိနေသည်တွင်

. . .

ကေလာသ ဇာတ်တော်ကြီးတွင် မြစိမ်းရောင်၏ သနားဖွယ်ဖြစ်အင်္ဂါရုစားတော်မူပါ။

□ မြသိန်းတန်

ဤသိန်းတန်မြလက်ဝတ်တော်သည် ငါတည်ဆဲဖြစ်သောစေတီဘုရား၏ ဌာပနာဖြစ်စေသားဟု ဓိဋ္ဌာန်သည့်အခါ လက်ဝတ်တော်ကို အံကြောင်းပြု၍ မြစိမ်းရောင်မင်းသမီးကလေး တဲ့ထားကိုးကွယ်ခဲ့သောဘုရားကို မြသိန်းတန်ဘုရား ဟုယခုတိုင်တွင်လူကြိုက်များရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

မြသိန်းတန်ဘုရားကို ဆက်ဆက်ဆူရအောင် ကေလာသဇတ်တော်ကြီးထို့ ဆက်ဆက်ကြွလာရွှေစားတော်မူကြ၏။

အဲဒီမင်းသမီးဘယ်မှာလဲ

မြစိမ်းရောင်မင်းသမီးကလေး ယခုအခါ လူဘဝသို့ရောက်နေလျက် တရားအားထုတ်နေသလိုလို လူပြောများနေပါသည်။ မြစိမ်းရောင်ဥစ္စာစောင့် မလေးအဖြစ်စောင့်ကြပ်လျက်ရှိတုန်းပဲဟူ၍လည်း စကားအစွန်းထွက်လျက်ရှိပါသည်။ သို့သော် မြစိမ်းရောင်သည် သဗိုင်းတွင် တလိုင်းမှုကို မငြင်းသာ။

မြစိမ်းရောင်သည် ဥစ္စာစောင့်လား၊ တောမှီတဲ့ယောဂီမလား၊ မြစိမ်းရောင်ဘယ်ဘဝမှာလဲ၊ မြန်မာတစ်ပြည်လုံးဟိုးလေးတကျော်ဖြစ်နေသော မြစိမ်းရောင်၏ယခုဖြစ်အင်ကိုယ်တွေ့မျက်မြင်ဖြစ်အောင် ကေလာသရုံတော်ကြီးသို့ တစ်အိမ်လုံးကြွခဲ့ကြပါ။

လူနှင့်နတ်ဘဝကူး ထူးလှသူ အပျိုချောကလေး

ဥစ္စာစောင့်များဘယ်လောက်လှည့်စားတတ်သော်လည်း မြစိမ်းရောင်ဥစ္စာစောင့်မကလေး၏တန်ခိုးကိုပြိုင်နိုင်မည်မထင်ပါ။ ဥစ္စာစောင့်များ၏ အတ္ထုပ္ပတ္တိဖြစ်အင်အပေါင်းတို့တွင် မြစိမ်းရောင်၏ဖြစ်အင်မှာ အလွန်ထူးခြားလှပါသည်။ ယုံလည်းမယုံနိုင်လောက်အောင်ပင် ဖြစ်ပါသည်။

(မြစိမ်းရောင်ဘယ်လောက်တန်ခိုးရှိသည်ကို ရွှေစားတော်မူတော်မူလည်းကြပါကုန်။)

သိုက်နန်း၏ အစောင့်အရှောက်ဖြစ်သော ကျောက်ဆင်၊ ကျောက်နွား၊ ကုမ္ဘန်ယက္ခ၊ ဥစ္စာစောင့်ဗိမာန်တို့သည် သိုက်ဆရာဒဏ်စနက်ကြောင့် သွက်သွက်ခါပေါ်ထွက်လာပုံတို့မှာ အံ့မခန်းဆန်းပြားစွာတွေ့မြင်ရပေမည်။ ပရိသတ်တို့စိတ် ကျောတချမ်းချမ်းဖြစ်၍ ကြက်သီးမွေးညင်းတဖြန်းဖြန်းထစေမည့် ကေလာသပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

❑ မေနု

ကေလာသဇာတ်ကားကြီးတွင် မင်းသမီးမေနုကို ဒါရိုက်တာ ဦးချင်းစိန်က ခေါင်းဆောင်အဖြစ်နေရာချထားပါသည်။ ပထမတန်းမင်းသမီးများစာရင်းတွင် သူတပည့်မ အပါအဝင်ဖြစ်အောင် မည်သို့တင်ပြထားပုံအလုံးစုံကို ကေလာသဇာတ်တော်ကြီးကို ရှုစားပါက အကဲခတ်မိကြပါမည်။ ခေါင်းဆောင်မင်းသမီးဖြစ်လောက်စေသည့် အမှုအရာသည် မလွယ်ကူပါ။ ဒါရိုက်တာလုပ်သူကြီးကိုင် ကောင်းမှသာဖြစ်နိုင်ပါသည်။ ဇာတ်လိုက်မင်းသားမင်းသမီးများအား အထူးစေတနာရှိရှိနှင့် သင်ပြပေးတတ်သူမှာ ဒါရိုက်တာဦးချင်းစိန်ဖြစ်သည်။ အမှုအရာမကောင်းလျှင်လည်းကောင်းအောင် ပြတတ်သည်။ သူများကမဖြစ်နိုင်ဘူးဟု စကားဆိုလျှင် ဖြစ်အောင်အားကြိုးမာန်တက်သင်ပြပေးတတ်ကြောင်း အထူးပြောဖွယ်မလို။ ဧကလာသတွင်ရှိပြီး မင်းသမီးကြီးများနှင့်မခြားအောင် မေနုအမှုအရာကောင်းကြောင်း တွေ့မြင်ရှုစားကြရပါမည်။ ကြင်သက်ဝေဇာတ်ကားတွင် မင်းသမီးမေမြင့်အား အရောင်တင်ပေးသကဲ့သို့ မေနုအား ဒါရိုက်တာဦးချင်းစိန်က ကေလာသတွင် အရောင်တင်ပေးလိုက်ပါပြီ။

❑ မောင်အေးကြူ

ရှေးရာဇဝင်ဇာတ်တော်ကြီးများတွင် မင်းသားနရော်ရဟ်ရှိသော မောင်အေးကြူကိုသာ ခေါင်းဆောင်မင်းသားအဖြစ် အာရုံခံစေဖို့သင့်တတ်ဟူ၍ ပြောဖူးသည်အတိုင်း ကေလာသရာဇဝင်သမိုင်းတွင် မောင်အေးကြူကိုပင် အထူးသဲ့သဲ့ကြားပြသလျက် ခေါင်းဆောင်မင်းသားတင်မြှောက်အာရုံခံစေရာ မေနုနှင့်မည်မျှလိုက်ဖက်မိကြောင်းကို ကေလာသဇာတ်ကားတွင် ဒိဋ္ဌတွေ့ကြရပါမည်။ မင်းသားမောင်အေးကြူမှာ ဒါရိုက်တာဦးသည် ထက်ပို၍ အံမှုထမ်းခဲ့၏။ သူသည် အနုမင်းသားသာမဟုတ်ဘဲ အကြမ်းစတန့်ရောစွက်၍ အသုံးတော်ခံစားပုံမှာ ပရိသတ်တို့၏စိတ်အာရုံကို ဖမ်းစားထားသည်။ဥပမာ မြစိမ်းရောင်မင်းသမီးလေး၏ဥပုသ်ဆောင်သို့ အစောင့်အရှောက်ကြားထဲမှ ရဲရင်ကြီးဝါးလုံးထောက်၍ ခြံစည်းရိုးကြီးကို ခုန်ကျော်ဝင်လိုက်ပုံမှာ စတူဒီယို၌ ရုပ်ရှင်ပညာသည်တို့ကိုပင် ၎င်း၏စွန့်စားပုံနှင့် အံ့သြစေ၏။ သူ၏သရုပ်ဆောင်ပုံမှာ ယခင် စကွော်မ၊ နှစ်ဆောင်ကြင်ဇာတ်လမ်းများကလို အနုသက်သက်မဟုတ်ဘဲ ထိုဇာတ်ကားတွင် တစ်မျိုးပါဝင်ထား၏။

❑ ရှေးဇာတ်ခေတ်ဆန်း

ရှေးဇာတ်ကို ခေတ်ပညာဖြင့် အကွက်စေ့စေ့ ရိုက်ကူးထားပြီးဖြစ်ရာ အပျင်းပြေလိုရှိ ရုပ်ရှင်ကြည့်ကြသူများအတွက် အချိန်ပို့မပါ။ ပျင်းစရာ နှတ္ထိလွန်ချိတ်မိသော ဇာတ်ကားကြီးဖြစ်ပါသည်။ ဝေဘူစံ၊ ကြယ်တာရာဇာတ်တော်ကြီးများကဲ့သို့ ထူးဆန်းထွေလာအလွန်ကြည့်ကောင်းသောအခန်းများလည်း အခန်းတိုင်းလိုလိုပါသောကြောင့် ကြည့်ရှုသူတိုင်းအားလည်း အသည်းတထိတ်ထိတ်ရင်တခုန်ခုန်ဖြစ်စေပါလိမ့်မည်။

❑ အလွမ်းအသော

အလွမ်းဇာတ်ကွက်တွင် လွမ်းတတ်သောအမှုအရာသည် အရေးကြီးလှပါ၏။ ထိုအမှုအရာကို အလွမ်းနိုင်လှသော ဒါရိုက်တာ ဦးချင်းစိန်သည် သေချာစွာကြိုးကိုင်ပြသထားသဖြင့် မေနုနှင့်မောင်အေးကြူတို့က မိမိရရကြိုးအသုံးခံထားပါသည်။

အလွမ်းကောင်းသလောက်ပင် အသောပါမှသာလျှင် ဇာတ်ကွက်ငြိပါသည်။ အသောခန်းကိုမူ လူရွှင်တော်ကိုစိုင်တမော့ကလေးက အမျိုးမျိုးရေလှန်၍ အသုံးခံထားပါသည်။ (မျက်ရည်လွယ်သူများ လက်ကိုင်ပဝါဆောင်လာကြရန်သတိပေးထားသလို အလွန်အကျူးရယ်တတ်သူများကိုလည်း လက်ကိုင်ပဝါဆောင်ခဲ့ကြပါ ဟူ၍ ဆိုထားပါသည်။)

❑ ကေလာသဇာတ်တော်ကြီး၏ ကောင်းကျိုးအနိသင်

ကေလာသ ဇာတ်တော်ကြီးကို ကြည့်ရှုခြင်းအားဖြင့် ကေလာဘစေတီတော်မြတ်ကြီးကိုသာလျှင် ဖူးမြော်တန်တော့ကြရမည် မဟုတ်။ ကေလာသ၊ ကေလာသဘာ၊ မြသိန်းတန်၊ အောင်ပင်လယ်၊ (တောထဲက)ရွှေကိုးညို၊ ကျောက်လုံးကြီး အစရှိသော စေတီတော်များကိုပါ ကိုယ်တွေ့ဒိဋ္ဌ ဖူးမြော်နိုင်ကြရမည်အပြင် ကေလာသသမိုင်းနှင့်ဆက်လျဉ်ရှိသော မြသိန်းတန်ဘုရား၏ ဒါယိကာမသိန်းတန်မြလက်ဝတ်တော်ကို ဌာပနာပြုတည်ထားခဲ့သော မြစိမ်းရောင်မင်းသမီးကလေး၏ အတ္ထုပ္ပတ္တိသရုပ်ဇာတ်ကိုပါတွေ့မြင်ရှုစားကြရ၍ မြစိမ်းရောင်မင်းသမီးလေးအား မသနားဘဲနေနိုင်ကြမည်မဟုတ်သလို ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်လောက်က မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ဆံတော်စစ်သုံးဆူတို့ ရရှိခဲ့ကြသော ကျိုက်ထီးရိုးနယ်ထက် တောင်ကြီးသုံးတောင်မှာ တာမိုတဲ့ ရသေ့ယောဂီ (၃) ပါးတို့အကြောင်းတို့လည်း သိကြရမှာဖြစ်ပါသည်။

ဤသည်ကား စစ်ကြိုခေတ် အောမ်းရုပ်ရှင်မှ အထူးတင်ဆက်သော ဒါရိုက်တာ ဦးချင်းစိန်၏ ကေလာသဇာတ်တော်ကြီးအကြောင်းကို အောင်ရုပ်စုံအမှတ်(၄၀)မှ တစ်ဆင့်ကူးယူဖော်ပြလိုက်ရပါကြောင်း။ စစ်ကြိုခေတ်ရုပ်ရှင်ဇာတ်ပုံများကို ကွယ်လွန်သူ ဘေးသောင်းဦးပြည့်စုံထံမှရရှိ၍ သူရဇ္ဇစာဖတ်သူသတ်သို့ မျှဝေလိုက်ရပါသည်။

ကိုတိုး (ရန်ကင်း)

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ဝင်း (မောရာတီ)

သွားမကျိုးသော အသက် (၈၀) အတိုး

မြန်မာ့အသံ ရေဒီယိုကို ငယ်စဉ် ဘုရ၌ စဉ်ဆက်မပြတ် သုတ၊ ရဆများတို့ အစဉ်နားထောင်ခဲ့သဖြင့် ၁၉၈၃ ခုနှစ်ခန့်မှာ ထုတ်လွှင့်ခဲ့သော ဆရာဝန်ကြီးများ၏ ကျန်းမာရေးဆွေးနွေးချက်များအား အထူးနှစ်သက်စွာ နားထောင်ခဲ့ပါသည်။ မျက်စိရောဂါ၊ လည်ချောင်းတင်ဆာရောဂါ၊ အရိုးကျိုး၊ ခါးနာ၊ ခါးတိုက်၊ ဇက်ကြောတက်ရောဂါ၊ ငှက်ဖျားရောဂါ၊ ဆီးချိုရောဂါ၊ သွားပိုးစားရောဂါ စသည်ဖြင့် ရောဂါတို့ဖြစ်ပျက်တတ်ပုံများ ကြိုတင်ကာကွယ်သင့်ပုံများကို အထူးကုဆရာဝန်ကြီးများကိုယ်တိုင်ပင် သက်ဆိုင်ရာရောဂါအလိုက် အသံလွှင့်ဟောပြောပါသည်။ ကျန်းမာရေးလိုက်စားသူများ အထူးနှစ်သက်ကြပါသည်။

မှတ်မှတ်ရရ သွားရောဂါအကြောင်း သိကောင်းစရာများ ဆွေးနွေးထုတ်လွှင့်သော သွားဘက်ဆိုင်ရာဆရာဝန်ဖြစ်သော ဒေါက်တာဦးတင်ဝင်းမှ သွားရောဂါအကြောင်းပြောကြားသောနေ့မှာ ဖြစ်ပါသည်။ ကျွန်မသေချာနားထောင်ဖြစ်ပါသည်။ နားထောင်ဖြစ်သည့် အကြောင်းရင်းမှာ သွားနာ၊ သွားကိုက်ရောဂါခံစားဖူးဖြစ်နေသော ကျွန်မ၏ သွားများကြောင့်ဖြစ်ပါသည်။

ဒေါက်တာဦးတင်ဝင်းမှ သွားဆေးခန်းဖွင့်စဉ်းပုံကို အရင်ရှင်းပြပါသည်။

"သွားတစ်ချောင်းမှာ အစိတ်အပိုင်းနှစ်ခုရှိတယ်။ ပါးစပ်ထဲမှာပေါ်နေတဲ့အပြင်နေရတဲ့အပိုင်း၊ သွားဖုံးအောက်ဘက်မြှုပ်နေတဲ့အပိုင်း မြင်ရတဲ့အပိုင်းဆိုပြီး နှစ်ပိုင်းရှိတယ်။

ပါးစပ်ထဲမှာမြင်နေရတဲ့သွားတွေကို အလွှာသုံးခုနဲ့ တည်ဆောက်ထားတယ်။ အပြင်ဘက်ဆုံးကအလွှာကို သွားလွှာခေါ်တယ်။ ဒုတိယအလွှာက သွားရဲ့ကိုယ်ထည်ပိုင်း ဆင်စွယ်နှစ်လွှာလို့ခေါ်တယ်။ တတိယအလွှာက သွားရဲ့ အတွင်းအကျဆုံး သွားလွှာလို့ ခေါ်တယ်။ အဲဒီအလွှာမှာတော့ သွေးသွတ်ကြော၊ သွေးပြန်ကြောတွေ၊ အာရုံခံနာဗ်ကြောတွေနဲ့ ဖွဲ့စည်းထားတယ်။ လူရဲ့ခန္ဓာကိုယ်အတွင်းပိုင်းနဲ့ဆက်နေတဲ့ အပိုင်းဖြစ်တယ်။

မမြင်ရတဲ့သွားအမြစ်ပိုင်းမှာတော့ ဆင်စွယ်လွှာအထပ်ဖြစ်ပြီး သွားမြစ်ကို ပတ်ထားတဲ့ သွားမြစ်ပတ်မြှေးရှိတယ်။ မေးရိုးရဲ့အစိတ်အပိုင်းမှာ သွားမြစ်တွေ တည်ရှိတယ်။

အများဆုံးဖြစ်တတ်တဲ့ရောဂါက သွားပိုးစားရောဂါလို့ခေါ်တဲ့ သွားတွေ ဆွေးမြည့်ပျက်စီးတဲ့ရောဂါပါပဲ။ အသက် (၃၅) နှစ်အထိ အဖြစ်များတဲ့ရောဂါပါ။ အဲဒီသွားပိုးစားရောဂါဖြစ်ရတဲ့အကြောင်းရင်းက-

၁။ သကြားလုံး၊ ချောကလက်၊ ပီကေ၊ ထန်းလျက်၊ ကြဲသကာ၊ ကိတ်မုန့်၊ ယိုမျိုးစုံ စတဲ့ ချိုပြီးစေးကပ်တဲ့ အစားအစာတွေအမြဲစားခြင်း။

၂။ သွားကို မှန်ကန်စွာဆေးကြောသန့်စင်မှုမပြုတဲ့အတွက် ခံတွင်းမှာ ဗက်တီးရီးယားပိုးမွှားများက ထုတ်လုပ်လိုက်တဲ့အဆိပ်အတောက်များ၊ စားကြွင်းစားကျန်များ သွားကြားညပ်ပြီးခိုအောင်းတွယ်ကပ်နေမှုဖြစ်တဲ့ ခံတွင်းမသန့်ရှင်းမှု။

ဒါကြောင့် သွားပိုးစားရောဂါဖြစ်ရတယ်။ အမှန်မှာတော့ ပိုးမွှားတွေက ထုတ်လုပ်လိုက်တဲ့အဆိပ်ဓာတ်နဲ့ ပါးစပ်တွင်းက စားကြွင်းစားကျန်တွေပေါင်းစပ်ပြီးဖြစ်ပေါ်လာတဲ့ အက်စစ်တွေက သွားတွေရဲ့မျက်နှာပြင်ကို ကိုက်စားတာကြောင့် သွားတွေဆွေးမြည့်ပျက်စီးရတာပါ။ အဲဒီလို သွားတွေဆွေးမြည့်ပျက်စီးလာရင် ဆွေးမြည့်သွားတဲ့အစိတ်အပိုင်းတွေကို ဖယ်ထုတ်သန့်စင်ပြီး သင့်လျော်တဲ့ဆေးဝါးပစ္စည်းတွေနဲ့ ဖာထေးကုသပေးရပါမယ်။ ဒုတိယအလွှာ ဆင်စွယ်နှစ်ရှိသေးရင်တော့ ဖာထေးကုသလို့လွယ်ပါတယ်။ အတွင်းသားလွှာကို ရောက်နေရင်တော့ သွားနုတ်ကုသရမယ်"

ကျွန်မလိုက်နေးထားသော မှတ်စုမှဖြစ်ပါသည်။ ထို့အချိန်က ကျွန်မသွားတွေ စတင်ပျက်စီးစပြုနေပါပြီ။ ပြုပြင်ဖာထေးခြင်းလည်း မပြုခဲ့သည့်အတွက် ယခုအခါ ကျွန်းမသွားတချို့ပဲထွက်ခြင်း၊ ဆွေးမြည့်ခြင်းတွေ ခံစားနေရပါသည်။ သက်ကြီးပိုင်းမှာ သွားပျက်စီးသွားလျှင် အစားပြန်မပေါက်တော့တာမို့ သူများတွေ သွားမကျိုး၊ သွားကောင်းနေတာတွေ့လျှင် အလွန်အားကျမိပါသည်။

၂-၅-၂၀၁၅ မြန်မာနှစ် ၁၃၇၇ ခုနှစ် ကဆုန်လပြည့်နေ့မှာ ဖြစ်ပါသည်။ မော်လမြိုင်၏ အစည်ကားဆုံးသော ညောင်ရေသွန်းပွဲကျင်းပသည့် ကျိုက်သံလန်စေတီတော်မြတ်ရှိ ဟောဓိညောင်ပင်ကို ညောင်ရေသွန်းရင်း ဥပုသ်စောင့်ရင်း ရောက်ရှိခဲ့ပါသည်။ ကျိုက်သံလန်စေတီတော်မြတ်ကြီး၏ ပဌာန်းဓမ္မာရုံရှေ့တွင် အလှူခံနေသော ဂေါပကလူကြီးထံ အလှူထည့်ရင်း စကားပြောဖြစ်ပါသည်။ အသက်ကြီးပြီဖြစ်သော်လည်း သွားမကျိုး၊ ပြုံးရွှင်စွာ အလှူခံနေပါသဖြင့် မေးမြန်းစစ်စုမိပါသည်။

"အဘိုး၊ အသက်ဘယ်လောက်ရှိပြီလဲ။ သွားတွေလည်း ကောင်းနေသေးတာမို့ ဘယ်လိုနေထိုင်ပြုစုခဲ့လဲ ပြောပြပါ အဘိုး"

"ဦးရွှေလို့ခေါ်ပါတယ်။ အသက် (၈၀)ရှိပါပြီ။ မော်လမြိုင် ဒိုင်းဝန်ကွင်း မင်းလမ်းမမှာနေပါတယ်။ ၁၉၆၀ ပြည့်နှစ်ကတည်းက ဂေါပကလုပ်လာတာပါ။ မျက်နှာသစ်ရင် ရေငုံပြီးသစ်ပါတယ်။ ရေချိုးရင် ရေငုံပြီးချိုးပါတယ်။ ရေငုံလိုက်၊ ထွေးထုတ်လိုက် အမြဲလုပ်ပေးပါတယ်"

အလှူရှင်တွေလည်းမပြတ်သဖြင့် ဓာတ်ပုံမှတ်တမ်းပြုခဲ့ပါသည်။ အံသွားအထိ တစ်ချောင်းမျှမကျိုးသည်ကို ပါးစပ်ဟပြပါသည်။ မှတ်သားစရာ သွားမကျိုးစေသော မြန်မာ့နည်းပညာတစ်ရပ်ကို သူရဇ္ဈာချစ်သူများအား ဝေငှပါနှုပြုအပ်ပါသည်။

ခင်ခင်ဝင်း (မောရာတီ)

www.burmeseclassic.com

www.burmeseclassic.com

ငွေစိုး (ဆုံးရှုံးခြင်း)

မျောက်ညိုသွေးအရက်နှင့် မှိုဟင်းတစ်ခွက်

နွယ်ခွေရွာလေး၏မီးခွက်ထွန်းခိုန်။

ကောင်းကင်၌ ခုံးမျက်စ သုံးရက် လကွေးကွေးလေးထွက်ပေါ်နေသည်။ သာအေးနှင့် အေးကြည်တို့နှစ်ယောက် ရွာလယ်လမ်းအတိုင်း လျှောက်လှမ်းလာရင်း ရေနံချေးဝနေအောင်သုတ်ထားသည့် လေးပင်သွပ်မိုးပျဉ်ထောင်ခြေတံရှည်နှစ်ထပ်အိမ်ကြီးတည်ရာ ခြံဝိုင်းရေ့တွင်ရပ်လိုက်ပြီး အိမ်အတွင်းသို့ လှမ်းအသံပြုလိုက်၏။

"ဗျို့-ကိုကြီးတောက်၊ ကျွန်တော်တို့အိမ်ထဲဝင်ခဲ့မယ်နော်"

"ဘယ်သူတွေတုံးဟ"

"ကျွန်တော် သာအေးနဲ့ အေးကြည်ပါ ကိုကြီးတောက်ရ"

"ဒါဆို ဝင်ခဲ့လေကွာ"

တောအရပ်မို့ အိမ်ခြံဝိုင်းများက ကျယ်သည်။ ခြံစည်းရိုးနှင့် အိမ်က တစ်ခေါ်အကွာခန့်တွင်ရှိသောကြောင့် သို့နှယ် လှမ်း၍အသံပြုရခြင်း ဖြစ်သည်။ သို့နှင့် သာအေးတို့နှစ်ယောက် အိမ်အတွင်းသို့ ဝင်ရောက်လာသည်။

"ဟကောင်တွေထိုင်ကွာ။ ရေနွေးကြမ်းသောက်၊ လက်ဖက်လည်းစားဦး။ ဒါနဲ့ ဘယ်ကလှည့်ဝင်လာတာလဲ"

အိမ်အောက်ထပ်ရှိ ခုတန်းလျားစားပွဲတွင်ဝင်ထိုင်၍ သာအေးတို့နှစ်ယောက် ရေနွေးကြမ်းနှင့် လက်ဖက်ကို တွဲဖက်၍ ဦးစွာမြည်းလိုက်သည်။ ပြီးမှ သာအေးက ကိုတောက်ထိန်ကို အဖြေပြန်ပေးသည်။ မှန်သည်။ ကိုတောက်ထိန်က နွယ်ခွေရွာကလေး၏ ကာလသားခေါင်းဆောင်။ သာအေးတို့လူပျိုလေးများအဖို့ ကိုတောက်ထိန်၏ အိမ်သည် သူတို့ အချိန်မရွေး ဝင်ထွက်စားသောက်နေသည့် စားအိမ်သောက်အိမ်ဆိုလျှင်မမှား။

"ရွာတောင်ပိုင်းက အဘစံနဲ့ အောင်ဖြိုးတို့ညီအစ်ကိုတစ်သိုက် တောတက်ရင်း ငှက်ဖျားမိလာတယ်ဆိုလို့ သွားမေးတာ ကိုကြီးတောက်ရေ"

"အေး - ငါလည်းသတင်းတော့ ကြားမိတယ်။ လယ်ထဲဆင်းနေရလို့ အဲဒီအပိုင်းမရောက်ဖြစ်ဘူးဖြစ်နေတယ်။ ဘယ်လိုလဲ၊ သက်သာကြရဲ့လားကွ"

သည်တစ်ခါ ကိုတောက်ထိန်၏ အမေးကို အေးကြည်က ဝင်၍အဖြေပေးသည်။

"ကောင်းကောင်းတော့ မသက်သာကြသေးဘူး ကိုကြီးတောက်ရဲ့။ ထူးခြားတာက ရွာမှာရှိတဲ့ ကာလသားအတော်များများ မအီမသာတွေဖြစ်ပြီး ဖျားချင်နာချင်နေသလိုဖြစ်နေတယ် ကိုကြီးတောက်ရဲ့"

"ဟေ - အခု ငှက်ဖျားမိနေတဲ့သူတွေ ဘယ်သူနဲ့ကုနေကြလဲ"

"မှော်ဘီက ကုလားဆရာဝန် ဒေါက်တာ မဇွန်းဒါးကိုသွားပင့်တာ မတွေ့ခဲ့လို့ သန္ဓေပင်ရွာက ဆရာကြီး ဦးထွန်းရှိန်ကိုပင့်ပြီးကုတယ်လို့ ပြောတာပဲ ကိုကြီးတောက်ရေ"

"အေး-ကုတာလည်းကုတာပေါ့။ တော်ကြာ တို့ရွာက ကာလသားတွေ ဆက်ပြီးဖျားနာကုန်ရင် အခုလိုမိုးဦးလေဦးမှာ လယ်ထဲဆင်းမယ့်သူမရှိတဲ့ အခက်တွေ့ကုန်လိမ့်မယ်။

တို့ကာလသားတွေ ငှက်ဖျားမကူးဖို့ တစ်ခုခုတော့ ကာကွယ်ထားမှ ဖြစ်တော့မယ် အေးကြည်ရဲ့"

"ဒီခေတ်ကာလကြီးမှာ ငှက်ဖျားကာကွယ်ဆေးဆိုတာ ရွှေထက်ရှားတယ် မဟုတ်လား။ကိုကြီးတောက်က ဘယ်လိုနည်းနဲ့ ကာကွယ်ချင်တာလဲ"

အေးကြည်အမေးကို ကိုတောက်ထိန်က ချက်ချင်း အဖြေမပေးဘဲ အိမ်နံဘေး နွားတင်းကုပ်အတွင်းသို့ဝင်ကာ နွားများကိုမီးခိုးမှိုင်းတိုက်နေလေ၏။ ပြီးမှ စားပွဲဝိုင်းသို့ဝင်ထိုင်ကာ -

"အဖေမဆုံးခင်က ပြောပြခဲ့ဖူးတဲ့ ငှက်ဖျားကာကွယ်ဆေးနည်းတစ်နည်းရှိတယ် အေးကြည်ရ။ ငါ့အဖေရှိစဉ်တုန်းလည်းသုံးခဲ့ဖူးတယ်၊ အဲဒီနည်းနဲ့ အခုလို ဆေးဝါးရှားပါးနေတဲ့အချိန်မှာ သုံးကြည့်မလားလို့"

ခေတ်ကာလက ဂျပန်တွေ မြန်မာပြည်ကိုဝင်ချိန်ကစပြီး ဆေးဝါးအထူးအထည်နှင့် လူသုံးကုန်ပစ္စည်းများရှားပါးမှုနှင့် ကြုံတွေ့နေရသောကာလပြင်းသောကြောင့်ဖြစ်သလို စခန်းသွားနေရလေ၏။ တချို့နွမ်းပါးသည့် အိမ်များ၌ စရာ စောင်မရှိဘဲ ဂုန်နီအိတ်ဖြင့်နှစ်ပါး

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းပြန်ထုတ်လိုက်သည်။

"ဒီအတွက် မပူပါနဲ့ သာအေးရေ ငါတာဝန်ယူတယ်။ ငါ့နောက်ကသာ အဖော်လိုက်ခဲ့ဖို့သာပြင်ထားကြ"

"ဟာ- ကိုကြီးတောက်ရှေ့ကသွားရင် နောက်ကလိုက်ခဲ့ဖို့ဝန်မလေးပါဘူး။ ကဲ-ဘယ်နေရာကို ဘယ်နေ့ကျရင်သွားမလဲဆိုတာကိုသာပြောပါ"

ကိုတောက်ထိန်၏ ဖခင်သည် မဆုံးမီက မုဆိုးကျော်တစ်ဦးဖြစ်ခဲ့၏။ ဖခင်ဖြစ်သူ ရိုးမအတွင်းဝင်ပြီး တောမှ ထွက်တိုင်း ကိုတောက်ထိန်ပါ နောက်မှ

သွားနေရသူများလည်းရှိသည်။

"ဘယ်လိုနည်းလဲ ကိုကြီးတောက် ခဲ့ခင်းပြပါဦး"

မျောက်ညိုသွေးနဲ့ အရက်ဦးရည် ကို စပ်သောက်။ နောက်ပြီး မျောက်ညို သားပဉ္စင်းပါးစလုံးကို ချက်စားရင် ငှက်

ဖျားကို ကာကွယ်နိုင်တယ်ဆိုပဲ၊ ဒါတော မုဆိုးတွေရဲ့ကာကွယ်ဆေးပဲ"

ဆေးနည်းတော့သိပါပြီ ကိုကြီး တောက်ရေ့ မျောက်ညိုသွေးနဲ့မျောက် ညိုသားက ဘယ်ကရမှာတုံး

သာအေးက ကိုတောက်ထိန်ကို

www.burmeseclassic.com

www.burmeseclassic.com

လိုက်ခဲ့ရသည့်အတွက် ဖခင်ထံမှ မုဆိုးပညာကို အမွေရရှိခဲ့လေသည်။ ဖခင်ရှိစဉ်က ရိုးမ၊ ပျဉ်းမတော၊ လှော်ကားတောများသည် ကိုတောက်ထိန်တို့သားအဖ တောလည်ထွက်ခဲ့သည့် နေရာများပင် ဖြစ်လေသည်။ ဖခင်ဆုံးပါးပြီးသည့် နောက်ပိုင်း မိခင်ဖြစ်သူနှင့်ဆွေမျိုးအသိုင်းအဝိုင်းက ဝိုန်းဝန်းကန့်ကွက်ခဲ့သည့်အတွက် မိဘလက်ငုတ်လက်ရင်း ဖြစ်သော လယ်ယာလုပ်ငန်းခွင်သို့ဝင်၍ ဘဝပြောင်းခဲ့သည်မှာ နှစ်အတော်ရနေပြီဖြစ်လေသည်။ အခုတော့ အကြောင်းတိုက်ဆိုင်လာသဖြင့် ကိုတောက်ထိန်တစ်ယောက် မုဆိုးအသွင်ဖြင့် တောသို့ခေတ္တဝင်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။ သို့မှသာ သူအုပ်ချုပ်နေရသော ကာလသားလေးများ၏ ကျန်းမာရေးကို ကာကွယ်ပေးနိုင်မည်ဖြစ်၏။

"ခရီးဝေးပါဘူးကွာ၊ လှော်ကားတောထဲကိုပဲဝင်မှာပါ။ နေ့ချင်းပြန်ခရီးဆိုတော့ မင်းတို့မိဘတွေကလည်း ခွင့်ပြုကြမှာပါ"

သာအေး၏ အားတက်သရော အမေးကို ကိုတောက်ထိန်က အဖြေပြန်ပေးလိုက်၏။

"ကိုကြီးတောက်ရဲ့လှော်ကားတောထဲမှာ မျောက်ညိုရှိတာ သေချာရဲ့လား ဗျ တော်ကြာ သွားမောကြီးဖြစ်နေဦးမယ်"

အေးကြည်က သံသယဖြင့်မေးခွန်းထုတ်ပြောသည်။

"ဟ - အေးကြည်ရ၊ လှော်ကားတောဆိုတာ ငါကျင်လည်ခဲ့တဲ့ရိုးမနဲ့စာရင် ဆင်နဲ့ဆိတ်လောက်ကွာတာ။ လှော်ကားတောကျဉ်းကျဉ်းကလေးထဲမှာ ဘယ်နေရာဘယ်သားကောင်ရှိတယ်ဆိုတာ ငါသိတာပေါ့ကွ။ တိုက်တိုက်ဆိုင်ဆိုင် ဒီရာသီက မျောက်ညိုတွေကြိုက်တဲ့ငွေးသီးပေါ်ချိန်ဆိုတော့ မျောက်ညိုရဖို့က ကျိန်းသေသလောက်ရှိပါတယ်"

"ကိုကြီးတောက် ကျိန်းသေတယ်ဆိုရင်ပြီးတာပါပဲ။ ဘယ်နေ့တောကိုဝင်မလဲ ကိုကြီးတောက်။ အခုတစ်လောဂျပန်ငပုတွေ လှော်ကားတောထဲမှာခြေရှုပ်နေတယ်လို့ သတင်းရတယ်၊ ငပုတွေနဲ့ တောထဲမှာတွေ့ရင် မချောင်ဘူးနော်။ ဟိုတစ်လောက လှော်ကားတောထဲကို ထင်းသွားခုတ်တဲ့ ပျဉ်းမပင် ရွာသားတစ်သိုက် လှော်ကားတောထဲမှာ ကင်းလှည့်နေတဲ့ငပုတွေနဲ့တွေ့ပြီး ငပုတွေက မသက်မလို့ ထောက်ကြံကာ ငပေတိုင်ရုံးကို ဖမ်းပို့လိုက်တာ တော်တော်အစစ်အဆေးခံရပြီး အရိုက်အနှက်လည်းခံလိုက်ရတယ်တဲ့"

"ဒါတွေကိုငါသိပါတယ်အေးကြည်ရာ။ ငါဝင်လမ်းထွက်လမ်းတွေကိုအကုန်စဉ်းစားပြီးပါပြီ။ ကဲကဲ-ပြောနေတာကြာတယ်။ သန်ဘက်ခါကျရင် လှော်ကားတောကိုဝင်မယ်။ စားဖို့သောက်ဖို့မင်းတို့နှစ်ယောက်စီစဉ်ခဲ့ကြ။ မနက်ဖြန် တောကိုဝင်ရင် လိုမယ့်ပစ္စည်းတွေကို ငါပြင်လိုက်တော့မယ် ဟုတ်ပလား"

မမျှော်လင့်ဘဲ လှော်ကားတောသို့ဝင်ရန်အရေးကို ဆွေးနွေးနေသောကြောင့် စကားဝိုင်းက အချိန်အတန်ငယ်ကြာသွားလေ၏။ မှန်သည်။ သူငယ်အိပ်ဆိတ်ချိန်ကိုရောက်နေပြီဖြစ်သည်။ အိမ်အပေါ်ထပ်မှ ကိုတောက်ထိန်၏ မိခင်ကြီး ဒေါ်သောင်းနှင့် ဘထွေးဖြစ်သူဦးကောင်းတို့၏ဘုရားဝတ်တက်သံပင် ပျံ့လွင့်လာသည်။ ထို့ကြောင့် သာအေးတို့နှစ်ယောက် ကိုကြီးတောက်ကို နှုတ်ဆက်ကာ အိမ်သို့ပြန်ခဲ့ကြလေတော့၏။

❑

ကိုတောက်ထိန်တို့ သုံးယောက် လှော်ကားတောစပ်ကို ခြေချမိချိန်တွင် လင်းကြက်ပင်ဆော်နေပြီ ဖြစ်သည်။ လှော်ကားတောအတွင်း၌ ဂျပန်စစ်တပ်များက တောင်များကိုဖောက်ကာ မြေအောက်ဂိုဒေါင်များ ဆောက်လုပ်နေသည်ဟု ကိုတောက်ထိန်သတင်းရထားသည်။ ဂျပန်များသည် သူ၏လုပ်ငန်းခွင်ကို လှော်ကားတောအနီးရှိရွာများမသိရှိစေရန်အထူးလျှို့ဝှက်ထား၏။ ထို့ကြောင့် လှော်ကားတောအတွင်း ခိုင်းစေမည့်သူများကို တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်ပတ်ဝန်းကျင်တွင် နေထိုင်သော ရွာသားများကိုသာ ခေါ်ယူခိုင်းစေထားသည်။ ထိုသတင်းကို မဟာမိတ်တို့၏သူလျှိုဖြစ်သူ လိပ်ပုတ်ရွာသားစံထွန်းထံမှ သိရှိထားသည်။ ထို့ကြောင့် ဂျပန်များ၏လုပ်ငန်းခွင်နှင့်ဝေးသည့်နေရာမှ ကိုတောက်ထိန်လှော်ကားတောအတွင်းသို့ရွှေ့ချဝင်ခဲ့ခြင်းဖြစ်သည်။ စစ်ရေးမလှုံဖြစ်နေသောဂျပန်များအဖို့ သူတို့ကန့်သတ်ထားသောနေရာတွင် မသက်သည့်သူတွေ့ပါက ခေါင်းနှင့်ကိုယ်အိုးစားကွဲဖို့လွယ်လှသည်။ ထို့ကြောင့် ရှေ့မှဦးဆောင်ကာ ကိုတောက်ထိန် သတိထား၍ တောအတွင်းသို့တိုးဝင်နေရသည်။

"ကိုကြီးတောက်၊ ဘယ်အထိသွားမှာလဲ ပြောပြပါဦး"

"မြေနီတောင်နားက ဂုံမင်းလျှိုကိုသွားမယ်။ မင်းတို့နှစ်ယောက်တော့ ရောက်ဖူးမှာမဟုတ်ဘူး။ နောက်ထပ်နှစ်နာရီကျော်လောက် ခပ်သွက်သွက်လျှောက်လိုက်ရင်ရောက်ပြီကွ"

သာအေး၏အမေးကို ကိုတောက်ထိန်က လေသံတိုးတိုးဖြင့်ဖြေလိုက်၏။ တကယ်တော့ လှော်ကားတောသည် ရခိုင်ရိုးမ၊ ပဲခူးရိုးမကဲ့သို့ တောတောင်ထူထပ်လှသည်မဟုတ်။ တောင်ကုန်းလှိုမြောင်နှင့်အင်းအိုင်များက တောအတွင်း၌ ပြန့်ကျဲစွာ တည်ရှိနေသည့်အတွက် တောထူလှသည်။ ထို့ကြောင့် ရွာနီးချုပ်စပ်အတွက် ထင်းခုတ်၊ ဝါးခုတ်၊ ထဆောက်ရန်တိုင်ခုတ်ခြင်း၊ အင်းများအတွင်းငါးဖမ်းခြင်း၊ တောလည်ခြင်းများကို လှော်ကားတောအတွင်းဝင်ခြင်းခြင့်ဖြေရှင်းနိုင်သည်။ ထို့ကြောင့် လယ်ယာမရှိသောသူများအတွက် လှော်ကားတောက ထမင်းအိုးပမာ။ တကယ်လည်း လှော်ကားတောက ရွာနီးချုပ်စပ်ပတ်ဝန်းကျင်ရှိရွာများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးနေသည့် တောတစ်တောအိမ်အမိုးလိုလား လှော်ကားတောသို့သာဝင်။ သက်ငယ်ကျင်းများကို ဝေးဝေးရှာစရာမလို။ လယ်ယာသုံးပစ္စည်းများလိုအပ်နေသည်လား။ ပရဆေးမြစ်များရှာချင်သည်လား။ လှော်ကားတောက အကုန်ဖြေရှင်းပေးနေသည်။ ယခုတော့ ကိုရွှေကျပန်များ၏ တားမြစ်ချက်ကြောင့် လှော်ကားတောအတွင်းသို့ လွယ်တူရွာမဝင်နိုင်တော့။

"ရွှေမှာ ကညင်တောင်ရှိတယ်။ တောင်ကိုကျော်ပြီးရင် ကညွတ်အင်းရောက်မယ်။ ကညွတ်အင်းကို ပတ်ပြီး မြေနီတောင်ကို ထပ်တက်မယ်။ မြေနီတောင်အဆင်းမှာ ဂုံမင်းလျှိုရှိတယ်လွန်ခဲ့တဲ့ငါးနှစ်က ငါ့အဖေနဲ့တောလည်ထွက်ရင်း ဂုံမင်းလျှိုထဲမှာမျောက်ညိုတွေ ရခဲ့သေးတယ်၊ အဲဒီတုန်းကတွေ့ခဲ့တဲ့ မျောက်ညိုအုပ်က အကောင် (၂၀) လောက်ရှိတယ်။ အခုတော့ တောမဝင်တာကြာပြီမို့ ဒီကောင်တွေထောတော်မှားနေလောက်ပြီကွ"

ကိုတောက်ထိန်က သူဦးဆောင်၍သွားနေသည့်ခရီးစဉ်ကို သာအေးနှစ်ယောက်ကို ဆက်လက်၍ ရှင်းလိုက်သည်။ တောလည်ထွက်လာလည်း ကိုတောက်ထိန်တွင် ဒူးလေး

www.burmeseclassic.com

www.burmeseclassic.com

လက်၊ မြားတံခုနစ်ချောင်းနှင့် မြည့်နေအောင်သွေးထားသော တစ်ပေခန့်ရှည်သည့် တောလိုက်ဓားမြောင်တစ်ချောင်း သာပါသည်။ သွားလာရန်လွယ်ကူရန် အတွက် ဖျင်ကြမ်းအင်္ကျီလက်ပြတ်နှင့် ခွန်အောင်ဘီအတိုကို တွဲဖက်ဝတ်ဆင်လာခဲ့သည်။ ခေါင်းတွင်မူ ဇီးခမောက်တီဆောင်းလာခဲ့သည်။ သာအေးတို့နှစ်ယောက်ကမူ ပုဆိုးကို ခေါင်းပေါင်း၍ နှင်ကြမ်းအင်္ကျီကို ပုဆိုးတိုတိုဖြင့် တွဲဖက်ဝတ်ဆင်ကာ လက်နက်အဖြစ် နှစ်ယောက်ပေါင်းမှ (၅) ပေခန့်ရှည်သည့် ဓားကတိုးသစ်သားရိုးတပ်လုံတစ်ချောင်းသာ ပါလာသည်။ အေးကြည်သည် လိုင်းတစ်လုံးလွယ်လာပြီး ပဇိုင်းအတွင်း၌ ထမင်းထုပ်၊ ရေဘူးများထည့်သွင်းယူဆောင်လာသည်။ လမ်းဟောင်းအတိုင်းမသွားဘဲ လမ်းသစ်ထွင်ပြီး တောတိုးနေရသဖြင့် ချုံနွယ်ပိတ်ပေါင်းများနှင့် ကိုင်းပင်များက အတားအဆီးသဖွယ်ဖြစ်နေ၏။ သို့သော် ကိုတောက်ထိန်၏တောကျွမ်းကျင်မှုကြောင့် ကညင်ဆောင်ကို ကျော်ကာ ကညွတ်အင်းအစပ်အနီးသို့ပင် ခရီးပေါက်လာသည်။

ကညွတ်အင်းနံဘေးရှိ ကြီးမားသော တောသရက်ပင်ကြီးအောက်သို့ ရောက်သောအခါ ကိုတောက်ထိန်က ထမင်းစားရန် ဆုံးဖြတ်လိုက်သည်။ သရက်ပင်ကြီးအောက်တွင် စီးပွဲနှစ်ဝိုင်းခန့်ကျောက်ဖျာကြီးက သူတို့(၃)ယောက် ထမင်းစားရန် ဖန်တီးပေးထားသကဲ့သို့ ဖြစ်နေသည်။

❑

"ဘာတွေထည့်ခဲ့လဲ အေးကြည်ရ"

ပလိုင်းအတွင်းမှ ငှက်ပျောဖက်ခြင်းထုပ်ထားသောထမင်းထုပ်များထုတ်နေသည့် အေးကြည်ကို ကိုတောက်ထိန်က မေးလိုက်သည်။

"ကိုကြီးတောက်ထမင်းစာမြိန်မှာသေချာတယ်၊ မနေ့က သာအေး လယ်ထွန်ရလာတဲ့ လယ်ငါးကျည်းကြော်နဲ့ ကျွန်တော်အိမ်ကထည့်လာတဲ့၊ ဘဲသားသုပ်ဆီပြန်၊ ငါးပိထောင်းလည်းပါတယ်။ ငါးပိချက်ကို ထမင်းပုံအပေါ် မှာဆမ်းထားတယ်၊ အတို့က ခွေးတောက်ရွက်ပြုတ်၊ ကြောင်လျှာသီးမီးဖုတ်နဲ့ ငရုတ်သီး သွားသီးလေးတွေပါလာတယ်"

"ဒါဆိုရင်တော့ တကယ်ထမင်းစားပွဲပဲဟေ့။ ကဲ-တောမြောက်ရအောင် ထမင်းထုပ် အစ်ကို့ကို အရင်ပေး"

ကိုတောက်ထိန်က အေးကြည်လှမ်းပေးလိုက်သည့် ထမင်းတစ်ထုပ်ကို ဖြေကာ ကုန်းပြောင်ပြောင်နေရာတစ်ခုတွင် နွေတ်မှတတွတ်တွတ်ရွတ်၍ တောမြောက်လိုက်သည်။ ပြီးလျှင် ဖက်ရွက်များကိုဖြန့်ခင်း၍ ငါးကျည်းကြော်တစ်ကောင်၊ ဘဲသားတစ်တုံး၊ ထမင်းအနည်းငယ်ကို စွန့်ဖယ်လိုက်ပြီး အေးကြည်တို့ ထမင်းဝိုင်းပြင်ထားသည့် ကျောက်ဖျာပေါ် သို့ ဝင်ထိုင်ကာ ထမင်းစားလိုက်သည်။ ခရီးပန်း၍လားတော့ မသိ။ ယူလာသည့် ထမင်းထုပ် (၃) ထုပ်အပြင် အုပိုထည့်လာသည့် ထမင်းထုပ်ကြီး (၁) ထုပ်ပါ ပြောင်သလင်းခါသွားသည်။

"အေးကြည်ရေ၊ မင်းပြောတဲ့ အတိုင်း ထမင်းစားရတာ တကယ်မြိန်တာပဲဟေ့။ ကဲ ခဏနားပြီးရင် ခရီးဆက်ထွက်မယ်"

ကိုတောက်ထိန်က ထမင်းမြိန်သည်ဆိုသောကြောင့် ထမင်းထုပ်စီစဉ်သည့်အေးကြည်၏မျက်နှာသည် ပြုံးနေလေသည်။ တကယ်လည်းမြိန်ပါသည်။ သာအေးသည်ပင် ဆေးလိပ်ခဲကာ ထမင်းလုံးစီနေပြီမဟုတ်ပါလား။

❑

မြေနီတောင်ကို လှမ်းမြင်နေရပြီဖြစ်သော်လည်း ကညွတ်အင်းကိုပတ်လျှောက်နေရသောကြောင့် အချိန်အတော်ကြာမှ ကိုတောက်ထိန်တို့ သုံးယောက် မြေနီတောင်ပေါ် သို့ ခြေချမိလေ၏။ မြေနီတောင်သည် တောင်စဉ်တစ်ခုလုံး အပင်ကြီးများအုပ်မိုးနေသောကြောင့် တောင်တက်လမ်းမှာပင် မျောက်များကို စတင်တွေ့မြင်ရလေတော့၏။

"ကိုကြီးတောက်၊ ဟိုအပင်ကြီးပေါ်မှာ မျောက်... မျောက်တွေ"

သာအေးက စာစပ်နှင့်တစ်ပင်ကူးကာ ပြေးလွှားနေသော မျောက်များကို လက်ညှိုးထိုး၍ ကိုတောက်ထိန်ကို ပြလိုက်သည်။ သို့သော် ကိုတောက်ထိန်က လက်ကာပြလိုက်ပြီး -

"အဲဒီမျောက်တွေက မျောက်နီစပ်တွေကွ။ အကောင်လည်းသေးတယ်။ တို့လာခဲ့တာ မျောက်ညှိလာပစ်တာဆိုတော့ မျောက်ညှိကိုတွေ့အောင်ရှာဖို့လိုတယ်ကွ"

လူသံကြားရသောကြောင့် မျောက်နီစပ်အုပ်ကြီးသည် အပင်ထိပ်သို့ပြေးလွှား၍ တက်ကာ အပင်များ၏ အရွက်အခက်များကို ဆွဲယူဖင်ခုထိုင်၍ ကိုယ်ယောင်ဖျောက်လိုက်ကြသောကြောင့် မြင်ကွင်းမှပျောက်ကွယ်ကုန်၏။

"ကိုကြီးတောက်၊ မျောက်ညှိတွေကို တွေ့ဖို့လွယ်ပါ့မလားဗျ"

"ဟာ - ဒီနှစ်ကောင်တော့ခက်တော့တာပဲ။ ပါးစပ်ပိတ်ပြီး ငါနောက်ကသာလိုက်ခဲ့ကြစမ်းပါ"

ကိုတောက်ထိန်က လေသံပြင်းပြင်းဖြင့် ဟောက်လိုက်သောကြောင့် အေးကြည်တို့နှစ်ယောက်ငြိမ်သွားသည်။ မကြာမီ မြေနီတောင်မှဆင်းက ဝုံမင်းလျှိထဲသို့ ကိုတောက်ထိန်တို့ ရောက်လာသည်။ ချုံနွယ်ပိတ်ပေါင်းပါးသောနေရာမှ ကိုတောက်ထိန်က ဦးဆောင်၍ လျှိုထဲသို့ဆင်းခဲ့ကြသည်။ ပြီးခဲ့သော တစ်ပတ်က ငါးဆင်းမိုးရွာထားသောကြောင့် လျှိုထဲတွင် ရေများကခြေသလုံးမြုပ်အောင် ဝပ်နေသည်။ ဝုံမင်းလျှိသည် ပေ (၁၅၀) ကျော်ခန့်နက်ပြီး ချုံနွယ်ပိတ်ပေါင်းများ ပိန်းပိတ်နေပြီး အုပ်တိုင်းလိုလိုတွင် နွယ်ပင်နွယ်ကြိုးများ တစ်ပင်နှင့်တစ်ပင် ကူးလူးယှက်သွယ်ကာတွဲလွဲကျနေသည်။ ချုံနွယ်များထူပြောလှသောကြောင့် ကျွတ်များက ကိုတောက်ထိန်တို့ကို ကောင်းကောင်းဒုက္ခပေးနေသည်။ နေရာထိုင်ခင်းမသာကြောင့် အေးကြည်နှင့် သာအေး မျက်စိမျက်နှာပျက်နေသည်။

"ကိုကြီးတောက်၊ ဒီအတိုင်းပဲကျွန်တော်တို့နေရတော့မှာလား ကိုကြီးတောက်။ မျောက်ညှိကိုအရိပ်အယောင်တောင် မမြင်ရသေးပါလား"

မုန်သည်။ ကိုတောက်ထိန်က ချုံကောင်းကောင်းတစ်ခုခွဲ လူလုံးဖျောက်ကာရပ်နေသောကြောင့် ကျွတ်များနှင့် စစ်ခင်းနေသော သာအေးထံမှ အသံထွက်လာခြင်း ဖြစ်လေသည်။

"အုပူး.. အုပူး... ဂိဂစ်.. ဂိဂစ်"

"ပို... ပို... အုပူး..."

"ကြားလား သာအေး။ အဲဒါမျောက်ညှိအသံပဲ။ ဒီအသံအရဆို၍ မျောက်ညှိအုပ်ကြီးပုံရတယ်။ မင်းတို့နှစ်ယောက် ငါခိုင်းတာလုပ်ဖို့ အသင့်ပြင်ထားနော်"

ကိုတောက်ထိန်၏သတိပေးစကားကြောင့် သာအေးတို့နှစ်ယောက်ငြိမ်သွားပြန်သည်။ မကြာမီ မျောက်ညှိများကို ကိုတောက်ထိန်တို့ ပုန်းအောင်းနေသည့်ချုံပုတ်အထက်တွင်ရှိသော သစ်ပင်နွယ်ပင်များပေါ် သို့ ရောက်လာသည်။ မျောက်ညှိများ၏ အရွယ်အစားက အမျိုးမျိုးရှိနေသည်။ ကိုတောက်ထိန် ဒူး

www.burmeseclassic.com

www.burmeseclassic.com

လေးကို မြားထည့်ကာ သူနှင့်အနီးဆုံး အကွာအဝေးရှိ သစ်ပင်ပေါ် တွင်ထိုင်၍ သစ်ရွက်နုများကို ချိုးစားနေသော မျောက်မတမ်းမတစ်ကောင်ကို ချိန်ရွယ်ပစ်ချလိုက်သည်။

"ထောင်း. . . ဝှစ်. . . ဒုတ်"

"ဂစ်. . . ဖရော. . . ဝုန်း"

ကိုတောက်ထိန်၏ ဒူးလေးမှ ပစ်လွှတ်လိုက်သော မြားတံက မျောက်မတမ်းကို မိမိရရထိကာ ချဲ့ထွဲသွိုပြုတ်ကျလာသည်။

"ကြည်အေး၊ မင်းသွားကောက်။ ခြေသံလုံပစေနော်"

မျောက်မတမ်းမထိုးကျသွားသည့် ချိုသို့ ကြည်အေးထွက်သွားသည်နှင့် တစ်ပြိုင်နက် ကိုတောက်ထိန်တစ်ယောက် ဒူးလေးတွင် ဒုတိယမြောက်မြားကိုထည့်ကာ နောက်ထပ်မျောက်ညိုတစ်ကောင် ပစ်ရန်ပြင်ပြန်သည်။ မျောက်ညိုအုပ်ကြီးက ကိုတောက်ထိန်ထင်ထားသည်ထက် ပိုများနေသည်။ အပင်ကိုင်းများ၊ နွယ်တန်းနွယ်ကြိုးများပေါ် တွင် မည်းမည်းလှုပ်နေသည်။ အရွယ်အစားကြီးသော မျောက်ညိုကို ရွေးချယ်နေစဉ်မှာပင် ကိုတောက်ထိန်၏ မြင်ကွင်းအတွင်းသို့ မျောက်ညိုအထီးကြီးတစ်ကောင်ဝင်လာသည်။ မျောက်ညိုကြီးသည် မျောက်မတမ်းမများထက် လွန်ကဲစွာထွားကျိုင်းနေသည်။ မျောက်ညိုအုပ်တစ်အုပ်တွင် မျောက်ထီးတစ်ကောင်သာရှိစမြဲမို့ ထို မျောက်ညိုကြီးသည် ခေါင်းဆောင် မျောက်ထီးကြီးဖြစ်ကြောင်း ကိုတောက်ထိန် သိလိုက်သည်။ အခွင့်အရေးကို လက်လွှတ်မခံဘဲ ဒူးလေးဖြင့် ချက်ကောင်းကိုချိန်၍ မောင်းဖြုတ်ချလိုက်သည်။

"ထောင်း. . . ဝှစ်. . . ဒုတ်"

ကိုတောက်ထိန် ပစ်လွှတ်လိုက်သည့်မြားတံ မျောက်ညိုထီးကြီးကိုထိမှန်ကာ နောက်ပြန်လန်၍ပြုတ်ကျလာ၏။ သို့သော် မျောက်ညိုထီးကြီးသည် မြေပြင်သို့ပြုတ်ကျမလာဘဲ ပေ (၂၀) ခန့်မြင့်သော နွယ်ပုခက်တစ်ခုကို အသေဆုပ်၍ တွဲလောင်းကြီးဖြစ်နေသည်။ ထိုအချိန်မှာပင် အေးကြည် မျောက်မတမ်းမသေကြီးကို ပလိုင်းထဲတွင်ထည့်ကာပြန်ရောက်လာသည်။ မြားမှန်ပြီးပြုတ်ကျသွားသော ခေါင်းဆောင် မျောက်ထီးကြီး၏ အဖြစ်ကြောင့် မျောက်ညိုအုပ်ကြီး၏အော်သံများမှာ တစ်တောလုံးဆူညံနေပြီး ရန်သူကို ရှာဖွေအနံ့ခံနေကြသည်။

"ဟေ့ကောင် သာအေး၊ မျောက်ကြီးကို မြန်မြန်တက်ပြီးဆွဲချစမ်း"

ကိုတောက်ထိန်၏ စကားကြောင့် သာအေးတစ်ယောက် မျောက်ထီးကြီးတွဲလောင်းဖြစ်နေသည့် အပင်ပေါ် သို့ လျင်မြန်စွာ ပြေးတက်လေတော့သည်။ တစ်ချိန်တည်းမှာပင် ကိုတောက်ထိန်သည်လည်း တတိယမြောက်မြားတံကို ဒူးလေးထည့်ကာ ထပ်မံပစ်ရန်ပြင်လိုက်ပြန်သည်။ အေးကြည်ကမူ သာအေးလက်လွှဲ၍ပေးထားသော လုံကြီးကို မျောက်များထံသို့ တဆဆချိန်ရွယ်နေ၏။ သာအေးတစ်ယောက် မျောက်ကြီးကို မြေပြင်သို့အောင်မြင်စွာဆွဲယူချကာ ကိုတောက်ထိန်ထံသို့ပြန်ပြေးလာသည်။ မျောက်ညိုအုပ်ကြီးကာ သူတို့၏ရန်သူဖြစ်သော ကိုတောက်ထိန်တို့ပုန်းခိုနေသည့် ချုံပုတ်အနီးသို့ တစ်ပင်မှတစ်ပင် ခုန်ကူးကာ ရန်ပြုရန်ဆင်းသက်လာသည်။ ကိုတောက်ထိန် ဒူးလေးနှင့် အနီးဆုံးနေရာတွင်ရှိနေသည့် မျောက်ညိုတစ်ကောင်ထံသို့ မြားပစ်လွှတ်လိုက်သည်။ ချက်ကောင်းကို မထိသာကြောင့် မြားတံတန်းလန်းနှင့်ပင် ကိုတောက်ထိန်ထံသို့ ကုတ်ခြစ်ရန်ခုန်ဆင်းလာ၏။ ကိုတောက်ထိန် ဒူးလေးနှင့် ပစ်ချိန်မရတော့ပေ။ သို့သော် ကြည်အေးပစ်လွှတ်လိုက်သည့် လုံသွားက မြားတန်းလန်းဖြစ်နေဆဲသည့် မျောက်ညိုမကြီးကိုထိမှန်ကာ မြေပြင်သို့ပြုတ်ကျလာသည်။ မျောက်ညိုမကြီးလုံတံထိကာ ပြုတ်ကျသွားသည်ကို မြင်လိုက်ရသောကြောင့် ကိုတောက်ထိန်တို့သုံးယောက် အနီးသို့မကပ်ရဲတော့ဘဲ အုပ်စုဖွဲ့ပိုင်းပတ်ကာ ဒေါတတကြီးဖြင့် အော်ဟစ် ခြောက်လှန့်နေလေသည်။ ကိုတောက်ထိန်တို့သုံးယောက်နှင့်မျောက်ညိုအုပ်၏တိုက်ပွဲကား ပြင်းထန်လာခဲ့ပြီ။

"အေးကြည်နဲ့သာအေး၊ ဒီကောင်တွေ နောက်ဆုတ်မယ့်ပုံမပေါက်ဘူး။ မျောက်ထီးကြီးကိုထိထားလို့ ဒေါသတော်တော်ထွက်နေပုံရတယ်။ ကြာလာရင် ခက်ကုန်တော့မယ် ပြေးကြစို့ဟေ့"

ကိုတောက်ထိန်တို့ သုံးယောက် မျောက်ညိုအုပ်ကြီး၏ အခြေအနေကို ကြည့်ကာ လျှို့ပေါ် သို့ အပြင်းပြေးတက်လိုက်သည်။ ကိုတောက်ထိန်တို့ဆုတ်ခွာသည်ကို ရိပ်မိဟန်တူသော မျောက်ညိုအုပ်ကြီးက အငြိုးအတေးကြီးစွာဖြင့် ရန်ပြုတိုက်ခိုက်ရန်အတွက် နောက်မှ အပြင်းလိုက်လာသည်။

"အေးကြည်နဲ့ သာအေးရေ လွတ်အောင်သာပြေးဟေ့"

ပြေးရင်းလွှားရင်း ချုံပုတ်ကိုင်းတောများကို တိုးဝှေ့ရင်းဖြင့် ကိုတောက်ထိန်တို့သုံးယောက် မြေနီတောင်မကြီး၏ အလယ်တောင်ဆွယ်ကြောသို့ပြန်ရောက်လာ၏။ မျောက်ညိုအုပ်ကြီးအား အသံမှိုးစုံပြုကာ ဂုံမင်းလျှိုအတွင်း၌ ကျန်ခဲ့လေတော့သတည်း။

❑

ကိုတောက်ထိန်တို့နှင့်အတူ မျောက်ညို (၃) ကောင်ပါလာသည်။ သာအေးတို့နှစ်ယောက်လည်းပြေးရလွှားရသဖြင့် အမောဖောက်နေချေပြီ။ တောင်နီတောင်အဆင်း ဝါးနက်ဝါးရုံကြီးအောက်တွင် ကိုတောက်ထိန်တို့ သုံးယောက် ခေတ္တအမောဖြေရန် ရပ်နားလိုက်သည်။

"ဟူး. . . မလွယ်ပါလား ကိုကြီးတောက်ရဲ့။ မျောက်တွေရဲ့အကုတ်ခိုင်းသာ ရွာကိုပြန်ရရင် ကျော်မကြားကြားမကောင်းဖြစ်ကုန်တော့မှာ"

"ပြေးသာပြေးရတယ် ကိုကြီးတောက်ရယ်၊ ရထားတဲ့ မျောက်တွေ ကျန်ခဲ့မှာစိုးလို့ သေလုမတတ် သယ်ခဲ့ရတယ် ဟောဟဲ ဟောဟဲ"

"အေး - မင်းတို့မောပေမယ့် ငါမမောနိုင်သေးဘူး သာအေးနဲ့ အေးကြည်ရေ။ အရေးကြီးတဲ့အလုပ်လုပ်ပြီးကျန်သေးတယ်။ ကဲ - ငါယူလာခဲ့ရတဲ့ဆားထည့်ထားတဲ့ပုလင်းထုတ်ပါဦး"

အေးကြည်က ပလိုင်းအတွင်းမှ ကိုတောက်ထိန်တောင်းသည့် ပုလင်းကို ထုတ်ပေးလိုက်သည်။ ပုလင်းရသည်နှင့် ကိုတောက်ထိန်က မျောက်သေများလက်ကောက်ဝတ်ကို ဓားမြှောင်နှင့်ခုတ်ကာ ပုလင်းအဝနှင့်တေ့၍ မျောက်သွေးများခံနေလိုက်သည်။

"ကိုကြီးတောက်၊ ကျွန်တော့်ခေါင်းထဲ အနံ့တစ်ခုခုရသလိုပဲ"

သာအေးစကားကြောင့် အေးကြည် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဟေ့ကောင် သာအေး၊ စကားက အရင်းမရှိအဖျားမရှိနဲ့ အဓိပ္ပာယ်လဲကွ။ ဆက်ပြေးရမှာလား ဒီအတိုင်းဆက်ထိုင်နေရမှာလား မေးတဲ့အထဲ. . . "

သာအေးတစ်ယောက် အေးကြည်၏ ပြစ်တင်စကားကို ဂရုမစိုက်နိုင်နှာခေါင်းတရှူပ်ရှူပ်လုပ်ကာ အံ့သြသည်။ ပြီးမှ -

www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးတောက်ရေ အဖြေရပြီဗျ။ သင်တဲ့အတိုင်းမလွဲရင်တော့ အိမ်အပြန် မှတ်နှာပန်းလှပြီဗျို့"

စကားဆုံးသည်နှင့် သာအေးတစ်ယောက် ဝါးနက်ဝါးရှဲကိုဝန်းရံထားသည့် ခြံဆွဲရိုင်းများကို လှဲဖျားဖြင့်ဖယ်ရှား၍ ဝါးရုံတောအတွင်းသို့ဝင်သွားသည်။ ကြာမီ သာအေးထံမှ ကျေနပ်ဝိတိဖြစ်သည့် အသံကြီးထွက်ပေါ် လာသည်။

"ကိုကြီးတောက်ရေ၊ ဝါးယောင်းမို့ဆူထို့။ ဖျာကြမ်းတစ်ချပ်စာလောက် ပေးနေတာ မှတ်ပဲ"

မိုတွေ့သည်ဆိုသော သာအေး၏ အသံကြောင့် အေးကြည်တစ်ယောက် ဝမ်းသာအတွင်းသို့ လိုက်ဝင်သွားသည်။ ဝါးဆောင်မိုပုဆိုးတစ်လုံးခန့်ရလိုက်သောကြောင့် သာအေးတို့နှစ်ယောက် အမောပြေတာ မျက်နှာများပြုံးရွှင်နေသည်။ ကိုထောက်ထိန်လည်း မျောက်သွေးသတ်ခြင်းကိစ္စပြီးစီးသွားပြီဖြစ်သည်။ ထို့အခါအေးကြည်က သူသိလိုသောမေးခွန်းကို ကိုတောက်ထိန်အား မေးလိုက်သည်။

"ကိုကြီးတောက် မျောက်သွေးကို ဘာလောက်ပူထုတ်ရင်မရသွားလား။ နောက်ပြီး မျောက်သွေးထည့်မယ့်ပုလင်းထဲကို ဘာလို့ဆားတွေကြိုထည့်ထားတာလဲ"

"ဟာကောင်ရ အကြောင်းရှိလို့ ဆိုလုပ်ရတာပဲ။ မျောက်သွေးဆိုတာ ဆူနွေးနွေးအချိန်မှ သွေးထုတ်လို့ရတာ။ ပြစ်နိုင်ရင် ဂုံမင်းလျှိထဲမှာ ချက်ချင်း ဆောင်သွေးထုတ်ရမှာ။ မျောက်ညိုတွေ့ နဲ့ထွေးနေရလို့ သွေးထုတ်ချိန်မရဘဲ ဆာထုတ်နေရတာပဲ။ နောက်ပြီးမျောက်သွေးက လေနဲ့ထိရင်ခဲသွားတတ်တယ်။ အဲဒါကြောင့် ဆားကိုကြိုထည့်ထားပြီး သင်းကို အလုံပြန်ပိတ်ထားရတာပေါ့"

တိုတောက်ထိန်၏ ရှင်းပြမှုကို အေးကြည်နှင့် သာအေးတို့နှစ်ယောက် သဘောတူညီတဲ့ခြင်းဖြင့် စိတ်ဝင်စားစွာ နားထောင်နေသည်။ အချိန်ကလည်း ကြာစောင်းနေချေပြီ။ ကောင်းကင်ပြင် မှာသားတိမ်လိပ်မျှားတရိပ်ရိပ်တက် လာသည်။ တောင်ဘက်ကောင်းကင်မှာ မြူငွေ့တွေလာသည်။ တစ်နေ့လုံးမရွာသည့်မိုးက အပြီးနှင့်ရွာရန် ဟန်ရေးပြင်နေ၏။

"ဒီမိုးရွာရင်တော့ကျီးကန်းတောင် အမှေးမွှေးပဲဟေ့၊ ရွာမှာသေချာတယ်။ ဒီ - အချိန်မလင့်ခင် ရွာပြန်ကြစို့" မိုးနှင့်နွားသိုးက တကယ်အစိုးမရ။ ရာသီကလည်း သပြေသီးမှည့်ချိန်မို့ ရွာသည့်မိုးတိုင်းသဲသဲမဲမဲ။ မိုင်းညို့မည်းမှောင်နေသော ခဲပုပ်ရောင်တိမ်စိုင်တိမ်သားများက တရွေ့ရွေ့တလွှင့်လွှင့်ပြေးလွှားရင်းဖြင့် မိုးစက်များက လေနှင့်အတူ တဖိုးဖိုးတခေါက်ခေါက်ဖြင့် ပေါက်ပေါက်ဖောက်သက္ခဲသို့ကျလာသည်။ သွန်းချလိုက်သလို ရွာသွန်းနေသော မိုးကို အန်တုကာ ကိုတောက်ထိန်တို့ (၃) ယောက် ရွာအပြန်လမ်းကို စတင်လှမ်းလိုက်ကြလေ၏။

❑

အချိန်က နွားရိုင်းသွင်းချိန်။

ကိုတောက်ထိန်တို့ (၃) ယောက် ရွာကို ချောမောစွာပြန်ရောက်လာသည်။ သဲသဲမဲမဲရွာနေသောမိုးက အရှိန်လျော့သွားပြီဖြစ်သော်လည်း ကောင်းကောင်းမစဲသေး။ ကြွက်စုတ်သုံးကောင်ပမာ ကိုတောက်ထိန်တို့ ရွာလယ်ဇရပ်သို့ ဦးတည်လှမ်းလာခဲ့သည်။ ရွာလယ်ဇရပ်တွင် ကိုသန်းဖေနှင့် ကာလသားတစ်သိုက်ကို ကိုတောက်ထိန် ကြိုတင်စောင့်ဆိုင်းခိုင်းထားသည်။ ကိုသန်းဖေသည် နွယ်ခွေရွာကလေး၏ ဒုတိယကာလသားခေါင်းဆောင်ဖြစ်သည်။ မကြာမီ ရွာလယ်ဇရပ်သို့ ကိုတောက်ထိန်တို့သုံးယောက်ရောက်လာသည်။ ကိုသန်းဖေနှင့်ကာလသား(၃)ယောက်က ကိုတောက်ထိန်တို့ကို ဝမ်းသာအားရဖြင့် ဆီးကြိုကြသည်။ ခိုက်ခိုက်တုန်လာသောကြောင့် အသင့်တည်ထားသည့် ရေနွေးကြမ်းပူပူကို ကိုတောက်ထိန်တို့သုံးယောက်အား အမြန်ပေးလိုက်ကြသည်။ အေးတြည်တို့နှစ် ယောက် တဆိုင်ဆိုင်မှုတ်ကာ အငမ်းမရသောက်နေသည်။ ကိုတောက်ထိန်က တော့ မသောက်နိုင်သေး။ မှန့်သည်။ သူစိစဉ်သည့်ပွဲက မပြီးသေး။

သန်းဖေရေ ဓင်းအဖွဲ့ကို မျောက်တွေ့ အရင်မီးဖုတ်ပြီး ရင်ခွဲ၊ အညစ်အကြေးရှင်း၊ နောက်ပြီး တစ်ကောင်လုံး ပဝွင်းပါးပါအောင် ဆီကျန်ရေကျန်လေးစားကောင်းအောင် ချက်ခိုင်းစမ်း။ မင်းကို ငါမှာထားတဲ့ အရက်ဦးချည်နဲ့ မျောက်သွေးကို ငါသင်ထားတဲ့အတိုင်းစပ်ထားလိုက်။ နောက်မျောက်သားဟင်းကျက်ရင် ဖျားချင်နာချင်နေတဲ့ကာလသားတွေကိုခေါ်။ မျောက်သားဟင်းနဲ့ ထမင်းကွေးပြီး မျောက်ညိုသွေးနဲ့စပ်ထားတဲ့အရက်တစ်ခွက်စီတိုက်လိုက်။ မျောက်သားဟင်းလည်းစား။ မျောက်သွေးအရက်ကိုလည်း သေသေချာချာလေး သောက်ခိုင်းနော်။ မျောက်သုံးကောင်ဆိုတော့ ဟင်းချိုတစ်အိုးရအောင်တည်။ ကျန်တာကို ကြွက်သွန်စိမ်း၊ ငရုတ်သီးစိမ်းနဲ့ မိုယုပ်လုဖ်လိုက်။ မနက်ကျရင် ရွာဦးဘုန်းတော်ကြီးကျောင်းကို ပို့ဖို့လည်းချန်ထားဦး။ ကဲ-ငါအိမ်ပြန်ပြီး အဝတ်အစားလဲဦးမယ်။ ကျန်တာ မင်းကာလသားတွေနဲ့ဆက်လုပ်တော့"

ကိုတောက်ထိန် တောပစ်ထွက်သည်ဆိုသောသတင်းကို ရွာရှိကာလသားအားလုံးကသိထားကြသောကြောင့် ရွာလယ်ဇရပ်တွင် လာစုနေကြသည်။ သူတို့နှင့်အတူ ကြွက်၊ ဘဲနှင့်လယ်ထဲမှ ရလာသည့် သားငါးမျိုးစုံကိုလည်း ယူလာကြသည်။ မမျော်လင့်ဘဲ နွယ်ခွေရွာကာလသားများ၏ စုပေါင်းထမင်းစားပွဲအသွင်ဖြစ်သွားသည်။ ကိုသန်းဖေ၏စီမံမှုအောက်တွင် ကာလသားများသည် မျောက်ကို မီးမြှိုက်၍ ရင်ခွဲခုတ်ထစ်သူထစ်၊ မီးမွှေးသူမွှေး၊ ငရုတ်သီးထောင်းသူထောင်း၊ ထင်းရှာသူရှာဖြင့် အသီးသီးကိုယ်စီ အဓိလုပ်ရှုပ်ကုန်ကြလေ၏။ ဇယ်ယာလုပ်ငန်းခွင်တွင် ပင်ပန်းနေကြသည့် ကာလသားများဖြစ်သောကြောင့် တစ်ကြိမ်တစ်ခါ အခါအခွင့်သင့်ခိုက် အခုလို တောတွင်းသားဟင်းတစ်မယ်ဖြင့် လျှာရင်းမျက်ချင်ကြပေလိမ့်မည်။ ထို့ကြောင့်လည်း သိချင်းတကြော်ကြော်ဟစ်ကာ ချက်ပြုတ်ရန်ပြင်ဆင်နေကြခြင်းဖြစ်၏။ မိုးစက်များချွန်တို့သည် အစဉ်အစဉ်တန်းလျှက် မြေပြင်ပေါ် သို့တဖြောက်ဖြောက် ကျဆင်းနေဆဲပင် ဖြစ်၏။ ဒူးလေးကိုင်ထားသည့် ကိုတောက်ထိန်၏ လက်အစုံသည်ပင် ခဲကြီးခဲတွန့်နေပြီဖြစ်သည်။ သူတ်ဖြူးလိုက်သော မိုးလေအေးကြောင့် ကိုတောက်ထိန်တစ်ယောက် စိမ့်ခနဲအေးကာ တဆတ်ဆတ်တုန်သွား၏။သို့သော်လည်း မကြာမီ မြိန်ရှက်စွာ စားသုံးရတော့မည့် ဝါးယောင်းမို့၊ မျောက်ညိုသားဟင်းနှင့် မျောက်သွေးအရက်ကို တွေးမိကာ တစ်ကိုယ်လုံး နွေးခနဲဖြစ်သွားလေတော့သတည်း။

(မှတ်ချက် - ဝါးယောင်းမို့- ဝါးဆွေးအုံများတွင် ပေါက်တက်သောမို့တစ်မျိုး)

သဒ္ဒိသံ ပါကံ ဇနေတိ

ငွေစိုး(ဒွေဖြူနွယ်မြေ)

www.burmeseclassic.com

www.burmeseclassic.com

ဝ (ဥပဒေ)ဦးထွန်း သုတေသီကစွန်းနှင့် နပန်းသမား

လေသာကုန်းလက်ဖက်ရည်ဆိုင်၏ အစည်ကားဆုံးအချိန်မှာ ဆည်းဆာချိန်မှ ညဦးယံအထိဖြစ်ပါသည်။ ယခင်ခေတ်ဟောင်းက ထိုအချိန်သည် ဆိုင်သိမ်းချိန်ပင်ဖြစ်ပေ၏။ ယခုခေတ်တွင်မူ လက်ဖက်ရည်ဆိုင်တိုင်းလိုလို ညအမှောင်ရောက်လေ လူလာလေလေပင်။ ယခုခေတ် လက်ဖက်ရည်တစ်ခွက် (၂၀၀) ကျပ်ဖြစ်သော်လည်း ယခင်ခေတ်ဟောင်းက တစ်ခွက်လျှင် ပြား(၂၀) သာ ပေးရ

နေရာသည် လက်ဖက်ရည်ဆိုင်ပင် မဟုတ်ပါလား။ တစ်နည်းအားဖြင့် လက်ဖက်ရည်ဆိုင်တွင် လုပ်သားပြည်သူအပေါင်းက ပထမဦးဆုံး ဒီမိုကရေစီကို မိမိတို့ဘာသာ ရှာဖွေရယူသည့်နေရာဟုဆိုလျှင် မှားအံ့မထင်ပါ။

ယခုလည်း လေသာကုန်းလက်ဖက်ရည်ဆိုင်တွင် ခင်မောင်တို့အုပ်စုက မိတ်ဆွေသစ် စိန်ထွန်းရီနှင့်အဖွဲ့ကျနေသည်။ စိန်ထွန်းရီနေတာက အုတ်စီကုန်းရွာ။ သူက မြန်မာစာပထမနှစ်အနီးကပ် တက်ရောက်ရန် တက္ကသိုလ်ကျောင်းတော်သို့ရောက်လာသူ။

မဲဟုတ်ဘူးကွ။ လူလိုဖက်ပြီး နပန်းလုံးတာ။ ဒီသရဲက နပန်းပွဲမှာသေသွားလို့ မကျွတ်မလွတ်ဘဲ သရက်ပင်မှာကပ်ရှာနေတာလို့ လူကြီးတွေကပြောဖူးတယ်။ တွေ့ချင်ရင်လက္ခယ်ညသာသွားတကယ် တွေ့ရတယ်”

“ဒီပွဲမှာ သုတေသီကစွန်းမရှိတာနာတာပဲ။ ဒီကောင်က သရဲတစ္ဆေတွေကို တယ်ပြီးစိတ်ဝင်စားတာပဲ။ တို့လူတွေ မြန်မာ့ဓလေ့နဲ့ မြန်မာ့ဘာသာရေးတို့ တော်တော်ကို လေ့လာထားတာ။ ဒီပွဲတို့ မနက်ဖြန်မှ ဒီကောင့်ကိုခေါ်ပြီး ဆွေးနွေးပွဲကိုဆက်ကြမယ်”

“ခုအားနေရင်ထိုင်မယ်နော်”

ဟု ခင်မောင်တို့ဘေးတွင်ဝင်ထိုင်ခဲ့ရာမှ ခင်မောင်တို့နှင့်ဘော်ဒါတွေဖြစ်မှန်းမသိဖြစ်သွားသည်။ လူငယ်စကားဝိုင်းတွင် စိန်ထွန်းရီက စိတ်ဝင်စားဖွယ်ရာဇာတ်လမ်းနှင့်အစပျိုးလိုက်သည်။

“မင်းတို့တစ်တွေ သရဲရှိတယ်ဆိုတာ ယုံသလား။ တချို့က သရဲဆိုတာ အကောင်အထည်မရှိဘူး။ ပုံရိပ်ကို အဟုတ်ထင်ပြီး ကြောက်ကြတာလို့ပြောကြတယ်။ ငါတို့ရွာက သရဲကတော့ ပုံရိပ်

ဒုတိယညတွင် ကစွန်းကို အ
ဧည့်သည်တော်အဖြစ် ဖိတ်ကြားထ
ကစွန်းက အဖွဲ့တော်သားတွေမ
ခင် ခပ်စောစောရောက်နေသည်။
ထွန်းရီနှင့်အဖွဲ့တော်သားများ စုံစုံ
ရောက်တေ့မှ -

“က-မင်းရဲ့နပန်းသမားအ
ကို ဖက်ပြီးနပန်းလုံးဖူးတဲ့လူတစ်
ယောက်တော့ရှိမှာပေါ့။ ဒီလူအ
ပြောပြပါဦး”

“ငါသိတဲ့လူဆိုရင် ဂျိအိန်း

www.burmeseclassic.com

www.burmeseclassic.com

ကိုစံသာပဲ။ ဒီလူက အံ့ရက်သမား။ အဲဒီ နေ့က ဒီလူတစ်ယောက်ထဲသောက်တာ ပြစ်လို့ ထမင်းစားကောင်းရုံသောက်တာ ပါ။ သူ့အိမ်ပြန်လာတုန်း ကိုချစ်ခင်အိမ်က ခြေလှေ့စက်ဘီးဖို့သတိရသွားတယ်။ ကိုချစ်ခင်အိမ်က ရွာတောင်ပိုင်းမှာ၊ သွား ဖယ်ဆိုရင် နာမည်ကြီးသရက်ပင်ကို ကျော်ပြီးသွားရမှာလွှဲ။ ဒီလူက မူးစပ် စပ်ဆိုတော့ ဘယ်လာကြောက်ပါ့မလဲ။

ဒါနဲ့ အဲဒီသရက်ပင်ကိုဖြတ်သွား ရတယ်၊ ဘာမှမထူးခြားဘူး။ ကိုချစ်ခင်နဲ့ စကားပြော၊ ပြီးတာနဲ့ သူ့အိမ်ကိုပြန် တာယ်။ အပြန်လမ်းရောက်မှ သရက်ပင် က နပန်းသမားနဲ့ပက်ပင်းတိုးပါလေ ရော။

နပန်းသမားက -

'မင်း ငါ့အပင်အောက်ကဖြတ်ချင် ရင် ငါနဲ့နပန်းလုံး။ နိုင်ရင် ဆက်သွားပေါ့ ကွာ'လို့ ပြောတယ်ကွ။ ဒီလူက ပုဆိုးကို ခါးတောင်းကျိုက်ပြီး အသင့်အနေအ ထားနဲ့။ အပေါ်ပိုင်းက အင်တိမရှိဘူး။ ဒါနဲ့ ကိုစံသာကလည်း မူးစပ်စပ်ဆိုတော့ အေးကွာ-ချတာပေါ့ဆိုပြီး ဝင်လုံးလိုက် တာ၊ ကိုစံသာမှာ ဘုသီးတွေထွက်ပါ လေရော။နောက်ဆုံးကန်ချက်က အရှိန် ထိသွားပြီးမေ့သွားတယ်။

ကိုစံသာ ပြန်မလာပြန်မလာနဲ့ မသက်ဖြစ်ပြီး သူမိန်းမက လူစုပြီးလိုက် ရှာတော့မှ သရက်ပင်အောက်မှာတွေ့ခဲ့ တာ။ ဒီပွဲမှာ ကိုစံသာမနည်းလေးခံလိုက် ရတယ်။ အဲဒီလူ ခုအထိ ငါတို့ရွာမှာရှိပါ သေးတယ်"

သုတေသီကစွနားက အစအဆုံး နားထောင်ပြီးမှ -

"မင်းပြောတဲ့ဇာတ်လမ်းမှာ နပန်း သရဲက လက္ခဏာသည်မှာ ပေါ်လာတတ်

www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ကြောခဲ့တယ်နော်။ အခု ကိုစံသာတစ်ယောက်က လက္ခယ်ညမှာ နပန်းသမားကို ဘာအလင်းရောင်နဲ့မြင်တာလဲ။ အင်္ကျီမဝတ်တာလည်းမြင်တယ်၊ ခါးတောင်းကျိုက်ထားတာလည်းမြင်တယ်။ အဲဒီအချက်က ဟာနေတယ်။ ရှင်းပြဦး”

“ဒီလိုကွ၊ ငါတို့အုတ်စီကုန်းရွာမှာ ဒီသရက်ပင်က ရွာတောင်ပိုင်းနဲ့ရွာမြောက်ပိုင်းအလယ်လောက်ရှိတဲ့အပင်။ သရက်ပင်က ဦးဘမောင်ခြံထဲမှာရှိတာပါ။ လူတွေ ဖြတ်သွားဖြတ်လာ လှမ်းမှာပေါက်နေလို့ ရပ်ကွက်လူကြီးတွေက သရက်ပင်နဲ့ဘယ်နည်းမှာ လမ်းမီးထွန်းပေးထားတယ်။ ဒါကြောင့် မြင်တာပါ”

“အင်း - ဒီလိုအဖြေရှိတယ်ဆိုရင်တော့ မဆိုးပါဘူး။ မင်းတို့မြန်မာတွေက သေခါနီးမှာ မုရဇာသန္နဇောဆိုတာ ရှိတယ်မဟုတ်လား။ အကုသိလ်ဇောနဲ့သေခဲ့ရင် အပါယ်ဒုက္ခတိဘုံကိုရောက်လိမ့်မယ် ဟုတ်တယ်နော်။ အပါယ်ဘုံဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံဆိုတာလည်းသိကြမှာပါ”

“ငရဲဆိုတာက အကျဉ်းချုပ်ပြောရရင် ချမ်းသာခြင်းကင်းတဲ့နေရာပါပဲ။ တိရစ္ဆာန်ကတော့ အထူးပြောစရာမလိုပါဘူး။ ပြိတ္တာကိုထားပြီး အသုရကာယ်ဘုံဆိုတာ နတ်တွေလိုမရဲမရင့်မတောက်ပြောင်တဲ့နတ်ကလေးတွေကိုခေါ်တာ။ ဥပမာ သစ်ပင်၊ တောတောင်၊ သမုဒ္ဒရာတွေမှာနေတဲ့ ပြိတ္တာအသုရာလေးစွဲပဲ။ အဲ-ပြိတ္တာဘဝကလည်း ချမ်းသာခြင်းအပေါင်းမှကင်းဝေသူတွေပါပဲ။ ဒီပြိတ္တာတွေကိုခွဲခြားရင် သေးရင် မှင်စာ၊ နည်းနည်းကြီးရင် သရဲ၊ နည်းနည်းထပ်ကြီးတော့ တစ္ဆေသဘက်ပါပဲ။ မင်းရဲ့ကိစ္စာဖြစ်ရပ်မှာ မူးကြောက်ဆူးကြောက်ဖြစ်လို့ ထင်ယောင်ထင်မှားဖြစ်တာပါ။ မင်းရွာကို လက္ခယ်နေ့ညမှာ ငါလိုက်ခဲ့မယ်။ မင်းအိမ်မှာ တို့အဖွဲ့ညအိပ်လို့ကာပါမလား”

“အို-ကာပါတယ်သူငယ်ချင်းရယ်၊ မှင်းတို့(၄)၊ (၅)ယောက်တင်မကဘူး၊ (၁၀)ယောက်ကျော်လည်းရတယ် သူငယ်ချင်း။ ငါ့အဖေအိမ်က နှစ်ထပ်အိမ်၊ အပေါ်ထပ်မှာ ဘယ်သူမှမအိပ်ဘူး။ လာမယ်ဆိုရင် ဝါကမ်းပဲ သူငယ်ချင်း”

ဤသို့ဖြင့် လက်ဖက်ရည်ပိုင်းဆွေးနွေးပွဲသည် လက်တွေ့စမ်းသပ်ချင်သော သုတေသီကစွန်းကြောင့် ကွင်းဆင်းစစ်ဆေးသည့်အဆင့်သို့ရောက်ရှိသွားတော့သည်။ စိန်ထွန်းရိုက လာရင်းအကြောင်းကိုတော့ မိဘတွေကိုမပြော။ မရောက်ဘူးလို့ လာသလိုလိုသာပြောထားသည်။ လက္ခယ်ညတွင် ရွာတောင်ပိုင်းက ဖိတ်ထားသဖြင့် အဖွဲ့လိုက်သွားကြမယ်ဟု သူငယ်ချင်းတွေကို စိန်ထွန်းရိုကပင့်သွားသည်။ သည်လို့နှင့် နပန်းသမားရှိသည့် သရက်ပင်ခြေရင်းသို့ ရောက်လာသည်။

သုတေသီကစွန်းက -

“ဟော-မင်းတို့တွေက လေလာချင်တယ်ဆိုရင် ငါနဲ့ပူးကပ်ပြီးမလိုက်နဲ့။ ဟိုမီးတိုင်ရဲ့အလင်းရောင်ကွယ်တဲ့နေရာအထိရှောင်ပေးလေ။ သရဲတစ္ဆေဆိုတာလူများရင် ဘယ်တော့မှမခြောက်ဘူး။ ဒီအကောင်တွေက တစ်ယောက်တည်းရှိမှလာတာ၊ ကဲ-သွားကြ”

စိန်ထွန်းရိနှင့်သူငယ်ချင်းတစ်သိုက်က လမ်းမီးရောင်ကွယ်တဲ့နေရာအထိရှောင်၍ပေးကြသည်။ ယခုတော့ နပန်းသရက်ပင်အောက်တွင် ကစွန်းတစ်ယောက်တည်း။ ကစွန်းက အကြိုရှိသူဖြစ်၍ စပို့ရှပ်နှင့် ဒူးကျအောင်းဘီဝတ်ထားသည်။ အရေးအကြောင်းရှိလို့ နပန်းသတ်ရမည်ဆိုလျှင်လည်း ဘောင်းဘီနှင့်ဆိုလျှင် ပုဆိုးဝတ်သလိုကျွတ်မှာကို မပူရ။ နာရီဝက်ခန့်အကြာတွင် သရက်ပင်မှ နပန်းသမားဆင်းလာသည်။

“ငါတွေ့ဖူးသမျှလူထဲမှာ မင်းက အရဲရှင့်ဆုံးပဲ။ မင်းက ငါနဲ့နပန်းလုံးဖို့ အဆင်သင့်ကိုပြင်လာတာကိုး။ အေး - ကောင်းတယ်။ ကိုစံသာတစ်ယောက်ကတော့ မူးနေလို့ ငါနဲ့နပန်းလုံးရဲတာပါ။ မင်းကတော့ ဘာမှမသောက်ဘဲလာရဲတဲ့သူဆိုတော့ ဂုဏ်ယူပါတယ် သူငယ်ချင်း။ ကျောနဲ့မြေကြီးထိရင် အနိုင်၊အနှိုးပေါ့ တဲ့နည်းနဲ့နပန်းလုံးကြမယ်။ ကြိုက်တယ်မဟုတ်လား”

နပန်းပွဲက လက်ညိုသည်၊ ကစွန်းက အောက်ဆာသမား။ နဂိုကမှ ကြံခိုင်သူဖြစ်၍ အသက်အပုတ်တွင် အရှောင်အတိမ်းကလည်း ကောင်းမှကောင်း။ သရက်ပင်နပန်းသမား၏မျက်နှာကိုတည့်တည့်ကြီးထိသလို နပန်းသမား၏လက်သီးများကလည်း မိုးသီးမိုးပေါက်တွေလို့ ကစွန်းထံရောက်လာသည်။ အနောက်တိုင်းအောက်ဆာတွင် ခြေပါသော်လည်း နပန်းသမားက ခြေနှင့်ကန်ချက်တွေပါလာ၍ ရှောင်ရတိမ်းရခက်နေသည်။

ထိုထက်ပို၍ဆိုးသည့်ကိစ္စမှာကား လက်နှင့်ကိုင်ပြီးဆွဲလှည့်နေ၍ သတိလက်လွတ် ပက်လက်လန်၍ လဲသွားသည်။ နပန်းပွဲ၏ အဆုံးအဖြတ်အတိုင်း ကစွန်းက ခြေပေါ် သို့ကျောနှင့်ကျသောကြောင့် အနိုင်၊ အနှိုးကအဖြေပေါ်သွားသည်။ ကစွန်းကြည့်နေသည့်အချိန်အတောအတွင်း နပန်းသမားကပျောက်ခြင်းမလှ ပျောက်သွားသည်။

ခြေပေါ်မှလူးလဲထစဉ် စိန်ထွန်းရိတို့အဖွဲ့လည်း ရောက်လာသည်။ လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်ရာ ကစွန်းဖြစ်နေသည့်ဘုသီးမှုန့်ကစွန်း၏အောက်နှတ်ခမ်းလည်း ရောင်ကိုင်းနေသည်။

ကစွန်းက -

“အေးကွ၊ ဒီကောင်နဲ့နပန်းသတ်ရတာ လူနဲ့နပန်းသတ်ရသလိုပဲ။ ဂါထိုးတဲ့ထိုးချက်တွေကိုလည်း၊ ဒီကောင့်ကိုတည့်တည်ကြီးထိတာကွ။ သူထိုးချက်ကို ငါကရှောင်တာများလာတယ်။ ထိုးတာမြန်အားကြီးတော့မှ ရှောင်မရဘဲထိတာကွ။ ကဲ မင်းအိမ်ကိုပြန်ကြရအောင်၊ မင်းအိမ်မှာ မိဝသီရှိလား။ အခုမှ နာရမှန်းသိတော့တယ်”

ဤသို့ဖြင့် စိန်ထွန်းရိအိမ်သို့ ညဉ့်နက်ပိုင်းတွင် တိတ်တိတ်ဆိတ်ဆိတ်ပြန်ရောက်လာသည်။ ကစွန်းကိုကြိုဆိုဆေးထွေးလိမ်းပေးကြလေသည်။ ကစွန်း၏ ဘုသီးမှုန့်ကလည်း မပျောက်။ (၁၀)ရက်ခန့်လည်း ဘုန်းကြာကာ၊ နာတဲ့နေရာကနာနေသောကြောင့် စိန်ထွန်းရိက နောက်ဆုံး အုတ်စီကုန်းဘုန်းတော်ကြီးထံသွားရောက်၍ မြစ်ကြောင်းကုန်စင် လျှောက်ထားရတော့သည်။

ဘုန်းတော်ကြီးက စကောထဲတွင် ထမင်းနှင့်အမဲသားဟင်းကိုထည့်ခိုင်းပြီး နွားရိုင်းသွင်းချိန်လောက်တွင် သရက်ပင်အောက်၌ သွားရှာထားခိုင်းသည်။ ထိုနည်းအတိုင်းဆောင်ရွက်ပြီးမှသာ ထိုကစွန်း၏ ဘုသီးများသည် မိဝသီမလိမ်းဘဲ ကြက်ပျောက်ဒုက်ပျောက်ပျောက်၍ သွားတော့သည်။ သုတေသီကစွန်းလက်တွေ့ကြုံလိုက်မှသာ သရဲ၊ တစ္ဆေသဘက်တွေဟာ ထင်ယောင်ထင်မှားမဟုတ်။ လူလိုလည်း ရင်ဆိုင်ကြတွေ့ရပါလားဟု သူ၏ သုတေသီမှတ်တမ်းတွင် ဖတ်သုတတစ်ခုတိုးရှိမှတ်လိုက်တော့သည်။

စိုးထွန်း (ညဂူး)

www.burmeseclassic.com

www.burmeseclassic.com

ဂါဦးနွန်းကို စွဲမိစွဲရာ

"အမလေး - သရဲ၊ သရဲကြီး အိမ်သာထဲမှာ ငုတ်တုတ်ကြီးတော့"

နေစိမ့်၏အော်သံက တကယ့်ကို အလန့်တကြား။ ဝေယျာဝစ္စပြုလုပ်နေသူအားလုံး လုပ်ဆောင်နေသောအလုပ်အသီးသီးကိုပစ်ချပြီး နေစိမ့်ရှိရာဆီသို့ ဝရုန်းသုန်းကား ပြေးလာကြသည်။ အားလုံးလည်း စိုးရိမ်ပူပန်သွားကြသည်။

ဒေါ်ကြီးရွှေရင်က ထိပ်ဆုံးမှဖြစ်သည်။ သူက အိမ်သာမထွက်လာလာခင်း ပန်းကန်စင်ဆောင်တွင် ပန်းကန်ဆေးနေခိုက် နေစိမ့်၏အော်သံကိုကြားလိုက်ရ၍ ပြေးထွက်လာခြင်း ဖြစ်သည်။ အခြားခြေသံများလည်း သူနောက်မှ တဝေါဝေါပါလာကြသည်။ ဒေါ်ယဉ်နု၊ ဒေါ်သင်းရီ၊ မခင်လှိုင်နှင့် မငွေအေးတို့ကလည်း ရှေ့ဆုံးနောက်ဆုံးပြေးရောက်လာကြခြင်း မဟုတ်ပါလား။

"ဟဲ့ဟဲ့-သမီးနေစိမ့်၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

ဒေါ်ကြီးရွှေရင်က စိတ်ပူတကော ဆေးသည်။

နေစိမ့်က မျက်လုံးကြီးစုံမှိတ်၊ အိမ်သာရှေ့ တောင့်တောင့်ကြီးရပ်ရင်း တုန်ကယင်ဟစ်အော်နေဆဲ။ သူ့ပုံစံက ရယ်ရွှင်ဖွယ်ရာ။ သို့သော် သူ့အသံက အသည်းတုန်အောက်ဖွယ်ရာပင်။

"သရဲကြီး၊ မည်းမည်းကြီးတော့၊ အိမ်သာထဲမှာငုတ်တုတ်ကြီး"

ထို့သို့ ဗလုံးပထွေးအော်နေဆဲဖြစ်သည်။

ဒေါ်ကြီးရွှေရင်က နေစိမ့်ပခုံးကို ဖိုင်ခါရင်းမေးလိုက်တော့မှ အော်သံတိတ်သွားသည်။ မျက်လုံးပြူးမျက်နှာပြူးလှည့်ကြည့်သည်။

"သမီးရယ် ဘာဖြစ်တာလဲ၊ ဒေါ်ကြီးတို့စိတ်ပူလိုက်တာ"

"အမယ်လေး ဒေါ်ကြီးရဲ့၊ သမီးသမီးတို့ သရဲခြောက်လို့။ သရဲကြီး၊ အိမ်သာထဲမှာ ငုတ်တုတ်ကြီး"

"ဘယ်မှာရှိလို့လဲ သမီးရယ်"

"ဟိုအထဲမှာ၊ ဟိုအထဲမှာ"

နေစိမ့်က လက်ညှိုးတထိုးထိုးနှင့် ပြောသည်။ သူညွှန်ပြနေသည်ကား သူ့ရှေ့ကအိမ်သာဆီသို့။

တံခါးက သစ်သားတံခါးဖြစ်၍ ဖွတ်လို့ဟသည်နှင့် သူအလေးချိန်နှင့် သူပြန်ပိတ်သွားပြီ ဖြစ်သည်။ ဖွင့်ကြည့်မှသာ အထဲမှာလူရှိ မရှိ သို့မဟုတ် တစ်စုံတစ်ခုရှိ မရှိ သိရမည်သာ။ ဒေါ်ကြီးရွှေရင်ကတော့ တစ္ဆေသရဲကိုအယုံအကြည်ရှိပေမယ့် မကြောက်ထတ်ပါ။ ခပ်ရဲရဲပဲ ရှေ့သို့ထွက်သွားပြီး တံခါးလက်ကိုင်ကို ဆုပ်ကိုင်လိုက်သည်။

"ခ... ခဏလေး ဒေါ်ကြီး၊ သမီး... သမီးကြောက်လို့ အီး... အဟီး"

နေစိမ့်လေးခမျာ အတော်လေး သွေးပျက်သွားဟန်တူသည်။ နေရာမှာ မရပ်ဝံ့တော့ဘဲ နောက်ဆုံးတွင်ရပ်ကြည့်နေသူ မငွေအေးထံသို့ ပြေးဝင်ကာ မျက်နှာကွယ်ထားသည်။

အားလုံးကလည်း ထိုတံခါးရွက်၏ တစ်ဖက်၌ ဘာများရှိနေမလဲဆိုတာ သိလည်းသိလိုသည်။ ကြောက်လည်း ကြောက်နေကြသည်။ တံခါးဆီသို့ မဝံ့မရဲလှမ်းကြည့်နေကြသည်။ ဒေါ်ကြီးရွှေရင်ကမူ လူကြီးပီပီ ကြောက်စိတ်လျော့နည်းနေပြီထင်။ တံခါးကို ခပ်ရဲရဲပင်ဆွဖွင့်လိုက်သည်။

"ဟင်"

"အမလေး - တော်ပါသေးရဲ့"

"ဘာမှမရှိပါဘူး နေစိမ့်ရယ်၊ ညီမစိတ်ထင်တာပါ"

တံခါးကို ဆွဖွင့်လိုက်သည့်အခါ ဗလာကျင်းလျက်သားတွေ့လိုက်ရသဖြင့် အားလုံးထဲမှ ဓတ္တမညီသောအသံကိုယ်စီ တို့ထွက်ကျသွားကြသည်။ ထိုအထဲတမာ မခင်လှိုင်၏အသံက နေစိမ့်ကို နှစ်သိမ့်သည်ဆိုခြင်းထက် စွပ်စွဲသကဲ့သို့ဖြစ်နေ၍ နေစိမ့် စိတ်တိုသွားသည်။

နေစိမ့် တကယ်မြင်ခဲ့တာပါ။ မည်းမည်းကြီး။ သို့ပေမယ့် မထင်မရှားမဟုတ်၊ ထင်ထင်ရှားရှားကြီး။ နေစိမ့် အိမ်သာဝင်ဖို့အတွက် တံခါးကိုဆွဲအဖွင့် အိမ်သာထဲမှာ ငုတ်တုတ်ထိုင်နေသူတစ်ယောက်။ ရုတ်တရက်တော့ တခြားလူတစ်ယောက် အိမ်သာဝင်နေသည်ထင်ပြီး နေစိမ့် အားနာသွားသည်။ သို့သော် ချက်ချင်းပဲ နေစိမ့် သဘောပေါက်လိုက်သည်က ထိုသူဟာ လူမဟုတ်၊ လူတစ်ယောက်၏အသွင်သဏ္ဌာန်မျိုးမဟုတ်။

ပုံသဏ္ဌာန်ကတော့ လူနှင့်တူပေမယ့် အရောင်အဆင်းက မှေးမှိန်လွန်းသည်။ တစ်ကိုယ်လုံး မည်းတူးချိပ်နေသည်။ မီးသွေးတုံးတစ်တုံးကို တွေ့မြင်လိုက်ရသလိုဟုဆိုရမည်။ တော်ပါသေးဗျ။ မျက်နှာကိုမူ သေချာမမြင်တွေ့ရ။ ဦးခေါင်းကိုငဲ့ထားသည်ပဲလေ။

ထိုသူကို မြင်လိုက်ရသည့်အခိုက် နေစိမ့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်း



www.burmeseclassic.com

www.burmeseclassic.com

တို့ထပြေးသွားသည်။ တံခါးကိုကြောက်အားလန့်အားလွတ်လိုက်ပြီး မျက်လုံးကို စုံမှိတ်ကာ ကြိုးအော်ပစ်လိုက်မိခြင်း ဖြစ်၏။ ချက်ချင်းပဲ တစ်ဖက်ခန်းမှာ အလုပ်လုပ်နေသူ ဒေါ်ကြီးတို့အုပ်စု ပြေးဝင်လာကြသည်။ တံခါးကို ဒေါ်ကြီးရွှေရင်ဖွင့်ကြည့်လိုက်သည့်အခါမှာတော့ စောစောက မည်းမည်းသတ္တဝါကြီးမရှိတော့ပေ။

တကယ် တွေ့မြင်ခဲ့ရခြင်း ဖြစ်ပေမယ့် မိမိတစ်ယောက်တည်းကို အထင်တရှားပြသခဲ့ပြီး ယခုများကျ ကွယ်ပျောက်သွားခဲ့ပြီမို့ စိတ်ထင်ခြင်းပါဟု ယိုးစွပ်ရအောင်က နေစိမ့်က ကျပ်မပြည့် သူတစ်ယောက်မဟုတ်။ မရှိတာကို အရှိထင်ရလောက်သည်အထိ နေစိမ့်မှာ စိတ်ချောက်ချားစရာအကြောင်းအရာ မရှိ။ ယခုက အမှန်တကယ် တွေ့မြင်ခဲ့ခြင်းသာ။

"သမီး စိတ်ထင်တာ မဟုတ်ဘူး အစ်မခင်လှိုင်။ သမီးတကယ်တွေ့ခဲ့တာ"

နေစိမ့်က ဒေါသသံစွက်၍ဆိုသည်။ စောစောက လန့်ဖျပ်ကာ မျက်ရည်ကျသွားသဖြင့် ရှိုက်သံတစ်ဝက်ကလည်း နှောယှက်နေသေးသည်။ မခင်လှိုင်လည်း စကားမှားသွားမှန်းသိ၍ ဘာပြောရမှန်းမသိဖြစ်နေစဉ် ဒေါ်ကြီးရွှေရင်က -

"နေစိမ့်ရယ် ဝမ်းမနည်းပါနဲ့၊ စိတ်လည်းမဆိုးနဲ့။ မခင်လှိုင်က သမီးစိတ်သက်သာအောင် နှစ်သိမ့်တာပါ။ ဒေါ်ကြီးနားလည်တယ်။ သမီးဘယ်လောက်လန့်သွားမယ်ဆိုတာ ဒေါ်ကြီးကိုယ်ချင်းစာတယ်။ နောက်ပြီး သမီးစိတ်ထင်တာမဟုတ်မှန်းလည်း ဒေါ်ကြီးသိတယ်။ ကဲ - လာ၊ ဆွမ်းစားဆောင်မှာထိုင်ပြီး စကားပြောကြတာပေါ့"

ဒေါ်ကြီးရွှေရင်က ဝင်ဖျန်ဖြေမှုပဲ ပြဿနာအေးသွားသည်။ နေစိမ့်လည်း မခင်လှိုင်အပေါ် အားနာသွားမိသည်။ ဘာပဲပြောပြော ကိုယ့်ထက်အသက်အရွယ်ကြီးသူတွေချည်း။ သူတို့မှားစေဦးတော့ ကိုယ်ကအငယ်ပဲလေ။ သည်းညည်းခံရမည်မဟုတ်လား။

❑

နေစိမ့်က တနင်္ဂနွေတိုင်း (-) တရားရိပ်သာတွင် ဝေယျာဝစ္စဝင်ရောက်ကူညီပြုလုပ်ပေးနေသည်မှာ နှစ်လနီးပါး ခန့်ရှိနေပြီ ဖြစ်သည်။ ရုံးပိတ်ရက်တွင် သူငယ်ချင်းများနှင့် လည်ပတ်ခြင်း၊ သင်တန်းများတက်ခြင်းတို့ကို ယခင်က ပြုလုပ်နေခဲ့ပေမယ့် အချိန်ကြာသည်နှင့် အမျှ အကျိုးထူးကြီးကြီးမားမားမတွေ့ရသဖြင့် ကုသိုလ်ရေးဘက်ဦးလှည့်ရန် စဉ်းစားမိအခိုက် မိတ်ဆွေတစ်ယောက်က သူ၏ ဆရာတော်ဘုရား တရားဟောလမ်းပြနေသော (-) တရားရိပ်သာတွင် ဝေယျာဝစ္စလုပ်သူနည်းပါးနေသောကြောင့် ဝေယျာဝစ္စအလုပ်တွေဝင်ရောက်ကူညီပေးပါရန် အကြံပြုလာခဲ့၍ ယခုလိုဝင်လုပ်ခဲ့ခြင်း ဖြစ်သည်။

ကုသိုလ်လည်းရ၊ စိတ်လည်း ချမ်းသာရသည်။ လာရောက် လှူဒါန်းမှုများကိုရှုကြည့်ရင်း မုဒိတာလည်းပွားရသည်။ အားလည်းကျရသည်။ သို့ကြောင့်လည်း ဝေယျာဝစ္စဝင်ရောက်လုပ်ဆောင်ပြီးမကြာ နေစိမ့်ပိုက်ဆံစုတတ်လာသည်။ (-) ရိပ်သာတွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းရန် ရည်စူးပြီး လုပ်အားခထဲမှ စုဆောင်းနေခြင်း ဖြစ်၏။ နေစိမ့်၏ တိုက်တွန်းမှုကြောင့် မိဘမောင်ဖွားများပင် နေစိမ့်၏ နေ့ဆွမ်းအလှူတွင် ဝင်ရောက် ထည့်ဝင်နေကြပြီမို့ စုငွေငါးသိန်းနီးပါးခန့်ရရှိနေခဲ့ပြီဖြစ်၍ ဆွမ်းကပ်လှူမည့်နေ့ကို ရက်ချိန်းယူထားလိုက်သည်။ တနင်္ဂနွေနေ့ပင် ဖြစ်သည်။

စနေနေ့ည နေကတည်းက နေစိမ့်ကိုယ်တိုင် ဝင်ရောက် ကူညီနေခဲ့သည်။ ချက်ရေးပြုတ်ရေးအစ ဒေါ်ကြီးရွှေရင်နှင့်အတူ ပါဝင်လုပ်ဆောင်သည်။ အချက်အပြုတ်ဝါသနာပါသူပီပီ လက်ရာကလည်း ခပ်ချာချာမဟုတ်သဖြင့် ဒေါ်ကြီးရွှေရင်ကပါ နောင်များကျ နေစိမ့်ကိုလည်း လက်ထောက်စားဖိုမှူး ခန့်ရမည်ဟု ကျီစယ်စနောက်ခဲ့သည်။ မင်္ဂလေးတို့၊ မခင်လှိုင်တို့ကလည်း အသက်အငယ်ဆုံးဖြစ်ပြီး သွက်လက်ချက်ချာသောနေစိမ့်ကို ညီမငယ်လေးလို ချစ်ခင်ကြသည်။

စနေနေ့။

မနက်ဖြန် နေစိမ့် ပြုလုပ်လှူဒါန်းမည့်အလှူအတွက် ကိုယ်တိုင်ပါဝင်ကူညီလုပ်ကိုင်နေရသည့်အတွက် ကျေနပ်ပိတ်ဖြစ်လျက်ရှိစဉ် ချောက်ချားဖွယ်အဖြစ်အပျက်တစ်ခုကို မကြုံစဖူးတွေ့ကြုံလိုက်ရသည်။ ညနေ နေဝင်ရီတရောအချိန် တစ်ယောက်တည်း အိမ်သာသို့အသွား အိမ်သာထဲမှာ ဘာမှန်းမသိတဲ့အရာကို တွေ့မြင်လိုက်ရသည်။ မည်းမည်း... မည်းမည်း မသဲမကွဲကြီး။ သို့သော် ဝေဝေဝါးဝါး တွေ့မြင်ခဲ့ရခြင်းတော့ မဟုတ်။ တကယ့်ကို အထင်တရှား၊ သရဲတစ္ဆေဆိုတာ ဒါမျိုးဟုထင်သည်။

အားလုံးက နေစိမ့်ကို တစ်မျိုးစိနှစ်သိမ့်ကြပေမယ့် နေစိမ့် မကျေနပ်နိုင်း ဘာမှန်းညာမှန်းမသိရ၍ နေစိမ့် စိတ်ဒုက္ခရောက်ရသည်။ ယခင်တစ်လကျော် နှစ်လနီးပါး လာရောက်ဝင်ထွက်နေတုန်းက မတွေ့မြင်ခဲ့ဘူးသည့် ဝိညာဉ်၊ ယခုများမှ ရုတ်တရက်ကြီး တစ္ဆေခြောက်သည့်ဖြစ်အင်အပေါ် နေစိမ့် နားမလည်နိုင်။ ဘာကြောင့်များပါလိမ့်။ ဘယ်တသဲ့ရဲလဲ။ ဒွိဟဖြစ်ပြီး စိတ်ဆင်းရဲနေသည့် နေစိမ့်၏ စိတ်အခြေအနေကို ဒေါ်ကြီးရွှေရင်က သက်ကြီးသူပီပီ နားလည်၍ ထင့် ဆွမ်းစားဆောင်မှာ စုထိုင်ရင်း အကြောင်းအရာတစ်ခုကို ရှင်းပြလေသည်။

❑

"တကယ်တော့ နေစိမ့် ထင်ယောင်ထင်မှားတွေ့မြင်ခဲ့တာမဟုတ်ဘူး။ နေစိမ့်ကို သူတို့က သူတို့ရှိနေကြောင်းကိုပြလိုက်တာပဲ"

ဒေါ်ကြီးရွှေရင်က လေးလေးတန်းကန်ဆိုသည်။ ဒေါ်ကြီးရွှေရင်၏မျက်လုံးများက ညိုးရော့နေသည်။ ဘာဖြစ်ခဲ့လဲ။ ရိပ်သာမှာ တစ္ဆေသရဲရှိနေခြင်း အကြောင်းရင်းမှန်ကို နေစိမ့် အရမ်းချင်သွားသည်။

"သူတို့ဆိုတာ ဘယ်သူတွေလဲဟင် ဒေါ်ကြီး"

"အင်း - ပြောရရင် ကြာခဲ့ပါကွယ်။ ဒေါ်ကြီးတောင် သူတို့မရှိလောက်တော့ဘူးလို့ထင်နေခဲ့တာ။ အခုကျတော့ဟုတ်မယ်၊ သူတို့ပဲဖြစ်လိမ့်မယ်။ ဒီကြောင်းကျိုးစင်စစ်ကို ဒေါ်ကြီးပြောပြမယ်ကွယ်"

ဒေါ်ကြီးရွှေရင်က စကားကို ခဏရပ်ကာ သက်ပြင်းချည်ကြီးရှိုက်သည်။ သူမကိုကြည့်ရသည်မှာ အတော်ကြီး စိတ်ထိခိုက်နေဟန်။ နေစိမ့်ပင် ရင်မကောင်းသလိုဖြစ်သွားသည်။ ကျန်အားလုံးလည်း ဒေါ်ကြီးရွှေရင်ဆက်ပြောမည့် စကားကို စိတ်ဝင်စားစွာ နားစွင့်နေသည်။

"လွန်ခဲ့တဲ့ (၅)နှစ်လောက်ကပေါ့။ ဒေါ်ကြီးတို့ ဒီရိပ်သာမှာ ဝေယျာဝစ္စလုပ်တဲ့သူ (၁၄) ယောက်ရှိခဲ့တာနာမည်တွေတော့ မပြောတော့ဘူးတွေ့ သူတို့က ရိပ်သာအပေါ်မှာ အရမ်းစေတနာထားကြတာ။ ချမ်းချမ်းသာသာတွေမဟုတ်လို့ မလျှိုနိုင်မတန်းနိုင်ရေး

www.burmeseclassic.com

www.burmeseclassic.com

သူများတွေရဲ့အလှူကိုကြည့်ပြီး ဝမ်းသာဖြစ်နေကြသူတွေပေါ့။ စိတ်နှလုံးကောင်းသူတွေပေါ့ကွယ်။ သူတို့ထဲက ဒေါ်ကြီးရဲ့သမီးတွေးတွေလိုပဲ။ ချစ်စရာသိပ်ကောင်းတဲ့လေးတွေ။ အရွယ်တွေကလည်း နစ်မိုထက် နည်းနည်းပဲကြီးကြမယ်။ ဒီလိုလည်း မခင်လှိုင်တို့၊ မငွေအေးတို့အရွယ်တွေပေါ့။ ဒေါ်ကြီးကတော့ သူတို့ကိုမယ် အကြီးဆုံး။ တစ်နေ့ ရိပ်သာမှာဟောပြီးတဲ့အခ်ိန်မှာ သူတို့ခရီးထွက်ကြတယ်။ မိုးတွင်းကြီးပေါ့။ လိုက်ထရက်းလေးနဲ့အပြည့်ပဲ။ သူတို့ပေါ့နေကြတာများ ဒေါ်ကြီးမျက်စိထဲက ခဏတော်သေးဘူး။ စုပေါင်းစပ်ပေါင်းနဲ့ဆောင်တွေနှမတွေလို အတူခရီးသွားကြတာပေါ့။ ဒေါ်ကြီးကတော့ ဒူးမကောင်းဘဲ့ မလိုက်ဖြစ်ဘူးကွယ်။ ဒေါ်ကြီးကို အာဖယ်သွားတယ်လို့ပဲဆိုရမယ်”

“ဟင် - ဒါ. . . ဒါဆို. . . သူတို့”

လေးလေးကန်ကန်ပြောနေသည့် ဒေါ်ကြီးရွှေရင်၏ စကား အဆုံးသတ်သွားသည်အထိမစောင့်နိုင်သူ မငွေအေးက ထစ်ထစ်အအဝင်မေးသည်။ တော်ကောလေး စိတ်မကောင်းဖြစ်နေသည့် အသံအရာက မငွေအေး၏မျက်နှာမှာ ဆိုင်းသာပေါ်လို့။

“ဟုတ်တယ်၊ သူတို့ အမြန်လမ်းကားမှောက်သွားတယ်။ အားလုံးပဲ ဆုံးသွားကြတယ်”

“အမလေးလေး - ဖြစ်ရလေ၊ ဒီဘက်ကောင်းစရာ”

ဒေါ်သင်းရီ၏အသံက တုန်တုန်ယင်ယင်ထွက်ကျလာသည်။ ဒေါ်ယဉ်နုတော့ ထိုအကြောင်းကို ယခင်ကသိုးတေ ကြားဖူးဟန်တူသည်။ ခေါင်းညိတ်ညိတ်ပြုရင်း သက်ပြင်းရှိက်နေသည်။ လူငယ်များဖြစ်သည့် မခင်လှိုင်၊ မငွေအေးနှင့် နေစိမ့်တို့သုံးယောက်မှာတော့ ကွယ်လွန်သူ ဝေယျာဝစ္စသမားအတွက် ဝမ်းနည်းကြေကွဲနေမိ၍ ငိုချသံအဝဲသား။

“ဒေါ်ကြီး၊ ဒါဆို စောစောကနေစိမ့်မြင်ခဲ့တဲ့သူက သူတို့အထဲကဘယောက်ယောက်များလား။ နေစိမ့်နာတော့မမြင်ရဘူး။ ဒါပေမယ့် ဆင်ချွေးရွှဲနဲ့လို့ထင်တာပဲ”

နေစိမ့်က ဇဝေဇဝါဖြစ်နေသောအတွေးကို သေချာအောင် မေးခွန်းထုတ်လိုက်သည်။ ဒေါ်ကြီးရွှေရင်က ထိုအကြောင်းကို ဖြေရှင်းလိုသဖြင့် ယခုလို အတိတ်က အကြောင်းအရာကို ထုတ်ပြောခဲ့ခြင်းဖြစ်ရာ သေသေချာချာ ရှင်းပြရန်လည်း စိတ်ကူးရှိဟန်တူသည်။

“ဒေါ်ကြီးတော့ သူတို့လိုထင်တာ ပါပဲကွယ်။ သူတို့က ရိပ်သာကိုသိပ်တွယ်ကြတာ၊ အစွဲအလမ်းတွေပေါ့”

“ဟင် - ဒါပေမယ့် ဒေါ်ရွှေရင်ရယ် ခါတိုင်းနေ့တွေတုန်းက မတွေ့ခဲ့ရပါဘူး။ ကျွန်မတို့လည်းလုပ်လာတာ တစ်နှစ်ကျော်ပါပြီ။ တစ်ခါမှ အခြောက်မခံခဲ့ရဘူး။ အဲဒါဘာဖြစ်လို့များလဲ။ ကျွန်မမရှင်းလို့ပါ”

ဒေါ်သင်းရီက သိလိုတာကိုဝင်မေးသည်။ ဟုတ်တော့လည်းဟုတ်သား။ နေစိမ့်လို မနေ့တစ်နေ့က ဝင်ကူညီသောကလေးမ မဆိုထားနှင့်။ နှစ်နှစ်၊ သုံးနှစ်လုပ်ဆောင်လာသူ ဒေါ်သင်းရီပင် တစ္ဆေအခြောက်မခံခဲ့ရ။ နေစိမ့်ကပဲ ကံနိမ့်နေ၍လား ဒါမှမဟုတ် ဘာကြောင့်လဲ။

“ဒေါ်ကြီးထင်တာတော့ နေစိမ့်က မနက်ဖြန်အလှူပေးမယ့်သူ၊ အမျှအတန်းပေးဝေမယ့်သူ၊ နောက်ပြီး တခြားအလှူရှင်တွေက ဝေယျာဝစ္စပြုလုပ်တဲ့သူတွေမဟုတ်တော့ သူတို့အနေနဲ့ အကူအညီတောင်းလို့မရခဲ့ဘူး။ ခုကျ နေစိမ့်က ဝေယျာဝစ္စပြုလုပ်နေတဲ့သူလည်းဖြစ်တော့ သူတို့နဲ့ဆက်စပ်မှုရှိတယ်။ အဲဒါကြောင့် မနက်ဖြန် အမျှပေးဝေတဲ့အခါ သူတို့ကိုလည်း ရည်စူးပြီးအမျှဝေပေးဖို့အတွက် အခုလို အရိပ်အယောင်ပြခဲ့တာဖြစ်ပါလိမ့်မယ်ကွယ်။ ဒေါ်ကြီးတော့ အဲဒီလိုထင်တာပဲ”

“အင်း- ဟုတ်လောက်တယ် မရွှေရင်။ ကျွန်မလည်း အဲဒီလိုပဲတွေးမိတယ်။ ခါတိုင်းကျ ကျွန်မတို့သွားလာနေပေမယ့် သူတို့ရှိနေတာကိုမပြဘူး။ ဘယ်ပြမလဲ။ အကျိုးထူးမှမရှိဘဲလေ။ အခုကျ ကလေးမလေးက အလှူရှင်လည်း အလှူရှင်၊ နောက်ပြီး ဝေယျာဝစ္စသမားလည်းဟုတ်တော့ သူတို့နဲ့ ဆက်စပ်မှုရှိတယ်ဆိုပြီး အရိပ်အယောင်ပြတာပဲဖြစ်ရမယ်။ ကျွန်မကြားဖူးတာတော့ တစ္ဆေသရဲတွေက ရည်ရွယ်ချက်အမျိုးမျိုးနဲ့ခြောက်လှန့်တတ်ကြတယ်။ အမျှအတန်းလိုချင်လို့ ပြသခြောက်လှန့်တာလည်းရှိတယ်တဲ့။ ဘုန်းဘုန်းကြီးကိုယ်တိုင်ဟောခဲ့ဖူးတယ်လေ”

ဒေါ်ယဉ်နုကလည်း သူ့အယူအဆကို ဘုန်းဘုရား၏ ဟောစကားနှင့် ဥပမာပြကာပြောသည်။ အားလုံးလည်း ထိုအခါမှပဲ ရေလည်သွားပြီး မကျွတ်မလွတ်သူများအပေါ် ကရုဏာသက်မိကြသည်။ အစွဲအလမ်းအပေါ်လည်း စိုးရွံ့ထိတ်လန့်မိကြသည်။

အထူးသဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ နက်နက်ရှိုင်းရှိုင်းအတွေးဝင်နေမိသူက နေစိမ့်။ အသက်(၂၅)နှစ်ဝန်းကျင်ခန့် သာရှိသေး၍ ကိုယ့်ကိုယ်ကိုယ် ကလေးတစ်ယောက်လိုသဘောထားကာ ပေါ့ပေါ့ဆဆနေခဲ့မိပေမယ့် ဘဝကို လူတော်လူကောင်းဖြစ်အောင် အမြဲတမ်းကြိုးပမ်းအားထုတ်ခဲ့သည်။ ကောင်းမှုများပြုလုပ်ရင်း ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားနေခဲ့မိသည်။ သို့သော် ယခုမှပဲ အစွဲအလမ်းဆိုသည့်အရာကို သတိပြုမိသွားကာ နေစိမ့် တုန်လှုပ်ချောက်ချားသွားခဲ့ရပြီ။

သေလွန်သူတို့သည် မသေခင်က ကောင်းမှုပြုလုပ်ခဲ့သူများပင်။ ကောင်းအောင် ကြိုးစားနေထိုင်ခဲ့သူများပင်။ သို့သော်လည်း ထိုကောင်းမှုပြုလုပ်နေသည့်ပတ်ဝန်းကျင်ကို ပင့်ကူမျှင်နှင့်တူသည့်စိတ်စွဲမှုက သူတို့၏တမလွန်ကို ချုပ်နှောင်ထားလိုက်သည်။ သေလွန်ခါနီး စွဲမိစွဲရာကို တွယ်ကပ်မိကြသဖြင့် ထိုနေရာမှနေ မလွတ်နိုင်မသွားနိုင်ဖြစ်နေကြရှာသည်။ သူတို့အတွက် နေစိမ့်ကြိုးစွာစိတ်မကောင်းဖြစ်ရသည်။

ကောင်းမှုပြုလုပ်ခြင်းက သံသရာအတွက် ကောင်းကျိုးချမ်းသာရစေသည်မှန်သော်လည်း ကိလေသာအစေးများကိုမပယ်သတ်နိုင်သေးသရွေ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားမထုတ်ဖြစ်သေးသရွေ့ စိတ်ချလက်ချနေထိုင်၍ မဖြစ်နိုင်သလို ကိလေသာ၏ဖြားယောင်းမှုကြောင့် သံသရာတွင် ကောင်းတစ်ခါဆိုးတစ်လှည့်ဘဝနှင့် ကျင်လည်နေရဦးမည်ဆိုသည့်အချက်ကို နေစိမ့်၏ ဦးနှောက်သေးသေးလေးနှင့် ရေးတေးတေး သဘောပေါက်သွားခဲ့ပါပြီ။

မနက်ဖြန်ခါ အလှူပွဲတွင် မကျွတ်မလွတ်သေးသူတို့အတွက် အမျှအတန်းပေးဝေပေးရမည်။ တစ်ဆက်တည်းမှာပဲ ကိလေသာပိုးမွှားတွေကြား ကပ်ငြိတွယ်ကာ မလွတ်မြောက်နိုင်သေးသော နေစိမ့်ကိုယ်တိုင်အတွက်လည်း. . . ။

စေတနာရှေ့ထားလျက်

ဂျီးနင်းကို

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ၂၀၁၀ ပြည့်နှစ်ကုန်သောအခါ တပ်မတော်မှ အငြိမ်းစားယူခဲ့ရပေသည်။ အငြိမ်းစားဖြစ်၍ ကြီးလေးသောတာဝန်များမရှိတော့ပေ။ လောဘနည်းသူဖြစ်လေရာ စီးပွားရေးလုပ်ငန်းများလုပ်ရန်လည်း စိတ်မဝင်စားပေ။ ဇနီးမောင်နှံနှစ်ဦးရရှိသော ပင်စင်လစာဖြင့် စားဝတ်နေရေးကိစ္စများအတွက် မျှတစွာခွဲဝေသုံးစွဲနေခဲ့ပေသည်။ အားလပ်သောကိုယ်ပိုင်အချိန်များကို စာဖတ်ခြင်း၊ စာရေးခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ ပရဟိတလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် ကုန်ဆုံးခဲ့ပေသည်။

သို့ရာတွင် ကျွန်ုပ်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတစ်ရပ်ရှိပေသေးသည်။ ထိုတာဝန်ဝတ္တရားမှာ အသက်ရာကျော်ရှိပြီဖြစ်သော ဖခင်ကြီးအား နှစ်စဉ်သွားရောက်ကန်တော့ခြင်း ဖြစ်ပေသည်။ ဖခင်ကြီးမှာ ယခင်က ဟင်္သာတခရိုင် လက်ပံလှရွာတွင် နေထိုင်ခဲ့ပေ၏။ ယခုအခါ ကျားချောင်တွင်နေထိုင်သော အစ်ကိုဖြစ်သူနှင့်အတူ ခြံကြီးတစ်ခြံအတွင်း အတူတကွ နေထိုင်ကြလေသည်။ အစ်ကိုတို့မိသားစုမှာ ဆင်းရဲနွမ်းပါးသော မိသားစုဖြစ်ပေသည်။ မိသားစုသုံးဦးသာရှိပြီး ကိုင်းလုပ်ခြင်း၊ လယ်လုပ်ခြင်း၊ သက်ငယ်ကွင်းတည်ခြင်း၊ သက်ငယ်ရိတ်ခြင်း လုပ်ငန်းများဖြင့် အသက်မွေးကြရသူများ ဖြစ်ပေသည်။

မည်သို့ပင် ဆင်းရဲနွမ်းပါးစေကာမူ ဖခင်ကြီးအား မျက်ခြည်မပြတ်ပြုစုစောင့်ရှောက်နေကြရပေသည်။ ကျွန်ုပ်မှာမူ မိသားစု၏အခြေအနေအရ ပြည်မြို့တွင်နေထိုင်ရသောကြောင့် ဖခင်ကြီးအား အနီးကပ်မပြုစုနိုင်ပေ။ အဝေးမှနေ၍ ကြည့်ရှုထောက်ပံ့ရပေသည်။ သို့သော်လည်း တပေါင်းလနှင့် ဝါခေါင်လများတွင် သွားလာရေးအဆင်ပြေသဖြင့် ဖခင်ကြီးအား အနီးကပ်ပြုစုရန် မွေးရပ်မြေသို့ ရက်သတ္တပတ်ခန့် ပြန်လေ့ရှိပေသည်။

ယခုနှစ်တပေါင်းလဆန်းရက်တွင်လည်း ဖခင်ကြီးအား ကန်တော့ရန် မွေးရပ်မြေသို့ ပြန်ခဲ့ပေသည်။ တပေါင်းလ

ငြိမ်းဝေ
(ပုဂ္ဂလိက)

တံခွန်တိုင်အနိမ့် ခြေရာကြီးနှစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ဆန်းရက်သည် ကိုင်းလုပ်ငန်းများသိမ်းသိုမ်းခြုံနှံဖြစ်၍ ဆွေမျိုးသားချင်းများနှင့်လည်း ဆောင်စွာတွေ့ဆုံနိုင်ပေသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဖခင်ကြီးနေထိုင်သော ကျားချောင်ရွာသို့ ဦးစွာပထမ သွားရောက်ပြီးနောက် ယူဆောင်သွားသော ဆေးဝါး၊ စားသောက်ဖွယ်ပစ္စည်းများနှင့် ငွေကြေးတို့ကို ရှိခိုးဦးချ၍ ကန်တော့ရပေသည်။ ထို့နောက် ဝတ်ကြီးဝတ်ငယ်တို့ကို တတ်စွမ်းသမျှ ပြုစု၍ ယုယစွာ ခြဲဆုပ်လက်နယ်ပြု၍ နေခဲ့ပေသည်။

ထိုကဲ့သို့ ကန်တော့ရန်သွားသောရက်သတ္တပတ်အတွင်း တစ်ရက်တွင် မွေးရပ်မြေဟောင်း ကျောင်းကုန်းပိုင်းဆိပ်ကမ်းရှိ အဒေါ်တို့မိသားစုထံသို့သွားရောက်လည်ပတ်ခဲ့ပေသည်။ ကျွန်ုပ်မွေးဖွားခဲ့ရာ အိမ်ခြံဝင်းနှင့် အဒေါ်တို့အိမ်မှာ မဝေးလှသဖြင့် အိမ်ပေါ်မှပင် လှမ်းမြင်ရပေသည်။ ကျွန်ုပ်တို့ငယ်စဉ်က တစ်ခြံတစ်အိမ်နေနိုင်ခဲ့သော်လည်း ကမ်းပြိုရွာပျက်ပြီး နောက်ပိုင်းတွင် တစ်ခြံကို ဆယ်အိမ်ခန့်ဆောက်လုပ်ပြီး ကျပ်တည်းစွာနေထိုင်ရလေသည်။ သို့သော် မြို့အရပ်ဒေသတွင် ဆင်းရဲစွာ အိမ်ငှားနေထိုင်ရသည်နှင့် နှိုင်းစာလျှင် အသက်ရှူချောင်ပေသေး၏ဟု တွေးမိလေ၏။ ကျွန်ုပ်သည် အဒေါ်တို့မိသားစုနှင့်တွေ့ဆုံ၍ စကားပြောပြီးနောက် ညနေ (၄) နာရီခန့်တွင် ကျားချောင်ရွာသို့ ပြန်ခဲ့ပေသည်။ အပြန်ခရီးတွင် အချိန်စောနေသေးသဖြင့် ရွာဦးကျောင်းရှိ ဘုန်းတော်ကြီးအား ဝင်ရောက်ကန်တော့ရန် ခြေကျင်ပြန်ခဲ့ပေသည်။

❑

ရွာဟောင်းဖြစ်သောကျောင်းကုန်းပိုင်အစုကလေးမှ ထွက်လိုက်သည်နှင့် နတ်လမ်းခေါ် အုတ်စီလမ်းကလေးမှာ ကျောင်းဝင်း၏အဝင်ဝသို့ ရောက်သည်အထိ သုံးပေခန့်ဖြောင့်တန်းစွာခင်းထားလေသည်။ ထိုလမ်းကလေးမှာ ကျွန်ုပ်ငယ်စဉ်က နေ့စဉ်ကျောင်းတက်သွားခဲ့သောလမ်းလေးဖြစ်ပေသည်။ ထိုလမ်းကလေးအတိုင်း လျှောက်လှမ်းခဲ့ရာ မကြာမီ ရွာထိပ်ရှိ ညောင်ညိုရိပ်နှင့် ကိုးတောင်ပြည့်စေတီသို့ ရောက်ခဲ့ပေ၏။ ထို့နောက် စေတီနှင့်ကပ်လျက်ရှိသော တန်ဆောင်းတော်ကြီးအတွင်းရှိ ရုပ်ပွားတော်ကြီးအား ဝင်ရောက် ဖူးမြော်ခဲ့ပေသည်။ တန်ဆောင်းတော်ကြီးမှာ ယခင်ကနှင့်မတူပေ။ ဒုတယိဘုံအဆင့်ကိုဖျက်၍ အောက်ခြေဘုရားကြီးအနီးမှ ကျောက်တိုင်ကြီးများ စိုက်ထူကာ အပေါ်တွင် စေတီတစ်ဆူတည်ထားသည်ကို တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွာမှ သူငယ်းဦးတင်ပိုင်းတို့မိသားစု ကောင်းမှုကုသိုလ်ဖြစ်ပေ၏။ကျွန်ုပ်သည် ထိုမိသားစု၏ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်ဝမ်းသာစွာ သာဓုသံကြိမ်ခေါ်ဆိုပြီးနောက် ဘုရားကြီးအား ဦးချရှိခိုးကာ ဆက်လက် ထွက်ခွာခဲ့ပေသည်။ အစဉ်လိုက် တည်ဆောက်ထားသော ဥပုသ်ဇရပ် (၃) လုံးကို ကျော်ဖြတ်ပြီးနောက် လမ်း၏တစ်ဖက်တစ်ချက်တွင် မဟာဗောဓိပင်နှင့် တံခွန်တိုင်ကို လည်းကောင်း ရေချိုခပ်သော သောက်ရေတွင်းကြီးကို လည်းကောင်း တွေ့ရပေသည်။ မဟာဗောဓိပင်ဟု ခေါ်ဆိုထိုက်ပါပေ၏။ ပင်စည်မှာ အချင်းခြောက်ပေခန့်ရှိ၍ အတွင်းတံတိုင်း၊ အပြင်တံတိုင်း တို့ဖြင့် ကာရံထားလေသည်။

အတွင်းတံတိုင်းသည် ပလ္လင်ပုံသဏ္ဌာန် ထောင့်ချိုးအနေအထားဖြင့် တည်ဆောက်ထား၏။ အပြင်တံတိုင်းကား ဗောဓိပင်၏နယ်နိမိတ်ပမာ ကာရံထားလေသည်။ ထို့အပြင် တံတိုင်း၏ အနီး အဝင်အဝနားတွင် ဆယ့်ငါးပေခန့် ရှိသော တံခွန်တိုင်တစ်ခုစိုက်ထူထားလေ၏။

ထိုတံခွန်တိုင်၏အောက်ခြေတွင် တစ်ပေခန့်ခြား၍ ဖောင်းရစ်နှစ်ခုရှိပေသည်။ ထိုဖောင်းရစ်နှစ်ခုကြားတွင် ဦးမြဒင်နှင့်ဒေါ်ခင်ညွှန့်မိသားစုကောင်းမှုဟုရေးထိုးထားလေ၏။ ထိုဇနီးမောင်နှံမိသားစုတို့သည် ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားသော ဖခင်ကြီး၏ အရိုးအိုးကို ဌာပနာ၍ တံခွန်တိုင်တည်ဆောက်ထားခြင်း ဖြစ်လေသည်။ ထိုတံခွန်တိုင်၏ ရှေ့ဘက်တွင်ကား အုတ်လမ်းကလေးခြား၍ ရေချိုသောက်ရေတွင်းကြီးရှိလေ၏။ ထိုရေတွင်းကြီးမှာ အချင်းခြောက်ပေခန့်ရှိလေသည်။ ရေတွင်းနှင့်ကပ်လျက် တစ်ဖက်တစ်ချက်တွင် စက်သီးတန်းတပ်ဆင်ရန် အုတ်တိုင်နှစ်ခုရှိလေ၏။ အဝင်ဝတွင် ခိုင်ခံ့သော အုတ်တိုင်နှစ်တိုင်ဖြင့် တံတိုင်းပတ်ကာ ကာရံထားလေသည်။ ထိုတံခွန်တိုင်နှင့်ရေချိုတွင်းကြီးသို့ရောက်သောအခါ ကျွန်ုပ်ငယ်စဉ်က တွေ့ကြုံခဲ့စားခဲ့ရသော ခြေရာကြီးနှစ်ခုအကြောင်းကို သတိရမိလေတော့သည်။

❑

၁၉၆၀ပြည့်နှစ် မတ်လ သို့မဟုတ် တပေါင်းလပြည့်နေ့ဖြစ်ပေသည်။ ထိုစဉ်က မူလတန်းကျောင်းတွင် ကျောင်းသားကြီးများဖြစ်ကြသော အောင်သန်း၊ ချစ်ရွှေ့လှဝေနှင့် တင့်အောင်တို့သည် ဘုန်းကြီးရေချိုးရန် လိုအပ်သောရေကို ထိုရေချိုတွင်းမှတစ်ဆင့် ကျောင်းဝင်းအတွင်းရှိ ကိုက်တစ်ရာခန့်ဝေးသော အုတ်ရေကန်သို့ ရေပိုက်မှတစ်ဆင့်ရေပို့ လွှတ်ရလေ၏။ ထိုသို့ရေပို့ရာတွင် ရေတွင်း၏အပေါ်၌ ပေပျဉ်ကြီးနှစ်ချပ်ကိုခင်း၍ထား၏။ တစ်ဖက်တွင် ရေဖြည့်ရမည့်ပိပါကိုတင်ကာ ထိုပိပါရေပြည့်စေရန်တွင်းထဲမှ ရေကို စက်သီးတွင် တပ်ဆင်ထားသော ရေပုံးကြိုးဖြင့်ဆွဲကာ ဖြည့်ရလေသည်။ သုံးယောက်က ရေပုံး၏ကြိုးကိုဆွဲ၍ တစ်ယောက်က ရေတွင်းနှုတ်ခမ်းရှိ ပျဉ်ချပ်ကြီးများပေါ်တွင်ရပ်ကာရေပုံးကိုမ,၍ ပိပါအတွင်းသို့လောင်းထည့်ရလေသည်။ နောက်တစ်ဖန် ရေပုံးကိုတွင်းထဲသို့လျှောချ၍ ရေပြည့်လျှင်ဆွဲဟု တိုင်ပင်ခေါ်လေ၏။ သုံးယောက်ကဆွဲပြေးကြ၏။အပေါ်သို့ အနေတော်ရောက်လျှင် ဟိုး. . . ဟု တိုင်ပင်ခေါ်၍ ရေပုံးကိုမ,ကာ ပိပါအတွင်းသို့လောင်းထည့်ရလေ၏။ ဤသို့ရေထည့်နေစဉ်တွင် ပိပါနှင့်ဆက်ထားသော ပိုက်လုံးမှ ရေဘားကို ပိတ်ထားရလေ၏။ ပိပါရေပြည့်ပြီးမှသာလျှင် ရေဘားကိုဖွင့်၍ ရေလွှတ်လိုက်ပေသည်။

ရေတစ်ပိပါပြည့်သော် ကျောင်းသား (၄) ဦးနားကြလေ၏။ ထို့နေ့အဖို့ ရေခပ်ခြင်းတာဝန်ပြီးဆုံးပြီ ဖြစ်လေပြီ။ ထို့နောက် တစ်ယောက်စီအလှည့်ကျ ရေချိုးရန်သာရှိလေ၏။ ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ နွေဦးတွင် လေပူးတသုန်သုန်တိုက်ခတ်သောကြောင့် ဘုရားကုန်းအရှေ့ဘက်ရှိ လှည်းလမ်းတစ်လျှောက်တွင် ဖုန်တထောင်းထောင်းထနေလေသည်။ လှည်းလမ်းတစ်လျှောက်တွင် ပေါက်ပင်တန်းများ၌ ပေါက်ပန်းများ ရဲရဲနီကာ အထွေးထွေ အဆုပ်ဆုပ်ပွင့်နေကြလေ၏။ ရွာထိပ်စည်းရိုးတန်းတစ်လျှောက်ရှိ လက်ပံပင်ကြီးများတွင်လည်း ရိုးတံကဲ့ကျဲ၌ နီနီရဲသော လက်ပံပွင့်များကို လှမ်း၍မြင်ရလေ၏။ မဟာဗောဓိပင်ပေါ်မှ ဥသြဒှက်တစ်ကောင်သည် လွမ်းတေးကို အသံဝါဝါဖြင့် ဖန်ခါခါတွန်ကျူးနေလေ၏။ ဆက်ရက်ဒှက်နှစ်အုပ်သည် ပေါက်ပန်းများနှင့် လက်ပံပွင့်များရှိရာသို့ အဆာပြေ ဝင်ရည်သောက်ရန် ပျံသန်းသွားကြသည်ကို တွေ့ရပေသည်။

ထိုအချိန်တွင် ကျောင်းသားများ ရေချိုးပြီး၍ ရေပုံးကို စက်သီးမှ ဖြုတ်ကာ ကြိုးကိုခွေ၍ ရေပုံးအတွင်းသို့ထည့်ကာ သိမ်းဆည်းနေကြလေသည်။ ထို့နောက် ပြန်ခါနီးတွင် ရွာထိပ်မှ အာဂန္တုရဟန်းတစ်ပါးကြွလာသည်ကို ကျောင်းသား (၄) ဦး တွေ့ကြရလေ၏။ သို့ဖြစ်၍ စောင့်ဆိုင်းကြည့်ရှုနေကြရာ မကြာမီပင် ကျောင်းသားများအနီး ရောက်လာပေသည်။ ထိုရဟန်းလေးမှာ သက်တော် (၃၀) ခန့်သာရှိလေ၏။ အသားညိုညို၊ ပိန်ပိန်သွယ်သွယ်ဖြစ်ပေသည်။

ကျောင်းသားများအနီးသို့ရောက်သောအခါ ဦးပဉ္စင်းမှာ ကျောင်းသားများသို့ကြည့်ကာ -

"ကျောင်းထိုင်ဆရာတော်ရှိလား"

ဟု မေးလေ၏။

ထိုအခါ ကျောင်းသားအကြီးဆုံးဖြစ်သူ အောင်သန်းက -

"ဆရာတော် သက္ကယ်ပြင်ရွာအလှူကို ညအိပ်ခရီးကြွသွားပါတယ် ဘုရား"

ဟု လျှောက်ထားလေ၏။

"ဦးပဉ္စင်း ဒီကျောင်းမှာ တစ်ညဉ့်လောက် တည်းခိုချင်တယ်"

ဟု ဦးပဉ္စင်းမှ ပြောသဖြင့် -

"ဖြစ်ပါတယ်ဘုရား၊ ညဘက်မှာတော့ တပည့်တော်တို့အထဲမှ ကျောင်းသားနှစ်ယောက်စောင့်ရှောက်နေပါတယ် ဘုရား"

အကြီးဆုံးကျောင်းသား အောင်သန်းမှ လျှောက်ထားပြီးနောက် ဦးပဉ္စင်းနှင့်အတူ ကျောင်းပိုင်းအတွင်းသို့ လိုက်သွားကြလေသည်။

ဆရာတော်၏စံကျောင်းသို့ရောက်သောအခါ ဦးပဉ္စင်းနားနေရန် နေရာထိုင်ခင်းတို့ကိုပြင်ဆင်ပေးကြလေ၏။ဦးပဉ္စင်းမှာကျောင်းသို့ကြွလာစဉ်က ထီးမဆောင်းယပ်မပါဘဲ သင်္ကန်းကိုသာ ခေါင်းဆောင်း၍ကြွလာခြင်း ဖြစ်ပေသည်။ ဘေးတွင် သင်္ကန်းလွယ်အိတ်တစ်လုံးကိုသာ လွယ်ထားခဲ့လေသည်။ သို့ဖြစ်၍ ပင်ပန်းနွမ်းနယ်ပုံရလေ၏။ ခေတ္တမျှ နားနေပြီးနောက် (၅) နာရီလောက်တွင် ရေချိုးရန် ပြင်လေ၏။ ရေခွက်နှင့် ဆပ်ပြာခွက်တို့မှာ ခေါင်းရင်းဘက်ရှိ အုတ်ရောဏ်းတွင်ရှိပြီး ဖြစ်လေသည်။ အောင်သန်းနှင့် ချစ်ရွှေတို့သည် ဦးပဉ္စင်းရေချိုးသည်ထိ ကျောင်းအောက်မှကြည့်နေကြလေ၏။ ဦးပဉ္စင်းရေချိုးရန် သင်းပိုင်လဲသောအခါ ခန္ဓာကိုယ်အပေါ်ပိုင်းရှိ လက်မောင်းနှင့် ရင်ဘတ်တို့တွင် ဆေးအနီရောင်ခြယ်ထား

www.burmeseclassic.com

www.burmeseclassic.com

ထားသော အင်းကွက်များကို တွေ့ရလေ၏။ အဘယ်မျှ အစွမ်းထက်သောအင်းတွက်များဖြစ်သည်ကို အောင်သန်းနှင့် ချစ်ရွှေတို့ မခန့်မှန်းနိုင်ပေ။ လှဝေနှင့် တင့်အောင်တို့သည် ဆွမ်းချိုင့်များပြင်၍ ရွာထဲသို့ ဆွမ်းချိုင့်ပို့ရန် ထွက်သွားလေသည်။ ၎င်းတို့အိမ်တွင်ညအိပ်၍ နောက်တစ်နေ့နံနက်စောစောတွင် ဆွမ်းချိုင့်များကိုယူ၍ ကျောင်းသို့ပြန်လာကြပေသည်။

ဦးပဉ္စင်းလေးသည် ရေချိုးပြီးနောက် သင်းပိုင်ကိုလဲကာ ရေသုတ်ပဝါဖြင့် ခန္ဓာကိုမှုရေများကိုသုတ်လိုက်လေသည်။ ထို့နောက် ကျောင်းပေါ်သို့ ပြန်တက်ကာ အနားယူ၍နေလေသည်။ အောင်သန်းနှင့် ချစ်ရွှေတို့လည်း ညစာထမင်းစားရန် ရွာတွင်းသို့ပြန်ရပေမည်။ ကျောင်းဖွင့်ရက်များတွင် ဤအချိန်၌ ကျောင်းအုပ်ဆရာကြီးအား အလှည့်ကျထမင်းကျွေးမည့် ကျောင်းသားမိဘများ အိမ်သို့လိုက်ပို့နေကျဖြစ်လေသည်။ ယခုနွေရာသီကျောင်းပိတ်ရက်ဖြစ်၍ ကျောင်းအုပ်ဆရာကြီးဦးမောင်ကြိုင် ဟင်္သာတသို့ ပြန်သွားသဖြင့် လိုက်၍မပို့ရတော့ပေ။ သို့သော်လည်း အာဂန္တုဦးပဉ္စင်းကြောက်လာသဖြင့် တစ်ယောက်တစ်ယှဉ်စီပြန်၍ထမင်းစားရလေ၏။

ချစ်ရွှေသည် ညစာထမင်းစားရန် အရင်ပြန်သွား၏။ ညစာထမင်းစားပြီးနောက် အောင်သန်းထမင်းဆာနေမည်ကို စိုးရိမ်သဖြင့်အပြန်ပြန်လာခဲ့ပေသည်။ ထို့နောက် အောင်သန်းထမင်းစားပြန်သွားလေ၏။ အောင်သန်းလည်း ထမင်းစားပြီး မကြာမီပင် စိတ်မချသောကြောင့် ကျောင်းသို့ အပြန်ပြန်လာခဲ့ပေသည်။ ဤအချိန်တွင် အာဂန္တုဦးပဉ္စင်းကလေးမှာ ပင်ပန်းသဖြင့် အိပ်ပျော်နေလေ၏။ အောင်သန်းနှင့် ချစ်ရွှေတို့လည်း ဦးပဉ္စင်းအား အနှောင့်အယှက်မပေးလိုသဖြင့် ကျောင်းအရှေ့ဘက်ရှိ ဓမ္မာရုံကျောင်းမှာတ်ခဲ့လေကားတွင်ထိုင် စကားပြောနေကြလေ၏။

အောင်သန်းက ချစ်ရွှေအား -

"ဦးပဉ္စင်းက ထူးတော့ထူးတယ်ကွာ၊ ဘာမန့်ပုဂ္ဂိုလ်တော့မဟုတ်လောက်ဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ ချစ်ရွှေက -

"အေးကွ၊ ဒါပေမယ့် ဦးပဉ္စင်းကိုသူများ အကဲခတ်နေတာပါပဲ။ ခန္ဓာဒိဋ္ဌမှာအင်းကွက်တွေထိုးထားတာကသို့လို့ ဘာမှထူးခြားမှုမတွေ့ရသေးဘူး"

ဟု ပြန်ပြောလေသည်။

"အေးကွာ၊ ဒါပေမယ့် တို့နှစ်ယောက်တစ်ညလုံး ဦးပဉ္စင်းနဲ့အတူနေရမှာဆိုတော့ စောင့်ကြည့်ရဦးမယ်ကွ"

ဟု အောင်သန်းက ပြန်ပြောလေ၏။ ဤသို့ပြောဆိုကြပြီးနောက် ရောက်တတ်ရာရာစကားများကို ပြောဆိုကာ ရယ်မောနေကြလေ၏။ အချိန်မှာ (၇) နာရီခန့်ရှိပြီဖြစ်ရာ ဦးပဉ္စင်းလေးသည် အိပ်ရာမှထလာပြီးနောက် ကျောင်းရှေ့ဘက်ဝရန်တာတွင် စင်္ကြံလျှောက်၍နေပေသည်။

နာရီဝက်ခန့် စင်္ကြံလျှောက်ပြီးနောက် ကျောင်းအတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေ၏။ ထိုစဉ်က လျှပ်စစ်မီး၊ ဆိုလာမီးများမရှိသဖြင့် မီးဆွဲမီးအိမ်ကလေးကိုသာ ထွန်းညှိထားပေသည်။ ဘုရားခန်းတွင်မူ ဝါဆိုဖယောင်းတိုင်တစ်တိုင် သဲခဲထားသော မောင်းထောင်ချိုင့်ထဲတွင် စိုက်၍ မီးပူဇော်ထားလေသည်။ အောင်သန်းနှင့် ချစ်ရွှေတို့လည်း စံကျောင်းပေါ်သို့ ပြန်တက်လာပြီးနောက် ဦးပဉ္စင်းရှေ့တွင် ထိုင်နေကြသည်။

ထိုစဉ် ဦးပဉ္စင်းကိုကြည့်ရသည်မှာ ဆာလောင်မွတ်သိပ်ဟန်ရှိ၍ အောင်သန်းသည် ကျက်သရေခန်းသို့သွားကာ ထန်းလျက် (၅) ခဲကို ပန်းကန်တွင်ထည့်၍ ဦးပဉ္စင်းကို ဆက်ကပ်လေ၏။ ချစ်ရွှေက သောက်ရေအိုးမှရေကို ဖန်ခွက်နှင့်ထည့်ကာ အောက်ခံဗိန်းကန်ပြားဖြင့်ထည့်၍ ဦးပဉ္စင်းအား ဆက်ကပ်လေ၏။

ထိုအခါ ဦးပဉ္စင်းက ကျောင်းသားနှစ်ဦးဆက်ကပ်သည့် ထန်းလျက်(၃)ခဲနှင့်ရေအား ဘုဉ်းပေးပြီးနောက် ဤသို့ပြောလေ၏။

"မင်းတို့နှစ်ယောက်က တယ်ပြီးတော့ အကင်းပါးပြီး. အလိုက်သိကြပါလားကွယ်။ မင်းတို့နှစ်ယောက်ရဲ့နာမည်တွေကို လျှောက်ထားပါဦး"

ဟု ပြောလေ၏။

ထိုအခါ ကျောင်းသားနှစ်ဦးက-

"တပည့်တော်နာမည်က အောင်သန်းလို့ ခေါ်ပါတယ် ဘုရား။ တပည့်တော်ရဲ့နာမည်ကတော့ ချစ်ရွှေလို့ ခေါ်ပါတယ်ဘုရား"

ဟု အသီးသီးလျှောက်ထားကြလေ၏။ ထိုအခါ ဦးပဉ္စင်းသည် ကျောင်းသားနှစ်ယောက်၏ ဥပဓိရုပ်များကို သေချာစွာကြည့်၍ -

"မင်းက ကြီးလာရင် ဆေးဆရာဖြစ်မယ်"

ဟု အောင်သန်းကို ပြောလေ၏။

ထို့နောက် ဆက်လက်၍ -

"မင်းကတော့ ကြီးလာရင် မင်းမှုထမ်းဖြစ်လိမ့်မယ်"

ဟု ချစ်ရွှေကို ဟောလေ၏။ ထိုအခါ ချစ်ရွှေနှင့် အောင်သန်းတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးစိစိလုပ်နေကြလေသည်။

ထိုအခါ -

"မင်းတို့က ဦးပဉ္စင်းပြောတာကို မယုံကြဘူးလား"

ဟု မေးလေ၏။

"တပည့်တော်တို့ မယုံလို့မဟုတ်ပါဘူး။ အံ့သြနေကြလို့ပါဘုရား"

ဟု လျှောက်ထားကြလေ၏။

ထို့နောက် ဦးပဉ္စင်းမှ ဆက်လက်၍ -

"ညကျရင် မင်းတို့ကို ပိုပြီး အံ့သြဖို့ကောင်းတာကိုပြရဦးမယ်"

ဟု ပြောပြန်လေ၏။

အချိန်မှာ ည (၉) နာရီခန့်ရှိပြီဖြစ်ရာ ဦးပဉ္စင်းသည် ဘုရားဝတ်တက်ရန် ပြင်လေတော့သည်။ ချစ်ရွှေနှင့် အောင်သန်းတို့လည်း ကျောင်းရှေ့ရှိ ဝရန်တာသို့ထွက်၍ တပေါင်းလပြည့်ည၏ သာယာပုံကိုကြည့်ရှုနေကြ လေ၏။ ဦးပဉ္စင်းသည် တစ်နာရီခန့် ဘုရားဝတ်တက်၊ ပုတီးစိပ်ပြီးသောအခါ ဆယ်နာရီထိုးလေတော့ည်း ချစ်ရွှေသည် ထိုင်နေရင်းအိပ်ချင်လာသဖြင့် -

"သူငယ်ချင်း၊ ငါအိပ်ချင်လာပြီကွာ"

ဟု အောင်သန်းအား ပြောလေ၏။

"မင်းအိပ်ချင်ရင်သွားအိပ်ပါ။ ငါ

www.burmeseclassic.com

www.burmeseclassic.com

စောင့်ကြည့်မယ်"

ဟု ခပ်တိုးတိုးလေသံဖြင့် အောင်သန်းက ပြန်ပြောလေ၏။ ထိုအခါ ချစ်ရွှေသည် အိပ်နေကျဖြစ်သော လေကားဆောင်နှင့်ကပ်လျက်ရှိသည့်နံရံအနီးတွင် သင်ဖြူးခင်း၊ ခေါင်းအုံးချ၍ စောင်ခြုံကာ အိပ်လေတော့သည်။

ထိုအခါ အောင်သန်းတစ်ယောက် တည်းသာ ထိုင်နေရလေ၏။ ဦးပဉ္စင်းသည် ကျောင်းအောက်သို့ဆင်း၍ မြေပြင်တွင် စင်္ကြံလျှောက်နေပြန်၏။ နှုတ်မှ ဂါထာမန္တန်များကို ရွတ်ဖတ်နေသော်လည်း အောင်သန်းတစ်ယောက် နားမလည်နိုင်ပေ။ အောင်သန်းလည်း ကြာလာသောအခါ ငိုက်မျဉ်းနေလေသည်။ သို့သော် မိမိပြောခဲ့သောစကားနှင့်အညီ ဦးပဉ္စင်းကိုစောင့်ကြည့်နေခဲ့ပေသည်။ ည (၁၁) နာရီထိုးသောအခါ ကျောင်းပေါ်သို့ ပြန်တက်လာပြန်၏။ အောင်သန်း ထိုင်နေသည်ကို တွေ့ရသောအခါ ဦးပဉ္စင်းက -

"အိပ်ချင်နေပြီလား တပည့်"

ဟု မေးလေ၏။

အောင်သန်းက -

"မအိပ်ချင်သေးပါဘူး ဘုရား။ အရှင်ဘုရားကျိန်းမှသာ တပည့်တော် အိပ်မှာပါဘုရား"

ဟု ပြန်၍ လျှောက်တင်လေ၏။

ထို့နောက် ဦးပဉ္စင်းသည် သက်ိန်းလွယ်အိတ်အတွင်းမှ တစ်စုံတစ်ရာကို ယူ၍ -

"တပည့်၊ မင်း ဒီလေ့ကားဆောင်မှာ ခေတ္တစောင့်နေပါ"

ဟု ပြောကာ လေ့ကားဆောင်မှ တစ်ဆင့် ဝရန်တာပေါ်သို့ ပေါ့ပါးစွာ တက်သွားလေ၏။ ဝရန်တာပေါ်မှတစ်ဆင့် ကျောင်းခေါင်မိုးပေါ်သို့ တက်ရောက်သွားပြီးနောက် တိမ်မြူကင်းစင်နေသော တပေါင်းလပြည့်ည၏လပြည့်ဝန်းကို ရွှန်းရွှန်းစားစားကြည့်ကာ ဂါထာမန္တန်များကို ရွတ်ဆို၍ နေပြန်လေသည်။

ထိုသို့ရွတ်ဆိုရာတွင် သာမန်လူတို့ နားမလည်နိုင်သော ဟန်ပန်အမူအရာ တို့ဖြင့်ပြကာရွတ်ဆိုနေခြင်းဖြစ်ပေသည်။ ဤသို့ ရွတ်ဆိုပြီးနောက် ကျောင်းအောက်သို့ ပြန်ဆင်းလာလေ၏။ ထို့နောက် ကျောင်းအတွင်းသို့ဝင်၍ စောစောက ယူဆောင်သွားသောပစ္စည်းကို လွယ်အိတ်အတွင်းသို့ ပြန်၍ထည့်သည်။ ထို့နောက် ရပ်တန့်နေသော တိုင်ကပ်နာရီကို စားပွဲတင်သံပတ်နာရီနှင့်တိုက်၍ လက်တံကိုလှည့်ကာ သံမှတ်ပေးပြန်၏။ နာရီသည် ဒေါက်ဒက်ဒေါက်ဒက်အသံထွက်လာသောအခါ -

"ကဲ-တပည့်ရေ၊ အချိန်မီသွားကြစို့"

ဟု ပြောကာ ရှေ့မှ ကြွလေတော့သည်။

အောင်သန်းလည်း ဘာရယ်လို့ တိတိကျကျမသိဘဲ ဦးပဉ္စင်းကြွရာနောက်သို့ လျှင်မြန်စွာလိုက်သွားလေတော့သည်။ ကျောင်းပရဝဏ်အနီးသို့ ရောက်သောအခါ ရပ်တန့်၍ -

"မင်းသရဲမြင်ဖူးသလား"

ဟု ဦးပဉ္စင်းမှမေးလေ၏။

အောင်သန်းက -

"တပည့်တော်၊ မမြင်ဘူးသေးပါဘုရား"

ဟု လျှောက်ထားလေ၏။

ထိုအခါ ဦးပဉ္စင်းက -

"ကြောက်ကော ကြောက်တတ်သလား"

ဟု မေးပြန်၏။

အောင်သန်းက -

"တပည့်တော်တို့ ကျောင်းသားလေးယောက်က မကြောက်တတ်ကြပါဘူးဘုရား။ ခုလိုလသာရက်များမှာ သုသာန်ရဲ့ အခြားတစ်ဖက်မှာ စိုက်ပျိုးထားတဲ့ ဖရဲခင်း၊ ပြောင်းခင်းများမှ ဖရဲသီး၊ ပြောင်းဖူးများကို သွားရောက်ခူးဆွတ်စားတတ်သူများ ဖြစ်ပါတယ်ဘုရား"

ဟု ခပ်ကြားကြားလေး လျှောက်ထားလိုက်လေ၏။

ထိုအခါ ဦးပဉ္စင်းက -

"မင်းတို့သရဲမကြောက်တတ်ဘူး ဆိုတာကို ဦးပဉ္စင်းသဘောကျပါတယ်။ ဒါပေမယ့် သူတစ်ပါးပစ္စည်းကို သွားရောက် ခိုးယူတာကို သဘောမကျဘူးဘေးတွေ့လိမ့်မယ်"

ဟု ဆုံးမလေ၏။

"မှန်လှပါ၊ တပည့်တော်တို့ နောင်မလုပ်မိအောင်စောင့်ထိန်းပါ့မယ်ဘုရား"

ဟု အောင်သန်းက ဦးပဉ္စင်းအားလျှောက်ထားပြန်လေ၏။

"ကဲ-တပည့်၊ ဟိုမှာကြည့်လိုက်စမ်း"

ဟု ဦးပဉ္စင်းက ပြောသဖြင့် ထိုနေရာသို့အောင်သန်း ကြည့်လိုက်မိလေ၏။ ဆယ့်ငါးပေခန့်မြင့်သော အနှိမ့်အိုကို ဌာပနာ၍တည်ထားသည့် တံခွန်တိုင်အနီးတွင် မည်းမည်းသဏ္ဌာန်အရိပ်ကြီးကိုကောင်းစွာမြင်ရလေသည်။ တံခွန်တိုင် လေးပေခန့်ပိုမြင့်သဖြင့် (၁၉) ပေခန့်ရှိမည်ဟု ခန့်မှန်းနိုင်ပေသည်။ ကိုယ်လုံးကြီးမှာ ငါးဆယ်ဝင်ပုတ်ခန့်ရှိမည်ဟု ခန့်မှန်းမိလေ၏။ မျက်နှာမှာ ကျောခိုင်ထားသဖြင့် မမြင်ရပေ။ အောင်သန်းသည် ဤမျှကြီးမားသော သရဲ၊ ပြိတ္တာကြီးကို ဤတစ်ကြိမ်သာ မြင်ဖူးသဖြင့် အထူးပင် အံ့သြမိလေတော့သည်။

"ဦးပဉ္စင်းပြလို့ တပည့်တော်မြင်ရတာ။ ဟိုတုန်းက တစ်ခါမှမမြင်ဖူးပါဘူးဘုရား"

ဟု လျှောက်ထားလေ၏။

ဦးပဉ္စင်းမှ -

"ကဲ-ဒီလောက်ဆိုတော်ရောလေ့"

ဟု ပြောကာ မေတ္တာပို့၊ အမျှဝေလိုက်ပြီးနောက် လက်ဝါးကိုပြလိုက်လေ၏။ အလင်းရောင်အောက်တွင် ပျောက်ကွယ်သွားလေသည်။

ဦးပဉ္စင်းနှင့် တပည့်အောင်သန်းတို့သည်လည်း ကျောင်းသို့ပြန်လာခဲ့လေတော့သည်။ ကျောင်းသို့ရောက်သောအခါ ရေတစ်ခွက်စီသောက်ပြီးနောက်အိပ်ကြလေတော့သည်။ အောင်သန်းမှာ မကြောက်တတ်သော်လည်း မမြင်ဘူး၊ ကြုံဖူးမှ ယုံစဖွယ် ဟူသော စကားပမာ လက်တွေ့မျက်မြင်ကြုံသောကြောင့် မြတ်စွာဘုရားဟောထားသော အပါယ်ဘုံမှ ပြိတ္တာများအကြောင်း စဉ်းစားရင်း အချိန်လွန်မှ အိပ်ပျော်သွားလေ၏။

ချစ်ရွှေသည် မနေ့က ဆယ်နာရီခန့်ကပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပြီးပေရာ ဦးပဉ္စင်းနှင့် သူငယ်ချင်းအောင်သန်းတို့ထွက်သွားသည်ကိုလည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြန်လာသည်ကို လည်းကောင်း မသိခဲ့ပေ။ နံနက်ငါးနာရီထိုးသောအခါ စားပွဲတင်နာရီမှ နှိုးစက်သံကြောင့် နိုးလာခဲ့ပေသည်။ အိပ်ရာမှလူးလဲထကာ ဝရောင်းရေကပြင်သို့ထွက်၍ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်းတို့ကို ပြုလုပ်လေ၏။ ထို့နောက် မီးဖွေး၍ ရေနွေးအိုးတည်ကာ ဆွမ်းဝိုင်းပြင်ရန် ပန်းကန်များကို ဆေးကြောနေလေ၏။ သူငယ်ချင်းနှစ်ဦးဖြစ်သော လှဝေနှင့် တင့်အောင်တို့သည်လည်း ဆွမ်းချိုင့်ကိုယ်စီဆွဲကာ ရောက်လာကြလေတော့၏။ ထိုအချိန်မှစ၍ အိပ်မျော်နေသော ဦးပဉ္စင်းနှင့် သူငယ်ချင်းအောင်သန်းတို့ကို နှိုးရလေသည်။

ဆွမ်းချိုင့်များ ရောက်လာသဖြင့် ဆွမ်းဝိုင်းပြင်ကာ ပထမဦးစွာ မြတ်စွာဘုရားအား ဆွမ်းကပ်ခြင်း၊ ရေကပ်ခြင်းတို့ကို ပြုလုပ်ကြလေ၏။ ထို့နောက်မှ ဦးပဉ္စင်းအား ဆွမ်းကပ်ကြလေသည်။ ဦးပဉ္စင်းသည် (၁၅) မိနစ်ခန့်ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းဝိုင်းကို ကျောင်းသားများသို့စွန့်လိုက်ဇေ၏။ ထိုအခါ အောင်သန်း၊ ချစ်ရွှေ၊ လှဝေနှင့် တင့်အောင်တို့သည် ကောင်းနိုးရာရာဟင်းများကို နေ့လယ်အတွက် ချန်ထားပြီးနောက် ဘုန်းကြီးကျောင်းသားများဝိုဝို အားပါးတရ တဝကြီးစားလိုက်ကြပေသည်။ စားသောက်ပြီးသောအခါ ပန်းကန်ခွက်ယောက်များ၊ ချိုင့်များကို ဆေးကြောကြ၏။ ကျောင်းဝိတ်ရက်ဖြစ်သောကြောင့် ကျောင်းမထက်ကြရပေ။ ကျောင်းထိုင်ဆရာတော်ကျက်ခိုင်းသော မင်္ဂလသုတ်ကို ကျက်မှတ်ကြရပေ၏။

ထိုအချိန်တွင် ဦးပဉ္စင်းကလေးသည် ရေနွေးကြမ်းသောက်ပြီးနောက် ဘုရားဝတ်ပြုကာနေလေ၏။ ဘုရားဝတ်ပြုပြီးသောအခါ ပြန်ကြွတော့မည်ဖြစ်သဖြင့် တပည့်အောင်သန်းက -

"ဆရာတော်အား လျှောက်တင်ရာရှိရင် တပည့်တော်တို့အားမှာကြားခဲ့ပါ"

ဟု ဦးပဉ္စင်းအား လျှောက်ထားဆိုသည်။ ထိုအခါ ဦးပဉ္စင်းမှ -

ဦးပဉ္စင်း၏ဘွဲ့တော်မှာ ဦးစန္ဒာဘာသဖြစ်ကြောင်း၊ ဆရာတော်ကို မဖူးရသည်မှာကြာပြီဖြစ်၍ ဝင်ရောက်တည်းခိုခြင်းဖြစ်ကြောင်း၊ ဆရာတော်ပြန်ကြွသောလျှင် လျှောက်ထားပေးပါရန်မှာကြားကာ ပြန်ကြွသွားလေတော့သည်။

ထိုအချိန်တွင် ချစ်ရွှေသည်

ထိုဦးပဉ္စင်းလေးနှင့်ပတ်သက်၍ ထူးခြားသော အခြေအနေတို့ကို သိလိုသဖြင့် သူငယ်ချင်းဖြစ်သူ အောင်သန်းအား မေးမြန်းလေတော့သည်။

"သူငယ်ချင်း၊ မင်းညက ဦးပဉ္စင်းကို စောင့်ကြည့်နေတာ ဘာတွေထူးခြားသလဲကွ"

ဟု မေးလေ၏။

အောင်သန်းက ဦးပဉ္စင်းလေးနှင့် ပတ်သက်၍ ၎င်းတွေ့ကြုံရသမျှကို အောင်ပွဲခံခဲ့ရသော စစ်သူကြီးပမာ ဟန်ပါပါနှင့် ဂုဏ်ယူကာ ပြောပြလေတော့သည်။ ထိုအခါ ချစ်ရွှေ၊ လှဝေနှင့် တင့်အောင်တို့သည် အောင်သန်းပြောပြသည်ကို -

"တကယ်ဟုတ်လို့လားကွာ"

ဟု ပြောပြီးနောက် -

"ဒါဆို အဲဒီတံခွန်တိုင်နားကိုသွားကြည့်ရအောင်"

ဟု ပြောလေ၏။

"အေး- သွားကြည့်ရင်ကော ဘာတွေ့မှာလဲကွ"

အောင်သန်းက ပြောလေသည်။

"ဘယ်လိုပဲဖြစ်ဖြစ်ကွာသွားကြည့်ရအောင်"

ဟု ချစ်ရွှေက ပြောကာ သူယော်ချင်းလေးယောက် ကျောင်းဝင်းအပြင်ဘက်ရှိ မဟာဗောဓိပင်ကြီးနှင့် တံခွန်တိုင်ရှိရာသို့ ထွက်ခဲ့ကြလေ၏။

မကြာမီတွင် တံခွန်တိုင်အနီးသို့ ရောက်လာကြပြီးနောက် ဝိုင်းဝန်းရှာဖွေကြည့်ကြသောအခါ တံခွန်တိုင်နှင့်ငါးပေခန့်အကွာ မီးလောင်ထားသော သမန်းမြက်ခြောက်ပြာပုံပေါ်တွင် တစ်တောင်ခန့်ရှိသော ခြေရာကြီးနှစ်ခုကို ပီသထင်ရှားစွာရှိကြရလေသည်။ ထိုခြေရာကြီးနှစ်ခုသည် ကျောင်းဘက်သို့ ကျောခိုင်းကာ ရွှာဘက်သို့မျက်နှာလှည့်၍ ရပ်ထားသည့်အတိုင်း ပေါ် လွင်လှပေ၏။ ခြေရာကြီးနှစ်ဖက်မှာ ညီညာစွာမဟုတ်ဘဲ တစ်ဖက်နှင့် တစ်ဖက်ဆုတ်တက်ပုံသဏ္ဌာန်အနည်းငယ်ကား၍ ရပ်ထားခဲ့သည်ကို အံ့သြစွာ တွေ့မြင်ကြရပေသည်။

သို့ဖြစ်၍ သူငယ်ချင်းအောင်သန်း၏ပြောကြားမှု မှန်ကန်နေသဖြင့် ကျန်သော သူငယ်ချင်း သုံးယောက်က အောင်သန်းအား အံ့အားသင့်သော၊ အံ့သြသော၊ ချီးကျူးသော အမူအရာများဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေတော့သည်။ ထိုသူငယ်ချင်းလေးယောက်တို့သည် မနက်ဆယ်နာရီခန့်တွင် ဆွမ်းခံထွက်သောအခါ၌ ထိုခြေရာကြီးများကို ဝင်ရောက် ကြည့်ရှုကြပြန်၏။ ထိုအခါ နွေဦး၏ လေချွန်းနှင့်အတူပါလာသည့် လေပွေကာ ဝင်ရောက်မွှေနှောက်သွားပေရာ ထိုခြေရာကြီးများသည်လည်း လေပွေနှင့် လွင့်ပါးပျောက်ကွယ်သွားသဖြင့် မတွေ့နိုင်ကြတော့ပေ။

ထိုခြေရာကြီးနှစ်ခုအား ခြေရာကောက်ပညာတတ်ကျွမ်းကြသောတောလိုက်မုဆိုးတို့သည် လည်းကောင်း၊ ထောက်လှမ်းရေးပညာ ကျွမ်းကျင်သော စုံထောက်တို့သည် လည်းကောင်း ဘယ်သောအခါမျှ ခြေရာခံ၍ ရနိုင်မည်မဟုတ်ပေ။ ဦးပဉ္စင်းဦးစန္ဒောဘာသဖြစ်လည်းကြ ရောက်လာလျှင်ကား ထိုအရှင်၏ပညာစွမ်းကြောင့် ပြန်လည် တွေ့မြင်နိုင်ပေလိမ့်မည်။ အကြောင်းမှာ အပါယ်ဘုံမျှပြီတွာ (သို့) သရဲခြောက်များဖြစ်နေခြင်းကြောင့်ပါတည်း။

ကျွန်ုပ်သည် ထိုစဉ်က အဖြစ်အပျက်များကို ရှုပ်ရှင်ကြည့်ရသည့်ပမာ အတွေးရေယဉ်ကြောတွင် နစ်မျောနေပြီးနောက် ဆရာတော်ကျောင်းထိုင်ရာအဇိနာရာမကျောင်းတိုက်ကြီးအတွင်းသို့ လျှောက်လှမ်းခဲ့ပေ၏။ ပတ်ဝန်းကျင်သည်ကား တည်ငြိမ်အေးချမ်းနေပေသည်။ ရေချိုတွင်းကြီးကား သဘာဝတရား၏ဒဏ်ကြောင့် ခန်းခြောက်၍နေလေပြီ။ ယခင်က ပင်ပျိုတို့သည် ပင်အို တို့ဖြစ်ကုန်ကြလေသည်။ တောမိညောင်ပင်ကြီးမှ ရွက်ဝါများကို ခွေလျက်လေတွင် ပျံဝဲနေပေ၏။ ဥဩငှက်ကလေးမှာ မြင့်မားသော လိမ်ပင်ထက်မှ နွေပန်းချီတေးကို လွှမ်းဆွေးဖွယ်ရာ သံဝါဝါဖြင့် လေးတွဲစွာ တွန်ကျူးနေလေ၏။ ကျွန်ုပ်သည်ကား ဇရာ၏နှိပ်စက်မှုကြောင့် ခြေလှမ်းများ လေးလံစွာဖြင့် ဆရာတော်ထံသို့အရောက်သွားကာ ဦးချကန်တော့ခဲ့ပါတော့သတည်း။

ငြိမ်းဝေ (ဖွဲ့စည်)

www.burmeseclassic.com

www.burmeseclassic.com

မောင်ဇော
(ရာမည)
စားနှင့်တူသောစကားရှင်



နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ။ နှုတ်တစ်ရာစာတစ်လုံး။ ကြမ်းကျွံကနုတ်၍ရသည်၊ စကားကျွံက နုတ်မရ စသည့် နှုတ်ထွက်စကားနှင့်ပတ်သက်၍ ဆိုရိုးများစွာရှိသည်။ ကဗျာလက်နှယ် ကာရန်နဘေကျကျနှင့်ရွတ်ဆိုလို့ကောင်းသော်ငြား အနှီဆိုရိုးတို့သည်တား ခေတ်အဆက်ဆက်တွင် လူအသက်၊ လူစည်းစိမ်ပေါင်းမြောက်များစွာကိုရင်း၍ရခဲ့သည်ကို လူတိုင်းမသိ မဟုတ်ပါလေ။

စင်စစ် ထိရှလွယ်သော့နှလုံးသားပိုင်ရှင်တို့အတွက် စကားသည် လွန်စွာမှထက်သောဓားနှင့်တူ၏။ ထို့ကြောင့် အခါအခါသေတတ်စေသကဲ့သို့ နာကျင်ရစေသည်။"ထိမလွယ်ရှမလွယ်အမှတ် အတေးမရှိသူတို့အတွက်ကား စကားသည် လေသာဖြစ်၍ လေထဲတွင်ပင်လွင့်ပြယ်ရာ၏။ ပြောသူကပြော၊ ခံနိုင်သူကခံနှင့် ကိစ္စမရှိသော်ငြား ဆတ်ဆတ်ထိမခဲ့တတ်သူနှင့်ဆုံလျှင်မူ ရန်သော်လည်းကောင်း အနည်းဆုံးဖြစ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

သို့တည်းမဟုတ် သတ်ဖြတ်မှုပင်ဖြစ်နိုင်သည်။

ဤနည်းဖြင့် ထောင်နှန်းစံခဲ့ရရှာသည့် ထိရှလွယ်နှလုံးသားပိုင်ရှင်များစွာ ဆုံးအထိ ဖြစ်ပေါ် နေလေတော့သည်။ ခဲခဲချင်စိတ်၊ ရှက်စိတ်သည် လူကိုသေအောင်ဖန်တီးနိုင်သကဲ့သို့ မိမိကိုယ်ကိုလည်း လမ်းမှန်ရောက်အောင် တွန်းပို့ထက်သည့်အစွမ်းရှိသည်။ ဘဝတွင် နာလန်မထူနိုင်အောင်ပြောသူတို့များစွာနှင့် ကြုံခဲ့ဖူးသူသည် ယနေ့မျက်မှောက်ခေတ်ကာလတွင် အောင်မြင်နေသူတစ်ယောက် ဖြစ်နိုင်ပါသည်။ ထိဝှသည် ထိရှလွယ်သော်လည်း မခံချင်စိတ်ကို စွမ်းအင်နှယ် အသုံးချ၍ ပြောသူများထက်သာအောင် ရုန်းကန်ကြိုးစားခဲ့၍သာ အောင်မြင်သူတစ်ယောက်ဖြစ်ခဲ့ပါသည်။

ခွက်ခွက်လန်အောင်ကျရှုံးနေသူများသည်ကား နာလန်မထူနိုင်အောင် ပြောသူများအလိုကျ ချော်လဲရောထိုင် အသုံးတော်ခံရင်း လမ်းမလျှောက်တတ်သည့်အဖြစ်နှယ် ကြုံနေခဲ့ကြသူများပင် ဖြစ်ပါမည်။

အတေးအမှတ်ကို ပြက္ခဒိန်လို သဘောထား၍ မနေဘဲ တစ်ရှူးစက္ကူလိုသဘောထားခဲ့ခြင်းအကျိုးပင်တည်း။

နှုတ်သည် ချစ်စကိုလည်းရှည်စေသလို မုန်းစကိုလည်းရှည်စေသည်။ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေဆိုသည့် ဆိုရိုးအတိုင်း ခုထိအမြဲထာဝရအမှတ်ရစေသည့်ဖြစ်ရပ်လေးသည် ကျွန်တော်တို့ရပ်ကွက်ကလေးထဲတွင်ဖြစ်ခဲ့ဖူးပါသည်။ အများနှင့်မတူသည်ကတော့. . .

❑

"ကဲ - ဒေါ်မှတ်ကြီးရေ၊ ထုံးစံအတိုင်းဟာ"

"ခဏစောင့်၊ ငါမီးသွေးခဲ့လိုက်ဦးမယ်"

"ရပါတယ်ဟာ၊ လုပ်ပါ လုပ်ပါ"

ဒေါ်မှတ်ကြီး၏ မုန့်တီဆိုင်လေးလူအတော်ကျနေသည်။ စျေးကလည်း စည်ချိန်ကိုး။ စျေးထဲဖွင့်သည့်ဆိုင်ဆိုတော့ ကျဉ်းကျဉ်းကျပ်ကျပ်။ ဟိုကတိုး ဒီကတိုက်နှင့် ကသိကအောက်တော့ အနိုင်သား။ ရပ်ကွက်စျေးပီပီ ပိတ်ချိန်၊ သိမ်းချိန်အတည်မရှိ။ ကိုယ့်ပစ္စည်းကုန်၊ ကိုယ်ပြန်။ သို့ပေမယ့် ဒေါ်မှတ်ကြီးက အိမ်နှင့်နီးနေ၍ မနက်၊ ညနှစ်ချိန်စလုံး ဤနေရာတွင်မှာပဲရောင်းသည်။ရပ်ကွက်ထဲက ဆိုင်တော်တော်များထက် အရသာကောင်းသည်။ ငါးနိုင်းချင်းနှင့်ချက်သည်။ ပဲတောင့်ရှည်၊ နံနံပင် ဒီတိုင်း ဗန်းထဲထည့်ပေးထားသည်။

စားမည့်သူထံ ကိုယ့်သဘောနှင့် ကိုယ် ခွေဖြတ်ယူင်၍ မန်ကျည်းနှစ်ရည်၊ ငံပြာရည်စသည်တို့နှင့်စပ်ဟပ်ကာ စားသောက်နိုင်သည်။ ရွှေအပ်ရုတ်သီးမှုန့်တစ်ဇွန်းခန့်ထည့်စားပြီး၍ အစပ်ပြေဟင်းရည်တောင်းလျှင်ကား ဒေါ်မှတ်ကြီး၏မျက်စောင်းနှင့်အတူ ဟောင်ဖွာဖွာ မှတ်ချက်ကိုလည်း အဆစ်ရပါသေး၏။

သူမစိတ်က ခန့်မှန်းရခက်သည်။ ရံခါ စိတ်လိုလက်ရရောင်းချပေးမယ့် စိတ်တိုင်ေါက်ငမ်းသပါပါကိုလည်း မကြာခဏပြုတတ်ချေသည်။ ဓာတ်သိတွေကတော့ မခဲ့ပါ။ လက်ရာကောင်းသည်မို့ အပြောခံစားတတ်ကြလေ၏။ ပိုက်ဆံလည်းလာပေးရသေး အအော်လည်းခံရသေးဟု ကလေးဘဝက တွေးမိဖူးပါသည်။ သူမအကြွားဆုံးက မည်သူမျှတင်မရောင်းသည့် ရွှေအပ်ရုတ်သီးမှုန့်ပါပေ။ မကြာမကြာဘဲသူမကိုယ်တိုင်အမွှန်ခံ၍လော်ကြောင်း၊ မို့မတက်ကြောင်း၊ တစ်ဇွန်းဆို အာပြဲကြောင်း ကြွားဝါလေ့ရှိသည်။

"အဒေါ်ကြီး၊ မုန့်တီတစ်ပွဲဘယ်လောက်လဲ"

"ဟင်"

ဟိုသည်တွေးရင်း၊ စားရင်းနှင့် ရုတ်တရက် လန့်သလိုဖြစ်သွားရ၏။ တိုင်းရင်းသူက ကွမ်းဝါးသည့်ခံတွင်းကို သောက်ရေတစ်ခွက်နှင့်ကျင်းလိုက်ရင်းက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မှတ်ကြီးက မော့မကြည့်ဘဲ-
"ငါးဆယ်ပါတော်"
ဟု ဖြေသည်။
"ဒါဆို တစ်ပွဲပေး"
ရေတိမ်သီးမှန့်က ဒေါ်မှတ်ကြီးပြော သလို တကယ်ပဲအာပြသည်။ စပ်လွန်း၍ ရေခပ်သောက်မည်ပြင်တော့ ပလုတ် ကျင်းထားတာ တွေ့ပြီးမပုံ။ ချွေးဒီးဒီးကျ ပြီ။
"ဒေါ်ကြီး၊ ဇရုတ်သီးခွက်ပေးဦး"
"ဟဲ့ - စပ်မယ်နော်"
"စပ်ဖို့စားတာပဲ"
ပြဿနာက ဒီမှာတင်ပဲစသည်။ မျက်စောင်းကို ဥပေက္ခာပြုရင်း ရှိရင်းစွဲ ထက် နှစ်ဖွန်း၊ သုံးဖွန်းခပ်ထည့်ပစ်ပြီး ဘူးကိုပြန်မပိတ်သေး။ မန့်တိပန်းကန်ကို ဖွန်းနှင့်မွှေပြီးမြည်းကြည့်သည်။ ပြီးတော့ ဇရုတ်သီးဘူးလေးကို လက်လှမ်းလိုက် ပြန်သည်ကော။
"ဟဲ့-နင်လွန်နေပြီနော်။ ငါမပြော မပြောနဲ့ ရောင့်တက်မလာနဲ့။ ဒါရွှေအပ် စစ်စစ်။ ဒီမှာ ဘယ်သူမှအကုန်ခံမတင် ရောင်းဘူး။ တကတဲ့ ဇရုတ်သီးဘယ်ဈေး လဲမသိ အံ့ပါတော်"
"ချွင်"
အခြေအနေမဟန်။ စားရင်းက ဖွန်းကို တမင်ပစ်ချပြီး စူးစူးဝါးဝါးကြည့် သည်။ ဒေါ်မှတ်ကြီးအသံကြောင့် သွား လာသူတွေပါ မသိမသာရပ်ကြည့်ကြ ကုန်၏။ ဆိုင်ထဲကလူတွေကလည်း ကွက်ကြည့်ကွက်ကြည့်။မျက်နှာအတော် နီလာသည်။ ဇရုတ်ရွှေအပ်ကြောင့်တော့ မဟုတ်တန်ရာ။ မီးထွက်မတတ် စိန်းစိန်း ကြည့်ရင်း တောက်တစ်ချက်ခတ်သည်။ ဘယ်သူမှဝင်မဟန့်ရဲ့။
"ရှင်ကြီး၊ ထမင်းဝဝစားထား။ အကြောင်းသိမယ်"
ပြောပြီးသည်နှင့် စားလက်စမှန့် တီပန်းကန်ကို ညာလက်ဖြင့် လက်ပြန် ကိုင်ကာ သူမနောက်ကျောလှည့်မကြည့် ဘဲသွန့်သည်။ ဒွေးဒေးဆယ်ကို မှန့်တီဖတ် ထည့်ထားသည့် စတာထဲပစ်ချပေးကာ စွေးခြင်းဆွဲကာ လှည့်မကြည့်ပါလေ တော့။ သည်အထိ ဒေါ်မှတ်ကြီးပါးစပ် အဟောင်းသား။ မျက်စိအပြူးသားနှင့် ကျန်ခဲ့သည်။ အတော်ကြာမှ ကျောက်ရွှဲ အသက်ဝင်သည်။
"အလိုတော်၊ ငါပါးလိုက်ရိုက်ရ သွားကျွတ်မယ့်ကောင်မ၊ ကြည့်စမ်း-ရိုင်း စိုင်းလိုက်တာ"
ဒေါ်မှတ်ကြီးစကားက ဓားနှယ် ထက်၍ တိုင်းရင်းသူကို တကယ်ပဲထိရှ သွားပြီး ဟိုကလည်း လူကြားထဲရှက်ရှက် နှင့်ပြောမိပြောရာပြောပြီးထွက်သွားသည်။ ထို့ကြောင့် သရေရလဒ်နှင့်သာ ပြီးဆုံး သည်ဟုထင်ရပါသည်။ စွေးသိမ်းပြီး တိုလီမိုလီလေးတွေ တောင်းနှင့်ထည့် ရွှက်ပြန်လာသောအခါ ဒေါ်မှတ်ကြီးနှင့် ထိုညနေက စွေးတံတားထိပ်မှာ ဆုံရ သေးသည်။
ည(၈)နာရီခန့်မှာတော့ မထင် မှတ်သောသတင်းဆိုးကြားရသည်။ စွေး ထဲက မုန့်ကီသည် ဒေါ်မှတ်ကြီးဆုံးပြီ ဟူသော သတင်းဆိုးပင်တည်း။ အနီး အနားကလူတွေအပြောအရ -
"ခြံဝရောက်တော့ ထအော်တယ် ဗျ"
"ဘာဖြစ်လို့လဲ"
"မြွေလား၊ ကင်းလားဆိုပြီး အနီး နားကလူတွေ တုတ်ဆွဲပြီးထွက်လာကြ တာ ဘာမြွေမှမတွေ့ပါဘူးဗျာ။ အဲ - ဒေါ်မှတ်ကြီးပြောတာကတော့ ဟဲ့ - ခြံဝ မှာကျောခိုင်းထားတဲ့ကောင်မက ဘာလဲ ဖယ်စမ်း၊ ဆံပင်ကဖားလျားနဲ့သရဲမလား တဲ့"
"အလို"
"အဲဒါနဲ့ . အိမ်ထဲရောက်တော့ ခဏနား၊ ရေမိုးချိုး၊ ဖီးလိမ်းပြင်ဆင်ပြီး တော့ မိသားစုထမင်းဝိုင်းဖွဲ့ကြတယ်တဲ့။ ထမင်းတစ်ပန်းကန်တောင် မကုန်သေး ဘူး၊ ဖျတ်ခနဲ နောက်ပြန်လန့်ကျပြီး အသက်မရှိတော့တာတဲ့"
ဖြစ်မှဖြစ်ရလေ။ တကယ်ပဲ ထမင်းဝဝမစားသွားနိုင်ရှာပါပေါ့လား။ ဒီလိုသိရတော့ နေ့ခင်းကအဖြစ်ကို ပြေး မြင်သည်။ မီးဝင်းဝင်းတောက်မျက်လုံး တွေနှင့် စကားတစ်ခွန်း၊ နောက်ပြန်လက် ပြန်သွန်သွားသည့် မုန့်တီတစ်ပွဲ၊ ခြံဝမှာ ဒေါ်မှတ်ကြီး မြင်သွားလိုက်ရသည်ဆို သောအရာ။ ဆက်စပ်တွေးကြည့်လေ လေ ကြက်သီးထချင်စရာကောင်းလေ လေပင်။
ဒေါ်မှတ်ကြီးမှာ သွေးတိုးအမြင် ဘာရောဂါမှမရှိဟု သူ့သားသမီးတွေက ပြောကြသည်။ ကျွန်တော်တို့ ငယ်စဉ်ထဲ ကလည်း ဒေါင်ဒေါင်မြည်ကျန်းမာရေး ဝိုင်ရှင် ဒေါ်မှတ်ကြီးကိုမြင်တွေ့ခဲ့ရတာ။ ဒီကနေ့ဒီအရွယ်ထိ သူများတွေပြောကြ တာကတော့ ပညာသည်နှင့်ဆုံသွားရ သည်တဲ့။ ကျွန်တော့်အနေနှင့်လည်း သည်သို့ပဲမြင်မိပါသည်။ မြင်မိရအောင် လည်း ကိုယ်တွေ့တွေအတော်ရှိခဲ့ရ သည်။ ယုတ္တိယုတ္တာမဲ့သည်ပြောလည်း မတတ်နိုင်။ ကြုံခဲ့ရသည်က ကိုယ်တိုင် ဖြစ်၍ဖြစ်သည်။
နေပြည်တော် မတည်မီက စီမံ ကိန်းကြိုစိုက်ခင်းအတွက် တာဝန်ဖြင့် ရောက်ဖူးရာ ရွာလေးတစ်ရွာကို ပြော သတိရသည်။ ကျွန်တော့်တင်ပါးနှင့် ဖျာကြီးကပ်နေ၍ ချွေးဒီးဒီးကျနေစဉ် ခန်းဆီးနောက်ကွယ်ကရယ်သံ။ တပည့် ကျော်က ထိုနယ်သားပီပီ -
"ဆရာ၊ လက်ပြန့်နဲ့ဖျာစကိုခြုံမှ ထပြန်လို့ရမှာ"
ဟု တီးတိုးပြောမှ တကယ်ထပြန် ရသည်။ ဒါတော့ခင် ခန်းဆီးနောက်က ထွက်လာရင်း -
"နင်တို့လည်း ဘယ်ဆိုးလို့တိုး"
ဟု ညီအစ်မနှစ်ယောက်က ပြုံးပြုံး နှင့်ပြောသေးသည်။ ဒါလည်း ကိုယ်တွေ့ မို့ ယုံကြည်ခဲ့ရသည်။
တူမလေးတို့အိမ်မှ ခွေးကိုက်ရှ ဒဏ်ရာမရဘဲ ဆေးရုံလည်းအတော်ကြီး တက်ခဲ့ဖူးသည်။ မဂ္ဂဇင်းတစ်အုပ်မှာ အဲဒီခွေးစုန်းအကြောင်း ရေးဖူးသည်။ အံ့သြစရာအဖြည့်ပင်တည်း။ အထောက် အထားဘယ်လောက်ပဲပြပြ ဥပဒေမပေါ် သေး၍၊ ဥပဒေမရှိသေး၍ ဘာမှအရေး ယူ၍မရ။ သိသိကြီးနှင့်ခံရသည်မို့ ယခု ဖြစ်ရပ်တွေကိုသင်ခန်းစာယူ၍ နှုတ်စည်း ကိုစောင့်ဖို့ရာသာရှိသည်။ အသိရှိရှိနှင့် သတိထားဖို့လိုသည်။ သရဏဂုံသုံးပေး ကို စားသောက်သွားလာ အိပ်စက်တိုင်း ရွတ်ဖတ်သရဖျာယ်နေသင့်သည်။ သူ့ မည်မျှစွမ်းစွမ်း ဘုရား၊ တရား၊ သံဃာ လောက်တော့ စွမ်းမည်မဟုတ်။
သူတို့စွမ်းတိုင်း ကိုယ်ကလိုင် ကြောက်နေရအောင် ကိုယ်တွေက ဘာ သာမဲ့တွေ မဟုတ်ပါ။ ကိုးကွယ်ယုံကြည် အားထားရာရှိသည်။ သို့သော် ကိုယ် ကလည်း နှုတ်စည်းကိုစောင့်ရုပါမည်။ ဘုရားလည်းမသိ၊ တရားလည်းမ သံဃာလည်းမှေ့နေရင်း နှုတ်စည်း မစောင့်ပါမူ အထက်ပါသူတို့နှင့် မခြေ စေကာမူ ဓားစားချင်း၊ လုံလုံချင်းတွေကြ ဒုက္ခတွေများကုန်နိုင်သည်။ သို့ဖြစ်၍ ကိုယ်နှုတ်စိတ်နှလုံးကို ငြိမ်းချမ်းအောင် တည်ပြီး စောင့်ထိန်းကြပါဟု ဖြစ်ရပ်မှန် လေးတစ်ခုနှင့် တင်ပြလိုက်ရပါကြောင်း

လေးစားလျက်

မောင်ဇရာ(ရုံးသည်)

www.burmeseclassic.com

www.burmeseclassic.com

သုတဝင်း

ရှေးလွန်လေပြီးသောအခါက

ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်ပင်လျှင် ဘုရားအလောင်းအဖြစ် ကျင်လည်ခဲ့ရသော ဘဝပေါင်းများစွာလည်း ရှိခဲ့ပေသည်။ ယင်းဘဝများမှာ လူအဖြစ် (၃၅၇) ဘဝ၊ ဆိတ်အဖြစ် (၆၅) ဘဝ၊ တိရစ္ဆာန်အဖြစ် (၁၂) ဘဝ (တချို့က လူအဖြစ် (၃၆၀) ဘဝ၊ နတ်အဖြစ် (၆၂) ဘဝ၊ ဗြဟ္မာဘဝအဖြစ် (၁) ဘဝ၊ တိရစ္ဆာန် (၁၂၄) ဘဝတို့ မူကွဲလည်းရှိ၏။ စုစုပေါင်း (၅၄၇) ဘဝရှိကြောင်း လေ့လာရ၏။

မြတ်စွာဘုရား အလောင်းတော်သည် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းဘက် ပထမသေလွန်ကပ်ဦး သာရမဏ္ဍာကမ္ဘာတွင် ဒီပင်္ကရာမြတ်စွာဘုရားဘက်ထက်၌ သုမေဓာရသေ့ဘဝဖြင့် ဘုဒိတ်တော်ဦးစွာရခဲ့ပြီးလျှင် ပါရမီဆော်များဖြည့်ခဲ့ရလေ၏။

ဗျာဒိတ်တော်လာဘဝများအနေဖြင့် ဒီပင်္ကရာဘုရားရှင်လက်ထက်တွင် သုမေဓာရှင်ရသေ့၊ ကောဏ္ဍညဘုရားရှင်လက်ထက်တွင် စန္ဒဝတီပြည့်ရှင် ဝိဇိတာဝီစက္ကာမင်း၊ မင်္ဂလဘုရားရှင်လက်ထက်တွင် သုရုစိပုဏ္ဏား၊ သုမနဘုရားရှင်လက်ထက်တွင် အတုလနဂါးမင်း၊ ရေဝတဘုရားရှင်လက်ထက်တွင် အတိဒေဝပုဏ္ဏား၊ သောဘိတဘုရားရှင်လက်ထက်တော်တွင် သုဇာတပုဏ္ဏား၊ အနောမဒဿီဘုရားရှင်လက်ထက်တွင် ဘီလူးစစ်သူကြီး၊ ပဒုမဘုရားရှင်လက်ထက်တွင် ခြင်္သေ့မင်း၊ နာရဒဘုရားရှင် လက်ထက်တွင် သုတော်ကောင်းရသေ့၊ ပဒုမုတ္တရဘုရားရှင်လက်ထက်တွင် ဇဋိလသူဌေးကြီး၊ သုမေဓာဘုရားရှင်လက်ထက်တွင် ဥတ္တရလုလင်၊ သုဇာတဘုရားရှင်လက်ထက်တွင် စက္ကာမင်း၊ ပိယဒဿီဘုရားရှင်လက်ထက်တော်တွင် ကဿပပုဏ္ဏား၊ အတ္ထဒဿီဘုရားရှင်လက်ထက်တော်တွင် သုသီမရသေ့၊ ဓမ္မဒဿီဘုရားရှင်လက်ထက်တွင် သိင်္ကြားမင်း၊ သိဒ္ဓတ္ထဘုရားရှင်လက်ထက်တွင် မင်္ဂလရသေ့၊ တိဿဘုရားရှင်လက်ထက်တွင် သုဇာတရသေ့၊ ဖုဿဘုရားရှင်လက်ထက်တွင် အရိန္ဒမပြည့်ရှင် ဝိဇိတာဝီမင်း၊ ဝိပဿီဘုရားလက်ထက်တွင် အတုလနဂါး၊ သိခီဘုရားရှင်လက်ထက်တွင် အရိန္ဒမမင်း၊ ဝေဿဘူဘုရားရှင်လက်ထက်တွင် သုဒဿနမင်း၊ ကကုသန္ဓဘုရားရှင်လက်ထက်တွင် ခေမမင်း၊ ကောဏာဂမနဘုရားရှင်လက်ထက်တွင် ပဗ္ဗတမင်း၊ ကဿပဘုရားရှင်လက်ထက်တွင် ဇောတိပါလလုလင် ဟူ၍ (၂၄) ဘဝရှိ၏။

မြက်ဗုဒ္ဓ၏ ဖြစ်တော်ဘဝများကို လေ့လာရခြင်းသည် များစွာနက်ရှဲကျယ်

www.burmeseclassic.com

www.burmeseclassic.com

ဝန်း၏။ ဇာတကအဌကထာ ကေနိပါတ် သာကေတဇာတ်တော်တွင် မြတ်စွာဘုရား၏ခြေကိုဖက်၍ငိုသည့် ပုဏ္ဏေးကြီးကို အကြောင်းပြု၍ မြတ်စွာဘုရားက -

"ငါဘုရားသည် ဘဝတစ်ထောင့် ငါးရာတို့ပတ်လုံး ပုဏ္ဏားဇာတ်လမ်း၌ လက်၌ကြီး၏။ ဘဝတစ်ထောင့်ငါးရာတို့ပတ်လုံး ပုပေ့ဏ္ဏားမင်း၏လက်၌ကြီး၏"

ဟု ဘဝသုံးထောင်တို့ကို ဟောတော်မူ၏။

ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီးမှလည်း ဘုရားအလောင်း၏ ပါရမီဖြည့်ရာဘဝများနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် ပစ္စုန်ပွန်အတ္ထုပ္ပတ်နှင့်တိုက်ဆိုင်သော အဖြစ်တော်ဇာတ်ထောင်တစ်စုကိုသာ အဆင်သင့်ရာ ကောက်နုတ်၍ ဟောပြတော်မူသည်။ မဟောပြောဘဲကြွင်းကျန်နေသော ဘဝဇာတ်တို့ကသာများလှပေသည်ဟု မိန့်ကြားရေးသားခဲ့ဖူး၏။

ထို့ကြောင့် ဗုဒ္ဓလောင်းလျာသည် နုမြာငါးရာ၊ ရှင်မှာစာစ်ကျိပ် ဟူသော ဆိုရိုးစကားဘဝများထက်ပိုသော ဘဝများတွင် ပါရမီဖြည့်ခဲ့ရကြောင်း မှတ်ယူနိုင်၏။

မြတ်စွာဘုရားရှင်သည် သတ္တဝါတို့အား တရားပြခြွေချွတ်ရာ၌ သတ္တဝါတို့၏စိတ်ဓာတ်ဖြူစင်မည့်ဇာတ်ကြောင်း ဝတ္ထုသွားတို့နှင့် တွဲဖက်ဟောကြားတော်မူသကဲ့သို့ သာသနာတော်ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြမည့် သံဃာတော်များအတွက် ကျင့်ဝတ်စည်းကမ်းတည်းဟူသော ဝိနယဒေသနာကို လည်းကောင်း၊ သတ္တဝါများကျင့်ကြံအားထုတ်ရန် ဒါန၊ သီလ၊ ဘာဝနာမှအစ နိဗ္ဗာန်မဂ်ဖိုလ်သွားရာလမ်းကို ညွှန်ပြတော်မူသောသုတ္တန်ဒေသနာကို လည်းကောင်း၊ တရားအပေါင်းတို့၏ဖြစ်မှုပျက်မှုရပ်နာမ်မမြဲသဒ်ါရတို့၏ သဘောသဘာဝတို့ကို ထုတ်ဖော် ရှင်းလင်းပြရာဖြစ်သော အဘိဓမ္မာဒေသနာကို လည်းကောင်း ဟောကြားတော်မူခဲ့၏။

ထိုသို့ ဟောကြားတော်မူရာတွင် သုတ္တန်ဒေသနာတော်၌ ဇာတ်နိပါတ်တော်များပါရှိ၏။ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူထဲသို့မှစ၍ မဟာဝရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ လေးဆယ့်ငါးဝါအတွင်း၌ အကြောင်းသင့်မြတ်သောအခါတိုင်း ဓမ္မဒေသနာနှင့်တကွ ဝတ္ထုဇာတ်ကြောင်းများကို ဟောကြားတော်မူခဲ့ရာ ယင်းဝတ္ထုများသည် မြတ်စွာဘုရားရှင်၏ အတိတ်ဘဝအဆက်ဆက် အလောင်းတော်ဘဝနှင့် ကျင်လည်ခဲ့ရစဉ် တွေ့ကြုံခဲ့ရသောဖြစ်ရပ်များသာဖြစ်ပေ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဒေသနာတော်များကို စုပေါင်းပြီး သင်္ဂီယနာတင်သည့်အခါတွင် အရပ်ရပ်သောဇာတ်ကောင်များကို တစ်ပေါင်းတည်းပြု၍ ဇာတကအဖြစ် တစ်ကဏ္ဍဖွဲ့စည်းခဲ့ခြင်းဖြစ်၏။

ဝိနိယပိဋကဝါ၊ သုတ္တပိဋကဝါ၊ အဘိဓမ္မပိဋကဟူ၍ သုံးပိုင်းခွဲခြားထားသည်ကို ပိဋကသုံးပုံဟုခေါ်၍ ဇာတ်တော်များသည် သုတ္တပိဋကဝ ခုဒ္ဒကနိကာယ ပါဠိဇာတ်ပါဠိတော်တွင်ပါဝင်၏။ မြန်မာတို့က ၎င်းဇာတ်တော်များ၏ဇာတ်အရေအတွက်ကို အကြောင်းပြု၍ ငါးရာငါးဆယ်ဟုခေါ် ဆိုကြ၏။

ထို့အပြင် ရှေးဟောင်းမြန်မာစာပေသည် ဇာတကဝတ္ထု၊ ဇာတကဝတ္ထုသည် မြန်မာစာပေဟု ဆိုရလောက်အောင်ပင် ဇာတကဝတ္ထုအခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်လာကြောင်း ပညာရှင်များက သုံးသပ်ခဲ့၏။

ရှေးအကျဆုံးဇာတ်ငါးရာ့ငါးဆယ် ဆိုင်ရာမှတ်တမ်းများကို တတိယသင်္ဂီယနာတင်သည့် သာသနာနှစ် ၂၃၆ (ဘီစီ-၃၀၇) ခန့်တွင် အိန္ဒိယပြည် စန်ဒဂုတ် (သင္ဘီ) နှင့် ဘာရဟုတ်ဘုရားများတွင် ပန်းတမော့ခေါ် ကျောက်ဆစ်ပန်းပုလက်ရာများဖြင့် ထုလုပ်သရုပ်ဖော်ခဲ့ကြောင်း လေ့လာရ၏။

ဇာတကဝတ္ထုများသည် ဗုဒ္ဓသာသနာတော်ပြန့်ပွားရာတွင် တစ်ပါးတည်း ရောက်ရှိပုံ့နှံ့ခဲ့ခြင်းဖြစ်ကြောင်း ငြင်းဖွယ်ရာမရှိသော်လည်း မြန်မာနိုင်ငံသို့ ဝိဋကစာပေစတင်ရောက်ရှိသောကိစ္စနှင့် ပတ်သက်၍ သထုံနှင့် ပုဂံဟု အယူအဆကွဲလွဲမှုတချို့ရှိ၏။

သုတေသီများက ပထဝိပွဘာသော အစချီ သရေခေတ္တရာကျောက်စာ အထောက်အထားအရ ခရစ်နှစ် ၆ ရာစုနှင့် ၇ ရာစုအတွင်း မောရသုတ်ကို ပျူနိုင်ငံတွင် ရွတ်ဆိုနေပြီဖြစ်၍ မောရဇာတ်တော်ကိုလည်း ပျူနိုင်ငံသားများသိရှိနေကြဟန် ယူဆ၏။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဇာတ်တော်များရောက်ရှိလာသောကာလအား ခရစ်နှစ် ၆ ရာစုနှင့် ၇ ရာစုအတွင်းဖြစ်မည်ဟု ခန့်မှန်းခဲ့၏။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသားအများစုမှာ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ကြ၍ ပိဋကတ်တော်များလည်း အပြည့်အစုံရှိသောနိုင်ငံတစ်နိုင်ငံဖြစ်၏။ မြန်မာ့လူ့အဖွဲ့အစည်းသည် ဇာတကဝတ္ထုများကို ဗုဒ္ဓဟောကြားတော်မူသော ဒေသနာများအဖြစ်၊ သင်္ဂီယနာတင်ကျမ်းများအဖြစ် ကြည်ညိုလေးစားစွာ ကြားနာဖတ်ရှုတြ၏။ တစ်နည်းအားဖြင့် ဇာတကဝတ္ထုများကို တရားရတနာအဖြစ် ကိုးကွယ်ဆည်းကပ်ကြည်ညိုကြ၏။

ပုဂံခေတ်၌ ဇာတ်တော်အရေအတွက်ကို ငါးရာဟူ၍ လည်းကောင်း၊ ငါးရာ့ငါးဆယ်ဟူ၍လည်းကောင်း ကွဲလွဲစွာ တွေ့ရှိရသော်လည်း၊ ငါးရာ့ငါးဆယ်ကျမ်းများကို စကားပြေဝတ္ထုရေးသားခဲ့ဖူးသော မုန်တိုင်ပင်ဆရာတော်ဘုရား (၅၄၇) ဇာတ်သာရိုက်ကြောင်း လက်ရေးသားခဲ့ဖူး၏။ ပညာရှင်များကလည်း ပျောက်နေသော ဇာတ်သုံးဇာတ်သည် ပုဂံဖက်လိပ်ဘုရားများရှိ စဉ့်ကွင်းများတွင် ဖြည့်စွက်ဖော်ပြထားသော ဝေမာလဇာတ်၊ မဟာဂေါဝိန္ဒဇာတ်၊ သုမေဓပဏ္ဍိတဇာတ်တို့ဖြစ်သည်ဟုဆို၏။

ယနေ့ တွေ့ရှိနိုင်သော ငါးရာ့ငါးဆယ်ဇာတ်တော်များမှာ ဇာတဘာသာကထာမှ ပေါက်ဖွားခဲ့ခြင်းဖြစ်၍ ယင်းအဋ္ဌကထာကျမ်းများကို အဓိပ္ပာယ်ဖွင့်ဆိုသည့် ဋီကာကျမ်းများလည်းရှိခဲ့၏။ ဇာတ်ဋီကာကျမ်းအားဖြင့် ပထမဋီကာကျမ်းမှာ သီဟိုဠ်မှ အရှင်ဓမ္မပါလမထေရ်ပါဠိဘာသာဖြင့် ရေးသားသော လိန္ဒတ္ထပကာသနီဋီကာခေါ် ဋီကာဟောင်းနှင့် ဒုတိယဋီကာကျမ်းမှာ မင်းတုန်းခေတ် လက်ထက် မန္တလေးမြို့ အရှေ့ပြင်မင်္ဂလာရာမကျောင်းတိုက်မှ အရှင်ပညာသာမိမထေရ်ဘွဲ့အမည်ရှိ ဒုတိယမောင်းထောင်ဆရာတော် ပါဠိဘာသာဖြင့် ရေးသားသော အသမ္မောဟဝိနောဒနီဋီကာခေါ် ဋီကာသစ်တို့ဖြစ်၏။

မြန်မာနိုင်ငံ ပါဠိစာပေလောကတွင် ပထမရေးသားသောဋီကာကို ဋီကာဟောင်း၊ နောက်မှရေးသောဋီကာကို ဋီကာသစ်ဟုခေါ်၏။ ပါဠိစာပေပိဋကတ်တော်များကို နိဿယပြန်ဆိုကြရာတွင် ဇာတ်၊ အဋ္ဌကထာကျမ်းများကိုလည်း နိဿယများပြန်ဆိုခဲ့၏။ ငါးရာ့ငါးဆယ်ဇာတ်တော်များကို မြန်မာပြန်ထားသည်များဆိုသော်လည်း ကျယ်ဝန်းလှသော အကျဉ်းချုပ်ရေးသားရန် လိုအပ်လာ

www.burmeseclassic.com

www.burmeseclassic.com

ငါးရာငါးဆယ်ကောက်နုတ်ချက်များကို ဆီးဘန်းနီဆရာတော်မှ အစောဆုံး ရေးသားတော်မူခဲ့၏။

အမျိုးသားပညာဝန် ဦးဖိုးကျားက ငါးရာငါးဆယ်ကောက်နုတ်ချက်များကို ၁၉၂၉ ခုနှစ်က ရေးသား၍ အတွဲသုံးတွဲ ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့၏။ ပထမကျော်ဦးဖေကလည်း ၁၉၄၇ ခုနှစ်တွင် ငါးရာငါးဆယ် နိပါတ်တော် စကားပြေ တူ၍ ဇာတ်တော် (၅၃၇) ဇာတ်လုံးကို အကျဉ်းချုံး ရေးသားခဲ့၍ ဟံသာဝတီ ဦးကတိုက်မှ ၁၉၅၆-၁၉၅၈ ခုနှစ်အတွင်း အတွဲ (၉) တွဲဖြင့် ပုံနှိပ်ထုတ်ဝေခဲ့၏။

နောင်တွင် ဦးမြင့်ဆွေ-မဟာဝိဇ္ဇာ (သန်ဒန်) ၏ ငါးရာငါးဆယ်အနှစ်ချုပ် စကားပြေကျမ်း၊ မာဏဝ၏ ငါးရာငါးဆယ်စကားပြေကျမ်းများ ရေးသားထုတ် ဝေခဲ့၏။ ၎င်းကျမ်းများသည်လည်း ဇာတ နိဒါတ်မှ မဟာနိပါတ်အထိ (၅၄၇)ဇာတ်လုံး ပါဝင်၏။ ဆရာကြီးဒဂုန်ဦးထွန်းမြင့်က ဇာတ်ကြီးဆယ်ဘွဲ့သက်သက်ကို ဇာတ်ကြီးဆယ်ဘွဲ့အမည်ဖြင့် ရေးသား ထုတ်ဝေခဲ့၏။

ဇာတ်ဝတ္ထုများရေးဖွဲ့ရာတွင် နိဒါန်း ဝတ္ထု (၀၁) ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထု၊ ဆယျာကရဏ(၀၁)အတိုကောက်အဖွင့် (၁၀ဆာ) နှင့် သမောဓန(၀၁)ဇာတ်ပေါင်း ဟူ၍ အပိုင်းလေးပိုင်းခွဲ၍ ရေးကြောင်း ဆွေ့ရှိနိုင်၏။

မြတ်စွာဘုရားရှင်သည် ငါးရာ ငါးဆယ်ဇာတ်တော်များကို အကြောင်း အကျိုးဆိုင်ရာတို့ ပေါ်ပေါက်လာသော အခါမှ ဟောကြားတော်မူသကဲ့သို့ ဇာတ်တော်၏အမည်၊ နိပါတ်တို့ကိုခွဲခြား ဟောကြားတော်မူခဲ့ခြင်းမဟုတ်ဘဲ ပြုစု ပူ ပညာရှင်များကသာ နိပါတ်တော် များခွဲခြင်း၊ ဇာတ်တော်အမည်တပ်ခြင်း ဖြစ်သည်ဟုပြုခဲ့ကြဟန်ရှိ၏။

ဇာတ်တော်အမည်ပေးပုံများသည် ဘုရားအလောင်း၏အမည်၊ အဓိကကျ သည့်ပုဂ္ဂိုလ်ကို အကြောင်းပြုသော အရပ်၊ ထင်ရှားသော အကြောင်းရပ် ကိုမီသောအမည်၊ ဟောကြားလိုသည့် အကြောင်းကို အကြောင်းပြုသောအမည်၊ ဆုံးပြုသည့်အရာဝတ္ထုကို အကြောင်း သောအမည်၊ ဟောကြားသောဂါထာ အစကိုမှီသောအမည်ဟူ၍ ပညာရှင် များတာ ခွဲခြားစီစစ်၏။

တစ်ဖန် ဇာတ်တော်တူသဖြင့် အမည်တူခြင်း၊ ဇာတ်တော်မတူဘဲ အမည်တူခြင်းတို့ကြောင့် ဇာတ်တော် အမည်တူရခြင်းဖြစ်ကြောင်း လေ့လာ ရ၏။

မြန်မာ့ယဉ်ကျေးမှုတွင် ငါးရာ ငါးဆယ်ဇာတ်တော်များ၏ ဩဇာ သက်ရောက်မှုများစွာ တွေ့ရှိနိုင်၏။ ယေဘုယျအားဖြင့် စာပေနှင့်လည်း ကောင်း၊ (တိမ်မြုပ်ဗျောက်ကွယ်လုနီးပါး) ပြဇာတ်နှင့်လည်းကောင်း၊ ပန်းချီ ပန်းပု သုခုမပညာနှင့်လည်းကောင်း၊ စကားပုံ တချို့နှင့် လည်းကောင်း ဆက်နွှယ်လျက် ရှိ၏။

အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း သည် ငါးရာငါးဆယ်ဇာတ်တော်များလာ အဆုံးအမများကို သုတ္တန်ဒေသနာတော် များအဖြစ် အလေးအနက်ထား၍ လိုက်နာကျင့်သုံးကြ၏။ မင်းကျင့်တရား၊ မင်းမှုထမ်းများ၏ ကိုယ်ကျင့်တရားများ ကိုသာမက ပရိတ်တော်များ၊ ကမ္မာတည် နေသရွေ့ တည်ရှိနေသော အရာဝတ္ထု ကြီးလေးပါး၊ ဒေါင်းရုပ်နှင့်နေ၊ တော်လေးဝ၊ မယားအပြား(၇)ပါး၊ မိန်းမမာယာ(၄၀)၊ အသံကြီး(၄)ပါး၊ ကောသလမင်းအိပ်မက် များ၊ တိမ်တေလေဇစ်အစခြီ မြန်မာ နိုးရာမိုးလေဝသပညာ၊ နတ်ပြည်ရောက် အလောင်းတော်လေးပါး၊ မွေးဖွားစက စကားဆိုသူလေးဦး၊ တိရစ္ဆာန်များ လူစကားပြောခြင်း စသော အထွေထွေ သိမှတ်ဖွယ်ရာများကိုပါ လေ့လာနိုင်၏။

ဗုဒ္ဓ၏ဖြစ်တော်ဘဝများသည် နှေး လွန်လေပြီးသောအခါက ဖြစ်ရပ်များ ဖြစ်၏။ သို့သော် ယနေ့အထိ လူအဖွဲ့ အစည်းအတွက် ကောင်းရာညွှန်လတ်ဆဲ ဖြစ်၏။ ဥပမာအားဖြင့် ဇာနိပါတ် အတ္ထသဒ္ဓါရဇာတ်တော်သည် လောကီ လူသားတို့၏ အကျိုးစီးပွားတိုးတက်စေ မည့်အကြောင်းဖြစ်၏။

ဇာတ်တော်အကျဉ်းမှာ ဘုရား အလောင်း ဗာရဏသီသူဌေးအား ၎င်း၏သားဖြစ်သူ ခုနစ်နှစ်အရွယ် ကလေး ငယ်က အကျိုးစီးပွား၏အကြောင်းမေး မြန်းသဖြင့် ကျန်းမာခြင်း၊ ကိုယ်ကျင့် တရားကောင်းမွန်ခြင်း၊ ပညာရှိသူတို့ ၏ အဆုံးအမခံယူခြင်း၊ အကြားအမြင် များခြင်း၊ သုစရိုက်တရားသုံးပါးတို့ကို ကျင့်သုံးခြင်းနှင့် မပျင်းမရိခြင်းဟု ဖြေ ကြားသောဇာတ်ဖြစ်၏။ အနှစ်သာရ အားဖြင့် ကြီးပွားချမ်းသာလိုလျှင်ကြီးပွား ရာ အကြောင်းတရား ခြောက်ပါးကို ဆောင်ပါဟု သဘောသက်ရောက်၏။

ဗုဒ္ဓအလောင်းအလျာနှင့် ဗုဒ္ဓ မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်များ ကို ခြုံငုံသုံးသပ်လျှင် ရှေးလွန်လေပြီး သောအခါက လူအဖွဲ့အစည်း၏ ကိုယ် ကျင့်တရား၊ အတွေးအခေါ်၊ အကြံ အစည်၊ အပြုအမူ စသည့် စိတ်ပိုင်းဆိုင် ရာပုံရိပ်အများစုသည် လက်ရှိလူ့အဖွဲ့ အစည်းအထိ ထင်ဟပ်ဆဲဖြစ်သကဲ့သို့ လောကီလူသားအားလုံး သိလ၊ သမာဓိ၊ ပညာပြည့်စုံရေးနှင့် လူအဖွဲ့အစည်း တိုင်းတွင် ပြဿနာစိုရိရာတရားထွန်းကားရေးတို့ အတွက် လူအဖွဲ့အစည်းဆိုင်ရာအုပ်ချုပ် ရေးနည်းနာကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် ဘာသာတရား အဆုံးအမဖြင့် လမ်းညွှန်နေဆဲဖြစ်၏။

သို့ဖြစ်ပါ၍ လက်ရှိလူ့အဖွဲ့အစည်း တွင် လောဘ၊ ဒေါသ၊ မောဟတရား များ ကြီးမားလွှမ်းမိုးမှုမရှိစေရေးသည် အထူးဂရုပြုရမည့် အချက်တစ်ချက်ဖြစ် ၏။ အဘယ်ကြောင့်ဆိုသော် သတ္တဝါ တို့လောဘတရားကြီးမားလွှမ်းမိုးသော အခါ ငတ်မွတ်ဘေး၊ သတ္တဝါတို့ဒေါသ တရားကြီးမားလွှမ်းမိုးသောအခါ လက် နက်ဘေး၊ သတ္တဝါတို့မောဟတရားကြီး မားလွှမ်းမိုးသောအခါ ရောဂါဘေး ဟူသော ကပ်များဆိုက်ရောက်နိုင်သော ကြောင့် ဖြစ်၏။

ဤသို့ ရှေးလွန်လေပြီးသောအခါ ဗုဒ္ဓ၏ဖြစ်တော်ဘဝ သို့မဟုတ် ငါးရာ ငါးဆယ် သို့မဟုတ် ဇာတကဝတ္ထု သို့မဟုတ် သုတ္တန်ဒေသနာတော် သို့မဟုတ် သင်္ဂါယနာတင်ကျမ်း၏ တစ်စိတ်တစ်ဒေသမျှကို စာပေဒါနပြုရ သောအကျိုးအားဖြင့် နိုင်ငံသူနိုင်ငံသား အားလုံး ရတနာသုံးပါးဂုဏ်ကျေးဇူး ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရဝ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိ တရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြပါစေဟု ဆုမွန်ကောင်းတောင်း၍ နိဂုံးချုပ်အပ်ပါ ၏ဘည်။

သုတဝင်း

အကိုးအကား -

၁။ ကျီးသဲလေးထပ်ဆရာတော်၊ စွယ်စုံကျော်ထင်ကျမ်း၊ ရန်ကုန်မြို့၊ စံလှစာပေ၊ ၁၉၉၀ပြည့်နှစ်။

၂။ မာဏဝ၊ နိပါတ်တော်လာဇာတ် တော်ငါးရာငါးဆယ်၊ ရန်ကုန်မြို့၊ နှလုံးလှစာပေ၊ ၁၉၈၇ခုနှစ်။

၃။ ဦးအေးချို (မဟာဝိဇ္ဇာ)၊ ငါးရာ ငါးဆယ်သိမ့်တ်ဖွယ်၊ ရန်ကုန်မြို့၊ စာပေဗိမာန်၊ ၁၉၈၈ ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

သက်လိုင်မျိုး

(ခင်ဦးတာရာဦး)

ကကြိုးကရုပ် လူ့တော်ထုပ်

လူဆိုတာ ကောင်းတယ်လို့ ပြောကြရင်စိတ်ဝင်စားကြတယ်။ကောင်းမယ်ဆိုရင် စမ်းကြည့်ချင်ကြတယ်။ အခုကြည့်လေ ၊ တည့်တည့်ကြီးလိမ်နေတာတောင်မှ အလိမ်ခံနေကြတယ်။

ရေးရမှာ ရှက်လည်းရှက်တယ်။ အော့နှလုံးနာတယ်။ ဒါပေမယ့်လည်း ဒါမျိုးတွေက နေရာအတော်များများမှာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရှိနေကြတယ်။ အစစ်တစ်ခု အတုတစ်ထောင်ဆိုသလိုပါပဲ။ အတုအယောင်သမားတွေကြောင့် အစစ်အမှန်သမားတွေ၊ ပညာရှင်တွေကို နစ်နာစေတယ်လေ။

❑

ကိုမင်းဇော်မှာ လက်ကြောတင်းသူတစ်ယောက်မဟုတ်ပေ။ ခေတ်ကာလမှာ ၁၉၅၄ ခုနှစ် ကာလဖြစ်သည့် အလျောက် ကုမ္ပဏီလုပ်ငန်းများလည်းရှိနေသေးရာ အလုပ်လုပ်ချင်ပါက အလုပ်ပေါသည့် အနေအထားတွင်ရှိပါသည်။ ကိုမင်းဇော်၏ဖခင် ဦးတင်ဟန်မှာ ဗဟို တရားရုံးရှေ့နေကြီးဖြစ်သည့်အလျောက် ကုမ္ပဏီကြီးတစ်ခုတွင် ဥပဒေအကြံပေးအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ဦးတင်ဟန်မှာ တစ်ဦးတည်းသောသားဖြစ်သူ ကိုမင်းဇော်အတွက် ရှေ့နေးကို ရင်လေးနေရသည်။

ကိုမင်းဇော်မှာ B.A (မြန်မာစာ) ဘွဲ့ရတစ်ယောက်ဖြစ်သဖြင့် အလုပ်လုပ်ချင်သည်ဆိုပါက အစိုးရဝန်ထမ်းလုပ်မလား၊ ကုမ္ပဏီဝန်ထမ်းလုပ်မလား အလုပ်များကား ပေါများလှပါသည်။

ဖခင်ကိုယ်တိုင်က အသက်(၂၅) နှစ်အရွယ် ကိုမင်းဇော်ကို ပွဲစားယောင်ယောင်ဘာယောင်ယောင်ဖြင့် အချိန်ကုန်မခံလိုပေ။ ပွဲစားဆိုသည်မှာ အများသည့်အတိုင်း ထီးဖြူဖိနပ်ပါး၊ မရေရာသည့်အလုပ်ပင်ဖြစ်လေရာ သတ်သတ်မှတ်မှတ် လခစားအလုပ်တစ်ခုကိုလျှောစေချင်သည်။ သူကိုယ်တိုင်လုပ်သည့်ကုမ္ပဏီမှာလုပ်မလား။ ဒါမှမဟုတ် သူ့သိကျွမ်းခင်မင်သောကုမ္ပဏီများတွင် သားအတွက် အလုပ်ရှာပေးရန်မှာ ခက်အသင့် ကြာအတင့်ပင်ရှိပါသည်။ သို့သော် အလုပ်လုပ်ရမှာ ပျင်းရိသော ကိုမင်းဇော်က သူ့အဖေအလုပ်ရှာ

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမပြောလိုသော်လည်း ယခုတော့ မိန်းမတောင်းပေးပါဟု ပူဆာလေသော အခါ မိဘနှစ်ပါးမှာ ဒေါသထွက်ကြသည်။ ဒေါသထွက်မည်ဆိုပါက ထွက်စရာပင်။ ကိုမင်းဇော်ယူမည့်မိန်းကလေးမှာ ဝင်ငွေမှန်သည့် ကိုမင်းဇော်လို ဘွဲ့ရ ဝန်ထမ်းဆိုပါက ဘာမှမပြောသာသော်လည်း (သားကိုယ်တိုင်က ဝင်ငွေမရှိ၊ အလုပ်မရှိ) ယခုတော့ ရှစ်တန်း တဘုန်းဘုန်းကျကာ ကွမ်းယာရောင်းသည့် မိန်းကလေးကို အဘယ် သားရှင်က သဘောတူပါမည်နည်း။

လွန်ခဲ့သော (၃)နှစ်က ကိုမင်းဇော်မှာ အညာနှင့်ရန်ကုန် ကုန်ကူးချင်သည်ဟုပူဆာသဖြင့် မိဘနှစ်ပါးက ထုတ်ပေးလိုက်သော အရင်းအနှီးငွေများမှာ နှစ်လပင်မခံ ပျောက်ပျက်ဆုံးရှုံးခဲ့သည်။ ပုဆိုးလိုလို၊ မျှစ်ချဉ်လိုလိုနှင့် လုံးပါးပါးခဲ့တော့လည်း အရိုးများသည်၊ ချေးခါးသည်ဟုဆိုကာ အလုပ်ဟူသမျှကို ငြင်းပယ်လေ့ရှိပါသည်။

ခုလည်း ကိုမင်းဇော်တစ်ယောက် အထက်လမ်းဆရာလိုလို၊ အောက်လမ်းဆရာလိုလို ဘိုးတော်ယောင်ယောင် (၃) ယောက်နှင့် အပေါင်းအသင်းဖြစ်လာသဖြင့် မိဘနှစ်ပါးမှာ ကိုမင်းဇော်အတွက် စိုးရိမ်သောကဖြစ်လာရသည်။ သည်ကြားထဲက အဋ္ဌမတန်းပင် မအောင်သော ကွမ်းယာသည်မလေးတစ်ယောက်နှင့် ရည်းစားသနာဖြစ်လာပြန်သဖြင့် တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို မိဘနှစ်ပါးမှာ စိတ်သောကရောက်ရပြန်သည်။

ကွမ်းယာသည်အသိုင်းအဝန်းကို မည်သို့ပြောထားလေသည်မသိ၊ သူတို့အသိုင်းအဝန်းက ကိုမင်းဇော်ကို လူမျိုးသွေးကြီးဟု နေရင်းထိုင်ရင်း အထင်ကြီးနေပြန်သည်။ မိဘနှစ်ပါးပိုင်ဆိုင်သော ဘောက်(စ်)ဝက်ဝွန်ကားလေးနှင့် ဘတ်(စ်)ကားလိုင်းတစ်လိုင်းတွင်သွင်းထားသော ကားကြီးတစ်စီး၊ စုစုပေါင်းကား (၂) စီးကို ကိုမင်းဇော်က သူ့မိဘနှစ်ပါး ပိုင်ဆိုင်သည်ဟုမပြောဘဲ တစ်ဦးတည်းသောသား သူ့ကိုလွဲပေးထားသည်၊ သူတစ်ယောက်တည်းပိုင်ဆိုင်သည်ဟုဆိုကာ ကွမ်းယာသည်အသိုင်းအဝန်းကို လိမ်လည်ကာ ပြောဆိုထားသည်။ ထိုစကားကို ဟိုဘက်ကလည်း အမှန်စကားဟု ယုံကြည်နေသည်။

အလုပ်အကိုင်ရှိနေသည်ဆိုပါက

www.burmeseclassic.com

www.burmeseclassic.com

သည်။ နောက် (၁) နှစ်အကြာတွင် ကြက်မွေးမြူရေးလုပ်ခင်းသည်ဟုဆိုကာ အရင်းအနှီးထုတ်ပေးရန်ပြန်၏။ ဒီတစ်ခါတော့ လက်ကြောတင်းအောင်လုပ်တော့မှာထင်ပါရဲ့ဟုဆိုကာ မိဘနှစ်ပါးမှာ မပံ့မရဲ ငွေကြေးထုတ်ပေးလိုက်ရပြန်သည်။ သို့သော် (၆) လသာကြာသွားသည်။ ကြက်မွေးမြူရေးလုပ်ငန်းမှာ တစ်စတစ်စနှင့် ပရုတ်လုံးလို လုံးပါးပါးကာ ပျောက်ကွယ်သွားခဲ့သည်။

ဟော - အခုတော့ ဘိုးတော်ယောင်ယောင်လူသုံးယောက်နှင့် ကိုမင်းဇော်တစ်ယောက် ဓာတ်ကျလို့နေပါပြီ။ (၄)ယောက်သား တပူးတွဲတွဲဖြင့် ဟိုသွားလိုက်၊ ဒီသွားလိုက်လုပ်ကာ ကိုမင်းဇော်တို့အုပ်စုမှာ လူကြီးမိဘတို့၏ မျက်စိဆပ်မွေးစူးစရာဖြစ်နေပါတော့သည်။

ဒီကြားထဲက ကိုမင်းဇော်မှာ တစ်ခါတစ်ရံ အရက်ကလေးတမြမြနှင့် ဖြစ်နေသေးပေရာ မိဘ(၂)ပါးက အိမ်မှုနှင့်ချလိုသော်လည်း ငါတို့မှာ ဒီသားတစ်ယောက်တည်းရှိပါလားဟု ဆိုကာ စိတ်ကို မနည်းချုပ်တည်းနေရသည်။

ဩော် - ကိုမင်းဇော် မိဘနှစ်ပါးမှာ သားတစ်ယောက်အတွက်နှင့် အတော်ပင် စိတ်ဆင်းရဲနေရပါကော။

❑

ကိုမင်းဇော်နှင့် သူ့သူငယ်ချင်း ဘိုးတော်ယောင်ယောင် (၃) ဦးတို့မှာ ဧရာဝတီတိုင်းဒေသကြီး မြို့လေးတစ်ခုမှ ကျေးရွာတစ်ရွာသို့ သွားရောက်ရန် ပြင်ဆင်နေကြသည်။ ထိုကျေးရွာလေးရှိ တောအုပ်တစ်ခုအတွင်း၌ရှိသော နေရာတစ်နေရာကို သူတို့တူးဖော်ကြရန် ပြင်ဆင်မှုများလုပ်ထားသည်မှာ (၂) လခန့်ကြာမြင့်ခဲ့လေပြီ။ ထိုကျေးရွာသို့လည်း (၇) ခေါက်ခန့်ရောက်ပြီးခဲ့ပြီ။ ထိုရွာသားသန်းလွင်မှာ မြို့သို့ အရောက်အပေါက်ရှိသဖြင့် ရွာသားလူလည်ဟုဆိုက မမှားပါခေ့။

ဒီတောအုပ်တစ်နေရာမှာ ရွှေငွေများတူးဖော်ရအောင်ဆို၍ ဆွယ်၊ တရားဟောသူမှာလည်း သန်းလွင်ကိုယ်တိုင်ပင် ဖြစ်ပါသည်။ သန်းထိုက်၊ စိန်ဝင်း၊ တင်ဝင်းနှင့် မင်းဇော်တို့ ဒီရွာလေးသို့ ရောက်လာခဲ့ပြီ။ ရွာတွင် သုံးရက်ခန့်နေထိုင်စဉ်အတွင်း လူကြီးလက်နှစ်ဖက်ပွေ့မြက်ထုံးကြီးတစ်ထုံးကို ရွာဖွေထားပြီးပြီ။ လိုအပ်သည့်နေ့တွင် အမဲသား (၁၅) ပိဿာရရှိရန်လည်း စီမံဆောင်ရွက်ပြီးဖြစ်ပါသည်။ သန်းလွင်က အာမခံသဖြင့် ကျေးရွာရှိ အိမ်အတော်များများက ရွှေတစ်မတ်သား၊ ငါးမူးသားရှိ လက်စွပ်၊ နားတောင်း၊ ဆွဲကြိုးများလည်း စုဆောင်းရရှိပြီးပါပြီ။ စုစုပေါင်း ရွှေတစ်ပိဿာခန့် ပင်ရှိပါသည်။ ထိုအထဲတွင် တစ်ကျပ်သား ရွှေတုံးကလေး (၁၀) တုံးနှင့် တစ်ကျပ်သား ရွှေဆွဲကြိုး (၅) ကုံးလည်း ပါဝင်ပါသည်။ သန်းလွင်နှင့်အဖွဲ့က-

"ယုံကြည်မှုပေးပါ၊ မယုံကြည်ရင် မပေးပါနဲ့။ ခင်ဗျားတို့ အခု ရွှေ (၁)ကျပ်သားပေးတယ်နော်။ ကိစ္စပြီးလို့ အောင်မြင်တာနဲ့ ခင်ဗျားတို့ကို အခုပေးထားတဲ့ရွှေရဲ့ (၃) ဆ၊ (၃) ကျပ်သားပြန်ပေးမှာပါ။ ငါးမူးသားပေးထားတဲ့သူက ရွှေတစ်ကျပ်ခွဲသား ပြန်လည်ရရှိမယ်။ တစ်ကျပ်သားရွှေတုံးတစ်တုံးပေးထားတဲ့သူက (၃) ကျပ်သား ရွှေတုံးပြန်ရမယ်။ ကျုပ်တို့က အပြောမဟုတ်ဘူး၊ လက်တွေ့ဆောင်ရွက်မှာ။ စောင့်ကြည့်ပေါ့ဗျာ"

ဟု ပြောဆိုသဖြင့် ရွာသူရွာသားများမှာ ယုံကြည်ကာ သူတို့၏ ရှိစုမဲ့စုရွှေများကို ပေးအပ်လိုက်ခြင်းပင်။ ထို့ပြင် သူတို့ရွာသား သန်းလွင်က ဒီအဖွဲ့မှာ ခေါင်းဆောင်ဆိုတော့ ပို၍ ယုံကြည်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ကိုမင်းဇော်တို့ အလုပ်စတင်လုပ်ဆောင်မည့်ညမှာ ယခုလာမည့်လကွယ်ညပင်ဖြစ်ပါသည်။

လကွယ်ည သန်းခေါင်ယံ ပိန်းပိန်းပိတ်အောင် မှောင်နေသော်လည်း ဒီတောအုပ်ကလေးမှာ ယခုတော့ မီးတုတ်ကြီးများနှင့်ထိန်လင်းလျှံနေပါသည်။ ဒီနေရာတွင် ယောကျ်ားလက်နှစ်ဖက်လုံးပတ်နှစ်ဆရှိသော ကညင်ပင်ကြီးတစ်ပင်ရှိပါသည်။ ကညင်ပင်ကြီးရှေ့တွင် အလျား (၄) ပေ၊ အနံ (၂) ပေ၊ အမြင့်(၂)ပေရှိသော စားပွဲခုံ(၃)လုံးကို အလျားလိုက် စီတန်းထားပါသည်။ ထိုစားပွဲများပေါ်တွင် အုန်းပွဲ၊ ငှက်ပျောပွဲ၊ ကန်တော့ပွဲ (၃) ပွဲ ပြင်ဆင်ထားပါသည်။ ဖယောင်းတိုင်ဆီမီးများ၊ အမွှေးတိုင်များ ပူဇော်ထားပါသည်။ ဖန်ခွက်တစ်ခွက်ထဲတွင် တစ်ဝက်ခန့် နှံ့သာရည်များရှိနေပါသည်။ သပြေပန်း (၃) ခက်လည်း ထည့်ထားပါသည်။ လကွယ်ည (၁၂) နာရီဆိုသော်လည်း ရွာသူရွာသား (၂၀၀)ခန့် ထိန်ညီးသောမီးတုတ်များနှင့် ဒီအခမ်းအနားသို့ ရောက်ရှိနေကြပါသည်။

သန်းထိုက်၊ စိန်ဝင်း၊ တင်ဝင်းနှင့် ကိုမင်းဇော်တို့မှာ အပေါ်အောက်ဝတ်ဖြူစင်ကြယ်နှင့် ဘုရားကို ရည်မှန်းကာ ရှိခိုးနေကြပါသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုးများကို မေတ္တာပို့၊ အမျှဝေနေကြပါသည်။ သူတို့လုပ်ငန်းအောင်မြင်စေရန်အတွက်လည်း ပြင်းမကျည်တော်မူပါဟုလည်း တိုင်တည်ဆုတောင်းနေကြပါသည်။

ကိုမင်းဇော်က -

"ရွာသူရွာသားများခင်ဗျား၊ ကျွန်တော်တို့လုပ်ငန်းက ကောင်းရာမွန်ရာကို လုပ်ပေမယ့် အနောင့်အယှက် အဟန့်အတားတွေရှိမှာမို့လို့ ကျွန်တော်တို့ စည်းဝိုင်းဝိုင်းပါမယ်။ ပရိသတ်တွေက ဒီစည်းဝိုင်းထဲမှာပဲနေကြပါ။ ကြောက်လန့်စရာဘယ်လိုပဲတွေ့တွေ့ ဒီစည်းဝိုင်းထဲက မထွက်ပါနဲ့။ စည်းဝိုင်းထဲမှာသာနေကြပါ။ ဘာမှအန္တရာယ်မရှိပါဘူး။ တကယ်လို့ တစ်စုံတစ်ယောက်က စည်းဝိုင်းအပြင်ဘက်ကိုထွက်သွားရင် ကျွန်တော်တို့ (၄) ယောက် ဒုက္ခရောက်မှာပါ။ အဲဒါကြောင့် ပရိသတ်ထဲကဘယ်လိုပဲကြောက်လန့်စရာတွေ့တွေ့ စည်းဝိုင်းအပြင်ဘက်ကိုမထွက်ဖို့ အထူးတားမြစ်ပါတယ်"

ဟု ဆိုကာ အခမ်းအနားမစမီကပင် ထုံးမှုန့်များနှင့် ပတ်ပတ်လည် စည်းဝိုင်းကြီးတစ်ခု မှတ်သားထားပြီးဖြစ်ပါသည်။ ထိုစည်းဝိုင်းကြီးမှာ အချင်းပေ (၁၀၀) ခန့်ရှိ ထုံးမှုန့်စည်းဝိုင်းကြီးပင်ဖြစ်သည်။

သက်ဆိုင်ရာတို့ကို မေတ္တာပို့အမျှဝေပြီးသည့်အချိန်တွင် ည(၁)နာရီခန့်ရှိနေပါပြီ။ အောင်မြင်ခဲ့ညားသောအသံကြီးဖြင့် ကိုမင်းဇော်က -

"ရွာသူရွာသားများခင်ဗျား၊ ခုနကကျွန်တော်ပြောထားတဲ့အတိုင်း အထူးသတိထားပါ။ ကျွန်တော်တို့ ဒီနေ့ ပထမနေ့အောင်ပွဲရမယ့်နေ့"

ဟု ဆိုပြီးနောက် သူတို့ (၄) ယောက် တတွတ်တွတ်ဖြင့် ဂါထာများကို ရွတ်ဆိုနေကြသည်။ ပီပီသသမတ္ထရ၊ ပါးစပ်လှုပ်ရုံသာ။

ကိုစိန်ဝင်းနှင့် ကိုတင်ဝင်းတို့က သူတို့အနီးတွင် မြက်ထုံးကြီးတစ်ထုံးကို ဆောင်ထားကြသည်။ ခဏအကြာတွင် အဖွဲ့ခေါင်းဆောင် ကိုသန်းထိုက အောင်မြင်သောအသံကြီးဖြင့် -

"ဒီနေရာ ရွှေတွင်းတွေကို စောင့်ရှောက်တဲ့ ကျွန်တော်မင်းကြီးခင်ဗျား၊ ထွက်တော်တို့ကိုကူညီပါ"

ဟု ပြောလိုက်သည်နှင့်တပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com

တည်ပင်ကြီးနံဘေးမှ နက်မှောင်သော တိုယ်ထည်ကြီး၊ မူလပုံမှန်ကျဲထက် ငါးဆခန့် ကြီးမားသော ကျွဲနက်ကြီးတစ်ကောင်၊ ကြီးမား၍ ဝင်းဝင်းတောက်နေသောမျက်လုံးအစုံနှင့် ကြောက်လန့်စရာ ကျွဲနက်ကြီးမှာ ကိုမင်းဇော်တို့ (၄) ယောက်ရှေ့သို့ ပေါ် ပေါက်လာပါသည်။ ကျွဲကြီးမှာ ရန်လိုသောမျက်နှာနှင့် ကြီးမားကျယ်ပြန့်လှသော ချိုကြီးနှစ်ချောင်းမှာလည်း မိုးကောင်းကင်သို့ ကော့ပျံတော့မလိုဖြစ်နေပါသည်။ တချိန်ချိန်နှင့် နှာမှုတ်နေသောကျွဲကြီးမှာ စည်းဝိုင်းအတွင်းသို့ ဝင်လိုသော်လည်း ဝင်လို့မရဖြစ်နေပါသည်။

ကိုမင်းဇော်တို့ (၄)ယောက်နှင့် ရွာသူရွာသား ပရိသတ်တို့မှာ စည်းဝိုင်းထဲတွင် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်ကုန်၍နေကြပါသည်။ သူတို့၏မျက်နှာများမှာလည်း ဖြူရော်လျက် သွေးဆုတ်နေသည်သဘောပင်။ သူတို့အားလုံး အလွန်ဝင်ကြောက်ရွံ့တုန်လှုပ်လျက်ရှိပါသည်။

ထိုစဉ် ကိုသန်းထိုက်မှ -

"ဟေ့ - မင်းတို့ ဘာလုပ်နေတာတုံး။ စိန်ဝင်းနဲ့ တင်ဝင်း၊ ကျဲကြီးကို မြက်ထုံးကြီး ပစ်ကွေးလိုက်လေကွာ"

ဟု ဆိုသဖြင့် သူတို့က -

"အရှင်ကျွဲနတ်မင်းကြီး၊ မြက်ထုံးကြီးကို ယူဆောင်စားသောက်တော်မူပါ"

ဟု ဆိုကာ မြက်ထုံးကြီးကို ပစ်တွေးလိုက်ပါသည်။ကျွဲနက်ကြီးမှာလည်း မြက်ထုံးကြီးကိုကိုက်ခဲကာ ဗျောက်ဖွယ်သွားပါတော့သည်။ ကျွဲနက်ကြီး၏ သူပ်ရှားမှုအရှိန်အဟုန်ကြောင့် အနီးအနားတွင်ရှိသော သစ်ပင်များမှာလည်း ဝေခန့်အော်မြည်ကာ လှုပ်ရှားယိမ်းထိုးလျက် ကျန်ရစ်ခဲ့ပါသည်။

ကိုသန်းထိုက်မှာ ကြောက်ရွံ့တုန်လှုပ်နေသော်လည်း ဝမ်းသာပျော်ရွှင်သောမျက်နှာထားနှင့် -

ရွာသူရွာသားများခင်ဗျား၊ အခုထိမနေ့မှာ ပထမရန်သူ၊ အမှန်တော့ ရန်သူမဟုတ်ပါဘူး။ ဒီနေရာပိုင်နက်ရဲ့ အစောင့်အရှောက် ကျွဲနတ်မင်းကြီးရဲ့ သွေးတိုးစမ်းတာတော့ ပြီးဆုံးသွားပါပြီ။ ဒီတော့ ကျွန်တော်တို့ကိုပေးထားတဲ့ အပ်မက်အတိုင်း ပထမနေ့ကိစ္စတော့ အောင်မြင်ခဲ့ပါပြီ။ ဒါကြောင့် ရွာသူရွာသားတွေအနေနဲ့ အိမ်ကို အသီးသီးပြန်နိုင်ကြပါပြီ။ ကျွန်တော်တို့လည်း ခင်ဗျားတို့နဲ့အတူ ပြန်လိုက်ကြမှာပါ"

ဟုဆိုကာ သူတို့အားလုံး ရွာထဲသို့ ပြန်ဝင်ခဲ့ကြပါသည်။ ထိုနေရာနှင့်ရွာမှ (၁)နာရီခန့် လမ်းလျှောက်သွားရသဖြင့် သူတို့အားလုံး ရွာကိုပြန်ရောက်တော့ နံနက်(၄)နာရီပင် ထိုးနေပါပြီ။

နောက်တစ်နေ့ ညနေ ရွာထဲတွင် နွားတစ်ကောင်သတ်၍ အမဲပေါ် ပါသည်။ (၁၅)ပိသာခန့်ရှိ အမဲသားအတွဲကြီးကို လည်း နီးကြိုးကြီးကြီးဖြင့် ချည်နှောင်ကာ အဆင်သင့်ပြင်ဆင်ကာ တောင်းကြီးတစ်ဖောင်းထဲသို့ ထည့်ထားပါသည်။ တောင်းကြီးအပေါ်က စကောနှင့် အုပ်ဆိုင်းထားပါသည်။

ယခု ဒုတိယညတွင်လည်း ည(၁၁)နာရီခန့်ကပင် ရွာသူရွာသားများနှင့် ကိုမင်းဇော်တို့ (၄)ယောက်ရောက်ရှိကာ အခမ်းအနားသို့စတင်နေပါပြီ။ လမသာ၊ ကြယ်ရောင်မလင်းသော်လည်း မီးတုတ်ကြီးများနှင့် ထိန်ထိန်လင်းနေပါသည်။ ဒီညလည်း ထုံးစံအတိုင်းပင် ကိုသန်းထိုက်က-

"စည်းဝိုင်းအတွင်းထဲမှာပဲနေကြပါ။ စည်းဝိုင်းအပြင်ဘက်ကို ဘာအကြောင်းနဲ့ဘဲဖြစ်ဖြစ် မထွက်ဖို့အထူးသတိထားပါ"

ဟု ရွာသားတွေကို ပြောဆိုနေပါသည်။ သက်ဆိုင်ရာတို့ကို မေတ္တာပို့အမျှဝေပြီး ကိုမင်းဇော်တို့ဂါထာရွတ်ဆိုနေကြစဉ်မှာပင် အဝါ၊ အနီ၊ အနက် အစင်းကျားကြီးနှင့် သဘမန်ထက် (၅) ဆခန့် ကြီးမား တုတ်ခိုင်သော ကျားကြီးတစ်ကောင်၊ နှုတ်ခမ်းမွေးကားကား၊ တောက်ပစူးရှသော မျက်လုံးကြီးများနှင့် မာန်ဖီကာ ပေါ် လာပါသည်။ကျားကြီးက စည်းဝိုင်းအတွင်းသို့ ဝင်ရောက်လိုသော်လည်း လုံးဝ ဝင်ခွင့်မရ၊ သန်းထိုက်၊ စိန်ဝင်းနှင့် တင်ဝင်းတို့က သူတို့အနီးရှိ တောင်းကြီးထဲမှ အမဲသားတုံးကြီးကို ပစ်ကွေးလိုက်သောအခါ ကြီးမားလှသောကျားကြီးမှာ အမဲသားတုံးကြီးကိုကိုက်ခဲလျက် တောနက်ထဲသို့ ဝင်ရောက် ပြေးလွှားသွားပါတော့သည်။

အနီးအနားတွင်ရှိသော သစ်ပင်ကြီးငယ်တို့မှာလည်း မနေ့ကအတိုင်းပင် ဝေါ ဝေါ ဝေါ ဟု သုံးခါအော်မြည်လျက် လှုပ်ရှားယိမ်းထိုးကျန်ခဲ့ပါသည်။ ထိုသို့ဖြစ်ပျက်ပြီးနောက် ကိုမင်းဇော်က ရွာသူရွာသားများကို -

"ရွာသူရွာသားများခင်ဗျား၊ ဘယ်လိုဘဲ ကြောက်လန့်စရာကောင်းပေမယ့် ရဲရဲရင့်ရင့် ကျားကြီးကို ရင်ဆိုင်လို့ စည်းဝိုင်းအတွင်းထဲမှာနေပေးကြတာကို ကျေးဇူးအရမ်းတင်ပါတယ်။ ကျွန်တော်တို့ရဲ့ အိပ်မက်အရဆိုရင် ဒီဒုတိယနေ့ အစီအစဉ်လည်း အောင်မြင်ခဲ့ပါပြီ။ ဒီနေရာကို စောင့်ရှောက်တဲ့ ကျားနတ်မင်းကြီးတလည်း အနှောင့်အယှက်မပေးဘဲ ထွက်သွားခဲ့ပါပြီ။ မနက်ဖြန် နောက်ဆုံးတတိယနေ့မှာပေါ် ပေါက်လာမယ့် နတ်မင်းကြီးကို ကျွန်တော်တို့စုဆောင်းထားတဲ့ ရွှေတွေကိုဆက်သပြီးရင် ဒီနေရာကို ထူးဖော်လို့ရပါပြီ။ ရွှေတွေအမြောက်အမြားရရှိမှာ အမှန်ပါပဲ။ အဲဒီတော့ တစ်ဆက်တည်းပြောရရင် ရွှေသုံးဆလို ချင်တဲ့သူတွေကျန်နေဦးမှာပါ။ဒါကြောင့် မနက်ဖြန် နေ့လယ်ပိုင်းထိ ကျွန်တော်တို့ဆီ လာပေးချင်လည်း လာပေးလို့ရပါတယ်။ ရွှေ (၃)ဆလိုချင်ရင်ပြောတာပါ။ လာမပေးလို့လည်း ဘာမှမဖြစ်ပါဘူး။ (၃)ဆမရရုံပါဘဲ။ကဲ - ကျွန်တော်ပြောချင်တာ ဒါပါပဲ။ ပြန်ကြတာပေါ့ဗျာ

ဟု ပြောဆိုလျက် သူတို့အားလုံး ရွာသူရွာသားများနှင့်အတူ ရွာထဲသို့ ပြန်လည်ဝင်ရောက်သွားကြပါသည်။

နောက်တစ်နေ့နံနက်တွင် ရွာသူရွာသားတို့မှာ အုပ်စုလိုက်တီးတိုးတီးတိုး သဖန်းပိုးပြောနေကြသည်မှာ-

"အေး- လွန်ခဲ့တဲ့ (၅)နှစ်တုန်းက ရောက်လာတဲ့ဘိုးတော်တွေက ဒီနေရာမှာ ရွှေတွေလာတူးတာ ဘာမှမရသဘဲ အဲဒီနေရာမှာ ပိုးထိ (မြွေကိုက်)၊ ကျားကိုက်လို့ အားလုံးသေကုန်ခဲ့ရတယ်။ အခု ဒီတစ်ခါရောက်လာတဲ့ သူတို့ (၄) ယောက်ကတော့ သဲစွာရှိတယ်၊ အစွမ်းထက်ပုံရတယ်။ အခု သူတို့ ပထမရတာ၊ ဒုတိယရော် အောင်မြင်သွားကြပြီ။ အခု ဒီနေ့ည ကျိန်းသေ အောင်မြင်မှာပါ။ ဒါကြောင့် ငါတို့လည်း အချိန်မီလေးမှာ ရှိတဲ့ရွှေလေး (၃)ဆရအောင် သွားပေးကြရအောင်"

ဟု ရွာသူရွာသားအချို့က ပြောဆိုလျက် ကိုမင်းဇော်တို့ထံ လာရောက်ပေးအပ်ကြသည်။ သူတို့ဦးစီးစုဆောင်းလာအပ်သော ရွှေ (၃၀) ကျပ်သားကို နာမည်နှင့်တကွ အတိအကျစာရင်းသွင်းကာ ကိုမင်းဇော်တို့က လက်ခံခဲ့ပါသည်။

ဒီည (၁၁)နာရီခန့်တွင် ယခင်ညများထက် ပရိသတ် (၁၀၀) ခန့် ပိုမိုလာရောက်ပါသည်။ ရွာသူရွာသားတို့ကလည်း ဒီပွဲကို ပိုမိုစိတ်ဝင်စားလာသည့် သဘောပင်ဖြစ်ပါသည်။ ထိန်ထိန်ညီးနေသောမီးတုတ်ကြီးများအောက်ဝယ် ရွာသူရွာသား (၃၀၀)ခန့် ရောက်ရှိနေကြ

www.burmeseclassic.com

www.burmeseclassic.com

ပါပြီ။ စည်းဝိုင်းအတွင်းဝယ် ပရိသတ်တို့ ကျပ်ကျပ်သပ်သပ် ထိုင်နေကြပါသည်။ ယနေ့ည အင်အားများလှသောပရိသတ်ကိုကြည့်၍ ကိုမင်းဇော်က အဖွဲ့ခေါင်း ဆောင်ကိုသန်းထိုက်ကို -

"ဟေ့ကောင် သန်းထိုက်၊ စည်းဝိုင်းထဲမှာ ပရိသတ်တွေ ကျပ်ညပ်နေတယ်။ ဒါကြောင့် စည်းဝိုင်းအသစ်ဆွဲပြီး ထပ်ချဲ့လိုက်ရအောင်။ စည်းဝိုင်းထပ်ချဲ့ဖို့ မြေနေရာလည်းရှိတာပဲ"

ဟုဆိုသော်လည်း သန်းထိုက်၊ စိန်ဝင်းနှင့် ဘိုထိန်တို့က-

"ဒီညနောက်ဆုံးပဲ။ ငါတို့မနက်ဖြန် ရွှေတွေရတော့မယ်။ ရွာသူရွာသားတွေလည်း ရှေ့ (၃) ဆရလို့ ပျော်ရွှင်နေကြမှာကို မြင်ယောင်နေသေးတယ်"

ဟု ပြောဆိုခဲ့ကြပါသည်။

ထို့နောက် -

"ကဲ၊ ကဲ- ငါတို့အခမ်းအနားစလိုက်ကြရအောင်"

ဟု ဆိုကာ ထုံးစံအတိုင်း သက်ဆိုင်ရာတို့ကို အုန်းပွဲ၊ ငှက်ပျောပွဲတို့ဖြင့် ပသပြီး မေတ္တာပို့၊ အမျှဝေလိုက်ပါသည်။ အမွှေးနံ့သာတိုင်မှ အမွှေးနံ့များက သင်းပျံ့လျက်။ သပြေခက်နှင့် နံ့သာရည်များကို ကိုမင်းဇော်က ကန်တော့ပွဲများအနီး တစ်ဝိုက် ပက်ဖျန်းနေပါသည်။

ထို့နောက် ကိုမင်းဇော်က အောင်မြင်ခဲ့ညားဝမ်းသာအသံဖြင့် -

"ရွာသူရွာသားများခင်ဗျား၊ ဒီညမှာလည်း ပထမည၊ ဒုတိယညများလို ကြောက်လန့်စရာ ပေါ်လာခဲ့ရင်လည်း မကြောက်ကြပါနဲ့၊ မလန့်ကြပါနဲ့။ ခင်ဗျားတို့လက်ထဲမှာ မီးတုတ်တွေကိုယ် စီရှိနေကြတာပဲ။ စည်းဝိုင်းထဲကနေ အပြင်ကို လုံးဝလုံးဝမထွက်ကြပါနဲ့။ ဒီညဟာ နောက်ဆုံးညဖြစ်သလို အင်မတန် အရေးကြီးတဲ့ညလည်း ဖြစ်ပါတယ်။ ဒါကြောင့် ရွာသူရွာသားတို့ဟာ ဒီညမှာလည်း ဆက်လက်ပြီး ရဲရင့်လိုက်ကြပါဦး"

ဟု ပြောဆိုလိုက်သော်အခါ ရွာသူရွာသားအားလုံးက -

"စိတ်ချပါ စိတ်ချပါ"

ဟု တညီတညွတ်တည်း အားမာန်ပါပါဖြင့် ပြန်ဖြေလိုက်ကြပါသည်။

ထို့နောက် ကိုသန်းထိုက်က ဝမ်းသာပျော်ရွှင်သောအော်သံကြီးဖြင့် -

"ဒီနေရာကိုစောင့်တဲ့ အစောင့်အရှောက်နတ်မင်းကြီးခင်ဗျား၊ ကျွန်တော်တို့ကို ကူညီစောင့်ရှောက် မှီငြိုးမတော်မူပါ"

ဟု ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် အာခံတွင်းမှ မီးလျှံတည်းညီးနှင့် ကြီးမား သောနဂါးကြီးမှာ ကသစ်ပင်ခြေရင်းမှ ပေါ်လာတော့တော်။ နဂါးကြီး၏အမောက် ကြီးက ကြောက်စရာကောင်းသလို အရှစ်အရှစ်ထနေသော (၅) ပေပတ်လည် လုံးပတ်ကိုယ်လုံးကြီး၊ ရှစ်ခွေနေသောကိုယ်လုံးကြီးကို တဖြည်းဖြည်းဆန့်ထုတ်ရင်း အမြင့်ပေ ဝါးတစ်ပြန်ခန့် ပါးပျဉ်းခွက်ကြီးနှင့် ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ နဂါးကြီးအာခံတွင်းထဲမှ မီးလျှံများပျောက်ကွယ်သွားကာ မည်းနက်နေသောမီးခိုးများက ဝေ့ဝိုက်နေသောလေပြင်းကြီးသဏ္ဌာန်ဖြစ်ပေါ်ကာ ရွာသူရွာသားများဘက်သို့ မှုတ်ထုတ်လိုက်ပါတော့သည်။ ရွာသူရွာသားတို့ကိုင်ဆောင်ထားသော မီးတုတ်များမှာ ငြိမ်းသွားလျက် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းကာ ရုတ်ရုတ်သဲသဲဖြစ်လျက် ရွာသားအချို့မှာ စည်းဝိုင်းအပြင်ဘက်သို့ ပြေးထွက်သွားကြပါသည်။

ကိုမင်းဇော်နှင့် ကိုဘိုထိန်တို့က -

"စည်းဖောက်ပြီ၊ စည်းဖောက်ပြီ။ အားလုံးတော့ ဒုက္ခရောက်ပါပြီ"

ဟု အော်ဟစ်ပြောဆိုနေစဉ်မှာပင် နဂါးကြီးပါးစပ်ထဲမှ မီးရောင်တို့ လင်းလက်လာသဖြင့် ကိုမင်းဇော်က -

"ကဲကဲ - ရွှေတွေ နဂါးကြီးကို ကျွေးလိုက်လေကွာ"

ဟု ပြောဆိုသဖြင့် ကိုစိန်ဝင်းမှာ (၁) ပိဿာ၊ (၃၀) ကျပ်သားခန့်ရှိသော အဝတ်နှင့်ထုပ်ပိုးထားသည့် ရွှေနားတောင်း၊ ရွှေတိုး၊ ရွှေဆွဲကြိုးအထုပ်ကြီးကို နဂါးကြီးဘက်သို့ ပစ်ကျွေးလိုက်သည်နှင့် နဂါးကြီးမှာ ရွှေထုပ်ကြီးနှင့်တကွ ကိုစိန်ဝင်းကိုပါ ဝါးမျိုပြီး ဝေါခနဲ အော်မြည်လျက် နောက်ဆုတ် ပျောက်ကွယ်သွားပါတော့သည်။

ကိုမင်းဇော်တို့နှင့် ရွာသူရွာသား အားလုံးမှာ ဟာခန၊ ဟင်ခနဖြစ်ကာ ထူးဆန်းအံ့သြနေလျက် အများစုမှာ ကမ္ဘာပျက်နေသည့်အလား စည်းဝိုင်းထဲမှ အပြင်သို့ထွက်ရောက်ကာ သူတို့ရွာညောင်ပင်သာရွာဆီသို့ အမောတကော ပြေးလွှားသွားနေကြပါသည်။ အော်ဟစ်ငိုယိုနေကြဝါသည်။ ကြောက်ရွံ့တုန်လှုပ်နေကြပါသည်။

"ကိုစိန်ဝင်းတစ်ယောက်တော့ နဂါးကြီးက ငုံမျိုသွားပြီ၊ သေသွားပြီ"

ဟု တမ်းတငိုယိုကာ ရွာသူရွာသားတို့မှာပြေးလွှားလျက် ဆောက်တည်ရာမရဖြစ်နေပါသည်။

ကိုတင်ဝင်း၊ ကိုသန်းထိုက်၊ ကိုမင်းဇော်တို့နှင့် ရွာသူရွာသားတို့ နဂါးကြီးကို တောနက်ထဲထွင် လိုက်ရှာကြသော်လည်း လုံးဝရှာမတွေ့။ ကိုစိန်ဝင်း အလောင်းကိုလည်း လုံးဝရှာမတွေ့ပါ။ (၂)နာရီခန့် နှံ့နှံ့စပ်စပ်ရှာဖွေသော်လည်း ရှာမတွေ့၊ မျော်ရုံသာအဖတ်တင်ခဲ့သည်။ သူတို့ ညောင်ပင်သာရွာကို ပြန်ရောက်တော့ နံနက် (၆)နာရီကျော်ခဲ့ပြီ။ မိုးစင်စင်လင်းခဲ့ပြီ။ သူတို့အားလုံးတွင် အများစုမှာ မအိပ်နိုင်ကြသေးဘဲ ကိုစိန်ဝင်းကို နဂါးကြီးငုံမျိုသည့်အကြောင်း၊ ကိုစိန်ဝင်းမှာ မသေသင့်ဘဲ သေဆုံးသွားရသည့်အကြောင်း၊ အလောင်းလည်း ရှာမတွေ့သည့်အကြောင်းကို ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်၍ နေတော့သည်။

ရိုးသားသော ရွာသူရွာသားများဖြစ်သည့်အားလျော်စွာ -

"လူတစ်ယောက်လုံးတောင် သေသွားရတာပဲ။ ရွှေတစ်ပိဿာသုံးဆယ်ဆုံးရှုံးတာကိုတော့ ထည့်မတွက်တော့ပါဘူး"

ဟု တရားနှင့်ဖြေလိုက်ကြလေသည်။

ထူးတော့ထူးဆန်းပါသည်။ ထို့အဖြစ်အပျက် ဖြစ်ပွားပြီးနောက် (၁)နှစ်ခန့်အကြာတွင် နဂါးကြီးမျိုသွားသည့် ကိုစိန်ဝင်းကို မော်လမြိုင်မြို့တွင် တွေ့လိုက်ရသည်ဟု အချို့က ပြောပြတော့ ကိုမင်းဇော်တို့ရွာသားတို့မှာ အံ့သြနေကြပါသည်။ မော်လမြိုင်မြို့သို့လည်း သွားရောက်မစုံစမ်းကြတော့ပါ။ နာမည်တူ လူတူသာဖြစ်လိမ့်မည်ဟု စွဲမှတ်ထားလိုက်ကြပါတော့သည်။

❑

ယခုတော့ ကိုမင်းဇော်မိဘများလည်း တိမ်းပါးသွားခဲ့ပါပြီ။ ကွမ်းယာသည်နှင့် အိမ်ထောင်ကျခဲ့သော ကိုမင်းဇော်မှာ ကွမ်းယာနှင့်အကျိုးပေးသည်ဟု ဆိုရပေမည်။ လှိုင်သာယာတွင် ကြီးပွားလျက်ရှိပါသည်။ ကိုသန်းထိုက်မှာမူ ဘယ်သို့ရောက်နေသည်မသိ။ မတွေ့တာ အနှစ် (၂၀) ကျော်ခဲ့ပြီ။ ယခုရှိလျှင် အဘဦးသန်းထိုက် အသက် (၈၀)ကျော်လောက်ပါပြီ။ အဘဦးတင်ဝင်းကိုတော့ တစ်နေ့ကတွေ့လိုက်သေးသည်။

သက်လိုင်ဦး

(စက်မှုတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာစရဖြန်မော့အင်္ဂရတ်ပညာ

ဆရာဦးဆက်ထွန်းလင်း

(အောပူဒေ့ဒ)

၁၈

ဝိဇ္ဇာစရပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ

ပြီးခဲ့သောကာလကဖော်ပြခဲ့သည့်အတိုင်း ဘုရားပုထိုးစေတီပျက်များနှင့်ဆက်သက်၍ မူလဘုရားဒကာဖြစ်သူ သဘောထားဆန္ဒများဖြစ်သည့် ဆောင်းများ၊ ကျိန်စာများကို ထည့်သွင်းစဉ်းစားရန် ပဓာနကျကြောင်း ဆိုခဲ့ပြီးဖြစ်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိကိုယ်မိမိ ဝိဇ္ဇာစရပညာရှင် ဘုရားသားတော်ပဲ ဟူ၍ ဘာကိုမှ ဆိုတ်စရာမလိုဟု သဘောမထားသင့်ထိုကိစ္စမျိုးကား မည်သည့်ပုဂ္ဂိုလ်အတွက်စားပင်ဖြစ်ပါစေ - ကောင်းစွာဆင်ခြင်တုံတရားနှင့်စဉ်းစားသင့်နာနိုင်သည်ကို သတိပြုရပါလိမ့်မည်။

အချို့သော သူများက ဘုရားပြည်သည့်ကိစ္စကို ခပ်ပေါ့ပေါ့ယူဆကြသည်လည်းရှိ၏။ အရေးမကြီးဟုထင်မြင်ယူဆကြသည်လည်းရှိ၏။ အချို့ကဆိုလျှင် 'ဘုရားတွေအများကြီးတည်ပြီး သာသနာမတည်ရင် ဘာမှမထူးပါဘူး' ဆိုကြသည်လည်းရှိကြ၏။ အမှန်တကယ် သုံးသပ်ကြည့်ပါက ဘုရားတည်ခြင်းကိစ္စသည် ဗုဒ္ဓသာသနာအဖို့ အရေးကြီးသည့် အကြောင်းတရားများထဲတွင် ပါဝင်ပါသည်။ ဗုဒ္ဓသာသနာ၏ ရုပ်နှင့်နာမ်အပိုင်းနှစ်စလုံးသည် ဖွံ့ဖြိုးတိုးတက်ရန်၊ စည်ပင်ရန်၊ ဖွံ့ဖြိုးရန်လိုအပ်ပါသည်။ ရုပ်ပိုင်းရော နာမ်ပိုင်းပါဟန်ချက်ညီရန် လိုအပ်ပါသည်။ ဗုဒ္ဓသာသနာ၏ နာမ်ပိုင်းတွင် သီလ၊ သမာဓိ၊ ပညာတို့ အရေးကြီးသကဲ့သို့ ဗုဒ္ဓသာသနာ၏ ရုပ်ပိုင်းတွင် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ သိမ်၊ မဏ္ဍာရုံ၊ တန်ဆောင်း စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာတို့သည် အရေးကြီးလှပါသည်။ ၎င်းတို့သည် ဗုဒ္ဓသာသနာတော်အဆောင်အယောင်များ၊ ဂုဏ်ဒြပ်များ၊ ပြယုဂ်များဟုလည်း ဆိုရပါမည်။ ၎င်းတို့ကို သာသနိကအဆောက်အအုံများဟုလည်း ဆိုကြပါသည်။ အဆိုပါသာသနိကအဆောက်အအုံများလေတွင်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားစေတီပုထိုးတို့သည် အရေးကြီးဆုံးပင် ဖြစ်၏။

ဘုရားစေတီပုထိုးတို့ ဟူသည် အခြားသောသာသနိကအဆောက်အအုံများနှင့်မတူဘဲ နှစ်ပေါင်းရာထောင်ချီအောင် သက်တမ်းရှိသော ရုပ်ဖြဝိပများဖြစ်သဖြင့် ဗုဒ္ဓသာသနာတော်၏ဂုဏ်ကို နှစ်ပေါင်းရာစုထောင်ချီအောင်ဖော်ဆောင်ထိန်းသိမ်းမည်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓသာသနာအပေါ်၌ မိမိတို့ မည်မျှယုံကြည်သက်ဝင်ကြောင်း၊ ကြည်ညိုမှုရှိကြောင်းကို ဘုရားစေတီပုထိုးတို့၏ ကြီးကျယ်ခမ်းနားမှု၊ တန်ခိုးကြီးမှုတို့မှတစ်ဆင့် ဖော်ထုတ်ပြသမှုဆိုင်ရာ သင်္ကေတတစ်ရပ်လည်းဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်ဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ရေချိန်တိုင်းတာလိုသည်ဆိုပါက -

အကြင်ဒေသတစ်ခုတွင် ဗုဒ္ဓသာသနာတော်မည်မျှထွန်းကားစည်ပင်ခဲ့သနည်းဟူသည်ကို ထိုဒေသရှိ ဘုရားစေတီပုထိုးတို့၏ ဖြစ်ထွန်းတည်ရှိမှုစံနှုန်းတိုင်းတာနိုင်မည်ဖြစ်၏။

ထို့ကြောင့် ဘုရားစေတီပုထိုးတို့သည် ဗုဒ္ဓသာသနာတော်၏ စံဖြစ်သကဲ့သို့ ရေချိန်လည်းဖြစ်သည်ဟု ဆိုရပါမည်။

သာကေအားဖြင့် လက်ရှိ ကမ္ဘာ့ဒေသနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသည် ယနေ့အချိန်တွင် မွတ်စလင်နိုင်ငံများဖြစ်နေကြသော်လည်း ထိုနိုင်ငံများရှိ ဟောဓေဘုရုစေတီပုထိုးတော်ကြီးကိုကြည့်၍လည်းကောင်း၊ ဗာမီယန်ရုပ်ပွားတော်ကြီးများကိုကြည့်၍လည်းကောင်း ဤဒေသတို့သည် တစ်ချိန်က ဗုဒ္ဓသာသနာတော်အကြီးအကျယ်ထွန်းကားခဲ့သည့်အရပ်များဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်သော ကြီးမားသည့် သမိုင်းသက်သေခံအထောက်အထားများ ဖြစ်ပါသည်။ အဆိုပါ စေတီပုထိုး၊ ရုပ်ပွားတော်ကြီးများ၏သက်တမ်းသည် နှစ်ပေါင်းထောင်ချီရှိပြီဖြစ်၏။ ထို့ကြောင့် စေတီပုထိုး၊ ရုပ်ပွားတော်တို့သည် နှစ်ပေါင်းရာထောင်ချီတည်တံ့သည့် သာသနာ့ပြုယုဂ်များအဖြစ် ဖော်ဆောင်နိုင်ကြောင်း ထင်ရှားသဖြင့် အရေးပါရခြင်းဖြစ်ပါသည်။

ထို့အပြင် အထက်ပါကိစ္စရပ်ဆိုင်ရာ အဖြစ်အပျက်များကို သာဓကယူ၍ အနာဂတ်ဗုဒ္ဓသာသနာတော်၏ အံ့ရှည်တည်တံ့ရေးအတွက် ကြီးမားသော သင်ခန်းစာယူစရာများ၊ ရှောင်ရန်၊ ဆောင်ရန်များကို ဖြစ်ပေါ်စေသော အကျိုးကျေးဇူးကို ရရှိစေနိုင်ပါသည်။ အကယ်၍ ထိုကဲ့သို့ နှစ်ပေါင်းထောင်ချီတည်တံ့သော စေတီပုထိုးများကိုသာ မတည်ဆောက်ထားခဲ့ပါက ယနေ့အချိန်တွင် ထိုဒေသတို့သည် ဗုဒ္ဓဘာသာထွန်းကားခဲ့သည့် နိုင်ငံများဖြစ်ကြောင်း အထောက်အထားပြရန် သက်သေခံအဖြစ် မည်သည့်အရာမျှ ပြစရာရှိတော့မည်မဟုတ်ပေ။ ထိုဒေသတို့ကလည်း သူတို့သည် ဗုဒ္ဓဘာသာနှင့် မည်သို့မျှ မဆိုင်ကြောင်း ငြင်းဆိုကြလျှင်လည်း ဘာမှတတ်နိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် စေတီပုထိုးတည်ထားခြင်းဟူသည် ကမ္ဘာမည်သည့်ဒေသတွင်တည်ရှိသည်ဖြစ်စေ၊ ထိုဒေသ၌ ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သည်ဟူသော သင်္ကေတပြယုဂ်လည်း ဖြစ်စေပါသည်။

ထို့ကြောင့် ရှေးတစ်ချိန်က ထိုဒေသတွင် စေတီပုထိုးများ စည်ပင်ထွန်းကားခဲ့ပြီး ယနေ့အချိန်တွင် ထိုနေရာ၊ ထိုဒေသတို့၌ ဗုဒ္ဓသာသနာတော်ကွယ်ပျောက်ခဲ့သည်ဆိုသောအထောက်အထားကိုယူ၍ ဗုဒ္ဓသာသနာ့ကို အခြားသော မည်သည့်ဘာသာဝင်များ၊ မည်သည့် လူမျိုးများက ဝါးမျိုလေ့ရှိသည်၊ သိမ်းပိုက်လေ့ရှိသည်၊ ဖျက်ဆီးပစ်လေ့ရှိသည်ဟူသော ခိုင်မာသည့် သမိုင်းသက်သေခံများကိုယူနိုင်ခြင်းဖြင့် လည်းကောင်း နောင်ဤကဲ့သို့မဖြစ်စေရန် မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ရမည်ကို လည်းကောင်း စသည့် ကြီးမားသော အကျိုးကျေးဇူးများကို စေတီပုထိုးများ၊ ရုပ်ပွားတော်ကြီးများကပေးနိုင်ပါသည်။ ထို့ကြောင့် စေတီပုထိုး ဟူသည် ကြီးမားသော သမိုင်းသက်သေခံများ ဖြစ်ပါသည်။

သာဓကအားဖြင့် ပုဂံရှိကြီးကျယ်သော ဘုရားစေတီပုထိုးများကိုကြည့်၍ ရှေးနှစ်ပေါင်း တစ်ထောင်ဝန်းကျင်က တည်ရှိခဲ့သော မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာဆိုင်ရာ ကြီးကျယ်ခမ်းနားမှု၊ ထိုဘာသာသာသနာ့ကို ကိုးကွယ်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကြီးကျယ်ခန်းနားမှုကို လက်ခံရ၏။ မည်သူမျှ ငြင်းပယ်၍မရသောအချက်ပင် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် သမိုင်းကြီးသော ဘာသာသာသနာဖြစ်သလို မြန်မာလူမျိုးသည်တို့သည်လည်း သမိုင်းကြီးသော လူမျိုးကြီးဖြစ်ကြောင်း စေတီပုထိုးတို့မှတစ်ဆင့် ဖော်ပြပေးနေခြင်း ဖြစ်ပါသည်။

ထို့ပြင် စေတီပုထိုးနှင့်ပတ်သက်၍ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ကြီးမားသည့် အကျိုးကျေးဇူးတို့သည်လည်း များစွာပင် ရှိပါသေးသည်။ ဤနေရာ၌ အလျှင်းသင့်သဖြင့် အနည်းငယ် ဖော်ပြလိုပါသည်။

ဗုဒ္ဓသာသနာတော်တွင် ဘုရားရှင်တို့၏ ဆံတော်၊ ဓာတ်တော်၊ စွယ်တော် စသည်တို့သည် အရေးကြီး၏။ ထို့သည်တို့သည် ထူးခြေတ်သောအရာများဖြစ်၏။ အဖိုးလည်း အနုပ္ပထိုက်တန်၏။ ထိုအဖိုးအနုပ္ပထိုက်တန်သောအရာများကို နှစ်ပေါင်းထောင်သောင်းမကကုဋေချီအောင် မည်သို့ထိန်းသိမ်းစောင့်ရှောက်ကြမည်နည်း။ မည်မျှခိုင်မာသော အဆောက်အအုံနှင့် ထိန်းသိမ်းစောင့်ရှောက်မည်နည်း။ မည်သည့် မီးခံသေတ္တာမျိုးနှင့် သိမ်းဆည်းပါမည်နည်း။ ထိုအရာများနှင့်ကား မဖြစ်နိုင်ပေ။ မည်သို့မျှ မဖြစ်နိုင်ပေ။ နေအိမ်၊ ကျောင်း၊ တန်ဆောင်းစသည်တို့သည် နောင်နှစ်ပေါင်းများစွာကြာလျှင် ရောထွေးသွားနိုင်လေသည်။ ထို့ကြောင့် အဆိုပါအဖိုးအနုပ္ပထိုက်တန်သည့်ဗုဒ္ဓသာသနာဝင်ဆိုင်ရာတော်တော်မွေတော်များကို နှစ်ပေါင်းထောင်သောင်းချီ တည်တံ့အောင် ထိန်းသိမ်းရမည်ဖြစ်ရာ၊ အဆောက်အအုံတို့သည် ခိုင်ခံ့မည်။ နှစ်ပေါင်းများစွာလည်း တည်နိုင်ရမည်ဖြစ်သကဲ့သို့ ထူးခြားရမည်လည်းဖြစ်၏။ ထင်ရှားရမည်လည်း ဖြစ်၏။ မြင်လွယ်၊ တွေ့လွယ်၊ ရှာဖွေရလွယ်တူးမည်လည်း ဖြစ်၏။

ထို့ကြောင့် အဆိုပါအချက်များနှင့် ပြည့်စုံစေရန် စေတီပုထိုးများတည်ကြခြင်းဖြစ်၏။ ခိုင်ခံ့စေရန်အတွက်လည်းကောင်း၊ နှစ်ပေါင်းများစွာတည်ရန်အတွက် လည်းကောင်း စေတီတော်တို့ကို အုတ်သား၊ ကျောက်သား၊ အင်္ဂတေသားများဖြင့် တည်ဆောက်ကြခြင်း ဖြစ်၏။ ထူးခြားထင်ရှားစေရန် အမြင့်သဏ္ဌာန်၊ အချွန်ပုံသဏ္ဌာန်၊ ထုလုံးသဏ္ဌာန်ဆောင်သောပုံများဖြင့် ထားလေ့ရှိခြင်း ဖြစ်၏။ မြင်လွယ်၊ တွေ့လွယ်၊ ရှာရလွယ်စေရန်အတွက် ကုန်းပြင်တောင်ကုန်း၊ တောင်ထိပ်များတွင် ဘုရားစေတီများကို တည်ကြခြင်းဖြစ်၏။ ထို့ပြင် ပုဂ္ဂလဓိဋ္ဌာန်ကွဲပြားမှုဖြစ်စေရန် စေတီပုထိုးတော်များကို တစ်ဆင့်ချင်းစီ၌ အမည်များပေးထား၏။ ထို့အပြင်

www.burmeseclassic.com

www.burmeseclassic.com

ပုထိုးများတွင် ဌာပနာတိုက်များပြုလုပ်ပြီး ထိုဌာပနာတိုက်ထဲတွင် ဗုဒ္ဓသာသနာတော်၏ အဖိုးအနှုံးထိုက်တန်သော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များကို ထည့်သွင်း၍ လုံခြုံစွာသိမ်းဆည်းထားနိုင်ခြင်းကြောင့် လွန်ခဲ့သည့်နှစ်ပေါင်းရာထောင်မက ကုဋေကုဋာကတဲ့သိ ဓာ ယနေ့ထက်တိုင်တည်ရှိအောင်ပြုနိုင်စွမ်းသည့်အကျိုးကို စေတီတော်တို့က ပေးစွမ်းနိုင်ပါသည်။

သာဓကအားဖြင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ ဌာပနာတိုက်ထဲ၌ ဗုဒ္ဓဂေါတမဘုရားရှင်၏ ဆံတော်စစ်များကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၀ ကျော်ကတည်းက ယနေ့ထက်တိုင် ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ ထိုမျှမက ဤဘဒ္ဒကမ္ပာတွင် ဂေါတမဗုဒ္ဓဘုရားရှင် မတိုင်မီ ပွင့်တော်မူခဲ့ကြသည့် ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရားရှင် အပေါင်းတို့၏ တောင်ဝှေးတော် ဓမ္မစာရိုက်ရေစစ်တော်၊ သင်္ကန်းတော်များကိုပါ နှစ်ပေါင်းကုဋေကုဋာကြာအောင် ထိန်းသိမ်းထားနိုင်စွမ်းသောသတ္တိသည် စေတီတော်တို့တွင်ရှိပါသည်။

ထို့အတူ ကျိုက်ထီးရိုးဘုရားစေတီတော်တွင် ဗုဒ္ဓဂေါတမ၏ ဆံတော်များကို လည်းကောင်း၊ ပြည်မြို့ မဟာသုဒဿနတောင်ပေါ်တွင် တည်ရှိသော ရွှေဆံတော်စေတီတော်၏ ဌာပနာတိုက်တွင် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူပြီးခဲ့သမျှသော ဘုရားရှင်လေးဆူစလုံး၏ ဒုက္ကင်္ဍသင်္ကန်းတော်၊ အံသကိုက်တော်၊ ခါးပန်းကြိုးတော်တို့နှင့် ဆံတော်ရှင်များ၊ ဓာတ်တော်မွေတော်များတည်ရှိနေနိုင်ပါသည်။ စစ်တိုင်းကောင်းမှုတော်စေတီ၌ ဂေါတမဘုရားရှင်၏ စွယ်တော်အစစ်သည် တိန်းဝပ်တည်ရှိနေပါသည်။

ပြည်မြို့ မှော်ဇာအရပ်တွင်ရှိအောင်မြင်ဇာဟုစေတီတော်တွင် ဗုဒ္ဓဂေါတမဘုရားရှင်၏ လက်နှံဓာတ်တော် တိန်းဝပ်တည်ရှိပါသည်။ ထို့အတူပင် ဟောင်တွင်းကြီးမြို့ရှိ ရွှေအင်းတောင်စေတီတော်တွင် ကဿပဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်တည်ရှိပါသည်။ မကွေးမြို့ရှိ မြသလွန်စေတီတော်တွင် ဗုဒ္ဓဂေါတမဘုရား၏ သလွန်တော် ကိန်းဝပ်တည်ရှိနေပါသည်။ သထုံမြို့ရှိ မြသပိတ်တောင်စေတီတော်တွင် ဗုဒ္ဓဂေါတမဘုရားရှင်၏ သပိတ်တော် တိန်းဝပ်တည်ရှိနေပါသည်။ ရန်ကုန်မြို့မှော်ဘီမြို့နယ်ရှိ သာခုဆံတော်ရှင်စေတီတော်တွင် ကကုသန်မြတ်စွာဘုရား၏ ဆူးလေ ဘီလူးညီနောင်နှစ်ပါးတို့အား ခိုးမြှင့်ပေးသနားတော်မူခဲ့သော ဇီဝမာန ကဆကေသဓာတုဝင်ဆံတော်ရှင်နှစ်ဆူ၊ ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်ရှင်ဓာတ်မြတ်အပြင် သရီရဓာတုအရိုးဓာတ်တော်များ၊ ပရိနိဗ္ဗာန်စံဝင်တော်မူသော အရှင်ယသမထေရ်မြတ်ကြီး၏ သရီရဓာတ်တော်များကိုပါ ထည့်သွင်း ဌာပနာတော်မူသည့် သမိုင်းမှတ်တမ်းများကိုကြည့်၍ စေတီတော်တို့သည် ဗုဒ္ဓသာသနာတော်၏ အဖိုးအနှုံးထိုက်တန်သော ဓာတ်တော်မွေတော်များကို နှစ်ပေါင်းမည်မျှကြာအောင် ထိန်းသိမ်းနိုင်သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ဂေါတမဘုရားရှင်၏ ဓာတ်တော်မွေတော်များဆိုလျှင်ပင် အနည်းဆုံး နှစ်ပေါင်း (၂၆၀၀) ကျော်ပြီ ဖြစ်ပါသည်။ ထိုထက် ကဿပဘုရားရှင်၏ ဓာတ်တော်မွေတော်များဆိုလျှင် နှစ်ပေါင်း သောင်းတမ်း၊ သိန်းတမ်းက ကျော်ပြီ ဖြစ်ပါသည်။ ကောဏာဂုံမြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များဆိုလျှင် နှစ်ပေါင်း သိန်းတမ်း၊ သန်းတမ်းကျော်ပြီ ဖြစ်ပါသည်။ ထို့အတူ ကကုသန်မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များဆိုလျှင် နှစ်ပေါင်း သန်းတမ်း၊ ကုဋေတမ်းကျော်ပြီ ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားရှင်အပေါင်းတို့၏ ဓာတ်တော်မွေတော်များကို ဤကဲ့သို့ နှစ်ပေါင်းရာထောင်သိန်းသန်းမက ကုဋေတမ်းတိုင် တည်တံ့အောင်၊ ခိုင်မြဲအောင်၊ မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်သည်မှာ ဘုရားစေတီတော်တို့၏ ကြီးကျယ်သော ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ ဤနေရာတွင် ဘုရားစေတီတော်တစ်ဆူအဖြစ် ဘွဲ့အမည်ပညတ်ပြီးသည်နှင့် သက်ဆိုင်ရာအစောင့်အရှောက်ပုဂ္ဂိုလ်တို့သည် ဖြစ်ပေါ် ရ၏။ ထိုကဲ့သို့သော အစောင့်အရှောက်များကလည်း အဆိုပါ စေတီတော်၏လုံခြုံရေး၊ ဓာတ်တော်မွေတော်တို့လုံခြုံရေးကို အထူးကာကွယ်စောင့်ရှောက်ထားမှုကလည်း ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ နှစ်ပေါင်း ဤမျှကြာအောင် တည်ရှိနေနိုင်ခြင်း၏ အကြောင်းတစ်ရပ် ဖြစ်ပါသည်။

အဆိုပါ စေတီတော်၏ အစောင့်အရှောက်များဆိုသည်ကိုလည်း အလေးဂရုမပြု၍ မရပေ။ စေတီတော်တစ်ဆူ၏ တန်ခိုးကြီးမှုသည်လည်းကောင်း၊ စေတီတော်တစ်ဆူနှင့်တစ်ဆူတန်ခိုးကြီးပုံမတူကြခြင်း စသည်တို့သည် အဆိုပါ စေတီတော်တို့၏ အစောင့်အရှောက်များ မတူကြခြင်းကြောင့်သော် လည်းကောင်း၊ တန်ခိုးကြီးပုံခြင်းမတူကြခြင်းတို့ကြောင့် လည်းကောင်း ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ထိုအစောင့်အရှောက်များသည် သူ့အလိုလျောက်ဖြစ်၍မရပေ။ စေတီတော်တစ်ဆူ ပေါ်ထွန်းတည်ရှိမှုသာလျှင် ဖြစ်ပေါ်ရခြင်းဖြစ်၏။ ထို့ကြောင့် လည်း အဆိုပါ အစောင့်အရှောက်များ တည်ရှိနိုင်ခြင်းငှာ ဘုရားစေတီတော်များလိုအပ်၏။

ထို့အပြင် စေတီတော်တည်ရှိခြင်း၏ အကျိုးကျေးဇူးတစ်ရပ်မှာ စေတီတော်တို့သည် မြင့်မားပြီး ထီးထီးကြီးရှိသဖြင့် အနီးကပ် သွားရောက်ပြီး မဖူးမြော်နိုင်သည့်တိုင် အတော်ဝေးဝေးမှပင် လှမ်းပြီး ဖူးမြော်နိုင်၏၊ ကြည်ညိုနိုင်၏၊ အာရုံပြုနိုင်၏။ သာဓကအားဖြင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးကို အနီးဝန်းကျင် အရပ်လေးမျက်နှာမြို့နယ်များရှိ မြင့်မားသော အဆောက်အအုံများမှ မိမိတို့ အိုးမကွာအိမ်မကွာ ဖူးမြော်လိုသည်နှင့် အချိန်ပြည့်ဖူးမြော်နိုင်ခွင့် အကျိုးကျေးဇူးရရှိနိုင်၏။

ထိုမျှမက ဘုရားစေတီတော်တို့သည် ဗုဒ္ဓဘာသာဝင်များအတွက် ဘုရားစေတီပုထိုးတို့ကို အကြောင်းပြု၍ ကုသိုလ်ကောင်းမှုများပြုနိုင်ခွင့်ရကြ၏။ ဒါန၊ သီလ၊ ဘာဝနာလုပ်ငန်းများလုပ်ကိုင်နိုင်ကြ၏။ သတ်သတ်မှတ်မှတ် ဘာသာရေးကိစ္စများကို လုပ်ကိုင်နိုင်ရန် အခွင့်အရေးများလည်းရလာကြမည် ဖြစ်၏။ လောကီအရေးမှ သီးခြားရှောင်ဖယ်နိုင်မည့်ဘုရားပရိဝုဏ်အတွင်းတွင် ယာယီသော် လည်းကောင်း၊ ထာဝရသော် လည်းကောင်း လုပ်ကိုင်နိုင်မည့် အခွင့်အရေးများရရှိလာစေနိုင်မည်ဖြစ်၏။

ဤသည်တို့ကား ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားတည်ခြင်းကိစ္စနှင့်ပတ်သက်သော အကြောင်းခြင်းရာအချို့ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားတည်ခြင်းသည် ကုသိုလ်ရရုံမျှသက်သက်ဖြင့် နေရာအနှံ့ ဘုရားလျှောက်တည်နေခြင်းမျိုးမဟုတ်ပေ။ ထိုကိစ္စ၏နောက်ကွယ်တွင် ကြီးမားသော ရည်ရွယ်ချက်များရှိနေပါသည်။ ထို့ကြောင့်လည်း ဝိဇ္ဇာဧရလမ်းစဉ်လိုက်သည့် ပုဂ္ဂိုလ်များတွင် အချို့သည် မပြုမိမနေ ဘုရားတည်ကြရခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အဲထူးသဖြင့် ဘုရားတည်ခြင်းကို အများဆုံးပြလေ့ရှိသောပုဂ္ဂိုလ်များမှာ သာသနာအရည်အချင်းတဲ့စေရန် ရည်ရွယ်ချက်ဖြင့် သာသနာပြုသည့်ပုဂ္ဂိုလ်များ၊ ရှင်ဘုရင်မင်းအစိုးရများ၊ ဝိဇ္ဇာရေကျင့်စဉ်များကို ခံယူကျင့်သုံးဆောက်တည်သူများ၊ ရဟန်းပုဂ္ဂိုလ်များ၊ သူတော်စင်များက တည်လေ့ရှိပါသည်။

ထို့ကြောင့် အဆိုပါ ပုဂ္ဂိုလ်များအနေဖြင့် ဘုရားတည်ပြီးနောက် ထိုကုသိုလ်တော်ကြီးအတွက် ဆုထောင်းသည့်ကိစ္စများသည် မည်မျှပင်ထိရောက်မှုရှိနိုင်သည်ကို ခန့်မှန်းကြည့်ရုံဖြင့် သိနိုင်ပါသည်။ ထို့ကြောင့် သူတို့၏ ဆုတောင်းများ (၀၆) ကျိန်စာများကို လျစ်လျူပြု၍ မရနိုင်သည်ကို အထူးပင် သတိပြုရန် လိုပါသည်။

မိမိကိုယ်မိမိ ဝိဇ္ဇာခရေပညာရှင်ပဲ၊ ဘုရားသားတော်ရဟန်းပဲ၊ ရှင်ဘုရင်ပဲ ဘာပဲညာပဲဆိုပြီး လုပ်ချင်ရာလုပ်၍မရပေ။ လောကဥ္စ သူနေရာနှင့်သူ စည်းကျော်၍မရသော အကြောင်းခြင်းရာကိစ္စများစွာသည် သူသဘာဝအတိုင်း တည်ရှိပြီးဖြစ်၏။ ဝိဇ္ဇာခရေပညာရပ်နှင့် ပတ်သက်၍လည်း ပညာရပ်ဆိုင်ရာ၊ လူပုဂ္ဂိုလ်ဆိုင်ရာ စည်းကမ်းများရှိ၏။ ရဟန်းဆိုလည်း ဝိနည်းစည်းကမ်းများစွာရှိ၏။ ရှင်ဘုရင်ဆိုလည်း ရာဇမွတ်ဟာရားဆိုင်ရာစည်းကမ်းများ အသီးသီးရှိကြမြဲဖြစ်၏။ ထိုအတွက် မည်သည့် ပုဂ္ဂိုလ်မဆို မိမိ၏ စည်းဘောင်အတွင်း သာလုပ်ပိုင်ခွင့်ရှိသည်ကို သဘောပေါက်ရမည်ဖြစ်၏။ မိမိ၏ စည်းဘောင်ကို ကျော်လွန်၍ စည်းလွတ်ဘောင်လွတ် ကျင့်သုံးခြင်း ပြုမူဆောင်ရွက်သည့်အခါတွင်ကား မိမိ၏ကာကွယ်ရေးစည်း လုံခြုံရေးစည်းသည်လည်း အလိုအလျောက် ကျိုးပေါက်သွားပြီးဖြစ်တော့၏။ ထိုအခါတွင် ကာယကံရှင်၏ အခြေအနေသည် မရေရာတော့သည့်သဘောမျိုးဖြစ်သွားနိုင်သည်ကိုလည်း သတိပြုရပါမည်။

□ တကယ်စွမ်း,မစွမ်း။ တကယ်ဖြစ်,မဖြစ် တို့သည် မိမိ၏ အကျင့်စရာဏပေါ်၌သာ တည်သည်

ဝိဇ္ဇာခရေလမ်းစဉ်သို့ လိုက်ပါဆောင်ရွက်သည့် ပုဂ္ဂိုလ်များသည် ဓာတ်အလုပ်ပဲလုပ်လုပ်၊ အင်းအလုပ်ပဲလုပ်လုပ်၊ မန္တန်အလုပ်ပဲလုပ်လုပ် စသည့် မည်သည့် ဝိဇ္ဇာခရေလုပ်ငန်းကိုပင်လုပ်သည်ဖြစ်စေ ဖြစ်ခြင်း၊ မဖြစ်ခြင်း၊ စွမ်းခြင်း၊ မစွမ်းခြင်းတို့သည် ကာယကံရှင်၏ အကျင့်စရာဏာသာ ပဓာနကျ၏။ မည်မျှစစ်မှန်သည့်ပညာကို ရသည်ဖြစ်ပါစေ ကာယကံရှင်၏ အကျင့်စရာဏ မပြည့်စုံပါက အားနည်းပါက၊ ကျိုးပေါက်ပါက မည်သို့မျှဖြစ်နိုင်တော့မည် မဟုတ်ပေ။ ထိုအချက်ကို မသုံးသပ်ဘဲ မိမိတို့၏ အားနည်းချက်ကို လျစ်လျူပြုပြီး ပညာရပ်အပေါ်၊ လမ်းစဉ်အပေါ်၊ ဘာသာသာသနာအပေါ် ဝေဖန်မှုပြုနေပါက လိုသောအကျိုးမပြီးဘဲ ပန်းတိုင်နှင့်ဝေးနေရမည့်အပြင် ပြဿနာပေါင်းများစွာဖြင့်သာရင်ဆိုင်ကြုံရနိုင်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဝိဇ္ဇာခရေပညာလိုက်စားသူပုဂ္ဂိုလ်များ သတိပြုနိုင်စေရန်အဖြစ် အပျက်တစ်ရပ်ကို ဖော်ပြလိုပါသည်။

တစ်ချိန်သောအခါက ဘုန်းကြီးတစ်ပါးတွင် မမျှော်လင့်ဘဲရောဂါတစ်ရပ် သဖွယ် ပဟောဂတစ်စုံတစ်ရာကပ်ရောက်လာခဲ့၏။ ထိုဖြစ်ပွားကပ်ရောက်လာသည့်ပဟောဂမှာ သူ၏ ကပ်ပယ်အိတ်တစ်ခုလုံးနှင့် ဘယ်ဘက်ခြေထောက်တစ်ခုလုံး ဖောရောင်တင်းကားနေခြင်းဖြစ်၏။ ထိုရောဂါကို ပထမဦးစွာ သမားရိုးကျဆေးဝါးများဖြင့်ကုသခဲ့၏။ သို့သော် ထူးခြားမှုဖြစ်ပေါ် မလာခဲ့ပေ။ ထိုကဲ့သို့ရက်၊ လများစွာ ကြာမြင့်အောင် ကုသမှုပြုခဲ့သော်လည်း အကျိုးမထူးသဖြင့် ဘုန်းကြီးသည် သူ့ရောဂါကို ပုံမှန်ရောဂါမှ ဟုတ်ပါလေစဟု သံသယဝင်လာခဲ့၏။

ထိုသို့ သံသယဝင်လာသဖြင့် သူ့ရောဂါကို ပယောဂဆိုင်ရာကျွမ်းကျင်သူ ဆရာနှင့် သွားရောက် ပြသတိုင်ပင်ခြင်းပြုလေ၏။ ထိုအခါ ပယောဂဆရာက ဘုန်းကြီး၏ရောဂါအား ပယောဂမှုမျှား အတိုင်း စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းပြုလေ၏။ ပထမဦးဆုံး ဘုန်းကြီးပြသသောပယောဂဆရာသည် အပြန်အလှန် စစ်ဆေးသော်လည်း အဖြေကိုအတိအကျ မပေးနိုင်ဘဲရှိလေတော့၏။ ထို့ကြောင့်လည်း ဘုန်းကြီးသည် စိတ်ပျက်ကာနောက် ပယောဂဆရာကြီးတစ်ဦးနှင့် သွားရောက်ပြ တိုင်ပင်ကုသပြန်၏။ ထိုပယောဂဆရာကြီးကလည်း ဘုန်းကြီး၏ ရောဂါအား အသေအချာ စစ်ဆေးပြီးနောက် သွေးရိုးသားရိုးရောဂါမဟုတ်ကြောင်းကိုကား အခိုင်အမာပြောနိုင်၏။ သို့သော် ပယောဂဟု သတ်မှတ်သော်လည်း မည်သည့်ပယောဂအမျိုးအစားဖြစ်ကြောင်းကိုကား အတိအကျမပြောနိုင်ဘဲဖြစ်နေလေ၏။ ထို့ကြောင့် ဘုန်းကြီးသည် သူ့ရောဂါကို အဆိုပါ ပယောဂဆရာကြီးနှင့် ကုသ၍ အဆင်မပြေဖြစ်ရလေ၏။ သို့အတွက် ဘုန်းကြီးသည် သူ့ရောဂါနှင့်ပတ်သက်ပြီး အံတော်ပင် စိတ်မချမ်းမသာဖြစ်သွားလေ၏။ ဤသို့ဖြင့် ဘုန်းကြီးသည် သူ့ပယောဂအား နိုင်နင်းစွာ ကုသပေးနိုင်မည့်ဆရာအား အပူတပြင်း ထပ်မံ ရှာဖွေလေတော့၏။

ဘုန်းကြီးသည် မိမိ၏ ပယောဂအား ကုသနိုင်မည့် ပယောဂဆရာအား စိတ်တိုင်းကျမတွေ့ဘဲဖြစ်နေလေ၏။ နောက်ဆုံးတွင် ဘုန်းကြီးသည် သူ့ပယောဂကို ကုသနိုင်မည့် ဆရာ့ဆွေးချေးရာတွင် လူပုဂ္ဂိုလ်ဆရာအား မှေးချေးရတော့ဘဲ ပိုမိုကောင်းမည်ထင်သည့် ရဟန်းပုဂ္ဂိုလ်ပယောဂဆရာကပိုကောင်းမည်ဟု ယူဆကာ ဘုန်းကြီးပယောဂဆရာအား ရှာဖွေလေ၏။ နောက်ထပ် သီတင်းပတ်အနည်းငယ်ကြာသောအခါတွင်မှ ပယောဂများတို့ကုသပေးနိုင်သည့် ဘုန်းကြီးတစ်ပါးအား တွေ့ရှိခဲ့၏။

ထို့ကြောင့် ပယောဂဖြစ်နေသည့် ဘုန်းကြီးသည် သူ့ရောဂါအား သွားရောက်ပြသလေ၏။ ထိုအခါ ပယောဂကုသပေးသည့် ဘုန်းကြီးလည်းရောဂါကို အသေအချာ စမ်းသပ်ပေးလေ၏။ ထို့နောက် ပယောဂကုဘုန်းကြီးသည် ရောဂါဖြစ်နေသည့်ဘုန်းကြီးအား ယခုဖြစ်နေသောရောဂါသည် ပယောဂရောဂါ အစစ်အမှန်ဖြစ်ကြောင်းနှင့် ပယောဂအမျိုးအစားကို အသေအချာခွဲခြမ်းစိတ်ဖြာပြီး ခွဲခြားပြနိုင်သဖြင့် ရောဂါဖြစ်နေသော ဘုန်းကြီးလည်း သူ့ရောဂါကို ပျောက်ကင်းအောင်ကုသပေးမည့်အကြောင်း မေတ္တာရပ်ခံလေရာ ပယောဂကုဘုန်းကြီးကလည်း အစွမ်းကုန် ကုသပေးမည့်အကြောင်း ပြောဆိုလေ

www.burmeseclassic.com

www.burmeseclassic.com

၏။

ထို့နောက် ဘွန်းကြီး၏ ပယောဂအား စတင်ကုသပေးလေတော့၏။ ထိုသို့ ကုသပေးရာ ပထမအကြိမ်တွင် ရောဂါသည် အနည်းငယ် လျော့ပါးသက်သာလာလေ၏။ ထို့ကြောင့်လည်း ဘုန်းကြီးနှစ်ပါးစလုံးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အားတက်လာကြလေ၏။ ထို့ကြောင့်လည်း ပယောဂကုဘုန်းကြီးသည် ရောဂါဖြစ်နေသည့် ဘုန်းကြီးအား နောက်နေ့များတွင်ပါ ထပ်မံခိုးနှိုက်ဆိပြီး ကုသမှုပြုပေးလေ၏။

သို့သော် ဘုန်းကြီး၏ ပယောဂသည် နောက်ထပ် ရက်ပေါင်းများစွာထပ်မံကုသသော်လည်း ကံမကောင်းစွာဝင် လုံးဝလျော့ပါးသက်သာမှုမရှိခြင်းပင် ဖြစ်တော့၏။ ထို့ကြောင့် ဘုန်းကြီးနှစ်ပါးစလုံးသည် စိတ်ဓာတ်များပြန်ကျသွားကြလေ၏။ ပယောဂကုဘုန်းကြီးလည်း အဆိုပါရောဂါအား အနှလုံ၊ ပဋိလုံသုံးသပ်ကာ အမျိုးမျိုးစမ်းသပ်ကုသသော်လည်း အကြောင်းမထူးသဖြင့် နောက်ဆုံးတွင် လက်လျှော့လိုက်ရလေတော့၏။ ထို့နောက် ပယောဂကုဘုန်းကြီးဟာ ပယောဂဖြစ်နေသည့် ဘုန်းကြီးအား-

"အရှင်ဘုရား၏ ရောဂါကတော့ ပယောဂအမှန်ပါပဲ။ ဒါပေမယ့် ဒီရောဂါကို တပည့်တော်ကုလို့မရဘူးဖြစ်နေတယ်။ တပည့်တော်လည်း ပယောဂတွေ ကုလာတာအတော်များနေပါပြီ။ တပည့်တော်ကုတဲ့ ပယောဂတွေဟာ မမျှောက်ဘူးဆိုတာ မရှိသလောက်ပါဘဲ။ အခုအရှင်ဘုရားရောဂါကျမှ ကုလို့မရတာကြောင့် တပည့်တော်လည်း ကိုယ့်ကိုယ်ကိုယ်အတော်ပဲမကျေမနပ်ဖြစ်မိပါတယ်"

"ဟင် - ဒါဆို တပည့်တော်ရဲ့ ရောဂါက တော်တော်ဆိုးနေပြီလား။ ဒါမှမဟုတ် ကုသလို့မရတဲ့အဆင့် ဆောင်ရောက်နေပြီလား အရှင်ဘုရား။ တပည့်တော်ကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"အဲဒီလိုတော့ မဟုတ်ပါဘူး အရှင်ဘုရား။ ကုသလို့ရနိုင်ပါလိမ့်မယ်။ ရောဂါက အခြားသော ပယောဂတွေထက်စာရင် အတော်လေးရှုပ်ရှုပ်ထွေးထွေးနေလို့ပါ။ နောက်ပြီး တပည့်တော်ရဲ့ အတတ်ပညာချက်တွေလည်းရှိလို့နေမှာပါ"

"အဲဒါဆို တပည့်တော် ဘယ်လိုလုပ်ရမလဲ။ ကူညီနိုင်ရင် ကူညီပါဦး အရှင်ဘုရား။ တပည့်တော်တော့ အတော်လေးကို စိတ်ညစ်လှပါပြီ"

"သိပ်ပြီးတော့လည်း စိတ်ညစ်မနေပါနဲ့ အရှင်ဘုရား။ တပည့်တော် အကြံတစ်ခုပေးလို့ရမလား"

"ဟာ - အကြံဉာဏ်ကောင်းများ ရှိရင်ပေးပါဘုရား။ တပည့်တော်လိုက်နာပါ့မယ်"

"ဒီလိုလုပ်ကြည့်ပါလား။ တပည့်တော်သိတဲ့ ဆရာကြီးတစ်ယောက်ရှိပါတယ်။ သူက ပယောဂဆရာတော့မဟုတ်ဘူး။ ဝိဇ္ဇာဓရပညာရှင် ဂိုဏ်းချုပ်ဆရာကြီးတစ်ယောက်ပဲ။ သူ့ဆီသွားပြီး အကူအညီတောင်းရင် ဖြစ်နိုင်မယ်လို့ ထင်တယ်"

ဟု ပြောလိုက်သဖြင့် ရောဂါဖြစ်နေသော ဘုန်းကြီးလည်း ညွှန်ပြသည့် အတိုင်း အဆိုပါ ဆရာကြီးထံ သွားရောက်လေ၏။ ထိုဆရာကြီးထံ ရောက်ရှိသောအခါ ရောဂါဖြစ်နေသော ဘုန်းကြီးက အကျိုးအကြောင်းပြောပြသဖြင့် ဆရာကြီးက -

"တပည့်တော်ဟာ ပယောဂကုတာလည်းမဟုတ်ပါဘူး။ ပယောဂဆရာလည်းမဟုတ်ပါဘူး။ ကိုယ်ရည်မှန်းတဲ့ အတိုင်း ပေါက်မြောက်အောင် ဝိဇ္ဇာဓရလမ်းစဉ်ကို ကျင့်သုံးနေခြင်းသာ ဖြစ်ပါတယ်။ ကိုယ်သွားနေတဲ့လမ်းကြောင်းမှာ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့တွေ့ရင် တတ်နိုင်သလောက် ကယ်တင်စောင့်ရှောက်ပေးခြင်းသာ ဖြစ်ပါတယ်"

ဟု ဆိုလိုက်ရာ ဘုန်းကြီးက ချက်ချင်းပင် -

"ကူညီနိုင်ရင် ကူညီပါ ဒကာကြီးရယ်။ ဘုန်းကြီးရောဂါက တကယ့် ပယောဂကြီးများလား မသိပါဘူး။ ဘယ်လူပုဂ္ဂိုလ်ပယောဂဆရာ၊ ရဟန်းပုဂ္ဂိုလ် ပယောဂဆရာကမှ ကုလို့မရဖြစ်နေလို့ပါ"

"တင်ပါ၊ ဒါဆို အရှင်ဘုရားရောဂါ စဖြစ်ပုံ လေးနည်းနည်းလောက်ပြောပြ ပေးပါ"

"အင်း - ဒကာကြီးက ကုသပေးမယ်ဆိုလို့ ဝမ်းသာသွားပါပြီ။ ဖြစ်ပုံက ဒီလိုပါ။ တစ်နေ့ ဘုန်းကြီးဟာ ခရီးပေးတစ်ခုကို ကားစီးသွားပါတယ်။ အချိန်ကတော့ ညဘက်ကြီးမှာ . . . . အဲဒီမှာ ဘုန်းကြီးဟာ အလွန်ကိုပဲ ဆီးသွားလိုလာပါတယ်။ ဘုန်းကြီးလည်း အောင့်ထားပါသေးတယ်။ ဒါပေမယ့် သိပ်ကြာကြာ အောင့်ထားလို့မရတော့ဘူး။ တဖြည်းဖြည်း ပိုပိုဆိုးလာတာနဲ့ ယာဉ်မောင်းတဲ့ပုဂ္ဂိုလ်ကို အကျိုးအကြောင်းပြောပြပြီး ယာဉ်ခဏရပ်ပေးဖို့ မေတ္တာရပ်ခံရတယ်။ နောက်တော့ သူရပ်ပေးတဲ့နေရာမှာပဲ ဘုန်းကြီးဟာ ကမန်းကတန်းဆင်းပြီး ဆီးသွားပါတယ်။ ညဉ့်ကလည်း နက်တော့ ပတ်ဝန်းကျင်ကို သေသေချာချာမတွေ့ရပါဘူး။ မှောင်မည်းနေတာပါပဲ။ ဒီလိုနဲ့ ဘုန်းကြီးဟာ ဆီးသွားလိုက်တယ်။ ဆီးကိုအားရပါးရသွားပြီးတော့မှ ကျုပ်လည်း စိတ်လက်ပေါ့ပါးသွားပြီး ပတ်ဝန်းကျင်ကို အာရုံစိုက်နိုင်တော့တယ်။ အဲဒီတော့မှ ကျုပ်လည်း ကျုပ်ရှေ့တည့်တည့်ကို အသေအချာကြည့်မိတော့မှ လားလား. . . နတ်စင်၊ နတ်ကွန်းတွေဆောက်ထားတဲ့ အထိကရသစ်ပင်ကြီးတစ်ပင်ဖြစ်နေတာကို ဝိုးတိုးဝါးတားတွေ့လိုက်ရတော့ လူလည်း ဘယ်လိုဖြစ်သွားတယ် မသိဘူး။ တစ်ကိုယ်လုံး ကြက်သီးတွေဖြန်းခနဲထသွားပါတယ်။ ဒါနဲ့ ကျုပ်လည်း စိတ်ထဲမှာဒီတိုင်ခနဲဖြစ်သွားမိပါတယ်။ နောက်တော့ ကိုယ့်ကိုယ်ကိုယ် 'အင်း - ငါကသာမန်လူမှမဟုတ်ဘဲ ဘုန်းကြီးပဲဟာ' ဟု အားပေးပြီး ကားပေါ်ပြန်တက်ကာ ကားဆက်ထွက်လာခဲ့ပါတယ်။ ကားပေါ်ပြန်တက်ပြီး မကြာခင်မှာပဲ ကပ်ပယ်အိတ်နေရာက အောင့်တောင့်အောင့်တောင့်ဖြစ်နေတာကိုသတိထားမိပါတယ်။ ဒါပေမယ့် အဲဒီလိုဖြစ်တာဟာ ဆီးအောင့်ထားတာကြာလို့ဖြစ်မှာပါပဲလို့ ပထမတော့ ထင်ခဲ့မိတယ်။ ဒါပေမယ့် နောက်လည်း အချိန်တွေသာကြာလာတယ်။ ဝေဒနာကမမျှောက်ဘူး။ အဲဒီလိုပဲ တောက်လျှောက်ဖြစ်နေတာ ခုအထိပါပဲ။ ပိုဆိုးတာက အဲဒီလိုအောင့်တာတင်မဟုတ်ဘူး။ နောက်တော့ ကပ်ပယ်အိတ်တစ်ခုလုံးနဲ့ ခြေထောက်တစ်ဖက်ပါရောင်းကားလာတာပါ။ လမ်းတောင်ကောင်းကောင်းလျှောက်လို့ မရဘူးဖြစ်နေတယ်"

ဟုပြောလိုက်ရာ ဆရာကြီးက -

"အရှင်ဘုရား အပေါ့ဆင်းသွားတဲ့ နေရာမှာ နတ်စင်နတ်ကွန်းတွေနဲ့ အထိကရသစ်ပင်ကြီးရှိတယ်ဆိုတဲ့ နေရာက ဘယ်နေရာလဲ မှတ်မိလား"

"အဲ. . . ဒီနေရာ အတိအကျတော့မမှတ်မိဘူး။ ညအချိန် မှောင်မည်းနေတော့ စိတ်ထဲမှာအတိအကျမသိဘူး။ ဝိုးတိုးဝါးတားဖြစ်နေတယ်။ ဘာဖြစ်လို့လဲ ဒကာကြီး"

"ဩော် - ဒီလိုပါ။ နေရာအတိအကျသိရင် သွားပြီးတောင်းပန်ခိုင်းလို့

www.burmeseclassic.com

www.burmeseclassic.com

ပါ။ သက်ဆိုင်တဲ့ပုဂ္ဂိုလ်ကို တပည့်တော် စီစဉ်ပေးတဲ့ ပစ္စည်းတွေ၊ ပွဲတွေနဲ့ သွားတောင်းပန်လိုက်ရင်လည်း ပြီးသွားမှာပါ။ ဒါပေမယ့် မမှတ်မိဘူးဆိုတော့ အခြားနည်းသုံးရမှာပေါ့။ ဘာမှမပူပါနဲ့၊ ဒီလိုလုပ်ပါ"

ဟု ဆိုပြီး ဆရာကြီးသည် သူ့အနီးရှိ ရေအိုးထဲမှ ရေတစ်ခွက်ကိုခပ်လိုက်ကာ ပါးစပ်မှ တစ်စုံတစ်ခုကို ရေရွတ်လိုက်ပြီးနောက် ဘုန်းကြီးအားကမ်းပေးကာ သောက်ခိုင်းလိုက်လေ၏။ ဘုန်းကြီးလည်း ဆရာကြီးကမ်းပေးသည့် ရေခွက်ကိုယူပြီး သောက်ချလိုက်၏။ သူ၏မျက်လုံးများကလည်း စူးစမ်းသည့်အကြည့်များဖြင့် ဆရာကြီးအား ကြည့်နေလေ၏။

အဆိုပါနေရာသည် ဆရာကြီး၏ ဓာတ်ခန်းလုပ်ထားသောနေရာ ဖြစ်၏။ ဆရာကြီး၏ ဓာတ်ခန်းထဲတွင် ဘုရားနှင့်တကွ သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီး အတွက် ပွဲများပြင်ထားသည်မှာ ပွဲပေါင်း (၅၄) ပွဲခန့်မျှရှိလေ၏။ ထိုပွဲပြင်ထားသည့်အုပ်များမှာလည်း မှန်၊ ကျောက်များစီထားသော ရွှေအုပ်များဖြစ်နေ၏။ ထို့အပြင် သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီး၏ ပုံတော်ကြီးများကလည်းရှိနေ၏။ အဆိုပါ ပွဲအသီးသီးတွင်လည်း သူ့သက်ဆိုင်ရာအလိုက် ပန်းအိုးများဆက်ကပ်ထားခြင်း၊ ဆီမီးများထွန်းညှိထားခြင်းတို့ကို ပြုလုပ်ထားလေ၏။

ထိုကဲ့သို့ ပြင်ထားသောပွဲများကို လှေကားထစ်ပုံစံများပေါ်တွင်တင်ပြီး ပြင်ဆင်ထားခြင်း ဖြစ်၏။ ထိုပွဲပြင်ထားသောစင်များ၏ရှေ့တွင် ရေအိုးတစ်လုံးချထား၏။ ထိုရေအိုးကို ကြေးပန်းလေးတစ်ချပ်ဖြင့်အုပ်ထားပြီး ထိုအပေါ်၌ ကြေးသောက်ရွေ့ကတစ်လုံးကိုတင်ထား၏။ ထိုအိုးကို 'ရေစင်အိုး' ဟု ခေါ်ပြီး ထိုအိုးထဲ၌ရေစင်များထည့်ထားပါသည်။ အဆိုပါ ရေစင်အိုးထဲမှ ရေတစ်ခွက်ကို ဆရာကြီးကခပ်ပြီးပယောဂဖြစ်နေသော ဘုန်းကြီးအား တိုက်လိုက်ခြင်း ဖြစ်၏။ ဘုန်းကြီးအား ရေခပ်တိုက်ပြီးနောက် ဆရာကြီးသည် သူ၏ပြုမြဲဖြစ်သည့် ပုံမှန်လုပ်ငန်းများကို ဆက်လုပ်နေတော့၏။ အချိန်အနည်းငယ်ကြာသောအခါ ဘုန်းကြီးဖြစ်သူလည်း မအောင့်နိုင်တော့ဘဲ ဆရာကြီးအား -

"ဆရာကြီး၊ ကျုပ်ရောဂါကိုကုပေးဦးလေ။ ကုပေးနိုးကုပေးနိုးနဲ့ ကျုပ်စောင့်နေတာ အချိန်တောင်အတော်လေးကြာသွားပြီ"

ဟု ပြောလိုက်သောအခါ ဆရာကြီးလည်း ဘုန်းကြီးလှည့်ကြည့်ပြီး ခပ်ပြုံးပြုံးမျက်နှာအမူအရာဖြင့် -

"အရှင်ဘုရား၊ ဘာရောဂါများကျန်သေးလို့လဲ"

ဟု မေးလိုက်ရာ ဘုန်းကြီးလည်း ဆရာကြီးအား နားမလည်နိုင်သည့်အကြည့်မျိုးဖြင့်ကြည့်ပြီး -

"ခုနပြောခဲ့တဲ့ ပယောဂရောဂါပဲလေ ဒကာကြီး။ တခြားတော့ ဘာရောဂါမှ ထပ်မဖြစ်ပါဘူး"

"ဟင် - ခုနပြောခဲ့တဲ့ရောဂါဆိုကုပြီးပြီလေ"

ဟု ဆရာကြီးက ပြောလိုက်ရာ ဘုန်းကြီးလည်း အံ့သြသည့်မျက်နှာအမူအရာဖြင့် -

"ဘယ်တုံးကကုပေးလို့လဲ။ ဒီမှာ ဘာမှမလုပ်ရသေးဘူးလေ။ ဒကာမေ့နေပြီနဲ့တူတယ်"

"မမေ့ပါဘူး အရှင်ဘုရားရဲ့။ ခုနရေစင်တစ်ခွက်တိုက်ပြီးပြီလေ အဲဒါပဲပေါ့။ အဲဒါအပြီးပဲ ဘာမှထပ်မလိုတော့ဘူး"

"ဩော် - ခုနရေစင်တိုက်လိုက်တာ ကုတာဟုတ်လား။ နောက် ဘယ်နေ့ပြန်လာရမလဲ"

"ပြန်လာစရာ မလိုတော့ပါဘူး။ တစ်ခါတည်းပြီးပါပြီ"

ဟု ပြောလိုက်ရာ ဘုန်းကြီးလည်း မယုံသက်ာဖြစ်သည့်ပုံဟန် မျိုးဖြစ်နေသဖြင့် ဆရာကြီးက -

"အရှင်ဘုရားကလည်း ဘာမယုံမကြည်ဖြစ်နေတာလဲ။ ကိုယ့်ဟာလည်း ကိုယ်ပြန်စမ်းကြည့်ပါဦး"

ဟု ပြောလိုက်သောအခါတွင်မှ ဘုန်းကြီးလည်း သူ့ကပ်ပယ်အိတ်ကို သတိရပြီး စမ်းလိုက်ရာ ပုံမှန်မိမွေးတိုင်းဖမွေးတိုင်းဖြစ်နေသဖြင့် အံ့သြသွားပြီး ရောင်တင်းနေသော သူ့ခြေထောက်တစ်ဖက်ကိုပါ ဟိုလှန်ဒီလှောကြည့်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး -

"ဟာ - ဟုတ်လိုက်လေ ဆရာကြီးရယ်။ ရောဂါတွေတစ်ခုမှမရှိတော့ဘူး။ ပုံမှန်အတိုင်းပြန်ဖြစ်သွားပြီ အံ့စရာပါပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်နေလေတော့၏။ ထို့နောက်တွင်မှ ဘုန်းကြီးသည် မမျှသိပ်နိုင်တဲ့ ဆရာကြီးအား ဖွင့်ဟမေးလေတော့၏။

"ဒီမယ်-ဆရာကြီးရဲ့ရေစင်ဆိုတာ စွမ်းလှချေကလား။ အဲဒီထဲမှာ ဘယ်လို ဆေးဝါးတွေ၊ ဘယ်လိုအစီအမံတွေထည့်ပြီး စီရင်ထားလို့လဲ ပြောနိုင်ရင်ပြောပြပေးပါ"

ဟု မေးလိုက်ရာ ဆရာကြီးကလည်း ဘုန်းကြီးအား အသေအချာကြည့်လိုက်ပြီး -

"အရှင်ဘုရားရဲ့ ရေစင်ဆိုမှတော့ ဘာပါရဦးမှာလဲ။ ရေစင်သက်သက်ပဲပေါ့။ ရေစင်ဆိုတာ အမှန်တော့ ပရိတ်ရေပါပဲဘုရား။ တပည့်တော်တို့အနေနဲ့ နေ့နေ့ညည ပရိတ်၊ ပဌာန်း၊ ဂါထာမန္တန်တွေနဲ့ ထုံမွမ်းထားတဲ့ရေပါပဲဘုရား"

"ပရိတ်ရေဟုတ်လား"

"မှန်ပါဘုရား ပရိတ်ရေပါ"

"ဟုတ်ပါ့မလား ဒကာကြီးရဲ့။ ပရိတ်ရေသက်သက်က ဒီလောက်ပစွမ်းရသလား၊ တစ်ခုခုတော့တစ်ခုခုပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးတို့လည်း ရဟန်းတွေဆိုတော့ ပရိတ်၊ ပဌာန်းဆို တာမကင်းပါဘူး။ အမြဲတမ်းရွတ်ဖတ်နေတာပဲ။ အခု ဒီပယောဂဖြစ်နေတုန်းလည်း ပရိတ်၊ ပဌာန်းတွေ ရွတ်နေတာပါပဲ။ ဒါပေမယ့် ဒီရောဂါက ဘာမှထူးခြားမလာပါဘူး။ ကုန်ကုန်ပြောမယ် ဒကာကြီးရယ်၊ ရောဂါပျောက်ဖို့နေနေသာသာ သက်တောင်မသက်သာပါဘူး။ ဒါကြောင့် ဘုန်းကြီးကို မှန်မှန်ပြောပါ ဒကာကြီးရယ်။ သိချင်လို့မေးတာပါ"

"ဟာ - အရှင်ဘုရားကလည်း တပည့်တော်က မဟုတ်တာမမှန်တာ ပြောပါ့မလား။ ဒီပညာလမ်းစဉ်စလုပ်ကတည်းက သစ္စာဆိုပြီးလုပ်ရတာ။ တပည့်တော်ရဲ့ရေစင်ဆိုတာ ပရိတ်ရေမှ ပရိတ်ရေအစစ်ပဲ။ အင်း- တစ်ခုတော့ ပြောစရာရှိတယ်။ တပည့်တော်တို့ရဲ့ ပရိတ်ရေ၊ ပဌာန်းရေရဲ့ အရှင်ဘုရားတို့ရဲ့ ပရိတ်၊ ပဌာန်းနဲ့တော့ တူချင်မှတူမယ်။ ပြီးတော့ လုပ်ထုံးလုပ်နည်းလည်း တူချင်မှတူပါလိမ့်မယ်။ အဲဒါတော့ ပြောစရာရှိနိုင်တယ်"

ဟု ဆိုလိုက်ရာ ဘုန်းကြီးလည်း နားမလည်နိုင်ဟန်ဖြင့် -

"ဘယ်လို - ဒကာကြီး၊ ဒကာကြီး ပြောတာ သိပ်နားမရှင်းဘူး။ ပရိတ်တော်တို့၊ ပဌာန်းတော်တို့ဆိုတာ အတူပဲ မဟုတ်လား။ ဘယ်လိုလုပ်ထုံးလုပ်နည်းမတူရတာလဲ"

မေးလိုက်ရာ ဆရာကြီးလည်း အလေးအနက်ချိန်ဆပြီး -

"အင်း- ဒီကိစ္စကပြောရရင်တော့ အရှည်ကြီးပဲ။ နောက်ပြီး အရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

အနေနဲ့ နားကြီးကြီးနဲ့နားထောင်မှရလိမ့်မယ်"

"နားထောင်ပါ့မယ် ဒကာကြီး။ အဲဒီအချက်ဟာ သာမန်အချက်တော့ မဟုတ်လောက်ပေဘူး။တကယ့်လျှို့ဝှက်ချက်ပဲနေမှာပါ။ အဲဒီအချက်ကိုပြောပြတာကိုပဲတန်ဖိုးမဖြတ်နိုင်ဘူးလို့ ဘုန်းကြီးယူဆပါတယ်"

"တပည့်တော်တို့ရဲ့ ဝိဇ္ဇာဓရပညာဆိုတာကလည်း ဗုဒ္ဓဝါဒအပေါ်မှာ အခြေခံပြီး တည်ဆောက်ထားတာပါ။ ဘာမှမကွာခြားပါဘူး။ ဒါပေမယ့် ကျင့်သုံးတဲ့နေရာမှာတော့ သီလ၊ သမာဓိနဲ့ သစ္စာ၊ ကတိတွေကို အတိအကျလိုက်နာကျင့်သုံးရပါတယ်။ အကျင့်ဆိုရင်လည်း ဘယ်လိုအကြောင်းနဲ့မှပျက်လို့မရဘူး။ နေ့စဉ် နံနက်၊ ည မပျက်မကွက် အဓိဋ္ဌာန်ထားတာကို အဓိဋ္ဌာန်ထားတဲ့အတိုင်း အားထုတ်ရပါတယ်။ အခု ပရိတ်ရေ၊ ပဌာန်းရေကိစ္စဆိုပါတော့ အရှင်ဘုရားတို့ ပရိတ်ရွတ်တာဟာ အများအားဖြင့်ဆိုပါတော့ သာရေး၊ နာရေး ဆွမ်းစား၊ ကွမ်းစား ပင့်ဖိတ်တဲ့အခါမျိုးကျမှ ရွတ်ဖတ်လေ့ရှိတယ် မဟုတ်လား။ ဤအချိန်တွေ၊ ကျန်တဲ့နေ့တွေမှာကျတော့ ရွတ်ဖတ်ချင်မှ ရွတ်ဖတ်မယ်မဟုတ်လား။ အဲ- အဲဒီသာရေး၊ နာရေးမှာ ရွတ်ဖတ်တဲ့အခါမျိုးမှာလည်း အရှင်ဘုရားတို့က ပရိတ် (၁၁) သုတ်လုံးကို ရွတ်ချင်မှရွတ်တာပါ။ ချဲ့ပြီး သုတ်အချို့ပဲ ရွတ်ဖတ်တာမဟုတ်လား။ တပည့်တော်တို့ရဲ့ ဝိဇ္ဇာဓရဗုဒ္ဓဝါဒတျင့်စဉ်မှာကျတော့ ပရိတ်ရွတ်တဲ့အဓိဋ္ဌာန်ဆိုရင် နေ့စဉ် ပရိတ်ကြီး (၁၁) သုတ်ကို မပျက်မကွက် ရွတ်ရတယ်။ တစ်နေ့ကို နံနက်၊ ည (၂) ကြိမ်ဆိုရင်လည်း (၂) ကြိမ်အတိအကျရွတ်ရတယ်။ နံနက်၊ နေ့လယ်၊ ည (၃) ကြိမ် အတိအကျရွတ်ရတယ်။ နေ့တိုင်း၊ ရက်တိုင်း လစဉ်တိုင်း မကွက်မပျက် နှစ်ပေါင်းများစွာ ရွတ်ရတဲ့ပုံစံမျိုးနဲ့ ဘုရားကိုပူဇော်တာ၊ ကြည်ညိုတာလေ။ ဘယ်မစွမ်းဘဲရှိပါ့မလဲဘုရား။ နောက်ပြီးတော့ ပဌာန်းရွတ်တာ ပူဇော်တာကြည့်ပါ ဘုရား။ အရှင်ဘုရားတို့ ပဌာန်းရွတ်တာတော့ ရွတ်ကြပါတယ်ဘုရား။ တပည့်တော်တို့ရွတ်တာနဲ့မတူဘူး။ အရှင်ဘုရားတို့က အသံမစဲပဌာန်းရွတ်ဖတ်ပူဇော်ပွဲဆိုရင် ပဌာန်းပါဠိတော်ငါးကျမ်းစလုံးကို ငါးရက်၊ တစ်ပတ်အတွင်း ပြီးအောင် ရွတ်ဖတ်ပူဇော်နိုင်ကြပါတယ်။ ဒါပေမယ့် ရွတ်တဲ့နေရာမှာ ဘုန်းကြီး (၁၀) ပါးလောက်က တစ်ပါးကို (၁) နာရီစီ ပိုင်းယူပြီး ရွတ်သွားကြတာဘုရား။ အခုရွတ်တဲ့ ဘုန်းကြီးက နောက်(၁၀)နာရီကြာမှ နောက်ရောက်တဲ့နေရာကနေပြီး ရွတ်သွားတာမျိုးပဲ မဟုတ်လား။ ဒါ့ကြောင့် အရှင်ဘုရား တစ်ပါးတည်းအနေနဲ့ ပြောမယ်ဆိုရင် အရှင်ဘုရားဟာ ပဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်ပါရဲ့။ ဒါပေမယ့် ပဌာန်းပါဠိတော် (၅) ကျမ်းစလုံးကို အစမှ အဆုံးတိုင် ကိုယ်တစ်ဦးတည်း ပူဇော်တာမျိုးမရှိနိုင်ဘူး။ ကိုယ့်အလှည့်ကျရာကနေ ဖောက်ပြီးရွတ်သွားရတာမျိုးပဲရှိပဲရှိ. . . နောက်ပဌာန်းရွတ်ဖတ်ပူဇော်ပွဲတွေမှာလည်း ဒီပုံအတိုင်းပဲဖြစ်မယ်။ အရှင်ဘုရားတို့ရွတ်တဲ့ရည်ရွယ်ချက်က အများပြည်သူအတွက် ဒေသ၊ ဧရိယာဆိုင်ရာတစ်ခုလုံးအတွက်ခြုံပြီး ဦးတည်ရာရည်ရွယ်ပြီး ရွတ်တာမျိုးပဲရှိမယ်။ ကိုယ်တစ်ပါးတည်းက အစမှ အဆုံးတိုင် ရွတ်ဖတ်ပူဇော်တာမျိုးအလွန်နည်းပါးတယ်မဟုတ်လား။ တပည့်တော်တို့ ရွတ်ဖတ်နည်းက ပဌာန်းတရားတော်ပါဠိ (၅) ကျမ်းစလုံးကို အစမှအဆုံးတိုင် ကိုယ်တစ်ဦးပြီးအောင် ရွတ်ဖတ်ပူဇော်ရတယ်။ တစ်ပတ်ကြာချင်ကြာမယ်။ တစ်လကြာချင်ကြာမယ်။ အဲဒီအဓိဋ္ဌာန်များ မကြာခဏဝင်ရတယ်။ အဲဒီအချိန်များတိုင်းမှာ ရောင်အိုးအဖုံးကိုဖွင့်ပြီး ပရိတ်၊ ပဌာန်းတွေနဲ့ ရွတ်ဖတ်ပူဇော်ပြီး ထုံမွှမ်းထားတာပဲ။ ဒါကြောင့် လုပ်ထုံးလုပ်နည်း မတူနိုင်ဘူးထင်တယ်လို့ တပည့်တော်ပြောတာပါ"

"အင်း- ဒကာကြီးပြောတာ ဘုန်းကြီးအဖို့ ဆင်ခြင်စရာအများကြီးဖြစ်ရပါတယ်။ ဒါပေမယ့် အဲဒီလိုရွတ်တိုင်း၊ ဖတ်တိုင်း၊ ကျင့်တိုင်းရော အဲဒီလိုဖြစ်ပါ့မလားဆိုတာကိုလည်း ဘုန်းကြီးသိချင်တယ်"

"အဲဒီကိစ္စလည်း အရှင်ဘုရားက မေးလာတော့ တပည့်တော်ပြောပါမယ်။ အခုလိုပြောနေတာတွေက တပည့်တော်တို့ရဲ့ ဝိဇ္ဇာဓရလမ်းစဉ်ဆိုင်ရာ ဗုဒ္ဓဝါဒနဲ့ပတ်သက်ပြီး ကျင့်သုံးနေထိုင်မှုက ပိုပြီးကောင်းတယ်လို့ ပြောတာမဟုတ်ပါဘူး။ လုပ်ထုံးလုပ်နည်းမတူတာကို ပြောတာပါ။ နောက်ပရိတ်ရေစင်ကိစ္စနဲ့ပတ်သက်တာကို ဆက်ပြီးပြောပါဦးမယ်။ အခု တပည့်တော်သုံးတဲ့ ပရိတ်ရေစင်ဆိုရင် တပည့်တော်သက်တမ်းနဲ့ပြောရရင် ဒီရေစင်ဟာ တပည့်တော်တစ်ဦးတည်းသက်တမ်းနဲ့ပင် ပရိတ်၊ ပဌာန်းတော်များနဲ့ ထုံမွှမ်းလာတာ အနှစ် (၄၀) ကျော်ပါပြီ"

ဟု ဆရာကြီးကပြောရာ ဘုန်းကြီးက -

"အင်း- အဲဒါကြောင့်လည်း ဒကာကြီးရေစင်ကစွမ်းနေတာကိုး"

"ဒါတင်မကသေးဘူးဘုရား၊ တပည့်တော်ရဲ့ ဆရာသမားကလည်း သူ့သက်တမ်းတစ်လျှောက်လုံး အခုလိုပဲ ရေစင်ကို ပရိတ်တော်၊ ပဌာန်းတော်တွေနဲ့ ထုံမွှမ်း၊ ပူဇော်လာတာ အနှစ် (၅၀) ကျော်သက်တမ်းရှိပါတယ်။ အဲဒီဆရာသမားရဲ့ အထုံအဆက်ရေစင်လည်း အခု တပည့်တော်ရဲ့ရေစင်မှာ မျိုးစေ့ရေစင်အဖြစ်ပါ၊ပါတယ်ဘုရား"

"ဟုတ်လား ဒကာကြီး၊ ဒါကြောင့်လည်း ဒီလောက်စွမ်းပေတာကိုး။ ဒါဆိုအခု ဒကာကြီး ရေစင်ရဲ့ သက်တမ်းအထုံအဆက်ဟာ နှစ်ပေါင်း (၉၀)ကျော် (၁၀၀) သက်တမ်းရှိပြီပေါ့နော်"

"တကယ်တမ်းပြောရရင် အရှင်ဘုရား၊ ဒီရေစင်ရဲ့ မျိုးစေ့အထုံအဆက်သက်တမ်းဟာ နှစ်ပေါင်း (၁၀၀) လည်းမကပါဘူး။ တပည့်တော်ရဲ့ ဆရာဖြစ်သူပြောပုံအရဆိုရင် သူ့ဆရာအစဉ်အဆက်ကလည်း ဒီလိုပဲလုပ်ခဲ့ပြီး သုံးစွဲခဲ့တယ်လို့သိရပါတယ်။ အဲဒီရေစင်မျိုးစေ့ကို မျိုးဆက်တစ်ခုကနေ နောက်မျိုးဆက်တစ်ခုဆီ လက်ဆင့်ကမ်းခဲ့ပါတယ်။ ဒီနည်းနဲ့ တပည့်တော်လက်ထက်အထိ ရောက်ရှိလာတာပါ။ ဒါကြောင့် ဒီရေစင်ရဲ့အထုံအဆက်သက်တမ်းဟာ နှစ်ပေါင်း (၁၀၀) မက သက်တမ်းရှိပါပြီ ဘုရား"

"ဩော် - အဲဒီလိုလား ဒကာကြီးရဲ့။ ဒကာကြီးတို့ရဲ့ ပညာစဉ်ဆက်ဆင်းသက်မှုသဘောက အတော်ခိုးကျူးစရာပါပဲ"

"မှန်ပါဘုရား၊ တပည့်တော်တို့ရဲ့ ဝိဇ္ဇာဓရလမ်းစဉ်ဆင်းသက်မှုက ပညာရပ်ပိုင်းဆိုင်ရာ လက်ဆင့်ကမ်းဆင်းသက်ရုံတင်မကဘူး။ အခုလို ရေစင်သာမက ဆေးတော်တွေ၊ဓာတ်တွေသိဒ္ဓိဝင်ပစ္စည်းတွေပါ အစဉ်အဆက်ဆင်းသက်တာပါဘုရား"

(ရွှေ့လဆက်ရန်)

ဆရာဦးဆက်ထွန်းလင်း
(အာယုဗေဒ)

www.burmeseclassic.com

www.burmeseclassic.com

၁၃၇၀ ပြည့်နှစ်၊ မိုးရာသီ ဝါခေါင်လ။

တစ်နေ့ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ မြို့မစွေးကြီး ငါးစိမ်းတန်း၌ ငါးစိမ်းသည်များ နံနက် (၁၀) နာရီခန့် ဆူညံရန်ဖြစ်နေသံများက ပတ်ဝန်းကျင်အားလုံးကို လွှမ်းမိုးသွားသည်။

"ဟဲ့ကောင်မ၊ ညည်းက ငါ့ဖောက်သည်ကို ဘာလို့အတင်းလုခေါ်ရတာလဲ။ ဒါ ငါ့ဆီမှာဝယ်နေကျဖောက်သည်ဟဲ့"

"အတင်းလုခေါ်တာမဟုတ်ဘူး။ ငါ့ဆိုင်ရှေ့ကဖြတ်လာလို့ ငါနဲ့သိလို့ နှုတ်ဆက်တာလေ၊ အဲဒါဘာဖြစ်လဲ"

"အောင်မာ နင်တို့အကြောတွေ မသိရင်ခက်မယ်။ ကောင်မက လူပါးဝစကားပြောလို့"

"လူပါးဝတော့ဘာဖြစ်လဲ။ ညည်းက ဘာလုပ်ချင်လို့လဲ"

"လုပ်ချင်တယ် လာလေ၊ သတ္တိရှိရင်"

ငါးစိမ်းသည် ဒေါ်အေးတုတ်နှင့် ဒေါ်ပုမတို့ရန်တွေ့ရင်း ထဘီမနိုင်ပဝါမနိုင် လုံးထွေးသတ်ပုတ်ကြတော့သည်။ စွေးသည်များနဲ့ စွေးဝယ်များက ဝိုင်းကြည့်နေပေမယ့် ဘယ်သူမှဝင်မဆွဲရဲ။ အကြမ်းလျှာကြမ်း ငါးစိမ်းသည်မ ဒေါ်အေးတုတ်အကြောင်းကို အားလုံးသိနေကြသည်။ ဒေါ်အေးတုတ်က အသက်(၅၀)ခန့်။ သုံးဆယ်မြို့ ငါးစိမ်းတန်းမှာနာမည်ကြီး။ အသားညှိညှိ တုတ်တုတ်၊ ဘယ်သူကိုမဆို စိတ်မတွေ့လို့ကတော့ နေရာမရွှေ့ခင်ပြကြမ်းကြမ်းပြောတတ်သည်။ ပါးစပ်ကြမ်းသလို အသွားအလာ အနေအထိုင်လည်းကြမ်းသည်။ ဒေါ်အေးတုတ်ပါးစပ်ကိုကြောက်လို့ ဓာတ်သိများကအတတ်နိုင်ဆုံးရှောင်ကြသည်။ ဒေါ်အေးတုတ်၏လက်သုံးစကားလေးတစ်ခုရှိသည်။

"အေးတုတ်တို့ကတော့ ဘေးအလုပ်မလုပ်တတ်ဘူး။ ငရဲဆိုတာ ကိုယ်မြင်ရတာမဟုတ်ဘူး။ ငါးစိမ်းသည်ဆိုတာ နာမည်သာဆိုးတာ၊ အမြတ်က အမျိုးမျိုးမြက်မြတ်လေးကျန်သားတော့။ အေးတုတ်တို့ကတော့ ဘယ်သူတွေ

(ဆရာမြိုးဝင်း)
မောင်စိန်ဝင်း
ကံရေစီးကြောင်းနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲပြောပြော တစ်သက်လုံး ငါးစိမ်းသည်ပဲလုပ်စားမယ်”

ဒေါ်အေးတုတ်ပြောသလို ဟုတ်နိုင်သည်။ နံစော်လှသောငါးစိမ်းတောင်းတို့ နေ့စဉ်ခေါင်းမှာရွက်သွားပြီးငါးရောင်းချနေပေမယ့် ဒေါ်အေးတုတ်တစ်ကိုယ်လုံး ရွှေတွေသီးနေသည်။ လည်ပင်းနှင့် လက်မှာ ရွှေဆွဲကြိုး၊ လက်ကောက်များ စွာကို အချိန်ပြည့်လိုဝတ်ဆင်ထားသည်။ စာကောင်းကောင်းမတတ်သဖြင့် ငါးရောင်းနေပေမယ့် ရွှေရှိတယ်၊ ငွေရှိတယ် ဆိုသည့်မာန်မာနနှင့် မျက်နှာကြောက ခပ်တင်းတင်း။ ဘယ်သူကိုမှ ဂရုမစိုက်တဲ့ပုံ။ ဘယ်သူကိုမှဂရုမစိုက်ဘူးဆိုပေမယ့် ဒေါ်အေးတုတ်ဈေးစည်းကမ်းထိန်းသိမ်းရေးလုပ်တဲ့ ဈေးကော်မတီကိုတော့ အလန့်သား။ ဈေးကောင်စီခုံးမှာ ရန်ဖြစ်လို့ မကြာခဏလက်မှတ်သွားထိုးသတိပေးခံထားရသည်။

ဒီနေ့ရန်ပွဲကိုလည်း ဘယ်သူသွားတိုင်လိုက်လဲမသိ၊ ဈေးကောင်စီလူကြီးများရောက်လာပြီး ရန်ပွဲကို ထိန်းသိမ်းလိုက်မှ ပွဲပြီးသွားသည်။ ဈေးကောင်စီလူကြီးတစ်ဦးက -

“ဒေါ်အေးတုတ်၊ ခင်ဗျားကို ရန်မဖြစ်ဖို့ အကြိမ်ကြိမ်သတိပေးခဲ့ပြီးပြီ။ ကဲ - ခုဘာဖြစ်ရပြန်တာလဲ”

ဥက္ကဋ္ဌကြီး၊ ဒီကောင်မ ကျွန်မဖောက်သည်ကို အတင်းလုခေါ်လို့ဖြစ်ရတာပါ”

“မဟုတ်ဘူး။ ကျွန်မအသိမို့ နှုတ်ဆက်တာကို အေးတုတ်က ရန်လုပ်တာပါ”

သူနိုင်ကိုယ်နိုင်လုရ၍ ပြောကြပြန်သည်။

ဈေးလူကြီးက -

“တော်ကြပါတော့ဗျာ။နှစ်ယောက်စလုံး ဈေးခုံးမှာလာလက်မှတ်ထိုးရမယ်။ နောက်တစ်ခါ ရန်ဖြစ်ရင် နှစ်ယောက်စလုံး ဈေးရောင်းခွင့်အပိတ်ခံရမယ်။ ဒါနောက်ဆုံးပဲ”

ဈေးလူကြီးများပြန်သွားကြသည်။ ရွာတစ်ရွာမှာ ထစ်ခနဲရန်ဖြစ်ပြီဆိုလျှင် တုတ်ကြီးဆိုတာပါမြဲ။ တုတ်ကြီးနှင့် ရန်ဖြစ်သည့် တစ်ဖက်လူအမည်ကိုသာ ပြောရန် သူကြီးဖြစ်သူက လာတိုင်သူများကို ပြောယူရသည် ဟူ၏။ ယခုလည်း

www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ်ငါးစိမ်းတန်းမှာ ရန်ဖြစ်ပြီဆိုလျှင် တစ်ဖက်လူသာ အမည်ပြောင်းသွားမည်။ ဒေါ်အေးတုတ်ကပါမြဲဆိုတာ စွေးကောင်လူကြီးအားလုံး သိထားကြသည်။

❑

သာယာဝတီမြို့နယ် အနောက်ခြမ်းတွင် စံရွှေ့၊ ဖိုးခေါင်၊ အသရော်၊ အသနေ့၊ ဇီးပဲ့ ဆိုသည့်ရွာကြီးများရှိသည်။ အင်းအိုင်ချောင်းမြောင်းအလွန်ပေါ၍ ငါး၊ ငါးပိ၊ ငံပြာရည်၊ ငါးခြောက်မျိုးစုံထွက်သည်။ စံရွှေ့ရွာကြီးအနီးပတ်ဝန်းကျင်ကျေးရွာအင်းများကထွက်သောငါးများကို စံရွှေ့ရွာမှာ အဝယ်ဒိုင်များဖွင့်၍ လက်ကားဖြန့်ဝေရောင်းချသည်။ ဒေါ်အေးတုတ်အလုပ်က နှစ်ရက်တစ်ခါလောက် လင်တော်မောင်ဦးအေးနှင့်အတူ စံရွှေ့ရွာငါးအဝယ်ဒိုင်သို့ ငါးများသွားရောက်ဝယ်ယူပြီး သုံးဆယ်စွေးၭ စွေးအမီရောင်းချခြင်းဖြစ်သည်။ စွေးသိမ်းချိန်မှာ လက်ကျန်ငါးများကို သုံးဆယ်မြို့ပန်းဆွဲတမ်းလမ်းနေအိမ်၌ ရေဖြည့်ထားသော သစ်သားစည်ကြီးများဖြင့် သို့လှောင်ထားလေ့ရှိသည်။

သုံးဆယ်နှင့်စံရွှေ့၊ ဖိုးခေါင်ရွာကြီးများက မဝေးကွာလှ။ (၁၀)မိုင်လောက်သာဝေးသည်။ လမ်းက ကတ္တရာလမ်းမဟုတ်ပေမယ့် ကျောက်ကြမ်းလမ်းမို့ ထော်လာဂျီ၊ မြင်းလှည်း၊ စက်ဘီးများနှင့် ရာသီမရွေးသွားလို့ရသည်။ စံရွှေ့ရွာကြီးက တိုက်နယ်အဆင့်ရွာကြီး ဖြစ်သည်။ ရဲစခန်း၊ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံများရှိသည်။ သာယာဝတီ၊ သုံးဆယ်ကဝန်ထမ်းများ၊ စွေးသည်များနေ့ချင်းပြန် ရောင်းဝယ်ကူးသန်းသွားလာကြသည်။ စံရွှေ့ရွာကြီးအနီးမှာ မြစ်မခမြစ်၏မြစ်လက်တက်တစ်ခု ဖြတ်သန်းစီးဆင်းနေသည်။ စံရွှေ့ရွာကြီးတစ်ဖက်ကမ်းမှ မြစ်လက်တက်ကို လေ့နှင့်ဖြတ်ကျော်လိုက်တာနှင့် စံရွှေ့ရွာကြီးကိုရောက်ပြီ။ စံရွှေ့နှင့် ဖိုးခေါင်ရွာကြီးများက သီးခြားစီတည်ရှိနေပေမယ့် ဒီနယ်သားတွေအားလုံးက စံရွှေ့၊ ဖိုးခေါင်ဟု တွဲ၍ ခေါ်လေ့ရှိသည်။

ဒီနေ့ ဒေါ်အေးတုတ် လင်တော်မောင်ဦးအေးကို စိတ်တိုနေသည်။ နံနက် (၁၁)နာရီရှိပြီ။ ထမင်းလာပို့သည့်ဦးအေးက ခုထိရောက်မလာသေး။ ဗိုက်ဆာနေသည်။ ဦးအေးအလာကိုစောင့်မျှော်ရင်း ဒေါ်အေးတုတ်ပါးစပ်က တဖျစ်တောက်တောက် မြည်တွန်တောက်တီးနေသည်။

ဒေါ်အေးတုတ်က အာကြမ်းသလောက် ဦးအေးက နာမည်နှင့်လိုက်အောင်ကို အေးသည်။ ဒေါ်အေးတုတ် ဘာပဲပြောပြော ပြန်မပြောတတ်။ ဒေါ်အေးတုတ် လင်တော်မောင် လူရိုးကြီးဦးအေးကို အသေအလဲနိုင်သည်။ဟော- ဒေါ်အေးတုတ် မြည်တွန်တောက်တီးနေဆဲ ဦးအေး ထမင်းချိုင့်လေးပါသည့် ဆွဲခြင်းကြီး တစ်ခုနှင့်ရောက်လာသည်။ ဒေါ်အေးတုတ် ခါးထောက်လိုက်ပြီး -

"ဒီမှာ ကိုအေး၊ ဘယ်အချိန်ရှိပြီလဲ နောက်ကျလှချေလား။ ထမင်းလေးပို့ရတာကို အဆင်ပြေအောင်မလုပ်နိုင်ဘူး။ ရှင်ဘာအသုံးကျလဲ။ ရှင့်ကို ငါးဝန်းခေါင်းရွက်ပြီး တစ်သက်လုံး ရှာကျွေးနေတာသိရဲ့လား"

ဦးအေး ထုံးစံအတိုင်း တုတ်တုတ် မျှမလှုပ်။ ဘာမှပြန်မပြော ငြိမ်နေသည်။ ဒေါ်အေးတုတ် ပြောရင်းဒေါပွလာပြီး-

"ပြောလိုက်ရင် မထုံတက်သေးနဲ့ ပြန်မပြောဘူး။ လူစကားနားမလည်တဲ့ခွေးအကြီးကျနေတာပဲ။ ရှင်ကြပ်ကြပ်သတိထား"

ဦးအေး ဘာမှပြန်မပြောတော့ စကားနည်းရန်စဲသွားသည်။ ဦးအေး လုပ်စရာရှိတာတွေ ကူညီလုပ်ပေးနေသည်။ ဒေါ်အေးတုတ် စွေးဆက်ရောင်းရန်ပြင်ဆင်ရင်း ဝယ်နေကျစွေးဝယ်ကို မြင်လိုက်လို့ မျက်နှာကြောတင်းနေတာ ပြင်လိုက်ပြီး -

"ဘာဝယ်မှာလဲ ဒေါ်မြ၊ ငါးခူတွေ လတ်ပါတယ်။ ဒီနေ့မှ ဒိုင်ကဝယ်လာတာ၊ ဘယ်လောက်သားယူမလဲ"

"ငါးဆယ်သားလောက်တော့လို ချင်တယ်။ အဲတော့ - ငါးတွေကအရှင်ကြီးတွေ"

"ဒါကလွယ်ပါတယ်တော်၊ သတ္တဝါဆိုတာ လူချွတ်မှကွတ်တာပါ"

"ဒုတ်. . . ဒုတ်. . . ဒုတ်"

ဒေါ်အေးတုတ် ပြောပြောဆိုဆို ငါးဗန်းထဲကငါးခူများရဲ့ဦးခေါင်းကို ကိုင်ထားတဲ့အလေးနှင့် ဇက်ရဲလက်ရဲထုချလိုက်သည်။ တဖျတ်ဖျတ်လူးပြီး သေသွားသည့်ငါးများကို ငါးဆယ်သားချိန်တွယ် ဖက်နှင့်ထုပ်ကမ်းပေးလိုက်သည်။ ဒေါ်မြ မယူချင်ပေမယ့် ဒေါ်အေးတုတ် ပါးစပ်ကိုကြောက်သည်။ ကျသင့်ငွေရှင်း ငါးထုပ်ယူပြီး ထွက်ခွာသွားသည်။ ဒေါ်အေးတုတ်အဖို့ ငါးခေါင်းတွေ အလေးနှင့်ထုလာတာကြာပြီလေ။ ဒီအလုပ်က လုပ်နေကျမို့ ဘာမှမဆန်း။ ထမင်းစားရသောက်လို့ သဘောထားသည်။ ညနေပိုင်းစွေး ဆက်ထွက်သည်။ တစ်နေ့တာအချိန်များကုန်ဆုံး၍ စွေးသိမ်းပြီး ဒေါ်အေးတုတ်တို့လင်မယား အထုပ်ကိုယ်စီနှင့်အိမ်ပြန်ခဲ့ကြသည်။

❑

ဒေါ်အေးတုတ်နှင့် ဦးအေးတို့ လင်လင်ငယ်မယား။ အသက် နှစ်ဆယ့်ငါးလောက်တည်းက ပေါင်းသင်းလာခဲ့တာ ခုပဲ အသက် (၅၀)နား နှစ်ယောက်စလုံးနီးနေပြီ။ သံချောင်းဆိုတဲ့ သားလေးတစ်ယောက်သာထွန်းကား၏။ ရှားရှားပါးပါး တစ်ဦးတည်းသောသားလေးမို့ ဒေါ်အေးတုတ် အလွန်ချစ်ရှာသည်။ သားလေးက ခုဆို (၁၀) နှစ်ကျော်လို့ ငါးတန်းကျောင်းသားပင်ဖြစ်နေလေပြီ။ တစ်လောကလုံးမှာ ဒေါ်အေးတုတ် အချိုသာဆုံး ပြောဆိုဆက်ဆံသူဆိုလို့ သားလေးသံချောင်းတစ်ယောက်သာရှိသည်။ သံချောင်းက တစ်ဦးတည်းသောသားလေးပေမယ့် လိမ္မာသည်။ သွက်လက်ချက်ချာသည်။ ဒေါ်အေးတုတ်ရဲ့ အသည်းနှလုံးလေး။သုံးဆယ် အ-ထ-က (၁)မှာ ကျောင်းထားပေးသည်။ အကြိုအဖြူ၊ လုံချည်အစိမ်းကလေးဝတ်ပြီး လွယ်အိတ်လေးနှင့်ကျောင်းသွားပြင်နေသည့်သံချောင်းကို ပြုံးချိုသောမျက်နှာနှင့်ဒေါ်အေးတုတ်လှမ်းကြည့်လိုက်ပြီး-

"သားလေးသံချောင်း၊ မေမေ့ ဒီနေ့ စံရွှေ့ငါးဒိုင်ကိုသွားဦးမယ်။ သား အတွက် ထမင်းဘူးနဲ့ မုန့်ဖိုး စားပွဲတင်ထားတယ်။ မေမေတို့ စွေးအမီပြန်လာမယ်။ ကျောင်းဆင်းရင် သားဘာမှမသွားနဲ့။ ပျင်းရင် စွေးကိုလိုက်လာနော်"

ဒေါ်အေးတုတ် စိတ်မချသည့် သံချောင်းကို တတွတ်တွတ်မှာနေသည်။ နံနက်စောစောပင် စံရွှေ့၊ ဖိုးခေါင်ရွာ ငါးဒိုင်သို့ လင်မယားနှစ်ယောက် ငြမ်းလှည်းတစ်စီးနှင့် ထွက်ခဲ့ကြလေသည်။ သီတင်းကျွတ်လပြည့်ကျော်လာသည့် မိုးအင်းရာသီကုန်ဆုံးခဲ့ပြီ။ ကုန်းအင်းရာသီရောက်လာသည်။ ငါးတွေပိုရသလိုရှိသည်။ စံရွှေ့ငါးဒိုင်ကြီးမှာ ကြီးငါးများကို ရွှေ့ချယ်ချိန်တွယ်ဝယ်ယူပြီး ဒေါ်အေးတုတ်တို့ သုံးဆယ်စွေးအမြင်းလှည်းနှင့်ပြန်ခဲ့ကြသည်။

မိုးရာသီ ကုန်ဆုံးလုဖြစ်ပေလေ့လမ်းတစ်လျှောက် မိုးဖွဲလေးများ ရွာချရက်ကျနေရာက လေပြင်းပါတတ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်တိုက်လာသည်။ မိုးရောလေပါ ပြင်းလာလို့ ဒေါ်အေးတုတ် မြင်းလှည်းကို နီးစပ်ရာ ကုက္ကိုပင်ကြီးအောက်သို့ အပင်ခိုင်းလိုက်သည်။ လေပြင်းတစ်ချက် ဆောင့်တိုးသံနှင့်အတူ -

"ဝုန်း ဝုန်း ဝုန်း"

ဒေါ်အေးတုတ်တို့ စီးလာသော မြင်းလှည်းပေါ် သို့ သစ်ကိုင်းကြီးတစ်ကိုင်း ကျိုးကျလာသည်။ မြင်းလှည်းသမားနှင့် ဒေါ်အေးတုတ်လွတ်သွားပြီး ဘာမှမဖြစ် သေမယ့် မြင်းလှည်းထိပ်မှာ ကပ်ပြီးစီးနင်း ထိုတ်ပါလာသည့်ဦးအေးကို သစ်ကိုင်း တစ်ချက်ဖြတ်ရိုက်မိသွားသည်။ ဦးအေး မြင်းလှည်းပေါ်က ထိုးကျသွားသည်။ ဦးအေး ဦးခေါင်းကို သစ်ကိုင်းရိုက်မိတဲ့ ဒဏ်ရာနှင့် သတိလစ်မေ့မြောနေသည်။ မြင်းလှည်းပေါ် ပွေ့တင်ပြီး သာယာဝတီ ဆေးရုံအရိန်မီပို့ပေမယ့် ဦးအေး လောက ကြီးတ အပြီးတိုင်စွန့်ခွာသွားခဲ့ရသည်။

❑

ဦးအေးဆုံးပြီး (၃) လအကြာ လောတအလယ်မှာ သားငယ်တစ် ယောက်နှင့်ကျန်ခဲ့တဲ့ ဒေါ်အေးတုတ်ကို ရပ်တွက်ထဲ ရင်းနှီးခင်မင်သူအချို့က -

"အေးတုတ်ရယ်၊ တို့ရပ်ကွက်ထဲ က ကျောက်ကြီးက နင့်ကိုသဘောကျနေ တာ။ အရက်သောက်တတ်တာကလွဲလို့ ကောင်းပါတယ်။ နင့်အနွံအတာခံမှာပါ။ အားကိုးရှိဖို့လိုတယ်။ နောင်အရေးကို စဉ်းစားပါ။ နင်ကအရွယ်ရှိပါသေးတယ်"

တိုက်ပါများသည့်ဝတ်ကန္တလာ၏။ ဆိုင်လာသည်။ ကျောက်ကြီးက (၄) နှစ် သောက်ငယ်ပေမယ့် သားသမီးမပါတဲ့ ဆီးဖို့။ ဘာမှပြဿနာမရှိနိုင်။ အနွံ အတာခံမယ့်ပုံပဲ။ ကိုယ်လိုချင်တဲ့ဘက် ဆွဲတွေးပြီး ဒေါ်အေးတုတ် ကျောက်ကြီးနှင့် အတူဦးရုံးလက်ထပ်လိုက်သည်။အစပိုင်း တော့ ကျောက်ကြီး အနွံအတာခံသလိုရှိ သေမယ့် ကြာလာတော့ အရက်သမား စတိပြလာသည်။ နေ့တိုင်းသောက်၊ နေ့တိုင်းမူး၊ နေ့တိုင်းရမ်းလာသည်။

လာမယ့် တပေါင်းလမှာ သား လေးသံချောင်းကို ရှင်ပြုပေးရင်ကောင်း လား။ ကျောက်ကြီးကိုတိုင်ပင်ဦးမှ။ စားပွဲ တစ်လုံးပေါ် အရက်ပုလင်းထောင်ပြီး အရက်သောက်နေသည့် ကျောက်ကြီးကို ဒေါ်အေးတုတ် လှမ်းကြည့်လိုက်ပြီး -

"ကျော်ကြီး၊ သားလေးသံချောင်း ကို တပေါင်းလကျရင် ရှင်ပြုပေးရင် ကောင်းမလား"

"နင့်သား နင်ကြိုက်သလိုလုပ်၊ ငါ လာမပြောနဲ့။ အရက်နဲ့မြည်းဖို့ ငါးကြော် ခိုင်းထားတာ မပြီးသေးဘူးလား။ ဒီ ကောင်မ-အရေးမပါတာတွေလာပြော နေတယ်"

ဒေါ်အေးတုတ်ငြိမ်ကျသွားသည်။ အရင်ယောကျ်ားကိုနှိုင်းခဲ့ရသလောက် ကျော်ကြီးနှင့်ကျမှ လက်မြွောက်အရှုံး ပေးနေရသည်။ ဝင့်လည်တယ်ထင်ပါရဲ့။

တကယ်တော့ ဒေါ်အေးတုတ်က စံရွှေရွာဇာတိ။ စီးပွားရေးအရ သုံးဆယ် မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ခြင်း ဖြစ် သည်။ သံချောင်းကို ရှင်ပြုဖို့ကိစ္စ ကျော် ကြီးကို တိုင်ပင်နေလို့မရတော့။ မိမိ ဇာတိ စံရွှေရွာဘုန်းကြီးကျောင်းမှာ ရှင်ပြုပေးလျှင်ကောင်းမည်။

တစ်နေ့ နံနက် (၁၀) နာရီခန့် ဆွေမျိုးသားချင်း (၂) ယောက်နှင့် စံရွှေ ရွာဆရာတော် ဦးကုသလထံ ရောက်ရှိ သွားသည်။ ကျောင်းကိုမရောက်တာ ကြာပြီဖြစ်သည့် ဒေါ်အေးတုတ်ကို ထူးဆန်းသလို ဆရာတော်လှမ်းကြည့် လိုက်ပြီး-

"ဟဲ့- ဒကာမကြီး၊ မတွေ့တာကြာ ပြီနော်။ ဘာကိစ္စရှိသလဲ"

"မုန့်လုပါ။ တပည့်တော်သားလေး သံချောင်းကို အဲရှင်ဘုရားကျောင်းမှာ လာမယ့် တပေါင်းလ ရှင်ပြုပေးရင် ကောင်းမလားလို့ပါ"

"ကောင်းတာပေါ့။ သံချောင်း လည်း ရှင်ပြုရမယ့်အရွယ်ရောက်ပြီ။ ရက်အတိအကျတော့ ထပ်တိုင်ပင်ကြ တာပေါ့။ ရှင်မပြုခင် သက်နံးဓုတင်း သေချာရအောင် ကျောင်းကို တစ်လ လောက် ကြိုအပ်ထားရမယ်"

"မုန့်လုပါ ဘုရား"

"ဒါထက် ဒကာမကြီးကို ဆရာ တပည့်အရင်းမို့ပြောရဦးမယ်။ ဒကာမ ကြီး ငါးရောင်းတာ မလုပ်နဲ့တော့"

"အေးတုတ်က ဘေးအလုပ်မလုပ် တတ်ဘူးဘုရား။ ငါးပဲရောင်းတတ်တာ"

ဒေါ်အေးတုတ် သုံးနေကျလက် သုံးစကားဖြင့် လျှောက်တင်လိုက်သည်။

"ဒကာမကြီး ကိုယ်နဲ့မကောင်းမှု ပြု၍လည်းကောင်း၊ ဝစီကံနှုတ်ဖြင့် မကောင်းမှုပြု၍လည်းကောင်း၊ အသက် မွေးခြင်းကင်းမဲ့ သမ္မာအာဇီဝကောင်းစွာ အသက်မွေးခြင်းမည်တယ်။ အခုပဲ သား လေးဘာသာနဲ့ဘောင်ရောက်တော့မယ်။ စဉ်းစားစေချင်တယ်"

ဒေါ်အေးတုတ် သားလေးနှင့်ပတ် သက်လာတော့ ငိုင်ကျသွားသည်။

"မုန့်လုပါ။ တပည့်တော် စဉ်းစား ပါ့မယ် ဘုရား"

"သာဓု သာဓု သာဓု"

ဒေါ်အေးတုတ်တို့ ဆရာတော်ကို ဝတ်ပြုပြီး ပြန်ခဲ့ကြသည်။

❑

ရှင်ပြုမည့်လနီးလာလို့ သံချောင်း ကို စံရွှေးဆရာတော်ကျောင်းမှာ အပ်နှံ ထားခဲ့ပြီ။ တပို့တွဲလ နံနက်ခင်းတစ်နေ့ သုံးဆယ်ငါးစီးမီးတန်းမှာ စွေးဝယ်လာသူ တွေနဲ့မှမစည်ကားသေး။ စွေးဆိုင်တွေ ခင်းနေခိုက် ငါးစိမ်းသည်များရန်ဖြစ်သံ ပွက်လောရိုက်ဆူညံနေသည်။

"ဟဲ့ကောင်မ ကုလားမ၊ နင်က ငါ့ ဆိုင်ဘက်တိုးခင်းရအောင် နင့်လင်ဝယ် ထားလို့လား။ မပြောချင်လို့ကြည့်နေတာ ကန်းတက်လာတယ်"

"ဟဲ့ကောင်မ- ငါ့ဆိုင်ဘက်ငါခင်း တာလေ။ နင်သေချာကြည့်ပြော"

"ကြည့်ပြောတာလေ။ နင်လူ လည်မကျနဲ့"

"ကျတော့ဘာဖြစ်လဲ"

ထုံးစံအတိုင်း ရန်ဖြစ်သူထဲ ဒေါ်အေးတုတ်ပါသလားမမေးနဲ့။ ဒီတစ် ခါ ဒေါ်အေးတုတ်နဲ့ရန်ဖြစ်နေသူက ဆိုင် ချင်းကပ်လျက် ဒေါ်ကုလားမ။ နှစ်ဦး သားရန်တွေ့ရင်း ဒေါ်သဖြစ်ပြီး သူတစ် ပြန်ကိုယ်တစ်ပြန် လုံးထွေးသတ်ပုတ်ကြ တော့သည်။ ဒေါ်ကုလားမ လက်ထဲမှာ ကိုင်ထားတဲ့ပိဿာလေးနှင့် ဒေါ်အေး တုတ် ဦးခေါင်းကို နှစ်ချက်ဆင့်ထုထည့် လိုက်သည်။

"ဒုတ်. . . ဒုတ်"

ဒေါ်အေးတုတ် အလေးနှင့်အထုခံ ရပြီးလဲကျသတိလစ်မေ့မြောသွားသည်။ ပိုင်းဝန်းဖျန်ဖြေကြလို့ ရန်ပွဲလည်းပြီး သွားသည်။ ဒေါ်အေးတုတ်ကို သာယာ ဝတီဆေးရုံပို့လိုက်ရသည်။

"ဒေါ်အေးတုတ် အလေးနဲ့အထုခံ ရလို့တဲ့"

ဒီသတင်းက တစ်ဈေးလုံး၊ တစ် မြို့လုံး ပျံ့နှံ့သွားသည်။ သာယာဝတီ ဆေးရုံမှာ အတွင်းလူနာအဖြစ်တက် ရောက်နေသည့် ဒေါ်အေးတုတ် သဘိရ တစ်ချက်မရတစ်ချက်နှင့် ဖြစ်နေသည်။ ဒေါ်အေးတုတ် ဝိဿတိလစ်မေ့မြောနေ သည်။ တွယ်ရာမဲ့ဟင်းလင်းပြင်ကြီးထဲမှာ ကိုရင်ဝတ်လေးနှင့် သားလေးသံချောင်း ကို မြင်တွေ့နေရသည်။ သားလေးကို

www.burmeseclassic.com

www.burmeseclassic.com

ကိုရင်ဝတ်နှင့် အနီးကပ်ဖူးတွေ့ချင်လို့ ပြေးလိုက်သွားပေမယ့် သားလေးက အနားအကပ်မခံ။ ဒေါ်အေးတုတ်ကို မြင်တိုင်း တွင်တွင်သာပြေးနေသည်။ တကြော်ကြော်အော်ခေါ်ရင်း ဒေါ်အေးတုတ် နောက်ကပြေးလိုက်သွားရာက နောက်ဘက်ကို လှည့်ကြည့်လိုက်တော့ အရှပ်ဆိုးဆိုး တင်းမုတ်ကြီးတွေကိုင်ထားတဲ့လူကြီးတွေ၊ နီရဲပြီးပြဲနေတဲ့ပါးစပ်ကြီးတွေနဲ့ ခွေးနက်ကြီးများက ဒေါ်အေးတုတ်နောက် အတင်းပြေးလိုက်လာတာတွေ့နေရသည်။ ဒေါ်အေးတုတ်ပြေးရင်း အမောဖောက်လာပြီး ကြောက်ကြောက်နှင့် ကုန်းအော်လိုက်သည်။

"သားလေး သံချောင်းရေ၊ အမေ့ကိုစောင့်ပါဦး။ လူဆိုးကြီးတွေ၊ ခွေးနက်ကြီးတွေ အမေ့နောက်အတင်းလိုက်ဖမ်းနေတယ်။ အမလေး ကယ်ကြပါ၊ ကယ်ကြပါ"

"မအေးတုတ် မအေးတုတ် သတိထားပါ"

လူနာစောင့်များ ဒေါ်အေးတုတ်ကို အားပေးနေကြသည်။ လားရာဂတိမကောင်းသည့်ဒေါ်အေးတုတ်အဖြစ်ကို ကြည့်ပြီး စိတ်မကောင်းကြ။ ဒေါ်အေးတုတ် ကြောက်လန့်စာကြား မကြာခဏ အော်ဟစ်ရှုန်းကန်နေသည်။ နှစ်သိမ့်အားပေးနေကြပေမယ့် ဒေါ်အေးတုတ်ရဲ့ အခြေအနေကမကောင်း။ ဆေးရုံရောက်ပြီး (၃)ရက်ခန့်အကြာ ဒေါ်အေးတုတ် အော်ဟစ်ရင်း၊ ရှုန်းကန်ရင်း သတိလစ်မေ့မြောသွားရာက သတိပြန်လည်မလာတော့။ မဲ့သေသေနည်းဖြင့် လောကကြီးကို ထာဝရအပြီးပိုင် နှုတ်ဆက်ခွဲခွာသွားရပေသည်။

❑

ဒေါ်အေးတုတ် ကွယ်လွန်သွားပြီဖြစ်ပေမယ့် ဒေါ်အေးတုတ်ကိုယ်တိုင် သိခွင့်ရမသွားရှာတဲ့ လွမ်းမောဖွယ် ဇာတ်လမ်းအပိုင်းအစလေးက ကျန်ရှိနေပေသည်။ ရပ်ရေးရွာရေးဆိုလျှင် ဝိုင်းဝန်းကူညီတတ်ကြသော တောရွာလေ့ထုံးစံအတိုင်း စံရွှေးရွာသားများလူပ်လှုပ်ရှားရှားရှိနေကြသည်။ သံချောင်းရှင်ပြုပွဲကို ဘုန်းတော်ကြီးကျောင်းမှာပဲပြုလုပ်မှာမို့ လိုအပ်တာတွေ ကြိုတင်ဝယ်ယူစုဆောင်းကြ၊ စီမံကြနှင့် အလုပ်ရှုပ်နေကြသည်။ ရှင်ဖြစ်လာမည့်မောင်ရင်လောင်းကို ဘေးအန္တရာယ်များမကျရောက်စေရန် ရပ်ရွာလူကြီးတွေနှင့် ဘုန်းတော်ကြီးက ကြပ်မတ်ပေးနေရသည်။

ဘုန်းတော်ကြီးဦးကုသလက -

"ဟဲ့-သံချောင်း၊ သင်္ကန်းတောင်းကျက်ပြီးရင် ကျောင်းထဲကရေတွင်းမှာပဲ ရေချိုး ကြွားလား။ မြစ်မခဘက်ဆင်း ရေမချိုးနဲ့"

"တင်ပါ့ဘုရား"

နွေရာသီရောက်လာပေမယ့် မြစ်မခ မြစ်လက်တက်ရေက သိသိသာသာ ကျမသွား။ မြစ်ရေများ တသွင်သွင်စီးဆင်းနေဆဲ။ ဘုန်းတော်ကြီးကျောင်းက မြစ်ဘေးကပ်လျက် တည်ရှိနေသည်။ ဘုန်းတော်ကြီးက စိတ်မချ၍ မှာကြားနေခြင်းဖြစ်သည်။ ဒါပေမယ့် ဘာရမလဲ၊ သံချောင်းက ကလေးပိပိ ရေကူးဆော့ကစားချင်စိတ်များနေသည်။ ဘုန်းတော်ကြီးအလစ်မှာ မြစ်မခဘက်သို့ရောက်သွားပြီး ရေဆင်းကူးတော့သည်။ ရေကူးရင်း ရေစီးနှင့်မျောပါသွားတာကို ရွာသားအချို့ မြင်တွေ့လိုက်ရသည်။ အချိန်မီဆင်းကယ်ကြပေမယ့် သံချောင်း ရေထဲစုံးစုံးနှစ်မြုပ်သွားပြီး ရှာမရဖြစ်နေကြသည်။ နောက်နေ့နံနက်တျမှ မြစ်မခကမ်းစပ်တစ်နေရာမှာ သံချောင်းရဲ့ အလောင်းကို ရှာဖွေတွေ့ရှိကြသည်။ ရွာသားအားလုံး စိတ်မကောင်းကြ။ တစ်ရွာတည်းသားဖြစ်လို့ ဒေါ်အေးတုတ်ကိုလည်း သနားမဆုံးရှိနေကြသည်။ ရွာသားအားလုံးတိုင်ပင်ပြီး ဒီကိစ္စကို ဒေါ်အေးတုတ်ဖွင့်မပြောရန် ဆုံးဖြတ်လိုက်ကြသည်။

ကံတရားတို့၏ တူသောအကျိုးပေးကား ဆန်းကြယ်လွန်းလေစွ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်နေလျှင် ကံနှင့်ကံ၏အကျိုးပေးကို ယုံကြည်ရပေမည်။ နေ့စဉ် မိမိတို့ပြုလုပ်ဆောင်ရွက်ပြီးသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ရဲ့ အကြောင်းနှင့်အကျိုးကို ဆက်စပ်ပြီး ဝေဖန်ဆန်းစစ်နေသင့်သည်။ အကြောင်းကောင်းမှအကျိုးကောင်းမည်။ အကြောင်းပြတ်မှအကျိုးပြတ်မည်။ မကောင်းမှုဖြစ်စေတတ်သောအကြောင်းများကိုစွန့်ပယ်ခြင်း၊ မိမိစိတ်ကို ဖြူစင်အောင် ပြုပြင်ခြင်းဖြင့်သာ ကောင်းကျိုးများ ဖြစ်ထွန်းနိုင်ပေမည်။

လူ့ဘဝခရီးကား တာတိုလေးသာဖြစ်သည်။ အို၊ နာ၊ သေ မရောက်မီ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ လက်တစ်ဖျစ်တီးလေးမှာမမြဲသောအနိစ္စ၊ နေဝင်ခါနီးကို ငယ်ရွယ်စဉ်ကပင် အကြောင်းကံအမျိုးမျိုးနှင့် ရောက်ရှိသွားကြသူတွေကို မိမိပတ်ဝန်းကျင်မှာ မကြာခဏဆိုသလို တွေ့မြင်ကြားသိနေကြရသည်။ အကြောင်းတရားတို့ကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားတို့သည် ဘာမှမမြဲသည်ကို မှန်ကန်စွာ နှလုံးမသွင်းဘဲ မကောင်းမှုဖြင့် လောဘဇောတိုက် စီးပွားရှာနေကြသူများ၊ ငရဲမမှု ပြာပုံထုထဲမှာ ရှုန်းချင်နေကြသူများအတွက် လူဖြစ်ရကျိုးနှုံးလှသလို သံသရာခရီးအတွက် ရင်လေးဖွယ်ဖြစ်၏။

ဒယ်အိုးမကြောက်ကြသူများ

- ဗုဒ္ဓဘာသာဖြစ်နေပါလည်း ကံနဲ့အကျိုး ကောင်းဆိုးနှစ်တန်မဝေဖန်ဘူး။ လက်တစ်ဖျစ်တီး ခရီးတာတို့ ဆန့်လိုသောလက် ကွေးလျက်ရှိစဉ် နေဝင်ချိန်ကို ရောက်မည်ဆိုငြား၊
- ငါ့သားသမီး၊ ငါ့ဇနီးအတွက် လောဘတက်ပြီး တစ်ဘဝစာ ငါ့ဘို့သာဟု၊
- ငရဲမမှု၊ ပြာပုံထုက၊ ရုန်းထရာမည်၊ ဘယ်မှာဒယ်အိုးရှိသနည်း ပန်းဗေဒါတို့ မြစ်ရေစီးကြောင်းအတိုင်း မျောပါလာကြ၏။ ဗေဒါတို့ ရေစီးကြောင်းအတိုင်း ရေစုန်လျှင်စုန် ရေဆန်လျှင်ဆန်ကြရပြန်၏။ လူသားတို့အားလုံး သံသရာဆိုတဲ့မြစ်ထဲမှာ ကံနှင့်တူတဲ့ ရေစီးကြောင်းအတိုင်း ကံကောင်းလျှင်စံ၊ ကံမကောင်းလျှင်ခံကြရပြန်၏။ ကံမျိုးစေ့ကို ကိုယ်တိုင်စိုက်ပျိုးခဲ့ကြသည်မဟုတ်ပါလား။ ကံနှင့်အကျိုးပေးခွင့်ကို ကိုယ်တိုင် ပြုပြင်ဖန်တီးနိုင်ခွင့်ရှိနေပလျက် ကံကိုမပြုပြင်ဘဲ ပစ်ပယ်ထားခဲ့သဖြင့် တူသော ကံအကျိုးပေးအတိုင်း ခံစားသွားရတဲ့ ဒေါ်အေးတုတ်အဖြစ်ကို မြင်တွေ့ကြားသိရသူအချို့က တရားသဘောအရ သင်ခန်းစာကောင်းကောင်းယူသွားခဲ့ကြသည်။

ဩော် - ဘေးအလုပ်မလုပ်ဘဲ ဒေါ်အေးတုတ် ဆေးရုံတက်နေတုန်းသာ သားလေးသံချောင်း ရေနစ်သေဆုံးသွားရတဲ့အဖြစ်ကို အမှန်အတိုင်းသာကြားသိခွင့်ရသွားခဲ့မယ်ဆိုရင်ဖြင့် -

မကောင်းမှုဆောင်
ကောင်းမှုဆောင်နိုင်ကြပါစေ

မောင်စိန်ဝင်း (ရေနံချောင်း)

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး
တားရော့ဖြန့်ခင်းပုံနည်းစနစ်

Lovers Spread for Suzanne (Suzanne အတွက် ချစ်သူ)

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ်	ဓား(၈)လက်ပါကားချပ်(ပြောင်းပြန်)
ဒုတိယကားချပ်	မျှော်စင်ကားချပ်(ပြောင်းပြန်)
တတိယကားချပ်	ဖလား(၉)လုံးပါကားချပ်
စတုတ္ထကားချပ်	ရဟန်းမင်းကြီးကားချပ်(ပြောင်းပြန်)
ပဉ္စမကားချပ်	မြင်းစီးသူရဲကောင်းတောင်ဝှေးကားချပ်
ဆဋ္ဌမကားချပ်	ငါးမြှောင့်ကြွယ်(၇)ခုကားချပ်(ပြောင်းပြန်)
သတ္တမကားချပ်	မိဖုရားတောင်ဝှေးကားချပ်(ပြောင်းပြန်)
အဋ္ဌမကားချပ်	စီရင်ချက်ကားချပ်(ပြောင်းပြန်)
နဝမကားချပ်	ဓား(၆)လက်ပါကားချပ်
ဒသမကားချပ်	တောင်ဝှေး(၈)ချောင်းပါကားချပ်

ကားချပ်ဖြစ်သည်။ သူမအတွေ့အကြုံနှင့် ထိုးထွင်းဉာဏ်တို့ကိုသုံး၍ ချစ်သူနှင့်ဆန္ဒတူ၊ ရည်ရွယ်ချက်တူဖြစ်အောင် ကြိုးစားနိုင်ပါသည်။

ဖတ်ကြားခြင်း

မေးခွန်း (၁)

ကျွန်ုပ်ချစ်သူက ဝရိုက်မည်လား။

အဖြေ

Eight of Swords ပြောင်းပြန် - ဤကားချပ်သည် Suzanne မှ အဆင်မပြေသောဆက်ဆံရေးကို လက်လျှော့သင့်ကြောင်း သူမ၏ ချစ်သူအနေဖြင့် ဖြောင့်ဖြူးသော ချစ်ခရီးလမ်းကို ထိမ်းသိမ်းရန် ဇွဲ (ခံနိုင်ရည်) မရှိကြောင်း ပြနေပါသည်။

မေးခွန်း (၂)

ကျွန်ုပ်တို့ လိုက်ဖက်ညီကြမည်လား။

အဖြေ

The Tower ပြောင်းပြန် - သူမအနေဖြင့် အတိတ်ကကြုံတွေ့ခဲ့ရသော မကောင်းသည့်အနေအထားမျိုး ပြန်မဖြစ်ရန် သတိထားရပါမည်။

မေးခွန်း (၃)

ချစ်သူချင်း ဆန္ဒတူ ရည်ရွယ်ချက်တူရှိပါသလား။

အဖြေ

Nine of cups - အလိုဆန္ဒအရှိအတိုင်းကို ဖော်ပြသည့် အတည့်ကျသော

မေးခွန်း (၄)

ချစ်သူက သစ္စာရှိနိုင်ပါမည်လား။

အဖြေ

The Hierophant ပြောင်းပြန် - အဆိုပါပြောင်းပြန်ကားချပ်သည် Suzanne၏ချစ်သူ စိတ်သာယာမှုရှာတတ်သူ၊ ရုပ်ဝါဒီဆန်သူ၊ သည်းမခံတတ်သူ ဖြစ်ကြောင်း ဖော်ပြပါသည်။ မပွင့်တပွင့် ပုံစံရှိပြီး မိမိကိုယ်မိမိယုံကြည်မှုနည်းသူလည်းဖြစ်သည်။ အတိုဆုံးပြောရပါက ထိုကဲ့သို့သောချစ်သူမျိုးဘက်က အရာရာ လေးနက်စွာ ပြင်ဆင်ထားရှိခြင်းမရှိနိုင်သေးပါ။

မေးခွန်း (၅)

လိင်ဆွဲဆောင်မှုအတွက်သာစိတ်ဝင်စားသည်လား။

အဖြေ

Kinght of wands - ဤကားချပ်မိမိ၏ အတွေ့မာန်နှ လိုအပ်ချက်များက ချစ်သူတို့ ဆက်ဆံရေးအကြား အရေးပါနေကြောင်း ကောက်ချက်ချပါသည်။

မေးခွန်း (၆)

အိမ်ထောင်ပြုရန် စဉ်းစားပါသလား။

အဖြေ

Seven of pentacles ပြောင်းပြန် - ငွေကြေးကိစ္စများနှင့် အောင်မြင်မှုရရန် အခြေအနေများ မသေချာသေးကြောင်း ဤကားချပ်က ဖော်ပြပါသည်။ ကျန်းမာရေးဆိုင်ရာပြဿနာရှိနိုင်ပြီး Suzanne ရော သူမချစ်သူပါ စိုးရိမ်ထိတ်လန့်မှုများစွာဖြင့် ယုံကြည်မှုလျော့နည်းနေပါမည်။ ထိုအခြေအနေကြောင့်ပင် သူမချစ်သူက လက်ထပ်ရန် ကတိစကား လုံးဝမပြောလိုခြင်း ဖြစ်သည်။

မေးခွန်း (၇)

ချစ်သူက ဂုဏ်ရည်အဆင့်တန်းမြင့်မားပါသလား။

အဖြေ

Queen of wands ပြောင်းပြန် - ဤကားချပ်သည် မိမိအားအများမှအာရုံစိုက်ခြင်း၊ ခိုးမွှမ်းခြင်းတို့အတွက် လိုအပ်သောအခြေအနေများကို ကိုယ်စားပြုပါသည်။ သူမ၏ ချစ်သူအနေဖြင့် အခြေအနေ အဆင့်အတန်းမြင့်မား၍ ကြီးမားသောမျှော်လင့်ချက်များရှိနေသော်လည်း တစ်ပါးသူတစ်ဦးတစ်ယောက်က ကူညီဖြည့်ဆည်းပေးမှသာ ဖြစ်နိုင်ပါသည်။ Suzanne က ချစ်သူ၏ မျှော်လင့်ချက်များ အကောင်အထည်ဖော်နိုင်ရန်ခက်ခဲသောအခြေအနေတွင်ရှိနေပါသည်။

မေးခွန်း (၈)

ငွေကြေးဥစ္စာပစ္စည်း မျှတစွာပိုင်ဆိုင်နိုင်မည်လား။

အဖြေ

Judgement- ပြောင်းပြန်-သူမနှင့် ချစ်သူတို့အကြား ဆက်ဆံရေးခံ့ အမှန်အတိုင်းစီရင်ဆုံးဖြတ်နိုင်စွမ်းမရှိကြချေ။ သူတို့ (၂) ဦးအနေဖြင့် ငွေကြေးကြွယ်ဝမှုအခြေအနေကို တစ်ဦးနှင့်တစ်ဦးရိုးသားပွင့်လင်းစွာဆွေးနွေးပြီးမှသာ ကတိကဝတ် စကားပြောသင့်ပါသည်။

မေးခွန်း (၉)

ချစ်သူက ခွဲခွာသွားမည်လား အတူရှိနေမည်လား။

www.burmeseclassic.com

www.burmeseclassic.com

အဖြေ

Six of swords suzanne ၏ ချစ်သူက ပြဿနာနှစ်အတွင်းနစ်နေခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်ရန်သာ စိတ်စောနေပါမည်။

ချစ်သူ (၂) ဦးစလုံး ခရီးထွက်သင့်ပြီး ပြဿနာမှန်သမျှ လက်တွဲဖြေရှင်းရပါမည်။

မေးခွန်း (၁၀)

နောက်ဆုံး အကျိုးရလဒ်က အဘယ်နည်း။

အဖြေ

Eight of wands suganne ၌ သူမ၏ရည်မှန်းချက်အတိုင်းလုပ်ရန် ခွန်အားများရှိနေပါသည်။ သူမဆန္ဒရှိပါက ပြဿနာအဝဝကို အောင်မြင်စွာ ကျော်လွှားနိုင်ပါမည်။

Comments (ထင်မြင်ယူဆချက်များ)

ဂင်းတို့ဆက်ဆံရေး၌ ပြဿနာများစွာရှိနေပါသည်။ လက်တွေ့ဘဝအနေဖြင့် ဖြေရှင်းကျော်လွှားနိုင်ရန် မလွယ်ကူပါ။

Magical Love မျက်လှည့်ဆန်သော အချစ် (သို့) ကြည်နူးဖွယ်ကောင်းသော အချစ်



၁။ ကျွန်ုပ်အတွက် အချစ်စစ်မှန်ရှာတွေ့နိုင်မလား။

၂။ ထိုချစ်သူက လုံခြုံစိတ်ချမှုရှိနိုင်ပါမလား။

၃။ အိမ်ထောင်ကျနိုင်တဲ့အခြေအနေရှိနိုင်မလား။

၄။ ယခုတွေ့သော အချစ်သစ်က ယခင်က ချစ်သူအတိုင်းဖြစ်မည်လား။

၅။ အချစ်သစ်အတွက် ကတိကဝတ်စကားထားရှိဖို့ဖြစ်နိုင်မလား။

၆။ ကြည်နူးဖွယ်ကောင်းသော အချစ်က ကျွန်ုပ်တို့(၂)ယောက်အကြား တည်တံ့နိုင်မလား။

၇။ ချစ်သူသစ်အား ဘဝ၏အစိတ်အပိုင်းအဖြစ် ကျွန်ုပ်ဘာလုပ်ပေးနိုင်မည်နည်း။

Derisအတွက်ကြည်နူးဖွယ်ကောင်းသော အချစ်

မေးခွန်း (၃)

အိမ်ထောင်ကျနိုင်သည့်အခြေအနေရှိနိုင်မလား။

အဖြေ

Three of Pentacles-ဂင်းကားချပ်

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ်	သီလရှင်ချုပ်ကားချပ်(ပြောင်းပြန်)
ဒုတိယကားချပ်	သူရိယကားချပ်(ပြောင်းပြန်)
တတိယကားချပ်	ငါးမြှောင့်ကြယ်(၃)ခုကားချပ်
စတုတ္ထကားချပ်	ဖလား(၉)လုံးပါကားချပ်(ပြောင်းပြန်)
ပဉ္စမကားချပ်	ဖလား(၆)လုံးပါကားချပ်(ပြောင်းပြန်)
ဆဋ္ဌမကားချပ်	ငါးမြှောင့်ကြယ်(၇)ခုပါကားချပ်
သတ္တမကားချပ်	မင်းလုလင်ငါးမြှောင့်ကြယ်ကားချပ်(ပြောင်းပြန်)

ဖတ်ကြားခြင်း

မေးခွန်း (၁)

အချစ်စစ်ရှာတွေ့နိုင်မလား။

အဖြေ

The High priestess ပြောင်းပြန်-ဘဝ၏ အဓိပ္ပာယ်နှင့် ကောင်းမွန်သော အချစ်ရေးမည်သို့တည်ဆောက်ရမည်ကို မသိကြောင်း Deris က ဆိုသည်။ သူ့၌ မပြောင်းလဲသောအမူအကျင့်နှင့် စိတ်အတွင်းအောင်းထားတတ်သည့်အလေ့အထရှိနေသည်။ ဂင်း၏မိဘများက သူငယ်စဉ်ကတည်းကပင် ကွာရှင်းပြတ်စဲခဲ့ကြသည့်အနေအထားကို တွေ့လိုက်ရ၍ အချစ်ရေးနှင့်ပတ်သက်ပြီး ကတိကဝတ်စကားမဖွင့်ဟရဲခဲ့ချေ။ Deris အနေဖြင့် အခြားသူများနှင့် ဆက်ဆံရေး၌အလွန်အကျွံသရုပ်ခွဲတတ်လေ့ရှိသည်။

မေးခွန်း (၂)

ထိုချစ်သူက လုံခြုံစိတ်ချမှုရှိနိုင်မည်လား။

အဖြေ

The Sun ပြောင်းပြန် - Deris အနေဖြင့် သူ့နည်းသွယ်ဖြင့်သာ ရပ်တည်ခြင်းအတွက် လုံခြုံစိတ်ချမှုပိုရှိနိုင်ပါမည်။ မိမိကိုယ်မိမိ တန်ဖိုးထားတတ်မှုနှင့်သတ္တိဂဲများလျော့ရဲနေပါမည်။ Deris သည် ငယ်ရွယ်နုပျိုပြီး ရိုးသားပွင့်လင်းစွာ ယုံကြည်မှုကြီးစွာဖြင့် ကြောက်စိတ်များကို မောင်းထုတ်ရပါမည်။

(ပြောင်းပြန်) ဖြစ်နေသော အနေအထားအရ မာန်မာနနှင့် စွမ်းအင်နည်းနေပါမည်။

မေးခွန်း (၃)

အိမ်ထောင်ကျနိုင်သည့်အခြေအနေရှိနိုင်မလား။

အဖြေ

Three of Pentacles-ဂင်းကားချပ်သည် အနုစိတ်ခြယ်မှုန်းတတ်သူပညာရှင်အား ကိုယ်စားပြုသည်။ ဖန်တီးနိုင်စွမ်းအားကြီးသူဖြစ်သည်။

မိမိ ရွေးချယ်ထားပြီးသော နတ်ပယ်၌ အောင်မြင်မှုရအောင် စွမ်းဆောင်ဖန်တီးနိုင်၏။ အလုပ်ကောင်းသလောက် ဝင်ငွေကောင်းသည်။ Dennis ဆန္ဒအရ သူလိုလူ (ချစ်သူ) မျိုး ရယူလိုသည်။ ဇွဲရှိနိုင်ပြီး လိမ္မာပါးနပ်ကျွမ်းကျင်သူအား လက်တွဲလိုသည်။ မိမိကိုယ်ကိုထောက်ပံ့မှုပြုနိုင်သည့် ထက်မြက်သောအမျိုးသမီးအဖြစ် ရပ်တည်နိုင်သူကိုသာ လက်ထပ်လိုသည်။

မေးခွန်း (၄)

ယခုတွေ့သည့် အချစ်သစ်က ယခင်ချစ်သူအတိုင်းဖြစ်မည်လား။

အဖြေ

Nine of cups ပြောင်းပြန်-Deris သည် ဇီဝိန္ဒြာရာသီဖွားဖြစ်ပြီး အလိုဆန္ဒပြင်းထန်သူတစ်ဦးဖြစ်သည်။ အကယ်၍ ဉာဏ်အမြော်အမြင်နည်းပါက အတိတ်ကကဲ့သို့ပင် ဂြိုဟ်ဆိုးများ ဝင်ရောက်နှောင့်ယှက်ခြင်းခံရပါမည်။ ကိုယ်တိုင် အလေးအနက်စဉ်းစားရတော့မည့်အခြေအခါ ဖြစ်သည်။

မေးခွန်း (၅)

အချစ်သစ်အတွက် ကတိစကားထားရှိဖို့ဖြစ်နိုင်မည်လား။

အဖြေ

Six of cups ပြောင်းပြန် - ပြောင်းပြန်ကားချပ်သည် သင့်အား တစ်စုံတစ်ယောက်က ဆုံးဖြတ်ပေးသည်

www.burmeseclassic.com

www.burmeseclassic.com

သတိကြီးစွာထားရန်အသိပေးထားသည်။ Deris ကိုယ်တိုင် အချစ်သစ်အတွက် ကိုယ်တိုင်ရွေးချယ်ခွင့်မရှိပါက ကိုယ်တိုင်ရွေးထွက်မရဘဲလို ချောင်ပိတ်မိနေတတ်ပါသည်။

မေးခွန်း (၆)

ကြည်နူးဖွယ်အချစ်က ရေရှည်တည်တံ့နိုင်မည်လား။

အဖြေ

Seven of Pentacles - ကြည်နူးဖွယ်ကောင်းသော အချစ်ရေးအတွက် လမ်းစမှာ Deris ၏ ငွေရေးကြေးရေးအခြေအနေပင်ဖြစ်သည်။ ဘက်အတွင်း၌ ဝိမိုပိုင်ငွေကြေးရှိထားခြင်းအားဖြင့် အချစ်ရေးအတွက် လုံခြုံစိတ်ချ ကြည်နူးဖွယ်အစစ်ဖြစ်လာနိုင်သည်။ သို့သော် ဤအရေး (ငွေကြေး) အခြေအနေယိမ်းယိုင်လာသောအခါ ကြည်နူးမှုများပျောက်ကွယ်သွားပါမည်။

မေးခွန်း (၇)

ချစ်သူသစ်အား ဘဝ၏တစ်စိတ်တစ်ဒေသအဖြစ် ကျွန်ုပ်ဘာလုပ်ပေးနိုင်မည်နည်း။

အဖြေ

Page of Pentacles ပြောင်းပြန် - ဂုဏ်ကားချပ်သည် ကျောင်းနေခြင်း၊ ရည်မှန်းချက်ထားရှိခြင်း၊ ငွေရှာခြင်းတို့၌ စိတ်မဝင်စားကြောင်း ဖော်ပြနေပါသည်။ ယင်းမှာ Deris အနေဖြင့် ဘဝကို သက်သာအေးဆေးစွာ ဖြတ်ကျော်လိုကြောင်း၊ ပင်ပင်ပန်းပန်းမလုပ်ရဘဲ ငွေလွယ်လွယ်များရလိုကြောင်းညွှန်ပြနေသည်။ Deris အနေဖြင့် ချစ်သူဘဝတည်တံ့စေလိုပါက အချို့သော အပြောင်းအလဲများလုပ်ပေးရပါမည်။

Comments (ထင်မြင်ယူဆချက်များ)

Dennis အဖို့ အချစ်ရေးနှင့်ပတ်သက်၍ အတော်အတန် ကြုံဆုံဆက်ဆံခဲ့ရသော်လည်း (ချစ်သူအဖြစ်) တစ်ဦးမှ ထာဝရတည်တံ့ခဲ့ပေ။ ၎င်း၏ မိဘနှစ်ပါးက သူငယ်စဉ်ကပင် ကွာရှင်းပြတ်စဲခဲ့ကြပြီး သူအတွက် လုံခြုံမှုမပေးနိုင်ခဲ့ကြပေ။ အသက် (၃၀) ရှိပြီဖြစ်သော်လည်း ဘဝ၌ အောင်မြင်မှုမရသေး။ Denis က သူဆရာဝန်ဖြစ်လာရန်ဆေးကျောင်းပြန်တက်ခဲ့သေးသည်။

Adele အတွက် ကြည်နူးဖွယ်ကောင်းသောအချစ်ရေး

အမြဲတစေရှိနေပါမည်။ Adele က စိတ်သစ်၊ လူသစ်၊ အလုပ်သစ်များဖြင့် ဘဝ

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ်	ဇော်ကိုးဆွဲခံထားရသူကားချပ်
ဒုတိယကားချပ်	ငါးမြောင့်ကြယ်(၅)ခုကားချပ်(ပြောင်းပြန်)
တတိယကားချပ်	တောင်ဝှေး(၁)ချောင်းကားချပ်
စတုတ္ထကားချပ်	ငါးမြောင့်ကြယ်(၁၀)ခုပါကားချပ်
ပဉ္စမကားချပ်	ငါးမြောင့်ကြယ်(၁)ခုကားချပ်(ပြောင်းပြန်)
ဆဋ္ဌမကားချပ်	ရဟန်းမင်းကြီးကားချပ်
သတ္တမကားချပ်	မိဖုရားဓားကားချပ်(ပြောင်းပြန်)

ဖတ်ကြားခြင်း

မေးခွန်း (၁)

ကျွန်ုပ်အတွက် အချစ်စစ်မှန်ရှာတွေ့နိုင်မည်လား။

အဖြေ

(The Hanged Man) Adele သည် တခြားသူများအတွက် အလိုဆန္ဒအဝဝကို အနစ်နာခံပေးဆပ်နေရသည်ဟု ခံစားမိပါသည်။ သူမအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်ပြီး စိတ်ကူးယဉ်အတွေးများရပ်တန့်ပစ်ရပေမည်။ သူမကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ်ချစ်တတ်မှသာလျှင် အချစ်စစ်ကိုရာတွေ့နိုင်ပါလိမ့်မည်။ ၎င်းစိတ်တည်ငြိမ်မှုရှိအောင်လည်း လေ့ကျင့်ရပါမည်။

မေးခွန်း (၂)

ထိုချစ်သူက လုံခြုံစိတ်ချရမှုရှိနိုင်မည်လား။

အဖြေ

Five of Pentacles ပြောင်းပြန် - Adele သည် ရည်မှန်းချက်ကြီးမားသော မိသားစုအသိုင်းအဝန်းမှဖြစ်ပြီး သူမဘဝကို အများထက် ထူးခြားစွာရှင်သန်လိုသည့်ဆန္ဒရှိသည်။ သူမ (၁၇) နှစ်သမီးအရွယ်က လွတ်လပ်မှုရရှိရန် အလုပ်တစ်ခုခုရဖို့ လိုအပ်ကြောင်း စဉ်းစားခဲ့မိသည်။ Adele က သိတ်ရာသီဖွားဖြစ်သည့်အလျောက် မိမိအဲတွက် လုံခြုံစိတ်ချရမည့်ချစ်သူကို လွတ်လပ်စွာရွေးချယ်သွားမည် ဖြစ်သည်။

မေးခွန်း (၃)

အိမ်ထောင်ကျနိုင်တဲ့အခြေအနေရှိနိုင်မလား။

အဖြေ

Ace of wands-အိမ်ထောင်ပြုလိုသူများအတွက် အိမ်ထောင်ကျကိန်းက ကို အသစ်တစ်ဖန်စလိုသည်။ သူမထံသို့ အဆက်အသွယ်အမျိုးမျိုးဖြင့် အခွင့်အရေးသစ်များ ရောက်ရှိလာပါမည်။ အလုပ်ကိစ္စကိုသာ ဦးစားပေးမှုကြောင့် အိမ်ထောင်ပြုရန်ကိစ္စ အချိန်ယူစဉ်းစားနေဦးမည် ဖြစ်သည်။

မေးခွန်း (၄)

ယခုတွေ့သည့် အချစ်သစ်က ယခင်ချစ်သူအတိုင်းဖြစ်မည်လား။

အဖြေ

Ten of Pentacles - Adele သည် ငယ်ရွယ်လွန်းသူဖြစ်ခြင်းကြောင့် ယခင်က ချစ်သူရှိခဲ့ဖို့ခဲယဉ်းပါသည်။ သူမအား စွဲဆောင်နိုင်မည့်ပုံစံ တွေ့ရှိလာသည်အထိ စောင့်ဆိုင်းနေရဖွယ်ရှိသည်။ ရှေ့ဖြစ်ဟောဆရာများအနေဖြင့် သူမ၏ဘဝအနေအထားပြောင်းလဲမှုကိုသေချာကြည့်ရမည်ဟု ဤကားချပ်က ရည်ညွှန်းပါသည်။

မေးခွန်း(၅)

အချစ်သစ်အတွက် ကတိစကားထားရှိရန်ဖြစ်နိုင်မလား။

အဖြေ

Ace of Pentacles ပြောင်းပြန် - အချစ်ရေးနှင့် ပတ်သက်၍ ပထမဆုံးထိတွေ့ဆက်ဆံမှုပြီးဆုံးသွားခြင်းကြောင့် ကတိစကားထားရှိရန် မဖြစ်နိုင်တော့ပါ။ သူမ အားကိုးအားထားပြုရာများကို မပျက်စီးအောင် ထိန်းသိမ်းနေဦးပါမည်။ သူမ၏ပထမချစ်သူက ကိုယ်ပိုင်ရပ်တည်မှု တစ်စုံတစ်ရာမရှိသေးသဖြင့် ကျောင်းပြီးအောင်ဆက်တက်နေစဉ် ကတိစကားပြောနိုင်ခွင့်မရှိသေးပေ။

မေးခွန်း (၆)

ကြည်နူးဖွယ်အချစ်က ဘယ်ရည်

www.burmeseclassic.com

www.burmeseclassic.com

တည်တံ့ပါမည်လား။

အဖြေ

The Hierophant - Adele က ဆရာသမားကောင်းတစ်ယောက်ရှာနေကြောင်း ဤကားချပ်က ဖော်ပြပါသည်။ ပြဿနာကို (ခေါင်းအေးအေးဖြင့်) ဖြေရှင်းရန် ဆိုးစားရမည်။ သူမယုံကြည်ထားသည်များက တစ်ခါတစ်ခါ မကောင်းသည့်အရာများဖြစ်နေတတ်သည်။

ထိုအခြေအနေကြောင့်ပင် သူမကိုယ်တိုင် ဆုံးဖြတ်သုံးသပ်မှုလွဲမှားခြင်းဖြင့် ကြည်နူးဖွယ်အချစ်က ရေရှည်တည်တံ့မည်မဟုတ်ပေ။ထိုအခြေအနေကြောင့်ပင် သူမကိုယ်တိုင် ဆုံးဖြတ်သုံးသပ်မှုနှင့် လွဲမှားခြင်းဖြင့် ကြည်နူးဖွယ်အချစ်က ရေရှည်တည်တံ့မည်မဟုတ်ပေ။

Comments (ထင်မြင်ယူဆချက်များ)

ကားချပ်များ၏ ဖော်ပြချက်အရ Adeleသည် ကလေးဘဝကတည်းကပင် ဘဝကြမ်းတမ်းခဲ့ပြီး ပြဿနာအရပ်ရပ်ရင်ဆိုင်ခဲ့ဖူးသူ ဖြစ်သည်။ အချိန်ကာလက သူမဘဝအပြောင်းအလဲကို ဖြစ်ပေါ် စေပါမည်။ လောလောဆယ်၌ သူမသည် အထပ်မြင့်တိုက်ခန်းတစ်ခန်း၌ အခန်းဖော်မိန်းကလေးတစ်ဦးနှင့် အတူနေထိုင်ပြီး အလုပ်လုပ်လျက် ကောလိပ်တက်ပါသည်။ သူမ၏အသွင်အပြင်က ထုံးတမ်းစဉ်လာနောက်လိုက်သည့် လမ်းရိုးသမားမဟုတ်ဘဲ ခေါင်းတုံးရိတ်လျက် နား၊ နှာခေါင်းနှင့် လျှာတို့၌ အပေါက်ဖောက်လျက်ကွင်းတပ်ထားသူ ဖြစ်သည်။

မေးခွန်း (၇)

ချစ်သူအား ဘဝ၏အစိတ်အပိုင်းအဖြစ် ကျွန်ုပ်ဘာလုပ်ပေးရမည်နည်း။

အဖြေ

Queen of swords ပြောင်းပြန် - ဤကားချပ်ဖော်ပြချက်အရ Adele ၏ မိခင်သည် တူရာသီဖွားဖြစ်ပြီး ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းခဲ့သည်။ Adele က ဖခင်၊ မိထွေးဖြစ်သူတို့နှင့်အတူ နေထိုင်ခဲ့သည်။ ထိုစဉ်ကတည်းက သူမဘဝ၌ ပျော်ရွှင်မှုမရှိခဲ့ပါ။ မိဖုရားဝေးကားချပ် (ပြောင်းပြန်) အရ Adele တစ်ဦးတည်း အထီးကျန်မဆန်လိုကြောင်း၊ အသိုင်းဝန်းနှင့်နေလိုကြောင်း သိနိုင်ပါသည်။ သူမအနေဖြင့် (၁၇) နှစ်သာရှိသေးသော်လည်း တစ်ကိုယ်တည်းဘဝဖြင့် တာရှည်မနေလိုတော့ပါ။ ထို့အတွက် သူမဘဝအတွင်း တစ်စုံတစ်ဦးရောက်ရှိလာရန် မည်သို့လုပ်ရမည်ကို စိတ်ပူပန်နေပါသည်။

Magical Love for Julie
Julie အတွက် ကြည်နူးဖွယ်အချစ်

မေးခွန်း (၄)

ယခုတွေ့သည့်ချစ်သူက ယခင်ချစ်သူအထိုင်းဖြစ်မည်လား။

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ် (1st Position)	မင်းလုလင်တောင်ဝှေးကားချပ်
ဒုတိယကားချပ် (2nd Position)	ကမ္ဘာလောကကားချပ်(ပြောင်းပြန်)
တတိယကားချပ် (3rd Position)	သိလရှင်ချပ်ကားချပ်
စတုတ္ထကားချပ် (4th Position)	ငါးမြှောင့်ကြယ်(၅)ခုကားချပ်
ပဉ္စမကားချပ် (5th Position)	ငါးမြှောင့်ကြယ်(၇)ခုကားချပ်(ပြောင်းပြန်)
ဆဋ္ဌမကားချပ်(6th Position)	ဘုရင့်မားကားချပ်
သတ္တမကားချပ်(7th Position)	မိဖုရားငါးမြှောင့်ကြယ်ကားချပ်

ဖတ်ကြားခြင်း

မေးခွန်း (၁)

ကျွန်ုပ်အတွက် အချစ်စစ်မှန်ရှာတွေ့နိုင်မလား။

အဖြေ

Page of wands - Julie မနုရာသီဖြစ်ကြောင်း ဤကားချပ်က ကိုယ်စားပြုဖော်ပြသည်။ လွတ်လပ်မှုနှင့် အတွေ့အကြုံသစ်ရှာဖွေလိုသူ၊ ခရီးသွားရခြင်းကို နှစ်သက်သူ ဖြစ်သည်။ သူမအနေဖြင့် ငယ်ရွယ်သူ အမျိုးသားတစ်ဦးအား ချစ်သူအဖြစ်ရှာဖွေတွေ့ရှိလိုသော်လည်း သူမ၏ လွတ်လပ်မှု မဆုံးရှုံးရအောင် ရာသက်ပန်လက်တွဲလိုခြင်းမရှိပေ။

မေးခွန်း (၂)

ထိုချစ်သူက လုံခြုံစိတ်ချမှုရှိနိုင်မည်လား။

အဖြေ

The world ပြောင်းပြန် - Julie အတွက် ငွေရေးကြေးရေးက အလားအလာမကောင်းပါ။ ငွေကြေးထောက်ပံ့မှုတို့အပေါ် ခံစားချက်မထားရှိခြင်းကြောင့် ပြဿနာများဖြစ်ပေါ်လာစေပါမည်။

မေးခွန်း (၃)

အိမ်ထောင်ကျနိုင်သောအခြေအနေရှိနိုင်မလား။

အဖြေ

The High Priestess - Julie က ထက်မြက်သူဖြစ်ပြီး သူမနှင့်ပတ်သက်သမျှ မေးခွန်းတိုင်းအတွက် (အလိုလိုသိပြီးသောဉာဏ်) ဖြင့် ဖြေကြားရန်အသင့်ရှိကြောင်း ဤကားချပ်ကဆိုသည်။ သူမစိတ်တိုင်းကျအခြေအနေမရောက်မချင်း အိမ်ထောင်ပြုရန် စဉ်းစားမည်မဟုတ်ပါ။

အဖြေ

Five of Pentacles - Julie အနေဖြင့် သူမတွေ့ရသည့်ချစ်သူက ငွေကြေးမက်မောဖြန်းတီးပြီး အရက်စွဲ၊ ဆေးစွဲသူ (သို့) မသန်စွမ်းသူတစ်ဦးဖြစ်နိုင်ကြောင်း ယခုကားချပ်ကဆိုသည်။ ယခင်ချစ်သူရှိခဲ့စဉ်အနေအထားနှင့် နှိုင်းယှဉ်လျက် (စိတ်ပိုင်းရောရုပ်ပိုင်းပါ) ခွဲခြား၍ ပြဿနာအဖြေရှာရပါမည်။

မေးခွန်း (၅)

အချစ်သစ်အတွက် ကံတိစ္ဆာထားရှိရန်ဖြစ်နိုင်ပါ့မလား။

အဖြေ

seven of pentacles - Julie အနေဖြင့် ငွေကြေးများအပြင် သို့ပြန်သွားခြင်းလေလွင့်ခြင်းမရှိစေရန် ကိုယ်တိုင်ထိန်းချုပ်လိုသည်။မိမိအလုပ်လုပ်၍ ကိုယ်တိုင်ငွေရှာပြီး တစ်ဦးဦးကကြားဝင်ဆရာလုခြင်းကို အလိုမရှိပေ။ Jylie စိတ်တိုင်းကျမရှိပါက ချစ်သူနှင့် ကတိစကားထားရှိရန် မဖြစ်နိုင်သေးပါ။

မေးခွန်း (၆)

ကြည်နူးဖွယ်အချစ်က ရေရှည်တည်တံ့မည်လား။

အဖြေ

King of swords - ဤကားချပ်ဖော်ပြချက်အရ သူမချစ်သူက မေထုန်ရာသီဖွားဖြစ်ကြောင်း Julie က ချစ်သူအား ဉာဏ်ရည်ထက်မြက်ပြီး အလုပ်အကိုင်ကောင်းဖြင့် ရပ်တည်စေလိုသည်။ ကြည်နူးဖွယ်အချစ်ဟူသည် ချစ်နေရခြင်းကိစ္စထက် ငွေရေးကြေးရေးက အဆင်ပြေမှသာ စင်စစ်ကြည်နူးဖွယ်ဖြစ်မည်။

လာရာကြည့်

www.burmeseclassic.com

www.burmeseclassic.com

သစ္စာစိန်-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းဧကရာဇ်များနှင့်အစိုးရအဆောင်ဂါထာများ(၁၂)

ဓမ္မစေတီမင်းနှင့် ဘေးရှစ်ပါးပျောက်၍ ဆုရှစ်ပါးရောက်သော ဂါထာနှစ်ဂါထာ

မြန်မာနှစ် ၈၃၃ ခုနှစ်တွင် ဟံသာဝတီနေပြည်တော်၌ ဓမ္မစေတီမင်းစိုးစံခဲ့သည်။ ဓမ္မစေတီမင်းကြီးသည် အထူးထူးသော ကျမ်းဂန်တို့ကို တတ်မြောက်ပြီး သာသနာတော်ကို ကောင်းစွာပြုစုတော်မူခဲ့ပြီး တိုင်းပြည်အေးချမ်းသာယာ၍ သာသနာတော် တိုးတက်ထွန်းကားခဲ့ပါသည်။

ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်သို့ သံဃာတော်များကို စေလွှတ်၍ ကလျာဏီချောင်းကမ်းပါးရှိ မဟာဝိဟာရတောင်းတော်ကြီးတွင် သိင်္ဃာအသစ်တင်စေပြီး ထိုသံဃာတော်များပြန်လာသောအခါတွင် ပဲခူးအနောက်ဘက်ရှိ ဓံလျာဏီသိမ်တော်ကို တည်ခဲ့ပါသည်။ ထိုသိမ်တည်သည့်အကြောင်းအရာများကို ကျောက်ပြား(၁၀)ချပ်တွင် ကျောက်စာရေးထိုးကာ သိမ်၏အနီးတွင် စိုက်ထူထားခဲ့သဖြင့် ထိုကျောက်စာကို ကလျာဏီကျောက်စာဟု ခေါ်ဆိုကြပါသည်။

နိုင်ငံတော်တစ်ဝန်း ဝေး၊ နီးအရပ်အသအသီးသီးမှ ရဟန်းသံဃာတော်တို့သည် ထိုကလျာဏီသိမ်တွင် ရဟန်းသိက္ခာအသစ်ခံယူတော်မူခဲ့ကြပါသည်။ ထို့သို့ သီဟိုဠ်ကျွန်းမှ ပြန်ကြွတော်မူခဲ့သော ရှင်ဗုဒ္ဓယောသမထေရ်သည် ဂါရိရွှေမွေသတ်ကို ဓမ္မမင်းကြီးလက်ထက်တွင် မြန်မာဘာသာပြန်ဆိုခဲ့ကာ ဓမ္မစေတီမင်းကြီး၏ တရားစီရင်ထုံးတို့ကိုလည်း စုဆောင်း၍ ဓမ္မစေတီဖြတ်ထုံးတို့လည်း ပြုစုတော်မူခဲ့ပါသည်။

ဓမ္မစေတီမင်းကြီးလက်ထက်တွင် သီဟိုဠ်မင်း၊ ကျည်းမင်းတို့နှင့် သံတမန်အဆက်အသွယ်ရှိခဲ့ပြီး ဓမ္မစေတီမင်းကြီး၏ အမတ်သူရဲကောင်း သမိန်ဗရမ်းကို အင်းဝဘုရင် မဟာသီဟသူ ဖမ်းမိခဲ့ပြီးနောက် အင်းဝသို့ တရုတ်စစ်ရောက်သည်တွင် တရုတ်သူရဲကောင်း စလုံဆော်ခေါင်ကို သမိန်ဗရမ်းက စီးချင်းတိုက်၍နိုင်ခဲ့သဖြင့် တရုတ်စစ်သည်တို့ ပြန်ခဲ့ကြပါသည်။

❑ မွန်ဘုရင်မကြီးရှင်စောပု၏သမက်တော်

ဓမ္မစေတီမင်းကြီးသည် မွန်ဘုရင် ရာဇဓိရာဇ်၏ သမီးတော်ဖြစ်သည့် ရာဇဝင်တွင်စာတင်ခဲ့ရသော မွန်ဘုရင်မကြီး ရှင်စောပု၏သမက်တော်ဖြစ်သည်။ ဓမ္မစေတီမင်းကြီး မင်းအဖြစ်ရရှိခဲ့ပုံနှင့် ဘုရင်မကြီးရှင်စောပု၏ သမက်တော်ဖြစ်လာခဲ့ရပုံကို ဖော်ထုတ်တင်ပြလိုပါသည်။

ရှင်စောပုသည် ခမည်းတော် ရာဇဓိရာဇ်ရှိတော်မူစဉ်က မင်းကြီး၏ တူတော် သမိန်စည်သူနှင့် ရှင်ဒေါပု အသက်နှစ်ဆယ်အရွယ်တွင်စုဖက်ခဲ့ပြီး သမီးတော်နှစ်ပါးနှင့် သားတော် ဗညားပရူတို့ကို ဖွားမြင်ခဲ့ပါသည်။ ငါးနှစ်အကြာတွင် မြောက်သားတော် ကံကုန်သဖြင့် မောင်တော် ဗညားရဲနှင့်နေခဲ့ရာ ရှင်စောပုကို ဆင်ဖြူရှင်သီဟသူသို့ ဆက်သခဲ့လေရာ ရှင်စောပုသည် မွန်ရဟန်းတော်နှစ်ပါးဖြစ်သော အရှင်ဓမ္မရေနှင့် အရှင်ဓမ္မညာဏတို့၏ အကူအညီဖြင့် အင်းဝမှထွက်ပြေးလာနိုင်ခဲ့သည်။ ခမည်းတော် ရာဇဓိရာဇ်လွန်ပြီးသည့်နောက် သားတော်များ အစဉ်မင်းပြုခဲ့ကြရာ အဆုံးတွင် နန်းမွေဆက်ခံရန် မင်းယောကျ်ားမရှိတော့၍ ရှင်စောပု နန်းမွေဆက်ခံရကာ ဟံသာဝတီပြည့်ရှင် ဘုရင်မကြီးအဖြစ် စိုးစံခဲ့ရပါသည်။

ဓမ္မစေတီမင်းဖြစ်ခဲ့ပုံနှင့် ဘုရင်မကြီးရှင်စောပု၏ သမက်တော်ဖြစ်လာခဲ့ရပုံကို လောကီအင်္ဂါတ္ထိုရ်ကျမ်းမှနေ၍ ကောက်နုတ် တင်ပြရသော် ဓမ္မစေတီတွင်ခြင်းသည်ကား ရွှေတိဂုံဘုရားတွင် မင်းဧကရာဇ် ကိုးကွယ်သော မုဎေရ်နှစ်ပါးရှိ၏။ ထိုမင်းဧကရာဇ်မှာ သမီးတော်တစ်ယောက်ရှိ၏။ အခါတစ်ပါး ထိုမင်းဧကရာဇ် နတ်ရွာစံသောကာလ မှူးတွေ့်မတ်တော်တို့က မင်းဧကရာဇ် နတ်ရွာစံလျှင် မည်သူ့အား ထီးနန်းကို ဆောင်းနှင်းရအံ့သနည်းဟု သံတော်ဦး တင်လေရာ ငါ၏သမီးတော် မြတ်နိုးရာ မင်းမြောက်လေဟု မှာထားရစ်ပြီးမှ နတ်ရွာစံတော်မူသည်။

မှူးတော်မတ်တော်၊ ရဟန်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ပညာရှိ အရာရှိသောသူတို့သည် မင်းသမီးမြတ်နိုးစိမ့်သောငှာ ဆေးဝါးမန္တရား၊ ယတြာယာယီစသည်တို့ဖြင့် ပြုပြင်စီရင်ပါသော်လည်း တစ်စုံတစ်ယောက်သောသူကိုမျှ မင်းသမီးမြတ်နိုးစိမ့်သောငှာ မတတ်နိုင်ကြ။

ခမည်းတော်ရှိစဉ်က ကိုးကွယ်တော်မူသော မုဎေရ်နှစ်ပါးတို့တွင် အငယ်ဖြစ်သော အရှင်ဓမ္မညာဏက ရာဓေဝါဒကျမ်းထွက် မြတ်သောစေတီ ရှင်သီဝလိကို ကိုးကွယ်ရသော်ဒွန်းစဏ္ဍားပင်ဖြစ်သော်လည်း မင်းဖြစ်၏ဟုအဆိုရှိသည့်အတိုင်း ထုလုပ်ပြီးသော် မီးစာသက်စေ့၊ ဖယောင်းခိုန် (၅) ကျပ်နှင့် မီးတိုင်လုပ်၍ပူဇော်၏။

တစ်နေ့သ၌ မင်းသမီးကို အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

ပေးလေသည်ကား အရှင်ဓမ္မညာဏာကို ရွှေထီးရွှေနန်းတင်မှ ပြည်ထဲလေးမျက်နှာ သာယာဝပြောမည်ဟု မင်းသမီးကို အိပ်မက်ပေးလေ၏။ မိုးသောက်သော် မထေရ်နှစ်ပါးကိုပင့်၍ အိပ်မက်ကိုပြော လျှင် အကြီးဖြစ်သော အရှင်ဓမ္မရာဇ မထေရ်သည် ရာဓေဝါဒကျမ်းထွက် မြတ်သောစေတီ ရှင်သီဝလိကို ကိုးကွယ် ပြီဟု မှချထင်၏။ ငါလည်းကိုးကွယ်မည် ဟုကြံပြီးသော် စေတီရှင်သီဝလိကိုထု လုပ်ပြီးလျှင် မီးစာသက်စေ၊ ဖယောင်း ခိုင် (၅)ကျပ်နှင့် မီးတိုင်လုပ်၍ပူဇော်ပြန် ၏။

မင်းသမီးလည်း အရှင်ဓမ္မရာဇကို ရွှေထီးရွှေနန်းတင်မှ ပြည်ထဲလေး မျက်နှာသာယာဝပြောမည်၊ တစ်ရာ့ တစ်စင်းထီးဆောင်းမင်းတို့သည် ဝပ်စင်း ခယမည်၊ သင်္ဘောဆိုက်ရောက်မည် ဗျာဒိတ်ပေးသည်ကို မြင်မက်လေလျှင် ယနေ့အိပ်မက်အမှန်ဖြစ်သည်ဟုယုံကြည် ၍မိုးသောက်လတ်သော် သဏ္ဌာန်တူလှ စွာသော သံပိတ်နှစ်လုံးတွင် တစ်လုံးမှာ မင်းမြောက်တန်ဆာငါးပါး၊ တစ်လုံးမှာ ပရိက္ခရာရှစ်ပါးထားပြီးလျှင် ပရိက္ခရာ ရှစ်ပါးကျသည့်အရှင်မှာ သခင်ပြုမည်ဟု အကြံပြု၍ ကောက်စေရာတွင် အရှင် ဓမ္မရာဇ တစ်ကြိမ်သာ ကိုးကွယ်ပူဇော် သောကြောင့် ပရိက္ခရာရှစ်ပါးကောက် မိလေသည်။

အရှင်ဓမ္မညာဏာမှာ နှစ်ကြိမ် ကိုးကွယ် ပူဇော်လေသောကြောင့် မင်းမြောက်တန်ဆာငါးပါးကိုကောက်မိ လေသည်။ ငါသည် ဤစေတီကိုအမှီပြု ၍ မင်းအဖြစ်သို့ရောက်သည့်အတိုင်း ဓမ္မစေတီမင်းဟု သမုတ်လေသည်။

ဤကား ဦးနိုင်ကြေဓအသျှင် ပြုပြင် စီမံသည့် လောကီအင်္ဂုတ္တိရ်မန္တန်ကျမ်း လာ ဓမ္မစေတီမင်းအကြောင်းနှင့် မင်း အဖြစ်မရောက်မီ အစီအရင်ပြုခဲ့ပုံကို ကောက်နှုတ်ဖော်ပြခြင်း ဖြစ်ပါသည်။ (ဦးဘသန်း-ဘီဘော စီရင်ရေးသားသော ကျောင်းသုံးမြန်မာရာဇဝင်၌မူ ဓမ္မရေ ရဟန်းကို လူထွက်စေ၍ သမီးတော်နှင့် ထိမ်းမြားပြီးလျှင် ဓမ္မစေတီအမည်ဖွင့် အိမ်ရှေ့ပေးသည်။ မြန်မာနှစ် ၈၂၅ ခု တွင် သမက်တော် ဓမ္မစေတီအား နန်းအပ် ၍ ဒဂုံမြို့သို့သွားပြီးလျှင် စေတီတော် အနောက်တောင်တွင် မြို့နန်းတည်၍နေ သည်။ ထိုမြို့ကို မစောပုမြို့ဟု ခေါ် သည်။ ရှင်စောပုကား ထိုမြို့မှာပင် မြန်မာနှစ် ၈၃၃ ခု၌ လွန်သည်ဟုဆိုပါ သည်။) အရှင်ဓမ္မညာဏာဟူ၍ လောကီ အင်္ဂုတ္တိရ်ကျမ်းလာ အရှင်မှာလည်း ရာဇဝင်၌ ဖော်ပြသည့် အရှင်ဓမ္မရေ ဖြစ်၍ မင်းကောရာဇ ဟူသော ကျမ်းဆို စကားမှာလည်း ရှင်စောပုဘုရင်မကြီး ကိုပင် ညွှန်းဆိုခြင်းပင် ဖြစ်ပါသည်။

□ ဓမ္မစေတီမင်းကြီးပညာဉာဏ်ကြီးများပုံ

ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်း ကြီးသည် အလွန်ဉာဏ်ပညာကြီးကျယ် ၍ အထူးထူးသောကျမ်းဂန်တို့ကို နှံ့စပ် တတ်ကျွမ်းသည်ဖြစ်၍ ခက်ခဲနက်နဲ လှသော ဝုဏ်ဆိုသမျှ ပုစ္ဆာများကိုလည်း ဖြေရှင်းနိုင်သည်ဟု ကျော်ကြားလှ သဖြင့် သီဟိုဠ်ကျွန်းကို အစိုးရသော မင်းဧကရာဇ်က အမတစိတ္တာကုလနှင့် စိတ္တရာဇာကုလ ဟူသော တမန်တော် နှစ်ဦးနှင့် နောက်ပါ ငါးဆယ်ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဓမ္မစေတီမင်းကြီးထံသို့ ပုစ္ဆာစကား၀ုဏ်(၁၆)ချက်ပါ သဝဏ်လွှာ နှင့်အတူ ဖြေဆိုပေးပါရန် ဆက်သလိုက် လေသည်။

ထိုအမေးပုစ္ဆာ (၁၆) ရပ်တို့မှာ -

၁။ အရိုးသာ အတောင်၊ အမြီးဖြစ် သောငှက်။

၂။ အသားသာ အတောင်၊ အမြီးဖြစ် သောငှက်။

၃။ အမွေးသာ တောင်၊ အမြီးဖြစ် သောငှက်။

၄။ ကျော့ကွင်းထဲမှာစား၍ ကျော့ ကွင်းထဲမှာသေသောငှက်။

၅။ ကျော့ကွင်းပြင်မှာစား၍ ကျော့ ကွင်းပြင်မှာသေသောငှက်။

၆။ ကျော့ကွင်းထဲမှာစား၍ ကျော့ ကွင်းပြင်မှာသေသောငှက်။

၇။ ကျော့ကွင်းပြင်မှာစား၍ ကျော့ ကွင်းထဲမှာသေသောငှက်။

၈။ ခေါင်းကြီးသည့်ငှက်သည် အဘယ် ငှက်နည်း။

၉။ အလင်းမှလာ၍ အမှောင်သို့ သွားသောပုဂ္ဂိုလ်။

၁၀။ အမှောင်မှလာ၍ အလင်းသို့ သွားသောပုဂ္ဂိုလ်။

၁၁။ အလင်းမှလာ၍ အလင်းသို့ သွားသောပုဂ္ဂိုလ်။

၁၂။ အမှောင်မှလာ၍ အမှောင်သို့ သွားသောပုဂ္ဂိုလ်။

၁၃။ မြတ်စွာဘုရားသည် ရဟန္တာအား အဘယ်သို့ပို့ကိုးသနည်း။

၁၄။ မည်သည့်ပုဂ္ဂိုလ်သည် ကုသိုလ် ကောင်းမှု အထူးမပြုဘဲ နေနိုင် သနည်း။

၁၅။ မည်သည့်အရာကလေးသနည်း။

၁၆။ မည်သည့်အရာကပေါ့သနည်း။

ဟူသော ပုစ္ဆာစကား၀ုဏ်တို့ကို ဖြေဆိုပေးပါရန် သီဟိုဠ်မင်း၏ သဝဏ် လွှာကို ဓမ္မစေတီမင်းကြီးက ဤသို့ဖြေ ဆိုပေးတော်မူခဲ့ပါသည်။

□ စကား၀ုဏ်ပုစ္ဆာ(၁၆)ချက်အဖြေ

၁။ အရိုးသာ အတောင်၊ အမြီးဖြစ် သောငှက် - ဝိတုန်း။

၂။ အသားသာ အတောင်၊ အမြီးဖြစ် သောငှက် - ရှုးပျို့။

၃။ အမွေးသာ အတောင်၊ အမြီးဖြစ် သောငှက် - ဥဒေါင်း။

၄။ ကျော့ကွင်းထဲမှာစား၍ ကျော့ ကွင်းထဲမှာသေသောငှက်- ကာဂုဏ်နယ်၌ အိမ်ရာထောင်မွေ့လျော်၍ အိမ်ရာထောင်ရှင်သေသူ။

၅။ ကျော့ကွင်းပြင်မှာစား၍ ကျော့ ကွင်းပြင်မှာသေသောငှက် - ဤဘောင်စွန့်ခွာ သာသနာ၌ ရဟန်းပြုလျက် ရဟန်းအဖြစ်ပင်သေသူ။

၆။ ကျော့ကွင်းထဲမှာစား၍ ကျော့ ကွင်းပြင်မှာသေသောငှက် - ဤအဖြစ် အိမ်ရာတည်ထောင်ပြီး ရဟန်းပြုလျက်သေရသူ။

၇။ ကျော့ကွင်းပြင်မှာစား၍ ကျော့ ကွင်းထဲမှာသေသောငှက်-ရဟန်း အဖြစ်မွေ့လျော်နေရာမှ လူထွက်ကာ အိမ်ရာထောင်၍သေရသူ။

၈။ ဦးခေါင်းကြီးသောငှက် - ထိုသို့ သောငှက် အမျှားအပြားရှိသည်တွင် မိမိဦးခေါင်းကိုမသယ်နိုင်ဖောက်ထိုးနေသည့်လင်းနို့ငှက်

၉။ အလင်းမှာလာ၍ အမှောင်သွားသောပုဂ္ဂိုလ် - နတ်ပြည် ဗြဟ္မာပြည်တို့မှ စုတေ၍ လူ့ဘောကျလျက် မကောင်းမှုသောကြောင့် သေလွန်သောအခါ အပါယ်ဝရဲသို့သွားသောပုဂ္ဂိုလ်

၁၀။ အမှောင်မှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ် - အပါယ်ဘုံမှစုတေပြီး လူ့ဘ၀ရောက်လျက် ကောင်းမှုပြုသောကြောင့် နတ်ပြည်၊ ဗြဟ္မာပြည်သို့သွားရသောပုဂ္ဂိုလ်။

၁၁။ အလင်းမှလာ၍ အလင်းသို့သွား သောပုဂ္ဂိုလ် - နတ်ပြည်၊ ဗြ

www.burmeseclassic.com

www.burmeseclassic.com

ပြည်မှ စုတေ၍ လူဘဝရောက်လျက် ကောင်းမှုကိုပြုသဖြင့် တစ်ဖန် လာခဲ့ရင်းဘုံတို့သို့သာ ပြန်သွားရသောပုဂ္ဂိုလ်။

၁၂။ အမှောင်မှလာ၍ အမှောင်သို့ သွားသောပုဂ္ဂိုလ် - အပါယ်ဘုံမှ လူပြည်သို့ရောက်၍ မကောင်းမှုကိုသာပြုသဖြင့် အပါယ်ဘုံသို့ တစ်ဖန်ပြန်ရောက်သောပုဂ္ဂိုလ်။

၁၃။ မြတ်စွာဘုရားရှင်သည် ရဟန္တာအား အဘယ်သို့ပိုက်အုပ်ထား သနည်း - ဟူမူ မိဘများသည် သားသမီးတို့ကို ပိုက်အုပ်စောင့်ရှောက်ဘိသကဲ့သို့ စောင့်ရှောက်တော်မူပါသည်။

၁၄။ မည်သည့်ပုဂ္ဂိုလ်သည် ကုသိုလ်ကောင်းမှု အထူးမပြုဘဲနေနိုင်သနည်း - ဟူမူ ရဟန်းတော်၊ မင်းဧကရာဇ်၊ အိမ်ထောင်သည် မိန်းမ ဤသုံးဦးတို့သည် တရားနှင့်အညီနေလျှင် ကောင်းမှုကုသိုလ်အထူးပြုရန်မလို။ ရဟန်းသည် မိမိကျင့်ဝတ် ဝိနည်းသိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ရှောက်လျှင်ပြီး၏။ မင်းဧကရာဇ်သည် မင်းကျင့်တရား(၁၀)ပါးနှင့်ညီညွတ်လျှင်ပြီး၏။ အိမ်ထောင်သည် မိန်းမသည် မယားကောင်းကျင့်ဝတ်ကို လုံခြုံပြည့်စုံလျှင်ပြီး၏။ ကုသိုလ်ကောင်းမှုအထူးပြုလုပ်ရန် မလိုတော့ပြီ။

၁၅။ မည်သည့်အရာဝတ္ထုသည် လေးသနည်း - ဟူမူ မြင်းမိုရ်တောင်သည်လေး၏။ သို့သော် တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့ဆောင်ကပ္ပေါ်ရချေ၏။ လူမိုက်တို့၏စိတ်သည်သာလျှင် အမှန်စစ်စစ်လေးလံလှချေ၏။

၁၆။ မည်သည့်အရာဝတ္ထုသည် ပေါ့သနည်း - ဟူမူ လဝါသည် ပေါ့၏။ သို့သော် လူတို့၏စိတ်နှင့် နှိုင်းယှဉ်ရာတွင်မူ လူတို့၏စိတ်သည်သာလျှင် ပေါ့လှချေ၏။

မမွေစေတီမင်းကြီးဖြေဆိုပေးလိုက်သော ဤစကားဝှက်ပုစ္ဆာ (၁၆) ချက်တို့ကို သိဟိုဠ်မင်းသိရှိရလေလျှင် အလွန်နှစ်မြို့မိုးအံ့ဩလျက် အလွန်ဉာဏ်ပညာကြီးမားလှသော မမွေစေတီမင်းကြီးပါဆရာဟူ၍ အရှင်မင်းမြတ်သည် ယုံကြည်လေးစားလျက် နက်နဲလှသော အမေးပုစ္ဆာတို့ကို တစ်မှုဟုတ်ချင်းပင် မှန်ကန်အောင်ဖြေဆိုနိုင်ပါပေသည်ဟုဆို၍လျက် သိဟိုဠ်မင်းတို့ထွက်၊ ဝင်သည့်အခါသုံးကြိမ်သောမြှောက်စည်၊ ထွက်စည်၊ ဝင်စည်နှင့် တကွ တီးမှုတ်သူတို့ကိုပါ ဆက်သခဲ့လေသည်။

ဤကား ဉာဏ်ပညာကြီးမားလှသော သာသနာပြုမင်းကောင်းမင်းမြတ် တစ်ပါးဖြစ်တော်မူသည့် ဓမ္မစေတီမင်းကြီးအကြောင်း မှတ်သားဖွယ်တို့ကို ဖွေရှာ ကောက်နုတ် တင်ပြခြင်း ဖြစ်ပါသည်။ ဓမ္မစေတီမင်းကြီးဆောင်တော်မူသော ဘေးရှစ်ပါးပျောက်လေပြီးလျှင် ဆုရှစ်ပါးရောက်စေနိုင်သော အဆောင်ဂါထာတော်နှစ်ပုဒ်တို့ကို စာရှုသူအများ ရွတ်ဖွားသရဇ္ဈာယ်နိုင်ကြပါရန် အတွက် ဖော်ထုတ် တင်ပြလိုက်ပါသည်။

ဓမ္မစေတီမင်းကြီးဆောင်တော်မူသည့် ဘေးရှစ်ပါးပျောက်ပြီးလျှင် ဆုရှစ်ပါးရောက်သောဂါထာနှစ်ဂါထာ

၁ အစော ဗျ သီ က ရာ ဝါ တေ၊
ဟိ ရဏ္ဍ ဟ ရီ ဇာ ရီ ဇ။
ဝါရတ္ဘဒ္ဒ ဘယေ အာတော၊
ရက္ခမံ မာရဇိ ဇိနော။

၂ သောဘာဇေ ဗ ယတေ လာ အာ၊
ချ ဂျ ယ လ သ ဇော ဘ ယု။
အဋ္ဌဝရာနိမာနေဝ၊
ဝမ္ဗန္တုဇိနတေဇသာ။ ။

၂ အနက်ပြန်မာပြန် -

အဟိ - မြွေဘေးလည်းကောင်း၊ **စောရ** - ခိုးသူဘေးလည်းကောင်း၊ **ဗျဂ္ဃ**-ကျားဘေးလည်းကောင်း၊ **သီဟ** - ခြင်္သေ့ဘေးလည်းကောင်း၊ **ဇရိ** - ဆင်ဘေးလည်းကောင်း၊ **ရာဇာ** - မင်းဘေးလည်းကောင်း၊ **ဝါရိ** - ရေဘေးလည်းကောင်း၊ **တေဇ** - မီးဘေးလည်းကောင်း၊ **ဣတိ**-ဤသို့၊ **ဣမေအဋ္ဌဘာယေ** - ဤရှစ်ဆုံးသောဘေးကြီးတို့ကို၊ **အာတော**-လျင်စွာ၊ **မာရဇိ** - မာရ်ငါးပါးကိုအောင်တော်မူပြီးသော၊ **ဇိနော** - မြတ်စွာဘုရားသည်၊ **မံ** - ငါ့ကို၊ **ရက္ခ** - မပြတ်နေ့ည စောင့်တော်မူပါလော့။

သောဏ - ချမ်းသာခြင်း လည်းကောင်း၊ **ဘာဂျ** - ဘုန်းကြီးခြင်း လည်းကောင်း၊ **ဇယေန** - အောင်အပ်သောရန်ကို အောင်ခြင်း လည်းကောင်း၊ **ဗလ** - ခွန်အားကြီးခြင်း လည်းကောင်း၊ **ယသ**-အခြံအရံများခြင်း၊ ကျော်စောခြင်းလည်းကောင်း၊ **တေဇော** - တန်ခိုးကြီးခြင်းလည်းကောင်း၊ **လာဘ** - လာဘ်သပွကာများခြင်းလည်းကောင်း၊ **အာယု** - အသက်ရှည်ခြင်းလည်းကောင်း၊ **ဣမာနေဝ အဋ္ဌဝရာနိ**-ဤရှစ်ပါးသောဆုတို့သည်၊ **ဇိနတေဇသာ**-မြတ်စွာဘုရားတန်ခိုးတော်ကြောင့်၊ **ဝမ္ဗန္တု** - ပွားများစေကုန်သတည်း။

ဘုန်းကံကြီးများ မင်းဧကရာဇ်တစ်ပါးဖြစ်သော ဓမ္မစေတီမင်းကြီးရွတ်ဆို ပူဇော်သော ဤဂါထာတော်ကို ရွတ်ဖွားသရဇ္ဈာယ်ခြင်းဖြင့် ဘေးရန်ကင်းကွာ စိတ်ချမ်းသာ၍ လိုလားနှစ်သက်အပ်သော အကျိုးတရားတို့နှင့် ပြည့်စုံနိုင်ကြပါစေ။

သဒိသံပါကံဇနေတိ
သစ္စာဝါဒီ-ဥူးမြင့်အောင်

ကျမ်းကိုး -

၁။ ကျောင်းသုံး မြန်မာရာဇဝင် ဦးဘသန်း-ဘီအေ စီရင်ရေးသားသည်။

၂။ ရန်ကုန်တက္ကသိုလ် ပညာရေးမဟာဌာန - ရာဇဝင်ကထိက ဦးကြည်-ဘီအေ (ရာဇဝင်ဂုဏ်ထူး)၊ ဘီအီးဒီ-ဘီအယ်(လ်)ရေးမြန်မာရာဇဝင်သိမှတ်ဖွယ်ရာအဖြာဖြာ။

၃။ လောကီအဂ်ုတ္တိရိမန္တန်ကျမ်း - ဦးနိုကြောအေသျှင်ပြုပြင်စီမံသည်။

၄။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း - တို့မြန်မာဝတ္ထုရှည်စဉ်။

၅။ မြန်မာ့ရိုးရာ စကားထာများ - ကြည်ဦးပြုစုသည်။

www.burmeseclassic.com

www.burmeseclassic.com

ကာလအားဖြင့် ၁၉၅၉ ခုနှစ်ခန့်က ဖြစ်သည်။ ဖောင်တော်သီရွာလေးသည် အေးချမ်းသာယာလှသည်။ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ထဲတွင် တည်ရှိသည်။ ရန်ကုန်-မန္တလေးရထားလမ်းဘေးရှိ ကျေးရွာတစ်ရွာဖြစ်သည်။ ကားလမ်းနှင့် တစ်မိုင်ခန့်ဝေးကွာသည်။ သွားရေးလာရေးလွယ်ကူသည်။ ပဲခူးရိုးမနှင့် အရှေ့ရိုးမအကြားတွင် တည်ရှိနေသဖြင့် နေထွက်၊ နေဝင်ဆည်းဆာအချိန်များတွင် သဘာဝအလှက ကြည်နူးစရာပင်။

ရွာ၏အရှေ့ဘက်တွင် လယ်ကွင်းပြင်ကျယ်ကြီးရှိနေသည်။ ရွာတွင် လယ်သမားများ အများစုနေထိုင်ကြသည်။ မိုးစပါး၊ နွေစပါးစိုက်ပျိုးကြသည်။ စပါးများရိတ်သိမ်းပြီးနောက် မြေပဲ၊ မတ်ပဲ၊ နှမ်း၊ ဖရဲစသည့် သီးနှံများပါ စိုက်ပျိုးကြသည်။ ငါး၊ ဖား၊ ငါးရှဉ့်၊ လယ်ကြွက်များလည်း ပေါများသည်။

ဖောင်တော်သီရွာတွင် ခနာစု၊ ရွာသစ်ပိုင်း၊ တရုတ်တန်း၊ ဈေးပိုင်း၊ ရွာမ စသည့်ရပ်ကွက်များရှိသည်။ ရွာနီးချုပ်စပ်များမှာ ပျဉ်းမလွင်ရွာ၊ ကုန်းပိုင်းကြီးရွာ၊ ကုတ္တိုင်းရွာ၊ ကံကလေးရွာ၊ မြောက်ချောကုန်းရွာ၊ ရွှေညောင်ပင်ရွာ၊ လက်ကြားမြောင်ရွာ၊ ဆင်ကူးရွာ၊ ဖန်ခါးကွင်းရွာ၊ ပေါက်တပင်ရွာ၊ ရှမ်းစုရွာတို့ဖြစ်ကြသည်။ ရွာ၏အရှေ့ဘက် ခုနစ်မိုင်အကွာတွင် ပန်းကိုင်ရွာလည်း တည်ရှိနေသည်။

ဖောင်တော်သီမှရွာမသို့သွားသည့် တာလမ်းမကြီး၏ ညာဘက်ခြမ်းတွင် ခနာစုအရှေ့ပိုင်းရှိသည်။ ထိုရပ်ကွက်တွင် ကိုကျော်စိန်နှင့် မအေးချစ်တို့အိမ်ရှိသည်။ ထိုလင်မယားတွင် သားနှစ်ယောက်ရှိရာ အကြီးက မောင်လှသန်း၊ အငယ်က မောင်အောင်ကြည်သန်းဟု ခေါ်သည်။ အိမ်မှာ လေးပင်ဘေး အဆောင်တွဲ ပျဉ်ထောင်ပျဉ်ကာ သက်ငယ်ပျစ်မိုးဖြစ်သည်။ ခြံဝင်းက တစ်ဧကကျော် ကျယ်ဝန်းသည်။ ဦးကျော်စိန်က လယ်သမားဖြစ်သည်။ လယ်ဧကသုံးဆယ်ကျော်ရှိသည်။ ကျွဲဆယ့်၊ လေး၊ ငါး ကောင်နှင့် နွားအုပ်တစ်အုပ်လည်းရှိသည်။ ကျွဲများကို လူလိုက်ကျောင်းပြီး နွားများကိုလိုက်မကျောင်းရပါ။ နွားတွေကို နံနက်ခင်း အိမ်ကလွှတ်လိုက်သည်နှင့် ကွင်းထဲစားကျက်ထဲတွင်သွားစားကြပြီး ညနေအချိန်တွင် အိမ်သို့ပြန်လာကြသည်။ ထိုကာလက ကျွဲသူခိုး၊ နွားသူခိုးများမရှိကြပါ။ အလွန်အေးချမ်းသည့်ကာလဖြစ်သည်။ လှလှက စာရင်းငှား။ နွေလယ် စပါးသိမ်းပြီးချိန်တွင် အလုပ်မထွက်ဘဲ ကျွဲဆက်ကျောင်းကာ မိုးတွင်းအထိ နှစ်ပတ်လည်အလုပ်လုပ်သူ ဖြစ်၏။

ရာသီတွေအလှိလှိပြောင်းလာခဲ့ရာ နွေရာသီကျောင်းပိတ်ရက်သို့ရောက်လာခဲ့သည်။

တစ်နေ့နံနက် -

"သား လှသွဲ့ ကျွဲတွေလိုက်ကျောင်းချင်တယ် အဖေ"

ဟု အောင်ကြည်သန်းက ပူဆာလိုက်သည်။

ကိုကျော်စိန်က -

"အေး - သားအိမ်မှာနေရတာ ပျင်းနေလည်းလိုက်ချင်လိုက်သွားလေ"

ဟု ပြောပြီး လိုက်ခွင့်ပေးလိုက်သည်။ မအေးချစ်က သားနှစ်ယောက်တွင် သားအငယ်ကို အချစ်ပိုသည်။ ဘေးအန္တရာယ်တစ်ခုခုဖြစ်မှာကို စိုးရိမ်သဖြင့် -

"သားမြောင်းထဲချောင်းထဲအင်းတွေထဲဆင်းပြီး ရေမကူးနဲ့နော်"

ဟု အထပ်ထပ်မှာသည်။

"မကူးပါဘူး အမေရာ၊ သားမှ မကူးတတ်တာ။ လေးခွယူသွားပြီး ကွင်းထဲမှာ ငှက်တွေပဲလိုက်ပစ်မှာပါ"

ဟု ပြန်ပြောလိုက်သည်။

လှလှက အသက်နှစ်ဆယ်ကျော်လောက်ရှိသည်။ အောင်ကြည်သန်းထက် ဆယ့်တစ်နှစ်ဝန်းကျင်လောက်အရွယ်။ အသက်ကွာသော်လည်း လူကြီးများခေါ်သကဲ့သို့ လှလှဟုပင်ခေါ်လာခဲ့ရာ ပြောမနာဆိုမနာ နှုတ်ကျိုးနေသည်။ အောင်ကြည်သန်းတစ်ယောက် တွဲကျောင်းလိုက်ရသဖြင့် ပျော်နေသည်။ ဦးထုပ်ဆောင်းပြီး လေးခွ၊ လောက်စဖူးထည့်ထားသည့်လွယ်အိတ်ကို ညာပခုံးမှာလွယ်၊ ဝါးရင်းတုတ်တစ်ချောင်းနှင့် တကတဲ ကျွဲကျောင်းသားကြီးစတိုင်။

အိမ်တွင် ခွေးတွေက အကောင်

www.burmeseclassic.com

www.burmeseclassic.com

လေးဆယ်လောက်ရှိသည်။ မအေးချစ်က ထပ်ထပ်မွေးလာသည့်ခွေးတွေကို မည်သူကိုမျှမပေးပါ။ ခွေးကျွေးသည့် ဆန်ကွဲကုန်နေလျှင် အိမ်မှာစားသည့် ပေါ်ဆန်းမွေးဆန်ကို ကျိုချက်ပြီးကျွေးသည်။ ခွေးတွေက သာမန်ရိုးရိုးခွေးတွေ ဖြစ်သော်လည်း လိမ္မာကြသည်။ စည်းကမ်းရှိသည်။ ကိုယ့်စားခွက်မှာ ကိုယ်စားသည်။ တစ်ကောင်နှင့်တစ်ကောင်လုပြီး ကိုက်မစားကြ။ နံနက်စာကျွေးပြီးသည်နှင့် တချို့ခွေးတွေက အိမ်ကနွားအုပ်နှင့် လိုက်သွားကြသည်။ တချို့ခွေးတွေက ကွဲကျောင်းသည့်နောက်သို့လိုက်လာကြသည်။ စပါးရိတ်ချိန်၊ ကောက်စိုက်ချိန်တို့တွင်လည်း သခင်နောက်လိုက်သည့် ခွေးကလိုက်သည်။ လယ်တဲထွက်လျှင် တဲမှာနေသည့်ခွေးကနေပြီး အိမ်မှာဟော်သည့်ခွေးက အိမ်မှာနေကြသည်။ အိမ်မှာအိမ်စောင့်နေသည့်ခွေးထဲတွင် ကြက်ကျောင်းသည့်ခွေးလည်းရှိသည်။ ကြက်ကျောင်းသည့်ခွေးက တစ်မျိုးလိမ္မာသည်။ ဘေးအိမ်က ကြက်တွေလာစားလျှင် မောင်းလွှတ်၊ ခြောက်လွှတ်သည်။ အိမ်ကို ဧည့်သည်လာလို့ ကြက်သားဟင်းချက်ကျွေးချင်လျှင် ကိုယ်တိုင်သတ်စရာမလို။ ဆန်ကွဲလေးပက်ပြီး ကြက်တွေအစာလာစားကြလျှင် လိုချင်သည့်ကြက်ကို ခဲလုံးလေးနှင့်ပေါက်ပြလိုက်လျှင် ကြက်ကျောင်းသည့်ခွေးက ကိုက်သတ်ပြီးချီလာပေးသည်။ မအေးချစ်စပါးရိတ်လျှင် လိုက်ပါသွားသည့်ခွေးလည်းရှိသည်။ တစ်ခါ စပါးရိတ်သိမ်းရာညနေအပြန်တွင် ခေါင်းဆောင်းသည့် ခမောက်လေး စပါးခင်းတွင် မေ့ကျန်ခဲ့သည်။ နောက်နေ့နံနက် စပါးရိတ်ဆင်းသောအခါ ခွေးတစ်ကောင်က ခမောက်နံဘေးကထလာပြီး သခင်ကိုကြိုဆိုနေသည်။ အစာအငတ်ခံပြီး ခမောက်လေးကိုစောင့်နေခဲ့သဖြင့် သနားပြီး ပါလာသည့်ထမင်းချိုင့်ထဲကထမင်းကို ချကျွေးခဲ့ရသည်။

နွေဘက် စပါးရိတ်သိမ်းချိန်၌ လယ်တဲအနီးတွင် စပါးသလင်းလုပ်သည်။ လယ်စာရင်းဌားအလုပ်သမားတွေက ဝက်မွေးကြသည်။ စပါးသလင်းတွင်စောင့်သည့်ခွေးတွေက ဝက်စာခွက်တွင် သွားစားသည့်အခါ သွားစားကြပြီး ဝက်များနှင့်ခင်မင်နေကြသည်။ ဝက်တွေသလင်းထဲကစပါးကို လာစားကြသည့်အခါတွင် အစားမခံ။ သလင်းကန်သင်းရိုးကိုပင် အကျော့်မခံပါ။ ဟောင်လွှတ် မောင်းလွှတ်ကြသည်။မအေးချစ်ခွေးတွေကို သံယောဇဉ်တွယ်သည်မှာလည်း ခွေးတွေ၏ လိမ္မာသိတတ်မှု၊ သစ္စာရှိမှုတွေကြောင့်ပင်ဖြစ်မည်။

ကွဲတွေထဲတွင် ပေစိဆိုသည့် ကွဲပေါက်က ပါးနပ်သည်။ တခြားကွဲပေါက်ကလိုက်ခတ်လျှင် လယ်တဲအနီးသို့ ဦးချီလေးဝင့်ပြီး မျှားခေါ်လာသည်။ လယ်တဲနားရောက်သည်နှင့် ဦးခေါင်းချင်း ဒိုင်းခနဲပြေးဆောင့်လိုက်သည်။ တဲ

www.burmeseclassic.com

www.burmeseclassic.com

တွင်ရှိသောခွေးတွေက ပြေးထွက်ကြပြီး တစ်ဖက်ကျွဲ၏ ခြေတံကောက်ကွေးကို ဝိုင်းကိုက်ကြသည်။ဇိုလ်လာကျချင်သည့် ကျွဲ တန်းနေအောင်ပြေးရတော့သည်။ ပေစိကို ကြောက်၍မဟုတ်ပါ။ ခွေးတွေကို ကြောက်လန့်သဖြင့် ထွက်ပြေးခြင်းပင်။

အိမ်မှာ ကြောင်တွေလည်းမွေးထားသေးသည်။ ကြောင်သားမွေးလာလျှင် ကြောင်သားပေါက်လေးတွေကို ကိုက်သတ်သည့်ခွေးလည်းရှိလေသည်။ မအေးချစ်က ကြောင်ကိုက်သည့်ခွေးကို ကြိုးချည်ပြီး ကြောင်သားလေးပြခါ ကြိမ်လုံးနှင့်ရိုက်ပြီး ဆုံးမလေ့ရှိသည်။

တစ်နေ့နံနက် ကျွဲကျောင်းထွက်လာရာနောက်သို့ ခွေးခုနစ်ကောင်လိုက်ပါလာကြသည်။ အောင်ကြည်သန်းတစ်ယောက် ငလှနှင့်အတူ ကျွဲကျောင်းလိုက်နေသည်မှာ ရက်သတ္တပတ်သုံးပတ်ပင် ကျော်လာခဲ့ပေပြီ။ အစစအရာရာ အဆင်ပြေပြီး ပျော်မဆုံးမော်မဆုံးပင်။ ကျွဲတွေ မြက်စားရင်းသွားလိုက်ကြသည်မှာ ဘုရားလက်တာ ဆားကြင်းဘက်အထိ ရောက်သွားကြသည်။မြက်တောကလည်း နတ်စပါးနှင့်မြက်ချိုတို့ စိမ်းစိမ်းစိုပြီး မြကမွှေလာခင်းထားသည့်အလားပင်။ ကိုင်းတောအကြားထဲက မြက်တွေက ပို့ရှည်ပြီး နုဖတ်နေသည်။ကိုင်းတောနှင့် မြက်တောဝန်းကျင်တွင် ချောင်း၊ မြောင်း၊ အင်းအိုင်ရှိသဖြင့် ရေကလည်း ပေါသည်။ ကျွဲတွေက နေပူလာလျှင် ရေထဲဆင်းစိမ်လိုက်၊ ရွှံ့ဖွက်လူးလိုက်၊ မြက်တွေတက်စားလိုက်ဖြင့် ဘာသာဘာဝ ပျော်မြူးနေကြသည်။

နေမွန်းတည့်လောက်တွင် ငလှနှင့် အောင်ကြည်သန်း ပါလာသည့် ထမင်းချိုင့်ကိုဖွင့်ကာ ထမင်းစားလိုက်ကြသည်။ထမင်းစားကြပြီးနောက် နှစ်ယောက်သား လယ်တဲတွင်တစ်ရေးတစ်မောအိပ်လိုက်ကြသည်။ အောင်ကြည်သန်းက ခဏတစ်ဖြတ်အိပ်ပြီး နိုးလာသည်နှင့် တဲရှေ့ရှိ ကုက္ကိုပင်ပေါ်တွင် ဆူညံနေကြသည့် ဆက်ရက်ငှက်တွေကို လေးခွဖြင့် သွားပစ်သည်။ လောက်စလုံးက ကုက္ကို ကိုင်းတစ်ကိုင်းကို ဒေါက်ခနဲထိမှန်သွား၏။ ဆက်ရက်တစ်အုပ် 'ကိရော်ကိရော် ကိရော်' ဟု အော်မြည်ပြီး လန့်ပျံသွားကြသည်။ ငလှတစ်ယောက်အိပ်လိုက်သည်မှာ တရှူးရှူးဖြင့် မွန်းတိမ်း နှစ်နာရီကျော်ကျော်လောက်မှ နိုးလာသည်။ နိုးလာသည်နှင့် -

"မင်း ငှက်တွေကို လိုက်ချောင်းပြီး ပစ်မနေနဲ့တော့။ ကျွဲတွေလှမ်းမမြင်ရတော့ဘူး။ ဆားကျင်းဘက် ကိုင်းတောတွေထဲ ရောက်သွားကြပြီ။ တို့လိုက်သွားပြီး ကျွဲတွေပြန်စုကြရအောင်"

ဟု အော်ပြောလိုက်သည်။

"ဒါဆိုလည်းသွားကြမယ်လေ"

ဟုဆိုကာ နှစ်ယောက်သား လယ်တဲကထွက်ခွာကြသည်။ ခွေးတွေလည်း အပြေးအလွှား လူနောက်ကနေလိုက်လာကြသည်။ မျောက်ညိုဆိုသည့်ခွေးက အမွေးစုတ်စုတ်၊ ကိုယ်လုံးတုတ်တုတ်၊ အမြီးကဖွာပြီး အမြဲပင်အပေါ်ထောင်ကာကွေးနေသည်။ ဘိုခွေးလားထင်မှားရသည်။ လူနားတွင် အနေများသည်။ တခြားခွေးတွေလို မြက်တောကိုင်းတောထဲ အဝေးကြီးပြေးမသွားပါ။

ခြေကျင်လျှောက်လာခဲ့ကြရာ ညနေစောင်းတွင် ကျွဲတွေရှိရာသို့ရောက်လာခဲ့ကြသည်။ တကွဲတပြား မြက်စားနေကြသည့်ကျွဲတွေကို လိုက်မောင်းကာ စုစည်းသည်။ အောင်ကြည်သန်းက ပေစိ၊ အမောက်မ၊ ကုလားမ၊ ဒိတ်ကြီး၊ ကားမ၊ မြက်ကွင်း စသည့် ကျွဲအကြီးတွေကိုသာ မှတ်မိသည်။ နောက်ပေါက်ကျွဲအငယ်လေးတွေကို သိပ်မမှတ်မိ။ အငယ်တွေက ရွှပ်ချင်းခပ်ဆင်ဆင်တူနေကြသည်။

"ဟေ့ကောင်၊ ဒီမှာကျွဲတစ်ကောင်လိုနေတယ်ကွ"

"ဘယ်ကျွဲများလဲ ငလှရာ"

"ဒိတ်ကြီးကွ၊ ဒီကောင်အမြဲလိုလိုပဲ အုပ်စုနဲ့ခွဲခွဲစားတဲ့ကောင်"

"ဒိတ်ကြီးက တို့ခြံပေါက်မဟုတ်ဘူး ငလှရ။ ကျွဲရှင်းဖက်လိုနေလို့ အဖေတခြားနယ်ဘက်ကနေ ထပ်ဝယ်ထားတာ။ အိမ်က ကျွဲတွေနဲ့ သိပ်မခင်ဘူး။ အတူတူမစားဘူး၊ တစ်ကောင်တည်း သီးသန့်ခွဲနေတတ်တယ်"

"မင်းလာကြည့်ပါဦး။ ကျွဲတစ်ကောင်သွားထားတဲ့ခြေရာလမ်းကြောင်း အသစ်တစ်ခုတွေ့တယ်ကွ။ ဒိတ်ကြီး သွားထားတာပဲဖြစ်မယ်။ တို့ခြေရာအတိုင်းလိုက်သွားကြည့်ရအောင်"

"အေး- ကောင်းသားပဲ။ တို့လိုက်ကြည့်ကြမယ်လေ"

"ဒါဆို မင်းဒီမှာပဲခဏစောင့်နေ။ ငါ အိမ်က ကျွဲတွေအကုန်လုံးလိုက်စုပြီး ရွာဘက်ကို မောင်းတင်ပေးလိုက်ဦးမယ်"

"အေးပါ- ငါ ဒီကပဲ မင်းကိုစောင့်နေမယ်"

ဟု ပြောလိုက်ရာ ငလှ ကျွဲတွေလိုက်စုပြီး ရွာဘက်လမ်းကြောင်းရောက်အောင် အတော်ဝေးဝေးလေး မောင်းပို့လိုက်သည်။

နှစ်ယောက်သား ကျွဲတစ်ကောင် သွားထားသည့်ခြေလမ်းကြောင်းအတိုင်း လိုက်သွားခဲ့ကြသည်။ ကျွဲသွားထားသည့် ခွာရာက အသစ်စက်စက်ပင်။ သွားရင်း ဟပ်စားသွားသဖြင့် ခြေလှမ်းတစ်ဖက်တစ်ချက်က မြက်ဖျားတွေ တချို့နေရာတွင်ငုံးတိတိဖြစ်နေသည်ကိုတွေ့ရသည်။ ခြေလမ်းကြောင်းက ပန်းကိုင်ရွာဘက်ဆီသို့ဦးတည်နေ၏။ နေကလည်း အတော်လေးစောင်းနေပြီ။ လေပြည်လေညင်းလေးတွေ တဖြူးဖြူးတိုက်နေသည်။ နှစ်ယောက်သားမြက်ခင်းတွေပေါ် လျှောက်ကိုင်းတောတွေကိုတိုး၊ ရိုးမြောင်းတွေကို ဖြတ်နှင့် ကျွဲခြေရာအတိုင်းလိုက်သွားနေကြသည်။ လမ်းတွင် နတ်စပါးမြက်၊ မြက်ချိုမြက်၊ ပန်းတော်ညိုမြက်တွေတမြကော်ဇောကြီးခင်းထားသည့်အလားစိမ်းစိုနေသည်။ မြောင်းရိုးထဲက ကန်စွန်းပင်အရိုးကြီးတွေက လက်မအရွယ် လောက်ပွပွကြီးတွေ၊ အညွှန့်တွေခွဲဖြာထွက်ကာ မြောင်းတစ်ပြင်လုံး စိမ်းစိုနေသည်။

ခွေးတွေက လူရှေ့ကနေ ကြိုကြိုပြီး ပြေးလွှားနေကြသည်။ တစ်နေရာအရောက်တွင် တစ်တီတူးငှက်တစ်အုပ်လန့်ပျံပြီး လေထဲမှာ ပျံဝဲကာ ဆူဆူညံညံ အော်မြည်နေကြသည်။ ငွေရောင်ပြေးနေသည့် ဝေသာလီဗျင်းတွေလည်း အိပ်တန်းသို့ အုပ်စုလိုက်ပျံသန်းနေကြပြီး အင်းသူကြီးယောက်ဖဟုခေါ်သောလယ်ငှက်ကြီးက အင်းအိုင်၏ညံတောအစပ်တွင် ငါးချောင်းနေဆဲ။ တင်ကျီးငှက်တွေက ရေငုပ်ပြီး ငါးဖမ်းလိုက်၊ ညံပင်ပေါ်ပျံတက်ပြီး ငါးစားလိုက်လုပ်နေကြသည်။ လူနှင့်အတူလိုက်လာကြသည့် ခွေးတွေက ဟိုပြေးလိုက်ဒီပြေးလိုက်၊ ကြွက်ခြောင်လိုက်၊ အမြီးတနှန့်နှန့်ဖြင့် ပျော်နေကြသည်။ ကျွဲခြေရာခံပြီးလိုက်လာခဲ့ကြရာ ပန်းကိုင်ရွာမရောက်ခင် နှစ်ဖာလုံအတွာလောက်တွင် ခြေရာလည်းပျောက်ခဲ့လေပြီ။ မြက်စားသွားသည့် ငုံးတိတိမြက်ပင်တစ်ပင်တလေကိုပင် မတွေ့ရတော့သလမ်းကြောင်းက ပျောက်ခြင်းမထူပျောက်သွားခဲ့သည်။ နှစ်ယောက်သားရှေ့ကို ဆက်လက် လျှောက်သွားလိုက်ကြသည်မှာ နေဝင်ဆည်းဆာအချိန်တွင် ပန်းကိုင်ရွာထဲသို့ ရောက်သွားကြသည်။ ရွာထဲတွင်တစ်ပတ်လှည့်လည်ကြည့်ကြ

www.burmeseclassic.com

www.burmeseclassic.com

ည်။ ရွာက အိမ်ခြေလေး၊ ငါးဆယ်ခန့် သည်။ အိမ်တွေအားလုံးခြေတံရှည်ကြီး ဆွဲဖြစ်ကြသည်။ မိုးတွင်းသို့ရောက်လာ ရေပြင်ကျယ်ကြီးဖြစ်လာသဖြင့် လှေတစ်ရအောင် အိမ်ကိုခပ်မြင့်မြင့် ဆောက်ထားကြခြင်းဖြစ်၏။ စစ်တောင်း နှင့်နီးသဖြင့် မြစ်ရေတက်လာလျှင် တွင် ရေပိုမိုမြင့်တက်လာတတ်သည်။ ရွာလုံး တံငါအလုပ်ဖြင့် အသက်မွေး သောကများသည်။ ရွာသူရွာသားများ လုံး သဘာကောင်းကြသည်။ ခြင်း၊ လှေလှော်ခြင်းတို့တွင် ကျွမ်းကျင်ကြသည်။

အောင်ကြည်သန်းက -

"ငလှ၊ မိုးချုပ်တော့မယ်။ တို့ဘယ် သွားအိပ်ကြမလဲ"

ဟု မေးလိုက်ရာ -

"မင်းကလည်း ပူမနေပါနဲ့၊ လာပါ ဗျာ"

ဟုပြောကာ ပန်းကိုင်ရွာ၏အရှေ့ ခြောက်ဘက်သို့ခေါ်သွားသည်။ နှစ် ဆောက်စလုံး ရွာထဲက တစ်အိမ်အိမ် တည်းခိုအိပ်ရန် စိတ်မကူးမိကြပါ။ ဆောက်ရင်းလျှောက်ရင်းဖြင့် တဖြည်း နေရောင်ပျောက်ပြီး မှောင်စပြု သည်။ ကိုင်းတောကြီးကလည်း တော်လေး ထူထပ်နေသည်။ ကိုင်းပင် များ လူတစ်ရပ်ကျော်သည်။ ကိုင်း သာထဲတွင် ကိုးပေပတ်လည်ကျော် ဝန်းသည့် မြေကွက်လေးတစ်ကွက် တွေ့ရသည်။ တခြားနေရာတွေထက် ပြီး ကုန်းမို့မို့လေးဖြစ်နေသည်။ တော်သို့ဆင်းသွားလျှင် ရေအိုင်ငယ် လေးတွေရှိသည်။ ရေက ကြည်လင်ပြီး ဆော်ခံမြေကိုပင် မြင်နေရသည်။

ငလှက -

"မိုးလည်းချုပ်တော့မယ်။ တို့ဒီ ရာမှာပဲ အိပ်ကြမယ်"

ဟု ပြောလိုက်လျှင် -

"အေးကွာ၊ ဒီနေရာလေးက ကောင်းသားပဲ။ ဒီမှာပဲအိပ်ကြတာပေါ့"

ဟု အောင်ကြည်သန်းက ပြန် လိုက်သည်။ ခွေးတွေက ကိုင်းတော ကြွက်ကြီးတွေကိုကိုက်ပြီး ချီလာ ကြသည်။ ကြွက်တွေက ကိုယ်လုံးက ဝမ်းဗိုက်ကကြုပြီး ဆူဖြိုးနေ သည်။

"မင်းထမင်းဆာနေပြီလား"

"ဆာတာပေါ့။ ငါ အိမ်ပြန်ရောက် ဒီအချိန် ထမင်းစားနေကျပဲ။ အခု ဘူင်လျှောက်ထားရတာများလို့ ပို ဆာတယ်။ ဗိုက်ထဲကတောင် တဂွိုင်္ဂိုနဲ့ အော်နေပြီ"

"အေးပါကွာ၊ ငါ ကြွက်တွေမီးကင် ပေးပါ့မယ်"

ဟုပြောပြီး ငလှက ကိုင်းပင်အ ခြောက်တွေ၊ ချုံပင် ညွှိုးအခြောက်တွေ လိုက်ကောက်ပြီး မီးဖိုကာ ကြွက်တွေကို ကင်သည်။ အောင်ကြည်သန်းက ကိုင်း တောအစပ် ရေအိုင်ထဲမှလက်မလောက် အရိုးပပွကန်စွန်းညွှန့်တွေကိုသွားဆူးလိုက် သည်။ ထမင်းချိုင့်အလွတ်ဖြင့် ရေအိုင် ထဲကရေကိုပါခပ်လာခဲ့သည်။

ကြွက်များကင်ပြီးသွားသည်နှင့် ကြွက်ကင်တွေဖဲ့ပြီး အဖေးခံထားလိုက် သည်။

"ကဲ- မင်းဆာနေရင် စားလို့ချပြီ"

ဟု ငလှက ပြောလိုက်ရာ အောင် ကြည်သန်း ကြွက်ကင်ပေါင်ကိုက်စား လိုက်၊ ကန်စွန်းရိုးတွေ ကိုက်ဝါးလိုက် လုပ်နေသည်။

"မင်းစားလို့အဆင်ပြေရဲ့လား"

"မင်းကလည်း ဆီမပါဆားမပါနဲ့ စားလို့မကောင်းပါဘူး။ ဆာလို့သာ ကြွတ်မှိတ်ပြီးစားနေရတာ၊ ကန်စွန်းရိုး ကြီးတွေကတော့ စားရတာချိနေသလို ပဲ။ ရေသောက်လိုက်တော့ ဗိုက်ဝသွား တယ်"

ငလှက ကြွက်ကင်စားလိုက်၊ ကြွက်ကင်ကိုဖဲ့ပြီး ခွေးတွေလိုက်ကျွေး လိုက်လုပ်နေသည်။ ခွေးတွေလည်း ကြွက်ကင်ကို တကျွတ်ကျွတ်ဝါးစားနေ ကြသည်။ ကြွက်တွေက ကိုင်းတောထဲ က ကိုင်းဥတွေ၊ နတ်စဖီးတွေစားထားကြ သဖြင့် အသားများပြီး ကင်လိုက်ရာတွင် အဆီတဝင်ဝင်းဖြစ်နေသည်။ ကျွဲခြေရာ နောက်တကောက်ကောက်လိုက်ခဲ့ကြရာ ခရီးပန်းခဲ့ကြသဖြင့် စားသောက်ပြီး နောက် မြေပြင်ကို မွှေ့ရာအမှတ်ပြုကာ တုံးလုံးလဲအိပ်လိုက်ကြသည်။

တဖြည်းဖြည်းညဉ့်ကာလအမှောင် က ကြီးစိုးလာသည်။ ညက လမသာ။ ကောင်းကင်က ကြယ်လေးတွေမှိတ်တုတ် မှိတ်တုတ်ကိုသာ မြင်နေရသည်။ ညဉ့် နက်ပိုင်းတွင် လေက တစ်ချက်တစ်ချက် ဝေါခနဲဆောင့်တိုက်လာသဖြင့် ကိုင်းပင် တွေယိမ်းယိုင်လာ၏။ ခွေးခုနစ်ကောင် က လူ၏ဘေးပတ်ချာလည်တွင် စည်းချ ထားသကဲ့သို့ ဝိုင်းပြီး အိပ်နေကြသည်။

လေငြိမ်သွားပြီးနောက် မကြာခင် ရဲ ရဲ ရဲ့ ရဲ့ ဝေါ ဝေါ ဝေါ ဂီး ဂီး ဂီးအသံ နက်ကြီးကို ကြားလာရသည်။ အသံက ရှပ်သွားလိုက်၊ ခဏနေလျှင် ပြန်ကြား ရလိုက်ဖြစ်နေသည်။ ခွေးတွေကနားရွက် တွေထောင်လာကြပြီး ဟိုကြည့်ဒီကြည့် လှည့်ကြည့်ကာ တဝုတ်ဝုတ်ဖြင့်ဆဟောင် ကြသည်။

အောင်ကြည်သန်းက -

"ငလှရေ၊ သရဲခြောက်တာလား မသိဘူးကွ"

ဟု ပြောရင်း လွယ်အိတ်ထဲက လေးခွကို နှိုက်ထုတ်ပြီး အသံလာရာ ဘက်သို့ လိုက်ပစ်လိုက်သည်။ အသံဆီး တွေခဏရပ်သွားသည်။ ခဏအကြာတွင် အသံတွေ ပြန်ကြားလာရပြန်သဖြင့် လေးခွဖြင့် ဦးတည်ရာလိုက်ပစ်လိုက်ရာ လောက်စာလုံးကုန်သွားမှပင် အပစ်ရပ် တော့သည်။ ကိုင်းတောအစပ်တွင် လူရိပ် မည်းမည်းတွေပြေးလွှားနေကြသည်ကို ပါ တွေ့လာရသည်။ မကြောက်တတ် သော်လည်း ကြက်သီးမွေးညှင်းတဖြန်း ဖြန်းထလာပြီး ငေးကြည့်နေမိစဉ် လူတွေ ကို ကြိမ်လုံးနှင့်လိုက်ရိုက်နေသည့်အသံ ရွှမ်း ရွှမ်း ဘုတ် ဘုတ် အီး အီး ဟု ရိုက်သံ အော်ညည်းသံတွေကို ကြားလာ ရပြန်သည်။ မကြာမီ လေပြည်လေညင်း လေးတိုက်လာသည်။ ညက တစ်ခဏ ချင်း တိတ်ဆိတ်အေးချမ်းသွားပြန်သည်။ ညဉ့်ငှက်အော်မြည်သံ၊ ပုစဉ်းရင်ကွဲအော် သံတွေကိုသာ အောင်ကြည်သန်းကြား နေရသည်။

ငလှတို့ကြည့်လိုက်ရာ လုံချည် လေးခြဲကွေးပြီး တရွေ့ရွေ့နှင့် အိပ်မောကျနေသည်။ အိပ်မပျော်သဖြင့် ပက် လက်လှန်အိပ်ရင်း မိုးကောင်းကင်က မှိတ်တုတ် မှိတ်တုတ် ငွေကြယ်လေးတွေ ကို ကြည့်နေမိသည်။ လေပြည်လေအေး လေးတွေ တဖြူးဖြူးတိုက်လာနေသည်။ လေနှင့်အတူ စိမ်းရွှေရွှေ သင်းပျံ့ပျံ့ အမွှေးနံ့လေးပါလာသည်။ အောင်ကြည် သန်း ခြေသံချွတ်ချွတ်ကြားရသဖြင့် ထကြည့်လိုက်ရာ ရေအိုင်အစပ်နားတွင် မိန်းကလေးတစ်ယောက်ကို လှမ်းတွေ့ လိုက်ရသည်။ မိန်းကလေးက အရပ် မနိမ့်မမြင့် ကိုယ်လုံးကိုယ်ပေါက် အချိုး ကျနသည်။ သမင်မျက်လုံးလေးနှင့် မျက်နှာကခပ်သွယ်သွယ်၊ မန္တလေးကြိုး ကြီးချိတ်ပုံစံ အစိမ်းဖောက်ထဘီကို ဝတ် ထားသည်။ ဂုက်ပျောညွှန့်ရောင် အစိမ်း နုရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားသည်။ ဆံထုံးအမြင့်ထုံးထားပြီး ရွှေရောင်ဆံထိုး တစ်ချောင်းကို စိုက်ထိုးထားသည်။ လည်တံတွင် ငွေရောင်ပုလဲကုံးလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

မြေပဝါစိမ်းရင့်ရောင်လေးခြုံထားသည့် အကြားက ရွှေရင်အစုံက မို့မောက်လို့ လှုပ်နေသည်။ အတော်လေး နန်းဆန်လွန်းသည်။မိန်းကလေးက အောင်ကြည်သန်းကို လက်ယပ်လှမ်းခေါ်နေသည်။ အောင်ကြည်သန်းတစ်ယောက် မိန်းကလေးဆီကို တစ်လှမ်းချင်းလျှောက်သွားသည်။ အနီးသို့ရောက်လျှင် -

"မောင်လေး၊ မမနဲ့လိုက်ခဲ့လေ"

"ဘယ်ကိုလိုက်ရမှာလဲ"

"မမတို့အိမ်ကိုပေါ့၊ ဒီနားလေးမှာပါ"

မငြင်းဆန်မိဘဲ မိန်းကလေးနှင့်ခေါ်ရာနောက်သို့ လိုက်သွားလေသည်။ သိပ်ကြာကြာမလျှောက်လိုက်ရ၊ လှပတင့်တယ်ခမ်းနားသည့်အိမ်ကြီးထဲကို ရောက်သွားသည်။

"မောင်လေး၊ ဖိုက်ဆာနေရောပေါ့။ ဒီမှာထိုင်၊ ထမင်းစားပါဦး။ ငှက်ပျောသီးနဲ့သရက်သီးတွေလည်းစားနော်။ အားမနာနဲ့"

ဖိုက်ဆာဆာဖြင့် ထမင်းကော အသီးတွေပါ စားပစ်လိုက်သည်။ ထမင်းဆိုသော်လည်း ထမင်းပေါင်းလိုလို ထမင်းသုပ်လိုလိုပင်။ စားလို့တော့ အရသာရှိလှသည်။

"မောင်လေး၊ စားလို့ကောင်းရဲ့လား"

"အင်း - ကောင်းတယ်။ ဒါနဲ့ အစ်မက ဘယ်သူလဲ။ နာမည်ကကော"

"အင်း - မောင်လေးက မမှတ်မိတော့ဘူးပေါ့။ အစ်မရဲ့ပဋ္ဌာန်းဆက်မို့ ဒီကိုခေါ်လာခဲ့တာ။ အစ်မနာမည်က မြသီတာပါ။ ဟိုတုန်းကတော့ သီတာဒေဝီလို့လည်း ခေါ်ကြတယ်"

"ပဋ္ဌာန်းဆက် ဆိုတာ ဘာလဲ အစ်မ"

"မောင်လေးနားလည်အောင်ပြောရရင် ဘဝတစ်ခုမှာ ရင်းနှီးခင်မင်ခဲ့ကြတဲ့သူတွေလို့ပြောတာ။နှစ်တွေကြာညောင်းလာခဲ့တော့ မောင်လေးကမေ့နေပြီပေါ့။ ဘဝတစ်ခုမှာ အစ်မနဲ့ ညီမလေး မာလာဒေဝီက ဘုရင့်သမီးတော်တွေ၊ မောင်လေးက ဖခမည်းတော် အားအထားရဆုံး တိုက်တိုင်းအောင်တဲ့ နန္ဒသူရစစ်သူကြီး။ အဲဒီဘဝတုန်းကလေ မောင်လေးက ညီမတော်မာလာဒေဝီနဲ့ ချစ်သူတွေဖြစ်ခဲ့ကြသေးတယ်။ သူကလည်း မောင်လေးကို သိပ်ချစ်ပါတယ်။ ဒါပေမယ့် ညီမတော်က ဖခမည်းတော်ရဲ့အမိန့်ကို မလွန်ဆန်ရဲဘူး၊ နာခံခဲ့ရတယ်။ မာလာဒေဝီကို အိမ်ရှေ့မင်းသားနဲ့လက်ထပ်ဖို့စီစဉ်တော့ မောင်လေး မချိတင်ကဲ အတော်လေးခံစားခဲ့ရတာ ခုထိ မြင်ယောင်နေမိပါသေးတယ်။ လယ်ကွင်းထဲမှာ မောင်လေးကို မမျော်လင့်ဘဲပြန်တွေ့ရလို့ အရမ်းဝမ်းသာမိတယ်။ အဲဒါကြောင့် ဒီကိုရောတ်အောင်ခေါ်လာခဲ့တာ"

အောင်ကြည်သန်းက မြသီတာ၏ မျက်နှာလေးကိုငေးကြည့်ရင်း ပြောစကားတွေကို စိတ်ဝင်တစားနားထောင်နေမိသည်။

မိန်းကလေးက လက်ကိုလှမ်းဆွဲပြီး -

"လာ-မောင်လေး၊ ဟိုဘက်ဘုရားခန်းမှာ ဘုရားသွားဖူးကြရအောင်"

ဟု ပြောကာ ခေါ်သွားသည်။ နှစ်ယောက်သား ဘုရားခန်းဘက်သို့ လျှောက်သွားကြသည်။ ဉာဏ်တော်အမြင့် တစ်တောင်ကျော် ရွှေရောင်ဝင်းပြီး ကြည်ညိုဖွယ်ရာ အလွန်ကောင်းသည့်ဆင်းတုတော်ကို ဖူးတွေ့ရသည်။ ဘုရားဖူးကြပြီးနောက် ဘုရားခန်းထဲလျှောက်ကြည့်ရာ ရွှေကလပ်ပေါ်တွင် ဖန်အုပ်ဆောင်းဖြင့် အုပ်ထားသည့် ရောင်ခြည်တွေဖြာထွက်နေသော အလုံးတစ်လုံးကို တွေ့လိုက်ရသည်။ အောင်ကြည်သန်းက အုပ်ဆောင်းဖွင့်ပြီး ကိုင်ကြည့်မည်လုပ်ရာ -

"မောင်လေး မကိုင်နဲ့။ အဲဒီပြဒါးရှင်လုံးကို မမတို့တောင် ကိုင်ကြည့်ခွင့်မရှိဘူး"

ဟု ပြောလာသဖြင့် လက်ကိုပြန်ရုတ်လိုက်သည်။

"လာ - မောင်လေး၊ အိပ်ခန်းဆောင်ဘက်သွားကြည့်ကြရအောင်"

ဟုပြောကာ လက်ဆွဲပြီးခေါ်သွားပြန်သည်။ အိပ်ခန်းဆောင်က သန့်ရှင်းလှပသည်။ ခုတင်ညောင်စောင်းပေါ် သို့ အောင်ကြည်သန်း တက်ထိုင်လိုက်ရာ ငြိမ့်ခနဲဖြစ်သွားသည်။

"မောင်လေး၊ မမတို့နဲ့ လာနေပါလား"

"ဟင့်အင်း၊ အိမ်မှာ အဖေ၊ အမေနဲ့ အစ်ကိုရှိသေးတယ်။ ခွဲမနေနိုင်ဘူး။ အခုပဲပြန်တော့မယ် မမရာ"

ဟု ပြောရင်း အောင်ကြည်သန်း ထပြန်မည်အလုပ်တွင် မြသီတာက တစ်ကိုယ်လုံးကို သိမ်းကျုံးပြီး လှုပ်ဖက်ထားလိုက်သည်။

"မောင်လေး မမတို့နဲ့နေပါကွာ"

"ဟင့်အင်း မနေချင်ဘူး။ လွှတ်ပါ မမ၊ လွှတ်ပါ မမ၊ အိမ်ပြန်မယ်"

ဟု ထပ်ကာထပ်ကာအော်ပြောရင်း အတင်းရုန်းထွက်နေသည်။

"ဟေ့ကောင် ဘာတွေယောင်နေတာလဲ ထထ"

ဟု လှမ်းအောင်ကြည်သန်း၏ တင်ပါးကို လက်ဖဝါးနှင့် ရိုက်ပြီးနှိုးလိုက်မှ အိပ်မက်ကလန့်နိုးလာခဲ့၏။တစ်ကိုယ်လုံး ဇောချွေးတွေပြန်နေသည်။ အနေ့ဘက် မိုးကောင်းကင်ဆီက ရောင်နီတွေသန်းလာနေပြီ။ နံနက်ဆည်းဆာအချိန်သို့ ရောက်ရှိလာပေတော့မည်။

ညနေ နေဝင်ရီတရောအချိန်တွင် ဝလှနှင့်အောင်ကြည်သန်းလိုက်ကျော်သောကျွဲများနှင့် စားကျက်တွင် လွှတ်ထားသော နွားတစ်အုပ် အိမ်ခြံဝင်းထဲသို့ ဝင်လာကြသည်။

"ကျွဲနွားတွေ ခြံထဲရောက်လာပြီ ဟိုကောင်နှစ်ကောင်မလာကြသေးဘူး ဘယ်များသဝေထိုးနေကြလဲမသိဘူး"

ဟု ကိုကျော်စိန်က ဇနီးဖြစ်မအေးချစ်ကို လှမ်းအော်ပြောလိုက်သည်။

"ခါတိုင်း ဒီအချိန်ပြန်ရောက်နေကျပဲ။ ဒီကလေးတွေ ဘယ်များဝင်းပြန်ပြီလဲမသိဘူး။ ကျွဲတွေ စုံ၊ မစုံသေချာစစ်ကြည့်ပါဦး"

ဟု အိမ်အပေါ်ကနေလှမ်းမေးလိုက်ရာ ကျွဲတွေ တစ်ကောင်ခြင်းသေချာလိုက်စစ်ကြည့်ပြီး-

"ဒိတ်ကြီးတစ်ကောင်ပဲလို့နေတာပဲ ဒိတ်ကြီးကိုစောင့်ပြီး မောင်းလာနေတာနဲ့တူတယ်"

ဟု ပြန်ပြောကာ ကျွဲ၊ နွားများကို ချည်တိုင်တွင်လိုက်ချည်နေသည်။

ညရှစ်နာရီကျော်လာသည့်တိုင် တစ်ယောက်မှ အိမ်ပြန်ရောက်မလာသဖြင့် မအေးချစ်က ထားအတွက် စိုးပူလာသည်။

"ငါ့သားလေး ပြန်ပေးဆွဲခဲ့ရသလား။သူပုန်တွေကများ ဖမ်းခေါ်သွားကြသလား။ အင်းထဲ ရေကူးမိလို့ ရေနစ်နေသလား။ ဘာများဖြစ်နေသလဲ"

ဟု အတွေးပင်လယ်ဝေပြီး မကိုင်မိလက်မကိုင်မိဖြစ်နေသည်။ မှိုယားနှစ်ယောက် သားဖော်ဖြင့် တွေ့ပူပြီး ကြံရာမရသည့်အဆုံး အိမ်လမ်းတာရိုးတစ်ဖက်ရှိ ဗေဒင်ဆရာဦးခွေးဖြူထံတွင် ဗေဒင်ဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးရယ် ကျွန်မသား အငယ်ကောင်လေး ငလုနဲ့ ကျဲကျောင်း သိုက်သွားတာ ခုချိန်ထိအိမ်ပြန်မရောက် သာကြသေးဘူး။ ဘာများဖြစ်နေသလဲ ကြည့်ပေးပါဦး"

ဆရာကြီးက ကျောက်သင်ပုန်း ပေါ်တွင် ကျောက်တံနှင့် တတောက် ဆောက်တွက်ချက်ပြီး-

"နင်တို့ သိပ်ပြီးစိတ်ပူမနေကြနဲ့၊ ပြန်တွေ့မှာပါ။ နှင့်သားကို နတ်ဝှက်ထား တယ်။ ဒီရွာကနေ အရှေ့ဘက်အရပ် ကွင်းထဲတစ်နေရာမှာရှိနေတယ်"

"ဟုတ်ကဲ့ ကျေးဇူးပဲ၊ ပြန်လိုက်ပါ ဦးမယ်"

"အေးအေး- နင်ထို့ ကွင်းပိုင်တွေ့ သည်းတင်ဖို့မမေ့ကြနဲ့ဦး"

"ဟုတ်ကဲ့ပါ။ ကျွန်တော် အခုပဲ ကွင်းစာင်ဖို့လုပ်လိုက်ပါ့မယ်"

ဟု ကိုကျော်စိန်က ဝင်ပြောပြီး နှတ်ဆက်ကာ အိမ်သို့ပြန်လာကြသည်။ အိမ်တွင် ကြက်တွေမွေးထားသဖြင့် ကွင်းပိုင်ကိုတင်မြောက်ရန် မခဲက်ပါ။ ကိုကျော်စိန်က ကြက်ဖိုတစ်ကောင်နှင့် ကြက်မတစ်ကောင်ကို အမြန်ချက်ခိုင်း သိုက်သည်။ ထမင်းပါ တစ်ပြိုင်တည်း ချက်ခိုင်းလိုက်သည်။ တစ်ယောက်ကို မီး ရထားသံလမ်းအနီးက အရက်ဖြူဆိုင် တွင် အရက်တစ်ပုလင်း ဝယ်ခိုင်းလိုက် သည်။ ကိုကျော်စိန်က အိမ်နောက်ဘက် ခြံစည်းရိုးရှိ ဝါးရုံမှဝါးတုစ်လုံးကို အမြန် ဆော်လိုက်သည်။ ကွင်းပိုင်ကိုတင်မြောက် ရာတွင် အသုံးပြုရမည့် စင်လေးလုပ်ရန် ခေါင်းတို့ခွဲစိတ်လိုက်သည်။ အလယ်တွင် လေးထောင့်ကွက်လေးတွေပါသည့် နှစ် ပေပတ်လည်ခန့် ဝါးကပ်လေးကို ရက် သုပ်လိုက်သည်။ကပ်၏အနားပတ်လည် ကို ဝါးခြမ်းသေးသေးဖြင့် သေချာပြန် သုပ်သေးသည်။ စင်တိုင်လုပ်ရန်အတွက် ဝါးခြမ်းကြီးကြီးလေးကို အဖျားမှာအထစ် သုပ်ပြီး အောက်ဘက်ကိုချွန်လိုက်သည်။ စင်ပေါ် တက်ရန် လှေကားသေးသေးကို ဝါးခြမ်းစိတ်လေးနှင့်ပင် ပြုလုပ်လိုက် သည်။ ကွင်းတင်ရာတွင် နတ်စင်လုပ်ရန် အဆင်သင့်ဖြစ်သွားသည်။ နှစ်စဉ် ကွင်း တင်တိုင်းလုပ်နေကျဖြစ်သဖြင့် ရက်လုပ် သိုက်သည်မှာ မကြာခင် ပြီးစီးသွားလေ သည်။

ကြက်သားဟင်းကျက်သည်နှင့် သမီးကွင်းဘက်သို့သွားကာ အသင့်လုပ် ထားသည့်ဝါးကပ်လေးဖြင့် လေးတိုင်စင် လေးလုပ်ပြီး လှေကားလေးထောင်လိုက် သည်။ စင်ပေါ်တွင် ကြက်သားဟင်းနှင့် ထမင်းတစ်ပွဲကိုတင်လိုက်သည်။ အရက် တစ်ခွက်၊ ကွမ်းယာနှင့် ဆေးလိပ်ပါ တင် ထားလိုက်သည်။ စင်အောက်ဘေး မြေ ကြီးတွင်လည်း ထမင်းတစ်ပွဲနှင့်အရက် တစ်ခွက်ချထားသည်။ ကိုကျော်စိန်က အရက်ပုံလင်းက အရက်အနည်းငယ်ကို စင်ပတ်လည်လောင်းချလိုက်ပြီး -

"ကွင်းပိုင်ကြီးခင်ဗျား ၊ စားတော် တည်ရန် ကြွတော်မူပါခင်ဗျား"

ဟု သုံးကြိမ်ရွတ်ဆိုပြီး ပင့်ဖိတ် လိုက်သည်။ စင်ပေါ်ကထမင်းပွဲကို လက်နှင့်ယူကာ သုံးကြိမ်မြှောက်ပြီး -

"ကွင်းပိုင်ကြီးခင်ဗျား ဝဝလင်လင် ပျော်ပျော်ပါးပါး သုံးဆောင်တော်မူပါ။ အရက်များလည်း သောက်တော်မူပါ"

ဟု ပြောလိုက်သည်။ ထို့နောက် မြေထွင်ချထားသောထမင်းပွဲကိုမြှောက် ပြီး-

"ကွင်းပိုင်ကြီးနှင့် ပါလာသည့် တပည့်များလည်း သုံးဆောင်ကြပါ"

ဟု ပြောလိုက်သည်။

ခဏအကြာတွင် -

"ကွင်းပိုင်ကြီးခင်ဗျား၊ သားအငယ် ကောင် အောင်ကြည့်သန်းနဲ့ ငလုကွင်း ထဲ ကျဲသွားကျောင်းကြရာက အိမ်ပြန် မရောက်ဘဲ ပျောက်နေပါတယ်။ ဘေး ရန် အန္တရာယ်ကင်းဝေးအောင် စောင့် ရှောက်ပေးတော်မူပါ။ အမြန်ပြန်တွေ့ အောင်လည်း စောင်မကူညီပေးတော်မူ ပါ"

ဟု တိုင်တည်လိုက်လေသည်။

ကွင်းတင်မြောက်ရာတွင် လာ ရောက်သစ်ားမေးကြသူများလည်း ပိုင်း ထိုင်နေကြသည်။ နာရီဝက်ခန့်အကြာ တွင် ကွင်းပိုင်ကြီးတို့ လာရာနတ်နန်းသို့ ပြန်လည် ကြွမြန်းနိုင်ပါကြောင်းပြောပြီး ထမင်း၊ ဟင်း၊ အရက်တို့ကို ပြန်စွန့်လိုက် သည်။ စွန့်ထားသော ထမင်း၊ ဟင်း၊ အရက်တို့ကို ဝိုင်းထိုင်နေသူများ စား သောက်ကြလေသည်။ ခေါ် ကျွေးခြင်း မပြုလုပ်ရပါ။ကြုံသည့်သူများ ဝင်ရောက် စားသောက်နိုင်သည်။ ရွာဓလေ့ပင်ဖြစ် ပေသည်။

အိမ်တွင် သတင်းပေးရင်း လာ စောင့်သူတွေ များများလာသည်။ ကိုတွတ်နီက စိတ်မြန်သည်။

"လေးလေး၊ အခုထိုင်စောင့်နေရ တာ ညဉ့်သန်းခေါင်ကျော်လာပြီ။ ပြန် ပေးဆွဲထားတာဆိုရင်လာပြီးအကြောင်း ကြားလောက်ပြီ။ တစ်ခုခုဖြစ်နေပြီ ထင် တယ်။ ကျွန်တော်တို့ အမြန်ဆုံးလိုက်ရှာ ကြမှဖြစ်တော့မယ်"

ကိုသန်းမောင်ကလည်း -

"တွတ်နီပြောတာ ဟုတ်တယ် အစ်ကို။ ကျွန်တော်တို့ တောနင်းပြီး လိုက်ရှာကြရအောင်"

ဟု ပြောလိုက်သည်။ ကိုကျော်စိန် တစ်ယောက် သားဖေဖြင့်ထူပူနေသည်။

"အေးကွာ၊ ဒါဆိုလည်း တို့သွား ကြမယ်။ အိမ်ကန္တားလှည်းတွေကောက် တော့ကွာ။ လိုက်ချင်တဲ့ကောင်တွေလိုက် ခဲ့ကြ"

"ကျွန်တော်တို့အားလုံး လိုက်ကြ မှာ၊ ကဲကဲ-နွားလှည်းရှိတဲ့ကောင်တွေက လှည်းတွေပြန်ကောက်ကြပြီး မောင်းလာ ခဲ့ကြ။ အိမ်ရှေ့မှာ တန်းစီလူစုပြီး သွား ကြမယ်"

- ဟု ကိုချစ်သောင်းက အားလုံး ကြားအောင် အော်ပြောလိုက်သည်။

ရွာကလူတွေက အရေးကြီးလျှင် သွေးနီးကြသည်။ ညီညွတ်ကြသည်။ မိုး လင်းအောင်မစောင့်ဘဲ တောနင်းရှာကြ မည်ဟုပြောပြီး နွားလှည်းဆယ်စီးကျော် နှင့် လူကိုးဆယ်၊ တစ်ရာလောက် ညတွင်း ချင်း ကွင်းထဲသို့ မောင်းထွက်လာကြ သည်။ တုတ်ကိုင်သူ၊ ဓားကိုင်သူ၊ လှံကိုင် သူ၊ လောက်လေးခွကိုင်သူကိုင်နှင့် မြွေ ခြေခင်းလက်ခင်းတွေ ဘာဆိုဘာမှ မကြောက်ကြပါ။ ရွာသားအပေါင်း လယ်ကွင်းတွေကိုဖြတ်၊ မြက်ခင်းတွေကို လျှောက်၊ ကိုင်းတောတွေကိုတိုး၊ ချောင်း ရိုးတွေကိုကျော်ပြီး မီးတုတ်တွေ၊ ဓာတ်မီး တွေ တဝင်းဝင်းတလက်လက်ဖြင့် တော နင်းရှာကြသည်။ လှည်းမောင်းသူက မောင်းပြီး ခြေကျင်လျှောက်ပြီး ကိုင်းတော တိုးကာ မွှေနှောက်ရှာဖွေကြသည်။ ပွဲတော်ကြီးတစ်ပွဲကဲ့သို့ဖြစ်နေသည်။

ဖောင်တော်သီနှင့် ပန်းကိုင်ရွာက ခုနစ်မိုင်ခန့်ကွာဝေးသည်။ လှည်းတွေ မောင်းရင်း လူတွေတောနင်းရှာရင်းဖြင့် ကိုင်းတောတစ်တောအလွန် ကျည်းပင် အနီးသို့ရောက်လာခဲ့ကြသည်။ နံနက် မိုးလင်းခါနီးနေပြီ။ ကိုကျော်စိန်၏ရှေ့သို့ ခဲလုံးလေးငါးလုံး ဘုတ်ခနဲ ဘုတ်ခနဲကျ လာသည်။

"ငါ့သားလေးတော့ သေပါပြီ။ ငါ့ ကို ခဲလုံးနဲ့ အချက်ပေးနှုတ်ဆက်နေ တယ်"

ဟု ပြောပြီး တရှုပ်ရှုပ်ငိုပါလေ တော့သည်။

လှသိန်းက -

www.burmeseclassic.com

www.burmeseclassic.com

"မငိုပါနဲ့ လေးလေးရာ၊ ကျွန်တော့် သူငယ်ချင်း ဒီကောင် မသေနိုင်သေးပါဘူး။ စိတ်တင်းထားပါ။ ဒီကျည်းပင်က သရဲခြောက်တဲ့ပါ။ ဒီကျည်းပင်နားနေရာက သရဲခြောက်နေကျနေရာပဲ"

ဟု ပြောကာ အားပေးရှာသည်။

ပန်းကိုင်ရွာနှင့် တစ်မိုင်ခွဲအကွာ လောက်အဝေးတွင် ခွေးသုံးကောင် ပြေးလာပြီး ကိုကျော်စိန်ကိုယ်ပေါ် ကုပ်တက်နှုတ်ဆက်သည်။ခွေးတွေကဟောင်ပြီး ပန်းကိုင်ရွာဆီပြေးပြသည်။ မျောက်ညိုဟူခေါ် သည့်ခွေးက လူအနားကခန အမြီးထောင်ပြီး လမ်းပြပေးသည်။ ခွေးတွေတွေ့သည်နှင့် ကိုကျော်စိန် အားတက်သွားသည်။

"ခွေးတွေ တို့ကိုလာခေါ်တာကွ။ ခွေးတွေနောက်က လှည်းတွေလိုက်မောင်းကြကွာ။ အောက်ကလူတွေ လှည်းပေါ် ပြန်တက်ကြ"

ဟု အားလုံးကြားအောင် အော်ပြောလိုက်သည်။

နံနက်ခြောက်နာရီခန့်တွင် ပန်းကိုင်ရွာသို့ရောက်လာကြသည်။ ရွာလမ်းထိပ်အိမ်ကလူတွေက လှည်းတန်းကြီးကို ထွက်ကြည့်ကြပြီး အောင်ကြည်သန်းတို့ ရှိရာအိမ်သို့ လိုက်ပို့ပေးကြသည်။ ကိုကျော်စိန် အိမ်ပေါ် ရောက်သည့်အခါ သားကိုတွေ့လိုက်ရသည်နှင့် ဝမ်းသာမျက်ရည်များ ပါးပြင်နှစ်ဖက်ပေါ် စီးကျလာသည်။

"စိန်မောင်၊ မင်း ငါ့သားကို ဘယ်လိုဆွေခဲ့တာလဲ"

"ငါပြောပြပါ့မယ် သူငယ်ချင်းရာ၊ မင်းတို့ ရေနွေးသောက်ပြီး ပဲပြုတ်၊ ငါးရံ့ခြောက်ဖုတ်နဲ့ မနက်အဆာပြေစားရင်း အမောဖြေကြပါဦး။ ဒီလိုက္ခ မနေ့ည ခုနစ်နာရီကျော်ကျော်လောက် ရွာရဲ့ အရှေ့မြောက်စူးစူးမှာ မီးရောင်တွေ့တယ်။ အဲဒီကတည်းက တို့တွေသွားကြည့်ချင်ကြခဲ့တာ။ ဧားပြတွေလား၊ ကွန်မြူနစ်တွေလား၊ သူပုန်တွေလား ဆိုပြီး ဘယ်သူမှမသွားရဲကြဘူးကွ။ နောက်ပြီး ပြောရရင် အဲဒီနေရာက ဘုရားကုန်းရှိတဲ့နေရာ။ နေ့ခင်းကြောင် တောင်မှာတောင် တစ်ယောက်တည်း မသွားရဲကြဘူး။ အခြောက်အလှန့် အတော်ကြမ်းတဲ့နေရာပဲ။ သိုက်တွေ ဘာတွေ အဲဒီနေရာမှာရှိတယ်လို့တော့ ရွှေလူကြီးတွေကပြောကြတယ်။ဒီမနက် မိုးလင်းခါနီးတော့ ငါလူငယ်ယောက်ခေါ်ပြီး ဓားပါးလေးတွေနဲ့ ကန်စွန်းရွက်ခူးကြ ယောင်ဆောင်ပြီးသွားကြည့်ကြတယ်။ အဲဒီမှာ မင်းသား နဲ့လှကိုတွေ့တာပဲ"

"ဟေ့ကောင်တွေ၊ မင်းတို့က ဘယ်ကလဲ"

"ဖောင်တော်သီခနာစုအရှေ့ပိုင်း ကပါ"

"မင်းက ဘယ်သူသားလဲ"

"ကိုကျော်စိန်၊ မအေးချစ်ရဲ့သားပါ"

"ဘာလို့ဒီမှာလာအိပ်နေကြတာလဲ"

"ကျွဲကျောင်းရင်း ကျွဲတစ်ကောင် ပျောက်သွားလို့ လိုက်ရှာတာ မိုးချုပ်သွားလို့ ဒီမှာပဲအိပ်လိုက်ကြတာ"

"မင်းအဖေက ငါ့သူငယ်ချင်းပဲ။ လာလာ မင်းတို့နှစ်ယောက်စလုံး ငါ့အိမ်ကိုလိုက်ခဲ့ကြဆိုပြီး ခေါ်လာခဲ့တာပါပဲကွာ"

"အိမ်ရောက်တော့မှ မင်းသားကိုယ်တွေပူပြီးဖျားနေတာသိရတယ်။ ငါဆန်ပြုတ်ကျွေးပြီး ဆရာမောင်ဆေးနီမှန့်တိုက်ထားတယ်။ ပို့ပြီးအန်နေလို့ ဂုရင်ဆိုဒါဖျော်ရည်ပါ တိုက်ထားသေးတယ်။ ဒါကြောင့် အိပ်ရာမှာလဲနေခိုင်းထားတာ"

"အေးကွာ - သူငယ်ချင်းရာ၊ ကျေးဇူးပါပဲကွာ"

"ငလှ၊ မင်းကောနေကောင်းရဲ့လား"

"ဟုတ်ကဲ့ - ကောင်းပါတယ်"

"မင်းတို့ဘာဖြစ်လို့ပန်းကိုင်ရွာထဲမှာ တည်းပြီးမအိပ်ကြတာလဲ"

"ကျွန်တော်လည်း ဘာဖြစ်မှန်းကို မသိပါဘူး။ ရွာထဲကိုလိုက်ကြည့်ခဲ့ကြသေးတယ်။ ရွာပြန်ပြန်ထွက်ချင်စိတ်ပေါ်လာပြီးသွားလိုက်တာ အခုအိပ်ခဲ့တဲ့ကုန်းကွက်လပ်လေးရောက်တော့ အဲဒီမှာပဲ အိပ်ချင်စိတ်ပေါ်လာလို့အိပ်ခဲ့ကြတာ"

"အေးပါကွာ၊ မင်းတို့နှစ်ယောက် မသေမပျောက်ပြန်တွေ့ရတာပဲ ငါဝမ်းသာလှပါပြီ"

ဟု ကိုကျော်စိန်က ရင်မောစွာ ပြန်ပြောလိုက်သည်။

နံနက်ခင်း အဆာပြေ စားသောက် အမောဖြေကြပြီးနောက် အိမ်သူအိမ်သားများ၊ ကူညီကြသူ ပန်းကိုင်သားများကို နှုတ်ဆက်ကြကာ ဖောင်တော်သီသို့ ပြန်လာခဲ့ကြလေသည်။ ကိုတွတ်နီတစ်ယောက်သာ ဒိတ်ကြီးကိုရှာရန် ကျန်ရစ်နေခဲ့သည်။ ခွေးခုနစ်ကောင်က လှည်း တွေ့ရှေ့မှ မြူးထူးပြေးလွှားနေကြသည်။ အပြန်လမ်းတွင် အဖွဲ့သားအားလုံး ပျော်ရွှင်နေကြသည်။ ထွေရာလေးလောက်တုတ်ရာရာစကားတွေဖောင်းအောင်ပြောကြဆိုကြရင်း ဖောင်တော်သီရွာသို့ ပြန်ရောက်လာခဲ့ကြလေသည်။

အိမ်ကိုပြန်ရောက်ကြသည်နှင့် မအေးချစ်တစ်ယောက် သားကိုပြေးဖက်ပြီး ဝမ်းသာလွန်း၍ ပါးပြင်နှစ်ဖက်တွင် မျက်ရည်စက်လေးတွေ တွဲခိုစီးကျသည်။ အောင်ကြည်သန်း အဖျားသေသေးသဖြင့် ကျန်းမာရေးမှူးဦးသန်းထွန်းကို အိမ်သို့ပင့်ပြီးဆေးကုရသည်။ ဆေးထိုး၊ ဆေးသောက်ရုံဖြင့်မပြီးသေး၊ ဦးစောင့်သရဲတဝှေ့မျှားတို့၏ပယောဂအနောက်အယှက်တွေကင်းစေရန် ရွာမက ယစ်စင်တောင်ဂိုဏ်းဆရာကြီးကို အိမ်ပင့်ပြီးကုသရသေးသည်။

ညနေချမ်းတွင် ကိုတွတ်နီယောက် ဒိတ်ကြီး၏ကျောပေါ် သို့ခွေအိမ်သို့ပြန်ရောက်လာသည်။ ဒိတ်ကြီးပန်းကိုင်ရွာရဲ့ အရှေ့တောင်ဘက်ယွန်းယွန်း မြက်တောတွင် ပြန်တွေ့ကြောင်း ပြောပြသည်။ ကိုကျော်စိန်တစ်ပတ်ခန့်အကြာတွင် ကျွဲဒိတ်ကြီး ပြန်လည်ရောင်းဝယ်လိုက်သည်။

အောင်ကြည်သန်းတစ်ယောက် အိမ်ပြန်ရောက်စ ညများတွင် -

"ဟင့်အင်း မနေချင်ဘူး။ လွှတ်မမ လွှတ်ပါ မမ၊ အိမ်ပြန်မယ်"

ဟု ညဘက် အိပ်ရာတွင် ထယောင်နေသေးသည်။ နှစ်ပတ်ခန့်ကြာသောအခါ ညဘက်ထထမယောင်တော့ပါ။ အဖျားလည်းပျောက်သွားနေပြန်ကောင်းလာခဲ့သည်။ နေကောင်းပြီး ကျန်းမာလာသော်လည်း မိဘတွေက နတ်ဂျက်ခံရမည်စိုးရိမ်ကြွေကျောင်းမလွှတ်တော့ပါ။

မှတ်ချက် - ကိုယ်တွေ့ တာဖြစ်ရပ်မှန်ကို ခံစားရေးဖွဲ့ထားပါသည်။ နတ်ဂျက်သည့်ညတွင် ဝိုင်းဝန်းကူးဖွေပေးခဲ့ကြသူများနှင့် ပန်းကိုင်ကူညီပေးခဲ့ကြသူအပေါင်းတို့ကို တိုင်ပင် ကျေးဇူးအထူးတင်လျက် ကွယ်လွန်သွားကြပြီးဖြစ်သောမိဘအားလည်း ဤဝတ္ထုဖြင့် အစဉ်အမြဲ ကန်တော့လျက်ပါ။

အောင်ကြည်သန်း
(ဖောင်တော်သီ)

www.burmeseclassic.com

www.burmeseclassic.com

မေ့မလျော့နေသော နန်ကျင်းမျိုးဖြုတ်သတ်သင်ရေးအဖြစ်ဆန်း လှုပ်ရှား(ပညာရေး)

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့၌ ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ်ဝေသော ကြေးမုံသတင်းစာတွင် အောက်ဖော်ပြပါ သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသော စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

နန်ကျင်းအစုလိုက်အပြုံလိုက် အသတ်ခံရမှုမှတ်တမ်းဗီဒီယို တရုတ်ထုတ်လွှင့်

ပေကျင်း၊ ဒီဇင်ဘာလ ၇။

တရုတ်နိုင်ငံတော် မော်ကွန်းတိုက်များစီမံခန့်ခွဲရေးဌာနက နန်ကျင်းမြို့တွင် လူအစုလိုက်အပြုံလိုက်အသတ်ခံရမှုများနှင့်ပတ်သက်သည့် (၁၀)မိနစ်ကြာ ဗွီဒီယို ကို ဒီဇင်ဘာ ၇ ရက်က အွန်လိုင်းသို့ လွှင့်တင်ခဲ့သည်။

အဆိုပါ ဗွီဒီယိုတွင် နန်ကျင်းဒေသခံများ၏ မှတ်တမ်းမှတ်ရာများနှင့် နိုင်ငံခြားသားများ ရိုက်ကူးထားသည့် ဓာတ်ပုံများပါဝင်ပြီး အပိုင်း(၇)ပိုင်းပါဝင်မည့်ဗွီဒီယိုတွင် ယခုအပိုင်းသည် ပထမဆုံးအပိုင်းဖြစ်သည်။ ကျန်အပိုင်းများကို တစ်နေ့တစ်ပိုင်း ထုတ်လွှင့်သွားရန် စီစဉ်ဆားသည်။ ယခုထုတ်လွှင့်သောဗီဒီယိုတွင် ထိုစဉ်က ကျူးကျော်တိုက်ခိုက်မှုမှတ်တမ်းဓာတ်ပုံများလည်း ပါဝင်သည်။

ယင်းမှတ်တမ်းများသည် လူသားချင်းစာနာမှုမရှိသည့်ပြစ်မှုများကို လှစ်ဟပြသသည့် အဖိုးတန်မှတ်တမ်းများဖြစ်သည်ဟု ဆိုသည်။ ယင်းဗီဒီယိုမှတ်တမ်းသည် ဒီဇင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် တရုတ်နိုင်ငံ၏ ပထမဆုံး နန်ကျင်းအစုလိုက်အပြုံလိုက်အသတ်ခံရသူများ၏ အောက်မေ့ဖွယ်အခမ်းအနားနေ့မတိုင်မီ ထုတ်လွှင့်ခြင်း ဖြစ်သည်။

၁၉၃၁ ခုနှစ်၊ စက်တင်ဘာလတွင် တရုတ်နိုင်ငံအနှံ့မြောက်ပိုင်းကို ကျူးကျော်တိုက်ခိုက်ပြီး ၁၉၃၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် တရုတ်နိုင်ငံတစ်နိုင်ငံလုံးကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ်အထိဆက်လက်ဖြစ်ပွားသည့် စစ်ပွဲအတွင်း တရုတ်စစ်သားနှင့် အရပ်သား (၃၅) သန်းခန့် သေဆုံးခဲ့သည်။

ထိုစဉ်က တရုတ်နိုင်ငံ မြို့တော်နန်ကျင်းကို သိမ်းပိုက်ပြီးနောက် ရက် (၄၀) ကြာ လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာ ၁၃ရက် နေ့တွင် စတင်ခဲ့သည်။ တရုတ်စစ်သားနှင့် အရပ်သားသုံးသိန်းကျော်သတ်ဖြတ်ခဲ့သည်။

(ဆင်ဟွာ)

ထိုသတင်းကိုပင် တရုတ်နိုင်ငံ စီစီတီဗွီရုပ်သံလွှင့်အစီအစဉ်နှင့်အမေရိကန်ပြည်ထောင်စုမှထုတ်လွှင့်သောစီအင်အင်ရုပ်သံလွှင့်အစီအစဉ်များမှ ကျယ်ကျယ်ပြန့်ပြန့် ထွက်လွှင့်သွားခဲ့သည်။ အင်္ဂလန်နိုင်ငံ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်ကမူ ထိုသတင်းကို ထုတ်လွှင့်သွားသည်သာမက သတင်းဝေဖန်ချက်အစီအစဉ်တွင်လည်း သမိုင်းအဲ့ထောက်အထားအချက်အလက်များနှင့် ဝေဖန်ဆွေးနွေးတင်ပြသွားခဲ့၏။

အထက်ဖော်ပြပါ တရုတ်နိုင်ငံအစိုးရ၏ ဆင်ဟွာသတင်းဌာန၏ထုတ်ပြန်ချက်တွင် ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျူးကျော်တိုက်ခိုက်သူများက တရုတ်နိုင်ငံ နန်ကျင်းမြို့တော်အား သိမ်းပိုက်ခဲ့ကြပြီး ဒီဇင်ဘာ၁၃ရက်နေ့တွင်မူ တရုတ်အမျိုးသားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်ဟု ဖော်ပြထားသော်လည်း ကျူးကျော်တိုက်ခိုက်သည့်နိုင်ငံအမည်ကိုမူ ထုတ်ဖော်ရေးသား ဖော်ပြခဲ့ခြင်းမရှိခဲ့ပေ။ သို့သော် သမိုင်းမှတ်တမ်းများ၊ နိုင်ငံတကာက ထိုစဉ်ကာလက် နန်ကျင်းမြို့တွင် အခြေချနေထိုင်သော နိုင်ငံခြားသားလုပ်ငန်းရှင်များ၊ သတင်းမီဒီယာသမားများ၊ တရုတ်နိုင်ငံနှင့်ကျပန်နိုင်ငံတို့ စစ်ကြေညာခြင်းမရှိဘဲ တိုက်ခိုက်နေသည့်စစ်ပွဲကို လေ့လာစောင့်ကြည့်သူများနေသားထုတ်ဝေခဲ့ကြသည့်စာအုပ်များ၊ သတင်းဆောင်းပါးများအရ ကျပန်ဘုရင်တပ်မတော်ပြည်သိမ်းတပ်၏ရက်ရက်စက်စက်သတ်ဖြတ်

ကျပန်သတင်းများ၏ရေသားတော်ပြချက်များ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပုံများကို သိရှိပြီးဖြစ်၏။

သို့သော် ယခုအချိန်တွင် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ပစိဖိတ် သမုဒ္ဒရာအတွင်း လူသူနေထိုင်ခြင်းမရှိသော ကျွန်းအချို့အား ပိုင်ဆိုင်ရေးအတွက် အငြင်းအခုံဖြစ်နေသည့်အခါဖြစ်သည်။ ထိုကျွန်းငယ်များအရေးအခင်းနှင့်ပတ်သက်၍ စစ်ရေးပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိသည်ဟူသော ကောလာဟလသတင်းအမျိုးမျိုးလည်း ထွက်ပေါ် လျက်သဖြင့် တရုတ်ဆင်ဗဟာသတင်းဌာနက အထက်ဖော်ပြသော သတင်းထုတ်ပြန်ချက်တွင် ကျူးကျော်တိုက်ခိုက်သည့် ဂျပန်နိုင်ငံအမည်ကို ဖော်ပြခဲ့ခြင်းမရှိဟု နိုင်ငံတကာမှ သတင်းစာဖတ်ပရိသတ်များကသိပြီးဖြစ်ပါသည်။

လွန်ခဲ့သော (၁၀ နှစ်ဟု ထင်မိပါသည်။ နေ့လရက်ကိုမူကောင်းစွာမမှတ်မိတော့။) (၁၀)နှစ်ကျော်ကာလကလည်း ဂျပန်နိုင်ငံပညာရေးဌာနမှထုတ်ဝေသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသုံး သမိုင်းစာအုပ်များတွင် အထက်ဖော်ပြပါ နန်ကျင်းအစုလိုက်အပြုံလိုက်လူသတ်ပွဲအကြောင်း ဖော်ပြခဲ့ခြင်းမရှိခဲ့။ သို့ဖြစ်၍ တရုတ်အစိုးရကယင်းကိစ္စနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။ သို့ဖြစ်၍ ဂျပန်နိုင်ငံပညာရေးဝန်ကြီးဌာနသည် အထက်ဖော်ပြပါ ကျောင်းသုံးသမိုင်းစာအုပ်များကို ပြန်လည် သိမ်းဆည်း၊ နန်ကျင်းလူသတ်ပွဲအကြောင်းဖြစ်စဉ်ကို သမိုင်းစာအုပ်တွင် ဖော်ပြပေးခဲ့ရပါသည်။ ထိုစဉ်ကာလက ဂျပန်ပညာရေးဝန်ကြီးဌာနနှင့် ဂျပန်အစိုးရတို့အား နိုင်ငံတကာမှ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ ဤသို့ သမိုင်းကိုထိမ်ချန်ထားမှု၊ သမိုင်းဖြစ်စဉ်ကိုဖုံးကွယ်မှုအတွက် ဂျပန်အစိုးရသည် တရုတ်နိုင်ငံအား တရားဝင်တောင်းပန်ခဲ့ရသည်။

မှန်ပါသည်။ သမိုင်းရေးသားပြုစုသူများသည် သမိုင်းကို အမှန်အတိုင်း ရေးသားကြရမည် ဖြစ်ပါသည်။ သမိုင်းသည် ပုဂ္ဂလိကတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ပစ္စည်းမဟုတ်ပါ။ တစ်မျိုးလုံးနှင့် သက်ဆိုင်ပြီး သမိုင်းဖြစ်ရပ်အမှန်ကို အမှန်အတိုင်း ရေးသား ဖော်ပြရန်မှာ သမိုင်းရေးသားသော သမိုင်းရေးဆရာတို့၏ တာဝန်သာ ဖြစ်ပါသည်။ သမိုင်းဖြစ်ရပ်မှန်များကို မည်သည့်နည်းဖြစ်မျှ ဖုံးကွယ်၍မရနိုင်ပါ။ ကမ္ဘာ့သမိုင်းတွင် ဤဆောင်းပါးအစဉ် ဖော်ပြခဲ့သော လူအများအား အစုလိုက်အပြုံလိုက်သတ်



ဖြတ်မှု၊ မျိုးဖြုတ်သုတ်သင်မှုများရှိခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကို ကာယကံရှင်များက နည်းလမ်းအမျိုးမျိုးဖြင့် ဖုံးကွယ်ထားခဲ့ကြပါသည်။ လူအများ မေ့မျောက်သွားအောင် ဖုံးကွယ်ခဲ့ကြသော်လည်း သမိုင်းအား လိမ်ညာ၍မရကြ။ နောက်ဆုံးတွင် ထိုဖြစ်စဉ်မှန်များသည် ဘူးပေါ်သက့်သို့ ပေါ် ပေါက်ခဲ့ကြရ၏။ သာဓကအားဖြင့် ရောမတို့နေလိလလိုလျှမ်းလျှမ်းတောက် ထင်ပေါ်ကျော်ကြား လူသိများသော ရောမခေတ်တွင် ရောမတို့သည် ကာသေ့(ခ်)နိုင်ငံအား တိုက်ခိုက်သိမ်းယူခဲ့ပြီး ကာသေ့(ခ်)လူမျိုး တစ်သိန်းငါးသောင်းကျော်အား နည်းလမ်းအမျိုးမျိုးနှင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်ဟု သမိုင်းတွင်ဖော်ပြခဲ့၏။

ထို့အတူ တမူကျင်းသည် သူ၏ ကျူးကျော်ရေးစစ်တွင်းဖမ်းဆီးရမိသော အကျဉ်းသားများနှင့် အပြစ်မဲ့ပြည်သူ တစ်သိန်းအား ရက်ရက်စက်စက် နည်းလမ်းအမျိုးမျိုးဖြင့် သတ်ဖြတ်ပစ်ခဲ့သည်။ ဤဖြစ်ရပ်များသည် ဖုံးကွယ်၍ မရပါ။ ထိုအထင်ကရအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများသည် နောင်အခါသမိုင်းတွင် တိတိပပ ဖော်ပြခြင်းခံခဲ့ရသည်။ ထို့အတူ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာခဲ့ပြီးနောက် ၁၉၄၀ ပြည့်နှစ်ကုန်အထိ နာဇီဂျာမနီနိုင်ငံသည် စစ်ကြီးအောင်မြင်ရန် သေချာသလောက်ဖြစ်ခဲ့၏။ ထိုစဉ်ကာလက နာဇီထိပ်သီးခေါင်းဆောင်ကြီး ဟစ်တလာ၏လက်ရုံး ဂက်စတာပိုဦးစီးချုပ်ဖြစ်သူ ဟင်းမလား၏တာဝန်မှာ ဂျူးလူမျိုးများကို အစုလိုက်အပြုံလိုက်မျိုးဖြုတ်သုတ်သင်ရေး ဖြစ်၏။ ဟင်းမလားခေါင်းဆောင်သော နာဇီအက်(စ်)အက်(စ်)ဂက်စတာပိုများသည် ဂျူးလူမျိုးအများစုအား သုတ်သင်ရှင်းလင်းရာတွင် ပြည့်သူပြည်သားများ၏မျက်ကွယ်၌သာ ပြုလုပ်ခဲ့ကြသည်။ ဤကဲ့သို့ သုတ်သင်ရှင်းလင်းရာတွင် စကားလုံးလှလှလေးများဖြင့် ကင်ပွန်းတပ်ခဲ့ကြသည်။ နာဇီဂက်စတာပို၏လက်သုံးစကားမှာ ဂျူးများအား စနစ်တကျနေရာချထားခြင်း၊ ပြည်ပသို့ မိမိတို့ဆန္ဒအရ ထွက်ခွာသွားခြင်း၊ လူဦးရေလျှော့ပေါ့ခြင်း၊ ကျန်းမာရေးအရ စနစ်တကျ နေရာချထားခြင်းနှင့် လုပ်အားပေး ခွေးတပ်စခန်းများသို့ ပို့ဆောင်ပေးခြင်း စသော စကားလုံးလှလှလေးများသုံး၍ နောက်ကွယ်တွင်မူ ဂျူးလူမျိုးအများအား နည်းလမ်းအမျိုးမျိုးနှင့် လူသားမဆန်စွာ နှိပ်စက်ညှင်းပန်း၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့ကြ၏။

အထက်ဖော်ပြပါ ခွေးတပ်စခန်းများကား အမှန်အားဖြင့် ငရဲခန်းများသာဖြစ်ကြသည်။ ထိုနာဇီဂက်စတာပိုတို့၏ ငရဲခန်းများအနက် ကမ္ဘာ့သမိုင်းတွင် နာမည်ဆိုးနှင့် မှတ်တိုင်ထူခဲ့သော ငရဲခန်းမှာ ပိုလန်နိုင်ငံ အော့ဇဝစ်မြို့မှ ခွေးတပ်စခန်းဖြစ်၏။ ထိုခွေးတပ်စခန်းသို့မဟုတ် ယင်းငရဲခန်းသည် လူသားအချင်းချင်း နည်းလမ်းအမျိုးမျိုးနှင့် ညှဉ်းပန်းနှိပ်စက်ရာတွင် စံတင်ခဲ့သည်။ အလားတူ ခွေးတပ်စခန်းများဖြစ်သော ထရီဘလင်ကာမေဒါနက်၊ ဘဲ(လ်)ဇက်မော်သော်ဆင့် အပါအဝင် အခြားဒါဇင်ပေါင်းများစွာသော ငရဲခန်းများတွင် ဂျူးလူမျိုးပေါင်း (၁၀)သန်းနီးပါး သတ်ဖြတ်ခဲ့ကြသည်ဟု နောင်အခါ မှတ်တမ်းများအရ သိရ၏။

သို့သော် ၁၉၄၅ ခု ဧပြီလကုန်တွင် နာဇီဂျာမနီနိုင်ငံသည် မဟာမိတ်စစ်နိုင်နိုင်မှားထံ လက်နက်ချခဲ့ပြီး နောက် ထိုလူသားမဆန်သောအစုလိုက်အပြုံလိုက်မျိုးဖြုတ်သုတ်သင်ရေးစီမံကိန်းများစွာကိုဆောင်ရွက်ခဲ့သော ဂက်စတာပို ခေါင်းဆောင်များနှင့် နောက်လိုက်လူသတ်သမားတို့သည် နည်းလမ်းအမျိုးမျိုးနှင့် ကိုယ်ယောင်ဖျောက်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ အချို့နာဇီလူသတ်သမားများသည် ရုပ်ပြောင်းရုပ်လှည့်၍ အစိုးရဌာနများ၌ဝင် အမှုထမ်းခဲ့ကြ၏။

သို့သော် စစ်ကြီးပြီးဆုံးခဲ့ပြီးနောက် တာဝန်ရှိသူများသည် နိုင်ငံတကာစစ်ခုံရုံးများ တည်ထောင်၍ အထက်ဖော်ပြပါ နာဇီရာဇဝတ်သားများ နောက်သို့ အနုံခံကာလိုက်ခဲ့ကြပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖမ်းဆီးခဲ့ကြသည်။ သူတို့ကျူးလွန်သော ပြစ်မှုအလိုက် နိုင်ငံတကာတရားဥပဒေနှင့်အညီ စစ်ဆေး၍ အပြစ်ပေးခဲ့သည်။ နာဇီထိပ်သီးဒေဝဲမင်းအများမှာမူ ကြိုးစင်တက်ခဲ့ရ၏။ သို့ဖြစ်၍ သမိုင်း၏မှတ်တမ်းဝင် လူမျိုးဖြတ်သုတ်သင်ရေးပြစ်မှုကြီးများသည် မည်သည့်အခါ မည်သည့်နည်းဖြင့်မျှ ဖုံးကွယ်၍ မရနိုင်ပေ။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော တရုတ်နိုင်ငံ နန်ကျင်မြို့တော်ဟောင်းတွင် အပြစ်မဲ့ပြည်သူ သုံးသိန်းကျော်အား ရက်ရက်စက် စက်သတ်ဖြတ်မှုကြီးအား ကမ္ဘာ့သမိုင်းမှ ဖုံးကွယ်ဖျောက်ပစ်ရန် မဖြစ်နိုင်ပေ။

ထို့ကာလက နန်ကျင်းသည် တရုတ်နိုင်ငံ ချန်ကေရှိတ် ခေါင်းဆောင်သော ကွန်မင်တန်ဒုံးစိုက်ရာမြို့တော်ဖြစ်ခဲ့၏။ နန်ကျင်းသည် တရုတ်နိုင်ငံသမိုင်းတွင် အစဉ်အလာကြီးမားခဲ့သော မြို့တော်ဟောင်းကြီးတစ်မြို့ဖြစ်၏။ မှတ်တမ်းများအရ တရုတ်နိုင်ငံ၏စာပေနှင့်ဝေလုံးစုံထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်ဟူ၍လည်း ဆိုကြသည်။ အေဒီ သုံးရာစုမှ စတင်နာမည်ကျော်ကြားလာခဲ့ပြီး တရုတ်နိုင်ငံ၏ စာပေအနုပညာရှင်များစုဝေးနေထိုင်ကြသည့် မြို့ကြီးတစ်မြို့လည်း ဖြစ်၏။ ပဒ္ဓဘာသာစာပေနှင့်ပဒ္ဓဘာသာယဉ်ကျေးမှု၏ ဗဟိုမြို့ကြီးတစ်မြို့လည်း ဖြစ်သည်ဟု သမိုင်းမှတ်တမ်းများက ဖော်ပြခဲ့ပါသည်။

ခရစ်နှစ် ၁၈၄၂ ခုတွင် ဗြိတိသျှတို့နှင့် တရုတ်တို့ဖြစ်ပွားခဲ့သော ပထမဘိန်းစစ်ပွဲ၏ စစ်ပြေငြိမ်းချမ်းရေးစာချုပ်အား နန်ကျင်းမြို့မှာပင် ချုပ်ဆိုနိုင်ခဲ့ကြသဖြင့် နန်ကျင်းစာချုပ်ဟု သမိုင်းမှတ်တိုင်တစ်တိုင်ဖြစ်ခဲ့ရ၏။ ၁၉၁၁ ခုနှစ်တွင် ပထမဆုံးတရုတ်ပြည်သူ့သမ္မတနိုင်ငံအား တည်ထောင်သောအခါ တရုတ်အမျိုးသား ခေါင်းဆောင်ကြီး ဒေါက်တာဆွန်ယက်ဆင်သည် နန်ကျင်းမြို့မှပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခဲ့ပြီဟု ကမ္ဘာ့သို့ကြေညာခဲ့သည်ဟုလည်း သိရ၏။ ဒေါက်တာဆွန်ယက်ဆင်ကွယ်လွန်ခဲ့သောအခါတွင်လည်း သူ၏ရုပ်အလောင်းအား နန်ကျင်းမှာပင် မြှုပ်နှံထားခဲ့သဖြင့် ယနေ့အထိ ထိုဖြစ်ရပ်ကို နန်ကျင်းမြို့တော်သူမြို့တော်သားများက ဂုဏ်ယူ၍ မဆုံးရှိခဲ့ကြသည်။ တရုတ်တို့၏ ရှေးဟောင်းယဉ်ကျေးမှုနှင့်ပတ်သက်သော အဆောက်အအုံများလည်း နန်ကျင်းတွင် အများဆုံးတွေ့ရသည်ဟု ဆိုသည်။ အီတလီအမျိုးသား မဟာခရီးသည်ကြီး မာကိုပိုလိုသည် သူ၏ နာမည်ကျော်ခရီးသွားမှတ်တမ်းဌာန နန်ကျင်းမြို့တော်၏ ခမ်းနားသာယာတင့်တယ်ပုံကို ရေးသား ဖော်ပြထားခဲ့သည်သာမက နာမည်ကျော် ဗဟိုဝင် Drum Tower ကြီး၏ ကြီးကျယ်ခမ်းနားပုံကိုလည်း မှတ်တမ်းတင် ဖော်ပြခဲ့ပါသည်။

သို့သော် သမိုင်းမှတ်တမ်းများအရ နန်ကျင်းမြို့တော်ကြီးမှာ တရုတ်နိုင်ငံ သမိုင်းတွင် သုံးကြိမ်တိုင်တိုင် ဖျက်ဆီးခြင်းခံရပြီး မြို့တော်သူမြို့တော်သားများမှာလည်း ရက်ရက်စက်စက် အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ကြရလေသည်။ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများမှာလည်း မီးသင့်ခဲ့ကြရ၏။ ပထမဆုံးအကြိမ် နန်ကျင်းမြို့ဟောင်းကြီးအား ဘီစီ ၆ ရာစုခန့်က လူရိုင်းများဝင်ရောက်တိုက်ခိုက်ပြီး မြို့တော်သူမြို့တော်သားအများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့ကြသည်။ ဤသို့ဖြင့် မြို့တော်နန်ကျင်းအား ပြာပုံဘဝရောက်အောင် ဖျက်ဆီးခံရပြီး နှစ်ပေါင်း (၁၀၀၀) ကျော်ခဲ့သောအခါ တရုတ်ခရစ်ယာန်ဘာသာဝင်တစ်ဦး ခေါင်းဆောင်သော တိုင်ပင်လယ်သမားသူပုန်ကြီး ပေါ်ပေါက်လာခဲ့သည်။ ဤတွင် ခရစ်နှစ် ၁၈၅၃ မှ ၁၈၆၄ ခုနှစ်အထိ တရုတ်နိုင်ငံတစ်နိုင်ငံလုံး သွေးချောင်းစီးခဲ့ကြသည်။ တိုင်ပင်လယ်သမားသူပုန်မီးကြောင့် အစဉ်အလာကြီးမားခဲ့သော နန်ကျင်းမြို့တော်မှာ ဖျက်ဆီးခြင်းခံခဲ့ရသည်။ တိုင်ပင်သူပုန်တို့သည် နန်ကျင်းမြို့ဟောင်းကြီးရှိ ပဒ္ဓဘာသာဘုရား၊ ဂူကျောင်း စေတီပေါင်းများစွာကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်သာမက ပြည်သူအများတို့လည်း အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်၍ အသတ်ခံခဲ့ရသည်။

၁၉ ရာစုအစကပင် မန်ချူမင်းဆက်ကျဆုံးခဲ့ပြီး တရုတ်ကွန်မင်တန်အစိုးရ အာဏာရရှိလာသောအခါတွင် ကွန်မင်တန်အစိုးရသည် ပီကင်း (ယနေ့ ပေကျင်း) မှ နန်ကျင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး ၁၉၂၈ ခုနှစ်တွင်မူ နန်ကျင်းအား တရုတ်နိုင်ငံ၏ မြို့တော်အဖြစ် ကြေညာခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း နန်ကျင်းအား တရုတ်နိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုခဲ့ကြလေသည်။ ကွန်မင်းတန်အစိုးရသည် တရုတ်နိုင်ငံ နုနကျင်းမြို့တော်ဟောင်းကြီးအား ခေတ်မီမြို့တော်ကြီးတစ်မြို့၏ အဂ်ါရပ်နှင့်ပြည့်စုံအောင် ပြင်ဆင်မွမ်းမံခဲ့သည်။ နိုင်ငံတကာမှသံရုံးများကိုလည်း သီးသန့်နေရာပေးတာ စနစ်တကျထားရှိခဲ့သည်။ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း စီးပွားရေးလုပ်ငန်းများကို နန်ကျင်းတွင် လာရောက် မြှုပ်နှံခဲ့ကြရာ နန်ကျင်းမြို့ဟောင်းကြီးသည် ကမ္ဘာ့အဆင့်မီမြို့တော်ကြီး၏အဂ်ါရပ်နှင့်ညီလာသော မြို့တော်ကြီးဖြစ်လာရသည်။

သို့သော် ၁၉၃၇ ခု၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင်မူ ဤဆောင်းပါးအစတွင် ဖော်ပြထားသည့်အတိုင်း နန်ကျင်းမြို့ကြီးမှာ တတိယအကြိမ် စစ်ဝါဒီဖက်ဆစ်ဂျပန်တို့၏ ဖျက်ဆီးခြင်းခံရသည်သာမက အပြစ်မဲ့ပြည်သူသုံးသန်းကျော်တို့မှာ နည်းလမ်းအမျိုးမျိုးဖြင့် အစုလိုက်အပြုံလိုက် အသတ်ခံရသည်။ နန်ကျင်းမြို့တော်သူနှစ်သိန်းခန့်မှာလည်း ဂျပန်ဖက်ဆစ်တပ်သားများ၏ မတော်မတရားပြုမူခြင်းခံခဲ့ရသဖြင့် ထိုဖြစ်စဉ်ကို နိုင်ငံတကာမှ သတင်းမီဒီယာများက The Rape of Nankying (နန်ကျင်းမတော်မတရားကျင့်မှုကြီး) ဟု ကင်ပွန်းတပ်ခဲ့ကြသည်။

ထိုဖြစ်စဉ်ကား ဤသို့ဖြစ်၏။

ဂျပန်နိုင်ငံသည် ၁၉၀၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရုရှား - ဂျပန်စစ်ပွဲတွင် အနောက်ဥရောပအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ် အစဉ်အလာကြီးမားသော ရုရှားနိုင်ငံအား အောင်ပွဲဆင်နိုင်ခြင်းအတွက် အရှေ့အာရှတိုက်ရှိ နိုင်ငံများ၏ အထင်ကြီးမားသည့်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်သာမက ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အတော်အသင့် အရေးပါအရာရောက်သောနိုင်ငံဖြစ်လာခဲ့သည်။ အရှေ့အာရှတိုက်ရှိ ဗြိတိသျှကိုလိုနီနိုင်ငံများမှ မျိုးချစ်လူငယ်များအဖို့ အားတက်ဖွယ်ဖြစ်လာခဲ့သည်။ ၁၉၁၀ ပြည့်နှစ်တွင် ဖြစ်ပွားသော ကိုရီးယားစစ်ပွဲတွင်လည်း ဂျပန်နိုင်ငံသည် အသာစီးရလာရကား အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများက ဂျပန်နိုင်ငံအား နယ်ချဲ့လက်သစ်နိုင်ငံတစ်နိုင်ငံအဖြစ်သတ်မှတ်ခဲ့သော်လည်း အာရှတိုက်ရှိ ကိုလိုနီနိုင်ငံအများကမူ အနာဂတ်တွင် အာရှတိုက်အား ကျူးကျော်လာသော နယ်ချဲ့နိုင်ငံများကို မောင်းထုတ်ရာတွင် ဦးဆောင်မည့်နိုင်ငံတစ်နိုင်ငံဟု မှတ်ယူခဲ့ကြ၏။

သို့သော် ၁၉၃၄ ခုနှစ်၊ ဇွန်လတွင် စတင်ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ကြီးပြီးဆုံးသည်နှင့် ဂျပန်နိုင်ငံတွင် ယခင်က

www.burmeseclassic.com

အနောက်တိုင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူနေထိုင်လိုကြသော နိုင်ငံရေးသမားများထက် စစ်လိုလားသောစစ်ဝါဒီ နိုင်ငံရေးသမားများ၏အင်အားတိုးတက်များပြားလာခဲ့သည်။ ၁၉၂၅ ခုနှစ် ကျော်လွန်လာခဲ့သည်နှင့် ဥရောပတိုက်တွင် ဖြစ်ပွားလာခဲ့သည့် ကမ္ဘာ့စီးပွားရေးကပ်သည် အခြားနိုင်ငံများအား ဂယက်ရိုက်ခတ်ခဲ့သလို ဂျပန်နိုင်ငံအားရိုက်ခတ်ဟာခဲ့သည်။ ဂျပန်စီးပွားရေးအရင်းရှင်ကြီးများအဖို့လည်း စီးပွားရေးကမောက်ကမဖြစ်လာခဲ့၏။ ထို့အတူ ဂျပန်နိုင်ငံရှိ လူတန်းစားအသီးသီး ထိခိုက်လာခဲ့ရာ ယခင်တုန်းက အရှေ့အာရှရိုင်ငံများ၏ အားကိုးအားထားဖြစ်လာမည်ဟု မှတ်ထင်ရသော ဂျပန်နိုင်ငံသည် နယ်ချဲ့လက်သစ်နိုင်ငံတစ်နိုင်ငံဖြစ်ရန် ဦးတည်လာခဲ့၏။ ဂျပန်ဘုရင်တပ်မတော်တွင်းမှ စစ်ဝါဒီများသည် အင်အားချည့်နဲ့စပြုနေသော တရုတ်နိုင်ငံသို့ နယ်ချဲ့ရန် စိတ်ဝင်စားလာခဲ့ကြ၏။

တရုတ်နိုင်ငံတွင်မူ နှောက်ဆုံးဧကရာဇ် နန်းစွန့်ခဲ့ရပြီး သမ္မတနိုင်ငံဖြစ်လာခဲ့ရာမှ နိုင်ငံအတွင်း ကွဲအက်ရေးနှင့် ခွဲထွက်ရေးဝါဒ ကိုင်စွဲထားကြသော စစ်ဘုရင်ခံများကြောင့် နိုင်ငံ၏အခြေအနေမှာ ထိန်းမရသိမ်းမရဖြစ်လာခဲ့ရသည်။ ထိုစဉ်က အနောက်နိုင်ငံများအနက် အင်္ဂလန်နိုင်ငံသည် တရုတ်နိုင်ငံအတွင်း စီးပွားရေးအကွက်အများဆုံးရထားသောနိုင်ငံဖြစ်၏။

အမေရိကန်ပြည်ထောင်စုသည်လည်း တရုတ်နိုင်ငံတွင် စီးပွားရေးမြှုပ်နှံမှုအတော်အသွင့်ရရှိထားရာ ထိုစီးပွားလုပ်ကွက်များကို အကာအကွယ်ပေးရန် လိုအပ်လာလေသည်။ သို့ဖြစ်၍ ကိုရီးယားနိုင်ငံအား ခြေကုပ်ယူထားပြီး မန်ချူးရီးယားနိုင်ငံသို့ နယ်ချဲ့ရန်ပြင်ဆင်နေသော ဂျပန်နိုင်ငံအား စိုးရိမ်လာခဲ့၏။ တရုတ်နိုင်ငံပြည်တွင်းရေးကိုစောင့်ကြည့်နေသောဂျပန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးအခြေအနေအရပ်ရပ်ကြောင့် အခွင့်ကောင်းရလာပြီဟုယူဆကာ ၁၉၃၁ခုနှစ်တွင် မန်ချူးရီးယားကို သိမ်းပိုက်၍ မန်ချူးကို နိုင်ငံဟုအမည်တပ်ကာ ဂျပန်ဘုရင်အစိုးရလက်အောက်ခံ ရုပ်သေးအစိုးရအား ဖွဲ့စည်းပေးခဲ့၏။ ဤအချိန်မှစတင်၍ တရုတ်တို့နှင့် ဂျပန်တို့သည် မကြေညာသောစစ်ပွဲဆင်နွှဲလာခဲ့တော့၏။

အနောက်တိုင်းမှနယ်ချဲ့လက်သစ် ဂျပန်စစ်ဝါဒီတို့၏ ခြေလှမ်းအားစောင့်ကြည့်အကဲခတ်နေသော ဗြိတိသျှနှင့် အမေရိကန်တို့သည် တရုတ်နိုင်ငံရှိ ၎င်းတို့၏ စီးပွားရေးရင်းမြှုပ်နှံမှုများကို ထိခိုက်စေမည့် ဂျပန်၏ ကျူးကျော်ဝင်ရောက်မှုများကို ကန့်ကွက်ခဲ့ကြသည်။ ၁၉၃၇ ခုနှစ် မတိုင်မီကပင် အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံအား နောက်ကွယ်မှ စစ်လက်နက်ပစ္စည်းများ၊ စစ်အသုံးအဆောင်များ၊ ရိက္ခာများ၊ ငွေကြေးများ ထောက်ပံ့ခဲ့သည်။ ဗြိတိသျှတို့ကလည်း အာရှတိုက်တွင် ပိုင်ဆိုင်ထားသော သူ့ကိုလိုနီနိုင်ငံများသည် ဂျပန်နိုင်ငံ၏ လက်လှမ်းမီသောနိုင်ငံများဖြစ်ရကား ဂျပန်စစ်ဝါဒီတို့ ဘက္ခတ်နိုင်ငံတွင် စစ်ရေးအရှိန်မြင့်တက်လာမှုအား အထူးစိုးရိမ်လာခဲ့သည်။

၁၉၃၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်နေ့တွင် တရုတ်နိုင်ငံ ပင်လယ်ကမ်းရိုးတန်းအား ပိတ်ဆို့ထားလိုက်ပြီဟု ဂျပန်ဘုရင်အစိုးရက တရားဝင်ကြေညာထုတ်ခဲ့ရာ အနောက်တိုင်းနိုင်ငံများအဖို့ ရုတ်စာရက်အံ့အားသင့်စေခဲ့၏။ ထိုစဉ်က တရုတ်-ဂျပန်တို့၏ မကြေညာသောစစ်ပွဲကို စောင့်ကြည့်လေ့လာသူများ၏ မှတ်တမ်းများအရ ထိုစဉ်က ဂျပန်ဒီဝိဇံတပ်မပေါင်း (၁၀၀) ကျော်ခန့်အား တရုတ်နိုင်ငံတွင်ချထားခဲ့သည်။ ချန်ကေရှိတ်ခေါင်းဆောင်သော ကွန်မင်တန်အစိုးရအဖို့ တရုတ်နိုင်ငံ ပါရှိမြို့ဟုကင်ပွန်းတပ်ခံရသော ရှန်ဟိုင်းအား လက်လွတ်ခံရသည့်အချိန်မှစ၍ အချုံးနှင့်ရင်ဆိုင်ခဲ့ရ၏။ တရုတ်နိုင်ငံ၏မြို့ကြီးများမှာလည်း ဂျပန်ဘုရင်လေတပ်မတော်မှ လေယာဉ်ပျံများ၏ ဗုံးကြဲတိုက်ခိုက်မှုကိုခံကြရ၏။ ထိုစဉ်က တရုတ်အစိုးရတွင် ကိုယ်ပိုင်လေတပ်မတော် တည်ထောင်နိုင်ခြင်းမရှိသဖြင့် အမေရိကန်ပြည်ထောင်စု၏ အပျော်တမ်းလေတပ်အဖွဲ့ကိုသာ အားကိုးခဲ့ရသည်။

၁၉၃၇ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင်မူ ဂျပန်လေတပ်မတော်မှ လေယာဉ်ပျံများသည် ထက်ကောင်းကင်မှ နန်ကျင်မြို့တော်တစ်ခွင်၌ ကြော့ငြာစာရွက်များကြဲချခဲ့သည်။ ယင်းကြေညာချက်တွင် နန်ကျင်မြို့ထော်၏ ရှေ့ဟောင်းအမွေအနှစ်ဖြစ်သော အဆောက်အအုံများနှင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များကို တာဝန်ယူစောင့်ရှောက်မည်ဖြစ်သဖြင့် နန်ကျင်မြို့စောင့်တပ်များက ဂျပန်ဘုရင်တပ်မတော်ထံ လက်နက်ချရန် ဖော်ပြထား၏။ ဤကြေညာချက်တွင် လက်မှတ်ထိုးသူမှာ ဂျပန်ဘုရင်တပ်မတော်မှ ဗိုလ်ချုပ်ကြီး မတ်ဆုအာဝင်ဖြစ်၏။

ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ နန်ကျင်မြို့တော်အား ဝိုင်းဝန်းပိတ်ဆို့ထားသော ဂျပန်ဘုရင်တပ်မများသည် တရုတ်တပ်တို့ လက်နက်ချမည်ကို စောင့်ဆိုင်းနေကြသည်။ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် နန်ကျင်မြို့ဆင်ခြေဖုံးများနှင့် ဆိပ်ကမ်းတွင် ဂျပန်ဘုရင်တပ်များနှင့် တရုတ်တို့ တိုက်ပွဲများ စတင်ဖြစ်ပွားလာခဲ့သည်။ ဂျပန်ဘုရင်လေတပ်မတော်မှ လေယာဉ်ပျံများကလည်း နန်ကျင်မြို့တော်အား ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ကြပြီး အမြောက်တပ်များကလည်း နန်ကျင်မြို့ရိုးကြီးအား ပစ်ခတ်တိုက်ခိုက်ခဲ့တော့ရာ နောက်ဆုံးတွင် နန်ကျင်မြို့စောင့်တပ်သည် လက်နက်ချအဆုံးမေးခဲ့ရသည်။

ဤတွင် ကမ္ဘာ့သမိုင်းတွင် မှတ်တိုင်ထူခဲ့သော နန်ကျင်းလူသတ်ပွဲကြီးစတင်ခဲ့လေသည်။ ရက်သတ္တပတ်ခြောက်ပတ်အတွင်း ဂျပန်ဘုရင်တပ်သားများသည် စနစ်တကျ မြေလှန်စနစ်ကို အသုံးပြုခဲ့သည်သာမက လက်နက်ချတရုတ်တပ်သားများ၊ အပြစ်မဲ့ပြည်သူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အို့များပါမကျန် လမ်းမများပေါ်တွင် ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်း၍ နည်းမျိုးစုံနှင့်သတ်ဖြတ်ခဲ့ကြသည်။ ဂျပန်သတင်းမီဒီယာများကမူ နန်ကျင်းမြို့သူမြို့သားများအား စနစ်တကျ စောင့်ရှောက် ကြည့်ရှုထားသည်ဟု ရေးသား ဖော်ပြခဲ့သည်။ ထိုစဉ်က နန်ကျင်းမြို့တော်ကို သိမ်းပိုက်နိုင်သည့်အတွက် ဂျပန်နိုင်ငံ တိုက်ပွဲမြို့တော်တွင် နန်ကျင်းဆန်ပြုတ်ရောင်းချသည့်ပွဲတော်ကျင်းပခဲ့သည်ဟု သိရ၏။

နန်ကျင်းမြို့တော်ကြီးအားဖျက်ဆီး၍ လူမျိုးတုံးအစုလိုက်သတ်ဖြတ်မှုများကို ထိုစဉ်က နန်ကျင်းတွင်နေထိုင်ကြသော နိုင်ငံခြားသံရုံးများမှ အမှုထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များက ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူထားခဲ့ကြပြီး အနောက်တိုင်းသတင်းစာများကလည်း နန်ကျင်းလူသတ်ပွဲအကြောင်း ရေးသား ဖော်ပြခဲ့ကြ၏။ နန်ကျင်းအား အောင်မြင်စွာ သိမ်းပိုက်ခဲ့သည့် ဂျပန်ဘုရင်တပ်မတော်မှ ဗိုလ်ချုပ်ကြီး မတ်ဆုအာဝင်အား နန်ကျင်းမှသားသတ်သမားကြီးဟု ကင်ပွန်းတပ်ခဲ့ကြပါကြောင်း။

လှမိုး(ပညာရေး)

ကျွမ်းကိုး -

The Rape of Nankung
By. I. Chang.

www.burmeseclassic.com

www.burmeseclassic.com

ဆေးပက်ဝင်မှုကျယ်ပြန့်ထိရောက်သည့် ခင်ပုပ်ဆေးမြစ်

ခင်ပုပ်မြစ်ဆေးအစွမ်း ထက်မြက်မှုအကြောင်း သူရဇ္ဈမဂ္ဂဇင်းတွင် မကြာခဏဆိုသလို ရေးသား တင်ပြခဲ့ပြီးဖြစ်ပါသည်။ စာဖတ်ပရိသတ်များလည်း ဆေးစေ့စုံစုံ ဖတ်ရှုသိရှိကြပြီးဖြစ်မည်ဟု ယူဆမိပါသည်။ ဖတ်ရှုသိရှိပြီးသော ဝေဒနာရှိသူများကလည်း ဆေးမြစ်များ လာရောက်ယူဆောင်ကြပါသည်။ ယုံယုံကြည်ကြည်နှင့်သုံးစွဲရန်လာယူသူများပြားမှုကြောင့် ယခင်များက ခင်ပုပ်မြစ်များ မှာလက်မလုံးအရွယ်ရှိခဲ့ရာမှ ယခုအခါ ခဲတံလုံးသာသာမျှ အမြစ်များကိုသာ ပေးနိုင်တော့သည့်အခြေအနေဖြစ်လာပါသည်။

ဆေးမြစ်များလာရောက်ယူဆောင်တတ်ကြသော်လည်း ရောဂါသက်သာမှု၊ ပျောက်ကင်းမှု အကြောင်းတစ်စုံတစ်ရာကိုမူ ပြန်ကြားသိရှိရခြင်း မရှိခဲ့ပါ။

ခင်ပုပ်မြစ်ကို သွေးလိမ်းပါ။ သောက်သုံး၍ ရ၊ မရ မသိပါ'

ဟု ရေးသား ဖော်ပြခဲ့ပါသည်။

သို့သော်လည်း ဝေဒနာရှိသူအချို့က သွေးလိမ်းသည်၊ အချို့က သွေး၍ သောက်သုံးကြသည်ဟု ကြားသိရသည်။ သည်ရက်ပိုင်းလပိုင်းအတွင်း အကြောင်းပြန်ကြားသူနှစ်ဦးရှိလာပါသည်။ သိသာထူခြားစွာ သက်သာပျောက်ကင်းမှုရှိသည်ဖြစ်၍ စာဖတ်သူများ လေ့လာတွေ့မြင်နိုင်ကြရန် ထပ်မံရေးသားတင်ပြအပ်ပါသည်။

❑

ပထမဦးစွာတင်ပြလိုသူတစ်ဦးမှာ

ကရင်ပြည်နယ် ကျုံဒိုးမြို့မှ ရင်သားကင်ဆာဖြစ်နေသူ အမျိုးသမီးငယ်တစ်ဦး၏ ရောဂါပျောက်ကင်းမှုသတင်းဖြစ်ပါသည်။ ကျုံဒိုးမြို့ အမှတ်(၃)တံတားအနီး မြသဇင်စားသောက်ဆိုင်အနီးမှာနေသည်ဟု သိရပါသည်။ မိန်းကလေး၏ ရင်သားနှစ်ဖက်စလုံးတွင် ရင်သားကင်ဆာဖြစ်ပွားနေပြီး တစ်ဖက်နိုင်ငံ ဗန်ကောက် မဲဆောက်ရှိ ဆေးရုံများသို့ပင် တက်ရောက်ကုသမှုခံယူခဲ့ရပါသည်။ သို့သော်လည်း ပျောက်ကင်း သက်သာခြင်းမရှိခဲ့ဘဲ ဆိုးဝါးပြင်းထန်လာမှုကို ဖော်ပြထားသည့်ဓာတ်ပုံတွင် တွေ့မြင်နိုင်ပါသည်။

သူရဇ္ဈမဂ္ဂဇင်း၏စာဖတ်ပရိသတ်များ၏ တစ်ဆင့်ပြောကြားချက်အရ မိန်းကလေး၏ဖခင် ကရင်အမျိုးသားဦးမြင့်စိုးကိုယ်တိုင် မြန်အောင်မြို့သို့ ဆေးမြစ်များလာယူခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဧပြီလဆန်း မဟာသင်္ကြန်မကျမီ တစ်ခေါက်လာယူပြီး နောက်ထပ် နှစ်ခေါက်လာယူခဲ့ပါသည်။

သမီးဖြစ်သူ၏ ပုံတွင်မြင်ရသည့် အတိုင်း ခံစားနေရသည့် ရင်သားကင်ဆာကို ခင်ပုပ်မြစ်ဆေးသွေးလိမ်းပေးပါသည်။ တစ်နေ့လျှင် (၂) ကြိမ်မှ (၃) ကြိမ်ခန့်အထိ သွေးလိမ်းပေးသည်။ ဆေးမြစ်လိမ်းပြီး ရက်သတ္တတစ်ပတ်ခန့် အကြာတွင် ရောင်ကိုင်းတင်းရင်းနေသော ကင်ဆာအလုံးအဖုများ ညှိုးရော်သွားပါသည်။ ဆေးမြစ်ကို ဆက်ကာဆက်ကာ နေ့၊ ညမပြတ် လိမ်းကျံပေးခြင်းကြောင့် နောက်ဆုံးအခြေအနေတွင် ရင်သားကင်ဆာအလုံးအဖုများအားလုံးမှာ မည်းခြောက်ကြွေကျသွားခဲ့ပါသည်။ တစ်လကျော် တစ်လခွဲခန့်နှင့် အသက်မသေပျောက်ကင်း ချမ်းသာခဲ့သည်မှာ ဝမ်းမြောက်ဖွယ်သတင်းကောင်းဖြစ်ပါ၏။

❑

ဒုတိယတစ်ဦးမှာ မကွေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့မှ အူမကြီးကင်ဆာခံစားနေရသူတစ်ဦးဖြစ်ပါသည်။ ဆေးရုံဆေးခန်းများမှ လက်လျှော့ခံရသူအတွက် သူ၏ အစ်ကိုကြီးဖြစ်သူက ဆေးမြစ်များလာယူခဲ့ပါသည်။ အူမကြီးကင်ဆာအတွက် ဆေးမြစ်ကို သွေးလိမ်းပေးဖို့ရာမဖြစ်နိုင်သည့် အခြေအနေဖြစ်ပြီး အိပ်ရာထက်တွင် တခွေခွေနှင့် မစားနိုင်မသောက်နိုင် ဝေဒနာခံစားနေရခြိန်လည်း ဖြစ်ပါသည်။ ဝေဒနာရှင်၏ အစ်ကိုဖြစ်သူက စွန့်စားမှုတစ်ရပ်အနေဖြင့် ခင်ပုပ်ဆေးမြစ်ကိုသွေး၍ ရရှိသော ဆေးရည်အား အနည်းငယ် (ကော်ဖီဇွန်းသေးတစ်ဝက်ခန့်) တစ်နေ့ (၃)ကြိမ်ခန့် တိုက်ကျွေးခဲ့ပါသည်။ (၅)ရက်ခန့်အကြာတွင် လူနာမှ အစာတောင်းကာ ရောဂါအခြေအနေသက်သာလာခဲ့ကြောင်းသိရပါသည်။ ဆေးမြစ်ရည်ကို ဆက်လက်သောက်သုံးနေဆဲဖြစ်ပါသည်။ နောက်ဆက်တွဲသတင်း ကြားသိရခြင်းမရှိသေးပါ။

ကရင်ပြည်နယ် ကျုံဒိုးမြို့မှ ကရင်တိုင်းရင်းသား ဦးမြင့်စိုးကလည်း မကြာမီက မြန်အောင်မြို့သို့ ရောက်ရှိလာပြီး ခင်ပုပ်ဆေးမြစ်များ ထပ်မံယူသွားခဲ့ပါသည်။ ဆွေမျိုးရင်းချာတစ်ဦး၏ အစာအိမ်ကင်ဆာအတွက် ဆေးမြစ်လာယူသည်ဟု သိရပါသည်။ အကြောင်းပြန်ကြားလာမှုမရှိသေးပါ။

ချစ်စွာသော သူရဇ္ဈ၏ စာဖတ်သူများ လိုအပ်မှုရှိလာပါလျှင် အပေါင်းအသင်းရောင်းရင်းများကို အသိပေးညွှန်ပြ လက်ဆင့်ကမ်းရန်၊ လိုအပ်ပါလျှင် အသုံးချနိုင်ရန် ထပ်မံ ရေးသား တင်ပြအပ်ပါသည်။

နေဝင်းဝင်း (လွင်ဆေး)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကားသမားမောင်လူမုန်း ဆရာ့ကိုပြောပြတဲ့ ဇာတ်လမ်းတွေဟာ တကယ့်ဖြစ်ရပ်မှန်တွေပါ။လူမုန်းစိတ်ကူးယဉ်ပြီးပြောတာတွေ မဟုတ်ဘူးဆိုတာတော့ ဆရာ့စာဖတ်ပရိသတ်သိစေချင်တယ်ဆရာ။ တစ်ခါတစ်ခါ တကယ့်ဖြစ်ရပ်မှန်တွေဟာ ဆန်းကြယ်လွန်းတော့ စိတ်ကူးယဉ်တာလားလို့ ထင်ရလောက်အောင် ထူးခြားလွန်းလို့ပါ။

အခု လူမုန်းပြောမယ့် ကျတ်တွေအကြောင်းဟာ ပြီးခဲ့တဲ့သက္ကြိန်မတိုင်ခင်ကမှ ရွှေစက်တော်ဘုရားကအပြန်ကြုံခဲ့ရတာပါ။ပူပူနွေးနွေးလေးရှိပါသေးတယ်။ လူမုန်းဒီလိုပရလောကသားတွေနဲ့ကြုံရင် မကြောက်တတ်တာ ဆရာလည်းသိသားပဲ။ တခြားသူကသာ လူမုန်းကိုလာပြောရင် လူမုန်းယုံမှာမဟုတ်ဘူး။ အခုတော့ ကိုယ်တွေ့မှ လူမုန်းကိုယ်တိုင်တွေ့ရတာမို့ မယုံလို့မရတဲ့အပြင် ထူးခြားဆန်းကြယ်လွန်းလို့ လူတွေယုံကြည်မှုမရှိဘဲ လူမုန်းကို တလွဲအထင်ခံရမှာစိုးရိမ်လို့ ဆရာ့ကို ပြောမပြဖြစ်ခဲ့တာ။ ဖြစ်ရပ်တစ်ခုက လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ဝန်းကျင်က ကြုံတွေ့ခဲ့ရတာပါ။ အခုလောလောဆယ် ထပ်ကြုံတွေ့ရတော့ ဒီအဖြစ်တွေ ဆရာ့ကိုပြောပြသင့်တယ် ထင်လို့ ဆရာ့ကိုပြောပြဖြစ်တာပါဆရာ။

ဒီလိုပါ ဆရာ။ လူမုန်း ပြီးခဲ့တဲ့ သက္ကြိန်မတိုင်ခင်က ရွှေစက်တော်ဘုရားကိုဘုရားဖူးသွားချင်တဲ့ ဇနီးမောင်နှံနဲ့ သူ့သူငယ်ချင်းတစ်ယောက် ပေါင်း (၃) ယောက်နဲ့ ကားအော်ဒါရတယ် ဆရာ။ လူမုန်း ရွှေစက်တော်ကိုမရောက်တာ အတော်ကြာပြီမို့ မကြာသေးခင်ကမှ ပြန်လာတဲ့ လိုက်ထရပ်ကားဆရာထောင်မှူးလေး လူထွက်ရဲဝင်းနိုင်ကို လမ်းကြောင်းမေးပါတယ်။

ရဲဝင်းနိုင်က -

"ဟာ - ကိုလူမုန်း၊ ခင်ဗျားရွှေစက်တော်သွားရင် လမ်းဟောင်းအတိုင်းသာသွား။ ချောင်းဦး-ဆင်ဖြူရှင်တံတားဖြတ် ပခုက္ကူသွား၊ ပခုက္ကူက တစ်ခါ ဧရာဝတီတံတားဖြတ်၊ ညောင်ဦးသွား၊ ညောင်ဦးက ချောက်မြို့သွား၊ ချောက်က တံတားဖြတ်၊ ဆိပ်ဖြူဘက်ကူး၊ ဆိပ်ဖြူကမှ ဆင်ဖြူကျွန်း စလင်းဆိပ်သွား။ အဲ - ဆင်ဖြူကျွန်းနဲ့ စလင်းကြားမှာ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်ရဲ့ဇာတ်ကောင် ကိုဆေးရိုးတို့ရဲ့ 'ရင်းကုန်း' ကိုလည်း တွေ့ရမယ်။ ပြီးရင် မြို့လေးငယ်ပေမယ့် သမိုင်းဝင်ဘုရားတွေ အင်မတန်ပေါတဲ့ စလင်းမြို့ကို ရောက်မယ်။ စလင်းမြို့လယ်လမ်းအတိုင်းမောင်း။ 'ဝက်သည်းကန်' ဆိုတဲ့ ရေကန်ကြီးဘေးကမောင်းသွား။ ကံကြာရွာရောက်ရင် လမ်းဆုံမှာဘယ်ဘက်ခြမ်းပြီးမောင်း။မိုင်(၄၀)ကျော်လောက်မောင်းပြီးရင် ရွှေစက်တော်သို့ (၃) မိုင်လောင်း အတိုင်းမောင်းဗျာ။ အထက်ကဘေး

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တိုးမြင့် (မုံရွာ)

ကားသမားလူမုန်းနှင့် ကျတ်ပေးတဲ့လက်ဆောင်

ရာအထိ ဒုတ်ဒုတ်ထိတောင်ပေါ်ရောက်အောင်မောင်းသွားတော့ဗျာ။ အထက်ခြေတော်ရာဖူးပြီးမှ တည်းခိုခန်း ရွှေစက်တော်ကလူတွေပြောသလို တဲကျောင်းရှာပြီး အေးအေးဆေးဆေးနားပေတော့။ အိုးဆားဗစ်ကားဆရာကြီးတွေပြောရတာ မောလိုက်တာလို့ ပြောပါတယ်။

လူမုန်း ရွှေစက်တော်ကို အရင်က အခါခါရောက်ပေမယ့် အဖေနဲ့ အမေရဲ့ ဣန်းမာရေးစောင့်ရှောက်ချင်လို့ အဝေးသိပ်မလိုက်ဖြစ်တော့ဘဲ အဆက်ပြတ်သွားလို့မေးရတာပါ။ ကိုရဲဝင်းနိုင်ပြောတဲ့ စလင်းမြို့လယ်လမ်းက လူမုန်းမသွားဘူးသေးတဲ့ လမ်းပါ။ လူမုန်းတို့သွားတုန်းက မင်းဘူးကသွားကြတာ။ သူပြောတဲ့လမ်းက ပိုနီးတယ်။ ဖြတ်လမ်းပါ။ ပုသိမ်-မုံရွာ လမ်းမကြီးပေါ်ပြန်တက်ရတာ။ ကံပြားရွာရောက်မှပါ။ (၃)မိုင်လမ်းခွဲရောက်ရင် ပုသိမ် - မုံရွာလမ်းပေါ်ကဆင်း။ လမ်းခွဲအတိုင်းလိုက်ရတာ။ မုံရွာ - ပုသိမ်လမ်းအတိုင်းမောင်းရင် မုံရွာမြောက်ကချင်းတွင်းတံတားကိုဖြတ်။ မုံရွာ-ပုသိမ်လမ်းမကြီးအတိုင်းမောင်းရင်ရပါတယ်။ ဒါပေမယ့် ကိုရဲဝင်းနိုင်က ပြောတယ်။ မုံရွာ - ပုသိမ်လမ်းက လမ်းရှင်းတယ်။ ဒါပေမယ့် ခေါင်တယ်၊ ဝေးတယ်။ လမ်းမကြီးဆိုတော့ မြို့တွေ၊ရွာတွေရှောင်ဖောက်ထားတဲ့လမ်းဆိုတော့ ကားပျက်ရင် တောင် သောက်ရေရဖို့မလွယ်ဘူး။ လမ်းဟောင်းအတိုင်းသွားလို့ပြောတာနဲ့ သူပြောတဲ့လမ်းအတိုင်းသွားခဲ့ပါတယ်။ အဆင်ပြေပါတယ်။ လမ်းကတိုတယ်။ နီးတယ်။ တကယ်လည်း အထက်စက်တော်ရာဘုရားတောင်ပေါ်၊ တကယ့်တောင်ထိပ်အထိရောက်သွားတယ်ဗျာ။ ကားပေါ်ကဆင်း၊ ဘုရားဖူးပြီးမှနားကြတော့တာပဲ။ အသွားတော့ချောပါရဲ့။ အပြန်မှာမှဖြစ်တော့တာဗျာ။

ရွှေစက်တော်မှာ တစ်ညအိပ်နောက်နေ့ပြန်လာ ကျောင်းတော်ရာဘုရားဝင်ဖူးပြီးအပြန်မှာ စလင်းမြို့ကညောင်နှစ်ပင်ကျောင်းဆရာတော်နှင့်ဆုံ

www.burmeseclassic.com

www.burmeseclassic.com

ကျော် စာရေးဆရာ ဦးစန္ဒိမ (စလင်း) ကိုဝင်ဖူးပြီး လျှုစရာရှိတာလျှု။ ဆရာအတွက် စာအုပ်လက်ဆောင်ယူပြန်ခဲ့ပါတယ်။ နေ့လယ်မှာ ပုဂံ-ညောင်ဦးဘုရားစုံဖူးပြီး နေဝင်မှ ပုဂံ-ညောင်ဦးက ပြန်ထွက်ခဲ့တာ ပခုက္ကူတံတားကြီးဖြတ်တော့ မှောင်ပြီပေါ့။ ညမှောင်လာတော့ လမ်းညွှန်ဆိုင်းဘုတ်တွေ အားကိုးပြီး မောင်းခဲ့တာ။ ရေစကြိုတမာတန်းကျော်ပြီး လမ်းဆုံရောက်မှ မှားခဲ့တော့ လမ်းညွှန်ဆိုင်းဘုတ် အသေအချာကြည့်ပါလျက်နဲ့ ဘယ်လိုမှားသွားတယ်မပြောတတ်ပါဘူး ဆရာ။ ဆင်ဖြူရွှင်တံတားသွားတဲ့လမ်းမရောက်ဘဲမသွားချင်ပါဘူးဆိုတဲ့ ပုသိမ်-မုံရွာလမ်းမကြီးပေါ် ရောက်သွားပါရောဗျာ။ ကားမောင်းရင်းမောင်းရင်းနဲ့ ရွာလည်းမတွေ့။ မောင်းချိန်ကလည်း အတော်ကြာလာပြီ။ ရွာတွေလည်းမတွေ့တော့ တို့တော့ လမ်းမှားခဲ့ပြီဆိုတာ သိရတယ်။ လမ်းမေးရအောင် ကလည်း ကားလည်းမတွေ့၊ လူလည်းမတွေ့၊ ရွာလည်းမတွေ့၊ ခွေးတစ်ကောင်ကြောင်တစ်မြီးမှမတွေ့ဆိုတာလိုဖြစ်နေပြီး ရွာမတွေ့လေ မောင်းရတာ ခရီးရှည်လေလို့ မှတ်တာပဲ။ ကားရှေ့မီးရောင်ကြောင့် လမ်းပေါ်မှာလင်းနေပေမယ့် ကားမီးမှိတ်လိုက်တဲ့အခါ အမှောင်ထုကြီးတစ်ခုလုံး ဖုံးလွှမ်းနေပါတော့တယ်။ ဘာမီးရောင်မှမတွေ့ရဘဲ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေတော့တာပဲ ဆရာ။

ကားဘော်ဒီမီးလေးဖွင့်၊ အောက်ဆင်း၊ အပေါ်အပါးလေးသွား၊ ကားပေါ်ပြန်တက်မောင်းထွက်ခဲ့ကြတာ အတော်လေးကြာတော့ ကုန်းပြေပြေလေးတက်ပြီး လွန်တော့ မီးတွေထိန်ထိန်လင်းပြီး လူတွေ၊ ကားတွေအများကြီး စားသောက်နေကြတဲ့ ဆိုင်ကြီးတစ်ဆိုင်တွေ့တာနဲ့ လူမှန်းတို့လည်း အားရဝမ်းသာ ဆိုင်ရှေ့ထိုးရပ်၊ အဆာပြေတစ်ခုခုစားကြသောက်ကြရအောင် ဆင်းကြပါတယ်။ အမျိုးသမီးဖြစ်သူကတော့ အိပ်ချင်လို့ ကားပေါ်မှာနေရစ်ပါတယ်။ လူမှန်းနဲ့ ခရီးသည်နှစ်ယောက်ကတော့ ဆိုင်ရှေ့အစွန်က အားနေတဲ့စားပွဲမှာ ထိုင်လိုက်ကြပါတယ်။ ဇွန်းသံ၊ ပန်းကန်သံ၊ လူသံ၊ စကားပြောသံတွေနဲ့ဆူညံနေတဲ့ဆိုင်ကြီးထဲမှာသွားလာနေကြတဲ့လူတွေကလည်း အများကြီးပါ။ ဒါပေမယ့် (စားပွဲထိုး) ဝိတ်တာတွေဟာ စားပွဲမှာထိုင်နေတဲ့ လူမှန်းတို့ (၃) ယောက်ကို လာပြီးမေးဖော်လည်းမရ၊ ခေါ်လို့လည်းမလာမို့ အူကြောင်ကြောင်နဲ့သာထိုင်နေကြရပါတယ်။ အချိန်အတော်ကြီးကြာတဲ့အထိ ထိုင်နေကြပေမယ့် ခေါ်လည်းမလာ၊ ဂရုလည်းမစိုက်ကြနဲ့မို့ ဒီဆိုင်ကဘာလဲဟလာ - သွားကြစို့ဗျာ။ စားမနေကြနဲ့တော့ ပြောပြီး ကားပေါ်တက်မောင်းထွက်ခဲ့တာ ခရီးသည် ကိုတင်မောင်သိန်းက -

"အလကားဆိုင်ဗျာ။ စားမယ့်သောက်မယ့်သူလာတာ မေးပေါ်မရဘူး။ ဒီလိုဆိုင်မျိုးဘယ်တော့မှမဝင်ဘူး။ ပြောရင်း မကျေမနပ်နဲ့ နောက်လှည့်ကြည့်လိုက်တော့ -

ဟာ - ကိုလူမုန်း၊ ကျွန်တော်တို့ ထိုင်ခဲ့တဲ့ဆိုင်ကြီးမရှိတော့ဘူး။ ကားတွေလူတွေလည်းမရှိတော့ဘူး။ လှည့်ကြည့်ပါဦး၊ ဟုတ်ရဲ့လားဗျာ"

ကားမှ ဆိုင်ကထွက်လို့ လမ်းပေါ်ရောက်ကာစရှိသေးတယ်။ ဟုတ်ပါတယ်။ လူမှန်း ကားမောင်းရင်းစောင်းငဲ့ကြည့်လိုက်တော့ မီးရောင်ထိန်ထိန်ဝင်းနေတဲ့ စားသောက်ဆိုင်ကြီးဟာ မရှိတော့ပါဘူး။ ကျန်ခဲ့သည်တစ်ယောက်ဖြစ်တဲ့ ကိုစိုးထက်ကျော်ကလည်း -

"ကိုလူမုန်း ဘယ်လိုလဲဗျာ၊ ခုနက ထိုင်ခဲ့သေး။ အခုမရှိတော့ဘူးဗျ။ ကိုလူမုန်းရေ တစ်ခုခုတော့တစ်ခုခုပဲ၊ မြန်မြန်သာမောင်းပါဗျာ"

နဲ့ ပြောပြီး ဂုဏ်တော်တွေ၊ဘုရားစာတွေ ရွတ်တော့တာပါပဲ။

"မကြောက်ကြပါနဲ့ဗျာ။ ဒါမျိုးတွေဟာတွေ့တတ်ပါတယ်"

လို့ အားပေးရင်း ကားကိုအရှိန်မြှင့်မောင်းလာလိုက်တာ ရှေ့မှာ ကားနောက်မီးနှစ်လုံးကိုမြင်ရလို့ လူမုန်းလည်း မြန်မြန်လေးမောင်းလိုက်မိပါတယ်။ ရှေ့ကားကလည်း ဘုရားဖူးပြန်လာတဲ့ ဘုရားဖူးကား ခွေးဘီလူးခေါ်တဲ့ကားလေးပါ။ ကားချင်းယှဉ်၊ ဘော်ဒီမီးဖွင့်၊ ကားခေတ္တရပ်ခိုင်းပြီး -

"ဒီလမ်းကဘယ်သွားတဲ့လမ်းလဲဗျာ"

"ဒါ ပုသိမ် - မုံရွာလမ်းလေ။ ခင်ဗျားတို့ကဘယ်သွားမှာလဲ"

"ဩော် - ကျွန်တော်တို့က မုံရွာပြန်မှာပါဗျာ။ လမ်းမှားမှားသလားလို့ပါ"

လူမုန်းကပြန်ပြောတော့ ကားပေါ်ပါတဲ့သူတွေရယ်ရင်း -

"ကျွန်တော်တို့လည်း မုံရွာပြန်မှာ ကျွန်တော်တို့က မြို့သစ်ကပါ။ ရွှေစက်တော်ကပြန်လာတာ။ ဒီလမ်းက ချင်းတွင်းတံတားရောက်မှာလေ"

"ဟုတ်ကဲ့ဗျာ။ ဒါနဲ့ စောစောလေးက ခင်ဗျားတို့ ဒီလမ်းပေါ်မှာ မီးတွေထိန်ဝင်းနေတဲ့ စားသောက်ဆိုင်ကြီးတစ်ဆိုင်တွေ့ခဲ့သေးလား"

"ဟာ - ကိုယ့်ဆရာ၊ ကားမောင်းရင်း အိပ်မက်မက်လာတယ်ထင်တယ်။ တစ်လမ်းလုံး ဘာဆိုင်မှမရှိပါဘူးဗျာ။ ကျွန်တော်တို့တောင် ဆာလာလို့ ရွှေတောင်ဦးရောက်မှ တစ်ဆိုင်ဆိုင်ဝင်စားရမှာ။ ကဲ - ခင်ဗျားတို့ကားကလူနည်းတော့ ရှေ့ကမောင်းသွားတော့ဗျာ။ ကျွန်တော်တို့ကတော့ ဖြည်းဖြည်းမောင်းခဲ့တော့မယ်"

ဒါနဲ့ ကားမောင်းထွက်လာတော့ ခရီးသည် ကိုတင်မောင်သိန်းက -

"ကိုလူမုန်း၊ အခု ကျွန်တော်တို့တွေ့ရတာ ဘယ်လိုထင်လဲဗျာ"

"ဘာမှမဟုတ်ပါဘူး ကိုတင်မောင်သိန်းရာ။ ကျွန်တော်တို့ထိုင်ခဲ့ဆိုင်၊ ကားတွေ၊ လူတွေဟာ ကျတ်ပြိတ္တာတွေဖန်ဆင်းတဲ့အရာတွေပါ။ ကျွန်တော်တို့ကို ဘာမှမလုပ်ပါဘူး။ ကျွန်တော်ဆိုရင် လွန်ခဲ့တဲ့ အနှစ် (၂၀) ဝန်းကျင်က ကျတ်ပြိတ္တာပေးတဲ့ လက်ဆောင်တောင်ရခဲ့ဖူးသေးတယ်"

"ဟာ - ဟုတ်လား၊ ဘယ်လိုရခဲ့တာလဲ။ ကားမောင်းရင်းပြောပြပါဗျာ"

ကိုတင်မောင်သိန်း တောင်းဆိုတာနဲ့ လူမုန်းလည်း လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ဝန်းကျင် သာစည်ဆည်ကြီးတည်ဆောက်စဉ် လူမုန်းမြေသယ်ကားမောင်းနေတဲ့အချိန်ကအတွေ့အကြုံကိုပြောဖြစ်ပါတော့တယ်ဆရာ။

လူမုန်းတစ်ယောက် ခရီးသည်တင်လိုင်းကားမောင်းနေရာက စကားပြောရနည်းပြီး ခေါင်းရွှမ်းသက်သာတဲ့ မြေသယ်ကားကြီးမောင်းဖြစ်ပါတယ်။ မြေသယ်ကားကတော့ ဘက်ဖိုးနဲ့ကော်တင်ပေးလိုက်တဲ့ မြေကြီးတွေကို သတ်မှတ်ထားတဲ့ သွန်ရမယ့်နေရာရောက်အောင်မောင်း။ ရောက်ရင် ဟိုက်ထရောလစ်နဲ့လှန် သွန်ချ ပြန်သယ်။ ကိုယ်မောင်းရင် မောင်းနှင်သလောက်ရတယ်။ စကားပြောငြီးတယ်။ ခေါင်းအေးတယ်။

မောင်းဖြစ်တာကလည်း ဒီလိုပါ။ အဖေ့မိတ်ဆွေ မြေသယ်ကားအစီးသုံးလေးဆယ်လောက်ပိုင်တဲ့ ကိုဝင်းရွှေ၊ ဒရိုင်ဘာလိုတယ်ရှာပေးစမ်းပါလို့ အဖေ့ကိုပြောပြောနေတာနဲ့ လူမုန်းမောင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တာ။ စီမံကိန်းလုပ်ငန်းရှိရာတွေသွားရ ကာဆိုတော့ တောထဲတောင်ထဲနေရ တာများတယ်။ လူကလည်းငယ်သေး တော့ မောင်းလည်းမောင်းနိုင်လို့ ငွေ လည်းကောင်းကောင်းရပါတယ်။သာစည်-ဆည်ကြီးတည်ဆောက်တော့ လူမှုနှံးတို့ ထားအုပ်စုလည်းပါတယ်။ ကိုယ့်အဖွဲ့နဲ့ ကိုယ် ကားပြင်တဲ့အဖွဲ့၊ ထမင်းချက် အဖွဲ့၊ ကားမောင်းသမားအဖွဲ့ကိုယ့်အုပ်စု နဲ့ ကိုယ့်အဆောက်အအုံနဲ့ကိုယ်နေကြရ တာ။ လူမှုနှံးတို့အုပ်စုက စားဖိုမှူးကြီး တိုပြုံးချိုက လူမှုနှံးနဲ့ အတော်လေး ရင်းနှီးတယ်။ အိပ်ရာနေရာကလည်း မဝေးဘူး။

ပြောဦးမယ်။ သာစည်ရွာကြီး တာ နှစ်ပေါင်းများစွာက တည်ရှိခဲ့တဲ့ ရွာကြီးဆိုတော့ ရွာသက်ကလည်းရှည်လှ ပြီ။ ဘုရားစေတီကျောင်းကန်တွေက လည်းများမှများ။ တစ်ခေတ်တစ်ခါက အလွန်ဖွံ့ဖြိုးပြီး စီးပွားရေးကောင်းခဲ့ကြ တဲ့သရုပ်ကို ဖော်ပြနေတဲ့ သာသနိက အဆောက်အအုံတွေကို ဒီနေ့အထိတွေ့ မြင်နေရပါတယ်။ လူကြီးလက်တစ်ဖက် မကကြီးမားတဲ့ ကျွန်းတိုင်ကြီးတွေနဲ့ ဆောက်ထားတဲ့ ဥပုသ်ဇရပ်ကြီးတွေဆို ရင် နရပတိစည်သူမင်းကြီးတည်ထား တိုးကွယ်ခဲ့တဲ့ မဟာစေတီလှဘုရားကြီး ဝန်းကျင်မှာ အခုထိရှိပါသေးတယ်။

သာစည်ရွာကြီးဟာ ရှေးအခါက သူဌေးရွာကြီးပါ။ ရှေးတုန်းက လူကြီးတွေ ဟာ ရွှေငွေဥစ္စာတွေကို ရန်သူမျိုးငါးပါး လက်ကလွတ်အောင် အမှတ်တရရှိတဲ့ သစ်ပင်ကြီးကြီးတွေရဲ့အရင်း မြေကြီးထဲ ကို လူမသိအောင် မြှုပ်နှံသိမ်းဆည်းတဲ့ အလေ့ရှိကြတယ်။ ဒါကြောင့် သာစည် ဆည်ကြီးဆောက်တော့ ရွာအစွန်မှာရှိတဲ့ ဒေါ်စောတင် သရက်ခြံကြီးကို ဘုဒိဇာ စက်ကြီးတွေနဲ့ထိုးရှင်းတော့ သစ်ပင်ရင်း ကနေ ငွေအိုးတွေဟာ ဖွေးခနဲဖွေးခနဲ နေအောင်ပေါ် လာတာ ဖတ္တေကြရတယ်။ သာစည်ဆည် ဆောက်စဉ်က ပါခဲ့တဲ့ စက်ကြီးမောင်းသမားတွေဆိုရင် မြေကြီး ထဲက ငွေအိုးတွေပေါ် လာတာကို ခုချိန် အထိ မှတ်စိထဲကထွက်မယ်မထင်ဘူး။ သာစည်ဟာ ရွှေငွေအင်မတန်ပေါခဲ့ပုံရ ပါတယ်။ အသက်အရွယ်ကြီးတဲ့ လူကြီး တွေပြောစကားအရ ရွာထဲမှာ အိမ်ခြေ တစ်ထောင်ကျော်ရှိပြီး ရွှေထည်လုပ်တဲ့ ပန်းထိမ်ဖို (၄၀) ကျော်တောင်ရှိခဲ့တယ် လို့ပြောပါတယ်။ ဒီဘက်ခေတ်ရောက် တော့ အဆောက်အအုံအဟောင်းတွေ ဖြိုကြဖျက်ကြရင် ရွှေအိုးရတဲ့သူနဲ့ ငွေအိုး ရတဲ့သူနဲ့ ခဏခဏရကြတယ်။

မှတ်မှတ်ရရပြောကြတာတစ်ခုက သာစည်သူကြီးဦးဖိုးနိုနဲ့ ဇနီးဒေါ်သန်းခင် (သာစည်သူဌေးကြီးဦးဖိုးရှိန်၏သမီးအကြီး ဆုံး) တို့ပိုင်တဲ့ တိုက်ကြီးကို သာစည်ရွာ အလယ်တန်းကျောင်းဆောက်ဖို့ လှူပါ တယ်။ တိုက်ကြီးဖျက်လို့ လေ့ကားကြီးကို ဖြုတ်ချတဲ့အခါ လေ့ကားဆန်အပေါက် ထဲက ခွင့်ခနဲထွက်ကျလာတာနဲ့ကောက် ကြည့်လိုက်တာ (၆) ကျပ်သားခန့်ရှိတဲ့ ရွှေချောင်းဖြစ်နေတာ။ အဲဒါ ကျောင်း ဆောက်ဖို့ ရန်ပုံငွေထဲလှူလိုက်ပါတယ်။ အင်မတန် ရွှေ ငွေပေါသလို လှူရေး၊ တန်းရေး၊ ဘာသာရေးအလွန်ကိုင်းရှိုင်း ကြလို့ ဘုရားတွေ၊ ကျောင်းတွေပေါတာ ပါ။ ဟိုးယခင်က ဘုန်းကြီးကျောင်းပေါင်း (၃၀) ကျော်ရှိတယ်လို့ဆိုပါတယ်။

သာစည်ရွာမှာရှိတဲ့ မဟာစေတီ လှဘုရားကြီးဟာ တစ်နှစ်မှာ ဘုရား ပွဲတော်နှစ်ကြိမ်ကျင်းပပါတယ်။ ကဆုန် လပြည့်နေ့နဲ့ သီတင်းကျွတ်လပြည့်နေ့ ပါ။ ဘုရားကြီးနယ်မြေမှာ ရွာပေါင်း (၆၄) ရွာရှိတာ။ ဘုရားပွဲတော်ရောက်ရင် အဲဒီရွာတွေက လျှဖွယ်တန်းဖွယ်တွေနဲ့ အတီးအမှုတ်အကအခုန်တွေနဲ့ ဘုရား ပွဲတော်ကိုလာကြပါတယ်။ လာကြတဲ့ အထဲမှာ ဝါးလုံးထိပ်မှာ ရွှဲလုံးတပ်ထားတဲ့ ရွှဲလုံးကိုင်တစ်ယောက်နဲ့ အတောင် (၂၀) ကျော်လောက်ရှည်တဲ့ နဂါးရုပ်၊ နဂါးရုပ် မှာလည်း သူနေရာနဲ့သူ ဝါးလုံးကိုင်လေး ငါးခြောက်ယောက်လောက်ပါပါတယ်။ အဓိကကတော့ ရွှဲလုံးကိုင်နဲ့ နဂါးခေါင်း ကိုင်သူက အဓိကပါ။ နဂါးက ရွှဲလုံးကို လိုက်ဟပ်၊ ရွှဲသမားကလည်း အမြဲမခံဘဲ ရွှဲနဂါးကစားကြတာ။ နောက်ကဆိုင်းက တီး ရှေ့ကကစားနဲ့ အသည်းယားစရာ၊ အလွန်ကြည့်ကောင်းပါတယ်။ မဟာ စေတီလှဘုရားကြီးသမိုင်းမှာတော့ နဂါး နဲ့ဆက်နွယ်တာမတွေ့ရပေမယ့် နှစ်တိုင်း နဂါးရွှဲကစားတဲ့ ဆိုင်းဝိုင်းသုံး၊ လေးဝိုင်း လောက်ပါပါတယ်။ဟိုရှေးအစဉ်အဆက် ကတည်းက ဒီလိုကခဲ့ကြတာတဲ့။ အပြန် မှာတော့ နဂါးခေါင်းကိုဖြုတ်ပြန်ယူသွား ကြပြီး နဂါးကိုယ်လုံးကိုတော့ တံခွန်လုံး အဖြစ်နဲ့ ဘုရားကြီးမှာ လှူထားခဲ့ကြပါ တယ်။ ဒါက ကြဲလို့ လူမှုနှံးသိတာလေး ပြောရတာပါ ဆရာ။

လူမှုနှံးတို့ ဇာတ်လမ်းဆက်ရရင် ကဆုန်လပြည့်နေ့မှာပါ။ အဖြစ်က လူမှုနှံးတို့ဆီကို စေးလာလာရောင်းနေ တဲ့ ကိုကျော်စိန်နဲ့ မခင်မိဆိုတဲ့ သစ်ကျင်း ကြီးရွာက စေးသည်ဇနီးမောင်နှံရှိပါ တယ်။ စီမံကိန်းစကတည်းကလာရောင်း နေတာဆိုတော့ လူမှုနှံးတို့ ကားသမား တွေနဲ့ ခင်မင်ရင်းနှီးနေတော့ ကဆုန် လပြည့် ဗုဒ္ဓဟူ။ ပြီးတော့ မဟာစေတီလှ ဘုရားပွဲတော်နေ့မို့ စီမံကိန်းတစ်ရက်နား တဲ့နေ့မှာ ကွေးချင်မွေးချင်လို့ သစ်ကျင်း ကြီးရွာကို မဖြစ်မနေလာကြပါဖိတ်ခေါ် လို့ လူမှုနှံးနဲ့ ကားအဖွဲ့ မများပါဘူး လူငါးယောက်တည်းပါ။ စီမံကိန်းနဲ့ရွာနဲ့ လေးပိုင်လောက်ဝေးတာ။ ခြေကျင်လမ်း လျှောက်ရင်းသွားကြပါတယ်။ နွေးသားတဲ့ တောသူတောင်သား ဇနီးမောင်နှံရဲ့ စေတနာကို အသိအမှတ်ပြုချင်လို့သွား ကြတာပါ။ နံနက်ပိုင်းမှာ လူမှုနှံးတို့အုပ်စု ကို ထမင်းကျွေးပြီး နေ့လယ်ပိုင်းမှာ တော့ ထန်းရည်ခါးနဲ့ ကြက်သားရည်ကျို ကာလသားချက်နဲ့ ညှဉ်ပြုပါတယ်။ လူမှုနှံးကတော့ မသောက်တတ်လို့ အမြည်းစားပေါ့။ နေ့လယ်ကစလိုက်တဲ့ ဝိုင်းဟာ အတောမသတ်နိုင်ဘဲ ညနေ မှောင်ရီမိုးမှ ဝိုင်းသိမ်းလို့ရပါတော့တယ်။ အဲဒါ ဝိုင်းမသိမ်းခင်သိတယ်မဟုတ်လား။ မူးလာကြတော့ မသောက်တတ်တဲ့သူကို အတင်းတိုက်ကြတာလေ။ မင်းငါချစ်ရင် သောက်ကွာ။ မသောက်ရင် မချစ်လို့။ မသောက်ရင် ခေါင်းပေါ် က လောင်းချ မယ်ဖြစ်လာလို့ လူမှုနှံး ကြိတ်မှိတ်ပြီး နှစ်ခွက်သောက်လိုက်ရတယ်။ ရီဝေရီဝေ နဲ့ လမ်းလျှောက်ပြန်ခဲ့ကြတာ။ ဘယ် ရောက်လို့ရောက်မှန်းမသိကြဘူး။ လ ရောင်အောက် လမ်းဖုန်ဖုန်အတိုင်း စကားတပြောပြောနဲ့ လျှောက်လာလိုက် ကြတာ တောင်ကုန်းလေးတစ်ကုန်း ကျော်လိုက်တော့ မီးတွေထိန်ထိန်လင်း နေတဲ့စေးဆိုင်တွေ၊ ကုန်စုံဆိုင်ကြီးတွေ စေးဝယ်သူတွေနဲ့ အလွန်စည်ကားတဲ့ ရွာကြီးကိုတွေ့လိုက်ရပါတယ်။ ရွာလယ် လမ်းအတိုင်း လျှောက်လာကြရင်း စေးဝယ်သူတွေနဲ့ အတော်ကြီးကြိုးပြီး မီး ရောင်တွေထိန်ထိန်လင်းနေတဲ့ဆိုင်ကြီး တစ်ဆိုင်ကို တွေ့ရပါတယ်။ ထွန်းထား တဲ့မီးတွေက အောက်လင်းမီးလို့ခေါ် တဲ့ ရေနံဆီထည့် မီးစာနဲ့ လေထိုးပြီးထွန်းရ တဲ့ မီးအိမ်ကြီးတွေပါ။ အဲဒီမီးရောင်နဲ့ လမ်းဘေးမှာ ကလေးလေးတွေ ထွေပစ် တမ်းကစားနေကြပါတယ်။ အဲဒါ လူမှုနှံး တို့အဖွဲ့လည်း လမ်းလျှောက်ရတာ ညောင်းလာတာနဲ့ ခဏလမ်းဘေးမှာ ထိုင်နားကြတယ်။ လူမှုနှံးကတော့ ရီဝေ

www.burmeseclassic.com

www.burmeseclassic.com

ရီဝေ ထန်းရည်အရှိန်လေးနဲ့ ကလေးတွေကြားသွားပြီး -

"ဦးလည်းပါဦးမယ်ကွာ"

ပြောပြီး ကလေးတစ်ယောက်ဆီက ထွေပြားတောင်းယူဝင်ကစားပါတယ်။ လူမုန်းလှုံးရင် ကုန်းပို့ခံရပြီး လူမုန်းနိုင်ရင်တော့ သူတို့ကို နားရွက်ဆွဲရပါတယ်။ လူမုန်းနဲ့ကစားရတော့ ကလေးတွေလည်း အတော်ပျော်နေပုံရပါတယ်။ လူမုန်း ကလေးတွေနဲ့ ကစားနေတာ အချိန်ဘယ်လောက်ကြာသွားမှန်းတောင် မခန့်မှန်းမိတော့ဘူး။ မသောက်ဘူးတဲ့ ထန်းရည်သောက်၊ မူးကြောင်မူးကြောင်နဲ့ ကစားနေရင်းက အမူးလေးလည်းပြေသတိလည်းရလာလို့ ကြည့်လိုက်တော့ လူမုန်းအဖွဲ့တွေက လမ်းဘေးကခုံတန်းရှည်တွေပေါ်မှာ အိပ်နေကြပါတယ်။ သူတို့အားလုံးကိုနှိုးပြီး ပြန်ကြမယ်ဆိုတော့ ကလေးတွေကို နှုတ်ဆက်ပါတယ်။ အဲဒီအခါ ကလေးတွေက သူတို့ကစားတဲ့ ထွေပြားလေးတွေ လက်ဆောင်ပေးလိုက်ပါတယ်။ ထွေပြားလေးတွေက လက်ဖက်ရည်အကြမ်းပန်းကန်အဝလောက်ရှိပြီး ထုက မတ်ထုလောက်ရှိပါတယ်။ လူမုန်းလည်းဘာရယ်မဟုတ်ဘူး။ သူတို့ပေးလိုက်တဲ့ အပြားလေး (၃) ပြားထည့်ယူလာခဲ့ပါတယ်။ အားလုံးကြည်ကြည်လင်လင်နဲ့ အိပ်ရာကနိုးလာကြတော့ ပြန်ကြမယ်ဆိုပြီး ရွာထဲက ထွက်ခဲ့ကြပါတယ်။

အဲဒီမှာ တစ်ယောက်က -

"ဟကောင်တွေ၊ တို့အသွားတုန်းက ဒီလောက်ကြီးတဲ့ရွာမဖြတ်ရဘူး။ လမ်းများများလာသလားမသိဘူး"

နဲ့ ပြောလို့ နောက်ပြန်လှည့်ကြည့်မိကြတော့ မီးရောင်တွေထိန်ထိန်လင်းနေတဲ့ရွာကြီး မရှိတော့ပါဘူး။

အဲဒီအခါမှ လူငါးယောက် အမူးလည်းပြေ၊ ကြောက်လည်းကြောက်သုတ်ခြေတင်ကြတော့တာ။ အဖော်ကြာအောင်လျှောက်ပြီးမှ ကုန်းမြင့်မြင့်လေးပေါ်က မီးရောင်တွေဝင်းနေတဲ့ စီမံကိန်းအဆောက်အအုံတွေနဲ့ ဟိုးအနောက်ဆီက မီးရောင်ထိန်ထိန်လင်းနေတဲ့မဟာစေတီလှဘုရားကြီးနဲ့ပွဲစျေးတန်းကို လှမ်းမြင်ရပါတော့တယ်။ လူမုန်းတို့သွားနေတဲ့လမ်းက ပုလဲစဉ်တောင်တန်းပေါ် မှာ။ သာစည်ရွာနဲ့ဘုရားကြီးဟာ တောင်တန်းရဲ့အောက် မြေပြန့်အနိမ့်ထဲမှာပါ။

စခန်းပြန်ရောက်တော့ မိုးလင်းခါနီးနေပါပြီ။ စားဖိုမှူးကြီး ဦးပြုံးချို တောင် နံနက်စောစောစာ ထမင်းကြော်ပြီးနေပြီ။ လူမုန်းလည်း လမ်းလျှောက်လာရတာ ဝမ်းဟာလာတာနဲ့ စားဖိုမှူးကြီးကို မျက်နှာချိုသွေးပြီးထမင်းတောင်းစားပါတယ်။ ပြီးတော့ -

"ရော့ဗျာ - ဦးချို၊ ကျွန်တော် သစ်ကျင်းကြီးပြန်လက်ဆောင်"

"ဟ-လူမုန်း၊ မင်းဟာက ဘာပြားတွေတုံးဟ"

"ဘာပြားဖြစ်ဖြစ်ဗျာ။ အမှတ်ထရသိမ်းထားလိုက်ပေါ့။ ရှေ့ဟောင်းပစ္စည်းဖြစ်ချင်ဖြစ်နေမှာပေါ့"

ပြောပြီး ထွေပြားလေးနှစ်ပြားပေးလိုက်ပါတယ်။

အဲ - အဲဒီနေ့ ညမှာပဲ ဦးပြုံးချို ပြဿနာတက်တော့တာ။ အဲဒီညက လုပ်ငန်းတွေသိမ်းပြီး အိပ်ကြတော့ ညသန်းခေါင်လောက်မှာ -

"ဟာ - မြွေကြီးဟ မြွေကြီး လုပ်ကြပါဦး"

နဲ့ အော်လိုက်တဲ့ ဦးပြုံးချိရဲ့အသံဟာ တဲကြီးတစ်ခုလုံးဟိန်းသွားတာနဲ့ အင်ဗာတာနဲ့ထွန်းတဲ့ မီးချောင်းတွေ အကုန်ဖွင့်ရှာကြတာ ဘာမြွေမှမတွေ့ပါဘူး။ မီးတွေမှိတ်ပြန်အိပ်ကြလို့ နံနက်မိုးလင်းခါနီးမှာ လူမုန်းအိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ ထွေပြားလက်ဆောင်ပေးလိုက်တဲ့ ကလေးလေးက-

"ဦးကိုပေးလိုက်တဲ့ပစ္စည်း ဘာဖြစ်လို့ သူများကိုပေးတာလဲ ပြန်ယူပါ။ မဆိုင်သူပေးလို့မရပါဘူး'

လို့ အိပ်မက်ထဲမှာ ပြောတာနဲ့ နောက်နေ့ရောက်တော့ ဦးပြုံးချိဆီက ပြန်တောင်းတော့ ဦးပြုံးချိက -

"ငါခြင်ထောင်ဘေး မြွေကြီးရောက်လာတဲ့ညကပဲ လူမုန်းပေးတဲ့ပစ္စည်းတွေ ခေါင်းအုံးအောက်ထားအိပ်တာ မသန့်လို့ ငါအိပ်မက်ဆိုးတွေမက်ပြီး မြွေကြီးလာတာဖြစ်မှာပဲဆိုပြီး တဲနောက်က မြက်တောထဲပစ်လိုက်ပြီ။ လို ချင်ရင် မင်းဘာသာသွားရှာပေတော့"

ပြောတာနဲ့ လူမုန်းလည်းသွားပြန်ရှာခဲ့ရပါတယ်။

အဲဒီနောက် သာစည်ဆည်ကြီးပြီးလို့ ကျောက္ကာဆည်တည်ဆောက်ရေးလုပ်ငန်းမှာ ဆည်မြောင်းဌာနက လူမုန်းတို့ကားအုပ်စုကို ငှားသုံးပြန်ပါတယ်။ လူမုန်းတို့လည်း ကျောက္ကာမှာ လုပ်ငန်းတွေလုပ်နေကြရင်းက တစ်ညမှာ မစွဲလမ်း သတိမရတဲ့ အိပ်မက်မက်ပြန်ပါတယ်။ အိပ်မက်ထဲမှာ လက်ဆောင်ပေးတဲ့ကလေးတွေက -

"ဦး၊ ကျွန်တော်တို့ကို မေ့နေပြီလား။ ဦးကုသိုလ်ကောင်းမှုအလှူဒါန လုပ်ပါ။ သားတို့ သာဓုခေါ် ချင်လို့စောင့်နေပါတယ်"

နဲ့ ပြောသွားရှာကြတယ်။ ဒါပေမယ့် လူမုန်းရသမျှ လုပ်အားခတွေနဲ့ စုဆောင်းထားတာတွေ အဖေနဲ့ အမေကျန်းမာရေးအတွက်သုံးလိုက်ရလို့ လူမုန်းငွေပြတ်နေတာနဲ့ ကုသိုလ်ကောင်းမှုအလှူဒါနမလုပ်ဖြစ်ပါဘူး။

တစ်ရက် အလုပ်ထဲကနေ မုံရွာအိမ် ခဏပြန်ရောက်တဲ့အခိုက် ဆောင်ဝင်လာပြီဖြစ်လို့ သိမ်းထားတဲ့ဆောင်ဝတ်အင်္ကျီတွေ အလုပ်ထဲယူဖို့ အဝတ်ဗီရိုကိုဖွင့်၊ အဝတ်တွေယူလိုက်တာ ထွေပြားလေးက အဝတ်ဗီရိုအပေါ် ဆင့်ကနေ လူမုန်းခြေထောက်ပေါ် ထွက်တူလာပါတယ်။ ကောက်ယူပြီး နှစ်လအတော်ကြာမှေ့နေတဲ့ ဒီထွေပြားလေးဟာ ဘာသတ္တုလဲသိချင်လာတာနဲ့ မြို့ထဲက လူမုန်းငယ်သူငယ်ချင်း ကိုဇော်ဦးရဲ့ရွှေဝန်းထိမ်ဆိုင်ကိုသွားပြတော့ ကိုဇော်ဦးက -

"ဟ - လူမုန်း၊ မင့်ပစ္စည်းက ငွေလည်းမဟုတ်ဘူး။ ဒန်သတ္တုလည်းမဟုတ်ဘူး။ ရွှေဖြူကွ။ တန်ဖိုးရှိတယ်။ အခုခေတ် စိန်ထည်တွေကို ရွှေဝါနဲ့ မဖိလုပ်ကြဘူး။ ရွှေဖြူနဲ့လုပ်ဝတ်နေကြပြီ။ မင်းဒါဘယ်ကရတာလဲ။ မင်းရောင်းရင် ပေါက်စျေးနဲ့ ငါဝယ်မယ်"

ပြောတာနဲ့ လူမုန်းလည်း စိတ်တူရပြီး ရောင်းလိုက်ပါတယ်။

အိမ်ပြန်ရောက်တော့ အဖေနဲ့ အမေကို အကျိုးအကြောင်းပြောပြပြီး ရောင်းရငွေထဲက ထီး၊ ဖိနပ်၊ သင်္ကန်းတဘက်၊ ဆပ်ပြာ၊ သွားတိုက်ဆေး သွားတိုက်တံ၊ ရဟန်းအသုံးအဆောင် ပစ္စည်းတွေဝယ် သာစည်ရွာ သာဆည်မြောက်ထိပ် ဆရာတော်ဦးဇောတိကကျောင်း (ယခုဆရာတော်ကြီးမရှိတော့၊ ဘဝနတ်ထဲပျံလွန်တော်မူပြီဖြစ်ပါသည်) မှာ ရဟန်းသံဃာများအား ဆွမ်းတော်ရောင်းရသမျှငွေတစ်ပြားမကျန်အားလုံးလှူဒါန်းပြီး လက်ဆောင်ရှင်ကလေးများနဲ့ မကျွတ်မလွတ်ကြသူများကို ရေစက်အမျှအတန်းပေးဝေလိုက်ပါတော့တယ် ခင်ဗျား။

မောင်မောင်တိုးမြင့် (ဒဂုံ)

www.burmeseclassic.com

www.burmeseclassic.com

အရိမဒ္ဒနာပြည်မှ အပျိုတော်ဆွေတော်မျိုးတော်များ

မောင်နန္ဒ (နန္ဒင်းတော)

သူရဇ္ဈမဂ္ဂဇင်း၊ အတွဲ(၁၃)၊ အမှတ် (၅)၊ မေလထုတ်စာအုပ်မှ (ဒေါ်) ရိုးဦးရေးသားသော 'အရိမဒ္ဒနာပြည်မှ ဆွေတော်မျိုးတော်များ' ဆောင်းပါးကို ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှ ကျွန်တော် ဖတ်ရသည်။ မိမိရရှိထားသော ပုရပိုက်မှတ်တမ်းများကို အခြေပြု၍ မိမိတို့ရွာ၌ အစဉ်အဆက် သက်ကြီးစကား၊ အဆင့်ဆင့် လက်ဆင့်ကမ်းယူလာခဲ့ကြသော စကားများကို ရေးသားမည်ဟု စီစဉ်ခဲ့ပါသည်။ စာအရေးအသားနှင့်ပတ်ခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုနီးပါးရှိခဲ့ပြီဖြစ်သဖြင့် တော်တော်နှင့်မရေးဖြစ်ခဲ့ပါ။ ရေးပြန်တော့လည်း ပြတ်တောင်းပြတ်တောင်း။ စိတ်ကူးပေါ် တဲ့အခါရေးလိုက်၊ ပျင်းလျှင် နားထားလိုက်နှင့် ယခုမှပင် အဆုံးသတ်နိုင်ခဲ့ပါသည်။

(ဒေါ်) ရိုးရိုးဦးက ဤမှတ်တမ်းကို ပြောပြသူမှာ အပျိုတော်ဆွေတော်မျိုးတော်ဝင်ဆရာမတစ်ဦးဟု ဆိုပါသည်။ ဤမျိုးနွယ်များအကြောင်း ပိုမိုသိရှိသူများက ဖော်ထုတ်မည်ဆိုလျှင် ပြည့်စုံသောမှတ်တမ်းကိုရရှိမည်ဟု ဖိတ်ခေါ်ထားပါ သည်။

အထက်တန်းပြဆရာမတစ်ဦး၏ အမေနှင့် စာရေးသူတို့မှာ အထက်ဖွားကို ရေတွက်သော် ခြောက်ဆက်မြောက် ခြံ ဘေးလောင်းတော် ဦးမြတ်ထွား (ဖိုးထွားကြီး)ဖြစ်ပါသည်။ ဖိုးထွားကြီးက ၁၂၁၄ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ကြာသပတေးနေ့တွင် သားဖြစ်သူ မောင်ရွှေကြာသို့ သူကြားသိမှတ်မိသမျှ ပြောပြသည်ကို မောင်ရွှေကြာက ပုရိုက်တွင် ရေးသား၍ မှတ်တမ်းတင်ထားခဲ့ပါသည်။ (ပုရပိုက်တွင် ဆွေစဉ်မျိုးဆက်သမိုင်းနှင့်လယ်မြေဝေခြမ်းပုံအများ ဆုံးပါရှိပါသည်။)

နန္ဒင်းတောကျောင်းတွင် ရွှေပိန်းချ တော်ဗီရိုကြီးတစ်လုံးရှိပါသည်။ ၎င်း စာတိုက်ဗီရိုအတွင်း၌ ပေစာထုပ်များ၊ ပုရိုက်များ အများအပြားရှိပါသည်။ နန္ဒင်းတောကျောင်းမှ ဦးပဉ္စင်းတစ်ပါးက ယုခီရိုထဲမှဆွေးမြည့်လုနီးပါးဖြစ်နေသော အချို့စာလုံးများ မပျံမသုဉ်းမှိန်လျက်ရှိ သည်။ ယင်းကိုဆက်စပ်၍ အကြိမ်ကြိမ် အထပ်ထပ်ဖတ်ရှု၍ ၁၃၂၄ ခု (၃၀-၅-၆၂) နေ့တွင် စာအုပ်တွင် ကူးယူထားခဲ့ပါသည်။

❑ ဦးရွှေကြာ၏ပုရိုက်မှတ်တမ်း

မိုးကြီးပစ်တဘက်ဆွဲသား ဦးသိရိ တောင်ဦးသို့ရောက်လာသည်။ သား မောင်စစ်အောင် ပါလာသည်။ မောင် စစ်အောင်အရွယ်ရောက်လျှင် တောင်ဦး သူနှင့်သင့်သည်။ ၎င်းမောင်စစ်အောင် ကို၎င်း မောင်အောင်မြတ်ကိုမွေးသည်။ (မှတ်ချက် မိုးကြီးပစ်တဘက်ဆွဲရွာ၊ အင်းဝ - တံတားဦးနားတွင်ရှိသည်။) မောင်အောင်မြတ်ကြီးပြန်လျှင် မြေဒူး စီရင်စု မိုးကြီးရွာကို တည်သည်။ မောင်အောင်မြတ်သည် တန့်ဆည်မြို့ သူကြီး သမီးမိခေါင်နှင့်သင့်သည်။ ၎င်းတို့ မှမွေးလာသောသားများကား -

၁။ ချစ်ဖော်၊
၂။ ချစ်လွန်း၊
၃။ ရဲထွန်း၊
၄။ ရွှေအုပ်တို့ဖြစ်ကြသည်။

၎င်းတို့ လေးဦးသည် နန္ဒင်းတော ရွာစတင်တည်သူများဟု ယနေ့ထက်တိုင် ကလေး၊ လူကြီးပြောလျက်ရှိကြသည်။

ဦးမြတ်ထွား (ခေါ်) ဖိုးထွားကြီး

ဖိုးထွားကြီးသည် ရဲထွန်း၏ အဆက်အနွယ်ဖြစ်သည်။ စစ်အောင်မှ အောက်ဖွားကိုရေတွက်သော် ခုနစ်ဆက် မြောက် ရဲထွန်းမှ ရေတွက်သော် ငါး ဆက်မြောက်ဖြစ်သည်။ ဖိုးထွားကြီးမှာ အရပ်အမောင်းကောင်း၍ ကိုယ်ကာယ ကြံခိုင်ထွားကျိုင်းသည်။ ဖိုးထွားကြီး၏ ခြေရာ တောမှာထွေ့သူတိုင်းက အထင် မှားအမြင်မှားရှိလျက် အံ့သြမဆုံးရှိကြ သည်။ လယ်ကို ကွဲ၊ နွား နှစ်ရှဉ်းထား၍ လူမနားဘဲ တစ်ရှဉ်းပြီး တစ်ရှဉ်း ကွဲ၊ နွားကို အနားပေး၍ထွန်ယက်သည်။

မျိုးကြရန်မျိုးစပါးကို အိမ်မှ လယ် တော်သို့သယ်ယူရာ မျိုးစပါးတို့ ပုတ်နှင့် ထည့် ကျမ်းတုံးတစ်ဖက်၊ စွန်ကိုကြိုးနှင့် ခတ်ချိတ်ပြီး ရှေ့မှလက်နှင့်နှိပ်ပြီးကုပ် ၍ သယ်သွားသည်။ (ပုတ်-စပါးလေး တင်းဝင်ဆဲ့သည်။ ကျမ်းတုံးအရှည် ၁၂ ပေ၊ လုံးပတ် ၁၆ လက်မရှိ စပါးစိုက်ရန် မြေကြီးကိုညီသောသစ်သားတုံး)

ဖိုးထွားကြီး၏သန်မာပုံကို ယနေ့ အထိပြောကြသည်မှာ နှီးဖြင့်ယက်လုပ် ထားသော ယပ်တောင်ကိုဖင်ကြားညှပ် ထားသည်ကို လူနှစ်ယောက်ကဆွဲနှတ် ရာ ယပ်တောင်သည် အချပ်လိုက်ပါ မလာဘဲ ညှပ်ထားရာမှလွတ်နေသော နှီးစများသာပြုတ်ထွက်လာသည်ပြောပါ သည်။

❑ နန္ဒင်းတောကျောင်းတိုက်

နန္ဒင်းတောကျောင်းတိုက်နှင့်နန္ဒင်း တောရွာဖြစ်ပေါ်လာပုံတို့မှာ ပုဂံခေတ်၊ သာသနာနှစ် ၈၉-၁၆၄ ပျူစောထီး မင်းလက်ထက်လောက် ဆီက ပထမ ကနဦး လူရောက်ခဲ့သည်ဟု ထင်ရ၏။ နန္ဒင်းတောရွာ အနေမကျယ်ကြီးမီ နန္ဒင်း တောအိုင်ကြီး၊ လယ်ဖျားတောင်ရွာ၊ မြောက်ရွာ၊ အောက်ထဲ၊ ကော်ပျော်၊ ရုံညီအိုက်၊ မိုးကြီးတို့ထွင် အခြေချခဲ့ကြ သည်။ ပတ်မိမင်းသားမင်းလေးထွက် ခေတ်အပျက်မှ ပေါင်းစည်းက ၁နန္ဒင်း တောရွာတည်ဖြစ်ခဲ့သည်။

ဆရာတော်ဦးဥဂ္ဂါစာရသည် စနေ မင်းလက်ထက် ၁၀၆၂ ခုတွင် စတင် ရောက်ရှိသာသနာပြုသည်။ ထိုမှ ဆက် လက်ကာ ယနေ့ထက်တိုင် သာသနာ အရှည်တည်ခဲ့သည်။

နန္ဒင်းတောကျောင်းတိုက်သည် (၄)ကောကျော်မည်ဟုထင်ပါသည်။ နန္ဒင်း ကျောင်းဝင်း၏မြောက်အရှေ့ သုံးချိုး တစ်ချိုးမှ အရှေ့ဘက်၊ ထိုမှ တောင် ဘက် အရှေ့ပိုင်း သုံးချိုးတစ်ချိုးတွင် ထန်းပင်များ ခပ်စိပ်စိပ်စိုက်ပါသည်။ အရှေ့တောင်ထောင့်တွင် ဗဒ္ဓသိမ်ရှိ၏။ စေတီဘုရား (၂၁) ဆူကို တောင်တန်း လျက် အကွက်ကျကျရှိပါသည်။ ဖိုးထွား ကြီးစေတီသည် အနောက်ဘက်တန်း တောင်စွန်းတွင်ရှိပြီး ဘီလူးပန်းဆွဲ ထောင့်လေးထောင့်တွင် ခြင်္သေ့လေး ကောင်နှင့် သပ္ပာယ်စွာတည်ရှိပါသည်။

ကျောင်းကြီးကို ဝင်း၏အနောက် တောင်ထောင့်တွင် ဘုံသုံးဆင့်လယ်ပေါ် နှင့်တည်ဆောက်ထားပါသည်။ ဘုရား ဆောင်နှင့် လေ့ကားနှစ်စင်းတို့မှာ ဘက်

www.burmeseclassic.com

www.burmeseclassic.com



များပါရှိပါသည်။ ကျောင်းတောင်ဘက်တွင် သရက်ပင်များကို အရှေ့ထန်းပင်တန်းထိအကွက်ကျကျစိုက်ထားပါသည်။ ကျောင်းမြောက်ဘက်အရှေ့ထန်းပင်နှင့် စေတီနားအထိ အုန်း၊ သရက် စသည့် သီးပင်စားပင်များဖြင့် ဥယျာဉ်ဖွဲ့ထားပါသည်။

❑ ချင်းအလုပ်ပြု မချင်းပြု

ဖိုးထွားကြီးသည် စစ်ပြန်သူရဲကောင်းတစ်ယောက်ဖြစ်သည်။ အာသံ-မဂၢီပူရစစ်ပွဲမှအပြန် အောင်ပွဲခံရာတွင် အမဲသား အလှုံပယ်ကျွေး၍ ပျော်ခဲ့ကြသည်။ တိုက်ပွဲပြန်လမ်းခရီးတစ်ထောက်၌ ချင်းပျိုဖြူလေး မချင်းဖြူကို ခေါ်ခဲ့သည်။ ဖိုးထွားကြီးနှင့် ဒေါ်ချင်းဖြူတို့မှ ဒေါ်ဇာရွက်ကိုမွေးသည်။ ဒေါ်ဇာရွက်က ဦးရွှေဝါးနှင့် သင့်မြတ်ပြီး မောင်မှတ်ကိုမွေးသည်။ ဒေါ်ဇာရွက်မှာ မြို့တွင်နေသည်။ ကန့်ဘလူမြို့ မြို့ရှေ့ကျောင်းစာချဆရာတော် (ပုံလွန်တော်မူပြီး) သည် ဒေါ်ချင်းဖြူ၏ မြစ်တော်သည်။ နာမည်ကျော် ဇာတ်မင်းသားတစ်ဦးသည် ဒေါ်ချင်းဖြူ၏အနွယ်ဖြစ်သည်။

ဦးမြတ်ထွား(ဖိုးထွားကြီး)၏ပထမဇနီးမယားမှာ ဒေါ်ရေနုဖြစ်သည်။ ၎င်းနှင့်ပုရပိုက်ကိုမှတ်တမ်းတင်ရေးသားသူ ဦးရွှေကြာကိုမွေးပါသည်။ အပျိုတော်မိုးနွယ် အထက်တန်းမြဆရာမတစ်ဦး၏ အဲမေသည် ဖိုးထွားကြီး၏ တီတော်ပါသည်။

❑ အရိုးတောင်တင်

အမျိုးမတိမ်ကောစေရန် အရိုးတောင်တင် ယခင်ရှေးဦး ပကၠဒူးက ကြားဖူးသည့်အတိုင်း၊ သမိုင်းစဉ်လာ၊ သာယာသတင်း၊ ဘာသာလင်းသည့်၊ ရွာနွင်းဂါမတွင်၏ဟု စပ်ထားသည့်စာကိုကြားဖူးပါသည်။

နန္ဒင်းတောရွာတွင် ရှေးယခင်က လူတစ်ဦးသေ၍ မီးသင်္ဂြိဟ်လျှင် အရိုးပြာကို အိုးသစ်တွင်ထည့်၊ အိုးကို ဖျင်ဖြူ အုပ်ပြီး အရိုးပြာအိုးကို အပျိုတော်များ ကရွက်ရသည်။ ရွာ၏အနောက်တောင်ဘက် လေးဖာလုံခန့်အကွာ အရိုးတောင်ပေါ် သို့ပို့ရသည်။ ထိုသို့ပို့ဆောင်ရာတွင် အပျိုတော်များ၏ရှေ့တွင် ကျော်ပလွေ ပလွေမှုတ်သူတစ်ဦးက ပလွေကိုမှုတ်၍ ဦးဆောင်သွားရသည်။ ၎င်းနောက် ပူစောထီးသတို့သားအဖြစ် သရဲဆောင်သူက မြင်းကိုစီး၊ လေး-မြားကိုကိုင်၍ လိုက်ရသည်။ ထို့နောက် လင်းကွင်း၊ ဗုံထောက်များကို တီး၍သွားကြရသည်။ အရိုးတောင်ပေါ် သို့ ရောက်သောအခါ လေးသမားက မြားသုံးချောင်းကို ကောင်းကင်သို့ပစ်လွှတ်ရ၏။ ထို့နောက် ပါလာသော စားသောက်ဖွယ်ရာများကို လိုက်ပို့သူများအားလုံးစားကြရသည်။ ကျန်သောထမင်းများကို ကြွပက်လျက်-

"ဆွေစည်ကားပါစေ၊ မျိုးစည်ကားပါစေ"

ဆိုကြရသည်။

ပြီးမှ ဖျင်ဖြူနှင့်အုပ်ထားသော အရိုးပြာအိုးကို မြေအတွင်းမြုပ်အောင် မမြှုပ်ဘဲ အိုးနှုတ်ခမ်းပေါ် ပုံချထားလျက် ကျောက်ပြားများဖိ၍ပြန်ကြရသည်။

သွေသူ၏ ဆွေမျိုးထဲမှ တစ်အိမ်ထဲမှ တစ်အိမ်လျှင် တစ်ယောက်ကျစီ မလိုက်မနေရလိုက်ကြရသည်။ ၁၃၁၃ ခုနှစ်တွင် အသက်(၉၀)ကျော်ရှိ ဒေါ်ပု၏ အရိုးပြာအိုးကို အစဉ်အလာအတိုင်း အရိုးတောင်တစ်ခြမ်းမှာ အနောက်ဆုံးဖြစ်ပါသည်။

❑ အပျိုချောချောနန္ဒင်းတော

၁၉၈၆ ခုနှစ် နန္ဒင်းတောရွာအလယ်တန်းကျောင်းဖွင့်ပွဲသို့တက်ရောက်ခဲ့သော စိမ်ကိန်းဦးစီးဌာနစိမ်ကိန်းဦးစီးမှူးဦးလွင်ဦးဆရာလွင်ဦးက သူကိုယ်တိုင် မြင်တွေ့ခဲ့ရသော နန္ဒင်းတောရွာသူလှပျိုဖြူတို့အကြောင်းကို သူ၏ ၁၉၉၈ ခုနှစ် စာပေဗိမာန်စာမူဆုရ မြန်မာယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဒုတိယဆုရ 'သဘာဝသာတဲ့ မောင်မောင်တို့မြေ စာအုပ်တွင် အောက်ပါအတိုင်းမှတ်တမ်းတင်ထားပါသည်။

နန္ဒင်းတောကျေးရွာတွင် နေထိုင်သူတို့ကား ပျူလူမျိုးတို့၏ အဆက်အနွယ်များဟုဆိုပါသည်။ ဒေသခံတို့၏ ဆိုစကားအတိုင်းပင် နန္ဒင်းတောရွာသူရွာသားတို့၏ ရုပ်ရည်နှင့် အသွင်အပြင်သည်ကား အခြားရွာသားတို့နှင့်မတူဘဲ တစ်မျိုးတစ်ဖုံထူးခြားကြသည်။ အသားဖြူ၍ဝင်းသည်။ အရပ်အမောင်းကောင်းသည်။ ကိုယ်လုံးကိုယ်ထည်ပြည့်ပြိုင်းသည်။ လည်စလုတ်မရှိ။ လည်တိုင်မျှော်ပျောင်း၍ လည်ကုပ်ရှင်းသည်။ ခြေသလုံးတုတ်သည်။ အပျိုချောချော နန္ဒင်းတောဟူသော ဆိုထုံးတစ်ခုသည်လည်း တန်ဆည်နယ်သူနယ်သားများကြားဝယ် ထင်ရှားသောလက်သုံးစကားတစ်ခုဖြစ်၍နေပါသည်။ နန္ဒင်းတောရွာသူများကား စာဆိုနှင့်ညီအောင် ချောလှုပ်သည်။ အထက်အညာ ယပင်ချောင်နံဘေးမှ ထူးခြားသောလူမျိုးတစ်မျိုးသာလျှင်ဖြစ်ပါသည်။

❑ ပန်ထွာဘုရင်မ

ရှေးအခါက မဟာမြိုင်တောကြီးဝယ် မြို့ကြီးတစ်မြို့ရှိသည်။ ဗိဿနိုးမြို့ဟု ခေါ်သည်။ ဗိဿနိုးမြို့ကို ပန်ထွာဘုရင်မ အုပ်ချုပ်သည်။ ပန်ထွာဘုရင်မသည် လူမတူ နတ်တစ်မျှလုပသည်။ ပုဒ္ဓိသာသနာကိုလည်း အလွန်ယုံကြည်သည်။ ရဟန်းတော်များကိုလည်း ကြည်ညို ကိုးကွယ် ဆည်းကပ်သည်။ ဘုရင်တွင် အလွန်ထူးဆန်းသောစည်းကြိုးသည်။ စည်းကြိုးတီးလိုက်၍ စည်သံကြားလျှင် ထီးပြင်မင်းပြိုင်များက လက်ဆောင်ပဏ္ဏာများဆက်သရသည် စည်သံကြားပါက ရန်သူများသည် စည်သံကြားရအရပ်မှ ကြောက်ရွံ့၍ ပြေးကြရသည်။

သရေခေတ္တရာမင်းကြီးသည် ဗိဿနိုးမြို့ကိုသိမ်းပိုက်လိုသည်။ အကြိမ်ကြိမ်ကြိုးစားရာ မအောင်မြင်ပေ။ စည်သံကြားလျှင် စစ်သည်များ ကြောက်ထိတ်လန့်လျက်ပြေးခဲ့ကြရသည်။ ဘုရင်ကြီးသည် ဗိဿနိုးမြို့ကို မသိမ်းပိုက်ခြင်းမှာ ဤစည်ကြိုး၏ဘုန်းတန်ခိုးကြောင့်ဖြစ်သည်ဟုယုံကြည်သည်။ ဤစည်ကြိုးကိုဖျက်နိုင်လျှင် ဗိဿနိုးမြို့ကို အလွယ်တကူရလိမ့်မည်ဟုယူဆလျက် ပညာအမတ်ကြီးများနှင့်တိုင်ပင်သည်။ အမတ်ကြီးတစ်ဦးက စည်ကြိုးဖျက်ရန် မိမိစားပါမည်။ အချိန်ကာလတစ်ခုအထွက်ခွင့်ပေးပါဟု ခွင့်တောင်းခံ

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းအသွင်ဆောင်တာ ဗိသနိုးမြို့ဆိုသို့ထွက်ခွာသွားလေသည်။

ဗိသနိုးမြို့သို့ရောက်လျှင် ရဟန်းသည် ဗေဒင်ဟောခြင်း၊ ယဟြာခေခြင်း မြူလုပ်သည်။ ဗေဒင်ဟောတာမှန်ခြင်း၊ ယဟြာကောင်းလှခြင်း၊ ရဟန်းဝိနည်းတော်နှင့်အညီ နေထိုင်ခြင်းတို့ကြောင့် ကြည်ညိုဖွယ်ကောင်းလှသည်ဟု တစ်စတစ်စပျံ့နှံ့လာရာ ဘုရင်မကြီးက ရဟန်းတော်ကို နန်းတော်သို့ပင့်၍စုံစမ်းမေးမြန်းလေသည်။ အထပ်ထပ်အခါခါ ရှက်ပေါင်းများစွာ စုံစမ်းစစ်ဆေးမေးမြန်းရာ အမှန်ဖြစ်ရပ်များသာများရကား စိတ်ချယုံကြည်တော်မူလေသည်။ မိဖုရားကြီး ယုံကြည်ကိုးစားမှုကိုရရှိသော ရဟန်းတော်သည် တစ်နေ့သော် ရဟန်းတော်က နန်းတွင်းစည်တော်ကြီးကို တစ်ထွာဖြတ်၍ အသစ်ကြက်ရသော် ယခုထက်ပင် ပိုမိုမြည်တမ်းလျက် ဘုန်းတန်ခိုးအာဏာကြီးကျယ်မည်ဟု ပြောဟောလေတော့သည်။ ရဟန်းတော်ပြောသည့်အတိုင်းဖြတ်၍ကြက်လေသော် စည်ကြီးသည် ပို၍မြည်ဟည်းလာလေသည်။

ဘုရင်မသည် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်နေလေတော့သည်။ လက်ဆောင်ပဏ္ဏာများ ယခင်ကထက် ပိုမိုဆက်သလာကြသည်။ ရက်အတန်ကြာလျှင် ရဟန်းတော်က စည်ကြီးကို ထပ်မံဖြတ်လျက် အသစ်ကြက်လျှင် ထိုထက်မြည်ဟည်းလျက် ဘုန်းတန်ခိုးကျက်သရေတိုးတက်လာမည်ဟု အဟောထူတ်ပြန်လေသည်။ ဘုရင်မကြီးသည် ရဟန်းတော်ကို ယုံကြည်လှသည့်အလျောက် အဟောအတိုင်းဖြတ်ပြန်လေသည်။ ထိုအခါ စည်ကြီးသည် အသံမမြည်တော့ပေ။

ဘုရင်မကြီးနှင့်တကွ အမတ်တို့သည် ဝမ်းနည်းကြေကွဲလျက် စိတ်နှလုံးမသာမယာရှိကြရလေတော့၏။ ရဟန်းတော်ကိုရှာကြရာ မတွေ့ရတော့ချေ။ ရဟန်းတော်သည် တောလမ်းမှလျှို့ဝှက်စွာပြန်သွားလေတော့သည်။ မိဖုရားသည် ရဟန်းတော်ကို စိတ်နာလှသဖြင့်-

"ဤစည်ကြီးလိမ့်သောနေရာသည် ချောင်းဖြစ်စေသတည်း။ ဤချောင်းသည် ရဟန်းတို့အား ကောင်းကျိုးမပေးဘဲ ဆိုးကျိုးကိုသာ အားပေးပါစေသတည်း"

ဟု ကြောက်မက်ဖွယ် ကျိန်စာကို ဆိုလျက် စည်ကြီးကိုလှိမ့်ချလိုက်လေတော့၏။ စည်ကြီးလိမ့်ဆင်းသွားသောနေရာကို (စည်သံလုံး) စီပတ်းချောင်း။ ရဟန်းပြန်သွားသောချောင်းကို ရှင်ပြန်ချောင်းဟု ခေါ်သည်။ တစ်နေရာတွင် 'ဗိသနိုးမိဖုရားနတ်နန်း'၊ 'မိဖုရားကွေ့' စသဖြင့် စီပတ်း (စည်တံသံး) ချောင်းတစ်လျှောက် ယနေ့ထက်တိုင်တွေ့ရှိရှိနိုင်ပါသည်။

စည်ကြီး ဘုန်းတန်ခိုးမရှိတော့ကြောင်းသိသောအခါ သရေခေတ္တရာမင်းသည် စစ်သည်များနှင့်လာရောက်တိုက်ခိုက်ရာ အလွယ်တကူ သိမ်းပိုက်နိုင်လေသည်။ ဗိသနိုးမြို့ကြီးပျက်၍ ဖန်ထွာဘုရင်မအနိစ္စရောက်ရလေတော့သတည်း။ စစ်ရှုံးသောပန်ထွာမိဖုရားနှင့် မောင်းမမိသံတို့သည် မကျွတ်မလွတ်ဘဲ နောင်နှစ်ပေါင်းများစွာနေကြရလေတော့သည်။

❑ မဟာမြိုင်တောကြီး

ရေဦး-ဇန်ဆည်-ကလေးဝကားလမ်းအတိုင်း တန်ဆည်အနောက်ဘက်သို့ ကားမောင်းသွားလျှင် မကြာမီ မဟာမြိုင်တောကြီးသို့ရောက်ပါသည်။ မဟာမြိုင်တောကြီးသည် ကျယ်ပြန့်နက်ရှိုင်းလှပါသည်။ ဆင်၊ ကျား၊ ဝက်ဝံ၊ သမင်၊ ဒရယ်၊ တောကြောင် စသည့် ငှက်မျိုးစုံပေါလှပါသည်။ ကျွန်း၊ ပိတောက်၊ ပျဉ်း၊ ပျဉ်းကတို၊ သစ်ရာ၊ ဇင်ကြင်းသစ်မျိုးစုံပေါမျှားလှပါသည်။

တောကြမ်းသည်ဟုလည်း နာမည်ကြီးလှပါသည်။ တောကြမ်းသည်ဆိုရာဝယ် မကျွတ်မလွတ်ရှိကြတုန်းသော တောဆိုးနတ်များက ဆိုးဝါးလှသောကြောက်ဖွယ်။ အသံများပေး၍ လည်းကောင်း၊ အနံ့များပေး၍ လည်းကောင်း ခြောက်လှန့်ကြပါသည်။ ကြောက်မက်ဖွယ်ပုံသဏ္ဌာန်အမျိုးမျိုးကိုယ်ထင်ပြ၍ ခြောက်လှန့်ကြပါသည်။ နတ်ပျား၊ နတ်မြွေ၊ နတ်ပိတုန်းများကလည်း တောကြီးအတွင်း စောင့်ရှောက်နေကြပါသည်။ နတ်ပျားတုပ်လျှင် တစ်ရက်သာခံပြီး သေကြရပါသည်။ ပန်ထွာကေရီ၏ အနွယ်တော်များသည် မဟာမြိုင်တောကြီးအတွင်း မကျွတ်မလွတ်ဘဲ နှစ်ပေါင်းများစွာနေကြရသည်ဟုပြောကြပါသည်။

မဟာမြိုင်တောကြီးအတွင်း တရားအားထုတ်ရန်ရောက်လာကြသောသင်္ဃာဝတ်များကို ရဟန်းတုလား၊ ရဟန်းစစ်လား ခုနစ်ရက်အတွင်း စောင့်ကြည့်နေကြပါသည်။ ရဟန်းတုဖြစ်လျှင် ခုနစ်ရက်အတွင်း သင်္ဃာဝတ်ကို ချွတ်၍ ရသေ့ဝတ်နှင့်နေကြရပါသည်။ ရှစ်ရက်မြောက်နေ့အထိ သင်္ဃာဝတ်နှင့်ဆက်နေလျှင် နတ်ပျား အမြောက်များလာရောက်ထုပ်ခြင်းကိုခံရပါတော့သည်။ စီပတ်း(စည်တုံးလုံး) ချောင်းသည် မဟာမြိုင်တောတောင်ကြီးများ၏ ရေဝေရေလဲကို ချောင်းဖျားခံလျက် တန်ဆည်မြို့ကို ဖြတ်သန်းစီးဆင်းပြီး မူးမြစ်ထဲသို့စီးဝင်ပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဝန်ဝါဝိသုဒ္ဓေ ယျဓမ္မသာမိဏေရ်သည် မဟာမြိုင်တောကြီးအတွင်း ခေါင်နန်း ဝင္လင်သို့ ၁၃၆၅ ခု၊ တန်ခူးလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၄း၁၀) နာရီတွင် ရောက်ရှိပါသည်။ အနီးအနားရှိ ကျေးရွာများမှ ကျောင်းဆောက်လှူဒါန်းကြသည်။ ထိုကျောင်းတွင် တစ်ပါးတည်း ချမ်းသာစွာ တရားအားထုတ်လျက် သီတင်းသုံးနေတော်မူပါသည်။

❑ အကျွတ်အလွတ်တော်ကျောင်းတော်

လေးနှစ်ရာသီ ကြာသောအခါ ရွှေဘို-ရန်ကုန်မှ ဒကာများက ကျောင်းဆောက်လုပ် လှူဒါန်းကြပါသည်။ ထိုကျောင်းကို အကျွတ်အလွတ်ကျောင်းဟု နာမည်ပေးကြပါသည်။ အကျွတ်အလွတ်ကျောင်းတော် ရေစက်ချပွဲတို့ ၁၃၆၉ ခုနှစ် (၄) နှစ်ပြည့်သောနေ့တွင် ကျောင်းဒါယကာ၊ ဒါယိကာမများအနီးအနားရှိ ဒေယျာဝစ္စဆောင်ရွက်ကြသော ကျေးရွာမိတ်ဆွေများ၊ မကျွတ်မလွတ်ရှိကြကုန်သောဆွေတော်မျိုးတော်များကို ဖိတ်၍ ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေစက်ချတရားခွီးမြွှင့်တော်မူ၍ အမှအတန်းပေးဝေကြပါသည်။

ဆရာတော်ဘုရားကြီး၏ထူးခြားမြင့်မြတ်သည့် ဂုဏ်သတင်းကို ကြားသိကြသော ရပ်ဝေး၊ ရပ်နီးမှလူပုဂ္ဂိုလ်များသည် ကားကြီးကားငယ်များဖြင့်နေ့စဉ်ရက်ဆက်ဆိုသလို ဖူးမြင်ရန်ရောက်ရှိလာကြပါသည်။ များပြားလှသောပရိသတ်ကို ပြီးခဲ့သော်မူသောကြောင့် ၂၀၁၂ ခုနှစ်တွင် မဟာမြိုင်တောကြီးနှင့် အကျွတ်အလွတ်ကျောင်းကို စွန့်ခွာတော်မူခဲ့ရာ မိုးမိတ်မြို့ ညောင်ဦးရွာအနီး မဟဒန်ဂူတွင် တရားအားထုတ်တော်မူပါသည်။ ထိုမဟဒန်ဂူတွင်လည်း ဖူးမြော်သူပရိသတ်များလှသဖြင့် ယခုထိုဂူတွင်မရှိတော့ကြောင်း သိရှိရပါသည်။

မှတ်ချက် -

အကျွတ်အလွတ်ကျောင်းတော်-အကျွတ်အလွတ်ကျောင်းတော်ရေးထားချပွဲ DVD အချပ်ကို မြင်မြင်းပါသည်။

မောင်နန္ဒ(နန္ဒမြင်းတော)

www.burmeseclassic.com

www.burmeseclassic.com

သပိတ်ကျင်း-ကျော်ကျော်ထွန်း

ကျွန်းညိုတောက နတ်မိမယ်

ကျွန်တော်၏ စာမူများပါသည့် မဂ္ဂဇင်းတို့ကို ဖလင်တစ်ဖက်ဖြင့် စာအုပ်ဖုံးချုပ်ကာ မဂ္ဂဇင်းစာအုပ်၏ကျောဘက်တွင် ခုနစ်သင်္ကာရာဇ၊ ပါသည်လ၊ ပါသည့်မာတိကာနှင့် စာမျက်နှာကို ကွန်ပျူတာနှင့် ရိုက်နှိပ်ကာကပ်ထား၏။ အလွယ်တကူ ကွာမကျနိုင်စေရန် အပေါ်မှ တိပ်အကြည်ပါအုပ်ထား၏။ ရသမျှမဂ္ဂဇင်းစာအုပ်များကို ဤနည်းအတိုင်းပြုလုပ်၍ ဘုရားကျောင်းဆောင်အောက်ဘက်တွင် စာအုပ်စင်လုပ်ပြီး သိမ်းဆည်းထားပါသည်။

မိမိအိမ်ဝန်းကျင်မှသူများကိုလည်း ဖတ်လိုက အချိန်မလွှေ အခမဲ့ငှားရမ်းဖတ်နိုင်ကြောင်း အသိပေးထား၏။သူတို့လည်း ဝမ်းသာအားရ ငှားရမ်းဖတ်ကြ၏။ စာအုပ်တွင်လည်း (၅)ရက်ဖတ်ပြီး ပါက ပြန်ပို့ရန် သတိပေးစာကပ်ထား၏။ ငါးရက်ပြည့်လျှင် လာပို့သူရှိသလို လာမပို့သူလည်းရှိ၏။ တစ်လခန့်ကြာနေ၍ လိုက်တောင်းမှ အတော်ပင်ရှာ၍ပေးရ၏။ စာရွက်တွေလည်း ဆေးလိပ်မီး ပေါက်လိုပေါက်၊ ပြဲလိုပြုန့် မလှမပတော့ချေ။ စေတနာသည် ဝေဒနာဖြစ်ကုန်၏။

ထို့ကြောင့် နောက်ပိုင်း ယုံကြည်စိတ်ချရသူများကိုသာငှားတော့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့် အနေဖြင့် မိမိရေးသည့်စာမူပါသော မဂ္ဂဇင်းများကို ရွေထုပ်ရသလို မြတ်နိုးတန်ဖိုးထားကာ စာအုပ်စင်အား အရိပ်တကြည့်ကြည့်ဖြင့်ပိတ်ဖြစ်ရ၏။ ဤသို့မြတ်နိုးရမသာစာအုပ်ကို အခမဲ့လည်း ငှားသေး၏။ ထားချင်ရာထားကာ ပြန်တောင်းမှ ဟိုရှာဒီရှာမနည်းရှာ၍ပြန်ရခဲ့၏။ စေတနာသည် ဝေဒနာဖြစ်သွားတော့၏။ ထိုသူများကို မငှားတော့ချေ။

၂၀၁၅ ခု၊ ဇူလိုင်လထုတ် သူရဇ္ဈ မဂ္ဂဇင်းကြီးကို ကျွန်တော့်ထံမှ ပထမဆုံး ငှားယူဖတ်သူ ကိုချစ်အေးသံ့ည် စာအုပ်ပါ စည်းကမ်းအတိုင်း (၅) ရက်ဖတ်ပြီး သူရဇ္ဈတွင်ပါသော 'အိပ်မက်လေလား' ဝတ္ထုလမ်းကို သူစိတ်ဝင်စားကြောင်းပြော၏။ ထိုဇာတ်လမ်းကို ရေးသော ဆရာမောင်ကြည်-ကြူသည် မြင်းခြံသားဖြစ်၏။ ကိုချစ်အေးကလည်း မြင်းခြံနှင့်မဝေးလှသော ကျောက်ပန်း တောင်းဇာတိဖြစ်၏။

သို့အတွက် ကျွန်တော်က -

"ဘာလဲ ကိုချစ်က ဒေသသံယောဇဉ်ကြောင့် စိတ်ဝင်စားတာလား"

ဟုဆိုရာ -

"ဒေသအစွဲကြောင့် မဟုတ်ဘူးဗိုးကျော်ရဲ့။ ကျွန်တော်လည်း ဆရာမောင်ကြည်ရဲ့ဇာတ်လမ်းထဲကအတိုင်း ကိုယ်တွေ့ကြုံခဲ့ဖူးတယ်"

ဟု ဆိုရင်း ကိုချစ်အေး ကြုံခဲ့ရသည့်ဖြစ်ရပ်ကိုပြောပြပါသည်။

ပရလောကသားတို့နှင့်ပတ်သက်သော ဂန္ဓိရဖြစ်ရပ်တို့သည် မြန်မာနိုင်ငံမှသာမက အခြားနိုင်ငံများတွင်ပါရှိကြောင်း ဆရာလှမိုး ဘာသာပြန်သော ဇာတ်လမ်းများ၌ မကြာခဏဖတ်ဖူး၏။ ထိုင်းရုပ်သံလိုင်း၊ PSI မုဆုတ်လွှင့်ပြသောအစီအစဉ်များတွင်လည်း ကြည့်ရ၏။ သို့သော် ထိုဂန္ဓိရဖြစ်ရပ်တို့ကို အလကားပါကွာ၊ တကယ်မဟုတ်ပါဘူး ဟုဆိုသူတို့လည်းရှိ၏။

လူတို့၏သဘောသည် အများအားဖြင့် ကိုယ်တွေ့မကြုံဘူးလျှင် မယုံကြချေ။ ကိုယ်တွေ့ကြုံဖူးသူများတွင် ကျွန်တော်ဖိုးကျော် ထိပ်ဆုံးမှပါသည်ဟုထင်ပါသည်။ မြင်းခြုံရွာနတ်နှင့်လည်း ကြားခဲ့ နတ်ဝင်သည်မပါဘဲ ရင်ဆိုင်စကား ပြောဖူး၏။ နေ့ကြောင်တောင် ပရလောကသားအား ထင်ထင်ရှားရှား နှစ်ကြိမ်မြင်ဖူး၏။ သရဲ၊ တစ္ဆေခြောက်ခြင်းမဟုတ်။ သပိတ်ကျင်းတွင် ရွှေတော မြို့ဟု သူတို့ရွာသူတို့ခေါ်ကြသော ဇရပ်ကွင်းရွာမှ ညအချိန်(၈)နာရီတွင် အမဲသားတစ်ပိဿာတွဲအား ထမ်းပိုးဖြင့်လျှောထမ်းကာ (၃)မိုင်ကွာဝေးသော ဘူမိတော အဖွဲ့စခန်းရှိရာ လိပ်ကျသို့ မောင်နှမည်းမည်းဇာတ်မီးမပါဘဲပြန်ခဲ့၏။

ဇရပ်ကွင်းရွာတောင်ဘက် မိုင်ဝက်ခန့်၌ လမ်းအရှေ့ဘက်တွင် ခေါ်နိုင်အမည်ထိုးထားသည့် အုတ်ဂူသခြိုင်းတစ်ခုလည်းရှိ၏။ ပျဉ်းချောင်းတံတားနားက ပျဉ်းကတိုးပင်အခြောက်ကြီး၌လည်း သရဲမီးတွေ့ဖူး၏။ အမဲသားတစ်ပိဿာတွဲသည် အင်ဖက်၊ ပလုတ်စတစ် စသည်တို့ဖြင့်ထုပ်ပိုးထားခြင်းမရှိဘဲ အမဲဒိုင်ပေါ်ပြီးစအတိုင်း သွေးသံရဲရဲဖြင့်ထမ်းခြင်း ဖြစ်၏။

ကျွန်တော် ဖိုးကျော်သည် သူ့ကောင်းသူမဟုတ်သလို မိုက်ရူးရဲသားလည်း မဟုတ်ချေ။ ဗုဒ္ဓဘာသာကို သဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်သူဖြစ်၍ (၃၁)ဘုံသံသရာကိုသိ
၏။ ပြိတ္တာ၊ သရဲ တစ္ဆေတို့ကို အပါယ်ဘုံ
သားများဟု နားလည်သောကြောင့်
မုဒိကြောက်ဘဲ သနားစရာသတ္တဝါဟုမြင်
၏။ သမ္မဒ္ဒေဂါထာတော်ကို အမြဲရွတ်သူ
လည်းဖြစ်၏။ ထို့ကြောင့် ၎င်းတို့နှင့်
ရင်ဆိုင်ရသည့်တိုင် ကြောက်စိတ်မပေါ်
ခဲ့။

www.burmeseclassic.com

www.burmeseclassic.com

ပျဉ်းချောင်းတံတားကျော်သော အခါ အနောက်ဘက် မိုးကောင်းကင်တွင် လခြမ်းလေးကိုမြင်ရ၏။ ကတ္တရာလမ်းပေါ်တွင် လခြမ်းလေး၏ အလင်းရောင်က မှုန်ပျပျမြင်ရသည်ဆိုရုံလေး။ ထိုစဉ်တွင် ဖလူး. . . ဖလူးဟူသော တောဝပ်ပခတ်သံနှင့်အတူ စာလေးငှက် အရွယ်ရှိသော ပိုးဟပ်ကြီးတစ်ကောင် အမဲသားတွဲပေါ် လာနား၏။ သွေးရိုး သားရိုးပိုးဟပ်တေ့ မဖြစ်နိုင်။ သရဲက အတင်းမလုရဲသောကြောင့် ပိုးဟပ်ယောင်ဆောင်ကာ လာစားတာဟု သိသောကြောင့် ပိုးဟပ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ကျွန်တော်၏ ရိုက်ချက်သည် တိရစ္ဆာန်ပိုးဟပ်ဆိုပါက ကြေမွသွားနိုင်၏။ ယခု ပိုးဟပ်သည် ရိုက်လိုက်သော အခါ လမ်းပေါ် ကျသွား၏။ ဆက်လျှောက်၍ ပေတစ်ရာခန့်ရောက်လျှင် လာနားပြန်၏။ ရိုက်ချလိုက်၏။ ဤသို့ဖြင့် လိမ်ကျစခန်းသို့ မရောက်မချင်း ပိုးဟပ်သရဲကိုရိုက်ခဲ့ရ၏။ အလျှင်းသင့်၍ ပရလောကသားများနှင့် ဆုံဖူးတွေ့ဖူးကြောင်း တင်ပြခြင်းပါ။

ကိုချစ်အေးသည် ကျွန်တော်နှင့် ခြံစည်းရိုးသာခြားသော အိမ်နီးချင်းဖြစ်ရုံမျှမက ဘဲလုပ်ငန်းကလည်း သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ ညီတော်နောင်တော် ကော်ပိုရေးရှင်းတစ်ခုမှ ဝန်ထမ်းဖြစ်၏။ ကိုချစ်အေးတို့ကော်ပိုရေးရှင်းမှထုတ်လုပ်သောကုန်ပစ္စည်းများကို တစ်ခါတစ်ရံ ကုန်းလမ်းခရီးဖြင့် အိမ်နီးချင်းနိုင်ငံသို့ တရားဝင်တင်ပို့ရ၏။ အိမ်နီးချင်းနိုင်ငံသို့ ပစ္စည်းပို့သည့်အခါတိုင်း ကြေးကြေပဲသူအဖြစ် ကိုချစ်အေးက လိုက်ပါရ၏။

သွားရပါများ၍ လမ်းခရီးတစ်လျှောက်ရှိနေရာများ စာကျက်ထားသလိုမှတ်မိနေ၏။ မန္တလေးမှထွက်ခဲ့ပြီး လျှင် ထုံးဘိုဘူတာအလွန်၌ ကားလမ်းနှင့် မြောက်ပိုင်းရထားလမ်းဖြတ်မည်။ (၆) ထပ်ကွေ့ကျော်လျှင် (၂၁) မိုင်တွင် ခေတ္တနား၍ လက်ဖက်ရည်သောက်ရင်း ရှုမ်းခေါက်ဆွဲစားမည်။ ထိုမှ ပန်းမြို့တော်မောင်တို့ချယ်ရီမြေကို ဖြတ်ကျော်၍ ရေဝယ်၊ ရေသရောက်ကုန်းလွှဲလျှင် တောင်အောက်ပြန်ဆင်းက မြို့ငြိုးရောက်မည်။ မြို့ငြိုးမှရွှေတွင် ဝက်ဝံတွေ့မည်။ ဆမ်ဆယ်၊ ဆင်လမ်းစုနား တွင် ရထားလမ်းနှင့်ကားလမ်း ယှဉ်၍ သွားမည်။နောင်ချိုအနီးတွင် ရထားလမ်းနှင့်ကားလမ်းဖြတ်မည်။

နောင်ချိုမှဆက်လျှင် သည်းထိတ်ရင်ဖို အန္တရာယ်ဂုတ်တွင်းချောက်ကြီး သမ္မဒ္ဓေရွှတ်ရင်းဖြတ်ရဦးမည်။ နောင်ပိန်ရောက်မှ သက်ပြင်းချနိုင်မည်။ နောင်ပိန်လွန်သော် အကွေ့အကောက်၊အတက်၊ အဆင်းသိပ်မရှိတော့။ ဟော်ကြိုလွှင်ပြင် အုပ် ကျင်သိတ်တားကြီးအနီးတွင် ရထားလမ်းအောက်မှ ကားလမ်းက ဝင်လျှိုဝင်ကာ ဒုဋ္ဌဝတီမြစ်နှင့် မနီးမဝေးမှယှဉ်၍ ဘော်ကြိုစွေးကုန်းဖြတ်မည်။ ထင်ရှားကျော်ကြားသော ဘော်ကြိုစေတီတော်ကြီးကို ကားပေါ်မှ ဖူးမြော်ရင်း နားခဲရွာနားရောက်လျှင် ရထားလမ်းနှင့် ပြန်ဆုံ၍ ဖြတ်ရမဲ့ည်။

ကိုချစ်အေး လိုက်ပါလာသော ဟီးနိုးတီအီး(၂၁)ကားကြီးက ဂေါဒန့်ကျောက်မိုင်းရှိသော မန်ဟဲရွာအရောက်တွင် မောင်းမရတော့ချေ။ ယာဉ်မောင်းဖြစ်သူ ကိုမျိုးမင်းနှင့် စက်ပြင်ဆရာ တင်လတ်တို့က စက်ဖုံးဖွင့်ကာ ပြစ်ချက်ရှာကြ၏။ တော်တော်နှင့်ရှာမရချေ။ ကိုချစ်အေးလည်း ကားပေါ် မှဆင်း၍ ယခင်က သိကျွမ်းခဲ့ဖူးသော မန်ဟဲရွာထိပ်မှ ဦးစံလွှ မြေးမလေးစိုးဝိုးတို့အိမ်သို့ဝင်ရောက် နွားတ်ဆက်၏။ စိုးဝိုးတို့နှင့် လွန်ခဲ့သော နှစ်ပေါင်းအတော်ကြာက ဂေါဒန့်ကျောက်မိုင်းတွင် တာဝန်ထမ်းဆောင်ရင်း ခင်မင်ခဲ့ခြင်း ဖြစ်၏။

ပစ္စည်းပို့အုပ်စုမှ ရှေ့ကားနှစ်စီး စက်ချို့ယွင်း၍ ကိုချစ်အေးတို့ကား မန်ဟဲတွင်ကျန်ခဲ့သည်ကို မသိသဖြင့် ဆက်မောင်းသွားကြ၏။ စက်ကောင်း သွား၍ ခရီးဆက်ခဲ့ကြရာ သီပေါမြို့အထွက် ဒုဋ္ဌဝတီမြစ်ကူးတံတားရောက် ချိန်တွင် မှောင်စပျိုးပြီဖြစ်၍ ရှေ့မီးကြီးများဖွင့်ကာ မောင်းခဲ့ကြရ၏။ ဟီးနိုးမောင်းသူ ကိုမျိုးမင်းသည် အသက်(၃၀) ခန့်သာရှိသေးပြီး သွက်လက်ဖျတ်လတ်သော လူချောတစ်ဦးဖြစ်၏။ ကိုချစ်အေးအား အစ်ကိုကြီးဟုခေါ်၏။ စက်ပြင် မကွင်းနစ်တင်လတ်က တံခါးပေါက်ဘက်ထိုင်သဖြင့် ကိုချစ်အေးက အလယ်တွင်ထိုင်၏။

"အစ်ကိုကြီးက ဟိုဘက်နိုင်ငံကို မကြာမကြာရောက်ဖူးနေတော့ နတ်မိမယ်လေးတွေနဲ့ဆုံရမှာပေါ့"

ဟု ဆိုလိုက်သော ကိုမျိုးမင်း၏ အသံကြောင့် ငိုက်မျဉ်းချင်သလိုဖြစ်နေသော ကိုချစ်အေးပင် လန့်ဖျပ်တာ -

"ဟ - မောင်မျိုးရ ဘယ်ကနတ်မိမယ်လဲ၊ အဲဒါတွေ ငါနားမလည်ပါဘူးကွာ"

ဟု ဆိုလိုက်ရပါသည်။

ဤသည်ကိုပင် ကိုမျိုးမင်းက မရပ်သေးဘဲ -

"အစ်ကိုကြီးကလည်း၊ ယောကျ်ားလုပ်နေပြီး နတ်မိမယ်ကိုမသိဘူးလို့ရှိရသေးတယ်"

ဆိုရင်း အဝေးပြေးကားသမားတို့၏အတွေ့အကြုံ အိမ်ချင်ပြေပုံပြင်လေးများကို -

ယခုလို ညဘက်မောင်းရသော အဝေးပြေးလမ်းမကြီးများ၏ မြို့တစ်မြို့နှင့်တစ်မြို့အကြား လမ်းဘေးသစ်ပင်ကြီးများအကွယ်တွင် ရပ်စောင့်နေတတ်ကြသော တစ်ကိုယ်တော်နတ်မိမယ်၌ တတ်ပုံ၊ နတ်မိမယ်လေးများ လိုက်ပါနင်းပါက ယာဉ်မောင်း၏ ဘေးနားတွင် ကပ်ထိုင်ကာ ပခုံးကိုမှီလျက်လိုက်တတ်ပုံ၊ နတ်မိမယ်လေးများ၏ သင်းပုံသောရန့်၊ အိစက်ညက်ညောသည့် အတွေ့အထိတို့ကြောင့် တစ်နေတုန်း မောင်းခဲ့ရ၍ ပင်ပန်းနွမ်းလျနေသည့် ခန္ဓာကိုယ်ရောစိတ်ဓာတ်ပါ တစ်ခဏခန့် သက်သာပျောက်ကင်းပြီး နတ်သြဘာဆေးသောက်လိုက်ရသလို ခွန်အားသစ်များတိုးလာသဖြင့် သြသဓနတ်မိမယ်လေးဟုပင် တင်စားရုပ်များ ပြောပြသဖြင့် ကိုချစ်အေးပင် ယောင်ယမ်းခဲ့အိပ်ချင်ပြေသွား၏။

ထို့ကြောင့် အထိုက်အလိုက်

"အေးပါကွာ၊ မင်းတို့က သန်းခေါင်မြန်တွန်း(၂၃)တွေကိုးကွ။ တို့တက်သွားပြီလေ"

ဟု ဆိုရင်း ဟီးနိုးကားကြီးသည် ဆောင်ရာသို့ လိုက်ပါခဲ့ကြသည်။ ထိုမည်းနေသောတောအုပ်အတွင်း ပြာသန်းနေရသော်လည်း စူးရှထိန်လင်းသော ရှေ့မီးလုံးကြီးများ၏အလင်းရောင်ကြောင့် လမ်းဘေးဝဲ၊ ယာအား ထင်ရှားစွာမြင်နေရပါသည်။ လမ်းဘေးတွင် ကျွန်းညီပင်များကို မြင်နေရသည်နှင့် လျှပ်လင်လမ်းခွဲကျော်၍ စဉ့်အင်ကြားကျွန်းညီတောကိုဖြတ်သန်းနေပြီဟုသိသည်။ ဤနေရာသည် မိုးအခါ မိုးသည်လျှင် တောင်ကျရေကြောင့် ကားများမသွားနိုင်ဘဲ ရေကျသည်အထိရပ်စောင့်ရသည်ကိုကြုံဖူး၏။

ရှေ့ကားနှစ်စီးသည် ယခုအချိန်တွင် မိုင်းရယ်လမ်းခွဲဖြစ်သော မင်းရွာလောက်ရောက်ပြီဟုတွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ခါခဲ့ရာ တစ်နေရာအရောက်တွင် ကားလမ်းနှင့်အနီးဆုံးဖြစ်သော ကျွန်းညိုပင်ကြီးဘေးတွင်ရပ်ရင်း ဟီးနိုးကားကြီးဆီသို့ လှမ်းမျှော်ကြည့်နေသည့်မိန်းကလေးတစ်ဦးကိုမြင်ရပါသည်။

တဖြည်းဖြည်းနှင့် မိန်းကလေးရုပ်နေရာအနီးသို့ ရောက်လာလေလေ မီးအလင်းရောင်က ဆလိုက်မီးထိုးထားသလို ကွက်ကွက်ကွင်းကွင်း ထင်ရှားစွာမြင်ရလေဖြစ်ရာ မိန်းကလေး၏အလှအပတို့သည်သူနေရာနှင့်သူ အဖုအထစ်အပိမ့်အဖောင်းတို့ဖြင့် လှပချောမောသည့် မိန်းကလေးဖြစ်သည်ကိုတွေ့ရ၏။

ကားခေါင်းခန်းထဲရှိ ပုရိသသုံးဦးတို့၏မျက်လုံးအစုံတို့သည် မိန်းမလှလေး၏ကွန်ရက်ထဲမှ ရုန်းမထွက်နိုင်တော့ချေ။ မိန်းမလှကလေးသည် အထက်အောက်အပြာနုရောင်ဝမ်းဆက်ဝတ်၍ အနက်ရောင်အလတ်စားကျောပိုးအိတ်တစ်လုံးလွယ်ကာ အနီးသို့ရောက်လာသောကားကြီးဆီသို့ နှစ်လိုဖွယ်ရာအပြုံးလေးဖြင့်မျှော်ကြည့်နေ၏။ ဤအထာမျိုးတို့နောက်လေ့ရှိပြီဖြစ်သော ကိုမျိုးမင်းက မိန်းမလှလေးရှေ့နားရောက်လေလျှင် ဘရိတ်ကိုညင်သာစွာနင်းရင်း -

"ညီမလေး၊ လားရှိုးလိုက်မှာလား"

ဟု ပျားရည်နှင့် သကြားရောသောက်ထားသည့်အသံဖြင့် ဖိတ်မန္တကပြုလိုက်ပါသည်။

မိန်းမလှလေးလည်း ကြည်လွှဲသောအပြုံးထုတ်လွှတ်ရင်း ခေါင်းလေးဆာသာညိတ်ကာ ကျွန်းညိုပင်ကြီး၏နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်စဉ် အကင်းပါးလှသော ကိုမျိုးမင်းတာ ကျွန်းပင်ကြီး၏ နောက်ကွယ်တွင် ပစ္စည်းတစ်ခုခိုသေးကြောင်း အထာပေါက်ရကား တစ်ဖက်ဘေးတွင် ထိုင်နေသည့် ဓာတ်ဆင်းနှစ်တင်လတ်အား မျက်ရိပ်ပြ၍ ပစ္စည်းဝိုင်းသယ်ရန် ဆင်းခိုင်းလိုက်၏။

ပစ္စည်းသယ်ယူပြီးလျှင် မင်းလည်းနောက်ခန်းကလိုက်ခဲ့ဆိုသည့်သဘော။ တင်လတ်ကားခေါင်းခန်းမှဆင်းလျှင်ပင် မိန်းမလှလေးလည်း ကိုမျိုးမင်းရှိရာ တစ်ချက်ငေ့ကြည့်ကာ ကျွန်းညိုပင်ကြီးနောက်သို့ဝင်သွား၏။ တင်လတ်လည်း မိန်းမလှလေးဝင်သွားရာဘက်ဝင်လိုက်သွား၏။ ကိုမျိုးမင်းနှင့် ကိုချစ်အေးတို့ နှစ်ယောက် မျက်တောင်ခတ်ရန်ပင် သတိမရဘဲ မိန်းမလှလေးထွက်ပေါ်လာမည့် ကျွန်းညိုပင်ကြီးဘေးသို့ ကြည့်နေကြ၏။

ခဏကြာလျှင် တင်လတ်တစ်ယောက်တည်းပြန်ထွက်လာသောကြောင့် ကိုမျိုးမင်းက အားမလိုအားမရဖြစ်ကာ-

"ဝိုင်းမသယ်ခဲ့ဘူးလားကွ"

ဆိုရာ တင်လတ်ကလည်း ချက်ချင်းပင်-

"ကျွန်တော် သူ့နောက်ကလိုက်သွားရင်း ရုတ်တရက်ပျောက်သွားလို့ ကြောက်တာနဲ့ပြန်ပြေးခဲ့တာ"

"မင်းနှယ်ကွာ၊ ယောကျ်ားမဟုတ်တဲ့အတိုင်း မိန်းကလေးတစ်ယောက်ကို ကြောက်ရသလား"

ဟုအပြစ်တင်ရင်း ခေတ္တစဉ်းစားကာ တင်လတ်ကို ဘာမှမပြောတော့ဘဲ မိန်းမလှကလေး၏ ညှို့ချက်မိနေသည့် အလား ကိုချစ်အေးကို တစ်ချက်ကြည့်ရင်း -

"အစ်ကိုကြီး၊ ခဏနေဉ"

ဆိုကာ တံခါးဖွင့်ဆင်း၍ မိန်းမလှလေးဝင်သွားရာဘက်သို့ မပြေးရုံတစ်မည် ဝင်လိုက်သွားပါသည်။ တင်လတ်က ကားဘေးမှရပ်ရင်းကြည့်နေ၏။

တစ်အောင့်လောက်အကြာတွင် ကိုမျိုးမင်းသည် အသွားတုန်းကလို အပြေးတစ်ပိုင်းပင် ပြန်ထွက်လာခဲ့ရင်း ထိတ်လန့်တုန်လှုပ်သောအသံဖြင့် -

"တင်လတ်၊ ကားပေါ်မြန်မြန်တက်"

ဆိုကာ သူကိုယ်တိုင်လည်းအမြန်တက်၍ ဟီးနိုးကြီးကိုမောင်းထွက်ခဲ့၏။ ဒီကောင်တော့ ထိတ်လန့်စရာတွေ့ခဲ့ပြီဟုတွေးမိသော်လည်း ကိုချစ်အေးသည် ဆိတ်ဆိတ်ပင်လိုက်ခဲ့၏။

စင့်အင်ရောက်သောအခါ ရှေ့ကသွားနှင့်သော ကားနှစ်စီးသည် စားသောက်ဆိုင်တစ်ဆိုင်၏ရှေ့တွင်ရပ်ထားသည်ကိုတွေ့ရသောကြောင့် ထိုကားများအနီးဌ်ပင် ရပ်လိုက်ကြ၏။ ရှေ့ကားမှလူများလည်းရောက်လာကြကာ ဘယ်မှာကျန်ခဲ့ကြောင်းမေးကြသဖြင့် အခြေအနေကို ရှင်းပြရပါသည်။ ထို့နောက် စားသောက်ဆိုင်ဝင်ကာ ထမင်းဟင်းများမှာပါသည်။

ထမင်းဟင်းလျာများရောက်လာသောအခါ မစားသေးဘဲ ကိုမျိုးမင်းက ဝီစကီတစ်ပြားမှာပြန်ပါသည်။ ဝီစကီနှစ်ပက်စီသောက်ကြပြီးမှ အမြည်းစားရင်း စကားစသူက ကိုချစ်အေး။

"ကဲ - မောင်မျိုး၊ ကျွန်းညိုပင်ကြီးနားက မင်းပြောတဲ့ နတ်မိမယ်လေးနဲ့ဘာဖြစ်လာတယ်ဆိုတာပြော"

"ပြောပါ့မယ် အစ်ကိုကြီးရာ၊ ကျွန်တော်ဖြင့် ဝီစကီလေးနှစ်ပက်ဝင်သွားမှအကြောက်ပြေသွားတယ်။

အဲဒီ အပြာနုရောင်ဝမ်းဆက်နဲ့ နတ်မိမယ်လေးကို အစ်ကိုကြီးကောမြင်တယ် မဟုတ်လား"

"မြင်ပါသော်ကော မောင်မျိုးရာ၊ တော်တော်လှတဲ့ကောင်မလေးပဲ"

ဟု ကိုချစ်က ထောက်ခံ၏။

ဤတွင် မုရွာသား မကွင်းနှစ်တင်လတ်က -

"ချောချက်ကတော့ ကမ်းကုန်တယ်"

ဟု မုရွာလေသံဖြင့် အတည်ပြု၏။

"အဲဒီလို ချောလို့လှလို့ တင်လတ်ကမတွေ့ဘူးဆိုတာ လက်မခံဘဲ ကိုယ်တိုင်ဆင်းလိုက်သွားတာပဲ။ ကျွန်းညိုပင်ကြီးဟိုဘက်ရောက်တော့ နတ်မိမယ်လေးရဲ့အရိပ်အယောင်တောင်မှမတွေ့ရဘူး။ ကျွန်တော်ကို ကျီစယ်ရင်း ပုန်းနေတာလားဆိုပြီး ဟိုဟိုဒီဒီကြည့်နေတုန်း ပုပ်အက်အက်အနံ့ကြီးရတယ်။ အပုပ်နံ့ကြောင့် ပတ်ဝန်းကျင်ကို အသေအချာကြည့်တော့ ကားမီးရောင်မှန်ပျပျမှာ မြင်ရတာက သရဲမြင်းမုတ်တိုင်တွေနဲ့ အုတ်ဂူတွေ။ ကျွန်တော်နဲ့ အနီးဆုံးမှတ်တိုင်ပေါ်မှာ မျက်တွင်းဟောက်ပက်နဲ့အရိုးခေါင်းခြောက်ကြီး။ အဲတာလည်း မြင်ရောလန့်ပြီးပြေးထွက်ခဲ့တာပဲအစ်ကိုကြီးရေ။ ခုတောင် ပြောရင်းကြက်သီးထတယ်"

ဟု အဆုံးသတ်ကာ ဝီစကီတစ်ခွက်ထပ်မော့လိုက်ပါသည်။

အဲဒီဖြစ်ရပ်မှာ ကိုမျိုးမင်းစကားအတိုင်းပြောရလျှင် ကျွန်းညိုပင်ကြီးနားက အလွန်လှတဲ့နတ်မိမယ်ကို ကိုမျိုးမင်းသာမကဘဲ ကိုချစ်အေးရော မကွင်းနှစ်တင်လတ်တို့ပါ အထင်အရှားမြင်ခဲ့ရခြင်းဖြစ်ကြောင်း ကိုချစ်အေး၏ ပြောပြချက်အား သူရဇ္ဈမဂ္ဂဇင်းကြီးတွင် တင်ပြအပ်ပါကြောင်း။

သပိတ်ကျင်း-ကျော်ကျော်ထွန်းစာကြွင်း -

ကိုမျိုးမင်းသည် အလုပ်မှထွက်ကာ ကိုယ်ပိုင်ဆလွန်းကားဝယ်၍ ကိုယ်တိုင်ပင် တက္ကစီမောင်းရင်း ကျွန်တော်တို့ရပ်ကွက်မှာပင် နေထိုင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စိုးလင်းအောင် (ပြုံးအေဒီ)

မြွေနဂါး

စာရေးသူသည် အသက် (၂၅)၊ (၃၀) အထိ မိဘညီအစ်ကိုမောင်နှမများနှင့်အတူ ကိုင်းအတူတူလုပ်ခဲ့ရသည်။

မှတ်မှတ်ရရ ၁၃၄၀ ပြည့်နှစ်က မိုးညိုမြို့နယ် ကျွန်းကြီးကျေးရွာရှိ သံပုရာခုံမြေနုကိုင်းများတွင် မြွေများအလွန်ပေါပါသည်။ အထူးသဖြင့် (ဆေး) ဆေးရွက်ကြီးခူးချိန်တွင် မြွေပွေးအန္တရာယ်နှင့် ခဏာခဏကြုံရသည်။

လက်သန်း၊ လက်ညှိုးအလုံးခန့်မှ ကလေးလက်မောင်းလုံးခန့်အထိ မြွေပွေးအရွယ်အစားမျိုးစုံတွေ့ကြရင်း ဧရာဝတီမြစ်ရေကြီးမူကြောင့် မြွေများမျောပါလာပြီး ကိုင်းမြေများပေါ်တွင် တင်ကျန်ရစ်ခဲ့ကာ မြွေများပေါက်ဖွားလာခြင်း ဖြစ်သည်ဟု ယူဆရသည်။ ထိုနှစ်တွင် မြွေအမျိုးအစားများစွာထဲမှ မြွေပွေးတစ်မျိုးတည်းကိုသာ တွေ့ကြရ၏။

ကမ္ဘာပေါ်တွင် မြွေအမျိုးပေါင်း (၂၄၀၀) ခန့်ရှိသည်။ သို့သော် ယင်းတို့အနက်မှ ရာခိုင်နှုန်း (၆၀) ခန့်သာ လူကို သေစေနိုင်သောအဆိပ်ရှိကြသည်။ လူတစ်ယောက် မြွေကိုက်ခံရပါက မြွေ၏အဆိပ်အိတ်ထဲတွင်ရှိသော မြွေဆိပ်အနည်း၊ အများအပေါ်မူတည်၍ အန္တရာယ်အနည်းနှင့်အများဖြစ်ပေါ်စေသည်။

သာမန်အားဖြင့် နံနက်ပိုင်း၌ မြွေများ၏အဆိပ်အိတ်ထဲတွင် အဆိပ်အနည်းငယ်သာရှိသည်။တချို့ အဆိပ်လုံးဝမရှိသေးပေ။ ထိုအချိန် အကိုက်ခံရပါက အသက်အန္တရာယ်နှင့် ဝေးနိုင်ပါသည်။ ညနေပိုင်းတွင် မြွေများ၏အဆိပ်အိတ်ထဲတွင် အဆိပ်အပြည့်ရှိတတ်သည်။ ထိုအချိန်အကိုက်ခံရပါက အချိန်မီကုသမှုခံရပါမည်။ သို့မဟုတ်ပါက အသက်အန္တရာယ်ဆုံးရှုံးသည်အထိ အန္တရာယ်ရှိပါသည်။

ထို့ကြောင့် ညနေစောင်းတွင် မြွေကိုက်ခံရလျှင် သေရန်ရာနှုန်းပြည့်ဟု ကျေးလက်မှလူအများပြောလေ့ရှိသည်။ မြွေဆိပ်တက်မှုမှာ လူ၏ခန္ဓာကိုယ်ထဲသို့ ဝင်သွားသောမြွေဆိပ်အနည်း၊ အများအပြင် မြွေ၏ အသက်ပမာဏ၊ အထီးအမ၊ အစာစားထားမှုရှိ-မရှိ၊ တောင်ပို့တွင်ခိုအောင်းနေရာမှ ပြန်ထွက်လာခါစဟုတ်၊ မဟုတ်နှင့် တစ်ကောင်နှင့်တစ်ကောင်အဆိပ်ဖွဲ့စည်းပုံကွာခြားမှုအနည်း၊ အများတွင် မူတည်သေးသည်။

အဆိပ်ရှိသောမြွေကိုက်ခံရသူသည် ဒဏ်ရာကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အချိန်မီမကုသက သေနိုင်သည်။ တချို့ ကျန်းမာရေးကောင်းပြီဟု ဆေးရုံမဆင်းသွားသည့်တိုင် အဆိပ်ပြန်မှုကြောင့် သေနိုင်သည်။

တစ်နေ့ နေ့ခင်းတွင် စာရေးသူတို့သားအဖတွေ ဆေးခူးနေကြ၏။ အဖေက အသက်အရွယ်ကြီးသော်လည်း မြေပဲနုတ်၊ ဆေးခူးရာတွင် စာရေးသူတို့ ငယ်ရွယ်သူသားတွေထက်ပင် လျင်မြန်ကျွမ်းကျင်ပါသည်။

အဖေက ရှေ့ဆုံးမှ ဆေးခူးနေသည်။ သားတွေထက် ရှေ့ကတစ်လှမ်းလောက်ရောက်နေ၏။ ထိုအချိန်တွင် အစ်ကိုစိုးဝင်းခူးနေသော ဆေးမြောင်းမှ မြွေပွေးတစ်ကောင်သည် တဖြောက်ဖြောက်ဆေးခူးသံကြောင့် အဖေခူးပြီးသား ဆေးမြောင်းဘက် (အဖေ့နောက်)

www.burmeseclassic.com

www.burmeseclassic.com

သို့ ပြေးထွက်လာ၏။ အဖေက ခုံဖိနပ်ပေါ် ခြေဖျားထောက်ပြီး ရှေ့မှဆေးပင်ကိုကုန်း၍ ခူးနေခိုက် မြွေပွေးက အဖေ့နောင့်ကြွနေသောခုံဖိနပ်ပေါ် (သဲကြီးကြား) သို့ ပြေးတက်လိုက်သည်။

စာရေးသူတို့ ညီအစ်ကိုတွေမှာ အဖေ့ခြေထောက်နှင့်ခုံဖိနပ်ကြားမြွေဝင်သွားသည်ကို မြင်လိုက်ရ၍ လန့်ဖျပ်ပြီး-

"အဖေ မြွေ၊ အဖေ့ မြွေ"

ဟု ဝိုင်းအော်လိုက်ကြ၏။

အဖေကလည်း သိလျှင်သိချင်း ဆတ်ခနဲ ခြေထောက်ကို မြှောက်လိုက်ရာ မြွေမှာ ခြေထောက်၊ သဲကြီးနှင့် ခုံဖိနပ်ကြားတို့တွင်ညပ်၍ တွန့်လိမ်တွန့်လိမ်နှင့် အသည်းယားစရာကြောက်စရာမြင်ကွင်းကိုမြင်နေရပါသည်။

မြွေပွေး၏ လျင်မြန်မှုကို 'ယင်တောင်မလွတ်ဘူး' ဟူသော ဆိုရိုးစကား ရှိ၏။ သို့သော် ဤနေရာတွင်လွဲနေသည်ဟုဆိုရမည်ပင်။ မြွေသည် ဖိနပ်သဲကြီးနှင့်ညပ်နေသည်ကြားက လေထဲတွင်သာ တဆတ်ဆတ်(ကိုက်)ပေါက်နေပါသည်။ အဖေ့ခြေထောက်ကို လတ်တလော မထိသေးပါ။ နီးစပ်ရာ ဝါးလုံးနှင့်ရိုက်၊ ခဲနှင့်ကောက်၍ပေါက်လိုသော်လည်း အဖေ့ခြေထောက်နှင့်တွဲလျက်ရှိသောကြောင့် ဘာမှမတတ်နိုင်ကြပါ။ အဖေ့ခြေထောက်မှ မြွေပြုတ်ကျရေးကိုသာ စောင့်နေကြရပါသည်။

(၂) မိနစ်ခန့်ကြာသောအခါ -

"အား"

ဟူသော အဖေ့အော်သံနှင့်အတူ အဖေ့ကို မြွေကိုက်ခံလိုက်ရပါသည်။ ထိုသို့ကိုက်ပြီးမှ မြွေက မြေကြီးပေါ် သို့ ပြုတ်ကျပါတော့သည်။ မြွေကိုရိုက်သူ ကရိုက်၊ ဒဏ်ရာကို ရေဖြင့်ဆေးသူက ဆေးကြပြီး ဒဏ်ရာအထက်နားမှ (ဆေးရွက်စိမ်းများထည့်၍လိပ်ရာတွင် အသုံးပြုသော) ကြိုးဖြင့် မလျော့မတင်းချည်လိုက်၏။ အစ်ကိုစိုးလှိုင်က သံပုရာခုံမြေနကျွန်းကိုင်းထဲမှ (၂) မိုင်ခန့်ဝေးသော ရေကင်းဆေးရုံသို့ အဖေ့ကိုတင်၍လှည်းဖြင့် အမြန်မောင်းပြေးကြပါသည်။

နောက် မိနစ်(၂၀)ခန့်ကြာသော အခါ ကိုင်းတစ်သွယ်ကျော်မှ အပျိုကြီးမကြည်ဝင်းကိုလည်း ဆေးခူးနေရင်း မြွေကိုက်ခံလိုက်ရပြန်ပါသည်။ သူတို့လည်း လှည်းဖြင့် ရေကင်းဆေးရုံသို့ အမြန်မောင်းပြေးကြပြန်သည်။ (ထိုနှစ်တွင် မြွေကိုက်လူနာမြောက်များစွာကို အဖိတ်အစင်မရှိ ကုသပေးခဲ့သော ရေကင်းဆရာဝန် ဦးတင်ဦးကို ယခုထက်တိုင် ကျေးလူးတင် သတိရနေလျက်ပါ။)

(၄) ရက်ခန့်ကြာသော် အဖေရောမကြည်ဝင်းပါ နှစ်ယောက်စလုံး မြွေကိုက်ခံရမှုအန္တရာယ်မှ သက်သာပျောက်ကင်း၍ ကျန်းမာစွာဖြင့် ဆေးရုံမှဆင်းလာကြသည်။ အဖေသည် သူကိုင်းလုပ်ခဲ့သောသက်တမ်းတစ်လျောက်တွင် မြွေဟောက်တစ်ခါ၊ မြွေပွေးတစ်ခါ အကိုက်ခံရသော်လည်းမသေခဲ့ပါ။ အသက်(၉၅) နှစ်ကျမှ လူကြီးရောဂါဖြင့်ကွယ်လွန်သွားခဲ့ပါသည်။

အဖေ ဆေးရုံတက်စဉ်က အဖေ့သတင်းကိုမေးရန် တရားထိုင်ဖော်ထိုင်ဖက် ဦးမောင်ဦးဆိုသူ ရောက်လာ၏။ ဦးမောင်ဦးမှာ ဝိပဿနာတရားသမားတစ်ဦးဖြစ်သလို မြန်မာဆေးဆရာ၊ ပယောဂကုဆရာတစ်ဦးလည်း ဖြစ်ပါသည်။ အပြောပြတ်သလို အလုပ်လည်း ပြတ်ပါသည်။ ဝိပဿနာတရားနှင့်ပတ်သက်လျှင် ဦးမောင်ဦးက -

"ဟေ့ကောင်တွေ၊ ကုသိုလ်ရရဲ့လောက်၊ နတ်ပြည်ရောက်ဖို့လောက်ကတော့ ကျောင်းသွားပြီး တရားထိုင်ဖို့တောင်မလိုဘူး။ အိမ်မှာ ဘုရားကို ပန်းတစ်ပွင့်လှူပြီး ဆုတောင်းရုံနဲ့ရတယ်ကွ။ သာသနာတွင်းမှာ သာသနာနဲ့ကြုံတုန်း ဝိပဿနာတရားကို အားထုတ်ကြကွာ။ သာသနာပမှာ ဒီဝိပဿနာတရားတွေ မတွေ့ရတော့ဘူးနော်။ လသာတုန်း ဗိုင်းဝင်၊ မိုးရွာတုန်းရေခံဆိုတာ အဲဒါကို ပြောတာကွ"

ဟု ပြောပါသည်။

ဆေးပညာ၊ ပယောဂပညာနှင့် ပတ်သက်လျှင်လည်း ဗိုးဗိုးဒေါက်ဒေါက် ပြောပြတတ်ပါသည်။

အဖေကလည်း -

"မောင်ဦးစကားပြောရင် မင်းတို့ ရှိရှိသေသေလေးစားစားနားထောင်ကြ၊ နောက်ကနေမယုံသလိုလိုလှောင်သလို ပြောင်သလိုမလုပ်ကြနဲ့"

ဟု မှာထားသည်။

အဖေကိုယ်တိုင်ပင် ဦးမောင်ဦးစကားပြောလျှင် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနားထောင်ပါသည်။

"မြန်အောင်မြို့နယ်၊ (-) ရွာက ပညာသည်(စုန်း)တွေ တအားပေါတာ။ တစ်နေ့တော့ ပညာသည်ပြုစားထားတဲ့ လူမမာကုဖို့လာခေါ်လို့ လိုက်ကုရတယ်ကွ။ ငါလည်းအိမ်ပေါ် ရောက်ရော လူမမာကထကြမ်းပါလေရော။ ဘာဆရာလဲ

www.burmeseclassic.com

www.burmeseclassic.com

ညာဆရာလဲ။ မလောက်လေးမလောက် စားပညာနဲ့ ငါ့ကိုယ့်ဥစ္စာလို့လားနဲ့ပေါ့ ကွာ။ ငါကလည်း ဘယ်ရမလဲ၊ နှင် ငါ့ကို ဘာကောင်အောက်မေ့လို့လဲဆိုပြီး မနော နဲ့မှုတ်လိုက်တာ ဖင်ထိုင်ကျသွားတယ်။ ဒီထက်ကြမ်းလာလို့ ထပ်မှုတ်လိုက်ရင် အဲဒီလူမမာ ထရဲပြေးကပ်သွားမှာ"

ထိုကဲ့သို့ ဦးမောင်ဦးကပြောသော အခါ စာရေးသူတို့ ညီအစ်ကိုတွေမှာ (ထိုခေတ်က ရုပ်ရှင်ထဲမှ အကြမ်းကုဆရာ ကြီးကိုသွားသတိရပြီး) ရယ်ချင်သလိုလို ဖြစ်သွားကြ၏။ သို့သော် အဖေပြော ထားသော 'မင်းတို့ မောင်ဦးစကားပြော ရင် မယုံသလို လှောင်သလို ပြောင်သလို မလုပ်ကြနဲ့' ဟူသော စကားကိုသွား၍ သတိရလိုက်သောကြောင့် ရယ်ချင်စိတ် ကို မျိုသိပ်ထားကြရသည်။

"အဲဒီပညာသည် ပူးကပ်နေတဲ့ လူ မမာ ဖင်ထိုင်ကျနေတုန်း အိမ်နောက် ဘက်ကတောကျီးကန်းတွေ အအအနဲ့ ပျံလာကြတာ၊ အဲဒါ ဘာကောင်တွေဆို တာ ငါသိတာပေါ့။ ဘယ်ရမလဲ၊ အိမ် အောက်ဆင်းပြီး တောကျီးကန်းတွေကို လက်ညှိုးနဲ့ထိုးလိုက်တာ ဘုတ်ခနဲ ဘုတ် ခနဲ မြေကြီးပေါ် အကုန်ပြုတ်ကျကုန် တယ်"

သိပ်ခေတ်ထဲမှာကြီးပြင်းလာသည့် စာရေးသူတို့ ညီအစ်ကိုတွေမှာ ဟုတ် သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ငြိမ်၍ သာ နားထောင်နေကြရပါသည်။ မြွေ အကြောင်းအရာနှင့်ပတ်သက်၍လည်း ဤသို့ပြောပြန်ပါသည်။

"မင်းတို့ ငါပေးထားတဲ့ဆေးလုံး မသုံးကြဘူးလား"

"သုံးပါတယ် ဦးမောင်ဦး၊ အိတ် ကလေးနဲ့ထည့်ပြီး ကိုယ်စီဆောင်ထား ကြပါတယ်"

"ဟေ"

ဤတစ်ခါတွင် ဦးမောင်ဦးကိုယ် တိုင်ပင် ဟဟု အာမေဋိတ်သံတစ်ခုပြု ရင်း စဉ်းစားသလိုလုပ်၍ငြိမ်နေပါသည်။

ဦးမောင်ဦးမှာ စာရေးသူတို့မိသား စုနှင့် အလွန်ရင်းနှီးသောကြောင့် မြွေ အန္တရာယ်မှကင်းရှင်းစေအောင် (မြွေမ ကိုက်နိုင်အောင်)၊ မြွေနှိုင် (မြွေရှောင်) ဆေးလုံးကလေးများကို ကိုင်းထဲဆင်း သောအခါ ကိုယ်စီဆောင်ထားကြဖို့ပေး ထားပါသည်။ တစ်အိမ်သားလုံးလည်း မြေပဲနုတ်၊ ဆေးခူးသည့်အခါ ထိုဆေး လုံးလေးများကိုဆောင်ထားကြပါသည်။ ဆောင်ထားသည့်ကြားမှ အဖေ့ကို မြွေ ကိုက်ခံလိုက်ရခြင်း ဖြစ်သည်။

စဉ်းစားနေရင်းမှ ဦးမောင်ဦးက ဆက်ပြောပါသည်။

"အေး - ငါ့ဆေးက ဖုံးမသိန်တွေ များသွားလို့ထင်တယ်ကွ"

ဦးမောင်ဦးပြောသည့် ဖုံးမသိန်ဆို တာကို စာရေးသူတို့ မသိကြပါ။

"အေး - ငါ့အဘဆရာ ဆေးမကု တာ အဲဒါကြောင့်လည်းပါတယ်"

ဟု ဆိုကာ အောက်ပါအတိုင်း ဆက်ပြောပါသည်။

"ငါ့အဘဆရာကပြောတယ်။ ငါ တပည့်၊ လောကမှာ မြွေနဂါးဆိုတာရှိ တယ်ကွ။ မြွေနာပင်း (နပင်း) လို့လည်း ခေါ်တယ်။ ကျန်တဲ့မြွေတွေ ငါအကုန် နိုင်တယ်။ အဲဒီမြွေနဂါးကိုမနိုင်လို့ မြွေ ကိုက်လူနာမကုတာကွ။ ကျန်တဲ့မြွေတွေ ဘာမြွေကိုက်ကိုက် အဘမမှုပါဘူးကွာ။ မြွေနဂါးကိုက်ရင်တော့ဟော ဘာဆေးနဲ့ ကုကု မရတော့ဘူးကွ။ မြွေကုတဲ့ဆရာ လုပ်ပြီး အဲဒီမြွေနဂါးကိုက်လို့မှမကုနိုင် ရင် အဘသိက္ခာကျမှာစိုးလို့ မြွေမကု တာကွ။ ငါ့တပည့် မြွေကုမယ်ဆိုရင် မြွေ နဂါးကိုက်ရင် ကုနိုင်မယ့်ဆေး ရအောင် ရှာပေါ့ကွာ။

တစ်ခါတော့ အဘက ငါ့ကိုတောင် ပေါ်ခေါ်သွားတယ်။ အရှည်တစ်လံ လောက် သံချောင်းကြိုး (တစ်ကျပ်ခွဲလုံး ခန့်)ထမ်းပြီး အဘနောက်ကနေ တောင် ပေါ်တက်ခဲ့တယ်။ တောင်ပေါ်တစ်နေ ရာ တောင်ကုန်းလေးတစ်ခုထိပ် မြေ ပြောင်ပြောင်ကွက်လပ်မှာ သံချောင်းကြိုး ကို မြေမှာစိုက်ပြီး တစ်လံပတ်လည် လောက် စည်းဝိုင်းဝိုင်းလိုက်တယ်။

စည်းဝိုင်းအလယ်မှာ သံချောင်း စိုက်ထားကာ လူက စည်းဝိုင်းအပြင်က နေ ငါ့တပည့် ကြည့်နေကွ၊ မြွေတွေခေါ် ပြမယ်ဆိုပြီး တစ်ကောင်ပြီးတစ်ကောင် မြွေတွေကိုခေါ်ပြတယ်။ အဲဒါကတော့ ဘာမြွေဘဲ၊ အဲဒီမြွေကို ဘာဆေးနဲ့ဘယ် လိုကုရတယ်။ ဘယ်အသီးအပင်၊ ဘာဥ စသည်ဖြင့်ပေါ့ကွာ။ မြွေပွေး၊ မြွေဟောက်၊ ငန်းပြောက်၊ ငန်းကျား၊ တောကြီးမြွေ ဟောက်၊ အင်တိုင်းမြွေဟောက်၊ မြွေ ပဒါးစုံလို့ကွာ။ ငါမသိတဲ့ မြွေတွေလည်း အများကြီးပါတယ်။

တစ်ကောင်ပြီးတစ်ကောင်ခေါ်ခေါ် ပြပြီး ပြန်ပြန်နှင်လိုက်တာ မြွေမျိုးစုံသွား တာပဲ။ အဲ - အခုလာမယ့်မြွေကတော့ မြွေနဂါးလို့ခေါ်တယ်။ မြွေနာပင်း (နပင်း) လို့လည်းခေါ်တယ် ငါ့တပည့်တဲ့။ အဘ အဲဒီမြွေကိုမနိုင်လို့ ဆေးမကုတာဆိုပြီး မြွေနဂါးကိုခေါ်လိုက်တယ်။

ပထမ မြွေတွေခေါ်တုန်းကတော့ တစ်ကောင်ခေါ်လိုက်ရင် သိပ်မကြာ ဘူး။ စည်းဝိုင်းထဲကို မြေကြီးပေါ်ကနေ တွန့်လိမ်တွန့်လိမ်နဲ့ဝင်လာကြတယ်။ မြွေ နဂါးကျတော့ တော်တော်နဲ့ခေါ်လို့မရ ဘူးကွ။ သုံး၊ လေးခါလောက်ခေါ်တော့မှ ကောင်းကင်ကနေ ရွှီရွှီရွှီနဲ့ဝဲပျံလာပြီး စည်းဝိုင်းထဲက သံချောင်းကြိုးဘေးနား ကို ဘုတ်ခနဲကျလာတယ်။

မြွေနာပင်းဆိုတဲ့အတိုင်း နားပင်း နေလို့လား၊ လူကိုကြောက်လို့လားမသိ ဘူး မနည်းခေါ်ယူရတယ်။ စည်းဝိုင်းထဲ ကနေ ဟိုကြည့်သည်ကြည့်နဲ့ပေါ့ကွာ။ မြွေကိုအသေအချာကြည့်ထားတဲ့ အဘ လက်ထက်မှာတော့ အဲဒီမြွေနဂါးလို့ ခေါ်တဲ့ မြွေနာပင်းကိုမနိုင်လို့ ဆေးမကု တာကွ။ ငါ့တပည့်လက်ထက်ကျရင်တော့ နည်းပညာတွေ တိုးတက်လာပြီပဲကွာ။ နည်းမျိုးစုံနဲ့ မြွေနဂါးကို နိုင်တဲ့ဆေးရှာ ကြပေါ့ကွတဲ့။

မြွေကိုပြပြီးတော့ မြွေကိုပြန်နှင် တယ်။သွားတော့၊ နှင့်နေရာနှင်ပြန်တော့ ဆိုပေမယ့် မြွေက မကြောက်သလိုလို မကြားသလိုလိုနဲ့ ဟိုကြည့်ဒီကြည့်လုပ် နေတယ်။ နောက်ထပ် လေး၊ ငါးခါ လောက်နှင်တော့မှ ရွှီခနဲတစ်ချက်တွန့် ပြီး အနားမှာရှိတဲ့သံချောင်းကြိုးကိုပေါက် (ကိုက်)လိုက်တာ ဂျင်ခနဲအသံမြည်ပြီး သံချောင်းကြိုး အရည်ပျော်ကျသွားလို့ ပိသာလေးလို ဖုလုံးသွားတယ်"

စာရေးသူတို့ ဦးမောင်ဦးပြော သည်ကို ရယ်ချင်ကြသော်လည်း အထက် ကပြောသည့်အတိုင်း မရယ်ရဲကြပါ။ ဦးမောင်ဦးပြောသလို သံချောင်းကြိုး တောင် အရည်ပျော်ကျသည်ဆိုပါလျှင် လူဆိုလျှင် အဘယ်မျှ အဆိပ်ပြင်းထန် လေမည်နည်း။ ဟုတ်ကောဟုတ်ပါလေး ဦးမောင်ဦးကတော့ လူအများရှေ့မှာ ခပ်တည်တည်ဖြင့် ပြောကြားနေခြင်းသာ ဖြစ်၏။

ထိုနှစ်တွင် ကိုင်းလုပ်ရသည့် မြွေတွေ အလွန်ပေါများသောကြောင့် သတိအလွန်ထားရပါသည်။ အဆေး ဆေးရုံတက်နေသည့် နောက်တစ်ယောက် တွင် စာရေးသူတို့ညီအစ်ကိုအပြင် အခြား အကြောင်းလာမေးကြသော ည့်သည် များပါ တဲအတွင်းတွင်ထိုင်၍ ရေနွေးကြမ်း သောက်ရင်းစကားပြောနေကြပါသည်။

ထိုအချိန်တွင် မြွေပွေးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

တာ နေ့ခင်းကြောင်တောင်ကြီး တဲတွင်း သို့ ပြေးဝင်လာ၏။ (အပြင်ကိုင်းထဲတွင် နေပူ၍ တဲတွင်းသို့ပြေးဝင်လာခြင်း ဖြစ်တန်တူ၏။)

"ဟာ - မွေ့ဟာ၊ မွေ့ဟ"

ဆိုပြီး ရိုက်စရာ တုတ်ရှာကြရာ ဦးနှောက်တစ်ခွောင်းကို လတ်တလောတွေ့၍ အစ်ကိုစိုးဝင်းက မွေ့ပွေး၏ ခါးလယ်တည့်တည့်အားချိန်ပြီး မြေပြင်မှာ ထိုးစိုက်ထားလိုက်၏။ နာကျင်လွန်းသောကြောင့် မွေ့က တရှိန်ရှိန်ဖြင့်မာန်ထကာ ဦးနှောက်ကို တဂျစ်ဂျစ်တဝှပ်ဝှပ်ဖြင့်ပြန်ပေါက် (ကိုက်) နေသည်။ ထို့နောက် အစ်ကို စိုးဝင်းက -

"ဟာ - အခန့်သင့်တယ်ဟေ့။ ဦးမောင်ဦးပေးထားတဲ့ ဆေးလုံးတွေ စမ်းရအောင်"

ဟုဆိုကာ တစ်လံလောက်ရှိသော တုတ်ချောင်းထိပ်တွင် ဆေးလုံးကလေးများထည့်ထားသောအိတ်ကို နှိုးဖြင့်ခူညှ၍ တရှိန်ရှိန်မာန်ထနေသောမွေ့ပွေး၏ဦးခေါင်းနားသို့ ကပ်ပေး (တို့ပေး) လိုက်၏။

ဆေးလုံးထည့်ထားသော ဆေးအိတ်ကလေးဖြင့် ဦးခေါင်းကိုထိလိုက်တိုင်း မွေ့ပွေးမှာ ရှိုးခနဲ ရှိုးခနဲအော်၍ ခေါင်းရှောင်နေသည်ကို စာရေးသူတို့အားလုံး မြင်တွေ့နေရသည်။ ထိုသို့ မွေ့ခေါင်းရှောင်နေသော ဆေးလုံးကို ဆောင်ထားပါလျက်နှင့် အဖေ့ကို မွေ့အာဃာတ်ကြောင့် ကိုက်ရပါသနည်း။ ဦးမောင်ဦးပြောသလို မွေ့ဆေးဖော်စပ်ရာတွင် ဖုံးမသိန်တွေများသွားလို့ဆိုတာများလား တိတိကျကျ အဖြေမရခဲ့ပါ။ မွေ့ဆေးဖော်စပ်ရာတွင် ဖုံးမသိန်ဆိုတာ သုံးရလေသလား စာရေးသူ မသိပါ။

ယခုခေတ်တွင် သိပ္ပံပညာများတိုးတက်ထွန်းကားနေသောကြောင့် ဝမ်းသာအားရမိသော်လည်း တကယ်တန်ဖိုးရှိ လက်တွေ့အသုံးဝင်သော ရေးပညာရပ်များ ပျောက်ကွယ်လုမတတ်ဖြစ်လာသည်ကလည်း ဝမ်းနည်းကြေကွဲစရာ နှစ်နာဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်ပါသည်။

မွေ့အကြောင်းနှင့် ပတ်သက်၍ အလျှောင်းသင့်၍ အနည်းငယ်တင်ပြခဲ့ပါသေးသည်။ မဂ္ဂဇင်းကြီးတစ်စောင်တွင် ဆရာဝန်တစ်ဦးနှင့်တွေ့ဆုံခန်း၌ အဆိပ်ရှိသောမွေ့ကိုက်ပါက 'ဥပုဒ်၊ ဖွတ်' ဟု ဂါထာမန္တန်တွေရွတ်ဆို၍ကုသခြင်းသည် ထိရောက်ပါ။ အချိန်မီ ဆေးရုံဆေးခန်းဆက်၍ စနစ်တကျ ကုသမှုခံယူမှသာ အသက်ချမ်းသာမည်ဖြစ်ကြောင်း ပြောပါသည်။

အဆိပ်မရှိသေးသောမွေ့အကိုက်ခံရချိန်၌ 'ဥပုဒ်' စသည်ဖြင့် ဂါထာမန္တန်ရွတ်ဆိုကုသခြင်းနှင့် တိုက်ဆိုင်၍သာ ပျောက်ကင်းတာဖြစ်ကြောင်း၊ ဂါထာမန္တန်အစွမ်းထက်၍မဟုတ်၊ တကယ် ဆန်းစစ်လေ့လာကြည့်လျှင် အဆိပ်မရှိသောမွေ့အကိုက်ခံရ၍သာ အသက်ချမ်းသာခြင်းဖြစ်ကြောင်း ဆိုပါသည်။ (ဤအမြင်ကလည်း ရုပ်ဝါဒသဘောအရ သိပ္ပံအမြင်ဖြင့် မှန်သင့်သလောက်မှန်ပါသည်။)

သို့သော် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက လက်တွေ့ကျင့်သုံး အစွမ်းထက်သည့် ဂါထာမန္တရားတို့က သိလလုံခြုံသမာဓိရှိပြီး အကျင့်မှန်မှန်ဖြင့် ယုံယုံကြည်ကြည် အသုံးပြုပါလျှင် အစွမ်းထက်ကြောင်း လက်တွေ့မြင်ဖူးသူတို့မြောက်မြားစွာရှိကြသည်။

ပဲခူးတိုင်းဒေသကြီး သံပုရာခုံကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းရှိ၏။ တောင်ကျောင်းနှင့်မြောက်ကျောင်းတို့ဖြစ်ပြီး မြောက်ကျောင်းဆရာတော်သည် မွေ့ကိုက်လူနာများကို အခကြေးငွေ တစ်ပြားတစ်ချပ်မှမယူဘဲ ကုသပေးပါသည်။

နောက်(၃)နှစ်လောက်ကအထိ ပျောက်ကင်းသွားသူပေါင်း (၂၀၀)ကျော်ရှိသည်။ မွေ့ကုသော မွေ့မှော်ပညာကို လည်း ဆရာတော်မှ ကျား၊ မ မရွေး မည်သူမဆို စနေဆန်းသောလဆန်း တစ်ရက်နေ့တိုင်း (အခကြေးငွေမယူဘဲ) သင်ကြားပေးနေပါသည်။ စာရေးသူကိုယ်တိုင် မွေ့မှော် (၃) ခါတက်ဖူးပါသည်။ မိမိကိုယ်တိုင် မွေ့အန္တရာယ်လုံခြုံ၍ စည်းကမ်းချက်များ မဖောက်ဖျက်ပါက တခြားမွေ့ကိုက်လူနာများကို ကုသပေးနေသည်ကို သံပုရာခုံတွင် စာရေးသူ လက်တွေ့မြင်ခဲ့ရသည်။ (နောင်အလှည့်သင့်ပါက ဆရာတော်၏မွေ့မှော် (မွေ့ကုပညာ) အကြောင်းကို ဤမဂ္ဂဇင်းမှ စုံလင်စွာ ရေးသား တင်ပြပါဦးမည်။)

စာကြွင်း။ ။ ဆရာတော်ထံမှာ မွေ့မှော်ပညာအောင်၍ မွေ့ကိုက်လူနာများကို ကုသအောင်မြင်နေသော်လည်း (အရက်သေစာသောက်စားခြင်း၊ သူတစ်ပါးသားမယား ပြစ်မှားမိခြင်းကြောင့် နောက်ထပ်ကုသ၍မရတော့ပါကြောင်း လက်တွေ့မြင်ခဲ့ရပါသည်။)

ဦးမောင်ဦးပေးသောဆေးလုံးဖြင့် မွေ့ကို (၃)၊ (၄)ခါတို့ပေး၍ ခေါင်းရှောင်နေသော်လည်း နောက်ထပ် (၅) ခါ၊ (၆) ခါထပ်တို့သောအခါ မွေ့မှာ ဒေါသပြင်းထန်သွားပြီး ဆေးထုပ်ကိုပေါက်လိုက်ရာ ဆေးထုပ်လွင့်စဉ်သွား၏။ (ဦးမောင်ဦးပေးစဉ်က မွေ့ကိုမရိုက်ရ၊ မသတ်ရ၊ မည်းဆဲရဟုပြောပါသည်။သူ့ကိုမှိန်းဖြင့် ထိုးကာညည်းဆဲလေသောကြောင့်လော သို့မဟုတ် (၅) ခါ၊ (၆) ခါ ထပ်ကာထပ်ကာ တို့ထိနေသောကြောင့် မလွတ်သာ မရှောင်သာ၍ ကိုက်လိုက်ခြင်းလေလား။

ဒီလိုဆိုလျှင် အဖေ့ကိုမွေ့ကိုက်လိုက်စဉ်ကရော မွေ့ကို ခါးလယ်က ဖိနပ်သဲကြိုးကြားတွင်ညပ်၍ မွေ့မှာ ဟိုဘက်တစ်ပိုင်း ဒီဘက်တစ်ပိုင်းဖြစ်ပြီး ညည်းဆဲသလိုဖြစ်နေသောကြောင့် နာကျင်၍သာကိုက်လိုက်လေသလား စဉ်းစားစရာပင်ဖြစ်ပါသည်။ သို့မဟုတ်ပါက ဦးမောင်ဦးပြောသလို ဖုံးမသိန်တွေများသွားလို့ဆိုတာလား မသိပါ။

ထို့အပြင် ဦးမောင်ဦးပြောသည့် မွေ့နဂါးခေါ် မွေ့နားပင် တကယ်ရှိ၊ မရှိ သိချင်ပါသည်။

ပင်လယ်ထဲတွင် ကျင်လည်ခဲ့ဖူးသောလူများကို စုံစမ်းကြည့်ပါ၏။ မွေ့နဂါးဆိုသော အကောင်သေးသေးလေးတွေရှိကြောင်း၊ သူတို့ပြောသည့် ပုံသဏ္ဌာန်အတိုင်းဆိုလျှင် မလောက်လေးမှလောက်စားသာ ဖြစ်ပါသည်။ မှုလောက်စရာမရှိ။ မွေ့ကိုနိုင်သည်ဟုတော့ပြောကြသည်။ ဦးမောင်ဦးပြောသလို သံချောင်းကြီးကိုဖြင့် အရည်မပျော်နိုင်လောက်ပါ။

ဒီလိုဆိုလျှင် လောကကြီး၌ မွေ့နဂါး တကယ်ရှိ၊ မရှိ စာဖတ်သူများမှသိရှိပါလျှင် ဤသူရဇ္ဇမဂ္ဂဇင်းကြီးမှ ပြန်လည် တင်ပြစေလိုပါသည်။ (ဦးမောင်ဦးမှာ ဆုံးသွားပြီဖြစ်သော်လည်း သူ့အကြောင်းသိရှိလိုပါက သူ၏သားသမီးများ၊ ဆွေမျိုးသားချင်းများရှိပါသေးသောကြောင့် ပဲခူးတိုင်းဒေသကြီး၊ အနောက်ခြမ်း မိုးညိုမြို့နယ် ကျွန်းကြီးကျေးရွာသို့ သွားရောက်ကာ စုံစမ်းနိုင်ပါသည်။)

ဝန်ခံချက် ။ ။ လက်တစ်ကမ်းမှ ရွေ့နည်းလမ်းများစာအုပ်ကို မှီငြမ်း၍ ကိုယ်တွေ့ဖြစ်ရပ်များကို တင်ပြထားပါကြောင်း။

သမ္မာဆန္ဒပြည့်ဝကြပါစေ

စိုးလင်းအောင် (မြန်အောင်)

www.burmeseclassic.com

www.burmeseclassic.com

ယက်ကောင်းလတ် (မင်းဘူး)

မီးသွေးခဲနှင့်သစ်ကြိုး

ဝိညာဉ်နာနာဘာဝလောက အကြောင်းအရာတို့သည် ကမ္ဘာလောက ကြီးအတွင်း တွေ့ကြုံကြရမှုများရှိနေကြသည်။ ယင်းအဖြစ်များကို တွေ့ကြုံကြရသူများ၊ မတွေ့ကြုံကြသူများရှိရာ ထိုမှ ယုံကြည်ခြင်း၊ မယုံကြည်ခြင်းများလည်း ရှိနေကြပါသည်။ ယခုရေးသားမည့် ဖြစ်ရပ်အတွေ့အကြုံသည် သရက်ခရိုင် အနောက်မြောက်ဘက် အုတ်ရွှစ်ပင် ကျေးရွာအနောက်မြောက်ဘက် ဇီးကိုင်း ကျေးရွာသား တင်မောင်၏အတွေ့အကြုံ ဖြစ်ပါသည်။

တင်မောင်မှာ အသက် (၃၅) နှစ် ရွယ်၊ ဇနီးအေးတင်မှာ အသက် (၃၀) အရွယ်များဖြစ်ပြီး ဇီးကိုင်းရွာတွင် လက်လုပ်လက်စားလုပ်ငန်းစုံလုပ်ကိုင်သူများ ဖြစ်သည်။ လယ်ယာအငှားလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ရေခဲ၊ ထင်းဖြတ် လုပ်ငန်း၊ ကြုံရာလုပ်ကိုင်သလို ရွာတွင်း အမဲ၊ ဝက်၊ သားသတ်အလုပ်နှင့်အသား ရောင်းအလုပ်ကိုလည်း လုပ်ကိုင်သည်။ တကယ်တော့ သုံးရက်ခြား၊ လေးရက် ခြား အသားပေါ်လုပ်ငန်းအတွက် အမဲ၊ ဝက်အငှားသတ်ခေါ်လျှင် လိုက်လုပ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပေးသည်။ ထိုမှ သားသတ်ခ၊ ငွေအစား အသားနှစ်ပိဿာ၊ သုံးပိဿာရသည့် သားသတ်ပြီး ပိုင်ရှင်က အသားရောင်း ပေးဖို့ အမြတ် ကော်မရှင်ဖြင့်ပေး၍ ခိုင်း လည်းရောင်းပေးသည်။ ထို့ပြင် အမဲ၊ ဝက်ပေါ် ရောင်ပြီးပေး၊ ကန်ထရိုက် သဘောနှင့်လည်းလုပ်သည်။ အသား ပေါ် အသားရောင်းအလုပ်မှာ တင်မောင် တို့အဓိကလုပ်ငန်းဖြစ်လာသည်။ ရွာတွင် အသားပေါ် မကုန်၍များလျှင် ရွာနီးချုပ် စပ် ကိုတင်မောင်ကသွားရောင်းရသည်။ ရွာချင်းကလည်း တစ်ရွာနှင့်တစ်ရွာ သုံး၊ လေးငါးမိုင်သာ ကွာဝေးသည်။ ဘိုးစဉ် ဘောင်ဆက်ကျေးရွာနေကြသူများဖြစ် ၍ အကွာအဝေး၊ အကြမ်းအတမ်းသွား လာကြရမှုကို အလေးမထား၊ ရေအိုးရေ မှုတ်သွားရသလိုမျိုး ခြေကျင်အသွားများ ကြသည်။ တင်မောင် အသားပေါ် တိုင်း ပထမဆုံး သုံးမိုင်ကျော်လောက်သာဝေး သည့် အုတ်ရှစ်ပင်ရွာကိုသွားသည်။ အုတ်ရှစ်ပင်ရွာမှာ ငယ်သူငယ်ချင်း လှသောင်းရှိနေ၍ အကုန်အညီလည်းရ သည်။ များသောအားဖြင့် အုတ်ရှစ်ပင် ရွာမှာ ရွာကြီးလည်းဖြစ်၍ အသားရောင်း ရဆုံးလည်း ဖြစ်သည်။

တင်မောင်က အရက်၊ ထန်းရည် မသောက်။ ဆေးလိပ်နှင့် ကွမ်းကတော့ အလွန်ကြိုက် မပြတ်တမ်းမှီဝဲသည်။ စိတ် စေတနာလည်းကောင်း၊ ပေါင်းသင်း ဆက်ဆံရေးလည်းကောင်းသူ ဖြစ်သည်။ အသားရောင်းသည့်နေရာ၌လည်း ကြွေး ပေးငွေကျန်ထားပေးသည်။ ဘယ်ရက် ဘယ်နေ့လာယူဆိုလည်း မငြိုးမငြင်းလာ ယူသည်။ အလုပ်မရွေးသော တင်မောင် တို့လင်မယားမှာ သားသမီးလည်းမရှိ၍ သိပ်ကျပ်ကျပ်တည်းတည်းမဟုတ်။

အသားပေါ် သည့်အခါ၊ တင်မောင် ရွာနီးချုပ်စပ်သွားရောင်းသည့်အခါတိုင်း အေးတင်က အသားထည့်သည့်တောင်း ထဲ မီးသွေးခဲထည့်ထည့်ပေးတတ်သည်။ ပထမတော့ တင်မောင်မသိ။ တစ်နေ့ တော့ အေးတင်က တင်မောင် အုတ်ရှစ် ပင်ရွာသွားရောင်းမည့် အမဲသားတွဲ တောင်းထဲမီးသွေးခဲထည့်လိုက်သည်ကို အမှတ်မဲ့မြင်လိုက်၍လှမ်းမေးလိုက်သည်။

"ဟဲ့-အေးတင်၊ ဟိုမီးသွေးခဲက အမဲတောင်းထဲ ဘာလို့ထည့်လိုက်တာ လဲဟ"

တင်မောင်အမေးကို အေးတင် က-

"သြော်-ကိုတင်မောင်နှယ်၊ ဝက် သား၊ အမဲသား၊ သားစိမ်း၊ ငါးစိမ်းတွေ အဝေးအလံ တစ်ရွာနဲ့တစ်ရွာ တောထဲ တောင်ထဲယူသွားကြရင်း ဒီလိုမီးသွေးခဲ ထည့်ပေးရတယ်၊ ဒါမှ. . . "

ဆိုပြီး အေးတင် ရှေ့ဆက်ရန်ရ မည့်စကားကိုစဉ်းစားရင်းရပ်လိုက်သည်။ အေးတင် စကားရပ်၍ တင်မောင်က-

"ဘာလဲဟ အေးတင်ရ၊ ဒါမှဆို တာ နှင်ဟာက ဆက်ပြောစမ်းပါဟာ"

စကားဖြတ်မေးလိုက်သည်။

"ကိုတင်မောင်ရယ်၊ ရွေးလူကြီး တွေက အဲသလိုအသားစိမ်းတွေဘာတွေ အပြင်အဝေးအလံယူရင် အပမ်္ဂါတက်လို့ ဆွဲယူလုစားတတ်လို့ မနှောင့်ယှက်နိုင် အောင် အကာအကွယ်သဘောလို့ပြော တာ ကြားဖူးလို့ပေါ့တော်"

အေးတင်ကြားဖူးနားဝရှိသလောက် ပြောလိုက်သည်။

တင်မောင်က ပြုံးမဲ့မဲ့နှင့် မိန်းမ အေးတင်ကိုကြည့်ရင်း -

"အမယ်လေး အေးတင်ရယ်၊ နင့် မလည်းယုံကြည်လွန်းတယ်ဟာ။ ငါဒီလို အမဲသား၊ ဝက်သားတွေ ရွာတွေအဝေး အလံသွားသွားရောင်းနေတာကြာပါပြီ။ ဘာမှမဖြစ်ခဲ့ပါဘူး။ ငါကတော့ အယုံအ ကြည်မရှိပါဘူး၊ ဂရုလည်းမစိုက်ပါဘူး"

ပြောလိုက်သည်။

အေးတင်က သူယောကျ်ား တင်မောင်ကိုကြည့်ကာ ဘာမှမပြောဘဲ စဉ်းစားသလိုငြိမ်နေသည်။

"ဒီမယ် အေးတင်၊ ငါတို့က အမဲ၊ ဝက်၊ အပတွေအပက်တွေက မိုရဲမလား ဟာ။ ဒီကောင်တွေ ငါတို့ကို ကြောက်ပြီး ဝေးဝေးက ရှောင်ကြမှာဟ ဟား ဟား ဟား"

တင်မောင်ပြောပြီး အားရပါးရ ရယ်လိုက်သည်။

"ကိုတင်မောင်ကလည်း၊ တော် မကြောက်လို့ အယုံအကြည်မရှိလည်း နေပါ။ ပါးစပ်က လျှောက်မပြောပါနဲ့ တော်"

အေးတင် စကားဖြတ်ပြီး တခြား လုပ်စရာရှိတာသွားလုပ်၏။ တင်မောင် ဘာမှဆက်မပြောတော့။ စိတ်ထဲမှာ တော့ ဘယ်တုံးကမှ မတွေ့ဘူး၊ မကြုံ ဘူးသော အေးတင်ပြောသည့် အပဆို တာတွေရှိလျှင် တွေ့ကြည့်လိုက်ချင်ပါ ဘိ။ အဲဒီအပတွေများ တွေ့လိုက်လို့က တော့ တင်မောင့်အကြောင်း ကောင်း ကောင်းကြီးသိရမည်ဟု စိတ်ထဲက ကြိမ်း ထားလိုက်လေသည်။

တကယ်တော့ အေးတင်ကကော နာနာဘာဝဆိုတာတွေ တွေ့ကြုံဖူးလို့ အမဲသား၊ဝက်သားတောင်းတွေနဲ့ အဝေး အလံအပြင်ပသွားလို့ အခုလို မီးသွေးခဲ ထည့်တာလား။ လူပြောသူပြောကြားဖူး တာနှင့်ထည့်တာလား။ အေးတင်ရေရေ ရာရာမသိ။ နောက်ပြီး သားစိမ်းငါးစိမ်း သယ်သွားလို့ မီးသွေးခဲထည့်လျှင် တော ထဲတောင်ထဲ အပြင်ပမှာ အပပယောဝ နာနာဘာဝတွေမမြဘူး၊ မလုမယူနိုင်ဘူး ဆိုတော့ မီးသွေးခဲက ဘာအစွမ်းရှိလို့လဲ။ နာနာဘာဝဆိုတာ ပြိတ္တာတစ္ဆေသရဲ သဘက်တွေ လူတွေကို ခြောက်လှန့် အသားစိမ်းငါးစိမ်းတွေကို လုယူစားကြ တာ။ မတော်အလစ်ကုပ်ချိုးသတ်သွား တတ်တယ်ဆိုတာကြားဖူး၏။ အများ အပြောဆိုပေမယ့် တင်မောင်တ မကြောက်၊ မယုံ။ အေးတင်ကတော့ သူ ပြောလူပြောနှင့်ပဲ ကြောက်လန့်ဝိုးဝိန်းနေ သည်။ ဒါကြောင့်လည်း တင်မောင် ရွာ တွေဘက် တောတွေထဲဖြတ် အသား သွားရောင်းတိုင်း အေးတင်က အသား တောင်းထဲ မီးသွေးခဲကို အမြဲထည့်ထည့် ပေးခဲ့သည်။

တင်မောင် အများဆုံး အသား သွားရောင်းသည့်ရွာက အုတ်ရှစ်ပင် ကျေးရွာ။ အုတ်ရှစ်ပင်ကျေးရွာနှင့် တင်မောင်တို့ ဧိုးကိုင်းရွာအလယ်တွင် အိုရိပ်အာဝါသကောင်းလှသည့်အပြင် အမြင့်အမား သစ်ဆိမ့်ပင်ကြီးတစ်ပင် ထီးထီးကြီးရှိသည်။ ရှားရှားပါးပါး တစ်ပင်တည်း။ ရွာနှစ်ရွာ ခရီးသွားများ နေပူ၊ မိုးရွာ ဤသစ်ဆိမ့်ပင်ကြီးအောက် အေးရိပ်ဝင်နားခိုကြသည်။ ဘာပြဿနာ မှမရှိခဲ့။

အရင်က အမဲသား၊ဝက်သားများ ရွာနီးချုပ်စပ်သို့ တင်မောင် သွားရောင်း သည့်အခါ အေးတင်က အပမမြဲ့ အသားတောင်းထဲ မီးသွေးခဲထည့်ထည့် ပေးသည်ကို တင်မောင်မသိခဲ့။ ကနေ့ တင်မောင်တို့ရွာ အမဲသားပေါ် သည့် ထုံးစံအတိုင်း၊ တင်မောင်တို့လင်မယား အရောင်းတာဝန်ပါယူလိုက်သည်။ ရွာ ထဲရောင်းအပြီး ကျန်အမဲသားတွဲများကို အုတ်ရှစ်ပင်ရွာသွားရောင်းဖို့ အေးတင် က ပြင်ဆင်သည်။ ထည့်ရောင်းနေကြ အမဲသားတောင်းထဲကို အမဲသား (တစ်ပိဿာတွဲ) (၁၅) တွဲထည့်ပြီး အနီ ရှိ မီးဖိုမှ မီးငြိမ်းပြီးသား မီးသွေးခဲကိုး ၍ အမဲတောင်းထဲ အေးတင်က ထည့် လိုက်သည်။ ဒါကို တင်မောင်ရုတ်တ

www.burmeseclassic.com

www.burmeseclassic.com

ရုက် လှမ်းမြင်လိုက်သည်။ တင်မောင် ဘာမှမပြော ကြည့်နေပြီးမှ စိတ်ထဲက တော့-

'ဒီမိန်းမ အတော်ကြောက်တာပဲ။ အမဲသတ်၊ ဝက်သက်ရောင်းနေတဲ့ ငါတို့ တို့ သရဲ၊ တံငွေ့ ပြတ္တာ၊ သဘက်တွေက ဆာ ကြောက်ကြရမှာ။ ငါတို့ကကြောက် ရမှာလား။ ဟင်း ဟင်း ဒီသရဲ၊ တငွေ့၊ ပြတ္တာလား၊ ငါနဲ့တွေ့ရင် အမဲသားဝက် သားပေါ် သလို ပေါ် ပစ်လိုက်မယ် သိ လား'

ကြိတ်ကြိမ်းမောင်းလိုက်သည်။

"က- ကိုတင်မောင် ပြီးပြီသွား တော့။ ဒီနေ့လည်း အမဲတွေက များ တယ်။ ကြွေးတွေလည်း သိပ်မပေးနဲ့။ အရင်ကြွေးကျန်ရှိလည်း တောင်းဦး၊ ဂရုစိုက်သွားနော်"

အေးတင်ကပြောလိုက်သည်။

တင်မောင် ဦးစားပေး ယူနေကျ သူအကြိုက် ဆေးလိပ်၊ ကွမ်းထည့်၊ လွယ်အိတ်ကိုယူ၊ အမဲသားတောင်းထမ်း ပြီးထွက်ခဲ့လေသည်။ တင်မောင်လမ်း လာရင်း အရင်ကြွေးကျန်ရှိသူများ ကြွေး တောင်းဖို့ အေးတင် မှာလိုက်သည်ကို တွေးရင်း သိပ်ခက်တဲ့လူတွေကိုတော့ အခြေအနေကြည့်ပေးဖို့ပါ။ တွေးရင်း ရွာပြင်ဘက် ခပ်လှမ်းလှမ်းအရောက် ဖျတ်ခနဲအမှတ်ရမိသည်က အမဲသား တောင်းထဲ အေးတင် မီးသွေးခဲပစ်ထည့် လိုက်သည်ကို မြင်ရခြင်းဖြစ်သည်။ တင်မောင် လမ်းဘေး အမဲသားတောင်း ချ တောင်းထဲက မီးသွေးခဲများရှာယူ လျက် လမ်းဘေးလွှင့်ပစ်လိုက်သည်။

တင်မောင် စိတ်လက်ပေါ့ပါးသွား တန် အမဲသားတောင်းထမ်းလျက် ဆက် လျှောက်လာခဲ့သည်။ ရာသီဥတုအပူချိန် ဝိုင်းရောက်နေ၍ တင်မောင် ချွေးများ ထွက်၊ အိုက်စပ်စပ်ကြီးဖြစ်လာသည်။ ခပ်သွက်သွက်လှမ်းလာခဲ့ရာ ခါတိုင်းနား နေကျ စိမ်းစိမ်းအုပ်အုပ်သစ်ဆိပ်ပင်ကြီး အောက်ရောက်ခဲ့သည်။ အေးမြသော သစ်ဆိပ်ပင်ကြီးအရိပ်သည် မောခဲ့သမျှ ပူအိုက်ခဲ့သမျှ ပင်ပန်းခဲ့သမျှတို့အား လုံး ပြေပျောက်ကုန်လေသည်။ တင်မောင် ဖဆုံးပေါ်က အမဲသားတောင်းကို ခါတိုင်း လို တင်ထားနေကျ သစ်ဆိပ်ပင်သစ်မြစ် ပေါ် သေချာတင်ထားလိုက်သည်။ ထို သစ်မြစ်ကြီးနှစ်ခုမှာ တစ်ခုက အနိမ့်၊ တစ်ခုက အမြင့်ဖြစ်၍ တင်မောင် အမဲ သားတောင်းတင်သည့်အခါ အောက် တောင်းဖင်ပိုင်းက အောက်သစ်မြစ်ပေါ် တင်ပြီး အပေါ် သစ်မြစ်က အမဲသား တောင်းအလယ် နောက်ကတန်းခံထား သလိုဖြစ်၍ စိတ်ချလက်ချတင်ထားနိုင် သည်။ မြေပြင်နှင့် အမြင့်မှာ သုံးပေ လောက်ရှိသည်။ အမဲသားတောင်းကို စိတ်ချလက်ချတင်ထားပြီး ခပ်လှမ်းလှမ်း နေရာမှာ တင်မောင် ထိုင်၍ လွယ်အိတ် ထဲမှ ဆေးလိပ်နှင့် ကွမ်းထုတ်ယူလိုက် စဉ် သစ်မြစ်ပေါ် တင်ထားသော အမဲ သားတောင်းမှာ တစ်စုံတစ်ဦးက ရှိက် တွန်းချလိုက်သလို ရုတ်တရက် ဝေါ်။ ဘုတ်ခနဲအသံဖြင့် မြေပေါ် လွင့်ကျသွား လေသည်။ တင်မောင် ဇဝေဇဝါဖြင့် သစ်မြစ်ပေါ် မှ မြေပြင်လွင့်ကျသွားသော အမဲသားတောင်းနှင့် အမဲသားတွဲများ ကို လှမ်းကြည့်ရင်း -

ဟာ-ဘယ့်နယ်ဖြစ်ပါလိမ့်။ စိတ် ထဲကပြောရင်း ဘေးဝန်းကျင်ကို လှည့် ကြည့်လိုက်သည်။ ရုတ်တရက်အဖြစ်က ထူးဆန်းနေသည်။ အရင်ကလည်း ဤ သစ်မြစ်ပေါ် တင်ထားနေကျ ဘယ်တုံး ကမှ ပြုတ်မကျ လွင့်မကျခဲ့။ တစ်နေ့မှ ထူးထူးဆန်းဆန်းကျခဲ့၍ တင်မောင် အံ့သြရသည်။ နောက်ပြီး လေလည်း မတိုက်၊ တွန်းချဖို့ လူ၊ တိရစ္ဆာန်က လည်းမရှိ။ မိမိတစ်ယောက်တည်းသာရှိ သည်တွေးရင်း အင်းလေ - တောင်းကို ငါက သေချာတင်ထားတယ်ဆိုပေမယ့် တောင်းဖင်နဲ့သစ်မြစ်အောက်ခံတစောင်း ဖြစ်ပြီး လွင့်ကျသွားတာဖြစ်မှာပါဟု နှစ်သိမ့်တွေးတွေးရင်း မြေပြင်ပေါ် ကျ နေသည့် အမဲသားတွဲများကို သဲ၊ အမှိုက် များ လက်ဖြင့်သုတ်ဖယ်ပြီး အမဲတောင်း ထဲပြန် ထည့်လိုက်သည်။ အမောပြေ ကွမ်းစား၊ ဆေးလိပ်သောက်ပြီး အမဲ သား တောင်းထမ်းထွက်လာခဲ့သည်။ သစ်ဆိပ်ပင်အောက် အမဲသားတောင်း လွင့်ကျသည်ကို တင်မောင် ထပ်မတွေး တော့။ အုတ်ရှစ်ပင်ရွာရောက်အောင် လာခဲ့သည်။ အုတ်ရှစ်ပင်ရွာရောက် သည့်အခါ ရွာလယ်ပိုင်း သူငယ်ချင်း လှသောင်းအိမ်တည်းနေကျ၊ အမဲဝက် သားရောင်းနေကျနေရာ ရောက်လာ သည်။

"လှသောင်းရေ၊ ငါရောက်လာပြီ ဟေ့။ ဒီတစ်ခါ အမဲသားအသားကောင်း တယ်ကွ"

တင်မောင် အိမ်ပိုင်းထဲဝင်လာရင်း သူငယ်ချင်း လှသောင်းကို လှမ်းအော် ပြောလိုက်သည်။ တင်မောင် အသံကြား၍ လှသောင်း အိမ်ပြင်ထွက်လာသည်။

"အေး-ဟုတ်ပြီ၊ ဒါဆို ငါတစ်တွဲ ယူမယ်။ ထိုင်ဦး၊ အမောဖြေဦးကွာ။ အမောပြေရင် မင်းထမင်းစားဦး၊ ငါတို့က စားပြီးပြီ။ ဌါနိမ်းမထမင်းပွဲပြင်ပေးလိမ့် မယ်"

လှသောင်းက ပြောလိုက်သည်။

"ဟေ့အေး- ငါထမင်းကြမ်းအဝ စားလောတာ မဆာဘူး သူငယ်ချင်း၊ မစား တော့ဘူး"

"အေးလေ - မင်းထမင်းဆာတဲ့ အချိန်မှစားပေါ့။ ဒါနဲ့ မင်းအဲ့မဲသားတွဲ ဘယ်လောက်ပါခဲ့လဲကွ"

လှသောင်းကမေးကြည့်သည်။

"ခါတိုင်းထက်နည်းနည်းပိုတယ်။ အားလုံးဆယ့်ငါးတွဲကွ"

"အေး၊ အေး - အသားကောင်း တော့ မြန်မြန်ကုန်မှာပါကွာ။ ကဲ-ရွာထဲ လှည့်ပြီးပြောလိုက်ဦးမယ်။ မင်းစောင့် နေကွာ"

လှသောင်း ပြောရင်းထွက်သွား သည်။ တင်မောင် ဆေးလိပ်တစ်လိပ် မီးညှိသောက်ရင်း သစ်ဆိပ်ပင်အောက် အမဲသားတောင်းလွင့်ကျကာ အသား များ သဲ၊ အမှိုက်များကျန်နေသည်ကို အမှတ်ရလိုက်၍ အမဲသားတောင်းမှကာ အိမ်ရှေ့ ရေစင်ဆင့်ပေါ် တင်၊ အမဲသား တွဲများရေဆေးလိုက်သည်။ ရေဆေးပြီ အမဲသားတွဲများကို တစ်တွဲချင်း ရေ၍ တွဲဆင်းထဲပြန်ထည့်လိုက်သည်။ အမဲ သားတွဲ စုစုပေါင်း (၁၂) တွဲတိတိ။ တင်မောင်မျက်လုံးပြူးအံ့သြသွားသည်။ ပြန်စဉ်းစားကြည့်သည်။ ရွာမှာ အမဲသား တွဲထည့်စဉ်က သူရော အေးတင်ပါ နှစ်ယောက် ရေတွက်ထည့်ခဲ့သည်။ စုစု ပေါင်း(၁၅)တွဲ။ ဘယ့်နယ် - ခုမှ(၁၂)တွဲ ဖြစ်ရတာလဲ။ သစ်ဆိပ်ပင်ကြီးအောက် အမဲတောင်းလွင့်ကျစဉ်က အောက်ကျ တဲ့အမဲသားတွဲတွေသဲ၊အမှိုက်ခါကောက် ထည့်ခဲ့ရသည်။ ရေတွက်တော့မကြည့်မိ။ ကျန်ခဲ့တာလည်းမရှိ။ တင်မောင် ငေးငိုင် တွေဝေ၍စဉ်းစားရခက်နေ၏။ အတော် လေးကြောသွားသည်ကို မသိလိုက်။ ရွာ မြောက်ပိုင်း၊ တောင်ပိုင်းသွားပြီးပြန်လာ သည့် လှသောင်းစကားသံကြားမှ သတိ ပြန်ဝင်လာသည်။ ဝယ်သူများလည်း ရောက်လာနေကြသည်။

"ဟေ့ကောင်-တင်မောင်၊ ဘာ တွေများတွေးငိုင်နေတာလဲ။ ဒီမှာ ဝယ် သူတွေလာပြီဟ"

လှသောင်းကပြောလိုက်သည်။

"အင်းအင်း - ကဲ-ဒီမှာကြည့်ကြ

www.burmeseclassic.com

www.burmeseclassic.com

ဟု။ ဒီတစ်ခါအမဲသားကောင်းတယ်ဗျို့။ စားဦးပေါက် လှသောင်းက တစ်တုံးယူမှာ။ လှသောင်းမင်းယူမယ့်အတွဲယူလိုက်ကွာ"

တင်မောင်က ပြောလိုက်သည်။

"အေးပါ။ သူတို့ယူကြပါစေဦး။ နောက်မှငါယူပါ့မယ်ကွာ"

လှသောင်းက ဝယ်သူများတဖွဖွ ရောက်လာဝယ်ကြရာ နွေကဆုံး လှသောင်းအတွက် တစ်တွဲသာကျန်ရှိ၍ တင်မောင်က လှသောင်းကို ပေးလိုက်သည်။ ဒီတစ်ခါ ကြွေးမကျန် အားလုံး လက်ငင်းရသည်။ သို့သော် အမဲသားသုံးတွဲတွာနေသည်ကပြဿနာ။ ဖြေတွေးတွေးကြည့်မိပြန်သည်။ ရွာမှာတုန်းက မိမိနှင့်အေးတင် အရေများမှားသလား။ အိမ်ရောက်မှ အေးတင်ကိုမေးကြည့်ရမည်။ ဇာင်မောင် သူငယ်ချင်းလှသောင်းတို့ကို နူတ်ဆက်ပြီး အတွေးဖြင့်ပြန်လာခဲ့လေသည်။ အရင်ကတော့ အမဲသားရောင်းပြီး အေးအေးဆေးဆေး။ ညနေပိုင်းမှပြန်သည်။ အခုအခေါက်တော့ အမဲသားအတွဲကွာနေ၍ ရောင်းပြီး နေ့လယ်ပိုင်းကြီး တင်မောင်ပြန်လာသည်။ တင်မောင် ခါတိုင်းလို သစ်ဆိမ့်ပင်ကြီးအောက် အေးအေးဆေးဆေးမနားဘဲ ခဏဝင်လိုက်ပြီး အမဲသားတောင်းမှောက်စဉ် အမဲတွဲများကျကျန်နေထာရှိဦးမလား အတွေးဖြင့် ဝင်ကြည့်ခဲ့သေးသည်။ မတွေ့၍ ရွာဘက်ပြန်လာခဲ့၏။

"ဟော-ကိုတင်မောင် အစောကြီးပြန်လာတယ်။ တော့်နှယ်-ဒီလောက်နေပူကြီးတော့၊ အသားတွေကောကုန်ခဲ့လား။ ကြွေးတွေကောကျန်ခဲ့သေးလား"

အေးတင်ကမေးလိုက်သည်။

"အေး - အမဲသားတွဲတွေကုန်ခဲ့တယ်။ ကြွေးလည်းမကျန်ဘူး။ ဒါပေမယ့် . . ."

တင်မောင်စကားမဆက်ဘဲ ထမ်းလာသော အမဲသားထည်တောင်းလွှတ်ကို အဆင့်ပေါ် ချကာ လှုပ်ထိုင်လိုက်သည်။ အေးတင် တင်မောင်စကားနားထောင်ရင်း ဒါပေမယ့်ဆိုသောစကား အဖြတ်ကြောင့် မျက်လုံးပြူးပြီး ဇဝေဇဝါဖြစ်သွားရသည်။

"ဒါပေမယ့်ဆိုတာက ဘာလဲ။ ကိုတင်မောင် တော် . . . တော်အမဲသားဖိုးတွေ ဘာလုပ်ခဲ့လို့လဲ။ ဖရိုက်၊ ကြက်တိုက်လုပ်ခဲ့လို့နှုန်းခဲ့သလားတင်၊ ပြောစမ်းတော်"

အေးတင်က စိုးရိမ်တကြီးမေးလိုက်သည်။ မျက်လုံးက တစ်မျှောင့်ကို အလိုမကျ သံသယမျက်လုံးနှင့်ကြည့်နေသည်။

"ဟာ - အေးတင်ကလည်း၊ ငါဘယ်တုံးက လောင်းကစားတွေ အရက်၊ ထန်းရည်သောက်တာတွေလုပ်လို့တုံးဟ။ အတော်ခက်တဲ့မိန်းမ။ စကားဆုံးအောင်နားမထောင်ဘူး"

တင်မောင်ကပြန်ပြောလိုက်သည်။

"ဒါဖြင့် တော့် ဒါပေမယ့်ကဘာလဲ၊ ပြောစမ်းတော်"

အေးတင်က သိချင်လွန်း၍ ထပ်မေးလိုက်သည်။

"အေးပါ-ပြောပါ့မယ်။ ဒါနဲ့ ငါ ဒီကယူသွားတဲ့အမဲသားတွဲအားလုံးဘယ်နှတွဲလဲ"

တင်မောင်ကပြန်မေးလိုက်သည်။

"အဲလို့တော်၊ တော်ကပြန်မေးရသေးတယ်လို့။ တော်ရော ကျုပ်ပါ အမဲတွဲတွေရော်ပြီး တောင်းထဲထည့်ပေးတာလေ။ အားလုံး(၁၅)တွဲ။တော်ကတောင် ပြောလိုက်သေးတယ်။ ဒီတစ်ခါ အမဲတွဲများပေမယ့် အသားကလွှဲင်းတေ့ ရောင်းကုန်မှာ သေချာတယ်လို့။ နေပါဦး၊ အဲဒါဘာဖြစ်လို့မေးရတာတုံး"

အေးတင်က စိတ်ပေါက်ပေါက်နှင့်ပြန်မေးလိုက်သည်။ တင်မောင်က လေပြေလေးနှင့်ပြန်ပြောလိုက်သည်။

"အေး-ဟုတ်ပါတယ်၊ အိမ်ကနေ အမဲသားတွဲတွေယူသွားတာ အားလုံး (၁၅) တွဲ။ ဒါပေမယ့် ဟိုရွာလှသောင်းတို့ အိမ်ရောက်လို့ရေကြည့်တော့ အမဲသားတွဲက (၁၃) တွဲပဲဖြစ်နေတယ်ဟ"

တင်မောင့်စကားကို ကြားတော့ အေးတင် သူ့ယောကျ်ားကို မယုံမရဲကြည့်လိုက်ရင် -

"နေပါဦး၊ တောလမ်းမှာများဝယ်သူတွေ့လို့ရောင်းခဲ့တာများမေ့နေလို့လား။ စဉ်းစားပါဦး"

မေးလိုက်သည်။

"ဘယ်ကလာ၊ လမ်းမှာရောင်းရမှာလဲ။ အဲ အဲ - နေဦး နေဦး လမ်းက ငါနားနေကျ သစ်ဆိမ့်ပင်ကြီးအောက်မှာ ငါဝင်နားသေးတယ်။ ခါတိုင်းလို အမဲတောင်းကို သစ်ဆိမ့်ပင်ကြီးပေါ် တင်ထားပြီး ဘေးနားထိုင် ကွမ်းစား၊ ဆေးလိပ်သောက်နေတုန်း သစ်ပင်အောက်လူတစ်ယောက်မှလည်းမရှိ၊ လေလည်းမတိုက်ဘဲ သစ်ဆိမ့်မြစ်ကြီးပေါ် သေချာတင်ထားတဲ့ အမဲသားတောင်းလွှင့်ပြီး မှောက်ကျသွားတယ်ဟ။ ငါသေချာတင်ထားတာ လွှင့်ကျနိုင်စရာမရှိဘူး"

တင်မောင် အမှတ်ရ၍ ပြောပြလိုက်သည်။

"ဒါဖြင့် တောင်းထဲက အမဲသားတွဲတွေ မြေကြီးပေါ် ကျကုန်ရောလား၊ တော်ပြန်ကောက်ထည့်တော့ရေမကြည့်ဘူးလား"

အေးတင်ကမေးလိုက်သည်။

"ဟော့အေး - ဖုတ်တွေသဲတွေခါပြီး ဒီတိုင်းပြန်ထည့်ပြီး အုတ်ရှစ်ပင်ရွာဘက် ထွက်လာခဲ့တယ်။ လှသောင်းတို့အိမ်ရောက်တော့ လှသောင်း ရွာထဲအမဲသားရောင်းဖို့ရောက်နေတာလည့်ပြောနေတုန်း အမဲသားတွဲတွေကို သဲတွေ၊ အမှိုက်တွေ စင်အောင် ရေနဲ့ဆေးတယ်။ အဲဒီကမှ ရေနဲ့ဆေးပြီးသားအမဲတွဲတွေကို ရွေးပြီး တောင်းထဲထည့်တော့ အမဲသားတွဲဆယ်သုံးတွဲပဲရှိတယ်။ ငါလည်း အတော် အံ့သြသွားတယ်ဟဲ့"

"တော်-အမဲသားတွဲတွေ ရေဆေးတော့ တော်အနားမှာဘယ်သူတွေရှိလဲ"

အေးတင်က မေးသည်။

"ဘယ်သူမှမရှိဘူးဟာ။ အဲ့တာကြောင့် ငါလည်းစဉ်းစားမရဖြစ်နေတာ"

"နေဦး၊ တော်အမဲသားတောင်းမှောက်ကျတဲ့ သစ်ဆိမ့်ပင်အောက်မှာများ လွှင့်ကျန်တာမမြင်ဘဲ ကျန်နေသလား"

"မကျန်ပါဘူး အေးတင်ရာ၊ ငါသေချာကောက်ထည့်တာ။ အခုအပြန် တောင်ကျန်များနေသလား စိတ်အထင်နဲ့ သစ်ဆိမ့်ပင်ကြီးအောက် ဝင်ရှာကြည့်သေးတယ်။ အရှင်းကြီးဘာမှမတွေ့ဘူး အဲ - ဧသစ်ဆိမ့်ပင်ကြီးအောက်ဝင်ရှာတော့ ငါ့အမဲတောင်းအလွတ်ကို ဟိုသစ်မြစ်ပေါ် တင်ထားတာ။ အဲဒါ ငါ့အမဲတွဲလှည့်ရှာကြည့်နေတုန်း တောင်းအလွတ်က လေမတိုက်ဘဲ လွှင့်စဉ်ထွက်သွားတယ်။ တောင်းလွှင့်စဉ်ကျသွားသံကြားလို့ ငါလှည့်ကြည့်တော့လည်းဘာမှမမြင်ရဘူး။ ဒါနဲ့ လိမ့်သွားတဲ့တောင်းကို သွားကောစ်ပြန်လာခဲ့တယ်"

တင်မောင့်စကားကြားပြီး အေးတင် စဉ်းစားရင်း စိမ့်ခနဲကြက်သီးထသွားသည်။

"နေပါဦး၊ တော်အမဲသားတောင်းထဲက မီးသွေးခဲကိုယူလွှင့်ပစ်လိုက်သေးလား"

အေးတင် အမဲတောင်းထဲထည့်ပေးလိုက်သော မီးသွေးခဲကို အမှတ်ရ

www.burmeseclassic.com

www.burmeseclassic.com

မေးကြည့်လိုက်သည်။ တင်မောင်ရွာများ ဆီသွားရောင်းတိုင်း အမဲသားတောင်းထဲ မီးသွေးခဲထည့်ပေးသည်ဟု အရင်က ပြောခဲ့။ သို့သော် တစ်ခါတော့ အေးတင် အမဲသားဈောင်းထဲ မီးသွေးခဲထည့်သည်ကိုမြင်ပြီး တင်မောင်က မေးခဲ့ဖူးသည်။ အေးတင်က သားစိမ်းငါးစိမ်း အစေးအလဲ တောလမ်းခရီးယူသွားလျှင် မီးသွေးခဲထည့်ယူမှ အပမဖိုကြောင်း ကြားဖူးနားဝအား တင်မောင့်ကို ပြောပြခဲ့၏။ယခုသူမထည့်ပေးလိုက်သော အမဲသားတောင်းထဲက မီးသွေးခဲကို တင်မောင် ဖယ်ပစ်၍ အခုလိုဖြစ်သလားတွေးမိ၍ ဖြစ်သည်။ ပထမတော့ တင်မောင်လိမ်တယ်ပြောမည် စိတ်ကူးပြီးမှ မလိမ်ညာတော့ဘဲ အမှန်အတိုင်းပြောလိုက်သည်။ တင်မောင် အိမ်ကနေ အမဲသားတောင်းယူလာပြီး ရွာအပြင်ရောက်တော့ အေးတင်ထည့်ပေးသော အမဲသားတောင်းထဲက မီးသွေးခဲကို ဖယ်ပစ်လိုက်သည်။ တင်မောင်က အယုံအကြည်အကြောက် အရွဲ့မရှိသူ။

"အေး - နင်ထည့်ပေးလိုက်တဲ့မီးသွေးခဲ ရွာပြင်ရောက်တော့ ငါဖယ်လွှင့်ပစ်လိုက်တယ်။ အဲဒါဘာဖြစ်လို့လဲ"

တင်မောင်က ပြောရင်း ပြန်မေးလိုက်သည်။

အေးတင် မျက်လုံးပြူးကြောက်ရွံ့သလိုဖြစ်သွားပြီး -

"အဲဒါဝဲ ကိုတင်မောင်၊ တော်မယုံလို့လုပ်တော့ သစ်ဆိမ့်ပင်ကြီးအောက်မှာ အမဲသားတောင်းမှောက်တာတွေ၊ အမဲသားတွဲတွေကို သရဲသဘက်တွေ လုယူတာတွေဖြစ်တာနေမှာ"

အေးတင်က သေချာပေါက်ပုံစံပြောလိုက်သည်။

"ဟာ - နင့်ဟာကလည်း သစ်ဆိမ့်ပင်ပေါ်မှာ သရဲသဘက်ရှိရင် အခုမှအမဲသားတွဲကို ဆွဲပါ့မလား။ အရင်အမဲသားဝတ်သားတွဲတွေ ရောင်းရောင်းနေတုန်းတာ ဘာလို့မဆွဲလဲ"

တင်မောင်ကပြန်မေးလိုက်သည်။

"ကိုတင်မောင့်နှယ်၊ အဲဒီတုန်းက တော့်အသားတွေသွားရောင်းတိုင်း ကျုပ်တာ မီးသွေးခဲတွေအမြဲထည့်ထည့်ပေးခဲ့တယ်။ အဲဒီမီးသွေးခဲတွေ တော်မသိလို့ ဖယ်မပစ်ခဲ့လို့ ဘာမှမဖြစ်တာပေါ့တော်။ အခု တော်က မီးသွေးခဲဖယ်ပစ်လို့ ဒီလို ဖြစ်ရတာသေချာပေါ့တော်။ တော် တော်တော်ကံကောင်းတယ်။ အမဲသားတွဲတွေယူစားလို့ လူကိုဘာမှမလုပ်ခဲ့တာ အတော်ကံကောင်းတယ်တော်"

အေးတင် ဦးရိမ်စွာပြန်ပြောလိုက်လေသည်။

တင်မောင်က ဂရုစိုက်ပုံမရ။ မယုံကြည်သည့်အပြင် စိတ်ထဲကနေ -

'အေးပေါ့ကွာ၊ သရဲသဘက်ဆိုတဲ့အကောင်တွေ။ တင်မောင်နဲ့တွေ့ကြသေးတာပေါ့'

စိတ်ထဲ ကျိတ်ကြိမ်းထားလိုက်လေသည်။

"ကိုတင်မောင်၊ တော်နောက်ကို အသားတွေသွားရောင်းတိုင်း ကျုပ်ထည့်ပေးလိုက်တဲ့မီးသွေးခဲတွေကို ဖယ်မပစ်နဲ့နော်။ ဒီတစ်ခါ လူပါဒုက္ခရောက်သွားဦးမယ်"

အေးတင်က သတိပေးပြောလိုက်သည်။

သုံး၊ လေးရက်အကြာ တင်မောင်တို့ အမဲပေါ်သည်။ ပိုင်ရှင်ထံမှ အပြတ်ဝယ်ယူပြီး အမဲသားများတွဲ၍ ရောင်းကြသည်။ တချို့ ကိုတင်မောင်က အုတ်ရှစ်ပင်ရွာသွားရောင်းဖို့ အမဲသားတောင်းထဲ အမဲတွဲ (၁၅) တွဲ ရေတွက်၍ ထည့်လိုက်သည်။ အေးတင်အနားရောက်လာပြီး-

"ကိုတင်မောင်၊ သေချာဂရုစိုက်နော်။ ကျုပ်ပါလိုက်ခဲ့ရမလားဟင်"

"ဟာ - အေးတင်ကလည်း၊ နင် လိုက်လို့ဖြစ်မလားဟ။ ဒီမှာလည်းရောင်းရဦးမှာလေ။ နင်ကသာ ကြောက်စိုးရိမ်နေ။ငါကတော့ကြောက်လည်းမကြောက်ဘူး။ ယုံလည်းမယုံဘူး။ ဂရုလည်းမစိုက်ဘူးဟ"

တင်မောင် ခပ်ပြတ်ပြတ်ပြောလိုက်ကာ အမဲသားတောင်းကိုထမ်း၊ အဆင့်သင့်ယူထားသော ဓားအိမ်နှင့် တစ်တောင်အရှည် နှစ်ဖက်သွား တောလိုက်ဓားကို ခါးကြားထိုး၊ လက်တစ်ဖက်က အလွန်ကြိုက်နှစ်သက်လှသည့် ကွမ်း

ဆေးလိပ်၊ လွယ်အိတ်လွယ်လျက်ထွက်ခဲ့လေသည်။

စိတ်ထဲမှလည်း -

'သရဲသဘက်ဆိုထာတွေ တွေ့လို့ကတော့ တောလိုက်ဓားနဲ့ အပိုင်းပိုင်းပြတ်ကုန်မယ်။ တင်မောင်အကြောင်းကောင်းကောင်းသိရမယ်ကွ'

ကြိမ်းထားလိုက်သည်။

ရွာအပြင် ခပ်လှမ်းလှမ်းရောက်လာသည်။ လမ်းဘေးတွင်ရပ်၍ ပခုံးပေါ်က အမဲသားတောင်းကိုချပြီး အမဲသားတောင်းထဲက အေးတင်ထည့်ပေးလိုက်သော မီးသွေးခဲများရှာ၍ လမ်းဘေးလွှင့်ပစ်လိုက်သည်။ ဆက်လက်ထွက်လာခဲ့သည်။ မနက်ပိုင်းဖြစ်သော်လည်း နေအပူက လွှမ်းခြုံထား၍ တင်မောင့် မျက်နှာပေါ် ချွေးများပြန်နေသည်။ လက်တစ်ဖက်ဖြင့် မျက်နှာပေါ်က ချွေးများကို သပ်ချလိုက်သည်။ ခါတိုင်း အရိပ်ခိုနားနေကျ သစ်ဆိမ့်ပင်ကြီးဆီကိုရောက်ဖို့ ခပ်သွက်သွက်ပင်လျှောက်လာခဲ့သည်။ အရင်တစ်ပတ်ကလို အမဲသားတွဲများ ကုန်နိုင်မည်။ တင်မောင်ကတွေးရင်းလာခဲ့ရာ နားနေကျ အရိပ်ကောင်းကောင်း သစ်ဆိမ့်ပင်ကြီးအောက်ရောက်ခဲ့သည်။ သစ်ဆိမ့်ပင်ကြီးအောက်တွင် အရိပ်ခိုသူ မရှိ ရှင်းနေသည်။

တင်မောင် ပခုံးပေါ်က အမဲသားတောင်းချကာ တင်နေကျ သစ်ဆိမ့်ပင်အခြေအမြစ်ကြီးနှစ်မြစ်၏ အောက်တန်းပေါ် အမဲသားတောင်းတင်၍ အပေါ်တန်းတို့ အမဲသားတောင်းမှိတင်ထားလိုက်သည်။ သစ်ဆိမ့်မြစ်ကြီးနှစ်မြစ်က တန်းလျားအခင်းနှင့် နောက်မှိတန်းလို အနေအထားဖြစ်၍ ပစ္စည်းတောင်းများ တင်၍ကောင်းလှသည်။ သူသစ်မြစ်ပေါ်က အမဲတောင်းနှင့်လက်တစ်ကမ်းအကွာ မြေပြင်ပေါ် ထိုင်လိုက်သည်။ နောက်ခါးကြားမှ တောလိုက်ဓားအိမ်ကို ဆွဲယူပြီး ဓားအိမ် ဓားကိုဆွဲထုတ်လျက်အောနား ချထားလိုက်သည်။ တင်မောင့်စိတ်ကူးက အကယ်၍များ အေးတင်ပြောသလို သစ်ဆိမ့်ပင်ကြီးပေါ်မှာ သရဲသဘက်ရှိလို့ အမဲသားတောင်းထဲက အမဲသားတွဲတွေ ဆွဲယူလိုက်လျှင် အနီးကပ်လက်ဦးမှု ဓားချက်ဖြင့် ပိုင်းချနိုင်ရန် အကြံဖြစ်ပေသည်။ တင်မောင် ကွမ်း၊ ဆေးထည့်ထားသော လွယ်အိတ်ထဲမှကွမ်းထုတ်ယူကာ ပါးစောင်ထဲထည့်ဝါးလိုက်သည်။

ကွမ်းထုပ်ကို လွယ်အိတ်ထဲပြန်ထည့်၊ နောက်လွယ်အိတ်ထဲတအေးပဲပ်

www.burmeseclassic.com

www.burmeseclassic.com

တစ်လိပ်နှင့် မီးခြစ်ထုတ်အယူ သစ်ဆိမ့်ပင်ပေါ်မှသစ်ရွက်များ လေပြင်းမတိုက်ဘဲ ရုတ်တရက် ဝေါဝေါဝေါအသံနှင့် လူပ်ခါသွားသည်။ ဆေးလိပ်နှင့်မီးခြစ်ကိုင်ရင်းတန်းလန်း တင်မောင်မျက်လုံးပြူးအံ့သြသွားလေသည်။ ထိုစဉ် သစ်ဆိမ့်မြစ်ပေါ် တင်ထားသောအမဲသားတောင်းမှာ တွင်းချပစ်လိုက်သလို မြေပြင်ပေါ် လွင့်ကျသွားပြန်သည်။ အံ့သြမှင်တက်မိနေသော တင်မောင် ရုတ်တရက်သတိရပြီး ဘေးနားချထားသည့် တောလိုက်များကို ဆုပ်ကိုင်ရင်း မတ်တတ်ရပ်လိုက်သည်။ တင်မောင် များကိုင်ရပ်လိုက်ပေမယ့် ဘာကိုခုတ်ပိုင်းရမည်မသိပေ။ အကောင်ဗလောင်လည်းမမြင်ရ။ တဝေါဝေါနှင့်လူပ်ခါနေသော သစ်ဆိမ့်ပင်အရွက်များလည်း ငြိမ်သက်တိတ်ဆိတ်သွားလေသည်။ အောက်မြေပြင်တွင်ကျသွားသော အမဲသားတောင်းနှင့် အမဲသားတွဲတွေကို တင်မောင်ငုံကြည့်ရင်း ဒေါသဖြစ်လွန်း၍ တောက်တစ်ချက်ခေါက်လိုက်စဉ် တစ်ချိန်တည်းမှာ သူ့နောက်ဇက်ပိုးကို ဖြောင်းခနဲအသံနှင့် ပူထူထူအသိုတစ်ချက်ခံစားရပြီး နောက်ထပ်ဘာမှမသိလိုက်ရတော့။

ခဏအကြာ တင်မောင်မြင်လိုက်ရသည်က သစ်ဆိမ့်ပင်ကိုင်းကြီးပေါ် ထိုင်နေသော မည်းမည်းတုတ်တုတ်၊ အမွေးထူထူ၊ ပါးစပ်ပြဲပြဲ၊ မျက်လုံးပြူးပြူး၊ လွန်စွာအကြည့်ရဆိုးလှသော သတ္တဝါကြီးတစ်ကောင် ကြောက်စရာအသွင်ကြီးနှင့် တင်မောင်ကို စိုက်ကြည့်နေသည်။ မကြောက်တတ်သောတင်မောင် ရွံ့ခနဲဖြစ်သွားပြီး ဒါ အေးတင်ပြောတဲ့ သရဲတစ္ဆေသဘက်ထဲက သဘက်အကောင်ကြီးဖြစ်နိုင်သည်။ ဒီကောင်ကြီး ငါ့အမဲသားတောင်းထဲက အမဲသားတွေ ဆွဲလုစားတာဖြစ်မှာဟု တင်မောင်အတွေးမဆုံးခင် သစ်ဆိမ့်ကိုင်းကြီးပေါ်က သဘက်ကြီးသည် အမဲသားတွဲတွေဆုပ်ကိုင်ထားသော အမွေးထူထူမည်းမည်းလက်တစ်ဖက်ကို မြွောက်ရင်း သစ်ကိုင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ တင်မောင်အနားလက်တစ်ကမ်းအကွာရပ်ပြီး အမွေးထူထူမည်းမည်းလက်ကြီးတစ်ဖက်ကို ဆတ်ခနဲဆန့်တန်းထုဂ်လိုက်ရာ တင်မောင်မျက်နှာ လက်တစ်ထွာအကွာ၌ အမွေးထူလက်သည်းရှည်ရှည်မည်းမည်းလက်ကြီး ၏ ဆုပ်လိုက်၊ ဖြန့်လိုက်လုပ်နေပုံမှာ မြွေများ ပါးပျဉ်းထောင်ပေါက်လိုက်တော့မည့် ကြောက်ရွံ့ဖွယ်မျိုးဖြစ်၍ သူမှာ အမယ်လေးဟု အော်ဟစ်ရင်း နောက်ကို ဆုတ်ခွာလိုက်လေသည်။

❑

"ဟာ၊ ဟာ . . . သူသတိရပြီ၊ သတိရပြီ"

အေးတင်၏ဝမ်းသာအားရအော်ပြောလိုက်သံကို တင်မောင်နားထဲတိုးဝင်ကြားလိုက်ရသည်။ တင်မောင်မျက်လုံးကို အားယူဖွင့်ကြည့်လိုက်သည့်အခါ သူဘေးပတ်လည်ဝိုင်းကြည့်နေကြသော လူများကို တွေ့မြင်လိုက်ရသည်။

"ကိုတင်မောင်၊ သတိရပြီနော်။ တော်ဘာမှမဖြစ်ဘူးနော်"

အေးတင်က တင်မောင်ကို ကိုင်လှုပ်မေးလိုက်သည်။

တင်မောင် အေးတင်ကိုကြည့်ပြီး-

"အေးတင်၊ ငါအိမ်ပြန်ရောက်နေတာလား။ ငါ့အမဲတောင်းရော"

တင်မောင်ကပြန်မေးလိုက်သည်။

"ဟုတ်တယ်၊တော်အိမ်ပြန်ရောက်နေတာ။ တော့်အမဲတောင်းလည်းရှိပါတယ်။ တော်ဘာမှမဖြစ်ဘူးမဟုတ်လား"

အေးတင်က ဖြေရင်း မေးလိုက်သည်။

"အင်း - ငါနောက်ပိုးအအုပ်ခံလိုက်ရတာဟာ။ နည်းနည်းတော့ နာတာပေါ့"

တင်မောင်က လက်တစ်ဖက်ဖြင့် နောက်စေ့ပိုင်းကိုပွတ်ကြည့်လိုက်သည်။ အားလုံးက ဝိုင်းကြည့်နေကြသည်။ တင်မောင် လှဲအိပ်နေရာမှ ထထိုင်လိုက်သည်။

"တော့်နှယ်တော် ကျုပ်ဖြင့်စိုးရိမ်လိုက်ရတာ။ မသေကောင်းမပျောက်ကောင်း။ ဒါနဲ့ တော် ဘယ်လိုများဖြစ်တာလဲ ပြောစမ်းပါဦး"

တင်မောင်က အေးတင်နှင့်အနီးရှိသူများကို သူ့အဖြစ်အပျက်အား ပြန်လည်ပြောပြလိုက်သည်။ အားလုံးစိတ်ဝင်တစား နားထောင်ကြလေသည်။ တင်မောင်၏ ထိတ်လန့်ကြောက်ရွံ့ဖွယ်ထူးထူးဆန်းဆန်းအဖြစ်ကိုပြောပြပြီးသော အခါ အေးတင်က -

"အဲဒါကြောင့် တော့်ကို ကျုပ်ပြောတာပေါ့။ တော်က ကျုပ်စကားမနားမထောင်ဘဲ။ ကျုပ်ထည့်ပေးလိုက်တဲ့ အမဲသားတွဲတောင်းထဲက မီးသွေးခဲကို လွှင့်ပစ်ခဲ့တာကိုး။ အင်း - တော် တော် တော်ကံကောင်းတယ်။ သဘက်ကြီးက ကုတ်ချိုးမသတ်ခဲ့တာ"

အေးတင်က အပြစ်တင်ပြောလိုက်သည်။

"ဟဲ့-အေးတင်ရ ငါကကြောက်မှ မကြောက်တတ်တာ။ ယုံလည်းမယုံဘူးဟာ။ ဒါပေမယ့် နင်ပြောသလိုများ သရဲသဘက်ရှိခဲ့လို့တွေ့ရင်တော့ ဓားနဲ့ပိုင်းသတ်ဖို့ ဒီတစ်ခေါက် ငါတောလိုက်စေးကိုတောင်ယူခဲ့တာ။ အမယ်လေး - ဒီအကောင်ကြီးမြန်လိုက်ပုံက ငါစားတောင်ကိုင်ချိန်မရလိုက်ဘူးဟေ့။ ငါ့ဇက်ပိုးဆော်ထည့်လိုက်တာ"

တင်မောင်က သူ့ဇက်ပိုးဆီ လက်ဖြင့်စမ်းရင်းပြောလိုက်သည်။

"ဒီမယ် မောင်တင်မောင်၊ နာနာဘာဝ သရဲသဘက်တွေဆိုတာ အသားစိမ်းငါးစိမ်းတွေကို ကြိုက်တယ်။ အဲဒါကြောင့် တစ်ရွာနဲ့တစ်ရွာ အဝေးအလှမ်းတွေလမ်းတွေဖြတ်သယ်ယူသွားတဲ့အခါ သရဲသဘက်တွေ လူ့အမှုအခစားနိုင်အောင် အကာအကွယ်လိုဖြစ်တဲ့ မီးသွေးခဲကို အဲဒီအသားစိမ်း ငါးစိမ်းထဲထည့်သွားတယ်။ ဒီနေရာမှာ ရှေးလူကြီးတွေပြောစကားအရ မီးသွေးခဲထည့်တဲ့အကြောင်းနှစ်ချက်ရှိတယ်။ ပထမချက်က သရဲသဘက်တွေဟာ မီးကိုကြောက်တယ်။ မီးအရောင်ထက် မီးတောက်၊ မီးခဲတွေကိုကြောက်တာ။ သားစိမ်းငါးစိမ်းတွေ သယ်ယူတဲ့အခါ မီးတောက်နဲ့ မီးပါတဲ့ မီးသွေးခဲကိုထည့်သယ်ဖို့က မလွယ်သူ့ကြောင့် မီးတောက်နဲ့ရဲနေတဲ့ မီးသွေးအစားမီးမပါဘဲ မီးသွေးခဲကိုအစားထိုးအကာအကွယ်လုပ်တာ။ ဒုတိယအချက်က မီးသွေးခဲမီးမပါတာထည့်တဲ့အခါ ထည့်တဲ့လူက မီးနဲ့ချက်ပြီး ကျက်ပြီးသားအသားတွေသဘောဖြစ်အောင် ကျက်သားအသားတွေလို့ပြောပြီး မီးသွေးခဲထည့်ပေးလိုက်ရတာယ်။ ဒါမှသရဲသဘာတွေက သားစိမ်းငါးစိမ်းတွေဟာ အမဲဟုတ်ဘဲ ကျက်ပြီးသားအသားဖြစ်လို့ မကြိုက်လို့ ဆွဲလုယူမစားကြဘူး ဒါကြောင့် သားစိမ်းငါးစိမ်းတွေသယ်မီးသွေးခဲထည့်ယူရတယ်လို့ အကာကွယ်ဆောပြောကြတာ"

အနားရှိ အသက် (၇၀) အရွယ် အဘိုးက ပြောပြလိုက်သည်။

တင်မောင့်မှာ ကိုယ်တကယ်ကြုံဖြစ်ခဲ့ခဲ့ရသည့်အဖြစ်ကြောင့် ဘာမှမပြောနိုင်ဘဲ ငြိမ်နားထောင်နေရုံတော့သတည်း။

ထက်ကောင်းလတ်(ပန်းတေ)

www.burmeseclassic.com

www.burmeseclassic.com

ချင်းတွင်းရေလှိုင်း

ရောက်လေရာ မေတ္တာပို့ အမျှဝေပါ

အခန်း(၁)

"ကိုချင်းတွင်း၊ ဘာလုပ်စရာရှိသေးလဲ။ သွားပြီးအနားယူလိုက်တော့လေ။ ကျွန်တော်တို့လင်မယားနှစ်ယောက်ရှိနေတာပဲ။ အားလုံးစောင့်နေလိုက်မယ်"

သူစာရင်းစာအုပ်ကိုကြည့်နေရာကနေ နားထဲသို့ဝင်လာသည့် မောင်လှမင်းထွန်းစကားကြောင့် အနည်းငယ်ခေါင်းထောင်မိသွားသည်။ လှက်ကနာရီကိုကြည့်လိုက်တော့ ညဆယ့်တစ်နာရီ၊ မိနစ်သုံးဆယ်ဆိုတာကို ညွှန်ပြလို့။

"အဲဒါဆိုလည်း ကျွန်တော် စိတ်ချခဲ့မယ်နော်။ တော်ကြာ ဧည့်သည်လာရင် ဟိုကိုလှမင်းထွန်းတို့ လင်မယားနှစ်ယောက် ပင်ပန်းနေမှာစိုးလို့"

"အို- ရပါတယ် မောင်လေးရယ်၊ အစ်မတို့က အထွေအထူးကိစ္စမရှိပါဘူး။ မောင်ချင်းတွင်းက ကနေ့မှခရီးကပြန်ရောက်ထားတာလေ၊ သွားနားလိုက်ပါ"

ဟုတ်လည်းဟုတ်သည်။ သူမှာဒီနေ့လေးတင် ပခုက္ကူဘက်မှပြန်လာပြီး ဟိုတယ်လုပ်ငန်းကိုတန်းရှိတာဝန်ထမ်းဆောင်ခဲ့သည်မဟုတ်ပါလော။ သူကိုယ်တိုင်လည်း အနားယူချင်နေပြီ။

"အဲဒါနဲ့ မနက်လေးနာရီ ဧည့်သည်တွေအတွက် နံနက်စာကိစ္စရှိသေးတယ်။ အဲဒါ ကိုလှမင်းထွန်း နည်းနည်းသတိထားပေးပါဦး"

"ဟုတ်ကဲ့-ရပါတယ် ကိုချင်းတွင်း၊ လိုအပ်ရင် ကိုချင်းတွင်းကို ကျွန်တော်လာနှိုးမယ်"

"ဩော်- လာနှိုးရင် အပြင်ကနေတံခါးကို နာနာခေါက်နော်။ ကျွန်တော်က အိပ်ပျော်နေရင် သိပ်မနိုးတတ်ဘူး။ တံခါးကတော့ ချက်ချပြီးအိပ်လေ့ရှိလို့"

"ရတယ် ရတယ်၊ ကျွန်တော်ဖုန်းခေါ်ပြီးမှလာနှိုးမယ် ကိုချင်းတွင်း"

ဟုတ်ပေပြီ။ သို့နှင့် ကိုလှမင်းထွန်းနှင့် ဇနီးဖြစ်သူမဥဝါလွင်တို့တို နှုတ်ဆက်ကာ

www.burmeseclassic.com

www.burmeseclassic.com

ကာ အိပ်ဆောင်ရှိရာ အနောက်နှစ်ထပ် ဆောင်သို့ ဝင်လာခဲ့သည်။ ဟိုတယ်သည် မြေကေ (၁)ကနီးပါး ကျယ်ဝန်းလှသော်လည်း ဘန်ဂလိုအဆောက်အအုံများနှင့် နေရာယူကာ အလယ်မြေကွက်ကို အလွတ်ထား၍ ရေကူးကန်တည်ဆောက်ရန် လျာထားဆဲကာလ ဖြစ်သည်။ သူ၏အိပ်ဆောင်နှင့် ဧည့်ကြိုဆောင်မှာ ကိုက် (၂၀၀) ဝန်းကျင်ခန့် ဝေးသည်။

သူမှာ စည်းတစ်ခုတော့ရှိသည်။ သတိဟု ပြောဆိုသုံးနှုန်းလျှင်လည်း ရသည်။ သူသည် ရောက်လေရာနေရာ ဒေသမရွေး အနန္တောအနန္တငါးပါးကို ရှိခိုးဦးချအိပ်လေ့ရှိပြီး အနီးဝန်းကျင် ပုဂ္ဂိုလ်အားလုံးကို အမှတ်ရလေ့ရှိသည်။ ထို့ထက်ပို၍ကား ယခုအခေါက်တွင် သူ၏ချစ်ရသူထည့်ပေးလိုက်သောမွှေးကြိုတရားစာအုပ်ကို ခေါင်းအုံးအောက်ထား အိပ်လေ့ရှိပြီး တစ်ပတ်တစ်ခါ ရွှတ်ဖတ်ပူဇော်လေ့ရှိသည်။ ယခုလည်း ရွှတ်ဖတ်အမှုဝေပြီးသည့်ကိစ္စအားလုံးပြီးမှအိပ်ရာဝင်ခဲ့သည်။ သတိတရအနေနှင့် သူ၏ဖုန်းကို သေချာပြန်၍ဖွင့်ပြီးအိပ်ရာဝင်ခဲ့တော့၏။

အခန်း (၂)

"ကွို"

သူ့အခန်းတံခါးဖွင့်လိုက်သံကို သူသေချာစွာကြားလိုက်သည်။ သို့ပေမယ့် သူ၏အာရုံများက အိပ်ချင်မူးတူး။

"ဟေ့ - ချင်းတွင်း၊ ထ. . . ထ"

"ဝုန်း"

ပြောပြောဆိုဆို အသံထက်လက်ကမြန်နေသည်ဟု ပြောဆိုရမည်။ သူ၏ခြံထားသောစောင်ကို ဆွဲလှန်လိုက်ပြီး နှုတ်မှလည်း ဒုတိယစကားတစ်ခွန်းထပ် ပြောပြန်သည်။

"ဟေ့ - ချင်းတွင်း ထ ထ၊ လာလိုက်ခဲ့။ မင်းမရှိလို့မဖြစ်ဘူး သွားမယ်"

"ဟင်"

သူမှာ အခန်းအတွင်းသို့ ထိုပုဂ္ဂိုလ်ဝင်ရောက်လာကတည်းက သူ၏အာရုံများမှာ အိပ်ရာမှ နိုးတစ်ဝက်နှင့်ဖြစ်နေခြိန်မို့ ယခုကဲ့သို့ သူခြံထားသောစောင်ကိုဆွဲလှန်ပြီး အသံအောအောနှင့်နှိုးခြိန်တွင် သူမှာ မျက်စိအနည်းငယ်ဖွင့်၍-

"ဘယ်သူပါလိမ့်"

ဟူသော သတိနှင့် လှမ်းကြည့်မိလိုက်သေးသည်။

"ဩော် - ကိုလှမင်းထွန်းပဲ"

ဟူသောအသိက ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်၊ အသားညိုညို၊ ခေါင်းတုံးဆံပင်ကနှင့်ဆိုတာကို မြင်လိုက်တာတည်းက သိနှင့်ပေသည်မို့ အိပ်ချင်မူးတူးအရှိန်နှင့်-

"အင်း အင်း - လိုက်ခဲ့မယ် သွားနှင့်၊ သွားနှင့်"

ဟု အကြောဆန့်ကာ ပြန်ပြောလိုက်ပြီး ခဏတစ်ဖြုတ်ပြန်မှေးလိုက်သေး၏။ သူ ညကအိပ်ရာဝင်ခဲ့သည်မှာ နောက်ကျခဲ့သည် မဟုတ်ပါလော။ သို့ကလို စောင်ကို ပြန်မခြုံ။ အခန်းတံခါးကိုပြန်မပိတ်တော့ဘဲ ဆက်၍မှေးလိုက်သေး၏။ ကိုလှမင်းထွန်းမှာတော့ ခြေသံခပ်ပြင်းပြင်းနှင့် လှေကားမှဆင်းလျှောက်သွားသံကြားလိုက်ရသေးသည်။

သူ ဆက်၍ အိပ်မပျော်ပါ။ ငါးမိနစ်ခန့်သာ အိပ်ရာအတွင်း လူးလိမ့်ပြီး ချက်ချင်းထကာ ဟန်းဖုန်းကိုကိုင်လျက် အိပ်ရာမှထလာခဲ့တော့သည်။ ညဉ့်ယံကား တိတ်ဆိတ်ငြိမ်သက်ဆဲ။ လှေကားထစ်များကိုဖြည်းဖြည်းဆင်းပြီး ကိုလှမင်းထွန်းကိုရှာမိသေးသည်၊ မတွေ့။ သူ စိတ်အထင်တော့ ကိုလှမင်းထွန်းမှာ သူ့အား စိတ်ဆိုးသွားမည်မှာ အသေအချာ။ အခန်းအတွင်းသို့ တကူးတကလာ ရောက်နိုးသော်လည်း ချက်ချင်းထမလိုက်သည်က တစ်ဖက်သားကို မလေးစားသလိုဖြစ်သွားသည်မဟုတ်ပါလော။

သူ မျက်နှာသစ်သွားတိုက်ပြီး ဖုန်းကိုဖွင့်ကာ နာရီကိုကြည့်မိတော့ အနည်းငယ်တော့ အံ့သြသွားသည်။ (၃း၂၃) မိနစ်ဟူ နာရီက ပြဆိုနေသည်။

"ဟို - ကိုလှမင်းထွန်းကလည်း အစောကြီးရှိသေးတာကိုလာနိုးနေသေး။ နောက်ထပ် အေးဆေးဆေးအိပ်လို့ရသေးတဲ့ဥစ္စာ"

သူ အနည်းငယ် မြည်တွန်တောက်တီးပြီး ဧည့်ကြိုဆောင်ရှိရာသို့ လှမ်းလာခဲ့သည်။ သူလှမ်းကြည့်လိုက်တော့ ဧည့်ကြိုအဆောင်မှာလည်း ညမီးတစ်လုံးသာထွန်းလို့။ အတွင်းပိုင်းကိုလှမ်းကြည့်တော့ အံမယ်- ကိုလှမင်းထွန်းတို့ လင်မယားနှစ်ယောက်ဖက်ပြီးအိပ်နေကြလို့။ သူ တံခါးကိုတွန်းဖွင့်ကြည့်သည်မရ။ သို့နှင့် ဖုန်းခေါ်သည်၊ ဒါလည်းမရ။ မနိုးပေ။ မရသည့်အဆုံး သူလည်း မီးဖိုဆောင်သို့သွားကာ ထမင်းအိုးတစ်လုံးတည်ထားလိုက်သည်။ နာရီကိုနောက်တစ်ကြိမ်ထပ်ကြည့်လိုက်တော့ (၃း၄၅) မိနစ်ပင်ရှိနေသည်။ ဧည့်သည်များမှာ နံနက်စာအား (၆) နာရီမှ စတင်သုံးဆောင်မည်ဖို့ အချိန်စောနေသေးသည်။ သူပြန်အိပ်ဖို့ စဉ်းစားရတော့သည်။ သို့ပေမယ့် သူ့စိတ်ထဲ ကိုလှမင်းထွန်းလာရောက်နှိုးသည်ကို အနည်းငယ် သံသယဝင်မိသည်။ သေချာစဉ်းစားပြီး တွေးကြည့်တော့ -

"ဟုတ်မှဟုတ်ပါ့မလား၊ မဖြစ်နိုင်ပါဘူးလေ"

ဟူသောအဖြေ သံသယမေးခွန်းနှစ်ခုသာ ထွက်လာသည်။ ညက သူ့အိပ်ခင် အခန်းတံခါးကို အသေအချာချက် (ကန့်လန့်) ထိုးပြီးမှအိပ်သည့်အပြင် ကိုလှမင်းထွန်းကို အပြင်မှ တံခါးခေါက်ပြီးနှိုးရန်မှာခဲ့သည်။ သူအိပ်ချင်မူးတူးနှင့် အခန်းတံခါးကိုတွန်းဖွင့်ရန် ထွက်လာခဲ့ခြင်းဖြစ်ပြီး ချက်ကို ဖြုတ်စရာမလိုခဲ့။ သူနေသည့်နှစ်ထပ်ဆောင်တွင် ဘာဘာညာညာရှိခဲ့ဖူးသည်ဟူ၍ သူမကြားမိ။ အနည်းအငယ်တွေးပြီး ကြက်သီးမွေးညှင်းများထမိသေးသည်။ ယခုတစ်ခါတော့ သူလှေကားကိုသေချာတက်ခဲ့ပြီး ဖိနပ်ကို အမှတ်အသားနှင့် ချွတ်ထားကာ တံခါးကို အသေအချာချက်ထိုးပြီး ဘောပင်(လ်)တစ်ချောင်းယူကာ တံခါးချက်နှုတ်ခမ်းဝကိုထိုးခဲ့ပြီးမှ အိပ်ရာပြန်ဝင်ခဲ့သည်။ ယခုတစ်ကြိမ်တော့ သူ့စိတ်ကို သူသတိပေးကာ နားလျှင်လျှင်ထား၍ အိပ်လိုက်တော့သည်။

အခန်း(၃)

"ဒေါက် ဒေါက် ဒေါက်"

"ကိုချင်းတွင်း၊ ကိုချင်းတွင်း"

"ဒေါက် ဒေါက် ဒေါက်"

"ဂျာကြီး - ကိုချင်းတွင်း"

အခန်းအပြင်မှ တံခါးခေါက်သံ ခပ်ပြင်းပြင်းနှင့် ကိုလှမင်းထွန်းမှာ သူ့အားနှိုးနေသည်။ သူမနှိုးမိပါ။ ကိုလှမင်းထွန်းမှာ လက်မှဖုန်းခလုတ်များကိုနှိပ်လိုက်ပြီး-

"အတော်အိပ်ရေကြီးတဲ့သူ"

ဟူ၍ပင် အပြစ်တင်နေသေး၏။ သူနားထဲသို့ဖုန်းခေါ်သံဝင်ရောက်လာသည်မို့ တပ်ထားသောနားကြပ်ဖြုတ်ကာ ဖုန်းဖြေဖို့ဖွင့်လိုက်ပြီး -

"ဟဲလို - ဟုတ်ကဲ့ အမိန့်ရှိပါ"

"ဟေ့လူ ကိုချင်းတွင်း ကျုပ်ဒဲ့ ကျုပ် ဂျာကြီးရဲ့အခန်းအပြင်မှာ"

"ဩော် - ကိုလှမင်းထွန်း"

ထိုတော့မှ သူလည်း အခန်းတံခါးကို သွားဖွင့်ကြည့်လိုက်တော့ ကိုလှမင်းထွန်းက လက်ပြပြီး-

www.burmeseclassic.com

www.burmeseclassic.com

"သွားပြီနော် ကိုချင်းတွင်း လိုက်ခဲ့တော့"

ဟု ဖုန်းပြောကာ လှေကားမှ ဆင်း၍ ထွက်သွားတော့၏။ အိပ်ရာနိုးနိုးချင်း သူ စဉ်းစားမိသည်က ယခု ဒီတစ်ခြိမ်းတိုလှမင်းထွန်းမှာ ဘာကြောင့် အခန်းထဲသို့ ဝင်မလာနိုင်ပါသနည်း။ ဘာကြောင့်လဲဟုစဉ်းစားကာ နာရီကို ကြည့်လိုက်တော့ (၆း၃၀) ပင် ဖြစ်နေချေပြီ။ နောက်ကျနေပြီးမို့ ဒုတိယတစ်ခြိမ် မျက်နှာကိုခပ်သွက်သွက်ပင်သစ်လိုက်ပြီး ဧည့်သည်များအခြေအနေကြည့်ကာ ထမင်းစားခန်းမကိုထွက်လာတော့ ဧည့်သည်များကား နံနက်စာစားသုံးပြီးပြီဖို့ ဟိုတယ်ဝန်ထမ်းလေးများပင် ဝန်းကျင်များကို သိမ်းဆည်းနေပေသည်။

"ကိုချင်းတွင်း"

"ဩော် - ကိုလှမင်းထွန်း၊ ပြောလေ"

သူ၏ နောက်ကျောဘက်မှ ရုတ်တရက်လှမ်းခေါ်သံကြောင့် သူလှည့်ကြည့်၍ ထူးလိုက်၏။

ကျွန်တော် ဧည့်သည်အကြိုကြောင်းရှိလို့ သွားတော့မယ်။ မြို့ထဲဘာများရှိသေးလဲ"

"ဩော်- မရှိပါဘူး။ ခင်ဗျားမိန်းမရော"

"ဟိုထဲမှာလေ၊ မင်းနန်းသူကဆောင်မလေးနဲ့ ဇင်မောင်မောင်တို့ကို ဟိုတယ်စည်းကမ်းအကြောင်းတွေပြောပြနေလေရဲ့"

"အဲ - ဟုတ်ပြီ၊ သွားတော့လေ။ နောက်ကျနေဦးမယ်"

"ဟုတ်ကဲ့"

ကိုလှမင်းထွန်းမှာ ဗင့်ကားအဖြူလေးကိုမောင်းနှင်ပြီးထွက်သွားလေသည်။ ညတကိုစ္စကို သူမမေးမိပေ။ ခဏနေဆော့ မဝဝါလွင်နှင့်အတူ ဟိုတယ်ဝန်ထမ်းများလိုက်လာပြီး ဧည့်ကြိုဆောင်သို့ ဦးတိုင်ကြတော့သည်။

ဟိုတယ်၏သဘောသဘာဝအရ သို့မရှိ ဧည့်ပါးသည့် ကာလဆိုလျှင် ဧည့်အပ်သည့်ဝန်ထမ်းနှင့် မလိုအပ်သည့် ဝန်ထမ်းများကို ထွက်ခွေသက်သာရေးနှင့် ရပ်နားထားရပေသည်။ ယနေ့ကား ဝန်ထမ်းနှစ်ဦးကိုလျှော့ပစ်ခဲ့ရပေ၏။ ထို့ကြောင့်လည်း နံနက်ခင်းအစည်းအဝေးခေါ်၍ လက်ကျန်ဝန်ထမ်းလေးဦးနှင့် စည်းကမ်းများပြောဆိုပြီး --

"မဝဝါ၊ ညက ကိုလှမင်းထွန်း ကျွန်တော့်ကိုလာနှိုးသေးလား"

သူ၏ မဆီမဆိုင်မေးခွန်းကြောင့် မဝဝါလွင်မှာ ခေတ္တကြောင်သွားပြီးမှ-

"အမယ်လေး - မေးရက်ပါ့မောင်ချင်းတွင်းရယ်။ ဟောဟို CCTV ရောက်လာကတည်းက ညဆိုအိပ်လိုက်တာ တစ်ချီးတည်းပဲ။ ဧည့်နိုးရင်တောင် အစ်မပဲသွားနိုးရတာ"

"ဩော်"

သူ အနည်းငယ်တွေးထင့်မိသွား၏။ ဝန်ထမ်းများရှေ့မို့ သူ ဓမ္မရမည်ကို အားနာမိသေးသည်။ သို့ပေသည့် မတတ်နိုင်။ မေးရထော့သည်။

"မဝဝါ ဒီဟိုတယ်ဝန်းထဲမှာ သရဲတို့ တခြားနာနာဘာဝတို့ အရင်ကရှိခဲ့ဖူးသလား"

"ဟင်- ဘာလို့လဲ မောင်ချင်းတွင်း၊ ရုတ်တရက်ကြီး"

သူမေးခွန်းကို မဝဝါလွင်တွင် မဟုတ်၊ မင်းနန်းသူနှင့်ဇင်မောင်မောင်တို့ နှစ်ယောက်ပါ စိတ်ဝင်စားသွားသည်။ သူလည်း ညကဖြစ်ပျက်ခဲ့သောအဖြစ်အပျက်ကို လုံးစေ့ပတ်စေ့ ရှင်းပြပြောဆိုလိုက်တော့-

"ဟင် - အဲဒီလိုအထိတောင်ပဲလား"

"ဟယ် - သမီးသာ ကိုချင်းတွင်းနေရာမှာဆို လိပ်ပြာလွင့်နေလောက်ပြီ"

"အဲ- အစ်ကို မကြောက်ဘူးလား"

သူ အားလုံး၏အာမေဋိတ်ကိုနားထောင်ပြီး မဝဝါလွင်ကို မေးခွန်းထုတ်ရတော့၏။

"အဲဒါဆို မဝဝါလွင်ပြောပုံအရ ဒီမှာ နာနာဘာဝရှိတယ်ပေါ့"

"အင်း-အဲ ဟိုလေ- ဒီလို မောင်ချင်းတွင်းရဲ့။ ဟောဒီ ထနောင်းပင်ကြီးမှာတော့ ဘိုးတော်ဖြူကြီးတစ်ဦးရှိတယ်။ အဲဒီအနောက်နှစ်ထပ်အဆောင်မှာတော့ မရှိဘူး။ ဒါပေမယ့် ဟိုလေ . . . ဟို"

"ဩော်- ပြောပါ မဝဝါရဲ့၊ နေ့ခင်းကြီးတောင်ကြောက်နေသေး"

သူ၏စကားကြောင့် မဝဝါလွင်မှာ ဘေးဘီဝဲယာတစ်ချက်ဝေ့ကြည့်ပြီး -

"အဲ အဲ - အဆောင်အနီးက ထန်းပင်ညီနောင်မှာ ရှိ . . . ရှိတယ်ကွယ့်"

သူမှာ ယခုမှ ကြက်သီးမွေးညင်းထမိသည်။ သို့နှင့် ဘာမှမဖြစ်ခဲ့သလို နေထိုင်ဖို့ဆိုတာ မဖြစ်နိုင်။ မဝဝါလွင်မှာ ယခုမှ နာနာဘာဝရှိသော ထန်းပင်ညီနောင်၏အကြောင်းကို ရှင်းပြတော့၏။ ဟိုတယ်တွင် တစ်ပတ်တစ်ခါ အုန်းပွဲဂွက်ပျော်ပွဲနှင့် သာသနာပွဲတင်ရပြီး သက်ဆိုင်ရာအစောင့်တို့ကို အမျှဝေရသည်။ သို့ပေသည့် တစ်ပတ်တွင် သာသနာပွဲပူဇော်လျှဒါန်းရန် ပျက်ကွက်ခဲ့ပြီး မေ့လျော့နေမိသည်။ ထို့နေ့ည်တွင် မဝဝါလွင်မှာ ညဘက်သို့ရောက်လျှင် တော်ရုံနှင့်အိပ်မပျော်နိုင်။ ဟိုနားက အသံကြားသလို၊ ဒီနားက လူဖြတ်လျှောက်သွားသလိုနှင့် နေ့လယ်ပိုင်း ဟိုတယ်သို့ ဧည့် သည်ဝင်လျှင်လည်း အကြောင်းတစ်ခုဟုတ်တစ်ခုထဖြစ်၏။ မြေအောက်လက်နှစ်ပြန်ခန့်အထိတူးမြှုပ်ထားသော ရေပိုက်သည် ထပေါက်၏။ ဧည့်သည်ဝင်ရောက်သည့်အခန်းတစ်ခုတည်းသာ မီးပျက်ပြီး ဘာမှရှာဖွေမတွေ့ရသဖြင့် ဧည့်သည်ပြန်ထွက်သွားလျှင် မီးပြန်လာတော့သည်။ ထိုမျှမဟုတ်၊ တစ်ခါတလေ မြွေများကိုပင်လွှတ်ပြသည်။ ထိုရက်ပိုင်းညများတွင်လဲသည်း မဝဝါလွင်တစ်ယောက် အိပ်မက်မက်ပြီး ဘိုးတော်ကြီးတစ်ယောက်နှင့်ဆုံတွေ့တော့ -

"သမီး၊ အဘကတော့ ဟောဒီထနောင်းပင်မှာ နေထိုင်လာတာ နှစ်ပေါင်းမနည်းတော့ဘူးကွယ်။ သမီးတို့ ဆီမှာလည်း ကုသိုလ်အမျှဝေသံတွေ ရှားပါးလှပါဘိနဲ့။ ထန်းညီနောင်မင်းနှစ်ပါးကတော့ စိတ်အလွန်ဆိုးနေလေရဲ့ သမီး"

"ရှင် - ဘာ"

"အေးအေး- မနက်ဖြန် သာသနာပွဲကို မမေ့စေနဲ့ကွယ်"

"ဟုတ်၊ ဟုတ်ကဲ့-အဘ"

မဝဝါလွင်မှာ အိပ်နေရာမှ ရုတ်တရက် လှုပ်နှိုးခြင်းခံလိုက်ရပြီး ဘယ်သူနှိုးသည်တုံးဟုကြည့်သောအခါ အနီးအနားတွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိ။ ယောကျ်ားဖြစ်သူပင် အခန်းထောင့်တစ်ခုနေရာ၌ လူးလှိမ့်၍ အိပ်နေတော့၏။ ထို့နေ့ည အိပ်မက်ကစတင်၍ ယနေ့ထက်တိုင် သာသနာပွဲကိုပူဇော်၍ အမျှဝေနေသည်မှာ ယနေ့ထပ်တိုင်။

"အဲဒါပဲ မောင်လေး၊ မောင်လေးက ပရိတ်ပဌာန်းတွေရွတ်ဖတ်ပြီး အမျှဝေတော့ သူတို့ကချစ်ခင်လို့ စတာနေမှာပါ"

"အဲ-အစ်မရယ်၊ သူတို့စ,တာကြီးကလည်း သမီးဖြင့် ကြက်သီးမွေးညင်းတောင်ထတယ်"

"ဟုတ်တယ်နော်၊ လန့်လိုက်တာကျွန်တော် အဲဒီနေရာ တစ်ယောက်တည်း မသွားတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

မျက်စိကြည်တဆေး

ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ မျက်စိက အနုနယ်ဆုံးဖြစ်ပြီး အရေးအကြီးဆုံးလည်း ဖြစ်ပါတယ်။ မျက်စိမမြင်တော့ဘူးဆိုရင်တော့ ဘဝတစ်ခုလုံးဆုံးရတာပါ။ အဲဒီတော့ မျက်စိကို အတတ်နိုင်ဆုံး ဂရုစိုက်ကြဖို့ လိုအပ်လှပါသည်။

အရွယ်နှင့်မမျှတဲ့ မျက်စိအင်အားနည်းပါးသွားသူတွေ၊ တစ်ခုခုနဲ့ခိုက်မိပြီး ဒဏ်ဖြစ်ကာ မျက်စိမှုန်ဝါးသွားသူတွေ၊ အကြောင်းအမျိုးမျိုးနဲ့ မျက်စိမှုန်ဝါးသွားသူတွေ လောကမှာ အများအပြားရှိကြမယ် ထင်ပါတယ်။

အတွင်းတိမ်လို့ခေါ်ကြတဲ့ရေတိမ်ဖြစ်ကြသူတွေကို မဆိုလိုပေမယ့် ဘာကြောင့်ဘဲမှုန်မှုန် မျက်စိမှုန်တဲ့လူတွေအတွက် မြန်မာ့ဆေးနည်းကောင်းလေးတစ်ခုရလာတဲ့အတွက် ပြည်သူသို့တင်ပြလိုက်ခြင်းပါ။ ဒီလိုပါ။

ကျွန်တော်တို့အောင်ဇမ္ဗူရပ်ကွက်ထိပ်မှာရှိတဲ့ ဇီဇဝါပင်အရိုင်းကြီးမှာ လမ်းလျှောက်သူများဖြစ်ကြတဲ့ ကျွန်တော်ဦးသောင်းညွှန့်၊ ကိုရင်မောင်၊ ကိုတင်ထွန်း၊ ကိုမွတ်တား၊ ကိုအောင်မြင့် စတဲ့ မိတ်ဆွေတွေလမ်းလျှောက်အပြီး အဝိုင်းမှာထိုင်ကာ ရောက်တတ်ရာရာစကားပြောကြခြင်းဖြင့် နေ့တစ်နေ့ကို မဂ်လာရှိရှိ ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်ကြတာထုံးစံပါ။

၂၀၁၅ ၅ လပိုင်းတစ်ရက်မှာ ကိုတင်ထွန်းက -

"ဗျို့-ဆရာတို့၊ မနေ့က မြို့မစျေးမှာ ကျောက်ဆင်းတုရုပ်ပွားတော်ကြီး လှည့်လည် အပူဇော်ခံတယ်ဗျ။ အဲဒါ လက်လုပ်တောင်မှာ သီတင်းသုံးမယ်လို့ ပြောတယ်။ ဘုဇင်တော်အမြင့်က နည်းတာမဟုတ်ဘူး လူနဲ့တောင်မ,လို့မရနိုင်ဘူး။ ကရိန်းနဲ့ချမှရမယ့်ရုပ်ပွားတော်ကြီးကို ပန်းသွားလျှမင်္ဂလိုက်ကြမလား"

လို့ မေးပါတယ်။

ကိုတင်ထွန်းက ခွေးစာ၊ ငါးစာ၊ စာကလေးစာ စတဲ့ တိရစ္ဆာန်တွေကို နေ့စဉ်ကျွေးမွေးတာမို့ ကားနဲ့လာခြင်းပါ။ ပုရွက်ဆိတ်စာကအစ နေ့စဉ်ကျွေးပါသည်။ ပြီးတော့ ဘုရားပန်း အမွှေးတိုင် စတာတွေ ကလေးတွေကျွေးဖို့ မုန့်တွေပါလေတော့ ကားနဲ့မှအဆင်ပြေပါတယ်။ နေ့စဉ် ကိုတင်ထွန်းနဲ့ ကျွန်တော်တို့အောင်သုခကျေးရွာထိပ်ရှိ ပြည်လုံးချမ်းသာစေတီတော်ကြီးမှာ ပန်းတော်ရေတော်၊ အမွှေးတိုင်လှူဒါန်းခြင်း၊ ညောင်ရေသွန်းခြင်း၊ သစ်ပင်ပန်းမန်တွေရေလောင်းခြင်း၊ သန့်ရှင်းရေးပြုခြင်း စတဲ့ကုသိုလ်တွေ နေ့စဉ်ယူနေကျပါ။ အဲဒီလို ကိုတင်ထွန်းမေးတော့ ဦးသောင်းညွှန့်က -

"ကဲ - ကျုပ်လိုက်မယ်ဗျာ"

ဆိုတာကြောင့် ဦးသောင်းညွှန့်နဲ့အတူ ပြည်လုံးချမ်းသာဘုရားမှာပြုဖွယ်ကိစ္စတွေပြုပြီးကုသိုလ်ယူကာ လက်လုပ်တောင်စိမောင်းခဲ့ကြပါသည်။ လက်လုပ်



ကလေးနှစ်ယောက်၏မှတ်ချက်ကို ဂရုမပြုနိုင်ပါ။မင့်ဝါလွင်မှာ သူ၏မျက်နှာကို အကဲခတ်ကြည့်ရှုနေပါတော့သည်။

ညရောက်တော့ ကိုလှမင်းထွန်းကို ဖြစ်ကြောင်းကုန်စုံအောင် ပြောပြပြီး သွေးတိုးစမ်းကြည့်၏။

"ဟေ့လူ၊ ကျုပ်ကိုတော့ အဲဒီလို မလုန့်နဲ့ဗျ။ တော်ပြီဗျာ ကိုချင်းတွင်း၊ ကျုပ်ကိုမနှိုးခိုင်းနဲ့တော့။ ဒီတစ်ခါနှိုးဆိုရင် ဖုန်းဆက်ပြီးမုဆိုးတော့မယ်"

ဟူ၍ အထိပင် ဖြစ်သွားသည်။

သူလည်း ဧည့်သည်သိပ်မရှိသည်မို့ စောစောအိပ်ရာဝင်ရန် နှစ်ထုပ်ဆောင်သို့တက်လာခဲ့ပြီး ဘုရားရှိခိုးရွတ်ဖတ်ပူဇော်ပြီး အမျှဝေကာ အိပ်ခဲ့တော့သည်။ ယနေ့ညကား တံခါးချက်ကို အမှတ်သညာနှင့် မှတ်သားထားကာ ထိုး၍ အိပ်ခဲ့လေသည်။

"ဒေါက် ဒေါက်"

"ဂျက် ဂလောက်"

"ရှပ် ရှပ် ရှပ်"

"လူလေး ချင်းတွင်း ထ ထ"

သူနားထဲသို့ တိုးညင်းဝင်လာသည့်အသံကြောင့် သူမျက်လုံးဖွင့်ကြည့်လိုက်တော့ -

"ဟင် - အဘဘိုးတော်ဖြူ"

"အေးကွယ်၊ အဘဟုတ်ပါတယ်။ နောက်တစ်ခါ ဘယ်သူလာခေါ်ခေါ် မလိုက်ရဘူးကွယ်နော်။ သံသရာဘဝခြားနေတဲ့သူတွေခေါ်လိုက်ရင် ဝိညာဉ်ပါတတ်တယ်"

"ဟုတ် ဟုတ်ကဲ့ အဘ၊ ဒါနဲ့ အဘဘယ်လိုဝင်လာတာ"

သူမေးခွန်းကို ဘိုးတော်ဖြူမှာ လက်ကာပြပြီး -

"ကဲ ကဲ အဘသွားပြီကွယ်။ ဘုရားရှိခိုးတာတို့၊ အမျှဝေတာတို့ကို ဘယ်အရပ်ဒေသရောက်ရောက် မမေ့လျော့စေနဲ့နော် လူလေး ချင်းတွင်း"

"ဟုတ်ကဲ့ အဘ"

သူ၏စကားအဆုံးတွင် သူခန္ဓာကိုယ်အား လူတစ်ယောက်ယောက် လှုပ်နိုးသလို ခံစားလိုက်ရပြီး သူနိုးလာတော့ အခန်းတံခါးကို အသေအချာ ကြည့်မိလိုက်သည်။ တံခါးမှာ ပွင့်လျက်သားနှင့် -

"အဘ ဘိုးတော်ဖြူ တကယ်လား သွားတာပဲ"

သူအသိစိတ်မှာ အဘနှင့်အပြန်အလှန်ပြောခဲ့သည်များကို သတိရစေ ဟန်းဖုန်းမှ နာရီကိုကြည့်မိလိုက်လေ ထူးဆန်းစွာပင် ယနေ့လည်း (၃၂) မိနစ်ကွက်တိပါပေ။

သမ္မေသတ္တာကမ္မသကာ

ချင်းတွင်းရော

www.burmeseclassic.com

www.burmeseclassic.com

တောင်က သပြေကုန်းရွာရဲ့အရှေ့ဘက် ဥပ္ပါတသန္တိစေတီတော်ကြီးရဲ့ အနောက်ဘက်၊ ရာဇဌာနီလမ်းမကြီးရဲ့မြောက်ဘက် ဘေးမှတည်ရှိပါတယ်။

ဝန၀ါသီ ဘဒ္ဒန္တဥေ ယျဓမ္မသာမိ ထေရ် သီတင်းသုံးစဉ်မှစကာ လက်လုပ်တောင်သာသနာဟာ ပွင့်လင်းစည်ကားခဲ့ခြင်းဖြစ်ပြီး ခုလည်း ဆက်လက် စည်ပင် ဝေဆာနေဆဲရှိပါတယ်။ ခုလည်း မဟာမြိုင်ဆရာတော်ကြီးဘဒ္ဒန္တဥေ ယျဓမ္မသာမိထေရ်အား ဦးထိပ်မန်ဆင်လျက် ရှိကြပါတယ်။

ဦးသောင်းညွှန့်က -

"ကျုပ်က သပြေကုန်းသားဗျ။ ကျုပ်ငယ်ငယ်က ဒီလက်လုပ်တော်ကျောင်းမှာနေတာ။ အဲဒီတုန်းကတော့ ကျောင်းလေးပေါ့၊ ခုလိုဘယ်စည်ကားမှာလဲ"

လို့ပြောပြပါတယ်။ ရောက်တယ် ဆိုရင်ပဲ ပလွင်လုပ်ရန်အသင့်ပြင်ထားတဲ့ ကျောက်ကွန်ကရစ်ခုံကြီးပေါ်မှာ ရှုပ်ပွားတော်မြတ်ကြီး စံပယ်လျက်ရှိပါတယ်။ ကျွန်တော်နဲ့ ကိုတင်ထွန်းက ပန်းတွေလျှကြပါတယ်။ အမွှေးတိုင်တွေ ပူဇော်ကြပါတယ်။ အတော်ကြီးတဲ့ ရှုပ်ပွားတော်ကြီးပါ။

ပန်းလျှအပြီးမှာ လက်လုပ်တောင် ဝေါပကအဖွဲ့နဲ့ စကားပြောတဲ့အခါမှာတော့ ဦးသောင်းညွှန့်ရဲ့ကျောင်းနေဖက် သူငယ်ချင်းတွေကို တွေ့ရတော့ ဦးသောင်းညွှန့် အရမ်းပျော်နေပါတယ်။ ဦးသောင်းညွှန့်က မျက်စိမှုန်ဝါးဝါး မှုန်မှုန်ထူထူနဲ့နေရပေမယ့် သူသူငယ်ချင်းတွေက မျက်မှန်မတပ်ကြပါဘူး။

"ဟေ့ - မြသန်း၊ မင်းကမျက်မှန်ထွေ ဘာတွေမလိုဘူးလား"

"မလိုဘူး ကိုသောင်းညွှန့်ရေ။ ကျုပ် အသက် (၄၀) လောက်က မျက်စိထဲခိုက်မိဖူးတယ်။ တောထဲသစ်ခုတ်သွားတာ မျက်စိဝါးသုတ်ကိုင်းရိုက်မိပြီး ဒဏ်ရာရတော့ ဘာဆိုဘာကိုမှကိုမမြင်ရတော့တာ။ ညဆိုမီးခွက်ကိုကြည့်ရင်းတောင် မီးခွက်ကတစ်ခွက်ကနေ နှစ်ခွက်ဖြစ်နေတတ်တာ။ အင်း -ငါ့ဘဝတော့သွားပါပြီ ဆို့ တွက်ထားတာ။ ဆရာတစ်ဦးနဲ့တွေ့တော့ မင်းမျက်စိဘာမှမဖြစ်စေရဘူး။ ဒီဆေးသာဖော်စား၊ မကြာဘူး၊ ကောင်းသွားစေရမယ်လို့ဆိုတာကိုး။ ဒါနဲ့ အဲဒီဆေးကိုဖော်စားလိုက်တာ လေးငါးဆယ်ခွက်အတွင်းမှာ မျက်စိက ပကတိပြန်ကောင်းသွားခဲ့တယ်။ ကျုပ်အတော်ကြာ

ဆက်စားလိုက်တာ အခုထိစာကြည့် မျက်မှန်တောင်တပ်စရာမလိုဘဲ စာဖတ်နိုင်သေးတယ်ဗျ"

"ဟာ - တယ်ဟုတ်ပါလားမြသန်းရ။ ဆေးကရှာရခက်တဲ့ဆေးလား"

"ဘာခက်မလဲဗျာ၊ လွယ်မှလွယ်ပါ။ ပရဆေးဆိုင်က ဆေးသုံးမျိုးပဲရှာရတယ်။ ကျန်တာတွေက အခက်အခဲမရှိဘူး။ ဒါနဲ့ပြောရဦးမယ်၊ ညောင်ပင်ကြီးမှာ ကျုပ်ညီက အိမ်ထောင်သွားကျတယ်။ ဟိုးလွန်ခဲ့တဲ့ဆယ်နှစ်လောကက ကျုပ်ခယ်မ ကျုပ်ဆီရောက်လာတယ်။ ဘာကိစ္စလဲလို့မေးတော့ သူ့ယောကျ်ားကျွန်တော့်ညီ အပူကြောင့်ထင်ပါရဲ့၊ မျက်စိတွေမမြင်ရတော့ဘူး။ အဲဒါကျုပ်ဆီမှာ မျက်စိကြည်ဆေးရှိတယ်ဆိုတာ သိလို့လွှတ်လိုက်တာလို့ ပြောပါတယ်။ ကျုပ်လည်း ဆေးတစ်ဖုံဖော်ပေးလိုက်တယ်။ ဆေးတစ်ဖုံတောင် မကုန်လိုက်ပါဘူး၊ အကောင်းပကတိဖြစ်သွားပြီလို့ ကျုပ်ခယ်မက လာပြီးသတင်းပို့ပါတယ်။ ဒါက ကျုပ်တစ်ဦးတည်းပျောက်တာ မဟုတ်ဘူးဆိုတာသိစေချင်လို့ပြောတာပါ။

"ဒါဆို ဆေးနည်းလေးဘာလေး လုပ်ပါဦး မောင်မြသန်းရ။ ငါက မင်းထက် (၅) နှစ်ပဲကြီးတာ။ ဘာမှမမြင်ရတော့ဘူး"

လို့ ဆိုတဲ့အခါ -

"ဆေးနည်းက စာနဲ့လိုက်ရေးမှရမှာ"

ဆိုတော့ ကျွန်တော်ကအသင့်ပြင်ရပါတယ်။

မင်းကိုကာ	၅ ကျပ်သား
ပွေးကိုင်း	၅ ကျပ်သား
ဆေးပိုးတီ	၅ ကျပ်သား
သကြား	၁၀ ကျပ်သား
မန်ကျည်းမှည့်	၁၀ ကျပ်သား
ထန်းလျက်	၁၀ ကျပ်သား
ပျားရည်	၁၀ ကျပ်သား

ဆေးအမည်က (၇) မျိုးနော်။

မင်းကိုကာ၊ ပွေးကိုင်း၊ ဆေးပိုးတီ အမှုန့်ပြုပြီး ကျန်တဲ့ သကြား၊ မန်ကျည်းမှည့်၊ ထန်းလျက်၊ ပျားရည်နဲ့ရောနယ်ပြီးတော့ ပေါ့ဗျာ၊ တေပြီးရင် လေလုံဘူးထဲထည့်ပြီး ညအိပ်ရာဝင်တိုင်း ထမင်းစားဇွန်းနဲ့ တစ်ဇွန်းစား ရေဝေသောက်။ အစမှာ ဝိုက်တွေဘာတွေရစ်လာမယ်။ ၀မ်းနည်းနည်းသက်မယ်၊ မကြောက်နဲ့၊ဘာမှမဖြစ်ဘူး။ နောက်ပိုင်း အပူအပုပ်စင်သွားရင် မရစ်တော့ပါဘူး။ စားကြည့်ဗျာ။ မျက်စိမှုန်တာတွေ မျက်စိရောဂါတွေ သိသိသာသာပျောက်ကင်းစေရမယ်"

လို့ ဆိုပါတယ်။

"ညောင် - စာရေးဆရာ၊ ဒါက ကျုပ်နဲ့ငယ်သူငယ်ချင်းလေ။ သူက ကျုပ်ထက်ငယ်တယ်။ ကျုပ်က ကျောင်းသားကြီး၊ သူက ကျောင်းသားငယ်ပါ။ ဒါထက် မောင်မြသန်း မင်းအသက်ဘယ်လောက်ရပြီလဲ။ ငါတော့ (၈၀)ပြည့်လုနီးပြီ။

"(၇၅) နှစ်ပါ၊ သူက (၇၆) ရှိပြီ။ ကျုပ်တို့ဒီကျောင်းထွက်တွေပါ။ ကျုပ်တို့က ဝေလဲကုန်းရွာသားတွေပါ"

လို့ပြောပြပါတယ်။

ဝေလဲကုန်းရွာက ရာဇဌာနီလမ်းမကြီးရဲ့တောင်ဘက်မှာတည်ရှိခဲ့တာပါ။ လက်လုပ်တောင်နဲ့ တောင်ဘက်မြောက်ဘက်ပါ။ အဲဒီမှာ ဝေါပကအဖွဲ့တွေနဲ့ သိကျွမ်းခင်မင်ရသလို လက်လုပ်တောင်စေတီတော်ကြီးကိုလည်း ဖူးမြော်ရပါတယ်။ လက်ရှိလက်လုပ်တောင်ဆရာတော်ကိုလည်းဖူးမြော်ရပါတယ်။

ကျွန်တော်ကတော့ ဘုရားလည်းဖူး၊ လိပ်ဥလည်းတူးဆိုတာလို ဘုရားလည်းဖူးရ၊ ဆေးနည်းလည်းရလို့ ကျေနပ်ဝမ်းမြောက်ခဲ့ရတဲ့ ခရီးတိုတစ်ခုလို့ဆိုချင်ပါတယ်။

မှတ်ချက် -

ရှုပ်ပွားတော်ကြီး၏ဘွဲ့အမည်မှာ ခေါင်နန်းဘုရင်ဘုရားဟု ခေါ်တွင်ပါသည်။ အနှံ (၆၈) ပေ၊ အလျား (၁၆၈) ပေ စံကျောင်းတော်ကြီး ဆောက်လုပ်လျက်ရှိပါသည်။

(လက်လုပ်တောင်ဝေါပကအဖွဲ့ဝင် ဦးမြသန်းသို့ ကျေးဇူးတင်ပါသည်။)

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com



(အပျိုးသားဘာသာရေးဆုရ)

ကျွန်းစဉ်မြေ-စောခက်

လိုင်းတိုပိုးများကြားက လေယဉ်ရှင်သားအမိ

ဟေမန္တ တမန်တော် မြောက်ပြန်လေ၏ ကျီစယ်မှုကြောင့် သစ်ကိုင်းသစ်ရွက်တို့ ထွန့်ထွန့်လူးလှုပ်ရှားသွားကြ၏။

"အောက်အီးအီးအွတ်"

ကြက်ဖ ညောင်ကန် တွန်ကျူးသံက မအေးရင်ကို နိုးထစေရန် အချက်ပေးလိုက်သလိုရှိတိ၏။ မအေးရင် အိပ်ရာပေါ် မှနေ လူးလိမ့်ထလိုက်ပြီး ဂက်(စ်)မီးခြစ်ကလေးမှတစ်ဆင့် ရေနံဆီမီးခွက်သို့ မီးကူးပေးလိုက်သည်။ ထင်းစကလေးများတွင် ရေနံဆီတို့ဆွတ်ပြီး မီးဖို တွင် မီးမွှေးလိုက်၏။ ကြမ်းကြားမှတိုးဝင်နှောက်ယှက်နေသော မြောက်ပြန်လေကြောင့် တော်တော်နှင့်မီးမစွဲ။ မီးစွဲသည်ဟုဆိုလျှင်ပင် အိုးထဲကို ဆန်ထည့်ပြီး ဆန်ရေဆေးကာ မီးဖိုပေါ် တင်ထားလိုက်သည်။

"အမေ"

မအေးရင်ခေါ် သံကြားလို့ နောက်သို့လှည့်ကြည့်လိုက်၏။ သမီး အေးမြသီတာကလေး အိပ်ရာမှထလာ၏။

"သမီးဘာလို့ထလာတာလဲ၊ အိပ်နေဦးလေ၊ မိုးမလင်းသေးဘူး"

"ရပါတယ်အမေရဲ့ သမီး။ ငါးတံစို့တွေ၊ ကြေပိုင်းတွေ၊ မြေပဲလှော်တွေ တောင်းကလေးတွေထဲ ထည့်ပေးမယ်လေ။ နောက်ပြီး အမေနဲ့ စေ့းရောင်းလိုက်မယ်နော်"

"သမီးလေးလိုက်လို့ဘယ်ဖြစ်မလဲ။ ဒီအလုပ်က မြစ်ပြင်ကျယ်၊ လှိုင်းတောလေတောထဲမှာ လုပ်စားရတာ မလွယ်ဘူးသမီး"

"သမီးကျောင်းနေချင်လို့ပါ အမေရယ်"

"ကျောင်းနေချင်ရင်လည်း နေလို့ရအောင် အမေကြိုးစားနေတာပဲ သမီးရယ်"

"ဩော်-အမေကလည်း အမေပါ သမီးပါ နှစ်ယောက်လုပ်တော့ နှစ်အားပေါ့ အမေရယ်"

"မြစ်ပြင်ကျယ်ထဲမှာ အရမ်းခက်ခဲတဲ့အလုပ်မို့လို့ ပြောနေတာပေါ့ သမီးရယ်"

အေးမြသီတာမှာ စတုတ္ထတန်းအောင်ထားပြီး ဖြစ်သည်။ သို့သော် မိမိရွာတွင် အလယ်တန်းကို ဆက်လက်သင်နိုင်သည့် အလယ်တန်းကျောင်းမရှိသဖြင့် ကျောင်းဆက်မနေရ၊ အဖေကလည်း ပင်လယ်ပြင် ငါးဖမ်းထွက်ရင်းလေပြင်းမိလို့ အိမ်ထောင်ဦးစီးစာရင်းက ပျက်ပြယ်ခဲ့လေပြီ။

သားအမိနှစ်ယောက် အစာအိမ်အတွက်ကိုတော့ မအေးရင်ကပဲ စေ့းရောင်းပြီး ဝမ်းကျောင်းခဲ့သည်။ သည်နှစ်တွင် သမီးလေးကို အလယ်တန်းပညာသင်နိုင်အောင် မြို့ပို့ပြီးကျောင်းထားမည်ဟု ဆုံးဖြတ်ထားသည်။ သို့ကြောင့် ရွာထဲတွင် စေ့းရောင်းရုံမက သဘော်ရက်တွေမှာ လှေကလေးနှင့်လှော်ထွက်ပြီး ခရီးသည်တွေကို စေ့းရောင်း၏။

မအေးရင်မှာ အဓိကရောင်းကုန်အဖြစ် ကကတစ်ငါးတွေကို ဓားနှင့်မွှန်းပြီး ဆား၊ နနွင်းသီပ်ကာ အကောင်လိုက် တံစို့ထိုးပြီး မီးကင်သည်။ ကျက်သွားလျှင် ညှော်နုံလေးသင်းသင်းနှင့် အရောင်းကောင်းသည်။ ထမင်းနှင့်လိုက်စားလျှင်၊ ငါးတံစို့နှင့်တွဲပြီး ကောက်ညှင်းကျည်တောက်ကိုပါတွဲရောင်း၏။ ကောက်ညှင်းကျည်တောက်နှင့် ငါးတံစို့မှာ မိတ်ဖက်အတွဲလိုဖြစ်နေ၏။ ရွာထွက် အစားအစာမို့ မြို့ကခရီးသည်များ အားအယက်ဝယ်ကြ၏။ သူတို့သားအမိမှာ

www.burmeseclassic.com

www.burmeseclassic.com

ထွက်ရသည်။

သမီးကလေး အေးမြသီတာက အမှေစေးတောင်းထဲတွင် ကကတစ် တံစို့များကို မတ်မတ်ကလေးစိုက်ပြီး တစ်ကောင်ချင်းထည့်လိုက်သည်။ စေး တောင်းတစ်ခြမ်းပြည့်သွားချိန်တွင် ကျန် သည့်အခြမ်းဘက်တွင် ကောက်ညှင်း ကျည်ပိုင်းများကိုထိုးစိုက်လိုက်ပြန်သည်။ ငါးတစ်ဖို့၊ ကောက်ညှင်းတောက်တို့ဖြင့် မအေးရင် စေးတောင်းကလေး တောင့် တောင့်တင်းတင်းဖြစ်သွား၏။

အေးမြသီတာ မိမိစေးတောင်း ကလေးကို ဆွဲယူလိုက်ပြန်၏။ ညနေက တည်းက ပိုင်းထားသော ကြံပိုင်းကလေး များကို စေးတောင်းထဲမတ်တတ်ထိုးစိုက် လိုက်၏။ စေးတောင်းတစ်ဝက်အပြည့် တွင် မြေပဲလှော်ထုပ်ကလေးတွေကိုထိုး စိုက်ထည့်လိုက်ပြန်သည်။ မြေပဲလှော် တွေကိုတော့ သုံးပြီးသား ဗလာစာရွက် ဟောင်းတွေကို ပွတ်လုံးချွန်ကလေးတွေ ကိုလုပ်ပြီးထည့်ထားခြင်း ဖြစ်သည်။ ပွတ်လုံးချွန်သဏ္ဌာန်စာရွက်အိတ်အတွင်း ပြည့်သွားလျှင် အပေါ်က ပိတ်လိုက်ခြင်း ဖြင့် တစ်ဖက်ချွန်မြေပဲထုပ်ကလေးများ ဖြစ်သွားကြ၏။

"သမီး ကြံပိုင်းတွေက လေးတယ် နော်။ သိပ်များများစားစား မထည့်နဲ့ နော်"

"ရပါတယ် အမေရဲ့၊ သမီး မ, ကြည့်ပြီးပြီ အတော်ပဲ"

"အေး၊ အေး - သင်္ဘောပေါ်မှာ ပြေးတက်ပြေးဆင်းနဲ့ လုပ်ရတာဆိုတော့ မလွယ်ဘူး သမီးရယ်။ အမေကတော့ သမီးကို လုံးလုံးမလိုက်စေချင်ဘူး"

"ရပါတယ် အမေရဲ့"

"သမီးပြောလိုက်ရင် ရပါတယ်၊ ရပါတယ်နဲ့ အမေရင်ထိတ်လွန်းလို့ပါ ကွယ်"

"သမီးကျောင်းနေချင်လွန်းလို့ပါ အမေရယ်။ သမီးကိုယ့်ရွာမှာ ကျောင်း ဆရာမလုပ်ချင်တယ်အမေ"

"အေး - ဟုတ်ပြီ၊ ဟုတ်ပြီ၊ အမှေ သမီး ဆန္ဒပြည့်စေရမယ်။ အမေကြိုး

www.burmeseclassic.com

www.burmeseclassic.com

စားမယ်နော်"

မအေးရင် သမီးလေး၏မျက်နှာငွေ့လ ရွှင်ပျပျလေးကို လှမ်းကြည့်လိုက်ရင်း အမှေမေတ္တာအေးမြမြက ရင်ထဲလွှမ်းသွားသည်။

မအေးရင် ထမင်းအိုးထဲက ရေနွေးလေးကိုခပ်ယူပြီး ရေအေးနည်း နည်းရောထည့်ကာ သမီးလေးကိုလှမ်းပေးလိုက်၏။ အေးမြသီတာကလေးမှာ ရေနွေးပူကလေးဖြင့် ပလုတ်ကျင်းလိုက်ပြီး မျက်နှာသစ်ပစ်လိုက်၏။ တဘက်ကလေးဖြင့် မျက်နှာသုတ်ရင်း အိမ်ရှေ့သို့ထွက်ပြီး မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။

"အမေ မိုးလင်းတော့မယ်။ ရိုးမတောင်ကြီးဘက်က ရောင်နီသန်းလာပြီ"

"ဒီက ထမင်းကျက်တာနဲ့ မိုးလင်းမှာနဲ့ အတော်ပဲပေါ့ သမီးရယ်"

"ဟုတ်ကဲ့အမေ"

ဆောင်းနှောင်း နှင်းပွင့်ကလေးများကတော့ ပိန်နွှမ်းကလေးတွေအပေါ် ခိုသီးနေကြရာမှ မြောက်လေသရမ်းက ခပ်ကြမ်းကြမ်းဆော်သွေးလိုက်ရာ ခနိုးခနဲ့အိမ်ခေါင်းလေးပေါ် တသောသောကြွေဆင်းသွားကြသည်။

"အောင်မလေး-အေးလိုက်တာ"

"သမီးက ဘာလို့အောက်ဆင်းသွားရတာလဲ။ ဆောင်းကမကုန်သေးဘူးလေ သမီးရဲ့၊ အေးတာပေါ့"

"လာ၊ လာ သမီးလေး၊ အိပ်ရာထဲနွေးနေလိုက်ဦး။ ပြီးရင် အမေခေါ်မယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ အမေ"

အမေနှင့်သမီး နှစ်ယောက်ပေါင်းမှတစ်ဘဝ ဟူသော ဘဝမျိုးမှာ မိဘနှင့်သားသမီးသံယောဇဉ်တရားက ရေအသွင် ခွဲခြားမရ၊ စီးသစ်နေခဲ့။

❑

ထွက်ပြူစ နေဝန်းနီကြီးသည် ရခိုင်ရိုးမတောင်တန်းကြီးပေါ် မေးတင်ပြီး မြန်မာ့မြေအနောက်ခြမ်းကမ်းရိုးတန်းအား စီးမိုးကြည့်နေပေပြီ။

မအေးရင် ကိုယ်လက်ဆေးကြော သုတ်သင်ပြီး သမီးလေးနှင့်အတူ ဘုရားခန်းသို့ ရောက်လာ၏။ သားအမိနှစ်ယောက် ရှင်တော်မြတ်ဘုရားကို ဆွမ်းတော်ကပ်ပြီး ဦးချကာ ဝေနေယျသတ္တဝါအပေါင်းတို့အား ကောင်းမှုကုသိုလ် အတွက် အမျှဝေလိုက်ကြ၏။

သားအမိနှစ်ယောက် စျေးတောင်းကလေးကိုယ်စီရွက်ပြီး လှေဆိပ်သို့ ဆင်းလာကြ၏။ စျေးတောင်းကလေးများနှင့် ထမင်းချိုင့်၊ သောက်ရေဘူး စသည်တို့ကို လှေပေါ်တွင် အသေအချာချထားလိုက်ကြ၏။ အမေကြီးက ပဲ့ကိုင်ပြီး သမီးကလေးက လှေဦးက လှော်ကာ မြစ်ပြင်ကျယ်ထဲ စျေးရောင်းထွက်ခဲ့ကြလေပြီ။

ရေနီကြီးသင်္ဘောဆိပ်မှာ မြေပုံမြို့နယ် ကျွန်းစဉ်ဒေသထဲတွင် ပါဝင်၏။ သွားရေးလာရေးအရမ်းခက်ခဲသောနေရာမို့ အင်္ဂလိပ်အစိုးရလက်ထက်ကပင် သင်္ဘောဆိပ်အဖြစ် သတ်မှတ်ပေးထားသောနေရာ ဖြစ်သည်။ သင်္ဘောဆိပ်ဟု သတ်မှတ်ထားသော်လည်း သတ်သတ်မှတ်မှတ် ဆိပ်ခံတံတားကားမရှိ။သင်္ဘောဝင်လာလျှင် စက်ရှိန်လျှော့ပြီး ရပ်ပေးသည့်အချိန်တွင် ခရီးသည်များမှာ ကူးတို့လှေကလေးများနှင့် ကူးခပ်သွားလာကြပြီး တက်ကြ၊ ဆင်းကြရ၏။ မြစ်ပြင်ကျယ်ကြီးထဲတွင် အချိန်တိုကလေးအတွင်း တက်ကြ၊ ဆင်းကြရသဖြင့် အလွန်အန္တရာယ်ကြီးလှပေသည်။

သင်္ဘောဝင်သည့်နေ့ဆိုလျှင် ပတ်ဝန်းကျင်ရွာများမှ ကူးတို့လှေများမှာ စင်းရေ (၂၀) အောက်လျော့သည်ဟူ၍ မရှိ။ ဗြူးရုံများ၊ မဒမချုံများတွင် ကြိုးချည်ပြီး သင်္ဘောအလာကိုစောင့်ကြ၏။ အချို့က မြစ်ကမ်းစပ်ရှိသောငြင်တွင် လှော်တက်ကို ထိုးစိုက်ပြီး လှေကြိုးချည်ကာ စောင့်ကြသည်။ ခရီးသည်များတစ်ဦးနှင့်တစ်ဦး တစ်လှေနှင့်တစ်လှေစကြားနောက်ကြရယ်မောကြသည်။ တစ်ရွာနှင့်တစ်ရွာ မာကြောင်းသာကြောင်း မေးကြ မြန်းကြသည်။ သီချင်းဆိုသူဆို၊ အော်သူအော်၊ ခေါ်သူခေါ်နှင့် ကျေးလက်သဘာဝဆူညံသောသောရှိချေ၏။ မအေးရင်တို့သားအမိတို့လို ဆေးလိပ်၊ ကွမ်းယာ၊ မြေပဲလှော်၊ ကြံပိုင်း၊ ကောက်ညှင်းကျည်တောက်၊ ငါးတံစို့ရောင်းသူတွေကလည်း မရှား။ ရေပေါ် ရွာကလေးတစ်ရွာလိုပါပဲ။

❑

သည်ကနေ့တွင်တော့ သင်္ဘောသုံးစီးဆိုက်မည့်နေ့မို့ ရေနီကြီးဆိပ်ကမ်းတွင် ပို့စည်သလိုဖြစ်နေခဲ့သည်။ နေ့လယ်ကပင် မာန်အောင်၊ ရမ်းငြဲ၊ ကျောက်ဖြူမြို့များမှ ပြန်တက်လာသည့် (အတက်) သင်္ဘောဝင်ရောက်ခဲ့ပြီး မြေပုံ၊ ပေါက်တော့၊ စစ်တွေမြို့များသို့ ဆက်လက် ထွက်ခွာသွားလေပြီ။ ညနေ (၃) နာရီလောက်တွင် စစ်တွေ၊ မင်းပြား၊ မြေပုံမြို့များမှတစ်ဆင့် အမ်းမြို့သို့ထွက်ခွာမည့်သင်္ဘောလည်း ဝင်ရောက်ခဲ့လေပြီ။ ည (၈) နာရီတွင် စစ်တွေ၊ ပေါက်တော့၊ မြေပုံမှတစ်ဆင့် ကျောက်ဖြူ၊ ရမ်းငြဲ၊ တောင်ကုတ်မြို့များသို့ ဆက်လက်ထွက်ခွာမည့် (အဆင်း) သင်္ဘောရောက်ပေမည်။

မအေးရင်တို့သားအမိမှာ နေ့လယ်သင်္ဘောဆိုက်ချိန်ကတည်းက ပစ္စည်းတွေ တစ်ဝက်ကျော်ကျော်ကုန်နေပြီ။ ခုညဆိုက်မည့်သင်္ဘောတွင် အပြတ်ရောင်းရမည်ဟု ယုံကြည်ထားကြ၏။

ညသည် တဖြည်းဖြည်းပိုမိုသိပ်သည်းမည်းမှောင်လာ၏။ ခရီးသည်များမှာ သင်္ဘောဖြစ်သန်းလာမည့် ဗောဓိမြစ်ပေါက်ဘက်သို့သာ အာရုံစိုက်နေကြသည်။ ဗောဓိမြစ်ပေါက်မှ မြေပုံဘက်က သင်္ဘောဝင်လာမည့် ရေလက်ကြားလမ်းပင် ဖြစ်သည်။

"ဟေး - ဟိုမှာ သင်္ဘောထွက်လာပြီ ထွက်လာပြီ"

"ဟေး ဟေး ဟေး"

"ရှီ ရှီ ရှီ"

အချို့မှာ အားရဝမ်းသာအော်ပစ်ကြရုံမက ပါးစပ်ကို လက်ခေါက်ထိုးပြီး ဝိုစီတောင်မှုတ်ပစ်လိုက်ကြသေးသည်။ သင်္ဘောစောင့်ခရီးသည်တို့၏ အားရ ရွှင်မြူးအော်ဟစ်သံများမှာ မြစ်ကမ်းခြေတစ်ခုလုံး စီညံသွားသည်။ ကမ်းရိုးတန်းသွား သင်္ဘောကား မီးရောင်တထိန်ထိန်ဖြင့် ရေနီကြီးကမ်းခြေသို့ ဝင်လာခဲ့ပေပြီ။ ကူးတို့လှေကလေးများမှာ တာထွက်ကြတော့မည့် အပြေးသမားများနှယ် လှော်တက်ကို အဆင်သင့်လုပ်ကာ အားယူနေကြ၏။ သင်္ဘောမှာ သတ်မှတ်နေရာသို့အရောက်တွင် စက်ရှိန်လျှော့လိုက်၏။

"ရှီ ရှီ ရှီ"

သင်္ဘောရပ်နားထားပြီး တက်နိုင်ဆင်းနိုင်ကြပါပြီဆိုသည့်သဘော ဝိုစီမှုတ်ပြီး အချက်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ကူးတို့လှေကလေးများမှ ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံကြ။ ကူးတို့လှေလေးများမှာ သူထက်ငါဦးအောင် မြစ်လယ်ရှိသင်္ဘောဆီသို့ အားကုန်ထုတ်ကာ လှော်ခတ်နေကြ၏။ မအေးရင်တို့သားအမိကလည်း မခေါ်။ ယောကျ်ားသားများနှင့်အပြိုင် တန်းတူလှော်ထွက်လိုက်ကြ၏။ သို့သော် အခွင့်သမီးတွေဆိုတော့ အားချင်းမတူ။ ရှုံးအားကမမျှ။ သင်္ဘောသို့မရောက်မီ လှေတစ်ဝက်မှာတင် လှေပုံပြုတ်ကျန်ခဲ့သည်။ မအေးရင်တို့သားအမိ ဇွတ်တော့မလျှော့။ လှော်မြဲလှော်သည်။ တဖြည်းဖြည်း သင်္ဘောမီးရောင်အောက်သို့ ဝင်လာ၏။

"ဟိုမှာဟိုမှာ ငါးတံစို့သည်လာပြီ ကောက်ညှင်းပိုင်းသည်လာပြီ"

သင်္ဘောပေါ် ကဖောက်သည်များ ပေထင့်။ မအေးရင်တို့ ကူးတို့လှေကို

www.burmeseclassic.com

www.burmeseclassic.com

ကြိုနေကြလေပြီ။ အေးမြသီတာလေးတာ မိန်းကလေးပေမယ့် လျင်သည်။ သင်္ဘောပဲ့ပိုင်းကို လှမ်းကိုင်လိုက်ပြီး ဘောကွင်းကတစ်ဆင့် တွယ်ချိတ်တက်လိုက်သည်။ လေကြိုးကို သင်္ဘောနံရံတွင် ချက်ချင်း ဆွဲချည်လိုက်၏။ လေတာလေးကတော့ လိုင်းအလှည့်မှာ ခွက်ရွက်သဲသဲ ခုန်ပေါက်ကစားနေ၏။ မအေးရင်မှာ သတိကြီးစွာထားပြီး လေဦးပိုင်းသို့လျှောက်လာ၏။ ငါးတံစို့တောင်း၊ ကြံပိုင်းတောင်းတို့ကို သင်္ဘောပေါ် ရောက်နေသော သမီးဆီလှမ်းပေးလိုက်၏။မအေးရင်ကလည်းသွက်သည်။ ချက်ချင်းသင်္ဘောပေါ် ရောက်သွားသည်။

"ငါးတံစို့ချိုတယ်၊ ကောက်ညှင်းပေါင်းကလေးစီးတယ်လေ"

"မြေပဲလှော်ကလေးဝါးပါ၊ အပျင်းပြေတယ်နော်။ ကြံပိုင်းလေးက ချိုတယ် အေးတယ်၊ ဒုလက်ချောင်းကြံတွေအရမ်း ချိုတယ်"

မအေးရင်တို့သားအမိ ပြွတ်ပြွတ် သိပ်သိပ်ထိုင်နေကြသောခရီးသည်များကြားတွင် ခက်ခက်ခဲခဲ သွားလာရင်း စေ့းခေါ် ရောင်းနေကြ၏။

"ငါးတံစို့လေးပေးပါဗျို့"

"ကျည်ပိုင်းကလေးရောင်းခဲ့ဦး"

"မြေပဲသည်လေး ဒီဘက်လာ"

"ကြံပိုင်းလေးတစ်ချောင်း"

မအေးရင်တို့သားအမိနှင့် စေ့းဝယ်သူခရီးသည်တို့မှာ ရောင်းသူဝယ်သူ အတူတူဖြစ်နေကြပေပြီ။ မေတ္တာရှိရာသို့ မေတ္တာလာသည်ဟုဆိုပါကလည်း မမှားနိုင်ပေ။ ရောင်းသူကောင်းမှ ဝယ်သူရတတ်သည်ကိုး။ သိပ်မကြား သားအမိနှစ်ယောက်စလုံး ရောင်းကုန်တော့ပြောင် သလင်းခါသွားတော့သည်။

"ရှီ ရှီ ရှီ"

သင်္ဘောကုန်းပတ်တာဝန်ခံက သင်္ဘောထွက်နိုင်ပြီဖြစ်ကြောင်း အချက်ပေး ဝီစီမှုတ်လိုက်ခြင်းပင် ဖြစ်သည်။ မအေးရင် ချက်ချင်း လေ့ပေါ် ပြေးဆင်းလိုက်သည်။ သင်္ဘောကလည်း မောင်းထွက်နေလေပြီ။

"ဟာ ဟာ - သမီးလေးမြန်မြန်ဆင်း၊ မြန်မြန်ဆင်း"

မအေးရင်တို့သားအမိလေးလေးမှာ သင်္ဘောနောက်တွင် အစွမ်းကုန် ခါယမ်းကာ လိုက်ပါနေရ၏။ ကြိုးကမပြုတ်ရသေးတော့ လေ့ကလေးမှာ သင်္ဘောဆွဲသမျှ ဒုက္ခကြီးစွာလိုက်ပါနေရသည်။

"သမီးလေး မြန်မြန်၊ မြန်မြန်"

"ဝိုင်း"

ဟော - လေ့ကြိုးပြတ်သွားခဲ့လေပြီ။ လေ့ကလေးပေါ် မှာ မအေးရင် တစ်ယောက်တည်း။ သမီးလေးကတော့ သင်္ဘောပေါ် မှာကျန်ခဲ့လေပြီ။ သင်္ဘောမှာစက်ကုန်မြှင့်ကာ ခုတ်မောင်းနေပြီမို့ လေ့ကလေးမှာ သင်္ဘောနောက်ဘက်ရေယက်ထဲဝင်ပါသွားကာ တိမ်းမှောက်သွားခဲ့လေပြီ။ အေးမြသီတာလေးမှာ ဆောက်တည်ရာမရဖြစ်ကာ အမေ့ဆီ ရောက်လိုဇောနှင့် မြစ်ထဲသို့ ခုန်ချလိုက်လေပြီကော။

ခက်သည်က မအေးရင်တို့လေ့မှာ ကမ်းစပ်မှခွာလာချိန်တွင် သင်္ဘောသို့ နောက်ကျမှကပ်မိသဖြင့် သင်္ဘောပဲ့ပိုင်း မီးရောင်ကွယ်တွင် လေ့ကြိုးကို ချည်မိသွားခြင်းဖြစ်ပေသည်။ ဤသည်ပင်လျှင် ဒုက္ခတွင်းထဲသို့ရောက်စေခြင်းအကြောင်းရင်းပင် ဖြစ်ခဲ့သည်တကား။

မအေးရင်တို့ သားအမိအတွက် တစ်ခုက်ကောင်းသွားသည်မှာ ရေကူးတတ်ကြခြင်းပင်။ ကျွန်းစဉ်ဒေသမှာ မြစ်ချောင်း၊ ဆည်မြောင်းများ ခက်ဖြာယှက်နွယ်နေသောဒေသဖြစ်၍ ယောကျ်ားကလေးမဆို၊ မိန်းကလေးမဆို အသက် (၁၀) နှစ်လောက်ကတည်းက လေ့လော့၊ လေ့ခတ်၊ ရေကူး၊ ရေငုပ်တတ်ကြသည်။ မအေးရင်တို့လေ့ စုံးစုံးမြုပ် မသွားခြင်းကိုပင် ကံကောင်းသည်ဟု ဆိုရမည် ဖြစ်ပေသည်။ လေ့ဟောင်းမို့ သစ်ရည်စစ်ကာ သစ်ခြောက်လေ့ကြီး ဖြစ်နေပေရာ ရေပေါ် တွင် ပေါ် လောပေါ် နေသည်။ သို့သော် ပက်လက်အနေအထားကားမဟုတ်။ မှောက်လျက်နှင့် ကျောကုန်းကြီးပေါ် နေ၏။ မအေးရင် လေ့ကျောကုန်းပေါ် တွယ်ချိတ်တက်ပြီး မှောက်လျက်အနေအထားဖြင့် လေ့ကို ဖက်ကာ အမောဖြေလိုက်သည်။

"သမီးရေ သမီး သမီးလေးရေ"

မအေးရင်၏ နှုတ်ဖျားက သမီးခေါ် သံက မြစ်ယံတွင် ပဲ့တင်ထပ်နေ၏။

"သမီးလေးရေ သီတာရေ သမီးလေး"

သည်တစ်ချီတွင် အမေ့ခေါ် သံက သမီးလေး၏အကြားအာရုံထဲ ဝင်သွားခဲ့လေပြီ။

"အမေ အမေ အမေ"

မအေးရင် ဘဝင်ထဲမှာ ကြေကွဲမှုများကြားမှ အပျော်ကလေးတစ်ချက် ထိခိုက်သွားသလို ခံစားသွားရ၏။

"အမေ အမေ သမီး ဒီမှာအမေ"

သမီး အေးမြသီတာလေးမှာ ရေထဲကူးနေလျက်နှင့် အမေ့ခေါ် သံပြုလိုက်သည်။

ဒီရေက ရေကျချိန်မို့ ပင်လယ်ဝဘက်သို့ ခပ်ပြင်းပြင်းစီးဆင်းနေ၏။ သမီးလေးက သူ့ရှေ့ဘက်ရောက်နေကြောင်း မအေးရင် နားလည်လိုက်၏။ ချက်ချင်းပဲ လေ့ကျောပေါ် က လျှောဆင်းပြီး လေ့ပဲ့ဖျားကို လက်နှစ်ဖက်ဖြင့် မြဲမြံကိုင်လိုက်သည်။ ခြေထောက်နှစ်ချောင်းကို အားစိုက်ပြီး ရေထဲသို့ဆက်ကာဆက်ကာဆောင့်ကန်လိုက်၏။ လေ့မှာ တွန်းအားကြောင့် ခပ်မြန်မြန်ရွေ့သွားနေပေပြီ။

"သမီးရေ သမီး သီတာရေ"

မအေးရင်က ခြေထောက်နှင့်ကန်ရင်း ကူးရင်းနှင့် သမီးလေးကို အော်ခေါ် ၏။

"အမေ အမေ အမေ"

သည်တစ်ချိန်တွင်တော့ အမေနှင့် သမီး နီးစပ်နေကြပြီဟု သိလိုက်ကြ၏။ ညအမှောင်ထုကတော့ စိုးမိုးမြဲစိုးမိုးနေသည်။ သားအမိနှစ်ယောက် သံယောဇဉ်တွန်းအားနှင့် ခေါ် သံလေးတွေပေးနေကြ၏။

"သမီး"

"အမေ"

"လာ၊ လာ သမီးလာ အမေဒီမှာ"

ဟော-တွေ့လိုက်ကြပါပြီ။ သမီးလေးက အမေ့ကို လှမ်းဖက်၏။

"သမီးလေး အမေ့ကို မကိုင်နဲ့နော်။ နှစ်ယောက်စလုံးဒုက္ခရောက်မယ်။ လေ့ပဲကိုင်နော်"

အေးမြသီတာကလေးမှာ အမေစကားအတိုင်း လေ့ကိုဖမ်းကိုင်ထားလိုက်၏။ သားအမိနှစ်ယောက် စကားမပြောနိုင်ကြ။ ဘဝ၏ အပြင်းစားရိုက်ချက်၊ ခံစားချက်ဝေဒနာကြောင့် ကြေကွဲဆို့နှင့်နေကြ၏။ လေ့ကလေးကတော့ မှောက်ရက်အနေအထားနှင့်ပဲမျောပါနေသည်။ သင်္ဘောကြီးကတော့ ဒုက္ခသည်သားအမိ၏အဖြစ်ကို ဘာမှမသိရာ။ လျှပ်စစ်မီးတထိန်ထိန်နှင့်မြစ်ဝကျယ်နောင်တော် ပင်လယ်ဘက်သို့ ခုတ်မောင်းနေလေရဲ့။

"အမေ၊ သမီးတို့လေ့ကလေးကို ပက်လက်အနေအထားလုပ်လို့မရဘူးလားဟင်"

"သမီးရယ်၊ အမေရော သမီးပါ အရမ်းပင်ပန်းနေကြပြီ။ အားစိုက်ပြီး မလုပ်နိုင်ကြတော့ဘူး။ ပက်လက်ကြီးဖြစ်သွားလို့ကော ရေတွေဘယ်လိုလုပ်ပက်ထုတ်မှာလဲ။ လေ့တက်တွေလည်း မရှိတော့ဘူး"

သမီးလေးမှာ အမေ့စကားကို နားထောင်နေ၏။

"ခု သမီးတို့ ဒီလိုမျောလိုက်နေရင် ပင်လယ်ထဲရောက်သွားရင် ဒုက္ခများလိမ့်မယ်ထင်တယ် အမေ"

"မဟုတ်ဘူး သမီး၊ ပင်လယ်ပြင်

www.burmeseclassic.com

www.burmeseclassic.com

မထွက်ခင် ကျွန်းတွေရှိတယ်။ အဲဒီမှာ ကိုယ်လိုချင်တဲ့ကျွန်းကို ရအောင်လုပြီး အရယူမယ်။ သမီးမပူနဲ့။ အမေနားလည်တယ်။ သေဘေးကြုံရတော့ ရဲဂုဏ်ပြရမယ်သမီး"

သမီးလေးဆီကတော့ ဘာသံမှ ထွက်မလာ။ အမေနှင့် သမီး အဖွတ္တ အရောင်ချင်း ထပ်တူဖြစ်သွားကြလေပြီ ထင်ရဲ့။ ဖြစ်မျက်မှုဘဝကိုတွေးပြီး ကြေကြေကွဲကွဲခံစားနေကြသည်။

"သမီးလေ့ကျောကုန်းပေါ် တွယ်တက်ပြီး မှောက်နေလိုက်နော်"

သမီးလေးက အမေ့စကားအတိုင်း လေ့ကျောကုန်းပေါ် တွယ်တက်ပြီး မှောက်နေလိုက်၏။

"သမီးလေး လှိုင်းနဲ့လျှောမဆင်းသွားအောင် လေ့နံနှစ်ဖက်ကို မြဲမြံကိုင်ထားနော်"

"ဟုတ်ကဲ့ပါ အမေ"

လေ့ကလေးမှာ မှောက်လျက်အနေအထားနှင့် မြစ်ရေစီးအတိုင်း မျောပါနေ၏။

"အမေ၊ အမေပါ လေ့ကျောပေးတက်လိုက်လေ အမေ။ အမေ အဲဒီအတိုင်း တစ်ညလုံးရေထဲကနေလို့ ဘယ်ခံနိုင်မလဲ"

"ရတယ်သမီး၊ အမေပါ လေ့ပေါ်တက်လိုက်ရင် ရေစီးဆွဲရာပါသွားပြီး ပင်လယ်ထဲရောက်သွားလိမ့်မယ်"

"ဟုတ်လား"

"ဟုတ်တယ် သမီး၊ အမေက နောက်ကနေ ပုံကိုင်ပေးသလိုမျိုး ကိုယ်လိုချင်တဲ့ကမ်းရောက်အောင် ခြေထောက်နဲ့ ဖြည်းဖြည်းချင်း ကျောက်ကန်ပေးရတာလေ"

ရေက ရေကြီးရေထရက်မို့ ရေကျတွင် ခပ်ပြင်းပြင်းစီးဆင်းနေ၏။

မအေးရင် မျောက်လျက်အနေအထားဖြင့် ပင်လယ်ဒီရေအကျဖြင့် မျောပါနေသော လေ့ကလေးကို ပုံဖျားကလက်နှစ်ဖက်ဖြင့် မြဲမြံကိုင်ထား၏။ လေ့အသွားနှုန်းမြန်စေရန် ဟူးရေကူးသလိုမျိုး ခြေထောက်နှစ်ချောင်းကို ခပ်ဆတ်ဆတ်ကန်ကျောက်ပေးနေ၏။ လေ့ကလေးမှာ မှောက်လက်အနေအထားပင်ဖြစ်သော်လည်း ရေကြီးရေထရက်ရေကျချိန်မို့ တော်တော်ပြေးနေသည်။ သမီးလေး သီတာကတော့ လေ့ကျောကုန်းပေါ်မှာ မှောက်လျက်။ လက်နှစ်ဖက်ကတော့ ရေအောက်သို့ချပြီး လေ့နံနှစ်ဖက်ကို မြဲမြံကိုင်ထား၏။ တစ်ချီတစ်ချီ လှိုင်းလုံးများ ရိုက်ပုတ်လိုက်ရာတွင် တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ အမေ့ရော သမီးပါ လှိုင်းအကျတွင် မျက်နှာကို ကမန်းကတန်း သုတ်ပစ်လိုက်ကြပြီး အသက်ကိုဝအောင်ရှူလိုက်ကြ၏။

"သမီး မြမြဖက်ထားနော် လွှင့်ကျသွားမယ်"

"ဟုတ် အမေ၊ အမေ ပင်ပန်းရော့ပေါ့။ လေ့ကျောပေါ် တက်လိုက်လေ၊ သမီးတစ်လှည့်တွန်းပေးမယ်။ အမေ့ကို သနားလှပြီ"

"မဖြစ်ဘူးသမီး အရမ်းအားစိုက်လို့ လည်းမရဘူး။ တော်တော်သတိထားပြီးလုပ်ရတာ"

လေ့က တရိပ်ရိပ်မျောပါဆင်းနေ၏။

"ဒီဘက် ညာဘက်က မြိုင်းမြိုင်းပျပျ မြင်နေရတဲ့တောင်တန်းတွေက ထုံးကျီတောင်တန်းတွေပဲ။ အဲဒီဘက်က နီးပေမယ့်ကပ်လို့မရဘူး၊ ရေဆွဲအားပြင်းတယ်။ ဘင်္ဂလားပင်လယ်ထဲရောက်သွားလိမ့်မယ်"

သမီးကလေး သီတာမှာ အမေ့စကားကို တိတ်တိတ်ကလေးနားထောင်နေ၏။

"တို့က လက်ဝဲဘက်ခြမ်းရအောင် လုရမယ်။ အဲဒီဘက်မှာ လှုပ်ရှိတောင်ရှည်ရယ်၊ လင်လှုပ်ကျိန်ကျွန်းရယ်၊ ဝါးကောက်ချိုင်ကျွန်းရယ်ဆိုတာ ရှိတယ်။ အဲဒီဘက်တွေက ရေပြန်တိုးတယ်။ ကမ်းကိုရနိုင်တယ်သိလား"

မအေးရင်မှာ အမျိုးသမီးပင်ဖြစ်သော်လည်း အထက်ကျွန်းစဉ်အောက်ကျွန်းစဉ်ဒေသတွေကို စေးရောင်းစေးဝယ် သွားဖူးသူဖြစ်၍ ရေအကဲအလဲခြစ်ရေစီးတို့၏သဘောကို သိနေသည်။

မအေးရင်မှာ သမီးကိုပြောရင်းနှင့် ခြေထောက်နှစ်ချောင်းကို ခပ်ဆတ်ဆတ်ကန်ကျောက်နေပေရာ လေ့ကလေးမှာ ရွှေ့လျားနှုန်းကမြန်နေသည်။ မအေးရင်မှာ အသက်က ခုမှ (၃၀) ကျော်၊ (၄၀) ဝန်းကျင်လောက်ရှိသေးတော့ အရွယ်ကောင်းတုန်းဖြစ်သည်။ ကျွန်းမာရေးကောင်းပြီး ခွန်အားပြည့်သူမို့ ကောင်းကောင်းလှုပ်ရှားရွန်းကန်နိုင်သည်။

"သမီးလေး ဒီမှာတွေ့လား။ လင်လှုပ်ချိုင်ဘက် တို့လှေဝင်ပါနေပြီ။ ဝါကတော့ထဲဝင်သွားပြီ။ ကမ်းကပ်တော့မယ် သမီး"

"ဟုတ်လား အမေ"

"အမေ့စကားကြောင့် သမီးလေးမှာ ရင်ထဲတွင် ဝမ်းသာသလိုဖြစ်သွားသည်။

သဘာဝအားသည် လွန်စွာပြင်းပေသည်။ လင်လှုပ်ချိုင်ကျွန်းဘက်ကနေ ရေဝဲကတော့ ဝင်တိုးလိုက်တာ သိပ်မကြာ လေ့ကလေးမှာ ကျွန်းဘက်သို့ ချက်ချင်းရောက်သွားသည်။ သို့သော် ဝါကတော့ လှိုင်းက လက်ခုပ်လက်ဝါးတီးကာရိုက်နေကြရာ လှိုင်းရိုက်သံများမှာ တော်တော်ဆူညံနေသည်။ မအေးရင်တို့သားအမိမှာ လှိုင်းရိုက်ဒဏ်ကို အတော်ခံနေကြရ၏။

"ဘာမှမကြောက်နဲ့တော့ သမီး ကမ်းကပ်တော့မယ်နော်"

မအေးရင်က သမီးလေးကို ရဲဆေးတင်လိုက်၏။ ဝါကတော့တွန်းအားက ခပ်ပြင်းပြင်းဝင်တိုးနေပေရာ မအေးရင်တို့လေ့ကလေးမှာ ကျွန်းနားနီးသော်လည်း ကျွန်းကိုမကပ်ပေ။ ဝါကတော့ဆန်နေမှုကြောင့် ဝေ့ဝိုက်ပြီးလည်ထွက်သွားသည်။ သို့သော် တောင်တန်းသွယ်သွယ်လေးနှင့် ဒီရေရောက်ပြန်တော့ပြီး တစ်ခုအနားသို့ရောက်သွား၏။ သည်အချိန်တွင် ရေစီးဆွဲအားလည်း မရှိတော့သဖြင့် လေ့ပြေးအားလည်းမရှိတော့ပေ။ မအေးရင် ကမ်းခြေသို့လှမ်းကြည့်လိုက်သည်။ ဆေးလိပ်မီးလို့အရာမျိုးတစ်ခုတည်မှောင်မှောင်ထဲတွင် တဖြည်းဖြည်းနွေ့လျားနေသည်ကို တွေ့လိုက်ရသည်။ မအေးရင် အားတက်သွား၏။

"လူထော့ လူပါပဲ သည်လူ ဘာကိစ္စနဲ့များ မြစ်ရေစပ်မှာဆင်းပြီးလျှောက်သွားနေတာပါလိမ့်"

မအေးရင် စဉ်းစားမရဖြစ်နေ၏။ ညက မှောင်မြမှောင်နေသည်။ အခိုးကလည်း ညသန်းခေါင်ကျော်ခဲ့ပေပြီ။ ရွှေ့လျားနေသော မီးကျီးခဲလေးနှင့်တည်း ဝိုမိုနီးကပ်လာသည်။ ကမ်းနှင့်လည်း နီးကပ်လာသဖြင့် ဝဲကတော့လှိုင်းသံလည်း ငြိမ်သက်လာသည်။

"ဘယ်သူပါလဲရှင်"

ခေါ်နိုင်ပြောနိုင်လောက်သည်အနေအထားမျိုးသို့ နီးကပ်လာသည့်အထိတွင် မအေးရင် အရဲစွန့်ပြီးမေးလိုက်သည်။

"မျှင်ထိုးနေတာလေ"

အသံခပ်လေးလေးနှင့်ပြန်ပြောကာ နားထဲသို့ ခပ်အေးအေးဝင်သွားသည်။

"ဘယ်ရွာက မျှင်ထိုးသားပါလဲရှင်"

"လူပျိုတောင်ရှည်ရွာပဲ"

"လူပျိုတောင်ရှည်နဲ့နီးနေပြီးလားရှင်"

"ရှေ့က တစ်မော်လှည့်လိုက်ရင် ရွာဝင်ချောင်းပဲ"

"ကျွန်မတို့ သားအဖိနှစ်ယောက် အရမ်းဒုက္ခဖြစ်လာကြလို့မါ ကူညီပါရှင်"

ရေနှစ်သူအတွက် ကောသာ

www.burmeseclassic.com

www.burmeseclassic.com

ရှင်သည်ပင် အားကိုးရာဖြစ်ခဲ့ရသည်ဟု ဒုတ္ထဝဲထဲတွေ့သည့်လူပင် ကိုယ့်ဘက် ဆော်သားဟု ဒုက္ခသည်စိတ်နှင့် အားကိုး သမှုပြုခဲ့လေပြီ။

"ခင်ဗျားတို့ဘယ်ကလဲ၊ ဘယ်လို ဖြစ်လာကြတာလဲ"

မျှင်ထိုးသားဟုဆိုသော်လည်း လူ တိုမမြင်ရသေး။ အသံကိုသာကြားနေရ သည်။

"ကျွန်မတို့က သရက်တောင်ရွာ ထပါ ရေနှံကြီးသင်္ဘောဆိပ်မှာ ဈေး ရောင်းကြတာလေ။ အဲဒါ သင်္ဘော အထွက်မှာ လှေနှစ်လို့ အရမ်းဒုက္ခများ နေကြရတာပါရှင်"

"ဩော် - ဒုက္ခပါလားဗျာ၊ အေး အေး ကျွန်တော်ကူညီပါ့မယ်ဗျာ။ လှေ တမ်းကပ်ကြဦးလေ"

"ကျေးဇူးတင်လိုက်တာရှင်၊ ကျွန်မ တို့စကမ်းကိုကပ်လို့မလွယ်ဘူးရှင်။ လှေ တ မှောက်ရက်နဲ့ မျောပါနေတာရှင့်"

"ဟုတ်လား - လာပြီ၊ လာပြီ။ ကျွန်တော်လာပြီ"

မျှင်ထိုးသားလှေကလေးမှာ ကမ်း အနီးမှ တစ္ဆေတ်စွတ်လှော်ထွက်လာသံကို ကြားနေရသည်။

"ဟော - တွေ့ပြီ တွေ့ပြီ"

"မြင်ရတာ စိတ်မကောင်းလိုက် တာဗျာ"

"ဟုတ်ကဲ့ - အရမ်းဒုက္ခများနေ ကြလို့ပါရှင်"

"က-လှေကျောကုန်းပေါ် ကလူက ကျွန်တော့်လှေပေါ် တက်ပါ။ ရေထဲက လူတ လှေဦးဖျားကိုကိုင်ပြီးမှေးလိုက်ခဲ့ ပေ။ လှေကသေးတော့ နှစ်ယောက်တက် ရင် မှောက်သွားမှာစိုးလို့ပါ။ကမ်းနဲ့လည်း နီးနေပါပြီ"

"ဟုတ်ကဲ့ပါရှင်"

"ကျွန်မတို့လှေ ဘယ်လိုလုပ်မလဲ ဆင်"

"လူတွေကမ်းပို့ပြီး ကျွန်တော် တစ်ခေါက်ပြန်ပြီး လှေကို ဆယ်ပေးမယ် လေ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

မအေးရင်တို့မှာ မျှင်ထိုးသားအကူ အညီနှင့် သေကံမရောက်သက်မပျောက် ဘဲ ကမ်းသို့ရောက်ခဲ့ကြလေပြီ။

မျှင်ထိုးသားက သားအမိနှစ် ယောက်ကို ကမ်းသို့ပို့ပြီး လှေကို တစ် ခေါက်ပြန်ဆယ်ကာ ကမ်းသို့ယူလာ၏။ ကမ်းသို့ရောက်လျှင် မအေးရင်တို့သား အမိလေးကို ပက်လက်လှန်ပစ်လိုက်ပြီး ရေတွေကို ပက်ထုတ်ပေးလိုက်သည်။ လှေကလေးမှာ ကြွက်ကြွေရွဲရွဲကလေးနှင့် ရေ ပြင်ပေါ် ပေါလောပေါ် နေပေပြီ။

ညကတော့ သန်းခေါင်ကျော်ခဲ့ပေ ပြီ။ အမှောင်ထုက ကြီးစိုးနေဆဲ။ မှောင် ပိုက်သော အကာလညအဓိပ်၏ လူသူ မနီးသည့်နေရာတစ်ခုတွင် လူစိမ်းတစ် ယောက်၏ ရှေ့မှောက်ရောက်နေသော အဖျိုဖော်ဝင်စအရွယ် သမီးမိန်းကလေး တစ်ယောက်နှင့် အသက် (၃၀) ကျော် အမျိုးသမီးတစ်ဦး။ မအေးရင်မှာ မိမိတို့ အဖြစ်ကိုတွေးရင်း ရင်ထိတ်သွား၏။

"သည်လူက ကြောက်စရာမလိုဘူး။ လူကောင်းပဲ။ မြစ်ရေပြင်ထဲ မျော နေကြတဲ့သူတို့အသက်ကိုတောင် ကယ် လိုက်ပြီပဲ။ ကုသိုလ်ကံကောင်းကြပါစေ"

မအေးရင် ရင်ထဲက ကျိတ်ပြီးဆု တောင်းနေ၏။

"က-ကိုယ်လည်းရေပြန်တက်လာ ပြီဆိုတော့ ရွာပြန်တော့မယ်။ ကျွန်တော့် နောက်လိုက်ခဲ့ကြပါ"

မအေးရင်တို့သားအမိမှာ ညှ၏ အအေးဒဏ်ကြောင့် တခိုက်ခိုက်တုန်နေ ကြ၏။

"ခင်ဗျားတို့တော်တော်ချမ်းနေကြ ပြီ"

"ချမ်းတာတော့ မပြောပါနဲ့တော့ ရှင်။ အသက်ကလေးကြွင်းတာကိုပဲ ကျေးဇူးတင်ရမှာ"

"လူတွေပဲဗျာ၊ အသက်ဘေး အတွက် ဒုက္ခရောက်နေတဲ့လူကို ကယ် ရမှာပေါ့။ ခင်ဗျားတို့သားအမိကို တွေ့ လိုက်ရတော့ ကျွန်တော်အရမ်းသနား သွားတာလေ"

"ရှင်ကတစ်ယောက်တည်းပဲလား"

"မျှင်ထိုးတာ တစ်ယောက်တည်း ပေါ့ဗျာ"

"ဩော်"

"ကျုပ်က ရွာရောက်တာနဲ့ မြစ်ဝ ဘက် မျှားတဲန်းချ ပြန်ထွက်မယ်လေ"

"ဘဝအတွက် ဒီလိုပဲ လုပ်စားကြ ရတာပေါ့ရှင်။ ကျွန်မယောကျ်ားလည်း ခုလိုပဲ ပင်လယ်ထဲပိုက်ချရင်းလေပြင်းမိ လို့ ဆုံးခဲ့တာလေ"

"မုန်တိုင်းနဲ့လေပြင်းကတော့ တို့ ကမ်းရိုးတန်းသားတွေအတွက် အဆိုး ဆုံးရန်သူပေါ့ဗျာ"

မအေးရင်မှာ ဘဝဒဏ်ရာ ဟောင်းတစ်ခုကို ပြန်လှုပ်သလိုမျိုး ဖြစ် သွားသဖြင့် သက်ပြင်းပူတစ်ချက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်ပစ်လိုက်သည်။ မျှင်ထိုးသားမှာ ညဉ့်ဦးယံတွင် ခြောင်းစပ် မြစ်စပ်များ၌ ရေကျဖြင့် မျှင်ထိုးသည်။ ရေတက်လျှင် ရွာပြန်ပြီး မြစ်ပြင်သို့ မျှား တန်းချထွက်လေ့ရှိသည်။ ယခုလည်း လူဖျိုတောင်ရှည်ရွာသား မျှင်ထိုးသားမှာ ဆေးတံမီးကလေး တရဲရဲမှိုက်ဖွာရင်း ကမ်းစပ်တွင် မျှင်ထိုးနေခြင်း ဖြစ်သည်။

မျှင်ထိုးခြင်း၏သဘောသဘာဝမှာ အလွှာ (၁၂) ပေ၊ အနံ (၁၂) ပေခန့် ရှည်သော မျှင်ပိုက်ကွက်စိပ်ကလေးကို အရင်းပိုင်းဟု သတ်မှတ်ထားသောဘက် ကို ဝါးဖြင့်ကွပ်ပြီးပူးချည်လိုက်ခြင်းဖြင့် အရင်းပိတ်ပြီး အဝကျယ်သော မျှင်ထိုး ပိုက်ကိုရရှိစေသည်။ အရင်းပိုင်းကို လေ ဦးတိုင်တွင် တွဲချည်ပြီး အဝကျယ်ဘက် ကို ဒီရေကျရာဘက်သို့ ဖြန့်ကားပြီး ရေဆန်ခံ၍ထားရသည်။ လူက မျှင်ပိုက် နှင့် မျှင်တိုးလှေကြားကနေစဉ် ရေရင် လောက်နက်သည့် ကမ်းစပ်တွင် ရေထဲ သို့ဆင်းကာ ရေဆန်တိုးတက်ခြင်း ဖြစ် သည်။ ဖြတ်၊ ခြင်တို့ ကိုက်လွန်းသဖြင့် သက်သာစေရန် လှေဦးတွင် ကျွဲချေး ခြောက်၊ နွားချေးခြောက်များကို မီးစွဲပြီး ထားရသည်။

မျှင်ထိုးခြင်းကို နွေရာသီများတွင် သာလုပ်ကိုင်ကြသည်။ လက်ထိုးမျှင်ငါးပိ မှာ မျှင်ကောင်အသေးစားလေးဖြစ်ပြီး ငါးကောင်လေးတွေ အရောအနှောကင်း သည်။ ချောမွတ်ပြီးသန့်၍ချိသည်။ ရခိုင် ဒေသတွင် ဈေးကောင်း၏။ အဓိက အားဖြင့် ရခိုင်မုန်တိုင်းရည်ချက်ရာ တွင် အသုံးပြုကြသည်။

❑

မနက်လင်းလာခဲ့ပေပြီ။ လူဖျို တောင်ရှည်ရွာဆိုသည်ကို မအေးရင် ပြောသံသာကြားဖူးသည်။ တစ်ခါမျှ မရောက်ဘူး။ မြစ်ပြင်ကသွားလျှင်တော့ လူဖျိုတောင်ရှည်တောင်တန်းကြီးကို ထုံး စေတီအဖွေးသားနှင့် လှမ်းမြင်ရသည်။ ခုတော့ ဘယ်လိုပြောရမလဲ။ သေဘေး ကြုံလို့ရောက်ခဲ့ပြီဟု ပြောရပေလိမ့်မည်။ မအေးရင်မှာ ခုမှ ကိုယ့်အသက်သခင် ကျေးဇူးရှင်ကြီးကို မနက်အလင်းအား ကြောင့် မြင်လိုက်ရ၏။ အားကောင်း မောင်းသန်လူညီထွားကြီးပင်။ မီသားစု (၆) ယောက်ကို မျှင်ထိုးခြင်း၊ ငါးရှာခြင်း ဖြင့် ပရိယေသနစစ်ပွဲဆင်နွှဲပြီးလုပ်ကျွေး နေသူဟု သိလိုက်ရသည်။

မအေးရင်တို့သားအမိ ကိုယ်တွင် ဝတ်ပါလာသည့်အဝတ်အထည်ကို ခွဲခွဲစို နေခဲ့ပြီမို့ ငါးရှာသမားအိမ်ရှင်ကြီး ကိုညီ မောင်အမျိုးသမီး မခြည်ဇီက အဝတ်အ စားကို မအေးရင်က ယာယီဝတ်သည်။ ကိုညီမောင့်သမီးလေး မခင်ညိုဆီက အဝတ်ကိုတော့ အေးမြသီတာလေးက ဝတ်သည်။

တစ်ခုထူးခြားသည်က မအေးရင်

www.burmeseclassic.com

www.burmeseclassic.com

တို့သားအမိနှစ်ယောက်မှာ စွေးရောင်း၍ရထားသော ပိုက်ဆံတွေ တစ်ပြားတစ်ချပ်မှ လျော့ကျပျောက်ဆုံးသွားခြင်းမရှိဘဲ လည်ပင်းတွင် ကြိုးသိုအိတ်လေးနှင့် တွဲလောင်းဆွဲကာပါနေကြခြင်းပင် ဖြစ်ပေသည်။ ဩော်-ကံတရားက အသက်မသေအောင် ဖေးမခဲ့သည့်အပြင် စွေးရောင်းရင်ွေကလေးကိုတောင် တစ်ပြားတစ်ချပ်မျှ အလျော့မပေးခဲ့ပါတကား။ မအေးရင်ကျိတ်ပြီးပျော်သွား၏။

လူပျိုတောင်ရွာကလေးမှာ ရွာငယ်သော်လည်း မြေပုံမြို့နယ်အတွင်း ရှိကျေးရွာအုပ်စုဝင်ရွာဖြစ်သည်။ တောင်တန်းနှင့်ချောင်းရေပြင်ကြားတွင် ကျိုက်တိုးကျဲတဲနှင့် အိမ်ကလေးအလုံး (၂၀) ဝန်းကျင်ခန့်တွေ့ရသည်။ ရပ်မျက်နှာရွာအဖြစ် ဘုန်းကြီးကျောင်းလေးတစ်ကျောင်းစာသင်ကျောင်းလေးတစ်ဆောင်တွေ့ရသည်။ ဘုန်းကြီးတွေကလည်း မမြဲကြ။ ကျောင်းပြောင်းသွားကြ။ လူပြန်တော်လဲကြနဲ့တဲ့။ စာသင်ကျောင်းကတော့ ကျောင်းသားလေး (၁၀) ကျော်လောက်သာရှိသည်ဆိုပဲ။ ဆရာတစ်ဦးတည်းရှိတာက စာသင်နှစ် (၁) နှစ်မှာ (၆) လလောက်တော့ရှိလောက်သည်ဟုပြောကြ၏။

"ဒီရွာလေးကြည့်ရတာ သမီးစိတ်ထဲမှာ တစ်မျိုးကြီးခံစားရတယ် အမေ"

"ဘာဖြစ်လို့လဲ သမီး"

"ဒီရွာသားတွေ ဘာလုပ်စားကြတာလဲအမေ"

"သူတို့မှာက ကျေးလက်ဆိုပေမယ့် လယ်ချောင်းကာဧကလည်းမရှိဘူးလေ သမီး။ ဒီလိုပဲ ငါးရှာ မျှင်ထိုးနဲ့ ဖြစ်သလို ဘဝရပ်တည်နေကြတာလေ"

"ဟုတ်တယ်နော် အမေ။ ဒါကြောင့်လည်း တစ်ရွာလုံးလိုလို မျှင်ခြောက်လုံးတဲ့ဖျာတွေနဲ့ ငါးခြောက်လုံးစင်တွေချည်းပဲ"

"ဟုတ်တယ် သမီး၊ ဒီရွာက အဓိကမျှင်ထိုးကြတယ်။ ဒီအလုပ်နဲ့ပဲ ဘဝရပ်တည်ကြတာလေ"

"ကျောင်းနေတဲ့ ကလေးတွေကလည်း အရမ်းသနားဖို့ကောင်းတာပဲနော်။ ဆရာမရှိရင် ဒီကလေးတွေ ဘယ်လိုလုပ်စာတတ်ကြမှာလဲ"

"သမီးဒီလိုနေရာမျိုးမှာ ဆရာမဖြစ်ရင်လုပ်မှာလား"

"လုပ်မှာပေါ့။ သမီးက ဒီလိုနေရာမျိုးမှာဆို ပိုတောင်လုပ်ချင်တာ။ ကိုယ့်ဘဝနဲ့နှိုင်းပြီး ကိုယ်ချင်းစာတာပေါ့အမေရယ်"

"သမီးကို ကျောင်းဆရာမဖြစ်အောင်ထိ အမေကြိုးစားသင်ပေးမယ်နော်"

သမီးလေးမှာ အမေ့ကိုကြည့်ပြီး ခေါင်းညိတ်လိုက်၏။

အေးမြသီတာလေးမှာ ကိုယ့်ဒုက္ခကိုမေ့ပြီး လူပျိုတောင်ရွာကြီးရွာက ကျောင်းနေရွယ်ကလေးများအတွက် ကိုယ်ချင်းစာစိတ်သည် သူမ၏နှလုံးသားဗဟိုချက်၌ နေရာမြဲမြံယူနေခဲ့လေပြီတကား။

"ကဲ - ဒီကသားအမိတွေဘာတွေ ဆွေးနွေးနေကြတာတုံး။ လာ - ထမင်းစားကြမယ်"

"ဩော် - ဟုတ်ကဲ့ အစ်မရေ အားနာစရာကြီးရှင်"

"ဘာမှအားမနာနဲ့၊ ရှိတာလေးနဲ့ ပေါ့နော်။ ဒီမှာက စွေးဆိုတာလည်းမရှိတော့ ဒီလိုပဲ တောထဲတောင်ထဲကရတာလေးတွေနဲ့ ဖြစ်သလိုချက်စားကြရတာ"

"ကျွန်မတို့လည်း ဒီလိုပါပဲရှင် ဘဝတူတွေပါပဲ"

မအေးရင်တို့သားအမိမှာ အားနာပါးနာနှင့် ထမင်းပွဲမှာဝင်ထိုင်လိုက်ကြသည်။ ထမင်းစားခုံပိုင်းအလယ်မှာတော့ မျှင်ခြောက်ကလေးလှော်တစ်ခွက်၊ မရန်းသီးချဉ်ရည်ကျိုတစ်ခွက်၊ စင်ပြွမ်းသီးဟင်းတစ်ခွက်။

စင်ပြွမ်းသီးပင်မှာ တောင်ခြေများတွင် ပေါက်ရောက်လေ့ရှိတတ်ကြသည်။ ပင်စည်မှာ သပြုပင်နှင့်တူပြီး အရွက်မှာလည်း သပြုရွက်နှင့်တူသည်။ အသီးမှာလည်း သပြုသီးလိုပင်ဖြစ်သည်။သို့သော် သပြုသီးလိုအလုံးမကြီး။စပျစ်သီးအသေးမျိုးလောက်သာရှိသည်။ နည်းနည်းချဉ်သည်။ မျှင်ငါးပိများများနှင့် ငရုတ်သီးစိမ်းကိုထက်ခြမ်းခွဲကာ အရည်နည်းနည်းလေးနှင့် ဆီမပါဘဲ ရခိုင်ဟင်းလျော်ချက်စားလေ့ရှိကြသည်။ ရှားတော့ရှားသည်။ သိပ်များများစားစားမပေါက်ရောက်ကြ။ နေရာတိုင်းတွင်မရှိ။ ပင်စည်ကြီးကိုကိုယ်တိုင်တက်ခူးကြရသည်။ ပင်စည်ကြီးမှာ ချောမွတ်သဖြင့် အန္တရာယ်တော့ရှိသည်။ ပင်စည်ကြီးကို ကိုယ်တိုင်တက်ခူးကြရသည်။ ပင်စည်ကြီးမှာ ချောမွတ်သဖြင့် အန္တရာယ်တော့ရှိသည်။ စပျစ်သီးလိုပဲ အခိုင်လိုက် အပွင့်လိုက်သီးကြသည်။ မရန်းသီးကိုလည်း တောထဲတွင် အလေ့ကျပေါက်နေသောအပင်မှခူးယူကြသည်။

"ထမင်းစားလို့မြန်လိုက်တာအစ်မရယ်။ ဟင်းစပ်လည်းတည့်တယ်။ ချဉ်ငန်စပ်လေးပဲ"

မအေးရင်တို့သားအမိမှာ တစ်ညလုံး ဒုက္ခပင်လယ်ဝဲခဲ့ကြလို့လားမသိ။ မြို့ရေရှက်ရေစားပစ်လိုက်ကြသည်။

"ကဲ-စားသောက်ပြီးရင်ကျွန်တော်တို့ရွာထိလိုက်ပို့ပေးမယ်ဗျာ။ကျွန်တော့်မှာ တာဝန်ရှိတယ်"

"ဟာ - မဟုတ်တာ ကိုညီမောင်ရယ်။ ကျွန်မတို့သားအမိကိုယ့်လှေကိုယ်လှော်သွားလို့ရပါတယ်။ ပြဿနာမရှိပါဘူး။ ကိုညီမောင်မှာ မျှားတန်းချသွားရမှာ မဟုတ်ဘူးလား။ မျှားတန်းချပဲသွားလိုက်ပါ"

ကိုညီမောင် မိုးကောင်းကင်သို့မော့ပြီး သက်ပြင်းတစ်ချက်ကိုမှုတ်ထုတ်လိုက်သည်။

"ကဲ-ကျွန်မတို့သွားလိုက်ပါဦးမယ်ရှင်"

"အစ်မ မမြဲရေ၊ သွားမယ်နော်။ ကျွန်မတို့သားအမိဟာ အစ်မတို့မိသားစုထားတဲ့အသက်ပဲရှိပါတော့တယ်။ အစ်မတို့မိသားစုကျေးဇူးကို တစ်သက်မမေ့ပါဘူး"

"ကျွန်မတို့ လှေဆိပ်လိုက်ပို့မယ်လေ"

ရွာသားတွေကလည်း ဒုက္ခသည်သားအမိကို ကရုဏာစိတ်အပြည့်ပြုံးလှေဆိပ်သို့ လိုက်ပို့ကြ၏။ လှော်တက်တွေပေးသူပေး၊ ရေဘူးကမ်းသူကမ်း၊ ကောက်ညှင်းပေါင်းပေးသူပေး၊ခမောက်ကလေးပေးသူကပေး၊ မြန်မာလူနေစနစ်၏ လူလူချင်း မေတ္တာစိတ်ထားခြင်း၏ ပြယုဂ်တွေပဲလေ။

လှေဆိပ်သို့အရောက်တွင် မအေးရင်တို့သားအမိမှာ မိမိတို့လှေပေါ်တက်လိုက်ကြ၏။ ကိုညီမောင်လူညီထွာကလည်း မျှားတန်းချလှေကလေးကို တက်လိုက်၏။ လှေကလေးနှစ်စီးတော့ ကျောချင်းကပ်ပြီး တရွေ့ရွေ့ကြလေပြီ။ ကျောဘက်မှာတော့ တက်ထိတွေ့မှုကြောင့် သံယောဇဉ်ဖြစ်သော လူပျိုတောင်ရွာကလေး။

လှေဆိပ်အမြင်းစပ်မှာတော့ လက်ကလေးတယမ်းယမ်းနှင့်နှုတ်ဆက်နေသော ကိုညီမောင်တို့မိသားစု။ ကိုညီမောင်ကလည်း လက်မောင်းကြီးကိုခါထောင်ပြီး လက်ဝါးကြီးကိုဖြန့်ကာ ယမ်းပြလို့။ မအေးရင်တို့သားအမိလည်း လက်ကလေးတွေထောင်ပြီး ဝှေ့ယမ်းပြလို့။

သူတို့သားအမိမှာ လောကမတရားတံပိုးများကြားတွင် လူးလာကူးခတ်ကြရသော ဘဝလှေငယ်ရှင်သားအမိကမ္ဘည်းတင်လိုက်ပါက မှားမဲ့လား

ကျွန်းစဉ့်မြေသော

(အမျိုးသားစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကိုးနဝင်း
မဟာကိန်းဂဏန်းများ

အခန်း (၁၇)

47/11 (11 ဂဏန်းရစေသည့် စမ်းသပ် ဂဏန်း)

11 ဂဏန်းရစေသည့် 47 ဟူသော ဂဏန်းသည် ကမ္ဘာမြေကြီး၏ ဆွဲဆောင်ခြင်းခံရမှုကြောင့် လူအဖြစ်ဝင်စားလာရသည့်သဘော၊ ရုပ်ပိုင်းဆိုင်ရာအလိုဆန္ဒတို့၏ သွေးဆောင်ဖြားယောင်းမှုခံရသည့်သဘောတို့ကို ရည်ညွှန်းသည်။

လူတစ်ဦးချင်းအလိုက် ကံကြမ္မာအား ထိန်းချုပ်နိုင်ရန် မှန်ကန်စွာစဉ်းစားတွေးခေါ်မှုများရှိရမည် ဖြစ်သည်။ မည်သူမဆို မိမိကြိုးစားသလောက် အောင်မြင်မှုရသည်ဆိုပါက ပျော်ရွှင်ကျေနပ်နိုင်ကြသည်။ ထိုကဲ့သို့ ပျော်ရွှင်မှုများစေမှန်စေရန် လူသားအားလုံး စိတ်ရှည်သည်းခံနိုင်စွမ်းများဖြင့်တက်ရန် ကြိုးစားရမည်ဖြစ်သည်။

47 ဂဏန်းပိုင်ရှင်တို့အတွက် မွေးရာပါ မည်သည့်အခက်အခဲအတိုက်အခံများနှင့် ရင်ဆိုင်ရသည့်တိုင် အကောင်းဆုံးသောရွေးချယ်မှုများဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခွင့်ရှိကြသည်။

47 ဂဏန်းအတွက် ကြိုးစားမှုများ၌ ထိရောက်စေရန် မက်လုံး၊ ရှာဖွေခြင်း၊ တွေ့ရှိခြင်း၊ ကျွမ်းကျင်ပိုင်နိုင်ခြင်းများလိုအပ်သည်။

ပါ ဖြစ်စေသည်။

တရားထိုင်ခြင်း
Meditation
4549212965
47/11

မိမိကိုယ်မိမိအောင်နိုင်ခြင်း
self conquest
1536 36573512
47/11

မိမိကိုယ်မိမိ အောင်နိုင်ခြင်း ဟူသော သဘောတရားသည် လူသားအဖြစ် ဝင်စားခွင့်ရစဉ် ဘဝတစ်သက်တာအတွင်း မကောင်းမှု၏ သွေးဆောင်ရာဘက်သို့မလိုက်ပါဘဲ မိမိစိတ်ကို ထိန်းချုပ်နိုင်ခြင်းကို ဆိုလိုသည်။

47 ဟူသော ကိန်းဂဏန်းသည် စကြဝဠာအတွင်းရှိ ဂြိုဟ်နှစ်ခုနှင့် ဆက်စပ်လျက်ရှိသည်။ ယင်းမှာ 4 ဂဏန်းသည် ကမ္ဘာဂြိုဟ်အား ကိုယ်စားပြုပြီး 7 ဂဏန်းက (လ) အားရည်ညွှန်းသည်။

ထို့ကြောင့် ကမ္ဘာနှင့် လတို့ ပေါင်းစပ်ခြင်းဖြင့် ရရှိလာသော ကိန်းဂဏန်းများ 11 သည် ယူရေးနပ်စ်ဂြိုဟ်အား ကိုယ်စားပြုသည်။

'လ' သည် စိတ်ခံစားမှုအခြေအနေများအား ရည်ညွှန်းပြီး ကြုံတင်မမျှော်လင့်ထားသည့်ရလဒ်များ၊ အံ့သြစရာကိစ္စများအား ယူရေးနပ်စ်ဂြိုဟ်က ကိုယ်စားပြုထားသည်။

47 ဟူသော ဂဏန်းသည် ဘဝတစ်သက်တာ မြဿနာအခက်အခဲနှင့် အန္တရာယ်အမျိုးမျိုးမှ ကာကွယ်နိုင်ရန် ဘုရားသခင်အားစောင့်နေသည့်သဘောကို ရည်ညွှန်းသည်။

ပါရှန် ဘာသာရေးအယူဝါဒအရ 47 ဂဏန်းပိုင်ရှင်များအတွက် စွမ်းအင် (၆) မျိုး မဖြစ်မနေလိုအပ်သည်။

စွမ်းအင် (၆) မျိုးမှာ -
၁။ စဉ်းစားတွေးခေါ် နိုင်စွမ်းရှိခြင်း၊
၂။ မှန်ကန်စွာပြောဆိုခြင်း၊
၃။ အလုပ်လုပ်ခြင်း၊
၄။ စိတ်၊
၅။ မှတ်ဉာဏ်အားကောင်းခြင်း၊
၆။ နားလည်မှုပြည့်ဝခြင်း
တို့ ဖြစ်သည်။

အဆိုပါ စွမ်းအင် (၆) မျိုးအား ပေါင်းရုံးရ၍ -
Zoroaster ဟု ခေါ်ဆိုသည်။
8696112 59
47/11

အခန်း (၁၈)

မဟာကိန်းဂဏန်း 55

55 ဂဏန်းပိုင်ရှင်များသည် ဖန်တီးနိုင်စွမ်းမြင့်မားပြီး ပြဿနာအခက်အခဲများစွာအား မျှတပြေလည်စေတတ်သည်။

55 ဂဏန်းပိုင်ရှင်များသည် အနာဂတ်အတွက် အမြော်အမြင်ကြီးစွာ ကြိုတင်ပြင်ဆင်မှုများလုပ်တတ်သလိုလိုအပ်ချက်ရှိသူများကိုလည်း ကောင်းသော အကြံဉာဏ်ပေးတတ်ကြသည်။

မဟာကိန်းဂဏန်း 55 အား ပေါင်းခြင်းဖြင့်ရရှိသော 10 အား တစ်လုံးတည်းသော ဂဏန်းဖြစ်သည်အထိ ပေါင်းပါက (5+5=10, 1+0=1) ဟူ၍ ရရှိမည်ဖြစ်သည်။

10 သည် ရွှေတွင် ဖော်ပြချက်အရ ပြောင်းလဲခြင်းပြအမှတ်နေရာပင် ဖြစ်သည်။ ထိုအခါ 10 ဂဏန်းသည် စိတ်အခြေအနေ အဆင့် (၁၀)ဆင့်အား ပြန်လည်ကိုယ်စားပြုသည်။

10 ဂဏန်းသည် ပြောင်းလဲခြင်း ပြအမှတ်နေရာတွင်ရှိနေသကဲ့သို့ ပေါင်းခြင်း 10 ရစေသည့် 55 ဂဏန်းသည်

မက်လုံး	ရှာဖွေခြင်းနှင့်တွေ့ရှိခြင်း	ကျွမ်းကျင်ပိုင်နိုင်ခြင်း
Incentive	Seek and Pind	Mastership
953552945	1552 154 6954	4112591897
47/11	47/11	47/11

www.burmeseclassic.com

www.burmeseclassic.com

လည်း ဘဝတစ်သက်တာအတွင်းပြောင်းလဲနိုင်မှုအခြေအနေအမျိုးမျိုးကို ဖော်ပြသည်။

ကျွန်ုပ်တို့ လူသားအားလုံးသည် ဘုရားသခင်အလိုတော်အရ စကြဝဠာအတွင်း အရာအားလုံးနှင့် နောက်ဆုံး၌ တစ်ပေါင်းစည်းတည်ဖြစ်ရန် လိုအပ်သည်။ 55 ဟူသည့် မဟာကိန်းဂဏန်းသည် လူသားအားလုံးနှင့် ဘုရားသခင်တို့အကြား ကြားခံရပ်တည်ပေးသည့် အနေအထားကို ရည်ညွှန်းသည်။

55 ဂဏန်းရစေသည့် အခြေအနေအကြောင်းအရာများ

ကြားခံရပ်တည်ပေးသူ
The Mediator
285 45491269
55

အဆင့်ဆင့်တိုးတက်ဖြစ်ပေါ်စေသည့်ဆန္ဒ
Will to Evolve
5933 26 546345
55

55 ဂဏန်းသည် သိစိတ်မြင့်မားအောင်ကြိုးစားနိုင်ခြင်းဖြင့် ကမ္ဘာလောကတစ်ခုလုံး ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်နိုင်သည့် ဂဏန်းလည်းဖြစ်သည်။ တစ်နည်းအားဖြင့် 55 ဂဏန်းပိုင်ရှင်များသည် အတိတ်မှ မကောင်းသော အခြေအနေအကြောင်းအရာများအားထည့်သွင်း စဉ်းစားခြင်းမပြုဘဲ လက်ရှိကာလအသက်ရှင်နေစဉ်အတွင်း ဘုရားသခင်အလိုတော်အတိုင်း နေထိုင်ပြုမူတတ်ကြစေရန် လမ်းညွှန်ပေးနေသူများပင် ဖြစ်သည်။

အခန်း (၁၉)

56/11 (11 ဂဏန်းရစေသည့် စမ်းသပ်ဂဏန်း)

56 ဂဏန်းသည် မဟာကိန်းဂဏန်း 11 ဂဏန်းရစေသလို 65 ဂဏန်းကလည်း အလားတူအကျိုးသက်ရောက်မှုရှိနေသည်ကို တွေ့ရှိရသည်။ 5, 6 နှင့် ၎င်းတို့၏ ပေါင်းခြင်း 11 ဂဏန်းတို့တွင် ပါဝင်သော အနက်အဓိပ္ပာယ်များအား အောက်ပါအတိုင်း လေ့လာနိုင်သည်။

၁။ 5 ဂဏန်းသည် စိတ်ပိုင်းဆိုင်ရာအခြေအနေ၊ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်း၊ တရားမျှတခြင်း၊ အမြင်အယူအဆပြောင်းလဲခြင်းတို့ကို ကိုယ်စားပြုသည်။

5 ဂဏန်းသည် ဗုဒ္ဓဟူးဂြိုဟ်နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည်။ ၎င်းအပြင် 5 ဂဏန်းသည် ကြီးမြတ်သော ဝိညာဉ်လိပ်ပြာအဖြစ် ဘုရားသခင်အလိုတော်အတိုင်း မူလနေရာသို့ ပြန်လည်ရောက်ရှိမည်သဘော၊ သူတကာထက် ထိုးထွင်းဉာဏ်ကောင်းသည့်သဘောတို့ကို ရည်ညွှန်းသည်။

၂။ 6 ဂဏန်းသည် စိတ်ခံစားမှုအခြေအနေများအား ရည်ညွှန်းသည်။ ၎င်းအပြင် ချစ်ခြင်းမေတ္တာ၊ အလိုဆန္ဒ၊ ခမ်းနားထည်ဝါခြင်း၊ အလှအပဇီဝိန်ခံခြင်း သဘောတို့ကို ကိုယ်စားပြုထားသည်။ 6 ဂဏန်းသည် သောကြာဂြိုဟ်နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည်။

6 ဂဏန်းသည် သိစိတ်နယ်ပယ်အားကောင်းကျယ်ဝန်းပြီး လောကရှိလူသားအားလုံးအပေါ် သနားကြင်နာမှုများဖြင့် ငြိမ်းချမ်းစေခြင်းသဘောကို ဖော်ပြသည်။

၃။ 5 နှင့် 6 - 56 ဟူသော ဂဏန်းအားပေါင်းခြင်းဖြင့်ရရှိသော မဟာကိန်းဂဏန်း 11 သည် မည်သည့်အသိပညာ၊ အတတ်ပညာတွင်မဆို ကျွမ်းကျင်ပိုင်နိုင်ခြင်း၊ မြင့်မြတ်စိတ်ထားရှိခြင်း၊ အရာရာညီညွတ်မှုတစေခြင်းတို့ကို ရည်ညွှန်းသည်။

11 ဂဏန်းသည် ယူရေးနပ်စ်ဂြိုဟ်နှင့် ဆက်စပ်လျက်ရှိသည်။ ၎င်းပြင် 11 ဂဏန်းသည် သိစိတ်မြင့်မားခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်း၊ ပညာရှိခြင်းတို့ကို ကိုယ်စားပြုထားသည်။

11 ဂဏန်းရစေသည့် စမ်းသပ်ဂဏန်း 56/11 တွင် သောကြာဂြိုဟ် ကိုယ်စားပြု 6 ဂဏန်းသည် 11 ဟူသော အကျိုးသက်ရောက်မှုရရှိရန်အတွက် ဗုဒ္ဓဟူးဂြိုဟ် ကိုယ်စားပြုဂဏန်း 5 အားပေါင်းခြင်းဖြင့် တွဲပြန်ပေးရသည်။ တစ်နည်းအားဖြင့် အချစ်ရေးကိုယ်စားပြု (သောကြာဂြိုဟ်) သည် လူသားဘဝတစ်သက်တာ အရာရာစွမ်းအင်မျှတမှုရှိစေရန် အကျိုးအကြောင်းကိုယ်စားပြု (ဗုဒ္ဓဟူးဂြိုဟ်) နှင့် ပေါင်းစပ်ပေးရသည်ဟု ဆိုနိုင်သည်။

56/11 ဂဏန်းရစေသည့် အခြေအနေအကြောင်းအရာများ

ထင်ရှားစွာဖော်ပြချက်များ
Manifestation
4159651212965
56/11

ဆက်လက်တိုးတက်မှုအခြေအနေ
Progression
796795111965
56/11

11 ဂဏန်းရစေသည့် 56 စမ်းသပ်ဂဏန်းကဲ့သို့ပင် 65 ဂဏန်းကိုလည်း စိစစ်လေ့လာနိုင်သည်။

65/11 တွင် ဗုဒ္ဓဟူးဂြိုဟ်ကိုယ်စားပြု 5 ဂဏန်းသည် သောကြာဂြိုဟ်ကိုယ်စားပြု 6 ဂဏန်းနှင့်ပင် ပေါင်းစပ်တို့ပြန်၍ 11 ဂဏန်းကို ရရှိစေသည်။

တစ်နည်းအားဖြင့် ကျိုးကြောင်းဆင်ခြင်မှုကိုယ်စားပြုသည့် 5 ဂဏန်းသည် ကျိုးကြောင်းဆင်ခြင်မှုပြုလုပ်ပေးသည့် ဦးခေါင်းကို ရည်ညွှန်းပြီး ချစ်ခြင်းမေတ္တာ၊ အချစ်ရေးကိုယ်စားပြု 6 ဂဏန်းသည် ချစ်ခြင်းမေတ္တာမွေးဖွားပေးသောနှလုံးသားကို ရည်ညွှန်းသည်။

56/11 ဂဏန်းသည် ဘုရားသခင်၏ ကောင်းချီးပေးခြင်းခံရသောကြောင့် ပျော်ရွှင်ခြင်း၊ ပေါများကြွယ်ဝခြင်း၊ ကျန်းမာခြင်း၊ ထာဝရအသက်ပိုင်ဆိုင်ခြင်းဟူသည့် ကောင်းကျိုးများကို ရရှိသည်။

နေစကြဝဠာအတွင်း ကျွန်ုပ်တို့၏ ဝိညာဉ်လိပ်ပြာများသည် သိစိတ်အခြေအနေမှတစ်ဆင့် ဘုရားသခင်နှင့် တစ်စုတစ်စည်းတည်းဖြစ်ကာ ထိုမှတစ်ဆင့် မွေးဖွား သန့်စင် ရှင်သန် ကြီးထွားခြင်းဟူသည့် ဆင့်ကဲဖြစ်စဉ်များကို ကြုံတွေ့ကြရသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့ လူသားအားလုံး ဝိညာဉ်လိပ်ပြာမှအကောင်အထည်ဖြင့်မြင်ရသည့်ရုပ်ခန္ဓာအဖြစ် ကူးပြောင်း၍ မွေးဖွားလာရခြင်းဖြစ်သည်။

ခရစ်တော်နှင့်အတူ
တစ်သားတည်းရှိနေသောဘဝ
Christhood
3899128664
56/11

မှန်ကန်သောသက်ဝင်ယုံကြည်မှု
Enlightenment
55.39782554552
56/11

လူသားအဖြစ် မွေးဖွားလာပြီးနောက် ကျွန်ုပ်တို့တွင် ရုပ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများကို စိတ်ခံစားမှုနှင့် ဝိညာဉ်ရေးရာအသိ

www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်များ ဖွံ့ဖြိုးလာရသည်။

စိတ်ခံစားမှုများဖွံ့ဖြိုးရင့်ကျက်လာသည်နှင့် အနုပညာဖန်တီးနိုင်စွမ်းများ တိုးတက်လာခဲ့သည်။

65/11, 56/11 ရစေသည့်ဖန်တီးနိုင်စွမ်း တို့ဖော်ပြသောအခြေအနေများ

ရေတွင်လမ်းလျှောက်ခြင်း

To Walk The Water
26 5132 285 51259
56/ 11

စိတ်အတွင်းမှ လှုံ့ဆော်တိုက်တွန်းမှုများ

Master motivator
411259 462941269
65/ 11

အဓိကအကြောင်းအရာများအား အနှစ်ချုပ်ခြင်း

Recapitulation
95317923312965
65/ 11

အခန်း (၂၀)

မဟာကိန်းဂဏန်း 66

66 ဂဏန်းအား ပေါင်းခြင်းဖြင့် 12 ဂဏန်းကိုရရှိပြီး 12 အား ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းပါက 3 ဂဏန်းရရှိသည်။

ထိုအခါ 66/12/3 (6+6=12=3) ဟူသော ညီမျှခြင်းကို ရရှိမည်။ 66 ဂဏန်းနှင့် 3 ဂဏန်းတို့အကြားရှိ 12 ဂဏန်းသည် 66 နှင့် 3 တို့၏ တုံ့ပြန်အတိုးသက်ရောက်မှုများကို ရည်ညွှန်းသည်။

12 ဂဏန်းသည် မဟာကိန်းဂဏန်းမဟုတ်သော်လည်း ၎င်း၌ သိစိတ်များစွာစုစည်း၍ပါဝင်လျက်ရှိသည်။

12 ဂဏန်းအား ခွဲခြားလေ့လာပါက 2 သည် မိမိကိုယ်ကျိုးစွန့်အနစ်နာခံတတ်ခြင်းကိုရည်ညွှန်းပြီး 1သည် အတ္တတို့ ကိုယ်စားပြုသည်။

ထိုအခါ အတ္တကိုယ်စားပြု 1 ဂဏန်းအား (အင်္ဂါဂြိဟ်) က စိုးမိုးပြီး 1 နှင့် 2 ပေါင်းခြင်း 3 ဂဏန်းအား (ကြာသပတေးဂြိဟ်)ကစိုးမိုးထားသည်။

12 ဂဏန်းဖြစ်စေသည့် 66 ဟူသော မဟာကိန်းဂဏန်းသည် ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်တည်ငြိမ်စေခြင်းသဘောကို ရည်ညွှန်းသည်။

6 ဂဏန်းသည် မေတ္တာသက်ဝင်ခြင်း၊ သနားကြင်နာခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းသဘောများကို ကိုယ်စားပြုထားသောကြောင့် 6 ဂဏန်းနှစ်လုံးထပ်တွဲထားသည့် 66 ဂဏန်းအဖို့ ပိုမိုအားကောင်းသော မေတ္တာဓာတ်များ ပါရှိနေမည်သာဖြစ်သည်။



မဟာကိန်းဂဏန်း 66 တည်နေရာပြပုံ

66 ဂဏန်းရစေသည့် အခြေအနေအကြောင်းအရာများ

ကုံရာသီ၏ရှေ့တော်ပြေး

Aquarian Herald
17319915 859134
66

စိတ်ဓာတ်ကြံ့ခိုင်မြင့်မြတ်စေခြင်း

Spiritualize
179992313985
66

66 ဂဏန်းဝိုင်ရှင်များသည် အတွေးအခေါ်ကောင်းပြီး ဝိညာဉ်ရေးရာနယ်ပယ်၌ နှံ့စပ်ကျွမ်းကျင်ကြသည်။ တစ်နည်းအားဖြင့် စကြဝဠာဆိုင်ရာသိစိတ်များနှင့် ဆက်စပ်လျက်ရှိကြောင်း 66 က ရည်ညွှန်းသည်။ စကြဝဠာဆိုင်ရာသိစိတ်များအား ဘုရားသခင်နိုင်ငံတော်မှ ရရှိသည်။

ဘုရားသခင်နိုင်ငံတော်

Kingdom of God
2957464 66 764
66

66 ဂဏန်းရစေသည့် အမေရိကန်စိတ်ကူး

ခေတ်သစ်အမေရိကန်အနေဖြင့် မူဝါဒသဘောတရားများအား လိုအပ်သလို ပြောင်းလဲပြုပြင်၍ အတူလက်တွဲလုပ်ကိုင်ခြင်း၊ စိတ်ကောင်းစေတနာထားရှိခြင်း၊ သက်ရှိလူသားအားလုံးနှင့် စည်းလုံးညီညွတ်စွာနေထိုင်၍ ကမ္ဘာလောကတစ်ခုလုံး ငြိမ်းချမ်းသာယာမှုတည်ဆောက်နိုင်ရန် ရည်မှန်းလျက်ရှိသည်။

An American Dream
15 14599315 49514
66

6 ဂဏန်းနှင့်ပတ်သက်သည့် ရာဖေး၏ ပန်းချီကားများ

ရာဖေးရေးဆွဲသည့် The Sistine Madonna ဟူသော ပန်းချီကားတွင် ပုပ်ရဟန်းမင်းကြီးက မက်ဒေါနားနှင့် ခရစ်တော် (ကလေးဘဝ) အား လက်ညှိုးထိုးနေသည့်ပုံပါရှိသည်။ အဆိုပါ ပန်းချီအရ ပုပ်ရဟန်းမင်းကြီး၌ လက်ချောင်း(၆)ချောင်းပါရှိပုံကို တွေ့ရသည်။

ထို့အတူ ရာဖေး၏ Marriage of the virgin ဟူသည့် ပန်းချီကားတွင်လည်း မယ်တော်မာရီ ဂျိုးဇက်နှင့် ခရစ်တော် (ကလေးဘဝ) တို့ အတူရှိနေပုံကို ရေးဆွဲထားကြောင်း၊ ဂျိုးဇက်မြေပြင်ပေါ် ရပ်နေသည့်ခြေထောက်အား ကြည့်ရှုပါက ခြေချောင်း (၆) ချောင်းပါရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ပန်းချီဆရာ ရာဖေး၏ ရည်ရွယ်ချက်မှာ ပုပ်ရဟန်းမင်းကြီး၏ လက်ချောင်း (၆) ချောင်းနှင့် ဂျိုးဇက်၏ ခြေချောင်း (၆) ချောင်းတို့အား အဓိကပေါ်လွင်အောင် ရေးဆွဲထားပြီး ၎င်းတို့နှစ်ဦး၏ ဆဋ္ဌမအာရုံပိုင်ဆိုင်မှုအား အဓိကသိရှိစေရန်ပင် ဖြစ်သည်။

ရာဖေး၏ ဖော်ပြချက်အရ ပုပ်ရဟန်းမင်းကြီးနှင့် ဂျိုးဇက်တို့က ဉာဏ်အလင်းရောင်ရှိသော ဘဝလမ်းကြောင်းကို ဖြတ်သန်းနိုင်သူများဖြစ်သည်။

ဉာဏ်အလင်းရောင်ရှိလမ်းကြောင်း

The Lighted way
285 3978254 513
66

www.burmeseclassic.com

www.burmeseclassic.com

66 ဂဏန်းရရှိခြင်းကိုဖော်ပြသည့် သခင်ယေရှုနှင့် ဘုရားသခင်၏ ပြုမူဆောင်ရွက်ချက်များအပေါ် ယုံကြည်သက်ဝင်မှုများ

သခင် ယေရှု ကယ်တင်ရှင်
Lord Jesus Saviour
36994 15131 1149639
22 11 13
66

ဘုရားသခင်အပေါ် ယုံကြည်ခြင်း
Faith in Action
61928 95 132965
66

အခန်း (၂၁)

74/11 (11 ဂဏန်းရစေသည့် စမ်းသပ် ဂဏန်း)

4 ဂဏန်းသည် ကမ္ဘာကြိုဟ်အား ကိုယ်စားပြုပြီး ဆွဲဆောင်နိုင်စွမ်းရှိခြင်းကို ရည်ညွှန်းသည်။ 7 ဂဏန်းကမူ တနလ်ာဂြိုဟ် (လ) အား ကိုယ်စားပြုပြီး စိတ်ကူးယဉ်ခြင်း၊ စိတ်ခံစားခြင်းအခြေအနေများအား ရည်ညွှန်းသည်။ 4 နှင့် 7 ဟူသော ဂဏန်းနှစ်လုံးအားပေါင်းခြင်းဖြင့် ယူရေးနပ်စ်ဂြိုဟ်ကိုယ်စားပြု 11 ဂဏန်းကို ရရှိစေသည်။

ယူရေးနပ်စ်ဂြိုဟ်ကိုယ်စားပြု 11 ဂဏန်းသည် စကြဝဠာဆိုင်ရာ မဟာသိစိတ်အား ရည်ညွှန်းသည်။

74/11 ရစေသည့် စကြဝဠာဆိုင်ရာ ဆွဲဆောင်မှုများ

Cosmic Fascination
361493 61139512965
74/11

74/11 ရစေသည့် အခြေအနေများနှင့်ပတ်သက်သူ မည်သူမဆို စိတ်ကူးဉာဏ်အားကောင်းကြသည်။

74/11 နှင့် ပတ်သက်သူများသည် ဘုရားဇာပေါ် ယုံကြည်မှု၊ မိမိကိုယ်မိမိ ယုံကြည်မှုများဖြင့် ဘဝတစ်သက်တာခရီးအား ဖြတ်သန်းနိုင်ကြသည်။

ရုပ်ဝတ္ထုပစ္စည်းတစ်ခုချင်းအလိုက် အမြင့်ဆုံးအဆင့်အထိ ကြာရှည်တည်တံ့နိုင်စွမ်းမရှိကြပေ။ ဘုရားသခင်အလိုကျလိုက်နာသူများသာ ထာဝရအသက်ကို ပိုင်ဆိုင်နိုင်ကြသည်။

74/11 ရစေသည့် ဘဝ၏လွတ်မြောက်မှုစတင်သော အခြေအနေ

Cradle of Liberty
391435 66 3925927
74/11

အခန်း (၂၂)

မဟာကိန်းဂဏန်း 77

ကောင်းသော ဘဝသစ်တစ်ခုကို စတင်နိုင်မည့် အားကောင်းသောသိစိတ်အခြေအနေကို ရည်ညွှန်းသောဂဏန်းဖြစ်သည်။

ဝိညာဉ်လိပ်ပြာ၏ အတွင်းအနှစ်သာရသည် စကြဝဠာဆိုင်ရာ ဝိညာဉ်ရေးရာ၏ အံစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။

ထို့ကြောင့် သေဆုံးခြင်းသည် ဘဝတစ်ခု၏ ရုပ်ခန္ဓာကြွေလွင့်ခြင်းသာဖြစ်ပြီး ဝိညာဉ်အနေဖြင့် ထာဝရအသက်အဖြစ် ဆက်လက် တည်ရှိနေကြောင်း 77 ဂဏန်းက ဖော်ပြသည်။

ME (ကွန်ပ်ကို) ဟူသော စကားလုံးတွင် ကွယ်ဝှက်နေသော ကိန်းဂဏန်းများပါရှိသည်။

M=8, E=5 ဖြစ်သောကြောင့် ME= 8+5=13 ဟူ၍ ရရှိသည်။ ထို့ကြောင့် 13 ဂဏန်းသည် ရုပ်ဝတ္ထုပြောင်းလဲခြင်းသဘောကို ကိုယ်စားပြုသည်။

77 ဂဏန်း ရစေသည့် အခြေအနေအကြောင်းအရာများ



မဟာကိန်းဂဏန်း 66 တည်နေရာပြပုံ

အလင်းရောင်သစ်ပင်
The Tree of Light
285 2955 66 39782
77

အလင်းရောင်သစ်ပင်၌ အကိုင်းအခက်များစွာပါရှိသည်။

ရုပ်ပိုင်းဆိုင်ရာအရ အာရုံကြောစနစ်နှင့် သွေးလှည့်ပတ်မှုစနစ်တို့သည် အလင်းရောင်သစ်ပင်အား ကိုယ်စားပြုသည်။

77 ဂဏန်းဖြင့်ပတ်သက်၍ ဇွေဖွားလာသူများကို အဆောက်အအုံများအား တီထွင်ဖန်တီးဉာဏ်စွမ်းဖြင့် တည်ဆောက်နိုင်သူများ၊ သိပ္ပံပညာရှင်များ၊ အတွေးအခေါ်ပညာရှင်များ၊ တရားဟောဆရာများအဖြစ် တွေ့ရတတ်သည်။

မဟာကိန်းဂဏန်း 77 ဖြင့် ဇွေဖွားလာသူများသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် နေထိုင်ပြုမူတတ်သော်လည်း အထီးကျန်ရခြင်းအပေါ် ကြောက်ရွံ့မှုမရှိကြသူများ ဖြစ်သည်။

77 ဟူသည့် မဟာကိန်းဂဏန်းအား ပေါင်းခြင်းဖြင့် 14 ကို ရရှိတာ 14 အား ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းပါက 5 ဂဏန်းကို ရရှိသည်။ (77=14=5) ဟူ၍ ရရှိသည်။

အထက်ပါညီမျှခြင်းအရ 14 နှင့် 5 ဂဏန်းသည် 77 ဂဏန်း၏ တုံ့ပြန်အကျိုးသက်ရောက်မှုများအား ကိုယ်စားပြုသည်။

14 ဂဏန်းသည် တစ်သမတ်တည်းသော ရည်မှန်းချက်၊ အာရုံခံစားမှုအခြေအနေများအား ရည်ညွှန်းပြီး 5 ဂဏန်းက တရားမျှတမှုများကို ဖော်သည်။ 77 ဂဏန်းပိုင်ရှင်များ၌ ကောင်းသောစွမ်းရည်များရှိသလို ပုန်ကန်ထတတ်သည့် သဘာဝရှိခြင်းကြောင့် ကောင်းမွန်နိုင်နင်းစွာ ထိန်းချုပ်ပေးသင့်သည်။

77 ဂဏန်းကိုယ်စားပြုစွမ်းအင်

လျှစ်စစ်စွမ်းအင်
Electric Energy
53532993 555977
77

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွက်

ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ခိုန်၊ သိဒ္ဓိနက္ခတ်လင်္ဂဖြတ်ခိုန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ခိုန်၊ ၎င်းအခါသုံးပါးထပ်ခိုန်တို့၌ အဓိဌာန်ဘာဝနာပွားများခြင်း၊ အဓိဌာန်ပုတီးစိပ်ခြင်း၊ အဓိဌာန်မန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗွမန္တန်ကြီး အပါအဝင် ဓနံလာဘံဆိုင်ရာများကို ရွတ်ဖတ်ကျင့်ကြံပွားများဆိုပါလျှင် ထူးခြားသော ကောင်းကျိုးချမ်းသာများကို ခံစားရမည် ဖြစ်ပါသည်။ ၁၁-၁-၂၀၁၆ နေ့၊ ညနေ(၇း၂၇)နာရီတွင် စန်းသည် ဓနိသဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး၊ ၁၂-၁-၂၀၁၆ နေ့၊ နံနက်(၇း၂၄)နာရီအချိန်တွင် ဓနသိဒ္ဓိနက္ခတ်သည် စန်းနှင့်ယှဉ်နေမည်ဖြစ်ပြီး ၎င်း (၁၂-၁-၂၀၁၆) နေ့၊ ညဉ့် (၇း၂၅) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှထွက်ခွာမည် ဖြစ်သည်။

၁၂-၁-၂၀၁၆ နံနက် (၈း၂၅း၁၈) နာရီမှ (၈း၃၅း၃၆) နာရီအတွင်းတွင် လင်္ဂသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့ နေ့လယ် (၁၃း၅၈း၀၇) နာရီမှ (၁၄း၅၄း၂၇) နာရီအတွင်းတွင် မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည် ဖြစ်သည်။

လင်္ဂဖြတ်ကျော်ချိန်ဇယား			မွန်းတည့်မျဉ်းချိန်ဖြတ်ကျော်ချိန်ဇယား		
ရက်	စဝင်ချိန်	ထွက်ခွာချိန်	ရက်	စဝင်ချိန်	ထွက်ခွာချိန်
၁	၉း ၀၉း ၃၄	၉း ၂၀း ၅၂	၁	၁၄း ၄၁း ၂၃	၁၅း ၃၈း ၄၃
၂	၉း ၀၅း ၃၈	၉း ၁၆း ၅၆	၂	၁၄း ၃၇း ၂၇	၁၅း ၃၄း ၄၇
၃	၉း ၀၁း ၄၂	၉း ၁၂း ၀၀	၃	၁၄း ၃၃း ၃၁	၁၅း ၃၀း ၅၁
၄	၈း ၅၆း ၄၆	၉း ၀၉း ၀၄	၄	၁၄း ၂၉း ၃၅	၁၅း ၂၆း ၅၅
၅	၈း ၅၂း ၅၀	၉း ၀၅း ၀၈	၅	၁၄း ၂၅း ၃၉	၁၅း ၂၂း ၅၉
၆	၈း ၄၇း ၅၄	၉း ၀၁း ၁၂	၆	၁၄း ၂၁း ၄၃	၁၅း ၁၈း ၀၃
၇	၈း ၄၃း ၅၈	၈း ၅၇း ၁၆	၇	၁၄း ၁၇း ၄၇	၁၅း ၁၄း ၀၇
၈	၈း ၄၀း ၀၂	၈း ၅၃း ၂၀	၈	၁၄း ၁၃း ၅၁	၁၅း ၀၉း ၁၁
၉	၈း ၃၆း ၀၆	၈း ၄၈း ၂၄	၉	၁၄း ၀၉း ၅၅	၁၅း ၀၅း ၁၅
၁၀	၈း ၃၃း ၁၀	၈း ၄၄း ၂၈	၁၀	၁၄း ၀၅း ၅၉	၁၅း ၀၁း ၁၉
၁၁	၈း ၂၉း ၁၄	၈း ၃၉း ၃၂	၁၁	၁၄း ၀၁း ၀၃	၁၄း ၅၇း ၂၃
၁၂	၈း ၂၆း ၁၉	၈း ၃၅း ၃၆	၁၂	၁၃း ၅၇း ၀၇	၁၄း ၅၃း ၂၇
၁၃	၈း ၂၃း ၂၃	၈း ၃၂း ၄၀	၁၃	၁၃း ၅၃း ၁၁	၁၄း ၄၉း ၃၂
၁၄	၈း ၂၀း ၂၇	၈း ၂၈း ၄၄	၁၄	၁၃း ၄၉း ၁၅	၁၄း ၄၅း ၃၆
၁၅	၈း ၁၆း ၃၁	၈း ၂၅း ၄၈	၁၅	၁၃း ၄၅း ၁၉	၁၄း ၄၁း ၄၀
၁၆	၈း ၁၃း ၃၅	၈း ၂၁း ၅၂	၁၆	၁၃း ၄၁း ၂၃	၁၄း ၃၇း ၄၄
၁၇	၈း ၀၉း ၃၉	၈း ၁၈း ၅၆	၁၇	၁၃း ၃၇း ၂၇	၁၄း ၃၃း ၄၈
၁၈	၈း ၀၆း ၄၃	၈း ၁၄း ၀၀	၁၈	၁၃း ၃၃း ၃၁	၁၄း ၂၉း ၅၂
၁၉	၈း ၀၂း ၄၇	၈း ၀၈း ၀၄	၁၉	၁၃း ၂၉း ၃၅	၁၄း ၂၅း ၅၆
၂၀	၇း ၅၉း ၅၀	၈း ၀၄း ၀၈	၂၀	၁၃း ၂၅း ၃၉	၁၄း ၂၂း ၀၀
၂၁	၇း ၅၅း ၅၄	၇း ၆၉း ၁၂	၂၁	၁၃း ၂၂း ၄၃	၁၄း ၁၈း ၀၄
၂၂	၇း ၅၁း ၅၈	၇း ၆၅း ၁၆	၂၂	၁၃း ၁၈း ၄၇	၁၄း ၁၄း ၀၈
၂၃	၇း ၄၇း ၀၂	၇း ၆၁း ၂၀	၂၃	၁၃း ၁၄း ၅၁	၁၄း ၀၉း ၁၂
၂၄	၇း ၄၃း ၀၆	၇း ၅၇း ၂၄	၂၄	၁၃း ၀၉း ၅၅	၁၄း ၀၅း ၁၅
၂၅	၇း ၄၀း ၁၀	၇း ၅၃း ၀၈	၂၅	၁၃း ၀၅း ၅၉	၁၄း ၀၁း ၁၉
၂၆	၇း ၃၆း ၁၄	၇း ၄၉း ၃၂	၂၆	၁၃း ၀၁း ၀၃	၁၃း ၅၇း ၂၃
၂၇	၇း ၃၃း ၁၈	၇း ၄၅း ၃၆	၂၇	၁၂း ၅၇း ၀၇	၁၃း ၅၃း ၂၇
၂၈	၇း ၂၉း ၂၂	၇း ၄၂း ၄၀	၂၈	၁၂း ၅၃း ၁၁	၁၃း ၄၉း ၃၂
၂၉	၇း ၂၅း ၂၆	၇း ၃၈း ၄၄	၂၉	၁၂း ၄၉း ၁၅	၁၃း ၄၅း ၃၆
၃၀	၇း ၂၁း ၃၀	၇း ၃၅း ၄၈	၃၀	၁၂း ၄၅း ၁၉	၁၃း ၄၁း ၄၀
၃၁	၇း ၁၈း ၃၄	၇း ၃၁း ၅၂	၃၁	၁၂း ၄၁း ၂၃	၁၃း ၃၇း ၄၄

www.burmeseclassic.com

www.burmeseclassic.com

၁၈ - ၁၀ - ၂၀၁၅။

တနင်္လာနေ့ -

နေ့ခင်း (၂) နာရီထိုးမှ စတင်၍ တောက်လျှောက်မနားတမ်းခရီးနှင်ခဲ့ရာ-

ည (၇) နာရီတိတိအချိန်တွင် ကျွန်းကလေးတောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့ပါပြီ။

သားအဖနှစ်ယောက်နှင့် ကိုကြည်ဝေ (၃) ယောက်သား ဝမ်းမြောက်ဝမ်းသာစွာနှင့် ကျေးဇူးတော်ရှင် ဆရာတော်အား ရိုသေစွာရှိခိုးကန်တော့ကြပါသည်။

ဆရာတော်အရှင်သူမြတ် ပို့သသော မေတ္တာဓာတ်များ ကျွန်ုပ်တို့သားအဖနှစ်ယောက်အား လွှမ်းခြုံသွားဘိသည့်အလား ကြည်နူးစိတ်များဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေမိကြ၏။

သားအဖနှစ်ယောက် နဝကမ္မဝတ္ထုငွေများလှူဒါန်းကြ၏။

ဤနေရာတွင် -

သားအဖနှစ်ယောက်လုံး အံ့သြသွားရသော အကြောင်းအရာတစ်ခုကြုံရပါသည်။

အိမ်ကထွက်မလာမီ ဆရာတော်အရှင်သူမြတ်အား ကန်တော့မည့် ဝတ္ထုငွေများကို အခေါက်ခေါက်အခါခါစေ့စေ့စပ်စပ်နှင့် ရေတွက်ကြည့်ခဲ့ကြ၏။ တစ်သောင်းတန်ဆယ်ရွက်တစ်သိန်းတိတိအသစ်လေးများကို တမင်စုဆောင်းထားခဲ့ပြီး ဆရာတော်အား သွားရောက်ဖူးမြော်လျှင် နဝကမ္မလှူမည်ဟု ကြိုတင်ပီတိဖြစ်ခဲ့ရသည်မှာ ကြာခဲ့ပါပြီ။

ယခု လာခါနီးလည်း စာအိတ်လေးကိုသေချာကြည့်၊ ငွေများသေချာထုတ်ကြည့်၍ရေတွက်ခဲ့ရာ ဆယ်ရွက်။

ဆရာတော် အရှင်သူမြတ်အား ကန်တော့ဖို့စီစဉ်သည့်အခါ အိတ်ထဲတွင် ရောပါလာသော တစ်သောင်းတန် အသစ်လေးတစ်ရွက်ထပ်ဖြည့်ကန်တော့မည်၊ (၁၁) မီးငြိမ်းသော နိမိတ်နှင့် (၁၁၀၀၀၀) တစ်သိန်းတစ်သောင်း ကန်တော့မည်ဟု စဉ်းစားလိုက်ပြီး စာအိတ်ထဲမှ ပိုက်ဆံများကိုထုတ်ရင်း အကျီအိတ်ကပ်ထဲမှ တစ်သောင်းတန်ကို ကိုင်လိုက်၏။

"ဟင် - သား၊ ဒီစာအိတ်ထဲမှာကို (၁၁) ရွက်ဖြစ်နေပါလား"

"ဟာ - ဟုတ်တယ်နော်၊ သားတို့ အထပ်ထပ်အခါခါ ရေတွက်နေတာ (၁၀) ရွက်ပဲ။ ကပ်နေတာလည်းမရှိဘူး"

"အေး - ခုကြည့်လေ၊ အကျီအိတ်ကပ်ထဲက တစ်ရွက်တောင်မထည့်ရတော့ဘူး"

"တစ်မျိုးပဲနော် အဖေ"

ကျေးဇူးတော်ရှင်ဆရာတော်အား သားအဖနှစ်ယောက် ရိုသေစွာကန်တော့ကြပါသည်။ ပြီးမှ ဆရာတော်ချီးမြှင့်သော တရားတော်များကို ရိုသေစွာနာယူကြ၏။ ဆရာတော်မိန့်ကြားသော စကားများကို ရိုသေစွာ မှတ်သားကြ၏။ စိတ်ချမ်းသာလိုက်သည့်ဖြစ်ခြင်း။

နာရီဝက်နီးပါးကြာမှ -

ဆရာတော်အနီးမှ အလိုက်သိစွာ ပြန်ထွက်လာကြပါသည်။

ထိုညက -

သားအဖနှစ်ယောက် ဘုန်းရှင်ကံရှင်ရုပ်ပွားတော်မြတ်ကြီးခြေတော်ရင်းတွင် ပဌာန်းဥဒ္ဒေသနိဒ္ဒေသတော်များ ရွတ်ဖတ်ခြင်း၊ ပုတီးစိပ် မေတ္တာပို့ အမျှဝေခြင်းများနှင့် ကုသိုလ်များစွာရခဲ့ပါသည်။ တောင်ပိုင်ကြီးနှင့်တကွ သိုက်နန်းရှင်များ၊ ရုက္ခစိုးကြီးများကို မေတ္တာအထူးပို့၊ အမျှဝေဖြစ်၏။

ည -

ဆရာတော်၏ ကျောင်းသခင်မ်းနှင့် မားလွယ်ခုတ်ရှိ တိုက်လေးထဲတွင် လေးယောက်သားတည်းဖြစ်၏။ သားအဖနှစ်ယောက်၊ ကိုကြည်ဝေနှင့် ကျားလိုက်မောင်းပို့သော ကိုထွန်းပါ လေးယောက်ဖြစ်ရာ အိပ်ခါနီးထိ အပြစ်ကင်းစွာ နောက်ကြပြောင်ကြရယ်ကြနှင့်။

ပီတိများနေ၍ အိပ်မပျော်ပါ။

အရဟံဝုဒ္ဓါကိုသာ ရွှမ့တ်ရင်း ငြိမ်နေလိုက်ပါသည်။

ညဉ့်သန်းခေါင်ယံ တစ်နာရီကျော်ကျော်တွင် -

ကျွန်ုပ်တို့တည်းခိုသောအဆောင်ရှေ့ကပ်ရက်တစ်ပတ်လည်လုံးတွင် ဘယ်နားကမှန်းမသိရသောတံမြက်စည်းလှည်းနေသံသဲ့သဲ့လေးကြားနေရ၏။ တောရိပ်တောင်ရိပ်များနှင့် ပုရစ်အော်သံမှတစ်ပါး အခြားမရှိသောကြောင့် တိတ်ဆိတ်ငြိမ်သက်လွန်းလှမျိုန်တွင်း ထင်ရှားစွာ ကြားနေရ၏။

ဘယ်ဘုများလည်းနေပါလိမ့်ဟု မှန်တံခါးမှသွားကြည့်ရာ အသံမှာ ဘေးဘက်နားလိုလိုဖြစ်သွားပါသည်။ ပြန်အိပ်နေရင်း အရှေ့ဘက်မှ ပြန်ကြားပြန်ရာ မှန်တံခါးမှထကြည့်လိုက်၏။ ဘာမှမတွေ့ပါ။ တံမြက်စည်းလှည်းနေသံမှာ ဘေးဘက်ကလိုဖြစ်သွားပြန်၏။ ဤသို့ကြည့်နေစဉ် ဘာနှင့်မှမတူသော အသွန်ဆွေးကြိုင်လှသည့် ရနံ့လေးတစ်ခုသင်းပျံ့လာပါသည်။ ဤရနံ့သည် အကောင်းစားရေမွှေးများကဲ့သို့မဟုတ်။ အလွန်ဆွေ

ဆရာဦးမောင်မောင်သန့်

(ရှစ်ဆို့ဝေးဖြို့ဝဝဆရာ)

ဟိတ်

www.burmeseclassic.com

www.burmeseclassic.com

ကြိုင်လှသော ပန်းရန့်များနှင့်လည်းမတူ။ ဆယ်လိုပြောရမှန်းမသိသောရန့်လေးဖြစ်၏။

"အင်း - ကုသိုလ်တွေယူလိုက်ကြတာ ကြည်နူးစရာပဲ။ ငါသာအိပ်နေပြီး သာမှအသုံးမကျပါလား"

ဟု ကိုယ့်ကိုယ်ကိုယ်ပြောရင်း ရှက်နေမိ၏။

တွန်းကလေးတောင်တော်တွင် - ဆရာအရှင်သူမြတ်၏ အရိပ်အောက်ဝယ် မကြာခဏ အဓိဋ္ဌာန်များ ဝင်ခဲ့ဖူးပါသည်။ ရက်ရှည်တော့မဟုတ်ပါ။

သုံးရက်နှင့်ငါးရက်သာများခဲ့၏။ အဓိဋ္ဌာန်များဝင်တိုင်း ထူးခြားမှုများနှင့် ပြည့်ဝနေသောကြောင့် အလွန်စိတ်ဖြစ်ရပါသည်။ မြင်ရသောပုဂ္ဂိုလ်များနှင့်နီးနီး ကပ်ကပ်နေနေရသလိုခံစားရ၏။ သူတို့ပါ တရားဝင်နေသလိုခံစားရ၏။ စကားကြမ်းကြမ်းပြော၍မရ။ တစ်ခါက ညီလေးများ၊ တပည့်များနှင့်သွားရင်း စကားခပ်ကြမ်းကြမ်းအမှတ်မထင်ပြောလိုက်မိရာ ပါးစပ်တွင် အနာကြီးများနေချင်းညချင်းပေါက်လာပြီး ရန်ကုန်တွင် တစ်ပတ်ကျော်ခန့်ကုလိုက်ရ၏။

တစ်ခါကလည်း -

ညီလေးများနှင့်သွားရင်း -

မမြင်ရတဲ့ပုဂ္ဂိုလ်တွေက တို့ကို ခင်တယ်ကွ။ အခုတို့လာတာ တို့နားလာ

ပြီး နှုတ်ဆက်ကြမှာ သေချာတယ်"

ဟုပြောလိုက်၊ ရယ်စရာများပြောလိုက်နှင့်နေကြရာ ကျွန်ုပ်တို့ညီအစ်ကိုများ" တစ်ယောကျ်မျက်နှာတစ်ယောက်ကြည့်ပြီး သံတိထားမိစရာဖြစ်လာ၍ငြိမ်နေလိုက်ကြ၏။အားလုံး (၇)ယောက်စိုင်းထိုးပြီး စကားပြောကြ၊ ရယ်ကြဖြစ်နေသော်လည်း ရယ်လိုက်တိုင်း(၁၂)ယောက်၊ (၁၃)ယောက်လောက်အသံများ မှားနေခြင်းဖြစ်၏။ ဆိုင်နေရင်းမှ ချောင်းမဆိုးအဲ့ချောင်းဟန့်သံတစ်ချက်တလေထွက်လာ၏။

ငြိမ်နေလိုက်ကြရာ ဘာမှမကြားရပြန်။

www.burmeseclassic.com

www.burmeseclassic.com

သိချင်၍ပြန်ရယ်ကြည့်ကြရာ ဝိုင်းရယ်သံများရောထွေးလာပြန်၏။ ဘာမှမပြောကြတော့ဘဲ ဘုရားရှိခိုးကြ၊ ပုတီးစိပ်ကြ၊ မေတ္တာပို့၊ အမျှဝေကြပြီး အိပ်လိုက်ကြ၏။မနက်မိုးလင်းမှ ဆရာအရှင်သူမြတ်ကိုလျှောက်ကြည့်ရာ -

"အေး၊ အေး - ကိုယ်မခြင်နိုင်ရင် ဘာမှမပြောမိစေနဲ့။ စကားတွေဘာတွေ မမှားစေနဲ့။ မေတ္တာဘာဝနာပွားပေး။ ဒီတောင်မှာက သူတော်ကောင်းတွေချည်းပဲ။ အမျှဝေ၊ မေတ္တာပို့"

ဟု အမိန့်ရှိပါသည်။

ဆရာအရှင်သူမြတ်သည် မမြင်ရသောပုဂ္ဂိုလ်များအား တောင်ပြောမြောက်ပြောလျှောက်ပြောလျှင်ခွင့်မပြုပါ။ နူးညံ့သိမ်မွေ့စွာ ပညာပေးဆုံးမလေ့ရှိ၏။ ဗဟုသုတများပြောပြ၏။

ဤတောင်တော်တွင် အဓိဋ္ဌာန်ကြီးများဝင်ပြီးတိုင်း ထူးခြားမှုများစွာနှင့် ဆန္ဒပြည့်ဝကြောင်း ညီလေးများအား မကြာခဏပြောပြဖြစ်၏။ ညီအစ်ကိုများမကြာခဏအဓိဋ္ဌာန်လာဝင်ဖြစ်၏။ အလုပ်များပြားလွန်း၍ အဓိဋ္ဌာန်မဝင်ဖြစ်လျှင်ပင် ရောက်အောင်သွားပြီး တောင်မှာရွက်ဖတ်၊ ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့၊ အမျှဝေပြီးမှပြန်၏။

ယခု -

ထူးခြားပြန်ပါပြီ။

တံမြက်စည်းလှည်းသံကို စိတ်ဝင်တစားနှင့် တံခါးဖွင့်ပြီးအပြင်ထွက်ကြည့်ရန် တံခါးအသာလေးဖွင့်လိုက်ရာ တိတ်ဆိတ်လှသော တောင်တော်၏ မြင်ကွင်းနှင့် ရုတ်တရက် သင်းခနဲဖြစ်သွားသောရနံ့ကြောင့် တစ်ထွာခန့်ဟပြီး ခေါင်းပြူကြည့်နေရာမှ ချက်ချင်း တံခါးပြန်ပိတ်လိုက်ပါသည်။

ထိုည -

သားအဖနှစ်ယောက် အတွေ့အကြုံလေးများပြောရင်း မိုးလင်းခဲ့ရပါသည်။

မိုးလင်းရုံလင်းပြီ ဆိုသည်နှင့် ဆရာမကြီး၏ စီစဉ်မှုကြောင့် ကျွန်ုပ်တို့ နံနက်စောစောစားရပါးရစားကြရပါသည်။ စုံလိုက်သည့်ဖြစ်ခြင်း။ အားရပါးရ အလျှံပယ်စားကြရပြီးသည်နှင့် ကျွန်ုပ်တို့ သားအဖ ဘုန်းရှင်ကံရှင်ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ် စံပယ်တော်မှရာ တန်ဆောင်းအတွင်း သွားရောက်၍ ဘုရားဝတ်ပြုကြ၏။ သားက အဓိဋ္ဌာန်ပုတီးများစိပ်၏။ ကျွန်ုပ်က ပဉ္စဝါရပဋ္ဌာန်း၊ ဓမ္မစကြာ၊ မဟာသမယသုတ်နှင့် ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဖတ်ပူဇော်၏။ ပြီးမှ တံမြက်စည်းလှည်း၏။

စောင့်ရှောက်ကြကုန်သောသူတော်ကောင်းပုဂ္ဂိုလ်များအားလုံးကိုရည်မှန်း၍ မေတ္တာပို့၊ အမျှအတန်းဝေ၏။ အဓိက တောင်ပိုင်ကြီးနှင့် သိုက်နန်းရှင်များ၊ ရက္ခစိုးကြီးများ ဖြစ်ပါသည်။

"ကိုမောင်မောင်သန်းတို့ ကေလာသတောင်သွားမှာလား"

"ဟုတ်ကဲ့ - ဆရာမ"

"ဒါဆို ကားလေးနဲ့ပဲသွား။ တောင်ခြေကျမှ ကားကိုအပ်ခဲ့ပြီး ခြေကျင်တက်"

"ဩော် - ကျွန်တော်က ကားကို ဒီမှာပဲထားခဲ့ပြီးလျှောက်မလားလို့"

"မလုပ်နဲ့ ဝေးတယ်။ တော်ကြာတောင်ပေါ် မတက်နိုင်ဘဲနေမယ်"

"ဟုတ်ကဲ့"

"အပြန်ကျ ထမင်းစားပြီးမှပြန်"

"ဟုတ်ကဲ့ - ဆရာမ"

ဆရာမကြီး၏ ဂရုတစိုက် အကြံပေးလမ်းညွှန်မှုဖြင့် ကေလာသတောင်တော်သို့ ဆက်လက် ထွက်ခွာလာကြပါပြီ။

မြသပိတ်တောင်နှင့် ကေလာသတောင်လမ်းခွဲအရောက် ကားနှင့်ဆက်မတက်တော့။ ကိုထွန်းသည် ကားကို စောင့်ရှောက်နေခဲ့တော့၏။ ကျွန်ုပ်တို့သား အဖနှင့် ကိုကြည်ဝေ (၃) ယောက်သား ကားလမ်းအတိုင်း စတင်တက်ခဲ့ကြပါပြီ။

"အဖေ၊ တဖြည်းဖြည်းချင်းတက်"

"အေးပါ - သားရဲ့"

တောတောင်သဘာဝအလှများကို ကြည့်လိုက်၊ ပြောလိုက်၊ ငေးလိုက်၊ လမ်းလျှောက်တက်လိုက်နှင့် တဖြည်းဖြည်းလျှောက်လာကြရာ -

"အဖေ"

"ဟေ"

"မနေ့က ခရီးထွက်မလာခင် (၁၂) နာရီထိုးလောက်မှာရောက်လာတဲ့ ကိုမိုးစံကို အဖေ ဘုရားမှာ တွေ့သမျှ အမှိုက်တွေအကုန်လိုက်လျှောက်ကောက်ခိုင်း၊ တံမြက်စည်းတွေလှည်းခိုင်းနဲ့ ခပ်ကြမ်းကြမ်းပဲနော်။ သူကလည်း ဟုတ်ကဲ့ချည်းပဲ။ အရင်ကသူလုပ်ခဲ့ရဖူးတယ်ဆို"

"အေး - သူက သူများလိုမဟုတ်ဘူး။ ဖြစ်လိုက်ရင် တအားထိတာ။

သူ့ကို ဘုရားသွားပြီး ဖယောင်းတိုင်ထွန်းဖို့လည်းမပြောဘူး။ ဘုရားစာရွတ်တာတို့၊ ပုတီးစိပ်ဖို့တို့လည်း မပြောလိုက်ဘူး။

အေး - သူက အခက်အခဲတွေ တော်တော်စုံနေတာကိုး။ သူ့ကိုကောင်းတာချည်းခိုင်းလို့မတိုးသေးဘူးလေ သား"

"သားလည်းထင်တော့ထင်တယ်။ တွေးနေတာ၊ အဖေ သူ့ကို ပင်ပန်းတာတွေချည်းလို့မှခိုင်းနေတာပဲလို့။ သူတို့ကတော့ သူများတွေလို သိပ်မတွက်တော့ဘူးနော်"

"အေး - အဲဒီမတွက်တာ ပညာပဲသား"

ဘေးနားမှတစ်လှမ်းချင်းလျှောက်နေရာမှ ကျွန်ုပ်ကို စိတ်ဝင်တစားနှင့် ကြည့်နေ၏။

"ဟိုနေ့ကလည်း သားသတိထားကြည့်တယ်၊ ဟိုအစ်ကိုကြီးလာတန်တော့တာ။ သူတုန်းက အဖေ ဘာမှတိုက်မပေးဘူး။ ရွှေတိဂုံဘုရားကြီးကို ဘုရားဖူးသွား၊ ပြီးရင် ဘုရားဖူးကြွေလာတဲ့ သံယာတော် အရှင်သူမြတ်တွေထဲက သက်တော်ကြီးများတဲ့သံယာတော်အရှင်သူမြတ်တွေကို ဘုရားဖူးပြီးပြန်ကြမယ့် ခရီးအတွက် တပည့်တော် လှူပါရစေ ဘုရားဆိုပြီး ဝတ္ထုငွေတွေလှူခိုင်းထားလေ"

"အေးလေ - သူကသင်္ဘောတက်ချင်တဲ့သူလေ။ စောင့်နေရတာလည်း ကြာလှပြီ။ ခရီးသွားချင်တာမဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"အေး - ဒါဖြင့် ခရီးစေးကိုပြန်မယ့် သံယာတော်အရှင်သူမြတ်ကြီးတွေကို လှူခိုင်းလိုက်တာပေါ့။ ဒါကသိုက်ဆက်ပေးလိုက်တာပဲ။ တစ်မျိုးပြောရရင် ရတနာမြတ် (၃)ပါးအရိပ်ကိုခိုခိုင်းလိုက်တာပဲ။ ဒါ ခရီးက်ကိုဖော်လိုက်တာ၊ ခရီးကိုဆက်ပေးလိုက်တာ အေးဆေးပဲ။ သူလိုတာ ဒါပဲလေ"

ပြောရင်း ဆက်လျှောက်လိုက်ကြ၏။ ကိုကြည်ဝေသည် ထီးကို ထောက်ကိုင်ဘက်မှသူကကိုင်ပြီး ကျွန်ုပ်ဘက်မှ အချွန်ပိုင်းလှမ်းပေး၏။

"အစ်ကို၊ အဲဒီကဆွဲ"

"ဘာလုပ်ဖို့လဲ"

"ဆွဲပြီးလိုက်လာခဲ့လေ"

သိပြီ။ သူက ထီးကိုင်းကိုဆွဲ၍ ကတက်၏။ ကျွန်ုပ်ကို ပင်ပန်းမှာစိုးထီးအဖျားကိုကိုင်၍ နောက်ကလိုက်ဖြစ်၏။ ဆိုရလျှင် ကျွန်ုပ်သိပ်မပင်ပန်းညက တစ်ညလုံးနီးပါး မအိပ်ခဲ့ရလည်း ဆရာတော်အရှင်သူမြတ်၏

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် လူမှာလန်းဆန်းပြီးတက်ကြွနေ၏။ ကေလာသတောင်ပေါ် တက်သည့်ကားလမ်းအတိုင်း တက်နေရသည်မှာ မပင်ပန်းပါ။ မညောင်းပါ။ သို့သော် ကိုကြည်ဝေ၏ဆန္ဒပြည့်ရန် ထီးကိုကိုင်၍ လိုက်လျောက်လိုက်ပါသည်။

"ဘာမှမတွက်မချက်ဘဲ သံယာတော်ကို ခရီးစရိတ်အဖြစ် ဝတ္ထုငွေလှူခိုင်းလို့လှူကြရင်း ခရီးထွက်သွားကြသူတွေ၊ သင်္ဘောတက်သွားကြသူတွေမနည်းဘူးနော်"

"ဟုတ်တယ်လေ သား"

"တချို့က ထသာပြန်သွားတယ်။ မျက်နှာတောင်မကောင်းဘူးနော်။ သားကြည့်ကြည့်နေတယ်။ အဖေက ခရီးစရိတ်အဖြစ် ဝတ္ထုငွေလှူဖို့ပြောလိုက်တာကို ဘဝင်မကျသလိုဘဲ။ တခြားဒီပြင် ဘာလုပ်ရဦးမလဲချည်းပဲ မေးကြတယ်။ အဖေက ဘာမှမလိုဘူး။ အဲဒီတစ်မျိုးထဲလုပ်ဆိုတာကို သိပ်ပြီးစိတ်နဲ့မတွေ့ကြသလိုပဲ။ သင်္ဘောထွက်ရတော့မယ်ဆိုမှ လာလိုက်ကြတာ ဆီပုံးတွေ၊ ဆန်အိတ်တွေ။ အဲဒီကျတော့မှ ပြုံးလို့ရွှင်လို့"

သားသည် သူ့ဘာသူပြောနေခြင်းဖြစ်ပါသည်။

သို့သော် ကိုကြည်ဝေက တစ်လုံးမကျန် မှတ်သားပြီး နားထောင်နေ၏။ အမှန်က ကိုကြည်ဝေကို ပြောပြနေခြင်းဖြစ်ကြောင်း ကျွန်ုပ်သိနေပါသည်။

"ဟာ - ဒါဆို ဘာယတြာမှမလုပ်ရဘူးပေါ့"

"ကိုကြည်ဝေကလည်း၊ သူအဓိကဖြစ်ချင်တာဘာလဲ။ သူဖြစ်ချင်တာကို လုပ်ပေးလိုက်လို့ သူဖြစ်သွားရင်ပြီးတာပဲ မဟုတ်ဘူးလား"

"ဩော် - တချို့က အဲလိုတစ်မျိုးလောက်ပဲလုပ်ရရင် သိပ်စိတ်တိုင်းမကျချင်ဘူး"

"ဒါကတော့ ကိုကြည်ဝေရယ်၊ သူဖြစ်ချင်တဲ့ကိစ္စ၊ လာရင်းကိစ္စ အဆင်ပြေရင်ပြီးရောပေါ့"

"ဦးကြည်လည်းမြင်နေတာပဲလေ။ အဖေက ဓာတ်ရိုက်တာတို့၊ ယတြာချေတာဆိုလာရင်းကိစ္စနဲ့ ဒဂုံရိုက်ထိတာလုပ်ခိုင်းတာပဲလေ"

"အေးပါ"

စကားတပြောပြောနှင့်တက်လိုက်၊ စတွန့်(၂၀)ခန့်ခရာရပ်နားကြပြီး တောင်အောက်မြင်ကွင်းများကို ကြည့်လိုက်နှင့် ထဖြည်းဖြည်းလျှောက်ရင်း ကေလာသတောင်ထိပ်ဆီသို့ ရောက်ခဲ့ပါပြီ။

ကေလာသတောင်ထိပ်နားသို့အရောက် ကားလမ်းမှမတက်တော့။ ရှေးကကျောက်လှေကားထစ်များအတိုင်းသာ တမင်ရွေးချယ်တက်လာလိုက်ပါသည်။

ရောက်ပါပြီ။

စကားတပြောပြောနှင့် တောင်ထိပ်သို့ရောက်ပါပြီ။

အလွန်ကြီးမားလှသော ညောင်မှတ်ဆိတ်ပင်ကြီးအောက်တွင် အပန်းဖြေရင်း ပြောင်းလဲသွားသော တောင်ပေါ်မြင်ကွင်းများကိုကြည့်နေမိ၏။

မုခ်ဦးလှေကားရှိ ပုံများကိုကြည့်ရင်း ဘုရားရင်ပြင်တော်ပေါ် သို့တက်ကြပါသည်။

ဆံတော်ရှင် ကိန်းဝပ် စံပယ်တော်မူရာ ကေလာသစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းသို့ရောက်ပါပြီ။

ပဌာန်းဥဒ္ဒေသနဒ္ဒေသတော်ရွတ်၍ ဘုရားရှိခိုး၊ အမျှအတန်းဝေ၊ မေတ္တာပို့ဖြစ်ပါသည်။

ကိုကြည်ဝေက ရှင်းပြ၍ သားက ဓာတ်ပုံများလိုက်ရိုက်နေ၏။

"သား"

"ဗျာ"

"ဘဘုန်း လူဝတ်နဲ့ရော၊ ရသေ့ဝတ်နဲ့ရော၊ ရဟန်းဝတ်နဲ့ပါ သာသနာပြုတဲ့ခရီးမှန်သမျှ အဖေတို့ကလိုက်ပြီး ဝေယျာဝစ္စကုသိုလ်တွေဝိုင်းလုပ်ကြ၊ လို အပ်တာမှန်သမျှဝိုင်းလုပ်ကြနဲ့ ခပ်ငယ်ငယ်တုန်းက အဖေတို့ ဘိုစိန်တို့ ကိုကြည်ဝေတို့သွားခဲ့လာခဲ့ကြတဲ့နေရာတွေပေါ့သားရယ်။ နှစ်ပေါင်းလေးဆယ်လောက်ကြာခဲ့ပါပြီ။ ကျော်ရင်သာကျော်မယ်၊ ဒီဘုရားကြီးရဲ့ ရင်ပြင်တော်ပေါ်မှာ ဆရာတော်နဲ့အတူ အဖေတို့သူငယ်ချင်းတွေပါ လိုက်ထိုင်ခဲ့ကြတယ်လေ"

"ညလုံးပေါက်လား"

"ညလုံးပေါက်ပေါ့။ ည (၉) နာရီလောက်ကထိုင်လိုက်တာ အရုဏ်တက် (၄)နာရီထိုးမှ အုန်းမောင်းခေါက်သံကြားမှထကြတာ"

"ဟာ - အဖေလည်း၊ လိုက်ထိုင်နိုင်သားပဲနော်"

"ဘယ်-သားကလည်း၊ အဖေက ဆရာတော်ရဲ့နောက်မှာကိုကြည့်ဒီကြည့် ကောင်းကင်က ဘယ်လိုပုဂ္ဂိုလ်များတွေ လာမလဲဆိုပြီး မော့ကြည့်လိုက်၊ ဘယ်ပုဂ္ဂိုလ်တွေများ ဘုရားကြီးကိုလာဖူးတာတွေ့ရမလဲဆိုပြီး ဟိုကြည့်ဒီကြည့်၊ အရဟံဗုဒ္ဓေါပြန်မှတ်လိုက်၊ လျှောက်ကြည့်လိုက်နဲ့ ခြေထောက်လည်းဆန့်လိုက်၊ ခွေထိုင်လိုက်နဲ့ အဆင်ပြေသလိုထိုင်ရင်း မနက် (၄) နာရီထိုးသွားတာသားရဲ့"

သားက အားရပါးရအော်ရယ်ရင်း အူတက်နေ၏။

"ဘယ် - ဘယ်လိုလုပ်ပြီး မလှုပ်မယှက်ထိုင်နိုင်မှာလဲ။ ဘဘုန်းကတော့ စထိုင်ကတည်းက လှုပ်ကိုမလှုပ်တော့တာ၊ ငြိမ်နေတာပဲ"

အဖွေ့အကြုံများကို ကျွန်ုပ်က ပြောပြလိုက်၊ ကိုကြည်ဝေက ပြောပြလိုက်နှင့် သားနားထောင်နေ၏။

"အဲဟိုမှာမြင်နေရတဲ့ကေလာသဖတောင်ဆိုရင် အဲဒီမှာ ဘဘုန်းတစ်တောတစ်တောင်တစ်ပါးကျင့်စဉ်တွေဝင်ခဲ့တာအောင်မြင်တာပဲ၊ ရက်ရှည်နော်။ ဒီကိုကြည်ဝေက ဆွမ်းချိုင့်သွားသွားပို့ရတာ သူအသိဆုံးပဲ။ ဘဘုန်းအဓိဋ္ဌာန်တွေဝင်စဉ်က ကေလာသဖတောင်မှာ ခုလိုတောင် အဆောက်အအုံတွေမရှိသေးဘူး။ ခုများစည်လိုက်တာ၊ ကောင်းလိုက်တာကြည့်စမ်း။ တကယ်ကိုကြည်နူးဖို့ကောင်းပါတယ်"

ကေလာသဖတောင်တော်ဘက်သို့ လှမ်းမျှော်ကြည့်ရင်း ငယ်ငယ်က သွားခဲ့လာခဲ့ရပုံတွေကို ပြန်သတိရနေမိ၏။ ဘေးနားတွင် အရွယ်စုံ မျောက်ကလေးများ မြူးထူးခုန်ပေါက်ပြေးလွှားဆော့ကစားနေကြသည်မှာ ကြည်နူးစရာ။

"ကိုင်း - ဘုရားကြီးဖူးပြီးပြီ။ ရက္ခစိုးကြီးကိုလည်း မေတ္တာတွေပို့ပြီးပြီ။ သိုက်နန်းရှင်တွေ၊ တောပိုင်တောင်ပိုင်ကြီးတွေကိုလည်း မေတ္တာတွေပို့အမျှတွေဝေပြီးပြီ။ ပြန်ကြရအောင်"

အပြန်တွင် ညောင်မှတ်ဆိတ်ပင်ကြီးအောက်တွင်ရပ်ရင်း မေတ္တာသုတ်တော်များရွတ်ရင်း ရက္ခစိုးကြီးကို မေတ္တာပို့၊ အမျှဝေလိုက်ပါသည်။

တောင်ထိပ်ဆီမှသည် -

ကားလမ်းအတိုင်း ပြန်ဆင်းလာခဲ့ကြပါသည်။

"အဖေတောင်ပေါ် တက်တုန်းက ပြောနေတဲ့စကားပြတ်သွားတာ"

"ဘာစကားလဲ သား"

"ဟိုဒင်း - ခရီးလေ အဖေ။ ခရီးသွားဖို့ ဓာတ်လှန်းကြာလှန်းနေတဲ့သူတွေကို သံယာတော်အရှင်မြတ်တွေကို ခရီးစရိတ်ဝတ္ထုငွေပူဇော်ကန်တော့ခိုင်းခဲ့တာ"

"အေးလေ၊ ခုနပြောပြီးပြီလေ"

"ဟုတ်တယ်၊ ခရီးစရိတ်ဝတ္ထုငွေ

www.burmeseclassic.com

www.burmeseclassic.com

လျှုတာကတော့ သားသဘောပေါက်တယ်။ တချို့ အဲလိုခရီးခက်နေရင် ငါးတွေ၊ ကဏန်းတွေလွှတ်ခိုင်းတာတို့၊ စာကလေးတွေလွှတ်ခိုင်းတာတို့ အဖေအရမ်းလုပ်ခိုင်းတယ်နော်။ပြီးတော့လည်း အောင်မြင်သွားကြလို့ လာကြတာချည်းပဲ"

"အဲဒါ ကျွန်တော်သိပ်သိချင်တာ၊ အစ်ကိုကိုမမေးဖြစ်လို့သာ"

"ဦးကြည်အစား အခု အဖေ့ကို ကျွန်တော်ပဲမေးပေးပါတယ်"

ဘိုကြည် သဘောကျစွာရယ်နေပြန်၏။ ဖြိန်အဆင်းခရီးမှာ ကားလမ်းအတိုင်း သွက်လိုက်ကြသည်ဖြစ်ခြင်း။

"အဲဒါလည်း ခရီးစရိတ်ဝတ္ထွားငွေလျှုသလိုမျိုးပဲပေါ့။ သူကတော့ တစ်မျိုးပေါ့။ သူတို့လည်းဘယ်နေချင်ပါ့မလဲ။ ငါးတို့၊ ကဏန်းတို့ဟာ ဇလုံထဲ၊ အိုးထဲမှာနေဖို့ အကောင်ဖြစ်လာတာမှမဟုတ်ဘဲ။ သူတို့လည်း သူတို့ပျော်တဲ့ဆီသွားချင်ကြမှာပဲလေ။ငါးအရှင်ရေထဲလွှတ်ပေးကြည့်ပါလား"

"ဟုတ်တယ်၊ အားရပါးရ ပျော်ပျော်ရွှင်ရွှင်နဲ့ကူးခပ်သွားတာပဲလေ ဦးကြည်"

"အေးပါ"

စကားပြောလိုက်ကြ၊နောက်လိုက်ကြနှင့် တဖြည်းဖြည်းဆင်းလာခဲ့ကြ၏။

"အဖေကနော် ဘဘုန်းကို အရမ်းချစ်၊ အရမ်းရိုသေတာပဲ"

"ကျေးဇူးရှင်လေ သား။ ဒါလောက်ဆိုးတဲ့လူမိုက်ကို နူးညံ့သိမ်မွေ့ပြီးအကျင့်စရဏ အားကောင်းတဲ့သူဖြစ်လာတဲ့ထိ အေးချမ်းစွာနဲ့ ပြုပြင်ခဲ့တဲ့ ကျေးဇူးရှင်။ သတ်ပုတ်ပုတ်ဖဲ့ထိုးဖဲ့ကြိတ်ဖတ်မှာပျော်မွေ့တဲ့သူဟာ တရားနဲ့ပျော်တဲ့ဘဝကို ရောက်ကရော။ ဒါဘဘုန်းရဲ့ကျေးဇူး။ ပြီးတော့ အင်္ဂါဝိဇ္ဇာပညာ၊ဆန်းကျမ်းပညာတွေ၊ တခြားလောကီပညာတွေသင်ထားပြီး လမ်းဘေးမှာ စေ့းရောင်းရတဲ့ဘဝကနေ ဆရာတစ်ဆူဖြစ်လာအောင် ဘဘုန်းပဲတင်ထဲ့လိုက်တာ"

"အဖေ ခဏခဏပြောဖူးတယ်။ ဟို - လက်ဖက်ရည်ဆိုင်မှာဆိုတာ"

"တောင်ဥက္ကလာက ပြည်ကြီးလက်ဖက်ရည်ဆိုင်မှာလေ။ အဖေ့လည်း တွေ့ရော မင်းပညာတွေတတ်ထားပြီး ဘာလို့မဟောတာလဲ။ ပညာတွေမှိုတက်ကုန်ပြီ၊ ဟောစမ်း ဆိုပြီး အဖေ့ကျောကုန်းကို တဗုန်းဗုန်းနဲ့လေး၊ငါးဆယ်ချက်ပိတ်ရိုက်တာ ဘဘုန်းဘေးနားကပါလာတဲ့ ဘဘုန်းတပည့်တွေကတောင် ရယ်ပြီးကြည့်နေကြသေးတယ်။ အဲဒီလိုရိုက်ပြီး နောက်နေ့ကစ ပရိသတ်ရောက်လာတာ ခုထိပဲပေါ့ သားရယ်။ ဒါဟာ ပြောရင်ယုံနိုင်စရာမရှိဘူး။ ပြောမယုံ ကြုံမှလိမ့်ဘဲ။ လက်တွေ့ ကိုကြုံခဲ့ရတာ။ ဒီတော့ ဒီလို ဖွင့်ပေးလိုက်ပြီဆိုတော့ ကျွေးဖခင်ဖြစ်နေပြီလေ သား"

"ဟုတ်တယ်နော် အဖေ"

"အေး- ဒါကြောင့် အဖေဘဘုန်းကို အဖေလိုလည်းချစ်တယ်၊ ရိုသေတယ်၊ ဆရာအရှင်သူမြတ်လိုလည်း ကြောက်တယ်"

"အဖေ ဘဘုန်းကိုကန်တော့ပြီဆိုရင် ရိုသေစွာလျှောက်ထားတာတွေရော၊ ရိုသေတာတွေရော သားသိပ်သဘောကျတာပဲ။ အရမ်းသိမ်မွေ့တာပဲ"

"အဲဒါ ဘဘုန်းကျေးဇူးပဲ သား"

ကျွန်းကလေးတောင်တော်သို့ပြန်ရောက်ပါပြီ။

ဆရာတော် ဆွမ်းဘုဉ်းပေးပြီး သည်နှင့် ကျွန်ုပ်တို့လည်း မနက်စာစားကြရ၏။

ဆရာမကြီးကိုယ်တိုင် လိုလေသေးမရှိ စောင့်ရှောက်ပေးသောကြောင့် ကျွန်ုပ်တို့ အားရပါးရစားကြရသည်မှာ ကြည်နူးစရာ။ ဟင်းပေါင်းမျိုးစုံလှ၏။ တစ်ဦးကို နှစ်ပန်းကန်၊ သုံးပန်းကန်စားပြီးမှ အချို့ပွဲကိုစားဖြစ်တော့၏။

ထမင်းစားပြီးကြပြီဖြစ်၍ ဆရာတော်ကို ဝင်ရောက်ဖူးမြော်ကန်တော့ပြီး နှုတ်ဆက်ကြပါသည်။

ဘဘုန်း၏ဩဝါဒများကိုမှတ်သားနာယူကြ၏။ ဆုံးမမှုများကိုနာခံကြ၏။ ဘဘုန်း၏ ဆုံးမသြဝါဒကို နာယူရတိုင်း နာယူသူတို့သည် -

"ဟာ - ငါ့ကိုပြောတာ၊ ဟာ - ဒါငါဖြစ်နေတာနဲ့ထပ်တူပဲ။ ဟာ - ဆရာတော်က ငါ့အကြောင်းကိုလိုက်ကြည့်နေသလိုပဲ"

ဟု ပြောကြလေ့ရှိပါသည်။

ယခုလည်း ကျွန်ုပ်တို့ ဤအတိုင်းကြဲကြပြန်လေရာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးရယ်နေမိကြ၏။

ပြန်ခါနီးတွင် -

"မောင်မောင်သန်း - ရော့"

ဆရာတော်သည် သွားတိုက်ဆေးအသစ်တစ်ဘူးနှင့် သွားပွတ်တံအသစ်တစ်ခုကိုစွန့်လေရာ ကျွန်ုပ်လည်း ရိုသေစွာ ခံယူလိုက်ပါသည်။

ဆရာတော်ကို ခြေတော်အစုံဦးခိုက်ပူဇော်ကန်တော့ပြီးပြန်ကြပါပြီ။

ထမင်းစားဆောင်ရှေ့တွင် ကားခဏရပ်ရင်း လိုလေသေးမရှိစောင့်ရှောက်ခဲ့သော ဆရာမကြီးကို ဂါရဝပြုလိုက်ပါသည်။

ပြန်ကြပါပြီ ရန်ကုန်။

တစ်လမ်းလုံး အရပ်ဘုဝွေ့ရှုမှတ်လိုက်၊ ငိုက်လိုက်နှင့် ညနေစောင်းလေးတွင် ရန်ကုန်မြေသို့ ပြန်ဝင်လာပါပြီ။ ကျေးဇူးတော်ရှင် ဆရာတော်အရှင် အရိယမဟာသိဒ္ဓိအား ဖူးမြော်ကန်တော့ခဲ့ရသည့် စိတ်ခွန်အားများမှာ ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံးဆီသို့ ပျံ့နှံ့သွားခဲ့ရပါပြီ။

(ဆရာတော်သည် သွားတိုက်ဆေးနှင့် သွားပွတ်တံကိုစွန့်လိုက်စဉ်က ဘာမှန်းညာမှန်းမသိ ရိုသေစွာသာ ခံယူခဲ့ပါသည်။ ရန်ကုန်ရောက်ပြီး နောက်နေ့မှစ၍ ခံတွင်းတွင် အပူများကြွေလေရာ ပါးစောင်ကြီးရောင်ပြီး ထမင်းပင်မစားနိုင်။ ဆန်ပြုတ်သောက်ရ၏။ သွားထဲသို့ ဘာသိပ်၍သိပ်ရမှန်း၊ ဘာထည့်၍ထည့်ရမှန်းမသိ ဆေးပေါင်းစုံ၏။ မသက်သာ။

'အင်း - ငါဆရာသည် ငါ့ကိုသွားတိုက်ဆေးနှင့် သွားပွတ်တံခီးမြှင့်လိုက်သည်။ အကြောင်းမဲ့မဟုတ်တန်ရာ'

ဟု တွေးပြီး ဆရာတော်ခီးမြှင့်လိုက်သည့် သွားတိုက်ဆေးမျိုးကို ရအောင်ရှာဝယ်၍ တိုက်လိုက်သောအခါ ကျွန်ုပ်၏ပါးစောင်ကြီးသည် ဘာမှမဖြစ်တော့သလို အကောင်းပကတိဖြစ်သွားခဲ့ရပါသည်။ ဆရာတော် ခီးမြှင့်လိုက်သော သွားတိုက်ဆေးကို ရိုသေစွာသိမ်းထားပြီး ထိုဆေးမျိုးကို ရအောင်ရှာဝယ်၍တိုက်လိုက်ခြင်း ဖြစ်ပါသည်။

ညြော် - ငါ့သွားတွေအပူကြွပြီး ဒီလိုဝေဒနာခံစားရတော့မယ်။ ဖြစ်ရင် ဒီဆေးကိုတိုက် ဟူသော အသံတိတ်ခီးမြှင့်လိုက်တာပါလားဟု တွေးတိုင်း သတိရတိုင်း ဆရာတော်ရှိရာဘက်သို့ ထိုင်ကန်တော့နေမိသည်မှာ ဆယ်ကြိမ်ထက်မနည်းတော့ပါ။)

"အဖေ့ကြည့်ရတာ ဘာမှမပင်ပန်းသလိုပဲနော်"

"ဟား-ဘယ်ပင်ပန်းမလဲသားရဲ့၊ ဘဘုန်းကို ကန်တော့ခဲ့ရတဲ့ ပီတိဟာ သားမြင်တယ်မနော်၊ ဘာနဲ့မှမလဲနိုင်ဘူး"

"သားတို့ ဘဘုန်းကို ခဏခဏ သွားကန်တော့ကြမယ်နော် အဖေ"

"သားသဘောဟာ အဖေ့စိတ်ဓာတ်ပဲလေကွာ"

ဆရာဦးမောင်မောင်သန်း

(ငုံကိုအေးမြဧရာသား)

www.burmeseclassic.com

www.burmeseclassic.com

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.13B)ကုန်းပန်ကပုံဆွဲ



ပန်းချီတူးလှ(ရှေးဟောင်းသုတေသန)

နန်းတော်တိုင်းကုန်း

တူးဖော် သုတေသန ပြုလုပ်နေသည့် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.13B)သည် ဝေသာလီကျေးရွာ၏ အနောက်တောင်ဘက် (၇၅၀)ပေခန့်၊ တူးဖော်သုတေသနပြုလုပ်ပြီးသည့် ကုန်းအမှတ်(၂)မှ (၆၈၀)ပေခန့်၊ ကုန်းအမှတ် (၃) မှ (၅၀၀) ပေခန့်၊ ကုန်းအမှတ် (၁၁) မှ (၅၀၀) ပေခန့်နှင့် ကုန်းအမှတ် (၁၃-A) မှ (၁၀) ပေခန့် အကွာတွင် တည်ရှိပါသည်။ G.P.S ညွှန်း မှတ်အရ မြောက်လတ္တီတွဒ်(၂၀° ၃၉'၅၃") နှင့် အရှေ့လောင်ဂျီတွဒ် (၉၃° ၉'၇") တည်ရှိပါသည်။ ရန်ကုန်-စစ်တွေကား လမ်းမကြီးနှင့် မင်းဘူး-စစ်တွေမီးရထားလမ်း၏ အရှေ့ဘက်တွင် ကျရောက်ပါသည်။

တူးဖော်သုတေသန ပြုလုပ်သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13B) ၏အရှေ့ဘက်တွင် တူးဖော်သုတေသနပြုလုပ်ပြီး ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.3) အရှေ့မြောက်ဘက်တွင် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.11) နှင့် ဝေသာလီရွာတို့ တည်ရှိပါသည်။ မြောက်ဘက်တွင် ဟင်းခြင်းများ၊ ကုန်းတန်းများ၊ လက်ကွင်းများ၊ ဝေသာလီရွာဝင်လမ်းနှင့် ဝေသာလီချောင်းတို့ တည်ရှိပါသည်။ အနောက်ဘက်တွင် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်း (VSL.13A) လယ်ကွင်းများ၊ စစ်တွေ-မင်းဘူးရထားလမ်းနှင့် ရန်ကုန်-စစ်တွေ-အမ်းလမ်းတို့ တည်ရှိပါသည်။ တောင်ဘက်တွင် လယ်ကွင်းများ၊ အရှေ့တောင်ဘက်တွင် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.3)နှင့် ပေါက်တောပြင်ရွာတို့ ဝိုင်းရံတည်ရှိနေသည်ကို တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) ကို မတူးဖော်မီ ကုန်းပေါ်တွင် ချုံနွယ်ပင်များနှင့်သစ်ပင်တချို့ ပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ ကုန်း၏တောင်ဘက်ခြမ်းတွင် ပျဉ်းမ(ခမောင်း)ပင်ကြီးများပေါက်ရောက်နေပါသည်။ ကုန်းပေါ်ရှိ ချုံအောက်တွင် ကျောက်စ၊အုတ်စအနည်းငယ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.13B) သည် အရှေ့၊ အနောက် (၇၂) ပေခန့်နှင့် တောင်၊ မြောက် (၃၂) ပေခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဤကုန်း၏အမြင့်မှာ ပတ်ဝန်းကျင်ရှိ အနိမ့်ဆုံးမြေနေရာမှ တိုင်းလျှင် (၄) ပေခန့် မြင့်သည်ကိုတွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.13B) တူးဖော်သုတေသနပြုလုပ်သည့်နေရာသည် ဝေသာလီနန်းတော်ရာ၏ နန်းရိုးတံတိုင်းတည်ဆောက်မှုစနစ်ကို သိရှိစေရန်အတွက် ရည်ရွယ်၍ တူးဖော်သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဝေသာလီမြို့ဟောင်းတွင် တူးဖော် သုတေသန ပြုလုပ်ခဲ့ပြီး သောကုန်းများသည် များသောအားဖြင့် အပြင်မြို့ရိုးတံတိုင်းများဖြစ်နေသည်ကို တွေ့ရှိရပါသည်။ နန်းရိုးတံတိုင်းသည် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းများတွင် ယခုပထမဆုံး တူးဖော်သုတေသနပြုလုပ်ခြင်း ဖြစ်ပါသည်။ ယခုနှစ်တူးဖော်သုတေသနပြုလုပ်ရန် ကွင်းဆင်းရှာဖွေသည့်အခါမှ တွေ့ရှိသောကုန်းများဖြစ်ပါသည်။ နန်းရိုးသည် ဝေသာလီရွာ၏ အနောက်တောင်ဘက်ပိုင်းနှင့်အနောက်

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းတွင်သာ တစ်စိတ်တစ်ပိုင်းကျန်ရှိပြီး ဝေသာလီကျေးရွာ၏ အနောက်တောင်ဘက် (၇၇၄) ပေခန့်၊ မီးရထားလမ်းနှင့် (၁၈၀)ပေခန့်အကွာတွင်တည်ရှိပါသည်။ ကျန်ရှိသော အစိတ်အပိုင်းများသည် ဝေသာလီကျေးရွာအတွင်းတွင် တည်ရှိနေသောကြောင့် လူနေအိမ်များနှင့် ဖုံးလွှမ်းနေပါသည်။ ထို့အတွက်ကြောင့် ကျန်ရှိနေသေးသော နန်းတော်ရာနှင့် နန်းရိုးတံတိုင်း အစိတ်အပိုင်းများကိုမူ မျက်မှောက်ခေတ်လူသားတို့၏ အိမ်ရာမြေတိုးချဲ့မှုရန်ကြောင့် လည်းကောင်း၊ ဒေသခံရွာသားတို့ ကျောက်တုံးများကို ဖော်ယူအသုံးပြုခြင်းရန်မှကင်းလွတ်စေရန် လည်းကောင်း၊ လယ်ယာမြေခွဲထွင်ခြင်းရန်မှ ကာကွယ်နိုင်စေရန်အတွက် လည်းကောင်း၊ နန်းတော်ရာနန်းရိုးတည်ဆောက်မှုစနစ်ကို သိရှိစေနိုင်ရန် လည်းကောင်း ထိုရည်ရွယ်ချက်များဖြင့်တူးဖော်သုတေသနပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

တူးဖော်မှုနည်းစနစ်များစွာရှိသည့် အနက်မှ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.13B) ကို တူးဖော်သည့်နည်းစနစ်မှာ နန်းတော်ရာနန်းရိုးတူးဖော်မှုဖြစ်သည့်အတွက်ကြောင့် ပထမကျင်းရှည်တူးသည့်စနစ် (LoungTrench System) အခြေခံပြီး တူးဖော်ပါသည်။ တူးဖော်၍ထွက်ရှိလာသောရွှေဟောင်းအဆောက်အအုံကို မှတ်တမ်းတင်ပုံဆွဲရန်အတွက် ဒုတိယတစ်ဖန် ဂြိတ်ကွက်ချ၍ တူးဖော်သုတေသနပြုလုပ်ခဲ့ရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13B) ကို တူးဖော်သုတေသနပြုလုပ်၍ ထွက်ရှိလာသော နန်းရိုးပန္နက်သည် အရှေ့အနောက်တန်း၍ ကျောက်တုံးများစီပြီး ထွက်ရှိလာသည်ကို တွေ့ရှိရပါသည်။ နန်းရိုးအရှေ့အနောက်အရှည် (၆၉) ပေ ခန့်ရှိပြီးတောင်၊ မြောက်နန်းရိုးအကျယ် (၉) ပေကျော်ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ နန်းရိုးကျောက်တန်းမှာ တောင်၊ မြောက်အနားကို အုတ်စီထားပြီး အလယ်တွင် အုတ်ကျိုး၊ ကျောက်ကျိုးများဖြင့် ဝန်းစာသွပ်ထားသည်ကို တွေ့ရှိရပါသည်။ နန်းရိုးတံတိုင်းမှာ အရှေ့အနောက်အဖြောင့်တန်း၍မတွေ့ရှိရဘဲ အရှေ့ဘက်မှ မြောက်ဘက်သို့ အနည်းငယ်စောင်းပြီး အနောက်ဘက်မှလည်း တောင်ဘက်သို့ အနည်းငယ်စောင်းနေသည်ကို တွေ့ရှိရပါသည်။

နန်းရိုး၏ တောင်ဘက်ခြမ်း ကျောက်စိတန်းအတော်များများပျက်စီးနေသည်ကို တူးဖော်တွေ့ရှိရပါသည်။ အရှေ့ဘက်၌သာ အနည်းငယ်ကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။ နန်းရိုးအဆောက်အအုံမှာ အဖျက်အဆီးခံထားရခြင်းများကြောင့် အကောင်းမတွေ့ရှိနိုင်တော့ဝေ။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.13B)သည် ဝေသာလီမြို့ဟောင်းနန်းတော်ရာနန်းရိုးကို ထပ်မံတူးဖော်သုတေသနပြုလုပ်ခဲ့သည့်အတွက် နန်းရိုးတည်ဆောက်မှုစနစ်သည်လည်း ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်းနှင့် (VSL.12B) တည်ဆောက်ဖွဲ့စည်းပုံတူညီမှုရှိသည်ကိုတွေ့ရှိရပါသည်။ နန်းရိုးတည်ဆောက်ပုံမှာ ရွှံ့ဆန်သောသဘာဝမြေလွှာပေါ်တွင် ကျောက်နန်းရိုးပန္နက်ချရန်အတွက် အမာခံရရှိအောင် ကျောက်ကျိုး၊ အုတ်ခဲကျိုးများရောရှိ ကျစ်လျစ်သိပ်သည်းအောင် ထုထောင်းနင်းထားသည့် မြေလွှာကိုပြုလုပ်ပြီး ထိုမြေလွှာပေါ်တွင် နန်းရိုး၏ ကျောက်ပန္နက်ကို စတင်ပြုလုပ်လေသည်။ထိုကျောက်ပန္နက်ပေါ်တွင် ဒုတိယမြောက်ကျောက်စီကို ထပ်မံပြီးစီတင်သည်။ (၉) ပေကျော်ခန့် အကျယ်ရှိသော နန်းရိုးအတွင်းတွင် ကျောက်တုံးများကို နန်းရိုးအတွင်း၊အပြင်ကိုသာစီထားပြီး အလယ်တွင် အုတ်ခဲကျိုး၊ ကျောက်ခဲကျိုးအပိုင်းအစများဖြင့် ဝင်းစာရိုက်ထားသည်ကို တူးဖော်သုတေသနပြုလုပ်၍လေ့လာတွေ့ရှိခဲ့ရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13B) အား တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာလေးလွှာခန့်ကိုသာ တူးဖော်တွေ့ရှိရပါသည်။

မြေလွှာအမှတ် (၁) သည် ရေလေ၊ မြေတို့ သယ်ဆောင်ပို့ချကာ သစ်ရွက်ဟောင်း၊ သစ်မြစ်ဆွေးတို့နှင့်ရောနှော၍ဖြစ်ပေါ်လာသောအပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ် (၂) မြေလွှာသည် အပေါ်ယံ သစ်မြစ်ဆွေးရောမြေလွှာအောက်တွင်ရှိသော မူလအဆောက်အအုံပြိုကျပြီးနောက် ပို့ချထားသော ပို့ချမြေလွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ်(၃)မြေလွှာသည် နန်းရိုး၏အောက်ခြေပန္နက်အခိုင်အမာရရှိရန်အတွက် အုတ်ခဲကျိုး၊ ကျောက်ခဲကျိုးများနှင့် ကျစ်လျစ်သိပ်သည်းစွာ ထုထောင်း ပြုလုပ်ထားသော ဖို့မြေလွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ်(၄)မှာ ကျစ်လျစ်သိပ်သည်းစွာ ထုထောင်းထားသော မြေလွှာအောက်တွင်ရှိသော ရွှံ့စေးဆန်သောသဘာဝမြေလွှာပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13B) ကို တူးဖော်သုတေသန ပြုလုပ်လေ့လာကြည့်သည့်အခါ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများမှာ နန်းရိုးအဆောက်အအုံ၊ နန်းရိုးကျောက်တုံးပေါ်တွင်ထွင်းထုရေးဆွဲထားသော သင်္ကေတကောက်ကြောင်းလက်ရာများ၊ မြေမီးဖုတ်စဉ့်လက်ရာများနှင့် မြေမီးဖုတ်အိုးခြမ်းကွဲအဖုံးအစများကို တူးဖော်တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13B) မှ တူးဖော်တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများတချို့ကို ရေးသားဖော်ပြပါမည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13B) ကုန်း၊ ကျင်းအမှတ် (B_2) ကျင်းမှ တူးဖော်တွေ့ရှိရ



www.burmeseclassic.com

www.burmeseclassic.com

သော ကျောက်တုံးမှ လခြမ်းသဏ္ဌာန် ကောက်ကြောင်းသင်္ကေတလက်ရာကို တူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ပုံ (၁) တွင် သင်္ကေတ ကောက်ကြောင်း ရေးဆွဲထားသော ကျောက်တုံးမျက်နှာပြင်နှင့် ကျောက်တုံး အထူကို ရေးဆွဲဖော်ပြထားပါသည်။

သင်္ကေတကောက်ကြောင်းရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၂၈) cm ခန့်၊ အကျယ် (၄၃) cmခန့်နှင့် ကျောက်တုံးနောက်ဆွဲအရှည် (၃၈) cm ခန့်ရှိပါသည်။ ကျောက်တုံးပေါ် တွင် ရေထွင်းထားသော မူရင်းလခြမ်းအရှည် (၂၁) cmခန့်၊ လခြမ်းအကျယ် (၃½) cm ခန့်ရှိပါသည်။ ကျောက်တုံးမျက်နှာပြင်၏အပေါ် ဘက်တွင် အနည်းငယ်ကပ်၍ တွေ့ရှိရပါသည်။ ကျောက်တုံးမှာ မူလက လေးထောင့်ဖြစ်ဟန်ရှိသော်လည်း လက်ရှိအခြေအနေတွင် အနားများပဲ့နေသည်ကိုတွေ့ရှိရပါသည်။ ရေးထားသော လခြမ်းအနေအထားမှာ ဆန်းသစ်စ လခြမ်းအနေအထားလုန်၍ ရေးဆွဲထားသောလခြမ်းသင်္ကေတကောက်ကြောင်း တစ်ခုပင်ဖြစ်ပါသည်။

ပုံ (၂)သည် ဝေသာလီမြို့ဟောင်း တူးဖော်ရေးကုန်းအမှတ် (VSL.13B) မှ တူးဖော်တွေ့ရှိရသော လခြမ်းလက်ရာ မဟုတ်ဘဲ ဝေသာလီရွာထဲ အလယ်ကုန်း မှရရှိသော လခြမ်းသင်္ကေတကောက်ကြောင်းလက်ရာပင် ဖြစ်ပါသည်။ ဤလက်ရာကို ကန့်တူးဖော်သည့်အခါ ကန်ထဲမှရရှိခြင်းဖြစ်ပြီး ယခုကန်အနောက်ဘက်ကန်ပေါင်နှင့်ကပ်လျက် လမ်းထဲတွင် တွေ့ရှိနိုင်ပါသည်။ ပုံ (၁) လခြမ်းနှင့် နှိုင်းယှဉ်လေ့လာနိုင်ရန် ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ပုံ (၂) လခြမ်းရေးဆွဲထားသော မူရင်းကျောက်ချပ်မှာ အမြင့် (၆၀) cmခန့်၊ အရှည် (၁၀၀) cm ခန့်နှင့် ကျောက်ချပ်အထူ (၇) cm ခန့်ရှိပါသည်။ လခြမ်းသင်္ကေတကောက်ကြောင်းကို ကျောက်ချပ်၏ လက်ဝဲဘက်ထောင့်တွင် ရေးဆွဲဖော်ပြထားပါသည်။ ကျောက်ချပ်မှာ မူလက ကျောက်ထောင့်ဖြစ်ဟန်ရှိသော်လည်း ယခုအနားများပဲ့နေသည်ကို တွေ့ရှိရပါသည်။

ကျောက်ချပ်ပေါ် တွင်ရေးဆွဲထားသော မူလ လခြမ်းအရှည်(၂၂)cmခန့်နှင့် အကျယ် (၄) cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ပုံ(၂)တွင် လခြမ်းသင်္ကေတ ရေးဆွဲထားသော် ကျောက်ချပ်မျက်နှာပြင်နှင့် ကျောက်ချပ်အထူကို ရေးဆွဲဖော်ပြထားပါသည်။

လခြမ်းနှင့် ပတ်သက်၍ အာနန္ဒစန္ဒြမင်းကျောက် (ဝေသာလီကျောက်လှေကားခေတ်) ကျောက်စာတွင် ဘုရင်မင်းမြတ်တို့အား လှန့်တင်စားထားပုံကို ဤသို့ရေးထားသည်ကိုတွေ့ရှိရပါသည်။

"ထို့နောက် ကမ္ဘာမြေအထက်၌ပေါ် ထွန်းသော လမင်းကဲ့သို့ ဘူမိစန္ဒြမည်သော အခြားမင်းတစ်ပါးသည် ကုသိုလ်ကောင်းမှုကံကြောင့် (၇) နှစ်တိုင်အောင် မင်းအဖြစ် အုပ်ချုပ်လေ၏"

"အလွန် မွေ့လျော်ဖွယ်ရှိသော လမင်းကဲ့သို့ ဤလူပြည်၌ ကျော်စောခြင်းရှိ၍ စန္ဒြဘွဲ့ခံကာ မင်းစည်းစိမ်ခံမြန်းသကို တင့်တယ်စွာခံစားကြသော . . .

"ဘုန်းတံခွန်သရေနှင့်ပြည့်စုံစသော လူတို့၏အရှင် သူရဲကောင်း ဓမ္မစန္ဒြမင်းသည် လမင်းသဖွယ်တင့်တယ်၍ တန်ခိုးအာနုဘော်ကြီးမားခြင်း၌ ထင်ရှားကျော်စော၏"

ဟူ၍ ကျောက်စာတွင် ဘုရင်တချို့ကို လနှင့်တင်စား၍ ဖော်ပြထားပါသည်။ ဝေသာလီကျောက်လှေကား ဘုရင်များသည်လည်း စန္ဒြဘွဲ့ခံမင်းများဖြစ်ကြသည်ကို ရခိုင်သမိုင်းတွင်ရေးသားဖော်ပြထားပါသည်။ သင်္ကေတကောက်ကြောင်းလက်ရာများတွင် လကို အဝိုင်းမရေးဘဲ လခြမ်းရေးခြင်းမှာ နေနှင့်မှားမည်စိုး၍ မရေးခြင်းဖြစ်ဟန်ရှိပါသည်။ နေကိုသာအဝိုင်းရေးထားသည်ကိုတွေ့ရှိရပြီး လကို ဆန်းသစ်စလခြမ်းကွေးကိုသာ ရေးသားထားသည်ကို တွေ့ရှိရပါသည်။ နေနှင့်လမတူအောင် ရေးဆွဲလာသော သင်္ကေတကောက်ကြောင်းလက်ရာများပင်ဖြစ်ပါသည်။

လခြမ်းများကို ကျောက်တုံးများတွင် သင်္ကေတကောက်ကြောင်းအဖြစ် ရေးဆွဲကြခြင်းမှာ ဘုရင်ကို ဝုဏ်တင်နိုင်းယှဉ်၍ ရေးဆွဲကြသည်အပြင် သူတို့၏မျိုးရိုး လမျိုးနွယ်မှဆင်းသက်လာသည့် အထိမ်းအမှတ်အဖြစ်လည်း ရေးဆွဲကြသည်ကို လေ့လာတွေ့ရှိရပါသည်။ တချို့လခြမ်းလက်ရာများကိုလည်း ဆန်းသစ်ခြင်း၊ တိုးတက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တင့်တယ်မွေ့လျော်ဖွယ်ရှိခြင်းသည် ကမ္ဘာ့အဆင့်တန်ဆာအဖြစ်ယူဆ၍ ရေးဆွဲကြခြင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ မည်ကဲ့သို့ အယူအဆများပင်ဆွဲဆွဲ နန်းတံတိုင်းကျောက်တုံးများတွင် ရေးဆွဲထားသော လခြမ်းသင်္ကေတကောက်ကြောင်းများမှာ ကောင်းသော သင်္ကေတနိမိတ်လက်ရာကောက်ကြောင်းများပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.13B) (B1)ကျင်းပေါင်အောက် (၂၅) cm ခန့်အနက်တွင် တူးဖော်တွေ့ရှိရသော ကျောက်တုံးပေါ် တွင် ရေးဆွဲထားသော သင်္ကေတကောက်ကြောင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ သင်္ကေတကောက်ကြောင်း ရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၂၆) cm ခန့်၊ အရှည် (၄၅) cm ခန့်နှင့် ကျောက်တုံးနောက်ဆွဲအထူ(၄၇) cmခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဤကျောက်တုံးကို နန်းရိုးတံတိုင်း၏မြောက်ဘက်ခြမ်းတွင် တွေ့ရှိနိုင်ပါသည်။

ပုံ (၃) တွင် သင်္ကေတကောက်ကြောင်းရေးဆွဲထားသော ကျောက်တုံးမျက်နှာပြင်နှင့် ကျောက်တုံးနောက်ဆွဲအထူကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်း ကျောက်တုံးပေါ် တွင် ရေးဆွဲထားသော သင်္ကေတကောက်ကြောင်းမူရင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ရာအမှတ်လိုင်း(၂၀)cm ခန့်ရှည်၍ ရိုးရိုးအဖြောင့်လိုင်(၁၈)cmခန့်ရှိပါသည်။ သင်္ကေတကောက်ကြောင်းလက်ရာမှာ အမြောက်လက္ခဏာသဏ္ဌာန်ရေးဆွဲထားပါသည်။ အမြောက်လက္ခဏာထဲတွင် အမှတ်လိုင်းတစ်ခုနှင့်ရိုးရိုးအဖြောင့်လိုင်းတစ်ခုဖြင့် ရေးဆွဲထားပါ၏။ အမြောက်လက္ခဏာမှာ ဆတိုးကိန်းသဘောနှင့် အမှတ်လက္ခဏာမှာ အမှန်သဘော ဆောင်သည့်ကောင်းသောနိမိတ်သင်္ကေတကောက်ကြောင်းလက်ရာများပင်ဖြစ်သည်။ ဝေသာလီမြို့ဟောင်းနန်းတံတိုင်းပေါ်တွင်ရေးဆွဲထားသော ပုံ(၃)ကောက်ကြောင်းသင်္ကေတလက်ရာသည်လည်း ဝေသာလီသားတို့၏ နိမိတ်ကောင်းသင်္ကေတကောက်ကြောင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၄) မှာ ဝေသာလီမြို့ဟောင်းတူးဖော်ရေးတုန်းအမှတ်(VSL.13B)(D_2) ကျင်းမှ ကျင်းအနက် (၂၀) cm ခန့်တွင် တူးဖော်တွေ့ရှိသော ကျောက်တုံးပေါ်တွင် ရေးဆွဲသင်္ကေတကောက်ကြောင်းလက်ရာပင် ဖြစ်ပါသည်။ ပုံ (၄) တွင် ကျောက်တုံး၏သင်္ကေတကောက်ကြောင်းရေးဆွဲထားသော ကျောက်တုံးမျက်နှာပြင်နှင့် ကျောက်တုံးနောက်ဆွဲအထူကို ရေးဆွဲဖော်ပြထားပါသည်။ သင်္ကေတကောက်ကြောင်းရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့်(၁၉)cmခန့်၊ အရှည် (၄၃)cm ခန့်နှင့် ကျောက်တုံးအထူ (၃၀) cm ခန့်ရှိပါသည်။မူရင်းကျောက်တုံးပေါ်တွင် သင်္ကေတကောက်ကြောင်းလက်ရာကို ကျောက်တုံး၏လက်ဝဲဘက်အပေါ်ထောင့်တွင် ရေးဆွဲဖော်ပြထားပါသည်။

ကျောက်တုံးပေါ်တွင်ရေးဆွဲထားသောသင်္ကေတကောက်ကြောင်းလက်ရာမှာ ကမ္ဘာကြီးကိုညွှန်းသောကမ္ဘာအဆင့်တန်ဆာ လေးကျွန်းမြင်းမိုရ်သင်္ကေတကောက်ကြောင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဘာသာရေးအယူအဆတွင်ရှိသော ကမ္ဘာကြီးကို ကျွန်းကြီးလေးကျွန်းဖြင့် ဖွဲ့စည်းထားသည်ဟု သိရှိရပါသည်။ ဤအယူအဆသင်္ကေတဖြင့် စက်ဝိုင်းထဲတွင် အမြောက်လက္ခဏာသဏ္ဌာန်ပြုလုပ်ပြီး လေးခြမ်းခြမ်းကာ ကျွန်းကြီးလေးကျွန်းဖော်ထားခြင်း ဖြစ်ပါသည်။ ဤသင်္ကေတမှာ ကောင်းသောနိမိတ်ကို ဖော်ကျူးခြင်းသင်္ကေတပင် ဖြစ်ပါသည်။ ဤသင်္ကေတကောက်ကြောင်းလက်ရာကို လေးကျွန်းမြင်းမိုရ် နိမိတ်ပုံသင်္ကေတကောက်ကြောင်းဟု ခေါ်ဆိုကြသည်ကို သိရှိရပါသည်။ ဤနိမိတ်ပုံသင်္ကေတကို နန်းရိုးတံတိုင်း၏အပြင် တောင်ဘက်မျက်နှာကျောက်တုံးပေါ်တွင် ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ ဝေသာလီကျောက်လှေကားသားတို့ ထူးခြားစွာ ရေးဆွဲထားခဲ့သော နိမိတ်ပုံသင်္ကေတကောက်ကြောင်းလက်ရာများပင်ဖြစ်ပါသည်။

ပုံ (၅) စဉ့်ပန်းကန်လုံးအဖဲ့အစလက်ရာမှာ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.13B)(A_2)ကျင်း၊ ကျင်းအနက် (၆၀)cmခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်စဉ့်ပန်းကန်လုံးအဖဲ့အစကို ရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။

စဉ့်ပန်းကန်လုံးမူရင်းလက်ရာအဖဲ့အစမှာ အမြင့် (၅) cmခန့်၊ အကျယ် (၁၉) cm ခန့်၊ ဖင်အချင်း (၁၂)cmခန့်နှင့် ပန်းကန်လုံးခြေထောက်အမြင့် ($\frac{1}{2}$) cm ခန့်၊ ပန်းကန်လုံးဖင်အထူ ($2\frac{1}{2}$)cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ပုံ(၅)တွင်



ပန်းကန်လုံးအဖဲ့အစ၏ အထူ၊ အတွင်းမျက်နှာပြင်နှင့် အပြင်မျက်နှာပြင်ကို အပေါ်တွင်ရေးဆွဲထားပြီး အောက်တွင် ပန်းကန်လုံးအဖဲ့အစကိုမှောက်၍ အပေါ်စီးအမြင်ရေးဆွဲဖော်ပြထားပါသည်။

စဉ့်ပန်းကန်လုံးအတွင်းမျက်နှာပြင်တွင် အလယ်လောက်၌ အရစ်အယ်တစ်ရစ်၊ အကြီးတစ်ရစ်တွေ့ရှိရပြီး ထို အရစ်အပေါ်တွင် ရပ်စောက်လိုင်းနှစ်လိုင်းပူးစီဖြင့် ပတ်ပတ်လည်အလှဆင်ထားပါသည်။ ပန်းကန်လုံးအပြင်မျက်နှာပြင်တွင်လည်း အလယ်လောက်တွင် အရစ်တစ်ရစ်ဖော်ထားပါသည်။ပန်းကန်လုံးပြုလုပ်ထားသောမြေသားမှာ ကျစ်လျစ်သိပ်သည်းနေသော ရွှံစေးအဖြူမြေဖြစ်သည်ကို ထူးခြားစွာတွေ့ရှိရပါသည်။ ပန်းကန်လုံးအပြင်ရော အတွင်းပါ ရောင်အစိမ်းဖျော့ရောင်ကိုသာတွေ့ရှိရပါသည်။ အတွင်းမျက်နှာပြင်တွင် အပြာရောင်အနည်းငယ်လည်းပါရှိသည်ကိုတွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်ကုန်းအမှတ် (VSL.13B) (B_2) ကျင်းအနက် (၅၅)cmခန့်မှ တူးဖော်ရှိရသော စဉ့်ပန်းကန်လုံးအဖဲ့အစလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ပုံ (၆) တွင် ပန်းကန်လုံးအဖဲ့အစ၏ဘေးမျက်နှာပြင်၊ အတွင်းမျက်နှာနှင့် ပန်းကန်လုံးအထူ အပေါ်တွင် ရေးဆွဲဖော်ပြထားပြီး အောက်တွင် ပန်းကန်လုံးအဖဲ့အစကိုမှောက်၍ အပေါ်စီးအမြင်ကို ရေးဆွဲဖော်ပြထားပါသည်။

မူရင်းစဉ့်ပန်းကန်လုံးအဖဲ့အစ

www.burmeseclassic.com

www.burmeseclassic.com

အမြင့် (၆)cm ခန့်၊ အကျယ်(၁၀)cm ခန့် နှင့် ပန်းကန်လုံးခြေထောက်အမြင့် (၁½) cm ခန့်၊ ဖင်အထူ (၁)cm ခန့်ရှိပါသည်။ ပန်းကန်လုံးအတွင်းရောအပြင်ပါ အဆင်တန်ဆာများပြုလုပ်ထားသည်ကို မတွေ့ရှိရဘဲ အချောသာတွေ့ရှိရပါသည်။ ဤစဉ့်ပန်းကန်လုံးကို ပြုလုပ်ထားသော ချိန်းစေးမြေသားမှာလည်း မြေမီးဖုတ်ထားသော်လည်း မြေမီးဖုတ်ရောင်မတောက်ဘဲ အဖြူရောင်ဘက်ကိုသာသန်းနေသည်ကို တွေ့ရှိရပါသည်။ ပန်းကန်လုံး၏ စဉ့်ရောင်ကိုလည်း အတွင်း၊ အပြင်တွင် စဉ့်အစိမ်းဖျော့အရောင်ကိုသာ တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုတုန်းအမှတ် (VSL.13B) ကို တူးဖော်သုတေသနပြုလုပ်၍ တွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းများထဲမှ ထူးခြားသော ရှေးဟောင်းပစ္စည်းလက်ရာတချို့ကို ရေးသား ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

မြို့ရုံသုံးသပ်ချက်

ဝေသာလီမြို့ဟောင်းတူးဖော်မှုတုန်းအမှတ် (VSL.13B) ကို တူးဖော်သုတေသနပြုလုပ်သည့်အခါ တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ



လက်ရာများမှာ များသောအားဖြင့် ဝေသာလီကျောက်လှေကားခေတ်လက်ရာများကိုသာ တွေ့ရှိရပါသည်။ တူးဖော်ထွက်ရှိလာသော နန်းတော်တံတိုင်းနန်းရိုးနှင့်နန်းရိုးကျောက်တုံးများရေးဆွဲထားသောသင်္ကေတလက်ရာကောက်ကြောင်းများ မပျက်စီးမဆုံးရှုံးနိုင်အောင် ခြံစည်းရိုးများကာရံ၍ ကျောက်စီ၊ အုတ်စီများကို သူ့မူလနေရာအတိုင်း ထိန်းသိမ်းပြုပြင်ထားသင့်ပါသည်။ ဤသို့ ပြုပြင်မထားပါက ကျောက်တုံးများ၊ အုတ်ချပ်များကို ဤပတ်ဝန်းကျင်မှလူများယူငင်၍ လည်းကောင်း၊ ကွဲ၊ နွားတိရစ္ဆာန်များတက်နင်းသွားလာ၍ လည်းကောင်း မကြာမီ ပျက်စီးဆုံးရှုံးသွားမည်မှာ သေချာပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

အနန္တောအနန္တငါးပါးကို
ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ကိုးကားချက် -

၁။ ကိုယ်တိုင်တူးဖော်သုတေသနပြုလုပ်မှုမှတ်စု။
၂။ စံသာအောင်၊ ဦး၊ အာနန္ဒစန္ဒြ၊ ရှစ်ရာစု၊ ရခိုင်ဝေသာလီမင်း။ ၃-၁၉၇၅ ခု။
၃။ ဦးညွန့်ဟန်၊ ဝေသာလီမြို့ဟောင်းတူးဖော်သုတေသနပြုမှု အစီရင်ခံစာ။
၄။ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13B) အစီရင်ခံစာ။
၅။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ရခိုင်မဟာရာဇဝင်။

စဉ်	ကုန်းအမှတ်	အဖွဲ့ခေါင်းဆောင်	တူးဖော်သည့်နှစ်	အဆောက်အအုံအမျိုးအစား
၁။	VSL.1	ဦးမြင့်အောင်	၁၉၇၉-၈၀	ဘာသာရေးအဆောက်အအုံ
၂။	VSL.2	ဦးမြင့်အောင်	၁၉၈၀-၈၁	ဘာသာရေးအဆောက်အအုံ
၃။	VSL.2	ဦးညွန့်ဟန်	၁၉၈၁-၈၂	ဘာသာရေးအဆောက်အအုံ
၄။	VSL.3	ဦးညွန့်ဟန်	၁၉၈၂-၈၃	နွားရုပ်ပိုင်းကွက်
၅။	VSL.4	ဦးညွန့်ဟန်	၁၉၈၃-၈၄	မြို့ရိုး
၆။	VSL.5	ဦးညွန့်ဟန်	၁၉၈၃-၈၄	သိမ်ရာ
၇။	VSL.6	ဦးကျော်ဦးလွင်	၂၀၀၃-၂၀၀၄	မြို့ရိုး
၈။	VSL.7	ဦးကျော်ဦးလွင်	၂၀၀၃-၂၀၀၄	မြို့ဝင်ပေါက်
၉။	VSL.8	ဦးကျော်ဦးလွင်	၂၀၀၃-၂၀၀၄	မြို့ဝင်ပေါက်
၁၀။	VSL.9	ဦးညိမ်းလွင်	၂၀၀၆-၂၀၀၇	ဘုရားကုန်း
၁၁။	VSL.10	ဦးညိမ်းလွင်	၂၀၀၆-၂၀၀၇	စေတီကုန်း
၁၂။	VSL.11	ဦးစောလွင်	၂၀၀၈-၂၀၀၉	ဘာသာရေးအဆောက်အအုံပျက်
၁၃။	VSL.12 A.B	ဦးညိမ်းလွင်	၂၀၁၃-၂၀၁၄	နန်းရိုး
၁၄။	VSL.13 A.B	ဦးညိမ်းလွင်	၂၀၁၃-၂၀၁၄	နန်းရိုး
၁၅။	VSL.9-10	ဦးညိမ်းလွင်	၂၀၁၃-၂၀၁၄	စေတီကုန်း

www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)
နွယ်မြက်သစ်ပင်ဆေးပက်ဝင်



ကတိသစ္စာတည်သောခါ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှုန်ကန်သောသစ္စာစကားတစ်ခု ဖြစ်ပါ၏။

ဤကမ္ဘာပေါ်တွင် ပေါ်ထွန်းလာသော သစ်ပင်၊ ပန်းပင်၊ နွယ်မြက်တို့သည် ဆေးဖက်ဝင်သောဆေးပင်တို့သာ ဖြစ်ကြ၏။

ဆေးပင်ဆိုရာ၌ လူသားတို့နှင့် သက်ရှိသတ္တဝါတို့ ဖြစ်ပေါ် ခံစားနေရသော ရောဂါဝေဒနာတို့ကို သောက်ဆေး၊ လိမ်းဆေး၊ ရှူဆေးအဖြစ်ဖြင့် အသုံးပြုပါက ဖြစ်ပေါ် နေသောရောဂါဝေဒနာတို့သည် ပျောက်ကင်းချမ်းသာကြပါ၏။

ရောဂါဝေဒနာတို့ကို လူသားများနှင့်သက်ရှိသတ္တဝါတို့သည် တာရှည်စွာ မခံစားနိုင်ကြပေ။ ထိုရောဂါပျောက်ကင်းစေတတ်သောဆေးဝါးတို့ကို ရှာမှီးကြရာ၏။

ရောဂါဝေဒနာရှင်တစ်ဦးတွေ့ပြီ။ ထိုဝေဒနာရှင်ခံစားနေရသောဝေဒနာကို သိရှိလာအောင် ရှာဖွေဆန်းစစ်ရာ၏။ ရောဂါဝေဒနာကိုသိရှိမှသာ ဒုတိယဆေးဝါးတို့ကို ကြံစည်ရ၏။ ဆေးချက်ချရပါ၏။ အနာနှင့်ဆေးသင့်အောင်ပေးပျောက်ရေးမခက်ပါ။ အနာရောဂါကို တိတိကျကျမသိရှိပါက ဆေးဝါးတို့ကိုလည်း တိတိကျကျ သိရှိနားလည်လိမ့်မည်မဟုတ်ပါ။

ရောဂါဝေဒနာတို့ကို တိတိကျကျမသိရှိဘဲနှင့် ရမ်းတုတ်မှန်းတုတ်နေပါက ရောဂါဝေဒနာမပျောက်ကင်းဘဲ နာတာရှည်ဘဝသို့ ရောက်ရှိသွားပါလိမ့်မည်။ ဆေးကုသသောဆရာလည်း ညှဉ်းဖျင်းရာရောက်ပါလိမ့်မည်။

အခုခေတ်သည် သိပ္ပံပညာဟုခေါ်သော လောကဓာတ်မညာအထွတ်အထိပ်သို့ရောက်နေသောခေတ်ဖြစ်၏။ လောကဓာတ်ပညာ၏ အကျိုးကျေးဇူးတော်ကြောင့် လူသားတို့တွင်ဖြစ်ပေါ်တတ်သောရောဂါဝေဒနာတို့ကို ပျောက်ကင်းစေရန်အတွက် ထိုးဆေး၊ သောက်ဆေး၊ လိမ်းဆေး၊ ရှူဆေးတို့ကို စမ်းသပ်တီထွင်၍ ဖော်ထုတ်လာကြ၏။ ရောဂါတို့လည်း ပျောက်ကင်းကြပါ၏။

ဤခေတ်တွင် မြန်မာ့တိုင်းရင်းဆေးပညာသည်လည်း ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်အောင်ဖော်ထုတ်ရမည်သာဖြစ်၏။ မြန်မာ့တိုင်းရင်းဆေးဝါးများသည် ဆေးပင်တစ်ပင်ချင်းကို ယခင်က ဆေးဆရာကြီးများသည် အသုံးပြုခဲ့ကြပါ၏။



သာဓကပြရမည်ဆိုပါလျှင် တစ်ခုတစ်ဦးသောလူသတ္တဝါကို မြွေကိုက်(ပိုးထိ)ခဲ့ပါလျှင် မြွေဆိပ်ပြေပျောက်စေသော ဆေးမြစ်ကိုသာ အသုံးပြုခဲ့ကြပါ၏။ ယင်းဆေးမြစ်များကတော့ ဆေးသုံးဆင့်(ပင့်ကူထိပ်ပိတ်)ပင်၊ စပါးကြီးသည်းခြေပင်၊ ကိုးထပ်ရှင်၊ ခေါင်တိုင်နွယ်ပင်တို့သည် တစ်ပင်ချင်းအစွမ်းထက်သောဆေးပင်များသာဖြစ်ကြပါ၏။ မြစ်ချင်းပြီးသည့်ဆေးပင်များသာဖြစ်ကြပါ၏။ မြွေဆိပ်ကိုနိုင်စေသော နောက်ထပ်ဆေးပင်တို့ကား များစွာရှိပါသေး၏။

အဆိုပါဆေးပင်တို့သည် တစ်ပင်ချင်းအသုံးပြု၍ရောဂါဝေဒနာ (မြွေဆိပ်)တို့ကို ပျောက်ကင်းစေနိုင်ပါ၏။

အလားတူပင် ငါးဥ၊ တည်းသီး ကပ္ပလိဥ (ဝီလော်ပိန်)၊ ငါးသည်း စသည်တောက်ချင်သောအရာတောက်ပါစေ ကြောက်လန့်စရာမလိုပါ။ ယင်းအဆိပ် အတောက်ပြေစေရန် အိမ်ပိန္နဲပင်၏

www.burmeseclassic.com

www.burmeseclassic.com

အမြစ်ကိုတူးယူပါ။ ရေစင်ကြယ်အောင် ဆေးပါ။ ကျောက်ပျဉ်ကိုလည်း ရေနွေးဖြင့် စင်ကြယ်အောင်ဆေးပေးပါ။ ဆေးမြစ်ကို နှမ်းဆီစစ်စစ်၊ ပဲဆီစစ်စစ်တစ်မျိုး တည်းဖြင့်သွေးပါ။ ဟင်းစားဇွန်း(၂)ဇွန်း ခန့်ရရှိပါက ဆေးတွင် အိမ်သုံးဆားအနည်းငယ်ထည့်၍ အဆိပ်အတောက်မိနေသောလူနှင့် သက်ရှိသတ္တဝါတို့အား တိုက်ကျွေးပေးပါ။ မိနေသောအဆိပ်အတောက် ချက်ချင်း ပြေပျောက်ပါလိမ့်မည်။ ချမ်းသာသွားပါလိမ့်မည်။

ဤနေရာတွင် အစွမ်းထက်သည့် ဆေးတစ်ပင်အကြောင်းကို တင်ပြသွားပါမည်။ ဆေးပင်အမည်က ရှားစောင်းလက်ပပ်ပင်ဖြစ်ပါ၏။

ရှားစောင်းနှင့်ပတ်သက်၍ ရှားဖြူ၊ ရှားစောင်းကြီး၊ ရှားစောင်းချဉ်၊ ရှားစောင်းပြဿဒ်၊ ရှားစောင်းမြင်းနား၊ ရှားစောင်းသိဂ်နိတ်၊ ရှားစောင်းကြောင်နို့၊ ရှားစောင်းခါး၊ ရှားစောင်းလက်ဆက်၊ ရှားစောင်းလက်ညှိုး၊ ရှားစောင်းလက်ဝါး၊ ရှားစောင်းလက်ပပ်အကြီး၊ ရှားစောင်းလက်ပပ် (အငယ်)၊ ရှားစောင်းလက်ပပ် (အနီ) စသည်တို့ဖြစ်ကြ၏။

ဆေးပင်၏ပုံသဏ္ဌာန်

အရည်ရွှမ်းသောပင်ပျော့ပင်ငယ်မျိုးဖြစ်၍ အမြင့်(၁)ပေမှ (၁၄)ပေထိ မြင့်၏။ ပင်စည်လုံးသတ်သတ်မရှိဘဲ အပင်ရင်းမှအရွက်များ (၅)ခု၊ (၆)ခုဖြာလျက်ထွက်သည်။ အရွက်မှာ အပေါ်ခွံအစိမ်းနုရောင်ရှိပြီး အတွင်း၌ ကျောက်ကျောကဲ့သို့ ပျစ်ခွဲသောအရည်အသားများပြည့်လျက်ရှိ၏။ အလျား(၂)တောင် ပျမ်းမှည်၍ အနံ (၅)လက်မ၊ အထူ (၁) လက်မ၊ (၂)လက်မထိထူ၏။ ရွက်နားပတ်လည် ဆူးကလေးများခြွေး၍ ရှိ၏။

(၃-၄)နှစ်သားအရွယ်ရှိသောအပင်တွင် ရှည်လျားသောပန်းခိုင်ထွက်လာပြီး နိဝါရောင်ပန်းပွင့်လေးများ ပန်းခိုင်ထိပ်တွင် စုံပြုံပွင့်ကြ၏။

ဆေး၏ဂုဏ်နှင့်စွမ်းရည်မှာ -

ရှားစောင်းလက်ပပ်၏ အတွင်းသားကို ရေအေးနှင့်စိမ်၍ ၎င်းအရည်စွတ် သကြားခဲအနည်းငယ်ထည့်ပြီး သောက်ပါ။ သွေးဆူခြင်း၊ သွေးတိုးမြန်ခြင်း၊ ဝမ်းတွင်းအပူအားကြီး၍ မျက်စိ၊ နှာခေါင်း၊ ခံတွင်းစသည်တို့ ပူလောင်ခြင်းများ ငြိမ်းအေးစေ၏။ ၎င်း၏အတွင်းသားကို ကျောက်ချဉ်မီးဖောက်အနည်းငယ်မျှဖြူး၍ မျက်လုံးအိမ်ကိုအုံပေးပါက ကြက်မျက်သင့်ခြင်း၊ ရောင်ရမ်းခြင်း၊ ထိခိုက်မိ၍ ဒဏ်နာဖြစ်ခြင်းတို့ကို ပျောက်ကင်းစေ၏။

ကိုယ်အင်္ဂါကြီးငယ်ရောင်ရမ်းသူများကို လတ်ဆတ်သော ၎င်း၏အတွင်းသားသတ္တုရည်ကိုလိမ်းပေးခြင်းအားဖြင့် ဖောရောင်ခြင်းကျဆင်းသွား၏။ နာတာရှည်အဖျားဟောင်းများကို ၎င်းအမြစ်ကို ပြုတ်၍ သောက်ပေးပါ။ အဖျားရောဂါ ပျောက်ကင်းစေ၏။ ၎င်း၏အတွင်းသား (၇)ကျပ်၊ (၈) ပဲသားကိုယူ၍ ဆားစိမ်း (၁၁)ပဲသားနှင့်ရောပြီး ရေနှင့်ကျိုပါ။ ဆူပွက်၍အမြှုပ်ထသောအခါ ဆေးအိုးကို ချ၍ စစ်ယူထားပါ။ ၎င်းဆေးရည် (၂) ကျပ်သားကို သကြားခဲ (၂) ကျပ်ခွဲသားထည့်၍ နံနက်စောစောသောက်ပါ။ဝမ်းနှင့် ဆီးများ ခပ်များများသက်လျက် ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများ ကျဆင်းပါလိမ့်မည်။

မြန်မာဆေးကျမ်းများအလိုအရ ရှားစောင်းလက်ပပ်သည် အေးခဲသောအရသာရှိ၏။ လေကိုနှိုင်၏။ အားကိုဖြစ်စေသောဆေးစွမ်းသတ္တိရှိပါ၏။

ရှားစောင်းလက်ပပ်သည် မီးယပ်ဆေးအဖြစ် အလွန်ထင်ရှား၏။ ရှားစောင်းလက်ပပ်အတွင်းသားကို ပေါက်ပင်ပဉ္စင်းပါးမီးရှို့၍ ရသောပြာကို ချက်သည့် ဆားအနည်းငယ်ဖြူးစားသော် မီးယပ်သွေးစင်ကြယ်စွာဆင်း၏။

ရှားစောင်းလက်ပပ်သည် အနာစိမ်း၊ ဖျဉ်းစွဲရောဂါ၊ အသည်းရောဂါ၊ အရေပြားရောဂါ၊ အဖျားရောဂါ၊ ပန်းနာ၊ နူနာ၊ ကိုယ်ရေဝါရောဂါ၊ ဆီးဥ်ကျောက်တည်သောရောဂါတို့ကို အလွန်နိုင်နင်းသောဆေးပင်ဖြစ်၏။

ဂုဏ်ဆေးပင်သည် လိမ်းဆေးအဖြစ်နှင့်လည်း အလွန်အစွမ်းထက်မြက်သောဆေးပင်ဖြစ်၍ ၎င်း၏အတွင်းသားကို ဝမ်းပိုက်၌ကပ်၍အုံပေးပါက သွေးလုံးလေလုံးများကို ပြင်ပသို့ထုတ်ဆောင်နိုင်ပါ၏။ ၎င်း၏အတွင်းသားနှင့် မျက်စိကိုအုံပေးပါက မျက်စိနာခြင်း၊ ကိုက်ခြင်း၊ ပူစပ်ခြင်းကို ပျောက်ကင်းပါလိမ့်မည်။

ရှားစောင်းလက်ပပ်အတွင်းသားကို အရည်ညှစ်ပြီး မီးနွေးနွေးပြု၍ နားတွင်းသို့ထည့်ပေးပါက နားကိုက်၊ နားနာလျင်မြန်စွာ ပျောက်ကင်းပါလိမ့်မည်။

ခြေ၊ လက်တို့တွင်ပေါက်သောအကျိတ်နာ၊ သွေးစုနာများပေါ်တွင် ရှားစောင်းလက်ပပ်ကို စည်းပေးထားပါက အကျိတ်ကြေ၍ ပြည်ပေါက်မြဲပြီး ဝန်းမန်းကျသွားပါလိမ့်မည်။

ကိုယ်ရေဝါရောဂါရှိသူများ အရွက်အတွင်းသားကိုစားပါက ဆီးဝမ်းသက်ပြီး ရောဂါလည်းပျောက်ပါလိမ့်မည်။

အရွက်အတွင်းသားကို အပေါ်မှနွှင်းအမှုန့်ဖြူး၍စားပေးပါ။ အဖျဉ်းရောဂါပျောက်ကင်းပါလိမ့်မည်။

ရှားစောင်းလက်ပပ်အနှစ်ကိုခြစ်ယူ၍ ဆန်ဆေးရည်၌စိမ်ပြီးလျှင် သကြားထည့်သောက်ပါ။ ဆီးပူ၊ ဆီးအောင့်၊ ဆီးကိုက်၊ ဆီးချုပ်ရောဂါများ ပျောက်ကင်းပါလိမ့်မည်။

ဆေးပညာကို သေရွာသို့မယူလို့ လေ့လာမှတ်သား အကျိုးများပါလိမ့်မည်။ တိုင်းရင်းဆေးဗဟုသုတ ပြည့်ဝကုံလုံ ပြည့်စုံနိုင်ကြပါစေ။

မေတ္တာစေတနာများစွာဖြင့်
ကျန်းမာချမ်းသာကြပါစေ

မဟာန္တယ် (မန်းတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ကိုဆောင်းဦး
(အလိန်လည်ကျော်ရာ)

နှတ်နဂါးကြီးတို့နှင့် ပတ်သက်ဆက်နွယ်သူ

ကိုစိန်သောင်း ဒေးဒဲပြုမူပြန်လာပြီး ဝင်ဝန်းလွန်းသဖြင့် ရေမိုးချိုးကာ အိပ်ရာထဲသို့ ဝင်လှဲနေလိုက်သည်။ လမ်းကလည်း ကြမ်းတမ်းလွန်းသဖြင့် တစ်ကိုယ်လုံးကိုင်ရွဲကိတ်ကာ ... နေသည်။ နောက်တဖန် ... မှ ဝယ်ယူထားသော ... အဟောင်းများကို ရှင်းလင်းပြီးသည့်နောက် အောင် သွားရောက် ... ဖြစ်သည်။

စက်ပစ္စည်းများ ... ထားရာ ဂိုဒေါင်၏ အပေါ်ထပ်မီးတွင် အိပ်နေခြင်းဖြစ်ပြီး ဂိုဒေါင်တစ်ခုလုံးလည်း မီးခြောင်းတွေနှင့်ထားသဖြင့် လင်းထိန်နေသည်။ ကိုစိန်သောင်းလည်း (၇) နာရီခန့်တွင် မျက်နေအိပ်ပျော်သွားသည်။

"လူလေး၊ လူလေး၊ ထ၊ ... ထ"

"ဟင်... ဟင်... ဘာလဲဟင်"

ကိုစိန်သောင်းအိပ်နေသော ခေါင်းရင်းညာဘက်တွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး ခေါင်းပေါင်းအဖြူနှင့် မုတ်ဆိတ်မွေးအဖြူကြီးက ရင်ဘတ်အထိကျနေသောအဘက တောင်ဝေးတစ်ချောင်းကို ကိုင်ပြီး လေထဲတွင်ရပ်နေသည်။

"လူလေး၊ မင်း အဘကို ကတိတစ်ခုပေးမလားတင်"

"ဘာကတိပေးရမှာလဲ အဘ ခင်ဗျာ"

"လူလေး၊ ဒီမြွေသားမစားပါဘူးလို့ ကတိပေးနိုင်မလား"

"ဟုတ်ကဲ့၊ မြွေသားမစားပါဘူးလို့ ကတိပေးပါတယ် အဘ"

ဝတ်ဖြူစင်ကြယ်နှင့် အဘရာ မြွေသားမစားပါဘူးဟု (၃) ခါ စီတိ ကတိတောင်းပါသည်။ ကိုစိန်သောင်းလည်း (၃) ခါစလုံး မြွေသားမစားပါဘူးဟု ကတိပေးလိုက်ပါသည်။

"အဲဒါဆိုရင် လူလေးခေါင်းရင်းက ပြတင်းပေါက်ကိုကြည့်လိုက်ပါ"

ကိုစိန်သောင်းလည်း ခေါင်းရင်းပြတင်းပေါက်ကိုကြည့်လိုက်၏။ ခေါင်းရင်းပြတင်းပေါက်တွင် ကိုစိန်သောင်းကို ကြည့်နေသော မြွေကြီးငါးကောင်ခေါင်းကြီးမှာ (၂) ပေစလောင်းထက်ကြီးမည်ဖြစ်သည်။ (၁၅) ပေကျယ်သောလမ်းကြားထဲတွင်ခွေနေသေးအမြွေကြီးကလည်း အပြည့်ဖြစ်သည်။ (၁၀) ပေကျော်ကျော်မြင့်သော ပြတင်းပေါက်ကိုဝင်ရောက်နေသော မြွေကြီး၏ကိုယ်လုံးကြီးကလည်း အုန်းပင်လုံးလောက်ရှိပင်ရှိနိုင်သည်။

"လူလေး၊ မင်းကို အဲဒီမြွေကြီး စောင့်လိမ့်မယ်"

ထိုအချိန်တွင်းမှာပင် ဝတ်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အလွန်အိစက်ညက်ညောသောအိပ်ရာထက်တွင်အိပ်နေရသည်ဟုမက်နေသည်။ ပုခက်လွှဲပေးသကဲ့သို့ဖြစ်နေသဖြင့် အိပ်လို့ကောင်းနေသည်။

"ကိုစိန်သောင်း၊ ကိုစိန်သောင်းထ။ ခင်ဗျားပြုတ်ကျတော့မယ်"

တင်လှိုင်လာနှိုးတော့ သူနိုးသွားသည်။ တွဲတေးချောင်းမှ ရန်ကုန်မြစ်ဘက်သို့အကူး လက်ပန်ကုန်းဝဲကိုဖြတ်နေသဖြင့် စက်လှေကြီးက ဝဲထဲတွင် ဝုန်းဒိုင်းကြဲနေတော့သည်။

"ဟေ့-တင်လှိုင်၊ ဟိုဘက် ခနောင် တို့ချောင်းကမသွားဘဲ ဘာဖြစ်လို့ ဆိတ်ကြီးဘက်ကသွားတာလဲ။ ဘာလို့လက်ပန်ကုန်းဝဲကိုဖြတ်တာလဲ။ သေကုန်ချင်လို့လား"

"စက်လှေမောင်းတဲ့ဆလင်ကြီးက အခုရေတက်စပြုနေပြီ။ လက်ပန်ကုန်းဝဲကသိပ်မကြမ်းတော့ဘူးဆိုပြီးဖြတ်တာကျွန်တော်တားသေးတယ်။ ဆလင်ကြီးက ဒီလိုအခါမှဖြတ်လို့ရတယ်။ သူဖြတ်ဖူးတယ်လို့ပြောတယ်"

ကိုစိန်သောင်းတို့ စက်လှေကြီးလည်း နာမည်ကျော် လက်ပန်ကုန်းဝဲကြီးကို ဖြတ်ကျော်လာပြီး ရန်ကုန်မြစ်ပေါက်ဘက်သို့ရောက်လာပြီဖြစ်သည်။ လက်ပန်ကုန်းဝဲက ရေကျချိန်တွင် (၂) ထပ်သင်္ဘောကြီးတွင်ပင် ဝဲထဲဆွဲနစ်၍ မြုပ်ပစ်တတ်သည်။ လက်ပန်ကုန်းဝဲကြောင့် သေကျေပျက်စီးကုန်သောလူတွေ၊ သင်္ဘောတွေ မနည်းတော့ပါ။ ကိုစိန်သောင်းတို့ စက်လှေကြီးသည် ကံကောင်းထောက်မစွာဖြင့် ကြမ်းတမ်းသောဝဲကြီးအတွင်းမှဖြတ်ကျော်လာနိုင်ခဲ့ပြီ ဖြစ်သည်။ ကိုစိန်သောင်းလည်း ညက မွေကြီးအကြောင်း စဉ်းစားနေမိသည်။ လွန်ခဲ့သော တစ်ပတ်ကျော်က ဝတ်ဖြူစင်ကြယ်အဘိုးနှင့်အတူ တွေ့ရသောမွေကြီးကို ယခုလိုအသက်ဘေးနှင့် တွေ့ချိန်တွင် လာရောက်စောင့်ရှောက်သဖြင့် အံ့သြနေမိသည်။ ထိုမွေကြီးကိုလည်း ကျေးဇူးတင်မိသည်။

စက်လှေကြီး ရန်ကုန်မြို့သို့ရောက်ပြီး သံထည်ပစ္စည်းများကို ဂိုဒေါင်သို့ထည့်သွင်းခဲ့သည်။ ကိုစိန်သောင်းလည်း တစ်လလောက် အေးအေးဆေးဆေးနားနေလိုက်သည်။ စက်ပစ္စည်းတွေကို ဝယ်ယူသူတွေရောက်လာသဖြင့် ဈေးဖြတ်၍ရောင်းချလိုက်သည်။ ကိုစိန်သောင်းလည်း ဒေးဒရဲမြို့က ပြန်လာပြီး (၂)လလောက်နားနေရင်းဆိုင်အလုပ်တွေလုပ်နေလိုက်သည်။

တစ်နေ့ တာမွေမှအဘဦးစိန်မောင်၏သားဖြစ်သူ ကိုဖိုးပြည့်လာခေါ် သဖြင့် ရပ်ကွက်ဟုက်နေသော ကမာရွတ်ကန်လမ်းဘက်သို့ သွားကြည့်ကြသည်။ ထိုအချိန်က အုပ်ချုပ်သော အစိုးရက ရန်ကုန်မြို့လယ်ကောင်ရှိ ကျူးကျော်ရပ်ကွက်ကြီးတွေကို ဖျက်သိမ်းပြီး မြို့ပြင်ရှိ မြို့သစ်များဆီသို့ ပြောင်းခိုင်းနေသောကာလဖြစ်သည်။ မြို့သစ်များဖြစ်သော လှိုင်သာယာ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ စသည့်ရပ်ကွက်များကို ပြောင်းခိုင်းနေသောအချိန်ကဖြစ်သည်။ ရပ်ကွက်ကြီးတွေဖြစ်သဖြင့် လူတွေ အိမ်ဖျက်ထားသော သစ်တိုသစ်စတွေ၊ ပစ္စည်းတင်သောကားတွေနှင့် ရှုပ်ယှက်ခတ်နေသည်။ တချို့လည်း မိမိတို့ နှစ်ပေါင်းများစွာနေလာသောနေရာလေးကို နှမြောတသစွာမျက်ရည်များကျနေကြသည်။

ကိုစိန်သောင်းတို့လည်း ကန်လမ်းအတွင်းတွင်ရှိသော ခြံကြီးအတွင်းမှာ အဆောက်အအုံ(၄)လုံးကိုဝယ်ယူလိုက်ပြီးနောက်နေ့တွင် ဖျက်သိမ်းရေးလုပ်ငန်းများ စတင်လုပ်ကိုင်ကြသည်။ လေးလုံးထဲတွင် အကြီးဆုံးသော (၂) ထပ်တိုက်အိုကြီးကို စတင်ဖျက်သိမ်းလိုက်သည်။ ကိုစိန်သောင်းတို့ဖျက်သိမ်းရေးလုပ်သားတွေလည်း ဖျက်သိမ်းတဲ့နေရာတွင်ပင် အိပ်ကြသည်။ အိမ်ကြီးဖျက်သောညတွင် အိမ်ကြီး၏အတွင်းဘက်မှ ငိုရိုက်သံများကြားရသည်။ အပေါ် ထပ်မှလည်း လမ်းလျှောက်သံတွေကြားရပြီး စကားပြောသံများလည်း မပီမသကြားနေရသည်။ ထိုအချိန်တွင် အခန်းထဲမှ အဘိုးကြီးနှင့် အဘွားကြီးတစ်ယောက် ထွက်လာပြီး ကိုစိန်သောင်းတို့ကိုလာကြည့်နေသည်။ ကိုစိန်သောင်းကြည့်နေတုန်းမှာပင် ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။ နောက်ဖေးဘက်မှ အသားမည်းမည်း မျက်လုံးနီနီရဲရဲနှင့် မိန်းမကြီးတစ်ယောက် ဆံပင်ဖားလျားဖြင့် စိုက်ကြည့်နေသဖြင့် ကြက်သီးများထလာပြီး ဘုရားစာများရွတ်ဆိုပြီး ခေါင်းမီးခြဲအိပ်လိုက်သည်။ ခြံကြီးထဲတွင် လေးပေမီးချောင်းတွေထွန်းထားသဖြင့် တစ်ခြံလုံးလင်းထိန်နေသည်။

(၂) ထပ်အိမ်ကြီးကိုဖျက်သိမ်းပြီး နောက်ဖေးဘက်တွင်ရှိသော ဂိုဒေါင်(၂) လုံးနှင့် (၂)ထပ်အဆောင်(၁)ဆောင်ကို ပါဖျက်သိမ်းကြ၏။ နောက်ဖေးဂိုဒေါင် (၂) လုံးအနားတွင် လူကြီး(၄)ဖက်စာ လောက်ရှိသော သပြေပင်အကြီးကြီးရှိသည့်အပြင် ပေ(၃၀)ကျော်ရှိသော သစ်ပင်ကြီးဖြစ်သည်။ သပြေပင်ကြီးတွင် အသီးများပြွတ်သိပ်စွာဖြင့်သီးနေသည်။ သပြေပင်ကြီးက အရိပ်ကောင်းလှသည်။ အပင်အောက်တွင်လည်း သပြေသီးမှည့်တွေ ကြွေကျထားတာကလည်းဖွေးနေသည်။ အဆောက်အအုံအားလုံးဖျက်သိမ်းနေသဖြင့် ခြံပေါက်တံခါးများတွင် နေရာရှင်းလင်းပြီး ကိုစိန်သောင်းတို့ ဖျက်သိမ်းရေးလုပ်သားများအိပ်ကြသည်။ ကိုစိန်သောင်းလည်း တစ်ယောက်အိပ်ခုတင်လေးပေါ် တွင် ခြင်ထောင်ထောင်၍ အိပ်လိုက်သည်။ တစ်ခြံလုံးတွင်လည်း လေးပေမီးချောင်းတွေထွန်းထားသဖြင့် လင်းထိန်နေသည်။ ကိုစိန်သောင်းလည်း ဘုရားရှိခိုး၊ အမျှအတန်းဝေပြီး အိပ်လိုက်သည်။ ချက်ချင်းအိပ်မပျော်သေးဘဲ ဖျက်သိမ်းရေးလုပ်ငန်းများအကြောင်းတွေးတောစဉ်းစားနေပါသည်။

ထိုအချိန်တွင် ကိုစိန်သောင်း၏ခြင်ထောင်ကို လေးထောင့်သံပုံးလို မျက်နှာနှင့် ခြေ၊ လက်တပ်ထားသော အကောင်တစ်ကောင်က လာလှန်ပြီး သေသေချာချာကြည့်သဖြင့် သူလည်း စိတ်တိုလာသဖြင့် ထိုပုံပန်းသဏ္ဌာန်မမှန်သောအကောင်ကို ခြေထောက်ဖြင့် ထကန်လိုက်သည်။ အကြည်ရောင်လေးထောင့်သံပုံးပုံစံအကောင်လည်း အိမ်ဟောင်းကြီးဘက်သို့ ထွက်ပြေးသွားသည်။

ခဏကြာတော့ ကိုစိန်သောင်း ခြေရင်း သံပုံပေါ် တွင် အုန်းပင်လုံးလောက်ရှိသောမွေကြီးခွေနေပြီး အခွေပုံပေါ် တွင်ခေါင်းတင်ထားပြီး နောက်ဖေးဘက်ရှိ သပြေပင်ကြီးရှိရာဆီ ကြည့်နေသည်။ ထိုအချိန်တွင် သပြေပင်ပေါ် မှ ရောင်စုံထွက်နေသော မွေကြီးတစ်ကောင်ဆင်းလာတာ တွေ့နေရသည်။ ခေါင်းပေါ် တွင်လည်း နီရဲသောအမောတ်ကိုတွေ့ရသည်။ မျက်လုံးနှစ်လုံးကလည်း နီရဲနေသည်။ ထိုရောင်စုံထွက်နေသော မွေကြီးက ကိုစိန်သောင်းအိပ်နေသော နေရာသို့လာနေတာတွေ့ရသည်။ ပါးစပ်မှလည်း နီရဲသောအခိုးအငွေ့တွေထွက်နေတာတွေ့ရသည်။ သံပုံပေါ် တွင်ရှိနေသောမွေကြီးက သပြေပင်ပေါ် မှဆင်းလာသော ရောင်စုံမွေနဂါးကြီးကိုမီးမှုတ်ဖြင့်မှုတ်တော့သည်။ သပြေပင်ပေါ် မွေကြီးကလည်းမီးတွေနှင့်ပြန်မှုတ်သည်။ မွေကြီး (၂) ကောင် မီးတွေမှုတ်ကြ

www.burmeseclassic.com

www.burmeseclassic.com

ခြံကြီးတစ်ခုလုံး နီရဲလင်းထိန်နေပြီး မီးပွားတွေမီးပန်းတွေကလည်းတဖွားဖွား မြင်နေရသည်။ (၁၅) မိနစ်လောက် ရှင်ဆိုင်မှုတ်ပြီးတော့ သပြေပင်ပေါ်မှ မွေးကြီးက နောက်သို့ပြန်လှည့်သွားပြီး သပြေပင်ကြီးပေါ် သို့ တက်သွားသည်။ သပြေပင်ကိုတစ်ပတ်ပတ်ပြီး ပါးပျဉ်းကြီး ထောင်ရှိ နီရဲသော မျက်လုံးကြီးနှစ်လုံးနှင့်ကြည့်နေသည်။ သပြေပင်ကြီးတစ်ပင်လုံး ရောင်စုံအလင်းရောင်များနှင့် လင်းထိန်နေသည်။

ခဏကြာတော့ အားလုံးဖျတ်ခနဲ ပျောက်သွားသည်။ ကိုစိန်သောင်းလည်း တင်လှိုင့်ကိုနှိပ်ပြီး ခြံကြီးနောက်ဘက်ကို ငါးထောင့်ထိုးဓောတ်မီးဖြင့်ထိုးကြည့်သော်လည်း ဘာမှမတွေ့သဖြင့် ပြန်ပြီးအိပ်စက်ကြတော့သည်။ အိပ်မက်ထဲတွင် နဂါးကြီးက လူတစ်ယောက်အသွင် ဖန်ဆင်းပြီး ကိုစိန်သောင်းကို စကားတွေ လာပြောနေသည်။

"မင်းတို့တစ်တွေကံကောင်းသွားတယ်။ မင်းတို့ကို ငါသတ်ဖို့လာတာ၊ မင်းတို့လူတွေ ငါနေတဲ့နေရာမှာ မဖွယ်မရာ လာလုပ်သွားတယ်။ ဒါကြောင့် ငါလာတာ၊ မင်းတို့ဘက်ကနေပြီး ငါ့ထက်ကြီးတဲ့နဂါးကြီးတစ်ကောင် ဝင်ကာပေးလို့ပေါ့။ နို့မို့ဆိုရင် မင်းတို့အားလုံးသေပြီ"

"ကိုစိန်သောင်း၊ ကိုစိန်သောင်း ထတော့လေ။ (၇)နာရီတောင်ထိုးတော့မယ်"

"အေး၊ အေး- ငါ နိုးနေပါပြီ။ ဒါနဲ့ ကိုမြသိန်းတို့ကောရောက်ပလား"

"ရောက်ပြီ၊ ကိုစိန်သောင်း"

"အေး၊ အေး - ငါခေါ် နေတယ်လို့ ပြောလိုက်ကွာ"

ခဏကြာတော့ ကိုမြသိန်းရောက်လာသည်။

"ဒီမှာ ကိုမြသိန်း၊ မနေ့က သပြေပင်အောက်မှာ ဘယ်သူတွေမဖွယ်မရာသွားလုပ်သလဲ"

"မနေ့က တင်ထွန်းနဲ့အောင်ခင်တို့ နှစ်ယောက် အရက်မူးပြီး သပြေပင်ကြီး တိုသေးနဲ့ပန်းကြတယ်"

"ဒီကောင်တွေ တော်တော်မိုက်ရိုင်းပါလား။ ဒီလိုလုပ်တာ အန္တရာယ်ရှိတယ်။ ဒီကောင်တွေကြောင့် ကျန်တဲ့သူတွေ အန္တရာယ်ဖြစ်မယ်။ ဒီကောင် (၂) ကောင်ကို အလုပ်နားခိုင်းလိုက်တော့ ကိုမြသိန်း"

"ဒီကောင်တွေလည်း မလာတော့ပါဘူး။ကျွန်တော် ဒီမနက်သွားခေါ်တော့ မလိုက်တော့ဘူးလို့ အုတ္တင်တွင်ငြင်းတယ်"

"အေးလေ၊ ဒါဆိုလည်းပြီးတာပဲ။ ဒီကောင် (၂) ကောင်ကို အလုပ်ထဲအလည်တောင်မလာစေနဲ့"

နောက်တစ်ပတ်လောက်ကြာတော့ အဆောက်အအုံတွေ ဖျက်သိမ်းပြီးစီးသွားပြီ။ သစ်သားများ၊ သွပ်ပြားများ၊ သံထည်များကို ပစ္စည်းများထားရာ ဂိုဒေါင်ကို လော်လီကားငှားပြီးပို့လိုက်သည်။ ဝယ်သူရောက်လာသဖြင့် သစ်သားများ၊ သွပ်ပြားများကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချလိုက်သည်။

တစ်လလောက်ကြာတော့ ကိုစိန်သောင်းတို့ညီအစ်ကိုတစ်တွေ့ ရဟန်းဝတ်ကြသည်။ကိုစိန်သောင်း ရဟန်းဝတ်ပြီး သူငယ်ချင်းမောင်ကျော်ရယ်၊ ရဟန်းအတူဝတ်သူ ဦးပဉ္စင်းတင်မောင်ဦးနှင့် (၃) ရက်လောက်ကြာတော့ တို့တေးမြို့နယ် ပေါက်တောကျေးရွာအနီး တောထဲတွင်ရှိသော တောရွေ့ရွှေကျောင်းသို့ သွားရောက် သီတင်းသုံးရန် ပန်းဆီးတန်းဆိပ်ကမ်းမှ ဒလဘက်သို့ သင်္ဘောဖြင့် ကူးလာကြသည်။ ထိုအချိန်က ကူးတို့ခများ(၅၀)ပေးရသည်။ သင်္ဘောဖြင့်ကူးလာရင်း ကျယ်ပြန့်သော မြစ်ပြင်ကျယ်ကြီးကိုကြည့်ပြီး လူဘဝ၏ အတက်အဆင်းအနိမ့်အမြင့်များကို တွေးတောနေပြီး လောကကြီးမှာ မည်သည့်အရာမျှ မတည်မြဲပါလား။ ဘုရားရှင်ဟောကြားတော်မူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသောတရားတော်ကို ဆင်ခြင်မိသည်။ တစ်နေ့ ငါသည်လည်း သေရဦးမှာဟု တွေးတောနေမိတော့သည်။ ခဏကြာတော့ ဒလဆိပ်ကမ်းဘက်သို့ သင်္ဘောကပ်သဖြင့် သင်္ဘောပေါ် မှဆင်းလာပြီး ကားဂိတ်ရှိရာဘက်သို့ ထွက်လာကြသည်။ ရဟန်း(၂)ပါးက ခေါင်းခန်းကစီးခွင့်ရပြီး သူငယ်ချင်းမောင်ကျော်ကတော့ နောက်ခန်းမှစီးခဲ့ကြရသည်။ ထိုအချိန်က ဂျစ်ကားများလိုင်းဆွဲနေသောအချိန်ကဖြစ်သည်။

ဆောင်းဦးပေါက်ရာသီဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိုနေသည်။ နေသာနေသဖြင့် ကောင်းကင်ပြင်ထဲတွင် တိမ်တိုက်ဖြူဖြူကြီးတွေကို တွေ့နေရသည်။ စပါးပင်စိမ်းစိမ်းတွေကလည်း ကားလမ်းဘေးဝဲ၊ ယာတွင် တစ်မျှော်တစ်ခေါ်ကြီးတွေ့နေရသည်။ လေလေးကလည်း တဖြူးဖြူးတိုက်ခတ်နေသဖြင့် ကိုစိန်သောင်းလည်း အိပ်ငိုက်သည်။ မျက်တောင်များစင်းလာကာ နောက်မှီခုံကိုမှီပြီး တစ်မှေးပျော်သွားတော့သည်။

အိပ်ပျော်သွားတော့ အိပ်မက်လိုလို၊ တကယ်လိုလိုပင် မွေးကြီးကိုနဂါးကြီး အသွင်ပြင်တွေ့မြင်ရသည်။ စပါးပင်တွေ၏အပေါ်မှ ဂျစ်ကားနှင့်အပြိုင်ပြေးလွှားသွားနေသည်။ လုံးပတ်(၄)ပေလောက်ရှိပြီး အလျားက ပေ (၁၀၀)ကျော်လောက်ရှိမည်ထင်ရသည်။ မွေးနဂါးကြီးသည် အနက်ရောင်ကြီးဖြစ်သွားပြီး ခေါင်းနှင့် အမြီးတွင်လည်း ရွှေရောင်အချွန်အတက်တွေနှင့်ဖြစ်ပြီး ကျောဂိုးတစ်လျှောက်လည်း ရွှေရောင်အချွန်အတက်တွေ တွေ့နေရသည်။ အလွန်လှပပြီးကျက်သရေရှိလှသည်။ ဧရာမမွေးကြီးမဟုတ်တော့ဘဲ အလွန်ကြီးမားသောနတ်နဂါးနက်ကြီးတစ်ကောင်ဖြစ်သွားသည်။

ဂျစ်ကားလေးလည်း မောင်းလာရင်းနှင့် ပေါက်တောရွာရောက်တော့ ရပ်ပေးသဖြင့် ဦးပဉ္စင်း ကိုစိန်သောင်းတို့လည်း ကားပေါ် မှဆင်းပြီး ကားလမ်း၏ ညာဘက်အခြမ်းတွင်ရှိသော တောင်ကုန်းပေါ် သို့တက်လာရင်း ဝါးတောကြီးတွေထဲရောက်သွားသည်။ တော်တော်လေးလျှောက်မိတော့ တောရွေ့ရွှေကျောင်းကြီးကို တွေ့ရသည်။ အရပ်အာဝါသကောင်းမွန်သော တောရွေ့ရွှေကျောင်းဝိုင်းကြီးကို လျှိုမြောင်လေးအလွန်တွင်တွေ့ရသည်။ ကျောင်းဝိုင်းထဲတွင် သရက်ပင်ကြီးများ၊ ပိန္နဲပင်ကြီးများ၊ ကနစိုးပင်တိုများနှင့် အုပ်အုပ်ဆိုင်းဆိုင်းတွေ့နေရသည်။ ကျောင်းကြီး၏မြောက်ဘက်တောထဲတွင် တောင်သလဲပင်များ များစွာတို့ ပေါက်ရောက်နေကြသည်။ နေချင်စဖွယ်ပင်ဖြစ်တော့သည်။

ကျောင်းဝိုင်းထဲတွင် ကျောင်းကြီးငါးကျောင်းရှိပြီး တောင်ထိပ်တွင် သိမ်တော်ကြီးနှင့် သိမ်တောင်ကြီးထဲတွင် ကြေးသွန်းရုပ်ပွားတော်များရှိပြီး သိမ်တော်ကြီး၏ဘေးဘက်တောင်ထိပ်ပေါ်တွင် အောင်တော်မူစေတီကြီးရှိသည်။ စေတီကြီး၏ဘေးတွင် နဂါးကြီးတစ်ကောင်နှင့်တူသော လိုဏ်ဂူကြီးသည် တောင်ထိပ်မှ တောင်အောက်အထိ ပေါက်သော နဂါးလိုဏ်ဂူကြီးရှိသည်။ ထိုဂူကြီးထဲသို့ (၁)ယောက်တည်းမသွားရဲဘဲ (၂) ယောက်၊ (၃) ယောက်ပါမှသာ ဝင်ရဲပါသည်။ နဂါးလိုဏ်ဂူမှဆင်းလျှင် အောက်ဘက်အပေါက်ဘေးတွင် ကျောင်းအို(၂)ထပ်ကျောင်းကြီးရှိပြီး မရန်းပင်ကြီးတွေနှင့် အုပ်အုပ်ဆိုင်းဆိုင်းရှိန

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောင်းကြီး၏ အောက်ဘက်တွင် ချောက်ကြီးရှိပြီး ချောက်ထဲတွင် နဂါးလူးအိုင်ကြီးရှိသည်။ အောင်တော်မူစေတီကြီး၏ဘေးတွင် ပထမဆရာတော်ကြီး တရားအားထုတ်ရာ မြေလိုဏ်ဂူတော်ကြီးရှိသည်။ ယခုအချိန်တွင်တော့ ပြိုကျပျက်စီးနေပြီ ဖြစ်သည်။ ဂူကြီး၏ဘေးတွင် ရင်ခတ်ပန်းပင်ကြီးရှိပြီး တစ်ပင်လုံးပွင့်နေသဖြင့် မွှေးကြိုင်နေသည်။ မလှမ်းမကမ်းတွင် ပထမဆရာတော်ကြီး၏ဂူဗိမာန်တည်ရှိသည်။ ဒေသခံလူများက ရဟန္တာဂူဟု ခေါ်ကြသည်။ ပထမဆရာတော်ကြီးသည် ရဟန်းကိစ္စပြီးသွားသည်ဟု ပြောသံကြားရပါသည်။

ဦးပဉ္စင်း ကိုစိန်သောင်းတို့လည်း ကျောင်းထိုင်ဆရာတော်ကြီးကို ရှိခိုးဖူးမြော်ပြီး လျှုဖွယ်ဝတ္ထုပစ္စည်းများကို ကပ်လှူလိုက်သည်။ ဆရာတော်နေရာချပေးသဖြင့် အပေါ်ထပ်ဘုရားခန်းတွင် နေရာရသည်။ ကိုစိန်သောင်းတို့နားတွင် ကိုရင်လေးတွေလည်းအိပ်ကြသည်။ ည (၇) နာရီကျော်တာနှင့် တော်အရပ်ဖြစ်တော့ မှောင်သွားပြီဖြစ်သည်။ ခြင်ထောင်များယူမသွားမိသဖြင့် တောခြင်များဝိုင်းကိုက်ကြသဖြင့် တော်တော်နှင့် အိပ်မရဖြစ်နေသည်။ ခြင်တွေရိုက်ရင်းနှင့်ပင် ဘယ်အချိန်ဇာတိပျော်သွားမှန်းမသိတော့ပါ။

"ဦးပဉ္စင်း : ဦးပဉ္စင်း တပည့်တော်ကို ဒီလောခင်ဗျ"

"ဟင့်အင်း-ဒကာကြီးကို ဦးပဉ္စင်း မသိပါဘူး"

"တပည့်တော် ဦးပဉ္စင်းကိုစောင့်တဲ့ မြွေနဂါးကြီးပါဘုရား။ ဦးပဉ္စင်း လူဘဝတုန်းက မြွေနဂါးကြီးအဖြစ်စောင့်ရှောက်ခဲ့ပြီး ဦးပဉ္စင်း ရဟန်းဝတ်လိုက်တော့ တပည့်တော်လည်း နတ်နဂါးအဖြစ် ရောက်သွားပါတယ် ဘုရား"

အစိမ်းရောင်ဂဝံဆင်ထားသော အသက် (၃၀)ကျော်ကျော် ဒကာကြီးက ဦးပဉ္စင်း ဦးစန္ဒိမာခေါ် ကိုစိန်သောင်း ရှေ့တွင် မတ်တတ်ရပ်လျက် လက်အုပ်ချီ၍ စကားတွေလာပြောနေသည်။

"ဦးပဉ္စင်း၊ ဦးပဉ္စင်း ထတော့လေ"

"ဒကာကြီး မောင်ကျော်၊ ဦးပဉ္စင်း နိုးနေပါပြီ"

ဦးပဉ္စင်း ဦးစန္ဒိမာလည်း မျက်နှာသစ်၊ ရေမိုးချိုးပြီး အရောင်ဆွမ်းစားသောဆွမ်းစားဆောင်သို့ ထွက်ခွာသွားတော့သည်။ လောကကြီးတွင် ထူးခြားဆန်းကြယ်သော အဖြစ်အပျက်တွေရှိသလို ထူးဆန်းသောလူများရှိကြသည်။ မြင်အပ်၊ မြင်အပ်သတ္တဝါများကလည်း ဤကမ္ဘာကြီးပေါ်တွင်ရှိနေသည်။ အရာအားလုံးတို့သည် ဖြစ်လိုက်၊ပျက်လိုက်နှင့် သံသရာကြီးဟာ လည်ပတ်နေကြသည့် စကြဝဠာအတွင်း၌ရှိသော သက်ရှိ၊ သက်မဲ့သတ္တဝါအားလုံးတို့၏အဖြစ်ပျက်တို့ကို ဘာမန်လူသားများ မသိနိုင်ပါ။ ဘုရားရှင်တစ်ပါးသည်သာလျှင် သိတော်မူနိုင်မည် ဖြစ်တော့သည်။

□ နတ်နဂါးတို့နှင့်ပတ်သက်သောရှင်းလင်းချက်

မနှစ်ကနတ်နဂါးများနှင့်ပတ်သက်ပြီး နိုင်ငံကျော် ကမ္ဘာကျော် ကောလာဟာလများ ကြားသိခဲ့ရသည်။ ခမ္မစေတီခေါင်းလောင်းတော်ကြီးနှင့်ပတ်သက်ပြီး ရွှေရောင်နဂါးမင်းကြီးနှင့် တပည့်နဂါးတစ်စုတို့အကြောင်း ပုဂ္ဂလိကသတင်းစာများတွင်ဖတ်လိုက်ရသည်။ခေါင်းလောင်းတော်ကြီးပေါ် လာမှာကို မြန်မာပြည်သူများ စိတ်ဝင်စားခဲ့ကြသည်။ တကယ်ဖြစ်မလာတော့ နဂါးများနှင့်ပတ်သက်ပြီး ယုံကြည်သူမရှိတော့ဘဲ ယနေ့လူငယ်တွေကြားတွင် နောက်စရာပြောင်စရာများဖြစ်လာခဲ့သည်။

တကယ်တော့ နတ်နဂါးဆိုတာ ဗုဒ္ဓစာပေတွင် တကယ်ရှိခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်းရွတ်ဆိုသော ပရိတ်ကြီး (၁၁) သုတ်တွင် (၄) သုတ်မြောက်သုတ်က နတိနဂါးများကိုမေတ္တာပို့သောသုတ်ဖြစ်သည်။ ထိုသုတ်တော်က ခန္ဓသုတ္တန်ဖြစ်သည်။ ဘုရားရှင်လက်ထက်တော်က ရဟန်းတော်များသည် တောတောင်ထဲရှိဂူတွင် တရားအားကုတ်ရင်း မြွေအကိုက်ခံကြရသည်။ ထို့အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှ နတ်နဂါးတို့အားမေတ္တာပို့သော ခန္ဓသုတ္တန်တော်ကို ဟောကြားပြီး သင်ကြားပြသပေးသဖြင့် မြွေအန္တရာယ်မှကင်းပြီး တရားအား ထုတ်နိုင်ကြသည်။

အောင်ခြင်း (၈) ပါးတွင်လည်း နန္ဒောပနန္ဒနဂါးမင်းကြီးသည် မြင်းပို့ရတောင်ကို အရင်းမှအဖျားသို့တိုင် ကိုယ်အခွေဖြင့်ခုနစ်ဆင့်ပတ်ရစ်လျက် တောင်ထိပ်ထက်တည်သော တာဝတိံသာပြည်အလုံးကို ပါးပျဉ်းဖြင့် အုပ်ဖုံးကာထားသဖြင့် ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးမှဆုံးမခဲ့သဖြင့် နဂါးကြီးမာန်ချပြီး ဘုရားရှင်အား ကြည်ညိုပူဇော်တော်မူခဲ့သည်။ ဒါကြောင့် ဗုဒ္ဓစာပေတွင် နတ်နဂါးဆိုတာတွေဟာ အမှန်တကယ်ရှိခဲ့ပါသည်။စာရေးသူသည်လည်း ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်သည့်အတွက် နတ်နဂါးရှိသည်ကို ယုံကြည်မိပါသည်။

ခန္ဓသုတ္တ

သဗ္ဗာ သီဝိသ ဇာတိနံ၊
ဒိဗ္ဗ မန္တဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ယောရံ၊
သေသဉ္စာပိ ပရိဿယံ။
အာဏာကွေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။
ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာ ဂေါတမ ကေဟိ စ။
အပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပ ဒေဟိ မေ မေတ္တံ၊
မေတ္တံ ဗဟုပ္ပဒေဟိ မေ။
မာ မံ အပါဒကော ဟိံသိ၊
မာ မံ ဟိံသိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊
မာ မံ ဟိံသိ ဗဟုပ္ပဒေါ။
သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကိဉ္စိ ပါပ မာဂမာ။
အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊
ပမာဏဝန္တာနိ သရီသပါနိ။
အဟိဝိစ္ဆိကာ သတပဒီ၊
ဥဏ္ဏနာဘိသရဋ္ဌ မူသိကာ။
ကတာ မေ ရက္ခာ၊
ကတံမေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာ သမ္ဗုဒ္ဓါနံ၊
ခန္ဓ သုတ္တံ နိဋ္ဌိတံ။

သတ္တဝါများ
ကျန်းမာချမ်းသာ၍
အကျိုးအတည်း
ယွတ်မြောက်ကြပါစေ

ကိုဆောင်း
(အလင်္ကာလည်ကြေးဆွဲ)

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လွှင်
တံဆိပ်ခေါင်းအသင်းဥက္ကဋ္ဌကြီးနှင့် တွေ့ဆုံခြင်း

မြန်မာနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ် ဝန်းကျင်က 'မြန်မာနိုင်ငံ တံဆိပ်ခေါင်း ဝါသနာရှင်များအသင်း' ဟူ၍ ထင်ရှားပေါ်လွင်သည့် တံဆိပ်ခေါင်းအသင်းကြီးတည်ရှိခဲ့သည်။ ထိုအသင်းကြီးကို ထူထောင်သူလည်းဖြစ်၊ အသင်းကြီး၏ ဥက္ကဋ္ဌလည်းဖြစ်သူမှာ တံဆိပ်ခေါင်း ဝါသနာရှင် ဒုတိယဗိုလ်မှူးကြီးခင်မောင်တလေးဖြစ်သည်။ ဒု-ဗိုလ်မှူးကြီးခင်မောင်တလေးမှာ သုတေသီတစ်ဦးအမည်ဖြင့် တံဆိပ်ခေါင်းစုဆောင်းနည်းစာအုပ်တစ်အုပ် ရေးသားပြုစုခဲ့ပြီး တံဆိပ်ခေါင်း ဆောင်းပါး (၂)ပုဒ်၊(၃)ပုဒ်ခန့်ရေးသားခဲ့သည်။ 'မြန်မာနိုင်ငံတံဆိပ်ခေါင်းဝါသနာရှင်များအသင်း' မှာ (၂) နှစ်၊ (၃) နှစ်ခန့်သာ ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် ထိုအသင်းကြီး၏ ကျေးဇူးကြောင့် တံဆိပ်ခေါင်းဝါသနာ စိတ်ဝင်စားသူများပြားလာပြီး ယနေ့တက်ကြွစွာလှုပ်ရှားနေသော တံဆိပ်ခေါင်းဝါသနာရှင်အချို့မှာ ထိုအသင်းကြီး၏ အသင်းဝင်များဖြစ်ခဲ့ကြသည်။ ဒုတိယဗိုလ်မှူးကြီးမှာ ၂၀၀၉ ခုနှစ်က ကွယ်လွန်ခဲ့ပြီဖြစ်သည်။ သူ၏အတ္ထုပ္ပတ္တိ၊ သူ၏ တံဆိပ်ခေါင်း ဆိုင်ရာခံယူချက်၊ သဘောထား အတွေ့အကြုံစသည်တို့ကို သူမကွယ်လွန်မီက စာအုပ်စာတမ်း၊ ဆောင်းပါးအဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ခြင်းမရှိသဖြင့် ဝါသနာရှင် အများစုမှာ တံဆိပ်ခေါင်းအသင်းဥက္ကဋ္ဌကြီးနှင့်ပတ်သက်၍ အကျယ်တဝင့် မသိကြရပေ။ သို့ရာတွင် မကွယ်လွန်မီနာတာရှည် အဆုတ်ရောဂါ ခံစားနေရသော ဒု-ဗိုလ်မှူးကြီး ခင်မောင်တလေး အား ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများအတွင်း တံဆိပ်ခေါင်းဝါသနာရှင် ဦးကျော်မြင့်မောင်နှင့် ဦးအောင်ကိုတို့မှ (၃) ကြိမ်တိုင် သွားနေအိမ်သို့သွားရောက် ၍ တွေ့ဆုံမေးမြန်းနိုင်ခဲ့သည်။

ထို တွေ့ဆုံ မေးမြန်းခန်းကို မည်သည့် မြန်မာမဂ္ဂဇင်း၊ စာစောင်တွင်မှ ပုံနှိပ်ခဲ့ခြင်းမရှိခဲ့ဘဲ ယခုတွင်သူ့ရဲ့မဂ္ဂဇင်း၌ စတင်ဖော်ပြခြင်း ဖြစ်သည်။ မေးမြန်းသူတို့၏ပြောစကား၊ အာမေဋိတ်သံတို့ကို ကွင်းစ၊ ကွင်းပိတ်အတွင်းဖော်ပြထားပြီး ဒု-ဗိုလ်မှူးကြီးခင်မောင်တလေးဖြေကြား သော်စကားလုံးများ၏ ရှင်းလင်းချက်ကို ကွင်းစ၊ ကွင်းပိတ်အတွင်း စာလုံးစောင်းဖြင့် ဖော်ပြထားသည်။

မေး ။ ။ ဗိုလ်မှူးကြီးအနေဖြင့် တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးဖြစ်လာပုံကို ပြောပြပါ။

ဖြေ ။ ။ ကျွန်တော်တံဆိပ်ခေါင်းစု ဝါသနာရှင်တစ်ယောက်ဖြစ်လာပုံက နည်းနည်းတော့ ဇာတ်လမ်းရှည်စာယ်ဗျ။ ကျွန်တော့်ကို မိုးကုတ်မှာ မွေးပါတယ်။ ခရစ်ယာန်သာသနာပြုကျောင်းကိုတက်ခဲ့တယ်။ *(ဗိုလ်မှူးကြီး ခင်မောင်တလေးမှာ အစ္စလာမ်ဘာသာဝင်တစ်ဦး ဖြစ်သည်။)* ဒါကြောင့်လည်း အင်္ဂလိပ်အရေး အဖတ်ကောင်းတာပေါ့။ အဲဒီခရစ်ယာန်သာသနာပြုကျောင်းမှာ ခရစ်ယာန်ဘုန်းတော်ကြီးတွေက စာသင်တယ်။ အဲဒီခရစ်ယာန် ဘုန်းတော်ကြီးတွေထဲက အသက် (၆၀) လောက်ရှိတဲ့ ဘုန်းကြီးတစ်ယောက်က ကျွန်တော့်ကိုဘီစကွတ်၊ ချောကလက်တွေ မကြာခဏပေးတယ်။ ငယ်ငယ်ဘုန်းက ကျွန်တော်က ဝဝတုတ်တုတ်ချစ်စရာလေးဗျ။ ကျွန်တော့်ကို တံဆိပ်ခေါင်းစုဖို့ တိုက်တွန်းတာလည်း ဒီဘုန်းကြီးပဲ။ သူက တံဆိပ်ခေါင်းခွာနည်း၊ တံဆိပ်ခေါင်းကပ်နည်းတွေသင်ပေးတယ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ ဘုန်းတော်ကြီးတွေအားလုံး အိန္ဒိယကိုပြန်ကြရတယ်။ တံဆိပ်ခေါင်းစုသင်ပေးတဲ့ဘုန်းကြီးက သူ့ရဲ့တံဆိပ်ခေါင်းစု အယ်(လ်)ဘမ်စာအုပ်နှစ်အုပ်ကို မသယ်နိုင်လို့ ကျွန်တော့်ကိုအပ်ခဲ့ပြီး စစ်ကြီးပြီးလို့ ပြန်လာတဲ့အခါကျရင် ပြန်ပေးပါလို့ ပြောတော့ ကျွန်တော်က 'စိတ်ချပါ၊ ကိုယ်နှင့်မကွာသိမ်းထားပါ့မယ်' လို့ ပြောလိုက်ရတယ်။ ဒီစစ်တွင်းကာလတစ်လျှောက်လုံး ကျွန်တော်က ကတိအတိုင်း အယ်(လ်)ဘမ်စာအုပ်နှစ်အုပ်ကို သိမ်းဆည်းထားရတာပေါ့။ စစ်ကြီးဖြစ်လာတော့ ကျွန်တော့်ရဲ့အသက်က (၁၅) နှစ်ပဲ ရှိသေးတယ်။ တစ်ခုစိုးရိမ်ရတာက လေယာဉ်ပျံပေါ်က ဗုံးကြဲတိုက်ခိုက်ရင် ကျွန်တော်တို့ပုန်းနေတဲ့ ဗုံးကျင်းပေါ် ကျမယ့်အဖြစ်မျိုးပဲ။ အဲဒီတုန်းက မိုးကုတ်မှာ ဗလီကျောင်းတစ်ကျောင်းရှိတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ မိသားစုပစ္စည်းတွေသိမ်းထားခဲ့တယ်။ အဲဒီဗလီကိုဗုံးထိတော့ မီးလောင်တာပေါ့။ လူတွေက မီးလောင်တဲ့ကြားက ပစ္စည်းတွေလုပြေးကြတယ်။ ကျွန်တော်တို့ပစ္စည်းတွေလည်း ပါကုန်တာပေါ့။ ဒါပေမယ့် တံဆိပ်ခေါင်း အယ်(လ်)ဘမ်နှစ်အုပ်ကတော့ပါမသွားဘူးဗျ။ ကျွန်တော်က ကိုယ်နှင့်မကွာထက်ကြပ်သိမ်းထားခဲ့တာကိုး။ ကတိအတိုင်း သိမ်းခဲ့တာပေါ့။

စစ်ကြီးပြီးတော့ ကျွန်တော်က မန္တလေးတက္ကသိုလ်ကို တက်ရတယ်။ တစ်နေ့တော့ ညဘက်မှာ မီးရထားစီးရင်း ကျွန်တော့်ရဲ့သေတ္တာက သူခိုးခိုးခံခဲ့ရတယ်။ သေတ္တာထဲမှာပါတဲ့ တံဆိပ်ခေါင်းအယ်(လ်)ဘမ် စာအုပ်တစ်အုပ်လည်း သူခိုးနောက်ပါပြီးဆုံးခဲ့ရတာပေါ့။ ဒါပေမယ့် နောက်တံဆိပ်ခေါင်းစာအုပ်ကတော့ပါမသွားခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အိပ်နေရင်း လက်မှာပိုက်ထားခဲ့လို့ မဆုံးခဲ့ဘူး။ မန္တလေးတက္ကသိုလ်တက်နေတုန်းမှာ မုံရွာက သူငယ်ချင်းတစ်ယောက်က တံဆိပ်ခေါင်း ဝါသနာစိတ်ဝင်စားလို့ပါဆိုပြီး တံဆိပ်ခေါင်းအယ်(လ်)ဘမ်စာအုပ်လာငှားတယ်ဗျ။ ဒါပေမယ့် သူဆီက အယ်(လ်)ဘမ်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ဘယ်တော့မှပြန်မလာတော့ဘူး။ နောက်တော့မှသိရတာက တံဆိပ်ခေါင်း အယ်(လ်)ဘမ်စာအုပ်ပိုင်ရှင် ခရစ်ယာန်ဘုန်းတော်ကြီးလည်း မြန်မာပြည်ပြန်ရောက်မလာတော့ဘူးတဲ့။ ဘာပဲဖြစ်ဖြစ် တံဆိပ်ခေါင်းစုဝါသနာဆိုတဲ့မျိုးစေ့လေးကတော့ ကျွန်တော့်ဆီမှာ စိုက်ပျိုးလိုက်ပြီး အပင်လေးဘဝကနေ တဖြည်းဖြည်း ကြီးမားတဲ့အပင်ကြီးဖြစ်လာတော့တာပါပဲ။

မေး ။ ။ 'တံဆိပ်ခေါင်းစုနည်း နိဿျနည်း' စာအုပ်ကို ဗိုလ်မှူးကြီးက ရေးသား ပြုစုခဲ့ပါတယ်။ ဒီစာအုပ်ကို ဘာကြောင့် ရေးသားခဲ့ရပြီး ဘယ်လို ထုတ်ဝေခဲ့ရတယ်ဆိုတာ ပြောပြပေးပါ။

ဖြေ ။ ။ မန္တလေးတက္ကသိုလ်ကနေ ကျွန်တော်ဘွဲ့ရပြီးတော့ မြန်မာ့တပ်မတော်ထဲကိုဝင်ခဲ့ပါတယ်။ တပ်မတော်အရာရှိတစ်ယောက်အနေနဲ့ ဘာဝန်ကျခဲ့တဲ့နေရာတွေကတော့ မြန်မာပြည်ရဲ့ အစွန့်အဖျားတွေချည်းပဲ။ ၁၉၆၅ ခုနှစ်မှာတော့ ဗိုလ်ချုပ်ကြီးစန်းယုက ကျွန်တော့်ကို ရန်ကုန်မှာပြန်ပြီးနေရာချပေးတယ်။ ကျွန်တော့်ကို ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်က ကုန်သွယ်ရေးကော်ပိုရေးရှင်း(၃)ရဲ့ဥက္ကဋ္ဌအဖြစ်တာဝန်ပေးတယ်။ ရန်ကုန်မြို့ကိုပြန်ရောက်ပြီဆိုတော့ တံဆိပ်ခေါင်းစုတဲ့ဝါသနာလည်း ပြန်လုပ်နိုင်ခဲ့တယ်။ ပထမဆုံးရှာရတာကတော့ တံဆိပ်ခေါင်းကက်တလောက်စာအုပ်ပဲ။ ကက်တလောက်ရှိမှ ဘယ်တံဆိပ်ခေါင်းတွေလိုတယ်ဆိုတာသိပြီး ရှာဝယ်နိုင်မှာပေါ့။ အဲဒီတုန်းက ဂျပန်ခေတ်အတွင်းမှာ တံဆိပ်ခေါင်းဘယ်နှလုံးထုတ်ခဲ့တယ်ဆိုတာတောင်မသိခဲ့ဘူး။ ရန်ကုန်ရောက်ပြီး တံဆိပ်ခေါင်းစုတဲ့ သက်တမ်း(၁)နှစ်လောက်ရလာတော့သိလာရတာက တံဆိပ်ခေါင်းရောင်းဝယ်တဲ့လုပ်ငန်းနဲ့ငွေကြေးအမြတ်အစွန်းများစွာ ရနေတာက တရုတ်၊ ကုလားတွေချည်းပဲ။ မြန်မာတံဆိပ်ခေါင်းရောင်းဝယ်သူဆိုလို့မရှိဘူး။ မြန်မာတွေက တံဆိပ်ခေါင်းရဲ့ အရေးပါမှုကို၊ တန်ဖိုးထို့ဆိုတာလည်း မသိကြဘူး။ တံဆိပ်ခေါင်းစုဝါသနာဆိုတာလည်း ဘာမှန်းတောင်မသိကြဘူး။ အဲ- အဲဒါကြောင့် ကျွန်တော်က စာအုပ်ရေးချင်ထုတ်ဝေချင်တာပေါ့။ ကျွန်တော့်ရဲ့ အဓိကရည်ရွယ်ချက်ကို စာအုပ်ရဲ့အမှာစာမှာ ပြည့်ပြည့်စုံစုံ ရေးထားပါတယ်။ မြန်မာတွေထဲက တံဆိပ်ခေါင်းစုတဲ့သူမရှိဘူးလို့ မဆိုလိုပါဘူး၊ ရှိကြပါတယ်။ ဒါပေမယ့် စုနှစ်မကျကြဘူး။ သူတို့ကို စုနှစ်တဲ့ကျတံဆိပ်ခေါင်းစုတတ်စေချင်တယ်။ တံဆိပ်ခေါင်းသိမ်းစာအုပ်၊ တံဆိပ်ခေါင်းစုအယ်(လ်)ဘမ်စာအုပ်ဆိုတာတွေရှိတယ်။ ဒါတွေနဲ့ စုနှစ်တဲ့ကျ စုကြရတယ်ဆိုတာတွေသိစေချင်လွန်းလို့ ဒီစာအုပ်ကို ရေးခဲ့တာပဲ။ ကျွန်တော့်ရဲ့ စာအုပ်ရေးရတဲ့ ရည်ရွယ်ချက်ကတော့ ဒါပါပဲ။

၁၉၆၉ခုနှစ်မှာ ဒီတံဆိပ်ခေါင်းစုနည်းတွေကို စာအုပ်ရေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ စာအုပ်ထုတ်ဝေသူနဲ့ သဘောတူစာချုပ်ထားတာကတော့ ရောင်းရတဲ့အမြတ်ငွေရဲ့ (၁၀)ရာခိုင်နှုန်းကို ကျွန်တော်ကရဖို့ပါပဲ။ ဒါပေမယ့် ဒီလိုငွေကြေးစကားတွေမပြောချင်ဘူး။ ကျွန်တော်က စာအုပ်ကို အမြန်ရေး၊ အမြန်ထုတ်ဝေပြီး ပြည်သူတွေလက်ထဲကို အမြန်ရောက်စေချင်တဲ့စေတနာပဲရှိတယ်။ စာအုပ်ကို အုပ်ရေ (၁၀၀၀) ပုံနှိပ်ပြီး တစ်အုပ်ကို (၃) ကျပ်နှုန်းနဲ့ ရောင်းခဲ့တယ်။ လိုအပ်တဲ့ ကိုးကားစာအုပ်စာတမ်းတွေစုဆောင်းပြီး နောက်တစ်လကျော်ကြာအောင်ရေးခဲ့ရပါတယ်။

မေး ။ ။ အဲဒီခေတ်ကတံဆိပ်ခေါင်းရောင်းဝယ်ကြတဲ့ စျေးကွက်အခြေအနေကို ပြောပြပေးပါ။

ဖြေ ။ ။ ၁၉၇၀ ပြည့်နှစ်က ကျွန်တော့်ရဲ့ ဒုဗိုလ်မှူးကြီးလစာက (၁၄၀၀) ဟု။ အဲဒီခေတ်အခြေအနေအရ လစာငွေကမဆိုးပါဘူး။ ဒါနဲ့ ကျွန်တော်က ပျမ်းမျှအားဖြင့် တစ်လကို (၃၀၀)ဖိုး လောက်တော့ တံဆိပ်ခေါင်းဝယ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီတုန်းက တံဆိပ်ခေါင်းရောင်းဝယ်သူတွေက ကုလား၊ တရုတ်တွေပဲရှိတယ်။ သူတို့ရောင်းတဲ့ စျေးတွေကလည်းကြီးလှပါတယ်။ မတန်မှန်းသိပေမယ့် စုချင်တော့လည်းဝယ်ရတာပေါ့ ဘယ်တတ်နိုင်မလဲဗျာ။ ရန်ကုန်က တံဆိပ်ခေါင်းစျေးကွက်ကိုသိချင်လို့ ညနေ ရုံးဆင်းတဲ့အခါ စစ်ယူနီဖောင်းကိုချွတ်၊ အရပ်ဝတ်လဲပြီး လမ်းဘေးပလက်ဖောင်းပေါ်က တံဆိပ်ခေါင်းရောင်းဝယ်သူတွေကို ကျွန်တော်က လေ့လာတယ်ဗျ။ ကျွန်တော့်ကို သူတို့က ဘယ်လိုခေါ် သလဲသိသလား (မသိပါဘူးခင်ဗျ)။ သူတို့က ကျွန်တော်လင်းလျှောက်လာတာတွေ့ရင် 'ဟေ့ - ဟိုမှာ တံဆိပ်ခေါင်းဘီလူးကြီးလာနေပြီဟေ့'တဲ့။ (ရယ်မောသံများ)။

ကျွန်တော့်ရဲ့ တံဆိပ်ခေါင်းဝယ်တဲ့နောက်တစ်နည်းကတော့ သတင်းစာထဲမှာ ကြော်ငြာထည့်တဲ့နည်းပဲ။ ကျွန်တော်က သတင်းစာထဲမှာ ၁၉၃၇ ခုနှစ်နောက်ပိုင်းထုတ်ဝေတဲ့ မြန်မာတံဆိပ်ခေါင်းတွေဝယ်လိုကြောင်းကြော်ငြာထည့်လိုက်တယ်။ လူတွေတော်တော်များများလာပြီးရောင်းကြပါတယ်။ အများအားဖြင့်ကတော့ သူတို့ရဲ့ အဖေတွေ၊ ဦးလေးတွေပိုင်ခဲ့တဲ့တံဆိပ်ခေါင်းတွေပဲ။ သူတို့က ဒီတံဆိပ်ခေါင်းတွေပေါ်က တော်တော်ရကြလိမ့်မယ်လို့ မှန်းထားကြတာဗျ။ ကျွန်တော်တွေ့တာကတော့ တံဆိပ်ခေါင်းတွေက ထောင့်တွေစုတ်၊ ပဲ့ရွဲ့နေတာတွေ။ ကျွန်တော်လည်း သိပ်ပြီးမဝယ်ဖြစ်ခဲ့ပါဘူး။ သူတို့က ဒါတွေရောင်းပြီး သူဌေးဖြစ်တော့မယ်မျှားထင်နေသလားမသိဘူး။ ကျွန်တော် စာအုပ်ရေးရတဲ့ ရည်ရွယ်ချက်ထဲမှာ မြန်မာတံဆိပ်ခေါင်းတွေရဲ့ ကက်တလောက်တန်ဖိုးတွေသိစေချင်တာလည်းပါတယ်။

၁၉၇၅ ခုနှစ်အတွင်း တစ်နေ့မှာတော့ ကွယ်လွန်သူ စာတိုက်ညွှန်ကြီး ရေဝန်ဦးထွန်းတင်ရဲ့ဇနီးက တယ်လီဖုန်းဆက်တယ်ဗျ။ သူ့ယောကျ်ားစုဆောင်းခဲ့တဲ့တံဆိပ်ခေါင်းတွေကိုရောင်းချင်လို့တဲ့။ ဒီအကြောင်းကို ဇနီးဖြစ်သူက တခြားတရုတ်၊ ကုလားတံဆိပ်ခေါင်းရောင်းသူတွေကိုလည်း အကြောင်းကြားပြီးပြီတဲ့။ ကျွန်တော်က သူ့ဇနီးကို တံဆိပ်ခေါင်းအားလုံးအတွက် (၇၀၀၀) ပေးမယ်လို့ ပြောခဲ့တယ်။ နောက်တစ်ကြိမ် သူ့ဇနီးဆီသွားတော့ ဒရဝမ်က (ဂိတ်စောင့်) ဂိတ်ကဆီးပြီး ကုလားတစ်ယောက်က (၈၀၀၀) ပေးမယ်လို့ ပြောထားတယ်လို့ဆိုပြီး သတင်းလာပို့တယ်။ ကျွန်တော်က စဉ်းစားတယ်။ ကျွန်တော်က (၉၀၀၀) ပေးရင် ကုလားက (၉၅၀၀)ပေးပြီး သိမ်းသွားတော့မယ်။ ဒီတော့ ကျွန်တော်က (၁၀၀၀၀)ပေးမယ်ပြောပြီး ဦးထွန်းတင်ရဲ့ တံဆိပ်ခေါင်းတွေကို ဝယ်လိုက်တယ်။ တကယ်တော့ ပြောလို့သာပြောခဲ့ရတယ်၊ အဲဒီတုန်းက ကျွန်တော့်ဆီမှာ ဘယ်ဒီလောက်ရှိပါ့မလဲ။ နောက်မှ စုဆောင်းရှာဖွေပြီး ကျေအောင်ပေးလိုက်ရတယ်ပေါ့ဗျာ။ အင်း-အဲဒီခေတ်ကတံဆိပ်ခေါင်းရောင်းဝယ်ကြပုံတွေကတော့ အဲဒီအတိုင်းပဲဗျာ။

မေး ။ ။ ဗိုလ်မှူးကြီးက မြန်မာနိုင်ငံတံဆိပ်ခေါင်းစုဝါသနာရှင်များအားလုံးကိုထူထောင်ခဲ့ပါတယ်။ ဘယ်နည်းနဲ့ပုံ စည်းရုံး တည်ထောင်ခဲ့တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ပြောပြစေလိုပါတယ်။

ဖြေ။ ။ ၁၉၆၅ ကျတော့ ကျွန်တော်ရန်ကုန်ကိုပြောင်းရွှေ့ခဲ့တယ်။ အဲဒီကျတော့မှ တံဆိပ်ခေါင်းကို သေသေချာချာ ပြန်ပြီးတော့ စနစ်တကျ စုနိုင်တော့တာပေါ့။ နောက်ပြီး ရန်ကုန်က တံဆိပ်ခေါင်းဝါသနာရှင်ကြီးတွေဖြစ်တဲ့ ဦးကျော်တို့၊ မစ္စတာလင်ပင်ဟောင်တို့နဲ့ မိတ်ဆွေဖြစ်ခဲ့ရတာပေါ့။ သူတို့က ကျွန်တော့်ကို တံဆိပ်ခေါင်းအသင်းတစ်ခု ဖွဲ့စည်းတည်ထောင်ဖို့ တိုက်တွန်းကြတယ်။ အဲဒီတုန်းက ကျွန်တော်က ကုန်သွယ်ရေးကော်ပိုရေးရှင်း(၃)ရဲ့ဥက္ကဋ္ဌဗျ။ ကျွန်တော့် ရုံးခန်းက ရန်ကုန်မြို့လယ်ကောင်မှာ။ နောက်ပြီး ကျွန်တော့် ရုံး အပေါ် ဆုံးထပ်ကလွတ်နေတယ်။ ဘာမှမထားဘူး။ ဒါနဲ့ ကျွန်တော်က မြန်မာနိုင်ငံ တံဆိပ်ခေါင်းစုဝါသနာရှင်များအသင်းဆိုပြီး တည်ထောင်လိုက်တာပေါ့ဗျာ။ အသင်းရုံးခန်းကိုတော့ လွတ်နေတဲ့အပေါ် ဆုံးထပ်မှာ နေရာချထားလိုက်တယ်။ နောက်ပိုင်းကျတော့ အသင်းကို မော်တင်လမ်းမှာ ပြောင်းပြီး ဖွင့်လှစ်ခဲ့ရတယ်။

တံဆိပ်ခေါင်းစုဝါသနာကို လူသိများအောင် သတင်းဖြန့်ဖို့ကတော့ မီဒီယာအကောင်းဆုံးပဲဗျ။ အဲဒီတုန်းက တံဆိပ်ခေါင်းအသင်းအမှုဆောင်ထဲမှာ ဦးချစ်စံ (စာရေးဆရာ ချစ်စံဝင်း) ဆိုတဲ့လူပါတယ်ဗျ။ သူက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်က စာတည်းတစ်ယောက်ပဲ။ သူ့ကို ကျွန်တော်ကပဲ ကြိုးကြပ်အကြံပေးပြီး တံဆိပ်ခေါင်းစုဝါသနာအကြောင်းကို ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာရေးခိုင်းတယ်။ ကျွန်တော် မှတ်မိတဲ့ဆောင်းပါးခေါင်းစဉ်တစ်ခုက 'မြန်မာပြည်က အိပ်ပျော်နေတဲ့ တံဆိပ်ခေါင်းစုဝါသနာ' တဲ့။ *(ဤခေါင်းစဉ်ဖြင့် ဆောင်းပါးလုံးဝရှာမတွေ့ရှိပါ။)* ဆိုလို ချင်တာက အိမ်နီးချင်းနိုင်ငံတွေမှာ တံဆိပ်ခေါင်းစုဝါသနာက ပေါ်ပြူလာ (ခေတ်စား၊ ရေပန်းစား) ဖြစ်နေချိန်မှာ မြန်မာနိုင်ငံမှာတော့ ဒီဝါသနာနဲ့ပတ်သက်ပြီး လှုပ်ရှားမှုနည်းလှတဲ့အကြောင်းပါ။ ၁၉၇၃ ခုနှစ်ကျတော့ ကျွန်တော်က ဖြစ်ကြီးနားကို တာဝန်နဲ့ပြောင်းခဲ့ရတယ်။ မြန်မာနိုင်ငံ တံဆိပ်ခေါင်းစုဝါသနာရှင်များအသင်းကိစ္စတွေကိုတော့ တွဲဖက်အတွင်းရေးမှူးဦးဝင်းမြင့်ကပဲ ဆက်လက်ဆောင်ရွက်ခဲ့တယ်။ နောက်ပိုင်းတော့ လည်း ဒီအသင်းနဲ့ပတ်သက်ပြီး ဘာသံမှ ကြားရတော့ပါဘူး။

ဝိုလ်မှူးကြီးတန်ယုဆိုင်က ကျွန်တော် တံဆိပ်ခေါင်းစု ဝါသနာပါတာကိုသိပြီးသားဗျ။ ဒီတော့ သူက တံဆိပ်ခေါင်းတွေရောင်းပြီး နိုင်ငံခြားငွေရအောင် တာဝန်လုပ်နိုင်မှာလားလို့ မေးတယ်။ ဒါနဲ့ ကျွန်တော်ကလည်း ကျွန်တော့်ကို တာဝန်ပေးရင် အားကာကိုလည်းပေးပါ...

မေး။ ။ ဝိုလ်မှူးကြီးဟာ နိုင်ငံတော် တံဆိပ်ခေါင်းအကြံပေးအဖွဲ့ရဲ့ ဥက္ကဋ္ဌ လည်းဖြစ်ခဲ့ပါတယ်။ ဒီအဖွဲ့ဖြစ်ပေါ်လာပုံကိုလည်း ပြောပြပါဦး။

ဖြေ။ ။ အဲဒီတုန်းက ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့အတွင်းရေးမှူးက ဝိုလ်မှူးကြီးတန်ယုဆိုင်ဖြစ်တယ်။ အဆင့်မြင့်အစည်းအဝေးတစ်ခုမှာ ဝိုလ်မှူးကြီးတန်ယုဆိုင်က ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အဖွဲ့အစည်းတွေကို နိုင်ငံခြားငွေရရှိနိုင်မယ့်နည်းလမ်းတွေတုံ့ပြန်ကြပါလို့ ပြောလာပါတယ်။ ဒီတော့ ကျွန်တော်ကထပြီးစာပို့တံဆိပ်ခေါင်းတွေရောင်းပြီး နိုင်ငံခြားငွေရှာနိုင်ပါတယ်လို့ ပြောလိုက်တယ်။ အစည်းအဝေးတက်ရောက်တဲ့ တခြားလူတွေကလည်း တခြားနည်းလမ်းတွေပြောကြတာပေါ့လေ။ ဝိုလ်မှူးကြီးတန်ယုဆိုင်က ကျွန်တော်တံဆိပ်ခေါင်းစုဝါသနာပါတာကိုသိပြီးသားဗျ။ ဒီတော့ သူက တံဆိပ်ခေါင်းတွေရောင်းပြီး နိုင်ငံခြားငွေရအောင် တာဝန်လုပ်နိုင်မှာလားလို့ မေးတယ်။ ဒါနဲ့ ကျွန်တော်ကလည်း ကျွန်တော့်ကို တာဝန်ပေးရင် အားကာကိုလည်းပေးပါ။ ဒါဆို ကျွန်တော်လုပ်နိုင်ပါတယ်လို့ ပြောလိုက်တယ်။ သူက အားကာဆိုတာ ဘယ်လိုအာကာမျိုးလဲလို့မြန်မေးတယ်။ကျွန်တော်က ဒီလုပ်ငန်းလုပ်ဖို့ အဖွဲ့ဖွဲ့ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့က လုပ်ပိုင်ခွင့်အာကာရှိဖို့လိုပါတယ်လို့ဖြေလိုက်တယ်။ ဒီတော့မှ သူက 'မီးစိမ်း' (ခွင့်ပြုချက်ပေးလိုက်ခြင်း) ပြတယ်။ ကျွန်တော်က အဖွဲ့ဖွဲ့ပြီး မြန်မာတံဆိပ်ခေါင်းတွေအဆင့်မြှင့်တင်ရေး၊ တံဆိပ်ခေါင်းဒီဇိုင်းတွေပိုမိုကောင်းမွန်ရေး၊ ထုတ်လုပ်မှုပိုပြင်စေရေးနဲ့ တံဆိပ်ခေါင်းများ နိုင်ငံခြားသို့ရောင်းချနိုင်ရေးတွေကို ကြိုးပမ်း ဆောင်ရွက်ခဲ့တယ်။ ဒီအဖွဲ့ကို နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့လို့ မှည့်ခေါ်ပြီး တံဆိပ်ခေါင်းပြိုင်ပွဲတစ်ခုလုပ်ပေးခဲ့သေးတယ်။ နောက်ပြီး နိုင်ငံခြားတိုင်းပြည်တွေကို တံဆိပ်ခေါင်းရောင်းဖို့ အဆက်အသွယ်တွေလည်းလုပ်ခဲ့သေးတယ်။

မေး။ ။ ဝိုလ်မှူးကြီးအနေဖြင့် ယနေ့ခေတ် တံဆိပ်ခေါင်းစုဝါသနာရှင်မျိုးဆက်သစ်များကို ဘာများပြောကြားလိုပါသလဲ။

ဖြေ။ ။ ကျွန်တော်သိရသလောက်တော့ အခုတံဆိပ်ခေါင်းစုကြတဲ့သူတွေက တံဆိပ်ခေါင်းအသစ်တွေအထွက်နည်းလို့ ညည်းကြတွားကြတယ်ပြောတဲ့ယ်။ ကျွန်တော်ကတော့ ဒီလိုညည်းတွားမနေကြပါနဲ့လို့ပြောကြားလိုပါတယ်။ တံဆိပ်ခေါင်းလုံးဝမထွက်၊ မထုတ်ဝေနိုင်တာနဲ့စာရင်း တော်သေးတယ်လို့ အောက်မေ့ရမယ်။ ကျွန်တော်နောက်တစ်ခုသိရတာက စာတိုက်တံဆိပ်အမှတ်တွေကို ကိုယ်ပိုင်တီထွင်ပြီး အတုပြုလုပ်နေကြတဲ့ကိစ္စပဲ။ ကျွန်တော်က ဒီကိစ္စနဲ့ပတ်သက်ပြီး ဟိုးအရင်ကတည်းက ပြောလာခဲ့တာပဲ၊ မလုပ်သင့်ပါဘူးလို့။ ကျွန်တော်ကတော့ ရှုတ်ချတယ်။ ဒီလိုတွေလုပ်နေရင် ကျွန်တော်တို့နိုင်ငံရဲ့ တံဆိပ်ခေါင်းဝါသနာဖွံ့ဖြိုးဖို့ အဆင့်မြင့်ဖို့ဆိုတာ ဘယ်လိုလုပ်နိုင်မှာလဲ။ နောက်ပြီး မှန်တာပြောရရင် အစိုးရကိုယ်၌ကာ တံဆိပ်ခေါင်းတွေရဲ့အရေးပါမှုကို မသိဘူးဗျ။ တံဆိပ်ခေါင်းဝါသနာနဲ့တံဆိပ်ခေါင်းတွေအကြောင်း ပြည်သူတွေကို ဒါဏက်ပိုမိုပြီးပြောချင်တယ်။ ဒါပေမယ့် နောက်စာအုပ်တစ်အုပ် ရေးသားဖို့ကလည်း အချိန်မရခဲ့ဘူး။ ကျွန်တော်ပြောချင်တာကတော့ တံဆိပ်ခေါင်းအထွက်နည်းလို့ ညည်းတွားနေမယ့်အစား မြန်မာတံဆိပ်ခေါင်းအပါအဝင် နိုင်ငံစုံတံဆိပ်ခေါင်းတွေကို စနစ်တကျ လေ့လာကြဖို့ တိုက်တွန်းလိုပါတယ်။ *(ကျေးဇူးတင်ပါတယ်ခင်ဗျ။)*

ကြည်ထွင်

www.burmeseclassic.com

www.burmeseclassic.com

မင်းရိုန်အောင်

ကမ္ဘာ့ရှုထောင့်မှ သဘာဝပတ်ဝန်းကျင်အပျက်သဘောဆောင်

သဘာဝပတ်ဝန်းကျင် ဟူသည် အဘယ်နည်း။ သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ တခြားမဟုတ်။ ရာသီဥတုရေ၊ လေ၊ မြေနှင့် အသံဆူညံမှုတို့ပါဝင်သော သက်မဲ့နယ်ပယ်၊ အပင်လောကနှင့် သတ္တဝါလောကရဟန်စနစ်တို့ပါဝင်သော သက်ရှိနယ်ပယ်လူဦးရေ (Population) ယဉ်ကျေးမှု (Culture)၊ လူမှုစီးပွားရေး (Soeio-Economic Aspects)၊ သမိုင်းအမွေအနှစ်များတန်ဖိုးများ (Heritage-Historical Aspects) နှင့် သဘာဝရှုခင်းအလှ (Landscape Quality) တို့ပါဝင်သော လူသား (Human) တို့၏ နယ်ပယ် စသည်တို့ ပါဝင်သော အဝန်းအဝိုက်အသိုက်အမြုံကြီးကို သဘာဝပတ်ဝန်းကျင်ဟုခေါ်ဝေါ်သမုတ်ကြောင်း သတ်မှတ်ထားကြသည်ကို တွေ့ရှိရပေသည်။

တစ်ခါ သဘာဝပတ်ဝန်းကျင်၌ အဓိကသော့ချက်ကျစွာပါဝင်နေသော အစိတ်အပိုင်းကြီးတစ်ခုမှာ ဂေဟစနစ်ပင် ဖြစ်သည်။ ဂေဟစနစ် ဆိုသည်မှာ လေထု၊ မြေထု၊ ရေထု၊ သစ်ပင်၊ တောတောင်နှင့် သားငါးငှက်တိရစ္ဆာန်စသည့် သတ္တဝါတို့ ပါဝင်သော သက်ရှိ၊ သက်မဲ့များ အပြန်အလှန် အညမညကျ သဟဇာတဖြစ်စွာ အကျိုးပြုနေကြသော အစဉ်သဘောပင် ဖြစ်သည်။

ဤဂေဟစနစ်ကို ယေဘုယျအားဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ကြည့်မည်ဆိုပါလျှင် -

၁။ တောင်ပေါ်တောင်တန်းသစ်တောဂေဟစနစ်
(Mountain Ecosystem)

၂။ မြေပြန့်သစ်တောဂေဟစနစ်
(Lower Land Ecosystem)

၃။ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဂေဟစနစ်
(Marine and Costal Ecosystem)

၄။ ရေတိမ်ဒေသဂေဟစနစ်
(Wet Land Ecosystem)

၅။ ဒီရေတောဒေသဂေဟစနစ်
(Mangarove Ecosystem)

၆။ မြက်ခင်းဒေသဂေဟစနစ်
(Grass Land Ecosystem)

ဟူသည့် ခပ်သိမ်းသော ဂေဟစနစ်များ ပါဝင်နေသည်ကို တွေ့သိနိုင်ပေသည်။

နောက် ပဓာနကျသော အရာတစ်ခုမှာ ဤဂေဟစနစ်နှင့်နှစ်လွှာပေါင်းမှ တစ်ရွက်တည်းသာဖြစ်သော ဇီဝမျိုးစုံကွဲ(Biodiversity)များပင် ဖြစ်သည်။ ဇီဝမျိုးစုမျိုးကွဲများကို အပင်နှင့် သက်ရှိလောကသားတို့ဖြင့် တည်ဖွဲ့ထားသည် ဆို၏။ တိတိပပဆိုရသော် ဇီဝမျိုးစုံ မျိုးကွဲများထဲတွင် ရေညှိရေမှော်များမှ အစပြု၍ မြက်ပင်၊ ကျူပင်၊ ချုံပင်၊ နွယ်ပင်၊ ကြိမ်ပင်၊ ဝါးပင် အပါအဝင် သစ်ပင်ငယ်၊ သစ်ပင်ကြီး မိုးထိသစ်ပင်ကြီးများအထိ နီးနွယ်သော အပင်လောကသားများနှင့် အင်းဆက်ပိုးမွှားများ၊ ကျောဉ့်ကမ်းများ၊ နို့တိုက်

www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ကုန်းနေရေနေသတ္တဝါများ၊ ရေနေသတ္တဝါများ အစရှိသည်တို့ ပါဝင် ပတ်သက်နေသော သက်ရှိလောကသားတို့ဖြင့် ပါဝင်တည်ဖွဲ့ထားသည် ဖြစ်၏။ ဆိုချင်သည်က ဤဂေဟစနစ်နှင့်ဤဇီဝမျိုးစုံမျိုးကွဲတို့သည် တစ်ခုနှင့်တစ်ခု အစာကွင်းဆက်များ ဖြစ်ကြသည်။ ရှင်သန်မှုအတွက် တစ်ခုနှင့်တစ်ခု အပြန်အလှန်ကျေးဇူးပြုနေကြသည်။ ဇီဝမျိုးစုံကွဲ အခရာကျနစွာပါဝင်နေသောဂေဟ

www.burmeseclassic.com

www.burmeseclassic.com

စနစ်ကို ထာဝစဉ် ညီညွတ်မျှတအောင် ထိန်းသိမ်းမထားနိုင်လျှင် ဆိုနေသော သဘာဝပတ်ဝန်းကျင်ကို အပျက်သဘော ဆောင်သွားပြီးလျှင် ၎င်းကို မှီတည်နေသော ရာသီဥတုကို ထိခိုက်သွားနိုင်ဖွယ်ရာရှိနေပေသည်။

ဆိုချင်သည်က ဖော်ပြပါ ဂေဟစနစ်တို့သည် ဇီဝမျိုးစုံမျိုးကွဲတို့ကို အားကိုးစွာဖြင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကို ထိန်းကျောင်းမောင်းနှင်နေသည်ဟုခြင်းပင် ဖြစ်၏။

ဤနေရာမှာ တလေးတနက်ပြောဆိုရမည်က သက်ရှိသတ္တဝါတို့ထဲတွင် အသိဉာဏ်အမြင့်မားဆုံး၊ ထိုးထွင်းဉာဏ် ဆင်ခြင်ဉာဏ်အကြီးမားဆုံးဖြစ်သောလူသားတို့သည် ယခုဆိုနေသော သဘာဝပတ်ဝန်းကျင်ကို အမှီသဟဲပြုလျက် အသိဉာဏ်တိုးချဲ့ပြီးရင်း တိုးချဲ့ရင်းဖြင့် အသုံးကျစွာ အသုံးချရှာနှစ်ပေါင်းထောင်သောင်းချီလျက် အဆင့်ဆင့်ကျင်လည်လှုပ်ရှားခဲ့သည်မှာ ကမ္ဘာဦးလူသားအဆင့်မှသည် ယနေ့ အိုင်တီခေတ်လူသားများအဆင့်ထိတိုင် ဖြစ်၏။ တစ်နည်းဆိုရသော် မီးစွမ်းအင်ကို တွေ့ရှိအသုံးပြုနိုင်သည်မှသည် ရှူးကလီးယားစွမ်းအင်ကို တွေ့ရှိအသုံးပြုနိုင်သည်ထိတိုင် လောက်လေး၊ လောက်လွှပစ်လွှတ်နိုင်စွမ်းမှသည် ပြိုဟ်တု၊ အာကာသယာဉ်ပစ်လွှတ်နိုင်စွမ်းထိတိုင် လူသားတို့သည် စွမ်းဆောင်နိုင်စွမ်းတစ်စတစ်စ တစ်ဆင့်ဆင့်မြင့်တက်လာခဲ့သည်။

လူသားတို့ သို့တလို စွမ်းဆောင်နိုင်မှုများကြောင့် ကမ္ဘာမြေမျက်နှာပြင်အနှံ့အပြားတွင် အလုပ်ရုံ၊ စက်ရုံကြီးများ မြေပြင်၊ ရေပြင်သတ္တုတူးဖော်စင်ကြီးများ၊ မြေပြင်ရေပြင်ရေနံပိုက်လိုင်းကြီးများ၊ ဓာတ်ငွေ့တူးဖော်စင်ကြီးများ၊ မြေပြင်ရေပြင်ရေနံပိုက်လိုင်းကြီးများ ဓာတ်ငွေ့ပိုက်လိုင်းကြီးများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ကျောက် မီးသွေးဓာတ်အားပေးစက်ရုံကြီးများ၊ နျူးကလီးယားဓာတ်ပေါင်းဖိုကြီးများ၊ ရေကာတာကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ လမ်းတံတားကြီးများ အလျှိုလျှို အပြိုင်းအရိုင်းပေါ်ထွက်လာခဲ့သည်။

တစ်ပြိုင်တည်းမှာပင် လူနေအိမ်နေရာတိုးချဲ့မှုအတွက်၊ လုပ်ငန်းတိုးချဲ့မှုအတွက် တောရှင်းမီးရှို့မှုကြီးများ၊ တရားလက်လွတ်သစ်ထုတ်လုပ်မှုကြီးများ၊ တရားလက်လွတ် သတ္တုတူးဖော်မှုကြီးများ၊ တရားလက်လွတ်ရေကာတည်ဆောက်မှုကြီး၊ တောရိုင်းတိရစ္ဆာန်များစည်းကမ်းမဲ့ ဖမ်းဆီးသတ်ဖြတ်မှုများ၊ စည်းမဲ့ကမ်းမဲ့ရေသတ္တဝါဖမ်းဆီးသတ်ဖြတ်မှုများ၊ စည်းမဲ့ကမ်းမဲ့ဓာတုလက်နက်၊ ဇီဝလက်နက်၊ နျူးကလီးယားလက်နက် ထုတ်လုပ်သုံးစွဲမှုကြီးများကို အတော်မသတ်နိုင် တရစပ်ပြုလုပ်မှုများ ဖြစ်ပေါ်လာခဲ့သည်။

တစ်ဆက်တည်းမှာပင် ၎င်းတို့၏ ဘေးထွက်ဆိုးကျိုးတို့အနေဖြင့် မီးခိုးမြူဖုံးလွှမ်းမှု၊ အက်စစ်မိုးရွာသွန်းမှု ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု၊ အိုဇုန်းလွှာပေါက်ပြမှု၊ အပူရှိန်မြင့်တက်လာမှု၊ အပူလှိုင်းကျရောက်မှု၊ အအေးလှိုင်းကျရောက်မှု၊ ရေခဲကန္တာရအရည်ပျော်ကျိုးလာမှု၊ သမုဒ္ဒရာရေမျက်နှာပြင်မြင့်တက်လာမှု၊ သဲကန္တာရကျယ်ပြန့်လာမှု၊ မိုးကြိုးမှု၊ မိုးခြေင်မှု၊ မြေပြိုမှု၊ မြေကျဲမှု၊ ရေကြီးမှု၊ ရေလျှံမှု၊ လေဆင်နှာမောင်းတိုက်ခတ်မှု၊ လေမုန်းတိုက်ခိုက်မှု၊ ဆူနာမီလှိုင်းတံပိုးကြီးများရိုက်ခတ်မှု၊ မြေငလျင်ကြီးလှုပ်မှု၊ မီးတောင်ပေါက်ကွဲမှု၊ မြေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုပူနွေးလာမှု၊ လေထုပူနွေးလာမှု၊ ရေထုပူနွေးလာမှု အစခပ်သိမ်းတို့ကို လက်မခံချင်ဘဲနှင့် လက်ခံလာရသည်။ တကယ့်တကယ်တော့ ယခု ဖော်ပြနေသော အခြင်းအရာများသည် သဘာဝပတ်ဝန်းကျင်သည် မူလအတိုင်းမဟုတ်တော့။ ပျက်ပြားနေပါပြီ ဆိုသည်ကို ရည်ညွှန်းနေသော သရုပ်သကန်များပင် ဖြစ်ပါသည်။

အတွေးနယ်ချဲ့စရာကောင်းလှပါသည်။ ယခုသဘာဝပတ်ဝန်းကျင်ပျက်ပြားမှုသရုပ်သည် ဂေဟစနစ်ပျက်စီးမှုပေါ်တွင် မူတည်နေသည်။ ဂေဟစနစ်ပျက်စီးမှုသည် ဇီဝမျိုးစုံမျိုးကွဲအနေအထားပျက်ယွင်းမှုပေါ်တွင် အုတ်မြစ်ပြုနေသည်။ အပြန်အလှန်အားဖြင့် ဂေဟစနစ်ပျက်သုဉ်းမှုသည် ဇီဝမျိုးစုံမျိုးကွဲတို့ကို အခြေပျက်အနေပျက်ဖြစ်ရုံသာမက သဘာဝပတ်ဝန်းကျင်ကို အပျက်သဘော ရွေ့လျောစေခဲ့သည်မှာ အသေအချာဖြစ်သည်။

ဤနေရာမှာ ဥဒါဟရဏ်တစ်ခုကို ထုတ်ပြချင်ပါသည်။ လောဘအရင်းအမြစ်ကြီးထွားစွာဖြင့် တောင်ပေါ်တောင်တန်းတစ်ခုပေါ်က သစ်တောများကို ကတုံးပြောင်အောင် ရှင်းလင်းထုတ်ထွင်လိုက်သောအခါတွင် ထိုတောင်ပေါ် တောင်တန်းဂေဟစနစ်သည် ပျက်သုဉ်းခဲ့ရတော့သည်။ ထိုတောင်ပေါ် တောင်တန်းဂေဟစနစ်၌ မှီတွယ်နေသော (၀၆) ထိုတောထိုတောင်၌ မှီတင်းနေရသော ဇီဝမျိုးစုံမျိုးကွဲတို့သည်လည်း ဆောက်တည်ရာမဲ့ပျက်စီးရတော့သည်။

ပြီး-ထိုတောင်ပေါ် တောင်တန်း၌ မြစ်ဖျားခံသော ရေဝေရေလဲဧရိယာ ပျောက်ပျက်သွားရသဖြင့် ထိုမြစ်ဖျားခံချောင်းဖျားခံမြစ်တို့ချောင်းတို့သည် မြစ်ကောချောင်းကောဖြစ်ရပါတော့သည်။ အကြောင်းတစ်ခုခုကြောင့် မိုးကြိုးပိုးလွန်ရက်ရှည်ရွာသွန်းသောအခါတွင် တောင်တန်းတောင်ပေါ်၌ အတားအဆီးပြုရန် သစ်ပင်ချုံနွယ်တွင် တောင်တန်းတောင်ပေါ်၌ အတားအဆီးပြုရန် သစ်ပင်ချုံနွယ်များမရှိကြတော့သဖြင့် မိုးရေများ၊ ရွှံ့နှံများ အဆီးအတားမရှိ ချောင်းကောမြစ်ကောများမှ ဝါးလုံးထိုး ဒလဟောစီးဆင်းမှုကြောင့် ဧရာမရေကြီးရေလျှံမှုများဖြစ်ပေါ် ရတော့သည်။ ထိုအခါ မြစ်ဝှမ်းချောင်းဝှမ်းတစ်လျှောက်ရှိ လူနေအိမ်ခြေ၊လယ်ယာစိုက်ခင်း၊တိရစ္ဆာန်များသေကျေပျက်စီးရသောမက မြစ်၊ ချောင်း၊ အကြေပိုင်းတွင်ရှိတတ်သော၊ မြစ်ဝကျွန်းပေါ်ရှိ ဂေဟစနစ်များ တည်ရှိတတ်သော မြေပြန့်သစ်တောဂေဟစနစ်၊ မြက်ခင်းဒေသဂေဟစနစ်၊ ရေတိမ်ဒေသဂေဟစနစ်၊ ဒီရေတောဂေဟစနစ်၊ အဏ္ဏဝါနှင့်ကမ်းရိုးတန်းဒေသဂေဟစနစ်များသို့ ဇယ်ဆက်သလို ကွင်းဆက်လိုက်အနည်းနှင့်အများ တွဲလှယ်သက်ရောက်ထိခိုက်ပျက်စီးမှုများရှိလာခဲ့ရမည်။ ထိုဂေဟစနစ်များ၌ အမှီသဟဲပြုနေရသော ဇီဝမျိုးစုံမျိုးကွဲတို့သည်လည်း ထောင်ထားသော ဒိုမီနိုဖဲချပ်များ တစ်ခုပြီးတစ်ခု တစ်ဆင့်ကဲကဲလဲပြီရသလို ပြိုကွဲပျက်ပြားရတော့သည်။

ထိုအခါ ဤဂေဟစနစ်များ ဇီဝမျိုးစုံမျိုးကွဲများဖြင့် တည်ဖွဲ့ထားသော သဘာဝပတ်ဝန်းကျင်သည်လည်း အပျက်သဘောသို့ ဆုတ်ယုတ်ရတော့သည်။ ဤသို့ သဘာဝပတ်ဝန်းကျင်ဆုတ်ယုတ်ရမှုကြောင့် လူသားတို့အဖို့ မိုးလေဖောက်ပြန်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုသော ရလဒ်ဆိုးကို လက်ခံရမှုဖြစ်တော့သည်။

ဤနေရာမှာ ထည့်သွင်း ဝေဖန်စောကြောစရာတစ်ခုရှိလာခဲ့သည်။ ယင်းမှာ အာဗိကပွဂ္ဂိုလ်အပါအဝင် လောဘပညာလာဂ္ဂိုလ်တို့နှင့် ဗုဒ္ဓစာပေလာဂ္ဂိုလ်ဂန်တို့တွင် လူသားတို့သက်တမ်းတိုတောင်းခြင်း၊ရှည်လျားခြင်းဆိုသည်မှာ ရာသီဥတု (ဥတု) နှင့် အစားအသောက် (အာဟာရ) တို့ဖြင့် အလွန်တရာသက်ဆိုင်နေသည်။ လူသားတို့ သာကောင်းမွန်သောရာသီဥတုတွင်နေထိုင်ပြီး အဆိပ်အနှစ်ဩဇာအလွန်အားယားပြည့်စုံသောအစားသောက်ကိုသုံးဆော

www.burmeseclassic.com

ရလျှင် အနာရောဂါကင်းမဲ့၍ ကျန်းမာရေး ကောင်းမွန်ကာ သက်တမ်းရှည်ရသည်ဟူ၏။

လူသားတို့သည် မနှစ်ခြိုက်မမွေ့လျော်ဖွယ်ရာ ဆိုးဝါးသော ရာသီဥတုဒဏ်နေထိုင်ရပြီး အဆီအနှစ်ဩဇာအရသာ အာဟာရ ယုတ်လျော့ ကင်းမဲ့သော အစားအသောက်ကို သုံးဆောင်ရလျှင် အနာရောဂါထူပြောလျက် ကျန်းမာရေး ညံ့ဖျင်းချို့တဲ့ကာ သက်တမ်းလည်း အလွန်တိုတောင်းကြသည်ဟူ၏။

ယင်းကဲ့သို့ လူသားတို့ရာသီဥတု ကောင်းနှင့်ကြဲခြင်း၊ ရာသီဥတုဆိုးနှင့် အစားအသောက်ကောင်းကိုသုံးဆောင်ရခြင်း၊ အစားအသောက်ဆိုးတို့ကို သုံးဆောင်ရခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ ကျန်းမာရေးဆိုခြင်း၊ သက်တမ်းရှည်ခြင်း သက်တမ်းတိုခြင်းဆိုသည်မှာ ထိုလူသားတို့၏ကံတရားနှင့် အလွန်သက်ဆိုင်နေသည်ဆို၏။

လူသားတို့ကံကောင်းခြင်းနှင့်ကြဲ ချိန်တွင် ရာသီဥတုကောင်း၊ အစားအသောက်ကောင်း၊ ကျန်းမာရေးကောင်း၊ သက်တမ်းရှည်ခြင်းတို့ ခံစားရပြီး လူသားတို့ ကံဆိုးခြင်းနှင့်တွေ့ရချိန်တွင် ရာဥဉတုဆိုး၊ အစားအသောက်ဆိုး၊ ကျန်းမာရေးဆိုး၊ သက်တမ်းတိုခြင်းတို့ကို ရယူပိုင်ဆိုင်ရတတ်သည်ဆို၏။

တစ်ခါ လူသားတို့ကံကောင်းခြင်း၊ ကံဆိုးခြင်းတို့သည် လူသားတို့ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဖြစ်ပေါ်မှုဌ မူတည်နေသည်ဆို၏။ လူသားတို့ကံကောင်းချိန်သည် ထိုလူသားတို့ ကုသိုလ်စိတ်ဖြစ်ထွန်းမှုတွင် မှီတည်နေပြီး ထိုလူသားတို့ ကံဆိုးချိန်သည် ထိုလူသားတို့ အကုသိုလ်စိတ်ဖြစ်ပေါ်မှုတွင် မှီတွယ်နေသည်ဆို၏။ လူသားတို့ ကုသိုလ်စိတ်ဖြစ်ထွန်းချိန်တွင် တရားကို စောင့်ထိန်းကြ၍ လူသားတို့အကုသိုလ်စိတ်ဖြစ်ပွားချိန်တွင် တရားမစောင့်မထိန်းကြဟု ဆို၏။

ဤတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်။ မိုးလေဝသကောင်းမှု၊ ကောင်းမှု၊ ရာသီဥတုကောင်းမှု၊ ကောင်းမှုသည် လူသားတို့တရား စောင့်မှု၊ တရားစောင့်မှုနှင့် သက်ဆိုင်ရာ နေသလားဟူခြင်းပင် ဖြစ်၏။

ဤသည်တို့နှင့် ဆက်နွယ်လျက် ဆက်စေကြောစရာတစ်ခုရှိနေပြန်၏။ ဆာသမယသုတ်၊ ဥပုဒ်တသင်္ကြိပရိတ်ဆိုတို့၌ စန္ဒသာပနိသာဒေဝါ (လကို အမှီပြုသောနတ်)၊ သူရိယသုပနိသာဒေဝါ (နေကိုအမှီပြုသောနတ်)၊ နက္ခတ်ဆာရာကိုစွဲမှီသော (နိဿိက) မှီရာဖြစ်ဆာ(နိဿယ)၊ နတ်အပေါင်းတို့ရှိသည်ဟူ၍ လည်းကောင်း၊ ဝါလဟကသံယုတ်ထဲမှာလည်း သီတဝလာဟနတ်(အအေးဥတုနတ်)၊ဥဏှဝလဟာကနတ်(အပူဥတုနတ်)၊ အမ္ဗလဝလဟာကနတ် (မိုးတိမ်နတ်)၊ ဝါတဝလာဟကနတ် (လေနတ်)၊ ဝဿဝလဟကနတ် (မိုးရွာနတ်) ဟူ၍ ရှိသည်ဟူ၍ လည်းကောင်း ဖော်ပြထားသည်ကို တွေ့သိနိုင်ပေသည်။

ထို့ပြင်တစ်ဝ နတ်ပြည်ခြောက်ထပ်ဝင် စတုမဟာရာဇ်နတ်အနွယ် ဘုမ္မစိုး၊ ရက္ခစိုး၊ အာကာသစိုးတို့သည် လူသားတို့နှင့် နီးနီးစေးစေးပတ်ဝန်းကျင်တစ်ခွင် တစ်ပြင်မှ သစ်ပင်ချုံနွယ်၊ ကျောက်တုံးကျောက်ဆောင်၊ ကွင်းပြင်၊ လွင်ပြင်၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာတို့၌ အမှီသဟဲပြု၍ နေထိုင်ကြပုံ၊ လူနေမနေအဆောက်အအုံများတွင် မှီတွယ်နေကြပုံတို့ကို ဒေဝတာသံယုဂ်၊ ဒေဝပုတ္တသံယုဂ်၊ ဗြဟ္မသံယုဂ်၊ ယက္ခသံယုဂ်တို့တွင် တဝေဆာဆာဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ယင်းအပြင် တိကနိပါတ်တော်လာ ဂါမဏိစန္ဒဇာတ်၊ စတုက္ကနိပါတ်တော်လာ ရာဇဝါဒေါဇာတ်၊ ဂဂ္ဂရမွဇာတ်၊ စတ္တာလီသနိပါတ်တော်လာ တေသကုဏာဇာတ်တို့တွင် မင်းနှင့် ပြည်သူတို့ တရားစောင့်ကြလျှင် ရာသီဥတုမိုးလေဝသမှန်ကန်ကြပြီး မင်းနှင့်ပြည်သူတို့တရား မစောင့်ကြလျှင် မိုးလေဝသနှင့် ရာသီဥတုဖောက်ပြန်တတ်သည်ဟု ဖော်ညွှန်းထားသည်ကို တွေ့ရှိရပေသည်။

တစ်ဖန် စတုက္ကနိပါတ်တော်လာ အဓမ္မိကဇာတ်တော်အရလည်း လူသားတို့ စောင့်ထိန်းရမည့်တရားကို မစောင့်ထိန်းကြသောအခါတွင် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ အနီးပတ်ဝန်းကျင်၌ရှိကြကုန်သော ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်တို့ကို အနည်းနှင့်အများထိခိုက်သက်ရောက်မှုများရှိသွားကြသောအခါတွင် သူတို့၏ စိတ်ပျက်မှု၊ ဒေါသဖြစ်မှု၊ အာဃာတဖြစ်မှုများသည် အထက်နတ်များအဆင့်ဆင့်ဆီသို့ သွားရောက်ရှိကြ၍ တုံ့လှယ်သက်ရောက်မှုများရှိသွားကြသောအခါအဝယ် နေ၊ လ၊ ပြိတ်နက္ခတ်တာရာတို့ မမှန်မကန်ဖောက်ပြန်သည်မှ အစပြု၍ မိုးလေဝသဖောက်ပြန်မှု၊ ရာသီဥတုမမှန်ကန်မှုများ ကြုံကြိုက်ရပြီးလျှင် ယင်းတို့၏ ရလဒ်ဆိုးများကိုသာ ရုပ်ဆိုးဖတ်တင်လက်ခံရတော့သည်ဟုဆိုထားပြန်သည်။

ဤတွင် မဖြစ်မနေ ထည့်သွင်းဖော်ပြမှုဖြစ်မည့်အကြောင်းအရာတစ်ခု ကရှိလာပြန်သည်။ ယင်းမှာ တခြားမဟုတ်။ ယနေ့ခေတ် သိပ္ပံပညာရှင်တို့က ယခု ရာသီဥတုကို ပြောင်းလဲစေအောင် သဘာဝပတ်ဝန်းကျင်ပျက်စီးစေသော အဓိကလတ်သည်တရားခံသည် လူသားတို့သာဖြစ်သည်ဟု ဖော်ထုတ်စွဲချက်တင်ကြခြင်းကိုပင် ဖြစ်၏။

အထက်ဖော်ပြခဲ့သမျှကို အနှစ်ချုပ်၍ လိုရင်းကိုဆိုရလျှင် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များဖြင့် သော့ချက်ကျစွာ တည်ဖွဲ့ထားသော သဘာဝပတ်ဝန်းကျင်သည် လူသားတို့၏ အစွန်းရောက်စွာသော လောဘ၊ ဒေါသ၊ မောဟအရင်းအမြစ်များကြောင့် (၀၀) စောင့်ထိန်းရမည့်တရားများကို လျစ်လျူရှုထင်ရာစိုင်းဖန်ဆောင်နေမှုများကြောင့် အပျက်သဘောဆောင်ဆုတ်ယုတ်ချွတ်ယွင်းမှုများရှိလာခဲ့သည်။

ပွင့်လင်း တည့်တိုးပြောရလျှင် ဆိုခဲ့သော အကြောင်းရင်းခံများကြောင့် တစ်စုံတစ်ရာ အတိုင်းအတာအထိ တောပျက်၊ တောင်ပျက်၊ မြေပြင်ပျက်၊ ရေပြင်ပျက်၊ ချောင်းပျက်၊ မြစ်ပျက်စသော ပျက်စီးမှုများစွာဖြစ်ခဲ့ရသည်။ ဤတွင်မေးစရာ၊တွေးစရာဖြစ်လာသည်က ထိုထိုဤဤကို အမှီသဟဲပြုနေသော သစ်ပင်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်၊ ချောင်းစောင့် နတ်၊ ကွင်းစောင့်နတ်၊ နယ်စောင့်နတ်၊ ရွာစောင့်နတ် အစရှိသော ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး အနွယ်တို့မရှိဘဲနေပါ့မလား။ သို့ဆိုလျှင် သူတို့၏ဘုံဗျက်၊ ဗိမာန်ပျက်၊ ဘုံပျောက်၊ ဗိမာန်ပျောက်မရှိဘဲနေပါ့မလား။

ဤတွင် မေးခွန်းထုတ်စရာဖြစ်လာသည်က ဤမည်သော အပျောက်အပျက်တို့သည် ဤနေရာမှာပဲ ရပ်တန့်နေပါမလား။

ဆိုချင်သည်က လူသားတို့ပင် ပယောဂကြောင့် ပျက်စီးယိုယွင်းလာသော သဘာဝပတ်ဝန်းကျင်၏ တုံ့ပြန်သက်ရောက်လာသော ရလဒ်ဆိုးများကို တူးဆွလေ့လာရင်းဖြင့် ညောင်မြစ်ဖော်ပုတ်သင်ဥပေါ် ဆိုသလိုပင် သဘာဝကပတ်ဝန်းကျင်ပျက်ပြားမှုကြောင့် ရာသီဥတုပြောင်းလဲလာရမှုသည် လူသားတို့၏တရားစောင့်မှု၊ တရားမစောင့်မှုတို့နှင့် သက်ဆိုင်နေသလား၊ ဒေဝတာလောကသားတို့နှင့် ပတ်သက်နီးနွယ်မှုရှိနေသလားဟု အတွေးနယ်ချဲ့ရင်းဖြင့် ဂန္ဓိရဝက်ပါထဲသို့ ဝင်ရောက်သွားမှန်းမသိ ဝင်ရောက်သွားသည်က အမှန်ပင်။

မေးခွန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း

(ရန်ကုန်အေးဆေးတွဲဝေသူ)

ပဉ္စာရုဒ်

(အင်္ဂလိပ်စာကျမ်းရာခန်းဆက်ဝတ္ထုရှည်)

မျက်လုံးများမှာ အရောင်များထွက်နေသလား အောက်မေ့ရလောက်အောင် တောက်ပလွန်းလှပြီး ကျွန်ုပ်ကိုကြည့်နေ၏။ ကျွန်ုပ်မှာ နှုတ်မှ ဘာတစ်ခွန်းမှပင်ထွက်မလာနိုင်လောက်အောင်ဖြစ်သွား၏။ ဟုတ်ပါသည်။ လူကယောဂီဝတ်ကြီးနှင့် သစ်သီးစားပြီး နဝဂ်သီလကိုစောင့်ထိန်းနေပါသည်။ သို့သော် ဘသူတော်ကြီးထံ နာရီလာမေးသော

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးနှစ်ယောက်ကို ကျွန်ုပ်မကျေမနပ်ဖြစ်နေမိသည်မှာ အမှန်ပင်ဖြစ်၏။

ဘသူတော်ကြီးက ဘာမှမပြောပြန်။

အတော်ကြာမှ -

"အင်း - အလုပ်လုပ်ကြ၊ အလုပ်လုပ်ကြ"

ပြောရင်း တန်ဆောင်းကြီးထဲတွင် စန့်စန့်ကြီးလှဲချလိုက်ပါသည်။သူကြည့်ရတာ အိပ်ချင်၍မဟုတ်။ ရှုမှတ်နေပုံရ၏။ ကျွန်ုပ်လည်း အလိုက်သိစွာနှင့် ဘသူတော်ကြီး၏ဘေးနားမှထလာပြီး တန်ဆောင်းထောင့်နားတွင်ထိုင်နေလိုက်ပါသည်။

"ဘိုစိန်"

"အန်"

"နာရီကိုမကြည့်ဘဲ . . ."

"ဘာလဲ - အံ့သြနေလား။ မနေ့က မောင်ရင့်ကို သစ်သီးလာပေးတဲ့ ကိုပျော့လေ. . ."

"အင်း"

"သူပြောတယ်၊ ဘသူတော်ကြီးက တော်တော်ခရီးရောက်နေပြီတဲ့။ သူဘယ်လောက်သိလဲဆိုတာ လူတွေကို သိစေချင်တော့ နာရီနဲ့မသိမသာပြောပြနေတာတဲ့"

"အေးပါ - ငါလည်းထင်ပါတယ်။ နာရီကို အတိအကျပြောတယ်ဆိုတာ လွယ်တဲ့ကိစ္စကြီးမှမဟုတ်တာ။ သူတောင်ပေးကြီးကို ငါကိုင်ကြည့်တယ်။ ဘာမှလဲမရှိဘူး။ အဲဟိုမှာမြင်တဲ့အတိုင်းပဲ"

ကျွန်ုပ်ကသာ ဘသူတော်ကြီး၏ တောင်ပေးကို အမူအရာနှင့်လှမ်းပြလိုက်သော်လည်း ဘိုစိန်ကလှည့်ပင်မကြည့်။

"မောင်ရင်ကလည်း ကိစ္စပြီးနေတဲ့သူပါဆို။ တောင်ပေးကသက်သက်လုပ်လုပ်ပြနေတာ၊ ဒီတိုင်းပြောလို့ရတယ်။ ပေါ့သေးသေးမထင်နဲ့"

"မထင်ပါဘူး"

"ကိုပျော့က ဘာပြောတယ်မှတ်လဲ။ မြေလျှောက်ဝိဇ္ဇာလောက်နီးနီးကို ပြောတာ။ ဘုရားတွေမှာ တို့ဆရာ (၁၀၈) ပွဲလှူပြီး အဓိဋ္ဌာန်ကြီးတွေဝင်ပြီဆိုရင်ရောက်ရောက်လာတယ်တဲ့"

"ဟို - သန်လျင်ဘက်မှာ (၁၀၈) ပွဲနဲ့ (၉) ရက်တိုင်တိုင်အဓိဋ္ဌာန်ဝင်ကြတုန်းက မဆုံဘူးနော်"

"ဘယ်မှာလဲ၊ သန်လျင်တုန်းကလား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ဆုံမလဲ၊ မောင်ရင်နဲ့ကိုယ်နဲ့က နှစ်ရက်ပဲသွားတာကိုး။ ဘယူတော်ကြီးက ဘယ်နေ့ရောက်လာပြီး ဘယ်နေ့ပြန်သွားလဲ မောင်ရင်ဘယ်လိုလုပ်သိမလဲ"

"သူရှိတဲ့နေရာ ကလေးတွေအုံတယ်နော်"

"တွေ့သမျှကလေးတွေကိုမုန့်တွေကျွေးကျွေးနေတာပဲ။ သူ့အကျီအောက်အိတ်ကပ်ထဲမှာ ပိုက်ဆံတွေပါတယ်။ ကျပ်တန်တွေဆိုအထပ်လိုက်ပဲ။ အဲဒါဝယ်ကျွေးနေတာပဲ။ ကလေးချစ်တယ်"

"အေးဟာ - ငါတော့ အံ့ရော"

ပြောရင်းနှင့် ခပ်စန့်စန့်ကြီးအမျောသားလဲ့အိပ်နေသော ဘယူတော်ကြီးကို လှမ်းကြည့်လိုက်၏။ဝတ်ထားသောဂျာစီကြီးမှာ အလွန်ပါးလွှာပြီး ဘယ်သူက ဘယ်လိုချုပ်ပေးထားသည်မသိ၊ စွပ်ကျယ်ကြီးလိုဖြစ်နေ၏။ ပလေကတ်အကွက်ပြာပုဆိုးကြီးနှင့်၊ ဂျာစီကြီးနှင့် အချိုးမကျဝတ်ထားသော်လည်း ကြည့်ရသည်မှာ မျက်လုံးအေးနေ၏။

ညနေစောင်းသည်နှင့် -

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တွင် ဘုရားဖူးလာကြသော ပရိသတ်များမှာ ပျားပန်းခပ်ဖြစ်နေတော့၏။

"ကိုမောင်မောင်သန်း"

"ဗျာ - ကိုပျော့၊ လာလေ"

တန်ဆောင်းကြီးအတွင်းဆီသို့ ကိုပျော့ဝင်လာပြီး အသီးများပေးရင်း ခဏထိုင်လိုက်ပါသည်။

ထိုအချိန် ဝတ်ဖြူစင်ကြယ်ဝတ် ဘကြီးရောက်လာပြီး ပုဆစ်တုပ်ထိုင်၍ ဘုရားဝတ်ပြုနေရာ -

"မင်း အဲဒီဘကြီးကို ဘယ်လိုမြင်လဲ ကိုမောင်မောင်သန်း"

"ကျွန်တော်က အဲလိုမျိုးတွေ မဝေဖန်တတ်ပါဘူး။ မပြောတတ်ပါဘူး။ ဘယ်ဝေဖန်ရဲပါ့မလဲ၊ သူတော်ကောင်းကြီးတွေကို"

ပြောနေစဉ် ဘကြီးသည် ကျွန်ုပ်ကို လှမ်းကြည့်၍ရယ်ပြ၏။ ကျွန်ုပ်က ပြန်ရယ်ပြပြီး လက်အုပ်ချီလိုက်ပါသည်။ စိတ်ထဲတွင် ဘယ်လိုဖြစ်သွားမှန်းမသိ၊ ငေါက်ခနဲထလိုက်ပြီး ဘကြီးနားသို့သွားထိုင်မိရက်သားဖြစ်သွားပါသည်။ဘေးဘီတွင် မည်သူမျှမရှိ။ ကိုပျော့ပင်လျှင် ဟိုလို လိုဒီလိုလိုနှင့် ဒီကနေ့ ဆိပ်ကြီးခနောင်တိုအဖွဲ့လာကြဦးမည်ဖြစ်၍သွားစီစဉ်ပေးရဦးမည်ဟုဆိုကာ ထွက်သွားပါတော့သည်။

"မင်းက. . . "

ဘကြီးနှင့်အတူ တန်ဆောင်းကြီးထဲတွင်နေခဲ့ရသော်လည်း သူစကားပြောသံ တစ်ခါမှမကြားရ။ ပထမဆုံးဖြစ်သောကြောင့် သေချာအာရုံစိုက်ပြီးကြည့်နေလိုက်ပါသည်။ အသံမှာ အတော့်ကို တိုး၏။

"ပညာတွေဘာတွေရှိလား"

"ဟုတ်ကဲ့ - ဘကြီး၊ ကျွန်တော် နည်းနည်းပါးပါးသင်ထားပါတယ်။ တတ်တော့မတတ်သေးပါဘူး၊ သင်တုန်းပါ"

"အေးအေး - သူတော်ကောင်းအကျင့်ကျင့်နေကြသူတွေဆိုတာ သီးသီးခြားခြားနေကြတာမဟုတ်ဘူး။ လူထဲမှာ ဒီလိုပဲသွားလာနေကြတာပဲ"

"ဟုတ်ကဲ့ - ဘကြီး"

"ဘယ်တော့မှ မပြစ်မှားမိစေနဲ့ကြားလား"

"ဟုတ်ကဲ့ - ကျွန်တော်မပြစ်မှားပါဘူး"

"ဂုဏ်ရှိနေရမယ် ကြားလား"

"ဗျာ"

"ဂုဏ်ရှိရမယ်၊ ဂုဏ်နဲ့နေရမယ်"

ကျွန်ုပ် နားမလည်ပါ။ သူတော်ကောင်းဘကြီး၏နှုတ်မှ ဂုဏ်ရှိအောင် နေခိုင်းခြင်းသည် ကျွန်ုပ်တို့မှာ ပညာဂုဏ်၊ ဥစ္စာဂုဏ်ကြွယ်ဝအောင်နေရခြင်းသို့တည်းမဟုတ် ဘကြီးအား ငွေကြေးပြည့်စုံကြသူများလာလာခေါ်ကြသကဲ့သို့ အပေါင်းကြောင့်ဂုဏ်တက်သောဂုဏ်လေလား။

"ငါပြောတာ သရဏဂုံတည်ဖို့။ ဒီဂုဏ်ဟာဘယ်ဂုဏ်နဲ့မှမတူဘူး၊ အနေအကြီးဆုံးပဲ"

ကျွန်ုပ်အမှန်တကယ်အံ့အားသင့်သွားပါသည်။ ယခုမှပင် နားရှင်းသွားပါတော့သည်။သရဏဂုံကိုတည်နေအောင် ကြိုးစားခိုင်းနေခြင်းပင် ဖြစ်ပါသည်။

"သူများမကောင်းတာကို လိုက်မကြည့်နဲ့။ ကိုယ်ကောင်းအောင်နေ။ ကိုယ်ကောင်းလား၊ မကောင်းလားဘဲကြည့်။ မိုးချုပ်ရင်၊ ဘုရားဝတ်တက်ပြီးလို့ အိပ်တော့မယ်ဆိုရင် ဒီတိုင်းမအိပ်နဲ့။ ကိုယ်ကောင်းခဲ့လား၊ မကောင်းခဲ့လား ပြန်တွေး။ ဒီနေ့မကောင်းတာကများနေရင် နောက်နေ့ မကောင်းတာကို နည်းသွားအောင်နေရမယ်။ ဒီနေ့ကောင်းတာကများနေရင် နောက်နေ့ကောင်းတာကိုများသထက်များလာအောင်နေရမယ်။ ကိုယ့်အပြစ်ကိုကိုယ်ရှာနိုင်ရမယ်။ ဒါမှလူတော်ဖြစ်လာနိုင်မှာ။ ကိုယ့်အပြစ်ကို ဘယ်တော့မှမဖုံးရဘူး။

ဒီနေ့ ငါ သူများတကာကို လိမ်မိသွားလား၊ ကုန်းချောမိသွားလား၊ ငါ့ဝစီက ဆဲဆိုလိုက်မိလား၊ ဘာမှအကျိုးမရှိတဲ့စကားတွေများငါပြောမိခဲ့လား ညတိုင်းပြန်စဉ်းစား။ပြောမိရင် ငါ့ကို သူများဆဲရင်ကြိုက်လား၊ ငါဟာ သူများကုန်းချောတာခံရရင်ကြိုက်လား၊ ငါ့ကိုသူများတကာလာလိမ်ရင်ကြိုက်လား။ မကြိုက်ရင် ကိုယ်လည်းမဆဲနဲ့၊ မလိမ်နဲ့၊ ကုန်းမချောနဲ့။ ဒီနေ့ငါဒါတွေများနေပါလား လို့သိရင်တဖြည်းဖြည်းနုတ်၊ ကောင်းတာတွေချည်းပဲကျန်နေအောင် မကောင်းတာတွေကိုနုတ်နုတ်ပစ်"

စကားကိုရပ်လိုက်ပြီး ကျွန်ုပ်ကို ကြည့်နေ၏။ ပြီးကြည့်နေသယောင်ထင်ရသော်လည်း မျက်နှာမှာတင်းနေ၏။ မျက်လုံးများမှာ အရောင်ထွက်နေ၏။

"ဟုတ်ကဲ့ - ဘကြီး"

ဟုသာ နှုတ်ကပြောလိုက်မိသော်လည်း ရဲရဲမကြည့်ရဲ။

အသံမှာ တိုးလှသော်လည်း တစ်လုံးချင်း စီကာပတ်ကုံးနှင့်ပြောသွား၏။ လုံးဝစကားမပြောသောဘကြီး ယခုစကားပြောပါပြီ။

"ဘာလေးလုပ်လုပ် အမှတ်လေးနဲ့လုပ်"

"ဟုတ်ကဲ့ - ဘကြီး"

"မှတ်သားနေ၊ သတိလက်လွှတ်ဖြစ်လို့ မေ့သွားရင်ပြန်မှတ်။ ရအောင်မှတ်။ ငါဘာလုပ်နေလဲဆိုတာသိပစေး အဓိဋ္ဌာန်တွေတော့ဝင်တာပဲ။ ပြီးလည်းပြီးသွားရော ဘာမှမကျန်ဘဲ ဒုံရင်းဒုံရင်းအတိုင်းပဲဆိုရင် ကောင်းပါ့မလား"

"မကောင်းပါဘူး"

"အချိန်တွေလာဖြုန်းတာနဲ့ မတူဘူးလား"

"ဟုတ်ကဲ့ - တူပါတယ်"

"ဟာ - ငါတော့ ဒီလိုအဓိဋ္ဌာန်ဝင်နေတယ်ဟူဆိုပြီး သူတကာတွေကို ကြွားဖို့လား"

"မဟုတ်ပါဘူး ဘကြီး"

"အေး - (၇) ရက်သားသမီးတွေကိုကယ်ဖို့ဆိုပြီး တချို့ဆုတွေတောင်းကြတယ်။ သတ္တဝါတွေကိုကယ်တင်နိုင်ရမယ်လို့၏ဆိုပြီး ကြားဖူးတယ်မို့လား"

"ဟုတ်ကဲ့"

"အေး - သူများထက်ထူးအောင်ကျင့်နိုင်မှ သူများကိုကယ်တင်နိုင်မှာပေါ့ သူလိုကိုယ်လိုကျင့်ရင် သူလိုကိုယ်လိုပဲ

www.burmeseclassic.com

www.burmeseclassic.com

နေမှာပေါ့။ မင်းပညာတွေတတ်မယ်။ မင်းထက်တတ်တဲ့လူတွေ လောကမှာ အများကြီး။ ဒါကိုမင်းသိရမယ်။ ဒီတော့ မင်းက ဒီပညာတတ်ရုံလောက်နဲ့ရောင့်ရဲမနေဘဲ သူများထက်ထူးကျင့်နိုင်မှ မင်းဟာ သူများထက်ထူးမယ်။ ဟေ - မထူးချင်ဘူးလား"

"ထူးချင်ပါတယ်ဘကြီး၊ ကျွန်တော် ထူးအောင်လည်းကျင့်နေပါတယ်ဘကြီး"

"သာဓု၊ သာဓု၊ သာဓု"

ဘကြီးသာဓုခေါ်သံဆုံးသည်နှင့် ဆရာဆန်းတို့ တန်ဆောင်းကြီးထဲဝင်လာကြ၏။ အခြားဧည့်သည်နှစ်ဦးပါပါ၏။

ဘကြီးသည် ဘယ်လိုဖြစ်သွားသည်မသိ။ ကျွန်ုပ်နှင့်ရွှန်းရွှန်းဝေအောင် ပြောနေရာမှစကားကိုတုံးတိုးဖြတ်ချလိုက်ပြီး သူနေမြဲပုံစံအတိုင်း ရှေ့သို့ခပ်ကိုင်းကိုင်းတင်ပျဉ်ခွေထိုင်ရင်း ညာဘက်လက်က လေထိထားသလိုတလှုပ်လှုပ်နှင့်လှုပ်နေတော့၏။ ကျွန်ုပ်ကိုပင်မကြည့်တော့။ ကျွန်ုပ်လည်း တန်ဆောင်းကြီးအတွင်းမှ အပြင်သို့ထွက်ရင်း ဘုရားရင်ပြင်တော်ရှိ လူပရိသတ်ကြီးကိုသွားကြည့်နေလိုက်ပါသဲ့။

ထိုညက တရားပွဲပြီးသွားသော်လည်း ဘသူတော်ကြီးပြန်မလာတော့။ ဘယ်ဆီများသွားလေသည်မသိ။ အရပ်ရှည်ရှည်ဘကြီးကတော့ ပြန်လာအိပ်၏။ မနက်(၄)နာရီထိုးသည်နှင့် ထုံးစံအတိုင်း သူ့အား ကန်တော့ကြရန် လာခေါ်သွားကြပြန်ပါတော့သည်။

"မောင်မောင်သန်းရေ"

"ဗျာ - ဆရာဆန်း"

"သိုက်နန်းရှင်တွေကိုလည်းမေတ္တာတွေဘာတွေပို့ရဲ့လား"

"ဟုတ်ကဲ့ - ပို့ပါတယ်"

ဆရာဆန်းသည် စူးရှတောက်ပြောင်သောမျက်လုံးနှင့် ကျွန်ုပ်အား စွေကြည့်လိုက်ပြီး ခေါင်းညိတ်နေ၏။ သူပြောသောစကားမှာ အကြောင်းရှိပါလိမ့်မည်။

မကြာပါ -

ဆရာဆန်းဟူသောနာမည်ခေါ်သံနှင့်အတူ လူတစ်ယောက်ရောက်လာပြီး ဧည့်သည်နှစ်ယောက်ကိုလာပို့၏။ ဧည့်သည်မှာ အမျိုးသမီးနှစ်ဦးဖြစ်ပါသည်။ ဆရာဆန်းထံသို့ ဗေဒင်လာမေးနေကျ အမျိုးသမီးများဖြစ်ဟန်တူသည်။ နှစ်ယောက်သား ပြုံး၍ဝင်လာကြပြီး ဆရာဆန်းကိုမြင်သည်နှင့် ထိုင်ကန်တော့ကြ၏။ ဆရာဆန်းက သူတို့ကိုပြုံးကြည့်နေ၏။

"ဟိုတစ်ယောက်က ဘယ်လိုဖြစ်နေတာလဲ။ ပြုံးမဲ့ကြီး၊ ပြုံးတော့ပြုံးပါရဲ့ မဲ့တဲ့တဲ့ကြီး"

"ဒီညီမရဲ့ပိုက်ဆံအိတ်ဇလေး ခုပဲ ဘယ်နားမှာကျပျောက်သွားမှန်းမသိဘူး ဆရာ၊ ဆရာ့ဆီလာတာ"

"ဟုတ်လား"

"ဟုတ်တယ်ဆရာ - ခုပဲ၊ ခုပဲ။ ပိုက်ဆံကတော့မများပါဘူး။ ရှစ်ကျပ်ပဲပါတယ်။ သူမှတ်ပုံတင်လေးပါသွားလို့"

သူတို့ပြောနေသံကို ကျွန်ုပ်နားစွင့်ပြီး စိတ်ဝင်တစားကြည့်နေ၏။ ဆရာဆန်းသည် အေးဆေးတည်ငြိမ်စွာနှင့် မျက်လုံးမှိတ်ထားရင်ငြိမ်နေ၏။

"ဒီနေ့ တနလ်ာနေ့ဆိုတော့ အင်း. . . ကြာ-ကံ-သူ-ဝနေ ဆိုတော့ တောနဲ့တူတဲ့အရပ်မှာရှိမယ်။ တောနဲ့တူတဲ့အရပ်ဆိုတာ ဘယ်နေရာလောက်ရှိမလဲဆိုတော့ အင်း-အမှိုက်ပုံလိုရှုပ်ယှက်ခတ်နေတဲ့နေရာမျိုးရှာရမှာပဲ။ ဒီရင်ပြင်တော်မှာတော့ သစ်ပင်မှမရှိဘဲလေ။ ကဲ-ငါပြောမယ်၊ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းဆိုတာ အနီးစပ်ဆုံး ဘုရားပန်းတွေစွန့်တဲ့၊ ဘုရားပန်းအဟောင်းတွေစွန့်တဲ့နားတွေမှာ သွားရှာကြည့်စမ်း။ သွားသွား-ငါ့မျက်လုံးထဲမှာ မြင်ယောင်နေတယ်။ အိတ်လေးက အနီရောင်လေးမို့လား"

"ဟယ် - ဟုတ်တယ် ဆရာ"

"အေး-သွားသွား သွားရှာ။ ပြီးမှ ပြန်လာခဲ့။ ပြန်ရမှာပါ"

အမျိုးသမီးနှစ်ဦးသည် ပစ္စည်းပျောက်သွားရှာသည်နှင့်မတူ။ ဆီစာအုပ်ထပ်၍ဆပ်ပြာပေးသည့်နေရာကို အားရဝမ်းသာအလုအယက်ပြေးကြသည်သို့နှယ် ထပြေးသွားကြ၏။

ကျွန်ုပ်လည်း ပညာရပြိဟုစဉ်းစားရင်း ထိုင်ကြည့်နေ၏။ ဆရာဆန်းက ကျွန်ုပ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ခေါင်းတစ်ချက်ညိတ်ပြ၏။

မကြာပါ။ ထိုအမျိုးသမီးနှစ်ယောက်ထွက်အသွား အသက်ငါးဆယ်အရွယ် ဦးလေးကြီးတစ်ဦး ပိုက်ဆံအိတ်အနီလေးကိုင်ကာဝင်လာပါတော့သည်။

"ဆရာတို့ဆီကများအသိတွေဘာတွေ ပိုက်ဆံအိတ်ပျောက်သေးလား။ ကျွန်တော် ရင်ပြင်မှာလိုက်မေးတာ တစ်ယောက်မှမပျောက်ဘူး"

ဆရာဆန်းသည် ဝမ်းသာအားရနှင့် -

"အေးအေး - ဒီမှာ ဆရာ့မိတ်ဆွေတွေပျောက်လို့ ခုပဲ ခုပဲ သွားရှာနေကြတာ။ ဒီပိုက်ဆံအိတ်ပဲ အနီရောင်"

"ဒါဆို ဆရာယူထားမလား"

"ခဏနေဦးလေ။ သူတို့ပြန်ဝင်လာမှ သေချာမေးပြီး အထဲမှာရှိတာတွေ စစ်ဆေးမေးမြန်းပြီး မှန်တော့ပေးလိုက်ပေါ့။ ခဏတော့စောင့်ပါ"

ထိုဦးလေးကြီးလည်း ဆရာဆန်းဘေးတွင်ထိုင်ရင်း စကားတစ်ခွန်းနှစ်ခွန်းပြောရင်းစောင့်နေ၏။

ဝင်လာပါပြီ။

"ဟဲ့ - နင်တို့ပိုက်ဆံအိတ်တွေ့ခဲ့လား"

"မတွေ့ခဲ့ဘူး ဆရာ"

"အေး - ဒီမှာ ဒီဆရာကြီးကဟောဒီမှာကောက်ရထားတာလာပြောနေတယ်"

"ဟယ် - အဲဒီအိတ်၊ အဲဒီအိတ် ကျွန်မအိတ်လေး"

ဦးလေးကြီးသည် ထိုအမျိုးသမီးကို ပြုံးရွှင်ကြည့်လိုက်ပြီး -

"စိတ်တော့မဆိုးနဲ့နော်။ ဒီကငါ့တူမကြီးအိတ်ဆိုရင် အထဲမှာဘာတွေများပါလဲလို့"

"ဘာမှမပါဘူး။ ပိုက်ဆံရှစ်ကျပ်နဲ့မှတ်ပုံတင်ပဲ"

"အေးအေး - ဒါဆို ဟုတ်တယ်ရော့"

ပိုက်ဆံအိတ်ပေးလိုက်ပြီး ထပြန်မည်အပြု ကျေးဇူးတင်ကြောင်းမြောကြ၍ ရပ်နေလိုက်ပြီး -

"ဘုရားပန်းတွေစွန့်ပြီး သွားပစ်တော့မလို့ ပုံပုံထားတဲ့အနားမှာ ဒါလေးကကျနေတာ။ ဟာ-ဟိုအနီရောင်လေးက ဘာလေးပါလိမ့်ဆိုပြီး ကျုပ်လည်း သွားကောက်ပြီး ဘုရားပန်းခြောက်တွေအရင်သွားစွန့်လိုက်သေးတယ်။ ပြီးမှ လျှောက်မေးရင်းဒီဘက်ထဲဝင်လာတာ"

ဆရာဆန်းသည် -

ဧည့်သည်များနှင့် စကားပြောနေပါသည်။ သူ့အလုပ်သူလုပ်နေပါသည်။ ကျွန်ုပ်က ခပ်လှမ်းလှမ်းမှကြည့်ရင်း သူ့ကို အလွန်သဘောကျနေ၏။ တန်းနေတာပဲဟု စဉ်းစားရင်း အားကျနေ၏။

ထိုအမျိုးသမီးများ ပြန်သွားသည်နှင့် ဆရာဆန်းခဏအိပ်၏။ တစ်နာရီခန့်အိပ်ပြီးချိန်တွင် သူ့ဧည့်သည်နောက်ထပ်ရောက်လာပြန်ပါသည်။

"ဆရာအိပ်နေလို့ကျွန်တော်တောင် ဘုရားသွားရှိခိုးနေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"မင်းအလုပ်ရပြီမို့လား"

"ဟုတ်တယ် ဆရာ၊ အလုပ်ရပြီ"

"အလုပ်ရတာတောင်လာမပြောဘူး၊ မင်းကလည်း"

"ခုလာပြောတာလေ။ ခုပြီးခဲ့တဲ့ ရက်ကမှရတာ"

"ဩော် - ဒါပေမယ့် မင်းလခသိပ်မကောင်းဘူး"

"ဟုတ်တယ် ဆရာ၊ အဲဒါလည်း ထပ်လာတာ"

"အေး - လုပ်လိုက်ပေါ့ကွာ။ ရတာပဲတော်လှပြီ။ လခကောင်းဖို့ကတော့ သုံးလလောက်တော့စောင့်ပေါ့။ ငါရှင်သိဝလိုရွှေယုပ်တောင်အင်းတော် ခြီးမြှင့်လိုက်မယ် ကြားလား"

"ဟုတ်ကဲ့ - ဆရာ"

အခြေအနေကိုစောင့်ကြည့်နေတဲ့။

ည့်သည်မလာလောက်တော့ပြီဟု မှန်းဆပြီးမှ -

"ဆရာ"

"ဟေ"

"ဟိုနင်း . . ပစ္စည်းပျောက်တာက လက်ာနဲ့လား ဆရာ"

"အေးလက္ခယ် - မင်းလည်းသင်နေဆို"

"ဟုတ်ကဲ့ - ကျွန်တော်ကျ အဲဒီလိုလက်ာတွေဘာတွေနဲ့မဟုတ်ဘူး"

"လက်ာနဲ့ပေါ့။ အို့, ကြင်, ရာ၊ ဥဒက္ခေ၊ ကြာ၊ ကံ၊ သူ၊ ဝနေ ဆိုတာ လက်ာရှိတယ်လေ။ ပစ္စည်းပျောက်ရင် သိပ်မှန်တယ် မလွဲဘူး"

"ဩော် - ဒါကျက်ထားရင် ရပြီပေါ့နော်"

"သူ့အဓိပ္ပာယ်လည်း သိဦးမှပေါ့ကွ။ ပြီးတော့ ဉာဏ်လည်းကျက်စားနိုင်မှပေါ့ကွာ။ စောစောက ပစ္စည်းပျောက်တာကြည့်။ ကြာ - ကံ - သူ - ဝနေ ဆိုတော့ တနလ်ာနေ့မှာ ပျောက်တယ်။ တနလ်ာဆိုတဲ့ အရှေ့အရပ်ကိုယူလာရမယ်။ သူ သောကြာဆိုတဲ့ မြောက်အရပ်က ဝနေ တောမှာရှိတယ်။ ဒီတော့ စဉ်းစားမနေနဲ့။ ဒီနေ့ တနလ်ာနေ့ကွာ။ နှစ်ယောက်လည်းဖြစ်တယ်။ ငါထိုင်နေတာနဲ့ကြည့်ရင် ဟိုဘက်ကမြောက်ဘက်ပေါ့။ အဲဒီမှာရှိတဲ့တောဆိုတော့ တောနဲ့တူတဲ့ သစ်ပင်အုပ်ဆိုင်းဆိုင်းတောမရှိဘူးလေ။ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနဲ့ အနီးစပ်ဆုံးတူတဲ့ပန်းဟောင်းပန်းခြောက်တွေစွန့်ပစ်ပြီးပုံထားတဲ့နေရာပဲဖြစ်နိုင်မယ်လေကွယ်"

အလွန်ဉာဏ်ပြေးလှသော ဆရာဆန်းကို သဘောကျ၏။ ကျွန်ုပ်က ခုမှ အင်ဝိဇ္ဇာကို ဟုတ်တိုင်းတစ်ဝက်သက်နေခါစရှိသေး။ သူက ဟောသက်မှာကြာလှပြီ ဖြစ်၏။ အင်ဝိဇ္ဇာတစ်မျိုးတည်းသာဟောသောဆရာ ဖြစ်၏။

"ငါလည်း အစကတော့၊ ငယ်ငယ်တုန်းကတော့ ခုလိုမတွေးတတ်သေးဘူးပေါ့ကွယ်။ အို့-ကြင်-ရာ- ဥဒက္ခေ၊ ဥဒက္ခေ ရေမှာရှိတယ်ဆိုတဲ့ဟောကိန်းနဲ့ မြောင်းစပ်တို့၊ ချောင်းစပ်တို့မှာ လိုက်ရှာတာပေါ့။ နောက်တော့ ရေအိုးစင်အောက်က ရေခံထားတဲ့အင်တုံဘေးနားမှာသွားတွေ့တယ်ဟေ့"

ပြောရင်း တဟားဟားနှင့်ရယ်နေ၏။ သို့သော် အသံမထွက်။ ဆရာဆန်းမှာ အလွန်ညက်ညော၏။ ရယ်ခြင်း၊ ပြုံးခြင်းကိုပင်လျှင် နှုးညံ့သိမ်မွေ့စွာရယ်တတ်ပြုံးတတ်သူဖြစ်၏။ အူတက်အောင် ရယ်နေလျှင်ပင် အသံအကျယ်ကြီးထွက်လာလေ့မရှိ။

အာစရိယဆရာခင်ကျေးဇူးရှင်၏ ငယ်တပည့်ရင်းဖြစ်၍ အလွန်မှစည်းကမ်းကြီးလှ၏။ ပြောဟန်ဆိုဟန်နေဟန်ထိုင်ဟန်မှာ အလွန်ကြည့်လို့နူးညံ့၏။ ဆရာသခင်၏တပည့်ချင်းတူတူ သူက ရှေးကျသောတပည့်ဖြစ်၍ ကျွန်ုပ်က သူ့ကို လေးစား၏။

"ဒီပစ္စည်းပျောက်ဟောကိန်းက တို့တွေကျောင်းသားဘဝတုန်းက သူငယ်ချင်းတစ်ဖက်နဲ့တစ်ဖက် ကစားစရာဖွက်ကြတာကွ။အဲဒါကိုရအောင်ဖော်ကြတာ"

"ဩော်"

"ဆိုင်တာတွေ၊ မဆိုင်တာတွေ မလိုဘူးပေါ့ကွယ်။ ပစ္စည်းဘယ်နားရှိလဲသိဖို့က အဓိကလေ။ ဒါကြောင့်ဖွက်ထားတဲ့ပစ္စည်းကိုဖော်ကြတာပေါ့။ ဖော်နိုင်သူကနိုင်တာပေါ့ကွယ်။ နိုင်ရင် ကျောင်းမှာ ရေထမ်းတဲ့အခါ ရေနှစ်ထမ်းလျှောထမ်းကြရတာပေါ့။ ရှုံးတဲ့လူက ရေနှစ်ထမ်းပိုထမ်းကြေးပေါ့။ တစ်ခါတစ်ခါကျဟင်းတစ်တုံးပိုကျွေးရတာပေါ့။ ကိုယ်ရတဲ့အထဲက ရှုံးရင်ကျွေးကြေးပေါ့"

"ပျော်စရာကြီးနော်၊ ကြည်နူးစရာ"

"အေး - ဘယ်ကွာ မင်းနှယ်၊ အဲဒီမှာတင် ကလေးဘဝထဲက အင်ဝိဇ္ဇာကဒေါင်းဒေါင်းပြေးနေအောင် လေ့ကျင့်ရတာ။ အဲဒီ ပစ္စည်းပျောက်နဲ့ပဲ တို့တွေဆော့ခဲ့ကြရတာ။ ပါးစပ်ကရွတ်လိုက်၊ ပစ္စည်းလိုက်ရှာလိုက်နဲ့ အင်ဝိဇ္ဇာသင်ပေးတဲ့ ဆရာတော်က သဘောကျတာပေါ့ကွယ်။ ကလေးတွေဆော့ကြတာတောင် ပါးစပ်ကပညာနဲ့ဆော့တယ်ဆိုပြီး"

"တကယ်အားကျပါတယ် ဆရာ"

"အေး - ဒီလိုပေါ့ကွယ်။ မျက်နှာအဝတ်စည်းပြီး လူကိုချာလပတ်လည်ယမ်းအောင်လှည့်လိုက်တာနဲ့ ကိုယ်ရဲ့လိုက်လို့ မျက်နှာမူရာအရပ်ကိုမူတည်ပြီး လက်ဝဲ၊ လက်ယာခွဲတော့တာပေါ့"

"ဩော် . . . ဟို အောင်-ထွန်း-ရာ-ဇာ"

"အေး. . . အောင်-ထွန်း-ရာ-ဇာ-ကြိုတ်လက်ျာ-ကေ-လာ-ပြဿဒ်- လက်ဝဲမှတ်ဆိုတာပဲ။ မင်းလည်း ရပြီးသားတွေပဲ"

"ရသာရတယ်၊ မသုံးကြည့်ဖူးဘူး၊ မသုံးတတ်တာလည်းပါတယ် ဆရာ"

"အေး - ငါကတော့ ဘယ်လားညာလားခွဲ။ ပြီးရင်ဘယ်မှာရှိနိုင်မလဲပေါ့။ အဲဒီမှာရှာတာ"

"တန်းနေတာပဲလား"

"ဘယ်-တစ်ခါတစ်ခါတော့လည်းလွဲတာပေါ့ကွ မင်းကလည်း။ အခေါက်တိုင်းတော့ ဘယ်မှန်မလဲ။ အမှန်စိပ်လာအောင်တော့ ဒီလိုပဲကြိုးစားရတာပေါ့။ ခုနပြောသလို ရေနားမှာလား၊ တောနဲ့တူတဲ့နေရာနားမှာလား။ ဂူနဲ့တူတဲ့နေရာနားမှာလား။ လှဲထားတဲ့စဉ့်အိုးကြီးတွေဆိုလည်း ဒါဂူနဲ့တူတယ်လေ။ တံခါးပိတ်ထားတဲ့အခန်းမျိုးပေါ့။ ဒါတွေသိပြီဆိုရင် ဘယ်ဘက်မှာလား၊ ညာဘက်မှာလား ဒီလို တွေးရတာပေါ့ကွယ်"

"ဆရာ၊ ပြီးတော့ ဟိုလူတစ်ယောက်ကို မင်းအလုပ်ရပြီမို့လားဆိုပြီးတန်းပြောထဲ့လိုက်တာ"

"ဩော် - ဒါလား၊ ဘာလဲ ခင်းသဘောကျပြန်ပလား"

"ဟုတ်ကဲ့"

"ဒီကောင်တော့ကွယ်၊ ငါ့ကလေးပေါက်စ စာသင်သလိုကိုလိုမေးနေပြန်ပါပြီ"

"သဘောကျလို့ပါ ဆရာ"

"ဩော် - သူက သောရိအခါလာတာကိုး။ သူနှာမည်က ဝင်းလွင်တော့ နဝင်းဆောင်တယ်လေ။ ပြီးတော့ ဝတ်လာတာက မိုးပြာအင်္ကျီဆိုတော့ ဟူးရယ်၊ ကြာသပတေးရယ်က ထပ်နေမှတော့ တနင်္ဂနွေပဲ ကျန်တော့တာပေါ့။ ဒီတော့ အထက်ကဥဒိမိတ်ဆောင်လာတော့ကွယ်ဗုဒ္ဓဟူးပဲဖြစ်ပြီ။ ဒါကြောင့် အလုပ်ရရမယ်။ သေချာတယ်။ ငါလက်ခတ်မလွဲဘူး။ ဒါကိုတန်းပြောထဲ့လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

(ဤအင်္ဂလိပ်ပညာခန်းမှာ မကြာသေးခင်ကပင် ကျိုက္ကဆံဘုရားကြီးအနီးရှိ ရပ်ကွက်လေးထဲသို့ အဘစိန်နှင့်သွားရင်း အစ်ကိုတစ်ယောက် အစွမ်းပြခဲ့သောပညာခန်း ဖြစ်ပါသည်။ ဆရာသင်ပေးခဲ့စဉ်က ဤမျှ အစွမ်းပြ၍ရသော ပညာခန်းမှန်း မသိခဲ့ပါ။ ခပ်ပေါ့ပေါ့ပင် နေခဲ့၏။ ဆရာက ဤသို့ဟောဟုမပြောခဲ့ပါ။ ဉာဏ်သာလျှင် အရေးကြီးကြောင်း လက်တွေ့ကျမှ သိခဲ့ရပါတော့သည်။ အဘစိန်နှင့်သွားစဉ်က ထိုအစ်ကိုဟောလိုက်ပုံမှာ ရင်ထဲသို့ထိသွားပြီး ယခုအချိန်ထိ နားထဲမှမထွက်တမ်းစွဲနေခဲပါတော့သည်။)

"ဆရာ၊ သူလခသိပ်မကောင်းဘူးဆိုတာက"

"အဲဒါသောရီအခါလေကွာ။ ငွေနဲ့က ကတ္တားမှာလေကွယ်။ ဟိုး-တိုင်ခြေမှာမရှိဘူးလား"

"ဟုတ်ကဲ့ - ရှိပါတယ်"

"မင်းနားလည်လွယ်အောင်ပြောရရင် တြိရန်းပေါ့ကွယ်"

"ဟုတ်ကဲ့"

"အေး - မကောင်းဘူးလေ။ ငွေနဲ့မကောင်းတော့ လခမကောင်းဘူးပေါ့"

အလွန်မှ ရိုးစင်းလှသော်လည်း အလွန်ပညာမြောက်လှသည့်ဟောကွက်ဖြစ်ရာ ကျွန်ုပ်မှာ သဘောကျလွန်း၍ နှလုံးသားထဲဝယ် စွဲနေအောင်မှတ်သားထားလိုက်မိပါတော့သည်။ ရဲရင့်သောဆုံးဖြတ်ချက်သည် အရေးပါကြောင်းကို ကျွန်ုပ်သဘောပေါက်လာပါတော့သည်။

"ဘာလဲ - မင်းကအဲလိုမတွေးမိဘူးလား"

"မတွေးမိဘူး ဆရာ"

"ဒီလိုပဲကွ၊ ငါနဲ့သင်ဖော်သင်ဖက်တွေလည်း ဒီလိုပဲ။ ဟိုတွေးဒီတွေးအတွေးတွေများနေပြီး ဟိုဂြိုဟ်ကို တိုပရိယာယ်ယူရကောင်းနိုးနိုး၊ ဒီဂြိုဟ်ကို ဒီပရိယာယ်ယူရကောင်းနိုးနိုးတွေနဲ့ ဘာလုပ်ရမှန်းမသိဘဲ တွေဝေနေကြတာများတယ်။ မင်းအင်္ဂလန်ကတွေရတယ်မို့ ဒီလား"

"ဟုတ်ကဲ့"

"ဆိုပြစမ်း ငါ့ကို"

"အဲလို ဒေါင်းဒေါင်းပြေးတော့"

"အေး-ကျက်ထားကွယ်။ ဒါတွေဟာ အလကားမဟုတ်ဘူး။ ပညာဟာတိုယ်နဲ့မကွာစေနဲ့"

ဆရာဆန်း ဆုံးမသော ဤစကားတို့ ဘယ်တော့မှမေ့မည်မဟုတ်တော့ပါ။

ဆရာဆန်းသည် သူ့ဆီလာသူများကိုဟောသည့်အခါ စိတ်စွမ်းအားပါသုံး၍ဟောသူဖြစ်သဖြင့် လူတစ်ယောက်ကို အတွင်းသိအစဉ်းသိသိနေဘိအလားပြောနိုင်သူ ဖြစ်၏။

အင်္ဂလိပ်ဟောပေါက်များကို ကျွန်ုပ်သိ၏။ အင်္ဂလိပ်ဟောပေါက်များနှင့်ဟောနေသည့်ကြားမှ တစ်ချက်တစ်ချက်ပြောလိုက်သည်များမှာ ကျွန်ုပ်ဉာဏ်လောက်နှင့်မလိုက်နိုင်တော့။

လူတစ်ယောက်ကို ဟောစဉ်က ကျွန်ုပ်ကလည်း စိတ်တွင်းဝယ် အခါတိုင်းထူထား၏။ သောကြာအခါတွင်လာသောထိုလူကို ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ တစ်ခုခုဖြစ်ရမည်ဟုဟောလိုက်ရာ ထိုလူမငြင်းနိုင်။ ဤသည်မှာ မဆန်းပါ။ အထက်ဆောင်ပန်းအဟောဖြစ်၏။ သို့သော် ထိုဗုဒ္ဓဟူးသားကိုကြည့်ပြီး -

"ခင်ဗျားဟာ ကလေးနှစ်ယောက်အပြင် ဘာလဲ၊ နောက်တစ်ယောက်က မွေးစားထားတယ်ဆို"

ဟု မေးလိုက်ရာ ထိုလူမှာ -

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော့်တူရဲ့ကလေးလေးကို ကျွန်တော်မွေးစားထားပါတယ်"

ဟုပြောပြီး ဆရာဆန်းကိုအတော်လန့်သွားပုံရ၏။

ကျွန်ုပ်က အခါတိုင်နှင့်ခိုင်ကြည့်၏။ ဓပေါ တော့။ ဘယ်ဂဏန်းကို ဘယ်လိုကောက်၍ဘယ်လိုမှမယူတတ်တော့။

တစ်ခါကလည်း -

ဒေါ်ကြီးတစ်ယောက် လာမေး၏။

"ဆရာရယ်၊ ကျွန်မကိုနှိပ်စက်လွန်းတာမှလွန်ပြီ။ ဒီလူကို ကျွန်မမပေါင်းချင်တော့ဘူး။ ဆရာ သူ့ကိုငြိမ်အောင်လုပ်ပေးပါ ဆရာရယ်"

ဟု ပြော၏။

ထိုဒေါ်ကြီးပြောအပြီးတွင် ဆရာဆန်းသည် -

"အင်း - ခင်ဗျားကပြောတာပဲ။ ဒါပေမယ့် ခုဆရာမြင်တာတော့ ခင်ဗျားယောကျ်ားခေါင်းမှာ ပတ်တီးနဲ့၊ ခင်ဗျားရိုက်လိုက်တာလို့မြင်တယ်"

ဟု ပြောလိုက်ရာ ထိုဒေါ်ကြီးမှာ ကတုန်ကယင်တောင်ဖြစ်သွားရှာပါသည်။

ကျွန်ုပ်က အခါတိုင်နှင့်လိုက်ခိုန်၏။ ဘာမှမတွေ့၊ ဘယ်ပညာခန်းနှင့်မှ ခိုန်၍မရ။

ထို့ကြောင့် -

သူ့ဆီလာကြသူများအား စိတ်စွမ်းအားပါသုံး၍ဟောမှန်း တဖြည်းဖြည်းသိလာပါတော့သည်။ အင်္ဂလာအခါတိုင်နှင့်မခိုန်တော့။

ယခု -

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် အဓိဋ္ဌာန်ဝင်နေသည့်ရက်ဖြစ်သော်လည်း ဆရာဆန်း၏ဧည့်သည်များတဖြောက်ဖြောက်လာနေကြ၏။ ဆရာဆန်းဟောလျှင် ကျွန်ုပ်က ပညာရ၏။ ဘာမှန်းညာမှန်းမသိသော ဟောကိန်းများလည်းကြားရ၏။

သူတပည့်များ၊ မိတ်ဆွေများကို ဆရာဆန်းက အင်းအဆောင်များပေး၏။

(၉) ဆူ တန်ဆောင်းကြီးထဲတွင် ဆရာဆန်း၏တပည့်များ၊ မိတ်ဆွေများနှင့် စည်ကားနေတော့၏။

တစ်နေ့ -

ဆရာအရှင်သူမြတ်သည် အာနာပါနဗုဒ္ဓါနုဿတိဘာဝနာကို တပည့်များနှင့်အတူတူထိုင်ကြရန်ခေါ် သောကြောင့် ကျွန်ုပ်တို့လည်း ဆရာ့အနီးသို့ရောက်သွား၏။

နံနက်စာစားပြီးချိန် (၁၁) နာရီမှ စတင်၍ ဝင်လေအရှဴး ထွက်လေဟုဒ္ဓါမှတ်ပြီးထိုင်ဖြစ်ကြပါပြီ။

ထိုင်ကြသည်မှာ (၁၀၈) ပွဲများပူဇော်ထားသော မွှာရုံကြီးအတွင်းမှာဖြစ်၏။ စုပေါင်း၍ထိုင်ကြသည်မှာ လူ (၁၅၅) ယောက်၊ အယောက် (၂၀) ခန့်ဖြစ်၏။

ခြေနှစ်ဖက်ကို ထပ်မထားဘဲ ထောက်လျှောက်ထိုင်ဖြစ်ပါသည်။

လူသံများကြားနေရင်းမှပင် ထိုလူသံများမှာ ကျွန်ုပ်နှင့်မဆိုင်သလိုဖြစ်သွား၏။ နားထဲမှာကြားတော့နေပါသည်။ သို့သော် ဝေးနေသလို။

ခြေထောက်ကို တစ်ကြိမ်ဆန့်၍ ချက်ချင်းပြန်ကွေးလိုက်၏။

မည်မျှကြာသွားသည်မသိ -

မောင်းထုတော့မှ သတိပြန်လည်ထားလိုက်မိ၏။

ပခုံးကို တစ်စုံတစ်ယောက်လာထိကိုင်လိုက်မှမျက်လုံးဖွင့်လိုက်ရာ ပတ်ဝန်းကျင်တွင်မှောင်နေချေပြီ။ (၇)နာရီထိုးနေပြီဖြစ်၏။ (၇) နာရီခွဲလျှင် ဘုရားဝတ်ပြုကြရတော့မည်။ ပြီးလျှင် ဆရာအရှင်သူမြတ် တရားချီးမြှင့်တော့မည်ဖြစ်၍ မြင်ဆင်ကြရပေတော့မည်။

အကဲခတ်လိုက်၏။

ဆရာအရှင်သူမြတ်မှာထိုင်ရာမှ

www.burmeseclassic.com

www.burmeseclassic.com

ဆရာ့နောက်တွင် ကပ်ရက်ထိုင်နေသူမှာ ဆရာဆန်း။

ဆရာဆန်းနောက်ဘက်နားတွင် အခြားတစ်ဦးရှိပြီး သူနှင့် သုံးပေခန့် အကွာတွင်ထိုင်နေသူမှာ ကျွန်ုပ်ဖြစ်ပါသည်။

ဓမ္မာရုံကြီးအပြင်ဘက်တွင် ပရိသတ်မှာ တရှန်းရှန်းဖြစ်နေကြ၏။ ကျွန်ုပ်တို့ကို အထူးအဆန်းဝိုင်းကြည့်နေကြ၏။

"အဲဒါလေ မနက် (၁၁) နာရီထဲက စထိုင်တာ"

"ထကိုမထဘူး၊ တောက်လျှောက်ထိုင်ကြတာ"

"ထိုင်ခါစက အများကြီး။ ဆရာနောက်မှာ ဆန်ကာတင်ကျန်တာ အဲဒီသုံးယောက်ပဲဟေ့ ဒုံရော"

"ဟုတ်တယ် - လုံးဝမထကြဘူး၊ ငြိမ်နေတာပဲ"

"နောက်တစ်ခါနှိုးအတွက် မျိုးဆက်ရွှေးနေတာလားမသိဘူးနော်"

"ဒါဆရာနဲ့ထက်ကြပ်မကွာပါမယ့် သူတွေပေါ့နော်"

တစ်ယောက်တစ်မျိုးနှင့်ပြောသံများမှာ ဆူညံနေ၏။ ဆရာအရှင်သည် အောင်မြင်ထည်ဝါသောအသံနှင့် ဘုရားဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်လေရာ ကျွန်ုပ်လည်း ယခုမှပင် ပြင်ထိုင်ဖြစ်ပါတော့သည်။

သာဓုသုံးကြိမ်ခေါ်သံ ဘဝဂ်ညံသွားပြီဖြစ်၍ ဆရာရော ကျွန်ုပ်တို့ပါ မတ်တတ်ရပ်လိုက်၏။

ကျွန်ုပ်သည် လူအုပ်ကြားမှပင် ဖြတ်၍ (၉) ဆူတန်ဆောင်းကြီးထဲသို့ လျှောက်သွားရာ လူမှာယိုင်ထိုးယိုင်ထိုး တစ်ချက်ဖြစ်သွား၏။ဘေးနားတွင်ကြည့်နေကြသူများမှာ ရိုရိုကျိုးကျိုးနှင့် ဘေးဖယ်ပေးကြ၏။ အချို့က လက်အုပ်ချီကြ၏။

(၉) ဆူတန်ဆောင်းကြီးထဲရောက်သည်အထိ နောက်မှ လူလေးငါးဆယ်ယောက် ကျွန်ုပ်နောက်သို့လိုက်လာကြပြီး တန်ဆောင်းအပြင်မှရပ်ကြည့်နေကြ၏။

ကျွန်ုပ်လည်း ဘာမပြောညာမပြောလှဲအိပ်လိုက်ရပါတော့သည်။

"ဘသူတော်ကြီး"

"ဗျား"

"ဟိုရက်ကပျောက်နေတယ်နော်။ ဘယ်ရောက်နေလဲ"

"ဩော် - ဘုရားဖူးသွားနေတာပါ"

"ဘယ်ကိုလဲ"

"ဟိုးအထက်ဘက်ပါ။ အထက်မြန်မာပြည်ဘုရားဖူးသွားတာ"

ကျွန်ုပ်ကြောင်သွားပါသည်။

ဘသူတော်ကြီးကိုမတွေ့သည်မှာ သုံးရက်သာရှိသေးသည်။အထက်မြန်မာပြည်ဘုရားဖူးဘယ်လိုများသွားလိုက်ပါလိမ့်။

"ဘယ်ဘုရားတွေသွားဖူးတာလဲ"

"အိုး - အနဲ့ပေါ့။ အထက်မြန်မာပြည်မှာရှိတဲ့ တန်ခိုးကြီးဘုရားတွေအနဲ့လျှောက်ဖူးတာ"

"အဖော်တွေပါသေးလား"

"အို့ - တစ်ယောက်တည်းအဖော်မလိုဘူး။ ဘာလုပ်ဖို့လဲ၊ ဒုတ္ထပွားတယ်"

"ဗျာ"

"ဩော် - အဖော်ခေါ်သွားတယ်ဆိုတာ ဒုက္ခပွားတယ်"

ကျွန်ုပ် နားမလည်ပါ။

"ရှိတဲ့ဒုက္ခတောင် ငြိမ်းရာငြိမ်းကြောင်း၊ ချုပ်ရာချုပ်ကြောင်း မနည်းကျင့်နေကြရတာ၊ ဒုက္ခသာပွားနေလို့ကတော့..."

ထိုစကားပြောနေရင်းမှဘာမပြောညာမပြောနှင့် ဆတ်ခနဲထသွားပါတော့သည်။ ကျွန်ုပ်အထင် တစ်ခုခုသတိရသွားဟန်တူ၏။

အောင်ပွဲနဲ့။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် အာစရိယဆရာအရှင်သူမြတ်(၁၀၈) ပွဲများပူဇော်၍ အဓိဋ္ဌာန်ကြီးများဝင်ရာသို့ ကျွန်ုပ်တို့လိုက်ပါခဲ့ရသည်မှာ ယနေ့ (၉) ရက် ပြည့်မြောက်ပါပြီ။

(၉) ရက်အတွင်း နဝဂ်သီလနှင့် ပင် သစ်သီးအဓိဋ္ဌာန်ဝင်ဖြစ်၏။ ခပ်လွယ်လွယ်ဆိုရလျှင် မီးလွတ်အဓိဋ္ဌာန်ဖြစ်၏။

ဘိစိန်နှင့် ကျွန်ုပ် (၃) ရက်ပြည့်အောင် သစ်သီးအဓိဋ္ဌာန်အောင်ခဲ့ကြပါသည်။ ကျန်သောရက်များက ထမင်းဟင်းသက်သတ်လွတ်စား၏။

"ဟာ-ဘကြီး၊ ဒီနေ့မနက်အစောကြီးက ဘယ်မှမကြွဘူးလား"

ခေါင်းခါပြ၏။

"ဘကြီးကို တွေ့လိုက်ရတော့ ကျွန်တော်အံ့သြနေတယ်"

ပြုံးပြ၏။

ပြီးမှ ကျွန်ုပ်အား သူအနီးသို့လှမ်းခေါ်ပြီးထိုင်ခိုင်းထားပါသည်။ ကျွန်ုပ်က လည်း ဘုမသိဘမသိထိုင်နေ၏။ ဘကြီးသည် ဘယ်ကဘယ်လိုရှိနေမှန်းမသိရသော အဝတ်လွယ်အိတ်ကြီးထဲသို့ လက်နှိုက်လိုက်ပြီး မှိုင်းခဲစက္ကူအထပ်လိုက်ထုတ်လိုက်၏။ ခဲတံနှင့် ကတ်ကြေးသေးသေးလေးပါဆွဲထုတ်လိုက်၏။

ဘယ်သူမှမကြည့်။ ဘုရားရုပ်ပွားတော်မြတ်ကြီးအား ရှိသေစွာရှိခိုးလိုက်ပြီး မှိုင်းခဲစက္ကူတွင် ယခုပြသထားသော အင်းကိုဆွဲပါတော့သည်။ ကျွန်ုပ်သည် အင်းအကြောင်းမကျွမ်းကျင်၍ အခေါ် အဝေါ်မသိပါ။ စမလား၊ ကယ်ယယ်တ်လား၊ ဝခိုတ်လားမသိပါ။ ၎င်းကိုဖျတ်ခနဲဖျတ်ခနဲနှင့် (၉) ပုံဆွဲလိုက်ပြီး ကတ်ကြေးလေးနှင့်ဖြတ်၏။ ၎င်း(၉)ပုံကို သူ၏လက်နှစ်ဖက်ထဲထည့်ပြီး ဘုရားရှိခိုးနေပြန်ပါသည်။

ပြီးမှ ကျွန်ုပ်အား ရေတစ်ခွက်ခပ်ခိုင်းပြီး ၎င်းအင်းများကို တစ်ခုချင်းလုံးထည့်၍ ကျွန်ုပ်၏ပါးစပ်တွင်းသို့ ဘကြီးကိုယ်တိုင်ပစ်ထည့်ပါတော့သည်။

ကျွန်ုပ်မှာ ဘုမသိဘမသိနှင့် ပါးစပ်ဟထားလိုက်၊ တစ်လုံးဝင်လာလျှင် ရေနှင့်မျှောချလိုက်နှင့် (၉)ပုံလုံးပြီးသွားပါတော့သည်။ မှိုင်းခဲစက္ကူသည် သောက်မှီရသည်မှာသိပ်မလွယ်လှ။ ဟင်းတမှအဘဆရာကြီးဦးထွန်းရင် ဆယ်ဆူအင်းများတို့ကို၍သောက်ခဲ့ရစဉ်က ကြုံခဲ့ဖူးပါသည်။

ယခု ဘကြီးတိုက်သောအင်းမှာ ရှောရှောရှူရှူနှင့် အေးအေးဆေးဆေး အောက်ပြီးသားဖြစ်သွား၏။

ထူးတော့ထူး၏။

လူတစ်ကိုယ်လုံးအဖျားတက်လာသလို ချက်ချင်း ပူနွေးလာသလိုကြီးဖြစ်ပြီး ခေါင်းနားပန်းကြီးသလိုဖြစ်လာ၏။ အသက်ရှူမြန်လာသလိုဖြစ်လာ၏။ ပြန်အန်ထွက်ချေမလိုလို သူအလိုလိုပို့တက်လာသလိုဖြစ်လာပြန်ရာ ဘကြီးသည် ကျွန်ုပ်အားကြည့်၍ပြုံးရင်း သူ့တုန်ယင်နေသောညာဘက်လက်ဝါးကြီးနှင့် ကျွန်ုပ်၏ခေါင်းအားပွတ်ချလိုက်တော့သည်။

ဤအကြောင်းများကို အခန်းတွင်းဝယ် အဓိဋ္ဌာန်အတူဝင်နေကြသော သူငယ်ချင်းများက အရေးတယူမခံဂရုတစိုက်မကြည့်ကြ။ သူတို့အလုပ်သူတို့လုပ်နေကြပြီး သူတို့ကြည့်သည်များနှင့် သူတို့စကားလက်ဆုံကျနေကြ၏။

"ပြီးပြီ"

ဘကြီး၏နှုတ်မှ ဤတစ်ခွန်းသာပြောလိုက်ပြီး ဘုရားရှိခိုး၍ပုတီးစိပ်နေတော့၏။ သူ၏လည်ပင်းမှာအမြဲဆွဲထားသော ပုတီးအမည်းလုံးကြီးကို ကျွန်

www.burmeseclassic.com

www.burmeseclassic.com

သေချာကြည့်လိုက်၏။ ပွတ်လုံးနှင့်ပြုလုပ်ထားသည်မဟုတ်။ လက်နှင့်လုံးပ်ထားသောအလုံးများဖြစ်၏ ။ ပုတီးခေါင်းမှာပေါ် နေသောအရေးအကြောင်းများသည် စခပဝစမအက္ခရာများကို ရေးဆွဲထားသကဲ့သို့ဖြစ်နေ၏။ ပုတီးခေါင်းမှာ စေတီတစ်ဆူတည်ထားသလို စနစ်ကျပြီးလှပ၏။

ဘကြီးပုတီးစိပ်နေစဉ် ဘာမှန်းမသိရသောအနံ့တစ်မျိုး သင်းခနဲမွှေးသွား ပါသည်။

ဘကြီး ပုတီးစိပ်သည်မှာ မကြာပါ။ ကျွန်ုပ်ဘက်သို့ပြန်လှည့်ထိုင်ပြီး ပြုံးကြည့်နေပြန်၏။

"ဘကြီးပုတီးက လက်နဲ့လုံးထားသလိုပဲနော်"

"လက်နဲ့ပဲလုံးခဲ့တဲ့ပုတီးကွယ့်"

"ဟာ - အချိန်တော်တော်ယူရမှာနော်"

"အေး - (၉) လကြာခဲ့တယ်"

"ဗျာ-ပုတီးတစ်ကုံးအဲသလောက် တောင်မှကြာလား"

"(၉)နှစ်ကြာတဲ့ပုတီး မင်းမှမမြင်ဘူးဘဲ၊ မမြင်ဘူးရင်မငြင်းကောင်းဘူး"

"ဟုတ်ကဲ့-မငြင်းပါဘူး၊ အံ့ဩသွားတာပါ"

"ဒါ ငါ့အဘိုးရဲ့ပုတီးကွ။ အဘိုးကပန်းပေါင်းရှစ်သောင်းလေးထောင်ကိုကြိတ်၊ အလုံးလေးတွေလုပ်၊ အခြောက်ခံပြီး ကြေမသွားအောင်လုပ်ခဲ့တာ။ သူဟာအမိဌာန်ကြီးတွေဝင်ခဲ့တာ ဟိုးကလေးဘဝထဲက။ သူ့တပည့်တွေကိုလည်းလုံးခိုင်းတာပေါ့ကွယ်။ဒီပုတီးကြီးကသူ့ကိုယ်တိုင်လုံးတာ"

"မွေးသလိုလိုပဲနော် ဘကြီး"

ဘကြီးသည် ညာဘက်လက်တွင် တိုင်ထားသောပုတီးကို ကျွန်ုပ်၏နှာခေါင်းနားတိုးကပ်လိုက်၏။"စောစောကသင်းခနဲဖြစ်သွားသော ဘာမှန်းမသိရသည့်အနံ့လေးသင်းခနဲထွက်လာပြန်၏။ ကျွန်ုပ်တို့ကိုင်ကြည့်ခိုင်းသောကြောင့် ကျွန်ုပ်လည်း သေချာကိုင်ကြည့်ပါသည်။

"နှင့်နေ့တာပဲနော်"

"အေး"

"ဘကြီးပုတီးကို ကိုင်လိုက်ရတာ အားအင်တွေရောက်လာသလိုပဲ"

"ဟုတ်လား"

"ဟုတ်တယ် ဘကြီး၊ တစ်မျိုးပဲ ထွန်တော်မပြောတတ်လို့"

ပြုံးကြည့်နေပြန်၏။

ပြုံးကြည့်နေစဉ် ထမင်းဟင်းများ ရောက်လာပြီဖြစ်ရာ စားပွဲခင်းသူခင်းပြင်သူပြင်နှင့် ဘကြီးပါ ကျွန်ုပ်၏ဘေးဝင်ထိုင်လိုက်ပြီးစားပါတော့သည်။ ဘေးမှသူငယ်ချင်းများသည် စိတ်မဝင်စားသလိုနှင့်သတိမထားသလိုသူ့အလုပ်သူလုပ်နေကြ၏။ ဘကြီးမှာ နှာရည်မျှား၊ တံတွေးများတရွဲရွဲဖြစ်နေသောကြောင့် အတူစားကြသူများ ဘကြီးကိုရွံသွားကြမှာ ကျွန်ုပ်က တွေးပူနေမိ၏။

တစ်လုတ်၊ နှစ်လုတ်သာစားရသေး -

"ရော့"

ဘကြီးသည် သက်သတ်လွတ် ဟင်းခွက်များထဲမှ ဟင်းစုံစုထည့်၍နယ်ဖတ်ပြီး သူကတစ်လုတ်၊နှစ်လုတ်သာစားရင်း ကျွန်ုပ်၏ပန်းကန်ထဲအကုန်ထည့်ပါတော့သည်။ ကျွန်ုပ်လည်း ဘာမပြောညာမပြောနှင့် ကုန်အောင်စားလိုက်၏။

လက်ဆေးပြီးခဏထိုင်နေကြစဉ်-

"ငါနဲ့ကြဲတုန်း ငါပေးခဲ့ပြီးပြီ"

"ဟုတ်ကဲ့ - ဘကြီး"

"လူဆိုတာ သူဆုတောင်းနဲ့သူလာတာကွ"

"ဟုတ်ကဲ့၊ ဘကြီးအင်းတိုက်တာ ကျွန်တော်ကန်တော့ပါတယ်"

"အေးအေး - သာဓု သာဓု သာဓု။ အမှန်တာတော့ မင်းနဲ့ငါနဲ့ကကိုယ့်အလုပ်ကိုယ်လုပ်ကြတာပဲလေ။ ငါကလည်း မင်းကိုပညာပေးရမယ့်အလုပ်လာလုပ်သလို မင်းကလည်း သောက်ရမယ့်အလုပ် မင်းလုပ်တာပဲ မဆန်းပါဘူး။ ဒါသဘာဝကြီးပဲ။ မင်းအလုပ်မင်းလုပ်သလို ငါ့အလုပ် ငါလုပ်တာပဲ"

ဘာတွေပြောနေမှန်း သိပ်နားမလည်ပါ။ သို့သော် နားထောင်ကောင်း၍ နားထောင်နေလိုက်ပါသည်။

"အေး - ပေးတဲ့သူကပေးရင် ခံယူတဲ့သူက ခံနိုင်ရည်ရှိဖို့၊ ခံယူနိုင်ဖို့လိုတယ်။ ခြင်္သေ့ဆီက အိုးမှုတ်ခွက်နဲ့ခံလို့ မရဘူးလေ"

"ဟုတ်ကဲ့ - ဘကြီး"

"အေး - ကာမေသုမိစ္ဆာစာရကံနဲ့ သူရာမေရယက်ကို တစ်သက်လုံးထိန်းပါ။ ဘယ်အကြောင်းကြောင်းနဲ့မှမကျိုးမပေါက်ပါစေနဲ့"

ဆရာအရှင်သူမြတ် ဆေးပေါက်ပေးသည့်အခါ ထိန်းခဲ့ရသော ကံနှစ်ပါးဖြစ်ပါသည်။ ကျွန်ုပ်အတွက် မဆန်းတော့ပါ။

"ဟုတ်ကဲ့ - ဘကြီး"

"အေး - ငါသွားတော့မယ်"

"ကျွန်တော်. . . ကျွန်တော်ဘကြီးကို ဘာမှမကန်တော့လိုက်နိုင်တာ စိတ် . . . "

"အိုး - ငါမင်းဆီကလိုချင်လို့လာတာမှမဟုတ်တာ။ မင်းတို့ငါတို့ရဲ့ဆရာဆရာအောင်ရဲ့ပါရမီကိုငါလာဖြည့်တာကွ။ တို့ဆရာက အင်မတန်ထူးခြားတဲ့ပုဂ္ဂိုလ်ထူး"

"ဟုတ်ကဲ့ - ဘကြီး"

"အေး - မင်းကို ဆရာပညာပေးခါနီးပါပြီကွ၊ ဇွဲမလျှော့နဲ့နော်"

"ဟုတ်ကဲ့"

ကျွန်ုပ်၏ဟုတ်ကဲ့သည်အသံလိုင်းပြီးခါစရှိသေး ဆတ်ခနဲထ၍ အဝတ်လွယ်အိတ်ကြီးကိုကိုင်ရင်း (၉) ဆုတန်ဆောင်းကြီးထဲမှထွက်သွားပါတော့သည်။လှည့်၍ပင်မကြည့်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် (၁၀၈) ပွဲများလှူ၍ ဆရာအရှင်သူမြတ်အဓိဌာန်ဝင်စဉ်က ကျွန်ုပ်လည်း (၉) ရက်တိုင်တိုင်အဓိဌာန်ဝင်ဖြစ်ခဲ့ပါသည်။

ပြီးခါနီး (၃) ရက်သည် မီးလွတ်အဖြစ် သစ်သီးများကိုသာစား၍ အဓိဌာန်ဝင်ခဲ့ပါသည်။

ထိုသုံးရက်တွင် တတိယမြောက်ရက်အဓိဌာန်အောင်သောနေ့က ဘကြီးတိုက်ခဲ့သောအင်းကို ဗဟုသုတအဖြစ် ပြသလိုက်ပါသည်။



၎င်း (၂) အင်း ဖြစ်ပါသည်။

နှစ်ခုကိုမှတစ်ရွက်အဖြစ်သောက်မျိုခဲ့ရပါသည်။

ဘကြီးသည် တစ်အင်းဆွဲပုံနှင့် တစ်အင်းဆွဲပုံမတူပါ။ အထက်မှဆွဲခြင်းနှင့် အောက်မှဆွဲခြင်းကွာပါသည်။

ဘကြီးထွက်သွားပြီးသည်နှင့် ကျွန်ုပ်လည်း သူငယ်ချင်းများနှင့် စကားစမြည်ပြောဖြစ်၏။ ဆရာဆန်းကလည်း သူ၏မိတ်ဆွေများနှင့် စကားပြောနေ၏။

ဘကြီးအင်း(၉)ချပ်တိုက်ခဲ့ကြောင်းပြောပြရာ

ကျွန်ုပ်၏ သူငယ်ချင်းများက

www.burmeseclassic.com

www.burmeseclassic.com

ကြောင်တောင်တောင်နှင့်ကြည့်နေကြပါသည်။

"ဘယ်တုံးကတိုက်လိုက်တာလဲ"

ဟု မေးကြရာ ကျွန်ုပ်ဘာပြောရမှန်းမသိ။

"ခုပဲလေ၊ ထမင်းစားခင်ကလေ"

ဟု ပြောသောအခါ -

"ကိုမောင်ဇမောင်သန်းနဲ့အဲဒီဘကြီး ထိုင်စကားပြောနေကြတာတော့ သတိထားမိတယ်"

ဟုသာပြောကြ၏။

"တကယ်ကိုမမြင်ကြပါ"

ဟု သံပြိုင်ထွက်လာကြ၏။

"ဟာ - ခင်ဗျားတို့ဟာ မဟုတ်သေးဘူးနဲ့တူတယ်။ ဒီမှာပဲအင်းတွေဆွဲ၊ ဒီမှာပဲထိုင်တိုက်သွားတာ"

ဟု ပြောသောအခါ ကြိုးကြည့်ကြောင်ကြည့်နှင့် -

"အေး - ထိုင်စကားပြောနေတာတော့ သတိထားမိတယ်"

ဟုသာ တွင်တွင်ပြောနေကြပါသည်။

ကျွန်ုပ်သည် -

စိတ်မနှံ့သူမဟုတ်ပါ။

ခပ်ကြောင်ကြောင်လူတစ်ယောက်လည်းမဟုတ်ပါ။

(၉) ဆူ တန်ဆောင်းကြီးထဲတွင် ဤမျှထင်ထင်ရှားရှားအင်းချခြင်း၊ အင်းတိုက်ခြင်းများကိုမသိကြဟုဆိုသောအခါ ကျွန်ုပ်ပင်လျှင် ကြောင်တောင်တောင်ဖြစ်ချင်လာ၏။

(နောင်တစ်ချိန်တွင် ဆရာအရှင်သူမြတ်အား ဤအကြောင်းကိုပြောပြခဲ့ရာ ဆရာက -

"မင်းကလည်း နှုတ်ဝစီထိန်းမှပေါ့။ နေရာတကာ လျှောက်ပြောချင်နေလို့ ဘယ်လိုလုပ်ဖြစ်မလဲ။ ပြောသင့်တာဆိုပြော၊ မပြောသင့်တာကျမပြောရဘူးလေကွယ်။ သန့်ဇင်ဆာဒူးဘာဘာကြီး မင်းကို လေဆင်နာမောင်းဘေးကကယ်လိုက်တုန်းကလည်း မင်းဒီလိုပဲဟောင်ဖွာဟောင်ဖွာလျှောက်ပြောတာဆူခံခဲ့ရပြီးပြီမို့လား။ သူတော်ကောင်းအကျင့်ကျင့်နေကြသူတွေက စကားကို အပိုမပြောသလို အလိုပြောရင်လည်းမကြိုက်ကြဘူး"

ဟု အေးဆေးညင်သာစွာဆုံးမခဲ့ပါသည်။ ထိုနေ့မှစ၍ အလွန်ထူးဆန်းလှသောအကြောင်းအရာများနှင့်ကြုံရတိုင်း ပုဂ္ဂိုလ်ထူးများကိုဖူးရတိုင်း ကျွန်ုပ် လုံးဝမဟဲရဲတော့ပါဘေ။)

"မောင်မောင်သန်း"

"ဗျာ - ဆရာ"

"အေး - မင်းနဲ့ဘိုစိန်နဲ့နှစ်ယောက်ကလောသလိုက်ရမယ်"

"ဗျာ"

"ဘိုစိန်ကြီးနဲ့မင်း ကလောသလိုက်ရမယ် ဒီတစ်ခေါက်"

"ဟုတ်ကဲ့"

"အရေးကြီးတဲ့အခေါက်ဖြစ်နေလို့ ငါလူရွေးခေါ်တာကြားလား"

"ဟုတ်ကဲ့"

"အေး - ဖြစ်မနေလိုက်ခဲ့ရမယ်။ ဘိုစိန့်ကိုပြောလိုက်"

"ဟုတ်ကဲ့"

ဒေါ်အေးသိန်းအိမ်ရှိ ဆရာဓာတ်ခန်းအဝ လေကားထိပ်ကနေ လေ့ကားရင်းသို့ မည်သို့ရောက်သွားမှန်းမသိ။ ဝမ်းသာလိုက်သည်ဖြစ်ခြင်း။ ဆရာအရှင် သူမြတ် ကလောသတောင်တွင်အဓိဋ္ဌာန်စဝင်ကတည်းက လိုက်ချင်လိုက်သမ္မ ဆရာမခေါ်၍ လိုက်မည်မပြောရဲခဲ့။ ယခုမှ ဆန္ဒပြည့်ပါပြီ။ ဤတောင်၏နာမည်ကို စတင်ကြားသည့်နေ့က ဘာဖြစ်မှန်းမသိ။ လွမ်းသလိုလို ဆွေးသလိုလိုနှင့် ထိန်းမနိုင်သိမ်းမရ မျက်ရည်ပေါက်ပေါက်ကျခဲ့ရပါသည်။ ဘာကြောင့်မှန်းမသိခဲ့ပါ။ ယခု ဤတောင်တော်ကိုလိုက်ခွင့်ရပါပြီ။

အမေ၊ သားနဲ့ဘိုစိန်ကို ဆရာက ကလောသလိုက်ခဲ့ရမယ်တဲ့"

"ဟုတ်လား၊ အေး - ကောင်းတာပေါ့ သား"

"လူရွေးခေါ်တာသိလား။ သားနဲ့ဘိုစိန်ကြီးကလည်း ရွှေဘုန်းပွင့် (၁၀၈) ပွဲမှာ မီးလွတ်ပါစားပြီးကျင့်ခဲ့ကြလို့လား မသိဘူး။ ခုလူရွေးခေါ်တဲ့အထဲပါပြီ"

"အေး - သားက အကျင့်စရာအားကောင်းတာကိုး။ ဒီလိုပုဂ္ဂိုလ်ထူးတွေက အကျင့်ကျင့်မှသဘောကျတာ။ ငါ့သားကံထူးတာပဲ။ ကိုယ့်ဟာကိုယ်သွားရင်တောင်ရောက်ဖို့မလွယ်ဘူး။ သွားသာသွား၊ ဟိုကျ ဘုရားဖူးပြီးရင် မင်းဦးကြီးနဲ့ မင်းကြီးတော်ကိုလည်း အမျှဝေ၊ မေတ္တာပို့ဖို့မမေ့နဲ့ဦး"

အမေ့မျက်နှာကို ဆတ်ခနဲကြည့်လိုက်ပါသည်။

အမေကတော့ ပြုံး၍ပြောနေပါသည်။ ကျွန်ုပ်၏ စိတ်ထဲတွင် -

'အမေကလည်း၊ ဒီဘဝမှာ သားနဲ့သမီးရှိနေတာတောင် မိုဘက်ဘဝသံယောဇဉ်တွေကကြီးလိုက်တာ'

ဟု စဉ်းစားနေမိ၏။ သို့သော် အမေ့ကိုမပြောရက်ပါ။

"ဟုတ်ကဲ့ပါ"

ဟုသာပြောလိုက်၏။

"သားတို့ ရွှေဘုန်းပွင့်စေတီကြီးမှာ (၁၀၈)ပွဲနဲ့အဓိဋ္ဌာန်လိုက်ဝင်ရတုန်းက နေ့ခင်း(၁၁)နာရီကနေ တရားထိုင်တာ ည (၇) နာရီထိုးမထတမ်းပဲ အမေ"

"ဟယ် - ဟုတ်လား။ ဩော် - ဒါကြောင့်လည်း ဆရာက အရေးတကြီး ခရီးတွေ့မှာခေါ်တာကိုး။ လူရွေးခေါ်တဲ့အထဲပါဖို့ မလွယ်ဘူး သား။ ဟိုကျသွားရင်းလာရင်း ဝေဘူဝေဘာတောင်ကိုလည်းမှန်းပြီး မေတ္တာပို့ဦးနော်"

အမေသည် စကားမစလိုက်နှင့် စလိုက်လျှင် သိုက်ကိစ္စများကိုပြော၍ မပြီးတော့။

ကျွန်ုပ်က အမေ့ကို ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းချမ်းသာသာနေစေချင်ပါသည်။ ထို့ကြောင့် နှုတ်ဆိတ်နေလိုက်ပါတော့သည်။

ထိုနေ့ ညနေ -

"ဘိုစိန်"

အန်"

"တို့နှစ်ယောက် ဆရာဒီတစ်ခေါက် ကလောသတောင်သွားမှာလိုက်ခဲ့ရမယ်တဲ့။ ဆရာကိုယ်တိုင်အမိန့်ချတာ"

"ဟာ - လိုက်တာပေါ့။ ပြီးပြီပြီးပြီ"

❑ ကလောသတောင်တော်ခရီး ❑

ဘုရားရှိခိုးပြီး -

အမေ့ကို ကန်တော့လိုက်သည်။

"အေး - ငါ့သားလေး မြတ်တဲ့ခရီးတွေ့လိုက်ရပြီ၊ အမေဝမ်းသာတယ်။ ဆရာ့အရိပ်တကြည့်ကြည့်နေနော်။ ဆရာခိုင်းခိုင်း၊ မခိုင်းခိုင်း သားလုပ်နိုင်တာမှန်သမျှ သိမ်းကျုံးလုပ်၊ ကုသိုလ်ယူ"

"ဟုတ်ကဲ့"

❑

ဆရာအရှင်သူမြတ်၏လမ်းညွှန်မှုဖြင့် စင်းလုံးငှားထားသော ဘတ်(စ်)ကားကြီးသည် နံနက်စောစောအချိန် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးရှေ့မှစတင်ထွက်ခွာပါပြီ။

ကားကြီးပေါ်တွင် ကလောသတောင်ရှိ ဆံတော်ရှင် ကလောသစေတီတော်ကြီး၏အရံစေတီတော်နှစ်ဆူတည်ရန်အတွက်နှင့် ကထိန်အလှူအတွက် ပစ္စည်းများ၊ ထုံးအိတ်များ၊ ဘိလပ်မြေ

www.burmeseclassic.com

www.burmeseclassic.com

အိတ်များနှင့် အခြားပစ္စည်းများစုံအောင်ပါလာ၏။

ကျွန်ုပ်နှင့် ဘိုစိန်ကြီးသည် မျော်လွန်း၍ ဟိုကြည့်ဒီကြည့်ကြ၊ စကားတွေပြောကြနှင့်လိုက်ပါလာ၏။ ကျွန်ုပ်တို့ဘေးတွင် အလွန်ပေါ့ပါးသွက်လက်သော ဆရာ့စာပည့်ရင်း မောင်ကြည်ဝေလည်းပါလာ၏။ မောင်ကြည်ဝေသည် ဆရာ့အရိပ်ကိုအလွန်ကြည့်၏။ ဆရာ့ကို အလွန်အလိုက်သိ၏။ ဧည့်ပရိသတ်များလွန်းလျှင် သူ၏ စနစ်တကျစီစဉ်မှုဖြင့် ဆရာ့အား ဝင်ကန်တော့ကြရ၏။ ယခုသူလည်းပါလာပြီး စကားတဖောင်ဖောင်နှင့် -

ပတ်ဝန်းကျင်မြင့်ကွင်းနှင့် ခရီးသွားရသည်မှာ လန်းဆန်းပြီး ဘာနှင့်မှမတူ။

ပဲခူးမြို့ကြီးအဝင်တွင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဦးတိုက်ကြပါသည်။

ဆရာအရှင်သူမြတ်သည် ကျွန်ုပ်တို့စီးလာသော ဘတ်(စ်)ကားကြီးနှင့်မစီးပါ။ ကားကြီးရှေ့မှ ကျစ်ကားနှင့်ဖြစ်၏။ ကျစ်ကားပေါ်တွင် ရွှေဘုန်းပွင့်ဆရာတော်ကြီး၊ ဆိပ်ကြီးဆရာတော်၊ တောင်စွန်းကျောက်ဝိုင်းဆရာတော်၊ ရေတံခွန်ဆရာတော်ကြီးများပါ လိုက်ပါလာကြ၏။

သွားရင်းနှင့် -

စစ်တောင်းတံတားကြီးကို ဖြတ်ကျော် မောင်းနှင်ပြီး သိမ်ဇရပ်အလွန် မုပ္ပလင်ရောက်ခါနီးတွင် ရှေ့မှကျစ်ကားရပ်လိုက်ပြီး ဆရာအရှင်သူမြတ်ဆင်းလာပါသည်။ ကျွန်ုပ်တို့လည်း သတိထားကြည့်နေစဉ် ဆရာအရှင်သူမြတ်သည် ဘတ်(စ်)ကားကြီးပေါ် တက်လာပြီး ရှေ့ခန်းတွင်ထိုင်ရင်း ဒရိုင်ဘာကိုဆက်မောင်းခိုင်းတော့၏။

"ဘိုစိန်"

"အန်"

"ဆရာကျစ်ကားပေါ် ကနေဆင်းပြီး ရပ်ကျန်ခဲ့တယ်နော်။ ပြီးတော့ တို့ကားကိုထားပြီးတက်စီးတယ်။ တစ်မျိုးပဲ၊ သတိထားမိလား"

"ကိုယ်လည်း မောင်ရင့်လိုပဲ သတိထားနေတာ"

ဘိုစိန်နှင့်စကားပြောနေစဉ် -

"ကဲ - အပေါက်ဝမှာတစ်ယောက်မှမနေကြနဲ့။ အထဲကိုဝင်စီးကြ။ ကိုယ့်ရှေ့မှာရှိတဲ့ လက်တန်းတွေကိုကိုင်ထားပြီး သတိနဲ့လိုက်ကြ။ မင်းကားကိုသေချာစစ်ခဲ့ရဲ့လား"

"ကားကောင်းပါတယ်။ သေချာစစ်ဆေးပြီးမှ ခရီးထွက်လာခဲ့တာပါ"

ယာဉ်မောင်းကို ပြောလိုက်ရာ ယာဉ်မောင်းမှ ရိုသေစွာ ပြန်ပြောပါသည်။ ဆရာအရှင်၏ စကားကြောင့် တွယ်လိုက်လာသော မောင်ကြည်ဝေလည်း ဘီလပ်မြေအိတ်များပေါ် အိပ်၍ လိုက်လာတော့၏။

"ကဲ - အားလုံး နမော်တဿ (၃) ကြိမ်ရွတ်ကြစမ်း။ ပြီးရင် ၂၄-ပစ္စည်းတစ်ခေါက်ရွတ်ကြ။ ပြီးရင်မြတ်စွာဘုရား ရဲ့ဂုဏ်တော်တွေကို အရမ်းကစပြီး ဘဂဝါအထိရွတ်ကြရမယ်။ ငါမရပ်ခိုင်းမခွင်းမရပ်ရဘူး။ တစ်ယောက်မကျန်ဆို"

ကျွန်ုပ်နှင့်ဘိုစိန်သည် ဆရာ့စကားပြီးသည်နှင့် တစ်ခုခုပဲဟုစဉ်းစားလိုက်ကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ စတင်ရွတ်တော့၏။

မိနစ် (၂၀) ခန့်အကြာ -

"ဟေ့ - ကားဆရာ သတိထား သတိထား၊ စီယာတိုင်နိုင်အောင်ထိန်း"

နှုတ်ကသာပြောနေသည်။ ဆရာအရှင်၏ မျက်လုံးများမှာမှိတ်လျက်။ စောစောကလည်း မျက်စိမှိတ်ရွတ်နေသည်။ အခုလည်း မျက်စိမှိတ်ရက်ကနေပြောသည်။ ဘာသဘောလဲမသိဟု ဘေးသို့ကြည့်လိုက်ရာ ကားရှေ့ညာဘက်ရှေ့ဘီးကျွတ်ထွက်သွားပြီး လမ်းဘေးသို့လိမ့်ဆင်းသွားသည်ကို တွေ့ရပါတော့သည်။ ကားမှာ ယမ်းခါလျက်ဆက်သွားနေ၏။

"ဟာ - ဟိုဒင်း ကားမောင်းတဲ့ဦး . . . "

ကျွန်ုပ် အလန့်တကြားအော်သံမှ မဆုံးခင် ကားကြီးသည် မြောင်းကူးတံတားတစ်ခုကိုကျော်၍ လမ်းဘေးသို့ထိုးကျတိမ်းမှောက်သွားပါတော့သည်။

ဝုန်းဒိုင်းကြဲနေသော အသံများနှင့် ဘာမှန်းမသိရသောအဖြစ်များဖြစ်သွားပြီး မှောင်အတိကျသွားပါတော့သည်။ လူသံများတစ်စတစ်စမြန်ကြားရပြီး ကိုယ်ပေါ် တွင်ပိုနေသောထုံးအိတ်များ၊ ဘီလပ်မြေအိတ်များ အတင်းမ,အတင်းဆွဲပြီး အောက်ဆုံးတွင် ဝိနေသော ဘိုစိန်ကြီးကို ဆွဲထုလိုက်၏။ ဘိုစိန်လည်းဘာဖြစ်လို့ဖြစ်မှန်းမသိသော ကြောင်တောင်တောင်နှင့်ဟိုကြည့်ဒီကြည့် ထလာ၏။

"ဆရာ"

ကျွန်ုပ်၏နှုတ်မှလွတ်ခနဲထွက်သွားပြီး ကားထဲမှ ချက်ချင်းခုန်ထွက်၍ ကားပတ်လည်ဘေးဘီကို ပြေးရှာလိုက်ရာ ခပ်လှမ်းလှမ်း သစ်ပင်ရိပ်တွင် ကြေးတောင်ဝေးကိုကိုင်၍ မျက်လုံးမှိတ်ရက် ဂုဏ်တော်များရွတ်ပွားနေသော ဆရာအရှင်ကိုတွေ့လိုက်တော့မှ ရင်ထဲမှအလုံးကြီးကျသွားပြီး ဆရာ့ကိုထိုင်ကန်တော့လိုက်ပါသည်။

"အေး - ငါဘာမှမဖြစ်ဘူး။ မင်းတို့ကို ငါတဘာလုပ်နေကြတာလဲ၊ အိပ်နေကြတာလားဆိုပြီး ငါ့တောင်ဝေးနဲ့ကားကို တဒုန်းဒုန်းလှည့်ပတ်ထုနေတာ"

"အသေအပျောက်လည်း မရှိပါဘူး။ ကြီးကြီးကျယ်ကျယ်ထိခိုက်ဒဏ်ရာလည်း တစ်ယောက်မှမဖြစ်ပါဘူး။ ဒေါ် တင်ကြည်သာ နဖူးလေးနည်းနည်းပေါက်သွားရုံလေးပါ"

"အေး - ကောင်းပြီ၊ ဝေယျာဝစ္စအတွက်ပဲလာတဲ့ကြိုးတွေ . ကားထဲကထုတ်၊ ကားကိုချည်၊ လူအားနဲ့ဆွဲလှည့်"

ဆရာအရှင်၏အမိန့်အတိုင်းပြုလုပ်ကြရာ မကြာခင်မှာပင် ကြိုးနှင့်ဆွဲလှန်အပြီး ကားမှာပြန်တည့်မတ်သွားပါတော့သည်။ ရွှေဘီးတစ်ခုသာလွတ်လျက်။

"ကဲ - နားနေကြ၊ တို့ကိုကူညီမယ့်ကားလာလိမ့်မယ်"

ဆရာအရှင်သည် ခပ်အေးအေးပင်ပြောနေပြန်၏။

မကြာပါ။

စိတ်ထင် (၁၀) မိနစ်မျှပင်မကြာပါ။

စစ်ကားတစ်စီး ရောက်လာပါသည်။ ကျွန်ုပ်တို့နားနေရာ ဘတ်(စ်)ကားကြီးဘေးနားအရောက် အရှိန်သတ်လိုက်ပြီး ဆရာအရှင်သူမြတ်ကို အကျိုးအကြောင်း လျှောက်ထား မေးမြန်းနေပါသည်။ မေးမြန်းလျှောက်ထားနေသော ဝိုလ်ကြီးသည် ချက်ချင်း အကူအညီပေး၏။ ဆရာအရှင်၏အကူအညီတောင်းမှုအပြီး မိနစ်မျှပင်မဆိုင်း လူတွေရော ပစ္စည်းတွေပါယူစေပြီး ချက်ချင်းကူညီပို့ဆောင်ပေးသဖြင့် ကျိုက်ထိုသို့ ချောမောစွာ ရောက်လာခဲ့ကြရပါတော့သည်။

(ရွှေလဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးလေသား)

www.burmeseclassic.com

www.burmeseclassic.com

ပြည်ပြမြန်မာ၏ ၂၀၁၆ ခုနှစ်၊ မကာရရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
(၁၅-၁-၂၀၁၆) မှ (၁၂-၂-၂၀၁၆) နေ့အထိ







သာယနစနစ်ဇာထာခွင်များ







နိယာနစနစ်ဇာထာခွင်များ

၁၅-၁-၂၀၁၆နေ့နံနက် ၂း၁၁း၅၇ နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် မကာရရာသီသို့ဝင်ရောက်ချိန်၌ ဥဒယလင်္ဂသည် သာယနဇာတာခွင်မှာ ပြိုင်္ဘာရာသီ (၂၁) ဒီဂရီ၊ (၀၉) မိနစ်ဝယ်၊ နိယာနဇာတာခွင်မှာ တူရာသီ(၂၇)ဒီဂရီ (၁၀) မိနစ်ဝယ် ထွက်ပေါ်သည်။ ၎င်းသည် ၂၀၁၆ ခုနှစ် မကာရရာသီ စူဠသင်္ကြန်ဇာတာခွင်ပင် ဖြစ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ကြာသပတေးဂြိုဟ်နှင့် ရာဟုဂြိုဟ်တို့ (၁) ဒီဂရီအတွင်း၊ တနင်္လာဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့ (၃) ဒီဂရီအတွင်း ပူးယှဉ်လျက်၊ ကြာသပတေးဂြိုဟ်နှင့် တနင်္လာဂြိုဟ်တို့သည် (၁၈၀) ဒီဂရီအတွင်း ဝိသမအထူးမြင်နေကြသည်။ ပြီး-ဗုဒ္ဓဟူးဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်တို့သည် (၂) ဒီဂရီအတွင်းပူးယှဉ်နေရုံသာမက ဗုဒ္ဓဟူးဂြိုဟ်သည် ပလူတိုဂြိုဟ်နှင့် (၈) ဒီဂရီအတွင်း ပူးယှဉ်လျက်ရှိသည်။ နောက် ကြာသပတေးဂြိုဟ်သည် သောကြာဂြိုဟ်နှင့်(၉၀) ဒီဂရီအမြင်၊ သောကြာဂြိုဟ်က တနင်္လာဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေနပ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က တနင်္လာဂြိုဟ်ကို (၁၂၀)ဒီဂရီအမြင်၊ အင်္ဂါဂြိုဟ်က နက်ပကျွန်းဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ စနေဂြိုဟ်က ယူရေနပ်ဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်ဖြင့် မြင်ထားကြပါသည်။

အဆိုပါတို့ကို အနှစ်ချုပ်၍လိုရင်းဆိုရလျှင် အစိုးရထဲ၌ ပြုပြင်ပြောင်းလဲမှုများရှိမည်။ အစိုးရပေါ်၌ ပြစ်တင်ဝေဖန်မှုများ ပိုအားကြီးလာမည်။ လွှတ်တော်ဆိုင်ရာတွင် ပုံမှန်လှုပ်ရှားမှုတချို့ အခက်အခဲတွေ့မည်။ ဖိအားပေးခံရမှု၊ ထိုးနှက်ခံရမှုများရှိမည်။ နိုင်ငံတကာဆက်ဆံရေး၌ မပြေမပြစ်ရှိမည်။ ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ ဥပဒေပြုပြင်ရေးနှင့်ပတ်သက်၍ အငြင်းပွားရမှုများရှိမည်။ အတိုက်အခံများ၊ တက်ကြွလှုပ်ရှားသူများ၏ ဇောဒကတက်မှုကိုခံရမှုရှိသလို အပြန်အလှန်အားဖြင့် သူတို့အပေါ် ၌လည်း မရိုးမဖြောင့်စွာ တိုက်ခိုက်မှု၊ ဖိအားပေးခံရမှုများလည်း ဖြစ်ပေါ်တတ်မည်။

အလုပ်သမား၊ လယ်သမား၊ အခြေခံလူတန်းစားတို့နှင့်နီးနွယ်နေသော ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှု၊ ကန့်သတ်နှိပ်ကွပ်မှုတို့ကြောင့် အကျယ်ကျယ် မငြိမ်းဖွယ်ဖြစ်တတ်မည်။ ရွှေ့ပြောင်းနေထိုင်သူများကိစ္စ၊ ရွှေ့ပြောင်းလုပ်သားများကိစ္စ၊ ဘေးသင့်ဒုက္ခသည်များကိစ္စ၊ နယ်စပ်လုံခြုံရေးကိစ္စ၊ ပရဟိတအဖွဲ့၊ လူမှုရေးအဖွဲ့၊ NGO၊ NGOတို့နှင့်ဆက်နွယ်နေသော မနိုးဖြောင့်မှုများ၊ အလွဲသုံးစားမှုများ၊ မကျွမ်းကျင်မှုများ၊ အသုံးချခံရမှုများ၊ ရာဇဝတ်ပြစ်မှုမကင်းမှုများကြောင့် မလိုလားအပ်သော ပြဿနာများပေါ်ပေါက်တတ်မည်။ နိုင်ငံခြားဆိုင်ရာနှင့် ပတ်သက်နေလျှင် ပို၍ဆိုးတတ်မည်။

ကုန်သွယ်ရေး၊ အခွန်အကောက်ငွေကြေးစီမံမှုနှင့်စပ်လျဉ်းလျှင် ထိပါးခံရမှုများ၊ အနာတခြားဆေးတခြားဖြစ်မည်။ သောင်မတင်ရေမကျဖြစ်နေမည်။ တရားစီရင်ရေး၊ ဥပဒေပြုပြင်ရေး၊ ဘာသာရေး ပညာရေးကိစ္စနှင့်ပတ်သက်၍ အငြင်းပွားရမှု၊ ဝေဖန်ရွတ်ချခံရမှုများရှိမည်။ အငြိမ်ယာမြေ၊ လယ်ယာမြေ၊ သတ္တုကုမ္ပဏီ

www.burmeseclassic.com

www.burmeseclassic.com

(၃၂၄) ကြေမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပြီ ဖြစ်ပါသည်။

တနင်္ဂနွေသားသမီးတို့သည်

ဒီဇင်ဘာလ ၈၊ ၁၂၊ ၁၆၊ ၂၂၊ ၂၆ ရက်နေ့များမှာ ထီထိုးပါ။

ရွှေဘွဲ့တော်ရှိသော ဘုရားစေတီတစ်ဆူဆူသို့သွားပါ။

မည်သည့်ပန်းမဆို ပန်းပေါင်းစုံ (၉) မျိုးနှင့် ဘုရားရှင်အား ပူဇော်ပါ။ သစ္စာတစ်ခုခုပြုလိုက်ပါ။ အပြန်မှာ ထီထိုးပါ။

ဇန်နဝါရီလတွင် ၃၊ ၅၊ ၆၊ ၂ ဂဏန်းများနှင့်ကံစမ်းနေပါသည်။

တနလာသားသမီးတို့သည်

ဒီဇင်ဘာလ ၁၀၊ ၁၃၊ ၁၇၊ ၂၃ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ တနလာထောင့်ရှိ ဘုရားရုပ်ပွားတော်အား ကျောက်ကျောဆွမ်းများနှင့် တပ်လှူပူဇော်ပါ။ ဘုရားဝတ်ပြုပါ။ ဘုရားဝတ်ပြုပြီးသည်နှင့် ဦးဆုံး အနီးအနားသို့ရောက်လာသူသည် ငွေစကား (သို့) မင်္ဂလာစကားတစ်ခုခုပြောလိုက်သံ၊ ပြောသွားသံကြားပြီဆိုသည်နှင့် ထီထိုးပါလေ။

ဇန်နဝါရီလတွင် ၃၊ ၄၊ ၁ ဂဏန်းများနှင့် ကံစမ်းပါသည်။

အင်္ဂါသားသမီးတို့သည်

ဒီဇင်ဘာလ ၁၁၊ ၁၄၊ ၁၈၊ ၂၄ ရက်များမှာ ထီထိုးပါ။

အိမ်နှင့်နီးသော ဘုရားတစ်ဆူဆူသို့ ခြေကျင်သွားပါ။ ဘုရားရောက်လျှင် ရုပ်ပွားတော်တစ်ဆူဆူအား ရွှေပြားသင်္ကန်းကပ်လှူပူဇော်ပါ။ ခက်ခဲနိုင်သော နေရာများတွင် ရုပ်ပွားတော်အား ရွှက်လှည့်ခွန်များနှင့် ကပ်လှူပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဇန်နဝါရီလတွင် ၅၊ ၂၊ ၉၊ ၆ ဂဏန်းများနှင့်ကံစမ်းပါသည်။

ဗုဒ္ဓဟူးသားသမီးတို့သည်

ဒီဇင်ဘာလ ၁၂၊ ၁၅၊ ၂၅ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ရွှေရင်အေးနှင့် ဆွမ်းတော် မကြာမကြာ ကပ်လှူပါ။ ရအောင်ဝယ်ပြီးဖြစ်အောင်ကပ်လှူပါ။ (၉)ကြိမ်ကပ်လှူပြီးလျှင် ထီထိုးပါလေ။

ဇန်နဝါရီလတွင် ၃၊ ၄၊ ၈၊ ၆ ဂဏန်းများနှင့်ကံစမ်းသည်။

ကြာသပတေးသားသမီးတို့သည်

ဒီဇင်ဘာလ ၁၃၊ ၁၆၊ ၁၉၊ ၂၆ ရက်များမှာ ထီထိုးပါ။

အိမ်ဌာနတစ်ခုခုကို (၉) ရက်ဝင်လိုက်ပါ။ ၎င်း (၉) ရက်အတွင်း သူငယ်ချင်းမိတ်ဆွေတစ်ဦးဦးက မင်္ဂလာကိစ္စတစ်ခုခုသွားရန် ပြောသံကြားလိုက်သည်နှင့်ထိုးပါ။

ဇန်နဝါရီလတွင် (၅၊ ၂၊ ၉၊ ၁) ဂဏန်းများနှင့်ကံစမ်းသည်။

သောကြာသားသမီးတို့သည်

ဒီဇင်ဘာလ ၁၀၊ ၁၄၊ ၂၀၊ ၂၇ ရက်များမှာ ထီထိုးပါ။

ယခုလတွင် အားရက်တစ်ရက်နှင့် ထီထိုးရန်ရက်တစ်ရက်ကို ရွေးလိုက်ပါ။ ထိုနေ့တွင် ဘုရား (၅) ဆူပြည့်အောင် လှည့်လည်ဖူးမြော်ပါ။ ပန်း၊ ဆီမီး၊ ရေ ချမ်းလှူချင်တာလှူ၍ရပါသည်။ အပြန်ကျမှ ထီထိုးပါ။

ဇန်နဝါရီလတွင် ၃၊ ၆၊ ၇၊ ၅ ဂဏန်းများကံစမ်းပါသည်။

စနေသားသမီးတို့သည်

ဒီဇင်ဘာလတွင် ၁၁၊ ၁၅၊ ၁၈၊ ၂၁၊ ၂၈ ရက်များမှာ ထီထိုးပါ။

ယခုလတွင် (၉) ရက်တိတိ အဓိဋ္ဌာန်ပုဂံစီပါ။ (၉) ရက်ပြည့်ပြီး လျှင်ထီထိုးပါ။

ဇန်နဝါရီလတွင် ၅၊ ၄၊ ၈၊ ၁ ဂဏန်းများ ကံစမ်းပါသည်။

ဒီဇင်ဘာလ ၁၄ ရက်၊ တနလာနေ့တွင် (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးကြပါ။ ၎င်းနေ့ ထီထိုးဖြစ်လျှင် ၁၊ ၄ ဂဏန်းမပါပါအောင်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

မြေ၊ သစ်တောမြေ စသော မြေယာနှင့် စပ်လျဉ်း၍ အချုပ်အရှင်းများ၊ ပြဿနာများ ရှင်းလေ့ရှိနေမည်။

ပညာရေးဆိုင်ရာ၊ အပျော်အပါး ဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ နေရာဌာနတို့တွင် မတော်တဆထိခိုက်မှုများရှိမည်။ ပညာရေးနှင့်ဆိုင်သော၊ လူငယ်များနှင့် ဆိုင်သော အဖွဲ့အစည်းများအတွက် စိတ်မချမ်းမြေ့စရာဖြစ်မည်။ ကလေးသူငယ်၊ အမျိုးသမီးများနှင့် ပတ်သက်သော ရာဇဝတ်မှုခင်းများ လျှောချလေ့ မြင့်လေ့ရှိနေမည်။

စာနယ်ဇင်းလောက၊ မိဒီယာလောကဆိုင်ရာများ၌ အငြင်းပွားမှု၊ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှုရှိနေဦးမည်။ ဆက်သွယ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားရေးလုပ်ငန်း၊ တစ်ဖက်နိုင်ငံတို့နှင့်ဆက်ဆံရေးကိစ္စတို့၌ မလိုလားအပ်သော ပြဿနာများပေါ် တတ်မည်။ စာနယ်ဇင်းလောက၊ မိဒီယာလောက၊ နိုင်ငံရေးလောကတို့နှင့် နီးနွယ်နေသော ပုဂ္ဂိုလ်တစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။ အနုပညာလောက၌ တိုးတက်မှုရှိသော်လည်း မကောင်းသတင်းများလည်းထွက်နေမည်။ အနုပညာလောကမှ ထင်ရှားသူတစ်ဦးအတွက် ဝမ်းနည်းရတတ်မည်။

ရာသီဥတု ပုံမှန်မဟုတ်နိုင်သေး။ ရေဘေးအန္တရာယ်တွေ့နိုင်သေးသည်။ ရေကြီးခြင်း၊ ရေရှားခြင်းတို့ကြုံရမည်။

မင်းခိုနိုန်အောင်

www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ဆရာမင်းပြည့်၊ ဒါလေးတော့ကြိုက်မယ်ထင်ပါတယ်"

လှပတဲ့ စပို့ရှပ်အဖြူရောင်လေးကို လှမ်းပေးရင်းပြောလိုက်တဲ့အသံ။ ရင်းရင်းနှီးနှီးသိတယ်။ လာတာသိပ်မကြာသေးဘူး။ အလွန်ဆုံး တစ်လကျော်ပဲ။

"ဘာတွေကြည့်နေတာလဲ"

"ဟုတ်ကဲ့-အစ်မကြီးဘာပြောမလဲလို့ကြည့်နေတာပါ"

"ဆရာ့အစ်ကို (သူယောကျ်ားကို ပြောတာပါ) သတော်တက်သွားပြီလေ"

"ဟုတ်လား၊ ဟုတ်ကဲ့ - အစ်မဝမ်းသာပါတယ်"

"အဲဒါ ဆရာ့ကိုကျေးဇူးတင်လို့ပါ။ အမျိုးသားက ဒီလက်ဆောင်လေး သေချာပေးပေးပါလို့ တဖွဖွပြောသွားတယ်"

"ကျေးဇူးတင်ပါတယ် အစ်မ"

ပြောသာပြောနေရတယ်။ ဘယ်သူ့ကို ဘယ်လိုလုပ်ပေးလိုက်မိမှန်းမသိတာတော့ အမှန်ပါပဲ။ ဒါကြောင့် သူ့ကို ရယ်ပြုံးပြုံကြည့်နေလိုက်ပါတယ်။

"ကျုပ်ကဆိုဘူးကြီးကိုသွားပြီး တနလ်ာထောင့်မှာ ကိုကော်ညွှန့်တွေ့ရတဲ့နေ့အောင်လျှောခိုင်းတာလေ"

"အစ်မအမျိုးသားနာမည်က"

"ကိုအုန်းဆွေလေ"

"ဩော် အညွှန့် (၃) ထပ်ဖြစ်အောင် ပုလဲခိုင်းတာ။ ဟုတ်ကဲ့-မှတ်မိပြီ။ ဒါဆို... ဒါတင်မကလေ့ာစဉ်ဘူး။ ကျွန်တော်က လေ့၊ ပါးချက်မိအောင် ပူဇော်ခိုင်းတာတော့..."

"ဟုတ်တယ် .... အိမ်မှာ ကျောက်ကျောဆွဲမိုးတောက်လျှောက် တပ်ရသေးတာပါတယ်"

"အရမ်းဝမ်းသာပါတယ် အစ်မ"

"ခု... သူအဲလိုထွက်သွားတော့ ကျွန်မက သူ့ကိုယ်စားဆက်တပ်နေရဦးမလားလို့"

"မလိုတော့ဘူးလေ အစ်မ။ အဲလိုတွေလျှောခိုင်းတာ ကိုအုန်းဆွေ သဘော်မြန်မြန်တက်သွားရအောင်လို့"

"ဩော်..."

❑

"သူငယ်ချင်း"

"ဟာ - ဝေယံအောင်"

"အေး - ငါအလုပ်တွေ့ပြီ၊ မင်းလုပ်ပေးလိုက်တာ"

"ဟုတ်လား - ကောင်းတယ်ကွာ၊ ဝမ်းသာတယ်"

"မကောင်းဘူးကွ ဆရာသမားရဲ့"

"ဟင် - ဘာဖြစ်လို့လဲ"

"ငါလုပ်ချင်တဲ့နေရာကတစ်နေရာ၊ လုပ်နေရတဲ့နေရာကတစ်နေရာဖြစ်နေတယ်"

"မင်းမှာ အလုပ်နဲ့ဝတ်သက်တဲ့ကိစ္စကောင်းဘူးလို့ ငါပြောခဲ့တယ်၊ မှတ်မိလား"

"မှတ်မိပါတယ်၊ သူငယ်ချင်းလို့တိုင် ရေးပေးလိုက်သေးတယ်လေ။ အလုပ်က်မထောင်းရှိ ဂိုး(ကြေး)မများပါနဲ့ဆိုပြီး"

"အေးလေ - အဲဒါဆိုလည်း ဆက်လုပ်ပါတော့။ အလုပ်ရတာပဲတော်လှပြီ"

"တေး - အလုပ်မရဖြစ်နေတာတုန်း အလုပ်ရသွားတာတိုပဲ ငါ့ဆရာကို ကျေးဇူးတင်လှပါပြီ။ အဲဒီအလုပ်ထဲမှာ ပိုကောင်းတဲ့နေရာလေးများရောက်မလားလို့။ သူငယ်ချင်းပေးလိုက်တဲ့ ယတြာကိုဆက်လုပ်ရင်..."

"မင်းကိုငါတာပေးလိုက်လဲ..."

"ဟိုလေ... ဝိုလ်တာထောင်တုရားသွားရတယ်လေ။ ကြာသပတေးထောင့်မှာ ခုနှစ်လုံးရေပေါ် ဆွမ်းတွေကိုသွားသွားကပ်ရတာလေ။ အိမ်မှာလည်းကပ်ရတယ်လေ"

"မဟုတ်သေးဘူး၊ ကျွန်တော်တယ်"

"အဲ - ဘုရားမှာ ပန်း (၅) မျိုး ပူဇော်ရတယ်လေ"

"အေး - ဟုတ်ပါတယ်။ ပန်း(၅)မျိုးပါပါတယ်၊ မှန်လုံးရေပေါ်နဲ့"

"တုတ်တယ်"

"အေးလေ-အဲဒါဆက်ပူဇော်လေ မင်းအခုဘယ်နှခါရှိသွားပြီလဲ"

"ရှစ်ခါလောက်အော့ရှိပြီ။ တစ်ယပ်တစ်ခါလေ"

"ဆက်လုပ်ကွာ အဲဒါပဲဆက်လုပ်"

"တို့ - အချိန်ကြောဘာတွေမကွေးနေနဲ့ အရက်ဖိုပဲ"

"အရင်ကလည်း မင်းကိုငါအခိုင်မှာရေးမယေးဘဲ၊ ယနက်ဖတာဖေပဲလွှင့်လျှောခိုင်းတဲ့"

"ဟုတ်တယ် ဟုတ်တယ်၊ ဆယ်လုပ်မယ် ဆိုယော်ချင်း"

❑

မင်းပြည့်

အညွှန့်ရှင်သန်ခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

"သားလေး"

"ဗျ"

"အန်တိုအိမ်ထွက်အောင် သားတို့ကတိုက်ပေးထားတာလေ"

"ဟုတ်ကဲ့ - မှတ်မိတယ်"

"အေး - အဲဒါ စရန်လာပေးပြီး ထပ်မလာသေးတာ တစ်လရှိနေလို့"

"ခြော် - လာမှာပါ"

"တိုအစီအရင်အတိုင်းပဲလား"

"ဘယ်အစီအရင်လဲ"

"အောင်တော်မူဘုရား တနင်္ဂနွေထောင့်မှာလေ။ အုန်းပန်းပွင့်တွေသွားလှူရတာ။ တနင်္ဂနွေနေ့မနက်စောစော (၇) နာရီလောက်မှာလေ"

"ခြော် - ဒါဆို အန်တီက စနေ"

"ဟုတ်တယ် စနေသမီး မတင်ဝေလေ"

"အဲဒါ ဆက်လုပ်ရမယ် အန်တီ။ ဘယ်နှခါရှိပလဲ"

"အဲ - သုံးခါ"

"စရန်လာပေးပြီးတော့ အန်တီ ဆက်မလုပ်တော့ဘူးလား"

"မလုပ်တော့ဘူး"

"လုပ်လေ အန်တီ၊ အနည်းဆုံး ဆယ်ပတ်တော့လုပ်ရမယ်လေ"

"ဟုတ်တယ် - ဟိုတစ်ခါ အန်တီ လာတော့ သားပြောလိုက်တယ်။ အန်တီ ကလည်း သုံးခါတည်းနဲ့အဆင်ပြေသွား တော့ ဆက်မလုပ်ဖြစ်တော့တာ"

"လုပ်ပါ အန်တီ၊ အန်တို့အိမ် ရောင်းဖြစ်မှာပါ"

"ထွက်မှာပါနော်၊ ပျက်မသွားလောက်ပါဘူး"

"ထွက်မှာထွက်မှာ၊ ဆက်သာလုပ်"

❑

"သ. . . သူငယ်ချင်း. . . "

"တေ. . . "

"ဆောက်. . . ဆောက်. . . ဆောက်. . . လုပ်နေတစ်ခုမှာ ငါအလုပ်ရ. . . ရဖို့ရှိတာ. . . လ. . . လ. . . လုပ် ပေးပါဦး"

ငယ်သူငယ်ချင်း မောင်ချို။ သူက အဲလိုပဲစကားကတော့ဖတ်တယ်။ အရမ်း သဘောကောင်းတာ။ ဘယ်သူငယ်ချင်း ဖြစ်ဖြစ် သူကပဲ မုန့်ဝယ်ကျွေးလိုက်ရမှ။

"အေး - ငါကူညီမှာပေါ့။ ဘုရား တော့ မင်းသွားရလိမ့်မယ်"

"သွ. . . သွားမယ်. . . "

"အေး- ဒါဆို မင်း ဆယ်တော်မှုတုရားကိုသွား။ စံပယ်ပန်းတွေနေအောင် ဘုရားမုဇော်။ အဂ်ါနေ့မနက် (၇) နာရီလောက်ရောက်အောင်သွား။

www.burmeseclassic.com

www.burmeseclassic.com

သန်းလှိုင်ထွဏ်း(အမြင့်)

ဆီးအောင့်တာကြောက်စရာမဟုတ်ပါ

ကျွန်တော်ဟာ မြစ်ရိုးတစ်လျှောက် မော်တော်နဲ့ စီးပွားရှာအသက်မွေးဝမ်းကျောင်းပြုရပါတယ်။

၁၉၈၈ခု အရေးခင်းပြီး ၁၉၈၉-၉၀ ပြည့်နှစ်လောက်မှာ မော်တော်လုပ်ငန်းများ အခြားသောလုပ်ငန်းများမဖြစ်သလောက်အချိန်လည်းဖြစ်ပါတယ်။

စီးပွားရေးတစ်ပေါက်တစ်လမ်းရှာရန်အတွက် တမူး၊ မိုးရေဘက်တစ်လှည့် ခရီးထွက်ခဲ့ရပြန်ပြီပေါ့ဗျာ။ (ယူးဝ) ယူးချောင်းကနေ ပဲ့ထောင်သမ္မန်များ၊ မော်တော်ခွန်အားစားနဲ့ မုံရွာမှကုန်များတင်ပြီး ဆန်တက်ကြပြန်တယ်။ (ရှဉ်း)ရေတံခွန်ပုံစံတွေလို ရေကတအားအစီးကြမ်းတယ်ဗျ။ စက်လေ့လေး၀ါးစီးစုပေါင်းပြီးတက်ရတယ်။ ယူးဝနဲ့ တမူးကြားမှာ ရွာတစ်ရွာပဲရှိတာ။ အဲဒါ ပွတ်သာရွာဗျ။

ညနေဆို မော်တော်တွေစောစောအိပ်ဖို့နေရာရှာရတယ်။ မီးဖိုဖို့၊ ထင်းရှာဖို့ အချိန်ရအောင်လို့ပါ။

"အမလေး - လုပ်ကြပါဦးဗျ၊ သေတော့မှာပါဗျ"

ကျွန်တော်ရှေ့မှာရောက်နှင့်နေတဲ့စက်လှေနှစ်စီးကအော်သံဖြစ်ပါတယ်။ ဒီစက်လှေနှစ်စီးက အရင်ရောက်ပြီး ထင်းရှာပြီး မီးဖို၊ ရေနွေးတည်နေကြပြီ။ စက်လှေနှစ်စီးကလူများမှာ ဆူညံနေပြီး ပျာလောင်ခတ်နေကြတယ်။ ကျွန်တော့် စက်လှေပေါ်မှာ မုံရွာမှကုန်သည်တစ်ဦးပါတယ်။

"ဟေ့လူတွေဘာဖြစ်နေကြတာလဲဗျ"

"ဒီမှာဗျို့ ကျွန်တော့်စက်လှေသမားတစ်ယောက် ဆီးအောင့်လို့ အော်နေတာ လုပ်ကြပါဦးဗျာ။ တတ်တဲ့လူနားလည်တဲ့လူများမပါဘူးလားဗျို့"

ကျွန်တော့်စက်လှေပေါ်မှ ကုန်သည်က -

"ဟေ့လူတွေ၊ ရေနွေးပွက်ပြီးသားရှိလား။ ရေနွေးရှိရင် ကြက်သွန်နီသုံးဥလောက်ပါးပါးလှီးပြီး မတ်ခွက်ထဲထည့်ပြီး ခွက်တစ်ဝက်လောက်ရေနွေးထည့်ပြီးတိုက်ပါ မြန်မြန်လုပ်နော်"

ခဏအကြာ ရေနွေးလည်းသောက်ပြီးရော အောင့်တဲ့ဆီးပြွန်ကပန်းထွက်သလား အောက်မေ့ရတယ်။ ဒါမြန်မာ့ဆေးအရေးပေါ်ကုထုံးဗျ။ ကျွဲပတို့က တမူးရောက်ဖို့က နှစ်ရက်ဆန်တက်ရဦးမယ်။ ကြားမှာလည်း ရွာတလည်း ပွတ်သာရွာတစ်ရွာတည်းရှိတာ။ အဲဒီရောက်အောင်သာဆိုရင် ဆီးအောင့်လို့ သေပြီလို့ပြောလို့ရတယ်။

စက်လှေအဖွဲ့အားလုံး ပျော်ရွှင်သွားကြတာပေါ့ဗျ။ ဒီလိုကိစ္စတွေက ခရီးများများသွားတဲ့သူတွေရဲ့ တစ်ဦးနဲ့တစ်ဦးအတွေ့ကြုံတွေဗျ။

အထက်ပါ ကုထုံးနည်းနဲ့အသက်တစ်ချောင်း အရေးပေါ်ကယ်နိုင်အောင် စေတနာဖြင့် ဒါနပြုပါတယ်။

လက်တွေ့ဗျနော်။

သန်းလှိုင်ထွဏ်း(အမြင့်)

အိမ်မှာလည်း စံပယ်ပန်းတွေဝေနေအောင်ပူဇော်ထား"

"လုပ်...လုပ်မယ်လေ...၊ ဘယ်လောက် လ...လ...လုပ်ရမှာလဲ"

"တစ်လလောက်တော့ ပူဇော်ထားပေါ့ကွာ။ ဘုရားကိုတော့ နှစ်ရက်တစ်ခါဖြစ်ဖြစ်၊ သုံးရက်တစ်ခါဖြစ်ဖြစ် သွားပေါ့။ မင်းအားနေတာပဲ"

"သ...သ...သွားမှာပေါ့ သူငယ် ဂျ...ဂျ...ချင်းကလည်း"

ဒါကတော့ မောင်ချိုကို ပြောခဲ့တုန်းက။ ခု မောင်ချို အလုပ်နေပါပြီ။ ကျွန်တော့်အထင် (၇) ခါ၊ (၈) ခါလောက်တော့ သူသွားခဲ့ပုံရတယ်။ သူအမေပါလိုက်လာပြီးပြောလို့သိတာပါ။ သူငယ်ချင်းကတော့ လခသိပ်မကောင်းသေးလို့လားမသိဘူး။ မုန့်နှာမကောင်းသေးပါဘူး။ ဒါပေမယ့် အလုပ်ရတာပဲလေ။ ကြိုးစားရင်း တက်ယူရမှာပေါ့။

ဘာပဲပြောပြော မောင်ချိုအလုပ်ရသွားတာ ဝမ်းသာတယ်။

လူတစ်ယောက်ရဲ့အညွှန်ကြိုဟ်တွေကို အရှိန်အဟုန်ပြင်းပြင်းနဲ့ တလူလွှင့်လိုက်တာပါပဲ။

အဖေ လူတစ်ယောက်ကို ဓာတ်ရိုက်တုန်းကဆို နဂါးရုံဘုရားမှာ တံခွန်လုံး(၉)လုံးလှူ။ ဖယောင်းတိုင်(၇)တိုင်ထွန်း၊ နှင်းဆီ(၇)ပွင့်နဲ့ ထောပတ်ဆွမ်းတောင် ကပ်ခိုင်းသေးတယ်။ ပြီးတော့ အဲဒီနဂါးရုံဘုရားမှာပဲ နမော (၅) ချက်ကို ထိမ်သားပုတီးနဲ့စိပ်ခိုင်းတယ်။ အဲဒီလူကို (၇) ရက်တိတိ မပျက်မကွက်လုပ်ခိုင်းတယ်။ ဟိုလူကလည်းလုပ်တာပဲ။ သူဘယ်လိုမှရောင်းလို့မရတဲ့တိုက်ခန်းကြီး၊ လာတောင်မမေးတဲ့တိုက်ခန်းကြီးဟာ ဘယ်သူမှထင်မထားဘဲရောင်းထွက်သွားတယ်။

စွေးတော့နည်းနည်းနည်းတာပေါ့။ ဒါပေမယ့် ရောင်းထွက်သွားတာကိုပဲ ကျေးဇူးတင်ရဦးမယ်။ အဲဒီလူဟာ သောကြာသား၊ နာမည်ကလည်း သောကြာနာမည်။

ဒီလိုတွေ တွေ့ပါများလာတော့ အညွှန်ကြိုဟ်တွေရဲ့ စွမ်းပကားကို အတော်စိတ်ဝင်စားပြီး ကျွန်တော့် မိတ်ဆွေတော်တော်များများကို အညွှန်နဲ့ ပတ်သက်တဲ့ အစီအရင်တွေချည်းပဲ တော်တော်များများပေးဖြစ်လာပါတယ်။

တချို့ အဆင်မပြေကြသေးတဲ့လူတစ်ဦးနှစ်ဦးတော့ ရှိပါသေးတယ်။ သူတို့ရောင်းချင်တဲ့ မြေမထွက်သေးတာပေါ့။ ဒါပေမယ့် လာဘ်တွေတော့ တော်တော်ပွင့်လာပါတယ်လို့ သူတို့ကိုယ်တိုင် ဝန်ခံကြပါတယ်။

သူတို့လည်း ခုထိတော့ အညွှန့်ဆောင်အစီအရင်တွေလုပ်နေကြတုန်းပါပဲ။ ဇွဲကတော့ကောင်းပဲ။ သူတို့တွေဖြစ်ချင်တဲ့ဆန္ဒပြည့်သွားပြီ ဆိုရင်တော့ သူတို့ရဲ့အတွေ့အကြုံတွေနဲ့ နောက်ထပ်အညွှန့်ဆောင်ဆောင်းပါးထပ်ထွက်လာပါဦးမယ်။

အခုတော့ အောင်မြင်ပြီးသားလူတချို့ရဲ့ အောင်မြင်မှုလေးတွေကို ပီတိနဲ့ နားထောင်ရင်း ပရိသတ်ကြီးတို့ အညွှန့်တလူလူပညာခန်းတွေရဲ့ အောင်မြင်မှုတွေနဲ့ လေးလေးစားစား တင်ဆက်လိုက်ရပြန်ပါပြီ။

ဆက်ပြီးတော့လည်း တင်ဆက်နိုင်အောင် ကြိုးစားပါမယ်လို့။

မင်းညီညီ

www.burmeseclassic.com

www.burmeseclassic.com

ရိုးရိုးအောင်

မြန်မာ့လွတ်လပ်ရေးဇာတာနှင့် ၂၀၁၆ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးဇာတာကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် (၄း၂၀) နာရီအချိန်ဖြင့် သယာနစနစ်ဖြင့်ရော၊ နိယာနစနစ်ဖြင့်ပါ ဖော်ပြထားပြီးလျှင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့၏ ကောဇာဇာတာခွင်ကိုပါ သာယနစနစ်၊ နိယာနစနစ်နှစ်ခုစလုံးဖြင့် ပြဆိုထားပါသည်။

ဤဇာတာခွင်တို့၏ အထိကရထူးခြားချက်မှာ ကောဇာစနေဂြိုဟ်က မူလ ဥဒယလဂ်ကို (၁) ဒိဂရီအတွင်း စီးနင်းထားပြီးလျှင် မူလ တနဂ်နွေနှင့် ဗုဒ္ဓဟူးဂြိုဟ်တို့ (၁) ဒိဂရီအတွင်း ပူးယှဉ်နေသည်ကို ကောဇာ ပလူတိုဂြိုဟ်က စီးနင်းပူးထပ်လျက် ကောဇာ ပလူတိုဂြိုဟ်နှင့် (၁) ဒိဂရီအတွင်း ပူးယှဉ်နေသော ကောဇာ တနဂ်နွေဂြိုဟ်က မူလ တနဂ်နွေဂြိုဟ်ကို စီးနင်းထားသည်ကို တွေ့ရှိရသည်။ နောက် မူလတနလ်ာဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ ကောဇာယူရေနေပ်ဂြိုဟ်က (၁၈၀)ဒိဂရီမြင့်မြင်ထားလျက် မူလအင်္ဂါဂြိုဟ်ကို ကောဇာနက်ပကျွန်းဂြိုဟ်က (၁၈၀) ဒိဂရီအမြင်ဖြင့် မြင်ထားသည်။

နောက် အရေးကြီးသော အချက်တစ်ခုမှာ ၉-၃-၂၀၁၆ ရက်နေ့ နံနက် (၈း၂၅) နာရီတွင် နေသပ္ပကြတ်သည် ကိတ်ဖြင့်ကြတ်သည်။ မြန်မာပြည်မှ တစ်စိတ်တစ်ပိုင်းမြင်ရမည်။ ဗန္ဓအိမ်တွင်ကြတ်သည်။ ပြီး ၂၃-၃-၂၀၁၆ နေ့ညဦး (၈း၁၈) နာရီတွင် လအသပ္ပကြတ်သည်။ ရာဟုဖြင့်ကြတ်သည်။ မြန်မာပြည်မှမြင်ရသည်။ သုဘ ၉-တန်ဘာဝတွင်ကြတ်သည်။ ယင်းသို့ဖြင့်လျှင် ၁-၉-၂၀၁၆ ရက်နေ့ ညနေ (၁၅း၃၈) နာရီတွင် နေအသပ္ပအရစ်ကြတ်သည်ရာဟုဖြင့်ကြတ်သည်။ မြန်မာပြည်မှမမြင်နိုင်ပါ။ သုဘ ၉-တန်ဘာဝတွင် ကြတ်သည်။ နောက် ၁၇-၉-၂၀၁၆နေ့နံနက်(သန်းခေါင်ကျော်) (၀း၂၅)နာရီတွင် လအသပ္ပကြတ်သည် ကိတ်ဖြင့်ကြတ်သည်။ ဗန္ဓ ၄-တန်ဘာဝ၌ကြတ်သည် မြန်မာပြည်မှမြင်ရသည်။

ဆို့ခဲ့သမျှကို အနှစ်ချုပ်၍ လိုရင်းကိုဖွင့်ဆိုရလျှင် တိုင်းသူပြည်သားများအဖို့ နိုင်ငံတော်၌ လတ်တလော ဖြစ်



နိယာနစနစ်ဇာတာခွင်များ



သယာနစနစ်ဇာတာခွင်များ

www.burmeseclassic.com

www.burmeseclassic.com

ရှင်မအောင်မြို့(မျာလိပ်နှတ်)
မောင်ဝန်းဆွေ

(၃)မြို့ကိုအပိုင်စားရသော (၃)မြို့ရှင်သည် သာယာဝတီမြို့တည်ရာတွင် မြို့ရိုးတိုင်ထူမရသောကြောင့် ပုဏ္ဏားဖြူ ပုဏ္ဏားညီတို့အား မေးမြန်းသည်တွင် ပုဏ္ဏားထော်များက -

"အောင်ပါသော တနင်္ဂနွေသမီး တစ်ယောက် ဖျာလိပ် (၁) လိပ်နှင့် ဒယ်အိုးကိုဆောင်း၍လာပါလိမ့်မည်။ ထိုသူကိုစတေးလိုက်ပါက အောင်မြင်တော်မူပါလိမ့်မည်"

ဟု လျှောက်တင်ကြသဖြင့် (၃)မြို့ရှင်အမိန့်တော်အရ အမှုထမ်းများက စောင့်ဆိုင်းနေကြသည်။

(၃)မြို့ရှင်၏ တူတော် ပညာဗလ အမတ်သည် မြို့ဝန်သမီးကိုမယူဘဲ ဝိုင်းရွာသူကြီးသမီး မအောင်ဖြူကိုယူလိုက်သဖြင့် မြို့ဝန်မင်းသည် ပညာဗလ အပေါ် အငြိုးအတေးထားလေသည်။

ပညာဗလအမတ်သည် ဦးရီးတော် (၃)မြို့ရှင်အမတ်ထံ အခစားလာရာတွင် မြို့ဝန်မင်းက -

"ပညာဗလအမတ်သည် တိုင်းပြည်ကိုလုပ်ကြံရန် ကြံစည်နေပါသည်"

ဟု ကုန်းချောထားသောကြောင့် (၃)မြို့ရှင်က တူတော်ကို ဖမ်းဆီးကာ အကျဉ်းချထားလေသည်။ ပညာဗလအမတ်၏ဇနီး မအောင်ဖြူသည်သူ၏ယောကျ်ား ရာဇဝတ်သင့်သည်ကြား၍ တွေ့ဆုံရန် မြို့ပေါ်သို့ ဖခင်သူကြီးနှင့်လိုက်လာလေသည်။ ချက်ပြုတ်စားသောက်နေထိုင်ရန်အတွက် ဒယ်အိုးတစ်အိုးနှင့် ဖျာလိပ်ကိုပါ ယူလာသည်။ မအောင်ဖြူသည် လမ်း၌ နေပူလာသော

ထွန်းလာမှုများကို အပြည့်အဝ ကျေနပ်နှစ်သိမ့်နိုင်မည်မဟုတ်။ နုတ်ရာတခြားရှရာတခြားလို ခံစားနေရမည် သို့မဟုတ် အပိတ်အဆို့ အဟန့်အတား စိန်ခေါ်ခံရမှုများနှင့် ကြုံနေရမည်။ အခြေခံလူတန်းစား၊ အလုပ်သမား၊ လယ်သမားတို့နှင့် နီးနွယ်လျက် နိုင်ငံတကာဆက်ဆံရေး၊ နယ်စပ်လုံခြုံရေး၊ တိုင်းရင်းသားရေးရာတို့နှင့်ဆက်နွယ်လျက် သဘောထားချင်းမတိုက်ဆိုင်မှု၊ မငြိမ်မဝပ်မှု၊ အပြန်အလှန်တုန့်လှည့်မှု၊ တက်ကြွလှုပ်ရှားမှု၊ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှုများ ပေါ်ပေါက်လာတတ်မည်။

ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ၊ ငွေကြေးစျေးကွက်ဆိုင်ရာ၊ ချေးငွေဆိုင်ရာ၊ အာမခံငွေဆိုင်ရာ၊ စတော့နှင့် ရှယ်ယာဆိုင်ရာ၊ ဘဏ်လုပ်ငန်းဆိုင်ရာတို့၌ စောဒကတက်မှု၊ အငြင်းပွားရမှု၊ မရိုးဖြောင့်မှု၊ ဖိအားကြုံရမှု၊ အရှုပ်အထွေးဖြစ်မှုတို့ကြုံရမည်။ နစ်နာလေလွှင့်မှု ဘက်သို့ ရွေ့လျားနေမည်။ ၎င်းတို့သည် နိုင်ငံတကာရေးရာ၊ ကာကွယ်ရေးဆိုင်ရာ၊ တိုင်းရင်းသားဒေသဆိုင်ရာတို့နှင့် စပ်လျဉ်းနေလျှင် မီးလောင်ရာ လေပင့်ခံရသလိုရှိနေမည်။

တရားမဝင်ကုန်သွယ်ရေး၊ အခွန်ရှောင်ကုန်သွယ်ရေး၊ မှောင်ခိုကုန်သွယ်ရေးတို့သည် ရှင်းလေရှုပ်လေတွေ့မည်။ မရိုးဖြောင့်မှုများကို ကြုံရတတ်မည်။ ကုန်လမ်းသယ်ယူပို့ဆောင်ရေး၌ မတော်တဆဖြစ်တတ်မှု၊ အမှုအခင်းကြီးထွားမှုများလာမည်။ မိဒီယာလောက၊ ဆက်သွယ်ရေးလောကတို့၌ ပုံမှန်မဟုတ်သော ဖြစ်ထွန်းမှုများကြောင့် မလိုလားအပ်သောပြဿနာတို့ရှည်ဖြစ်တတ်မည်။ ဘာသာရေးဆိုင်ရာ၊ တရားဥပဒေဆိုင်ရာ၊ တိုင်းရင်းသားဆိုင်ရာတို့၌ စွပ်စွဲပြစ်တင်မှုများ၊ စိန်ခေါ်မှုများ ခေါင်းထောင်လာမည်။ အိမ်ယာမြေ၊ လယ်ယာမြေ၊ တောမြေ၊ သတ္တုတွင်းမြေ စသော မြေယာများနှင့်ပတ်သက်၍ အမှုအခင်းများ ရှင်းလေရှုပ်လေ မငြိမ်းအေးနိုင်ဖြစ်လေသည်။

အရပ်ဘက်လူမှုအဖွဲ့၊ ပရဟိတအဖွဲ့ ၎င်းတို့နှင့်ဆိုင်သော ဂေဟာ၊ စာသင်ကျောင်း၊ ဒုက္ခသည်စခန်းတို့နှင့် နီးနွယ်နေသော ငွေရေးကြေးရေး၊ ဘဏ္ဍာရေးကိစ္စတို့၌ သားပုပ်လေလွင့် မကောင်းသတင်းများထွက်တတ်မည်။ ယင်းတို့သည် နိုင်ငံတကာတို့နှင့်ပတ်သက်လျှင် ပို၍ပေါ်လွင်တတ်မည်။

အစိုးအဖွဲ့၊ လွှတ်တော်တို့၌ မတူကွဲပြားမှုများပြုပြင်ပြောင်းလဲမှုများရှိနေဦးမည်။ နောင်လာမည့်အစိုးရသစ်သည်လည် ညွှန့်ပေါင်းအစိုးရဖြစ်နိုင်စရာပိုရှိနေသည်။ အစိုးရသစ်၊ လွှတ်တော်သစ်ဖွဲ့စည်းရာတွင် သမ္မတသစ်ရွေးချယ်ရာတွင် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရပါလိမ့်မည်။ အစိုးရထဲ၊ လွှတ်တော်ထဲ၌ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ တွန်းဖယ်မှုများ၊ သဘောထားကွဲလွဲမှုများကို ဖြေရှင်းနေရချိန်ကများနေမည်။အစိုးရအဖွဲ့ကို မကြာခဏပြုပြင်နေရမည်။ နိုင်ငံတော် ထိပ်ပိုင်းဆိုင်ရာ (၀၀) နိုင်ငံရေးလောကဆိုင်ရာမှ ထင်ရှားသူတစ်ဦးအတွက် ကြေကွဲဝမ်းနည်းရတတ်မည်။ ၎င်းသည် အမျိုးသမီးဖြစ်နိုင်ဖွယ်ရှိသည်။

တိုင်းရင်းသားဒေသဆိုင်ရာ၊ တိုင်းရင်းသားရေးရာတို့၌ ပဋိပက္ခပမျှော်ရေး၊ ထိတွေ့ပစ်ခတ်မှုကင်းစင်ရေးတို့၌ စိန်ခေါ်မှုတို့က ရှာဖွေလေ တွေ့ရှိလေရှိနေဦးမည်။ ဒေသဖွံ့ဖြိုးမှု၊ အုပ်ချုပ်ရေးပိုင်း ပြင်ဆင်ရေးအတွက် လမ်းမပွင့်နိုင်သေးသလိုရှိမည်။

ဦးလေဝ၊ ရာသီဥတုက ပုံမှန်မဟုတ်နိုင်ပါ။ ထူးကဲလေပြင်းတိုက်ခတ်မှု၊ ထူးကဲဒီလိုင်းကြီးများ ရိုက်ခတ်မှု၊ မိုးကြီးမှု၊ ရေကြီးမှုများ ဖြစ်နိုင်ခြေရှိသည်။ အထူးသဖြင့် ဆိုင်ကလုန်းလေမုန်တိုင်းကို ကြုံဆုံရခြေရှိသည်။ အကယ်၍ လေမုန်တိုင်းကြုံရလျှင် မြေငလျင်တိုင်ရင် ဆိုင်ရဖွယ်ရှိသည်။

ဤကား ၂၀၁၆ ခုနှစ်အတွက် မြန်မာလွတ်လပ်ရေးဇာတာ မန်ဒိန်းဟောကိန်းဟု ဆိုရမည်ထင်သည်။

ရှိန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဒယ်အိုးကို ခေါင်းပေါ်၌ ရွက်မည့်အစား ဆောင်းပြီး ဖျာလိပ်ကို ခြိုင်းကြားညှပ်ကာလာခဲ့သည်။ စောင့်ဆိုင်းနေသောမင်းမှထမ်းများက သူကြီးနှင့် မအောင်ဖြူတို့သားအဖ လာသည်ကို တားဆီးပြီး မည်သည့်နေ့သမီးလဲဟူ၍ မေးရာ တနင်္ဂနွေသမီးဖြစ်နေလေသည်။ ဒယ်အိုးကိုလည်းဆောင်းထားပြီး ဖျာလိပ်ကိုလည်း ခြိုင်းကြားညှပ်ထားရာ ပုဏ္ဏားတော်များပြောသည့်အတိုင်းနှင့် ညီညွတ်နေသဖြင့် ဖမ်းဆီးပြီး မြို့ရိုးတိုင် ထူမည့်ကျင်းထဲသို့ထည့်ခဲ့ကာ စတေးလိုက်ကြသည်။

မအောင်ဖြူသည် စတေးမခံရမီ-

"အပြစ်မရှိသော မိမိအား စတေးသည့်အတွက် သာယာဝတီနယ်တွင် တိရစ္ဆာန်ဖြစ်က တိရစ္ဆာန်ဆိုး၊ လူဖြစ်ကလည်း လူဆိုးများသာဖြစ်ကြပါစေ။ သာယာဝတီနယ်သားများမကြီးပွားကြပါစေနှင့်"

ဟု ကျိန်ဆဲသွားခဲ့သည်။

"တစ်ဖန် ဖြစ်ရာဘဝတွင် မိမိ၏ လင်ယောကျ်ားနှင့် ပေါင်းဖက်ရပါစေသား"

ဟုလည်း ဆုတောင်းသွား၏။

မအောင်ဖြူသည် မခံချင်စိတ်ဒေါသဖြင့်သေရသောကြောင့် ဘီလူးမဘဝသို့ရောက်ရှိသွားပြီး မိမိ၏ လင်ယောကျ်ားဖြစ်သော ပညာဗလအမတ်ကိုလည်း မိမိ၏တန်ခိုးဖြင့် အကျဉ်းထောင်မှခေါ်ဆောင်သွားပြီး ၎င်းပိုင်ဆိုင်ရာနယ်သို့ သွားရောက်နေထိုင်၍ လူယောင်ဖန်ဆင်းကာ နေထိုင်လေတော့သည်။ ထိုသို့နေထိုင်ရာမှ သားတစ်ယောက်ဖွားမြင်၏။

ထိုသားသည် ဘီလူးနှင့်လူညား၍ ပေါက်ဖွားသောကြောင့် အလွန်ခွန်အားဗလကြီးမားသည်။ အရွယ်ရောက်သောအခါ ခြေဖဝါးကပင် အတိုင်းအတာအားဖြင့် တစ်တောင်ရှိပြီး ဆင်ကိုထမ်း၍ပင် အစွယ်ကိုချိုးနိုင်လေရာ 'ခြေရာတစ်ထောင်မောင်မဲခေါင်' ဟု တွင်လေသည်။

ခြေရာတစ်ထောင်မောင်မဲခေါင်သည် လူသားများနေထိုင်ရာသို့ သွားမနေရဘဲ တောထဲဂူထဲ၌သာနေရသဖြင့် ဖခင်အား လူသားများနေရာသို့သွားနေရန်ပူဆာတတ်သည်။ ဖခင်၏ပြောပြချက်အရ မိခင်ဖြစ်သူမှာလည်း ဘီလူးမဖြစ်နေ၍ ပို၍ပင် လူသားများနှင့်အတူသွားရောက်နေထိုင်လိုသည်။ တစ်နေ့တွင် မိခင် သစ်သီးရှာသွားခိုက် ဖခင်ကို ထမ်းပြီးပြေးလေ၏။ ခြေရာတစ်ထောင်မောင်မဲခေါင်ဆိုသည့်အတိုင်း ခြေလှမ်းကလည်းကြီးလွန်းသဖြင့် မိခင်ဘီလူးမကြီးပင်လိုက်၍မမီပါ။ မိခင်ဘီလူးမသည် သူ့ပိုင်နက်မှ ကျော်လွန်သွားပြီဖြစ်၍ မလိုက်နိုင်တော့ပေ။ သို့ကြောင့် လင်နှင့်သားတို့ကို ခေါ် ရင်းခေါ် ရင်းနှင့် ရင်ကွဲနာကျဉ်းသေဆုံးရသည်။

ဘီလူးမဘဝဆုံးသောအခါတွင် ဘဝဖြစ်စဉ်ကိုစိတ်စောမှုကြောင့် လူဘဝ မအောင်ဖြူဖြစ်ခဲ့စဉ်က ကျန်ရစ်ခဲ့သော ဖျာလိပ်ကို သတိရစွဲလမ်းချက် ဥပါဒါန်ကြောင့် နတ်ဖြစ်ရာတွင် 'ဖျာလိပ်နတ် မအောင်ဖြူ'ဟူ၍ဖြစ်ရလေတော့သည်။

ဖျာလိပ်နတ် မအောင်ဖြူကိုတင်မြောက်ရန် ကန်တော့ပွဲ၌ အစဉ်အလာအတိုင်း အုန်း၊ ငှက်ပျောတို့ကိုထည့်ရသည်။ ဖျာလိပ်အသစ်တစ်လိပ်ကို ထမီ၊ အင်္ကျီ၊ ဆံစု၊ ဘီး စသည်တို့ဖြင့် ပန်းပန်ပေး၍ လူကဲ့သို့ ဝတ်ဆင်စေပြီးလျှင် ကျောက်ပျဉ်၊ သနပ်ခါးတုံး၊ မှန်တို့ကိုလည်း အဆင်သင့်ထားရသည်။ သွေးပြီး သားသနပ်ခါးကိုလည်း ဖျာလိပ်၌ လူးပေးရသည်။ သို့ဖြင့် အမျိုးသမီးများကတင်မြောက်ကာ ဖျာလိပ်နတ် မအောင်ဖြူကိုပင့်ဖိတ်၍ မေးမြန်းလေ့ရှိကြသည်။ အမေးအမြန်းကို ဖျာလိပ်ယိမ်းယိုင်ခြင်းသင်္ကေတဖြင့်ဖြေသည်။

လင်နှင့်သားကို စိတ်နာသောကြောင့် တင်မြောက်ပသသောအခါ ယောကျ်ားများမရှိစေရ။ ဖျာလိပ်ကိုလည်း ကိုင်တွယ်ခြင်းလည်းမပြုရပေ။ မိန်းမများသာကိုင်တွယ်ခြင်းပြုနိုင်သည်။ အပို့အရွယ် အမျိုးသမီးလေးများဆုံမိကြသောအခါ မိမိတို့သိလိုကြသည့် အကြောင်းအရာများကို မအောင်ဖြူသခင်မကြီးအား မေးမြန်းရာ၌ ဘယ်ဘက်သို့ ယိမ်းပြပါ၊ ညာဘက်သို့ယိမ်းပြပါ။ ဖျာလိပ်က ဘယ်နှချက်ရှိက်ပြတော်မူပါ အစရှိသဖြင့် အပျော်အပါးရယ်မောစရာမေးမြန်းကြ၏။ သို့ကြောင့် အမျိုးသမီးလောကတွင် အထူးထင်ရှားသော မအောင်ဖြူနတ်ဖြစ်ပါသည်။

အပြင်ကနားများတွင် ဖျာလိပ်နတ် ရှင်မအောင်ဖြူအား ပွဲဆက်ခြင်း၊ ပ,သခြင်း၊ ချေခြင်း၊ နတ်လမ်းခင်းခြင်း စသည်ဖြင့် မတွေ့ရပါ။ သို့သော် ဝန်း(၃၇) မင်း၌ အမျိုးသမီးလောကတွင် လူအသိအများဆုံးသော်နတ်ဖြစ်လေသည်။ ပုံတော်ပုံစားမရှိပါ။

မောင်သန်းဆွေ (ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com

ဗောင်မှူးကြီးသိန်းဝင်း
တပလွန်က အဘိုး၏အမွေ

၁၉၈၁ ခုနှစ်ခန့်လောက်ကပါ။ ကျွန်တော်လည်း ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းမှာ (၂)နှစ်ကျော်ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီး တောထဲတောင်ထဲမှာ ငှက်ဖျားရောဂါစွဲခဲ့ပေမယ့် မသေမပျောက်ဘဲပြန်လာနိုင်ခဲ့ပါသည်။ အဲဒီတုန်းက ပဲခူးရိုးမတောဆိုတာ တကယ့်တောကြီးမျက်မည်းပဲ။ ဆင်တွေ၊ ကျားတွေနှင့်တိရစ္ဆာန်မျိုးစုံရှိရာ ကျွန်တော်တို့ကိုယ်တိုင် ရင်ဆိုင်ခဲ့ရ၏။ ဝက်ဝံတွေ၊ တောဝက်တွေ၊ ချေတွေ၊ ဆတ်တွေဆိုတာက တောလမ်းခရီးသွားလျှင် မကြာခဏတွေ့နေကျ။ လူအုပ်ကောင်းလျှင် သူတို့ပြေးပြီး တစ်ယောက်တည်း၊ နှစ်ယောက်တည်းဆိုရင်တော့ ကျွန်တော်တို့ပြေးရတာများသည်။ မျောက်အုပ်တွေ့ရင်တော့ ကျွန်တော်တို့ရှောင်ရပါတယ်။ သူတို့က အကောင်ရေများလျှင်

လူမကြောက်။ အတင်းလိုက်တတ်ကြသည်။ တောဝက်အုပ်ဆိုလျှင် ပိုဆိုး၏။ အကောင်က ဧလး၊ ငါးဆယ်။ ဝက်တောင်းကြီးဦးဆောင်ပြီး အတင်းလိုက်ထိုးတာ နီးရာသစ်ပင်တွေအပေါ် အတင်းတက်ပြေးရ၏။ သူတို့ပြန့်သွားမှ သစ်ပင်ပေါ်ကဆင်းရဲသည်။ ဒါတွေကိုပြောပြရင် အခုခေတ်လူငယ်တွေယုံကြမှာတောင် မဟုတ်တ်။

ယခုတော့ တောကောင်တွေလည်း ဘယ်ဆီဘယ်ဝယ်ပြေးကြသည်မသိ။ တောဆိုတာ အရှုပ်ရေးပြရမလို ဖြစ်နေလေပြီ။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရ၏။ ဥတုရာသီ တောကို မှီ၏။ တောတောင်စိမ်းမှ စမ်းရေရ၏။ မြန်မာ့လေ့ထုံးစံ ဘာသာရေးနယ်ပယ်တွင် သစ်ပင်ပေါက်စ အရွက်၊ နှစ်ရွက် ထွက်သည်နှင့်ပင် အစောင့်ရှိသည်ဟု ဆရာတော်ကြီးများ ဟောကြားသော တရားတော်ကိုနာဖူးသည်။ သစ်ခုတ်သမားများလည်း သစ်ခုတ်မည်ဆိုပါက သက်ဆိုင်ရာ ရုက္ခစိုးအစောင့်အရှောက်ကို ကန်တော့ပွဲပေးပြီး ခုတ်ကြရသည်။ အဆင်မပြေ၍ နတ်ကိုင်သည်များကိုလည်း ကျွန်တော်တို့ငယ်စဉ်ကမင် ကြုံဖူးကြားဖူးပါသည်။

❑

ကျွန်တော်၏ အလုပ်ရှင်တာဝန်က အင်းစိန်ဗဟိုအကျဉ်းထောင်အလုပ်ဘက်ဌာနအတွင်း စျေးတိုက်ဟုခေါ် ဆိုသော အကျဉ်းထောင်ထွက် လက်မှုပစ္စည်းအရောင်းဌာနတာဝန်ခံထောင်မှူးဖြစ်၏။ ကျွန်တော်၏လက်အောက်က စာရေးကြီးသည် အကျဉ်းထောင်လုပ်သက်နှင့် အတွေ့အကြုံအလွန်များသော ဦးမာဆိုသူ ဖြစ်သည်။ ကျွန်စာရေးများနှင့် အလုပ်သမားများက အကျဉ်းသားများဖြစ်ပါသည်။ တကယ်တမ်း အလုပ်လုပ်ကြသည့် ပညာတတ်များလည်းဖြစ်ကြပါသည်။ ကျွန်တော်တို့အုပ်ချုပ်သူအစိုးရ ဝန်ထမ်းများက လိုအပ်သည်များကို ညွှန်ကြား တည့်မတ်ပေးပြီး စစ်ဆေးရုံသာဖြစ်သည်။

၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် ကျွန်တော့်အား မန္တလေးမြို့သို့ သွား၍ အင်းစိန်ဗဟိုအကျဉ်းထောင်လက်သမားဌာနအတွက် ကျွန်းသစ်ခဲသားများ ဝယ်ယူရန် တာဝန်ခံအရာရှိထောင်ပိုင်ကြီး ဦးဘိမဂ္ဂနန်းမှ တာဝန်ပေးပြီး စေလွှတ်သည်။ အဖွဲ့ဝင်များအဖြစ် ဒုတိယတပ်ကြပ် သိန်းထွန်းနှင့် တပ်သားစောလူထုတို့ ပါဝင်ကြပါသည်။

ကျွန်တော်တို့အဖွဲ့ မန္တလေးအဆန်ည(၇)နာရီရထားဖြင့်လိုက်ကြရသည်။ အဖွဲ့ဝင်များမှာ (၃) ဦးဖြစ်သဖြင့် ထိုစဉ်က မျက်နှာချင်းဆိုင်ခုံတုန်း (၂) ခု (လေယောက်ထိုင်)တွင် တစ်ယောက်စာလွှဲနေပါသည်။ ရထားထွက်ခါနီး (၁၅)မိနစ်အလို ခေါင်းလောင်းခေါက်သံတဲ့အခါ အဘိုးကြီးတစ်ဦး ကမန်းကတန်းတက်လာပြီး ကျွန်တော်တို့ထိုင်ခုံနေရာလွှဲတွင် ဝင်ထိုင်သဖြင့် ကျွန်တော်တို့ထိုအဘိုးကြီးကို ကူညီပြီးနေရာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အဘိုးကြီးမှာ အသက် (၇၀) ခန့်၊ အဝါရင့်ရောင်ရင်ဖုံးတိုက်ပုံအင်္ကျီကိုဝတ်ဆင်ထားပြီး လုံချည်က ဆိတ်ခွံပုဆိုးအနက်ကွက်နှင့်လွယ်အိတ်ဖောင်းဖောင်းကြီးတစ်လုံးကိုလွယ်ထားပြီး အဝတ်လက်ဆွဲအိတ်ဟစ်လုံးကလည်းပါသေးသည်။ မြန်မာဆေးဆရာတစ်ဦးပုံစံပေါက်နေ၏။။

ကျွန်တော်တို့က ဝိုင်းဝန်းနေရာချထားပေးသဖြင့် လွန်စွာကျေးဇူးတင်ဟန်ဖြင့်-

"ကျေးဇူးတင်တယ် လူကလေးတို့ရေ။ အဘိုးလည်း ကားနောက်ကျနေလို့ ကမန်းကတန်းအပြေးလာရတာ၊ တော်ပါသေးရဲ့ ရထားမီလို့"

"အဘိုးကဘယ်ကလာရတာလဲ"

ကျွန်တော်ကမေးတော့-

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်မြင့်တိုင်ကပါကွယ်။ မလေးပေမယ့် ကားငှားရတာအဆင်မပြေလို့ နောက်ကျရတာပါ"

"အဘိုးရယ် ကြည့်မြင့်တိုင်ကဆိုရင် မြို့ပတ်ရထားဝီးလောင် ရန်ကုန်ဘူတာကြီးကိုလာရတာ အနီးလေး။ အဆင်ပြေပါတယ်"

"အေးကွယ်၊ လူနာရှင်တွေက ကျေးဇူးတင်လွန်းလို့ဆိုပြီး ကားငှားပေးတာ လမ်းမှာ သူတို့ငှားပေးတဲ့လေးဘီး ကားကဖောက်နေလို့ နောက်ကျရတာပါကွယ်"

ထို့ခေတ်ထိုအခါက ယခုခေတ်လို မဟုတ်။ အငှားယာဉ်များအလွန်ရှားသည်။ လေးဘီးအငှားယာဉ်ကလေးများသာရှိသည်။ ကြည့်မြင့်တိုင်မှ ရန်ကုန် ဘူတာကြီးသို့လေးဘီးကားခမှာ တစ်ကျပ်ခွဲခန့်သာကျပေလိမ့်မည်။ အဘိုးမှာ ကျွန်တော်တို့ခန့်မှန်းထားသလို မြန်မာဆေးဆရာတစ်ဦးဖြစ်နေ၍ ကျွန်တော်နှင့် ရထားစီး၍ခရီးသွားရင်း မြန်မာ့သစ်တော်ထွက်ဆေးပင်များအကြောင်းကို ပြောဆိုနေမိကြသည်။

"ဒါနဲ့ နေပါဦးကွယ့်၊ လူကလေးက ဘာအလုပ်လုပ်သလဲ။ မြန်မာ့ဆေးဖက်ဝင်အပင်တွေအကြောင်း အတော်သိတာပဲ"

"အဘိုး၊ ကျွန်တော့်အလုပ်က ထောင်မှူးပါ။ အကျဉ်းဦးစီးဌာနတောတွင်းအလုပ်စခန်းတွေမှာ (၂)နှစ်ကျော်ကျော်တာဝန်ထမ်းဆောင်ခဲ့ရပြီး ဝါသနာအရ တောတွင်းဆေးပင်တွေကို စိတ်ဝင်စားလို့ ဆေးဝါးနားလည်တဲ့ရဲဘက်တွေက သင်ပေးတာနဲ့ မှတ်သားထားတာပါခင်ဗျ"

"အေးကွယ်၊ ဘယ်ပညာမဆို စိတ်ဝင်စားလို့လေ့လာသင်ယူရင် ကျွမ်းကျင်တတ်မြောက်နိုင်တာပဲ။ မြန်မာသစ်တောတွေအထဲမှာ ဆေးဖက်မဝင်တဲ့အပင်မရှိဘူးကွယ့်။ ယုတ်စွအဆုံးခပေါင်းပင်ကအမြစ်ကို တွေ့တဲ့ရေထဲမှာ ရေစိမ်သောက်ရင် အန္တရာယ်မရှိတဲ့သောက်ရေသန့်ကိုရတယ်။ ဒါကြောင့် ခပေါင်းရေကြည်ပင်လို့ခေါ်တာဖြစ်တယ်။ ရုတ်တရက် တောတွင်းသွားလာရင်း ဝမ်းလျှောဝမ်းပျက်ရင်လည်း ကြောင်လျှာပင်အခေါက်ဖြစ်စေ၊ ဆီးဖျူပင်အမြစ်ဖြစ်စေသွေးသောက်ရင် ပျောက်သကွယ့်။ ချောင်းဆိုးရင်ကျပ်ရင်လည်း နလင်ကျော်ပင်အခေါက်နဲ့သက်ရင်းကြီးပင်အခေါက်က ပျောက်ကင်းစေသကွယ့်။ ဖန်းနာ ရင်ကျပ်နာတာရှူည်ရောဂါစွဲရင်တော့ ဖြူကောင်အစာအိမ်ကိုအခြောက်လှန်း၊ ဟုားရည်နဲ့တေစားရင် အမြစ်ပြတ်ပျောက်ကင်းနိုင်သကွယ့်"

"အဘိုးက ဆေးဆရာလုပ်လာတာ ကြာပြီထင်ပါရဲ့"

"အေးကွယ့်၊ အစိုးရဝန်ထမ်းဘဝကတည်းက တောတွင်းမှာနေရင်း ဝါသနာအရ လေ့လာလိုက်စားပြီး ဆေးကုလာခဲ့တာ အနှစ် (၂၀) လောက်တောင် ကျော်ရော့မယ်"

"အဘိုး၊ အစိုးရဝန်ထမ်းအနေနဲ့ ဘာအလုပ်လုပ်ခဲ့တာလဲ"

"သစ်တောဌာနက တောခေါင်းကြီးအလုပ်ပေါ့ကွယ်။ တောတွင်းမှာ သွားလာရင်း ဝါသနာပါရာ ဆေးပင်ဝါးပင်၊ သစ်ခွပင်တွေစုဆောင်းတဲ့အပြင် လက်နက်လည်းကိုင်ရတော့ မုဆိုးအလုပ်လည်းလုပ်ခဲ့တာပေါ့ကွယ်"

"ဩော် - အဘိုးက ကျွန်တော်နဲ့ ဝါသနာတူနေပြီ"

ထိုစဉ် မီးရထားကြီးမှာ ဥသြဆွဲ၍ ပဲခူးကူတာသို့ဝင်သည်။ အချိန်က ည (၈)နာရီခွဲခန့်ရှိပါပြီ။ ကျွန်တော်တို့အဖွဲ့ ညစာမစားကြရသေးသဖြင့် ပဲခူးဘူတာတွင် ထမင်းထုပ်ဆင်းဝယ်ရန် ကျွန်တော်က တပည့်စောလူထုအား မှာကြားနေရင်း-

"ဒါနဲ့ အဘိုးကော ညစာစားပြီးပြီလား"

"မစားရသေးဘူးကွယ့်။ လူနာရှင်တွေကတော့ကျွေးပါရဲ့၊ အချိန်စောသေးတော့ မဆာသေးတာနဲ့ စားမလာတာ"

"အဘိုးရှောင်တဲ့အသားရှိလား"

"တောခေါင်းလုပ်လာလို့ မရှောင်ဘူးကွယ့်။ အဆင်ပြေရာ အကုန်စားတယ်"

ထို့ကြောင့် ကျွန်တော်က တပည့်ဖြစ်သူ စောလူထုအား ထမင်းတစ်ထုပ်ပို့မှာလိုက်ရာ အဘိုးက ပို့ကဆံထုပ်ပေးသော်လည်း ကျွန်တော်က ဒါနဲ့ပြုကျွေးမွေးရန် တောင်းပန်ရသည်။ ရထားပြန်ထွက်တော့ ကျွန်တော်တို့စုပေါင်းပြီး ထမင်းစားကြသည်။ စောလူထုက ကြက်သားဟင်း၊ ဝက်သားဟင်းအပြင် အရံဟင်းအရံထမင်းများပါဝယ်လာသဖြင့် ဆာဆာနှင့် မြိန်ရှက်စွာစားသုံးကြသည်။ အဘိုးလည်း ကျွန်တော်တို့နှင့် စုပေါင်းစားသဖြင့် ထမင်းမြိန်ဟန်တူပါသည်။

"ထမင်းစားလို့မြိန်သကွယ့်။ ငါ့မြေးများ ကျန်းမာချမ်းသာကြပါစေ၊ လုပ်ငန်းတာဝန်များနဲ့ ကြံရွယ်သမျှ အောင်မြင်ကြပါစေကွယ်။ ဒါနဲ့ ငါ့မြေးတို့က ဘယ်အထိသွားပြီးဘာလုပ်ကြမှာလဲ"

"မန္တလေးမြို့အထိသွားပြီး အစိုးရသစ်စက်တွေက စုဆောင်းပြီးကျန်းသစ်ခွဲသားတွေဝယ်ရမှာပါအဘိုး။ တစ်လလောက်တော့ကြာလိမ့်မယ်ထင်ပါတယ်"

"အဘိုးကတော့ ကျောက်ဆည်မြို့ ဆူးကုန်းရပ်မြောက်ပိုင်းမှာနေတာ။ တောခေါင်းဆေးဆရာကြီး ဦးစံရွှေဆို ဘယ်သူမေးမေးရသကွယ့်။ မောင်ရင်တို့ မန္တလေးမြို့ကမပြန်ခင် လာလည်ကြပါဦးကွယ်"

"ဟုတ်ကဲ့-အဘို၊ ကျွန်တော်တို့က အစိုးရသစ်စက်တွေမှာ အမှာစာလိုက်ပေးပြီးတာနဲ့ သစ်ခွဲသားတွေပြည့်စုံအောင်မရမီစပ်ကြား အားနေမှာပါ။ ကျွန်တော်တို့ ဆက်ဆက်လာလည်ဖြစ်မယ်အဘိုး"

"အေးကွယ်၊ အေးအေး"

ညစာ စားသောက်ကြပြီး ည(၁၀) နာရီခန့်တွင် ကျွန်တော်တို့ တစ်ရေးမှေးကြသည်။ ည၌ (၁) နာရီကျော်ခန့် တောင်ငူဘူတာသို့ရောက်မှ တစ်ရေးနိုးကြသည်။ ညလယ် အဆာပြေစားရန် ကျွန်တော်က စောလူထုအား နို့မလိုင်းနံပြားနှင့်လက်ဖက်ရည်ချိုထပ်ခိုင်းရပြန်သည်။ အဘိုးက တစ်ရေးနိုး ခံတွင်းချိုဟန်ဖြင့် ကွမ်းယာစားရန် သူ၏ခရမ်းဆောင်လွယ်အိတ်ကြီးအထဲမှ ကြေးဝါရောင်ကွမ်းအစ်လေးကိုထုတ်နေသည်။

"အဘိုး၊ နို့မလိုင်နဲ့ နံပြားပူပူလေးစားပြီးမှ ကွမ်းစားပါလား။ တောင်ငူမြို့က နို့မလိုင်နဲ့ လက်ဖက်ရည်ဆို အလွန်ကောင်းတာ"

"အေးကွယ်၊ စားရတာပေါ့။ ဒါပေမယ့် မင်းတို့တောင်ငူမြို့ကလက်ဖက်ရည်နဲ့မလိုင်က အဘိုးတို့ကျောက်ဆည်တော့ မိမယ်မထင်ပါဘူး။ ကျောက်ဆည်မြို့က နွားနို့မလိုင်ပေါတယ်။ နို့ဆီဘူးနဲ့ဖျော်တာမဟုတ်ဘူး။ နွားနို့စစ်စစ်နဲ့ လက်ဖက်ရည်ဖျော်တာ၊ အင်မတန်ဆီသကွယ့်။ ငါ့မြေးတွေအားလပ်လို့ အဘိုးတို့အိမ်လာလည်ကြရင် ကောင်းကောင်းဧည့်ခံကျွေးမွေးပါ့မယ်ကွယ်။ အကယ်၍ အဘိုးမရှိရင်လည်း သမီးတွေကိုမှာထားပါ့မယ်။ အကြီးမနှစ်ယောက်က တော်ဆရာမ၊ အငယ်ဆုံးကလေးမှာလည်း

www.burmeseclassic.com

www.burmeseclassic.com

(၁၀) တန်းကျောင်းသူတွယ်။ ကျောင်းပိတ်ရက်လာကြရင်တော့ မိသားစုနဲ့စုံစုံလင်လင်တွေ့ရတာပေါ့"

"ဒါနဲ့အဘိုး အဘွားကကော"

"အဘွားကဆုံးတာကြာပေါ့ကွယ်။ အငယ်မကလေးမီးဖွားပြီး မကြာမတင် ဆုံးရှာတာ။ အဲဒီတုန်းက အဘိုးကလည်း အိမ်မှာမရှိဘူး။ ဇနီးသည်မီးဖွားပြီးတာနဲ့ အလုပ်ပြန်ဝင်ရတာ။ အဲဒီတုန်းက ပျဉ်းမနားနယ် တောင်ညီကြီးဝိုင်းဘက် တာဝန်ကျနေတာ။ သစ်ခိုးသမားအဖွဲ့ တွေနောက်ကိုလိုက်နေရလို့ အိမ်က အကြောင်းကြားတာကို နောက်ကျမှသိရတယ်။ ရက်လည်အသုဘချတာကို မိရုံးကလေးပါပဲတွယ်။ အစိုးရဝန်ထမ်းဆိုတာဒီလိုပါပဲ။ အဲဒီကတည်းက အဘိုးလည်း မြန်မာဆေးပညာကို တတ်ကျွမ်းနားလည်တဲ့ဆရာတွေဆီမှာ သင်ယူလေ့လာပြီးတော့ ဇောက်ချလုပ်ခဲ့တာ။ သစ်တောဌာနက ပင်စင်ယူပြီးတာနဲ့ မြန်မာဆေးဆရာဖြစ်တော့တာပေါ့ကွယ်။ အခုဆိုရင် အဘိုးအသက်ကယ်ခဲ့တဲ့ လူနာတွေမနည်းတော့ဘူး။ အလုပ်ကို စိတ်ဝင်စားပြီးစေတနာပါရင် အောင်မြင်ထာပါပဲကွယ်"

"သာဓုပါအဘိုး။ ကုသိုလ်လည်းရဝမ်းလည်းဝတဲ့အလုပ်ပါပဲ။ ကျွန်တော်လည်း ဝါသနာပါပါတယ်"

"အေး - အဲဒါကြောင့်ပါ။ ငါ့မြေးကို မြန်မာဆေးကျမ်းတွေနဲ့အတူ အမွေပေးစရာရှိပါတယ်။ အိမ်မှာက ယောကျ်ားလေးမရှိတော့ အဘိုးပညာအမွေကို ဆက်ခံမယ့်သူမရှိဘူးကွယ့်။ ဆက်ဆက်လာဖြစ်အောင်လာခဲ့ကြကွယ့်"

"ဟုတ်ကဲ့ပါ အဘိုး"

နောက်တစ်နေ့ မနက်(၆)နာရီခန့် ကျောက်ဆည်ဘူတာသို့ရောက်၍ အဘိုးရထားပေါ် မှဆင်းသွားသည်။ အညာဆောင်းတွင်းဖြစ်၍ ဘူတာတစ်ဝိုက်နှင်းများဝေနေပြီး ချမ်းအေးလှသည်။

❑

မနက်(၇)နာရီ ကျွန်တော်တို့အဖွဲ့ မန္တလေးဘူတာကြီးသို့ ရောက်တော့ မန္တလေးအကျဉ်းထောင်မှ HINO,RANGER ကားကြီးက လာကြိုနေလေသည်။ ကျွန်တော်တို့အဖွဲ့အား မန္တလေးဗဟို အကျဉ်းထောင်ဘူးဝကြီး၏အလယ်ထပ် ဧည့်ဆောင်တွင် နေရာချထားပေးသည်။ တစ်ဖက်ခန်းက မန္တလေးထောင်ပိုင်ကြီး ဦးစိန်ဌေး၏အိမ်ခန်းဖြစ်သည်။ အပေါ်

ထစ်က ဘူးဝအပေါ်ဂါတ်ကြီးဖြစ်သည်။

နောက်တစ်နေ့မနက်တွင် ထောင်မှူးတစ်ဦးက လာခေါ်၍ ကျွန်တော်တို့အဖွဲ့ ထောင်ပိုင်ကြီးနှင့်တွေ့ဆုံပြီး ဧုံးခန်း၌ လုပ်ငန်းအစည်းအဝေးကလေးလုပ်သည်။ သစ်တောရုံးချုပ်မှ ချမှတ်ပေးသော ကျွန်းသစ်ခွေသား တန် (၁၀၀) ကျော်အား မန္တလေးမြို့အနီးရှိ သစ်စက်များတွင် ခွဲတမ်းချ၍မှာယူရန်၊ အကျဉ်းဦးစီးဌာနက ကျသင့်ငွေကို ချက်ဖြင့်ပေးချေမည်ဖြစ်ပြီး သယ်ယူပို့ဆောင်ခနှင့် အထွေထွေအဆုံးစရိတ်များအတွက် ငွေသားများကိုတော့ ကျွန်တော်မှ ဒုတိယထောင်ပိုင်ထံတွင်ထုတ်ယူရန် ဖြစ်သည်။ ထိုနေ့ကတော့ အစည်းအဝေးပြီးသည်နှင့် နေ့လယ်စာစားကြပြီး ညနေပိုင်းတွင် နန်းတွင်းထဲလျှောက်၍လည်ပတ်ကြ၏။ ထိုစဉ်က မန္တလေးထောင်မှာ နန်းတွင်းထဲ၌ရှိပါသည်။

နောက်တစ်နေ့မနက်တွင် မန္တလေးထောင်မှစီစဉ်ပေးသောကားဖြင့် ဂေါဝိန်ဆိပ်ကမ်းမုစတင်ပြီး ဧရာဝတီမြစ်ကမ်းအနီးရှိ အစိုးရသစ်ခွဲစက်များသို့ လိုအပ်သောကျွန်းသစ်ခွဲသားများရရန်အတွက် အမှာစာများ လိုက်လံပို့ပြီး ညီနှိုင်းရသည်။ အနည်းဆုံးတစ်ပတ်ကျော်မှသာ သစ်ခွဲသားများ စတင်ရရှိမည်ဖြစ်သည်။ တန်တစ်ရာကျော်အတွက် တစ်လခန့် ဟိုစက်ဒီစက်များမှာ စုဆောင်းသယ်ယူပြီး သင်္ဘောဖြင့် သယ်ယူရန်အတွက် ဂေါဝိန်ဆိပ်ကမ်းတွင်စုပုံရမည်ဖြစ်သည်။ တန်တစ်ရာကျော်ပြည့်တော့မှ ဧရာဝတီသင်္ဘောကြီးဖြင့် ရန်ကုန်သို့သယ်ယူရမည်ဖြစ်သည်။ တာဝန်ကတော့ မသေးလှပါ။ကျွန်းသစ်ခွဲသားများဖြစ်၍ တန်ဖိုးလည်းအလွန်ကြီးပါသည်။ လုံခြုံရေးတာဝန်က အဓိကဖြစ်သည်။ သစ်စက်များအား အမှာစာများပေးပြီးတော့ ကျွန်တော်တို့အဖွဲ့ အားလပ်ခွင့်ရပါသည်။

ထို့ကြောင့် မန္တလေးမြို့အတွင်းလည်ပတ်ကြရင်း စစ်ကိုင်း၊ အင်းဝ၊ အမရပူရဘက်သို့လည်း ဘုရားဖူးရင်းရောက်ဆည်။ အားလပ်ရက်ကျန်သေးသဖြင့် ထောင်ပိုင်ကြီးအားခွင့်ပန်ပြီး တက္ကသိုလ်ကျောင်းသားဘဝတ အသုံးလုံးဆရာအဖြစ်လုပ်အားပေးခဲ့ရူးရာ ကျောက်ဆည်မြို့နယ်ဘက်သို့ ညအိပ်ခရီးထွက်ရန် စီစဉ်ရသည်။

နောက်တစ်နေ့မနက်တွင် မန္တလေးကျောက်ဆည် HILUX ကားကလေးဖြင့် ကျောက်ဆည်မြို့သို့လိုက်ခဲ့ကြပြီး ကားဂိတ်မှတစ်ဆင့် မြင်းလှည်းဖြင့် ဆူးကုန်းရပ်မြောက်ပိုင်းသို့သွားရ၏။ ဆေးဆရာတောခိုင်းကြီးဦးစီးရွှေအိမ်ကို အလွယ်တကူမေးမြန်းပြီးရောက်ရှိသွားပါသည်။ အိမ်ကြီးမှာ လေးပင်နှစ်ထပ်သစ်သားအိမ်ကြီးဖြစ်သည်။

"ဆေးဆရာကြီးဦးစီးရွှေအိမ် ဟုတ်ပါသလားခင်ဗျား"

အသက် (၄၀) ခန့် အမျိုးသမီးတစ်ဦး အိမ်ထဲကထွက်လာပြီး -

"ဟုတ်ပါတယ်ရှင့်၊ ဆရာဦးသိန်းဝင်းတို့အဖွဲ့မှတ်ပါတယ်။ အိမ်ထဲတိုက်ကြပါရှင့်"

ကျွန်တော်တို့အိမ်ထဲရောက်တော့ ကျွန်းဆက်တီစားပွဲခင်းကျင်းထားသော ည့ဲခန်းတွင်နေရာပေးသည်။ အိမ်အတွင်း၌ ခရီးဦးကြိုဆိုသည့်အမျိုးသမီးကြီးအပြင် အသက် (၃၀) ခန့် အမျိုးသမီးတစ်ဦးနှင့် အသက်(၂၀)ခန့် အပျိုမလေးတစ်ဦးတို့က ဖော်ရွေစွာ ကြိုဆိုကြပါသည်။

"ကျွန်တော် ထောင်မှူးကြီးဦးသိန်းဝင်းပါ။ ဒါနဲ့ ဆရာကြီးကော ဘယ်သွားသလဲ အစ်မကြီး"

"အဖေဆုံးသွားတာ တစ်လကျော်ပါပြီရှင့်။ မဆုံးခင် ဆရာတို့လာလိမ့်မယ်လို့ အသေအချာမှာသွားပါတယ်"

"ခင်ဗျာ၊ ကျွန်တော်တို့နဲ့ မန္တလေးအဆန်ရထားပေါ် မှာတွေ့ခဲ့တာ တစ်ပတ်လောက်ပဲရှိပါသေးတယ်။ ဘယ့်နယ်ကြောင့် တစ်လကျော်ပြီလို့ပြောရတာလဲခင်ဗျ"

"ဆရာတို့ရက်မှတ်မှားနေပြီထင်ပါရဲ့ရှင့်"

"မမှားနိုင်ပါဘူး အစ်မကြီးရယ်၊

www.burmeseclassic.com

www.burmeseclassic.com

(အစားလည်းဆော။ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်လောက်သည့်

ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်) (၁၂)

စာဖတ်ပရိသတ်ကြီးအတွက် ဒီတစ်ခါ သကြံန်နွေလရာသီများတွင် လှိုင်လှိုင်ကြီးသီး၍ တစ်ပင်လုံးအသီးရှည်လေးများတွဲလွဲခိုနေသည်မှာ လွန်စွာကြည့်လို့ပင်ကောင်းနေသော ဆေးဖက်ဝင်ပြီး ရွှေမြန်မာတိုင်း ကြိုက်နှစ်သက် (Favourite) ဖြစ်သော ဒန့်သလွန်ရွက်၊ ဒန့်သလွန်သီးတို့၏ ဆေးဖက်ဝင် အာနိသင်သတ္တိများကို ဗဟုသုတဖြစ်စေပြီး ဆေးဖက်ဝင်ဟင်းလျာအဖြစ် စီမံချက်ပြုတ်ပုံတို့ကို တင်ပြပေးပါမည်။

ဒန့်သလွန်ပင်သည် အရပ်ထဲမှ အိမ်အတော်များများတွင် စိုက်ပျိုးထားတတ်သဖြင့် လွယ်လွယ်ရသော အရွက်မျိုး၊ အသီးမျိုးဖြစ်နေသော်လည်း ၎င်း၏ဆေးဖက်ဝင် အာဟာရတန်ဖိုးများကို အထင်သေးပြီး အသိအမှတ်မပြုဘဲ နေလို့မရအောင်ပင် လွန်စွာဆေးဖက်ဝင်၍ ကျန်းမာရေးကို အကျိုးပြုစေသည့် အသီးအရွက်မျိုး ဖြစ်ပါသည်။

ဒန့်သလွန်ပင်သည် မြန်မာနိုင်ငံအနှံ့အပြားမှ ပေါက်ရောက်နိုင်ပါသည်။ စိုက်ပျိုးရတာလည်း လွယ်ကူပါသည်။ မိမိတို့အိမ်ခြံဝင်းထဲမှာ ဒန့်သလွန်ပင် တစ်ပင်လောက် စိုက်ပျိုးထားမည်ဆို လျှင် မိသားစုဝမ်းဝပြီး ဆေးဖိုးတစ်ဝက် ခန့် ကုန်ကျမှုသက်သာအောင်အကျိုးပြုလိမ့်မည်ဟု ဆိုချင်ပါသည်။

ဒန့်သလွန်ပင်ကို အင်္ဂလိပ်အမည် ဖြင့် Horse-radish; Drum stick ဟု ခေါ်ပါသည်။ ရုက္ခဗေဒအမည်အားဖြင့် Moringa oleifera Lamk ဟု ခေါ်ပြီး MORIMGACEAE မျိုးရင်းဝင်အပင် ဖြစ်ပါသည်။

အပွင့်မှာ အဖြူရောင်ရှိပြီး အနံ့သင်းသင်းလေးမွှေးပါသည်။ ယခုလို သကြံန်အခါသမယ တန်ခူး၊ ကဆုန်လများတွင် အပွင့်များလှိုင်လှိုင်ပွင့်ပြီး ကျွန်တော်တို့အဖွဲ့ ရန်ကုန်က မန္တလေးမြို့ကိုရောက်တာ တစ်ပတ်လောက်ပဲရှိပါသေးတယ်။ မှတ်မှတ်ရရပြောရရင် ဒီလ ဇန်နဝါရီလ ၂ ရက်နေ့ ညအဆန်ရထားနဲ့ ရန်ကုန်ဘူတာကြီးကထွက်လာပြီး ရထားပေါ်မှာ အဘိုးနဲ့ဆုံခဲ့တာပါ။ ဒီမှာ ကျွန်တော့်တပည့်တွေလည်း သက်သေရှိပါတယ်"

"ဟုတ်ပါတယ် အစ်မကြီး၊ ကျွန်တော်တို့ဘက်က သေချာပါတယ်"

ဒုတပ်ကြပ်သိန်းထွန်းနှင့် စောလူထုကဝင်ပြောတော့ -

"ခက်တော့တာပဲရှင့်၊ အဖေကတော့ ထူးထူးဆန်းဆန်းလုပ်သွားပြန်ပြီ"

ထိုစဉ်တွင် အဖျိုမကလေးက ယပ်တောင်တစ်ချောင်းနှင့် အသုဘဖိတ်စာတစ်စောင်ကိုယူလာပြီး ကျွန်တော့်အား ပြရာ ဖတ်ကြည့်တော့ ဦးစံရွှေ အသက် (၇၅) နှစ်၊ ၂-၁၂-၈၁ရက်နေ့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ကြောင်း ဖော်ပြထားပါသည်။ အချိန်ကာလယန္တရားကို ပြောင်းလဲနိုင်သည်မှာ လွန်စွာထူးဆန်းပြီး အံ့သြဖွယ်ရာအဖြစ်အပျက်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့ အံ့သြတွေဝေပြီး မှင်တက်နေမိစဉ် အလတ်မဝယ်လာသော နို့မလိုင်၊ နံပြားနှင့် ကျောက်ဆည်လက်ဖက်ရည်ချိုတို့ဖြင့် ည့ှဲခံပါသည်။

"သုံးဆောင်ကြပါ ဆရာတို့ရှင့်၊ အဖေမှာသွားတဲ့အတိုင်း ကျွန်မတို့က ည့ှဲခံတာပါ"

ဤသည်မှာလည်း အဘိုး၏အစီအစဉ်ဖြစ်ပါသည်။ ကျွန်တော်တို့စားသောက်နေကြစဉ် အကြီးမနှင့်အငယ်မ ကလေးတို့က ဆေးကျမ်းစာအုပ်များနှင့် ရွှေဇေါ်ယွန်းဘူးကလေးတစ်ခုကို အပေါ်ထပ်မှယူလာပြီး ကျွန်တော့်အားပေးပါသည်။

"ဟောဒါတွေကလည်း ဆရာဦးသိန်းဝင်းလာရင်ပေးဖို့ အဖေမဆုံးခင် အသေအချာမှာသွားတာတွေပါ"

ကျွန်တော် အလွန်အမင်း အံ့သြရပြန်ပါသည်။ ကြိုတင်ပြီး စနစ်တကျ စီစဉ်ပြီး ဆောင်ရွက်သွားသည်မှာ အကွက်စေ့လှပါသည်။ ထို့ကြောင့် ကျွန်တော် ယွန်းဘူးကလေးအားဖွင့်ကြည့်တော့ -

အတွင်း၌ မိုင်းကိုင်စက္ကူဖြင့် သေသပ်စွာထုပ်ပိုးထားသော ပစ္စည်းကလေးတစ်ခုဖြစ်သည်။ ဖြေကြည့်တော့ (၃) လက်မပတ်လည်အရွယ် ကြေးနီပြားကလေးဖြစ်သည်။ ကြေးပြားကလေးအပေါ်၌ မြေပုံတစ်ခုရေးဆွဲထားသည်။ ရှေးဟောင်းလက်ရေးဖြင့်ရေးထိုးထားသည်မှာ 'ထိန်တောမိုးညှိရတနာသိုက်' ဟူ၍ဖြစ်သည်။ မိုင်းကိုင်စက္ကူအပေါ်၌လည်း အဘိုး၏လက်ရေးဖြင့် ရေးထားသည်မှာ -

ထောင်မှူး ငါမြေး၊ ရတနာတွေကို ရှာဖွေဖော်ထုတ်ပြီး ဝေငှသုံးစွဲဖို့ လှူပါကမ်းပါ။ အဘိုးကို အမျှဝေပါ။ အဘိုးမှာ အားကိုးအားထားစရာသားယောကျ်ားလေးမရှိတော့ မင်းကိုပဲ နွေချယ်ပုံအပ်လိုက်ပါတယ်။

အဘိုးဦးစံရွှေ

ဟူ၍ ဖြစ်ပါသည်။

ထူးဆန်းအံ့သြဖွယ်ရာ ကျွန်တော့်ကိုမှ ရွေးချယ်ပြီး တာဝန်ပေးသော ဆေးဆရာအဘိုးဦးစံရွှေ ကောင်းရာသုဂတိလားစေ၊ ကျွန်တော့်ဘက်ကလည်း ယုံကြည်စွာပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမည်ဟု ရင်တွင်းစကားဖြင့် သစ္စာပြုမိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဆင်

www.burmeseclassic.com

www.burmeseclassic.com

ကဆုန်၊ နယုန်လများတွင် ပင်လုံးကျွတ် အသီးတောင့်များဖြင့် ဝေဆာလှပနေပါသည်။

မြန်မာ့တိုင်းရင်းဆေးအာဟာရ ဗေဒကျမ်းများတွင် ဒန့်သလွန်ရွက်သည် ဝမ်းမီးကိုတောက်စေတတ်၏။ အဖျားကို ပယ်နိုင်ပြီး သလိပ်ကိုနိုင်၏။ အရသာမှာ ပူစပ်၍ ခါးသက်သက်အရသာရှိပြီး လေကိုကြေစေ၏။ သွေးကိုသက်စေ၏။ တုန်ဖျား၊ ချမ်းဖျားရောဂါတို့နှင့်သင့်၏။ သားသည်မိခင်တို့ကို နို့ရည်ကိုပွားစေပြီး အမျိုးသားတို့အတွက် သုက်ဓာတ်ကို ပွားများစေသည်ဟု ဆိုထားပါသည်။

ဥတုဘော်ဇနသင်္ဂဟကျမ်းတွင် ဒန့်သလွန်သီးသည် ချိုဆိမ့်သည့် အရသာရှိပြီး လွန်စွာဝမ်းမီးကို အကျိုးပြု၍ ဘေးထိုးရင်ကျွဲပန့်၊ ရင်ဘတ် အောင့်နာ၊ နူနာ၊ ဓာတ်အားကုန်ခန်းသောအနာ၊ နာလန်ထစေလူနာများအတွက် အထူးအကျိုးပြု၏ဟု ညွှန်းဆိုထားပါသည်။

ဆေးသိပ္ပံလေ့လာတွေ့ရှိချက်များအရ ဒန့်သလွန်ရွက်တွင် သွေးအားကို ကောင်းစေသော သံဓာတ်ပြည့်ဝစွာ ပါဝင်နေသည်ကို တွေ့ရပါသည်။

ဒန့်သလွန်ရွက်နှင့် အသီးတို့ကို ရောဂါအလိုက် ဆေးဖက်ဝင်ဟင်းလျာ စီမံဖန်တီးချက်ပြုတ်၍ ကုသပေးနိုင်ပါသည်။

၁။ အမျိုးသမီးများ မီးတွင်းနို့ထွက်နည်းဖြင့် နို့ချောင်ပိတ်ခြင်း၊ လေထိုးအောင့်ခြင်း၊ သွေးမကြေကျက်ခြင်း၊ မီးယပ်ချမ်းဖျားခြင်းရောဂါများအတွက် ဒန့်သလွန်ရွက်ကို ငါးရံ့ကင်နှင့် ဟင်းခါးချက်သောက်ပေးပါက သက်သာပျောက်ကင်းစေပါသည်။

၂။ ဒန့်သလွန်သီးကို ငါးပတ်သားနှင့်ချက်စားပါက ဝမ်းပျက်ရောဂါ၊ အိပ်မပျော်သောရောဂါ (INSOMNLA) တို့ကို ပျောက်ကင်းစေပါသည်။

၃။ ဒန့်သလွန်သီးကို ငါးရံ့၊ ငါးပနော်၊ ငါးမြင်း၊ ငါးကြင်းတို့ဖြင့် ချက်စားပါက ဝမ်းမီးအားကောင်းစေပြီး လေထိုး၊ လေအောင့်၊ ရင်ဘတ်နာ၊ အဖျားရောဂါ၊ ဝမ်းဖောဝမ်းရောင်၊ သွေးတက်နာ၊ သုက်အားကုန်ခန်းသောရောဂါ၊ ပန်းသေပန်းညှိုးရောဂါတို့ကို နိုင်နင်းပါသည်။

၄။ ဒန့်သလွန်ရွက်ကို အခြားသော ဆေးဖက်ဝင် ဟင်းရွက်များဖြစ်သော တင်းပုံရွက်၊ ကြသဟင်းရွက်၊ ကြံဟင်းရွက်၊ ကန့်ချပ်နီရွက်၊ နွားရှာကြီးရွက်၊ ခဲဝဲ

ညွှန့်၊ ပေါက်ပန်းဖြူရွက် စသည်တို့ဖြင့် ဆေးဖက်ဝင်ဟင်းရွက်စုံကြော် သို့မဟုတ် ဟင်းရွက်စုံသုပ်အဖြစ် ကြက်သွန်နီ၊ ငရုတ်သီးစိမ်း၊ သံပရာရည်တို့ဖြင့် မိမိတို့ကြိုက်နှစ်သက်သလို ချဉ်၊ ငန်၊ စပ်အရသာသွင်းပြီး ဆေးဟင်းလျာအဖြစ်ဖန်တီးစားသောက်နိုင်ပါသည်။

(အထက်ပါ ဟင်းရွက်စုံများကို ရေနွေးဖျော်ပြီး ချက်ချင်းပြန်ဆယ်၊ ရေစင်အောင်ညှစ်ပြီး ပါးပါးရိုတ်ရိုတ်လှီး၍ ကြက်သွန်နီ၊ နှမ်းထောင်း၊ ကြက်သွန်ဖြူကြော်၊ ဆီချက်၊ ငရုတ်စိမ်း၊ သံပရာရည်၊ ပုစွန်ခြောက်တို့ဖြင့် တွဲစပ်သည့် ဒန့်သလွန်၊ ဟင်းရွက်စုံသနပ် ဆေးဟင်းလျာဟု ခေါ်ပါသည်။)

နောက်ဆုံးလက်ဆောင်အနေဖြင့် စာရှုသူများအတွက် သက်ကြီးရွယ်အို၊ ခံတွင်းပျက်၊ အစားမဝင်သောသူများ ဖျားနာပြီး နာလန်ထ၊ ခံတွင်းပျက်၊ အစားမဝင် အားအင်ကုန်ခန်းနေသော သူများအတွက် 'ငါးရံ့၊ ဒန့်သလွန်ချဉ်ရည်ဟင်းနှင့် ချည်ပေါင်သီးငါးပိထောင်း' ဆေးဖက်ဝင် ဟင်းလျာချက်နည်းကို တင်ပြပေးပါမည်။

ရှေးဦးစွာ ငါးရံ့ကောင်ကြီးကြီးကို ဆေးကြောသန့်စင်ပြီး အကွင်းအကွင်း လှီးပါ။ (ငါးရံ့သည် ရေသေငါးမဖြစ်ရန် လိုအပ်ပါသည်။)

ငါးရံ့ဦးခေါင်းကို ထက်ခြမ်းခွဲပြီး စင်ကြယ်စွာဆေးကြောပြီး ငါးရံ့အူဖတ်ကိုပါ သန့်စင်၍ ငါးရံ့တစ်ကောင်လုံး အင်္ဂါစုံပါဝင်အောင်ထည့်၍ ချက်ပါ။

အားလုံးတုံးတစ်ပြီးသွားလျှင် ငါးအသားများကို နန္တင်းမှန့်၊ ဆား၊ ငံပြာရည်၊ ဟင်းခတ်မှုန့်တို့ဖြင့် သေချာစွာ နယ်ပေးပြီး နာရီဝက်ခန့်နှပ်ထားရမည်။ (ဤသို့မနယ်မီ သံပရာသီးတစ်လုံးအရည်ညှစ်ပြီး ငါးအသားတုံးများကို အရင် နှံ့စပ်အောင် နယ်ပြီးမှ ဆား၊ နန္တင်းနယ်ပါ။)

ပြီးလျှင် ဒန့်သလွန်သီးအတောင့် ကြီးကြီး မန္၊ မရင့် (၁၀) တောင့်ကို အတောင့်လိုက် မီးကင်၍ ပြာပူအုံးပါ။ အပြင်ခွံပျော့သွားသည့်အခါ ပြာများကို စင်ကြယ်စေပြီး ထက်ခြမ်းခွဲ၍ ငွေနုံးပါးပါး ဖြင့် အတွင်းသားများကိုခြစ်၍ စုယူပါ။ ငရုတ်၊ ကြက်သွန်ဖြူ၊ နီ၊ ချင်းတို့ကို ဟင်းတစ်အိုးစာထောင်း၍ ပဲဆီစစ်စစ်ဖြင့် ဆီသတ်ပေးပါ။

ငရုတ်၊ ကြက်သွန်များလိပ်လာသည့်အနေတွင် စောစောက နှပ်ထားတဲ့ ငါးရံ့အသားများကို ထည့်၍ မီးအေးအေးနှင့် ငါးမှပါဝင်နေတဲ့ရေခန်းသွားပြီး ဆီပြန်လာတဲ့အနေတွင် -

မန်ကျည်းမှည့်သင့်တော်ရုံအရည် ဖျော်ပြီးထည့်ပါ။ ပြီးလျှင် ရေနွေးဆူဆူ အနေတော်ထည့်ပြီး ဆူပွက်လာသည် အထိချက်ပါ။ ဟင်းရည်ဆူပွက်လာသည့် အခါ ဒန့်သလွန်သီး၊ အနှစ်သားများကို အုပ်ထည့်လိုက်ပြီး ဟင်းအနှစ်ရည်ကို မိမိလိုချင်သည့်အနေအထားထိ မီးပေးပြီး နောက်ဆုံး ဟင်းအိုးချခါနီးတွင် (မြန်မာနံနံပင် (သို့) ရှမ်းနံနံပင်ကို ကြိုက်နှစ်သက်လျှင်ထည့်၍ မကြိုက်လျှင် မထည့်ပါနှင့်။)

အပေါ်၊ အင်္ဂန်မြည်းပြီး ဖိုပေါ်မှ ချလိုက်သည်နှင့် ငါးရံ့၊ ဒန့်သလွန်ချဉ်ရည်ဟင်းအနံ့မှာ မွှေးကြိုင်နေပြီး မည်သူမျှ မစားဘဲနေနိုင်ကြမည်မဟုတ်သည့် ရသာစုံလင်သည့် ဆေးဖက်ဝင်ဟင်းလျာတစ်ခွက်ဖြစ်ပါပြီ။

ငင်းကို ချဉ်ပေါင်ဖူး၊ ချဉ်ပေါင်းသီးကို အဖတ်ခွာပြီး မျှင်ငါးပိမီးကင်၍ ငရုတ်စိမ်း၊ နံနံပင်အမြှစ်၊ ပုစွန်ခြောက်၊ ငရုတ်ကောင်းစေ့ အနည်းငယ်ထည့်ပြီး ငါးပိထောင်းထောင်း၍ ငါးရံ့၊ ဒန့်သလွန်သီးချဉ်ရည်ဟင်းနှင့်တွဲဖက်စားသုံးလိုက်မည်ဆိုပါက စား၍ ခံတွင်းမြိန်ပြီး ချွေးလေးတစိုစိုထွက်၍ ပေါ့ပါးလန်းဆန်းပြီး အားအင်ပြည့်ဖြိုး၍ အမြန်နေထိုင်ကောင်းလာပါမည်ဟု လုံးဝရဲရဲကြီး အာမခံပါသည်ခင်ဗျာ။

ဟင်းကို ချက်မစားခင် ယခုစာကို ဖတ်လိုက်ရသည့်အခွိုန်မှာပင် မိတ်ဆွေတို့၏လျာဖျားမှာ သွားရည်စိမ့်၍ယို လာပါလိမ့်မည်ဟု။

သတ္တဝါအများစားသမျှဆေးဖြစ်၍
ကျန်းမာကြပါစေ

ဒွေနဝင်း (ယခင်မိ)

www.burmeseclassic.com

www.burmeseclassic.com

❑ နိဒါန်း

ရွှေမင်းဝံဒီပါစေတီတော်သည် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အောက်တောင်ရွာတွင်တည်ရှိပါသည်။ အောက်တောင်ရွာသည် အိမ်ခြံမြေ (၂၀၀) ကျော်ရှိ၏။ စစ်တောင်းမြစ်ဝှမ်း ဒေသ ရေတက်၊ ရေကျရှိသောမြေ ဖြစ်လေသည်။ စစ်တောင်းမြစ်ရေတက်လာပါက အိမ်မြေ၊ ယာမြေများ ရေလွှမ်း၊ မိုးကြီးရေတွေနှင့်အပြည့်ရှိနေလေသည်။ ကုန်းမြင့်များတွင် ရွာတည်ပြီးနေကြသဖြင့် အင်းလေးဒေသမှ အင်းသားများကဲ့သို့နေရ၏။ တစ်အိမ်နှင့်တစ်အိမ် လှေဖြင့်သွားရ၏။ အနီးဆုံးမြို့မှာ သနပ်ပင်မြို့ ဖြစ်လေသည်။ မြို့သို့သွားလိုပါက ကတ္တရာလမ်းအထိ လှေဖြင့်သွားရ၏။ ကားလမ်းရောက်မှ ကြုံရာကားစီးရပေသည်။

အိမ်တွင် စုဆောင်းသိုမှီးထားတာလေးနှင့်စားရပြီး အနေကျဉ်းကျပ်လေသည်။ မိုးကာလပြီး၍ ရေကျသွားသော အခါ နုန်းတင်မြေနုများကို ထွန်ယက်စိုက်ပျိုးရလေသည်။ စပါးကို အဓိကထား၍ စိုက်ပျိုးပါသည်။စပါးပြီး ကုလားပဲများကိုကြဲပါသည်။ နွေရာသီတွင် လှည်းဖြင့်သွားလှီရပါသည်။ တစ်မိုးလုံး အနားပေးထားသောနွားများမှာ မိုးကုန်၍ ရေကျမှခိုင်းစားရလေသည်။ တစ်ရွာလုံး ဟိန္ဒူဘာသာဝင်များဖြစ်ကြသည်။ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းရှိပါ သည်။ ဟိန္ဒူဘာသာဝင်များ ခရေထုံးစံအရ တစ်နှစ်လျှင် တစ်ကြိမ် မဟာပိန္ဒု - ကာလီမန်မယ်တော်ပူဇော်ပွဲ ကျင်းပကြ၏။ ဟိန္ဒူမီးနင်းပွဲကို မြန်မာပြည်တွင် ကျင်းပကြသလို ကိုကျော်ထိုက်တို့ အောင်သောင်ရွာမှာလည်း နှစ်စဉ် ကျင်းပကြပါသည်။

ဤမှ တောခေါင်ခေါင်ကြီး၊ လမ်းပန်းဆက်သွယ်မှုခက်ခဲသောနေရာ၊ ရေတွေကြီးပြီး လှေဖြင့်သာသွားလာရခက်ခဲသောနေရာ၊ မက်မောတွယ်တာစရာဘာမှမရှိသော ဒီနေရာဒေသကို မစွန့်နိုင်ဘဲ ကျားကုတ်ကျားခဲနေကြသော ဟိန္ဒူရွာသားများကို အံ့သြမိလေသည်။ သာမန်လူတို့ နေထိုင်ရန် ခက်ခဲသော ဤ'အောက်သောင်ရွာလေး'သည် သာသနာပြု အဘအောင်မင်းခေါင်ကျေးဇူးကြောင့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြလေပြီ။ ရွှေမင်းဝံဒီပါစေတီ (၁) ဆူလည်း တည်ပေးလေသည်။ ဘုရားအနီးတွင် ဘုန်းကြီးကျောင်း (၁) ကျောင်း ဆောက်လုပ်လှူဒါန်းပြီး ဆရာတော် ဦးပဏ္ဍိတအား ကျောင်းထိုင်စေပြီး သာသနာကိုဖွင့်ပေးခဲ့လေသည်။

❑ ဘုရားတည်ဖြစ်ပုံ

အဘအောင်မင်းခေါင်ကြွရောက်၍ သာသနာပြုပုံကိုတင်ပြပါမည်။ အဘသည် ရန်ကုန်တွင်နေသည်။ မြန်မာပြည်အနှံ့ သာသနာပြုခရီးစဉ်များတွင် ဟိန္ဒူဘာသာဝင်များ အတော်လာလေသည်။ ကျော်ထိုက်၊ လှဦး၊ မြင့်စိုး၊ သိန်းဝင်း စသည့် ဟိန္ဒူကုလားများသည် အဘသားသမီးများ ဖြစ်ကြသည်။ အဘသာသနာပြုခရီးစဉ်များတွင် မကြာခဏတွေ့ရသည်။ အထူးသဖြင့် ဘုရားထီးတင်ပွဲများတွင် ကျော်ထိုက်ကို အဘအားကိုးလေသည်။ အသက် (၄၀) နီးပါး လူငယ်ဖြစ်သည်။ သွက်လက်ချက်ချာ၍ ရိုးသားသည်။ ထီးတင်ရာတွင် ထီးတွင်ပါဝင်ရမည့် အစိတ်အပိုင်းများ၊ ထီးဆိုင်းကြိုးများကို သေသေချာချာစစ်သည်။ ထီးတင်ရာတွင် တစ်ဆင့်ပြီးတစ်ဆင့် တင်လျှရာတွင် နေရာကျမှု၊ ခိုင်ခံ့မှု၊ ချည်နှောင်မှု၊ ကြိုးဆိုင်မှုများကို သေသေချာချာ ဂရုပြုဆောင်ရွက်သည်။ အဘသည် ထီးတင်ပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com

အလွန်ဝါလိုင်းဖွေ ရှေးဝတ်ပုံစတိုင်တော်ထိုးတော်တင်လူဖြစ်နှင့် အဘအောင်မင်းခေါင် သာသနာမြို့မှတ်တမ်း

ကျော်ထိုက် ပါဝင်က စိတ်ချရပြီး ဘာမှ နောက်ဆံတင်းစရာမလိုပေ။ အလုပ်ကို စိတ်ချ ယုံကြည်ရအောင် ပိပိရိရိ သေသေချာချာ လုပ်ကိုင်တတ်သဖြင့် အဘ၏အချစ်တော်ဖြစ်ပေ၏။ လှဦးက ပိန်ပါးပါး၊ နူတ်ခမ်းမွေးကားကားနှင့် ကွမ်းဝါးလေသည်။ လူတွေကို ခင်မင်အောင် ပြောဆိုတတ်သည်။ အပျော်အပါးလည်းဝါသနာပါသည်။ ထိုကုလား (၂) ယောက် အဘထံကို ပြိုင်တူရောက်ကြပြီး အတူတကွ သားသမီးအဖြစ်ခံယူကြသော်လည်း ရေရှည်တွင် ရိုးသားပြီး ကြိုးစားသော ကျော်ထိုက်တစ်ယောက် စီးပွားဖြစ်ပြီး လူကုံထံအသိုင်းအဝိုင်း တစ်ယောက်ဖြစ်လာပါသည်။ လှဦးမှာ စီးပွားအထူးတက်မလာပါ။ ဘာကြောင့် ကွာခြားလာရသည်ကို မသိရပါ။

သိန်းဝင်းတစ်ယောက်ရှိသေး၏။ သူကတော့ ရိုးရိုးသားသားပါပဲ။ ကျွန်ုပ် နှင့်လွန်စွာရင်းနှီး၏။ အောက်သောင် ဘုရားထီးတင်ပွဲရောက်ခဲ့စဉ်က သူ့အိမ်ကို ဇွတ်ခေါ်ပြီး ဧည့်ခံလေသည်။ အဘ ကျောင်းတွင် တွေ့ကြ၊ ခင်ကြသောသူ တွေထဲမှာ တချို့က ပါးစပ်ကသာခင်၏။ တချို့က ရင်ထဲကခင်၏။ သိန်းဝင်းက တော့ ရင်ထဲကခင်တဲ့အထဲမှာ ပါ၏။ ရွာဓလေ့ ဧည့်ခံကျွေးမွေးနေသဖြင့် လွန်စွာအားနာရလေသည်။

ဖော်ပြပါ ကုလားတို့သည် အောက်သောင်ရွာသားများဖြစ်ကြသည်။ အသက်အရွယ်ရလာသောအခါ မိရိုးဖလာအလုပ်ကို စိတ်မဝင်စားကြပါ။ တစ်ရွာမပြောင်းသူကောင်းမဖြစ်ဆိုသလို ရွာမှထွက်လာကြပြီး ရန်ကုန်မြို့သို့တက်၍ စီးပွားရှာကြလေသည်။ ရန်ကုန်မြို့တောင်ဒဂုံမြို့သစ်တွင် နေထိုင်ကြသည်။ သစ်ခွဲစက်များထောင်ပြီး သစ်အရောင်းအဝယ်ဖြင့်ကြီးပွားကြလေ၏။ ရန်ကုန်မြို့တွင် အိမ်တစ်ဆောင်၊ မီးတစ်ပြောင် နှင့်နေနိုင်ကြလေသည်။

ကိုလှဦးကနှံ့စပ်သည်။ ဟိုစပ်စပ် ဒီစပ်စပ်ရသည်။ သတင်းစုံသည်။ လူယဲ့တွေနှင့်ပို၍အပေါင်းအသင်းလုပ်သည်။ အဘ၏သတင်းများကို ကြားသိရ၏။ လှဦးသည် ဇနီးကိုခေါ်ပြီး အဘထံသို့ ထွက်လာ၏။ သားအရင်းအဖြစ်သတ်မှတ်ရန် ဝတ္ထုငွေကြေးများ၊ မုန့်များလှူပြီး အဘထံ ပထမဆုံးရောက်လာ၏။ ၎င်းမှ တစ်ဆင့် ကိုကျော်ထိုက်၊ သိန်းဝင်းမြင့်စိုးတို့ တစ်သီကြီးပါလာကြသည်။ အဘ၏ မေတ္တာရိပ်တွင်ခိုဝင်လာကြသည်။

အဘထံမှ မေတ္တာကို ခံယူသဖြင့် မိမိတို့စီးပွားဖြစ်ကြ၏။ အန္တရာယ်ကင်းကြ၏။ အရေးကြုံအခက်အခဲရှိပါက အဘကို ဆည်းကပ် ကိုးကွယ်ခြင်းဖြင့် လုံခြုံနေကြလေ၏။ အဘ၏သာသနာရေးလုပ်ငန်းများတွင် တစ်စတစ်စနှင့် ပါဝင်ဆောင်ရွက်လာကြပြီး အဘ၏ သားသမီးအရင်းများ ဖြစ်လာကြသည်။ အဘ ဗုဒ္ဓဂယာသို့ ဘုရားဖူးထွက်သော အခါ ထိုကုလားအုပ်စုလည်း လိုက်ပါသွားကြသည်။ ကုလားများ ကုလားပြည်သို့သွားခြင်းသည် မိမိလူမျိုးများရှိရာ နေရာသို့ သွားရောက်ခြင်း ဖြစ်သည်။

ဘာသာတူ၊ စကားတူကြသဖြင့် ခရီးသွားရာတွင် အဆင်ပြေမည်ဟု ထင်ရပါသည်။ ကုလားပြည်သို့ ရောက်သောအခါ ကုလားစကားပြောတတ်သဖြင့် ရောရောနှောနှောပြော၍ ရသော်လည်း ဇာတ်ကြီးကုလားများဖြစ်၍ မြန်မာပြည်မှကုလားများကို ဇာတ်နိမ့်သို့သွတ်သွင်းကြ၏။ ကိုကျော်ထိုက်တို့သောက်သော ရေခွက်ကို သူတို့မသောက်တော့ပါ။ စွန့်ပစ်ကြ၏။ ကိုကျော်ထိုက်တို့ထိသော ပစ္စည်းကို သူတို့ဆက်မသုံးကြပါ။ မြန်မာပြည်မှကုလားများကိုရွံရှာကြ၏။ မနှစ်မြို့ကြပါ။ ထိုအခါကျမှ ကိုကျော်ထိုက်တို့မျိုးရိုးဇာတ်ကိုသိလာရလေသည်။ ငါတို့က ဇာတ်နိမ့်မျိုးပါလားဆိုတာသိရသောအခါ ရယ်စရာဖြစ်နေလေသည်။ မိမိတို့နိုင်ငံတွင် ဇာတ်ခွဲခြားခြင်းမရှိပါ။

၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မဟာပိန္နဲ-ကာလီမန် ဘုရားပွဲတော်ကျင်းပကြသည်။ မိမိတို့ ရိုးရာအစဉ်အလာအရ မီးနင်းပွဲကျင်းပကြသည်။ ကိုကျော်ထိုက်သည် အဘထံသို့ ရောက်လာပြီး ဟိန္နူရိုးရာမီးနင်းပွဲကို အဘ မေတ္တာပို့ပေးပါရန် လာရောက်လျှောက်ထား၏။ အဘက ရှေ့အနာဂတ်ကို မျှော်ကြည့်လိုက်သောအခါ ဟိန္နူကုလားများ ဗုဒ္ဓဘာသာဖြစ်ကြတော့မည်။ သာသနာပြုဆိုသည်မှာ သာသနာမရှိသောနေရာကို သာသနာရောက်အောင်ဆောင်ရွက်ခြင်းဖြစ်သည်။ အဘသည် ဟိန္နူတို့နေထိုင်ရာ အောက်သောင်တွင် ဗုဒ္ဓဘာသာသာသနာလွှမ်းမိုးတော့မည်ကိုကြိုသိလေသည်။

"အဘ၊ သားကန်တော့ပါတယ်"

"အေး-ကျော်ထိုက်လား၊ ဘာတိစ္ဆရှိသေးလဲ"

"သားတို့မွေးရပ်ဇာတိ အောက်

www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းဝံဓိပါဓေတီတော် ထီးတော်တင်ထုံးနေပုံ

အဘအောင်မင်းခေါင်ကိုယ်တိုင် ရွှေမင်းဝံဓိပါဓေတီတော်အား ထီးတော်တင်ထုံးနေပုံ

သောင်မှာ ရိုးရာဟိန္ဒူဘုရားပွဲကျင်းပဖို့ ရှိပါတယ် အဘ"

"မီးနင်းပွဲလား"

"မီးနင်းပွဲလည်းပါတယ် အဘ။ အဘအားရင် သားတို့ပွဲကိုကြွပေးဖို့ဖိတ်ပါတယ်။ အဘအန္တရာယ်မကျရောက်အောင်လည်း သားတို့စောင့်ရှောက်ပေးပါအဘ"

"မင်းတို့ပွဲက ဘယ်နေ့ကျင်းပမှာလဲ"

"၂၈-၂-၂၀၁၀ ရက်နေ့ ကျင်းပမှာ အဘ"

"ငါ့ကို ပင့်ရင်တော့ ကြွရမှာပေါ့။ ကားလမ်းကောင်းရဲ့လား"

"ကားလမ်းတော့ သက်သက်မရှိဘူး အဘ။ ရေမြောင်းအတိုင်း ကားမောင်းလို့ရတယ်။ လယ်ကွက်ကြားတွေကိုတော့ လူအားနဲ့ ကားသွားလို့ရအောင် စီစဉ်ထားတယ်"

"အေး၊ အေး - မင်းသွားရင် အဘကို လာပင့်ပေါ့၊ အဘကြွပေးမယ်"

"ကောင်းပါပြီ အဘ"

ကိုကျော်ထိုက်တို့အောက်သောင်ရွာသို့ အဘဦးစီးပြီး သားသမီးများ ကား (၃) စီးဖြင့် သွားကြသည်။ အဘကျောင်းမှ (၁) စီး၊ ဦးမောင်မောင်မှ (၁) စီး၊ အိအိတို့မှ (၁) စီးပါသည်။ အဘသားသမီးများကတော့ ကုလားဘုရားပွဲကို လေ့လာရန် အပျော်သဘောနှင့်လိုက်လာကြသည်။ ကိုကျော်ထိုက်တို့အုပ်စုက ရွှေကသွားနှင့်ကြသည်။ လမ်းပြင်ဆင်ရေး၊ ကြိုဆိုရေးများကို ဆောင်ရွက်ရန် ဖြစ်လေသည်။ အဘတို့အဖွဲ့သည် ရန်ကုန်မှ ပဲခူးသို့ လည်းကောင်း၊ ပဲခူးဘုရားကြီးမှ အရှေ့ဘက်လမ်းမကြီးအတိုင်း မောင်းလာကြရာ သနပ်ပင်မြို့သို့လည်းကောင်း ရောက်လာကြသည်။ သနပ်ပင်မြို့မှ ဆက်လက် ထွက်ခွာရာ ကတ္တရာလမ်းမပေါ်မှ ဘယ်ဘက်သို့ ခွဲထွက်သောမြေလမ်းအတိုင်းမောင်းလာကြသည်။ မြေလမ်းဆုံးသောအခါ မိုးကာလရေစီးသောချောင်းသည် ယခုအခါ ရေမရှိတော့ဘဲ ကားသွားရန်ဖြစ်ပေါ်လာတော့သည်။ ရွာစဉ်ဆက်မပြတ် ဖြတ်သန်းလာရာ ကွင်းကြီးအလယ်သို့ ရောက်လာကြသည်။ တစ်မျှော်တစ်ခေါ် ကျယ်ဝန်းသော ကွင်းပြင်ကြီးသည် မိုးကာလ ရေအောက်သို့ နစ်မြုပ်နေလေသည်။ လမ်းမမှားရန် သာသနာ့အလံများ စိုက်ထူးထားသည်။ လမ်းမှားပါကမေးရန် ရွာမရှိ။ လူသူလေးပါးကင်းနေလေသည်။ ပင်လယ်ပြင်မှာရွက်လွှင့်သွားလာနေရသလို ကွင်းပြင်အလယ်တွင် သွားလာရသည်မှာလည်း ရင်ဖိုစရာကောင်း၏။

မကြာမီ အောက်သောင်ရွာသို့ ရောက်ပါပြီ။ ကိုကျော်ထိုက်တို့အဖွဲ့ အဘကိုကြိုဆိုကြသည်။ မီးနင်းပွဲကျင်းမည့်ကွင်းကြီးမှာ ဟိန္ဒူဘုရားကျောင်

www.burmeseclassic.com

www.burmeseclassic.com

တွင် စီစဉ်ထားသည်။ ကုလားပုံတီးသံသည် ကုလားနတ်ကိုပင့်ရာတွင် များစွာအထောက်အကူရသည်။ တချို့ ဟိန္ဒူကုလားများသည် ထိုဗုံသံကိုကြားလျှင် ချက်ချင်း နတ်ဝင်လေတော့သည်။ ဟိန္ဒူရိုးရာနတ်တို့သည် ထိုသူရိယနှင့်ဆက်စပ်နေလေသည်။ ကုလားလူအုပ်ကြီးသည် ရေစပ်ကွင်းလယ်မှ သူတို့ကိုးကွယ်ရာနတ်ကိုပင့်နေလေသည်။ နတ်ဝင်သည်များကလည်း နန္ဒင်းကိုလိမ်းပြီး မျက်နှာမှာ ထုံးသားထားလေသည်။ လျှာကို ခက်ရင်းနှင့်ဖောက်၍ထားသည်။ တချို့ နတ်ဝင်သည်များမှာ အချွန်မှားဖြင့် ခန္ဓာကိုယ်တစ်လုံးထိုးပြီး မ,သယ်လာသောပန်းခိုင်ကြိုးကတစ်မျိုး၊ နောက်ကျောကို သံချိတ်ဖြင့် ဖောက်ချိတ်ပြီး လှည်းကိုဆွဲသူကလည်းဆွဲနေ၍သည်။ အားလုံး နတ်ဝင်ပြီး ဟိန္ဒူဘုရားကျောင်းသို့ လာကြသည်။

ဘုရားကျောင်းမရောက်မီ မီးနင်းရန် စီစဉ်ထားသောအဖွဲ့များက စောင့်နေသည်။ ပေ(၃၀)အရှည်ကျင်းကြီးထွင်ထင်းများမီးရှို့ပြီး မီးတောက်များမရှိတော့ပါ။ မီးကြီးမီးခဲများရဲနေအောင်တောက်နေသောကျင်းကြီးကို ဖြတ်သန်းရပေမည်။

မကြာမီ နတ်ဗိုးသံ 'တုံ. . . တုံ . . . တီးပြီး ဟိန္ဒူကုလားများဝင်လာကြလေသည်။ နတ်ဝင်ပါက လူစိတ်မပျောက်သော်လည်း ခန္ဓာကိုယ်အရေပြားကို သံချွန်၊ သံချိတ်တို့ဖြင့် ထိုးဆွ ချိတ်တွယ်ကာ သွေးမထွက်ပါ။ မနာကျင်ပါ။ သာမန်သူတို့ မနင်းရဲသော မီးခဲများပေါ် သို့ ဖြတ်သန်းသွားကြရာတွင် ပူခြင်း၊ လောင်ခြင်းမရှိပါ။ မီးနင်းပြီး နတ်ဝင်သည်တစ်ယောက်က ဓားလေးကားပေါ် သို့တက်၍ ပြသနေပါသည်။ ဓားသွားပေါ် တွင်တင်ထားသော ငှက်ပျောသီးများပြတ်ထွက်သွားသော်လည်း ၎င်းခြေနှင့်လက်များ ပြတ်ထွက်သွားခြင်း မရှိပါ။ ဟိန္ဒူတို့၏ရိုးရာပွဲမှာ စည်ကားနေပါသည်။ အနယ်နယ်အရပ်ရပ်မှလူတို့သည် စုဝေးရောက်ရှိလာကြသည်။ အဘသည် ပက်လက်ကုလားထိုင်တွင် ထိုင်ပြီး မေတ္တာပို့နေပါသည်။

"သတ္တဝါတွေ ကျန်းမာချမ်းသာပါစေ"

"ဟိန္ဒူရိုးရာပွဲလည်းအောင်အောင်မြင်မြင်ချောချောမွေ့မွေ့ပြီးပါစေ"

ဟိန္ဒူအများစုသည် ဘုရားကျောင်းသို့ရောက်လာကြပြီး ဘုရားကိုကန်တော့ကြလေသည်။ လိုရာဆုတောင်းပြီး ပြန်ထွက်လာကြသည်။ အများစုမှာ အဘထံ ရောက်လာကြသည်။ အဘလိုပုဂ္ဂိုလ်မျိုး တစ်ခါမှ မမြင်ဘူးပေ။ ကိုးကွယ်ရာအားထားရာအဖြစ် ခံယူပြီး အဘကို ကန်တော့ကြလေသည်။ ရန်ကုန်မှ ကျော်ထိုက်တို့ ကိုးကွယ်သော ဝိဇ္ဇာမိုရ်ဆိုသည့် အဘကြွလာမည် ဟူသော သတင်းက ပျံ့နှံ့နေလေသည်။ ထို့ကြောင့် ဟိန္ဒူများ အဘထံ စုပြုံရောက်ရှိလာခြင်းဖြစ်သည်။ အဘရှေ့မှာ ရောက်ရှိသော ကုလားများမှာ လူ(၃၀၀)ကျော်လောက် ရှိလေသည်။ ဟိန္ဒူဘုရားပွဲကြီးနောက် အဘကန်တော့ပွဲဖြစ်မေ၊ လာသည်။

"အဘ၊ သားတို့ အဘကို တန်တော့ပါတယ်"

"အေး၊ အေး-အဘရှေ့မှာရောက်ရှိကြတဲ့ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟု စသည့်နေ့သားအလိုက် သားသမီးတို့သည် ကျန်းမာချမ်းသာပါစေ။ လုပ်သီးကိုင်သီးလယ်ယာမြေများမှလည်း သီးနှံများထွက်ရှိကြပါစေ။ အရောင်းအဝယ်လည်းဖြစ်ပါစေ။ မိမိတို့ရင်ထဲက တောင်းတာသမျှဆုတွေလည်းပြည့်ဝကြပါစေ။ ရတနာ (၃) ပါးကို ဆည်းကပ်ပြီး သူတော်ကောင်းတရားများ နာကြားရပါစေ"

"အဘပေးတဲ့ဆုနဲ့ပြည့်ဝပါစေ"

"အေး၊ အေး မင်းတို့နယ်မှာ ဟိန္ဒူတွေများတယ်။ ရိုးရာလည်း ကိုးကွယ်ပေါ့။ အဘစကားနားထောင်ရင် မင်းတို့ကိုးကွယ်ဖို့ ဘုရား (၁) ဆူတည်ပေးမယ်။ မင်းတို့သဘောတူသလား"

"တူပါတယ် အဘ၊ သားတို့က မိရိုးဖလာဟိန္ဒူဆိုပေမယ့် ဗုဒ္ဓဘာသာကိုယုံကြည်ကြပါတယ်။ ဗုဒ္ဓဘုရား (၁) ဆူတည်ခဲ့ပေးရင် ကိုးကွယ်ပါ့မယ်"

"မင်းတို့ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ချင်တယ်ဆိုရင် ဘုရား (၁) ဆူတင်မက ဘုန်းကြီးကျောင်းကို(၁)ကျောင်းဆောက်ပေးမယ်။ သဘောတူသလား"

"တူပါတယ် အဘ"

"အေး၊ အေး - ဘုန်းကြီးပင့်ပြီး ဆွမ်းလောင်းမယ့်သူမရှိရင်လည်း ဒုက္ခရောက်မယ်"

"သားတို့တာဝန်ယူပါမယ် အဘ"

"မင်းတို့အားလုံး အဘစကားနားထောင်ရင် မင်းတို့ကို အဘပစ်မထားဘူး။ အဘအမြဲစောင့်ရှောက်နေမှာပါ"

"ဟုတ်ကဲ့-အဘ၊ သားတို့ဘဝကို ပြောင်းလဲသွားအောင်အဘစောင့်ရှောက်မှဖြစ်မယ်။ သားတို့ အဘစကားကို နားထောင်မယ်"

"အေး၊ အေး - ကောင်းပြီ"

အဘသည် ဟိန္ဒူဘုရားကျောင်းနားတွင် ဘုရားတည်ရန် မြေနေရာရွေးကြသည်။ နေရာသန့်သန့်အချက်အချာကျပြီး သာသနာအဝန့်ရှည်မည့်နေရာကို သေသေချာချာ ရွေးချယ်ပါသည်။ အိမ်ထောင်မှ ဘုရားတည် ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်ခဲ့လျှင် နောင်ပြင်ရန်ခက်သည့်အမျိုးဟု စကားပုံရှိ၏။ ဘုရားစတင်တည်ဆောက်မည့်မြေနေရာကိုအရှည်သဖြင့် တည်တံ့ခိုင်မြဲရန် အဘစိတ်ကြိုက်ရွေးချယ်လေသည်။

"ကျော်ထိုက်"

"ရှိပါတယ် အဘ"

"ဒီနေရာဘုရားတည်မယ်"

"ဟုတ်ကဲ့ အဘ"

"အတောင် (၂၀၀) ပတ်လည်ရာဇမတ်ကာထားပါ"

"ဟုတ်ကဲ့ အဘ"

"ဘုရားပန္နက်တင်မင်္ဂလာကို ရက်ရွေးပေးမယ်"

"ဟုတ်ကဲ့ အဘ"

"ဒီဘုရားကို ဘယ်သူတည်မှာလဲ၊ ဘုရားဒကာကဘယ်သူလဲ"

"အဘပဲ ဦးစီးတည်ပေးပါ။ သားတို့ စုပေါင်းပြီး လှူမှာပါ အဘ"

"အေး - ကောင်းတယ်၊ ကောင်းတယ်၊ နောက်ဘုရားအရှေ့မျက်နှာစာဒီလောက်မှာ ကျောင်းဆောက်ကွာ။ ဒီကျောင်းကို အရင်ဆောက်၊ ဒါမှအရိပ်အာဝါသမှီခိုရမှာ။ ဘုရားတည်ရင်လည်း မှီခိုအားထားရမှာ"

"ကျောင်းကိုတော့ ကျွန်တော် တာဝန်ယူဆောက်ပေးပါ့မယ် အဘ"

"အေး၊ အေး-ကောင်းပြီ၊ ကောင်းပြီ ဒါဆို အဘတို့ပြန်မယ်"

"သားတို့ကန်တော့ပါတယ်"

"အဘနှင့် သားသမီးတို့သည် ကျော်ထိုက်တို့ ဟိန္ဒူဘုရားပွဲသို့ ရောက်ရှိလာပြီး မေတ္တာဘာဝနာပွားများရင်း ဘုရား (၁) ဆူတည်ရန် မြေနေရာရွေးပြီး ပြန်လာကြသည်။ အဘ ရွာသာကြီး ရောက်သောအခါ အောက်သောင်တွင် ဘုရားတည်မည်ဟု သတင်းစကားပျံ့နှံ့သွားလေသည်။ နောက်နေ့တွင် အဘသားသမီးများစုဝေးပြီး ဘုရားတည်ဖို့ အလှူခံရာ သိန်း (၁၀၀၀) ကျော်ရရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

❑ ဘုရားတည်ရန်ပစ္စည်းစုဆောင်းခြင်း

ရွာသာကြီးမှ ရွှေဘကို ခေါ်ပြီး အောက်သောင်ဘုရားတည်ရန်အတွက် အုတ်လိုအပ်ကြောင်း အုတ် (၁၀၀,၀၀၀) ဖုတ်ရန်ခိုင်းလေသည်။ ရွှေဘသည် ရွာသာကြီးမှာနေသည်။ အဘ၏သား သမီးအရင်းဖြစ်သည်။ ဘုရားတည်တိုင်း အလုပ်ကြမ်းသမားများ ဦးစီး၍ အောက်ခြေသိမ်းမှအဆုံးအထိ ပြီးအောင်ဆောင်ရွက်၏။ ယခုလည်း ကိုကျော်ထိုက်တို့ ရွာသို့ ဘုရားစာည်ရန်အတွက် အုတ်ဖုတ်ရန် တာဝန်ပေးခြင်းခံရ၏။ အဘမှ ပေးသောငွေ(၁၀)သိန်းကိုယူပြီး အောက်သောင်သို့ အုတ်ဖုတ်ရန် ထွက်သွားပါတော့သည်။

အုတ်ဖုတ်ရန် မြေအမျိုးအစား၊ လိုအပ်သောထင်းများစီစဉ်ရန်ဖြစ်သည်။ ရွာခံ သိန်းဝင်းအိမ်မှာ တည်းခိုပြီး အုတ်စတင်ဖုတ်လေတော့သည်။ အုတ်ကျက်သောအခါ မိုးရွာလေပြီ။ မိုးကာလရောက်သဖြင့် ထွေလာရှိများ၊ ကားများကို ပစ္စည်းများတင်၍ ရန်ကုန်သို့ပြန်လာကြ၏။

"အဘ အုတ်က (၁၀၀,၀၀၀) ပဲ ဖုတ်ရသေးတယ်။ မိုးကရွာလာလို့ သားတို့ပြန်လာခဲ့တယ်"

"အုတ်တမလောက်သေးဘူး။ဒီနှစ် တော့နားလိုက်ဦး။ လာမယ့်နှစ်မှာဆက်ဖုတ်ပေးပေါ့"

"ဟုတ်ကဲ့ အဘ"

"မိုးရေတွေတက်လာတော့ ဘုရားတည်ဖို့ သဲလိုသေးတယ်"

"ဘုရားတည်ဖို့သဲက စစ်တောင်းမြစ်ထဲကသဲကို သဲစုပ်စက်နဲ့စုပ်ပြီး လှေနဲ့တင်ရမှာ"

"အေး - မိုးတွင်းမှာလုပ်နိုင်တာသဲစုထားဖို့ပဲ။ နောက်တစ်ခေါက်သွားကြည့်။ လိုအပ်တဲ့ငွေထုတ်ပြီးသဲစုထား"

"ဟုတ်ကဲ့ အဘ"

အဘ၏ သားသမီးများမှာ ချမ်းသာကြ၏။ လျှနိုင်တန်းနိုင်ကြ၏။ အဘ၏ ဘုရားတည်သည့်အမှုတိုင်း လက်မတွန့်ကြပါ။ အဘလိုသလောက် လှူကြလေ၏။ ရွှေဘမှာ သူများတွေလှူသလို မလှူနိုင်ပါ။ မိမိ၏ကာယစွမ်းအားကိုအသုံးပြု၍ ဘုရားတည်သည့်အမှုကို အစမှအဆုံးထိဆောင်ရွက်ပေးပါသည်။ ငွေလှူကြသည့်သူများထက်ပို၍ကုသိုလ်ရမည်ထင်ပါသည်။ ယခုလည်း အောက်သောင်ဘုရားတည်ဖို့ အုတ်ကိစ္စများကို

အောက်သောင်ရွာ ဟိန္နုလူမျိုးများအား လူစုခိုန်းသည့် ဗုဒ္ဓရုပ်ပွားတော်များ

ရွှေမင်းစံဒီပါဓဇတီတော်နှင့် ဘုန်းကြီးကျောင်း

လုပ်အားရင်း၍ ဆောင်ရွက်ပေးပါသည်။ ဤသို့ဖြင့် ဘုရားတည်မည့် အုတ်များ၊ သဲများ အဆင်သင့်စုဆောင်းပြီး ဘုရားတည်လေသည်။ ဘုရားကို (၃) နှစ်ခန့်ကြာအောင်တည်ရလေသည်။

ကိုကျော်ထိုက်လာလည်း ဘုရားအရှေ့တက်တွင် ဘုန်းကြီးကျောင်း (၁) ကျောင်းဆောက်လုပ်ပေးပါသည်။ (၄၅) ပေ၊ (၃၆) ပေ အကျယ်အဝန်း (၁) ထပ်၊ ခြေတံရှည်ကျောင်းဖြစ်ပါသည်။ ဘုရားတည်သောအဖွဲ့၊ အုတ်ဖုတ်သောအဖွဲ့များ ဤကျောင်းတွင်တည်ခိုရှုလုပ်ကိုင်ကြရလေသည်။ ကိုရွှေဘတို့အဖွဲ့သည် နွေရာသီတွင် အုတ်ဖုတ်ရ၏။ မိုးရာသီတွင် စစ်တောင်းမြစ်သို့သွားပြီး မြစ်ထဲမှသဲကို သဲစုပ်စက်ဖြင့်စုပ်ရ၏။ စက်လေပေါ် စုပ်တင်ပြီး လိုသလောက်ရသောအခါ ဘုရားတည်မည့်ကုန်းသို့မောင်းလာရ၏။ ဘုရားကုန်းပေါ် သို့ ရောက်သောအခါ ကိုရွှေဘ၏ကာယလုပ်သားများက ပေါ်မှချရလေ၏။ ဤသို့ဖြင့် အုတ်နှင့်သဲများကို စုဆောင်းရလေသည်။ ဘိလပ်မြေကို ရန်ကုန်မှသယ်ရ၏။ ဘိလပ်မြေ (၄၂၀၀) အိတ် ကိုကျော်ထိုက်ဆောင်သည့်ကျောင်းတွင် စုပုံ၍ထားလေသည်။

အဘနှင့်သားသမီးတစ်စုတို့သည် အောက်သောင်ရွာသို့ကားကြီးကားငယ် အသွယ်သွယ်ဖြင့်ရောက်ရှိလာကြသည်။ ရွှေမင်းဝံဒီပါဘုရား ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာခြင်း ဖြစ်သည်။ အောက်သောင်ရွာများ အဘကိုကန်တော့ပြီး လိုအပ်သော ဘုရားကိစ္စကို စုပေါင်းဆောင်ရွက်သည်။

မင်္ဂလာအချိန်ကို နံနက် (၉) နာရီ (၉) မိနစ် သတ်မှတ်ပါသည်။ ပန္နက်ကို အရပ်(၄)မျက်နှာ၊ ထောင့်၊ အလယ် (၁) ချက် စုစုပေါင်း

www.burmeseclassic.com

www.burmeseclassic.com

(၉) နေရာရိုက်ရသည်။ ဘုရားရင်ပြင်အကျယ်ကို လေးထောင့်ကျကျမျဉ်းဆွဲပြီး ထုံးသား၍ ပန္နက်ရိုက်မည့်နေရာများကို သတ်မှတ်ပေးရ၏။ အဘတို့ပန္နက်ရိုက်သည့်အခါတွင် တနင်္ဂနွေသားအောင်မင်းခေါင်ဖြစ်၍ အင်းသားပန္နက်ငုတ်ကို အမြဲသုံးပါသည်။ အင်းသားပန္နက်ငုတ်မှာ ငုတ်အချွန်လုံးပတ်ညီညီ ပွတ်ထိုးထားပြီး အပေါ် အက်အနားရစ်ထားသည်။ သိမ်တိုင်နှင့် ခပ်ဆင်ဆင်တူသည်။ ရိုက်သော လက်နက်တုတ်မှာလည်း များသောအားဖြင့် အင်းသားပင်ဖြစ်၏။ လက်ကိုင်မည့်နေရာကို ခါးသိမ်ထားပြီး ပန္နက်ရိုက်မည့်ဘက်တွင် လေးထောင့်ကျကျထားလေ၏။ ဘုရားပန္နက်ရိုက်မည့်ကွင်းအား ဝန်ရှင်းနေလုပ်ခြင်း၊ ရေဖျန်းခြင်းများကို ပြုလုပ်ရ၏။ အရပ် (၄) မျက်နှာကို ရာဇမတ်မျိုးဖြင့် ကာရံထား၏။ ထောင့် (၄) ထောင့်တွင် ငှက်ပျောပင်များစိုက်ထားလေသည်။

ဘုရားပန္နက်တင်ပွဲ ကျင်းပမည့်ကွင်း၏ဘေးတွင် သာသနာပွဲ (၁) ပွဲ၊ ယက္ကန်းစင်တောင်ဆရာတော် (၁) ပွဲ၊ ရှင်မထီးဆရာတော်ပွဲ (၁) ပွဲ၊ အဘဘိုးဘိုးအောင် (၁) ပွဲ၊ အဘအောင်မင်းခေါင်ပွဲ (၁) ပွဲ ပြင်ဆင်ထားရသည်။ အလယ်တည့်တည့်တွင် သာသနာပွဲထားပြီး ညာဘက်တွင် ယက္ကန်းစင်တောင်ပွဲနှင့် ရှင်မထီးပွဲ၊ ဘယ်ဘက်တွင် ဘိုးဘိုးအောင်ပွဲနှင့် ဘိုးမင်းခေါင်ပွဲများထားရ၏။ ပွဲများအပ်ပြီး မီးပုဇော်ထားရလေသည်။ ပန္နက်ရိုက်မည့်နေရာတွင် ပန္နက်ငုတ်နှင့်လက်ရိုက်တုတ်ကို အုတ်ခဲပေါ် တွင်တင်ထားရလေသည်။

မင်္ဂလာအချိန် (၉) နာရီ (၉) မိနစ် ရောက်သောအခါ အဘကြွလာပါသည်။ ဘုရားပန္နက်ကွင်းထဲသို့ မည်သူမျှမဝင်ရပါ။ အဘမှ လက်ညှိုးထိုးပြီး အမိန့်ပေးညွှန်ကြားနေပါသည်။ အရပ် (၄) မျက်နှာ နှစ်စဉ်အောင် လက်ညှိုးထိုး၍ ညွှန်ကြားနေပါသည်။ အဘမှလိုအပ်သည်များကို စီစဉ်ညွှန်ကြားပြီးမှ အဘကိုယ်တိုင် တနင်္ဂနွေထောင့်မှစ၍ ပန္နက်ရိုက်ပေးပါသည်။ အဘနှုတ်မှ ဆုတောင်းမေတ္တာပို့ပြီးနောက် ကိုကျော်ထိုက်တို့ဇနီးမောင်နှံက ရွှေရေ၊ ငွေရေလောင်းပါသည်။ မဌေးတို့နှင့်၊ မအိတို့က အမွှေးတိုင်၊ အလင်းတိုင်များ ထွန်းညှိပူဇော်ကြလေသည်။ တနင်္ဂနွေထောင့်မှ လက်ယာရစ် တဲနလံ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာပြိုဟ်တိုင်များကို ပန္နက်ရိုက်ပေးပါသည်။ အဘပန္နက်ရိုက်ပြီးတိုင်း ရွှေရေ၊ ငွေရေလောင်းခြင်း၊ အမွှေးတိုင်၊ အလင်းတိုင်ပူဇော်ခြင်းများကိုနောက်မှလိုက်၍ဆောင်ရွက်ပါသည်။ နောက်ဆုံးကိတ်ပြိုဟ်ဖြစ်သော အလယ်ပန္နက်ကိုရိုက်ပြီးနောက် အဘသားသမီးများအားလုံး မိမိတို့နေသားအလိုက် မိမိနေ့နေရာများတွင် ပန္နက်ရိုက်ကြလေသည်။ တစ်သက်တွင် တစ်ခါမှ မကြုံဘူးသော အောက်သောင်ရွာသူရွာသားများ နောင်အနာဂတ်မျိုးဆက်လူသားများကို ပြောမဆုံးအောင် တွင်ကျန်ရစ်မည့်လုပ်ရပ်များကို လုပ်ဆောင်တော်မူကြလေသည်။ 'ဒီဘုရား ငါတို့ကိုယ်တိုင် ပန္နက်ရိုက်ခဲ့တာ' ဟု ပြောလို့ရအောင် ကိုယ်တိုင်ပန္နက်ရိုက်ကြရာ ပန္နက်ငုတ်မှာ မြေထဲသို့ နစ်ဝင်ပျောက်ဆုံးသည်အထိ ရိုက်ကြလေတော့သည်။

အဘတို့လည်း မေတ္တာပို့၊ အမျှဝေပြီး အောက်သောင်ရွာသူရွာသားများကို နှုတ်ဆက်၍ ရွာသာကြီးသို့ ပြန်လာကြလေသည်။

❑ အုတ်မြစ်ချမင်္ဂလာ

အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ၁၃၇၃ ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ (၁၅-၂-၂၀၁၂) ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ အုတ်မြစ်ချမင်္ဂလာမပြုလုပ်မီ မြေနှုတ်မင်္ဂလာအရင်ကျင်းပရပါသည်။ ဘုရားကြီးတစ်ဆူတည်ရာတွင် မြေပေါ်တင်ပြီးတည်၍မရပါ။ လိုအပ်သော အနက်ရအောင်တူးရမည်။ အနက်ပေ (၇) ပေအထိတူးပြီးမှ အောက်အမာခံ (Foundation) ချရပါမည်။ ကျင်းကြီးတူးပြီး သဲ (၂) ခင်းပြီး အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပခြင်း ဖြစ်သည်။

အဘနှင့် သားသမီးများ ရောက်ရှိလာကြပြီး မြေကျင်းကြီးထဲသို့ဆင်းပြီး ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များကို ချပေးပါသည်။ ပန္နက်တင်မင်္ဂလာအခမ်းအနားကဲ့သို့ အုတ်မြစ်စီမင်္ဂလာအခမ်းအနားကျင်းပခြင်း ဖြစ်ပါသည်။ နံနက် (၉) နာရီအချိန်တွင် အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးပါသည်။ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားမှာ လုပ်ငန်းစတင်ရန် အစပျိုးလိုက်ခြင်း ဖြစ်သည်။ ယနေ့မှစ၍ ဘုရားတည်ရန် လှုံ့ဆော်သောနေ့၊ စတင်တည်ဆောက်သောနေ့ပင် ဖြစ်ပါသည်။ ပစ္စည်းများစုံပြုံပြီးမှ ဘုရားတည်ရသောပန်းရန်များမှာ နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ ကြိုးစားပမ်းစား ဘုရားတည်ပေတော့သည်။ မတ်လကုန်တွင် ဘုရားအကြမ်းထည်ကြီးပြီးသွားလေပြီ။ ကိုရွှေဘ၏ အလုပ်ကြမ်းသမားများမှာလည်း အားရက်နားရက်မရှိပါ။ မူလက ဘုရားဉာဏ်တော်ကို (၂၇) တောင် တည်ရန်လျာထားသော်လည်း လက်တွေ့ဘုရားတည်သောအခါ (၃၆) တောင် ဉာဏ်တော်အထိ ဖြစ်သွားလေသည်။ ဘုရားကြီးမှာ ရွှာနှင့်မလိုက်ဖက်ပါ။ အလွန် ခမ်းနား ထည်ဝါနေလေသည်။ ဘုရားရင်ပြင်တော်မဟာရံအုတ်တံတိုင်းနေ့အလိုက်ပြိုဟ်တိုင်များပါဝင်ပါသည်။ ဘုရားကြီးမှာ ရခိုင်ပြည်နယ်မုံပုံစံကို အတုယူ၍ တည်ဆောက်ထားပါသည်။ အရံစေတီ (၄) ဆူနှင့် အယ်ပင်မစေတီ (၁) ဆူ၊ ပေါင်း (၅) ဆူကို ပေါင်းစပ်တည်ဆောက်ထားပါသည်။ ဘုရားမုခ်ဝ (၄) အပေါ်တွင် အရံစေတီ (၄) ဆူပါဝင်သဖြင့် ဘုရား (၉) ဆူကို ပေါင်းစပ်တည်ဆောက်ထားပါသည်။ ဘုရားမုခ်ဝ (၄) မုခ်အပေါ်တွင် အရံစေတီ (၄) ဆူပါဝင်သဖြင့် ဘုရား (၉) ဆူ ထီးတင်ရမည် ဖြစ်ပါသည်။ ဘုရားမုခ်ဝ (၄) ခုတွင်လည်း ကျောက်ဆင်းတု (၄) ဆူပါဝင်ပါသည်။

စေတီ၏ ဘေးဘက်တွင် ဓာတ်ခန်းတစ်ခု တည်ဆောက်ထားပြီး ဓာတ်ခန်းထဲတွင် ဘုရား (၁) ဆူ ယက္ကန်းစင်တောင်ဆရာတော်၊ ရှင်မထီးဆရာတော်များ၊ အဘဘိုးဘိုးအောင်နှင့် အဘဘိုးမင်းခေါင်ပုံများ ပါဝင်ပါသည်။ အဘဘိုးမင်းခေါင်ပုံမှာ ယခုလက်ရှိအဘ၏ပုံကို ထုလုပ်ထားပါသည်။ စေတီနောက်ဘက်အခြမ်းတွင် ရဟန္တာများရုပ်တော်မူပုံနှင့်ဒီပင်္ကရာမြတ်စွာဘုရားပုံတော်၊ ၎င်းရှေ့တွင် သုမေဓာရသေ့အားဟူဒိတ်ပေးနေပုံကို ထုလုပ်ထားပါသည်။ ဘုရားတည်ခြင်း၊ ဆေးညှတ်ခြင်းများကို အပြီးဆောင်ရွက်ပြီး ထီးတော်တင်လျှုပ်ရှားကို ဆက်လက် ကျင်းပပါသည်။

❑ ဟိန္နုကုလားများ ဗုဒ္ဓဘာသာဝင်များအဖြစ် ခံယူကြခြင်း

ဟိန္နုကုလားများမှာ မဟာပိန္ဒဲနှင့် ကာလီမန်မယ်တော်ကို ကိုးကွယ်ကြသည်။ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ် သတ်မှတ်၍ရသော်လည်း ဗုဒ္ဓဘာသာကို တိတိကျကျယုံကြည်ကိုးကွယ်ခြင်း မဟုတ်ကြပါ။ ဗုဒ္ဓဘာသာနှင့် နီးစပ်ခြင်း၊ ယုံကြည်ကိုးကွယ်ပါက မကန့်ကွက်ခြင်းများကြောင့် ဗုဒ္ဓဘာသာကိုလမ်းငင်း

www.burmeseclassic.com

www.burmeseclassic.com

ပေးပါက အလွယ်တကူ လျှောက်လှမ်းကြမည်ဖြစ်ပါသည်။ သို့သော် မည်သူမျှ လမ်းခင်းမပေးကြပါ။ မည်သူမျှ ဗုဒ္ဓဘာသာဝင်တိတိကျကျမရှိကြပါ။ မိမိနှဖလာနတ်ဘုရားကို ကိုးကွယ်ရင်းဖြင့် အချိန်ကုန်ကြလေသည်။ အဘအောင်မင်းခေါင်သည် အောက်သောင်ကျေးရွာတွင် ဘုရား (၁) ဆူတည်ပေးရုံမက ဟိန္နူဗုဒ္ဓဘာသာများ ကိုးကွယ်ရန် ဘုရားဆင်းတုတော်များကို တစ်ပါတည်း ပင့်ဆောင်လာပါသည်။

အောက်သောင်ကျေးရွာ၏ ပတ်ဝန်းကျင်တွင် ဟိန္နူကုလားရွာများရှိပါသည်။ အောက်သောင်ကြီး၊ အောက်သောင်လေး၊ ဘောင်ပင်စု၊ ရွာသစ်၊ ဝဲဖုံရွာ၊ ကွန်းကြီးရွာ၊ အောက်တက်ကျေးရွာများ ဖြစ်ကြသည်။ အိမ်ထောင်စု ဦးရေစာရင်းကောက်ကြည့်သော အိမ်ခြေ (၁၈၀၀) ခန့်ရှိပါသည်။ ဗုဒ္ဓဆင်းတုရုပ်ပွားတော် (၁၈၀၀) ဆုကို ဘုရားထီးတင်ရာသို့ ပင့်ဆောင်ခဲ့ပြီး ပင့်သံယာများမှ အနေကဇာတင်ပေးကြ၏။ မြို့နယ်သံဃနာယကဆရာတော် အပါအဝင် ပင့်သံယာ (၃၀) ပါး ကြွရောက်လာကြပြီး ဟိန္နူကုလားများကို ဗုဒ္ဓဘာသာဝင် အဖြစ် ခံယူခွင့်ပြုခဲ့ကြသည်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"

ဟု အားလုံး ပြိုင်တူရွတ်ဆိုကြသည်။

သရဏဂုံဆောက်တည်ကြပြီး ဗုဒ္ဓဘာသာဝင်ဖြစ်သွားကြလေသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ အများ သာဓုခေါ်ကြလေသည်။

"သာဓု၊ သာဓု၊ သာဓု"

ကြွရောက်လာသော မြို့နယ်သံဃနာယကဆရာတော်မှ ဩဝါဒစကား မိန့်ကြားပါသည်။

လက်ရှိအောက်သောင်ဘုရားတွင် ဦးပဏ္ဍိတဆရာအား ကျောင်းအပ်ပြီး သံဃာတော်၏ လိုအပ်သော ပစ္စည်း (၄) ပါး ဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူကြရန် မိန့်ကြားလေသည်။ ဤဒေသသည် ဗုဒ္ဓဘာသာအလံတော်လွှင့်ထူပြီး ဗုဒ္ဓဘာသာ၏အဆုံးအမအတိုင်း လိုက်နာကြမည့် ဗုဒ္ဓဘာသာဝင်များဖြစ်လာကြပြီး အားလုံးရင်ထဲတွင် ပီတိနှလုံးရွှင်ပြုံး၍ နေကြလေတော့သည်။ ဘုရား (၁) ဆူတည်ပေးရုံမက ဟိန္နူအများ ဗုဒ္ဓဘာသာအဖြစ်ခံယူလာအောင် သာသနာပြုပေးသော အဘအောင်မင်းခေါင်ကြီးကို ကျေးဇူးတင်၍မဆုံး ဦးခွေ၍မကြည်ညိုလေးစားမိပါတော့သည်။

၁၊ ရွှေမင်းဝံဒီပါဘုရားထီးတော်တင်ပွဲ

စစ်တောင်းမြစ်ဝှမ်းဒေသ ရွာကြီး၊ ရွာငယ်အားလုံး ရွှေမင်းဝံဒီပါစေတီထီးတော်တင်လှူပွဲသို့ ရောက်လာကြသည်။ ထီးတော်တင်ပွဲတွင် ရန်ကုန်မဇ္ဈတ်အဖွဲ့က (၂)ညကပြမည်ဖြစ်၏။ မိမိတို့ဒေသသည် ဇာတ်ပွဲမကြည့်ရတာကြာပြီ။ ပွဲတက်နေကြ၍ ရွာလုံးကျွတ်ပွဲကြည့်ရန် အားခဲ၍နေကြလေသည်။

၂၀၁၃ ခုနှစ်၊ ဧပြီလ ၇ ရက်၊ တနင်္ဂနွေနေ့ကို ထီးတင်ရက်အဖြစ် သတ်မှတ်ပါသည်။ ထီးတင်ပွဲကို အနယ်နယ်အရပ်ရပ်မှ အဘသားသမီးများ ရောက်ရှိလာကြပါသည်။ ရွှေမင်းဝံဒီပါစေတီတော်ကို ကိုကျော်ထိုက်မှ မ,တည်ပြီး တပည့်အများစုမှ လှူဒါန်းငွေများဖြင့် တည်ထားခြင်း ဖြစ်ပါသည်။ ဘုရားဒါယကာကိုကျော်ထိုက်ဟု အမည်တပ်ခိုင်းသော်လည်း ကိုကျော်ထိုက်က ငြင်းပါသည်။ မိမိ၏အမည်ကို ဘုရားဒကာအဖြစ် မခံယူလိုပါ။ ကုန်ကျငွေအားလုံး အဘအား ပေးလှူခြင်းဖြစ်ပြီး အဘဦးစီး၍ တည်သော ဘုရားဟု ပြန်လည် လျှောက်ထားပါသည်။ အဘမှ (၇) ရက်သားသမီးများကောင်းမှုဟု ကမ္မည်းတပ်ပေးပါသည်။

အဘအောင်မင်းခေါင် သာသနာပြုနေရာအတော်များများရောက်ခဲ့ဖူးပါပြီ။ ယခုနေရာလောက် တောခေါင်ထာမတွေ့ဘူးပါ။ မြန်မာလူမျိုးမရှိသလောက်ရှားပြီး ဟိန္နူကုလားများသာ နေထိုင်သောဒေသဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်မှုခက်ခဲသဖြင့် ကားအသွားအလာ မရှိသလောက်ရှား၏။ အောက်သောင်ကျေးရွာသို့သော လမ်းပြတ်ယောက်ဋ္ဌားပြီးလာရလေသည်။ ရောက်သော အခါ ထုထည်ကြီးမားသော ဘုရားကြီးကို ဖူးမြော်ရသဖြင့် အမောပြေသွားသည်။ အဘကိုဝတ်ချကန်တော့ပြီး အဘသားသမီးများကို နှုတ်ဆက်ကြပါသည်။ ငြိမ်းဆင်သော ကရင်ကြိုင်သင်း၊ ကိုထွန်းမြင့်၊ မိတ္တိလာဇရပ်ကုန်းမှ ကိုဘိုကံတို့အဖွဲ့၊ ပျဉ်းမနားမှ ကိုဇော်မင်းတို့အဖွဲ့၊ မိတ္တိလာမှ ဦးကျော်ရှိန်၊ ကျော်စိုးတို့အဖွဲ့၊ ရန်ကုန်မှ အဘသားသမီးများ တွေ့ဆုံခဲ့ကြရလေသည်။

ကျွန်တော်နှင့် ကိုကြိုင်သင်း ငြမ်းပေါ်တက်ကြည့်သည်။ ထီးတင်ရာတွင် ရထားပျံနှင့်မတင်ဘဲ လက်ဆင့်ကမ်းတင်ရမည်ဖြစ်သည်။ လှေကားကို စေတီပတ်၍ ကြောင်လိမ်ပုံစံမျိုးထိုးထားရသည်။ ထီးမကြီးအကျယ်အတိုင်းတင်လို့ရအောင်ချဲ့၍ နှစ်ထပ်ငြမ်းထိုးထားခြင်းဖြစ်သည်။ စေတီ၏ဂုဏ်ပျောဖူးအထက် (၂)ဆင့်လောက်ထပ်မြှင့်၍တည်ဆောက်ထားရသည်။ ဂုဏ်ပျောဖူးအထက် (၁၀) ပေလောက်အမြင့်တွင် စိန်ဖူးရှိရမည်ဖြစ်သည်။

"ကိုကြိုင်သင်း၊ ခင်ဗျားငြမ်းကခိုင်ပုံမလား"

"ခိုင်ပါတယ်ဗျ။ လူအပြည့်တက်ရင်တောင် ဘာမှမဖြစ်နိုင်ဘူး"

"ဝါးကဘယ်ကရသလဲ"

"ဝါးက ဒီနယ်မှာမရှိဘူး၊ ဝါးနက်အရှည်ကိုတော့ တချို့ရွာတွေမှာ မွေးထားတာရှိတယ်။ အလှူခံရတာပေါ့။ ဝါးဖြူကိုတော့ သနပ်ပင်မှာသွားဝယ်ရတာ"

"ဒီအပေါ်တာ ကြည့်တော့လည်း တစ်မျှော်တစ်ခေါ်၊ ဘာပင်မှမရှိဘူး။ နေကလည်းပူလိုက်ဘာလွန်ပါရောလား"

"ခွေရာသီမှာ သဲပင်၊ ကိုင်းမြက်တွေနဲ့၊ မိုးရာသီမှာရေပြောင်ကြီးတဲ့"

"အဘတို့ ဒီမှာဘုရားတည်ပေးတာ ကိုးကွယ်မယ့်သူကောရှိသလား"

"ဒီက ဟိန္နူကုလားတွေ အကုန်ဗုဒ္ဓဘာသာဖြစ်သွားပြီ၊ မနေ့က အိမ်ထောင်စု (၁၈၀၀) လောက် ဗုဒ္ဓဘာသာအဖြစ်ခံယူသွားတယ်။ သူတို့ကိုကိုးကွယ်ဖို့ ဘုရားဆင်းတုအဆူ (၁၈၀၀) ကိုပေပြီ ပင့်သွားကြပြီ"

"အေးဗျာ - လူသာဓုခေါ်၊ နတ်သာဓုခေါ်သာသနာပြုအလုပ်ပဲ။ ဒီမြင်ကွင်းတစ်ခုတည်းနဲ့ တန်ဖိုးမဖြတ်နိုင်ဘူးဗျာ။ ကျွန်တော်အဘကိုကြည်ညိုပြီးရင်းကြည်ညိုရင်းပဲ"

"ဒီမြင်ရတဲ့ကျောင်းမှာဆရာတော်တစ်ပါးထားမယ်။ဘုရားကိုစောင့်ရှောက်ရင်း ဗုဒ္ဓဘာသာဝင် ဟိန္နူတွေ ဆက်လက်သာသနာပြုရအောင်ပေါ့"

"အေးဗျာ၊ သာသနာအင်္ဂနက် ဝမ်းသာစရာပါပဲ"

မကြာမီ အာသံခွဲစက်ဖြင့် ဓိဓိ

www.burmeseclassic.com

www.burmeseclassic.com

အမည်ကိုတပ်၍ခေါ်နေလေတော့သည်။ အဘထံကြွရောက်ပါရန်နှင့်ထီးတင်မည့် အစီအစဉ်ရေးဆွဲရန်ဖြစ်ကြောင်းသိရလေသည်။

"အဘ၊ သားရောက်ပါပြီ"

"အေး - မင်းက အခမ်းအနား အစီအစဉ်ကြော်ငြာတဲ့နေရာမှာ တာဝန်ယူ"

"ဟုတ်ကဲ့"

"နံနက် (၈) နာရီမှာ ဌာပနာပိတ်မယ်"

"(၉)နာရီမှာထီးလှည့်လည်ပူဇော်မယ်"

"ဟုတ်ကဲ့"

"နေ့လယ် (၁) နာရီအချိန် ထီးတင်မယ်"

"ဌာပနာသွင်း မင်္ဂလာအချိန်မှာ ကြေညာတဲ့သူက အဓိကကြီးတယ်။ ဌာပနာပစ္စည်းလှူချင်ရင် အချိန်မီလာလှူနိုင်အောင် ကြေညာပေးရမယ်။ ဌာပနာပိတ်ပြီးမှ လာလှူလို့ အကျိုးမရှိတော့ဘူး"

"ဟုတ်ကဲ့ - အဘ၊ သားစီစဉ်ဆောင်ရွက်ပေးပါ့မယ်"

"နောက်ထီးလှည့်လည်အပူဇော်ခံတာလည်း ကြိုတင်ကြေညာပေးပါ။ သားသမီးတွေက လုပ်နေကျဆိုပေမယ့် မင်းကပေါင်းစပ်ပေးရမယ်"

"ဟုတ်ကဲ့ အဘ"

"ထီးတင်ရင်လည်း အုရေးကြီးတယ်။ အပေါ် အဖွဲ့နဲ့ အောက်က လက်ဆင့်ကမ်းတဲ့အဖွဲ့က တိုင်ပင်ကိုက်မှဖြစ်မှာ"

"ဟုတ်ကဲ့-အဘ၊ သားတို့လုပ်နေကျပါ။ အမှားအယွင်းမရှိအောင် သတိထား ဆောင်ရွက်ပေးပါ့မယ်"

"အေး - ငါပြောချင်တာ ဒါပဲ။ နေဦး၊ နေဦး - မင်းငါ့အကြောင်းတွေ ပေါက်ကရမရေးနဲ့။ မင်းရေးလို့ ငါ့ဆီ လာတာတွေများနေပြီ၊ ငါလည်းမနားရဘူး"

"အဘသားသမီးမှန်ရင် လာမှာပဲလေ။ ကျန်တဲ့သူကတော့ ဘယ်လောက်ရေးရေး မသိကြဘူးအဘ၊ မြန်မာပြည်မှာ အဘရှိတယ်ဆိုတာကို မယုံကြဘူး အဘ"

"အေး - မယုံတာ ကောင်းတယ်၊ ငါသက်သာတယ်"

အနယ်နယ်အရပ်ရပ်မှ ရောက်လာသော အဘသားသမီးတို့ ဤနေရာတွင် ဆုံမိကြလေပြီ။ အဘ၏ထီးတော်တင်ပွဲရေစက်ချပွဲကို အဘနှင့်အတူတကွ ပါဝင်ဆင်နွှဲကြလေသည်။ ဤသားသမီးတစ်စုတို့သည် အဘပါရမီကိုဖြည့်ရင်း၊ မိမိတို့၏ကုသိုလ်ကောင်းမှုများကိုစုစည်း၍ ထုပ်ပိုးထားကြလေတော့သည်။

ဘုရားခေါင်းလောင်းတွင် ဌာပနာတိုက်တစ်ခုပါရှိပါသည်။ထိုဌာပနာတိုက်ကို တနင်္ဂနွေထောင့်တွင် အပျော်ကုန်ဆုံးပြီး ဘုရားကိုပြီးအောင်တည်ထားလေသည်။ ဘုရားထီးတင်သောနေ့မှ ဌာပနာသွင်းမင်္ဂလာကိုပြုလုပ်ပေးပါသည်။ သတ္တဌာနပုံစံငယ်ကြေးရုပ်တုများ၊ ဘုရားရုပ်ပွားတော်များ၊ ဘုရား၏ဓာတ်တော်မွေတော်များ၊ ရဟန္တာ၏ဓာတ်တော်များ၊ မြတ်စွာဘုရားဟောကြားခဲ့သော တရားတော်များ၏ အနှစ်ချုပ်ကို ရေးထိုးသောကြေးပြားများ၊ အလှူရှင်များမှလှူဒါန်းသော လက်ဝတ်ရတနာ ရွှေထည်၊ ငွေထည်ပစ္စည်းများကိုဌာပနာကြေလေသည်။ ဘုရားတည်ခြင်း၏ အဓိကအနှစ်ချုပ်မှာ ဌာပနာသွင်း ပူဇော်ခြင်းပင် ဖြစ်သည်။ အုတ်ပုံအထည်ဖြဉ်ကို ရှိခိုးခြင်းစတုတ်။ ဌာပနာတိုက်တွင်းမှဗုဒ္ဓဘုရား၏ ဓာတ်တော်မွေတော်များကို ရှိခိုးပူဇော်ရခြင်း ဖြစ်သည်။

အချို့အမျိုးသမီးများက အမြတ်တနိုး ဆံပင်ကိုဖြတ်၍ ဌာပနာသွင်းရန် လာလှူကြ၏။ အမျိုးသား၊ အမျိုးသမီး ဆံပင်များ၊ ဆွေးမြည့်စေတတ်သော ပစ္စည်းများ၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ပစ္စည်းများ ဌာပနာမသွင်းရပါ။ ငွေစက္ကူများမှာလည်း ဆွေးမြည့်စေတတ်သဖြင့် ဌာပနာမသွင်းရပါ။

ဌာပနာသွင်းမင်္ဂလာကျင်းပပြုလုပ်ပြီးနောက် ဌာပနာတိုက်ကို သေသေချာချာပိတ်ရလေသည်။ ပန်းရန်ဆရာများကို ချက်ချင်းပြီးအောင်ဆောင်ရွက်စေရပါသည်။ အားလုံးပိတ်ပြီးမှ ဌာပနာသွင်းခြင်းကိစ္စ အောင်မြင်စွာ ပြီးစီးပါသည်။

နံနက် (၉) နာရီတိတိအချိန်တွင် ထီးလှည့်လည်ပူဇော်ခံသည့်ပွဲကို ဆက်လက်ကျင်းပပါသည်။ ဤစေတီတော်မြတ်ကြီး၏အထွတ်အမြတ်ဖြစ်သော ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ထီးတင်မည့်ဘုရားကြီးကို လက်ယာရစ် (၃) ပတ်လှည့်၍ ပူဇော်ခံခြင်းဖြစ်ပါသည်။ သာသနာ့အလံများကို ကိုင်ဆောင်ပြီး မောင်းထိုး၍ဖိတ်ကြားခြင်းဖြစ်ပါသည်။ နတ် [illegible] ဗိဇ္ဇာရှစ်သောင်းဆရာပေါင်းတို့ပါမကျန် မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်အပေါင်းတို့အား ထီးတင်ပွဲသို့ ကြွရောက်ပါရန် ပင့်ဖိတ်ခြင်း ဖြစ်ပါသည်။ အဘအောင်မင်းခေါင်နှင့် သားသမီးတစ်စုတို့က ထီးတင်ပွဲကျင်းပတော့မည်ဟု၊ ဟစ်ကြွေးခြင်း၊ ဆော်သြခြင်း၊ အသိပေးခြင်းကိစ္စကို ဆောင်ရွက်ခြင်း ဖြစ်သည်။

ထီးတော်တင်ပွဲကို (၁)နာရီအချိန်တွင် တင်လှူပူဇော်ပါသည်။ ထီးနားမကျွပ်မှ ဘုရားရင်ပြင်အထိ လူအုပ်ကြီးတန်းစီ၍စောင့်နေပါသည်။ အဘသားသမီးများ ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ပြီး ကြောင်လိမ်လှေကားတွင်တန်းစီ၍နေကြ၏။ ငြမ်းအမြင့်ဆုံးအထိ အဆင့်ဆင့် လက်ဆင့်ကမ်း တင်လှူပူဇော်ကြလေသည်။ ထီးအားလုံးလက်ဆင့်ကမ်းတင်လှူပြီးစီးသောအခါ ထီးတင်ပွဲအောင်မြင်ပြီးစီးလေသည်။ အရန်စေတီများကို ဆက်လက် တင်လှူပူဇော်ကြပါသည်။ ထီးတင်ပြီးနောက် ကိုကျော်ထိုက်တို့အဖွဲ့သည် ငွေစက္ကူများကို ငြမ်းပေါ် မှကြဲချလေသည်။ လေထဲတွင် လွင့်နေသော ငွေစက္ကူတို့မှာ လေတိုက်ရာနောက်သို့ ပါသွားလေသည်။ ထိုငွေစက္ကူများကို သူထက်ငါ အလုအယက် တိုးဝှေ့ကောက်ကြလေသည်။ ထိုမြင်ကွင်းသည်လည်း ပျော်စရာကောင်းနေလေသည်။

ထီးများ ခိုင်ခိုင်ခံ့ခံ့ တုပ်နှောင်ပြီး နောက်-ငြမ်းများကိုဖျက်ချကြလေသည်။ ဘုရားပြီးငြမ်းဖျက် ဆိုသောစကားမှာ မှန်နေသည်။ မဖျက်၍မရပါ။ ငြမ်းပေါ် မှတက်၍စိန်ဖူးကိုခိုးခံရနိုင်သည်။ ဘုရားဌာပနာဖောက်နိုင်သည်။ ဘုရား၏ ပကတိ ကြည်ညိုဖွယ်ကို ငြမ်းကဖျက်ဆီးနေလေသည်။ ဘုရားအနေကဇာတင်ပွဲ မကျင်းပမီ အမြန်ဖျက်သိမ်းရလေသည်။

ညနေ (၃း၃၀) အချိန်တွင် ကြွရောက်လာသော သံဃာတော်အရှင်သူမြတ်တို့မှ ဘုရားကနေကဇာတ်ဝင်ပွဲပြုလုပ်ပေးကြလေသည်။ အလှူရှင်များက သာဓုခေါ်ပြီး သံဃာတော်များကို ကျောင်းပေါ် သို့ပင့်ဆောင်ကာ ရေစက်ချတရားနာကြပါသည်။ ဘုရားအမှူရှိသော သံဃာတော်များကို လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေကြလေသည်။

"အမျှ၊ အမျှ၊ အမျှယူတော်မူကြပါကုန်လော့"

"သာဓု၊ သာဓု၊ သာဓု"

အဏ္ဏဝါဇဉ်း

www.burmeseclassic.com

www.burmeseclassic.com

ဝင်းတွန်းအောင်
(မြင်ဒဲ့)

ချိန်ညိုရန်လိုအပ်သော ဗေဒဗျာဒ



ကျွန်တော်နှင့် ဘိုးချိန် ခင်မင်ရင်းနှီးဆံယောဇဉ်ဖြစ်ခဲ့ကြရပုံမှာ အနည်းငယ်တော့ ထူးခြားသည်။ ကံချောရွာနှင့် မြေစကောင်းစွာမှာ (၂) မိုင်ခန့်သာဝေးပြီး ရေအိုးနှင့်ရေမူတ်သဖွယ်နေစဉ်သွားလာကူးသန်းကြသည့်ရွာ (၂)ရွာဖြစ်သည်။ ကျွန်တော်က ကံချောရွာရှိ မူလတန်းကျောင်းတွင် နေ့စဉ်ကျောင်းတက်သည်။ ဘိုးချိန်၏အိမ်ရှေ့မှဖြစ်၍ သွားရသည်။ ဘိုးချိန်ကို နေ့စဉ်တွေ့မြင်ရသည်။ ဘိုးချိန်၏အကြောင်း ကျွန်တော်ဘာမှ မည်မည်ရရမသိခဲ့ရ။ အင်္ဂါရတ်အမြဲထိုးသော ဦးဖိုးချိန်ဟုသာသိခဲ့ရသည်။

ကျွန်တော် (၄) တန်းအောင်၍ မြို့ကျောင်းသို့ပြောင်းရွှေ့မှ ဘိုးချိန်၏ စိတ်ဝင်စားဖွယ်ရာအကြောင်းများသိခဲ့ရသည်။ ကျွန်တော့်အား မွေးစားသော မိဘများနှင့် ဘိုးချိန်က ရင်းနှီးသည်။ တစ်နယ်တည်းသားများဖြစ်ကြသည်က တစ်ကြောင်း၊ ကျွန်တော် ရေချိုးအဝတ်လျှော်သည့်အခါ ဘိုးချိန်၏အင်္ကျီနှင့် ခေါင်းပေါင်းတဘက်အား လျှော်ဖွပ်ပေးသည့်အတွက် ပို၍ခင်မင်ရင်းနှီးလာခဲ့ခြင်းဖြစ်သည်။ ဘိုးချိန်က ကျွန်တော်၏ အမည်အပြည့်အစုံမခေါ်ပါ။ မောင်ကျော်ဟုသာခေါ်သည်။ လိမ္မာရေးခြားရှိသည်ဟုလည်း မကြာခဏဆိုးကျူးလေ့ရှိသည်။

ရွှေပေါ်ကျွန်းစေတော်ဝန်ကျောင်းတွင် ဘိုးချိန်၏ပညာများ တွေ့မြင်ခဲ့ရသည့်အချိန်မှစ၍ ဗေဒင်၊ ဓာတ်ရိုက်၊ ဓာတ်ဆင်မှုများအကြောင်း စိတ်ဝင်စားခဲ့သည်။ ဘိုးချိန်အား ဗေဒင်ပညာသင်ကြားလိုကြောင်းပြောသည့်အချိန်က -

"မင်းအသက်ကငယ်ပါသေးတယ်ကွာ။ ကျောင်းစာကိုပဲကြိုးစားစမ်းပါ။ ပညာတတ်ဖြစ်အောင်လုပ်ကွ။ ဒါမှမင်း ဘဝရပ်တည်မှုအတွက် အဆင့်မြင့်မြင့် နေရမှာ"

ဟု စကားဖြတ်လေ့ရှိသည်။

ကျွန်တော်ကဘိုးချိန်အကြောင်ပြန်

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားရင်း ရွာမှာနေစဉ်ကအဖြစ်တစ်ခုအားသတိရ၍ ဘိုးချိန်အား မေးကြည့်မိသည်။

"ဒါနဲ့ ဘိုးချိန်၊ ကျွန်တော် (၃) တန်းကျောင်းသားတုန်းက ကျောင်းပိတ်ရက်မှာ ဘုန်းကြီးကျောင်းသွားပြီး ကိုရင်ဝတ်ရာကနေ ခေါင်းမှာဒဂ်တွေပေါက်တာ လိမ်းဆေးမျိုးစုံလုပ်ပေမယ့် မပျောက်ဖူး။ ဘိုးချိန်ကနေ လုံကွဲကိုကြိတ်ပြီးအုန်းဆီနဲ့လိမ်းခိုင်းမှပျောက်သွားတယ်။ ကျွန်တော်နဲ့ညီအစ်ကိုတစ်ဝမ်းကွဲတစ်ယောက် ကျွန်တော့်လိုပဲ ဒဂ်တွေပေါက်တော့ ရွာဦးကျောင်းဘုန်းကြီးဆီက လုံကွဲကို တောင်းပြီး အုန်းဆီနဲ့လိမ်းတာမပျောက်ပဲနဲ့ပိုပြီးပွားလာတယ်။ ဒါနဲ့ ဘိုးချိန်ဆီက လုံကွဲတောင်းပြီးလိမ်းမှပျောက်သွားတယ်။ အဲဒါဘာလို့လဲဟင်"

"ဩော်-အင်း အဲဒါကအကြောင်းအမျိုးမျိုးရှိတယ်ကွ။ လုံကွဲချင်းမတူတာကြောင့်လည်းဖြစ်နိုင်တယ်။ နောက်ပြီး သူ့အချိန်နဲ့သူလိမ်းရတယ်ကွ။ ဒါတွေအခုပြောလို့မင်းနားမလည်နိုင်သေးဘူးကွ။ပေဒင်ပညာတတ်မှပြောလို့နားလည်မှာ"

"ဟာ-ဟုတ်လား၊ ဒါဆိုကျွန်တော့်ကို ပေဒင်ပညာသင်ပေးပါလား ဘိုးချိန်ရ"

"ဩော် - အဟင်းဟင်း၊ မင်းကငယ်ပါသေးတယ်ကွာ့။ အဲဒါနဲ့ ဘိုးချိန်ကိုတဘက်ကလေးလျှော်ပေးပါဦးကွ"

ဘိုးချိန်ကရယ်မောလျက် စကားဖြတ်ခဲ့သည်။ ကတိတော့မပေး။ ဘိုးချိန်က မဖြစ်နိုင်သည်ကို ကတိပေးလေ့မရှိ။ လိမ်ညာ၍ မည်သည့်အခါမျှမပြော၊ ကံ (၅) ပါးအားလုံးအောင်စောင့်ထိန်းသည်။ မုသာဝါဒါနှင့် ပတ်သက်လျှင် ကလေးငယ်များကိုပင် လိမ်ညာ၍မပြော။

"မုသာဝါဒါ-လိမ်လည်၍ပြောဆိုခြင်းမပြုပါလို့ ကတိခံထားတာကွ။ လူကြီးလိမ်မှမုသာဝါဒါကျူးလွန်တာမဟုတ်ဖူး၊ ကလေးကိုလိမ်ရင်လည်း မုသာဝါဒါကျူးလွန်တာပဲ။ ကလေးငိုနေတာတိုဘာဝယ်ပေးမယ်ညာဝယ်ပေးမယ်လို့မဟုတ်ဘဲနဲ့ပြောရင် လိမ်ညာတာပဲ"

ဟု ပြောသည်။

ဘိုးချိန်၏ပေဒင်ပညာနှင့်အတွေ့အခေါ် အယူအဆများမှာ အံ့သြစရာ၊ စိတ်ဝင်စားစရာကောင်းသည်။ မှတ်မှတ်ရရအဖြစ်တစ်ခုမှာ ကျွန်တော့်လက်စွပ်ပျောက်သောနေ့ကဖြစ်သည်။ကျွန်တော်၏အဖေအရင်းက နဝရတ်ကိုးပါးလက်စွပ်တစ်ကွင်းပေးထားသည်။ လက်စွပ်ကချောင်နေသဖြင့် အပ်ချည်ကြိုးဖြင့် 'ပင်း' ၍ဝတ်ထားရသည်။ မကြာခဏကျွတ်ကျတတ်သည်။ ကျွန်တော်က အစ်ကိုကြီးနှင့်အတူ ထမင်း၊ ဟင်းချက်ရာထွင်ကူညီလုပ်ကိုင်ပေးရသည်။ တစ်ခဏချဉ်ပေါင်ရွက်ရေဆေးပေးရာမှ လက်စွပ်ကျွတ်သွားသည်ကိုကျွန်တော်မသိလိုက်။

ကျောင်းပိတ်ရက်နေ့။ ထိုနေ့၏ထမင်းစား အနားယူချိန်ရောက်တော့မှ ကျွန်တော် လက်စွပ်လက်တွင်မရှိတော့ကြောင်း သိရသည်။ တစ်အိမ်လုံးဝိုင်း၍ရှာကြသည်။ ဘယ်မှရှာ၍မတွေ့။ ကျွန်တော်လည်း အပြန်ပြန်အလှန်လှန်စဉ်းစားသည်။ စဉ်းစား၍မရ။ ဖေဖေနှင့် မေမေက ပို်က်စိပ်တိုက်၍ရှာသည်။ ယုတ်စွအဆုံး ထမင်းရေအိုးထဲပါ မကျန်ရှာသည်။

ထိုအချိန်မှာပင် ဘိုးချိန် အပြင်ကပြန်လာသည်။

မေမေက -

"ဘိုးချိန်၊ ကျွန်မသားလက်စွပ်ပျောက်လို့ပေဒင်ကွက်ပေးပါဦး"

ဟု ဆိုသည်။ ဘိုးချိန်က သူ၏ထုံးစံအတိုင်း ရွှေရောင်တိုင်းမျက်မှန်ဝိုင်းသေးသေးလေးပေါ်မှ မျက်လုံးကျော်၍ မေမေ့အားကြည့်နေသည်။ အတန်ကြာမှ-

"လူ (၂) ယောက်ထပ်တိုးပြီးရှာမှတွေ့မယ်"

ဟု ပြောသည်။

ကျွန်တော်တို့အိမ်က လူဝင်လူထွက်များသည်။ ဖေဖေ့ဧည့်သည်ကလည်းမပြတ်။ ကားသမားများနှင့်တောပုန္ဂိုမှ ဧည့်သည်များကလည်း တရစပ်လာနေကြ။ အစ်ကိုကြီးနှင့်အစ်ကိုလတ်က ဖေဖေခိုင်းထား၍ အပြင်သွားနေကြသည်။ ကျွန်တော်တို့လက်စွပ်ရှာရင်း လူ (၂) ယောက်မျှော်နေကြသည်။

တော်သေး၏။ ညနေ (၃) နာရီခန့်တွင် အစ်ကိုကြီးနှင့်အစ်ကိုလတ်ပြန်ရောက်လာသည်။ မေမေက အားရပမ်းသာဖြင့် -

"ကဲ-သားတို့လာကြပေ့၊ မင်းတို့ညီလက်စွပ်ပျောက်လို့ ဝိုင်းပြီးရှာကြစမ်း။ ဘိုးချိန်က လူ (၂) ယောက်တိုးရှာရာမှတွေ့မယ်လို့ ပေဒင်ဟောထားလို့"

အစ်ကိုလတ်က ကျွန်တော်အားအသေအချာကြည့်ပြီးမှ -

"မေမေ့သားက ဘယ်မှာထားလို့ရှာမတွေ့တာတဲ့လဲ"

"ဘယ်မှာထားတယ်လို့သိရင် ရှာနေပါ့မလားကွ။ သာလဲ၊ မင်းတွေ့ထားလို့လား"

"သေချာအောင်မေးတာပါ။ ဘယ်မှာချွတ်မိသလဲစဉ်းစားပါဦး"

"ကဲ - ပဟေဠိလုပ်မနေနဲ့၊ သားတွေ့ထားသလား"

"ဟုတ်တယ် မေမေ၊ ကျွန်တော်နဲ့အစ်ကိုကြီးအပြင်သွားမလို့လုပ်တော့ သူကအိမ်သာတက်နေတယ်။ ငါအပြင်သွားရမှာဟေ့၊ မြန်မြန်လုပ်လို့ပြောတော့မှ သူထွက်လာတယ်။ အိမ်သာထဲမှာလက်စွပ်ကို သားတွေ့တာ"

"ဟာ"

"ဟင်"

နှင့် အားလုံး အံ့အားသင့်သွားကြရသည်။ မေမေက ထိုအချိန်မှ ရယ်နိုင်ပြုံးနိုင်တော့သည်။

"ဩော် - ဟုတ်တယ်၊ဟုတ်တယ်။ ရေကိုင်လိုက်ရင် ကျွတ်သွားတတ်လို့ ခဏချွတ်ထားလိုက်တာ ကျွန်တော်မေ့သွားတယ်"

"အင်း. . . ထားပါတော့၊ ထားပါတော့။ နောက်ကိုအဲဒီလိုမမေ့စေနဲ့ကြားလား။ ဘိုးချိန်ရေ တွေ့ပြီတွေ့ပြီ။ ဘိုးချိန်ရဲ့ပေဒင်က တကယ်မှန်တယ်၊ (၂) ယောက်တိုးရှာမှ တွေ့မယ်ဆိုတာကွက်တိပဲ"

"အဲ - ဟုတ်သားပဲ"

ကျွန်တော်တို့အားလုံးအံ့ဩသွားကြရသည်။ ဘိုးချိန်၏ပေဒင်အား ဦးမွမ်းလိုသဖြင့် ကျွန်တော်အဝေါက်ခံသက်သာသွားသည်။ ဘိုးချိန်ကတော့ စိပ်ပုတီးစိပ်၍မကြားဟန်ဆောင်နေသည်။ မသိလိုက်မသိဘာသာနေခဲ့သည်။

ဘိုးချိန်နှင့်အတူနေထိုင်မှ ဘိုးချိန်၏ပညာများအား ပိုမို၍အထင်ကြီးလေးစားလာမိသည်။ ထို့ကြောင့် ဘိုးချိန်ထံမှ ပညာအမွေရရန် နည်းမျိုးစုံနှင့်ချဉ်းကပ်ရသည်။ ကျွန်တော်၏ဆန္ဒပြင်းပြမှုကြောင့် ဘိုးချိန်က ပေဒင်အခြေခံများစတင်သင်ကြားပေးခဲ့သည်။

ဘိုးချိန်က မည်သည့်ကိစ္စမဆို အချိန်၊ နာရီကိုအဓိကထားသည်။ ကျွန်တော်အားလပ်ချိန်တိုင်းမသင်၊ ဘိုးချိန်အားလပ်တိုင်းလည်းသင်မပေး။ ဒီနေ့ ဘယ်နှနာရီမှာသင်မယ်၊ အလုပ်ပြီးအောင်လုပ်ထားဟုပြော၍သင်ပေးသည်။ နေ့စဉ်လည်းမသင်။ နေ့၊ ရက်နှင့်အချိန်တွက်ပြီးမှသင်ပေးသည်။

သို့ဖြစ်သော် ဘိုးချိန်က သင်ကြားသွား

www.burmeseclassic.com

www.burmeseclassic.com



မည့်ရက်အား မည်သည့်အခါမျှကြို့ မပြော။ ဘယ်သွားမည်ဟူ၍လည်းမသိ ရ။ စိတ်ကူးရလျှင်ရသလိုသွားတတ် သည်။ ဘယ်လောက်ကြာကြာနေမည် ကိုလည်း သူကိုယ်တိုင်ပင်လျှင် မသိ။ သူခရီးသွားတိုင်းလည်း သူ့အိမ်အား ပြန်ပြီးမဆက်သွယ်။ ရောက်ရာအရပ်မှာ အဆင်သင့်သလိုနေ၏။ ဘိုးခိုန်အတွက် အဆင်မသင့်သည်က တည်းခိုရာနေရာ ၏အနီးနားပတ်ဝန်းကျင်တွင် နာရေးကိစ္စ ကြုံလျှင်တော့ ချက်ချင်းနေရာပြောင်း ရွှေ့လေ့ရှိသည်။

ညနေကျလျှင် သုံးတန်ပေါ်နိစ် သင်ပေးမည်ဟုပြောသည်။ ထွန်းတော် ကျောင်းဆင်းလာတော့ ဘိုးခိုန်အား မတွေ့ရ။ မေမေ့အားမေးကြည့်မိသည်။

"နေ့ခင်း(၁၂)နာရီလောက်က ရွာ ကားဂိတ် ခဏသွားလိုက်ဦးမယ်ဆိုပြီး ထွက်သွားတာပဲ၊ အခုအချိန်ထိ ပြန် မလာသေးဘူး"

ဟု ပြောသည်။

ဘိုးခိုန်သွားတတ်သည့်အိမ်များနှင့် အဂ္ဂိရက်ထိုးသည့်ဘုန်းတော်ကြီးကျောင်း များအား လိုက်၍မေးခိုင်းသဖြင့် မေး ကြည့်သည်။ မရှိ။ အိမ်မှာဘိုးခိုန်၏ လွယ်အိတ်ထားခဲ့သည်။ လွယ်အိတ်ထဲ တွင် ပုဆိုးတစ်ထည်၊ အင်္ကျီအဖြူလက် ရှည်တစ်ထည်နှင့် ဓာတ်လုံး(၂)လုံး၊ (၃) လုံးသာတွေ့ရသည်။

တစ်လ၊ နှစ်လကြာသည်အထိ ပြန်မလာ။ ကံကောင်းမှုလူကြုံတွေ့၍ မေးကြည့်တော့လည်း မရှိဟုသိရသည်။

ဘိုးခိုန်၏ဇနီးဒေါ်မမလေးက -

"ဒီလိုပါပဲကွယ် သူသွားချင်ရာ၊ သူပြန်လာချင်ရင်ပြန်လာတာပဲ၊ သူ့ အတွက် ထမင်းတစ်နပ်က မခဲယဉ်းဘူး လေ။ တစ်နေကုန်မှ ထမင်းတစ်နပ်ပဲစား တာ။ နေ့တိုင်းဥပုသ်စောင့်တယ်။ ငါးပါး သီလအမြဲဖူတယ်။ အခုနောက်ပိုင်း ဘယ်ရောက်ရောက်၊ ထမင်းနဲ့ဟင်းကို တစ်ခါတည်းနယ်ပြီးစားတယ်။ ဘာဟင်း ပါပါ။ ရေနဲ့ရောပြီးငွေ့နဲ့စားတယ်။ အရသာ လျှာကသိတာ၊ လျှာရဲ့အလိုမလိုက် နိုင်ဘူးတဲ့၊ အဲဒီလိုလူအတွက် သိပ်ပြီး စိတ်ပူမနေနဲ့၊ တော်ကြာ တောထွက်ရင် ထွက်သွားမှာ"

ဟု ဒေါ်သဿမပါ သံယောဇဉ် ဖြတ်သည့်အသံမျိုးနှင့်ပြောသည်။

ဘိုးခိုန်၏သတင်းစုံးစုံးမြဲပ်နေပြီး (၁) နှစ်ခွဲခန့်အကြာ ဘိုးခိုန်၏သမီး၊ ကျွန်တော်၏ဝမ်းကွဲအစ်ကိုနှင့်အိမ်ထောင် ကျသည့် မခင်ဌေး ရောက်လာသည်။

"မင်းတို့ဘိုးခိုန်တော့ဆုံးပြီလို့ကြား တယ်။ ပြီးခဲ့တဲ့ တစ်နှစ်လောက်ကတော့ မန္တလေးမှာ တို့ရွာကလူတွေနဲ့တွေ့သတဲ့။ မန္တလေးကအမျိုးတွေကလည်းရှိအဂ္ဂိရက် ထိုးတဲ့ဘုန်းကြီးကျောင်းတွေမှာနေတတ် တော့ တို့လည်း စိတ်အေးနေခဲ့တာပေါ့။ သိပ်မကြာဘူး၊ မန္တလေးမှာ မီးလောင် တော့ လူတွေသေကြတယ်လို့ကြားတာ နဲ့ စုံစမ်းကြည့်တာ ဘယ်မှစုံစမ်းမရတော့ ဘူး။ တစ်လ၊နှစ်လကြာလို့မြန်မလာတော့ တို့လည်းဆွမ်းသွတ်အမျှပေးလုပ်လိုက် တယ်"

ကျွန်တော်လုံးဝစိတ်မကောင်းပါ။ မိဘသဖွယ်ချစ်ခင်၍လေးစားကြည်ညို ရသည့် ဆရာရင်းတစ်ယောက်၊ မျက် ကွယ်ရာအရပ်တွင်ကွယ်လွန်သွားရသည့် အတွက် ယုကျူးမရခံစားခဲ့ရသည်။ ထို့ပြင် ဘိုးခိုန်အား နမြောသကဲ့သို့ ဘိုးခိုန်၏ပညာရပ်များကိုလည်း နမြော မိသည်။ မလွဲရှောင်နိုင်သော သေခြင်း တရားဖြစ်သည့်အတွက် မည်သို့မျှမတတ် နိုင်။

ဘိုးခိုန်၏ပညာရပ်များ သေရွာပါ သွားသည့်အတွက်များစွာ နှမြောတသ ဖြစ်ခဲ့ရသည့်တော့အမှန်။ မတတ်နိုင် သည့်အဆုံး ကောင်းရာသုဂတိလားပါ စေဟု မေတ္တာပို့အမျှပေးဝေခဲ့ရပါတော့ သည်။

ကျွန်တော့်မှာမတောက်တခေါက် ဒေဒပညာအချို့သာရရှိခဲ့သည့်အတွက် အခက်အခဲကြုံနေခဲ့ရသည်။ စာအုပ်များ ဝယ်၍ဖတ်ရှုလေ့လာသော်လည်း နား မလည်သည်ကများသည်။ ဆရာမရှိက မတတ်မြောက်နိုင်ကြောင်း သဘော ပေါက်လာသည်။ ဆရာရှာ၍သင်ရန်က လည်းမလွယ်။ ကျွန်တော်၏အတန်း ပညာတစ်ပိုင်းတစ်စကြောင့်ဘာမှမလုပ် နိုင်ခဲ့။ ဗေဒင်စာအုပ်ကိုဧကာက်ကိုင်မိ တိုင်း၊ အခက်အခဲတစ်စုံတစ်ရာတွေ့ တိုင်း ဘိုးခိုန်ကိုသတိရလျက်ရှိသည်။

သေသောသူကြောလျှင်မေ့မျောက် သောသူရှာလျှင်တွေ့ဟူသော စကားပုံ ရှိသော်လည်း နှစ်ကြာ၍လည်းမမေ့နိုင် ခဲ့။ သို့သော်လည်း တွေ့အောင်တော့ မရှာနိုင်ခဲ့ပါ။ ကျွန်တော်၏ ဘဝတွင် အပျော်ရွှင်ရဆုံးနေ့ရက်များအားပြောပါ ဟုဆိုလျှင် စာမေးပွဲအောင်သောရက်နှင့် အဋ္ဌမတန်းကျောင်းသားဘဝ စက်တင် ဘာလ မိုးများစွေနေ့သော်နေ့ကို ပြော ရပေလိမ့်မည်။

ထိုနေ့က မိုးများစွေနေသည်။ ည နေ (၃) နာရီခွဲ ကျောင်းအဆင်းတွင် ကျွန်တော်တို့အိမ်၏ ညီ့ခန်းတွင်တိတ် ဆိတ်၍ အနည်းငယ်မှောင်နေသည်။ ကျွန်တော်ဆောင်းလာခဲ့သည့်ထီးအား ပိတ်၍ သင့်တော်ရာဆောင့်တစ်ထောင့် တွင်ထောင်ထားလိုက်သည်။ အမှတ် မထင် ဆက်တီထိုင်ခုံတွင်ထိုင်နေသူအား ကြည့်မိလိုက်သည်။ မွေးပွတဘက်ခေါင်း ပေါင်းနှင့် ပုတီးစိပ်နေသူအားမြင်တွေ့ လိုက်ရသည်နှင့် အနည်းငယ်လန့်သွား သည်။ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်လက် ညှိုးထိုး၍ အသံမထွက်ဖြစ်နေမိသည်။

"မောင်ကျော်၊ကျောင်းကပြန်လာ ပြီလား"

"ဟင် - ဘိုးခိုန်၊ ဘိုးခိုန်ဟုတ်ပါ တယ်နော်"

"ဟုတ်ပါတယ်ကွ၊ မတွေ့တာကြာ လို့အံ့ဩနေတာလား"

"ဟာ - ဒါ၊ဒါဆိုရင်ဘိုးခိုန်မသေ ဘူးပေါ့"

"တောက်တီးတောက်တဲ့ - ငါက ဘာလို့သေရမှာတုံးကွ၊ ကဲကဲ - အဝတ် အစားလဲလိုက်ဦး သွား၊ သွား"

ကျွန်တော်တအံ့တသြဖြစ်နေသည် ကိုပြုံးလျက်၊ အဝတ်အစားလဲခိုင်း၍ ပုတီးဆက်စိပ်နေသည်။ ဘိုးခိုန်က သေလူကိုကြောက်တတ်သော်လည်း သေ မည်ကိုတော့ ကြောက်တတ်သူမဟုတ်။ အဂ္ဂိရက်ပညာဖြင့် အာယုအသက်ရှည် လမ်းအား ရှာဖွေနေသူဖြစ်သော်လည်း မမြဲသောတရားသဘောအရ သေရမည် ကိုသိရှိထားသူ၊ သေရန်ပြင်ဆင်ထားသူ ဟု အမြဲပြောလေ့ရှိသူဖြစ်သည်။ အား လပ်ခိုန်တိုင်း ပုတီးစိပ်နေလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်အဝတ်အစားလဲပြီးသည်နှင့် ဘိုးချိန်အား သတင်းမေးမိ၏။

"မန္တလေးမီးလောင်တော့ ဘိုးချိန် ရှိတာပေါ့ကွာ။ လူတွေသေကြ၊ ဒုက္ခတွေ တွေ့ကြုံနေရတာ မြင်နေ၊ ကြားနေရလို့ မြစ်ကြီးနားတက်သွားတာကွ။ အဲဒီမှာ နည်းနည်းကြာသွားတာကွ။ မန္တလေးပြန် ရောက်တော့လည်း ချက်ချင်းမပြန်ဖြစ် ပါဘူးကွာ"

ကျွန်တော်က ဘိုးချိန်သေပြီကြား လို့ တော်တော်ကိုစိတ်မကောင်းဖြစ်နေ တာ။ ဘိုးချိန်ရဲ့ပညာတွေတိုးမြောနေ တာ"

"အေးပါကွာ-ထားလိုက်ပါတော့၊ မင်းကိုကျက်ခိုင်းထားတဲ့စာတွေရပြီလား၊ စမ်းသပ်တွက်ချက်ကြည့်ပြီးပြီလား"

"စာတွေကတော့ရပါပြီ။ ကျွန်တော့် လို ဟိုမရောက်ဒီမရောက်မတောက်တ ခေါက်ဗေဒင်ပညာလေးတတ်တဲ့သူကို ဘယ်သူကမေးမှာလဲ ဘိုးချိန်ရာ"

"အဟင်းဟင်း-ဒီလိုပြောလို့မရ ဘူးကွ။ ဘိုးချိန်တို့တုန်းကဆိုရင် ဘယ်သူ မမေးမေး၊ ကိုယ်ကစပြီးဗေဒင်ပေးတာပဲ ကွ။ မှန်တဲ့အခါလည်းမှန်တာပေါ့ကွာ၊ မမှန်ဘူးလွဲသွားရင် ဘာကြောင့်လဲဆို တာ ပြန်ပြီးစဉ်းစားရတာပေါ့။ အတွေ့ အကြုံများလာတော့ စဉ်းစားတတ်လာ တာပေါ့"

"ဟုတ်ကဲ့ပါ၊ ကျွန်တော့်ကို ဘိုးချိန် တတ်သမျှသာသင်ပေးပါ၊ ဒီတစ်ခေါက် ကြာကြာလေးနေပြီးသင်ပေးနော်"

"အေးပါကွာ"

ဘိုးချိန်၏ ထုံးစံအတိုင်း အချိန် နာရီနှင့်သင်ပေးပါသည်။ ပထမဦးဆုံး သုံးတန်ပေါ်နိစ်တိုင်ထူပုံ၊ ခွင်လွဲထူနည်း များအားသင်ကြားပေးနေစဉ် ကျွန်တော် ၏လက်ခလယ်အလယ်ဆစ်ပေါ်မှ ကြွက် နို့အားမြင်တွေ့သွားသည်။

"ဟ - မင်းလက်ကကြွက်နို့တွေ ပေါက်နေတာလား"

"ဟုတ်ပါ့ ဘိုးချိန်ရာ။ လူမြင်ကွင်း ကြီးဖြစ်နေလို့ တစ်လုံးသတ်လိုက်တာ ဘိုးဘိုးအောင် ဝ'လုံးလိုပဲပွားလာတာ သုံး လုံးတောင်ရှိပြီ၊ ဆေးနည်းလည်းစုံနေပြီ"

"ဩော် - အင်း၊ အင်း ပထမဆုံး အလုံးမှတ်မိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ဟုတ်ပြီ၊ အဲ - အခု(၁၁)နာရီရှိပြီ၊ ပရဆေးဆိုင်သွားပြီး ဒီဆေးလေးဝယ် လိုက်"

ဘိုးချိန်က စာရွက်ကလေးနှင့် ရေး ပေးလိုက်သည့်ဆေးမှာ (၅) ပြားပေးရ သည်။ မန်ကျည်းစေ့လေးနှင့်တူသည်။ ညနေ(၃)နာရီခန့်တွင် ဆေးစေ့အား အပ်ချိတ်ဖြင့်ဖောက်၍ ဘိုးချိန်ကိုယ်တိုင် လိမ်းပေးသည်။ နောက်နေ့များတွင် လည်း နာရီကြည့်ပြီးလိမ်းပေးသည်။ (၅) ရက်ခန့် လိမ်းပြီးသည့်အချိန် ဆေး ကုန်သွားသည်။ ကြွက်နို့က ဘာမှမထူး ခြား။

"ဘိုးချိန်၊ ဆေးထပ်ဝယ်ရလိမ့်ဦး မယ်ထင်တယ်၊ ကြွက်နို့တွေက မပျောက် သေးဘူး"

"ဟေ - ပြပါဦး မင်းရဲ့ကြွက်နို့။ သြော်-ရပါပြီကွာ၊ ပျောက်မှာပါ။ ဖြည်း ဖြည်းပေါ့"

"သြော်-ဟုတ်ကဲ့၊ ဒါနဲ့အမှတ်ရလို့ မေးရဦးမယ်။ ကျွန်တော်ဒက်ပေါက်တုန်း က လိမ်းတဲ့လုံးကွဲက၊ ဘိုးချိန်ရဲ့ လုံးကွဲနဲ့ ဘုန်းကြီးရဲ့လုံးကွဲဘာကွာလို့လဲ။ အဲဒါ နားမလည်ဘူးဖြစ်နေတယ်"

"ငါရှင်းပြရင်လည်း မင်းနားလည် မှာ မဟုတ်သေးပါဘူး၊ ဒါပေမယ့် မင်းက သိပ်ဘာသာသင်နေတဲ့လူဆိုတော့ နည်း နည်းတော့သဘောပေါက်မှာပါ။ လုံးကွဲ တိုင်းတော့ မတူဘူးကွ၊ သွတ်၊ သံ၊ ပြဒါး၊ ကြေး အမျိုးမျိုးလုံးထဲထည့်ပြီးထိုးတာဆို တော့ ဘယ်လုံးကွဲက ဘာကိုထိုးထားတာ မသိဘဲနဲ့ အနာကိုလိမ်းရင်း မတည့်တော့ အနာပိုပြီးဆိုးတတ်တာပေါ့ကွာ။ ဒါတော့ မင်းသဘောပေါက်မှာပါ။ အချိန်နာရီနဲ့ လိမ်းတာကတော့ အင်္ဂဝိဇ္ဇာခန်းရောက် ရင် မင်းသိလာမှာပေါ့။

ကျွန်တော်အနေဖြင့် သိပ်ပြီးနား မလည်သော်လည်း၊ ဘိုးချိန်က ဒီထက် ပို၍ရှင်းပြမည်မဟုတ်၍ ဆက်ပြီးမမေး တော့၊ တဖြည်းဖြည်းဆိုသည့်အချိန် အထိစောင့်ရပေမိုးတော့မည်ဖြစ်သည်။

နောက်(၃)ရက်ခန့်ကြာသည့်အခါ ဘိုးချိန်ရွာသို့ပြန်သွားသည်ဟုသိရသည်။ ကျွန်တော်၏ကြွက်နို့ကလည်းမပျောက် သေး၊ သုံးတန်ပေါ်နိစ်အတွက် ကျက် နေရသည့်စာတွေကလည်း မရသေး။ ဘိုးချိန်ပြန်လာအောင် အချိန်မည်မျှကြာ အောင်စောင့်ရဦးမည်တော့မသိ။ တော် ပေသေး၏။ (၅) ရက်ခန့်ကြာသည့်နေ့ တွင် ကျွန်တော် ရေချိုး၍အပြီးတွင် ကြွက်နို့ကယား၍လာသဖြင့် ကုတ်လိုက် ရာကွာ ကျသွားသည်။ ကျန်ကြွက်နို့များ လည်း အလိုအလျောက်ပျောက်သွား တော့သည်။

ဘိုးချိန်နှင့် နောက်တစ်ကြိမ်တွေ့ သည့်အချိန်တွင် မေး၍ကြည့်မိသည်။ အင်္ဂါရတ်သုံး ချေးသီးဟုခေါ် ကြောင်းသိ ရသည်။ ချေးသီးတွင်အက်စစ်ဓာတ်ပါ သဖြင့် လူ၏ အသားအရေအားမထိရ။ ကြွက်နို့အားထိုးဆွမထားရ၊ ကြွက်နို့၏ ဘေးပတ်လည်မှ ပတ်၍လိမ်းရသည်။ တစ်နေ့(၂)ကြိမ်ထက်မပို့ရ။ မည်သည့် နေ့တွင်မဆို သောရီအချိန်တွင် လိမ်းရ မည်ဟုဆိုသည်။

"ဒါနဲ့ ကျွန်တော်လက်စွပ်ပျောက် တဲ့နေ့က၊ လူက(၂)ယောက်တိုးပြီး ရှာရင် တွေ့မယ်ဆိုတာကကော ဘယ်လိုတွက် တာလဲဘိုးချိန်"

"အင်း-ဗေဒင်ပညာဆိုတာ ပုံသေ တွက်လို့တော့မရဘူးပေါ့ကွာ။ အခြေ အနေ၊ အချိန်အခါ၊ ကာလဒေသကြည့် ပြီးဟောရတာပေါ့၊ တစ်ခါတလေ ဖြတ် ထိုး ဉာဏ်သုံးရတယ်ကွ။ မင်းရဲ့လက်စွပ် ပျောက်တဲ့ရက်က လပြည့်ကျော် ၂ ရက် နေ့ တနင်္ဂနွေနေ့ကွ၊ အဲဒီတော့ ပစ္စည်း ပျောက်ရင် ရ၊ မရတွက်တဲ့နည်းနဲ့တွက် ကြည့်လိုက် ဘာကိန်းတွက်မလဲ၊ တွက် စမ်းပါဦး"

"အဲ - (၁)ခုကြွင်းတယ်။ ဧး၊ ပဉ္စ၊ သုညကြွင်းလျှင် ယခုချက်ချင်းရမယ်တဲ့။ တနင်္ဂနွေဆိုတော့ ဥဒေက၊ ရေ၏အနီး လို့ရတယ် ဘိုးချိန်"

"အေးပေါ့ကွ၊ ချက်ချင်းရမယ် ဆိုပြီး ဘာလို့မရသေးတာလဲ။ ဆရာ ကတော်ကမေးတဲ့စကားလုံးတစ်လုံးချင်း ရေထွက်ကြည့်၊ ငါနာမည်ဖယ်လိုက်ရင် (၁၃) လုံးရလိမ့်မယ်။ အဲဒီစကားလုံး အရေအတွက်ကို (၇)နဲ့စားရင် (၆)ကြွင်း တယ်။ မင်းတို့ရှာနေတာက(၄)ယောက်၊ ဒါဆိုရင် (၂) ယောက်ထပ်တိုးရမယ်လို့ ငါဆုံးဖြတ်ပြီးပြောလိုက်တာပေါ့ကွာ။

သြော်၊ဟုတ်ကဲ့-သဘောပေါက် ပါပြီ"

ထိုအခါမှ ကျွန်တော် သဘော ပေါက်သွားသည်။ဗေဒင်ဆိုတာ အတွေး အခေါ် အတော်လိုပါလား။ ဘိုးချိန်ကဲ့သို့ ဟောနိုင်ရန် အတွေ့အကြုံများ၊ အတွေး ခေါ် ကောင်းများတွေးခေါ် နိုင်ရန် များစွာ လိုအပ်ကြောင်း သိရှိလိုက်ရပါတော့ သည်။

ဝင်းထွန်းအောင်(မြင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမ္ဘအဆက်)

အပြန်လမ်းတွင် အစ်ကိုဖြစ်သူ စတြရက -

"ငါထင်တယ်ကွ - ငပေါ်ပူဘီလူးနဲ့ ရက္ခမုန်ဘီလူး၊ ပဒုမ္မာဘီလူးမကြီးတို့က လည်း နာနာရုပ်အတတ်ကို သင်ပေးတတ်ကြမှာပဲ။ ဒါပေမယ့် ငါတို့မှာ ဘီလူးကိုအစာကျင်းဖို့ ဘာလက်ဆောင်မှပါမလာကြတာမြင်လို့ ငါတို့ကို သင်မပေးတတ်ပါဘူးဆိုပြီး တမင်ပြောလွှတ်လိုက်ကြတာပဲနေမှာ"

"ဟုတ်မယ်၊ အစ်ကိုပြောတာဖြစ်နိုင်တယ်။ ဘရသေ့က ကျုပ်တို့ကို ဘယ်ဘီလူးဆီကတစ်ခါဘယ်ဘီလူးဆီသွားကြပါလို့ မှာလိုက်တာမှ မဟုတ်တာ။ နတ်ဘီလူးတွေကိုမြင်နိုင်တဲ့ ဆေးမြစ်နဲ့ မျက်စိကွင်းကြည့်ပြီး နတ်ဘီလူးကိုတွေ့ရင် အစာကျင်းပြီး နာနာရုပ်အတတ်ကို သင်ကြလေလို့ပဲမှာလိုက်တာ။ အစ်ကိုလည်း သိသားကြားသားပဲ"

"အေးကွ၊ အဲဒီတုန်းက ဘရသေ့ကလည်း နာနာရုပ်အတတ်ကို သူသင်မပေးတတ်ဘူးပြောတော့ ငါလည်းစိတ်ဓာတ်ကျပြီး စိတ်မကောင်းတော်တော်ဖြစ်သွားတော့ ဘရသေ့ကအစာကျင်းပြီးဆိုတဲ့စကားကို လုံးလုံးသတိမရဖြစ်သွားတယ်။ ခုတော့ ငါတို့နာနာရုပ်အတတ်ကို သင်ယူဖို့အတွက် အစဖော်ပေးလိုက်တဲ့ ငနက်ကောဘီလူးကိုလည်း ကျေးဇူးတင်ရမှာပဲ။ ဒါနဲ့ လက်ကွယ်တောင်ဘီလူးကြီးကို ဘာနဲ့အစာကျင်းကြရင်ကောင်းမလဲကွ"

စတြက သွားရင်းလာရင်း ညီငယ်နာရဒကိုမေးလိုက်၏။

"ဘီလူးဆိုတာ အမဲသားကြိုက်တယ်လို့ပြောကြတယ် အစ်ကို။ နွားလေးတစ်ကောင်ကိုဖမ်းသတ်ပြီး ကင်ယူသွားကြရင်ကောင်းမယ်ထင်တယ်"

"အေး - မင်းပြောတာ ကောင်းတယ်။ တို့လက်ကွယ်တောင်ဘီလူးကြီးအတွက် နွားလေးတစ်ကောင်သွားဖမ်းကြရအောင်။ လာ၊ လာ - ခုပဲသွားကြမယ်"

ဟု ပြောပြီး စတြနှင့် နာရဒတို့သည် တောင်ခြေရွာတစ်ရွာနားဆင်းလာကြသည်။

ဒေသတစ်ခုလုံးမှာ လယ်ယာကိုင်းကျွန်းများကို နွားနှင့်ချည်းလုပ်ကိုင်ကြရသူများဖြစ်လေရာ မကြာမီ တောင်ခြေနားက နွားရုံထဲကို နွားများမောင်းသွင်းနေကြသော သားအဖနှစ်ယောက်နှင့် နွားတစ်အုပ်ကိုတွေ့ကြလေသည်။

စတြနှင့်နာရဒရှင်ငယ်ညီနောင်တို့သည် ချုံကွယ်တစ်ခုထဲဝင်ပုန်းပြီး ထို

www.burmeseclassic.com

www.burmeseclassic.com

သားအဖ နွားရုံထဲ နွားသွင်းသည်ကို စောင့်ကြည့်နေကြသည်။ အချိန်မှာ နေဝင်ခါနီးပြီးဖြစ်၏။

ထိုသားအဖသည် ခြံထဲက နွားတင်းကုပ်ထဲ နွားများကို မောင်းသွင်းနေကြရာ နွားမတစ်ကောင်မှာ ခြံထဲမဝင်သေးဘဲ အပြီးထောင်မြူးထူးကာ ဟိုပြေးသည်ပြေးလုပ်နေရာ ထိုနွားမတမ်းမနောက်ကို နွားထီးတွေကပါ ပြေးလိုက်နေကြရာ သားအဖနှစ်ယောက်မှာ သူတို့နွားတွေကို တော်တော်နှင့် ခြံထဲနွားရုံထဲ မောင်းသွင်းမရဖြစ်နေကြသည်။

ကာလမှာ နွားတို့သဘာဝအရ မြို့ထဲသောကာလ တပေါင်း၊ တန်ဆူးလဖြစ်လေရာ နွားမတမ်းမနောက်ကို ပြေးလိုက်နေကြသောနွားထီးများကို နွားပိုင်ရှင်သားအဖနှစ်ယောက်ကလည်း ဆဲဆိုကြိမ်းမောင်းကာ ခြံထဲ၊ နွားရုံထဲ အတင်းလိုက်မောင်းသွင်းနေကြ၏။

သို့သော် နွားထီးများမြူးထူးပြေးလွှားခုန်ပေါက်နေကြသောအခါ စိတ်ရှည်နာရဒတို့က ဘီလူးအစာကျွေးရန် ဖမ်းသတ်ရမည့် နွားကလေးတွေကပါ အပြီးတထောင်ထောင်နှင့် ပြေးလွှားခုန်ပေါက်နေကြပြန်သည်။

ထိုအခါ အဖဖြစ်သူက -

"ဟေ့-သား၊ ဒီအတိုင်းဆို ဒီနွားတွေကို ငါတို့နှစ်ယောက် တော်တော်နဲ့ သွင်းလို့ရမှာမဟုတ်ဘူး။ လူအုပ်နဲ့ဝိုင်းမောင်းသွင်းရအောင် မင်းအစ်ကိုတွေကို အဖသွားခေါ် လိုက်မယ်။ နွားတွေဝေးဝေးထွက်မသွားအောင် သားဆီးမောင်းထားလိုက်"

ဟု အဖဖြစ်သူက သားကိုပြောသည်။

"အဖ၊ ဒါဆို သားဝေးကိုယူသွားလိုက်ဦး။ မိုးချုပ်တို့မှ ဓားလာမအပ်ရင် အစုမှူး (ဆယ်အိမ်ခေါင်း) က နန်းကျား

www.burmeseclassic.com

www.burmeseclassic.com

ကြီးမင်းကိုသွားတိုင်ရင် အားလုံးဒုက္ခ ရောက်ကုန်ကြလိမ့်မယ်။ အဖသားဓား ကိုယူသွားပြီး အစုမှူးကိုအပ်ထားပေးပါ"

ဟု သားဖြစ်သူသည် သူလက်ထဲ ကဓားကို သူအဖေဆီပေးအပ်လိုက်သည်။

"အေးကွ၊ ဒီနွားမျောက်မဒုက္ခပေး နေတာနဲ့ ဓားအပ်ဖို့တောင် ငါမေ့သွားတယ်။ ကျွတ်ကျွတ် - သားသတိရလိုက်လို့သာ တော်သေးတယ်"

အဖဖြစ်သူက နန်းကျားကြီးဘုရင် အမိန့်ထုတ်ထားသည့်အတိုင်း နေမဝင်မီ မိမိရွာ၏အစုမှူးဖြစ်သော ဆယ်အိမ်ခေါင်းဆီ ဓားသွားအပ်ရန်နှင့် နွားမောင်းအကူခေါ်ရန် ရွာဘက်ဝင်သွားသည်။

ဤသည်ကို ကြားရ မြင်နေရသောအခါ နာရဒဉာဏ်က-

"အစ်ကို၊ ဘရသ္သေနဲ့တောထဲမှာ ဂူစောင့်ကြတုန်းက အမိ၊ အဖတို့လာပြီး နန်းကျားကြီးဘုရင်သေပြီးလို့ပြောသွားကြတာ အစ်ကိုမှတ်မိလား။ ဘယ်လိုလဲ အခု ဟိုသားအဖတွေပြောကြပုံအရဆို နန်းကျားကြီးဘုရင် မသေသေးဘူးဆိုဖြစ်နိုင်လား"

သူတို့နှစ်ယောက်သည် နွားဖမ်းရန် ချဲထဲစောင့်နေကြရာက နာရဒသည် သူ့အစ်ကိုစိတ်ကြိုကို လက်တို့ပြီး တီးတိုးမေး-

"ဟုတ်တယ်၊ နန်းကျားကြီးဘုရင် မသေသေးလို့ဘဲ ခုနက သားအဖတွေ ပြောနေကြတာ မင်းလည်း နားနဲ့ဆတ်ဆတ်ကြားလိုက်တာပဲ။ အမှန်က နန်းကျားကြီးလည်းမသေဘူး။ ငါတို့ဂူစောင့်ကြတုန်းက အမိအဖတို့ရယ်၊ တို့သမီးမျောက်သားသဇင်ဖြူရယ်၊ ကျားကြီးလာကိုက်တာရယ်ဆိုတာ ဘာတစ်ခုမှမဟုတ်ဘူး။ ဒါတွေဟာ ဘရသ္သေရဲ့အစီအမံတစ်ခုခုကို ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့ မကောင်းဆိုးဝါးတွေက တမင်လာပြီး အယောင်ဆောင်ပြကြတာဖြစ်ရမယ်။ အဲဒီလိုမှမဟုတ်ရင်လည်း ဘရသ္သေက တို့စိတ်ကိုစမ်းချင်လို့ ဘရသ္သေကိုယ်တိုင် လုပ်ပြတာလည်းဖြစ်နိုင်တယ် ငါ့ညီရ"

"အစ်ကိုပြောတာ ဟုတ်မယ်ဗျ။ အဲဒီတုန်းက ဘရသ္သေကို ကျွပ်တို့မေးခဲ့ကြတာပဲ။ ဘရသ္သေက လောင်းကြက်မြို့ဘက် သူမရောက်လို့မသိဘူး။ မိဘတွေလာခေါ်တာပဲ၊ ဘာလို့လိုက်မသွားကြတာလဲဘာဘာညာညာနဲ့၊ သဇင်ဖြူကိုလည်း သဗ္ဗေသတ္တာကမ္မသကာလို့ပဲ ဘရသ္သေက ပေါ့ပေါ့ဆဆပြောခဲ့တာဆိုတော့ ဘရသ္သေရဲ့အစီအမံကိုပျက်စီးချင်တဲ့ မကောင်းဆိုးဝါးတွေ လာလုပ်ပြကြတာတော့ မဟုတ်နိုင်ဘူး။ ဘရသ္သေကို ဘယ်မကောင်းဆိုးကမှလည်း အနှောင့်အယှက်မပေးနိုင်ကြဘူးဆိုတာ ငါယုံကြည်တယ် အစ်ကို။ ကနွန်က ဘရသ္သေက ကျွပ်တို့ကို စိတ်စမ်းတာပဲဖြစ်ရမယ်"

"ငါ့ညီပြောသလို အစ်ကိုလည်း အဲသလိုပဲထင်တယ်"

"ဒါ. ထားလိုက်ပါတော့၊ ခုဟို ကောင်လေး နွားထိန်းနေတဲ့အချိန်မှာ ကျွပ်တို့ လက်ကွယ်တောင်ဘီလူးကြီးကို လက်ဆောင်ပေးဖို့ ဘယ်နွားလေးကို ဝင်ဖမ်းကြမလဲ။ ဟိုအဖြူထိပ်ကွက်နဲ့နွားမလေးဆို မကောင်းဘူးလား။ သူ့အဖေက သူ့အစ်ကိုတွေနဲ့အတော်ကြာပြန်ရောက်လာကြတော့မှာနော် အစ်ကို။ ကောင်လေးတစ်ယောက်တည်းရှိနေတုန်း မြန်မြန်ဝင်ဖမ်းလိုက်ကြရအောင်"

"မင်းက နွားဖမ်းဖို့ပဲသိတာကိုး။ ကောင်လေးက ငါတို့ကိုမြင်သွားရင် နန်းကျားကြီးဘုရင်နား ချက်ချင်းပေါက်ပြီး တပ်ထောင်ပါဒိုလ်ထုနဲ့လူစုပြီး လာဝိုင်းဖမ်းကြရင် ဘယ့်နယ်လုပ်မလဲ။ နန်းကျားကြီးသာ ငါတို့ကိုဖမ်းမိလို့ကတော့ တံကျင်ထိုးမီးကင်သတ်မှာမင်းခံရဲလား။ နေဦး၊ ကြည့်နေဦး။ သူ့အဖေပြန်လာလို့ လူအုပ်နဲ့နွားတွေကို နွားခြံထဲသွင်းကြပါစေဦး။ သူတို့ နွားတွေသွင်းပြီးလို့ ရွာပြန်သွားကြမှ တို့က နွားခြံထဲဝင်ပြီး စိတ်ကြိုက်နွားတစ်ကောင်ကိုဖမ်းခေါ်ဆွဲလာပြီး လက်မတက်တောင်တစ်ကွေ့ကွေ့ရောက်မှသတ်ပြီး ဖုတ်ကင်ယူသွားကြရင် တို့ထမ်းပိုးရတာတောင် တစ်ဝက်ခရီးသက်သာဦးမယ်ကွာ။ ဒီကပင် ဒီနွားလေးကို သတ်ဖုတ်ကင်ပြီး နှစ်ယောက်သားထမ်းသွားကြရင် တောင်တက်၊ တောင်ဆင်း၊ ချောင်းကူးမြစ်ခြားနဲ့ ပိုမပင်ပန်းဘူးလား။ ဒီတော့ ညကျမှ. . . "

"ဟုတ်တယ်၊ အစ်ကို့အကြံသိပ်ကောင်းတယ်။ ငါက လက်ကွယ်တောင်ဘီလူးကြီးကို မြန်မြန်လက်ဆောင်ပေးပြီး နာနာရုပ်အတတ်နဲ့ နန်းကျားကြီးဘုရင်ကို မြန်မြန်လက်စားချေချင်လို့ စိတ်လောသွားတာ အစ်ကို။ ညကျအောင်စောင့်ကြတာပေါ့"

သည်လိုနှင့် စိတြနှင့် နာရဒ ရွှင်ငယ်ညီနောင်တို့သည် နွားဖမ်းရန် ညအချိန်ကိုစောင့်နေကြလေသည်။

❑

မကြာပါချေ။ စောစောက ရွာဘက်ကိုထွက်သွားကြသောလူကြီးသည် သူ့သားကြီးနှစ်ယောက်အပြင် ဆွေမျိုးနီးစပ်တော်သော ကာလသားပေါက်သုံး၊ လေးယောက်ကိုပါခေါ်၍ပြန်ရောက်လာကြ၏။ ထိုအခါ ဆယ့်လေးငါးနှစ်သားကောင်လေး ထိန်းပေးထားသော နွားအုပ်ကို လူလေး၊ ငါးယောက်နှင့် ပိုင်းမောင်းပြီး ခြံထဲသွင်းလိုက်ကြသည်။

နွားရုံထဲကိုမူ သူတို့က မသွင်းကြ။ မိုးတွင်းမှ နွားရုံထဲသွင်းသိပ်ကြသော အလေ့အထရှိရာ သည်အတိုင်းပင် နွားတွေကို ခြံထဲသွင်းထားလိုက်ကြသည်။

နွားတွေကို ခြံထဲသွင်းပေးပြီးသည်နှင့် ကာလသားပေါက်တစ်ယောက်က-

"ဘကြီးတို့နွားတွေ တို့လာပြီး ခြံထဲမောင်းသွင်းပေးရတာ အကျိုးရှိတယ်ဗျ။ ဟိုအပင်မှာ လင်းပြာငှက်တွေ တက်အိပ်ဖို့လုပ်နေကြတာ အများကြီးပဲ။ ညကျ တက်ရိုက်ရင် အကောင်တစ်ဆယ်နှစ်ဆယ်လောက် ကျိန်းသေရနိုင်တယ်ဗျို့။ အဲဒါ ဘကြီးတို့ ခရမ်းခင်း၊ ငရုတ်ခင်းကလည်း ဝင်ခူးလိုက်ရုံပဲဆိုတော့ ဘယ်လိုသဘောရကြလဲ"

"ကောင်းတယ်ဟေ့ ကောင်းတယ်၊ ကောင်းတယ်။ ငှက်ခတ်ပြီး ဒီည ဒီမှာတို့ညည ထမင်းချက်စားကြရအောင်ဗျို့"

ကာလသားတစ်ယောက် အကြံပြုလိုက်သည်ကို နောက်တစ်ယောက်ကလည်း ထောက်ခံလိုက်ရာ ဤနေရာ၌ ငှက်ခတ်ပြီး သူတို့ညထမင်းချက်စားကြတော့မည်မှာ သေချာသွားသည်။

နွားခိုးဖမ်းရန် စောင့်ဆိုင်းနေကြရသော ရွှင်ငယ်ညီနောင်နှစ်ယောက်မှာ ကာလသားတို့၏စကားကိုကြားလိုက်ကြရသောအခါ စိတ်ညစ်သွားကြသည်။ သည်အတိုင်းသာဆိုလျှင် သူတို့သည် သန်းခေါင်တိုင်၍ပင် ဤနွားရုံနားကာ ခွာကြမည်မဟုတ်။

ငှက်ခတ်ကြဦးမည်။ ထမင်းဟင်းချက်စားကြဦးမည်။ ထမင်းစားပြီးလျှင်လည်း ကာလသားတို့ထုံးစံ ဟေးလားဝါးလားနှင့် ဤနွားရုံနားတွင် မိုးလင်းပိုင်းအထိနေနေကြဦးမည်။

သူတို့အပြန်ကိုစောင့်၍ ရွှင်ငယ်ညီနောင်တို့ နွားဖမ်းရန် မဖြစ်နိုင်တော့။ သူတို့ပြန်ကြသည်နှင့် တောသူတောင်သားတို့၏ထုံးစံ ကြက်ဦးတွန်သည်နှင့် လယ်ပြင်ကို ဖွဲ့ စပါးခွံလာပစ်ကာ မြေဩဇာထည့်ရန် နွားချေးလာလောင်းသူ၊ နွားချေးကပွင့်သော နွားချေး

www.burmeseclassic.com

www.burmeseclassic.com

ကောက်ရန်ကိုလည်း မိုးမလင်းမီကပင် သူ့ထက်ငါဦး ရောက်လာကြတော့မည်ကို သိထားနှင့်သော ရှင်ငယ်ညီနောင်တို့မှာ ဘီလူးစာနွားဝင်ဖမ်းရေးသည် ဤနွားရဲ့၊ ဤနွားခြံနား ဤညဉ့်ဘယ်လို မှမဖြစ်နိုင်တော့။ ထိုအခါ တောင်ခြေတစ်လျှောက်ရှိ နောက်ထပ်နွားခြံတစ်ခြံကိုရှာရန် ထိအနားက တိတ်တိတ်လေး ထွက်ခွာလာကြရလေ၏။

တောင်ခြေတောစပ်နားအတိုင်း လျှောက်လာကြရာ တစ်နေရာအရောက်၌ ရှင်ငယ်ညီနောင်နှစ်ယောက် ခြေလှမ်းတို့သွားကြသည်။ အကြောင်းမှာ သူတို့၏ ခြေသံကိုကြားရသဖြင့် ချဲထဲတော်အစပ်မှ တစ်စုံတစ်ခုလှုပ်ရှားရုန်းကန်နေသည်ကို ကြားလိုက်ကြရသဖြင့် ဖြစ်သည်။

ရှင်ငယ်ညီနောင်တို့သည် အသံကြားရာဆီသို့ 'ဘပါလိမ့်' ဟူသော အတွေးနှင့် ကုပ်ချောင်းကုပ်ချောင်းသွားကြည့်ကြရာ မုဆိုးတစ်ဦးဦးထောင်ထားသော သုတ်ကိုင်းထဲ၌ ဝက်ပေါက်တစ်ကောင်မိနေသည်ကို တွေ့ကြရ၏။

"နာရဒ၊ အတော်ပဲကွ။ တို့ဒီဝက်ပျိုကောင်ကို သတ်ကင်ပြီး ဘီလူးကြီးအတွက်ယူသွားကြရင် ကောင်းမယ်ထင်တယ်။ ဘီလူးကြီးက အမဲသားထက် အဆီများတဲ့ ဝက်ပျိုသားကင်ဆိုပိုသဘောကျမှာပဲ၊ ဘယ့်နယ်လဲ"

စိတြက သူ့ညီ နာရဒကို တိုင်ပင်သလိုပြော၏။

"ဟုတ်တယ် အစ်ကို၊ ဝက်ပျိုသားဆို လက်ကွယ်တောင်ဘီလူးကြီးက ပိုသဘောကျမှာပဲ။ ကဲ - ဟုတ်ပြီ"

ဟု ပြောကာ ရှင်ငယ်ညီနောင်တို့သည် သုတ်ကိုင်းမိနေသောဝက်ပျိုကို သတ်ယူလိုက်ကြသည်။

တောင်ခြေတစ်နေရာအရောက်တွင် သူတို့ကိုယ်နှင့်မကွာပါလာသော မီးကျောက်ကို သစ်ရွက်ခြောက်နှင့်ကပ်၍ လေမှုတ်ထုတ်လိုက်ရာ ချက်ချင်းမီးစွဲလာ၏။ ဤမီးကျောက်မှာ သူတို့ဆရာဝိဇ္ဇာခိုရဲရသေ့ဆီနေခဲ့ကြစဉ်က မီးကို အလိုရှိပါက သုံးနိုင်ရန် ယူထားကြဟု ဆရာရသေ့အမိန့်ရှိသဖြင့် ယူလာခဲ့ကြသော မီးကျောက် ဖြစ်သည်။

သစ်ရွက်ခြောက်ကိုမီးစွဲလာသော အခါ ထင်းခြောက်တွေကိုစုကောက်ပြီး ညီအစ်ကိုနှစ်ယောက် ဝက်ပျိုကောင်ကို ဝက်သားသစ်တန်းထိုးပြီးကင်ကြသည်။ အမွေးအမှုင်တွေကိုလည်းစင်အောင်ခြစ်ချကြသည်။ ထိုအခါ ဝက်ကောင်လုံးမှာ နီရဲပြီး အဆီတဝင်းဝင်းနှင့် လက်ကွယ်တောင်ဘီလူးကြီးသာမဟုတ်၊ သူတို့ပင် သွားရည်ကျချင်စရာဖြစ်လာ၏။

သို့သော် နန်းကျားကြီးဘုရင်ကို လက်စားချေရန်အတွက် နာနာရုပ်အတတ်ကို အလွန်တတ်ချင်စိတ်ပြင်းပြနေကြသော ရှင်ငယ်ညီနောင်တို့သည် သွားရည်ကိုသုတ်ပြီး ဝက်ပျိုကင်ကိုထမ်းကာ အဝေးနေဒီမြစ်ဘက်ကို ထွက်လာကြသည်။

ထိုသို့ တစ်ညလုံးလာကြရင်း မိုးလင်းပိုင်းကိုရောက်လာ၏။ လက်ကွယ်တောင်ရှိရာ ခြိပ်ချောင်းဘက်သို့တက်လာကြရာ တောရွာတစ်ရွာအစွန်အဖျားတောင်ခြေတစ်နေရာ၌ ရွာသားတစ်ယောက် ပုန်းလျှိုးကွယ်လျှိုးခိုးတင်ချက်လုပ်ထားသော အရက်တစ်အိုးမှာလည်း ညလုံးပေါက်ဈေးသို့ ရောင်းပြည့်နေသည်။ ထိုအခါ ဘီလူးမင်း ဝက်ကင်သားနှင့်မြည်းရန် သေအိုးကိုခိုးယူလာကြပြန်၏။

သည်လိုနှင့် ရှင်ငယ်ညီနောင်တို့သည် ဝက်ကောင်ကို ဝါးလုံးတစ်ပိုင်းတွင် ပူးချည်ပြီး ရှေ့တစ်ယောက် နောက်တစ်ယောက်ထမ်းကာ သေအိုးကိုလည်း ထိုထမ်းပိုးဝါးလုံးပိုင်း၌ပင် ချိတ်ဆွဲလာကြ၏။

"အစ်ကို၊ ဝက်ကင်နဲ့ သေအိုးကို မြင်လို့ကတော့ ဘီလူးကြီး သွားရည်ကျသွားမှာ ကျိန်းသေပဲ။ ငါတို့ကို နာနာရုပ်အတတ်သင်ကိုသင်ပေးမှာပဲ။ အစ်ကို ဘာမှမပူနဲ့"

"နာရဒ မင်းပြောသလို ဝက်ကင်နဲ့သေအိုးကို ဘီလူးကြီးမြင်ရင် သွားရည်ကျမှာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် လက်ကွယ်တောင်ဘီလူးဆီမရောက်မီ နေက်ကေဘီလူးဆိုးနဲ့ အရင်တွေ့ကြရမှာ ဆိုတော့ ခုကပင် ဘီလူးချစ်တဲ့ ယက္ခသိန္နဟမန္တန်ကိုရွတ်သွားကြမှကောင်းမယ်ထင်တယ်ကွ"

"ဟုတ်တယ်အစ်ကို၊ ခုခြိပ်ချောင်းနားရောက်လာပြီ။ စရွတ်ကြတော့"

ဟု ဆိုသည်။

ရှင်ငယ်ညီနောင်တို့သည် ဘီလူးကျွမ်းကျင်တို့ ချစ်ခင်စေတတ်သော ယက္ခသိန္နဟမန္တန်ကို စိတြက ဌာန်၊ ကရိဏ်းကျကျရွတ်ဆိုလာသလို နာရဒကလည်း နေက်ကေဘီလူးအား သူ့သခင် နတ်ဘီလူးကြီးအတွက် ဝက်ပျိုကင်နှင့် သေအိုးတို့ကို ယူဆောင်လာပါကြောင်း ခြိပ်ချောင်းထဲဝင်လာကတည်းက အော်ပြောလာ၏။

ထို့ကြောင့်ထင်၏။ ယခုအခါ နေက်ကေဘီလူးကိုလည်း မမြင်ရ၊ ယခင်တစ်ခေါက်ကလို လေဆင်နှာမောင်းလည်းမတိုက်။ သဲမိုး၊ ကျောက်ခဲမိုးတို့လည်းမရွာ။ ထို့အခါမှ လက်ကွယ်နတ်ဘီလူးကြီးနေသော ပညောင်ပင်ကြီးနားကို ရောက်လာကြသည်။

ညီအစ်ကိုနှစ်ယောက်တို့သည် နတ်ဘီလူးတို့ကိုမြင်နိုင်စွမ်းသော စက္ခုမဿဆေးမြစ်ကို မျက်စိကွင်းကာ နတ်ဘီလူးတို့ချစ်စေတတ်သော ယက္ခသိန္နဟမန္တန်ကိုရွတ်ဆိုပြီး ပညောင်ပင်ကြီးနားချဉ်းကပ်လာကြ၏။

ပညောင်ပင်ကြီးရင်း၌ လက်ကွယ်နတ်ဘီလူးကြီးကိုမမြင်ရဘဲ ဘီလူးမကြီးတစ်ကောင်နှင့် သူ့သားသမီးဟူထင်ရသော ဘီလူးငယ်သုံးလေးကောင်ကိုသာ လှမ်းမြင်ကြရ၏။

ထိုအခါ စိတြက -

"အို - အမိ၊ ကျန်းမာချမ်းသာစွာရှိပါ၏လော"

ဟု လှမ်းနှုတ်ဆက်လိုက်၏။

နေဝင်မိုးချုပ်ချိန်၌ ဝက်သေကောင်ကင်ကို တဲလျှိုထိုးပြီး သေအိုးတစ်လုံးကိုလည်း တဲလျှိုဝါးလုံးတွင်ချိတ်ဆွဲကာ ဒယီးဒယိုင်နှင့် ပညောင်ပင်ရင်းသို့ ယက္ခသိန္နဟမန္တန်တော်ကို ရွတ်ဆိုပြီး တက်လာနေကြသော ရှင်ငယ်ညီနောင်တို့ကိုမြင်သောအခါ အံ့ဩလွန်စွာသော အသံကြီးနှင့် -

"ဗုဒ္ဓါ ဗုဒ္ဓါ-အမောင်ရှင်ငယ်တို့ ထူးလှပေတယ်။ အကျွန်ုပ်မကို အဘယ်မည်သောအတတ်ဖြင့်မြင်ကြဘိသနည်း"

ဟု အထိတ်တလန့်မေး၏။

"အမိ၊ ကျွန်ုပ်တို့ အမိကိုမြင်ရသည်မှာ ဆရာဝိဇ္ဇာခိုရဲရသေ့ခိုးမြင့်လိုက်သော စက္ခုမဿဆေးမြစ်အစွမ်းဖြင့် အမိကို မြင်ရခြင်းပါ"

ဟု စိတြကပြောလိုက်ပြီး သူတို့ထမ်းပိုးယူလာကြသော ဝက်ကင်ကောင်နှင့် သေအိုးတို့ကို ဘီလူးမကြီး၏မနီးမဝေး၌ချထားလိုက်ကြသည်။ဘီလူးလေးများမှာ ရှင်ငယ်ညီနောင်တို့အား မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အံ့ဩကြည့်ကြည့်နေကြရာက ချက်ချင်းပင် သူတို့အကြည့်များသည် ဝက်သေကောင်ဆီ၌သာ စူးစိုက်ငေးကြည့်ပြီး သွားရည်ကျနေကြ၏။

ယက္ခသိန္နဟမန္တန်တော်၏ကျိုးပါးတန်ခိုးကြောင့် ဘီလူးမကြီးက ရှင်ငယ်ညီနောင်တို့ကို ရန်သတ္တုရှုမပြုသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ယခုအထိ အံ့ဩလွန်းသောမျက်လုံးကြီး အစုံနှင့် စိုက်ကြည့်ကာ -

"ရှင်အမောင်တို့၊ ကျွန်ုပ်မအား မြင်ရသည်ကို အမိယံကြည့်ပါပြီ။ လူသူလေးပါးဆို၍ တစ်ဦးတစ်ယောက်မှ လာရောက်ခြင်းမရှိသော ကျွန်ုပ်မတို့၏ ဘုံဗိမာန်သို့ အဘယ်အကျိုးအလို့ငှာ မောင်ရှင်ငယ်တို့ရောက်လာဘိသနည်း"

အမိ၊ အကျွန်ုပ်တို့သည် ခြိပ်ချောင်းနတ်ဘီလူးမင်းထံ နာနာရုပ်အတတ်ကို သင်ကြားလိုရ၍ လက်ဆောင်ပဏ္ဏာများနှင့် ပင်ပန်းကြီးစွာ အဝေးကြီး ကပင် လာရောက်ကြခြင်းပါ။ ဤသည်မှာလည်း လက်ကွယ်တော့ဝင်ဘီလူးမင်းကြီး၏ နှမတော် ပဒုမ္မာအမိဘီလူးမနှင့် ခြိပ်ချောင်းနတ်ဘီလူးမင်းကြီး၏အစောင့်အရှောက်ဖြစ်သော ငနဂ်ကေဘီလူးတို့၏ ခွင့်ပြုချက်နှင့်သာ လာရောက်ရကြခြင်းဖြစ်ပါသည် အမိ"

"ဟယ် - ယောက်မနဲ့ ငနဂ်ကေတို့ မိုက်ပေစွ။ လူသားစစ်စစ်ဖြစ်ကြသော အမောင်ရှင်ငယ်တို့ကို နာနာရုပ်အတတ် မည်သူက သင်ပေးပုံမည်နည်း။ အမောင်ရှင်ငယ်တို့ကို နာနာရုပ်အတတ် သင်ပေးနိုင်သော ငါ့လင်နတ်ဘီလူးကြီးလည်း ယခုမရှိ။ အမောင်တို့ မြန်မြန် သာပြန်ကြကုန်"

"အမေ၊ အမေ အစ်ကိုရှင်ငယ်တို့ကို ပြန်မလွှတ်ပါနဲ့။ သားတို့၊ သမီးတို့ မစားဘူးတဲ့ ဝက်ကောင်ကင်ကို စားချင်ပါတယ်။ ပြန်မလွှတ်လိုက်ပါနဲ့ အမေ။ အဖက နာနာရုပ်အတတ် အစ်ကိုရှင်ငယ်တို့ကို သင်ပေးချင်သင်ပေးမှာပါ ပြန်မလွှတ်ပါနဲ့။ အဖရောက်အောင် စောင့်ခိုင်းပါ။ ပြန်မလွှတ်လိုက်ပါနဲ့။ သားတို့၊ သမီးတို့ ဝက်ကောင်ကင်စားချင်ပါတယ်"

ဘီလူးလေးများသည် ရှင်ငယ်ညီနောင်တို့ဆီက ဝက်ကင်ကောင်ကို စားချင်နေကြလွန်းလှသဖြင့် ငိုယိုတောင်းပန်နေကြသည်မှာ တစ်တောလုံး၊ တစ်တောင်လုံး ဆူညံသွားသလာပင်ထင်လိုက်ရသည်။

ရှင်ငယ်ညီနောင်တို့ကလည်း မိဘတို့သည် သားသမီးတို့၏ လိုအင်ဆန္ဒကို ဖြည့်ပေးချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဤအခွင့်အရေးသည် သူတို့အတွက် ချက်ကောင်းတစ်ချက်ပင်ဖြစ်သဖြင့် ဘီလူးမကြီးက အတန်တန်နှင့် လွှတ်နေသော်လည်း အတင်းပေကပ်ကာ -

"အမိ၊ ကျွန်ုပ်တို့ကို အမိပဒုမ္မာက အသေအချာပြောမှာလိုက်ပါတယ်။ ငါ့မောင်ကြီး ခြိပ်ချောင်းနတ်ဘီလူးကြီးက မောင်ရှင်ငယ်တို့ကိုသင်ပေးပါလိမ့်မယ်ဆိုလို့ အကျွန်ုပ်တို့လာရခြင်းပါ။ ယခု ခြိပ်ချောင်းဘီလူးမင်းဘယ်အရပ်ကိုသွားပါသနည်း။ ကျွန်ုပ်တို့ကား ခြိပ်ချောင်းဘီလူးမင်းနှင့် တွေ့ရမှဖြစ်ပါမည်။ ခြိပ်ချောင်းဘီလူးမင်းရှိရာကိုသာ အမိညွှန်ပြပေးပါ"

"ခက်တဲ့ရှင်ငယ်တွေပဲ။ ငါ့လင် ပင်လယ်နားကို အစားအစာအရှာထွက်သွားတယ်။သန်းခေါင်သန်းလွဲပြန်ရောက်ဖို့ မမြင်ဘူး။ ရှင်မောင်ငယ်တို့ကို နာနာရုပ်အတတ်လည်း သင်ပေးမှာမဟုတ်ဘူး။ ပြန်ကြပါတော့"

အမေ အမေ၊ အဖ သန်းခေါင်သန်းလွဲမနေဘူးဗျ၊ လထွက်ရင်ပြန်လာတော့မှာ။ အစ်ကိုရှင်ငယ်တို့ အဖနဲ့တွေ့ရအောင် စောင့်ကြပါ။ လာတော့မှာပါ"

သူအမေစကားမဆုံးမီပင် ဘီလူးလေးတစ်ကောင်က သူ့အမေကိုရော ရှင်ငယ်ညီနောင်တို့ကိုပါ အလွန်နှစ်လိုခင်မင်ဖွယ်ကောင်းသောအသံနှင့်ပြော၏။

ဤသည်ကို ဘီလူးမကြီးက -

"တော်စမ်း၊ မုတ်ဆိတ်ထက်သွားမရှည်နဲ့"

ဟု အော်ငေါက်လိုက်၏။

"နွားထက် ထွန်ကျူးတာမဟုတ်ဘူး အမိ။ အဖ ဘယ်တုံးက သန်းခေါင်သန်းလွဲနေဖူးလဲ။ လထွက်လို့ လူတွေ ပင်လယ်နားကို သားငါးရှာရောက်လာကြတာနဲ့ အဖပြန်လာမှာပဲ။ အမိ၊ အို-အမိ၊ အစ်ကိုရှင်ငယ်တို့ကို ခုချက်ချင်း သွားစေချင်ရင် သားတို့ကို ဝက်ကင်ကောင်တောင်းပေးပါ"

သားသမီးများထဲတွင် အကြီးဆုံးအကောင်ဖြစ်သော ဘီလူးလေးက သူ့အမေကို အတင်းပူဆာပြီးပြောလိုက်သောအခါ နောက်ဘီလူးငယ်တွေကလည်း ညည်စီစီငိုယိုပြီး ရှင်ငယ်ညီနောင်တို့ဆီက ဝက်ကောင်ကင်ကိုတောင်းပေးရမည်ဟု သူ့အမေ ဘီလူးမကြီးကို အတင်းဖက်တွယ်ကပ်ပြီး ပူဆာအော်ဟစ်နေကြပြန်၏။

(နတ်ဘီလူးတို့မည်သည်မှာ ပိုင်ရှင်၏ခွင့်ပြုမှုကိုရမှ အစားအစာကို စားပိုင်ခွင့်ရှိကြသည်။ ပိုင်ရှင်က နွားနှင့်လည်းကောင်း၊ လက်နှင့်လည်းကောင်း မပေးမကမ်းပြောဆိုမှုမရှိပါက တန်ခိုးကျက္ခဒိပါဒ်ရှိကြသော်လည်း လုယက်မစားအပ်ပေ။ ဤသည်တို့ကြောင့်လည်း ဘီလူးလေးများက တောင်းပေးပါဟု ပူဆာနေကြခြင်းဖြစ်၏။)

အကယ်၍ ပိုင်ရှင်က မပေးမကမ်းသောအစားအစာကို လုယက်စားမိပါက သူတို့ကိုအစိုးရသော ဝေဿဝဏ်နတ်မင်းကြီးဆီ၌ ကြီးလေးသောအပြစ်ဒဏ်ကိုခံကြရမည်။ ဤသည်တို့ကြောင့်လည်း နတ်ဘီလူးကြီးက သူ၏ ကျက္ခဒိပါဒ်တန်ခိုးနှင့် ရှင်ငယ်ညီနောင်တို့ဆီက ဝက်ကောင်ကင်ကို သူ့သားသမီးများအား လုမကျွေးရဲသလို ဘီလူးကလေးများကလည်း သူတို့၏ တန်ခိုးကျက္ခဒိပါဒ်နှင့် ရှင်ငယ်တို့ဆီက ဝက်ကောင်ကင်ကို ဝင်ဆွဲမလုရဲကြပေ။ အကယ်၍ ထိုသို့ဖြစ်ခဲ့သော် ဝေဿဝဏ်နတ်မင်းကြီးဆီတွင် အပြစ်ပေးခြင်းခံကြရမှာကနောက်လောလောဆယ်တွင် သူ့အဖဖြစ်သူ လက်ကွယ်တော့ဝင်ဘီလူးကြီးပြန်လာ၍ သိသွားလျှင် ကလေးတွေရောအမေကြီးပါ သက်သာမည်မဟုတ်ပေ။ ထို့ကြောင့် ကလေးတွေမှာ ဝက်ကင်ကောင်ကို စားချင်လွန်း၍ သွားရည်ကျနေကြသော်လည်း လုယက်မစားရဲကြခြင်းဖြစ်၏။)

သားသမီးများက တစာစာငိုယိုရှိ ဝက်ကောင်ကင်တောင်းနေကြသောအခါ နတ်ဘီလူးမကြီးမှာ သားသမီးတို့အား ချစ်သောဇောနှင့် ငိုင်တွေသွားသည်။ ဤသည်ကိုရိပ်မိသော ရှင်ငယ်ညီနောင်တို့ကလည်း အခွင့်ကောင်းယူကာ -

"ကဲ - အမိ၊ ကျွန်ုပ်တို့တတ်လိုသော နာနာရုပ်အတတ်ကို ဘီလူးမင်းကလည်း သင်မပေးနိုင်ပါက ကျွန်ုပ်တို့ကိုပြန်ခွင့်ပြုပါ။ အကျွန်ုပ်တို့မှာလည်း သင်ပေးနိုင်သောပုဂ္ဂိုလ်များကို ရှာကြရပါဦးမယ်"

ဟု ပရိယာယ်နှင့်ပြောပြီး တံစိုးထိုးထမ်းလာကြသော ဝက်ကောင်ကင်ကို တစ်ယောက်တစ်ဖက် ကောက်ထမ်းလိုက်ကြရာ ဘီလူးလေးတွေက -

"အစ်ကိုရှင်တို့၊ အစ်ကိုရှင်တို့ မပြန်ကြပါနဲ့။ အဖရောက်တော့မှာပါ။ အဖရောက်ရင် အစ်ကိုရှင်တို့ကို နာနာရုပ်အတတ်သင်ပေးအောင်။ အကျွန်ုပ်တို့ကပါ အဖကို ပိုင်းပြောပေးကြမှာပါ။ မပြန်ကြပါနဲ့ဦး၊ အဖရောက်အောင်ခဏဆိုင်းကြပါ"

ဟု ဆူဆူညံညံ အော်ဟစ်ငိုယိုတားကြပြန်သည်။

ထိုအခါ ဘီလူးမကြီးက -

"သားရှင်ငယ်တို့၊ စားချင်လွန်း၍

www.burmeseclassic.com

www.burmeseclassic.com

ညီငယ်၊ ညီမငယ်လေးတို့ ငိုယိုနေကြတာ မြင်တဲ့အတိုင်းပဲ။ သနားသဖြင့် သူတို့လေးတွေ အာသာပြေစားကြရအောင် ပေါင်တစ်ချောင်းလောက်ပေးထားခဲ့ပါ။ အမိ တောင်းပန်ပါတယ်"

ဟု ဆိုလာ၏။။

ဝက်ကင်ကောင်နှင့် သေအိုးကို ထမ်းပြီးပြန်ရန် ခြေလှမ်းပြင်နေကြသော ရှင်ငယ်ညီနောင်တို့ကလည်း-

"အမိ၊ ညီငယ်ညီမငယ်လေးများကို သားတို့ မပေးမကမ်းချင်၍ မဟုတ်ပါ။ နာနာရုပ်အတတ်ကို သင်ပေးမည့် ဆရာသည် အင်္ဂါမစုံသော် လက်ဆောင် ဝက်ကောင်ကင်ကို လက်ခံမည်မဟုတ်ပါ။ ထို့ကြောင့် သားတို့လည်း စိတ် မကောင်းပါဘူး။ သွားခွင့်ပြုပါ"

ဟု ပြောပြီး ထွက်ခွာသွားကြရာ ဘီလူးမကြီးမှာ မြိုင်တွေကျန်ရစ်သလို ဘီလူးကလေးတွေကလည်း အော်ငိုတားမြစ်၍ ကျန်ရစ်ခဲ့ကြ၏။။

သည်လိုနှင့် ရှင်ငယ်ညီနောင်တို့လည်း ခြံပ်ချောင်းနတ်ဘီလူးကြီးစီရာ ပညောင်ပင်ကြီးနားက ပြန်ဆင်းလာကြ၏။။ သို့သော် မကြာမီပင် ထိုညောင်ပင်ကြီးနားကိုပင် မျက်စိလည်ပြီး ပြန်ရောက်လာကြ၏။။ နတ်ဘီလူးသားအမိတွေကိုလည်း ပြန်မြင်နေရ၏။။ သူတို့ကမူ ပြည်ညောင်ပင်ကြီးရှိရာ တောင်ထိပ်ကဆင်းလာကြသော်လည်း ပညောင်ပင်ကြီးရှိရာ တောင်ထိပ်ကိုပင် ပြန်ရောက်လာကြသည်ကို အံ့သြဖွယ်ရာကြဲနေရပြန်၏။။ တစ်ဖန် တောင်ထိပ်က ပြန်ဆင်းလာကြပြန်ရာ တောင်ထိပ်ရှိ ပညောင်ပင်ကြီးနားကိုပင် ပြန်ရောက်လာကြပြန်သည်။

ဤသည်မှာ ရှင်ငယ်ညီနောင်တို့ ဆီက ဝက်ကောင်ကင်ကို အလွန်စားချင်နေကြသော နတ်ဘီလူးလေးများက သူတို့၏မွေးရာပါ ကွန်ဒိုပါဒ်နှင့် ရှင်ငယ်ညီနောင်တို့ကို ချုပ်ထားပြီးဆိုသည်ကို ဘီလူးမကြီးကသိ၏။။ ထိုအခါ ဝက်ကောင်ကင်သားကို စားချင်ကြသဖြင့် ငိုယိုပူဆာနေကြသော သားသမီးများကို မကြည့်ရက်တော့သဖြင့် ရှင်ငယ်ညီနောင်တို့အား သူကပါ တစ်ခါ သူ့အစွမ်းနှင့် ပေးပေးရောက်မသွားကြအောင် လှမ်းခေါ်ယူလိုက်ပြီး ဘီလူးမကြီးက -

"အမောင်ရှင်ငယ်တို့၊ ငါ့သားများ နာနာရုပ်အတတ်ကို ထိုမျှထိတတ်လိုပါက ငါ့လင်ဘီလူးကြီးရောက်အောင် စောင့်ကြပါဦး။ ငါ့လင်လာပါက ရှင်ယောင်ငယ်တို့က နာနာရုပ်အတတ်သင်ပေးဖို့ အမိပါ တောင်းပန်ပြောဆိုပေးပါမည်"

ဟု ဆိုလာတော့၏။။

ထိုအခါ ရှင်ငယ်ညီနောင်တို့လည်း ဝက်ကောင်ကင်ကို ဘီလူးမကြီးနှင့် မနီးမဝေးတွင် ပြန်ချလိုက်ကြပြီး လက်ကွယ်တောင် ဘီလူးကြီးအလာကို စောင့်နေကြလေသည်။

မကြာပါခေ။။ ဘီလူးလေးများ စောစောကပြောသလို လဆုတ် ၅ ရက် လှုရောင်ကိုမြင်လိုက်ကြရ၏။။ လထွက်လာ၍ ဘုယ်လောက်မှမကြာ-

"ဟယ်. . . ငါ့ဝိမာန်နား လူစော်နံလှချေလား။။ အဘယ်လူသားသည် ငါ့ဝိမာန်ပိုင်နက်ထဲ ကျူးကျော်ဝင်လာဘိသနည်း"

ဟူသော အသံနက်ကြီးနှင့်အတူ လက်ကွယ်တောင်ဘီလူး ခြံပ်ချောင်နတ် မင်းကြီး ရောက်လာလေသည်။။ ဘီလူးကြီးအသံကိုကြားသည်နှင့် ရှင်ငယ်ညီနောင်တို့က နတ်ဘီလူးကြီးတို့ ချစ်ခင်စေတတ်သော ယက္ခသိန္နဟမန္တန်ကို ရွတ်၍ ကြိုဆိုနေကြ၏။။

ရှင်ငယ်ညီနောင်နှင့် ဝက်ကောင်ကင်တို့ကို မြင်လိုက်ရသော်အခါ နတ်ဘီလူးကြီးမှာလည်း အံ့သြတကြီးဖြစ်သွားပြီး နတ်ဘီလူးကြီးက -

"သင်တို့သည် အဘယ်မည်သော လူသားတို့နည်း။။ သင်တို့ကိုယ်ပေါ် ၌ အရဟတ္တတန်ဆာကိုလည်း ဆင်မြန်းထားသည်။ အရဟတ္တတန်ဆာနှင့် ဤနေရာသည် မည်သို့မျှ မလျောက်ပတ်သည်ကို သင်တို့မသိပေသလော"

ဟု ရှင်ငယ်ညီနောင်တို့ကိုကြည့်ပြီး အော်ဟစ်ကြိမ်းမောင်းလိုက်ရာ ရုတ်တရက် ကြောက်လန့်သွားကြသော ရှင်ငယ်ညီနောင်တို့ပင် ဖြေဆိုခွင့်မရလိုက်ကြ။ ဘီလူးမကြီးနှင့် သူ့သားသမီးများက သူ့ခြေထောက်ကို ဝိုင်းဖက်လိုက်ကြကာ ရှင်ငယ်ညီနောင်တို့ဆီက ဝက်ကောင်ကင်ကိုစားလိုကြကြောင်း၊ နာနာရုပ်အတတ်ကိုသင်ပေးမှ ဝက်ကောင်ကင်ကို ပေးမည်ဖြစ်ကြောင်း၊ အဖသည် ကျွန်ုပ်တို့စားလိုသောဆန္ဒကို ဖြည့်ဆည်းပေးပါရန် - အစ်ကိုရှင်ငယ်တို့အား နာနာရုပ်အတတ်ကို သင်ပေးလိုက်ပါယူ ဝိုင်းပြောပူဆာငိုယိုပြကြသည်။

"ဟယ်- အဲဒိုက်ဇာမဲတွေ၊ ရှင်သူငယ်ဖြစ်ဖြစ် ရှင်ကြီးဖြစ်ဖြစ် လူသားတွေကို နာနာရုပ်အတတ် ငါမသင်ပေးနိုင်ဘူး။ သားတို့သမီးတို့ ဝက်ကောင်ကင်ကိုလည်း မစားချင်ကြနှင့်။ ဒီမှာ အဖရှာလာတဲ့ ဒီငါး၊ ဒီပုစွန်၊ ဒီကဏန်းတွေကိုပဲစားကြ"

ဟုပြောကာ နတ်ဘီလူးကြီးသည် သူ ပင်လယ်ထဲက ရှာဖွေယူလာသော ပင်လယ်ငါး၊ ပင်လယ်ပုစွန်၊ ပင်လယ်ကဏန်းလုံးကြီးတွေကို သူ့သားသမီးတွေနား ပစ်ချပေးလိုက်၏။။ ထိုအခါ သူ့သားသမီး ဘီလူးလေးများက နှုတ်ခမ်းစူမျက်နှာမဲ့ပြီး -

"အဖ၊ နေ့တိုင်း ဒါတွေပဲရှာလာပေးနေတာ၊ သားတို့သမီးတို့ မစားချင်တော့ဘူး"

ဟု ပြောကြပြီး သူ့အဖရှာလာပေးသော ငါး၊ ပုစွန်၊ ကဏန်းများကို ယက်ဖယ်ပစ်ပြီး ဝက်ကင်သားစားချင်ကြောင်း ငိုယိုပူဆာနေကြသည်။

ထိုအခါ ဘီလူးမကြီးက -

"တွေ့လား၊ ရှင်မြင်တဲ့အတိုင်းပဲ။ ဒီအမောင်ရှင်ငယ်တို့ကို ကျွန်တော်မ ဧည့်ထောက်ခံခေါ်ထားရတာ မဟုတ်ဘူး။ သူတို့ကို နာနာရုပ်အတတ် ရှင်သင်ပေးမှာ မဟုတ်ဘူးပြောလို့ သူတို့လည်း ပြန်ကြပါပြီ။ အဲဒါ ရှင့်ကလေးတွေက ဝက်ကင်သားမစားရမချင်း ဒီပိုင်နက်ထဲကမပြန်ရအောင် ရှင်သူငယ်တွေကို ဝိုင်းချုပ်ထားကြတယ်။ သူ့အဖပြန်လာရင် နာနာရုပ်အတတ်ကို သင်ပေးရပါစေမယ်။ အစ်ကိုရှင်ငယ်တို့ စောင့်နေကြပါဆိုပြီး တားထားကြတယ်လေ။ ဟို ရှင့်အချစ်တော် သမီးကောင်မကပါ ဝက်ကောင်ကင်သားမစားရလို့တဲ့ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေတာပဲကြည့်တော့။။ခမျာမှာမှာလည်း ရှင့်သားသမီးတွေက လှည့်ဖြားထားကြတော့ ဘယ်မှသွားမရောက်၊ လာမရောက်နဲ့ ခုထိုင်ပြီး စိတ်ညစ်နေကြတာ ရှင်မြင်တဲ့အတိုင်းပဲ။ ဒီလောက်တောင် တက်ကောင်ကင်သားစားချင်ကြတဲ့ကလေးတွေ တစ်ညနေလုံး ချော့ပြောခြောက်ပြောလို့လည်း အငို့မတိုဘ်နိုင်ကြဘူး။ အဲဒီတော့ ဒီလောက်တောင် ဝက်ကောင်ကင်သားမို့ချင်ဆို့ချင်ကြတဲ့ ရှင့်ကလေးတွေနဲ့ ရှင်သူငယ်ခမျာမှာမှာလည်း နာနာရုပ်အတတ်ကို တတ်ချင်ကြလွန်းလို့ မြစ်ကူးချောင်းခြောတော ကျော်တောင်ကျော်ရောက်လာနေကြပြီး မှာတော့ မထူးဘူး။ ရှင့်ကလေးတွေ ဝက်ကောင်ကင်သားလည်းစားရ ရှင်သူငယ်လေးတွေလည်း လိုဘကြည့်အောင် သင်သာပေးလိုက်တော့၊ ကျုပ်စိတ်ညစ်

www.burmeseclassic.com

www.burmeseclassic.com

မုဒိတာ(ကျိုက်လတ်)

လိုသူများသုံးစေဖို့



(ကျိုက်လတ်မြို့ ၊ မှန်ကျောင်း ဆရာတော်ကြီး အနှစ်နှစ်အလလတ ရွာဖွေစုဆောင်းခဲ့သော လောကီပညာ အရပ်ရပ်တို့ကို နောင်လာနောက်သား ပညာလိုလား အမျိုးကောင်းသားများ ရရှိစေရန် စိတ်ရည်သန်လျက် ဆရာတော်ကြီးထံမှ လေ့လာမှတ်သားခဲ့သမျှ သော မှတ်စုမှတ်ရာအဖြာဖြာကို ဖြန့်ဝေ လိုက်ပါသည်။)

ရှင်မောဂ္ဂလာန်သရဘူဂါထာ

❑ ယညာသာဏု၊ ဏုသာညာယ၊
ညာယသာစာ၊ စာသာယညာ။
သာသာမိသု၊ သုမိသာသာ၊
ဏုစာသုတု၊ တုသုစာဏု။

ပေါက်ပေါက်၊ ကွမ်း၊ လက်ဖက်၊ ပန်းကိုမန်း၍ အဓိကရ သစ်ပင်ကို ပူဇော်တင်က အဓိကရရှိသည့်နတ်သည်လည်း လိုက်၍မပြတ်မ,ေ။

ရန်ခပ်သိမ်းပျောက်လွင့်စေတတ်၏။

ဆီဖယောင်းကို (၇) ခါမန်း၍ ဆောင်ဆွား။

ဣတ္ထိသို့။ ရာဇသို့ကောင်း၏။

(၇) ခေါက်ရွတ်လေ။

ရှင်သီဝလိဟာဂ်ရ (၃) ဂါထာ

❑ ဤ သီဝလိစ မဟာနာမံ၊
ဣန္ဒာဒေဝါ သပြဟွကာ၊
သဗ္ဗလာဘံ ဘဝိဿတိ၊
ယော ရူ ဏော တေ သမ္မန္နော။
သဗ္ဗ သမ္မတ္တိ ဧဟိ ဧဟိ၊ သွာဟာ
ယကပ်။
ဤ သီဝလိ စ မဟာနာမံ၊ သဗ္ဗ
လာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊ မယာ
ဆိန္ဒ သီဝလိယော။
မဟာထေရော မမသီသေ၊ ဌပေ
တွာ မဟာဣန္ဒာစ။
ဒေဝတာ မနုဿာနံ၊ ဒေဝါနံ
ဒေဝါနာမ သွာဟာသွာဟုံ။

(၃၇-အုပ်စုတ်ပါလေ)

မုဒိတာ(ကျိုက်လတ်)

တယ်"

ဟု ဘီလူးမကြီးက ဘီလူးကြီးကို ချော့တစ်ခါခြောက်တစ်လှည့် သားသမီးတွေ ငိုယိုနေကြတာပြ၍ နားချသည်။ သို့သော် ဘီလူးကြီးကမူ ရှင်သူငယ်ညီနောင်တို့ ရွာတ်ဆိုနေကြသော ယက္ခသိန္နဟမန္တန်၏ တန်ခိုးအစွမ်းကြောင့် မောင်းမလွှတ်သေးသော်လည်း မသင်ပေးနိုင်ဘူးချည်းငြင်းဆိုနေ၏။

သူ့အဖေက ရှင်သူငယ်တို့ကို နာနာရုပ်အတတ် မသင်ပေးနိုင်ပြောလေ ဝက်ကောင်ကင်သားမစားကြရမှာစိုး၍ ကလေးတွေက ငိုလေဖြစ်နေရာ ဘီလူးမကြီးကလည်း သူပါ မျက်ရည်ကျပြလာပြီး နတ်ဘီလူးကြီးကို ချော့တစ်ခါခြောက်တစ်လှည့်ပြောနေ၏။ ထိုအခါ ရှင်ငယ်ညီနောင်တို့ကလည်း ကုမ္ဘန်ဘီလူးများချစ်ခင်စေတတ်သော မန္တန်ကို ဖိရွတ်ကြ၏။ ထိုအခါ သူသားမယားနှင့် ရှင်ငယ်ညီနောင်တို့ကိုလည်း သနားလာကာ စကားပြောလာရတော့၏။

"ဟယ် - အတယ်ရှင်ငယ်တို့၊ အစ်ကိုငယ်တို့သည် အလွန်ခက်ခဲနက်နဲစွာသော နာနာရုပ်အတတ်ကို တတ်လိုကြသည်ကားမှန်၏။ လူတို့မည်သည်ကား စိတ်ဝမ်းလောင်လျှင် ဆိုးညစ်တတ်သည်ဖြစ်၍ အတတ်ကိုရမြောက်လေလျှင် မကောင်းမှုတရားကိုပြုလေသည်ရှိက ငါလည်း အပါယ်လေးပါးလားရအံ့"

ဟု ဆို၏။

ထိုအခါ ရှင်ငယ်ညီနောင်တို့က လည်း-

"အသင်နတ်ဘီလူးမင်း၊ အတတ်ကိုသာသင်ပါ။ ငါတို့သည် မကောင်းမှုကို မကျင့်ပါ။ အကယ်၍ ပြုကျင့်ခဲ့သော် အသင်နတ်ဘီလူးမင်း၏ ဆန္ဒအတိုင်း တည်ပါစေ"

ဟု ကျိန်တွယ်သစ္စာပြုကြပြီး လက်ဆောင်ပါလာသော ဝက်ကောင်ကင်နှင့် သေရည်အိုးတို့ကို နတ်ဘီလူးအား ဆက်သကြသည်။

ထိုအခါ နတ်ဘီလူးကြီးနှင့်တကွ သူ့သားသမီးတို့သည် ဝက်တင်သားနှင့် သေရည်တို့ကို သောက်စားကြပြီး နတ်ဘီလူးကြီးက နာနာရုပ်အတတ်ဖြစ်သော ရိန်းဆာယာဂိုယ်ပျောက်အတတ်၊ ရုပ်ပြောင်းနာမ်ခွာအတတ်၊ သက်ပြောင်းရုပ်ခွာအတတ်၊ ရုပ်ပြောင်းရုပ်လွှဲအတတ်တို့ကို သင်ကြားပေးရန် အဋ္ဌနဿိမြစ်ကမ်းဘေးရှိ သဲသောင်ပြင်တစ်နေရာသို့ ရှင်နောင်ငယ်နှစ်ယောက်တို့ကို ခေါ်လာလေသည်။

ရှင်ငယ်ညီနောင်တို့လည်း အားရဝမ်းသာနှင့် နတ်ဘီလူးကြီးခေါ်ရာသို့ လိုက်ပါလာကြရာ လရောင်နှင့် ပြန့်ပြူနေသော သဲသောင်ပြင်တစ်နေရာ၌ နတ်ဘီလူးကြီးသည် သူ၏တောင်ဘေးနှင့် သလဲပြင်ပေါ် ရေးခြစ်ကာ နာနာရုပ်အတတ်ကို သင်ပေးလေသည်။

နတ်ဘီလူးကြီးသည် သဲသောင်ပြင်၌ ဂါထာမန္တန်တော်များကို ရေးပြပြီးသွားသည်နှင့်တစ်ပြိုင်နက် အဋ္ဌနဿိမြစ်ဝမ်းတစ်ခုလုံးသည် ကြီးစွာသော အော်မြည်သံနှင့်အတူ လှိုင်းဂယက်ကြီးများနှင့် ဆူပွက်လာကာ ထိုလှိုင်းလုံးကြီးများသည် ချက်ချင်းပင် သဲသောင်ပြင်ပေါ် ပြေးတက်လာကြကာ နတ်ဘီလူးကြီးရေးပြထားသော ဂါထာမန္တန်တော်များကို ဖုံးအုပ်ပျောက်ကွယ်သွားစေလေသည်။

သို့သော် ရှင်ငယ်ညီနောင်တို့မှာ ဇဝနဉာဏ်၊ ဂဗ္ဘီရဉာဏ်၊ တိက္ခဉာဏ်တို့နှင့် ပြည့်စုံကြသဖြင့် နတ်ဘီလူးကြီးသင်ပြလိုက်သော နာနာရုပ်မန္တန်တော်များကို တစ်ခဏချင်း နှုတ်တိုက်အာဂုံတတ်မြောက်သွားကြလေသည်။

(ဆက်ရန်)

ဦးကျော့

www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း(ရွှေစင်)
(ဇရာက်)

အမည်ပေးမင်္ဂလာ၊ အမည်ပေးသဘော

အမည်နှင့်ပတ်သက်၍ သံယုတ္တနိကာယ်၊ ဒေဝတာသံယုတ်၊ အဒ္ဓဝဂ်၊ နာမသုတ်တွင် မထေရ်ရှားသောနတ်သားတစ်ပါးမှမေး၍ မြတ်စွာဘုရားသခင်မှ အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။

□ နာမသုတ် □

နတ်သားအမေး ။ ။ ဘယ်အရာသည် အားလုံးကိုလွှမ်းမိုးသနည်း။

ဘယ်အရာထက် သာလွန်သောအရာမရှိသနည်း။ အလုံးစုံသောအရာတို့သည် အဘယ်မည်သောတရားတစ်ခုအလိုသို့လိုက်ကြရသနည်း။

ဗုဒ္ဓအဖြေ ။ ။ အမည်သည် အားလုံးကိုလွှမ်းမိုး၏။

အမည်ထက်သာလွန်သောအရာသည်မရှိ။ အလုံးစုံသောအရာတို့သည် အမည်ဟူသောတရားတစ်ခု၏အလိုသို့လိုက်ပါကြရကုန်၏။

ဤကဲ့သို့ ဘုရားရှင်မှ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုတို့သည် အမည်နှင့်ကင်း၍ မတည်နိုင်သောကြောင့် အမည်သည် အားလုံးကို လွှမ်းမိုး၏ဟု ဟောကြားခဲ့ပါသည်။

လောကီမင်္ဂလာ (၁၂) ပါးတွင်လည်း နာမကရဏမင်္ဂလာ ဟူသော အမည်ပေးမင်္ဂလာရှိပါသည်။ ဘိသိက်မင်္ဂလာကျမ်းတစ်ခုတွင် အမိ၊ အဖတို့သည် သားငယ်၊ သမီးငယ်တို့အား ဖွားမြင်ပြီးသည်မှ (၁၀) ရက်၊ (၁၂) ရက်၊ (၁၈) ရက်နှင့် ရာပြည့်ရက်တို့၌ အမည်ပေးရာ၏။ နှစ်လမြောက်၌ ကွမ်းဦးခွဲရာ၏၊ သုံးလမြောက်၌ အိမ်ပြင်ထုတ်ရာ၏၊ ခြောက်လမြောက်၌ ထမင်းခွံ့ရာ၏ဟု ဖော်ပြထားပါသည်။

အမည်ပေးပုံ အပြစ်မလွတ်က အသက်တိုခြင်း၊ ဆင်းရဲခြင်း၊ ဘုန်းကံနိမ့်ပါးခြင်း၊ ရောဂါအန္တရာယ်များခြင်း စသည်တို့ ကြုံတွေ့ရတတ်ပါသည်။

သို့ပါ၍ အမိ၊ အဖတို့သည် သားသမီးတို့အား အမည်ပေးရာတွင် ပညာရှင်တို့နှင့်တိုင်ပင်၍ အပြစ်လွတ်သော၊ မင်္ဂလာရှိသောအမည်များကို ပေးသင့်ကြပါသည်။

□ အမည်ပေးပညာ (၁) □

'အစမွေးနံ အရင်းခံ ဘုန်းကံတိုးတက်လှ' ဟူသော လက်ာအရ - အစမွေးနေ့၊ အရင်းခံသည်၊ ဘုန်းကံတိုးကြောင်း အဟောတည်း။

□ အမည်ပေးပညာ (၂) □

ကသစ်ပေါ် ဥစ်ကိန်းချ၍ အမည်ပေးပုံ -

၁။ ကသစ်ပေါ် ဥစ် တူလစ်စုတ် မယုတ်နံသင့်ချ၊

တနင်္ဂနွေသား	- အ-အက္ခရာ အရင်းခံမှည့် ချမ်းသာအံ့။
တနလာသား	- က၊ ခ၊ ဂ၊ ဃ၊ င အက္ခရာအရင်းခံမှည့် ခွန်အားစွမ်းပကားကြီးအံ့။
အင်္ဂါသား	- စ၊ ဆ၊ ဇ၊ ဈ၊ ည အက္ခရာခံမှည့် ဥစ္စာရအံ့။
ဗုဒ္ဓဟူးသား	- ဃ၊ ရ၊ လ၊ ဝ အက္ခရာခံမှည့် ကျေးကျွန်ပေါအံ့။
ကြာသပတေးသား	- ပ၊ ဖ၊ ဗ၊ ဘ၊ မ အက္ခရာခံမှည့် ချမ်းသာအံ့။
သောကြာသား	- သ၊ ဟ အက္ခရာခံမှည့် ဥစ္စာပေါအံ့။
စနေသား	- တ၊ ထ၊ ဒ၊ ဓ၊ န အက္ခရာခံမှည့်အလှူများစွာပေးရအံ့။

အဓိပ္ပာယ်ကို လက်ာသွားဖြင့် ဖော်ပြပါမည်။

တနင်္ဂနွေ ဂဠုန်နံ၊ သုခချမ်းသာဖြစ်မြဲစွာ၏။ တနလာမူ ကျားနံယုက၊ လူတွင်ဗလ၊ နွှဲငါးမမျှတည့်၊ တကွအင်္ဂါ၊ ခြင်္သေ့မှာမူ၊ ဥစ္စာစီးပွား၊ လွန်ပေါများအံ့၊ နွေကား ဗုဒ္ဓ၊ ဆင်ခံရသော်၊ နေကျွဲနွား၊ များလှကျွန်ကြေး၊ ကြာသပတေးကြွက်၊ တစ်သက်ချမ်းသာ၊ သောကြာမှာမူ၊ အထူးဥစ္စာ၊ ရအံ့ဟောလေ၊ စနေအကျ၊ နဂနံဝယ် ငယ်စဉ်ကာလ၊ ဒါနအမှု၊ ပြုရမလွတ်၊ မချွတ်မှန်လှ၊ ဘိညာဉ်ရတို့

၂။ နွေ-ဂုဏ္ဌေ၊ ရေပါလေ၊ မသွေကိန်းတုန်ချ၊

၃။ မဟာဘုတ်အိမ်၊ ကသစ်အိမ်၊ နှစ်အိမ်အဆက်က၊

၄။ အထက်သူဌေး၊ အောက်တိုးဘေး၊ အမည်ပေးပညတ်ကြ၊

၅။ အစမွေးနံ၊ အရင်းခံ၊ ဘုန်းကံတိုးတက်လှ။

အမှတ် (၁) လက်ာအရ ကိန်းကို ချသော် အောက်ပါအတိုင်းရမည်ဖြစ်ပါသည်။

တနင်္ဂနွေနံ အလယ်မျဉ်းသည်

က	၂	၃	၄	၅	၆	၀	၀
သစ်	၆	၀	၁	၂	၃	၄	၅
ပေါ်	၅	၆	၀	၁	၂	၃	၄
ဥစ္စာ မွေးနံ့(ကတ္တားအိမ်)	၁	၂	၃	၄	၅	၆	၀
တူ	၀	၁	၂	၃	၄	၅	၆
လင်	၄	၅	၆	၀	၁	၂	၃
ခုတ်	၃	၄	၅	၆	၀	၁	၂

www.burmeseclassic.com

www.burmeseclassic.com

မွေးနံ (ကတ္တား) အိမ် ဖြစ်ပါသည်။

ဥပမာ တနင်္ဂနွေသားဖြစ်လျှင် တနင်္ဂနွေ (ကတ္တားအိမ်) အထက်နံများကို အမည်မှည့်ပါ။ အောက်နံများကို ပယ်ပါ။ ကျန်နေ့များကိုလည်း ဤနည်း အတိုင်းယူပါလေ။

ဤကသစ်ပေါ် ဥစ်ကိန်းသည် အင်္ဂဝိဇ္ဇာတိုင်ဖြင့် ညှိနှိုင်းလျှင်လည်း အထက်တန်း အညွှန်၊ ပဥ္စပွတ်၊ ဆပွတ်နံများဖြင့် ညီညွတ်ပါသည်။

ထို့ကြောင့် အရင်းမွေးနံ အစခံ မှတ်ရန် ပဥ္စပွတ် (ဆပွတ်) အမည်ပေး လက်ာများဖြင့် ကိုက်ညီပါသည်။

❑ အမည်ပေးပညာ (၄) ❑

အမှတ် (၃) လက်ာအရ မူလ မဟာဘုတ်တိုင်တွင် အထက်၊ အထွန်း၊ သိုက်၊ ရာဇ၊ အဓိဟတိမ္မားရှိနံများကို ယူ၍ မှည့်ရမည်ဖြစ်ပါသည်။

ဥပမာ မူလမဟာဘုတ် (၁) ကြွင်း သောကြာသားကို အမည်မှည့်သော် -

	၅	
၀	၃	⑥
၄	①	၂

အရင်မွေးနံ

သောကြာ သ၊ ဟ။

ကသစ်အိမ်အထက်နံများ

အင်္ဂါ - စ၊ ဆ၊ ဇ၊ ဈ၊ ည။
ဗုဒ္ဓဟူး - ယ၊ ရ၊ လ၊ ဝ။
စနေ - တ၊ ထ၊ ဒ၊ ဓ၊ န။

မူလမဟာဘုတ်အထက်နံများ

စနေ - တ၊ ထ၊ ဒ၊ ဓ၊ န။
အင်္ဂါ - စ၊ ဆ၊ ဇ၊ ဈ၊ ည။
သောကြာ - သ၊ ဟ။
ကြာသပတေး - ပ၊ ဖ၊ ဗ၊ ဘ၊ မ။

သောကြာနံကသစ်တိုင်

၁
၄
၃
⑥
၅
၂
၀

မူလမဟာဘုတ်အိမ်နှင့်သောကြာ ကသစ်တိုင်တွင် အင်္ဂါ၊ စနေသည် အထက်တန်းများဖြစ်၍ သောကြာသားအား အောက်ပါအတိုင်း အမည်ပေးရပါမည်။ မောင်သန်းထွန်းစိုး၊ အမျိုးသမီးဖြစ်ခဲ့သော် မသက်နှင်းဆွေဟု အမည်ပေးပါ။

သို့ပါ၍ ကသစ်အိမ်၌လည်း အထက်ထန်းကျရမည်။ မဟာဘုတ်အိမ်၌လည်း အထက်တန်းကျရမည်။ ထိုနှစ်အိမ်အထက်တန်းချင်း ကိုက်ညီအောင် နေ့နံရွေးချယ်၍ အမည်ပေးကြရပါမည်။

ထို့ကြောင့် အမှတ် (၃) နှင့် (၄) လက်ာအရ -

၃။ မဟာဘုတ်အိမ်၊ ကသစ်အိမ်၊ နှစ်အိမ်အထက်က။

၄။ အထက်သူငြေး၊ အောက်ကို ဘေး၊ မှည့်ပေးပညတ်ကြမူ၍ ရွေးဆရာတို့ ရေးစပ်တော်မူခဲ့ကြပါသည်။

❑ အမည်ပေးပညာ (၄)

အမည်များကိုဆန်းနည်းဖြင့်စစ်နည်း

'ဆန်း' ဆိုသည်မှာ ဆန္ဒ ဟူသော ပါဠိဘာသာမှလာသဖြင့် ဂါထာဖွဲ့နည်း၊ လက်ာရေးနည်း စသည်တို့ကိုပြော ကျမ်းဖြစ်ပါသည်။ ထိုဆန်းနည်း၌ ရွေးဦးစွာ အက္ခရာဝဏ္ဏဗျည်းနှင့် သရတွဲကို ရွေးဦးစွာသိထားရပေမည်။ က၊ ခ၊ ဂ၊ ဃ၊ င စသည်တို့သည် ဗျည်း(၃၃)လုံးတို့ ဖြစ်ကြပါသည်။ ၎င်းဓာတ္ဌရာဗျည်း (၃၃) လုံးတို့သည် သရကိုမှီရမှသာအသံဖြစ်နိုင်ကြပါသည်။

(အ-အာ-ကွ-ဤ-ဥ-ဦ-ဧ-အဲ-ဩ-ဪ-အံ-အား-အို-အုံ) ဟူသော (၁၄) လုံးတို့သည် သရဖြစ်ကြပါသည်။ ထို (၁၄) လုံးတို့တွင် (အ-ကွ-၃) သုံးလုံးသည် အသံတိုသောကြောင့် 'ရဿ' မည်ကုန်၏။

(အာ-ဤ-ဦ-ဧ-အဲ-ဩ-ဪ-အံ-အား-အို-အုံ) ဟူသော (၁၄) လုံးတို့သည် သရဖြစ်ကြပါသည်။ ထို (၁၄) လုံးတို့တွင် (အ-ကွ-၃) သုံးလုံးသည် အသံတိုသောကြောင့် 'ဒီဃ' မည်ကုန်၏။

'၀ရ' ဆိုသည်မှာ ဒီဃသရတို့ဖြင့် အသံရှည်စွာရွတ်ရသော အက္ခရာတို့ကို ဆိုလိုသည်။

'လဟု' ဆိုသည်မှာ ရဿတို့ဖြင့် အသံတို့ဖြင့် အသံတို့ကို ရွတ်ဖတ်ရသော အက္ခရာတို့ကို ဆိုလိုသည်။

ထို ၀ရ-လဟုတို့၏အမှတ်အသားမှာ ဒီဃ ဟူသော ၀ရုကို (၂) ဂဏန်း၊ ရဿဟူသော လဟုကို (၁) ဂဏန်းဟူ၍ သေချာမှတ်သားထားရပါမည်။

အောက်မြစ်သံ၊ ဟထိုးသံတို့သည်လည်း အသံတိုများဖြစ်ကြပါသည်။

၀ရနှင့်လဟုဆိုသည့် အသံရှည်တို့ စသည့်တို့ကို မှတ်သားပြီးတဲ့နောက် 'ဂိုဏ်း' အကြောင်းကို မှတ်သားရမှာဖြစ်ပါသည်။ ဂိုဏ်းတွေကို သံရှည်၊ သံတိုဟု ခေါ်သည့် ၀ရ၊ လဟုအပေါ် မူတည်ပြီး

(မ)ဂိုဏ်း - အက္ခရာအားလုံး ၀ရုတွေချည်းပါပဲ (၂၂၂)
(န)ဂိုဏ်း - အက္ခရာအားလုံး လဟုတွေချည်းပါပဲ (၁၁၁)
(ဘ)ဂိုဏ်း - အရင်းအက္ခရာ (၁) လုံး၀ရ၊ အဖျားအက္ခရာ (၂) လုံး၊ လဟု (၂၁၁)
(ယ)ဂိုဏ်း - အရင်းအက္ခရာ (၁) လုံး လဟု၊ ကျန်အက္ခရာ (၂) လုံး၊ ၀ရ (၁၂၂)
(ဇ)ဂိုဏ်း - အရင်းအက္ခရာအဖျားဆုံးအက္ခရာ လဟု၊ အလယ်အက္ခရာ ၀ရ(၁၂၁)
(သ)ဂိုဏ်း - အရင်းအက္ခရာ (၂) လုံး လဟု၊ အဖျားအက္ခရာ ၀ရ (၁၁၂)
(ရ)ဂိုဏ်း - အရင်း-အဖျားအက္ခရာ ၀ရု၊ အဖျားအက္ခရာ (၁) လုံး လဟု (၂၁၂)
(တ)ဂိုဏ်း - အရင်းအက္ခရာ (၂) လုံး၀ရု၊ အဖျားအက္ခရာ (၁) လုံး လဟု (၂၂၁)

ဟူ၍ (မ) ဂိုဏ်း၊ (န) ဂိုဏ်း၊ (ဘ) ဂိုဏ်း၊ (ယ) ဂိုဏ်း၊ (ဇ) ဂိုဏ်း၊ (သ) ဂိုဏ်း၊ (ရ) ဂိုဏ်း၊ (တ) ဂိုဏ်း ဟူ၍ ဂိုဏ်း (၈) မျိုးရှိပါသည်။

ခွဲခြားထားပါသည်။ ကဝိကဏ္ဌပါတကျမ်းနှင့် ဝုတ္တောဒယဆန်းကျမ်းတွေမှာ ညွှန်းဆိုထားတာကတော့-

နက္ခတ်မှာလည်း-

၁။ ဇေဋ္ဌနက္ခတ်-နက္ခတ်လုံးရေ (၁၈) လုံး၊

၂။ ဘရဏီနက္ခတ်-နက္ခတ်လုံးရေ (၂) လုံး၊

၃။ မိဂသီနက္ခတ်-နက္ခတ်လုံးရေ (၅) လုံး၊

၄။ သတဘိသျှနက္ခတ်၊ နက္ခတ်လုံးရေ (၂၄) လုံး၊

www.burmeseclassic.com

www.burmeseclassic.com

၅။ ပုန္နဖုသျှနကွတ်၊ နကွတ်လုံးရေ (၇) လုံး၊

၆။ သွာတိနကွတ်၊ နကွတ်လုံးရေ (၁၅) လုံး၊

၇။ ကြတ္တိကာနကွတ်၊ နကွတ်လုံးရေ (၃) လုံး၊

၈။ သရဝဏ်နကွတ်၊ နကွတ်လုံးရေ (၂၂) လုံး

ဟူ၍ နကွတ် (၈) မျိုး ပါဝင်ပါသည်။

မ၊ န၊ ဘ၊ ယ ဟူသော ဂိုဏ်း (၄) မျိုးနှင့် ဇေဠ၊ ဘရဏီ၊ မိဂသီ၊ သတဘိသျှ စသည့် နကွတ် (၄) လုံးတို့သည် နှစ်သက်အပ်သော အလိုရှိအပ်သော ဣဋ္ဌဂိုဏ်းဖြစ်ကြ၏။

ဇ၊ သ၊ ရ၊ တ ဟူသော ဂိုဏ်း (၄) မျိုးနှင့် ပုန္နဖုသျှ၊ သွာတိ၊ ကြတ္တိကာ၊ သရဝဏ် ဟူသော နကွတ်(၄)လုံးတို့သည် မနှစ်သက်အပ် အလိုမရှိအပ်သော အနိဋ္ဌဂိုဏ်းများ ဖြစ်ကြ၏။

ထိုဂိုဏ်း (၈) ဂိုဏ်းတို့တွင် ဂိုဏ်းစောင့်နတ်နှင့် နတ်သမီးများရှိကြပါသည်။

၁။ (မ) ဂိုဏ်း၌ ဘုမ္မဓိုးနတ်နှင့် သူရဿတီနတ်သမီးစောင့်၏။ ကဗျာလင်္ကာဖွဲ့ရာ၌ လည်းကောင်း၊ အမည်ပေးရာ၌လည်းကောင်း (မ) ဂိုဏ်းရလျှင် လယ်မြေ၊ယာမြေတို့ကိုရတတ်ပြီး နွားတို့၏ သြဘာမင်္ဂလာကိုမြင်စေတတ်၏။ ဂိုဏ်းလင်္ကာအားဖြင့် (မွတ်ဘုံဇေ)ဟုရေးသား၏။ မတ်-သည် မဂိုဏ်း၊ ဘုံ-သည် ဘုမ္မဓိုးနတ်၊ ဇေ-သည် ဇေဠနကွတ်ဟု ဆိုလိုသည်။

၂။ (န) ဂိုဏ်း၌ သိကြားနှင့် သုန္ဒရီနတ်သမီးစောင့်၏။ ကဗျာဖွဲ့ရာ၌ လည်းကောင်း၊ အမည်ပေးရာ၌လည်းကောင်း (န) ဂိုဏ်းရလျှင် အသက်ရှည်တတ်၏။ ကောင်းမှုအရာ၌ မင်္ဂလာဖြစ်စေတတ်၏။ ဂိုဏ်းလင်္ကာအားဖြင့် (နသိဘ) ဟု ရေးသား၏။ န-သည် နဂိုဏ်း၊ သိ-သည် သိကြားမင်း၊ ဘ-သည် ဘရဏီနကွတ်ဖြစ်၏။

၃။ (ဘ) ဂိုဏ်းကို လနတ်သားနှင့် မဏိမေခလာနတ်သမီးစောင့်၏။ ကဗျာဖွဲ့ရာ အမည်ပေးရာတို့၌ (ဘ) ဂိုဏ်းရလျှင် သမာဓိဝုဏ်နှင့် ပြည့်စုံတတ်သည်။ မြေတ်သော အခွေအရံကိုပေးတတ်သည်။ ဂိုဏ်းအလင်္ကာအားဖြင့် (ဘူလမိ) ဟု ရေးသားသည်။ ဘူသည် ဘ-ဂိုဏ်း၊ လ-သည် လနတ်သား၊ မိ-သည် မိဂသီနကွတ်ဖြစ်၏။

၄။ (ယ) ဂိုဏ်းကို တိမ်နတ်သားနှင့် သီရိနတ်သမီးစောင့်၏။ ကဗျာဖွဲ့ဆိုရာ အမည်ပေးရာ၌ (ယ) ဂိုဏ်းရလျှင် အခွေအရံများတတ်သည်။ ဘုန်းတန်ခိုးကျက်သရေ တိုးတက်စေတတ်သည်။ ဂိုဏ်းလင်္ကာအားဖြင့် (ယတီသတ်) ဟု ရေးသားသည်။ ယ-သည် ယဂိုဏ်း၊ တီ-သည် တီနတ်သား၊ သတ်-သည် သတဘိသျှနကွတ်ဖြစ်၏။

၅။ (ဇ) ဂိုဏ်းကို နေနတ်သားနှင့် ကာလကဏ္ဏီနတ်သမီးစောင့်၏။ ကဗျာဖွဲ့ဆိုရာ အမည်မေးရာ၌ (ဇ) ဂိုဏ်းရလျှင် ဆင်းရဲပင်ပန်းတတ်သည်။ ကျက်သရေမင်္ဂလာယုတ်၏။ အကျိုးယုတ်တတ်သည်။ ဂိုဏ်းလင်္ကာအားဖြင့် (ဇနေပု) ဟု ရေးသားသည်။ ဇ-သည် ဇဂိုဏ်း၊ နေ-သည် နေနတ်သား၊ ပု-သည် ပုန္နဖုသျှနကွတ်ဖြစ်၏။

၆။ (သ) ဂိုဏ်းကို လေနတ်သားနှင့် ကာလကဏ္ဏီနတ်သမီးစောင့်၏။ ကဗျာဖွဲ့ရာ၊ အမည်ပေးရာ၌ (သ)ဂိုဏ်းရလျှင် အရပ်တစ်ပါးသို့ပြောင်းရတတ်သည်။ အကျိုးမဲ့ဖြစ်တတ်သည်။ ဂိုဏ်းလင်္ကာအားဖြင့် (သုလိသွာ) ဟုရေးသားသည်။ သု-သည် သဂိုဏ်း၊ လိ-သည် လေနတ်သား၊ သွာ-သည် သွာတိနကွတ်ဖြစ် ၏။

၇။ (ရ) ဂိုဏ်းကို မီးနတ်သားနှင့် ကာလကဏ္ဏီနတ်သမီးစောင့်၏။ ကဗျာဖွဲ့ရာ၊အမည်မေးရာ၌ (ရ) ဂိုဏ်းရလျှင် မီးဘေးသင့်တတ်သည်။ အကျိုးမဲ့ဖြစ်တတ်သည်။ ဂိုဏ်းလင်္ကာအားဖြင့် (ရာမီကြတ်) ဟု ရေးသားသည်။ ရာ-သည် ရဂိုဏ်း၊ မီ-သည် မီးနတ်သား၊ ကြတ် -သည် ကြတ္တိကာနကွတ်ဖြစ်၏။

၈။ (တ) ဂိုဏ်းကို အာကာသခိုးနတ်နှင့် ကာလကဏ္ဏီနတ်သမီးစောင့်၏။ ကဗျာဖွဲ့ရာ၊ အမည်ပေးရာ၌ (တ)ဂိုဏ်းရလျှင် ကျက်သရေမင်္ဂလာမရှိ အကျိုးမဲ့ဖြစ်တတ်၏။ ဂိုဏ်းလင်္ကာအားဖြင့် (တက်အာသ) ဟု ရေးသားသည်။ တက်-သည် တ-ဂိုဏ်း၊ အာ-သည် အာကာသခိုးနတ်။ သ-သည် သရဝဏ်နကွတ် ဖြစ်၏။

ဆန်းဂိုဏ်းဇယားကို ဖော်ပြပြီး မိမိတို့အမည်ပေးတဲ့ သားသမီးတွေရဲ့ အမည်တွေ ဘယ်ဂိုဏ်းမှုရသလဲဆိုတာကို တွက်ချက်နည်းကို ပြပါမည်။

အမတ်ကြီးဘိုးရာဇာ၏ လျှောက်ထုံး 'အောင်ပန်းညွှန့်ရှည်' ဂိုဏ်းလင်္ကာတွင် တစ်ပန်းမှတ်ရာကျိုးဖြစ်မှာကား၊

ဂိုဏ်း(၈)ဂိုဏ်းကိုဇယားဖြင့်ဖော်ပြပုံ

	ဂိုဏ်းလင်္ကာ	ဂရ-လဟု	ဂိုဏ်း	နတ်သား	နတ်သမီး	နက္ခတ်	လုံးရေ	အကျိုးပေး	
၁။	မတ်ဘုံဇေ	၂၂၂	မ	ဘုမ္မဓိုး	သူရဿတီ	ဇေဠ	၁၈	မြေရခြင်း	ကောင်းကျိုးပေးဂိုဏ်း ၃ ပါး
၂။	နသိဘ	၁၁၁	န	သိကြားမင်း	သုန္ဒရီ	ဘရဏီ	၂	အသက်ရှည်ခြင်း	
၃။	ဘူလမိ	၂၁၁	ဘ	လနတ်သား	မဏိမေခလာ	မိဂသီ	၅		
၄။	ယတီသတ်	၁၂၂	ယ	တီနတ်သား	သီရိ	သတဘိသျှ	၂၄	အခြံအရံများခြင်း	
၅။	ဇနေပု	၁၂၁	ဇ	နေနတ်သား	ကာလကဏ္ဏီ	ပုန္နဖုသျှ	၇	ဆင်းရဲခြင်း	ကောင်းကျိုးပေးဂိုဏ်း ၅ ပါး
၆။	သုလိသွာ	၁၁၂	သ	လေနတ်သား	ကာလကဏ္ဏီ	သွာတိ	၁၅	မြောင်းရခြင်း	
၇။	ရာမီကြတ်	၂၁၂	ရ	မီးနတ်သား	ကာလကဏ္ဏီ	ကြတ္တိကာ	၃	မီးလောင်ခြင်း	
၈။	တက်အာသ	၂၂၁	တ	အာကာသခိုး	ကာလကဏ္ဏီ	သရဝဏ်	၂၂	အကျိုးမဲ့ခြင်း	

www.burmeseclassic.com

www.burmeseclassic.com

ဘုမ္မမြေရ ကုန္ဒသက်ရှည်၊ လတည်ကြည်နှင်း၊ တိသည် ခြွေရံ၊ နေလှိုဒုက္ခ၊ လေးဌာနပစ်၊ မီးဘေးဖြစ်လို့၊ ဘွဲ့ရစ်ကယ်အာကာ၊ ကျိုးမဲ့ချာကြ၊ သာခွာမြအာဝါတဇင်ကို၊ လိုရာတွင် ရက်လိုက်နော၍ စားလောသတ္တ၊ အင္ဂေါစအကျန်၊ ဥမိတ်ကာဏယုတ်၊ ကျိုးရှုပ်တဲ့ကံ၊ ဝိမောသတံ၊ ကြံပါလေသည်။ တိုင်းမြိတ်လာသိဒ်ကယ်နှင့်၊ ဝရိတ်လက်ာပြစ္စုးနှိုင်းမျှဂိုဏ်းဟူ၍ စပ်ဆိုပါသည်။

အဓိပ္ပာယ်မှာ အမည်ရှင်ရသော ဂိုဏ်းတွင် ဂိုဏ်းယှဉ်နက္ခတ်လုံးရေကို ကြည့်၍ (၂၀) တွင်းကမူ သာခွာပြအာဝါတဇင်စသော နံသင့်အက္ခရာတို့ကို နေ့စဉ်အတိုင်းရောရမည်။ နက္ခရာလုံးရေ (၂၀) ကကျော်လျှင် 'နောင်ဆိုသူကားမြအ့လား' မှ နံသင့်အက္ခရာတို့ကို နေ့စဉ်အတိုင်းရော၍ (ဂ်) ခုစား 'အင္ဂေါစ' (၁၂၃) ကြွင်းမှု၊ ဥပါဒ် မိတ္တူ ကာဏဖြစ်၍မကောင်း၊ 'ဝိမောသတံ' (၄၅၆၀) ကြွင်းမူ အမြိတ္တစုတ်၊ လာဘစုတ်၊ သိဒ္ဓိစုတ်၊ ဝရစုတ်ဖြစ်၍ကောင်း၏။

ကုန္ဒဂိုဏ်းတည်းဖြစ်ရမည်။ 'ဝိမောသတံ' (၄၅၆၀) နှင့်လည်း တိုက်ရမည်။ ၎င်းနှစ်ချက်ကို ကိုက်ညီအောင် အမည်ပေးနိုင်လျှင် အသက်ရှည်ခြင်း၊ ဘုန်းကြီးခြင်း၊ အန္တရာယ်ကင်းခြင်း၊ ဥစ္စာစီးပွားတိုးခြင်းဟူသော အကျိုးတရားလေးပါးနှင့်ပြည့်စုံမည်ဟု ဆိုလိုပါသည်။

နေ့စဉ်အတိုင်းရောပုံကို ဇယားကွက်ဖြင့် ဖော်ပြပါမည်။

၆ + ၁၈ = ၂၄
၂၄ + ၇ = (၃) ကြွင်း၏

အင္ဂေါစ အကြွင်း ၁ ဥပါဒ် ဆိုးကျိုး
အကြွင်း ၂ မိတ္တူ ပျက်စီး
အကြွင်း ၃ ကာဏ ကျိုးကန်း

(၃) ကြွင်းဖြစ်၍ ကုန္ဒဂိုဏ်းဖြစ်သော်လည်းမကောင်းပါ။

ဂ တွက်နည်း (၂)

အင်္ဂီသား (ယ) ဂိုဏ်းအမည်မှည့်မူ နက္ခတ်လုံးရေ (၂၀) ကျော်၍ အင်္ဂါနံအတွက် လက်ာ 'သူ' ၏ နံသင့်ဂဏန်း (၆) နှင့် နက္ခတ်လုံးရေ (၂၄) ပေါင်း။

၆ + ၂၄ = ၃၀
၃၀ + ၇ = ၂ ကြွင်း

(၂) ကြွင်းမိတ္တူဖြစ်၍ ကုန္ဒဂိုဏ်းဖြစ်သော်လည်းမကောင်းပါ။

၄ + ၂ = ၆
၆ + ၇ = ၆ ကြွင်း

(ဝိမောသတံ)
အကြွင်း ၄ အမြိတ္တ ကောင်းကျိုး (ဝိယ)
အကြွင်း ၅ လာဘ လာဘ် (ဝန)
အကြွင်း ၆ သိဒ္ဓိ အောင်မြင် (ကာယ)
အကြွင်း ၀ ဝရ ထွတ်မြတ် (အာယုဝမှန)

ဂ တွက်နည်း (၃)

ကြာသပတေးသား (န) ဂိုဏ်းမှာ အမည်မှည့်မူ နက္ခတ်လုံးရေ(၂၀)မကျော်၍ ကြာသတေးနံအတွက် လက်ာ 'ဝါ' နံသင့်ဂဏန်း (၄) နှင့် နက္ခတ်လုံးရေ (၂၂) ပေါင်းပါ။

ဇယားကို ဖော်ပြပါမည်။

ဃ ဇယားကြည့်နည်း

ဥပမာပေးထားသော မဟာဘုတ် (၁) ကြွင်းသောကြာသားအားပေးထားသည့်အမည် မောင်သန်းထွန်းစိုးကို ဇယားမှာကြည့်သော် -

သန်းထွန်းစိုး ရှည်ရှည်ရှည် ၂၂၂ (မ) ဂိုဏ်း သောကြာနံအောက်ကို ကြည့်သော် (၄) ကို တွေ့ရမည်။

ဝိမောသတံ (၄၅၆၀) - ၄သည် အမြိတ္တနှင့် ကုန္ဒဂိုဏ်းဖြစ်၍ မှည့်သင့်သောအမည်ဖြစ်ပါသည်။

အမည်သည် တစ်လုံးတည်းဖြစ်နေသော် (၂) လုံးထပ်ဖြည့်ရမည်။

ဥပမာ- တနင်္ဂနွေသား ကိုအေး တစ်လုံးတည်းဖြစ်နေ၏။ (၂) လုံးထပ်ပေါင်းပါ။

ကိုအေး+အေး+အေး (၃) လုံး (၁) ဂိုဏ်း (၂၂၂) ရှည်ရှည်ရှည် (မ) ဂိုဏ်း တနင်္ဂနွေနံအောက်ကိုကြည့်သော် (၃) ဂဏန်းတွေတွေ့၍ ၁-ကာဏမကောင်းပါ။

အမည်သည် (၂)လုံးဖြစ်နေသော်နောက်မှ (၁) လုံးထပ်ဖြည့်ရပါမည်။

ဥပမာ အင်္ဂါသားအောင်ညိုအေး အမည် (၂) လုံးဖြစ်နေ၍ (၁) လုံးဖြည့်ပါ။

မောင်ညိုအေး+အေး (၃) လုံး (၁) ဂိုဏ်း (၂၂၂) ရှည်ရှည်ရှည် ဇယားမှာကြည့်သော် (မ) ဂိုဏ်းအင်္ဂါနံအောက်ကိုကြည့်သော် (၂) ဂဏန်းကို တွေ့ရတည်း ၂-မိတ္တူမကောင်းပါ။

အမည်သည် (၄) လုံးဖြစ်သော် နောက်ဆုံးအလုံးကိုပယ်ရမည်။

ဥပမာ စနေသမီး တင့်တင့်ထွန်းသော် (၄) လုံးဖြစ်၍ နောက်ဆုံးအလုံးပယ်။

တင့်တင့်ထွန်း (၃) လုံး (၁) ဂိုဏ်း ၁+၁+၂ တိုတို့ရှည် ဇယားကွက်တွင် ကြည့်သော် (သ) ဂိုဏ်း စနေနံအောက်ကြည့်သော်(၄)ဂဏန်းဖြစ်၍ (၄)အမြိတ္တကောင်းသော်လည်း အင်္ဂဒုဂိုဏ်းဖြစ်နေ၍ ၎င်းအမည်ကို မပေးသင့်ပါ။

အမည်သည် (၅) လုံးဖြစ်နေ

နက္ခတ်လုံးရေ (၂၀) မကျော်လျှင်

နေ့နံသချိ်ာ	၁	၂	၃	၄	၅	၆	၀
ရောရမည့်လက်ာ	သာ	ခွာ	မြ	အာ	ဝါ	တ	ဇင်
နှင်းနံသင့်သချိ်ာ	၆	၂	၅	၁	၄	၀	၃

နက္ခတ်လုံးရေ (၂၀) ကျော်လျှင်

နေ့နံလက်ာ	၁	၂	၃	၄	၅	၆	၀
ရောရမ်ည့်လက်ာ	နောင်	ဆို	သူ	ကား	မြ	အ	လား
နှင်းနံသင့်သချိ်ာ	၀	၃	၆	၂	၅	၁	၄

တွက်နည်း (၁)

တနင်္ဂနွေသား (မ) ဂိုဏ်းမှည့်မူ နက္ခတ်လုံးကေ (၂၀) မကျော်၍ တနင်္ဂနွေနံအတွက် လက်ာ 'သာ' ၏နံသင့်ဂဏန်းနှင့် နက္ခတ်လုံးရေ (၁၈) ပေါင်း။

(၆) ကြွင်း၍၊ ကုန္ဒဂိုဏ်းလည်းဖြစ်၍ ကောင်း၏။

(၇) နေ့သားသမီးများအတွက် ကိုန်းသေတွက်ပြီး ဇယားကို ဖော်ပြပါမည်။

(၇) ခုစားအကြွင်းဂဏန်းများပြ

www.burmeseclassic.com

www.burmeseclassic.com

ဥ၂-စာယတိုင်

(နှုတ်ပိတ်-အာစေးထည့်နည်း)

အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရ ဆိုသော မြန်မာလူမျိုးတို့၏ ဆိုရိုးစကားရှိခဲ့သည်၊ လူမှုရေးကိစ္စအဝဝတွင် တရားတဘောင်အမှုအခင်းများဖြစ်ပေါ်လာလျှင် တရားရုံးများ၌ အမှုအခင်းကိစ္စများကို ရင်ဆိုင်ဖြေရှင်းကြရသည်။ အမှုအခင်းဖြစ်သည်ဆိုပါက နှစ်ဦးနှစ်ဖက်အသိသက်သေများ၊ တရားလို၊ တရားခံနှစ်ဖက်ရှိရာ မှန်ကန်သော ဘက်နှင့် မမှန်ကန်သော မတရားသော ဘက်မှသက်သေများပါလာတတ်သည်။

ထိုကဲ့သို့ရပ်များထွင် မှန်ကန်သော၊ မှုတသော၊ တရားသောဘက်မှပုဂ္ဂိုလ်များသည် မတရားသက်သေထွက်ချက်များကြောင့် တရားရှုံးခဲ့ရသည့်အမှုများလည်း အမှုပေါင်းများစွာရှိခဲ့ဖူးသည်။ ငွေများတရားနိုင် ဆိုသောစကားအရ ငွေစားထားသော မတရားသက်သေများ တရားရုံးတော်တွင် ၎င်းတို့နှုတ်မှမမှန်မကန်ထွက်ဆိုမည့် နှုတ်ထွက်စကားများ မထွက်နိုင်အောင်၊ နှုတ်ပိတ်နေအောင် အာစေးထည့်၊ နှုတ်ပိတ်စေသော ပညာတစ်ရပ်ရှိခဲ့သည်။

(၎င်းနည်းကား) ရှမ်းပြည်နယ် မိုင်းဂူကိုင်အရပ်ဒေသမှထွက်သော စက္ကူအပွစားတစ်ချပ်လို၏။ တချို့က မိုင်းခံစက္ကူဟုခေါ်ဝေါ်ကြသည်။ ထိုစာရွက်ကြီးပေါ်၌ ဥ၂-စာယတိုင်ဟု စာလုံးကြီးကြီးရေးပါ။ ၎င်းစာအောက်မှ မိမိအလိုရှိရာ မိမိနှင့်တရားပြိုင် မတရားသက်သေများ၏အမည်များကိုစာရေးပါ။ (ဥပမာ-ကျွန်ုပ်နှင့် တရားပြိုင်ဘက်မှ မောင်×××၊ မ×××တို့ကို အမှုစစ်သည့်နေ့တွင် ဘာမှမပြောနိုင်အောင် နှုတ်ပိတ်၊ အာစေးထည့်ပေးပါ) ဟုရေးပါ။

ဤသို့ မိမိလိုရာကိုရေးပြီးက မိမိအိမ်၏ တံစက်မြိတ်အပြင်ဘက်တွင် လက်ဖက်တစ်ပွဲနှင့်အမွေးတိုင်ထွန်းညှိ၍ လမိုင်းပေါင်းချုပ်ကို ပူဇော်ပသပါ၏။ တစ်ဖက်တရားပြိုင်ဘက်မှ မောင်×××၊ မ×××တို့ကို အမှုနှင့်ပတ်သက်ပြီး ဘာမှမပြောနိုင်အောင် အာစေးထည့်၊ နှုတ်ပိတ်ပေးပါဟုပြောပါ။ ပြီးလျှင် ထိုစာရွက်ကိုပြာချပါ။ ၎င်းနောက် ကောက်ညှင်းနို့ဆီ (၃) ဘူးခန့်ပေါင်းပြီးလျှင် ပြာချထားသောပြာများနှင့် ကောက်ညှင်းများကိုနယ်၍ (၃) ပုံခွဲထားပါ။ တစ်ပုံကို ခွေးကျွေးပါ။ တစ်ပုံကို နွားကျွေးပါ။ စိတ်ရှည်စွာကျွေးပါ။ တစ်ပုံကို နဂါးကိုကျွေးပါ။ မြစ်ဆိပ်သွား၍ နဂါးကို ဖိတ်ကျွေးပါ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

(၇) ခုစားအကြွင်းဂဏန်းများပြဇယား

အကျိုး	ဂိုဏ်း	ဂရ-လဟု	နက္ခတ်	လုံးရေ	၇-နေ့ နံစဉ်						
					၁-နွေ	၂-လာ	၃-ဂါ	၄-ဟူး	၅-တေး	၆-ကြာ	၀-နေ
ကွဋ္ဌဂိုဏ်း	မ	၂၂၂	ဇေဋ္ဌ	၁၈	၃	၆	၂	၅	၁	၄	၀
ကွဋ္ဌဂိုဏ်း	နှ	၁၁၁	ဘရဏီ	၂	၁	၄	၀	၃	၆	၂	၅
ကွဋ္ဌဂိုဏ်း	ဘ	၂၀၁	မိဂသီ	၅	၄	၀	၃	၆	၂	၅	၁
ကွဋ္ဌဂိုဏ်း	ယ	၁၂၂	သတဘိသျှ	၂၄	၃	၆	၂	၅	၁	၄	၀
အနိဋ္ဌဂိုဏ်း	ဇ	၁၂၀	ပုဏ္ဏဖုသျှ	၇	၆	၂	၅	၁	၄	၀	၃
အနိဋ္ဌဂိုဏ်း	သ	၁၁၂	သွာတီ	၁၅	၀	၃	၆	၂	၅	၁	၄
အနိဋ္ဌဂိုဏ်း	ရ	၂၁၂	ကြတ္တိကာ	၃	၂	၅	၁	၄	၀	၃	၆
အနိဋ္ဌဂိုဏ်း	တ	၂၂၀	သရဝဏ်	၂၂	၁	၄	၀	၃	၆	၂	၅

သော် ရှေ့ (၁) လုံးပယ်၊ နောက် (၁) လုံးပယ်။

ဥပမာ - ကြာသပတေးသမီး မြမန်းမေမျိုးမြတ် (၅) လုံးဖြစ်နေ၍ ရှေ့ (၁) လုံးပယ်၊ နောက် (၁) လုံးပယ်သော်-

မန်းမေမျိုး (၃) လုံး (၁) ဂိုဏ်း (၂၂၂) ရှည်ရှည်ရှည် ဇယားတွင်ကြည့်သော် (မ) ဂိုဏ်း ကြာသပတေးနံ့အောက်ကို ကြည့်သော် (၁) ကိုတွေ့ရမည်။ ကွဋ္ဌဂိုဏ်းရသော်လည်း (၁) သည် ဥပါဒ် ဤအမည်ကို မပေးသင့်ပါ။

ဤကား ကဗျာလင်္ကာဖွဲ့ဆိုရာ၊ မြို့အမည်၊ ရွာအမည်၊ လူအမည်တို့ကို ပေးရာ၌ ဂိုဏ်းရွေးနည်း၊ ဆန်ရွေးနည်းကို နားလည်နိုင်ရုံမျှ ဖော်ပြထားပါသည်။

စာဖတ်သူတို့သည် မိမိတို့၏ သား သမီးများကို အမည်ပေးရာ၌ ကသစ်အိမ်၌ အကျိုးအပြစ်၊ မဟာဘုတ်အိမ်၌ အကျိုးအပြစ်၊ ဂိုဏ်းနက္ခတ်တို့၌ အကျိုးအပြစ်တို့ကို အကြိမ်ကြိမ်အဖန်ဖန်အပြန်အလှန်လှန် စစ်ဆေး၍ အပြစ်အမျိုးမျိုးမှ ကင်းဝေးအောင် အမည်ပေးကြရမည်ဖြစ်ပါသည်။ ထိုသို့ အမည်နာမကို အတည်တကျပေးပြီးမှ ကင်ပွန်းတပ် မင်္ဂလာ (၈) ပါးမှ 'နာမကရဏ' မင်္ဂလာပြုလုပ်ကြပါရန် အကြံပြုအပ်ပါသည်။

ဦးကြည်ဝင်း(ရွှေစင်)ချောင်ပိုင်

www.burmeseclassic.com

www.burmeseclassic.com

မကြာမတင်မီပင် အဆိုပါ အမလေး ဟူသော အော်သံနှင့်အတူ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ စနေထောင့်အတွင်းထဲမှ ဘုရားရင်ပြင်ကျယ်ဘက်သို့ ဒရောသောပါးပြေးထွက်လာကြလေ၏။ သူတို့၏ရုပ်သွင်ကိုကြည့်ရသည်မှာ အလွန်ပင် မျက်စိမျက်နှာပျက်ပြီး ထိတ်လန့်တကြားဖြစ်ကာ နှုတ်မှ လည်း -

"ကယ်ကြပါဦး၊ ကယ်ကြပါဦး"

ဟူ၍ တစာစာအော်ဟစ်၍ ပြေးကြသည်မှာ တောင်ဘက်မုခ်အဆင်းလှေကားထစ်များသို့တိုင် ရောက်ရှိကြလေ၏။ ထို့အခါတွင်မှ အနီးရှိလူအချို့က ဝိုင်းအုံလာပြီး -

"ဘာဖြစ်လို့ကြလို့လဲဟင်၊ ဘာဖြစ်လာကြလို့လဲ"

ဟု မေးမြန်းကြ၏၊ စူးစမ်းကြ၏။ သို့သော်လည်း အဆိုပါ ပြေးလာသူ နှစ်ဦးတို့သည် ချက်ချင်းပြန်မဖြေနိုင်ဘဲ မောကြီးပန်းကြီးဖြင့် အသက်ကိုပင် အနိုင်နိုင်လုရှူနေကြရ၏။ သူတို့တစ်ကိုယ်လုံးလည်း ချွေးသီးချွေးပေါက်ကြီးများကျကာ ချွေးတို့ဖြင့်ရွှဲနစ်နေကြလေ၏။ ထို့ကြောင့်လည်း သူတို့အနီးသို့ ဝိုင်းအုံရောက်ရှိလာသော ဘုရားဖူးများက ယပ်ခတ်ပေးခြင်း၊ နှာနှပ်ပေးခြင်း၊ ရေတိုက်ပေးကြခြင်းကိုပြုကာ -

"စိတ်အေးအေးထားကြစိတ်အေး အေးထားကြ။ ဘာမှမဖြစ်ဘူး၊ ဘာမှလဲ မရှိဘူး"

ဟု ပြောဆိုနှစ်သိမ့်ပြီး အားပေးစကားများပြောဆိုကြလေ၏။ ထိုသို့ အားပေး နှစ်သိမ့်စေသောအခါတွင်မှ အတန်ကြာသောအခါတွင် အားယူ၍ စကားပြောဆိုလာနိုင်ကြ၏။

"ဘာများဖြစ်လာကြလို့လဲ"

ဟု မေးသောအခါ ထိုနှစ်ဦးက -

"ဟို . . . ဟို . . . စ . . . စ . . . စနေထောင့်ထဲမှာ . . . မြွေ . . . မြွေ . . . မြွေကြီး . . . အကြီးကြီးပဲ။ တစ် . . . တစ် . . . တသက်နဲ့ . . . တစ်ကိုယ် . . . တစ်ခါမှ . . . မတွေ့ဘူး . . . ဘူး။ ပါးပျဉ်းကြီး . . . ကိုလည်း . . . ခွက် . . . ခွက် . . . ပြီး . . . မိုးထားတာ အကြီးကြီးပဲ။ အဲ . . . ဒီ . . . ပါးပျဉ်းကြီး . . . အောက် . . . အောက် . . . မှာ . . . ကောင် . . . လေး . . . တစ်ယောက် . . . ကို တွေ့ခဲ့တယ်။ ဘာ . . . ဖြစ်နေ . . . တာလဲတော့မသိပါဘူး . . .

ဟု ပြောလိုက်ရာ အနီးရှိလူများက -

"ဘာ - မြွေကြီး၊ ဟုတ်လား။ မဖြစ်နိုင်ပါဘူး၊ ဒီကုန်းတော်ပေါ်မှာ ဒီလောက်ကြီးမားတဲ့ မြွေကြီးရှိရမှာလဲ။ အမြင်မှားတာနဲ့ထုပါတယ်"

ဟုပြောဆိုကြ၏။

ကျော်ငြိမ်းရှင်ဝင်းကွင်းသူ့ကောင်ကြီး၏တပည့်

မဟာဗဟုသုတသမားတော်ကြီးဦးထွန်းမြင့်

ဟိရဏ်ရှင်ဆရာကြီးဦးထွန်းမြင့်

ပထမဆရာကြီးအေးဌေး (၁၀)

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ အဆိုပါ လူနှစ်ဦးက မျက်စိမျက်နှာမကောင်းစွာဖြင့် -

"ဟာ. . . တကယ်တွေ့ခဲ့တာပါ။ ဟုတ်ပါတယ်. . . မြွေမှ မြွေပါ. . . တကယ့်အကြီးကြီးပဲ. . . "

ဟု ပြန်ဖြေကြ၏။

နောက်ဆုံးတွင် ဘုရားများက စနေထောင့်နေရာသို့ တကယ်ဟုတ်၊ မဟုတ်သွားကြည့်ကြရန် ဆုံးဖြတ်ကြ၏။ သို့သော် လက်တွေ့တွေ့လာသည်ဟု ဆိုသူနှစ်ဦးကမူ သူတို့ အဲဒီနေရာကိုပြန်ပြီး မလိုက်ဝံ့ကြောင်း ငြင်းဆန်ကြ၏။ ထို့ကြောင့် ကျန်သောဘုရားဖူးများလည်း ခေါ်၍မရသည့်အဆုံးတွင် သူတို့ကိုထားခဲ့ပြီးသွားကြည့်ကြလေ၏။

ထိုသူတို့လည်း စနေထောင့်ဘက်သို့ အရမ်းကာရောစွတ်မသွားကြဘဲ တဖြည်းဖြည်း သတိဖြင့်ချဉ်းကပ်လာပြီး သွားကြ၏။ စနေထောင့်သို့အရောက်တွင် ဂြိုဟ်တိုင်နောက်သို့ ရုတ်တရက် ကွေ့မဝင်ရဲကြသဖြင့် ရပ်နေလိုက်ကြ၏။ ထိုအခါ သတ္တိကောင်းသူ အမျိုးသားသုံး၊ လေးဦးက အရဲစွန့်ပြီး သတိဖြင့် ဝင်ကြည့်ကြ၏။ သို့သော်လည်း အဆိုပါ စနေထောင့်ရှိ ချောင်လေးထဲတွင် ကလေးငယ်တစ်ဦးတည်းသာ တည်တည်ငြိမ်ငြိမ်ဖြင့် ပုတီးစိပ်နေသည်ကို တွေ့ခဲ့ရသဖြင့် ပြန်ထွက်လာကြပြီး ဘာမြွေကြီးမှမရှိကြောင်း၊ ထိုသူနှစ်ဦးအမြင်မှား၊ အထင်မှားကြသည်ထင်ကြောင်းပြောကြသဖြင့် ကျန်သူများလည်း ဝင်ကြည့်ကြရာ အမှန်တကယ်ပင် ကလေးငယ်တစ်ဦး ပုတီးစိပ်နေသည်ကို တွေ့ရှိကြသဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်ပြောဆိုကြပြီးပြန်သွားကြ၏။

(ထိုနေ့က အဖြစ်အပျက်ကား မောင်ထွန်းမြိုင်အဖို့ ထူးထူးခြားခြားပင် ဖြစ်၏။ ထိုကိစ္စနှင့်ပတ်သက်၍ ဆရာကြီး ဦးထွန်းမြိုင်၏ဘဝတစ်လျှောက်လုံးတွင် ဤကဲ့သို့ နဂါးနွယ်ဝင်မြွေများနှင့် မကြာခဏ ဆက်စပ် ပတ်သက်မှုရှိကြောင်း တွေ့ရ၏။ မြွေများဆိုရာတွင် အရွယ်အစား ငယ်ငယ်သေးသေးလေးများမှသည် အရွယ်အစားအလွန်တရာကြီးမားသော မြွေကြီးများအထိရှိ၏။ ဆရာကြီး ဓာတ်ခန်းအဖြစ် ဖွင့်လှစ်အသုံးပြုခဲ့သော မြောက်ဥက္ကလာပမြို့နယ်ရှိ မေယုလမ်းနေအိမ်တွင် ဆရာကြီးရှိစဉ်က တစ်အိမ်လုံးနေရာအနှံ့မှလည်းကောင်း၊ ကြမ်းကြိုကြမ်းကြားများမှလည်းကောင်း မြွေများမကြာခဏထွက်လာတတ်ကြ၏။ ဆရာကြီးနေထိုင်ရာ နေရာဝန်းကျင်၌ လည်းကောင်း၊ အောက်ဘက်၌လည်းကောင်း နဂါးသိုက်ရှိနိုင်သည်ဟုပင်ဆိုရမလိုဖြစ်၏။ ထိုကဲ့သို့ မြွေကြီးကိစ္စမျိုးကို ဆရာကြီးဦးထွန်းမြိုင် ငါးထပ်ကြီး ဗဟန်း၌နေစဉ်ကလည်း ကြုံတွေ့ခဲ့ရဖူး၏။ ဤကိစ္စပါ အကြောင်းအရာမျိုးကိုလည်း နောက်ပိုင်းအခန်းများတွင် ထပ်မံတွေ့မြင်ကြရမည် ဖြစ်ပါသည်။ ထိုမျှမက

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးသည် မန္တလေးဝိဇ္ဇာဝိရ မြစိမ်းရှင်ရသေ့ကြီး ဦးအောင်ပြည့်နှင့်အတူ တိုဗက်တွင်နေထိုင်စဉ်က၊ နဂါးအမောက်ကို လိုက်လံရှာဖွေစဉ်ကလည်း နဂါးများနှင့်တွေ့ရှိခဲ့၏။ ထိုကိစ္စကိုလည်း နောက်ပိုင်းအခန်းတွင် တွေ့မြင်ဖတ်ရှုကြရမည်ဖြစ်၏။ ဤကား စကားချပ်ဖြစ်၏။)

ထိုကဲ့သို့ မောင်ထွန်းမြိုင်အား နဂါးအနွယ်ဝင် မွေးအပေါင်းတို့က အနီးကပ်စောင့်ရှောက်မှုကို ယခုတစ်ကြိမ်တွင် မောင်ထွန်းမြိုင်အဖို့ ပထမဆုံးကြုံတွေ့ရခြင်း ဖြစ်၏။ မောင်ထွန်းမြိုင်အဖို့လည်း မွေးနှင့်ပတ်သက်လျှင် လူထူးပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ မွေးကြီးတစ်ကောင်က မောင်ထွန်းမြိုင်၌ အနီးကပ်ဆုံးနေရာအထိ ရောက်ရှိလာခဲ့ပြီး အခြိန်အတန်ကြာပင် မောင်ထွန်းမြိုင်နှင့်နှင့်အတူ နေထိုင်စောင့်ရှောက်ပေးခြင်းကို လည်းကောင်း၊ ထိုကဲ့သို့ အခြေအနေကို မောင်ထွန်းမြိုင်သည် ခံစားသိရှိရသော်လည်း တစ်စုံတစ်ရာ စိုးရိမ်ထိတ်လန့်ကြောက်ရွံ့မှုမျိုး မရှိခဲ့ပေ။

ထို့နေတွင် မောင်ထွန်းမြိုင်သည် အတော်ပင် ညှဉ်နှက်သည်အထိ အဓိဋ္ဌာန်ဝင်ပုတီးစိပ်ခဲ့ပြီးမှ လူသူနည်းပါးသော တန်ဆောင်းတစ်ခုသို့ သွားရောက်ပြီး အိပ်စက်ခဲ့လေ၏။ ထိုကဲ့သို့ပင် မောင်ထွန်းမြိုင်သည် သူ၏ဘဝခရီးကိုသိဂ်ိုတ္တရအောင်မြေ၌ အခြေစိုက်နေထိုင်ပြီး ဘဝခရီးကို စတင်ခဲ့၏။

ထို့ကြောင့် သိဂ်ိုတ္တရကုန်းတော်ကြီးသည် မောင်ထွန်းမြိုင်အဖို့ လွန်စွာအဆင်ပြေသော ကမ္ဘာတစ်ခုဖြစ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် သိဂ်ိုတ္တရကုန်းတော်သည် မောင်ထွန်းမြိုင်အဖို့ အဓိဋ္ဌာန်ဝင်ရာ၊ ကျင့်ကြံအားထုတ်ပွားများရာ အောင်မြေတစ်ခုဖြစ်သကဲ့သို့ပင် စားသောက်ရေးအတွက်လည်း အဆင်ပြေ၏။ ကြဲကြိုက်သလို စားနိုင်လျှင်ပင် ဝမ်းရေအတွက် ပူပင်စရာမလိုပေ။ နေထိုင်ရေးအိပ်စက်ရေးအတွက်လည်း များပြားလှစွာသော တန်ဆောင်းတို့သည်လည်း မိုးလုံလေလုံဖြင့် အဆင်ပြေလှပါတော့သည်။ ထို့ကြောင့်လည်း တကယ်တမ်း ကျင့်ကြံအားထုတ်လို သူတစ်ဦးအဖို့ကား သိဂ်ိုတ္တရကုန်းတော်သည် အစစအရာရာ အဆင်ပြေခဲ့ခြင်းဖြစ်၏။ မိမိအဖို့ကား စိတ်တိုင်းကျ ကျင့်ကြံအားထုတ်ခြင်းဖြင့်သာ ရှိသမျှသောအခြိန်အား အသုံးချနိုင်သောကြောင့် ဖြစ်၏။

သိဂ်ိုတ္တရကုန်းတော်နှင့် ရွှေတိဂုံစေတီတော်ကြီးတို့ကား ထိုခေတ်ထိုအခြိန်ကား ယနေ့ခေတ်နှင့်မတူတော့ချေ။ လွန်စွာကွာခြားသွားပြီ ဖြစ်၏။ ကုန်းတော်ပေါ် သို့ (၂၄) နာရီပတ်လုံးအခြိန်မရွေး ဝင်ထွက်သွားလာနိုင်၏။ အခြိန်အခါမရွေး ပူဇော်နိုင်၏။ အဓိဋ္ဌာန်ဝင်နိုင်၏။ အချို့သော ပုဂ္ဂိုလ်များကား စေတီတော်ကြီးတွင် နေ့အခြိန်၌ လူစည်ကားသဖြင့် တန်ဆောင်းတစ်ခုခုတွင် အနားယူအိပ်စက်ခြင်းအမှုကိုပြုပြီး ညအခြိန်တွင် ညလုံးပေါက် စေတီတော်ကြီး၌ အားထုတ်ကြ၏။ ညဦးပိုင်း၊ ညလယ်ပိုင်းတွင် အနားယူကြပြီး နံနက်လင်းအားကြီးအခြိန်တွင်ထ၍ အားထုတ်တတ်ကြ၏။ အချို့သောပုဂ္ဂိုလ်တို့ကလည်း ညဉ့်နက်ပိုင်းအခြိန်တွင် တစ်နာရီ၊ နှစ်နာရီခန့်သာ အနားယူကြပြီး ကျန်အစားစာသောက်ခြိန်၊ ဆီးဝမ်းစွန့်ခြိန်မှ တစ်ပါး တစ်ခြိန်လုံးအားထုတ်ခြင်းအမှုကိုပြုနေကြ၏။

ထို့ကြောင့်လည်း နေစကြာ၊ လစကြာ သီဖွဲ့နှစ်ပါးစည်းအောင်မြေစေတီတော်ကို တည်ထားခဲ့သော ပုဂ္ဂိုလ်မျိုးကဲ့သို့ ဤသိဂ်ိုတ္တရကုန်းတော်ပေါ်တွင်ပင် ကျင့်ကြံအားထုတ်ခဲ့၏။ ဤကုန်းတော်ပေါ်တွင်ပင် ပညာဆိုင်ရာဝိဇ္ဇာဓရအတတ်တို့ကို ရရှိခဲ့၏။ ထိုရရှိလာသော အတတ်ပညာတို့ကိုပင် ဤသိဂ်ိုတ္တရကုန်းတော်ပေါ်၌ပင် ကျင့်ကြံအားထုတ်ခဲ့ပြီး နောက်ဆုံး ဤကုန်းတော်၌ပင် ထွက်ရပ်စခန်းသို့ ကြွမြန်းနိုင်သဖြင့် ဤကုန်းတော်ကို ကျေးဇူးတင်ရှိသော သဘောသင်္ကေတအားဖြင့် စေတီတော်တစ်ဆူကိုတည်ခဲ့ခြင်း ဟူသည့် သာဓကများစွာရှိခဲ့ပါသည်။ ဆံရှည်ဆရာတော် ဦးကောဏ္ဍညသည် လည်းကောင်း၊ ယဏ္ဍန်းစင်တောင် ဦးစန္ဒောဘာသတို့သည် လည်းကောင်း ဤသိဂ်ိုတ္တရကုန်းတော်ကြီးပေါ်တွင် နှစ်ရှည်လများ သီတင်းသုံးနေထိုင်ခဲ့ကြ၏။ ကျင့်ကြံအားထုတ်ခဲ့ကြ၏။ ထိုကဲ့သို့ ပုဂ္ဂိုလ်ပေါင်းများစွာတို့သည် သိဂ်ိုတ္တရကုန်းတော်ကြီးကို အမှီပြု၍ အောင်မြင် ပေါက်ရောက်ခဲ့ကြ၏။

နောက်ပိုင်းခေတ်သို့ရောက်ရှိကြသောအခါ ရွှေတိဂုံစေတီတော်အပါအဝင် သိဂ်ိုတ္တရကုန်းတော်တစ်ခုလုံးအား လုံခြုံရေး၊ ကာကွယ်စောင့်ရှောက်ရေးစသည်တို့အရ ဟူသော အကြောင်းတို့ကြောင့် ပိတ်ခြိန်၊ ဖွင့်ခြိန်တို့ကို သတ်မှတ်လိုက်ကြ၏။ (၂၄) နာရီပတ်လုံးဝင်ထွက်သွားလာဖူးမြော်ခွင့်မရှိတော့။ ည (၉) နာရီအခြိန်တွင် သိဂ်ိုတ္တရကုန်းတော်ကြီးတစ်ခုလုံးပိတ်လိုက်၏။ ခွင့်ပြုချက်ဖြင့်နေထိုင်သူအချို့မှလွဲ၍ မည်သူမျှနေထိုင်ခွင့်မရှိတော့ပေ။ ထိုသို့ပိတ်ပြီးနံနက်(၄)နာရီထိုးသောအခါတွင်မှ ပြန်ဖွင့်ပေး၏။ ထိုကဲ့သို့သော အခြေအနေလုပ်ငန်းစဉ်များကို အခြားသောဘုရားစေတီပုထိုးများတွင် ကျင့်သုံးလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်တော့၏။

ဤသို့သတ်မှတ်ချက်ဖြင့် ကျင့်သုံးခြင်းသည် လုံခြုံရေးအတွက် လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းခြင်းအတွက် လည်းကောင်း ကောင်းမွန်သည်ဟု ဆိုရမည်ဖြစ်သော်လည်း တကယ်တမ်း အားထုတ်ကျင့်ကြံလိုသည့်ပုဂ္ဂိုလ်များအတွက်မူ အခက်အခဲအနှောင့်အယှက်များ၊ အဟန့်အတားများကို ကြီးစွာပင်ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့်လည်း ဤကိစ္စနှင့်ပတ်သက်ပြီး အားလုံးအဆင်ပြေစေနိုင်သောနည်းလမ်းတို့ကို စဉ်းစားသင့်သည်ဟု ထင်မြင်ပါသည်။ ဘာသာရေး၊ သာသနာရေးကိစ္စတို့တွင်လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်ရှိသကဲ့သို့ လွတ်လပ်စွာလည်း ကျင့်ကြံအားထုတ်ခွင့်ရှိပါလျှင် ပိုကောင်းမည်ဟု ယူဆမိပါသည်။

❑ ဆံရှည်ဆရာတော်ကြီးကပင် ဆွမ်းခံကျွေးခြင်း

မောင်ထွန်းမြိုင်သည် ဖျာပုံမှ ရန်ကုန်မြို့ သိဂ်ိုတ္တရကုန်းတော်သို့တက်သာလာခဲ့သည်။ ငွေကြေးပြည့်စုံစွာပါလာသည်မဟုတ်ပေ။ ရှေ့ပိုင်းတွင်ဖော်ပြသကဲ့သို့ ငွေစေလေးအနည်းငယ်သာပါရှိလာခဲ့ခြင်း ဖြစ်၏။ ထိုငွေဖြင့်သာဝယ်ခြမ်းစားသောက်ရမည်ဆိုပါက ရက်အနည်းငယ်လောက်သာရနိုင်ပါမည်။

ထို့ကြောင့် မောင်ထွန်းမြိုင်သည် ခြိုးခြံချွေတာရေးလမ်းစဉ်ကိုကျင့်သုံးပြီး ဝိဇ္ဇာဓရပညာလမ်းစဉ်ကို မဖြစ်မနေ အရယူရန် သန္နိဋ္ဌာန်ချလိုက်၏။ သန္နိဋ္ဌာန်နှင့်အတူ မောင်ထွန်းမြိုင်သည် တစ်နေ့လျှင် ထမင်းတစ်နပ်သာစားတော့ရန် ဆုံးဖြတ်လိုက်၏။ ထိုထမင်းတစ်နပ်သည် ဝယ်စားခြင်းမဟုတ်။ စေတီတော်ကြီးအားတင်ထားကပ်လှူသည့်ဆွမ်းတော်များကို သက်ဆိုင်သည့်အလှူရှင်ကို ခွင့်တောင်း၍ စွန့်ပြီး ထိုဘုရားဆွမ်းတော်ကျကိုစားခြင်း ဖြစ်၏။

အဆိုပါ ဘုရားဆွမ်းတော်ကျများသည် များသောအားဖြင့် ဆွမ်းတော်နှင့် မုန့်ပဲသရေစာအချို့မုန့်များသာများ၏။

www.burmeseclassic.com

www.burmeseclassic.com

ရဲဖန်ရဲခါသာ ပုံမှန်လူတို့စားသောဟင်းမျိုးပါ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် များသောအားဖြင့် ဆွမ်းကိုသာ ယူပြီးစား၏။ ထိုဆွမ်းတော်စွန့်ကို စားရန်အတွက် ဗဟန်းစေ့းသို့သွားပြီး ဆားနှင့်ငရုတ်သီးစိမ်းအနည်းငယ်ကိုဝယ်ပြီး ဆောင်ထား၏။ ထို့ကြောင့် မောင်ထွန်းမြိုင်ထမင်းစားသည်ဆိုသည်မှာ ဆွမ်းတော်စွန့်ထမင်းဖြူနှင့် ဆား၊ ငရုတ်သီးစိမ်းတို့ကို မြိန်ရှက်စွာ စားသောက်ပြီး နောက် ရေကိုသောက်လိုက်ခြင်းသာဖြစ်၏။

-ဤသို့ဖြင့် မောင်ထွန်းမြိုင်သည် ဘဝကိုမရရအောင်ခက်ခဲစွာရပ်တည်ခဲ့ခြင်း ဖြစ်၏။ ထို့သို့ရပ်တည်ပြီး ပုတီးစိပ်ခြင်း၊ ဂုဏ်စော်၊ ပရိတ်တော်များရွတ်ဖတ်ပူဇော်ခြင်းများကို အချိန်ရှိသရွေ့ အားထုတ်ကျင့်ကြံခဲ့၏။ ညဘက်အိပ်ချိန်ရောက်လျှင် အဆင်ပြေသည့်တန်ဆောင်းတစ်ခုကို ရွေးချယ်၍ ထိုတန်ဆောင်းတွင်ပင် ပုံမှန်အိပ်စက်လေ့၏။

အချိန်ကာလ အနည်းငယ်ကြာညောင်းလာသည့်နှင့်အမျှ မောင်ထွန်းမြိုင်ကဲ့သို့ပင် ထိုတန်ဆောင်း၌ ပုံမှန်လာရောက်အိပ်စက်ကြသော ပုဂ္ဂိုလ်များနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့၏။ ထိုပုဂ္ဂိုလ်များထဲတွင် ဆံရှည်ဆရာတော်ဦးကောဏ္ဍညနှင့် ယက္ကန်းစင်တောင် ဆရာတော်ကြီးတို့လည်း ပါဝင်ကြ၏။ အဆိုပါ ဆရာတော်ကြီးနှစ်ပါးကလည်း မောင်ထွန်းမြိုင်အားကြည့်ပြီး ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ဝိဇ္ဇာစရပညာရပ်များကို စိတ်ဝင်စားပြီး ကျင့်ကြံအားထုတ်နေသဖြင့် စိတ်ဝင်စားကြ၏။ ထို့ကြောင့်လည်း ပို၍ အကျွမ်းတဝင် ရင်းရင်းနှီးနှီးရှိခဲ့၏။ စောင့်ရှောက်မှုကိုလည်းပေးကြပါသည်။

တစ်နေ့တွင် -

မောင်ထွန်းမြိုင်သည် ပင်ပန်းလွန်းသဖြင့် အားထုတ်ကျင့်ကြံသည့်အလုပ်ကို ခပ်စောစောပြီးစီးအောင် ပြုလုပ်ပြီး စောစောစီးစီးပင် အိပ်ရာဝင်ခဲ့လေ၏။ ထိုအခြင်းအရာကို တန်ဆောင်းအတွင်းရှိနေသော ဆရာတော်တစ်ပါးက မောင်ထွန်းမြိုင်၏ ပြုမူလုပ်ကိုင်ပုံကို ကြည့်ပြီး -

အင်း - မောင်ထွန်းမြိုင်ဟာ ပါးစပ်ကပြောတော့ ဝိဇ္ဇာဖြစ်ချင်တယ်သာတွင်တွင်ပြောနေတယ်။ လူကတော့ အိပ်ပဲနေတာပဲ။ ဒီကောင်လေး ဒီလိုသာအိပ်နေလိုက်တော့ ဝိဇ္ဇာဖြစ်ဖို့ နေနေသာသာ ဝိဇ္ဇာစော်တောင်နံ့မှာ မဟုတ်ဘူး။ ငပျင်းလေးပဲ"

ဟု ဝေဖန်သုံးသပ်လေ၏။

ထိုအချိန်တွင် မောင်ထွန်းမြိုင်သည် တုံးလုံးလုံး၍မျက်စိမှိတ်ထားသော်လည်း လူကအိပ်၍မပျော်သေးသဖြင့် ထိုဆရာတော်၏ သုံးသပ်ပြောဆိုမှုကို အစမှအဆုံးတိုင်အောင်ပင် ကောင်းစွာကြားလိုက်ရ၏။ သို့သော်လည်း မောင်ထွန်းမြိုင်သည် ဆက်လက်ပြီး မျက်လုံးမှိတ်မြဲမှိတ်ထားကာ အိပ်ချပ်ယောင်ဆောင်နေလိုက်၏။ ထို့နောက် မောင်ထွန်းမြိုင်သည် ဆရာတော်၏ သုံးသပ်ချက်ကို စဉ်းစားခန်းဝင်လေတော့၏။

"အင်း - ဆရာတော်ကတော့ ငါ့ကို သတိပေးပြီး ဆုံးမလိုက်တာနေမှာပဲ။ ဒီဆရာတော်က အတော်ဧရိယပေါက်အောင်လုပ်ထားတဲ့ပုဂ္ဂိုလ်ဆိုတော့ ငါ့အခြေအနေနဲ့ပတ်သက်ပြီး သိသင့်သလောက်သိထားပုံလည်းရတယ်။ နောက်ပြီး ငါ့ကို အအိပ်အနေနည်းစေချင်ပုံလည်းရတယ်။ အအိပ်များတာကို သိပ်ကြိုက်ပုံမရဘူး ဒီပုံစံအတိုင်းသာဆို ဝိဇ္ဇာစော်တောင်နံ့မှာမဟုတ်ဘူးလို့ ငါမခံချင်အောင်ပြောပြီး များများအားထုတ်ဖြစ်အောင် စိတ်ကိုဆွပေးတာပဲဖြစ်မယ်"

ဟု စဉ်းစားတွေးခေါ်ကာ နောက်ရက်များတွင် သူများနှင့်မတူအောင် များများအားထုတ်တော့မည်ဟု စိတ်ကို ဆုံးဖြတ်လိုက်လေ၏။ အမှန်တကယ်ပင် သူအိပ်စက်သော တန်ဆောင်းထဲတွင် အတူနေထိုင်ကြသောဆရာတော်အားလုံးလောက်နီးပါးသည် အမှန်တကယ်ပင် ညလုံးပေါက်နီးပါး အားထုတ်ခဲ့ကြသည်ချည်းဖြစ်၏။ သို့ပါသောကြောင့် မိမိသည်လည်း ဇဖင်တော့အဖြစ်မခံနိုင်ပြီ။ ငါလည်း ဆရာတော်တွေလိုကျင့်မှဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်ချပြီး အိပ်လိုက်တော့၏။

နောက်နေ့တွင် မောင်ထွန်းမြိုင်သည် အခြားသောဆရာတော်များထက် ပို၍ အားထုတ်ရန်ဆုံးဖြတ်သည့်အားလျော်စွာ မည်ကဲ့သို့ အားထုတ်လျှင် ကောင်းမည်နည်းဟု စဉ်းစားရတော့၏။ ထိုသို့ စဉ်းစားရသည့် အကြောင်းအရင်းမှာ မောင်ထွန်းမြိုင်ရသော ဂါထာမန္တန်တို့သည် အနည်းငယ်သာရှိ၏။ ထိုဂါထာမန္တန်နည်းနည်းလေးဖြင့် ညလုံးပေါက်အလုပ်စခန်းဝင်ရန် မည်သို့မျှမဖြစ်နိုင်ပေ။ ထို့ကြောင့် သူရထားသော ဂါထာမန္တန်နည်းနည်းကိုပင် ထပ်ပြန်တလဲလဲကြော့်၍ ရွတ်ဆိုကျင့်ကြံလေတော့၏။ အချိန်တန်၍ အခြားဆရာတော်များ အိပ်ရာဝင်သွားကြသော်လည်း မောင်ထွန်းမြိုင်ကား ဆက်လက် ရွတ်ဖတ်ခြင်းရွတ်ဖတ်နေလိုက်၏။ ဤသို့ဖြင့် ရက်အနည်းငယ်ရှိလာသောအခါ တန်းဆောင်တစ်ခုစာည်းနေသော ဆရာတော်တစ်ပါးက -

"မောင်ထွန်းမြိုင်ရယ်၊ မင်းက အတော့်ကို အားထုတ်နိုင်တာပါပဲကွာ။ ကောင်းပါတယ်ကွယ်၊ ဒါပေမယ့် မင်းက တစ်ညလုံးအသံကျယ်ကျယ်နဲ့ ဂါထာမန္တန်တွေရွတ်တော့ ငါတို့အိပ်မရဖြစ်နေတော့တယ်တွယ်"

ဟု မိန့်ကြားလိုက်သောအခါ မောင်ထွန်းမြိုင်လည်း လွန်စွာပင် အားတုံ့အားနာဖြစ်သွားပြီး -

ဟာ - တပည့်တော်ကြောင့် အရှင်ဘုရားတို့ အိပ်ရေးပျက်ကြရတဲ့အတွက် တပည့်တော် တောင်းပန်ပါတယ် ဘုရား။ ဒါကြောင့် နောက်ဆို အရှင်ဘုရားတို့ အိပ်ရာဝင်တဲ့အချိန်ဆို တပည့်တော်ပါ အိပ်ရာဝင်ပါတော့မယ် ဘုရား။ ကျန်တဲ့တပည့်တော်ရဲ့အလုပ်ချိန်ကို နေ့ဘက်မှာပဲ အချိန်တိုးပြီးအားထုတ်ပါမယ်ဘုရား"

ဟု လျှောက်ထားသဖြင့် ဆရာတော်တို့လည်း မောင်ထွန်းမြိုင်အား သဘောကျသွားကြ၏။

ဤသို့ဖြင့် မောင်ထွန်းမြိုင်သည် ပုံမှန်၊ အချိန်မှန်အားထုတ်ခြင်း၊ စားသောက်ခြင်းများကို ပြုပြီးအားထုတ်နေထိုင်လာခဲ့ရာ ရက်ပင်အတော်ရလာပြီဖြစ်၏။ တစ်နေ့တွင် မောင်ထွန်းမြိုင်ထမင်းစားနေရာအနီးသို့ ဆံရှည်ဆရာတော် ဦးကောဏ္ဍညကြွရောက်လာပြီး မောင်ထွန်းမြိုင် ထမင်းစားနေပုံကို အသေအချာ အကဲခတ်ကြည့်ရှုလေ၏။ ထို့နောက် ဆရာတော်သည် သူ့နေရာသို့ သွားရောက်ပြီး ထိုင်နေလေ၏။ မောင်ထွန်းမြိုင် ထမင်းစားပြီးသွား၍ လက်ဆေးကြောပြီးသောအခါ ဆံရှည်ဆရာတော်က -

"မောင်ထွန်းမြိုင်ရေ၊ မင်းထမင်းစားပြီးပြီလား"

"တင်ပါ့။ စားပြီးပါပြီဘုရား"

"အေး - စားပြီးရင် ငါ့ဆီခဏလောက်လာပါဦးကွယ်။ မင်းကိုပြောစရာရှိလို့"

"တင်ပါ့ဘုရား"

ဟု မောင်ထွန်းမြိုင်က ဖြေလိုက်ပြီးနောက် ဆရာတော်အနီးသို့သွားခဲ့၏။

ထိုအခါ ဆရာတော်က -

"မောင်ထွန်းမြိုင်၊ မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com

အတော့်ကိုခံနိုင်ရည်ရှိတဲ့သူပဲကွယ့်"

ဟု မိန်ကြားလိုက်သောအခါ မောင်ထွန်းမြိုင်လည်း နားမလည်စွာဖြင့် -

"ဘာဖြစ်လို့လဲ ဘုရား။ အရှင်ဘုရား ဘာကိုရည်ရွယ်ပြီးမိန့်တာပါလဲ ဘုရား"

"ဒီလိုပါ မောင်ထွန်းမြိုင်၊ ခုန မင်းထမင်းစားနေတာကို ငါတွေ့တယ်။ မင်းထမင်းစားတာကိုကြည့်ရတာ အားရပါးရပါပဲ။ မြိန်ရေရှက်ရည်လည်ရှိပုံရတယ်။ ဒါပေမယ့် မင်းစားတဲ့ ထမင်းနဲ့ဟင်းကိုကြည့်လိုက်တော့ - ထမင်းပဲပါတယ်။ ဟင်းက ဘာမှမည်မည်ရရမပါဘူး။ ငရုတ်သီးစိမ်းနဲ့ ဆားပဲပါထယ်။ အဲဒါကို မင်းက မြိန်ရေရှက်ရေစားနေတာတွေ့ရတော့ ငါအံ့သြမိပါတယ်။ ချီးလည်းချီးကျူးပါတယ်ကွယ်။ မင်းဒီကို စရောက်ကတည်းက ဒီလိုပဲစားနေတာပဲလားကွယ့်"

"တင့်ပါဘုရား၊ ရက်အတော်များများတော့ ဒီလိုပဲစားဖြစ်ခဲ့တာပါပဲဘုရား"

"ဟာ - ဒီလိုတော့ဘယ်ဖြစ်မလဲကွယ့်။ မနက်ဖြန်ကျရင် ဒီလိုလုပ်။ထမင်းစားချိန်မယ် ဆွမ်းတော်သွားစောင့်မနေနဲ့ ငါကျွေးမယ်။ ငါဆွမ်းခံလို့ရတာက ငါတစ်ပါးတည်းစာအတွက်မကဘူး တော်တော်ပိုပါတယ်။ အဲဒါ မင်းကို ငါ့ဆွမ်းထဲက တစ်ဝက်ခွဲပြီးစွန့်ပေးမယ်။ အဲဒါကို မင်းစားပေါ့။ အဲဒီလိုမှ ဆွမ်းနဲ့ဆွမ်းဟင်းနဲ့စားလို့အဆင်ပြေမှာပေါ့ကွယ့်၊ မဟုတ်ဘူးလား"

ဟု မိန့်တော်မူသောအခါ မောင်ထွန်းမြိုင်က -

"အဲဒီလိုတော့ မလုပ်ပါနဲ့ ဘုရား။ အရှင်ဘုရားခံလာတဲ့ဆွမ်းကို တပည့်တော်က အသာလင့်အသင့်ထိုင်ပြီး မစားဝံ့ပါဘူးဘုရား။ အခုအတိုင်းလည်း တပည့်တော်ကောင်းကောင်းစားနိုင်ပါတယ်။ အဲဒီအတွက်ကြောင့်ကြတော်မမူပါနဲ့ဘုရား။ တပည့်တော်အဆင်ပြေပါတယ်"

"အဆင်ပြေတယ်ဆိုတိုင်းလည်း မဖြစ်သေးဘူးလေ မောင်ထွန်းမြိုင်ရဲ့။ ဒီပုံစံအတိုင်း ရေရှည်သွားလို့ဘယ်နှယ်လုပ်ဖြစ်မှာလဲ။ မင်းရောက်လာစကနဲ့တောင်မတူဘူး၊ အခုတော်တော်ပိန်သွားပြီ။ ကြာရင်ခက်လိမ့်မယ်ကွယ့်"

"တပည့်တော် ခုနောက်ပိုင်းနည်းနည်းပိန်သွားက ကျင့်စဉ်တွေကို ပိုပြီးခပ်ပြင်းပြင်းလေးလုပ်လို့ပါ ဘုရား။ နောက်ပြီးတော့ ညဘက်မှာလည်း တပည့်တော်ဟာ အအိပ်အနေနည်းလာတာလဲပါပါတယ်ဘုရား။ အဲဒါကြောင့် ပိန်တာဖြစ်မှာပါ ဘုရား"

"ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့ မောင်ထွန်းမြိုင်ရယ်။ လူသားတစ်ဦးအဖို့ ကျန်းမာရေး၊ အသက်ရှည်ရေးဆိုတာတွေဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန် (၄) ပါးအပေါ် မှီတည်နေရတာပဲ မဟုတ်လား။ အဲဒီအထဲမှာ အရေးကြီးဆုံးက အာဟာရပဲလေ။ သူက နီးစွာသောအကြောင်းမဟုတ်လား။ ရုပ်ကို အာဟာရစောင့်တယ်။ ဒါကြောင့် အာဟာရကို ခပ်ပေါ့ပေါ့သဘောမထားနဲ့။ ငါမြောသလိုသာလုပ်ပါ မောင်ထွန်းမြိုင်ရယ် မငြင်းပါနဲ့တော့"

ဟု ပြောဆို မိန့်ကြားရာ မောင်ထွန်းမြိုင်က -

"ဒီလိုဆိုရင်တော့ တပည့်တော် တစ်ခုလျှောက်ထားချင်ပါတယ်။ အရှင်ဘုရားခံလာတဲ့ဆွမ်းကို တပည့်တော်စားပုံဖို့အတွက် အရှင်ဘုရားအနေနဲ့ တပည့်တော်ကပြန်ပြီးဖြည့်တဲ့ဝတ်ကို ခံယူမယ်ဆိုမှ တပည့်တော် လက်ခံနိုင်ပါမယ် ဘုရား"

ဟု ပြန်လည် လျှောက်ထားရာ ဆံရှည်ဆရာတော်ကပြုံးလိုက်ပြီး -

"တယ်လည်း ခေါင်းမာတဲ့ မောင်ထွန်းမြိုင်ပဲ။ ငါ့အတွက်ကဘာဝေယျာဝစ္စမှလဲမလိုဘူး။ ဝတ်ဖြည့်ဖို့လည်းမလိုဘူး။ အနှိပ်အနင်းခံဖို့လည်း မလိုပါဘူးကွယ်။ ဒါပေမယ့် မင်းက အဲဒါကိုလက်ခံမှ ငါခံလာတဲ့ဆွမ်းကိုစားမယ်ဆိုတော့ မင်းပြောတဲ့အတိုင်း ငါသဘောတူပါတယ်ကွယ်"

ဟုမိန့်ကြားသဖြင့် မောင်ထွန်းမြိုင်၏ နေ့စဉ်ဝမ်းရေးကိစ္စသည် ပြေလည်သွားခဲ့လေ၏။ ဆံရှည်ဆရာတော် ဦးကောဏ္ဍညကလည်း ဆွမ်းခံပြန်ရောက်၍ ဘုရားဆွမ်းတော်ကပ်ပြီးသည်နှင့် မောင်ထွန်းမြိုင်အတွက် သီးသန့်ခွဲပေးလေ၏။ မောင်ထွန်းမြိုင်ကလည်း နေ့လယ်ထမင်းစားချိန်တွင် အဆင်သင့်ပင် ယူ၍စားနိုင်လေ၏။ ထို့အတွက် ဆရာတော်ကို ကျေးဇူးတင်၏။ ထို့ကြောင့် ဆရာတော်ဆွမ်းစားပြီးသည်နှင့် ဆရာတော်၏ ဆွမ်းတော်ဘူးများနှင့် ခွက်ကို ယူပြီးဆေးကြောပေး၏။ ထို့အပြင် ဆရာတော်၏သင်္ကန်းများကိုလည်း အတင်းယူပြီးလျှော်ဖွပ်ပေး၏။ ညပိုင်းတွင်လည်း ဆရာတော်အားဝတ်ဖြည့်သည့်အနေဖြင့် အတင်းပင် နင်းနှိပ်ပေးခဲ့၏။ သို့သော် ဆရာတော်က မောင်ထွန်းမြိုင် ကျေနပ်စေရန် ဓဏသာလုပ်ပေးစေပြီးနောက် ကိုယ့်အလုပ် ကိုယ်သွားလုပ်ရန်သာ စေလွှတ်လေ့ရှိ၏။

မောင်ထွန်းမြိုင်သည် ဆရာတော် ဦးကောဏ္ဍညနှင့် အတူနေထိုင်ဖန်များလာသည့်အခါ ဆရာတော်၏ ထူးခြားသော အပြုအမူဆောင်ရွက်ချက်တို့ကို တွေ့မြင်သိရှိလာခဲ့ရ၏။ ဆံရှည်ဆရာတော်သည် သူ၏ကျင့်စဉ်များအပေါ် တွင် အထူးပင် ဝါယမစိုက်ပြီး အားထုတ်သကဲ့သို့ ပညတ်တရားများပေါ် တွင်လည်း ဂရုတစိုက်ရှိကြောင်း တွေ့မြင်သိရှိရလေသည်။

◻ ပညတ်သွားရာ၌တံသက်ပါခြင်း

ဆံရှည်ဆရာတော်ဦးကောဏ္ဍညသည် ဆွမ်းခံသွားသည်ကို မောင်ထွန်းမြိုင် အသေအချာ ဂရုတစိုက် လေ့လာကြည့်မိ၏။ ပထမတွင် မောင်ထွန်းမြိုင်အနေဖြင့် ပုံမှန်ဘုန်းတော်ကြီးတစ်ပါး ဆွမ်းခံထွက်သလိုပင် ဆွမ်းခံလိမ့်မည်ဟု ယူဆခဲ့၏။ သို့သော် ထိုသို့မဟုတ်ပေ။ တစ်နေ့ ဆရာတော် ဆွမ်းခံပြန်လာချိန်တွင် မောင်ထွန်းမြိုင်လည်း တန်ဆောင်းထပ်တွင်ရှိနေသဖြင့် ဆရာတော်၏ ဆွမ်းခံပုံကို သတိပြုမိခဲ့၏။

ဆံရှည်ဆရာတော်ဦးကောဏ္ဍညသည် ဆွမ်းခံပြန်လာပုံမှာ ဆွမ်းခံ၍ ရရှိလာသော ဆွမ်းနှင့် ဆွမ်းဟင်းများ၊ အခြားလှူဖွယ်အစားအသောက်များကို သပိတ်ဖြင့်ထည့်လာခြင်းမဟုတ်ဘဲ သပိတ်အဖုံးဖြင့်ထည့်လာခြင်း ဖြစ်၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် ထိုအခြင်းအရာကို အံ့အားသင့်ပြီးကြည့်နေမိ၏။ ထိုသို့ကြည့်နေစဉ်တွင်ပင် မောင်ထွန်းမြိုင်၏ စိတ်ထဲ၌ တစ်စုံတစ်ရာကိုသွားပြီးစဉ်းစားမိ၏။

"အင်း - ဆရာတော် ဆွမ်းခံသွားရင်း လမ်းမှာတစ်စုံတစ်ရာဖြစ်ပြီး သပိတ်များပြုတ်ပျက်ကျသွားလား ဒါမှမဟုတ် တစ်ခုခုများဖြစ်သွားလို့ခံလို့ရတဲ့ ဆွမ်းတွေကို သပိတ်အဖုံးနဲ့ ပြောင်းထည့်လာတာဖြစ်မှာပါလေ"

ဟု တွေးလိုက်မိ၏။ တစ်ပြိုက်နက်ပင် မောင်ထွန်းမြိုင်သည် ဆံရှည်ဆရာတော်၏မျက်နှာကိုလည်း အကဲခတ်ကြည့်ရှုလိုက်ရာ မည်သို့မျှ မထူးခြားဘဲ ပုံမှန်အတိုင်းသာရှိနေ၍ ထိုအကြောင်းကို မမေးဘဲထားလိုက်၏။

သို့သော် . . . ။

(ရှေ့လဆက်လက်ဖတ်ရှုပါ)

ပထမံဆရာဦးကောဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မင်း
ဘဝရှင်သန်ရာ သင့်လက်မှာ

ခန္ဓာကိုယ်ဖွဲ့ထွားမှုအားပေးသည့် 'ပစ်ကျူထရီးဂလင်း' အားနည်းနေသူ၏ လက်ဝါးပုံစံ

အသက် (40) နှစ်အရွယ် (အိမ်ထောင်မရှိသူ) အမျိုးသားတစ်ဦး၏ အစာမကြေရောဂါဖြစ်ခြင်း၊ လေထိုးလေအောင့်ခြင်းနှင့် ရင်ပူဝေဒနာခံစားနေရခြင်းများအပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

ဝဘက်လက်ဝါးပြင်ရှိ ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းများအစီအရီ (အတွဲလိုက်)ပါရှိနေခြင်းကြောင့် စိတ်ပုံမှန်မရှိတတ်ဘဲ (မထင်လျှင်မထင်သလို) ပြုမူတတ်သည့် သဘောရှိကြောင်း ဖော်ပြပြီး ယာဘက်လက်ချောင်းများတည်ဆောက်ပုံအရ လက်ညိုးတို့တောင်းရှိ ကြီးမားနေခြင်းကြောင့် ဝမ်းနည်းလွယ်သူ၊ မိမိကိုယ်မိမိတန်ဖိုးထားတတ်သူဖြစ်ကြောင်း ဖော်ပြနေပါသည်။

လက်မတည်ဆောက်ပုံ လေ့လာပါက ထူးထူးခြားခြားသန်မာခြင်းမရှိဘဲ အနည်းငယ်ပျော့ပျောင်းနေသည့်အပြင် လက်ချောင်းထိပ်ဖျားလက်ဆစ်ရိုးများ ပျော့နေခြင်းကြောင့် ကမူးရူးထိုးလုပ်တတ်သူအဖြစ် တွေ့ရှိရသည်။

အဓိကလမ်းကြောင်းများကို လေ့လာပါက ဦးခေါင်းလမ်းကြောင်း အတန်အသင့်ရှည်လျားပြီးအစပြုနေရာ၌ အသက်လမ်းကြောင်းနှင့်တင်းကျပ်စွာချိတ်ဆက်နေသောကြောင့် မိမိကိုယ်မိမိယုံကြည်မှုမရှိသူ၊ အခြားသူအပေါ်၌လည်း မယုံကြည်တတ်ဘဲ သံသယများတတ်သူအဖြစ် တွေ့ရပါမည်။

နှလုံးလမ်းကြောင်းကိုလေ့လာပါက ကွင်းဆက်ပုံစံများပါရှိပြီး ဖွာထွက်နေသောကြောင့်လည်းကောင်း၊ နှလုံးလမ်းကြောင်း၏အထက်နေရာနှင့် လက်သန်းအောက်ခြေနေရာတို့၌ ထောင့်မှန်ကျနေသောအကွက်တစ်ခုပါရှိနေခြင်းကြောင့် လည်းကောင်း၊ နှလုံးလမ်းကြောင်းအောက်ဘက် ဦးခေါင်းလမ်းကြောင်း၏အဆုံး အပေါ်ဘက်နေရာတွင်တည်ရှိသော အကွက်တစ်ခု၌ အစင်းအမျှောင်းရာများ ပါရှိနေသောကြောင့် လည်းကောင်း လက္ခဏာရှင်၌ ခန္ဓာကိုယ်တွင်း သကြားဓာတ်ပါဝင်မှုလွန်ကဲကာ (အထူးသဖြင့်) သွား၊ သွားဖုံးနှင့် ဆိုင်သောရောဂါဝေဒနာများ ရရှိခံစားရနိုင်ပါသည်။

ထိုစဖန် အသက်လမ်းကြောင်းကိုလေ့လာပါက အသက်(34)နှစ်အရွယ်၌ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း ကြားနေရာတွင် အသက်လမ်းကြောင်း၏ အပြတ်အတောက်ကိုတွေ့ရှိရပြီး အသက် (39) နှစ်အရွယ်၌ လည်းကောင်း အသက်လမ်းကြောင်းအစိတ်စိတ်အမြွာမြွာဖြစ်သွားခဲ့သည်ကို တွေ့ရသည်။

ကောက်ချက်ချခြင်း

ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအတွက် ဟော်မုန်းဓာတ်ထုတ်ပေးသည့် ဦးနှောက်အောက်တွင် တည်ရှိသော ပစ်ကျူရီဂလင်းအားနည်းခြင်းကြောင့် လည်းကောင်း၊ အသက်လမ်းကြောင်း ထူထဲထင်ရှားရှိ ကျယ်ပြန့်နေခြင်းကြောင့် လည်းကောင်း၊ နှလုံးလမ်းကြောင်း၌ ကွင်းဆက်ရာများ ပါရှိနေခြင်းကြောင့် လည်းကောင်း အစားအသောက်၌ ထိန်းချုပ်စားသုံးတတ်ခြင်းမရှိဘဲ ပုံမှန်အစားအစာများ၌ ဘေးဖြစ်စေသောဓာတ်များ ပိုမိုပါဝင်စေလျက် ရောဂါရရှိလာနိုင်သူအဖြစ် ကောက်ချက်ချနိုင်ပါသည်။

ဆီးပူဇောင်းကျရောဂါဖြစ်နေသူ၏ လက်ဝါးပြင်ပုံစံ

အသက် (35) နှစ်အရွယ် အိမ်ထောင်သည်အမျိုးသမီးတစ်ဦး၏ အိမ်ထောင်ရေးမသာယာပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံရှည်လျားပြီး လက်ချောင်းထိပ်ဖျားဝိုင်းနေခြင်းကြောင့် အနုပညာရသခံစားတတ်သူအဖြစ်တွေ့ရပြီး လက်ညိုး၏ထူးထူးခြားခြား ရှည်လျားခြင်းကြောင့် အခြေခံကျကျ လွှမ်းမိုးချုပ်ကိုင်တတ်သူအဖြစ် တွေ့ရှိရသည်။

၎င်းပြင် လက်မတည်ဆောက်ပုံအားကောင်းခြင်းကြောင့် အလိုအနှစ်ပြင်း

www.burmeseclassic.com

www.burmeseclassic.com

ပြသူဖြစ်ပြီး လက်ဝါးပြင်ပါလမ်းကြောင်းများက သေးမျှင်များပြားနေခြင်းကြောင့် စိတ်ခံစားမှုလွယ်ကူ၍ ဆတ်ဆတ်ထိမခံတတ်သူအဖြစ် တွေ့ရသည်။

အဓိကလမ်းကြောင်းများကို လေ့လာပါက ဦးခေါင်းလမ်းကြောင်းတွင် ကျွန်းခံနေခြင်းကြောင့် အာရုံစူးစိုက်၍ အားနည်းသူဖြစ်နေပြီး အသက်လမ်းကြောင်း၏ အကူလမ်းကြောင်းများအနက် အပြင်ဘက်နေရာ၌ ကျွန်းခံနေခြင်းကြောင့် အသက် (25) နှစ်အထက်၌ ကျွန်းမာရေးထိခိုက်လာနိုင်သည်ကို တွေ့ရသည်။

လက်ဝါးပြင် အသားများပေါ်၌ အစင်းအမြောင်းရာများနှင့် အစက်အပြောက်များရှိနေခြင်းကြောင့် ခန္ဓာကိုယ်အတွင်း သွားမန်ထက်အဆိပ်အတောက်များရှိနေသည်သဘော ဖော်ပြနေပါသည်။

ကောက်ချက်ချခြင်း

စိတ်ပညာရှုထောင့်အရ လက်ဝါးပိုင်ရှင်သည် ဖို၊ မကိစ္စ၌ နှစ်သက်မွေ့လျော်သူအဖြစ်တွေ့ရှိရပြီး လက္ခဏာရှုထောင့်အရ အသက်လမ်းကြောင်းပေါ်တွင် ကျွန်းခံနေသည့်အပြင် လက်ဝါးပြင်အသားရေများ၌ အစင်းအမြောင်းများပါရှိနေခြင်းကြောင့် ဆီးပူညောင်းကျ (ဂနို) ရောဂါသည်အဖြစ် အသက် (၂၀)နှစ်မှ စတင်၍ ဝေဒနာခံစားခဲ့ရသူဖြစ်သည်။ ထို့နောက် အသက် (၂၂)နှစ်အရောက်၌ သူမ၏သားအိမ်အား ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရသည်။

ဆီးအိတ်ရောင်နာ (cystitis) ဖြစ်သူ၏ လက်ဝါးပြင်ပုံစံ

အသက် (31) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသမီးတစ်ဦး၏ မကြာခဏ ဆီးသွားသည့် (ဆီးအိတ်ရောင်နာ) ဝေဒနာ ခံစားနေရပုံကို အောက်ပါအတိုင်း လက္ခဏာပညာဖြင့် စစ်ဆေးအဖြေရှာခဲ့သည်။

သရုပ်ခွဲလေ့လာခြင်း

ဖော်ပြပါလက်ဝါးပိုင်ရှင်၏ ဝါယာလက်(၂)ဖက်ကို နှိုင်းယှဉ်စစ်ဆေးရာ၌ ဝဲဘက်လက်ဝါးပြင်တွင် လမ်းကြောင်းများ ပိုမိုများပြားရှုပ်ထွေးလျက် ကျွန်းများစွာပါရှိနေခြင်းကြောင့် ခံနိုင်ရည် (ဇွဲ) မရှိသူ၊ စိတ်ခံစားဝမ်းနည်းမှုလွယ်ကူသူအဖြစ် တွေ့ရှိရသည်။

ယာဘက် လက်ဝါးပြင်အား

လေ့လာပါက လက်ခလယ်နှင့် လက်သူကြွယ်ထိပ်ဖျားပိုင်းတို့၌ အလိပ်လိုက်ပွေ (whorl) ပါရှိနေသောကြောင့် မိမိအလို ဆန္ဒတစ်ခုတည်းကိုသာ ဦးစားပေးတတ်သူ၊ (အတ္တ ဆန်)သူအဖြစ်သတ်မှတ်နိုင်ပြီး လက်မတည်ဆောက်ပုံအားကောင်းခြင်းမရှိသောကြောင့် စိတ်ဓာတ်ခွန်အားမကောင်းခြင်းထက် ခေါင်းမာ၍ ဇွတ်တရွတ်နိုင်ခြင်းက ပိုကဲနေသည်ကို တွေ့ရသည်။

အဓိက လမ်းကြောင်းများကို လေ့လာပါက ဦးခေါင်းလမ်းကြောင်းပြတ်တောက်နေသည့်ပြင် ဖွဲ့စည်းပုံမှကောင်းခြင်းကြောင့် အာရုံစူးစိုက်နိုင်မှုအားနည်းသူအဖြစ် တွေ့ရှိရသည်။ အဓိကလမ်းကြောင်းတစ်ခုခုပေါ်တွင် ကျွန်းခံနေခြင်းသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ရုပ်ပိုင်းနှင့်စိတ်ပိုင်း (၂)ရပ်စလုံး၌ ပြဿနာဒဏ်ခံများကြုံတွေ့လာနိုင်မည့်သဘောကြိုထင်သတင်းပေးခြင်းသာဖြစ်သည်။ တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ အလွန်ကျယ်ပြန့်နေခြင်းကြောင့် အစွဲအလမ်း (ဥပါဒါန်) ကြီးသူအဖြစ် အတိအကျ အဖြေထုတ်နိုင်သည်။

နှလုံးလမ်းကြောင်းကို လေ့လာပါက လက်ညှိုးအောက်ခြေ၌ ရှည်လျားဖြောင့်တန်းသော်လည်း ပန်းပွားပုံစံဖွာ၍နေခြင်းကြောင့် လိင်ကိစ္စတွေးတောနေရခြင်းအပေါ် နှစ်သက်သူအဖြစ် တွေ့ရှိရသည်။

နမူနာ လက်ဝါးပြင်ပုံပါ (A) အမှတ်အသားအရ ကျောက်ကပ်၌ ပြဿနာရှိနေပုံကိုတွေ့ရပြီး (B) အမှတ်အသားပါ လက်ဝါးပြင်စွန်းအသားပေါ်၌ အစင်းအမြောင်းရာများ (လွှသွားပုံစံများ) ပါရှိနေခြင်းကြောင့် ဆီးအိမ်နှင့်ဆီးလမ်းကြောင်း၌ ရောဂါရှိနေသည်ကိုပါတွေ့ရှိရသည်။ ထို့ပြင် ကံလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းကြောင့် အမှတ် (C) တွင်ပါရှိသည့်အတိုင်း အသက် (27) နှစ်မှ (30) နှစ်အတွင်း ဆီးအိမ်(ကျောက်ကပ်)နှင့်ဆိုင်သောရောဂါဝေဒနာဖြစ်ခဲ့ကြောင်း ဖော်ပြနေပါသည်။

ကောက်ချက်ချခြင်း

အသက်လမ်းကြောင်းပေါ်တွင် ကျွန်းခံနေခြင်းသည် ခန္ဓာကိုယ်အတွက် လိုအပ်သလို အားပြန်ဖြည့်ရန်လုပ်ငန်းများအား ဟန့်တားနှောင့်ယှက်နေသည့် (ရောဂါ) အန္တရာယ်ရှိနေကြောင်းဖော်ပြသည်။ ဆက်လက် လေ့လာမှုများအရ အသက်(27)နှစ်အရွယ်၌ ငွေကြေးဒုက္ခ၊ သောကစိုးရိမ်ပူပန်မှုများရှိခဲ့ကြောင်း၊ (12) လကြာပြီးနောက် ဘဝ၌ အခြေအနေအရပ်ရပ် တိုးတက်ခဲ့ကြောင်း၊ ကာယကံရှင်၏ လိင်ကိစ္စအလို့ဆန္ဒဖြေဖျောက်ခြင်းသည် စိတ်ထွက်ပေါက်မရနိုင်ဘဲ ရောဂါသာရရှိလာတတ်ကြောင်း ဖော်ပြနေပါသည်။

တုစ်ရူးများ ဖောရောင်ခြင်းဖြစ်နေသူ၏ လက်ဝါးပုံစံ

အသက် (35) နှစ်အရွယ် (အိမ်ထောင်သည်) အမျိုးသမီးတစ်ဦး၏ တစ်ရှူးများ ဖောရောင်ခြင်းကြောင့် သာမန်လိင်ဆက်ဆံမှုပင် မစွမ်းဆောင်နိုင်သည်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းတည်ဆောက်ပုံများအရ အနုပညာရသခံစားတတ်သူဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရပြီး လက်သူကြွယ်နှင့် လက်သန်းက အတွင်းဘက်သို့ကွေးနေခြင်းကြောင့် မိမိကိုယ်မိမိ လိမ္မာပါးနပ်စွာ ကာကွယ်စောင့်ရှောက်နိုင်သူအဖြစ်တွေ့ရှိရသည်။ ထို့ပြင် လက်မတည်ဆောက်ပုံအားနည်းခြင်းကြောင့် အလိုဆန္ဒပိုင်၌ အားနည်းတတ်သူအဖြစ်ပါ လေ့လာ တွေ့ရှိရသည်။

လက်ဝါးပြင်ပါ လမ်းကြောင်းများသည် များပြားပြီး အံတန်သင့်နက်ရှိုင်းနေခြင်းကြောင့် အာရုံကြောဆိုင်ရာ၌ အားကောင်းသူအဖြစ် တွေ့ရှိရသည်။

ဦးခေါင်းလမ်းကြောင်းပေါ် တွင် ကွန်းခဲနေခြင်းသည် အာရုံစူးစိုက်မှုအားနည်းသူဖြစ်ကြောင်းနှင့်နှလုံးလမ်းကြောင်းနှင့်ဦးခေါင်းလမ်းကြောင်းတို့ကြားနေရာ ကျဉ်းမြောင်းနေခြင်းကြောင့် အဆုံးစွန်တစ်ကိုယ်ကောင်းဆန်တတ်သူအဖြစ် တွေ့ရှိရသည်။

နှလုံးလမ်းကြောင်းကို လေ့လာပါက လွှဲသွားပုံစံ အစင်းရာများပါရှိပြီး လက်ဝါးပြင်အစွန်ပိုင်းလမ်းကြောင်းများနှင့် လက်ဝါးပြင်အသားရေ၌ အစင်းအမြောင်းရာများ ပါရှိနေခြင်းကြောင့် သားအိမ်နှင့်အင်္ဂါစပ်များ၌ အနာရောဂါရတတ်ကြောင်း ဖော်ပြနေပါသည်။

ၚင်းပြင် အသက်လမ်းကြောင်းထူထဲစွာရှိနေပြီး အစွန်းနေရာများတွင် အစက်အပြောက်များပါရှိနေခြင်းကြောင့် ဗျားနာနှင့်ချောင်းဆိုးရောဂါများဖြစ်တတ်သည်ကိုတွေ့ရှိရသည်။

ကောက်ချက်ချခြင်း

လက်ဝါးပိုင်ရှင်၏ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြားနေရာ ကျဉ်းမြောင်းနေခြင်းကြောင့် ခန္ဓာကိုယ်တွင်း ယူရစ်အက်စစ်ဖယ်ရှားနိုင်မှုအားနည်းကြောင်းနှင့် တစ်ရှူးများ ရောင်ရမ်းတတ်ကြောင်း အသိပေးနေပါသည်။ ထို့ကြောင့် ဆေးပညာနှင့် လက္ခဏာပညာရပ် (၂)ခုပေါင်းစပ်ကာ အဖြေထုတ်လျက် ကာယကံရှင်အား လိုအပ်သလို ကုသမှု၊ လမ်းညွှန်မှုလုပ်ပေးရန် လိုအပ်ပါသည်။

အူမရောင်နာ (colitis) ဖြစ်နေသူ၏ လက်ဝါးပုံစံ

အသက် (35) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသား၏ အူမရောင်ရမ်းခြင်းကြောင့် မကြာခဏဖျို့အန်တတ်ပုံကို အောက်ပါလက္ခဏာပညာရပ်ဖြင့် လေ့လာစိစစ်အဖြေထုတ်နိုင်သည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံနှင့် လက်ဝါးပြင်ပါအရေးအကြောင်းများ နက်ရှိုင်းထင်ရှားနေခြင်းကြောင့် ခေါင်းမာတတ်သူ(သို့) ဇွတ်တရွတ်နိုင်တတ်သူအဖြစ် တွေ့ရှိရသည်။

အဓိကလမ်းကြောင်းများကို လေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းတို့က ၎င်းတို့၏ အစပြုနေရာ၌ ချိတ်ဆက်နေခြင်းကြောင့် သတိကြီးစွာထားတတ်သူအဖြစ် တွေ့ရှိရပြီး အသက်လမ်းကြောင်းရှည်လျားခြင်းကြောင့် အာရုံကြောများ ပြန်လည် သန်စွမ်းရှင်သန်မှု၌ ဟန့်

တားနှောင့်ယှက်ခံနေရသူအဖြစ်ပါ တွေ့ရှိရသည်။

ၚင်းပြင် အသက်လမ်းကြောင်း၏ အကူလမ်းကြောင်းက အသက်လမ်းကြောင်း၏အစမှာပင် မျဉ်းပြိုင်ပုံစံဟုခဲ့လျက်ရှိနေသော်လည်း အသက် (၂၈) နှစ်အရွယ်၌ ကံလမ်းကြောင်းကွဲထွက်သွားခဲ့သောကြောင့် သော်ကပူပန်မှုများ ရှိခဲ့သည်ကိုတွေ့ရှိရသည်။

ကောက်ချက်ချခြင်း

ကာယကံရှင်၏ အသက်လမ်းကြောင်းအစပေါ် ၌ကျန်းခံနေခြင်းကြောင့် စိုးရိမ်သောကစိတ်များ၏ ဖိစီးခြင်းခံရသည့်ပြင် ပုံမှန်စားသောက်ခြင်းမရှိသောကြောင့် အူမရောင်ရမ်း၍ မကြာခဏဖျို့အန်တတ်သည်ကို လေ့လာတွေ့ရှိရသည်။

အစာမကြေရောဂါဖြစ်နေသူ၏ လက်ဝါးပုံစံ(၁)

အသက် (40) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသား၏ နာတာရှည်အစာမကြေရောဂါဝေဒနာခံစားနေရပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများကိုလေ့လာပါက လက်ခလယ်နှင့်လက်သူကြွယ်ထိပ်ဖျားပိုင်း၌ အလိပ်လိုက် (whorl) ဖွေပါရှိနေပြီး လက်ညှိုးတို့တောင်းနေခြင်းကြောင့် အရာရာ ခွဲခြမ်းစိတ်ဖြာတတ်သူအဖြစ် တွေ့ရှိရသည်။

လက်မကိုလေ့လာပါက ထိပ်ဖျား(လက်ဆစ်ရိုး) ၌ ပျော့ပျောင်းနေသော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စိတ်အလိုလိုက်၍ ကမူးရူးထိုး လုပ်တတ်သူအဖြစ် တွေ့ရသည်။

လက်ဝါးပြင်ပါလမ်းကြောင်းအား လုံးဖွာထွက်နေပြီး ဦးခေါင်းလမ်းကြောင်း ထူထဲထင်ရှားနေခြင်းကြောင့် အရာရာ အပေါ် စူးစိုက်မှုမရှိဘဲ ပြတ်သားစွာ မဆုံးဖြတ်နိုင်သူဖြစ်နေပါသည်။

ၚင်းအပြင် ဦးခေါင်းလမ်းကြောင်း အဆုံးသတ်အပေါ် ဘက်နှင့် နှလုံး လမ်းကြောင်းအောက်နေရာတို့အကြား အကွက်ဖြစ်နေသောနေရာ၌ အစင်းအကြော်ငြောင်းရာများပါရှိနေခြင်းကြောင့် အူမကြီးအတွင်း သွေးအဆိပ်ဖြစ်ဆောရောဂါ ဖြစ်တတ်ကြောင်းအသိပေးနေပါသည်။

ကောက်ချက်ချခြင်း

လက်ဝါးပိုင်ရှင်အတွက် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ကျန်းမာသန်စွမ်းလာစေရန် ကျွမ်းကျင်ပညာရှင်များထံမှ လိုအပ်သလို လမ်းညွှန်ကုသမှုများခံယူရမည် ဖြစ်သည်။

အစာမကြေရောဂါဖြစ်နေသူ၏ လက်ဝါးပုံစံ(၂)

အထက်ပါ လက်ဝါးပိုင်ရှင် (၁) အား သုံးလခန့်ကြာပြီးနောက် ထပ်မံလေ့လာစစ်ဆေးရာ၌ ဦးခေါင်းလမ်းကြောင်းပါးလွှာသွားသော်လည်း ထင်ရှားနေသည်ကိုတွေ့ရသည်။

ၚင်းပြင် ဦးခေါင်းလမ်းကြောင်း အဆုံးသတ်နေရာ (အပေါ်ဘက်) နှင့် နှလုံးလမ်းကြောင်းအောက်ဘက်အဆုံး နေရာကြားရှိအစင်းရာပါရှိသောအကွက်တစ်ခု ပျောက်ပျက်သွားသည်ကို တွေ့ရှိရသည်။ ထိုအနေအထားသည် ကာယကံရှင်က စိုးရိမ်သည့်သောကကိစ္စမှန်သမျှအား စိတ်အတွင်းဖျောက်ပျက်လိုက်နိုင်သည့်သဘောနှင့် စိတ်ပညာ

အရ အခြေအနေ ယခင်ထက် တိုးတက်ကောင်းမွန်လာသည့်သဘောကို ဖော်ပြနေပါသည်။

စိုးရိမ်သောကပွေနေသူ၏ လက်ဝါးပုံစံ(၁)

အသက် (48) နှစ်အရွယ် အိမ်ထောင်သည်အမျိုးသားတစ်ဦး၏ စိုးရိမ်သောကများနေခြင်းကြောင့် အရာရာဆုံးဖြတ်ရန်မဝံ့ရဲခြင်း၊ မသေချာမရေရာခြင်းဖြစ်နေပုံကို အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံတို့တောင်းနေခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာတုံ့ပြန်မှုများလျင်မြန်ကြောင်းနှင့်လက်ညှိုးထိပ်ဖျားပေါ်၌ 'မုခ်ဦးခုံး' ပွေပါရှိနေခြင်းကြောင့် လျှို့ဝှက်သိသိပ်ကျစ်လျစ်စွာနေထိုင်တတ်သူဖြစ်ကြိယ်ဖြစ်ကာကွယ်စောင့်ရှောက်တတ်သူနှင့် စိတ်ခံစားမှုများအပေါ် လိုသလို ထိန်းချုပ်နိုင်စွမ်းရှိသူအဖြစ် လေ့လာတွေ့ရှိရသည်။

ၚင်းပြင် လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်းထိပ်ဖျားတို့ပေါ်၌ ရွက်ဖျင်တဲအခုံးပုံစံပွေပါရှိနေခြင်းကြောင့် စိတ်ခံစားမှုများအပေါ် လိုသလို (အတိုးအလျော့) လုပ်ပေးနိုင်သူအဖြစ် သတ်မှတ်နိုင်ပါသည်။

လက်မကား သီးခြားလေ့လာပါက တံည်ဆောက်ပုံကောင်းမွန်ခြင်းကြောင့် ဉာဏ်ရည်ထက်မြက်သူ၊ လွတ်လပ်မှုကိုလိုလားသူ၊ အကန့်အသတ်မရှိစိတ်အလိုရှိသလို တွေးတောစိတ်ကူးတတ်သူနှင့် စိတ်ဓာတ်ခွန်အားကောင်းသူအဖြစ် တွေ့ရတတ်သော်လည်း လက်မထိပ်ဖျားပိုင်း လက်ဆစ်ရိုးနေရာ ပျော့ပျောင်းနေခြင်းကြောင့် မထင်လျှင် မထင်သလို ကမူးရူးထိုးလုပ်တတ်သူအဖြစ်ပါ တွေ့ရတတ်သည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း အစပြုနေရာ၌ ချိတ်ဆက်နေသောကြောင့် သတိကြီးစွာထားတတ်သူနှင့် လက်ဝါးပြင်ပါလမ်းကြောင်းနည်းပါး၍ထင်ရှားနေခြင်းကြောင့် အာရုံကြောများ အားကောင်းသူအဖြစ် တွေ့ရှိရသည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းသည် အမွေးဖွာနေသော်ပုံစံရှိနေခြင်းကြောင့် ဆုံးဖြတ်ချက်မပြတ်သားသူအဖြစ် (ဆန့်ကျင်ဘက်) သဘောတွေ့ရှိရသည်။

အသက်လမ်းကြောင်းကိုလေ့လာပါက အနည်းငယ် ထူထဲထင်ရှား၍ အစွန်းနေရာများတစ်လျှောက် အစက်အပြောက်များပါရှိနေခြင်းကြောင့် မကြာခဏ (တရှောင်ရှောင်) ဖြစ်နေတတ်သူဖြစ်သည်။ ထို့ပြင် လက်မအောက်ခြေတွင်ရှိသောလမ်းကြောင်းက ပျောက်ပျက်နေပြီး အသက်လမ်းကြောင်းအား လမ်းကြောင်းတစ်ခုကဖြတ်နေခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ မိမိကိုယ်မိမိ ယုံကြည်မှုမရှိသူအဖြစ်တွေ့ရသည်။

ထို့ပြင်မက ဦးခေါင်းလမ်းကြောင်းနှင့်နှလုံးလမ်းကြောင်း ကြားနေရာ ကျယ်ပြန့်ပြီး နှလုံးလမ်းကြောင်းက လက်ဝါးအပေါ်တက်နေခြင်း လက်ဝါးပြင်၌ အစင်းရာများပါရှိခြင်းနှင့်နှလုံးလမ်းကြောင်းအဆုံးသတ်ဆီသို့ ထောင့်မှန်ကျနေသည့် လမ်းကြောင်းများ ပါရှိနေခြင်းကြောင့် ဝမ်းဗိုက်နှင့်သက်ဆိုင်သောရောဂါဝေဒနာ တစ်ခုခု ခံစားရဖွယ်ရှိကြောင်း ဖော်ပြပါသည်။

ကောက်ချက်ချခြင်း

လက်ညှိုးတိုတောင်းနေခြင်းကြောင့် ဝမ်းနည်းကြေကွဲလွယ်သူအဖြစ်သတ်မှတ်နိုင်ပြီး ကာယကံရှင်အနေဖြင့် စိတ်ရှည်ထွေး၊ သောကရောက်စရာများကိုဖယ်ရှားလျက် ကျန်းမာရေးပြန်လည်ကောင်းမွန်စေရန်အတွက်သာ အာရုံလိုက်ထားသင့်သူဖြစ်သည်။

ဦးအောင်မင်း

www.burmeseclassic.com

အနွစ်ထွက်သို့လှည့်ရှာခြင်း

"ထိုင်ဟေ့၊ ဆရာရှောင်သား ဝင်းနေ၊ ဘဝင်းတော့ မလာသေးဘူး။ သည်ညီမင်းတို့သားအဖ ငါကိုဒုက္ခလာပေးနေကြတယ်လေ။ သားကြီးအတွက် နာမည်ပေးရာမှာ အဖနာမည်လည်း ပါဝင်စေချင်၊ သားဆိုတဲ့ အက္ခရာလည်း ပါအောင် ရွေးရမတဲ့လေ"

အိမ်ရှေ့၌ရှိသော ကုက္ကိုပင်အောက်က ကွပ်ပျစ်မိုးသို့ဝင်မိစဉ် ဆရာကြီးဦးနန္ဒ၏ ညည်းတွားသံကကြားလိုက်သည်။ ရှေ့မှာ ခင်ဦးမြို့က ဦးညီမင်းတို့ သားအဖ သားက (၅) နှစ်ခန့်အရွယ် သည်ကလေးအောက်တွင်၌ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသေး၏။ မိခင်မှာ မန္တလေးသူ။ နှစ်ဦးစလုံးတွဲ့ရပညာတတ်။ ပွဲကောင်းဝင်လေပြီ။ သားကြီးဖြစ်သော ကလေးအား ပြီးခဲ့သည့် အပတ်ကဆွေးနွေးခဲ့ရာ သားဦး၊ သမီးဦး အမည်နှင့်ပတ်သက်ခဲ့သည်။ ဖခင်အမည်က ညီမင်း။ ဂိုဏ်းဆန်းကျင်ဗျည်းများ။ သားဦးအတွက် ဒုက္ခပေးရာများ။ သားလည်းပါမှဆိုလျှင် သားညီမင်းမဖြစ်၊ ကလေးက အကြီး၊ အငယ် မဟုတ်။ ဗျူပွတ်က အငယ်ဘက်ယိမ်းနေ၏။ ယခုခေါ်နေတာလည်း သားကြီး၊ သားငယ်တဲ့လေ။ နောက် သားကြီးအတွက် လ၊ သ နှစ်လုံးသည် ဂိုဏ်းဖျက်ဗျည်းတွေ။

"ကဲ-ဝင်းနေ၊ ရော့ - သူ့သားကြီးမွေးသတ္တရာဇ်။ ဣန္ဒ၊ အနိဋ္ဌပါ အကုန်ထည့်တွက်စမ်းကွာ၊ စာလုံးကြီးကြီးနော်"

သားကြီး - သောကြာသား။

၇ - ၁၂ - ၂၀၀၈။

နှစ်သည် ဇာမထပ်သဖြင့် ဣန္ဒနှစ်၊ ဂြိုဟ်ရှစ်ခွင်အလိုက် တနင်္ဂနွေထောင့်မှစ၍ တနင်္ဂူး၊ ကဆုန် စသည်ရေသော် သောကြာခွင်ရှိပြီး ရက်စုံ (၃၀) ၌ တနင်္ဆောင်မုန်းလကား ဣန္ဒ၊ ဆန်း (၁၁) ရက်လည်း ဣန္ဒ စသဖြင့် -

> ဣန္ဒ ဣန္ဒ ဣန္ဒ ဣန္ဒ
> ၁၃၇၀ခုနှစ် တနင်္ဆောင်မုန်း လဆန်း ၁၀ ရက်, နွေလယ် (၁၂း၃၄) မိနစ်အချိန်
> (မှတ်ချက်။ ။ ဤခွဲခန့်ညှိ ထွန်းဇေ ကို ညွှန်းစေဆိုရမှာဖြင့် ဆောင်းပါးဤ ပြန်ကြည့်နိုင်ပါသည် - စာရေးသူ)

ဇာတာ (၅) နာမည်များနှင့်ခြင်းခံခြင်း

www.burmeseclassic.com

www.burmeseclassic.com

"ညီမင်းရေ၊ မင့်သားဇာတာတွေ ကြိုတ်သကွာ။ ရတနာရွှေငွေဆိုတာ အနိဋ္ဌမြေကြီးထဲကထွက်တယ်။ ပဒုမ္မာ ကြာပွင့်လည်း အညစ်အကြေးရှိညှဉ်း အတွင်းက ထိုးထွက်စမြဲ။ အေး - ဣဋ္ဌ အင်အားများစွာထဲက ပေါက်ဖွားလာတဲ့ အနိဋ္ဌပုတိဖွားကလေး အနိဋ္ဌစရိုက်သိပ် နည်းတဲ့ကလေး၊ အနိဋ္ဌဖွား ဣဋ္ဌအား များသူတွေဟာ ဣဋ္ဌဖွား ဣဋ္ဌအားနည်း သူ နေဝဣဋ္ဌ အနိဋ္ဌများသူတွေထက် သာတယ်ကွ။ အနိုင်မခံ၊ အရှုံးမပေး လောကဓံတရား ကြံ့ကြံ့ခံနိုင်တဲ့သတ္တိ ဖြင့် ထင်ရှားတိုးတက်အောင်လုပ်နိုင် စွမ်းရှိကြတယ်။ မင်းရဲ့သား တစ်မိုးပေါက် တစ်ယောက်ထွန်းမယ့် သားဦးသား ကောင်း မုချဖြစ်လိမ့်မယ် ငါ့တာဝန်။

ငါ့တာဝန်က. . . အင်း - မလွယ်ပါလားဟေ့။ နားထောင် ဝင်းနေ။ ငါတို့ ဗေဒင်ဆရာတွေဟာ သမားတော်တွေ နှင့်အတူတူပဲ။ သမားတော်ကို အားကိုး ရုံကြည့်လို့ လူနာရှင်တွေလာပင့်ရင် လိုက်ကြရစမြဲပဲ။ တစ်ခါတစ်ရံ သိပ်အရေးကြီးတဲ့လူနာ ခြေထောက် တစ်ဖက်ရောဂါကြောင့် အရှိုးအထိ လို့က်စားကူးစက်နေပြီ။ လာပင့်တယ်။ ကြည့်တယ်။ သည်အနေခြေတစ်ဖက် ဖြတ်ပစ်ပြီး ကုသရင် ငွေကုန်သက်သာ၊ ရောဂါအမြန်ပျောက်မယ် ဘေးထွက် ဆိုးကျိုးမရှိဘူး။ လူနာနဲ့ လူနာရှင်ကို သမားတော်က အဖြစ်စနစ်စုံရှင်းပြ ပေမယ့်လို့ လက်မခံဘဲ ဆရာရယ် ခြေ ထောက်တော့မဖြတ်ပါရစေ။ကိုယ်လက် အင်္ဂါအစုံရှိတာက မင်္ဂလာတစ်ပါးမို့ပါ။ မဖြတ်ဘဲ အကောင်းဆုံးဖြစ်အောင်သာ ကုသပေးစေချင်ပါစာယ်။ ကုန်ကျချင် သလောက်ကုန်ပါစေ' လို့ ပြောပြီဆို လည်း ကာယကံရှင်ဆန္ဒအတိုင်းလိုက်နာ လို့ တတ်စွမ်းသရွေ့ ကုသပေးလေ့ရှိ တယ်။ ဆိုးကျိုးမရှိရေးမျှော်တွေးကု တယ်။ ဝါသနာ-ပညာကို စေတနာဖြင့် ဂုဏ်ယူကုပေးလေ့ရှိတယ်။ ခု ငါတို့ လည်း သည်အတိုင်း အဖေဖြစ်သူက အန္တရာယ်သည်အရ သူ့သားနာမည်ထဲမှာ မျိုးဆက်အင်္ဂါစုံဖြစ်စေချင်တဲ့စေတနာ ဖြင့် အဖေညီမင်းမဖြုတ်ချင်ဘူး၊ ပါစေ ချင်တာ။ သားကြီးအတွက် အန္တရာယ် ဆိုးကျိုးပဲလေ။ သောကြာသားမို့ သား လည်း အစဆုံးမှည့်ပေးချင်သတဲ့။

အေး - ငါ့ကို ယုံကြည်လို့လာ တော့လည်း အကောင်းဆုံးဖြစ်ရအောင် မှည့်ပေးရမှာပဲ။ငါ့အလိုတော့ သောကြာ သားကို ဟ-အက္ခရာနဲ့ စပေးချင်တာ။ ကဲ - သောကြာသား အသားဖြူမို့ ဒီဃ သံသရ သား-ပထမအက္ခရာအဖြစ် အတည်ပြုလိုက်။ ညီမင်း၊ အဖေနာမည် ထည့်ဖို့ရန်မှာ အဆုံးထက်အလယ်မှာ ထည့်မယ်ဟေ့။ မင်းကလည်း သားနှစ် ယောက်ရှိတာဆိုတော့ ညီတစ်လုံး၊ မင်း တစ်လုံးစီခွဲပြီးပေးလျှင် ဘာအပြစ်မှမရှိ နိုင်ပါဘူး။ အကြီးအတွက် ညီ, အလယ် သားညီ၊ နောက်တစ်လုံးက အချုပ်ပဲကွ။ လုံးဝမှားမရဘူး။ အကောင်းဆုံးက ဗုဒ္ဓ ဟူးဖြစ်တယ်။ ဗုဒ္ဓဟူးက သောကြာနဲ့ ဓာတ်ဖက်ဂြိုဟ်၊ မဟာဘုတ်အထွန်း၊ ဇေယျပြုဟ် မွေးနဲ့နဲ့ သဟဇာတအဖြစ် ဆုံးမဟုတ်လား"

"ဗုဒ္ဓဟူးအက္ခရာ ယ၊ ရ၊ လ၊ ဝ။ သို့သော် ဗုဒ္ဓဟူးရဲ့ရုန်ဘက် ရာဟုက ယ၊ ရ ဆိုတော့ ပယ်လိုက်တော့ နောက် လ, အက္ခရာက ဝိုက်းဖျက်ဗျည်းနော်။ လ၊ သ နှစ်လုံးမှာ သ-တစ်လုံးကယူထားပြီး သားဖြစ်နေတယ်။ လကို ပြန်ထည့်ရင် ဆိုးအားပိုဆင့်သွားလိမ့်မယ်။ ပယ်လိုက် ဟုတ်ပြီ။ ကျန်တာ ဝ-အက္ခရာ။ သည် ဝ-ကို ဗျုပ္ပတ်မှန်ရမယ်။ ရှေ့ရှိတဲ့ ညီဟာ အစ်ကိုမဟုတ်တဲ့ အဓိပ္ပာယ်ပါရမယ်။ မခက်ပါဘူးကွာ။ မြန်မာစကားဟာ ပရိ ယာယ်ကြွယ်ဝပြီးသားပါ။ သားညီဝင်း။ အစ်ကိုဟာ အစ်ကိုပဲဖြစ်မှာပေါ့။ ဘယ် မှည့်ရလိမ့်မလဲ။ ရတာက ဝိုင်း၊ ဝိုင်းပဲ လေ သားညီဝိုင်း။ အဓိပ္ပာယ်က သားမှာ ညီတွေဝိုင်းယံရှိနေတယ်တဲ့။ အသံလမ်း ကြောင်းဟာ ညီထံ ကူးစက်သွားရော သားညီဝိုင်း။

ရှိသေးတယ် ဝိုင်းယံ။ ယ်-က ရာဟုမှည့်ရင်ရသော်လည်း အသံနဲ့ အက္ခရာက အငြင်းပွားစရာ။ ရှေးခေတ် မြန်မာစာရေးထုံးမှာ ယ်-က ကာယံ၊ ကာယ၊ ကိုယ်ရဲ့အီယံမို့ ယ်နဲ့ရေးရိုးရှိ တယ်။ နောက်တော့ ရံတဲ့။ အရံအတား၊ ဆင်ရံ၊ မြင်းရံ၊ ဆင်းယံ၊ မြင်းယံ၊ အယံ အတား ဘယ်ကအမှန်လဲ စဉ်းစားကြည့် ကြ။ ဖိနပ်တစ်ရံတဲ့။ သက်ရှိ၊ သက်မဲ့ အရာဝတ္ထုတစ်ခုခုကိုဘေးကနေစုပေါင်း ပြီး ကာကွယ်ပေး၊ ကူညီပေး၊ ပါဝင်ပေး တတ်တဲ့သဘောက ဝိုင်းယံ၊ ဝိုင်းရံပဲပေါ့။ ရှိသေးတယ်။ ရန်ပိုင်္ဂဒေတဲ့။ အများက ဝိုင်းယံထည့်ပြီးရရှိစုပုံလာတဲ့ငွေ၊ ခုတော့ မဟုတ်ဘူး။ အဓိပ္ပာယ်က အန္တရာယ်ရန် တွေစုပုံရောက်လာတဲ့ငွေ ဖြစ်မသွားဘူး လား။ အသတ်တစ်ခုပြောင်းသွားတာနဲ့ ဗျုပ္ပတ်ပါမကောင်းတဲ့ဘက်ရှိသွားတယ် နော်။ ဒါကြောင့် အသံထွက်မကောင်း တဲ့ ယံကိုပယ်ပြီး သားညီဝိုင်း"

"အေးပေါ့လေ - မင်းကလည်း မန်းမေသူကို လ-န-မ (လင်နိုင် မိန်းကလေး) ဘွဲ့ပေးထားသူဆိုတော့ နာမည်ကိစ္စ အရေးကြီးတာကိုး။ သားညီ ဝိုင်း သူလည်းကြိုက်မှာပါ။ နောက်ကြိုး လာရင် မင်းတို့သားကို အများကဝိုင်း တစ်လုံးတည်းခေါ်ကြလိမ့်မယ်။ အဲဒါဆို သည် ကလေးရဲ့အနာဂတ်ပန်းခင်းလမ်း စတင် ပြီမှတ်ပေတော့။

ဟူး. . . ညီမင်းတို့သားအဖ ပြန် သွားမှပဲ နားရတော့ရဲ့။ ဟော့ကောင် ဝင်းနေ၊ ငါစိတ်ထဲ ရုတ်ခနဲထင်လာတဲ့ ဒွေးချိုးလေးတစ်ပုဒ်စပ်ထားတယ် နား ထောင်ကြည့်စမ်း"

မခင်တွယ်တာတုတ်ကြိုး

ညောင်. . . လူတွေလူတွေ
မူအနေ အနွယ်ထွ
မြတ်ရတနာ့ပါစေချင်
အဆန်းထွင်မှည့်ဦး။
တုတ်ကြိုးကွယ့် ဖသညာ
အနွယ်လာ မိဆားစုပေမို့
ရက္ခတ္တစောင့်စေရေး
အမည်ပေးခင်တွယ်တာ
ပြည့်စုံစွာ ဘယ်သို့နှပ်
ဆိုထုတ်လို့မဝံ့သာ
ရွှံ့စရာနာမည်လေးကိုဖြင့်
(အို့ကွယ်. . .)
ဖွင့်ဟရှက်နိုး။ ။

□ အနွယ်ထွများစူးစမ်းခြင်း

"မုံလှရွာ မင်္ဂလာဆောင်တစ်ခု ဘိသိတ်ဆရာသွားပြီးလုပ်ပေးနေရလို့ နောက်ကျသွားတယ် နန္ဒ။ လုပ်ရင်းစွဲ ဆရာ မကျန်းမာတော့ ငါ့ကိုလာဖိတ်လို့ ဝင်ကူရတဲ့သဘောပါ"

"အောင်မာ - မင်းအသံနဲ့များ"

"အသံထက် အဆံ၊ ဌာန်၊ မာန်၊ ဟန်ရှိရင် ပြည့်စုံပါတယ်ကွ။ အသံသာ ကောင်းပြီး ကျန်တာမကောင်းရင် မောင်းချခံရမှာပေါ့"

"အေးဟေ့ ခုလေးတင် ခင်ဦးက ညီမင်းတို့ သားအဖကို ငါမောင်းချင် စိတ်ပင်ပေါက်တယ်ကွာ။ သားကြီးကို သူ့နာမည်ပါစေပြီး အပြစ်ကင်းကင်းနဲ့ လှလှလေးမှည့်ပေးဝါတဲ့"

"ဟား. . . ဟား. . . ဘီလူးကို မိတ်ကပ်လူး၊ ပေါင်းတင်ခိုင်းပြီး မင်းသား နတ်ဖြစ်အောင်လုပ်သလိုပါလားကွ"

"တုတ်ပါကွာ၊ မင်းသားနတ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

မလာသော်လည်း နတ်မင်းသားဖြစ်အောင်တော့ အတော်လေးစဉ်းစားလုပ်ပေးခဲ့ရတာပေါ့"

"သည် အန္တဂ္ဂဿညာ တရားစွဲမှု သတင်းလေး အားကစားဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရသေးတယ်။ သားဖြစ်သူက ကမ္ဘာကျော်အာဖရိကန်ဘောလုံးသမား၊ အဖေနာမည်နဲ့ မှည့်ထားပြီး ထင်ရှားနေတာလေ။ သားနဲ့အဖေက မသင့်မြတ်ကြဘူး။ မိခင်နဲ့ သား အတူနေကြသတဲ့။ အဖေဖြစ်သူက တခြားစီနေကြတာ။ အဖေနဲ့ ...သူမိသားစုက ကွဲနေတဲ့အတွက် အဖေက သားဖြစ်သူရဲ့အမည်ကို ပြန်ရုတ်သိမ်းခဲ့ကြ်အဖြစ်ပေါ့။ သားအဖြစ်ပြတ်စဲပြီး အဖေက နာမည်ပြန်တောင်းသတဲ့လေ။

ကမ္ဘာ့ယဉ်ကျေးမှုအဖြစ်နဲ့ မျိုးရိုးနာမည်ထည့်ပါခြင်းဟာ သမိုင်းဦးအစထိပြန်ကောက်ရနိုင်တယ်။ ထားပါတော့ကွာ။ သည်လိုမျိုးရိုးအမည်မှည့်တာဟာ မင်္ဂလာတစ်ပါးပါ။ အပြစ်မဲ့ခြင်း၊ ကောင်းသောအကျိုးဆောင်ခြင်းမို့ လက်ခံရလိမ့်မယ်။

နောက် စောင့်လေမျိုးနွယ် ဆိုတဲ့ ကျင့်ဝတ်ကိုပါ ထိန်းသိမ်းရန် စေ့ဆော်ရာကျတာပေါ့။ ပညာရပ်အကြောင်းပဲ ဆိုကြစို့ရဲ့။ ဒါက ငါတို့စိတ်ဝင်စားတဲ့နယ်လေကွာ။ စရရင် ဒီအန္တဂ္ဂဿညာကို ငါတို့နိုင်ငံမှာ အပြည့်အစုံ ပါဝင်မှုတတ်သူက ယောကျ်ားလေးတွေထက် မိန်းကလေးတွေက ပိုများလေ့ရှိတယ်။ (၁) ရှေ့က စတင်မှုခြင်း၊ (၂) နောက်ကပိတ်မှုခြင်းနှစ်မျိုး၊ ကမ္ဘာ့အသုံးများတာက (၂) နော်။ အေး - ငါ သဘောတွေ့တာလည်း (၂) ပဲ ဆိုပါစို့။ ဦးကျော်ဝင်းသမီး မသီတာ၊ မသီတာကျော်ဝင်း၊ သီတာဟာ သမီးရဲ့မူပိုင် သမီးရဲ့မွေးနံ့မှဖြစ်ပေါ်လာတဲ့ သူမဘဝ ပုံဖော်ပေးစေမယ့် သောကြာ+စနေတွဲဂြိုဟ်၊ ကျော်ဝင်း. . . သူမနဲ့ဆက်စပ်ပေမယ့် အရေးမပါဘူး။ ပတ်ဝန်းကျင်က ကျော်ဝင်း သမီးလို့ အသိမှတ်ပြုရုံသက်သက် ဂြိုဟ်တွေဆိုတာ သက်ရှိလူတွေရဲ့ကံ (ကာယ၊ ဝစီ၊ မနော) ပြုမူ လှုပ်ရှားမှုကနေ နိုးထအကျိုးပေးကြတာ အကောင်း၊ အဆိုးသီတာဆိုတဲ့ အကျရာလေးတွေကအဖြေပေးပြီလေ။

ထပ်ဆင့်ခွဲတော့မယ်၊ သီတာ (သု-တ) အပြင်ရန် - ကျော်ဝင်း (ကု-လား) အပြင်မိတ် - သီတာကျော်ဝင်း အပြင် ရန် + မိတ် တွဲစပ်နေတဲ့အမည်ဟုတ်ပြီ။ပတ်ဝန်းကျင်က ကျော်ဝင်းသမီးလို့ အသိအမှတ်ပြုခြင်းလက္ခဏာသည် အဲသည်အပြင်မိတ်ဆက်ဆံရေးဘက်မှာ သက်ရှိဖြစ်ဆဲကျော်ဝင်းက တစ်နိတ်တစ်ကဏ္ဍ သီတာအပြင်ရန်ကိုအထောက်အကူပြုပေးစေတယ်။ ဆိုလိုတာက ဖခင်နာမည်မပါသူသည် ၎င်း၏မူလနာမည်အတိုင်း အတွင်း၊ အပြင်အကျိုးသက်ရောက်မယ်။ ဖခင်နာမည်ပါသူသည် တစ်ဘဝ၌ ကဏ္ဍနှစ်ခုမှာတစ်ဆစ်ချိုးပြောင်းလဲစေတတ်ခြင်းပဲ။ အခု သီတာကျော်ဝင်း၊ ကျော်ဝင်းနာမည်၊ သီတာနာမည်နှစ်ခုမှ တစ်ခုအဖြစ် သက်ရှိဖခင်ရှိဆဲ တစ်ကဏ္ဍ၊ ဖခင်မရှိတော့စဉ်တစ်မျိုး ဘဝတစ်ဆစ်ချိုးအကွေ့ကြုံမှာ ကျော်ဝင်းမရှိသော်လည်း ကျော်ဝင်းနာမည်ရဲ့ရိုက်ခတ်မှုကို ရှောင်လွှဲမရနိုင်ဘူး။ သီတာ အပြင်ရန်ကို ဖခင်ရှိဆဲ ဖခင်မေတ္တာ၊ ဖခင်ကံအဟုန်ကြောင့် တိုက်ရိုက်လွယ်ကူစွာ ကျော်လွန်နိုင်ခဲ့မယ်။

နောက် လိင်ပေါ့။ အထီးလိင်၊ အမလိင်၊ ထီးမဒ္ဒန်တွဲလျက် နပုံသက လိင်သုံးမျိုး သဒ္ဒါကျမ်းဝေါဟာရဆိုင်ရာ တို့မှာရှိတယ်။ သာဝိတ္ထိဆန်းဗေဒင်မှာ အက္ခရာဖြင့် ဖို၊ မ ခွဲပြတာနဲ့တူတယ်။ ဒါပေမယ့် သဏ္ဌာန်ကွဲပြားတယ်။ သီတာကြားတာနဲ့ ဣတ္ထိလိင်၊ အမ ဆိုတာ သိကြပြီးသား။ ကျော်ဝင်း ပုရိသလိင်၊ ရှင်တယ်။ စန်းခိုင်၊ သန်းမြတ်စိုး၊ ခင်ညွှန့်၊ ခင်အေး၊ လွင်မော်၊ ခင်ဦး၊ ဝေလွင်စတာတွေ မကွဲဘူး။ ဒါ နပုံသကလိင် နာမည်ရှင်တွေပေါ့။ ပါဠိမှာဖြင့် ထင်ရှားတယ်။ သီလရှင်ဘွဲ့၊ သာမဏေဘွဲ့ အမည်တွေကို လိင်နဲ့ခွဲမည့်ရှိတယ်။ မှားရင်သွားပြီလေ။ ရှင်သီရိမာ မ,လိင်ကြီးမှည့်ထားရဲ့။ ပါဠိမှာ ကာရန္တနဲ့ခွဲပြတယ်။

ဒီကိစ္စက မင်းပိုသိပါတယ်။ နောက်တစ်ခါ ဆွေးနွေးကြတာပေါ့လေ။ ယခု သီတာကျော်ဝင်း၊ ကျော်ဝင်းမရှိတော့ရင် နာမည်ရဲ့ လိင်ပဋိပက္ခက သီတာထံ လွှမ်းမိုးတော့မယ်။ အက္ခရာဖို + မ + ဒွေးဒဟ (နပုံသက) ထက်စိတ်ပိုင်းဆိုင်ရာတွင် စိုးမိုးတတ်တဲ့ သဘောရှိတယ်"

"အဲသည် လိင်အမှားနာမည်ရှင် အပိုင်းက ကျယ်ဝန်းလှပါတယ်။ မြန်မာအသံဝေါဟာရ အသုံးအနှုန်းနဲ့ စိစစ်ရလိမ့်မယ်။ ပါဠိတော့ စည်းစနစ်အပြည့်နှင့် ဂေါတမ ပုရိသလိင်၊ ဂေါတမီ ဣတ္ထိလိင် သိသာတယ်။ ကျန်ဘာသာတွေလည်း ခွဲပုံထင်ရှားပါတယ်။ အင်္ဂလိပ်မှာ ကျား,ဆိုပါတော့ ။ဂျွန်၊ ဟင်နရီ၊ မိုက်ကယ်၊ မ,ကျတော့ မေရီ၊ ကက်သရင်း၊ စင်ထရာရယ်လို့ ငါ့သားရဲ့ အောက်(စ်) ဖို့ဒ်ဒီရှင်နရီစာအုပ်ရဲ့အဆုံးပိုင်း ကျား-မ နာမည်မှည့်ပုံအပိုင်းလေးကို ငါလေ့လာဖူးတယ်။

"ကဲ- အဆုံးပိုင်းသွားကြရအောင်၊ အန္တဂ္ဂဿညာမှည့်ရင် -

၁။ ဖခင် ရန်အမည်၊ ဆက်ဆံသူလည်း ရန်အမည်

၂။ ဖခင်၊ ဆက်ခံသူ နာမကွဲရတိုင် စဉ်ဇောက်ထိုးဆင်းအမည်

၃။ နှစ်ဦးစလုံး အနိဋ္ဌခွင်အမည်တို့ မမှည့်သင့်

အန္တဂ္ဂဿညာဆက်ခံသူရဲ့ မွေးသဏ္ဌာန်နဲ့ညီရှာရမယ်။ အရေးကြီးတာက မူလအတ္တပိုင်ရှင်ရဲ့နာမည်ပေးမှန်ဖို့ပဓာနကျပါတယ်။ သားသမီးက တစ်ယောက်တည်းမှမဟုတ်ဘဲ။ ဖခင်အမည်က ဆက်ခံသူချင်းမတူပါဘူး။



သီတာ+ကျော်ဝင်း



စန္ဒီ+ဝင်းကို (ဇောက်ထိုး)



(ရန်) သက်ချစ်+အောင်စိုး



နန္ဒာ+ချစ်သန်း(အနိဋ္ဌ)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမ္ဘအဆက်)

၁၉၄၈ ခုနှစ်၊ မတ်လနောက်ပိုင်း။ မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီ နယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရပြီးစကာလ စစ်ကိုင်းတိုင်း၊ မုံရွာ၊ ရွှေဘို နှင့် မူးမြစ်ကမ်းနံဘေးဆုံရာဒေသ အရာတော်မြို့နယ်၏ ရွာကလေးတစ်ရွာ။ ရွာနာမည်က အန္တော။ လယ်သူရင်းငှား ကိုဖိုးအောင်သည် မိဘတို့က လယ်ပိုင်ယာပိုင်မရှိသည့်အတွက် ငယ်စဉ်လူမှန်း သိတတ်စမှာ ဘုန်းကြီးကျောင်းသားဘဝ ဖြင့် အေးချမ်းခဲ့သော်လည်း (၁၃) နှစ်သားအရွယ်၌ မိဘတို့ အသက်ကြီးပြီ ဖြစ်သည်ကတစ်ကြောင်း၊ ညီအစ်ကို မောင်နှမကလည်း များများစားစားမရှိ။ နှမလေး (၂) ယောက်က ငယ်ငယ်မို့ ရွာဦးဘုန်းတော်ကြီးကျောင်းအား စွန့်လွှာခဲ့ရပြီး စပါးပေါ် ပေးနွှားကျောင်းသား ဘဝစခဲ့ရပါတော့သည်။ သူလူပျိုဖြစ်တော့ မြန်မာပြည်ကြီးလွတ်လပ်ရေးရပြီဟု အဘတို့ကပြောသဖြင့် ရွာသူရွာသားတွေမျော်သလို သူလည်းရောယောင်ပြီး မျော်ခဲ့ရသည်။ ယခင်ကလို မြို့အုပ်မင်း၊ နယ်ပိုင်ဝန်ထောက်မင်းကြွလာလျှင် မြေကြီးပေါ် ဒူးတုပ်ပြီး ဘုရားမထူးရတော့ဘူးဟု အဘကဆိုသည်။ သူကြီးကို

သန့်ရှင်းမေတ္တာရှိသည်

လည်း ကြောက်စရာမလိုတော့ဘူးတဲ့။ သူက သူကြီးကို ရွံကြောက်ကြီးဖြစ်သော်လည်း သူကြီးသမီး ရွှေမုံ့ကိုတော့ ချစ်သည်။ ရွှေမုံက အညာသူသာဆိုသည် အသားအရေက ဖြူဖွေးဝင်းလဲ့နေသည်။ သူကြီးသမီးအချောအလှမို့ ရွာမှာ ကွမ်းတောင်ကိုင်ပေါ့။

သူတို့ရွာလေးက အိမ်ခြေ (၁၀၀) ကျော်ခန့်ရှိပြီး စပါးစိုက်ကြသည့် လယ်သမားတွေများသည်။ မူးရေသောက်မူးရောင်သည့်ဒေသမို့ တောင်သာကြသည်။ ကာလသားခေါင်း လူပျိုကြီးကား ကိုကျော်မောင်။

သူက မြို့သို့ အရောက်အပေါက် များသလို မုံရွာနှင့် အရာတော်ကို ရွာနှင့် တံတားထိုးထားသလို ကူးသန်းနေသူ ဖြစ်၏။ စကားကြီးစကားကျယ်တွေကို လည်းပြောတတ်၏။ (၆) တန်းအောင်ထားသည့် သူပညာအရည်အချင်းသည် ရွာမှာ နည်းနည်းနောနောမဟုတ်။

အဘ၏ ငယ်နာမည်က မောင်ဖိုးအောင်။ လူပျိုဖြစ်တော့ ဖိုးအောင်ဟု သာခေါ်ကြ၏။ လသာသောတစ်ည၌ ရွာလယ်လမ်းဆုံ တမာပင်ကြီးအောက် ကွပ်ပျစ်မှာ ကာလသားတွေ စုဝေးစကားပြောကြတော့ ကာလသားခေါင်း ကိုကျော်မောင်က ထူးဆန်းသောစကား တစ်ခွန်းစ၏။

"တို့ဗမာပြည်ကြီးဟာ တကယ်တော့ အင်္ဂလိပ်လက်အောက်ကနေ လွတ်လပ်ရေးရတယ်ဆိုတာ အတုကြီးက။ သခင်နုတို့ဖဆပလနဲ့ အင်္ဂလိပ်တွေ ပေါင်းပြီးလုပ်ကြံထားတာ။ သခင်နုတို့က ခနရှင်ပဒေသရာဇ်ပျက်တွေက။ လွတ်လပ်ရေးဆိုတာ တကယ်တော့ တော်လှန်ရေးတစ်ရပ်ဆင်နွှဲပြီးတိုက်ယူမှရတာ"

ရွာမှ ကာလသားများက ကာလသားခေါင်း ကိုကျော်မောင်အား ငေးကြည့်နေကြသည်။ သူတို့သည် ဘုန်းကြီးကျောင်းထွက်များသာဖြစ်ကြလေသည်။ စာဆို၍ ဘုန်းကြီးကျောင်းမှာ သင်ခဲ့ရသော မင်္ဂလသုတ်၊ ပရိတ်ကြီး(၁၁)သုတ်၊ နမက္ကာရ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ဂဏန်းတွက်ပုံတို့အား ဆရာဘုန်းကြီး သင်ကြားပေးသဖြင့် တတ်မြောက်ခဲ့ရသည်။

ကိုကျော်မောင် ပြောပြတော့ မာ့စ်၊ လီနင်၊ စတာလင်၊ မော်စီတုန်း ဆိုတဲ့သူတွေသည် ဖြူသလား၊ မည်းသလားမသိ။ သူတို့က ဘယ်ကလူတွေလဲ။ ခေါင်းဆောင်ကြီးတွေဟုသိရသည်။ ဒါပေသိ သူတို့နားယဉ်နေသည်က သခင်သန်းထွန်းဆိုသော ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဖြစ်သည်။ ဒါကလည်း ကိုကျော်မောင် မကြာခဏပြောပြ၍ အကြားနှင့်ရင်းနှီးနေခြင်း ဖြစ်သည်။

"ငါတို့ ကွန်မြူနစ်ပါတီအောင်ပွဲခံရင် တို့လိုမြေမဲ့ယာမဲ့ကျောမွဲတောင်သူလယ်သမား၊ အလုပ်သမားတွေအားလုံး ချမ်းသာမယ်။ လယ်မရှိတဲ့သူတွေ လယ်ပိုင်ရမယ်။ ခေါင်းပုံဖြတ် လယ်ပိုင်ရှင်၊ မြေပိုင်ရှင်တွေ မရှိတော့ဘူး"

ကိုကျော်မောင်၏စကားများသည် သူတို့လိုလူတွေအတွက် သွားရည်ကျစရာကောင်းလှသည်။ အားတက်ဖွယ်ဖြစ်၏။

"မင်းတို့ စဉ်းစားကြပါ။ ငါတို့ ကွန်မြူနစ်ပါတီဟာ အလုပ်သမား၊ လယ်သမား လူတန်းစားကို ကိုယ်စားပြုပြီး တည်ထောင်ထားတဲ့ပါတီဖြစ်တယ်။ မြို့မှာဆိုရင်လည်း အလုပ်သမားတွေဟာ ငါတို့ရဲ့ပါတီထဲကို တဖွဲဖွဲဝင်လာနေကြတယ်။ မင်းတို့လို တောင်သူလယ်သမားတွေကို ငါတို့ပါတီက တံခါးဖွင့်ကြိုဆိုနေတယ်။ ငါတို့ရွာမှာဆိုကြည့်လိုက်။ လယ်မလုပ်တဲ့ မြေပိုင်ရှင်ကြီးတွေက စပါးပေါ်ရင် သီးစားခဆိုပြီး အကုန်သိမ်းပြီးတော့ လယ်မရှိတဲ့ မင်းတို့လို သူရင်းငှားတွေကို မဝရေစာကျွေးနဲ့ မင်းတို့ လူမွေးကောပြောင်ကြလို့လား။ သခင်နုတို့ ဖဆပလအစိုးရဟာ လယ်မဲ့ယာမဲ့ကျောမွဲလူတန်းစားတွေကို ဥပေက္ခာပြုပြီးတော့ မြေရှင်၊ ခနရှင်တွေတို့ မျက်နှာလိုက်နေတယ်။ ငါတို့ပါတီသာ အာဏာရရင် လယ်လုပ်သူ လယ်ပိုင်စေရမယ်။ ခနရှင်မြေပိုင်ရှင်ကြီးတွေလို့ မောင်းထုတ်ပစ်ရမယ်။ ငါတို့ပါတီရဲ့

www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်ချက်ကို သဘောကျလို့ ပျဉ်းမနားညီလာခံမှာ တက်ရောက်လာတဲ့ တောင်သူလယ်သမားထုကြီးဟာ သိန်းချီပြီးရှိတယ်။ မင်းတို့ မယုံမရှိကြနဲ့"

ကာလသားခေါင်းကိုကျော်မောင်၏ အာပေါင်အာရင်းသန်သန်ဖြင့် ဟောပြောနေမှုများသည် အသိပညာမဲ့သော ရိုးသားသည့် သူတို့လို တောင်သူလယ်သမားတွေအဖို့ အားကျစရာကောင်းသလိုလိုတော့ရှိသား။

ကာလသားတစ်ယောက်မှထမေးသည်။

"ကိုကြီးကျော်မောင်တို့ပါတီက ဘယ်တော့အာဏာရမှာလဲ"

"ပစ္စည်းမဲ့အာဏာကိုတည်ဆောက်ဖို့အတွက် လက်နက်ကိုင်တော်လှန်ရေးကသာ ပဓာနကျတယ်။ မကြာသေးမီက ပဲ ငါတို့ ပါတီဥက္ကဋ္ဌကြီး သခင်သန်းထွန်းနဲ့ ပါတီခေါင်းဆောင်တွေ တောခိုပြီး လက်နက်ကိုင်တိုက်ကုန်ကြပြီ"

"ကျွန်တော်တို့ ရွာကလူတွေက ဘာလုပ်ရမှာလဲ"

"မင်းတို့လိုလယ်သမားလူငယ်တွေ ငါတို့ပါတီထဲဝင်ပြီး တပ်နီတော်အင်အား ရှိဖို့ လက်နက်ကိုင်ကြပါ"

ရွာသားလူငယ်တွေ အံ့အားသင့်ကုန်ကြ၏။ ဖိုးအောင်၏ အတွေးဥ္ဒါသူကြီးအိမ်က နှစ်လုံးပြူးကြီးအားသွားမြင်မိသည်။ ပြီးတော့ သူကြီးသမီးရွှေမုံ့။

"ကိုကြီးကျော်မောင်၊ တပ်နီတော်ဆိုတာ အန္ဓိရောင်ဝတ်စုံနဲ့ ကော်ဂျီတွေလို ဝတ်ရမှာလား။ သူကြီးရဲ့ နှစ်လုံးပြူးလို သေနတ်မျိုးတော့မကိုင်ချင်ဘူး။ ရဲကင်းက တိုက်ပိုင်ကြီးကိုင်တဲ့ ခြောက်လုံးပြူးမျိုးကိုင်ချင်တယ်"

"စိတ်ချ-ခြောက်လုံးပြူးတင်မကဘူး။ စတင်းဂန်း၊ ဘရင်းဂန်း၊ ရိုင်ဖယ်တွေကိုပါကိုင်ရမယ်။ မင်းတို့ကိုပစ်တတ်အောင် သေသေချာချာသင်ပေးမယ်။ မင်းတို့သတ္တိရှိတယ် မဟုတ်လား"

"ရှိပါတယ်၊ မကြောက်ဘူး"

ကိုကျော်မောင်ကား သူစည်းရုံးထားသော ရွာသားလူငယ်များအားကြည့်ပြီး သဘောခွေ့နေပါတော့သည်။

ဤသို့ဖြင့် အရာတော်မြို့နယ်ရှိ တောရွာလေးများမှ လူငယ်၊ လူလတ်ယောကျ်ားများမှာ ဘုမသိဘမသိဘဲ ကွန်မြူနစ်ပါတီဝင်ဖြစ်ကုန်ကြပြီး တစ်ခါမှ မမြင်ဘူးသော ဘရင်းဂန်း၊ စတင်းဂန်း၊ ရိုင်ဖယ်သေနတ်ကြီးများကိုင်ရမည်ဆို၍ တက်ကြွသော ကြက်ဖများဖြစ်ကြ၍ အတောင်တဖြန်းဖြန်းခတ်ကုန်ကြပါတော့သည်။

❑

ဖိုးအောင်သည် တက်ကြွ၍ ဖျတ်ထိုးဥာဏ်ကောင်းသည်။ ကျန်းမာသန်စွမ်းသော လူငယ်တစ်ယောက်ဖြစ်၍ ကိုကျော်မောင်၏ လက်ရုံးသဖွယ် အားကိုးရ၏။ ကိုကျော်မောင်သည် တကယ်တော့ အရာတော်မြို့နယ် ဗမာပြည်ကွန်မြူနစ်ပါတီ (နှစ်ဖြူ) ကော်မတီဝင်တစ်ယောက် ဖြစ်သည်။ သူသည် ဖိုးအောင်အား ညစဉ် မှာစံ၊ လိနင်ဝါဒ၊ ဘော်ရှီဗစ်အတွေးအခေါ် စသည်များ အားသင်ပေး၏။ သို့သော် ဖိုးအောင်က ထိုသဘောတရားများအား နားမလည်။ သူနားလည်သည်က မြေမဲ့ယာမဲ့ကျောမွဲလယ်သမားလူတန်းစားတွေလွတ်မြောက်တော့မည်ဆိုသောအသိသာ ဖြစ်၏။ ပြီးတော့ အင်္ဂလိပ်ခေတ်၊ဂျပန်ခေတ်တစ်လျှောက် နှိပ်စက်ခဲ့သော သူကြီးဦးတင်မောင်၏ ရက်စက်မှုများနှင့် အလွန်ချောမောလွန်းလှသော သွေးသမီး ရွှေမုံ့တို့ အကြောင်းသာ ဖြစ်၏။

သူကြီးဦးတင်မောင်သည် အန္တရာလေး ကွန်မြူနစ်ပါတီဝင်တွေ ကြီးစိုးလာပြီကို သိသွားသောအခါ တိတ်တဆိတ် ရွာမှထွက်ပြေးလေတော့သည်။ မိသားစုလိုက်ထွက်ပြေးကြသဖြင့် သူကြီးအိမ်ကြီးမှာ လူမနေဘဲ ဟောင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေ၏။ ထိုအခါ ကိုကျော်မောင်က သူကြီး၏အိမ်ကြီးအား ပါတီရုံးဖွင့်လိုက် ပါတော့သည်။

တစ်ရက် အရာတော်မြို့မှ ကွန်မြူနစ်ပါတီခေါင်းဆောင်သခင်ကြီးစိန်နှင့် ဦးလဲရဲနီတို့ နောက်လိုက်နောက်ပါများဖြင့် ရွာသို့ရောက်လာကြသည်။ သခင်ကြီးစိန်က မိန့်ခွန်းပြော၏။ ရွာမှလူကြီး၊ လူငယ်၊ မိန်းမများပါမကျန် ရွာလယ်ကွက်လပ်ကြီးမှာ စုရုံးနားထောင်ကြ၏။ ရွာရှိ ကလေးများကား တစ်ခါမှ ဤကဲ့သို့ လူအများစုရုံးသည်ကို မတွေ့ဘူးကြ၍ ပျော်ပြီး လူအုပ်ကြီးအနီး ဖုတ်တောထဲ၌ ကိုယ်တုံးလုံးချွတ်လေးတွေနှင့် လူးလိမ့်ဆော့ကြ၏။ ကလေးတွေကိုကြည့်ပြီး ဂုတ်ကျား၊ ငနီ၊ အောင်နက်နှင့် ဖြူကြားမတို့ ခွေးစာစ်သိုက်ပါပျော်ပြီး လိုက်တမ်းပြေးတမ်း ဆော့ကြပါတော့သည်။ လူအုပ်ကြီးကား ဖုန်မှုန့်များ တထောင်းထောင်းထနေသောကွက်လပ်၌ ဂုတ်တုတ်လေးတွေထိုင်ပြီး ခါးမှာခြောက်လုံးပြူးခိုက်ထားသော ကွန်မြူနစ်ခေါင်းဆောင်သခင်ကြီးစိန်၏အက်တက်တက်အသံစူးစူးမိန့်ခွန်းအား နာခံကြရသည်။ (၂) နှစ်အတွင်း စစ်အနိုင်တိုက်မည်ဟုလည်းပါ၏။ အကုန်သိမ်း၊အကုန်ဝေဟုလည်းပါ၏။ နယ်ချဲ့လက်ပါးစေ အင်္ဂလိပ်၊ အမေရိကန်လက်အောက်ခံ ဓနရှင် ဖဆပလသခင်နုအစိုးရကို အမုန်းကြီးမုန်း၍ ဆန့်ကျင်ရမည်ဟုလည်းပြော ၏။

ရွာသားများကား သူတို့ပြောတာတွေအား စိတ်မဝင်စား။ သူတို့သိချင်သည်က ဘာတွေသိမ်းလို့ဘာတွေဝေမှာလဲဆိုတာပဲဖြစ်၏။ သခင်ကြီးစိန်မိန့်ခွန်းပြောပြီးသောအခါ ဦးလဲရဲနီက ကျေးရွာကာလသားအမာခံအယောက်(၂၀)အား ရိုင်ဖယ်သေနတ်တွေနှင့် ကျည်ဆန်များပေးသည်။ သူတို့သည် ကွန်မြူနစ်ပါတီ၏အမာခံရဲဘော်များဖြစ်သွားကြရတော့သည်။ ဖိုးအောင်က တပ်စိတ်ခေါင်းဆောင်ဆိုပြီး အကြီ၊ ဘောင်းဘီနှင့် စတင်းဂန်းတစ်လက်ပေး၏။ သူများတွေ ထက်ထူးပြီး စက်သေနတ်ကိုင်ရသဖြင့် ဖိုးအောင်၏ရင်မှာပို၍မောက်လာသည်။ ခြေဖျားတွေက ထောက်ကြွလာ၏။ ဦးလဲရဲနီက မိုးပေါ်ကို သုံးလေးချက်ပစ်ပလိုက်ဟု အမိန့်ပေးသည်။ ကိုကျော်မောင်သင်ပေးထားသဖြင့် သေနတ်ပစ်တတ်နေပြီဖြစ်သော ဖိုးအောင်က ဟန်ပါပါဖြင့် စတင်းဂန်းအား ညာလက်တစ်ဖက်တည်းဖြင့်ကိုင်ပြီး မိုးပေါ်သို့ သုံး လေးချက်ပစ်ပြလိုက်ရာ ရွာသားများကား မီးကိုရေနှင့်ငြိမ်းလိုက်သည့်အလားငြိမ်ကျသွားသည်။ ဆူညံစွာဆော့ကစားနေကြသောကလေးများသည် လူကြီးတွေ၏ ဒူးကြားထဲသို့ ပုဝင်ကြပြီးကုပ်နေကြ၏။ ပတ်ချာလည်ပြေး၍မြူးထူးနေကြကုန်သော ရွာခွေးများကား သေနတ်သံကြောင့် အမြီးကုပ်၍အိမ်ကြီးအိမ်ကြား သို့ ပြေးကြလေတော့သတည်း။

ကိုကျော်မောင်ကား သူ၏ခြောက်လုံးပြူးအား လွယ်အိတ်ထဲမှ ထုတ်ချည်သွင်းချည်ဖြင့် ဟန်တပြုပြုဖြစ်နေသည်။ ဦးလဲတွေမှ ခြောက်လုံးပြူးကိုင်ရတာဟု ကြွားလိုက်သေးသည်။

ဤသို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတစ်ခရိုင်လုံးသည် ကွန်မြူနစ်ပါတီနှစ်ဖြူတို့လက်အောက်သို့ ကျရောက်ခဲ့ပါလေတော့သတည်း။

❑

အန္တော၊ သပြေသာ အစရှိသော မူးမြစ်ကမ်းနဘေးရွာများမှ လယ်ဧကမြောက်မြားစွာပိုင်သော မြေပိုင်ရှင်ကြီးများ၏ လယ်တွေအား ကွန်မြူနစ်ပါတီခေါင်းဆောင်တွေ၏အမိန့်ဖြင့် အကုန်သိမ်း၊ အကုန်ဝေဟု ဆိုသည်။ သို့သော် မြေပိုင်ရှင်ကြီးတွေ အနည်းသာရှိသော သူတို့နယ်လေးတွင် လယ်ဆယ့်လေးငါးဧကဖြင့် လုပ်ကိုင်စားသောက်နေကြသော တောင်သူလယ်သမားတွေ ဒုက္ခရောက်ကြတော့သည်။ ဓနရှင်လူတန်းစားတိုက်ဖျက်ရေးဆိုပြီး ချမ်းသာသူကြေးရတတ်များအား ဆွဲချက်တင်၍ အိမ်ခြံ၊ နွားကအစ အကုန်သိမ်းပြီး မရှိဆင်းရဲသားများအား ခွဲဝေပေးသည်ဆို၏။

ကိုဖိုးအောင် ဝေပုံကျရလိုက်သည်က အိမ်တံခါးမကြီးတစ်ချပ်၊ ထုပ်တန်းတစ်ခုဖြစ်သည်။ ဒါတောင် တပ်စုမှူးဆိုသောအရှိန်ဖြင့် လက်သိပ်ထိုးပြီး သွပ်ပြား (၂) နှစ်ချပ်လာပေးသွားသော မြေယာဝေခြမ်းရေးကော်မတီဝင်တို့အား ကျေးဇူးတင်ရမလိုလို။

လယ်ပိုင်ရှင်တို့၏ လယ်များအား အကုန်သိမ်း၍ လယ်မရှိသူတို့အား ခွဲဝေပေးရာတွင် မြေတိုင်းစာရေးမရှိ မြေတိုင်းလုပ်ငန်းနှားမလည်ဘဲ လယ်မြေများအား လျှော်ကြေးဖြင့်ဆွဲပြီး အကွက်လိုက်ဝေသောအခါ ကျေးရွာလူဦးရေနှင့် လယ်ယာမြေမမျှ၍ တချို့တစ်ဧကရသည့်သူနှင့် တချို့ ဧကဝက်သာရသည်။ ကိုဖိုးအောင်ကတော့ ပါတီ၏တပ်စုမှူးဖြစ်နေသောကြောင့် အကွက်ကျယ်ကျယ်ရလိုက်၏။ သို့သော် ထိုမြေက စိုက်မရသောကျပ်တီးကုန်းကုန်းမြင့်ဖြစ်နေသည်။

တော်လှန်ရေး ရန်ပုံငွေအတွက် ဆက်ကြေးကောက်ရာတွင်လည်းလိုက်ရ၏။ ရိက္ခာအတွက် ရွာတွေကို အနိုင်ကျင့်ရ၏။ လူခွဲန်၊ မြေခွဲန်၊ စပါးခွဲန်စသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ပါတီရန်ပုံငွေရှာကြသောအခါ ကျေးရွာလူထုသည် ဗမာပြည်ကွန်မြူနစ်ပါတီ (နစ်ဖြူ) တို့၏ လုပ်ရပ်အား မယုံသင်္ကာဖြစ်လာကြသည်။ ဒါပေမယ့် အစိုးရအဖွဲ့အစည်းတွေက လက်လှမ်းမမီတော့နိုးရာဓားကြောက်နေရပြီး ခေါင်းငုံ့ခံနေကြရ၏။ ကိုဖိုးအောင်ပင်လျှင် ပါတီတပ်သားကြီးဖြစ်နေသော်လည်း ပါတီအပေါ် မယုံသင်္ကာဖြစ်လာ၏။ သူတို့ပါတီ၏ ပစ္စည်းမဲ့တော်လှန်ရေးသည် တကယ်တော့ ပစ္စည်းမဲ့လူတန်းစားအား ညှင်းပန်းနှိပ်စက်နေခြင်းသာဖြစ်သည်ကို မျက်ဝါးထင်ထင် မြင်တွေ့လာရ၏။ သို့သော်လည်း မပြောရဲဘဲ နှုတ်ဆိတ်နေရ ၏။ တော်ကြာ ဖောက်ပြန်ရေးသမားဆိုင်းဘုတ်တပ်ပြီး ဂုတ်ကြီး၊ ငဆော်ကြီးနှင့်တွေ့သွားလျှင် လူဘဝဇာတ်သိမ်းသွားနိုင်သည်။

တိုင်းပြည်တစ်ပြည်လုံးမှာလည်း အလံနီကွန်မြူနစ်၊ ရဲဘော်ဖြူ၊ ကေအင်ဒီအို ကရင်သူပုန်၊ ဗမာပြည်ကွန်မြူနစ်ပါတီ (အလံဖြူ) သောင်းကျန်းသူတွေက လက်လှမ်းမီရာ နယ်တွေကိုသိမ်းနေကြသဖြင့် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံသည် အရှုပ်ထိုင်းနေသည့်ပမာဖြစ်နေရ၏။ ဖဆပလအစိုးရနှင့် တပ်မတော်သည် တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အခါခါ ဖိတ်ခေါ် ဆွေးနွေးသော်လည်း သူတို့ကိုယ်သူတို့အထင်ကြီးလွန်းကြသော သောင်းကျန်းသူတို့သည် ဖဆပလအစိုးရပြုတ်ကျတော့မည်။ သူတို့နောက်တွင် ပြည်သူလူထုရှိသည်အထင်ဖြင့် ငြိမ်းချမ်းရေးအား လက်မခံဘဲ လက်နက်ကိုင်ပြီး ပို၍ပင်ဆူပူလာကြတော့၏။

❑

ကိုဖိုးအောင်တို့၏ ကွန်မြူနစ်တပ်များအား အစိုးရစစ်တပ်မှ မြို့သိမ်းတိုက်ပွဲတွေဆင်နွှဲလာသောအခါ ရင်ဆိုင်မတိုက်ဝံ့ဘဲ ထွက်ပြေးကြရသည်။ သူတို့ဆရာကြီးများ၏ နှစ်နှစ်အတွင်းစစ်အနိုင်တိုက်ရေး၊ အာဏာသိမ်းရေး၊ နိုင်းရေးရည်မှန်းချက်ကြီးသည်လည်း ဟိုလိုလိုသည်လိုလိုဖြင့် အရှက်ကြဲရွှတ်သိမ်းခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

ပြီး ရေရှည်စစ်ပြောက်ကျားစစ်ဆိုပြီး ထပ်မံ၍ အမိန့်ပေးလာပြန်ပါသည်။ သူသည် လက်နက်ကိုင်လမ်းစဉ်ကြီးကို ရွံရှာလာ၏။ လူသတ်၊ တံတားခိုး၊ မြို့ရွာမီးရို့၊ ဘဏ်တိုက်ဖောက်ပြည်သူလူထုအား ဓားပြဆန်ဆန်လုပ်နေသောလုပ်ရပ်များအား ဆက်မလုပ်ချင်တော့။ ထို့အခြိန်ခါမှာပင် ဖဆပလအစိုးရက ပြည်တွင်းမှာ ငြိမ်းချမ်းရေးလိုချင်နေကြသော ပြည်သူလူထုကြီး၏ ဆန္ဒနှင့်အညီ လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ အလင်းသို့ဝင်ရောက်ခဲ့လျှင် လူသတ်၊ ဓားပြတိုက်၊ မုဒိန်းမှုများမှလွဲ၍ လွှတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ကြေညာချက် ထုတ်ပြန်ပါသည်။

သူ အကြိမ်ကြိမ် စဉ်းစားသည်။ မဟုတ်မမှန်တာ မလုပ်ချင်သော သူ၏ မွေးရာပါဒီဇသည် ခိုးဓားလာခဲ့ပြုဖြစ်ရကား ခိုးစပ်ရာ တပ်စခန်းသို့ ဆက်သွယ်ပြီး လက်နက်ချလိုက်ပါတော့သည်။ တပ်မတော်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သည်သာရှိသည်။ အပြစ်မဲ့ပြည်သူအား သူ မသတ်ခဲ့။ "ဓားပြ၊ မုဒိန်းမှုဆိုတာ ဝေဟေးမို့ သက်ဆိုင်ရာမှ သူ့အား ကောင်းမွန်စွာလက်ခံပြီး အကူအညီပေးခဲ့သည်။

သို့သော် သူသည် အရာတော်သို့ပြန်၍မရသေးပါ။ သူတို့နယ်မှာ တချို့သောမြေအောက်ပါတီဝင်တွေကျန်သေးသည်ဖြစ်၍ သူ့အား သစ္စာဖောက်အဖြစ် သတ်မှတ်လိုက်ကြသည်။ ထို့အတွက်ကြောင့် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ပိုက်ဆံအနည်းငယ်ဖြင့် မန္တလေးဘက်ထွက်လာခဲ့တော့သည်။

ထိုအခြိန်မှာပင် ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ခြေလျင်လျှောက်ပြီး ကြေးစည်ထု၍ မေတ္တာပို့နေသော ယတ္တန်းစင်တောင် ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော အဘဦးရဲသူနှင့် တွေ့ဆုံခဲ့ပါတော့သည်။

❑

"မောင်ဖိုးအောင်၊ အခြိန်တန်ရင် ငါနဲ့တွေ့ရမှာပို့ မင်းကို ငါ မန္တလေးမှာ လာစောင့်နေတာ။ ကဲ - ကွန်ပြူနှစ်လူထွက်ကြီး ဗုဒ္ဓဘာသာရဲ့ အဆုံးအမ အောက်ကို ဝင်ရောက် ခိုလှုံဖို့ပြင်တော့ အခြိန်ကျပြီ"

ကိုဖိုးအောင်သည် ဘယ်ဘဝက ရေစက်မှန်းမသိပါ။ အဘဦးရဲသူအား တွေ့သည့်အခြိန်မှစပြီး ဦးချကန်တော့၍ ကြည်ညိုစိတ်ဖြင့်သာကြည့်နေပါသည်။ လမ်းမှာ သွားလာနေကြသောလူတွေက လွယ်အိတ်စုတ်ကြီးလွယ်လျက် ကြေးစည်ကြီးကိုင်ပြီး အာလူးသီးလောက်ပတီးကြီးဆွဲထားသော ညစ်ပတ်နေသည့်စိတ်ရောဂါသည်လိုပုဂ္ဂိုလ်အား ထိုင်ကန်တော့နေသော သူအား အထူးအဆန်းသဖွယ်ကြည့်ကြ၏။ သူတို့ ဆရာတပည့်နှစ်ယောက်က ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ပြောစရာရှိတာပြောပြီးကြသည်နှင့် ခရီးထွက်ဖို့ပြင်ကြပါတော့သည်။ ဦးတည်ရာကား - မတ္တရာနှင့် စဉ့်ကူးနယ်စပ်ရှိ ယတ္တန်းစင်တောင်။

❑

"အဲဒီအခြိန်ကစပြီး အဘဟာ ဆရာဦးရဲသူနဲ့ မြန်မာပြည်အနှံ့လျှောက်လိုက်ပြီး ကျင့်စဉ်အမိုးမိုးကျင့်၊ အဓိဌာန်တွေဝင်၊ ပညာစခန်းတွေအမျိုးမျိုးတက်ခဲ့ရတာပေါ့။ ဆရာကြီးတွေလည်း ထွက်ရပ်လမ်းကိုမြန်းကုန်ကြပါပြီ။ အဘတို့က ဂန္ဓာရီလမ်းကိုဆက်လျှောက်နေရတုန်းပဲ။ ယတ္တန်းစင်တောင်အဆက်ပဋ္ဌာန်းဆက်ဖြစ်ဘဲ့ မင်းတို့လိုလူတွေကို လမ်းမမှားရအောင် ပဲ့ကိုင်ပေးရမယ့် တာဝန်တွေကရှိသေးတယ်လေ"

အဘသည် စကားအရှည်ကြီး ပြောရင်း မောသွားဟန်ဖြင့် ရေနွေးကြမ်းခွက်အား လှမ်းကိုင်လိုက်သည်။ ကိုသိန်းအောင်က ရေနွေးကြမ်းငဲ့ပေးရင်းဖြင့် -

"အဘ ကျွန်တော်တို့ ရေတွက်ခွန်တောင်မှာ အဓိဌာန်ပြီးရင် ဘယ်ကို ခရီးဆက်ကြမှာလဲ"

"သထုံကို ခရီးဆက်ကြမယ်။ သာသနာအစ သထုံကတဲ့။ မင်းခန္ဓာကိုယ်ထဲမှာ သာသနာပြုဓာတ်တွေ အခြေတည်သွားအောင် သထုံမြသပိတ်တောင်ကိုသွားကြမယ်။ ဒီမှာ အဓိဌာန် (၄၅) ရက်လည်းပြည့်လုနီးပါပြီ။ ဒါနဲ့ လူလေးကို အဘလက်ဖွဲ့တစ်ခုချိုးမြွှင့်ရမယ်။ ရော့ - လည်ပင်းမှာဆွဲထား"

အဘပေးသော ပရိတ်ကြိုးနှင့် ချည်ထားသည့်ကြေးပြားလိပ်လေးအား လည်မှာဆွဲထားလိုက်သည်။ တြိသီဟောဂါထာအား အဖုံးတစ်အင်း၊ အပိတ်တစ်အင်း သိမ်ဝင်ကြေးပြားမှာ ချပြီး အဆောင်လုပ်ပေးထားခြင်း ဖြစ်သည်။ နယ်စုံသွားရတော့မှာဆိုတော့ စုန်းပယောဂ၊ မကောင်းဆိုးဝါးများ မနှောင့်ယှက်နိုင်ရန် စီရင်ထားသည်ဟု ပြောသည်။

❑

လတစ်ခြမ်းပဲ ဖန်မီးအိမ်သည် ကြယ်အပေါင်းခြံရဲလျက် ကောင်းကင်၌ ခိုတွဲနေပါသည်။ မြသပိတ်စေတီတော်ကြီး၏ ထီးတော်မှ ဆည်းလည်းလေးများအား ပင်လယ်ဆားငွေ့လေတို့က တို့ထိပူဇော်လျက်ရှိသည်။ ရောင်နီသည် ပုစွန်ဆီသွေး အပြည့်နှံရာမှပြေလာ၏။ တောင်ခြေ ဘုန်းတော်ကြီးကျောင်းမှ ကလတက်ခေါက်သံကြားရ၏။ တောင်ခြေရွာလေးများမှ အိမ်ကြက်တို့ တွန်သံကြားကြပြီ ဖြစ်၏။

ကိုသိန်းအောင် အိပ်ရာမှထပြီး နာရီကြည့်လိုက်တော့ နံနက် (၄) နာရီခွဲ အဘသည် ဇရပ်ပေါ်ရှိ ဘုရားဆင်းတုတော်ရှေ့၌ ဖယောင်းတိုင်မီးပူဇော်ပြီး တရားမှတ်နေသည်မှာ ဘယ်အချိန်ကတည်းက စခဲ့သည်မသိ။ မျက်နှာသစ်ကိုယ်လက်သန့်စင်ပြီး အနွေးထည်ဝတ်၍ မြသပိတ်စေတီတော်ကြီးဘက်ထွက်လာခဲ့သည်။ လတစ်ခြမ်းပဲ့၏ အလင်းရောင်သည် အရုဏ်ဦးအလင်းအား အနှံ့မပေးနိုင်သေးဘဲ ရင်ပြင်တော်အား စွေစောင်းစောင်း အလင်းပြန့်လျက်ရှိသည်။ အဓိဌာန်ပုတီးစိပ်ရန် သတ်မှတ်ထားသော တနင်္ဂနွေထောင့်သို့အရောက် ခွေးတစ်ကောင်အိပ်နေသည်ကို တွေ့ရသည်။ ဒီအချိန်ကြီး ဘယ်ကခွေးတောင်ပေါ်တက်လာသည်မသိ။ တောင်အောက်ဘုန်းကြီးကျောင်းက ခွေးတွေတစ်ခါတစ်ရံ တောင်ပေါ်တက်လာသော်လည်း နေမစောင်းမီ ပြန်ဆင်းသွားကြသည်သာ ဖြစ်၏။ သေသေချာချာကြည့်လိုက်မှ ခွေးသည် နက်မှောင်နေပြီး ခန္ဓာကိုယ်က တော်တော်ထွားကျိုင်းသည်။ သူက 'ဟဲ့ - ခွေး' ဟု ငေါက်ပြီး မောင်းလိုက်သော်အခါ မျက်စိဖွင့်၍ နားရွက်ခွင့်ပြီး သူ့အားကြည့်သည်။ ခွေးမျက်စိတွေက အစိမ်းရောင်တောက်ပြီး စူးရဲနေသည်မှာ ကြည့်ရင်းဖြင့် ကြက်သီးဖြန်းခနဲထလာသည်။ ရုတ်တရက် ခြေတစ်လှမ်းနောက်ဆုတ်လိုက်မိ၏။ ခွေးသည် သွားဖြဲ၍ မာန်ဖီလိုက်ပြီး ကုန်းထ၍ ခေါင်းကိုခါလိုက်သည်။ ထို့နောက် ခြေစုံရပ်၍ သူ့အားစိုက်ကြည့်နေ၏။ ခွေးမျက်လုံးများ ပို၍တောက်ပလာသည်ထင်ရ၏။ တဂိုးမာန်ဖီရင်း လျှာကြီးကတွဲလောင်းကျနေသည်။

လည်ပင်းမှာဆွဲထားသော အဘပေးထားသည့် လက်ဖွဲ့အား ဆုပ်ကိုင်လိုက်ပြီး အင်းနှိုးဂါထာအား ရွတ်ဆိုလိုက်သည်။ ခွေးနောက်ကြိုးသည် ရုတ်တရက် နောက်ဆုတ်သွားသည်။ ထို့နောက် တဖြည်းဖြည်း ကိုယ်ခန္ဓာသေးသေးလာ

www.burmeseclassic.com

www.burmeseclassic.com

ပြီး မာန်ဖိခြင်းမရှိတော့ဘဲ နောက်ဆုတ်နောက်ဆုတ်ဖြင့် ခပ်လှမ်းလှမ်းရောက်တော့ ပျောက်ကွယ်သွားတော့သည်။

သူကိုယ်သူ ပြန်လည် သုံးသပ်ဆင်ခြင်မိ၏။ သူ့မေတ္တာစိတ်များသည် မစူးရှသေးပါလား။ ထို့အတွက်ကြောင့် နာနာဘာဝတွေ လာရောက်နှောင့်ယှက်ခြင်းဖြစ်မည်ဟု တွက်မိသည်။ အဓိဌာန်ပုံတီးပတ်ပြီးတော့ တောတောင်တစ်ခိုမှ မြင်အပ်၊ မမြင်အပ်သော သတ္တဝါများအားဖိပြီးမေတ္တာပို့နေမိပါသည်။

❑

"လူလေးစိတ်တွေ အနည်မထိုင်သေးလို့ ဒါတွေကိုတွေ့နေရတာပေါ့။ သမာဓိတွေအားကောင်းလာတာနဲ့အမျှ ကိုယ့်ရင်ထဲက အေးချမ်းတဲ့မေတ္တာဓာတ်ကို ပို့သရာမှာ အားကောင်းလာလိမ့်မယ်။ သီလလည်းလုံမဲ့ သမာဓိလည်း တည်ကြည်မယ်။ ဒေါသ၊ လောဘ၊ မောဟတွေ တဖြည်းဖြည်းကင်းလာတာနဲ့အမျှ မင်းရဲ့မေတ္တာဟာ အောင်ပြီသာမှတ်တော့။ ဒီနေ့ကစပြီး အဓိဌာန်ပုံတီးပတ်ချေပြီးတာနဲ့ ထွက်သက်၊ ဝင်သက် အာနာပါနကမ္မဋ္ဌာန်းကိုစပြီး ရှုပေတော့။ ထွက်လေ၊ ဝင်လေကို လုပ်မရှုနဲ့၊ ချုပ်မရှုနဲ့။ သူ့အတိုင်း နာသီးဖျားမှာ ဝင်တိုင်း၊ ထွက်တိုင်း သတိလေးကပ်ထား။ စစချင်းရှုမှတ်ရင် ဂဏနာနည်းအတိုင်း ဝင်လေတစ်၊ ထွက်လေတစ် ဆိုပြီးမှတ်။ ခုနစ်ခါပြည့်ရင် တစ်ကပြန်မှတ်။ အဲဒီအခါမှာ ဝင်လေ၊ ထွက်လေအကြား စိတ်ပျံ့လွင့်တာနည်းသွားလိမ့်မယ်။ ပုတီးစိပ်တာက ဗုဒ္ဓါနုဿတိဆိုပေမယ့် သမာဓိတည်ကြည်ဖို့က အာနာပါနသာလျှင် အဓိကကွယ်"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် ကြိုးစားပါ့မယ်"

အဘပြောသည့်နေ့မှစ၍ သူသည် ပုတီးစိပ်ပြီးသည်နှင့် အာနာပါနကမ္မဋ္ဌာန်းအား ကြိုးစား၍ရှုမှတ်ပါတော့သည်။ ထိုအခါ သူ့စိတ်များသည် ယခင်ကကဲ့သို့ နောက်ကျိနေခြင်း၊ မရေရာသောအတိတ်နှင့် အနာဂတ်အတွက် ဝေဝါးပျော့ညံ့နေခြင်းများ မရှိတော့ဘဲ ပေါ့ပါးလန်းဆန်းလျက် ရှိနေပါတော့သည်။

ဤသို့ဖြင့် (၁၀) ရက်ခန့်ရှိလာသောတစ်နေ့ စေတီရင်ပြင်တော်အာရုံခံတန်ဆောင်းအတွင်း တစ်ယောက်တည်းထိုင်ပြီး မေတ္တာသုတ်တော်အား ရွတ်ဖတ်ပူဇော်နေသည်။ အဘက တစ်နေရာတစ်မောအိပ်နေသည်။ မြသပိတ်တောင်ပေါ်၌ ဘုရားဖူးရှင်းလှသည်။ ဇာန်ဆောင်းကြီးအနီးရှိ သရက်ပင်ပေါ်မှ ဥဩငှက်တစ်ကောင်သည် လွမ်းလောက်စရာကောင်းလောက်အောင်တွန်ကျူးနေပါသည်။

မေတ္တာသုတ်အား ရွတ်ဖတ်ရင်း ကွဲကွာကွေ့ကွင်းရသော ချစ်ဇနီးနှင့် သားငယ်အား သတိရမိသည်။

"ဖျပ်. . . ဖျပ်. . . ဖျပ်. . . ဖျပ်"

သရက်ရွက်ခြောက်များအား နင်း၍လျှောက်လာသောခြေသံကို ကြားရသည်။ တောင်ပေါ်သို့ ဘုရားဖူးတွေ ရောက်လာကြပြီထင့်။ တန်ဆောင်းထဲဝင်လာသည်။ သူ့အနီးမှာ ခြေသံပျောက်သွား၏။ မိတ်ထားသော မျက်စိအား ဖွင့်ကြည့်လိုက်တော့ ချောမောလှသော မိန်းမပျိုလေးတစ်ယောက် ဖြစ်နေသည်ကိုတွေ့ရသည်။ ရှိလှ ဆယ့်ရှစ်၊ဆယ့်ကိုးနှစ်ပေါ့။ ဖြူစင်သော အသားအရေနှင့် မျက်နှာကျက်ကြည့်ရသည်မှာ မွန်တိုင်းရင်းသူလေးဖြစ်ပုံရ၏။ သူမသည် ရုပ်ပွားဆင်းတုတော်အား ဦးချကန်တော့ပြီး နောက် သူဘက်သို့ လှည့်၍ ပြုံးပြသည်။ သူပြန်ပြီးပြုံးပြလိုက်သည်။

"ဦးလေးက သတုံမြို့ပေါ်ကပဲလား"

"မဟုတ်ပါဘူး၊ နယ်ကပါ။ မြသပိတ်တောင်စေတီမှာ အဓိဌာန်လာဝင်တာပါ"

"သမီးက တောင်ခြေက ဒူးရင်းခြံမှာနေတယ်လေ။ ဒီနေ့မှာမှ တောင်ပေါ်တက်ပြီး ဘုရားဖူးချင်စိတ်ပေါ်လာတာနဲ့ တက်လာခဲ့တာ။ ဦးကဘုရားမှာအဓိဌာန်ဝင်တာ ရက်ကြာဦးမှာလား"

"တစ်လလောက်တော့ ကြာဦးမယ်ထင်တာပဲ"

"ဒါဆို သမီးလည်း အဖော်ရပြီ။ နေ့ခင်းဘက် တောင်ပေါ်တက်လာခဲ့မယ်။ ဘုရားဖူးရင်း စကားပြောဖော်မရှိလို့ပျင်းနေတာ"

အရွယ်ရောက်နေသော မိန်းမပျိုတစ်ယောက်နှင့် စေတီရင်ပြင်တော်ပေါ်တွင် အတူရှိနေသည်မို့ ကိုယ့်စိတ်ကို ကိုယ်မလုံပါ။ စိတ်ကသာယာချင်သလိုဖြစ်လာ၏။ အရွယ်ကောင်းတုန်းယောကျ်ားတစ်ယောက်အနေဖြင့် လှပချောမောသော မိန်းမပျိုတစ်ယောက်နှင့် ရင်းနှီးစွာ စကားပြောလာရသော အခါ နှလုံးခုန်မြန်ချင်လာ၏။ အေးအေး၊ ပြောတာပေါ့ဟု စကားတိုတိုဖြတ်၍ မေတ္တာသုတ်အား ဆက်ရွတ်နေလိုက်သည်။

နောက်နေ့ နေ့ခင်းဘက်အချိန် ရောက်သော် ထိုမိန်းကလေးရောက်လာပြန်၏။ ဆနပ်ခါးနဲ့သင်းသင်းလေးသည် သူ့စိတ်တွေကို ကပြောင်းကပြန်ဖြစ်လောက်သည်အထိ နှောင့်ယှက်နေတော့သည်။ ရှည်လျားသောဆံပင်နက်မှောင်ထွေးမှာ နှင်းဆီနီနီရဲရဲတစ်ပွင့် ပန်ထားသည်။ မိန်းကလေးသည် စကားပြောလျှင် ချိုနှဲ့သောအပြုံးဖြင့် ပြောတတ်သည်။ တစ်ခါတစ်ရံ တစ်ကိုယ်လုံး လှုပ်ခါမတတ်ရယ်ပြီးလည်းပြောတတ်၏။ ကိုသိန်းအောင် ရွတ်ဖတ်နေသော မေတ္တာသုတ်သည် ထိုမိန်းကလေးအပေါ် ဘယ်လိုစူးရှနေသည်လည်းတော့မသိ။ ထိုမိန်းကလေးက ပို၍ရင်းနှီးလာဟန်ပြသည်။ သူတို့၏ ဆောင်ခြေဒူးရင်းခြံသို့ လိုက်လည်ပါလားဟု ဖိတ်ခေါ်သည်။ အဘသိသွားလျှင် ဆူမှာစိုး၍ လိုက်မသွားရဲ၊ လိုက်တော့လိုက်ချင်သား။

နောက်နေ့တွေမှာလည်း ရက်ဆက်ဆိုသလိုရောက်လာ၏။ ရင်ပြင်တော်နှင့် မလှမ်းမကမ်း သရက်ပင်ခြေရင်းမှာထိုင်၍စကားပြောဖြစ်ကြသည်။ ကိုသိန်းအောင် မေတ္တာသုတ်ဝတ်ရွတ်စဉ်ပျက်လေပြီတည်း။ သူမပြန်သွားမှ ကမ္မောကသောရွတ်ရလေတော့သည်။ ရွတ်နေရင်းနှင့် စလယ်အဆုံးမှားလိုမှားဖြစ်ရ၏။

ဤသို့ဖြင့် တစ်ရက်နေ့လယ်ခင်းအချိန် ပုတီးစိပ်ပြီးသောအခါ သူမရောက်လာ၏။ တန်ဆောင်းထဲမှာထိုင်ပြီးစကားပြောနေတုန်း အဘရွတ်တရက်ရောက်လာ၏။

"သမီးလေးက ဘယ်အရပ်ကလဲကွယ့်"

"သမီး တောင်ခြေဒူးရင်းခြံကပါ။ ဒီကဦးနဲ့ခင်နေတာ"

"အေးအေး - ကောင်းတာပေါ့ကွယ်။ ငါ့သမီးလေးက အချောလေးပဲ။ မိဘတွေရှိကြတယ်မဟုတ်လား"

"ရှိကြပါတယ် အဘ"

"ရောရော - ကြုံတုန်း ငါ့သမီးစားလိုက်။ အဘလိမ္မော်သီးယူလာတယ်"

အဘသည် အခွံနွာပြီးသားလိမ္မော်သီးစိတ်များအား ထိုမိန်းကလေးသို့ ကျွေးလေသည်။ ထိုမိန်းကလေးသည် လိမ္မော်သီးစိတ်များအား ကုန်အောင်စားပြီးသည်နှင့် တစ်ဖြိုင်နက် ကိုသိန်းအောင်နှင့် အဘအား စကားတစ်ခွန်းမှ လှည့်မပြောတော့ဘဲ ချာခနဲ တောင်ပေါ်မှဆင်းသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ ထိုမိန်းကလေးအား အံ့အား သင့်သလိုငေးကြည့်နေမိပါသည်။ ဘယ်လိုဖြစ်သွားသည်မသိ။ ထူးဆန်းလိုက်တာ။ စောစောက အကောင်း၊ အခုကျတော့ မသိသလိုကြီး။

"အင်း - အမှောင့်ပယောဂတွေကပ်လာရင် ဒီလိုချည်းပါပဲလေ လူလေးရဲ့။ တို့တွေရဲ့ခရီးလမ်းမှာ တစ်ခါတလေ ဝိသဘာဂအနှောင့်အယှက်တွေ ဝင်တတ်တယ်။ မင်းတို့လို အရွယ်ကောင်းယောကျ်ားလေးတွေဆို ပိုပြီးသတိထား။ ဒီမိန်းကလေးဟာ ပုံမှန်စိတ်မဟုတ်ဘူး။ သူ့ကို တစ်စုံတစ်ခုက ပူးကပ်နေတာ။ အဘဲ တရားထိုင်နေတုန်း အာရုံထဲမှာ ပေါ်လာလို့ ထွက်လာခဲ့တာ။ မင်းကိုသူ ဒီနေ့ ဒုးရင်းခြံထဲ အပါခေါ်တော့မယ်။ မင်း စိတ်တွေလှုပ်ရှားနေတယ် မဟုတ်လား"

သူ ဘာမှဆက်မပြောရဲဘဲ ငြိမ်နေလိုက်ပါသည်။ သူ့အပြစ်နှင့်သူကိုး။ အဘက မိန်းမအဖျက်က အင်မတန်ကြောက်စရာကောင်းတယ်ဟု တိုးတိုးလေးပြောရင်း ဇရပ်ဆီသို့ထွက်သွားပါတော့သည်။

❑

နတ်တော်လပြည့်နေ့ ညသန်းခေါင်ယံအချိန်။

စန်းသော်တာငွေလသည် မိဂသီနက္ခတ်နှင့် တောင်၊ မြောက်ယှဉ်ပြိုင်ထွန်းလင်းလျက်။ ကောင်းကင်တစ်ခွင်လုံးသည် မြူတိမ်ကင်းလျက် ငွေစန္ဒာလမင်းအား ကြယ်တာရာနက္ခတ်ပေါင်းစုံတို့ ခစားလျက်ရှိကြသည်။ ညသည် အအေးပိုလာ၏။ သူသည် အနွေးထည်ကျကင်အား တင်းတင်းစေ့လျက် ခေါင်းစွပ်အား နားရွက်လုံအောင်ဆွဲချိုး အဘနှင့် မနီးမဝေးတွင် ထိုင်နေ သည်။

သူတို့ရောက်နေသည့် နေရာက ပဲခူးရွှေမော်ဓောစေတီကြီးရင်ပြင်တော်ပေါ်၌ ဖြစ်၏။ လုံခြုံရေးတာဝန်ကျသူက ဂန္ဓာရီလှည့်နေသည့် ဘာသာရေးသမားတွေမှန်းသိသောကြောင့် ကိစ္စပိစ္ဆိုပြီး သည်အထိ နေခွင့်ပြုထားသည်။ ရင်ပြင်တော်ပေါ်၌ကား လူသူကင်းရှင်းလျက်။ မြောက်လေအဝေ့ဝတ်တွင် ဆည်းလည်းသံလေးများက တချွင်ချွင်မြည်နေသည်။ အအေးဓာတ်ကလည်း ပို၍ကဲလာသည်။

'နှင်းသွန်းခိုက်ကြဲ၊ သလွန်ဘုံမှာ၊ ခြံသူမရှိ၊ တစ်ကိုယ်တည်း အိခိုက်မို့' စသည်ဖြင့် စာဆိုတော် မယ်ခွေတို့ ချမ်းညည်းညည်းခဲ့ကြသည်မှာ ဤလို ရာသီမျိုးဖြစ်မည်။

'စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတော တောင်၊ နေရောင်မခံ၊ ပန်းပျံပင်ဆွဲ မြေနှင့်ရန်ဘက်' စသည်ဖြင့် လည်း ကောင်း. . . ၊

'စုံမြိုင်တွင်းမှာ ကြိုင်သင်းတော လုံး၊ ရန်ဖူးသား၊ ပတ်ကုန်ဝန်းကျင်၊ မြေတွင်မပေါက်၊ ပင်ပေါ် ပေါက်သည်၊ နှင်းပေါက်ရွှင်ရွှင်၊ ဖူးတန်ဆင်လျက်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်တင့်သို့၊ လှတင့်စိန်ဖွေး၊ နတ်ပန်းမွှေး' ဟူသည့်အတိုင်း တောသဇင်တို့ မြိုင်ရိပ်ထဲမှာ ပင်လုံးမွှေး ကြပေလိမ့်မည်။

အရွေ့မိုးကုပ်စက်ဝန်းနှင့်ကောင်းကင်ထိပ်ရိပ်ကြား မရောက်တရောက် တွင် လိပ်ကြယ်စုကို တွေ့နေရပါသည်။

'နတ်တော်ခါမို့၊ ဓနခြီ၊ မိဂသီရောင်တဆန်း' တု ကင်းဝန်မင်းကြီးက စပ်ဆိုခဲ့ပါသည်။ ထိုလိပ်ကြယ်စု၏ မြောက်ဘက်ထိပ်ချွန် ကြယ်မှိန်မှိန်သုံးလုံးမှာ လိပ်ခေါင်းခေါ် မိဂသီနက္ခတ် ဖြစ်ပါသည်။ လိပ်ခေါင်း၏ တောင်ဘက်နားရှိ အထက်အောက် ကြယ်ပြောင် နှစ်လုံးမှာ လိပ်လက်များ ဖြစ်ပါသည်။ လိပ်လက်များ၏ တောင်ဘက်တွင် အထောင်လိုက် ကြယ်သုံးလုံးတန်းရှိ၏။ ယင်းမှာ မောင်ရင်ဆိုင်ထမ်းကြယ်ဖြစ်ပါသည်။ ထိုဆိုင်းထမ်းကြယ်၏ တောင်ဘက်ရှိ အလှလိုက်ကြယ်တန်းမှာ 'ရေမှတ်တမ်း' ကြယ်စုဖြစ်သည်။ ထိုကြယ်စုတို့သည် လူတို့၏စိတ်ကို ဆွဲဆောင်နိုင်စွမ်းသောကြယ်များဖြစ်၍ ဦးတိုးက 'မိဂသီတောင်မှာ၊ မောင်ရင်ဆိုင်းထမ်း၊ ရေမှတ်ကမ်းသို့၊ အလွမ်းကိုနယ်ဖြန့်' စသည်ဖြင့် ဖွဲ့ဆိုခဲ့ပါသည်။

အဘသည် သူ့အား သထုံမြသပိတ်တောင်ပေါ်တွင် အဓိဌာန်ဝင်နေစဉ်အတွင်း အင်းနှစ်ချပ်တိုက်ပါသည်။ ဝိဇ္ဇာမယိဒ္ဓိတေဇောဝါးကြိတ်လိမ်အင်းများ ဖြစ်သည်။ သထုံမှာ ကိစ္စပြီး၍ ပဲခူးသို့ဆင်းလာကြပြီး ပဲခူးမော်ဓော ဆံတော်ရှင်သို့အရောက်လာခဲ့ကြ၏။

တနင်္ဂနွေနေ့ နေ့လယ် (၁) နာရီ အချိန်၌ ရွှေမော်ဓောစေတီ တနင်္ဂနွေထောင့်ဂူဘုရားစုံ အဘသည် အဓိဌာန်ပုတီးပတ်ပြီးသည်နှင့် မိုင်းကိုင်စက္ကူပေါ်၌ အင်းတစ်ချပ်ချလေသည်။ ညဉ့်သန်းခေါင်မှာ အင်းအား သိဒ္ဓိတင်၍ သူ့အားတိုက်မည်ဟု ဆိုသည်။ ယခုအချိန်မှာတော့ အဘသည် အင်းအား သိဒ္ဓိတင်၍ ဂါထာမန္တန်ပေါင်းစုံ ရွတ်ဖတ်သရဇ္ဈာယ်နေ၏။

ထိုစဉ် စေတီတော် ရာဟုထောင့် ဆီမှ ခေါင်းတုံးပြောင်ပြောင်နှင့် ဘိုးသူတော်ကြီးတစ်ယောက် သူတို့ရှိရာသို့ လျှောက်လာသည်ကို တွေ့ရသည်။ သူသည် ဂူဝ၌ထိုင်နေသည်ဖြစ်၍ သူ့အား ကျော်ပြီးမှ ဂူထဲဝင်၍ ရမည်ဖြစ်သည်။

"ဘာကိစ္စရှိပါသလဲ၊ အထဲမှာ အဘအလုပ်လုပ်နေပါတယ်"

"ဘာကိစ္စဖြစ်ဖြစ်ပေါ့ကွ။ ငါဝင်ချင်ဝင်မှာပေါ့၊ မင်းဖယ်"

"ကျွန်တော်မဖယ်နိုင်ပါဘူး"

"လက်ထဲမှာ တောင်ဝှေးနော်၊ ငါရိုက်လိုက်ရမလား"

"ဦးသူတော်လက်ထဲမှာ တောင်ဝှေးမကလို့ စက်သေနတ်ပဲဖြစ်ပါစေ ကျွန်တော်မကြောက်ပါဘူး"

"ဟား. . . ဟား. . . ဟား. . . တပည့်ကတော့ အလာသားပါလား။ စိတ်ချပါကွာ၊ မင်းမဝင်နဲ့ဆိုရင်လည်း ငါမဝင်တော့ပါဘူး။ မင်းကိုတော့ကြိုက်သွားပြီ။ မင်းကို လဲက်ဆောင်ပေးခဲ့မယ်။ ရှင်သီဝလိရုပ်တုထုပြီး ဆောင်ထားပေတော့ သွားပြီပေ့"

ပြောပြောဆိုဆိုဖြင့် ဘိုးသူတော်ကြီးသည် တောင်ဝှေးဖြင့် သူ့ခေါင်းအား ခေါက်ပြီး ထွက်သွားပါတော့သည်။ ဖြည်းဖြည်းလေးခေါက်လိုက်ပေမယ့် သူ့တစ်ခေါင်းလုံး ထူပူသွားမတတ် ခံစားလိုက်ရ၏။ ရင်ပြင်တော် သမံတလင်းပေါ် သို့လည်း အရာဝတ္ထုတစ်ခုလို့မ် ဆင်းသွားသည်။

သူသည် ပူထူနေသည့်ဦးခေါင်းအား လက်ဖြင့်ပွတ်ရင်း ထိုအရာဝတ္ထုလေးအား ကောက်ယူကြည့်လိုက်သည်။

"ဝါးပျံအပိုင်းအစကလေးပါကွ။ မင်းကို ခင်လို့ပေးသွားတာ။ အစကတော့ ဝိဇ္ဇာမယိဒ္ဓိတေဇောအင်းမို့လို့ နှောင့်ယှက်မလို့လာတာဘဲ။ မရမှန်းသိသွားတော့ ဘိုးသူတော်က မင်းကို သူတောင်ဝှေးနဲ့ ဓာတ်ကူးပေးသွားတာ။ သူပေးတာလေး ရှင်သီဝလိရုပ်တုလုပ်ပြီး ဆောင်ထားပေါ့"

(မှတ်ချက်-ရှင်သီဝလိရုပ်တုလေးအား ကိုသိန်းအောင်မှ ကျွန်ုပ်ကိုပြရာ ကျွန်ုပ်ဝယ်ချင်သော်လည်း မရောင်းခဲ့ပေ။)

အဘသည် သိဒ္ဓိတင်ပြီးသွားသော တေဇောအင်းစက္ကူအား ပြာချပြီး သူ့အားတိုက်ပါသည်။

"လူလေးရဲ့၊ ဒီလို ဓာတ်ကြီးလေး

www.burmeseclassic.com

ပါးအင်းစမတွေ စီရင်တဲ့အခါမှာ အင်မတန် ဂရုစိုက်ရတယ်။ လုပ်ချင်တိုင်းလုပ်လို့မရဘူး။ သူရိယမာသကိုယ် လိုချင်တဲ့ ဓာတ်အခါလည်းဖြစ်ရမယ်။ ဓာတ်လည်း ဖြစ်ရမယ်။ တေဇောနေ့ တေဇောအချိန်လည်း ဖြစ်ရမယ်။ ကိုယ်အလိုရှိတဲ့ဓာတ်အလိုက် စန်းယှဉ်နက္ခတ်ကို အသုံးပြုရမယ်။ မင်းကို လက္ခဏနေ့ ကျရင် ဝိဇ္ဇာမယိဒွိမှော်ချုပ်အင်းတိုက်ရမယ်။ ဒီအင်းက နေ့၊ လနှစ်ပါးထပ်တဲ့ လက္ခဏ်နေ့ကျမှ စီရင်ရမှာ"

"အဘ ကျွန်တော့်ကို ဒီအင်းတွေ တိုက်တော့ ဘာအကျိုးထူးတွေရလာမှာလဲ"

"သီလပျက် အင်းပျက်၊ သီလကျိုး အင်းကျိုးတဲ့ ဝိုလေး။ အင်းစမပညာဟာ အကျင့်သီလနဲ့ သမထကို အလွန်နှစ်သက်တယ်။ သီလလိုခြုံပြီး သမထအားကောင်းလာတာနဲ့ ဒီအင်းတွေရဲ့ အကျိုးတွေ မင်းခံစားလာရလိမ့်မယ်"

အဘလို ပုဂ္ဂိုလ်မျိုးကတိုက်သည့် အင်းကြောင့် သူသည် လုံခြုံမှုရှိသလို ခံစားခဲ့ရပြီး နောက်ပိုင်းကာလများတွင် ဘေးအန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်လာခဲ့ကြောင်း သိလာရပါတော့သည်။

❑

သူနှင့် အဘသည် ပဲခူးဘူတာမှ တစ်ဆင့် ရန်ကုန်-မန္တလေးအမြန်ရထားကြီးဖြင့် ရမည်းသင်းသို့ ခရီးဆက်ခဲ့ကြ၏။ ရထားတွဲများကား ဟောင်းနွမ်းညစ်ပတ်လှပါဘိ။ ခရီးသည်နှင့် ကုန်စည်တွေက တွဲတိုင်းမှာအပြည့်အကျပ်ဖြစ်နေ၏။ အိမ်သာများမှာ ညစ်ပတ်နံစော်နေသည်။ တွဲစောင့်များ၊ လက်မှတ်စစ်များနှင့် ကုန်သည်လေးများ ညီညွတ်စွာဖြင့် ကုန်တင်ကြသောအခါ သာမန်ခရီးသွားပြည်သူများ ဒုက္ခရောက်ကြရတော့သည်။ သူနှင့်အဘမှာ ထိုင်စရာခုံလေးရ၍ သာတော်တော့သည်။ ရထားကြီးကား တအိအိခုတ်မောင်းရင်း တစ်ဘူတာပြီးတစ်ဘူတာ ကျော်ဖြတ်နေသည်။ သဘောကောင်းလျှင် ငြိမ့်ပြီးခုတ်မောင်းလိုက်၊ ဒေါသကြီးလာလျှင်မူကား မြင်းတစ်ကောင်ကဲ့သို့ ခုန်ပေါက်ပြေးလိုက်ဖြင့် ခရီးသည်များမှာ ယိမ်းထိုးနေ၏။

ဆောင်းနေသည် ပူပြင်းလှခြင်းမရှိဘဲ လယ်ကွင်းတစ်ခိုဋ်၌ အလင်းဖြန့်နေသည်။ ရိတ်သိမ်းပြီးစ လယ်ကွင်းတို့၌ ရိုးပြောက်တို့သည် နှင်းတို့ဖြင့်စွတ်စိုနေကြသည်။ လယ်သမားကြီးတချို့ ရိတ်သိမ်းပြီးစ ကောက်လိုင်းစည်းများအား တလင်းရှိရာသို့ သယ်နေကြသည် တချို့ကွင်းများကား စပါးအပြီး စိုက်ထားသော ပဲခင်းများကြောင့် အစိမ်းရင့်ရောင်ခြယ်နေကြလေ၏။ အရှေ့ဘက်အရပ်မှ ရှမ်းရိုးမကြီးသည် မြူနှင်းတို့ဖြင့် မှုန်ဝါးဝါးရှိလှသည်။ အနောက်ဘက်မှ ပဲခူးရိုးမကြီးကား အဝတ်အစားချို့တဲ့လှသော မုဆိုးမသဖွယ် ထာဘီစုတ်ရင်ရှားဖြင့် ရှက်ရွံ့ရွံ့ဖြစ်နေသည်။ အရပ်ပြားတွေအလွှာလိုက်ကွာကျနေသောရောဂါသည် ပဲခူးရိုးမသည် လောဘသားတို့၏ ဝါးမျိုစားသောက်မှုကြောင့် အရိုးအရင်းတို့ဖြင့် ပုပ်ဟောင်နေသည်။ မမြဲသော အနှစ်စွတရားသည် တောတောင်တို့မှာ ပို၍ထင်ရှားလာသည်။ ပြတင်းပေါက်မှ အပြင်ရှုခင်းများအား ကြည့်နေရာမှ အဘဘက်လှည့်ပြီး စကားစလိုက်သည်။

"အဘ၊ အင်းစမပညာမှာနက္ခတ်က တော်တော်အရေးကြီးသလား"

"အရေးကြီးပြီကောကွယ်။ နက္ခတ်မပိုင် အင်းမကိုင်နဲ့တဲ့။ ဥပမာပြောရရင် မင်းက စီးပွားလာဘ်လာဘတိုးဖို့၊ အရောင်းအဝယ်ကောင်းဖို့ အဆောင်အင်းတစ်ခုစီရင်မယ်။ ကောင်းကင်နက္ခတ်က ဒလိဒ္ဓလို့ခေါ်တဲ့ သူဆင်းရဲနက္ခတ်မိနေရင် မင်းအင်းက ဘယ်လိုလုပ်စွမ်းတော့မှာလဲ။ နက္ခတ်ကိုးပါးကို သဘောပေါက် နားလည်ရမယ်။ ပြီးတော့ အင်းပညာကို လေ့လာလိုက်စားမယ့် သူရဲ့ဇာတာမှာ တနင်္ဂနွေဂြိုဟ်ဟာ ဒုဋ္ဌာနကြီးသုံးအိမ် ဖြစ်တဲ့ အာရီ၊ မရဏ၊ ဗျယဘာဝတစ်ခုမှာ ရောက်နေမယ်။ ကြာသပတေးဂြိုဟ်ကလည်း မမြင်ဘူး။ ပြီးတော့ ကြာသပတေးဂြိုဟ်ကလည်း နိမ့်အိမ်၊ ရန်အိမ်မှာရောက်နေရင် အင်းပညာ ဘယ်လောက်လိုက်စားလိုက်စား အကျိုးမပေးဘူး။ လက်ရေးလှလို့ ပန်းချီဆွဲကောင်းလို့ သူအင်းချပ်လေးတွေက လှနေလိမ့်မယ်။ ဒါပေမယ့် ဘာမှဖြစ်လာမှာမဟုတ်ဘူး။ တနင်္ဂနွေဂြိုဟ်ဟာ ရာသီခွင်ဆယ့်နှစ်ပါးမှာ စုတ်ကြီးသုံးအိမ်မှာတည်နေမယ်။ ကြာသပတေးဂြိုဟ်ကလည်း ကောင်းတဲ့ရာသီ၊ ဘာဝမှာနေပြီး တနင်္ဂနွေကို အပြည့်မမြင်တောင်မှ နှစ်ပါဒ်၊ သုံးပါဒ်လောက်မြင်နေမှ အင်းပညာက အကျိုးပေးတာ။ ဆောင်ရင်လည်း အကျိုးပေးတယ်၊ မှတ်ထား"

အဘသည် သူ့အား ခရီးသွားရင်း သီလမကျိုးမပေါက်အောင် တဖွဖွပြော၏။ ဝိရိယစိုက်ပြီး သမာဓိထူထောင်ဖို့ တွန်းအားပေး၏။ ကြိုးစားရင်းဖြင့် သူသည် အနေအထားဆင်းရဲလှသော်လည်း ဒီဘဝမှာ ကျေနပ်နှစ်သက်လာခဲ့ပါတော့သည်။

❑

ရမည်းသင်းဘူတာရောက်တော့ သူတို့ဆင်းကြသည်။ မြင်းလှည်းငှားပြီး ရွှေမြင်တင်တောင်သို့ ခရီးဆက်ခဲ့ကြသည်။ မြင်းလှည်းသည် ချိုင့်များ၊ ခလုတ်တံသင်းများအားကျော်ဖြတ်ပြီး တရွေ့ရွေ့ခရီးနှင်နေသည်။ ဖုန်မှုန့်တို့က လှိုင်းထနေ၏။ သစ်ပင်တချို့ ရွက်ခြောက်တွေကြွေစပြုနေ၏။ လက်ပံပင်ကြီးများထက်မှ ချိုးငှက်လေးများက လွမ်းလောက်အောင်ကူနေကြသည်။

'ရိုးပြတ်တို့လည်း၊ မိုးသို့မျှော်ဆိုက်၊ မြေသို့ငိုက်နှင့်၊ လယ်ဌအနှံ စစ်အင်ဖြန့်၏' ဆိုသော ကဗျာအပိုင်းအစလေးအား သွားချ သတိရလိုက်သည်။ ရိုးပြတ်တို့ကြားမှ ကလားပဲအဝင်ပေါက်လေးများက စိမ်းညို့နေသည်။ အညွှန့်လေးများအား ဟင်းချိုချက်သောက်လို့ကတော့ အလွန်ချိုလိုက်ပါဘိတောင်း။

"လူလေး၊ စနေချိန်ရောက်နေပြီ။ စနေနဂိတ်တွေတွေ့လိမ့်မယ်။ သတ္တဝါတွေ ဘေးရန်ကင်းပါစေ"

အဘသည် ရွှတ်တရက်ပြောလိုက်ပြီး ညာဘက်လယ်ကွင်းပြင်ကြီးအား စူးစိုက်ကြည့်နေသည်။

အင်း- ကွင်းလဲတော့မှာပါလား"

"ဘာလဲအဘ၊ ကွင်းလဲတယ်ဆိုတာ"

"ကွင်းလဲတယ်ဆိုတာ ဒီလယ်ယာခင်းတွေမှာရှိတဲ့ မမြင်အပ်တဲ့ လမိုင်းအစော်ငှ်၊ နာနာဘာဝ ပေမာနိကတွေကို ပြောတာ။ တောအခေါ် အဝေါ်ကတော့ ကွင်းပိုင်းလို့ခေါ်တာပေါ့။ ဒီပုဂ္ဂိုလ်က သူကျွတ်ချိန်တန်နေပြီဆိုတော့ ဒီအချိန်မှာ ဒုက္ခဖြစ်လာတဲ့သူကို အပမ်ခိပြီး အမှောင့်ပယောဂကပ်လို့ ဒုက္ခပေးတော့မယ်။ အဆင်းဘီးတပ်ပေးတာပေါ့။ ဒါပေမယ့် ဒုက္ခရောက်မယ့်သူက ငါတို့နဲ့ ထိပ်တိုက်လာတွေ့တာကာ ကံမကုန်သေးဘူးလို့ ယူဆရဇလိုဖြစ်နေပြီ"

အဘပြောပြသည်များကို သူတစ်ခုမှ နားမလည်ပါ။ မြင်းလှည်းပေါ်တွင် အဘ၊ သူနှင့် မြင်းလှည်းမောင်းသမားသာရှိနေသည်။ မြင်းလှည်းမောင်းသမားသည် မြင်းအား တဟုတ်ဟုတ်အသံပေးရင်း ကျာပွတ်သံတချွန်းချွန်းဖြင့် ခြောက်လှန့်မောင်းနေရသည်။ မြင်း

www.burmeseclassic.com

www.burmeseclassic.com

သည် ကောင်းပြီကောင်းရဲ့ အေးအေးဆေးဆေးသွားနေရာမှ ဖောက်ပြန်လာသည်။ ပေကတ်ကတ်လုပ်လာ၏။ ဇက်ကိုနောက်ပြန်လှန်ရင်း နောက်ကြောင်းပြန်လှည့်ချင်နေသည်။ မြင်းလှည်းသမား ထိန်းမောင်းနေရင်းက လမ်းဘေးသို့ ရောက်အောင်လုပ်၏။ အဘက သူ့လွယ်အိတ်ထဲမှ ကြိမ်လုံးလေးထုတ်ပြီး မြင်း၏ တင်ပါးအား တို့လိုက်မှ ငြိမ်ကျသွားသည်။ မကြာပါချေ။ ရှေ့တူရွှံမှ လူလေး၊ ငါးယောက်ခန့်သည် အဝတ်ပုခက်တစ်ခုအား ထမ်းလာကြသည်။ သုတ်သီးသုတ်ပျာဖြစ်နေကြ၏။ ပုခက်ထဲ၌ လူတစ်ယောက်ပါလာပုံရ၏။ အဘသည် မြင်းလှည်းသမားအား ရပ်ခိုင်းလိုက်သည်။ ဖြင်းကြီးသည် ကျယ်လောင်စွာဟီပြီး ပတ်ရပ်၌ ဆောင့်ရပ်လိုက်သည်။ ဒီမြင်းဘာဖောက်နေပါလိမ့်ဟု မြင်းလှည်းဆရာက ဆိုသည်။ သူတို့နှစ်ယောက် မြင်းလှည်းပေါ် ကဆင်းလိုက်ကြသည်။

ဩော်- လူနာတစ်ယောက်ထမ်းလာကြတာကိုး။

"လူလေးတို့ ခဏလောက်ရပ်ကြပါဦး။ လူနာက ပိုးထိလာတာနဲ့တူတယ်"

"ဟုတ်ပါတယ် ဘကြီးရယ်။ စပါးရိတ်ရင်း ပိုးထိလာလို့ပါ။ ဒီမှာကိုက်တဲ့ အကောင်ကြီးကိုပါ ရိုက်ယူလာတယ်"

ရှေ့မှဦးဆောင်လာသူက ခြင်းထဲမှ မြွေပွေးကြီးအား ထုတ်ပြသည်။ လား... လား - မြွေပွေးကွက်စိပ်ကြီးပါလား။ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး။ တုံးခနဲလဲမသေသွားတာ ကံကောင်း။ စောင့်ပုခက်ထဲမှ လူနာကိုကြည့်လိုက်တော့ လူနာမှာ သွေးရောင်ပင်မရှိတော့။ ပြာနှမ်း၍နေပါပြီ။

"ကယ်နိုင်ရင် ကယ်ပါဦး အဘရယ်။ ရွာက ကျန်းမာရေးမှူးက မရတော့ဘူးတဲ့။ မြို့ဆေးရုံကိုသာရောက်အောင် ခေါ်သွားတဲ့"

လူပျိုပေါက်အရွယ် သူငယ်လေးတစ်ဦးက ငိုရှင်းပြောသည်။ ဖခင်ဖြစ်ဟန်တူသည်။ ဖခင်အတွက် သောက ရောက်နေပုံရသည်။

"ဟိုမှာ ဇရပ်လေးမြင်ရတယ် မဟုတ်လား။ အဲဒီကိုခေါ်သွား။ လူနာမှာ သေက်မရှိသေးဘူး။ အဘပျောက်အောင်ကုပေးမယ်"

ရွာသားများသည် လူနာအား ဇရပ်လေးသို့ အမြန်ထမ်းသွားကြသည်။ အဘသည် နောက်မှလိုက်လာရင်း လွယ်အိတ်ထဲမှ ကြိမ်လုံးလေးအား ထုတ်၍ ကွင်းဘက်သို့ ယမ်းလိုက်သည်။ နှုတ်မှလည်း -

"ငါ အမိန့်ပေးတယ်။ မင်းတို့ နောက်ဆုတ်ပါ။ မဆုတ်ရင် ပြင်းဖြင်းထန်ထန်နှိမ်နင်းရလိမ့်မယ်။ ခု ဆုတ်ဆိုဆုတ်"

အဘ အမိန့်ပေးနေသည်ကို သူ့နှင့်ရွာသားများက အံ့သြနားမလည်ဟန်နှင့်ကြည့်နေကြသည်။ ဘာရယ်မသိ၊ သူကြက်သီးဖြန်းခနဲထသွားသည်။ ဇရပ်ပေါ် ရောက်တော့ လူနာအား အရှေ့ဘက်သို့ ဦးခေါင်းထားပြီး လွဲခိုင်းလိုက်သည်။ ချက်ချင်းပင် လွယ်အိတ်ထဲမှ ကတ္တီပါအိတ်ရှဲ့လေးတစ်လုံးအားယူ၍ လူနာပါးစပ်ဟစေပြီး ရေနှင့်တိုက်လိုက်သည်။ လူနာဦးခေါင်းဘက်မှာ ဖယောင်းတိုင်တစ်တိုင်၊ အမွှေးတိုင်တစ်တိုင်ထွန်းခိုင်းလိုက်ပြီး လူနာ၏ ညာဘက်တွင် အဘဝင်ထိုင်သည်။

"ကဲကဲ - အားလုံး ခဏလောက် ငြိမ်ပေးကြ။ ကျွဲကုလိုက်ဦးမယ်"

အဘနှုတ်မှ ဂါထာတစ်ပုဒ်အား ဥံခံ၍ တိုးတိုးရွတ်ဆိုနေပါသည်။ နောက် ဆုံးအပိုဒ်အရောက်မှာတော့ ရွတ်ဆိုသံ အတော်ပြင်းလာပြီး သုတ်ပင်ကြားနေရ၏။

"ကျွန်ုပ် အင်းရာဇာ တန်ခိုးဖြာသည် တေဇောထက်ရှိန်ကြီးစေသော်။ သြောင်း ဇေယျတု၊ သြောင်း ဇေယျတု၊ သြောင်း ဇေယျတု... သွားဟုံဟု်။"

တောမှာမွေးကိုက်ရင် တစ်ခါတလေ အမှောင်ပယောဂကပ်တတ်တယ်။ အပမ္ဘီတာပေါ့။ ကျုပ် ဒီလှည်းလမ်းကို ဝင်လာကတည်းက ကွင်းလဲတော့မယ် ဆိုတာသိတယ်။ ကွင်းပိုင်က ကျုပ်ကို မေတ္တာရပ်ခံနေတာ။ သူကျွတ်ခိုနိုင်တန်ပါပြီ။ ကွင်းပိုင်အပြောင်းအလဲမှာ လူလဲမှာမို့ ဆရာကြီးဝင်မပါဖို့ တောင်းပန်တယ်။ ကံမပါဘဲနဲ့ အဆင်းဘီးတတ်ပြီး ချောက်ထဲတွန်းချတာမျိုးကို ကျုပ်မကြိုက်ဘူး။ လူနာဟာ လူကောင်းတစ်ယောက်၊ ဘာသာသာသနာကို ရိုသေလေးစားတဲ့ သူတော်ကောင်း ဟုတ်သလား"

"ဟုတ်ပါတယ် အဘ၊ တောင်ပေါ် ကျောင်းကို ဆွမ်းအပြဿိပြီး ဘုရားဝေယျာဝစ္စအမြဲလုပ်နေတဲ့ သူတော်ကောင်းကြီးပါ။ ဒီကွင်းက ဦးတရွတ်ကြီး ကွင်းတဲ့။ ကွင်းအလွန်ကြမ်းတယ် အမှားမခံဘူး"

အဘသည် နှုတ်မှသရဇာဂုဂါထာအား တိုးတိုးရွတ်ပြီး ညာလက်ဖြင့် လူနာ၏ ဦးခေါင်းမှ ခြေဖျားအထိ သပ်ချနေသည်။ မြွေကိုက်ခံရသော် လက်တောက်ဝတ်ဒဏ်ရာအပေါက်နှစ်ပေါက်မှ မည်းညစ်ညစ်သွေးများစီးကျလာသည်။ သွေးများသည် ဇရပ်ကြမ်းပြင်ကြားမှအောက် ဘက်မြေကြီးပေါ် သို့ တတောက်တောက် ကျလျက်ရှိသည်။ လူနာသည် တစ်ကိုယ်လုံး မည်းပြာနေရာမှ ဖြည်းဖြည်ချင်း သွေးရောင်လွှမ်းလာသည်။ အနည်းငယ် ညည်းညူပြီး လူးလွန့်လာ၏။ အဘသည် အဆက်မပြတ် ဦးခေါင်းမှသပ်ချပေးနေ၏။ မည်းညစ်ညစ်သွေးများကုန်သွား သောအခါ အနီရောင်သွေးများလိုက်လာသည်။ လူနာ၏ ညာဘက်လက်ကောက်ဝတ်အား တစ်ချက်ပုတ်လိုက်သောအခါ သွေးကျခြင်းရပ်တန့်သွားသည်။ လူနာတစ်ကိုယ်လုံးမှာလည်း စောစောကလောက် ပြာနှမ်းခြင်းမရှိတော့။

"ရေ... ရေ... ရေပေးပါ၊ ရေတော်လိုက်တာ"

"လူလေး၊ မင်းရောဘူးထဲက ရေတိုက်လိုက်"

သူသည် လူနာ၏ ဦးခေါင်းအား အသာမပြိုး ရေတိုက်လိုက်သည်။ လူနာက ထိုင်ချင်သည်ပြောသဖြင့် အဘထူမပေးလိုက်သည်။ ဘေးမှ ဝိုင်းကြည့်နေသော ရွာသားများသည် ထူးဆန်းအံ့သြဖွယ်ရာမြင်တွင်းကြောင့် အကြောင်းစေးမောနေကြသည်။ သူငယ်လေးက ဝမ်းသာအားရဖြင့် အဖေသတိရလာပြီဆိုပြီး ဖခင်အနားကပ်၍မေးသည်။ ထို့နောက် အဘအား ကျေးဇူးကြီးပါပေသည်ဟုပြော၍ ကန်တော့ရာ ရွာသားများကပါ လိုက်၍ကန်တော့ကြသည်။ သူကိုလည်း ကန်တော့ကြ၍ ရှက်စနိုးဖြစ်သွားသည်။ အဘသည် အိတ်ရှဲ့လေးထဲမှ ပုလင်းတစ်လုံးထုတ်ယူပြီး အဖုံးဖွင့်၍ လက်ဖဝါးထဲလောင်းချလိုက်သည်။ သွေးဆေးကဲ့သို့ အနီရောင်အမှုန်များဖြစ်သည်။ လူနာအား ပါးစပ်ထဲ၌ပြီး ရေသောက်စေသည်။

"ခင်ဗျားမသေတော့ဘူး။ ကောင်းသွားပါပြီ။ ရွှေလျှာက် ရတနာသုံးပါးကို ဆက်လက် ဆည်းကပ်ကိုးကွယ်ပြီး သာသနာအကျိုးသည်ထက်ဆောင်ရွက်ပါ"

လူနာသည် အဘအား ကျိုးကျိုးလေးထိုင်ကန်တော့ပြီး မတ်တတ်ရပ်လိုက်သည်။ အနည်းငယ်ယိမ်းယိုင်သွားပြီးနောက် ရပ်နိုင်လာသည်။ ပြီးတော့ ဇရပ်ပေါ်မှ ဖြည်းညည်းစွာလမ်းလျှောက်၏။ လူနာပြန်ကောင်းသွားပြီဟု အားလုံး

www.burmeseclassic.com

www.burmeseclassic.com

ပျော်သွားကြသည်။ သူတို့က ရွှေမြင်တင်တောင်ခြေမှ မန်ကျည်းကန့်ရွာသားများဖြစ်ကြသည်။ သူတို့ရွာသို့လိုက်ခဲ့စေချင်ကြောင်း၊ ပြီးမှ တောင်ပေါ်တက်ဖို့ တောင်းပန်ကြသဖြင့် သူနှင့် အဘသည် မငြင်းသာဘဲလိုက်သွားရပါတော့၏။

❑

ရွှေမြင်တင်တောင်ပေါ် ဘုရား၌ (၉) ရက် အဓိဌာန်ဝင်ကြသည်။ အဘအတွက် ဤကဲ့သို့ တောကျင့်တောင်ကျင့်များသည် မထူးဆန်းသော်လည်း သူအတွက်ကတော့ အချိန်တွေကြာလာသည်နှင့်အမျှ ဇနီးနှင့် သားအမှီ သတိရနေမှုက အနှောင့်အယှက်သိဖွယ်ဖြစ်နေသည်။အဓိဌာန်ဝင်နေစဉ်အတွင်း အရေးဘက် ရှုမ်းရွှမ်းကြီးအား ငေးကြည့်ပြီး အိမ်အလွမ်းဝေဒနာဆည်ဖိုးထိုးနာကဲ့သို့ တစစ်စစ်ကိုက်လှသည်။ ညို့ညို့မှိုင်းနေသော တောင်ပြာတန်းကလည်း လွမ်းအောင်ဖန်၏။ ဥသြငှက်ကလည်း နွေကြိုတေးကိုသီဆိုရင်း သူ၏ အလွမ်းဝေဒနာအား မီးထိုးပေးသကဲ့သို့ရှိသည်။

"လူလေး သိဒ္ဓိစခန်း၊ မဟိဒ္ဓိလမ်းဆိုတာ စွန့်ရတယ်။ ငါတို့ရဲ့ ဘုရားရှင်ဟာ ရာထူး၊ အာဏာ၊ စည်းစိမ်ဥစ္စာ၊ သားမယားအကုန်စွန့်ပြီး ပါရမီဖြည့်ခဲ့တာဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတောင်ပဲ။ သတ္တဝါတွေအပေါ် မဟာကရုဏာကြီးလွန်းလို့ အားလုံးကိုစွန့်ပြီး ကျင့်ကြံအားထုတ်ခဲ့လို့ နောက်ဆုံးမှာ သဗ္ဗညုတရွှေဘုရားတော်ကြီးကို ရခဲ့တာပဲ။ဘုရားရှင်ရဲ့စွန့်လွှတ်မှုနဲ့ယှဉ်လိုက်ရင် ငါတို့စွန့်လွှတ်မှုတွေဟာ သာမန်ပါကွာ။ မင်းဒီလမ်းစဉ်ကိုလိုက်မယ်ဆိုရင် အရာရာကို စွန့်လွှတ်ဖို့ ဆုံးဖြတ်တော့။ အဓိဌာန်ဝင်နေစဉ်မှာ အနှောင့်အယှက်ဆိုတာ ပြင်ပကလာတတ်သလို ကိုယ့်ရဲ့အတွင်းစိတ်ကိုပူးပြီးလည်း နှောင့်ယှက်တတ်တယ်။ ရောဂါဖြစ်ချင်နေသလိုလို၊ ကိုယ်လုပ်နေတဲ့အကျင့်ကမ္မာနေပြီလားဆိုပြီး ယုံမှားသံသယဝင်သလိုလို၊ ပျင်းသလိုလို၊ အတိတ်က အိမ်ထောင်သားမွေး ဟိုဟိုဒီဒီကိစ္စတွေ ပြန်တွေးမိပြီး လာလမ်းကိုပြန်ချင်သလိုလိုတွေဖြစ်တတ်တယ်။ သဒ္ဓါ၊ ဝီရိယ၊ ပညာ၊ သတိ၊ သမာဓိဆိုတဲ့ ဗိုလ်ငါးပါးကို လိုသလို အတိုးအဆုပ်လုပ်ပြီးကျင့်မှ အောင်မြင်တယ်။ တို့တွေလို လူပုပ္ပိုလ်တွေ သမထစခန်း၊ ပညာစခန်းကျင့်ကြံအားထုတ်လို့ ပေါက်မြောက်အောင်မြင်သွားရင် နတ်တွေထက်ပိုပြီးတန်ခိုးကြီးတယ်။ လိုအပ်ရင် နတ်တွေကို ခေါ်ပြီးခိုင်းလို့တောင်ရတယ်။ ဒီတော့ တချို့အောက်နတ်တွေက မလိုလားဘူး။ အနှောင့်အယှက်ပေးဖို့ ပူးကပ်ပြီးစိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တော့တာပေါ့။ ဒီတော့ လူလေး အခုလုပ်နေတဲ့ ပုတ်ပီးလမ်းကို ခဏရပ်ပြီး မေတ္တာနာနာပို့ပေတော့။ အကြားအလပ်မရှိစေနဲ့။ မေတ္တာသုတ်ကို ရွတ်ဖတ်သလို သတ္တဝါတွေအပေါ် သနားကရုဏာနဲ့ မေတ္တာပို့ပေတော့။ မင်း အခုဖြစ်နေတဲ့ ဝေဒနာတွေ လွင့်ပျောက်သွားလိမ့်မယ်"

အဘသည် သူရင်တွင်းမှာ ဖြစ်ပေါ် နေသော ခံစားချက်များအား ရှင်းရှင်းကြီးသိမြင်နေပါသည်။ အဘ၏ သမထအင်အားသည် ဘယ်အဆင့်ထိရောက်နေပြီလဲမသိ။ အဘရှေ့မှာရော ကွယ်ရာမှာပါ တောင်တောင်ဤဤ မတွေးရဲအောင်ပင်ဖြစ်ရပါတော့သည်။

ဤသို့ဖြင့် ရွှေမြင်တင်တောင်ပေါ်တွင် မေတ္တာနာနာပို့ရင်း အိမ်လွမ်းစိတ်သည် ပျောက်သွားပါတော့သည်။

❑

ရွှေမြင်တင်တောင်မှာ အဓိဌာန်ပြီးတော့ မန္တလေးသို့ ခရီးဆက်ခဲ့ကြပြန်ပါသည်။ သည်တစ်ခါမှာတော့ မတ္တရာမြို့နယ်ရှိ ယက္ကန်းစင်တောင်သို့ဖြစ်သည်။ သူလက်ထဲ၌ လမ်းစရိတ်နှင့် ထမင်းစရိတ်အနည်းငယ်သာကျန်တော့သည်။ စခရိတ်ပြတ်သွားလျှင်ဘယ်လိုလုပ်မလဲဟု တွေးပြီးပူမိသည်။ အဘကတော့ ဘာမှအပူအပင်မရှိပါ။ မန္တလေးရောက်လျှင် စစ်တပ်ပင်စင်လစာများအား အစိုးရဘဏ်တိုက်မှာထုတ်ဖို့ ရည်ရွယ်မိသည်။

မန္တလေးဘူတာကြီး ရောက်ပြီး အစိုးရငွေစုဘဏ်သို့ ပင်စင်ငွေထုတ်ရန် သွားဖို့ အဘအားပြောရာ -

"လူလေး ဘာဖြစ်လို့ ဘဏ်ကငွေထုတ်ချင်ရတာလဲ"

"အဘရယ်၊ လက်ထဲမှာရှိတဲ့ငွေက လမ်းစရိတ်လောက်ပဲရှိတော့တယ်။ စရိတ်ပြတ်သွားရင် ဒုက္ခဖြစ်မှာစိုးလို့ပါ"

လူလေး ဘဏ်မှာငွေထုတ်စရာမလိုဘူး။ တို့ရဲ့ အဓိဌာန်စခန်းတွေမှာ အချိန်တန်ရင် ပံ့ပိုးပေးမယ့်သူ အလိုလို ပေါ် လာလိမ့်မယ်။ ဒီအတွက်ကြောင့် သောကရောက်မနေနဲ့။ လာ၊ လာ - မတ္တရာကားဂိတ်ကို မြန်မြန်သွားရအောင်"

အဘခေါ်လို့သာလိုက်လာရသည် စိတ်ထဲမှာ စနိုးစနောင့်။ များပြားလှသည့် ဆိုင်ကယ်၊ စက်ဘီးများအား ရှောင်ကွင်းရင်း မြို့လယ်ကားဝင်းသို့ ရောက်လာသည်။ စဉ့်ကူးဘက်ထွက်မည့်ကားပေါ် တက်လိုက်လာကြသည်။ ယက္ကန်းစင်တောင်သည် မတ္တရာကျော်သွားပြီး စဉ့်ကူးမြို့နယ်အစပ်မှာ တည်ရှိသည်။ မန္တလေး-မိုးကုတ်-သပိတ်ကျင်းကားလမ်းဘေး စဉ့်ကူးမြို့နယ်အနီး ယက္ကန်းစင်တောင်တော်မုခ်ဦးဝမှာ ကားဆရာက ကားကိုရပ်ပေးသည်။ ထူးဆန်းစွာပင် ကားဆရာကြီးက အဘတို့ခရီးသွားနှစ်ယောက်ကို ကုသိုလ်ယူပါရစေဟုပြောပြီး ကားခမယူလိုက်။ မုခ်ဦးဝမှာ ဆိုင်ကယ်ကယ်ရီတွေ မတွေ့ရသဖြင့် အကြော်တဲလေးမှာ အကြော်ဝင်စားရင်း နံနက်စာကိုဖြည့်လိုက်သည်။ အဘသည် ကိုးဝါးသီလခံယူထားသူ မဟုတ်ပါလား။ ဆိုင်ကယ်က တော်တော်နှင့် မလာ၍ (၄) မိုင်ခန့် တောင်တက်ခရီးအား ခြေကျင်တက်ကြရတော့သည်။ နွေဦးပေါက်လာပြီဖြစ်၍ တမာပင်တို့ ရွက်နုထိုးနေကြသည်မှာ တစ်တောလုံး နုဖတ်စိုနေသည်။ ဝါးရုံပင်အုပ်အုပ်ပေါ် တွင် စွေ့ဌက်လေးများ တီးတိုးစကားများနေကြသည်။ တောင်တက်လမ်းနံဘေး မန်ကျည်းပင်ကြီးပေါ်မှ သပိတ်လွယ်ငှက်နှစ်ကောင် သံပြိုင်သီချင်းဆိုနေကြ၏။ တမာပင်ထက်မှ ပန်းထိမ်ဖိုဌက်တစ်ကောင်၏ တူထုသံကဲ့သို့ တတိန်-တိန်မြည်သံသည် တောင်နံရံကြားမှ ပဲ့တင်ထပ်လာသည်။ လက်ပံပင်ကြီးသည် နီရဲရဲအပွင့် ကတ္တီပါခြုံလွှာဖြင့် ဣန္ဒြေရနေသော်လည်း ငမူးဆက်ရက်ငှက်တို့၏ ဆူညံသံများကြောင့် စိတ်ညစ်နေရသည်။ ဆက်ရက်တို့လည်း လက်ပံပွင့်ဝတ်ရည်ချိုမြမြဝိုင်းအား သောက်ကြပြီးပျော်ကြပါးကြဆူညံကြလေသတည်း။

တောင်ပေါ် ရောက်တော့ ဆရာတော်ကြီး ဦးသာသနမှ ယက္ကန်းစင်တောင်ဆရာတော်ကြီး ဓာတ်နန်း၏ တောင်ဘက် တောင်စောင်းအနီး ဇရပ်၌ နေရာချပေးသည်။ ဆရာတော်ဦးသာသနသည် အဘအားသိနေသည့်အလား အစားအသောက်မှအစ စီစဉ်ပေးသည်။ အဘက သူ့အား ဆုတောင်းပြည့်စေတီကြီးမှာ အရင်ဆုံး ဘုရားဝတ်ပြု၊ မေတ္တာနာနာပို့ပြီး ဆရာတော်ကြီးဓာတ်နန်း၌ အဓိဌာန်ပုတီးပတ်ပြည့်အောင်စိပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဆရာတော်ကြီးအောင်မြေကျောက်ဖျာတွင် သမထအလုပ်အား အချိန်အကန့်အသတ်မရှိ အားထုတ်ရန် ညွှန်ကြား၏။ အဘကတော့ ဆုတောင်းပြည့်စေတီကြီးမှာ ဘုရားဝတ်ပြုပြီး သည်နှင့် ဓာတ်နန်းထဲမှာ တရားထိုင်လေသည်။

အဘသည် ကသိုဏ်းကျင့်စဉ်များကို လွန်စွာနှစ်သက်သည်ဟု ပြောဖူးသည်။ အထူးသဖြင့် ဩဒါတကသိုဏ်းအား စွဲမြဲစွာကျင့်လာသည်မှာ နှစ်ပေါင်းများစွာကြာပြီဟုဆိုသည်။ အဘ၏အင်းစမအတတ်ပညာသည် ဘယ်အဆင့်အထိ ရောက်နေပြီကို သူမသိသော်လည်း ခဲတံဖြင့် မိုင်းကိုင်စက္ကူပေါ်၌ အင်းပန်နက်ချပြီး အက္ခရာစမ၊ အင်းဂဏန်းများချရေးလိုက်၊ နှုတ်မှဂါထာတွေရွတ်လိုက်ဖြင့် မလုပ်မယုက် စီရင်နေတတ်သည်။ ဓာတ်ကြီးလေးပါး ဝိဇ္ဇာမယိဒ္ဓိအင်းကြီးများ စီရင်သွားသည်မှာ ဘာမှစဉ်းစားမနေဘဲ အလွတ်လိုလို လျင်မြန်စွာစီရင်တတ်သည်။ ကိစ္စပြီး၍ အင်းအား သိဒ္ဓိတင်ပြီဆိုလျှင် ဘေးမှာကြည့်နေသော သူပင် ကြက်သီးတွေခဏခဏထလာဖူးသည်။

❑

ညဉ့်သည် မှောင်ဝိန်းနေအောင် နက်လေသည်။ ညဉ့်ငှက်တို့သည် ဟိုဒီပျံ၍ အော်ဟစ်နေကြသည်။ သူတို့နှစ်ယောက် ဆုတောင်းပြည့်စေတီတော်ကြီး၏ အာရုံခံတန်ဆောင်းအတွင်း ရှေ့ဟောင်းရုပ်ပွားတော်မြတ်ရှေ့တွင် မေတ္တာပို့နေကြသည်။ ညဉ့်ငှက်သံတွေ ဆူညံလွန်းသဖြင့် တန်ဆောင်းအပြင်ဘက် ထွက်ပြီးကြည့်မိသည်။ မြောင်မြစ်ကမ်းနံဘေးလေး အိမ်စုရွာစေတီမှ လျှပ်စစ်မီးရောင်အား ပျပျလေးမြင်ရသည်။ ဧရာဝတီမြစ်လယ်ကျွန်းရွာများအား မီးလေးမှိတ်တုတ်မှိတ်တုတ်ဖြင့် တွေ့ရသည်။ မြောက်ဘက်ကိုကြည့်မိလိုက်တော့ နဂါးမောက်တောင်ဘက်မှ ဖြူသလိုလို၊ ဝင်းသလိုလိုအရောင်များ မကြာခဏတွေ့ရသည်။ လဆုတ်ပက္ခ တိထိဆယ်လုံးရက်ဖြစ်သောကြောင့် လသည်မထွက်သေးပါ။

နဂါးမောက်တောင်ဘက်မှဝင်းခဲနဲ့အရောင်ကြီးလက်သွားပြီး အသံကြီးတစ်ချက်မြည်ဟည်းလာသည်။ ယက္ကန်းစင်တောင်နှင့်နီးသဖြင့် အတိုင်းသားကြားနေရသည်။

"အီ... ဟီ... ဟီ... ဝေါ်... ဝရော... ဝေါ်..."

တော်လည်းသံလိုလိုဟီသံကြီးက ယက္ကန်းစင်တောင်ကြီးဘက်သို့ ပင့်ရိုက်ခတ်လာသည်။ သစ်ပင်တို့လေတိုက်သံများဖြင့် ယိမ်းထိုးသွားကြသည်။ ငလျင်လှုပ်တာလား၊ ဒါလည်းမဟုတ်။ တောင်ပေါ်မှာသူရဲ့နေတာ တုတ်တုတ်မလှုပ်၊ ဘာဖြစ်တာလဲ။ အသံကြားရာ နဂါးမောက်တောင်ဘက်သို့ စူးစိုက်ကြည့်နေစဉ် ခုတ္တာပျံကြွေသကဲ့သို့ အဖြူတန်းကြီးသည် အရှေ့ဘက်သို့ပျံသွားသည်ကို တွေ့ရသည်။ ထိုအဖြူတန်းကြီးပျောက်ပျောက်ပြီးနောက် အရှေ့ဘက်တောင်တန်းများကြားမှ အဖြူတန်းကြီးတစ်ခု နဂါးမောက်တောင်ပေါ်သို့ ဆင်းသက်လာသည်ကို တွေ့ရပြန်ပါသည်။ ဘာတွေဖြစ်နေသည်လဲမသိ။ စဉ်းစားမရတော့ပါ။

"ဘာမှမဟုတ်ဘူး လူလေး။ တောင်ပိုင်ပြောင်းလို့ တောင်ဟီတာ၊ မေတ္တာလှမ်းပို့လိုက်ပါ"

အဘပြောလို့ မေတ္တာပို့သနေလိုက်ပါသည်။ သြော်-သူတို့လောကမှာလည်း နေရာအပြောင်းအလဲတွေရှိနေပါလား။

❑

နောက်နေ့မနက် ဆွမ်းစားဇရပ်တွင် ထမင်းကြော်နှင့် ရေနွေးကြမ်းစားသောက်နေကြတုန်း တောင်ပေါ်သို့ ဝတ်ဖြူစင်ကြယ်ဝတ်ဖြင့် တစ်ခေါင်းလုံး ဆံပင်တွေဖြူဖွေးနေသော အဘိုးအို တစ်ဦးနှင့် လူလတ်ပိုင်းတစ်ယောက် ရောက်လာကြသည်။ သူတို့ ဆွမ်းစားဇရပ်ထဲဝင်လာကြပြီး -

"ကိုဖိုးအောင်ကြီး၊ ရောက်နေတာကြာပြီလား။ နေကောင်းပါရဲ့နော်"

"ရောက်နေတာ နှစ်ရက်ရှိပြီ ဘိုးစိန်။ ကျန်းမာပါတယ်ဗျာ၊ မတွေ့ရတာတောင်ကြာပြီ။ ကျွန်တော်တောင် ရေတံခွန်ဆရာတော်ကို ဘိုးစိန်အကြောင်း မေးလျှောက်ဖြစ်သေးတယ်"

"တွေ့တုန်းကြုံတုန်း ကိုဖိုးအောင် ဆီက လက်ဆောင်တစ်ခုလောက် တောင်းချင်ပါတယ်၊ ပေးမှာလား"

"လိုချင်ရင် ပေးရတာပေါ့ဗျာ။ ဘာများပါလဲ"

"ကျွဲပလိုချင်တာက အဆိပ်ရှိသတ္တဝါမှန်သမျှကို နှိုင်နင်းတဲ့ အင်းအစီအရင်ပါပဲ၊ ဖြစ်ပါတယ်နော်"

"လုပ်ပေးရမှာပေါ့ဗျာ၊ ဒါပေမယ့် (၄၉) ရက် အဓိဋ္ဌာန်ဝင်ရမှာနော်"

"ကျွဲပ ယက္ကန်းစင်တောင်မှာ (၆) လလောက်အားထုတ်မလို့လာခဲ့တာပဲ။ ကျွဲပ ကိုဖိုးအောင်ဆီက ပထမံချုပ်အင်း (၄၉) အင်းကို တောင်းချင်နေတာ ကြာခဲ့ပြီဗျ"

"အဘ ပထမံချုပ်အင်း ဆိုတာ ဘာလဲ"

"အဆိပ်ရှိသတ္တဝါဆိုရင် မြွေမကလို့ နဂါးပင်ဖြစ်ပါစေ သိပ်ကြောက်ကြတယ်။ ဒါတင်မကဘူး အမှောင့်ပယောဂ၊ စုန်း၊ နတ်မိစ္ဆာ၊ မြွေဖုတ်၊ ဘီလူး အကုန်ကြောက်ကြတယ်"

အဘက ပထမံချုပ်အင်း (၄၉) အင်းအား မပြန်ခင် စီရင်ပေးမည်ဟု ဘိုးစိန်ကို ကတိခံပါသည်။ သူတို့နှစ်ယောက်မှာ အသက်သိပ်မကွာဟုထင်ရသော်လည်း အဘက အသက်ပိုကြီးပြီး ပညာစဉ်အရ အလွန်ကွာခြားသည်ဟု သိရသည်။ ဘိုးစိန်က အဘကွယ်ရာတွင် ပြောပြရာ၌ -

"မင်းအဘက ကသိုဏ်းစွာန်တွေ အရမ်းပေါက်မြောက်တယ်။ သမထအင်အားသိပ်ကြီးတာပဲ။ အင်းကလည်း စွမ်းပဲ့။ အဘိညာဉ်တန်ခိုးဆိုတာ စွာန်၊ ကသိုဏ်းကိုနိုင်တဲ့သူတွေမှရှိတာကလား။ ဒါပေမယ့် သူဝိပဿနာမင်္ဂလမ်းကိုမကူးသေးဘူး။ တိဟိတ်ပုဂ္ဂိုလ်တွေပဲကွာ။ ကူးချင်ရင်ကူးလို့ရနေပါပြီ။ ဝန္တာရီလမ်းကို အဆုံးစွန်ထိလိုက်ချင်နေလို့မကူးဘဲနေတာ"

ဟု ပြောခဲ့ပါသည်။

❑

ယက္ကန်းစင်တောင်မှာ အဓိဋ္ဌာန်ရက်စေ့ခဲ့ပြီ ဖြစ်ပါသည်။ အဘနှင့် သူတို့နှစ်ယောက် ဆရာတော်ကြီးဓာတ်နန်းအနီး အောင်မြေကျောက်ဖျာပေါ်တွင် ထိုင်၍စကားပြောနေကြသည်။ ထိုစဉ် မိသားစုတစ်စုသည် ဓာတ်နန်းအတွင်းရှိ ဆရာတော်ကြီးရုပ်တုရှေ့မှာ ကန်တော့ပွဲများကပ်၍ ဖခင်ဖြစ်သူက မောင်းကြီးတီးပြီး အောင်ပါစေကြောင်း ဆုတောင်းနေပါသည်။ မောင်းသံတဒုဒုသည် လေနှင့်အတူ မြစ်ပြင်သို့ ပျံလွှင့်သွားသည်။ ဓာတ်နန်းထဲမှ ထွက်လာကြပြီး သူတို့နှစ်ယောက်အားမြင်သွားတော့ ရှေ့မှာ မိသားစုအလိုက် ကျွဲကျွဲလေးလာထိုင်ကြသည်။

"အဘတို့ ဘယ်နယ်ကလာကြပါသလဲ"

"ဒီလိုပါပဲ။ တောတွေတောင်တွေမှာ အဓိဋ္ဌာန်လိုက်ဝင်နေတဲ့သူတွေပေါ့"

အဘကိုကြည့်ပြီး ထိုပုဂ္ဂိုလ်သည်

www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုသွားသည်လားမသိ -

"အဘရယ် ကျွန်တော် - အခု မန္တလေးမှာ လုပ်ငန်းတစ်ခုအစပျိုးမလို့။ ဆရာတော်ကြီးကို အဓိဋ္ဌာန်ပွဲလာကပ်တာပါ။ လုပ်ငန်းအောင်မြင်အောင် အဘာ မေတ္တာပို့ပေးပါလား။ အဘကို ကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ အေးချမ်းသွားလို့ပါ"

အဘသည် မျက်စိမှိတ်လိုက်ပြီး နှုတ်မှ တိုးတိုးဆိုလိုက်၏။

"အောင်မြင်မှာပါ။ ဒါပေမယ့် အင်္ဂါသားနဲ့တွဲမလုပ်နဲ့။ စနေသားနဲ့တွဲလုပ် အကျိုးပေးလိမ့်မယ်"

"ဟာ - ဟုတ်တယ် အဘ။ အဲဒီ အင်္ဂါသားက ရှယ်ယာဝင်ချင်နေတာ။ ကျွန်တော်က သူ့ရဲ့အကျင့်နဲ့ ရာဇဝင်ကို မကြိုက်လို့ အင်တင်တင်လုပ်နေတာ။ ကိုတင်ထွန်းကတော့ သူနဲ့စီပ်တူလုပ်ချင်လုပ်တဲ့။ အတင်းတော့မတိုက်တွန်းပါဘူးတဲ့။ ကျွန်ထော် ကိုတင်ထွန်းနဲ့ပဲတွဲလုပ်တော့မယ်။ ကျေးဇူးတင်လိုက်တာ အဘရယ်"

ထိုသူသည် သူ၏ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်တစ်အုပ်အား ရှေ့မှာချပြီး အဘအား ကန်တော့၍ ပူဇော်ပါသည်။ အဘက ငွေကို တစ်ဝက်ခွဲပြီး ထိုသူ၏ ပါလာသော ကလေးငယ်အား မုန့်ဖိုးပြန်ပေးလိုက်သည်။ ထိုသူက မပေးပါနှင့်ဟု အတင်းငြင်းသည်။

"မင်းသားက စက်ရုပ်ကားလိုချင်နေတာ ဝယ်ပေးလိုက်ပါကွာ။ ငါတို့ ဒီလောက်ငွေနဲ့ဆို့ရင် လမ်းစရိတ်လောက်ပါတယ်"

ကလေးငယ်သည် သူအလွန်လိုချင်နေသည့် စက်ရုပ်ကားရတော့မှာမို့ အလွန်ဟော်သွားပါသည်။ ထိုမိသားတစ်စုကား တအုံတသြဖြင့် အဘအား ကန်တော့၍ ပြန်သွားကြပါသည်။

❑

မန္တလေးဘူတာကြီးမှာ သူတို့ နှစ်ယောက်ထိုင်နေကြသည်။ ကိုသိန်းအောင်လက်ထဲမှာ မန္တလေး - ရေနီမီးရထားလက်မှတ်။ အဘက သူမလိုက်တော့ဘဲ ရေစာခွန်တောင်သို့ဆက်သွားမည်ဟု ဆိုသည်။ မင်းကိုသင်ပေးခဲ့တဲ့ ကျင့်စဉ်တွေအတိုင်း ဆက်လက်ကျင့်ဖို့နှင့် အခြံခိုအား သည်နှင့် နှုတ်မှရွတ်ဆို၍ မေတ္တာပို့သည့်အလုပ်ကို အချိန်အကန့်အသတ်မရှိလုပ်ဖို့မှာသည်။ လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာ စမတောင်သည် ကိုသိန်းအောင်နှင့် ပဋ္ဌာန်းဆက်ရှိသည်ဖြစ်၍ ထိုစမတောင်မှာအခြေချပြီး စမတောင်သာသနာနယ်မြေဖွံ့ဖြိုးတိုးတက်လာအောင် ဝေယျာဝစ္စတွေလုပ်ဖို့နှင့် ထိုတောင်မှာပဲ ဆက်လက် ကျင့်ကြံအားထုတ်ဖို့၊ ရဲဖန်ရဲခါ ဝံနွာရီခရီးထွက်ဖို့မှာသည်။ သူမှာသာ အဘနှင့်ခွဲရမှာမို့ စိတ်လှုပ်ရှားနေသော်လည်း အဘကတော့ ပကတိကျောက်ရုပ်ပမာ မတုန်မလှုပ်။

"ငါတို့တွေဟာ တစ်လမ်းသွားတွေကွယ့်။ သံယောဇဉ်ဖြတ်နိုင်လေအောင်မြင်လေပဲ။ အဲတာတွေဟာ တဏှာလောဘတွေ။ လောဘ၊ ဒေါသ၊ မောဟတွေနည်းနိုင်သမျှနည်းအောင်ကြိုးစား။ သီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲ။ တရားအလုပ်ကို ဝိရိယစိုက်ထုတ်ပြီးလုပ်။ သတ္တဝါတွေကို မေတ္တာစေတနာထားပြီး မေတ္တာဘာဝနာနဲ့နေ ဟုတ်လား လူလေး။ ကဲကဲ - အဘသွားပြီ"

အဘသည် ရုတ်ခနဲ ဆိုက်ကားတစ်စီးခေါ်၍တက်ပြီးလိုက်ပါသွားပါ၏။ ကိုသိန်းအောင် ဘာမှမပြောနိုင်ဘဲ ငေးကြည့်နေမိပါတော့သည်။ သူလက်ထဲမှာ အဘပေးခဲ့သော နက်မှောင်နေသည့် သိမ်ဝင်ပုတီးလေးတစ်ကုံးရယ်သာပါပဲ။

❑

စမတောင်သာသနာ့နယ်မြေသည် ဘုရားဖူးအဓိဋ္ဌာန်ဝင်သူ နည်းပါးသဖြင့် တိတ်ဆိတ်နေပါသည်။ ရေတံခွန်တောင်ကြောပေါ်မှာ ဝါးခုတ်၊ မီးသွေးဖုတ်သူတို့ မနိုင်အောင်ကာဝန်ကို ထမ်းပိုးရင်း ပြန်လာနေကြ၏။ ဖခင်က မီးသွေးထမ်း၊ မိခင်က မီးသွေးရွက်၊ သားသမီးတွေက ထင်းခြောင်းတွေပိုက်ပြီး စီတန်းပြန်လာနေကြ၏။ တောင်တက်ဆောင်းတန်းအနီး ကမ်းပါးစောင်းမှာပေါက်နေသော ကျွန်းပင်ကြီးပေါ်မှ ဖိုးခေါင်ငှက်တစ်ကောင်သည် 'ဖိုးခေါင် ဖိုးခေါင်' ဟု အော်မြည်ကြွေးနေပါသည်။ ကိုသိန်းအောင်သည် ထိုငှက်သံကြားရရာ ကျွန်းပင်ကြီးအား လှမ်းကြည့်သည်။သူနားထဲမှာ 'ဖိုးအောင် ဖိုးအောင်' ဟု ကြားနေသည်လားမသိ။ မိတ်ဆွေကြီးဘသုံကတော့ မမြိုင်ချပေးသော ရေနွေးကြမ်းခတ်ဘူးအားဖွင့်၍ ရေနွေးငှဲ့လေသည်။ ပါးစပ်မှာ ကြယ်နီဆေးပေါ့လိပ်ခဲလျက်။ ကျန်စုံ ကိုသိန်းအောင်အားငေးကြည့်နေမိသည်။ ဤသူသည် အသားညိုမောင်းသော်လည်း ရင်တွင်းမှမေတ္တာဓာတ်ကြောင့် မျက်နှာမှာ အစဉ်ကြည်လင်ဝင်းပနေ၏။ သူတောင်ပေါ်မှ ပို့သောအသံသည် တောင်ပေါ်မှာ ပျံ့နှံ့သကဲ့သို့ တောင်အောက်မှာလည်း ပဲ့တင်ထပ်လေ့ရှိ၏။

"စာရေးဆရာသိချင်တဲ့ကျွန်တော့် ဘဝဇာတ်ကြောင်းကတော့ အဲဒါပါပဲဗျာ"

"အခုကော အဓိဋ္ဌာန်ခရီးတွေ ထွက်ဖြစ်သေးလား ကိုသိန်းအောင်"

"ဟိုတစ်ခါ ရွှေတိဂုံဘုရားပေါ်မှာ ကိုသန့်ဇင်နဲ့တွေ့တာ ကျွန်တော် နောင်တော်ကြီးစေတီမှာ အဓိဋ္ဌာန် (၉) ရက် ဝင်နေတာလေ"

"ရွှေတိဂုံပေါ်မှာ မေတ္တာကျယ်ကျယ်မပို့နဲ့နော်။ အထူးသဖြင့် အင်္ဂါနေ့လို့နေ့မျိုးမှာ စမတောင်မှာလို့ အကျယ်ကြီးမေတ္တာမပို့နဲ့။ မျက်နှာလိုမျက်နှာရလုပ်ပြီး ခင်ဗျားကိုခေါ် စစ်လားမေးလားလုပ်နေဦးမယ်"

(ဟိုယခင်အခါက ဖြစ်ပါသည်။ ယခုပြောင်းလဲခဲ့ပါပြီ။)

သားနဲ့ဇနီးကော ပြန်တွေ့သေးလား"

"သားက အရွယ်ရောက်လို့ တပ်မတော်ထဲဝင်သွားပြီ။ ကျွန်တော့်သွေးပါတယ်လေ။ ဇနီးကတော့ နောက်အိမ်ထောင်နဲ့ အခြေကျနေပြီလို့ ကြားရပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဘာမှမရှိတော့ပါဘူး။ကဲ-ကိုသန့်ဇင်၊ ကျွန်တော် တောင်ပေါ် တက်ပြီး ပွဲတပ်ဖို့ပြင်ဆင်လိုက်ဦးမယ် သွားမယ်နော်"

ကျွန်ုပ်အား နှုတ်ဆက်ပြီး ထွက်သွားသော ကိုသိန်းအောင်အား ငေးကြည့်နေမိပါသေးသည်။ လမ်းလျှောက်သွားနေရင်း သူ၏မေတ္တာပို့သံက ပျံ့လွင့်လာပါသည်။

"များဝေနေယျာ သတ္တဝါတွေ ဘေးရန်ကင်းလို့ရှင်းပါစေ၊ စိုးရိမ်ကင်းလို့ရှင်းပါစေ၊ အားလုံးပဲကျန်းမာချမ်းသာကြပါစေ"

သူ၏ အေးမြသော မေတ္တာပို့သံက စမတောင်အနှံ့ ပျံ့လွင့်သွားပါသည်။ ဟုတ်ပါသည်။ မြန်မာပြည်သူပြည်သားတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေခင်ဗျား။

သန့်ဇင်

မှတ်ချက် -

ဤဇာတ်လမ်းပြောပြသူ စမတောင်မှ ကိုသိန်းအောင်နှင့် ဝေယျာဝစ္စဆောင်ရွက်ကြသော စားဖိုဆောင်ဦးစီးမှူးမိန်းကလေး မတင်အောင်၊ မနန်းနှင့် အားလုံး ကျန်းမာချမ်းသာပါစေကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ နှစ်ဆန်းရာသီအတွက်
စီးပွားရေးပေဒင်ဟောကိန်း

မင်းရှိန်အောင်



(၁-၁-၂၀၁၆) နေ့ သာယနဇာတာခွင်



(၁၁-၁-၂၀၁၆) နေ့ သာယနဇာတာခွင်



(၂၁-၁-၂၀၁၆) နေ့ သာယနဇာတာခွင်

ဤလင်၏ ပထမဆယ်ရက်ကာလတွင် စတော့ရှယ်စျေးကွက်ရှုပ်ထွေးနေသော်လည်းငြိမ်နေမည်။ ရွှေစျေးကွက်တက်စျေး၊ ကျစျေး မြန်ဆန်နေမည်။ ကျောက်မျက်စျေးကွက် ပုံမှန်မဟုတ်သော အပြောင်းအလဲ ပေါ်ပေါက်တတ်မည်။အဝတ်အထည်စျေးကွက်မကောင်း။ ဓာတုဆေးဝါးများစျေးကွက်၊ စိုက်ပျိုးရေးထုတ်ကုန်စျေးကွက်၊ မွေးမြူရေးထုတ်ကုန်စျေးကွက် တုံ့ဆိုင်းနေမည်။ စက်ပစ္စည်း၊ ကုန်မာ၊ အိမ်ဆောက်ပစ္စည်းစျေးကွက် ရူတ်တရက်မြောက်တတ်မည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်အိုင်တီပစ္စည်းများ တက်စျေး ကျစျေးရှုပ်ထွေးနေမည်။ တွင်းထွက်သတ္တုပစ္စည်းများ၊ လောင်စာပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းတို့ တက်စျေး၊ ကျစျေး လှုပ်ရှားမှုမြန်ဆန်နေမည်။ စာနယ်ဇင်းစျေးကွက်ငြိမ်နေမည်ဖြစ်သော်လည်း မီဒီယာစျေးကွက်ဘောင်ဘင်ခတ်နေမည်။

ဤလင်၏ ဒုတိယဆယ်ရက်ကာလတွင် ရွှေစျေးကွက်အပြောင်းအလဲမြန်ဆန်နေမည်။ ငွေကြေးစျေးကွက်ရုတ်တရက်ပြုတ်ကျပြီး တရိပ်ရိပ်ပြန်တက်မည်။ စတော့ရှယ်ယာစျေးကွက်ရပ်တန့်နေသလိုရှိမည်။ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းစျေးကွက်သိပ်မကောင်း။ရေထွက်ပစ္စည်းစျေးကွက် အနိမ့်အပိုင်းမှာရောက်နေမည်။ အဝတ်အထည်စျေးကွက်ငြိမ်နေမည်။ ကုန်မာပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းလုပ်ငန်း၊ စက်နှင့်စက်ပစ္စည်းလုပ်ငန်းများ၊ စျေးကွက်အမြင့်ပိုင်းကို မမျှော်မှန်းနိုင်သလိုရှိမည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း စျေးကွက်ပုံမှန်မဟုတ် လှုပ်ခတ်နိုင်မည်။ တွင်းထွက်သတ္တုပစ္စည်းများ၊ ယာဉ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လောင်စာပစ္စည်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ ဖက်ရှင်နှင့်အလှအပပစ္စည်းများ၊ အဝတ်အထည်များ၊ စျေးကွက်မတည်မငြိမ်လှုပ်ခတ်မှုများနေမည်။ မီဒီယာစျေးကွက်အပြောင်းအလဲများနေသော်လည်း စာနယ်ဇင်းစျေးကွက်ငြိမ်နေမည်။

ဤလင်၏ တတိယဆယ်ရက်ကာလတွင် ငွေကြေးစျေးကွက်အတက်၊ အကျမြန်နေမည်။ ရွှေစျေးကွက် ဖြုန်းဆိုပြုတ်ကျပြီး တရိပ်ရိပ်ပြန်တက်တတ်မည်။ စတော့ရှယ်ယာစျေးကွက်ငြိမ်နေမည်။ စိုက်ပျိုးရေးသုံးဓာတုဆေးဝါးများ၊ တခြားဓာတုဆေးဝါးများ ရေထွက်ပစ္စည်းစျေးကွက်၊ စားသောက်ကုန်များ၊ စားသောက်ဆိုင်များ၊ စျေးကွက်အနိမ့်ပိုင်းက မတက်နိုင်သလိုရှိမည်။ အလှအပနှင့် ဖက်ရှင်လုပ်ငန်း၊ အနုပညာလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ တွင်းထွက်သတ္တုပစ္စည်း၊ ကျောက်မျက်ရတနာပစ္စည်း၊ လောင်စာပစ္စည်းများ၊ စျေးကွက်မတည်မငြိမ် ရှုပ်ယှက်ခတ်နေမည်။ ဆေးနှင့်ဆေးပစ္စည်းများ၊ သစ်နှင့်ဆက်စပ်ပစ္စည်းများ ရုတ်တရက်အနိမ့်ဘက်ရောက်သွားပြီးမှ တရိပ်ရိပ်ပြန်တက်တတ်မည်။ မီဒီယာစျေးကွက်လှုပ်ခတ်နေသော်လည်း စာနယ်ဇင်းစျေးကွက်ရုန်းကန်နေရမည်။ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ အိုင်တီပစ္စည်းများ တက်စျေး၊ ကျစျေး ပုံမှန်မဟုတ်။ အပြောင်းအလဲကြီးမည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

။ တရော်နီလူး

တရော်နီလူးသည် မိုင်းချူးရတနာမြေ၏ အဓိကကျသော စကျင်တောင်တန်းကြီး၏ အနောက်ဘက် သီးခြားတည်ရှိနေသည့် စကျင်ကျောက်တောင်ကုန်းလေး၏ အနောက်ဘက်မျက်နှာတွင်ဘည်ရိုကာ တောင်တန်းကြီးနှင့် လှိုကြီးတစ်ခု ခြားနားထားလေ၏။ ထိုလှိုကြီးထဲတွင်လည်းကောင်း၊ တောင်တန်းကြီးပေါ်တွင် လည်းကောင်း မြေတွင်း၊ ခဲတွင်းတို့ဖြင့် ဖက်စပ်များ သူ့အကွက်နှင့် သူပြည့်လျက်တည်ရှိလေ၏။ ထိုဖက်စပ်များတွင် လူပေါင်းသိန်းချီ မိုခိုလုပ်ကိုင်လျက်ရှိသော မိုင်းချူးရတနာမြေကောင်းစားစင်္ကာလ ဖြစ်ပါသည်။

မိုင်းချူးရတနာမြေသည် မိုင်းချူးရတနာမြေပေါ် ဦးစွဲ ဥပဒေမစိုးမိုးနိုင်သေးသောခေတ်တွင် ရတနာရှာဖွေသူတို့သည် ကိုယ်လုပ်လိုသောနေရာ၌ လုပ်ခွင့်ရရှိခဲ့ကြ၏။ ထိုခေတ်ထိုအခါသည် ခဲကျင်းခေါ် စကျင်ကျောက်ထဲမကျောက်တွက်သည့်ကျင်းများ မလုပ်နိုင်သေးဘဲ ဆူလွယ်နပ်လွယ်သောခြေကျင်း၊ လေးပင်ကျင်း၊ လူးကျင်းတို့ကိုသာလုပ်

www.burmeseclassic.com

www.burmeseclassic.com



(မိုးကုတ်)
ရွှေပြည်စိုး
ထွက်ပေါက်

ကိုင်ကြပါသည်။

ထိုကျင်းတို့သည် မြေကြီးထဲမှ ကျောက်ထွက်သောကျင်းများဖြစ်လေရာ လူတိုင်းနီးပါး လက်လှမ်းမီကြလေ၏။ ခဲကျင်းခေါ် စကျင်ကျောက်သားများကို ခွဲ၍ထုမြဲကာ ကျောက်ရှာရသောကျင်းများမှာမူ လုအား၊ စက်အားများဖြင့် ပြုလုပ်ကြရရာ လောပန်ခေါ် သူဌေးကြီးများသာတတ်နိုင်ကြလေ၏။သို့သော် ထိုခေတ်က စကျင်ကျောက်ထဲတွင် မိုင်းရှူးပတ္တမြားများရှိနေကြသည်ကို လူတို့မသိကြသေးပါ။ ဖက်စပ်ခေတ်ရောက်မှသာလျှင် စကျင်ကျောက်သားထဲရတနာများ ကိန်းဝပ်နေမှန်းသိကြရ၏။ လူများတွင်လည်း ကျားပါးစပ်လူး၊ နမ့်၊ မဆင်လူး၊ ဂဏန်းကျင်းလူး၊ နွယ်လူး၊ ပျားတောင်လူး၊ ဟရော်နီလူး၊ ဆိုင်းလှိုလူး၊ ကုလားလူး စသည်ဖြင့် နာမည်ကြီးသောလူးပေါင်းများစွာ တည်ရှိပြီး ထိုလူးတို့သည် စကျင်တောင်တန်းကြီး၏

www.burmeseclassic.com

www.burmeseclassic.com

အနောက်ဘက်၊ အနောက်မြောက်ဘက်၊ အနောက်တောင်ဘက်တို့တွင်သာ တည်ရှိပြီး အရှေ့မျက်နှာစာဝန်းကျင်တွင်မူ လုံးဝမတည်ရှိဘဲ ထိုမျက်နှာစာသည် ကမ်းပါးပြတ်ပုံစံတည်ရှိနေပါသည်။ ထိုမျှော်ကြည့်လေသော် သံလွင်မြစ်သည် ကောက်ကွေ့တွန့်လိမ်ကာ တောင်စဉ်တောင်တန်းတို့ကြားမှ မြွေတစ်ကောင်သဖွယ် တွားသွားပြီးတိုးထွက်၍နေပါသည်။

ခေတ်ဦးကာလ၌ လူးတို့သည် သဘာဝလိုက်ဂူများဖြင့် မြေအောက်ကမ္ဘာသို့ဆင်းရန် သဘာဝတန္ဒားက ဖန်တီးပေးထားကြပါသည်။ ထို့အတွက် မြေအောက်ကမ္ဘာသို့ဆင်းရန် နွယ်ကြိုးကြီးများ၊ နိုင်လွန်ကြိုးကြီးများ၊ တန့်ကူထောက်များ အကူအညီယူကြရသဖြင့် အခက်အခဲမရှိခဲ့ကြပါ။

လူး ဟူသည့် မြေအောက်ကမ္ဘာသည် စကျင်ကျောက်တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ခေတ်အခေါ်အရမူ ထုံးကျောက်ဂူများသာ ဖြစ်သည်။ ထိုထုံးကျောက်ဂူများတွင် မြေအောက်ကမ္ဘာစိမ့်စမ်းချောင်းမြောင်းတို့ကြောင့် ကမ္ဘာဦးတည်စမှသည် ဖြစ်ပေါ် နေသော အနည်ထိုင်အောက်ခြေဖြန်းမြေလွှာတို့ကို ရှာရပါသည်။ ထိုဖြန်းမြေလွှာတွင် စကျင်အသွင်ပြောင်း မိုင်းရွှေးပတ္ထမြား တို့ များစွာ တည်ရှိနေကြခြင်းဖြစ်ပြီး ထိုပတ္ထမြားတို့အား မြေကျောက်ဟူ၍ ခေါ်ကြလေ၏။ မိုးကုတ်ပတ္ထမြားများနှင့် အရည်အသွေးများစွာ ကွာခြားပါသည်။ မိုးကုတ်ပတ္ထမြားများ၏စံကို မမီကြပေ။

ထိုသို့ပေါ် စဦးခေတ်တွင် သဘာဝလူးဆင်းလမ်းများရှိခဲ့ကြသော်လည်း လူးတို့သည် မြေသားမှန်သမျှ ထုတ်ယူဆေးကြောကြသောအခါ စကျင်ကျောက်သားများအား ထောက်ကူပေးထားသည့် မြေလွှာများ ကြားလပ်ကုန်းကျောက်လွှာကျောက်တုံးကြီးများလှုပ်ရှားနေရာရွှေ့ကုန်ကြပြီး မိုးများသော မိုးရာသီတွင် ကျောက်တောင်မြေတောင်များ နှုးကုန်ကြလေ၏။

မြေများနှုးကုန်သည်နှင့် လူတစ်ကိုယ်စာ လူးဝင်ပေါက်တို့သည် ခဲကမ္ဘာကြီးများ၏လှုပ်ရှားမှုကြောင့် ပိတ်ဆို့ကုန်ကြကာ သဘာဝဝင်ပေါက်များပျောက်ကွယ်ကုန်ကြပါသည်။ ထိုအခါ ထိုလူးတို့ကန်းကုန်ကြလေ၏။

ထိုလူးပေါင်းမြောက်များစွာတို့သည် လဲက်တွေ့ဟူ၍မရှိတော့ဘဲ ပါးစပ်ရာဇဝင်အဖြစ်သာ ကျန်ရစ်ကြပါသည်။ သို့သော် ထိုလူးတို့ကို ဆင်း၍လုပ်ကိုင်ကြဖူးသော မှော်ကြာခေါ် ဝါရင့်ရတနာရှာသူတို့သည် မိုင်းရွှေးရတနာမြေပေါ်၌ မောင်ကြီးမပြန်နိုင်ဖြစ်ကာ မှော်ကြာဘဝဖြင့် လှည့်လည်နေထိုင်လုပ်ကိုင်စားနေကြလေ၏။

ဥပဒေစိုးမိုးသော ဖက်စပ်ခေတ်ကာလသို့ ရောက်သောအခါ ရတနာရှာဖွေလိုသူလောပန်ပေါင်းများစွာရောက်ရှိလာကြလေ၏။ ထိုအခါ မှော်ကြာကြီးများ၏ သတင်းပေးမှုကြောင့် ထိုလူးပေါက်များ၏ဝန်းကျင်အား ဖက်စပ်ကွက်ရိုက်စေကာ ဖက်စပ်ဆွဲစေပြီး ထိုမှော်ကြာကြီးများမှ ကျင်းဆရာလုပ်ကာ မူရင်းဝင်ပေါက်နေရာကိုမှန်း၍ လေးပင်ကျင်းများရိုက်ကာ ရှာဖွေကြလေတော့၏။

ထိုအခါ မူရင်းလူးဝင်ပေါက်ကို တွေ့ရန် ပေပေါင်းရာချီ၍ လေးပင်ကျင်းရိုက်ကာ ရှာဖွေကြရပါသည်။ အချို့လူးများမှာ ပေပေါင်း သုံး၊ လေးရာမျှပင် နက်အောင်တူး၍ ရှာကြရပါသည်။ တရော်နီပင်ကြီးကိုအစွဲပြု၍ တရော်နီလူးဟူ၍ ခေါ်ကြသော တရော်နီလူးမှာမူ ပေ (၁၅၀) ကျော်မှသာ ဝင်ပေါက်ကို ရှာဖွေတွေ့ရှိခဲ့ကြပါသည်။

ထိုတရော်နီလူးအား ဖက်စပ်ဆွဲသော လောပန်မှာ အားဖောင်ခေါ် တန့်ယန်းမြို့မှ တရုတ်တစ်ဦးဖြစ်ပေ၏။ ထိုတရော်နီလူးအား ခေတ်ဦးက ကျင်းဆရာလုပ်ခဲ့ဖူးသော ဦးလှဝေမှ ဦးဆောင်ကာ ရှာဖွေဖော်ထုတ်ခဲ့ပြီး ဦးလှဝေသည် ထိုလူး၌ ကျင်းချုပ်ရာထူးကို ပိုင်ဆိုင်ကာ မြေအောက်ကမ္ဘာ၌ ကျင်းတို့ကို စီမံခန့်ခွဲသူ ဖြစ်သည်။

တောင်တန်းဒေသ ရှမ်းပြည်နယ်တွင် ခေါင်းလျှော်ရာ၌ မြန်မာတိုင်းရင်းသားပီသစွာပင် အမျိုးသမီး၊ အမျိုးသားတို့ သည် တရော်နှင့် ကင်ပွန်းကို ခေါင်းလျှော်ရည်ပြုကာ လျှောက်လေ့ရှိကြ၏။ အဓိက ခေါင်းလျှော်ရန် အသုံးပြုကြသည်မှာ တရော်ဖြူဖြစ်သည်။ တရော်မျိုးသည် များစွာရှိသော်လည်း တရော်ဖြူနှင့် တရော်ရွက်ချွန်းကိုသာ အသုံးများကြသည်။ တရော်နီမှာမူ တရော်ပင်အမျိုးအစားဖြစ်သော်လည်း အရွက်တူရုံမျှသာ တူကာ သူ့အခေါက်သည် ချဲကျိုဓာတ်မရှိပေ။ သို့ကြောင့် ခေါင်းလျှော်ရာတွင် အသုံးမပြုကြဘဲ ထင်းသုံးရာ၌ အသုံးပြုကြသည်။ တရော်နီသားသည် ထင်းယား၊ ပင်စောက်၊ ရင့်ကူသားတို့ကဲ့သို့ မီးအလွန်ကောင်းသော ထင်းမျိုးဖြစ်ရာ ထင်းခုတ်သူတို့များစွာနှစ်သြိုက်ကြ၏။

ထိုတရော်နီပင်ကြီးကို အစွဲပြု၍ ခေါ်ခဲ့ကြသော တရော်နီလူးသည် မြေအောက်ကမ္ဘာ၌ ကျင်းပေါင်း (၂၅) ကျင်းရှိကာ လူပေါင်း (၂၀၀) နီးပါးမျှ လုပ်ကိုင်ကြလေ၏။ အပေါ်မှ ကြီးမားသော မီးစက်ကြီးမောင်းကာ လုပ်ကွက်ကျင်းအသီးသီးသို့ လျှပ်စစ်မီးဖြန့်ဝေပေး၏။

လုပ်ကွက်များသည် ကျင်းစအိုဝင်ပေါက်နှင့် အလွန်ဝေးကာ နေ့ဝက်ခရီးမျှသွားရသည်ဖြစ်ရာ နေ့ချင်းပြန်မလုပ်နိုင်ကြပေ။ သို့ကြောင့် ရိက္ခာများ၊ လောင်စာအတွက် မီးသွေးအိတ်များ သယ်ယူကာ လူးထဲ၌ပင် ချက်ပြုတ်စားသောက်နေထိုင်ကြရသည်။

လူးခေါ် မြေအောက်ကမ္ဘာတွင် လေဝင်လေထွက်ကောင်းမွန်မှုကြောင့် မီးမွှေး၍ အဆင်ပြေကာ ချက်ရေးပြုတ်ရေး၊ နေရေးထိုင်ရေးအဆင်ပြေကြလေ၏။ အမှောင်ခွင်း၍ အလင်းရရှိရေးအတွက် လျှပ်စစ်မီးများပေးထားသော်လည်း မီးစက်ပျက်ခြင်းအရေးကြုံခဲ့သော် အလင်းဓာတ် အကူအညီရနိုင်စေရန် တွင်းတိုင်း၌ မီးခြစ်၊ ဖယောင်းတိုင်၊ ဓာတ်မီး၊ ဓာတ်ခဲအလုံအလောက်ပေးထားပါသည်။ သို့အတွက် အလင်းရောင်အလို့ငှာ သောကမဖြစ်ကြရပေ။

တွင်းတိုင်း (၇) ရက်ဆက်တိုက် တစ်ကြိမ် မိမိတို့ရသမျှသောကျောက်တို့အား အပေါ် သို့တက်၍ အပ်ရင်း အပေါ်၌ နေဆာလှုံရန် ခွင့် (၂) ရက်ပြီးနားနေစေပါသည်။ နားပြီးသည်နှင့် ကျင်းဆရာ၊ လက်ထောက်ကျင်းဆရာ၊ အင်ချတ်၊ ကျင်းသားတို့သည် လိုအပ်သောရိက္ခာတို့သယ်ကာ မြေအောက်ကမ္ဘာ၌ (၇) ရက်လုံးလုံး ကျောက်တူးကြရပြန်ပါသည်။ ကျင်းသုံးရန်လိုအပ်သော သစ်ဝါးတို့ကိုမူ ကျင်းစအိုဝသို့သွား၍ စကားပြောစက်ဖြင့် မှာယူကာ သယ်ဆောင်ကြရလေ၏။

တွင်းမှန်လျှင် လုံးဝမရှိမဖြစ်သည်မှာ သစ်ဝါးများသာဖြစ်သည်။ ထိုသစ်ဝါးတို့၏အထောက်အကူဖြင့်သာ နက်ရှိုင်းသောကျင်းတို့တူးနိုင်ခြင်း ဖြစ်သည်။ မြေကျင်း၊ လူးကျင်း၊ ခဲကျင်း၊ အင်းပြဲ၊ မည်သည့်ကျင်းမျိုးဖြစ်ပါစေ သစ်ဝါးမပါ၍မရပေ။ လူအသက်မဆုံးရှုံးရန် နက်ရှိုင်းသောမြေအောက်မှဖြန်းမြေရရန်၊ ကျောက်မျက်ရတနာများရရန် အဓိကအသုံးပြုရ

www.burmeseclassic.com

www.burmeseclassic.com

သည်မှာ သစ်ဝါးများသာ ဖြစ်သည်။

မိုင်းရူးရတနာမြေတွင် တွင်းသုံးရန်၊ အိမ်ဆောက်ရန်၊ သစ်ဝါးရောင်းသော သစ်ကွင်းများ၊ သစ်ဆိုင်များများပြားစွာရှိ၏။ သို့သော် လုပ်ငန်းကန်းကျင်းသစ်ကွင်းသည် မိုင်းရူးရတနာမြေ၌ အကြီးဆုံးသစ်ကွင်း ဖြစ်ပေ၏။ သစ်ဝါးတို့နှင့်အတူ ဖက်စပ်ကြိုးများ၌ မရှိမဖြစ် လိုအပ်သော ချက်ပြုတ်ရေးအတွက် လောင်စာထင်းလည်း ပူးတွဲရောင်းချလေ့ရှိကြသလို ထင်းသက်သက် ရောင်းသောဆိုင်ကြိုးများလည်း ရှိကြ၏။ လူးတို့တွင် သုံးသောမီးသွေးအိုတ်မှုန့်များလည်း ရနိုင်ကြပေ၏။

❑ ကြောက်ဖွယ်မိုးရာသီ

မိုင်းရူးရတနာမြေတည်ရှိရာ မိုင်းရူးမြို့လေးသည်, ရှမ်းပြည်နယ်တောင်ပိုင်း၏ မြောက်ဖျားစည်းနယ်နိမိတ်အနီး၌ တည်ရှိပါသည်။ လူနေထူထပ်မှုမရှိခဲ့သဖြင့် သစ်တော၊ ဝါးတောကြိုးများ စိမ့်စမ်းချောင်းမြောင်းများဖြင့် တည်ရှိကာ အမြဲစိမ်းသစ်တောကြိုးများအဖြစ် တည်ရှိခဲ့၏။

သို့ကြောင့် ရွာက်ကြွေတော ဟူသည် ထိုဒေသတို့၌ မရှိခဲ့မမြင်ခဲ့ဘူးပေ။ တစ်ပင်ကြွေတစ်ပင်ဝေနစ်ဖြင့် သစ်တောကြိုးများ အမြဲစိမ်းလန်းနေစေရန် သဘာဝတရားက ဖန်တီးထားလေ၏။ နွေမှာ အရွက်ကြွေသောအပင်တို့ရှိသကဲ့သို့ မိုးနှင့် ဆောင်းတွင် အရွက်ကြွေသောအပင်တို့လည်းရှိရာ သစ်တောတို့သည် အစဉ်သဖြင့် စိမ်းလန်းနေလေ့ရှိသည်။

ဥတုရာသီ တောကိုမှီ၏ ဟူသော သစ်တောသတိပေးဆောင်ပုဒ်ကဲ့သို့ပင် မိုးရာသီ၌ စိမ်းလန်းသော သစ်တောများကြောင့် မိုးများလေ့ရှိသလို ဆောင်းရာသီ၌လည်း လွန်စွာအေးလေ့ရှိကာ မျှတသောနွေဥတုကို သဘာဝတရားက ဖန်တီးပေးထားလေ၏။

မိုင်းရူးရတနာမြေမပေါ် ပေါက်မီသည်းထန်သောမိုးတို့သည် လူတို့အတွက် မည်သို့မျှ အန္တရာယ်မဖြစ်သော်လည်း မြေအောက်တွင် ရတနာတူးဖော်သောခေတ်သို့ရောက်သောအခါ ထိုများလွန်းသောမိုးတို့ကြောင့် ကျောက်တွင်းများပြိုကျပျက်စီးကာ လူပေါင်းများစွာ ရထနာအတွက် အသက်စတေးကြရလေသည်။

သို့ကြောင့် မိုးရာသီ မိုးကြီးသည်နှင့် မည်သည့်ကျင်းမဆို အန္တရာယ်ကျရောက်နိုင်သဖြင့် အထူးသတိထားကြရပါသည်။ မိုးကြီးသည်နှင့် မိုးရေများကျင်း၏အက်ကြောင်းများထဲသို့ စီးဝင်ကုန်၏။ ထိုမှသည် မြေလွှာကျောက်လွှာများနူး၍ ရွှေ့လျောကုန်ကာ ကျင်းစအိုဝများ လည်ထွက်ကုန်ကာ ကျင်းပြို၍ ဝင်ပေါက်၊ ထွက်ပေါက်များ ပိတ်ဆို့ကုန်တတ်လေ၏။

ထိုအခါ မြေအောက်ကမ္ဘာ၌ လုပ်ကိုင်နေကြသော ကျင်းအလုပ်သမားတို့သည် ထွက်ပေါက်ပိတ်ကာ သေဆုံးကုန်တတ်သဖြင့် မိုးရာသီ၏ ကြီးမားစွာသောမိုးတို့ကို လူတို့အလွန်ကြောက်ကြလေ၏။

❑ လူးစအိုလည်သွားပြီ

"အပေါ်၊ အပေါ်"

"အပေါ်၊ အပေါ် ကြားလား။ ကြားရင် အကြောင်းပြန်"

"ကြားတယ်၊ ကြားတယ်ပြောပါ"

"ကျင်းအမှတ် (၂၁) ကပါ။ ဒီနေ့ အပေါ်တက်မယ်။ အဲဒါ ကြိုတင် အကြောင်းကြားတာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ ကျင်းစအိုမှာ အသင့်ရှိတယ်"

"အပေါ်၊ အပေါ် မိုးတွေရွာနေတာလား။ အသံတွေကြားနေရတယ်"

"ဟုတ်တယ်၊ မိုးကြီးရွာနေတာ နာရီပေါင်းအတော်ကြာပြီ။ အောက်မှာ ထူးခြားမှုရှိလား"

"မရှိဘူး၊ အောက်မှာတော့ ပုံမှန်အနေအထားပဲ။ ခဏနေ ငါတို့စ,တက်တော့မယ်"

"ဟုတ်ပြီ၊ ရုံးကို အကြောင်းကြားပေးမယ်"

"အိုကေ အိုကေ ဒါပဲနော်"

ဟု ပြောဆိုကာ အောက်မှပြောဆို သံရပ်သွား၏။ ကျင်းပေါင်း (၂၅) ကျင်းနှင့် စကားပြောရန် အင်တာကွန်းစကားပြောစက်များ တပ်ဆင်ပေးထားသဖြင့် အထက်၊ အောက် ပေပေါင်းများစွာဝေးကွာပါသော်လည်း အလွယ်တကူ ဆက်သွယ်၍ ရပါသည်။

အထက်ကျင်းဆောင်တွင် ထိုလူးထဲမှကျင်းများနှင့်ဆက်သွယ်ရန်၊ မီးလိုင်းများထိန်းချုပ်ရန် ဘုတ်(ခ်)ခုံတစ်ခုပြုလုပ်ကာ ထိုခုံ၌(၂၄)နာရီအလှည့်ကျ တာဝန်ထမ်းဆောင်သူတို့ရှိသလို ကျင်းစအိုတွင်လည်း အတက်၊အဆင်းအတွက်အလှည့်ကျ ဝင့်စက်မောင်းသူတို့ရှိပါသည်။

မိုးဖြူမစဲ၊ မိုးမည်းမခွာ ဟူသော စကားနှင့်အညီပင် မိုးသည် ထစ်ချုန်းခြင်း၊ မည်းမှောင်ခြင်းမပြုဘဲ သည်းထန်စွာ ရွာသွန်းနေသည်မှာ နာရီပေါင်းအတော်ကြာပြီဖြစ်ရာ ကြောက်ဖွယ်ကောင်းလှပေ၏။

ထိုငြိမ်ချက်သားကောင်းသော မိုးတို့သည် ရတနာမြေ၏ ရတနာရှာဖွေသူတို့အား ဇီဝိန်ခြွေခဲ့သည်မှာ များခဲ့ပြီဖြစ်ရာ အပေါ်တွင် တာဝန်ရှိသူတို့သည် ရတက်မအေးနိုင်အောင်ရှိရလေ၏။

ဝန်းကျင်သည် မိုးသံမှတစ်ပါး ဘာသံမှမကြားရပေ။ တာဝန်ရှိသူတို့သည် သတိကြီးစွာထားလျက် ကျင်းဆောင်အတွင်း တာဝန်ထမ်းရွက်နေကြ၏။ ထိုစဉ် မန်နေဂျာဦးလောရန့်သည် ထီးတစ်ချောင်းဖြင့် ကျင်းဆောင်ထဲဝင်လာ၏။ ထိုအခါ တာဝန်ထမ်းဆောင်နေသည့် ဆက်သွယ်ရေးတာဝန်ခံ ကိုမောင်ညိုနှင့် ဝင့်စက်မောင်း ကိုချစ်လှတို့က မန်နေဂျာကို နှုတ်ဆက်ကြသည်။

"မန်နေဂျာ၊ မိုးကဟုတ်ချင်ဖူးထင်တယ်။ အတော်ကြောက်စရာကောင်းနေပြီ"

"အေး - ဟုတ်တယ်၊ ကျင်းစအို စိတ်မချလို့ ငါလာကြည့်တာ။ ဒီကျင်းလေးပင်ခွေတုန်းက ပေ (၁၀၀) လောက်မှာ ထမင်းရေမုန့်ကြောကို အတော်ခက်ခက်ခဲခဲဖြတ်ထားရတာ။ အဲဒီမုန့်ကြောဆီရေစိမ့်ဝင်လို့ကတော့ မလွယ်ဘူးကွ။ မြေလွှာပပ်ကြားအက်သွားမှာပဲစိုးတာ။ အက်သွားရင် ဒုက္ခရောက်နိုင်တယ်ကွ"

"မနှစ်က ဒါမျိုးမိုးကြီးရွာပေမယ့် ဒါလောက်မကြောပါဘူး။ ခုနှစ်က စံချိန်တင်နေပြီ"

"အေး - ဟုတ်တယ်၊ မိုးက ညကတည်းကရွာနေတာ၊ အတော်ကြာနေပြီ။ စိုးရိမ်လို့ ငါလာကြည့်တာ။ ဒါထက် မောင်ညို"

"ဗျာ"

"မင်း ကျင်းစအိုဝကအင်တာကွန်းရဲ့အသံကို ဂရုပြုပြီးနားထောင်နော်။ ထူးခြားမှုရှိရင် ချက်ချင်းအကြောင်းကြားဟုတ်လား"

ကျင်းဆင်း၊ ကျင်းတက်လုပ်ရန် အင်တာကွန်းကိုမူ ဝင့်စက်မောင်းသူ၏ ဘေးတွင် တပ်ဆင်ထားရ၏။ ထို့ကြောင့် ကျင်းစအိုဝရေကျသံမှအစ အကုန်ကြားနေရ၏။ ထိုစဉ်မှာပင် ဆက်သွယ်တာဝန်ခံကိုချစ်လှက ကျင်းအမှတ် (၂၁) ၏ သတင်းကိုပို့ပါသည်။

"မန်နေဂျာ ကျင်းအမှတ်(၂၁)က

www.burmeseclassic.com

www.burmeseclassic.com

သတင်းပို့တယ်၊ မန်နေဂျာမလာခင်လေးပါ။ ဒီနေ့ (၇) ရက်ပြည့်တဲ့နေ့ဆိုတော့ အပေါ်တက်ပြီး ကျောက်အပ်မယ်ပြောပါတယ်။ ကျွန်တော်လည်း မန်နေဂျာဆီသတင်းပို့မလို့ဘဲ။ မိုးများလွန်းလို့ ခရီးတုံ့ချတုံဖြစ်နေတာနဲ့ပဲ ချက်ချင်းမလာဖြစ်တာပါ"

"အေး၊ အေး - ဟုတ်ပြီ"

ထိုသို့ပြောနေစဉ်မှာပင် ကျင်းစအို့အင်တာကွန်းမှ ထွက်ပေါ်လာသော အသံတို့သည် စက်မောင်းသူ၏အင်တာကွန်းမှ ဆူညံစွာ ထွက်ပေါ်၍လာလေ၏။

"ဝေါ. . . ဖြော. . . ဝုန်း"

"မောင်ညီ၊ အသံသာအချာ နားထောင်စမ်း"

"မန်နေဂျာကျင်းစအို့က ပြိုကျသံတွေပဲ"

"ဟေ့ကောင် မြန်မြန်ဆင်း။ စက်ခုံမှာ မနေနဲ့၊ နောက်ဆုတ်"

ကိုမောင်ညီသံသည် စက်မောင်းခုံမှ ခုန်ဆင်းကာ နောက်ခပ်လှမ်းလှမ်းဆုတ်၍ နားထောင်၏။

"ဖျောက်. . . ဖျောက်. . . ဝုန်း. . . ဝေါ. . . ဝေါ"

"ဟာ-သွားပြီဟေ့၊ ကျင်းစအို့ပြိုပြီးလည်ထွက်နေပြီကွ။ ဟေ့-မောင်ချစ်လှ အောက်က ကျင်းတွေဆီကျင်းစအို့လည်တဲ့အကြောင်း လှမ်းပြီးအကြောင်းကြားစမ်းကွာ"

"အောက်အောက်ကျင်းတွေအားလုံးကြားလား၊ ကြားလား။ ကြားရင် အကြောင်းပြန်ပါ အရေးကြီးတယ်"

"ကြားတယ်၊ ကြားတယ် ပြော"

ဆိုသောအသံအများ အင်တာကွန်းစပီကာတွင်စု၍ ထွက်လာ၏။

"ကျင်းစအို့လည်နေပြီ၊ စအို့ဘက်ကို မလာပါနဲ့"

"ဘာပြောတယ်"

"ကျင်းစအို့လည်နေတယ်လို့ အဲဒါ အကြောင်းကြားတာ"

"ဟာ - သေပါပြီကွာ"

ဟူသည့် စိတ်ပျက်အားငယ်သံများကြားရပါသော်လည်း မည်သို့မျှ မတတ်နိုင်ပေ။ သဘာဝဘေးအန္တရာယ်သည် လူးထဲမှ ရတနာရှာဖွေသူ (၂၀၀) ကျော်အား ဒုက္ခကောင်းကောင်းကြီးပေးခဲ့ပြီ ဖြစ်သည်။

"ချစ်လှ၊ အဲဒီနားမနေနဲ့တော့ ဆင်းဆင်း။ ဟောဒီ ကျင်းဆောင်ကျင်းလည်တဲ့အထဲမှာပါသွားနိုင်တယ်။ ငါတို့ ဝေးဝေးဆုတ်နေမှရမယ်"

ဟု ပြောသဖြင့် (၃) ဦးသာ ကျင်းဆောင်အပြင်ထိထွက်ကာ အခြေအနေစောင့်ကြည့်နေကြ၏။ မိုးကားသည်းနေဆဲပင်။

"ချစ်လှ သွား သွား၊ မီးစက်ဆရာ မီးစက်ကြီးပိတ်ခိုင်းလိုက်။ အကုန်ရှော့ခ်ဖြစ်ပြီး ဒိုင်နမိုကြီးလောင်နေဦးမယ်"

ဟု ပြောရာ ချစ်လှ မီးစက်ရုံသို့ ပြေးသွားပြီး မကြာမီပင် မီးစက်ကြီးရပ်သွား၏။ ထိုအခါ အပေါ်တွင် တာဝန်ထမ်းနေသူအသီးသီးပိုင်းအုံရောက်လာကာ ကျင်းဆောင်ကြီးကို ကြည့်နေကြတော့၏။

မကြာလိုက်။ ဝေါ. . . ထူးဟူသော အသံကြီးထွက်ပေါ်လာကာ ကျင်းဆောင်ကြီးသည် နှိမ့်ကျသွားပြီး ဖျောင်းဖျောင်း ဖျောင်း ဟူသော သစ်တို့ကျိုးပဲ့သံများ ထွက်ပေါ်လာကာ ရုတ်ခြည်းပင်ရုပ်ပျက်ဆင်းပျက် ဖရိုဖရဲဖြစ်သွားတော့၏။ ခဏချင်းပင် အမဲ်လာအသွင်သို့ပြောင်းသွားခြင်းပင်။

ပေ (၁၅၀) မျှနက်သော လေးပင်ကျင်းကြီးသည် အစမှ အဆုံးတိုင် လည်ဆင်းသွားခဲ့ပြီဖြစ်ရာ မန်နေဂျာနှင့် ကြည့်နေသူတို့သည် ရင်တုန်ပန်းတုန် ခံစားရလျက် သောကကြီးစွာ ညည်းတွားကြလေ၏။

လှုပ်ရှားမှုမရှိတော့သဖြင့် အနီးသို့သွား၍ကြည့်ရာ ဝင့်စက်များ၊ ဘုတ်(ခ်)ခုံများ မြေအောက်သို့နစ်မြုပ်ပျောက်ကွယ်နေပြီဖြစ်ရာ အားလုံးပင် သက်မတချချနှင့်ရှိကြလေ၏။ ကျင်းဆောင်နေရာမှာ ချိုင့်ခွက်ကြီးဖြစ်နေတော့၏။

လောပန်ဖြစ်ထံ အကြောင်းကြားရပေဦးမည်။ လောပန်သည် တန့်ယန်းမြို့သို့ပြန်နေချိန် ဖြစ်သည်။ ထိုအနီဌာရုံမြင်ကွင်းအား လောပန်မြင်ရသော် မည်မျှစိတ်ထိခိုက်လိုက်မည်နည်း။ ကျင်လည်ချိန်သည် နံနက်တိုးနာရီခွဲဖြစ်သည်။

□ မြေအောက်ကမ္ဘာမှာ

"ကျင်းစအို့လည်နေတယ်။ အဲဒါ အကြောင်းကြားတာ"

ဟူသော ဆက်သွယ်ရေးတာဝန်ခံ၏ စကားအား ကြားလိုက်ရသည်နှင့် အောက်တွင် ကျင်းလုပ်နေသူအပေါင်းတို့သည် ဟင်းခနဲ၊ ဟာခနဲဖြစ်ကာ ကြီးစွာထိတ်လန့်တုန်လှုပ်လျက် လုပ်ငန်းများ ချက်ချင်းရပ်နားလိုက်ကြလေ၏။

ကျင်းချုပ်ဖြစ်သူ ဦးလှဝေမှာ ကျင်းများအား လှည့်ပတ်ကြည့်ရှုစစ်ဆေးရသဖြင့် ကျင်းတိုင်းသို့ရောက်ပါသည်။ တစ်တွင်းနှင့် တစ်တွင်း အတန်ပင်လှမ်းသော်လည်း ငါးမိနစ်မျှလျှောက်လှမ်း ရောက်နိုင်သောအနေအထားမို့ ဦးလှဝေအတွက် အခက်အခဲမရှိလှပါ။ သူ့ ကိုယ်ရံအင်ချတ် (၂) ဦးအမြဲပါ၏။

ကျင်းလည်နေပြီ ဖြစ်ကြောင်း သတင်းကြားရချိန်တွင် ဦးလှဝေသည် ကျင်းအမှတ် (၁၅) ကျင်းဆရာမြင့်မောင်တို့ ကျင်းသို့ရောက်နေချိန် ဖြစ်သည်။

အထက်ဆက်သွယ်ရေးအုတ်ခဲမှ စို့သောသတင်းအား ဦးလှဝေ နားနှင့်ဆက်ဆက်ကြားလိုက်ရ၏။ ထို့ကြောင့် ချက်ချင်းပင် -

"ဟေ့-အင်ချတ်ဖိုးကော်၊ မင်းတို့ ကျင်းဆရာမြင့်မောင်ကို အပေါ်တက်ခိုင်းလိုက်။ ကျင်းစအို့လည်နေပြီလို့ အထက်က သတင်းပို့တယ်။ အဲဒါ တို့တွေ ကျင်းစအို့ဘက်ကို တက်ကြည့်ကြမယ်"

ထိုခဏတွင်ပင် လျှပ်စစ်မီးပြတ်တောက်ကာ မှောင်အတိကျသွားလေတော့၏။ ကျင်းသားတို့၏ 'ဟာ-သွားပြီဟေ့' ဟူသော အသံများ ပြိုင်တူကြားလိုက်ရပါသည်။

"ဖယောင်းတိုင်မီးထွန်းကြဟေ့"

ဟူသော ဆော်သြသံများနှင့် အတူမောတ်မီး၏ အလင်းရောင်တို့က အမှောင်ကိုပြန်ခွင်း၍ အလင်းကိုပြန်ဆောင်ပါသည်။ ခဏမှာပင် ဖယောင်းတိုင်မီးထွန်းလိုက်သဖြင့် အဆင်ပြေသွားသည်။

ဤတွင် ဦးလှဝေက ပြောသည်။

"ဟေ့ - ကလေးတွေ မောတ်မီးကို အရမ်းမသုံးနဲ့ ချွေတာကြ။ အခြေအနေဘယ်လိုမှန်းမသိသေးဘူး"

ကျင်းဆရာ ကိုမြင့်မောင် တက်လာသဖြင့် -

"ကဲ-ကိုမြင့်မောင်ရေ၊ ကျင်းစအို့လည်ထွက်သွားပြီလို့ အထက်ကသတင်းပို့တယ်။ အဲဒါကျင်းဆရာတွေစုပြီး စအို့ဘက်တက်ကြည့်ကြရအောင်။ ကဲ-ကျင်းသားနဲ့ အင်ချတ်အားလုံး ဒီမှာတစ်စုံတစ်ယောက်တည်းနေပါ။ ဖယောင်းတိုင်လည်း မြင်ရရုံတစ်တိုင်သာထွန်းထားပါ။ မောတ်မီးလည်း လိုအပ်မှသုံးပါ။ အခြေအနေဘယ်လိုဆိုတာ မခန့်မှန်းနိုင်သေးဘူး အားလုံးစိတ်မောတ်မကျကြပါနဲ့။ စိတ်မောတ်ကြီကြီခိုင်ခိုင်ထားပြီးနေပါ လူတွေလား"

www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ကျင်းချုပ်က မှာကြားပါသည်။ လက်ထောက်ကျင်းဆရာ၊ အင်ချတ်နှင့် ကျင်းသားတို့မှာ မျက်နှာများခြောက်လျက် ကိုလှဝေအားပြု၍ကြည့်နေကြသည်။ စကားပင်မဟနိုင်တော့ပေ။ အားလုံး၏အသက်ရှင်ရေးဟူသည် ရေးရေးမျှပင် မြင်နိုင်စွမ်းမရှိ၍ဖြစ်သည်။

သူတို့၏ တရော်နီလူးသည် မည်သည့်လူးနှင့်မျှမနီး၊ မည်သည့်လူးနှင့်မျှမပေါက်ဘဲ သီးခြားတည်ရှိနေသော လူးဖြစ်ရာ ထွက်ပေါက်ဟူသည် မည်သို့မျှပင်. မဖွေ့မှန်းရဲသော အခြေအနေဖြစ်သည်။ ဤသည်ကို အားလုံးသိနားလည်ထားရာ သူတို့၏အန်ကာဂတ်ကားမြေအောက်ကမ္ဘာတွင် အစာငတ်၊ ရေငတ်ဘဝနှင့် နိဂုံးချုပ်ကြရပေမည်။ သို့ကြောင့် ဤအရေးကိုသိသော လူးလုပ်သားများသည် ကြက်သေသေကာ စကားပင်မပြောနိုင်အောင် ရှိကြရလေ၏။

ဦးလှဝေနှင့် ကျင်းဆရာ ကိုမြင့်မောင်တို့သည် ကျင်းဆရာများအား စုဝေးစေကာ ကျင်းစအိုဝဘက်သို့ တက်ခဲ့ကြပါသည်။ အသက်နှင့်ထပ်တူ အရေးကြီးသည်ဖြစ်၍ သူတို့သည် ကျင်းစအိုဝသို့ နာရီအနည်းငယ်အတွင်းတွင်ရောက်ကြသည်။ ဇောကြောင့် မောရမှန်းမသိသော်လည်း ကိုယ်စီ ဇောချွေးတို့ဖြင့်ရွဲ ရွဲနစ်နေ၏။

ကျင်းစအိုသည် လူးလက်ကြားတစ်ခုအတွင်းသို့ စတင်ဝင်ရောက်ရာ စအိုအဝတွင် ခဲလုံးများ၊ ရွံ့ရည်များ၊ သစ်ကိုင်းဝါးကိုင်းအတိုအစများစုပုံခဲ့ပြီတ်လျက် ပိတ်ဆို့နေသည်ကို မြင်ကြရပါသည်။ အားလုံးပင် စုတ်တသတ်သတ်ဖြင့် ဝမ်းနည်းခြင်းကြီးစွာ ခံစားနေကြရပါသည်။

ဤတွင်း ကျင်းချုပ်ဦးလှဝေက - ကဲ - အခြေအနေကတော့ မြင်တဲ့အတိုင်းပဲ။ ကျင်းစအိုအားလုံးလည်ထွက်သွားပုံရပါတယ်။ ဆက်သွယ်ထားတဲ့ ဝိုင်ယာတွေလည်းပြတ်တောက်ကုန်လောက်ပြီ။ အဲဒီတော့ အထက်နဲ့ လုံးဝအဆက်အသွယ်ရနိုင်မှာမဟုတ်တော့ဘူး။ ဒါပေမယ့် အောက်မှာရှိနေတဲ့ကျွန်တော်တို့ကိုကယ်ဖို့ အပေါ် မှာစိတ်ကူးနေကြမှာပဲ။ ဒါပေမယ့် ခက်တာက ကျွန်တော်တို့ကိုကယ်ဖို့ ဖောက်တွင်းအသစ်ပြန်ဖောက်ရင် တစ်လနီးပါးကြာမယ်။ ဒါတောင် ဝင်ပေါက်ကို ဖြောင့်ဖြောင့်မတ်မတ်တွေ့ပါမှ ဝင်ပေါက်ရှာမတွေ့ရင် ဒီထက်ပိုကြာမယ်။ အဲဒီတော့ကာ အဲဒီတစ်လဆိုတဲ့အချိန်အတွင်း အောက်မှာနေထိုင်စားသောက်ဖို့ဆိုတာက ရိက္ခာလိုအပ်တယ်။ ရိက္ခာက တစ်ခါဆင်းမှ (၇)ရက်စာပဲပါတာ။ အချို့လည်း ကုန်ခါနီးပြီး အချို့လည်း သုံး၊ လေးရက်စာကျန်မယ်။ ဒီတော့ ဘယ်လိုပဲ ချွေတာစားစားကျွန်တော်တို့ တစ်လတောင့်ခံနိုင်ဖို့မလွယ်ဘူးထင်တယ်။အဲဒါကို ကျွန်တော်တို့ စဉ်းစားကြရမှာပါ။ ပြီးတော့ ကျွန်တော်တို့ အနီးနားဝန်းကျင်မှာ လူးမရှိဘူး။ ဆိုင်းလျှိလူးက မြောက်စွန်းမှာ၊ နမ့်မဆဒ်လူးစာ တောင်စွန်းမှာ။ ကျွန်တော်တို့အနေအထားက တောင်တန်းကြီးရဲ့ အလယ် အောက်တည့်တည့်လောက်မှာ ရောက်နေတာ။ ထွက်ပေါက်ဆိုတာ ခက်ခဲပါလိမ့်မယ်။ ကဲ - ကျွန်တော်တို့ ကိုယ့်စခန်းကိုယ်ပြန်ကြရအောင်။ကလေးတွေ အားမငယ်အောင် ကျင်းဆရာတွေကချွေးသိပ်ပေးကြပါ။ ဖြစ်ခဲ့ပြီပဲဗျာ၊ ဘာတတ်နိုင်မလဲ ကံတူအကျိုးပေးပေါ့။ ကဲ-သွားကြစို့"

ဟု ပြောကာ နွမ်းလျစွာပင် ကျင်းများရှိရာသို့ ပြန်ဆင်းခဲ့ကြတော့၏။ မည်သူမျှ စကားမဆိုနိုင်ကြတော့ပါ။ တိတ်ဆိတ်စွာပင် ပြန်လည် ဆင်းသက်လာခဲ့တော့၏။

ထိုသို့ တိတ်ဆိတ်စွာ စိတန်းဆင်းခဲ့ကြရာ ရေတံခွန်ကြီးတစ်ခုအနီးသို့ ရောက်သော် တိတ်ဆိတ်မှုအား ရေတံခွန်ကြီး၏ တဟဲဟဲရေကျသံတို့သည် သူတို့၏ စိတ်ကို ပိုမိုချောက်ချားစေ၏။

ရေတံခွန်ကြီး၏ဘေးရေလွှတ်ရာတွင် ပေတစ်ရာမျှနက်သောနိုင်လွန်ကြီး လှေကားကြီးရှိရာ ထိုကြိုးလှေကားကြီးအား စုပုံမဆင်းဘဲ နှစ်ယောက်၊ သုံးယောက်မျှသာ စိတန်းဆင်းနေကြ၏။ စုပုံဆင်းသော် ပြုတ်ကျမည်စိုးရိမ်ဖြစ်၏။

ဦးလှဝေမှာ ကျင်းဆရာများ စုံစေ့အောင်စောင့်ပြီးမှ ခရီးဆက်ပါသည်။ ရေတံခွန်နှင့် စမ်းချောင်းက နောက်တွင် ကျန်ရစ်ရာ တိတ်ဆိတ်သွားပြန်၏။ သူတို့၏ အခြေအနေကား စိတ်ဓာတ်များ ကျဲဆင်းကာ ငြိမ်သက်စွာ လျှောက်နေကြသဖြင့် စကားသံမျှပင် မကြားရပါ။ ထိုစဉ် လီဆူးကျင်းဆရာဖြစ်သူ ငွားဆာသည် လီဆူးသီချင်းလွမ်းလွမ်းဆွေးဆွေးသံဖြင့် သီချင်းဆိုရာ အားလုံးပင် စိတ်ပကောင်းရှိရလေ၏။

ဂုဏ်ညွှန်းသံများ

သူတို့၏ ဖွဲ့စည်းပုံအရ ကျင်းတစ်ကျင်းလျှင် ကုမ္ပဏီ၏လူယုံဖြစ်သော ကျောက်မဦးစေရန်၊ အလုပ်မခွဲမကတ်စေရန် ကြီးကြပ်စောင့်ကြည့်ရသည့် အင်ချတ်တစ်ဦး၊ ကျင်းဆရာတစ်ဦး၊ လက်ထောက်ကျင်းဆရာတစ်ဦး၊ ကျင်းသားငါးဦး စုစုပေါင်း ရှစ်ဦးဖြင့် ဖွဲ့စည်းထား ခြင်း ဖြစ်သည်။

လူးဖြူန်းသည် မြေဖြူန်းများဖြစ်ရာ ရေမုန်ဖြင့်ဆေးကြရ၏။ သဲတို့ကို ဆန်ခါဖြင့်ဝိုင်းရ၏။ ကျောက်တို့သည် ဆန်ခါ၏အလယ်၌ထိုင်၏။ ထိုကျောက်နှင့် သဲတို့အား အိတ်ထဲသို့ ကျူးထည့်ရ၏။ (၇)ရက်အတွင်း ရသမျှဆေးကာ တံဆိပ်စည်းရ၏။ တိပ်ဖြင့်ပတ်ထားသောနေရာတွင် ကျင်းဆရာက လက်မှတ်ထိုးရ၏။ (၇) ရက်စေ့၍ အပေါ် တက်သော် ထိုကျောက်ထုပ်အား လက်ထောက်ကျင်းဆရာကထမ်းတက်ရ၏။ အပေါ် ရောက်သော် ကျောက်ထိန်းဂိုဒေါင်မှူးထံ လက်မှတ်ထိုး၍ အပ်ရ၏။ ဤသည်မှာ ပုံမှန်လည်ပတ်မှုဖြစ်သည်။

ယခုကဲ့သို့ ထွက်ပေါက်ပိတ်သွား၍ မြေအောက်ကမ္ဘာတွင် ဘာလုပ်၍ဘာကိုင်ရမှန်းမသိသောအခါ ထိုကျောက်မျက်ရတနာတို့အပေါ် သာယာစိတ်၊တပ်မက်စိတ်လုံးဝမရှိကြတော့ပါ။ အားလုံး၏ အသက်တို့သည် မျှော်လင့်ချက်လုံးဝမဲ့သလို ခံစားနေကြရပေမည်။ လောကတွင် အသက်ထက် ဘာမှတန်ဖိုးမရှိပါ။ ထို့ကြောင့် ရတနာတို့ကိုလည်း လှည့်၍ပင် ကြည့်ချင်စိတ်မရှိကြတော့ပါ။

ကျင်းဆရာ ကိုမြင့်မောင် ပြန်ရောက်လာသောအခါ အားလုံး ဝိုင်းမေးကြပါသည်။ ကိုမြင့်မောင်ကိုယ်တိုင်ကပင်လျှင် လွန်စွာသောကဖြစ်နေရရာ အတတ်နိုင်ဆုံးစိတ်ကိုထိန်းကာပြောပြရလေ၏။ သူသည် ဤကျင်းတွင် ဖခင်ပမာဖြစ်သည်မဟုတ်ပါလား။

"ငါ့ညီတို့ရေ၊ စိတ်ကိုခိုင်ခိုင်ထားကြကွ။ အခြေအနေကလုံးဝမကောင်းဘူးကွာ။ ငါ့အထင်တော့ ကျင်းစအိုအစမှအဆုံးတိုင် လည်ထွက်သွားပုံရတယ်။ ဆက်သွယ်ရေးဝိုင်ယာတွေလည်း ခဲတိုက်ကြီးတွေရိုက်ခတ်တာနဲ့ ပြတ်ထွက်ကုန်မှာသေချာတယ်။ အဲဒီတော့ အပေါ် နဲ့လုံးဝအဆက်အသွယ်ရတော့မှာ မဟုတ်ဘူး။ ဒီတော့ ထွက်ပေါက်လုံးဝပိတ်သွားပြီပေါ့ကွာ။ အပေါ် မှာလည်း ငါ့ညီတို့

www.burmeseclassic.com

www.burmeseclassic.com

ကယ်တင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားကြမှာပါပဲ။ ဒါပေမယ့် ဒီကျင်းစဖောက်တုန်းက ငါပါတယ်။ တစ်လလောက်ဖောက်ယူခဲ့ရတာ။ အဲဒီတစ်လအတွင်းအောက်ထဲမှာ ငါတို့ဘယ်လိုအသက်ဆက်နေထိုင်ကြမလဲ။ ငါတို့ရိက္ခာကသုံးလေးရက်စာလောက်ပဲရှိတော့တာ။ ဒါပေမယ့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင်တော့ တို့တွေစုပေါင်းကြံဆကြတာပေါ့။ ပြီးတော့ တို့က ဗုဒ္ဓဘာသာတွေပဲကွာ ဘုရားရှိခိုးပြီး လွတ်ရာလွတ်ကြောင်း ဆုတောင်းကြတာပေါ့ ဟုတ်ဖူးလား။ ကဲ - အားလည်းသိမ်မငယ်နေကြနဲ့။ ဖယောင်းတိုင်လည်း ချွေတာထွန်း။ ဓာတ်ခဲတွေလည်း လိုအပ်မှသုံးကြဟုတ်လား"

ဟု ရှည်လျားစွာ ရှင်းပြရာ ကျင်းသားတစ်ဦး၏ ငိုညည်းသံထွက်ပေါ်လာလေ၏။

"ကျင်းဆရာ၊ ကျွန်တော်တို့တော့ ထွက်ပေါက်တွေ့နိုင်မှာမဟုတ်တော့ဘူးထင်တယ်။ ကျွန်တော်က သီတင်းကျွတ်ရင် မိဘတွေဆီ ပိုက်ဆံပြန်ကန်တော့မယ်လို့ စိတ်ကူးထားတာဆရာရဲ့ အီး ဟီး ဟီး။ ဒီအတိုင်းဆို ကျွန်တော့်မိဘကျွေးနဲ့တွေ့ရမှာမဟုတ်တော့ပါဘူး ဆရာ အီး ဟီး ဟီး"

"မောင်လှသိန်းရာ၊ မင်းမှမဟုတ်ပါဘူး၊ ငါ့မှာလည်း ကျောက်ပန်းတောင်းဘက်မှာ ဇနီးနဲ့ ကလေးသုံးယောက်ရှိပါတယ်ကွာ။ ငါလည်း သူတို့ကို ခွဲခွာသွားရမှာပါကွာ။ တိတ်ပါကွာ၊ တိတ်ပါ"

ဟု ပြောရပါသော်လည်း မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလျက်ရှိပါသည်။ ဇနီးမကြေးမုံနှင့် အရွယ်မရောက်သေးသော သားသမီးသုံးဦးတို့ကိုပြေး၍ မြင်ယောင် လွမ်းဆွတ်နေမိပါသည်။ ထိုစဉ်မှာပင် ကျင်းသားအသီးသီးတို့၏ ငိုညည်းသံများ ထွက်ပေါ်လာခဲ့လေ၏။

"အမေရေ၊ ဒီတစ်ခါတော့ သားအရှင်လတ်လတ်ကနေ သေရတော့မယ် အမေရဲ့။ သားအဖြစ်ကိုမြင်လှည့်ပါဦး အမေရယ်။ အီး ဟီး ဟီး အဖြစ်က ဆိုးလိုက်တာဗျာ။ အီး ဟီး ဟီး ဟီး အမေရေ၊ အမေရဲ့ကယ်ပါဦးဗျာ"

စသည်ဖြင့်မြည်သံပြကာ ငိုကြွေးနေကြလေ၏။ ထိုသို့ ငိုကြွေးကြသောအခါ သောကအဆွေးမာတ်ခံ ကိုယ်စီရှိကြသည်မို့ လူတိုင်းမျက်ရည်မဆည်နိုင်ကြပေ။ လူ ဟူသည် ကိုယ့်စီကိုယ်စီအတွက် အတာလေးမျှးရှိကြလေ၏။ ယုတ်စွအဆုံး ပြင်ပတွင် တွယ်တာစရာမရှိခဲ့သော် မိမိကိုယ်သည်သာ တွယ်တာရာအဖြစ်ရှိကြသောအခါ သေမှာ မကြောက်သောလူဟူသည် ရှိပင်ရှိငြားသော်လည်း ရှားပါးပေလိမ့်မည်။ သို့ကြောင့် ရှေ့တွင် ရောက်လာသော သေဘေးအား စိုးရွံ့ထိတ်လန့်နေကြပေမည်။

ထိုအခါ ယောကျ်ားများဖြစ်ကြပါသော်လည်း မည်သို့အားတင်းထားပါစေ၊ ယောကျ်ားမျက်ရည် မြေဝယ်မကျစေကောင်းဟုမည်သို့ဆိုကြပါစေ အများမျက်ရည်ကျသောအခါ မျက်ရည်တာရိုးကျိုးကြရလေတော့၏။

□ သီချင်းဆိုမယ်သောလူများ

ကိုမြင့်မောင်တို့အုပ်စု ငိုကြွေးနေကြချိန်ဝယ် သူတို့လုပ်ကိုင်ရာ ဟော(လ်)ခန်း၏အထက်ဘက် စွမ်းချောင်းနံဘေးတွင် လုပ်ကိုင်နေကြသော ကျင်းဆရာ ငွားဆာတို့၏ ကျင်းဘက်ဆီမှ လီရော်ခေါ် လီဆူးသီချင်းသံ ဆွက်ပေါ်၍လာသဖြင့် သူတို့သည် အံ့အားသင့်စွာ ငိုကြွေးခြင်းရပ်ကုန်ကြ၏။ သီချင်းကိုမူ သူတို့နားမလည်ကြပါ။

ငွားဆာတို့ကျင်းတွင် အင်ချတ်တာဝန်ကျသူမှာ အားဝူခေါ် တရုတ်လူငယ်ဖြစ်ပြီး လက်ထောက်ကျင်းဆရာမှာ ကျင်ချောက်ခေါ် လီဆူးတိုင်းရင်းသားပင် ဖြစ်သည်။ လီဆူးကျင်းသားနှစ်ဦးနှင့် ရှမ်းကျင်းသားသုံးဦးဖွဲ့စည်းထားသော အဖွဲ့ ဖြစ်သည်။

သီချင်းကို အားနှင့်မာန်နှင့် သီဆိုနေရာ အားငယ်သံ၊ ဝမ်းနည်းသံတစိုးတစိမျှပင်မပါရာ ဤကဲ့သို့သော သေဘေးနှင့် ရင်ဆိုင်နေရချိန်ဝယ်တို့ လီဆူးတို့သည် အံ့ဖွယ်သရဲရှိကြကုန်၏။ သူတို့သည် သေခြင်းကို မကြောက်မရွံ့ ရဲရဲရင့်ရင့် ရင်ဆိုင်ပုံကြသည်ဟု ကိုမြင့်မောင် တွေးမိလိုက်လေ၏။ အတော် သတ္တိပြောင်သူတွေပဲဟူ၍ သတ်မှတ်လိုက်ပါသည်။

ထိုလီဆူးတို့သည် မြစ်ကြီးနား ဒေသ တနိုင်းဘက်မှ လီဆူးများဖြစ်သည်။ သူတို့သည် မိုင်းရှူးရတနာမြေပေါ် စဦးမှာပင် မိုင်းရှူးရတနာမြေသို့ စွန့်စွန့်စားစားလာရောက်၍ ရတနာရှာဖွေသောရတနာမုဆိုးများ ဖြစ်ကြရာ သူတို့မိသားစုများလည်း မိုင်းရှူးတောင်ပေါ်၌ ရှိကြ၏။ သူတို့သည် ဝါရင့်မှော်ကြားကြီးများဖြစ်ကြကာ ကျင်းလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာကြ၏။ ထိုလီဆူးတို့သည် သူတို့၏ရိုးရာဖြစ်သော ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်ကြပြီး တောင်ပေါ်ရတနာမြေ၌ လီဆူးခရစ်ယာန်ဘုရားရှိခိုးကျောင်း စုပေါင်းဆောက်လုပ်၍ ဝတ်တက်ခြင်းအမှုကိုပြုသူများ ဖြစ်ကြသည်။ တောင်ပေါ်တွင် မြစ်ကြီးနားဒေသ၊ မိုးကုတ်ဒေသမှသည် ဒေသအသီးသီးမှ လီဆူး၊ ရဝမ်များ စုစည်းနေထိုင်ကြသည်။ နှစ်သစ်ကူးပွဲတော်စသည့်ရိုးရာပွဲတော်များလည်း ခမ်းနားစွာ ကျင်းပလေ့ရှိကြ၏။ စုစည်း၍ ညီညွတ်သော တိုင်းရင်းသားလူမျိုးစုများဖြစ်ကြပါသည်။

အားလုံး သောကဖြစ်နေကြချိန်ဝယ် ကျင်းဆရာ ငွားဆာ၏ အားကျိုးမာန်တက်သီချင်းဆိုသံသည် အံ့ကြောက်ပြေသီဆိုနေခြင်းဖြစ်ပေမည်ဟု ကိုမြင့်မောင် ထင်မိလေ၏။ သူတို့လူမျိုး၏ဝါဒကား ပျော်ပျော်နေ၍ပျော်ပျော်သေခြင်းပေလောဟု ဒတွေးတောမိပါသည်။

သေခြင်းတရားသည် သူတို့နှင့် မဝေးတော့ပြီဖြစ်သည်။ အစာငတ်နိုင်သော်လည်း ရေကြည်စမ်းချောင်းအနီးတွင်ရှိရာ ရေတော့မငတ်နိုင်ပါ။ ထိုရေဖြင့် လူအသက်ရှက်ပေါင်း မည်မျှဆက်နိုင်မည်နည်း။ ထိုသည်ကိုသိနိုင်ခြင်းမရှိပါ။ အားတင်း၍ စိတ်ဆောင်၍ မိမိတို့အသက်ရှည်နိုင်သမျှရှည်အောင် ကြံဆောင်နေထိုင်ရမည်ဖြစ်ကြောင်း ကိုမြင့်မောင် သဘောပေါက်လေ၏။

တစ်လကျော်ကျော်မျှ မိမိတို့အသက်ဆက်နေထိုင်နိုင်ကြလျှင် အထက်မှကယ်ဆယ်သူတို့ရောက်ကောင်းရောက်လာနိုင်ကြပေမည်။ ထိုအခါ သေက်မရောက် သက်မပျောက် လူဘဝတွင် ရှင်သန်နေထိုင်ခွင့်ရကြပေဦးမည်။

□ ထမင်းပင် စားမဝင်နိုင်ကြ

ကျင်းလည်တော့မည်ဖြစ်ကြောင်း သတင်းရချိန်သည် သူတို့နှစ်နှက်စာစားပြီး၍ ကျင်းဆင်းနေပြီဖြစ်သော နံနက်ကိုးနာရီမခွဲမီ ဖြစ်သည်။ ကျင်းဆရာများနှင့် ကျင်းချုပ်တို့ ကျင်းစအို၀သို့သွားချိန်၊ ပြန်ချိန်နှင့်တွက်သော် သူတို့သည် ညနေစာစားချိန်သို့ပင် ရောက်ခဲ့ပြီဖြစ်သော်လည်း မည်သူတစ်ဦးတစ်ယောက်မှ ညနေစာချက်ရန်မလှုပ်ကြပေ။ ညနေစာစားပြီးသော် သူတို့အားလုံးအိပ်စက်အနားယူကြမည် ဖြစ်သည်။

ထို့ကြောင့် ကိုမြင့်မောင်သည် လှဲ

www.burmeseclassic.com

www.burmeseclassic.com

အာခံတွင်းနှံ့ မကောင်းသူများအတွက် ဆေးနည်း

တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ အာခံတွင်းသည် မကောင်းသော အနံ့ဆိုးများဖြစ်ပေါ်ပြီး စားမကောင်း၊ သောက်မတောင်းဖြစ်လာတတ်သည်။ ထိုသို့ စားသောက်မကောင်းသဖြင့် အာဟာရချို့ကာ အားအင်များလည်း နည်းလာတတ်ပြန်သည်။ မိမိ၏နံစော် နေသောအာခံတွင်းကြောင့် လူအချင်းချင်း ဆက်ဆံရာတွင်လည်း အခက်အခဲတွေ့ရပြန်လေသည်။ ထိုသို့ အာခံတွင်းနံစော်ရခြင်း၏အဓိကအကြောင်းအရင်းများမှာ အာခံတွင်းကို သန့်ရှင်းအောင် မထားခြင်း၊ အသားငါး၊ အညှီအဟောက် စားလွန်းခြင်း၊ ခန္ဓာကိုယ်အပူအပုပ်များခြင်း စသောအကြောင်းများကြောင့်ဖြစ်ရပါသည်။ ရေသောက်နည်းသူများလည်း ဖြစ်တတ်ပါသည်။

ခံတွင်းနံ့မကောင်းသူများအတွက် အလွယ်ကူဆုံး တိုင်းရင်းဆေးနည်းမှာ ကွမ်းရွက်အစိုတစ်ဆ၊ ကွင်းစားဝမုန်းတစ်ဆတို့ကို ရောကြိတ်ပါ။ စားတော်ပဲ အရွယ်အလုံးကလေးများလုံးပြီး အရိုဏ်ထဲတွင် အခြောက်ခံပေးပါ။ ခြောက်သွေ့လျှင် လေလုံသော ဖန်ပုလင်းထဲထည့်၍ သိမ်းဆည်းထားပါ။ ခံတွင်းနံ့မကောင်းဖြစ်လာလျှင် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့သုံးကြိမ်၊ တစ်ကြိမ်လျှင် ဆေးလုံးနှစ်လုံးကိုဝါးထားပါ။ ထွက်လာသောအရည်ကို မျိုချပေးပါ။ သုံးရက်မှခုနစ်ရက်အထိငုံပေးလျှင် ခံတွင်းအနံ့ဆိုးများ ပျောက်ကင်းသွားပါလိမ့်မည်။

နောက်တစ်နည်းမှာ မီးဖိုချောင်သုံး မန်ကျည်းသီးမှည့်နှင့် အိမ်သုံးဆားတို့ကို ထက်ဝက်ခန့်စီရောတော့၍ သင့်သလောက်စားပေးပါ။ ဝမ်းချုပ်ပါက ပို၍စားပါ။ အာခံတွင်းနံ့မကောင်းသူများအတွက် ဝမ်းချုပ်မခံသင့်ပေ။ အစာစားပြီးတိုင်း သွားတိုက်၍ အာလုတ်ကျင်းပြီး

ဝင်နိုင်ဝင်း (ထမင်းစားပြီလို့)

လျောင်းနေရာမှ သူကလေးများအား သတိပေးရသည်။ သတိသာပေးရသည် သူတွင်လည်း စားသောက်လိုစိတ် စိုးစဉ်းမျှပင် မရှိပေ။ ထို့ကြောင့် သူ၏လက်ထောက်ကျင်းဆရာဖြစ်သော အောင်မင်းကို သတိပေးရ၏။

"ဟေ့ - အောင်မင်း၊ မနက်က ထမင်းနဲ့ ဟင်းတွေ ကျန်သေးတယ်မဟုတ်လား။ အဲဒါဝေငှပြီး စားသောက်လိုက်ကြလေကွာ"

"ကျင်းဆရာကကော"

"ဟင့်အင်း - ငါလုံးဝမဆာပါဘူးကွာ၊ ကလေးတွေနဲ့ ဝေငှပြီး အဆာပြေတစ်လုတ်တစ်ဆုပ်စားလိုက်ကြပါ"

"ကျွန်တော်လည်း စားချင်စိတ်မရှိဘူး ကျင်းဆရာ။ အဲဒါ ကလေးတွေဝေငှစားခိုင်းလိုက်မယ်။ ကဲ-ကလေးတွေ မနက်က ကျန်တဲ့ထမင်းဟင်းကို အဆာပြေဝေငှစားလိုက်ကြလေကွာ"

ဟု ပြောသော်လည်း-

"တော်ပါပြီဗျာ။ စားချင်စိတ်မရှိပါဘူး"

ဟူသော စကားသံတို့သာ ထွက်ပေါ်လာရာ ကိုမြင့်မောင်သည် သက်ပြင်းတချချနှင့်ရှိရလေ၏။

သူတို့အားလုံးသည် တရားရုံးတရားခွင်၌ တရားသူကြီးမှ သေဒဏ်ချမှတ်ခံရသော တရားခံများပမာဖြစ်၍ နေကြရာ သေခြင်းတည်းဟူသောတရားသည် သူတို့၏ရှေ့၌ မျက်ဝါးထင်ထင် တွေ့မြင်နေရသောအခါ မည်သူသည် စားချင်စိတ်ရှိမည်နည်း။

လတ်တလောတွေ့ကြုံနေရသော အန္တရာယ်သည် သူတို့၏အသက်ကိုခြိမ်းခြောက်နေသော သေခြင်း၏အန္တရာယ်ဖြစ်သည်။ ထိုမပြောပလောက်သော ရိက္ခာလေးဖြင့် သူတို့အသက်ကို မည်မျှ ဆွဲဆန့်နိုင်မည်နည်း။

စားလျှင်လည်း အနှေးနှင့်အမြန် သေရမည်။ မစားလျှင်လည်း အနှေးနှင့် အမြန် သေကြရမည် ဖြစ်သည်။ အပေါ်မှ ရောက်လာနိုင်မည့်ကယ်ဆယ်ရေးဟူသည်မှာလည်း အနည်းဆုံး တစ်လနှင့် တစ်လအထက်သာရှိမည်ဖြစ်ရာ ထိုသည်မှာလည်း ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ မရေရာသောအခြေအနေ ဖြစ်သည်။ ထို့ကြောင့် လောလောဆယ် ပူဆွေးသောကရောက်နေကြရသော သူတို့သည် ရင်ထဲတွင် ပူဆွေးသောကဗျာပါဒတို့ဖြင့်ပြည့်နေရာ ဆာလောင်မွတ်သိပ်ခြင်းလုံးဝမရှိကြပေ။

ထို့ကြောင့် ဖခင်ပမာဖြစ်သော ကျင်းဦးစီးဖြစ်သည့် ကျင်းဆရာ ကိုမြင့်မောင်သည် အားပေးစကားပြောရ၏။ အားလုံးပင် ခြောက်သွေ့ရာ ကျောက်ဖျာထက်၌ စီတန်းလဲလျောင်းနေကြခြင်းဖြစ်သည်။ မီးလုံးဝထွန်းမထားပေ။

"ဟေ့ - ကလေးတွေ၊ တို့တွေ့အတတ်နိုင်ဆုံးစားထားမှ တော်ရုံကျမယ်ကွ။ ကျန်တဲ့ထမင်း၊ ဟင်းတွေမစားဘဲထားရင် သိုးကုန်မှာ နှမြောစရာပါကွာ။ အောက်ထဲမှာဆိုတော့ မပူတော့ "အတော်နဲ့တော့ မသိုးဘူးပေါ့ကွာ။ ဒါပေမဲ့ ဒီအတိုင်းထားရင် သိုးကုန်မှာစိုးရတယ်။ အဲဒါ ငါညီတို့ဝေမျှစားလိုက်ကြပါလားကွာ"

"တော်ပါပြီ ကျင်းဆရာရယ်။ ကျင်းဆရာသာဆာရင်စားပါ။ကျွန်တော်တို့မဆာတော့ပါဘူး"

"အေးကွာ၊ ဒါဆိုလည်း မနက်ကျမှ ဆီနဲ့ပြန်ကြော်ပြီး ဝေမျှစားကြတာပေါ့။ တို့တွေမစားလို့တော့မဖြစ်ဘူးနော်။ ကျန်းမာတောင့်တင်းနေဖို့တော့လိုတယ်။ ဒါမှကြံနိုင်ဖန်နိုင်ကျမှ အင်း-တို့ရဲ့ကျင်းချုပ် ကိုလှဝေလည်း သူ့နားစ့ခန်းမှာ စိတ်ဓာတ်ကျနေရော့မယ်။ တို့ဆီတောင် ပေါ်မလာနိုင်တော့ဘူး။ ကဲကဲ-ငါညီတို့ ဘုရားရှိခိုး၊ ဆုတောင်းပြီး အိပ်ကြရအောင်"

ဟု ပြောကာ ကိုလှဝေသည် ဘုရားရှိခိုးကို တိုးတိုးရွတ်ဆိုကာ လူးထဲမြေအောက်ကမ္ဘာတွင် ပိတ်မိနေသော လူပေါင်းနှစ်ရာကျော်၏ အသက်ရှင်ရာရှင်ကြောင်း ထွက်ပေါက်တွေ့စေရန် ဆုမွန်ကောင်း တောင်းဆုပြုလျက် အိပ်စက်လေ၏။ သူဇနီးသားသမီးတို့က မျက်စိထဲကမထွက်ပါ။

သို့နှင့် အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးသော်လည်း အိပ်၍မပျော်နိုင်ရှိရ၏။ သူကဲ့သို့ပင် အခြားလူများလည်း သေမင်းနိမိတ်ထင်ထင်ရှားရှားမြင်နေရသော အခါ အိပ်ပျော်ကြမည်မထင်ပါ။ တလူးလူးတလွန့်လွန့်ဖြင့်သာ အချိန်တို့ကုန်ကြရလေ၏။

လူးထဲတွင် စမ်းရေစီးသံမှတစ်ပါး ဘာသံမှမကြားရအောင် တိတ်ဆိတ်လှပေ၏။ တစ်ခါတစ်ရံတွင်မူ သက်ပြင်းချသံတို့ကိုသာ ကြားရတတ်လေ၏။

(ဆက်ရန်)

ဇွဲပြည်စိုး(မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လိုင်(သုဝဏ္ဏ)

တရုတ်ကမ္ဘာ့ ဗုန်းရွှေပညာ

အိမ်ထောင်သုခနှင့်ပြည့်စုံစေသည့်အကြွေစေ့များ

တရုတ်အကြွေစေ့များအား အိမ်ထောင်သည်တို့၏အိပ်ခန်းအတွင်းကြချထားခြင်းဖြင့် ဇနီးမောင်နှံစုံတွဲအတွက် သာမက မွေးဖွားလာသော သားသမီးများ၏ စီးပွားပညာအောင်မြင်ဖြစ်ထွန်းမှုကိုပါ အကျိုးပြုပါသည်။

တရုတ်အကြွေစေ့များသည် ချမ်းသာမှုသက်သက်ကိုသာ ပေးစွမ်းခြင်းမဟုတ်ဘဲ အရပ်ရှစ်မျက်နှာတစ်ခုခုမှ ဝင်ရောက်လတ္တံ့သောပြဿနာအနှောင့်အယှက်များကိုပါ တားဆီးပေးပါသည်။

နမူနာပုံတွင်ပြထားသည့်အတိုင်း အကြွေစေ့(၁၀၈)သဏ္ဌာန်နှင့် ပုံစံတူဖြစ်အောင် ကျောက်စိမ်းရတနာဖြင့် စီမံထားသည့် လည်ဆွဲကိုဆွဲထားခြင်းဖြင့် ကျောက်စိမ်း၏ အေးမြရွှေချောမွေ့သည့် သဘောအပြင် ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပါ ပြည့်စုံသည့်သဘောကို ခံစားရပါမည်။

နမူနာပုံများအရ အကြွေစေ့သဏ္ဌာန်စီမံထားသည့် ကျောက်စိမ်းပြားရှစ်ပြားပါလည်ဆွဲနှင့် အကြွေစေ့ဆယ်စေ့ပါလည်ဆွဲနှစ်ကုံးစလုံးက ကံကောင်းခြင်းအမှတ်သင်္ကေတအဖြစ် ဗုန်းရွှေပညာရှင်တို့က လက်ခံထားသည်။

Ten Emperor Coins ခေါ် အကြွေစေ့ဆယ်စေ့ပါလည်ဆွဲကို မိမိအလုပ်ခန်းအတွင်း ကုလားထိုင်နောက်ကျောတွင် ချိတ်ဆွဲထားရှိခြင်းဖြင့် ကောင်းသော-ချီဓာတ်များကိုစီးဆင်းစေပါသည်။ ဗုန်းရွှေပညာရှင်တို့အလို့အရ အကြွေစေ့ဆယ်စေ့ထက် အကြွေစေ့ကိုးစေ့ပါလည်ဆွဲကို ပိုမိုအသုံးပြုသင့်ပါသည်။ အကြွေစေ့ပုံစံအတိုင်း စီမံထားသော ကျောက်စိမ်းပြားရှစ်ပြားပါလည်ဆွဲအား ကံကောင်းခြင်းများ ကျရောက်လာစေရန် အိပ်ခန်းအတွင်းထားရှိရပါမည်။

ကံကောင်းခြင်းများဖြစ်စေသည့် အကြွေစေ့များကို ဌက်ကျား(သို့)သပိတ်လွယ်ဌက်မောင်နှံပုံဖြင့် လည်းကောင်း၊ လင်းနို့ရုပ်ဖြင့်လည်းကောင်း ပူးတွဲပေါင်းစပ်ပေးခြင်းအားဖြင့်လည်း ကောင်းသော ချီဓာတ်များကို ရရှိစေပါသည်။ သပိတ်လွယ်ဌက်မောင်နှံပုံဖြင့် ပေါင်းစပ်ထားသောအကြွေစေ့များက မျက်စိရှေ့မှောက်၌ ကောင်းသော အတိတ်နိမိတ်များမြင်ရသည့်သဘောဆောင်ပြီး လင်းနို့နှင့်တွဲဖက်ထားသော အကြွေစေ့များက ကံကောင်းခြင်းများ ချက်ချင်းလက်ငင်း ကျရောက်လာစေသည့် သဘောကို ကိုယ်စားပြုပါသည်။ အလားတူ အခြားသောသတ္တဝါများဖြစ်သည့် သိုး၊ ရှဉ့်၊ ယိပ်နှင့် နဂါးရုပ်ပုံတို့ဖြင့် တွဲဖက်၍လည်း အိပ်ခန်းအတွင်း ထားရှိပေးနိုင်ပါသည်။ ယင်းမှာ အိမ်အတွင်း စီးပွားဥစ္စာများ တစ်နေ့တခြား တိုးပွားလာစေသည့် အကျိုးသက်ရောက်စေပါသည်။

ရွှေရောင်သတ္တုချောင်းကလေးများတင်ဆောင်ထားသည့်ကုန်သည်လှေပုံ

တရုတ်စီးပွားရေးလုပ်ငန်းရှင်အတော်များများက ၎င်းတို့၏ လုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးအတွက် ၎င်းတို့၏ရုံးခန်းများ၌ ကုန်အပြည့်တင်ဆောင်ထားသည့် ရွက်လွှင့်နေသောလှေငယ်ပုံကိုထားလေ့ရှိကြသည်။ကုန်ပစ္စည်းများနေရာ၌ ရွှေရောင်သတ္တုချောင်းကလေးများ အစားထိုး၍ ရွှေများတင်ဆောင်လာသည့်သဘောဖြင့်လည်း ပုံတူရုပ်ပုံကားချပ်ဆောင်ထားနိုင်ပါသည်။ အဆိုပါ ရွှေများတင်ဆောင်ထားသည့် လှေတွင် စစ်သင်္ဘောပုံစံဖြစ်စေမည့် အမြောက်နှင့် အခြားလက်နက်များမပါဝင်စေရန် သတိပြုရွေးချယ်၍ ဗဟုယူရပါမည်။ အကယ်၍ အမြောက်များပါဝင်နေပါက သင့်အား အမြောက်လက်နက်ဖြင့်တိုက်ခိုက်ခြင်းထက် ပိုမိုဆိုးရွားသောဆိုးကျိုးများ ကျရောက်နိုင်သည်ကို အထူးသတိပြုပါ။ အဆိုပါ ရွှေလှေပုံတူ(သို့) ပန်းချီကားများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ တရုတ်တန်းများ၌ အလွယ်တကူဝယ်ယူနိုင်ပါသည်။ ကံကောင်းခြင်းနှင့် စီးပွားဥစ္စာတိုးတက်ခြင်းနိမိတ်ဆောင်သည့် အဆိုပါလှေကို ကျောက်စိမ်း၊ သစ်သား၊ သတ္တုတို့ဖြင့်လုပ်နိုင်သလို မိမိတတ်နိုင်ပါက ရွှေသားအစစ်ဖြင့်လည်း စီမံပြုလုပ်နိုင်ပါသည်။ ယနေ့ခေတ်အသုံးပြုသောလှေငယ်များ၌ အရောင်တဖျပ်ဖျပ်တောက်နေသော စိန်များကဲ့သို့ သတ္တုချောင်းအပြောင်သား(သို့)သလင်းကျောက်များ လှေနှင့်အပြည့်လှဲကျနေသည့်ပုံပြုလုပ်ထားသည်ကို တွေ့ရပါမည်။

ရွှေကဲ့သို့သော ကံကောင်းခြင်းများတင်ဆောင်လာသည့် နိမိတ်ပုံလှေအား မိမိရုံးခန်းအဝင်ဝနေရာတွင်ထား



www.burmeseclassic.com

www.burmeseclassic.com

ရှိခြင်းက အထူးသင့်လျော်ပါသည်။ အဆိုပါ လှေသည် မိမိရှိရာသို့ ဦးတည်လာနေသည်ဟန်ဖြစ်အောင် ထားရှိမှသာ မိမိထံသို့ ကံကောင်းခြင်းနှင့် စီးပွားဥစ္စာတိုးတက်မှုများ အမှန်တကယ်ရောက်လာပါမည်။ အကယ်၍ လှေဦးသည် အိမ်၏အပြင်ဘက်သို့ ဦးတည်နေပါက မိမိအိမ်အတွင်းမှ ဥစ္စာပစ္စည်းများ ပြင်ပသို့ထွက်သွားသည့်သဘော၊ ငွေကြေးများ ဆုံးရှုံးသည့်သဘောဖြစ်စေခြင်းကြောင့် လှေကို မှန်ကန်စွာ နေရာချတတ်ရန် အရေးကြီးပါသည်။ ရွှေ၊ ငွေ ရတနာပစ္စည်းများ ပြည့်လျှံနေသည့် လှေငယ်အား နေရာမှန်ကန်စွာ ထားရှိပေးပါက မိမိအိမ်၌ ငွေကြေးပစ္စည်းဥစ္စာများ မည်သည့်အခါမျှ ပြတ်လပ်သည်ဟု မရှိဘဲ စာစီစစတိုးတက်နေပါမည်။ လှေရှိပြီဆိုပါက ၎င်းလှေကိုဝှေရန် ဆိပ်ကမ်းရှိရမည့်သဘောတွောင့် သင့်နှုံးခန်းအား ဆိပ်ကမ်းအဖြစ် သတ်မှတ်ပေးရပါမည်။ လှေငယ်အား နှုံးခန်းအတွင်း စားပွဲအနီမှ ပေါ်၌ ထားရှိခြင်းက ပိုမိုသင့်တော်ပါသည်။ သင့်အနေဖြင့် လှေငယ်တစ်စင်းမက ပိုမိုထားရှိပေးလိုက ထားနိုင်ပါသည်။ လှေတစ်စင်းတည်းအနေဖြင့် လုပ်ငန်းတစ်ခုတည်းအတွင်းမှ (သီးခြား) ဝင်ငွေပုံမှန်ရှိနေခြင်းအကျိုးကို ရရှိပြီး လှေအရေအတွက်များပါက လုပ်ငန်းအမျိုးမျိုးမှ ပုံမှန်ဝင်ငွေရနေခြင်းအကျိုးကို ခံစားရပါမည်။

ကျက်သရေမင်္ဂလာရှိစေသော ပန်းအိုးများကိုဖန်တီးခြင်း

အိမ်၏ဝန်းကျင်၌ ကျက်သရေမင်္ဂလာရှိစေသောနိမိတ်ဖြစ်ရန် ဖန်တီးထားသည့်ပန်းအိုးများကိုထားရှိပေးပါက အိမ်အတွင်း ငြိမ်းချမ်းမှုနှင့် စီးပွားဥစ္စာများ စဉ်ဆက်မပြတ် တိုးတက်မှုရှိစေသည်။ Vase ဟူသော အသံထွက်ကို တရုတ်အသံထွက် Ping ဟု အသံထွက် ပြီး Peace (ငြိမ်းချမ်းခြင်း) ဟု အဓိပ္ပာယ်ရသည်။ ၎င်းပြင် Vase သည် ဗုဒ္ဓ၏ ခြေဖဝါးတော်မှစတင်လက္ခဏာ (၈) ခုတွင် ပါဝင်သည့် လက္ခဏာတစ်ခုကို ကိုယ်စားပြုထားသည်။ မင်္ဂလာနိမိတ်ဆောင်ပန်းအိုးကို ဖန်တီးရန် ကြေး၊ ငွေ၊ ရွှေ စသည်ဖြင့် မိမိတတ်နိုင်ရာ သတ္တုပစ္စည်းတစ်ခုခုဖြင့် လွှဲချယ်ပြုလုပ်နိုင်သည်။ ပန်းအိုးကို ပါးစပ်ဝ အကျယ် အသင့်အတင့်သာထားရှိပြီး လည်တိုင်အား သေးသွယ်ပေးကာ ပန်းအိုးအောက်ခြေပိုင်းကို ပြက်ကျယ်ကျယ်ထားရှိပေးရပါမည်။ ပန်းအိုး၏ ပါးစပ်ပေါက်နှင့် လည်တိုင်ကျဉ်းမြောင်းနေခြင်းကြောင့် ဝင်လာသမျှဥစ္စာပစ္စည်းများ အလွယ်တကူ ပြန်မထွက်သည့်သဘော နှင့်ပန်းအိုးအောက်ခြေကြီးမားကျယ်ပြန့်ခြင်းကြောင့် စီးပွားဥစ္စာများစွာစုဆောင်းမိသည့် သဘောအောင်နိမိတ်ဆောင်နေပါသည်။ ပန်းအိုး၏ အပြင်ဘက်၌ နဂါး၊ လင်းနို့အစရှိ စသည့် ရုပ်ပုံများဖြင့် ရေးဆွဲခြယ်မှုန်းထားနိုင်ပါက ပိုမိုကျက်သရေရှိစေပါသည်။ ၎င်းပြင် ပန်းအိုးအပြင်ဘက်၌ ရာသီလေးမျိုး ကိုယ်စားပြုပန်းများ ပါရှိစေခြင်းဖြင့် တစ်နှစ်လုံး (လေးရာသီ စလုံး) အတွက် ငွေကြေးစီးပွားအဆင်ပြေ ချောမွေ့စေပါသည်။ အချို့သော ပန်းအိုးများ၌ နဂါးနှင့် ဖီးနိတ်(စ်)စုံတွဲပါသည့်ဒီဇိုင်းများ ခြယ်မှုန်းထားခြင်းဖြင့် မိသားတစ်စုလုံး၏ အကျိုးစီးပွားများ အမြဲတိုးတက်နေစေပါသည်။

ရတနာရွှေအိုးအဖြစ်ဖန်တီးခြင်း

ပန်းအိုးကို မိမိစိတ်တိုင်းကျပုံစံဖြင့်ရွှေချယ်၍ ရတနာအိုးအဖြစ်ဖန်တီးရန် အောက်ပါပစ္စည်းများထည့်၍ လူမမြင်သောနေရာတွင်ဝှက်ထားရပါမည်။

သလင်းကျောက်၊ သန္တာကျောက်၊ ဝံသဝတီခေါ် ကြည်ပြာရောင်ကျောက်မျက်၊ ပုလဲ၊ ဂျက်(စ်)ပါကျောက်၊ မဟူရာနီကျောက်၊ ဥဿဖရား၊ သီဟိုဠ်နီလာ၊ ကျောက်ခရမ်းပွင့်၊ ပါလဒ္ဓတ္တာ (မာလကိုက်) စသည့် ရတနာတန်းဝင်ကျောက်များ၊

သူဌေးသူကြွယ်တို့၏ အိမ်မှ မြေကြီးအနည်းငယ် (ကြီးပွားချမ်းသာမှု နိမိတ်ယူရန်) (ထိုမြေကြီးသည် မိမိအတွက် စီးပွားဥစ္စာပွားစေခြင်းကြောင့် ဦးယူ(တူး) ခြင်းမပြုရ။ ပိုင်ရှင်သူဌေးထံ ပွင့်လင်းစွာ ပြောဆိုတောင်းခံ၍ သင့်အား ကြည်ဖြူစွာ ခွင့်ပြုပေးကမ်းမှသာ သင့်အတွက် ကံကောင်းခြင်းနိမိတ်အမှန်ရစေပါမည်) ပိုက်ဆံ (ငွေစက္ကူ) အနည်းငယ် ထည့်ထားသော အနီရောင်အထုပ်တစ်ထုပ် (ဒေါ်လာ (၁၀၀) ကန့်ဖြစ်ပါက ပိုမို ကောင်းမွန်ပါသည်။)

တရုတ်အကြွေစေ့သုံးစေ့ (သို့) ခြောက်စေ့ (သို့) ကိုးစေ့အား ကြိုးအနီရောင်ဖြင့် (ရှေ့ပိုင်းတွင်ဖော်ပြပြီး) သီ၍ အိုးအတွင်းထည့်ပေးပါ။

အစားအသောက် (အာဟာရငါးမျိုး) ကိုယ်စားပြုသော ဂျုံ၊ ဘာလီ၊ ပဲပုပ်ပဲ၊ ပြောင်း စသည်တို့အား အနည်းငယ်စီ ထည့်ထားသော ပလတ်စတစ်အထုပ်တစ်ထုပ်။

ခြေသုံးချောင်းပါ ဖားပြုပ်ထားရှိခြင်း

တရုတ်ဖုန်းရွှေပညာရှင်တို့အနေဖြင့် (Frog - ဖား) နှင့် (Toad -ဖားပြုပ်) ကို သီးခြားစီ ခွဲခြားသတ်မှတ်ခြင်းမရှိကြပေ။ တရုတ်ဒဏ္ဍာရီအရ ဖားဥများသည် ကောင်းကင်ဘုံမှ နှင်းများသဖွယ်ကျလာကြောင်း၊ ဖား၏ ပျစ်ခွဲခွဲအရည်များက ဆေးဝါးကုသရာ၌ လွန်စွာအကျိုးသက်ရောက်မှုရှိကြောင်း ယုံကြည်ထားကြသည်။ အထူးသဖြင့် ကိုယ်ခန္ဓာရှိကုသရခက်သောရောဂါများ လျင်မြန်စွာ ပျောက်ကင်းသည်ဟု လက်ခံထားကြသည်။ ဖားမရရှိသည့် တံတွေးကဲ့သို့ ပျစ်ခွဲခွဲအရည်များသည် ဆေးလိပ် အလွန်



www.burmeseclassic.com

www.burmeseclassic.com

အကျွဲသောက်သုံးသူများဖြစ်တတ်သောလည်ချောင်းရောဂါ၊ နှလုံးရောဂါတို့အတွက် ထိရောက်သော ဆေးတစ်ပါးဖြစ်ခြင်းကြောင့် တရုတ်ဆေးဆိုင်အတော်များများတွင် ဝယ်ယူရရှိနိုင်ပါသည်။

ကျန်းမာရေးအတွက်ကောင်းကျိုးပြုသော ကျက်သရေမင်္ဂလာရှိစေသော ဖားပြုပ်ရုပ်ကို အိမ်၌ ရုံးအဝင်ဝ (ပင်မ) တံခါးအနီးနားတွင် ထားရှိပေးရပါမည်။ ဖားပြုပ်ရုပ်ကို အောက်ဘက်ခပ်နိမ့်နိမ့် နေရာတွင်ထားရှိရမည်။ သို့သော် ကြမ်းပြင် (မြေကြီး)ပေါ် ချမထားရ။ ကော်ဖီခွက်တင်သော စားပွဲအမြင့်ဆိုပါက သင့်တော်ပါသည်။

ခြေသုံးချောင်းပါ ဖားပြုပ်ရုပ်ကို အဝင်ဝတံခါးပေါက်နှင့် တိုက်ရိုက်တန်းနေသည့်နေရာတွင်မထားရ။ လူမမြင်သာသော တံခါး၏ ထောင့်တစ်နေရာ၌ ထားရှိပေးပါ။ အထူးသဖြင့် အဝင်တံခါးနှင့် ထောင့်ဖြတ်ကျကျနေရာတစ်ခုတွင် ထားရှိပါ။ ပြီးနောက် ဖားပြုပ်ရုပ်ကို တံခါးဝသို့ မျက်နှာမူထားစေပြီး ချမ်းသာကြွယ်ဝခြင်း နိမိတ်ဆောင်ကောင်းသော ချိုမာတ်များအား မျှော်လင့်ကြိုဆိုနေသည့် ဟန်ရှိစေရပါမည်။ ဖုန်းရွှေပညာလိုက်စားသူအချို့က ခြေသုံးချောင်းပါ ဖားပြုပ်အား နေ့အချိန်တွင် အဝင်ဝ တံခါးအား မျက်နှာလှည့်ထားစေပြီး ည အချိန်တွင် ရုံး၊ အိမ်အတွင်းဘက်သို့ မျက်နှာလှည့်ပေးထားတတ်သော်လည်း စာရေးသူအနေဖြင့် ပုံမှန်နေရာ၌ပင် ထားရှိစေလိုပါသည်။

ခြေသုံးချောင်းပါဖားပြုပ်ရုပ်တုအား ရုံးခန်း၊ နေအိမ်၊ ပန်းခြံဝင်းတို့၌ တစ်ရုပ်စီ အသီးသီးထားရှိလိုက ထားနိုင်သည်။ အချို့ကလည်း ဧည့်ခန်းနှင့် ထမင်းစားခန်းတို့၌ ထားတတ်ကြသည်။ သို့သော် မိမိထားရှိသည့် ဖားပြုပ်ရုပ်အရေအတွက်ကို (၉) ရုပ်ထက်မကျော်လွန်စေရန် အထူးသတိပြုရပါမည်။ ခြေသုံးချောင်းပါဖားပြုပ်ရုပ်များကို ဖော်ပြပါနေရာအသီးသီးတွင် ထားရှိနိုင်သော်လည်း အိပ်ခန်းနှင့် မီးဖိုချောင်အတွင်း၌ လုံးဝမထားရှိရ။

စီးပွားဥစ္စာ ပေါများကြွယ်ဝခြင်းနိမိတ်ဆောင်ငါးနှင့်ရေ

တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း အလှမွေးငါးအရှင်များကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လက်ဆောင်အဖြစ် လဲလှယ်တတ်ကြသည်။ ယင်းမှာ မိတ်ဆွေအပေါင်းအဖော်နှင့်ဆွေမျိုးသားချင်းတို့၏ စိတ်ရင်းစေတနာ ကောင်းမွန်မှုကို ပြသခြင်းပင် ဖြစ်သည်။ ဖုန်းရွှေအတိုင်ပင်ခံတို့၏ အကြံပြုချက်အရ ကံကောင်းခြင်း နိမိတ်ဆောင်ငါးများကို မွေးလိုပါက ငါးကြင်း၊ ငါးသိုင်း၊ အနီရောင်ငါးနှင့် Lucky Fise ကဲ့သို့သော Arowana ငါး၊ ရွှေငါးတို့ကို မွေးဖွားနိုင်ပါသည်။

အလှမွေးငါးကန်စီမံထားရှိရာ၌ သတိပြုရမည့်အချက်များ

သင်၏ငါးကန်ကို သင့်အိမ်၊ အထပ်မြင့်အခန်း၊ ပန်းခြံတို့၏အရှေ့အရပ် (သို့) အရှေ့ထောင့်အရပ်တွင် နေရာချပေးပါ။ ငါးကန်အား အိပ်ခန်းအတွင်း လုံးဝမထားရှိရ။ ထားခဲ့မိပါက စီးပွားဥစ္စာပျက်စီးဆုံးရှုံးခြင်းဖြစ်လာပါမည်။

ငါးကန်အား အောက်စီဂျင်လွတ်၍ သန့်ရှင်းကြည်လင်သောရေကိုသာ အသုံးပြုပါ။ မကြာခဏ အညစ်အကြေးများ ဖယ်ရှားသန့်စင်ပေးပါ။ သို့မှသာ 'ယန်' စွမ်းအင်ပိုမိုရရှိလာပြီး မိမိမွေးထားသည့်ငါးများ ကျန်းမာသန်စွမ်းနေသလို မိမိစီးပွားဥစ္စာများလည်း စဉ်ဆက်မပြတ် တိုးတက်နေပါမည်။

အကယ်၍ မိမိမွေးထားသောငါးများအနက် တစ်ကောင်ကောင်သေသွားပါက ကျန်ရှိသောငါးများအား ဆိုင်ရာဆေးဝါးများဖြင့် လိုအပ်သလို ဆေးကြောသန့်စင်၍ သေသွားသော ငါးအစား အသစ်တစ်ကောင် ထပ်မံထည့်ပေးရပါမည်။ သေဆုံးသွားသောငါးများအနေဖြင့် ငါးကန်ပိုင်ရှင်အပေါ် ကျရောက်လတ္တံ့သော ကြမ္မာဆိုးများ ဝင်ရောက်မလာနိုင်ရန် အကာညီဆက်ပေးသည်ဟု ဖုန်းရွှေပညာရှင်တို့က ဆိုသည်။

သင်၏ အလှမွေးငါးကန်အား ကြီးလွန်း၊ သေးလွန်းခြင်း မရှိစေရ။ ငါးကန်ကြီးလွန်း၍ ရေအလွန်အကျွံများနေခြင်းက သင့်အား ဒုက္ခပေးနိုင်ပါသည်။

အလှမွေးငါးအရေအတွက်ကို ကိုးကောင်ထက်မပိုစေရ။ အကယ်၍ သီးခြား တစ်ကောင်တည်းမွေးလိုပါက Arowana ငါးအား မြောက်အရပ်၌ မွေးမြူထားရှိနိုင်ပါသည်။ ၎င်းငါးကို တစ်ကောင်ထက်မကမွေးလိုပါက ငါးကောင်အထိ မွေးနိုင်ပါသည်။ Arowana ငါးသည် ကာကွယ်ခြင်းအမှတ်သင်္ကေတ တစ်ခုပင်ဖြစ်ပါသည်။

Arowana ငါးကို သီးခြားတစ်ကောင်တည်းမွေးရပြီး ၎င်းငါးကန်အတွင်းသို့ အခြား (ရွှေငါး၊ ငါးသိုင်း၊ ငါးကြင်း)များ မထည့်မိစေရ။ ထည့်မိပါက ၎င်းငါးများအား Arowana ငါးက ဝါးမျိုစားသောက်ပစ်ပါမည်။ တစ်ဖန် ရွှေငါးရှိသောကန်ထဲသို့ ငါးကြင်း၊ ငါးသိုင်းထည့်မိပါက ရွှေငါး၏ လှပသောအမြီးများအား ငါးသိုင်းက ကိုက်ဖြတ်ဖျက်ဆီးပစ်ပါမည်။

Arowana ငါး စစ်မှန်ပါက ငွေရောင်တဖျပ်ဖျပ်တောက်သော ကြေးခွံများပေါ်လာပါမည်။

Arowana (သို့) ရွှေငါးများမွေးမြူခြင်း

Arowana (သို့) Dragon Fish ဆို

www.burmeseclassic.com

www.burmeseclassic.com

သည့်ငါးအား မွေးမြူထားခြင်းဖြင့် ကံကောင်းခြင်းနိမိတ်များ တိုးပွားလာစေပါသည်။ Arowana (သို့) Dragon Fish သည် ၎င်းတို့ စတင်ရှင်သန်ပေါက်ဖွားရာ နေရာဇာတိအပေါ် မူတည်၍ လှပပုံများ ကွဲပြားကြသည်။ ဖုန်းရွှေပညာရှင်တို့ အလိုအရ ပန်းရောင်၊ ရွှေရောင်၊ ငွေရောင်ရှိငါးများကိုသာ အဓိကမွေးမြူရပါမည်။

Arowana (သို့) Dragon Fish များကိုမွေးမြူခြင်းအပြင် ရွှေငါးများကိုလည်း ဖုန်းရွှေဖြစ်ရန်မွေးနိုင်ပါသည်။ တရုတ်ဘာသာစကားအရ Fish သည် Yu ဖြစ်ပြီး ပေါ်များကြွယ်ဝခြင်း အဓိပ္ပာယ်ဆောင်ပါသည်။ တရုတ်လူမျိုး အများစုအနေဖြင့် ငွေရောင်ကြေးခွံပါ၍ ဦးခေါင်း၌ အနီရောင်တောက်တောက် အရောင်ရှိသောရွှေငါးများကို အဓိကမွေးတတ်ကြသည်။ Yang ကိုယ်စားပြု အရောင်တောက်တောက်များပါသည့် ရွှေငါး(၈)ကောင်အား အခြားအရောင် အမှတ်အသား လုံးဝမပါသည့် တစ်ကောင်လုံးမည်းနက်နေသည့် ရွှေငါး(၁)ကောင်နှင့်တွဲ၍ စုစုပေါင်း (၉) ကောင် မွေးရပါမည်။ ထိုအခါ ရွှေငါး(၈)ကောင်က Yang ကိုယ်စားပြုပြီး အမည်းရောင် (တစ်ကောင်တည်း) ငါးက Yin ကိုယ်စားပြုပေးပါမည်။ တစ်စုတည်းရှိနေသော ရွှေငါး(၉)ကောင်သည် ကောင်းကင်ဘုံနှင့်မြေကြီး၏ ပြီးပြည့်စုံစွာကြွယ်ဝသည့် သဘောကို ကိုယ်စားပြုနေပါမည်။

အထက်ရွှေငါး(၉)ကောင်ပါ ငါးကန်ကို သင့်အိမ်၏မြောက်အရပ် (သို့) အရှေ့နှင့် အရှေ့တောင်အရပ်တို့၌ထားပေးပါ။ အကယ်၍ ရွှေငါး(၉)ကောင်ထက် ပိုမိုမွေးလိုပါက စုစုပေါင်း (ပေါင်းခြင်း) (၉)ကောင်၊ (၁၈) ကောင်၊ (၂၇) ကောင်၊ (၃၆) ကောင် စသည့် ကိန်းဂဏန်းအရေအတွက်အတိုင်း မွေးမြူနိုင်ပါသည်။

ငါးနှစ်ကောင်စုံတွဲပုံ

နမူနာပုံ ငါးနှစ်ကောင်စုံတွဲဒီဇိုင်းကို ကံကောင်းခြင်းအမှတ်သင်္ကေတအဖြစ် ခေါင်းအုံးစွပ်၊ ခန်းဆီးတို့၌ ရေးထိုးပုံဖော်ထားခြင်းအပြင် လည်ဆွဲပြုလုပ်၍လည်း ဆွဲထားနိုင်ပါသည်။ လည်ဆွဲလုပ်ရာတွင်(တရုတ်နှင့်ထိုင်းနိုင်ငံတို့၌) ပတ္တမြား၊ နီလာ၊ မြ စသည့် ရတနာများ စီခြယ်၍ ရွှေဖြင့်ကွပ်ကာ ဝတ်ဆင်တတ်ကြသည်။

အယူသီးလွန်းသော ချမ်းသာကြွယ်ဝသည့် တရုတ်အမျိုးသမီးများ အနေဖြင့် သူမတို့၏ ခင်ပွန်းဖြစ်သူမှ အငယ်အနှောင်းတွေ့၍ ဇနီးမယားကို ပစ်ပယ်သွားမည့်အရေးမှ ကြိုတင်ကာကွယ်ရန် ငါးနှစ်ကောင်ပုံကို ရွှေနှင့်စိန် တွဲဖက်၍ ပြုလုပ်ဝတ်ဆင်တတ်ကြသည်။

ငါးသိုင်း၊ ငါးကြင်းပုံ ပြုလုပ် ဝတ်ဆင်ခြင်း

ငါးသိုင်း၊ ငါးကြင်း တို့၏သဘာဝအရ ရေဆန်ကို တန်ပြန်ကူးခတ်၍ လိုရာခရီးရောက်အောင် သွားနိုင်ခြင်းကြောင့် ၎င်းငါးဒီဇိုင်းပုံ ပြုလုပ် ဝတ်ဆင်ပါက လောကဓံအား ကြံ့ကြံ့ခံ ရင်ဆိုင်ရဲစိတ်၊ မိမိကိုယ်မိမိယုံကြည်စိတ်ချစိတ် ရှိလာပါမည်။

အောင်မြင်ခြင်းနှင့် ကြီးပွားတိုးတက်ခြင်း နိမိတ်ပြ ဖိုးနိုတ်(စ်) နဂါးစုံတွဲဒီဇိုင်း

တရုတ်ဒဏ္ဍာရီနှင့် စကြဝဠာဗေဒတို့၏ဖော်ပြချက်အရ ဖိုးနိုတ်(စ်)ဂုဏ်သည် Yin (ယင်) ကို ကိုယ်စားပြုပြီး နဂါးက Yang (ယန်) ကို ကိုယ်စားပြုကြောင်း တွေ့ရှိရသည်။ Yang (ယန်) ကိုယ်စားပြု နဂါးသည် သွက်လက် တက်ကြွခြင်း၊ အားမာန်ပြည့်ဝခြင်း၊ ပွားများစေခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်းသဘောဆောင်ပြီး Yin (ယင်) ကိုယ်စားပြု ဖီးနိတ်(စ်)က ရှုမောဖွယ်ရာ ခမ်းနားထည်ဝါခြင်း၊ လှပတင့်တယ်ခြင်းသဘောဆောင်ပါသည်။ ထိုသို့ ယင် (သို့) မဟတ် ကိုယ်စားပြု ဖီးနိတ်(စ်)အား ယန်(သို့)ဖိုဟတ်ကိုယ်စားပြု နဂါးနှင့် အမြဲတစေ တွဲထားပေးရပါမည်။ တစ်နည်းအားဖြင့် ကောရာဇနှင့် ကေရီစုံတွဲအဖြစ်လည်း တင်စားနိုင်ပါသည်။ ၎င်းပုံ(ဒီဇိုင်း)ကို အိမ်တွင်ထားရှိပါက အိမ်ထောင်သုခနှင့်ပြည့်စုံခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ သားယောကျ်ားလေးများစွာမွေးဖွားရယူနိုင်ခြင်းဟူသည့် အကျိုးထူးများရရှိပါမည်။

ဖီးနိတ်(စ်)-နဂါးစုံတွဲပုံကားချပ်ကို အိမ်၏ အနောက်မြောက်အရပ်နံရံ၌ ချိတ်ဆွဲထားပါက အိမ်ထောင်ဦးစီးခင်ပွန်း၏ ကံကောင်းခြင်းနှင့် ဩဇာထက်မြက်ခြင်းတို့ကို မြှင့်တင်ပေးနိုင်ပြီး အိမ်၏ အနောက်တောင်အရပ်နံရံတွင် ချိတ်ဆွဲပါက မိခင် (ဇနီး) အတွက် ကံကောင်းခြင်းများ မြင့်တက်နေပါမည်။ အကယ်၍ အရှေ့အရပ်နံရံတွင် ချိတ်ဆွဲပါက မိသားတစ်စုလုံး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်နေစေပြီး တောင်အရပ်နံရံတွင်ထားရှိပါက မိသားတစ်စုလုံးအတွက် အခွင့်အရေးသစ်များ၊ မင်္ဂလာရှိသောသတင်းများ ပေါ်ပေါက်ကြားသိလာရပါမည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း

(ရန်ကိုဆေးရုံဝေဒနာရှင်)

ဆန္ဒပြည်သံ သူရဇ္ဈလက်ဆောင်

နှစ်စဉ် -

ဇန်နဝါရီလသို့ ရောက်ပြီဆိုသည်မှာ -

နှစ်စမှစ၍ ဘယ်လိုကုသိုလ်များ တစိုက်မတ်မတ်ပြုသင့်သည်၊ ဘယ်လို ဓာတ်ကို ဘယ်လိုဆင်ထားသင့်သည် ဟူသော ဗဟုသုတနှင့် ပတ်သက်၍ လာရောက် မေးမြန်းကြသူများ၊ စာဖြင့် မေးမြန်းကြသူများ များပြားလာတတ်ပါသည်။

အချို့က သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့မှစ၍ ဘယ်လိုဆောင်ရမည်ကို သိလိုကြ၏။

အချို့က ယခုလို ဇန်နဝါရီလ တစ်ရက်နေ့မှစ၍ ဘယ်လိုဆောင်ရမည်ကို သိလိုကြ၏။

ယခု -

တင်ပြချင်သည်မှာ ဇန်နဝါရီလမှစ၍ ကောင်းခြင်းများစွာကို အဆောင်ပြုရန် ဆန္ဒရှိကြသူများတွက် ဖြစ်ပါသည်။

နှစ်စမှစ၍ဟုဆိုရာ၌ ဇန်နဝါရီလ တစ်ရက်နေ့မှာ စတင်ခြင်းကို မဆိုလိုပါ။ စတင်လိုကလည်း စတင်၍ ရပါသည်။

သို့သော် -

အခက်အခဲ၊ အကြောင်းအမျိုးမျိုး ရှိတတ်ကြ၍ -

ဇန်နဝါရီလ ပထမပတ်မှ စတင်လျှင်လည်းရပါသည်။

အဆင်ပြေသလိုစတင်ပါ။

မွေးနေ့မှစ၍ စတင်လိုက်လျှင်လည်း ရပါသည်။

❑ တနင်္ဂနွေသားသမီးများ

နှစ်ဦးနှစ်ဖျား တနင်္ဂနွေနေ့ တစ်ရက်ကို ရွေးပါ။

နံနက် (၉) နာရီမှ (၁၀) နာရီခွဲ အတွင်းမှာ စတင်ပြုလုပ်ပါ။

အခက်အခဲရှိလျှင် -

အဂီနေ့၊ ဗုဒ္ဓဟူးနေ့၊ စနေနေ့ တစ်ရက်ရက်ကိုရွေး၍ နံနက် (၇) နာရီမှစတင်ပါ။

ကြာသပတေးနံများကို ဘုရားပူဇော်ပါ။

ပန်းပေါင်းစုံ(၅)မျိုး (သို့) (၆)မျိုး (သို့) (၉) မျိုး ပူဇော်ပါ။ မုန့်လုံးရေပေါ်ဆွမ်း၊ ပေါက်ပေါက်ဆွမ်း ပူဇော်ပါ။

အိမ်မှာပူဇော်ထားသော ဘုရားရုပ်ပွားတော်ရှေ့မှာဖြစ်စေ၊ ဘုရားစေတီတစ်ဆူဆူ၏ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာဖြစ်စေ ပူဇော်ပါ။

ကြည့်ပါ။

ဘုရားစေတီများသို့ သွားရောက် ပူဇော်သည့်အခါ မီးလုံး၊ မီးချောင်း၊ မျက်နှာကြက် လိုအပ်သည်များကို တစ်ခိုင်လျှပါ။

ပဌာန်းငါးကျမ်းလျှုရန် စိတ်ဆန္ဒဖြစ်ပေါ် နေပြီဆိုလျှင်လျှုပါ။ ပဉ္စဝါရ ပဌာန်းစာအုပ်များ၊ ပဌာန်းဥဒ္ဒေသတော်စာအုပ်များ၊ ပဌာန်းနှင့်သက်ဆိုင်သမျှစာအုပ်များ၊ ပဌာန်းတရားခွေများ စသည့် မြင့်မြတ်သောကျမ်းများ၊ စာအုပ်များလျှုပေးပါ။

အသံမစဲမဟာပဌာန်းပူဇော်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



များကို ဦးဆောင် ကျင်းပရန် ဆန္ဒရှိနေပါက ဖြစ်အောင်ပူဇော်ပါ။

သံဃာတော်အရှင်သူမြတ်များကို ပညာနှင့်ဆိုင်သော ကျမ်းစာအုပ်များလိုအပ်သမျှဝယ်၍ ပူဇော်လှူဒါန်းပါ။

ဤပူဇော်ခြင်းများသည် -

နှစ်စတွင် စတင် ပြုလုပ်ရမည့် ကောင်းခြင်းမင်္ဂလာများဖြစ်သော်လည်း တစ်ကြိမ်နှင့်ရပ်မထားပါနှင့်။ နှစ်စတွင် ပူဇော်လိုက်၊ လှူလိုက်လျှင် ပြီးပြီဟု ရပ်မထားပါနှင့်။

ဤကောင်းခြင်းကုသိုလ်များကို နှစ်စမှစ၍ သတ်မှတ်ချိန်များအတိုင်း ပြုလုပ်ပါ။ ပြင်ပတွင် ပူဇော်ရလှူရသော ကောင်းခြင်းကုသိုလ်များကို နာရီမစောင့်ပါနှင့်။ အဆင်ပြေသလို လစဉ်ပြုလုပ်ပါ။ တစ်လတစ်ကြိမ်၊ နှစ်ကြိမ် အဆင်ပြေသလို တစ်နှစ်လုံးပြုလုပ်သွားပါ။

ကြာသပတေးနံတွေချည်းပဲလေဟု တွေးလိုက်ပြီး -

ပန်းကန်ပြားပေါ် ဘောလုံးတင်၍ အမြင့်တစ်နေရာမှာတင်ထားလို့မရပါ။ ပညတ်သာလျှင်ဖြစ်ပြီး ရင်ကိုထိမှန်နိုင်သော ကုသိုလ်မပါ၍ ဘာမှဖြစ်လာမည် မဟုတ်ပါ။

သတိမူစရာလေးများကို တင်ပြခြင်း ဖြစ်ပါသည်။

□ တနင်္လာသားသမီးများ

နှစ်ဦးမှစ၍ တနင်္လာတစ်ရက်ကို ရွေးပါ။

နံနက် (၉) နာရီမှ (၁၀) နာရီခွဲ အတွင်းမှာ စတင်ပြုလုပ်ပါ။

အခက်အခဲရှိလျှင် -

ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ တနင်္ဂနွေနေ့များတွင် တစ်ရက်ကိုရွေး၍ နံနက် (၇) နာရီမှာ စတင်ပါ။

သောကြာနံများကို ဘုရားပူဇော်ပါ။

သစ်သီး (၆) မျိုးနှင့် ပူဇော်ပါ။ သပြေညွှန့်၊ သစ္စာပန်းများဝေနေပါစေ။ အသံနှင့်ပူဇော်ပါ။

ကြေးစည်ထု၍ လည်းကောင်း၊ သံစုံလေးများဆွဲထားပြီး လှူပ်၍ လည်းကောင်း ပူဇော်ပါ။

မြင့်မြတ်သောအသံနှင့် ပူဇော်ပါ။ ပဌာန်းတရားခွေ၊ ပရိတ်ခွေများ၊ ဓမ္မစကြာ၊ မဟာသမယသုတ်အခွေများ ဖွင့်၍ ပူဇော်ပါ။

အချို့နေရာများတွင် ဘုရားရှိပွားတော်မြတ်များ ပူဇော်ထားသည့် ကျောင်းတော်များရှိ သွပ်များလိုအပ်နေပါကလှူပါ။

www.burmeseclassic.com

www.burmeseclassic.com

သိမ်အတွက် လိုအပ်သမျှလျှပါ။

သိမ်ဆင်းလောင်းလျှခြင်းကို မည်သည့်နေရာမှာမဆို ရောက်အောင်သွားပြီးလောင်းလျှပါ။

မြင့်မြတ်သောအသံနှင့်ပူဇော်ပါ။

အသံမစဲမဟာပဌာန်းပူဇော်ပွဲကြီးများကို ကိုယ်တိုင်ကျင်းပပူဇော်ရန်စဉ်းစားထားပြီးဖြစ်အောင်ပူဇော်ပါ။

ပူဇော်ရန် အကြောင်းမည်ညွှတ်ဖြစ်ခဲ့လျှင် အသံမစဲမဟာပဌာန်းပူဇော်နေသောနေရာသို့ရောက်အောင်သွားပြီး ရွတ်ဖတ်ပူဇော်နေသည့် သံယာတော်အရှင်သူမြတ်များအတွက် ဆွမ်းကပ်လှူရန် ပူဇော်ခြင်း၊ ရေနှင့်ဆိုင်သောအာဟာရဆွမ်းများနှင့်ပူဇော်ခြင်းပြုပါ။

သံယာတော်အရှင်သူမြတ်များ ဘုရားဖူးခရီးကြွရန် တွေ့ပြီ၊ မြင်ပြီ၊ ဆုံပြီဆိုသည်နှင့် ခရီးစရိတ်အဖြစ် နဝကမ္မဝတ္ထုငွေလှူဒါန်းပူဇော်ပါ။ ခရီးဝေးကြွချိန်သည့်အခါ လိုအပ်နိုင်သော ပစ္စည်းများ၊ ထီး၊ ဖိနပ်၊ လှူဒါန်းပူဇော်ပါ။

□ အင်္ဂါသားသမီးများ

နှစ်ဦးမှစ၍ အင်္ဂါတစ်ရက်ကိုရွေးပါ။

နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်းမှာ စတင်ပြုလုပ်ပါ။

အခက်အခဲရှိလျှင် -

ကြာသပတေးနေ့၊ သောကြာနေ့၊ တနင်္ဂနွေများမှာ တစ်ရက်ကိုရွေး၍ နံနက် (၇) နာရီမှာ ပြုလုပ်ပါ။

စနေနံများကို ဘုရားပူဇော်ပါ။

ထန်းလျက်၊ ထောပတ်ဆွမ်း၊ နဂါးမောက်သီး၊ ထောပတ်သီး၊ နှင်းဆီပန်း၊ နို့ဆွမ်းတို့နှင့် ပူဇော်ပါ။

ပဌာန်းဒေသနာတော်၊ ဓမ္မစကြာသုတ်တော်များရွတ်၍ (သို့) အခွေများဖွင့်၍ ပူဇော်ပါ။

ဘုရားစေတီများသို့ သွားရောက်သည့်အခါ -

စနေနံပန်းများ၊ အညွှန့်များနှင့် ပူဇော်ပါ။

ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပါ။

ဓမ္မစကြာသုတ်တော်ကို ရွတ်၍ ပူဇော်ပါ။

ကြည့်ပါ။

တန်ဆောင်းများအတွင်း ပူဇော်ထားသော ရုပ်ပွားတော်မြတ်များအားမိုး၍ပူဇော်ထားသည့်ထီးဖြူများဟောင်းနွမ်းနေပါက ထိုထီးဖြူများကို အသစ်



ဝယ်၍ ပူဇော်ပါ။

တစ်နှစ်လုံး အဆင်ပြေသလို တစ်လက်ပြီးတစ်လက်ပူဇော်ပါ။

သံယာတော်အရှင်သူမြတ်များကို ထီးမကြာမကြာလှူပေးပါ။ နာရီလိုအပ်သည့်အခါ နာရီဝယ်၍လှူပေးပါ။

ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပူဇော်ခြင်းကို အချိန်ရတိုင်းမဖြစ်မနေပူဇော်ပါ။

□ ဗုဒ္ဓဟူးသားသမီးများ

နှစ်ဦးမှစ၍ ဗုဒ္ဓဟူးတစ်ရက်ကိုရွေးပါ။

နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်းမှာ စတင်ပြုလုပ်ပါ။

အခက်အခဲရှိလျှင် -

အင်္ဂါနေ့၊ သောကြာနေ့၊ စနေနေ့များတွင် တစ်ရက်ကိုရွေး၍ နံနက် (၇) နာရီမှာ စတင်ပါ။

တနင်္ဂနွေနံများကို ဘုရားပူဇော်ပါ။

အုန်းပန်းများ၊ အုန်းဖူးများ၊ အုန်းသီးစိတ်ဆွမ်းများနှင့် ပူဇော်ပါ။ တစ်မျိုးပူဇော်လျှင်လည်းရပါသည်။

ဘုရားစေတီများသို့ သွားရောက်သည့်အခါ -

တနင်္ဂနွေ ပန်းများ၊ အသီးများ၊ အညွှန့်များနှင့် ပူဇော်ပါ။

အရဟံဝုဏ်တော်ကို နှလုံးသွင်းခြင်း၊

အရဟံဝုဏ်တော်ကို ကြာမြင့်စွာ အာရုံမိမိပုတီးစိပ်ခြင်း၊

အောင်ခြင်း (၈) ပါး ဂါထာကို ပုတီးစိပ်ခြင်းမပြတ်ပြုပါလေ။

ဘုရားတည်သောနေရာ -

ဂန္ဓကုဋိတိုက်ဆောက်နေသောနေရာ။

ဓမ္မဗိမာန်တော်ကြီးများ၊ ကျောင်းများဆောက်လုပ်နေသောနေရာများမှာ အုတ်ကို မြောက်မြားစွာလှူပါ။ ဖြစ်အောင်လှူပါ။ အကောင်းဆုံးအလှူဖြစ်ပါသည်။

တန်ခိုးကြီးဘုရားစေတီတော်များတွင် တည်ဆောက်ပြုပြင်မွမ်းမံနေသည့်နေရာများ၌ အုတ်လှူရခြင်း၊

ကျောင်းဆောက်၊ သိမ်ဆောက်သည့်နေရာများတွင် အုတ်လှူရခြင်းသည် အကောင်းဆုံးအလှူဖြစ်နေပါသည်။

ဘုရားစေတီပုထိုးများတွင် -

ညလုံးပေါက် စိန်ဖူးတော်မီး၊ လျှပ်စစ်မီးများ မကြာမကြာပူဇော်ပါ။ မီးလုံး၊ မီးဆလိုက်များ လိုအပ်ပါက လှူပေးပါ။ လှူနိုင်သရွေ့လှူပေးပါ။

□ ကြာသပတေးသားသမီးများ

နှစ်ဦးမှစ၍ ကြာသပတေးတစ်ရက်ကိုရွေးပါ။

နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်းမှာ စတင်ပြုလုပ်ပါ။

အခက်အခဲရှိလျှင် -

တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့၊ စနေနေ့များတွင် တစ်ရက်ကိုရွေး၍ နံနက် (၇) နာရီမှာ စတင်ပါ။

တနင်္လာနံများကို ဘုရားပူဇော်ပါ။

ပန်းပေါင်းစုံ (၉) မျိုးနှင့်ပူဇော်ပါ။

ကံ့ကော်ညွှန့်၊ ကြဲညွှန့်၊ ဂန္ဓမာပန်းများနှင့်ဝေနေအောင်ပူဇော်ပါ။

ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ကော်ဖီ၊ ကျောက်ကျော၊ ကြဲ၊ ကြံရည်၊ ငှက်ပျောကြော်များနှင့် မကြာခဏပူဇော်ပါလေ။

ကြေးစည်သံနှင့်ပူဇော်ပါ။

မင်္ဂလာရှိသောအသံများ၊ မြင့်မြတ်သောအသံများနှင့် ပူဇော်ပါ။ ပဌာန်းဒေသနာတော်၊ ဝုဏ်တော်ကွန်ချာ၊ ပရိတ်ကြီး(၁၁)သုတ်၊ မဟာသမယသုတ်တော်၊ ဓမ္မစကြာဒေသနာတော်များနှင့် ပူဇော်ပါ။ မရွတ်နိုင်လျှင် အသံဖွင့်၍ ပူဇော်ပါ။

ဘုရားစေတီများသို့ သွားရောက်သည့်အခါ -

တနင်္လာနံ ပန်းများ၊ အညွှန့်များ၊ ဆွမ်းများနှင့် ပူဇော်ပါ။

ကြေးဆင်းတုတော်ကြီးများကို ရောင်တော်ဖွင့်၍ ပူဇော်ခွင့်ရအောင် ဘုရားစေတီများမှ တာဝန်ရှိသူများထံ ခွင့်တောင်းပြီး ရောင်တော်ဖွင့်၍ မကြာမကြာပူဇော်ပါ။

ကျောက်ဆင်းတုရုပ်ပွားတော်ကြီးများကိုလည်း ဖုန်၊ အမှိုက်များမရှိအောင် ရောင်တော်မကြာမကြာဖွင့်ပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးကြီးဘုရားစေတီတော်များတွင် တည်ဆောက်ခြင်း ပြုပြင်မွမ်းမံခြင်းများနှင့်ကြုံသည့်အခါ ကျောက်ပြားများ လှူဒါန်းပါ။ အမိုးမျက်နှာကြက်၊ကျောက်ပြားများလိုအပ်လျှင် ဝမ်းသာအားရနှင့် နိုင်သရွေ့ လှူဒါန်းပူဇော်ပါ။

□ သောကြာသားသမီးများ

နှစ်ဦးမှစ၍ သောကြာတစ်ရက်ကိုရွေးပါ။

နံနက် (၉) နာရီမှ (၁၀) နာရီခွဲ အတွင်းမှာ စတင်ပြုလုပ်ပါ။

အခက်အခဲရှိလျှင် -

တနလ်ာနေ့၊ ကြာသပတေးနေ့၊ တနင်္ဂနွေနေ့များတွင် တစ်ရက်ကိုရွေး၍ နံနက် (၇) နာရီမှာ စတင်ပါ။

အဂီါနံများကိုဘုရားပူဇော်ပါ။

ပန်းပေါင်းစုံ (၃) မျိုး၊ သစ်သီး (၃) မျိုး၊ ဇွန်ပန်း၊ စံပယ်ပန်း၊ စိန်ခြယ်၊ ဇီဇဝါ၊ စကြာပန်း၊ ငွေတော်ပန်း စသော အဂီါနံပန်းများနှင့် ပူဇော်ပါ။

သရဏဂုံကို နှလုံးသွင်း ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်း၊

သရဏဂုံ-၃၀ကို ပုတီးစိပ်ခြင်း၊

မဟာသရဏဂုံတော်ကြီးကို ပုတီးစိပ်ခြင်း၊

စိန္တာမဏိဂါထာတော် ရွတ်ဖတ် ပုတီးစိပ်ခြင်း၊

စိန္တာမဏိမန္တန်တော်ကြီးကို ရွတ်ဖတ်ပူဇော်ခြင်း။

စိတ်ဖြင့်ပူဇော်ခြင်း -

စိတ်ဖြင့်ပူဇော်ခြင်း ဟူသည်မှာ အာနာပါနရှုမှတ်ခြင်း တရားထိုင်ခြင်းကို ဆိုလိုပါသည်။ ကိုယ်ကျင့်ကြံအားထုတ်လေ့ရှိသည့်အတိုင်းထိုင်ပါလေ။ အကြိမ်အရေအတွက် မသတ်မှတ်ပါနှင့်။ နာရီအချိန်မသတ်ပါနှင့်။ အချိန်ရရင်ရသလို ရှုမှတ်ပါ။

ဘုရားစေတီများသို့ သွားရောက်သည့်အခါ -

ညလုံးပေါက် လျှပ်စစ်မီးအဖြစ် စိန်ဖူးတော်မီးကိုလှူပေးပါ။

အချို့ရုပ်ပွားတော်မြတ်များသည် ဆေးများကွာနေခြင်း၊ ဆေးများပျက်နေခြင်းရှိကြပါသည်။ ဆေးပျက်သော၊ ဆေးကွာသော ရုပ်ပွားတော်မြတ်များအတွက် လိုအပ်သောဆေးကို ဝယ်၍ ပူဇော်ပါ။

ဘုရားတွင် တာဝန်ရှိကြသူများကို အကျိုးအကြောင်းပြောပြ၍ ဆေးလှူပါ။ ရေးတတ်သူ လိုအပ်ရင် ရေးတတ်သူကို ပါဌာန်းပြီးပေးလိုက်ပါ။

ဘုရားစေတီများရှိ တန်ဆောင်းများ၊ မျက်နှာကြက်များတွင် ဆေးခြယ်ရန် လိုအပ်ပါက ဆေးများတစ်နိုင်ဝယ်လှူပေးပါ။

တန်ဆောင်းများတွင် နာရီလိုအပ်နေပါက နာရီပါဝယ်ပြီးလှူပါ။

ဘုန်းကြီးကျောင်းများတွင် ဘုရားဆောင်များ၊ အမိုးမျက်နှာကြက်များနှင့် အခြားလိုအပ်သောနေရာများတွင် ဆေးခြယ်ရန်လိုအပ်ပါက ဆေးများတစ်နိုင်ဝယ်လှူပေးပါ။

သံဃာတော်အရှင်သူမြတ်များကို နာရီဝယ်လှူပါ။

□ စနေသားသမီးများ

နှစ်ဦးနှစ်ဖွား စနေနေ့တစ်ရက်ကိုရွေးပါ။

နံနက် (၉) နာရီမှ (၁၀) နာရီခွဲ အတွင်းမှာ စတင်ပြုလုပ်ပါ။

အခက်အခဲရှိလျှင် -

တနလ်ာနေ့၊ အင်္ဂါနေ့၊ သောကြာနေ့တစ်ရက်ရက်ကိုရွေး၍ နံနက်(၇)နာရီမှာ စတင်ပါ။

ပုဒ္ဓဟူးနံများကို ဘုရားပူဇော်ပါ။

ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေပန်းများနှင့် ပူဇော်ခြင်း။

လက်ဖက်ဆွမ်း၊ ရွှေရင်အေး စသောဆွမ်းများနှင့် ကပ်လှူခြင်းပြုပါ။ သောက်တော်ရေသည် ထာဝရ ပူဇော်နေရမှာဖြစ်ပါသည်။ ဘုရားရှင်ကို ယပ်တော်သွင်းပူဇော်ပါ။

အချိန်ရအောင်ယူပြီး ဓာတ်ကြီး (၄) ပါးဆွမ်း မကြာခဏ တင်လှူပူဇော်သင့်ပါသည်။

အချိန်မရခဲ့လျှင်ပင် နှစ်လတစ်ကြိမ်ခန့် ပူဇော်ပါလေ။

ဘုရားရှင်ကို မင်္ဂလာရှိသောအသံများနှင့်ပူဇော်ပါ။

ကိုယ်တိုင်လည်း ရွတ်ဖတ်ပူဇော်ပါ။ မရွတ်ဖတ်အားလျှင် အသံဖွင့်၍ ပူဇော်ပါ။

ဘုရားစေတီများသို့ သွားရောက်သည့်အခါ -

ပုဒ္ဓဟူးနံ ပန်းများ၊ အညွှန့်များ၊ အသီးများ၊ ဆွမ်းများနှင့် ပူဇော်ပါ။

ရုပ်ပွားတော်မြတ်များကို ရွှေဆိုင်း၊ ရွှေပြားသင်္ကန်းများ ကပ်လှူ ပူဇော်ပါ။

ရောင့်တော်ဖွင့်၍ ရသော် ရုပ်ပွားတော်မြတ်များကို ရောင်တော်ဖွင့်ပူဇော်ပါ။

လျှပ်စစ်မီး ညလုံးပေါက် ထွန်းညှိပူဇော်ရန် မကြာမကြာလှူပါ။

တန်ခိုးကြီးဘုရားစေတီများတွင် ပြုပြင်ခြင်း၊ မွမ်းမံခြင်းများနှင့် ကြုံသည့်အခါ ရွှေပြားသင်္ကန်းများကို လှူဒါန်းပူဇော်ပါ။

'မရှင်းလင်းလျှင် ထပ်ဖတ်ပါ'။

ဤပူဇော်ခြင်းများသည် -

နှစ်စတွင် ပြုလုပ်ရမည့် ကောင်းခြင်းမင်္ဂလာများဖြစ်သော်လည်း တစ်ကြိမ်နှင့် ရပ်မထားပါနှင့်။ နှစ်စတွင် ပူဇော်ပြီးပြီပဲဟု ရပ်မထားပါနှင့်။ တစ်လတစ်ကြိမ် တန်သည်၊ နှစ်ကြိမ်တန်သည် နေ့ရက်အချိန်အခါရွေး၍ ပူဇော်သွားပါ။ သတ်မှတ်ချိန်များအတိုင်း ပြုလုပ်ပါ။

တန်ခိုးကြီးဘုရားစေတီတော်များတွင် သွားရောက် လှူဒါန်းပူဇော်ရသော ကုသိုလ်များအတွက် နာရီမလိုပါ။ ရက်မလိုပါ။ အဆင်ပြေသလို ပူဇော်ပါ။ တစ်လတစ်ကြိမ်တန်သည်၊ နှစ်ကြိမ်တန်သည် ရသလိုပူဇော်ပါ။

အခါအခွင့်သင့်တိုင်း -

အိမ်မှာ ပူဇော်လှူဒါန်းခြင်း၊

ဘုရားစေတီများသို့ သွားရောက် ပူဇော်လှူဒါန်းခြင်း၊

ကျောင်းများတွင် ပူဇော်လှူဒါန်းခြင်းဖြင့် -

စိတ်ပျက်လက်ပျက်နှင့် လက်မှိုင်ချကာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေသော အခြေအနေတို့သည် သူနှင့်မဆိုင်သလို ကင်းစင်လွင့်မျောက်သွားပါလိမ့်မည်။

ထို့သို့ ကင်းစင်လွင့်မျောက်သွားသောအခါ အောင်မြင်ခြင်းများစွာတို့သည် အံ့ဩဖွယ်ရာ တဖြည်းဖြည်းချင်း စတင်လာတော့မည်ဖြစ်ကြောင်း မေတ္တာလောင်း၍ -

ဤသူရဇ္ဈလက်ဆောင်ကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဆန္ဒများတဖြည်းဖြည်းပြည့်ဝလာသည်ထိလှူရင်း အကျိုးပေးရင်း၊ လှူရင်း အကျိုးပေးရင်းဖြစ်ဖြစ်လာသော ဤသူရဇ္ဈလက်ဆောင်ကြောင့် -

ဆန္ဒများပြည့်ဝကာ -

စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေကြောင်း -

ဆုတောင်းမေတ္တာပို့သရင်း -

ဆရာဦးမောင်မောင်သန်း

(ခင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

လှမြင့် (ရန်ကုန်တက္ကသိုလ်)

မြန်မာ့ရိုးရာအရက်တက်ခိုန် သတ်မှတ်ချက်ဝေလေ့

မြန်မာမှုနယ်ပယ်တွင် အရက်တက်ခိုန်ကို ဘာသာရေးရှုထောင့်အရ အမြတ်တနိုး တန်ဖိုးထားခဲ့ကြသည်။ အရက် ဟူသော ဝေါဟာရသည် ပါဠိဘာသာစကား 'အရက' ကို မြန်မာမှုပြုလက်ခံ သုံးစွဲထားခြင်း ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ နေမထွက်မီ အရှေ့အရပ်မှ ဦးစွာဖြစ်ပေါ် လာသော ရှေ့ပြေးအလင်းရောင် ဟူ၍ ဖြစ်သည်။ ထိုသို့ နေမထွက်မီ နေ၏အလင်းရောင်အစပြုထွက်ပေါ်သည့်အချိန်ကို ရှေးမြန်မာဧတ်အဆက်ဆက်ကပင် အရက်တက်ခိုန်၊ အရက်တက်သည် ဟူ၍လည်းကောင်း၊ အရက်ကျင်း ဟူ၍လည်းကောင်း ခေါ်ဆိုသတ်မှတ်ခဲ့ကြသည်။

အရက်တက်ခိုန်၊ အရက်ကျင်းခိုန်တွင် ရဟန်း၊ သာမဏေတို့အား ကပ်လှူလောင်းလှူသောဆွမ်းကို အရက်ဆွမ်းဟူ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဦးထိပ်ထားလောင်းလှူမှုပြုကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အတွက် အရက်တက်ခိုန်နှင့် အရက်ဆွမ်းလောင်းလှူခိုန်တို့သည် တစ်နေ့တာကာလ၏ အစအဦးဆုံးသော မင်္ဂလာအရှိဆုံးသော အခိုန်ကာလအဖြစ် မြတ်နိုးစွာ တန်ဖိုးထား သတ်မှတ်ခဲ့ကြသည်။

အရက်တက်ခိုန်၊ အရက်ကျင်းခိုန်သည် မြန်မာမှုယဉ်ကျေးမှုဓလေ့အရ နေမထွက်မီ အရှေ့အရပ်မှဦးစွာဖြစ်ပေါ်လာသော ရှေ့ပြေးအလင်းရောင်အစပြုပေါ်ထွက်သည့်အခိုန်ဟု သတ်မှတ်ခဲ့ရာတွင် မြန်မာ့ရိုးရာ အရက်တက်ခိုန်တွင် ရှေးဓလေ့အဆက်ဆက်တွင် နံနက်လင်းလုလင်းခင် ရောင်နီဦးပေါ်ထွက်ပြုစ အခိုန်၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတိုင်းစွင် ကျောင်းရှိ ရဟန်း၊

www.burmeseclassic.com

www.burmeseclassic.com

လက်ာ	လအမည်	နာရီ-မိနစ်(နံနက်)
ကူး၊ ပြန်-နှင်ထွေး	ကူး- တန်ကူး/ခူးလ	ပြန်၊ နှင်ထွေး- ၅း၀၀နာရီ
ဆုန်၊ လေး၊ ပေါ်နေ့	ဆုန် - ကဆုန်လ	လေး၊ ပေါ်နေ- ၄း၅၀နာရီ
ယုန်၊ ဝေ-ဝေ ထပ်	ယုန် - နယုန်လ	ဝေ၊ ဝေထပ်- ၄း၄၀နာရီ
ဆို၊ လပ်-စာတော်	ဆို - ဝါဆိုလ	လပ်၊ စာတော်- ၄း၃၀နာရီ
ခေါင်၊လျော်-လူထု	ခေါင် - ဝါခေါင်လ	လျော်၊ လူထု- ၄း၄၀နာရီ
လင်း၊ လု-မတွေး	လင်း - တော်သလင်းလ	လု၊ မတွေး- ၄း၅၀နာရီ
ကျွတ်၊ မေး-နင်တို့	ကျွတ် - သီတင်းကျွတ်လ	မေး၊ နင်တို့- ၅း၀၀နာရီ
မုန်း၊ ဖို့-အော်နေ	မုန်း - တန်ဆောင်းမုန်းလ	ဖို့၊ အော်နေ- ၅း၁၀နာရီ
တော်၊ မြေ-ကျော်ငွေး	တော်- နတ်တော်လ	မြေ၊ ကျော်ငွေး- ၅း၂၀နာရီ
ပြာ၊ ပေးဆန်တောင်း	ပြာ- ပြာသိုလ	ပေး၊ ဆန်တောင်း- ၅း၃၀နာရီ
တွဲ၊ ပေါင်း-ခေါ်နေ့	တွဲ- တပို့တွဲလ	ပေါင်း၊ ခေါ်နေ့- ၅း၂၀နာရီ
ပေါင်း၊ ပျော်-အထွက်	ပေါင်း၊ တပေါင်းလ	ပျော်၊ အထွက်- ၅း၁၀နာရီ

သာမဏော၊ ကျောင်းသားများအား လုံးအိပ်ရာမှထကြရသည်။ အုန်းမောင်းကလတက်ခေါက်ခြင်းပြုသည်။ ရဟန်းသံဃာတော်များ ဆွမ်းခံထွက်ကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် အရုဏ်ဆွမ်းလောင်းလှူကြသည်၊ ဘုရားဝတ်ပြုကြသည်။ ထို့ကြောင့် အရုဏ်တက်ချိန်သည် ဗုဒ္ဓဘာသာဝင်တို့ အတွက် တစ်နေ့တာ၏ မင်္ဂလာဦးအချိန်မြတ်ပင် ဖြစ်သည်။

ထို့နောက် စက်နာရီများပေါ်ပေါက်လာချိန်တွင် ခေတ်၏ယဉ်ကျေးမှုရေစီးကြောင်းနှင့်အညီ မြန်မာ့ရိုးရာ တစ်ဆယ့်နှစ်လရာသီအတွက် မြန်မာ့ရိုးရာ အရုဏ်တက်ချိန် အတိအကျ သတ်မှတ်ချက်ပြုခဲ့ကြသည်။ မြန်မာ့ရိုးရာ အရုဏ်တက်ချိန် သတ်မှတ်ချက်ဇလေ့ကို မြန်မာပညာရှင်ကြီးများသည် စက်နာရီအချိန်နှင့် အချိန်ကိုက်လျက် လစဉ် (၁၂) လအတွက် အလယ်တက္ကမှတ်သိရှိနိုင်စေရန် လက်ာရေးသီဖွဲ့ဆို လမ်းညွှန်သတ်မှတ်ပေးခဲ့ကြသည်။

မြန်မာ့ရိုးရာ အရုဏ်တက်ချိန်ကို စက်နာရီအချိန်နှင့်ကိုက်လျက် မြန်မာမှုအစစ်ဖြင့် လက်ာဖွဲ့ဆိုသတ်မှတ်ပေးခဲ့မှု အဖြစ် -

- ကူးပြန်-နှင်ထွေး၊ ဆုန်-လေးပေါ်နေ၊ ယုန်-ဝေဝေထပ်၊ ဆိုလပ်စာတော်၊ ခေါင်လျော်လူထု၊ လင်းလုမတွေး၊ ကျွတ်မေနင်တို့၊ မုန်းဖို့အော်နေ၊ တောင်မြေ ကျော်ငွေး၊ ပြာပေးဆန်တောင်း၊ တွဲပေါင်းခေါ်နေ့၊ ပေါင်းပျော်အထွက်၊ အရုဏ်တက်၊ မပျက်လို့ရေး နာရီပိုင်းလတိုင်းယူပါလေ၊ ကဝီများထားခဲ့ဉပဒေ

ဟူ၍ ရေးဖွဲ့စပ်ဆိုလမ်းညွှန်ခဲ့သည်။

ယင်းလက်ာအရ မြန်မာ့လတစ်လစီ၏ အရုဏ်တက်ချိန် စက်နာရီနှင့် မိနစ်ကို ထွက်ချက်ရာ၌ သာဓကအားဖြင့် -

တန်ခူးလအတွက် 'ကူးပြန်နှင်ထွေး' ဟူသော လက်ာအရ 'ကူး' သည် တန်ခူး၊ တန်ခူးလကို ဆိုလိုသည်။ 'ပြန်နှင်ထွေး' ဟူသော လက်ာအရ 'ပြန်-ကြာသပတေးနံကိန်းဂဏန်း - ၅' နှင့် 'နှင်ထွေး - စနေနံကိန်းဂဏန်း- သုည' တို့ကို ကိုယ်စားပြု၊ ထွက်ချက်သတ်မှတ်ခဲ့သောကြောင့် တန်ခူးလ၏ နံနက် အရုဏ်တက်ချိန်သည် နံနက်(၅)နာရီ (၀၀) မိနစ် ဖြစ်သည်။

ထို့နည်းတူ ကဆုန်လတွင် 'ဆုန်၊ လေးပေါ်နေ့' ဟူသော လက်ာအရ နံနက်အရုဏ်တက်ချိန်သည် (၄)နာရီ၊ (၅၀) မိနစ် ဖြစ်သည်။ နယုန်လ 'ယုန်ဝေဝေထပ်' တွင် နံနက် (၄)နာရီ၊ (၄၀) မိနစ်၊ ဝါဆိုလ 'ဆို၊ လပ်-စာတော်' တွင် နံနက် (၄)နာရီ၊ (၃၀)မိနစ်၊ ဝါခေါင်လ 'ခေါင်၊ လျော်-လူထု' တွင် နံနက် (၄)နာရီ၊ (၄၀) မိနစ်၊ သီတင်းကျွတ်လ 'ကျွတ်၊ မေး-နင်တို့' တွင် နံနက် (၅) နာရီ၊ (၀၀) မိနစ်၊ တော်သလင်းလ 'လင်း-လု-မတွေး' တွင် နံနက် (၄)နာရီ၊ (၅၀)မိနစ်၊ တန်ဆောင်မုန်းလ 'မုန်း-ဖို့-တော်နေ' တွင် နံနက် (၅) နာရီ၊ (၁၀) မိနစ်၊ နတ်တော်လ 'တော်၊ မြေ-ကျော်ငွေး' တွင် နံနက် (၅) နာရီ၊ (၂၀) မိနစ်၊ ပြာသိုလ 'ပြာ၊ ပေး၊ ဆန်တောင်း' တွင် နံနက် (၅) နာရီ (၃၀) မိနစ်၊ တပို့တွဲလ 'တွဲ၊ ပေါင်း-ခေါ်နေ့' တွင် နံနက် (၅) နာရီ (၂၀) မိနစ်၊ တပေါင်းလ 'ပေါင်းပျော်-အထွက်' တွင် နံနက်(၅)နာရီ (၁၀) မိနစ် ဟူ၍ အသီးသီး သတ်မှတ် ထွက်ချက်လျက် မြန်မာမှုဟူသူတနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်ခဲ့ထိန်းသိမ်းခဲ့ကြသည်။

ထွက်ပြီး (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ မြန်မာ့ရေးရာသုတစဒေသာ (မောင်ဇနီယ)

၂။ မြန်မာအာဘိဓာန် (မြန်မာစာအဖွဲ့)

၃။ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် မှ ဆရာ၊ ဆရာမကြီးများ၏ ပို့ချလမ်းညွှန်ချက်များ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

ဇန်နဝါရီလ ၁ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓါဇိနော (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၃ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓါ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၄ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၅ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနလ်၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ မမွဲပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၆ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ပါ။

ဇန်နဝါရီလ ၇ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၂)။ လာဘ်နေအရပ်တမြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၈ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၉ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနလ်၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၀ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန်နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၁ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၂ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ်အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍

www.burmeseclassic.com

www.burmeseclassic.com

အရဟံသိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၄ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား ပုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၅ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၆ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၇ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၂)။ လာဘ်နေအရပ်က အရှေ့။ မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သားက စနေ၊ ပုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၈ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၁၉ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓဿ (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၁ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၂ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉)ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၃ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၄ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၅ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံယာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၆ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ပုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၈ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၂၉ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ပုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၃၀ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

ဇန်နဝါရီလ ၃၁ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ သုသုဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

အောင်စံသူ (ဒဂုံ)

www.burmeseclassic.com

www.burmeseclassic.com

ကြယ်ခင်းမြေကပျောင် ဒါစဝါရင်

တဟိ တဟိ ပါရမီ သဗ္ဗညဳ စဃ်
ဂတဲ ဂတဲ သင်္ဘိ သုခပ္ပဒဲ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုဂ္ဂဝံ ဂဝံ။ ။

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ရာ [illegible]

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နှိပ်ဆြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို နံနက်စောစော အရုဏ်ဆွမ်းလောင်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ ကြာသပတေးနာမည်ရှင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ စနေနံပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရား၊ ကျောင်း၊ ဇရပ်များတွင် အသုံးပြုရန် တံမြက်စည်းများ တတ်အားသရွေ့လှူပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ဂါအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။

ကျန်းမာရေး - နွမ်းပါးသော သက်ကြီးရွယ်အိုများကို ဆေးဝါး၊ ငွေကြေး၊ အာဟာရ စသဖြင့် တစ်နိုင်လှူပေးပါ။

ထီကံကောင်းလိုသူများ - ကြာသပတေးနံထီဆိုင်တွင် (၁၊ ၅၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

တနလာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာနှစ်ဥ်ရွတ်ဖတ်ပူဇော်ပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နှိပ်ဆြားသွားလိုသူများ - တဟိ တဟိ အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ဇီဇဝါညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိက်ပါ။

ကားရောင်းလိုသူများ - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ ပဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကိုရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းပြုပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း၊ အင်္ဂါအနီရောင်လေးများမဝတ်ပါနှင့်။ ခိုလေးများကို မကြာမကြာပဲကျွေးပါ။

ထီကံကောင်းလိုသူများ - စက်ဘီးနှင့်ရောင်းသော ထီသည်၊ ဆိုင်ကယ် (သုံးဘီး) ဖြင့်ရောင်းသောထီသည်များထံမှာ (၃၊ ၄၊ ၈၊ ၇) ဂဏန်းများနှင့် ကံစမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။

ကားရောင်းလိုသူများ - ကားကို တနင်္ဂနွေနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်း နံထင်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသစ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းဆောင်ရွက်ပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူ၏အတိတ်ဇာတ်လမ်းဟောင်းများပြောပြီး မခံချင်အောင် မံကျီစယ်ပါနှင့်။

ကျန်းမာရေး - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။

ထီကံကောင်းလိုသူများ - တနင်္ဂနွေနံထီဆိုင်တွင် တနလ်ာသားသမီးများနှင့် ထီစပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။

ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - ယခုလ ဘုရား (၃) ဆူ တစ်နေ့တည်းလှည့်၍ စံပယ်ပန်းများဖြင့် ပူဇော်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို သောကြာနာမည်ရှင်နှင့် စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို အင်္ဂါနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အင်္ဂါနံ့ဘွဲ့အမည်ပါရှိသော ဘုရား၊ စေတီသို့သွား၍ ပန်းပေါင်းစုံ (၃) မျိုးဖြင့် ပူဇော်ပြီး ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ် ပြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဆုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းဆောင်ရွက်ပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်လေးများ ဝတ်မသွားပါနှင့်။

ကျန်းမာရေး - ငါးအရှင်လေးများကို တစ်နှိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။

ထီကံကောင်းလိုသူများ - သောကြာနံထီဆိုင်တွင် (၆၊ ၃၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းလောင်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ဖောင်အရပ်ဂ အကျီးဆောင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ (၅) မျိုးဖြင့် ပူဇော်ပြီး ဓမ္မစကြာနှင့် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - မွေးနံ့မှစ၍ ပြိုဟ်ရှစ်ခွင်လှည့်ပြီး ပြိုဟ်သက်အလိုက်ရေသွန်းပါ။

လူမှုရေးအတိုက်အခံများသူများ - မေတ္တာသုတ်ကို နေ့စဉ်ပြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။

ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော နွမ်းပါးသူများကို ဆေး ငွေကြေးလှူပါ။

www.burmeseclassic.com

www.burmeseclassic.com

ထီကံကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာတွေ့သော ထီဆိုင်များတွင် ဂဏန်းမရွေးဘဲ ချက်ချင်း ထိုးလိုက်ပါ။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများနှင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဇီဇဂါဩန်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို အဂ်ိနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ သွား၍ ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စနေနံပစ္စည်းအဟောင်း၊ အပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားဆောင်တွင် မဆိုင်သောပစ္စည်းများ ဖယ်ရှားပြီး ဖုန်၊ အမှိုက်များ ရှင်းလင်းပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့် ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီမဝတ်ပါနှင့်။
ကျန်းမာရေး- လေထိထားသော ဝေဒနာရှင်များကို ငွေ၊ ဆေး၊ အာဟာရတစ်နိုင်လှူပါ။
ထီကံကောင်းလိုသူများ - စက်ဘီး၊ သုံးဘီးဆိုင်ကယ်များနှင့် ရောင်းသောထီသည်များထံမှာ (၅၊ ၃၊ ၆၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းပါ။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနေ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - တဟိတဟိတ်အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ -အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္လာထောင့်တွင် အရဟံဂုဏ်ဓေတ်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
လူမှုရေးအတိုက်အခံများသူများ - သရဏံ-၃၀ ကို နေ့စဉ်ပုတီး (၅) ပတ်ရအောင်စိပ်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို နေ့စဉ်တစ်လှည့်စီအစာကျွေးပါ။
ကျန်းမာရေး - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
ထီကံကောင်းလိုသူများ - တနင်္လာနံထီဆိုင်တွင် (၁၊ ၃၊ ၄၊ ၈) ဂဏန်းများနှင့် ပြည့်နေအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-
တနင်္လာနေ့-စနေပိတ်မည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများရယူပါ။
ဥပမာ-အိထူး၊ အောင်နှင်း၊ အုန်းထိန်

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ပြည်သိန်းဇော်

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံး ကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ တနင်္ဂနွေနာမည်ရှင် ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်း အကျိုးမပေးပါ။ ယခုလ အတွင်း ငွေကြေးနှင့် ပတ်သက်သောကိစ္စမှန်သမျှရှောင်ရပါမည်။ လက်ရှိပြုလုပ်နေသောအလုပ်မှလွဲ၍ မကျွမ်းကျင်သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ စပ်တူရွယ်ယာဝင်ခြင်းများ မပြုလုပ်သင့်ပါ။ ကားမောင်းအထူးဆင်ခြင်ပါ။ အိမ်ဆောက်၊ အိမ်ဝယ်၍ အဆင်ပြေသော်လည်း မြေဝယ်ခြင်း၊ ကားစယ်ခြင်းများ အရှုပ်အရှင်းဖြစ်တတ်၍ အထူးသတိထားပါ။ မလိုလားအပ်သော လူမှုရေးတွေ့လည်း သတိထားရပါလိမ့်မည်။ အနေမတတ်အထိုင်မတတ်ဖြစ်လျှင် အိမ်ထောင်ရေးပြဿနာများ ဆက်တိုက်ပေါ်လာတတ်ပါသည်။ ကျန်းမာရေးကောင်းနေစေရန် သီလရှင်ဆရာကြီးများကို မကြာခဏဆေးလှူပါ။ ဒုက္ခိတများတွေ့တိုင်း ငွေလှူပါ။ ပညာရေးကံတွေကောင်းသော်လည်း အပေါင်းအသင်းများပြီး စိတ်မလေဖို့အရေးကြီးပါသည်။ ချစ်တတ်သူများ စာစီးအပေါ်တစ်ဦး သစ္စာရှိပါ။ အနေအထိုင်အထူးဆင်ခြင်ရပါလိမ့်မည်။ ထီထိုးရန်အတွက် တနင်္ဂနွေနံဆိုင်တွင် (၁၊ ၆၊ ၂ ၉၊ ၃) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ ဘုရားရှင်ကို မှန့်လုံးရေပေါ်ဆွဲမိုးများကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်ကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ အင်္ဂါနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းအကျိုးမပေးပါ။ ယခုလအတွင်း ငွေကြေးကိစ္စများ၊ စာရင်းအင်း၊ တိတိကျကျပြုထားပါ။ ဂရုစိုက်နေသည့်ကြား ငွေကွာတတ်ပါသည်။ မြေကိစ္စ၊ အမွေကိစ္စ ဆောင်ရွက်ရန် ရှိပါက ရက်ရွှေ့ပါ။ လာဘ်လာဘအတွက်၊ မဟာဒေဒပွမန္တန်တော်ကို နေ့စဉ်အဓိဋ္ဌာန်ထားပြီးရွတ်ပါ။ အတိုက်အခံများလွန်းပါက ၂၄-ပစ္စည်းရွတ်ပါ။ ဘုရားစေတီကို ခဏခဏသွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ ကျန်းမာရေးကောင်းနေစေရန် မျက်မမြင်များကို ငွေ၊ ဆေး၊ အာဟာရလှူပေးပါ။ ခဲး၊ ခြေကောင်းသူများကိုလှူပါ။ ပညာရေးအတွက် ထိထိရောက်ရောက်ကြိုးစားပါ။ မျက်လုံးထိခိုက်တဲ့အထိ ကစားလွန်းလျှင်၊ အိပ်ရေးပျက်လွန်းလျှင် တော်ပါလျက် ချော်သွားတတ်ပါသည်။ ချစ်တတ်သူများ၊ နှလုံးသားနှုန်းရာတိစ္ဆများတွင် ခြင်ဆင်တုံတရားရှိပါစေ။ ငှက်ကလေးတွေကို ခဏခဏအစာကျွေးပါ။ ကားမောင်းမကြမ်းပါနှင့်။ လုပ်ငန်းကိုစဉ်းစားပြီးမှချဲ့ပါ။ လောဘကြီး၍မရပါ။ ကြွေးတင်သွားတတ်ပါသည်။ လောင်းကစားမှန်သမျှရှောင်ပါ။ မထင်မှတ်တာတွေနှင့် မကြုံရအောင် ရွတ်ဖတ်မှုများများပြုပါ။ ထိထိုးမည်ဆိုပါက အင်္ဂါ၊ ဗုဒ္ဓဟူးနာမည်ဆိုင်တွေမှာ (၃၊ ၄၊ ၈) ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ယကြာ ။ ။ ဘုရားရှင်ကို သစ်သီး (၆) မျိုးနှင့် ပူဇော်ပါ။

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနဂ်ါနွေနာမည်ရှင်၊ တနလ်ာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများ၊ အကြံဉာဏ်များပေးပါလိမ့်မည်။ (၅) ဂဏန်း၊ (၇) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အခြားရှောင်ရန်များမှာ ငွေကြေးနှင့်ပတ်သက်သမျှကိစ္စများ၊ မြေဝယ်ခြင်းနှင့်အမွေဆိုင်ကိစ္စများ ရက်ရွှေ့ဆိုင်းထားရန် ဖြစ်ပါသည်။ အိမ်ထောင်ရှင်များအနေဖြင့် ငွေကြေးနှင့်ဆိုင်သောကိစ္စများရှိနေတတ်၍ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိရပါမည်။ ရှာရင်း အဆင်မပြေတာ၊ အကုန်အကျများတာတွေဖြစ်နေတတ်ပါသည်။ အလှူကြီးပေးသောနေရာမျိုးတွေသွားရတတ်ပါသည်။ အဆောင်ကောင်း၊ အင်းကောင်းများဝင်လာတတ်ပါသည်။ အလုပ်လျှောက်ထားသူများလည်း အလုပ်ရပါမည်။ ကျန်းမာရေးလိုအပ်ပါက မျက်မမြင်များ၊ ဗိုက်ဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရများများထောက်ပံ့လှူဒါန်းပါ။ အကြောနှင့်ဆိုင်သောဝေဒနာတွေဂရုစိုက်ပါ။ ပညာရေးကဏ္ဍများကောင်းသော်လည်း လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ပေါ့ပေါ့ပါးပါး ကျန်းမာအောင်နေပါ။ ချစ်တတ်သူတွေစိတ်ချမ်းသာရပါမည်။ စိတ်ကို အမြဲအလိုမလိုက်ဘဲ ထိန်းချုပ်ပါလေ။ ထိထိုးချင်သူများ တနင်္ဂနွေနံထိဆိုင်တွင်ထိုးပါ။ (၁၊ ၃၊ ၂၊ ၉) ဂဏန်းတွေ အကျိုးပေးပါသည်။ ဆိုင်ကယ်စီးအထူးဆင်ခြင်ပါ။

ယကြာ ။ ။ ယခုတစ်လလုံး ငှက်လေးများကို အစာကျွေးပါ။

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အင်္ဂါနာမည်ရှင်များ၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၈) ဂဏန်း၊ (၄) ဂဏန်းအကျိုးမပေးပါ။ မြေဝယ်လျှင် မသန့်သောမြေတွေဖြစ်တတ်ပါသည်။ ငွေချေးတဲ့ကိစ္စများတွင် ကြားကအာမခံပေးရမည်ဆိုလျှင်တောင် ရှောင်ပါ။ ကိုယ်ကစိုက်ဆပ်ရတတ်ပါသည်။ သူများလာပြောတဲ့လုပ်ငန်းမှန်သမျှ စိတ်မဝင်စားပါနှင့်။ လောဘကြီးလျှင် သူများအတွက်ဖြစ်သွားပါလိမ့်မည်။ လုပ်ငန်းတွေမချဲ့ပါနှင့်၊ ပုံမှန်လုပ်ပါ။ အတိုက်အခံများလွန်းပါက သရဏဂုံ-ဥဝကို နေ့စဉ် (၁၀) ပတ် (၉) ရက်အဓိဋ္ဌာန်ဝင်ပါ။ ကျန်းမာရေးကောင်းစေရန် နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းလှူပါ။ အိမ်ထောင်ရေးတွင် ငွေကြေးကိစ္စတွေမကြောခဏပေါ် တတ်သော်လည်း ရန်မဖြစ်ပါနှင့်။ လာဘ်ပိုတိတ်သွားပါလိမ့်မည်။ ပညာရေးအတွက် တွေဝေမနေပါနှင့်။ ဟုတ်တော့မလိုလို့နှင့်အဖျားရှူးသွားတာမျိုးမဖြစ်ပါစေနှင့်။ စာသင်သားသံဃာတော်များကို ပညာနှင့် ပတ်သက်သောစာအုပ်များ ဝယ်လှူပါ။ ချစ်တတ်သူတွေ ချစ်စကားပြောလာသူ တစ်ဦးမကဖြစ်လာတတ်ပါသည်။ သစ္စာတော့ရှိပါ။ မဖြစ်သင့်တာတွေမဖြစ်အောင်ထိန်းပါ။ အလုပ်နှင့်ပတ်သက်ပြီး စိတ်ဖိစီးမှုတွေများလာတတ်သည်။ ဆင်းရဲနွမ်းပါးသောကိုယ်ဝန်ဆောင်ကိုတွေ့တိုင်း ငွေ၊ အာဟာရ၊ ထိထိရောက်ရောက်ကူညီပါ။ ထိထိုးရန်အတွက် အင်္ဂါနံထိဆိုင်များတွင် (၃၊ ၁၊ ၆၊ ၇) ဂဏန်းတွေပါအောင် ကံစမ်းပါ။

ယကြာ ။ ။ ဆေးလိပ်အင်္ဂေသောသူတစ်ဦးဦးကို ဆေးများလှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးအကူအညီများရရှိပါလိမ့်မည်။ (၂) ဂဏန်း အကျိုးမပေးပါ။ လောင်းကစားကိစ္စများရှောင်ပါ။ ငွေကြေးကိစ္စများရှောင်ပါ။ ငွေကြေးကိစ္စအချို့သည် ငွေမှုဖြစ်လာတဲ့အထိ ကျယ်ပြန့်သွားတတ်၍ အများကြီးဆင်ခြင်ပါ။ ရှိတာကုန်သွားတတ်ပါသည်။ မိသားစုတွင်းမှာ ငွေပြဿနာတွေကြောင့် ခဏခဏစိတ်ညစ်နေရတတ်ပါသည်။ မလိုအပ်ဘဲငွေကုန်နေတာတွေရှိမည်။ ခိုစာ၊ ခွေးစာ မပြတ်ကျွေးပါ။ ဒီဝါတပတိဂါထာ မကြာမကြာအဓိဋ္ဌာန်ဝင်ပါ။ ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်း ခြေ၊ ခါးဂရုစိုက်ပါ။ ဆေးလျှပါ။ အစားဆင်ခြင်ပါ။ လမ်းများများလျှောက်ပါ။ ဆက်ကြိုးစားပါ။ ချစ်တတ်သူတွေအတွက် နှစ်ယောက်ဆုံပြီးဖြစ်ဖြစ်၊ ကားမောင်းမကြမ်းပါနှင့်။ အတိုက်အခံများလွန်းပါက သရဏဂုံ-၃၀နှင့် သမ္မဒ္ဓေဂါထာတွေကို အဓိဋ္ဌာန်နှင့်စိပ်ပါ။ ကိုယ့်နာမည်က ကြာသပတေးစပြီး တနင်္လာပိတ်မှည့်ထားသောနာမည်ထွဲဖြစ်ပါက လောင်းကစားရှောင်ပါ။ ထီထိုးရန်အတွက် တနင်္ဂနွေနံထိုးဆိုင်နှင့် (၃၊ ၁၊ ၄၊ ၄၊ ၈) ဂဏန်းများ အကျိုးပေးပါသည်။

ယတြာ ။ ။ ဘုရားရှင်အား ပန်းပေါင်စု (၅) မျိုးနှင့်ပူဇော်ပါ။

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အင်္ဂါနာမည်ရှင်များ၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများ၊ အကြံဉာဏ်များရရှိပါလိမ့်မည်။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ သူများပြောစကားနားယောင်ပြီး အလုပ်မလုပ်ပါနှင့်။ ကိုယ့်လုပ်ငန်းကိုသာ အာရုံစိုက်ပြီးလုပ်ပါ။ ငွေမချေးပါနှင့်။ မနိုင်ဝန်မထမ်းပါနှင့်။ ကိုယ်ကံချေးလျှင်လည်းဆုံးတတ်ပါသည်။ ကုသိုလ်ကောင်းမှုတွေသာများများပြုရင်း အောင်မြင်မှုကို ရယူပါ။ ကျန်းမာရေးအတွက် ရင်ထဲ၊ ဝမ်းထဲပြည့်တင်းကျပ်နေအောင်မစားပါနှင့်။ ဝမ်းဗိုက်ထိခိုက်တဲ့အထိ ပြင်းထန်သော ကစားနည်းတွေရှောင်ပါ။ အကြောနှင့်ပတ်သက်ပြီး ဂရုစိုက်ပါ။ ဒူးတွေ့မကောင်းတတ်ပါ။ ဆေးခဏခဏလျှပေးပါ။ ဝန်ကာလေ့မခံပါနှင့်။ ပညာရေးကံတွေကောင်းသော်လည်း စိတ်က ဝေဝေတေနှင့်နှစ်ခွဖြစ်နေတတ်ပါသည်။ ဖိဖိစီးစီးကြိုးစားပါ။ အောင်မြင်မည်။ စာသင်သံယာတော်အရှင်သူမြတ်တွေကို ပညာနှင့်ဆိုင်သောစာအုပ်များလှူပါ။ ချစ်တတ်သူတွေ မျက်နှာပွင့်လန်းနေမည်။ စကားပြောကြမ်းပါနှင့်။ နိုင်ငံခြားသွားမည့်ကိစ္စ၊ တခြားတစ်နယ်တစ်ကျေးသွားမည့်ကိစ္စနှင့်ပတ်သက်ပြီး ခဏခဏစကားများရတတ်ပါသည်။ ထီထိုးရန်အတွက် အင်္ဂါနံ ထီဆိုင်၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်နှင့်ရောင်းသော ထီသည်ထံတွင် (၃၊ ၁၊ ၆) ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ယတြာ ။ ။ *သရဏဂုံ-၃၀ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။*

BURMESE CLASSIC .com

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများ၊ အကြံဉာဏ်များပေးပါလိမ့်မည်။ (၅) ဂဏန်းအကျိုးမပေးပါ။ မြေအရောင်းအဝယ်ကိစ္စ၊ အမွေကိစ္စများမဆောင်ရွက်ပါနှင့်။ လုပ်တာနှင့်ရှုံးတတ်ပါသည်။ ကားမောင်းလည်း ဆင်ခြင်ပါ။ ငွေကြေးကိစ္စလောဘကြီးလို့မရပါ။ သူများကို အာမခံတာ လုံးဝမလုပ်ပါနှင့်။ ဘာမဆိုင်ညာမဆိုင်ကိုယ်ခံရပါလိမ့်မည်။ အိမ်ထောင်ရှင်များအနေနှင့် သူ့ဆွေမျိုးဘက်၊ ကိုယ့်ဆွေမျိုးဘက်တွေနှင့်ပတ်သက်ပြီး ငွေကြေးကိစ္စပေါ်တတ်ပါသည်။ ငွေကြေးကြောင့် စကားများရတတ်ပါသည်။ ကျန်းမာရေးကိုလိုအပ်ပါက ငါးအရှင်လေးများ ခဏခဏဘေးမဲ့လွှတ်ပေးပါ။ ပညာရေးကံကောင်းသော်လည်း ခဏခဏငိုက်မျဉ်းနေတတ်ပါသည်။ အိပ်ရေးဝဝအိပ်ပါ။ လေပွစာများမစားပါနှင့်။ ကိုယ့်မတ်တန်းကျင်မှာ ထိုယ်ဝန်ဆောင်အမျိုးသမီးများရှိပါက ထိရောက်တဲ့အလှူဒါန်းပြုပါ။ ကလေးမွေးခါနီးဆိုလျှင် ကလေးအတွက် အနှီးတွေပါလာပေးပါ။ ချစ်သူတွေ မျက်နှာပွင့်တတ်ကြပေမယ့် အလွန်အကျွံမျက်နှာပွင့်တာမျိုးဟော့မဖြစ်အောင်ထိန်းပါ။ ထီထိုးရန်အတွက် တနင်္ဂနွေနံထိုးဆိုင်များတွင် (၁၊ ၃၊ ၄၊ ၈) ဂဏန်းတွေပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *အိမ်မှာ မဟာသမယသုတ်တော်ကို နေ့စဉ်ရွတ်ဖတ်ခြင်း (သို့) ဖွင့်ပေးခြင်းပြုပါ။*

ရေးကြေးမှတ်သား
ဆရာဦးမောင်မောင်သန်း
အမှတ် (၀၅၂) ကုန်အောင်(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com